

# ဘုရားဖြစ်တရား၊ ဟောကြားသိမှ

(ဓမ္မဒါန)

**အရှင်သုဇန**

(နဘူးကျောင်း ရန်ကင်းတောရ)

ထုတ်နှုတ်ကူးယူ ရေးသားပူဇော်သည်

## ဤစာအုပ်တွင်

- ကလေးသူငယ် ရဟန္တာ ၃၄ ပါး
- ကုသိုလ်/ကောင်းမှု/ကုသိုလ် တရား ၆ပုဒ်
- ကမ္ဘာမြေနှင့် လူ့လောက ၃ပုဒ်
- ကြီးပွားတိုးတက်ကြောင်း ၇ပုဒ်
- စကြဝဠာ/လောကဓါတ်/ကမ္ဘာ/မဟာကပ်/၃၁ဘုံ
- စည်းစိမ်ဥစ္စာ ၅ပုဒ်
- ဆုတောင်း ၃ပုဒ်
- တံမြက်လှည်းခြင်း ဆိုင်ရာတရား ၃ပုဒ်
- နတ်/နတ်ပြည်/နတ်သမီး ၉ပုဒ်
  - နတ်ပြည်ရောက်ကြောင်း ထူးခြားသောကုသိုလ်ဝတ္ထု ၁၅ခု
  - နတ်ပြည်ရောက်ကြောင်းတရား ၆ပုဒ်
- ၂၅ဆူသောဘုရားရှင်တို့၏ ဗုဒ္ဓဝင်များမှ ကြည်နူးရွှန်းစို ကြည်ညိုဖွယ်ရာများ
- ပစ္စေကဗုဒ္ဓါ ၅၅၅ ဆူ
- ပြိတ္တာဘုံသို့ရောက်သည့် အကုသိုလ်ဝတ္ထု ၄၃ခု
- ဘုရားရှင်တို့/ဘုရားရှင်တိုင်း/ဘုရားရှင်များ ၁၆ပုဒ်
- ဂေါတမမြတ်စွာဘုရားနှင့်စပ်၍ မှတ်ဖွယ် ၄၅ပုဒ်
- ဘုရားရှင်နှင့် **တရားတော် ၉ပုဒ်**
- ဘုရားရှင်နှင့် **သံဃာတော် ၄ပုဒ်**
- ဘုရားရှင် **ပရိနိဗ္ဗာန်စံဝင်ခြင်း ၁၀ပုဒ်**
- **ဘုရားရှင်လက်ထက်** ဆိုင်ရာတရား ၁၄ပုဒ်
- ဘုရားရှင်ဟောသောတရားတော်များ ၆မျိုး
  - ၁ တရားစုံ ၇၂ပုဒ်
  - ၂ လူငယ်တရား ၃ပုဒ်
  - ၃ သူနာတရား ၃ပုဒ်
  - ၄ အနုမောဒနာတရား ၅ပုဒ်
  - ၅ အသိများသောတရား ၂၀ပုဒ်
  - ၆ ဥပမာများနှင့်တရား ၂၆ပုဒ်
- ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ၂ပုဒ်
- ဘုရားရှင်၏ ဂုဏ်တော်၊ ဥာဏ်တော်၊ ပညာတော် ၁၁ပုဒ်
  - မှတ်မိလွယ်သော ဂုဏ်တော် ၉ပါးအနက်
- ဘုရားရှင်၏ စကားတော်၊ မိန့်ဆိုချက်၊ အမှာတော် ၈ပုဒ်
- ဘုရားရှင်၏ ကိုယ်ကာယ၊ လက္ခဏာ၊ ရောင်ခြည်တော် ၈ပုဒ်

အနောက်မုံးသို့ ➤

# ဘုရားမြတ် တရား
# ဟောကြားသိဖွယ်


**အရှင်သုဇန**

(နဘူးကျောင်း ရန်ကင်းတောရ)

ထုတ်နှုတ်ကူးယူ ရေးသားပူဇော်သည်



| သာသနာ | ကောဇာ | ခရစ် |
|---|---|---|
| ၂၅၆၆ | ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ |

# ပုံနှိပ်မှတ်တမ်း


**ပုံနှိပ်သူ**

ဂုဏ်သီရိ ပုံနှိပ်တိုက် (၀၀၂၆၀)

အမှတ်-၅၂၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၅၀၀၂၅၇၅၊ ၀၉-၇၉၅၀၀၂၅၇၅

**ထုတ်ဝေသူ**

ဒေါ်ခင်အေးမော်

ဂုဏ်သီရိ စာပေတိုက် (မြဲ-၀၂၅၆၅)

အမှတ်-၅၂၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၄၄၅၀၀၂၅၇၅၊ ၀၉-၇၉၅၃၇၂၈၁၃

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**

မင်းပြည့်

**ထုတ်ဝေသည့်ခုနှစ်**

၂၀၂၂၊ စက်တင်ဘာလ

**အုပ်ရေနှင့် အကြိမ်**

၅၀၀ အုပ်၊ ပထမအကြိမ်

(ဓမ္မဒါန)


ဤစာအုပ်ကို ဓမ္မဒါနပြုလုပ်ခြင်း၊ ပုံနှိပ် ဖြန့်ဝေခြင်း ပြုလိုပါက
အထက်ပါ ပုံနှိပ်ထုတ်ဝေသူထံသို့ ဆက်သွယ်နိုင်ပါသည်။

## စာအုပ်အလှူရှင်များ

| | | | |
|---|---|---|---|
| ၁။ | ဦးဝင်စတန်ကြည်၊ ဒေါ်စတယ်လာကြည် | Au $ | 50 |
| ၂။ | ဦးအောင်သိန်း + ဒေါ်မြင့်မြင့်ထွေး၊ သား-မောင်မိုးလင်းဟိန်း | Au $ | 300 |
| ၃။ | Dr. ခင်ဇော်အောင် + ဒေါ်သီတာဆွေ | Au $ | 700 |
| ၄။ | ဦးမြဘူး + ဒေါ်မိမိစိန် (USA) | MMK | 100,000 |
| ၅။ | ဦးအောင်ခိုင် + ဒေါ်သင်းသင်း | | |
| | သား- မောင်မျိုးမင်းထွန်း + Heitch Cho (Australia) | | |
| | သား- မောင်ကျော်စည်သူ + မဂျူးဂျူးဇာလီမင်း (Australia) | MMK | 200,000 |
| ၆။ | ဦးစွန် + ဒေါ်ကျင်လှ | MMK | 100,000 |
| ၇။ | ဦးမောင်အုန်း + ဒေါ်ဖြူဖြူဝင်း | MMK | 50,000 |
| ၈။ | ကွယ်လွန်သူ (ဦးညွန့်အောင်)အား ရည်စူး၍ ဒေါ်ခင်စိုးမေ မိသားစု | MMK | 50,000 |
| ၉။ | (ဦးညွန့်အောင်)အား ရည်စူး၍ ဦးချစ်သောင်း + ဒေါ်ခင်နီအောင်(USA) | MMK | 150,000 |
| ၁၀။ | ဒေါ်ခင်နှင်းမြင့်၊ သား- Dr. သော်ဇင်အောင်၊ သမီး- မအိဖြူစင် | MMK | 100,000 |
| ၁၁။ | ဒေါ်ခင်ခင်ဝင်း Dolly မိသားစု | MMK | 50,000 |
| ၁၂။ | ဦးအေးခိုင် + ဒေါ်မိုးမိုး၊ သား- မောင်ကြီးပွားအောင် | MMK | 100,000 |
| ၁၃။ | ဦးကံသာထွန်း + ဒေါ်လွင်လွင်မိုး | MMK | 100,000 |
| ၁၄။ | ဒေါ်မြတ်မြတ်မိုး | MMK | 50,000 |
| ၁၅။ | ဦးအောင်မြင့်ထွန်း + ဒေါ်မိုးစန္ဒာအောင် | MMK | 50,000 |
| ၁၆။ | ဦးစန်းမောင် + ဒေါ်ညွန့်ညွန့်စိန် | MMK | 50,000 |
| ၁၇။ | ဦးသန်းညွန့် + ဒေါ်အေးအေးမြ | MMK | 100,000 |
| ၁၈။ | ဦးကျော်စိုးသန့် + ဒေါ်ခင်အေးမော် (ဂုဏ်သီရိ ပုံနှိပ်တိုက်) မိသားစု | MMK | 100,000 |
| ၁၉။ | ဦးထွန်းအောင် မိသားစု | MMK | 30,000 |

### စာအုပ်ဖြစ်မြောက်ရေး မတည်အလှူရှင်

**ဒေါက်တာလှလှဝေ**

**သား– Soe Htet Wai ၊ သမီး– Helen Wai**

**မြေး– Zoe Nandar Wai မိသားစု**

## **မာတိကာ** (ပုဒ်ရေ ၅၀၃)


| | | |
|---|---|---|
| ၁ | ကစားစရာ ယမင်းမြေညက်ရုပ်ကလေး ကျကွဲသွားသဖြင့် ဘုရားရှင်နှင့် သံဃာ၅၀၀အား ဆွမ်းကပ်လှူ၍ ဘုရားရှင် အနုမောဒနာတရား ဟောကြားခြင်း | ၁ |
| ၂ | ကထာဝတ္ထု - ကောင်းစွာဟောအပ်သော စကား၊ ကထာဝတ္ထု ၁၀ပါး | ၁ |
| ၃ | ကထိန်အကျိုး ၂ ခု | ၁ |
| | **(လှူတို့ရရှိသော ကထိန်အကျိုး ၅ပါး)** | |
| ၄ | **ကလေးသူငယ် ရဟန္တာများ ၁၄ ပါး .** | ၂ |
| | (၄နှစ်သား ၁ + ၅နှစ်သား ၃ + ၇နှစ်သား ၂၆ + ထေရီမ ၄) | ၂ |
| | (ပဏ္ဍိတသာမဏေ - **မဟာဒုက်ဖြစ်ခဲ့သူ**) | |
| ၅ | ကသိဏ်း၁၀ပါး ၂ ခု | ၁၆ |
| ၆ | **ကာမဂုဏ်** ၃ ခု | ၁၇ |
| ၇ | **ကိလေသာ** ၇ ခု | ၁၈ |
| | (၁၅၀၀ ကိလေသာ - မြှောက်ပွားပုံ) | |
| ၈ | ကုစားရန် မတတ်ကောင်းသော တရား၅မျိုး | ၁၉ |
| ၉ | ကုသမင်း ပဘာဝတီမင်းသမီးကိုမြင်ရရန် ဝင်လုပ်ခဲ့သော အမှုထမ်း၅မျိုး | ၁၉ |
| ၁၀ | **ကုသိုလ် / ကောင်းမှု / ကုသိုလ်တရား** ၆ ခု | ၁၉ |
| | **(ကုသိုလ်ကောင်းမှုအကျိုး ၇ပါး၊ ကုသိုလ်တရား ၃ ခု - ကုသိုလ်ကမ္မပထ ၁၀ပါး, သုစရိုက် ၁၀ပါး, ပုညကိရိယာဝတ္ထု ၁၀ပါး၊** ကုသိုလ်ကောင်းမှု မဟုတ်သော အလှူ ၅မျိုး) | |
| ၁၁ | ကောလာဟလ ၅ပါး | ၂၂ |
| ၁၂ | ကောသလမင်း သန်းခေါင်ယံ၌ကြားသော ကြောက်ဖွယ်အသံ ၈သံ | ၂၂ |
| ၁၃ | ကောသလအိပ်မက် ၁၆ချက် | ၂၃ |
| ၁၄ | **ကံ** ၄ ခု | ၂၃ |
| ၁၅ | ကိုးပါးသီလ အကျိုး၄ပါး | ၂၅ |
| ၁၆ | ကောင်းကျိုးရကြောင်း တရား၄ပါး | ၂၅ |
| ၁၇ | ကောက်ဦးဆွမ်းလှူကျိုး ၇ပါး | ၂၅ |
| ၁၈ | ကောင်းခြင်း ၂ ခု | ၂၅ |

| | | |
|---|---|---|
| ၁၉ | ကောင်းသောဝတ္ထု ၄မျိုးဖြစ်သည်ဟု သိကြောင်း | ၂၆ |
| ၂၀ | **၃၂ ကောဋ္ဌာသ** | ၂၆ |
| ၂၁ | ကန္တာရ ၅မျိုး | ၂၆ |
| ၂၂ | ကိန္နရီကိန္နရာချောင်းခြား၍ အနှစ်၇၀၀ ငိုကြွေးသောဇာတ် | ၂၆ |
| ၂၃ | ကုန်များကို နွေ, မိုး, ဆောင်း တနှစ်ပတ်လုံး နေ၍ ရောင်းမည်ဟု ကုန်သည်ကြီး၏စိတ်ကူး | ၂၆ |
| ၂၄ | **ကပ်** <u>၃ စု</u><br>(ကပ် ၃ပါး၊ ကပ် {အသင်္ချေယျ} ၄မျိုး၊ ကပ်ကြီး ၄ပါး) | ၂၇ |
| ၂၅ | ကပ္ပိခြင်း၅မျိုး | ၂၈ |
| ၂၆ | **ကမ္ဘာမြေ နှင့် လူ့လောက** <u>၃ စု</u><br>(ကမ္ဘာမြေ {လောက} နှင့် လူဖြစ်ပုံ၊ ကမ္ဘာမြေ တည်နေစဉ် လူ့အသက်အဆင်း စသည်တို့ ယုတ်လျော့ခြင်း တိုးပွားခြင်း / **အန္တရကပ်** အကြောင်း ၁၄ ချက်၊ ကမ္ဘာပျက်ပုံ ၃မျိုး) | ၂၈ |
| ၂၇ | ကမ္မာသဒမ္မနိဂုံး <u>၂ ခု</u> | ၃၁ |
| ၂၈ | **ကိုယ်ခန္ဓာ** <u>၅ စု</u><br>(ကိုယ်ခန္ဓာရှိသူတိုင်း၌ အမြဲနှိပ်စက်နေသောတရား- <u>ကာယာနုဂတိတရား</u> / အလိုသို့ မလိုက်စေနိုင်သော တရား ၁၀မျိုး၊ ကိုယ်ခန္ဓာသည် ယန္တရားစက်ကဲ့သို့ဖြစ်၏၊ ကိုယ်ခန္ဓာအင်္ဂါ ၁၂ပါး၊ **ကိုယ်ခန္ဓာ၌ ငြီးငွေ့ကြလော့**၊ ကိုယ်ခန္ဓာ၌တည်သော တရား၁၀မျိုး) | ၃၁ |
| ၂၉ | **ကိုယ်တိုင်၊ စေခိုင်း၊ တိုက်တွန်း၊ စိတ်တူ**- ငရဲသို့ရောက်စေသော တရား - <u>၂ စု</u> | ၃၃ |
| ၃၀ | ကိုယ်ဝန်တည်ခြင်း။ <u>၄ စု</u> | ၃၃ |
| ၃၁ | ကိုယ်အရေအဆင်း ကြည်လင်ကြောင်း၃ပါး | ၃၄ |
| ၃၂ | ကဿပဘုရားရှင် သာသနာကွယ်လုချိန်တွင် တောင်ပေါ်တက်၍ တရားအားထုတ်ကြသော ရဟန်းတော် ၇ပါးမှ ကျန်၅ပါး | ၃၄ |
| ၃၃ | ကျီးနှင့်စပ်၍ဆိုသော စကား၃ခွန်း | ၃၅ |
| ၃၄ | **ကျေးညီနောင်ဇာတ်** | ၃၅ |
| ၃၅ | ကျော်မခင်းကြသော သာဝကမထေရ်မြတ်ကြီးများ <u>၁၁ ပါး</u> | ၃၅ |

| | | |
|---|---|---|
| ၃၆ | ကျောက်ဖျာကိုဖေါက်ခွဲ၍ ကန္တာရခရီး၌ ရေထွက်စေသော ဝီရိယမလျှော့သင့်ကြောင်းဇာတ် | ၃၆ |
| ၃၇ | **ကျောင်းအလှူအကျိုး** ၂ စ<br>(ကျောင်းအလှူအကျိုး ၇ပါး၊ ကျောင်းအလှူကျိုး ၉ပါး) | ၃၆ |
| ၃၈ | **ကြီးပွားတိုးတက်ကြောင်း** ၃ စ | ၃၆ |
| ၃၉ | **ကြီးမားသော ကောင်းမှုအထု ကုသိုလ်အယဉ် ၄ပါး** ၂ စ | ၃၈ |
| ၄၀ | ကြည်ညိုဖွယ် တင့်တယ်လှသော ဣရိယာပုတ် | ၃၈ |
| ၄၁ | ကွဲကွာခြင်း ၃မျိုး | ၃၈ |
| ၄၂ | ကျွန် ၂ စ | ၃၈ |
| ၄၃ | ခါးပန်းကြိုး လှူရကျိုး ၆ပါး | ၃၉ |
| ၄၄ | ခဲယဉ်းသော တရား ၄ပါး | ၃၉ |
| ၄၅ | ခိုက်ရန်ဖြစ်ကြောင်း ၆ပါး | ၃၉ |
| ၄၆ | **ခိုင်မြဲသော အနှောင်အဖွဲ့ / အနှောင်အဖွဲ့** ၃ စ | ၃၉ |
| ၄၇ | ချီးမြှောက်ကြောင်း- သင်္ဂဟဝတ္ထု ၄မျိုး | ၄၀ |
| ၄၈ | **ချစ်ခြင်း** ၃ စ | ၄၁ |
| ၄၉ | **ချမ်းသာခြင်း** ၄ စ | ၄၂ |
| ၅၀ | **ချမ်းသာခြင်း၏ အကြောင်း** ၂ စ | ၄၂ |
| ၅၁ | **ချမ်းသာစီးပွားကြောင်း (ပစ္စုပ္ပန်နှင့် တမလွန်လောက ၂ပါးစုံသောဘဝတို့၌)** ၂ စ<br>(မာတုဂါမများအဘို့ ၄ပါးစီ ပေါင်း ၈ပါး၊ အိမ်ထောင်သည် အမျိုးကောင်းသားများအဘို့ ၄ပါးစီ ပေါင်း ၈ပါး) | ၄၃ |
| ၅၂ | ခြေ ၂ဖက်ကို ကျောက်တုံးဖြင့် ရိုက်ချိုး၍ တရားရှုမှတ်ကာ ရဟန္တာဖြစ်သူ | ၄၄ |
| ၅၃ | ခြေဆေးအင်းပျဉ် လှူကျိုး ၂ပါး | ၄၄ |
| ၅၄ | ခြေရာနှင့် စရိုက် ၃မျိုး | ၄၄ |
| ၅၅ | **ဂတိမြဲစေသော အလှူ၅မျိုး** | ၄၅ |
| ၅၆ | ဂဠုန် ၄မျိုး | ၄၅ |
| ၅၇ | ဂေါတမမြတ်စွာဘုရား မပွင့်ပေါ်မီ နောက်ဆုံးပစ္စေကဗုဒ္ဓါ | ၄၅ |
| ၅၈ | ဂန္ထ- ဝဋ်၌ ဆက်စပ်ထုံးဖွဲ့တတ်သော ၄ပါး | ၄၅ |

၅၉ ဂန္ဓဗ္ဗနတ် ၁၀မျိုး နှင့် ဖြစ်ကြောင်း ၂၀ခု ၄၅
၆၀ ဃဋိကာရအိုးထိမ်းသည်၏ ကြည်ညိုဖွယ်ရာဂုဏ် ၁၀ပါး ၄၆
၆၁ ဃန- အခဲကြီး၊ ဃန ၄မျိုး ၄၆
၆၂ ငယောသကသူဌေး ရှေးအတိတ်အကုသိုလ်ဖြစ်သော မိမိသားကို စွန့်ပစ်ခဲ့ခြင်း၏
အကျိုးဆက်ကြောင့် ကောသမ္ဗီသူဌေးကြီး၏ သတ်ဖြတ်ရန်ကြံပမ်းမှု
ခံရသောအကြိမ် ၆ကြိမ် ၄၇
၆၃ **ငရဲရောက်ကြောင်း ၄ပါး** ၄၈
၆၄ ငလျင်လှုပ်ခြင်းအကြောင်း ၈ပါး ၄၈
၆၅ **ငါးပါးသီလ** ၈ ခု ၄၈
(ကာမေသုမိစ္ဆာစာရကံ အပြစ်ပြဝတ္ထု ၃ ခု - ဒုသနသော, နာရဒဇာတ်တော်ကြီး,
ဣသိဒါသီထေရီဂါထာ၊ **၅ပါးသီလ စောင့်ထိန်းရကျိုး ၅ပါး**)
၆၆ ငိုက်မျဉ်းခြင်း- မိဒ္ဓ ပယ်ဖျောက်နည်း ၇ပါး ၅၇
၆၇ ငြင်းခုံခြင်း အကြောင်းရင်း ၆မျိုး ၅၇
၆၈ **စကား** ၄ ခု ၅၇
၆၉ **စရိုက်** ၂ ခု ၅၉
၇၀ စာတတ် ပေါဋ္ဌိလမထေရ်ကြီးသည် ၇နှစ်သား ရဟန္တာသာမဏေလေးထံတွင်
တရားတောင်း၍ ရဟန္တာဖြစ်ခြင်း ၅၉
၇၁ စေတီ ၄ ခု ၆၀
၇၂ စိုးရိမ်ရကြောင်း ၃ပါး ၆၁
၇၃ **စကြဝဠာ / လောကဓါတ်တခု / ကမ္ဘာတခု / မဟာကပ် တကပ် / ၃၁ဘုံရှိရာ** ၆၁
၇၄ စကြာမင်း၏ ရတနာ ၇ပါး ၇၁
၇၅ **စကြံလျှောက်ခြင်း အာနိသင် ၅မျိုး** ၇၁
၇၆ **စည်းစိမ်ဥစ္စာ** ၅ ခု ၇၁
၇၇ **စိတ်** ၈ ခု ၇၃
**(စိတ်တခု ယုတ်၉၀ အကျယ် ၁၂၁)**
၇၈ **စိတ္တသူကြွယ်**- တရားဟောကောင်းသူ / ဓမ္မကထိကဧတဒဂ်ရသူ ကွယ်လွန်ခါနီး
ဆွေမျိုးများက ဆုံးမရန် တောင်းပန်၍ ဟောသောတရား ၄ချက် ၇၅

၇၉ စုန္ဒဝက်သတ်သမား ၇၆
၈၀ စိမ်းညှိသောအနံ့ ၁၄ပါး ၇၆
၈၁ **ဆရာ ရှာအပ်၏ ၂ စု** ၇၆
၈၂ **ဆုတောင်း ၃ စု** ၇၇
**(ဆုတောင်းတိုင်း ပြည့်စုံရကြောင်း၊** ဆုတောင်းတိုင်း ပြည့်စုံရန် ပြုဆောင်ရမည့် အချက် ၅ချက်၊ ဆုတောင်းသင့်ကြောင်း)
၈၃ ဆေးလှူကျိုး ၁၀ပါး ၇၈
၈၄ ဆဲရေးခြင်း ၁၀မျိုး ၇၈
၈၅ ဆံပင်၌ ကြောင့်ကြခြင်း ၁၆ ချက် ၇၈
၈၆ ဆင်ခြင်ဉာဏ်ကင်းမဲ့၍ အကြောက်တရားကြီးသူ ၅ဦး ၇၈
၈၇ **ဆင်းရဲ- ဒုက္ခ ၃ စု** ၇၉
၈၈ ဆဒ္ဒန်ဆင်မင်းဇာတ် ၈၀
၈၉ **ဆုံးမနည်း** ၈၀
၉၀ **ဆွမ်း ၄ စု** ၈၀
**(ဆွမ်းလှူ၍ မွဲသွားသူမရှိ)**
၉၁ **ဇနီးမောင်နှံ ယခုဘဝ၌လည်း အချင်းချင်းရှုမြင်ကြ၍ တမလွန်ဘဝ၌လည်း ရှုမြင်ကြရရန် အကြောင်းတရား ၄ပါး** ၈၂
၉၂ ဇရာ ၂မျိုး ၈၂
၉၃ ဇာတ်တူသားစား၍ ပျက်စီးကြကြောင်း ပုံသက်သေဝတ္ထု ၂ ပုဒ် ၈၂
၉၄ **ည (ညဥ့်) စာ မစားခြင်း** / ဆွမ်းတထပ်တည်းစားခြင်း **အကျိုး ၅ပါး** ၈၃
၉၅ ဉာဏ်အမျိုးအစား ၃မျိုး ၈၃
၉၆ တကမ္ဘာပတ်လုံးတည်သောအရာ / တန်ခိုး ၄ပါး ၈၄
၉၇ **တဏှာ ၃ စု** ၈၄
၉၈ တရားတပုဒ်သာ အမြဲဟောသော ရဟန္တာများ ၂ စု ၈၄
(တရားတပုဒ်သာ အမြဲဟောသော သာမဏေ၊ တရားဥဒါန်းဂါထာ တပုဒ်သာ အမြဲဟောသော ရဟန္တာမထေရ်)
၉၉ **တရားနာ / တရားဟော ၄ စု** ၈၇

(**တရားနာခြင်းအကျိုး ၅ပါး**)
၁၀၀ တရားအမျိုးအစား ၉ပါး ၈၈
၁၀၁ တိရစ္ဆာနကထာ ၂ စ ၈၉
(၂၈ပါး၊ ၃၂ပါး)
၁၀၂ တူသည်မရှိသော တရား ၄ပါး ၈၉
၁၀၃ တေဇောစိတ် (အဗျာကတ) ၄ပါး ၈၉
၁၀၄ တေမိမင်းသားအား ဆွံ့၊ အ၊ ပင်းသည် ဟုတ်မဟုတ် စမ်းသပ်ပုံ ၁၈နည်း ၈၉
၁၀၅ တောဆိုသည်မှာ- အဘိဓမ္မာအလို ၈၉
၁၀၆ တံတားလှူကျိုး ၂ စ ၉၀
၁၀၇ **တံမြက်လှည်းခြင်း** ၃ စ ၉၀
(**တံမြက်လှည်းခြင်းအကျိုး** ၃ စ၊ တံမြက်လှည်းပစ္စည်းစသည်ဖြင့်
ပေးလှူခြင်း- **သမုဒ္ဒကာ၏** မွန်မြတ်ပုံ)
၁၀၈ တင့်တယ်ခြင်း ၅ပါး / "**ဒိဝါ တပတိ အာဒိစ္စော**" ဂါထာ ၉၁
၁၀၉ တည်ခြင်း၅ပါးဖြင့် **ရှိခိုးရာ၌ တည်ရမည့်အင်္ဂါ / ထိခြင်း ၅ပါး** ၉၂
၁၁၀ တိတ္ထိ ၂ စ ၉၂
၁၁၁ တန်ခိုးပြာဋိဟာ ၃ပါး ၉၃
၁၁၂ တမ္ဗဒါဌိက ခိုးသူ သူသတ်သမား ၉၃
၁၁၃ ထေရီထေရာဂါထာများ ရွတ်ဆိုကြသည့်အကြောင်း ၃ပါး ၉၄
၁၁၄ ထင်ရှားကြောင်း အရာ ၄ခု ၉၄
၁၁၅ (ဒါ န (ခေါင်းစဉ် ၁၄ ခု) ၉၄
(**ဒါနဟူသည်၊ ဒါနအမျိုးမျိုး အစားစား၊ ဒါနများ၊ ဒါနကို ဟန့်တားတတ်သောတရား-**
ဒါနဝိနိစ္ဆ္ဆ၊ **ဒါနနှင့် ပရိစ္စာဂတို့၏ မှတ်ရန်အချက်** ၅ချက်၊ **ဒါနပြုပုံ ၄မျိုးနှင့်
အကျိုးပေးပုံများ၊ ဒါနပြုသူနှင့် မပြုသူတို့ နတ်, လူ, ရဟန်းဖြစ်သောအခါတိုင်း
ခြားနားချက်** ၅ချက်စီ၊ **ဒါနပြုသည်ကို တားမြစ်သူပြုသော အန္တရာယ် ၃မျိုး၊**
ဒါနမပြုသူတို့ / မလှူသူတို့ ရသောအကျိုး၊ **ဒါနအကျိုး ကြီးမားစေကြောင်း၊**

**ဒါနအလှူအကျိုး၊ ဒါ န-လှူဒါန်းဝေဖန်ခြင်း၏ အကျိုးကို ငါဘုရားသိသကဲ့သို့ သတ္တဝါတို့ သိကြကုန်မူ မပေးလှူပဲ မစားကုန်ရာ၊ အကုသိုလ်ဖြစ်သော / အပါယ်ချမည့် / မပေးလှူအပ်သော အလှူဒါန**၊ ဒက္ခိဏာ- ရှိသေစွာလှူအပ်သောအလှူ, ဝိဘင်- ခွဲခြမ်းဝေဖန်ခြင်း, **ဒက္ခိဏာဝိဘင်္ဂသုတ်**)

၁၁၆ **ဒုစရိုက်ပြုသူတို့ရရှိသော အပြစ် ၅ပါးနှင့် သုစရိုက်ပြုသူတို့ရရှိသော အကျိုး ၅ပါး** ၁၀၄

၁၁၇ ဒေသနာ ၃ပါး ၁၀၅

၁၁၈ ဒေသနာတော်များ၏ နက်နဲခြင်း ၄ပါး ၁၀၅

၁၁၉ ဒုက္ခများစွာ တွေ့နေသော ပုဏ္ဏား တရားတော် ၁၀၅

၁၂၀ **ဒိဋ္ဌိ** ၆ စု ၁၀၆

(ဒိဋ္ဌိ / **နိယတမိစ္ဆာဒိဋ္ဌိ** ၃မျိုး)

၁၂၁ ဓုတင် ၁၃ပါး ၁၀၈

၁၂၂ ဓါတ် ၃ စု ၁၀၈

၁၂၃ **ဓါတ်၄ပါး ကမ္မဋ္ဌာန်း** ၁၀၈

၁၂၄ ဓမ္မကထိကပုဂ္ဂိုလ် ၁၀၉

၁၂၅ ဓမ္မခန္ဓာပေါင်း ၈သောင်း၄ထောင် ၁၀၉

၁၂၆ နကုလမာတာ သူကြွယ်မက နာမကျန်းဖြစ်နေသော နကုလပိတာသူကြွယ်အား ပြောပြဟောကြားသော တရား ၁၀၉

၁၂၇ နဂါး ၄မျိုး၊ နဂါးဖြစ်ကြောင်း အလှူ ၁၀မျိုး ၁၁၀

၁၂၈ "**နမောတဿ**" ဘုရားရှိခိုးကြီးဖြင့် ဘုရားရှင်ကို ပူဇော်ရှိခိုးကြသူ ၈ဦး ၁၁၁

၁၂၉ နားလည်ရန် ခဲယဉ်းသောတရား ၄ပါး ၁၁၁

၁၃၀ နိယာမ- မြဲသောသဘော ၅မျိုး ၁၁၂

၁၃၁ **နီဝရဏ**- စိတ်အညစ်အကြေး၊ နီဝရဏတရား ၂ စု - ၅ပါး၊ ၆ပါး နှင့် နီဝရဏတရား ၅ပါး၏ ဥပမာများ ၂ စု - သင်္ဂါရဝသုတ်၊ သာမညဖလသုတ် ၁၁၂

၁၃၂ နေမြင့်မှ ထမင်းချက်သောအိမ်၏ အပြစ် ၅မျိုး ၁၁၃

၁၃၃ နေလ အညစ်အကြေး ၂ စု ၁၁၃

၁၃၄ နံ့သာများတွင် အမြတ်ဆုံး ၄ပါး ၁၁၄

၁၃၅ နိုးခြင်းနှင့် အိပ်ခြင်း ၂ စု ၁၁၄

၁၃၆ နက်ကျယ် ရှည်လျားခြင်းကြီး- သာဂရတရား ၄ပါး ၁၁၅

၁၃၇ နိုင်ငံခြားတိုင်းပြည်များသို့ မာတုဂါမတို့ မသွားကြရကြောင်း ၄ပါး ၁၁၅

၁၃၈ **နတ် / နတ်ပြည် / နတ်သမီး** <u>၉ ခု</u> ၁၁၅

**(နတ်ပြည်ရောက်ကြောင်း ထူးခြားသောအကြောင်း ကုသိုလ်**
<u>ဝတ္ထု ၁၅ ခု</u>- ကျောင်းအလှူပွဲတွင် သာခုခေါ်ရုံမျှဖြင့်၊ ကြွေကျသောပန်း ၈ပွင့်ကို
ဘုရားရှင်၏ ပုထိုးတော်၌ တင်လှူပူဇော်၊ ဆွမ်းခံရဟန်းအား လက်တဆုပ်မျှသော
၁ဟင်းရွက်၊ ၂ပန်း၊ ၃တမာရွက်လှူ၊ တရားတော်အသံကို ကြည်ညိုရုံမျှဖြင့်၊
တိုက်တွန်းနှိုးဆော်ကာမျှဖြင့်၊ ထမင်းချိုးလှူ၍၊ ပေါက်ပေါက်လှူ၍၊ မကောင်းသဖြင့်
တင်လှူထားသော ပန်းကို ပြုပြင်ပြင်ဆင်၍ တင်ခြင်း၊ မြတ်စွာဘုရားကို ကြည်ညိုရုံမျှဖြင့်၊
မြတ်စွာဘုရားကို လက်အုပ်ချီရုံမျှဖြင့်၊ မြတ်စွာဘုရား ခြေတော်ကို အရှင်မောဂ္ဂလ္လာန်
တိုက်တွန်း၍ ရှိခိုးဦးတိုက်ခဲ့၊ ရဟန်းတော်တို့ကို လက်အုပ်ချီမိုး ရှိခိုးရုံဖြင့်၊
လူတို့အလိုမရှိသော ခါးသည့် သခွတ်ခါးနွယ်ပန်း ၄ပွင့်ကို မြတ်စွာဘုရား၏
စေတီတော်ဆီသို့ ဆောင်ခဲ့၊ **နတ်ပြည်ရောက်ကြောင်း** <u>၆ ခု</u>)

၁၃၉ နတ်သုဓာဘုတ်၏ စွမ်းအင်/အကျိုး ၁၂ပါး ၁၂၃

၁၄၀ နန္ဒမာတာဥပါသိကာမ ဝေဠုကဏ္ဍကီမြို့သူ ၏ အံ့ဖွယ် ၇ပါး ၁၂၄

၁၄၁ နန္ဒာ သာကီဝင်မင်းသမီး ၃ယောက် ၁၂၄

၁၄၂ **နိဗ္ဗာန်** <u>၈ ခု</u> ၁၂၄

၁၄၃ နွားနို့အရသာ ၅ပါး ၁၂၇

၁၄၄ နွားငှေ့၍စုတေသော အရိယာ ၄ပါးနှင့် အတိတ်အကုသိုလ်အကြောင်း ၁၂၇

၁၄၅ နွယ်ပင်ဖြင့် တုပ်နှောင်ထားသည်ကို မဖြတ်ပဲ တောမီးလောင်လာသည့်တွင် တောမီး
အလောင်ခံ၍ ရဟန္တာဖြစ် ၁၂၇

၁၄၆ **နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များမှ ကြည်နူးရွှန်းစို သိမှတ်ကြည်ညိုဖွယ်**
**အချက်များ** ၁၂၈

၁၄၇ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များနှင့် ပွင့်ရာကမ္ဘာကာလများ ၁၃၈

၁၄၈ နှုတ်ဖြင့် ရွတ်ဆိုပွားများရကျိုး ၁၃၉

၁၄၉ **ပညာ** <u>၄ ခု</u> ၁၄၀

၁၅၀ ပဋိပဒါ ၄ပါး ၁၄၁

| | | |
|---|---|---|
| ၁၅၁ | ပဋိသမ္ဘိဒါ ၄ပါး | ၁၄၁ |
| ၁၅၂ | ပဌမဦးဆုံး တေဝါစိကသရဏဂုံ- သရဏဂုံ ၃ပါးတည် ဥပါသကာ ၁ဦးနှင့် ဥပါသိကာမ ၂ဦး၊ ပေါင်း ၃ဦး | ၁၄၁ |
| ၁၅၃ | ပပဉ္စတရား ၃ပါး | ၁၄၂ |
| ၁၅၄ | ပရိညာ ၃ပါး | ၁၄၂ |
| ၁၅၅ | ပရိသတ် ၂ စု | ၁၄၂ |
| ၁၅၆ | ပရိတ် ၂ စု | ၁၄၃ |
| ၁၅၇ | ပလိဗောဓ- အနှောင့်အယှက်၊ ကြောင့်ကြခြင်း ၁၀ပါး | ၁၄၅ |
| ၁၅၈ | ပါဠိတော် ၂ စု | ၁၄၅ |
| | (ပါဠိတော် အညွှန်းပိုဒ် ၂၄ ပိုဒ်) (ပါ ဠိတော်အညွှန်း ၁၈- **အလွန်ကဲဆုံး ၄ပါး**) | ၁၄၅ |
| ၁၅၉ | **ပိဋကတ် ၃ စု** | ၁၅၀ |
| | (ပိဋကတ်တော်လာ ဘေးအန္တရာယ်များ ၅ မျိုး- ကံကြမ္မာ ၃၂ပါး, ဘေး ၂၅ပါး, ဥပဒ္ဒဝေါ ၁၆ပါး, ဒဏ် ၁၀ပါး, အပြစ် ၈ပါး) | ၁၅၁ |
| ၁၆၀ | ပီတိ ၅မျိုး | ၁၅၃ |
| ၁၆၁ | **ပုညကိရိယာဝတ္ထု ၁၀ပါး** | ၁၅၄ |
| ၁၆၂ | ပုထုဇဉ် ၂မျိုး | ၁၅၄ |
| ၁၆၃ | ပူဇော်ခြင်း ၂ စု | ၁၅၄ |
| ၁၆၄ | ပုဂ္ဂိုလ် ၈ စု | ၁၅၄ |
| ၁၆၅ | ပင်လယ်၌ဒုက္ခရောက်က စောင့်ရှောက်ခံရမည့်သူ ၃ဦး | ၁၅၆ |
| ၁၆၆ | **ပစ္စေကဗုဒ္ဓါ ၂ စု** | ၁၅၇ |
| | (ပစ္စေကဗုဒ္ဓါ ၅၅၅ဆူနှင့် ပစ္စေကဗုဒ္ဓါဉာဏ် ဖြစ်ပေါ်ကြောင်း သံဝေဂတရားများ, ဇာတ်တော်များမှ ၅၁၄ ဆူ, (ခဂ္ဂ- ကြံ့၊ ဝိသာဏ-ဦးချို၊ ခဂ္ဂဝိသာဏသုတ်၊ သုတ္တနိပါတ်ပါဠိတော်) မှ ၄၁ ဆူ, ပေါင်း **၅၅၅ဆူ**၊ ပစ္စေကဗုဒ္ဓါတို့၏ ဆုပေး) | |
| ၁၆၇ | **ပဋ္ဌာနန္တရိယကံ ၅ပါး** | ၁၇၂ |
| ၁၆၈ | ပန်းခူးရင်း နတ်သမီးဘဝမှ စုတိစိတ်ကျပြီး သာဝတ္ထိပြည်သူဖြစ်၍ ကုသိုလ်ပြုတိုင်း ယခင်ဘဝမှ ခင်ပွန်းဖြစ်ခဲ့သူ နတ်သား၏ဇနီးဖြစ်ရကြောင်း ဆုတောင်းသူ | ၁၇၃ |
| ၁၆၉ | ပယ်ခြင်း- ပဟာန ၅ပါး | ၁၇၃ |

၁၇၀ **ပျက်စီးကြောင်း** **၅ စု** ၁၇၃
(၂၄ ပါး - ပရာဘဝသုတ်)
၁၇၁ **ပျက်စီးခြင်းနှင့် ပြည့်စုံခြင်း** **၂ စု** ၁၇၅
(ပျက်စီးခြင်း- **ဗျသနတရား ၅ပါး** နှင့် ပြည့်စုံခြင်း ၅မျိုး)
၁၇၂ ပျင်းရိခြင်း အကြောင်း ၈ပါး ၁၇၅
၁၇၃ ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်နေသော ယောဂီတို့သည် ၁၇၅
၁၇၄ ပြစ်မှားတတ်သူ၌ မရှိသောတရား ၄ပါး ၁၇၆
၁၇၅ ပြည့်စုံခြင်း- သမ္ပဒါ ၂ စု ၁၇၆
၁၇၆ **ပြိတ္တာဘုံသို့ ရောက်ရသည့်အကြောင်း သိမှတ်ဖွယ် အကုသိုလ်ဝတ္ထု** **၄၃ ခု** ၁၇၇
(ဝိနည်းပိဋကမှ ၅ + ပေတဝတ္ထုမှ ၁၀ + လက္ခဏသံယုတ်မှ ၂၁ + ဓမ္မပဒမှ ၅ +
ဇာတဒဂ်ဝတ္ထုမှ ၂= ၄၃)
၁၇၇ ဖခင်ကို မောင်လေးဟု ခေါ်သူ ၁၈၉
၁၇၈ ဖေါင်းပိန်ရှုနည်း ပါဠိတော်အညွှန်း ၁၈၉
၁၇၉ ဖျောက်နိုင်ခဲသော တရား ၅မျိုး ၁၉၀
၁၈၀ ဖြစ်ပျက် ၄ စု ၁၉၀
၁၈၁ ဗောဓိ ၃ပါး ၁၉၁
၁၈၂ **ဗောဓိရွက်ကို စေတီယင်ပြင်မှယူ၍ စွန့်ပစ်ရကျိုး ၂၀ပါး** ၁၉၁
၁၈၃ ဗိမ္ဗိသာရ သောတာပန်မင်းကြီး၏ လားရာ ၁၉၁
၁၈၄ ဗုဒ္ဓ ၄မျိုး ၁၉၂
၁၈၅ ဗုဒ္ဓဘာသာစင်စစ် သမ္မာဒိဋ္ဌိက တဦးဖြစ်ကြောင်း ၁၀ပါး ၁၉၂
၁၈၆ ဗုဒ္ဓါနုဿတိဘာဝနာ ၂ စု ၁၉၂
၁၈၇ ဗိုလ် ၇ပါး ၁၉၃
၁၈၈ ပြဟ္မစိုရ်တရား ၂ စု ၁၉၃
၁၈၉ **ဘဝ** **၃ စု** ၁၉၃
**(ဘဝကူးပုံ** ဥပမာ ၃ မျိုး၊ **ဘဝ** ဖြစ်ပုံ)
၁၉၀ ဘဝဂ် ၃ပါး ၁၉၄
၁၉၁ ဘဝင်စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏။ ၁၉၅

၁၉၂ ဘီလူး ၄ စု ၁၉၅
၁၉၃ ဘုရား / **မြတ်စွာဘုရား** ၃ စု ၁၉၆
၁၉၄ ဘုရား၊ တရား၊ သံဃာ ရတနာ ၃ပါးနှင့် အသက်သိက္ခာကြီးသူတို့အား ရှိခိုးရသော
အကျိုး ၅ပါး ၁၉၆
၁၉၅ ဘုရားဖူးရန်သွားသော ခြေတလှမ်း၏ အကျိုးကြီးမားပုံ ၂ စု ၁၉၇
၁၉၆ **ဘုရားရှင်တို့ / ဘုရားရှင်တိုင်း / ဘုရားရှင်များ** ၁၆ စု ၁၉၈
(တပါးတည်း ကိန်းအောင်းတော်မူခြင်း အကြောင်း ၄ပါး၊ ခေတ် ၃ခေတ်၊
ဖူးမြော်လာသူတို့အား ပြောဆိုပုံ၊ ဘုရားရှင်တို့သိအပ်သော ဥဒ္ဒေယျဓမ်တရား ၅ပါး၊
ဘုရားရှင်တို့သော်မှ အကဲ့ရဲ့မလွတ်ကြကုန်၊ ဘုရားရှင် {ပစ္ဆိမဘဝ
ဘုရားအလောင်းတော်}တို့သည်သာ သိနိုင်သောအခါ ၃ပါး၊
**ဘုရားရှင်တို့ အချင်းချင်း မတူသောအချက်- ဝေမတ္တတရား ၈ပါး၊**
ဘုရားရှင်တို့၏ ဓမ္မတာ ၃၀၊ ဘုရားရှင်တို့၏ အဆုံးအမတော် ၂ စု-
ဩဝါဒပါတိမောက်, အဆုံးအမတော် ၃ပါး၊ ဘုရားရှင်တိုင်း မစွန့်ရာ
ဇေတဝန်ကျောင်းတော်ရာ၊ **အဝိဇဟိတ ၄ဌာန**၊ ဘုရားရှင်တိုင်းသည် ၂၀၂
ဤစကြဝဠာ / ကမ္ဘာတခုတည်း၌သာ ပွင့်တော်မူကြသည်၊ ဘုရားရှင်များ ပွင့်ရာ
ကမ္ဘာ ၅မျိုး၊ ဘုရားရှင်များ လက်ထက်တော်၌ ဖြစ်လေ့ရှိသော သာဝကအစည်း
အဝေးကြီး ၏ အင်္ဂါ ၄ပါး၊ ဘုရားရှင်များ ဟောကြားသော တရားတော် ၃ ပုဒ်-
ကဿပဘုရားရှင် ဟောတော်မူခဲ့သောတရားတော်- ပြန်လည်ဟောပြရာဇာတ်
၃ ဇာတ်, ဂေါတမဘုရားရှင် ဟောတော်မူရာ ၁ နေရာ = ပေါင်း ၄ ခု,
၃၁ကမ္ဘာထက်က သိခီမြတ်စွာဘုရား၏ မြတ်သောသာဝကအစုံအနက် အဘိဘူထေရ်
ဟောကြားသော ဂါထာ, **အနိစ္စဝတ သင်္ခါရာ** ဂါထာ - ၂ စု- ဘုရားရှင် / ဘုရားလောင်း
ဟောကြားရာ ဇာတ်/သုတ်တော်များ ၅ ခု, ပြန်လည်ဟောကြား ရွတ်ဆိုသော သာဝက
၁ ပါး / သိကြားမင်း ၁ ပါး ပေါင်း ၂ ပါး၊ ဘုရားရှင်များ၏ သာသနာတော်များ)
၁၉၇ **ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ်** ၄၅ စု ၂၀၈
(ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော
ကဿပဘုရားရှင်လက်ထက် ကိကီမင်းကြီး၏ သမီးတော်၇ပါး၊
ဘုရားရှင် ကောသလမင်းကြီးကိုဟောသော အစာလျှော့စားနည်းနှင့်

အကျိုး ၃ပါး၊ ဘုရားရှင် ကိုယ်တိုင် ထိတ်လန့်သံဝေဂရခဲ့သော
တရား ၈ပါး၊ ဘုရားရှင် ကြွချီသော ဒေသစာရီ ၂မျိုး, ခရီးအဝန်း ၃မျိုးနှင့်
ကြွချီရသောအကြောင်း ၅ပါး၊ ဘုရားရှင် ဆုံးမထိုက်သူတို့ကို ဆုံးမတော်မူပုံ နှင့်
မြင်းဆရာ မြင်းရိုင်းတို့ကိုဆုံးမပုံ၄မျိုး၊ ဘုရားရှင်နှင့် စပ်သော ၇နေ့၊ ဘုရားရှင်နှင့်
ဒေဝဒတ် ၄ စု- ဘုရားရှင်အား အရှင်ဒေဝဒတ် ရန်ငြိုးဖွဲ့ပြီးနောက် ၂၁၁
**ဇလကျော်သောအခါ** သာဝတ္ထိပြည် ဇေတဝန် တံခါးမုခ်၌မြေမျိုခံရသည်,
ဘုရားရှင်အား အရှင်ဒေဝဒတ် လုပ်ကြံခြင်း ၃ကြိမ်, အရှင်ဒေဝဒတ်၏
ကျွတ်တမ်းဝင်မည့် အဆုံးစွန်ဘဝ ၊ အရှင်ဒေဝဒတ်၏ မိမိကိုယ်ကို ပျက်စီးစေကြောင်း
ဥပမာ၄မျိုး၊ ဘုရားရှင်နှင့် ဝိဘဇ္ဇဝါဒ၊ ဘုရားရှင် ပြက်ရယ်ပြောဆို ခံရရာ၌
ကျူးရင့်သော ဥဒါန်းတော်၊ ဘုရားရှင် ဘုရားလောင်းများဘဝတွင် ဦးမော့လျက်
ပါရမီတော်များ ဖြည့်ဆည်းခဲ့ပုံ၊ ဘုရားရှင် ဘဉ်းပေးတော်မူခဲ့သော အကျိုး
ကြီးမားခြင်း တူမျှသောဆွမ်း ၂မျိုး နှင့် စုန္ဒရွှေပန်းထိမ်သည်သား ရသောအကျိုး ၆ပါး၊
ဘုရားရှင် ရေကျက်အေးကို သုံးဆောင်တော်မူခြင်း၊ ဘုရားရှင် ဝေဒနာကို သည်းခံပုံ၊
ဘုရားရှင် သာသနာတော်၏ ချိန်/စံ {ချိန်ခွင်} ၄စုံ၊ ဘုရားရှင် သီဟိုဠ်ကျွန်းသို့
၃ကြိမ် ကြွတော်မူခြင်း၊ ဘုရားရှင်သတ္တဌာနစံနေတော်မူရာ ၇ဌာန၊ ဘုရားရှင်သည်
နည်းပေးလမ်းညွှန်သူသာ၊ ဘုရားရှင်သည် လူအပေါင်းနှင့် မိတ်ဆွေဖွဲ့ခြင်းကို မပြု,
တဦးတယောက်နှင့်မျှ မိတ်ဆွေမဖြစ်၊ ဘုရားရှင်သည် လောကနှင့် မငြင်းခုံ,
လောကကသာ ဘုရားရှင်နှင့် ငြင်းခုံ၏၊ ဘုရားရှင်သည် 'ရဟန်းဂေါတမ ငါနှင့်
စကားပြောအံ့၊ ငါလည်းပြောအံ့၊ အကယ်၍ မပြောအံ့၊ ငါလည်း မပြောအံ့။' ဟု အကြံဖြင့်
ချဉ်းကပ်လာသူကို ဆုံးမပုံ ၂ စု- မာနတ္ထဒ္ဓသုတ်, ပုရောဟိတပုတ္တဇေန္တတ္ထေရဂါထာ၊
ဘုရားရှင်သည် 'ရဟန်းဂေါတမ ဆိုတိုင်းဆိုတိုင်းသော စကားကို ဆန့်ကျင်ဘက် ပြုအံ့။' ၂၁၈
ဟု အကြံဖြင့် ချဉ်းကပ်လာသူကို ဆုံးမပုံ၊ ဘုရားရှင်သည် အနည်းငယ်မျှသောဘဝ
လက်ဖျစ်တတီး ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ ဘုရားရှင်ဟော
တော်မူသော ဆုတောင်းနည်း၊ ဘုရားရှင်အား ဆဲရေးသော ပုဏ္ဏား ၂ဦး-
အက္ကောသသုတ်, အသုရိန္ဒကသုတ်၊ ဘုရားရှင်အား တရားဟောသော နတ်သား၊
ဘုရားရှင်အား သိကြားမင်း၏ အာဏာစက် ဝန်ခံချက်၊ ဘုရားရှင်၏ ဆွေတော်မျိုး

တော်ပေါင်း၊ ဘုရားရှင်၏ ခါတ်တော်များနှင့် ပရိက္ခရာများ၊ ဘုရားရှင်၏နေခြင်း သည်
အာနာပါနသဿတိဖြင့် နေခြင်းဖြစ်၊ ဘုရားရှင်၏ ပရိသတ် ငြိမ်သက်ပုံ ၂ စ-
ဒီဃနိကာယ်, မဇ္ဈိမပဏ္ဏာသ၊ဘုရားရှင်၏ ဖွားဖက်တော် ၇ပါး၊
ဘုရားရှင်၏ ဗောဓိ ၃ပါး ၂ စ- မူလပဏ္ဏာသ ဌ, သာရတ္ထဒီပနီ၊ ဘုရားရှင်၏ ၂၂၃
ဗုဒ္ဓကိစ္စ နေ့စဉ်လုပ်ငန်း ၅ပါး၊ **သံဝေဇနီယဌာန** ၄ပါး၊ ဘုရားရှင်၏ မိဖသူကြီးသူမများ
အဖြစ် ဘဝများစွာ တွေ့ကြုံခဲ့သူများ ၃ စုံသောသူ၊ ဘုရားရှင်၏ လောကီလူတို့အလေ့
အလိုက် ပြုကြသောလူရဟန်းတို့ပြုမူမှု အချို့ {၃ မှု} အပေါ် မိန့်ဆိုချက်, စကားကို
ကြားဖြတ်၍ကြားဖြတ်၍ မပြောဆိုရန် ဘုရားရှင် မောင်းမဲမိန့်ဆို၏, မင်္ဂဖိုလ်အနှစ်
တည်ကြောင်းဆုံးမသည်ကို ငါ့ကိုချစ်ခြင်းရှိသည်ဖြစ်၍ ကျင့်ကာ မုန်းခြင်းရှိသည်
ဖြစ်၍ မကျင့်လင့်, အော်ဟစ်ပြောဆို ငြင်းခုံပြောင်လှောင် ကစားကြသောအသံ /
ပြင်းပြကျယ်လောင်သော အသံနှင့်စပ်၍ ဖ ဇာတ် / သုတ်၊ ဘုရားရှင်၏ လမ်းစဉ်တော်၊
ဘုရားရှင်၏ ဝါဆိုစဉ် / ဝါဆိုရာဌာန ၁၉ နေရာ၊ ဘုရားရှင်၏ ဝိပါက်တော် ၁၂ပါး၊ ၂၂၈
ဘုရားရှင်၏ ဝိလာသ- တင့်တယ်စံပယ် တောက်ပသော, ဝိလာသတရား ၄ပါး၊
ဘုရားရှင်၏ သာသနာတော်၌ အစဦးဆုံး မြေငလျင်တုန်လှုပ်စေလျက်
အလှူခံအပ်သော ကျောင်းအရာမ်၊ ဘုရားရှင်၏ အပရာဇိတပလ္လင်၊ ဘုရားရှင်၏
အလုပ်အကျွေးရဟန်းများ ၂ စ- ဘုရားရှင်၏ အဆိုအမိန့်ကို မနာယူသောအလုပ်
အကျွေး ရဟန်းနှင့် ပရိက္ခရာများပါ မြေ၌ချသော အလုပ်အကျွေး ရဟန်း ၂ပါး,
အလုပ်အကျွေးရဟန်း ၉ပါး၊ ဘုရားရှင်၏ အံ့သြဖွယ် ၂ စ- ၁၈ ပါး, အပါး ၂၀၊
ဘုရားရှင်၏ "အဂ္ဂ" - မြတ်သော တပည့်သာဝက ဥပါသကာအစုံ ၄စုံ / ၈ဦး)
၁၉၈ **ဘုရားရှင် နှင့် တရားတော်** ၉ စ ၂၃၅
(ဘုရားရှင်၏ ယေဘုယျ တရားဟောရိုးဟောစဉ် ဖ ဆင့်)
၁၉၉ **ဘုရားရှင် နှင့် သံဃာတော်များ** ၄ စ ၂၃၈
၂၀၀ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း ၁၀ စ ၂၄၀
(ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူမည့်အကြောင်း ၁၅ကြိမ်တိုင် ထင်ရှားသောနိမိတ်
အရိပ်အရောင် ပြခဲ့သည်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူမည့်နေ့ ပါဝါပြည်မှ
၃ဂါဝုတ်သာဝေးသော ကုသိနာရုံပြည်သို့ ၂၅ထောက် နားနေတော်မူ၍ ကြွ၊
ဘုရားရှင် နောက်ဆုံးဘုဉ်းပေးသော **သူကရမဒ္ဒဝဆွမ်း** နှင့်စပ်သော အယူ ၃မျိုး၊

ဘုရားရှင်၏ နောက်ဆုံး ဩဝါဒစကားတော် ၅ပါး၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပုံ
၂၁ ဆင့်)

၂၀၁ ဘုရားရှင် ရတနသုတ်ဟောတော်မူရာတွင် ရာဇဂြိုဟ်ပြည်၊ ဂင်္ဂါမြစ်၊
ဝေသာလီပြည် အသွားအပြန်တို့၌ ကြီးမြတ်သော အပူဇော်ခံရခြင်းသည်
အတိတ်မှ အနည်းငယ်မျှသော သာမန်ကောင်းမှု ၅ခုကြောင့် ဖြစ်ခြင်း ၂၄၃

၂၀၂ ဘုရားရှင် ရေမီးအစုံအစုံ တန်ခိုးပြတော်မူခြင်း ၂ စု ၂၄၄
(ဘုရားရှင် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူရာတွင် မီးအလျှံရေအယဉ်
ထွက်ပစီးမြော်ရာ ၁၂ဌာန)

၂၀၃ ဘုရားရှင် ရှေ့မှောက်တွင် လူပရိသတ်များနေပုံ ၅မျိုး ၂၄၅

၂၀၄ **ဘုရားရှင်လက်ထက်** ၁၄ စု ၂၄၅
(ဘုရားရှင်လက်ထက် ဆွမ်းကပ်လှူခြင်း အစဉ် ၃ဆင့်၊ ဇေတဝန်ကျောင်းတိုက်ကြီး
အတွင်း၌ ဘုရားရှင် သီတင်းသုံးတော်မူရာ တကျောင်းလျှင် တသိန်းထိုက်သော
ကျောင်းတော်ကြီး ၄ကျောင်း၊ ဘုရားရှင်လက်ထက် တိုင်းကြီး ၁၆တိုင်း၊
ဘုရားရှင်လက်ထက် နိစ္စဘတ် (နေ့စဉ်ဆွမ်းဝတ်) တည်ကြသော သာဝတ္ထိပြည်မှ
သူဌေးသူကြွယ်အိမ် ၄အိမ်၊ ဘုရားရှင်လက်ထက် မဟာဘိညာ- ကြီးကျယ်သော
အဘိညာဏ်ပညာသို့ ရောက်သော သာဝက ၄ပါး၊ ဘုရားရှင်လက်ထက် မျက်မှောက်ဘဝ
ပြုအပ်သောဒါနကြောင့် ချမ်းသာသုခကို ခံစားရသူ ၇ဦး၊ ဘုရားရှင်လက်ထက်
မျက်မှောက်ဘဝ မြေမျိုခံရသူ ၅ဦး၊ ရဟန်း, ရဟန်းမများ၊ ဘုရားရှင်အား မိမိတို့၏
အရဟတ္တဖိုလ် ပြောကြားပုံ ၄ချက်၊ ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်၌
ကျောင်းတိုက်ကြီးပေါင်း ၁၈တိုက် ရှိ၊ ဘုရားရှင်လက်ထက် လူအဖြစ်နှင့် ရဟန္တာဖြစ်သူ
၈ဦး၊ ဘုရားရှင်လက်ထက် သောတာပန် ဖြစ်ကာ ၇ဘဝ ချမ်းသာသုခ အဖို့ရသော
ဝဋ္ဋာဘိရတ ဘုံစဉ်စံ သက်တမ်းတူ ပုဂ္ဂိုလ် ၃ဦး၊ ဘုရားရှင်လက်ထက် သံဃာအစု ၃ စု-
ပဋ္ဌဝဂ္ဂီ, ဆဗ္ဗဂ္ဂီ, သတ္တရသဝဂ္ဂီ၊ ဘုရားရှင်လက်ထက် **အသဒိသဒါန အလှူရှင်**သည်
သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီး ဖြစ်၊ ဘုရားရှင်လက်ထက် အသက်
၁၉နှစ်မပြည့်မီ ရဟန်းအဖြစ်ရကြသော ရဟန္တာသာမဏေများ ၂ စု-
သာမဏေ ၂ပါး, ၅ပါး)

၂၀၅ ဘုရားရှင် သတ္တလောက၏အကျိုးငှါ ကျင့်တော်မူခြင်း <u>၆ စ</u> ၂၄၉
(ဘုရားရှင်က ထမင်းကျွေးစေသော ဒါယကာ၊ ဘုရားရှင် ကိုယ်တိုင်ကြွ၍ သူနာပြုခြင်း
ခံရသောရဟန်း၊ ဘုရားရှင် ကြွရောက်၍ ဦးစွာနှုတ်ဆက်ခြင်း ဖြင့်ကြိမ် ခံရသောပုဏ္ဏား၊
ဘုရားရှင်သည် ဥရုဝေလကဿပနှင့် တပည့်ရသေ့ ၅၀၀တို့အား
တန်ခိုးပြာဋိဟာပေါင်း ၃၅၁၆ပါး ဖန်ဆင်းပြသ ချေချွတ်တော်မူသည်၊ ဘုရားရှင်
သတ္တလောက၏အကျိုးငှါ ကျင့်တော်မူခြင်း ၁၂ပါး၊ ဘုရားရှင် ဥပါယ်တံမျဉ်၌
လိမ္မာခြင်း ၃ပါး)
၂၀၆ ဘုရားရှင်ဟောသော တရားတော်များ <u>၆ စ</u> ၂၅၂
(တရားစုံ <u>၇၂ ပုဒ်</u>
**ကုန်သွယ်မှု၌ အကျိုးပေးမှု ၄မျိုး**၊ ကိုယ်သာနာ၍ စိတ်မနာစေနှင့် တရားတော်၊
ကြိုမသိနိုင်သော သိရန်ခဲယဉ်းသော အရာ ၅ပါး၊ **ခါးပိုက်နှိုက် / သူခိုး ၂ယောက်**၊
ခဲခဲယဉ်းယဉ်းဖြင့် တမြတ်တနိုး ရအပ်သောတရား ၄မျိုး, ရကြောင်းတရား ၄မျိုးနှင့်
ရသောစည်းစိမ်ကို သုံးဆောင်ခြင်း ၄မျိုး၊ ခက်ကြီး ၃ခက်, **စေတနာ ၃တန်**၊
ချမ်းချမ်းသာသာ ရဟန္တာဖြစ်သူများ၊ ချမ်းသာသူ ဖြစ်ရခြင်း အကြောင်း ၃ပါး၊
ချမ်းသာသောအဖြစ် မရှိသူ အင်္ဂါ၄ပါး၊ ဂဝေသီဥပါသကာ {ဂဝေသီဆရာကြီး} နှင့်
ဥပါသကာ {တပည့်} ၅၀၀တို့ ကဿပဘုရားရှင် ထံမှောက်၌ ရဟန္တာဖြစ်ကြပုံ ၅ ဆင့်၊
**ငါ့ဟာငါ့ဟာ (မယှက မယှက)** ဟု မြည်တမ်းနေစဉ်မှာပင် ပစ္စည်းဥစ္စာတို့ ပျက်ဆီး
ကုန်ဆုံးကြရ၏၊ ငယ်ရွယ်စဉ် မသေရာသောတရား ၉ပါး၊ ငယ်၏ဟု
ပြက်ရယ် / မထီမဲ့မြင် မပြုအပ်သောအရာ ၄ပါး၊ **စတုရာရက္ခဘာဝနာ**၊
ဆင်းရဲ သွားရခြင်း အကြောင်း ၈ပါး၊ ၂၅၆
**ဆွေမျိုးများ နေရာကိုတပ်စွန်းသဖြင့် ထိုနေရာ၌ပင် ပြန်ဖြစ်ပုံ**၊ ဆွေးမြေ့တတ်သော
အရာ အပါအဝင် အမေး ၈ခု၊ တယောက်တည်း, ၂ယောက်, ၃ယောက်,
အများ နေခြင်းတို့၏ အကျိုး, အပြစ်များ ၄ချက်၊ **တရားမမြင် ဘုရားမမြင်**၊
**တရားရတနာကို ပူဇော်လိုလျှင်**၊ တဦးနှင့်တဦး မေတ္တာထားချစ်ခင်ရခြင်း
အကြောင်း ၂ပါး၊ တာဝန်ခံနိုင်သူ မရှိသော တရား ၄ပါး၊ တောင့်တ၍ မရကောင်းသော
အရာ ၅မျိုး၊ **ထာဝရအလှူ ၆မျိုး**၊ ဒီဃာဝုမင်းသား၊ ဒေါသဖြတ်ခြင်း အကျိုး ၃ပါး၊
**ဒုက္ခ ၃ပါး** တရားတော်၊ **ဒုလ္လဘတရား ၅ပါး**၊ **ဘဒ္ဒေကရတ္တသုတ်**၊ ၂၆၀

နောင်စိုးရိမ်ရကြောင်း ၁၀ပါး၊ နတ်တို့ နှစ်သက်မြတ်နိုးသောတရား- **ဒေဝဓမ်တရား ၂ပါး၊**
နတ်တို့ လူ့ပြည်လူတို့ ကောင်းမှုပြုမပြု လှည့်လည်စုံစမ်းသော ရက် ၃ရက် နှင့် အချက်
၈ချက်၊ ပညာမတတ်သောသူဌေးလင်မယားသည် နေ့စဉ် သောက်စားမူးယစ် ကခုန်တီး
မှုတ်၍ ၂ဖက်အမွေ ကုန်တော့ရာ ရဟန်းတော်များထံမှ စားကြွင်း လာတောင်း၊
ပဋာစာရီထေရီမကြီး ရူးနေရာမှ သောတာပန်တည်စေသော ဘုရားရှင်၏ တရားတော်၊
ပရဟိတ {သူတပါးအကျိုး} ကို များစွာ လုပ်လိုသည့်အတွက် မိမိအကျိုးကို မဆုတ်ယုတ်
မဆုံးရှုံးစေရာ၊ **ပစ္စည်း ၄ပါး**- ဆွမ်း သင်္ကန်း ကျောင်း ဆေး **လူ့ရကျိုး ၃ပါး၊**
ပျက်စီးချိန်ရောက်က သတိကင်းလွတ် ချွတ်ယွင်းရ၏၊ **ပရာဘဝသုတ်၊** ပြိန်းမြက်ကိုကိုင်
ထားခိုက် လေ့ထွက်စဉ် မလွှတ်မိသဖြင့် ပြတ်သွားသည်ကို ဒေသနာမကြားလိုက်ရသော ၂၆၄
ရဟန်း/ **ခဲယဉ်းသော တရား ၄ပါး၊** 'ဘုရားရှင်သည် အလုံးစုံကို သိခြင်း' အပါ အဝင်
အလုံးစုံ ၉ချက်ပါသော တရားတော်၊ မကောင်းမှု၌ စိတ်မညွတ်လျှင် ထိုမကောင်းမှုသည်
မလိမ်းကျံ၊ မကောင်းသော / မပြုအပ်သော ကုန်သွယ်ရောင်းဝယ်မှု ၅မျိုး၊
မကောင်းသောစကား ဖြစ်သွားရသော ပုဂ္ဂိုလ် ၅မျိုး၊ မချစ်အပ်သော
တစုံတယောက်သော သူနှင့်လည်း ရန်ကိုမပြုရာ၊ **မစင်လိမ်းကျံနေသော သင်္ကန်းကို
ပင်လျှင် လက်အုပ်ချီမိုး ရှိခိုးထိုက်၏၊** မမည်သော / မခေါ်ဝေါ်အပ်သောသူ ၆ဦး၊
မယားများ ကျင့်သုံးရမည့်တရား ၅မျိုး / **မယားကောင်းအင်္ဂါ ၅ပါး၊ မိဖုယားကြီးဘဝမှ
နွားချေးပိုးထိုး** ဖြစ်၊ မိသားစု ၂စု အကြောင်း၊ မီးလောင်နေသော လောကကြီးအတွင်းမှ ၂၆၉
ကောင်းစွာထုတ်အပ်သောဥစ္စာသည် အလှူဝတ္ထုဖြစ်၏ အစရှိသော ပဇ္ဈေကဗုဒ္ဓါ **၇ပါး တို့၏**
တရားတော် ၇ပါး၊ မုဆိုးမယား သောတာပန်သူဌေးသမီးကြောင့် လင်မုဆိုး သား၇ယောက်
ချွေးမ၇ယောက်တို့ အားလုံး သောတာပန်ဖြစ်ခြင်း၊ မုသာဝါဒ ဒုစရိုက်မှုကို ပြုဝံ့သူသည်
မည်သည့်ဒုစရိုက်မှုမျိုးကိုမဆို ပြုဝံ့တော့သည်သာ၊ မင်္ဂလာကြီး ၈ပါး၊ မှီရာ ၃မျိုး၊
ဝေရဉ္စပုဏ္ဏားနှ၏ ဘုရားအပေါ် အဆိုဝါဒ တင်ချက် ၈ချက် / ဆဲရေးခြင်း ၈မျိုး ကို ဘုရားရှင်
ဖြေဆို ဟောကြားချက် ၈ပါး၊ **သိရိမာ ပြည့်တန်ဆာမ/အောင်နိုင်ကြောင်း ၄ပါး** တရားတော်၊
သီဟစစ်သူကြီး သောတာပန် တည်သော တရားတော် - အမေး ၈ချက်၊ သူဌေးသားဘဝမှ
ကချေသည် ဖြစ်လာသော **ဥဂ္ဂသေနသူဌေးသား၊ သူတပါးအပြစ်ကို မကြည့်ရာ၊
အစိန္တေယျ** - မကြံစည်အပ်သော အရာ **၄ပါး၊** အတွင်းရှုပ် အပြင်ရှုပ်, ကိုယ်တွင်းရှုပ် ၂၇၆
ကိုယ်ပရှုပ်သည့် တဏှာကို ဖြေရှင်းနည်း၊ **ဆားကို ရေခွက်ထဲ/ဂင်္ဂါမြစ်ထဲ ထည့်ခြင်းတရား၊**

**အဖန်တလဲလဲ** တရားတော် - ၅ချက်၊ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော 'အမာတာပုတ္တိ' ဘေး ၃မျိုး၊ **အမိအဖတို့ကိုသတ်၍ ဆင်းရဲမရှိသူ**၊ အမြဲ ဆင်ခြင်အပ်သော အကြောင်း ၅မျိုး၊ အယူဝါဒ များပယ်ကြောင်း ၁၀ချက်/ **ကေသမုတ္တိသုတ်**၊ အလုံးစုံ ပြောင်ပြောင် တောက်လောင်၏/**အာဒိတ္တသုတ်**၊ အာဠာဝကဘီလူး မေး၍ ဘုရားရှင် ဖြေကြားချေချွတ်တော်မူသော တရားတော် ၁၃ ချက်၊ အင်ကြင်းတောကို တင့်တယ် စေသော ရဟန်း ၇မျိုး၊ အန္တရာယ်ကင်းကြောင်း နေ့စဉ်ပွားများရန် ကမ္မဋ္ဌာန်း ၆ပါး၊

**လူငယ်များကို ဟောသောတရား** **<u>၃ ပုဒ်</u>**

ငါးဖမ်းနေကြခြင်း၊ မြွေရိုက်ကြခြင်း၊ သူငယ်အား မေးသောပြဿနာ ၁၀ပါး/ **ကုမာရပဉှာ**၊ ၂၈၃

**သူနာ / လူနာများအား ဟောသောတရား** **<u>၃ ပုဒ်</u>**

ဖဂ္ဂုနသုတ် - ၆ချက်၊ သူနာကျောင်း {လူနာကျောင်းဆောင်} ၂၈၄

ရဟန်းများ {လူနာများ}အား ဘုရားရှင်ဟောသော တရား၊ သူနာဖြစ်၍ အားနည်း နေသောသူ / ရဟန်း ရှုမှတ်အပ်သော တရား ၅ပါး၊

**အနုမောဒနာတရား** **<u>၅ ပုဒ်</u>**

ကျောင်း ၂- ကျောင်းပေါင်း ၆၀, ဝေဠုဝန်ကျောင်း + ဆွမ်း ၃- ကစားစရာမြေရုပ် ကျကွဲ၍, **အကြီးအမှူး ပဓါန** ၇ပါး, ပါဋလိပုတ်မြို့ တည်ခဏ်း = ၅ ၂၈၆

**အသိများသော တရားတော်များ** **<u>၂၀ ပုဒ်</u>** **ဆဆက္ကသုတ်၊ ဓမ္မစကြာသုတ်၊ "နာညတြ ဗောဇ္ဈင်္ဂ တပသာ"** ဂါထာ၊ **နိဓိကဏ္ဍသုတ်၊** ၂၉၀

**ပဋိစ္စသမုပ္ပါဒ်တရားတော်** <u>၂စ</u>- ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ခွဲခြမ်းဝေဖန် ဟောကြားခြင်း၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားသည် မြတ်စွာဘုရားတို့ ပွင့်သော်ငင်း, မပွင့်သော် ငင်း တည်ရှိနေ သည်သာ၊ **ပဋ္ဌာန်း ၂၄ပစ္စည်း၊**

**ဗောဓိပက္ခိယတရား ၃၇ပါး၊ မဟာဒုက်၊ မဟာသမယသုတ်တော်** အပါအဝင် ဆက်စပ်သုတ် / ဇာတ်တော်များ ၁၄သုတ်၊ **မဟာသတိပဋ္ဌာနသုတ်၊ မြင်မြင်ကာမတ္တ** <u>၂စ</u>- **ဗာဟိယဒါရုစီရိယ၊ မာလုကျပုတ္တ၊ ရာမလက္ခဏာ သီတာဒေဝီဇာတ်၊ ရေသည်ဇာတ်၊ သာမဏေကျော် ၄ပါး၊ သတ္တပဥ္စသုတ်၊ သိင်္ဂါလသုတ်** - ကျင့်ဝတ် ၁၄ပါး {**အဂတိတရား ၄ပါး**, ရသော စည်းစိမ်ကို ခွဲဝေသုံးစွဲပုံ <u>၂စ</u>- ၄ဖို့, ၅ပုံ}၊ **သစ္စာ ၄ပါးနှင့် အနက်သဘော ၁၆ချက်၊ အနတ္တလက္ခဏာသုတ်၊**

**ဥပမာများနှင့် တရားတော်များ** ၂၆ ပုဒ်
ကြီးမှုရဟန်းပြုသူ {အိမ်ရာထောင်သောဘဝမှ အိမ်ရာမထောင်သောဘဝသို့ ၃၁၁
ဝင်ရောက်၍ ရဟန်းပြုသူ} များ မချွတ်တွေ့ရမည့် ဘေး၄ပါး၊ ခန္ဓာ ၅ပါး၏
ဥပမာ ၅ခု၊ ဂတိ ၅ပါး၊ နိဗ္ဗာန်နှင့် ဥပမာများ၊ **ငရဲဆင်းရဲ** {လှံအချက် မနက်၊
မွန်းတည့်၊ ညချမ်းအခါ ၁၀၀စီ၊ တနေ့ အချက် ၃၀၀ အထိုးခံစေသော ဥပမာ},
**တိရိစ္ဆာန်ဆင်းရဲ** ကုန်အောင်ဟောရန် မလွယ် နှင့် **လူအဖြစ်ရခဲကြောင်း**
လိပ်ကန်းနှင့် ထမ်းပိုးဥပမာ၊ စိတ္တသူကြွယ်၏ ပညာ စွမ်းရည်ကို ဖေါ်ပြရာ
လည်လာနေသော ရထား တရား - အချက် ၈ချက်၊ **တောင်ပို့တရားတော်** - ၁၅ ချက်၊
**ဒါရုက္ခန္ဓောပမ**- သစ်တုံးဥပမာ သုတ်တော်နှင့် ဥပမာ ၈မျိုး၊ **နဒီသုတ်**၊
**နွားသူငွေး ဓနိယအား** ဟောသော တရားတော် ၆ ချက်၊ ဘုရားရှင်သည်
သူငယ်တို့မည်သည့် မုသားစကား ပြောကြားရခြင်းကို နှစ်သက်တတ်ရာ မပြောရန်
အရှင်ရာဟုလာကို ဟောကြားသော [၁]ခြေဆေးအင်တုံ၊ [၂]စစ်ဆင်နှင့် [၃]ကြေးမုံ
ဥပမာ ၃ခုပြ တရားတော်၊ **၆လဖြင့်ပြီးသော ရထားဘီး နှင့် ၆ရက်ဖြင့်ပြီးသော**
**ရထားဘီး၊ မနောကံသည်သာ အပြစ်အကြီးဆုံး ဖြစ်ကြောင်း၊ အပ္ပမာဒတရား** ၂ ပုဒ်- ၃၂၀
ဥပမာ ၆ မျိုး, ၁၀မျိုး၊ မယား ၇မျိုး၊ မြစ်ရေယဉ်၌ မျောသူ- ၉မျိုးသော
ဥပမာ၊ **မြုပ်ခြင်း မျောခြင်း၊ မြွေကြီး ၄ကောင် တရားတော်**၊ ရေ ဥပမာရှိသောပုဂ္ဂိုလ်
၇မျိုး၊ ရွေ့ရှားခြင်းနှင့် ကောက်ခြင်း၊ **လမ်းပြပေးသူ** တရား ၉ ချက်၊ **လယ်ထွန်ခြင်းတရား**
၁၁ချက်၊ လှံချက် နံနက် အချက် ၁၀၀ မွန်းတည့် ၁၀၀ ညချမ်း ၁၀၀ တနေ့ ၃၀၀
အနှစ်၁၀၀ အထိုးခံပြီးမှ သစ္စာ ၄ပါးတရားကို ထိုးထွင်း၍ သိရမည်ဟု ဆိုက
ထိုအညှဉ်းပန်းခံရန် အပ်၏၊ အစွန်အဖျားမြို့၏ အခြံအရံ ၇ပါး ဥပမာတရားတော်၊
**အတွင်းနေ တပည့် မရှိပဲ ဆရာ မရှိပဲ**_ အကျင့်မြတ်ကို ကျင့်သုံးနေအပ်၏၊ ဥပမာ ၉ခုပါ
**ဆင်ကို စမ်းကြည့်စေသော တရားတော်** နှင့် ဥဒါန်းဂါထာတော်)
၂၀၇ ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ၂ ခု ၃၃၁
(ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ရှာနိဂုံးသို့ ဆွမ်းခံဝင်ပုံ- ၁၄ပါး, ဘုရားရှင်၏
ကြည်ညိုဖွယ်ရာ ရွာတွင်း နေထိုင်၊ သွားလာ၊ ဆွမ်းဘုဉ်းပေးပုံ - ၅၂ ပါး)
၂၀၈ ဘုရားရှင်၏ ဂုဏ်တော်၊ ဉာဏ်တော်၊ ပညာတော် နှင့် ဝိသေသထူးခြားချက်များ ၁၁ ခု ၃၃၃
(ဘုရားရှင်ကို "တထာဂတ" ခေါ်ကြောင်း ၂ ခု- ၄ပါး, ၅ပါး၊ ဘုရားရှင် အောင်မြင်

တော်မူသော မာရ် ၅ပါး၊ ဘုရားရှင်၏ ဂုဏ်တော်များ ၇ စု- တာဒိဂုဏ်နှင့် တာဒိလက္ခဏာ
အခြင်းအရာ ၅ပါး ၂ စု- ကာဠကာရာမသုတ် နှင့် သီလက္ခန္ဓိကာသစ်, အနာဝရဏီယ-
တစုံတယောက်သောသူကမျှ မတားမြစ်မပိတ်ပင်နိုင်သော ဂုဏ်ကျေးဇူးတရား ၄ပါး,
မဖေါက်မပြန် ဟုတ်မှန်သော ဂုဏ်တော် ၈ပါး, ဂုဏ်တော် ၉ပါး - **မှတ်မိလွယ်သော**
**အနှစ်ချုပ်အနက်**, ဘုရားရှင်တည်းဟူသော ဂန္ဓဆင်မင်းကြီး၏ ဂုဏ်တော် ၁၀ပါး,
အာဝေဏိက- တသီးတခြားဖြစ်သော ဂုဏ်တော် ၁၈ပါး, **ဗုဒ္ဓါနုဿတိဘာဝနာ**
**အကျိုး** ၂ စု- ၁၀ပါး, ၁၇ပါး၊ ဘုရားရှင်၏ စရဏတရား ၁၅ပါး၊ စရိယတရား၃ပါး၊
ဘုရားရှင်၏ စက္ခု ၅ပါး၊ ဘုရားရှင်၏ ဉာဏ်တော်များ ၈ စု- ဝိဇ္ဇာဉာဏ်တော် ၃ပါး, ၃၃၉
ပဋိသမ္ဘိဒါဉာဏ်တော် ၄ပါး, ဝေသာရဇ္ဇဉာဏ်တော် ၄ပါး, ဆအသာဓာရဏ
အများနှင့်မသက်ဆိုင်သောဉာဏ်တော် ၆ပါး, ဝိဇ္ဇာဉာဏ်တော် ၈ပါး,
အဓိဒေဝဉာဏဒဿနတရား / ဉာဏ်တော် ၈ပါး, ဉာဏ်တော် ၁၀ပါး,
ဉာဏ်တော် ၁၄ပါး- **သမန္တစက္ခု**၊ ဘုရားရှင်၏ ပညာတော် အင်္ဂါ ၈ပါး၊
ဘုန်းတော် ၆ပါး / **ဘဂဝါ ဂုဏ်တော်**၊ ဘုရားရှင်၏ ဝိဇ္ဇာ ၂ စု- ဝိဇ္ဇာ ၃ပါး, ၈ပါး၊
သဗ္ဗညုတဉာဏ်တော် အစွမ်း ၃ပါး)
၂၀၉ ဘုရားရှင်၏ စကားတော်၊ မိန့်ဆိုချက်များ၊
အမှာတော်များနှင့်စပ်၍ မှတ်ဖွယ် ၈ စု ၃၄၂
(ဘုရားစကား အပြားအစုံ ၇ပါး၊ ဘုရားရှင် စကားတော် အလွန်လျင်မြန်ခြင်းနှင့်
လျင်မြန်ရကြောင်း၊ **သာသနာတော်၌ အပြစ်ကုစားပုံ**၊ ဘုရားရှင်၏ စကားတော် ၂ စု-
ဝစနမျိုး ၃ပါး, စကားတော် ၃ခွန်း၊ ဘုရားရှင်၏ မိန့်ဆိုချက် "မြတ်စွာဘုရားတို့သည်
လွန်မြောက် ပြီးသောဆု ရှိတော်မူကြကုန်၏။" ဆိုသည်မှာ၊ ဘုရားရှင်၏ အမှာစကား
တော် ၂ စု- သဠာယတနဝဂ္ဂသံယုတ်, ရဟန်းသည် အစဉ်သနား စောင့်ရှောက်ထိုက်
ကုန်သော မိမိစကားကို နာယူလိမ့်မည်ဟု မှတ်ထင်ရကုန်သော [၁]မိတ်ဆွေခင်ပွန်း
[၂]ချစ်ကျွမ်းဝင်သူ [၃]ဆွေမျိုးသားချင်းတို့အား ပွားများရန် ဆောက်တည်စေအပ်သော
သွင်းထားအပ်သော တည်စေအပ်သော တရားတော် ၅ ထုံး၊ ဘုရားရှင် 'ဧဟိဘိက္ခု'
အစချီ ခေါ်တော်မူသော စကားတော် ၃ခွန်း၊ ဘုရားရှင် ဧတဒဂ်ပေးသောအခါ မိန့်ဆိုချက်)
၂၁၀ ဘုရားရှင်၏ ကိုယ်ကာယတော်၊ လက္ခဏာတော်များ၊ ရောင်ခြည်တော်များနှင့်စပ်၍
မှတ်ဖွယ်များ ၈ စု ၃၄၆

(ဘုရားရှင်၏ ကိုယ်တော်မှ ပြိုးပြိုးပြက် တောက်ပသောအခါ ၂ပါး၊ ဘုရားရှင်၏
ခြေတော်ရာ ၃ စု- ဘုရားရှင် ချထားအပ်သော ခြေတော်ရာ ပရိဘောဂ
ပဒစေတီတော် ၈ဆူ, ဘုရားရှင် ခြေတော်ရာ ထူးခြားချက် ၃ပါး, ဘုရားရှင်၏
ခြေတော်ရာ စက်လက္ခဏာတော် ၁၀၈ပါး၊ ဘုရားရှင်၏ ရောင်ခြည်တော် ၃ စု-
၃ပါး, ၂ပါး, ၇ပါး၊ ဘုရားရှင်၏ လက္ခဏာတော်ကြီး ၃၂ပါး, ရကြောင်းနှင့်
အကျိုး ၃၂ပါး၊ လက္ခဏာတော်ငယ် အပါး ၈၀၊ ဘုရားရှင်၏ အရပ်တော်ကို
ဝါးဖြင့်တိုင်းခြင်း၊ ဘုရားရှင်၏ အသံတော်၊ ဘုရားရှင်၏ အားတော် ၂ စု- ၆ပါး, ၁၀ပါး)

၂၁၁ ဘုရားလောင်း (ဂေါတမမြတ်စွာဘုရားအလောင်း) နှင့် ဆက်စပ်၍
မှတ်သားဖွယ်များ ၂၇ စု- ၃၅၅
(ဘုရားလောင်းနဂါးမင်း ၃ဘဝ၏ ကိုယ်ခန္ဓာပမာဏများ၊ ဘုရားလောင်းနှင့်
မာနတရား၊ ဘုရားလောင်း ပရိသတ်နှင့် တောထွက်သောဘဝ ၅ ဘဝ- ကုဒ္ဒါ
လ- ပေါက်တူး/ ကုဒ္ဒါလဇာတ်, စူဠသုတသောမဇာတ်, မူဂပက္ခဇာတ် / တေမိယဇာတ်,
ဟတ္ထိပါလဇာတ်, အယောဃရပဏ္ဍိတဇာတ်၊ ဘုရားလောင်း ပါရမီတော် ၁၀ပါး
ဖြည့်ဆည်းရာတွင် **ပရမတ္ထပါရမီမြောက်** ဖြည့်ကျင့်ခဲ့ရာ ၁၀ဘဝ၊ ဘုရားလောင်း
ပါရမီဖြည့် / ဗျာဒိတ်ခံခဲ့ရာ ဘဝများ ၄ စု- ဘုရားလောင်း ပါရမီဖြည့်ခဲ့ရာ ၃၆၃
၅၅၀ဇာတ်များတွင် တိရစ္ဆာန်အမျိုး၌ အငယ်ဆုံးတိရစ္ဆာန် နံ့စုတ်ငှက်အဖြစ်
ပါရမီဖြည့်, ၅၄၇ {၅၅၀} ဇာတ်တော်များတွင် ဖြစ်တော်မူခဲ့သော ဘဝများ,
၅၄၇ {၅၅၀} ဇာတ်တော်များအနက် **၅ဘဝ / ဇာတ်သာ** အခြားကမ္ဘာများ ၌
ဖြစ်ခဲ့သည်, ဘုရားလောင်း ပါရမီဖြည့်ခဲ့ရာတွင် ဖူးတွေ့ရသော ဘုရားရှင်
၂၄ဆူအထံတော်၌ ဗျာဒိတ်ခံယူရာ ဘဝကျင့်စဉ် ၂၄ခု၊ ဘုရားလောင်း
ဘုရားဖြစ်ခါနီး ဗောဓိပင်ရင်း၌ ထိုင်နေတော်မူစဉ် မာရ်နတ်ပစ်လွှင့်သော
လက်နက် ၉မျိုး၊ ဘုရားလောင်း မြင်မက်သော အိပ်မက်ကြီး ၅မျိုးနှင့်
မြင်မက်ရသည့် အကြောင်း ၅မျိုး၊ ဘုရားလောင်းမွေးမွေးချင်း စကားပြောသော
၃ဘဝ၊ ဘုရားလောင်းရသေ့ ၂ ပါး ၏ ဆုတောင်းများ- ကဏှရသေ့၏
ဆုတောင်း ၆ပါး, အကိတ္တိရသေ့၏ ဆုတောင်း ၇ပါး၊ ဘုရားလောင်း
ရဟန်းအဖြစ်ရသောအခါ နေထိုင်ကျင့်ကြံတော်မူပုံ / ပါရမီ ၃၆၇
ဖြည့်တော်မူပုံ၊ ဘုရားလောင်း လူအဖြစ်နှင့် နတ်ပြည်ရောက်သောဘဝ ၄ ဘဝ၊

ဘုရားလောင်း သုမေဓါရသေ့ ဒီပင်္ကရာမြတ်စွာဘုရားထံ ဆုပန်ပုံ အခြင်းအရာ၊ သုမေဓါရသေ့ဘဝက အာဂမဆန္ဒတော် ၃ပါး၊ သုမေဓါရသေ့ နိယတဗျာဒိတ် ရတော်မူပြီးနောက် ဘုရားအဖြစ်ပြုတတ် သောတရား- ပါရမီ ၁၀ပါး အစဉ်နှင့် ဆောက်တည်ပုံ ဥပမာများ ၁၀ပါး- ကို ဆင်ခြင်တော်မူပုံ၊ ဘုရားလောင်း သုမေဓါသူဌေး ကြံဆင်ခြင်ချက် ၁၀ချက်၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဆရာ ၅ဦး၊ ဘုရားလောင်း အတွင်းအလှူကို လှူလိုသော ကြည်ညိုဖွယ်ရာ အံ့မခန်းအကြံ ကြံသောဘဝ ၂ ဘဝ- အကြံ ၅ပါး, ၆ပါး၊ ဘုရားလောင်းအား ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ကောဏ္ဍညပုဏ္ဏားလုလင် ဟောခြင်း၏အကြောင်း၊ ဘုရားလောင်းအား အရှင်ဒေဝဒတ်အလောင်း ဦးစွာရန်ညှိုးဖွဲ့သော ဘဝ / ဇာတ်၊ ဘုရားလောင်းအား အရှင်ဒေဝဒတ်အလောင်း သတ်ခဲ့သော

**ကြည်ညိုကြက်သီးထဖွယ်ရာ** ၃၇၁

ဘဝ ၅ ဘဝ- စူဠဓမ္မပါလဇာတ်, တိတ္တိရဇာတ်, ခန္တိဝါဒီဇာတ်, စူဠနန္ဒိယဇာတ်, မဟာကပိဇာတ်၊ ဘုရားလောင်း၏ **ကြည်ညိုအားကျဖွယ်ရာ** ပါရမီဖြည့်သော ကျင့်စဉ်ဘဝ ၉ ဘဝ- ၁၂နှစ်တိုင် လိုသောသစ်ရွက်ထီးနှင့် တလွှာဖိနပ်အစုံကို မတောင်းခံခြင်း, ခန္တိဝါဒီရသေ့, ဆင်မင်းအဖြစ်ဖြင့် အမိကိုလုပ်ကျွေးခြင်း, မဟိံသရာဇ- ကျွဲမင်းဇာတ်, ယုန်ပညာရှိ, ကုဒ္ဒါလ- ပေါက်တူး/ ကုဒ္ဒါလဇာတ်, စူဠဗောဓိဇာတ်, သူရင်းငှါးဘဝတွင် ရတတ်သမျှဖြင့် ပစ္စေကဗုဒ္ဓါ၄ဆူအား လှူ၍ မင်းဖြစ်ခြင်း, အနှစ် ၅၀ကျော် မပျော်ပဲ ရသေ့အကျင့်ကျင့်ခဲ့၏၊ ဘုရားလောင်း၏ နှစ်ပေါင်းများစွာတည်ခဲ့သော အဆုံးအမပေးခဲ့ရာ ဘဝ ၅ ဘဝ- အနှစ် ၃၇၉

၇၀၀တည်သော ဘုရားလောင်းကျီးမင်း အဆုံးအမ, အနှစ်တထောင်တည်သော ဘုရားလောင်းသမင်မင်း၏ အဆုံးအမ, အနှစ်၄သောင်းတည်သော ဘုရားလောင်း ဇမ္ဗုက ကျေးသားသုခမိန်၏ အဆုံးအမ, အနှစ်၆သောင်းတည်သော ဘုရားလောင်း အိုးထိန်းသည်၏ အဆုံးအမ, အနှစ်၆သောင်းတည်သော ဘုရားလောင်းဝက်မင်း အဆုံးအမ၊ ဘုရားလောင်း၏ပါရမီဖြည့်ရာဇာတ်တော်များလာ အမိဝမ်း၌ ပဋိသန္ဓေ နေရခြင်းနှင့် မွေးဖွားခြင်းတို့အပေါ် အမြင်၊ ဘုရားလောင်း၏ မဟောသဓာဇာတ်အပြင် ပညာရှိသည်၏ အဖြစ်ကိုပြသောဇာတ်၊ ဘုရားလောင်း၏ လောက၌ သာယာဖွယ်, အပြစ်, ထွက်မြောက်ရာ တို့နှင့်စပ်သော အကြံ ၃ပါး၊ ဘုရားလောင်း၏ သေသူများ သေသော

သတ္တဝါများအတွက် မပူဆွေးသင့်ကြောင်း မျက်ရည်သိမ်းတရားဟောရာ
ဘ၀ ၈ ဘ၀- အနနုသောစိယဇာတ်, မိဂပေါတကဇာတ်, ၁၈၆
သောမဒတ္တဇာတ်, ဃဋ္ဌပဏ္ဍိတဇာတ်, မဋ္ဌကုဏ္ဍလီဇာတ်, မတရောဒနဇာတ်,
**ရာမ လက္ခဏ သီတာဒေဝီဇာတ်**, သုဇာတဇာတ်၊ ဘုရားလောင်း၏ သံသရာ၌
ကျင်လည်ပါရမီဖြည့်ခဲ့ရာ **ထူးခြားသော** မှတ်သားဖွယ်ဘ၀ ၁၀ ဘ၀)
၂၁၂ ဘုရားအလောင်းတော်များနှင့် ဆက်စပ်၍ မှတ်သားဖွယ်များ ၇ စု ၁၉၃
(ဘုရားလောင်း ၃မျိုးနှင့် ပါရမီဖြည့်ကျင့်ရာ ကာလများ၊ ဘုရားလောင်း နှင့်
နိယတဗျာဒိတ် ၄ စု- ဘုရားလောင်းများ နိယတဗျာဒိတ်ရကြောင်း အင်္ဂါ ၈ပါး,
ဘုရားလောင်းများ နိယတဗျာဒိတ်ရစဉ် ထင်သောနိမိတ် ၃၂ပါး,
ဘုရားလောင်းများ နိယတဗျာဒိတ်ရပြီးနောက် မဖြစ်ရာအရပ်ဌာန ၁၈ပါး,
ဘုရားလောင်းများ နိယတဗျာ ဒိတ်ကြားရာ ရှေးဦးစွာကပင် မြဲသောအရာ ၅ပါး၊
ဘုရားလောင်းများ နိယတဗျာဒိတ် ရပြီးနောက် ဆောက်တည်ရသော
တရားများ ၈ စု- **ဗုဒ္ဓဘူမိ ၄ပါး, ပါရမီ ၁၀ပါး အပြား၃၀ ပရိက္ခာ ၅ပါး နှင့် စရိယ ၃ပါး,**
**ဘာဝနာ ၄ပါး,** ဘုရားလောင်းများ ပါရမီတော်များ ဖြည့်ကျင့်နိုင်ရန်
**အရင်းခံ တရားကြီး ၂ပါး**, ဘုရားလောင်းများ ပါရမီဖြည့်ရာဘ၀များတွင်
ဝိပဿနာအားထုတ်ပုံ ၂ စု, ဘုရားလောင်းများ၏ ဂုဏ်ကျေးဇူး ၁၀ပါး,
ဘုရားလောင်းများ၏ **အဇ္ဈာသယကြီး- အလိုတော်မြတ်ကြီး ၆ပါး**,
**ဘုရားလောင်းများ၌ မုသားဆိုခြင်းမည်သည် မဖြစ်**၊ ဘုရားလောင်းများ
လူ့ပြည်၌ဘုရားဖြစ်တော်မူမည့် နောက်ဆုံးဘ၀ ပဋိသန္ဓေယူရန်လျော်မလျော်ကို
ကြည့်လေ့ရှိသော ကြည့်ခြင်းကြီး ၅ပါး၊ ဘုရားလောင်းများ ပဋိသန္ဓေနေသောအခါ
ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ် ၃၂ပါး၊ ဘုရားလောင်းများ ဖွားမြင်တော်မူသောအခါ
ထင်သောပုဗ္ဗနိမိတ် အပါး၃၀နှင့် အကျိုးများ၊ ဘုရားလောင်းတော်တိုင်း နှင့်
ဗောဓိပင်ရင်း ၂ စု- ဘုရားလောင်းတော်တိုင်း ဗောဓိပင်ရင်းဝယ်
ဝိပဿနာအလုပ် အားထုတ်တော်မူစဉ် ၎င်းဝိပဿနာ၏ အခြေပါဒသည် အာနာပါန
သမာဓိဖြစ်သည်, ဘုရားလောင်းတော်တိုင်း ဗောဓိပင်ရင်းဝယ်
သဗ္ဗညုတဉာဏ်တော်ကြီးရ၍ ဘုရားဖြစ်ခါနီး၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို
အနုလုံပဋိလုံအားဖြင့် သုံးသပ်ဆင်ခြင်တော်မူမြဲ ဓမ္မတာဖြစ်သည်)

၂၁၃ ဘေး <u>၄ စ</u> ၄၀၁

**(ပစ္စုပ္ပန်၊ သံသရာ ၂ဖြာသော ဘေးတို့သည် မိမိ၏ ဒုစရိုက်ပြစ်ဒဏ်ကြောင့်သာ ဖြစ်ပေါ်လာ၏)**

၂၁၄ ဘောဇဉ် <u>၂ စ</u> ၄၀၁

၂၁၅ ဘိက္ခုနီ သာသနာအစနှင့် အဆုံး ၄၀၂

၂၁၆ မကောင်းသူ ၄ဦး ၄၀၂

၂၁၇ မစင်ကျုံး (ပန်းမှိုက်သွန် ဘင်ကျုံး) မျိုး၌ ဖြစ်၍ နောက် အာသဝေါတရားတို့ ကုန်သော် နတ်သိကြားပြဟ္မာတို့ ခြံရံရှိခိုးခြင်း ခံရသော ရ/ဟန္တာ ၄၀၂

၂၁၈ မနေအပ်သောအရပ်၏ အခြင်းအရာ၄ပါး ၄၀၃

၂၁၉ မဖြစ်ကောင်းသော တရား ၇ပါး ၄၀၃

၂၂၀ မမေးပဲ မိမိ၏သီလနှင့် အကျင့်- ၁၂ချက်တို့ကို ပြောဆိုခြင်းသည် သူယုတ်မာတို့ သဘောဟု ပညာရှိတို့ဆို၏။ ၄၀၃

၂၂၁ **မရဏာနုဿတိ**- သေခြင်းတရားကို အောက်မေ့မှု <u>၃ ပုဒ်</u> ၄၀၄

၂၂၂ မရ ရသကချိုင် ၄၀၅

၂၂၃ မရှိသေခြင်း ၆ပါး ၄၀၅

၂၂၄ **မရောင့်ရဲခြင်း** <u>၃ စ</u> ၄၀၅

၂၂၅ မသူတော်တရား ၈ပါး ၄၀၆

၂၂၆ မဟာပါပ- ကြီးမားသော မကောင်းမှု ၄ပါး ၄၀၆

၂၂၇ မဟာလတာတန်ဆာ <u>၂ စ</u> ၄၀၈

၂၂၈ မဟာဝုန်တော ၂တော ၄၀၈

၂၂၉ မဟောသဓပညာရှိ ဖြေရှင်းခဲ့သော ဖြတ်ထုံး၇ထုံးနှင့် ပြဿနာ၁၂ချက် ပေါင်းစုံစမ်းချက် ၁၉ခု ၄၀၉

၂၃၀ **မိဘာ/ အမိအဖ** <u>၇ စ</u> ၄၀၉

(မိဘတို့၏ သားသမီးအပေါ်၌ ဆန္ဒ ၅မျိုး/**သား သမီးဝတ် ၅ပါး၊ အမိအဖတို့ကိုသတ်၍ ဆင်းရဲမရှိသူ** ၆ချက်)

၂၃၁ **မိမိကိုယ်** <u>၆ စ</u> ၄၁၁

၂၃၂ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနမထေရ် <u>၂ စ</u> ၄၁၃

၂၃၃ **မီး** <u>၃ စု</u> ၄၁၃
၂၃၄ မုနိ- ပညာနှင့် ပြည့်စုံသည်၏အဖြစ် <u>၂ စု</u> ၄၁၄
၂၃၅ **မောနေယျအကျင့်မြတ်ကို ကျင့်သောအရှင်နာလက** ၄၁၄
၂၃၆ **မောဟ** ၄၁၅
၂၃၇ မိုး <u>၃ စု</u> ၄၁၅
၂၃၈ မှက်ခြင်တို့ ကိုက်ခဲကြခြင်းကို သည်းခံလွန်မြောက်၍ တရားထူးရကြသူ <u>၂ ပါး</u>- ၄၁၆
(ပစ္စေကဗုဒ္ဓါ ဖြစ်သူ၊ ရဟန္တာ ဖြစ်သူ)
၂၃၉ **မင်္ဂုလ် / မင်္ဂဏ်ဖိုလ်ဂဏ်** <u>၆ စု</u> ၄၁၆
၂၄၀ မင်း <u>၂ စု</u> ၄၁၉
၂၄၁ **မိစ္ဆာဒိဋ္ဌိ** <u>၃ စု</u>
(**နိယတမိစ္ဆာဒိဋ္ဌိသည်** ပဥ္စာနန္တရိယကံကြီး ၅ပါး ထက် **အပြစ်ပိုကြီးသည်**)
၂၄၂ **မဇ္ဈိမဒေသ** <u>၂ စု</u> ၄၂၀
၂၄၃ **မိတ်ဆွေ / ခင်ပွန်းကြီး / အဆွေခင်ပွန်း** <u>၁၄ စု</u> ၄၂၁
၂၄၄ **မေတ္တာ** <u>၇ စု</u> ၄၂၄
(၅၂၈ မေတ္တာနှင့် ၁၅၀၀ မေတ္တာ၊ မေတ္တာသုတ်တော်လာ ကျင့်ဝတ် ၁၅ပါး၊
မေတ္တာပွားနည်း <u>၂ နည်း</u>- ဒိသာဖရဏ- အရပ် ၁၀မျက်နှာ ဖြန့်ဝေသော ပွားနည်း၊
မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း ၁၁နည်း၊ မေတ္တာပွားများခြင်းအကျိုး ကြီးမားပုံ၊
မေတ္တာအကျိုး ၁၁မျိုး၊ မေတ္တာ မပို့အပ်သူ ၆ဦး၊ မေတ္တာနှင့်ယှဉ်သောစိတ်နှင့်
လက်ဖျစ်တတွက် ခန့်မျှလည်း နေသောရဟန်းအား ခေါ်ထိုက်သော အမည် ၄ပါး)
၂၄၅ **မာန် / မာန** <u>၂ စု</u> ၄၂၇
၂၄၆ မိန်းမ <u>၁၁ စု</u> ၄၂၉
၂၄၇ မာရ်နတ် <u>၄ စု</u> ၄၃၁
၂၄၈ **များသောသတ္တဝါနှင့် နည်းသောသတ္တဝါအစုံ** <u>၄၅ မျိုး</u> နှင့် <u>၃၇ မျိုး</u> = ပေါင်း ၈၂ မျိုး/စုံ ၄၃၂
၂၄၉ မျက်စိကို ဥပဇ္ဈာယ်ဆရာ့ယပ်ဖြင့် ခတ်မိ၍ပျက်သွားသော်လည်း ဆရာ့ဝတ်ကို
ပြုမြဲတိုင်းပြုသော ရဟန္တာသာမဏေ ၄၃၄
၂၅၀ မျက်စိကွယ်သော ရဟန္တာမထေရ်ကြီး စင်္ကြံလျှောက်ရာ ပိုးဖလံများသေကြခြင်း ၄၃၄
၂၅၁ **မျက်စိတမှိတ်အတွင်း ဖြစ်ပျက်သော ရုပ်နှင့် စိတ်ပေါင်း** ၄၃၄

၂၅၂ မြေပေါ်၌ မီးဖို၍ စွဲမြဲစွာ မဲနက်စေခဲ့ခြင်း၏ မကောင်းကျိုး ၃ပါး ၄၃၅
၂၅၃ မြောက်ကျွန်းသူ၊ တာဝတိံသာနတ်နှင့် တောင်ကျွန်းသူတို့ အချင်းချင်း
လွှမ်းမိုးသာလွန်ချက်ပေါင်း ၉ချက် ၄၃၅
၂၅၄ မြင်းမိုရ်တောင်၌ အသုရာတို့မလာစိမ့်သောငှာ သိကြားထားသော
အစောင့်အရှောက် ၅ပါး ၄၃၆
၂၅၅ မြတ်သောအမျိုး၌ ဖြစ်စေသော ကောင်းမှုကုသိုလ် ၅ပါး ၄၃၆
၂၅၆ မြန်မာပြည် ဗုဒ္ဓသာသနာ ၄၃၆
၂၅၇ မွေးဖွားကာစတွင် စကားပြောသောသူ ၄ဦး ၄၃၆
၂၅၈ မြွေဖို, မြွေမ ကွာခြားပုံ ၄ချက် ၄၃၇
၂၅၉ မြွား- သလ္လ ၅စင်း ၄၃၇
၂၆၀ **ယခုဘဝ** ၃ စု ၄၃၇
(ယခုဘဝ၌ ချမ်းသာစွာနေရခြင်း အကြောင်း ၄ပါး၊ ယခုဘဝ၌လည်း ချမ်းသာ၍
နောင် နတ်ပြည်ရောက်ကြောင်း ၁၁ပါး၊ ယခုဘဝ၌လည်း အချင်းချင်းရှုမြင်ကြ၍
တမလွန်ဘဝ၌လည်း ရှုမြင်ကြရရန် အကြောင်းတရား ၄ပါး)
၂၆၁ ယသောဓရာထေရီမကြီး ၂ စု ၄၃၈
(ယသောဓရာထေရီအလောင်း ဘုရားရှင်နှင့် ပေါင်းဆုံရကြောင်း ကြီးစွာသော
အလှူနှင့် ဆုတောင်းတို့ကို ပြုခဲ့သော မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာပေါင်း)
၂၆၂ ယာဂုလှူရကျိုး ၃ စု ၄၃၉
၂၆၃ ယောဂ- ဝဋ်နှင်းရဲ၌ယှဉ်စေခြင်း ၄ပါး ၄၄၀
၂၆၄ ယောက်ျားကိုနှစ်သက်စေသော မိန်းမ အင်္ဂါ ၅ပါး ၄၄၀
၂၆၅ ယောက်ျားတို့၏ အညစ်အကြေး ၉ပါး ၄၄၀
၂၆၆ ယောက်ျား၏ ပုရိသိန္ဒြေတရား ၇မျိုး နှင့် မိန်းမ၏ ဣတ္ထိန္ဒြေတရား ၇မျိုး ၄၄၀
၂၆၇ ယုတ်ညံ့သောအရာ ၃ခု ၄၄၀
၂၆၈ ယုတ်နိမ့်သော အမျိုးဇာတ် ၅မျိုး ၄၄၀
၂၆၉ ယပ်ခတ်ပေးနေရင်းမှ စိတ်ကူးယဉ်၍ ဦးရီးတော် ရဟန္တာ၏ဦးခေါင်းကို ရိုက်မိသော
သာမဏေ ၄၄၁
၂၇၀ ရခဲခြင်း ၃ စု ၄၄၁

၂၇၁ ရတနာ ၃ စု ၄၄၃

၂၇၂ ရထားနှင့် သတို့သမီး ၅၀၀ အဆောင်အယောင်ရသော အမျိုးသမီး ၃ဦး ၄၄၃

၂၇၃ **ရဟန္တာ** ၁၂ စု ၄၄၃
(ရဟန္တာ {ပကတိသာဝက} ဖြစ်ရန် ယုတ်မာသောမိတ်ဆွေနှင့် ပေါင်းမိ၍
၄အသခေျ်နှင့်ကမ္ဘာတသိန်း ကြာမြင့်ခဲ့ ရသော သာမဏေ ဓမ္မရုစိယ၊
ရဟန္တာဖြစ်ကြောင်း သိကြောင်း ၄ပါး)

၂၇၄ **ရဟန်း** ၁၄ စု ၄၄၇
(ရဟန်းချမ်းသာ ၈ပါး၊ **ရဟန်းတပါးက ဆွေမျိုးမိတ်ဆွေများကို**
**ကျေးဇူးပြုပုံ၊ ရဟန်းတို့ အိမ်သို့ ကြွလာသောအခါ ထိုအိမ်ရှိလူတို့အား**
**ပွားများစေသော ကောင်းမှုနှင့် အကျိုး ၅မျိုး၊ ရဟန်းတို့၏ တံခွန်၊**
ရဟန်းဝတ်လိုက် လူထွက်လိုက် ၆ကြိမ်ပြုပြီး ၇ကြိမ်မြောက်၌ အောင်မြင်သူ /
ရဟန္တာ ဖြစ်ကြသူ ၃ ဦး- ကုဒ္ဒါလပဏ္ဍိတဇာတ်, စိတ္တဟတ္ထတ္ထေရဝတ္ထု,
ကပ္ပဋကုရတ္ထေရဂါထာ၊ **ရဟန်းသံဃာတော်တို့ ကျင့်သုံးအပ်သော**
**သိက္ခာပုဒ်တော်ပေါင်း၊** ရဟန်းသံဃာတော်တို့၏ အသုံးအဆောင်
ဟူသမျှတို့သည် လက်အုပ်ချီမိုး ရှိခိုးထိုက်၏)

၂၇၅ ရသေ့သူမြတ်တို့ကို ပြစ်မှားသဖြင့် မင်းနှင့်တိုင်းပြည်ပါ ပျက်ပြားကြောင်းဇာတ် ၃ ဇာတ် ၄၅၂
(ဘဂုဇာတ်၊ မာတင်္ဂဇာတ်၊ သရဘင်္ဂဇာတ်)

၂၇၆ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက်နံ့ရာ၌ရှိသော အမိတဘောဂ
သူဌေးကြီး ၅ဦး ၄၅၄
(ဇောတိကသူဌေး၊ ဇဋိလသူဌေး၊, ပုဏ္ဏသူဌေး၊ ကာကဝလိယသူဌေး၊ မေဏ္ဍကသူဌေး)

၂၇၇ ရာဇဂြိုဟ်ပြည်ရှိ တောင် ၅လုံး ၄၆၂

၂၇၈ ရေလှူကျိုး ၂ စု ၄၆၃

၂၇၉ ရေသုတ်ပုဆိုး လှူရကျိုး ၆ပါး ၄၆၃

၂၈၀ ရေ၌ ကျင်ကြီးကျင်ငယ် မစွန့်သူ ၃ဦး ၄၆၃

၂၈၁ **ရောဂါ ဝေဒနာ / အနာမျိုး** ၄ စု ၄၆၃
(ရောဂါ ပျောက်ငြိမ်းခြင်း၄ါ ပွားအပ်သောသညာ ၁၀ပါး)

၂၈၂ ရောက်လေရာရာ၌ အပူဇော်ခံရခြင်း အကြောင်း ၄ပါး ၄၆၄

၂၈၃ **ရင်ဝလုံစူး ဦးခေါင်းမီးလောင်** ၂ ခု ၄၆၄
၂၈၄ ရောင်ခြည် / ရောင်လျှံ / အလင်းရောင် / အလင်း / အရောင် ၃ ခု ၄၆၅
၂၈၅ ရန်ငြိုး ၂ ခု ၄၆၅
၂၈၆ ရန် / ရန်သူ ၅ ခု ၄၆၆
၂၈၇ ရန်အောင်ကြောင်း ၃ ခု ၄၆၈
၂၈၈ **ရပ်ပြစ်** / အကုသ ၈ပါး ၄၆၉
၂၈၉ **ရုပ်** ၃ ခု ၄၆၉
(ရုပ်တရား ၈မျိုး / **အဌကလာပ် ရုပ်**)
၂၉၀ **ရုပ်ရည်အဆင်း လှပကြောင်း** / တင့်တယ်၍ ရွှေအဆင်း ဝါဝင်းသော
ကိုယ်ရေရှိကြောင်း ၄ပါး ၄၇၀
၂၉၁ ရှာမှီးခြင်း ၂ ခု ၄၇၀
၂၉၂ ရှေ့အရေးကို ရှေးမဆွကပင် ကြည့်ရှုအပ်သူ ၈ယောက် ၄၇၁
၂၉၃ ရှည်လျားခြင်း ၃မျိုး ၄၇၁
၂၉၄ ရွှေအဆင်းရှိသူ ၇ဦး ၄၇၂
၂၉၅ လားရာ ၄ခု ၄၇၂
၂၉၆ **လူ** ၁၂ ခု ၄၇၂
(လူတို့၏ ကိုယ်အနံ့သည်၊ လူအဖြစ်ရခဲကြောင်း **လိပ်ကန်းနှင့် ထမ်းပိုးဥပမာ**၊
လူ့အသက် လျင်မြန်စွာ တိုလှကြောင်း ၃ ခု- အသက်၁၀၀နေရမည့်သူသည်
**ညဥ့်** (ရက်) **ပေါင်း** ၃သောင်းဖြထောင်သာ အသက်ရှည်၏, **လူ့အသက်**
**အဆင်းတို့သည် အမြဲဆုတ်ယုတ်နေ**, လျင်မြန်သောအရာ ၄ခု အနက်မှ လူ့အသက်
အလျင်အမြန်ဆုံးနှင့် ကုန်၏)
၂၉၇ လူမိုက် ၄ ခု ၄၇၇
၂၉၈ လေအောက်လေညာသို့ သွားနိုင်သော နံ့သာမျိုး ဂုဏ်သတင်း ၃ပါး ၄၇၇
၂၉၉ **လောက** ၁၀ ခု ၄၇၈
(**လောက၏အဆုံးကို ခြေဖြင့်သွားခြင်းဖြင့် မရောက်**၊ လောက၌ [၁]ကံကြောင့်
[၂]အကြောင်းကြောင့် ၃ ဥတုကြောင့် မဖြစ်သောအရာ ၂ပါး၊ လောက၌ မရှိသော
အရာ ၃မျိုး၊ **လောကပါလတရား ၂ပါး**)

| | | |
|---|---|---|
| ၃၀၀ | လောကခံတရား ၈ပါး | ၄၈၀ |
| ၃၀၁ | **လောကီ** ၄ စ | ၄၈၀ |
| ၃၀၂ | **လောကုတ္တရာတရား** ၂ စ | ၄၈၁ |
| ၃၀၃ | **လောဘနှင့် ဆက်စပ်အသုံးပြုသော ပါဠိဝေါဟာရ စကားလုံးများ** | ၄၈၁ |
| ၃၀၄ | **လက္ခဏာရေး ၃ပါး** ၂ စ | ၄၈၂ |
| | (လက္ခဏာရေး ၃ပါး၊ လက္ခဏာရေး ၃ပါးကို ဖုံးထားသည်များ) | |
| ၃၀၅ | လက်နက်ကြီး ၄မျိုး | ၄၈၂ |
| ၃၀၆ | **လက်သည်းဖျားပေါ် မြေမှုန့်တင်သော** - နခသိခ သုတ်တော်များ ၂ စ | ၄၈၃ |
| | (နခသိခသုတ် ၄ သုတ်၊ ဥပမာတင် သုတ်တော်များ ၇၁ သုတ် = | |
| | စုစုပေါင်း **၇၅ သုတ်**) | |
| ၃၀၇ | လက်သည်းလှီးဓါး လူ့ကျိုး ၅ပါး | ၄၈၄ |
| ၃၀၈ | လာဘ်ဖြစ်စေသောရဟန်း၏ အင်္ဂါ ၄ပါး | ၄၈၄ |
| ၃၀၉ | **လှံအချက် မနက်၊ မွန်းတည့်၊ ညချမ်းအခါ ၁၀၀ စီ၊ တနေ့ အချက် ၃၀၀** | |
| | **အထိုးခံစေသော** ဥပမာတရားတော် - ၂ ပုဒ် | ၄၈၄ |
| ၃၁၀ | လှျာပြတ်သောနွားသတ်သမား သား | ၄၈၅ |
| ၃၁၁ | လျှို့ဝှက်အပ်သောစကားကို မပြောအပ်သူ ၁၄ဦး | ၄၈၅ |
| ၃၁၂ | ဝစီဒုစရိုက် ၄ပါး၏ ဆိုးကျိုးများ | ၄၈၆ |
| ၃၁၃ | ဝလာဟကနတ်မျိုး ၅မျိုး | ၄၈၆ |
| ၃၁၄ | ဝသီဘော်- အလေ့အလာ ၅ပါး | ၄၈၆ |
| ၃၁၅ | ဝါဆိုလပြည့်နေ့ ထူးခြားချက် ၄ချက် | ၄၈၇ |
| ၃၁၆ | ဝါယောဓါတ် (အဇ္ဈတ္တ) ၁၀ပါး | ၄၈၇ |
| ၃၁၇ | ဝိစိကိစ္ဆာ- ယုံမှားခြင်း ၂ စ | ၄၈၇ |
| ၃၁၈ | **ဝိညာဏဋ္ဌိတိ** - ပဋိသန္ဓေဝိညာဉ်၏ တည်ရာ ၇ပါး | ၄၈၈ |
| ၃၁၉ | ဝိတက် ၃မျိုး ၂ စ | ၄၈၈ |
| ၃၂၀ | **ဝိနိပါတိက** | ၄၈၈ |
| ၃၂၁ | **ဝိနည်းတည်မှ သာသနာတည်မည်** | ၄၈၈ |
| ၃၂၂ | **ဝိပလ္လာသ**- ဖေါက်ပြန်ခြင်း ၁၂ပါး | ၄၈၉ |

၃၂၃ **ဝိပဿနာ** ၂၄ စ ၄၈၉
(**စူဠသောတာပန်**၊ တရားထူးမရ ရနိုင်သော အချိန်အတိုင်းအတာ ကာလ၊
တရားအားထုတ်သူတို့၌ တရားအားထုတ်စဉ် အကြီးအမှူးပြု၍ အားထုတ်ရသော
တရား ၃ပါး၊ **တော ၄ဝ**၊ ဒိဋ္ဌိဂတသုတ်၊ **ပဓါနိယင်္ဂတရား ၅ပါး**၊ ဝိပဿနာ ကမ္မဋ္ဌာန်း
အားထုတ်ရန် မဟုတ်သော အခါ ၅ပါး၊ **မဂ်တုဖိုလ်တု ၁ဝပါး**၊ ဝိပဿနာဉာဏ် ၁ဝပါး၊
(ဝိပဿနာ) ဉာဏ်စဉ် ၁၆ပါး၊ ဝိပဿနာဘူမိ ၆ပါး၊ ဝိပဿနာရှု / တရားထိုင်စဉ် အဖန်ဖန်
ပြင်ထိုင်ခြင်း၏ မကောင်းကျိုး၊ ဝိပဿနာရှုရာတွင် ရုပ်နှင့်နာမ် ခွဲခြားသိရန် ဥပမာ ၅ခု၊
ရုပ်နှင့်] နာမ် ခွဲ၍သိကြောင်း
ယောဂီများ သိမှတ်ရန် သံပေါက်ဂါထာ၊ အကြောင်း- ကံ နှင့် အကျိုး- ဝိပါက် / ၄၉၄
ကမ္မဝိတရဏဝိသုဒ္ဓိ ကိုသိရန် ဥပမာ ၄ခု၊ ဝိပဿနာရှုရာတွင် ဥပမာ ၃ ခု - ကြက်မ
ဥပေါ်မဝပ်ခြင်း, လက်သမားပဲခွပ်နှင့် လှေကိုဖွဲ့ထားသောကြိမ် တရားတော်၊ ဝိပဿနာရှု /
သတိပဋ္ဌာန် ၄ပါး ပွားရာတွင် ၁ ကိုယ်၌ ကိလေသာ ပူပန်ခြင်း, ၂ စိတ်၏ တွန့်တိုဆုတ်
နစ်ခြင်း, ၃ ပြင်ပ၌ စိတ်ပျံ့လွင့်ခြင်းတို့ ဖြစ်သော် ပယ်ဖျောက်နည်း ၂ နည်း၊ ဝိပဿနာ
ရှုသူတို့ မချွတ်ရမည့် အကျိုးဆက် ၄ပါး၊ ဝိပဿနာရှုသောယောဂီနှင့် လျော်ရာကမ္မဋ္ဌာန်း၊
ဝိပဿနာရှုသော ယောဂီ, လောကီမဂ် (**ပဋ္ဌင်္ဂိကမဂ်**) (**ကာရကမဂ္ဂင် ၅မျိုး**) နှင့် မဂ္ဂင် ၈ပါး
စုံလာသော **လောကုတ္တရာမဂ်**၊ ရှုမှတ်ရာ ကမ္မဋ္ဌာန်းများ၊ အကျိုးဆက် ၅ပါး၊ အာသဝေါ
တရားတို့ ကုန်ခြင်း အဆင့် ၂၂ ဆင့်၊ အရဟတ္တဖိုလ်၌ တည်စေသော သိက္ခာစဉ်
လုပ်ငန်းစဉ် ကျင့်စဉ် ၁၂ ပါး)
၃၂၄ ဝိပဿနာဘာဝနာ (အနိစ္စသညာ) ကို လက်ဖျစ်တတွတ်ခန့်မျှ ပွားများရကျိုးသည်
သမထဘာဝနာ၊ သီလ၊ ဒါနစသည် ပြုရသောအကျိုးများတို့တွင် အကြီးမားဆုံး
ဖြစ်သည် / **ဝေလာမသုတ်** - အလှူ ၁၂ဆင့် ၅ဝ၂
၃၂၅ ဝိရတီ- ရှောင်ကြဉ်မှု ၃မျိုး ၅ဝ၃
၃၂၆ ဝိဝေက- ကင်းဆိတ်ခြင်း ၂ စ ၅ဝ၃
၃၂၇ ဝိသုဒ္ဓိ- စင်ကြယ်မြင့်မြတ်မှု ၂ စ ၅ဝ၃
(**ဝိသုဒ္ဓိ ၇ပါး၊ "ဝိသုဒ္ဓိမဂ်" အဋ္ဌကထာကျမ်းစာအုပ်** ဟူ၍ သာသနာတော်၌ ထင်ရှားလှပြီး
သီဟိုဠ်သာသနာခေတ်၌ ၎င်းအဖွင့် အဋ္ဌကထာရေးသားခဲ့သော မူရင်းပါဠိဂါထာ
"ဇဋာသုတ်", **အတွင်းရှုပ် အပြင်ရှုပ်သည့် တဏှာ**ကို ဖြေရှင်းနည်း)

၂၁၈ ဝီရိယ <u>၂ စ</u> ၅၀၄

၂၁၉ ဝေဒနာအမျိုးအပြား အစု ၈မျိုး ၅၀၅

၂၂၀ ဝေယျာဝစ္စကုသိုလ်ပြုသူတို့သည်လည်း ကုသိုလ်အဖို့ရကြ၏ ၅၀၅

၂၂၁ ဝေးသောအရာ ၄မျိုး ၅၀၅

၂၂၂ ဝဋ် ၃ပါး ၅၀၅

၂၂၃ ဝန်တိုခြင်း <u>၃ စ</u> ၅၀၆

၂၂၄ ဝိပ္ပတ္တိ- ပျက်စီးခြင်းသို့ ရောက်ခြင်း၊ ဝိပ္ပတ္တိတရား ၄ပါး ၅၀၈

၂၂၅ ဝေဿန္တရာမင်း <u>၂ စ</u> ၅၀၈

၂၂၆ **သတိ** - မမေ့လျော့ခြင်း <u>၃ စ</u> ၅၁၀

၂၂၇ သပိတ်ခြေ လူ့ရကျိုး ၅ပါး ၅၁၀

၂၂၈ **သမထ** <u>၂ စ</u>

**(သမထကမ္မဋ္ဌာန်း ၄၀ / ကမ္မဋ္ဌာန်း ၄၀၊** သမထဘာဝနာ၏ အကျိုး ၅ပါး) ၅၁၀

၂၂၉ **သရဏဂုံ** <u>၁၁ စ</u> ၅၁၁

၂၄၀ **သာမဏေများ / ကိုရင်များ ကျင့်သုံးဆောက်တည်ရသော သိက္ခာများ** ၅၁၄

၂၄၁ **သာမန်ဖြစ်ရပ်စဉ်ကို ကြည့်၍ သံဝေဂဉာဏ် ပွားကြသူများ** ၅၁၄

သာမန်ဖြစ်စဉ် ၂၀ ခု ကို သံဝေဂယူ၍ တောထွက်ရသေ့ ရဟန်းပြုသူ ၊ ရဟန္တာဖြစ်သူ ၅၂၂ **ဦး** (ဘုရားလောင်း ၁ ဘဝ + မထေရ် ၅၁၄ ပါး + ထေရီမ ၇ ပါး) (ဆီးနှင်းပေါက်များ နေတက်သော် ပျောက်သွားသည်ကိုမြင်ခြင်း၊ ကချေသည် ကနေသည်ကို မြင်ခြင်း၊ ဆွမ်းကောင်းကို မိမိအဖို့ စီရင်စေ၍ အိမ်ရှင်များအတွက်မှု သင့်ရုံသာဖြစ်သည်ကို ကြားသိခြင်း၊ တောမီးလောင်သည်ကို ကြည့်ခြင်း၊ တံလျှပ်, ရေမြှုပ်အစိုင်အခဲတို့ကို တွေ့ခြင်း၊ ပုဆိုးနွမ်းနှင့် မိမိအသက်မွေးခဲ့သည့်ပစ္စည်းကို ကြည့်၍ ၎င်းတို့ကို ဆရာတင်ကာ မိမိကိုယ်ကို ဆုံးမခြင်း- ၂ ဝတ္ထု၊ မိုးရွာ၍ဖြစ်လာသော ရေပွက်, ရေမြုပ်တို့ကို မြင်ခြင်း၊ မှန်ကိုကြည့်စဉ် ဇရာဖြင့် နှိပ်စက်သော ကိုယ်ကိုမြင်ခြင်း၊ မြွေနှင့်မြွေပါတို့ အချင်းချင်းကိုက်သတ်ကြသည်ကိုမြင်ခြင်း၊ ရေမြောင်းသွယ်ခြင်း မြှားတန်ဖြောင့်နေခြင်းနှင့် သစ်ရွေနေခြင်းတို့ကိုမြင်ခြင်း၊ သားရဟန်းပြုသည်ကို အားကျ သံဝေဂဉာဏ်ထင်ကာ အသက်၁၂၀ရှိသော်လည်း ရဟန်းပြုခြင်း၊ အမိက

တုတ်နှင်တံပြ၍ ဆုံးမသည်ကို သံဝေဂရခြင်း၊ အဝတ်ဖြူကို ဆုပ်နယ်ရင်း
ညစ်နွမ်းသွားခြင်း၊ ခြေကို ရေဆေးခြင်း၊ ခြေဆေးရေ စီးသွားသည်ကို နိမိတ်ယူခြင်း၊
ဆီမီးလျှံကို ကြည့်ခြင်း၊ ဆီမီးလျှံ ဖြစ်ခြင်းပျက်ခြင်းကိုမြင်ခြင်း၊
ဆီမီးလျှံ၏ ဖြစ်ပျက်အာရုံယူခြင်း၊ ဆွမ်းခံသွားရာမှအပြန် ချော်လဲခြင်း၊
ဟင်းချက်ရာမှ ခြောက်သွေ့သွားသော ဟင်းရွက်တို့ကိုမြင်ခြင်း)

၃၄၂ **သာမန်အမှု ကောင်းမှုဖြင့် ရဟန္တာ ဖြစ်ကြသူများ** - __၁၅ ပါး__ ၅၂၂
(ကောင်းကင်မှကြွသော ဘုရားရှင်အား လက်ခုပ်ဖြင့် ရေကို ပစ်မြှောက် ပူဇော်ခဲ့ခြင်း၊
ခရုသင်း မှုတ်သူ၊ စေတီယင်ပြင်မှ စွန့်ပစ်အပ်သောဗောဓိရွက်ကို ယူ၍စွန့်ပစ်ရကျိုး၊
**စွန့်ပစ်ထားသော သခွတ်ပန်းလှူရကျိုး**၊ ဆားထုပ်ကို လှူခဲ့ခြင်း၊ **ဆီမီးတတိုင်**ဖြင့်
ပူဇော်ခဲ့ခြင်း၊ တံတား ပြုလုပ်ခဲ့ခြင်း၊ ပုဆိုး**နွမ်း**ကို ဘုရားရှင် နင်းတော်မူခြင်းငှါ လှူရကျိုး၊
ဗောဓိပင်၌ မြတ်သောနေရာကို ယပ်ခတ်ခဲ့ခြင်း၊ ဗောဓိပင်၏ ဝရံတာ (ပွတ်တိုင်) ၌
ဆီကို လိမ်းကျံခဲ့ခြင်း၊ ဘုရားရှင်ကို ကြည်ညိုစွာ ခရီးဦးကြိုဆိုခဲ့ခြင်း၊ ဘုရားရှင်၏
စေတီတော်ကွဲအက်အကြား၌ အင်္ဂတေ လှူခဲ့ခြင်း၊ မြတ်လေး**ပန်းတပွင့်** အကျိုး၊
ဝေယျာဝစ္စဆောင်ရွက်ခဲ့ခြင်း၊ အိပ်မက်တွင် ဖူးတွေ့ရသော ဘုရားရှင်ကို ကြည်ညိုခြင်း)

၃၄၃ **သာသနာ** __၁၃ စု__ ၅၂၅
(သာသနာတော်ကို ဘုန်းကံကြီးမား ဂုဏ်ထူးခြားသော ပုဂ္ဂိုလ်များသာ
ထောက်ပံ့နိုင်၏)

၃၄၄ သာသနာတော်၌ ဘွဲ့အမည်တူများ - မထေရ် __၉ စုံ__၊ ထေရ်ရီ __၄ စုံ__၊ ပေါင်း __၁၃ စုံ__ ၅၃၀

၃၄၅ သား - __၃ စု__ ၅၃၂

၃၄၆ သား၊ ခင်ပွန်းနှင့် ဆွေမျိုးများသေသဖြင့် အဝတ်မပါ ရူးနေရာမှ ဘုရားရှင်နှင့်
တွေ့ဆုံကာ တရားတော်နာပြီးနောက် ရဟန္တာထေရီများ ဖြစ်ကြသူ __၂ ဦး__ ၅၃၃
(ပဋာစာရီထေရီမကြီး၊ ဝါသေဋ္ဌီထေရီ)

၃၄၇ သိကြားမင်း __၁၀ စု__ ၅၃၃
(သိကြားဖြစ်ကြောင်း ကျင့်ဝတ်၇ပါး၊ သိကြားမင်း ရှိခိုးသော ဂုဏ်တော် ၆ပါးအရှင်
သံဃာတော်၊ သိကြားမင်း ရှိခိုးသော သေက္ခ- ကျင့်ဆဲ, သေက္ခပုဂ္ဂိုလ် ၇ယောက်၊
သိကြားမင်းရှိခိုးသော အိမ်ရာထောင်သူ၏ အင်္ဂါ၄ပါး၊ သိကြားမင်း လူ့ပြည်ကြည့်
ကြောင်း ၆ပါး)

၃၄၈ **သီလ** ၉ စု ၅၃၆
**(သီလ တပေါင်းတည်း ဆောက်တည်ပုံ ၂နည်း-**
လယ်တီဆရာတော်ကြီးနည်း, ဆရာတော်ဦးဗုမ် နည်း၊ **သီလ တပါး ၂ပါး ၃ပါး**
**၄ပါးစသည်ဖြင့် ဆောက်တည်ကျင့်သုံးနိုင်သမျှ ဆောက်တည်စောင့်ထိန်း**
**နိုင်သည်၊** သီလ ဆောက်တည်ခြင်း ၂ စု- လက်ဖြင့် သီလကို ညွှန်ပြ
ဆောက်တည်ခြင်း, အခြားဘာသာ စကားဖြင့် ဆောက်တည်ခြင်း)
၃၄၉ **"သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ။"** ဟူသော မေတ္တာတရားတော်ကို
အစဉ်ပွားများသော၊ အစဉ် ဟောကြားသော ရဟန္တာ ၂ ပါး ၅၄၁
(အရှင်သုဘူတိ၊ ဝနဝါသီတိဿသာမဏေ)
၃၅၀ **သုမနပန်းသည်** ၅၄၁
၃၅၁ သုဝဏ္ဏသာမဇာတ်တော်တွင် အမိပါရိကရသေ့မ၊ အဖဒုကူလရသေ့၊
ဂန္ဓမာဒနတောင်မှ လွန်ခဲ့သော၇ဘဝက အမိတော်ဖူးသော ဗဟုသုန္ဒရီနတ်သမီးတို့
သစ္စာပြုအပြီး တပြိုင်နက်ဖြစ်သောအချက် ၄ပါး ၅၄၁
၃၅၂ သူကြွယ်မိသားစု ၅ဦး၏ အာနုဘော် ၅ပါး ၅၄၂
၃၅၃ **သူတော်ကောင်း** ၆ စု ၅၄၂
(သူတော်ကောင်းတယောက် အမျိုး၌ဖြစ်ထွန်းက အကျိုးစီးပွားဖြစ်သော သူ ၈ဦး၊
သူတော်ကောင်းတရား ၇ပါး၊ သူတော်ကောင်းနှင့် ပေါင်းဖေါ်ရကျိုး ၇ပါး၊
သူတော်ကောင်းသည် ကောင်းမှုကိုပြုရန် လွယ်ကူ၏၊ သူတော်ကောင်း ဥစ္စာ ၇ပါး၊
**သာဓုနရတရား ၄ပါး**)
၃၅၄ သူယုတ် / သူယုတ်မာ ၃ စု ၅၄၄
၃၅၅ **သူသေမြှုပ်ရာနေရာ** ၄ စု ၅၄၅
(မသေဖူးသောနေရာ မရှိ၊ သူသေကောင် မမြှုပ်ဖူးသောနေရာမရှိ၊ သူသေမြှုပ်ရာ
ဤတနေရာတည်း၌ပင် နာမည်တူသမီး ၈သောင်း၄ထောင် မြှုပ်ဘူးပြီ၊ သူသေမြှုပ်ရာ
ဤတနေရာတည်း၌ပင် နာမည်တူဗြဟ္မဒတ်မင်း ၈သောင်း၆ထောင် မြှုပ်ဘူးပြီ)
၃၅၆ သေခါနီး၌ နတ်ပြည် ၆ထပ်လုံးမှ နတ်ရထားများဖြင့်လာခေါ်ရာ ခေတ္တနေကြပါဦးဟု
**ဓမ္မိက ဥပါသကာကြီး**ကပြော ၅၄၇

၃၅၇ **သေခြင်း / သေမင်း / သေသူ** <u>၁၄ စု</u> ၅၄၇
(သေခြင်း / **သေမင်း**၊ သေခြင်းနီးသောကာလ သေခါနီး ထင်လာသော အာရုံ/ နိမိတ် ၃မျိုး၊ သေခြင်း- မရဏ ၃မျိုး၊ သမ္မုတိမရဏ သေခြင်း ၄ မျိုး၊ သေခြင်း လက္ခဏာ ၃ပါး၊ သေခြင်း အကြောင်းများ <u>၃ စု</u>- ၈ပါး အကာလမရဏပဉှာ, ၈ ပါး ဒုတိယမရဏသတိသုတ်, ၁၁ ပါး၊ သေခြင်း၌ ဆင်ခြင်အပ်သော ဘေး ၃မျိုး <u>၂ စု</u>- ဥပနီယသုတ်, အစ္စေန္တိသုတ်၊ သေခြင်းကို ကြောက်သူ / မကြောက်သူ <u>၃ စု</u>- သေခြင်း / တမလွန်လောကကို မကြောက်သူ၏တရား ၄ပါး, အကျင့်တရား ၉ပါး, သေရမှာ ကြောက်သူ ၄ဦးနှင့် မကြောက်သူ ၄ဦး၊ သေခြင်းတရားမှ မလွတ်နိုင်၊ သေမင်းတမန် <u>၂ စု</u>- သေမင်းတမန် ၃မျိုး, **ဒေဝဒူတသုတ်တော်**လာ သေမင်းတမန် ၅တန်၊ သေသူကိုတ၍ မငိုကြသူ၅ဦး၊ သေသူကို ရည်စူး၍ ပေးလှူအပ်သော အလှူ <u>၃ စု</u>- သေသူကိုရည်စူး၍ ပေးလှူအပ်သောအလှူသည် အမှု ၄ခု ပြုသည်မည်၏, သေသူတို့ကို ရည်စူး၍ ပေးလှူသောအလှူသည် ၎င်းတို့ထံ ရောက် မရောက်?, ၎င်းတို့ထံရောက်က ချက်ချင်းရရှိသော အကျိုး ၅ ချက်၊ သေသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့ ခြားနားချက် ၄ချက်၊ သေသူ၏ဦးခေါင်းခွံကို တီးခေါက်ခြင်းဖြင့် လားရာဂတိကိုသိသော မန္တာန်ကိုရသော်လည်း ဘုရားရှင်ထံရောက်သော် ပရိနိဗ္ဗာန်ပြုသူ၏ ဦးခေါင်းရိုးကို ခေါက်ရာ၌ လားရာဂတိကို မသိသဖြင့် ရဟန်းပြု၍ ရဟန္တာ ဖြစ်ကြသူ <u>၂ ဦး</u>- အရှင်ဝင်္ဂီသမထေရ်,မိဂသိရထွေရဂါထာ)
၃၅၈ သေရည်သေရက်သောက်၍ ကျန်သီလ / အကုသိုလ် ၄ပါးကို ကျူးလွန်ကြ၏ ၅၅၅
၃၅၉ **သောတာပန်** <u>၈ စု</u> ၅၅၅
(သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံနေသော ပုဂ္ဂိုလ်များအနက် အောက်ထစ်ဆုံးပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူ၏ အင်္ဂါ ၇ပါး၊ သောတာပတ္တိမဂ် ရသူ၏ ကုန်ဆုံးပြီးသော လွန်စွာများလှသော ဆင်းရဲဒုက္ခများ၏ ဥပမာ <u>၁၀ မျိုး</u>၊ သောတာပန်ပုဂ္ဂိုလ် ကင်းဝေးသောဘေး ၅မျိုးနှင့် သောတာပတ္တိအင်္ဂါ ၄ပါး၊ သောတာပန်ဖြစ်ကြောင်း မိမိကိုယ်တိုင် ပြောကြား နိုင်သော အင်္ဂါ ၁၀ ပါး၊ **ကြေးမုံတရား** ၄ပါး၊ သောတာပန်အဖြစ်မှ သကဒါဂါမိဖိုလ်သို့, ထိုမှ အနာဂါမိဖိုလ်သို့, ထိုမှ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း အင်္ဂါ ၄ပါး၊ သောတာပန်အဖြစ်သို့ ရောက်ကြောင်း အင်္ဂါ ၄ပါး)

၃၆၀ သံကောက် (သော့) လျှူကျိုး တပါးနှင့် သံကောက်အိမ် (သော့ခလောက်) လျှူကျိုး ၂ပါး ၅၅၉

၃၆၁ သံဂါယနာ ၃ စ ၅၅၉

၃၆၂ သံဃာတော်တို့လိုအပ်ရာကို လိုအပ်သည့်နေရာ လိုအပ်သည့်ကာလ - ၄ဌာန တွင်
လှူဒါန်းသည့်ပုဂ္ဂိုလ်များ ၅၆၁

၃၆၃ **သံယောဇဉ်**- ခိုင်မြဲသော နှောင်ကြိုး ၁၀ပါး ၂ စ ၅၆၁

၃၆၄ သံဝရ- စောင့်စည်းထိန်းသိမ်းမှု တရား ၅ပါး ၅၆၂

၃၆၅ **သံဝေဂဖြစ်ကြောင်း ၈ပါး** ၅၆၂

၃၆၆ သံဝေဂရဖွယ် ကြောက်စရာ **သံသရာ၏ ဆင်းရဲဒုက္ခပြ** ဝတ္ထု ၁၂ ခု ၅၆၂
(၃ဘဝတိုင် အပြန်အလှန် ရန်ပြုကြသူ ၂ဦး ၂ စ- ကာဠယက္ခီနီဝတ္ထု, ကုက္ကုဋမွေ့ဖွာ
ခါဒိကာဝတ္ထု၊ ၅၅နှစ်ပတ်လုံး မစင်စားနေရသူ၊ ၉၉ဘဝတိုင် သတ်သူနှင့် အသတ်ခံရသူ၊
ကုဋ္ဌေ ၄၀သော ဥစ္စာကို မလှူမတန်းပဲ ကွယ်လွန်သော် ဝလင်အောင် တောင်းစား၍ပင်
မရသော အရုပ်ဆိုး အကျည်းတန် ဒွန်းစဏ္ဍားသား ဖြစ်ရသော အာနန္ဒာ သူဌေးကြီး၊
ပတ္တမြားသူခိုးဟု စွပ်စွဲခံရကာ ကျောက်သွေးသမား၏ အရိုက်ခံရသော ရဟန္တာ၊ ပြဟ္မာဘဝမှ
ဝက်ဖြစ်သော **(ပြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စာကျင်း တရှုတ်ရှုတ်)** ဘဝ၊ မဟာမောဂ္ဂလ္လာန
ဝတ္ထု၊ မီးလောင်နေသောကရွတ်ခွေ စွပ်မိသော ပျံနေသောကျီး, သမုဒ္ဒရာ၌ သဲအိုးလည်ပင်း
စွပ်၍ ပစ်ချခံရသော လှေဦးစီးဇနီး, ဘုရားရှင်အား ဖူးမြော်ရန် လာစဉ် ညကျိန်းနေသော
ဂူဝကို ကျောက်တုံးကြီးတတုံး အလိုလို လာပိတ်ပြီး ၇ရက်ကြာမှ အလိုလိုပွင့်သွားသော ရဟန်း
၇ပါး၊ ရွှေရောင်ရှိ၍ ခံတွင်း အပုပ်နံ့လှိုင်သော ကပိလငါးကြီး၊ **သူဌေးသား သောရေယျ၊**
သူ့အသက်ကို {ခေါင်းဖြတ်၍} သတ်ခဲ့သဖြင့် ဘဝ ၅၀၀ ခေါင်းပြတ်၍ သေခဲ့ရသည်)

၃၆၇ သံသရာ၏ အင်္ဂါ ၆ပါး ၅၆၉

၃၆၈ **သံသရာ၏ အစကို မသိနိုင်** ၆ စ ၅၆၉
(သံသရာ၏ အစကို မသိနိုင် / ကမ္ဘာသည် ရှည်လျားလှကြောင်း ဥပမာ ၂မျိုး-
ပဗ္ဗတသုတ်, သာသပသုတ်၊ ဆင်းရဲသူ ချမ်းသာသူတွေ တွေ့က ဖြစ်ဖူးလှပြီ ၂သုတ်-
ဒုဂ္ဂတသုတ်, သုခိတသုတ်၊ လွန်ပြီးသော ကမ္ဘာတို့သည် များလှကြောင်း ဥပမာ ၂မျိုး-
သာဝကသုတ်, ဂင်္ဂါသုတ်၊ သင်္ခါရတရားတို့သည် မမြဲကုန်- ဝေပုလ္လပဗ္ဗတသုတ်၊
သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်ကြောင်း ဥပမာ ၆ မျိုး, ဥပမာ ၁ မျိုး =
ဥပမာ ပေါင်း ၇ မျိုး၊ သံသရာ၏ အစကို မသိနိုင် / [၁]အမိ၊ [၂]အဖ၊ [၃]အကို၊ [၄]နှမ၊

သား၊ သမီး မဖြစ်ဖူးသောသူ ရလွယ်သည့် မဟုတ်ကြောင်း သုတ် ၆ သုတ်)

၃၆၉ သက်န်းလှူရကျိုး ၃ စု ၅၇၅

၃၇၀ သက်န်းအဟောင်းအသုံးပြုပုံ ၂ စု ၅၇၆

၃၇၁ **သင်္ဂါရ** ၂ စု ၅၇၆

၃၇၂ သင်္ဂဟဝတ္ထု ၄ပါး ၅၇၇

၃၇၃ သောင်း ၄ရပ် ၅၇၇

၃၇၄ သစ္စကပရိဗိုဇ် ၅၇၇

၃၇၅ သစ်ပင်ကြီးဖြတ်ပုံအဆင့် ၅ဆင့် ၅၇၇

၃၇၆ **သည်းခံခြင်း** ၂ စု ၅၇၈

၃၇၇ **သတ္တဝါ** ၄ စု ၅၇၈

(သတ္တဝါ ၄မျိုး၊ သတ္တဝါတို့သည် ဓါတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်၏၊ **သတ္တဝါတို့၏ အမြဲနေရာအိမ်သည် အပါယ် ၄ဘုံ ဖြစ်၏**၊ သတ္တဝါသ ဘုံကိုး၀)

၃၇၈ **သဒ္ဓါတရား** ၅ စု ၅၈၀

(သဒ္ဓါ ၄မျိုး၊ **သဒ္ဓါတရား နှင့် ဥပမာ ၄ခု**၊ သဒ္ဓါတရားနှင့်ပြည့်စုံသူ ဟုသိကြောင်း / အင်္ဂါ ၃ပါး၊ သဒ္ဓါတရားရှိသူတို့ ရရှိသော အကျိုး ၇ပါး၊ သဒ္ဓါတရားနှင့်ပြည့်စုံသူ အမျိုးသားကိုမှီ၍ အိမ်သားတို့ ကြီးပွားခြင်း ၅ပါး)

၃၇၉ သုဒ္ဓါဝါသဘုံ ၅ဘုံ ၅၈၁

၃၈၀ သုဒ္ဓေါဒနမင်းကြီးကို သောတာပန်နှင့် သကဒါဂါမ်ဖြစ်စေသော တရား ၅၈၁

၃၈၁ သန္တတိအမတ်ကြီးဖြစ်စဉ်ကဲ့သို့ ဖြစ်စဉ် ၂ စု ၅၈၁

(သန္တတိအမတ်ကြီး၊ အဘယရာဇကုမာရဝတ္ထု)

၃၈၂ သန့်ရှင်းမှုနှင့် ဉာဏ် ၅၈၂

၃၈၃ **သန်းဖြစ်သွားသော မထေရ်** ၅၈၂

၃၈၄ သပ္ပါယ ၂ စု ၅၈၂

၃၈၅ **သုပ္ပဗုဒ္ဓ လူနူသူတောင်းစား** ၅၈၃

၃၈၆ သမ္မဇဉ် ၄ပါး ၅၈၃

၃၈၇ သမ္မတ္တိ ၄ပါး ၅၈၃

၃၈၈ သမ္မဖလာပဝါစာ- ပြိန်ဖျင်းသောစကား ၂ စု ၅၈၄

| | | |
|---|---|---|
| ၃၈၉ | သမ္မုလမင်းသမီး (**တော် လေးဝ** အဝင်အပါ) | ၅၈၄ |
| ၃၉၀ | သမ္မပ္ပဓါန်တရား ၄ပါး | ၅၈၄ |
| ၃၉၁ | **သုံးဆယ့်တဘုံ** | ၅၈၄ |
| ၃၉၂ | သွားတိုက်ခြင်း / တံပူစားခြင်း အကျိုး ၅ပါး | ၅၈၄ |
| ၃၉၃ | ဟဒယနှလုံးသွေးရည် အရောင် ၆မျိုး | ၅၈၅ |
| ၃၉၄ | ဟိရီ၊ ဩတ္တပ္ပ တရား ၂ပါး၏ အမည် ၄ခု | ၅၈၅ |
| ၃၉၅ | ဟတ္ထကအာဠဝက အနာဂါမ်ဥပါသကာ၏ အံ့ဖွယ် ၈ပါး | ၅၈၅ |
| ၃၉၆ | အကုသိုလ် ၈မျိုး၏ **အပေ့ါဆုံး မကောင်းကျိုး** | ၅၈၆ |
| ၃၉၇ | အကျိုးပေးမြဲသော ပုဂ္ဂိုလ် ၃ပါး | ၅၈၆ |
| ၃၉၈ | အကျိုးမဲ့စေသော အကြောင်း ၆ပါး | ၅၈၆ |
| ၃၉၉ | အခါအားလျော်စွာ {သင့်လျော်သောအခါ} ပြုအပ်သော အလုပ် ၄မျိုး | ၅၈၆ |
| ၄၀၀ | အခမ်းအနားသုံး ပန်းမျိုး ၅ပါး | ၅၈၆ |
| ၄၀၁ | အခြွေအရံ အကျော်အစောတိုးပွားကြောင်း ၆ပါး | ၅၈၇ |
| ၄၀၂ | အဂတိတရား ၄ပါး | ၅၈၇ |
| ၄၀၃ | **အစာအာဟာရ မျှတစွာ စားနည်း** ၂ ၈<br>(ဘုရားရှင် ကောသလမင်းကြီး ကိုဟောသော အစာလျှော့စားနည်းနှင့် အကျိုး ၃ပါး၊<br>အရှင်သာရိပုတ္တရာ ၏ အာဟာရအပေါ်၌ တိုက်တွန်းချက်) | ၅၈၇ |
| ၄၀၄ | အဇာတသတ်မင်း ၂ ၈ | ၅၈၇ |
| ၄၀၅ | အညစ်အကြေး- မလတရား ၂ ၈ | ၅၈၈ |
| ၄၀၆ | အတူမရှိ ၂ ၈ | ၅၈၈ |
| ၄၀၇ | အနာထပိဏ်သူဌေးကြီး ၅ ၈<br>(**အနာထပိဏ္ဍိကောဝါဒသုတ်**) | ၅၈၉ |
| ၄၀၈ | အနုသယ- အစဉ်ကိန်းခြင်း၊ အနုသယ ၇ပါး | ၅၉၀ |
| ၄၀၉ | အနုံ့ခိုးသူ ၂ ၈ | ၅၉၀ |
| ၄၁၀ | **အနိစ္စလက္ခဏာ** / သညာ ၂ ၈<br>(**အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာ**၊ အနိစ္စသညာကို<br>ပွားများရကျိုး ၅ပါး, အကျိုး ဥပမာ ၁၀ မျိုး နှင့် အနိစ္စသညာ ပွားများနည်း) | ၅၉၂ |

၄၁၁ အနုဿတိ ၁၀ပါးနှင့် အကျိုး ၇ပါး ၁၉၃

၄၁၂ အနစ် ၂ စု ၁၉၄

၄၁၃ အပူဇော်ခံရကြောင်း ၃ပါး ၁၉၄

၄၁၄ အပါယ်၄ဘုံသို့သာ အဖန်ဖန်ရောက်ရခြင်း ၁၉၄

၄၁၅ အပျင်းလွန်စွာကြီးသောသူ ၁၉၄

၄၁၆ အပြစ် ၆ပါး ကင်းသောနေရာ ၁၉၅

၄၁၇ အဖေါ်မမှီး တကိုယ်တည်း နေသင့်ကြောင်း ၁၉၅

၄၁၈ အဘိညာဉ် ၅ပါး ၁၉၅

၄၁၉ အဘိဓမ္မာ ၇ကျမ်းမှ တကျမ်းစီကို ဟောကြားသောနေ့ရက်များ ၁၉၅

၄၂၀ အမိုက်မှောင် ၄ခု ၁၉၅

၄၂၁ အမျိုး ၂ စု ၁၉၆

၄၂၂ အမျက်ထွက်ခြင်း- ကောဓ အပြစ် ၇ပါး ၁၉၆

၄၂၃ **အမြတ်ဆုံး ၆ စု** ၁၉၆

၄၂၄ အမှုလုပ်ဆောင်ရာ၌ အလိုရှိအပ်သူ ၄မျိုး ၁၉၈

၄၂၅ **အယုတ်ညံ့ဆုံး အသက်မွေးမှု** ၁၉၈

၄၂၆ **အရိယာ ၄ စု** ၁၉၉

(အရိယာပုဂ္ဂိုလ် ၅ စု- အရိယာပုဂ္ဂိုလ် ၈ယောက်, ၉၆ယောက်, ၁၀၈ယောက်, **၁၄၆** ပါး, **၁၉၄** ပါး၊ အရိယာ ၄ပါးတို့ ပယ်သောတရားများ)

၄၂၇ အရိုး ဆက်ပုံ ၃မျိုး ၆၀၀

၄၂၈ အရက်သောက်ပြီး ကျန်သိက္ခာ ၄ပုဒ်ကို လွန်ကျူး ၆၀၁

၄၂၉ **အရွယ် ၂ စု** ၆၀၁

(အရွယ် ၁၀ပါး၊ အရွယ် ၃ပါး တပါးပါးတွင် ကုသိုလ်တရားတို့၌ မမေ့လျော့ပဲ မိမိကိုယ်ကို စောင့်ရှောက်ရာ၏)

၄၃၀ အရှင်စူဠပန် ၃ စု ၆၀၁

(အရှင်စူဠပန်ရွတ်ဆိုသော ဘုရားရှင်ပေးသည့်ဂါထာ၊ အရှင်စူဠပန်အား နောင်တော် အရှင်မဟာပန် ၄လတိုင်သင်ကြား၍ မရသောဂါထာ၊ အရှင်စူဠပန်၏ အတိတ်ဇာတ် ၂ဇာတ်- ကြွက်သေတခု အရင်းပြုဇာတ်, ဒုတိယဇာတ် စူဠပန္ထကဝတ္ထု)

၄၃၁ အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ မှတ်သားဖွယ်ရာ အချက် ၅ပါး ၆၀၃

၄၃၂ အရှင်ပုဏ္ဏမန္တာနီပုတ္တ၏ ကျေးဇူးဂုဏ် ၁၀ပါး ၆၀၃

၄၃၃ အရှင်ပုဏ္ဏ {ဘုရားရှင် ခြေတော်ရာ၂ဆူ ချထားရာ သုနာပရန္တတိုင်းသား} ၏
သည်းခံခြင်း အဆင့်ဆင့်ဂုဏ် ၆ချက် ၆၀၄

၄၃၄ အရှင်ဗာကုလ၏ အံ့ဖွယ် ၃၇ပါး ၆၀၄

၄၃၅ အရှင်မဟာကဿပ <u>၃ စ</u> ၆၀၅
(အရှင်မဟာကဿပ တရားဟောရာ၌ ထားသောစိတ်ထား ၃ပါး၊ **ကြက်သီးထဖွယ်**
ကြည်ညိုစရာ အကျင့်စရဏ၊ ဂုဏ် ၉ပါး)

၄၃၆ အရှင်မဟာမောဂ္ဂလ္လာန် <u>၂ စ</u> ၆၀၆
(အရှင်မဟာမောဂ္ဂလ္လာန်အား တိတ္ထိတို့က သတ်ဖို့ရန် သမဏဂုတ္တက
ခါးပြဗိုလ်အား ငွေအသပြာ တထောင်ပေး၊ အရှင်မဟာမောဂ္ဂလ္လာန်၏
ထင်ရှားသော တန်ခိုးပြာဋိဟာ ၆ပါးနှင့် ငရဲခံခဲ့ရပုံ)

၄၃၇ အရှင်မဟာမောဂ္ဂလ္လာန် နှင့် အရှင်သာရိပုတ္တရာတို့ အာသဝေါကုန်သော
အကျင့်အစဉ် ၆၀၈

၄၃၈ အရှင်ရာဟုလာ <u>၆ စ</u> ၆၀၈
(စိတ်နေသဘောထား၊ ဘုရားရှင်၏ အဆုံးအမတော်ကို ကြည်ညိုအားကျ
အတုယူဖွယ်ရာ ခံယူပုံ၊ သိက္ခာ ၃ပါး အဆုံးအမသြဝါဒစကားကို လိုလားတော်မူခြင်း၊
အရှင်ရာဟုလာအားရှင်ပြုပေးသောဆရာ မထေရ်မြတ်ကြီး ၃ပါး၊ အရှင်ရာဟုလာ
ပရိနိဗ္ဗာန် စံဝင်ခြင်း၊ အရှင်ရာဟုလာ ရှင်သာမဏေပြုသည်မှ ရဟန္တာဖြစ်သည်အထိ
ဘုရားရှင် ဟောကြားတော်မူသော အဆုံးအမ တရားတော် ၆ပုဒ်- ကုမာရပဉှာ,
အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန်, အဘိဏှရာဟုလောဝါဒသုတ် /
ရာဟုလသုတ်, ရာဟုလသံယုတ် ဒေသနာအစု, မဟာရာဟုလောဝါဒသုတ္တန်,
စူဠရာဟုလောဝါဒသုတ္တန်)

၄၃၉ အရှင်ရဋ္ဌပါလ ရဟန်းဘောင်သို့ ဝင်ရောက်ကြောင်း မြတ်စွာဘုရား ဟောကြား
တော်မူသော တရားအကျဉ်း ၄ပါး ၆၁၂

၄၄၀ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်၏ ဂုဏ်ကျေးဇူးကို ဖေါ်ပြသော ဥဒါန်းဂါထာ ၆၁၂

၄၄၁ အရှင်သာရိပုတ္တရာ၏ ပကတိ သန့်စင်ကြည်လင်သော အကြောင်းအရာများ ၆ ခု ၆၁၂
(အရှင်သာရိပုတ္တရာအလောင်းကို သောတာပန်ဖြစ်စေခဲ့သော အရှင်အဿဇိ၏
တရားတော်၊ ကြည်ညိုအားကျဖွယ်ရာ အရည်အချင်း ၄ ပါး- သူတပါးအပေါ်
လုံးဝငြိုးစူမှုမရှိခြင်း, အရက်လုံးဝမသောက်ခြင်း, ချစ်ခြင်းမရှိခြင်း, မုန်းခြင်း
အမျက်မထွက်ခြင်းမရှိခြင်း၊ ကြည်ညိုဖွယ် မိသားစု၊ ကြည်ညိုဖွယ်ရာ ၂၅ခုသော
ဂုဏ်များ၊ အရှင်သာရိပုတ္တရာ၏ ကြည်ညိုအားကျဖွယ်ရာ အကျင့်စရဏ ၇ ပါး-
ကျော့ကို တအားထုခံရခြင်း, ဆရာရှိရာအရပ်ကို အမြဲ ဦးခေါင်းပြုကာ
ကျိန်းစက်ခြင်း, ဆင်းရဲသောမိန်းမအို လှူအပ်သောအာဟာရကို မရွံမရှာ
ဘုဉ်းပေးတော်မူ၏, ဆွမ်းခံယူပုံ- ဝတ္တုကိုသုတ်သင်ခြင်း, နိမ့်ချသည်းခံခြင်းနှင့်
ဥပမာ ၉မျိုး, မိခင်၏ အပြစ်တင်ခံရသော်လည်း တစုံတရာ မပြောဆိုခြင်း,
မုန့်မှုန်သမျှ မစား {မဘုဉ်းပေး} တော့ခြင်း၊ အရှင်သာရိပုတ္တရာ၏
အာဟာရအပေါ်၌ တိုက်တွန်းချက်)
၄၄၂ အရှင်သာရိပုတ္တရာ၏ အတူနေတပည့် အသုဘကမ္မဋ္ဌာန်း ၄လ အားထုတ်
သော်လည်း နိမိတ်မျှပင် မထင်သည်ကို ဘုရားရှင် ပဒုမ္မာကြာပွင့်ဖန်ဆင်း၍
ချေချွတ်တော်မူခြင်းနှင့် စပ်သော အတိတ်ဇာတ် ၆၁၉
၄၄၃ အရှင်သီဝလိမထေရ်သည် မိမိ၏ဘုန်းကံကို ကိုယ်တော်မြတ် ကိုယ်တိုင်
စုံစမ်းကြည့်ရာ ဇဋ္ဌာန ၆၁၉
၄၄၄ အရှင်သုဘူတိ ၂ ခု ၆၂၀
(အရှင်သုဘူတိ ကျင့်သုံးသော ကိလေသာကင်းကွာ ချမ်းသာစွာနေနိုင်ကြောင်း
တရား ၆ပါး၊အရှင်သုဘူတိ ပွားသော မေတ္တာဘာဝနာ)
၄၄၅ အရှင်သုဘဒ္ဒ - နောက်ဆုံးသာဝက ၂ ခု ၆၂၁
(ဘုရားရှင်ဟောကြားသောတရား ၁၈ ချက်၊ ရှေးကောင်းမှု ၂ ခု-
သုဘဒ္ဒတွေ့ရအပဒါန်, ဒီ ဋ္ဌ)
၄၄၆ အရှင်အညာသိကောဏ္ဍညမထေရ်အလောင်း ပြုခဲ့သော အဦးဒါန ၉ပါး ၆၂၂
၄၄၇ အရှင်အနုရုဒ္ဓါ ရဟန္တာဖြစ်ရန် ပယ်စွန့်ရသောတရား ၃ပါး ၆၂၂
၄၄၈ အရှင်အာနန္ဒာ ၆ ခု ၆၂၃
(အရှင်အာနန္ဒာဆောင်သောဓမ္မကန္ဒာ၊ အရှင်အာနန္ဒာ ဘုရားရှင်အား လုပ်ကျွေးပုံ ၇ပါး

အမြွက်၊ အရှင်အာနန္ဒာ ဘုရားရှင်အား လုပ်ကျွေးရန် ဘုရားရှင်ထံတောင်းခံသော
ပယ်ဆု ၄ပါး တောင်းဆု ၄ပါး နှင့် ဂုဏ် ၇ပါး၊
အရှင်အာနန္ဒာ သောတာပန်တည်သော **မှန်ကြေးမုံတရားတော်**၊
အဝတ်အထည် သင်္ကန်းလျာ ၅၀၀ အကြိမ် ၅၀၀တိုင် အလှူခံရရှိခြင်း၏ ရှေးကုသိုလ်၊
အရှင်အာနန္ဒာ၏ အံ့ဖွယ်တရား ၄ပါး နှင့် စကြဝတေးမင်းတို့၏ အံ့ဖွယ်ဂုဏ် ၄ပါး)
၄၄၉ အလိုကို သိနိုင်ခဲ့သူ ၅ဦး ၆၂၅
၄၅၀ **အလောင်းအလျာကြီးများ- ဗောဓိသတ္တ ၃မျိုးနှင့် ပါရမီဖြည့်ကျင့်ရာ ကာလများ** ၆၂၅
၄၅၁ အလျင်အမြန်သွားလျှင် / ပြေးလျှင် မတင့်တယ်သူ ၄ဦး ၆၂၆
၄၅၂ အလွန်ကဲဆုံး ၃ စု ၆၂၆
၄၅၃ အလွန်ဝေးသော အရာ ၄မျိုး ၆၂၇
၄၅၄ အသီတိ- ၈၀၊ မဟာသာဝက- တပည့်ကြီးများ၊ အသီတိမဟာသာဝကများ ၆၂၇
၄၅၅ **အသုဘကမ္မဋ္ဌာန်း ၂ စု** ၆၂၇
(အပွားရလွယ်ကူသော အသုဘကမ္မဋ္ဌာန်းတမျိုး ၈ချက် - အရှင်ကုလ္လမထေရ်
ပွားများသည်၊ အသုဘ သညာ / ကမ္မဋ္ဌာန်း ၁၀ပါး)
၄၅၆ အသံကြီး၄ပါး ၆၂၈
၄၅၇ **အသက်တိုကြောင်း တရား ၂ စု** ၆၂၉
၄၅၈ **အသက်တို၊ အဆင်းမလှ ၂ စု** ၆၂၉
၄၅၉ အသက်တမ်းအလိုက် ရှိသော ရောဂါများ ၂ စု ၆၃၀
(အနှစ် ၆သောင်းတမ်း၌ ရောဂါ ၆မျိုး၊ အသက် ၈သောင်းတမ်းရှိ အနာရောဂါ ၃မျိုး)
၄၆၀ အသက်မရှည်သူ ၂ စု ၁၇ယောက်၊ ၂၈ယောက် ၆၃၀
၄၆၁ **အသက်ရှည်ကြောင်း ၄ စု** ၆၃၀
(အသက်ရှည်ခြင်း လက်ငင်းဒိဋ္ဌအကျိုးပေးနိုင်သော အကြောင်းအင်္ဂါ ၃ပါး၊
အသက်ရှည်ကြောင်း ၃ပါး၊ အသက်ရှည်စေတတ်သော အကြောင်း ၅ပါး ဂိလာနဝဂ်၊
၅ပါး မဟာဝံသ ဋ္ဌ)
၄၆၂ အသက်အရွယ်ကြီးသူတို့ တမလွန်ဘဝ ချမ်းသာကြောင်း ၄ပါး ၆၃၁
၄၆၃ **အသချေ် ၄မျိုး** ၆၃၁
၄၆၄ **အသချေ်ယျ**- ရေတွက်ခြင်းငှါ မစွမ်းနိုင်၊ အသချေ်ယျ ၄ပါး /

**အနန္တ**- အဆုံးမရှိသော အရာ ၄ခု ၆၃၂

၄၆၅ အဦး ၅ပါးလှူသူ ပုဏ္ဏားနှင့် မယားကို ဘုရားရှင်ဟောသော တရားတော် ၆၃၂

၄၆၆ **အာနာပါန** ၂ စ ၆၃၃

(အာနာပါနပွားများခြင်း အကျိုး ၅ပါး၊ **အာနာပါနဿတိသုတ်**)

၄၆၇ အာယတန ၁၂ပါး ၆၃၃

၄၆၈ အာသဝ- ယိုစီးခြင်း၊ အာသဝတရား / အာသဝေါတရား ၄ပါး ၆၃၃

၄၆၉ အာသောကမင်းသည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း ၂၁၈နှစ် ရောက်သောအခါ ဓါတ်တော်တိုက်ကို တွေ့ရှိ ၆၃၄

၄၇၀ အာဟာရ ၄ စ ၆၃၄

(အာဟာရ ၄ပါး၊ အာဟာရကို ပရိညာ ၃ပါးဖြင့် သုံးဆောင်ခြင်း၊ အာဟာရမှ ဖြစ်လာသော ရုပ် ၈ပါး၊ အာဟာရအား အစာသစ်အိမ်၌ ကမ္မဇတေဇောဓါတ် ၅ပုံ ချေဖျက်ခွဲဝေပုံ)

၄၇၁ အား ၈မျိုး ၆၃၄

၄၇၂ **အိုခြင်းလက္ခဏာ ၁၉ပါး** ၆၃၅

၄၇၃ အောင်မြင်ကြောင်း ၂ စ ၆၃၅

၄၇၄ အပ်လှူကျိုး ၅ပါးနှင့် အပ်ကျည်လှူကျိုး ၃ပါး ၆၃၅

၄၇၅ အိပ်ခြင်း ၄မျိုး ၆၃၆

၄၇၆ အိပ်မက်မက်ကြောင်း ၄ပါး ၆၃၆

၄၇၇ အိမ်ရာထောင်တော့မည့် သမီးအားပေးသော ဖခင်သူဌေးကြီး၏ ဩဝါ ဒ ၂ ဝတ္ထု ၆၃၆

၄၇၈ အိမ်ရာသစ်များနှင့် နတ် ၆၃၇

၄၇၉ ဣသိဂိလိတောင်ဟု ခေါ်ဆိုသော အကြောင်း ၆၃၇

၄၈၀ ဣစ္ဆ- အလိုဆန္ဒတရား ၄ပါး ၆၃၇

၄၈၁ ဣန္ဒြိတန်ခိုး ၁၀မျိုး ၆၃၈

၄၈၂ ဣဒ္ဓိပါဒ်- အောင်မြင်ခြင်း / ကြီးပွားတိုးတက်မှု၏ အခြေခံတရား ၄ပါး ၆၃၈

၄၈၃ ဣန္ဒြေ ၂၂ပါး ၅ စ ၆၃၈

၄၈၄ ဣန္ဒြေတို့ကို ညီမျှအောင် ညှိကြောင်း / ထိန်းသင့်ပြုသင့်ကြောင်း ၂ စ ၆၃၉

၄၈၅ ဣန္ဒြေတို့၏ မှီရာမှအစပြုသော အဆင့် ၄ဆင့် ၆၃၉

၄၈၆ ဣန္ဒြေလွန်ကဲသော မထေရ်များ ၅ပါး ၆၃၉
၄၈၇ **ဤကိုယ်သည် သင်တို့၏ဥစ္စာမဟုတ်** အစရှိသော ဤကိုယ်၏ အကြောင်း ၆ပါး ၆၄၁
၄၈၈ ဥပဒေသပေးရာ ဂါထာများ / သုတ်တော်များ / ဇာတ်ဝတ္ထုများ ၃၀ ခု ၆၄၀
(ကာလကို လွန်စေ၍ အပိုင်းအခြားမရှိ များစွာသောစကားကို မဆိုရာ၊ ကုသိုလ်ကံ ဘုန်းကံနည်းသူတို့ လုံ့လပြု၍ အချမ်း အပူ မရှောင်ပဲ ရှာဖွေရသမျှ ကုသိုလ်ကံ ဘုန်းကံကြီးသူတို့ထံသို့ ရောက်၏၊ ကံ ဉာဏ် ဝီရိယ ပြည့်စုံသူသည် လူလွန် လူတံခွန် လူမွန်ဖြစ်၏၊ ကိုယ်ကသူ့ကို ကြည့်ရှုစောင့်ရှောက်မှ သူကတဖန် ကိုယ့်ကို ပြန်စောင့်ရှောက်၏၊ ကိုယ့်အကျိုးကို ဆောင်ရွက်ပေးလျှင် ဆွေမျိုးမဟုတ်စေကာမူ ကြည်ညိုချစ်ခင်စွာ ပေါင်းသင်းအပ်၏၊ ကျေးဇူးကို ကြည်နူးဝမ်းမြောက်စွာ သိတတ်သူ ဖြစ်ရန် သိနိုင်ရန် ထင်စွာပြုရန် ခဲယဉ်းလှ၏၊ ကြီးပွားတိုးတက်ရန် အတိုမပြုပဲ အရှည်ကို ကြည့်ပြီး အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ရာ၏၊ [၁]ကြွေးသစ်ချခြင်း [၂]ကြွေးဟောင်းဆပ်ခြင်း [၃]ရွှေအိုးမြှုပ်ခြင်းဟူသော အမှု ၃ခု ပြုလုပ်ဆည်းပူးက ဘုန်းတန်ခိုးတိုးမည်၊ စကားချိုသာစွာ ပြော၍ ခိုင်းမှ ဝန်ကိုဆောင် ကာ လှည်းများကိုရုန်းပြီး နွားရှင်ကို လောင်းကြေးနိုင်စေသောဇာတ်၊ ဆင်သေနှင့် ကျီးမိုက် ဥပမာပြ ကာမဂုဏ်အပြစ်၊ ဉာဏ်ပညာကင်းမဲ့ခြင်းသည် [၁]မြေ [၂]ရေ [၃]လေ [၄]မီး [၅]မှီနေရာ [၆]အစားအစာ ၆၄၄
[၇]ကိုးကွယ်ရာစသော အားလုံးတို့သည် အန္တရာယ် ကြီးလှ၏၊ ဒေါသရှေ့ထားပြီး ယုတ်မာသောစကားနှင့် သူတပါးကို မစွပ်စွဲရာ၊ ပုထုဇဉ်သဒ္ဓါသည် မမြဲ၊ မနာလို ငြူစူစိတ်ဖြင့် ညွှန်လူးထားသော ဝက်တို့သည် ပတ္တမြားဂူကို မိမိတို့ကိုယ်များဖြင့် ပွတ်သော်လည်း ဂူသည် ပို၍ အရောင်တောက်ပြောင်လာ၏၊ **မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ**၊ မီးသည် မိုက်သောသူကို လောင်ခြင်းငှါ လုံ့လမပြုပဲ သူမိုက်က အလျှံပြောင်ပြောင် တောက်သောမီးကို ထိခိုက်သောကြောင့်သာ ထိုလူမိုက်ကို လောင်စေ၏၊ မိန်းမလိုက်စားခြင်းသည် ပျက်စီးကြောင်း ဖြစ်၏၊ ရက်ကောင်း ရက်သာ ရွေးခြင်းသည် အကျိုးဆုတ်ယုတ်ရာ၏၊ လူမှုကိစ္စများ များပြားရှုတ်ထွေးကာ မကြားဝံ့မနာသာ အမှုများကို အဟိတ်တိရစ္ဆာန် မျောက်များသော်မှ မကြားမနာ ဝံ့သဖြင့် နားပိတ်ကြသည်၊ လောဘတဏှာကြောင့် လာဘ်လာဘဥစ္စာမှ ဆုတ်ယုတ်၊ လောဘတဏှာသည် တင်းတိမ်ရောင့်ရဲနိုင်ခြင်း မရှိ၊ သား၌ လွန်စွာချစ်သောစိတ်ဖြင့် ၆၄၇

သေသော် အမိသည် ကြွေးတောင်းသွားသော သားလာရာလမ်း၌ **ဥပပတ် မြေခွေးမ-**
ကိုယ်ထင်ရှား ဘွားကနဲ ပေါ်လာသော မြေခွေးမ ဖြစ်၏၊ သိကြားမင်းက စစ်ရှုံးမည်ဟု
မိန့်မြွက်ထားသော်လည်း ဉာဏ်လုံ့လတို့ဖြင့် လူထက်တန်ခိုးကြီးသော ကိုယ်စောင့်နတ်ကိုပင်
ဖမ်းယူသတ်နိုင်၏၊ သူတပါးတို့၏ စကားကို အစဉ်မမှီး မယုံကြည့်ပဲ ချင့်ချိန်ကြရာ၏၊
သံကိုကြွက်စား သားကိုစွန်ချီ ဇာတ်၊ သတ်ဖြတ်ခံရခြင်း ညှဉ်းဆဲခံရခြင်းတို့ကို
အခြားသူပြုသည် မဟုတ်ပဲ မိမိ ပြုလုပ်ခဲ့သော မိမိသန္တာန်၌ ကိန်းနေသော အကုသိုလ်ကံ
ကသာ ပြုသည်၊ အကျွမ်းဝင်ခြင်းနှင့်တူသော တပါးသော အရသာမည်သည် မရှိ၊
အသိပညာကင်းသော သူယုတ်မာ လူမိုက်ကို အဆိုးအကောင်း အကျိုးအကြောင်းနှင့်
စပ်သော တရားကို ဘယ်အခါမှ မဟောကြားရာ၊ အသက်ဂုဏ်ကြီးသူကို ရိုသေသင့်ကြောင်း
**ခါ မျောက် ဆင်တို့ဇာတ်၊ အိုးခွက်ဆေးရေကို ရေမြောင်းထဲသွန်က**)

၄၈၉ ဥပဓိ- သံသရာသို့ ဆောင်ပို့ယှဉ်မှီစေတတ်သော တရား ၄ပါး ၆၅၁

၄၉၀ ဥပါဒါန် ၄ပါး ၆၅၁

၄၉၁ ဥပါသကာ ၃ စု ၆၅၁

၄၉၂ ဥပါတ်ကြီး ၅ပါး ၆၅၂

၄၉၃ ဥပါဒ် ဌီ ဘင် ၆၅၂

၄၉၄ **ဥပုသ်** ၄ စု ၆၅၂
(ဥပုသ် ၃မျိုး၊ ဥပုသ်နေ့ ရေတွက်ပုံ ၃မျိုး၊ **နေ့ရက်ဟူသမျှ ဥပုသ် စောင့်ကောင်း၏၊**
ဥပုသ်နေ့၌ အင်္ဂါ ၈မျိုးနှင့် ပြည့်စုံသော အဋ္ဌင်္ဂဥပုသ်ကို စောင့်သုံးကြရာ၏)

၄၉၅ ဥဂ္ဂသူကြွယ် ဝေသာလီပြည်သား ၂ စု ၆၅၅

၄၉၆ ဥဂ္ဂသူကြွယ် ဝဇ္ဇီတိုင်း၊ ဟတ္ထိရွာသား (ဟတ္ထိဂါမသူဌေး၊ ဥဂ္ဂတသူဌေး) ၏ အံ့ဖွယ် ၈မျိုး ၆၅၆

၄၉၇ ဥစ္စာ ၄မျိုး ၆၅၆

၄၉၈ ဥမ္မာဒန္တီဇာတ် ၆၅၆

၄၉၉ **တေဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ** ၆၅၇
(ရဟန္တာမထေရ်ကြီးများ ၄၁ပါး၊ ရဟန္တာထေရီမကြီးများ ၁၃ပါး၊ ဥပါသကာများ
တေဒဂ် ၁၀ ခုပုဂ္ဂိုလ် ၁၁ဦး၊ ဥပါသိကာများ ၁၀ဦး= စုစုပေါင်း တေဒဂ် ၇၄ ခု၊
တေဒဂ်ရသော သူမြတ် ၇၅ ပါး)

၅၀၀ တေဒဂ် (အသာဆုံး) ရာထူးရကြောင်း အကြောင်း ၄ပါး ၇၄၄

၅၀၁ ဧဟိဘိက္ခု အခေါ်ခံရသောရဟန်းများ၏ ဣန္ဒြိယမယ သပိတ်သက်န်းများ ၇၄၅

၅၀၂ ဩဃ- ဝဋ္ဋဆင်းရဲ၌ နစ်မွန်းတတ်ခြင်း / ဝဲ ၄ဖြာ ၇၄၅

၅၀၃ ဩဝါဒနှင့် အနုသာသနီ ကွဲပြားမှု ၃ချက် ၇၄၅

“မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌဆရာတော်”၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
“ဩဝါဒါစရိယဆရာတော်”၊ တိုင်းသံဃာ့နာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး
“ပဓါနနာယကဆရာတော်”၊ ရမည်းသင်းမြို့၊ ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်

# ဘဒ္ဒန္တနန္ဒောဘာသ (မဟာဂန္ထဝါစက) ၏

## သမ္မောဒနီယကထာ

၁၃၈၃ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်
၁၁.၃.၂၀၂၂။

၁၃၈၃ခု၊ တပေါင်းလဆန်း (၇) ရက်၊ (၈.၃.၂၀၂၂) ၊ အင်္ဂါနေ့ နံနက် (၁၁) နာရီသာသာ အချိန်တွင် အရှင်သုဇန၊ နဘူးကျင်း ရန်ကင်းတောရ၊ ရမည်းသင်းမြို့နယ် ဘုန်းတော်ကြီး ကြွလာတော်မူ၍ မိမိစီရင်ရေးသားသည့် “ဘုရားမြတ် တရား၊ ဟောကြားသိဖွယ်” စာအုပ်အတွက် သမ္မောဒနီယကထာ / အမှာစာ ရေးသား ချီးမြှင့်ပေးပါရန် လျှောက်ထားပါသည်။

စာရေးသူ၏ ရည်ရွယ်ချက်များမှာ (က) သက်တော်ကြီးရင့်မှ သာသနာ့ဘောင်သို့ ဝင်ရောက်လာသူ၊ (ခ) ပရိယတ္တိစာပေ မနှံ့စပ်သူ၊ (ဂ) ပရိယတ္တိစာပေ မကျွမ်းကျင်သူတို့အနေဖြင့် နေရာဒေသအသီးသီးဝယ် အကြောင်းကြီးငယ် အသွယ်သွယ်တို့ဖြင့် ပြောဖွယ်ဟောဖွယ်, ကျင့်ကြံဖွယ်တို့ မလွဲမဖယ်သာ ကြုံတွေ့လေ့ ရှိကြရာဝယ် လွယ်ကူမပန်း ချိန်မခန်းစေပဲ ချမ်းချမ်းသာသာ လေ့လာဟောပြ ဩဝါဒအဖုံဖုံ ပြည့်စုံကြစေရန်နှင့် ကျင့်ကြံကြိုးကုတ် အားထုတ် နိုင်ကြရန်၊

ပရိယတ္တိသာသနာ့ဗဟုသုတ ရှာဖွေလေ့လာကြသူတို့အတွက် အညွှန်းသင်္ကေတတို့ဖြင့် တိကျခိုင်မာစွာ လွယ်လင့်တကူ မှတ်ယူကြည့်ရှု ဟောပြနိုင်ကြစေရန်တို့ ဖြစ်ကြကြောင်း သိရပါသည်။

လောကီ လောကုတ္တရာ နှစ်ဖြာသုတ လွှန်ပြည့်ဝသည်ဟု မဆိုသာသော်လည်း လေ့လာ စွမ်းအား ကြီးမားစွာဖြင့် စေတနာဖက်မေတ္တာစွက်၍ ရေးဆက်တင်ပြအပ်သော“ဘုရားမြတ် တရား၊ ဟောကြားသိဖွယ်” အသွယ်သွယ်စာအုပ်သည် ဘာသာတရား သုတပွားဖို့ ကြိုးစားအားထုတ်သူ ရဟန်းရှင်လူ မည်သူမဆို လက်ဝယ်သိုလျက် အားတက်သဒ္ဓါ ဝမ်းမြောက်စွာဖြင့် လေ့လာမှတ်သား ဖတ်ကြားကြည့်ရှု လက်ကိုင်ပြုရမည့် စာကောင်းပေမွန် တဆူဖြစ်ပါကြောင်း။

ဘဒ္ဒန္တနန္ဒောဘာသ
ဥက္ကဋ္ဌဆရာတော်
မြို့နယ်သံဃာ့နာယကအဖွဲ့
ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြတ်စွာဘုရားတည်းဟူသော အမွန်မြတ်ဆုံးရတနာ၊ တရားတော်မြတ်တည်းဟူသော အသာလွန် ဆုံး ရတနာ၊ သံဃာတော်မြတ်တည်းဟူသော အထွန်းတောက်ဆုံး ရတနာ ရတနာမြတ်သုံးပါးကို မကြုံအပ်၊ မစည်အပ်၊ မနိုင်းယှဉ်အပ်သော အနန္တ ဂုဏ်တော်မြတ်အသီးသီးအား ရည်မှန်း၍ ရိုသေမြတ်နိုး ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ဦးနှိမ်ချကာ ကန်တော့ပါ ၏။

ရှိခိုးပူဇော် ကန်တော့ပြီး၍ ဘုရားတပည့်တော်သည် ဤမြတ်ရတနာသုံးပါးကို ဦးထိပ်ထားကာ ဤ **"ဘုရားမြတ် တရား၊ ဟောကြားသိဖွယ်"** စာအုပ်ကို လုံ့လပြုအားထုတ် ရေးသားစီရင်အပ်ပါသည်။

### ပဏာမ အချီးစကားလွှာ

ဤစာအုပ်ကို ဖတ်ရှုနေကြသော သံဃာတော်အရှင်သူမြတ်များဘုရား / ဒါယကာ၊ ဒါယကာမတို့၊ ဤစာအုပ်၏ စကားဦးကဏ္ဍကို ၁ နိဒါန်း၊ ၂ အမှာစာ၊ ၃ ဤစာအုပ်ကို ကြံစည်ရေးသား စီစဉ် ထုတ်ဝေရာတွင် ကျေးဇူးရှိသူများသို့ ကျေးဇူးစကား၊ ၄ ခွင့်ပြုစကား၊ ၅ ဆုတောင်းပတ္ထနာ နှင့် ၆ ကျမ်းကိုးကျမ်းညွှန်းစာရင်း ဟူ၍ အခန်း ခေါင်းစဉ်ဖြင့် ဖော်ဆောင်ထားပါသည်။

ဤစာအုပ်သည် **ဓမ္မဒါနစာအုပ်** ဖြစ်ပါသည်။ မူလတရားပိုင်ရှင် ဖြစ်တော်မူသော အစိန္တေယျ ဂေါတမ မြတ်စွာဘုရားရှင် ပိုင်တော်မူသော စာအုပ် ဖြစ်ပါသည်။

<u>အဓိကပုဒ်ရေ ၅၀၃</u>၊ <u>ဆင့်ပွားပုဒ်ရေ ၁၇၈၂</u> တရားတော်များ ပါဝင်သော ဤစာအုပ်၏ မာတိကာ အထူးအားဖြင့် "ဤစာအုပ်တွင်" ကို ဦးစွာဖတ်ရှုပါ ။ စိတ်ဝင်စားစရာ, သိလိုဖွယ်ရာများကို တွေ့ရပါလိမ့်မည်။ ပြီးမှ အလှူခံတော်မူကြပါ အရှင်မြတ်တို့ဘုရား / ဒကာ ဒကာမတို့။

၁။ **နိဒါန်း** - ဤစာအုပ်ရေးဖြစ်သည့် အကြောင်း ၃ခု

ရဟန်းရှင်လူများအဖို့ မိမိတို့လိုအပ်သော၊ ပရိယတ္တိနှင့်ဆက်နွယ်သော အကြောင်းအရာ၊ အချက်အလက်၊ မှတ်စုမှတ်ရာတို့ကို ပရိယတ္တိ စာပေကျမ်းဂန်ကျွန်းကျင်နှံ့စပ်သော ရဟန်းသံဃာတော် အရှင်မြတ်များ အနေဖြင့် ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာစသောကျမ်းများစွာတို့မှ လွယ်လင့်တကူ ရှာယူ ထုတ်ဖော် ရရှိနိုင်ကြပေသည်။ ဓမ္မတရားရတနာသည် အသုံးလိုသူများအနေဖြင့် ဆန္ဒရှိရာကို သုံး၍မကုန် ယူ၍မခန်း ဆွတ်၍မနွမ်း၊ နက်ဝှမ်းလေးနစ် သိပ်သည်းလှစွာသော မဟာပထဝီ ကမ္ဘာမြေကြီးသဖွယ်၊ အပြောကျယ်စွာ ခန့်ထယ်လှသော အတိုင်းမသိ ကောင်းကင်ကြီးသဖွယ်၊ ကြီးမားနက်ရှိုင်း ပြန့်ပြောလှစွာသော မဟာသမုဒ္ဒရာကြီးသဖွယ် အဖိုးမဖြတ်နိုင်ရာ အနဂ္ဃ ရတနာပဒေသာပင်ကြီး အမှန် ဖြစ်ပါပေသည်။

ပရိယတ္တိစာပေကို မသိသူ၊ မသင်ကြားဖူးသူ၊ အတွေ့အထိ နည်းပါးသူ ရဟန်းသံဃာတော်များနှင့် လူများအနေဖြင့်လည်း မိမိသိမှတ်လိုသော ပရိယတ္တိဆိုင်ရာများကို ခေတ်အဆက်ဆက် ရဟန်းတော် ပညာရှိများ၊ လူပညာရှိများ ကြီးစွာသော ဝါယမဖြင့် ရေးသားပုံဟန် အမျိုးမျိုးနှင့် စီကုံးပြုစုထားသော ကျမ်းကြီးကျမ်းခန့်များစွာ၊ စာအုပ်များစွာတို့မှ ကြည့်ရှုလေ့လာ ရရှိကြရာသည်။

အကြောင်းအရာတခု၊ ကဏ္ဍတရပ်၊ အခန်းတခန်း၊ တရားတထုံးကို ကျယ်ကျယ်ပြန့်ပြန့် နှံ့နှံ့စပ်စပ် သိလိုက တသီးတသန့် ကျမ်းများ၊ စာအုပ်များ ရှိကြသည်။ ဥပမာအားဖြင့် လက်လှမ်းမီသရွေ့ ဖော်ပြရသော် လယ်တီဆရာတော်ဘုရားကြီး၏ နိဗ္ဗာနဒီပနီ၊ ဘာဝနာဒီပနီစသော ဒီပနီကျမ်းများ အပါအဝင် ကျမ်းများစွာ၊ ဘာသာဋီကာဆရာတော်ဟုလည်း တွင်သော မဟာဂန္ဓာရုံဆရာတော်ကြီး၏ ပါတိမောက်ဘာသာဋီကာ အစရှိသော မြောက်များလှစွာသော ဘာသာဋီကာစာအုပ်များ၊ ပန်းကုံးဆရာ တော်၏ အလင်္ကာပန်းကုံး၊ ပဋ္ဌာနပန်းကုံး အပါအဝင် များပြားသော ပန်းကုံးစာစဉ်များ၊ အရှင်ဝဏ္ဏသိရီ၏ ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း၊ ငွေဥဒေါင်း၏ ဗုဒ္ဓစာပန်းချီ စာအုပ်တွဲများ စသည်တို့ ဖြစ်ကြသည်။

အထွေထွေဗဟုသုတ သိမှုမှတ်ရာ အစုံအစုံကို ဖတ်ရှုနှလုံးသွင်းလိုက အကြမ်း အားဖြင့် နှစ်မျိုးနှစ်စား တွေ့ရှိရသည်။

ပဌမအမျိုးမှာ အမေးအဖြေကျမ်းများ၊ စာအုပ်များ ၊ ဥပမာပြုရသော် စတုရင် အမေး ဆူးတွင်းပစ် (ပုဂံ) ဆရာတော်အဖြေကျမ်း၊ သာလွန်မင်းအမေး တောင်ဖီလာ ဆရာတော်အဖြေကျမ်း၊ လက်ဝဲနော်ရထာ အမေး တောင်တွင်းဆရာတော်ခင်ကြီးဖျော် အဖြေကျမ်း၊ ဘိုးတော်မင်းတရားမေး၍ ပဌမမောင်းထောင်ဆရာတော်ဖြေသော အမေးတော်ဖြေကျမ်း၊ ကျီးသဲလေးထပ်ဆရာတော်၏ စွယ်စုံကျော်ထင်ကျမ်း၊ လုံးတော် ဆရာတော်၏ ပုစ္ဆာပကိဏ္ဏကကျမ်း၊ တည်တောဆရာတော်၏ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေ စာအုပ်တွဲများ စသည်များ ဖြစ်ကြသည်။

ဒုတိယအမျိုးအစားမှာ သိစရာမှတ်စရာ အချက်များကို ဟောပြောဆွေးနွေးမှု သဖွယ်၊ မှတ်စုသဖွယ်၊ အဘိဓါန်သဖွယ်ကျမ်းများ၊ စာအုပ်များ၊ ဥပမာအနေဖြင့် အနည်းငယ်ဖော်ပြရသော် မုံရွေးဇေတဝန်ဆရာတော်၏ မုံရွေးမှတ်စု၊ အရှင်ဂမ္ဘီရဗုဒ္ဓိ ဘိဝံသ၏ တိပိဋကနီတိ၊ အရှင်ဩဘာသာဘိဝံသ၏ သုတေသနသရုပ်ပြအဘိဓါန်၊ သဒ္ဓမ္မရံသီဆရာတော်၏ သိကောင်းစရာဓမ္မပဒေသာ၊ ဓမ္မဒူတ အရှင်ပညာဇောတ၏ ဗုဒ္ဓဓမ္မပြဿနာများ၊ ဘဒ္ဒန္တဉာဏာဘိဝံသ ဘုရားဖြူကျောင်းတိုက်၏ ဗျာကိဏ္ဏမှတ်စု၊ ဘဒ္ဒန္တဝိစက္ခဏာ၏ သုတရတနာမှတ်စုပဒေသာ၊ မင်းကြီးမဟာဇေယျသူ၏ ကဝိလက္ခဏာ ဒီပနီကျမ်း၊ စိန္တာမဏိဦးချစ်မောင်၏ ဗုဒ္ဓဘာသာအထွေထွေဗဟုသုတကျမ်း၊ သုခ၏ သုခမှတ်စု စသည်ဖြင့် ဟူ၍ ဖြစ်ကြသည်။

ယင်းသို့ ရတနာသုံးပါးနှင့်စပ်ဆိုင်သော ဗဟုသုတပေးရာ ပရိယတ္တိဆိုင်ရာ ကျမ်းများ၊ စာအုပ်များ များစွာရှိနေပါလျက် ဤသို့သဘောပင်ရှိသော ဤစာအုပ်ကို ရေးရ သည့်အကြောင်းကို ဖြစ်ခဲ့သည့်အစဉ်အတိုင်း ဖော်ပြလိုပါသည်။ သုံးခုသော အကြောင်း ရှိပါသည်။

ဘုရားတပည့်တော် / စာရေးသူသည် ပါဠိစာပေကို မသင်ကြားဘူးသော၊ မလေ့ လာဘူးသော၊ မသိသောသူတဦး ဖြစ်ပါသည်။ ဘဝပင်လယ်ကျောတွင် အမှန်တရား- ဒုက္ခသစ္စာတရားကိုမသိသော မောဟဦးဆောင်၍ နှစ်များ, လများ ရှည်ကြာစွာ လည်မျော

ခဲ့သည်။ အသက် ၆၁နှစ်အရောက်တွင်မှ ရဟန်းဘောင်သို့ ဝင်ပြီးနောက်၌ တွေ့ရှိ၊ ဖတ်ရှု၊ နာကြားရသော အချို့သော တရားအချက်အလက်များသည် မူလက မိမိသိပြီးဖြစ်သော်လည်း ပြန်စဉ်းစားလျှင် အပြည့်အစုံ မမှတ်မိသည်များ ဖြစ်နေသည်ကို တွေ့သိလာခဲ့သည်။ ထိုသို့သော အချက်များကို မိမိအတွက်တာ ဗလာစာအုပ်တအုပ်တွင် စတင်ရေးမှတ်ခဲ့သည်။ သာသနာ့ဝန်ထမ်းတဦးအနေနှင့် ၎င်းတို့ကို သိသင့်၊ အချို့ကို နှုတ်တွင်ဆောင်သင့်သည်ဟု ယူဆ၍ ဖြစ်သည်။

ပဌမအကြောင်းမှာ အခြေအနေပေးသဖြင့်၊ ဖန်တီးလာသဖြင့် ဘုရားတပည့်တော် / စာရေးသူ ဦးဇင်းသည် ဥပုသ်သည်များကို သီလပေး၊ အနုမောဒနာတရားတိုများနှင့် အခြားနေရာဌာနများ၌လည်း တရားဆွေးနွေး ပြောပြမှုများ ပြုလုပ်ရရာ၌ မိမိပြောနေသည့်တရားကို အညွှန်းအတိအကျဖြင့် ပြောဆိုက တရားဟောသူ၊ တရားနာသူ နှစ်ဦးနှစ်ဖက် ပိုမို၍ အကျိုးရသည်၊ အကျိုးရှိသည်၊ ယုံကြည်မှုရှိသည်၊ သက် ရောက်သည်ကို သတိပြုမိခြင်း ဖြစ်သည်။

ဒုတိယအချက်မှာ အတော်အသင့်သော သံဃာတော်အရှင်မြတ်များ ကြားသိကြသော၊ အချို့သံဃာတော်များ ဖတ်ရှုပြီးကြသော၊ အချို့ နှစ်ခြိုက်၍ အခြားသံဃာများပါ ဖတ်ကြည့်ရန် ထပ်ဆင့်ညွှန်းဆိုကြသော၊ မြန်မာသက္ကရာဇ် ၁၃၄၂ - ၄၃၊ ခရစ်သက္ကရာဇ် ၁၉၈၀၊ ဝန်းကျင်လောက်တွင် ပဌမဦးဆုံး ထုတ်ဝေသော၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ သုသာန်ဇောမိကျောင်းဆရာတော် အရှင်ဩဘာသစီရင်သော 'ဝိနည်းဥပဒေတော်ကြီး' စာအုပ်ကို ဖတ်ရှုရပြီးနောက် ဆရာတော်၏ဘဝ၊ အတွေးအမြင်၊ လုံ့လဥဿဟနှင့် ထိုစာအုပ်၏အကျိုးရှိပုံတို့ကို အားကျ ကြည်ညိုပီတိဖြစ်ခြင်း ဖြစ်သည်။

တတိယဖြစ်ချက်မှာ အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း မိမိတဦးတည်းအသုံးအတွက် ရေးမှတ်နေရင်းမှ ထိုစိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်တို့ကို ဖတ်မိသူအများလည်းသိပါက၊ လိုအပ်သလို လိုက်နာသုံးစွဲက ပစ္စုပ္ပန်သံသရာနှစ်ဖြာလုံး အကျိုးရှိမည်ဖြစ်ရာ ၎င်းတို့ကို မိမိရေးမှတ်ထားသည် တို့အား မိမိသိသလို သိစေလိုသည့်ဆန္ဒ များဖြစ်ပေါ်ခဲ့ခြင်းတို့ ဖြစ်ပါ သည်။

သို့ဖြင့် ပိဋကတ်မြန်မာပြန်ကျမ်းများ၊ မင်းကွန်းတိပိဋကဆရာတော်ကြီးရေး မဟာဗုဒ္ဓဝင်ကျမ်း အတွဲများမှ အစပြုကာ ဖတ်ရှုမိသည့် ကျမ်းများ၊ စာအုပ်များ၊ နာကြားသည့် တရားတော်များမှပါ မိမိကဲ့သို့ ပရိယတ်ကို လက်လှမ်းမမှီသော ရဟန်းများနှင့် လူများအတွက် ဗဟုသုတဖြစ်ဖွယ်၊ သိဖွယ်၊ မှတ်ဖွယ်၊ လိုက်နာသင့်ဖွယ်၊ စိတ်ဝင်စားဖွယ်တို့ကို ရေးထုတ်ခဲ့ပါသည်။ ဗလာစာအုပ် ၃၇အုပ် တေးမှတ်မိပါသည်။

## ၂။ **အမှာစာ** - အချက် ၁၃ ချက်

သို့ဖြစ်၍ သံဃာတော်အရှင်သူမြတ်များဘုရား / ဒါယကာ၊ ဒါယကာမတို့၊ ဘုရားတပည့်တော် / စာရေးသူ ဦးဇင်းသည်-

၁ ဤစာအုပ်ကို ရေးသားသူ ဖြစ်သော်လည်း အမှန်စင်စစ်မှာ စာထုတ်နုတ် ရေးကူးသူသာ ဖြစ်ပါသည်။

၂ သိမှတ်ဖွယ်များကို ကျမ်းများနှင့် စာအုပ်များမှ ကူးရေးရင်းမှ သဘောတူ ရာများကို အတူစုမိလျက်သား ဖြစ်နေသည်ကို စိတ်ဝင်စားဖွယ် တွေ့ရပါသည်။ သို့ကြောင့် လက်လှမ်းမှီသမျှကျမ်းများ၊ စာအုပ်များတဝှမ်း၊ ဆရာတော်ကြီးများ ဟောကြား သော တရားတော်များတခို ရောက်ရှိပြန့်နှံ့ နေသော စိတ်ဝင်စားဖွယ်၊ သိမှတ်ဖွယ် တွေ့ရှိ၊ နာကြားရသမျှသည်တို့မှ သဘောတူရာတူရာတို့ကို ဤ စာအုပ်တွင် စုစည်းဖော်ပြထား ပါသည်။

၃ ဤစုစည်းဖော်ပြမှုတို့ကို ပြီးပြည့်စုံပြီဟု မယူပါရန် အရှင်ဘုရားတို့ / ဒကာ၊ ဒကာမတို့အား ရိုးသားစွာ ဖြင့် လျှောက်ထားလို / ပြောလိုပါသည်။ အကြောင်းမှာ ၎င်းတို့သည် ကျမ်းကိုးစာရင်းပါ ကျမ်းများ၊ ဟောတရား တော်များမှသာ ထုတ်နုတ် စုထားခြင်းကြောင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် {ကလေးသူငယ် ရဟန္တာများ ၃၄ ပါး (၄နှစ်သား ၁ + ၅နှစ်သား ၃ + ၇နှစ် သား ၂၆ + ထေရီမ ၄ = ၃၄ပါး) } သည် ထိုကျမ်းများမှ စု၍ရထားသည် ဖြစ်ပါသည်။ ပိဋကတ်၃ပုံ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ စသော ပါဠိစာပေကျမ်းဂန်များ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော ပရိယတ္တိကျမ်းစာများနှင့်

ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ အမြောက်အများ ရှိကြပါသည်။ ပရိယတ္တိစာပေ မှတ်တမ်းဝင် ကလေးရဟန္တာများသည် ဥပမာပါ ၃၄ ပါး မက ရှိတန်ရာပါသည်။ လိုအပ်ချက်၊ ချို့ယွင်းချက်၊ မှားယွင်းချက်များရှိပါက သနားဂရုဏာ ရှေ့ထားကာ ဖြည့်စွက် ကြည့်ရှုတော်မူကြပါဘုရား / ကြည့်ရှုကြပါ ဒကာ၊ ဒကာမတို့။ ဆုံးမပြုပြင်စရာ ရှိပါကလည်း ဘုရားတပည့်တော် / ဦးဇင်းအား ဆုံးမတော်မူကြပါဘုရား။ ပြောပါ ဒကာ ဒကာမတို့။

၄ အောက်တွင်ဖော်ပြထားသော ရည်ရွယ်ချက်အတိုင်း အချက်တိုင်း၌ တတ်နိုင်သရွေ့ ကျမ်းညွှန်းများကို ဖော်ပြထားသည်။ အညွှန်းစာရင်းတွင်မပါသော ကျမ်းများကိုလည်း ညွှန်းထားသည်ကို တွေ့ရပါ မည်။ ၎င်းတို့သည် ၎င်းတို့နှင့်ကပ်၍ ညွှန်းပြထားသော အညွှန်းစာရင်းပါကျမ်းများမှ ဖြစ်ပါသည်။ ကျမ်းညွှန်း ပိုမိုလေးခန့် စေရန် ၎င်းတို့ကိုပါ ဖော်ပြခြင်း ဖြစ်ပါသည်။

၅ သက်ဆိုင်ရာနေရာတို့၌ အကြောင်း၊ အတ္ထုပ္ပတ်၊ ဇာတ်၊ ဝတ္ထုတို့ကို အကျဉ်းမျှ သာ ရေးသားကူးယူ ထုတ်နှုတ်ထားပါသည်။

၆ အသိများသောဇာတ်၊ အသိများသော အကြောင်းအရာတချို့ကို အကျယ် မရေးပဲ ကျမ်းညွှန်းကိုသာ အဓိက ဖော်ပြထားပါသည်။ ထိုဇာတ်၊ အကြောင်းအရာကို ဟောပြောဆွေးနွေးလိုက အညွှန်းများဖြင့် ဆွေးနွေးပြောပြနိုင်ရန် ဖြစ်ပါသည်။ ဥပမာ - ကိန္နရီကိန္နရာမောင်နှံ ချောင်းခြား၍ အနှစ်၇၀၀ ငိုကြွေး သောဇာတ်၊ ၎င်းဇာတ်သည် ဝတ္ထုမပါပဲ ကျမ်းညွှန်းသာ ပါပါသည်။

၇ ဤစာအုပ်အား ရည်ရွယ်ချက် တခုစီဖြင့် အစု ၂စုသို့ ရည်ရွယ်ပါသည်။

ပဌမရည်ရွယ်ချက်ဖြင့် ပဌမအစုမှာ-

ဘုရားတပည့်တော်ကဲ့သို့ ပိဋကတ်စာပေကို လက်လှမ်းမမှီသော၊ အရွယ်ကြီးမှ ရဟန်းပြု သော ရဟန်းတော်အရှင်မြတ်များ ဖြစ်ပါသည်။ ဖတ်ကြည့်ကာ တစုံတခုသော အတိုင်းအတာအထိ အကျိုးရပါစေကြောင်း ရည်ရွယ်ပါသည်။ ဒကာ ဒကာမတို့ နေအိမ်၌၎င်း၊ မိမိကျောင်းတိုက်တွင်း၌၎င်း၊ ရပ်ကွက်တွင်း ဓမ္မာရုံ၌၎င်း၊ ရွာတွင်း၌၎င်း အခြေအနေက တောင်းဆိုသောအခါ၌၊ အခြေအနေ ပေးသော အခါ ၌၊

အကြောင်းဖန်လာသောအခါ၌ ဖြစ်သော တရားဟောပြော ပြသဆွေးနွေးပွဲကလေး၊ ပွဲငယ်များ တွင် အဆိုပါ ရဟန်းတော်အရှင်မြတ်များအတွက် ပြောပြလိုသည်ကို အချိန်မီနစ်အနည်းငယ်အတွင်း ဖတ်ရှုမှတ်သား၍ ကျမ်းညွှန်းတိတိကျကျဖြင့် သာသနာ့ ဝန်ကိုဂင်း၊ ပေးအပ်သော ဩဝါဒဝန်တာကိုဂင်း ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

ဒုတိယရည်ရွယ်ချက်ဖြင့် ဒုတိယအစုမှာ-

ပရိယတ္တိစာပေလာ အခြေခံသိစရာများစွာ အနက်မှ လောကီလူများ စိတ်ဝင် စားမည့်၊ သိလိုမည့်၊ ပြန်လည် ပြောပြဆွေးနွေးလိုသည့် သုတဆိုင်ရာ အချက်များကိုဂင်း၊ ထိုအချက်နှင့် နီးနွယ်နေသည့် အခြားအချက်များကိုပါ ကျမ်းညွှန်းများနှင့်တကွ သိလိုသူ၊ ရှာနေသူ၊ စာဖတ်သူ ကြီးကြီးငယ်ငယ် ရဟန်းရဟန်း ရှင်ရှင်လူလူ သီလရှင်သိက္ခာရှင် ဆရာကြီးဆရာလေး မည်သူမဆိုအား လွယ်လင့်တကူ ရှာဖွေဖတ်ရှုရရှိနိုင်ရန် ရည်ရွယ်ပါ သည်။

၈ ဤစာအုပ်ကို ရေးရာတွင် အက္ခရာစဉ်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ ပညာရေး ဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ မြန်မာစာအဖွဲ့၏ မြန်မာအဘိဓါန် တွင် လာရှိသော -

- **ဗျည်းစဉ်** (က၊ ခ၊ ဂ) စသည်၊

- **သရနှင့် အသတ်စဉ်** (အ၊ အာ၊ အိ --- က်၊ ခ်) စသည် နှင့်

- **ဗျည်းတွဲစဉ်** ၁၁ခု (ကျ၊ ကြ၊ ကွ၊ ကှ၊ ကျွ၊ ကြွ၊ ကျှ၊ ကြှ၊ ကွှ၊ ကျွှ၊ ကြွှ) အတိုင်း စီစဉ်ပြုစုထားသည်။ ဥပမာ ပြရသော် 'က' အက္ခရာဖြင့် စသော စာလုံး၊ စာပုဒ်များကို -

- က ကာ ကိ ကီ ကု ကူ ကေ ကဲ ကော့ ကော် ကံ ကိုး စသော သရစဉ်အတိုင်း၊

- ပြီးလျှင် ကက် ကခ် ကဂ်စသော အသတ်စဉ်အတိုင်း၊

- ပြီးမှ ကျ ကျာ ကျိ ကျီ စသည်ဖြင့်၊ ကြ ကြာ စသည်ဖြင့်၊ ပြီးနောက် ကွ ကွာ စသည်ဖြင့် ဗျည်းတွဲစဉ် အဆုံးဖြစ်သော ကြွှ ကြွှာ အထိတိုင် မှတ်စုအချက်များရှိလျှင် ရှိသည့်အတိုင်း စဉ်ထားပါသည်။

၉ သတ်ပုံကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီး ဌာန၊ မြန်မာစာအဖွဲ့၏ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို ကြည့်ရှု အသုံးပြုပါသည်။

၁၀ သုတ်တော်များကို ရှာရာ၌ ဘဒ္ဒန္တခန္တီဓမ္မ ပြုစုသော ပိဋကတ္တယ ဂဝေသက ကျမ်းတွင် ရှာကြည့်ပြီးမှ သက်ဆိုင်ရာ ပါဠိတော်ကျမ်း၊ မြန်မာပြန်ကျမ်းများကို ကြည့်ပါ သည်။

၁၁ ဤစာအုပ်တွင် **အတိုကောက်** စာလုံး ၉လုံး အသုံးပြုထားပါသည်။ ၎င်းတို့မှာ -

၁ ခု = ခုဒ္ဒကနိကာယ်၊

၂ ဋီ = ဋီကာ၊

၃ ဋ္ဌ = အဋ္ဌကထာ၊

၄ ဒီ = ဒီဃနိကာယ်၊

၅ မ = မဇ္ဈိမနိကာယ်၊

၆ ဝိ = ဝိနည်းပိဋကတ်၊

၇ သံ = သံယုတ္တနိကာယ်၊

၈ အဘိ = အဘိဓမ္မာပိဋကတ်၊

၉ အံ = အင်္ဂုတ္တရနိကာယ်တို့ ဖြစ်သည်။

၁၂ အမှားတစုံတရာ တွေ့ရှိပါလျှင် ထိုအမှားသည် ဘုရားတပည့်တော် / ဦးဇင်း၏ မေ့လျော့ ပေါ့တန်မှု၊ ချွတ်ချော်တိမ်းပါးမှု၊ မနိုင်းယှဉ် မချိန်ဆမှုတို့ကြောင့်သာ ဖြစ်ပါသည်။ ပြင်ဆင်ဖြည့်စွက်၍ နားလည်ခွင့်လွှတ်တော်မူကြပါရန် တောင်းပန် လျှောက်ထားအပ်ပါသည် အရှင်မြတ်တို့ဘုရား / ဒကာ ဒကာမတို့။

၁၃ ဤစာအုပ်နှင့်ပတ်သက်၍ ဘုရားတပည့်တော်ကို ဆုံးမစကား မိန့်မြွက် လိုပါလျှင် / ဦးဇင်းကို ပြောပြ လျှောက်ထားလိုပါလျှင် ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေသည့် ဂုဏ်သီရိ ပုံနှိပ်တိုက်သို့ ဆက်သွယ်၍ မိန့်ကြား / လျှောက်ထားပါက တပည့်တော်ထံ / ဦးဇင်းထံ ရောက်ပါလိမ့်မည်။ ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ရန်ရှိသည် / ဖြစ်သင့်သည်များ ရှိပါလျှင်လည်း ဤပုံနှိပ်တိုက်သို့ပင် ဆက်သွယ်၍ ဆန္ဒရှိသလို၊ ဖြစ်ထိုက်သလို အကြံပြု ဆောင်ရွက်ပါရန် ဖြစ်ပါသည် အရှင်မြတ်တို့ဘုရား / ဒကာ ဒကာမတို့။

## ၃။ ကတညုကတဝေဒီ ကျေးဇူးစကား

ဤစာအုပ်ကို ရေးသားလိုသောဆန္ဒ စတင်သန္ဓေတည်ခဲ့ရာ မဇ္ဈိမရံသီမိုးကုတ်ဝိပဿနာ ကျောင်းတိုက်များ၏ ပဓါနနာယကချုပ်ဖြစ်တော်မူသော, ဘုရားတပည့်တော်၏ ဥပဇ္ဈာယ်ဆရာတော် ဦးသုနန္ဒသည်၎င်း၊ စတင် စုစည်းရေးသားခွင့်ရခဲ့သော ရွာသစ်ကြီးပရိယတ္တိစာသင်တိုက်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနား၊ နေပြည်တော်မှ ပဓါနနာယကဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတော် ဦးနန္ဒိယတို့သည်၎င်း၊ ဆက်လက်ရေးသားရန် အခြေအနေအရပ်ရပ်ကို ခွင့်ပေးသနားတော်မူခဲ့ကြသော ဝမ်းတွင်းမြို့နယ် ကျောက်ဆင်တောရ နာယကချုပ် မေတ္တာဝါဒီဆရာတော် ဦးကောဝိဒသည်၎င်း၊ မလှိုင်မြို့နယ် မြောက်လည်တောရဆရာတော် ဦးပညာသီရိသည်၎င်း၊ ရမည်းသင်းမြို့နယ် ရွှေဒါးတောရ ဆရာတော် ဦးကောသလ္လ၊ ဆရာတော်ဦးဇာဂရနှင့် တရားပုဒ်တော်များကို စုစည်းရေးမှတ်နေစဉ် သိလိုသမျှ, မေးသမျှ, မရှင်းလင်းသည်တို့ကို သေချာစွာ ဖြေကြားရှင်းလင်း ပြောပြ ဟောကြားတော်မူခဲ့သော အရှင်ဝေပုလ္လာဇေညတို့သည်၎င်း၊ ဆက်လက်ရေးသားကာ စာအုပ်ဖြစ်ပေါ်လာသည်အထိ ကူညီလမ်းညွှန် ဩဝါဒပေးတော်မူခဲ့သော ရမည်းသင်းမြို့နယ် နဘူးကျောင်းရန်ကင်းတောရ ရန်ကုန် ဆရာတော်ဘုရားကြီးနှင့် ပိဋကတ္တယ ဂဝေသကကျမ်းကို ချီးမြှင့်ကူညီခဲ့သော နဘူးကျောင်းရန်ကင်းတောရမှ ဆရာတော်ဦးခန္တီဓမ္မတို့သည်၎င်း၊ သမ္မောဓနီယကထာ ရေးသားချီးမြှင့်ပေးသနားတော်မူသော ရမည်းသင်းမြို့နယ် မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးသည်၎င်း ဘုရားတပည့်တော်အပေါ်၌ ကြီးမားလှစွာသော ကျေးဇူးတရားမွန် တရားမြတ်များ ရှိကြသူများ ဖြစ်တော်မူကြကြောင်း ရိုသေလေးမြတ်စွာဖြင့် မှတ်တမ်းတင် ဦးနှိမ်ချဂါရဝပြုအပ်ပါသည်။

ဤစာအုပ် ပြီးစီးအောင်မြောက် ဖြစ်ထွန်းပေါ်ပေါက်လာရေးအလို့ငှါ ကာယစိတ္တနှစ်ဖြာ ဝိုင်း၍ဝန်းကာ လှူဒါန်းကူညီ ပံ့ပိုးစောင်မကြသော ရဟန်းသံဃာ လူသူပုဂ္ဂိုလ် ပစ္စည်းလေးပါး ဒါယကာ, ဒါယိကာများ၊ ဥပါ  သကာ, ဥပါသိကာများ၊ ကပ္ပိယကာရကအပေါင်း၊ ဂုဏ်သီရိပုံနှိပ်တိုက် အပါအဝင်တို့အား ကျေးဇူးကြီးကြသူများ ဖြစ်ပေသည်ဟူ၍ ဘုရားတပည့်တော် / ဦးဇင်း ဝမ်းမြောက်သာဓု အသိအမှတ်ပြု ဖေါ်ပြအပ်ပါသည်။

## ၄။ ခွင့်ပြုစကား

အထက်ပါ ပဏ္ဍာမအချီးစကားလွှာတွင် ဖော်ပြခဲ့သည့်အတိုင်း ဤစာအုပ်သည် ဓမ္မဒါနစာအုပ် ဖြစ်ပါသဖြင့် မည်သူမဆို မည်သည့်အပိုင်း / အပိုဒ်ကိုမဆို ကူးယူခြင်းမှစ၍ မည်သည့်အမှုမျိုးကိုမဆို လိုအပ်သလို အသုံးပြုနိုင်ပါကြောင်း ချွင်းချက်မရှိ လိုက်လှဲစွာ ဖြင့် ခွင့်ပြုအပ်ပါသည်။

## ၅။ ဆုတောင်းပတ္ထနာ

ဤစာအုပ်ကို ရေးသားရန် စတင်ကြံရွယ်သည်မှသည် စာအုပ်ဟူ၍ ဖြစ်ပေါ်လာပြီး နောက် ရည်ရွယ်ရင်းအတိုင်း ဖြန့်ဝေနိုင်သည့်တိုင် စေတနာသုံးတန် ပြဋ္ဌာန်းလျက် ပြုအပ်သမျှသော ကာယကံ၊ ဝစီကံ၊ မနောကံ တို့ကြောင့်-

ဘုရားတပည့်တော် အဝင်အပါ ပံ့ပိုးကူညီ လှူဒါန်းကြသူများ၊ အားလုံးသော မြန်မာပြည်သူပြည် သားများ နှင့် ဤကမ္ဘာသူကမ္ဘာသားများတို့သည်-

ယခုမျက်မှောက်ဘဝ၌ငင်း၊ သံသရာ၌ငင်း ချမ်းသာကြရပါစေ၊ ဆင်းရဲကင်းကြရ ပါစေ။ တွယ်တာ ကပ်ငြိခြင်းတဏှာ ကုန်ခန်းခြင်းကြောင့် ဆင်းရဲဒုက္ခဟူသမျှ ချုပ်ငြိမ်းရာ၊ မအို, မနာ, မသေရာ၊ အမြတ်ဆုံးသော နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါ ကြောင်းဖြင့် အသီးသီး အသက အသက ပန်ဆင်အပ်သော အဓိက ဆုထူးဆုမြတ်တို့ သည် အခြံအရံ ဆုထူးမွန်များနှင့်တကွ လိုလားတောင့်တသည့်အတိုင်း ပြည့်စုံကြ ရပါစေသတည်း။

အရှင်သုဇန

MBBS (Yangon), FRACGP (Australia), MMedSc (Pretoria, South Africa),

MSc (Edinburgh, Scotland UK), DHSM (Durban, South Africa)

မင်းကွန်းတောရကျောင်းတိုက်၊

၃၉ အင်းယားမြိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့။

၆။ **ကျမ်းကိုးစာရင်း** - ၆၂ = (ကျမ်း ၅၃ + အမ်ပီသရီး ၇ + အင်တာနက် ၂)

၁ ကျီးသဲလေးထပ်ဆရာတော်ကြီး - ဇိနတ္ထပကာသနီကျမ်း။

၂ ခန္တီးဆရာတော်ကြီး - စက်ဖြတ်ဝိပဿနာကျမ်း။

၃ စိန္တာမဏိဦးချစ်မောင် - ဗုဒ္ဓဘာသာဆိုင်ရာ အထွေထွေဗဟုသုတ မာတိကာကျမ်း။

၄ စိန်ရတနာပရိယတ္တိစာသင်တိုက်၊ ရန်ကုန်မြို့ - **ဗုဒ္ဓစေတမန် ပိဋကတ်သုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ နိဿယအစုံ (ဆော့ဝဲ)** ။

၅ တည်တောဆရာတော်ကြီး - ယနေ့ဗုဒ္ဓဝါဒအမေးအဖြေများ၊ အမှတ် (၁) မှ အမှတ် (၆) ။

၆ ဒုတိယမဲထီးဆရာတော် - မာလာလင်္ကာရဝတ္ထုတော်ကြီး။

၇ ဓမ္မနန္ဒထေရ် - တထာဂတုပ္ပတ္တိကျမ်း။

၈ ဓမ္မပိယဆရာတော် - မဃဒေဝလင်္ကာအဖြေကျမ်း။

၉ ။ ။ - သံဃာကိုအပြစ်မတင်မိပါစေနှင့်။

၁၀ ဓမ္မဗိမာန် - **ပိဋကသုံးပုံသရုပ်စုံအဘိဓါန်**။

၁၁ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ နဝမဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ - ပဋ္ဌာန်းတရားတော်။

၁၂ နှစ်ဖက်လှဦးကျော်လွင် - အလင်းပြပရိတ်ကြီး။

၁၃ ပြာသာဒ်ကျောင်းမှ - ဓမ္မပဒ အဋ္ဌကထာနိဿယ။

၁၄ ပြည်ထောင်စုမြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့ - **တိပိဋကမြန်မာအဘိဓါန်** - ၂၃ အုပ်။

၁၅ ဖျာပုံတိုက်သစ်ဆရာတော်၊ ဦးသြဘာသာဘိဝံသ - စွန်းလွန်းဝိပဿနာအမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း။

၁၆ ။ ။ ။ (အရှင်သြဘာသာဘိဝံသ) - သုတေသနသရုပ်ပြအဘိဓါန်။

၁၇ ဘုံကျော်မှ - ဓါတုကထာ ပါဠိတော်နိဿယ။

၁၈ ဘဒ္ဒန္တခန္တီဓမ္မ - ပိဋကတ္တယ ဂဝေသကကျမ်း။

၁၉ ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဘုရားဖြူကျောင်းတိုက် - ဗျာကိဏ္ဏမှတ်စု။

၂၀ ဘဒ္ဒန္တဝိစက္ခဏ - သုတရတနာမှတ်စုပဒေသာ။

၂၁ ဘဒ္ဒန္တသုစိတ္တာဘိဝံသ - လူတိုင်းအတွက် လက်တွေ့အသုံးချအဘိဓမ္မာ ကောက်နုတ်ချက်။

၂၂ မလက်တိုဂူကုန်းဆရာတော်ကြီး - ဂူကုန်းဝိဝါဒဝိနိစ္ဆယဒီပနီကျမ်း ၁ နှင့် ၂။

၂၃ မဟာဂန္ဓာရုံဆရာတော်၊ အရှင်ဇနကာဘိဝံသ - ကစ္စည်းဘာသာဋီကာ။

၂၄ ။ ။ ။ပရိတ်ပါဠိ ပရိတ်ကြီးနိဿယနှင့်ပရိတ်တရားတော်များ။

၂၅ မဟာစည်ဆရာတော်ကြီး - ဝိပဿနာရှုနည်းအနှစ်ချုပ်။

၂၆ မိုးကုတ်အရှင်ဉာဏုတ္တရ၊ ရွှေမြင်တင်ရိပ်သာ - ကျမ်းမာချမ်းသာဝမ်းသာ ဓမ္မာနုပဿနာတရား တော်များ။

၂၇ ။ ။ ။ - ဓမ္မာနုပဿနာရှုမခက်ပါ။

၂၈ မိုးထိအရှင်ဇာဂရ - **ပါဠိတော် အဋ္ဌကထာနိဿယ**။

၂၉ မင်္ဂလာဘုံကျော်ညောင်ကန်ဆရာတော်ကြီး - ငါးရာငါးဆယ်ဇာတ်ဝတ္ထု၊ ပဌမတွဲ မှ ပဥ္စမတွဲ။

၃၀ မင်းကွန်းတိပိဋကဆရာတော်ကြီး - မဟာဗုဒ္ဓဝင်၊ ပဌမတွဲ မှ ဆဋ္ဌတွဲ။

၃၁ ။ ။ ။ - ဟောစဉ်ဇာတ်ကြီးဆယ်ဘွဲ့စာအုပ်များ။

၃၂ မြန်မာစာအဖွဲ့ - မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း။

၃၃ ။ ။ - မြန်မာအဘိဓါန်။

၃၄ လယ်တီဆရာတော်ကြီး - ဝိနယသံခိပ်အဖြေကျမ်း။

၃၅ ။ ။ - အာနာပါနဒီပနီ။

၃၆ လှရတနာဆရာတော်ဘဒ္ဒန္တနာရဒါဘိဝံသ - ဗုဒ္ဓခြေတော်ရာဘုရားရှိခိုးများ။

၃၇ သာမဏေကျော် - ပိဋကတ်တော်လာသိမှတ်စရာ။

၃၈ သာသနာရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန
- ပိဋကတ်မြန်မာပြန်ကျမ်းများ။

၃၉ ။ ။ ။ - ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ ပဌမတွဲ နှင့် ဒုတိယတွဲ။

၄၀ ။ ။ ။ - သာသနာ့ရောင်ခြည်။

၄၁ သုခ - သုခမှတ်စု။

၄၂ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒမာလာဘိဝံသ - မဟာသတိပဋ္ဌာနသုတ်အနှစ်ချုပ်။

၄၃ ။ ။ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ -
ဟောစဉ်တရားတော်များစာအုပ်များ။

၄၄ အမျိုးသားပညာဝန်ဦးဖိုးကျား- ငါးရာငါးဆယ်ကောက်နှုတ်ချက်များ၊ ပထမပိုင်း
နှင့် တတိယပိုင်း။

၄၅ အရှင်ဓမ္မိဿရာမီဘိဝံသ - ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး။

၄၆ အရှင်နန္ဒမေဓာ - **ပါဠိတော် အဋ္ဌကထာနိဿယ။**

၄၇ ဦးကံညွန့် - နိဗ္ဗာန်ရောက်ကြောင်းအနှစ်ချုပ်။

၄၈ ဦးခင်မောင်ကြီး၊ ရန်ကုန်တက္ကသိုလ် - ဓမ္မပဒအဆုံးအမများ၊
ပါဠိ မြန်မာ အင်္ဂလိပ်။

၄၉ ။ ။ ။ - ပန်းရွှေပြည်ဇာတ်တော်ကြီးဆယ်ဘွဲ့ပေါင်းချုပ်။

၅၀ ဦးဃောသိတ - မိုးကုတ်ဆရာတော်ဘုရား၏တဘဝသာသနာ။

၅၁ ဦးဟုတ်စိန် - **ပဒတ္ထမဉ္ဇူသာပါဠိမြန်မာအဘိဓါန်။**

၅၂ ဦးအောင်ညွန့်ဝင်း - ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်။

၅၃ ။ ။ - နိပါတ်တော်လာ ငါးရာ့ငါးဆယ်အနှစ်ချုပ်။

အမ်ပီသရီး တရားတော်များ

၅၄ ပါမောက္ခချုပ်ဆရာတော်၊ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ -
အမ်ပီသရီးဟောစဉ် တရားတော်များ။

၅၅ မင်းကွန်းတိပိဋကဆရာတော်ကြီး- ချိန်ခွင်ကြီးလေးလက်တရားတော်။

၅၆ ။ ။ ။ - ဆင္ဌသံဂါယနာတင်အမေးအဖြေ
တရားတော်များ။

၅၇ ။ ။ ။ - မေတ္တာဘာဝနာတရားတော်။

၅၈ ။ ။ ။ - ဟောစဉ်ဇာတ်ကြီးဆယ်ဘွဲ့တရားတော်များ။

၅၉ ။ ။ ။ - ဟောစဉ်တရားတော်များ။

၆၀ အရှင်ပညာသီဟာဘိဝံသ (တရားဦးဓမ္မစကြာ)
- အမ်ပီသရီးဟောစဉ်တရားတော်များ။

အင်တာနက်

၆၁ ဘဒ္ဒန္တဝါယမသာရဝက်ဆိုက် - ဒဗလျူ ဒဗလျူ ဒဗလျူ. မော်လူး. ကွမ်။

၆၂ အရှင်ဝိမလ - ထေရဝါဒဗုဒ္ဓဘာသာမြတ်နိုးသူများဆုံဆည်းရာ
ဖေ့ဘုတ်စာမျက်နှာ။

က

၁ ကစားစရာ ယမင်းမြေညက်ရုပ်ကလေး ကျကွဲသွားသဖြင့် ဘုရားရှင်နှင့် သံဃာ၅၀၀အား ဆွမ်းကပ်လှူ၍ ဘုရားရှင် အနုမောဒနာတရား ဟောကြားခြင်း။

(ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - အနုမောဒနာတရားများ - အနက်မှ - ကစားစရာ ......) - တွင် ကြည့်ပါ။

၂ ကထာဝတ္ထု - ကောင်းစွာဟောအပ်သော စကား၊ ကထာဝတ္ထု ၁၀ပါး (ဝေဒလ္လသုတ်အဖွင့်၊ မ။ မူလပဏ္ဏာသ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ။ အရှင်မန္တာဏိပုတ္တပုဏ္ဏမထေရ်အကြောင်း၊ ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဥဒါန်း ဋ္ဌ)

အရှင်မန္တာဏိပုတ္တပုဏ္ဏမထေရ်သည် ဤတရား၁၀ပါးကို ကိုယ်တိုင်လည်းကျင့်သုံး၊ အမျိုးကောင်းသား ရဟန်း ၅၀၀တို့လည်း လိုက်နာကျင့်သုံးကြ၏။

၁ အပိစ္ဆကထာ- အလိုနည်းမှု (နှင့် စပ်သောတရားစကား)၊ ၂ သန္တုဋ္ဌိကထာ- ရောင့်ရဲလွယ်မှု (...)၊ ၃ ပဝိဝေကကထာ- ဆိတ်ငြိမ်မှု (...)၊ ၄ အသံသဂ္ဂကထာ- နှီးနှောရောပြွမ်းမှုမှ ကင်းခြင်း (...)၊ ၅ ဝီရိယာရမ္ဘကထာ- ဝီရိယ (...)၊ ၆ သီလကထာ- သီလ (...)၊ ၇ သမာဓိကထာ- သမာဓိ (...)၊ ၈ ပညာကထာ- ပညာ (...)၊ ၉ ဝိမုတ္တိကထာ- အရဟတ္တဖိုလ် (...)၊ ၁၀ ဝိမုတ္တိဉာဏဒဿနကထာ- ပစ္စဝေက္ခဏာ (...)။

၃ ကထိန်အကျိုး ၂၈

<u>၁။ ရဟန်းတို့ရရှိသော ကထိန်အကျိုး ၅ပါး</u> (ကထိနက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ဝိ။ ကထိနတ္ထာရဝဂ်၊ ဥပါလိပဥ္စက၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ပါဝေယျကတိုင်းသား ရဟန်း၃၀ စုတင်၄ပါး ဆောင်-အာရညကင်၊ ပိဏ္ဍပါတ်၊ ပံသုကူ၊ တိစီဝရိက်၊ ဘုရားဖူးရန် သာဝတ္ထိသို့ လာကြ၊ ဝါဆိုနေ့ မမှီ၊ ခရီးအကြားသာကေတမြို့၌ ဝါကပ်၊ ဝါကျွတ်သော် ဘုရားဖူးရန် ဘုရားရှိရာသို့ ဆက်လာကြ၊ မိုးကြီးရွာ၊ ရေဖြင့်ပြည့်သော သင်္ကန်းတို့ဖြင့် ပင်ပန်းသော သဘောရှိကြ၊ ဘုရားရှင် ကထိန်ခင်းရန် ခွင့်ပြု။

၁ ထင်ရှားရှိသောရဟန်းကို မပန်ကြားပဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊

၂ တိစီဝရိက် အဓိဋ္ဌာန်တင်သော သင်္ကန်းကိုမယူပဲ သွားနိုင်ခြင်း၊

၃ ဂဏဘောဇဉ် (၄ပါးထက်ပိုလွန်သော ရဟန်းကို သာသနာသုံးစကားနှင့် မသင့်သော ပင့်ဖိတ်ခြင်းဖြင့် ပင့်ဖိတ်ထားသောဆွမ်း) ကို စားနိုင်ခြင်း၊

၄ အလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုသော သင်္ကန်းကို ဆောင်နိုင်ခြင်း၊

၅ ကထိန်ခင်းသောကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသောရဟန်းတို့အား ဖြစ်ရခြင်း။

**၂။ လူတို့ရရှိသော ကထိန်အကျိုး ၅ပါး** (အရှင်ပညာသီဟာဘိဝံသ (တရားဦးဓမ္မစကြာ) - အမ်ပီသရီး ဟောစဉ်တရားတော်များ)

၁ နောင်ဖွဲ့လွတ်မြောက်၊ ၂ မပျောက်ဥစ္စာ၊ ၃ အစာဆိပ်ကင်း၊ ၄ စိုးမင်းပိုင်သ၊ **၅** လိုတိုင်းရ သည်၊ ငါးဝကထိန်၊ လှူကျိုးတည်း။

၄ **ကလေးသူငယ် ရဟန္တာများ** <u>၃၄ ပါး</u> (၄နှစ်သား ၁ + ၅နှစ်သား ၃ + ၇နှစ်သား ၂၆ + တေရီမ ၄ = ၃၄ပါး)

<u>၄နှစ်သား ရဟန္တာ ၁ ပါး</u>။

**၁** ကောဒိပိယတ္ထေရအပဒါန်၊ ဘဒ္ဒါလိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

<u>၉၄ကမ္ဘာ</u>ထက်က သိဒ္ဓတ္ထမြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူသောအခါ အလောင်းတော်ကို နံ့သာထင်းပုံ ထက်တင်၍ ပူဇော်ကြ၊ ဆီမီးတတိုင်ကို ပူဇော်ခဲ့၊ နေထွက်သည့်တိုင် တောက်ပ၊ သေလွန်သော် တာဝတိံသာ နတ်ပြည်၌ ငါ၏ဗိမာန်သည် ကောဒိပိဗိမာန်ဟု ထင်ရှား၏၊ ဆီမီးတသိန်း တောက်ပ၏၊ ကိုယ်အလင်းရောင် တောက်ပ၏၊ ယူဇနာ ၁၀၀တိုင် နံရံ ကျောက်တောင် တောင်တို့ကို ကျော်၍ မျက်စိဖြင့်မြင်။

နောက်ဆုံးဘဝဝယ် အမိဝမ်း၌ဖြစ်သော် မျက်စိမမှိတ်၊ ၄နှစ်သားအရွယ်တွင် ရဟန်းပြု လခွဲ မရောက်မီ အရဟတ္တဖိုလ်သို့ရောက်၊ ဒိဗ္ဗစက္ခုဉာဏ်ကို စင်ကြယ်စေခဲ့၏၊ ဆီမီးတတိုင် လှူရကျိုးတည်း၊ ငါ့၌ အမိုက်မှောင် မရှိ၊ အမိုက်မှောင်ကို မမြင်ရ။

<u>၅နှစ်သား ရဟန္တာ ၃ ပါး</u>။

၁/၂ စန္ဒနမာလိယတ္ထေရအပဒါန်၊ ပံသုကူလဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

<u>ကမ္ဘာ၃သောင်း</u>ထက်က သုမေဓာမြတ်စွာဘုရား ပွင့်တော်မူသောအခါ အရှင်စန္ဒနမာလိယထေရ် အလောင်း သည် ကုဋေ ၈၀သောဥစ္စာကိုစွန့်၍ ရသေ့ပြု၊ တယောက်တည်းနေသော ထိုရသေ့၏ နေရာမြစ်ကမ်းသို့ ဘုရားရှင်ကြွလာသော် သစ်နက်ရေဖြန့်ခင်း၍ နေရာပေးလှူ၊ သရက်သီးစွတ်၍ ကပ်လှူ၊ အင်ကြင်းပန်းတို့ဖြင့် ပူဇော်၍ ကြည်လင်ဝမ်းမြောက်သောစိတ် ပြန့်ပြောသောပီတိတို့ဖြင့် စန္ဒကူးကို လိမ်းကျံပူဇော်ခဲ့၏၊ လူ့ခန္ဓာ ကိုစွန့်သော် တာဝတိံသာနတ်ပြည်သို့ ရောက်။

နောက်ဆုံးဘဝ၌ ဗြဟ္မဏမျိုး၌ဖြစ်၍ ၅နှစ်မျှဖြင့် ရဟန်းဘောင်သို့ဝင်ရောက်၊ ဆံချသည်နှင့် အရဟတ္တဖိုလ်သို့ရောက်၏။

၂/၃ ပဉ္စသီလသမာဒါနိယတ္ထေရအပဒါန်၊ သုဘူတိဝဂ်၊ ထေရပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

<u>တသင်္ချေနှင့် ကမ္ဘာတသိန်း</u>ထက်က ပဉ္စသီလသမာဒါနိယမထေရ်အလောင်းသည် ဆင်းရဲသော သူတပါးအမှု ကိုပြုရသော သူခစားဖြစ်ခဲ့၊ အနောမဒဿီမြတ်စွာဘုရား၏ တပည့်သာဝက နိသဘမထေရ်ထံ၌ ၅ပါးသော သိက္ခာပုဒ်တော်ကို ခံယူ၍ အနှစ်တသိန်းလုံး ဆောက်တည်ခဲ့။

နောက်ဆုံးဘဝ၌ ဝေသာလီပြည်ဝယ် အလွန်ကြွယ်ဝသော မဟာသာလမျိုး၌ဖြစ်၊ ဝါဆိုခါနီး၌ မိဘ ၂ပါး ၅ပါးသီလ ခံယူဆောက်တည်စဉ် သီလကထာကြားသည်နှင့်တပြိုင်နက် မိမိအမှတ်ရ အောက်မေ့၍ တထိုင်တည်းဖြင့် ၅နှစ်သားသာရှိသေးလျက် သီလအခြေခံ၍ ဝိပဿနာပွားကာ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာဖြစ်၊ မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကျေးဇူးကို သိတော်မူ၍ ရဟန်းပြုတော်မူ၏။

၃/၄ ပဒုမထေရ် (ပဒုမတ္ထေရအပဒါန်၊ ဗီဇနိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အပဒါ န ၄)

ကမ္ဘာတသိန်းထက်က ပဒုမထေရ်အလောင်းသည် ပဒုမုတ္တရဘုရားရှင်အား တံခွန်နှင့်တကွ ပဒုမ္မာကြာတို့ကို ကုလ လေးတာ ၂၅၀ တကောသဝက်ရှိသောနေရာ၌ ရပ်ထည်လျက် ကောင်းကင်၌ ပစ်တင်မြှောက်လှူခဲ့၏၊ ဘုရားရှင်လက်တော်မြတ်ဖြင့် ကိုင်ယူ အလှူခံတော်မူ၏၊ ၅နှစ်သားသာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်၏။

၇နှစ်သား ရဟန္တာ ၂၆ ပါး။

၁/၅ ခဒိရရေဝတသာမဏေ - (တေဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁၄ အရှင်ခဒိရဝနိယရေဝတ) - ကိုကြည့်ပါ။

၂/၆ စုန္ဒသာမဏေ (ဒေဝေါရောဟနဝတ္ထု၊ ဗုဒ္ဓဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ကဏ္ဍာဥယျာဉ်စောင့်၏ သရက်ပင်ရင်း၌ ရေမီးအစုံတည်းဟူသော တန်ခိုးပြာဋိဟာကို ၃၆ယူဇနာရှိသော စဝေးလာပရိသတ်တို့ကို ပြအံ့သောအခါ ထိုသူထိုသူတို့၏ဂုဏ်ကို ထင်စိမ့်သောငှါ တန်ခိုးပြအံ့ သူတို့ကို မေး၏၊ ဦးစွာ တန်ခိုးနှင့်ပြည့်စုံသော အနာဂါမ်ဃရဏီ ဥပါသိကာမ၊ နောက် အနာဂါမ် စူဠအနာထပိဏ်၊ စီရသာမဏေမတို့ လျှောက်ထားသည်များကို ဘုရားရှင်ပယ်တော်မူပြီးသည့်နောက် အသက် ၇နှစ်သာရှိသေးသော ပဋိသမ္ဘိဒါပတ္တစုန္ဒသာမဏေက လျှောက်ထားခွင့်တောင်း၏။

အဘယ်သို့ပြအံ့နည်းဟု ဘုရားရှင်ကမေးရာ ဤဇမ္ဗူဒီပါကျွန်း၏ တံခွန်သဖွယ်ဖြစ်သော ဇမ္ဗူသပြေပင်ကြီးကို ပခုံး၌ထမ်းယူ၍လှုပ်ပြီး ဇမ္ဗူသပြေသီးကြီးများကို ခြွေဆွတ်ယူဆောင်လျက် ဤပရိသတ်ကို စားစေပါမည်၊ ပင်လယ်ကသစ်ပွင့်တို့ကိုလည်း ယူဆောင်၍ အရှင်မြတ်ဘုရားကို ရှိခိုးလာပါမည်ဟု ဖြေကြား လျှောက်ထား၏၊ ဘုရားရှင်လည်း ရှေးနည်းတူ သင်၏အစွမ်းကို ငါသိ၏၊ ဤပရိသတ်သည် သင်၏အကျိုးငှါ ဖွဲ့စည်းအပ်သည်မဟုတ်ဟု မိန့်၍ ပယ်တော်မူ၏။

၃/၇ ဉာဏထဝိကတ္ထေရအပဒါန်၊ ပံသုကူလဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာ၃သောင်းထက်က သုမေဓါမြတ်စွာဘုရား ပွင့်တော်မူသော် အရှင်ဉာဏထဝိကထေရ် အလောင်းဖြစ်သော ဟိမဝန္တာနေရသေ့သည် မသိသေး၊ ရသေ့ပရိက္ခရာဝန်ကိုယူ၍ စန္ဒဝတီမြို့သို့ ရောက်သောအခါ လူအပေါင်းကို နိဗ္ဗာန်သို့ပို့ဆောင်သော အမြိုက်တရားတော်ကို ဟောကြားတော်မူနေသော ဘုရားရှင်ကို တွေ့၊ မြတ်စွာဘုရား၏ ဉာဏ်တော်ကို အထူးကြည်လင်သောစိတ်ဖြင့် ချီးကျူးခဲ့၏။

ယခုဘဝတွင် မွေးဖွားသည်မှ ၇နှစ်မျှဖြင့် အိမ်မှထွက်၍ ကြောင့်ကြမရှိပဲ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၏။

၄/၈ တိကဏိကာရပုပ္ဖိယတ္ထေရအပဒါန်၊ ကဏိကာရဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာ၃သောင်းထက်က သုမေဓါမြတ်စွာဘုရားသည် ဟိမဝန္တာသို့ ဝင်တော်မူ၏၊ ငါသည် ကောင်းကင်၌ သွားနိုင်သော ဝိဇ္ဇာဓိုရ်ဖြစ်ခဲ့၊ ဘုရားရှင်၏ရောင်ခြည်တော်တို့သည် တောဖျားမှထွက်၍ ပြိုးပြိုးပြက်ပြေးသွားကုန်၏၊ ဤသည်ကိုဖူးမြင်ရ၍ စိတ်ကိုကြည်လင်စေခဲ့၏၊ ငါသည် နတ်ပန်းရနံ့ရှိသော မဟာလှေကားပန်း ၃ပွင့်ကိုယူ၍ ဘုရားရှင်အား ပူဇော်ခဲ့၊ အထက်၌အညွှာ အောက်၌ပွင့်ချပ်ရှိလျက် မြတ်စွာဘုရားအား အရိပ်ကိုပြု၏၊ လူ့ခန္ဓာကိုယ်ကိုစွန့်သော် တာဝတိံသာနတ်ပြည်သို့ ရောက်၏။

ယခုဘဝ၌ သာဝတ္ထိပြည် မဟာသာလမျိုး၌ဖြစ်၊ ၇နှစ်ဖြင့်ပင် ရဟန်းဘောင်သို့ဝင်ကာ အရဟတ္တဖိုလ်သို့ ရောက်၏၊ မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကိုသိ၍ ရဟန်းခံပေးတော်မူ၏။

၅/၉ တိသရဏာဂမနိယတ္ထေရအပဒါန်၊ သုဘူတိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

တသင်္ချေနှင့်ကမ္ဘာတသိန်းတက်က တိသရဏာဂမနိယမထေရ်အလောင်းသည် မျက်မမြင်မိဖတို့ကို လုပ်ကျွေးနေရ၍ ရဟန်းအဖြစ် မရ၊ အနောမဒဿီမြတ်စွာဘုရား၏ တပည့်သာဝက နိသဘမထေရ်အထံတွင် သရဏဂုံကို ခံယူဆောက်တည်ခဲ့၊ အနှစ်ထသိန်းပတ်လုံး ပြည့်စုံစွာ စောင့်ရှောက်ခဲ့၊ စုထေခါနီးသော် ထိုသရဏဂုံကုသိုလ်ကို အောက်မေ့၏၊ တာဝတိံသာနတ်ပြည်သို့ ရောက်၏။

အဆုံးဘဝ၌ သာဝတ္ထိပြည်ဝယ် အလွန်ကြွယ်ဝသော များစွာဥစ္စာအနှစ်ရှိသောအမျိုး၌ ဖြစ်၊ သူငယ်များခြံရံလျက် ရယ်ရွှင်မြူးထူးခြင်းတို့နှင့် ပြည့်စုံသည်ဖြစ်၍ သံဃာ့အရံသို့ ချဉ်းကပ်၊ ရဟန်းသည် ငါ့ကို သရဏဂုံ ပေးတော်မူ၏၊ ကြားနာရသည်နှင့် မိမိသရဏဂုံကို အမှတ်ရအောက်မေ့၏၊ ထနေရာထည်း၌ ထိုင်၍ ၇နှစ်သာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်၏၊ ဘုရားရှင်သည် ငါ၏ဂုဏ်ကျေးဇူးကို သိ၍ ရဟန်းပြုတော်မူ၏။

၆/၁၀ ဒဗ္ဗ- သစ်သား / နေဇာမြက်၊ ဒဗ္ဗမလ္လပုတ္တသာမဏေ - (ဇာတဒင်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၂၅ အရှင်ဒဗ္ဗ / မလ္လမင်း၏သား) - ကိုကြည့်ပါ။

၇/၁၁ ဓမ္မရုစိယတ္ထေရအပဒါန်၊ ပံသုကူလဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

၄အသင်္ချေနှင့်ကမ္ဘာတသိန်းထက်က ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဂေါတမမြတ်စွာဘုရားအလောင်းတော် သုမေဓါရသေ့ကို ဘုရားရှင်က ဗျာဒိတ်ပေးတော်မူ၏၊ အရှင်ဓမ္မရုစိယထေရ်အလောင်းသည် ထိုအခါ၌ ကောင်းစွာသင်အပ်သော အတတ်ရှိသော သောမေဃလုလင်ဖြစ်ခဲ့။

သုမေဓါရသေ့အား ဘုရားရှင်၏ ဗျာဒိတ်ပေးတော်မူသော အသံတော်ကို ကြားရ၍ငင်း၊ သုမေဓါရသေ့နှင့် အလွန်အကျွမ်းဝင်သည်ဖြစ်၍ငင်း သုမေဓါရသေ့နှင့် တကွအတူလိုက်၍ ရဟန်းပြုခဲ့၊ ပါတိမောက်သီလနှင့် ၅ပါးသောဣန္ဒြေတို့ကို စောင့်စည်း၍ စင်ကြယ်သော အသက်မွေးခြင်းရှိ၊ သတိဝီရိယနှင့် ပြည့်စုံပြီး ဘုရားအဆုံးအမတော်ကို လိုက်နာခဲ့၊ ယုတ်မာသောမိတ်ဆွေနှင့် ပေါင်းမိကာ မလျော်သောအကျင့်၌ တိုက်တွန်း၍ ကောင်းသောအကျင့်မှ လျောခဲ့၊ ယုတ်မာသောအကြံအစည်ကို လိုက်ခဲ့ပြီး သာသနာမှဖဲခွာ၊ ယုတ်မာသောတိုမိတ်ဆွေပင် တိုက်တွန်းအပ်သည်ဖြစ်၍ အမိကို သတ်ခဲ့၊ အဝီစိငရဲကြီးသို့ ရောက်၊ တိုအခါမှ စ၍ လုံ့လရှိသော လူတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်သော သုမေဓါရသေ့ကို မတွေ့ရတော့ပါ။

ဤကမ္ဘာတွင် သမုဒ္ဒရာ၌ တိမင်္ဂလငါးကြီးဖြစ်ခဲ့၊ လှေကိုမြင်၍ အစာရှာခြင်းငှာ ချဉ်းကပ်၊ ကုန်သည်တို့ကြောက်ကြ၍ ဘုရားမြတ်ကို အောက်မေ့ကြ၊ မြွက်ဆိုကြသော ဂေါတမဟူသော အသံကိုကြား၊ ရှေးကဖြစ်သော အမှတ်သညာကို အောက်မေ့။

သေလွန်သော် သာဝတ္ထိပြည်ဝယ် ကြွယ်ဝသောဗြာဟ္မဏဇာတ်၌ ဖြစ်၊ အလုံးစုံသော အကုသိုလ်ကို စက်ဆုပ်သူ- ဓမ္မရုစိမည်သူဖြစ်၊ ၇နှစ်သာရှိသော်လည်း ဘုရားရှင်ကို ဖူးမြင်ရ၍ ဇေတဝန်ကျောင်း၌ ရဟန်းဘောင် ဝင်ရောက်၊ ညဉ့်၌ငင်း နေ့၌ငင်း ၃ကြိမ် ဘုရားရှင်ထံ ဆည်းကပ်။

ဘုရားရှင်က "ဓမ္မရုစိ ကြာမြင့်ပြီ။" ဟု မိန့်၊ ထိုအခါ ငါသည် ဘုရားရှင်ကို ရှေးကံအကြောင်းရှိသော စကားကို လျှောက်ကြား၏။ "အရှင်ဘုရားကို မဖူးမြင်ရသည်မှာ ကြာပါပြီ၊ မနှိုင်းယှဉ်နိုင်သော ကိုယ်တော်ကို ဖူးမြင်ရပါ၏၊ ယခုဖူးမြင်ရခြင်းသည် ကောင်းသောဖူးမြင်ရခြင်း ဖြစ်ပါ၏၊ မောဟအမိုက်မှောင်ကို ကြာမြင့်စွာ ဖျက်ဆီးခဲ့ရပါ၏၊ စင်ကြယ်စွာ စောင့်အပ်သောသီလဖြင့် တဏှာမြစ်ကို ခြောက်သွေ့စေအပ်ပါပြီ၊ ဉာဏ်ဖြင့် ပြီးသောမျက်လုံးကို အညစ်အကြေးမရှိအောင် ကြာမြင့်စွာ သုတ်သင်ခဲ့ရပါ၏၊ ကာလကြာမြင့်စွာတုန်းက ပေါင်းဆုံခဲ့ရပါ၏၊ တဖန် ကွေကွင်းခဲ့ပြန်ပါ၏၊ ယခု ပေါင်းဆုံရပါ၏၊ မှန်ပါ၏၊ ပြုအပ်သောကံသည် မပျောက်ပျက်ပါကုန်။"

၈/၁၂ ဓမ္မသဝနိယတ္ထေရအပဒါန်၊ ဂန္ဓောဒကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူသောအခါ ဓမ္မသဝနိယထေရ်အလောင်းသည် ဆံကျစ်ရသေ့ဖြစ်၍ လျော်တေသင်္ကန်းကိုခါလျက် ကောင်းကင်၌သွားနေ၊ တခါသော် သွားခြင်းငှါမရ၊ ပုဂ္ဂိုလ်မြတ်ရှိတန်ရာ၏၊ သက်ဆင်း၍ရှာအံ့ဟု ရှာသော် မမြဲသောထရား အနိစ္စသညာကို ဟောကြားသော မြတ်စွာဘုရား၏အသံတော်ကိုကြား၍ တရားတော်ကို သင်ယူခဲ့၏၊ ထိုအနိစ္စသညာဖြင့် ကျောင်းသခ်မ်း၌ အသက်ထက်ဆုံး

နေပြီး တာဝတိံသာနတ်ပြည်သို့ရောက်၊ ဘဝတိုင်း၌ မမြဲသောအမှတ် / အနိစ္စသညာကိုသာလျှင် အောက်မေ့၏။

ယခုနောက်ဆုံးဘဝ၌ အဖအိမ်တွင် ဣန္ဒြေရှိသောရဟန်းသည် အမြဲမရှိသောအဖြစ်ကို ဂါထာဖြင့် ဟော၏၊ ထိုဂါထာကိုကြားသည်နှင့် တပြိုင်နက် ရှေးကပြုခဲ့သောကံကို အမှတ်ရခဲ့၏၊ ၇နှစ်သားသာ ရှိသေးလျက် တထိုင်တည်းဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်၏၊ မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကျေးဇူးကို သိတော်မူ၍ ရဟန်းပြုပေးတော်မူ၏။

၉/၁၃ နိဂ္ဂုဏ္ဍိပုပ္ဖိယတ္ထေရအပဒါန်၊ ဥမာပုပ္ဖိယဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က စုတေခါနီးဖြစ်သော ငါ့အား ကြင်နာသနား၍ ဝမ်းမြောက်သော အခြားနတ်တို့၏ အသံ၃သံမှ တသံဖြစ်သော လူ့ပြည်သို့သွားရန်အသံကို ကြား၍ ထိတ်လန့်ခြင်းသံဝေဂဖြစ်၏၊ ငါ့ထံသို့ ငါ ၏ သံဝေဂကိုသိသော သုမနမည်သော ပဒုမုတ္တရမြတ်စွာဘုရား၏ တပည့်သာဝကသည် ကြွလာ၍ ကြောင်းကျိုးဆုံးမသော တရားစကားကို ကြားနာရ၍ မြတ်စွာဘုရား၌ ကြည်လင်သောစိတ်ဖြင့် သေလွန်ခဲ့ပြီးနောက် လူ့ပြည်သို့ရောက်၏၊ ပဒုမုတ္တရမြတ်စွာဘုရား၏ မြတ်သောနေရာ၌ ကြောင်ပန်းပွင့်ပန်းကို ပူဇော်ခဲ့၏။

ယခုနောက်ဆုံးဘဝ၌ ကောသလမင်းကြီးအား အရှင်အာနန္ဒာဟောသောတရားကို ကြားနာရ၍ ငါသည် ၇နှစ်သားသာရှိသေးလျက် ရှေးကောင်းမှုကံကို အောက်မေ့၊ ထိုအရပ်၌ပင်တည်လျက် အရဟတ္တဖိုလ်သို့ ရောက်၏။

၁၀/၁၄ ပုလိနထူပိယတ္ထေရအပဒါန်၊ ကိင်္ကဏိပုပ္ဖဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

(မည်သည့်ကာလ၊ ကမ္ဘာဟုမပါ) ဟိမဝန္တာ ယမကတောင်၌ သစ်ရွက်မိုးကျောင်းဖြင့် နာရဒရသေ့- အရှင်ပုလိနထူပိယမတေရ်အလောင်းသည် တပည့်ပေါင်း တသောင်း၄ထောင်တို့ ခြံရံ၍နေ၊ လူအပေါင်းက ငါ့ကိုပူဇော်၊ ငါသည် တစုံတယောက်သောသူကိုမျှ မပူဇော်ရ၊ ပူဇော်ထိုက်သောဆရာ ရှာအံ့ဟု အကြံဖြစ်၊ သင်္ခမ်းကျောင်းအနီး အမရိကမြစ်ငယ်၌ တိမ်သောကမ်း ကောင်းသောရေဆိပ် စင်ကြယ်သောသဲတို့ဖြင့် ပြည့်စုံ၊ သဲတို့ကို ကြီးပွားစေလျက် သဲပုံစေတီ ပြု၊ မြတ်စွာဘုရားတို့၏ စေတီပုထိုးဟူသော အမှတ်နိမိတ်ကို ပြု၊ ရွှေအတိပြီးအောင် ဖန်ဆင်းခဲ့၊ ရွှေဆည်းလည်းပန်း ၃တောင်တို့ကို ပူဇော်ခဲ့၊ လက်အုပ်ချီလျက် ညဥ့်နံနက် ရှိခိုး၊ မျက်မှောက် သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ရှိခိုး၊ ကိလေသာတို့ကို ကြံစည်က စေတီပုထိုးကို ဆင်ခြင်သည်နှင့်တပြိုင်နက် စေတီပုထိုး၌ ရှိသေလေးစားမှုသည် ဖြစ်၍ ယုတ်မာသောအကြံအစည်ကို ပယ်နိုင်၏၊ သေသော် ဗြဟ္မာ့ပြည်၊ နောက် တာဝတိံသာနတ်ပြည်သို့ရောက်။

ယခုဘဝ၌ သာဝတ္ထိပြည် မဟာသာလမျိုး၌ဖြစ်၊ အမိအဖတို့သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြ၊ နိဗ္ဗာန်ကို မြင်ကြ၏၊ ဗောဓိပင်အပွေးကိုယူ၍ ရွှေပုထိုးစေတီပြုကာ ညဥ့် နံနက် ရှိခိုးကြ၊

ဥပုသ်နေ့၌ ရွှေပုထိုးစေတီကို ထုတ်၍ မြတ်စွာဘုရား၏ကျေးဇူးဂုဏ်ကို ချီးကျူးလျက် ညဥ့်ဥယံလွန်စေ၏၊ ငါသည် စေတီကိုဖူးမြင်ရ၍ သဲပုံစေတီကို အောက်မေ့၏၊ တခုသောနေရာ၌နေ၍ ၇နှစ်သာရှိလျက် အရဟတ္တဖိုလ်သို့ ရောက်၏၊ မြတ်စွာဘုရားကိုရှာသော် အရှင်သာရိပုတ္တရာကို ဖူးမြင်ရ၍ အရှင့်ထံ၌ ရဟန်းပြု၊ မြတ်စွာဘုရားသည် ငါ၏ဂုဏ်ကို သိ၍ ရဟန်းခံပေးတော်မူ၏။

၁၁/၁၅ ပဏ္ဍိတသာမဏေ - **မဟာဒုက်**ဖြစ်ခဲ့သူ (ပဏ္ဍိတသာမဏေဝတ္ထု၊ ပဏ္ဍိတဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထု တော်ကြီး၊ အရှင်ဓမ္မဿမိဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

<u>ကဿပဘုရားရှင်</u>လက်ထက်၌ ပဏ္ဍိတသာမဏေအလောင်းသည် အလွန်ဆင်းရဲ၍ မဟာဒုက်ဟုခေါ်၊ နိမ္မာန်ဆော်တို့ နှိုးဆော်သဖြင့် ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းဆက်ကပ်ရာ၌ တတ်နိုင်သည့် အရေအတွက်ဖြစ်သော သံဃာတပါး စာရင်းပေးထား၊ သို့သော် နိမ္မာန်ဆော်က စာရင်းမတင်ထား၊ လင်မယား ၂ဦးလုံး သူဌေးအိမ်တအိမ်တွင် ဆွမ်းကပ်ရန်အတွက် အားကြိုးမာန်တက် ပျော်တပြုံးပြုံးလုပ်ကြ ရာ သနား၍ သလေးဆန် ထောပတ် နို့ဓမ်းတို့ကိုပေး၊ ဟင်းရံအတွက် တံငါသည်ထဦးက သဲပြင်တွင်မြှုပ်ထား သော ငါးကြင်းတို့ကိုပေး၊ ဆွမ်းကပ်ရက်ရောက်သော် သိကြားမင်း လုလင်အသွင်ဖန်ဆင်း၍ မဟာဒုက်အိမ်၌ ယာဂုကြို၊ ဟင်းရံချက်၊ သံဃာအား သွားပင့်ရာ မဟာဒုက်ကို စာရင်းမတင်မိကြောင်းနှင့် ဘုရားရှင်အား လျှောက်ရန်ပြော၍ လာခဲ့ရာ မင်း အိမ်ရှေ့မင်း စစ်သူကြီး သူဌေးသူကြွယ်များ စောင့်နေသည်ကိုတွေ့ရ၊ ဘုရားရှင် ထွက်ကြွလာသောအခါ မဟာဒုက်အား သပိတ်ပေး၊ လူများက ရွှေငွေအမြောက်အများပေး၍ သပိတ်ကိုပေးစေရာ မဟာဒုက်က မပေး၊ ဘုရားရှင်အား ဆွမ်းကပ်၊ အနုမောဒနာတရားဟောပြီး ဘုရားရှင် ပြန်ကြွ၊ မဟာဒုက်၏အိမ်ခြံဝင်းအတွင်း ရွှေမိုးငွေမိုးရွာ၊ သူဌေးအရာပေး၍ သူဌေးဟောင်းတဦး၏ မြေနေရာ၌ အိမ်ဆောက်စေရာ နှုတ်ခမ်းချင်းထိ၍ ရွှေအိုးတို့ပေါ်လာ၊ ကွယ်လွန်သော် တာဝတိံသာနတ်ပြည် ရောက်။

ယခုဘဝတွင် အရှင်သာရိပုတ္တရာကို ကိုးကွယ်သူအိမ်၌ သန္ဓေတည်၍ ပဏ္ဍိတဟု အမည်ပေး၊ ၇နှစ်အရွယ်တွင် အရှင်သာရိပုတ္တရာထံတွင် ရှင်သာမဏေပြု၊ ဆွမ်းခံရာသို့ခေါ်သွားရာ တွေ့သည်များကို မေး၊ ရေကို ရေမြောင်းသွယ်၍ စိုက်ပျိုးပုံ၊ မြားတံကို လေးသမားတို့ မီးကင်ပြီးဖြောင့်နေပုံနှင့် သစ်ကိုရွှေ၍ ရထားဘီးပြုနေကြသူတို့ဖြစ်ကြောင်း သိ၊ အသက်မရှိသောရေ မြားတံ သစ်သားတို့ကို ပြုပြင်လျက် လိုရာ သုံးနိုင်က မိမိစိတ်ကို ပြုပြင်လျက် တရားအားထုတ်ရနိုင်သည်ဟု တွေး၊ ကျောင်းပြန်၍ တရားအားထုတ်ရန် ခွင့်ပန်၊ ငါးကြင်းသားဆွမ်း သူ့အတွက် ဆောင်ယူခဲ့ပါရန်လျှောက်ထားရာ အရှင်သာရိပုတ္တရာက အဘယ်သို့ ရနိုင်ပါအံ့နည်း? ဟု ဆိုသော် သာမဏေက အရှင်ဘုရား၏ဘုန်းကံဖြင့် မရနိုင်လျှင် တပည့်တော်၏ဘုန်းကံ ဖြင့် ရတော်မူကြပါလတ္တံ့ဟု လျှောက်၊ မထေရ်က သံကောက်(သော့)ကိုပေး၍ သူ၏တိုက်ခန်း၌ တရားအား ထုတ်စေ။

သိကြားသည် ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ ပူလာသဖြင့် အခြင်းအရာကိုသိကာ နတ်မင်းကြီး ၄ပါးကို ကျောင်းတိုက်အရံမှ ငှက်များကိုနှင်စေ၍ ထက်ဝန်းကျင်မှ စောင့်ရှောက်စေ၊ လနတ်သားနှင့် နေနတ်သားတို့ကိုလည်း လဝန်း နေဝန်းတို့ကို ဆွဲငင်၍ ဆီးတားစေ၊ သူကိုယ်တိုင်ကမူ တိုက်ခန်းတံခါးပေါက်၌ စောင့်ရှောက်၊ အရံအတွင်း၌ သစ်ရွက်ရော်ကျသော်လည်း ကျသံမမည်၊ သာမဏေ၏စိတ်သည် မတုန်မလှုပ် တည်ကြည်သည်ဖြစ်၍ မကြာမီ အောက်မဂ်၃ပါး၊ အရှင်သာရိပုတ္တရာလည်း ငါးကြင်းသားဆွမ်းရ၍ ကျောင်းပြန်အံ့ ပြုသောအခါ ဆွမ်းဒါယကာတို့က ဆွမ်းဘဉ်းပေးစေပြီး ကျောင်းသို့ဆောင်ယူအပ်သောဆွမ်းကိုလည်း ရပါလိမ့်မည်ဟု လျှောက်၊ သာမဏေ ဆွမ်းစားမှီရန် ကျောင်းသို့ အမြန်ကြွ။

ဘုရားရှင်လည်း အကြောင်းခြင်းရာတို့ကို သိတော်မူ၍ သာမဏေ၏ ရဟန်းတရား ပြီးဆုံးခြင်း အန္တရာယ်ကို မပြုနိုင်စိမ့်သောငှါ ကျောင်းတိုက်တံခါးမုခ်၌ စောင့်၍ ဆွမ်းခံပြန်လာသော အရှင်သာရိပုတ္တရာအား ပြဿနာ ၄ရပ်ကို မေး၊ ၁ အဘယ်ကို ရလာသနည်း? - အာဟာရကို ရလာပါသည်၊

၂ အာဟာရသည် အဘယ်ကို ဆောင်တတ်သနည်း?- ဝေဒနာကို ဆောင်တတ်ပါသည်၊

၃ ဝေဒနာသည် အဘယ်ကို ဆောင်တတ်သနည်း?- ရုပ်ကို ဆောင်တတ်ပါသည်၊

၄ ရုပ်သည်ကား အဘယ်ကို ဆောင်တတ်သနည်း? - ဖဿကို ဆောင်တတ်ပါသည်ဟု ဖြေ၊ သာမဏေသည်လည်း ပဋိသမ္ဘိဒါ ၄ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်။

သာမဏေ ဆွမ်းဘုန်းပေးပြီး၍ သပိတ်ဆေးစဉ် လနှင့်နေတို့ကိုလွှတ်စေရာ တခဏချင်း ညနေပိုင်းသို့ရောက်၊ ရဟန်းများက သာမဏေ အချိန်လွန်မှ ဆွမ်းစားသည်ဟု ယူဆလျက် ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ဓမ္မပဒလာ ဒေသနာတော်ဖြစ်သော “ရေ၊ မြားတံ၊ သစ်တို့ကို လိုသလိုအသုံးပြုကြသကဲ့သို့ ပညာရှိသည် မိမိစိတ်ကို ပြုပြင်လျက် မဂ်ဖိုလ်ရောက်အောင် ဆုံးမသည်။” (အကျဉ်းသာ) ကို ဟောတော်မူသည်။

၁၂/၁၆ ဘဒ္ဒသာမဏေ (ဘဒ္ဒတ္ထေရဂါထာ၊ သတ္တကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

“မိဖတို့၏ များစွာသောဝတ်အကျင့်၊ နတ်သိကြားတို့နှင့် မြတ်စွာဘုရားအား တောင်းပန်ခြင်းတို့ဖြင့် ရအပ်သော တဦးတည်းသောသား ဖြစ်၏၊ အသက်၇နှစ်ရှိသော် ငါ့အကျိုးကို လိုလားကုန်သော မိဖတို့သည် ဘုရားရှင်အား ဆင်းရဲငြိုငြင်စွာဖြင့် ရအပ်သောသားသည် သိမ်မွေ့နူးညံ့၏၊ ဘုရားရှင်ကို လုပ်ကျွေးစိမ့်သောငှါ လှူပါ၏ဟုဆို၍ ငါ့ကို လှူ၏၊ ဘုရားရှင်က အရှင်အာနန္ဒာအား ဤသားငယ်ကို ရဟန်းပြုလော့၊ ရဟန္တာဖြစ်လတ္တံ့ဟု မိန့်၏၊ ရှင်သာမဏေပြုပြီး နေမဝင်မီ အကျဉ်းပြဝိပဿနာဖြင့် အာသဝေါတရားတို့မှ လွတ်၏၊ မြတ်စွာဘုရားသည် ဘဒ္ဒ လာလှည့်(ဧဟိဘိက္ခု) ဟူသောစကားတော်ဖြင့် ပဉ္စင်းအဖြစ် ပြီးတော့၏၊ ပဉ္စင်းအဖြစ်ကို ရ၏။”

၁၃/၁၇ မျက်စိကို ဥပဇ္ဈာယ်ဆရာ့ယပ်ဖြင့် ခတ်မိ၍ ပျက်သွားသော်လည်း ဆရာ့ဝတ်ကို ပြုမြဲတိုင်း ပြုစဉ် မျက်နှာသစ်သောဆရာကို တံပူကပ်ရာတွင် လက်တဖက်တည်းဖြင့်ကပ်၍ ဆရာက ဆူလေမှ ဖြစ်ကြောင်းကို ရှင်းပြသော အသက် ၇နှစ်အရွယ် ရဟန္တာသာမဏေ (ကောသမ္ဗီဝါသီတိဿထေရသာမဏေ ရဝတ္ထု၊ အရဟန္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဆဋ္ဌသံဂါယနာတင် မေးဖြေ မင်းကွန်းတိပိဋကဆရာတော်ကြီး အမ်ပီသရီးတရားတော်)

ကောသမ္ဗီပြည်မှ ဝါကျွတ်၍ ဘုရားရှင်ကို ဖူးမြော်ရန် ခရီးထွက်လာသော ရဟန်းတပါးသည် ဆံချစဉ် တစပဉ္စကကမ္မဋ္ဌာန်းဖြင့် ခေါင်းရိတ်ပြီးသည်နှင့် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်သော အသက် ၇နှစ်အရွယ် နောက်ပါသာမဏေ (ဆဋ္ဌသံဂါယနာတင် အမေး မဟာစည်ဆရာတော်ကြီး၊ အဖြေ မင်းကွန်းတိပိဋက ဆရာတော်ကြီး အသံဖိုင်တရားတော်)နှင့် လမ်းရှိ ကျောင်းတကျောင်း၌ ညအိပ်ရပ်နား၊ အချိန်မဲ့၍ အိပ်ရာ ပြင်ချိန်မရသဖြင့် ဥပဇ္ဈာယ်ဆရာနှင့်အတူ တခန်းတည်း အိပ်ခွင့်ရ၊ ၂ညအိပ်ပြီးသော် ၃ညမြောက်ထွင် သာမဏေက တညလုံးမအိပ်ပဲ ထိုင်နေ၊ နံနက်တွင် သာမဏေ အိပ်နေသည်တင်၍ ဖျာကို ယပ်နှင့်ရိုက် ကာနှိုးရာ ထိုင်နေသော သာမဏေ၏ မျက်စိကို ခတ်မိခြင်းဖြစ်၊ အကြောင်းစုံသိသော် ဆရာသည် နောင်တ ရ၍ ခွင့်လွှတ်သည်းခံရန် တောင်းပန်၊ ဘုရားရှင်ထံရောက်သော် ဤဒေသနာတော်ကိုဟော။

"အကြောင်းအားလျော်စွာ တရားကိုသိ၍ ကိလေသာမှလွတ်သော ငြိမ်သက်သော ဖေါက်ပြန်ခြင်း သဘောမရှိသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည်လည်း ငြိမ်သက်၏၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာသည် ငြိမ်သက်၏။"

၁၄/၁၈ မဂ္ဂသညကထေရအပဒါန်၊ မဟာပရိဝါရဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရား၏ တပည့်သာဝကတို့သည် လူသူမနီး တောအုပ်ကြီးထဲ၌ ခရီး မှားကြ၍ သူကန်းတို့ကဲ့သို့ ကြွေးကြော်ကုန်၏၊ မြတ်စွာဘုရား၏ သားတော်တို့တည်းဟု နှလုံးပိုက်၍ ငါနတ်သား- မဂ္ဂသညကမထေရ်အလောင်းသည် ဗိမာန်မှသက်ဆင်း၍ ရဟန်းတော်တို့အား ခရီးကိုလည်း ညွှန်ကြားခဲ့၏၊ ဆွမ်းဘောဇဉ်ကိုလည်း လှူဒါန်းခဲ့၏၊ ထိုကောင်းမှုကြောင့် ၇နှစ်သာရှိသေးလျက် အရဟတ္တ ဖိုလ်သို့ရောက်၏။

၁၅/၁၉ ဝိဓူပန- ယပ်၊ ဝိဓူပနဒါယကထေရအပဒါန်၊ ဗီဇနိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားအား ရတနာဖြင့်ပြီးသောယပ်ကို လှူခဲ့၊ ဘုရားရှင်က ဤယပ် အလှူကြောင့်၎င်း စိတ်၏တောင့်တမှုကြောင့်၎င်း ကမ္ဘာတသိန်းပတ်လုံး ဖရိဖရဲကျရာ အပါယ်၄ပါးသို့ မလားရလတ္တံ့ဟု မိန့်ဆိုတော်မူ၏၊ ဖွားသည်မှ ၇နှစ်သာရှိသေးလျက် အရဟတ္တဖိုလ်သို့ရောက်။

၁၆/၂၀ သတရံသိတ္ထေရအပဒါန်၊ ဗီဇနိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က ငါပုဏ္ဏား- သထရံသိမထေရ်အလောင်းသည် စောက်သောကျောက်တောင်တက်၌ ထိုင်နေတော်မူသော ပဒုမုတ္တရမြတ်စွာဘုရားကို လက်အုပ်ချီ၍ ချီးမွမ်းခဲ့၊ ၇နှစ်သာရှိသေးသော ငါသည် ရဟန်းဘောင်၌ ရဟန်းပြု၍၊ ကိုယ်မှအရောင်အဝါသည် ပြေးထွက်၏။

၁၇/၂၁ သပရိဝါရဆတ္တဒါယကတ္ထေရအပဒါန်၊ ဥမာပုပ္ဖိယဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားအား တန်ဆာဆင်ထားသောထီးကို ရွှင်ပျသောစိတ်ဖြင့် ကောင်းကင်၌ မြှောက်တင်ပူဇော်ခဲ့၏၊ ထိုထီးသည် ကောင်းစွာမောင်းနှင်သော ယာဉ်ကဲ့သို့ငှင်း၊ ယဉ်ကျေးသော တပည့်မြတ်ကဲ့သို့ငှင်း၊ မြတ်စွာဘုရားထိပ်ထက်၌ ကောင်းစွာတည်၏။ ယခု နောက်ဆုံးဘဝ၌ ၇နှစ်သားသာရှိသေးလျက် ရဟန်းပြု၍၊ ဗေဒင်ပါရဂူဖြစ်သော သုနန္ဒအမည်ရှိပုဏ္ဏားသည် အရှင်သာရိပုတ္တရာအား ဖလ်ထီးလှူရာ အရှင်မြတ် အနုမောဒနာပြုသောတရားကို ကြားနာရသဖြင့် ရှေးကောင်းမှုကံကို အောက်မေ့၍ အရဟတ္တဖိုလ်သို့ရောက်၏။

၁၈/၂၂ သာနုသာမဏေ (သာနုတ္ထေရဂါထာ၊ ပဥ္စမဝဂ်၊ ဧကကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၇နှစ်အရွယ် သာမဏေငယ်ဖြစ်သော သာနုသည် အမိဖြစ်သူ၏ လူမထွက်စေလိုသော ပြောစကားအရ သံဝေဂဖြစ်ပွားကာ တရားအားထုတ်ရာ မကြာမီရဟန္တာဖြစ်၍ ဥဒါန်းကျူးရင့်ရွတ်ဆိုသည်၊ "မိခင် လူတို့သည် သေသူကိုသော်လည်း ရည်စူး၍ ငိုကြွေးကြ၏၊ အသက်ရှင်လျက် အရပ်တပါးသို့သွားသဖြင့် မတွေ့မမြင်ရသူကိုသော်လည်း ရည်စူး၍ ငိုကြွေးကြ၏၊ မိခင် အသက်ရှင်လျက် ထင်ရှားရှိနေသောငါ့ကို တွေ့မြင်နေရပါလျက် အဘယ်ကြောင့် ငါ့ကိုရည်စူး၍ ငိုကြွေးရဘိသနည်း? "

၁၉/၂၃ သီဝလိတ္ထေရအပဒါန်၊ ဘဒ္ဒိယဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာထသိန်းထက်က ပဒုမုတ္တရာဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဟံသမြို့၌ အရှင်သီဝလိထေရ်အလောင်းသည် မင်းမျိုးဝယ် ဖြစ်ခဲ့၏၊ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက်ပတ်လုံး ဆွမ်းဆက်ကပ်၍ ကြီးစွာသောအလှူကိုပေးလှူကာ များသောလာဘ်ကို ဆောင်သောအရာ၌ ဧတဒဂ်ဆုကို တောင်းခဲ့၏၊ ၉၁ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရားနှင့် သံဃာတော်တို့အား အသင်းကြီးတသင်းက ဆွမ်းလုပ်ကျွေးရာ နို့ဓမ်းနှင့်ပျားရည်တို့ကို ပါဝင်လှူဒါန်းခဲ့၏၊ ယခု နောက်ဆုံးဘဝဝယ် အမိဝမ်း၌ ၇နှစ်နေခဲ့ရ၊ ဖွားသောနေ့၌ပင် ရဟန်းဘောင်သို့ဝင်ရောက်၊ ဆံရိတ်စဉ်ပင် အရဟတ္တဖိုလ်သို့ရောက်၏။

အကြောင်းအရာ အနည်းငယ် အကျယ်ကို (ဧတဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁၈ အရှင်သီဝလိ) ကို ကြည့်ပါ။

၂၀/၂၄ သုခသာမဏေ (သုခသာမဏေရဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသမိဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဘဝတခုတွင် သုခသာမဏေအလောင်းသည် ထင်းစသည့် ပစ္စည်းများရောင်းသော တောသားတဦးဖြစ်၊ မြို့တွင် ဂန္ဓသူဌေးသည် အမွေများအားလုံးကို စားသောက်၍ ယူသွားအံ့ဟုကြံ၊ ရေချိုးရာနေရာနှင့် အသုံးပြု ပစ္စည်းများ၊ ထမင်းစားခန်းနှင့် သုံးသည့်ပစ္စည်းများ၊ စားသောက်ဖွယ်များ စသည့် အားလုံးကို သိန်းချီအကုန် ခံ၍ ပြုလုပ်သုံးစွဲ စားသောက်သည်၊ မြို့သားများ ညောင်စောင်းအဆင့်ဆင့်ဖွဲ့၍ ကြည့်ကြ၊ ထိုတောသား မြို့သို့ရောက်သော် သူဌေးထမင်းပွဲမှ အနံ့ရသော် မစားရမနေနိုင်ဖြစ်၊ သူဌေးက စားလိုလျှင် ၃နှစ်ကျွန်ခံ ရမည်ဟုပြော၊ နှစ်ပြည့်သော် ထမင်းစားရန်ပြင်စဉ် နိရောဓသမာပတ်မှထသော အရှင်ပစ္စေကဗုဒ္ဓါတဆူ ဆွမ်းခံကြွ၊ ၃နှစ်ကျွန်ခံမှရသော ဤဆွမ်းကို အရှင်မြတ်အား အားလုံးလှူအံ့ဟုဆို၍ အားလုံးလှူကာ 'အရှင်မြတ်ထို့ သိအပ်သော တရားအားလုံးကို တပည့်တော် သိမြင်ရပါလို၏။' ဟု ဆုတောင်း၊ အရှင်မြတ်၏ အဓိဋ္ဌာန်ချက်အရ ဆွမ်းကိုဆောင်ယူ၍ ဂန္ဓမာဒနတောင်သို့ ကောင်းကင်ခရီးဖြင့် ကြွခြင်းနှင့် ထိုဆွမ်းကို ပစ္စေကဗုဒ္ဓါအဆူ ၅၀၀တို့အား ဝေဖန်၍ဘုဉ်းပေးကြသည်ကို လူအပေါင်းတွေ့ကြရ၍ သာဓုခေါ် ကောင်းချီး ပေးသံသည် ဘဝဂ်တိုင် တက်၊ သူဌေးကြီးက စည်းစိမ်တဝက် ခွဲပေး၊ မင်းကြီးကလည်း သူဌေးရာထူး ပေး၊ ကောင်းမှုများပြု၍ နတ်ပြည်ရောက်။

ယခုဘဝတွင် ပဏ္ဍိတသာမဏေအတိုင်းပင် အရှင်သာရိပုတ္တရာ၏ ဒါယကာအိမ်၌ဖြစ်လာ၊ အသက် ၇နှစ်တွင် အရှင်သာရိပုတ္တရာထံ၌ သာမဏေပြု၊ မထေရ်နှင့်အတူ ဆွမ်းခံသွားစဉ် ရေသွယ်မြောင်း မြားတံနှင့် သစ်ရွေသမားတို့ကိုမြင်၍ မိမိစိတ်ကို ဆုံးမလျက် တရားအားထုတ်ရန် ခွင့်တောင်း၊ အရာမက များသော အရသာရှိသော ဘောဇဉ်ကိုဆောင်ခဲ့ပါရန် လျှောက်၊ သိကြားမင်း သာမဏေတရားအားထုတ်ရာ အရှင်သာရိ ပုတ္တရာ၏ တိုက်ခန်းဝ၌စောင့်၊ နတ်မင်းကြီး ၄ပါးက ငှက်များကို ဇေတဝန်ကျောင်းတိုက်တခုလုံးမှ နှင်၍ ဝန်းကျင်မှစောင့်၊ နေနှင့် လနတ်သားတို့က နေဝန်းနှင့်လဝန်းတို့ကို ဆွဲထား၊ သာမဏေ အောက်ဖိုလ် ၃ပါးရ၊ ဘုရားရှင် ကျောင်းတိုက်မုခ်ဦးမှ နေ၍ သာမဏေအတွက် များသောအရသာရှိသော ဘောဇဉ်ဆောင်ယူလာ သော အရှင်သာရိပုတ္တရာကို မေးခွန်း ၄ရပ်မေး၊ အဖြေဆုံးသည်နှင့် သာမဏေ အရဟတ္တဖိုလ်သို့ရောက်၊ သာမဏေ ဆွမ်းဘုဉ်းပြီးသည်နှင့် သပိတ်ဆေးစဉ် ညနေပိုင်းဖြစ်၊ ရဟန်းများ အချိန်မဲ့ ဆွမ်းဘုဉ်းသည်ဟု ပြောခြင်းနှင့်စပ်၍ ဘုရားရှင်သည် ဓမ္မပဒဒေသနာတော်လာ "ရေ၊ မြားတံ၊ သစ်တို့ကိုလိုသထို အသုံးပြု ကြသကဲ့သို့ ပြောဆိုစကားကို နားထောင်လွယ်၍ အကျင့်ကောင်းရှိသူသည် မိမိကိုယ်ကို မဂ်ဖိုလ်ရအောင် ဆုံးမကြကုန်၏။" (အကျဉ်းသာ)ကို ဟော။

၂၁/၂၅ သုမနသာမဏေ (သုမနတ္ထေရဂါထာ၊ ဆက္ကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ သုမနသာမဏေရဝတ္ထု၊ ဘိက္ခုဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဝိဇ္ဈာဋဝီတောအုပ်တောင်ခြေရင်းရှိ မုဏ္ဍရွာ၌ အရှင်အနုရုဒ္ဓါဝါကပ်၊ ထိုရွာ၏သူဌေး မဟာပုဏ္ဏ၌ မဟာသုမန နှင့် စူဠသုမန သား၂ဦးရှိ၊ သူဌေးကြီးသည် အရှင်အနုရုဒ္ဓါကို ကိုးကွယ်၊ ဝါကျွတ်သော် တိစီဝရိက်သင်္ကန်း ဆန် တင်လဲ စသည် လှူ၊ သင်္ကန်းကိုလက်ခံသော်လည်း ကပ္ပိယကာရကနှင့် တပည့်သာမဏေမရှိသဖြင့် ဆန် တင်လဲတို့ကို အလှူမခံ၊ သူဌေးကြီးက မဟာသုမနကို သာမဏေပြုပေးမည်ပြောသော် လက်မခံ၊ စူဠသုမန ကိုမူလက်ခံ၍ ၇နှစ်အရွယ်သာရှိသေးလျက် ဆံရိတ်စဉ် ရဟန္တာဖြစ်၊ ဘုရားရှင်အားဖူးရန်လာစဉ် ဟိမဝန္တာ တောကျောင်းတကျောင်း၌ အရှင်အနုရုဒ္ဓါ လေနာရောဂါဖြစ်၊ အဘယ်ဆေးဖြင့် သက်သာရာရဘူးသနည်းဟု သာမဏေက မေးရာ မထေရ်က အနောဝတတ် / အနောဒတ္တအိုင်မှ ရေဖြင့် ချမ်းသာဖူးဟုမိန့်။

သုမနသာမဏေ ကျူးရင့်သောဂါထာ- “အကြင်အခါ၌ ၇နှစ်သာရှိသေးသောငါသည် ကြီးသော တန်ခိုးရှိသောနဂါးမင်းကို တန်ခိုးဖြင့် နှိပ်စက်၍ အနောဒတ္တမည်သောအိုင်ကြီးမှ ဥပဇ္ဈာယ်ဖြစ်သော အရှင် အနုရုဒ္ဓါအား ရေကို ဆောင်၏၊ ဘုရားရှင်သည် ဤသည်ကိုမြင်၍ အရှင်သာရိပုတ္တရာအား သာရိပုတ္တရာ ရေအိုးကိုယူ၍လာသော အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်သောသာမဏေကို ရှုလော့၊ မြင်သူတို့အား ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကျင့်ဝတ်နှင့်ပြည့်စုံသော ပြည့်စုံသောဣရိယာပုတ်ရှိသော ဤသာမဏေ သည်၊ တန်ခိုးဖြင့်စွမ်းနိုင်သော သူတပါးစိတ်ကိုသိနိုင်သော ပညာရှိသော မိမိအကျိုးစီးပွား သူတပါးအကျိုး စီးပွားကို ပြီးစီးစေနိုင်သော ရဟန္တာအဖြစ်သို့ ရောက်ပြီးသော ဤသာမဏေသည် အနုရုဒ္ဓါထေရ်အား ရေကို ယူ၍ပေး၏၊ ပြုအပ်သောကိစ္စရှိသော အနုရုဒ္ဓါသည် သင်စေအပ်ပြီးသော ထိုသာမဏေသည် မြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အရဟတ္တဖိုလ်သို့ရောက်ပြီ၊ ငါ့ကို သုမနသာမဏေဟူ၍၎င်း ရဟန်းဟူ၍၎င်း အဘိညာဉ်၆ပါးနှင့် ပြည့်စုံသူဟူ၍၎င်း တစုံတယောက်သောသူမျှလည်း မသိပါစေသတည်း ဟူ၍ အလို ရှိ၏။”

၂၂/၂၆ သောပါကသာမဏေ (သောပါကတ္ထေရဂါထာ၊ စတုတ္ထဝဂ်၊ ဧကကနိပါတ်၊ ထေရဂါထာ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မိုးထိမှု သောပါကထေရဂါထာအဋ္ဌကထာနိသျ၊ အရှင်ဇာဂရ။ ကျမ်းဦးမှတ် ဖွယ်၊ ထေရဂါထာထေရီဂါထာပါဠိတော်မြန်မာပြန်)

<u>ရှေးဘုရားရှင်များ အထံတော်တို့တွင်</u> ကောင်းမှုကုသိုလ်များ ပွားများအားထုတ်ပြီးနောက် ဤကမ္ဘာဝယ် ကကုသန်မြတ်စွာဘုရားလက်တက်တော်၌ သူကြွယ်သားဖြစ်၊ ဘုရားရှင်အား ရှောက်သီးလှူဒါန်းခဲ့၊ စာရေး တန်ဆွမ်းကိုလည်းယူ၍ သံဃာ ၃ပါးအား နို့ဃနာဆွမ်းကို အသက်ထက်ဆုံး လှူဒါန်းခဲ့၊ ဘုရားရှင်များ မပွင့်ပေါ်သောကာလတခု၌ ပစ္စေကဗုဒ္ဓါတပါးအား နို့ဃနာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ယခုနောက်ဆုံးဘဝ၌ သာဝတ္ထိပြည် ဆင်းရဲသူမဝမ်း၌ ပဋိသန္ဓေနေခဲ့၊ မမွေးဖွားမီပင် မိခင်သေ၍ မိခင်အလောင်းကို မီးသင်္ဂြိုဟ်ရာ၌ သားအိမ်အတွင်းရှိ သားသူငယ်မှာ မီးမလောင်ပဲနေသဖြင့် သုသာန်ရှိ စဏ္ဍာလခေါင်းက မွေးစားထား၊ ၇နှစ်အရွယ်သို့ရောက်သော် မြတ်စွာဘုရားကိုယ်တော်တိုင် သုသာန်သို့ ကြွလာ၍ တရားဟောရာ သာမဏေဖြစ်ပြီးနောက် ဘုရားရှင်ပေးတော်မူသော မေတ္တာကမ္မဋ္ဌာန်းကို အခြေခံ ပွားများကာ အရဟတ္တဖိုလ်သို့ ရောက်၏။

၂၃/၂၇ သောပါကသာမဏေ ဒုတိယ (သောပါကတ္ထေရအပဒါန်၊ သီဟာသနိယဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ သောပါကတ္ထေရဂါထာ၊ သတ္တကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဓမ္မပဒ ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ထေရဂါထာ ထေရီဂါထာ ပါဠိတော်မြန်မာပြန်)

ဖုဿကမ္ဘာထက်က တောအတွင်း တောင်ဂုမ်းလိုဏ်ဂူကို ရှင်းလင်းစဉ် သိဒ္ဓတ္ထမြတ်စွာဘုရား ကြွလာ၊ သစ်ရွက်အခင်း ပန်းနေရာကို ပေးလှူခဲ့၊ ဘုရားရှင်သည် ငါ၏လားရာဂတိကို သိတော်မူသည်ဖြစ်၍ အနိစ္စသညာကို ထုတ်ဖော်မြွက်ဆိုတော်မူ၏၊ ငါသည် မိမိအယူကိုစွန့်၍ အမြဲမရှိဟူသော အမှတ်သညာ / အနိစ္စသညာကို ပွားများ၏၊ တရက်မျှ ပွားများပြီး၍ ထိုအရပ်၌ပင် သေလွန်၏။

အဆုံးဘဝ၌ ဒွန်းစဏ္ဍား နိမ့်ကျသောအမျိုး၌ဖြစ်ရသော သောပါကသည် ၄နှစ်အရွယ်က အဖဆုံး၍ ဘထွေးဖြစ်သူ၏လက်တွင် ကြီးပွားရ၊ ၇နှစ်အရွယ်တွင် ဘထွေးက ၎င်း၏သားနှင့် မတည့်၍ သုသာန်ထွင် ပစ်ထား၊ ဘုရားရှင် ကြွရောက်တရားပြ၊ သောတာပန်ဖြစ်၊ ဇေတဝန်ကျောင်းရောက်၊ နောက်နေ့ မိခင်ရှင်း လိုက်လာ၊ ဘုရားရှင် တရားဟောဆုံးမသည်ကို ကြားနာရလျှင် အရဟတ္တဖိုလ်သို့ရောက်၊ ထို့နောက်မှ သာမဏေဖြစ်။

ပြာသာဒ်ဆောင် ကျောင်းရိပ်၌ စင်္ကြံကြွနေသော ဘုရားရှင်နောက်မှလိုက်၍ စင်္ကြံသွား၊ ဘုရားရှင်က ကုမာရပြဿနာမေး၍ ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိပဲဖြေကြားရာ ဘုရားရှင် ဝမ်းမြောက်သာခုခေါ်ကာ ရဟန်းတို့ကို တစောင်းကြည့်တော်မူပြီး "အင်္ဂတိုင်း၊ မဂဓတိုင်းသားတို့၏ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း ၄ပါးကို သုံးဆောင်၏၊ ဤသို့ သုံးဆောင်ခြင်းသည် ထိုတိုင်းသားတို့အား ရတော်လေစွတကား၊ ခရီးဦးကြို ဆိုခြင်း အရိုအသေပြုခြင်းတို့ကိုလည်း တိုင်း ၂တိုင်းသားတို့ ရတော်လေစွတကား။"ဟု မိန့်တော်မူပြီး ယနေ့မှအစပြု၍ ငါဘုရားကိုဖူးမြင်ခြင်းငှါ ချဉ်းကပ်လော့၊ ငါ၏သဗ္ဗညုတဉာဏ်တော်နှင့်တကွ နီးနော၍ ဤပြဿနာဖြေဆိုခြင်းသည်ပင်လျှင် သင့်အား ပဉ္စင်းအဖြစ် ပြီးစေလော့ဟုမိန့်၏။ ဤသို့ ၇နှစ်အရွယ်ဖြင့်ပင် ပဉ္စာဗျာကရဏူပသမ္ပဒါရဟန်းအဖြစ် ခွင့်ပြုသဖြင့် ရဟန်းဖြစ်၏။ ဤသာသနာတော်၌ တပါးထည်းသော ထိုသို့ရဟန်းဖြစ်၏။

၂၄/၂၈ သံကိစ္စသာမဏေ (သံကိစ္စတ္ထေရဂါထာ၊ ကောဒသကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဓမ္မပဒ ၄)

အမိအလောင်းကို မီးသင်္ဂြိုဟ်ရာမှ အသက်မသေပဲ ကျန်ရစ်ခဲ့သော သံကိစ္စသည် ၇နှစ်အရွယ်သို့ ရောက်သောအခါ ဖြစ်ခဲ့ရပုံကို သံဝေဂရ၊ အရှင်သာရိပုတ္တရာထံ၌ ရှင်သာမဏေပြု၊ တစပဥ္စက ကမ္မဋ္ဌာန်းပေး၊ ခေါင်းရိတ်ပြီးသည်နှင့် ပဋိသမ္ဘိဒါပတ္တ၄ပါးနှင့်တကွ ရဟန္တာဖြစ်၊ ခိုးသား၅ဂဂတို့လက်ထည်းရောက်သော်လည်း အသက်မသေ ကျန်ရစ်၊ အခါတပါး ဥပါသကာတယောက်က တော၌နေ၍ အဘယ်အကျိုးရှိအံ့နည်း၊ အရှင်၏အနီးတွင် ပြုစုလုပ်ကျွေးနေထိုင်လိုကြောင်း တောင်းပန်သည်တွင် “အခြားသောသူတို့၏ အစောင့်အရှောက်ကိုလည်း မခံရ၊ မိမိကလည်း အခြားသူတို့ကို မစောင့်ရှောက်ရသောရဟန်းသည် ဝတ္ထုကာမတို့၌ ငဲ့ကွက်မှုကင်းသည်ဖြစ်၍ စင်စစ် ချမ်းသာစွာနေရ၏။ တောတောင်ချောက်လှိုဏ် မှော်တို့ဖြင့်ဖုံးလွှမ်း၍ ကြည်သောရေရှိသော ခြင်္သေ့ကျားရဲတို့နေသော တောတို့၌ နေဘူးပြီ၊ တုတ် လက်တို့ဖြင့် ပုတ်ခတ်ခြင်းစသော ယုတ်မာသောအကြံ မဖြစ်စဘူး၊ မြတ်စွာဘုရားသာသနာ၏ အဆုံးအမတော်အဆုံးကို ပြုအပ်ပြီ။” စသော ဥဒါန်းဂါထာများ ကျူးရင့်သည်။

၂၅/၂၉ ဥတ္တရတ္ထေရအပဒါန်၊ ယသဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာ၃သောင်းထက်က သုမေဓါမြတ်စွာဘုရားပွင့်တော်မူသောအခါ ဝိဇ္ဇာဓိုရ်ဖြစ်ခဲ့၊ မြတ်စွာဘုရားအား မဟာလေ့ကားပွင့် ၃ပွင့်ဖြင့် ပူဇော်ခဲ့၊ ယခုဘဝ၌ သာဝတ္ထိပြည်ဝယ် မဟာသာလမျိုးတွင် ဖြစ်၊ ၇နှစ်ဖြင့်ပင် ရဟန်းဘောင်သို့ဝင်ရောက်၍ အရဟတ္တဖိုလ်သို့ ရောက်၊ ဘုရားရှင်သည် ငါ့ဂုဏ်တိုသိ၍ ရဟန်းခံပေးတော်မူ၏။

**၂၆/၃၀** ကေမ္ဗဿဝနိယတ္ထေရအပဒါန်၊ သကိံသမ္မဇ္ဇကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က ကောင်းကင်၌သွားနေသော အရှင်ကေမ္ဗဿဝနိယထေရ်အလောင်းဖြစ်သော တန်ခိုးရှိ ဇာနန်ရ ရသေ့သည် သွား၍မရသဖြင့် အောက်သို့သက်ဆင်းရာ မမြဲသောတရား / အနိစ္စသညာကို ဟောကြားနေသော ပဒုမုတ္တရမြတ်စွာဘုရားရှင်၏အသံတော်ကိုကြား၊ သင်ယူခဲ့ပြီး စုတိစိတ်ဖြစ်ခါနီး၌ ကြားနာခဲ့ရသော သူတော်ကောင်းတရားကို အောက်မေ့၏။ အသက်အဆုံး၌ တာဝတိံသာနတ်ပြည်သို့ ရောက်၏။

နောက်ဆုံးဘဝ၌ အဖအိမ်၌ ရဟန်းတပါး အနိစ္စသညာတရားဟော၊ ဂါထာကိုကြားသည်နှင့် တပြိုင်နက် ရှေးအမှတ်သညာကို အောက်မေ့၍ အသက်၇နှစ်မျှသာရှိသေးလျက် တထိုင်တည်း၌ အရဟတ္တဖိုလ်သို့ရောက်၏၊ မြတ်စွာဘုရားသည် ငါ့ကို ရဟန်းပြုပေးတော်မူ၏။

<u>၇နှစ်သမီး ရဟန္တာထေရီမ ၄ ပါး။</u>

၁/၃၁ စီရသာမဏေမ (ဒေဝေါရောဟနဝတ္ထု၊ ဗုဒ္ဓဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသမိဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် ဝါဆိုလပြည့်နေ့၌ သာဝတ္ထိပြည် ကဏ္ဍဥယျာဉ်စောင့်၏ သရက်ပင်ရင်း၌ ရေမီး အစုံသော တန်ခိုးပြာဋိဟာကို ပြအံ့သောငှါ ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူပြီး ဂန္ဓကုဋီ တိုက်တော်မှထွက်၍ ကျောင်းဦး၌ ရပ်တော်မူသောအခါ ဃရဏီမည်သော တန်ခိုးနှင့်ပြည့်စုံတော်မူသော အနာဂါမ်ဥပါသိကာမက ဘုရားရှင်ကိုယ်စား တန်ခိုးပြခွင့်ပေးတော်မူပါရန် လျှောက်ထားသည်ကို ပယ်တော် မူ၏၊ ထို့နောက် ဘုရားရှင်က ထိုသူတို့၏ဂုဏ်သည် ထင်ရှားလတ္တံ့ဟု နှလုံးထားလျက် အဘယ်သူသည် တန်ခိုးပြာဋိဟာ ပြဦးမည်နည်းဟု မေးရာ အနာဂါမ်စူဠအနာထပိဏ်က ခွင့်ပန်သည်ကိုလည်း ပယ်တော်မူ၏။

ထိုအခါ ပဋိသန္ဓေ၌ ၄ပါးသို့ ရောက်ပြီးသော အသက် ၇နှစ်သာရှိသော စီရသာမဏေမသည် ခွင့်ပန်ရာ ဘုရားရှင်က အဘယ်သို့ ပြုအံ့နည်းဟုမေး၏၊ မြင်းမိုရ်တောင် စကြဝဠာတောင်နှင့် ဟိမဝန္တာ တောင်ထို့ကိုယူ၍ ဤနေရာ၌ အစဉ်အတိုင်းထားပြီး သာမဏေမက ဟင်္သာမအသွင်ယူ၍ ထိုထိုအရပ်မှ ထွက်လျက် မငြိမကပ် ပျံသန်းပြပါမည်ဟု လျှောက်ထား၏၊ ဘုရားရှင်က သင် ဤသို့သဘောရှိသော ပြာဋိဟာကို ပြစွမ်းနိုင်သည်ကို ငါသိတော်မူ၏၊ သို့ရာတွင် ဤ ၃ဖယူဇနာ အတိုင်းအရှည်ရှိသော ပရိသတ် သည် သင်၏အကျိုးငှါ ဖွဲ့စည်းအပ်သည် မဟုတ်ပေဟု ပယ်တော်မူ၏။

၂/၃၂ ပဋ္ဌဒီပဒါယိကာထေရီအပဒါန်၊ ဧကူပေါသထိကဝဂ်၊ ထေရီပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

<u>ကမ္ဘာတသိန်း</u>ထက်က ပဒုမုတ္တရမြတ်စွာဘုရားရှင် ပွင့်တော်မူသောအခါ ငါသည် လကွယ်နေ့တနေ့၌ ထင်းရှူးဖောဓိပင်မြတ်ကို ဖူးမြင်ရ၏၊ ထိုဖောဓိပင်၌ စိတ်ကိုကြည်လင်စေ၍ ထိုင်နေစဉ် လေးစားဝမ်းမြောက် သောစိတ်ဖြင့် "အကယ်၍ မြတ်စွာဘုရားသည် မနှိုင်းယှဉ်နိုင်သောဂုဏ်တို့ဖြင့် အတုမရှိ ပြိုင်ဘက်ကင်း သောပုဂ္ဂိုလ်ဖြစ်ပါမူ ဤဖောဓိပင်သည် ငါ့အား တန်ခိုးပြာဋိဟာကို ပြပါစေသတည်း။" ဟု ကြံစည်ဆင်ခြင် သည်နှင့်တပြိုင်နက် ဖောဓိပင်အလုံးသည် ရွှေဖြင့်ပြီး၍ အရပ်မျက်နှာအားလုံးသို့ ထွန်းလင်းတောက်ပ၏၊ ၇နေ့ ၇ညဉ့်လုံး ဖောဓိပင်ရင်း၌ ငါတိုင်၏၊ ၇ရက်မြောက်သောနေ့၌ ဆီမီး၅တိုင်ဖြင့် ဖောဓိပင်ကိုဝန်းရံ၍ ပူဇော်၏၊ နေတက်သည့်တိုင် တောက်ပ၏။

ငါသည် မျက်ကွယ်၌ထိုင်လျက် ကြည့်လိုက ထက်အောက်ဖီလာအားလုံးကိုပင် မျက်စိဖြင့် မြင်ရ၏၊ သုဂတိ ဒုဂ္ဂတိရှိသူကို ကြည့်ရှုလိုသည်ရှိသော် သစ်ပင်သည်၎င်း၊ တောင်သည်၎င်း ပိတ်ပင်ခြင်း မရှိ၊ နောက်ဆုံးဘဝ အမိဝမ်း၌ ပဋိသန္ဓေနေသော် ငါသည် မျက်စိမမှိတ်ပေ၊ ၇နှစ်သာရှိသေးလျက် အရဟတ္တ ဖိုလ်သို့ ရောက်၏၊ ဘုရားရှင်သည် ငါ၏ဂုဏ်ကိုသိ၍ ရဟန်းပြုပေး၏၊ မဏ္ဍပ် သစ်ပင်ရင်း ပြာသာဒ် လိုဏ်ဂု

ဆိတ်ငြိမ်ကျောင်း၌နေသည်ရှိသော် ဆီမီးသည် အခါခပ်သိမ်း တောက်ပ၏၊ ငါ ၏ ဒိဗ္ဗစက္ခုအဘိညာဉ်သည် အထူးစင်ကြယ်၏။

၃/၃၃ ပဋ္ဌဒီပိကာထေရီအပဒါန်၊ သုမေဓါဝဂ်၊ ထေရီပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရားရှင်ပွင့်တော်မူသောအခါ ငါသည် လကွယ်နေ့တနေ့၌ တင်းရှူး ဗောဓိပင်မြတ်ကို ဖူးမြင်ရ၏၊ ထိုဗောဓိပင်၌ စိတ်ကိုကြည်လင်စေ၍ ထိုင်နေစဉ် လေးစားဝမ်းမြောက်သော စိတ်ဖြင့် "အကယ်၍ မြတ်စွာဘုရားသည် မနှိုင်းယှဉ်နိုင်သော ဂုဏ်တို့ဖြင့် အတုမရှိပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်ပါမူ ဤဗောဓိပင်သည် ငါ့အား တန်ခိုး ပြာဋိဟာကို ပြပါစေသတည်း။" ဟုကြံစည်ဆင်ခြင်သည်နှင့် တပြိုင်နက် ဗောဓိပင်အလုံးသည် ရွှေဖြင့်ပြီး၍ အရပ်မျက်နှာအားလုံးသို့ ထွန်းလင်းတောက်ပ၏၊ ၇နေ့၊ ၇ညဉ့်လုံး ဗောဓိပင်ရင်း၌ ငါထိုင်၏၊ ၇ရက်မြောက်သောနေ့၌ ဆီမီး၅တိုင်ဖြင့် ဗောဓိပင်ကို ပူဇော်၏၊ နေထွက်သည့်တိုင် တောက်ပ၏။

ငါသည် သုဂတိ ဒုဂ္ဂတိရှိသူကို ကြည့်ရှုလိုသည်ရှိသော် သစ်ပင်သည်ရင်း၊ တောင်သည်ရင်း ပိတ်ပင် ခြင်းမရှိ၊ နောက်ဆုံးဘဝ အမိဝမ်း၌ ပဋိသန္ဓေနေသော် ငါသည် မျက်စိမမှိတ်ပေ၊ ၇နှစ်သာရှိသေးလျက် အရဟတ္တဖိုလ်သို့ ရောက်၏၊ ဘုရားရှင်သည် ငါ၏ဂုဏ်ကို သိ၍ ရဟန်းပြုပေး၏၊ မဏ္ဍာပ် သစ်ပင်ရင်း ပြာသာဒ် လိုဏ်ဂူ ဆိတ်ငြိမ်ကျောင်း၌နေ၍ စျာန်ဝင်စားသည်ရှိသော် ဆီမီး၅တိုင်တို့သည် ငါ့အား တောက်ပ ၏၊ ငါ ၏ ဒိဗ္ဗစက္ခုအဘိညာဉ်သည် အထူးစင်ကြယ်၏။

**၄/၃၄** ဧကူပေါသထိကာထေရီအပဒါန်၊ ဧကူပေါသထိကဝဂ်၊ ထေရီပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

၉၁ကမ္ဘာထက်က ဗန္ဓုမတီမြို့၌ ဧကူပေါသထိကာတေရီအလောင်းသည် အိုးရွက်ကျွန်မ ဖြစ်ခဲ့၏၊ ဗန္ဓုမင်း သည် လပြည့်နေ့၌ ဥပုသ်ကျင့်သုံး၏၊ ထိုအမှုသည် စင်စစ်အကျိုးရှိသည်ဖြစ်ရာ၏ဟု ကြံစည်ပြီး ယုတ်နိမ့် သောအမျိုး၌ ဖြစ်ရခြင်း၊ ဆင်းရဲရခြင်းတို့ကို အသင့်အားဖြင့် ဆင်ခြင်၍ စိတ်ကိုရွှင်လန်းစေလျက် ဥပုသ် ကျင့်သုံးခဲ့၏၊ သံသရာ၌ ဥစ္စာပစ္စည်း ရတနာတို့နှင့်ပြည့်စုံ၏၊ ယခုဘဝ၌ မွေးဖွားသည်မှ ၇နှစ်သာ ရှိသေးလျက် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၏၊ လခွဲမရောက်မီ အရဟတ္တဖိုလ်သို့ရောက်၏။

၅ ကသိုဏ်း၁၀ပါး **၂၈**

၁။ (ကသိဏသုတ်၊ မဟာဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ တိပိဋကမြန်မာအဘိဓါန်)

၁ ပထဝီကသိုဏ်း (ကသိဏ= အလုံးစုံယူရသော အာရုံ၊ ကသိုဏ်းအာရုံ)။ ၂ အာပေါကသိုဏ်း၊ ၃ တေဇောကသိုဏ်း၊ ၄ ဝါယောကသိုဏ်း၊ ၅ နီလကသိုဏ်း- အညိုရောင်သာလျှင် အပိုင်းအခြားမရှိ ပြန့်နှံ့ခြင်းလျှင် အာရုံရှိသောစျာန်ကို ထူးခြားစွာ သိအပ်၏၊ စျာန်= ကပ်၍ရှုခြင်း၊ ၆ ပီတကသိုဏ်း-

အဝါ ရောင်၊ ၇ လောဟိတကသိုဏ်း- အနီရောင်၊ ၈ ဩဒါ တကသိုဏ်း- အဖြူရောင်၊ ၉ အာကာသ ကသိုဏ်း၊ ၁၀ အထက်အောက်ဖီလာ၌ ၂မျိုးမရှိသော ပမာဏမရှိသော (ပဌမာရုပ္ပ) ဝိညာဏ်ကသိုဏ်း (စိတ်ဝိညာဏ်)။

၂။ (သုတ်ပါထေရပါဠိတော်။ သုတ်ပါထေရ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁-၉ အထက်ပါအတိုင်း၊ ၁၀ အာလောကကသိုဏ်း- အလင်းရောင်ကသိုဏ်း။

**၆ ကာမဂုဏ် ၃ စု**

၁။ ကာမဂုဏ်ငါးပါး အရသာ အခါးအစပ် ၅မျိုး (သုမေဓါထေရီဂါထာ၊ မဟာနိပါတ်၊ ထေရီဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ပရိယေသန= ရှာမှီးရမှု၊ ၂ ပရိဂ္ဂဟ= သိမ်းဆည်းရမှု၊ ၃ အာရက္ခ= စောင့်ရှောက်ရမှု၊ ၄ ပရိဘောဂ= သုံးဆောင်ရမှု၊ ၅ ဝိပါက= အကျိုးခံစားရမှု၊ ခါးခါးစပ်စပ်ဆိုးဝါးသည်။

၂။ ကာမဂုဏ်တို့၏အမည် ၂ စု

၁။ ၆မျိုး (ဘယသုတ်၊ အနုတ္တရိယဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဘေး= (ကာမရာဂဖြင့် တပ်မက်၍ ဆန္ဒရာဂဖြင့် နှောင်ဖွဲ့အပ်သော သတ္တဝါသည် မျက်မှောက်၊ တမလွန်) ဘေးတို့မှ မလွတ်၊ ၂ ဒုက္ခ= (...) ဒုက္ခမှ မလွတ်၊ ၃ ရောဂါ= (...) ရောဂါတို့မှ မလွတ်၊ ၄ အိုင်းအမာ= (...) အိုင်းအမာတို့မှ မလွတ်၊ ၅ ကပ်ငြိခြင်း= (...) ကပ်ငြိခြင်းမှ မလွတ်၊ ၆ ညွန်ပျောင်း= (...) ညွန်ပျောင်းမှ မလွတ်။

၂။ ၈မျိုး (ဘယသုတ်၊ ဂေါတမီဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁-၆ အထက်ပါအတိုင်း၊ ၇ ပြောင့်= (...) ပြောင့်မှ မလွတ်၊ ၈ အမိဝမ်းတိုက်၌ ကိန်းအောင်းမှု= (...) အမိဝမ်းတိုက်၌ ကိန်းအောင်းမှုမှ မလွတ်။

၃။ ကာမဂုဏ်တို့၏အပြစ်များ ဥပမာ ၂ စု

၁။ ကာမဂုဏ်တို့၏အပြစ်များ ဥပမာ ၁၀မျိုး (အရိဋ္ဌသိက္ခာပုဒ်၊ သပ္ပါဏကဝဂ်၊ ဘိက္ခုပါစိတ်၊ ပါစိတ် ပါဠိတော်၊ ဝိ)

ကာမဂုဏ်တို့သည် သာယာဖွယ်နည်း၊ ဆင်းရဲများ၊ ပူဆွေးခြင်းများ၊ အပြစ်များလှ၏။

၁ အသားမကပ်သော အရိုးနှင့်တူ၏၊ ၂ သားတစ်၊ ၃ မြက်မီးရှူး၊ ၄ မီးကျီးတွင်း၊ ၅ အိပ်မက်၊ ၆ အငှါးပစ္စည်း၊ ၇ အသီးရှိအပင်၊ ၈ စဉ်းတီတုံး၊ ၉ လှံတံကျင်၊ ၁၀ မြွေဦးခေါင်း။

၂။ ကာမဂုဏ်တို့၏အပြစ်များ ဥပမာ ၁၄မျိုး (ဥမ္မာဒန္တီဇာတ်၊ ပဏ္ဏာသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁-၁၀ အထက်ပါအတိုင်း၊ ၁၁ မျက်လှည့်သည်၊ ၁၂ အဆိပ်သီး၊ ၁၃ သံလျက်၊ **၁၄** မီးပုံကြီး။

၇ **ကိလေသာ-** ပူပန်စေတတ်သော တရား၊ စိတ်ကို ညစ်နွမ်းစေတတ်သော တရား။ ၃ ၃

၁။ ကိလေသာ ၃ပါး (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

အနုသယကိလေသာနှင့်စပ်၍ အဝတ္ထာ- အခိုက်အတန့် ကိုလိုက်၍ ကိလေသာ၃မျိုး ရှိသည်။

၁ အနုသယ ကိလေသာ- မျိုးစေ့ဓါတ် ကိလေသာ၊

၂ ပရိယုဋ္ဌာနကိလေသာ- ဖြစ်ပွားထကြွလာသော / ထိုးကျင့်သော ကိလေသာ၊

၃ ဝီတိက္ကမကိလေသာ- ကိုယ်နှုတ်တို့ဖြင့် ကျူးကျော်ထိပါးလာသည့်တိုင်အောင် ကြမ်းတမ်းလာသော ကိလေသာ။

၂။ အနုသယ- အဖန်တလဲလဲ ကိန်းတတ်သော၊ ကိလေသာ ၇ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်္ဂပါဠိတော်၊ ခု၊ အဘိ။ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

သတ္တဝါတို့၏သန္တာန်ဝယ် မဂ်ဉာဏ်ဖြင့် မပယ်သတ်သေးရသမျှ ကာလပတ်လုံး သင့်လျော်လျောက်ပတ်သောအကြောင်းကို ရရှိလျှင် ဥပါဒ်ဌီဘင်အားဖြင့် အထင်အရှားဖြစ်ပွားဖို့ရန် အဖန်ဖန် ကိန်းဝပ်တည်ရှိနေသော ကိလေသာမျိုးစေ့ ၇ပါးကို အနုသယဓါတ်ဟုခေါ်၏။

၁ ကာမရာဂနုသယကိလေသာ၊ ၂ ပဋိဃာ- အားကြီးသောဒေါသနုသယ၊ ၃ ဒိဋ္ဌာနုသယ၊ ၄ ဝိစိကိစ္ဆာနုသယ၊ ၅ မာနာနုသယ၊ ၆ ဘဝရာဂါနုသယ၊ ၇ အဝိဇ္ဇာနုသယကိလေသာ။

၃။ ပရိယုဋ္ဌာနကိလေသာ ၇ပါး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်္ဂပါဠိတော်၊ ခု၊ အဘိ)။

၁ - ၇ အထက်ပါအထိုင်း။

၄။ ကိလေသာ ၁၀ပါး (နိက္ခေပကဏ္ဍ၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊ အဘိ။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ လောဘ၊ ၂ ဒေါသ- ဖျက်ဆီးပြစ်မှားမှု၊ ၃ မောဟ၊ ၄ မာန၊ ၅ ဒိဋ္ဌိ၊ ၆ ဝိစိကိစ္ဆာ၊ ၇ ထိန-စိတ်၏ မခံ့မှု၊ ထိုင်းမှိုင်းမှု၊ ၈ ဥဒ္ဓစ္စ၊ ၉ အဟိရိက၊ ၁၀ အနောတ္တပ္ပ။

၅။ ကိလေသာ ၁၇ပါး (ဒုဋ္ဌကသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ရာဂ၊ ၂ ဒေါသ၊ ၃ မောဟ၊ ၄ အမျက်ထွက်ခြင်း- ကောဓ၊ ၅ ရန်ငြိုးဖွဲ့ခြင်း- ဥပနာဟ၊

၆ ကျေးဇူးချေဖျက်ခြင်း- မက္ခ၊ ၇ အဖျင်းပြုခြင်း (အပြိုင်ပြုခြင်း)- ပဠာသ၊ ၈ ငြူစူခြင်း- ဣဿာ၊ ၉ ဝန်တိုခြင်း- မစ္ဆရိယ၊ ၁၀ လှည့်ပတ်ခြင်း- မာယာ၊ ၁၁ စဉ်းလဲခြင်း- သာဌေယျ၊ ၁၂ ခက်ထန်ခြင်း- ထမ္ဘ၊ ၁၃ ချုပ်ချယ်ခြင်း- သာရမ္ဘ၊ ၁၄ ထောင်လွှားခြင်း- မာန၊ ၁၅ အလွန်ထောင်လွှားခြင်း- အတိမာန၊ ၁၆ မာန်ယစ်ခြင်း- မဒ၊ **၁၇** မေ့လျော့ခြင်း- ပမာဒ။

<u>၆။ ၁၅၀၀ ကိလေသာ</u> - မြောက်ပွားပုံ (သင်္ဂြိုဟ်။ လူတိုင်းအတွက် လက်တွေ့အသုံးချ အဘိဓမ္မာကောက်နုတ်ချက်။ ဘဒ္ဒန္တသုစိတ္တာဘိဝံသ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

နာမ်= စိတ် + စေတသိက် ၅၂ = ၅၃- တေပညာသ = နာမ်တေပညာသ (၅၃) ပါး၊

ရုပ်= နိပ္ဖန္နရုပ် / သဘာဝရုပ် (၁၈) ပါး + လက္ခဏာရုပ် (၄) ပါး = ရုပ်ပေါင်း (၂၂) ပါး၊ (ရုပ် - အနက်မှ - ရုပ် ၂၈ပါး - ကိုလည်း ကြည့်ပါ။)

နာမ်ရုပ်ပေါင်း (၇၅) ပါး၊

၎င်းတို့ကို အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန် ၂ပါးနှင့် မြှောက်သော် (၁၅၀) ပါး၊

၎င်းကို ကိလေသာ ၁၀ပါးနှင့် မြှောက်သော် ကိလေသာ (၁၅၀၀) ပါးရသည်။

<u>၇။ ကိလေသာမီး ၁၁ပါး</u> (ဝိသုဒ္ဓိမဂ်။ သာရတ္ထဒီပနီဋီကာ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ရာဂမီး၊ ၂ ဒေါသမီး၊ ၃ မောဟမီး၊ ၄ ဇာတိမီး၊ ၅ ဇရာမီး၊ ၆ မရဏာမီး၊ ၇ သောကမီး၊ ၈ ပရိဒေဝ မီး၊ ၉ ဒုက္ခမီး၊ ၁၀ ဒေါမနဿမီး၊ **၁၁** ဥပါယာသမီး။

၈ ကုစားရန် မထတ်ကောင်းသော တရား၅မျိုး (ပရိကုပ္ပသုတ်၊ ဂိလာနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

**ပဉ္စာနန္တရိယကံ ၅ပါး** - ကို ကြည့်ပါ။

၉ ကုသမင်း ပဘာဝတီမင်းသမီးကိုမြင်ရရန် ဝင်လုပ်ခဲ့သော အမှုထမ်း၅မျိုး (ကုသဇာတ်၊ သတ္တတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ဆင်တင်းကုပ်၌ ဆင်ထိန်း၊ ၂ အိုးထိန်းသည်၊ ၃ ကျူထရံသည်၊ ၄ ပန်းကုံးသည်၊ **၅** စားတော်ချက်။

၁၀ **ကုသိုလ် / ကောင်းမှု / ကုသိုလ်တရား** <u>၆ စု</u>

<u>၁။ ကုသိုလ်ကောင်းမှုဖြစ်ကြောင်း ၃ပါး</u> (သမ္မုဒ္ဓိဘာဝသုတ်၊ စူဠဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါတရား၊ ၂ အလှူဝတ္ထု၊ **၃** အလှူခံပုဂ္ဂိုလ်။

၂။ **ကုသိုလ်ကောင်းမှုအကျိုး ၇ပါး** (သိရိဇာတ်၊ အဋ္ဌကထာ၀ဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

သတ္တဝါတို့အား ကောင်းမှုနှင့်တူသော တပါးသောတည်ရာ မည်သည်မရှိ၊

၁ လူ၊ နတ်တို့အား အလုံးစုံသော အလိုကို ပေးတတ်သော ဥစ္စာရွှေအိုး၊

၂ လူ၊ နတ်တို့ တောင့်တအပ်သော အကြင်အကြင်ဆုကို ကောင်းမှုဖြင့် ရ၏၊

၃ အဆင်း၏ကောင်းခြင်း၊ အသံ၏ကောင်းခြင်း၊ သဏ္ဌာန်၏ကောင်းခြင်း၊ အစိုးရခြင်း၊ အခြံအရံများခြင်း ဟူသော အလုံးစုံကို ကောင်းမှုဖြင့်ရ၏၊

၄ ပဒေသရာဇ်စည်းစိမ်၊ စကြာဇ်စည်းစိမ်၊ စကြ၀တေးမင်းချမ်းသာ၊ နတ်မင်းချမ်းသာ အလုံးစုံကို ကောင်းမှုဖြင့်ရ၏၊

၅ လူစည်းစိမ်၊ နတ်၌ဖြစ်သော မွေ့လျော်ခြင်း၊ နိဗ္ဗာန်ချမ်းသာ အလုံးစုံကို ကောင်းမှုဖြင့်ရ၏၊

၆ အဆွေခင်ပွန်း၏ ပြည့်စုံခြင်းကိုစွဲ၍ အသင့်အားဖြင့်လုံ့လပြုသော ပုဂ္ဂိုလ်အား ဖြစ်သော ဝိဇ္ဇာ၊ ဝိမုတ္တိ၊ ဝသီဘော်ဟူသော အလုံးစုံကို ကောင်းမှုဖြင့်ရ၏၊

၇ ပဋိသမ္ဘိဒါ၊ ဝိမောက္ခ၊ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်ဟူသော အလုံးစုံကို ကောင်းမှုဖြင့်ရ၏။

၃။ **ကုသိုလ်တရား ၃ စု**

၃/၁။ **ကုသိုလ်ကမ္မပထ / သုစရိုက်** တရား ၁၀ပါးနှင့် **အကုသိုလ်ကမ္မပထ / ဒုစရိုက်** တရား ၁၀ပါး (စုန္ဒသုတ်၊ ဇာဏုသောဏိဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ပါဝါပြည် ပန်းထိမ်သည်၏သား စုန္ဒ၏သရက်ဥယျာဉ်၌ စုန္ဒကို အကုသိုလ်ကမ္မပထတရား / ဒုစရိုက် တရား ၁၀ပါးကိုဟော။

ကိုယ်ဖြင့်မစင်ကြယ်မှု ၃မျိုး- ၁ သူ့အသက်သတ်ခြင်း၊ ၂ သူ့ဥစ္စာခိုးခြင်း၊ ၃ သူတပါးကာမတို့၌ မှားယွင်းစွာကျင့်၏၊

နှုတ်ဖြင့်မစင်ကြယ်မှု ၄မျိုး- ၄ မဟုတ်မမှန်ပြောခြင်း၊ ၅ ပိသုဏဝါစာ- ကုန်းစကားပြောခြင်း၊ ၆ ဖရုသဝါစာ- ရန့်ရင်းကြမ်းတမ်းသောစကား၊ ၇ သမ္ဖလာပဝါစာ- ပြိန်ဖျင်းသောစကားပြောခြင်း၊

စိတ်ဖြင့်မစင်ကြယ်မှု ၃မျိုး- ၈ အဘိဇ္ဈာ- သူများစည်းစိမ်ကို ငါ့အားဖြစ်မူကောင်းလေစွဟု ရှေးရှုကြံစည်ခြင်း၊ ၉ ဗျာပါဒ- ဖျက်ဆီးလိုသောစိတ်၊ **၁၀** မိစ္ဆာဒိဋ္ဌိ- မှားသောအယူ။

၎င်းတို့ကိုမပြုခြင်း၊ အပြန်သည် ကုသိုလ်ကမ္မပထတရား / သုစရိုက်တရား ၁၀ပါးဖြစ်၏။

၃/၂။ **သုစရိုက်တရား** ၁၀ပါး၊ ၎င်းသည် ကုသိုလ်ကမ္မပထတရား ၁၀ပါးနှင့် အတူတူပင် ဖြစ်၏။ (အထက်ပါ အမှတ် ၁ ကို ကြည့်ပါ။)

**၃/၃။ ပုညကိရိယာဝတ္ထု** ၁၀ပါး (၎င်းသည်လည်း ပြုလုပ်အားထုတ်အပ်သော ကုသိုလ်တရားများ ဖြစ်သည်။ - စာရေးသူ) (ပုညကိရိယာဝတ္ထု ၁၀ပါး - ကို ကြည့်ပါ။)

၄။ ကုသိုလ်တရားတို့၏ခေါင်းဆောင် နှင့် အကုသိုလ်တရားတို့၏ခေါင်းဆောင် (အဝိဇ္ဇာသုတ်၊ အဝိဇ္ဇာဝဂ်၊ မဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤတရားတော်ကို ဟောတော်မူပါသည်။

ကုသိုလ်တရားတို့၏ ခေါင်းဆောင်သည် ဝိဇ္ဇာ- အသိဉာဏ် ဖြစ်၏။ ဟိရီ- ရှက်မှုနှင့် ဩတပ္ပ- လန့်မှုတို့သည် နောက်လိုက်ဖြစ်၏။ အသိဉာဏ်နှင့်ပြည့်စုံသူ ပညာရှိအား မှန်ကန်သောအမြင်ဖြစ်နိုင်၏။ မှန်ကန်သောအမြင်ရှိသူအား မှန်ကန်သောအကြံဖြစ်နိုင်၏။ မှန်ကန်သောအကြံရှိသူအား မှန်ကန်သောစကားဖြစ်နိုင်၏။ မှန်ကန်သောစကားရှိသူအား မှန်ကန်သောအလုပ်ဖြစ်နိုင်၏။ မှန်ကန်သောအလုပ်ရှိသူအား မှန်ကန်သော အသက်မွေးမှုဖြစ်နိုင်၏။ မှန်ကန်သောအသက်မွေးမှုရှိသူအား မှန်ကန်သောအားထုတ်မှုဖြစ်နိုင်၏။ မှန်ကန်သောအားထုတ်မှုရှိသူအား မှန်ကန်သောအောက်မေ့မှုဖြစ်နိုင်၏။ မှန်ကန်သော အောက်မေ့မှုရှိသူအား မှန်ကန်သောတည်ကြည်မှုဖြစ်နိုင်၏။

အကုသိုလ်တရားတို့၏ ခေါင်းဆောင်သည် အဝိဇ္ဇာ- မသိမှု ဖြစ်၏။ အဟိရိက- မရှက်မှုနှင့် အနောတ္တပ္ပ- မလန့်မှုတို့သည် နောက်လိုက်ဖြစ်၏။ အဝိဇ္ဇာနှင့်ပြည့်စုံသူ ပညာမဲ့အား မှားသောအမြင်ဖြစ်နိုင်၏။ မှားသောအမြင်ရှိသူအား မှားသောအကြံဖြစ်နိုင်၏။ မှားသောအကြံရှိသူအား မှားသောစကားဖြစ်နိုင်၏။ မှားသောစကားရှိသူအား မှားသောအလုပ်ဖြစ်နိုင်၏။ မှားသောအလုပ်ရှိသူအား မှားသော အသက်မွေးမှုဖြစ်နိုင်၏။ မှားသောအသက်မွေးမှုရှိသူအား မှားသောအားထုတ်မှုဖြစ်နိုင်၏။ မှားသောအားထုတ်မှုရှိသူအား မှားသောအောက်မေ့မှုဖြစ်နိုင်၏။ မှားသောအောက်မေ့မှုရှိသူအား မှားသောတည်ကြည်မှုဖြစ်နိုင်၏။

၅။ ကုသိုလ်တရားတို့၌ မဆုတ်ယုတ်သူ ၁၀ဦး (ပဌမနဋ္ဌကပါနသုတ်၊ ယမကဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ကောသလတိုင်း နဋ္ဌကပါနနိဂုံး (ပေါက်ပင်တောနိဂုံး) မြတ်စွာဘုရား ကျောက်ကုန်း ညောင်းတော်မူ၊ ဘုရားရှင် စေခိုင်းတော်မူသဖြင့် အရှင်သာရိပုတ္တရာဟော။

၁ ကုသိုလ်တရားတို့၌ ယုံကြည်မှုရှိသော ပုဂ္ဂိုလ်၊ ၂ အရှက်ရှိသော ပုဂ္ဂိုလ်၊ ၃ ထိတ်လန့်မှုရှိသော ပုဂ္ဂိုလ်၊ ၄ ထက်သန်သောလုံ့လရှိသော ပုဂ္ဂိုလ်၊ ၅ ပညာရှိသော ပုဂ္ဂိုလ်၊ ၆ အမျက်မထွက်သော ပုဂ္ဂိုလ်၊ ၇ ရန်ငြိုးမဖွဲ့သော ပုဂ္ဂိုလ်၊ ၈ အလိုနည်းသော ပုဂ္ဂိုလ်၊ ၉ မိတ်ကောင်းရှိသော ပုဂ္ဂိုလ်၊ ၁၀ အယူမှန်ရှိသော ပုဂ္ဂိုလ်။

၆။ ကုသိုလ်ကောင်းမှု မဟုတ်သော (လောက၌ ကုသိုလ်ကောင်းမှုဟု သမုတ်အပ်သော်လည်း) အလှူ ၅မျိုး
(ပဉ္စကဝါရ၊ ကေုတ္တရိကနယ၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

(ဒါ န - အနက်မှ - အကုသိုလ်ဖြစ်သော / အပါယ်ချမည့် / မပေးလှူအပ်သော အလှူဒါန - အနက်မှ - ၅မျိုး / ပရိဝါပါဠိတော်) - ကို ကြည့်ပါ။

၁၁ ကောလာဟလ ၅ပါး (ဗုဒ္ဓဝင် ဌ။ ဇာတက ဌ။ ကောသလသံယုတ် ဌ။ ခုဒ္ဒကပါဌ ဌ။ သုတ္တနိပါတ ဌ။ ဇိနာလင်္ကာရဋီကာ။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကောလာဟလ- နောက်နောင်အခါ အမှန်မုချ ဖြစ်ပေါ်လာမည်ကို မဖြစ်ပေါ်မီ ဝေးလံစွာသော အချိန်ကာလက ကြိုတင်၍ ရှေ့ပြေးနိမိတ်အဖြစ် လူအများစုရုံးကာ အုတ်အုတ်ကျက်ကျက် ပြောဆိုကြခြင်း။ ကောဠဟလ ဟုလည်း ခေါ်သည်။

၁ ကပ္ပကောလာဟလ- ကမ္ဘာပျက်လုနီးသော် မပျက်မီ နှစ်ပေါင်းတသိန်းက ကြိုတင်၍ လောက ပါ လ ကာမာဝစရနတ်များက ကြွေးကြော်ကြခြင်း၊ ၂ စက္ကဝတ္တိကောလာဟလ- စကြာဝတေးမင်း မပေါ်မီ နှစ်ပေါင်းတရာကြိုတင်၍ လောကပါလ ကာမာဝစရနတ်များက ကြွေးကြော်ကြခြင်း၊ ၃ ဗုဒ္ဓကောလာဟလ- ဘုရားရှင်မပွင့်ပေါ်မီ နှစ်ပေါင်းတထောင်ကြိုတင်၍ သုဒ္ဓါဝါသဗြဟ္မာကြီးတို့ ကြွေးကြော်ကြခြင်း (ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့၏ အသက်တမ်းခေတ် အားလျော်စွာသာလျှင် မိန့်ဆိုသောစကားဟု မှတ်ယူရာ၏၊ အသက်တမ်းရှည်သော မြတ်စွာဘုရားရှင်တို့တွင်မူ ကြိုတင်နှစ်ပေါင်းများရာ၏)၊ ၄ မင်္ဂလကောလာဟလ- မြတ်စွာဘုရား မင်္ဂလာတရားကို မဟောကြားမီ ၁၂နှစ်ကြိုတင်၍ သုဒ္ဓါဝါသဗြဟ္မာတို့ ကြွေးကြော်ကြ၊ ၅ မောနေယျ ကောလာဟလ- ဘုရားရှင် မဟောကြားမီ သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည် ၇နှစ်ကြိုတင်၍ ရဟန်းတပါးသည် မောနေယျအကျင့်ပဋိပတ်ကို ဘုရားရှင်အား မေးလျှောက်မည် ဟု ကြွေးကြော်ကြသည်။

၁၂ ကောသလမင်း သန်းခေါင်ယံ၌ကြားသော ကြောက်ဖွယ်အသံ ၈သံ (အဋ္ဌ- ၈၊ သဒ္ဒ- အသံ၊ အဋ္ဌသဒ္ဒဇာတ်၊ ကစ္စာနီဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကောသလမင်းကြီးလျှောက်ထားသည်ကို ဘုရားရှင် အတိတ်ကိုဟော၊ ဘုရားလောင်းရသေ့ကို မင်း- အရှင်အာနန္ဒာအလောင်းကမေး။

၁ မင်းအိမ်အနီးဥယျာဉ်မှ ဗျိုင်းအော်သံ- မင်္ဂလာရေကန်ရေနည်း၍ ဖားမျှဖြင့်သာ မျှတနေရ၊ ယခင်က ရေများ၍ ငါးပေါများသော ငါ့အဖဥစ္စာနေရာကို တော်မွတ်သော်လည်း မစွန့်နိုင်၊ မင်းက ရေဖြည့်စေ၊ ၂ ဆင်တင်းကုပ် တုရိဏ်တိုင်နေ ကျီးမအသံ- သီလမရှိသော ဗန္ဓုရ၏ ၂ခုမြောက်မျက်စိကို အဘယ်သူ ဖေါက်ပါအံ့နည်း၊ အဘယ်သူသည် ငါ့သား ငါ့အသိုက် ငါ့ချမ်းသာခြင်းကို ပြုပါအံ့နည်း၊ ဆင်ထိန်းဗန္ဓုရသည် မျက်စိတဖက်သာရှိပြီး ဆင်တင်းကုပ်မှ ထွက်ဝင်တိုင်း ကျီးမအသိုက်နှင့် သားပေါက်တို့ကို ပုတ်ခတ်၏၊ ဆင်ထိန်းအသစ်ထားစေ၊ ၃ မင်းအိမ်အထွတ်နေ ယုဇပိုး၏အသံ- ထိုပိုးသည် အကာစား၍ကုန်၊ အနှစ်ကို

မစားနိုင်၊ ထွက်လည်းမထွက်နိုင်၍ ငိုမြည်း၊ ပိုးကိုထုတ်စေ၊ ၄ မင်းအိမ်၌မွေးထားသော ဥဩမအသံ-တောကိုအောက်မေ့၍ ငြီးငွေ့ကာအော်၊ လွှတ်စေ။

၅ မင်းအိမ်မွေး သမင်၏အသံ- မိမိမယား သမင်မကိုအောက်မေ့၍ ကိလေသာအစွမ်းဖြင့် ငြီးငွေ၍အော်၊ လွှတ်စေ၊ ၆ မင်းအိမ်မွေး မျောက်အသံ- ဤအရပ်၌ငြီးငွေ၍ ဟိမဝန္တာမှ မျောက်မရှိရာသို့ သွားလို၊ လွှတ်စေ၊ ၇ မင်းအိမ်မွေး ကိန္နရာ၏အသံ- မယားကိန္နရာမကို ကိလေသာဖြင့် နာကျင်သည်ဖြစ်၍ အသံပြု၊ လွှတ်စေ၊ ၈ မင်းအိမ်အထက်ဖြင့် ဥယျာဉ်သို့ကြွသော ပစ္စေကဗုဒ္ဓါ၏ဥဒါန်းကျူးရင့်သံ- အာယုသင်္ခါရကုန်သော အရှင်ပစ္စေကဗုဒ္ဓါသည် မင်းဥယျာဉ်သို့ ကောင်းကင်မှလာ၊ ခန္ဓာဝန်ချ၍ နိဗ္ဗာန်ပြည်သို့ဝင်ခြင်းကိုပြသောဥဒါန်းကို မင်းအိမ်အထက်၌ ကျူးရင့်ပြီး မင်းဥယျာဉ်ရှိ ကောင်းစွာပွင့်သော အင်ကြင်းပင်ရင်း၌ ပရိနိဗ္ဗာန်ပြု၊ မင်းသည် အလောင်းတော်ကို နံ့သာပန်းတို့ဖြင့်ပူဇော်၊ ၇ရက်ပတ်လုံး သာဓုကီဠန ကစား၊ နံ့သာထင်းပုံထက်၌ ကြီးစွာသောပူဇော်သက္ကာရဖြင့် သင်္ဂြိုဟ်၊ ဓါတ်တော်တို့ကို ခရီးလမ်းမဆုံ၌ စေတီတည်။

၁၃ ကောသလအိပ်မက် ၁၆ချက် (မဟာသုပိနဇာတ်၊ ဝရဇာဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁၄ ကံ ၄ စု

၁။ ကံအမျိုးမျိုး အစု ၃ စု (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁။ စွမ်းအင်စွမ်းရည်အရ ၄မျိုး

၁ ဇနကကံ- အဦးအစစွမ်းအင်၊ လူနတ်ပြဟ္မာ အပါယ်ဘုံတို့၌ ပဋိသန္ဓေကို ဖြစ်စေသောကံ၊ သူဆင်းရဲတဦး ထီပေါက်သောကံမျိုးလည်း ဖြစ်။

၂ ဥပတ္ထမ္ဘကကံ- အကူစွမ်းအင်၊ ဇနကကံကို အထောက်အကူပြုသောကံ၊ ဥပုသ်သီတင်းဆောက်တည်ခြင်းဖြင့် အတိတ်ဘဝကံကြောင့် ရရှိထားသောအသက်ကို ပို၍ရှည်စေသောကံမျိုး ဖြစ်။

၃ ဥပပီဠကကံ- ဆန့်ကျင်တားဆီးစွမ်းအင်၊ လက်ရှိအကျိုးပေးနေသောကံများ အားနည်းသွားစေရန်နှင့် အကျိုးမပေးရသေးသောကံများ အကျိုးပေးခွင့်မရအောင် တားဆီးသောကံ၊ သူဌေးသားတယောက်မူးယစ်လောင်းကစားကြူးက လက်ရှိရရှိနေသော ကောင်းကျိုးများ လျော့ပါးသွားစေသော ကံမျိုး။

၄ ဥပဃာတကကံ- ပယ်ဖျက်စွမ်းအင်၊ လက်ရှိအကျိုးပေးနေသောကံကို လုံးဝပယ်ဖျက်သောကံ၊ ရုတ်တရက် သေဆုံးခြင်းမျိုး။

၂။ အကျိုးပေးခွင့်အရ ၄မျိုး

၁ ဂရုကံ- အလွန်စွမ်းအားကြီးသောကံ၊ ဈာန်ကုသိုလ်ကံများနှင့် အကုသိုလ်အရာ၌ ပဉ္စနန္တရိယကံ။

၂ အာသန္နကံ- သေခါနီး ထင်သောကံ၊ ပြုသောကံမျိုး၊ သေခါနီး တရားနာခြင်း၊ ပန်းဆီမီးပူဇော်ခြင်း စသည်မျိုး။

၃ အာစိဏ္ဏကံ- အမြဲတစေ အဖန်ဖန် အလေ့အကျင့် ပြုထားသော ကုသိုလ်ကံနှင့် အကုသိုလ်ကံများ၊ ၎င်းကံတို့သည် အားကြီးသော်လည်း အာသန္နကံက အကျိုးပေးခွင့် ဦးစွာရသည်။

၄ ကဋတ္တာကံ- သာမညကံ၊ ယင်းကံသည် ရှေ့ကံ ၃ကံမရှိလျှင် အကျိုးပေးခွင့်ရသည်။

<u>၃။ အကျိုးပေးကာလအရ ၄မျိုး</u> (ပဋ္ဌမသမ္ဗောဓိတနိကသုတ်၊ ကရဇကာယဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက - ၌လည်း ထို ၄မျိုးအနက် ပဌမ ၃ကံ လာရှိသည်။)

၁ ဒိဋ္ဌဓမ္မဝေဒနီယကံ- မျက်မှောက်ဘဝ ချက်ချင်းလက်ငင်းကံ၊

၂ ဥပပဇ္ဇဝေဒနီယကံ- အခြားမဲ့ဒုတိယ ဘဝ၊ နောက်ဘဝ အကျိုးပေးသောကံ၊

၃ အပရာပရိယ ဝေဒနီယကံ- နောက်ဘဝအဆက်ဆက်၌ မည်သည့်ဘဝမဆို အခွင့်ရက အကျိုးပေးမည့်ကံ။ အကျိုးမပေးရသေးမချင်း တောက်လျှောက်လိုက်ပါနေသောကံ ဖြစ်။ ကောင်းသောကံ မကောင်းသောကံတို့ ၏ အကျိုးကို မခံစားရပဲ ဆင်းရဲကုန်ဆုံးရန် မပြုနိုင်ချေ။

၄ အဟောသိကံ- လုံးဝအကျိုးမပေးတော့သည့်ကံ၊ စတုတ္ထစျာန်ရသူမှာ စတုတ္ထစျာန်က အားအကြီးဆုံးဖြစ်၍ အကျိုးပေးကာ ကျန် ပဌမစျာန် ဒုတိယစျာန် တတိယစျာန်တို့မှာ အကျိုးပေးခွင့် မရတော့သဖြင့် အဟောသိကံ ဖြစ်။

<u>၂။ ကံ ၃မျိုးနှင့် မနောကံ</u> (ဥပါလိသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ ကာယကံ၊ ၂ ဝစီကံ၊ ၃ မနောကံ၊ မနောကံသည် အပြစ်အကြီးဆုံးဖြစ်သည်၊ ကာယကံဖြစ်စေ ဝစီကံဖြစ်စေ စေ့ဆော်မှု စေတနာ မနောကံမပါလျှင် မည်သည့်အပြစ်မျှ ဖြစ်မလာပါ။

<u>၃။ ကံ ၄မျိုး</u> (ဝိတ္ထာရသုတ်၊ ကမ္မဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ကုက္ကုရဝတီ- ခွေးအကျင့်ရှိသော၊ ကုက္ကုရဝတီသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

မြတ်စွာဘုရား ကောလိယတိုင်း ဟလိဒ္ဒဝသနနိဂုံး ကောလိယ၏သား နွားအကျင့်ကျင့်သောပုဏ္ဏ၊ အဝတ်မဝတ်သော ခွေးအကျင့်ကျင့်သော သေနိယ၊ ၎င်းတို့က ၎င်းတို့၏အကျင့်များ ကျင့်ခြင်းကြောင့် တမလွန်လောက လားရာကို မေးခြင်းနှင့်စပ်၍ ဘုရားရှင်ဟော။

၁ မည်းညစ်၍ မည်းညစ်အကျိုးရှိသောကံ- ဆင်းရဲသော ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ ပြုလုပ်ကြ၍ ငရဲသို့ကျရောက်၊ ၂ ဖြူစင်၍ ဖြူစင်အကျိုးရှိသောကံ- မဆင်းရဲသော ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရပြုလုပ်ကြသဖြင့် သုဘကိဏှာဗြဟ္မာဘုံသို့ရောက်၊ ၃ မည်းညစ်ဖြူစင် ရောသည်ဖြစ်၍ မည်းညစ်ဖြူစင်ရောသောအကျိုးရှိသောကံ- ဆင်းရဲသော မဆင်းရဲသော သင်္ခါရ၃ပါးကိုပြုကြ၍ လူ၊ အချို့နတ်၊ အချို့သော ဝိနိပါတိကအသူရာဖြစ်ကြ၊ ၄ မမည်းညစ် မဖြူစင်သည်ဖြစ်၍ မမည်းညစ် မဖြူစင်အကျိုးရှိသော ကံကုန်ခြင်းကို ဖြစ်စေသောကံ- အထက်ပါ ၃ကံကို ပယ်ရန်လှုံ့ဆော်သည့် မဂ်စေတနာ။

၄။ ကံ (ကောင်းမှု / မကောင်းမှု) ဖြစ်ကြောင်း ၅ပါး (မဟာလိသုတ်၊ အင်္ဂုတ္တရသဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

မကောင်းမှုကံ - ၁ လောဘ၊ ၂ ဒေါသ၊ ၃ မောဟ၊ ၄ မသင့်မတင့် နှလုံးသွင်းမှု- အယောနိသော မနသိကာရ၊ ၅ မှားယွင်းစွာထားသော စိတ်။

ကောင်းမှုကံဖြစ်ရန် အကြောင်း ၅ပါး - အပြန် ၅ပါး။

၁၅ ကိုးပါးသီလ အကျိုး၄ပါး (နဝင်္ဂုပေါသထသုတ်၊ သီဟနာဒဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) အဋ္ဌင်္ဂဉပေါသထသီလနှင့် မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် အရပ် ၆မျက်နှာသို့ ပြန့်နှံ့စေလျက်နေခြင်းသည် ကိုးပါးသီလမည်၏၊ ဉပုသ်တပါးချင်းကို ရဟန္တာသို့ အတုလိုက်၍ပြုအံ့ဟု ဆောက်တည်ရာ၏။

၁ အကျိုးကြီး၏၊ ၂ အာနိသင်ကြီး၏၊ ၃ တန်ခိုးကြီး၏၊ ၄ ကြီးသောပြန့်နှံ့ခြင်း ရှိ၏။

၁၆ ကောင်းကျိုးရကြောင်း တရား၄ပါး (အခွင့်ကောင်းကို ရအောင်ယူတရားတော်၊ ၂၃-၁-၂၀၁၁နေ့ ဟော၊ ပါမောက္ခချုပ်ဆရာတော်၊ ဒေါက်တာနန္ဒမာလာဘိဝံသ)

၁ ဒက္ခ ဂဟပတိ သာဓု- စီးပွားရေးနှင့်ပတ်သက်ပြီး ကျွမ်းကျင်မှုရှိခြင်း၊

၂ ဥဋ္ဌာန သမ္ပဒါ- လုံ့လဝီရိယ ရှိခြင်း၊

၃ သဝိဘာဇနဉ္စ ဘောဇနံ- မိသားစု မိဘ ဆွေမျိုးများနှင့် မျှသုံးပါ၊

၄ အဟာသော အတ္ထလာဘေသု- မောက်မာတာ မလုပ်နှင့်၊ ဘဝင် မမြင့်နှင့်။

၁၇ ကောက်ဦးဆွမ်းလှူကျိုး ၇ပါး(သုစိန္တိတတ္ထေရအပဒါန်၊ သကိံသမ္မဇ္ဇကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အဆင်းလှ၊ ၂ အခြံအရံများ၊ ၃ စည်းစိမ်များ၊ ၄ ဘေးမရှိ၊ ၅ မပျက်စီးသောပရိသတ်ရှိ၊ ၆ ပူဇော်ခံရ၊ ၇ လှူဖွယ်ဝတ္ထုကို ဦးဦးဖျားဖျားရ၏၊ သံဃာ့အလယ် မြတ်စွာဘုရားမျက်မှောက်၌ ပုဂ္ဂိုလ် အားလုံးကို ကျော်လွန်၍ အလှူဒါယကာတို့သည် ငါ့အားသာ ပေးလှူကြ၏။

၁၈ ကောင်းခြင်း ၂ ခု။

၁။ ကောင်းခြင်း ၃ပါး (နေတ္တိပါဠိတော်၊ မိုးထိနိဿယ၊ ခု၊ သုတ္တန္တပိဋက)

၁ အာဒိကလျာဏံ- အစ၌ကောင်းခြင်း၊ ၂ မဇ္ဈေကလျာဏံ- အလယ်၌ကောင်းခြင်း၊ ၃ ပရိယော သာနကလျာဏံ- အဆုံး၌ကောင်းခြင်း။

၂။ ကောင်းခြင်း ၄ချက် (ဣန္ဒြိယဇာတ်၊ ကစ္စာနီဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အိမ်ရှင်မတို့၏ မပျင်းမရိ လိမ္မာသည်၏အဖြစ်၊ ၂ တရားစောင့်သောရဟန်း ပုဏ္ဏားတို့နှင့် ဝေဖန်၍ သုံးဆောင်ခြင်း၊ ၃ စည်းစိမ်ဥစ္စာရသောအခါ မမေ့မလျော့သည်၏အစွမ်းဖြင့် မပေါ်မလွင် မရှင်မလန်းသည်၏ အဖြစ်ရှိခြင်း၊ ၄ အကျိုးစီးပွား ပျက်စီးသောအခါ မပင်မပန်းခြင်းသည် ကောင်း၏။

၁၉ ကောင်းသောဝတ္ထု ၄မျိုးဖြစ်သည်ဟု သိကြောင်း (သမ္ဘဝဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ လျင်မြန်ခြင်းဖြင့် မြင်းကောင်း၊ ၂ ဝန်ရွက်ဆောင်ခြင်းဖြင့် နွားကောင်း၊ ၃ နို့ညှစ်ခြင်းဖြင့် နွားမကောင်း၊ ၄ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပညာရှိကို သိ၏။

၂၀ ကောဋ္ဌာသ ၃၂ပါး (**၃၂ ကောဋ္ဌာသ**၊ ခုဒ္ဒကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဆံပင်၊ ၂ မွေးညှင်း၊ ၃ ခြေသည်း လက်သည်း၊ ၄ သွား၊ ၅ အရေ၊ ၆ အသား၊ ၇ အကြော၊ ၈ အရိုး၊ ၉ ရိုးတွင်းခြင်ဆီ၊ ၁၀ အညှို့၊

၁၁ နှလုံး၊ ၁၂ အသည်း၊ ၁၃ အမြှေး၊ ၁၄ အဖျဉ်း၊ ၁၅ အဆုတ်၊ ၁၆ အူမ၊ ၁၇ အူသိမ်၊ ၁၈ အစာသစ်၊ ၁၉ အစာဟောင်း၊ ၂၀ ဦးနှောက်၊

၂၁ သည်းခြေ၊ ၂၂ သလိပ်၊ ၂၃ ပြည်၊ ၂၄ သွေး၊ ၂၅ ချွေး၊ ၂၆ အဆီခဲ၊ ၂၇ မျက်ရည်၊ ၂၈ ဆီကြည်၊ ၂၉ တံတွေး၊ ၃၀ နှပ်၊ ၃၁ အစေး၊ **၃၂** ကျင်ငယ်။

၂၁ ကန္တာရ ၅မျိုး (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကံ- ရေကို၊ တာရ- လွန်သောခရီး၊ ကန္တာရ- ရေမရှိသည့် အသွားရခက်သောခရီး။

၁ စောရကန္တာရ- လူဆိုးတို့ သောင်းကျန်းထကြွသော ခရီးခဲ၊ ၂ ဝါဠကန္တာရ- ခြင်္သေ့ သစ် ကျားသားရဲများ သောင်းကျန်းထကြွသော ခရီးခဲ၊ ၃ ဒုဗ္ဘိက္ခကန္တာရ- အစာ ထမင်းမရှိ ခေါင်းပါးသော ခရီးခဲ၊ ၄ နိရုဒက ကန္တာရ- ရေမရှိသော၊ ရေပြတ်သော ခရီးခဲ၊ ၅ ယက္ခကန္တာရ- ဘီလူးစိုးအုပ်သော ခရီးခဲ။

၂၂ ကိန္နရီကိန္နရာချောင်းခြား၍ အနှစ်၇၀၀ ငိုကြွေးသောဇာတ်။ ကိန္နရာဖို- ကောသလမင်းကြီး အလောင်း ကိန္နရာအမ- မလ္လိကာမိဖုယားအလောင်း ဘလ္လာတိယမင်း- ဘုရားလောင်း (ဘလ္လာတိယဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၂၃ ကုန်များကို မြစ် ၇ရက် ရေကြီးနေ၍ငင်း၊ သာဝတ္ထိပြည်သားတို့ ၇ရက် နက္ခတ်ပွဲနွဲနေ၍ငင်း၊ ကောင်းကောင်းမရောင်းရသဖြင့် ထိုနေရာ၌ နွေမိုးဆောင်း တနှစ်ပတ်လုံး နေ၍ ရောင်းမည်ဟု ကုန်သည်ကြီး၏

စိတ်ကူးကို မြို့တွင်းသို့ ဆွမ်းခံဝင်သောဘုရားရှင် သိတော်မူ၍ ပြုံးသည်ကို အရှင်အာနန္ဒာ အကြောင်းမေး သဖြင့်သိကာ ကုန်သည်ကြီးအားပြောပြရာ ဘုရားရှင်နှင့် သံဃာတော်တို့အား ၇ရက်ပတ်လုံး အလှူပေးပြီး နောက် ဘုရားရှင် ဓမ္မပဒလာဒေသနာတော်ကို ဟောတော်မူသောအခါ သောတာပန်ဖြစ်ပြီးသော် ဘုရားရှင် ကို လိုက်ပို့ပြီးအပြန် ဦးခေါင်းခဲဝေဒနာဖြင့် အိပ်ရာထဲလှဲစဉ် သေကာတုသိတာနတ်ပြည်သို့ ရောက်၏။ (မဟာနေဝါဏိဇဝတ္ထု၊ မဂ္ဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၂၄ **ကပ်** <u>**၃ ၁**</u>

<u>၁။ ကပ် ၃ပါး</u> (သုတ်ပါထေယျပါဠိတော်။ သုတ်ပါထေရ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

ကပ်= ကပ္ပ = စီရင်ခြင်း၊ သတ္တဝါတို့၏ အပြုအမူကံအလျောက်စီရင်ခြင်း။

၁ ဒုဗ္ဘိက္ခန္တရကပ်- သတ္တဝါတို့၏ လောဘတရားကြီးမားလာသောအခါ မိုးခေါင်ရေရှား ငတ်မွတ် ခေါင်းပါး၍ သေကြေပျက်စီးကာ များသောအားဖြင့် ပြိတ္တာဘုံသို့ရောက်။

၂ သတ္ထန္တရကပ်- သတ္တဝါတို့ ဒေါသတရားကြီးမားလာသောအခါ မေတ္တာရှားပါး၍ တဦးနှင့်တဦး ထိုးခုတ်ရိုက်နှက် သတ်ဖြတ်ခြင်းကြောင့် သေကြေပျက်စီးကြကာ များသောအားဖြင့် ငရဲဘုံသို့ရောက်။

၃ ရောဂန္တရကပ်- မောဟများသောအခါ အနာရောဂါကျရောက်၍ သေကြေပျက်စီးကြပြီး များသောအားဖြင့် မေတ္တာပွားသူတို့ နတ်ရွာသုဂတိသို့ ရောက်ကြ။

<u>၂။ ကပ် (အသင်္ချေယျ) ၄မျိုး</u> (ကပ္ပသုတ်၊ ဋ္ဌက္ကန္ဒိယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ကမ္ဘာပျက်ဆဲ- သံဝဋ္ဋအသင်္ချေယျကပ်၊

၂ ပျက်သည့်အတိုင်း တည်နေဆဲ- သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၊

၃ ကမ္ဘာဖြစ်ဆဲ- ဝိဝဋ္ဋအသင်္ချေယျကပ်၊

၄ ဖြစ်ပြီးတည်ဆဲ- ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်၊ ဤကပ်သည် သတ္တဝါများနေသောကာလဖြစ် သည်။ ဤ၄ကပ်ကို <u>မဟာကပ်= **တကမ္ဘာ**</u> ဟုခေါ်သည်။

<u>၃။ ကပ်ကြီး ၄ပါး</u> (သာရတ္ထသင်္ဂဟ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကမ္ဘာ= အလျားအနံအမြင့် တယူဇနာရှိတိုက်ခန်း (ဂိုဒေါင်) အတွင်း မုန်ညင်းဖြူစေ့ အပြည့်ထည့်၊ အနှစ် ၁၀၀မှ ထစေ့ယူပစ်သဖြင့် ထိုမုန်ညင်းစေ့တို့ ကုန်သော်လည်း ဤကပ္ပ= ကမ္ဘာခေါ်သော အချိန်ကာလ မကုန်သေး။

<u>ကာလကြီး ၄ပါးဟုလည်း</u> ခေါ်သည်၊

၁ အာယုကပ်- လူ / သတ္တဝါတို့၏ အသက်တမ်းကာလ အပိုင်းအခြားတခု၊ ရာတမ်း ထောင်တမ်း သောင်းတမ်းစသည်ဖြင့် ဖြစ်သည်။ အနည်းဆုံး ၁ဝနှစ်တမ်းမှ အများဆုံး အသင်္ချေတမ်းအထိ ရှိသည်။

၂ အန္တရကပ်- လူတို့ ပြဟ္မစိုရ်တရား ၄ပါး ကျင့်သုံးလာကြသဖြင့် ဆယ်နှစ်တမ်းမှ အသင်္ချေယျ တမ်းထိ တိုးပွားရှည်လာ၊ ဝဍ္ဍနကပ္ပ- တက်ကပ်ဟု ခေါ်၊ သတ္တဝါတို့ လောဘ ဒေါသ မောဟတရားများ ထူပြောလာသောအခါ ထိုအသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်လာ၊ ဟာယနကပ္ပ- ဆုတ်ကပ်ဟု ခေါ်၊ ထိုအတက် အဆုတ်ကာလကြီးတခုကို ခေါ်သည်။

၃ အသင်္ချေယျကပ်- အန္တရကပ်ပေါင်း ၆၄ကပ်ပမာဏ ကာလအပိုင်းအခြား ဖြစ်သည်။ ၄မျိုး [အထက်ပါ အမှတ် ၂။ ကပ် (အသင်္ချေယျ) ၄မျိုး - ကို ကြည့်ပါ။] ရှိသည်။

၄ မဟာကပ်- အသင်္ချေယျ ၄ကပ်ပမာဏ [အထက်ပါ အမှတ် ၂။ ကပ် (အသင်္ချေယျ) ၄မျိုး ဖြစ်သည်။] ကာလအပိုင်းအခြား ရှိသည်။ **တကမ္ဘာ** = မဟာကပ်= အသင်္ချေကပ် ၄ကပ် ဖြစ်သည်။

၂၅ ကပ္ပိခြင်း ၅မျိုး (ခုဒ္ဒကဝတ္ထုများ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ စူဠဝဂ္ဂပါဠိတော်၊ ဝိ)

၁ မီးဖြင့် ကပ္ပိခြင်း၊ ၂ ဓါးငယ်ဖြင့် ကပ္ပိခြင်း၊ ၃ လက်သည်းဖြင့် ကပ္ပိခြင်း၊ ၄ မျိုးစေ့မဖြစ်နိုင်သော သစ်သီး၊ ၅ အစေ့ထုတ်ပြီး သစ်သီး။

## ၂၆ ကမ္ဘာမြေ နှင့် လူ့လောက ၃ ခု

(စကြဝဠာ - ကိုလည်း ကြည့်ပါ။ အထက်တွင် ဖေါ်ပြထားသော [ကပ် မှ ကပ် (အသင်္ချေ) ၄မျိုး နှင့် ကပ်ကြီး ၄ပါး] - ကိုလည်း ကြည့်ပါ။ ၎င်း ၃ခု - ¹စကြဝဠာ၊ ²အသင်္ချေကပ် နှင့် ³ကပ်ကြီးကို ယှဉ်တွဲကြည့်ပါလျှင် ပိုမိုသိရှိ သဘောရ နားလည်ပါမည်။)

၁။ ကမ္ဘာမြေ(လောက)နှင့် လူဖြစ်ပုံ (အဂ္ဂညသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

ကမ္ဘာပျက်သော် သတ္တဝါတို့သည် များသောအားဖြင့် ဒုတိယစျာန်၃ဘုံတွင် အရောင်အဝါတွက်သော ပြဟ္မာတို့၏နေရာ တတိယဘုံဖြစ်သော အာဘဿရာဘုံသို့ ရောက်ကြ၊ လောကတည်လတ်သော် သတ္တဝါတို့သည် များသောအားဖြင့် ထိုဘုံမှစုတေ၍ ဤလူ့ဘုံသို့ လာကြ၊ စကြဝဠာ ကုဋေတသိန်းလုံးသည် တခုတည်းသော ရေပြင်ကြီးသာဖြစ်၊ ပီတိသာစားသုံး၍ မိမိတို့၏ကိုယ်ရောင်ကိုယ်ဝါဖြင့် ကောင်းကင်၌ သွားလာနေနိုင်ကြ။

ထိုရေပြင်ကြီးမှနေ၍ စားချင်စဖွယ်မြေဆီများကို စားသုံးရာမှ ကိုယ်ရောင်ကွယ်၊ မှောင်၊ လ နေ တောင့်တရာမှ လ နေပေါ်၊ မြေဆီများကုန်သော် မြေလွှာ၊ ကုန်သော် ချိုသောနွယ်၊ ကုန်သော် ဆန်လုံးသီးသော သလေးဆန်များ ဆွတ်၍စားကြ၊ လိင်များပေါ်လာ၊ မေထုန်မှီဝဲ၊ အိမ်များဆောက်လာကြ၊ နောက်သော် သလေးဆန်များကို ၄ရက်စာ ၈ရက်စာယူကြ၊ ဖွဲနု ဖွဲ ဖြတ်ရာ ထင်ရှားလာ၊ ခွဲဝေယူကြရာမှ သူတပါးအဖို့ကိုပါ ယူကြ၊ ဖမ်း၍ပုတ်ခတ်ကြ၊ မပေးပဲယူ၊ ကဲ့ရဲ့၊ မဟုတ်မမှန်ပြော၊ တုတ်လက်နက်ကိုင်ကြ၊ တရားသဖြင့်ရွတ်ချ၍

နှင်ထုတ်သူကို သမုတ်ကာ သလေးဆန်အဖို့အစုပေး၊ မဟာသမ္မတမင်းဟုတွင်၊ လယ်မြေအရှင်ကို ခတ္တိယ၊ တရားသဖြင့် သူတပါးတို့ကို နှစ်သက်စေသူကို ရာဇာ၊ ပုဏ္ဏား ကုန်သည် သူဆင်းရဲမျိုးကိုဖြစ်လာ၊ ရဟန်းပြုလာကြ၊ ဒုစရိုက် သုစရိုက်အမှုများပြုလာကြ၊ တရားသာ အမြတ်ဆုံးဖြစ်၊ ဗောဓိပက္ခိယတရား ၃၇ပါး ပွားခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြ။

၂။ ကမ္ဘာမြေတည်နေစဉ် လူ့အသက် အဆင်းစသည့်တို့ ယုတ်လျော့ခြင်း တိုးပွားခြင်း / **အနွှရကပ်** အကြောင်း ၁၄ ချက် (စက္ကဝတ္တိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

ဘုရားရှင် မဂဓတိုင်း မာတုလမြို့၌ ဟောတော်မူ၏။ "မိမိသာလျှင်၊ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ ကျွန်းကြီးသဖွယ် မှီခိုရာရှိကုန်သည်ဖြစ်၍ နေလော့။"

၁ စကြဝတေးမင်းအဆက်ဆက်သည် စကြဝတေးမင်းတို့၏ကျင့်ဝတ်ကို ကျင့်သုံး၍ လောကကို တရားနှင့်အညီ အုပ်စိုးနေ၏။ ခမည်းတော် စကြဝတေးမင်းတပါးသည် စကြာရတနာ မူလတည်နေရာမှ အတန်ငယ် ရွေ့လျောသည်ကို မြင်၍ ရသေ့ရဟန်းပြု၊ စကြာရတနာသည် ၇ရက်ကြာသော် ကွယ်ပျောက်၊ သားတော်မင်းသည် ခမည်းတော်ရသေ့ထံ ချဉ်းကပ်၍ စကြဝတေးမင်းတို့၏ ကျင့်ဝတ်ကိုမမေးပဲ မိမိပညာဖြင့်သာ နိုင်ငံကို ဆုံးမအုပ်စိုး၊ ၂ မင်းသည် အမတ် ပုဏ္ဏားများက လျှောက်ထားသဖြင့် ၎င်းတို့ကို စကြဝတေးမင်း၏ကျင့်ဝတ်ကိုမေး၍ နိုင်ငံကို တရားနှင့်လျော်သော စောင့်ရှောက်ကာကွယ်မှုကို ပေးသော်လည်း ပစ္စည်းဥစ္စာမရှိသူတို့ကို ပစ္စည်းဥစ္စာ မပေး၊ ၃ သို့ဖြင့် ခိုးသူများရှိလာ၊ ထိုပစ္စည်းမဲ့ခိုးသူများကို ဥစ္စာပေး၊ ထိုသည်ကိုသိသော ပစ္စည်းမဲ့သူများ ခိုးကြရာ ခိုးသူများ တိုးပွား၊ ၄ ပစ္စည်းမပေးတော့ပဲ ဦးခေါင်းဖြတ်သော် ခိုးသူတို့က ရွာနိဂုံးကို ဖျက်ဆီးသတ်ဖြတ်ကြ၊ လက်နက်များ ပေါ်များလာ၊ ၅ အသက် အဆင်းတို့ ဆုတ်ယုတ်လာ၊ အသက် ၈သောင်းတမ်းမှ ၄သောင်းတမ်းသို့ ဆုတ်။

၆ အသက် ၄သောင်းတမ်း၌ မဟုတ်မမှန်စကားပြော၊ ၇ အသက် ၂သောင်းတမ်း၌ ကုန်းချောစကားပြော၊ ၈ အသက် တသောင်းတမ်း၌ အချို့အဆင်းလှ၍ အချို့မလှ၊ သူတပါးသားမယားကို လွန်ကျူး၊ ၉ အသက် ၅ထောင်တမ်း၌ ကြမ်းတမ်းသောစကား၊ ပြိမ်ဖျင်းသောစကား ပြောလာကြ၊ ၁၀ အသက် ၂၅၀၀တမ်း၌ အဘိဇ္ဈာ- လိုချင်တပ်မက်ခြင်း၊ ဗျာပါဒ- ပျက်စီးစေလိုခြင်းတို့ တိုးပွား။

၁၁ အသက် တထောင်တမ်း၌ အယူဝါဒအမှားများ တိုးပွား၊ ၁၂ အသက် ၅၀၀တမ်း၌ **အဓမ္မတရား ၃ပါး** (လူတို့ပျက်စီးကြောင်း တရား ၃ပါး - ကို ကြည့်ပါ။) တို့ တိုးပွား၊ ၁၃ အသက် ၂၅၀တမ်း၌ **ကြီးသူ ၅ဦး**ဖြစ်သော [၁]အမိ၊ [၂]အဖ၊ [၃]သမဏ၊ [၄]ဗြဟ္မဏ၊ [၅]အမျိုး၌ ကြီးသောသူ - တို့၌ ပြုသင့်သောဝတ် ရှိသေမှုမပြု၊ [၁၄] ဖေါ်ပြပါတရားတို့ ပေါ်များပွားတိုးလာရာ အသက်တရာတမ်းမှ ဆယ်နှစ်တမ်းတိုင်အောင် ဆုတ်လာ။

အသက် ၁၀နှစ်တမ်း၌ ၅နှစ်ရွယ် သတို့သမီးသည် လက်ထပ်ထိမ်းမြားနိုင်သော အရွယ်ဖြစ်၊ **မြတ်သော အရသာ ၆ပါး** ဖြစ်သော [၁]ထောပတ်၊ [၂]ဆီဦ၊ [၃]ဆီ၊ [၄]ပျား၊ [၅]တင်လဲ၊ [၆]ဆားတို့ ကွယ်ပျောက်၊

လူးထမင်းသည် အမြတ်ဆုံးဖြစ်၊ ကုသိုလ်ကမ္မပထတရား ၁၀ပါး ကွယ်ပျောက်၊ အကုသိုလ်ကမ္မပထထရား ၁၀ပါး ထွန်းပ၊ ကြီးသူ ၅ဦးကို မရိုသေသူတို့ အပူဇော်ခံ အချီးမွမ်းခံထိုက်သူတို့ ဖြစ်လာ၊ တိရစ္ဆာန်များကဲ့သို့ လောကသည် ရောယှက်ရှုပ်ထွေး၊ စည်းကမ်းပျက်ခြင်းသို့ ရောက်၊ အဆုံး၌ အချင်းချင်း ပြင်းစွာအမျက်ထွက်၊ မုန်းထား၊ သတ်လိုစိတ်များ ဖြစ်၊ ၇ရက်ပတ်လုံး သတ္တန္တရကပ် ဆိုက်၊ လက်၌ လက်နက်တို့ ထင်ရှားဖြစ်၍ သားကောင်အမှတ်ဖြင့် အချင်းချင်း သတ်ကြသည်။

ဤအန္တရကပ်များ နောက်ဆုံး၇ရက်၌ အဆုံးသတ်ပုံ ၃မျိုး (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ရှိသည်။ အန္တရကပ် ဆုတ်ယုတ်လာရာ၌-

၁ လောဘလွှမ်းမိုး၍ ဆုတ်ယုတ်လာလျှင် ဒုဗ္ဘိက္ခန္တရကပ်- ငတ်မွတ်ခြင်းဘေးကြီး၊

၂ ဒေါသလွှမ်းမိုး၍ ဆုတ်ယုတ်လာလျှင် သတ္တန္တရကပ်- အချင်းချင်း လက်နက်တို့ဖြင့် သတ်ဖြတ်ခြင်း သေဘေးကြီး၊

၃ မောဟလွှမ်းမိုး၍ ဆုတ်ယုတ်လာလျှင် ရောဂန္တရကပ်- ရောဂါဆိုးဘေးကြီး ကျရောက်၍ မကောင်းသူမှန်သမျှ သေကြေပျက်စီးကြရ၏။

မြက်တော၊ နွယ်ချုံတော၊ သစ်တော၊ မြစ်လယ်ကျွန်းတို့သို့ သွား၍ ဝင်၍ ပုန်းအောင်းကြ၊ ၇ရက်လွန်သော် ပုန်းအောင်း၍အသက်ရှင်သူတို့ ထွက်လာကြ၊ မိမိတို့နှင့် သဘောတူသည်ကိုပြု၍ သက်သာရာ ရကြသည်။

အပြန် - အထက်ဖော်ပြပါတရားများ စောင့်ရှောက် ထိန်းသိမ်းပွားများကြသော် အသက်တမ်း ပြန်လည်တိုးပွား၍ အသက် ၈သောင်းတမ်းတိုင် တက်၏။

၃။ ကမ္ဘာပျက်ပုံ ၃မျိုး (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) - အကျဉ်းသာ။

အထက်ပါ အမှတ် ၁ နှင့် ၂တို့တွင်ဋင်း၊ ကပ် မှ ကပ် (အသင်္ချေ) ၄မျိုး နှင့် ကပ်ကြီး ၄ပါး တို့တွင်ဋင်း ဖော်ပြထားသည့်အတိုင်း ကမ္ဘာမြဲတည်ဆဲကာလအတွင်း လူတို့အသက်တမ်း ၁၀နှစ်တမ်းအထိ ဆုတ်ကာ၊ အသင်္ချေတမ်းအထိ တက်ကာ၊ ဆုတ်ကာတက်ကာ ဖြင့် ၆၄ကြိမ်၊ တနည်း အန္တရကပ် ၆၄ကပ်စေ့သော်၊ တနည်း အသင်္ချေယျတကပ် ကြာသော်-

ကမ္ဘာဖျက်မိုး ၂မျိုး (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ကမ္ဘာပျက်စီးရန် အရင်းခံရွာသောမိုး= မီး၊ ရေ၊ လေဖြင့် ပျက်မည်ဖြစ်သောအခါ တကမ္ဘာလုံးအနှံ့ မိုးကြီး သည်းထန်စွာရွာ၍နောက် တခါတည်း ရပ်စဲသွားတော့၏။

၂ ရေဖျက်မည့်ကမ္ဘာ၌ ကမ္ဘာကို ဖျက်ဆီးရန်ရွာသောမိုး ဖြစ်သည်။ မိုးရေရိုးရိုးမဟုတ်၊ ကျောက်တောင်၊ ကျောက်ခဲပင်ဖြစ်သော်လည်း ထိလိုက်လျှင် ကျေမွပျက်စီးစေနိုင်သော ရေအထူးပင် ဖြစ်၏။

၁ မီးဖျက်သောကမ္ဘာတွင် နေ ၇စင်း တစင်းပြီး တစင်းထွက်ပြီး အခိုးအငွေ့ မြူမှုန်မျှ မကျန်အောင် လောင်ကျွမ်းသည်။ အသင်္ချေယျ တကပ်ကြာသည်။ ဤသို့ ပျက်အတူ ဖြစ်အတူ စကြဝဠာပေါင်း ကုဋေ တသိန်း ရှိသည်။ ပဌမစျာန် ပြဟ္မာ့ဘုံတိုင်အောင် အာဘဿရာပြဟ္မာ့ဘုံအောက် ကုန်အောင် လောင်သည်။

၂ ရေဖျက်သောကမ္ဘာတွင် မိုးသေးမိုးဖွား ရွာရာမှစ၍ ရွာရာ မိုးသီးမိုးပေါက်များ ကျလာကာ အစိုင်အခဲ ဟူသမျှ အရည်ပျော်ကာ အခိုးအငွေ့သို့ ရောက်ရှိ ပျက်စီးသည်။ ဒုတိယစျာန် ပြဟ္မာ့ဘုံတိုင်အောင် သုဘကိဏှာဘုံ အောက်အထိ ပျက်စီးသည်။

၃ လေဖျက်သောကမ္ဘာတွင် လေခါတ်လွန်ကဲရာမှ လေမုန်တိုင်းများစွာ ဖြစ်ပေါ်ကာ အလုံးစုံ ကြေမွ၍ မြူမှုန်မျှမကျန်အောင် ပျက်သုဉ်းသည်။ တတိယစျာန် ပြဟ္မာ့ဘုံတိုင်အောင် ဝေဟပ္ဖိုလ်ဘုံ အောက်အထိ ပျက်စီးသည်။

မီးဖျက်ခြင်းထက် ရေဖျက်ခြင်းက ပို၍ ပြင်းထန်ပြီး လေဖျက်ခြင်းသည် အပြင်းထန်ဆုံး ဖြစ်၏။ မီး ၇ကြိမ် ဖျက်ပြီးလျှင် ရေတကြိမ် ဖျက်သည်။ ဤသို့ ၈ကြိမ် ၈ခါပြည့်သောအခါ ၆၄ကြိမ်မြောက်၌ လေတကြိမ် ဖျက်သည်။

စကြဝဠာ ကမ္ဘာတသိန်းသည် တပြိုင်တည်း တည်၍ တပြိုင်တည်းပင် ပျက်သည်။

၂၇ ကမ္ဘာသဒမ္မနိဂုံး ၂၃

<u>၁။ စူဠကမ္မသဒမ္မနိဂုံးသ</u>ည် ဘုရားလောင်းအလီနသတ္တုမြင်းသား ပေါရိသာဒ- အရှင်အင်္ဂုလိမာလအလောင်းကို ဆုံးမသောအရပ် (ဇယဒိသဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)၊

<u>၂။ မဟာကမ္မသဒမ္မနိဂုံးသ</u>ည် ဘုရားလောင်းမဟာသုတသောမမင်း ပေါရိသာဒ- အရှင်အင်္ဂုလိမာလ အလောင်းကို ဆုံးမသောအရပ် (မဟာသုတသောမဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)။

၂၈ **ကိုယ်ခန္ဓာ** <u>၅၃</u>

<u>၁။ ကိုယ်ခန္ဓာရှိသူတိုင်း၌ အမြဲနိပ်စက်နေသောတရား- ကာယာနုဂတိတရား</u> / အလိုသို့ မလိုက်စေနိုင်သော တရား ၁၀မျိုး (အရဟန္တဝေဒနာဝေဒိယနပဉှာ၊ ဗုဒ္ဓဝဂ်၊ အနုမာနပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အအေး / အချမ်း၊ ၂ အပူ၊ ၃ ဆာလောင်ခြင်း၊ ၄ ရေငတ်ခြင်း၊ ၅ ကျင်ကြီးစွန့်ခြင်း၊ ၆ ကျင်ငယ်စွန့်ခြင်း၊ ၇ အိပ်ငိုက်ခြင်း၊ ၈ အိုခြင်း၊ ၉ နာခြင်း၊ ၁၀ သေခြင်း။

၂။ ကိုယ်ခန္ဓာသည် ယန္တရားစက်ကဲ့သို့ဖြစ်၏။ (ကပ္ပတ္ထေရဂါထာ၊ ဒသကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဤကိုယ်ခန္ဓာသည် ၁-၄ မဟာဘုတ်၄ပါး၊ ၅ ဇီဝိတိန္ဒြေ၊ ၆ ထွက်သက်ဝင်သက်၊ ၇ ဝိညာဉ်စသောတရား တရား၇ပါးတို့၏ အညီအညွတ် ဆက်စပ်သောကြောင့် ယန္တရားစက်ကဲ့သို့ ဣရိယာပုတ်ကို ပြုပြင်တတ်၏၊ လှုပ်ရှား၏။

၃။ ကိုယ်ခန္ဓာအင်္ဂါ ၁၂ပါး (မာဂဏ္ဍိယသုတ္တနိဒ္ဒေသ၊ မဟာနိဒ္ဒေသ မိုးထိနိဿယ၊ ခု၊ သုတ္တန္တပိဋက။ အရှင်နန္ဒမေဓာ၊ ယမကနိဿယ၊ အဘိ။ ဝိသုဒ္ဓိမဂ်။ ဝိဇယသုတ္တန်၊ သုတ္တနိပါတ် ၄။ ဗုဒ္ဓဘာသာလက်စွဲ ကျမ်း၊ သာသနာရေးဦးစီး)

၁ ၂ ကုဋေ ၅ သန်းသော ဆံ၊ ၂၉ သိန်း ၉သောင်းသော အမွေးနှင့် မွေးညှင်းတွင်း၊ ၃ ၂၀ သော လက်သည်း ခြေသည်း၊ ၄ ၃၂ချောင်းသော သွား၊ ၅ စုပေါင်းသည့်ရှိသော် ဇီးစေ့ခန့်မျှသာရှိသော အရေ၊ ၆ ၉၀၀သော သားတစ်၊ ၇ ၉၀၀သော အကြော၊ ၈ ၃၀၀သော အရိုး၊ ၉ ကျောရိုးအဆစ် ၁၈ခု၊ ၁၀ အရသာ အာရုံကြော ၇၀၀၀၊ ၁၁ အူမ အူသိမ် ယောကျ်ား ၃၂တောင်၊ မိန်းမ ၂၈တောင်၊ အတွန့်ပေါင်း ၂၁ခု၊ ၁၂ တနာရီ ထွက်သက်၃၆၀ ဝင်သက်၃၆၀ ပေါင်း၇၂၀။

၄။ **ကိုယ်ခန္ဓာ၌ ငြီးငွေ့ကြလော့။** (ဂဏ္ဍသုတ်၊ သီဟနာဒသုတ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

နှစ်ရှည်ကြာသော အိုင်းအမာ အနာ၌ရှိသော မည်သူကမျှ ဖေါက်ခွဲပြုရသည် မဟုတ်သော အနာဝ ၉ ပေါက်တို့မှ မစင်ကြယ်သောအရာများ၊ မကောင်းသောအနံ့၊ စက်ဆုပ်ဖွယ်သောအရာများ ယိုကျရာ၏။ မစင်ကြယ်သောအရာများ၊ မကောင်းသောအနံ့၊ စက်ဆုပ်ဖွယ်သောအရာများ ပွားစီးနေ၏။

အိုင်းအမာဟူသည် [၁]မိဖတို့၏သုက်သွေးကြောင့် ဖြစ်သော၊ [၂]ထမင်း မုန့်တို့ဖြင့် ကြီးပွားစေသော၊ [၃]မမြဲခြင်းသဘောရှိသော၊ [၄]နံ့သာပျောင်းတို့ဖြင့် ပွတ်သပ်ပေးရခြင်း သဘောရှိသော၊ [၅]ပြိုကွဲပျက်စီးခြင်း သဘောရှိသော၊ [၆]မဟာဘုတ် ၄ပါးတို့ဖြင့် ပြီးသော ဤခန္ဓာကိုယ်၏ အမည်တည်း။

ထိုခန္ဓာကိုယ်၏ ၁-၂ မျက်စိ ၂လုံး၊ ၃-၄ နားခေါင်း ၂ပေါက်၊ ၅-၆ နား ၂ပေါက်၊ ၇ ပါးစပ်ပေါက်၊ ၈ ကျင်ငယ်ပေါက်၊ ၉ ကျင်ကြီးစွန့်ရာစသော အနာဝ ၉ပေါက်မှ မစင်ကြယ်သော မကောင်းသော စက်ဆုပ်ဖွယ်သောအရာများသာ ယိုကျပွားစီးနေ၏။ ကိုယ်ခန္ဓာ၌ ငြီးငွေ့ကြလော့ဟု ဘုရားရှင် ဟောတော်မူ၏။

၅။ ကိုယ်ခန္ဓာ၌တည်သော တရား၁၀မျိုး (သရီရဋ္ဌဓမ္မသုတ်၊ အက္ကောသဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အအေး၊ ၂ အပူ၊ ၃ ထမင်းဆာခြင်း၊ ၄ ရေငတ်ခြင်း၊ ၅ ကျင်ကြီး၊ ၆ ကျင်ငယ်၊ ၇ ကိုယ်ကို စောင့်စည်းမှု၊ ၈ နှုတ်ကိုစောင့်စည်းမှု၊ ၉ အသက်မွေးခြင်းကို စောင့်စည်းမှု၊ ၁၀ တဖန်ဘဝသစ်ကို ဖြစ်စေတတ်၍ ဘဝကို ပြုပြင်တတ်သောကံ။

၂၉ **ကိုယ်တိုင်၊ စေခိုင်း၊ တိုက်တွန်း၊ စိတ်တူ**- ငရဲသို့ရောက်စေသော တရား - ၂၉

၁။ တရား ၄မျိုး (ပါဏာတိပါတီသုတ်၊ ကမ္မပထဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်၏၊ ၂ သူတပါးကိုလည်း သူ့အသက်သတ်ခြင်း၌ ဆောက်တည်စေ၏၊ ၃ သူ့အသက်သတ်ခြင်း၌ နှစ်သက်သဘောတူ၏၊ ၄ သူ့အသက်သတ်ခြင်း၏ကျေးဇူးကို ပြောဆို၏။ (တိုက်တွန်း)။

အပြန်- နတ်ပြည်သို့ ရောက်၏။

၂။ တရား ၄၀ (သမညဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) - ၂၉

၁ ကုသလကမ္မပထတရား ၁၀ပါး X အထက်ပါ ၄ = ၄၀တရား / နတ်ပြည်ရောက်စေ၏။

၂ အကုသလကမ္မပထတရား ၁၀ပါး X အထက်ပါ ၄ = ၄၀တရား / ငရဲပြည်ရောက်စေ၏။

၃၀ ကိုယ်ဝန်တည်ခြင်း။ ၄၉

၁။ ကိုယ်ဝန်တည်ကြောင်း အင်္ဂါ ၃ပါး (မဟာတဏှာသင်္ခယသုတ်၊ မဟာယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ အမိအဖတို့ ပေါင်းဖေါ်ခြင်း၊ ၂ အမိသည် ဥတုလာ၏၊ ၃ အမိဝမ်းတွင်းသို့ ရောက်ထိုက်သူ သတ္တဝါသည်လည်း အဆင်သင့်ရှိနေ၏။

၂။ ကိုယ်ဝန်တည်ခြင်း အကြောင်း ၄ ပါး (ဂဗ္ဘဝက္ကန္တိပဥှာ၊ ဣဒ္ဓိဗလဝဂ်၊ မေဏ္ဍကပဥှာ၊ မိလိန္ဒပဥှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ကံ၏အစွမ်း (များသောကုသိုလ်ရှိသူတို့ အလိုရှိတိုင်းဖြစ်)၊

၂ ဘဝယောနိ၏အစွမ်း (လေကြောင့်ကြက်၊ မိုးသံကြောင့်ဗျိုင်းအောက်တို့ ကိုယ်ဝန်တည်၊ နတ်တို့သည် အမိဝမ်း၌ မကိန်း)၊

၃ အမျိုးဇာတ်၏အစွမ်း ၄မျိုးရှိ (၁အဥ- အဏ္ဍဇမျိုး၊ ၂သားအိမ်- ဇလာဗုဇမျိုး [ထို ၁နှင့်၂တို့သည် အမိဝမ်း၌ ပဋိသန္ဓေတည်ရ၍ ဂဗ္ဘသေယျကပုဂ္ဂိုလ်ဟု ခေါ်]၊ ၃အညှီ- သံသေဒဇမျိုး၊ ၄ကိုယ်ထင်ရှားဖြစ်- ဥပပါတ်မျိုး)

၄ ဆုတောင်းပတ္တနာ၏ အစွမ်း။

၃။ ကိုယ်ဝန်ကြီးရင့်လာပုံ (ဣန္ဒကသုတ်၊ ယက္ခသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက ။ သံ ၌။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

ပဌမ ၇ရက်- ကလလရေကြည်၊ ဒုတိယ ၇ရက်- အမြှုပ်၊ အသားဆေးရေအရောင်ရှိ၊ တတိယ ၇ရက်- သားတစ်၊ ငြုပ်ရည်အနှစ်နှင့်တူ၊ စတုတ္ထ ၇ရက်- အသားစိုင်ခဲ၊ ကြက်ဥပုံ၊ ပဉ္စမ ၇ရက်- လက် ၂ဖက် ခြေ ၂ဖက် ဦးခေါင်း ခက်မ ၅ဖြာ ပေါ်ထွက်၊ ၄၂ရက်- ဆံပင် မွေးညှင်း ခြေသည်း လက်သည်း ဖြစ်တည်၏။

အမိဝမ်း၌တည်သော ထိုသတ္တဝါသည် အမိစားသော ထမင်း၊ အဖျော်၊ စားဖွယ်အစာတို့ဖြင့် အမိဝမ်း၌ မျှတ၏။

<u>၄။ ကိုယ်ဝန်တည်ပြီးနောက်ဖွားခြင်း ၃မျိုး</u> (ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၄၊ တည်တောဆရာတော်ကြီး)

၁ ဧကဇမျိုး- သတ္တဝါအဖြစ် တကြိမ်တည်းဖွား၊

၂ ဒွိဇမျိုး- ၂ကြိမ်ပေါက်ခြင်း၊ ဥမှ အကောင်ပေါက်ခြင်း၊

၃ တိဇမျိုး- ၃ကြိမ်ပေါက်ခြင်း၊ ဥမှ ပိုးလောက်ဖြစ်ပြီး ထိုပိုးမှတဆင့် ဖိုဝင်ပြီးနောက်မှ အကောင်ပေါက်ခြင်း။

၃၁ ကိုယ်အရေအဆင်း ကြည်လင်ကြောင်း ၃ပါး (အရညသုတ်၊ နဠဝဂ်၊ ဒေဝတာသံယုတ်၊ သဂါ သံ၊ ထာဝဂ္ဂသံယုတ်၊ သုတ္တန္တပိဋက)

၁ လွန်ပြီးသောလာဘ်ကို မစိုးရိမ်၊

၂ မရောက်သေးသောလာဘ်ကို မတောင့်တ၊

၃ ဖြစ်ဆဲလာဘ်တို့ဖြင့် မျှတခြင်း။ သူမိုက်တို့သည် ၁နှင့်၂ကြောင့် ရိတ်ဖြတ်ပြီးသော ကျူပင်အစိုကဲ့သို့ ခြောက်ကပ်၏။

၃၂ ကဿပဘုရားရှင် သာသနာကွယ်လုချိန်တွင် တောင်ပေါ်တက်၍ တရားအားထုတ်ကြသော ရဟန်းတော် ၇ပါးမှ ကျန်၅ပါး (ဒဗ္ဗမလ္လပုတ္တတ္ထေရအပဒါန်၊ ကစ္စာယနဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

တောင်၌ မြင့်သောကျောက်တောင်ကို တွေ့ကြ၍ ထမ်းကျင့်- လှေကားဖြင့်တက်ပြီး ထမ်းကျင့်ကို အောက်သို့ချလိုက်၏၊ မထေရ်ကြီးသည် လုံ့လပြုအားထုတ်အပ်ကြောင်း ဆုံးမ၏၊ မထေရ်ကြီး ရဟန္တာဖြစ်၊ ထိုမထေရ်၏ နောက်လိုက်မထေရ်သည် အနာဂါမ်ဖြစ်တော်မူ၏၊ တရားအားထုတ်ဖက် အခြားရဟန်း ၅ပါးသည် ကောင်းသောသီလရှိ၍ နတ်ပြည်သို့ ရောက်ကြ၏၊

မထေရ်ကြီး ပရိနိဗ္ဗာန်စံ၏၊ အနာဂါမ်မထေရ်သည် သုဒ္ဓါဝါသဘုံ၌ ဖြစ်၏၊ ကျန်၅ပါးသည် ဂေါတမ မြတ်စွာဘုရားသာသနာတော်၌ -

၁ ဒဗ္ဗမလ္လပုတ္တထေရ်- မလ္လတိုင်း အနုပိယမြို့ မလ္လမင်းတဦး၏ နန်းအိမ်၌ဖြစ်၊

၂ ပက္ကုသာတိမင်း- ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် နန်းတော်၌ဖြစ်၊

၃ သဘိယ- ပဗ္ဗတေယျတိုင်း တနည်း မဇ္ဈိန္တိကတိုင်း ပရိဗိုဇ်မ၏ဝမ်း၌ဖြစ်၍ သဘိယပရိဗိုဇ်ဖြစ်၊

၄ ဗာဟိယဒါရုစီရိယ- ဗာဟိယတိုင်း သူကြွယ်အိမ်၌ဖြစ်၊ (ကုန်သွယ်သွားရာ ပင်လယ်၌ သင်္ဘော ပျက်၊ ကမ်းသို့ရောက်သော် ဝတ်စရာမရှိသဖြင့် ပျဉ်ချပ်များစီဝတ်ရုံပြီး ပရိဗိုဇ်ဖြစ်)၊

၅ ကုမာရကဿပ- ရာဇဂြိုဟ်ပြည် သူကြွယ်အိမ်၌ ကုမာရကဿပ သူငယ်ဖြစ် (အမိသည် သူကြွယ် အိမ်မှ ကိုယ်ဝန်ပါလာပြီး ဘိက္ခုနီဝတ်၊ ဘိက္ခုနီကျောင်း၌ ဖွား၊ ကောသလမင်းကြီးမွေးစား)။

၃၃ ကျီးနှင့်စပ်၍ဆိုသော စကား၃ခွန်း (ပုဏ္ဏနဒီ- ရေပြည့်မြစ်၊ ပုဏ္ဏနဒီဇာတ်၊ ဗီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ရေပြည့်သောမြစ်ကို ‘ကမ်းနား၌ရပ်၍ ရေသောက်ခြင်းငှာ စွမ်းနိုင်သောမြစ်’ဟု ဆိုကုန်၏၊

၂ ပေါက်သစ်သော မုယောစပါးပင်နုများကို ‘ဖုံးလွှမ်းနိုင်ပြီးသော စပါးပင်’ဟု ဆို၏၊

၃ အရပ်ဝေးသို့သွားသော အဆွေခင်ပွန်းကိုလည်း ‘ရောက်အံ့’ဟု ဆို၏။

၃၄ **ကျေးညီနောင်ဇာတ်-** ဘုရားလောင်းကျေးက ယဉ်ကျေး၍ အရှင်ဒေဝဒတ်အလောင်းကျေးက ကြမ်းကြုတ်သည်ကို ဟောသောဇာတ် (သတ္တိဂုမ္ဗဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၃၅ ကျောမခင်းကြသော သာဝကမထေရ်မြတ်ကြီးများ <u>၁၁ ပါး</u> (ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

၁ အရှင်သာရိပုတ္တရာ အနှစ် ၃၀၊

၂ အရှင်မဟာမောဂ္ဂလ္လာန် အနှစ် ၃၀၊

၃ အရှင်မဟာကဿပ အနှစ် ၁၂၀၊

၄ အရှင်အနုရုဒ္ဓါ (အနုရုဒ္ဓတ္ထေရဂါထာ၊ ဝီသတိနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) – ငါသည် နေသဇ္ဇိဓုတင်ကို ၅၅နှစ်ဆောက်တည်ကျင့်သုံးခဲ့၏၊ ဒိုက်မြည်းခြင်းမိဒ္ဓကို ပယ်စွန့်သောနှစ်သည် ၂၅နှစ်ဖြစ်၏။

၅ အရှင်ဘဒ္ဒိယ အနှစ် ၃၀၊

၆ အရှင်သောဏ ၁၈ နှစ်၊

၇ အရှင်ရဋ္ဌပါလ ၁၂ နှစ်၊

၈ အရှင်အာနန္ဒာ ၁၅ နှစ်၊

၉ အရှင်ရာဟုလာ ၁၂ နှစ်၊

၁၀ အရှင်ဗာကုလ အနှစ် ၈၀၊

**၁၁** မောနေယျအကျင့် ကျင့်တော်မူသော အရှင်နာလကသည် ပရိနိဗ္ဗာန်စံသည့်တိုင် ၇လ။ (မောနေယျအကျင့်မြတ်ကို ကျင့်သောအရှင်နာလက - ကိုလည်း ကြည့်ပါ။)

၃၆ ကျောက်ဖျာကိုဖေါက်ခွဲ၍ ကန္တာရခရီး၌ ရေထွက်စေသော ဝီရိယမလျှော့သင့်ကြောင်းဇာတ် (ဝဏ္ဏုပထ-သဲလမ်းခရီး၊ ဝဏ္ဏုပထဇာတ်၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည် လှည်းကုန်သည်မှူး၊ ဝီရိယလျှော့သောရဟန်းသည် ရေထွက်အောင် တူးသောလုလင်။

## ၃၇ ကျောင်းအလှူအကျိုး ၂ စု

၁။ ကျောင်းအလှူအကျိုး ၇ပါး။ (တိဏ- မြက်၊ တိဏကုဋိဒါယကတ္ထေရအပဒါန်၊ ဂန္ဓောဒကဝဂ်၊ ထေရာပဒါန် ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ လူ နတ်ဖြစ်၊ ၂ ဆောက်အုံ ပြာသာဒ် တည်လာ၊ ၃ ကြောက်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း မရှိ၊ ၄ ခြင်္သေ့ သစ် ကျား သားရဲများ၊ ဘုတ် ပြိတ္တာ ရက္ခိုက်၊ မြွေ ကင်း သန်းတို့ ရှောင်ကွင်း၏၊ ၅ မကောင်း အိပ်မက် မမြင်မက်၊ ၆ ထင်ရှားသော သတိရှိ၊ ၇ အရဟတ္တဖိုလ်သို့ ရောက်၏။

၂။ ကျောင်းအလှူကျိုး ၉ပါး။ (ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - အနမောဒနာတရား - အနက်မှ - ဗုဒ္ဓဝံသ ၄။ အကျိုး ၉ပါး) တွင် ကြည့်ပါ။

## ၃၈ ကြီးပွားတိုးတက်ကြောင်း ၇ စု

၁။ ကြီးပွားချမ်းသာကြောင်း ၃ပါး (ကုလသုတ်၊ ဂါမဏိသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ဒါ န၊ ၂ သစ္စာ၊ ၃ သီလ။

၂။ တနည်း ၃ပါး။ (ဧကပဒဇာတ်၊ ဥပါဟနဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ဉာဏ်နှင့်ယှဉ်သည့် ဝီရိယ၊ ၂ အကျင့်သီလအာစာရ၊ ၃ သည်းခံနိုင်ခြင်း။

၃။ ကြီးပွားချမ်းသာကြောင်း ပြည့်စုံခြင်း သမ္ပတ္တိစက် ၄ပါး (စက္ကသုတ်၊ စက္ကဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

သမ္ပတ္တိ= ပြည့်စုံခြင်း၊ စက်= စက္က= လည်ပတ်ခြင်း၊ စက်၄ပါးအနက် တပါးပါးကို စွဲကိုင်မိလျှင် ကျန်၃ပါးလည်း လည်ပြီးပါလာနိုင်သည်၊ သမ္ပတ္တိစက်၄ပါးနှင့် ပြည့်စုံသောလူနတ်တို့သည် မကြာမီ စည်းစိမ်ဥစ္စာ များပြားပြန့်ပြောသည်၏ အဖြစ်သို့ ရောက်၏၊ စည်းစိမ်ဥစ္စာ၊ အခြံအရံ၊ အကျော်အစော၊ ချမ်းသာကြီးခြင်းတို့သည် တိုသူကို လွှမ်းမိုး၏။

၁ ပဋိရူပဒေသဝါသ- လျောက်ပတ်သောအရပ်၌ နေခြင်း၊

၂ သပ္ပုရိသူပနိဿယ- သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊

၃ အတ္တသမာပဏိဓိ- မိမိကိုယ်စိတ်ကို ကောင်းစွာထားခြင်း၊

၄ ပုဗ္ဗေစကတပုညတာ- ရှေးအတိတ်က ပြုခဲ့ဘူးသော ကောင်းမှုကံရှိခြင်း။

၄။ ကြီးပွားတိုးတက်ကြောင်း ၅ပါး (လိစ္ဆဝိကုမာရကသုတ်၊ နီဝရဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

[၁]အုပ်ချုပ်သူမင်း၊ [၂]မြို့စား၊ [၃]စစ်တပ်ဦးစီးစစ်သူကြီး၊ [၄]ရွာသူကြီး၊ [၅]အသင်းအဖွဲ့လူကြီး၊ [၆]အမျိုးတို့၌ အစိုးရသူတို့ ကြီးပွားကြောင်းတရားဖြစ်သည်။

ရရှိသောစည်းစိမ်တို့ဖြင့် ၁ မိ ဖတို့ကို (ရိုသေလေးမြတ်ပြုခြင်း)၊ ၂ သား၊ မယား၊ အမှုလုပ်ယောက်ျားတို့ကို (...)၊ ၃ မိမိလယ်လုပ်ငန်းအနီးရှိ လယ်ရှင်နှင့် မြေတိုင်းစာရေးတို့ကို (...)၊ ၄ မိရိုးဖလာပူဇော်သက္ကာကို ခံယူကုန်သောနတ်တို့ကို (...)၊ ၅ သမဏ ဗြဟ္မဏတို့ကို ရိုသေလေးမြတ်ပြုခြင်း။

၅။ ကြီးပွားတိုးတက်ကြောင်း ၆ပါး (အတ္တသဒ္ဒါရဇာတ်၊ အပါယိမှဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းဟူသော မြတ်သောလာဘ်၊ ၂ သီလ ကိုယ်ကျင့်တရား ကောင်းခြင်း၊ ၃ ပညာရှိတို့၏ ဆုံးမဩဝါဒကို နာခံခြင်း၊ ၄ သုတ အကြားအမြင်များခြင်း၊ ၅ ဓမ္မ သုစရိုက်၃ပါးကို ကျင့်သုံးခြင်း၊ ၆ မပျင်းမရိ အားသစ်သောစိတ်ဖြင့် ဥစ္စာရှာဖွေ သိမ်းဆည်းခြင်း။

၆။ ကြီးပွား (မဆုတ်ယုတ်) ကြောင်း- အပရိဟာနိယတရား ၇ပါး (ဒုတိယပရိဟာနိသုတ်၊ ဝဇ္ဇိသတ္တကဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဝေသာလီပြည် ဝဇ္ဇီမင်းများအား အကြောင်းပြု၍ ဘုရားရှင်ဟော။ ၁ ရဟန်းတို့အား ဖူးမြော်ခြင်း၊ ၂ သူတော်ကောင်းတရား ကြားနာခြင်း၊ ၃ လွန်မြတ်သောသီလ၌ ဖြည့်ကျင့်ခြင်း၊ ၄ သီတင်းကြီး လတ် ငယ် ရဟန်းတို့၌ ကြည်ညိုခြင်း၊ ၅ ချုပ်ချယ်လိုစိတ်မရှိပဲ အပေါက်အလမ်းမရှာကာ တရားနာခြင်း၊ ၆ သာသနာအပ၌ အလှူခံမရှာခြင်း၊ ၇ သာသနာတော်၌သာ ရှေးဦးအလှူပြုခြင်း။

၇။ ကြီးပွားတိုးတက်ကြောင်း / စည်းစိမ်ချမ်းသာ မဆုတ်ယုတ်ကြောင်း တရား ၇ပါး (သတ္တဂုံတ္တရနှင့် ပရိနိဗ္ဗာနသုတ် ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မြတ်စွာဘုရား၌ ရိုသေခြင်း၊ ၂ တရားတော်၌ ရိုသေခြင်း၊ ၃ သံဃာတော်၌ ရိုသေခြင်း၊ ၄ ကိုယ်ကျင့်သိက္ခာ၌ ရိုသေ၍ ကျင့်သုံးခြင်း၊ ၅ တည်ကြည်ခြင်းသမာဓိကို ရိုသေခြင်း၊ ၆ ကလျာဏမိတ္တတာ- ကောင်းသောမိတ်ဆွေရှိခြင်း၊ ၇ သောဝစဿတာ- ပညာရှိသူတော်ကောင်းတို့ ဆိုဆုံးမသော စကားကို နာယူလွယ်ခြင်း။

၃၉ ကြီးမားသော ကောင်းမှုအထု ကုသိုလ်အယဉ်၄ပါး ၂၉

၁။ (ပဌမပုညာဘိသန္ဒသုတ်၊ ပုညာဘိသန္ဒဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဆွမ်း လှူဒါန်းခြင်း၊ ၂ သင်္ကန်း လှူဒါန်းခြင်း၊ ၃ ကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ ၄ ဆေး၊ ဆေးပစ္စည်း လှူဒါန်းခြင်း။

၂။ တနည်း။ (ဒုတိယပုညာဘိသန္ဒသုတ်၊ ပုညာဘိသန္ဒဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မြတ်စွာဘုရား၌ ကြည်ညို၏၊ ၂ တရားတော်၌ ကြည်ညို၏၊ ၃ သံဃာတော်၌ ကြည်ညို၏၊ ၄ မကျိုး မပေါက် ပြောက် မကျားသောသီလနှင့် ပြည့်စုံ၏။

၄၀ ကြည်ညိုဖွယ် တင့်တယ်လှသော ဣရိယာပုတ် (ဓါတုဝိဘင်္ဂသုတ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

သွား ရပ် လျောင်း ဣရိယာပုတ်၃ပါးသည် မတင့်တယ်၊ သွားသောရဟန်း၏ လက်ခြေဦးခေါင်း အင်္ဂါများ တုန်လှုပ်၏၊ ရပ်သောရဟန်း၏ ကိုယ်သည် တောင့်တောင့်ခိုင်ခိုင်ကြီး ဖြစ်၏၊ လျောင်းသော ရဟန်း၏ ဣရိယာပုတ်သည် နှစ်သက်ဖွယ်မရှိ၊ နေလွဲအခါ နေ့သန့်ရာအရပ်ကို တံမြက်လှည်း၍ စမ္မခဏ်(သားရေနယ်)ကိုခင်းပြီး လက်ခြေများ ဆေးကြောသုတ်သင်၍ (ခါးနှင့်ပေါင်စပ်၂ခု၊ မြင်းခေါင်းနှင့်ဒူးစပ်၂ခု) အစပ်၄ပါးရှိသော တင်ပလ္လင်ကို ဖွဲ့ခွေ၍ထိုင်နေသော ရဟန်း၏ ထိုင်ခြင်းဣရိယာပုတ်သည်သာ တင့်တယ်လှပေ၏။

၄၁ ကွဲကွာခြင်း ၃မျိုး (မဟာပရိနိဗ္ဗာနသုတ်၊ မဟာဝဂ်ပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ စုန္ဒသုတ်၊ နာလန္ဒဝဂ်၊ သတိပဋ္ဌာနသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ နာနာဘာဝ- သေကွဲကွဲရခြင်း၊

၂ ဝိနာဘာဝ- ရှင်ကွဲကွဲရခြင်း၊

၃ အညထာဘာဝ- ဘဝတခြားစီ ဖြစ်ရခြင်း / တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ချမ်းသာရာမှ ဆင်းရဲသွားခြင်း၊ သမ္မာဒိဋ္ဌိအယူမှ မိစ္ဆာဒိဋ္ဌိအယူသို့ ပြောင်းသွားခြင်း စသည်။

၄၂ ကျွန် ၂၉

၁။ ကျွန် ၄မျိုး (ကာမသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အိမ်ပေါက်ကျွန်၊ ၂ ငွေဝယ်ကျွန်၊ ၃ ကိုယ်တိုင်ကျွန်ခံသူ၊ ၄ အလိုမကျပဲ ကျွန်ခံရသော သုံ့ရကျွန်။

၂။ ကျွန် (အမှုလုပ်ယောက်ျား) ကောင်း အင်္ဂါ ၆ပါး (သာမညဖလသုတ်၊ သုတ်သီလဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ရှေးဦးစွာထ၊ ၂ နောက်မှအိပ်၊ ၃ အဘယ်ကို ပြုရအံ့နည်းဟု နာခံ၊ ၄ နှစ်ခြိုက်ဖွယ်ကို ပြု၊ ၅ ချစ်ခင်ဖွယ်ကို ဆို၊ ၆ မျက်နှာရိပ်ကို ကြည့်။

ခ

၁ ခါးပန်းကြိုးလှူရကျိုး ၆ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

နတ်ပြည်၊ လူ့ပြည်တို့၌ အစဉ်တစိုက် ၁ မတုန်လှုပ်သောသမာဓိ၊ ၂ အလေ့အကျင့်ရှိပြီးသော၊ စိုးပိုင်သော သမာဓိ၊ ၃ မပြိုကွဲသော ပရိသတ်၊ ၄ အခါခပ်သိမ်း နာယူထိုက်သော စကားရှိသူဖြစ်၊ ၅ ထင်သော သတိရှိ၊ ၆ မထိတ်လန့်။

၂ ခဲယဉ်းသော တရား ၄ပါး - (ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - တရားစုံ - အနက်မှ - ပြိန်းမြက်ကိုင်တားသည်ကို လေ့ထွက်စဉ် မလွှတ်မိသဖြင့် ပြတ်သွားသည်ကို ဒေသနာမကြားရသဖြင့် ပျံလွန်ခါနီး သီလမစင်ကြယ်ဟု နလုံးမသာဖြစ်ကာ ဂင်္ဂါမြစ်တွင်း၌ လောင်းလှေပမာဏရှိ ဧရကပတ္တ နဂါးမင်း) - တွင်ကြည့်ပါ။

၃ ခိုက်ရန်ဖြစ်ကြောင်း ၆ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ အမျက်ထွက်တတ်၊ ၂ ရန်ငြိုးဖွဲ့၊ ၃ ဂုဏ်ကို ခြေဖျက်တုပြိုင်၊ ၄ ငြူစူဝန်တို၊ ၅ စဉ်းလဲလှည့်ပတ်၊ ၆ မိစ္ဆာအယူရှိ၍ စွဲစွဲလမ်းလမ်းမြဲစွာယူ။

(ငြင်းခုံခြင်း အကြောင်းရင်း ၆မျိုး) - ကိုလည်း ကြည့်ပါရန်။ ဆင်ဆင်တူ၏။

**၄ ခိုင်မြဲသော အနှောင်အဖွဲ့ / အနှောင်အဖွဲ့ <u>၃ စု</u>**

<u>၁။ ခိုင်မြဲသော အနှောင်အဖွဲ့</u> (ဗန္ဓနာဂါရ- အကျဉ်းထောင်၊ ဗန္ဓနာဂါရဇာတ်၊ နတံဒဠ္ဟဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဗန္ဓနာဂါရဝတ္ထု၊ တဏှာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဗန္ဓနသုတ်၊ ပဌမဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) - <u>၃ပါးစီ ၄ချက်</u>။

၁ သံခြေချင်းခတ်ခြင်း၊ ၂ သစ်သားထောင်တွင်း အကျဉ်းချခံရခြင်း၊ ၃ လျှော်ကြိုး စသည်ဖြင့် တုပ်ထားခံရခြင်း စသောအနှောင်အဖွဲ့မျိုးကို မြဲမြံခိုင်ခံ့သော အနှောင်အဖွဲ့ဟု ပညာရှိတို့ မပြောကြ။

၁ ရွှေ ငွေ ပတ္တမြားနားဒွေ စသည်တို့ကို တပ်မက်ခြင်း၊ ၂ သားသမီးတို့အပေါ်- ၃ မယားတို့အပေါ် ငဲ့ကွက်ခြင်းတို့သည် -

၁ အောက်အပါယ်ဘုံသို့ ဆွဲယူတတ်သော အနှောင်အဖွဲ့၊ ၂ ဖွဲ့နှောင်သည့်နေရာတွင် အတွင်း အပြင်၊ အရေ အသား မပွန်းပဲ့၊ သွေးမထွက်၊ ဖွဲ့ထားမှန်းမသိ၊ ကုန်းကြောင်း ရေကြောင်း ခရီးအပေါင်း မိမိပြုလုပ်သွားလိုရာကို ပြုလုပ်သွားလာနိုင်အောင် လျော့လျော့ရဲရဲဖွဲ့ထားသော အနှောင်အဖွဲ့၊ ၃ တပ်မက်လိုချင်မှုဖြင့် တကြိမ်မျှသာဖြစ်သော ကိလေသာအနှောင်အဖွဲ့သည် လိပ်ခဲတည်းလည်းသို့ လွတ်ဖို့ခက်သော အနှောင်အဖွဲ့ဖြစ်သည်။

၁ ဤ**တဏှာ**တည်းဟူသော အနှောင်အဖွဲ့ကို ရှန်းဖြတ်၍ ၂ ကာမဂုဏ်ချမ်းသာကို စွန့်လျက်၊ **၃** ငဲ့ကွက်ခြင်းမရှိပဲ ထွက်မြောက်ကြ၏၊ တောထွက်ကြကုန်၏။

<u>၂။ ၄ မျိုး (ကုဋ္ဋိကာ- တဲတင်းကုပ်၊ ကုဋ္ဋိကာသုတ်</u>၊ နန္ဒနဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ နေရာအိမ်သည် အမိ၊ ၂ အသိုက်အအုံသည် မယား၊ ၃ သားသမီးသည် အမြွေးအယှက်၊ **၄** တဏှာသည် အနှောင်အဖွဲ့ ဖြစ်၏၊ ဘုရားရှင်သည် နေရာအိမ်၊ အသိုက်အအုံနှင့် အမြွေးအယှက်တို့မရှိပဲ အနှောင်အဖွဲ့မှ ကောင်းစွာလွတ်သူ ဖြစ်၏။

<u>၃။ ၁၀မျိုး</u> (ဒုက္ကရကာရိယပဥ္စာ၊ ဝေဿန္တရဝဂ်၊ အနုမာနပဥ္စာ၊ မိလိန္ဒပဥ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

နိက္ခမပါရမီ၏ အနှောင်အဖွဲ့ကြီး / ဆန့်ကျင်ဘက် ၁၀ပါး ဖြစ်သည်။

၁ အမိ၊ ၂ အဖ၊ ၃ မယား၊ ၄ သား သမီး၊ ၅ အဆွေ အမျိုး၊ ၆ မိတ်ဆွေ အပေါင်းအဖော်၊ ၇ ဥစ္စာ ရွှေ ငွေ၊ ၈ လာဘ်ပူဇော်သကာ၊ ၉ အစိုးရခြင်း၊ **၁၀** ကာမဂုဏ် ၅ပါး။

၅ ချီးမြှောက်ကြောင်း- သင်္ဂဟဝတ္ထု ၄မျိုး (သင်္ဂဟသုတ်၊ စက္ကဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

**မိတ်ဆွေများကို ချီးမြှောက်ကြောင်း တရား ၄ပါး** ဖြစ်သည်။

၁ ပေးကမ်းခြင်း၊

၂ ချစ်ဖွယ်စကားကို ဆိုခြင်း၊

၃ သူ့အကျိုးစီးပွားကို ကျင့်ခြင်း၊

၄ ကိုယ်နှင့်ထပ်တူပြုခြင်း၊ ၎င်းတို့သည် သွားနေသောရထား၏ နားစောင့် (နပန်းစွန်း၊ လှည်း၏ ဝင်ရိုးဖျား၌ ဘီးထွက်မသွားရန် တပ်ထားသောကလန့်) ကဲ့သို့ လောကကို ချီးမြှောက်ကုန်၏၊ ပညာရှိသူတို့ ယင်းတို့ကို ကောင်းစွာ ကြည့်ရှုဆင်ခြင်သောကြောင့် မြတ်သူ၊ ချီးမွမ်းထိုက်သူထို့ ဖြစ်ကုန်၏။

၆ ချစ်ခြင်း ၃ ခု

၁။ ချစ်ခြင်း - ပေမ ၃မျိုး (ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာပုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ တဏှာပေမ- မိန်းမနှင့်ယောက်ျား အချင်းချင်း တဏှာလောဘ၏အစွမ်းဖြင့် ချစ်ခြင်း၊

၂ ဂေဟာသိတပေမ (အိမ်၌နေခြင်းကို မှီ၍ဖြစ်သော ချစ်ခြင်း) - မိဖနှင့်သားသမီး၊ ညီနှင့်အကို၊ မောင်နှင့်နမတို့ အချင်းချင်း ချစ်ခင်တွယ်တာမှု၊

၃ မေတ္တာပေမ- သူတပါးတို့၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို လိုလားခြင်း။ မေတ္တာပေမ= ဗြဟ္မဝိဟာရ (ဤတရားကို ပွားများနေလျှင် မြတ်သောနေခြင်းဖြစ်သည်။) တရား၄ပါးတွင် တပါးဖြစ်သည်။ = အပ္ပမညာ တရားဟုလည်း ခေါ်၏။

၂။ ချစ်ခြင်းနှင့် အမျက်ထွက်ခြင်း - ၄ချက် (ပေမသုတ်၊ မဟာဝဂ်၊ အံ၊ သုတ္တန္တပိဋက)

၁ ချစ်ခြင်း- ပေမကြောင့် ချစ်ခြင်းဖြစ်၏- ပုဂ္ဂိုလ်တဦး၏ နှစ်သက်အပ်သူကို တပါးသူတို့က မြတ်နိုးအပ်သောစကားဖြင့် ပြောဆို၏၊ ထိုပုဂ္ဂိုလ်သည် ပြောသူတို့၌ ချစ်ခြင်းဖြစ်၏၊

၂ ချစ်ခြင်းကြောင့် အမျက်ထွက်ခြင်း- ဒေါသဖြစ်၏- ပုဂ္ဂိုလ်တဦး၏ နှစ်သက်အပ်သူကို တပါးသူတို့က မမြတ်နိုးအပ်သောစကားဖြင့် ပြောဆို၏၊ ထိုပုဂ္ဂိုလ်သည် ပြောသူတို့၌ အမျက်ထွက်ခြင်းဖြစ်၏၊

၃ အမျက်ထွက်ခြင်းကြောင့် ချစ်ခြင်းဖြစ်၏- ပုဂ္ဂိုလ်တဦး၏ မနှစ်သက်အပ်သူကို တပါးသူတို့က မမြတ်နိုးအပ်သောစကားဖြင့် ပြောဆို၏၊ ထိုပုဂ္ဂိုလ်သည် ပြောသူတို့၌ ချစ်ခြင်းဖြစ်၏၊

၄ အမျက်ထွက်ခြင်းကြောင့် အမျက်ထွက်ခြင်းဖြစ်၏- ပုဂ္ဂိုလ်တဦး၏ မနှစ်သက်အပ်သူကို တပါးသူတို့က မြတ်နိုးအပ်သောစကားဖြင့် ပြောဆို၏၊ ထိုပုဂ္ဂိုလ်သည် ပြောသူတို့၌ အမျက်ထွက်ခြင်း ဖြစ်၏။

၃။ ချစ်ခြင်းမေတ္တာတရား ဖြစ်ခြင်းအကြောင်း ၂ပါး (သာကေတဇာတ်၊ ဧကပါဒနဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ရဟန်းများက ဤလောက၌ ပုဂ္ဂိုလ်အချို့ကို မြင်ရုံမျှဖြင့် နှလုံးအေးမြ၍ စိတ်ကြည်လင်ရ၊ အကြောင်းမေး၍ ဘုရားရှင်ဟော။

၁ ရှေးရှေးဘဝကာလဟောင်းများ၌ အတူနေခဲ့ဘူးခြင်း / ရှေးဘဝက ရေစက်ပါလာမှု၊

၂ ပစ္စုပ္ပန်မျက်မှောက်ဘဝမှာလည်း တယောက်နှင့်တယောက် အပြန်အလှန် အကျိုးစီးပွားကို ဆောင်ကြခြင်း / ကောင်းကျိုးပြုမှုဟူသော အကြောင်း၂ပါးကြောင့် ချစ်ခြင်းမေတ္တာ / တဏှာပေမ၊ မေတ္တာပေမ အချစ်ခါတ် ၂ပါးသည် ကြာနှင့်ရေမှာပေါက်သော ပန်းထို့သည် ရေနှင့်ညွှန်ကို အမှီပြု၍ ဖြစ်သကဲ့သို့ ထင်ရှားဖြစ်လာရပေသည်။

**၇ ချမ်းသာခြင်း ၄ စု**

၁။ ၄မျိုး (အာနဏျသုတ်၊ ပတ္တကမ္မဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အတ္ထိသုခ- ရှိမှုချမ်းသာ၊

၂ ဘောဂသုခ- သုံးဆောင်မှုချမ်းသာ၊

၃ အာနဏျသုခ= (န= မရှိ + ဣဏ= ကြွေးမြီ)- ကြွေးမြီမရှိမှုချမ်းသာ၊

၄ အနဝဇ္ဇသုခ- အပြစ်မရှိမှုချမ်းသာ၊ အပြစ်မရှိသော ကာယကံ ဝစီကံ မနောကံတို့နှင့် ပြည့်စုံမှု။ ရှေ့ချမ်းသာ ၃မျိုးသည် ကာယကံ ဝစီကံ မနောကံမရှိသော အပြစ်မရှိမှုချမ်းသာ၏ ၁၆စိတ်တစိတ်ကိုမျှ မမှီ။

၂။ ၄မျိုး (မာရဝတ္ထု၊ နာဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ အဆွေခင်ပွန်းရှိခြင်းသည် အရေးကိစ္စ ပေါ်ပေါက်လာသောအခါ ချမ်းသာ၏၊

၂ ရရသမျှ ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်း၊

၃ ကုသိုလ်ကောင်းမှုရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏၊

၄ ဆင်းရဲအလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။

၃။ ၎င်းမာရဝတ္ထု၌ပင် တနည်း ၄မျိုး

၁ သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊

၂ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်း၊

၃ ပညာရခြင်း၊

၄ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

၄။ ချမ်းသာခြင်း ၄မျိုး (မုစလိန္ဒသုတ်၊ မုစလိန္ဒဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လောက၌- ၁ အမျက်မထွက်ခြင်းသည် ချမ်းသာ၏၊

၂ သတ္တဝါအပေါင်းတို့၌ မညှဉ်းဆဲမိအောင် စောင့်စည်းခြင်း၊

၃ ကာမဂုဏ်တို့ကို လွန်မြောက်ခြင်းဟုဆိုအပ်သော စွဲမက်မှုရာဂကင်းသည့်အဖြစ်သည် ချမ်းသာ၏၊

၄ ငါဟူသော မာန်ကို ဆုံးမနိုင်ခြင်းသည် စင်စစ် အမြတ်ဆုံးချမ်းသာ ဖြစ်၏။

**၈ ချမ်းသာခြင်း၏ အကြောင်း ၂ စု**

၁။ ၄ပါး ( သမ္ဗဟုလာဘိက္ခုဝတ္ထု၊ ဗုဒ္ဓဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်း၊

၂ သူတော်ကောင်းတရားကို ဟောကြားခြင်း၊

၃ သံဃာ၏ ညီညွတ်ခြင်း၊

၄ စိတ်ညီညွတ်ခြင်း ရှိသူတို့၏ ခြိုးခြံသောအကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။

၂။ တနည်း ၄မျိုး ( မာရဝဂ္ဂ၊ နာဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏၊

၂ လောက၌ အဖကို ပြုစုလုပ်ကျွေးခြင်းသည် -

၃ လောက၌ ရဟန်းသံဃာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် -

၄ မကောင်းမှုမှ အပပြုပြီးသူ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။

**၉ ချမ်းသာစီးပွားကြောင်း (ပစ္စုပ္ပန်နှင့် တမလွန်လောက ၂ပါးစုံသောဘဝတို့၌) ၂ ခု**

၁။ မာတုဂါမများအဘို့ ၄ပါးစီ ပေါင်း ၈ပါး (ပဌမဣဓလောကိကသုတ်၊ ဥပေါသထဝဂ်၊ အင်္ဂုတ္တရနိကာယ်၊ အံ၊ သုတ္တန္တပိဋက)

ပစ္စုပ္ပန်အတွက်   ၁  အမှုကိစ္စကို ကောင်းစွာ ပြုလုပ်စီရင်တတ်၊

၂  အခြွေအရံတို့ကို ချီးမြှောက်တောက်ပံ့၊

၃  လင်၏နှစ်သက်ဖွယ်ကို ပြု၊

၄ လင်ယောကျာ်းစုဆောင်းအပ်သော ပစ္စည်းဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်၏။

တမလွန်အတွက်  ၁/၅ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်သော သဒ္ဓါတရား နှင့် ပြည့်စုံ၊

၂/၆  ၅ပါးသီလ စောင့်ထိန်း၊

၃/၇  စွန့်ကြဲမှု စာဂရှိ၊

၄/၈  ပညာနှင့် ပြည့်စုံ၏။

၂။ အိမ်ထောင်သည် အမျိုးကောင်းသားများအဘို့ ၄ပါးစီ ပေါင်း ၈ပါး (ဒီဃဇာဏုသုတ်၊ ဂေါတမီဝဂ်၊ အင်္ဂုတ္တရနိကာယ်၊ အံ၊ သုတ္တန္တပိဋက။ ပဌမသမ္ပဒါသုတ်၊ ယမကဝဂ်၊ အင်္ဂုတ္တရနိကာယ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ကောဠိယမြို့ ကက္ကရပတ္တနိဂုံး၌ သီတင်းသုံးစဉ် ဒီဃဇာဏုကောဠိယမင်းသား (ဗျဂ္ဃသဇ္ဇ) က မေး၍ ဟော၊

မျက်မှောက်ဘဝအတွက်  ၁ ဥဋ္ဌာနသမ္ပဒါ- နိုးကြားထကြွ လုံ့လနှင့် ပြည့်စုံမှု၊

၂ အာရက္ခသမ္ပဒါ- ရန်သူမျိုး ၅ပါးမှ စောင့်ရှောက်ခြင်း၊ အစောင့်အရှောက်နှင့် ပြည့်စုံခြင်း၊

၃ ကလျာဏမိတ္တတာ- သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာရှိသော မိတ်ဆွေကောင်းရှိမှု၊

၄ သမဓိဝိတာ- ရာဇူချိန်ခွင်ကိုင်သမားပမာ မျှတစွာ အသက်မွေးမှု၊ ဝင်ငွေထွက်ငွေ မျှတစွာ အသက်မွေးမှု။

တနည်း။ ၁ မိန်းမ မလိုက်စားမှု၊ ၂ သေသောက် မကြူးမှု၊ ၃ အလောင်းအစား မကြူးမှု၊ ၄ ယုတ်မာသော အဆွေခင်ပွန်း မရှိခြင်း။ အပြန်- ပျက်စီးကြောင်း ၄ပါး။

တမလွန်ဘဝအတွက် ၁/၅ သဒ္ဓါသမ္ပဒါ - ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ကို ယုံကြည်ခြင်း သဒ္ဓါတရားရှိခြင်း၊

၂/၆ သီလသမ္ပဒါ - ၅ပါး သီလ စောင့်ထိန်းခြင်း၊

၃/၇ စာဂသမ္ပဒါ - မစ္ဆရိယကင်းသော စွန့်ကြဲမှုစာဂရှိခြင်း၊

၄/၈ ပညာသမ္ပဒါ - ရုပ်နာမ်ကို ဖေါက်ခွဲ၍သိသော ဝဋ်ဆင်းရဲကုန်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အဖြစ်အပျက်ကို ထိုးထွင်း၍သိသောပညာနှင့် ပြည့်စုံခြင်း။

၁၀ ခြေ ၂ဖက်ကို ကျောက်တုံးဖြင့် ရိုက်ချိုး၍ တရားရှုမှတ်ကာ ရဟန္တာဖြစ်သူ (ဒီ ၄။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

သာဝတ္ထိပြည်သား တိဿသူကြွယ်သည် ရဟန်းပြုကာ တောကျောင်း၌နေ၊ လူထွက်လာလျှင် အမွေခွဲပေးရမည်စိုး၍ ခယ်မက လူဆိုးများကို သတ်ခိုင်း၊ တည တရားအားထုတ်ခွင့်တောင်းရာ လူဆိုးများက ထွက်ပြေးနိုင်ကြောင်းပြော၊ မစိုးရိမ်ရန် မိမိခြေကိုရိုက်ချိုးပြီး စိတ်ချစေကာ တရားရှုမှတ်ရာ အရုဏ်တက်ချိန်၌ ရဟန္တာဖြစ်။

၁၁ ခြေဆေးအင်းပျဉ် လှူကျိုး ၂ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ များစွာသော ယာဉ်ရ၊ ၂ မယား ကျွန်မိန်းမ ကျွန်ယောကျာ်း ငါ့ကိုမှီ၍ အသက်မွေးသူတို့ ငါ့ကို ကောင်းစွာ လုပ်ကျွေးကြ၏။

၁၂ ခြေရာနှင့် စရိုက် ၃မျိုး (သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ အလယ်ခွက်သောခြေရာ- ရာဂများသူ / စရိုက်ရှိသူ၏ ခြေရာ၊ ၂ ဖနောင့်တွင်းနက်သော ခြေရာ- ဒေါသများသူ / စရိုက်ရှိသူ၏ ခြေရာ၊ ၃ တရွတ်တိုက်ဆွဲသော ခြေရာ- မောဟများသူ / စရိုက်ရှိသူ၏ ခြေရာ။

ဂ

၁ ဂတိမြဲစေသော အလှူ၅မျိုး (အံ ၌။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၅၊ တည်တောဆရာတော်ကြီး)

နိဗ္ဗ- အမြဲဝတ်ထား၍ နိဗ္ဗအလှူလှူက သောထာပန်အလား ဂတိမြဲသောအလှူများ ဖြစ်သည်။

၁ သလာကဘတ်- စာရေးတံမဲဆွမ်း၊

၂ ပက္ခိကဆွမ်း- လဆန်း လဆုတ် ၅ရက် ၈ရက် ၁၄ရက် ၁၅ရက် ဆွမ်းအလှူ၊

၃ ကောပေါက္ခရဏီ- ရေကန် ရေတွင်းအလှူ၊

၄ ဧကောအာဝါသော- ကျောင်းဇရပ်အလှူ၊

၅ ဝေဿဝါသိက- ဝါဆိုသင်္ကန်းအလှူ။

၂ ဂဠုန် ၄မျိုး (သုဒ္ဓိကသုတ်၊ သုပဏ္ဏသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ဥ၌ဖြစ်သော အဏ္ဍဇဂဠုန်၊ ၂ သားအိမ်၌ဖြစ်သော ဇလာဗုဇဂဠုန်၊ ၃အညစ်အကြေးတို့၌ ဖြစ်သော သံသေဒဇဂဠုန်၊ ၄ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိကဂဠုန်။

၃ ဂေါထမမြတ်စွာဘုရား မပွင့်ပေါ်မီ နောက်ဆုံးပစ္စေကဗုဒ္ဓါ

(ပစ္စေကဗုဒ္ဓါ ၅၄ဆူနှင့် ပစ္စေကဗုဒ္ဓါဉာဏ် ဖြစ်ပေါ်ကြောင်း သံဝေဂတရားများ - အနက်မှ - အမှတ်စဉ် ၄၀/၅၃ မာတင်္ဂပစ္စေကဗုဒ္ဓါအရှင်မြတ်) - ကို ကြည့်ပါ။

၄ ဂန္ထ- ဝဋ်၌ ဆက်စပ်ထုံးဖွဲ့တတ်သော ၄ပါး (သင်္ဂီတိသုတ်၊ သုတ်ပါတိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ အဋ္ဌကထာ ကဏ္ဍ၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊ အဘိ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ အဘိဇ္ဈာကာယဂန္ထ- သူတပါးပစ္စည်းကို မတရားယူရန် ကြံစည်ကြိုးပမ်းမှု၊

၂ ဗျာပါဒကာယဂန္ထ၊ ၃ သီလဗ္ဗတပရာမာသကာယဂန္ထ- အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်ခြင်း၊ ခွေးအကျင့် နွားအကျင့်ဖြင့် ကိလေသာစင်ကြယ်သည်ဟု ယူဆမှု၊ ၄ ဣဒံသစ္စာ ဘိနိဝေသကာယဂန္ထ- မိမိ၏မှားသောအယူကို ငါ့အယူသာ မှန်သည် သူ့အယူအားလုံး မှားသည်ဟု စွဲယူသုံးသပ်မှု နှလုံးသွင်းမှု မိစ္ဆာဒိဋ္ဌိတရား။

၅ ဂန္ဓဗ္ဗနတ် ၁၀မျိုး (သုဒ္ဓိကသုတ်၊ ဂန္ဓဗ္ဗကာယသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) နှင့် ဖြစ်ကြောင်း ၂၀ခု (မူလဂန္ဓဒါတာသုတ်၊ သာရဂန္ဓာဒိဒါတာသုတ် ၉သုတ်၊ မူလဂန္ဓဒါနုပကာရသုတ် ၁၀သုတ်၊ သာရံဂန္ဓာဒိနုပကာရသုတ် ၉၀သုတ်၊ ဂန္ဓဗ္ဗကာယသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁။ ဂန္ဓဗ္ဗနတ် ၁၀မျိုး။ ၁ အမြစ်နံ့သာ၌ အစိုးရသောနတ်များ၊ ၂ အနှစ်နံ့သာ- ၃ အကာ- ၄ အခေါက်- ၅ အပွေးနံ့သာ၌ အစိုးရသောနတ်များ၊ ၆ အရွက်- ၇ အပွင့်- ၈ အသီး- ၉ အရည်- ၁၀ အနံ့နံ့သာ၌ အစိုးရ သောနတ်များ။

၂။ ဂန္ဓဗ္ဗနတ်ဖြစ်ကြောင်း ၂၀ခု။ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင်ဟော၊ အချို့သောသူတို့သည် ကိုယ် နှုတ် စိတ်တို့ဖြင့် ကောင်းသောအကျင့်များ ကျင့်ကြ၍၊ ရနံ့များကို အစိုးရသောနတ်တို့သည် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာများကြ၏ဟု ကြားဘူး၍၊ သေပြီးသည်နောက် ဖြစ်လို၏ဟု အကြံဖြစ်၏။

ထိုသူသည် ၁ အမြစ် နံ့သာ၊ ၂ အနှစ် နံ့သာ၊ ၃ အကာ- ၄ အခေါက်- ၅ အပွေး- ၆ အရွက်- ၇ အပွင့်- ၈ အသီး- ၉ အရည် နံ့သာ ၁၀ အနံ့ နံ့သာများ ပေးလှူကြ၍၊ ဤကား အကြောင်း အထောက် အပံ့တည်း။

၁၁ ထမင်း၊ ၁၂ အဖျော်၊ ၁၃ အဝတ်၊ ၁၄ ယာဉ်၊ ၁၅ ပန်း၊ ၁၆ နံ့သာ၊ ၁၇ နံ့သာပျောင်း၊ ၁၈ အိပ်ရာ၊ ၁၉ နေရာကျောင်း၊ ၂၀ ဆီမီးတို့ကို ပေးလှူ၍၊ ဤသည်လည်း အကြောင်းအထောက်အပံ့တည်း။

**ဃ**

၁ ဃဋီကာရအိုးထိမ်းသည်၏ ကြည်ညိုဖွယ်ရာဂုဏ် ၁၀ပါး (ဃဋီကာရသုတ်၊ ရာဇဝင်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ ကဿပဘုရားရှင်၏ မြတ်သောအလုပ်အကျွေးဖြစ်၊ ၂ ရတနာ၃ပါး၌ မတုန်မလှုပ် သက်ဝင်ကြည်ညို၊ ၃ အရိယာတို့ နှစ်သက်အပ်သောသီလနှင့် ပြည့်စုံ၊ ၄ တထပ်တည်းသာစား၊ ၅ ပတ္တမြားရွှေငွေကို စွန့်ပယ်ထား၊ ၆ မိမိလက်ဖြင့် မြေကိုလည်း မတူးဖြို၊ ၇ ကမ်းပြိုသောမြေ၊ ကြွက်ကျစ်စာမြေကို ထမ်းပိုးဖြင့် ဆောင်ယူ၍ အိုး၊ ခွက် လုပ်၊ ၈ ဤနေရာ၌ အိုး၊ ခွက်ကို အလိုရှိသူသည် ဆန်အိတ်တို့ကိုဖြစ်စေ၊ ပဲနောက်အိတ်တို့ကိုဖြစ်စေ၊ ကုလားပဲအိတ်တို့ကိုဖြစ်စေ ချထားခဲ့၍ အလိုရှိရာအိုး၊ ခွက်ကို ဆောင်ယူစေသတည်းဟု ဆို၍ အိုး၊ ခွက်ရောင်းဝယ်မှုပြု၊ ၉ မျက်မမြင်မိဖအိုတို့ကို လုပ်ကျွေး၊ ၁၀ အနာဂါမ်အရိယာ ဖြစ်၍ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုလိမ့်။

၂ ဃန- အခဲကြီး၊ ဃန ၄မျိုး (ဝိဇယသုတ္တန်၊ သုတ္တနိပါတ် ဋ္ဌ။ ဓမ္မသင်္ဂဏီမူလနှင့်အနုဋီကာ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

အကြောင်းပစ္စည်းတရား၊ အကျိုးပစ္စယုပ္ပန်တရားအနေဖြင့် ဖြစ်ပွားကြသော **ရုပ်နာမ်**တရားတို့၏ [၁]ကာလ၊ [၂]သဘာဝ၊ [၃]ကိစ္စ၊ [၄] အာရုံသဘောအားဖြင့် <u>အထူးအပြားကို သိနိုင်ခဲသောအားဖြင့်</u> တရားလုံး တရားသား <u>တခုတည်းကဲ့သို့ ထင်မှတ်ယူရအောင် ဖြစ်ပွားခြင်း</u>ကို အစဉ်အတိုင်း သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန၊ အာရမ္မဏဃနဟု ခေါ်သည်။

၁ သန္တတိဃန- ကာလအခြားမရှိသောအားဖြင့် ဖြစ်ခြင်း၊

၂ သမူဟဃန- **နာမ်ကလပ်ပေါင်း** အနည်းဆုံး ၈မျိုး- စက္ခုဝိညာဏ်နှင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ပါးတို့နှင့် **ရုပ်တရား** ၈မျိုး- အဋ္ဌကလပ်ရုပ်ဖြစ်သော အနည်းဆုံး သဘာဝသတ္တိ ၈မျိုး (ရုပ် - အနက်မှ - ရုပ်တရား ၈မျိုး / အဋ္ဌကလပ် ရုပ် - ကို ကြည့်ပါ။) တို့ကို တစုတည်း တပေါင်းတည်းဟု ထင်ရအောင် စုခဲဖြစ်ခြင်း၊

၃ ကိစ္စဃန- နာမ်တရား၏ ဆိုင်ရာကိစ္စဖြစ်သော ဖဿကိစ္စ၊ ဝေဒနာကိစ္စ၊ ရုပ်တရား၏ ပထဝီကိစ္စစသည် တို့ကို သိနိုင်ခဲသောအားဖြင့် တလုံးတည်းဟု ထင်မှတ်လောက်အောင် စုတွဲလျက်ဖြစ်ခြင်း၊

၄ အာရမ္မဏဃန- နာမ်ကလပ်တခု၌ပါရှိသော ထိုတိုနာမ်တရားတို့၏ အာရုံတို့ကို စုပေါင်း၍ အာရုံပြုသောအနေဖြင့်၎င်း၊ ရုပ်ကလပ်တခု၌ပါရှိသော ထိုထိုရုပ်တရားထို့၏အာရုံထို့ကို စုပေါင်း၍ သဘာဝသတ္တိထခုတည်းဟု ထင်မှတ်ရအောင်၎င်း စုတွဲခဲလျက် ဖြစ်ခြင်း။

၃ ဃောသကသူဌေး ရှေးအတိတ်အကုသိုလ်ဖြစ်သော မိမိသားကို စွန့်ပစ်ခဲ့ခြင်း၏ အကျိုးဆက်ကြောင့် ကောသမ္ဗီသူဌေးကြီး၏ သတ်ဖြတ်ရန်ကြိုးပမ်းမှု ခံရသောအကြိမ် ၆ကြိမ် (အံ ၄။ ဓမ္မပဒ ၄။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ပြည့်တန်ဆာတဦးမှမွေး၍ အမှိုက်ပုံ၌ ပစ်ထားသော ဃောသကသူဌေးကြီးဖြစ်မည့် မွေးစကလေး ကို ကောသမ္ဗီသူဌေးကြီး၏ အလုပ်သမားမှူးက နံနက်စောစော သူဌေးကြီးအိမ်အလာ တွေ့ရာကောက်ယူမွေးထား၊ သူဌေးကြီးသည် ကောသမ္ဗီပြည့်ရှင်မင်းဖြစ်သော ဥဒေနမင်းကို ခစားရန်အသွား ပုရောဟိတ်ကို နက္ခတ်အကြောင်းမေးရာ ယနေ့ဖွားသည့် သူငယ်သည် ကောသမ္ဗီပြည်၏ သူဌေးကြီးဖြစ်လိမ့်မည်ဟု ပြော၊ သူဌေးကတော်ကြီးမှာ ကိုယ်ဝန်အရင့်အမာရှိသော်လည်း မမွေးသေး၊ ယနေ့မွေးသူကို ရှာစေရာ အလုပ်သမားမှူးအိမ်မှာ တွေ့၊ အသပြာတထောင်ပေး၍ ထိုကလေးကို ယူလာ၊ သူဌေးကတော်ကြီးမှ မိန်းကလေး မွေးလျှင် ထိုကလေးနှင့် တိမ်းမြားပေးမည်၊ သားယောကျ်ားဖွားလျှင်ကား ဖျောက်ဖျက်ပစ်မည်ဟု ကြံထား၊ ၂ရက် ၃ရက်ခန့်ကြာသော် သူဌေးကတော်ကြီးသည် သားယောကျ်ားလေး ဖွားရာ-

၁ ၂ရက်၊ ၃ရက်သားရှိစဉ် နွားခြံတံခါးဝ၌ သိပ်ထားခြင်း၊ ၂ သုသာန်၌ စွန့်ပစ်စေရာ ဆိတ်ကျောင်းသားယူ၍မွေး၊ ၃ လှည်းလမ်း၌ ပစ်ချစေရာ လှည်းကုန်သည်မှူး ယူမွေး၊ ၄ ချောက်ကမ်းပါးမှ ပစ်ချပြန်ရာ ကျူတရုံသည် တဲပေါ်ကျပြီး မွေးထားခံရ၊ ၅ အရွယ်ရောက်သောအခါ အိုးထိန်းသည်ထံ လွှတ်၍ သတ်စေပြီး အိုးဖုတ်ရာ မီးဖိုထဲ၌ မီးတိုက်စေ၊ ၆ ရွာတရွာရှိ အလုပ်သမားမှူးအား ဃောသက သူငယ်ကိုသတ်ရန် သူ့ကိုပင် သဝဏ်လွှာပေး၍စေလွှတ်ရာ ခရီးအကြား၌ ရွာငယ်သူဌေးထံဝင်၍ ထမင်းစား စေပြီးမှ ခရီးဆက်စေ၊

င

**၁ ရေဲရောက်ကြောင်း ၄ပါး** (ကောမဂရုသုတ်၊ မစလဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အမျက်ထွက်ခြင်းကို (အလေးပြု၍ သူတော်ကောင်းတရား အလေးမပြု) ၊ ၂ ကျေးဇူးချေဖျက်ခြင်းကို (...) ၊ ၃ လာဘ်ရခြင်းကို (...) ၊ ၄ အရိုအသေပြုမှု သက္ကာယကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြု။

အပြန်- အလေးပြုက နတ်ပြည်ရောက်ကြောင်းဖြစ်။

၂ ငလျင်လှုပ်ခြင်းအကြောင်း ၈ပါး (ဘူမိစာလသုတ်၊ ဘူမိစာလဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။
မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ဤမဟာပထဝီမြေကြီးသည် ရေ၌တည်၊ ရေသည် လေ၌၊ လေသည် ကောင်းကင်၌တည်၏၊ ပြင်းထန်စွာ လေတိုက်သောအခါ ရေလှုပ်၊ ရေလှုပ်သော် မြေလှုပ်၏၊ ၂ တန်ခိုးနှင့်ပြည့်စုံသော အဘိညာဉ်စိတ်၌ လေ့လာပြီးသော သမဏဗြဟ္မဏ၊ ကြီးသောတန်ခိုးအာနုဘော်ရှိသော နတ်သည် အားနည်းသော မြေသညာနှင့် အားကြီးသောရေကသိုဏ်းစျာန်သညာပွား၍ မြေကြီးကိုလှုပ်စေ၏၊ ၃ ဘုရားအလောင်း တုသိတာနတ်ပြည်မှ စုတေ၍ သတိရှိလျက်၊ ဆင်ခြင်လျက် အမိဝမ်းတိုက်သို့ သက်ရောက်သောအခါ၊ ၄ ဖွားသောအခါ၊ ၅ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသောအခါ၊ ၆ အမြတ်ဆုံးဖြစ်သော ဓမ္မစကြာတရားကို ဟောတော်မူသောအခါ၊ ၇ အသက်ရှည်ရန်ပြုပြင်မှု အာယုသင်္ခါရကို စွန့်လွှတ်သောအခါ၊ ၈ ခန္ဓာနာမ်ရုပ် အကြွင်းမရှိ အနုပါဒိသေသနိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ။

၃ **ငါးပါးသီလ** ၈ ၃

<u>၁။ ငါးပါးသီလ အမည် ၅ခု</u> (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ နိစ္စ- အမြဲ၊ နိစ္စသီလ။

၂ ဂရု- အလေးဂရုပြုအပ်သော၊ ဂရုဓမ္မသီလ။

၃ အရိယ- အရိယာ + ကန္တ- နှစ်သက်ခြင်း၊ အရိယာကန္တသီလ။

၄ ဂဟ- အိမ်၊ ဂဟဋ္ဌ- အိမ်နေသူ လူဝတ်ကြောင်၊ ဂဟဋ္ဌသီလ။

၅ ဝိရတီသီလ။

သိက္ခာပုဒ်= သိက္ခာ + ပဒ = သိက္ခာ- ကုသိုလ်အကျင့် + ပဒ - တည်ရာ = ကုသိုလ်အကျင့်တို့၏ တည်ရာ။

<u>၂။ ပါဏာတိပါတကံ အင်္ဂါ၅ပါး</u> (ခုဒ္ဒကပါ ၄၄။ သုတေသန သရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ သတ္တဝါလည်း မှန်ခြင်း၊ ၂ သတ္တဝါဟူသော အမှတ်ရှိခြင်း၊ ၃ သေစေလိုသော စိတ်ရှိခြင်း၊ ၄ လုံ့လပြုခြင်း၊ ၅ သေခြင်း။

အပြစ်များ - ၂၈။

၁။ အပြစ် ၉ပါး (သာရတ္ထသင်္ဂဟ။ သုခမှတ်စု၊ သုခ)
ငရဲမှလွတ်ပြီးနောက် ၁ မျက်စိနားနှာ အင်္ဂါခြေလက် ချို့ယွင်းခြင်း၊ ၂ ရုပ်ဆင်းအသွင် မွဲခြောက်၍ စိုစို ပြေပြေ မရှိ၊ ၃ အားအင်ချို့ယွင်း၊ ၄ လျင်မြန်ဖြတ်လတ်မှု မရှိ၊ ၅ ဘေးပေါ်လျှင်ကြောက်၊ ၆ သူတပါး အသတ်ခံရခြင်း၊ ၇ အနာရောဂါ များ၊ ၈ အခြွေအရံ ပျက်စီး၊ ၉ အသက်တိုခြင်း။

၂။ အပြစ် ၂၃ပါး (ခုဒ္ဒကပါဌ ဋ္ဌ။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း အမှတ်၁၊ ဂူကုန်းဆရာတော်ကြီး အသျှင်တိဿ)
၁ ကိုယ်အင်္ဂါချို့တဲ့၊ ၂ အချိုးအစားမကျ၊ ၃ နုန့်နေးလေးဖင့်၊ ၄ ခြေဖဝါးလက်ဖဝါး မညီညွတ်၊ ၅ မလှ၊ ၆ အရောင်အဆင်းမပြောင်၊ ၇ အသားအရေကြမ်း၊ ၈ ကြောက်ရွံ့၊ ၉ ခွန်အားနည်း၊ ၁၀ စကားပြေပြစ်စွာ မပြောတတ်၊ ၁၁ လူများမုန်း၊ ၁၂ မိမိပရိသတ် အကြိမ်ကြိမ်ပျက်စီး၊ ၁၃ ထိတ်လန့်တတ်၊ ၁၄ လက်နက်ဘေး အဆိပ်ဘေးသင့်၊ ၁၅ သူတပါးပယောဂကြောင့် သေရ၊ ၁၆ တွေဝေမိုက်မဲ၊ ၁၇ ခြွေရံပရိသတ်နည်း၊ ၁၈ ရွံ့ရှာဖွယ် ရုပ်အဆင်းရှိ၊ ၁၉ ကုန်းကော့သောကိုယ်၊ ၂၀ အနာရောဂါများ၊ ၂၁ စိုးရိမ်ကြောင့်ကြမှုများ၊ ၂၂ ချစ်သောသားသမီးတို့နှင့် ကွေကွင်းရ၊ ၂၃ အသက်တို။

၃။ အဒိန္နာဒါန အင်္ဂါ၅ပါး (ခုဒ္ဒက ဋ္ဌ။ အဋ္ဌသာလိနီ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ သူတပါးဥစ္စာဖြစ်၊ ၂ သူတပါးဥစ္စာဟုသိ၊ ၃ ခိုးယူလိုစိတ်ရှိ၊ ၄ ခိုးယူကြောင်း ကိုယ်နှုတ်လုံ့လ တခုခုပြု၊ ၅ ခိုးယူခြင်း။

အပြစ် ၁၂ပါး (ခုဒ္ဒကပါဌ ဋ္ဌ။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း အမှတ်၁၊ ဂူကုန်းဆရာတော်ကြီး အသျှင်တိဿ) ၁ မြတ်သောဥစ္စာမရ၊ ၂ ယုတ်သောဥစ္စာသာရ၊ ၃ ပစ္စည်းဥစ္စာနည်းပါး၊ ၄ အလွန်ဆင်းရဲ၊ ၅ မရသေးသောဥစ္စာ မရ၊ ၆ ရပြီးဥစ္စာ ဆုတ်ယုတ်၊ ၇ လိုရာဥစ္စာမရ၊ ၈ ရန်သူမျိုး၅ပါးနှင့်သာ ဆက်ဆံတွေ့ရ၊ ၉ သူတပါးနှင့်ဆက်ဆံသော ဥစ္စာသာရ၊ ၁၀ မရှိစကားသာကြား၊ ၁၁ ချမ်းသာစွာမနေရ၊ ၁၂ လောကုတ္တရာဥစ္စာမရ။

၄။ ကာမေသုမိစ္ဆာစာရ အင်္ဂါ ၄ပါး (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မသွားလာအပ်သော မိန်းမ ၂၀ဖြစ်ခြင်း၊ ၂ မှီဝဲလိုစိတ်ရှိခြင်း၊ ၃ လုံ့လပြုခြင်း၊ ၄ သာယာခြင်း။

မသွားလာအပ်သော မိန်းမ၂၀ (ပါရာဇိကကဏ် ဋ္ဌ၊ ဋီကာ။ အဋ္ဌသာလိနီ၊ မူလဋီကာ။ သုတေသန သရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ အမိ အုပ်ထိန်းသောမိန်းမ၊ ၂ အဖ ...၊ ၃ အမိ အဖ ...၊ ၄ မောင်ကြီး မောင်ငယ် အုပ်ထိန်းသောမိန်းမ၊ ၅ အမ ညီမ ...၊ ၆ အဆွေအမျိုး ...၊ ၇ အမျိုးအနွယ် ...၊ ၈ တရားကျင့်ဖော်ချင်း

အုပ်ထိန်းသောမိန်းမ၊ ၎င်းတို့သည် အုပ်ထိန်းသူသာရှိ ကာမပိုင်မရှိ၊ ကျူးလွန်က ၎င်းမိန်းမတို့သည် ကာမေသုမိစ္ဆာစာရကံ မထိုက်။

၉ ကိုယ်ဝန်တည်ကတည်းက ပြောဆိုကြောင်းလမ်းပြီးသောမိန်းမ၊ ၁၀ ဤမိန်းမကို သွားလာလျှင် ဒဏ်သင့်စေဟု မင်းမိန့်ထားသောမိန်းမ (တော်ကောက်ထားသောမိန်းမ)၊ ၁၁ ဥစ္စာဖြင့် ဝယ်ယူပေါင်းသင်းထားသောမိန်းမ၊ ၁၂ အလိုတူ၍ ပေါင်းနေသောမိန်းမ၊ ၁၃ ဥစ္စာအပ်နှံ၍ ပေါင်းနေသောမိန်းမ၊ ၁၄ အဝတ်တန်ဆာပေး၍ ပေါင်းနေသောမိန်းမ၊ ၁၅ လူကြီးစုံရာ လက်ထပ်ပေါင်းသင်းသောမိန်းမ၊ ၁၆ ထင်းခွေရေခပ်သောမိန်းမအား ထိုအလုပ်မလုပ်စေပဲ ပေါင်းသင်းသောမိန်းမ၊ ၁၇ မယားပြုခံရသော ကျွန်မ၊ ၁၈ မယားပြုခံရသော အလုပ်သူမ၊ ၁၉ မယားအဖြစ် ပေါင်းသင်းခံရသော သုံ့ပန်းမိန်းမ၊ ၂၀ ခေတ္တငှားရမ်း ပေါင်းသင်းသောမိန်းမ- ပြည့်တန်ဆာမ၊ ၎င်းတို့သည် အုပ်ထိန်းသူရော ကာမပိုင်ပါရှိ၊ ကျူးလွန်က ၎င်းတို့သည် ကံတိုက်၏၊ အမှတ်၂၀ပါမိန်းမမှာ မိမိအားငွေပေးထားသူကို တာဝန်မကျေသေးပဲ တခြားယောက်ျားတဦးကို လက်ခံက ကံထိုက်၏၊ <u>ယောက်ျားများမှာမူ ၁-၂၀လုံးနှင့်ပင် ကျူးလွန်က ကံထိုက်၏။</u>

အပြစ် <u>၂၃</u>

<u>၁။ အပြစ် ၄ပါး</u> (ခေမကသေဋ္ဌိပုတ္တဝတ္ထု၊ နိရယဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ခေမကသည် သူဌေးသားတဦး၊ အနာထပိဏ်သူဌေးကြီး၏ တူဖြစ်၊ <u>အတိတ်ဘဝ</u> - ကဿပဘုရားရှင်၏ ရွှေစေတီတော်၌ ရွှေကုက္ကား ၂ခု တင်လှူပူဇော်ခဲ့၊ ထို့ကြောင့် သူသည် အလွန်ရုပ်ရည် ချောမော၊ မိန်းခလေးများ မြင်ရုံဖြင့် သဘောကျကြ၊ အလွယ်တကူပင် သူတပါးသားမယားများကို ဖျက်ဆီးနိုင်၊ ဖမ်းပြီး ကောသလမင်းကြီးထံပို့၊ အနာထပိဏ်သူဌေးကြီးကိုထောက်၍ ပြန်လွှတ်၊ ဆက်လွန်ကျူး၊ ဒုတိယအကြိမ် တတိယအကြိမ်အထိ လွှတ်ပေး၊ သူဌေးကြီးက ဘုရားရှင်ထံ ခေါ်သွားရာ ဤဓမ္မပဒဒေသနာတော်ကို ဟောရာ သောတာပန်အရိယာ ဖြစ်။

"တရားလမ်းမှန်ကို သတိမထားပဲ သူတပါးမယားကိုမှီဝဲသူသည် ၁ အကုသိုလ်ရခြင်း၊ ၂ အလိုရှိတိုင်း ချမ်းသာစွာမအိပ်ရခြင်း၊ ၃ သူတပါးတို့ အကဲ့ရဲ့ခံရခြင်း၊ ၄ ငရဲခံရခြင်းစသော ဤ ၄ပါးသော ဆင်းရဲခြင်း၏ အကြောင်းတို့သို့ ရောက်ရ၏။

မကောင်းမှုကိုလည်း ရ၏။ ယုတ်သောလားရာဂတိလည်း ရှိ၏။ **ကြောက်ရွံ့ထိတ်လန့်သော ယောက်ျား၏ ကြောက်ရွံ့ထိတ်လန့်သော မိန်းမနှင့် မွေ့လျော်ပျော်ပါးရခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။** မင်းသည်လည်း ကြီးလေးသောအပြစ်ဒဏ်ကိုလည်း ပေး၏။ ထို့ကြောင့် ယောက်ျားသည် သူတပါးမယားကို မမှီဝဲရာ။"

၂။ အပြစ် ၂၅ပါး (ခုဒ္ဒကပါဌ ဋ္ဌ။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း အမှတ်၁၊ ဂူကုန်းဆရာတော်ကြီး အသျှင်တိဿ။ အရှင်ဩဘာသာဘိဝံသ၊ သုတေသနသရုပ်ပြအဘိဓါန်)

၁ ရန်များ၊ ၂ သူခပ်သိမ်းတို့ နှိပ်စက်ခြင်း ခံရ၊ ၃ ထမင်းအဖျော် အဝတ်ပုဆိုး အိပ်ရာနေရာ ရခဲ၊ ၄ ဆင်းဆင်းရဲရဲ အိပ်ရနိုးရ၊ ၅ အဝီစိ၊ လောဟကုမ္ဘီငရဲသို့ ကျရောက်၊ ၆ မိန်းမ ဖြစ်၊ ပဏ္ဍုက် ဖြစ်၊ ၇ နပုံလိင် ဖြစ်ရ၊ ၈ အမျက်ဒေါသ ကြီး၊ ၉ တိုသော လည်ဂုတ်ရှိ၊ ၁၀ အောက်သို့ချသော မျက်နှာရှိ၊ ၁၁ လူများ မုန်း၊ ၁၂ ဣန္ဒြေတို့ မပြည့်စုံ၊ ၁၃ လက္ခဏာတို့ မပြည့်စုံ၊ ၁၄ တပ်မက်မှု များ၊ ၁၅ ကြောင့်ကြမှု များ၊ ၁၆ ဆင်းရဲစွာနေရ၊ ၁၇ လောဘစိတ် များ၊ ၁၈ ချစ်သူတို့နှင့် ခွဲရ၊ ၁၉ လောကုတ္တရာတရား မရနိုင်၊ ၂၀ စည်းစိမ်ဥစ္စာ ပျက်ပြုန်း၊ ၂၁ ယုံကြည်မှု ကင်းမဲ့ခံရ၊ ၂၂ ဘေး တွေ့ရ၊ ၂၃ ယုံမှားသံသယ များ၊ ၂၄ အသက် တို၊ ၂၅ ဆင်းရဲကြီးစွာ တွေ့ရ။

၅။ ကာမေသုမိစ္ဆာစာရကံ အပြစ်ပြဝတ္ထု ၃ ခု

၁ ဒုသနသော (လောဟကုမ္ဘီဇာတ်၊ ပုစိမန္ဒဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာ တော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကောသလမင်းကြီး ညဥ့်အဖို့၌ ဒု၊ သ၊ န၊ သောဟူသောအသံများကြား၊ ပုဏ္ဏားများက ယဇ်ပူဇော်ရန် လျှောက်ကြ၊ မလ္လိကာမိဖုယားက ဘုရားထံလျှောက်စေရာ လွန်ပြီးသောဘဝ၌ သူတပါးသားမယားများကို ပြစ်မှား၊ များစွာသော မကောင်းမှုများကိုပြုကြသော မင်းသား၄ဦးဖြစ်ကြ၊ ယခု သာဝတ္ထိပြည်အနီး လောဟ ကုမ္ဘီငရဲအိုး၌ ကျရောက်ကြ၍ ၎င်းငရဲသားတို့ ဆင်းရဲခံလျက် ဟစ်ကြွေးသံများဖြစ်ကြောင်းပြော၍ အတိတ် ဇာတ်ကိုဟော၊ ဘုရားလောင်း အဘိညာဥ်ရ ရသေ့က ဟစ်ကြွေးသံ ၄သံကြားသောမင်းကို "တိုသူ၄ဦးသည် ရှေးဘဝ၌ သူတပါးတို့ စောင့်ရှောက်ထိန်းသိမ်းသော မိန်းမတို့၌ သွားလာကြ၍ ဗာရာဏသီ ပြည်အနီး ၄ခုသော လောဟကုမ္ဘီငရဲအိုး၌ဖြစ်၊ ကျိုက်ကျိုက်ဆူသောဆားရည်ဖြင့် အမြှုပ်ထ ကျက်၍ အနှစ်၃သောင်း အောက်သို့သွား၊ အနှစ်၃သောင်း အထက်သို့တက်သည်တွင် ငရဲအိုးမျက်နှာဝကိုမြင်သော် ထိုငရဲသား၄ဦး တို့သည် ၄ဂါထာကိုပြည့်စုံစွာဆိုလိုလျက် မတတ်နိုင်ပဲ တလုံးသာ ဆို၍ ပြန်နစ်၏။

"ဒုဇ္ဇီဝိတ မဇီဝိမှ၊ ယေ သန္တေ န ဒဒမှသေ။ ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံ နာကမှ အတ္တနော။"

ယေမယံ- အကြင်ငါတို့သည်၊ သန္တေ- လှူဖွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ထင်ရှားရှိပါလျက်၊ န ဒဒမှသေ- မပေးမလှူကုန်။ ဒုဇ္ဇီဝိတံ- ယုတ်မာသောအသက်မွေးခြင်းကို၊ အဇီဝိမှ- အသက်မွေးမိကုန်၏။ ဘောဂေသု- စည်းစိမ်တို့သည်၊ ဝိဇ္ဇမာနေသု- ရှိကုန်လျက်၊ အတ္တနော- မိမိ၏ ဒီပံ- မှီခိုရာကို၊ နာကမှ- မပြုမိခဲ့ကြကုန်။

"သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။ နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။"

နိရယေ- ငရဲ၌၊ ပ စ္စမာနာနံ- ခံရသောငါတို့အား၊ သဗ္ဗသော- ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊

သင္ဃိ ဝဿသဟဿာနိ- အနှစ်ဖသောင်းတို့သည်၊ ပရိပုဏ္ဏာနိ- ပြည့်ကုန်၏။ ကဒါ - အဘယ်အခါ၌၊ အန္တော- အဆုံးသည်၊ ဘဝိဿတိ- ဖြစ်လတ္တံ့နည်း။

“နတ္ထိ အန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ။ တဒါဟိ ပကတံ ပါပံ၊ မမ တုယှဉ္စ မာရိသ။”

မာရိသ- ငါနှင့်တူသောအဆွေ၊ မမ စ- ငါသည်၎င်း၊ တုယှဉ္စ- သင်သည်၎င်း၊ တဒါဟိ- ထိုအခါ၌လျှင်၊ ပါပံ- မကောင်းမှုကို၊ ပကတံ- များစွာပြုအပ်၏။ အန္တော- အဆုံးသည်၊ နတ္ထိ- မရှိ၊ ကုတော- အဘယ်အကြောင်းဖြင့်၊ အန္တော- အဆုံးသည်၊ အတ္ထိ- ရှိအံ့နည်း။ အန္တော- အဆုံးသည်၊ န ပဋိဒိဿတိ- မထင်။

“သောဟံ နူန ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။ ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိ ကုသလံ ဗဟုံ။”

သောအဟံ- ထိုငါသည်၊ ဣတော- ဤငရဲမှ၊ ဂန္တွာ- လွတ်မြောက်သွား၍၊ မာနုသိံ ယောနိံ- လူ၌ဖြစ်သော အမျိုးဇာတ်ကို၊ လဒ္ဓါန- ရသည်ရှိသော်၊ ဝဒညူ- ကောင်းသောသူတို့၏စကားကို သိသူသည်၊ သီလသမ္ပန္နော- သီလနှင့်ပြည့်စုံသူသည်၊ ဟုတွာ- ဖြစ်၍၊ နူန- စင်စစ်သဖြင့်၊ ဗဟုံ- များစွာသော၊ ကုသလံ- ကုသိုလ်ကို၊ ကာဟာမိ- ပြုအံ့။

၂ <u>နာရဒဇာတ်တော်ကြီး</u>၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ ပန်းရွှေပြည်ဇာတ်တော်ကြီး ၁၀ဘွဲ့ပေါင်းချုပ် - ဦးခင်မောင်ကြီး ရန်ကုန်တက္ကသိုလ်၊ ခု၊ သုတ္တန္တပိဋက။ - <u>အကျဉ်းသာ</u>။

ရုဇာမင်းသမီး- အရှင်အာနန္ဒာအလောင်းသည် ခမည်းတော်အင်္ဂတိမင်းကြီး- အရှင်ဥရုဝေဠကဿပ အလောင်းက ကဿပတက္ကတွန်းထံ ဆည်းကပ်ပြီးနောက် အယူမှားနေသည်ကို မိမိ သိကြားမင်း အလုပ်အကျွေးနတ်သမီးဖြစ်စဉ်ကပင် ထိုဘဝမှ လွန်ပြီးသော ၇ဘဝ၊ လာလတ္တံ့သောဘဝ ၇ဘဝကို သိခဲ့ပြီး မိမိပြုခဲ့သောမကောင်းမှု၏ အပြစ်ဖော်ပြကာ ပြောပြလျှောက်ထားသည်။ ရုဇာမင်းသမီးတိုင်တည်၍ နာရဒ ဗြဟ္မာကြီး- ဂေါတမဘုရားရှင်အလောင်း လာရောက်ကာ အင်္ဂတိမင်းကြီးကို အယူမှန်ရစေ၏။

တာဝတိံသာနတ်ပြည်ရှိ သိကြားမင်း၏အလုပ်အကျွေးနတ်သမီးဖြစ်စဉ် လွန်ပြီးသော၇ဖြစ်၊ လာလတ္တံ့သော၇ဖြစ်အားဖြင့် ၁၄ဖြစ်တို့ကိုသိမြင်၏။ ၁ ရာဇဂြိုဟ်ပြည် ရွှေပန်းတိမ်သည်သားဖြစ်၊ မကောင်းသော အဆွေခင်ပွန်းနှင့် ပေါင်းဖော်မိ၍ များစွာသောမကောင်းမှုကိုပြု၊ သူတပါးမယားကို အနိုင်အထက် ခိုးယူ၍ မိစ္ဆာစာရကိုကျင့်၏၊ ထိုမကောင်းမှုသည် အခြားမဲ့သောဘဝ၌ အကျိုးမပေးမူ၍ ပြာဖြင့်ဖုံးလွှမ်းသောမီးကဲ့သို့ တည်၏။ ၂ တပါးသောကောင်းမှုကြောင့် ဝံသတိုင်း ကောသမ္ဗီပြည်တွင် ကြွယ်ဝသော သူဌေးမျိုး၌ တယောက်တည်းသောသားဖြစ်၊ အကြားအမြင်ရှိသော အဆွေခင်ပွန်းကောင်းကို မှီဝဲမိ၍ ထိုအဆွေခင်ပွန်းသည် အကျိုးစီးပွားရှိသည်၌သာ ဆောက်တည်စေ၊ ဥပုသ်သီတင်း ဆောက်တည်ခဲ့၊ ထိုကောင်းမှုသည် ရေလျှင်အဆုံးရှိပေ၏၊ တွင်း၌မြှုပ်သောရွှေအိုးကဲ့သို့ အခြားသောဘဝ၌ အကျိုးမပေးမူ၍တည်၏။ ၃ ရွှေပန်းတိမ်သည်သားအဖြစ်၌ ပြုခဲ့သော ပရဒါနမကောင်းမှုသည် အခွင့်ရ၍ ရောရုဝငရဲ၌ ကြာမြင့်စွာခံရ၊ ထိုငရဲ၌ခံရသောအဖြစ်ကို အောက်မေ့မိသော် ကြီးစွာသောကြောက်လန့်ခြင်းဖြစ်၍ တခဏမျှ

ချမ်းသာရာကို မရနိုင်၊ ၄ ဘိန္နာဂတပြည်၌ ဝေးစေ့ထုတ်ခံရသော ဆိတ်ဖြစ်၊ အားနင့်ပြည့်စုံသည်ဖြစ်၍ ကျောက်ဖြင့်ငင်း ရထားဖြင့်ငင်း လေးစွာသောဝန်ကို ရွက်ဆောင်ရ၊ ဝေးစေ့ထုတ်ခံရသော ဆိတ်ဖြစ်ရခြင်းသည် သူ့မယားကိုပြစ်မှားခဲ့ဘူးသော မကောင်းမှု၏အကျိုးလျှင်တည်း၊ ၅ တော၌ မျောက်ဖြစ်၊ ဖွားစတွင် အမိမျောက်မက အဖဖြစ်သောမျောက်မင်းအား ပြစဉ် ပြင်းစွာဖက်ပြီး မြည်တမ်းစဉ် ဝေးစေ့ကို သွားဖြင့် ကိုက်ထုတ်၊ ၆ ဒသဏနတိုင်း၌ ဝေးစေ့ထုတ်အပ်သောနွားလားဖြစ်၊ ၇ ဝဇ္ဇီတိုင်း ရွာသူကြီးမျိုး၌ ဖြစ်၊ ရခဲလှစွာသောလူ့အဖြစ်ကိုရပါသော်လည်း မိန်းမမဟုတ် ယောက်ျားမဟုတ် နပုန်း ပဏ္ဍုက်ဖြစ်။

၁ ထိုနပုန်းအဖြစ်မှ ကောသမ္ဗီပြည်သူဌေးသားဘဝ၌ အလှူသီတင်းဆောက်တည်ခဲ့မှုကြောင့် တာဝတိံသာနတ်ပြည် နန္ဒဝန်ဥယျာဉ်၌ သိကြားမင်းအလုပ်အကျွေးနတ်သမီးဖြစ်၊ ဤနတ်သမီးအဖြစ်အပါ နောင်၇ဖြစ်သည် များစွာသောချမ်းသာနင့် ပြည့်စုံ၊ မိန်းမအဖြစ် ၆ဖြစ် ဖြစ်ပြီးနောက် ၇အဖြစ်၌ကား တန်ခိုးကြီးသောနတ်သား ဖြစ်ရလတ္တံ့၊ ထိုသိကြားမင်းအလုပ်အကျွေးနတ်သမီးအဖြစ် အနှစ်၃ကုဋေ ၆သန်းနေ၍ စုတေ၊ ၂ တာဝတိံသာနတ်ပြည်၌ သိကြားမင်းကိုယ်လုပ်နတ်သမီး၊ ၃ ထိုအတိုင်း၊ ၄ ထိုအတိုင်း၊ ၅ တာဝတိံသာနတ်ပြည် ဇဝနနတ်သား၏ နတ်သမီးမိဖုယားကြီး၊ ၆ လူ့ပြည်တွင် မိထိလာပြည်၌ အင်္ဂတိမင်းကြီး၏ သမီးတော်ရုဇာမင်းသမီးဖြစ်၊ ၇ တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသောနတ်သားဖြစ်၍ မိန်းမဘဝမှ လွတ်အံ့။

၃ ကုလ္လသိဒ္ဓါသီတေရီဂါထာ၊ စတ္တာလီသနိပါတ်၊ ထေရီဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

သီတင်းသုံးဖော်ဗောဓိထေရီမက ပဌမအရွယ်၌တည်နေသော်လည်း အဘယ်ကြောင့်ရဟန်းပြုသနည်းဟု မေး၊ ကုလ္လသိဒ္ဓါသီထေရီက "အဝန္တိတိုင်း ဥဇ္ဇေနီပြည်မှ သူဌေးသမီးဖြစ်၊ သာကေတပြည်မှ သူဌေးသား တဦးအား ဆောင်နှင်း၊ လင်နှင့်တကွ ယောက္ခမမိသားစုအားလုံးကို ကောင်းစွာပြုစုသော်လည်း လင်က အလိုမရှိတော့၊ အရပ်တပါးသွားအံ့ဟု မိဖတို့ကိုပြော၊ အကြောင်းမရှိပဲမုန်း၊ မိဖအိမ်သို့ပြန်ပို့၊ ဒုတိယကြွယ်ဝသောလင်ကလည်း တလအကြာ အိမ်မှနှင်ထုတ်၊ သူဌေးဖခင်က သူတောင်းစားတယောက်နှင့်ပေးစား၊ ၁၅ရက်ကြာသော် ထိုသူသည် သူတောင်းစားပဲပြန်လုပ်၊ သေမှုလည်းသေအံ့ ရဟန်းမှုလည်းပြုအံ့ဟု ကြံစည်စဉ် ဝိနည်းဆောင်ဇိနဒတ္တာတေရီ အိမ်သို့ဆွမ်းခံရောက်၍ ဆွမ်းလုပ်ကျွေးကာ ရဟန်းပြု၊ ၇ရက်မျှဖြင့် ဝိဇ္ဇာ၃ပါးမျက်မှောက်ပြု၊ ရှေး၇ဘဝကိုသိ။"

"ရှေး၇ဘဝက ဧရကစ္ဆမြို့မှ ကြွယ်ဝသောရွှေပန်းထိမ်သည်ဖြစ်ခဲ့၊ အရွယ်မာန်ယစ်၍ သူတပါးမယားကို မှီဝဲခဲ့၊ ရှေး၆ဘဝတွင် အဝီစိငရဲကြီး၌ ကြာမြင့်စွာငရဲမီးလောင်ခံရ၊ ရှေး၅ဘဝတွင် မျောက်ဖြစ်ခဲ့ပြီး မွေးပြီး၇ရက်တွင် မျောက်မင်းက ဝေးစေ့ကိုက်ထုတ်၊ ရှေး၄ဘဝတွင် သိန္ဓဝတိုင်း တောအရပ်၌ ကန်း၍ ခြေခွင်သော ဆိတ်မဝမ်း၌ ဖြစ်ခဲ့၊ ဝေးစေ့ထုတ်ခံရပြီး ၁၂နှစ်တိုင် သူငယ်တို့ကျောက်ကုန်း၌တက်စီးခံရ၊ ပိုးလောက်ကျ၍ မကျန်းမာပြီးသေ၊ ရှေး၃ဘဝတွင် နွားကုန်သည်၏နွားမဝမ်း၌ နွားနီအဖြစ်ဖွားပြီး ၁၂လ အကြာတွင် ဝေးစေ့ထုတ်ခံရ၊ ထွန်ထုံးဆောင်၍ လှည်းရုန်းရပြီးနောက် အကန်းဖြစ်၊ နိပ်စက်ခံရကာ

မကျန်းမာ၍သေ၊ ရှေး၂ဘ၀တွင် မြို့လမ်းခရီးအနီး အိမ်ပေါက် ကျွန်မ၀မ်း၌ဖြစ်၊ မိန်းမမဟုတ် ယောက်ျား မဟုတ် နပုန်းဖြစ်၊ အနှစ်၃၀တွင် သေ၊ သည်ဘ၀မတိုင်မီ ရှေးဘ၀က စည်းစိမ်ဥစ္စာနည်း၍ ကြွေးရှိသော လှည်းသမားအိမ်၌ သူငယ်မဖြစ်ခဲ့၊ လှည်းကုန်သည်သူကြွယ်တဦး သူမ ငိုမြည်တမ်းစဉ် ကြွေးမြီတို့ဖြင့် ယူဆောင်၊ ၁၆နှစ်ရောက်သော် လှည်းကုန်သည်သား ဂိရိဒါသက မယားအဖြစ် သိမ်းပိုက်၊ သီလနှင့်ပြည့်စုံ သူ မယားကြီးရှိ၊ လင်အား ထိုမယားကြီးကို မုန်းအောင်လုပ်ခဲ့။"

"အိမ်ကျွန်မကဲ့သို့ လင်ကိုလုပ်ကျွေးသူ အကျွန်ုပ်ကို လင်၃ယောက်စွန့်သွားခြင်းသည် သူတပါး မယားကို လွန်ကျူးသောမကောင်းမှု၊ မယားကြီးကို လင်မုန်းအောင်ပြုသော မကောင်းမှု၏အကျိုးဆက်ဖြစ်၊ ပရဒါ ရကံ - သူတပါးမယားကို လွန်ကျူးသောကံ၏ အကျိုးတည်း၊ အရဟတ္တမဂ်ကိုရသဖြင့် ကြမ်းတမ်း သော မကောင်းမှုကံ၏အဆုံးကို ပြုအပ်ပြီးပြီ။"

<u>၆။ မုသာဝါဒ အင်္ဂါ ၄ပါး</u> (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မဟုတ်မမှန်သော အကြောင်းဖြစ်၊ ၂ ပြောလိုစိတ် ရှိ၊ ၃ ပြော၊ ၄ လိမ်ပြောသည့်အတိုင်း သူတပါး သိရှိယုံကြည်ခြင်း။

<u>မုသာဝါဒပြောဆိုမှု ၈မျိုး</u> (မုသာဝါဒသိက္ခာပုဒ်အဖွင့်၊ ဘိက္ခုပါစိတ်၊ ပါစိတ်ပါဠိတော်၊ ခု၊ ၀ိ)

၁ မမြင်သည်ကို ငါမြင်၏၊ ၂ မကြားသည်ကို ငါကြား၏၊ ၃ မတွေ့သည်ကို ငါတွေ့၏၊ ၄ မသိ သည်ကို ငါသိ၏၊ ၅ မြင်သည်ကို ငါမမြင်၊ ၆ ကြားသည်ကို ငါမကြား၊ ၇ တွေ့သည်ကို ငါမတွေ့၊ ၈ သိသည် ကို ငါမသိဟု ပုထုဇဉ်တို့၏ ပြောဆိုမှု။

<u>အပြစ် ၂ စု</u>

<u>၁။ အပြစ် ၁၆ပါး</u> (ခုဒ္ဒကပါဌ ဋ္ဌ။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း အမှတ်၁၊ ဂူကုန်းဆရာတော်ကြီး အသျှင်တိသ) ၁ မကြည်ညိုဖွယ် ရုပ်အဆင်း၊ ၂ သွား မညီ၊ ၃ နားမချမ်းသာသော အသံ၊ ၄ ၀လွန်း ဆူလွန်း၊ ၅ ပိန် သေးလွန်း၊ ၆ နိမ့်ပုလွန်း၊ ၇ မြင့်ရှည်လွန်း၊ ၈ အသားအရေ ကြမ်း၊ ၉ ခံတွင်ပါးစပ် ပုပ်ညှီ၊ ၁၀ ဆွံ့အတုန်လှုပ်၊ ၁၁ သူတပါးတို့ မယုံကြည်၊ ၁၂ တိုသောလျှာရှိ၍ စကားမပြီ၊ ၁၃ လျှပ်ပေါ်၊ ၁၄ မိုက်မဲ တွေဝေ၊ ၁၅ ဉာဏ်ပညာ နည်း၊ **၁၆** ကြောက်တတ်။

၂။ <u>မုသားဆိုခြင်း၏ အကျိုးဆက် ၂ပါး</u> (မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

၁ သားယောက်ျားမဖွားပဲ သမီးမိန်းကလေးချည်းသာ ဖွားတတ်၏၊

၂ သားယောက်ျား ဖွားမြင်ပါလျှင်လည်း မိဘစကား နားမထောင်သောသား၊ မိဘကို လုပ်မကျွေး သောသား ရတတ်၏။

၇။ သုရာမေရယ အင်္ဂါ ၄ပါး ၂ စု

၁။ (ဤတိဝုတ် ဌ။ သမ္မောဟဝိနောဒနီ ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင် ဩဘာသာဘိဝံသ) ၁ သုရာစသည် တပါးပါးဖြစ်၊ ၂ သောက်လိုစိတ် ရှိ၊ ၃ လုံ့လ ပြု၊ ၄ သောက်ခြင်း။

၂။ တနည်း (သံ ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)
၁ သုရာတပါးပါး ဖြစ်၊ ၂ သောက်လိုခြင်း၊ ၃ သောက်ခြင်း၊ ၄ မူးယစ်ခြင်း။

အပြစ်များ ၄ စု။

၁။ အပြစ် ၆ပါး (သိင်္ဂါလသုတ်၊ ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက) ၁ စီးပွားဥစ္စာ ပျက်စီးကုန်ခန်းခြင်း၊ ၂ ခိုက်ရန်များခြင်း၊ ၃ ရောဂါအမျိုးမျိုး ဖြစ်ခြင်း၊ ၄ ကျော်စောသတင်း ကင်းမဲ့ခြင်း၊ ၅ အရှက်အကြောက် ကင်းခြင်း၊ ၆ အသိပညာဉာဏ် အားနည်းအောင်ပြုခြင်း။

၂။ တနည်း ၆ပါး (သာရတ္ထသင်္ဂဟ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ၁ အရေးအခွင့် သင့်မသင့်ကို မသိ၊ ၂ ပျင်းရိ၊ ၃ မေ့လျော့မူးရူး၊ ၄ သူတပါး ပြုဖူးသော ကျေးဇူးကို မသိ၊ ၅ ဟိရီဩတ္တပ္ပ ကင်း၊ ၆ သေရည်သောက်မိလျှင် အလုံးစုံသော မကောင်းမှုကို ပြုလွယ်ခြင်း။

၃။ အပြစ် ၃၀ပါး (ခုဒ္ဒကပါဌ ဌ။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း အမှတ်၁၊ ဂူကုန်းဆရာတော်ကြီး အသျှင်တိဿ) အဋ္ဌကထာ၌ ရှောင်ကြဉ်ခြင်းအကျိုးများကို ရှင်းပြထား၊ အပြန်အပြစ်များကို ဤနေရာ၌ ဖော်ပြထားသည်။

၁ ဖြစ်ပီးဖြစ်ဆဲ ဖြစ်လတ္တံ့သော အမှုကိစ္စတို့၌ မသိလွယ်၊ ၂ အမြဲမပြတ်သတိ မရှိ၊ ၃ အရူး ဖြစ်၊ ၄ ဉာဏ်ပညာ မရှိ၊ ၅ ပျင်းရိ၍ လုံ့လ မရှိ၊ ၆ ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ ဖြစ်၊ ၇ ပဋိသန္ဓေအားဖြင့် ဆွံ့အသူ ဖြစ်၊ ၈ တွေဝေ၊ ၉ မေ့လျော့၊ ၁၀ အသိပညာနည်း၊

၁၁ ကိုယ်လက်ခက်ထရော် ရှိ၊ ၁၂ ဘေး မကင်း၊ ၁၃ ကြောင့်ကြ မကင်း၊ ၁၄ မှန်သောစကား မဆို၊ ၁၅ ကုန်းစကား ကြမ်းတမ်းသောစကား အကျိုးမဲ့စကား ပြော၊ ၁၆ နေ့ညဥ့်မပြတ် လုံ့လ မရှိ၊ ၁၇ သူ့ကျေးဇူး မသိ၊ ၁၈ ပြုပြီးကိစ္စ မသိ၊ ၁၉ ဝန်တိုမှု ရှိ၊ ၂၀ မစွန့်ကြဲ မပေးကမ်း၊

၂၁ သီလနှင့် မပြည့်စုံ၊ ၂၂ မဖြောင့်မတ်၊ ၂၃ ဒေါသ များ၊ ၂၄ မကောင်းမှုပြုရမည်ကို မရှက်ခြင်း၊ ၂၅ မကောင်းမှုပြုရမည်ကို မကြောက်ခြင်း၊ ၂၆ မှားသောအယူ ရှိ၊ ၂၇ ကြီးမားသောမကောင်းမှု ပြု၊ ၂၈ ပညာ မရှိ၊ ၂၉ ပညာရှိ မဖြစ်နိုင်၊ ၃၀ အကျိုးရှိ မရှိ၌ မလိမ္မာခြင်း။

<u>၄။ သေအရက်သောက်ခြင်းအပြစ် ၄၁မျိုး</u> (ကုမ္ဘဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ တွင်းညွန်သို့ ကျ၊ ၂ မစားသင့်သောဝတ္ထုကို များစွာ စားမိ၊ ၃ ကိုးကွယ်ရာမရှိသကဲ့သို့ လည်၊ သီ၊ က၊ ၄ အဝတ်မဝတ်ပဲ ရွာလမ်းခရီးသို့ သွား၊ ၅ အတိုင်းအရှည်ထက် လွန်စွာအိပ်၊ ၆ ဦးခေါင်းလက်ရုံးလှုပ်လျက် သစ်သားဖြင့်လုပ်သော ယန္တရားရုပ်ကဲ့သို့ က၊ ၇ မီးလောင် ခံရ၊ ၈ မြေခွေး စားခံရ၊ ၉ နှောင်ဖွဲ့ ခံ၊ သတ်ပုတ် ညှဉ်းဆဲ ခံ၊ ၁၀ စည်းစိမ် ယုတ်၊

၁၁ ပွဲသဘင်၌ မဆိုအပ်သောစကား ဆို၊ ၁၂ အဝတ်ကင်း၍ အံဖတ်၌လဲကာ လိမ်းကျံနစ်လျက်အိပ်၊ ၁၃ ငါနှင့်တူသူမရှိဟု ကြုံးဝါး၊ ၁၄ နီသောမျက်စိ ရှိ၊ ၁၅ ဤမြေကို အစိုးရသော ငါနှင့်တူသော မင်းမရှိဟု ထင်၊ ၁၆ အလွန်မာန်မူ၊ ၁၇ ငြင်းခုံ၊ ၁၈ ကုန်းတိုက် ချောပစ်၊ ၁၉ အဆင်း မလှ၊ ၂၀ အဝတ် မရှိ၊

၂၁ လျှောက်ပြေး၊ ၂၂ သူခိုး သေသောက်ကြူးတို့ရောက်ရာနေရာဖြစ်၊ ၂၃ ဥစ္စာများသော အမျိုးတို့ကို ပြတ်သောအမွေခံရှိသည် ပြု၊ ၂၄ ရွှေ ငွေ စပါး လယ် နွားစသော များစွာသောဥစ္စာတို့ ပျက်စီး၊ ၂၅ ဥစ္စာမရှိခြင်းသို့ ရောက်၊ ၂၆ အမိ အဖကို ဆဲရေး၊ ၂၇ ယောက္ခမ မိန်းမသူ ချွေးမတို့ကို ကိလေသာအစွမ်းဖြင့် ဆွဲငင်ဖမ်းယူ၊ ၂၈ သေသောက်မိန်းမသည် ယောက္ခမ ယောကျ်ားသူ၊ လင်ကို ဆဲရေး၊ ၂၉ ကျွန်အလုပ်အကျွေးကို ကိလေသာအစွမ်းဖြင့် ဆွဲငင်၊ ၃၀ သေသောက်ယောကျ်ားသည် ရဟန်းပုဏ္ဏားကို သတ်ပုတ်ညှဉ်းဆဲ၊

၃၁ အပါယ်၄ပါးသို့ ရောက်၊ ၃၂ ကိုယ်နှုတ်စိတ်ဖြင့် မကောင်းသောအကျင့်ကို ကျင့်၊ ၃၃ ငရဲသို့ ရောက်၊ ၃၄ မဟုတ်မမှန်သောစကား ဆို၊ ၃၅ စေပါးဖွယ် အဆောတလျင်ပြုဖွယ်ကိစ္စ ဖြစ်သော် သေသောက်သူသည် မှာလိုက်သောစကား၊ အနက်မျှလည်း မသိ၊ ၃၆ အရှက်အကြောက်ကင်း၊ ၃၇ ပညာရှိတို့ များစွာသောစကား ဆိုမိတတ်၊ ၃၈ အမျိုးယုတ်သောသူနှင့် တပေါင်းတည်းဖြစ်၍ အိပ်၊ ၃၉ ကင်းသောအာဟာရရှိ၍ မြေ၌ ဆင်းရဲစွာ အိပ်၊ ၄၀ ကဲ့ရဲ့ ခံရ၊ **၄၁** ငိုက်စိုက်ကျသောလည်ဖြင့် အိပ်၏။

**<u>၈။ ၅ပါး</u> သီလ စောင့်ထိန်းရကျိုး ၅ပါး** (သီလသုတ်၊ တတိယပဏ္ဏာသက၊ ဖာသုဝိဟာရဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပါဠိလိဂါမဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိတော်၊ ခု၊ ဝိ။ ပါဋလိဂါမိယဝတ္ထု၊ ပါဋလိဂါမိယဝဂ်၊ ဥဒါနပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ များမြတ်သော စည်းစိမ်ဥစ္စာနှင့်ပြည့်စုံ၊

၂ ကောင်းသောဂုဏ်သတင်း ကျော်စောမှု ရှိ၊

၃ ပရိသတ်၄ပါး အလယ်သို့ ရဲရင့်ရွှင်လန်းစွာ ချဉ်းကပ်နိုင်၊

၄ မတွေဝေပဲ ကြည်ကြည်လင်လင် သေ၊

၅ နတ်ရွာသို့ ရောက်။

၄ ဒိုက်မျဉ်းခြင်း- မိဒ္ဓ ပယ်ဖျောက်နည်း ၇ပါး (ပစလာယမာနသုတ်၊ အဗျာကတဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ သားတို့အား ဘေးမဲ့ပေးရာ ဘေသကဋ္ဌတော၌ သီတင်းသုံး၊ အရှင်မောဂ္ဂလ္လာန် မဂဓတိုင်း ကလ္လဝါဠပုတ္တရွာ၌ တရားအားထုတ်စဉ် ဒိုက်မျဉ်းနေ၍ ဘုရားရှင် ဟော၊

၁ ဒိုက်မျဉ်းခြင်းသက်ဝင်ကြောင်းသညာကို နှလုံးမသွင်း၊ ၂ ကြားနာသင်ပြီးသောတရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်သုံးသပ်၍ ရှု၊ ၃ ကြားနာသင်ပြီးသောတရားကို အကျယ်အားဖြင့် သရဇ္ဈာယ်၊ ၄ နားရွက် ၂ဖက်ကို ဆွဲ၊ လက်ဖြင့် ကိုယ်ကိုသုံးသပ်၊ ၅ ရေဖြင့် မျက်စိကိုပွတ်၍ အရပ်မျက်နှာ နက္ခတ်တာရာ ကြည့်၊ ၆ အလင်းရောင် အမှတ်သညာကို နှလုံးသွင်း၊ ၇ စင်္ကြံသွား။ မည်သို့မျှမရလျှင် ထအံ့ဟု အမှတ်သညာရှိ လျက်အိပ်၊ နိုးသောအခါ လျင်စွာထ။

၅ ငြင်းခုံခြင်း အကြောင်းရင်း ၆မျိုး (ဝိဝါဒမူလသုတ်၊ ဒေဝတာဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သာမဂါမသုတ်၊ ဒေဝဒဟဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ အမျက်ထွက်တတ်၊ ရန်ငြိုးဖွဲ့၊ ၎င်းသည် (ဘုရားထရားသံဃာ၌ မရိုသေ၊ အကျင့်သိက္ခာ၌ မဖြည့်ကျင့်၊ ငြင်းခုံတတ်၏)၊ ၂ ကျေးဇူးကို ချေဖျက်တတ်၊ ပြိုင်ဆိုင်လေ့ရှိ၊ ၎င်းသည် (...)၊ ၃ ငြူစူတတ်၊ ဝန်တိုတတ်၊ ၎င်းသည် (...)၊ ၄ ဟန်ဆောင်လှည့်ပတ်တတ်၊ ၎င်းသည် (...)၊ ၅ ယုတ်သောအလိုဆိုးရှိ၊ မှားသောအယူရှိ၊ ၎င်းသည် (...)၊ ၆ မိမိအယူသာမှန်၏ဟု မှားသောအားဖြင့် သုံးသပ်၊ စွဲမြဲစွာယူ၊ စွန့်လွှတ်နိုင်ခဲ၊ ၎င်းသည် ဘုရား၊ တရား၊ သံဃာ၌ မရိုသေ၊ အကျင့်သိက္ခာ၌ မဖြည့်ကျင့်၊ ငြင်းခုံတတ်၏။

(ခိုက်ရန်ဖြစ်ကြောင်း ၆ပါး) - ကိုလည်း ကြည့်ပါရန်။ ဆင်ဆင်တူ၏။

**စ**

**၁ စကား** <u>**၄ စု**</u>

<u>၁။ စကား ၆ခွန်း</u> (အဘယရာဇကုမာရသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် နိကဏ္ဍနာဋပုတ္တ တိတ္ထိ ဆရာကြီး၏တပည့် အဘယရာဇကုမာရမင်းသားကို ဆရာကြီးကခိုင်း၍ မင်းသားက ဘုရားရှင်ကို မေးမြန်းဆွေးနွေးရာမှ ဘုရားရှင် ဟော၊

၁ မဟုတ်မှန်စကား အကျိုးမရှိ သူတပါးနာလို - ဘုရားရှင် မပြော၊

၂ ။ ။ သူတပါးမနာလို - ဘုရားရှင် မပြော၊

၃ ဟုတ်မှန်စကား ။ သူတပါးနာလို - ဘုရားရှင် မပြော၊

၄ ။ ။ သူတပါးမနာလို - ဘုရားရှင် မပြော၊

၅ ။ အကျိုးရှိ သူတပါးနာလို - **ဘုရားရှင် အခါအားလျော်စွာ ပြောဆို၏၊**

၆ ။ ။ သူတပါးမနာလို - ။ ။ ။ ။

၂။ **စကားကောင်းအင်္ဂါ ၂ စု**

၂ - ၁။ ၄မျိုး (သုဘာသိတသုတ်၊ ဝင်္ဂီသသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ကောင်းစွာဆိုအပ်သောစကားကို ဆိုရာ၏၊ မြတ်၏၊

၂ တရားနှင့်ညီသောစကားကို ဆို၏၊ ဒုတိယ အမြတ်ဆုံး၊

၃ ချစ်ခင်ဖွယ်စကားကို ဆို၏၊ တတိယအမြတ်ဆုံး၊

၄ မှန်သောစကားကို ဆိုရာ၏၊ စတုတ္ထ အမြတ်ဆုံး၊ ဤအင်္ဂါ ၄ပါးနှင့်ပြည့်စုံသော စကားသည် ကောင်းစွာဆိုအပ်သောစကားမည်၏၊ မကောင်းသဖြင့် ဆိုသော စကားမမည်၊ အပြစ်လည်းမရှိ၊ ပညာရှိတို့ မကဲ့ရဲ့၊

၂ - ၂။ ၅မျိုး (ဝါစာသုတ်၊ ပြဟ္မဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အခါအားလျော်စွာ ပြောဆိုအပ်၊

၂ မှန်သောစကား၊

၃ သိမ်မွေ့သောစကား၊

၄ အကျိုးစီးပွားနှင့်စပ်သော စကား၊

၅ မေတ္တာစိတ်ဖြင့် ပြောဆိုအပ်သည်ဖြစ်၏။

၃။ စကားများသောပုဂ္ဂိုလ်၏ အပြစ်၅မျိုး (ဗဟုဘာဏိသုတ်၊ အက္ကောသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မဟုတ်မမှန်သည်ကို ပြောမိ၊ ၂ ကုန်းစကားကို ပြောမိတတ်၊ ၃ ကြမ်းတမ်းစကား ပြောမိ၊ ၄ ပြိန်ဖျင်းသောစကား ပြောမိ၊ ၅ ငရဲသို့ကျရောက်၏၊

အပြန်- အကျိုးရ၏

၄။ စကား လျင်လျင်မြန်မြန် ပြောဆိုခြင်းအပြစ် ၆ပါး (အရဏဝိဘင်္ဂသုတ်၊ ဝိဘင်္ဂဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ ကိုယ်ပင်ပန်း၏၊ ၂ စိတ်ဆင်းရဲ၏၊ ၃ အသံပျက်စီး၏၊ ၄ လည်ချောင်းနာ၏၊ ၅ မသန့်ရှင်းပဲ မပြတ်သား၊ ၆ မသိလွယ်၊ ထို့ကြောင့် ဖြေးဖြေးသာသာ ပြောဆိုရာ၏။

**၂ စရိုက် ၂၉**

၁။ စရိုက် ၆ပါး (ဝိသုဒ္ဓိမဂ်။ သုတေသနာသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ရာဂစရိုက်၊ ၂ ဒေါသစရိုက်၊ ၃ မောဟစရိုက်၊ ၄ သဒ္ဓါစရိုက်၊ ၅ ဗုဒ္ဓိ / ပညာစရိုက်၊ ၆ ဝိတက်စရိုက်။

၂။ စရိုက်၆ပါးအလိုက် လူတို့အား မြတ်စွာဘုရားဟောကြားတော်မူသောတရား ၆ပါး (သာရိပုတ္တသုတ္တန်ဒွေသ၊ အင်္ဂုတ္တရ၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်အား အသုဘကထာကို ဟောတော်မူ၏၊

၂ ဒေါသစရိုက်- မေတ္တာဘာဝနာ၊

၃ မောဟစရိုက်- ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း၊ လျောက်ပတ်သောအခါ တရား နာခြင်း၊ တရား ဆွေးနွေးခြင်း၊ ဆရာကိုချဉ်းကပ်ခြင်း၌ တည်စေတော်မူ၏၊

၄ သဒ္ဓါစရိုက်- ကြည်ညိုခြင်း၏ အကြောင်းဖြစ်သော မြတ်စွာဘုရား၏ ကောင်းသော ဘုရားအဖြစ်၊ တရားတော်၏ ကောင်းသောတရားအဖြစ်၊ သံဃာတော်၏ ကောင်းသောအကျင့်၊ မိမိ၏ စောင့်ထိန်းမှု သီလတို့ကို ပွားများစေ၏၊

၅ ဗုဒ္ဓိစရိုက် / ပညာစရိုက်= ဆင်ခြင်ဉာဏ်ပညာကောင်းသူ- ဝိပဿနာ၏ အကြောင်း ဖြစ်သော မမြဲသောအခြင်းအရာ၊ ဆင်းရဲသောအခြင်းအရာ၊ အတ္တမဟုတ်သော အခြင်းအရာတို့ကို ဟောကြားတော်မူ၏၊

၆ ဝိတက်စရိုက်= တောင်တောင်ဤဤ ကြံစည်ခြင်းများသူ- အာနာပါနဿတိ။

၃ စာတတ် ပေါဋ္ဌိလမထေရ်ကြီးသည် ၇နှစ်သား ရဟန္တာသာမဏေလေးထံတွင် တရားတောင်း၍ ရဟန္တာ ဖြစ်ခြင်း (ပေါဋ္ဌိလတ္ထေရဝတ္ထု၊ မဂ္ဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက)

မြတ်စွာဘုရား ၇ဆူဖြစ်တော်မူသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရားရှင်တို့ လက်ထက်တော်တို့တွင် မထေရ်မြတ်ကြီးသည် ပိဋကတ်၃ပုံဆောင် ပရိယတ် ကျွမ်းကျင်သူဖြစ်၊ ပဋိပတ်မကျင့်၊ ဘုရားရှင်သည် တွေ့တိုင်းတွေ့တိုင်း တုစ္ဆပေါဋ္ဌိလ- အလကားပေါဋ္ဌိလ ဟုခေါ်၊ သံဝေဂရ၊ တောကျောင်းတကျောင်းသို့ ကြွ၊ သီတင်းသုံးသော ရဟန်းအပါး ၃၀လုံး ရဟန္တာများ ဖြစ်ကြ၊ အကြီးဆုံးမထေရ်ကို တပည့်တော်၏အားကိုးရာ ဖြစ်တော်မူပါဟု လျှောက်၊ စာမာန်, ဆရာမာန် တက်နေသူဟု သိ၍ ဒုတိယဝါ အကြီးဆုံးမထေရ်ထံ လွှဲ၊ အဆင့်ဆင့်ဖြင့် ရနှစ်သား သာမဏေထံ ရောက်၊

အဆုံးအမခံယူလိုစိတ် ရှိမရှိသိရန် သက်နှင်းရုံလျက်သားဖြင့် ရေကန်ထဲဆင်းခိုင်း၊ ခိုင်းသည့်အတိုင်း ဆင်းပြီး ပြန်တက်လာသောအခါ -

"ဝင်ပေါက် ၆ပေါက်ရှိသော တောင်ပို့ထဲသို့ ဖွတ်တကောင် ဝင်သွား၊ ဖမ်းလိုသူသည် အပေါက် ၅ပေါက်ကိုပိတ်၍ ဝင်သွားသော ၆ခုမြောက်အပေါက်မှ ဖမ်းလျှင် ဖွတ်ကို ရနိုင်သည်။" ဟု ပြောရာ ဆီမီး တိုင်ကြီး ထွန်းပြသကဲ့သို့ ဉာဏ်အလင်းဖြစ်စဉ် ဘုရားရှင်ရောင်တော်ဖြင့် တရားဟောသော် ရဟန္တာဖြစ်။

၄ စေတီ ၄ စု

၁။ စေတီတော် ၃မျိုး (ကာလိင်္ဂဗောဓိဇာတ်၊ ထေရသာကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သာရီရိကစေတီတော် - ကိုယ်စားတည်ထားသော စေတီတော်၊

၂ ပရိဘောဂစေတီတော် - သင်္ကန်း ပရိက္ခရာ ဗောဓိပင်စသော အသုံးအဆောင် စေတီတော်၊

၃ ဥဒ္ဒိဿကစေတီတော် - ရုပ်ပွား ဆင်းတုတော်။

၂။ စေတီတော်တို့ကို ရှိခိုးပူဇော်လှူဒါန်းလျှင် သက်ရှိထင်ရှား မြတ်စွာဘုရားကို ပူဇော်ရခြင်းအကျိုးနှင့် ထပ်တူရသည်။ (ကဿပဒသဗလဿသုဝဏ္ဏစေတိယဝတ္ထု၊ ဗုဒ္ဓဝင်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထု တော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် သာဝတ္ထိပြည်မှ ဗာရာဏသီပြည်သို့ ကြွစဉ် လမ်းခရီး၌ တောဒေယျပုဏ္ဏား ရွာအနီးရှိ နတ်ကွန်းတခုသို့ ရောက်၊ အနီး၌ လယ်ထွန်နေသော လယ်သမားကို အရှင်အာနန္ဒာအား ခေါ်စေ၊ ရောက်သော် လယ်သမားသည် ဘုရားရှင်ကို ရှိမခိုးပဲ နတ်ကွန်းနေရာကို ရှိခိုး၊ ဘုရားရှင်ကမေးသောအခါ ဘိုးဘေးအစဉ်အဆက်မှ ကိုးကွယ်လာသော စေတီနေရာဖြစ်၍ဟု ဖြေ၊ ဘုရားရှင်က အသင်ကား ကောင်း သောအမှုပြုသူတည်း ဟု ချီးမွမ်းတော်မူကာ ကဿပဘုရားရှင်၏ ရွှေစေတီတော်နှင့် အခြားသော စေတီတော်တို့ကို ကောင်းကင်၌ ဖန်ဆင်းပြတော်မူပြီး စေတီတိုက်သော ပုဂ္ဂိုလ် ၄မျိုး (ဤအစုပါ အမှတ် ၄ - ကို ကြည့်ပါ။) ၊ စေတီတော် ၃မျိုး (ဤအစုပါ အထက်ပါ အမှတ် ၁ - ကိုကြည့်ပါ။) နှင့် ထိုစေတီတော်တို့ကို ပူဇော်ရကျိုးတို့ကို ဟောတော်မူကာ ဆက်၍ ဤဂါထာတော်ကို ဟောဖေါ်ပြတော်မူရာ လယ်သမား သောတာပန်တည်၏။

"ပူဇော်ထိုက်ကုန်သော၊ တဏှာ မာန ဒိဋ္ဌိဟူသော သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီး ကုန်သော၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို လွန်မြောက်ပြီးကုန်သော၊ ကိလေသာ ငြိမ်းအေးပြီးကုန်သော၊ တစုံတခု ဘေးရန်မရှိသော ဘုရားရှင်တို့ကိုဎင်း၊ မြတ်စွာဘုရား၏ တပည့်တို့ကိုဎင်း ပူဇော်သောသူ၏ ကောင်းမှုကို ဤကောင်းမှုသည် ဤမျှရှိ၏ဟု တစုံတယောက်သောသူသည်လည်း ရေတွက်ခြင်းငှါ မတတ် ကောင်း။"

၃။ စေတီတော် (ပရိနိဗ္ဗာန်စံတော်မူပြီးသော ဘုရားရှင်၏) ၌ တန်ခိုးပြာဋိဟာ ဖြစ်စေသောသူ ၃ယောက် (စေတိယပါဋိဟာရိယပဥှာ၊ ဝေဿန္တရာဝဂ်၊ အနုမာနပဥှာ၊ မိလိန္ဒပဥှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ရဟန္တာပုဂ္ဂိုလ်၊ ၂ နတ်၊ ဤ၂ပါးသည် လူနတ်တို့ကို အစဉ်သနားသဖြင့် အဓိဋ္ဌာန်ခြင်း ဖြစ်သည်၊ ၃ သဒ္ဓါရှိ၍ ရတနာ၃ပါး၌ကြည်ညိုသော ထိုးထွင်းနိုင်သောပညာ ရှိသောသူသည် ပန်းနံ့သာ ပုဆိုးလျှော်ဖွယ် ဝတ္ထုတို့ဖြင့် အဓိဋ္ဌာန်၍ စေတီကိုပူဇော်ခြင်း။

<u>၄။ စေတီထိုက်သော ပုဂ္ဂိုလ်၄ပါး</u> (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ ခု၊ သုတ္တန္တပိဋက)

၁ မြတ်စွာဘုရား၊

၂ ပစ္စေကဗုဒ္ဓါ၊

၃ မြတ်စွာဘုရား၏သာဝက၊

၄ စကြဝတေးမင်း (တရားစောင့်သော တရားမင်းဖြစ်၍)။

၅ စိုးရိမ်ရကြောင်း ၃ပါး (နန္ဒတိသုတ်၊ နန္ဒနဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ သားသမီးများစွာရှိသူသည် သားသမီးတို့ဖြင့် စိုးရိမ်ရ၏၊ ၂ နွားများစွာရှိသူသည် နွားတို့ဖြင့် စိုးရိမ်ရ၏၊ ၃ လူအပေါင်းအား ကာမချမ်းသာတို့၏တည်ရာ- ဥပဓိတို့ဖြင့် စိုးရိမ်ရ၏၊ အကြင်သူသည် ကာမချမ်းသာတို့ တည်ရာ- ဥပဓိတို့မရှိ၊ ထိုသူသည် မစိုးရိမ်ရသည်သာတည်း။

၆ **စကြဝဠာ** (ဝိသုဒ္ဓိမဂ် မဟာဋီကာ။ သာရတ္ထ။ ဝိနည်း၊ ပါထိကဝဂ္ဂ ဋ္ဌ။ အံ ဋ္ဌ။ တထာဂတဉဒါန ဒီပနီ။ သုတ်မဟာဝါ ဋ္ဌ။ မဇ္ဈိမပဏ္ဏာသ ဋ္ဌ။ သုတ္တန္တပိဋက၊ အံ၊ နဝကနိပါတ်၊ သတ္တာဝါသဝဂ်၊ တိဌာနသုတ် ဋီကာ။ ဇိနာလင်္ကာရဋီကာ။ ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ မဃဒေဝလင်္ကာ အဖြေကျမ်း၊ ဓမ္မပိယဆရာတော်။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်။ ဗုဒ္ဓဘာသာလက်စွဲ ကျမ်း၊ သာသနာရေးဦးစီး)

[ကမ္ဘာမြေ နှင့် လူ့လောက - ကိုလည်း ကြည့်ပါ။ ကပ် မှ ကပ် (အသင်္ချေ) ၄မျိုး နှင့် ကပ်ကြီး ၄ပါး - ကိုလည်း ကြည့်ပါ။ ကမ္ဘာမြေ နှင့် လူ့လောက၊ အသင်္ချေကပ် နှင့် ကပ်ကြီးတို့ဖြင့် ယှဉ်တွဲကြည့်ပါလျှင် ပိုမို သိရှိသဘောရပါမည်။ - စာရေးသူ]

<u>စကြဝဠာ</u>

စက္က= လှည်းဘီးကြီး၊ ရထားဘီးကြီးကဲ့သို့ ဝါ ဠ= ဝန်းဝိုင်း၍တည်နေသော ကျောက်တောင်ကြီး။

**လောကဓါတ်တခု= စကြဝဠာတိုက်ကြီးတခု=** အချိန်ကာလအားဖြင့် **မဟာကပ်= ကမ္ဘာတခု= ၃၁ဘုံ ရှိရာဖြစ်။**

စကြဝဠာတခု- အလျားအနံ ၁၂၀၃၄၅၀ယူဇနာ၊ အဝန်းပတ်လည် ၃၆၁၀၃၅၀ယူဇနာရှိ၏။ မြေထု ယူဇနာ၂၄၀၀၀၀၊ ထိုယူဇနာအထက်ထဝက်သည် မြေသား၊ အောက်ထဝက်သည် ကျောက်သားဖြစ်၏၊ အောက်၌ ရေထု ယူဇနာ၄၈၀၀၀၀၊ အောက်၌ လေထု ယူဇနာ၉၆၀၀၀၀၊ လေထုအောက်၌ အပိုင်းအခြားမရှိ ကောင်းကင် ဟင်းလင်းပြင်မှာတည်ရှိ၏။

စကြဝဠာတောင်သည် မဟာသမုဒ္ဒရာမှာ ယူဇနာ ၈၂၀၀၀နစ်မြုပ်၍ အထက်သို့ ၎င်းယူဇနာအတိုင်း မြင့်တက်ကာ လောကဓါတ်အလုံးစုံကို ခြံရံနေ၏။ စကြဝဠာကျောက်တံတိုင်းကြီး ဝိုင်းလျက်တည်ရှိသည်။ စကြဝဠာများ ဆက်ကာဆက်ကာ တည်ရှိနေရာ အဆုံးမရှိ။

မြင်းမိုရ်တောင်သည် မြေပြင်အထက် ဗဟိုချက်မဝယ် သမုဒ္ဒရာထဲ ယူဇနာ ၈၄၀၀၀မြုပ်၍ အပေါ်သို့ ၎င်းယူဇနာအတိုင်း မြင့်တက်နေ၊ တောင်ထိပ်သည်လည်း ယူဇနာ ၈၄၀၀၀ကျယ်၏၊ အရှေ့ဘက်မျက်နှာသည် ငွေရောင်၊ တောင်မျက်နှာသည် ပတ္တမြား၊ အနောက်သည် ဖလ်၊ မြောက်မျက်နှာသည် ရွှေရောင်ရှိ၊ မြင်းမိုရ်တောင်ပတ်လည်၌ တောင်စဉ် ၇ထပ်ဖြစ်သော ယုဂန္ဓိုရ်တောင်သည် ယူဇနာ၄၂၀၀၀ သမုဒ္ဒရာထဲ မြုပ်၍ ၎င်းယူဇနာမျှပင် ပေါ်နေ၊ ဤသဓရတောင်သည် ယူဇနာ၂၁၀၀၀မြုပ်၍ ၎င်းမျှပင်ပေါ်၊ ကရဝိက တောင်သည် ယူဇနာ ၁၀၅၀၀မြုပ်၍ ၎င်းမျှပင်ပေါ်၊ သုဒဿနတောင်သည် ယူဇနာ၅၂၅၀မြုပ်၍ ၎င်းမျှပင် ပေါ်၊ နေမိန္ဓရတောင်သည် ယူဇနာ၂၆၂၅မြုပ်၍ ၎င်းမျှပင်ပေါ်၊ ဝိနတကတောင်သည် ယူဇနာ ၁၃၁၂မြုပ်၍ ၎င်းမျှပင်ပေါ်၊ အဿကဏ္ဏတောင်သည် ယူဇနာ၆၅၆ မြုပ်ကာ ၎င်းမျှပင်ပေါ်၍ အစဉ်အတိုင်းတည်နေ၊ ထိုတောင်များ၌ ရတနာအမျိုးမျိုးရှိ၏။

တောင်စဉ် ၇ထပ်အကြား သမုဒ္ဒရာ ၇စင်း၊ သီဒါ ၇တန်ရှိ၊ ရေသည် အလွန်ကြည်လင်သိမ်မွေ့၊ ထို့ကြောင့် အလွန်ပေါ့သော ဥဒေါင်းမွေးငယ်လေးများပင် ကျသော်လည်း ရေပေါ် မပေါ်ပဲ နစ်မြုပ်၏။

လဗိမာန် ၄၉ယူဇနာ၊ နေဗိမာန် ယူဇနာ ၅၀၊ ကျွန်းကြီး ၄ကျွန်း- ဇမ္ဗူဒီပတောင်ကျွန်း (အိန္ဒိယ)၌ ကျွန်းနှင့်ကျွန်းသားမျက်နှာသည် လှည်းဦး ၃မြောင့်ပုံသဏ္ဍာန်နှင့်တူကာ ယူဇနာတသောင်းရှိ၊ ယူဇနာ တသောင်းရှိရာအရပ် ၄ခု (သောင်း ၄ရပ်ကို ကြည့်ပါ။) ကျွန်းသားအသက် အပိုင်းအခြားမရှိ၊ လူတို့၏ သက်တမ်းသည် ၁၀နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ ရှိ (ကပ် - အနက်မှ - ကပ်ကြီး ၄ပါး - ကို ကြည့်ပါ။) ဟိမဝန္တာတောင်သည် ယူဇနာ ၅၀၀မြင့်၍ အလျားအနံ ယူဇနာ ၃၀၀၀ကျယ်၊ တောင်ထွတ်ပေါင်း ၈၄၀၀၀နှင့် တန်ဆာဆင်ထားသည်။

အပရဂေါယာန အနောက်ကျွန်း၌ ကျွန်းနှင့်ကျွန်းသားမျက်နှာတို့သည် လဝန်းသဏ္ဍာန် ကြေးမုံ မှန်အပြင်ပုံရှိကာ ယူဇနာ၇တောင်ကျယ်၊ ကျွန်းသားအသက်ကား ၁၀၀၀ရှည်၏၊ ပုဗ္ဗဝိဒေဟ အရှေ့ကျွန်း၌ ကျွန်းနှင့်ကျွန်းသားမျက်နှာတို့သည် လခြမ်းပုံနှင့်တူ၍ ယူဇနာ ၇ထောင်ကျယ်၊ ကျွန်းသားအသက်ကား ၅၀၀ရှည်၏၊ ဥတ္တရကုရု မြောက်ကျွန်းသည် ကျွန်းနှင့်ကျွန်းသားမျက်နှာတို့သည် အင်းပျဉ်၄ထောင့်ပုံရှိပြီး ယူဇနာ၈တောင် ရှိ၊ ကျွန်းသားအသက်ကား ၁၀၀၀ရှည်၏၊ တကျွန်းမှာ ကျွန်းငယ် ၅၀၀ရံထား။

စကြဝဠာ ၃ခုအကြား / လောကဓါတ် ၃ခု ဆုံရာ၌ လောကန္တရိတ်ငရဲရှိသည်။

ကမ္ဘာပတ်လုံးတည်သော သစ်ပင်ကြီး ၇ပင် (ဝိသုဒ္ဓိမဂ်။ ပိဋကတ်တော်လာ သိမှတ်စရာ၊ သာမဏေကျော်။ သုခ မှတ်စု၊ သုခ)

၁ တောင်ကျွန်း၌ ကျွန်းဦးဇမ္ဗူသပြေပင်၊

၂ မြင်းမိုရ်တောင်အောက်ရှိ ရှေးတာဝတိံသာ နတ်ဟောင်းများ နေရာ အသုရာနတ်ပြည်၌ သခွတ်ပင်၊

၃ ဂဠုန်ပြည်၌ လက်ပံပင်၊

၄ အနောက်ကျွန်းဦး၌ ထိန်ပင်၊

၅ မြောက်ကျွန်း ၌ ပဒေသာပင်၊

၆ အရှေ့ကျွန်း၌ ကုက္ကိုပင်၊

၇ တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်၊ ပင်စည်လုံးပတ်သည် ၁၅ယူဇနာစီရှိ၊ ပင်စည်သည် မြေပြင်မှခက်မအထိ ယူဇနာ၅၀၊ အကိုင်းအခက်အလျားသည် ယူဇနာ၅၀၊ ထက်ဝန်းကျင်ပတ်လည်သည် ယူဇနာ၁၀၀ရှိ၊ အမြင့်သည်လည်း ယူဇနာ၁၀၀စီရှိကြသည်။

မြေအပြင်၌ လူ့ဘုံရှိပြီး မြင်းမိုရ်တောင်ခြေအောက်၌ အသုရာနတ်ဘုံရှိသည်။

<u>နတ်ပြည် နတ်ဘုံ</u>

မြေပြင်အထက်ယူဇနာ ၄၂၀၀၀ ယုဂန်ထိပ်ဖျား မြင်းမိုရ်ခါး၌ စတုမဟာရာဇ်နတ်ဘုံ၊ အထက် ယူဇနာ၄၂၀၀၀ မြင်းမိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ဘုံ၊ ဤနတ်ဘုံ ၂မျိုးကား မြေနှင့်ဆက်စပ်နေ၊ ကောင်းကင်၌ တဘုံနှင့်တဘုံ ယူဇနာ၄၂၀၀၀စီကွာလျက် ကျန်နတ်၄ဘုံ- ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ နတ်ဘုံတို့တည်ရှိသည်။

<u>နတ်ပြည် ၆ထပ်နှင့်</u> **စိုးအုပ်သူများ** (ပဋိသမ္ဘိဒါမဂ္ဂ ဋ္ဌ။ ပုညကိရိယဝတ္ထုသုတ်၊ ဒါနဝဂ်၊ အင်္ဂုတ္တရနိကာယ်၊ အံ၊ ဋ္ဌ၊ သုတ္တန္တပိဋက)

၁ စတုမဟာရာဇ်- နတ်မင်းကြီး ၄ပါး စိုးပိုင်သောနတ်ပြည်၊ <u>စတုမဟာရာဇ်နတ်မင်းကြီး ၄ပါးက</u> လွှမ်းမိုး၊

၂ တာဝတိံသာ- သိကြားမင်းအပါအဝင် နတ်မင်းကြီး ၃၃ယောက် စိုးအုပ်သောနတ်ပြည်၊ <u>သိကြားမင်းက</u> လွှမ်းမိုး၊

၃ ယာမာ- နတ်ချမ်းသာသို့ ကောင်းစွာရောက်၍ ဆင်းရဲခြင်းကင်းသောနတ်ပြည်၊ <u>သုယာမနတ်သား</u> က လွှမ်းမိုး၊

၄ တုသိတာ- စိတ်၏ နှစ်သက်အားရ ပြည့်ဖြိုးခြင်းရှိ၍ ပျော်ရွှင်နေသောနတ်ပြည်၊ သန္တုသိတနတ်သား က လွှမ်းမိုး၊

၅ နိမ္မာနရတိ- တန်ခိုးဖန်ဆင်းပြီး မွေ့လျော်သောနတ်ပြည်၊ သုနိမ္မိတနတ်သားက လွှမ်းမိုး၊

၆ ပရနိမ္မိတဝသဝတ္တီ- မိမိစိတ်အလိုသိသော တပါးနတ်တို့ဖန်ဆင်းသော ကာမဂုဏ်စည်းစိမ်၌ မွေ့လျော်ကြသောနတ်ပြည်၊ ဝသဝတ္တီနတ်သားက လွှမ်းမိုးသည်။ မာရ်နတ်မင်းနှင့် အပေါင်းအသင်းတို့လည်း နေကြသည်။

နတ်တို့၏ အသက်အပိုင်းအခြား (ဓမ္မဟဒယဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

| ဘုံ | နတ်တရက်=လူနှစ် | | နတ်သက်နှစ် | လူနှစ် |
|---|---|---|---|---|
| ၁ စတုမဟာရာဇ် | အနှစ် | ၅၀ | ၅၀၀ | ၉သန်း၊ |
| ၂ တာဝတိံသာ | ။ | ၁၀၀ | ၁၀၀၀ | ၃ကုဋေ ၆သန်း၊ |
| ၃ ယာမာ | ။ | ၂၀၀ | ၂၀၀၀ | ၁၄ကုဋေ ၄သန်း၊ |
| ၄ တုသိတာ | ။ | ၄၀၀ | ၄၀၀၀ | ၅၇ကုဋေ ၆သန်း၊ |
| ၅ နိမ္မာနရတိ | ။ | ၈၀၀ | ၈၀၀၀ | ၂၃၀ကုဋေ ၄သန်း၊ |
| ၆ ပရနိမ္မိတဝသဝတ္တီ | ။ | ၁၆၀၀ | ၁၆၀၀၀ | ၉၂၁ကုဋေ ၆သန်း။ |

လူ့ဘုံနှင့် နတ်ပြည် ၆ထပ်တို့သည် ကာမသုဂတိ ၇ဘုံ ဖြစ်သည်၊ မြေအပြင်၌ လူ့ဘုံနှင့်စပ်လျက် တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့ ရှိသည်။

ပြိတ္တာဘုံ (ကျမ်းဦးမှတ်ဖွယ်၊ ပိဋကတ်မြန်မာပြန်ကျမ်းများ)

ပကဋ္ဌေန သုခတော ဣတာ ဂတာတိပေတာ (အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ။ ကျမ်းဦးမှတ်ဖွယ်၊ ပိဋကတ် မြန်မာပြန်ကျမ်းများ)

ချမ်းသာသုခမှ ဝေးကာဖြစ်တတ်၍ ပေတမည်၏။

မနုဿတ္တဘာဝတော အပေတတ္တာ ပေတပရိယာယောပိ လဗ္ဘတိ ၈၀။ (ပေတ ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ပိဋကတ်မြန်မာပြန်ကျမ်းများ)

လူ့ခန္ဓာအတ္တဘောမှ ကင်းကွာ (ကွယ်လွန်) သွား၍ ပေတခေါ်၏။

ပြိတ္တာဘုံသည် လူ့ဘုံနှင့် ဆက်စပ်လျက်ရှိ၏။ ပြိတ္တာမျိုး ၄စုကို ကျမ်းအများတွင် တွေ့ရှိရသည်။

၁။ ပြိတ္တာ ၄မျိုး - သည် အဋ္ဌကထာ၊ ဋီကာကျမ်းများ၌ မူလဖော်ပြရာဖြစ်သည်။

၂။ ပြိတ္တာ ၉မျိုး - ကို ဆဂတိဒီပနီကျမ်း၊ သံဝေဂဝတ္ထုဒီပနီကျမ်းတို့တွင် တွေ့ရသည်။

၃။ ပြိတ္တာ ၁၂မျိုး - ကို လောကပညတ္တိကျမ်း၊ ဆဂတိဒီပနီကျမ်းတို့၌ ဖော်ပြထားသည်ဟု ကျမ်းဦး မှတ်ဖွယ်၊ ဝိမာနဝတ္ထုနှင့် ပေတဝတ္ထုပါဠိတော်မြန်မာပြန်၌ ရေးသားထားသည်။ ဟိမဝန္တာတောင်၏နံပါး ဝိဥ္ဇာဋဝီ တောအုပ်ကြီး ဂိဇ္ဈကုဋ်တောင်၌ ပြိတ္တာတို့၏မြို့ကြီးရှိ၏ဟု ရေးထားသည်။

၄။ ပြိတ္တာ ၂၁မျိုး -ကို ပါရာဇိကဏ်၊ သံယုတ်ကျမ်းတို့၌ ဖော်ပြသည်။

အကျယ်ကို ဆိုင်ရာကျမ်းများတွင် ကြည့်ပါရန်။

<u>ပြိတ္တာ၄မျိုး</u> (မိလိန္ဒပဥှာ။ အံ ၄၊ ဇာဏသောဏ်သုတ်အဖွင့်။ သုတ္တနိပါတ် ၄။ သာသနာတော်ဝင်ကျမ်း။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ၊ တည်တောဆရာတော်ကြီး)

၁ ပရဒတ္တူပဇီဝိတပြိတ္တာ- သူတပါးကိုမှီပြီး အသက်မွေးရသောပြိတ္တာမျိုး၊ **ဗျာဒိတ်ရ ဘုရားလောင်း ဖြစ်သေး၏**၊ <u>ဆွေမျိုးများက အမျှပေးဝေလျှင် အောက်မေ့က၊ သိရှိက အမျှရနိုင်သည်</u>။ အောက်ပါပြိတ္တာ ၃မျိုးကမူ မရ။

၂ ခုပ္ပိပါသပြိတ္တာ- မစားရမသောက်ရ အမြဲငတ်မွတ်ဆာလောင်နေသော ပြိတ္တာများ၊

၃ နိဇ္ဈာမတဏှိကာပြိတ္တာ- ခန္ဓာကိုယ်ပူလောင်ခြင်း အမြဲမီးလောင်ခံနေရသော ပြိတ္တာများ၊

၄ ကာလကဉ္စိကအသုရာပြိတ္တာ- ခံတွင်း အပ်နဖါးမျှသာရှိပြီး ကိုယ်ခန္ဓာမှာ ၃ဂါဝုတ်ရှိသော အသုရကာယ် မျိုးပြိတ္တာ။

<u>**အသုရာဘုံ / အသူရကာယ်ဘုံ**</u> (ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၁၊ တည်တော်ဆရာတော်ကြီး။ ဘဒ္ဒန္တဝါယမ သာရဝက်ဆိုက် - ဒဗလျူ ဒဗလျူ ဒဗလျူ. မော်လူး. ကွမ်)

အသုရာ ၅မျိုး - [၁]ထာတတိံသာနတ်မျိုး [၂]စတုမဟာရာဇ်နတ်မျိုး [၃]ပြိတ္တာမျိုး [၄]ငရဲမျိုး [၅]အသုရာမျိုး ဟူ၍ ရှိသည်။

၁ မြင်းမိုရ်တောင်အောက် မြခနောက် ၃လုံးကြား၌ နေသော နတ်အသုရာမျိုး၊ ဝေပစိတ္တိအသုရာ နတ်အသုရာမျိုးကဲ့သို့ဖြစ်သည်။ <u>တာဝတိံသာနတ်တို့၌</u> အကျုံးဝင်သည်။ ဤအသုရာတွင် အ- ထာဝတိံသာ နတ် မဟုတ်ဟူ၍ အနက်ရသည်။

၂ ဘုမ္မစိုးနတ်များကို မှီခိုနေသော **ဝိနိပါတိက**အသုရာမျိုး၊ ဤအသုရာတွင် အ-သေးငယ်သောဟု အနက်ရသည်။ နတ်သေး နတ်မွှား အသုရာဖြစ်သည်။ <u>စတုမဟာရာဇ်နတ်မျိုး</u> ဖြစ်သည်။

၃ နေ့စံ ညခံ၊ နေ့ခံ ညစံ **ဝေမာနိက**အသုရာမျိုး၊ ဤအသုရာတွင် အ- အတူဟု အနက်ရသည်။ စည်းစိမ်စံစားခိုက်မှာ နတ်များနှင့်တူသည်။ ရံခါ နတ်စည်းစိမ်ခံစား၍ ရံခါ <u>ပြိတ္တာ</u>တို့ဆင်းရဲခံရသည်။

၄ စကြဝဠာ ၃ခုအကြားရှိ ဒုက္ခခံနေကြရသော လောကန္တရိတ်အသုရာမျိုး၊ လောကန္တရိက ငရဲအသုရာမျိုး ဖြစ်သည်။ <u>ငရဲမျိုး၌</u> အကျုံးဝင်သည်။

၅ တောအုံချောက်ကြား မြစ်ကမ်းပါးနေ မစားမသောက်ရပဲ အလွန်ဆင်းရဲသော ပြိတ္တာအသုရာမျိုး၊ ဤ အသုရာတွင် အ- နတ်များကဲ့သို့ အစိုးရမှု၊ တောက်ပမှု၊ မြူးတူးပျော်ပါးမှုတို့မရှိသော သတ္တဝါများ ဖြစ်ကြသည် ဟု အနက်ရသည်။ ကာလကဥ္စိကအသုရာမျိုး ဖြစ်သည်။ အလွန်ဆာလောင်၍ နေသည်။

ငရဲဘုံ (အဘိ။ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဇာတက ၄။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

ငရဲ- နိရယ- နိ+အယ- နိ- မရှိသော ကင်းသော + အယ- ချမ်းသာ- ချမ်းသာကင်းသော ဘုံဘဝ။

နိရယ- နိရာယ်- နိရဲ- နရဲ- ငရဲ။

ဇမ္ဗူဒီပါတောင်ကျွန်းမြေအောက် ယူဇနာ၁၅၀၀၀ အောက်၌ သိဉ္စိဝ်းငရဲ၊ ၎င်းအောက်၌ ထိုယူဇနာမျှစီ ကွာဝေးလျက် ငရဲကြီး၈ထပ်တို့ အရံ ဥဿဒငရဲငယ်များ ခြံရံ၍ တည်ရှိ၊ အောက်ဆုံး အဝီစိငရဲသည် မြေပေါ်လူ့ပြည်မှ ယူဇနာ ၁၂၀၀၀၀ဝေးကွာ၏။

[အောက်ဖော်ပြပါ ငရဲကြီး ၈ထပ်နှင့် အရံငရဲငယ်၄ခုကိုသာ ဇာတ်တော်များ၌ အတွေ့များ၏၊ နိမိဇာတ်တော်ကြီး၌ ငရဲ ၁၅ခု ဖော်ပြထား၏။ (နိမိဇာတ်၊ ဇာတ်တော်ကြီး ၁၀ဘွဲ့ဟောစဉ်တရား၊ မင်းကွန်းတိပိဋကဆရာတော်ကြီး၊ ခု၊ သုတ္တန္တပိဋက) - အကျယ်ကို ညွှန်းပြထားသော ဟောစဉ်စာအုပ်၌ ကြည့်ပါ။ သံကိစ္စဇာတ် (သံကိစ္စဇာတ်၊ သဋ္ဌိ- ၆၀၊ သဋ္ဌိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) ၌လည်း ငရဲကြီး ၈ထပ်နှင့် ငရဲငယ် ၁၆ခု ဟုမူတည်ဆိုပြီး ငရဲ ၁၁ခု ဖော်ပြထားရာဝယ် အထက်ဖော်ပြပါ ငရဲကြီး၊ ငရဲငယ်တို့နှင့် တူသည်လည်း ပါ ၊ မတူသည်လည်း ပါသည် - မူရင်းဇာတ်ကိုကြည့်ပါ။ - စာရေးသူ]

ငရဲကြီး ၈ထပ် (သံကိစ္စဇာတ်၊ သဋ္ဌိ- ၆၀နိပါတ်၊ ဇာထကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဒေဝဒူတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

အထက်မှအောက်သို့ အဆင့်ဆင့်တည်ရှိ၊ ၁ သဉ္စိဝ်းငရဲ၊ ၂ ကာဠသုတ်၊ ၃ သင်္ဃာတ၊ ၄ ဇာလ ရောရုဝ (ရောရုဝ) ၊ ၅ ဓူမရောရုဝ (မဟာရောရုဝ) ၊ ၆ တာပန၊ ၇ မဟာတာပန၊ ၈ မဟာအဝီစိငရဲ၊ တခုတခုသော ငရဲကြီး၌ ၁၆ပါးသော ဥဿဒငရဲငယ်တို့ရှိ၏။

၁ သဉ္စိဝ်းငရဲ- သံ+ဇီဝ- သံ- အဖန်ဖန် + ဇီဝ- အသက်ရှင်ခြင်း။ ငရဲထိန်းတို့ အပိုင်းပိုင်းအပြတ်ပြတ် ခုတ်ဖြတ်အပ်သော်လည်း ကံမကုန်သေးသမျှ အဖန်ဖန် အသက်ရှင်၍ ခံရရာဖြစ်သော ငရဲ။

၂ ကာဠသုတ်ငရဲ- ကာလ + သုတ္တ- ကာလ- မဲနက်သော + သုတ္တ- မျဉ်းကြောင်း။ ငရဲသားတို့ကို မျဉ်းနက်ကြောင်းချ၍ သစ်ရွေသကဲ့သို့ တကိုယ်လုံး ပဲခွပ်ဓါးမလွှတို့ဖြင့် ခုတ်ရွေဖြတ်လှီးခြင်းခံရရာ ငရဲ။

၃ သင်္ဃာတငရဲ- သံ + ဃာတ- သံ- ပြင်းထန်စွာ + ဃာတ- ကြိတ်ချေခြင်း။ ၉ယူဇနာရှိ ရဲရဲ ပြောင်ပြောင်တောက်လောင်သော သံတောင်ကြီးတို့ဖြင့် ကြိမ်ဖန်များစွာ လိမ့်မွှေကြိတ်ချေခြင်းခံရသော ငရဲ။

၄ ရောရုဝငရဲ (ဇာလရောရုဝ)- ဇလ- မီးတောက်မီးလျှံရှိသော + ရောရုဝ- အမြဲငိုကြွေးခြင်း။ ငရဲမီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန် လောင်ကျွမ်းနှိပ်စက်ခြင်းခံရ၍ ကျယ်လောင်စွာ အော်ဟစ်မြည်တမ်းသောအသံရှိသော ငရဲ။

၅ မဟာရောရုဝ (ဓူမရောရုဝ)- ဓူမ- အခိုးအငွေ့ရှိသော။ မီးခိုးလုံးတို့ဖြင့် ပိတ်ဖုံးနှိပ်စက်ခံရ၍ ကယ်ပါယူပါ တစာစာ ပြင်းတန်စွာ အော်ဟစ်မြည်တမ်းရာဖြစ်သောငရဲ။

၆ တာပန- တပ- တာပန- ပူလောင်စေခြင်း။ ထန်းပင်လုံးခန့်ရှိ သံတံကျင်တို့ဖြင့် သံမြေပြင်၌ ထိုးဖေါက်ခံရပြီး တကိုယ်လုံး မီးလျှံစွဲလောင်ကာ သံတွေခဲ၌ အမြဲကင်ဖုတ်ခြင်းခံရရာငရဲ။

၇ မဟာတာပန- ရဲရဲပြောင်ပြောင် တောက်လောင်နေသော သံတောင်ကြီးပေါ်သို့ ရိုက်နှက်မောင်းနှင်ခြင်းခံရပြီး မြေ၌စိုက်ထောင်ထားသော အသွားမြမြထက်လှစွာသော လှံသွားများ၏အပေါ်သို့ ဦးခေါင်းပြောင်းပြန်ကျရာမှ အဖန်ဖန် သံတောင်ပေါ်သို့ ပြန်တက်ပြီး ပြန်ကျရသော ငရဲ။

၈ အဝီစိငရဲ- န + ဝီစိ- န- မရှိ + ဝီစိ- အကြားအလပ် လစ်လပ်သောနေရာ။ ၁ ငရဲသတ္တဝါ၊ ၂ ငရဲမီးလျှံ၊ ၃ ဆင်းရဲဒုက္ခ အကြားအလပ်မရှိ ပြည့်နှက်နေသောကြောင့် အဝီစိငရဲဟုခေါ်။ (ဥပရိပဏ္ဏာသ ဋ္ဌ။ ဇာတက ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

ဥဿဒငရဲ- ငရဲငယ်များ။ ငရဲကြီး ၈ထပ်တွင် တထပ်လျှင် ထမျက်နှာစီ၌ ငရဲငယ်၄ထပ်စီ ခြံရံထားသဖြင့် ငရဲကြီး တထပ်လျှင် ငရဲငယ်ပေါင်း ၁၆ထပ်ရှိ၊ ၎င်းတို့မှာ ၁ ဘင်ပုပ်ငရဲ၊ ၂ ပြာပူငရဲ၊ ၃ လက်ပံတောငရဲ၊ ၄ သန်လျက်တောငရဲ။

၁ ဘင်ပုပ်ငရဲ (ဝိမာနဝတ္ထု ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ။ အမြဲမပြတ်ကျင်ငယ် ကျင်ကြီးတို့ ယိုစီးနေသောငရဲ၊ ပိန်းကောလေမျှရှိ ပိုးလောက်တို့ ဝိုင်းတိုးဆိတ်ကိုက်စားခံရ။

၂ ပြာပူငရဲ (ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ။ ရဲရဲညီးသောပြာပူတို့ဖြင့် ပြည့်နှက်နေ၊ ငရဲသားတို့ ပြာပူအတွင်းနစ်မြုပ်ကာ ရွှေ့လျားသွားနေကြရ။

၃ လက်ပံတောငရဲ (ဇာတက ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ။ ငရဲသား ရောက်လာသည်နှင့် သံလက်ပံပင်ပေါ်မှ ရဲရဲတောက်ပူနေသော သန်လျက်ပမာ ထက်လှစွာသော လက်ပံရွက်တို့ ကြွေကျပြီး ကိုယ်ထဲစူးဝင်၊ ဆင်မျှကြီးသော ငရဲခွေးနက်ကြီးများက လိုက်ကိုက်သည့်အခါ လက်ပံပင်ပေါ်သို့ ပြေးတက်သော် ရဲရဲတောက်ပူ၍ ထက်စွာသော လက်ပံဆူးများက အတက်တွင် အောက်သို့အဖျားလှည့်၍ ဆင်းက အဖျားအပေါ်သို့ ထောင်၊ အပင်ပေါ်ရောက်က ငရဲကျီး ငရဲလင်းတတို့က တိုးဆိတ်ကြပြီး အောက်သို့ ကျလာသော် ငရဲခွေးစားခံကြရ။

၄ သန်လျက်တောငရဲ (ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ။ သန်လျက်နှင့်တူသော အရွက်ရှိ၊ ခံရပုံမှာ လက်ပံတောငရဲအတိုင်းဖြစ်၊ ဤငရဲ၌ ဆူးများမရှိ။

<u>အခြားငရဲငယ်များ ၂၃</u>

၁ <u>ကြိမ်ပိုက်ချောင်းငရဲ- ဝေတ္တရဏီငရဲ</u> (ဒေဝဒူတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) ။ အလွန်ငံစပ်သော ကြေးနီရေ အဟုန်နှင့်စီးနေ၊ သံဆူး သံရွက်တို့ဖြင့် ထန်းလုံးပမာဏရှိ ကြိမ်နွယ်တို့ ကမ်း၂ဖက် ကူးယှက်နေ၊ ကြိမ်နွယ်များအောက်၌ ထန်းလုံးပမာဏရှိ သံတံကျင်များဖြင့် ပြည့်နေ၊ ဝဲယာ ကမ်း၂ဖက်၌ သံချွန်သံဆူးများကဲ့သို့သော သမန်းမြက်တော၊ ဖေါင်းကားမြက်တော၊ ကြိမ်ပင်တော၊ ကလိမ်ပင်တောများရှိ၊ ငရဲသားတို့သည် ချောင်းရေအဟုန်နှင့် မျောပါစဉ် ကြိမ်ဆူးများ၊ သံတံကျင်များ၊ သမန်းမြက်များ စူးရှကုတ်ခြစ်ခံကြရ၏။

၂ <u>လောဟကုမ္ဘီငရဲ</u> (ပေတဝတ္ထု ဋ္ဌ။ ဇာတက ဋ္ဌ။ ဓမ္မပဒ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ။ ကြေးနီရည်ပူအပြည့် ငရဲအိုးကြီး၌ ငရဲသားတို့ အနှစ်၃သောင်းငုပ်ချီ အနှစ်၃သောင်း ပေါ်ချီ ခံကြရ၏။

<u>ငရဲကြီး ၈ထပ် သက်တမ်း</u> (ဇိနာလင်္ကာရဋီကာ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

| | | |
|---|---|---|
| သိဉ္ဇိုဝ်းငရဲ ၁ရက် | = လူအနှစ် ၉သန်း | = ငရဲသက်တမ်း အနှစ် ၅၀၀၊ |
| ကာလသုတ်ငရဲ ၁ရက် | = လူအနှစ် ၃ကုဋေ ၆သန်း | အနှစ် ၁၀၀၀၊ |
| သင်္ဃာတငရဲ ၁ရက် | = လူအနှစ် ၁၄ကုဋေ ၄သန်း | = အနှစ် ၂၀၀၀၊ |
| ရောရုဝငရဲ ၁ရက် | = လူအနှစ် ၅၇ကုဋေ ၆သန်း | = အနှစ် ၄၀၀၀၊ |
| မဟာရောရုဝငရဲ ၁ရက် | = လူအနှစ် ၂၃၀ကုဋေ ၄သန်း | = အနှစ် ၈၀၀၀၊ |
| တာပနငရဲ ၁ရက် | = လူအနှစ် ၉၂၁ကုဋေ ၆သန်း | = အနှစ် ၁၆၀၀၀၊ |
| မဟာတာပနငရဲ ၁ရက် | = လူအနှစ် ၃၆၈၆ကုဋေ ၄သန်း | = အနှစ် ၃၂၀၀၀ (အန္တရကပ် တဝက်) |
| အဝီစိငရဲ ၁ရက် | = လူအနှစ် ၁၄၇၄၅ကုဋေ ၆သန်း | =ငရဲသက်တမ်းအနှစ်၆၄၀၀၀ (အန္တရကပ်တကပ်) |

<u>တနည်း</u> (ပေတဝတ္ထု ဋ္ဌ။ အံ ဋ္ဌ။ ဂူကုန်းဝိဝါဒဝိနိစ္ဆယဒီပနီကျမ်း၊ မလက်တိုဂူကုန်း ဆရာတော်ကြီး) ။ အနှစ်တောင်ပေါင်းများစွာ၊ နှစ်ကုဋေသိန်းပေါင်းများစွာ၊ ဘုရားရှင်တဆူနှင့်တဆူအကြား၊ တကမ္ဘာတိုင် **ကံမကုန်သေးသရွေ့** ခံကြရ၏။

ဤအပါယ် ၄ဘုံ၊ လူ့ပြည် နှင့် နတ်ပြည် ၆ထပ်ကို ပေါင်း၍ <u>ကာမ ၁၁ဘုံ</u>ဟု ခေါ်သည်။

<u>ဗြဟ္မာပြည် / ဗြဟ္မာဘုံ</u>

ကာမာဝစရနတ်ပြည် ၆ထပ် အထက်၌ ယူဇနာ ၅၅၀၈၀၀၀ ပဌမစျာန်ဗြဟ္မာ ၃ဘုံ- တပြင်တည်း ရှိပြီး ထိုယူဇနာမျှစီ ကွာဝေးလျက် အတက်၌ ဒုတိယစျာန်ဘုံ ၃ဘုံ- တပြင်တည်း၊ အထက်၌ တတိယစျာန်ဘုံ

၃ဘုံ- တပြင်တည်း၊ အတက်၌ စတုတ္ထစျာန်ဘုံ ၂ဘုံ- တပြင်တည်း၊ အထက်၌ ကျန်စတုတ္ထစျာန်ဘုံ ၅ဘုံ အဆင့်ဆင့်၊ အထက်၌ အရူပစျာန်ဘုံ ၄ဘုံ အဆင့်ဆင့် ပေါင်းဗြဟ္မာဘုံ ဘုံ၂၀ တည်ရှိသည်။

ဗြဟ္မာဘုံ (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီးဌာန။ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး) ဗြဟ္မာတို့၏ အသက်အပိုင်းအခြား (မဓ္မဟဒယဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

ဗြဟ္မ= ကြီးပွားခြင်း၊ အလွန်မွန်မြတ်သော စျာန်အစရှိသော ဂုဏ်တို့ဖြင့် ကြီးပွားကြသောကြောင့် ဗြဟ္မာဟု ခေါ်သည်။ ဗြဟ္မာတို့တွင် ၁ ဃာနပသာဒ ၂ ဇိဝှါပသာဒ ၃ ကာယပသာဒစသော ပသာဒ- အာရုံခံ ရုပ်တို့မပါသဖြင့် အနံ့၊ အရသာ၊ အတွေ့အထိတို့ကို မသိကြချေ။ အောက်ဗြဟ္မာတို့ အထက်ဗြဟ္မာတို့ကို မမြင်ကြရ၊ ရုပ်ကြမ်း ဖန်ဆင်းပြမှသာ တွေ့နိုင်ကြ၊ အတက်ဗြဟ္မာတို့ကမူ အောက်ဗြဟ္မာတို့ကို တွေ့နိုင်သည်။ ဥယျာဉ်၊ ဗိမာန်၊ ပဒေသာပင် စသည်တို့ နတ်ပြည်ထက် ခမ်းနားသည်။

ဗြဟ္မာဘုံ ၂၀= ရူပဘုံ ၁၆ဘုံ + အရူပဘုံ ၄ဘုံ။

ရူပဘုံ ၁၆ဘုံ။

ပဌမစျာန်ဘုံ ၃ + ဒုတိယစျာန်ဘုံ ၃ + တတိယစျာန်ဘုံ ၃ + စတုတ္ထစျာန်ဘုံ ၇= ၁၆ဘုံ။

ပဌမစျာန်ဘုံ ၃ဘုံ။ ၁ ဗြဟ္မပါရိသဇ္ဇဘုံ၊ ပါရိသဇ္ဇ- အလုပ်အကျွေးပရိသတ်၊ မဟာဗြဟ္မာကြီး၏ အခြွေအရံ အလုပ်အကျွေး ဗြဟ္မာငယ်တို့ဖြစ်၊ ပဌမစျာန်ကို အနည်းငယ် လျော့၍ပွားခဲ့၊ အသင်္ချေယျကပ် ၁/၃ အသက်ရှည်၊

၂ ဗြဟ္မပုရောဟိတာဘုံ၊ ပုရောဟိတ- ရှေ့မှစီမံတတ်သော ပုရောဟိတ်ဆရာ၊ မဟာဗြဟ္မာတို့၏ ပုရောဟိတ်ပညာရှိကြီးများ၊ ပဌမစျာန်ကို အလတ်စားပွားခဲ့၊ အသင်္ချေယျကပ် ၁/၂ အသက်ရှည်၊

၃ မဟာဗြဟ္မာဘုံ၊ မဟာ- ကြီးကျယ်မြင့်မြတ်သော၊ ပဌမစျာန် ပွားများရာ၌ တရား၄ပါး- ၁ ဆန္ဒ ၂ စိတ္တ ၃ ဝီရိယ ၄ ပညာ အထက်ဆုံး၊ အမြတ်ဆုံးဖြစ်ခဲ့၊ အသင်္ချေယျကပ် တကပ် အသက်ရှည်။ ဤ ၃ဘုံသည် တပြင်တည်း တပြေးတည်းဖြစ်။

ဒုတိယစျာန်ဘုံ ၃ဘုံ။ ၁ ပရိတ္တာဘာဘုံ၊ ပရိတ္တ- သေးငယ်သော + အာဘာ- အရောင်၊ မှုန်မွှားသော အရောင်ရှိ၊ ဒုတိယစျာန်ကို အနည်းငယ်လျော့၍ပွားခဲ့၊ မဟာကပ် ၂ကပ် အသက်ရှည်၊

၂ အပ္ပမာဏာဘုံ၊ အပ္ပမာဏ- အတိုင်းအတာမရှိ + အာဘာ၊ အတိုင်းအတာမရှိသော အရောင်ရှိ၊ ဒုတိယစျာန်ကို အလတ်စားပွားခဲ့၊ မဟာကပ် ၄ကပ် အသက်ရှည်၊

၃ အာဘဿရာဘုံ၊ အာဘာ + သရ- တလက်လက်ထွက်၊ ကိုယ်မှ တလက်လက်ထွက်သော အရောင်ရှိ၊ ဒုတိယစျာန်ကို အမြတ်စားပွားခဲ့၊ မဟာကပ် ၈ကပ် အသက်ရှည်။ မီးဖျက်သောကမ္ဘာ၌ ဤဘုံအောက် ဘုံအားလုံး မီးလောင်ကျွမ်းပျက်စီးသည်။

<u>တတိယဘုံ ၃ဘုံ</u>။ ၁ ပရိတ္တသုဘာဘုံ၊ ပရိတ္တ + သု- တင့်တယ်သော + ဘာ၊ အနည်းငယ် တင့်တယ်သော ကိုယ်ရောင်ကိုယ်ဝါရှိ၊ တတိယစျာန်ကို အနည်းငယ်လျှော့၍ပွားခဲ့၊ မဟာကပ် ၁၆ကပ် အသက်ရှည်၊

၂ အပ္ပမာဏသုဘာဘုံ၊ တင့်တယ်သော ကိုယ်ရောင်ရှိ၊ တတိယစျာန်ကို အလတ်စားပွားခဲ့၊ မဟာကပ် ၃၂ကပ် အသက်ရှည်၊

၃ သုဘကိဏှာဘုံ၊ သုဘ- တင့်တယ်သော + ကိဏှ- ရောပြွမ်းသောအရောင်၊ တောက်ပသော အရောင်မျိုးစုံ ရောပြွမ်း၊ တတိယစျာန်ကို အမြတ်စားပွားခဲ့၊ မဟာကပ် ၆၄ကပ် အသက်ရှည်။ ရေဖျက်သောကမ္ဘာ၌ ဤဘုံမှ အောက်ဘုံများ ကြေမွပျက်စီးသည်။

<u>စတုတ္ထဘုံ ၇ဘုံ</u>။ ၁ ဝေဟပ္ဖိုလ်ဘုံ၊ ဝိပုလ- ပြန့်ပြောသော + ဖလ- အကျိုး၊ မဟာကပ် ကမ္ဘာ၅၀၀ အသက်ရှည်။ လေဖျက်သောကမ္ဘာ၌ ဤဘုံမှ အောက်ဘုံများ ပျက်စီးသည်၊

၂ အသညသတ်ဘုံ၊ ရွှေတုံးကြီးပမာ နာမ်တရားကင်းမဲ့သော ရုပ်ခန္ဓာတခု သာရှိ၊ မဟာကပ် ကမ္ဘာ၅၀၀ အသက်ရှည်၊ ၎င်းဘုံ ၂ဘုံသည် တပြင်တည်း တည်ရှိသည်၊

၃ - ၇ <u>သုဒ္ဓါဝါ</u> <u>သ ၅ဘုံ</u>၊ သုဒ္ဓ- ကိလေသာစင်ကြယ်သူ + အာဝါသ၊ အနာဂါမ်ပြဟ္မာများနှင့် ရဟန္တာပြဟ္မာများနေရာ ဖြစ်၊ အောက်မှအထက်သို့ အဆင့်ဆင့်တည်၊

၃/၁ အဝိဟာဘုံ၊ အ- မ + ဝိဟာ- စွန့်ခွာခြင်း၊ မိမိတို့ဘုံဌာနကို အချိန်အနည်းငယ်ဖြင့် စွန့်ခွာမသွားကြပဲ ကမ္ဘာပေါင်းများစွာ ကြာအောင်တည်နေသောဘုံ၊ ကမ္ဘာတထောင် အသက်ရှည်၊

၄/၂ အတပ္ပါဘုံ၊ အ- မ + တပ္ပ- ပူပန်ခြင်း၊ မည်သည့်အကြောင်းကြောင့်မျှ မပူပန်ရပဲ အလွန်အေးမြသောဘုံ၊ ကမ္ဘာ ၂ထောင် အသက်ရှည်၊

၅/၃ သုဒဿာဘုံ၊ သု- ကောင်းစွာ + ဒဿ- မြင်နိုင်ခြင်း၊ အလွန်စင်ကြယ်သော အမြင်ရှိသောဘုံ၊ ကမ္ဘာ ၄ထောင် အသက်ရှည်၊

၆/၄ သုဒဿီဘုံ၊ သုဒဿာပြဟ္မာတို့ထက် လွန်ကဲစွာ မြင်နိုင်သောဘုံ၊ ကမ္ဘာ ၈ထောင် အသက်ရှည်၊

၇/၅ အကနိဋ္ဌဘုံ၊ အ- မရှိ + ကနိဋ္ဌ- ငယ်ခြင်း သေးသိမ်ခြင်း၊ ငယ်ခြင်း သေးသိမ်ခြင်း မရှိသောဘုံ၊ ထိပ်ဆုံးဘုံဖြစ်၊ ရူပပြဟ္မာတို့တွင် တစုံတခုသောဂုဏ်ဖြင့် ငယ်သည် သေးသိမ်သည်မရှိသောဘုံ၊ ကမ္ဘာပေါင်း တသောင်း ၆ထောင် အသက်ရှည်သည်။

<u>အရူပဘုံ ၄ဘုံ</u>။ အဆင့်ဆင့် တည်ကြသည်၊ ဘုံဟုဆိုသော်လည်း ဘုံဗိမာန်တို့ မရှိ၊ အဆက်ဆက် ဖြစ်ပွားသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာကောင်းကင်ကိုပင် ဘုံဟုခေါ်သည်။

၁ အာကာသာနဉ္စာယတနဘုံ၊ 'ကောင်းကင်သည် အဆုံးမရှိ။' ဟု နှလုံးသွင်းပွားများ၍ ရသောစျာန်၊ ကမ္ဘာ ၂သောင်း အသက်ရှည်၊

၂ ဝိညာနဉ္စာယတနဘုံ၊ 'ဝိညာဏ်သည် အဆုံးမရှိ။' ဟု နှလုံးသွင်းသောစျာန်၊ ကမ္ဘာ ၄သောင်း အသက်ရှည်၊

၃ အာကိဉ္စာညာယတနဘုံ၊ 'နည်းနည်းမျှမရှိ၊ ဘာမျှမရှိ။' ဟု နှလုံးသွင်းသောစျာန်၊ ကမ္ဘာ ၆သောင်း အသက်ရှည်၊

၄ နေဝသညာနာသညာယတနဘုံ၊ အာကိဉ္စာညာယတနစျာန်သည် 'ငြိမ်သက်ပေစွ၊ မွန်မြတ်လေစွ။' ဟု နှလုံးသွင်းသော စျာန်၊ ကမ္ဘာပေါင်း ၈သောင်း ၄ထောင် အသက်ရှည်၊ ဘုံတို့၏ အထက်ဆုံးဘုံဖြစ်၍ အထက်ဘဝဂ် ဟုခေါ်သည်။

ကာမ ၁၁ဘုံနှင့် ပြဟ္မာဘုံ ၂၀ ပေါင်း၍ ၃၁ဘုံဖြစ်လာသည်။ သို့ဖြစ်၍ လောကဓါတ်တခု / စကြဝဠာတခု / ကမ္ဘာတခု၌ ၃၁ဘုံရှိရာသည် ဖြစ်သည်။

တကမ္ဘာ တကမ္ဘာသည် ရှည်လျားလှ၏။ ကမ္ဘာ့သက်တမ်းကို - (သံသရာ၏အစကို မသိနိုင် / ကမ္ဘာသည် ရှည်လျားလှကြောင်း ဥပမာ ၂ မျိုး) - တွင် ကြည့်ပါ။

ကမ္ဘာပျက်လျှင် စကြဝဠာကုဋေတသိန်း ဗုဒ္ဓခေတ်တခုလုံးပျက်သည်၊ ရာဂများက မီးဖြင့် အာဘဿရ ပြဟ္မာ့ဘုံအောက်ထိ လောင်၊ ဒေါသများလျှင် ရေဖြင့် သုဘကိဏှာပြဟ္မာ့ဘုံအောက်ထိ ကြေမွပျက်စီး၊ မောဟများသော် လေဖြင့် ဝေဟပ္ဖိုလ်ပြဟ္မာ့ဘုံအောက်ထိ ပျက်စီးသည်။ (ကမ္ဘာမြေ နှင့် လူ့လောက - အနက်မှ - ကမ္ဘာပျက်ပုံ) ကို ကြည့်ပါ။

၇ စကြာမင်း၏ ရတနာ ၇ပါး (ပြဟ္မာယုသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ စကြာရတနာ၊ ၂ ဆင်၊ ၃ မြင်း၊ ၄ မိဖုယား၊ ၅ သားကြီး၊ ၆ ပတ္တမြား၊ ၇ သူကြွယ်ရတနာ။

၈ **စက်ကြီးလျှောက်ခြင်း အာနိသင် ၅မျိုး** (စင်္ကမသုတ်၊ ပဉ္စင်္ဂိကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ခရီးရှည်သွားနိုင်ခြင်း၊

၂ ကြိုးစားအားထုတ်နိုင်၏၊

၃ အနာရောဂါကင်း၏၊

၄ အစာအာဟာရ ကောင်းစွာကျေညက်၏၊

၅ စင်္ကြံလျှောက်ခြင်းဖြင့် ရအပ်သော သမာဓိသည် ကြာမြင့်စွာတည်၏။

**၉ စည်းစိမ်ဥစ္စာ** __၅ ခု__

၁။ စည်းစိမ်ဥစ္စာ ကြာမြင့်စွာ တည်ကြောင်း ၄ပါး (ကုလသုတ်၊ အဘိညာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ပျောက်သော ပစ္စည်းဥစ္စာကို ရှာဖွေခြင်း၊ ၂ ဟောင်းနွမ်းသော ပစ္စည်းကို ပြုပြင်ခြင်း၊ ၃ အတိုင်း

အရှည် ပမာဏကိုချင့်ချိန်၍ စားသောက်သုံးဆောင်ခြင်း၊ ၄ အကျင့်သီလနှင့် ပြည့်စုံသော မိန်းမကိုဖြစ်စေ၊ ယောက်ျားကို ဖြစ်စေ အကြီးအကဲ ဘဏ္ဍာစိုးအရာ၌ ထားခြင်း။

၂။ စည်းစိမ်ဥစ္စာပေးတတ်သော အကြောင်း ၅ပါး (ဣန္ဒြိယဇာတ်၊ ကစ္စာနီဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတက ပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ လယ်လုပ်ခြင်းစသော အသက်မွေးခြင်းအမှု၊ ၂ ဆင်စီးခြင်းစသော အတတ်များ၊ ၃ စည်းစိမ်ကို ဖြစ်စေခြင်း၌ လိမ္မာခြင်း၊ ၄ ထိမ်းမြားခြင်း၊ ၅ ၅ပါးသီလမြဲ၍ နူးညံ့သော စကားကိုဆိုသော အဆွေခင်ပွန်း ကို ပေါင်းဖော်ရခြင်း။

**၃။ စည်းစိမ်ဥစ္စာ ပျက်ကြောင်း ၃ စု**

၃/၁။ စည်းစိမ်ပျက်ကြောင်း ၄ ပါး (ဒီဃဇာဏုသုတ်၊ ဂေါတမီဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မိန်းမကြူးခြင်း၊ ၂ သေသောက်ကြူးခြင်း၊ ၃ လောင်းကစားကြူးခြင်း၊ ၄ မကောင်းသော မိတ်ဆွေတို့ နှင့် စိတ်တူကိုယ်တူပေါင်းခြင်း။

၃/၂။ စည်းစိမ်ပျက်ကြောင်း ၆ ပါး (ကလဟဝိဝါဒသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ သေအရက်သောက်စားခြင်း၊ ၂ အချိန်မဟုတ်ပဲ လမ်းခရီး၌ လှည့်လည်ခြင်း၊ ၃ ပွဲလမ်း သဘင် ကြည့်ရှုခြင်း၊ ၄ ကြွေအံကစားခြင်း၊ ၅ အဆွေခင်ပွန်းယုတ်နှင့် ပေါင်းဖော်ခြင်း၊ ၆ ပျင်းရိခြင်း။

၃/၃။ စည်းစိမ်ပျက်ကြောင်း ၈ ပါး (ကုလသုတ်၊ ဂါမဏိသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ မင်းကြောင့် (ပျက်စီးခြင်းသို့ ရောက်၏)၊ ၂ ခိုးသားဓါးပြကြောင့် (...)၊ ၃ မီးကြောင့် (...)၊ ၄ ရေ ကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်၏၊ ၅ မြှုပ်ထားသောဥစ္စာသည် နေရာမှ ရွေ့၏၊ ၆ အားထုတ်မှု မကောင်းသဖြင့် လုပ်ငန်းတို့ ပျက်စီးကုန်၏၊ ၇ အမျိုး၌ ထိုစည်းစိမ်ဥစ္စာတို့ကို ကြဲဖြန့်မှုတ်လွင့် ဖျက်ဆီး တတ်သူ '**အမျိုး မီးခဲ**' သည် ဖြစ်ပေါ်လာ၏၊ ၈ မမြဲခြင်း။

၄။ စည်းစိမ်ဥစ္စာ မတည်ကြောင်း အပေါက် ၆ပါး (နဇီရတိသုတ်၊ ဆေတ္တာဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ပျင်းရိ၊ ၂ မေ့လျော့၊ ၃ လုံ့လမရှိ၊ ၄ မစောင့်စည်း၊ ၅ အအိပ်ကြူး၊ ၆ အလုပ်၌ မပျော်မွေ့ခြင်း။

၅။ စည်းစိမ်ဥစ္စာ၏ အပြစ်၅မျိုးနှင့် အကျိုး၅မျိုး (ဘောဂသုတ်၊ ဒီဃစာရိကဝဂ်၊ ပဥ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အပြစ် ၅မျိုး။ စည်းစိမ်ဥစ္စာတို့သည် ၁ ရေ၊ ၂ မီး၊ ၃ မင်း၊ ၄ ခိုးသူ၊ ၅ မချစ်မနှစ် သက်သော အမွေခံဆိုးတို့နှင့် ဆက်ဆံ၏။ (ရန်သူမျိုး ၅ပါး နှင့် တူ၏)

အကျိုး ၅မျိုး။ ၁ မိမိကိုယ်ကို နှစ်သက်စေ၏၊ ၂ အမိအဖတို့ကို နှစ်သက်စေ၏၊ ၃ သားသမီး မယား အမှုလုပ်တို့ကို နှစ်သက်စေ၏၊ ၄ မိတ်ဆွေခင်ပွန်းတို့ကို နှစ်သက်စေ၏၊ ၅ သမဏဗြာဟ္မဏတို့အား အလှူပေးရ၏။

၁၀ **စိတ်** ၈ ခု

၁။ စိတ်ကို စောင့်ရှောက်ရာ၏။ (အရက္ခိတသုတ်၊ သမ္မောဓဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

| အိမ်ကိုကောင်းစွာမိုးမထားလျှင် | စိတ်ကိုကောင်းစွာမစောင့်ရှောက်လျှင် |
|---|---|
| ၁ အထွတ်အခြင်နံရံကို စောင့်ရှောက်သည်မမည်၊ | ၁ကာယကံဝစီကံမနောကံကို စောင့်ရှောက်သည် မမည်၊ |
| ၂ ၎င်းတို့ကိုမိုးရေဖြင့်စိုစွတ်၏၊ | ၂ ၎င်းတို့ကိုလေသာဖြင့်စိုစွတ်၏၊ |
| ၃ ၎င်းတို့ဆွေးမြေ့၏၊ | ၃၎င်းတို့ဆွေးမြေ့၏၊ |
| | ကောင်းသောသေခြင်းမဖြစ်။ |

၂။ **စိတ်တခု ယုတ်၈၉၊ အကျယ် ၁၂၁** (မွေသင်္ဂဏီ ၄။ ဝိသုဒ္ဓိမဂ်။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင် ဩဘာသာဘိဝံသ။ မိုးကုတ်ဆရာတော်ကြီး၏တဘာဝသာသနာ၊ ဦးဃောသိတ။ လူတိုင်းအတွက် လက်တွေ့ အသုံးချအဘိဓမ္မာကောက်နှုတ်ချက်၊ ဘဒ္ဒန္တသုစိတ္တာဘိဝံသ)

သတ္တဝါတို့၏ သန္တာန်၌ ဆိုင်ရာဆိုင်ရာဖြစ်သော စိတ်အစုကို အကျဉ်းအားဖြင့် ရေတွက်သော်-

၁ ကာမစိတ် ၅၄ပါး= အကုသိုလ်စိတ် ၁၂ပါး + အဟိတ်စိတ် ၁၈ပါး + ကာမာဝစရစိတ် ၂၄ပါး၊

၂ ရူပစိတ် ၁၅ပါး၊

၃ အရူပစိတ် ၁၂ပါး၊

၄ လောကုတ္တရာစိတ် ၈ပါး ပေါင်း **၈၉ပါး**။

လောကုတ္တရာစိတ်ကို ၈ပါးအစား အကျယ် ၄၀ဖြင့် ယူသော် (၅၄ + ၁၅ + ၁၂ + ၄၀) = စိတ်ပေါင်း **အကျယ် ၁၂၁ပါး** ဖြစ်သည်။

၃။ စိတ် / တဏှာ၏ အင်္ဂါ ၃ပါး (စိတ္တသုတ်၊ အဒ္ဓဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ **စိတ္တေန နီယတိ လောကော** - စိတ်သည် လောကကိုဆောင်၏၊

၂ စိတ္တေန ပရိကဿတိ - စိတ်သည် လောကကို ဆွဲငင်၏၊

၃ စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူတိ။ - အလုံးစုံသောတရားတို့သည် ဖြစ်ပေါ်နေသော စိတ်ဟုဆိုအပ်သော တခုသောတရား၏အလိုသို့သာလျှင် လောကသည် အစဉ်လိုက်ပါနေရ၏။

၄။ စိတ်ဖြင့်လှူသော (ကြံစည်၍) အလှူဖြင့် ဘုရားအလောင်း ပါရမီဖြည့်၍ နတ်ပြည်ရောက်ခြင်း (ဗုဒ္ဓအပဒါန်၊ ဗုဒ္ဓဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ငါသည် စိတ်ဖြင့် အလှူကို ပေးလှူအပ်ပြီ၊ စိတ်ဖြင့် ကြည်ညိုခြင်းကို ဖြစ်စေပြီ၊ ငါသည် ခပ်သိမ်းသော ဘုရားရှင်တို့ကိုရင်း၊ ပစ္စေကဗုဒ္ဓါတို့ကိုရင်း၊ ဘုရားရှင်၏ တပည့်သားတို့ကိုရင်း ပူဇော်အပ်ကုန်ပြီ၊ ငါသည် ကောင်းစွာပြုအပ်သော ထိုကံကြောင့်ရင်း၊ စိတ်စေတနာ တောင့်တမှုထို့ကြောင့်ရင်း၊ လူ့ဌဖြစ်သောကိုယ်ကို စွန့်၍ တာဝတိံသာနတ်ပြည်သို့ ရောက်ရပြီ။

၅။ စိတ်လျှင် ရှေ့သွားရှိ၏။ - ၃ချက် (စက္ခုပါလတ္ထေရဝတ္ထု နှင့် မဋ္ဌကုဏ္ဍလီဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

နာမ်ခန္ဓာ ၄ပါးဖြစ်သော ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနှင့် ဝိညာဏက္ခန္ဓာ- စိတ်တို့တွင် -

၁ စိတ်လျှင် ရှေ့သွား ရှိကုန်၏၊

၂ စိတ်လျှင် အကြီးအမှူး ရှိ၏၊

၃ စိတ်ဖြင့် ပြီး၏။

ပြစ်မှားလိုသောစိတ်၊ သန့်ရှင်းကြည်လင်သောစိတ်ဖြင့် ပြုလုပ်မှု၊ ပြောဆိုမှု၊ ကြံစည်မှုတို့ကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့၊ အရိပ်သည် လူကိုမစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ဆင်းရဲခြင်း ချမ်းသာခြင်းတို့သည် တိုသူသို့ အစဉ်လိုက်၏။

၆။ စိတ်ဝီထိဖြစ်စဉ် / စိတ်အစဉ်အတန်း ဖြစ်စဉ် ၁၂ ဆင့် (ပဋ္ဌာန်းတရားတော်၊ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယက၊ နဝမဗန်းမော်ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ)

ဝီထိ = အစဉ်အတန်း၊ လမ်း (တိပိဋကမြန်မာအဘိဓါန်)

ဘဝင်- ဘဝင်္ဂ = ဘဝဟူသောအစိတ်အပိုင်း၊ ဘဝမပြတ်အောင် ဆက်စပ်ပေးသောစိတ် (တိပိဋကမြန်မာအဘိဓါန်)

အာရုံတခုကို မြင်၊ ကြား၊ တွေ့ထိလျှင် ဖြစ်သောစိတ်အစဉ် ဖြစ်သည်။

၁ အတီတဘဝင် - အတိတ် /အနောက် မှ ဖြစ်သောစိတ် / မူရင်းစိတ် / လက်ရှိစိတ်၊

၂ ဘဝင်္ဂစလန - ဘဝင်လှုပ်ခြင်း (အာရုံတခုကြောင့်)၊

၃ ဘဝင်္ဂုပစ္ဆေဒ - ဘဝင်ပြတ်ခြင်း၊

၄ ပဉ္စဒွါရာဝဇ္ဇန်း - အာရုံကို ဆင်ခြင်ခြင်း၊

၅ စက္ခုဝိညာဏ် - မြင်စိတ်၊

၆ သမ္ပဋိစ္ဆိုင်း - အာရုံကို လက်ခံခြင်း၊

၇ သန္တီရဏ - အာရုံကို စုံစမ်းခြင်း၊

၈ ဝုဋ္ဌော - အာရုံကို ဆုံးဖြတ်ခြင်း၊

၉ ဇော ၇ကြိမ် - အာရုံကို ခံစားခြင်း၊

၁၀ တဒါရုံ ၂ကြိမ် - အာရုံကို ထပ်ခံစားခြင်း၊

၁၁ ဘဝင်၊

၁၂ ဘဝင်။

၇။ စိတ်သည် လောကကို ဆောင်၏ အစချီသော ဘုရားရှင်၏ အဖြေ ၄ဖြာ (ဥမ္မဂ္ဂသုတ်၊ ဗြာဟ္မဏဝဂ်၊ စတုက္က နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ရဟန်းတပါးမေးသော အမေး ၄ဖြာ- စိတ်၊ တရားကိုဆောင်သူ၊ ကိလေသာကို ဖေါက်ထွင်း တတ်သော ပညာရှိသူ၊ ပညာကြီးသူ နှင့် စပ်လျဉ်း၍ ဘုရားရှင် ဤသို့ ဟောတော်မူ၏။

၁ **စိတ် -** (အထက် အမှတ်၃ ဖြစ်သော စိတ် / တဏှာ၏ အင်္ဂါ ၃ပါး) တွင် ကြည့်ပါ။

၂ တရားတော်များအနက် ၄ပိုဒ်ရှိသော ဂါထာ၏အနက် ပါဠိကိုသိ၍ လောကုတ္တရာတရား ၉ပါး အားလျော်သောအကျင့်ကို ကျင့်သူကို များသောအကြားအမြင်ရှိသူ **တရားကိုဆောင်သူ**ဟု ဆိုထိုက်၏။

၃ သစ္စာ ၄ပါးတရားကို ကြားနာရ၏၊ ထိုသစ္စာ ၄ပါးတရား၏သဘောကိုလည်း မဂ်ပညာဖြင့် ထိုးထွင်း၍ မြင်သောသူသည် **ကိလေသာကို ဖေါက်ထွင်းတတ်သော ပညာရှိသူ**ဖြစ်၏။

၄ ဤသာသနာတော်၌ မိမိသူတပါး ဆင်းရဲရန် မလှုံ့ဆော်၊ မိမိ၊ သူတပါး၊ မိမိသူတပါးနှင့် အလုံးစုံသော သတ္တလောက၏ အစီးအပွားကိုသာ ကြံစည်၏၊ ဤသို့လျှင် ပညာရှိသူ **ပညာကြီးသူ**ဖြစ်၏။

၈။ စိတ်သည် အလွန်လျင်မြန်စွာ ပြောင်းလဲ၏၊ ဥပမာပြုရန် မလွယ်။ (ပဏိဟိတအစ္ဆဝဂ်၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁၁ **စိတ္တသုကြွယ်- တရားဟောကောင်းသူ / ဓမ္မကထိကတောဒဂ်ရသူ** ကွယ်လွန်ခါနီး ဆွေမျိုးများက ဆုံးမရန် တောင်းပန်၍ ဟောသောတရား၄ချက် (ဂိလာနဒဿနသုတ်၊ စိတ္တသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊

သုတ္တန္တပိဋက)

တောတောင် သစ်ပင်ဆေးပင်စောင့်နတ်တို့က စကြဝတေးမင်းအဖြစ် တောင့်တရန် တိုက်တွန်းကြ၊ သူကြွယ်က မမြဲမခိုင်မာသောသဘောဖြစ်၏၊ စကြဝတေးမင်းစည်းစိမ်သည်ကား နောက်ဆုံးပယ်စွန့်၍ သွားရမည့်အရာသာ ဖြစ်ချေ၏ဟု ပြန်ပြောဆို၏၊ ဆွေမျိုးသားချင်းတို့က သတိထားပါရန် မယောင်ယမ်းပါရန် ပြောဆိုကြ၊ သူကြွယ်က အဖြစ်မှန်ကိုပြောပြရာ ဆွေမျိုးများက သူတို့အားဆုံးမရန် ပြောကြ။

၁ ဘုရား၊ ၂ တရား၊ ၃ သံဃာရတနာ၃ပါး၌ သက်ဝင်ယုံကြည် ပြည့်စုံကြရန် ၄ ငါတို့ အိမ်၌ရှိသော ပေးလှူဖွယ်ဟူသမျှကို သီလရှိ၍ အကျင့်ကောင်းသူတို့နှင့် မခွဲခြားအံ့ဟုကျင့်သုံး၍ ဤတရား၄ပါးတို့၌ ဆောက်တည်စေ၏။

၁၂ စန္ဒဝက်သတ်သမား အနှစ်၅၀ကျော် ဝက်သတ်ခဲ့ပြီး ကိုယ်ပေါ်၌ အနာများပေါက်၍ ဝက်ကဲ့သို့အော်ကာ ပြေးနေသဖြင့် အိမ်ကိုပိတ်ထားရပြီး ၇ရက်ကြာသော် သေ၏။ (စုန္ဒသူကရိကဝတ္ထု၊ ယမကဝဂ်၊ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁၃ စိမ်းညိုသောအနံ့ ၁၄ပါး (မဟာဂေါဝိန္ဒသုတ်၊ သုတ်မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးစဉ် ဂန္ဓဗ္ဗနတ်ဖြစ်သော ပဉ္စသိခနတ်သားလာ၍ တာဝတိံသာ နတ်ပြည်သို့ သနင်္ကုမာရဗြဟ္မာ လာရောက်၍ စိမ်းညိုသောအနံ့ ၁၄ပါး အပါအဝင် မဟာဂေါဝိန္ဒပုဏ္ဏားဝတ္ထု ဟောပြခြင်းကိုလျှောက်ထား၊ ဘုရားရှင်က မိမိ မဟာဂေါဝိန္ဒပုဏ္ဏား ဖြစ်စဉ်အကြောင်းကို မဂ္ဂင် ၈ပါး အထွတ်တပ်၍ ဆက်လက်ဟောကြားသည်။

၁ အမျက်ထွက်ခြင်း၊ ၂ လိမ်လည်ခြင်း၊ ၃ လှည့်စားခြင်း၊ ၄ အဆွေခင်ပွန်းကို ပြစ်မှားခြင်း၊ ၅ စေးနဲခြင်း၊ ၆ အလွန်မာန်မူခြင်း၊ ၇ ငြူစူခြင်း၊ ၈ လိုချင်ခြင်း၊ ၉ ဝန်တိုခြင်း၊ ၁၀ သူတပါးကို ညှဉ်းဆဲခြင်း၊ ၁၁ တပ်မက်ခြင်း၊ ၁၂ စိတ်ဆိုးခြင်း၊ ၁၃ မာန်ယစ်ခြင်း၊ **၁၄** တွေဝေခြင်း။

**ဆ**

**၁ ဆရာ ရှာအပ်၏ ၂စ**

၁။ (သတ္တု- မြတ်စွာဘုရား၊ သတ္တုသုတ်၊ အန္တရ- အကြား၊ ပေယျာလ- မြှုပ်ထားသောစကားများ၊ အန္တရပေယျာလ၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် "ရဟန်းတို့ -

၁ ဇရာ- အိုခြင်း၊ မရဏ- သေခြင်းကို (ဟုတ်မှန်သောအတိုင်း မသိသူသည် ဟုတ်မှန်သောအတိုင်း သိခြင်း ငှါ ဆရာကိုရှာအပ်၏။)၊

၂ ဇရာမရဏ၏ ဖြစ်ပေါ်ကြောင်းကို (…)၊

၃ ဇရာမရဏ၏ ချုပ်ရာကို (…)၊

၄ ဇရာမရဏ၏ ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်ကို ဟုတ်မှန်သောအတိုင်း မသိသူသည် ဟုတ်မှန်သောအတိုင်း သိခြင်းငှါ ဆရာကို ရှာအပ်၏။" ဟု မိန့်တော်မူ၏။

၂။ (သတ္ထုသုတ်၊ နိဒါနဝဂ္ဂသံယုတ်။ ဝိပဿနာစက်ဖြတ်ကျမ်း၊ ခန္တီးဆရာတော်ကြီး)

"ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။"

ဘိက္ခဝေ- ရဟန်းတို့၊ ယထာဘူတံ- အဖေါက်မပြန် ဟုတ်မှန်စွာ၊ ဉာဏာယ- သိစေခြင်းငှါ၊ သတ္ထာ- ယထာဘူတဉာဏ်ကိုရအောင် ဟောပြောတတ်သော ဆရာကို၊ ပရိယေသိတဗ္ဗော- မတွေ့မနေ ရှာဖွေအပ်၏။ ဘုရားရှင်သည် ဤအမှာစကားတော်ကို ပိဋကတ်စာပေ၌ **အကြိမ် ၄၄ ကြိမ်** ဟောသည်ကို တွေ့ရသည်။

## ၂ ဆုတောင်း ၃ စု

၁။ **ဆုတောင်းတိုင်း ပြည့်စုံရကြောင်း** (သာလေယျကသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

သီလရှိသူ (ကိုယ်၊ နှုတ်၊ စိတ်ဖြင့် တရားမျှတမှုပြုသူ / ကုသိုလ်ကမ္မပထတရား ၁၀ပါးကျင့်သုံးသူ) သည် စင်ကြယ်သူဖြစ်သောကြောင့် မိမိတောင့်တသည့်အတိုင်း ပြည့်စုံရ၏။

၂။ ဆုတောင်းတိုင်း ပြည့်စုံရန် ပြုဆောင်ရမည့်အချက် ၅ချက် (သင်္ခါရုပပတ္တိသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ- သူတော်ကောင်းတရား ၅ပါးနှင့်ပြည့်စုံသူသည် -

၂ တောင့်တလိုသော ဌာန (စည်းစိမ်ချမ်းသာ ပေါများကြွယ်ဝသော မင်း၊ ပုဏ္ဏားမှစ၍ စတုမဟာရာဇ် စသော နတ်ပြည် ဖြစ်ပနတ်၊ ဗြဟ္မာ၊ ရဟန္တာ) ဖြစ်လို၏ဟု အကြံဖြစ်၏၊

၃ ထိုစိတ်ကို ထား၏၊

၄ ထိုစိတ်ကို ဆောက်တည်ထား၏၊

၅ ထိုစိတ်ကို ပွားများထား၏၊ ထိုသို့ပွားများလေ့လာအပ်သော် ထိုဘဝကိုပြုပြင်တတ်သော တရားတို့သည်၎င်း၊ ထိုဘဝအထူးသို့ ဆောင်တတ်သောတရားတို့သည်၎င်း၊ ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှာဖြစ်ကုန်၏၊ ဤအကြောင်းသည်၎င်း၊ ဤအကျင့်သည်၎င်း၊ ထိုဌာန၌ ပဋိသန္ဓေနေခြင်းငှာဖြစ်၏။

၃။ ဆုတောင်းသင့်ကြောင်း (သင်္ခါရုပပတ္တိသုတ်၊ ဥပရိပဏ္ဏာသပါဠိတော် ၄။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

အကြင်ပုဂ္ဂိုလ်အား တရား ၅မျိုး- သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာသာရှိ၍ ဆုတောင်းခြင်းမရှိ၊ ထိုပုဂ္ဂိုလ်အား ကောင်းကင်သို့ ပစ်လွှတ်သောလှံတံသည် အရင်း၊ အဖျား၊ အလယ်အားဖြင့် ဤ၃ပါးတွင် ကျချင်ရာကျနိုင်သကဲ့သို့ အကျိုးရမှု မသေချာ၊ ဆုသာတောင်း၍ တရား၅မျိုးမရှိလျှင်လည်း အကျိုးရမှု မသေချာ၊ တရား၅မျိုးရှိပြီး ဆုတောင်းသူအား သေချာပေါက် အကျိုးရနိုင်၏၊ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစုံတခုပြုတိုင်း ဆုမတောင်းပဲ မနေသင့်။

၃ ဆေးလူကျိုး ၁၀ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အသက်ရှည်၊ ၂ ခွန်အားကြီး၊ ၃ ပညာရှိ၊ ၄ အဆင်းလှ၊ ၅ အခြံအရံများ၊ ၆ ချမ်းသာကြီး၊ ၇ ဘေးရန် မရှိ၊ ၈ မဆင်းရဲ၊ ၉ အခါခပ်သိမ်း သူတပါးတို့ပူဇော်၊ **၁၀** ချစ်သောသူတို့နှင့် ကွေကွင်းခြင်း မရှိ။

၄ ဆဲရေးခြင်း ၁၀မျိုး (ဩမသဝါဒသိက္ခာပုဒ်၊ မုသာဝါဒဝဂ်၊ ဘိက္ခုပါစိတ်၊ ပါစိတ်ပါဠိတော်၊ ခု၊ ဝိ)

၁ အမျိုးဇာတ်ဖြင့် (ဆဲရေးခြင်း)၊ ၂ အမည်ဖြင့် (...)၊ ၃ အနွယ်ဖြင့် (...)၊ ၄ အမှု အလုပ်အကိုင်ဖြင့် (...)၊ ၅ အတတ်ပညာဖြင့် (...)၊ ၆ အနာရောဂါဖြင့် (...)၊ ၇ အသွင်သဏ္ဍာန်ဖြင့် (...)၊ ၈ ကိလေသာ-ညစ်ညမ်းမှုဖြင့် ဆဲရေးခြင်း၊ ၉ အာပတ်ဖြင့် (...)၊ **၁၀** အယုတ်အမြတ်ဆဲရေးခြင်းမျိုးဖြင့် ဆဲရေးခြင်း။

၅ ဆံပင်၌ ကြောင့်ကြခြင်း ၁၆ ချက် (ဗာဟိရကထာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ တန်ဆာဆင်ရခြင်း၊ ၂ ပြေပြစ်ချောမွေ့အောင် ပြုရခြင်း၊ ၃ ဆီလိမ်းရခြင်း၊ ၄ ခေါင်းလျှော်ရခြင်း၊ ၅ ပန်းပန်ရ၊ ၆ အမွှေးအကြိုင်လိမ်းရ၊ ၇ ခေါင်းလျှော်ရန် တရော်ကင်ပွန်းစသည် စိမ်ထုံရခြင်း၊ ၈ အဖန်ခါးသီးရှာရ၊ ၉ သျှစ်သျှားသီးရှာရ၊ ၁၀ ဆံပင်နက်အောင် ဆိုးရည်ဆိုးရ၊ ၁၁ သျှောင်ထုံးရ၊ ၁၂ ဘီးဖီးရ၊ ၁၃ ဆေတ္တာသည်ဖြင့် ပြုပြင်ရ၊ ၁၄ ထုံးပြီးသျှောင်ကို ဖြေရ၊ ၁၅ သန်းရှာရ၊ **၁၆** ဆံပင်တို့ ကျွတ်သော် စိုးရိမ်ငိုကြွေး မြည်တမ်းတွေဝေရ။

၆ ဆင်ခြင်ဉာဏ်ကင်းမဲ့၍ အကြောက်တရားကြီးသူ ၅ဦး (အံ၊ ပဉ္စကနိပါတ်၊ ဗြဟ္မဏဝဂ်၊ ဒုတိယသုတ်အဖွင့် ဋီကာ။ မဃဒေဝလင်္ကာအဖြေကျမ်း၊ မေ့ပိယဆရာတော်)

၁ တီကောင်- မြေကြီးကုန်မှာစိုး၍ ဝအောင်မစား၊ ၂ တစ်တီတူးငှက်မ- မိုးပြိုမှာစိုး၍ ဥအထက်မှာ ပက်လက်အိပ်၊ ၃ ကြိုးကြာငှက်မ- မြေတုန်မှာစိုး၍ ခပ်ရွရွဖွဖွသွား၊ ၄ မျောက်- မြေကြီးပျောက်မှာစိုး၍ ည မြေကြီး ထ၍စမ်း၊ **၅** ပုဏ္ဏား- မျိုးဆက်ပြတ်မှာစိုး၍ မိန်းမယူ။

၇ ဆင်းရဲ- ဒုက္ခ ၃ ၈

၁။ ဆင်းရဲ- ဒုက္ခကို ကိုယ်တိုင်ပြုအပ်သလော စသော မေးခွန်း ၆ခု (အစေလကဿပသုတ်၊ အာဟာရဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် မြို့တွင်းသို့ ဆွမ်းခံဝင်သောအခါ အစေလ- အဝတ်မဆည်းသော၊ အစေလကဿပက မေးခွန်းမေးခွင့်တောင်းရာ ဆွမ်းခံနေကြောင်းမိန့်၍ ၂ကြိမ်တိုင်ပယ်၊ ၃ကြိမ်မြောက်၌ မေးခွင့်ပြု။

| အမေး | ဘုရားရှင် အဖြေ |
|---|---|
| ၁ ဆင်းရဲကို ကိုယ်တိုင် ပြုအပ်သလော၊ | ၁ ဤသို့ မဆိုလင့်၊ |
| ၂ ဆင်းရဲကို သူတပါး ပြုအပ်သလော၊ | ၂ ။ |
| ၃ ဆင်းရဲကို ကိုယ်တိုင်လည်းပြု၊ သူတပါးလည်း ပြုသလော၊ | ၃ ။ |
| ၄ ကိုယ်တိုင်ပြုသည်လည်း မဟုတ်၊ သူတပါး ပြုသည်လည်း မဟုတ်၊ အကြောင်းမဲ့ ဖြစ်သလော၊ | ၄ ။ |
| ၅ ဆင်းရဲသည် မရှိသလော၊ | ၅ မရှိသည်မဟုတ်၊ ရှိသည်၊ |
| ၆ အရှင်ဂေါတမသည် ဆင်းရဲကို မသိ မမြင်သလော၊ | ၆ သိ၏၊ မြင်၏။ |

အစေလကဿပက ဘုရားရှင်အား ဆင်းရဲ- ဒုက္ခကို ဟောကြားတော်မူပါဟု လျှောက်၏။ ဘုရားရှင်က "ကဿပ (ထိုသူသည် ပြု၏၊ ထိုသူသည် ခံစား၏။) ဟူ၍ရှိက (ဆင်းရဲကို ကိုယ်ထိုင်ပြုအပ်၏။) ဟု ဆိုသူသည် သဿတအယူသို့ ရောက်၏။ (သူတပါး ပြု၏၊ သူတပါး ခံစား၏။) ဟူ၍ရှိက ဝေဒနာနှိပ်စက်စဉ် (ဆင်းရဲကို သူတပါး ပြုအပ်၏။) ဟု ဆိုသူသည် ဥစ္ဆေဒဒိဋ္ဌိအယူသို့ ရောက်၏၊ ကဿပ ထို ၂ပါးအစွန်းတို့သို့ မကပ်ရောက်မူ၍ အလယ်အလတ်အားဖြင့် မြတ်စွာဘုရား ဟောတော်မူ၏။" ဟုမိန့်ကာ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ ဟောတော်မူ၏။ အစေလကဿပသည် တရားတော်ကို နှစ်သက်ပြီး ရဟန်းဝတ်ကာ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

၂။ ဆင်းရဲခက်ခဲကြောင်း ၅ပါး (ဝဋ္ဋိပုတ္တကဘိက္ခုဝတ္ထု၊ ပကိဏ္ဏကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ စည်းစိမ်ဥစ္စာကို စွန့်လွှတ်၍ ရဟန်းပြုနိုင်ခဲ၏၊

၂ သူတော်အကျင့်၌ မွေ့လျော်နိုင်ခဲ၏၊

၃ အိမ်၌ မပြည့် မစုံနေရခြင်းသည် ဆင်းရဲ၏၊

၄ သဘောမတူသူတို့နှင့် နေရခြင်းသည် ဆင်းရဲ၏၊

၅ သံသရာခရီး သွားရခြင်းသည် ဆင်းရဲသို့ ကျတတ်၏ / အဖန်ဖန် ကျတတ်၏၊ ထို့ကြောင့် သံသရာ ခရီးသွား မဖြစ်ရာ၊ ဆင်းရဲသို့ ကျရောက်သူ မဖြစ်ရာ။

၃။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းနှင့် ဘဝသစ်၌ဖြစ်သော ဆင်းရဲ ၁၀မျိုး (ပဌမသုခသုတ်၊ ယမကဝဂ်၊ ဒသက နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

မဂဓတိုင်း နာလကရွာဝယ် သာမဏ္ဍကာနိပရိဗိုဇ်မေး၍ အရှင်သာရိပုတ္တရာ ဟောကြားဖြေတော်မူ၏။

ဆင်းရဲခြင်း - ဘဝသစ်၌ ဖြစ်မှုရှိလျှင် ဆင်းရဲ၊

ချမ်းသာခြင်း - ဘဝသစ်၌ မဖြစ်ရမှုသည် ချမ်းသာ။

ဘဝသစ်၌ ဖြစ်သော ဆင်းရဲ ၁၀မျိုး - ၁ အေးမှု၊ ၂ ပူမှု၊ ၃ စားလိုမှု၊ ၄ သောက်လိုမှု၊ ၅ ကျင်ကြီး စွန့်လိုမှု၊ ၆ ကျင်ငယ်စွန့်လိုမှု၊ ၇ မီးလောင်မှု၊ ၈ တုတ်လုံတံဖြင့် ထိခိုက်မှု၊ ၉ လက်နက်ဖြင့် ထိခိုက်မှု၊ ၁၀ ဆွေမျိုး နှင့် မိတ်ဆွေတို့ စုဝေးရောက်လာကြ၍ ချုပ်ချယ်မှုတို့ မချွတ်ရလိမ့်မည်။

၈ ဆဒ္ဒန်ဆင်မင်းဇာတ် (ဆဒ္ဒန္တဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၉ **ဆုံးမနည်း** (သောဏကဇာတ်၊ သဋ္ဌိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကာမဂုဏ်တို့ဖြင့် မွေ့လျော်နေသူ ဘုရားလောင်း အရိန္ဒမမင်းကို သူငယ်ချင်းဖြစ်ခဲ့သူ ပုရောဟိတ်သား သောဏက အရှင်ပစ္စေကဗုဒ္ဓါ ကဆုံးမစဉ် ဟောပြောခဲ့ခြင်းဖြစ်သည်။

အစဉ်သနားခြင်းရှိသူသည် တခွန်းသောစကားကိုဒင်း၊ ၂ခွန်းသောစကားကိုဒင်း၊ ဆိုဆုံးမရာ၏၊ တိုထက် အလွန် မဆုံးမရာ၊ ဆုံးမသူသည် အရှင်၏အထံ၌ ကျွန်ကဲ့သို့ဖြစ်၏။

၁၀ **ဆွမ်း** ၄ စု

၁။ ဆွမ်းဘောဇဉ်ပေးလှူသူ လှူသောအရာ ၂ စု

၁ - ၁။ ၄မျိုး (သုပ္ပဝါသာသုတ်၊ ပုညာဘိသန္ဒဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အသက်၊ ၂ အဆင်း၊ ၃ ချမ်းသာ၊ ၄ ခွန်အား။

၁ - ၂။ ၅မျိုး (ဘောဇနသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ - ၄ အထက်ပါအတိုင်း၊ ၅ ပညာ။

၂။ ဆွမ်းလှူအကျိုး ၂ ခု

၂ - ၁။ ၅ပါး (သံ ၁။ ဒုတိယပိုင်း၊ ဆင္ဃတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အသက်ရှည်ခြင်း၊ ၂ အဆင်းလှခြင်း၊ ၃ ချမ်းသာကြီးခြင်း၊ ၄ ခွန်အားကြီးခြင်း၊ ၅ ဉာဏ်ကြီးခြင်း။

၂ - ၂။ ထမင်းအဖျော် လှူကျိုး ၁၀ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ - ၅ အထက်ပါအတိုင်း၊ ၆ အခြံအရံများ၊ ၇ ရဲရင့်၊ ၈ တည်ကြည်မှု ရှိခြင်း၊ ၉ ထမင်းရလွယ်၊ ၁၀ အဖျော်ရလွယ်။

၃။ **ဆွမ်းလှူ၍ မွဲသွားသူမရှိ။** (ကုလသုတ်၊ ဂါမဏိသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ရိက္ခာအခက်ကြုံနေသော နာဠန္ဒာမြို့သို့ ဘုရားရှင်နှင့် သံဃာတော်များ ဒေသစာရီ ကြွလာကြ၊ နိဂဏ္ဌဆရာကြီးကခိုင်း၍ တပည့်ဂါမဏိ ဘုရားရှင်ထံလာရောက်၍ 'ဒုဗ္ဘိက္ခအခါဝယ် ဆွမ်းခံစားနေသည်မှာ သတ္တဝါများကို သနားသည်ဆိုလျက် လူတွေ သေကြေပျက်စီးအောင် ဖျက်ဆီးရာမရောက်သလော?' ဟု မေးလျှောက်၏၊ ဘုရားရှင်က "မိမိ၏ထွက်သက်လေ ပြန်မဝင်မီအချိန်လောက်၌ ပြန်ကြည့်ရာ ၉၁ကမ္ဘာအတွင်း၌ ချက်ပြီးထမင်း ပေးလှူသူ တဦးတလေမျှ မွဲသွားသည်မရှိသည်ကို တွေ့သည်။" ဟု မိန့်၏။

၄။ (ဆွမ်း) အကပ်မြောက် အင်္ဂါ ၅ပါး (ဝိနယသံခိပ်အဖြေကျမ်း၊ လယ်တီဆရာတော်ကြီး။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ (ဆွမ်း) ကို ခံယူသူ ရဟန်းအတံသို့ ရှေးရှုဆောင်ခြင်း၊

၂ ပေးသူနှင့် ခံယူသူတို့၏ လက်များကို ကြဉ်ထား၍ ကြွင်းသောကိုယ်အင်္ဂါ တခုခုသည် တဦးနှင့်တဦး ၂တောင့်ထွာ ဟတ္ထပါသ် (၂တောင့်ထွာအတွင်း) ရှိခြင်း၊

၃ ယခုခေတ် အားကောင်းသူတယောက် မြှောက်နိုင်လောက်သော ဝတ္ထုဖြစ်ခြင်း၊

၄ ပေးခြင်း ၃ခု- ၁ကိုယ်ဖြင့် ပေးခြင်း၊ ၂ကိုယ်နှင့်စပ်သော ဇွန်း၊ ယောက်မစသည်ဖြင့် ပေးခြင်း၊ ၃၂တောင့်ထွာအတွင်း ပစ်မြှောက်လိုမှုတွန်း၍ ပေးခြင်း

၅ ခံယူခြင်း ၂ပါး- ၁ကိုယ်ဖြင့် ခံယူခြင်း၊ ၂ကိုယ်နှင့်စပ်သော ခွက်၊ သပိတ်၊ ခုံစသည်ဖြင့် ခံယူခြင်း။

၉

၁။ ဇနီးမောင်နှံ ယခုဘဝ၌လည်း အချင်းချင်းရှုမြင်ကြ၍ တမလွန်ဘဝ၌လည်း ရှုမြင်ကြရရန်

**အကြောင်းတရား ၄ပါး** (ပဌမ သမဇီဝီသုတ်၊ ပုညာဘိသန္ဒဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠ ဘေးမဲ့တော၌ သီတင်းသုံးစဉ် နကုလပိတာ သူကြွယ်နှင့် နကုလမာတာ သူကြွယ်မတို့ ဘုရားရှင်အား ရင်းနှီးကျွမ်းဝင်စွာ ပြောဆိုလျှောက်ထားခြင်းနှင့်စပ်၍ ဘုရားရှင် အောက်ပါတရားတော်ကို ဟောတော်မူ၏။

၁ တူမျှသောသဒ္ဓါ၊ ၂ တူမျှသောစွန့်ကြဲမှု၊ ၃ တူမျှသောသီလ၊ ၄ တူမျှသောပညာ။

၂ ဇရာ ၂မျိုး (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဇရာ= ရင့်ရော်မှု။

၁။ ခဏဇရာ- ထိုထိုဘဝခန္ဓာတို့၏ ဥပါဒ်ခဏဟူသော ဇာတိတရား အချိန်မလပ် ထပ်ခါထပ်ခါ ဖြစ်တိုင်း ဖြစ်တိုင်း ထိုဇာတိ၏နောက်မှ ဌီခဏ ဟူသော ဇရာတရားသည်လည်း နေ့ညမစဲ တသဲသဲ တရွရွ အမြဲ ထပ်ကြပ်ကပ်လျက် လိုက်ပါလာသော ဌီခဏအချိန်ပိုင်းတည်းဟူသော ရင့်ရော်အိုမင်းမှု၊

၂။ သန္တတိဇရာ- အအေးရုပ်သန္တာန်အစဉ်၊ အပူရုပ်သန္တာန်အစဉ် စသည်တို့၏ တချိန်ထက်တချိန် သန္တတိအားဖြင့် ရင့်ရော်အိုမင်းမှု။

ဆံဖြူခြင်း သွားကျိုးခြင်းများသည် မျက်စိဖြင့် သိမြင်အပ်သော- စက္ခုဝိညေယျတရားများ ဖြစ်ကြ၍ ဇရာတရားအစစ် မဟုတ်ကြ။ ဇရာတရား၏ဒဏ်ချက်များသာ ဖြစ်ကြသည်။ ဇရာတရားအစစ်ကား စိတ်ဖြင့်သာ ကြံဆ၍ သိအပ်သော- မနောဝိညေယျတရားများ ဖြစ်ကြသည်။

၃ ဇာတ်တူသားစား၍ ပျက်စီးကြကြောင်း ပုံသက်သေဝတ္ထု ၂ ပုဒ် (မဟာသုတသောမဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁။ ဇာတ်တူသားစား၍ ငါးကြီးအာနန္ဒာ သေရခြင်း။ အာနန္ဒာငါးကြီးသည် ယူဇနာ၅၀၀ရှိ၊ သမုဒ္ဒရာ၌ ကျက်စား၍ ရေမှော်သာစား၊ ငါးများက ငါးကြီးအာနန္ဒာကို မင်းမြှောက်၍ ညဦးအခါခစားကြ၊ တနေ့ ရေမှော် အမှတ်ဖြင့် ငါးတကောင်ကို စားမိ၍ ကိုယ်အလုံးခြောက်ခြား၊ ထိုအခါမှစ၍ ညဦးတိုင်း ငါးထို့အခစားလာတိုင်း နောက်ဆုံးငါးကို စား၊ နောက်ငါးတကောင် စုံစမ်း၍ ငါးများသိကြသော် ပြေးကြ၊ ငါးကြီးသည် အစာငါးကို ရှာရာ တောင်တတောင်ကို ပတ်ရာစဉ် မိမိအမြီးကို ငါးအမှတ်ဖြင့်စား၊ သွေးအနံ့ကြောင့် ငါးတို့ဝိုင်းစားကြ၍ သေ၊ အရိုး တောင်လိုပုံသည်ကို ကောင်းကင်ဖြင့်သွားသော ရသေ့ရဟန်း ပရိဗိုဇ်တို့မြင်၍ ဇမ္ဗူဒိပ်ကျွန်း လူတို့ သိကြ။

၂။ ဇာတ်တူသားစားကြ၍ ဟင်္သာဇသောင်းတို့ ပျက်စီးကြခြင်း။ စိတ္တကုဋ်တောင် ရတနာရွှေဂူ၌ ဇသောင်းသော ဟင်္သာတို့နေကြ၊ မိုး၄လပတ်လုံး အပြင်မထွက်ကြ၊ ထွက်လျှင် ရေပြည့် အတောင်ဖြင့် မပျံနိုင်ပဲ မဟာသမုဒ္ဒရာ၌ကျကြ၊ မိုးကာလနီးသော် ဇာတဿရအိုင်မှ အလိုလိုဖြစ်သောသလေးကိုဆောင်၍ ရွှေဂူကိုဖြည့်၊ ဂူတံခါး၌ ရထားလှည်းဘီးပမာဏရှိသော ပင့်ကူသည် နွားချည်ကြိုးပမာဏရှိသော အမြှေးဖွဲ့၊ တလကို အမြှေးတထပ်ဖွဲ့၊ ထိုအမြှေးကို ဖေါက်ထွက်ရန် ဟင်္သာတို့က တကောင်သောဟင်္သာပျိုအား အစာ၂စု ပေး၊ မိုးကုန်သော် ထိုဟင်္သာပျို ဖေါက်ထွက်သောလမ်းဖြင့် ဟင်္သာများထွက်ကြ၊ တပါးသောကာလ၌ မိုး၅လ ရွာ၊ အစာကုန်၊ အသက်ရှင်လျှင် ဥတို့ကိုရလတ္တံ့ဟု ဥကိုစားကြ၊ ဥကုန်သော် ဟင်္သာငယ်များကို စားကြ၊ နောက်သော် ဟင်္သာအိုများကို စားကြ၊ ဇာတ်တူသားစား၍ အားနည်း၊ မိုးကုန်သော် အစာ၂စုရ ဟင်္သာပျိုသည် အမြှေး၄ထပ်ကိုသာ ဖေါက်နိုင်၊ ပင့်ကူသည် ဦးခေါင်းဖြတ်၍ သွေးသောက်၊ အခြားသောဟင်္သာတို့ ဖေါက် သော်လည်း အမြှေး၌ငြိ၍ ပင့်ကူ၏ ခေါင်းဖြတ် သွေးသောက်ခြင်း ခံရ၊ ဟင်္သာမျိုး ပြတ်၏။

## ည

**၁ ည (ညဦး) စာ မစားခြင်း** / ဆွမ်းတထပ်တည်းစားခြင်း **အကျိုး ၅ပါး** (ကီဋာဂိရိသုတ်၊ ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဘဒ္ဒါလိသုတ်၊ ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ ခု၊ သုတ္တန္တပိဋက)

၁ အနာရောဂါ မရှိခြင်း၊

၂ ဆင်းရဲ မရှိခြင်း၊ / ကြောင့်ကြကင်းခြင်း၊

၃ လျင်စွာ ထနိုင်ခြင်း၊

၄ အားရှိခြင်း၊

၅ ချမ်းသာစွာ နေရခြင်း။

## ဉ

၁ ဉာဏ်အမျိုးအစား ၃မျိုး (နိဒါန်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ဉာဏ်ထက်မြက်သူ- တိက္ခိန္ဒြိယပုဂ္ဂိုလ်၊

၂ ဉာဏ်အလတ်စားရှိသူ- မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်၊

၃ ဉာဏ်နုံ့နေးသူ- မုဒိန္ဒြိယပုဂ္ဂိုလ်။

တ

၁ တကမ္ဗာပတ်လုံးတည်သောအရာ / တန်ခိုး ၄ပါး (နဋ္ဌက- ကျူရိုး၊ ပါ န-ရေသောက်ခြင်း၊ နဋ္ဌကပါနဇာတ်၊ သီလဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ လဥ်ထင်နေသော ယုန်အရေး၊ ၂ ဝဋ္ဋကဇာတ်၊ ကုလာဝကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋကဥ်လာသော ငုံးမင်းသစ္စာပြု၍ တောမီးငြိမ်းရာအရပ်၌ မီးမလောင်ခြင်း၊ ၃ ကဿပဘုရားရှင်၏ ဥပါသကာအလုပ်အကျွေး ဃဋီကာရအိုးထိန်းသည်၏ နေရာအရပ်သည် မိုးမစွတ်ခြင်း၊ ၄ ဤနဋ္ဌကပါ န ဇာတ်လာ ရေကန်ကိုရံ၍ ရောက်ကုန်သောကျူတို့သည် တခုသောအပေါက်ရှိသည်ဖြစ်၏၊ ဘဒ္ဒကပ်တကမ္ဗာလုံး တည်အံ့။

၄ နဋ္ဌကပါနဇာတ်လာ ရေကန်ကိုရံ၍ပေါက်နေသော ကျူရိုးတို့သည် တခုသော အပေါက်သာရှိခြင်း။

ဘုရားရှင် ရဟန်းများနှင့် ဒေသစာရီကြွ၊ ကောသလတိုင်း နဋ္ဌကပါနရွာသို့ရောက်၊ နဋ္ဌကပါ န ရေကန်အနီး ဆပ်သွားတော်၌ သီတင်းသုံး၊ ကမ်းနား၌ပေါက်နေသော ကျူရိုးတို့ကို အကြောင်းပြု၍ဟော၊ ရဟန်းများက သာမဏေများအား အပ်ကျည်(ဘူး)လုပ်ရန် ကျူရိုးများကိုချိုးခိုင်းရာ အဆစ်မပါပဲ အရင်းမှအဖျားအထိ အခေါင်းချည်းဖြစ်နေသည်ကို တွေ့ရ၍ အံ့သြကြ၊ အတိတ်- တိုဆပ်သွားတောနေရာသည် လူသူမနီး တောမြိုင်ကြီးဖြစ်၊ သောက်ရေကန်၌ ရေစောင့်ဘီလူး- အရှင်ဒေဝဒတ်အလောင်းက ဆင်းသူတိုင်းကို ဖမ်းစား၊ အဆင်းခြေရာသာရှိ၊ မျောက် ၈ သောင်းတို့၏ မျောက်မင်း- ဘုရားလောင်းသည် မျောက်များ ရေသောက်စေရန် ပါရမီတော်တို့ကို ဆင်ခြင်၍ သစ္စာပြုကာ ကျူရိုးကိုနှုတ်သီးဖြင့်မှုတ်ရာ အဆစ်မရှိပဲ အစမှအဆုံးထိ အခေါင်းဖြစ်သွား၊ တိုအချိန်မှစ၍ ထိုရေကန်ပတ်လည်ရှိ ကျူရိုးတို့ အပေါက်တပေါက်တည်း ယခုအထိ ဖြစ်နေ၏။

၂ **တဏှာ** __၃ ၈__

__၁။ တဏှာ ၃ပါး__ (မဟာသတိပဋ္ဌာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ကာမတဏှာ- ကာမဘုံ၌ တပ်မက်ခြင်း၊

၂ ဘဝတဏှာ- ရူပ၊ အရူပဘုံတို့၌ တပ်မက်ခြင်း၊

၃ ဝိဘဝ တဏှာ- ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်ခြင်း။

__၂။ တဏှာမူလက - တဏှာအကြောင်းရင်းရှိသော တရား ၉ပါး__ (ဒသုတ္တရသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ ခု၊ သုတ္တန္တပိဋက။ မဟာနိဒါနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ ခု၊ သုတ္တန္တပိဋက။ တဏှာမူလကသုတ်၊ သတ္တာဝါသဝဂ်၊ နဝကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ပယ်အပ်သော တပ်မက်ခြင်းတဏှာကိုစွဲ၍ ရှာမှီးခြင်း ဖြစ်၊

၂ ရှာမှီးခြင်းကိုစွဲ၍ ရခြင်း ဖြစ်၊

၃ ရခြင်းကို စွဲ၍ ကြံစည်ဆုံးဖြတ်ခြင်း ဖြစ်၊

၄ ကြံစည်ဆုံးဖြတ်ခြင်းကိုစွဲ၍ လိုချင်စုံမက်ခြင်း - ဆန္ဒရာဂ ဖြစ်၊

၅ လိုချင်စုံမက်ခြင်းကိုစွဲ၍ အလွန်အားကြီးသော စွဲမက်ခြင်းရာဂ ဖြစ်၊

၆ ရာဂကိုစွဲ၍ သိမ်းဆည်းခြင်း ဖြစ်၊

၇ သိမ်းဆည်းခြင်းကို စွဲ၍ ဝန်တိုခြင်း ဖြစ်၊

၈ ဝန်တိုခြင်းကိုစွဲ၍ စောင့်ရှောက်ခြင်း ဖြစ်၊

၉ စောင့်ရှောက်ခြင်းကိုစွဲ၍ (တုတ်ဓါးလက်နက် ကိုင်ခြင်း၊ ငြင်းခုံခိုက်ရန် ဖြစ်ခြင်း၊ ဆန့်ကျင်ဖက်ပြောခြင်း၊ ဂုံးတိုက်ခြင်း၊ မမှန်သည်ကို ဆိုခြင်း) စသော များစွာသော ယုတ်မာသော အကုသိုလ်တရားများဖြစ်။

၃။ တဏှာ / စိတ်၏အင်္ဂါ ၃ပါး (တဏှာသုတ်၊ အဒ္ဓဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ တဏှာသည် လောကကို ဆောင်၏၊

၂ တဏှာသည် လောကကို ဆွဲငင်၏၊

၃အလုံးစုံသောတရားတို့သည်သာလျှင် တဏှာဟုဆိုအပ်သော တခုသောတရား၏ အလိုသို့ အစဉ်လိုက်ရ၏။

(စိတ်၏ အင်္ဂါ ၃ပါး) - ကိုလည်း ကြည့်ပါ။ တူပါ၏။

၃ တရားတပဒ်သာ အမြဲဟောသော ရဟန္တာများ ၂ ခု

၁။ တရားတပဒ်သာ အမြဲဟောသော သာမဏေ (ဝနဝါသီတိဿသာမဏေရဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿာမိဘိဝံသ)

အတိတ်။ သာမဏေသည် ရှေးဘဝက အရှင်သာရိပုတ္တရာ၏ ခမည်းတော် ဝင်္ဂန္တပုဏ္ဏားကြီး၏ အဆွေခင်ပွန်း မဟာသေနပုဏ္ဏားကြီးဖြစ်၊ ဆင်းရဲနေ၍ အရှင်သာရိပုတ္တရာက ချီးမြှောက်လိုသဖြင့် ဆွမ်းရပ်၊ လောင်းစရာမရှိ၍ ပုန်းနေ၊ နောက်ရက်များ၌လည်း ပုန်း၊ တခါသော် ပုဏ္ဏားတို့၏ပူဇော်ပွဲမှ ရလာသော ပုဆိုးကြမ်းတထည်နှင့် နို့ဃနာကို မတေရ်က တဝက်လောင်းမိလျှင်ပင် သပိတ်ကိုဖုံးလိုက်သော်လည်း "တပည့်တော်အား နောင်တမလွန်ဘဝအတွက်ပါ ချီးမြှောက်ပါဘုရား။" ဟု လျှောက်ပြီး အကုန်လောင်းလှူ၍ "အရှင်ဘုရားတို့ သိမြင်သောတရားကို ဘုရားတပည့်တော်လည်း သိမြင်ရပါလို၏။" ဟုဆုတောင်း။

ထိုဘဝမှကွယ်လွန်ပြီးနောက် ယခုဘဝတွင် အရှင်သာရိပုတ္တရာကို ကြည်ညိုသောအိမ်၌ ပဋိသန္ဓေနေ၊ မထေရ်နှင့်သံဃာတော်တို့အား နို့ဃနာဆွမ်းလှူလိုသော ချင်ခြင်းဖြစ်၊ သားဖွားမင်္ဂလာ အမည်ပေး မင်္ဂလာနေ့များ၌လည်း နို့ဃနာဆွမ်းလှူဒါန်း၊ 'တိဿ' ဟု အရှင်သာရိပုတ္တရာ၏ ငယ်နာမည်ပေး၊ တသိန်းတန် ကမ္ဗလာထည်ကို သူငယ်၏လက်ဖြင့် အရှင်သာရိပုတ္တရာအားလှူ။

၇နှစ်အရွယ်ရောက်သော် အရှင်သာရိပုတ္တရာထံတွင် ရှင်ပြု၊ ဆွမ်းခံကြွရာ ရှေးဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုများ၏အကျိုးကြောင့် သာဝတ္ထိမြို့သားများသည် ဆွမ်းဘောဇဉ်အမျိုးမျိုး လှူဖွယ်အမျိုးမျိုးတို့ကို ကျောင်းတိုက်အနီးတွင်ပါ လာလှူဒါန်းကြ၊ ဆောင်းတွင်း၌ ချမ်း၍ မီးလှုံနေကြသော သံဃာတော်များအတွက် မြို့တွင်းသို့ အနွေးကမ္ဗလာများ အလှူခံကြွရာ တနေ့တည်း ကမ္ဗလာတထောင်ရ။

ဇေတဝန်ကျောင်းတော်၌ရှိစဉ် ဆွေမျိုးများနှင့် လှူဒါန်းသူများ များပြားသဖြင့် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်း၍ တောရကျောင်း၌နေရာ ဝါတွင်း၃လ တတိယလတွင် ရဟန္တာဖြစ်၊ တရားဟောတိုင်း တရားဟောတိုင်း "**သုခိတာ ဟောထ၊ ဒုက္ခာမုစ္စထ- ချမ်းသာကြပါစေ၊ ဆင်းရဲအပေါင်းမှ ကင်းကြပါစေ။**" ဟုသာဟော။

ဝါကျွတ်သောအခါ အဂ္ဂသာဝက၂ပါးနှင့် သံဃာတော်များကြွလာ၊ ညတရားကို အရှင်သာရိပုတ္တရာက မည်သို့ချမ်းသာ၍ မည်သို့ဆင်းရဲအပေါင်းမှ ကင်းကြောင်းဟောရန် စေခိုင်း၍ သာမဏေဟောရာ နိကာယ်၅ရပ် ပိဋကတ်၃ပုံမှ တရားအဖုံဖုံထုတ်ဆောင်၍ဟော၊ ပရိသတ် ၂ပိုင်းကွဲ၊ ဤသို့ ပြည့်ပြည့်စုံစုံ တခါမှမနာရဘူးဟု မကျေမနပ်ဖြစ်သူများနှင့် ငါတို့သည် တရားတော်ကို ကျွမ်းကျင်ပြည့်စုံစွာ ဟောတတ်သောသာမဏေကိုရသည်မှာ အရတော်စွဟု ဝမ်းမြောက်သူများဟူ၍ ဖြစ်ကြ၊ ဘုရားရှင်သည် သာမဏေကို မကျေမနပ်သူများ အပါယ်မလားစေရန်နှင့် ကျေနပ်သူများ ပိုမိုကြည်ညိုလာကြစေရန် ကြွလာပြီး "ဒါယကာတို့ သင်တို့ အရတော်စွ၊ ဤသာမဏေကို အမှီပြုလျက် ငါဘုရားနှင့် အဂ္ဂသာဝက၂ပါးကိုလည်း ဖူးတွေ့ခွင့်ရသည်။" ဟုမိန့်ပြီး ဓမ္မပဒလာ ဂါထာတော် -

"လာဘ်ရကြောင်းအကျင့်နှင့် နိဗ္ဗာန်ရကြောင်းအကျင့်သည် အလွန်ဝေးကွာခြားနား၏။ ဤသည်ကိုသိ၍ ဘုရားတပည့်သား ရဟန်းသည် လာဘ်ပူဇော်သကာကို မတောင့်တရာ။ တကိုယ်တည်းနေခြင်း တည်းဟူသော ကာယဝိဝေက၊ သမာပတ် ၈ပါးတည်းဟူသော စိတ္တဝိဝေကနှင့် နိဗ္ဗာန်တည်းဟူသော ဥပဓိဝိဝေကတို့ကို အစဉ်ပွားစေရာ၏။" ကို ဟောတော်မူ၏။

<u>၂။ တရားဉဒါန်းဂါထာ တပုဒ်သာ အမြဲဟောသော ရဟန္တာမထေရ်</u> (ဧကူဒါနရဟန္တာမထေရ်ဝတ္ထု၊ ဓမ္မဋ္ဌကထာ၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဧကူဒါနရဟန္တာမထေရ်ဝတ္ထု၊ ဓမ္မဋ္ဌကထာ၊ ဓမ္မပဒပါဠိတော်၊ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဤရဟန္တာအရှင်မြတ်သည် တောအုပ်တခု၌ သီတင်းသုံးနေ၊ တရားဥဒါန်းဂါထာတပုဒ်ကို အမြဲရွတ်ဆိုလေ့ရှိ၍ ဧကုဒါနမထေရ်ဟု တွင်၊ ဥပုသ်နေ့တိုင်း၌လည်း နတ်များကို ပင့်ဖိတ်ပြီး ထိုဂါထာ -

| |
|---|
| "အဓိစေတသော အပ္ပမဇ္ဇတော၊ မုနိမော မောနပထေသု သိက္ခတော။<br>သောကာ န ဘဝန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတိမတော။" |

အဓိစေတသော- အလွန်မြတ်သော အရဟတ္တဖိုလ်စိတ် ရှိထသော၊ အပ္ပမဇ္ဇတော- မမေ့မလျော့ အပြစ်ကင်းသောတရားတို့ကို အားထုတ်လေ့ရှိသော၊ မောနပထေသု- အရဟတ္တမဂ်ဉာဏ်၏ အကြောင်း သိက္ခာသုံးပါးတို့၌၊ သိက္ခတော- ကျင့်ပြီးထသော၊

တာဒိနော- တာဒိဂုဏ်နှင့် ပြည့်စုံထသော၊ ဥပသန္တဿ- ရာဂစသည်တို့၏ငြိမ်းခြင်းဖြင့် ငြိမ်းပြီးထသော၊ သဒါ - အခါခပ်သိမ်း၊ သတိမတော- သတိနှင့် ပြည့်စုံထသော၊ မုနိနော- ရဟန္တာအား(ဝ) ရဟန္တာ၏ကိုယ်တွင်း၌၊ သောကာ- ဉာတိဗျသနစသည်ကြောင့် ဖြစ်သော စိုးရိမ်ခြင်းတို့သည်၊ န ဘဝန္တိ- မဖြစ်ကုန်။ - ကိုပင် ရွတ်ဆိုဟောကြား၏။

ထိုတောအုပ်ရှိနတ်ထို့ သောသောညံ့မျှ လိုက်လိုက်လှဲလှဲ သာဓုခေါ်လေ့ရှိကြ၊ တနေ့ ပိဋကတ် ၃ပုံဆောင် ရဟန်း ၂ပါး အခြံအရံတို့နှင့် ရောက်လာ၊ တောအုပ်နေ အရှင်မြတ်က ဤအကြောင်းကို ပြောပြ၍ တရားဟောစေ၊ တပါးက တရားဟောကာ တပါးက အနက်အဓိပ္ပါယ် ချဲ့ထွင်ဟောပြ၊ သာဓုခေါ်သံ မကြားကြရ၊ ထိုအခါ မထေရ်က ရွတ်ဆိုနေကျဥဒါန်းဂါထာကို ရွတ်ဆိုဟောကြားရာ နတ်တို့ သာဓုခေါ်ကြ၊ သာဝတ္ထိပြည်ရှိ ဘုရားရှင်ကို လျှောက်ထားရာ ဘုရားရှင်သည် အောက်ပါဓမ္မပဒဂါထာကိုဟောရာ များစွာသောသူတို့ သောတာပန် ဖြစ်ကြသည်။

"များစွာတရား ဟောကာမျှဖြင့် တရားဆောင်သူ မဖြစ်။ တရားစကား အနည်းငယ်မျှပင် ကြားနာရ၍ ဒုက္ခ စသည့် သစ္စာ၄တန် တရားမှန်တို ကိုယ်တိုင်သိကာ တိုသစ္စာ ၄ပါး မြတ်တရားကို မမေ့မလျော့သူသာလျှင် တရားဆောင်သူအစစ် ဖြစ်သည်။"

**၄ တရားနာ / တရားဟော** <u>**၄ စု**</u>

<u>၁။</u> **တရားနာခြင်းအကျိုး ၅ပါး** (ဓမ္မဿဝနသုတ်၊ ကိမိလဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မကြားဘူးသည်ကို ကြားနာရ၏၊

၂ ကြားဘူးသည်ကို ဖြူစင်စေ၏၊

၃ ယုံမှားမှုကို ကူးမြောက်နိုင်၏၊

၄ အယူကို ဖြောင့်မတ်စွာပြုနိုင်၏၊

၅ ထိုသူ၏စိတ်သည် ကြည်လင်၏။

၂။ တရားနာပုဂ္ဂိုလ် ၃မျိုး (အဝကုဇ္ဇ- မှောက်ထားသော၊ အဝကုဇ္ဇသုတ်၊ ပုဂ္ဂလဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပုဂ္ဂလပညတ်ပါဠိတော်၊ ခု၊ အဘိ)

၁ အဝကုဇ္ဇပညပုဂ္ဂိုလ်- မှောက်ထားသောအိုးနှင့် တူသောသူ၊ ကျောင်းသို့မပြတ်သွား၊ တရားတော်ကို နာစဉ်ငင်း၊ ထသော်ငင်း၊ စလယ်ဆုံး နှလုံးမသွင်း၊

၂ ဥစ္ဆင်္ဂပညပုဂ္ဂိုလ်- ခါးပိုက်နှင့်တူသောသူ၊ ယောက်ျား၏ပုဆိုး ခါးပိုက်အတွင်း၌ နှမ်းဆန်ကတွတ်မုံ့ ဆီးသီးခဲဖွယ်များ ရောပြွမ်းလျက်ရှိ၊ နေရာမှထသော် သတိမေ့လျော့ခြင်းကြောင့် ထိုခဲဖွယ်တို့ကို ဖရိုဖရဲ ကြဲလိုက်သကဲ့သို့ ကျောင်းသို့မပြတ်သွား၊ တရားနာစဉ် စလယ်ဆုံး နှလုံးသွင်းသော်လည်း ထသော်မသွင်း၊

၃ ပုထုပညပုဂ္ဂိုလ်- ကြီးကျယ်သောပညာရှိသူ၊ ကျောင်းသို့မပြတ်သွား၊ တရားနာစဉ်ငင်း၊ ထသော်ငင်း၊ စလယ်ဆုံး အလုံးစုံနှလုံးသွင်း၊ သဒ္ဓါပုဒ်ဗျည်း ဆောင်၊ မြတ်သောအကြံအစည် ရှိ၊ ယုံမှား ကင်းသောစိတ်ရှိ၊ လောကုတ္တရာအားလျော်စွာ ကျင့်၊ ဝဋ်ဆင်းရဲ အဆုံးပြု။

၃။ တရားဟောခန်းမ၌ စုဝေးကြသူတို့ ပြုရမည့်ကိစ္စ ၂ပါး (နန္ဒကသုတ်၊ သမ္မောဓိဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တရားနှင့်စပ်သောစကား ပြောခြင်း၊

၂ အပြစ်မရှိသော ဆိတ်ဆိတ်နေခြင်း။

၄။ တရားဟောသူအပေါ် ကြည်ညိုမှု ၄မျိုး (အံ ၄။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

(လူ - အနက်မှ - လူ နတ်တို့ ဘုရား ရဟန္တာ သံဃာတော်တို့အား ကြည်ညိုကြပုံ ၄မျိုး) - ကို ကြည့်ပါ။

၅ တရားအမျိုးအစား ၉ပါး (အပ္ပဿုတသုတ်၊ ဘဏ္ဍာဂါမဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မူလပဏ္ဏာသပါဠိတော်။ မူလပဏ္ဏာသ ၄)

ဘုရားရှင်ဟောသော တရားတော်အမျိုးအစားများ ဖြစ်သည်။

၁ သုတ်- ဘုရားရှင်ဟော၍ သုတ်အမည်ရသောတရား၊ ၂ ဂေယျ- ဂါထာစုဏ္ဏိယ ရော၍ဟောသော တရား၊ ၃ ဝေယျာကရိုဏ်း- ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြင့်ဟောသော တရား၊ ၄ ဂါထာ- ဂါထာသက်သက်ဖြင့်ဟောသောတရား၊ ၅ ဥဒါန်း- ဝမ်းမြောက်ကြည်နူး၍ ရင့်ကျူးတော်မူအပ်သော ဂါထာ၈၂ပါး ပါဝင်သောတရား၊ ၆ ဣတိဝုတ်- ဤသည့်တရားကို ဘုရားမြတ်စွာသည် ဟောကြားပါ၏ဟု ညွှန်းပြသည့် တရား၊ ၇ ဇာတ်- ၅၅၀ သော တရား၊ ၈ အဗ္ဘုတဓမ္မ- အံ့ဖွယ်ချီးကျူး မဖြစ်ဘူးမြဲ ထူးကဲဖြစ်ပေါ် ဟောကြားတော်မူသောတရား၊ ၉ ဝေဒလ္လ- ပညာဟူသောဝေဒ နှစ်သက်ခြင်း တုဋ္ဌိရရှိသောအခါတိုင်း မေးကြား ဟောကြားတော်မူသောတရား။

၆ တိရစ္ဆာနကထာ ၂၈

၁။ ၂၈ပါး (ပေါဋ္ဌပါဒသုတ်၊ သီလက္ခန်ပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ မဟာဝဂ္ဂသံယုတ်ပါဠိတော်။ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

(မဂ်ဖိုလ် - အနက်မှ - မဂ်ဖိုလ်မှ ဖီလာစကား ၂၈ မျိုး) - ကို ကြည့်ပါ။

၂။ ၃၂ပါး (တေရသကဏ်ဋီကာ၊ သဟဓမ္မိကဝဂ်အဖွင့်။ ဂူကုန်းဝိဝါဒဝိနိစ္ဆယဒီပနီကျမ်း ၁၊ ဂူကုန်း ဆရာတော်ကြီး)

မဂ်ဖိုလ်မှ ဖီလာကန့်လန့်စကားဟူသမျှသည် တိရစ္ဆာနကထာချည်းမည်၏၊ ဥပမာအားဖြင့် ရာဇက ထံ- မင်းနှင့်စပ်သောစကား၊ စောရကထံ- ခိုးသူနှင့်စပ်သောစကား စသည်တို့ဖြစ်၏။

အကျယ်ကို အညွှန်းပါ မြန်မာပြန်ကျမ်းများတွင် ကြည့်ပါ။

၇ တူသည်မရှိသော တရား ၄ပါး (နတ္ထိပုတ္တသမသုတ်၊ နန္ဒဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ မိမိကိုယ်ကိုချစ်ခင်မှုနှင့်တူသော ချစ်ခင်မှုမျိုးမရှိ၊ ၂ စပါးဟူသောဥစ္စာနှင့်တူသော ဥစ္စာမျိုး သည်မရှိ၊ ၃ ပညာ၏အရောင်နှင့်တူသော အရောင်မျိုးသည်မရှိ၊ ၄ မိုးရေထက် လွန်ကဲသောအိုင်သည် မရှိ။

၈ တေဇောဓါတ် (အဇ္ဈတ္တ) ၄ပါး (ဓာတုဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ သန္တပ္ပနတေဇော- တက်ဖျားကျဖျား / ဖျားနာစေသော အပူဓါတ်၊ ၂ ဇီရဏတေဇော- အိုမင်း ရင့်ရော်စေသောအပူဓါတ်၊ ၃ ဒဟတေဇော - ကယောင်ကတမ်း မြည်တမ်းမူးမေ့စေသော / ပြင်းတန်သော အပူဓါတ်၊ ၄ ပါစကတေဇော- အစာချေသောအပူဓါတ်။

၉ တေမိမင်းသားအား ဆွံ့၊ အ၊ ပင်းသည် ဟုတ်မဟုတ် စမ်းသပ်ပုံ ၁၈နည်း (တေမိယဇာတ်၊ ဇာတက ပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

၁ နို့ချိုအေးတိုက်ချိန် မတိုက်၊ ၂ ကလေး၅၀၀နှင့် မုန့်ခဲဘွယ် ပွဲကြီးပွဲငယ်များနှင့် အလောင်းတော်ကိုထား၊ ၃ သစ်သီး၊ ၄ ကစားစရာ၊ ၅ ဘောဇဉ်ထမင်း၊ ၆ တဲကြီးဆောက်ပြီး ကလေးများနှင့် အလောင်းတော်ကို ထားပြီး တဲကိုမီးရှို့၊ ၇ ဆင်၊ ၈ မြွေ၊ ၉ ပွဲ၊ ၁၀ ဓါး။

၁၁ ခရုသင်းမှုတ်ခြင်း၊ ၁၂ စည်ကြီးသံ၊ ၁၃ အမှောင်ထဲထားပြီး ရုတ်တရက် ဆီမီးများပြခြင်း၊ ၁၄ ထင်လဲရေနှင့် သုတ်ထားခြင်း၊ ၁၅ အညစ်အကြေး- မျက်နှာသစ်မပေး၊ ရေချိုးမပေး၊ ကျင်ကြီးကျင်ငယ် မသုတ်သင်ပေး၊ ၁၆ မီးကျီးခဲ၊ ၁၇ ကချေသည်၊ ၁၈ မင်းအဖြစ် ၇ရက်။

၁၀ တောဆိုသည်မှာ- အဘိဓမ္မာအလို (ဈာနဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

(ရွာ) တံခါးခုံမှထွက်သော် ပြင်ပအရပ်အားလုံးသည် တောမည်၏။

၁၁ တံတားလှူကျိုး ၂ စု

၁။ တံတားလှူကျိုး ၅ပါး (တေရီဂါထာ ဋ္ဌ။ ထေရီအပဒါနပါဠိတော်။ ဗုဒ္ဓဘာသာမှတ်စု၊ ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဘုရားဖြူကျောင်းတိုက်)

၁ ကမ်းပါး၊ သစ်ပင်၊ တောင်ထိပ်မှကျလည်း ဘေးကင်း၊ ၂ သူခိုး၊ မင်းဘေးမှ ကင်းဝေး၊ ၃ ဘေးရန်ကို အောင်နိုင်၊ ၄ လျှင်မြန်သောဆင်မြင်း ရ၊ ၅ ယာဉ်များ ရ။

၂။ အကျိုး ၁၁ပါး (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသာနာရေးဦးစီး)

၁ ချောက်ကမ်းပါး၊ တောင်၊ သစ်ပင်များမှကျသော်လည်း ထောက်တည်ရာတခုခု ရနိုင်ခြင်း၊ ၂ စုတေသော် သုဂတိဘဝရခြင်း၊ ၃ ရန်သူတို့ မနိုပ်စက်နိုင်၊ ၄ ခိုးသူတို့ မနိုပ်စက်နိုင်၊ ၅ မင်းတို့ မထီမဲ့မြင် မအောက်မေ့ခြင်း၊ ၆ ရန်သူတို့ကို လွန်မြောက်နိုင်၊ ၇ လွင်တီးခေါင်၌ နေစေကာမူ နေပူကြမ်းမနိုပ်စက်နိုင်၊ ၈ နတ်ပြည်၊ လူ့ပြည်တို့၌ လိုလားရာအခါ၌ ဆင်ယာဉ်ပေါ်လာခြင်း၊ ၉ လေကဲ့သို့ လျင်မြန်သော သိန္ဓောမြင်းတထောင် နေ့ညဥ့်ချဉ်းကပ်လာခြင်း၊ ၁၀ ဆင်ပျံရတနာဖြင့် ကောင်းကင်၌ သွားနိုင်ခြင်း၊ **၁၁** ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုရခြင်း။

၁၂ **တံမြက်လှည်းခြင်း ၃ စု**

၁။ တံမြက်လှည်းခြင်းကြောင့် မဖြစ်သောရောဂါ ၇မျိုး (သင်္ကဿမ္မဇ္ဇကတ္ထေရအပဒါန်၊ သင်္ကဿမ္မဇ္ဇကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ နူနာ၊ ၂ အိုင်းအမာ၊ ၃ ဝဲကြီးနာ၊ ၄ ဝက်ရူးနာ၊ ၅ ဝဲနာ၊ ၆ ယားနာ၊ ၇ ပွေးနာ။

၂။ **တံမြက်လှည်းခြင်းအကျိုး ၃ စု**

၂/၁။ ၅ပါး (ပဉ္စကဝါရ၊ ကေုတ္တရိကနယ၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

၁ မိမိစိတ်သည် ကြည်လင်၏၊ ၂ သူတပါးစိတ်သည် ကြည်လင်၏၊ ၃ နတ်တို့ နှစ်သက်သောစိတ်ရှိ၏၊ ၄ ကြည်ညိုခြင်းကိုဖြစ်စေသော ကောင်းမှုကုသိုလ်ကံကို ဆည်းပူး၏၊ ၅ သေသည်မှနောက် နတ်ပြည်ရောက်၏။

၂/၂။ တနည်း ၅ပါး (အထက်ပါ ကျမ်းညွှန်းအတိုင်း)။ ၁ ၂ ၃ အထက်ပါအတိုင်း၊ ၄ မြတ်စွာဘုရား၏ သာသနာတော်ကို ပြုအပ်သည်ဖြစ်၏၊ ၅ နောင်လာနောက်သား လူအပေါင်းတို့သည် ဒိဋ္ဌာနုဂတိမြင်ရသော အပြုအမူကို အတုလိုက်ခြင်းသို့ အတုလိုက်၏။

၂/၃။ ၆ပါး (သင်္ကဿမ္မဇ္ဇကတ္ထေရအပဒါန်၊ သင်္ကဿမ္မဇ္ဇကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ စိတ်သည် အခါခပ်သိမ်းစင်ကြယ်၊ ၂ စိုးရိမ်သောက မရှိ၊ ၃ မတုန်လှုပ်၊ ၄ သမာဓိနှင့် ပြည့်စုံ၊

၅ ရာဂ ဒေါသ မောဟဖြစ်ဖွယ်အာရုံ၌ မနစ်သက်၊ အမျက်မထွက်၊ မတွေဝေ- ရာဂဒေါသမောဟ မဖြစ်၊
၆ နူနာ၊ အိုင်းအမာ၊ ဝဲကြီးနာ၊ ဝက်ရူးနာ၊ ဝဲနာ၊ ယားနာ၊ ပွေးနာ မရှိ။

၃။ တံမြက်လှည်းပစ္စည်းစသည်ဖြင့် ပေးလှူခြင်း- **သမုဒ္ဒက**၏မွန်မြတ်ပုံ (မစ္ဆရိသုတ်၊ သတုလ္လပကာယိကဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် နတ်သား၄ပါးလာ၍ လျှောက်၊

၁နတ်သား- ဝန်တိုမှု- မစ္ဆရိယ၊ မေ့လျော့မှု- ပမာဒကြောင့် အလှူကို မပေးလှူ၊ ကောင်းမှုလိုသူတို့ ပေးလှူသင့်၊

၂နတ်သား- ဝန်တိုမှုရှိသူသည် ဆာလောင်မွတ်သိပ်မှုမှ ကြောက်၏၊ ၎င်းဆာလောင်မွတ်သိပ်မှုသည် ဤပစ္စုပ္ပန်လောက၌၎င်း တမလွန်လောက၌၎င်း ထိုသူမိုက်ကိုပင်တွေ့ထိ၏၊ မစ္ဆေရကို ပယ်ဖျောက်လျက် ပေးလှူရာ၏၊

၃နတ်သား- အနည်းငယ်မျှသောပေးလှူဖွယ်၌သော်လည်း ခွဲခြမ်းဝေဖန်၍ ပေးလှူရာ၏၊

၄နတ်သား- လှူသူ သူတော်ကောင်းတို့သည် နတ်ပြည်သို့လား၏၊ သူယုတ်တို့သည် ငရဲပြည်သို့ ရောက်၏။

တို့နောက် ဘုရားရှင် ဤသို့ ဟောတော်မူ၏။ အချို့သောသူတို့သည် မသင့်သော ကံ၃ပါး- ကာယဝစီ မနောကံ ၃ပါး၌ တည်ကုန်လျက် ထောင်းထုပုတ်ခတ် သတ်ဖြတ်၍၎င်း၊ ပူဆွေးစေ၍၎င်း ပေးလှူကုန်၏၊ ထိုအလှူသည် မျက်ရည်ပြည့်သောမျက်နှာ ရှိသည်ဖြစ်၍ ဒဏ်နှင့်တကွဖြစ်သော ထိုအလှူ - (ယောက်ျား တဦးလျှင် အသပြာ တထောင်တန် ပူဇော်မှုရှိ၍ ယောက်ျားတသိန်းတို့၏ ၁ဂကုဋေသောအလှူ) သည် သင့်သောအကြောင်းအားဖြင့် ပေးလှူသောအလှူ - (သားမယားကို လုပ်ကျွေးမွေးမြူသော၊ အနည်းငယ်မျှ သော ပေးလှူဖွယ်၌သော်လည်း ခွဲခြမ်းဝေဖန်ကာ ပေးလှူသော၊ ကုသိုလ်ကမ္မပထတရားကို ကျင့်သောသူ၏ **သမုဒ္ဒကအလှူ** - တံမြက်လှည်းပစ္စည်းဖြင့် ပေးလှူခြင်း၊ ကောက်နယ် တလင်းစသည်ကို သုတ်သင်ခြင်း၊ ကောက်ရိုးကို ထုရိုက်နင်းနယ်ခြင်း စသည်ဖြင့် ရသောပစ္စည်းကို ပေးလှူသောအလှူ) ၏ အစိတ်၁ဂဂ စိတ်၍ တစိတ်သော အဘိုးမျှကို လည်း မမှီ။

၁၃ တင့်တယ်ခြင်း ၅ပါး / **"ဒိဝါ တပတိ အာဒိစ္စော"** ဂါထာ (အာနန္ဒတ္ထေရဝတ္ထု၊ ဗြာဟ္မဏဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဝတ္ထုအကျဉ်း။ သီတင်းကျွတ် ပဝါရဏာနေ့တွင် မင်းမြောက်တန်ဆာ ၅ပါးဆင်၍ ကောသလမင်းကြီးသည် ဘုရားရှင်ကို ဖူးမြော်ရန် ပုဗ္ဗာရုံကျောင်းသို့ ရောက်လာ၊ ကာဠုဒါယီမထေရ်သည် တင့်ထယ်သော ကိုယ်ရောင် ကိုယ်ဝါဖြင့် ပရိသတ်စွန်၌ ဈာန်ဝင်စားနေ၊ နေမင်းသည် ဝင်စ၊ လမင်းသည် ထွက်ပြူစ၊ ၎င်းနောက်

အရှင်အာနန္ဒာသည် ဘုရားရှင်ကိုဖူးမြော်ရာ ဘုရားရှင်၏ရောင်တော်သည် ထိုအရောင်အားလုံးကို လွှမ်းမိုး လျက် အတင့်တယ်ဆုံး ဖြစ်နေသည်ကို ဘုရားရှင်အားလျှောက်ရာတွင် ဟောသောဒေသနာ-

> "ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာ ဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။"

၁ နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏၊

၂ လမင်းသည် ညဥ့်အခါ၌သာ တင့်တယ်၏၊

၃ မင်းသည် မင်းမြောက်တန်ဆာ ဆင်မှသာလျှင် တင့်တယ်၏၊

၄ ရဟန္တာသည် ဈာန်ဝင်စားမှသာလျှင် တင့်တယ်၏၊

၅ မြတ်စွာဘုရားသည်သာ တန်ခိုးတော်ဖြင့် အလုံးစုံသောနေ့ညဥ့်ပတ်လုံး တင့်တယ်၏။

<u>ထွန်းလင်းတောက်ပသူ ၅ဦး</u> (မဟာကပ္ပိနသုတ်၊ ဘိက္ခုသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) တွင်လည်း အထက်ပါ ၅ဦးကိုပင် 'နေမင်းသည် နေ့အခါ၌သာ ထွန်းလင်းတောက်ပ၏၊ ......' စသည်ဖြင့် ဘုရားရှင် ဟောတော်မူ၏။

၁၄ တည်ခြင်း၅ပါးဖြင့် **ရှိခိုးရာ၌ တည်ရမည့်အင်္ဂါ / ထိခြင်း ၅ပါး** (ပါရမီဒီပနီ။ သုခမှတ်စု၊ သုခ။ သုတေသန သရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

ရှိခိုးဦးချသည့်မြေပြင် သို့မဟုတ် ကြမ်းပြင်၌ ၁ - ၂ လက်၂ဘက်၊ ၃ - ၄ ဒူး၂ဘက်၊ ၅ နဖူးတည် ရမည်။

၁၅ တိတ္ထိ ၂၉

<u>၁။ တိတ္ထိကြီး ၆ဦး</u> (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ ခု၊ သုတ္တန္တပိဋက။ သီလက္ခန် ဋ္ဌ။ ဝိနည်း သာရတ္ထဒီပနီဋီကာ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပူရဏကဿပ၊ အမည်ရင်းပူရဏ- ရာပြည့်ကျွန်- တရာမြောက် မွေးဖွားလာသောကျွန်၊ အနွယ် ကဿပ၊ ၂ မက္ခလိဂေါသာလ၊ အမည်ရင်း မက္ခလိ၊ ဂေါသာလရွာ <u>တနည်း</u> မိုးအခါ နွားအုပ်လှောင်ရာဇရပ်၌ မွေးဖွား၍ ဂေါသာလဟုခေါ်၊ ၃ အဇိတကေသကမ္ဗလ၊ အမည်ရင်း အဇိတ၊ လူဆံပင်ဖြင့်ရက်သော ကမ္ဗလာ အဝတ်ကို ဝတ်ဆင်၍ ကေသကမ္ဗလဟုခေါ်၊ ၄ ပကုဓကစ္စာယန၊ အမည်ရင်း ပကုဓ၊ အနွယ် ကစ္စာယန၊ ၅ သဉ္စယဗေလဋ္ဌပုတ္တ၊ အမည်ရင်း သဉ္စယ၊ ဗေလဋ္ဌ၏သား ဖြစ်၊ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာ မောဂ္ဂလာန်တို့ ပရိဗိုဇ်ဖြစ်စဉ်က ဆရာဖြစ်၊ ၆ နိဂဏ္ဌနာဋပုတ္တ၊ ဖခင် နာဋ၏သားဖြစ်၊ ထုံးဖွဲ့နှောက်ယှက် တတ်သောကိလေသာ မရှိ၊ ကိလေသာတည်းဟူသော အထုံးအဖွဲ့ အနှောက်အယှက်မှ ကင်းစင်သူများ ဖြစ်ကြသည်ဟု ထင်ရာမြင်ရာ အယူဝါဒ ပြောဆိုလေ့ရှိသဖြင့် နိဂဏ္ဌဟု တွင်၏။

၂၂။ တိတ္ထိတို့၏အယူမှား ပေါက်ဖွားရာ အကြောင်း ၃ပါး (ခုဒ္ဒကဝတ္ထုဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ပုဗ္ဗကမ္မဝါဒ- ထိုခံစားမှုအားလုံးသည် ရှေးကပြုဘူးသော အကြောင်းကံကြောင့်သာလျှင် ဖြစ်၏၊

၂ ဣဿရနိမ္မာနဝါဒ- လောကကိုအစိုးရသည့် ပြဟ္မာကြီး ဖန်ဆင်းမှု / ဖန်ဆင်းရှင်ဝါဒ၊

၃ အဟေတုကဝါဒ- အကြောင်းမရှိပဲ အထောက်အပံ့မရှိပဲ ဖြစ်၏။

၁၆ တန်ခိုးပြာဋိဟာ ၃ပါး (ကေဝဋ္ဋသုတ်၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ သင်္ဂါရဝသုတ်၊ ဗြာဟ္မဏဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ရတနစင်္ကမနကဏ္ဍ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဣဒ္ဓိပါဋိဟာရိယ- တန်ခိုးပြခြင်း ပြာဋိဟာ၊ တယောက်တည်းဖြစ်လျက် အများဖြစ်ခြင်း စသည်ဖြင့် တန်ခိုးပြခြင်း၊

၂ အာဒေသနာပါဋိဟာရိယ- သူတပါးစိတ်အကြံအစည်ကို သိ၍ ဟောပြောခြင်းပြာဋိဟာ၊

၃ အနုသာသနီပါဋိဟာရိယ- ဆုံးမခြင်းပြာဋိဟာ၊ ထိုထိုပုဂ္ဂိုလ်တို့၏ အလိုအားလျော်စွာ ဆိုဆုံးမခြင်း။

၁၇ တမ္ဗဒါဌိက ခိုးသူ သူသတ်သမား (တမ္ဗဒါဌိကစောရ- သူခိုး၊ ဃာတက- သတ်ခြင်း၊ တမ္ဗဒါဌိကစောရဃာတကဝတ္ထု၊ သဟဿဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

<u>အကျဉ်း</u>။ တမ္ဗဒါဌိကအပါ ခိုးသူ ၅၀၀ကို မြို့သူမြို့သားများနှင့် မင်းချင်းယောက်ျားတို့ ပူးပေါင်း၍ ဖမ်းမိ၊ သတ်စေအမိန့်ကျသောအခါ ၎င်းတို့ကိုသတ်ပေးသူအား အသက်ကိုချမ်းသာပေးမည်ဆိုသော်လည်း ခေါင်းဆောင်အပါအဝင် မည်သူမျှ သတ်မည့်သူမရှိစဉ် တမ္ဗဒါဌိကက တာဝန်ယူ၊ ထိုမှစ၍ နေ့စဉ် ဖမ်းမိသောခိုးသူတို့ကို ၅၅နှစ်တိုင် သတ်ရ၊ အသက်ကြီးသော် တချက်တည်းဖြင့် လည်မပြတ်တော့သဖြင့် အနားပေးခံရ၊ ရေချိုး နံ့သာလိမ်း မုလေးပန်းပန် အဝတ်သစ်ဝတ်ဆင်ကာ ထောပတ်အသစ်ဖြင့်ချက်သော နို့ဃနာကို စားရန်ပြင်စဉ် အရှင်သာရိပုတ္တရာကြွလာ၊ နို့ဃနာဆွမ်းကို ဆက်ကပ်၊ တရားဟောသော် ၅၅နှစ်တိုင် ပြုခဲ့သော မကောင်းမှုများကို အမှတ်ရနေ၍ တရား၌ စိတ်မဝင်စားနိုင်၊ မထေရ်က တရားတော်၌ စိတ်ဝင်စားလာစေရန်နှင့် စိတ်ကြည်လင်လာစေရန် “သင်သည် ထိုသူများကို ကိုယ့်ဆန္ဒနှင့်ကိုယ် သတ်ခဲ့သလော?၊ အမိန့်အရ စေခိုင်း၍ သတ်ခဲ့ရသလော?” ဟုမေး၊ စေ၍သတ်ရပါကြောင်း လျှောက်သော် “စေခိုင်း၍ သတ်ခဲ့ရလျှင် အကုသိုလ်ဖြစ်နိုင်မည်လော?” ဟုမေး၊ ပညာနံ့သော သဘောရှိရကား မိမိ၌ အကုသိုလ် မဖြစ်နိုင်ဟု မှတ်လျက် ဝမ်းသာသွား၊ ကြည်နူးဝမ်းသာစွာဖြင့် တရားနာ၊ အနုလောမခန္တီဉာဏ်- သောတာပတ္တိမဂ်ဉာဏ်၏ ရှေ့၌ဖြစ်သောဉာဏ်ဖြစ်ပေါ်လာ။

မထေရ်အား အတန်ငယ်လိုက်ပို့၍အပြန် ဘီလူးမက ဒွါးမဟန်ဆောင်၍ ဝှေ့သတ်သဖြင့် သေ၊ ရဟန်းများက ဘုရားရှင်အားလျှောက်ကြရာ "သူသတ်တာဝန် ထမ်းဆောင်ရလည်း အရှင်သာရိပုတ္တရာကဲ့သို့ မိတ်ဆွေကောင်းကိုရ၍ တရားနာရသဖြင့် အနုလောမဉာဏ်ရကာ ယခုအခါ တုသိတာနတ်ဘုံသို့ ကပ်ရောက်ရပြီ။" ဟု ဟောကြားတော်မူ၏။

ထ

၁ ထေရီထေရာဂါထာများ ရွတ်ဆိုကြသည့်အကြောင်း ၃ပါး (နိဒါန်း၊ ထေရဂါထာပါဠိတော် မြန်မာပြန်)

ရဟန္တာဖြစ်တော်မူကြကုန်သော မထေရ်မြတ်ကြီးများနှင့် ထေရီအရှင်မကြီးများသည် -

၁ ဝမ်းမြောက်၍ ဥဒါန်းကျူးရင့်ခြင်း၊ ၂ မေးမြန်းသည်ကို ပြန်လည်ဖြေကြားခြင်း၊ ၃ ပရိနိဗ္ဗာန်ပြုခါနီးအခါ၌ သာသနာတော်၏ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း- နိယျာနိကကို ထင်ရှားစေလိုခြင်းတို့ကြောင့် ဥဒါန်းကျူးရင့်ရွတ်ဆိုကြကုန်၏။

၂ ထင်ရှားကြောင်း အရာ ၄ခု (ရထသုတ်၊ ဆေတ္တာဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ရတား၏ ထင်ရှားကြောင်းသည် တံခွန်၊ ၂ မီး၏ ထင်ရှားကြောင်းသည် အခိုး၊ ၃ တိုင်းနိုင်ငံ၏ ထင်ရှားကြောင်းသည် မင်း၊ ၄ မိန်းမ၏ ထင်ရှားကြောင်းသည် လင်ယောက်ျားတည်း။

ဒ

၁ ဒါ န (သာရတ္ထ။ ဒီ ဋ္ဌ။ အဘိ ဋ္ဌ။ ဒီ ဋီ။ မ ဋီ။ အံ ဋီ။ ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) - ခေါင်းစဉ် **၁၄ ခု** ဖြင့် ဖော်ပြပါသည်။

**၁။ ဒါ န ဟူသည်**

၁ အလှူခံပုဂ္ဂိုလ်၏ အစီးအပွားကို အလိုရှိခြင်း၊ ၂ ပူဇော်သောအားဖြင့် မိမိပစ္စည်းဝတ္ထုကို အလှူခံပုဂ္ဂိုလ်တို့အား စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဖြစ်၏။

<u>သုတ္တန်အလို</u> ဒါ န ၁၀မျိုး / **ဒါန၀တ္ထု ၁၀ ပါး**- ၁ စားဖွယ် / ထမင်းဆွမ်း- အန္နဒါန၊ ၂ သောက်ဖွယ် / အဖျော်- ပါ နဒါ န၊ ၃ အ၀တ်အထည် / သင်္ကန်း- ၀တ္ထ ဒါ န၊ ၄ ယာဉ်- ယာနဒါန၊ ၅ ပန်း- မာလာ ဒါ န၊ ၆ နံ့သာ- ဂန္ဓဒါန၊ ၇ လိမ်းစရာ / နံ့သာပျောင်း- ဝိလေပနဒါန၊ ၈ ညောင်စောင်းအင်ပျဉ်အိပ်ရာ နေရာ- သေယျဒါန၊ ၉ အဆောက်အဦ / ကျောင်း- အာဝါသထဒါန၊ **၁၀** မီးထွန်းရန်ဆီ / ဆီမီး- ပဒီပေယျဒါန။ (သဗ္ဗပါလဇာတ်၊ စတ္တာလီသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဒါနမဟပ္ဖလသုတ်၊ မဟာယညဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)။

<u>ဝိနည်းအလို</u> ဒါ န ၄မျိုး- ၁ သင်္ကန်း၊ ၂ ဆွမ်း၊ ၃ ကျောင်း၊ **၄** ဆေး။

<u>အဘိဓမ္မာအလို</u> ဒါနဖမျိုး- ၁ ရူပဒါန၊ ၂ သဒ္ဒဒါန၊ ၃ ဂန္ဓဒါန၊ ၄ ရသဒါ န၊ ၅ ဖောဋ္ဌဗ္ဗဒါန၊ **၆** <u>ဓမ္မဒါန</u>။

<u>ဓမ္မဒါန ၃ပါး</u> (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ သုတ္တသင်္ဂဟ ဋ္ဌ။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း၊ ဂူကုန်းဆရာတော်ကြီးအရှင်တိဿ)

၁ <u>တရားဟောခြင်း ဓမ္မဒါန</u>

၂ <u>အဘိဓမ္မာအလို ဓမ္မဒါန</u> - အဘိဓမ္မာအလို အာရုံ ၆ပါးထွင်ပါသော <u>ဓမ္မာရုံကို ပေးလှူသောဒါန</u> ဖြစ်သည်။ ထို<u>ဓမ္မာရုံ</u>မှာလည်း ၁ ပသာဒရုပ် ၅ခု၊ ၂ သုခုမရုပ် ၁၆ခု၊ ၃ စိတ် ၈၉ခု၊ ၄ စေတသိက် ၅၂ခု၊ ၅ နိဗ္ဗာန်၊ **၆** ပညတ်ဟူ၍ <u>သဘာဝဓမ္မ</u> ၆စုရှိသည်။

(ဓါတုဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ) အလိုအရ ဓမ္မာရုံ ၅ပါး - ၁ ဝေဒနက္ခန္ဓာ၊ ၂ သညာက္ခန္ဓာ၊ ၃ သင်္ခါရက္ခန္ဓာ၊ ၄ သုခုမရုပ်၊ **၅** နိဗ္ဗာန်။

ဓမ္မာရမဏာံ= ဓမ္မာရုံအလှူ- <u>ဓမ္မအာရုံ</u> အလှူ၊ ၃ပါးရှိ။

၁ ဩဇာရှိသော ထောပတ်၊ ဆီ၊ ပျားသကာစသည် လှူခြင်း၊

၂ [၁]သပြေ၊ [၂]သရက်၊ [၃]မုဒရက်၊ [၄]ဖက်သက်၊ [၅]သစ်မည်စည်၊ [၆]အိမ်ငှက်ပျော၊ [၇]တောငှက်ပျော၊ [၈]ကြာစွယ်စသည်တို့မှဖြစ်သော၊ မွန်းလွဲအခါ ရဟန်းတော်များကို ဆက်ကပ်နိုင်သော၊ ၈မျိုးသော အဖျော်ရည်ကို ပေးလှူခြင်း၊

၃ သတ္တဝါတို့၏အသက်တို တားမြစ်စေခြင်းငှါ စည်မောင်းခတ်ခြင်း၊ ဘေးမဲ့ပေးခြင်း၊ သူနာတို့၏ အတောက်အပံ့ဖြစ်သော ဆေးဝါးတို့ကို စုဖေါ်၍ ပေးလှူခြင်း။ မျက်စိမှုန်သူ ကြည့်အောင်ပြုပေးခြင်း၊ နားထိုင်းသူ ကြားအောင် ပြုပေးခြင်း၊ ဇီဝိတဒါန အလှူတို့သည် ဤဓမ္မာရုံအလှူမျိုးဖြစ်သည်။

**၃** <u>ရတနာ ၃ပါးတွင်ပါသော</u> <u>ဓမ္မဒါ န</u>- ၎င်းကား တရားဆောင် ပိဋကတ်ဆောင်ရဟန်းအား ကိန်းဝပ်နေသော တရားကို ရည်မှန်း၍လှူခြင်း ဖြစ်သည်။

**၂။ ဒါနအမျိုးမျိုး အစားစား** ၁၀ စု (ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) အကျဉ်းမျှသာ၊ ဥပမာတခုစီ ဖော်ပြပါသည်။ အကျယ်ကို အညွှန်းပါ ကျမ်းများ၌ ကြည့်ပါ။

၁ ၂ပါးတွဲ ဒါနစု ၂၃ခု၊ (အာမိသ / ပစ္စယဒါန- ဝတ္ထုပစ္စည်းအလှူနှင့် ဓမ္မဒါန- တရားအလှူ)

၂ ၃ပါးတွဲ ဒါနစု ၅ခု၊ (ဣဏာပယောဇနဒါန- သားသမီးတို့အားကျွေးမွေးခြင်း ကြွေးသစ်ချဒါန၊ ဣဏာမောက္ခဒါန- မိဖအိုများကိုကျွေးမွေးခြင်း ကြွေးဟောင်းဆပ်ဒါန၊ နိဓိဒါန- ရဟန်းပုဏ္ဏားများကို လှူဒါန်းခြင်းရွှေအိုးမြှုပ်ဒါန)

၃ ၄ပါးတွဲ ဒါနစု ၂ခု၊ (ဝိနည်းတော်အရ အလှူ ၄ပါး)

၄ ၅ပါးတွဲ ဒါနစု ၆ခု၊ (မဟာဒါနကြီး ၅ပါးဖြစ်သော ၅ပါးသီလ)

၅ ၆ပါးတွဲ ဒါနစု ၂ခု၊ (အဘိဓမ္မာနည်းအရ အလှူ ၆ပါး)

၆ ၇ပါးတွဲ ဒါနစု ၁ခု၊ (သံဃိကဒါ နှ၇ပါး)

၇ ၈ပါးတွဲ ဒါ န ၄ခု၊ (အလှူ ၈မျိုး)

၈ ၉ပါးတွဲ ဒါ န ၁ခု၊ (အဓမ္မိကဒါန ၉ပါး)

၉ ၁၀ပါးတွဲ ဒါ န ၂ခု၊ (သုတ္တန်နည်းအရ အလှူ ၁၀ပါး)

**၁၀** ၁၄ပါးတွဲ ဒါ န ၁ခု၊ (အလှူခံပုဂ္ဂိုလ် တကျိပ်လေး)

**၃။ ဒါနများ ၇ စု** (ဒါ န ဦးရေအလိုက် စဉ်ထားသည်။)

၁။ ဒါ န ၃မျိုး (နိမိဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး ဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

၁ ဒါ နဒါ သ- ကျေးကျွန်များကိုပေးသကဲ့သို့ မဝတ်ချင်မစားချင်တာလှူ၊ ၂ ဒါ န သဟာယ- မိမိနှင့်တန်းတူ မိတ်ဆွေများကို ပေးကျွေးသကဲ့သို့လှူ၊ **၃** ဒါနသာမိ - မိမိထက် ကြီးမြူးသောပုဂ္ဂိုလ်များကို လှူသကဲ့သို့ ပိုမို၍လှူဒါန်း ဝတ်ပြု။

၂။ ကာလဒါန ၅မျိုး (ကာလဒါနသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဧည့်သည်အာဂန္တုက၊ ၂ ခရီးသည်၊ ၃ လူနာ၊ ၄ ငတ်မွတ်ခေါင်းပါးသောအခါ၊ **၅** ကောက်ဦး၊ သစ်သီးဦးတို့ကို သီလရှိသူတို့အား ရှေးဦးစွာ ပေးလှူခြင်း။

၃။ မဟာဒါနကြီး ၅ပါး (အဘိသန္ဒ- အကျိုး၊ အဘိသန္ဒသုတ်၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

**မဟာဒါနကြီး ၅ပါးဖြစ်သော ၅ပါးသီလ** ဖြစ်သည်။ (နတ်ပြည်ရောက်ကြောင်း - အနက်မှ - နတ်ပြည် ရောက်ကြောင်း ကုသိုလ်အထု ကောင်းမှုအယဉ် ၈ပါး) - ကိုလည်း ကြည့်ပါ။

၄။ သပ္ပုရိသဒါန ၂ စု

၁။ **သပ္ပုရိသဒါန**- သူတော်ကောင်းတို့ ပေးလှူခြင်း ၅မျိုးနှင့် **အကျိုးများ** (သပ္ပုရိသဒါနသုတ်၊ တိကင်္ဂုတ္တရာဋီကာ၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

| ဒါန | အကျိုး |
|---|---|
| ၁ သဒ္ဓါဒါန- အလှူ၏အကျိုးကို ယုံကြည်စွာဖြင့်လှူ၊ | ၁ကြွယ်ဝချမ်းသာ၍ လွန်ကဲသော အဆင်းနှင့် ပြည့်စုံ၊ |
| ၂ သက္ကစ္စဒါန- ရိုသေစွာလှူ၊ | ၂ သား သမီး မယား အမှုလုပ်တို့ စကားနာယူနားထောင်ကြ၊ |
| ၃ ကာလဒါန- လျောက်ပတ်သော အခါလှူ၊ | ၃လိုအပ်သောအချိန်ဝယ် လိုအပ်သော များပြားသောအကျိုးအရာရာတို့ ရောက်လာ၊ |
| ၄ အနုဂ္ဂဟဒါန- မကပ်ငြိပဲလှူ၊ | ၄ မြတ်ကုန်သော ကာမဂုဏ် ၅ပါးတို့၌ သုံးဆောင်ရန် စိတ်ညွတ်၏၊ |
| ၅ အနုပဟစ္စဒါန- မထိမပါးပဲလှူ၊ | ၅ရန်သူမျိုး ၅ပါးတို့ကြောင့် ဥစ္စာပျက်စီးခြင်း မဖြစ်။ |

၂။ သပ္ပုရိသဒါန ၈မျိုး - (အောက်၌လာသော ဒါန ၈မျိုး) - တွင် ကြည့်ပါ။

၅။ ဒါန၆မျိုး၏ **အဓိကအကျိုးတခုစီ ၆မျိုး** (ကိဒဒသုတ်၊ အာဒိတ္တဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာ ဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ဆွမ်းကိုလှူသူသည် ခွန်အားကို လှူသည်မည်၏၊

၂ အဝတ်သင်္ကန်းကိုလှူသူသည် အဆင်းကို လှူသည် မည်၏၊

၃ ယာဉ်ကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်၏၊

၄ ဆီမီးကိုလှူသူသည် မျက်စိကို ပေးလှူသည် မည်၏၊

၅ နေရာ၊ ကျောင်းစသည်ကို ပေးလှူသူသည် အလုံးစုံကို ပေးလှူသည် မည်၏၊

၆ တရားကို ပြသဟောပြောသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည် မည်၏။

၆။ **အမြဲ ကောင်းမှု တိုးပွားစေသော အလှူ ၆ပါး** (ဝနရောပ- ဥယျာဉ်စိုက်သည်၊ ဝနရောပသုတ်၊ အာဒိတ္တဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်စိုက်ခြင်း၊ ၂ တောသစ်ပင် / နားခိုစရာ အရိပ်ရအပင်စိုက်ခြင်း၊ ၃ လမ်း၊ တံတားခင်းခြင်း၊ ၄ ရေအိုးစင်ပြုလုပ်လှူဒါန်းခြင်း၊ ၅ ရေတွင်း၊ ရေကန်တူး၍ လှူခြင်း၊ ၆ ဇရပ်၊ တန်ဆောင်း နေရာကျောင်း လှူဒါန်းခြင်း။

ထိုအလှူရှင်တို့သည် နေ့ရောညဥ့်ပါ အခါခပ်သိမ်း ကောင်းမှုတိုးပွား၏။ တိုသူတို့သည် တရား၌တည်၏။ အလေ့အတစာရိတ္တနှင့် ပြည့်စုံ၏။ နတ်ပြည်သို့ ရောက်၏။

<u>၇။ ဒါ န ၈မျိုး</u> <u>ဥ စ</u>

<u>၁။ (ပဌမဒါနသုတ်</u>၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋကာ။ သံဂီတိသုတ်၊ သုတ်ပါတိကာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ရောက်လာ၍၊ ၂ ကြောက်သောကြောင့်၊ ၃ ပေးဘူး၍လှူ၊ ၄ ပေးလိမ့်မည်ဟုလှူ၊ ၅ ပေးလှူမှုသည် ကောင်း၏ဟုလှူ/ သူတော်ကောင်းတို့ ချီးမွမ်းကြ၍၊ ၆ ချက်ပြုတ်စားသောက်သူသည် မချက်မပြုတ်သူကို ပေးလှူသင့်၏ဟုလှူ / မပေးလှူပဲ မထိုက်ဟုလှူ၊ ၇ အလှူပေးပါက ကျော်စောသံပြန့်မည်ဟုလှူ / ကျော်စောသတင်း အလိုရှိ၍လှူ၊ ၈ သမထ ဝိပဿနာစိတ်၏ အဆင်တန်ဆာ အခြံအရံအလို့ငှါလှူ- အမှတ် ၈ အလှူသည် အမြတ်ဆုံး။

<u>၂။ (ဒါနဝတ္ထုသုတ်</u>၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ချစ်မြတ်နိုး၍လှူ၊ ၂ အမျက်ထွက်၍လှူ၊ ၃ မိုက်မဲတွေဝေ၍လှူ၊ ၄ ကြောက်၍လှူ၊ ၅ အမျိုးအနွယ် အစဉ်အဆက်အရလှူ၊ ၆ နတ်ပြည်ရောက်ကြောင်းလှူ၊ ၇ စိတ်ကြည်လင်လို၍လှူ၊ ၈ သမထဝိပဿနာစိတ်၏ အဆင်တန်ဆာ အခြံအရံအလို့ငှါလှူ- အမှတ်၈ အလှူသည် အမြတ်ဆုံး။

<u>၃။ သူတော်ကောင်းတို့ ပေးလှူခြင်း- သပ္ပုရိသဒါန ၈မျိုး</u> (သပ္ပုရိသဒါနသုတ်၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သုစိဒါန- သန့်ရှင်းစင်ကြယ်သော လှူဖွယ်ဝတ္ထု၊ ၂ ပဏီတဒါန- မွန်မြတ်သော အလှူဝတ္ထု၊ ၃ ကာလဒါန- သင့်လျော်လျောက်ပတ်သောအခါ၊ ၄ ကပ္ပိယဒါန- အပ်သော လှူဖွယ်ဝတ္ထု၊ ၅ ဝိစေယျဒါန- အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုတို့ကို ရွေးချယ်စိစစ်၍လှူခြင်း၊ ၆ အဘိဏှဒါန- မပြတ်ပေးလှူ၊ ၇ စိတ္တပသာဒဒါ န- ပေးလှူသော်စိတ်ကို ကြည်လင်စေ၏၊ ၈ အတ္တမနဒါန- ပေးလှူပြီးနောက် နှစ်သက်သောစိတ်ရှိ၏။

အပြန်= အသပ္ပုရိသဒါန ၈ပါး။

**၄။ ဒါနကို ဟန့်တားတတ်သောတရား**- ဒါနဝိနိဗဒ္ဓ <u>ဥ စ</u>

<u>၁။ တရား ၄ပါး</u> (ဒုတိယပိုင်း၊ ပဌမထွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ရှေးက ဒါနမှု၌ အလေ့အလာ မရှိခဲ့ခြင်း၊ ၂ ကိုယ်ပိုင်ဝတ္ထုက နည်းပါးနေခြင်း၊ ၃ ကိုယ်ပိုင်ဝတ္ထုက မလှူရက်နိုင်လောက်အောင် ကောင်းမွန်နေခြင်း၊ ၄ ကိုယ်ပိုင်ဝတ္ထုများ ကုန်သွားမည်ကို ကြံစည်စိုးရွံ့ခြင်း။

၂။ တရား ၆ပါး (ဒီ ဋ္ဌီ။ သီ ဋ္ဌီသစ်။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ လောဘ၊ ၂ ဒေါသ၊ ၃ မောဟ၊ ၄ ဣဿာ- ငြူစူမှု၊ ၅ မစ္ဆရိယ၊ ၆ မာန။

၃။ တရား ၇ပါး (သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ - ၆ အထက်ပါအတိုင်း၊ ၇ ပမာဒ- မေ့လျော့မှု။

**၅။ ဒါနနှင့် ပရိစ္စာဂတို့၏ မှတ်ရန်အချက်** ၅ချက် (ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

| ဒါ န | ပရိစ္စာဂ |
|---|---|
| ၁ သုတ္တန်အလို ဒါနဝတ္ထု ၁၀ပါး၊ | ၁ ကြွင်းသော ပစ္စည်းဝတ္ထုများ။ |
| ၂ သံသရာအကျိုးကို မြော်၍ပြု၊ | ၂ပစ္စုပ္ပန်အကျိုးကိုမြော်၍ပြု (သူရဲကောင်းအမှုထမ်းတို့အား ဆုလာဘ်ပေးခြင်း)။ |
| ၃ မိမိပိုင်ပစ္စည်းကို သူတပါးအား လွှဲအပ်မှု၊ | ၃မိမိသိမ်းပိုက်လိုသော စိတ်သဘောကို ပယ်ရှားလိုက်လျှင် စွန့်ပစ်သည်ဖြစ်၏။ |
| ၄ မြင့်မြတ်သော အလှူခံတို့အား ပေးကမ်းမှု၊ | ၄နိမ့်ကျသောအလှူခံဖုန်းတောင်း ယာစကာတို့အား ပေးကမ်းမှုကို စွန့်ကြသည်ဟုခေါ်သည်။ |

၅ တူသောအချက်ကား [၁]ပါရမီ ၁၀ပါးတွင် ဒါနပါရမီ၌ စာဂပါဝင်ပြီးဖြစ်သည်၊
[၂]သူတော်ကောင်းဥစ္စာ ၇ပါးတွင် စာဂ၌ ဒါနအဝင်အပါဖြစ်သည်။
[၃]ပရိစ္စာဂ- စွန့်ခြင်းကြီး ၅ပါးတွင်လည်း ဒါနအဝင်အပါဖြစ်သည်။

**၆။ ဒါနပြုပုံ ၄မျိုးနှင့် အကျိုးပေးပုံများ** (ဒေဝဒတ္တဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ ကိုယ်တိုင်လှူ၍ သူတပါးအား လှူရန်မတိုက်တွန်း- စည်းစိမ်နှင့်ပြည့်စုံပြီး အခြံအရံမဲ့၊

၂ ကိုယ်တိုင်မလှူပဲ သူတပါးအားတိုက်တွန်း- စည်းစိမ်နှင့်မပြည့်စုံပဲ အခြံအရံနှင့်ပြည့်စုံ၊

၃ ကိုယ်တိုင်လည်းလှူ သူတပါးအားလည်း တိုက်တွန်း- စည်းစိမ်ရော အခြံအရံပါပြည့်စုံ၊

၄ ကိုယ်တိုင်လည်းမလှူ သူတပါးအားလည်း မတိုက်တွန်း- စည်းစိမ်ရော အခြံအရံပါမဲ့။

**၇။ ဒါနပြုသူနှင့် မပြုသူတို့ နတ်၊ လူ၊ ရဟန်းဖြစ်သောအခါတိုင်း ခြားနားချက်** ၅ချက်စီ (သုမနသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ အံ ဋ္ဌ)

နတ်နှင့် လူဖြစ်သောအခါ- ၁ အာယု- အသက်၊ ၂ ဝဏ္ဏ- အဆင်း၊ ၃ သုခ- ချမ်းသာ၊ ၄ ယသ- အခြံအရံ

အကျော်အစော၊ ၅ အာဓိပတေယျ- အစိုးရခြင်းတို့ ဒါနပြုသူက သာလွန်၏။

ရဟန်းဖြစ်သောအခါ- အလှူခံတော်မူပါဟု တောင်းပန်ခံရသည်ဖြစ်၍သာလျှင် ၁ သင်္ကန်း၊ ၂ ဆွမ်း၊ ၃ ကျောင်း၊ ၄ ဆေးတို့ကို သုံးဆောင်ရ၏၊ မတောင်းပန်ခံရပဲ သုံးဆောင်ရသည်က နည်း၏၊ ၅ အတူနေ သီတင်းသုံးဖော်တို့က နှစ်ခြိုက်ဖွယ် ကိုယ်နှုတ်စိတ်အမူအရာတို့ဖြင့်သာ ပြောဆိုဆက်ဆံကြ၏၊ ပြုကြ၏၊ ထိုသို့သော သီတင်းသုံးဖော်တို့နှင့်သာ အတူတကွနေတိုင်ရ၏။

ရဟန္တာဖြစ်သောအခါ၌မူ ကိလေသာမှလွတ်မြောက်မှု အရဟတ္တဖိုလ်ကို အနည်းငယ်မျှပင် မခြားနား၊ ခြားနား၏ဟု ငါဘုရားမဟော။

**၈။ ဒါနပြုသည်ကို တားမြစ်သူပြုသော အန္တရာယ် ၃မျိုး** (ဝဋ္ဋဂေါတ္တသုတ်၊ ဗြာဟ္မဏဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အလှူဒါယကာ၏ ကောင်းမှုအန္တရာယ်၊ ၂ အလှူခံပုဂ္ဂိုလ်၏ လာဘ်အန္တရာယ်၊ ၃ မိမိကိုယ်ကို တူးဖြိုဖျက်ဆီးသည်။

**၉။** ဒါနမပြုသူတို့ / မလှူသူတို့ ရသောအကျိုး (မစ္ဆရီသုတ်၊ သံ၊ သုတ္တန္တပိဋက)

**ဆင်းရဲမည်၊ ငတ်မည်ကြောက်၍ မလှူက နောင်တွင် ထိုအရာထို့ မိမိထံ ရောက်လာကြ၏။**

**၁၀။ ဒါနအကျိုး ကြီးမားစေကြောင်း ၂ စု**

၁။ အင်္ဂါ ၄ပါး - ဒါ န အာနုဘော်ကြီးကြောင်း၊ [၁]ဒက္ခိဏာဝိသုဒ္ဓိ ၄ပါး (အင္ဂုသာလိနီ ဌ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)၊

[၂]ဒါ န၏ သမ္ပဒါ ၄ပါး (ဓမ္မပဒ ဌ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)၊

[၃]ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေး/ပြည့်စုံခြင်း အင်္ဂါ ၄ချက် (သုခသာမဏေရဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

၁ အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထကာမျှဖြစ်သော အနာဂါမ်ပုဂ္ဂိုလ် သို့မဟုတ် ရဟန္တာ တပါးပါးဖြစ်ခြင်းသည် ဝတ္ထု၏ ပြည့်စုံခြင်း၊

၂ နိရောဓသမာပတ်မှ ထသောအဖြစ်သည် ဂုဏ်လွန်ကဲခြင်း၏ ပြည့်စုံခြင်း၊

၃ လှူဖွယ်ပစ္စည်းသည် တရားသဖြင့်ရသော ဓမ္မိယလဒ္ဓပစ္စည်းဖြစ်ခြင်းသည် ပစ္စည်း၏ ပြည့်စုံခြင်း၊

၄ မလှူမီ၊ လှူဆဲ၊ လှူပြီး အခါတို့၌ ဝမ်းမြောက်ဝမ်းသာ ဉာဏ်နှင့်ယှဉ်သော သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် / စေတနာ ၃တန် ညီညွတ်သည့်အဖြစ်သည် စေတနာ၏ပြည့်စုံခြင်း။

၂။ အင်္ဂါ ၆ပါး (ဒါနသုတ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝေဠုကဏ္ဍကီမြို့တွင် အနာဂါမ်တည်အရိယာဖြစ်သောနန္ဒမာတာဥပါသိကာမသည် အရှင်သာရိပုတ္တရာနှင့်အရှင်မဟာမောဂ္ဂလ္လာန် အဂ္ဂသာဝက၂ပါး အမှူးပြုသော သံဃာတော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းနေသည်ကို ဒိဗ္ဗစက္ခုဖြင့်မြင် တော်မူ၍ ဤတရားတော်ကို ဟောတော်မူ၏။

အလှူဒါယကာဘက်မှ အင်္ဂါ ၃ပါး။ ၁ မလှူမီ ကြိုတင်ဝမ်းမြောက်ခြင်း၊ ၂ လှူဆဲ၌ စိတ်စေတနာ ကောင်းစွာ ကြည်လင်ခြင်း၊ ၃ လှူပြီးနောက် နှစ်သက်ဝမ်းမြောက်သောစိတ် ရှိခြင်း။

အလှူခံပုဂ္ဂိုလ်ဘက်မှ အင်္ဂါ ၃ပါး။ ၁/၄ ရာဂကင်းပြီးသူဖြစ်ခြင်း သို့မဟုတ် ကင်းရန် ကျင့်ကြံအား ထုတ်နေသူ ဖြစ်ခြင်း၊ ၂/၅ ဒေါသကင်းပြီးသူ ဖြစ်ခြင်း သို့မဟုတ် ကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ် ခြင်း၊ ၃/၆ မောဟကင်းပြီးသူ ဖြစ်ခြင်း သို့မဟုတ် ကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း။

**၁၁။ ဒါနအလှူအကျိုး ၃ စု**

၁။ ၅ပါး (သီဟသေနာပတိသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

မျက်မှောက်အကျိုးကို သီဟစစ်သူကြီးကမေး၍ ဘုရားရှင်ဖြေ

၁ လူများချစ်ခင်မြတ်နိုးကြ၏၊ ၂ ငြိမ်သက်သော စိတ်နှလုံးရှိကြသည့် သူတော်ကောင်းတို့ ချဉ်း ကပ်ကြ၏၊ ၃ ကောင်းသောကျော်စောသံ ပြန့်နှံ့၏၊ ၄ ပရိသတ်၄ပါး ဖြစ်သောမင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်း ပရိသတ်တို့သို့ မျက်နှာရွှင်ပျရဲဝင့်စွာ ချဉ်းကပ်ရ၏၊ ၅ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ကောင်း သောလားရာနတ်ပြည်သို့ ရောက်၏။

၂။ ၇ပါး (အံ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ငြိမ်သက်သောစိတ်ရှိကြသော သူတော်ကောင်း/ ရဟန္တာအရှင်မြတ်တို့ အချီးအမြှောက်ကို ရှေးဦးစွာ ခံယူရရှိခြင်း၊ ၂ ရဟန္တာအရှင်မြတ်တို့ ရှေးဦးစွာ ချဉ်းကပ်ခံရခြင်း၊ ၃ လှူဖွယ်ဝတ္ထုကို ရှေးဦးစွာ လှူဒါန်းခွင့်ရခြင်း၊ ၄ တရားတော်ကို ရှေးဦးစွာ နာယူခွင့်ရခြင်း၊ ၅ - ၇ အတက်ပါ ၃ - ၅ အတိုင်း။

၃။ ၈ပါး (ဒါနူပပတ္တိ- အလှူကြောင့်ရမည့် ဘဝပဋိသန္ဓေအကျိုး) (ဒါနဝတ္ထုသုတ်၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ လူ့ပြည်၌ ကြွယ်ဝချမ်းသာသူများကိုမြင်၍ ဆုတောင်း၊ အလှူပေး၊ သီလနှင့်ပြည့်စုံက သေပြီး နောက် လူချမ်းသာဖြစ်ရခြင်း၊ ၂ စတုမဟာရာဇ်နတ် (ဖြစ်လို၍ ဆုတောင်း၊ အလှူပေး၊ သီလနှင့်ပြည့်စုံက သေပြီးသော် ထိုနတ်ပြည်သို့ ရောက်)၊ ၃ တာဝတိံသာနတ် (...)၊ ၄ ယာမာနတ် (...)၊ ၅ တုသိတာနတ် (...)၊ ၆ နိမ္မာနရတိ နတ် (...)၊ ၇ ပရနိမ္မိတဝသဝတ္တီနတ် (...)၊ ၈ ဗြဟ္မာဖြစ်လို၍ ဆုတောင်း၊ အလှူပေး၊ သီလနှင့် ပြည့်စုံ၊ စိတ်နူးညံ့၊ ဗြဟ္မဝိဟာရတရားပွားများ၊ သေပြီးသော် ဗြဟ္မာ့ပြည်သို့ရောက်။

**၁၂။ ဒါ န-လှူဒါန်းဝေဖန်ခြင်း၏ အကျိုးကို ငါဘုရားသိသကဲ့သို့ သတ္တဝါတို့ သိကြကုန်မူ မပေးလှူပဲ မစားကုန်ရာ။** (ဒါနသုတ်၊ တတိယဝဂ်၊ ဧကကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ဆက်လက်ဟောတော်မူသည်တို့ကို ခုဇ္ဇုတ္တရာအရှင်မသည် ကောသမ္ဗီပြည် နန်းတော်တွင်း၌ သာမာဝတီမိဖုယားခေါင်ကြီး အမှူးပြုသော မောင်းမ ၅၀၀တို့အား တဖန် ဟောပြောသည်။

မစ္ဆရိယ- ဝန်တိုမှု၊ ဣဿာ-ငြူစူမှုစသော အကုသိုလ်အညစ်အကြေးသည် ထိုသူ၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ။ အလှူခံပုဂ္ဂိုလ်ရှိကုန်မူ ထိုသူတို့သည် <u>နောက်ဆုံးဖြစ်သော ထမင်းလုပ်၊ ထမင်းဆုပ်မှသော်လည်း မခွဲခြမ်း မဝေဘန်မူ၍</u> မစားကုန်ရာ။ မသိကြကုန်သောကြောင့် မပေးလှူပဲ စားကြကုန်၏။ ဝန်တိုမှု ငြူစူမှု အကုသိုလ်အညစ်အကြေးတို့သည် တိုသူတို့၏စိတ်ကို လွှမ်းမိုး၍ တည်ကြလေ၏။

ခွဲခြမ်းဝေဖန်ခြင်း၏ ကြီးမားသောအကျိုးရှိမှုကို မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း သိကြကုန်မူ ဣဿာ၊ မစ္ဆရိယစသော အကုသိုလ်စိတ်အညစ်အကြေးကို ပယ်ဖျောက်၍ အထူးကြည်လင်သော စိတ်ဖြင့် အရိယာပုဂ္ဂိုလ်တို့၌ လျောက်ပတ်သောအခါ၌ ပေးလှူကုန်ရာ၏။

အလှူဒါယကာတို့သည် ဤသို့ လူများစွာအား ထမင်းကိုဎင်း၊ မြတ်သောအလှူခံပုဂ္ဂိုလ်တို့၌ မြတ်သောအလှူကိုဎင်း ပေးလှူသောကြောင့် စုတေသော် နတ်ပြည်သို့ လားရောက်ကြရ၏။ နတ်ပြည်၌ အလိုရှိအပ်သော ကာမဂုဏ်တို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍ ဝမ်းမြောက်ကြရကုန်၏။

<u>မိမိစားနေသော ထမင်းမှလည်း သူတပါးတို့အားလှူခြင်းသည်</u> များသောအကျိုးရှိ၏။ (စန္ဒကုမာရစရိယ၊ အကိတ္တိဝဂ်၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) (ဇာတ်ကြီး ၁၀ဘွဲ့ဝင် စန္ဒကုမာရဇာတ်တော်ကြီး ဖြစ်ပါသည် - စာရေးသူ)

**၁၃။ အကုသိုလ်ဖြစ်သော / အပါယ်ချမည့် / မပေးလှူအပ်သော အလှူဒါန -** <u>၂၈</u>

<u>၁။ ၅မျိုး (ပရိဝါပါဠိတော်၊ ဝိ။</u> ဝိ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မဇ္ဇဒါန- သေအရက်အလှူ၊ ၂ သမဇ္ဇဒါန- ပွဲသဘင်အလှူ၊ ၃ ဣတ္ထိဒါန- ပြည့်တန်ဆာမအလှူ၊ ၄ ဥသဘအလှူ- နွားမအုပ်ထဲသို့ နွားလားဥသဘ လွှတ်ပေးသောအလှူ၊ ၅ စိတ္တကမ္မအလှူ- ကာမရာဂ ဖြစ်စေသော၊ မသင့်လျော်သောရုပ်ပုံများကို ရေးသားလှူဒါန်းခြင်း / ပန်းချီဆေးရေး အလှူ။

<u>၂။</u> ၁၀မျိုး (ဝေဿန္တရာပဉ္စာ၊ ဝေဿန္တရာဝဂ်၊ အနုမာနပဉ္စာ၊ မိလိန္ဒပဉ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ - ၅ အထက်ပါအတိုင်း၊ ၆ သတ္ထဒါန- လက်နက်အလှူ၊ ၇ ဝိသဒါန- အဆိပ်အလှူ၊ ၈ သင်္ခလိကဒါ န- သံခြေကျင်းအလှူ၊ ၉ ကုက္ကုဋသူကရဒါန- ကြက်၊ ဝက်စသည့် သတ္တဝါများ အလှူ၊ ၁၀ တုလာကူဋမာနကူဋဒါန- ချိန်စဉ်းလဲ၊ တောင်းစဉ်းလဲ အလှူ။

**၁၄။** ဒက္ခိဏာ- ရှိသေစွာလှူအပ်သောအလှူ၊ ဝိဘင်္ဂ- ခွဲခြမ်းဝေဖန်ခြင်း၊ **ဒက္ခိဏာဝိဘင်္ဂသုတ်** (ဝိဘင်္ဂဝဂ်၊ ဥပရိပဏ္ဏာ သပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

အပိုင်း ၄ပိုင်းရှိသည်။

၁။ ပုဂ္ဂလိကဒါ န **၁၄ပါး / အလှူခံ တကျိပ်လေး** နှင့် အကျိုးများ

မြတ်စွာဘုရား သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ သီတင်းသုံးစဉ် မဟာပဇာပတိ ဂေါတမီ ကိုယ်တိုင်ငင်၍ ကိုယ်တိုင်ရက်ထားသော အဝတ်အစုံသစ်ကို ဆက်ကပ်ရာတွင် ဟော။

၁ မြတ်စွာဘုရားကိုလှူက (မနှိုင်းယှဉ်နိုင်သောအကျိုးကို ရ၏) ၊ ၂ ပစ္စေကဗုဒ္ဓါကိုလှူက (...) ၊ ၃ ရဟန္တာကို လှူက (...) ၊ ၄ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အား လှူက (...) ၊ ၅ အနာဂါမ်ပုဂ္ဂိုလ်ကိုလှူက မနှိုင်းယှဉ်နိုင်သောအကျိုးကို ရ၏၊ ၆ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အား လှူက (...) ၊ ၇ သကဒါဂါမ်ပုဂ္ဂိုလ်ကို လှူက (...) ၊ ၈ သကဒါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်အား လှူက (...)၊ ၉ သောတာပန်ပုဂ္ဂိုလ်ကို လှူက (...)၊ ၁၀ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်အား လှူက မနှိုင်းယှဉ်နိုင်သောအကျိုးကို ရ၏၊

၁၁ သာသနာပအခါ ဝိက္ခမ္ဘနပဟာန်ဖြင့် ရာဂကို ခွာပြီးသော ကမ္မဝါဒီ၊ ကရိယဝါဒီပုဂ္ဂိုလ်ကိုလှူက အလှူအကျိုးမှာ အလှူ၏အဆ (ဘ၀)ပေါင်း ကုဋေအသိန်းရ၏၊ ၁၂ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်ကိုလှူက အကျိုး အလှူအဆ (ဘ၀) တသိန်းရ၏၊ ၁၃ သီလမရှိသော ပုထုဇဉ်ပုဂ္ဂိုလ်ကိုလှူက အကျိုးအလှူအဆ (ဘ၀) အထောင်ရ၏၊ **၁၄** တိရစ္ဆာန်ကိုလှူက အကျိုး အလှူအဆ (ဘ၀) အရာ ရ၏။

၂။ **သံဃိကဒါန ၇ပါး**

၁ ဘုရားအမှူးရှိသော ၂မျိုးသော ရဟန်းယောက်ျား၊ ရဟန်းမိန်းမသံဃာအလှူ၊ ၂ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသော် ၂မျိုးသော ရဟန်းယောက်ျား၊ ရဟန်းမိန်းမသံဃာအလှူ၊ ၃ ရဟန်းယောက်ျား သံဃာအလှူ၊ ၄ ရဟန်း မိန်းမသံဃာအလှူ၊ ၅ အကျွန်ုပ်အား ဤမျှလောက်အရေအတွက်ရှိသော ရဟန်း ယောက်ျားတို့ကိုလည်း၊ ရဟန်းမိန်းမတို့ကိုလည်း သံဃာမှ ညွှန်းပါလော့ဟူသောအလှူ၊ ၆ ဤမျှလောက်အရေ အတွက်ရှိသော ရဟန်းယောက်ျားတို့ကို သံဃာမှ ညွှန်းပါလော့ဟူသောအလှူ၊ ၇ ဤမျှလောက်အရေ အတွက်ရှိသော ရဟန်းမိန်းမတို့ကို သံဃာမှ ညွှန်းပါလော့ဟူသောအလှူ။

စင်စစ် အနာဂတ်ကာလ၌ ရဟန်းဟူသော အနွယ်မျှကိုဆောင်သော၊ သင်္ကန်းလည်၌ ရောက်သော၊ သီလမရှိသော၊ ယုတ်သောတရားရှိသူတို့ကို သံဃာအားရည်ညွှန်း၍ အလှူ- **သံဃိကအလှူ**သည် မရေ မတွက်နိုင်သော၊ မနှိုင်းယှဉ်နိုင်သော အကျိုးရှိသည်၊ မည်သည့်နည်းပရိယာယ်နှင့်မျှ သံဃိကဒါနထက် ပုဂ္ဂလိကဒါနကို အထူးသဖြင့် အကျိုးများ၏ဟု ငါဘုရားရှင် မဟော။

၃။ အလှူ၏ စင်ကြယ်ခြင်း ၄ပါး။

၁ လှူသူက သီလ၊ စင်ကြယ်သောအကျင့်တို့ဖြင့် စင်ကြယ်၍ အလှူခံသူက မစင်ကြယ်၊
၂ လှူသူက မစင်ကြယ်၍ အလှူခံသူက စင်ကြယ်၊
၃ ၂ဦးလုံး မစင်ကြယ်၊
၄ ၂ဦးလုံး စင်ကြယ်။

၄။ ဒါနအကျိုး ကြီးမားကြောင်း အင်္ဂါ ၅ပါး

၁ သီလရှိပုဂ္ဂိုလ်သည် ၂ တရားသဖြင့်ရအပ်သော ပစ္စည်းကို ၃ **ကြည်လင်သောစိတ်ရှိ၍** ၄ ကြီးကျယ်မြင့်မြတ်သော ကံ၏အကျိုးကို အလွန်ယုံကြည်လျက် ၅ သီလရှိသောပုဂ္ဂိုလ်တို့အား လှူသောအလှူသည် ကြီးကျယ်ပြန့်ပြောသော အကျိုး ရှိ၏။

**၂ ဒုစရိုက်ပြုသူတို့ရရှိသော အပြစ် ၅ပါးနှင့် သုစရိုက်ပြုသူတို့ရရှိသော အကျိုး ၅ပါး - ၃ ၃**

၁။ (အဓိကရဏဝဂ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဌမဒုစ္စရိတသုတ်၊ ဒုစ္စရိတဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဉ္စကဝါရ၊ ကေတ္တုရိကနယ၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

| ဒုစရိုက်ပြုသူတို့ရရှိသော အပြစ် ၅ပါး | သုစရိုက်ပြုသူတို့ရရှိသော အကျိုး ၅ပါး |
|---|---|
| ၁ မိမိကိုယ်ကို စွပ်စွဲ၏၊ | ၁ မစွပ်စွဲ။ |
| ၂ ပညာရှိတို့သိမြင်သော် ကဲ့ရဲ့၏၊ | ၂ ချီးမွမ်း၏။ |
| ၃ မကောင်းသတင်းကျော်စော၏၊ | ၃ ကောင်းသတင်းကျော်စော၏။ |
| ၄ တွေဝေ၍သေရ၏၊ | ၄ မတွေဝေပဲသေရ၏။ |
| ၅ ငရဲသို့ရောက်၏၊ | ၅ နတ်ပြည်သို့ရောက်၏။ |

၂။ တနည်း။

| ဒုစရိုက်ပြုသူတို့ရရှိသော အပြစ် ၅ပါး | သုစရိုက်ပြုသူတို့ရရှိသော အကျိုး ၅ပါး |
|---|---|
| ၁ မကြည်ညိုသူတို့ မကြည်ညို၊ | ၁ ကြည်ညို။ |
| ၂ ကြည်ညိုပြီးသူတို့ အကြည်ညိုပျက်၊ | ၂ ပို၍ ကြည်ညို။ |
| ၃ ဘုရားရှင်သာသနာတော်ကို မပြုအပ်၊ | ၃ ဘုရားရှင်သာသနာတော်ကို ပြုအပ်၏။ |
| ၄ နောင်လာနောက်သားတို့ ဒိဋ္ဌာနုဂတိသို့မလိုက်၊ | ၄ လိုက်၏။ |
| ၅ တိုသူ၏စိတ်သည် မကြည်လင်၊ | ၅ ကြည်လင်၏။ |

၃။ ဒုတိယဒုစ္စရိတသုတ်၊ ဒုစ္စရိတဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။

| ဒုစရိုက်ပြုသူတို့ရရှိသော အပြစ် ၅ပါး | သုစရိုက်ပြုသူတို့ရရှိသော အကျိုး ၅ပါး |
|---|---|
| ၁ မိမိကိုယ်ကို စွပ်စွဲ၏၊ | ၁ မစွပ်စွဲ။ |
| ၂ ပညာရှိတို့သိမြင်သော် ကဲ့ရဲ့၏၊ | ၂ ချီးမွမ်း၏။ |
| ၃ မကောင်းသတင်းကျော်စော၏၊ | ၃ ကောင်းသတင်းကျော်စော၏။ |
| ၄ သူတော်ကောင်းတရားမှကင်း၊ | ၄ မကင်း။ |
| ၅ မသူတော်တရား၌တည်၏၊ | ၅ မတည်။ |

၃ ဒေသနာ ၃ပါး (ကျမ်းဦးမှတ်ဖွယ်၊ ဇာတကပါဠိတော်မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အာဏာဒေသနာ- ဝိနည်းတရားတော်၊ ၂ ဝေါဟာရဒေသနာ- သတ္တဝါတို့၏ အသိဉာဏ်နှင့် တိုက်ဆိုင်သည့်ဝေါဟာရအသုံးအနှုန်းများကို ဦးစားပေးဟောကြားသော သုတ္တန်တရားတော်၊ ၃ ပရမတ္ထ ဒေသနာ- အဘိဓမ္မာတရားတော်၊ ပရမတ္ထတရားတော်များကို ဖြစ်စဉ်အတိုင်း အကြွင်းမရှိ ပြည့်စုံစွာ ဟောကြားသော တရားတော်။

၄ ဒေသနာတော်များ၏ နက်နဲခြင်း ၄ပါး (ကျမ်းဦးမှတ်ဖွယ်၊ ဇာတကပါဠိတော်မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်၏ဒေသနာတော်များသည် -

၁ ပါဠိဘာသာ၏ နက်နဲခြင်း- ဓမ္မဂမ္ဘီရ၊ ၂ အနက်အဓိပ္ပါယ်များ၏ နက်နဲခြင်း- အတ္ထဂမ္ဘီရ၊ ၃ ဝေါဟာရအမျိုးမျိုး၊ နည်းအမျိုးမျိုးတို့ကို သုံးနှုန်းဟောကြားတော်မူသဖြင့် ဟောကြားပုံ၏ နက်နဲခြင်း- ဒေသနာဂမ္ဘီရ၊ ၄ ထိုးထွင်း၍သိအပ်သော တရားသဘော၏ နက်နဲခြင်း၊ သိတတ်သောဉာဏ်၏ နက်နဲခြင်း- ပဋိဝေဓဂမ္ဘီရ။

၅ ဒုက္ခများစွာတွေ့နေသော ပုဏ္ဏားတရားတော် - ၇ချက် (ဗဟု- များသော၊ ဓိတရ- သမီးများ၊ ဗဟုဓီတရသုတ်၊ အရဟန္တဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ကောသလတိုင်း၌ တောအုပ်တခု၌ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေလျက် ထက်ဝက်ဖွဲ့ခွေ တိုင်နေတော်မူသော ဘုရားရှင်ကိုတွေ့သော ဘာရဒ္ဒါဇအနွယ်ဖြစ်သော ပုဏ္ဏားတဦးသည် ဂါထာရွတ်ဆို၍ လျှောက်တားသည်ကို ပြန်လည် ပြောဆိုဟောကြားတော်မူ၏။

၁ ငါ့အား ပျောက်သည်မှာ ၆ရက်ရှိပြီဖြစ်သော ခိုင်းနွား ၁၄ကောင်တို့ မရှိ၊ မပျောက်၍ ချမ်းသာစွာ နေရ၏၊ ၂ ငါ့အား နှမ်းခင်း၌ အရွက်တရွက်၊ ၂ရွက်သာ ကျန်သော နှမ်းငုတ်တို့ မရှိ၍ ချမ်းသာစွာ နေရ၏၊ ၃ ငါ့အား အချီးနီးသောကျီတို့၌ ကြွက်တို့ မမြူးကုန်၍ ချမ်းသာစွာ နေရ၏၊ ၄ ငါ့အား သုတ်သင်မှုကင်းသော မြက်အခင်း၌ ဥပ္ပါဋကပိုးတို့ မရှိကြသဖြင့် ချမ်းသာစွာ နေရ၏၊ ၅ ငါ့အား သားတယောက်၊ ၂ယောက်စီ ရှိကြသော မုဆိုးမဖြစ်ကြသော သမီး ၇ယောက်မရှိသဖြင့် ချမ်းသာစွာ နေရ၏၊ ၆ ငါ့အား မျက်စိနီကြောင်၍

မှဲ့မည်းရှိသော မိန်းမက ငါ့အိပ်နေသည်ကို ခြေဖြင့်ကန်၍ အနှိုးမခံရသဖြင့် ချမ်းသာစွာ နေရ၏၊ ၇ ငါ့အား မိုးသောက်ထ၍ မြို့ရှင်တို့က ပေးလော့၊ ပေးလော့ဟု မတောင်းကြသဖြင့် ချမ်းသာစွာ နေရ၏။

ဘာရဒွါဇပုဏ္ဏားသည် ဘုရားရှင်၏တရားတော်ကို နှစ်သက်ပြီး ရဟန်းဝတ်ကာ မကြာမီပင် ရဟန္တာ ဖြစ်တော်မူ၏။

**၆ ဒိဋ္ဌိ 6 စု**

<u>၁။ ဒိဋ္ဌိ / **နိယတမိစ္ဆာဒိဋ္ဌိ** ၃မျိုး</u> (ပရိဗ္ဗာဇကသုတ်၊ ဥရုဝေလဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မဇ္ဈိမပဏ္ဏာသ ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်၊ ခု၊ အဘိ)

၁ အဟေတုကဒိဋ္ဌိ- စွန့်ကြဲပေးကမ်းလှူဒါန်း၍ အကြောင်းမထူး / အကြောင်းမဲ့ (မရှိ) အယူ / ကံနှင့် အကျိုး ၂မျိုးလုံးကိုပယ်သည်၊

၂ နတ္ထိကဒိဋ္ဌိ- စွန့်ကြဲပေးကမ်းလှူဒါန်း၍ အကျိုးမရှိ / အကျိုးမဲ့အယူ / အကျိုးကို ပယ်၊

၃ အကိရိယဒိဋ္ဌိ- ဤအပြုအမူတွေ ပြုမှုစရာမလိုပါ၊ အကြောင်းအကျိုး မရှိ / အပြုမဲ့အယူ / ကံကိုပယ်။ ဤဒိဋ္ဌိ ၃မျိုးကို <u>နိယတမိစ္ဆာဒိဋ္ဌိ</u>ဟုလည်း ခေါ်၏။ **အပါယ်ငရဲသို့ ရောက်ကြောင်းမြဲသော** ဒိဋ္ဌိများ ဖြစ်သည်။

<u>၂။ ဒိဋ္ဌိ / မှားသောအယူ ၃မျိုး</u> (တိတ္ထာယတနသုတ်၊ မဟာဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ချမ်းသာခံစားခြင်း၊ ဆင်းရဲခံစားခြင်း၊ လျစ်လျူရှုခံစားခြင်းသည် -

၁ ရှေးကပြုဘူးသော အကြောင်းကြောင့်၊

၂ လောကကို အစိုးရသူ ဖန်ဆင်းမှုကြောင့်၊

၃ အကြောင်း အထောက်အပံ့မရှိ။

<u>၃။ ဒိဋ္ဌိ ၁၀မျိုး</u> (နိဝါပသုတ်၊ ဩပမဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ လောကသည်မြဲ၏၊ ၂ လောကသည်မမြဲ၊ ၃ လောကသည် အဆုံးရှိ၏၊ ၄ လောကသည် အဆုံးမရှိ၊ ၅ ထိုအသက်သည် ထိုခန္ဓာတည်း၊ ၆ အသက်သည်တပါး ခန္ဓာကိုယ်သည်တပါး၊ ၇ (သတ္တဝါ သည် သေသည်မှ နောက်၌) ဖြစ်၏၊ ၈ (...) မဖြစ် ၉ (...) ဖြစ်လည်းဖြစ်၏၊ ဖြစ်လည်း မဖြစ် ၁၀ သတ္တဝါသည် သေသည်မှ နောက် ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်။

၎င်း ၁၀ပါးသည် <u>အန္တဂ္ဂါဟိကဒိဋ္ဌိ- တဘက်စွန်းရောက် မိစ္ဆာဒိဋ္ဌိ</u>ဖြစ်သည်။ (ခုဒ္ဒကဝိဘင်း၊ ဝိဘင်း ပါဠိတော်၊ ခု၊ အဘိ)

၄။ ဒိဋ္ဌိ (**မိစ္ဆာဒိဋ္ဌိ**၊ ဒသဝတ္ထုက) ၁၀မျိုး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ မဟာစတ္တာရီသကသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ ပေးလှူခြင်းသည် အကျိုးမရှိ၊ ၂ ယဇ်ကြီး အလှူကြီးအကျိုး မရှိ၊ ၃ ယဇ်ငယ် အလှူငယ်အကျိုး မရှိ၊ ၄ ကောင်းမှု မကောင်းမှုကံအကျိုး မရှိ၊ ၅ ဤလောက မရှိ၊ ၆ တမလွန်လောက မရှိ၊ ၇ အမိ မရှိ၊ ၈ အဖ မရှိ၊ ၉ သေ၍ တဖန်ဖြစ်သောသတ္တဝါ မရှိ၊ ၁၀ ဤလောကကိုငှင်း၊ တမလွန်လောကကိုငှင်း၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်သော၊ ဖြောင့်မှန်သောအရိယာမဂ်သို့ ရောက်သော၊ ကောင်းသောအကျင့်ရှိသော၊ သမဏပြာဟ္မဏတို့သည် လောက၌ မရှိ။

၅။ ဒိဋ္ဌိ ၆၂ပါး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ **ဗြဟ္မဇာလသုတ်** ပရိဗ္ဗာဇကကထာ၊ သီလက္ခန်ပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

အကျဉ်းမျှသာ။ ၁-၄ သဿတဝါဒ- တည်မြဲ၏အယူ ၄ပါး၊ ၅-၈ ဧကစ္စသဿတဝါဒ- အချို့ တည်မြဲ၏ဟုယူခြင်း ၄ပါး၊ ၉-၁၂ အန္တာနန္တဝါဒ- အဆုံးရှိ အဆုံးမရှိအယူ ၄ပါး၊ ၁၃-၁၆ အမရာဝိက္ခေပဝါဒ- အမရာငါးကဲ့သို့ မတည်တံ့သောအယူ ၄ပါး၊ ၁၇-၁၈ အဓိစ္စသမုပ္ပန္နဝါဒ- အကြောင်းကိုမစွဲမူ၍ ဖြစ်၏ဟု ယူခြင်းဒိဋ္ဌိ ၂ပါး၊ ၁၉-၃၄ သညီဝါဒ- သညာရှိ၏ဟုယူခြင်းဒိဋ္ဌိ ၁၆ပါး၊ ၃၅-၄၂ အသညီဝါဒ- သညာမရှိဟု ယူခြင်းဒိဋ္ဌိ ၈ပါး၊ ၄၃-၅၀ နေဝ သညာနာသညီဝါဒ- သညာရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်ဟု ယူခြင်းဒိဋ္ဌိ ၈ပါး၊ ၅၁-၅၇ ဥစ္ဆေဒဝါဒ- ပြတ်စဲ၏ဟုယူခြင်းဒိဋ္ဌိ ၇ပါး၊ ၅၈-၆၂ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ- မျက်မှောက် လောကနိဗ္ဗာန်ရှိ၏ဟု ယူခြင်းဒိဋ္ဌိ ၅ပါး။

ဗြဟ္မဇာလသုတ်သည် ၆၂ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ကျယ်ဝန်းစွာ ဟောကြားသောသုတ် ဖြစ်သည်။

အမည် ၅မျိုး ရသည်။ ၁ အတ္ထဇာလ- အနက်သဘော ကွန်ရက်၊ ၂ ဓမ္မဇာလ- တရားအစဉ် ကွန်ရက်၊ ၃ ဗြဟ္မဇာလ- မြတ်သောဉာဏ်ကွန်ရက်၊ ၄ ဒိဋ္ဌိဇာလ- အယူဝါဒ ကွန်ရက်၊ ၅ အနုတ္တရ သင်္ဂါမ ဝိဇယ- အတုမဲ့စစ်အောင်ပွဲ။ ဘုရားရှင် ဤတရားတော်ဟောအပြီးတွင် တသောင်းသော လောကဓါတ်တို့ တုန်လှုပ်၏။

၆။ ဒိဋ္ဌိဖြစ်ကြောင်း ၈ပါး (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ခန္ဓာ၊ ၂ အဝိဇ္ဇာ၊ ၃ ဖဿ၊ ၄ သညာ၊ ၅ ဝိတက်၊ ၆ အယောနိသော မနသိကာရ- မသင့်မတင့် နှလုံးသွင်းခြင်း၊ ၇ ယုတ်မာသော အဆွေခင်ပွန်း၊ ၈ သူတပါး ဟောပြောသံ။

ဓ

၁ ဓုတင် ၁၃ပါး (ပဉ္စကဝါရ၊ ဧကုတ္တရိကနယ၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

၁ အာရညကင်ဓုတင်- တောကျောင်းနေခြင်း၊ ၂ ပိဏ္ဍပါတ်ဓုတင်- နေ့စဉ်ဆွမ်းခံစားခြင်း၊ သပဒါနစာရိကဓုတင်- အိမ်စဉ်မပြတ် ဆွမ်းခံခြင်း၊ ၄ ဧကာသနိက်ဓုတင်- တနေရာတည်း၌ စားခြင်း၊ ၅ ခလုပစ္ဆာဘတ္တိကဓုတင်- အတိရိက်ဝိနည်းကံပြု၍ ဘောဇဉ်ဘုဉ်းပေးခြင်းကို ပယ်ခြင်း / တားမြစ်ပြီး နောက်၌ရသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်လေ့မရှိခြင်း (တိပိဋကမြန်မာ အဘိဓါန်)၊ ၆ ပတ္တပိဏ်ဓုတင်- သပိတ်မှဆွမ်းကိုသာ ဘုဉ်းပေးခြင်း၊ ၇ ပံသုကူဓုတင်၊ ၈ တိစီဝရိက်ဓုတင်၊ ၉ ရုက္ခမူဓုတင်၊ ၁၀ သုသာန်ဓုတင်၊ ၁၁ အဗ္ဘောကာသိကဓုတင်- လွင်တီးခေါင်၌နေခြင်း၊ ၁၂ ယထာသန္တတိဓုတင်- ရှေးဦးစွာ ညွှန်သော နေရာ၌သာ နေလေ့ရှိခြင်း၊ **၁၃** နေသဇ္ဇိကဓုတင်- ထိုင်ခြင်းကျင့်ဝတ်ရှိခြင်း။

၂ ဓါတ် **၃ ၃**

၁။ ၄ပါး (ရာဟုလသုတ်၊ သဠာယတနိယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ စတုဓာတုသုတ်၊ စတုတ္ထဝဂ်၊ ဓာတုသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ပထဝီဓါတ်၊ ၂ အာပေါဓါတ်၊ ၃ တေဇောဓါတ်၊ **၄** ဝါယောဓါတ်။

၂။ ၆ပါး (တိတ္ထာယတနသုတ်၊ မဟာဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဗဟုဓါတုကသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဓာတုဝိဘင်း၊ ဝိဘင်္ဂပါဠိတော်၊ ခု၊ အဘိ)

၁ ပထဝီဓါတ်- တည်ရာ၊ ခက်မာမှု၊ ၂ အာပေါဓါတ်- ဖွဲ့စည်းမှု၊ ယိုစီးမှု၊ ၃ တေဇောဓါတ်- ရင့်ကျက်စေမှု၊ ၄ ဝါယောဓါတ်၊ ၅ အာကာသဓါတ်၊ **၆** ဝိညာဏဓါတ်။

**၃**။ ၁၈ပါး (ဓာတုဝိဘင်း၊ ဝိဘင်္ဂပါဠိတော်၊ ခု၊ အဘိ။ ဓာတုနာနတ္တသုတ်၊ နာနတ္တဝဂ်၊ ဓာတုသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ - ၆ စက္ခုပသာဒရုပ် စသော စက္ခုဓါတ် - မနောဓါတ် ၆ပါး၊ ၇ - ၁၂ ရူပါရုံ စသော ရူပဓါတ် - ဓမ္မဓါတ် ၆ပါး၊ ၁၃ စက္ခုဝိညာဏဓါတ်၊ ၁၄ သောတဝိညာဏဓါတ်၊ ၁၅ ဃာန ဝိညာဏဓါတ်၊ ၁၆ ဇိဝှါ ဝိညာဏဓါတ်၊ ၁၇ ကာယဝိညာဏဓါတ်၊ **၁၈** မနောဝိညာဏဓါတ်။

၃ **ဓါတ် ၄ပါး ကမ္မဋ္ဌာန်း** (ရာဟုလသုတ်၊ သဠာယတနိယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အရှင်ရာဟုလာအား ဘုရားရှင်ဟော၊ ပထဝီ အာပေါ တေဇော ဝါယောဓါတ်တို့သည် ဓါတ်၄ပါး ဖြစ်၏၊ ပထဝီဓါတ် (ဓါတ် ၄ပါး) သည် ၁ အတွင်းသန္တာန်၌ ရှိ၏၊ ၂ အပသန္တာန်၌လည်း ရှိ၏၊ ပထဝီဓါတ် (ဓါတ် ၄ပါး) သည် ၁ ငါမဟုတ်၊ ၂ ငါ့ဥစ္စာမဟုတ်၊ **၃** ငါ့ကိုယ်မဟုတ်ဟူ၍ ဟုတ်မှန်သောအတိုင်း ဝိပဿနာ

ပညာဖြင့်ရှု၊ ထိုပညာဖြင့်ရှုသော် ယောဂီသည် ပထဝီဓါတ် (ဓါတ် ၄ပါး) ၌ ငြီးငွေ့၏၊ ပထဝီဓါတ် (ဓါတ် ၄ပါး) ၌ စိတ်သည် တပ်ခြင်း ကင်းတော့၏။

၄ ဓမ္မကထိကပုဂ္ဂိုလ် (ဓမ္မကထိကပုစ္ဆသုတ်၊ နဝပုရာဏဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ဓမ္မကထိကသုတ်၊ အာဟာရဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ဓမ္မကထိကသုတ်၊ ဓမ္မကထိကဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ရဟန်းတပါး မြတ်စွာဘုရားတံ ချဉ်းကပ်၍မေး၊

၁ ဓမ္မကထိကပုဂ္ဂိုလ်- ဓမ္မကထိကရဟန်းသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဤ၆ပါး / ဇရာ မရဏကို ၁ ငြီးငွေ့ခြင်းငှါ၊ ၂ စွဲမက်မှုကင်းခြင်းငှါ၊ ၃ ချုပ်ခြင်းငှါ တရားဟောသူ ဖြစ်၏။

၂ ဓမ္မာနုဓမ္မပ္ပဋိပန္နောပုဂ္ဂိုလ်- တရားအားလျော်သောအကျင့်ကို ကျင့်သောရဟန်းသည် မျက်စိစသော ၆ပါး / ဇရာ မရဏကို ငြီးငွေ့၊ စွဲမက်မှုကင်း၊ ချုပ်ခြင်းငှါကျင့်သူဖြစ်၏။

၃ ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တပုဂ္ဂိုလ်- ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်သောရဟန်းသည် မျက်စိစသော ၆ပါး / ဇရာ မရဏကို ငြီးငွေ့၊ စွဲမက်မှုကင်း၊ ချုပ်ခြင်းကြောင့် မစွဲလန်းပဲ ကိလေသာမှ လွတ်မြောက်သောသူ ဖြစ်၏။

၅ ဓမ္မခန္ဓာပေါင်း ၈သောင်း၄ထောင် (ဝိနည်း၊ ပါရာဇိက ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ)

ဘုရားရှင်ဟောတော်မူသော ဓမ္မခန္ဓာပေါင်း ၈သောင်း၄ထောင် ရှိသည်။ ဝိနည်းပိဋကတော်၌ ဓမ္မခန္ဓာပေါင်း ၂သောင်းထထောင်၊ သုတ္တန်ပိဋကတော်၌ ၂သောင်းတထောင်နှင့် အဘိဓမ္မာပိဋကတော်၌ ၄သောင်း ၂ထောင် ပိဋကသုံးပုံ၌ ဓမ္မခန္ဓာပေါင်း ၈သောင်း၄ထောင်ရှိ၏။

န

၁ နကုလမာတာ သူကြွယ်မက နာမကျန်းဖြစ်နေသော နကုလပိတာသူကြွယ်အား ပြောပြ ဟောကြားသော တရား ၆ချက် (နကုလပိတုသုတ်၊ သာရဏီယဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့သားတို့အား ဘေးမဲ့ပေးရာ ဘေသကဋမည်သောတော၌ သီတင်းသုံး နေတော်မူစဉ် နကုလပိတာသူကြွယ် မကျန်းမာရာ နကုလမာတာက-

၁ သားငယ်သမီးငယ်တို့ကို မွေးမြူရန်၊ အိမ်ထောင်မှုကို ကောင်းစွာ ထိန်းသိမ်းရန် မစွမ်းနိုင်ရာဟု

အကြံဖြစ်ရာ၏၊ ဤသို့ မမှတ်သင့်ပါ၊ ဗိုင်းငင်၊ သိုးမွေးတို့ကို ဖြေရှင်းသုတ်သင် အခင်းပြုစသည်တို့ကို တတ်ကျွမ်းပါ၏၊ သားသမီးတို့ကို မွေးမြူရန်၊ အိမ်ထောင်ထိန်းသိမ်းရန် စွမ်းနိုင်ပါ၏၊

၂ အိမ်ထောင်တဆက် ပြုလိမ့်မည်ဟု အကြံဖြစ်ရာ၏၊ ဤသို့ မမှတ်သင့်ပါ၊ ၁၆နှစ်ပတ်လုံး မြတ်သောအကျင့် "ဂဟဋ္ဌကဗြဟ္မစရိယသီလ" ကို ကျင့်သုံးသူ ဖြစ်ပါ၏၊

၃ မြတ်စွာဘုရားနှင့် သံဃာတော်များအား ဖူးမြော်လိုသူ ဖြစ်မည်မဟုတ်ဟု အကြံဖြစ်ရာ၏၊ ဤသို့ မမှတ်သင့်ပါ၊ သင်ကွယ်လွန်သောအခါ မြတ်စွာဘုရားနှင့် သံဃာတော်များအား သာ၍ဖူးမြော်လိုသူ ဖြစ်ပါမည်၊

၄ သီလဖြည့်ကျင့်ဆည်းပူးမည်မဟုတ်ဟု အကြံဖြစ်ရာ၏၊ ဤသို့ မမှတ်သင့်ပါ၊ သီလဖြည့်ကျင့်သူ အဝတ်ဖြူဝတ် လူဥပါသိကာမများတွင် တဦးအပါအဝင် ဖြစ်ပါသည်၊ ဘုရားရှင်အား မေးလျှောက်ကြည့်နိုင်ပါ၏၊

၅ စိတ်၏ ငြိမ်းအေးမှု- သမာဓိကမ္မဋ္ဌာန်းကို ရသူမဟုတ်ဟု အကြံဖြစ်ရာ၏၊ ဤသို့ မမှတ်သင့်ပါ၊ ရသူတဦး ဖြစ်ပါ၏၊

၆ ဝိစိကိစ္ဆာကို လွန်မြောက်သည်၊ သို့လောသို့လော တွေးတောမှု ကင်းရှင်းသည်၊ ရဲရင့်ခြင်းသို့ ရောက်သည်၊ မြတ်စွာဘုရားသာသနာတော်၌ နေသူမဟုတ်ဟု အကြံဖြစ်ရာ၏၊ ဤသို့ မမှတ်သင့်ပါ၊ မြတ်စွာဘုရားသာသနာတော်၌နေသူ တဦးဖြစ်ပါ၏။

သင်သည် ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ မသေပါလင့်၊ ငဲ့ကွက်ခြင်းရှိသည်ဖြစ်၍ သေရခြင်းသည် ဆင်းရဲလှပါ၏၊ မြတ်စွာဘုရား ကဲ့ရဲ့တော်မူပါ၏။

သူကြွယ်သည် အနာပျောက်၍ အနာမှ ထမြောက်၏၊ ဘုရားရှင်အား လျှောက်ထားရာ နကုလမာတာ ပြောသည့်အတိုင်း သီလ သမာဓိတို့နှင့်ပြည့်စုံသော အဝတ်ဖြူဝတ် လူဥပါသိကာမ တဦးဖြစ်ကြောင်းနှင့် နကုလမာတာသူကြွယ်မသည် သင့်အား အစဉ်စောင့်ရှောက်၏၊ အကျိုးစီးပွားကို အလိုရှိ၏၊ သွန်သင်ဆုံးမ၏၊ သင်သည် အရတော်ပေစွဟု မိန့်ကြားတော်မူ၏။

၂ နဂါး ၄မျိုး (သုဒ္ဓိကသုတ်၊ နာဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) နှင့် နဂါးဖြစ်ကြောင်း အလှူ ၁ဂမျိုး

၁ ဥ၌ဖြစ်သော အဏ္ဍဇနဂါး၊ ၂ သားအိမ်၌ဖြစ်သော ဇလာဗုဇနဂါး၊ ၃ အညစ်အကြေးတို့၌ဖြစ်သော သံသေဒဇနဂါး၊ ၄ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိကနဂါး။

<u>နဂါးဖြစ်ကြောင်း အလှူ ၁ဂမျိုး</u> (အဏ္ဍဇဒါနူပကာရသုတ် ၁ဂသုတ်၊ ဇလာဗုဇာဒိဒါနူပကာရသုတ် ၃ဂသုတ်၊ နာဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည်၌ ဘုရားရှင် သီတင်းသုံးတော်မူနေစဉ် ရဟန်းတပါးမေး၍ ဘုရားရှင်ဟော၊ အချို့သောသူ

တို့သည် ကိုယ်နှုတ်စိတ်တို့ဖြင့် ၂မျိုးသောကံ ပြုကြ၊ အဋ္ဌာဇနေဂါး၊ ဇလာဗုဇနေဂါး၊ သံသေဒဇနေဂါး၊ ဩပပါတိက နဂါးတို့သည် အသက်ရှည် အဆင်းလှ ချမ်းသာများ၏ဟု ကြားဘူး၏၊ သေပြီးနောက် အဋ္ဌာဇနေဂါးစသည် ဖြစ်ရမှု ကောင်းလေစွ ဟု အကြံဖြစ်၏။

၁ ထမင်း၊ ၂ အဖျော်၊ ၃ အဝတ်၊ ၄ ယာဉ်၊ ၅ ပန်း၊ ၆ နံ့သာ၊ ၇ နံ့သာပျောင်း၊ ၈ အိပ်ရာ၊ ၉ နေရာကျောင်း၊ ၁၀ ဆီမီးကို ပေးလှူ၏၊ ထိုသူသည် သေပြီးနောက် အဋ္ဌာဇနေဂါး စသည့်နဂါးတို့၏ အသင်းဝင်အဖြစ်သို့ ရောက်၏။

၃ "**နမောတဿ**" ဘုရားရှိခိုးကြီးဖြင့် ဘုရားရှင်ကို ပူဇော်ရှိခိုးကြသူ ၈ဦး

၁ ပသေနဒီကောသလမင်းကြီး (ပိယဇာတိကသုတ်၊ ရာဇဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၂ ဗြဟ္မာယုပုဏ္ဏားကြီး (ဗြဟ္မာယုသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၃ ဓနဉ္စာနီပုဏ္ဏေးမ (သင်္ဂါရဝသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဓနဉ္စာနီသုတ်၊ အရဟန္တဝဂ်၊ ဗြဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)၊

၄ သိကြားမင်း (သက္ကပဉ္စသုတ်၊ မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)၊

၅ ဝေသာလီပြည် လစ္ဆဝီမင်းတို့၏အလုပ် လုပ်သော ကာရဏပါလီပုဏ္ဏားသည် ပိင်္ဂိယာနီပုဏ္ဏား၏ မြတ်စွာဘုရားရှင့်ဂုဏ်တော်များ ချီးမွမ်းသံကြားရသော် (ပဉ္စကနိပါတ်၊ အံ ၂/၂၀၆။ သုတေသနသရုပ်ပြ အဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)၊

၆ အာရာမဒဏ္ဍပုဏ္ဏားသည် ဝရဏမြို့ ဘဒ္ဒသာရိမြစ်ကမ်းနား၌ အရှင်မဟာကစ္စည်းကို မေး၍ အရှင်မြတ် ဖြေ- မင်း ပုဏ္ဏား သူကြွယ်တို့ ငြင်းခုံကြခြင်းသည် ကာမဂုဏ်၅ပါးကြောင့်ဖြစ်၊ ရဟန်းတို့သည် ဒိဋ္ဌိအယူဝါဒကြောင့် ငြင်းခုံကြ၊ ထိုဒိဋ္ဌိအယူကြောင့် မငြင်းသူ ရှိလား? ၊ ဘုရားရှင်ဖြစ်သည်ဟု မိန့်ရာတွင် (သမစိတ္တဝဂ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)၊

၇ ဇာဏုသောဏိပုဏ္ဏားသည် သာဝတ္ထိပြည် ပိလောတိကပရိဗိုဇ်၏ မြတ်စွာဘုရား ဂုဏ်တော်များ ချီးကျူးသံကြားသော် (မူလပဏ္ဏာသပါဠိတော်။ ဋ္ဌ။ သုတေသနသရုပ်ပြ အဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)၊

၈ ၉၂ကမ္ဘာထက်က ဖုဿဘုရားရှင်၏ ခမည်းတော်မဟိန္ဒမင်းကြီးသည် ဘုရားရှင်အား ကြည်ညို လှ၍ (ဓမ္မပဒ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)။

၄ နားလည်ရန် ခဲယဉ်းသောတရား ၄ပါး (အဘိ၊ ဝိဘင်းပါဠိတော်အဖွင့်- သမ္မောဟဝိနောဒနီ ဋ္ဌ။ ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သစ္စာ ၄ပါးတရားတို့၏ မချွတ်မယွင်း မှန်ကန်ပုံ၊

၂ ခန္ဓာ ၅ပါးတို့၏ သတ္တဝါမဟုတ်ပါပဲလျက် အမှတ်မှားအောင် သတ္တဝါကိုစွဲကို ဆောင်ရွက်ထားပုံ၊

၃ တဘဝမှ တဘဝသို့ ကူးသန်းဆက်စပ်ကာ ပဋိသန္ဓေတည်နေပုံ (စုတိနှင့် ပဋိသန္ဓေ ဆက်စပ်ပုံ)၊

၄ အဝိဇ္ဇာအစရှိသော တရားတို့၏ အကြောင်းအကျိုးအဖြစ်ဖြင့် ကျေးဇူးပြုပုံ(ပဋိစ္စသမုပ္ပါဒ်) ။ ဤတရား ၄မျိုးတို့မှာ ကိုယ်တိုင်သိဖို့ရန်လည်း ခဲယဉ်းလှသည့်အပြင် ကိုယ်တိုင်သိရှိပြီး သူတပါးတို့အား ဟောပြဖို့ရန် အလွန်ခဲယဉ်းလှကုန်၏။

၅ နိယာမ- မြဲသောသဘော ၅မျိုး (သုတ်မဟာဝဂ္ဂ ဋ္ဌ။ အင်္ဂုတ္တိုရ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ကမ္မနိယာမ၊ ၂ ဥတုနိယာမ၊ ၃ ဗီဇ (မျိုးစေ့) နိယာမ၊ ၄ စိတ္တနိယာမ- အာရုံတခုနှင့်ကြုံသော အခါ စိတ်၏ဖြစ်စဉ်၊ ၅ ဓမ္မနိယာမ- ဘုရားလောင်း ပဋိသန္ဓေနေသောအခါ တသောင်းသော လောက ဓါတ်တို့ တုန်လှုပ်ခြင်း၊ နေလကြယ်တာရာတို့၏ ထွန်းလင်းတောက်ပ လှည့်လည်ခြင်း စသည်များ။

၆ **နီဝရဏ**- စိတ်အညစ်အကြေး၊ နီဝရဏတရား ၂၃ နှင့် နီဝရဏတရား ၅ပါး၏ ဥပမာများ ၂၃

၁။ ၅ပါး (အာဝရဏသုတ်၊ နီဝရဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) ။ နီဝရဏ- စိတ်အညစ်အကြေး ၅မျိုး နှင့် ရွှေအညစ်အကြေး ၅မျိုး (ဥပက္ကိလေသသုတ်၊ ပဉ္စင်္ဂိကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဥပက္ကိလေသသုတ်၊ နီဝရဏဝဂ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ကာမစ္ဆန္ဒနီဝရဏ၊ ၂ ဗျာပါဒနီဝရဏ၊ ၃ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ၄ ထိနမိဒ္ဓနီဝရဏ၊ ၅ ဝိစိကိစ္ဆာ နီဝရဏ။

ရွှေအညစ်အကြေး ၅မျိုး- ၁ သံ၊ ၂ ကြေး၊ ၃ သလွဲစင် / ခဲမဖြူ ၄ သလွဲမည်း / ခဲပုပ်၊ ၅ ငွေ။

၂။ ၆ပါး (အဋ္ဌကထာကဏ္ဍ၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊ အဘိ)

ဈာန်မဂ်ဖိုလ်တရားတို့ကို ပိတ်ပင်တားဆီးမှုတရားကို နီဝရဏဟုခေါ်သည်။

၁ - ၅ အထက်ပါအတိုင်း၊ ၆ အဝိဇ္ဇာနီဝရဏ (မောဟ)။

နီဝရဏတရား ၅ပါး၏ ဥပမာများ ၂၃

၁။ (သင်္ဂါရဝသုတ်၊ ဗြာဟ္မဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သင်္ဂါရဝသုတ်၊ သာကစ္ဆဝဂ်၊ ဗောဇ္ဈင် သံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဗေဒင်များကို နေ့ညဥ့်သရဇ္ဈာယ်ပါလျက်လည်း တခါတရံ ဉာဏ်၌မထင်ပဲ တခါတရံ၌လည်း မသရဇ္ဈာယ်ပါပဲလျက် ထင်လာသည့်အကြောင်းကို သင်္ဂါရဝ သတို့သားကမေး၍ ဘုရားရှင်က နီဝရဏတို့ ကြောင့်ဖြစ်ကြောင်းကို ဥပမာများဖြင့် ဖြေကြား။

၁ ကာမရာဂ- ချိပ်၊ နနွင်း၊ စိမ်းညိုဆေးရောင်၊ မောင်းဆေးရောင်တို့ဖြင့် ရောအပ်သော ရေပြည့် ခွက်ကို ကြည့်က မျက်နှာရိပ်ကို သဲကွဲစွာ မတွေ့ရသကဲ့သို့

၂ ဗျာပါဒ- ကျိုက်ကျိုက်ဆူလျက် အငွေ့ထွက်သော ရေပြည့်ခွက်၊

၃ ထိနမိဒ္ဓ- မှော်ရေညှိတို့ဖြင့် မြေးယှက်သော ရေပြည့်ခွက်၊

၄ ဥဒ္ဓစ္စကုက္ကုစ္စ- လေတိုက်ခတ်၍ လှိုင်းထသော ရေပြည့်ခွက်၊

၅ ဝိစိကိစ္ဆာ- နောက်ကျု၍ အနည်ထသော ညွန်ရေဖြင့် မှောင်ထဲချထားသော ရေပြည့်ခွက်။

၂။ (သာမညဖလသုတ်၊ သီလက္ခန်ပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ မဟာအဿပုရသုတ်၊ မဟာယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

အဇာတသတ်မင်း ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီးနောက် သမားတော်ဇီဝက၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေသော ဘုရားရှင်ကို ဦးဆုံးဖူးတွေ့သောအခါ၌ ရဟန်းဖြစ်ကျိုးကိုမေး၍ ဘုရားရှင်အကျယ်တဝင့် ဟောကြားရာ၌ နီဝရဏအကြောင်းကိုလည်း ဥပမာများဖြင့် ဖြည့်စွက်ဟောကြား။

၁ ကာမရာဂ- ကြွေးတင်သူသည် ကြွေးယူ၍ အလုပ်လုပ်ရခြင်း၊ အလုပ်ဖွံ့ဖြိုးလာခြင်း၊ ကြွေးဟောင်းဆပ်ရခြင်း၊ အမြတ်ရခြင်းစသည်ဖြင့် များစွာလုပ်ရသကဲ့သို့၊

၂ ဗျာပါဒ- အနာရောဂါရှိသော ဆင်းရဲနှိပ်စက်ခံရသော ပြင်းစွာမကျန်းမာသော ယောက်ျားကဲ့သို့၊

၃ ထိနမိဒ္ဓ- နှောင်အိမ်၌ နှောင်ဖွဲ့ခံရသော ယောက်ျားကဲ့သို့၊

၄ ဥဒ္ဓစ္စကုက္ကုစ္စ- မိမိကိုယ်ကို မစိုးပိုင်သော၊ သူတပါးတို့ စိုးပိုင်သော၊ အလိုရှိရာသို့ မသွားနိုင်သော ကျွန်ယောက်ျားကဲ့သို့၊

၅ ဝိစိကိစ္ဆာ- အစာခေါင်းပါး၍ ဘေးရန်ရှိသော ရှည်ဝေးသောခရီးခဲကို ဥစ္စာ၊ အသုံးအဆောင်တို့နှင့် သွားသောသူကဲ့သို့။

၇ နေမြင့်မှ ထမင်းချက်သောအိမ်၏ အပြစ် ၅မျိုး (ဥဿူရဘတ္တသုတ်၊ ဒီဃစာရိကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ခရီးသွားဧည့်သည့်ကို အခါအားလျော်စွာ မပူဇော်ရ၊ ၂ ဗလိနတ်စာခံသော နတ်တို့ကို အခါအားလျော်စွာ မပူဇော်ရ၊ ၃ တထပ်သာစားသော၊ ညဥ့်စာစားခြင်းမှ ရှောင်ကြဉ်သော၊ နေလွဲစားခြင်းမှ ရှောင်ကြဉ်သော သမဏ ဗြာဟ္မဏတို့ကို အခါအားလျော်စွာ မပူဇော်ရ၊ ၄ အမှုလုပ်ယောက်ျားတို့ မျက်နှာမသာယာပဲ အလုပ်လုပ်ရ၏၊ ၅ အခါမဲ့၌ စားသမျှထမင်းသည် သြဇာမရှိ။

အပြန် - အကျိုး ၅မျိုး။

၈ နေလ အညစ်အကြေး ၂ စု

၁။ နေ၏ရောဂါ- နန့်နန့်ညှင်းညှင်း ထွန်းလင်းတောက်ပကြောင်း ၄ပါး (သူရိယတပနပဥ္စာ၊ နိပ္ပပဉ္စဝဂ်၊ အနုမာနပဥ္စာ၊ မိလိန္ဒပဥ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ တိမ်တိုက်၊ ၂ ဆီးနှင်း၊ ၃ မိုး၊ ၄ ရာဟုအသုရိန်။

၂။ နေလအညစ်အကြေး ၅ပါး ( သုတ်သီလက္ခန် ဋ္ဌ။ မဟာဗုဒ္ဓဝင်၊ ပဌမတွဲ ပဌမပိုင်း၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ - ၄ အထက်ပါအတိုင်း၊ ၅ မီးခိုး။

၉ နံ့သာများတွင် အမြတ်ဆုံး ၄ပါး ( ဂဏကမောဂ္ဂလ္လာနသုတ်၊ ဒေဝဒဟဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ အမြစ်နံ့သာတွင် စန္ဒကူးနက်သည် အမြတ်ဆုံး၊ ၂ အနှစ်နံ့သာတွင် စန္ဒကူးနီသည် အမြတ်ဆုံး၊ ၃ အပွင့်နံ့သာတွင် မုလေးပန်းသည် အမြတ်ဆုံး၊ ၄ လက်ရှိတရားတို့တွင် ဂေါတမမြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်တို့သည် အမြတ်ဆုံး။

၁၀ နိုးခြင်း နှင့် အိပ်ခြင်း ၂ ခု

၁။ နိုးကြားခြင်းနှင့် အိပ်ခြင်း ၄ချက် (ဇာဂရသုတ်၊ နဠဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ နိုးကြားခြင်းတရားတို့၌ နီဝရဏတရား ၅ပါးတို့သည် အိပ်ပျော်သည်မည်၏၊

၂ အိပ်ခြင်းတရားတို့၌ ဣန္ဒြေ ၅ပါးသည် နိုးကြားသည်မည်၏၊

၃ နီဝရဏ ၅ပါးသည် ကိလေသာမြူတို့ကို ဆွဲယူသုံးသပ်၏၊

၄ ဣန္ဒြေ ၅ပါးဖြင့် ကိလေသာမြူတို့ကို စင်ကြယ်နိုင်၏။

၂။ နိုးသောသူတို့အတွင်း၌ အိပ်သောသူနှင့် အိပ်သောသူတို့၌ နိုးသောသူ (ဇာဂရ- နိုးကြားခြင်း၊ ဇာဂရဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းရသေ့သည် ဈာန်အဘိညာဉ်ရ၍ ဟိမဝန္တာ၌ ရပ်ခြင်း၊ သွားခြင်း ဣရိယာပုတ် ၂ပါးဖြင့်သာနေ၊ တညဉ့်လုံးမအိပ်ပဲ စင်္ကြံသွား၊ စင်္ကြံဦး၌ဖြစ်သော နတ်သမီး- အရှင်မဥပလ္လဝဏ် အလောင်းသည် နစ်သက်သဖြင့် သစ်ပင်ခွ၌ရပ်၍မေး "အဘယ်သူသည် နိုးသောသူတို့အတွင်း၌ အိပ်သောသူမည်သနည်း?၊ အဘယ်သူသည် အိပ်သောသူတို့၌ နိုးသောသူမည်သနည်း?၊ အဘယ်သူသည် ဤပြဿနာကို သိသနည်း?၊ ဖြေခြင်းငှါ စွမ်းနိုင်သနည်း?"

ဘုရားလောင်းက "အကြင်သူသည် မဂ်ဖြင့်လာသောသီလ၊ ဣန္ဒြိယသံဝရသီလ၊ ၉ပါးသော လောကုတ္တရာတရားကို မသိ၊ ကိလေသာဟူသော အိပ်ပျော်ခြင်း၏အစွမ်းအားဖြင့် မေ့လျော့သောသူတို့၌ ငါသည်နိုး၏။

အကြင်ရဟန္တာတို့အား ရာဂ၊ ဒေါသ၊ အဝိဇ္ဇာတို့ကင်းကုန်၏၊ နိုးအပ်သော တိုရဟန္တာကြီးတို့၌ ငါသည် အိပ်သူမည်၏၊ ဤသို့ နိုးကုန်သော ရဟန္တာကြီးတို့၏အတွင်း၌ ငါသည် အိပ်ပျော်၏၊ ဤသို့ အိပ်ပျော်သူတို့၌ ငါသည် နိုး၏။"

၁၁ နက်ကျယ် ရှည်လျားခြင်းကြီး- သာဂရတရား ၄ပါး (အင်္ဂုသာလိနီ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

သာဂရ- သမုဒ္ဒရာ / နက်၊ ကျယ်၊ ရှည်လျားခြင်းတရား။

၁ ဇလသာဂရ- ယူဇနာပေါင်း ၈သောင်း ၄ထောင် နက်ဝှမ်းသော မဟာသမုဒ္ဒရာကြီး၊

၂ သံသာရသာဂရ- ခန္ဓာ အာယာတနဓါတ်တို့၏ မပြတ်ဖြစ်ပျက်နေကြသော အစဉ်၊

၃ နယသာဂရ- ဘုရားရှင်ဟောကြားသော ပိဋကသုံးပုံ နည်းမျိုးစုံ၊

၄ ဉာဏသာဂရ- သဗ္ဗညုတဉ္ဉာဏ်တော်၏ အဆုံးအပိုင်းအခြားမရှိ မွန်မြတ်ကြီးကျယ်သော သဘော။

၁၂ နိုင်ငံခြားတိုင်းပြည်များသို့ မာတုဂါမတို့ မသွားကြရကြောင်း ၄ပါး ( ကမ္ဘောဇသုတ်၊ အပဏ္ဏကဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

မာတုဂါမများသည် ၁ လွတ်ရုံးသဘင်၌ မနေရခြင်း၊ ၂ ကြီးပွားရေးအလုပ်ကို မလုပ်ရခြင်း၊ ၃ ကမ္ဘောဇတိုင်း- တိုင်းတပါး မသွားရခြင်းအကြောင်းမှာ-

၁ အမျက်ထွက်တတ်ခြင်း၊ ၂ ငြူစူခြင်း၊ ၃ ဝန်တိုခြင်း၊ ၄ ပညာမရှိခြင်း။

**၁၃ နတ် / နတ်ပြည် / နတ်သမီး** **၉ ခု**

<u>၁။ နတ် ၃ပါး</u> (ဓမ္မဟဒယဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ ဒေဝဓမ္မဇာတ်၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သမ္မုတိနတ် - တိုင်းပြည်အုပ်ချုပ်မင်းများ၊ ၂ ဥပပတ္တိနတ်- နတ်ပြဟ္မာများ၊ ၃ ဝိသုဒ္ဓိနတ်- ဘုရားရဟန္တာများ။

<u>၂။ နတ်ကတော်သေလျှင် ပြိတ္တာဖြစ်သည်</u>။ (ပါရာဇိကကဏ်ပါဠိတော်။ နိဒါနဝဂ္ဂသံယုတ် ဋ္ဌ။ ယနေ့ဗုဒ္ဓဝါဒ အမေးအဖြေ ၃၊ တည်တောဆရာတော်ကြီး)

<u>၃။ နတ်တို့စုတေခါနီးထင်သော ပုဗ္ဗနိမိတ် ၅ပါး</u> (ပဉ္စပုဗ္ဗနိမိတ္တသုတ်၊ စတုတ္ထဝဂ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) နှင့် သာသနာတော်မှ ရွေ့လျော်လိုသူ ရဟန်းတို့အားထင်သော နိမိတ် ၅ပါး (ကုသဇာတ်၊ သတ္တတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဒီ ဋ္ဌ)

<u>နတ်တို့စုတေခါနီးထင်သော ပုဗ္ဗနိမိတ် ၅ပါး</u>

၁ ပန်ဆင်သောပန်းညှိုး၊ ၂ ဆင်ယင်သောအဝတ်တန်ဆာတို့ ညစ်နွမ်း၊ ၃ ကိုယ် အဆင်းမလှ / ဖေါက်ပြန်ခြင်း၊ ၄ လက်ကတီး (ချိုင်း) ကြားတို့မှ ချွေးထွက်၊ ၅ မိမိနေရာ နတ်ဘုံဗိမာန်တို့၌ မမွေ့လျော် မပျော်ပိုက်။

ဘုန်းတန်ခိုးကြီးသော နတ်တို့၌သာ ဤပုဗ္ဗနိမိတ်တို့ပေါ်၍ ဘုန်းကံငယ်သူတို့၌ မဖြစ်ပေါ်ကြ၊

ကုသိုလ်အား ကြီးမားသောနတ်တို့ မကြောက်ကြပဲ နည်းပါးသူတို့ ဘယ်ဘုံမှာ ဖြစ်လိမ့်မည်နည်းဟု ကြံတွေး ကြောက်ကြ၏။

သာသနာတော်မှ ရွေ့လျော့လိုသူရဟန်းတို့အားထင်သော နိမိတ် ၅ပါး

၁ သဒ္ဓါပန်းညှိုး၊ ၂ သီလအဝတ်ညစ်နွမ်း၊ ၃ မျက်မှောင်ကြုတ်သောအားဖြင့်၎င်း အရှိန်အစော် မရှိသောအားဖြင့်၎င်း အဆင်းမလှ၊ ၄ ကိလေသာချွေးတို့ ယို၊ ၅ တောကျောင်း၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာ အရပ်တို့၌ မမွေ့လျော်။

၄။ နတ်တို့ ဖြစ်ပေါ်လာပုံ ၄မျိုး (မဟာဗုဒ္ဓဝင်၊ ပဋ္ဌမတွဲ၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သမီး၊ သားဖြစ်သောနတ်တို့သည် ရင်ခွင်၌ ဥပပတ် ထင်ရှား ဘွားကနဲ ဖြစ်ပေါ်လာကြ၏၊

၂ အလုပ်အကျွေး နတ်မိဖုယားဖြစ်သည့် နတ်မိန်းမတို့သည် အိပ်ရာပေါ်၌ ဖြစ်ပေါ်လာကြ၏၊

၃ ထိုနတ်မိဖုယားတို့အား အဆင်တန်ဆာ ဆင်ယင်ပေးမည့် ရံရွေမောင်းမ နတ်မိန်းမတို့သည် အိပ်ရာကို ဝန်းရံ၍ ဖြစ်ပေါ်လာကြ၏၊

၄ ဝေယျာဝစ္စ ဆောင်ရွက်ကြမည့် အစေအပါး နတ်များတို့သည် ဗိမာန်အတွင်း၌ ဥပပတ်ထင်ရှား ဘွားကနဲ ဖြစ်ပေါ်လာကြ၏။

## ၅။ နတ်တို့အကြား၌ဖြစ်သော အသံ ၂ ခု

၁။ နတ်တို့စုတေခါနီး ကြားရသော အခြားနတ်တို့၏ ကြင်နာသနား ဝမ်းမြောက်သံ ၃သံ (ဧကစိန္တိက ထွေရအပဒါန်၊ ကုဋ္ဋဗပုပ္ဖိယဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဉ္စပုဗ္ဗနိမိတ္တသုတ်၊ စတုတ္ထဝဂ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

စုတေခါနီး ကြင်နာသနားခြင်းဖြင့် ဝမ်းမြောက်သော အခြားနတ်တို့ထံမှ -

၁ ကောင်းသောလားရာဖြစ်သော သုဂတိ လူ့ပြည်သို့သွားပါလော့၊

၂ သူတော်ကောင်းတရားတို့၌ အတုမရှိသောသဒ္ဓါတရားကို ရအောင်ကြိုးစားလော့၊

၃ ရရှိသော သဒ္ဓါတရားကို အသက်ထက်ဆုံး စိတ်အစဉ် ခိုင်မြဲသက်ဝင်တည်စေလော့၊ ထိုသဒ္ဓါတရား ဖြင့် ကိုယ် နှုတ် စိတ်ပါ ကောင်းမှုကုသိုလ်များစွာ ပြုလော့၊ အခြားသတ္တဝါတို့ကိုလည်း သူတော်ကောင်း တရား၌ သွတ်သွင်းလော့၊ ဤနတ်ပြည်သို့ အဖန်ဖန် လာလှည့်ပါလော့။

၂။ နတ်ပြည်၌ အချိန်ကာလတခုမှ အချိန်ကာလတခုကို အကြောင်းပြု၍ နတ်တို့ အချင်းချင်း ပြောဆိုသံ ၃မျိုး (ဒေဝသဒ္ဒသုတ်၊ စတုတ္ထဝဂ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

| အချိန်ကာလတခု | နတ်တို့အချင်းချင်း ပြောဆိုသံ |
|---|---|
| ၁ အရိယာတပည့်သည် ဆံမုတ်ဆိတ်ကို ပယ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ပြီးလျှင် | ၁ ဤအရိယာတပည့်သည် မာရ်နှင့် ယှဉ်ပြိုင်၍ စစ်တိုက်ရန် ကြိုးစားအားထုတ်၏၊ |

လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်း
ပြုရန် ကြိုးစားအားထုတ်၏၊

၂ အရိယာတပည့်သည် ဗောဓိပက္ခိယတရား ၃၇ ပါးတို့ကို ပွားများအားထုတ်မှုနှင့် မပြတ်ယှဉ် လျက်နေ၏၊

၂ ဤအရိယာတပည့်သည် မာရ်နှင့် ယှဉ်ပြိုင်၍ စစ်တိုက်နေ၏၊

၃ အရိယာတပည့်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ မျက် မှောက်ပြု၍ ရောက်လျက်နေ၏။

၃ ဤအရိယာတပည့်သည် အောင်အပ်ပြီး သော စစ်မြေပြင်ရှိ၍ တိုစစ်မြေဦးကိုပင် အောင်နိုင်ကာ လွှမ်းမိုးလျက်နေ၏။

ဆက်လက်၍ နတ်တို့သည် ဖြစ်သစ်စ ရဟန္တာပုဂ္ဂိုလ်မြတ်ကို ဤသို့ဆို၍ ရှိခိုးကုန်၏။ "အောင်အပ်ပြီးသော စစ်မြေပြင်ရှိသော၊ သီလ စသော ဂုဏ်အားဖြင့် ကြီးမြတ်သော၊ ကြောက်ရွံ့ခြင်းကင်းသော မြတ်စွာဘုရား၏ တပည့်သားကို တွေ့မြင်ကြရကုန်၏။ နတ်တို့သည်လည်း ရှိခိုးကုန်၏။

ယောကျာ်းအာဇာနည်ဖြစ်သော အရှင်ဘုရား၊ အရှင်ဘုရားသည် တားမြစ်ခြင်းငှါ ခဲယဉ်းလှစွာသော သေမင်း၏စစ်သည်တို့ကို အရဟတ္တမဂ်ဖြင့် အောင်နိုင်သောကြောင့် လူများစွာတို့၏ အောင်နိုင်ခဲသည်ကို အောင်တော်မူပေပြီ၊ ထိုအရှင်ဘုရားအား ရှိခိုးပါ၏။

အကြင်အကြောင်းကြောင့် ယောကျာ်းအာဇာနည်သည် သေမင်း၏အလိုသို့ လိုက်နာရ၏။ ထိုလိုက် နာရမည့်အကြောင်းကို နတ်တို့သော်မှလည်း မမြင်နိုင်ကြကုန်။"

## ၆။ နတ်ပြည်ရောက်ကြောင်း ထူးခြားသောအကြောင်းကသိုလ် ဝတ္ထု ၁၅ ခု

၁ ကျောင်းအလှူပွဲတွင် သာဓုခေါ်ရုံမျှဖြင့် နတ်ပြည်ရောက်ခြင်း (ဝိဟာရဝိမာနဝတ္ထု၊ မဥ္ဇိဋ္ဌကဝဂ်၊ ဣတ္ထိဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ခင်ပွန်းမ ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းပူဇော်ပွဲတွင် ကျောင်းတော်ကြီးကိုငှင်း ပူဇော်ပွဲကြီးကိုငှင်း တွေ့မြင်ရ၍ ကြည်ညိုသောကြောင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုခဲ့ပါ၏၊ ဘုံဗိမာန်ပြာသာဒ် ရေကန်ပန်းမန်တို့ ဖြင့် နတ်သမီးဖြစ်၏။

၂ ကြွေကျသောပန်း စပွင့်ကို ဘုရားရှင်၏ပုထိုးတော်၌ တင်လှူပူဇော်၍ နတ်ပြည်ရောက်ခြင်း (ပဌမနာဂဝိမာနဝတ္ထု၊ မဟာရထဝဂ်၊ ပုရိသဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကြီးသောအစွယ် ကြီးသောခွန်အားနှင့် အလွန်လျင်မြန်သောအဟုန်ရှိသော စီးတော်ဆင်ကိုစီး၍ ကောင်းကင်ခရီးဖြင့်လာသော၊ အစွယ်၂ချောင်းထို့၌ ကြည်လင်သောရေ၊ တူရိယာအပေါင်း အလိုလိုမြည် သော၊ ပဒုမ္မာကြာတို့နှင့် ရေကန်ရှိသော၊ နတ်သမီးတို့က ကသီနေကြပြီး အရပ်မျက်နှာအားလုံးတို့၌

ထွန်းလင်းတောက်ပသော နတ်သားအား အရှင်မဟာမောဂ္ဂလာန်က မေး၍ ဖြေ၊ "အကျွန်ုပ်သည် ကြည်လင်သောစိတ်ဖြင့် ကြွေကျသောပန်း ဇပွင့်ကို ကဿပမြတ်စွာဘုရား၏ ပုထိုးတော်၌ တင်လှူပူဇော်ခဲ့ပါ၏။"

၃ ၄ ၅ ဆွမ်းခံရဟန်းအား လက်တဆုပ်မျှသော [၁]ဟင်းရွက်၊ [၂]ပန်း၊ [၃]တမာရွက်လှူ၍ နတ်ပြည်ရောက်ခြင်း (သာက- ဟင်းရွက်၊ မုဋ္ဌိ- လက်ဆုပ်၊ သာကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု၊ ပုပ္ဖက- ပန်း၊ ပုပ္ဖကမုဋ္ဌိဒါယိကာဝိမာနဝတ္ထု၊ နိမ္ဗ- တမာရွက်၊ နိမ္ဗမုဋ္ဌိဒါယိကာဝိမာနတတ္ထု၊ ဂုတ္တိလဝိမာန၊ ပါရိစ္ဆတ္တကဝဂ်၊ ဋ္ဌကထာ ဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဤဝတ္ထု ၃ပုဒ်သည် ဂုတ္တိလဝိမာနတွင် ပါဝင်သည်၊ ဘုရားအလောင်း ဂုတ္တိလစောင်းသမားက "ကောသိယအနွယ်ဖြစ်သော သိကြားမင်း၊ ညို့ဂူချောင်းဖြင့် အလွန်သာယာသော အသံရှိသော နလုံးမွေ့လျော်ဖွယ်ရှိသော စောင်းအတတ်ကို မုသိလအား သင်ကြားပေးခဲ့၏၊ ယခု သူက 'မင်းယင်ပြင်၌ လာခဲ့၊ အတတ်ကိုပြလှည့်။' ဟု ခေါ်နေပါ၏၊ သိကြားမင်းသည် အကျွန်ုပ်၏ကိုးကွယ်ရာ ဖြစ်ပါလော့။" ဟုဆို၏၊ မုသိလသည် အရှင်ဒေဝဒတ် အလောင်းဖြစ်သည်၊ သိကြားမင်းက "ဆရာဂုတ္တိလ ငါသည် သင်၏ကိုးကွယ်ရာ ဖြစ်အံ့၊ ငါသည် ဆရာသမားတို့အား ပူဇော်တတ်သူတည်း၊ သင့်ကို တပည့်မုသိလ အနိုင်မရလတ္တံ့၊ သင်သည် သာလျှင် တပည့်ကို အနိုင်ရလတ္တံ့။" ဟုဆို၏၊ ဆရာဂုတ္တိလ အနိုင်ရပြီးနောက် ထိုလူ့အဖြစ်နှင့်ပင် တာဝတိံသာနတ်ပြည်သို့ရောက်၊ နတ်သမီး ၃၆ ယောက်ကို နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှုများကို မေးခဲ့၏၊

အရှင်မဟာမောဂ္ဂလ္လာန်သည်လည်း တာဝတိံသာသို့ တက်ရောက်ပြီး တွေ့သောနတ်သမီး ၃၆ ယောက် လျှောက်ထားသော သူတို့ပြုခဲ့သော ကောင်းမှုများကို တင်လျှောက်ရာ ဘုရားရှင်က သူဂုတ္တိလ စောင်းဆရာဖြစ်စဉ် မေးမြန်းဘူးရာ ဤသို့ပင် ပြောပြဘူးပုံကို ပြန်လည်ဟောပြ၏၊

နတ်သမီး ၃၆ယောက်တို့၏ ကောင်းမှုများတွင် ဤနတ်သမီး ၃ယောက်သည် ဆွမ်းလည်ရဟန်းအား လက်တဆုပ်မျှသော ဟင်းရွက်၊ လက်တဆုပ်မျှသော ပန်း၊ လက်တဆုပ်မျှသော တမာရွက်ကို အသီးသီး လှူခဲ့ကြ၍ တာဝတိံသာနတ်ပြည်သို့ အသီးသီး ကပ်ရောက်ကြရ၏၊

၆ တရားတော်အသံကို ကြည်ညိုရုံမျှဖြင့် နတ်ပြည်ရောက်ခြင်း- ဖားနတ်သားဝတ္ထု (မဏ္ဍူက- ဖား၊ မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု၊ မဟာရထဝဂ်၊ ပုရိသဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၇ တိုက်တွန်းနှိုးဆော်ကာမျှဖြင့် နတ်ပြည်ရောက်ခြင်း (ဒွါရပါလက- တံခါးစောင့်၊ ဒွါရပါလက ဝိမာနဝတ္ထု၊ မဟာရထဝဂ်၊ ပုရိသဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလာန်မေး၊ ရှေးတံခါးစောင့်ဖြစ်စဉ် ဤနေရာ၌ နေတော်မူပါကုန် စသည်ကို နှုတ်ဖြင့် ပြောခဲ့ပါပြီ၊ အရှင်ကောင်းတို့သည် သီလကိုချစ်မြတ်နိုး၏၊ ကုသိုလ်တရားကို ဖြည့်ကျင့်လေ့ရှိ၏ဟု စိတ်ဖြင့် ကြည်ညိုမှုကို ဖြစ်စေခဲ့၏၊ ဤနှုတ်မြွက်ပြောဆိုခြင်းနှင့် စိတ်ဖြင့် ကြည်ညိုခြင်းတို့မျှဖြင့် ပြုသော

ကုသိုလ်အကျိုး ဖြစ်ပါ၏။

၈ ထမင်းချိုးလှူ၍ နတ်ပြည်ရောက်ခြင်း (အာစာမ- ကစီရည်၊ အာစာမဒါယိကာဝိမာနဝတ္ထု၊ စိတ္တလတာဝဂ်၊ ဣတ္ထိဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဆွေမျိုးပြုန်းတီး၍ အတီးကျန်သော၊ ဆင်းရဲသော၊ သူတပါးအိမ်အဖီကို မှီ၍နေရသော မိန်းမသည် ဆွမ်းအလို့ငှာ လှည့်လည်လျက် ဆိတ်ဆိတ်နေကာ ရပ်တည်သော အရှင်မဟာကဿပအား ကြည်ညိုစိတ်ရှိသည်ဖြစ်၍ ထမင်းချိုးကို ကိုယ်ထိလက်ရောက် ပေးလှူခဲ့ပါ၏ဟု သိကြားမင်းမေး၍ ထန်းနိုးကြီးသော နတ်တို့ရှိရာ နတ်ပြည်ရောက် နိမ္မာနရတိနတ်သမီးက ဖြေ၏။

၉ ပေါက်ပေါက်လှူ၍ တာဝတိံသာနတ်သမီးဖြစ်ခြင်း (လာဇ- ပေါက်ပေါက်၊ ဒေဝဓီတာ- နတ်သမီး၊ လာဇဒေဝဓီတာဝတ္ထု၊ ပါပဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

လူဖြစ်စဉ်က အလွန်ဆင်းရဲသဖြင့် သူတပါးသလေးစပါးခင်းကို အဖိုးအခယူကာ စောင့်ရ၊ စပါးခင်း၌ စားရန် ပေါက်ပေါက်လှော်၍ယူလာ၊ အရှင်မဟာကဿပမထေရ်သည် ပိပ္ပလိလိုဏ်ဂူ၌ ၇ရက် နိရောဓသမာပတ်ဝင်စားနေရာမှထ၊ လယ်တောသို့ကြွလာ၊ စားဖို့ယူလာသော ပေါက်ပေါက်ကိုလှူ၊ မကြာမီ မြွေကိုက်၍သေ၊ တာဝတိံသာ၌ နတ်သမီးဖြစ်။

၁၀ မကောင်းသဖြင့် တင်လှူပူဇော်ထားသောပန်းကို ပြုပြင်ပြင်ဆင်၍တင်ခြင်းဖြင့် နတ်ပြည်ရောက်ခြင်း (သုနိက္ခိတ္တဝိမာနဝတ္ထု၊ သုနိက္ခိတ္တဝဂ်၊ ပုရိသဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်ကမေး၍ နတ်သားကဖြေ၊ ကဿပမြတ်စွာဘုရား၏ ပုထိုးစေတီတော်၌ မကောင်းသဖြင့် တင်ထားသောပန်းကို ကောင်းစွာပြုပြင်၍ တင်ထားခြင်းကြောင့် ကြီးမြတ်သော တန်ခိုးအာနုဘော်နှင့် စည်းစိမ်ကို ရရှိပါသည်။

၁၁ မြတ်စွာဘုရားကို ကြည်ညိုရုံမျှဖြင့် နတ်ပြည်ရောက်ခြင်း (ပဋ္ဌမကရဏီယဝိမာနဝတ္ထု၊ မဟာရထဝဂ်၊ ပုရိသဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိပြည်သို့ ကြွလာသည်ကို မြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေသောကြောင့် တာဝတိံသာနတ်ပြည်သို့ နတ်သားအဖြစ် ရောက်ပါ၏။

၁၂ မြတ်စွာဘုရားကို လက်အုပ်ချီရုံမျှဖြင့် နတ်ပြည်ရောက်ခြင်း (မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု၊ သုနိက္ခိတ္တဝဂ်၊ ပုရိသဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဋ္ဌကုဏ္ဍလီပေတဝတ္ထု၊ ဥဗ္ဗရိဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဋ္ဌကုဏ္ဍလီဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ငါ မဋ္ဌကုဏ္ဍလီသည် မိမိအိမ်၌ အနာနိပ်စက်၍ သူနာဖြစ်ခဲ့၏၊ လမ်းမ၌ကြွလာသော မြတ်စွာဘုရား

ကို ဖူးမြင်ရ၏၊ ငါသည် ဝမ်းမြောက်ကြည်ညိုစိတ်ဖြင့် မြတ်စွာဘုရားအား လက်အုပ်ချီခဲ့ပါ၏၊ တာဝတိံသာနတ်တို့၏ အသင်းဝင်အပေါင်းအဖေါ်အဖြစ်သို့ ရောက်၏။

သာဝတ္ထိပြည်၌ မလှမကမ်းသော ပုဏ္ဏားလင်မယား၏သားဖြစ်ခဲ့၊ အရွယ်ရောက်သော် ဖျော့တော့သော ရောဂါဝေဒနာစွဲကပ်၊ ဆေးဖိုးကုန်မည်စိုး၍ ဆေးမြီးတိုများဖြင့်ကု၊ ရောဂါရင့်၍ သေခါနီးသော် ၎င်းတို့၏ကြွယ်ဝမှုကို မမြင်စေရန် အိမ်ပြင်ထုတ်ထားစဉ် ရောင်ခြည်တော်အစုံဖြင့် ဘုရားရှင်ကို သံဃာတော်များနှင့် ဆွမ်းခံကြွသည်ကို ဖူးတွေ့ခဲ့ရ၏။

၁၃ <u>မြတ်စွာဘုရားခြေတော်ကို အရှင်မောဂ္ဂလ္လာန်တိုက်တွန်း၍ ရှိခိုးဦးတိုက်ခဲ့သဖြင့်</u> တာဝတိံသာနတ်ပြည်သို့ရောက်ခြင်း (စဏ္ဍာလီဝိမာနဝတ္ထု၊ စိတ္တလတာဝဂ်၊ ဣတ္ထိဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လူဖြစ်တုန်းက ဒွန်းစဏ္ဍားမျိုးပါတည်း၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို လက်အုပ်ချီမိုးရှိခိုးလော့။ သင်၏အသက်သည် တိုတောင်းလှစွာ၏ဟု အရှင်ဘုရား (အရှင်မဟာမောဂ္ဂလ္လာန်)၏တိုက်တွန်းမှုကြောင့် ဘုရားရှင်၏ခြေတော်အစုံကို ကြည်လင်သောစိတ်ရှိလျက် ရှိခိုးခဲ့ပါ၏။ ထိုသို့ဘုရားရှင်ကို ရှိခိုးလျက်တည်သော စဏ္ဍာလီကို နွားမသည် ဝှေ့သတ်လေ၏။ စုတေသော် တာဝတိံသာနတ်ပြည်၌ နတ်သမီးတသိန်း ခြံရံလျက် ဖြစ်ရပါ၏။

၁၄ <u>ရဟန်းတော်တို့ကို လက်အုပ်ချီမိုးရှိခိုးရုံဖြင့်</u> နတ်ပြည်ရောက်ခြင်း (ဝန္ဒနဝိမာနဝတ္ထု၊ မဉ္ဇိဋ္ဌကဝဂ်၊ ဣတ္ထိဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သီလနှင့်ပြည့်စုံသော ရဟန်းတော်တို့၏ခြေတော်တို့ကို လက်အုပ်ချီမိုး ရှိခိုးခဲ့ရသည့်ကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ရပါကြောင်း နှစ်သက်ဖွယ်သော အရောင်အဆင်းဖြင့် အရပ်မျက်နှာအားလုံးသို့ ထွန်းလင်းတောက်ပလျက်ရှိသော နတ်သမီးက ဝမ်းမြောက်ဝမ်းသာ ဖြေကြား၏။

**၁၅** <u>လူတို့အလိုမရှိသော ခါးသည့်သခွတ်ခါးနွယ်ပန်း ၄ပွင့်ကို မြတ်စွာဘုရား၏ စေတီတော်ဆီသို့ ဆောင်ခဲ့စဉ်</u> သေဆုံး၍ နတ်ပြည်ရောက်ခြင်း (ပီတဝိမာနဝတ္ထု၊ မဉ္ဇိဋ္ဌကဝဂ်၊ ဣတ္ထိဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ရွှေဝါရောင်အဝတ်၊ ရွှေဝါရောင်တံခွန်၊ ရွှေဝါရောင်တန်ဆာတို့ဖြင့် တန်ဆာဆင်၍ စန္ဒကူးလိမ်းကျံအပ်သောကိုယ်၌ ကြာပန်းကိုဆင်မြန်းကာ အရာရာပြည့်စုံသောနတ်သမီးအား သိကြားမင်းက မေး၍ဖြေ၊ "ခါးသည်ဖြစ်၍ လူတို့အလိုမရှိသော သခွတ်ခါးနွယ်ပန်း၄ပွင့်ကို မြတ်စွာဘုရား၏သရီရဓါတ်တော်ကို ရည်မှတ်၍ ကြည်လင်သောစိတ်ဖြင့် စေတီတော်ဆီသို့ ရှေးရှုဆောင်ခဲ့စဉ် နွားသားငယ်ရှိ ရန်သူနွားမ၌ သတိမထားမိသည်ဖြစ်၍ နွားအုပ်လာရာလမ်းကို မျှော်မကြည့်မိပဲ စေတီတော်သို့ မရောက်သေးမီ ဝှေ့သတ်ခံရပြီး သိကြားမင်း၏အသင်းအဖြစ်သို့ ရောက်ပါ၏။

စေတီတော်သို့ ကိုယ်တိုင်ရောက်၍ အလိုဆန္ဒအတိုင်း ပန်းကိုပူဇော်၍ ကောင်းမှုကို ကောင်းစွာ ဆည်းပူးခဲ့ရပါမူ အကျွန်ုပ်အား ဤစည်းစိမ်ထက် သာလွန်၍ဖြစ်ရာပါ၏။"

**၇။ နတ်ပြည်ရောက်ကြောင်း** ၆ စု

၁။ နတ်ပြည်ရောက်ကြောင်း ကျင့်ဝတ်တရား ၁၀ပါး (ဓမ္မိကသုတ်၊ စူဠဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပါသကာ ၅၀၀ အခြံအရံရှိသော ဓမ္မိကဥပါသကာ မေးလျှောက်၍ ဘုရားရှင် ဟောတော်မူ၏။

၁ သတ္တဝါကို မသတ်ရာ၊ သူတပါးကိုလည်း မသတ်စေရာ၊ သဘောမတူရာ၊ ၂ မပေးသောဝတ္ထုကို ခိုးယူခြင်းမှကြဉ်ရှောင်၊ ကြဉ်ရှောင်စေရာ၊ သဘောမတူရာ၊ ၃ ပြောင်ပြောင်တောက်သော မီးကျီးတွင်း ပမာကဲ့သို့ မေထုန်အကျင့်ကို ရှောင်၊ မတတ်နိုင်သူတို့ သူတပါးသားမယားကို မကျူးလွန်ရာ၊ ၄ မုသား မပြောဆိုရာ၊ မပြောဆိုစေရာ၊ သဘောမတူရာ၊ ၅ သေရည်သောက်စားမှုကို ရှုးသွပ်ခြင်းလျှင် အဆုံးရှိ၏ ဟုသိ၍ နောင်ဘဝ၌ ရူးသွပ်စေတတ်ပြီး ယခုဘဝ၌ တွေဝေစေတတ်သော သေရည်ကို မသောက်စားရာ၊ မသောက်စားစေရာ၊ သဘောမတူရာ၊ မူးယစ်ခြင်းကြောင့် သူ့သက်သတ်မှုစသော မကောင်းမှုကို ပြုကုန်၏၊

၆ အင်္ဂါ ၈ပါးရှိသော ဥပုသ်ကို လဆန်း လဆုတ် ပက္ခ၏ ၁၄ရက်၊ ၁၅ရက်၊ ၈ရက် ဥပုသ်နေ့၌ ကျင့်သုံးရာ၏၊ ၇ အသီးအခြားဆောင်အပ်သော ပါဋိဟာရိယပက္ခ / ဥပုသ်နေ့၏ အကြိုအပို ရက်များ၌လည်း အင်္ဂါ ၈ပါးရှိသောဥပုသ်ကို ကျင့်သုံးရာ၏၊ ၈ ရဟန်းသံဃာတို့ကို စွမ်းနိုင်သလောက် ထမင်းအဖျော်တို့ဖြင့် ဝေဖန်လှူဒါန်းရာ၏၊ ၉ အမိအဖတို့ကို တရားသဖြင့် လုပ်ကျွေးမွေးမြူရာ၏၊ ၁၀ တရားနှင့်လျော်သော ကုန်သွယ်မှု / အသက်မွေးမှုကို အားထုတ်ရာ၏။

ဤကျင့်ဝတ်ကို မမေ့လျော့ပဲ ကျင့်သည်ဖြစ်၍ အလိုလိုထွန်းပသော ကိုယ်ရောင်ရှိသော နတ်ပြည် သို့ ရောက်၏။

၂။ နတ်ပြည်ရောက်ကြောင်းထရား ၉ပါး (ဒေဝတာသုတ်၊ သီဟနာဒဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ရဟန်းတို့ အိမ်သို့ချဉ်းကပ်သောအခါ ၁ ခရီးဦးကြိုခြင်း၊ ၂ ရှိခိုးခြင်း၊ ၃ နေရာပေးခြင်း၊ ၄ စွမ်းအား ရှိသလောက် ဝေဖန်လှူဒါန်းခြင်း၊ ၅ တရားနာရန် ချဉ်းကပ်၍တိုင်ခြင်း၊ ၆ နားစိုက်၍ တရားနာခြင်း၊ ၇ နာပြီးတရားကို ဆောင်ခြင်း၊ ၈ ဆောင်ပြီးတရားတို့၏ အနက်အဓိပ္ပါယ်ကို စူးစမ်းခြင်း၊ ၉ အနက်ပါဠိကို သိ၍ တရားအားလျော်သောအကျင့်ကို ကျင့်ခြင်း။

၃။ နတ်ပြည်ရောက်ကြောင်း ကောင်းမှုအထု ကုသိုလ်အယဉ် **မဟာဒါန ၅ပါး**အပါအဝင် ၈ပါး (အဘိသန္ဒ- အကျိုး၊ အဘိသန္ဒသုတ်၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ၂ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်၏၊ ၃ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆက်းကပ်၏၊ ၄-၈ ၅ပါးသီလ- သီလစောင့်ထိန်းခြင်းဖြင့် အလှူပေးလှူသည်နှင့်တူ၏၊ ပါဏာတိပါတာ သူ့အသက်သတ်ခြင်းကို ရှောင်ကြဉ်ခြင်းဖြင့် အသက်ခံရမည့် သတ္တဝါ၏အသက်ကို ပေးလှူသကဲ့သို့ ဖြစ်၏။

၄။ နတ်ပြည်ရောက်ကြောင်း အကျင့်တရား ၃ပါး (ဓမ္မဒေဝပုတ္တဇာတ်၊ ကောဒသမနိပါတ်၊ ဇာတက ပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အကုသလကမ္မပထတရား၁၀ပါးကို ရှောင်ကြဉ်ခြင်း၊ ၂ မိဘကျွေးမွေးသောကျင့်ဝတ်ကို ဖြည့်ကျင့်ခြင်း၊ ၃ ၃ပါးသော သုစရိုက်- ကာယ၊ ဝစီ၊ မနောကို ဖြည့်ကျင့်ခြင်း။

၅။ နတ်ပြည်ရောက်ကြောင်း တရား ၃ပါး (မဟာမောဂ္ဂလ္လာနပဥ္စာဝတ္ထု၊ ကောဓဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ မှန်သောစကားကို ပြောဆိုရာ၏၊ ၂ အမျက်မထွက်ရာ၊ ၃ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။

အရှင်မဟာမောဂ္ဂလ္လာနမထေရ် နတ်ပြည်သို့ ဒေသစာရီကြွသောအခါ တွေ့သောနတ်သမီးများ (၆ ယောက်)ကို ၎င်းတို့ပြုခဲ့သော ကောင်းမှုများကိုမေးရာ အခြားကောင်းမှုမရှိပဲ ၁ မှန်သောစကားသာ ပြောဆိုခဲ့သူ၊ ၂ ကျွန်မဖြစ်ခဲ့ပြီး အရှင်မသည် ရက်စက်သူတဦးဖြစ်ကာ တွေ့ရာပစ္စည်းဖြင့် ပစ်ခတ်ရိုက်နက်သည်ကို အမျက်မထွက်ပဲ ဆုံးမခြင်းသာဖြစ်သည်ဟု သဘောထား၍ သည်းခံခဲ့သူ၊ ၃ ကြံတချောင်း၊ ၄ တည်သီးတလုံး၊ ၅ သခွားသီးတလုံး၊ ၆ တမာရွက်တဆုပ်တို့သာ အသီးသီး လှူခဲ့ကြသူများဖြစ်ကြောင်းကို သိရပြီးနောက် ဘုရားရှင်ကို လျှောက်ထားကာ "ဤမျှလောက် ကာယကံ ထိန်းသိမ်းရုံဖြင့်၊ အနည်းငယ်သော ဒါနလေးများဖြင့် နတ်စည်းစိမ် ခံစားရပါသလား?" ဟုမေးရာ ဘုရားရှင်က သင်ကိုယ်တိုင် မျက်မြင်မဟုတ်သလောဟု မိန့်၍ အထက်ပါထရား ၃ပါး ဒေသနာကို ဟောတော်မူ၏။

၆။ နတ်ပြည်ရောက်ကြောင်းသည် ဒါနဖြစ်ကြောင်း (ကျမ်းဦးမှတ်ဖွယ်၊ ဝိမာနဝတ္ထုနှင့်ပေတဝတ္ထု ပါဠိတော်မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဣတ္ထိဝိမာနဝတ္ထုများအနက် အမည်မျှသာပြသော ဝတ္ထုများချန်လှပ်က ဝတ္ထု ၈၅ခုအနက် ဒါ န တခုတည်းဖြင့် နတ်ပြည်ရောက်သောဝတ္ထု ၆၈ခုဖြစ်ရာ နတ်သမီးများသည် **၅ဦးလျှင် ၄ဦး**သည် ဒါ န သက်သက်ဖြင့်သာ နတ်ပြည်သို့ ရောက်ကြသည်။

ပုရိသဝိမာနဝတ္ထုများ ၃၃ခုအနက် ဒါနတခုတည်းဖြင့် နတ်ပြည်ရောက်သောဝတ္ထု ၂၂ခုဖြစ်ရာ နတ်သားများသည် **၃ဦးလျှင် ၂ဦး** ဒါ န သက်သက်ဖြင့်သာ နတ်ပြည်သို့ ရောက်ကြသည်။

၈။ နတ်သမီး ဖြစ်ကြောင်း ၈ပါး (အနုရုဒ္ဓသုတ်၊ ဥပေါသထဝဂ်၊ အင်္ဂုတ္တိုရ်နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အရှင်အနုရုဒ္ဓါမထေရ် နေ့သန့်စင်ကာ တဦးထည်း သီထင်းသုံးနေတော်မူစဉ် များစွာသော နတ်သမီးတို့ ချဉ်းကပ်ကာ လျှောက်ထား၏။

နတ်မနာပကာယိက- နှစ်သက်ဖွယ်သော ကိုယ်ရှိသူ၊ မနာပကာယိကနတ်သမီးဖြစ်ကာ ၃ပါးသော အရာ- ၁ အဆင်း၊ ၂ အသံ၊ ၃ ချမ်းသာ၌ အစိုးရ၏၊ အလိုအတိုင်း ဖြစ်စေနိုင်၏၊ အလိုရှိရာကို တခဏချင်း ရနိုင်၏။

ရှေးဘဝတို့၌ ၁ လင်ယောက်ျားအပေါ် ကျင့်ဝတ်ဖြစ်သော - [၁]လင်ယောက်ျားထက် အိပ်ရာမှ ဦးစွာထ၊ [၂]နောက်မှအိပ်၊ [၃]အဘယ်ကိုပြုရအံ့နည်းဟု နာခံလေ့ရှိ၏၊ [၄]နှစ်ခြိုက်ဖွယ်ကို ပြု၊ [၅]ချစ်ခင်ဖွယ်ကို ဆို၊ ၂ ခင်ပွန်းသည် အရိုအသေပြုအပ်သူတို့ကို အလေးအမြတ်ပြု၊ ၃ အိမ်တွင်းမှုအလုပ်- သိုးမွေး ဝါချည်အလုပ်စသည်တို့၌ လိမ္မာ၍စီမံရန် စွမ်း၏၊ ၄ အမှုလုပ်တို့၏ ပြုသည့်အလုပ် မပြုသည့်အလုပ်၊ ဖျားနာသူတို့ကို သိ၍ ဘောဇဉ်တို့ကိုလည်း ဝေပေးစွမ်း၏၊ ၅ ဥစ္စာစပါး ရွှေငွေတို့ကို စောင့်ရှောက်၏၊ ၆ ဘုရားတရားသံဃာကို ကိုးကွယ်သော ဥပါသိကာမ ဖြစ်၊ ၇ ၅ပါးသီလ မြဲ၏၊ ၈ စွန့်ကြဲခြင်းနှင့် ပြည့်စုံ၏။

၉။ နတ်၌ဖြစ်သော လွှမ်းမိုးနိုင်သော ၁၀ဌာနနှင့် ၎င်းတို့ကို ရကြောင်း ၃ပါး (သက္ကသုတ်၊ မောဂ္ဂလ္လာနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလန်သည် ဇေတဝန်ကျောင်းတော်မှနေ၍ တာဝတိံသာနတ်ပြည်သို့ ကြွသော် သိကြားမင်းသည် နတ်သား၅၀၀၊ ၆၀၀၊ ၇၀၀၊ ၈၀၀၊ ၈သောင်းတို့နှင့် တလှည့်စီ ချဉ်းကပ်၍ လျှောက်ထားကြ၏။

နတ်၌ဖြစ်သော ၁၀ဌာနတို့၌ လွှမ်းမိုးနိုင်ရကြောင်း ၃ပါး။ ၁ ဘုရားတရားသံဃာ ရတနာ ၃ပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊ ၂ ဘုရားဂုဏ်တော်၉ပါး၊ တရားဂုဏ်တော်၆ပါး၊ သံဃာဂုဏ်တော်၉ပါးတို့၌ သက်ဝင်ကြည်ညိုခြင်း၊ ၃ မကျိုး မပေါက် မပျောက် မကျားသော၊ တဏှာကျွန် အဖြစ်မှလွတ်လျက် ပညာရှိတို့ ချီးမွမ်းအပ်သော၊ မှားသောအားဖြင့် မသုံးသပ်သော၊ တည်ကြည်မှုသမာဓိကို ဖြစ်စေသော၊ အရိယာတို့ နှစ်သက်အပ်သော သီလနှင့်ပြည့်စုံခြင်း။။

နတ်၌ဖြစ်သော လွှမ်းမိုးနိုင်သော ၁၀ဌာန။ ၁ အသက်၊ ၂ အဆင်း၊ ၃ ချမ်းသာ၊ ၄ အခြံအရံ၊ ၅ အစိုးရခြင်း၊ ၆ ရူပါရုံ၊ ၇ သဒ္ဒါရုံ၊ ၈ ဂန္ဓာရုံ၊ ၉ ရသာရုံ၊ ၁၀ ဖောဋ္ဌဗ္ဗာရုံ။ ဤ ၁၀ ဌာနတို့၌ အခြားသော နတ်တို့ကို လွှမ်းမိုး၍ တည်၏။

၁၄ နတ်သုဓာဘုတ်၏ စွမ်းအင်/အကျိုး ၁၂ပါး (သုဓါဘောဇနဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဤ၁၂ပါးကို ပယ်ဖျောက်တတ်၏၊ ၁ ထမင်းမွတ်ခြင်း၊ ၂ ရေမွတ်ခြင်း၊ ၃ မမွေ့လျော်ခြင်း၊ ၄ ပူပန်ခြင်း၊ ၅ ပင်ပန်းခြင်း၊ ၆ အမျက်ထွက်ခြင်း၊ ၇ ရန်ငြိုးဖွဲ့ခြင်း၊ ၈ ငြင်းခုံခြင်း၊ ၉ ကုန်းတိုက်ချောပစ်ခြင်း၊ ၁၀ အအေး၊ ၁၁ အပူ၊ ၁၂ ပျင်းရိခြင်း၊ မြတ်သောအရသာတည်း။။

၁၅ နန္ဒမာတာဥပါသိကာမ ဝေဠုကဏ္ဍကီမြို့သူ၏ အံ့ဖွယ် ၇ပါး (နန္ဒမာတာသုတ်၊ မဟာယညဝဂ်၊ သတ္တက နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဝတ္ထုအကျဉ်း။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝက ၂ပါး ဦးဆောင်သော ရဟန်းတော်များ ဒက္ခိဏာဂိရိဇနပုဒ်၌ ဒေသစာရီကြွချီစဉ် တည်၌ ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ ဥပါသိကာမသည် ပါရာယနသုတ်တော်ကို အသံထွက်၍ ရွတ်ဖတ်ပူဇော်နေရာ စတုမဟာရာဇ်နတ်မင်းကြီး ၄ပါးတွင် တပါးဖြစ်သော ဝေဿဝဏ်နတ်မင်းကြီးက ခရီးသွားစဉ် တရားသံကြား၍ နာနေရာမှ အပြီးတွင် သာဓုခေါ်ကာ စကားပြောကြရင်း မနက်ဖန် နံနက်တွင် အဂ္ဂသာဝက ၂ပါး ဦးဆောင်သော ရဟန်းတော်များ ဤမြို့သို့ ကြွလာကြမည် ဖြစ်ကြောင်းနှင့် ဆွမ်းဆက်ကပ်ရန် ပြောကြားသည်။

နံနက်တွင် ဆွမ်းဆက်ကပ်အပြီး ဥပါသိကာမက အရှင်သာရိပုတ္တရာအား ၁ တန်ခိုးအာနုဘော်ကြီးမားသည့် ဝေဿဝဏ်နတ်မင်းကြီးနှင့် စကားပြောရခြင်း၊ ၂ တဦးတည်းသော သားနန္ဒကို မင်းချင်းတို့ ဖမ်းဆဲ ဖမ်းပြီး၊ ညှဉ်းဆဲဆဲ ညှဉ်းဆဲပြီး၊ သတ်ဆဲ သတ်ပြီးအခါ အကြောင်းတစုံတခုကြောင့် စိတ်မဖောက်ပြန်ပါ၊ ၃ လင်ယောကျ်ား သေဆုံး၍ ဘုမ္မစိုးနတ်ဖြစ်ပြီးနောက် ရှေးလူအတ္တဘောဖြင့် ထင်ရှားပြခြင်းကြောင့်လည်း စိတ်မဖောက်ပြန်၊ ၄ လင်ယောကျ်ားကို ငယ်ရွယ်နနယ်စဉ်ကတည်းက သူမကို ဆောင်ကတည်းက စိတ်ဖြင့်ပင် လွန်ကျူး၍ မကျင့်ပါ၊ ၅ ဥပါသိကာမ ဖြစ်ပြီးကတည်းက တစုံတခုသော သိက္ခာပုဒ်ကို လွန်ကျူးလိုသော စေတနာဖြင့် မလွန်ကျူးဘူးပါ၊ ၆ စတုတ္ထစျာန်သို့ ရောက်ရှိသူဖြစ်ပါ၏၊ ၇ အောက်ပိုင်းသံယောဇဉ် ၅မျိုးကို ပယ်ပြီးဖြစ်ပါသည် စသော အံ့ဖွယ် ၇ပါးကို လျှောက်ထားသည်။

၁၆ နန္ဒာသာကီဝင်မင်းသမီး ၃ယောက် (မဟာဗုဒ္ဓဝင်၊ စတုတ္ထတွဲ၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အရှင်အာနန္ဒာ၏နှမ နန္ဒာ၊ ၂ ခေမကသာကီဝင်မင်း၏သမီး အဘိရူပနန္ဒာ၊ ၃ နန္ဒာမင်းသား၏ ဇနီးလျာ ဇနပဒကလျာဏီနန္ဒာ။

၁၇ **နိဗ္ဗာန်** ၈ စု

၁။ နိဗ္ဗာန်ဆိုသည်မှာ (ပဋိသံယုတ္တ- စပ်ယှဉ်သည်၊ လျှောက်ပတ်သည်၊ စတုတ္ထနိဗ္ဗာနပဋိသံယုတ္တသုတ်၊ ပါဋလိဂါမိယဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ရုပ်အစရှိသော သင်္ခါရတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မှီသောသူအား တဏှာဒိဋ္ဌိတို့ဖြင့် တုန်လှုပ်၏။

၁ မမှီသောသူအား တုန်လှုပ်မှု မရှိ၊

၂ တုန်လှုပ်မှု မရှိသော် ငြိမ်းအေး၏၊

၃ ငြိမ်းအေးသော် ညွတ်မှုတဏှာ မဖြစ်၊

၄ တဏှာမဖြစ်သော် ပဋိသန္ဓေအားဖြင့် ဤဘဝသို့ လာခြင်း၊ စုတေအားဖြင့် ထိုဘဝသို့ သွားခြင်း မဖြစ်၊

၅ လာခြင်း သွားခြင်း မရှိသော် စုတေခြင်း၊ ပဋိသန္ဓေနေခြင်း မဖြစ်၊

၆ စုတေခြင်း၊ ပဋိသန္ဓေနေခြင်း မဖြစ်သော် မျက်မှောက်ဘဝ၌ဇင်း၊ တမလွန်ဘဝ၌ဇင်း၊ ၂ပါးစုံ ဘဝ၌ဇင်း မဖြစ်တော့လတ္တံ့။ ဤသည်ပင်လျှင် ဆင်းရဲ၏ အဆုံးတည်း။

<u>၂။ နိဗ္ဗာန်တရားသဘော ၁၁ပါး</u> (အဇာတသုတ်၊ ဒုတိယဝဂ်၊ ဒုကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ခန္ဓာ ၅ပါး (သက္ကာယ) ၏ ထွက်မြောက်ရာဖြစ်သော၊ ၂ ကိလေသာ သင်္ခါရတို့၏ ငြိမ်းအေးရာ ဖြစ်သော၊ ၃ ကြံစည်မှု- တက္ကဉာဏ်၏ အာရုံမဟုတ်သော၊ ၄ ခိုင်မြဲသော၊ ၅ ဖြစ်ပေါ်မှု မရှိသော၊ ၆ ကောင်းစွာ မဖြစ်သော၊ ၇ စိုးရိမ်မှု ကင်းသော၊ ၈ ကိလေသာမြူ ကင်းသော၊ ၉ သံသရာဆင်းရဲ နှိပ်စက် ခံရသူတို့ ကျင့်အပ်သော၊ ၁၀ ဆင်းရဲတရားတို့၏ ချုပ်ရာဖြစ်သော၊ **၁၁** သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် ချမ်းသာ၏။

<u>၃။ နိဗ္ဗာန်တရားသဘော ၁၂ ပါး</u> (ပဋိသံယုတ္တ- စပ်ယှဉ်သည်၊ လျောက်ပတ်သည်၊ ပဌမနိဗ္ဗာန ပဋိသံယုတ္တသုတ်၊ ပါဋလိဂါမိယဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အကြင် နိဗ္ဗာန်အရပ်၌ ၁ ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ် မရှိ၊ ၂ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာ နာသညာယတနစျာန်လည်း မရှိ၊ ၃ ပစ္စုပ္ပန်လောက၊ တမလွန်လောကလည်း မရှိ၊ ၄ ၂ပါးစုံသော လနေတို့သည်လည်း မရှိကုန်။ ထိုနိဗ္ဗာန်၌ ၅ တစုံတခုသော ဘဝမှလာခြင်းကို ငါမဟော၊ ၆ တစုံတခု သောဘဝသို့ သွားခြင်းကိုလည်း ငါမဟော၊ ၇ တစုံတခုသော အရပ်၌ တည်ခြင်းကိုလည်း ငါမဟော၊ ၈ ရွေ့လျောစုတေခြင်းကိုလည်း ငါမဟော၊ ၉ ပဋိသန္ဓေအားဖြင့် ဖြစ်ခြင်းကိုလည်း ငါမဟော။ ထိုနိဗ္ဗာန် သည် ၁၀ တည်ရာမရှိ၊ ၁၁ ဖြစ်ခြင်းမရှိ၊ ၁၂ အာရုံပြုမှု မရှိသည်သာတည်း။ ဤသဘောသည်သာ ဆင်းရဲ၏ အဆုံးတည်း။

<u>၄။ နိဗ္ဗာန်တရားသဘော ၁၇ပါး</u> (ဗြဟ္မနိမန္တနိကသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ မဂ်ဉာဏ်ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် ခပ်သိမ်းသော သင်္ခါရတရားတို့ထက် ထူးကဲ လွန်မြတ်သောတရား၊ ထူးသောဉာဏ်ဖြင့်သာ သိအပ်သော၊ ၂ ပကတိမံသစက္ခုဖြင့် မမြင်အပ် မမြင် ကောင်းသော (ဝါ ) အတူပြုကာ ညွှန်ပြဖွယ်ရာ တရားတပါးမရှိသော၊ ၃ ဖြစ်မှု- ဥပါဒ်စွန်း၊ ပျက်မှု- ဘင်စွန်း အလျဉ်းမရှိသော၊ ၄ အလုံးစုံတရားထက် ပြိုးပြက်ထွန်းပြောင် အလင်းရောင်ရှိသော (ဝါ ) အခါ ခပ်သိမ်း အမှောင်မရှိ ပကတိ ပြိုးပြက် တလက်လက် ထွန်းပြောင်နေသော နိဗ္ဗာန်သည် ရှိ၏။

ထိုနိဗ္ဗာန်တရားကို ၅ ပထဝီဓါတ် (၏ ပထဝီသဘောအားဖြင့် မရောက်အပ်)၊ ၆ အာပေါဓါတ် (...)၊ ၇ တေဇောဓါတ် (...)၊ ၈ ဝါယောဓါတ် (...)၊ ၉ သတ္တဝါ၏ သတ္တဝါသဘောအားဖြင့် မရောက်အပ်၊ ၁၀ နတ်၏ သဘောအားဖြင့် မရောက်အပ်၊ ၁၁ မာရ်နတ် (၏ သဘောအားဖြင့် မရောက်အပ်)၊ ၁၂ ဗြဟ္မာ (...)၊ ၁၃ အာဘဿရဗြဟ္မာ (...)၊ ၁၄ သုဘကိဏှာဗြဟ္မာ (...)၊ ၁၅ ဝေဟပ္ဖိုလ်ဗြဟ္မာ (...)၊ ၁၆ အဘိဘူ (အသညသတ်) ဗြဟ္မာ၏ သဘောအားဖြင့် မရောက်အပ်၊ **၁၇** အလုံးစုံ (သက္ကာရတရားအစု) ၏ အလုံးစုံ သဘောအားဖြင့် မရောက်အပ်။

<u>၅။ နိဗ္ဗာန် တရားသဘော ၂၁ပါး</u> (ပဋိသမ္ဘိဒါမဂ်။ မိလိန္ဒပဉှာပါဠိတော်။ ဥဒါန်းပါဠိတော်။ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ဖြစ်ခြင်းကင်းသောတရား (ရှိသောတရားသည် သင်္ခါရ)၊ ၂ မပြတ်ဖြစ်သော ရုပ်နာမ် အစဉ် ကင်း (အစဉ်ရှိက သင်္ခါရ)၊ ၃ ပုံသဏ္ဌာန်အထည်ကိုယ် မထင်ပေါ် (ထင်ပေါ်သော တရားသည် သင်္ခါရ)၊ ၄ ချမ်းသာကောင်းစားရန် အားထုတ်ခြင်းကင်း (အားထုတ်ခြင်းသည် သင်္ခါရ)၊ ၅ ရှေးဘဝရှေးစိတ်နှင့် စပ်၍ ဖြစ်ခြင်းကင်း (ဖြစ်ခြင်းသည် သင်္ခါရ)၊ ၆ နိဗ္ဗာန်နှင့်တူသော ဥပမာမရှိ၊ ၇ ထင်ရှားသော ဓါတ်သဘော၊ ၈ နိဗ္ဗာန်တည်းဟူသော အကြောင်းအာရုံသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏၊ ၉ ဓါတ်ကြီး ၄ပါးမရှိ။

၁၀ အရူပတရား ၄ပါးတို့ မရှိ၊ ၁၁ ဤမျက်မှောက်လောက မရှိ၊ ၁၂ တပါးသောလောက မရှိ၊ ၁၃ လနေ နက္ခတ်တာရာ မရှိ၊ ၁၄ လာရောက်ခြင်းကို ငါမဟော၊ ၁၅ အခြားသို့ ပြောင်းရွှေ့ခြင်းကိုလည်း ငါမဟော၊ ၁၆ တည်တံ့နေခြင်းကိုလည်း ငါမဟော၊ ၁၇ စုတေရွေ့လျောခြင်းကိုလည်း ငါမဟော၊ ၁၈ ကပ်ရောက်၍ဖြစ်ခြင်းကိုလည်း ငါမဟော၊ ၁၉ နိဗ္ဗာန်ဟူသော အာရုံအကြောင်းသည် တည်ရာမရှိ၊ ၂၀ မပြတ်ဖြစ်ခြင်း မရှိ၊ **၂၁** နိဗ္ဗာန်သည် နာမ်တရားပင်ဖြစ်သော်လည်း စိတ်စေတသိက်တို့ကဲ့သို့ အာရုံပြု တတ်သော သဘောမဟုတ်၊ မဂ်ဖိုလ်တို့၏ အာရုံအကြောင်းဖြစ်သော နိဗ္ဗာန်သည် ထိုနိဗ္ဗာန်ကိုသိလျှင် အလုံးစုံသော ဆင်းရဲမရှိခြင်းကြောင့် ရုပ် နာမ်သင်္ခါရ ဟူသော ဝဋ်ဆင်းရဲ၏ အဆုံးတည်း။

<u>၆။ နိဗ္ဗာန် တရားသဘော ၃၃ပါး</u> (အသင်္ခတသုတ်၊ အနတသုတ်နှင့် အနာသဝါဒိသုတ် ၃၀၊ ပရာယနသုတ် - စုစုပေါင်း ၃၃ သုတ်၊ <u>ဒုတိယဝဂ်၊ အသင်္ခတသံယုတ်</u>၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာ၊ ၂ မပြုပြင်အပ်သော အသင်္ခတ တရား၊ ၃ ညွတ် တတ်သောတဏှာ မရှိရာ၊ ၄ အာသဝေါ မရှိရာ၊ ၅ အမှန် တရား၊ ၆ တဖက်ကမ်း၊ ၇ သိမ်မွေ့သော တရား၊ ၈ အလွန်မြင်နိုင်ခဲသော တရား၊ ၉ ဆွေးမြေ့ခြင်း မရှိသော တရား၊ ၁၀ မြဲသော တရား၊ ၁၁ မပျက်စီးသော တရား၊ ၁၂ မမြင်အပ်သော တရား၊ ၁၃ ချဲ့ထွင်မှု မရှိသော တရား၊ ၁၄ ငြိမ်းသော တရား၊ ၁၅ မသေရာ ဖြစ်သော တရား၊ ၁၆ မြတ်သော တရား၊ ၁၇ ငြိမ်းအေးသော တရား၊ ၁၈ ဘေးကင်းရာ၊ ၁၉ တဏှာ ကုန်ရာ၊ ၂၀ အံ့ဖွယ်ဖြစ်သော တရား၊

၂၁ မဖြစ်ဖူးမြဲဖြစ်သော တရား၊ ၂၂ ဆင်းရဲ ကင်းရာ၊ ၂၃ ဆင်းရဲ ကင်းရာသဘော၊ ၂၄ ကြောင့်ကြ မရှိရာ၊ ၂၅ ရာဂ ကင်းရာ၊ ၂၆ စင်ကြယ်ရာ၊ ၂၇ လွတ်မြောက်ရာ၊ ၂၈ ငြိတွယ်မှု မရှိရာ၊ ၂၉ မှီခိုရာ၊ ၃၀ ပုန်းအောင်းရာ၊ ၃၁ အားထားရာ၊ ၃၂ ကိုးကွယ်ရာ၊ ၃၃ လဲလျောင်းရာ။

<u>၇။ နိဗ္ဗာန် အမျိုးအစား ၄ပါး</u> (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ သဉပါဒိသေသနိဗ္ဗာန်- ခန္ဓာအကြွင်းအကျန် ရှိသေးသောနိဗ္ဗာန်၊

၂ အနုပါဒိသေသနိဗ္ဗာန်- ခန္ဓာလုံး၀ မကျန်ရှိသောနိဗ္ဗာန်၊

၃ ကိလေသပရိနိဗ္ဗာန်- ကိလေသာငြိမ်းသော နိဗ္ဗာန်၊

၄ ခန္ဓပရိနိဗ္ဗာန်- ခန္ဓာငြိမ်းသော နိဗ္ဗာန်။

<u>**၈။ နိဗ္ဗာန်ကို ဆုတောင်းခြင်း (ဝိဝဋ္ဋနိဿိတ)** က တောင်းသောဆုအပြင် လူ နတ် ပြဟ္မာ စည်းစိမ်ချမ်းသာ လောကီဆုများကိုပါ ရနိုင်သည်။</u> (အံ ၄။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁၈ ဒွားနို့အရသာ ၅ပါး (ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိတော်၊ ခု၊ ဝိ)

ဘုရားရှင် ရဟန်းတို့ကို ခွင့်ပြု၏။ ၁ နို့ရည်၊ ၂ နို့ခမ်း၊ ၃ ရက်တက်ရည်၊ ၄ ဆီဦ၊ ၅ ထောပတ်။

၁၉ <u>ဒွားဖေ့၍စုတေသော</u> အရိယာ ၄ပါးနှင့် အတိတ်အကုသိုလ်အကြောင်း (ဓမ္မပဒ ၄။ ပုံတော်စုံဓမ္မပဒ ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမိဘိဝံသ။ အထွေထွေဗဟုသုတမာတိကာကျမ်း၊ စိန္တာမဏိ ဦးချစ်မောင်)

၁ ဗာဟိယဒါရုစီရိယ- ရဟန္တာ၊ ၂ ပက္ကုသာတိမင်း- အနာဂါမ်အရိယာ၊ ၃ တမ္ဗဒါဌိက ခိုးသူသတ်ယောက်ျား- (သောတာပတ္တိမဂ်ရောက်လုနီး) အနုလောမဉာဏ် ရရှိ၊ ၄ သုပ္ပဗုဒ္ဓနူနာသည်- သောတာပန် အရိယာ။

<u>အတိတ်</u>။ ဘ၀တခုတွင် သူဌေးသား ၄ယောက်ဖြစ်ကာ ပြည့်တန်ဆာမတဦးကို ပျော်ပါးပြီး အဆင်တန်ဆာများယူပြီး သတ်ပစ်ရာ ပြည့်တန်ဆာမက သေခါနီးတွင် ဤသူ ၄ယောက်တို့သည် ငါ့ကိုသတ်ကုန်သကဲ့သို့ ငါသည်လည်း ထိုသူတို့ကိုသတ်ခြင်းငှါ စွမ်းနိုင်သည်ဖြစ်ရပါလို၏ဟု ဆုတောင်း၊ ထို့ကြောင့် ထိုအရိယာ ၄ပါးသည် ဘ၀ ၁၀၀ပေါင်းတိုင် ဘီလူးမသည် ဤသို့ သားသယ်အမိနွားမ ယောင်ဆောင်ကာ ဇီဝိတိန္ဒြေမှ ချသတ်ခဲ့သည်။

၂၀ နွယ်ပင်ဖြင့် တုပ်နှောင်ထားသည်ကိုမဖြတ်ပဲ တောမီးလောင်လာသည့်တွင် တောမီးအလောင်ခံ၍ ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ပြုသော မထေရ်မြတ် (ဝိသုဒ္ဓိမဂ်။ သဂါထာဝဂ္ဂသံယုတ်၊ ဒေဝတာသံယုတ် ၄။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော အခါတပါး၌ ရဟန်းတော်တပါးကို ခိုးသူများက နွယ်ပင်ဖြင့် တုပ်နှောင်၍ တောထဲ၌ ထားခဲ့သည်။ တောမီးလောင်လာသည်ကိုတွေ့သော် နွယ်ပင်ကိုဖြတ်က

ပါစိတ်အာပတ်သင့်ကာ တရားရတော့မည်မဟုတ်ဟု ဆင်ခြင်သိမြင်၍ မဖြတ်ပဲ တရားနှလုံးသွင်းရာ ရဟန္တာဖြစ်ပြီး တောမီးလောင်ခံရကာ ပရိနိဗ္ဗာန်စံတော်မူသည်။

၂၁ **နှစ်ကျိပ်ငါးဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များမှ ကြည်နူးရွှန်းစို သိမှတ်ကြည်ညိုဖွယ် အချက်များ**

([ဘုရားရှင်တို့၏ ] ဗုဒ္ဓဝင်များ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ တထာဂတုပ္ပတ္တိကျမ်း၊ ဓမ္မနန္ဒထေရ်၊ ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

**ဗုဒ္ဓဝင်** (ဗုဒ္ဓဝံသ ဋ္ဌ။ ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ကျမ်းဦးမှတ်ဖွယ်၊ ဗုဒ္ဓဝံသပါဠိတော်မြန်မာပြန်) နှင့် ဗုဒ္ဓဝင်ဒေသနာတော်မြတ်ကို နာကြားရခြင်း အကျိုး ၃ပါး (ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၄အသင်္ချေနှင့် ကမ္ဘာတသိန်းကာလအတွင်း ပွင့်တော်မူကြကုန်သော နှစ်ကျိပ်ငါးဆူကုန်သော ဘုရားရှင်တို့၏ -

၁ ပွင့်တော်မူရာ ကမ္ဘာအပိုင်းအခြား၊

၂ အမည်တော် အပိုင်းအခြား၊

၃ အနွယ်တော် အပိုင်းအခြား၊

၄ အမျိုးတော် အပိုင်းအခြားနှင့် (တရားပွဲကြီးများ၊ တပည့်သာဝက အစည်းအဝေးများ၊ ဖွားတော်မူရာမြို့ သုံးဆောင်တော်မူရာ နန်းပြာသာဒ် ၃ဆောင်၊ ကြင်ယာတော်၊ သားတော်၊ တောထွက်သောအခါ စီးတော်ယာဉ်၊ အဂ္ဂသာဝက၊ အလုပ်အကျွေး) စသော ၃၂ပါးစီသော အစဉ်အဆက်တို့ကို အကျယ်ဖွင့်ပြသော စကားရပ်သည် ဗုဒ္ဓဝင်မည်၏။

ဂေါတမမြတ်စွာဘုရားရှင်သည် ပဌမဝါကို မိဂဒါဝုန်တော၌ ဆိုတော်မူပြီးနောက် ဒုတိယဝါကို ရာဇဂြိုဟ်ပြည်၌ ကပ်တော်မူ၏။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အကြိမ်ကြိမ်ပင့်လျှောက်ချက်အရ ကပိလဝတ်ပြည်သို့ ရဟန္တာ ၂သောင်း ခြံရံ၍ကြွ၊ ဆွေတော်မျိုးတော်တို့၏ မာနကို ရေမီးအစုံ ယမိုက်ပြာဋိဟာဖြင့် ဖိနှိပ်ပြီးနောက် အရှေ့အနောက် စကြဝဠာတိုက်တသောင်းရှိ မြင်းမိုရ်တောင်မြတ်တို့ကို တိုင်သဖွယ်ထား၍ ရတနာစင်္ကြံတော်ကြီးကိုဖန်ဆင်းကာ နတ်ပြည်၊ မြေပြင်လူ့ပြည်၊ အောက် လောကန္တရိက်ငရဲတို့သို့ ထွန်းလင်းစေသော လောကပွဿာဒန- လောကကို ကြည်ညိုစေတတ်သော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထိုရတနာစင်္ကြံ၌ လူးလာစံဆန်ကြွတော်မူစဉ် အရှင်သာရိပုတ္တရာနှင့် ရဟန္တာ ၅၀၀တို့ ကြွလာကြပြီး အရှင်သာရိပုတ္တရာ လျှောက်တားမေးမြန်း၍ ဂါထာပေါင်း ၁၄၅၈ဂါထာရှိသော ဗုဒ္ဓဝံသ ဘုရာ့နွယ်လာ မဟာသမိုင်းတော်ကြီး / ဗုဒ္ဓဝင်ဒေသနာ တော်မြတ်ကြီးကို ဟောတော်မူသည်။

ဗုဒ္ဓဝင်ဒေသနာတော်မြတ်ကို နာကြားရခြင်း အကျိုး ၃ပါး

၁ နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်၏၊

၂ သောကကြောင့်တံတင်းကို ပယ်ရှားတတ်၏၊

၃ ခပ်သိမ်းသော သမ္ဗုတ္တိမျိုးကိုလည်း ရစေတတ်၏။

ထိုနှစ်ကျိပ်ငါးပါးသော ဗုဒ္ဓဝင်များမှ ဤတွင် အံ့ချီးကြည်ညို မှတ်သားဖွယ်များကို ဘုရားရှင်တဆူစီ အလိုက်နှင့် လိုဘုရားရှင်များလက်ထက် ဂေါထမမြတ်စွာဘုရားအလောင်း ပါရမီဖြည့်ရာဘဝများကို အကျဉ်းမျှ ဖော်ပြသွားပါမည်။ အကျယ်ကို အညွှန်းပါကျမ်းများတွင် ကြည့်ပါ။

(လိုင်းတားထားသည်များသည် ဆိုင်ရာဘုရားမြတ်စွာ၏ ထူးကဲလှစွာသော အံ့မခန်းကြည်ညို သဒ္ဓါပွားရာသော မှတ်သားဖွယ်များ ဖြစ်ပါသည် - စာရေးသူ)

၁ **ဒီပင်္ကရာဗုဒ္ဓဝင်**၊ ၄အသင်္ချေနှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၁၄ပါး။ ၁ ၁၆သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်၊ ၂ ဘုရားရှင်ကို ရဟန္တာ ၄သိန်း အခါခပ်သိမ်း ခြံရံ၊ ၃ မင်းဘဝတွင် မောင်းမမိဿံ ၃သိန်း ရှိ၊ ၄ ဆင်ယာဉ်၊ ၅ ဥယျာဉ်တော်သို့ တောထွက်၊ ၆ လူပေါင်း တကုဋေ အတူရဟန်းပြု၊ ၇ ၁၀လ ဒုက္ကရစရိယာ ကျင့်၊ ၈ မြို့နေလူအပေါင်းတို့ နို့ဃနာဆွမ်း ကပ်၊ ၉ နန္ဒာရာမတိုက် အသရေရှိသောကျောင်း၌ ဓမ္မစကြာတရားတော် ဟော၊ ၁၀ ညောင်ကြတ်ဗောဓိပင်၊ ၁၁ အနှစ်တသိန်းတမ်း၌ပွင့်၊ ၁၂ ရောင်ခြည်တော် ၁၂ ယူဇနာ ပြန့်နှံ့၊ ၁၃ နန္ဒဥယျာဉ်၌ ပရိနိဗ္ဗာန်ပြု၊ **၁၄** ပုထိုးတော်သည် ၃၆ယူဇနာ မြင့်။ ဂေါတမဘုရားအလောင်း သုမေဓါ ရှင်ရသေ့ စတင် ဗျာဒိတ်ခံသည်။

၂ **ကောဏ္ဍညဗုဒ္ဓဝင်**၊ ၃အသင်္ချေနှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၁၀ပါး။ ၁ ၁၆သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်၊ ၂ မင်းဘဝတွင် မောင်းမမိဿံ ၃သိန်း ရှိ၊ ၃ ရထား ယာဉ်ဖြင့် တောထွက်၊ ၄ လူပေါင်း ၁၀ကုဋေ လိုက်ရဟန်းပြု၊ ၅ ၁၀လ ဒုက္ကရစရိယာကျင့်၊ ၆ မြို့တော်ရမ္မဝတီ၌ ဓမ္မစကြာတရားတော် ဟော၊ ၇ သာလကလျာဏီ / ကြောင်လျှာပင် (သို့မဟုတ်) နံ့ပဲ (နဘဲ) ဗောဓိပင်၊ ၈ အနှစ်တသိန်းတမ်း၌ ပွင့်၊ ၉ စန္ဒဥယျာဉ်၌ ပရိနိဗ္ဗာန်ပြု၊ **၁၀** ပုထိုးတော်သည် ၇ယူဇနာ မြင့်။ ဂေါတမဘုရားလောင်းသည် ဝိဇိတာဝီစကြဝတေးမင်း ဖြစ်၊ ဘုရားရှင်နှင့် ရဟန္တာကုဋေတသိန်းအား ဆွမ်း ဆက်ကပ်၊ ရဟန်းပြု၊ ပရိယာတ် ပဋိပတ် အားထုတ်၊ ပြဟ္မာ့ပြည် လား။

၃ **မင်္ဂလဗုဒ္ဓဝင်**၊ ၂အသင်္ချေနှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၁၀ပါး။ ၁ ၁၆သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်၊ ၂ အခြားသော မြတ်စွာဘုရားတို့ထက် လွန်ကဲသော အတု မရှိသော ကိုယ်တော်ရောင်သည် လနေတို့၏အရောင်ကို ပယ်ဖျောက်၍ နေ့ရောညဉ့်ပါ အခါခပ်သိမ်း တသောင်းသော လောကဓါတ်၌ တင့်တယ်၏။ **ရှေးဆုတောင်း ၂ပါး**- [၁]ဝေဿန္တရာမင်းနှင့်တူသော ဘဝတွင် ဝင်္ကပဗ်တောင်၌နေတော်မူစဉ် ခရဒါဌိကဘီလူးသည် ပုဏ္ဏားယောင်ဆောင်၍ သားတော်နှင့် သမီးတော်

တို့ကို အလှူခံပြီး စကြံအစွန်ရှိ တံကဲပျဉ်ကိုမှီကာ ကြာစွယ်စည်းကဲ့သို့ ဝါးစား၏၊ ပါးစပ်ဟတိုင်း မီးတောက် မီးလျှံပမာ ရဲရဲတောက် သွေးအလျှံ အန်ထွက်သည်ကို တွေ့သော်လည်း စိတ်နလုံး မသာမယာ မဖြစ်၊ ဤသွေးအလျှံ ထွန်းတောက်ပသကဲ့သို့ ငါ၏ကိုယ်မှ ရောင်ခြည်တော်တို့သည် ထွက်စေကုန်သတည်းဟု ဆုတောင်းခြင်းကို ပြု၏၊ ၂ အလောင်းတော်ဘဝတခုတွင် တဆူသောဘုရားရှင်၏ စေတီတော်၌ ကိုယ်ကို ထောပတ်ဆီ ဆွတ်သော အဝတ်ပတ်၍ ထောပတ်အိုးကိုရွက်ကာ မီးစာတထောင်ဖြင့် မီးညှိစေကာ မိမိကိုယ်ကိုလည်း မီးညှိစေပြီး လက်ျာရစ်လှည့်ခြင်းဖြင့် တညဥ့်လုံး မီးပူဇော်ရာ အလောင်းတော်၏ မွေးညှင်းတွင်းကိုမျှ မီးမဟပ်နိုင်၊ ၃ ပဋိသန္ဓေနေသည့်ကစ၍ မယ်တော်၏ကိုယ်ရောင်သည် ပတ်ဝန်းကျင် အတောင်၈ဝ အတွင်း လရောင် နေရောင် မလွှမ်းမိုးနိုင်အောင် ပြန့်နှံ့၍ တည်၏၊ ၄ မင်းဘဝတွင် မောင်းမမိဿံ ၃သောင်းရှိ၊ ၅ မြင်းယာဉ်ဖြင့် တောထွက်၊ ၆ လူပေါင်း ၃ကုဋေလည်း ရဟန်းပြု၊ ၇ ၈လ ဒုက္ကရစရိယာ ကျင့်၊ ၈ ကံ့ကော်ဗောဓိပင်၊ ၉ အနှစ် ၉သောင်းတမ်း၌ ပွင့်၊ ၁၀ ပုတိုးတော်သည် ၃ဝယူဇနာ မြင့်။ ဂေါတမဘုရားလောင်းသည် သုရုစိပုဏ္ဏားဖြစ်၊ ဘုရားရှင်နှင့် ရဟန္တာ ကုဋေတသိန်းအား နံ့သာပန်းတို့ဖြင့် ပူဇော်၊ နို့ဃနာဆွမ်းဆက်ကပ်၊ ရဟန်း ပြု၊ ပရိယာတ်နှင့် ဗြဟ္မဝိဟာရဘာဝနာ အားထုတ်၊ ဗြဟ္မာ့ပြည်လား။

၄ **သုမနဗုဒ္ဓဝင်**၊ ၂အသချေ်နှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ မင်းဘဝတွင် မောင်းမပေါင်း ၆သန်း၃သိန်း ရှိ၊ ၂ ဆင်ယာဉ်ဖြင့် တောထွက်၊ ၃ လူပေါင်း ၃ဝကုဋေ ရဟန်းပြု၊ ၄ ၁ဝလ ဒုက္ကရ စရိယာ ကျင့်၊ ၅ မြို့တော်မေခလ၌ ဓမ္မစကြာတရားတော် ဟော၊ ၆ ကံ့ကော်ဗောဓိပင်၊ ၇ အနှစ် ၉သောင်းတမ်း၌ ပွင့်၊ ၈ အင်္ဂါရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၉ ပုထိုးတော်သည် ၄ယူဇနာမြင့်။ ဂေါတမဘုရားလောင်းသည် အတုလနဂါးမင်း ဖြစ်၊ ဘုရားရှင်နှင့် ရဟန္တာကုဋေတသိန်းအား ထမင်းအဖျော်နှင့် အဝတ်ပုဆိုးများ ဆက်ကပ်၍ နတ်တူရိယာတို့ဖြင့် ပူဇော်သက္ကာရပြု။

၅ **ရေဝတဗုဒ္ဓဝင်**၊ ၂အသချေ်နှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၁ဝပါး။ ၁ မင်းဘဝတွင် မောင်းမပေါင်း ၃သောင်း၃ထောင် ရှိ၊ ၂ ရထားယာဉ်ဖြင့် တောထွက်၊ ၃ လူပေါင်း တကုဋေ ရဟန်းပြု၊ ၄ ၇လဒုက္ကရစရိယာ ကျင့်၊ ၅ ဝရုဏာရာမကျောင်းတိုက် အသရေရှိသောကျောင်း၌ ဓမ္မစကြာတရားတော် ဟော၊ ၆ ကံ့ကော်ဗောဓိပင်၊ ၇ ရောင်ခြည်တော် နေ့ရောညဥ့်ပါ ထက်ဝန်းကျင် တယူဇနာ ပြန့်၊ ၈ အနှစ် ၆သောင်းတမ်း၌ ပွင့်၊ ၉ မြို့တော် မဟာပုရ၌ ပရိနိဗ္ဗာန်ပြု၊ ၁ဝ ဓါတ်တော် ပြန့်နှံ့။ ဂေါတမဘုရားလောင်းသည် အတိဒေဝပုဏ္ဏား ဖြစ်၊ ဘုရားရှင်အား ဘုရားရှင်၏ သီလ သမာဓိ ပညာ ဂုဏ်တို့ကို ဂါထာတထောင်ဖြင့် ချီးကျူးပူဇော်၍ အဖိုးတထောင်ထိုက်သော အပေါ်ရုံအဝတ်ကို လှူခဲ့။

၆ **သောဘိတဗုဒ္ဓဝင်**၊ ၂၂အသင်္ချေနှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၈ပါး။
၁ ၄အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်၊ ၂ မင်းဘဝတွင် မောင်းမပေါင်း ၃သောင်း၇ထောင် ရှိ၊
၃ နန်းတော်မှာပင် ရဟန်းပြု၍ အာနပါနပွားကာ ဒုက္ကရစရိယာ ၇ရက်ကျင့်ကာ တောထွက်ရန် စိတ်အကြံဖြစ်တော်မူသောအခါ အလောင်းတော်စံရာ ရွှေချူကွန်ရက်တို့ဖြင့် နန်းပြာသာဒ်သည် ကချေသည် မောင်းမအပေါင်းတို့ တူရိယာတို့ဖြင့် တေးသီလျက် အလောင်းတော်၏ အင်္ဂါ ၄ပါးရှိသော စစ်တပ်ကြီး သည်လည်း ဝတ်ဆင်ထားသောတန်ဆာတို့ဖြင့် မြေပြင်မှာကဲ့သို့ ကောင်းကင်၌ ပြာသာဒ်ယာဉ်တော်ကို ရှုမငြီးဖွယ် ဝန်းရံ၍ လိုက်ပါလာ၏၊ ဖြောင့်မတ်သောပင်စည်ရှိသော ဖူးစုံညွန့်နုတို့ဖြင့် တင့်တယ်လှသော ကံ့ကော်ဗောဓိပင်ကို အလယ်ဗဟိုပြုကာ ပြာသာဒ်သည် ကောင်းကင်မှ သက်ဆင်း၏၊ ကချေသည်များ သက်ဆင်းထွက်ခွာသွား၏၊ ၄ မိဖုယားကြီး နို့ဃနာဆွမ်း ကပ်လှူ၊ ၅ များစွာသောလူ အပေါင်း ခြံရံလျက် ဘုရားဖြစ်တော်မူ၏၊ ၆ အနှစ် ၉သောင်းတမ်း၌ ပွင့်၊ ၇ သီဟာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန် ပြု၊ **၈** ဓါတ်တော်တို့ ပြန့်နှံ့။ ဂေါတမဘုရားလောင်းသည် သုဇာတပုဏ္ဏားဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ဝါတွင်း ၃လပတ်လုံး အလှူဒါနကို ပေးလှူခဲ့။

၇ **အနောမဒဿီဗုဒ္ဓဝင်**၊ တသင်္ချေနှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၁၂ပါး။
၁ ၁၆သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၊ ၂ မင်းဘဝတွင် မောင်းမပေါင်း ၂သောင်း၃ထောင်ရှိ၊ ၃ ပဋိသန္ဓေ ယူသော် မယ်တော်၏ကိုယ်ရောင်သည် အတောင် ၈၀ ထွန်းလင်း၏၊ ၄ ပဋိသန္ဓေနေစဉ် ရတနာ ၇ပါး မိုးရွာသဖြင့် အနောမရတနာ ဖြစ်ပေါ်ကြောင်းဖြစ်၍ အနောမဒဿီမင်းသားဟု မှည့်ခေါ်၊ ၅ ထမ်းစင်ဖြင့် တောထွက်၊ ၆ လူပေါင်း ၃ကုဋေ ရဟန်း ပြု၊ ၇ ၁၀လ ဒုက္ကရစရိယာ ကျင့်၊ ၈ ထောက်ကြံ့ (ဖေါက်ကြံ့) ဗောဓိပင်၊ ၉ ရောင်ခြည်တော် ထက်ဝန်းကျင် ၁၂ ယူဇနာ ပြန့်၊ ၁၀ အနှစ် တသိန်းတမ်း၌ ပွင့်၊ ၁၁ ဓမ္မာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၁၂** ပုထိုးတော်သည် ၂၅ ယူဇနာ ရှိ။ ဂေါတမဘုရားလောင်း သည် ဘီလူးစစ်သေနာပတိ ဖြစ်၊ ဘုရားရှင်အမှူးရှိသော သံဃာတော်တို့အား ရတနာ ၇ပါးတို့ဖြင့်ပြီးသော မဏ္ဍပ်ကြီးကို ဖန်ဆင်းပြီးနောက် ဆွမ်းအဖျော် တို့ကို ပေးလှူခဲ့။

၈ **ပဒုမဗုဒ္ဓဝင်**၊ တသင်္ချေနှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၉ပါး။
၁ မင်းဘဝတွင် မောင်းမပေါင်း ၃သောင်း၃ထောင် ရှိ၊ ၂ ဖွားသောအခါ ကြာပန်းမိုးရွာ၍ မဟာပဒုမ မင်းသားဟု ခေါ်၊ ၃ ရတားယာဉ်ဖြင့် တောထွက်၊ ၄ ယောက်ျား တကုဋေ ရဟန်းပြု၊ ၅ ၈လ ဒုက္ကရစရိယာ ကျင့်၊ ၆ ကြောင်လျှာကြီးဗောဓိပင်၊ ၇ အနှစ်တသိန်းတမ်း၌ ပွင့်၊ ၈ ဓမ္မာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၉** ဓါတ် တော်တို့ ပြန့်နှံ့။ ဂေါတမဘုရားလောင်းသည် ခြင်္သေ့မင်းဖြစ်၊ ဘုရားရှင်အား ခြေတော်ဦးတိုက် ရှိခိုး၍ လက်ျာရစ်လှည့်ပြီး ၃ကြိမ်ဟောက်ကာ ၇ရက်လုံးလုံး ဆည်းကပ်၏၊ ဘုရားရှင်က ရဟန်းတော် တကုဋေကို ကြွလာစေ၍ ခြင်္သေ့မင်းအား ဗျာဒိတ် ပေးတော်မူ၏။

၉ **နာရဒဗုဒ္ဓဝင်**၊ တသချေ်နှင့် ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၁၃ပါး။

၁၄ သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်၊ ၂ ခမည်းတော်သည် စကြဝတေးမင်း ဖြစ်၊ ၃ အမည်မှည့် အံ့သော် လူတို့ဝတ်ဆင်စိမ့်သောငှါ အဝတ်တန်ဆာတို့ ကောင်းကင်ပဒေသာပင်တို့မှ အလိုလိုကြွေကျ၍၊ နာရ= လူတို့အဝတ်တန်ဆာကို ဒ= ပေးတတ်သည်၊ နာရဒမင်းသားဟု မှည့်ခေါ်ကြသည်၊ ၄ မောင်းမပေါင်း ၄သောင်း၃ထောင်ရှိ၊ ၅ ခြေလျင် တောထွက်၊ ၆ ယောကျ်ားတသိန်း ရဟန်းပြု၊ ၇ ၇ရက် ဒုက္ကရစရိယာကျင့်၊ ၈ ကြောင်လျှာနီဗောဓိပင်၊ ၉ မိဖုယားကြီး ဃနာနို့ဆွမ်းကပ်၊ ၁၀ ဗျာမပ္ပဘာ ရောင်ခြည်တော် နေ့ညဥ့်မပြတ် တယူဇနာပြန့်၊ ၁၁ အနှစ် ၉သောင်းတမ်း၌ ပွင့်၊ ၁၂ သုဒဿနမြို့၌ ပရိနိဗ္ဗာန်ပြု၊ **၁၃** ပုထိုးတော်သည် ၄ယူဇနာမြင့်။ ဂေါတမဘုရားလောင်းသည် ဟိမဝန္တာ တောင်ယံ ကျောင်းသခ်မ်း၌နေသော အဘိညာဥ်ရ ရသေ့ဖြစ်၊ ဘုရားရှင်သည် ရသေ့ကို ငဲ့ညှာထောက်ထားသဖြင့် ရဟန္တာ ကုဋေ့စဂနှင့် အနာဂါမ်ဥပါသကာ ဒါယကာ တသောင်းတို့ဖြင့် ကြွလာ၍၊ ရသေ့သူမြတ်သည် ဘုရားရှင်နှင့်ပရိသတ်များအတွက် သခ်မ်းကျောင်းများဖန်ဆင်းကာ မြောက်ကျွန်းမှဆွမ်းကို ဆောင်ကာ ၇ရက်ပတ်လုံး ဆွမ်းလှူဒါန်းပြီးနောက် ဟိမဝန္တာမှ အဖိုးများစွာထိုက်သော စန္ဒကူးနံ့သာနီဖြင့် ဘုရားရှင်အား လှူဒါန်းပူဇော်ခဲ့သည်။

၁၀ **ပဒုမုတ္တရဗုဒ္ဓဝင်**၊ ကမ္ဘာတသိန်းအထက်- အံ့ချီးကြည်ညိုဖွယ် ၁၃ပါး။

၁ တိတ္ထိတို့အားလုံးအား ၅ပါး သီလ၌ တည်စေ၍ ပဒုမုတ္တရဘုရားရှင် လက်ထက်တော်တွင် တိတ္ထိတို့မှ ဆိတ်သုဉ်း၊ ၂ ဖွားသော် ပဒုမ္မာကြာပန်း မိုးရွာ၍ ပဒုမုတ္တရမင်းသားဟု မှည့်ခေါ်၊ ၃ မောင်းမပေါင်း ၄သောင်း ၃ထောင်ရှိ၊ ၄ တောထွက်ရန် စိတ်အကြံဖြစ်တော်မူသောအခါ အလောင်းထော်စံရာ ရွှေနန်းပြာသာဒ်သည် အိုးထိန်းစက်ပမာ ချာချာလည်၍ ကောင်းကင်သို့ ပျံတက်ကာ ဗောဓိပင်ကို အလယ်ဗဟိုပြုကာ မြေအပြင်သို့ သက်ဆင်း၍၊ အလောင်းတော် ရဟန်းပြုသော် ပြာသာဒ်သည် တိုင်းပြည်သို့ ပြန်လာ၍ မူလနေရာ၌ ပြန်တည်၍၊ ၅ အလောင်းတော်နှင့်ပါလာသော ယောကျ်ားမှန်သမျှ ရဟန်းပြု၊ ၆ ၇ရက် ဒုက္ကရစရိယာ ကျင့်၊ ၇ ထင်းရှူး ဗောဓိပင်၊ ၈ ဘုရားဖြစ်တော်မူသည်နှင့် တပြိုင်နက် စကြဝဠာ တိုက်တသောင်းလုံး ပဒုမာကြာပန်းမိုး ရွာ၊ ၉ ပဌမသတ္တာဟအလွန် ၈ရက် ဖလသမာပတ်မှ အတ မြေ၌ ခြေတော်ကိုချအံ့ဟု လက်ျာခြေတော်ကို မြေသို့ရှေးရှု ဆောင်တော်မူသည်နှင့် ပဒုမာကြာပန်းသည် ဖဝါးတော်အောက်၌ ပေါ်ပေါက်ခံလာ၍ ကြာဝတ်မှုံအိမ်ကို နင်းသည်နှင့် ကြာဝတ်မှုံတို့သည် အထက်သို့ပျံတက်ကာ ကိုယ်တော် အလုံးအား ကြဲဖြန့်လွှမ်းမိုး ပျံ့နှံ့ကုန်၍၊ ၁၀ ရောင်ခြည်တော်သည် ၁၂ယူဇနာ ပြန့်၊ ၁၁ အနှစ် တသိန်းတမ်း၌ ပွင့်၊ ၁၂ နန္ဒာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၁၃** ပုထိုးတော်သည် ၁၂ယူဇနာမြင့်။ ဂေါတမ ဘုရားလောင်းသည် ဇဋိလတိုင်းကျပ်မင်းကြီး ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့ အား ဆွမ်းခဲဘွယ် ဘောဇဉ် သင်္ကန်းလျာတို့ကို လှူဒါန်းပူဇော်ခဲ့သည်။

၁၁ **သုမေဓဗုဒ္ဓဝင်၊** ကမ္ဘာ ၃သောင်းအထက်- အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ မောင်းမပေါင်း ၄သောင်း ၈ထောင် ရှိ၊ ၂ ဆင်ယာဉ်ဖြင့် တောထွက်၊ ၃ ယောကျ်ား ကုဋေ၁ဂဂ ရဟန်းပြု၊ ၄ လဝက် ဒုက္ကရစရိယာကျင့်၊ ၅ တမာကြီး / မအူကြီး (သို့မဟုတ်) ကျည်းဗောဓိပင်၊ ၆ ရောင်ခြည်တော်သည် တယူဇနာပြန့်၊ ၇ အနှစ် ၉ သောင်းတမ်း၌ပွင့်၊ ၈ မေခါရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၉ ခါတ်တော် ထိုထိုအရပ်သို့ ပြန့်နှံ့။ ဂေါတမဘုရားလောင်းသည် ဥတ္တရလုလင်ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ကုဋေ ၈ဂသောဥစ္စာတို့ကို လှူဒါန်း၍ ရဟန်းပြုကာ ပရိယတ်သာသနာတော်ကို ကမ်းဆုံးရောက်တတ်မြောက်ပြီး လုံးဝမလျှောင်းပဲ ဓုတင်(ကြိယာပုတ်) ၃ပါး ဖြစ်သော ရပ် ထိုင် သွားခြင်းတို့ဖြင့်သာ ရဟန်းတရားအားထုတ်၍ အဘိညာဉ် သမာပတ်များရရှိလျက် အသက်အဆုံးမှာ ပြဟ္မာ့ပြည်သို့ ကပ်ရောက်လေပြီ။

၁၂ **သုဇာတဗုဒ္ဓဝင်၊** ကမ္ဘာ ၃သောင်းအထက်- အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ ဖွားသော် ဇမ္ဗူဒိပ်ကျွန်း တကျွန်းလုံးရှိ လူအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည်ဖြစ်၍ သုဇာတမင်းသားဟု အမည်မှည့်၊ ၂ မောင်းမပေါင်း ၂သောင်း ၃ထောင် ရှိ၊ ၃ မြင်းယာဉ်ဖြင့် တောထွက်၊ ၄ ယောကျ်ား တကုဋေ ရဟန်းပြု၊ ၅ ၉လ ဒုက္ကရစရိယာကျင့်၊ ၆ ကြခတ်ဝါးဗောဓိပင်သည် တခဲနက် စိမ်းညိုသောအရောင်ရှိ၊ အရွက်များစွာ ထွက်ရှိဖုံးအုပ်လျက်ရှိ၊ ဖြောင့်မတ်သောပင်စည်ရှိပြီး ရှုချင်ဖွယ်ကောင်း၍ စိတ်ကို ပျော်မွေ့ရွှင်လန်းစေ၏၊ ပင်စည်တခုတည်း ကြီးပွား၍ ခက်မ ၅ဖြာ ဖြာထွက်၊ ကောင်းစွာဖွဲ့အပ်သော ဥဒေါင်းမြီးစည်းကဲ့သို့ တင့်တယ်၏၊ ဆူး လုံးဝမရှိ၊ ကျယ်သောအခေါင်းပေါက်မရှိပဲ သေးငယ်သောအပေါက်ရှိ၊ ကျယ်ပြန့်သော အခက်ရှိ၊ မကြဲသော အရွက်ရှိ၊ အေးမြသောအရိပ်နှင့် ပြည့်စုံ၏၊ ၇ အနှစ် ၉သောင်းတမ်း၌ ပွင့်၊ ၈ သီလာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၉ ပုတိုးတော်သည် ၃ဂါဝုတ်မြင့်။ ဂေါတမဘုရားလောင်းသည် စကြဝတေးမင်းဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ရတနာ ၇ပါးနှင့်တကွ ထီးနန်းစည်းစိမ်တို့ကို လှူဒါန်း၍ ရဟန်းပြု၊ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းသည် ကပ္ပိယပြုကာ ထွက်သမျှသော အခွန်အထုတ်တို့ဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား ပစ္စည်း ၄ပါးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြ၊ ဘုရားလောင်းရဟန်းတော်သည် ပရိယတ်သာသနာတော်ကို ကမ်းဆုံးရောက် တတ်မြောက်ပြီး လုံးဝမလျှောင်းပဲ ဓုတင်(ကြိယာပုတ်) ၃ပါးဖြစ်သော ရပ်ထိုင်သွားခြင်းထို့ဖြင့်သာ ရဟန်းတရားအားထုတ်၍ အဘိညာဉ်သမာပတ်များရရှိလျက် အသက်အဆုံးမှာ ပြဟ္မာ့ပြည်သို့ ကပ်ရောက်လေပြီ။

၁၃ **ပိယဒဿီဗုဒ္ဓဝင်၊** ကမ္ဘာ ၁၁၈အထက် - အံ့ချီးကြည်ညိုဖွယ် ၉ပါး။
၁ အမည်မှည့်သောနေ့၌ လူအပေါင်းအား ချစ်ခင်နှစ်သက်ဖွယ် ပြာဋိဟာအထူးကို ပြတော်မူသဖြင့် ပိယဒဿီမင်းသားဟု မှည့်ခေါ်၊ ၂ မောင်းမပေါင်း ၃သောင်း ၃ထောင် ရှိ၊ ၃ ရထားယာဉ်ဖြင့် တောထွက်၊ ၄ ယောကျ်ား တကုဋေ ရဟန်းပြု၊ ၅ ၆လ ဒုက္ကရစရိယာကျင့်၊ ၆ ရေခံတက် ဗောဓိပင်၊ ၇ အနှစ် ၉သောင်းတမ်း၌ ပွင့်၊ ၈ အဿတ္ထာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၉ ပုထိုးတော်သည် ၃ယူဇနာမြင့်။

ဂေါတမဘုရားလောင်းသည် ကဿပပုဏ္ဏားဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ကုဋေတသိန်းသော ဥစ္စာဖြင့် အလွန်ကောင်းမြတ်သော သံဃာ့အရာမ်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး သရဏဂုံ ၃ပါးနှင့်တကွ ၅ပါးသီလကို မြဲမြံစွာဆောက်တည်ပြီး ပါရမီတော်များကို တိုးတက်ဖြည့်ကျင့် ဆည်းပူးတော်မူ၏။

၁၄ **အတ္ထဒဿီဗုဒ္ဓဝင်**၊ ကမ္ဘာ ၁၁၈အထက်- ဒွံ့ချီးကြည်ညိုဖွယ် ၁၁ပါး။ ၁ ဖွားသော် လူတို့ ဆွေမျိုးအဆက်ဆက် မြေအတွင်းမြှုပ်ထားသော ဥစ္စာတို့ကို ပိုင်ရှင်တို့ မြှုပ်ထားရင်းနေရာများအား ပြန်လည်သိမြင်ရရှိသောကြောင့် အတ္ထဒဿီမင်းသားဟု မှည့်ခေါ်၊ ၂ မောင်းမပေါင်း ၃သောင်း ၃ထောင် ရှိ၊ ၃ မြင်းယာဉ်ဖြင့် တောထွက်၊ ၄ ယောက်ျား ၉ကုဋေ ရဟန်းပြု၊ ၅ ၈လ ဒုက္ကရစရိယာကျင့်၊ ၆ သုစိန္ဓရမည်သော နဂါးမသည့် လူအပေါင်းက သူ့ကိုပူဇော်လာသော နို့ဃနာဆွမ်းကို မသုံးဆောင်ပဲ မိမိကိုယ်ကို ကိုယ်ထင်ပြလျက် ရွှေခွက်နှင့်တကွ ဘုရားလောင်းအား ဆက်ကပ်လှူဒါန်း၊ ၇ စကားဇောဓိပင်၊ ၈ ရောင်ခြည်တော်သည် အခါခပ်သိမ်း တယူဇနာ ပြန့်နှံ့၊ ၉ အနစ်တသိန်းတမ်း၌ ပွင့်၊ ၁၀ အနော်မာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၁၁** ဓါတ်တော်တို့ ထိုတိုအရပ်သို့ ပြန့်နှံ့။ ဂေါတမဘုရားလောင်းသည် တန်ခိုးကြီးမားသော အဘိညာဉ်ရ သုသီမရသေ့သူမြတ် ဖြစ်၊ မိမိ တန်ခိုးအာနုဘော်ဖြင့် အရပ် ၄မျက်နှာ၌ ပန်းမိုးကြီးရွာစေလျက် ပန်းတို့ဖြင့် ချယ်လှယ်အပ်သော ပန်းမဏ္ဍပ်ကြီးတည်ဆောက်ကာ မန္ဒာရဝနတ် ပန်းထီးကြီးဖြင့် ဘုရားရှင်အား ပူဇော်ခဲ့သည်။

၁၅ **ဓမ္မဒဿီဗုဒ္ဓဝင်**၊ ကမ္ဘာ ၁၁၈အထက်- ဒွံ့ချီးကြည်ညိုဖွယ် ၁၀ပါး။ ၁ ဖွားသော် ဓမ္မသတ်ကျမ်းစာတို့၌ တရားနှင့်မလျော်သော ပညတ်ချက်တို့ အလိုလို ကွယ်ပျောက်၍ လျော်သည့်တို့သာ ကျန်ရှိ၍ ဓမ္မဒဿီမင်းသား ဟု မှည့်ခေါ်၊ ၂ မောင်းမပေါင်း ၄သောင်း ၃ထောင် ရှိ၊ ၃ တောထွက်ရန် စိတ်အကြံဖြစ်သည်နှင့် စံတော်မူရာ ရွှေနန်းပြာသာဒ်သည် စစ်အင်္ဂါ ၄ပါး ခြံရံလျက် ကောင်းကင်သို့ ပျံတက်ကာ ဇောဓိပင်အနီး၌ မြေသို့ သက်ဆင်း၏၊ အလောင်းတော် ရဟန်းပြုသောအခါ ပြာသာဒ်တော်သည် ကောင်းကင်ခရီးဖြင့် သွား၍ ဇောဓိပင်ကို အတွင်းပြု၍ မြေ၌တည်၏၊ ၄ ယောက်ျား ကုဋေတသိန်း ရဟန်းပြု၊ ၅ ၇ရက် ဒုက္ကရစရိယာကျင့်၊ ၆ မိဖုယားကြီး နို့ဃနာဆွမ်း ဆက်ကပ်လှူဒါန်း၊ ၇ မျက်နာပန်း / သံသတ်ဇောဓိပင်၊ ၈ အနစ်တသိန်းတမ်း၌ ပွင့်၊ ၉ သေလာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၁၀** ပုထိုးတော်သည် ၃ယူဇနာမြင့်။ ဂေါတမဘုရားလောင်းသည် သိကြားမင်း ဖြစ်၊ စတုမဟာရာဇ်၊ တာဝတိံသာ နတ်ပြည် ၂ပြည်မှ နတ်အပေါင်းခြံရံလျက် ဘုရားရှင်အား နတ်ပန်းတို့ဖြင့်၎င်း၊ နတ်တူရိယာတို့ဖြင့်၎င်း ပူဇော်ခဲ့သည်။

၁၆ **သိဒ္ဓတ္ထဗုဒ္ဓဝင်**၊ ကမ္ဘာ ၉၄အထက်- ဒွံ့ချီးကြည်ညိုဖွယ် ၈ပါး။ ၁ ဖွားသော် လူတို့၏အမှုဟူသမျှတို့သည် တောင့်တအပ်သောအကျိုးကို အောင်မြင်ပြီးမြောက်ကြသည်ဖြစ်၍ သိဒ္ဓတ္ထမင်းသားဟု မှည့်ခေါ်၊ ၂ မောင်းမပေါင်း ၄သောင်း ၈ထောင် ရှိ၊ ၃ ဝေါယာဉ် / ရွှေထမ်းစင်ဖြင့် တောထွက်၊ ၄ ယောက်ျား

ကုဋေတသိန်း ရဟန်းပြု။ ၅ ၁၀လ ဒုက္ကရစရိယာကျင့်၊ ၆ တောင်ဖက်ဝန်း / မဟာလှေကားပန်းဗောဓိပင်၊ ၇ အနစ် တသိန်းတမ်း၌ ပွင့်၊ ၈ ပုထိုးတော်သည် ၄ယူဇနာမြင့်။ ဂေါတမဘုရားလောင်းသည် တန်ခိုးကြီးမားသော အဘိညာဥ်ရ မင်္ဂလရသေ့သူမြတ် ဖြစ်၊ မိမိတန်ခိုးအာနုဘော်ဖြင့် ဇမ္ဗူသပြေသီးတို့ကို ယူဆောင်၍ ဘုရားရှင်နှင့်တကွ ကုဋေ ၉ဂသော သံဃာတော်တို့အား လှူဒါန်းပူဇော်ခဲ့သည်။

၁၇ **တိဿဗုဒ္ဓဝင်**၊ ကမ္ဘာ ၉၂အထက်- အံ့ချီးကြည်ညိုဖွယ် ၈ပါး။ ၁ မောင်းမပေါင်း ၃သောင်း ရှိ၊ ၂ မြင်းယာဥ်ဖြင့် တောထွက်၊ ၃ ယောက်ျား ကုဋေတသိန်း ရဟန်းပြု ၄ ၈လ ဒုက္ကရစရိယာကျင့်၊ ၅ ပိတောက်ဗောဓိပင်၊ ၆ အနစ် တသိန်းတမ်း၌ ပွင့်၊ ၇ သုနန္ဒာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၈ ပုတိုးတော်သည် ၃ယူဇနာ မြင့်။ ဂေါတမဘုရားလောင်းသည် သုဇာတမင်းဖြစ်ပြီး ထီးနန်းနှင့်တကွ စည်းစိမ်ချေရံတို့ကိုစွန့်ကာ ရသေ့ရဟန်းပြု၍ တန်ခိုးကြီးမားသော အဘိညာဥ်ရ ရသေ့တဦးအဖြစ် ဘုရားရှင် မပွင့်ပေါ်မီ ကပင်ဖြစ်နှင့်၊ ဘုရားရှင် ပွင့်လာတော်မူသောအခါ မိမိတန်ခိုးအာနုဘော်ဖြင့် တာဝတိံသာနတ်ပြည်ရှိ စိတ္တလတာဥယျာဥ်မှ နတ်ပန်းမျိုးစုံကို ရတနာပန်းတောင်းဖြင့် ယူဆောင်လာပြီး ဘုရားရှင်အား ပူဇော်သည်၊ ထို့အပြင် ပတ္တမြားနီဖြင့်ပြီးသော ပဒုမာထီးဖြင့် ဘုရားရှင်ကို ဆောင်းမိုးပူဇော်ခဲ့သည်။

၁၈ **ဖုဿဗုဒ္ဓဝင်**၊ ကမ္ဘာ ၉၂အထက်- အံ့ချီးကြည်ညိုဖွယ် ၈ပါး။ ၁ မောင်းမပေါင်း ၃သောင်း ရှိ၊ ၂ ဆင်ယာဥ်ဖြင့် တောထွက်၊ ၃ ယောက်ျား ကုဋေတသိန်း ရဟန်းပြု ၄ ၆လ ဒုက္ကရစရိယာကျင့်၊ ၅ သျှိသျှားဗောဓိပင်၊ ၆ အနစ် ၉သောင်းတမ်း၌ ပွင့်၊ ၇ သေနာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၈ ဓါတ်တော်တို့ ထိုထိုအရပ်သို့ပြန့်။ ဂေါတမဘုရားလောင်းသည် ဝိဇိတာဝီမင်း ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ကြီးစွာသောအလှူကြီးပေး၍ ရဟန်းပြုကာ ပရိယတ်သာသနာတော်ကို ကမ်းဆုံးရောက် တတ်မြောက်ပြီး လုံးဝမလျော့ပဲ ဣရိယာပုတ် ၃ပါး ဖြစ်သော ရပ်ထိုင်သွားခြင်းတို့ဖြင့်သာ ရဟန်းတရားအားထုတ်၍ အဘိညာဥ် သမာပတ်များ ရရှိလျက် အသက်အဆုံးမှာ ဗြဟ္မာ့ပြည်သို့ ကပ်ရောက်လေ၏။

၁၉ **ဝိပဿီဗုဒ္ဓဝင်**၊ ကမ္ဘာ ၉၁အတက်- အံ့ချီးကြည်ညိုဖွယ် ၁၄ပါး။ ၁ ဖွားသော် နေ့ညဥ့်တို့ပတ်လုံး နတ်ထီးဖြူကြီး အမြဲ ဆောင်းမိုးလျက်ရှိ၊ ၂ ဖွားလျှင်ဖွားချင်း နတ်မျက်စိကဲ့သို့ နေ့ရောညဥ့်ပါ ထက်ဝန်းကျင် တယူဇနာတိုင် အပိတ်အပင်မရှိ မြင်စွမ်းနိုင်၊ ၃ တာဝတိံသာ နတ်ပြည်မှ နတ်တို့၏မျက်စိကဲ့သို့ မည်သည့်အခါမှ မမိတ်သောမျက်စိဖြင့်သာ ကြည့်ရှုတတ်၍ ဝိပဿီမင်းသားဟု အမည်တော်ထင်ရှား၏၊ ၄ ခမည်းတော်မင်းကြီး တနေ့သောအခါ တရားဆုံးဖြတ်စဥ် တန်ဆာဆင်ထားသော အလောင်းတော်မင်းသားအား မင်းကြီးရင်ခွင်ထက်၌ ပိုက်ထွေးယုယ၍ထား၊ အမတ်များက မတရားဆုံးဖြတ်မှုပြုသော် အလောင်းတော်မင်းသား မနစ်သက်သော အသံတော်ဖြင့် ဟစ်အော်ငိုကြွေး၊ တရားမှန် ပြန်၍ဆုံးဖြတ်မှ ငိုခြင်းမှဆိတ်၊ အကယ်စင်စစ် သိ၍ပြုသလောဟု စူးစမ်းလိုကြသဖြင့် မတရားပြန်ဆုံးဖြတ်သော် အလောင်းတော် ဟစ်အော်ငိုပြန်၊ ထိုသို့ တရားသည် မတရားသည်ကို ခွဲခြားသိသည်ကို အစွဲပြု၍ ဝိပဿီမင်းသားဟု

အမည်တော် တိုးတက်ထင်ရှားလာ၏၊ ၅ မောင်းမပေါင်း တသိန်း ၂သောင်း ရှိ၊ ၆ ရထားယာဉ်ဖြင့် တောထွက်၊ ၇ ယောက်ျား ၈သောင်း ၄ထောင် ရဟန်းပြု၊ ၈ ၈လ ဒုက္ကရစရိယာကျင့်၊ ၉ ထိုအခြံအရံ ၈သောင်း ၄ထောင်ဖြင့် ဒေသစာရီ ကြွတော်မူသောအခါ ရှာနိဂုံးမြို့နေလူတို့သည် မဏ္ဍပ်ကြီးများထိုး၍ ဆွမ်းလှူဒါန်းကြ၊ ၁၀ သခွတ်ဗောဓိပင်၊ ၁၁ ရောင်ခြည်တော်သည် ၇ယူဇနာတိုင် ထွက်ကြွကွန့်မြူး၊ ၁၂ အနှစ် ၈သောင်းတမ်း၌ ပွင့်၊ ၁၃ သုမိတ္တာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၁၄ ပုထိုးတော်သည် ၇ယူဇနာ မြင့်။ ဂေါတမဘုရားလောင်းသည် အတုလနဂါးမင်းဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား နဂါးပြည်သို့ ပင့်ဖိတ်လျက် ရတနာမဏ္ဍပ်ကြီးအတွင်း၌ ကြီးစွာသော အလှူကြီးကို ၇ရက်တိုင် ပေးလှူ၍ ရတနာ ၇ပါးတို့ဖြင့် စီချယ်ထားအပ်သော ရွှေအင်းပျဉ်ကို လှူဒါန်းခဲ့၏။

၂၀ **သိဒ္ဓတ္ထဘုရား**၊ ကမ္ဘာ ၃၁အထက်- အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ အမည်မှည့်သောနေ့၌ မင်းသား၏ သင်းကျစ်တော်အသားမြတ်သည် ဥဒေါင်းအမောက်ပမာ မြင့်တက်နေ၍ သိဒ္ဓိမင်းသားဟု မှည့်ခေါ်၏၊ ၂ မောင်းမပေါင်း ၂သောင်း ၄ထောင် ရှိ၊ ၃ ဆင်ယာဉ်ဖြင့် တောထွက်၊ ၃ ယောက်ျား ၇သန်း ရဟန်းပြု၊ ၄ ၈လ ဒုက္ကရစရိယာကျင့်၊ ၅ သရက်ဖြူဗောဓိပင်၊ ၆ ရောင်ခြည်တော်သည် ၃ယူဇနာတိုင် ပြန့်နှံ့ကွန့်မြူး၊ ၇ အနှစ် ၇သောင်းတမ်း၌ ပွင့်၊ ၈ အသာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၉ ပုထိုးတော်သည် ၃ယူဇနာ မြင့်။ ဂေါတမဘုရားလောင်းသည် အရိန္ဒမမင်း ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့ မိမိပြည်သို့ ကြွလာသောအခါ ကြီးစွာသော ဆွမ်းအဖျော် သင်္ကန်း ပုဆိုးအလှူကြီးကို ၇ရက်တိုင် ပေးလှူ၍ မိမိ၏ မင်္ဂလာဆင်တော်ကို အဆင်တန်ဆာနှင့်တကွ တန်ဖိုးဖြတ်ကာ အပ်စပ်သော ကပ္ပိယဝတ္ထုပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော်ခဲ့၏။

၂၁ **တိဿဘုရား**၊ ကမ္ဘာ ၃၁အထက်- အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ ဖွားသောအခါ "အဂ္ဂေါဟမသ္မိ လောကဿ" အစရှိသော စကား ၃ခွန်း မြွက်ဟတော်မူသည့်တွင် မြတ်သောအသံပြုသည်ကို စွဲ၍ တိဿဘုရား မင်းသားဟု မှည့်ခေါ်၏၊ ၂ မောင်းမပေါင်း ၃သောင်း ရှိ၊ ၃ ရွှေတမ်းစင် /ဝေါယဉ်ဖြင့် တောထွက်၊ ၄ ယောက်ျား ၃သောင်း ၇ထောင်ရဟန်းပြု၊ ၅ ၆လ ဒုက္ကရစရိယာကျင့်၊ ၆ အင်ကြင်းဗောဓိပင်၊ ၇ အနှစ် ၆သောင်းတမ်း၌ ပွင့်၊ ၈ ခေမာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ ၉ ဓါတ်တော်တို့သည် အရပ်မျက်နှာများသို့ ပြန့်။ ဂေါတမဘုရားလောင်းသည် သုဒဿနမင်း ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့ မိမိပြည်သို့ ကြွလာသောအခါ ကြီးစွာသော ဆွမ်း သင်္ကန်းတို့ကို ပေးလှူ၍ ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးရန် မြတ်စွာဘုရားဂန္ဓကုဋီတိုက်တော်နှင့် အရံကျောင်းပေါင်းတထောင်ကို ဆောက်လုပ်လှူဒါန်ပြီး ရဟန်းပြု ကျင့်ဝတ်သီလ ဂုဏ်ကျေးဇူးနှင့်ပြည့်စုံ၍ ခုတင် ၁၃ပါးကို ဆောင်တော်မူ၏။

၂၂ **ကကုသန္ဓဘုရား**၊ ဘဒ္ဒကမ္ဘာ (မဟာရာဇဝင်ကြီး၌ ၈ခုမြောက် အန္တရကပ်၌၊ မှန်နန်းရာဇဝင်၌ ပဌမ အန္တရကပ်၌ ပွင့်တော်မူ၏။ ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) -

အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ ပုဏ္ဏားမျိုး၌ ပွင့်တော်မူ၏၊ ၂ မောင်းမပေါင်း ၃သောင်းရှိ၊ ၃ ရထားယာဉ်ဖြင့် တောထွက်၊ ၄ ယောက်ျား ၄သောင်း ရဟန်းပြု၊ ၅ ၈လ ဒုက္ကရစရိယာကျင့်၊ ၆ ကုက္ကိုဗောဓိပင်၊ ၇ အနစ် ၄သောင်းတမ်း၌ ပွင့်၊ ၈ ကိုယ်တော်ရောင် ၁၀ယူဇနာတိုင် ကွန့်မြူး၊ ၉ ခေမာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၉** ပုထိုးတော်သည် တဂါဝုတ် မြင့်။ ဂေါတမဘုရားလောင်းသည် ခေမမင်း ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ကြီးစွာသော သပိတ်သင်္ကန်းအလှူပေးလှူ၍ သံဃာတော်များ လိုအပ်ရာရာ များပြားသော ဆေးပစ္စည်းအမျိုးများစွာကို လှူဒါန်း၍ ရဟန်းပြုတော်မူ၏။

၂၃ **ကောဏာဂမနဗုဒ္ဓဝင်**၊ ဘဒ္ဒကပ်ကမ္ဘာ- အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ ပုဏ္ဏားမျိုး၌ ပွင့်တော်မူ၏၊ ၂ ဖွားသော် ဇမ္ဗူဒိပ်ကျွန်းတကျွန်းလုံး ရွှေမိုးရွာသည့်တွင် ကနက= ရွှေ၊ အာဂမန= လာရောက်ခြင်း၊ ကနကာဂမန= ကောင်းကင်မှ ရွှေများရောက်လာသည်၊ ကောဏာဂမန သတို့သားဟု မှည့်ခေါ်၊ ၃ မောင်းမပေါင်း တသောင်း ၆ထောင် ရှိ၊ ၄ ဆင်ယာဉ်ဖြင့် တောထွက်၊ ၅ ယောက်ျား ၃သောင်းရဟန်းပြု၊ ၆ ၆လ ဒုက္ကရစရိယာကျင့်၊ ၇ ရေသဖန်းဗောဓိပင်၊ ၇ အနစ် ၃သောင်းတမ်း၌ ပွင့်၊ ၈ ပဗ္ဗတာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၉** ဓါတ်တော်သည် ထိုထိုအရပ်သို့ ပြန့်။ ဂေါတမဘုရားလောင်းသည် ပဗ္ဗတမင်း ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်များ မိမိပြည်သို့ ကြွလာသောအခါ ဘုရားရှင်အမှူးပြုသော သံဃာတော်တို့အား ကြီးစွာသောအလှူဖြင့် ပေးလှူပူဇော်၍ အဖိုးများစွာထိုက်သော အမျိုးမျိုးသော ကမ္ဗလာ ပိုးထည်များကို လှူဒါန်းပြီး ရဟန်းပြုတော်မူ၏။

၂၄ **ကဿပဗုဒ္ဓဝင်**၊ ဘဒ္ဒကပ်ကမ္ဘာ- အံ့ချီးကြည်ညိုဖွယ် ၁၁ပါး။ ၁ ပုဏ္ဏားမျိုး၌ ပွင့်တော်မူ၏၊ ၂ ကဿပအနွယ်မှ ဆင်းသက်၍ ကဿပသတို့သားဟု မှည့်ခေါ်၊ ၃ မောင်းမပေါင်း ၄သောင်း ၈ထောင် ရှိ၊ ၄ တောထွက်ရန် စိတ်အကြံဖြစ်သည်နှင့် အလောင်းတော်စံရာ ပြာသာဒ်သည် လုပရိသတ်အပေါင်းတို့ ဝန်းရံကာ ကောင်းကင်သို့ ပျံတက်၍ ဗောဓိပင်ကို အလယ်ပြုကာ မြေသို့ သက်ဆင်း၊ ၅ အတူလိုက် ယောက်ျား တကုဋေ ရဟန်းပြု၊ ၆ ၇ရက် ဒုက္ကရစရိယာကျင့်၊ ၇ ကြင်ဖက်တော် သုနန္ဒာပုဏ္ဏေးမ ဃနာနို့ဆွမ်း ဆက်ကပ်၊ ၈ ပညောင်ဗောဓိပင်၊ ၉ အနစ် ၂သောင်းတမ်း၌ ပွင့်၊ ၁၀ သေတဗျာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြု၊ **၁၁** ပုတိုးတော်သည် တယူဇနာ မြင့်။ ဂေါတမဘုရားလောင်းသည် ဗေဒင် ၃ပုံကို တဖက်ကမ်းခတ် တတ်မြောက်သော ဇောတိပါလပုဏ္ဏားလုလင် ဖြစ်၊ အလွန်ချစ်ခင်လှစွာသော မိတ်ဆွေဖြစ်သော အနာဂါမ်အရိယာ ဃဋီကာရအိုးတိန်းသည်သည် ဇောတိပါလလုလင်ကို ဘုရားရှင်ထံခေါ် ရာ အလွယ်တကူ ခေါ်မရသဖြင့် အကြိမ်ကြိမ် ပြောဆိုပြီးနောက်မှ အတင်းအကြပ် ဆံပင်ဆွဲ ခေါ်သည့်နောက် တရားနာရပြီး ရဟန်းပြု၊ ရဟန်းသီလသမာဓိပညာတို့၌ မယုတ်လျော့စေပဲ ဝတ်ကြီးဝတ်ငယ်တို့နှင့်လည်း ပြည့်စုံစေ၍ ဘုရားရှင်၏ သာသနာတော်ကို ဖြည့်စွမ်းတော်မူသည်။

**၂၅ ဂေါတမဗုဒ္ဓဝင်**၊ ဘဒ္ဒကပ်ကမ္ဘာ- အံ့ချီးကြည်ညိုဖွယ် ၉ပါး။ ၁ ၄အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်၊ ၂ မင်းမျိုး၌ ပွင့်တော်မူ၏၊ ၃ အမည်မှည့်သော် လောက၏ အကျိုးစီးပွားကို ပြီးစီးအောင်ဆောင်ရွက်တော်မူမည့်အကြောင်းကို အစွဲပြု၍ သိဒ္ဓတ္ထမင်းသားဟု မှည့်ခေါ်၊ ၄ မောင်းမပေါင်း ၄သောင်းရှိ၊ ၅ မြင်းယာဉ်ဖြင့် တောထွက်၊ ၆ ၆နှစ် ဒုက္ကရစရိယာ ကျင့်၊ ၇ ညောင်ဗုဒ္ဓဟေဝဓိပင်၊ ၈ အနှစ် ၁၀၀တမ်း၌ ပွင့်၊ ၉ အရပ်တော် ၁၆ တောင် ရှိ။

၂၂ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်များနှင့် ပွင့်ရာကမ္ဘာကာလများ (ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၂၊ တည်တောဆရာတော်)

ဂေါတမမြတ်စွာဘုရားရှင် ပါရမီဖြည့်ရာ ၄အသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ၁၁ကမ္ဘာမှာသာ ဘုရားပွင့်သည်။

| | | |
|---|---|---|
| ၄အသင်္ချေနှင့် ကမ္ဘာတသိန်းအထက်။ | ၁ သာရမဏ္ဍကမ္ဘာ | ၁ တဏှင်္ကရာ |
| | | ၂ မေဓင်္ကရာ |
| | | ၃ သရဏင်္ကရာ |
| | | ၄ ဒီပင်္ကရာ (ဗျာဒိတ်ခံ) |
| | | သုညကမ္ဘာ- တသင်္ချေ။ |
| ၃အသင်္ချေနှင့် ကမ္ဘာတသိန်းအထက်။ | ၂ သာရကမ္ဘာ | ၅ ကောဏ္ဍည |
| | | သုညကမ္ဘာ- တသင်္ချေ။ |
| ၂အသင်္ချေနှင့် ကမ္ဘာတသိန်းအထက်။ | ၃ သာရမဏ္ဍကမ္ဘာ | ၆ မင်္ဂလ |
| | | ၇ သုမန |
| | | ၈ ရေဝတ |
| | | ၉ သောဘိတ |
| | | သုညကမ္ဘာ- တသင်္ချေ။ |
| တသင်္ချေနှင့် ကမ္ဘာတသိန်းအထက်။ | ၄ ဝရကမ္ဘာ | ၁၀ အနောမဒဿီ |
| | | ၁၁ ပဒုမ |
| | | ၁၂ နာရဒ |
| | | သုညကမ္ဘာ- တသင်္ချေ။ |
| ကမ္ဘာတသိန်းအထက်။ | ၅ သာရကမ္ဘာ | ၁၃ ပဒုမုတ္တရ |
| | | သုညကမ္ဘာ- ၇သောင်း။ |

| | | | |
|---|---|---|---|
| ကမ္ဘာ ၃သောင်းအထက်။ | ၆ မဏ္ဍကမ္ဘာ | ၁၄ သုမေဓ | |
| | | ၁၅ သုဇာတ | |
| | | | သုညကမ္ဘာ- ၂၉၈၈၂။ |
| ၁၁၈ ကမ္ဘာအထက်။ | ၇ ဝရကမ္ဘာ | ၁၆ ပီယဒဿီ | |
| | | ၁၇ အတ္ထဒဿီ | |
| | | ၁၈ ဓမ္မဒဿီ | |
| | | | သုညကမ္ဘာ- ၂၄။ |
| ၉၄ ကမ္ဘာအထက်။ | ၈ သာရကမ္ဘာ | ၁၉ သိဒ္ဓတ္ထ | |
| | | | သုညကမ္ဘာ- ၂။ |
| ၉၂ ကမ္ဘာအထက်။ | ၉ မဏ္ဍကမ္ဘာ | ၂၀ တိဿ | |
| | | ၂၁ ဖုဿ | |
| | | | သုညကမ္ဘာ- ၁။ |
| ၉၁ ကမ္ဘာအထက်။ | ၁၀ သာရကမ္ဘာ | ၂၂ ဝိပဿီ | |
| | | | သုညကမ္ဘာ- ၆၀။ |
| ၃၁ ကမ္ဘာအထက်။ | ၁၁ မဏ္ဍကမ္ဘာ | ၂၃ သိခီ | |
| | | ၂၄ ဝေဿဘူ | |
| | | | သုညကမ္ဘာ- ၃၀။ |
| ယခုကမ္ဘာ။ | ၁၂ ဘဒ္ဒကမ္ဘာ | ၂၅ ကကုသန် | |
| | | ၂၆ ကောဏာဂုံ | |
| | | ၂၇ ကဿပ | |
| | | ၂၈ဂေါတမမြတ်စွာဘုရား (ပွင့်တော်မူဆဲ) | |
| | | ၂၉ အရိမေတ္တေယျ။ | |

၂၃ နှုတ်ဖြင့် ရွတ်ဆိုပွားများရကျိုး (ဝိသုဒ္ဓိမဂ်။ ဝိဘင်း ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

နှုတ်ဖြင့် ရွတ်ဆိုပွားများခြင်းသည် စိတ်ဖြင့် ရွတ်ဆိုပွားများခြင်း၏ အထောက်အပံ့ဖြစ်၏။ စိတ်ဖြင့် ရွတ်ခြင်းသည် လက္ခဏာကို ထိုးထွင်းသိမြင်ခြင်း၏ အထောက်အပံ့ဖြစ်၏။ လက္ခဏာကို သိမြင်ခြင်းသည် မဂ်ဖိုလ် နိဗ္ဗာန်ကို ထိုးထွင်းသိမြင်ခြင်း၏ အထောက်အပံ့ဖြစ်၏။

ပ

၁ ပညာ ၄ စု

၁။ ပညာ ၃မျိုး (နေတ္တိပါဠိတော်။ ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ စိန္တာမယပညာ- ကြံစည်သဖြင့် သိအပ်သောအရာ၊ ၂ သုတမယပညာ- သူတပါးထံမှ ကြား၍ သိသောအရာ၊ ၃ ဘာဝနာမယပညာ- ပွားများအားထုတ်သဖြင့် သိသောအရာ။

၂။ ပညာတိုးပွားကြောင်း ၃ စု

၂/၁။ ပညာတိုးပွားကြောင်း ၄ပါး (ပညာဝုဒ္ဓိသုတ်၊ အာပတ္တိဘယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက)

လူပုဂ္ဂိုလ်တို့အား ကျေးဇူးများကြောင်းတရား ၄ပါး (ဗဟုကာရသုတ်၊ အာပတ္တိဘယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက)

(ဤ ၂စုသော တရား ၄ပါးတို့သည် သောတာပန် - အနက်မှ - သောတာပန်အဖြစ်သို့ ရောက်ကြောင်း အင်္ဂါ ၄ပါး) - နှင့် တူ၏။ ၎င်းတွင် ကြည့်ပါ။

၂/၂။ ပညာတိုးပွားကြောင်း ၇ပါး (သမ္မောဟဝိနောဒနီ ဝိဘင်း ဋ္ဌ၊ အဘိ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ **ပညာရှိတို့ထံ အဖန်ဖန်မေးမြန်းခြင်း၊** ၂ ကိုယ်တွင်းကိုယ်ပ သန့်ရှင်းစင်ကြယ်အောင် ပြုခြင်း၊ ၃ သဒ္ဓါစသော က္ကန္ဒြေတို့ကို ညီမျှအောင်ပြုခြင်း၊ သတိအစွမ်းကုန်ထား၍ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိတို့ကို အညီအမျှ ပွားများအားထုတ်ရာ၏၊ ၄ ပညာမဲ့သောပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၅ ပညာရှိပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း၊ ၆ နက်နဲသောဉာဏ်၏ ကျက်စားရာဖြစ်သော တရားသဘောတို့ကို ဆင်ခြင်ခြင်း၊ ၇ ဉာဏ်ပညာပွားများမှု၌ ညွတ်ကိုင်းသောစိတ်ရှိခြင်း။

၂/၃။ ပညာကြီးရင့် ရင့်ကျက် သန့်ရှင်းကြောင်း ၈ပါး (မေဏ္ဍကပဉှာရမ္ဘကထာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အရွယ်ကြီးရင့်ခြင်း၊ ၂ အခြံအရံ အကျော်အစောများခြင်း၊ ၃ မေးမြန်းခြင်း၊ ၄ ရေဆိပ်ပမာဆရာနှင့် ပေါင်းဖေါ်ခြင်း၊ ၅ သင့်လျော်စွာ နှလုံးသွင်းခြင်း၊ ၆ တိုင်ပင်ဆွေးနွေးခြင်း၊ ၇ ချစ်ခင်သူနှင့် ပေါင်းသင်းရခြင်း၊ ၈ သင့်လျော်သော အရပ်ဌာန၌ နေထိုင်ရခြင်းတို့ကြောင့် ပညာသည် ကြီးရင့်ခြင်း၊ ရင့်ကျက်ခြင်းသို့ရောက်၏။ ဤ ၈ပါးသောအကြောင်းသည် ပညာ၏ သန့်ရှင်းနိုင်သောအကြောင်းတို့ပင် တည်း။

၃။ ပညာတည်ရာမရသော အလွန်အားကြီးပြင်းထန်သောတရား ၄ပါး (ဟရိတစဇာတ်၊ နဝကနိပါတ်၊ ဇာတက ပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

လောက၌ အလွန်အားကြီးပြင်းထန်သော တရား၄ပါးတို့၌ ပညာသည် တည်ရာမရ၊
၁ ရာဂ၊ ၂ ဒေါသ၊ ၃ မဒ- မာန်ယစ်ခြင်း၊ ၄ မောဟ။

၄။ ပညာရှိ ကဝိ ၄မျိုး (ကဝိသုတ်၊ ဒုစ္စရိတဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ စိန္တာကဝိ- ကြံ၍ ပြုစီရင်နိုင်သော ပညာရှိ၊ ၂ သုတကဝိ- ကြား၍ ပြုစီရင်နိုင်သော ပညာရှိ၊ ၃ အတ္ထကဝိ - တစုံတခုသော အနက်ကိုမှီ၍ ပြုစီရင်နိုင်သော ပညာရှိ၊ ၄ ပဋိဘာနကဝိ- တခဏချင်း မိမိဉာဏ်ဖြင့် ပြုစီရင်နိုင်သော ပညာရှိ။

၂ ပဋိပဒါ ၄ပါး (ပဋိသမ္ဘိဒါမဂ်။ ၌။ ဝိသုဒ္ဓိမဂ်။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ)
မဂ်ဖိုလ်နိဗ္ဗာန်ရရန် ကျင့်ရပုံ အမျိုးအစားဖြစ်သည်။

၁ သုခပဋိပဒါ ခိပ္ပါဘိညာ- ချမ်းသာစွာ ကျင့်၍ လျင်မြန်စွာရ၊
၂ သုခပဋိပဒါ ဒန္ဓာဘိညာ- ချမ်းသာစွာ ကျင့်၍ ကြာမှရ၊
၃ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ- ဆင်းရဲပင်ပန်းစွာ ကျင့်၍ လျင်မြန်စွာရ၊
၄ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ- ဆင်းရဲပင်ပန်းစွာ ကျင့်၍ ကြာမြင့်မှရ။

၃ ပဋိသမ္ဘိဒါ ၄ပါး (စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)
ဗုဒ္ဓဘုရားရှင်များနှင့် ဆုပါရမီပြည့်ပြီးသော သာဝကကြီးများ၏ ခွဲခြမ်းစိတ်ဖြာနိုင်သော ဉာဏ် ၄ပါးဖြစ်။

၁ အတ္ထပဋိသမ္ဘိဒါ- အကြောင်းကြောင့်ဖြစ်လာသော အကျိုးတရားစုများနှင့် ပါဠိတော်၏အနက် သဘောကို သိသောဉာဏ်၊

၂ ဓမ္မပဋိသမ္ဘိဒါ- အကျိုးကိုဖြစ်စေတတ်သော အကြောင်းဟူသမျှနှင့် ပါဠိတော်အစဉ်ကို သိသော ဉာဏ်၊

၃ နိရုတ္တိပဋိသမ္ဘိဒါ- အတ္ထနှင့် ဓမ္မဆိုင်ရာ သဒ္ဒါ၊ ပုဒ်၊ ပါဌ်တို့ကို ကျွမ်းကျင်စွာ နားလည်သောဉာဏ်၊

၄ ပဋိဘာနပဋိသမ္ဘိဒါ- အထက်ပါ ၃ပါးသောဉာဏ်တို့ကို ဝေဖန်ပိုင်းခြား၍ သိသောဉာဏ်ပညာ။

၄ ပဌမဦးဆုံး တေဝါစိကသရဏဂုံ- သရဏဂုံ ၃ပါးတည် ဥပါသကာ ၁ဦးနှင့် ဥပါသိကာမ ၂ဦး၊ ပေါင်း ၃ဦး
(ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ယသသူဌေးသား၏ ဖခင်သူဌေးကြီး သောတာပန်အရိယာ ဥပါသကာကြီး၊

၂ ယသသူဌေးသား၏ မိခင် သုဇာတာသူဌေးကတော်ကြီး မြတ်စွာဘုရားလောင်းအား နို့ဃနာဆွမ်း ကပ်လှူသူ သောတာပန်အရိယာ ဥပါသိကာမကြီး၊

၃ ယသသူဌေးသား၏ ဇနီးဟောင်း သောတာပန်အရိယာ ဥပါသိကာမ။

၅ ပပဉ္စတရား ၃ပါး (သုတ်မဟာဝါပါဠိတော်။ ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ) သံသရာကို ချဲ့ထွင်တတ်သောတရားများ ဖြစ်သည်။

၁ တဏှာ- လိုချင် နှစ်သက် စွဲလမ်းတွယ်တာမှုသဘော၊

၂ မာန- ထောင်လွှားမော်ကြွားမှုသဘော၊

၃ ဒိဋ္ဌိ- အယူအစွဲ မှားယူမှုသဘော။

၆ ပရိညာ ၃ပါး (မူလပဏ္ဏာသပါဠိတော်။ ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ ဉာတပရိညာ- ပရမတ္ထ ရုပ်နာမ်ဓမ္မတို့၏ သဘောတရားကို သိမှတ်ဉာဏ်အားဖြင့် သိခြင်း၊

၂ တိရဏ ပရိညာ- ထိုရုပ်နာမ်သင်္ခါရ တရားအစုကို အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာရေး ၃ပါးဖြင့် ပွားများ၍သိခြင်း၊

၃ ပဟာနပရိညာ- နိဗ္ဗာနဓါတ်ကို မဂ် ၄ရပ်ဖြင့် ကိလေသာများကို ပယ်သတ်၍ တတ်တတ်ထင်ထင် သိခြင်း။

ဥပမာ - ယာဂုကို ပရိညာ ၃ပါးဖြင့် သိခြင်း / အာဟာရကို ပရိညာ ၃ပါးဖြင့် သုံးဆောင်ခြင်း (ပေလဠသီသတ္ထေရဝတ္ထု၊ အရဟန္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ ယာဂုကို ယာဂုအဖြစ် သိခြင်းသည် ဉာတပရိညာ၊

၂ ယာဂုအာဟာရ၌ စက်ဆုပ်ဖွယ် အမှတ်သညာဖြင့် သိခြင်းသည် တိရဏပညာ၊

၃ သုံးဆောင်အပ်သော ယာဂုအာဟာရ၌ လောဘတဏှာကို ပယ်သတ်ခြင်းသည် ပဟာနပရိညာ ဖြစ်၏။

၇ ပရိသတ် ၂ စု

၁။ ၄ပါး (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ မင်း၊ ၂ ပုဏ္ဏား၊ ၃ သူကြွယ်၊ ၄ ရဟန်း။

၂။ ၈ပါး (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ပရိသာသုတ်၊ ဘူမိစာလဝဂ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ အံ၊ သုတ္တန္တပိဋက။ မဟာသီဟနာဒသုတ်၊ သီဟနာဒဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ - ၄ အထက်ပါအတိုင်း၊ ၅ စာတုမဟာရာဇ်၊ ၆ တာဝတိံသာ၊ ၇ မာရ်နတ်၊ ၈ ဗြဟ္မာ။

၈ ပရိတ် ၂၈

၁။ ပရိတ်ကြီး ၁၁ သုတ် နှင့် အာဏာပြန့်နှံ့ပုံ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ အလင်းပြပရိတ်ကြီး၊ နှစ်ဖက်လှ ဦးကျော်လွင်) နှင့် အသိများသော သုတ်တော်များ ၈ သုတ် ပေါင်း ၁၉ သုတ်

မဟာဗုဒ္ဓဝင်။ စကြဝဠာ ကုဋေတသိန်း တန်ခိုးအာဏာပြန့်နှံ့သည့်သုတ်တော် ၆သုတ်- ရတနသုတ်၊ မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ ဓဇဂ္ဂသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်တို့ ဖြစ်ကြသည်။

အလင်းပြပရိတ်ကြီး။ ကမ္ဘာတည်သရွေ့ တည်မည့်သုတ်တော် ၂သုတ်- အင်္ဂုလိမာလသုတ်နှင့် ဝဋ္ဋသုတ်၊ စကြဝဠာ ကုဋေတသိန်း တန်ခိုးအာဏာပြန့်နှံ့သည့်သုတ်တော် ၅သုတ်- ရတနသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ မောရသုတ်နှင့် ခန္ဓသုတ်များ ဖြစ်ကြသည်။

(လိုင်းတားထားသည့် သုတ်တော်များသည် ၂ကျမ်းလုံး၌ ဖော်ပြထားပါသည်။ - စာရေးသူ)

၁ မင်္ဂလသုတ် (ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ စူဠဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - အာဏာတန်ခိုးသည် စကြဝဠာ ကုဋေတသိန်း ပြန့်နှံ့သည်။

၂ ရတနသုတ် (ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ စူဠဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) ။ "ပဏိဓါနတော" မှ "သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ" ရတနသုတ်အဖွင့် (ဓမ္မပဒ ဋ္ဌ) - အာဏာတန်ခိုးသည် စကြဝဠာ ကုဋေတသိန်း ပြန့်နှံ့သည်။

၃ မေတ္တာသုတ် (ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - အာဏာတန်ခိုးသည် စကြဝဠာ ကုဋေတသိန်းပြန့်နှံ့သည်။

၄ ခန္ဓသုတ် (ခန္ဓဇာတ်၊ နတံဒဠှဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝတ္ထုများ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ စူဠဝဂ်၊ ဝိ) - အာဏာတန်ခိုးသည် စကြဝဠာ ကုဋေတသိန်း ပြန့်နှံ့သည်။

၅ မောရသုတ် (မောရဇာတ်၊ ဒဠှဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) – အာဏာတန်ခိုးသည် စကြဝဠာ ကုဋေတသိန်း ပြန့်နှံ့သည်။

၆ ဝဋ္ဋသုတ် (ဝဋ္ဋကဇာတ်၊ ကုလာဝကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) – ကမ္ဘာ တည်သရွေ့ တည်မည်။

၇ ဓဇဂ္ဂသုတ် (ဓဇဂ္ဂသုတ်၊ ပဌမဝဂ်၊ သက္ကသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) – အာဏာတန်ခိုးသည် စကြဝဠာ ကုဋေတသိန်း ပြန့်နှံ့သည်။

၈ အာဋာနာဋိယသုတ် (သုတ်ပါထိကပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက) ။ "ဝိပဿီဿစ" မှ "ဟိတံဒေဝမနဿာနံ" ဂါထာ (သုတ်ပါထိကပါဠိတော်) ။ "အဘိဝါဒန သီလိဿ" ဂါထာ (ဓမ္မပဒ) ။ ကြွင်းဂါထာများ (ရှေးဆရာကြီးများ စီကုံးရေးထားသည်။) - အာဏာတန်ခိုးသည် စကြဝဠာ ကုဋေတသိန်း ပြန့်နှံ့ သည်။

၉ အင်္ဂုလိမာလသုတ် (ရာဇဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) - ကမ္ဘာတည်သရွေ့ တည်မည်။

၁၀ ဇောဗျင်္ဂသုတ် (ပဌမဝဂ်၊ အသင်္ခတသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋကမှ ပဌမ ဒုတိယ တတိယ ဂိလာနသုတ်များကိုမှီ၍ ရှေးဆရာကြီးများ ဂါထာဖွဲ့စီ ရေးထားသည်။) – အာဏာတန်ခိုးသည့် စကြဝဠာ ကုဋေတသိန်း ပြန့်နှံ့သည်။

**၁၁** ပုဗ္ဗဏှသုတ် (မင်္ဂလဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) ။ "ယံ ကိဉ္စိ ဝိတ္တံ" ၃ဂါထာ

(ရတနသုတ်) ။ "သုနက္ခတ္တံ" ၃ဂါထာ (မင်္ဂလဝဂ်၊ တိကနိပါတ်၊ အံ) ။ ကြွင်းဂါထာများ (ရှေးဆရာကြီးများရေးသားစီကုံးသည်။)။

(အောက်ပါ အသိများသောသုတ်တော်များ၏ ကျမ်းအညွှန်းများကို ဖော်ပြပါသည်။ - စာရေးသူ)

၁/၁၂ (အနေကဇာတိ သံသာရံ) ဥဒါန်းဂါထာ (ဥဒါနဝတ္ထု၊ ဇရာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)၊

၂/၁၃ ဓမ္မစကြာသုတ် (ဓမ္မစက္ကပဝတ္တနသုတ်၊ ဓမ္မစက္ကပဝတ္တနဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိတော်၊ ခု၊ ဝိ)၊

၃/၁၄ အနတ္တလက္ခဏာသုတ် (ဥပယဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)၊

၄/၁၅ မဟာသတိပဋ္ဌာနသုတ် (သုတ်မဟာဝါပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)၊

၅/၁၆ မဟာသမယသုတ် (သုတ်မဟာဝါပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)၊

၆/၁၇ သိင်္ဂါလောဝါဒသုတ် (သုတ်ပါထိကပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)၊

၇/၁၈ အဘိဏှသုတ် (ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)၊

**၈/၁၉** ငါးရံ့မင်းပရိတ် (မစ္ဆဇာတ်၊ ဝရုဏဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မစ္ဆရာဇစရိယ၊ ယုဓဉ္စယဝဂ္ဂ၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၂။ ပရိတ်တရားတော်၏ အကျိုးကြီးကြောင်း ၂ ခု (ပါထိကဝဂ် ဋ္ဌ။ မဟာအာဋာနာဋိယသုတ် ဋီကာအဖွင့်။ မစ္ဆျပါသမုတ္တပဥ္စ၊ မိလိန္ဒပဥ္စပါဠိတော်။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁/က ပရိတ်ရွတ်ဖတ်သူ၏ အကျိုးကြီးစေသော ဂုဏ်အင်္ဂါ ၄ပါး (ဒီ ဋ္ဌ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပရိတ်ပါဠိတော်၏ ပုဒ်ပါဌ်အက္ခရာကို ကျနမှန်ကန်စွာ ရွတ်ဆိုနိုင်ခြင်း၊ ၂ အနက်အဓိပ္ပါယ်ကို တိကျမှန်ကန်စွာ သိခြင်း၊ ၃ လာဘ်ပူဇော်သက္ကာရကို ငဲ့ကွက်သောစိတ် မရှိခြင်း၊ ၄ မေတ္တာကရုဏာ တရားကို ရှေ့သွားပြုကာ စင်ကြယ်သောစိတ်ဖြင့် ရွတ်ဖတ်ခြင်း။

၁/ခ ပျက်စီးခြင်း ၂ပါး (အာဋာနာဋိယသုတ် ဋီကာ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

၁ ပယောဂဝိပတ္တိ- လုံ့လအားထုတ်မှု ပျက်စီးခြင်း ၂ပါး။ ၁ ပုဒ်ပါဠိအက္ခရာ မှန်ကန်စွာ မရွတ်ဆိုနိုင်ခြင်း၊ ၂ အနက်အဓိပ္ပါယ် မသိခြင်း။

၂ အဇ္ဈာသယဝိပတ္တိ- အလိုဆန္ဒပျက်စီးခြင်း၁ပါး။ လာဘ်ပူဇော်မှုကို တပ်မက်ငဲ့ကွက်ခြင်း။

၂/က ပရိတ်နာသူ၏ အကျိုးကြီးများကြောင်း အင်္ဂါ ၃ပါး (မေဏ္ဍကပဉ္စ ဋီကာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) ၄ပါး (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပဉ္စာနန္တရိယကံ ၅ပါး ဟူသော ကမ္မန္တရာယ် မရှိခြင်း၊ ၂ နိယတမိစ္ဆာဒိဋ္ဌိဟူသော ကိလေသန္တရာယ် မရှိခြင်း၊ ၃ ပရိတ်ပါဠိတော်၏ ဂုဏ်ကျေးဇူးကို မတုန်မလှုပ် ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၄ ရိုသေစွာ နာယူခြင်း။

၂/ခ ပျက်စီးခြင်း ၂ပါး

၁ ပယောဂဝိပတ္တိ ၂ပါး။ ၁ ရိုသေစွာ လက်အုပ်ချီမိုး မနာယူခြင်း၊ ၂ အာရုံတပါး စိတ်မသွားစေပဲ တည်ကြည်စွာ မနာယူခြင်း။

၂ အဇ္ဈာသယဝိပတ္တိ ၂ပါး။ ၁ ပရိတ်တရားတော်၏ ဂုဏ်ကျေးဇူးကို မယုံကြည်ခြင်း၊ ပရိတ်တရားနာရန် ဖိတ်ကြားလာသူ၏ မျက်နှာကိုသာ ငဲ့ကွက်ထောက်ထား နာယူခြင်း။

၉ ပလိဗောဓ- အနှောင့်အယှက်၊ ကြောင့်ကြခြင်း ၁၀ပါး (ဝိသုဒ္ဓိမဂ်။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ပါဠိမြန်မာအဘိဓါန်၊ ဦးဟုတ်စိန်)

၁ အာဝါသ- နေရာကျောင်း၊ ၂ ကုလ- အလုပ်အကျွေး ပစ္စည်း ၄ပါး ဒါယကာ၊ အမျိုး၊ ၃ လာဘ- လာဘ်ရခြင်း၊ ၄ ဂဏ- ဂိုဏ်းသံဃာ အပေါင်းဖော်၊ တပည့်အပေါင်း၊ ၅ ကမ္မ- အမှုသစ်၊ အမှုကြီးငယ်၊ ၆ အဒ္ဓါန- ခရီးသွားခြင်း၊ ၇ ဉာတိ- သာသနာ့ဆွေမျိုး၊ အိမ်ဆွေမျိုး၊ ၈ အာဗာဓ- အနာရောဂါ၊ ၉ ဂန္ထ- သင်ကြားပို့ချ၊ ကျက်မှတ်ပြုစုသော စာပေကျမ်းဂန်၊ ၁၀ ဣဒ္ဓိ- ဝိပဿနာကို ဖျက်ဆီးနှောက်ယှက်တတ်သော ပုထုဇဉ် တန်ခိုးအာနုဘော်။

၁၀ ပါဠိတော် ၂၈

၁။ ပါဠိတော်များ ဖွင့်ဆိုခြင်း အဆင့် ၆ဆင့် / ၉ဆင့် (နိဒါန်း၊ ပိဋကတ်တော်မြန်မာပြန်။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ပိဋကတ်တော်မြန်မာပြန်။ ၁ ပါဠိ၊ ၂ အဋ္ဌကထာ၊ ၃ ဋီကာ၊ ၄ အနု၊ ၅ မဓု၊ ၆ ယောဇနာ။

မဟာဗုဒ္ဓဝင်။ ၁ - ၆ အထက်ပါအတိုင်း၊ ၇ ဂဏ္ဌိ၊ ၈ ဝိနိစ္ဆယ၊ ၉ ဂန္ထန္တရ။

၂။ ပါဠိတော် အညွှန်းပိုဒ် ၂၄ ပိုဒ်

(သိမှတ်ရလွယ်သော၊ ဆွေးနွေးဟောပြရတန်ရာသော ပါဠိတော်အပိုဒ်များ ဖြစ်ပါသည်။ - စာရေးသူ)

၁ ကာယေ ကာယာနုပဿီ ဝိဟရတိ။ (မဟာသတိပဋ္ဌာနသုတ်၊ မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

ကာယဟူသောအာရုံပေါ်၌ သတိနှင့်မပြတ် ဆင်ခြင်သုံးသပ်နေပါ။

၂ ကမ္မ ဝိသယော အစိန္တေယျော။ (သောရေယျဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ကံအကြောင်း ဘုရားရှင်သာ ပြည့်ပြည့်စုံစုံ သိနိုင်သည်။

၃ ကမ္မ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပဏီတ တာယ။ (စူဠကမ္မဝိဘင်္ဂသုတ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

သတ္တဝါတို့ကို အညံ့စား အမြတ်စား ဖြစ်ဖို့ရန် ကံသည် ခွဲဝေ၍ ပေး၏။

၄ စိတ္တံ ရက္ခေထ မေဓါဝီ။ (ဥက္ကဏ္ဌိတ- ငြီးငွေ့သည်၊ ဥက္ကဏ္ဌိတဘိက္ခုဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။

ဝတ္ထုအကျဉ်း။ သာဝတ္ထိပြည်မှ သူဌေးသားတဦး၊ စစ်မှန်သော ငြိမ်းချမ်းမှုကိုလိုချင်၊ ရဟန်းတပါးကို မေး၊ ဦးစွာ စာရေးတံဆွမ်းလှူ၊ နောက် ဝါဆိုသင်္ကန်းလှူ၊ သရဏဂုံ ခံယူ၊ ငါးပါးသီလ ကျင့်သုံး၊ ၈ပါးသီလ ဆောက်တည်၊ ဤသို့ ကောင်းမှု တခုပြီးတခု အစဉ်လိုက်ပြု၍ အနုပုဗ္ဗသူဌေးသားဟု ခေါ်၊ နောက်ဆုံး ရဟန်းပြု၊ ဥပဇ္ဈာယ်ဆရာသည် ဝိနည်းမိုရ်၊ နိဿရည်းဆရာသည် အဘိဓမ္မာဆောင်ဖြစ်၊ ဝိနည်းများ၊ အကုသိုလ်များအကြောင်း သင်ရ၊ ရဟန်းဘဝသည် ဆူးကြားမှ ဘူးသီးနှယ် အနေကြပ်၊ မနေလို၊ ရောဂါရလာ၊ ဘုရားရှင်ထံလျှောက်ကြရာ ဘုရားရှင်က ရဟန်းအား **စိတ်တခုတည်းကိုသာ** နိုင်အောင်ထိန်း ရန် မိန့်ပြီး ဤဓမ္မပဒလာ ဒေသနာတော်ကို ဟောရာ သောတာပတ္တိဖိုလ်၌ တည်၏။

၅ ဒါနံ သဗ္ဗတ္ထ သာဓကံ။ (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

ဒါနသည် လောကီလောကုတ္တရာ ခပ်သိမ်းသောအကျိုးကို ပြီးစီးစေနိုင်သည်။

၆ ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိံ။ (ဓမ္မပါလဇာတ် ၄။ နိဗ္ဗာန်ရောက်ကြောင်းအနှစ်ချုပ်၊ ဦးကံညွန့်)

တရားကျင့်သူကို တရားက ပြန်၍စောင့်ရှောက်၏။

၇ နိဗ္ဗာနဿေဝ သန္တိကေ။ (နိဂမဝါသီတိဿတ္ထေရဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

(မေ့လျော့မှုကိုဘေးဟု ရှုသောရဟန်းသည်) နိဗ္ဗာန်၏ အနီး၌သာ ဖြစ်၏။

၈ ပရိ ဘယံ တာယတီတိ ပရိတ္တံ။

သမန္တတော ဘယံ ရက္ခတီတိ ပရိတ္တံ။ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

ပရိ / သမန္တတော- ထက်ဝန်းကျင်မှ၊ ဘယံ- ဘေးအန္တရာယ် အသွယ်သွယ်ကို၊ တာယတိ / ရက္ခတိ- ငြိမ်းစဲ ပပျောက် မဖြစ်အောင် စောင့်ရှောက်ကာကွယ်တတ်၏၊ ဣတိ- ထိုကြောင့်၊ ပရိတ္တံ- ပရိတ္တ မည်၏၊ (ပရိတ် မည်၏)

၉ ပရမာနံ အယံ ပါရမီ။ (စရိယာပိဋက ဋ္ဌ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

ပရမာနံ- မြင့်မြတ်သူတို့ / ဘုရားအလောင်းတော်တို့၏၊ အယံ- ဥစ္စာဖြစ်သော အကျင့်သည်၊ ပါရမီ- ပါရမီမည်၏။

၁၀ ပါပသ္မိံ ရမတီ မနော။ (စူဠေကသာဋကဝတ္ထု၊ ပါပဝဂ်၊ ဓမ္မပဒပါဠိတော်၊ ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။

၁၁ မနော ပုဗ္ဗင်္ဂမာ ဓမ္မာ။ (စက္ခုပါလတ္ထေရဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

နာမ်ခန္ဓာ၄ပါးတို့သည် စိတ်လျှင် ရှေ့သွားရှိ၏။

၁၂ မာတာပိတူနံ ဟဒယံ ပူရေတီတိ ပုရိသော။ (မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

မိဖ ၂ပါးထို့၏ စိတ်နလုံးကို ပြည့်စေတတ်သောကြောင့် ယောကျ်ား မည်၏။

၁၃ (လူ) လောဘာဒီဟိ အလောဘာဒီဟိ စ သဟိတသ မနသာ ဥဿန္နတာယ မနဿာ။ (ဝိမာန ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ပိဋကမြန်မာပြန်ကျမ်းများ)

လောဘ အလောဘတို့နှင့်တကွ ဖြစ်သောစိတ်၏ ပြန့်ပြောများပြားသည်ကြောင့် မနဿ လူမည်၏။

၁၄ သုခံ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။ (မဟာသတိပဋ္ဌာနသုတ်၊ မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

သုခဝေဒနာခံစားနေလျှင် သုခဝေဒနာခံစားနေသည်ဟု သိရမည်။ (သိခြင်းသည် ပညာ၏အလုပ်၊ ခံစားနေမှုကို သတိထားမိသည်က သတိ၏အလုပ် ဖြစ်သည်။)

၁၅ သံဃောဟိ ဒုဿီလော နာမနတ္ထိ။ (ဥပရိပဏ္ဏာသ ဋ္ဌ၊ ဒက္ခိဏာဝိဘင်္ဂသုတ်အဖွင့်။ သံဃာကို အပြစ်မတင်မိပါစေနှင့်၊ ဓမ္မပိယဆရာတော်)

သံဃာမှာ သီလပျက်စီးသော ဒုဿီလပုဂ္ဂိုလ် မရှိ။

**ဘိက္ခု-**ကိလေသာ အတုံးအခဲတွေကို ဖြိုခွဲတတ်သူ**-ရဟန်း**။ **သံဃာ-** ကိလေသာတွေကို ညှဉ်းဆဲသူ။ သံဃာကိစ္စ ကံဆောင်ခြင်းကိစ္စတွေ ရှိသောအခါ ညီညီညွတ်ညွတ် ဆောင်ရွက်ကြသော ၄ပါးနှင့် အထက် အများ ရဟန်းအပေါင်းကို သံဃာဟုခေါ်သည်။ အရိယာနှင့် ပုထုဇဉ်ရဟန်းများပါ ပါသည်။ ရဟန်း တပါးစီ မှာ အပြစ် ရှိကောင်းရှိနိုင်သည်။ သံဃာမှာ မရှိ။

၁၆ သတ္တ နိကာယော အစိန္တေယျော။ (ယနေ့ပုစ္ဆဝါဒအမေးအဖြေ ၄၊ တည်တောဆရာတော်ကြီး)

သတ္တဝါဖြစ်ပုံကို မကြံစည်အပ်ချေ။ (လောကမှာ သတ္တဝါတွေသည် အဖြစ်ဆန်း၏။)

၁၇ အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုမာပစာရိနော။ စတ္တာရော ဓမ္မာ ဝမ္မန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

(အာယုဝမ္မနကုမာရဝတ္ထု၊ သဟဿဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တ ပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

နိစ္စံ- အမြဲ၊ အဘိဝါဒန သီလိဿ- ရှိသေစွာ ရှိခိုးလေ့ရှိသော၊ ဝုမာပစာရိနော- ဂုဏ်သိက္ခာ အသက်အားဖြင့် ကြီးသောသူတို့ကို အရိအသေပြုလေ့ရှိသော၊ ပုဂ္ဂလဿ- ပုဂ္ဂိုလ်အား၊ အာယုစ- ဇီဝိတိန္ဒြေဟူသော အသက်သည် ၎င်း၊ ဝဏ္ဏောစ- အဆင်းသည်၎င်း၊ သုခဉ္စ- ချမ်းသာခြင်းသည်၎င်း၊ ဗလဉ္စ- ခွန်အားသည်၎င်း၊ ဣတိ- ဤသို့၊ စတ္တာရော- ၄ခုကုန်သော၊ ဓမ္မာ- အကျိုးကျေးဇူးတရားတို့သည်၊ ဝမ္မန္တိ- တိုးပွားကြကုန်၏။

အသက် ၇ရက်သာရှည်တော့မည့် ပုဏ္ဏားသူငယ်ကို ဘုရားရှင်၏ ညွှန်ကြားမိန့်မှာချက်ဖြင့် ရဟန်း တော်များဝန်းရံ၍ ပရိတ်တရားတော်များရွတ်ကြပြီး ထိုနေရာသို့ ဘုရားရှင်ကြွလာခြင်းဖြင့် အသက် အန္တရာယ်ဘေးမှ ကင်းလွတ်ခဲ့ပြီး အသက် ၁၂၀နှစ်အထိရှည်၊ နောင် ဥပါသကာ ၅ဝဝဖြင့်လှည့်လည် လေ့ရှိရာ ဘုရားရှင်မျက်မှောက်ရောက်သော် ဤဓမ္မဒေသနာတော်ကို နာရသည့်အဆုံး ဥပသကာ ၅ဝဝနှင့် တကွ အာယုဝမ္မနသတို့သားသည် သောတာပတ္တိဖိုလ်သို့ ရောက်၏။

၁၈ အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိ ပရမံ ဓနံ၊ ဝိဿာသ ပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။

(ပသေနဒီကောသလဝတ္ထု၊ သုခဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

**အလွန်ကဲဆုံး ၄ပါး**

၁ အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံးလာဘ်၊

၂ ရောင့်ရဲမှုသည် အလွန်ကဲဆုံးဥစ္စာ၊

၃ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုး၊

၄ နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း။

ဝတ္ထုအကျဉ်း။ ပသေနဒီကောသလမင်းကြီးသည် ဆန်တစိတ်ချက်ကုန်အောင် ဟင်းခွက်များစွာနှင့် စားနိုင်၊ နံနက်စာ ပွဲတော်တည်ပြီး ဘုရားရှင်ထံသွား၊ ထမင်းဆီယစ်၍ ဘုရားရှင်ရှေ့တော်၌ ငိုက်မျဉ်းနေ၊ ဘုရားရှင်က ဆုံးမဂါထာတပုဒ် (ဘုရားရှင် ကောသလမင်းကြီးကို ဟောသော အစာလျှော့စားနည်း - ကို ကြည့်ပါရန်။) ဟောကြားရာ ထိုင်းမှိုင်းနေ၍ မမှတ်သားနိုင်သဖြင့် တူတော်သုဒဿန လုလင်ကို မှတ်ခိုင်း၊ ဘုရားရှင်က ထိုလုလင်အား မင်းကြီးပွဲတော်တည်စဉ် နောက်ဆုံးတမင်းလုတ် စားခါနီး၌ ထိုဆုံးမဂါထာကို ရွတ်စေ၊ မင်းကြီးသည် ထိုဂါထာကိုကြားသည်နှင့် ထိုနောက်ဆုံးထမင်းလုတ်ကို မစားထော့၊ တလုတ်စာ လျှော့လျှော့၍ ထမင်းချက်ခဲ့ရာမှ ဆန်တစိတ်ချက်မှသည် ဆန်တစလယ်ချက်ဖြင့်သာ တင်းတိမ်လာနိုင်၊ မင်းကြီးက ဘုရားရှင်ကို ပေါ့ပါးသွက်လက်လာသော ကိုယ်ရှိ၊ လျင်မြန်စွာ လုပ်စရာရှိသည်ကို လုပ်နိုင်၊ မငိုက်တော့စသည်ဖြင့် ဘုရားရှင်၏ အစာစားနည်းအကျိုး များပြားလှပုံနှင့် အခြားနန်းတွင်း ကိစ္စများပါ ပြီးပြေချောမွေ့လာပုံကို လျှောက်ထားရာ ဤဒေသနာတော်ကို ဟောသည်တွင် များစွာသော သူတို့ သောတာပန်ဖြစ်ကြ။

၁၉ အတ္တာဟိ အတ္တနော နာထော။ (ကုမာရကဿပမာတာဝတ္ထု၊ အတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

မိမိသည်သာ မိမိ၏ ကိုးစားရာဖြစ်၏။

ဝတ္ထုအကျဉ်း။ ရာဇဂြိုဟ်ပြည်မှ သူဌေးသမီးတဦး အိမ်ထောင်ကျပြီးမှ ခင်ပွန်းသည် ခွင့်ပြု၍ ဒေဝဒတ်တပည့်မတို့ထံ၌ ဘိက္ခုနီဝတ်၊ လူဝတ်ကထည်းကပါလာသော ကိုယ်ဝန်ပေါ်လာ၊ ဘုရားရှင်တပည့်မ ထို့ဆီရောက်၊ သားဖွားပြီးသော် ကောသလမင်းကြီးက နန်းတော်၌မွေး၊ အရွယ်ရောက်သော် ရဟန်းပြုပြီး ကဿပဘုရားရှင်လက်ထက် တရားကျင့်ဘော်ဖြစ်သော ဗြဟ္မာကြီးမေးလာသော ပြဿနာ (ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - ဥပမာများနှင့် တရားတော်များ- အနက်မှ - တောင်ပို့တရားတော် - ကို ကြည့်ပါ။) ကို ဘုရားရှင် ပြန်ဖြေရှင်း ဟောကြားသည်ကို နာ၍ ရဟန္တာ အရှင်ကုမာရကဿပထေရ်ဖြစ်၊ အမိဘိက္ခုနီမမှာ သား သံယောဇဉ်ဖြင့် မျက်ရည်စက်လက် ဖြစ်နေ၊ တနေ့ ဆွမ်းခံလမ်း၌ မထေရ်ကိုမြင်၊ အပြေးလိုက်၊ ချော်လဲ၊ မှီသော် မထေရ်၏ သင်္ကန်းစွန်းကိုဆွဲ၍ သူမအဖြစ်ကိုလျှောက်၊ မထေရ်က သံယောဇဉ်ဖြတ်ကာ တရားရစေလို၍ “သာသနာဝင် ဘိက္ခုနီ ဖြစ်နေပါလျက် သံယောဇဉ်ပြတ်အောင် မကြိုးစားဘူးလား?” ဟု ခပ်ထန်ထန်မိန့်ရာ ထိုနေ့မှာပင် ရဟန္တာဖြစ်၊ ဤသည်နှင့်စပ်၍- “မိမိသည်သာ မိမိ၏ ကိုးစားရာဖြစ်၏၊ သူတပါးသည် မိမိ၏ကိုးစားရာ အဘယ်မှာ ဖြစ်နိုင်အံ့နည်း?၊ မိမိသည် ကောင်းစွာ ယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသော ကိုးစားရာ အရဟတ္တဖိုလ်ကို ရနိုင်၏။” ဟူသော ဓမ္မပဒလာဂါထာကို ဘုရားရှင်ဟော။

၂၀ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။ (သာမာဝတီဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

မမေ့လျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။

၂၁ ဣစ္ဆတီတိ ဣတ္ထိ။ (မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အလိုရှိတတ်သောကြောင့် မိန်းမမည်၏။

၂၂ ဣဇ္ဈတီတိ ဣဒ္ဓိ။ (ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၅၊ တည်တောဆရာတော်ကြီး)

ပြီးစီးခြင်း၊ ထမြောက်အောင်မြင်ခြင်းကြောင့် ဣဒ္ဓိမည်၏။

၂၃ ဣဓ ဘိက္ခု အရညံ ရုက္ခမူလံ သုညံ အဂါရံ၊ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ၊ ဥဇုံကာယံ ပဏိဓါယ၊ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ သတောဝ အဿသတိ၊ သတောဝ ပဿသတိ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဤသာသနာတော်၌ ရဟန်းသည် တောသို့ကပ်သည်ဖြစ်စေ၊ သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ ကပ်သည်ဖြစ်စေ တက်ဝက်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားကာ ကမ္မဋ္ဌာန်းသို့ ရှေးရှုသတိကို ဖြစ်စေ၍ ထိုင်နေ၏။

ထိုရဟန်းသည် သတိနှင့်ပြည့်စုံသည် ဖြစ်၍သာလျှင် ဝင်သက်ကိုရှူ၏၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍ သာလျှင် ထွက်သက်ကို ထုတ်၏။

၂၄ ဥမ္မတ္တကော ဝိယ ပုထုဇ္ဇနော။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ။ စက်ဖြတ်ဝိပဿနာကျမ်း၊ ခန္တီးဆရာတော်ကြီး)

ပုထုဇဉ်သည် သူရူး (အရူး) ဖြစ်၏။

**၁၁ ပိဋကတ်** __၃ စု__

<u>၁။ ပိဋကတ် ၃ပုံ၊ နိကာယ် ၅ရပ်</u> (သုတ်သီလက္ခန် ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ပိဋကတ် မြန်မာပြန်ကျမ်းများ)

သုတ်သီလက္ခန် အဋ္ဌကထာ၌ ပိဋက ၃ပုံ- ၁ သုတ္တန္တပိဋက၊
၂ ဝိနယပိဋက၊
၃ အဘိဓမ္မာပိဋက ကို ဖော်ပြထားသည်။

| | | | |
|---|---|---|---|
| ၁ သုတ္တန်ပိဋက | ၁ ဒီဃနိကာယ် | ၃ကျမ်း | ၃အုပ် |
| ။ | ၂ မဇ္ဈိမနိကာယ် | ၃ ။ | ၃ ။ |
| ။ | ၃ သံယုတ္တနိကာယ် | ၅ ။ | ၃ ။ |

| | | | |
|---|---|---|---|
| ။ | ၄ အင်္ဂုတ္တရနိကာယ် | ၁၁ ။ | ၃ ။ |
| ။ | ၅ ခုဒ္ဒကနိကာယ် | ၁၈ ။ | ၁၁ ။ |
| ၂ ဝိနည်းပိဋက | ။ | ၅ ။ | ၅ ။ |
| ၃ အဘိဓမ္မာပိဋက | ။ | ၇ ။ | ၁၂ ။ |
| | ပါဠိတော်ကျမ်းရင်း | ၅၂ ကျမ်း၊ | ၄၀ အုပ် |

ဆဋ္ဌမူပါဠိတော်ကျမ်းများ = ၄၀အုပ် = စာမျက်နှာပေါင်း ၁၃၈၀၄။

ဆဋ္ဌမူအဋ္ဌကထာကျမ်းများ = ၅၁ အုပ် = စာမျက်နှာပေါင်း ၁၈၉၆၃။

ဆဋ္ဌမူဋီကာကျမ်းများ = ၂၆ အုပ် = စာမျက်နှာပေါင်း ၉၈၇၆။

စုစုပေါင်းကျမ်းများ = ၁၁၇ အုပ်။

၂။ ပိဋကတ်တော်များကို ပဉ္စမသံဂါယနာတင်အပြီး မထေရ်ကြီးများ အသီးသီး တာဝန်ယူပို့ချကြခြင်း

(အရှင်အာနန္ဒာမထေရ်အကြောင်း၊ ပဉ္စမပိုင်း၊ ဆဋ္ဌမတွဲ၊ မင်းတွန်းတိပိဋကဆရာတော်ကြီး)

၁ ဝိနည်းပိဋကတ်တော် (ခုဒ္ဒကနိကာယ်၌ ပါဝင်သည်။) - အရှင်ဥပါလိ၊

၂ ဒီဃနိကာယ် - အရှင်အာနန္ဒာ၊

၃ မဇ္ဈိမနိကာယ် - အရှင်သာရိပုတ္တရာ၏တပည့်များ၊

၄ သံယုတ္တနိကာယ် - အရှင်မဟာကဿပ၊

၅ အင်္ဂုတ္တရနိကာယ် - အရှင်အနုရုဒ္ဓါ။

၃။ ပိဋကတ်တော်လာ ဘေးအန္တရာယ်များ ၅ မျိုး

၁။ ကံကြမ္မာ ၃၂ပါး (ဗာလပဏ္ဍိတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ အတ္တနိပါတနပဉ္ဟာ၊ သဗ္ဗညုတဉာဏဝဂ်၊ မိလိန္ဒပဉ္ဟာ၊ ခု၊ သုတ္တန္တပိဋက။ ပိဋကပဉ္ဟာသုတ္တနိဒ္ဒေသ၊ စူဠနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း ၁၊ ဂူကုန်းဆရာတော်ကြီး)

၁ အတက်အဆူးရှိသော ကြိမ်တို့ဖြင့် ပုတ်ခတ်ရိုက်နက်ခြင်း၊ ၂ အတက်အဆူးမရှိသော ကြိမ်နွယ်တို့ဖြင့် ပုတ်ခတ်ရိုက်နက်ခြင်း၊ ၃ တုတ်၊ ဆောက်ပုတ်၊ လုံတံတို့ဖြင့် ပုတ်ခတ်ရိုက် နက်ခြင်း၊ ၄ လက်ဖြတ်ခြင်း၊ ၅ ခြေ ဖြတ်ခြင်း၊ ၆ လက်ခြေ ၂ပါးဖြတ်ခြင်း၊ ၇ နားဖြတ်ခြင်း၊ ၈ နှာခေါင်းဖြတ်ခြင်း၊ ၉ နား နှာခေါင်း ၂ပါးဖြတ်ခြင်း၊ ၁၀ ဦးခေါင်းကို ခွာပြီးလျှင် လောလောပူသော သံတွေဖြင့် နောက်မွေ၍ ကျိုက်ကျိုက်ဆူသော ပအုံးရည်ကဲ့သို့ ဖြစ်စေခြင်း။

၁၁ ဆံကို အရေနှင့်တကွ ခွာ၍ ဦးခေါင်းခွံကို ကြမ်းလှစွာသော ကျောက်ဖြင့် ဖွေးဖွေးဖြူသော ခရုသင်းသဖွယ်ဖြစ်အောင် ပွတ်တိုက်ခြင်း၊ ၁၂ သံထံကျင်ကို ခံတွင်း၌ စိုက်၍ သွေးပြည့်အောင် မွှေနှောက်ခြင်း၊ ၁၃ ကိုယ်အလုံးကို ဆီစွတ်ပုဆိုးဖြင့် ရစ်၍ မီးတိုက်ခြင်း၊ ၁၄ လည်ရေမျိုမှသည် ဖမျက်သို့ ကျအောင်

အရေကိုခွာ၍ ပိန်းရွက်ကဲ့သို့ပြုခြင်း၊ ၁၅ လည်ပင်းမှသည် ဖမျက်သို့ကျအောင် အရေခွာပြီးလျှင် လျှော်တေဖတ်ကဲ့သို့ ဖြစ်အောင် ပြုခြင်း၊ ၁၆ လက် ၂ဖက်၊ ခြေ ၂ဖက်တို့ကို သံကွင်းဖြင့် ဖွဲ့၍ မီးတိုက်ခြင်း၊ ၁၇ အရိုးကျဲစဲသာ ဖြစ်စေ၍ အရေ၊ အကြော၊ အသားတို့ကို ငါးမျှားချိတ်ဖြင့် ခွာထုတ်ခြင်း၊ ၁၈ ပဲကွပ်၊ ဓါးမတို့ဖြင့် ရွေ၍ အသားတစ်တို့ကို ကျစေ၍ တိုအသားတို့ကို ပြုခြင်း၊ ၁၉ ကြမ်းတမ်းသော ဝက်မှင်ဖြင့် အသားအရေတို့ကို ပွတ်တိုက်၍ ဆားဆပ်ပြာနှင့် ပက်ခြင်း၊ ၂၀ စောင်းလျက် အိပ်စေပြီးသော် နားတွင်း၌ သံတံကျင်ကို မြေသို့စိုက်အောင် နက်ပြီးလျှင် ခြေကို ကိုင်၍ ပတ်ပတ်လည်စေခြင်း။

၂၁ အရေအသားတို့ကို မစုတ်မပြတ်စေရအောင် အရိုးတို့ကို ထုချေ၍ ထုတ်ယူပြီးလျှင် အသားမျှသာ ကြွင်းကျန်စေပြီး ကောက်ရိုးကရွတ်ခွေသို့ ပြုခြင်း၊ ၂၂ ၂ရက်၊ ၃ရက် အစာမပေးပဲထားသော ခွေးတော်တို့ကို စားစေခြင်း၊ ၂၃ သံတံကျင်လျှိုခြင်း၊ ၂၄ ဦးခေါင်းဖြတ်ခြင်း၊ ၂၅ ရဲရဲညီးသောသံဆူးဖြင့် လက်ဝဲလက်ကို စိုက်နက်ခြင်း၊ ၂၆ ရဲရဲညီးသောသံဆူးဖြင့် လက်ယာလက်ကို စိုက်နက်ခြင်း၊ ၂၇ ဒင်းဖြင့် လက်ဝဲခြေကို၊ ၂၈ ဒင်းဖြင့် လက်ယာခြေကို၊ ၂၉ ဒင်းဖြင့် ရင်ဝကို၊ ၃၀ လက်ကို ဆီစွတ်ပုဆိုးတို့ဖြင့် ရစ်၍ မီးတိုက်ခြင်း၊ ၃၁ ခံတွင်းကို ဖွင့်၍ မီးငြှိခြင်း၊ **၃၂** ဆီပူဖြင့် လောင်းခြင်း။

<u>၂။ ဘေး ၂၅ပါး</u> (မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အတ္တနိပါတနပဉ္စာ၊ သမ္ဗုဒ္ဓုတဉာဏဝ်၊ မိလိန္ဒပဉ္စာ၊ ခု၊ သုတ္တန္တပိဋက)

ဘေး ၂၅ပါးမှာ ၁ အမျိုးအဆွေတို့၏ ပြုန်းတီးခြင်းဘေး၊ ၂ အနာနိပ်စက်ခြင်းဘေး၊ ၃ ဥစ္စာပြုန်းတီးခြင်းဘေး၊ ၄ သီလပြုန်းတီးခြင်းဘေး၊ ၅ မင်းဘေး၊ ၆ ခိုးသူဘေး၊ ၇ မချစ် မနှစ်သက်လိုသော ရန်သူဘေး၊ ၈ ငတ်မွတ်ခြင်းဘေး၊ ၉ မီးဘေး၊ ၁၀ ရေဘေး။

၁၁ လှိုင်းတံပိုးဘေး၊ ၁၂ ဝဲဘေး၊ ၁၃ မိကျောင်းဘေး၊ ၁၄ ငါးရဲဘေး၊ ၁၅ နောင်တတတဖန်ဟူသောဘေး၊ ၁၆ သူတထူးတို့၏ အစွပ်အစွဲကို ခံရခြင်းဘေး၊ ၁၇ နှုတ်ဒဏ်လက်ဒဏ်သင့်ခြင်းဘေး၊ ၁၈ အယူမှားခြင်းဘေး၊ ၁၉ မကောင်းသောအဖြစ်သို့ လားရခြင်းဘေး၊ ၂၀ ပရိသတ်တို့ဘောင်၌ အရှက်ရခြင်းဘေး။

၂၁ သူတထူးတို့နှင့် စပ်လျဉ်း၍ အသက်မွေးရခြင်းဘေး၊ ၂၂ ပဋိသန္ဓေနေရခြင်းဘေး၊ ၂၃ အိုရခြင်းဘေး၊ ၂၄ နာရခြင်းဘေး၊ **၂၅** သေရခြင်းဘေး။

<u>၃။ ဥပဒ္ဒဝေါ ၁၆ပါး</u> (ကလဟဝိဝါဒသုတ္တနိဒ္ဒေသ၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဥပဒ္ဒဝေါ ၁၆ပါးမှာ- ၁ ရေရွတ်ဆဲရေးခြင်း၊ ၂ ထိပ်ပင်းတကားဖြင့် နှောင်ဖွဲ့ခြင်း၊ ၃ ကြိုးဖြင့် နှောင်ဖွဲ့ခြင်း၊ ၄ ခြေကျင်းဖြင့် နှောင်ဖွဲ့ခြင်း၊ ၅ ကြိမ်ဖြင့် နှောင်ဖွဲ့ခြင်း၊ ၆ နွယ်ဖြင့် နှောင်ဖွဲ့ခြင်း၊ ၇ တိုက်ဖြင့် နှောင်ဖွဲ့ခြင်း၊ ၈ အာရမ်ဖြင့် နှောင်ဖွဲ့ခြင်း၊ ၉ ရွာဖြင့် နှောင်ဖွဲ့ခြင်း၊ ၁၀ နိဂုံးဖြင့် နှောင်ဖွဲ့ခြင်း။

၁၁ မြို့ဖြင့် နှောင်ဖွဲ့ခြင်း၊ ၁၂ တိုင်းဖြင့် နှောင်ဖွဲ့ခြင်း၊ ၁၃ ဇနပုဒ်ဖြင့် နှောင်ဖွဲ့ခြင်း၊ ၁၄ အရပ်အပိုင်းအခြားဖြင့် နှောင်ဖွဲ့ခြင်း၊ ၁၅ ကျုံးတံတိုင်းဖြင့် နှောင်ဖွဲ့ခြင်း၊ **၁၆** ဥစ္စာကို ဆောင်ယူသိမ်းဆည်းခြင်းစသော အကြောင်းတို့ကြောင့် နှလုံးမသာယာခြင်း။

၄။ ဒဏ် ၁၀ပါး (မဟာမောဂ္ဂလ္လာနဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

မပြစ်မှားထိုက်သူ ခင်ပွန်းကြီး ၁၀ပါးအား ပြစ်မှားလျှင် ရသောဒဏ်များဖြစ်သည်၊
၁ ရှန့်ရင်းကြမ်းတမ်းသော ဝေဒနာသို့ရောက်ခြင်း၊ ၂ ဥစ္စာ ဆုံးရှုံးခြင်း၊ ၃ ခြေလက်ပြတ်ခြင်း၊ ၄ ကြီးလေးသောနူနာစသော အနာစွဲကပ်ခြင်း၊ ၅ ရူးသွပ်ခြင်း၊ ၆ မင်းဒဏ်သင့်ခြင်း၊ ၇ သူတထူးတို့၏ အစွပ်အစွဲခံရခြင်း၊ ၈ အဆွေအမျိုးတို့ ပြုန်းတီးပျက်ပြားခြင်း၊ ၉ စည်းစိမ်ဥစ္စာတို့ပျက်စီးခြင်း- ရွှေ ငွေ မြ ရွဲ ပုလဲ ပတ္တမြားတို့ မီးသွေး ကျောက်ခဲ သလဲ အိုးခြမ်း ကွဲများဖြစ်ကြခြင်း၊ အခြေ၂ချောင်း အခြေ၄ချောင်းသတ္တဝါတို့ အကုန်း အကွ အကန်းဖြစ်ကြခြင်း၊ **၁၀** အိမ် ကျီကြတို့ မီးလောင်ခြင်း၊ သေသော် ငရဲသို့ရောက်၏။

၅။ အပြစ် ၈ပါး (ကုလသုတ်၊ ဂါမဏိသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အပြစ် ၈ပါးမှာ- ၁ မင်းစိုးရာဇာတို့ ပေးသောအပြစ်ကြောင့် ဆွေမျိုးတို့ ပျက်စီးခြင်း၊ ၂ ခိုးသူမှ ဖြစ်သောအပြစ်ကြောင့် ပျက်စီးခြင်း၊ ၃ မီးကြောင့် ပျက်စီးခြင်း၊ ၄ ရေကြောင့် ပျက်စီးခြင်း၊ ၅ မြှုပ်ထား၊ သိမ်းဆည်းထားသောဥစ္စာတို့သည် နေရာမှရွေ့သွားခြင်း၊ ၆ အားထုတ်မှု မကောင်းသဖြင့် ပျက်စီးရခြင်း၊ ၇ မိမိအမှုကို လုပ်ဆောင်သောသူတို့၏ ဖျက်ဆီးခြင်း (အမျိုးမီးခဲ) ၊ ၈ ဥစ္စာပစ္စည်းတို့၏ ဖရိုဖရဲ လွင့်ပါး ပျက်စီး / မမြဲခြင်း။

ဘုရားရှင်သည် ကလန္ဒကရွာ ပါဝါရိကဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် အသိဗန္ဓက၏ သား ဖြစ်သော ဂါမဏိမည်သော ရွာသူကြီးအား ဟောတော်မူ၏။

၁၂ ပီတိ ၅မျိုး (ပဋိသမ္ဘိဒါမဂ်ပါဠိတော်။ ဋ္ဌ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး။ ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီးဌာန။ အလင်းပြပရိတ်ကြီး၊ နှစ်ဖက်လှ ဦးကျော်လွင်)

၁ ခုဒ္ဒိကာပီတိ- အငယ်စားပီတိ၊ ကြက်သီးမွေးညင်းထ၊

၂ ခဏိကာပီတိ- ခဏမျှဖြစ်သော ပီတိ၊ လျှပ်စီး လက်သကဲ့သို့၊

၃ ဩက္ကန္တိကာပီတိ- တက်ကြွသော နှစ်သက်မှု၊ လှိုင်းလုံးကဲ့သို့ လွှမ်းမိုးတတ်၊

၄ ဥဗ္ဗေဂါပီတိ- ဥ= အထက် + ဝေဂ= အရှိန်အဟုန်၊ လူပါမြောက်တက်ပြီး ပါသွားလောက်အောင် ပေါ့ပါး ပျံတက်သော ပီတိ၊

**၅** ဖရဏာပီတိ- ဝမ်းနအိကဲ့သို့ လူတကိုယ်လုံး ပျံ့နှံ့စိမ့်ဝင်သော ပီတိ။

၁၃ **ပုညကိရိယာဝတ္ထု ၁၀ပါး** (ဣတိဝုတ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာ ဘိဝံသ)

၁ ဒါ န၊ ၂ သီလ၊ ၃ ဘာဝနာ- သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း ပွားများခြင်း၊ ၄ အပစာယန- ၃ပါး ရတနာ ဆရာ မိဘ ဂုဏဝုမိ- ဂုဏ်ကြီးသောသူ အစရှိသောသူတို့အား ရိုသေခြင်း၊ ၅ ဝေယျာဝစ္စ၊ ၆ ပတ္တိဒါန- မိမိပြုရ ကုသလကို အမျှပေးဝေခြင်း၊ ၇ ပတ္တာနုမောဒနာ- သူတပါးပြု မြတ်ကောင်းမှုကို သာဓုနမော်ကောင်းချီးခေါ်ခြင်း၊ ၈ ဓမ္မသဝန- သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၉ ဓမ္မဒေသနာ- ဘုရားစသော သူတော်ကောင်းတို့၏တရားကို ဟောကြားခြင်း၊ **၁၀** ဒိဋ္ဌိဇုကမ္မ- ဖြောင့်မှန်သော အယူယူခြင်း။

၁၄ ပုထုဇဉ် ၂မျိုး (နိဒါနဝဂ္ဂသံယုတ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ ကလျာဏပုထုဇဉ်- ခန္ဓာ အာယာတန ဓါတ် သစ္စာတို့ကို သိ၍ အကောင်းပုထုဇဉ်၊

၂ အန္ဓပုထုဇဉ်- ၎င်း တို့ကို မသိ၍ အကန်းနှင့်တူသော ပုထုဇဉ်။

၁၅ ပူဇော်ခြင်း <u>၂ စု</u>

<u>၁။ ၂မျိုး (ပရိနိဗ္ဗာနသုတ် ဋ္ဌ။</u> သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ အာမိသပူဇာ- ပစ္စည်းဝတ္ထုဖြင့် လုပ်ကျွေးပေးလှူခြင်း၊

၂ ဓမ္မပူဇာ- တရားတော်မြတ်ကို ကိုယ်တိုင် လိုက်နာ ကျင့်ကြံအားထုတ်ခြင်း။

<u>၂။ ၅မျိုး (အာဒိယသုတ်၊</u> မဟာ္ဏာရာဇဝင်၊ ပဥ္စကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋ္ဋက)

၁ ဆွေမျိုးတို့အား ပူဇော်ခြင်း၊

၂ ဧည့်သည်တို့အား ပူဇော်ခြင်း၊

၃ ရှေးကသေပြီးသော ဆွေမျိုးတို့အား ပူဇော်ခြင်း၊

၄ မင်းတို့အား ပူဇော်ခြင်း၊

**၅** နတ်တို့အား ပူဇော်ခြင်း။

၁၆ ပုဂ္ဂိုလ် <u>၈ စု</u> (= ၃မျိုး- ၂စု + ၄မျိုး- ၅စု + ၁၂ယောက်- ၁စု)

<u>၁။ ၃မျိုး</u> - <u>မျက်စိအမြင်နှင့် ကုသိုလ်</u> (အန္ဓသုတ်၊ ပုဂ္ဂလဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋ္ဋက)

၁ အန္ဓ / အကန်း - စည်းစိမ်ဥစ္စာ မဖြစ်ထွန်း၊ ကုသိုလ် အကုသိုလ် မသိ၊ ကောင်းမှုမပြု၊ ပစ္စုပ္ပန် တမလွန် ၂တန်သော လောက၌ ဆုံးရှုံး၊

၂ ဧကစက္ခု / တဖက်မြင် - စည်းစိမ်ဥစ္စာ ဖြစ်ထွန်း၊ ကိုးပွားအောင် ပြုနိုင်၊ ကုသိုလ် အကုသိုလ် အပြစ်ရှိ မရှိ အယုတ်အမြတ် မည်းညစ်ဖြူစင်သော တရားတို့ကို မသိ၊ ဓမ္မ အဓမ္မနည်းများဖြင့် ပစ္စည်းရှာ၊ ငရဲရောက်၊

**၃** ဒွိစက္ခု / ၂ဖက်မြင် - စည်းစိမ်ဥစ္စာကို တရားသဖြင့်ရှာ၊ ကုသိုလ် အကုသိုလ်သိ၍ ကောင်းမှုပြု၊ နတ်ပြည်ရောက်။

၂။ တနည်း။ ၃မျိုး - အမျက်ထွက်ပုံ (လေခသုတ်၊ ကုသိနာရဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပုဂ္ဂလပညတ်ပါဠိတော်၊ ခု၊ အဘိ)

၁ ပါသာဏလေခူပမပုဂ္ဂိုလ် / ကျောက်၌ရေးထွင်းသော အက္ခရာနှင့်တူသောသူ - အမြဲအမျက်ထွက်၊ အမျက်သည်လည်း နေ့ညဥ့် ရှည်စွာ ကိန်းအောင်း၏၊

၂ ပထဝိလေခူပမပုဂ္ဂိုလ် / မြေ၌ရေးခြစ်သော အက္ခရာနှင့်တူသောသူ - မြေ၌ရေးခြစ်သော အက္ခရာသည် လေရေကြောင့် လျင်စွာပျက်သွားသကဲ့သို့ အမျက်သည် ရှည်စွာ မကိန်းအောင်း၊

၃ ဥဒကလေခူပမပုဂ္ဂိုလ် / ရေ၌ရေးသားအပ်သော အက္ခရာနှင့် တူသောသူ - ရေ၌ရေးသော အက္ခရာသည် လျင်စွာမတည်သကဲ့သို့ ရုန့်ရင်းကြမ်းတမ်း၍ မနှစ်သက်ဖွယ်သောစကား ပြောကြားခံရသော်လည်း ဆက်စပ်မြဲ နီးနောမြဲ ပေါင်းသင်းမြဲ ဆက်စပ် နီးနော ပေါင်းသင်းသည်သာ။

၃။ ၄မျိုး - ကိုယ့်အကျိုး သူ့အကျိုးကျင့်မှု (ဆဝါလာတသုတ်၊ အသုရဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ကိုယ့်အကျိုးစီးပွားရော သူတပါး အကျိုးစီးပွါးပါ မကျင့်၊ သုသာန်မှ သူကောင်ဖုတ် ထင်းမီးစကဲ့သို့ ရွာ၌ရင်း၊ တော၌ရင်း သုံးမရသကဲ့သို့ အကျိုးမဲ့ဖြစ်၏၊

၂ ကိုယ့်အကျိုးစီးပွားသာ ကျင့်၍ သူတပါးအကျိုး မကျင့်၊

၃ ကိုယ့်အကျိုးမကျင့်ပဲ သူတပါးအကျိုးစီးပွား ကျင့်၊

၄ ကိုယ့်အကျိုးရော သူတပါးအကျိုးပါကျင့်၊ ဤပုဂ္ဂိုလ်သည် အမြတ်ဆုံးဖြစ်၏၊ နွားမမှ နို့ရည်၊ နို့ရည်မှ နို့ခမ်း၊ ထိုမှ ဆီဦး၊ ထောပတ်၊ ထောပတ်ကြည်ကဲ့သို့ အဆင့်ဆင့် မြတ်သကဲ့သို့ ဤပုဂ္ဂိုလ်တို့သည် အဆင့်ဆင့် မြတ်၏။

၄။ ၄မျိုး - တရားသိမှု (ဥဂ္ဃဋိတညူသုတ်၊ ပုဂ္ဂလဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပုဂ္ဂလပညတ်ပါဠိတော်၊ ခု၊ အဘိ)

၁ အကျဉ်းပြကာမျှဖြင့် တရားသိသော **ဥဂ္ဃဋိတညူ**ပုဂ္ဂိုလ်၊

၂ အကျယ်ပြမှ တရားသိသော **ဝိပဉ္စိတညူ**ပုဂ္ဂိုလ်၊

၃ ဥဒ္ဒေသစသည်ကို ဟောပြောရွတ်ဆို ဆောင်ပြခြင်း၊ သင့်လျော်လျောက်ပတ်စွာ နှလုံးသွင်းခြင်း၊ မိတ်ဆွေကောင်းကို ချဉ်းကပ်ခြင်းတို့မှဖြင့်သာ တရားသိသော **နေယျ**ပုဂ္ဂိုလ်၊

၄ ပုဒ်မျှသာ အတိုင်းအရှည်ရှိသော တရားနာယူရုံမျှသာဖြစ်၍ ဤဘဝ ဈာန်မဂ်ဖိုလ်ကို မရထိုက်သော **ပဒပရမ**ပုဂ္ဂိုလ်။

၅။ ၄မျိုး - ဓမ္မသင်မှုနှင့် သစ္စာ ၄ပါးသိမှု (မူသိကသုတ်၊ ဝလာဟကဝဂ်၊ စတုက္ကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တွင်းဖေါက်၍ မအောင်းသောကြွက်- ဓမ္မသင်ကြား၍ သစ္စာ ၄ပါးမသိသူ၊

၂ တွင်းမဖေါက်ပဲ အောင်းသောကြွက်- ဓမ္မမသင်ကြားရသော်လည်း သစ္စာသိသူ၊

၃ တွင်းလည်းမဖေါက် အောင်းလည်းမအောင်းသော ကြွက်- ဓမ္မလည်းမသင် သစ္စာလည်းမသိသူ၊

၄ တွင်းဖေါက်ပြီး အောင်းသောကြွက်- စာလည်း သင်ကြားတတ်မြောက်ပြီး သစ္စာ ၄ပါးလည်း သိသောပုဂ္ဂိုလ်။

<u>၆။ ၄မျိုး</u> - <u>သမာဓိနှင့် ပညာရမှု</u> (ပဌမသမာဓိသုတ်၊ အသုရဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ စိတ်တည်ကြည်ခြင်းကိုရ၍ သစ္စာရတရားတို့ကို ရှုသော မြတ်သောပညာ မရ၊

၂ စိတ်တည်ကြည်ခြင်းကိုမရပဲ သစ္စာရတရားတို့ကို ရှုသော မြတ်သောပညာရ၊

၃ စိတ်တည်ကြည်ခြင်းလည်းမရ ပညာလည်းမရ၊

၄ စိတ်တည်ကြည်မှုရော သစ္စာရတရားတို့ကို ရှုသော မြတ်သောပညာပါရ။

<u>၇။ ၄မျိုး</u> - <u>အပြောနှင့် အလုပ်</u> (ပဌမဝလာဟကသုတ်၊ ဝလာဟကဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ချုန်းသာချုန်း၍ မရွာသောမိုး- ပြောသာပြော၍ မလုပ်သောပုဂ္ဂိုလ်၊

၂ မချုန်းပဲ ရွာသောမိုး- မပြောပဲ အလုပ်လုပ်သောသူ၊

၃ ချုန်းလည်းချုန်း ရွာလည်းရွာသောမိုး- ပြောသည့်အတိုင်း လုပ်သောသူ၊

၄ ချုန်းလည်း မချုန်း ရွာလည်းမရွာသောမိုး- ပြောလည်းမပြော လုပ်လည်းမလုပ်သောသူ။

<u>၈။ ၁၂ယောက်</u> (ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၅၊ တည်တောဆရာတော်ကြီး)

တလောကလုံးမှာ ပုဂ္ဂိုလ် ၁၂ယောက်သာရှိသည်။

<u>ပုထုဇဉ် ၄ယောက်</u> ၁ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်- အပါယ်သတ္တဝါတယောက်၊ ၂ သုဂတိအဟိတ်ပုဂ္ဂိုလ်- လူ နတ် သုဂတိဘုံသား အဟိတ်ပုဂ္ဂိုလ်တဦး၊ ၃ ဒွိဟိတ်ပုဂ္ဂိုလ်- အလောဘ အဒေါသဟိတ် ၂ပါးနှင့် ပဋိသန္ဓေနေသူ၊ ၄ တိဟိတ်ပုဂ္ဂိုလ်- အလောဘ အဒေါသ အမောဟဟိတ် ၃ပါးနှင့် ပဋိသန္ဓေနေသူ။

<u>မဂ်ပုဂ္ဂိုလ် ၄ယောက်</u> ၅ သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ ၆ သကဒါဂါမိမဂ်ပုဂ္ဂိုလ်၊ ၇ အနာဂါမိမဂ်ပုဂ္ဂိုလ်၊ ၈ အရဟတ္တမဂ်ပုဂ္ဂိုလ်။

<u>ဖိုလ်ပုဂ္ဂိုလ် ၄ယောက်</u> ၉ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ ၁၀ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၊ ၁၁ အနာဂါမိဖိုလ် ပုဂ္ဂိုလ်၊ ၁၂ အရဟတ္တဖိုလ်ပုဂ္ဂိုလ်။

၁၇ ပင်လယ်၌ဒုက္ခရောက်က စောင့်ရှောက်ခံရမည့်သူ ၃ဦး (သင်္ခဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

မေခလာနတ်သမီးအား စတုမဟာရာဇ်နတ်မင်းကြီး၄ပါးက စောင့်ရှောက်ရန် တာဝန်ပေးထား၊ ၁ ရတနာ ၃ပါး ကိုးကွယ်သူ၊ ၂ သီလနှင့် ပြည့်စုံသူ၊ ၃ မိဘလုပ်ကျွေးသူ။

၁၈ **ပစ္စေကဗုဒ္ဓါ** ၂ ၃

၁။ ပစ္စေကဗုဒ္ဓါ ၅၅၅ဆူနှင့် ပစ္စေကဗုဒ္ဓါဉာဏ် ဖြစ်ပေါ်ကြောင်း သံဝေဂတရားများ

ဤ ၅၅၅ဆူသောပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း သံဝေဂတရားများပါ ပါရှိသော တရားတော်များမှ ဖြစ်ပါသည်။ ၎င်းသံဝေဂတရားမပါပဲ ဝတ္ထုဖြစ်စဉ်အရတွေ့ရှိရသော ပစ္စေက ဗုဒ္ဓါများ ပိဋကတ်တော်အနှံ့ များစွာ ရှိနေပါသေးသည်။- စာရေးသူ။

ဇာတ်တော်များမှ ၅၁၄ ဆူ၊

(ခဂ္ဂ- ကြံ့၊ ဝိသာဏ-ဦးချို၊ ခဂ္ဂဝိသာဏသုတ်၊ ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက နှင့် အရှင်ဇာဂရ၊ မိုးထိမူ သုတ္တနိပါတ်ပါဠိတော် အဋ္ဌကထာ နိဿယ) မှ ၄၁ ဆူ၊

စုစုပေါင်း **၅၅၅ ဆူ**

ဇာတ်တော်များမှ ပစ္စေကဗုဒ္ဓါ **၅၁၄ ဆူ**တို့၏ သံဝေဂတရားများ

ကုမ္ဘကာရဇာတ်မှ ၄ဆူ

၁ အသီးသီးသောသရက်ပင် နှင့် မသီးသောအပင်- ကုမ္ဘကာရဇာတ်မှ ၄ဆူမှ ပဌမတဆူ (ကုမ္ဘကာရ- အိုးထိန်းသည်၊ ကုမ္ဘကာရဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကာလိင်္ဂတိုင်း ဒန္တပူရမြို့ ကရဏ္ဍကမင်း ဥယျာဉ်သွား၊ အသီးသီးနေသော သရက်ပင်တွေ့၊ မင်းသည် ဆင်ကျောက်မှ သရက်ခိုင်ဆွတ်၊ ကြွင်းသောဗိုလ်ပါတို့လည်း ယူကြ၊ ပြန်သော် "ဤအပင်သည် နံနက် အခါ က တင့်တယ်စွာ တည်၏၊ ယခုမတင့်တယ်တော့၊ အသီးမရှိသောသရက်ပင်ကား ပတ္တမြားတောင်သို့ တင့်တယ်စွာတည်၏၊ အိမ်အလယ်၌နေခြင်းသည် အသီးရှိသရက်ပင်နှင့်တူ၏၊ ရဟန်းအဖြစ်ကား အသီးမရှိ သရက်ပင်နှင့်တူ၏။" မတင့်တယ်သော သရက်ပင်ရင်း၌ လက္ခဏာရေး၃ပါးမှတ်၍ ဝိပဿနာပွားကာ ပစ္စေကဗောဓိဉာဏ်ဖြစ်။

"အမိဝမ်းဟူသောကုဋီကို ဖျက်ဆီးအပ်ပြီ၊ ဘုံ၃ပါး၌ ပဋိသန္ဓေကို ဖျက်ဆီးအပ်ပြီ၊ သံသရာ မစင်မြေကို သုတ်သင်အပ်ပြီ၊ မျက်ရည်သမုဒ္ဒရာကို ခြောက်စေပြီ၊ အရိုးတံတိုင်းကို ချိုးဖျက်အပ်ပြီ၊ တဖန် ပဋိသန္ဓေ မရှိပြီ။" ကောင်းကင်၌ရပ်၍ လူအများအားဆုံးမ၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာရှိ နန္ဒမူ လိုဏ်သို့ကြွ။

၂ လက်ကောက်တခုဝတ်စဉ် အသံမမြည်ပဲ ၂ခုဝတ်သော် မြည်ခြင်း- ကုမ္ဘကာရဇာတ်မှ ၄ဆူမှ ဒုတိယတဆူ (ကုမ္ဘကာရ- အိုးတိန်းသည်၊ ကုမ္ဘကာရဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည် နဂ္ဂဇိမင်း အတက်ပြာသာဒ်ပလ္လင်တွင် စံပယ်စဉ် လက်တဖက်စီ၌ ပတ္တမြား လက်ကောက်စီဝတ်၍ နံ့သာသွေးသောမိန်းမကို မြင်၊ မမြည်ကုန်ဟု ကြည့်လျက်နေ၊

လက်ယာမှ လက်ကောက်ကို လက်ဝဲ၌ဝတ်၍ နံ့သာသွေးသော် အဖော်ကိုစွဲ၍ ထိခိုက်လျက် အသံပြု "သူတပါးမစီရင်မူ၍ မိမိကိုယ်ကိုသာ စီရင်သဖြင့် နေခြင်းငှါသင့်။" ဟု ထိုင်မြဲထိုင်းသာလျှင် လက္ခဏာရေး ၃ပါးတင်၍ ဝိပဿနာပွားကာ ပစ္စေကဗောဓိဉာဏ်ဖြစ်။

၃ <u>အမဲသားတစ်ချီသောစွန်ကို လင်းတစသောငှက်တို့ ဝိုင်းထိုးဆိတ်လိုက်ကြပုံ</u>- ကုမ္ဘကာရဇာတ်မှ ၄ဆူမှ တတိယတဆူ (ကုမ္ဘကာရ- အိုးတိန်းသည်၊ ကုမ္ဘကာရဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဝိဒေဟတိုင်း မိထိလာပြည် နိမိမင်း နံနက်စာစားပြီး လေသာပြတင်းဖွင့်ကြည့်၊ စွန်တခု အမဲဈေးမှ သားတစ်ယူ၍ ကောင်းကင်သို့ပျံ၊ လင်းတစသည်တို့ အာဟာရအကြောင်းကြောင့် နှုတ်သီးဖြင့်ထိုး၊ အတောင်ဖြင့်ခတ်၊ ခြေဖြင့် နင်းကာလိုက်၏၊ သည်းမခံနိုင်၍ စွန့်၊ တခုသောငှက်က ယူ၊ ငှက်တို့ လိုက်ကြပြန်၊ စွန့်၊ တဖန်ရသောငှက်ကို လိုက်ကြပြန်၊ ညှဉ်းဆဲကြ၊ "သားတစ်လွတ်သော် ချမ်းသာ၏၊ ကာမဂုဏ်၅ပါးယူသူသည် ဆင်းရဲ၏၊ မယူသူအား ချမ်းသာ၏။" ဟုအသင့်အားဖြင့် နှလုံးသွင်းလျက် တည်မြဲတိုင်းလျှင် လက္ခဏာရေး၃ပါးတင်ရှု၍ ပစ္စေကဗောဓိဉာဏ် ဖြစ်။

၄ <u>ကိလေသာအစွမ်းဖြင့် ဥသဘတို့ အချင်းချင်းဝှေ့သတ်ကြပုံ</u>- ကုမ္ဘကာရဇာတ်မှ ၄ဆူမှ စတုတ္ထတဆူ(ကုမ္ဘကာရ- အိုးထိန်းသည်၊ ကုမ္ဘကာရဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဥတ္တရပဉ္စာလတိုင်း ကပိလမြို့ ဒုမ္မုခမင်း နံနက်စာစားစဉ် ပွင့်သောလေသာပြတင်းမှ မင်းရင်ပြင်ကြည့်၊ နွားခြံတံခါး ဖွင့်သော် ဥသဘတို့သည် ကိလေသာအစွမ်းဖြင့် နွားမတခုသို့လိုက်ကြ၊ တက်သောဦးချိုရှိသော ဥသဘသည် ကိလေသာ၌ဝန်တိုရကား ဥသဘတခု၏ပေါင်ကြားကိုဝှေ့၊ အူတို့ထွက်၍ အသက်ကုန် "သတ္တဝါတို့ကို တုန်လှုပ်စေသော ကိလေသာတို့ကို ပယ်အံ့သောငှါသင့်၏။" ဟုကြံ၍ ရပ်လျက် လက္ခဏာ ရေး၃ပါးတင်ရှုကာ ပစ္စေက ဗောဓိဉာဏ်ဖြစ်။

<u>ပါနီယဇာတ်မှ ၅ဆူ</u>

၅/၁ <u>ရေခိုးသောက်မိသော အပြစ်</u>- ပါနီယဇာတ်မှ ၅ဆူမှ ပဌမတဆူ (ပါနီယ- ရေ၊ ပါနီယဇာတ်၊ ကောဒသကနိပါတ်၊ဇာတကပါဠိတော်၊ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကာသိတိုင်း ရွာတခုမှ အဆွေခင်ပွန်း၂ယောက်တို့ ရေဘူးတို့ကိုယူ၍ လယ်ခုတ်ထွင်ရန် သွား၊ တယောက်သည် ရေသိပ်၍ ရေသောက်သော် မိမိရေတိုစောင့်၍ တယောက်သောသူ၏ရေဘူးမှသောက်၊ တောမှ ထွက်၍ ရေချိုးပြီးသော် ယနေ့ကာယဒွါရစသည်ဖြင့် တစိုးတစိမကောင်းမှုကို ပြုမိခြင်းရှိသလောဟု

ဆင်ခြင်သော် ရေခိုးသောက်မိသောအပြစ်ကိုမြင်၊ ထိတ်လန့်၊ "ဤတဏှာပွားသော် ငါ့ကိုအပါယ်တို့၌ ပစ်ချလတ္တံ့၊ ဤကိလေသာကိုနှိပ်အံ့။" အပြစ်ကိုအာရုံပြု၍ ဝိပဿနာပွားကာ ပစ္စေကဗောဓိဉာဏ်ဖြစ်။

၆/၂ <u>သူ့မယားကိုမြင်၍ ဖြစ်သောကာမစ္ဆန္ဒ မကောင်းမှု</u>- ပါနီယဇာတ်မှ ၅ဆူမှ ဒုတိယတဆူ (ပါနီယ-ရေ၊ ပါနီယဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကာသိကရွာမှ သူကြွယ်တဦးသည် လင်မယား၂ယောက်သွားသည်ကို မြင်၊ မြတ်သောအဆင်းရှိမိန်းမကို ဣန္ဒြေဖျက်၍ တစိန်းစိန်းကြည့်ကာ ကြံ၊ ဤလောဘပွားသော် ငါ့ကိုအပါယ်ဘုံတို့၌ ပစ်ချလတ္တံ့ဟု ထိတ်လန့်သောစိတ်ရှိ၊ ဝိပဿနာပွား၍ ပစ္စေကဗောဓိဉာဏ်ရ။

၇/၃ <u>မုသာဝါဒဆိုမိသော အပြစ်</u>- ပါနီယဇာတ်မှ ၅ဆူမှ တတိယတဆူ (ပါနီယ- ရေ၊ ပါနီယဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကာသိတိုင်း ကာသိကရွာမှသားအဖ၂ယောက် ခရီးသွားကြ၊ လမ်းတွင် သူခိုးတို့သည် သားအဖ၂ယောက်တွင် သားကိုချုပ်၍ ဥစ္စာဆောင်ပြီး သင့်သားကိုယူလော့ဟု အဖကိုလွှတ်ရိုး ရှိ၊ ခိုးသူတို့ထသည်ကို သိ၊ သင်သည်ငါ့ကို အဖ ဟုမဆိုလင့်၊ ငါလည်းသင့်အား သားဟူ၍မဆိုဟု ကတိကဝတ် ပြု၊ ခိုးသူတို့ဖမ်းသော အခါ ထိုသို့ဆိုကြ၊ တောမှထွက်ကာ ရေချိုးပြီးသော် သားသည် မိမိသီလကိုသုတ်သင်သော် ထိုမုသာဝါဒ ကိုမြင်၊ ဝိပဿနာတင်၍ ပစ္စေက ဗောဓိဉာဏ်ဖြစ်။

၈/၄ <u>များစွာသောသတ္တဝါတို့ကို ငါ့စကားကြောင့် သတ်ကြဟု အလို့လို့- အဖန်တလဲလဲ စီးရိမ်ပူပန်မှု ပြု</u> - ပါနီယဇာတ်မှ ၅ဆူမှ စတုတ္ထတဆူ (ပါနီယ- ရေ၊ ပါနီယဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကာသိတိုင်း တခုသောရွာမှရွာစားတယောက်သည် သားကြီးငါးကြီးမသတ်လင့်ဟု စည်လည်စေ၊ သူ့အား အခွန်ဆက်ကြ၊ သမင်ဝက်တို့အားသတ်၍ နတ်တို့အား ဗလိနတ်စာ ပြုအံ့၊ ဤအခါသည် ဗလိနတ်စာ တင်သောအခါ တည်းဟု ဆိုကြ၊ ရှေးထုံးစံရှိသည့်အတိုင်း ပြုလော့ဟု ပြော၊ များစွာသောသတ္တဝါတို့ကို သတ်ကြ၊ ငါ၏စကားကြောင့် သတ်ကြ၏ဟု အလို့လို့ပြု၊ လေသွန်တံခါးကို မှီ၍ရပ်လျက် ဝိပဿနာပွားကာ ပစ္စေကဗောဓိဉာဏ် ဖြစ်။

၉/၅ <u>လူတို့သော၊ မူး၍ ကာယဒုက္ခ ဆင်းရဲရောက်ကြသည်ကို ငါခွင့်ပြု၍ဟုအလို့လို့ပြု</u> - ပါနီယဇာတ်မှ ၅ဆူမှ ပဉ္စမတဆူ (ပါနီယ- ရေ၊ ပါနီယဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကာသိတိုင်းမှ ရွာစားတယောက်သည် သေအရက်ရောင်းဝယ်ခြင်းကို တားမြစ်၊ လူတို့က ဤအခါသည် သေသောက်သဘင်တည်းဟုဆိုကြ၍ ရှေးထုံးစံရှိသည့်အတိုင်း ပြုလော့ဟု ခွင့်ပြု၊ သဘင်ပြုသော် လက်ခြေချိုးကြ၊ ဦးခေါင်းပေါက်၊ နားပွဲ၊ များသောဆင်းရဲဖွဲ့သည်ကို မြင်ရာ ငါခွင့်မပြုသော် ဤသူတို့ ဆင်းရဲမရရာဟု ကြံ၍ အလို့ လို့ပြု၊ လေသွန်တံခါးကိုမှီရပ်၍ ဝိပဿနာပွား၊ ပစ္စေကဗောဓိဉာဏ် ရ။

၁၀ <u>နေ့ထက်ဝက်ဆောက်တည်သော ဥပုသ်ကံ</u>သည် စောင့်သုံးသူသူရင်းငှားအား မင်းစည်းစိမ်ကို ရပေ၏၊ ကုသိုလ်မည်သည် ပြုအပ်သည်သာ၊ ငါဆတ္တာသည်သည် ရဟန်းပြု၍ တည်ရာပြုအံ့ဟု ဟိမဝန္တာဝင်ကာ ရဟန်းပြု၊ လက္ခဏာယာဉ် ၃ပါးတင်၍ ဝိပဿနာရှု၍ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်၏။

(ဂင်္ဂမာလဇာတ်၊ ကစ္စာနီဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

နေ့ထက်ဝက် ဥပုသ်ကျင့်သုံးပြီး သူရင်းငှား- ဘုရားလောင်းသည် သူရင်းငှါးဘဝမှ မင်းဖြစ်လာ၊ မင်း၏ ဆတ္တာသည် သည် မင်း၏နေ့ထက်ဝက် ဥပုသ်သီလကုသိုလ်ကို အာရုံပြု၍ တည်ရာပြုရာမှ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူသည်။

၁၁ <u>ဖက်ရွက်ရော်ကျသည်</u>ကို မင်္ဂလာကျောက်ဖျာ၌နေစဉ် မြင်၍ ကုန်ခြင်းပျက်ခြင်းသဘောကို နှလုံးထားကာ လက္ခဏာယာဉ်၃ပါးသုံးသပ်ပြီး မြေကိုပွဲတင်ထပ်စေလျက် ပစ္စေကဗောဓိဉာဏ် ဖြစ်စေ၏ (ဒရီမုခဇာတ်၊ မဏိကုဏ္ဍလဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

သူငယ်ချင်းဖြစ်သူ ဘုရားလောင်းဗြဟ္မဒတ္တမင်းအား ကာမဂုဏ်ဖြင့် ပျော်မွေ့မနေပဲ တောထွက်ရသေ့ရဟန်း ပြု ခြင်း၏ မြင့်မြတ်ပုံကို ပုရောဟိတ်သားဖြစ်သူ အရှင်ပစ္စေကဗုဒ္ဓါဒရီမုခက ဟောပြဆုံးမတော်မူသည်။

၁၂ <u>ဘုရားလောင်းပုဏ္ဏားကြီး၏သားဖြစ်သော အတတ်ပညာရပ်များ၏အဆုံးကို မြင်လို၍</u> ပစ္စေကဗုဒ္ဓါများထံတွင် ရဟန်းပြုကာ အရှင်မြတ်များ သင်ကြားပေးသော <u>ဝတ်ကြီးဝတ်ငယ် အာဘိသမ္မာစာရိကသီလကို ဖြည့်ကျင့်လျက်</u> ပစ္စေကဗုဒ္ဓါဖြစ်သော <u>သုသိမအရှင်ပစ္စေကဗုဒ္ဓါ</u> (ဘုရားရှင် ရတနသုတ်ဟောတော်မူရာတွင် ရာဇဂြိုဟ်ပြည်၊ ဂင်္ဂါမြစ်၊ ဝေသာလီပြည်အသွားအပြန်တို့၌ ကြီးမြတ်သော အပူဇော်ခံရခြင်းသည် အတိတ်မှ <u>အနည်းငယ်မျှသော သာမန်ကောင်းမှု ၅ခု</u>ကြောင့် ဖြစ်ခြင်း) တွင် ကြည့်ပါ။

၅၁၂ <u>မင်္ဂလာရေကန်တော်တွင် ရေကစားနေကြရင်းမှ ပဒုမာကြာများညှိုးနွမ်းကြွေကျသည်ကို မြင်၍ ဝိပဿနာကမ္မဋ္ဌာန်းရှုကာ</u> ပစ္စေကဗုဒ္ဓါများ ဖြစ်တော်မူကြသော မင်းသား ၅၀၀

(ဇာတဒ်ဂရုပုဂ္ဂိုလ် သူမြတ်များ - အနက်မှ - ရဟန္တာတေရီမကြီးများ - အနက်မှ - အမှတ် ၃ ဥပ္ပလဝဏ်ထေရီ - အနက်မှ - လယ်သမားသမီးအခန်း နှင့် ပဒုမဝတီမိဖုယားအခန်း) ကို ကြည့်ပါ။

ပရိနိဗ္ဗာန်စံဝင်တော်မူကြပုံကို (ဇာတဒ်ဂရုပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၄ မဟာကဿပထေရ် - အနက်မှ - အမတ်သားနန္ဒ မင်းဖြစ်တော်မူခန်း) ကို ကြည့်ပါ။

၅၁၃ <u>အင်ကြင်းပင်မှ ဖက်ရွက်ရော်ကျသည်</u>ကို မဂ်လာကျောက်ဖျာ၌နေစဉ် မြင်၍ ဤသို့ကြွေကျသကဲ့ ငါ၏ကိုယ်သည်လည်း အိုခြင်းသို့ရောက်၍ ကြွေကျလတ္တံ့ဟု အနိစ္စအစွမ်းအားဖြင့် ဝိပဿနာဖြစ်စေ၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်၏ (သောဏကဇာတ်၊ သဠိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းအရိန္ဒမမင်းအား ကာမဂုဏ်တို့၌ လွန်စွာတပ်မက်မှုသည် သမုဒ္ဒရာသို့မျောသော ဆင်သေကောင်နှင့် ကျီးမိုက်ဥပမာပြ၍ မြတ်သောတောထွက်ခြင်းကို ပုရောဟိတ်သားဖြစ်သူ အရှင်ပစ္စေကဗုဒ္ဓါ သောဏကသည် ဟောပြဆုံးမတော်မူသည်။

**၅၁၄** <u>ဥဒေါင်းမင်းတရားနာ၍ ပစ္စေကဗုဒ္ဓါဖြစ်ခြင်း</u> (မဟာမောရဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ရွှေအဆင်းရှိဘုရားလောင်းဥဒေါင်းမင်း ဟိမဝန္တာ၌ တကောင်တည်းနေ၊ နေ့ညဉ့်တို့၌ စောင့်ရှောက်စေသောငှါ အရံအတားပြု၊ မုဆိုးတဦးတွေ့၍ သေခါနီးသော် သားအား မှာ၊ ဗာရာဏသီမင်း၏မိဖုယား ခေမာသည် ရွှေဥဒေါင်းမင်း တရားဟော၍ ပျံသွားသည်ဟု အိပ်မက်မြင်၍ ချဉ်ခြင်းဖြစ်၊ ပုဏ္ဏားများနှင့် မုဆိုးများကိုမေး၊ အဖမုဆိုးပြောပြ၍ သိသော မုဆိုးသားအား ဥစ္စာများစွာပေး၍ ဖမ်းစေ၊ မုဆိုးသေသော်လည်း ဖမ်းမမိသေး၊ မိဖုယားလည်း သေ၊ မင်းက ရွှေပေတွင် ရွှေဥဒေါင်းအသားစားက မအိုမသေဖြစ်သည်ဟု ရေးခဲ့၊ မင်းဖြဆက် မုဆိုးဖြဦး သေ၍ ၇ဆက်မြောက်မင်း၏ ၇ယောက်မြောက်မုဆိုးသည် ၇နှစ်ကြာ စုံစမ်းပြီးသော် ပရိတ်အရံအတားပြုကြောင်း သိ။

ထိုမုဆိုးသည် ပစ္စန္တရစ်မှ ဥဒေါင်းမတကောင်ဖမ်း၍ လက်ဖျစ်တီးက တွန်စေရန် လက်ခုပ်တီးက ကစေရန် သင်ပြီး ကျော့ကွင်းထောင်၊ တွန်စေ၊ အနှစ်၇၀၀ငြိမ်နေသော ကိလေသာတို့ထ၍ ကျော့ကွင်း၌ မိ၊ မုဆိုးသည် သီလရှိသော ဥဒေါင်းမင်းသည် ဥဒေါင်းမကြောင့် ပင်ပန်း၊ သီလနှင့်ပြည့်စုံသော ဥဒေါင်းမင်းကို မင်းအား လက်ဆောင်အဖြစ်ဆောင်ခြင်းငှါ မသင့်၊ လွှတ်အံ့ဟုကြံ။

ဘုရားလောင်းဥဒေါင်းမင်းသည် ကျော့ကွင်းဖျား၌ ဦးခေါင်းစောက်ထိုး တွဲလျားဆွဲလျက်က မုဆိုးအား တရားဟော၊ မုဆိုး၏ဆရာတို့စကားဖြစ်သော နတ်တို့မရှိ၊ ကောင်းမှု မကောင်းမှု အကျိုးမရှိဟူသောအယူသည် ပယ်အပ်ကြောင်း၊ ငရဲဘေးဖြင့်ဟော၍ ငြိမ်းပြီးသောမကောင်းမှုရှိသော ရဟန်းတို့ကို

ချစ်မြတ်နိုးသောစိတ်ဖြင့်ချဉ်းကပ်ကာ ဤမနုဿလောက, ဒေဝလောက, အပါယလောကအကြောင်းကို မေးလော့၊ ရဟန်းတို့က သင့်အား ဟောလတ္တံ့ဟု ဟောပြရာ ဖြည့်အပ်ပြီးသောပါရမီရှိသော ပစ္စေက ဗုဒ္ဓါအလောင်းမှဆိုးသည် ထိုတရားစကားဖြင့် ရပ်မြဲတိုင်းခြေဖြင့် ရပ်လျက်လျှင် သင်္ခါရတို့ကိုသုံးသပ်၍ လက္ခဏာရေး၃ပါးကို ထိုးထွင်းသိကာ ပစ္စေကဗုဒ္ဓါ ဉာဏ်ရခြင်းနှင့် ဘုရားလောင်းကျော့ကွင်းမှလွတ်ခြင်းတို့ တပြိုင်နက်ဖြစ်၏။

<u>ခဂ္ဂဝိသာဏသုတ် (ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အရှင်ဇာဂရ၊ မိုးထိမှုသုတ္တ နိပါတ်ပါဠိတော် အဋ္ဌကထာ နိဿယ) မှ ပစ္စေကဗုဒ္ဓါ **၄၁ ဆူ** တို့၏ သံဝေဂတရားများ</u> - အကျဉ်းသာ။

၁/၅၁၅ ဗာရာဏသီမင်း၊ တရားရုံး၌ ဆုံးနေ၊ နန်းတော်၌ပင် နေ၍ သတ္တဝါအားလုံးတို့အပေါ်၌ ကရုဏာ၊ မေတ္တာစျာန်ပွားနေ၊ အမတ်တဦးအား ပြည်တာဝန် အာဏာလွှဲ၊ မိဖုယားကြီးနှင့် ဖေါက်ပြန်၍ ပြည်နှင်ဒဏ်ပေး၊ ထို အမတ်သည် အခြားမင်းထံ ခစား၍ ဗာရာဏသီပြည်ကို သိမ်း၊ မင်း ၂ပါးတို့ မဟာမိတ်ဖြစ်ကာ ဗာရာဏသီမင်း သည် ဆင်တော်ပေါ်၌ပင် <u>မေတ္တာစျာန်ပွား၍ (သတ္တဝါအားလုံးတို့အပေါ်၌ ဒဏ်မထားမူ၍ တယောက်ယောက်ကို မျှလည်း မညှဉ်းဆဲပဲ ပစ္စေကဗောဓိဉာဏ်ရ၏၊ သူတော်ကောင်း သည် ကြံ့ချိုပမာ တယောက်တည်း ကျင့်ရာ၏။)</u> ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂/၅၁၆ ဗာရာဏသီမင်း၏ သားတော်၊ နို့တိုက်သောအခါ၌ပင် အထိန်းတော်တို့ ယောက်ျား လိုဝတ်၍ တိုက်ရ၊ ပဋမစျာန်ရနေ၊ အာရုံ ၅ပါး မခံစား၊ မယ်တော် ခမည်းတော်တို့ တိုက်တွန်းဖန်များ၍ ရွှေစင်ရုပ်တုထုခိုင်း၍ ၎င်းနှင့်တူသောမိန်းမ အရှာခိုင်း၊ မဒ္ဒတိုင်း၌ တွေ့ပြီဖြစ်ကြောင်း လျှောက်ထား၊ စျာန်မှ လျော့ကျ၊ အမြန်ခေါ်ခဲ့ရန် မင်းသားက မိန့်၊ မင်းသမီးသည် အလွန်နုနယ်သဖြင့်၎င်း၊ ရထား တောက်သဖြင့်၎င်း၊ ခရီးပန်းသဖြင့်၎င်း မဂ်လာဥယျာဉ်၌ပင် သေလွန်၊ သောကရောက်၊ တရား (<u>ရောနှော စပ်ယှက်မှု- သံသဂ္ဂ ဖြစ်နေသူအား ချစ်ခင်မှု- သ္နေဟ ဖြစ်ရသည့်အပြင် ချစ်ခင်မှုသို့ အစဉ်လိုက်သော ဤဆင်းရဲမျိုး ဖြစ်ရ၏ဟု ချစ်ခင်မှုကြောင့်ဖြစ်သော အပြစ်ကို ဉာဏ်ဖြင့်)</u> ရှုဆင်ခြင်၍ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃/၅၁၇ ဗာရာဏသီမင်းတပါးသည် စျာန်တရားအားထုတ်၍ စျာန်ရ၊ အမတ် ၄ဦးအား ပြည် တာဝန်လွှဲ၊ မတရားဆုံးဖြတ်ကြသဖြင့် မင်း ပြန်၍တရားစီရင်၊ တရားရုံး၌ လူများ ရုံးရုံးနှင့် ဆူညံ၊ နန်းပေါ်ပြန်တက်ကာ တရား (အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူတို့၌ <u>နှစ်သက်နှောင်ဖွဲ့သောစိတ် ရှိသူသည် အကျိုးစီးပွားအားလုံးကို ဆုတ်ယုတ်စေ၏</u>၊ ထို့ကြောင့် ပေါင်းသင်းဆက်ဆံမှု၌ ဤအကျိုးဆုတ်ယုတ်မှု ဟူသောဘေးကို) ရှုမှတ်၍ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၄/၅၁၈ ကဿပမြတ်စွာဘုရား လက်တက်တော်မှ မထေရ် ၃ပါး ပျံလွန်သော် ၂ပါးသည် ပစ္စန္တရာဇ်မှာ မင်းယယ်များဖြစ်လာကြပြီး ပစ္စေကဗုဒ္ဓါများ ဖြစ်တော်မူကြ၏။ မထေရ်ကြီးမှာကား ဗာရာဏ

သီမင်းဖြစ်လာ၊ ဥယျာဉ်ထွက်ရာ လူအားလုံးက သူ့ကိုကြည့်ကြသော်လည်း ပစ္စေကဗုဒ္ဓါ ၂ပါးက မကြည့်ကြပဲ ဝါးရုံ၌ ရပ်နေတော်မူကြ၏။ ပစ္စေကဗုဒ္ဓါများက ဝါးရုံထဲမှ ဝါးမျှစ်စို့ဥပမာပြ၍ တရား (ကျယ်ပြန့်သော ဝါးရုံကြီးသည် ငြိယှက်ရှုတ်ထွေးကာ တည်သကဲ့သို့ သားမယားတို့၌ ငဲ့ကွက်မှု ချစ်ခြင်းတဏှာသည် ထိုသားမယားတို့၌ ငြိကပ်တွယ်တာ၏၊ ဝါးရုံ၏ အလယ်၌ ပေါက်သစ်စဖြစ်သော ဝါးမျှစ်စို့သည် မငြိမတွယ် တည်သကဲ့သို့ မငြိကပ် မတွယ်တာပဲ ကျင့်ရာကြောင်း) ဟောရာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၅/၅၁၉ ကဿပမြတ်စွာဘုရား၏ တပည့်ရဟန်း တပါးသည် ပျံလွန်သော် ဗာရာဏသီသူဌေးသား ဖြစ်လာ၊ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်၊ ငရဲသို့ ကျရောက်ပြီးနောက် ဗာရာဏသီသူဌေးသမီး ဖြစ်လာ၊ မိဘအိမ်နှင့် လင့်အိမ်မှ လူများက သူမကို မုန်းကြ၊ လင်သားကလည်း ဥယျာဉ်ပွဲတော်သို့ ပြည့်တန်ဆာမ တဦးကို ခေါ်၍သွား၊ နောက်တကြိမ် ပွဲတော်သို့ အတူသွားကြရန် လင်သားကပြောရာ စားဖွယ်များစီစဉ်ထား၊ သို့သော် လင်သားက ထားခဲ့၊ လှည်းဖြင့် လိုက်သွားရာ လမ်းတွင် ပစ္စေကဗုဒ္ဓါတပါးနှင့်တွေ့၊ ဆွမ်းနှင့် လှူဖွယ်များလှူ၍ ဆုတောင်း။

ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံလည်း ကုန်တော့ရာ လင်သားက မြတ်နိုးစွာ အသက်တက်ဆုံး ပေါင်းဖေါ်၊ စုတေသော် နတ်ပြည် ဖိထပ်၌ မဟာပဒုမနတ်သားအဖြစ်ဖြင့် အစုံအဆန်ခံစားနေစဉ် ဗာရာဏသီမင်း၌ ထီးမွေနန်းမွေ သားသမီးမရှိ၊ မင်း၏ မိဖုယားကြီးက သားဆုတောင်းရာ သိကြားမင်းက သားဆုပေး၊ သူဌေးသမီးဘဝက တောင်းခဲ့သောဆုကြောင့် မင်း၏ မင်္ဂလာကန်ရှိ ပဒုမ္မာကြာငုံ၌ ပဋိသန္ဓေ နေ၊ ထိုမင်းသား စားဖွယ် ခဲဖွယ်ကို စားကခဲက အထိန်းတော်များ ဆုတော်ငွေများရကြသဖြင့် အထိန်း တော်များက စားပါလော့၊ ခဲပါလော့၊ လျက်ပါလော့ဟု ပြောနေကြရာ ငြီးငွေ့၊ တံခါးမုခ်၌ ကစားနေစဉ် ပစ္စေကဗုဒ္ဓါတပါး ဆွမ်းခံကြွလာရာ မင်းသားက အထိန်းတော်များအကြောင်း ပြောသော် ပြန်ထွက်ကြွသွား၊ မင်းသားက ပစ္စေကဗုဒ္ဓါ စိတ်ဆိုးသွားသည် တင်၍ တောင်းပန်ရန် မိဂဒါဝုန်တောသို့ လိုက်၊ လမ်းတွင် သမင်များသည် သွားလိုရာ လှည့်လည်ကျက်စားနေသည်ကို တွေ့၊ ကျောင်းသင်္ခမ်း၌ ပစ္စေကဗုဒ္ဓါကို မတွေ့၊ ထိုကျောင်းသင်္ခမ်းအတွင်း၌ ထိုင်လျက် (သားသမင်သည် တောအရပ်၌ အနှောင်အဖွဲ့မရှိပဲ သွားလိုရာရာ အရပ်သို့ ကျက်စားသွားနိုင်သကဲ့သို့ ပညာရှိသောယောကျ်ားသည် သူတပါးနှင့် မစပ်ပဲ မိမိအလိုဆန္ဒ အတိုင်း ဖြစ်ခြင်းကို ကြည့်ရှုဆင်ခြင်၍) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၆/၅၂၀ အလွန်နှလုံး နူးညံ့သော ဗာရာဏသီမင်းတပါးသည် အမတ်များအပါအဝင် မည်သူမဆို တယောက်ချင်း ပြောဆိုလျှောက်ထား ခွင့်ပြု၊ ပြောသမျှ၊ တောင်းသမျှ ပေး၊ နန်းတော်၌ ရဟန်းပြုနေစဉ် ရွာတရွာကို ရပြီးအမတ် နှင့် ထိုရွာကို တောင်းသောအမတ်တို့ ရန်ဖြစ်ကြသည်ကို ကြည့်၍ တရားရှုမှတ်ကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၇/၅၂၁ သားတော်ကို အလွန်ချစ်သော ဗာရာဏသီမင်းသည် တနေ့ ဥယျာဉ်ကစားသွားစဉ် နန်းတော်၌ ကျန်ခဲ့သော သားတော်သည် ရုတ်တရက်ကွယ်လွန်၊ နောက်နေ့တွင် အကြောင်းစုံသိရရာ (အပေါင်းအဖေါ် အလယ်၌တည်သူအား ကစားမြူးထူးခြင်းနှင့် ကာမဂုဏ်၌ မွေ့လျော်ခြင်း၊ သားသမီးတို့၌ ကျယ်ပြန့်သောချစ်ခြင်းတို့သည် ဖြစ်၏။ ချစ်သူတို့နှင့် ကွေကွင်းခြင်းကို စက်ဆုပ်သည် ဖြစ်၍) တရားရှုမှတ်ကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၈/၅၂၂ ကဿပဘုရားရှင်လက်တက်တွင် ပစ္စေကဗုဒ္ဓါအလောင်း ၅ပါးတို့သည် ရဟန်းများ ဖြစ်ကြ၍ စုတေသော် နတ်ပြည်၌ ဖြစ်ကြ၊ တိုမှ အငယ် ၄ပါးသည် မင်းငယ်များ ဖြစ်လာကြပြီးနောက် ပစ္စေကဗုဒ္ဓါများ ဖြစ်တော်မူကြ၊ အကြီးဆုံးသည် ဗာရာဏသီမင်း ဖြစ်လာ၊ တနေ့တွင် ညအခါ ၌ ၃ခါ ၊ နေ့ညီလာခံချိန်၌ ၃ခါ  လန့်ရာ ပုရောဟိတ်ပုဏ္ဏားကို မေးရာ ယဇ်ပူဇော်စေ၊ ပစ္စေကဗုဒ္ဓါ ၄ဆူတို့သည် ဆွမ်းခံကြွလာကြရာ ဆွမ်းကပ်လှူပြီးနောက် ဗြဟ္မာ့ဝိဟာရတရား ၄ပါး တရားတော်ကိုဟော၊ ပုဏ္ဏား အကြံပေး လျှောက်ထားချက်နှင့် ပစ္စေကဗုဒ္ဓါများ၏ တရားတော်တို့ကို နှိုင်းယှဉ်စဉ်းစားပြီးနောက် ယဇ် သတ္တဝါများကို လွှတ်စေ၍ ဗြဟ္မာ့ဝိဟာရတရားပွား၊ ပီတိဖြစ်၊ ရုပ်, နာမ်၊ အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ဆင်ခြင်၍ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၉/၅၂၃ ဗာရာဏသီမင်းတပါးသည် မိဖုယားရှာရာ နှုတ်ငုံဆောင်နေသော မိဖုယားတပါးကိုတွေ့ပြီး မိဖုယား မြှောက်၊ မွေးလာသောသားတော်ကိုလည်း မြှောက်စား၊ မိဖုယားနှင့်ပါလာသော ကျေးကျွန်များက သားတော်နှင့် မင်းကို သွေးခွဲ၊ မင်းကြီးသံဝေဂရ၍ ရဟန်းဝတ်၊ လိုက်၍ရဟန်းဝတ်ကြသော သူတို့အား လာဘ်ကို တေရ်စဉ် ဝါလိုက် ဝေမျှပေး၊ မကောင်းရသူများ မကျေနပ်၍ ကဲ့ရဲ့စကား ဆိုကြ၊ သံဝေဂရ၊ တောထဲသို့ တယောက်တည်း သွားကာ လွန်ကဲသော လောဘကို စက်ဆုပ်၍ တရားပွားများရင်း ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၁၀/၅၂၄ ဗာရာဏသီမင်းတပါးသည် နွေဦးတပေါင်းလ၌ ဥယျာဉ်အတွင်းရှိ ပင်လယ်ကသစ်ပင်သည် စိမ်းသော အရွက်ရှိသည်၊ ကဆုန်နယုန်လတို့၌ နီသောအပွင့်ရှိသည်၊ ဝါဆိုဦး၌ အရိုးသာ ကျန်ရှိသည်တို့ကို တွေ့ပြီး ဇရာနိပ်စက်သည်ကို (လုံ့လဝီရိယရှိသူသည် လူ့အသွင်အပြင်ကိုပယ်၍ အရွက်ကြွေကျပြီးသော ပင်လယ်ကသစ်ပင်ကဲ့သို့ လူ၌ဖြစ်သော အနှောင်အဖွဲ့ကို ဖြတ်တောက်လျက်) တရားရှုမှတ်ရင်း ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၁၁/၅၂၅ ကဿပဘုရားရှင်လက်ထက်မှ ရဟန်း ၂ပါးသည် နတ်ပြည်၌ဖြစ်ပြီးနောက် အကြီးသည် ဗာရာဏသီမင်း၏သားဖြစ်လာကာ အငယ်သည် ပုရောဟိတ်၏သားဖြစ်လာ၊ ပညာရှိသူသည်သာ တိုင်းပြည်ကို အုပ်ချုပ်သင့်သည်ဟု အယူရှိကြကာ ပညာရှာထွက်ရာ ရောက်ရာဇနေပုဒ်တို့၌ ပစ္စေကဗုဒ္ဓါ

များအား ကောင်းစွာလှူကြသည်ကို တွေ့၊ ပညာတတ်လိမ့်မည်ဟု ထင်၊ ရဟန်းဝတ်မှ အတတ်သင်ရမည်ဆို၍ ရဟန်းဝတ်ကြ၊ အာဘိသမ္မာစာရိကဝတ်- ခုဒ္ဒကာခုဒ္ဒကဝတ်များ သင်ပေး၊ တယောက်တည်းနေရာ၌ ပျော်ပိုက်ခြင်းသည် ပညာ၏အထွတ်အထိပ်ဖြစ်၊ မင်းသားရဟန်း ပျင်း၊ ပုရောဟိတ်သားကျောင်းသို့ လာ၊ ၃ကြိမ်တိုင်၊ ၄ကြိမ်မြောက်၌ ပုရောဟိတ်သား တောထဲသွားနေ၊ မင်းသားရဟန်းသည် ပုရောဟိတ်သားသည် ငါ၏အောက်ကလူ၊ ယခုမတွေ့လိုပဲ ဖဲသွားနေ၊ မရှက်ဘူးလား၊ ၄ကြိမ် ရှိပြီ၊ စိတ်ကို ငါ့အလိုလိုက်စေမည်ဟု အံကြိတ်အားထုတ်သော် ပစ္စေကဗုဒ္ဓါ ဖြစ်၊

တောထဲမှ ပုရောဟိတ်သားသည်လည်း တောထဲ၌ပင် ပစ္စေကဗုဒ္ဓါဖြစ်ကာ (ရင့်ကျက်သည့်ပညာရှိသော၊ ကောင်းစွာနေလေ့ရှိသော၊ ဝီရိယမလျော့သော အတူတကွ ကျင့်ဖက် မိတ်ဆွေကောင်းကို မရခဲ့မူ တော၌ မာတင်္ဂ မည်သော ဆင်ပြောင်ကြီးသည့် တကောင်တည်းလှည့်လည်သကဲ့သို့ တယောက်တည်း ကျင့်ရာ၏ ။) ဟု ကျူးရင့်တော်မူ၏။

၁၂/၅၂၆ အထက်ပါဝတ္ထုအတိုင်း။ မင်းသားပစ္စေကဗုဒ္ဓါသည် (ရင့်ကျက်သည့်ပညာရှိသော၊ ကောင်းစွာနေလေ့ရှိသော၊ ဝီရိယမလျော့သော အတူတကွ ကျင့်ဖက်မိတ်ဆွေကောင်းကို ရနိုင်ခဲ့မူ ထိုမိတ်ဆွေကောင်းနှင့် ဝမ်းမြောက်ဝမ်းသာ သတိရှိသည်ဖြစ်၍ အတွင်းအပ ဘေးရန်အားလုံးတို့ကို လွှမ်းမိုးလျက် ကျင့်ရာ၏။) ဟု ကျူးရင့်တော်မူ၏။

၁၃/၅၂၇ ပစ္စေကဗုဒ္ဓါ ၄ပါးသည် ကဿပဘုရားရှင်လက်ထက်က အတူရဟန်းပြုဖက်ဖြစ်သော ဗာရာဏသီ မင်းနန်းတော်သို့ ဆွမ်းခံကြွ၊ အပြစ်ကင်းဘောဇဉ် သုံးဆောင်သည်မိန့်၍ မင်းကြီးက ဆန်ကွဲထမင်း အိမ်ပုန်းရည်တို့ ကို ကပ်ရာ ဖေါက်ပြန်မှုမရှိပဲ ၂ရက်တိုင်ဘုဉ်းပေး၊ ဆက်၍ ၂ရက်တိုင် ဆွမ်းဟင်းကောင်းကပ်လည်း ဖေါက်ပြန်မှုမရှိပဲ ဘုဉ်းပေးကြ၊ အနဝဇ္ဇဘောဇိနောပုဂ္ဂိုလ်များဖြစ်ကြသည်ကို တွေ့သိ၍ သံဝေဂရကာမင်းကြီးသည် တဦးတည်း တောထွက်၍ ထရားကျင့်ကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူသော် (သီလစသည်ဖြင့် မိမိထက်မြတ်သော၊ မိမိနှင့်တူသော အပေါင်းအဖေါ်တို့ကို မှီဝဲပေါင်းဖေါ်တိုက်၏၊ မရခဲ့သော် အပြစ်ကင်းသော ဘောဇဉ်ကို သုံးဆောင်မှီဝဲလျက် ကျင့်ရာ၏။) ဟု ကျူးရင့်တော်မူ၏။

၁၄/၅၂၈ နွေနေ့လည်တနေ့၌ ဗာရာဏသီမင်းတပါးသည် နံ့သာသွေးနေသော ရံရွှေတော်၏ လက်ကောက်ထရံထည်း ဝတ်ထားသောလက်မှ အသံမမြည်ပဲ ၂ရံဝတ်ထားသောလက်မှ အသံမြည်သည်ကို တွေ့ရ၊ မိဖုယားကြီး ဝင်သွေးသောအခါ ပို၍ အသံမြည်ရာ သံဝေဂရ၍ (လက်၌ ၂ဆင့်ဝတ်ထားသော ရွှေလက်ကောက်တို့မှ အချင်းချင်း ထိခိုက်ကြသည်ကို မြင်ရ၍) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၁၅/၅၂၉ ဗာရာဏသီမင်းတပါးသည် ရဟန်းပြုလိုသော်လည်း မိဖုယားကြီးက ကိုယ်ဝန်ရှိလာမှ၊

သားဖွားပြီးမှ၊ သား ၁၀နှစ် ၁၂နှစ် ရှိမှ စသည်ဖြင့် တားလာရာမှ နောက်ဆုံး၌ မိဖုယားကြီးအား ဧကရီဘုရင်မကြီးလုပ်စေ၍ ရဟန်းဝတ်ကာ တောထွက်၊ အားလုံး လိုက်လာကြ၊ မင်းကြီးက စည်းတား၍ တားသော် သားတော်ကို လိုက်စေ၊ မင်းကြီးသည် သားတော်နှင့် အတူ ၂ပါးတည်း တောထဲ၌နေစဉ် သားတော်သည် အေးသည်၊ ပူသည်၊ ဆာသည်၊ ခြင်ကိုက်သည်ဟုပြောရာတွင် ပြန်လည်ပြောဆို ကပ်ညိရသည်ကို တွေ့၊ သားတော်ကို စည်းတားထားရာနေရာသို့ ပြန်ပို့၊ မယ်တော်နှင့် ဆုံဆည်းစဉ် မင်းကြီးရဟန်းသည် တောထဲပြန်လည်ပြေးဝင်ပြီး (အဖော်နှင့်တကွ ဤသို့ စကားပြောရခြင်းသည်ပင်း၊ အလွန်ကပ်ညိစွဲလမ်းခြင်းသည်ပင်း ငါ့အားဖြစ်ခဲ့၏၊ နောင်အခါဖြစ်မည့် ဤသို့သောဘေးကို ရှုဆင်ခြင် လျက်) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၁၆/၅၃၀ ပြာသာဒ် ၃ဆောင်နှင့်နေသော ဗာရာဏသီသူဌေးသားသည် မိဂဒါဝုန်တောရှိ ပစ္စေကဗုဒ္ဓါများထံ ရဟန်းပြု၊ သဃ်ာနော- ရဟန်းအသစ် သိက္ခာအငယ်ဆုံးဖြစ်၍ အစားအနေ ဆင်းရဲ သဖြင့် လူပြန်ထွက်၊ ၃ကြိမ်တိုင်ပြုပြီးနောက် (ဆန်းကြယ်သော၊ သာယာဖွယ်ဖြစ်သော၊ စိတ်ပျော် မွေ့ဖွယ်ဖြစ်သော ကာမဂုဏ်တို့သည် ဖေါက်ပြန်သောအားဖြင့် စိတ်ကိုမွှေနှောက် ချောက်ချားတတ်၏ဟု ကာမဂုဏ်တို့၌ အပြစ်ကို ရှုမြင်ပြီး၍) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၁၇/၅၃၁ လည်ပင်း၌ အိုင်းအမာပေါက်သော ဗာရာဏသီမင်းသည် ၃ကြိမ်တိုင် ခွဲ၍ကုလိုက်၊ သက်သာလိုက်၊ မတည့်သောအစာများ ပြန်စားလိုက်၊ ပြန်ဖြစ်လိုက်ဖြစ်ရာ သမားတော်များ ထွက်ပြေး၊ သံဝေဂရ၍ တောထွက်ကာ (ဤကာမဂုဏ်သည် [၁]ဗျသနတရား ၅ပါး ဘေးရန်ဟူ၍၊ [၂]အိုင်းအမာဟူ၍၊ [၃]ကပ်၍ နှိပ်စက်တတ်သော ဥပဒ္ဒဝေါ- မင်းပြစ်ဆိုးဒဏ်ဟူ၍၊ [၄]အနာရောဂါဟူ၍၊ [၅]ငြောင့်တံတင်းဟူ၍၊ □ ပစ္စုပ္ပန်, တမလွန်ဘေးဟူ၍ ကာမဂုဏ်တို့၌ ဘေး ၆ဘေးကို ရှုမြင်ပြီး၍) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၁၈/၅၃၂ ဗာရာဏသီမင်းတဦးသည် တောထွက်၍ လွင်တီးခေါင် သစ်မ်းကျောင်း၌နေ၊ ဆွမ်းခံ ဂေါစရမ်ရွာသည် ဝေး၍ပင်ပန်း၊ ရေလည်း ဝေး၊ ခြင်မှက်လည်း ပေါ၊ ထိုအရပ်မှ ယူဇနာဝက် ဝေးသော တောအရပ်သည် သပ္ပါယမှု၏၊ ပြောင်းနေရန် စိတ်ဖြစ်သော်လည်း ပစ္စည်း၄ပါးနောက် ငါရဟန်းမလိုက် ဟူ၍ ၃ကြိမ်တိုင်ဖြစ်ကာ နေမြဲအရပ်၌ပင် ဆက်နေ၊ ၇နှစ်ကြာသောအခါ ([၁]အအေး၊ [၂]အပူ၊ [၃]ဆာလောင်ခြင်း၊ [၄]မွတ်သိပ်ခြင်း၊ [၅]လေ၊ [၆]နေပူ၊ [၇]မှက်၊ [၈]ခြင်၊ [၉]မြွေ၊ [၁၀]ကင်း၊ □သန်း အလုံးစုံသော ၁၁မျိုးကို လွှမ်းမိုးနှိမ်နင်း၍) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၁၉/၅၃၃ ဗာရာဏသီမင်းတပါးသည် အနှစ် ၂၀ မင်းပြုခဲ့ပြီးနောက် အနှစ် ၂၀ ငရဲ၌ကျက်ခဲ့ကာ တောဆင် အုပ်၏ အုပ်ထိန်းဆင်ဖြစ်လာ၊ ဆင်အပေါင်းတို့က နေရာ၊ စားရာ၊ ရေချိုးရာ စသည်တို့၌

နှောင့်ယှက်သည်သို့ ဖြစ်သဖြင့် ဆင်အုပ်ကို ၃ကြိမ်တိုင် စွန့်၊ နောက်ဆုံးအကြိမ်၌ မြေးတော်သူ ယခုလက်ရှိ ဗာရာဏသီမင်းက စောင့်ရှောက်အံ့ဟု ထင်ကာ မင်းဥယျာဉ်၌နေသော် မင်းက ဆင်ဖမ်းရန် ထွက်လာ၊ လူ့ဘာသာဖြင့် အဘိုးပါဟု ပြောပြီး အကြောင်းစုံရှင်းပြ၊ နန်းတော်၌ မင်္ဂလာစီးတော်ဆင်အဖြစ် ထား၊ တနေ့ မင်းသည် ဥယျာဉ်သို့အသွား ဆင်တော်ကိုစီးရင်း အကြောင်းအကြောင်းတို့ကို ပြန်စဉ်းစားသော် အဖေါ်မမီးပဲ နေရခြင်းက ချမ်းသာစွဟု သံဝေဂရကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၀/၅၃၄ ဗာရာဏသီမင်း၏ သားတော်တပါးသည် အသက် ၁၆နှစ်ရောက်သော် ရဟန်းပြုခွင့်တောင်း၊ တားမရသဖြင့် မင်းဥယျာဉ်၌နေစေကာ နံနက်ခင်း၌ မယ်တော်နှင့် သူမ၏ အခြွေအရံ၊ နေ့လည်ခင်း၌ ခမည်းတော်နှင့် သူ၏ အခြွေအရံ၊ ညအခါ ၌ အစောင့်တို့ဖြင့် ဝိဝေက- ဆိတ်ငြိမ်မှု မရ၊ ဤသည်ကိုပင် ရဟန်းအလုပ်ဟုထင်နေ၊ ပစ္စေကဗုဒ္ဓါထပါး ကြွလာ၊ မင်းသား ရဟန်းက သင်ဘယ်လိုလုပ်လဲ ဟုမေး၊ ရဟန်းဟု ပစ္စေကဗုဒ္ဓါကဖြေကာ သင်သည် ရဟန်းများမည်သို့ နေသည်ကို မသိ၊ ဆိတ်ငြိမ်မှု ဤဥယျာဉ်၌မရှိဟုဆိုကာ တန်ခိုးတော်ဖြင့် နန္ဒမူလိုဏ်မှ ပစ္စေကဗုဒ္ဓါတို့၏ ကျောင်းတော်ကြီးနှင့် ရဟန်းအလုပ် အားထုတ်နေကြသည်တို့ကို ပြ၊ မိမိဘဝ လွတ်မြောက်ရေးကို အားထုတ်ရာကြောင်း ဟောပြ၊ ညအစောင့်များ အိပ်ပျော်နေစဉ် တောသို့ဝင်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ စကားတော်ကို ဉာဏ်ဖြင့်ဆင်ခြင်၍ အပေါင်းဖေါ်၌ မွေ့လျော်မှုကို ပယ်ဖျောက်၍ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၁/၅၃၅ ဗာရာဏသီမင်းတပါးသည် တနေ့တွင် ဆိတ်ငြိမ်ရာသို့ကပ်ပြီး အအေးရှိလျှင် အချမ်းပယ်ရန် အပူရှိသကဲ့သို့ ဝဋ် ၃ပါးပယ်ရန် ရှိမရှိ ညီလာခံ၌ မေးရာ အမတ်များက မိစ္ဆာအယူ အမျိုးမျိုးကို လျှောက်ကြ၊ နောက်တွင် တောထွက် ရဟန်းပြုကာ (ငါသည် မိစ္ဆာအယူဟူသော ပြောင့်တံတင်းတို့ကို လွန်၍ဖြစ်ပြီးလျှင်) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၂/၅၃၆ ဗာရာဏသီမင်းတပါး၌ လောဘကြီးသော စားဖိုမှူးတဦးရှိ၊ ဆုလာဘ်မျှော်ကိုး၍ ဆွမ်းကောင်း ချက် ဆက်၊ မင်းက ဆုမချီးမြှင့်၊ မကောင်းချက်၍ ဆက်ပြန်လည်း မနှိပ်ကွပ်၊ မင်းသည် 'စားဖိုမှူးသည် ငွေရိက္ခာယူပြီး မတော်တာတွေ ချက်ကပ်၊ လောဘသည် ကြောက်ဖွယ်ရှိစွ၊ မြို့ပေါင်း ၂သောင်းရှိသော်လည်း ထမင်းကောင်း မရပါတကား။' ဟု သံဝေဂယူ တောထွက်ကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၃/၅၃၇ တိုင်းခန်းလှည့်လည်စဉ် ဗာရာဏသီမင်းတပါးသည် စပါးသစ်သွင်းရန် မင်းမှုထမ်းများ ဘုရင့် ကျီတော်မှ စပါးများသွန်နေသည်ကို တွေ့၊ အလှူ မထွာပ်ဆောက်၍ လှူရန်ပြောလည်း အလှူခံမရှိဟု မိစ္ဆာဒိဋ္ဌိအယူရှိ အမတ်များက ၃ကြိမ်တိုင် လျှောက်သည်ထွင် တောထွက်၍ ရဟန်းပြုကာ (ကြသိုလ်

ကောင်းမှုတို့၌ မေ့လျော့တတ် သော ယုတ်ညံ့သော အပေါင်းအဖော်ကို ရှောင်ရာ၏၊ မိမိအလိုအားဖြင့် မမှီဝဲရာ။) ဟု သံဝေဂယူလျက် ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၄/၅၃၈ ဗာရာဏသီမင်းကြီး၏နန်းတော်သို့ ကဿပဘုရားရှင်လက်ထက်က သီတင်းသုံးဖော် ဖြစ်သော၊ ယခုဘဝ၌ သာမန်မင်းငယ်များမှ ပစ္စေကဗုဒ္ဓါများ ဖြစ်တော်မူလာကြသော ပစ္စေကဗုဒ္ဓါ ၇ပါးတို့ ဆွမ်းခံကြွလာကြ၊ ဆွမ်းကပ်ပြီးနောက် မင်းကြီးက အဘယ်သို့ခေါ်ပါသနည်းဟု မေး၊ အကြီးထေရ် ဖြစ်တော်မူသော ပစ္စေကဗုဒ္ဓါ အရှင်သုမြတ်က ဗဟုဿုတောခေါ်ကြောင်း မိန့်၍ ရာဂကုန်ကြောင်း တရားဟော၊ နောက်နေ့ ပစ္စေကဗုဒ္ဓါ ၆ပါး ကြွပြီး ဆွမ်းကိစ္စပြီးသည့်နောက် ဒေါသကုန်ကြောင်း တရား၊ နောက်နေ့ ၅ပါးကြွပြီး မောဟကုန်ကြောင်း တရား၊ နောက်နေ့ ၄ပါး ကြွပြီး ဂတိ ၅ပါးကုန်ကြောင်း တရား၊ နောက်နေ့ ၃ပါး ကြွပြီး ဝဋ် ၃ပါးကုန်ကြောင်း၊ နောက်နေ့ ၂ပါးကြွပြီး ဥပဓိ ၄ပါး (ဥပဓိ- သံသရာသို့ ဆောင်ပို့ယှဉ်မှီစေတတ်သော တရား ၄ပါး - ကို ကြည့်ပါ။) ကုန်ကြောင်းတရား၊ နောက်ဆုံးနေ့၌ တပါးကြွပြီး တဏှာ ၃ပါးကုန်ကြောင်း တရား ဟောတော်မူကြ၏။ မင်းကြီးသည် ကျေနပ် ဝမ်းမြောက်၍ တရားတော်များဖြစ်ကြသော ၁ ရာဂ၊ ၂ ဒေါသ၊ ၃ မောဟ၊ ၄ ဂတိ၊ ၅ ဝဋ်၊ ၆ ဥပဓိ၊ ၇ တဏှာ ကုန်ကြောင်း တရား ၇မျိုးတို့ကို ဆင်ခြင်ရာ ရာဂကုန်လျှင် အလုံးစုံကုန်သည်ပင်၊ လက်ညှိုးနှင့် မြေကြီး သို့မဟုတ် ကောင်းကင်သို့ ထိုးသကဲ့သို့ အလုံးစုံတခုလုံးကို ပြသည်ဟု တရားရ၍ တောထွက်ကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၅/၅၃၉ မိမိကိုယ်ကို အဆင်တန်ဆာပြင်ဆင်မှု၌ နှစ်သက်သော ဗာရာဏသီမင်းတပါးသည် နံနက်ယာဂုကိုပင် ပျာယီးပျာယာသောက်ကာ တနေ့လုံး မိမိကိုယ်ကို တန်ဆာဆင်မှုသည် နေဝင်သည် အထိ မပြီး၊ ကြာသော် နောက်ကျောတက် ရောဂါရ၊ လောဘကို နိပ်ကွပ်ကာ တောထွက်၍ ရဟန်းပြု ပြီးနောက် ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ ၏။

၂၆/၅၄၀ ဗာရာဏသီမင်း လွန်သော် သားတော် မင်းဖြစ်လာ၊ ထိုအခါ သားတော်ဗာရာဏသီ မင်းသည် ငါသည် ကာမဂုဏ်ထို့ဖြင့် မင်းဖြစ်လာသကဲ့သို့ သတ္တဝါတို့သည်လည်း ကာမဂုဏ်တို့ဖြင့် ဆင်းရဲဒုက္ခ ရောက်နေကြ ရသည်။ တောထွက်၍ ရဟန်းပြုကာ ([၁]သား၊ [၂]သမီး၊ [၃]မယား၊ [၄]အဖ၊ [၅]အမိ၊ [၆]ဥစ္စာ၊ [၇]ကောက်ပဲသီးနှံ၊ [၈]မိတ်ဆွေ၊ [၉]အပေါင်းအဖော်စသည့် မိမိ, မိမိတို့၏ အပိုင်းအခြားအလိုက် တည်ကုန်သော ကာမဂုဏ်တို့ကို စွန့်ပယ်လျက်) သံဝေဂယူကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၇/၅၄၁ ကချေသည်များ ကပြဖျော်ဖြေမှု၌ နှစ်သက်သော ဗာရာဏသီမင်းတပါးသည် နံနက်ယာဂုကိုပင် ဖြစ်ကတတ်ဆန်း သောက်ကာ တနေ့လုံး ကချေသည် အငယ်ဆောင်၊ အလတ်ဆောင်၊ အကြီးဆောင်တို့သို့ သွား၍ ကပြဖျော်ဖြေကြသည်ကို ကြည့်ရှု၊ ကြာလတ်သော်လည်း မရောင့်ရဲသည်ကို

ဆင်ခြင်၍ လောဘကို နှိပ်ကွပ်ကာ တောထွက်၊ ရဟန်းပြုပြီးနောက် ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၈/၅၄၂ စစ်တိုက်ရာတွင်ငင်း၊ အလုပ်လုပ်ရာတွင်ငင်း မအောင်မချင်း နောက်မဆုတ်သော ဗာရာဏသီ မင်းတပါးသည် တနေ့ ဥယျာဉ်ကစားထွက်ရာ တောမီးလောင်သည်ကို ကြည့်၍ 'တောမီးသည် အကုန်လောင်၍ ပြန်မကြည့်ပဲ သွားသကဲ့သို့၊ သတ္တဝါတို့သည် ကိလေသာ ၁၁မီး (ကိလေသာ - အနက်မှ - ကိလေသာမီး ၁၁ပါး - ကို ကြည့်ပါ။) တို့ဖြင့် လောင်ပြီးနောက် သွားသည်သာ၊ ငါးသည် ပိုက်ကွန်ကို ဖြတ်၍ ပြေးသကဲ့သို့ ငါသည် တဏှာ၊ ဒိဋ္ဌိ၊ ကိလေသာတို့ကို ဖြတ်၍ ဘဝ ၃ပါး (ဘဝ -အနက်မှ - ဘဝ ၃ပါး / ဘုံ ၃ဘုံ - ကို ကြည့်ပါ။) ကို စွန့်၍ နိဗ္ဗာန်သို့ ဘယ်တော့မှ ရောက်ရပါအံ့နည်း?' ဟု တရားယူပြီး တောထွက်ကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂၉/၅၄၃ ကချေသည်များ ကပြဖျော်ဖြေမှု၌ နှစ်သက်သော ဗာရာဏသီမင်းတပါးသည် ကချေသည် အငယ်များ အလတ်များ၊ အကြီးများ ကပြဖျော်ဖြေကြသည်ကို ကြည့်ရှု၊ ပြည်သူများလည်း လိုက်ကြည့်ကြ၊ သူဌေးကတော်တဦး လာကြည့်သည်ကို တွေ့ရာ တပ်မက်စိတ်ဖြစ်၊ လောဘကို နှိပ်ကွပ်ကာ (အောက်သို့ မျက်လွှာချသည် ဖြစ်၍၊ ခြေတောက်လည်း မလျှပ်ပေါ်ပဲ၊ စောင့်ရှောက်သော ဣန္ဒြေ၊ စောင့်စည်းသောစိတ်ဖြင့် ကိလေသာမိုးလည်း မစိုစွတ်၊ ကိလေသာမီးလည်း မလောင်မြိုက်စေပဲ) တောထွက်၊ ရဟန်းပြုပြီးနောက် ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၀/၅၄၄ ဥယျာဉ်တံခါးဝ၌ ဝေဆာစွာပွင့်နေသော ပင်လယ်ကသစ်ပင်မှ တပွင့်ချူးယူကာ ဥယျာဉ် ကစားပြီး နောက် ပြန်ထွက်လာသော ဗာရာဏသီမင်းကြီးသည် သူချူးပြီးနောက် သူ၏အခြွေအရံတို့နှင့် စစ်သည်ရဲမက်တို့လည်း ဝိုင်းချူးကြသဖြင့် အရိုးသာကျန်သော အပွင့်ပွင့်သော ပင်လယ်ကသစ်ပင်နှင့် အပွင့်မပွင့်သဖြင့် စိမ်းလန်းမြဲ စိမ်းလန်းနေသော အခြား ပင်လယ်ကသစ်ပင်ကို ကြည့်၍ သံဝေဂယူ၊ တောသို့ဝင်၍ ရဟန်းပြုကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၁/၅၄၅ မင်းဥယျာဉ်အတွင်းရှိ ကျောက်ရေကန်သို့ ရေကစားထွက်လာသော ဗာရာဏသီမင်း သည် မွန်း လတ်စာကို တဦးတည်းသာစားပြီး အခြားအမတ်များကို မခေါ်၊ မွန်းတည့်စာကို စားရာ၌လည်း တို့အတူပင် မည်သူ့ကိုမျှမခေါ်၊ ပြန်လည် ဆင်ခြင်ရာဝယ် ရသတဏှာကြောင့်ဟု သံဝေဂရ၍ (ရသာရုံတို့၌ လည်း တပ်မက်မောခြင်းကို မပြု၊ လျှပ်ပေါ်သော တဏှာလည်း မရှိ၊ သူတပါးတို့ မွေးမြူမှုကိုလည်း မခံယူပဲ၊ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လျက်၊ အမျိုးတိုင်း, အမျိုးတိုင်း၌ ကပ်ငြိနှောင်ဖွဲ့သောစိတ် မရှိမူကာ) ရဟန်းပြု ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၂/၅၄၆ ဟာရာဏသီမင်းတပါးသည် မင်းစည်းစိမ်က မြတ်သလော၊ ရဟန်းတရားက မြတ်သလောဟု ကြံ တွေးရင်း နန်းထက်မှာပင် ကသိုဏ်းပရိကံများ ပြုလုပ်၍ ပဌမစျာန်ရနေ၊ ထိုမှ (စိတ်၏ အပိတ်အပင် နီဝရဏတရား ၅ပါး နှင့် အလုံးစုံသော ညစ်ညူးကြောင်းတို့ကို ပယ်၍ မိစ္ဆာဒိဋ္ဌိကို မမှီပဲ ချစ်ခြင်းတဏှာဟူသော သိနေဟ နှင့် အမျက်ဒေါသကို ဖြတ်တောက်ပြီးလျှင်) ရဟန်းပြု၍ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၃/၅၄၇ ဟာရာဏသီမင်းတပါးသည် ရဟန်းတရားက မြတ်ပေသည်ဟု ကသိုဏ်းပရိကံများ ပြုလုပ်၍ မင်းအဖြစ်နှင့်ပင် စတုတ္ထစျာန်သို့ ရောက်နေ၊ ထိုမှ တောထွက်၍ (သုခ- ချမ်းသာ၊ ဒုက္ခ- ဆင်းရဲ၊ သောမနဿ- ဝမ်းမြောက်ခြင်း၊ ဒေါမနဿ- နှလုံးမသာခြင်းတို့ကို ဥပစာရ- ရှေ့အဘို၌ပင်လျှင် စွန့်ပစ်ပယ်ရှား ကျောခိုင်းထားလျက် အထူးစင်ကြယ်၍ ငြိမ်သက်တည်ကြည်သော စတုတ္ထစျာန် ဥပေက္ခာကို ရရှိပြီးလျှင်) ရဟန်းပြုကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၄/၅၄၈ စစ်သား တထောင်သာရှိသော ပစ္စန္တရာဇ်မင်းတပါးသည် ဇမ္ဗူဒိပ်ကျွန်းတကျွန်လုံးကို သိမ်းနိုင် သော စွမ်းရည်ရှိ၊ အနီးရှိ စစ်အင်္ဂါ ၄ပါးနှင့် ပြည့်စုံသောမင်းထံသို့ အမတ်များနှင့် မထိုင်ပင်ပဲ ၇ရက်ရာဇသံပေး၊ အမတ်များကို ပြောချိန်၌ ရာဇသံမှာ ပြန်ရုပ်သိမ်း၍ မရတော့၊ သတ်သေကြရန် နည်းအမျိုးမျိုးကို အမတ်တဦးစီက လျှောက်၊ မင်းက သူသည် မီးပုံထဲဝင်မည်ဟု စစ်သားများ၏သဘောကို ကြည့်ရာ ၅၀၀က အတူလိုက်ဝင်မည် ဟု လျှောက်၊ ကျန် ၅၀၀က စစ်ထိုးမည်ဟု လျှောက်၊ ရာဇသံရက်ရောက်သော် စစ်ထိုး၊ တဖက်မင်းကို လက်ရ ဖမ်းမိ၊ ဤသို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းရှိ ၁၀၁ပါးသော မင်းပြည်ထောင်တို့ကို သိမ်း၊ တနေ့ လောကုတ္တရာတရား ရှာမည်ဟု (နိဗ္ဗာန်ဟူသော မြတ်သောအကျိုးသို့ ရောက်ခြင်းငှါ ထက်သန်သော လုံ့လ၊ မဆုတ်နစ်သော စိတ်၊ မပျင်းရိသော ဖြစ်ခြင်း၊ မြဲမြံသော ဝီရိယ ရှိသည် ဖြစ်၍၊ ကိုယ်အား ဉာဏ်အားနှင့် ပြည့်စုံလျက်) တောသို့ဝင်၍ ရဟန်းပြုကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၅/၅၄၉ ကသိုဏ်းပရိကံများ ပြု၍ ပဌမစျာန်ရနေသော ဟာရာဏသီမင်းတပါးသည် မင်းစည်းစိမ် ကို စောင့်ရမည်လော၊ စျာန်တရားကို စောင့်ရမည်လောဟု ကြံတွေးသော် စျာန်ကိုစောင့်ရှောက်ရာ၏ဟု တောဝင် ရဟန်းပြုကာ (တယောက်တည်း ကိန်းအောင်းခြင်းကိုင်၊ စျာန်ကိုင်၊ မကင်းဆိတ်မူ၍ ခန္ဓာ ၅ပါးတရားတို့၌ အစဉ်တစိုက်လိုက်သော ဝိပဿနာအကျင့်ကို အမြဲကျင့်သည်ဖြစ်၍ ဘဝတို့၌ အပြစ်ကို ဆင်ခြင်သုံးသပ်လျက်) ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၆/၅၅၀ မြို့လှည့်ပြီး ဗိုလ်ရှုခံသော ဟာရာဏသီမင်းတပါးကို လူအားလုံးက ဝိုင်းကြည့်ကြ၊ သူဌေးကတော်တဦးက ပြတင်းဖွင့်၍ ကြည့်သည်ကိုမြင်သော် တပ်မက်သဖြင့် အမတ်တဦးအား အရှင်ရှိ၊

မရှိ စုံစမ်းခိုင်းရာရှိကြောင်းသိ၊ သံဝေဂရ၊ နန်းတော်တွင်လည်း ရံရွေတော် ၂သောင်းက ဖျော်ဖြေသော်လည်း တဏှာလောဘကို နှိပ်ကွပ်၍ (တဏှာကုန်ရာ နိဗ္ဗာန်ကို တောင့်တလျက် မမေ့မလျော့ မထိုင်းမအပဲ သုတ- အကြားအမြင်၊ သတိ- အောက်မေ့မှုရှိသည်ဖြစ်၍ ပိုင်းခြားသိအပ်ပြီးသော တရားရှိသူ၊ အရိယာမဂ်ဖြင့် မြဲခြင်းသို့ ရောက်ပြီးသူ၊ သမ္မပ္ပဓါန်လုံ့လရှိသူ ဖြစ်လျက်) တော၌ ရဟန်းပြုကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၇/၅၅၁ ဥယျာဉ်ကစား သွားလိုသော ဗာရာဏသီမင်းတပါးသည် ဥယျာဉ်သည် ဝေးသောအရပ်၌ရှိသဖြင့် စောစောသွားရ၏။ လမ်းတွင် မင်းချင်းတဦးနှင့်အတူ မျက်နှာသစ်သွားရာ ပေါက်ခါစ ခြင်သေ့ တကောင်ကို တွေ့ ခရုသင်း ဆိုင်းသံ ပုံသံများကြောင့်လည်း မထိတ်လန့်သည်ကို တွေ့ရ၊ လမ်းတွင် တံငါသည်များ သစ်ပင်များ၌ ချောက်စေရန် ချိတ်လှမ်းထားသော ပိုက်ကွန်များကို လေတိုက်ရာ လေသည် ပိုက်ကွန်၌ မငြိပဲ သွားသည်ကို တွေ့၊ ပဒုမ္မာကြာကန်၌ ကြာတို့သည် ရေနှင့်မလိမ်းကျံသည်ကို တွေ့၊ (ခြင်္သေ့သည် အသံတို့ကြောင့် မထိတ်လန့်သကဲ့သို့ အနိစ္စ စသည်တို့ကြောင့် မထိတ်လန့်ပဲ၊ လေသည် ပိုက်ကွန်၌ မကပ်ငြိသကဲ့သို့ ခန္ဓာစသည်တို့၌ မကပ်ငြိပဲ၊ ပဒုမ္မာကြာသည် ရေဖြင့် မလိမ်းကျံသကဲ့သို့ ကိလေသာတို့ဖြင့် မလိမ်းကျံပဲ) တောဝင် ရဟန်းပြုကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၈/၅၅၂ နယ်စွန်၌ သူပုန်ရန်ကို နှိမ်နင်းရန် ထွက်လာသော ဗာရာဏသီမင်းတပါးသည် တောင်ခြေ၌ နေဇာ လှုံနေသော ကေသရာခြင်္သေ့မင်း တကောင်တွေ့ ခရုသင်း စည်စသည်တို့ကို ၃ကြိမ် တီးမှုတ်စေရာ မလှုပ်၊ ၃ကြိမ် အပြီး၌ ဟိန်းဟောက်ရာ ထိရှိတ္ထာန်ရော လူတွေပါ တွက်ပြေးကြ၊ သစ်ကိုင်း တကိုင်းဆွဲ၍ ကျန်နေ၊ ခြေလမ်းကြောင်းအတိုင်း လိုက်သွားရာ ပစ္စေကဗုဒ္ဓါ ကမ္ဘဌာန်းကျောင်း တကျောင်း တွေ့၊ အသံများ ကြားပါသလား? ဟု မေးရာ ငါတို့သည် မည်သည့်အသံမှ မကြောက်ကြောင်းမိန့်၊ အကျွန်ုပ်ကိုလည်း မကြောက်အောင် လုပ်လို့ရမလား? ဟု လျှောက်ရာ ရဟန်းပြုစေ၊ ပစ္စေကဗုဒ္ဓါတို့ ပေးသော သီလ၊ သမာဓိတို့ကို စောင့်စည်းမှု ဖြစ်စေ၍ ဝိပဿနာပွားကာ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၃၉/၅၅၃ ဗာရာဏသီမင်းတပါးသည် ကသိဏ်းပရိကံများပြု၍ ကြိုးစားရာ ပြဟ္မာ့ဝိဟာရ မေတ္တာစျာန်ရ၊ တတိယစျာန်အထိ ပေါက်ရောက်၊ မင်းစည်းစိမ်ကို မစောင့်ပဲ စျာန်တရားကို စောင့်မည်ဆိုကာ တော၌ ရဟန်းပြု ၍ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၄၀/၅၅၄ ဂေါတမမြတ်စွာဘုရား မပွင့်ပေါ်မီ နောက်ဆုံးပွင့်တော်မူသော ပစ္စေကဗုဒ္ဓါဖြစ်တော်မူသော **မာတင်္ဂပစ္စေကဗုဒ္ဓါ အရှင်မြတ်**သည် ရာဇဂြိုဟ်မြို့၌ နေကာ ဆွမ်းခံ၍ သီတင်းသုံးခဲ့သည်၊ ဂေါတမဘုရားအလောင်း ပဋိသန္ဓေနေတော်မူသောအခါ နိမိတ် ၃၂ပါး ဖြစ်ပေါ်လာသည်ကို နတ်များ ပြောသံကြား၊

မိမိ၏ အာယုသင်္ခါရကို ကြည့်ရာ ကုန်နေသည်ကို တွေ့၍ (အပဒါန် ဋ္ဌ၊ ကျမ်းဦးမှတ်ဖွယ်၊ အပဒါန်ပါဠိတော် မြန်မာပြန်ကျမ်း။ ယနေ့ဗုဒ္ဓ ဝါဒအမေးအဖြေ ၂၊ တည်တောဆရာတော်ကြီး)

ဟိမဝန္တာရှိ မဟာပဗ္ဗာတတောင်ယံမှ ကျောက်ဖျာပေါ်ရှိ ရှေးအရင် ပရိနိဗ္ဗာန်ပြုပြီးသော ပစ္စေက ဗုဒ္ဓါတို့၏ အရိုးတို့ကို ဖယ်၊ သစ်ခက်ဖြင့် လှည်းကာ (ရာဂ- တပ်စွန်းမှု၊ ဒေါသ၊ မောဟတို့ကို ပယ်စွန့်လျက် သံယောဇဉ် အနှောင်အဖွဲ့တို့ကို ဖြတ်တောက်ကာ အသက်ကုန်ဆုံးခြင်း၌ ထိတ်လန့်မှုမရှိသည့် ဖြစ်၍) ပရိနိဗ္ဗာန် ပြုတော်မူ၏။

**၄၁/၅၅၅** ဗာရာဏသီမင်းတပါးသည် မိမိ အသည်းအသံ နာမကျန်းဖြစ်သော် မိမိကို စွန့်ခွာ၍ တခြားမင်းထံစားပြီး ကျန်းမာလာသောအခါ ပြန်စားကြသည့် အမတ်တို့ကို ၃ကြိမ်တိုင် တွေ့မြင်ရ၊ စတုတ္ထအကြိမ်၌မူ ၎င်းအမတ်တို့ကို ငြီးငွေ့ကာ တော၌ ရဟန်းပြုကာ (မစင်ကြယ်သော လူတို့သည် ကိုယ်ကျိုးစီးပွားကိုသာ မြင်စွမ်းနိုင် သည့် ပညာ ရှိကုန်၏၊ ထိုသို့ သဘောရှိသောသူတို့မှ ငြီးငွေ့သည်ဖြစ်၍ သူတော်ကောင်းသည် ကြံ့ချိုပမာ တ ယောက်တည်း ကျင့်ရာ၏။) ဟု ကျူးရင့်၍ ပစ္စေကဗုဒ္ဓါ ဖြစ်တော်မူ၏။

၂။ ပစ္စေကဗုဒ္ဓါတို့၏ ဆုပေး (သုခသာမဏေရဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမိဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

| |
|---|
| “ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။<br>ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိဇောတိရသော ယထာ။” |

(ဣစ္ဆိတံ- အလိုရှိအပ်သော၊ ပတ္ထိတံ- တောင့်တအပ်သော ဆုမြတ်အပေါင်းသည်၊ တုယှံ- သင့်အား၊ ခိပ္ပမေဝ- လျင်စွာသာလျှင်)၊ သမိဇ္ဈတု- ပြည့်စုံစေသတည်း။ စန္ဒော ပန္နရသော ယထာ- ၁၅ရက် တက်ထွန်းသော လပြည့်ဝန်းကဲ့သို့၊ (သဗ္ဗေ- အလုံးစုံကုန်သော၊ သင်္ကပ္ပါ- အကြံကောင်းတို့သည်) ၊ ပူရေန္တု- ပြည့်စုံစေကုန် သတည်း။

(ဣစ္ဆိတံ ...) သမိဇ္ဈတု- ပြည့်စုံစေသတည်း။ မဏိဇောတိရသော ယထာ- ခပ်သိမ်းသောအလိုကို ပြီးစေနိုင်သော မဏိဇောတိရသ အမည်ရှိသော ပတ္တမြားကျောက်ကဲ့သို့၊ (သဗ္ဗေ ...) ပြည့်စုံစေ ကုန်သတည်း။

၁၉ **ပဉ္စာနန္တရိယကံ ၅ပါး** (ဥပရိပဏ္ဏာသပါဠိတော်။ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ)

၁ မာတုဃာတက- အမိရင်းကိုသတ်သူ၊ ၂ ပိတုဃာတက- အဖရင်းကိုသတ်သူ၊ ၃ အရဟန္တဃာ တက- ရဟန္တာကိုသတ်သူ၊ ၄ လောဟိတုပ္ပါဒက- ဘုရားအား သွေးစိမ်းတည်အောင်ပြုသူ၊ ၅ သံဃ ဘေဒက - သံဃာတော်ကို့အား ဂိုဏ်းအသင်းခွဲသူ။

၂၀ ပန်းခူးရင်း နတ်သမီးဘဝမှ စုတိစိတ်ကျပြီး သာဝတ္ထိပြည်သူဖြစ်၍ သား၄ယောက်ရကာ ကုသိုလ်ပြုတိုင်း ဇာတိဿရဉာဏ်ရသူ ဖြစ်သည့်အလျောက် ယခင်ဘဝမှ ခင်ပွန်းဖြစ်ခဲ့သူ နတ်သမီးတထောင် အခြံအရံရှိသော မာလာဘာရီနတ်သား၏ဇနီးဖြစ်ရကြောင်း ဆုတောင်းသဖြင့် ကွယ်လွန်သော် ဆုတောင်းအတိုင်း တာဝတိံသာနတ်ပြည်သို့ရောက်လျှင် နတ်သားနတ်သမီးတို့ သူစုတေစိတ်ကျတုန်းကကဲ့သို့ ပျော်မြူးနေကြဆဲတွေ့ရသူ နတ်သမီး (ပတိပူဇိက- အရှင်ကိုပူဇော်အပ်သည်၊ ပတိပူဇိကကုမာရီဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဂါထာ မြန်မာပြန်- ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တပြီး၊ ရပြီးသည်ကို တွယ်တာ၍ လွန်စွာကပ်ငြိစိတ်ရှိသော ကာမဂုဏ်တို့၌ မရောင့်ရဲနိုင်သူကို သေမင်းယုတ်သည် မိမိအလိုအတိုင်း ပြုနိုင်၏။

၂၁ ပယ်ခြင်း- ပဟာန ၅ပါး (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အံ ၄။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ တဒင်္ဂပဟာန်- မဟာကုသိုလ်တရားဖြင့် ပြုဆဲခဏ၌ ကိလေသာကို ထိုခဏမျှ ပယ်ခြင်း၊ ၂ ဝိက္ခမ္ဘနပဟာန်- ဈာန်၊ သမာဓိစသည့် မဟဂ္ဂုတ်ကုသိုလ်ဖြင့် အတန်ကြာအောင် ခွာသောအားဖြင့် ပယ်ခြင်း၊ ၃ သမုစ္ဆေဒပဟာန်- မဂ်ကုသိုလ်ဖြင့်အပြီး အကြွင်းမဲ့ ဖြတ်တောက်ပယ်ခြင်း၊ ၄ ပဋိပဿဒ္ဓိပဟာန်- ဖိုလ်တရားဖြင့် တဖန်ငြိမ်းစေသောအားဖြင့် ပယ်ခြင်း၊ ၅ နိဿရဏပဟာန်- နိဗ္ဗာနဓါတ်ဖြင့် အလုံးစုံသော ကိလေသာမှ လွတ်မြောက်ခြင်း၊ တွက်မြောက်သောအားဖြင့် ပယ်ခြင်း။

၂၂ **ပျက်စီးကြောင်း** ၅ ခု

၁။ ၃ပါး (အညတရကာလပုတ္တဝတ္ထု၊ မလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ လင်ကို လွန်ကျူး၍ကျင့်ခြင်းသည် မိန်းမ၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏၊

၂ နမြောဝန်တိုခြင်းသည် ပေးလှူသူ၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏၊

၃ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဤဘဝ၌၎င်း၊ တမလွန်ဘဝ၌၎င်း၊ ဧကန် ပျက်စီးကြောင်း အညစ်အကြေးမည်၏။

၂။ ၄ပါး (လာဠုဒါယီဝတ္ထု၊ မလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ စာပေကျမ်းဂန် အတတ်ပညာတို့သည် မရွတ်ဖတ် မသရဇ္ဈာယ်ခြင်းလျှင် (ပျက်စီးကြောင်း အညစ်အကြေးရှိ၏) ၊ ၂ အိမ်တို့သည် ကြောင့်ကြတစိုက် မပြုပြင်ခြင်းလျှင် (...) ၊ ၃ ပျင်းရိခြင်းသည် အဆင်းလှပခြင်း၏ (...)၊ ၄ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏။

၃။ ပျက်စီး / ဆုတ်ယုတ်ကြောင်းတရား ၆ပါး (ခုဒ္ဒကဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ အမှုကိစ္စတို့၌ မွေ့လျော်ခြင်း၊ ၂ စကားပြောဆိုမှု၌ မွေ့လျော်ခြင်း၊ ၃ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄ အပေါင်းအဖော်တို့နှင့် မွေ့လျော်ခြင်း၊ ၅ ဆိုဆုံးမခက်ခြင်း၊ ၆ မိတ်ဆွေယုတ်ရှိခြင်း။

၄။ ပျက်စီး / ဆုတ်ယုတ်ကြောင်းတရား ၈ပါး (ကုလသုတ်၊ ဂါမဏိသံယုတ်၊ သဠာယတနဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

(ပိဋကတ် - အနက်မှ - ပိဋကတ်တော်လာ ဘေး ၅ပါး - အနက်မှ - အပြစ် ၈ပါး) တွင် ကြည့်ပါ။

**၅။ ပျက်စီးဆုတ်ယုတ်ကြောင်း ၂၄ ပါး (ပရာဘဝသုတ်၊** ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တ ပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် နတ်သားတယောက် မေးမြန်း၍ ဟောတော်မူ၏။

၁ တရားကို လိုလားတောင့်တသူသည် ကြီးပွားရ၏၊ မလိုလား မတောင့်တ မုန်းတားသူသည် ပျက်စီးရ၏၊ ၂ သူယုတ်မာတို့ကို ချစ်ခင်မြတ်နိုး၏၊ ၃ သူတော်ကောင်းတို့ကို မချစ်ခင်၊ ၄ သူယုတ်မာတို့၏ တရားကို နှစ်သက်မြတ်နိုး၏၊ ၅ အိပ်စက်ငိုက်မြည်းလေ့ ရှိ၊ ၆ အပေါင်းဖော်၌ မွေ့လျော်၊ ၇ စကားပြောမှု၌ မွေ့လျော်၊ ၈ နိုးကြားထကြွမှု မရှိ၊ ပျင်းရိ၊ ၉ လျင်စွာ အမျက်ထွက်လေ့ရှိ၊ ၁၀ အိုမင်းသော အမိအဖတို့ကို ကျွေးမွေးနိုင်စွမ်းရှိလျက် မကျွေးမွေး၊ မပြုစု။

၁၁ ပြဟ္မဏ သမဏ ဖုန်းတောင်းယာစကာတို့ကို ပစ္စည်း ၄ပါးဖြင့် ဖိတ်ကြားပြီးဖြစ်လျက် မုသား ပြောဆို၍လှည့်ပတ်၊ ၁၂ များသောစည်းစိမ် စားဖွယ်ရှိလျက် ကောင်းမြတ်သောဘောဇဉ်ကို တယောက်တည်း စားသုံး၊ ၁၃ အမျိုးဇာတိမာန် ခက်တန်၊ ၁၄ ဥစ္စာနေ မာန်ရှိ၊ ၁၅ အနွယ်- ဂေါတ္တမာန် ရှိ၊ ၁၆ မိမိဆွေမျိုးကိုလည်း မထီမဲ့မြင်ပြု၊ ၁၇ မိန်းမကြူး၊ ၁၈ သေသောက်ကြူး၊ ၁၉ လောင်းကစားကြူးသည် ဖြစ်၍ ရတိုင်းရတိုင်းသောဥစ္စာကို ဖျက်ဆီး။

၂၀ မိမိမယားဖြင့် မရောင့်ရဲပဲ ပြည့်တန်ဆာမတို့၌ ပျော်ပါး၊ ၂၁ သူတပါးမယားတို့၌ ပြစ်မှား၊ ၂၂ အရွယ်လွန်ယောက်ျားသည် တည်သီးသဖွယ် ငယ်သောသားမြတ်ရှိ မိန်းမငယ်ကို အိမ်သူပြုပြီး ယောက်ျားတပါးအတွက် စိတ်မချ၍ မအိပ်နိုင်၊ ၂၃ ငါးအမဲစသော အစာတို့၌ မက်မောသော၊ ဥစ္စာကို စည်းကမ်းမဲ့ ဖရိုဖရဲပြုတတ်သောမိန်းမ သို့မဟုတ် ယောက်ျားကို အိမ်ထောင်ထိန်းအရာ၌ ထားခြင်း၊ ၂၄ ဥစ္စာနည်းပါးသော၊ စည်းစိမ်ဥစ္စာတို့၌ ကြီးသောတပ်မက်မှုရှိသော၊ မင်းမျိုး၌ ဖြစ်သောသူသည် မင်းအဖြစ်ကို တောင့်တခြင်း။

လောက၌ ဖြူစင်ကောင်းမြတ်၍ ဉာဏ်အမြင်နှင့် ပြည့်စုံသော ပညာရှိသည် ဤပျက်စီးဆုတ်ယုတ် ကြောင်းတို့ကို ဆင်ခြင်၍ ရှောင်ရှားနိုင်သောကြောင့် ချမ်းမြေ့အေးမြသော နတ်ပြည်သို့ ချဉ်းကပ်ရ၏။

**၂၃ ပျက်စီးခြင်းနှင့် ပြည့်စုံခြင်း ၂ ၃**

၁။ ပျက်စီးခြင်းနှင့် ပြည့်စုံခြင်း ၃မျိုး (ဝိပတ္တိသမ္ပဒါသုတ်၊ အာပါယိကဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သီလပျက်စီးခြင်း - ကာယကံ၊ ဝစီကံ ပျက်စီးခြင်း၊

၂ စိတ်၏ ပျက်စီးခြင်း - မနောကံ ပျက်စီးခြင်း ၂ပါး၊ ¹မက်မောခြင်း အဘိဇ္ဈာ၊ ²ပျက်စီးစေလိုစိတ်၊

၃ အယူ၏ ပျက်စီးခြင်း - ကောင်းမှု မကောင်းမှုမရှိ၊ အမိအဖ ပြုစု ကျိုးမရှိ။

အပြန် - ပြည့်စုံခြင်း ၃မျိုး။

၂။ ပျက်စီးခြင်း- **ဗျသနတရား ၅ပါး** နှင့် ပြည့်စုံခြင်း ၅မျိုး (ဗျသနသုတ်၊ ဂိလာနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဉ္စကဝါရ၊ ကေုတ္တရိကနယ၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ။ ခုဒ္ဒကဝိဘင်၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ အဆွေအမျိုးတို့၏ ပျက်စီးခြင်း၊ ၂ စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊ ၃ အနာရောဂါ နှိပ်စက်မှု (ကျမ်းမာခြင်း ပျက်စီးခြင်း)၊ ၄ အကျင့်သီလ၏ ပျက်စီးခြင်း၊ ၅ အယူ၏ ပျက်စီးခြင်း။

အပြန် - ပြည့်စုံခြင်း ၅မျိုး။

ပြည့်စုံခြင်း ၅မျိုး (သမ္ပဒါသုတ်၊ မုဏ္ဍရာဇဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)
၁ သဒ္ဓါ၏ ပြည့်စုံခြင်း၊ ၂ သီလ၏ ပြည့်စုံခြင်း၊ ၃ သုတ၏ ပြည့်စုံခြင်း၊ ၄ စာဂ၏ ပြည့်စုံခြင်း၊ ၅ ပညာ၏ ပြည့်စုံခြင်း။

၂၄ ပျင်းရိခြင်းအကြောင်း ၈ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ပြုရန်ကိစ္စရှိ၊ ပင်ပန်းလတ္တံ့ဟု အိပ်၊ ၂ ပြုပြီးကိစ္စရှိ၊ ပင်ပန်း၏ဟု အိပ်၊ ၃ ခရီးသွားရန်ရှိ၊ ပင်ပန်းလတ္တံ့ဟု အိပ်၊ ၄ ခရီးသွားပြီးပြီ၊ ပင်ပန်း၏ဟု အိပ်၊ ၅ ဆွမ်းပြည့်ပြည့်စုံစုံမရ၊ ပင်ပန်း၏ဟု အိပ်၊ ၆ ဆွမ်းပြည့်စုံ၊ ကိုယ်လေး၏ဟု အိပ်၊ ၇ အနည်းငယ်အနာရှိ၏ဟု အိပ်၊ ၈ အနာမှထ၏၊ အားမရှိဟု အိပ်။

၂၅ ပြင်းပြင်းထန်ထန် ကျင့်ကြံအားထုတ်နေသော ယောဂီတို့သည် မိမိကိုယ်ကို ဒုက္ခပွားများ ဆင်းရဲသွားအောင် ကျင့်ဆောင်အားထုတ်နေကြသော အတ္တကိလမထာနုယောဂသမားများ မမည်နိုင်ပေ။
(ဥပရိပဏ္ဏာသဋီကာ။ ဥပရိပဏ္ဏာသ ဋ္ဌ၊ ဒေဝဒဟသုတ်။ ပါရာဇိကဏ် ဋ္ဌ။ စွန်းလွန်းဝိပဿနာအမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း၊ ဖျာပုံတိုက်သစ်ဆရာတော် ဦးသြဘာသာဘိဝံသ)

ဥပရိပဏ္ဏာသ ဋီကာ

“နိယျာနိက သာသနသ္မိံ ဝီရိယန္တိ ဝံဝဋ္ဋသန္နိဿိတံ ကတွာ ပဝတ္တိယမာနံ ဝီရိယံ သရီရံ ဒေဒန္တံပိ သမ္မာဝါယာမော နာမ ဟောတိ ဉာယာရဒ္ဓဘာဝတော။”

နိယျာနိကသာသနာ၌ ဝီရိယဟူသည်ကား ဝဋ်ဒုက္ခမှထွက်ရာ နိဗ္ဗာန်ကိုသာ အမှီပြု၍ ဖြစ်စေအပ်သော အားထုတ်မှု လုံ့လဝီရိယမျိုးသည် ခန္ဓာကိုယ်ကြီး ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲစေကာမူ မဂ်ဖိုလ် နိဗ္ဗာန်ကို သိခြင်းငှါ အားထုတ်နေသောကြောင့် သတိပဋ္ဌာန်လာ နည်းမှန်တရားဝင်ဖြစ်သော သမ္မာဝါယာမ မဂ္ဂင်မည်သည်သာ။

ဥပရိပဏ္ဏာသ ဋ္ဌ၊ ဒေဝဒဟသုတ်

“တေ ဒုက္ခေန န အဒ္ဓဘာဝန္တိနာမ နိယျာနိက သာသနသမိံ ဟိ ဝီရိယံ သမ္မာဝါယာမော ဟောတိ။”

ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပဲ ထူးကဲပြင်းထန်သော လုံ့လဝီရိယဗိုလ်၊ ဝီရိယာဓိပတိတို့ဖြင့် အားရှိပါးရှိ သတိအမှတ်နှင့် ရှုရင်ရှုချင်သလိုသာရှုပါ၊ မှန်တာချည်းပဲဟု ဆိုသောစကားသည် အမှန်သာဖြစ်၏၊ နိဗ္ဗာန်ရည်မှန်း ထွက်ရပ်လမ်းမျှော် နိယျာနိကသာသနာတော်အတွင်း၌ ခုတင်၊ မောနေယျ စသည်များပြားမြင့်မြတ်သော အကျင့်တရားဖြင့် ဆင်းရဲပင်ပန်း တရကြမ်း ကြိုးစားအားထုတ်၍နေသော ဝီရိယ တရားသည် နိဗ္ဗာန်ရောက်ရန် ကောင်းမွန်ပေငြား သမ္မာဝါယာမ မဂ္ဂင်တရား မည်သည်သာလျှင်တည်း။

၂၆ ပြစ်မှားတတ်သူ၌ မရှိသောတရား ၄ပါး (ဒီပိဇာတ်၊ ကစ္စာနီဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

အကျဉ်းသာ။ အရှင်မဟာမောဂ္ဂလ္လာန်သည် တောင်များခြံရံအပ်သော ဂိရိဗ္ဗဇကျောင်း၌ သီတင်းသုံးတော်မူနေစဉ် အကြောင်း၌ လိမ်မာသော ဆိတ်ကုလားမတကောင်သည် သစ်မှလွတ်သွားသည့် အကြောင်းကို ဘုရားရှင်အား လျှောက်ထားခြင်းနှင့်စပ်၍ အတိတ်ရှေးကမှု ဘုရားလောင်းရသေ့သည် ထိုဆိတ်ကုလားမ၊ ထိုသစ်ကို နှလုံးနူးညံ့စေရန် ချိုသာသောစကားပြောစဉ်ပင် ကိုက်ခဲအစားခံရဘူးသည်ကို မြင်၍ဟု မိန့်တော်မူ၍ အောက်ပါဂါထာများကို ဇေတဝန်ကျောင်းတော်၌ ဟော။

“၁ ပြစ်မှားတတ်သောသူ၌ စကားဆိုကျိုး မရှိ၊ ၂ အကြောင်းသည် မရှိ၊ ၃ တရားသဘောသည် မရှိ၊ ၄ စကားကောင်းသည် မရှိ။

ပြစ်မှားတတ်သောသူ၌ လုံ့လကို အားထုတ်ရာ၏။ ထိုသူသည် စကားကောင်းကို မချစ်။”

၂၇ ပြည့်စုံခြင်း- သမ္ပဒါ ၂၈

၁။ သမ္ပဒါ ၅ပါး (သုတ်သီလက္ခန် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

သောကကင်း၍ ကောင်းသောပြည့်စုံခြင်း။ ၁ ဉာတိသမ္ပဒါ- ဆွေမျိုးတို့နှင့် ပြည့်စုံခြင်း၊ ၂ ဘောဂ သမ္ပဒါ - စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံခြင်း၊ ၃ အာရောဂျသမ္ပဒါ - အနာရောဂါကင်းခြင်း၊ ၄ သီလသမ္ပဒါ-

အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၅ ဒိဋ္ဌိသမ္ပဒါ- အယူဘာသာမှန်နှင့် ပြည့်စုံခြင်း။

၂။ သမ္ပဒါ ၈ပါး [ချမ်းသာစီးပွားကြောင်း (ပစ္စုပ္ပန်နှင့် တမလွန်လောက ၂ပါးစုံသောဘ၀တို၌) - အနက်မှ - အိမ်ထောင်သည် အမျိုးကောင်းသားများအဘို့ ၈ပါး - တွင် ကြည့်ပါ။]

## ၂၈ ပြိတ္တာဘုံသို့ ရောက်ရသည့်အကြောင်း သိမှတ်ဖွယ် အကုသိုလ်ဝတ္ထု ၄၃ ခု

(ဝိနည်းပိဋကမှ ၅+ ပေတဝတ္ထုမှ ၁၀+လက္ခဏသံယုတ်မှ ၂၁+ဓမ္မပဒမှ ၅ + တေဒဂ်ဝတ္ထုမှ ၂)= ပေါင်း ၄၃။ အခြားပြိတ္တာဝတ္ထုများသည်လည်း ပိဋကတ်တော်တဝှမ်း၌ ရှိပါသေးသည်။

၁။ ဝိနည်းပိဋကတ်မှ ၅ ဝတ္ထု

၁ ကဿပဘုရားရှင် သာသနာမှ ရဟန်းယုတ် (စတုတ္ထပါရာဇိကဝိနီတဝတ္ထုဖြတ်ထုံးများ၊ ပါရာဇိကဏ်ပါဠိတော်၊ ခု၊ ဝိ)

အရှင်မဟာမောဂ္ဂလ္လာန်အား ဂိဇ္ဈကုဋ်တောင်ပေါ်မှ အဆင်းတွင် ပြုံးခြင်းအကြောင်းကို အရှင်လက္ခဏကမေး၊ ကောင်းကင်၌သွားနေသော ရဟန်း၏ နှစ်ထပ်သင်္ကန်းကြီး သပိတ် ခါးပန်းကြိုး ခန္ဓာကိုယ်အားလုံး ပြောင်ပြောင်တောက်လောင်နေ၊ ထက်ဝန်းကျင်အလျှံနှင့်တကွ အရောင်အလင်းနှင့်တကွ ဖြစ်၊ နာကျင်သော အသံပြုနေ၊ ထိုရဟန်းပြိတ္တာသည် ကဿပဘုရားရှင်သာသနာမှ ရဟန်းယုတ် ဖြစ်ခဲ့ဘူးလေပြီ။

၂ ရာဇဂြိုဟ်ပြည်မှ ကုန်းတိုက်သူ (စတုတ္ထပါရာဇိကဝိနီတဝတ္ထုဖြတ်တုံးများ၊ ပါရာဇိကဏ်ပါဠိတော်၊ ခု၊ ဝိ)

အရှင်မဟာမောဂ္ဂလ္လာန်အား ဂိဇ္ဈကုဋ်တောင်ပေါ်မှအဆင်းတွင် ပြုံးခြင်းအကြောင်းကို အရှင်လက္ခဏကမေး၊ ကောင်းကင်၌သွားနေသော အပ်အမွေးပေါက်သော ယောက်ျားကိုတွေ့၊ အပ်တို့သည် ဦးခေါင်းသို့ဝင်၍ ခံတွင်းမှ ထွက်၊ ခံတွင်းသို့ဝင်၍ ရင်မှထွက်၊ ရင်သို့ဝင်၍ ဝမ်းမှထွက်၊ ဝမ်းသို့ဝင်၍ ပေါင်မှထွက်၊ ပေါင်သို့ဝင်၍ ခြေသလုံးမှထွက်၊ ခြေသလုံးသို့ဝင်၍ ခြေထောက်မှထွက်နေ၊ နာကျင်သောအသံပြု၊ ထိုယောက်ျားသည် ရာဇဂြိုဟ်မြို့နေ ကုန်းတိုက်သူတဦး ဖြစ်။

၃ ရာဇဂြိုဟ်ပြည်မှ ကောက်ကျစ်စဉ်းလဲသော ကျေးရွာလူကြီး (စတုတ္ထပါရာဇိကဝိနီတဝတ္ထုဖြတ်ထုံးများ၊ ပါရာဇိကဏ်ပါဠိတော်၊ ခု၊ ဝိ)

အရှင်မဟာမောဂ္ဂလ္လာန်အား ဂိဇ္ဈကုဋ်တောင်ပေါ်မှအဆင်းတွင် ပြုံးရခြင်းအကြောင်းကို အရှင်လက္ခဏက မေး၊ ကောင်းကင်၌သွားနေသော အိုးပမာဏ ဝှေးစေ့ရှိသော ယောက်ျားတဦးကိုမြင်၊ ထိုယောက်ျားသည် သွားသောအခါ ထိုဝှေးစေ့ကို ပခုံးပေါ်တင်၍သွား၊ တိုင်သောအခါ ထိုဝှေးစေ့ပေါ်၌ ထိုင်၊ လင်းတ ကျီး ငှက်စွန်ရဲတို့က ထိုးဆိတ်ဖေါက်ခွဲကြ၊ နာကျင်သောအသံပြု၊ ထိုယောက်ျားသည် ရာဇဂြိုဟ်မြို့နေ ကောက်ကျစ်စဉ်းလဲသော ကျေးရွာလူကြီး ဖြစ်ခဲ့။

၄ ရာဇဂြိုဟ်ပြည်မှ နတ်ကတော် (စတုတ္ထပါရာဇိကဝိနီတဝတ္ထုဖြတ်တုံးများ၊ ပါရာဇိကဏ်ပါဠိတော်၊ ခု၊ ဝိ)

အရှင်မဟာမောဂ္ဂလ္လာန်အား ဂိဇ္ဈကုဋ်တောင်ပေါ်မှ အဆင်းတွင် ပြုံးရခြင်းအကြောင်းကို အရှင်လက္ခဏ က မေး၊ ကောင်းကင်၌သွားနေသော ကိုယ်နံ့မကောင်းပဲ အရုပ်ဆိုးသောမိန်းမတဦးကိုတွေ့၊ လင်းတ ကျီး ငှက်စွန်ရဲတို့က ထိုးဆိတ်ဖေါက်ခွဲနေကြ၊ နာကျင်သောအသံပြု၊ ထိုမိန်းမသည် ရာဇဂြိုဟ်မြို့မှ နတ်ကတော်တဦး ဖြစ်ဘူးခဲ့။

၅ ရာဇဂြိုဟ်ပြည်မှ သူ့သားမယား သွားလာသူ (စတုတ္ထပါရာဇိကဝိနီတဝတ္ထုဖြတ်တုံးများ၊ ပါရာဇိကဏ်ပါဠိတော်၊ ခု၊ ဝိ)

အရှင်မဟာမောဂ္ဂလ္လာန်အား ဂိဇ္ဈကုဋ်တောင်ပေါ်မှ အဆင်းတွင် ပြုံးရခြင်းအကြောင်းကို အရှင်လက္ခဏက မေး၊ မစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်နေသောယောကျ်ားကိုတွေ့၊ ထိုယောကျ်ားသည် ရာဇဂြိုဟ်မြို့၌ နေသူဖြစ်ပြီး သူတပါးမယားကို သွားလာကျူးလွန်သူတဦး ဖြစ်ခဲ့။

၂။ ပေတဝတ္ထုမှ ၁၀ ဝတ္ထု

၁/၆ ကြံကို နောက်ပြန်ပေးခဲ့ခြင်း (ဥစ္ဆုပေတဝတ္ထု၊ မဟာဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) ပြိတ္တာက 'အကျွန်ုပ်၏ များပြားကြီးကျယ်သောကြံတောမှ သုံးဆောင်ရန် လုံ့လပြုသောအခါ သံလျက်နှင့်တူသောကြံရွက်တို့သည် အကျွန်ုပ်ကို ဖြတ်အပ်၏၊ ဆာလောင်၍ ပင်ပန်းပါ၏၊ ရေမွတ်သိပ်လှပါ၏။' မထေရ်က 'သင်သည် ကြံကို ခဲစား၍သွားစဉ် ယောကျ်ားတယောက်သည် နောက်ကအစဉ်လိုက်ပြီး ကြံအနည်းငယ် တောင့်တလျက် ပြော၏၊ သင်သည် စကားတစုံတရာမျှ မပြောဆိုပဲ ကြံကို နောက်ပြန်ပေးခဲ့၏၊ သင်သည် ကြံကို နောက်ပြန်ယူလော့၊ ခဲစား၍ နစ်လိုဝမ်းမြောက်ရလတ္တံ့။'၊ ပြိတ္တာသည် ဆိုတိုင်းပြု၍ ဝမ်းမြောက်ရ၏။

၂/၇ နှုတ်မစောင့်စည်းခြင်း၏ မကောင်းကျိုး (သူကရ- ဝက်၊ မုခ- မျက်နှာ၊ သူကရမုခပေတဝတ္ထု၊ ဥရဂဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ထွန်းလင်းတောက်ပသောရွှေကိုယ်နှင့် မျက်နှာမှာ ဝက်ဖြစ်နေသောပြိတ္တာကို အရှင်နာရဒက ရှေးအကြောင်းကို မေး၊ ရှေးဘဝက ကိုယ်ဖြင့် စောင့်စည်းသူဖြစ်ခဲ့ပြီး နှုတ်မစောင့်စည်းခဲ့ပါ။

၃/၈ နှုတ်မစောင့်စည်းသည့်အပြင် ကုန်းတိုက်ခဲ့သောရဟန်း (ပူတိ- ပုပ်နံစော်သော၊ မုခ- မျက်နှာ၊ ပူတိမုခပေတဝတ္ထု၊ ဥရဂဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကောင်းကင်၌တည်၍ နတ်၏တင့်တယ်သော အဆင်းရှိသော်လည်း ပိုးလောက်တို့စားနေပြီး အပုပ်နံ့လှိုင်သော ခံတွင်းရှိသောပြိတ္တာကို အရှင်နာရဒကမေးသဖြင့် ပြိတ္တာက ရှေးအကြောင်းကို- ရှေးက ကြမ်းသော

စကားရှိသော ရဟန်းတပါးဖြစ်ခဲ့ပြီး နှုတ်မစောင့်ခဲ့ပါ၊ ခြိုးခြံသော ရဟန်းအကျင့်ရှိ၊ ကုန်းတိုက်ခဲ့ခြင်းကြောင့် ခံတွင်းပုပ်ရ၏။

၄/၉ ပုထိုးကို ပူဇော်ခြင်းအား တားမြစ်ခဲ့မှု (ဓါတုဝိဝဏ္ဏပေတဝတ္ထု၊ စူဠဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာကဿပက ကောင်းကင်၌တည်၍ ကိုယ်နှင့်ခံတွင်းမှ အပုပ်နံ့လှိုင်ကာ ခံတွင်းကို ပိုးလောက်တို့ ခဲစားနေပြီးလျှင် ကံနှိုးဆော်အပ်သူတို့က ဆားငံရေလောင်းစွတ်ပြီး လက်နက်ဖြင့် အဖန်ဖန် လှီးဖြတ်ခံနေရသော ပြိတ္တာကိုမေး၍ "အကျွန်ုပ်သည် ရာဇဂြိုဟ်မြို့၌ အလွန်များသော ဥစ္စာစပါးကို အစိုးရသူ ဖြစ်ခဲ့၊ မယား သမီး ချွေးမ အိမ်သူအိမ်သားတို့သည် ပန်း၊ ကြာနှင့် အသစ်ဖြစ်သောနံ့သာပျောင်းကို ပုထိုးသို့ပူဇော်ရန် ဆောင်ယူသည်ကို တားမြစ်မိခဲ့၊ မြတ်စွာဘုရား ဓါတ်တော်ထားရာပုထိုးကို ရည်မှတ်၍ ပူဇော်ခြင်းငှါ ပွဲလမ်းသဘင်ဖြစ်သည်ရှိသော် အကျွန်ုပ်ကဲ့သို့သော အကြင်ပုဂ္ဂိုလ်တို့သည် ဓါတ်တော်ထားရာပုထိုးကို ပူဇော်ခြင်း၌ အပြစ်ဒေါသကို ပြကုန်၏။

အသီးသီး ခံစားအပ်သော၊ ဆင်းရဲဝေဒနာရှိသော၊ စသောင်းဖြထောင်သော အကျွန်ုပ်တို့သည် ဓါတ်တော်ထားရာပုထိုးကို ပူဇော်ခြင်းအား ကဲ့ရဲ့မိကြ၍ ပြင်းစွာဆင်းရဲသော ငရဲနှင့်တူသော ပြိတ္တာဘုံ၌ ပြင်းထန်စွာ ခံနေရ၏။"

၅/၁၀ ဘုရားရှင်နှင့်သံဃာတော်များအလို့ငှါ စီရင်ထားသော ဆွမ်းဘောဇဉ်များကို အဦးစားခဲ့သူများသည် ၉၂ကမ္ဘာလုံး ငရဲဘုံ၌ လူးလာသွားကာ ဤဘဒ္ဒကမ္ဘာဝယ် ကဿပဘုရားရှင် လက်ထက် ကတည်းက ပြိတ္တာ ဖြစ်နေကြသည်။ (သေခြင်း / သေမင်း / သေသူ - အနက်မှ - သေသူကိုရည်စူး၍ ပေးလှူအပ်သောအလှူ - အနက်မှ - သေသူကို ရည်စူး၍ ပေးလှူအပ်သောအလှူသည် ဆွေမျိုးပြိတ္တာတို့ထံသို့ မိုးရေစီးဆင်းသည့်ပမာ ကောင်းကျိုးဖြစ်စေနိုင်ကြောင်း) ကို ကြည့်ပါ။

၆/၁၁ ရဟန်းတို့ကို ဆဲရေးခဲ့သူနှင့် ၎င်း၏ဆရာ ဝန်တိုမှုများပြီး သမဏပြဟ္မဏတို့ကို ဆဲရေးခဲ့သော ရဟန်း (ဂူထ- ကျင်ကြီး၊ ခါ ဒက- ခဲစားသူ၊ ဂူထခါဒကပေတဝတ္ထု၊ မဟာဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်သည် သူတပါးတို့ စွန့်သောကျင်ကြီးသည် အစာဘောဇဉ်ဖြစ်သော ကျင်ကြီးတွင်းမှ တက်လာပြီး အထီးကျန်ဆင်းရဲ ပြိတ္တာယောက်ျားကို အကြောင်းမေးရာ- "မစ္ဆရိယရှိသူ ရဟန်း၏စကားကို ကြားရသောကြောင့် ရဟန်းတို့ကို ဆဲရေးခဲ့၊ အဆွေခင်ပွန်းမဟုတ်ပဲ အဆွေခင်ပွန်းအသွင်ဖြင့် အိမ်သို့မပြတ်ကပ်ရောက်သော ပညာမဲ့ရဟန်းသည် အကျွန်ုပ်၏ကျောင်း၌နေသော ကျောင်းထိုင်ရဟန်းဖြစ်၏။"

ထိုရဟန်း၏လားရာကို အရှင်မဟာမောဂ္ဂလ္လာန်က မေးရာ- "ငြူစူတတ်သော၊ ဒါယကာ၌ဝန်တိုသော၊ သူတပါးပေးလှူသည်ကို တားမြစ်သောအားဖြင့် ကြမ်းတမ်းသော မစ္ဆရိယရှိသော၊ သမဏပြဟ္မဏတို့ကို ဆဲရေးသော ထိုရဟန်းသည် အကျွန်ုပ်အိမ်၌ ပစ္စည်းတပ်မက်သောစိတ်ဖြင့် မပြတ်ဝင်ထွက်ပါ၏၊ ၎င်းသည် ရဟန်းပြိတ္တာဖြစ်ကာ အကျွန်ုပ်သည် ယုတ်မာသော မကောင်းမှုရှိသော ထိုရဟန်း၏ ဦးခေါင်းထက်၌ တည်၏၊ ထိုရဟန်းပြိတ္တာသည် အကျွန်ုပ်၏အလုပ်အကျွေးသာလျှင်ဖြစ်၏၊ အကျွန်ုပ်စွန့်ပစ်အပ်သောကျင်ကြီးကို စားသောက်မှီခိုလျက် အသက်မွေးရ၏။"

ဂူထခါဒကပေတိဝတ္ထု - ပြိတ္တာမ၊ အထက်ပါဝတ္ထုအတိုင်း။

၇/၁၂ လူတို့မေ့ကျန်ခဲ့သော ပဲဝက်မျှသောဥစ္စာကို ရှာမှီးခြင်း (သေရိဏီပေတိဝတ္ထု၊ စူဠဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အလွန်ကြုံလှီ၍ နံရိုးပြိုင်းပြိုင်းထွက်သော၊ အဝတ်မပါပဲ စက်ဆုပ်ရွံ့ရှာဖွယ် အဆင်းရှိသောပြိတ္တာမကို တွေ့၍ ဥပါသကာက မည်သူနည်း၊ မည်သည့်အကြောင်းကြောင့် ဤသို့ဖြစ်ရသနည်းဟုမေး၍ ဖြေ၊

"အရှင် အကျွန်ုပ်သည် ယမမင်းနိုင်ငံ ပြိတ္တာဘုံမှ ပြိတ္တာမတဦးဖြစ်ပါ၏၊ အကျွန်ုပ်သည် အပိတ်အပင်မရှိသော ရေဆိပ်စသည်တို့၌ လူတို့မေ့လျော့ကျန်ရစ်ခဲ့သော ပဲဝက်မျှသောဥစ္စာကိုလည်း ရလိုရငြား ရှာမှီးခဲ့ပါ၏၊ လှူဖွယ်ဝတ္ထုတို့ ရှိပါကုန်သော်လည်း မိမိ၏ မှီခိုရာ ကိုင်းကျွန်းသဖွယ်ဖြစ်သော ဒါနကို မပြုလုပ်ခဲ့ပါ။ အကျွန်ုပ်သည် ရေမွတ်သိပ်၍ မြစ်သို့ကပ်သော် စီးနေသောမြစ်သည် ရေမရှိပဲ အချည်းနှီးဖြစ်၏၊ ပူသောကာလ၌ အရိပ်ရှိရာ ချဉ်းကပ်သော် နေပူဖြစ်၏၊ လေသည် မီးကဲ့သို့ပူ၍ တိုက်ခတ်ပါ၏။"

ထိုဥပါသကာကို ပြိတ္တာမက ဟတ္ထိနိမြို့ရှိ ၎င်း၏အမိထံသို့ သွားရောက်၍ ၎င်း၏သမီး ပြိတ္တာမကို ကိုယ်ထိုင်တွေ့မြင်ခဲ့ကြောင်း၊ မြှုပ်ထားသောဥစ္စာရှိရာကို ပြောကြား၍ အလှူကို ပေးလှူစေကာ အလှူ၏အဖို့ကို လည်း ၎င်းအားရည်ညွှန်းပေးဝေစေပြီး အမိအားလည်း အသက်မွေးမှုဖြစ်စေကြောင်း မှာကြားလိုက်ကြောင်း ပြောကြားစေ၏၊ ဥပါသကာသည် ဆိုတိုင်းပြု၍ ပြိတ္တာမနှင့် ပြိတ္တာမ၏အမိတို့ ချမ်းသာကြ၏။

၈/၁၃ ဝန်တိုပြီး သမဏ၊ ဗြာဟ္မဏတို့ကို ဆဲရေးခဲ့သော အမိနှင့်အဖ (နာဂပေတဝတ္ထု၊ ဥရဂဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သာမဏေကမေး၍ ငိုကြွေးသောမျက်နှာဖြင့် တင်းပုတ်လက်စွဲကာ အချင်းချင်းရိုက်ပုတ်ခြင်းကြောင့် ကွဲပြတ်ပျက်စီးသောကိုယ်မှ ယိုစီးကျသော ပြည်သွေးကို သောက်နေကြရသော်လည်း မတင်းတိမ်မရောင့်ရဲပဲ ဆာလောင်မွတ်သိပ်နေသော ခုပ္ပိပါသပြိတ္တာဘုံရောက် ပြိတ္တာလင်မယားက ရှေးအကြောင်းများ ပြောပြ၊

သားကြီးက အလှူဒါနထို့ကို ပေးလှူခဲ့၍ ချမ်းသာဝမ်းမြောက်စွာဖြင့် ကုဥ္စရဆင်ဖြူနှင့် ရှေ့ကသွား၊ သားလတ်က ဝန်မတိုပဲ ပေးလှူခဲ့၍ တင့်တယ်စွာဖြင့် အဿထိုရ်မြင်း ၄ကောင်ကသောရထားဖြင့် အလယ်ကသွား၊ သမင်မငယ်မျက်စိကဲ့သို့ နူးညံ့သောမျက်စိရှိသော ပညာရှိသမီးငယ်က မိမိရသောအဖို့မှ ထက်ဝက်

အဖို့ကိုပေးလှူ၍ ချမ်းသာစွာဖြင့် ထမင်းစင်နှင့်နောက်ကသွား၊ သားသမီး၃ယောက်တို့သည် သမဏ ဗြာဟ္မဏ တို့အား ကြည်လင်သောစိတ်ရှိ၍ အလှူတို့ကို ပေးလှူခဲ့၊ အကျွန်ုပ်တို့သည် များမြတ်သော စည်းစိမ်ရှိသူတို့ ဖြစ်ကြပါလျက် ချမ်းသာကြောင်းဖြစ်သော ကုသိုလ်မပြုပဲ ဝန်တိုမှုမစ္ဆရိယရှိသူများဖြစ်ကြကာ သာမဏ ဗြာဟ္မဏတို့ကို ဆဲရေးခဲ့သောကြောင့် ပြိတ်သော ကျူပင်ကဲ့သို့ ခြောက်သွေ့ကြရ၏။

၉/၁၄ <u>အမိကိုညှဉ်းဆဲသူ၊ ကောက်ကျစ်သောကုန်သည်၊ မုသားဆိုသူချွေးမနှင့် မလှူခဲ့သူ ၄ဦး</u> (ဘုသ-စပါးဖျင်း၊ ဘုသပေတဝတ္ထု၊ စူဠဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်မေး၍ မစင်မကြယ် မနှစ်သက်ဖွယ် မစင်ကို စားနေသောပြိတ္တာမက "ဤ ၄ယောက် တွင် ၁ သလေးစပါး၏ ရဲရဲတောက်သော စပါးဖျင်းတို့ကို မိမိခေါင်းပေါ်၌ ကြဲဖြန့်နေသူသည် ရှေးဘဝက သားဖြစ်ခဲ့၊ အမိကို ညှဉ်းဆဲခဲ့သူဖြစ်၊ ၂ သံတင်းပုတ်ဖြင့် မိမိဦးခေါင်းကို ရိုက်နက်ဖြတ်ခွဲနေသူသည် ရှေး ဘဝက လင်ဖြစ်သူ ကောက်ကျစ်စဉ်းလဲသော ကုန်သည်ဖြစ်ခဲ့၊ ၃ မိမိအသွေးအသားကို စားနေသောမိန်းမ သည်ကား အသားတို့ကို ခိုးစားမိပါလျက် မစားရပါဟု မုသားဆို၍ လှည့်ပတ်ခဲ့သောချွေးမ ဖြစ်ခဲ့သည်။

၄ ကောင်းသောအနံ့ရှိသော သလေးထမင်းသည် အကျွန်ုပ်အတွက် မစင်အဖြစ်သို့ ပြောင်း၏၊ မကောင်းသောအနံ့ရှိပြီး ပိုးလောက်တို့ဖြင့် မစင်တို့ကို စားရ၏၊ သောက်ရ၏၊ အကျွန်ုပ်သည် အိမ်အစိုးရသူ အိမ်ရှင်မဖြစ်၍ စည်းစိမ်ဥစ္စာရှိလျက် လျှို့ဝှက်ခဲ့ပါ၏၊ တစုံတခုမျှလည်း သူတပါးအား မလှူခဲ့၊ ဤဥစ္စာသည် ငါ့အိမ်၌မရှိ၊ ရှိလျက် လျှို့ဝှက်ခဲ့ပါမူ ငါ၏စားဖွယ်သည် မစင်ဖြစ်ပါစေဟု မုသားစကားဖြင့် ဖုံးလွှမ်းပြောဆို ခဲ့၏။"

၁၀/၁၅ <u>အမျက်ဒေါသကြီးပြီး လင့်အပေါ်၌ မရိုသေခဲ့သူ</u> (နန္ဒာပေတိဝတ္ထု၊ ဥဗ္ဗရိဝဂ်၊ ပေတဝတ္ထု ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လင်ဟောင်းနန္ဒိသေနကမေး၍ မည်းနက်သောအဆင်း၊ စက်ဆုပ်ဖွယ်ပုံပန်း၊ ကြမ်းတမ်းသောကိုယ်၊ ကြောင်သော မျက်စိ၊ ကြဲသောသွားတို့နှင့် ကြောက်ဖွယ်အမြင်ရှိသော ပြိတ္တာမက "ရှေးဘဝက သင့်မယား နန္ဒာပါတည်း၊ အမျက်ဒေါသကြီး၍ ကြမ်းတမ်းသောစကားဆိုခဲ့၊ လင့်အပေါ်၌ မရိုသေပဲ လင်ကို မကောင်း သောစကား ဆိုခဲ့သည်။" "ငါ သင့်ကို အပေါ်ရုံ အဝတ်ပုဆိုးပေးအံ့။" "မရပါ ၊ သီလနှင့် ပြည့်စုံသော ရဟန်းတို့ကို ထမင်းအဖျော်ဖြင့် နှစ်သိမ့်ရောင့်ရဲစေ၍ အလှူအဖို့ကို အကျွန်ုပ်အား ရည်ညွှန်းပေးဝေ ပါလော့။"

ဆိုသည့်အတိုင်း ထမင်း၊ အဖျော်၊ ခဲဖွယ်၊ အဝတ်၊ ကျောင်း၊ အိပ်ရာနေရာ၊ ထီး၊ နံ့သာပန်း၊ ဘိနပ်ဟူသော ဒါနမျိုးကို ကြဲချလှူဒါန်းမှုပြု၍ အဖို့ပေးဝေ၏၊ "ထွန်းလင်းတောက်ပ၍ စင်ကြယ်သောကိုယ်၊ မြတ်သောပုဆိုး၊ ဆန်းကြယ်သော အဝတ်တန်ဆာတို့ဖြင့် ဘေးမရှိပဲ မွေ့လျော်ရ၏၊ သူကြွယ်၊ ဆွေမျိုးတို့နှင့် ကြာမြင့်စွာ အသက်ရှင်ပါစေလော့၊ အလှူဒါနပေးလှူ၍ မဈေရအညစ်အကြေးကို အမြစ်ပါနုတ်ပြီး နတ်ပြည် ဝသဝတ္တီနတ်နေရာဘုံသို့ ကပ်ရောက်ပါစေ။"

၃။ လက္ခဏသံယုတ်မှ ၂၁ ဝတ္ထု = ပဌမဝဂ်မှ ၁၀ + ဒုတိယဝဂ်မှ ၁၁

၁၆ - ၂၅ ပဌမဝဂ်၊ လက္ခဏသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက - ၌ လာရှိသော ပြိတ္တာ ၁၀မျိုး။

၁/၁၆ ရာဇဂြိုဟ်ပြည်၌ နွားသတ်သမား (အဋ္ဌိ- အရိုး၊ အဋ္ဌိသုတ်၊ [ပဌမဝဂ်၊ လက္ခဏသံယုတ်၊ နိဒါန ဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက])

(ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်ပေါ်မှဆင်းလာရာတွင် အရှင်မဟာမောဂ္ဂလ္လာန်မထေရ် ပြုံးတော်မူ၏။ အကြောင်းကို အရှင်လက္ခဏကမေးရာ ဘုရားရှင်ထံတော်မှောက်ရောက်မှမေးရန် မိန့်တော်မူ၏။ ဆွမ်းကိစ္စပြီး၍ ဘုရားရှင်ရှိရာ ကျောင်းတော်သို့ ရောက်သောအခါ အရှင်လက္ခဏက မေးသည်တွင် ထိုးဆိတ်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ အရှင်မဟာမောဂ္ဂလ္လာန်က တောင်ပေါ်မှအဆင်းတွင် တွေ့မြင်ရသည်ကို ဘုရားရှင်အား လျှောက်ထားသည်။)

ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤအရိုးစုပြိတ္တာအား လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့က လိုက်၍လိုက်၍ နံရိုးအကြားတို့၌ နွားသတ်သမားဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသောနှစ်တို့ ပတ်လုံးကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၂/၁၇ ရာဇဂြိုဟ်ပြည်၌ နွားသတ်သမား (ပေသိသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤအသားတစ်ပြိတ္တာကို လင်းတ၊ ကျီးငှက်၊ စွန်ရဲ တို့က လိုက်၍လိုက်၍ နံရိုးအကြားတို့၌ ထိုးဆိတ်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ နွားသတ်သမားဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၃/၁၈ ရာဇဂြိုဟ်ပြည်၌ ငှက်မုဆိုး (ပိဏ္ဍသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤအသားတုံးပြိတ္တာကို လင်းတ၊ ကျီးငှက်၊ စွန်ရဲ တို့က လိုက်၍ လိုက်၍ နံရိုးအကြားတို့၌ ထိုးဆိတ်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံပြုသည်ကို မြင်ဖူး ခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ ငှက်မုဆိုးဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသောနှစ်တို့ ပတ်လုံးကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၄/၁၉ ရာဇဂြိုဟ်ပြည်၌ ဆိတ်သတ်သမား (နိစ္ဆဝိသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤအရေမရှိ ယောက်ျားပြိတ္တာကို လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့က လိုက်၍ လိုက်၍ နံရိုးအကြားတို့၌ ထိုးဆိတ်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံ

ပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ ဆိတ်သတ်သမားဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၅/၂၀ ရာဇဂြိုဟ်ပြည်၌ ဝက်သတ်သမား (အသိလောမသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤသန်လျက်မွေးပေါက်သော ယောက်ျားပြိတ္တာကို ထို သန်လျက်မွေးတို့က ပျံတက်၍ ထိုပြိတ္တာ၏ကိုယ်၌ပင် ကျရောက်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံ ပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ ဝက်သတ်သမားဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၆/၂၁ ရာဇဂြိုဟ်ပြည်၌ သားသတ်သမား (သတ္တိသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤလှံမွေးပေါက်သော ယောက်ျားပြိတ္တာကို ထိုလှံ မွေးတို့က ပျံတက်၍ ထိုပြိတ္တာ၏ကိုယ်၌ပင် ကျရောက်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံ ပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ သားသတ်သမားဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟော တော်မူ၏။

၇/၂၂ ရာဇဂြိုဟ်ပြည်၌ လက်မရွံ့ အာဏာသား (ဥသုလောမသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤမြှားမွေးပေါက်သော ယောက်ျားပြိတ္တာကို တိုမြှား မွေးတို့က ပျံတက်၍ ထိုပြိတ္တာ၏ကိုယ်၌ပင် ကျရောက်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံ ပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ လက်မရွံ့အာဏာသား ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၈/၂၃ ရာဇဂြိုဟ်ပြည်၌ ရထားထိန်း (သူစိလောမသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤအပ်မွေးပေါက်သော ယောက်ျားပြိတ္တာကို ထိုအပ်မွေးတို့က ပျံတက်၍ တိုပြိတ္တာ၏ကိုယ်၌ပင် ကျရောက်ကြရာ ထိုပြိတ္တာသည် နာကျင်သောအသံ ပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ ရထားထိန်း ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသောနှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟော တော်မူ၏။

၉/၂၄ ရာဇဂြိုဟ်ပြည်၌ ကုန်းတိုက်သူ (ဒုတိယသူစိလောမသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤအပ်မွေးပေါက်သော ယောကျာ်းပြိတ္တာကို ထိုအပ်မွေးတို့သည် ဦးခေါင်းမှဝင်၍ ခံတွင်းမှထွက်၏၊ ခံတွင်းမှဝင်၍ ရင်မှထွက်၏၊ ရင်မှဝင်၍ ဝမ်းပိုက်မှထွက်၏၊ ဝမ်းပိုက်မှဝင်၍ ပေါင်တို့မှထွက်၏၊ ပေါင်တို့သို့ဝင်၍ ခြေသလုံးတို့မှထွက်၏၊ ခြေသလုံးတို့သို့ဝင်၍ ခြေဖဝါးတို့မှ ထွက်၏၊ တိုပြိတ္တာသည် နာကျင်သောအသံ ပြုသည်ကို မြင်ဖူးခဲ့သည်၊ တိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ ကုန်းတိုက်သူ ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၁၀/၂၅ ရာဇဂြိုဟ်ပြည်၌ စဉ်းလဲကောက်ကျစ်သော တရားသူကြီး (ကုမ္ဘဏ္ဍသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ကောင်းကင်၌သွားသော ဤအိုးပမာဏမျှ ဝှေးစေ့ရှိသော ယောကျာ်းပြိတ္တာသည် သွားသော် ထိုဝှေးစေ့ကို ပခုံး၌ တင်၍သွားရ၏၊ ထိုင်သော် တိုဝှေးစေ့၌သာလျှင် ထိုင်ရ၏၊ ထိုပြိတ္တာကို လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့က လိုက်၍ တိုးဆိတ်ကြရာ တိုပြိတ္တာသည် နာကျင်သောအသံ ပြုသည်ကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ စဉ်းလဲကောက်ကျစ်သော တရားသူကြီး ဖြစ်ခဲ့သည်၊ တိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသောနှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၂၆ - **၃၆** ဒုတိယဝဂ်၊ လက္ခဏသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက - ၌ လာရှိသော ပြိတ္တာ ၁၁မျိုး။

၁/၂၆ ရာဇဂြိုဟ်ပြည်၌ သူတပါးမယား ကျူးလွန်သူ [သသီသကသုတ်၊ (ဒုတိယဝဂ်၊ လက္ခဏသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)]

(...) ဘုရားရှင်ကလည်း ဤမစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်နေသော ယောကျာ်းပြိတ္တာကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ သူတပါးမယား ကျူးလွန်သူ ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၂/၂၇ ရာဇဂြိုဟ်ပြည်မှ ပုဏ္ဏားပျက် (ဂူထခါဒသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤမစင်တွင်း၌ ဦးခေါင်းနှင့်တကွ နစ်မြုပ်နေ၍ လက် ၂ဖက်တို့ဖြင့် မစင်ကို စားနေသော ယောကျာ်းပြိတ္တာကို မြင်ဖူးခဲ့သည်၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏားပျက် ဖြစ်ခဲ့သည်၊ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းသံဃာတော်တို့ကို ဆွမ်းစားဖိတ်ပြီး၍ စားကျင်း၌ မစင်များဖြင့် ပြည့်စေလျက် အရှင်တို့ အလိုရှိတိုင်း စားလော့၊ ဆောင်လည်း ဆောင်ကုန်လော့ဟု ဆိုခဲ့၏၊

ထိုကံ၏ အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၃/၂၈ ရာဇဂြိုဟ်ပြည်၌ လင်ကိုလွန်ကျူး၍ ကျင့်သောမိန်းမ (နိစ္ဆဝိတ္ထိသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤကောင်းကင်သွား အရေမရှိ မိန်းမပြိတ္တာကို မြင်ဖူးခဲ့သည်၊ ထိုပြိတ္တာမကို လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့က လိုက်၍ ထိုးဆိတ်ကြရာ နာကျင်သောအသံကို ပြု၏၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ လင်ကို လွန်ကျူး၍ကျင့်သောမိန်းမ ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၄/၂၉ ရာဇဂြိုဟ်ပြည်၌ နတ်ဝင်သည်မ (မင်္ဂုလိတ္ထိသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤကောင်းကင်သွား အနံ့မကောင်း အရုပ်ဆိုးသော ပြိတ္တာမကို လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့က လိုက်၍ ထိုးဆိတ်ကြရာ နာကျင်သောအသံကို ပြုသည်ကို မြင်ဖူးခဲ့၏၊ လိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ နတ်ဝင်သည်မ ဖြစ်ခဲ့သည်၊ တိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏ အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၅/၃၀ လင်တူမိန်းမကို မီးကျီးအိုးကင်းဖြင့် လောင်းခဲ့သော မိဖုယားခေါင်ကြီး (ဩကိလိနီသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤကောင်းကင်သွား ထက်ဝန်းကျင် မီးခဲတဖွားဖွားကျ၍ မီးကျီးပုံ၌ လူးလိမ့်ခံနေရသော၊ မီးလောင်ဖုတ်တို့မှ အရည်တစက်စက် ယိုထွက်နေသော ပြိတ္တာမကို မြင်ဖူးခဲ့၏၊ ထိုသတ္တဝါသည် ကလိင်္ဂမင်း၏ မိဖုယားခေါင်ကြီး ဖြစ်ခဲ့ဖူး၏၊ သူမသည် ငြူစူခြင်းဖြင့် နိုပ်စက်ရကား လင်တူမိန်းမကို မီးကျီး အိုးကင်းဖြင့် လောင်းခဲ့၏၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏ အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၆/၃၁ ရာဇဂြိုဟ်ပြည်၌ ဟာရိကခေါ် ခိုးသူသတ်ယောက်ျား (အသီသကသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤကောင်းကင်သွား ဦးခေါင်းမပါ ကိုယ်သာရှိသော ရင်၌ မျက်လုံးနှင့် ပါးစပ်ဖြစ်သောပြိတ္တာကို လင်းတ၊ ကျီးငှက်၊ စွန်ရဲတို့က လိုက်၍ ထိုးဆိတ်ကြရာ နာကျင်သောအသံကို ပြုသည်ကို မြင်ဖူးခဲ့၏၊ ထိုသတ္တဝါသည် ရာဇဂြိုဟ်ပြည်၌ ဟာရိကခေါ် ခိုးသူသတ်ယောက်ျား ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၇/၃၂ ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းယုတ် (ပါပဘိက္ခုသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤကောင်းကင်သွား ရဟန်းပြိတ္တာ၏ ဒုကုဋ်၊ သပိတ်၊ ခါးပန်းကြိုး၊ ကိုယ်တို့သည် ပြောင်ပြောင်တောက်လောင်၍ ထက်ဝန်းကျင်အလျှံထ၏၊ ထိုပြိတ္တာသည် နာကျင်သောအသံ

ကို ပြုသည်ကို မြင်ဖူးခဲ့၏၊ ထိုသတ္တဝါသည် ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းယုတ် ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၈/၃၃ <u>ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းမိန်းမယုတ်</u> (ပါပဘိက္ခုနီသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤ<u>ကောင်းကင်သွား ရဟန်းမိန်းမပြိတ္တာ</u>၏ ဒုကုဋ်၊ သပိတ်၊ ခါးပန်းကြိုး၊ ကိုယ်တို့သည် ပြောင်ပြောင် တောက်လောင်၍ ထက်ဝန်းကျင် အလျှံထ၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကိုပြုသည်ကို မြင်ဖူးခဲ့၏၊ ထိုသတ္တဝါသည် ကဿပဘုရားရှင် သာသနာတော်၌ ရဟန်းမိန်းမယုတ် ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသော နှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၉/၃၄ <u>ကဿပမြတ်စွာဘုရား သာသနာတော်၌ သိက္ခမာန်မယုတ်</u> (ပါ ပသိက္ခမာနသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤ<u>ကောင်းကင်သွား သိက္ခမာန်မပြိတ္တာ</u>၏ ဒုကုဋ်၊ သပိတ်၊ ခါးပန်းကြိုး၊ ကိုယ်တို့သည် ပြောင်ပြောင်တောက်လောင်၍ ထက်ဝန်းကျင်အလျှံထ၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကိုပြုသည်ကို မြင်ခဲ့ဖူး၏၊ ထိုသတ္တဝါသည် ကဿပဘုရားရှင် သာသနာတော်၌ သိက္ခမာန်မယုတ် ဖြစ်ခဲ့သည်၊ တိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသောနှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၁၀/၃၅ <u>ကဿပမြတ်စွာဘုရား သာသနာတော်၌ သာမဏေယုတ်</u> (ပါ ပသာမဏေရသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤ<u>ကောင်းကင်သွား သာမဏေပြိတ္တာ</u>၏ ဒုကုဋ်၊ သပိတ်၊ ခါးပန်းကြိုး၊ ကိုယ်တို့သည် ပြောင်ပြောင် တောက်လောင်၍ ထက်ဝန်းကျင်အလျှံထ၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကိုပြုသည်ကို မြင်ဖူးခဲ့၏၊ ထိုသတ္တဝါသည် ကဿပဘုရားရှင် သာသနာတော်၌ သာမဏေယုတ် ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသောနှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး တိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

**၁၁/၃၆** <u>ကဿပမြတ်စွာဘုရား သာသနာတော်၌ သာမဏေမယုတ်</u> (ပါ ပသာမဏေရီသုတ်၊ ...)

(...) ဘုရားရှင်ကလည်း ဤ<u>ကောင်းကင်သွား သာမဏေမပြိတ္တာ</u>၏ ဒုကုဋ်၊ သပိတ်၊ ခါးပန်းကြိုး၊ ကိုယ်တို့သည် ပြောင်ပြောင်တောက်လောင်၍ ထက်ဝန်းကျင်အလျှံထ၏၊ ထိုပြိတ္တာသည် နာကျင်သော အသံကိုပြုသည်ကို မြင်ဖူးခဲ့၏၊ ထိုသတ္တဝါသည် ကဿပဘုရားရှင် သာသနာတော်၌ သာမဏေမယုတ် ဖြစ်ခဲ့သည်၊ ထိုကံ၏အကျိုးဖြင့် ငရဲ၌ များစွာသောနှစ်တို့ပတ်လုံး ကျက်ခဲ့ပြီး ထိုကံ၏အကျိုးဆက်ဖြင့် ဤအတ္တဘောကို ရရှိခံစားနေရ၏ဟု ဟောတော်မူ၏။

၄။ ဓမ္မပဒပါဠိတော်မှ ၅ ဝတ္ထု

၁/၃၇ မီးလောင်နေသော စပါးကြီးမြွေ (အဇဂရပေတဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ ဆွမ်းခံရန် ရာဇဂြိုဟ်မြို့သို့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် အရှင်မဟာမောဂ္ဂလ္လာန် ပြုံးခြင်းကို ဘုရားရှင်ထံမှောက်၌ လျှောက်တင်ပြောပြ၊ မီးလောင်နေသော စပါးကြီးမြွေကို မြင်တွေ့ခဲ့ခြင်း ဖြစ်။

ဘုရားရှင်က အတိတ်အကြောင်းကို ဟော၊ ကဿပဘုရားရှင်လက်ထက်က ညဥ့်တွင် ခိုးဆိုးပြီး နေ့တွင် ဇရပ်၌အိပ်သူ ဖြစ်၊ တနေ့ ဖန်ရည်ဆိုးသောသင်္ကန်းကို ခေါင်းမြီးခြုံ၍ ခြေထောက်၌ ရွှံ့များပေကာ ဇရပ်ပေါ်၌ အိပ်နေသောထိုသူကို သုမင်္ဂလသူဌေးကြီးက ညဥ့်၌ခိုးဆိုးပြီး နေ့၌အိပ်သူဖြစ်ရမည်ဟု ကောက်ချက်ချသံကိုကြား၊ ရန်ငြိုးထား၊ သူဌေးကြီး လယ်များကို ၇ကြိမ် ဖျက်ဆီး၊ နွားများကို ၇ကြိမ် ခြေထောက်ဖြတ်၊ အိမ်ကို မီးရှို့၊ သူဌေးကြီးလှူထားသော ကဿပဘုရားရှင်၏ ဂန္ဓကုဋီကျောင်းတော်ကို ဘုရားရှင် ဆွမ်းခံကြွစဉ် မီးရှို့ဖျက်ဆီး၊ အခြေအနေပေးလျှင် သူဌေးကြီးကိုသတ်ရန် ဓါးဆောင်ထား၊ သူဌေးကြီးသည် ဂန္ဓကုဋီကို ပြန်ပြင်ပြီး ကျောင်းလှူပူဇော်ပွဲကို ကြီးကျယ်စွာ ကျင်းပ၍ အမျှဝေသော 'သူ့အကျိုးစီးပွားကို ဖျက်ဆီး၍ ကျောင်းတော်ကိုပါ မီးရှို့ခဲ့သူကြောင့် ကျောင်းတော်ကို တဖန်လှူရသည်၊ ဤကုသိုလ်ကို ထိုပုဂ္ဂိုလ်အား ဦးစွာ အမျှပေးပါ၏။' ဟု ညွှန်းဆို၊ ကြားသော် လာရောက်၍တောင်းပန်၊ သူဌေးကြီးက အကြောင်းမေးရာ သူဌေးကြီး၏ မှတ်ချက်ကြောင့်ဟု ပြော၊ သူဌေးကြီးက ၎င်းစကား သည်းခံပါ၊ သင့်ကိုလည်း ခွင့်လွှတ်သည်ဟု ဆို၊ မယားနှင့်တကွ မိသားတစုလုံးကို ကျွန်ပြုပါဟု အပ်သော်လည်း သူဌေးကြီးက လက်မခံ၊ သေသော် အဝီစိငရဲ၌ ကာလရှည်စွာ ကျက်၍ အကုသိုလ်ကံ အကြွင်းအနေဖြင့် ဤစပါးကြီးမြွေ ဖြစ်နေ။

၂/၃ ရဟန်းပြိတ္တာ ၅ယောက် (ဒုဿရီတဖလပီဠိတပေတဝတ္ထု၊ နိရယဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တ ပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ ဆွမ်းခံရန် ရာဇဂြိုဟ်မြို့သို့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် မီးလောင်နေသော ရဟန်းပြိတ္တာ ၅ယောက်ကိုတွေ့ရာ အရှင်မဟာမောဂ္ဂလ္လာန် ပြုံး၊ အရှင်လက္ခဏက မေးရာ ဘုရားရှင်ရှေ့ရောက်မှ ပြောမည်ဟု မိန့်၊ သင်္ကန်း၊ သပိတ်၊ ခါးပန်းကြိုးတို့ မီးလောင်၍ အလျှံတပြောင်ပြောင် ထနေသော ရဟန်းပြိတ္တာ ၅ယောက်ကို တွေ့ခဲ့၊ ဘုရားရှင်က ၎င်းတို့သည် ကဿပဘုရားရှင် သာသနာဝင် ရဟန်းများ ဖြစ်ခဲ့ကြပြီး ရဟန်းတရား ကောင်းစွာ မကျင့်ကြသူများ ဖြစ်သည်ဟု မိန့်တော်မူ၏။

၃/၃၉ လူဦးခေါင်းနှင့် မြွေပြိတ္တာ တကိုယ်လုံး အပြန်ပြန် အလှန်လှန် မီးလောင်ခံနေရ

(အဟိ- မြွေ၊ အဟိပေတဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ ဆွမ်းခံရန် ရာဇဂြိုဟ်မြို့သို့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် မြွေ

ပြိတ္တာကိုတွေ့ရာ အရှင်မဟာမောဂ္ဂလ္လာန် ပြုံး၊ အရှင်လက္ခဏက မေးရာ ဘုရားရှင်ရှေ့ရောက်မှ ပြောမည်ဟု မိန့်၊ မြွေပြိတ္တာမှာ လူဦးခေါင်းနှင့်မြွေကိုယ်ဖြစ်၊ ဦးခေါင်းမှအမြီး၊ အမြီးမှဦးခေါင်း၊ ကိုယ်အလယ်မှ ဦးခေါင်းနှင့်အမြီးအထိ မီးလောင်နေ၊ ဘုရားရှင်က အတိတ်ကံကို ဟော၊ လယ်သမားတဦး ဖြစ်ခဲ့၊ သူ့လယ် အနီးရှိကျောင်း၌ သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါတပါးထံသို့ လူများသွားကြသဖြင့် သူ့လယ် ပျက်ဆီးရ သည်ဟုဆိုကာ အရှင်မြတ် ဆွမ်းခံကြွခိုက် ပစ္စည်းများ ဖျက်ဆီးပြီး ကျောင်းကို မီးရှို့၊ အရှင်မြတ် အခြား တနေရာသို့ ကြွ၊ လူများသိသော် ဝိုင်းရိုက်ခံရ၍ သေ၊ ငရဲ၌ နှစ်များစွာ ခံပြီးနောက် ဤယခုဘဝသို့ ရောက်။

၄/၄၀ ဝက်ဦးခေါင်းနှင့် လူကိုယ်ပြိတ္တာ (သူကရ- ဝက်၊ သူကရပေတဝတ္ထု၊ မဂ္ဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ ဆွမ်းခံရန် ရာဇဂြိုဟ်မြို့သို့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် ဂက်ပြိတ္တာကိုတွေ့ရာ အရှင်မဟာမောဂ္ဂလ္လာန်ပြုံး၊ အရှင်လက္ခဏကမေးရာ ဘုရားရှင်ရှေ့ရောက်မှ ပြောမည် ဟု မိန့်၊ ဝက်ပြိတ္တာမှာ လူ့ကိုယ်နှင့် ဖြစ်ကာ ခံတွင်းမှ အမြီးပေါက်၍ ပိုးလောက်များ တဖွားဖွား ကျနေ၊ ဘုရားရှင်က ကဿပဘုရားရှင်လက်ထက်တော်တွင် ဓမ္မကထိကရဟန်း ဖြစ်၊ တောကျောင်းနေ ညီညွတ် သောရဟန်း ၂ပါးကို ညီညွတ်မှုပျက်အောင် ကုန်းချောစကားပြော၊ ကျောင်းပစ်ပြီး တနေရာဆီကြွကြ၊ ဟန်ဆောင်၍ ဖျန်ဖြေသော်လည်း မရ၊ နောက်နေ့ ဆွမ်းခံကြွသော် ဒါယကာ ဒါယကာမများကမေးရာ ခိုက်ရန်ပြုပြီး ကျောင်းမှထွက်သွားဟု ပြော၊ ကျောင်းကို အပိုင်စီး၊ အနှစ် ၁၀၀ ကြာသော် ထိုရဟန်း ၂ပါး ကျောင်းတကျောင်း၌ ပြန်ဆုံ၊ အဖြစ်မှန်သိကြပြီး မူလကျောင်းသို့ ပြန်ကြွ၊ အပိုင်စီးရဟန်း ထွက်ပြေး၊ ကွယ်လွန်သော် အဝီစိငရဲသို့ ကျ၊ လွတ်သော် ဤဝက်ပြိတ္တာ ဖြစ်နေ။

**၅/၄၁** ဦးခေါင်းကို အလျှံရဲရဲတောက်နေသော သံတူ ဖသောင်းတို့က ရိုက်ခွဲခံနေရသော ပြိတ္တာ (သဋ္ဌိကူဋပေတဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏတို့ ဆွမ်းခံရန် ရာဇဂြိုဟ်မြို့သို့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာစဉ် အရှင်မဟာမောဂ္ဂလ္လာန် ပြုံးခြင်းကို ဘုရားရှင်ထံမှောက်၌ လျှောက်တင်ပြောပြ၊ ၃ ဂါဝုတ် ကိုယ်ရှိသော ပြိတ္တာ၏ဦးခေါင်းကို အလျှံရဲရဲတောက်နေသော သံတူ ဖသောင်းတို့က ရိုက်ခွဲနေကြ၊ အတိတ် - ကျောက် စရစ်ခဲဖြင့်ပစ်ကာ လူပုံ၊ တိရစ္ဆာန်ပုံအမျိုးမျိုးတို့ကို ပြုနိုင်သော ဗာရာဏသီပြည်သား ငဆွံ့ထံမှ ပညာသင်သူ တဦးသည် သူ့အရပ်သို့ပြန်ရောက်သော် တတ်သောပညာကို စမ်းသောအနေဖြင့် မြို့တွင်း ဆွမ်းခံကြွလာ သော သုနေတ္တပစ္စေကဗုဒ္ဓါကို ကျောက်စရစ်ခဲဖြင့်ပစ်ရာ နားတဖက်မှဝင်ကာ အခြားတဖက်မှထွက်၊ ပြင်းထန် သော ဝေဒနာခံစားရပြီး ကျောင်းရောက်သော် ပရိနိဗ္ဗာန် စံ၊ ငရဲ၌ ကာလကြာစွာခံပြီးနောက် အကုသိုလ် အကြွင်းအနေဖြင့် ပြိတ္တာဖြစ်နေ။

၅။ တေဒဂ်ဝတ္ထုမှ ၂ ဝတ္ထု

၁/၄၂ ကိုယ့်အရိုးမှ ကြွေကျနေသော အသားများကို ကောက်စားနေရသောပြိတ္တာ (တေဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁၇ အရှင်သောဏကုဋိကဏ္ဏဝတ္ထုမှ ဥဒ္ဒေနီ ပြည်ကုန်သွယ်အသွားအခန်း) ကို ကြည့်ပါ။

၂/၄၃ ခံတွင်းမှသွေးနက်များ တသွင်သွင်ယိုစီးနေသောပြိတ္တာ (တေဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁၇ အရှင်သောဏကုဋိကဏ္ဏဝတ္ထုမှ ဥဒ္ဒေနီ ပြည်ကုန်သွယ်အသွား အခန်းမှ - ဆက်၍သွားသောအခါအခန်း) ကို ကြည့်ပါ။

ဖ

၁ ဖခင်ကို မောင်လေးဟုခေါ်သူ (သုမနဒေဝီဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

သောတာပန် အနာထပိဏ်သူဌေးကြီး၏ သမီး သကဒါဂါမ် သုမနဒေဝီသည် အိမ်မှ နေ့စဉ် နိစ္စဘတ်အလှူများကို အမကြီး မဟာသုဘဒ္ဒါ အိမ်ထောင်ကျ၍ သောတာပန်အမလတ် စူဠသုဘဒ္ဒါ ထာဝန်ယူနေရာမှ အိမ်ထောင်ကျသွားသဖြင့် ဦးစီးလုပ်ကိုင် လှူဒါန်းနေ၊ နာမကျန်းဖြစ်လာ၊ ဖခင်ကို တရားဓမ္မ ရရှိမှုအဆင့် အနေဖြင့် မောင်လေး ဟုခေါ်၊ ယောင်တာလား ကြောက်လို့လားဟုမေးရာ မဟုတ်ဟု ပြန်ပြောစဉ် သေဆုံး၊ ဘုရားရှင်ကိုလျှောက်။

ဘုရားရှင်က ဓမ္မအမြင်၊ အရိယာအမြင်အရ ခေါ်သည်ဖြစ်ကြောင်း၊ ယခု တုသိတာနတ်ပြည်သို့ ရောက်နေပြီဖြစ်ကြောင်း မိန့်ကာ ဤဓမ္မပဒဒေသနာတော်ကို ဆက်၍ဟော။

“ကောင်းမှုပြုသူသည် ဤဘဝရော နောက်ဘဝ၌ပါ ရွှင်လန်းဝမ်းမြောက်ရ၏။ ငါသည် ကောင်းမှု ပြုထားခဲ့ပြီးပြီဟု ဝမ်းမြောက်ရသည်။ တမလွန်၌ သုဂတိဘဝကိုရသောအခါမှု ပို၍ ရွှင်လန်းဝမ်းမြောက် ရသည်။”

၂ ဖေါင်းပိန်ရှုနည်း ပါဠိတော်အညွှန်း (မဟာသတိပဋ္ဌာန်ပါဠိတော်၊ သုတ္တန္တပိဋက။ စွန်းလွန်းဝိပဿနာ အမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း၊ အရှင်ဩဘာသာဘိဝံသ)

“ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာနံ ပဇာနာတိ။”

ငါဘုရား ဟောကြားပြသသလို ပြီးသွားတဲ့ ဤနည်း ဤနည်းများမှတပါး ကာယခေါ်တဲ့ ကိုယ်နှင့်စပ်သမျှ

အခြားအခြား အမူအရာပြုမူမှုနည်းများကိုလည်း သတိခေါ် စွဲမြဲစူးစိုက် အောက်မေ့မှတ်သားမှု ဘာဝနာ တရားနည်းများနှင့် အဖန်ဖန် ပွားစီးမှတ်သား အားထုတ်သွားလျှင် ကာယာနုပဿနာ သတိပဋ္ဌာန်တရား နည်းလာ မူရင်းဒေသနာတော်အရ ဟုတ်သည်ချည်းသာ။

၃ ဖျောက်နိုင်ခဲသော တရား ၅မျိုး (ဒုပ္ပဋိဝိနောဒယသုတ်၊ သဒ္ဓမ္မဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဉ္စကဝါရ၊ ကေတ္တရိကနယ၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

၁ ရာဂ၊ ၂ ဒေါသ၊ ၃ မောဟ၊ ၄ ဉာဏ်၌ ထင်မြင်မှု / ဖြစ်လာသော ပြောလိုသောဆန္ဒ၊ ၅ ခရီးသွားလိုစိတ်။

၄ ဖြစ်ပျက် ၄ စု

၁။ (မဟာသတိပဋ္ဌာနသုတ်၊ မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

ရုပ် (ဝေဒနာ၊ စိတ်၊ သဘောတရား) ၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘော၊ ပျက်ကြောင်းတရား နှင့် ပျက်ခြင်းသဘော၊ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ကြောင်း ပျက်ကြောင်းသဘောတို့ကိုရှု။

၂။ (ဣတိဝုတ် ၄။ ပိဋကတ်တော်လာ သိမှတ်စရာ၊ သာမဏေကျော်)

အဖြစ်မြင်ရင် ဥစ္ဆေဒဒိဋ္ဌိ- ပြတ်စဲရေးအယူကို ပယ်၏၊ အပျက်မြင်ရင် သဿတဒိဋ္ဌိ- တည်မြဲရေး အယူကို ပယ်သည်။

၃။ (ဥပနိသသုတ်၊ ဒသဗလဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဤကား ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်- ခန္ဓာ ၅ပါး၊ ဤသို့ ရုပ်စသော ခန္ဓာ ၅ပါး ဖြစ်ပေါ်၏၊ ဤသို့ ရုပ်စသော ခန္ဓာ ၅ပါး ချုပ် / ပျက်၏ဟု သိသူ မြင်သူအား အာသဝတရားတို့ ကုန်ခြင်း ဖြစ်၏။

၄။ အနိစ္စသညာ ပွားများနည်း

ဤကား ရုပ်၊ ဤကား ရုပ်ဖြစ်ပေါ်ခြင်း၊ ဤကား ရုပ်ချုပ်ခြင်း၊ (ဤကား ခန္ဓာ ၅ပါး၊ ဤကား ခန္ဓာ ၅ပါး ဖြစ်ပေါ်ခြင်း၊ ဤကား ခန္ဓာ ၅ပါးချုပ်ခြင်း) ဟု အနိစ္စသညာ- မမြဲဟူသောအမှတ်ကို ပွားများလေ့လာ အပ်သော် အကျိုး ၅ပါး ရ၏ဟု ဟောတော်မူ၏။

(အနိစ္စသညာကို ပွားများရကျိုး ၅ပါး၊ အကျိုး ဥပမာ ၁၀ မျိုး နှင့် အနိစ္စသညာ ပွားများနည်း) - တွင် အကျယ် ကြည့်ပါ။

ပ

၁ ဗောဓိ ၃ပါး (ထေရဂါထာ ဋ္ဌ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

မဂ်ဉာဏ် ၄ပါး၊ သစ္စာတရားသိခြင်း ၃ပါး။

၁ သမ္မာသမ္ဗောဓိ- ဆရာမရှိ မိမိကိုယ်တိုင် ဝါသနာနှင့်တကွ ကိလေသာတို့ကို အထူးပယ်သတ်နိုင်သော မဂ်ဉာဏ် ၄ပါး၊ သစ္စာ ၄ပါး၊ ခပ်သိမ်းသော ဉေယျတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်ကို ရရှိတော်မူ၍ သူတပါးတို့အားလည်း သိစေတော်မူတတ်သော မြတ်စွာဘုရား၊

၂ ပစ္စေကဗောဓိ- ဆရာမရှိ မိမိကိုယ်တိုင် သစ္စာ ၄ပါးကိုသိသော မဂ်ဉာဏ် ၄ပါးကိုရသော၊ အသီးအခြားဖြစ်သောပုဂ္ဂိုလ်၊

၃ သာဝကဗောဓိ- ဆရာရှိမှ သစ္စာ ၄ပါးကိုသိသော မဂ်ဉာဏ် ၄ပါးကို ရသော မြတ်စွာဘုရား၏ တပည့်သား သာဝကများ။

၂ **ဗောဓိရွက်ကို စေတီယင်ပြင်မှယူ၍ စွန့်ပစ်ရကျိုး ၂၀ပါး** (ဗောဓိသမ္ဗဇ္ဇကတ္ထေရအပဒါန်၊ တိကဒါယကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ နတ်ဘဝ၊ လူ့ဘဝ၌သာ ဖြစ်ရခြင်း၊ ၂ လူဖြစ်ကလည်း မင်းမျိုး၊ ပြဟ္မဏမျိုး၌သာ ဖြစ်ရခြင်း၊ ၃ အင်္ဂါကြီးငယ် အလုံးအရပ် အဆင်းလှ၍ စင်ကြယ်၊ မယုတ်လျော့ကာ ပြည့်ဖြိုးသောအင်္ဂါရှိ၊ ၄ ရွှေအဆင်းရှိသောလူ၊ နတ်ဖြစ်ရ၊ ၅ နူးညံ့ညက်ညော သိမ်မွေ့ပြေပြစ် နုနယ်သောအသားအရေ ရှိ၊ ၆ ကိုယ်၌ မြူအညစ်အကြေး မလိမ်း၊ ၇ လေပူ၊ နေပူ၊ မီး၏အပူကြောင့် ချွေး မထွက်၊ ၈ ရောဂါ၆မျိုး- [၁]နူနာ၊ [၂]အိုင်းအနာ၊ [၃]ဝဲကြီးနာ၊ [၄]မွဲ၊ [၅]သွေးစုနာ၊ [၆]ပွေးတို့ မဖြစ်၊ ၉ ကိုယ်၌ရောဂါ မဖြစ်၊ ၁၀ စိတ်ကြောင့် နှိပ်စက်ခြင်း မဖြစ်၊

၁၁ ရန်သူ မရှိ၊ ၁၂ မလျော့သော စည်းစိမ်ဥစ္စာ ရှိ၊ ၁၃ မင်း မီး ရေ ခိုးသူဘေး မဖြစ်၊ ၁၄ အခြံအရံ ကျွန်မိန်းမ ကျွန်ယောက်ျားတို့ ငါ့စိတ်အလိုကို လိုက်၊ ၁၅ လူ့ဘဝဝယ် သက်တမ်းရှိသလောက် တည်ရ၊ ၁၆ အတွင်းအပြင်လူ၊ တိုင်းသူပြည်သား၊ နိဂုံးသူနိဂုံးသားတို့ မေတ္တာနှင့်ယှဉ်သောစိတ်ရှိ၍ ငါ၏ကြီးပွားခြင်း၊ ချမ်းသာခြင်းကို အလိုရှိ၏၊ ၁၇ စည်းစိမ်၊ အခြံအရံ၊ ဘုန်းကျက်သရေ၊ ဆွေမျိုးအသင်းအပင်းတို့ရှိသူ၊ ကြောက်လန့်ခြင်းကင်းသူ ဖြစ်၊ ၁၈ နတ်၊ လူ၊ အသုရဂန္ဓဗ္ဗ၊ ဘီလူးရက္ခိုသ်တို့ အခါခပ်သိမ်း စောင့်ရှောက်၊ ၁၉ အဆုံးဘဝ၌ အေးမြသော အမြတ်ဆုံးနိဗ္ဗာန်ကို ရ၏၊ ၂၀ မဂ်၊ ဖိုလ်၊ ပရိယတ်အာဂုံ၊ စျာန်အဘိညာဉ်တို့၌ သူတပါးထက်လွန်ကဲသူ ဖြစ်၏။

၃ ဗိမ္ဗိသာရ သောတာပန်မင်းကြီး၏ လားရာ (ဇနဝသဘသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

စတုလောကပါလ / စတုမဟာရာဇ်နတ်မင်းကြီး ၄ပါးတွင် မြင်းမိုရ်တောင် မြောက်မျက်နှာကို အစိုးရသော ဝေဿဝဏ်နတ်မင်းကြီး၏ အပေါင်းအဖေါ် ဇနဝသဘနတ်ဖြစ်လာသည်။ မင်းကြီးသည် တိုနတ်ဘဝ

မှ လူ၊ လူမှ ထိုနတ်ဘဝသို့ ဘဝပေါင်း ၁၄ ဘဝဖြစ်ရရာ ဇနဝသဘနတ် ၇ကြိမ်ဖြစ်ရ၊ သောတာပန်အရိယာ ဖြစ်သောကြောင့် အခြားအဆင့်မြင့်သောနတ်မင်းဖြစ်ရန် စွမ်းသော်လည်း ဇနဝသဘနတ်သာ ဖြစ်လာသည်။

၄ ဗုဒ္ဓ ၄မျိုး (သဂါထာဝဂ္ဂသံယုတ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ သဗ္ဗညုဗုဒ္ဓ၊
၂ ပစ္စေကဗုဒ္ဓ၊
၃ စတုသစ္စဗုဒ္ဓ- ရဟန္တာ၊
၄ သုတဗုဒ္ဓ- သင်ယူ၍၊ ကြား၍ ခန္ဓာစသော သိစရာများကို သိသော ဗဟုသုတပုဂ္ဂိုလ် / အကြားအမြင်များ၍ ကျမ်းဂန်၌ လိမ်မာသောသူ။

၅ ဗုဒ္ဓဘာသာစင်စစ် သမ္မာဒိဋ္ဌိက တဦးဖြစ်ကြောင်း ၁၀ပါး (ကျမ်းဦးမှတ်ဖွယ်၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊ အဘိ)

၁ အတ္ထိ ဒိန္နံ- ပေးလှူခြင်းအကျိုး အမှန်ရှိ၏၊ ၂ အတ္ထိ ယိဋ္ဌံ- အလှူကြီးအကျိုး ရှိ၏၊ ၃ အတ္ထိ ဟုတံ- အလှူငယ်အကျိုးရှိ၏၊ ၄ အတ္ထိ သုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော- ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ ဖလ- အကျိုးဆက်၊ ဝိပါက်- အကျိုးရင်းရှိ၏၊ ၅ အတ္ထိ အယံ လောကော- ဤလောကသည် အမှန်ရှိ၏၊ ၆ အတ္ထိ ပရော လောကော- တမလွန်လောကသည် ရှိ၏၊ ၇ အတ္ထိ မာတာ- အမိ၌ ကောင်း မကောင်း ပြုခြင်းအကျိုး ရှိ၏၊ ၈ အတ္ထိ ပိတာ- အဖ၌ ကောင်း မကောင်း ပြုခြင်းအကျိုး ရှိ၏၊ ၉ အတ္ထိ သတ္တာ ဩပပါတိကာ- သေ၍ တဖန်ပြန်ဖြစ်သော သတ္တဝါတို့သည် အမှန်ရှိ၏၊ ၁၀ အတ္ထိ လောကေ သမဏ ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ- ဤလောကကိုင်း၊ တမလွန်လောကကိုင်း ကိုယ်ကိုင်ထူးသောဉာဏ်ဖြင့်သိ၍ ဟောကြားနိုင်သော၊ ကောင်းသောအကျင့်ရှိသော ရဟန်းပုဏ္ဏားတို့ လောက၌ အမှန်ရှိ၏။

ဤဒသဝတ္ထုက သမ္မာဒိဋ္ဌိ- အယူမှန် ၁၀ချက် နှင့် ပြည့်စုံမှသာ သမ္မာဒိဋ္ဌိက- အမျိုးကောင်းသားသမီး စင်စစ်ဖြစ်သည်။

၆ ဗုဒ္ဓါနုဿတိဘာဝနာ ၂ စု

<u>၁။ ဗုဒ္ဓါနုဿတိဘာဝနာ</u>သည် ဘာဝနာကမ္မဋ္ဌာန်း ၄၀တွင် အတုမရှိ လွန်ကဲထူးမြတ်သော ဘာဝနာဖြစ်၏ဟု ဘုရားရှင်ကိုယ်တိုင် မြွက်ဆိုခဲ့သည်။ (ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

<u>၂။ ဗုဒ္ဓါနုဿတိဘာဝနာ ပွားကျိုး</u>

(ဘုရားရှင်၏ဂုဏ်တော်များ၊ ဉာဏ်တော်များ၊ ပညာတော်နှင့် ဝိသေသထူးခြားချက်များ - အနက်မှ - ဘုရားရှင်၏ဂုဏ်တော်များ - အနက်မှ - ဘုရားရှင်၏ဂုဏ်တော်များပွားကျိုး / ဗုဒ္ဓါနုဿတိဘာဝနာအကျိုး) - တွင် ကြည့်ပါ။

၇ ဗိုလ် ၇ပါး (သံခိတ္တဗလသုတ်၊ ခနဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါဗိုလ်၊ ၂ ဝီရိယဗိုလ်၊ ၃ ပညာဗိုလ်၊ ၄ သတိဗိုလ်၊ ၅ သမာဓိဗိုလ်၊ ၆ ဟိရီဗိုလ်၊ ၇ ဩတ္တပ္ပဗိုလ်။

ဗ ဗြဟ္မစိုရ်တရား ၂ ခု

၁။ **ဗြဟ္မစိုရ်တရား ၄ပါး** (ဒီ ဋ္ဌ။ မ ဋ္ဌ။ သံ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

ဗြဟ္မစရိယ၊ ဗြဟ္မ- မြတ်သော + စရိယ- အကျင့်၊ မြတ်သောအကျင့်ကို ဗြဟ္မစိုရ်ဟု မြန်မာမှု ခေါ်သည်။ ဗြဟ္မဝိဟာရ၊ ဝိဟာရ- နေခြင်း၊ မြတ်သောနေခြင်းဟုလည်း ခေါ်သည်။ အပ္ပမညာတရားများ ဟုလည်း အဘိဓမ္မာကျမ်းများတွင် တွင်သည်။ အပ္ပမာဏ- အကန့်အသတ် အတိုင်းအဆ ပမာဏမရှိသော သတ္တဝါ အပေါင်း၊ ထိုသတ္တဝါအပေါင်းကို အာရုံပြု၍ ပွားများသောကြောင့် ဗြဟ္မစိုရ်တရား ၄ပါးကို **အပ္ပမညာတရား**ဟု ခေါ်သည်။

၁ မေတ္တာ၊ ၂ ကရုဏာ၊ ၃ မုဒိတာ၊ ၄ ဥပေက္ခာ။

၂။ ဗြဟ္မစိုရ်တရား ၄ပါး၏ အနီးရန်သူ ၄ပါးနှင့် အဝေးရန်သူ ၄ပါး (အဋ္ဌသာလိနီ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

| | အနီးရန်သူ (ဂုဏ်တူသောတရား) | အဝေးရန်သူ(ဆန့်ကျင်ဘက်တရား) |
|---|---|---|
| မေတ္တာ - | ၁ ရာဂ၊ | ၁ ဒေါသ / ဗျာပါဒ၊ |
| ကရုဏာ- | ၂ ဒေါမနဿ (ပျက်စီးတာကို မြင်တာချင်းတူ)၊ | ၂ ညှင်းဆဲမှု၊ |
| မုဒိတာ - | ၃ ဝမ်းသာမှု (ပြည့်စုံမှုကို မြင်တာချင်းတူ)၊ | ၃ မပျော်ရွှင်မှု၊ |
| ဥပေက္ခာ- | ၄ မသိမှု- အညာဏုပေက္ခာ (အပြစ်/ဂုဏ်ကို မစိစစ်တာချင်းတူ)။ | ၄ ရာဂ နှင့် ဒေါသ။ |

ဘ

၁ ဘဝ ၃ ခု

၁။ ဘဝ ၃ပါး / ဘုံ ၃ဘုံ (မဟာဝေဒလ္လသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ တိကနိပါတ်၊ အံ။ ဋ္ဌ)

၁ ကာမဘဝ /ဘုံ၊

၂ ရူပဘဝ /ဘုံ၊
၃ အရူပဘဝ / အရူပဘုံ။

၂။ **ဘဝကူးပုံ** ဥပမာ ၃ မျိုး (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီးဌာန)

ပဋိသန္ဓေ- ပဋိ- တဖန် + သန္ဓေ- ဆက်စပ်ခြင်း၊ ပဋိသန္ဓေ- ဤဘဝနှင့် နောက်ဘဝ ၂ခုကို ကြောင်းကျိုးဆက်စပ်ပေးခြင်း။

ဤဘဝမှ နာမ်တရားနှင့် နောက်ဘဝမှ နာမ်တရားတို့သည် စိတ်စေတသိက် နာမ်တရားများ အသစ်ဖြစ်ပေါ်လာသော်လည်း လုံး၀ အဆက်အသွယ် မရှိမဟုတ်၊ အကြောင်းအကျိုးအားဖြင့် ဆက်စပ်မှုရှိသည်။

၁ ဆီမီး၊

၂ ပုံတင်သံ၊

၃ တံဆိပ်တုံးဥပမာများဖြင့် ရှင်းပြလေ့ရှိကြသည်။

(ဆီမီးသည်၊ ပုံ့တင်သံသည်၊ တံဆိပ်တုံးသည်) လိုက်ပါသည်ဟု မဆိုနိုင်၊ အလိုလို (ထတောက်သည်၊ ပဲ့တင်သံဖြစ်သည်၊ စာအိပ်ပေါ်၌ တံဆိပ်ဖြစ်သည်) ဟုလည်း မဆိုနိုင်၊ (ဆီမီးသည်၊ ပဲ့တင်သံသည်၊ တံဆိပ်သည်) တခုတည်းဟုလည်း မဆိုနိုင်၊ မဆက်စပ်ဟုလည်း မဆိုနိုင်၊ သီးခြားတခုစီ ဖြစ်သော်လည်း အချင်းချင်း ကြောင်းကျိုးဆက်စပ်မှု ရှိသည်။

၃။ **ဘဝ ဖြစ်ပုံ** (ပဌမဘဝသုတ် နှင့် ဒုတိယဘဝသုတ်၊ အာနန္ဒဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အရှင်အာနန္ဒာ မေး၍ ဘုရားရှင် ဖြေကြား ဟောတော်မူ၏။

“ကံသည် လယ်ယာမြေနှင့် တူ၏။ ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏။ တဏှာသည် အစေး (ရေ) နှင့် တူ၏။ ပဌမဘဝသုတ်- သတ္တဝါတို့သည် အဝိဇ္ဇာပိတ်ပင်သည် ဖြစ်၍ တဏှာအနှောင်အဖွဲ့ရှိသဖြင့် ကာမဘုံ၊ ရူပဘုံနှင့် အရူပဘုံတို့တွင် ဝိညာဉ်တည်ကာ ဘဝသစ်တဖန် ဖြစ်ကြရ၏။

ဒုတိယဘဝသုတ်- သတ္တဝါတို့သည် အဝိဇ္ဇာ ပိတ်ပင်သည်ဖြစ်၍ တဏှာ အနှောင်အဖွဲ့ရှိရကား ကာမဘုံ၊ ရူပဘုံနှင့် အရူပဘုံတို့၌ စေတနာသည် တည်၏၊ တောင့်တခြင်းသည် တည်၏၊ ဤသို့တည်သော် ဘဝသစ်၌ တဖန် ဖြစ်ကြရ၏။

၂ ဘဝဂ် ၃ပါး (အနုဋီကာ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ ဝေဟပ္ဖိုလ်ဘုံကို ပုထုဇဉ်တို့၏ဖြစ်ရာ အမြင့်ဆုံးဘုံဌာန ဖြစ်သောကြောင့် ပုထုဇ္ဇနဘဝဂ်ဟု ခေါ်သည်၊

၂ အကနိဋ္ဌဘုံကို အရိယာတို့၏ဖြစ်ရာ အမြင့်ဆုံးဘုံဌာန ဖြစ်သောကြောင့် အရိယာဘဝဂ် ဟု ခေါ်သည်၊

၃ နေဝသညာနာသညာယတနဘုံကို ပုထုဇဉ်၊ အရိယာ ၂ဖြာသောသူတို့၏ဖြစ်ရာ အမြင့်ဆုံးဘုံဌာန

ဖြစ်သောကြောင့် သဗ္ဗဘဝင် / ဘုမိဘဝင်ဟု ခေါ်သည်။

၃ ဘဝင်စိတ်သည် ပြိုးပြိုးပြက် တောက်ပ၏။ (ပဏိဟိတအစ္ဆဝဂ်၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၄ ဘီလူး ၄ ခု

၁။ ဘီလူးမမိသားစု ကျွတ်တမ်းဝင်ပုံ (ပုနဗ္ဗသုသုတ်၊ ယက္ခသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရဟန်းတို့ကို တရားဟောနေ၏။ ဘီလူးမသည် သမီး ဥတ္တရိကာ၊ သားပုနဗ္ဗသုတို့ကို ဆိတ်ဆိတ်နေရန် ပြောဆိုနှစ်သိမ့်၏။

"မြတ်စွာဘုရားသည် အလုံးစုံသော အထုံးအဖွဲ့- ဂန္ထမှ လွတ်မြောက်စေသော နိဗ္ဗာန်နှင့်စပ်သော တရားစကားကို ဟောတော်မူ၏။ ဤတရားတော်၌ မြတ်နိုးခြင်းသည် ငါ့အား ကြာမြင့်မှ ဖြစ်ရ၏။

လောက၌ သားသမီးခင်ပွန်းလင်ကို ချစ်အပ်၏။ ငါ့အား ဤတရားတော်တရာမှီးမှုကို ပိုလွန်၍ ချစ်မြတ်နိုး၏။ သူတော်ကောင်းတရား နာကြားခြင်းသည် သတ္တဝါတို့အား ဆင်းရဲမှလွတ်စေသကဲ့သို့ ချစ်အပ်သော သား၊ သမီး၊ ခင်ပွန်းလင်သည် ဆင်းရဲမှမလွတ်စေနိုင်။ ဆင်းရဲဖြင့်နှိပ်စက်သော၊ အိုသေနှင့် စပ်သောလောက၌ အိုသေမှလွတ်ခြင်းငှါ မြတ်စွာဘုရား ထိုးထွင်း၍သိအပ်သောတရားကိုနာခြင်းငှါ အလို ရှိပါ၏။"

"မိခင်၊ ငါသည် စကားမပြော ဆိတ်ဆိတ်နေအံ့။ ဤဥတ္တရာသည်လည်း ဆိတ်ဆိတ်နေပါ၏။ တရားကို နလုံးသွင်းပါလော့။ သူတော်ကောင်းတရား နာကြားရခြင်းသည် ချမ်းသာပါ၏။ ထိုတရားကို မသိခြင်းကြောင့် ဆင်းရဲငြိုငြင်စွာ လှည့်လည်နေရ၏။ ပြင်းစွာတွေဝေကုန်သော နတ်လူတို့အား အရောင်ကို ပြုတတ်သော အဆုံးစွန်သောကိုယ်တော်နှင့်လည်း ယှဉ်တော်မူသော စက္ခု ၅ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် တရားတော်ကို ဟောတော်မူ၏။"

"ရင်၌ဖြစ်သောသားသည် ပညာရှိဖြစ်၍ ကောင်း၏။ ငါ့သားသည် ဘုရားမြတ်၏ စင်ကြယ်သော တရားကို ချစ်မြတ်နိုး၏။ ငါသည် ဝဋ်မှထွက်မြောက်ပြီ။ သင်ချစ်သားသည်လည်း ချမ်းသာခြင်းရှိသည် ဖြစ်လော့။ အရိယာသစ္စာတို့ကို ငါတို့သားအမိတစုတို့သည် မြင်အပ်ပြီ။ ဥတ္တရာချစ်သမီးသည်လည်း တရားတော်ကို နာပါလော့။"

၂။ ဘီလူးမမိသားစု တရားနာကြပုံ (ပိယင်္ကရသုတ်၊ ယက္ခသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ အရှင်အနုရုဒ္ဓါ သီတင်းသုံးတော်မူနေစဉ် ညဉ့်၏မိုးသောက်ယံ အချိန် စောစောထ၍ ဓမ္မအစုကို ရွတ်ဆိုနေရာ ပိယင်္ကရမာတာဘီလူးမသည် သားငယ်ကို ဤသို့ နှစ်သိမ့်၏။

"ပိယင်္ကရ အသံမပြုလင့်၊ ရဟန်းသည် ဓမ္မအစုတို့ကို ရွတ်ဆိုနေ၏၊ ငါတို့သည် တရားအစုကိုသိ၍ ကျင့်နိုင်ကုန်ငြားအံ့လည်း မသိ၊ ငါတို့အား စီးပွားခြင်းငှါ ဖြစ်တန်ရာ၏။

သတ္တဝါတို့၌လည်း စောင့်စည်းကြရကုန်အံ့၊ သိလျက် မမှန်စကားကို မဆိုကြရကုန်အံ့၊ ကောင်းသော အကျင့်သီလကို ကျင့်သုံးကြရကုန်အံ့၊ မြေဘုတ်ဘီလူးဘဝမှလည်း လွတ်ကြကောင်းတန်ရာ၏။"

၃။ ဘီလူးများသည် ငါးပါးသီလကို ကျင့်သုံးရသည်ဖြစ်၍ များသောအားဖြင့် မြတ်စွာဘုရားကိုငင်း၊ မြတ်စွာဘုရား သာသနာတော်ကိုငင်း မကြည်ညိုကြကုန်ဟု စတုမဟာရာဇ်နတ်မင်းကြီး၄ပါးတို့ ဘုရားရှင်ကို လျှောက်ထားပြီး ဘုရားသာသနာတော်ကို ကြည်ညိုကြသူများအလို့ငှါ အရံအတားအဖြစ် အာဋာနာဋိယ သုတ်ကို ထပ်ဆင့် လျှောက်ထားကြ၏။ (အာဋာနာဋိယသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၄။ ဘီလူးဟုသိရသော လက္ခဏာ ၄ပါး (စရိယာပိဋက ဋ္ဌ။ ဇယဒိသဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မျက်စိနီ၊ ၂ မျက်စိမမှိတ်၊ ၃ အရိပ်မထင်၊ ၄ မကြောက်မလန့်။

၅ ဘုရား / **မြတ်စွာဘုရား ၃ ခု**

၁။ ဘုရား ၂ဆူသည် တခုသော လောကဓါတ်၌ ပွင့်တော်မူရာသော အကြောင်းမရှိ။ (ပဌမဝဂ်၊ အင္ဂုတ္တိုရ်ပါဠိ၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏ ဂုဏ်၊ တန်ခိုးတော် ကြီးကျယ်တော်မူသောကြောင့် ဖြစ်သည်။

၂။ ဘုရားရှင် တဆူတဆူ ပွင့်ပေါ်ရန် လွန်စွာခဲယဉ်း၏။ (ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဧကကနိပါတ်၊ အံ ဋ္ဌ။ ဋီကာ)

၃။ ဘုရားရှင် မျက်မှောက်တော်၌ တစုံတယောက်မျှ အကျိုးမဲ့မည်သည် ဖြစ်ရိုးမရှိ။ (မ ဋီကာ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၆ ဘုရား၊ တရား၊ သံဃာ ရတနာ ၃ပါးနှင့် အသက်သိက္ခာကြီးသူတို့အား ရှိခိုးရသော အကျိုး ၅ပါး

(အာယုဝဍ္ဎနသတို့သားဝတ္ထု၊ ဓမ္မပဒ ဋ္ဌ။ အာယုဝဍ္ဎနသတို့သားဝတ္ထု၊ သဟဿဝဂ်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ အာယု- အသက်ရှည်ခြင်း၊

၂ ဝဏ္ဏ- အဆင်းလှခြင်း၊

၃ သုခ- ချမ်းသာခြင်း၊

၄ ဗလ- ခွန်အားကြီးခြင်း၊

၅ ပဋိဘာန- အသိဉာဏ်ကြီးမားခြင်း။

၇ ဘုရားဖူးရန်သွားသော ခြေတလှမ်း၏ အကျိုးကြီးမားပုံ ၂၈

၁။ (အနာထပိဏ်ဝတ္ထု၊ သေနာသနက္ခန္ဓက၊ စူဠဝဂ်ပါဠိတော်၊ ခု၊ ဝိ)

ရာဇဂြိုဟ်ပြည် သိဝကတံခါးအနီး ရာဇဂြိုဟ်သူဌေးအိမ်သို့ ထိုသူဌေးနှမ၏ခင်ပွန်း သာဝတ္ထိပြည်မှ အနာထပိဏ်သူဌေး ကုန်သွယ်အမှုဖြင့်ရောက်၊ ဘုရားပွင့်နေကြောင်းပြောရာ အနာထပိဏ်သူဌေးက "သူဌေး သင်သည် ဘုရားဟု ပြောသလော?" ဟု ၃ကြိမ်မေး။ ဘုရားဖူးလိုသော သဒ္ဓါစိတ် လွန်စွာအားကြီးသဖြင့် မိမိကိုယ်မှ ထွက်သောအရောင်ဖြင့် မိုးလင်းပြီထင်၍ ဘုရားထံသို့သွား၊ သိဝကမြို့တံခါးကိုလည်း နတ်တို့ဖွင့်ပေး၊ မြို့မှထွက်သော် အလင်းရောင်ကွယ်ပျောက်၍ အမိုက်မှောင် ထင်ရှားဖြစ်လာ၏။ ကြောက်ခြင်း ကိုယ်ခက်တရော်ရှိခြင်း ကြက်သီးမွေးညင်းထခြင်းတို့ ဖြစ်သဖြင့် နောက်သို့ တိုနေရာမှပင် ပြန်လို၏။

သိဝကနတ်သည် ကွယ်ပျောက်လျက် "ဆင်အသိန်းသည်၎င်း၊ မြင်းအသိန်းသည်၎င်း၊ အဿထိုရ်မြင်း ကသော ရထားအသိန်းသည်၎င်း၊ ပတ္တမြားနားဋောင်း ပန်ဆင်ထားသော သတို့သမီးအသိန်းသည်၎င်း ဘုရားဖူးရန်သွားသော ခြေတလှမ်း၏အကျိုးကို ၁၆ပုံပုံ၍ တပုံကိုမျှ မထိုက်တန်ကုန်၊ သူဌေး ရှေ့သို့တက်ပါလော့၊ အသင့်အား ရှေ့သို့တက်ခြင်းသည် မြတ်၏၊ နောက်သို့ဆုတ်ခြင်းသည် မမြတ်ပါ။" ဟူသောအသံကို ကြားစေ၏။

၂။ (သုဒတ္တသုတ်၊ ယက္ခသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဤသုတ်တွင်လည်း ဖြစ်စဉ် အတူတူပင်။ ဤသုတ်၌ကား ရာဇဂြိုဟ်ပြည် ယင်းတိုက်တော၌ ဖြစ်စဉ်ဖြစ်၏။ ဘီလူးတို့ သင်းချိုင်းတံခါး ဖွင့်ကြ၏။ အရောင်အလင်း ၃ကြိမ်ကွယ်ရာ သုသာန်စောင့်နတ်သည် အသံကိုသာ ကြားစေ၍ အထက်ပါအတိုင်း ပြောကြား၏။

**၈ ဘုရားရှင်တို့ / ဘုရားရှင်တိုင်း / ဘုရားရှင်များ ၁၆ ခု**

၁။ ဘုရားရှင်တို့ တပါးတည်း ကိန်းအောင်းတော်မူခြင်း အကြောင်း ၄ပါး (ဥတ္တရိကရဏီယပဉ္စာ၊ ဣဒ္ဓိဗလဝဂ်၊ မေဏ္ဍကပဉ္စာ၊ မိလိန္ဒပဉ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ နေထိုင်ရမှု ချမ်းသာသောကြောင့်၊ ၂ အပြစ်မရှိသော ဂုဏ်ကျေးဇူးများသောကြောင့်၊ ၃ အလုံးစုံသော ဘုရားရှင်တို့၏ ဓမ္မတာအစဉ်၊ ၄ အလုံးစုံသော ဘုရားရှင်တို့ ချီးမွမ်းထောမနာ ချီးကျူးအပ်သောကြောင့်။

၂။ ဘုရားရှင်တို့နှင့် ခေတ် ၃ခေတ် ( ဥပရိပဏ္ဏာသပါဠိတော် ၄။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

၁ ဇာတိခေတ်- ပဋိသန္ဓေနေသောအခါ တုန်လှုပ်သော စကြဝဠာ / ကမ္ဘာ တသောင်း၊

၂ အာဏာခေတ်- ဓမ္မစကြ် အာဏာတော်ပြန့်နှံ့ရာ စကြဝဠာ / ကမ္ဘာ ကုဋေတသိန်း / အာဋာနာဋိယသုတ်၊ မောရပရိတ်၊ ဓဇဂ္ဂသုတ်၊ ရတနသုတ် အာဏာပြန့်နှံ့ရာ၊

၃ ဝိသယခေတ်- သဗ္ဗညုတဉာဏ်တော် အကုန်သိသောဉာဏ်နယ်ပယ် ကျက်စားရာ မရေမတွက်နိုင်သော စကြဝဠာ / ကမ္ဘာ။

<u>၃။ ဘုရားရှင်တို့ ဖူးမြော်လာသူတို့အား ပြောဆိုပုံ</u> ( မူလပဏ္ဏာသ ဋ္ဌ။ ပိဋကတ်တော်လာသိစရာ၊ သာမဏေကျော်)

ဘုရားရှင်တို့သည် ဖူးမြော်ရှိခိုးလာသူတို့အား ရွှေစည်နှင့်တူသော လည်ပင်းတော်ကို မြှောက်ချီလျက် ပုဂ္ဂိုလ်၏အမည်ကို ခေါ်ကာ "ချမ်းသာပါစေ။" ဟု သာယာစွာ မိန့်ဟပါသည်။

<u>၄။ ဘုရားရှင်တို့သိအပ်သော ဉေယျဓံတရား ၅ပါး</u> (ပဋိသမ္ဘိဒါမဂ္ဂ ဋ္ဌ။ ဝိသုဒ္ဓိမဂ်။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ဇိနာလင်္ကာရဋီကာ၊ အသာဓာရဏကထာ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး။ တိပိဋကမြန်မာအဘိဓါန်)

ဘုရားရှင်တို့ သဗ္ဗညုတဉာဏ်တော်ဖြင့် သိသင့်သိထိုက်သော တရားအားလုံးကို ဉေယျဓံဟု ခေါ်သည်။

ဉေယျဓံ= ဉေယျ= သိသင့်သိထိုက်သော + ဓမ်= တရား၊ ဉေယျဓံ= သိသင့်သိထိုက်သောတရား။

၁ သင်္ခါရ- စိတ်၊ စေတသိက်ဟူသော နာမ် ၅၃ပါးနှင့် နိပ္ဖန္နရုပ် ၁၈ခုသောတရား / ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဥ္ဇာဘိသင်္ခါရတရား၊

၂ ဝိကာရတရား- ဖေါက်ပြန်သောတရား ၅ခု - [၁]လဟုတာရုပ်- ပေါ့ပါးသောရုပ်၊ [၂]မုဒုတာရုပ်- နူးညံ့သော ရုပ်၊ [၃]ကမ္မညတာရုပ်- အမှုကို ပြုနိုင်စွမ်းသောရုပ်၊ [၄]ကာယဝိညတ်- ကိုယ်ဖြင့် မိမိအလိုကို သိစေသောရုပ်၊ [၅]ဝစီဝိညတ်- စကားဖြင့် မိမိအလိုကို သိစေသောရုပ်၊

၃ လက္ခဏာတရား- အမှတ်အသားတရား ၄ခု- [၁]ဥပစယ- ဖြစ်ခြင်း၊ [၂]သန္တတိ- တည်ခြင်း၊ [၃]ဇရတာ- အိုခြင်း၊ [၄]အနိစ္စတာ- ပျက်ခြင်း၊

၄ ပညတ်တရား- လူ နတ် ပြဟ္မာ၊ ဆင် မြင်း ကျွဲ နွား၊ တော တောင် ရေ မြေ စသော ပညတ်တရားများ၊

၅ နိဗ္ဗာန်တရား- အထက်ပါတရား ၄ပါးမှတပါး ငြိမ်းအေးသော အသင်္ခတ နိရောဓဓါတ် တရား၊ သန္တိပဒ ခေါ် ငြိမ်းအေးမှုဓါတ်။

<u>ပရမတ္ထ တရား၄ပါးနှင့် ပညတ်တရားတပါး</u> တို့ ဖြစ်ကြသည်။

<u>၅။ ဘုရားရှင်တို့သော်မှ အကဲ့ရဲ့ မလွတ်ကြကုန်။</u> (အတုလဥပါသကဝတ္ထု၊ ကောဓဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိမြို့နေ အခြံအရံ ၅၀၀ရှိသော အတုလဥပါသကာသည် တရားနာရန် ဇေတဝန်ကျောင်းတော်သို့ သွား၊ ဦးစွာ အရှင်ရေဝတထံ သွားကြ၊ တပါးတည်း သီတင်းသုံးလေ့ရှိသူ ဖြစ်၍ နှုတ်ဆက်စကားပင်

မပြော၊ ကဲ့ရဲ၍ အရှင်သာရိပုတ္တရာထံသွားရာ အဘိဓမ္မာတရားဟော၊ ရှည်လျားခက်ခဲ၍ မမှတ်မိနိုင်ကြ၊ မကျေနပ်ကြ၊ တဖန် အရှင်အာနန္ဒာထံသွား၊ သိလွယ်အောင်စီစဉ်၍ ထရားအနည်းငယ်သာဟော၊ မကျေနပ်ကြပြန်၊ ဘုရားရှင်အားလျှောက်ကြသော် ဘုရားရှင်သည် အထက်ပါစကားတော်ကို မိန့်တော်မူ၍ ဤဂါထာဒေသနာတော်ကိုဟောရာ အားလုံးသော ဥပါသကာတို့ သောတာပန်များဖြစ်ကြ။

"အို အတုလ၊ ဤကဲ့ရဲခြင်းသည် ရှေးရိုးစဉ်လာပေတည်း။ ယခုမှ ဖြစ်သည်မဟုတ်။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့၏။ များစွာပြောဟောသူကိုလည်း ကဲ့ရဲ့၏။ နှုိင်းချိန်၍ပြောသူကိုလည်း ကဲ့ရဲ့၏။ လောက၌ အကဲ့ရဲ့လွတ်သောသူမည်သည် မရှိပေ။

လုံး၀ အကဲ့ရဲ့ခံရသူ၊ လုံး၀ အချီးမွမ်းခံရသူမည်သည် ရှေးကလည်း မရှိခဲ့စဘူး၊ နောင်အခါလည်း ရှိလိမ့်မည် မဟုတ်၊ ယခုအခါ၌လည်း မရှိ။

မကျိုးမပြတ်သောအကျင့်ရှိသော၊ ဖေါက်ခွဲနိုင်သော ပညာရှိသောပညာ၊ သီလ၊ သမာဓိဂုဏ်ရှိသောသူကို ပညာရှိတို့သည် ဟုတ်မှန်စွာသိ၍ နေ့တိုင်းနေ့တိုင်း ချီးမွမ်းခဲ့ပါမူ ဇမ္ဗူရာဇ် ရွှေစင်နိက္ခနှင့်တူသူကို အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း? ထိုသူကို နတ်တို့သည်၊ ဗြဟ္မာမင်းတို့သည် ချီးမွမ်းကုန်၏။"

<u>၆။ ဘုရားရှင် (ပစ္ဆိမဘ၀ ဘုရားအလောင်းတော်) တို့သည်သာ သိနိုင်သောအခါ ၃ပါး</u>

(မာလာလင်္ကာရဝတ္ထုတော်ကြီး၊ ဒုတိယမဲထီးဆရာတော်)

၁ အမိဝမ်းတွင်းသို့ သက်ဆင်းသောအခါ၊

၂ အမိဝမ်းတွင်း၌ ကိန်းအောင်းသောအခါ၊

၃ အမိဝမ်းတွင်းမှ ဖွားသောအခါ - တို့၌ ဘုရားအလောင်းတော်တို့သည်သာ သက်ဆင်းသည်၊ ကိန်းအောင်းနေသည်၊ ဖွားသည်တို့ကို သိတော်မူကြ၏။

<u>**၇။ ဘုရားရှင်တို့ အချင်းချင်း မတူသောအချက်- ဝေမတ္တတရား ၈ပါး**</u> (ဗုဒ္ဓဝံသ ဋ္ဌ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဝေမတ္တ= ဝိမတ္တ= ဝိ= ထူးထွေသော + မတ္တ= အတိုင်းအရှည်ပမာဏ။

၁ အသက်တမ်းပမာဏ၊

၂ လုံးရပ်ပမာဏ၊

၃ အမျိုးအနွယ်၊

၄ ဒုက္ကရစရိယာ ကျင့်ရာကာလ၊

၅ ရောင်ခြည်တော်၊

၆ တောထွက်သောအခါ စီးနင်းသည့်ယာဉ်၊

၇ ဗောဓိပင်၊

၈ ပလ္လင်တော်ပမာဏ။

<u>၈။ ဘုရားရှင်တို့၏ ဓမ္မတာ ၃၀</u> (မဟာပဒါနသုတ်၊ မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ ဗုဒ္ဓဝင် ၄)

ဘုရားရှင်တိုင်း ပြုရိုးဖြစ်စဉ် သဘောတရား ၃၀ ဖြစ်သည်။

၁ ပစ္ဆိမဘဝိကသားဖြစ်သော အလောင်းတော်များသည် မယ်တော်ဝမ်းတွင်သာ ပဋိသန္ဓေနေရခြင်း၊ ၂ မယ်တော်ဝမ်း၌ တင်ပလ္လင်ခွေလျက် ရှေ့သို့မျက်နှာပြုနေတော်မူခြင်း၊ ၃ မယ်တော်သည် အလောင်းတော်မြတ်ကိုရပ်လျက် ဖွားမြင်ရခြင်း၊ ၄ တောအရပ်၌သာ ဖွားမြင်ရခြင်း၊ ၅ ဖွားသစ်စအခါ အရပ် ၁၀မျက်နှာကို ကြည့်လျက် မြောက်ဖက်သို့ ၇ဖဝါးလှမ်းပြီး သီဟနာဒအသံဖြင့် ကြုံးဝါးတော်မူခြင်း၊ ၆ သူအို၊ သူနာ၊ သူသေ၊ ရဟန်း လေးခန်းသော နိမိတ်ကိုမြင်ပြီး သားတယောက်ရမှ တောထွက်တော်မူခြင်း၊ ၇ အရဟတ္တဓဇခေါ် ကြာသင်္ကန်းတော်ဖြင့် ရဟန်းအသွင်ကိုယူပြီးမှ ဒုက္ကရစရိယာကို အနည်းဆုံး ၇ရက် ကျင့်ရခြင်း၊ ၈ ဘုရားဖြစ်မည့်နေ့၌ နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူရခြင်း၊ ၉ မြက်အခင်းပေါ်၌သာ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူခြင်း၊ ၁၀ ဗောဓိပလ္လင်ပေါ်၌ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပရိကံ ပြုတော်မူခြင်း၊

၁၁ မာရ်စစ်သည်ကို အောင်တော်မူခြင်း၊ ၁၂ ဗောဓိပလ္လင်ထက်၌သာ ဝိဇ္ဇာ ၃ပါးအစထား၍ ဆအသာဓါရဏစသည့် ကျေးဇူးဂုဏ်အထူးကို ရတော်မူခြင်း၊ ၁၃ ဗောဓိပင်၏ အနီးအနား သတ္တဋ္ဌာနများ၌သာ ၄၉ရက် နေတော်မူခြင်း၊ ၁၄ တရားဟောတော်မူရန် ဗြဟ္မာမင်းက တောင်းပန်ရခြင်း၊ ၁၅ ဣသိပတန မိဂဒါဝုန်တော၌သာ ဓမ္မစကြာဟောတော်မူခြင်း၊ ၁၆ တပို့တွဲလပြည့်၌သာ အင်္ဂါ ၄ပါးရှိသော အစည်းအဝေးကြီး၌ ပါတိမောက်ပြတော်မူခြင်း၊ ၁၇ ဇေတဝန်ကျောင်းတော်၌သာ နိဗဒ္ဓဝါသ်ပြုတော်မူခြင်း - အမြဲနေတော်မူခြင်း၊ ၁၈ သာဝတ္ထိပြည်မြို့တံခါး၌ တန်ခိုးပြာဋိဟာပြတော်မူခြင်း၊ ၁၉ တာဝတိံသာ၌သာ တရားအဘိဓမ္မာဟောတော်မူခြင်း၊ ၂၀ သင်္ကဿနဂိုရ်ပြည်မြို့တံခါးသို့သာ တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူခြင်း၊

၂၁ ဖလသမာပတ်ကို မပြတ်ဝင်စားတော်မူခြင်း၊ ၂၂ နံနက်အခါ ညဉ့်အခါတို့၌ ဝေနေယျသတ္တဝါတို့ကို ကြည့်တော်မူခြင်း၊ ၂၃ အကြောင်းဝတ္ထုပေါ်လျှင် ဝိနည်းဥပဒေကို ပညတ်တော်မူခြင်း၊ ၂၄ အတ္ထုပ္ပတ်ဖြစ်လတ်သော် ဇာတ်တရားတော်ကို ဟောကြားတော်မူခြင်း၊ ၂၅ ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ဗုဒ္ဓဝင်တရားတော်ကို ဟောကြားတော်မူခြင်း၊ ၂၆ အာဂန္တုရဟန်းတို့နှင့် ပဋိသန္ထာရပြုတော်မူခြင်း၊ ၂၇ ဒါယကာတို့ပင့်၍ ဝါဆိုတော်မူသောအခါ ဝါကျွတ်လျှင် ဒါယကာတို့အား ပန်ကြားပြီးမှ ကြွသွားတော်မူခြင်း၊ ၂၈ အခါ၅ပါးတို့၌ ဗုဒ္ဓကိစ္စ ၅ပါးကို ပြုတော်မူခြင်း၊ ၂၉ ပရိနိဗ္ဗာန်ပြုမည့်နေ့၌ သားပွဲမ်းဆွမ်းကို ဘုဉ်းပေးတော်မူခြင်း၊ **၃၀** ကုဋေ ၂သန်း ၄သိန်းသော သမာပတ်တို့ကို ဝင်စားတော်မူပြီးမှ ပရိနိဗ္ဗာန်ပြုတော်မူခြင်း။

၉။ ဘုရားရှင်တို့၏ အဆုံးအမတော် ၂ ခု

၁။ သြဝါဒပါတိမောက် (ဓမ္မပဒ ဋ္ဌ။ ဝိ ဋ္ဌ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး။ အာနန္ဒဝတ္ထုရပဉှာဝတ္ထု၊ ဗုဒ္ဓဝင်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

"သဗ္ဗ ပါပဿ အကရဏံ" အစရှိသော ရဟန်းတော်တို့အား ညွှန်ပြမိန့်ဆိုသော သြဝါ ဒ ပါတိမောက် ဂါထာတော် ၃ဂါထာသည် ဘုရားရှင်တို့၏ အဆုံးအမတော် ဖြစ်ပါသည်။

ဝိပဿီစသော ဘုရားရှင်တို့၏ ပါတိမောက်ဥပုသ်ပြုခြင်းသည် တဆူနှင့်တဆူ တူသလော၊ မတူ သလော ဟု ဘုရားရှင်အား အရှင်အာနန္ဒာကမေးရာ ဘုရားရှင်က "ဝိပဿီမြတ်စွာဘုရားသည် ၇နှစ်လျှင် တကြိမ်၊ ရဟန်းတော်များကို နတ်တို့ တနှစ်တကြိမ် နှိုးဆော်ကြသည်၊ သိခီနှင့်ဝေဿဘူ မြတ်စွာ ဘုရားတို့သည် ၆နှစ်လျှင်တကြိမ်၊ ကကုသန်နှင့် ကောဏာဂုံမြတ်စွာဘုရားတို့သည် တနှစ်လျှင် တကြိမ်၊ ကဿပမြတ်စွာဘုရားသည် ၆လတကြိမ် ဥပုသ်ပြုတော်မူကြသည်၊ ဥပုသ်ပြုရာ အချိန်ကာလ မတူကြသော် လည်း သြဝါဒစကားတော်တို့ကား တူကြသည်။" ဟု မိန့်တော်မူ၏။

ဤသြဝါဒပါတိမောက်ကို ဘုရားရှင်တို့သာ အင်္ဂါ ၄ပါး (ဤတရားအစုပါ အမှတ် ၁၄။ ဘုရားရှင်များ လက်ထက်တော်၌ ဖြစ်လေ့ရှိသော သာဝကအစည်းအဝေးကြီး၏ အင်္ဂါ ၄ပါး - ကို ကြည့်ပါ။) - နှင့် ပြည့်စုံ သော တပို့တွဲလပြည့်နေ့၌ ပဌမဦးဆုံး ပြကြသည်။ ဤ ၃ဂါထာသာ ဖြစ်သည်။ အခြားတရားဒေသနာ ဂါထာ အထူးအပြား မရှိ။

သက်တော်ရှည်ဘုရားရှင်တို့သည် ဤသြဝါဒပါတိမောက်ကိုသာ သာသနာဆုံးတိုင် ပြကြကုန်၏။ သက်တော်တိုသော ဘုရားရှင်တို့ကား ပဌမဗောဓိဟုခေါ်သော ရှေ့ပိုင်းနှစ်ကာလများတွင်သာ ပြတော်မူကြ ၏။ ဝိနည်းသိက္ခာပုဒ်တော်များ ပညတ်တော်မူသည့်အခါမှစ၍ သြဝါဒပါတိမောက်ကို ပြတော်မမူကြကုန်။ ထိုဝိနည်းသိက္ခာပုဒ်တော်များဟုခေါ်သော အာဏာပါတိမောက်ကို ၁၅ရက် / လခွဲ / တပက္ခတကြိမ် တပည့် သံဃာတော်များသာ ပြတော်မူကြ၏။ ဘုရားရှင်များ ပြတော်မမူကြ။

၂။ အဆုံးအမတော် ၃ပါး (ဗုဒ္ဓအပဒါန်၊ ဗုဒ္ဓဝင်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ နိဂုံးနှင့် ဥယျောဇဉ်၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ပျင်းရိခြင်းကို ဘေးအားဖြင့်ရှု၍ အားထုတ်ခြင်းကို ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ထက်သန် သော ဝီရိယရှိသူတို့ ဖြစ်ကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း၊

၂ ငြင်းခုံခြင်းကို ဘေးအားဖြင့်ရှု၍ မငြင်းခုံခြင်းကို ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် ညီညွတ်သူ ပြေပြစ်သူတို့ ဖြစ်ကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း၊

၃ မေ့လျော့ခြင်းကို ဘေးအားဖြင့်ရှု၍ မမေ့လျော့ခြင်းကို ဘေးမရှိသောအားဖြင့် ရှုပြီးလျှင် အင်္ဂါ၈ပါး ရှိသောမဂ်ကို ပွားများကြကုန်လော့၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၁၀။ ဘုရားရှင်တိုင်း မစွန့်ရာ ဇေတဝန်ကျောင်းတော်ရာ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရာ နေရာဝယ် ရှေးဘုရား ဖြဆူတို့၏ ကျောင်းတော်အခြင်းအရာများကို ဖေါ်ပြပါသည်။

| | ဘုရားရှင် | ဝယ်သူသူဌေးကြီး | ဝယ်ယူသည့်ဝတ္ထု | ကျောင်းအကျယ်အဝန်း |
|---|---|---|---|---|
| ၁ | ဝိပဿီ | ပုနဗ္ဗသုမိတ္တ | ရွှေအုတ်ချပ် | တယူဇနာ၊ |
| ၂ | သိခီ | သီရိဝၶ | ရွှေထွန်သွားတုံး | ၃ဂါဝုတ်၊ |
| ၃ | ဝေဿဘူ | သောတ္ထိဇ | ဆင်ခြေသဏ္ဌာန်ရွှေတုံး | ၂ဂါဝုတ်၊ |
| ၄ | ကကုသန် | အစ္စုတ | ရွှေအုတ်ချပ် | တဂါဝုတ်၊ |
| ၅ | ကောဏာဂုံ | ဥဂ္ဂ | ရွှေလိပ်ရုပ် | တဂါဝုတ်ဝက်၊ |
| ၆ | ကဿပ | သုမင်္ဂလ | ရွှေတုံး | ၁၆ပယ်၊ |
| ၇ | ဂေါတမ | သုဒတ္တ / အနာထပိဏ် | ရွှေဒင်္ဂါး | ၈ပယ်။ |

၁၁။ ဘုရားရှင်တိုင်း မစွန့်ရာဌာန / **အဝိဇဟိတ ၄ဌာန** (သုတ်မဟာဝါ ဋ္ဌ။ ဗုဒ္ဓဝံသ ဋ္ဌ။ ဝိနည်းစူဠဝဂ္ဂ ဋ္ဌ။ ဒေဝေါရောဟနဝတ္ထု၊ ဗုဒ္ဓဝင်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ မဟာဗောဓိပင်၏ အရှေ့ဘက်အခက်တော်အောက်၌ အလုံးစုံသော ပါရမီတော်တို့ကြောင့် ပေါ်ပေါက်လာရသော ဝဇိရာသန ရတနာဗောဓိပလ္လင်တော် နေရာဌာန၊

၂ ဣတိပတန မိဂဒါဝုန်တောဝယ် ဓမ္မစကြာတရားဦး ကို ဟောကြားတော်မူသောနေရာ၊

၃ ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက် ဂန္ဓကုဋီကျောင်းတိုက်အတွင်း၌ ခင်းထား အပ်သောညောင်စောင်း၏ ခြေ ၄ခုတို့ ကျရာ နေရာဌာန၊

၄ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်မြတ်ကို နတ်ပြဟ္မာတို့အား ဟောကြားတော်မူပြီး သည့်အဆုံး သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ တာဝတိံသာမြင်းမိုရ်ထိပ်ချာမှသည် သင်္ကဿနဂိုရ် ပြည်သို့ ဆင်းတော်မူလာရာဝယ် နတ်များက လက်ယာရွှေစောင်းတန်းမှ၊ ပြဟ္မာကြီးများက လက်ဝဲငွေ စောင်းတန်းမှ၊ မြတ်စွာဘုရားရှင်က အလယ်ပတ္တမြား စောင်းတန်းမှ ဆင်းရာ ၄င်းစောင်းတန်း တို့ကျရာ ဌာန။

(သိဟောမြဲနေ ဆင်းနတ်ပြည် ၄ထွေအဝိဇဟိတ။)

၁၂။ ဘုရားရှင်တိုင်းသည် ဤစကြဝဠာ / ကမ္ဘာတခုတည်း၌သာ ပွင့်တော်မူကြသည်။

(ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁၃။ ဘုရားရှင်များ ပွင့်ရာ ကမ္ဘာ ၅မျိုး (ဗုဒ္ဓဝင် ဌ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကမ္ဘာ= မဟာကပ်၊ ၄ကျွန်းတမြင်းမိုရ်ရှိသော စကြဝဠာတိုက် (ပါဠိဝေါဟာရအဘိဓါန်)

ဘုရားမပွင့်သောကမ္ဘာကို သုညကမ္ဘာဟု ခေါ်သည်၊ ဘုရားပွင့်သော ကမ္ဘာ ၅ကမ္ဘာရှိသည်။

၁ ဘုရား တဆူပွင့်လျှင် သာရကမ္ဘာ၊

၂ ၂ဆူပွင့်လျှင် မဏ္ဍကမ္ဘာ၊

၃ ၃ဆူပွင့်လျှင် သာရမဏ္ဍကမ္ဘာ၊

၄ ၄ဆူပွင့်လျှင် ဝရကမ္ဘာ၊

၅ ၅ဆူပွင့်လျှင် ဘဒ္ဒကမ္ဘာဟု ခေါ်သည်။

သုညကမ္ဘာများ၌ မြတ်စွာဘုရားများသာ မပွင့်ပေါ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်များနှင့် စကြဝတေးမင်းတို့မူကား ပွင့်ထွန်း ပေါ်ပေါက်ကြသည်။

၁၄။ ဘုရားရှင်များ လက်ထက်တော်၌ ဖြစ်လေ့ရှိသော သာဝကအစည်းအဝေးကြီး၏ အင်္ဂါ ၄ပါး (ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ရဟန်းအားလုံး ဧဟိဘိက္ခု ရဟန်းချည်း ဖြစ်ကြခြင်း၊ ၂ ရဟန်းအားလုံး ဆဠဘိည (အဘိညာဉ် ၆ပါးရ) ရဟန်းချည်း ဖြစ်ကြခြင်း၊ ၃ မပင့်မခေါ်ပဲ ရောက်လာညီမူကြခြင်း၊ ၄ ၁၅ ရက် လပြည့်ဥပုသ်နေ့ ဖြစ်ခြင်း။

၁၅။ ဘုရားရှင်များ ဟောကြားသော တရားတော် ၃ ပုဒ်

၁။ ကဿပဘုရားရှင် ဟောတော်မူခဲ့သောတရားတော်

(ပြန်လည်ဟောပြရာဇာတ် ၃ ဇာတ်၊ ဂေါတမဘုရားရှင် ဟောတော်မူရာ ၁ နေရာ) = ပေါင်း ၄ ခု

၁ ဇယဒိသဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဇယဒိသမင်း- သုဒ္ဓေါဒနမင်းကြီးအလောင်းသည် သမင်ဖမ်းလိုက်ခါနီး သတာရဟင္ဂါထာဟောရန် ရောက်လာသောနန္ဒပုဏ္ဏားအား ပြန်မှနာမည်ဟုမိန့်၊ သမင်ဖမ်းပြီးပြန်လာစဉ် လူသားစားပေါရိသာဒ- အရှင်အင်္ဂုလိမာလအလောင်းလက်မှ "ပြန်လာမည်။" ဟူသောကတိဖြင့် လွတ်ပြီးနောက် ပြည်တော်သို့ ပြန်ရောက်၊ မြတ်သော အဖိုးများစွာထိုက်သောနေရာ၌နေစေပြီး တရားနာ၍ ပုဏ္ဏားကို ၄ထောင်သော ဥစ္စာပေး၍ တက္ကသိုလ်ပြည်သို့ ရထားဖြင့်ဆောင်စေ၏။

၂ မဟာကဏှဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ကဿပဘုရားရှင်၏သာသနာတော် ဆုတ်ယုတ်သောကာလ လူရဟန်းတို့ တရားပျက်ကြသဖြင့် သေတိုင်းသော လူတို့သည် အပါယ်ဘုံ၌ပြည့်ပြီး နတ်ပြည်ခရီးဆိတ်၊ ဘုရားလောင်းသိကြားမင်းသည် လူများကို ခြိမ်းခြောက်၍ ကြောက်သောအဖြစ် ရောက်စေပြီးနောက်မှ နှစ်သိမ့်စေကာ ဆုတ်ယုတ်သောသာသနာတော်ကို ချီးမြှောက်၍ အနှစ်တထောင်တည်အံ့သော အကြောင်းပြုအံ့ဟုကြံ၊ မုဆိုးအသွင်ယူပြီး မာတလိနတ်သား-အရှင်အာနန္ဒာအလောင်းကို ခွေးနက်ကြီးအသွင်ဖန်ဆင်းစေကာ လူ့ပြည်ဆင်းလာ၊ လူရဟန်းတို့ကို တရား၌ တည်စေ၍ မမေ့မလျော့ဖြစ်လော့ဟု သတာရဟဂါထာဟော၊ လူတို့အား ဒါနသီလတို့၌တည်စေ၍ ဆုတ်ယုတ်ရွေ့လျောသော သာသနာတော်သည် တပါးသောအနှစ်တထောင် တည်စေ၏။

၃ မဟာသုတသောမဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဘုရားလောင်းမဟာသုတသောမမင်းကြီးသည် တရားတော်ကို အလေးအမြတ် ပြုတော်မူသောကြောင့် တက္ကသိုလ်ပြည်မှလာသော နန္ဒပုဏ္ဏားအား ဆံမုတ်ဆိတ်ပြုပြင်စေ၊ အဝတ်တန်ဆာဆင်စေ၊ ထမင်းစားစေပြီး မြတ်သောသူတို့အားထိုက်သော ပလ္လင်ထက်၌နေစေ၍ မိမိသည် နိမ့်ရာမှနေကာ ဆရာတို့ဆောင်အပ်သော သတာရဟဂါထာတို့ကို နာလိုပါ၏ဟု တောင်းပန်၏၊ ပုဏ္ဏားသည် ရွှေပေကိုကြည့်လျက် တရားဟော၏။

"သကိံ ဒေဝ သုတသောမ၊ သဗ္ဘိ ဟောတိ သမာဂမော။ သာ နံ သင်္ဂတိ ပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော။"

သူတော်ကောင်းတို့နှင့် တကြိမ်သာ ပေါင်းဖက်ခြင်းသည် ထိုသူကိုစောင့်ရှောက်ပေ၏၊ သူတော်မဟုတ် သူယုတ်တို့နှင့် အကြိမ်များစွာပေါင်းဖက်ခြင်းသည် ထိုသူကိုမစောင့်ရှောက်။

"သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။ သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ န ပါပိယော။"

သူတော်ကောင်းတို့နှင့် ပေါင်းဖက်ခြင်းဖြင့် ဘုရားအစရှိသောပညာရှိတို့၏ သူတော်ကောင်းတရားကို သိ၍ မြတ်သည်ဖြစ်၏၊ ယုတ်မာသည်မဖြစ်။

"ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။"

မြင်းစီးရထားသည် ဆွေးမြေ့၍ ခန္ဓာကိုယ်သည် အို၏၊ ဘုရားစသော သူတော်ကောင်းတို့သည် နိဗ္ဗာန်တရားကို ချီးမွမ်းကုန်၏၊ နိဗ္ဗာန်တရားသည် အိုခြင်းသို့မရောက်။

"နဘာန္တု ဒူရေ ပထဝီ စ ဒူရေ၊ ပါရံ သမုဒ္ဒဿ တဒါဟုဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊ တသဉ္စ ဓမ္မော အတာသဉ္စ ရာဇ။"

ကောင်းကင်နှင့် မြေသည်ဝေး၏၊ သမုဒ္ဒရာ၏ ထိုမှာဘက်ကမ်းနှင့် ဤမှာဘက်ကမ်းသည်ဝေး၏၊ သူတော်ကောင်းထရားနှင့် သူတော်မဟုတ် သူယုတ်တို့၏တရားသည် အလွန်ဝေး၏ဟု ဘုရားစသော ပညာရှိတို့ ဆို၏။

၁/၄ ဂေါတမဘုရားရှင် ဟောတော်မူရာ ၁ နေ့ရာ (မလ္လိကာဒေဝီဝတ္ထု၊ ဇရာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

မလ္လိကာဒေဝီ ကွယ်လွန်ပြီးနောက် ၈ရက်မြောက်နေ့တွင် ဘုရားရှင်ဆွမ်းခံရင်း နန်းတော်ဝင်၊ နန်းတော် ထက်ပင့်သော်လည်း ဘုရားရှင် ရထားတင်းကုပ်သို့ကြွ၊ ကောသလမင်းကြီးက မလ္လိကာမိဖုယား၏ လားရာ မေး၊ တုသိတာနတ်ပြည်သို့ ရောက်ကြောင်းမိန့်၊ "ဤမိဖုယားမျိုးမှ မရောက်လျှင် မည်သူရောက်မည်နည်း?၊ ဘုရားရှင်အား လှူဒါန်းရန်သာ ရည်စူး၍ မပြတ်စီစဉ်နေသူဖြစ်၊ ကွယ်လွန်သည့်နေ့မှစ၍ အိုမင်းမစွမ်း ဖြစ်နေသည့် ဤကိုယ်ကိုပင် မသယ်ချင်တော့ပါ။" ဟုလျှောက်။

ဘုရားရှင်က ရထားအများထဲမှ အကောင်းဆုံးရထားကိုကြည့်၍ မည်သူ့ရထားနည်းဟုမေး၊ ဘိုးတော်၏ ရတား၊ ခမည်းတော်၏ရထားစသည်ဖြင့် မေးတော်မူတိုင်း ဖြေပြီးနောက် အသစ်လွင်ဆုံးရထား ကို မေးသော် မိမိရထားဟုဖြေ၊ ဤတွင် အောက်ပါဒေသနာတော်ကို ဟော။ အနက်ကို အထက်တွင် ကြည့်ပါ။

"ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။"

၂။ ၃၁ကမ္ဘာထက်က သိခီမြတ်စွာဘုရား၏ မြတ်သောသာဝကအစုံအနက် အဘိဘူထေရ် ဟောကြားသောဂါထာ (အရုဏဝတီသုတ်၊ ဒုတိယဝဂ်၊ ဗြဟ္မသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အကျွန်ုပ်တို့၏ အစ်ခွေယျ ဂေါတမမြတ်စွာဘုရား သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် သံဃာတော်များ အား ဟောကြား၊ အရုဏဝါမင်း၏ အရုဏဝတီ မင်းနေပြည်၌ သိခီမြတ်စွာဘုရား သီတင်းသုံးတော်မူနေ၊ သိခီ ဘုရားရှင်၌ အဘိဘူနှင့် သမ္ဘဝမည်သော မြတ်သော သာဝကာအစုံ ဖြစ်၊ သိခီဘုရားရှင်သည် အဘိဘူရဟန်း ကိုခေါ်တော်မူ၍ ဗြဟ္မာ့ပြည်သို့ကြွပြီးနောက် အဘိဘူမထေရ်အား ဗြဟ္မာပရိသတ်အား တရားဟောစေ၊ ဗြဟ္မာ တို့က အဘယ်ကြောင့် တပည့်သာဝကသည် ဆရာဘုရားရှင်၏ မျက်မှောက်၌ တရားဟောဘိသနည်း? ဟု ကဲ့ရဲ့ရှုတ်ချကြ၊ သိခီဘုရားရှင်က အဘိဘူမထေရ်အား ဗြဟ္မာတို့ ကဲ့ရဲ့ကုန်၏၊ အတိုင်းထက်အလွန် ဗြဟ္မာ တို့ကို ထိတ်လန့်စေလော့ဟု မိန့်၊ မထေရ်လည်း ဝန်ခံပြီးနောက် ထင်ရှားမြင်ရသော ကိုယ်ဖြင့်၎င်း၊ ထင်ရှား

မမြင်ရသော ကိုယ်ဖြင့်ငင်း၊ ထင်ရှားမြင်ရသော အထက်ထက်ဝက်သော ကိုယ်ဖြင့်ငင်း၊ ထင်ရှားမြင်ရသော အောက်ထက်ဝက်သော ကိုယ်ဖြင့်ငင်း တရားဟောကြားရာ ပြဟ္မာတို့သည် မထေရ်သည် ကြီးသောတန်ခိုး၊ ကြီးသော အာနုဘော်ရှိစွ ဟု အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသောစိတ်သဘောတို့ ဖြစ်ကြ၏။

ထိုအခါ မထေရ်က သိခီဘုရားရှင်အား ရဟန်းအပေါင်း၏ အလယ်၌ အကျွန်ုပ်သည် ပြဟ္မာပြည်၌ ရပ်တည်လျက် လောကဓါတ်တထောင်ကို အသံဖြင့် သိစေခြင်းငှါ စွမ်းနိုင်၏ဟု လျှောက်ဖူးကြောင်း လျှောက်ထားရာ သိခီဘုရားရှင်က သိစေရန်အခါ တန်ပြီဟုမိန့်ရာ မထေရ်ဤဂါထာကိုဟော၏။

"မြတ်စွာဘုရားသာသနာတော်၌ အားထုတ်ကြကုန်လော့၊ ထွက်မြောက်ကြောင်း လုံ့လကို ပြုကြကုန်လော့၊ ဘာဝနာနှင့်ယှဉ်သော လုံ့လကို ကြိုးပမ်းကြကုန်လော့။ ဆင်ပြောင်ကြီးသည် ကျူအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်း၏စစ်သည်တို့ကို ချေဖျက်ကြကုန်လော့။

အကြင်သူသည် ဤဓမ္မဝိနယသာသနာတော်၌ မမေ့မလျော့သည်ဖြစ်၍ နေလတ္တံ့၊ ထိုသူသည် ပဋိသန္ဓေ နေခြင်းဟု ဆိုအပ်သော သံသရာကိုပယ်၍ ဆင်းရဲ၏အဆုံးကို ပြုလတ္တံ့။"

သိခီဘုရားရှင်နှင့် အဘိဘူမထေရ်တို့ အရုဏဝတီမင်းနေပြည်တော်သို့ ပြန်ရောက်ကြသောအခါ ဘုရားရှင်က ရဟန်းတော်များအား ပြဟ္မာပြည်၌တည်နေစဉ် အဘိဘူမထေရ် ဟောသောဂါထာကို ကြားကြ၏လောဟု မေးရာ ကြားကြပါ၏ဟု လျှောက်ကြပြီး ဂါထာကို ရွတ်ဆိုပြတော်မူကြ၏။

**၃။ အနိစ္စဝတ သင်္ခါရ** <u>ဂါထာ</u> - **<u>၂၈</u>**

၁ ဘုရားရှင် / ဘုရားလောင်း ဟောကြားရာဇာတ် / သုတ်တော်များ **<u>၅၃</u>**

၁ <u>ကမ္ဘာတသိန်းထက်က</u> <u>ပဒုမုတ္တရဘုရားရှင်</u>ဟော (ဓမ္မသဝနိယတ္ထေရအပဒါန်၊ ဂန္ဓောဒကဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကောင်းကင်၌သွားနေသော အရှင်ဓမ္မသဝနိယထေရ်အလောင်းဖြစ်သော ဆံကျစ်ရသေ့သည် သွား၍မရသဖြင့် အောက်၌ ပုဂ္ဂိုလ်မြတ်ရှိတန်ရာ၏ဟု သက်ဆင်း၍ရှာရာ မမြဲသောတရား အနိစ္စသညာကို ဟောကြားနေသော ဘုရားရှင်၏အသံတော်ကိုကြား၊ သင်ယူခဲ့ပြီး ဘဝတိုင်းအမှတ်ရ၏။

၂ <u>ကမ္ဘာထသိန်း</u>ထက်က <u>ပဒုမုတ္တရဘုရားရှင်</u>ဟော (ဧကဓမ္မသဝနိယတ္ထေရအပဒါန်၊ သကိံသမ္မဇ္ဇကဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

တန်ခိုးရှိရှာန်ရရသေ့ဖြစ်သော အရှင်ဧကဓမ္မသဝနိယထေရ်အလောင်းသည် ကောင်းကင်၌သွားစဉ် သွား၍မရသဖြင့် ကောင်းကင်မှသက်၊ အနိစ္စသညာ- အနိစ္စဝတသင်္ခါရာအစရှိသောဂါထာကို ဟောကြားတော်မူနေသော ဘုရားရှင်၏အသံတော်ကိုကြား၊ သင်ယူခဲ့ပြီး စုတိစိတ်ဖြစ်ခါနီးလတ်သော် ဤသူတော်ကောင်းတရားကို အောက်မေ့၏။

၃ ဇုဌကမ္မာထက်က သိဒ္ဓတ္ထဘုရားရှင်ဟော (သောပါကတ္ထေရအပဒါန်၊ သီဟာသနိယဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် တောကြီးအတွင်း တောင်ဝှမ်းလှိုဏ်ဂူကို အရှင်သောပါကအလောင်း ရှင်းလင်းနေစဉ် ကြွလာ၊ သစ်ရွက်အခင်းပန်းနေရာကိုလှူ၊ ဘုရားရှင်က အမြဲသည်၏အဖြစ် အနိစ္စသညာကို ဟောကြားတော်မူ၏။

၄ မဟာသုဒဿနဇာတ်၊ လိတ္တဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဂေါတမဘုရားအလောင်း မဟာသုဒဿနမင်းကြီးက နတ်ရွာစံကာနီး ယသောဓရာအလောင်း မိဖုယားကြီး သုဘဒ္ဒါအား ဟော။

"အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။ ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။"

ရှင်မသုဘဒ္ဒါ ပြုပြင်စီရင်အပ်သော သင်္ခါရတရားတို့သည် မမြဲကုန်၊ ဖြစ်တတ် ပျက်တတ်သောသဘော ရှိကုန်၏။

ဖြစ်ကုန်ပြီး၍ ချုပ်ကုန်၏၊ ထိုသင်္ခါရတရားတို့၏ အေးငြိမ်းကုန်ဆုံးရာနိဗ္ဗာန်သည် ချမ်းသာလှပါသည်။

၅ ဝေပုလ္လပဗ္ဗတသုတ်၊ ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။
(သံသရာ၏အစကို မသိနိုင် / သင်္ခါရတရားတို့သည် မမြဲကုန် - အနက်မှ - ဝေပုလ္လပဗ္ဗတသုတ်) - တွင် ကြည့်ပါ။

၂ ပြန်လည်ဟောကြားရွတ်ဆိုသော သာဝက ၁ ပါး / သိကြားမင်း ၁ ပါး ပေါင်း ၂ ပါး

၁။ အရှင်မဟာမောဂ္ဂလ္လာန်သည် ထေရဂါထာတွင် ရွတ်ဆို ဟောတော်မူသည်။
(မဟာမောဂ္ဂလ္လာနတ္ထေရဂါထာ၊ သဋ္ဌိနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၂။ သိကြားမင်း ဂေါတမမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ ရွတ်ဆိုပူဇော်သည်။
(ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း ၉ စု - အနက်မှ - ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်လုနီး ဘုရားရှင် ရွတ်ဆိုသောဂါထာနှင့် စံတော်မူပြီးနောက် ပုဂ္ဂိုလ် ၄ဦး ရွတ်ဆိုသောဂါထာ ၄ဂါထာ) ကို ကြည့်ပါ။

၁၆။ ဘုရားရှင်များ၏ သာသနာတော်များ (ဝေရဉ္ဇကဏ္ဍ၊ ပါရာဇိကပါဠိတော် ဠ၊ ခု၊ ဝိ)

သက်တော်ရှည်ဘုရားရှင်များ၏ သာသနာတော်သည် သာဝက ၂ဆက်သာ တည်၍ သက်တော်မရှည်သော ဘုရားရှင်တို့၏ သာသနာတော်သည် သာဝက ၂ဆက်မျှမက အဆက်များစွာ တည်၏။

# ၉ ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့် ဆက်စပ်၍ မှတ်သားဖွယ် ၄၅ စု

၁။ ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရားရှင်လက်တက် ကိကီမင်းကြီး၏ သမီးတော် ၇ပါး (ခေမာထေရီအပဒါန်၊ ဧကူပေါသထိကဝဂ်၊ ထေရီပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကဿပဘုရားရှင်၏ အလုပ်အကျွေးဖြစ်သော ဗာရာဏသီပြည့်ရှင် ကိကီမည်သော ကာသိမင်းကြီး၏ သမီးတော်များ ဖြစ်ကြသည်။

၁ သမဏီ- ခေမာထေရီ၊ ၂ သမဏဂုတ္တာ- ဥပ္ပလဝဏ်ထေရီ၊ ၃ ဘိက္ခုနီ- ပဋာစာရာထေရီ၊ ၄ ဘိက္ခုဒါယကာ- ကုဏ္ဍလကေသာထေရီ၊ ၅ ဓမ္မာ- ကိသာဂေါတမီထေရီ၊ ၆ သုဓမ္မာ- ဓမ္မဒိန္နာထေရီ၊ ၇ သံဃဒါယိကာ- ဝိသာခါကျောင်းအမကြီး။

၂။ ဘုရားရှင် ကောသလမင်းကြီးကိုဟောသော အစာလျှော့စားနည်းနှင့် အကျိုး ၃ပါး

(ပသေနဒီကောသလဝတ္ထု၊ သုခဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဒေါဏပါက- တစိတ်ချက်ထမင်း၊ ဒေါဏပါကသုတ်၊ ဒုတိယဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ထမင်းဆန်တစိတ် (၄ပြည်) နှင့် များစွာသောဟင်းခွက်တို့ဖြင့် နံနက်စာပွဲတော်တည်ပြီး ဘုရားရှင်ရှေ့ မှောက်၌ ထမင်းဆီယစ်ကာ မအီမသာပင်ပန်းကာ ငိုက်နေ၍ ဘုရားရှင်က-

"အခါ ခပ်သိမ်း သတိရှိပြီး စားသောက်ဖွယ်ရာတို့၌ အတိုင်းအရှည်ပမာဏ သိသူအား -

၁ ရောဂါဝေဒနာ နည်းပါးသည်၊

၂ သုံးဆောင်အပ်သော အာဟာရသည်လည်း အသက်ကိုစောင့်သည်၊

၃ အစာလည်း နူးညံ့စွာ ကြေညက်သည်" ဟူသောဆုံးမဂါထာကို ဟော၊ မမှတ်နိုင်။

တူတော်သုဒဿနကို မှတ်စေရာ ဘုရားရှင်က မင်းကြီးပွဲတော်တည်စဉ် နောက်ဆုံးထမင်းလုတ်စားခါနီး၌ ရွတ်စေ၏။ မင်းကြီးကလည်း တနေ့ အသပြာ ၁၀၀ ရိက္ခာပေး၍ ရွတ်စေရာ အစဉ်သဖြင့် အစားလျှော့လာရာ ဆန်တစိတ်ချက်မှသည် ဆန်တစလယ်/တကွမ်းစားချက်ဖြင့် တင်းတိမ်ပြီး အကျိုးကျေးဇူးများစွာရခဲ့သည်။ နောက်ကာလ၌ ကောင်းစွာလျှော့ပါးသော ကိုယ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားသည် ၎င်းကို မျက်မှောက်အကျိုး တမလွန်ဘဝအကျိုးတို့ဖြင့် စောင့်ရှောက်တော်မူ၏ဟု ဥဒါန်းကျူးလေသည်။

၃။ ဘုရားရှင်ကိုယ်တိုင် ထိတ်လန့်သံဝေဂရခဲ့သော တရား ၈ပါး (အတ္တဒဏ္ဍသုတ်၊ အဋ္ဌကဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ပစ္စုပ္ပန်၊ သံသရာ ၂ဖြာသောဘေးတို့သည် မိမိ၏ ဒုစရိုက်ပြစ်ဒဏ်ကြောင့်သာ ဖြစ်ပေါ်လာ၏။ သို့ပင်ဖြစ်သော်လည်း အချင်းချင်း ခိုက်ရန်ငြင်းခုံနေသောလူအပေါင်းကို ရှုကြကုန်လော့။ ငါဘုရားကိုယ်တိုင်

ထိတ်လန့်မှု သံဝေဂရခဲ့ဘူးသည့်အတိုင်း ထိတ်လန့်ဖွယ် သံဝေဂတရားကို ဟောပေအံ့။

၁ ရေနည်းငါးတို့ကဲ့သို့ ကိလေသာတို့ကြောင့် တုန်လှုပ်နေသောသတ္တဝါအပေါင်းကို မြင်ရ၍၎င်း၊ အချင်းချင်း ခိုက်ရန်ငြင်းခုံနေကြသော လူတို့ကိုမြင်ရ၍၎င်း ကြောက်မက်ဖွယ်ဘေးဘျမ်းသည် ငါ့ထံသို့ ဝင်ရောက်လာ၏။ ၂ အားလုံးသောလောကသည် အနှစ်သာရ မရှိ၊ ၃ အရပ်မျက်နှာအားလုံးရှိ သင်္ခါရ တရားတို့သည် မမြဲခြင်း စသည်ဖြင့် တုန်လှုပ်၏၊ ၄ မိမိ၏ မှီခိုအားထားရာကို အလိုရှိသူသည် ဇရာစသည်ဖြင့် မလွှမ်းမိုးနိုင်သော တစုံတခုသောအရပ်ကို မမြင်၊ ၅ ပျိုသောအရွယ် ကုန်ပြီးသည့်နောက် ဇရာစသည်ဖြင့် နှိပ်စက်ညှဉ်းဆဲအပ်သော သတ္တဝါတို့ကိုမြင်ရ၍ ငါ့အား မမွေ့လျော်မှုသည် ဖြစ်ခဲ့ပြီ၊ ၆ သတ္တဝါတို့၌ စိတ်နှလုံးကိုမှီ၍ မြင်နိုင်ခဲသော ရာဂစသော မြားငြောင့်ကို ငါမြင်ပြီ၊ ၇ ရာဂစသော မြားငြောင့်စူးဝင်နေသူသည် အရပ်မျက်နှာအားလုံးတို့သို့ ပြေးသွားရ၏၊ ထိုမြားငြောင့်ကို နုတ်ပယ်လိုက်သော် မပြေးသွားရတော့၊ သြဃ၄ပါး၌ မနစ်မြုပ်ရတော့၊ ၈ လောကရှိ တပ်မက်ဖွယ် ကာမဂုဏ်တို့ကြောင့် ဆင်အတတ် စသော အတတ်ပညာတို့ကို အဆင့်ဆင့် သင်ယူကြရ၏၊ ထိုကာမဂုဏ်တို့နှင့် အတတ်ပညာတို့၌ လိုက်စားသူမဖြစ်ရာ၊ ကာမတို့ကို အနိစ္စစသောအားဖြင့် အချင်းခပ်သိမ်း ထိုးထွင်းသိ၍ မိမိ၏ ရာဂစသည်တို့ကို ငြိမ်းစိမ့်သောငှာ ကျင့်ရာ၏။

ဘုရားရှင်သည် ဆက်၍ တဏှာ ကိလေသာတို့ကို ပယ်စွန့်၍ ရဟန္တာအဖြစ်သို့ရောက်အောင် ကြိုးကုတ်အားထုတ်ကြရန် ဟောတော်မူ၏။

(ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - အသိများသော တရားတော်များ - အနက်မှ - မဟာသမယသုတ်တော်အပါအဝင် ဆက်စပ်သုတ် / ဇာတ်တော်များ ၁၄သုတ် - အနက်မှ - သုတ်တော် အမှတ် ၆ အတ္တဒဏ္ဍသုတ်) - ကိုလည်း ကြည့်ပါ။

<u>၄။ ဘုရားရှင်ကြွချီသော ဒေသစာရီ ၂မျိုး၊ ခရီးအဝန်း ၃မျိုးနှင့် ကြွချီရသောအကြောင်း ၅ပါး</u> (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>ဒေသစာရီ ၂မျိုး</u>

၁ တုရိတစာရိကာ- အဆောတလျင် ကြွချီတော်မူခြင်း (ဘုရားရှင် သတ္တလောက၏အကျိုးကို ဆောင်ခြင်း) - ကို ကြည့်ပါ၊

၂ အတုရိတစာရိကာ- မြို့စဉ်ရွာစဉ်အတိုင်း နေ့စဉ်မှန်မှန် တယူဇနာ ၂ယူဇနာ ကြွချီခြင်း။ ခရီးအဝန်း ၃မျိုးရှိသည်။

<u>ခရီးအဝန်း ၃မျိုး</u>

၁ မဟာမဏ္ဍလ- အကျယ်ဝန်းဆုံး ခရီးဝန်း။ သီတင်းကျွတ်လပြည့်ကျော် တရက်မှ ဝါဆိုလပြည့် တိုင်အောင် ၉လကြာသည်။ ခရီးအဖြောင့် ယူဇနာ၃၀၀၊ ဝဲယာမှ ယူဇနာ၁၀၀ အတွင်းရှိ လူများ ကုသိုလ်

ကောင်းမှုပြုနိုင်ကြ၍ ဝမ် ယူဇနာ၁၀၀ ယာမှ ယူဇနာ၁၀၀ဖြင့် အဝန်း ယူဇနာ၉၀၀ရှိသည်။

၂ မဇ္ဈိမမဏ္ဍလ- အလယ်အလတ်ခရီးဝန်း။ ရဟန်းတော်များ သမထဝိပဿနာ (သမာဓိပညာ) ရင့်ကျက်သည့်တိုင် ပဝါရဏာကိုငင်၍ တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြု၍ တန်ဆောင်မုန်းလပြည့် ကျော် တရက်နေ့မှ စကြွရာ ၈လကြာသည်။ ခရီးအဖြောင့် ယူဇနာ၂၀၀၊ အဝန်း ယူဇနာ၆၀၀ရှိသည်။

၃ အန္တောမဏ္ဍလ- အငယ်ဆုံး ခရီးဝန်း။ ဝါကပ်ရာဒေသမှ သတ္တဝါတို့ ဣန္ဒြေရင့်ကျက်သည့်တိုင် စောင့်၍ နတ်တော် ပြာသို တပို့တွဲ တပေါင်းတိုင်အောင်မှကြွရာ ၇လ ၆လ ၅လ ၄လကြာသည်။ ခရီးအဖြောင့် ယူဇနာ၁၀၀ ဖြင့် အဝန်း ယူဇနာ ၃၀၀ရှိသည်။

<u>ဘုရားရှင် ဒေသစာရီ ကြွချီရသောအကြောင်း ၅ပါး</u>

[၁]ဆင်းရဲသောသူ၊ [၂]မသိမလိမ္မာသောသူ၊ [၃]အိုမင်းသောသူ၊ [၄]မမာမကျန်းသောသူတို့ ငါဘုရားထံမှောက်သို့ လာရောက်ကြကာ ဘယ်အခါမှ ဖူးမြော်နိုင်ကြမည်မဟုတ်၊ ဒေသစာရီ ကြွချီခြင်းဖြင့် ၎င်းတို့သည် -

၁ ဘုရားရှင်ကို ဖူးမြော်ခွင့် ရကြမည်၊ ၂ ဘုရားရှင်၌ စိတ်ကို ကြည်လင်စေလိမ့်မည်၊ ၃ ပန်း၊ နံ့သာတို့ဖြင့် ပူဇော်ကြလိမ့်မည်၊ ၄ တယောက်မမျှသောဆွမ်းကို လှူဒါန်းကြလိမ့်မည်၊ ၅ မိစ္ဆာအယူဖျောက်၍ သမ္မာဒိဋ္ဌိအယူ ရှိကြမည်၊ ထိုသို့ဖြစ်ကြခြင်းသည် ကာလရှည်စွာ ချမ်းသာတိုးပွားရန် ဖြစ်ပေလိမ့်မည်။

<u>၅။ ဘုရားရှင် ဆုံးမထိုက်သူတို့ကို ဆုံးမတော်မူပုံ နှင့် မြင်းဆရာ မြင်းရိုင်းတို့ကို ဆုံးမပုံ ၄မျိုး</u> (ကေသိသုတ်၊ ကေသိဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မြင်းရိုင်းတို့ကို အနအားဖြင့် ဆုံးမ၏ - ဘုရားရှင်သည် ဤကား ကာယ ဝစီ မနော သုစရိုက်တို့တည်း၊ ဤကား အကျိုး- လူ နတ်တို့တည်းဟု ဆုံးမ၏။

၂ အကြမ်းအားဖြင့် ဆုံးမ၏ - ဘုရားရှင်သည် ဆုံးမထိုက်သူတို့အား ဤကား ကာယ ဝစီ မနော ဒုစရိုက်တို့တည်း၊ ဤကား အကျိုး- ငရဲ တိရစ္ဆာန် ပြိတ္တာတို့တည်းဟု ဆုံးမ၏။

၃ မြင်းဆရာသည် အနအကြမ်းအားဖြင့် ဆုံးမ၏ - ဘုရားရှင်သည် ဤကား ကာယ ဝစီ မနောသုစရိုက်များနှင့် အကျိုးအသီးသီးတို့တည်း၊ ဤကား ကာယ ဝစီ မနောဒုစရိုက်များနှင့် အကျိုး အသီးသီးတို့တည်း၊ ဤ ကား လူ နတ် ငရဲ တိရစ္ဆာန်မျိုး ပြိတ္တာဘုံတို့တည်းဟု ဆုံးမ၏။

၄ မည်သည့်နည်းနှင့်မျှ အဆုံးမ မခံသော မြင်းရိုင်းကို သတ်ပစ်၏ - ဘုရားရှင်သည် အနအားဖြင့် ၎င်း၊ အကြမ်းအားဖြင့်၎င်း၊ အနအကြမ်းအားဖြင့်၎င်း အဆုံးအမ မခံသူတို့အား ဘုရားရှင်သည်၎င်း၊ ပညာရှိ သီတင်းသုံးဖော်တို့ကၡင်း ပြောဆိုဆုံးမထိုက်သူဟူ၍ အသိအမှတ်မပြုတော့ခြင်းသည် ဤသူကို သတ်ပစ် သည်မည်၏။

၆။ ဘုရားရှင်နှင့် စပ်သော ၇နေ့ (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

| | | | | |
|---|---|---|---|---|
| ၁ | မဟာသက္ကရာဇ် ၆၇ | ဝါဆိုလပြည့် | ကြာသာပတေးနေ့ | ပဋိသန္ဓေယူတော်မူသည်။ |
| ၂ | ၆၈ | ကဆုန်လပြည့် | သောကြာနေ့ | ဖွားမြင်တော်မူသည်။ |
| ၃ | ၉၇ | ဝါဆိုလပြည့် | တနင်္လာနေ့ | တောထွက်တော်မူသည်။ |
| ၄ | ၁၀၃ | ကဆုန်လပြည့် | ဗုဒ္ဓဟူးနေ့ | ဘုရားဖြစ်တော်မူသည်။ |
| ၅ | ၁၀၃ | ဝါဆိုလပြည့် | စနေနေ့ | ဓမ္မစကြာတရားဦးဟောသည်။ |
| ၆ | ၁၄၈ | ကဆုန်လပြည့် | အင်္ဂါနေ့ | ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။ |
| ၇ | ၁၄၈ | ကဆုန်လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့ | | တေဇောဓါတ်မီးလောင်ကျွမ်း၏။ |

၇။ ဘုရားရှင်နှင့် ဒေဝဒတ် ၄ စု

၁။ ဘုရားရှင်အား အရှင်ဒေဝဒတ် ရန်ငြိုးဖွဲ့ပြီးနောက် **ဇလကျော်သောအခါ** သာဝတ္ထိပြည် ဇေတဝန်တံခါးမုခ်၌ မြေမျိုခံရသည် (မဟာပိဋ်လဇာတ်၊ ဥပါဟနဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက - တွင် ပစ္စုပ္ပန်အကြောင်းဝတ္ထု၌ ဖော်ပြထားသည်။)

၂။ ဘုရားရှင်အား အရှင်ဒေဝဒတ် လုပ်ကြံခြင်း ၃ကြိမ် (ကုရင်္ဂမိဂဇာတ်၊ ကုရင်္ဂဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ရာဇဂြိုဟ်ပြည်တွင် ၁ ဘုရားရှင်အားသတ်ရန် လေးသမားများ စေလွှတ်ခြင်း၊ ၂ ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးကြီးကို တောင်ခြေ၌ စင်္ကြံလျှောက်တော်မူနေသော ဘုရားရှင်ထံ လိမ့်ချခြင်း၊ ၃ နာဠာဂီရိခေါ် ဓနပါလဆင်ကို အရက်မူးအောင်တိုက်စေ၍ ဘုရားရှင် မြို့တွင်း ဆွမ်းခံကြွစဉ် စေလွှတ်စေခြင်း။

၃။ အရှင်ဒေဝဒတ်၏ ကျွတ်တမ်းဝင်မည့် အဆုံးစွန်ဘဝ (ဓမ္မပဒ။ သီလက္ခန် ၄။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း ၁၊ ဂူကုန်းဆရာတော်ကြီးအရှင်တိဿ)

ဤကပ်မှ ကပ်တသိန်းထက်၌ အဋ္ဌိဿရမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့။

၄။ အရှင်ဒေဝဒတ်၏ မိမိကိုယ်ကို ပျက်စီးစေကြောင်း ဥပမာ ၄မျိုး (ဒေဝဒတ္တသုတ်၊ ပတ္တကမ္မဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အသီးသီးခြင်းဖြင့် ၁ ငှက်ပျောပင်သည် (မိမိကိုယ်ကို မိမိ သတ်သကဲ့သို့) ၎င်း၊ ၂ ဝါးပင်သည် (...) ၎င်း၊ ၃ ကျူပင်သည် (...) ၎င်း၊ ၄ အဿတိုရ်မြင်းမ၏ကိုယ်ဝန်သည် ထိုမြင်းမကို သတ်သကဲ့သို့ ပူဇော်သကာသည် ယုတ်မာသူကို သတ်၏။

၈။ ဘုရားရှင်နှင့်ဝိဘဇ္ဇဝါဒ (သုဘသုတ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ကျမ်းဦးမှတ်ဖွယ်၊ ကထာဝတ္ထု၊ ခု၊ အဘိ)

ဝိဘဇ္ဇအယူ ငါရှိ၏ဟု ပါဠိတော်များတွင် ဘုရားရှင် ဟောကြားထားချက်မျိုး မတွေ့ရပေ။ သုဘသုတ်တွင် တောဒေယျသား သုဘလုလင်အား "ငါသည် ခွဲခြားဝေဖန်၍ ဟောကြားလေ့ရှိ၏။ ဤအရာ၌ ငါသည် တဖက်သတ်အားဖြင့် ဟောကြားလေ့မရှိ။" ဟု ဟောခဲ့သည်။

၉။ ဘုရားရှင် ပြက်ရယ်ပြောဆိုခံရရာ၌ ကျူးရင့်သော ဥဒါန်းတော် (သမ္မိယမာနသုတ်၊ သောဏဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

မြတ်စွာဘုရား ကောသလတိုင်း၌ ဒေသစာရီကြွချီတော်မူစဉ် များစွာသောလုလင်တို့သည် မနီးမဝေး မှ ပြက်ရယ်ပြောဆိုခြင်း သဘောရှိလျက် ဖြတ်သန်းသွားကြ၏။ ထိုအခါ-

"သတိလွတ်ကုန်သော၊ ပညာရှိယောင်ဆောင်ကုန်သော၊ စကားသာ ကျက်စားရာ ရှိသူတို့သည် အလိုရှိသမျှ ခံတွင်းဟ၍ ပြောဆိုတတ်၏။ အရှက်မရှိခြင်း၊ မိမိကိုယ်ကို ပညာရှိဟု ထင်မှတ်မှုကို ဆောင်ကြောင်းဖြစ်သော သတိကင်းလွတ်ခြင်း စသည်ကိုမူ ထိုသူတို့ မသိကြလေကုန်။" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

၁၀။ ဘုရားရှင် ဘုရားလောင်းများဘဝတွင် ဦးမော့လျက် ပါရမီတော်များ ဖြည့်ဆည်းခဲ့ပုံ (ဒီ ဋ္ဌ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ရာဟုအသူရိန်နတ်မင်းသည် အရပ် ယူဇနာပေါင်း ၄၈၀၀မြင့်၏။ ငါသည် ဘုရားရှင်အား ငုံ့၍ ဖူးမြော်ခြင်းငှါ စွမ်းနိုင်မည်မဟုတ်ဟုကြံ၍ မလာပဲနေခဲ့သော်လည်း ဂုဏ်ကျေးဇူးတော်များကို ကြားသိ၍ ဖြစ်သည့်နည်းဖြင့် ဖူးမည်ဆိုကာ တနေ့သော် ဘုရားရှင်ထံလာ၏။ ဘုရားရှင်သည် ရာဟုနတ်မင်း၏အကြံကို သိရှိ၍ ရပ်နေသူသည် အရပ်နိမ့်သော်လည်း မြင့်သည်ဟုတင်ရ၏။ လျောင်းလျက်သာလျှင် အဖူးမြော်ခံ အံ့ဟုကြံကာ အရှင်အာနန္ဒာအား ညောင်စောင်းငယ်ကို ဂန္ဓကုဋီတိုက် အပြင်ဖက်ပရဝုဏ်တွင် ခင်းစေပြီး လျောင်းနေတော်မူ၏။ ရာဟုနတ်မင်း အဖူးမြော်လာသော် ညောင်စောင်းငယ်ပေါ်၌ လျောင်းနေတော်မူသော ဘုရားရှင်ကို လည်ပင်းကိုမော့၍ ကောင်းကင်အလယ်မှ လဝန်းကြီးကို ကြည့်ရှုရသကဲ့သို့ ဖူးမြော်ရလေ၏။ ဘုရားရှင်က ထိုအကြောင်းကိုမေးရာ ရာဟုအသူရိန်နတ်မင်း ပြန်အဖြေတွင် ဘုရားရှင်က-

"အသူရိန်နတ်မင်း ငါဘုရားသည် အောက်သို့မျက်နှာမူလျက် (လုံ့လဝီရိယကို လျှော့လျက်) ပါ ရမီတော်တို့ကို ဖြည့်ကျင့်ခဲ့သည်မဟုတ်၊ ဦးခေါင်းမော့လျက်သာလျှင် (လုံ့လဝီရိယကို မလျှော့ပဲသာလျှင်) အလှူဒါနကို ပေးလှူခဲ့လေပြီ။" ဟုမိန့်ဆို၏။ အသူရိန်နတ်မင်း သရဏဂုံတည်၏။

၁၁။ ဘုရားရှင် ဘုဉ်းပေးတော်မူခဲ့သော အကျိုးကြီးမားခြင်း တူမျှသော ဆွမ်း ၂မျိုး နှင့် စုန္ဒရွှေပန်းထိမ်သည်သား ရသောအကျိုး ၆ပါး (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ စုန္ဒသုတ်၊ ပါဋ္ဌိဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားသော၊ အချင်းချင်း တူမျှ၍ အကျိုးဝိပါက် တူမျှကြသောဆွမ်း ၂မျိုး ရှိ၏။ ၎င်းတို့သည် -

၁ ဂယာဒေသ သေနာနိဂုံးမှ သုဇာတာသူဌေးကတော် ကပ်လှူသော ဆွမ်းဘုဉ်းပေး၍ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရ၏၊

၂ ပါဝါပြည် စုန္ဒရွှေပန်းထိမ်သည်သား ကပ်လှူသော ဆွမ်းဘုဉ်းပေး၍ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။

စုန္ဒရွှေပန်းထိမ်သည်သား ရရှိသော အကျိုး ၆ပါး။ ၁ အသက်ရှည်ခြင်း၊ ၂ အဆင်းလှခြင်း၊ ၃ ချမ်းသာကြီးခြင်း၊ ၄ အခြံအရံများခြင်း၊ ၅ နတ်ပြည်သို့ ရောက်ရခြင်း၊ ၆ အကြီးအကဲ ဖြစ်စေခြင်း။

၁၂။ ဘုရားရှင် ရေကျက်အေးကို သုံးဆောင်တော်မူခြင်း (ဝိနည်းမဟာဝါ ဋ္ဌ။ သာရတ္ထဒီပနီ ဋီကာ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ပါလိလေယျကရွာအနီးရှိ ပါလိလေယျက (ပလလဲ) တော၌ ပါလိလေယျက (ပလလဲ) ဆင်မင်း၏ အပြုအစုကို ခံယူတော်မူစဉ် ဆင်မင်း စီမံပေးသော ရေကျက်အေးကို သုံးဆောင်တော်မူသည်ကို ထောက်၍ သိရာ၏။

၁၃။ ဘုရားရှင် ဝေဒနာကိုသည်းခံပုံ (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ဝေဠုဝရွာငယ်၌ ပရိနိဗ္ဗာန်စံတော်မူခါနီး နောက်ဆုံး ၄၅ဝါဆိုစဉ် ပရိနိဗ္ဗာန်စံလောက်အောင် ကြမ်းထမ်းသောရောဂါ ကပ်ရောက်လာရာ ထိုရောဂါဝေဒနာကို သတိ၊ သမ္ပဇဉ်နှင့် ကိုယ်တော်ယှဉ်လျက် ပင်ပန်းသည်ဟု မရေတွက်ပဲ ရောဂါဝေဒနာကို ၎င်း၏အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြားရှုမြင် ဆင်ခြင်တော်မူခြင်းဖြင့် ထိုရောဂါဝေဒနာကို သည်းခံတော်မူ၏။

၁၄။ ဘုရားရှင် သာသနာတော်၏ ချိန်/စံ (ချိန်ခွင်) ၄စုံ (အာယာစနဝဂ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဟောတော်မူ၏။

၁ မှန်စွာ တောင့်တလိုသောရဟန်း နှိုင်းရှည့်ရန် ချိန်/စံ ၂ပါးမှာ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလန်တို့ဖြစ်၊

၂ မှန်စွာ တောင့်တလိုသောရဟန်းမိန်းမ နှိုင်းရှည့်ရန် ချိန်/စံ ၂ပါးမှာ အရှင်မခေမာထေရီနှင့် အရှင်မ ဥပ္ပလဝဏ်တို့ဖြစ်၊

၃ မှန်စွာ တောင့်တလိုသောဥပါသကာ နှိုင်းရှည့်ရန် ချိန်/စံ ၂ဦး မှာ စိတ္တသူကြွယ်နှင့် ဟတ္ထကအာဠဝကမင်းသားတို့ဖြစ်၊

၄ မှန်စွာ တောင့်တလိုသောဥပါသိကာမ နှိုင်းရှည့်ရန် ချိန်/စံ ၂ဦးမှာ ခုဇ္ဇုတ္တရာဥပါသိကာမနှင့် ဝေဠုကဏ္ဍကီရွာသူ နန္ဒသတို့သား၏မိခင် နန္ဒမာတာဥပါသိကာမတို့ဖြစ်။
(ဤတရားပုဒ်များအစုံ၏ အမှတ် ၄၅။ ဘုရားရှင်၏ "အဂ္ဂ" - မြတ်သော တပည့်သာဝက၊ ဥပါသကာအစုံ ၄စုံ / ၈ဦးနှင့် တူ၏။ ကြည့်ပါရန်။)

၁၅။ ဘုရားရှင် သီဟိုဠ်ကျွန်းသို့ ၃ကြိမ် ကြွတော်မူခြင်း (မဟာဝံသကျမ်း။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁။ ဥရုဝေလကဿပရသေ့တို့အား ချေချွတ်တော်မူစဉ် အင်္ဂတိုင်း မဂဓတိုင်း ၂တိုင်းမှလူများ ရသေ့တို့အား အပူဇော်လာစဉ်ကြွသည်။ သီဟိုဠ်ကျွန်းအလယ် မဟီယင်္ဂဏစေတီနေရာ (ယခုအခါ မဟာနာဂဝန်ဥယျာဉ်နေရာ) ၌ စည်းဝေးနေကြသော ဘီလူးတို့ကို နှိမ်နင်း၍ နတ်များအပေါင်းအား တရားဟောတော်မူသည်။ သုမနကူဋတောင်နေ မဟာသုမနနတ်မင်း တောင်းပန်၍ ဆံတော်ဓါတ်ချီးမြှင့်ရာ မဟီယင်္ဂဏစေတီတော်၌ တည်ထားကိုးကွယ်၏။

၂။ ၅ဝါအမြောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီဟိုဠ်ကျွန်း နာဂဒီပကျွန်းသို့ကြွ၍ ဦးရီးတော်မဟောဒရနဂါးမင်းနှင့် တူတော်စူဠောဒရနဂါးမင်းတို့ ပတ္တမြားပလ္လင်နှင့်စပ်၍ စစ်ပွဲကြီးကိုငြိမ်းစေပြီး ဇေတဝန်ကျောင်းတံခါးမုခ်ရှိ ရာဇာယတနစေတီတော်ဖြစ်သော လင်းလွန်းပင်နှင့် ပလ္လင်တော်ကို ပူဇော်ကြစေ၏။

၃။ ၈ဝါရှိသောအခါ ရဟန်း၅ဝဝဖြင့် သီဟိုဠ်ကျွန်း ကလျာဏီအရပ် မဏိအက္ခိကနဂါးမင်း၏ ဘုံဗိမာန်သို့ပင့်ဖိတ်သဖြင့် ကြွတော်မူသည်။ ထို့နောက် သုမနတောင်ထိပ်၌ ခြေတော်ရာ ပဒစေတီတဆူ ချထားတော်မူ၏။ တောင်ခြေရင်း ဒီဃဝါပီအရပ်၊ မဟာမေဃဝန်ဥယျာဉ် (ယခု မဟာဗောဓိပင်တည်ရာ) ၊ မဟာစေတီတည်ရာ၊ ယခု ထူပါရုံစေတီတည်ရာနေရာတို့၌ ဖလသမာပတ် ဝင်စားတော်မူသည်။

၁၆။ ဘုရားရှင် သတ္တဋ္ဌာနစံနေတော်မူရာ ၇ဌာန (ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပလ္လင်္ကသတ္တာဟ- ကဆုန်လပြည့်ကျော် ၁ရက်နေ့ ညဦးယံ၌ ပဋိစ္စသမုပ္ပါဒ် အနုလုံ၊ မဇ္ဈိမယံ၌ ပဋိလုံ၊ ပစ္ဆိမယံ၌ အနုလုံ ပဋိလုံ ဆင်ခြင်သုံးသပ်တော်မူသည်။ (ဥဒါန်းပါဠိတော်)၌မူ ပလ္လင်္ကသတ္တာဟ ၇ရက်ပြည့်မြောက်သည့်ညဥ့်တွင် ဆင်ခြင်တော်မူသည်။

၂ အနိမိသသတ္တာဟ- မဟာဗောဓိပင်၏ အရှေ့မြောက်အရပ်၌ မျက်လုံးတော်ကို မမှိတ်ပဲ မဟာဗောဓိပင်နှင့် အပရာဇိတပလ္လင်တော်ကို စူးစူးစိုက်စိုက် ကြည့်နေတော်မူသော ၇ရက်ဖြစ်၊ ပုထုဇဉ်နတ်ဗြဟ္မာတို့၏ ယုံမှားမှုကို ပယ်ဖျောက်ရန် ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

၃ စင်္ကမသတ္တာဟ- ပလ္လင်တော်နှင့် အနိမိသစေတီအကြား အရှေ့အနောက် အလျားရှိသော နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သော ရတနာစင်္ကြံ၌ တရားတော်ကိုဆင်ခြင်ကာ ဖလသမာပတ်ဝင်စားကာဖြင့် လူးလာတုံ့ခေါက် စင်္ကြံလျှောက်ခြင်း။

၄ ရတနာဃရ သတ္တာဟ- မဟာဗောဓိပင်၏ အနောက်မြောက်အရပ်ဝယ် နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သော ရတနာဃရရွှေအိမ်၌ ထက်ဝက်ဖွဲ့ခွေ စံနေတော်မူကာ အဘိဓမ္မာတရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူရာ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သောအခါ ရောင်ခြည်တော်များ ပျံ့တက်မြူးကွန့်ပြေးသွားကြ၏။ ယနေ့တိုင် အနန္တစကြဝဠာ လောကဓါတ်တို့သို့ ဉတုဇရုပ် အဆက်ဆက် အနေအားဖြင့် သွားလျက်ရှိကြကုန်၏။

၅ အဇပါ လ သတ္တာဟ- မဟာဗောဓိပင်၏ အရှေ့အရပ်ရှိ အဇပါ လ- ဆိတ်ကျောင်းသားတို့ အရိပ်ခိုနားရာ ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူ၏။ ထိုသတ္တာဟ၌ ဖြစ်စဉ် ၃ခု ဖြစ်၏။

[၁] ဟုံဟက်ပုဏ္ဏားက ဗြာဟ္မဏခေါ် သူမြတ်ပြုတတ်သောတရားများကိုမေးရာ သစ္စာ၄ပါးတရားသိမြင်မည့်သူ မဟုတ်သဖြင့် မေးသည်ကို ဘုရားရှင် ဥဒါန်းကျူးရင့် ဖြေတော်မူ၏။

[၂] ၇နှစ် မြတ်စွာဘုရားနောက်မှ တကောက်ကောက်လိုက်၍ အပြစ်တင်ရန် အခွင့်အပေါက်ကို ရှာသော်လည်း မတွေ့သောမာရ်နတ်သည် နှလုံးမသာဖြစ်ပြီး ဘုရားရှင်နှင့်မနီးမဝေး မြေပေါ်၌ ဆောင့်ကြောင့်ထိုင်ပြီး ၁၆ ကြောင်းသောအရေးကို ရေးခြစ်နေစဉ် မာရ်နတ်၏ တဏှာ အရတိ ရဂါဟူသော သမီး ၃ယောက်လာ၍ ဘုရားရှင်ကို ဖြားယောင်းသော်လည်း မရပဲ ပြန်ကြရ၏။

[၃] ရိုသေကျိုးနွံရမည့်သူ မရှိပဲနေတိုင်ရခြင်းသည် ဆင်းရဲ၏ဟုကြံပြီး သာလွန်သူကိုလည်း ရှာမတွေ့သဖြင့် ထိုးတွင်း၍သိပြီးသော တရားကိုသာလျှင် အလေးအမြတ်ပြု၍ နေရမူကောင်းစွဟု အကြံဖြစ်စဉ် သဟမ္ပတိဗြဟ္မာကြီး လာ၍ မှန်ကန်ကြောင်းလျှောက်၏။

၆ မုစလိန္ဒသတ္တာဟ- မဟာဗောဓိပင်မှ အရှေ့တောင်အရပ်ရှိ မုစလိန္ဒအိုင်အနီး ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာဖြင့် နေတော်မူစဉ် အခါမဲ့မိုးကြီး ၇ရက်ပတ်လုံးရွာသော် မုစလိန္ဒနဂါးမင်းသည် ဘုရားရှင်အား အချမ်း အပူ မှက် ခြင် ယင်ရဲထို့ မနှိပ်စက်နိုင်စေရန် အခွေ ၇ထပ် ရစ်ပတ်ကာရံလျက် ဘုရားရှင့်ဦးခေါင်းထက်၌ ပါးပျဉ်းဖြင့် ဖြန့်ကြက်အုပ်မိုး ဆောင်း၍ ပူဇော်၏။

၇ ရာဇာယတနသတ္တာဟ- မဟာဗောဓိပင်၏ တောင်မျက်နှာရှိ လင်းလွန်းပင်ရင်းသို့ကြွ၍ ၇ရက် အရဟတ္တဖိုလ်ချမ်းသာကို ခံစား၍ သီတင်းသုံးတော်မူ၏။ ၇ဌာနတွင် ၇ရက်စီ သီတင်းသုံးတော်မူရာ ၄၉ရက်သည် ဝါဆိုလဆန်း ၅ရက် ဗုဒ္ဓဟူးနေ့တွင် ပြည့်မြောက်၏။

<u>၁၇။ ဘုရားရှင်သည် နည်းပေးလမ်းညွှန်သူသာ။</u> (ဂဏကမောဂ္ဂလ္လာနသုတ်၊ ဒေဝဒဟဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဂဏကမောဂ္ဂလ္လာနပုဏ္ဏားကြီးက ဘုရားရှင်အား မေး၊ "အဆုံးအမခံရသူ တပည့်အားလုံး နိဗ္ဗာန်ရကြသလော?" "အချို့ရ၍ အချို့ မရကြ။" "နိဗ္ဗာန်လည်း ထင်ရှားရှိ၊ ရောက်ကြောင်းနည်းလမ်းလည်း အထင်အရှားရှိ၊ နည်းပေးလမ်းညွှန်သူ ဘုရားရှင်လည်းရှိလျက်နှင့် အဘယ့်ကြောင့်နည်း?" "လူတယောက်က သင့်ကို ရာဇဂြိုဟ်ပြည်သွားရာလမ်းကို ညွှန်စေသော် တယောက်ကရောက်၍ တယောက်ကမရောက်၊ အဘယ့်ကြောင့်နည်း?" "အကျွန်ုပ်သည် လမ်းညွှန်သူသာ။" "ငါဘုရားလည်း လမ်းညွှန်သူသာဖြစ်သည်။"

ပုဏ္ဏားကြီးက အကောင်းမြတ်ဆုံးတရားဟု ချီးကျူးလျှောက်ထား၏။

<u>၁၈။ ဘုရားရှင်သည် လူအပေါင်းနှင့် မိတ်ဆွေဖွဲ့ခြင်းကို မပြု၊ တဦးတယောက်နှင့်မျှ မိတ်ဆွေမဖြစ်။</u> (ကာဠီသုတ်၊ မဟာဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် "ငါသည် ကသိုဏ်း ၁၀ပါးတို့၏ လွန်မြတ်သည်၏အဖြစ်၊ ရှိသမျှကို အထူးသိ၍ ထိုသမာပတ်တို့၌ သာယာဖွယ် (သမုဒယသစ္စာ) အပြစ် (ဒုက္ခသစ္စာ) ထွက်မြောက်ရာ (နိရောဓသစ္စာ) လမ်းဟုတ်သည်မဟုတ်သည် (မဂ္ဂသစ္စာ)တို့ကို သိမြင်ခြင်းကြောင့် ချစ်ဖွယ် သာယာဖွယ် (သမုဒယသစ္စာ) ဟူသော စစ်တပ်ကို အောင်မြင်ကာ တပါးတည်းရှုလျက် အရဟတ္တဖိုလ်အကျိုးသို့ ရောက်ခြင်းနှင့် စိတ်နှလုံး၏ ငြိမ်သက်ခြင်း ချမ်းသာကို အစဉ်သိပြီ၊ လူအပေါင်းနှင့် မိတ်ဖွဲ့ခြင်းကို ငါမပြု၊ ငါသည် တဦးတယောက်နှင့်မျှ မိတ်ဆွေမဖြစ်။" ဟု မိန့်ဆို၏။

<u>၁၉။ ဘုရားရှင်သည် လောကနှင့် မငြင်းခုံ၊ လောက ကသာ ဘုရားရှင်နှင့် ငြင်းခုံ၏။</u> (ပုပ္ဖသုတ်၊ ပုပ္ဖဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဤတရားတော်ကို ဟောတော်မူ၏။

တရားအတိုင်း ပြောတတ်သူသည် လောက၌ တစုံတယောက်နှင့်မျှ မငြင်းခုံ၊ လောက၌ ပညာရှိတို့က မရှိဟု သမုတ်အပ်သည်ကို ငါဘုရားကလည်း မရှိဟုပင် ဆို၏၊ ရှိ၏ဟု သမုတ်အပ်သည်ကို ရှိ၏ဟုပင် ဆို၏။

မြဲသော၊ ဖောက်ပြန်သောသဘော မရှိသောရုပ် (ခန္ဓာ ၅ပါး)ကို လောက၌ မရှိဟု ပညာရှိတို့ သမုတ်အပ်သည်ကို ငါဘုရားကလည်း မရှိဟုဆို၏။ မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်တတ်သောသဘော ရှိသောရုပ် (ခန္ဓာ ၅ပါး) မျိုး လောက၌ ရှိ၏ဟု ပညာရှိတို့ သမုတ်အပ်သည်ကို ငါဘုရားသည် ရှိ၏ဟု သမုတ်၏။ လောက၌ ပျက်စီးတတ်သော ရုပ် (ခန္ဓာ ၅ပါး) တရားရှိ၏ဟု ငါဘုရားသည် ကိုယ်ကိုင်ထိုးထွင်း၍ သိ၏၊ ဟောပြော၏၊ ဖွင့်ပြ၏။ ထိုသို့ ငါဘုရား ဟောပြောဝေဖန်ပြသော်လည်း ကန်းသော၊ ဉာဏ်မျက်စိ မပါသည်ဖြစ်၍ မသိမမြင်သော ပုထုဇဉ်သူမိုက်ကို ငါဘုရား အဘယ်သို့ ပြုနိုင်အံ့နည်း?။

ဥပမာသော်ကား ကြာညိုဖြစ်စေ၊ ကြာပဒုမ္မာဖြစ်စေ၊ ကြာပုဏ္ဍရိက်ဖြစ်စေ ရေ၌ ပေါက်၏၊ ကြီးပွား၏၊ ရေမှတက်၍ တည်၏၊ ရေနှင့် မလိမ်းကျံ။ ဤအတူ မြတ်စွာဘုရားသည် လောက၌ ဖြစ်၏၊ ကြီးပွား၏၊ လောကကို လွှမ်းမိုး၍နေ၏၊ လောကနှင့် မလိမ်းကျံဟု ဟောတော်မူ၏။

၂၀။ ဘုရားရှင်သည် 'ရဟန်းဂေါတမ ငါနှင့် စကားပြောအံ့၊ ငါလည်း ပြောအံ့၊ အကယ်၍ မပြောအံ့၊ ငါလည်း မပြောအံ့။' ဟု အကြံဖြင့် ချဉ်းကပ်လာသူကို ဆုံးမပုံ ၂ ခု

၁။ (မာနတ္ထဒ္ဓသုတ်၊ ဥပါသကဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အမိ အဖ ဆရာ အကိုတို့ကို မရှိခိုးသော မာနတ္ထဒ္ဓပုဏ္ဏားသည် ဘုရားရှင်ထံ အထက်ပါအကြံဖြင့် ချဉ်းကပ်လာ၊ ဘုရားရှင်သည် ထိုပုဏ္ဏားကို စကားပြောဆိုတော်မမူ၊ ပုဏ္ဏားသည် 'ဤရဟန်းဂေါတမသည် တစုံတခု ဘာမျှမသိ။' ဟု ကြံ၍ ပြန်လိုသောစိတ် ဖြစ်၊ ထိုအခါ ဘုရားရှင်သည် ပုဏ္ဏား၏စိတ်အကြံကိုသိ၍ -

"ပုဏ္ဏား ဤလောက၌ မာန်မူခြင်းသည် မကောင်း၊ အကျိုးစီးပွားကို အလိုရှိသောသူသည် ထိုအကျိုးစီးပွားကြောင့် ငါ့ထံသို့ လာ၏၊ ထိုအလိုရှိသော အကျိုးစီးပွားကိုသာလျှင် ပွားစေရာ၏။" ပုဏ္ဏားသည် ငါ၏စိတ်ကို ရဟန်းဂေါတမ သိ၏ဟူ၍ ဘုရားရှင်၏ခြေတော်အစုံကို ဦးခေါင်းဖြင့်တိုက်၊ ခံတွင်းဖြင့် စုပ်၊ လက်ထို့ဖြင့်လည်း ဆုပ်နယ်၏။ ပရိသတ်က အမိ၊ အဖ၊ ဆရာ၊ အကိုထို့ကို ရှိမခိုးသော ဤပုဏ္ဏားသည် ဘုရားရှင်ကို လွန်ကဲသော အရိုအသေ ပြုဘိ၏ဟု နှစ်သက်ဝမ်းမြောက်ကြ၏။

ပုဏ္ဏားကမေး၍ ဘုရားရှင်သည် -

၁ အမိ၊ အဖ၊ ဆရာ၊ အကိုတို့၌ မာန်မာန မပြုရာ၊

၂ ၎င်းတို့ကို အလေးအမြတ် ပြုရာ၏၊

၃ ၎င်းတို့၌ အရိုအသေ ပြုရာ၏၊

၄ တိုပုဂ္ဂိုလ်တို့ကို ကောင်းစွာ ပူဇော်အပ်ကုန်၏ဟု ဟောကြားတော်မူ၏။

ဆက်၍ ပူဇော်အထူးကို ခံတော်မူထိုက်လျက် ငြိမ်းအေးတော်မူသော၊ အာသဝကင်း၍ ပြုအပ်ပြီးသော ကိစ္စရှိသော၊ အတုမဲ့ရဟန္တာပုဂ္ဂိုလ်တို့ကို မာန်နှိမ်ချလျက် မခက်ထန်သည်ဖြစ်၍ ရှိခိုးရာ၏ဟု ဟောတော်မူ၏။ ပုဏ္ဏားက ဥပါသကာဟူ၍ မှတ်တော်မူပါဟု ဘုရားရှင်အား လျှောက်ထား၏။

၂။ (ပုရောဟိတပုတ္တဇေန္တတ္ထေရဂါထာ၊ ဆက္ကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

မာနကြီးသော ပုရောဟိတ်သား ဇေန္တသည် အထက်ပါအတိုင်း စိတ်ဖြစ်နေသည်ကို ဘုရားရှင်သိ၍ မာန မကောင်းကြောင်း မိန့်ဆိုဟောပြောသည်တွင် သတိတရားရ၍ မာနကျကာ တရားနာယူ၊ ရဟန်းပြုကာ ရဟန္တာဖြစ်ပြီးသည့်နောက် မိမိ၏ပဋိပတ်နှင့်စပ်၍၎င်း၊ ဇာတိမာန်၊ ဘောဂမာန်၊ ဣဿရိယမာန်၊ အဆင်းမာန်တို့နှင့် စပ်၍၎င်း ဂါထာများ ရွတ်ဆိုတော်မူ၏။

၂၁။ ဘုရားရှင်သည် 'ရဟန်းဂေါတမ ဆိုတိုင်းဆိုတိုင်းသော စကားကို ဆန့်ကျင်ဘက်ပြုအံ့။' ဟု အကြံဖြင့် ချဉ်းကပ်လာသူကို ဆုံးမပုံ (ပစ္စနီကသုတ်၊ ဥပါသကဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ပစ္စနီကပုဏ္ဏားသည် ဘုရားရှင်ထံ အထက်ပါအကြံဖြင့် ချဉ်းကပ်လာပြီး လွင်တီးခေါင်၌ စင်္ကြံကြွနေတော်မူသော ဘုရားရှင်အား တရားဟောရန် လျှောက်ထား၏။

"၁ ဆန့်ကျင်ဘက်ပြုမှုကို သာယာသောစိတ်ဖြင့်၎င်း၊ ၂ ညစ်နွမ်းသောစိတ်ဖြင့်၎င်း၊ ၃ ချုပ်ချယ်မှုများသောစိတ်ဖြင့်၎င်း နားထောင်သူသည် ကောင်းစွာ ဆိုအပ်သောစကားကို မသိနိုင်ရာ။

၁ ချုပ်ချယ်လိုသော စိတ်ကို၎င်း၊ ၂ မကြည်လင်သောစိတ်ကို၎င်း ပယ်၍၊ ၃ အမျက်ဒေါသကို စွန့်လျက် ကြားနာသူသည်သာ ကောင်းစွာ ဆိုအပ်သောစကားကို စင်စစ် သိနိုင်ရာ၏။"

ပုဏ္ဏားသည် ဘုရားစကားတော်ကို လွန်စွာနှစ်သက်လျက် ဥပါသကာဟူ၍ မှတ်တော်မူပါဟု ဘုရားရှင်အား လျှောက်ထား၏။

၂၂။ ဘုရားရှင်သည် အနည်းငယ်မျှသောဘဝ လက်ဖျစ်တတီးကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ။ (တတိယဝဂ်၊ ဧကဓမ္မပါဠိ၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အနည်းငယ်မျှသော ၁ မစင်၊ ၂ ကျင်ငယ်၊ ၃ တံတွေး၊ ၄ ပြည်၊ ၅ သွေးတို့သည်ပင် မကောင်းသော အနံ့ ရှိသကဲ့သို့ အနည်းငယ်မျှသောဘဝကိုလည်း ချီးမွမ်းတော်မမူ။

၂၃။ ဘုရားရှင်ဟောတော်မူသော ဆုတောင်းနည်း (ဥပေါသထိကက္ကတ္ထိနံဝတ္ထု၊ ဒုတ္ထဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဝိသာခါကျောင်းအမကြီးသည် ကျောင်း၌ဥပုသ်စောင့်သူ အမျိုးသမီး ၅၀၀တို့ကို ၄စုခွဲ၍ ရည်ရွယ်ချက် မေး၊

၁ အသက်ကြီး အစုက နတ်စည်းစိမ်ခံစားလို၊

၂ အသက်အလတ် အစုက လင်တူမယား ရန်သူများနှင့်အတူ စုနေထိုင်ရခြင်းမှ ကင်းလို၊

၃ အိမ်ထောင်ကျခါစ အစုက သားဦးယောက်ျားဖွားရန်၊

၄ အပျိုမိန်းမငယ် အစုက အရွယ်မလွန်မီ လင့်အိမ်သို့ လိုက်ပါရစေရန်ဟု ပြောကြ၊ ဝိသာခါသည် ဥပုသ်သည် ၅၀၀နှင့်အတူ ဘုရားရှင်ထံ သွားရောက်လျှောက်ထားရာ ဘုရားရှင်က "လူ့ဘဝသို့ ပဋိသန္ဓေနေရခြင်းဖြင့် စတင်ပြီး အိုရ၊ နာရ၊ သေရခြင်း ဆင်းရဲဆီသို့ နေ့စဉ်တရွေ့ရွေ့ သွားနေရကား ထိုဝဋ်ဒုက္ခတို့မှ ကင်းရာနိဗ္ဗာန်သို့ ရောက်ဖို့ ဆုတောင်းရမည်။" ဟု မိန့်၍-

"နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ ဆောင်နှင်သကဲ့သို့ အိုခြင်း သေခြင်း တို့သည် သတ္တဝါတို့၏အသက်ကို မောင်းနှင်ကုန်၏။" ဟူသောဒေသနာတော်ကို ဟောတော်မူရာ များစွာ သောသူတို့ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

၂၄။ ဘုရားရှင်အား ဆဲရေးသော ပုဏ္ဏား ၂ ဦး

၁။ အက္ကောသသုတ်၊ အရဟန္တဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။

အက္ကောသကဘာရဒွါဇဝတ္ထု၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ သုတ္တန္တပိဋက။

ဆဲရေးတတ်သော ဘာရဒွါဇအနွယ်ပုဏ္ဏား ဖြစ်သဖြင့် အက္ကောသဘာရဒွါဇဟုခေါ်သော ပုဏ္ဏားသည် အကိုဖြစ်သူ ဘာရဒွါဇပုဏ္ဏား ရဟန်းပြုကြောင်း (ဒေါသဖြတ်ခြင်း အကျိုး ၃ပါး - ကို ကြည့်ပါရန်။) ကြား၍ အမျက်ထွက်ပြီး နလုံးမသာဖြစ်ကာ ဘုရားရှင်အား ပရိသတ်အလယ်၌ မဖွယ်မရာ ကြမ်းကြုတ်စွာ ဆဲရေး ခြိမ်းခြောက်၊ ဘုရားရှင်က ဧည့်သည်ဖြစ်သော အဆွေခင်ပွန်း၊ ဆွေမျိုးသားချင်းတို့ သင့်ထံလာသောအခါ ခဲဖွယ်၊ စားဖွယ်၊ လျက်ဖွယ်တို့ကိုပေးသော် အကယ်၍ မခံယူအံ့၊ ထိုဥစ္စာသည် အဘယ်သူ့ထံ ရောက်သနည်း? ဟုမေး၊ ပုဏ္ဏားက သူတို့သည် အကယ်၍ မခံယူက ထိုဥစ္စာတို့သည် အကျွန်ုပ်တို့အားသာလျှင် ရောက်၏ဟု လျှောက်။

ဘုရားရှင်က - ၁ မဆဲရေးထိုက်၊ မချုပ်ချယ်ထိုက်၊ မခြောက်ခြားတိုက်သောသူတို့ကို ဆဲရေး ချုပ်ချယ်ခြောက်ခြား၏၊ ထိုဆဲရေးခြင်းတို့ကို မခံယူသဖြင့် သင့်အားသာလျှင် ရောက်၏။

၂ အကြင်သူသည် ဆဲရေးချုပ်ချယ်သူကို ပြန်ဆဲရေး၏၊ ပြန်ချုပ်ချယ်၏၊ ထိုသူသည် အတူခံစား သည်၊ ပြုတုံ့ပြုသည် မည်၏၊ ငါတို့သည် သင်နှင့်အတူ ခံစားဖက်မဟုတ်၊ ပြုတုံ့ မပြုကုန်၊ ဤဆဲရေးခြင်း တို့သည် သင့်ထံသို့သာ ရောက်၏။

၃ အကြင်သူသည် အမျက်ထွက်သူကို ပြန်၍အမျက်ထွက်သဖြင့် ယုတ်မာ၏၊ ပြန်အမျက်မထွက်သူ သည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည် မည်၏။

၄ အရှင်ဂေါတမသည် အမျက်ထွက်၏ဟု ပုဏ္ဏားကပြောရာ ဘုရားရှင်က ကိလေသာမှလွတ်သော တာဒိဂုဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း? ၊ အမျက်ထွက်သူကို သတိနှင့် ပြည့်စုံသည်ဖြစ်၍ အမျက်ကို ငြိမ်းစေ၏၊ ထိုအမျက်ကို မတုံ့ပြန်သူသည် မိမိ သူတပါး ၂ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည် မည်၏။

၅ အကြင်သူတို့သည် သစ္စာ ၄ပါးတရား၌ မသိမလိမ္မာကြ၊ ထိုသူတို့သည် မိမိ သူတပါး ၂ဦးသား တို့အား အမျက်ငြိမ်းစေသော ကုစားခြင်းဖြင့် ကုစားသူကို လူမိုက်ဟု မှတ်ထင်ကုန်၏။

ဘုရားရှင်သည် ဆက်၍ ဓမ္မပဒပါဠိတော်လာဂါထာတော်ကို ဟောတော်မူသည်တွင် ဘုရားရှင်ထံ ရဟန်းပြု၍ မကြာမီ ရဟန္တာဖြစ်တော်မူ၏။

ဂါထာမြန်မာပြန်။ အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ပုတ်ခတ်ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းတို့တို အမျက်မထွက်ပဲ သည်းခံ၏၊ သည်းခံခြင်းအားတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

၂။ အသုရိန္ဒကသုတ်၊ အရဟန္တဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။

ဘာရဒွါဇပုဏ္ဏား ရဟန်းပြုကြောင်း အသုရိန္ဒကဘာရဒွါဇပုဏ္ဏား ကြား၍ အမျက်ထွက်ပြီး နလုံးမသာ ဖြစ်ကာ ဘုရားရှင်အား ပရိသတ်အလယ်၌ မဖွယ်မရာ ကြမ်းကြုတ်စွာ ဆဲရေးခြိမ်းခြောက်၊ ဘုရားရှင်က ဆိတ်ဆိတ်နေရာ ပုဏ္ဏားက ရဟန်းအောင်ပြီဟု ၂ကြိမ်တိုင် ကြွေးကြော်။

ဘုရားရှင်က - ၁ ကြမ်းကြုတ်သော စကားကိုဆိုသောသူသည် စကားမှုဖြင့် သူတပါးကို အောင်ပြီဟု အောက်မေ့၏၊ ပညာရှိပုဂ္ဂိုလ်၏ အကြင်သည်းခံမှုသည်သာ ထိုပညာရှိပုဂ္ဂိုလ်အား အောင်မြင်ခြင်းသည် ဖြစ်၏။

၂ အကြင်သူသည် အမျက်ထွက်သူကို ပြန်၍အမျက်ထွက်သဖြင့် ယုတ်မာ၏၊ ပြန်အမျက်မထွက်သူ သည် အောင်နိုင်ခဲသော ရန်စစ်သည်ကို အောင်နိုင်သည် မည်၏။

၃ အမျက်ထွက်သူကို သတိနှင့် ပြည့်စုံသည်ဖြစ်၍ အမျက်ကို ငြိမ်းစေ၏၊ ထိုအမျက်ကို မတုံ့ပြန် သူသည် မိမိ သူတပါး ၂ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်သည် မည်၏။

၄ အကြင်သူတို့သည် သစ္စာ ၄ပါးတရား၌ မသိမလိမ္မာကြ၊ ထိုသူတို့သည် မိမိ သူတပါး ၂ဦးသား တို့အား အမျက်ငြိမ်းစေသော ကုစားခြင်းဖြင့် ကုစားသူကို လူမိုက်ဟု မှတ်တင်ကုန်၏။

ဘုရားရှင်ထံ ရဟန်းပြု၍ မကြာမီ ရဟန္တာဖြစ်တော်မူ၏။

၂၅။ ဘုရားရှင်အား တရားဟောသောနတ်သား (တာယနသုတ်၊ ပဌမဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သဂါထာ ဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၅၊ တည်တောဆရာတော်ကြီး)

ရှေးဟောင်းအယူဝါဒကို တီထွင်သူ တာယနနတ်သားသည် သန်းခေါင်ယံအချိန်၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ အရောင်အလင်းများဖြင့် လာရောက်၍-

"လုံ့လပြုပြီး တဏှာရေအလျင်ကို ဖြတ်ပါ။ ဝတ္ထုကာမ ကိလေသာကာမတို့ကို ပယ်နုတ်ပါ။ ကာမကို မပယ်လျှင် စိတ်တည်ကြည်မှုစျာန် မရနိုင်ပါ။ လုံ့လလျော့သောရဟန်းသည် ကိလေသာမြူကို လွန်စွာဖြန့် ကြဲသည်မည်၏။ မကောင်းမှုပြုခြင်းသည် နောင်တတဖန် ပူပန်ရတတ်ပါသည်။ သမန်းမြက်ကို မကောင်း သဖြင့် ကိုင်လျှင် လက်ရှသကဲ့သို့ မကောင်းသဖြင့် သုံးသပ်အပ်သောရဟန်း၏အဖြစ်သည် ငရဲသို့ ဆွဲငင် တတ်၏။

၁ လျော့လျော့ပြုသောအမှု၊ ၂ ညစ်နွမ်းသောအကျင့်၊ ၃ ယုံမှားဖွယ်အကျင့်၊ ဤ ၃ပါးသော အကျင့်သည် အကျိုးမများပါ။" ဟုလျှောက်ပြီး ရှိခိုးအရိုအသေပြုကာ ကွယ်ပျောက်လေ၏။

ထိုည၌လွန်သော် ရဟန်းများကို ဘုရားရှင်ပြန်ဟော၍ တာယနနတ်သား၏ဂါတာသည် အကျိုး စီးပွားနှင့်စပ်၏။ အရိယာမဂ်ဟူသော အကျင့်မြတ်၏ ရှေ့သွားဖြစ်ကုန်၏ဟု မိန့်ဆိုတော်မူ၏။

၂၆။ ဘုရားရှင်အား သိကြားမင်း၏အာဏာစက် ဝန်ခံချက် (မ ၄။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

သဟမ္ပတိဗြဟ္မာမင်းက ဘုရားရှင်တရားဟောပါရန် တောင်းပန်စဉ် သိကြားမင်း အတူလိုက်ပါလာ၍ “အရှင်ဘုရားတို့၏ဖက်မှ ဓမ္မစက်သည် ဖြစ်ပါစေ။ တပည့်တော်တို့၏ဖက်မှ အာဏာစက် (အရှင်ဘုရားတို့၏ အာဏာ၌ မလိုက်ပါ မနာယူသောသူတို့ကို တပည့်တော်တို့ လိုက်ပါနာယူစေကြပါမည်။) ကို ဖြစ်စေပါမည်။” ဟု ဝန်ခံခဲ့သည်။

၂၇။ ဘုရားရှင်၏ ဆွေတော်မျိုးတော်ပေါင်း (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

မယ်တော်ဖက်မှ ၈သောင်း၊ ခမည်းတော်ဖက်မှ ၈သောင်းအားဖြင့် ဘုရားရှင်၏ ဆွေတော်မျိုးတော် ပေါင်းသည် တသိန်း ၆သောင်း ရှိ၏။

၂၈။ ဘုရားရှင်၏ ဓါတ်တော်များနှင့် ပရိက္ခရာများ (မဟာပရိနိဗ္ဗာနသုတ်၊ မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ ဓါတုဘာဇနီယကထာ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဓါတ်တော်များ။

ဒေါနပုဏ္ဏားသည် ဓါတ်တော်များကို တောင်းခံလာသောမင်းများအား စပုံစစု ခွဲဝေပေးပြီး ၎င်းက ဓါတ်တော် ခြင်သောပြည်တောင်းကို ဓါတ်တော်ခြင့်အိုးစေတီ တည်ကိုးကွယ်။

ဓါတုစေတီ ၈ဆူ။ ၁ တစိတ်ကို ရာမရွာ ကောဠိယမင်း / နဂါးမင်းကိုးကွယ်၊ ကျန် ၇စိတ်ကို ဇမ္ဗူဒိပ်ကျွန်း၌ - ၂ မဂဓတိုင်း ရာဇဂြိုဟ်မြို့ အဇာတသတ်မင်း၊ ၃ ဝေသာလီပြည် လစ္ဆဝီမင်း၊ ၄ ကပိလဝတ်ပြည် သာကီဝင်မင်း၊ ၅ အလ္လကပ္ပပြည် ဗုလိမင်း၊ ၆ ဝေဋ္ဌဒီပကတိုင်း ပုဏ္ဏား၊ ၇ ပါဝါပြည် ပါဝေယျကမြို့ မလ္လမင်း၊ ၈ ကုသိနာရုံပြည် မလ္လမင်းတို့ အသီးသီး ကိုးကွယ်ကြ။

ပိပ္ပလိဝနတိုင်း မောရိယမင်းတို့သည် ဓါတ်တော် ဝေရာ၌ အရောက်နောက်ကျသဖြင့် မီးသင်္ဂြိုဟ်ရာအရပ်မှ မီးသွေးကို စန္ဒကူးမီးသွေးစေတီ တည်ကိုးကွယ်။

အသမ္ဘိန္န- ကွဲပျက်ခြင်းမရှိသော ဓါတ်တော် ၇ဆူ။ ၁ သီဟိုဠ်ကျွန်း၌ သင်းကျစ်တော်၊ ၂ - ၅ စွယ်တော် ၄ဆူ။ [၁] တာဝတိံသာ နတ်ပြည်၌ လက်ယာအထက် တဆူ၊ [၂] ဂန္ဓာရပြည်၌ လက်ဝဲအထက် တဆူ၊ [၃] ကာလိင်္ဂတိုင်း၌ လက်ဝဲအောက် တဆူ၊ [၄] နဂါးပြည်၌ လက်ယာအောက်တဆူ၊ ၆ ဗြဟ္မာ့ပြည်၌ လက်ဝဲညှပ်ရိုးတော်၊ ၇ သီဟိုဠ်ကျွန်း၌ လက်ယာညှပ်ရိုးတော်။

<u>သမ္ဗိန္ဓု- ကွဲပျက်သော ဓါတ်တော်များ ၃မျိုး။</u>

| | | | |
|---|---|---|---|
| ၁ အကြီးဆုံးဓါတ်တော် | ပဲနောက်စေ့မျှ | ရွှေအဆင်းရှိ | ၅ပြည်၊ |
| ၂ အလတ်ဓါတ်တော် | ဆန်ကျိုးစေ့မျှ | ပုလဲအဆင်းရှိ | ၅ပြည်၊ |
| ၃ အငယ်ဆုံးဓါတ်တော် | မုန်ညင်းစေ့မျှ | မြတ်လေးပန်းငုံ (ချယားစေ့) အဆင်းရှိ | ၆ပြည်၊ |

မြတ်စွာဘုရား၏သရီရဓါတ်တော်သည် **၈စိတ် (၈ဒေါဏ)** <u>ရှိ။ စုစုပေါင်း</u> **<u>၁၆ပြည်</u>**။

<u>သွားတော် ၄၀</u>။ စွယ်တော်၄ဆူနှုတ်က သွားတော် ၃၆ဆူနှင့် အလုံးစုံသော <u>ဆံတော်</u>၊ <u>မွေးညှင်းတော်</u>တို့ကို နတ်တို့သည် တဆူစီ တဆူစီ စကြဝဠာအဆင့်ဆင့် အကြွင်းမဲ့ ပင့်ဆောင်ကုန်၏။

<u>ဘုရားရှင်၏ ပရိက္ခရာများ တည်ရာ ၁၄ ဌာန</u>။

၁ ဝဇိရာပြည်၌ ပရိက္ခရာ ၃မျိုး- ၁ကျောက်သပိတ်တော်၊ ၂တောင်ဝှေးတော်၊ ၃ခါးဝတ်သက်န်းမှ ကြွင်းသော သင်္ကန်းတော်၊

၂ ကုလဃရမြို့၌ ခါးဝတ်သင်းပိုင်၊

၃ ကပိလဝတ်ပြည်၌ အိပ်ရာခင်းတော်၊

၄ ပါဋလိပုတ်ပြည်၌ ပရိက္ခရာ ၂မျိုး- ၁ရေစစ် ဓမကရိဏ်၊ ၂ခါးပန်းကြိုး၊

၅ စမ္ပာပြည်၌ ရေသနပ်တော်၊

၆ ကောသလတိုင်း၌ ဥဏ္ဏာလုံမွေးရှင်တော်၊

၇ ဗြဟ္မာ့ပြည်၌ ဝတ်လဲတော်ပုဆိုး၊

၈ တာဝတိံသာနတ်ပြည်၌ ဦးရစ်ပေါင်းတော်၊

၉ အဝန္တိတိုင်း၌ နိသီဒိုင်အခင်း၊

၁၀ ဒေဝရဋ္ဌနိုင်ငံ၌ အိပ်ရာလွှမ်း၊

၁၁ မိထိလာမြို့၌ မီးပွတ်ခုံ၊

၁၂ ဝိဒေဟတိုင်း၌ ရေစစ်တော်၊

၁၃ ဣန္ဒပတ္တတိုင်း၌ ပရိက္ခရာ ၂မျိုး- ၁ပဲခွပ်တော်၊ ၂အပ်ကျည်တော်၊

**၁၄** အပရန္တဇနပုဒ်၌ ကြွင်းသော ပရိက္ခရာ။

<u>၂၉။ ဘုရားရှင်၏နေခြင်းသည် အာနာပါနဿတိဖြင့် နေခြင်းဖြစ်။</u> (ဣစ္ဆာနင်္ဂလသုတ်၊ ဒုတိယဝဂ်၊ အာနာပါနသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဣစ္ဆာနင်္ဂလရွာအနီး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံးစဉ် မိုး ၄လပတ်လုံး အာနာပါနဿတိ သမာဓိဖြင့် အနေများ၏။ ငါသည် -

၁ သတိရှိလျက် ထွက်လေကို ထုတ်၏၊ ဝင်သက်လေကို ရှူ၏၊

၂ ရှည်ရှည် ထွက်လေကို ထုတ်လျှင် ရှည်ရှည်ထုတ်မှန်း၊ ရှည်ရှည်ဝင်သက်လေကို ရှူလျှင် ရှည်ရှည် ရှူမှန်း သိ၏၊

၃ စလယ်ဆုံး ထွက်လေကို သိ၍ ထုတ်သည်ကို၊ ဝင်သက်လေကို သိ၍ ရှူသည်ကို သိ၏၊

၄ စွန့်လွှတ်မှုကို အဖန်တလဲလဲရှု၍ ထွက်လေကို ထုတ်သည်ကို၊ ဝင်သက်လေကို ရှူသည်ကို သိ၍နေ၏။

ဤကဲ့သို့သောနေခြင်းမျိုးကို - ၁ အရိယာတို့နေခြင်း၊

၂ မြတ်သောနေခြင်း၊

၃ မြတ်စွာဘုရား၏ နေခြင်းဟု ဆိုအပ်ကြောင်း မိန့်ကြား၏။

၃၀။ ဘုရားရှင်၏ ပရိသတ် ငြိမ်သက်ပုံ ၂ စု

၁။ (ဒီဃနိကာယ်။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ။ အဇာတသတ်မင်း ဘုရားရှင်ထံသို့ ရောက်လာရာ လေငြိမ်ရာ၌ ထွန်းထားသောဆီမီး၏ ငြိမ်သက်ခြင်းကဲ့သို့ အလွန်တည်ကြည်ငြိမ်သက်လှသော ဘုရားရှင်၏ တပည့်သံဃာပရိသတ်ကိုမြင်လျှင် မိမိ၏သားတော် ဥဒယဘဒ္ဒသည် ဤယဉ်ကျေးပုံမျိုး ငြိမ်သက်ပုံမျိုးရှိသူ ဖြစ်လာပါစေဟု တောင့်တ၏။

၂။ (မဇ္ဈိမပဏ္ဏာသ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) ။ ကောသလမင်းကြီးသည် လွှတ်ရုံးတော်မှာ သူစကားပြောနေစဉ် ကြားဝင်မပြောရန် တားသော်လည်း မရ၊ မြတ်စွာဘုရားသည် ရာပေါင်းများစွာသောပရိသတ်၌ တရားဟောနေသောအခါ ချေဆတ်သံ ချောင်းဟန့်သံမျှပင် မကြားရပါ။ တုတ်ခါးလက်နက်မပါပဲ ငြိမ်သက်အောင် ဆုံးမနိုင်သည်ကို အံ့သြရပါသည်။ ဤမျှယဉ်ကျေးသော ပရိသတ်ကို သာသနာတော်ပြင်ပ၌ မတွေ့ဖူးပါဟု ဘုရားရှင်အား လျှောက်တားသည်။

၃၁။ ဘုရားရှင်၏ ဖွားဖက်တော် ၇ပါး (ဗုဒ္ဓဝင် ဌ။ သုတ်မဟာဝါ ဌ။ သုတ်သီလက္ခန် ဌ။ ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ညီတော်အာနန္ဒာ / အရှင်အာနန္ဒာမထေရ်၊ ၂ ဗောဓိပင်၊ ၃ ကာလုဒါယီအမတ် / အရှင်ကာလုဒါယီမထေရ်၊ ၄ ယသောဓရာဒေဝီ / အရှင်မယသောဓရာထေရီမ၊ ၅ ဆန္နအမတ် / အရှင်ဆန္နမထေရ်၊ ၆ ရွှေအိုးကြီး ၄လုံး၊ [၁]သင်္ခရွှေအိုး၏ အဝပမာဏသည် တဂါဝုတ်ရှိ၏၊ [၂]ဇလရွှေအိုး၏ အဝသည် ၂ဂါဝုတ်၊ [၃]ဥပ္ပလရွှေအိုး၏ အဝသည် ၃ဂါဝုတ်၊ [၄]ပုဏ္ဍရီကရွှေအိုး၏ အဝသည် တယူဇနာရှိ၏၊ အောက်အဖို့မှာ မဟာပထဝီမြေကြီးအဆုံး ရှိ၏၊ ၇ ကဏ္ဍကမြင်းတော်။

၃၂။ ဘုရားရှင်၏ ဗောဓိ ၃ပါး ၂ စု

ဝါတော်ပိုင်းခြားမှု ဖြစ်သည်။

၁။ မူလပဏ္ဏာသ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ။ ၁ ပဌမဖောမီ- ဝါတော် ၂၀ အထိ၊ ၂ ဒုတိယဖောမီ- ဝါတော် ၂၁ မှ ၃၅ဝါအထိ၊ ၃ တတိယဖောမီ- ဝါတော် ၃၆မှ ၄၅ဝါအထိ။

၂။ သာရတ္ထဒီပနီ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ။ ဖောမီ ၃ပါးလုံး ၁၅ဝါစီ အညီအမျှယူ၍ ၃ပါးပေါင်းသော် ၄၅ဝါဖြစ်၏။

၃၃။ ဘုရားရှင်၏ ဗုဒ္ဓကိစ္စ နေ့စဉ်လုပ်ငန်း ၅ပါး (သံ ဋ္ဌ။ သီလက္ခန် ဋ္ဌ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

၁ ပုရေဘတ္တဗုဒ္ဓကိစ္စ- နံနက်ခင်း ဗုဒ္ဓလုပ်ငန်းစဉ် ၈ပါး။

၁ အလုပ်အကျွေးရဟန်းတော်အား ချီးမြှောက်ရန်၊ ရူပကာယကိုယ်တော် ချမ်းသာရန် မျက်နှာတော်သစ်ခြင်းစသော ကိုယ်လက်သုတ်သင်မှုပြု၊ ၂ ဖလသမာပတ် ဝင်စား၊ ၃ ဆွမ်းခံချိန် ရောက်သော် သင်းပိုင်ပြင်ဝတ်၊ ခါးပန်းပန်း၊ သင်္ကန်းရုံ၊ သပိတ်ဆောင်၍ ရံခါ တပါးတည်း၊ ရံခါ ရဟန်း အပေါင်းခြံရံ၍ ရွာနိဂုံးသို့ ဆွမ်းခံ ဝင်၊ ၄ တရံတခါ ပကတိ ကြွဝင်၊ တရံတခါ များစွာသော တန်ခိုး ပြာဋိဟာဖြင့် ကြွဝင်၊ ၅ လူတို့ နိုင်သလောက် သံဃာများအားတောင်းယူ၊ ဘုရားရှင် သပိတ်တော်လည်း တောင်းယူ၍ နေရာတော်ခင်းပြီး ရှိသေစွာ ဆွမ်းပြုစု လုပ်ကျွေးကြ၊ ၆ ဆွမ်းကိစ္စပြီးသော် လူတို့၏ အဇ္ဈာသယဓါတ်နှင့် လိုက်လျောအောင်ကြည့်၍ သရဏဂုံ ၅ပါး သီလမင်္ဂလိ ၄ပါးတည်အောင် တရားဟော၊ ၇ ကျောင်းရောက်သော် ရဟန်းတို့၏ ဆွမ်းကိစ္စပြီးဆုံးချိန်ကို ငံ့လင့်၍ နံ့သာတန်ဆောင်းဝန်း၌ တိုင်တော်မူ ၏၊ ၈ ရဟန်းတို့ ပြီးစီးကြောင်း ကြားလျှောက်သော် ဂန္ဓကုဋီကျောင်းသို့ ဝင်ကြွတော်မူ၏။

၂ ပစ္ဆာဘတ္တဗုဒ္ဓကိစ္စ- ဆွမ်းစားပြီးနောက် ဗုဒ္ဓလုပ်ငန်းစဉ် ၅ပါး။

၁ ဂန္ဓကုဋီကျောင်းအနီး ခြေဆေးအင်းပျဉ်၌ ရပ်ရင်း ဒုလ္လဘ- ရခဲခြင်း ၅ပါး (ဒုလ္လဘတရား ၅ပါး - ကို ကြည့်ပါ။) **(အပ္ပမာဒေနသမ္ပါဒေထ ဒေသနာ)** ကိုဟော၊ ၂ ရဟန်းအချို့ ကမ္မဋ္ဌာန်းတောင်း၍ စရိုက်အား လျော်စွာပေး၊ ၃ အလိုတော်ရှိလျှင် တခဏမျှ မြတ်သောလက်ျာနံတောင်းဖြင့် လျောင်းစက်၍ ကိုယ်တော်ကို သက်သာစေ၏၊ ၄ နေ့၏ ဒုတိယပိုင်း၌ သတ္တလောကကို ကြည့်ရှုဆင်ခြင်တော်မူ၏၊ ၅ နေ့၏ တတိယပိုင်း၌ ဂေါစရဂါမ်မြို့ ရွာနေလူများ တရားနာရန်လာ၍ တရားဟောသည်။

၃ ပုရိမယာမဗုဒ္ဓကိစ္စ- ညဦးယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ၃ပါး။

၁ ရေချိုးတော်မူလိုလျှင် ရေချိုးအိမ်သို့ဝင်၍ အလုပ်အကျွေးရဟန်း စီမံအပ်သောရေကို သုံးသပ်တော်မူသည်၊ ၂ ဂန္ဓကုဋီပရိဝုဏ်အတွင်း ခင်းထားအပ်သော ဘုရားနေရာတော်၌ တခဏမျှ အပန်းဖြေ တိုင်နေတော်မူသည်၊ ၃ ရဟန်းများ ဆည်းကပ်ခစားကြပြီး အချို့ ပြဿနာမေး၊ အချို့ ကမ္မဋ္ဌာန်း တရား မေးမြန်းလျှောက်တားကြ၊ အချို့ တရားဟောရန် လျှောက်ထားကြခြင်းကို ချီးမြှောက်။

၄ မဇ္ဈိမယာမဗုဒ္ဓကိစ္စ- သန်းခေါင်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ၂ပါး။

၁ စကြဝဠာတိုက်တသောင်းမှ နတ်ဗြဟ္မာတို့ ဆည်းကပ်လာကြ၊ ၂ အမေးပုစ္ဆာ ပြဿနာများ မေးမြန်းလျှောက်ထားသည်ကို ဖြေရှင်းပေးတော်မူသည်။

၅ ပစ္ဆိမယာမဗုဒ္ဓကိစ္စ- မိုးသောက်ယံပိုင်း ဗုဒ္ဓလုပ်ငန်းစဉ် ၃ပါး။

၁ ၎င်းအပိုင်းကို ၃ပိုင်းပိုင်း၍ ပဌမပိုင်းကို ထိုင်နေခြင်းဣရိယာပုတ်ဖြင့် နှိပ်စက်အပ်သောရူပကာယ ကိုယ်တော်မြတ် အပင်အပန်း အနွမ်းအနယ်ပျောက်စေရန် စင်္ကြံကြွ၊ ၂ ဒုတိယပိုင်း၌ ဂန္ဓကုဋီကျောင်းတော်သို့ဝင်၍ လျောင်းစက်မူပြု၊ ၃ တတိယပိုင်း၌ ထက်ဝက်ဖွဲ့ခွေ ထိုင်တော်မူ၍ ရှေးရှေး ဘုရားရှင်တို့အထံတော်၌ အဓိကရကုသိုလ်ထူး ပြုခဲ့ဘူးသောပုဂ္ဂိုလ်များကို ပိုင်းခြားထင်ထင်သိမြင်နိုင်ရန် ဗုဒ္ဓစက္ခုအစုံဖြစ်သော အာသယာနုသယဉာဏ်နှင့် ဣန္ဒြိယပရောပရိယတ္တိဉာဏ်တို့ဖြင့် သတ္တလောကကို ကြည့်ရှုတော်မူသည်။

၃၄။ ဘုရားရှင်၏ ဘဝဖြစ်တော်စဉ်ဌာနတို့မှ သံဝေဂဖြစ်စေတတ်သောဌာန / **သံဝေဇနီယဌာန** ၄ပါး (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ သံဝေဇနီယသုတ်၊ ကေသိဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဘုရားရှင် မွေးဖွားတော်မူရာ- လုမ္ဗိနီဥယျာဉ်၊

၂ ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာ- မဟာဗောဓိပင်ပေါက်ရာ ဗုဒ္ဓဂါယာ၊

၃ ဘုရားရှင် တရားဦးဓမ္မစကြာတရားတော် ဟောတော်မူရာ- မိဂဒါဝုန်တော၊

၄ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ- ကုသိနာရုံပြည်။

၎င်းဌာနတို့ရှိ စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်သောသူတို့သည် ကြည်ညိုသော စိတ်ရှိလျက် သေကုန်ငြားအံ့၊ နတ်ပြည်သို့ ရောက်လတ္တံ့ဟု ဘုရားရှင် အရှင်အာနန္ဒာအား ပရိနိဗ္ဗာန် စံဝင်ခါနီး၌ မိန့်တော်မူသည်။

၃၅။ ဘုရားရှင်၏ မိဖသူကြီးသူမများအဖြစ် ဘဝများစွာ တွေ့ကြုံခဲ့သူများ ၃ စုံသောသူ

၁ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မဟာမာယာဒေဝီ၊

၂ နကုလပိတာဥပါသကာနှင့် နကုလမာတာဥပါသိကာမ၊ အမိအဖ ဘဝ၅၀၀၊ ဘထွေးမိထွေးအဖြစ်ဘဝ ၅၀၀၊ ဘကြီးမိကြီးအဖြစ် ဘဝ၅၀၀၊ ဦးကြီး (အမေ့မောင်) အရီး (အဖေ့နမ) အဖြစ် ဘဝ၅၀၀၊ ဘဝပေါင်း ၂၀၀၀ ဆုံခဲ့သည် (မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)၊

၃ သာကေတမြို့မှ ပုဏ္ဏားလင်မယား၊ ဘဝ၅၀၀အမိအဖ၊ ဘဝ၅၀၀ဆက်၍ ဘကြီးမိကြီး၊ ဘဝ၅၀၀ ဆက်၍ ဘထွေးမိထွေး၊ ဘဝပေါင်း ၁၅၀၀ ဤပုဏ္ဏားလင်မယားလက်၌ ကြီးပြင်းခဲ့ဘူးပြီ၊ ဇရာသုတ် (သုတ္တ

နိပါတ်၊ သုတ္တန္တပိဋက) ကိုဟောရာ ပုဏ္ဏားလင်မယား အနာဂါမ်တည်ကြ။ (သာကေတဇာတ်၊ ဧကက နိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)။

<u>၃၆။ ဘုရားရှင်၏ လောကီလူတို့အလေ့အလိုက် ပြုကြသောလူရဟန်းတို့ပြုမှုမှ အချို့ (၃မှု) အပေါ် မိန့်ဆိုချက်</u>။

၁ <u>စကားကို ကြားဖြတ်၍ကြားဖြတ်၍ မပြောဆိုရန်</u> ဘုရားရှင် မောင်းမဲမိန့်ဆို၏။ (စင်္ကီသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

စင်္ကီပုဏ္ဏားသည် များစွာသောပုဏ္ဏားအပေါင်းနှင့် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ပုဏ္ဏားကြီးများနှင့် စိုးစဉ်းစိုးစဉ်း အောက်မေ့ဖွယ်စကားကို ပြောဆိုနေ၏၊ ၁၆နှစ်ရွယ် ပုဏ္ဏားလုလင်ပျို ကာပဋိကသည် ပုဏ္ဏားကြီးတို့၏စကားကို ကြားဖြတ်၍ကြားဖြတ်၍ ပြောဆို၏၊ မြတ်စွာဘုရားက "ငါ့ရှင် ဘာရဒွါဇ (ကာပဋိကလုလင်) တိုင်ပင်ပြောဆိုနေကြသော ပုဏ္ဏားကြီးတို့၏စကားကို ကြားဖြတ်၍ကြားဖြတ်၍ မပြောဆိုပါလင့်၊ ငါ့ရှင် ဘာရဒွါဇသည် စကားဆုံးသည့်တိုင်အောင် ဆိုင်းငံ့ပါလော့။" ဟု မောင်းမဲမိန့်ဆို၏။

၂ မင်္ဂလိုဖ်အနစ် တည်ကြောင်းဆုံးမသည်ကို <u>ငါ့ကိုချစ်ခြင်းရှိသည့်ဖြစ်၍ ကျင့်လော့၊ မုန်းခြင်းရှိသည့်ဖြစ်၍ မကျင့်လင့်</u>၊ ချစ်ခြင်းရှိသည့်ဖြစ်၍ကျင့်က သင်တို့အား ရှည်မြင့်စွာသော ကာလ ပတ်လုံး ချမ်းသာခြင်းငှါ စီးပွားခြင်းငှါဖြစ်၏။ (မဟာသုညတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ သီတင်းသုံးစဉ် ကာဠခေမကသာကီဝင် ကျောင်း၌ နေရာများစွာ ခင်းထားသည်ကိုတွေ့၊ အရှင်အာနန္ဒာကိုမေးရာ ရဟန်းများ သင်္ကန်းချုပ်ဆိုးရာ ကာလဖြစ်သဖြင့် ဖြစ်ကြောင်းလျှောက်ထားရာ "ရဟန်းမည်သည် အပေါင်းအသင်း၌ မွေ့လျော်ခြင်း၊ ပျော်မွေ့ခြင်းနှင့် မွေ့လျော်ရန် အားထုတ်ခြင်းတို့သည် မတင့်တယ်။" ဟုမိန့်ကာ အတက်ပါဟောဆိုချက်ကို ဆက်၍မိန့်သည်။

<u>၃ အော်ဟစ်ပြောဆို ငြင်းခုံပြောင်လှောင် ကစားကြသောအသံ / ပြင်းပြကျယ်လောင်သော အသံ</u> နှင့်စပ်၍ <u>၆ ဇာတ် / သုတ်</u>။

၁ ဘုရားရှင် စာတုမရွာ ရှစ်ရှားတော၌ သီတင်းသုံးတော်မူနေစဉ် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တို့ အဂ္ဂသာဝက ၂ပါးနှင့် ရဟန်း ၅၀၀တို့ ရောက်လာကြ၊ ထိုရဟန်း ၅၀၀နှင့် ကျောင်းနေရဟန်းတို့ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြခြင်း၊ အိပ်ရာနေရာ ခင်းခြင်း၊ သပိတ်သင်္ကန်း သိုမှီးခြင်းတို့ကြောင့် ကျယ်လောင်သော ဆူညံသောအသံဖြစ်ရာ ဘုရားရှင်က အရှင်အာနန္ဒာကို "ငါးစိမ်းသည်များ ငါးရောင်းရာ၌သို့ ဤကျယ်လောင်သောအသံ ဆူညံသောအသံတို့ကား အဘယ်အသံတို့နည်း?" ဟုမေးကာ ရဟန်းများကိုခေါ်စေ၍ ကျယ်လောင်

ဆူညံသောအကြောင်းကို မေးပြီးနောက် နှင်ထုတ်တော်မူ၏။ စာတုမရွာသား သာကီဝင်မင်းများနှင့် သဟမ္ပတိဗြဟ္မာမင်းတို့ တောင်းပန်လျှောက်ထားသည့်အဆုံး၌ သံဃာတော်များကို ဤစာသုမသုတ်တော် (ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - ဥပမာများနှင့်တရားတော်များ - အနက်မှ - အမှတ် ၁ကို ကြည့်ပါ။) ကို ဟောတော်မူ၏။ (စာတုမသုတ်၊ ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၂ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်ယသောဇ အမှူးရှိသော ရဟန်း ၅၀၀တို့ ဘုရားဖူးရန် ရောက်လာရာ ကျောင်းနေရဟန်းတို့နှင့် ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ကာ အိပ်ရာနေရာခင်း၍ သပိတ်သင်္ကန်းသိမ်းဆည်းကြရာ၌ ဆူညံသောအသံ ကျယ်သောအသံတို့ ရှိ။ "ငါးလုရာ၌ တံငါသည်တို့ကဲ့သို့ အသံရှိသူတို့ကား အဘယ်သူတို့နည်း?" ဟု အရှင်အာနန္ဒာကိုမေးပြီး တိုရဟန်းတို့ကို ခေါ်စေကာ "ရဟန်းတို့ သွားကြလော့၊ သင်တို့ကို ငါနှင်၏၊ သင်တို့သည် ငါ့အထံ၌ မနေရ။" ဟု မိန့်၊ (အကျဉ်းသာ။)
ရဟန်းတို့သည် ဝဇ္ဇီတိုင်း ဝဂ္ဂုမုဒါမြစ်ကမ်း၌ သစ်ရွက်မိုးကျောင်းတို့၌ ဝါဆိုကြပြီး တိုဝါတွင်း၌ပင် ရဟန်း ၅၀၀လုံး ရဟန္တာဖြစ်ကြ၊ ဘုရားရှင် ဝေသာလီပြည်သို့ရောက်သော် တမန်စေ၍ ထိုရဟန်းတို့ကို ခေါ်စေ၊ ရောက်သော် ရဟန်းအားလုံးတို့ စတုတ္ထဈာန်နှင့်ယှဉ်သော အရဟတ္တဖိုလ် သမာဓိဖြင့် နေကြ၊ ညဉ့်၏ပစ္ဆိမယံသို့ရောက်သော် အရှင်အာနန္ဒာက ဘုရားရှင်အား အာဂန္တုရဟန်းများကို နှုတ်ဆက်တော်မူပါရန်လျှောက်ခြင်းနှင့်စပ်၍ ဤယသောဇသုတ် ဥဒါန်းတော် "အကြင်ရဟန်းအား ကာမဆူးငြောင့်ကိုငင်း၊ ဆဲရေးခြင်းကိုငင်း၊ သတ်ဖြတ်ခြင်းကိုငင်း၊ နှောင်ဖွဲ့ခြင်းကိုငင်း အောင်နိုင်၏။ ထိုရဟန်းသည် တောင်ကဲ့သို့ မတုန်မလှုပ် တည်၏။ တိုရဟန်းသည် ဆင်းရဲ ချမ်းသာတို့ကြောင့် မတုန်လှုပ်။" ကို ကျူးရင့်တော်မူ၏။ (ယသောဇသုတ်၊ နန္ဒဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပါဠိတော်)

၃ ဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း အထက်ပြာသာဒ်၌ သီတင်းသုံးနေစဉ် အောက်ပြာသာဒ်၌ ရဟန်းများသည် ကစားလေ့ရှိကြရာ တိုရဟန်းတို့၏အသံကို ဘုရားရှင်ကြားတော်မူ၍ အရှင်မဟာမောဂ္ဂလ္လာန်ကို ရဟန်းတို့အားထိတ်လန့်စေလော့ဟုမိန့်ရာ မထေရ်သည် ပြာသာဒ်ကို လှုပ်စေ၍ ရဟန်းတို့ကြောက်လန့်ကြပြီး ထွက်ကာအပ၌တည်နေကြခြင်းနှင့်စပ်၍ ဟောသော ဇာတ်။ (ဝိဃာသာဒ- စားကြွင်းစား၊ ဝိဃာသာဒဇာတ်၊ ခရုပုတ္တဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၄ ဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း အထက်ပြာသာဒ်၌ သီတင်းသုံးနေစဉ် အောက်ပြာသာဒ်၌ ရဟန်းများသည် မြင်ဖူးကြားဖူးစသည်ကိုပြောဆိုလျက် ငြင်းခုံခြင်းကိုငင်း၊ ပြောင်လှောင်ခြင်းကိုငင်း ပြုနေကြသောအသံကို ဘုရားရှင်ကြားတော်မူ၍ အရှင်မဟာမောဂ္ဂလ္လာန်ကို

ရဟန်းတို့အားထိတ်လန့်စေလော့ဟု မိန့်ရာ မထေရ်သည် ကောင်းကင်သို့ပျံတက်ကာ ခြေမ နှင့် ပြာသာဒ်၏ထုပိကာကိုခတ်ခြင်းဖြင့် ရေအဆုံးရှိတိုင်အောင် ပြာသာဒ်ကိုလှုပ်စေ၍ ရဟန်းတို့ ကြောက်လန့်ပြီး ထွက်ကာအပ၌တည်နေကြခြင်းနှင့်စပ်၍ ဟောသောဇာတ်။ (ကောမာရ ပုတ္တဇာတ်၊ ကုမ္ဘဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၅ ဘုရားရှင် အနာထပိဏ်သူဌေးအိမ်သို့ ဆွမ်းစားကြွစဉ် လူတို့၏ ပြင်းပြကျယ်လောင်သောအသံကိုကြားရာ သူဌေးကြီးအား ဘုရားရှင်က "သူကြွယ် သင့်အိမ်၌ လူကို့သည် ငါးကို လုယက်ကြသော ထံငါသည်တို့ကဲ့သို့ အဘယ်ကြောင့် ပြင်းပြကျယ်လောင်သောအသံ ရှိကြကုန်သနည်း?" ဟု မေးရာ သူဌေးကြီးက ကွယ်ဝချမ်းသာသောအမျိုးမှ ဆောင်ခဲ့သော ချွေးမသူ သုဇာတာ အကြောင်းကို လျှောက်ထားရာ ဘုရားရှင်က မယားများအကြောင်း ဟော၏။ (ဘုရားရှင် ဟောသော တရားတော်များ - အနက်မှ - ဥပမာများနှင့် တရားတော်များ - အနက်မှ - မယား ၇မျိုး- ကိုကြည့်ပါ။)

၆ အရိယာဉပါသကာ ၅၀၀တို့ တရားဓမ္မနှင့် ငြိမ်သက်တည်ကြည်ကြကာ ၎င်းတို့၏ အလုပ်အကျွေး ၅၀၀တို့ စားသောက်ကြပြီးနောက် အော်ဟစ်ကြော်ငြာ လက်ဝှေ့ထိုးသတ်ကြသော အသံနှင့်စပ်၍ အတိတ်ဖြစ်စဉ်ဖြစ်သော မုဒရက်ရည်များ သောက်ပြီး အသဿထိုရ်မြင်းများက ငြိမ်သက်စွာနေကြသော်လည်း မြည်းများက မြည်တမ်းအော်ဟစ်ကြပုံကို ဟောသောဇာတ်။ (ဝါလောဒက- မုဒရက်ရည်၊ ဝါလောဒကဇာတ်၊ အသဒိသဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၃၇။ ဘုရားရှင်၏ လမ်းစဉ်တော် (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)
ဘုရားရှင်၏ လမ်းစဉ်တော်သည် မဇ္ဈိမပဋိပဒါလမ်းစဉ် ဖြစ်သည်။ ဤလမ်းစဉ်သည်

၁ ကာမသုခါလိကာနုယောဂနှင့် အတ္တကိလမထာနုယောဂ အမှားအစွန်း ၂ပါးမှ၎င်း၊

၂ သဿတဒိဋ္ဌိ (အတ္တ၊ လောကသည်မြဲ၏ဟူသော အယူ = ဘဝဒိဋ္ဌိ) နှင့် ဥစ္ဆေဒဒိဋ္ဌိ (အတ္တ၊ လောကသည် ပြတ်ဆဲ၏၊ မဖြစ်တော့လတ္တံ့ဟူသော အယူ = ဝိဘဝဒိဋ္ဌိ) (တိပိဋကမြန်မာအဘိဓါန်) ဝါဒစွန်း ၂ပါးမှ၎င်း၊

၃ လောဘနှင့် ဒေါသ အဆိုးထရား ၂ပါးစွန်းတို့မှ၎င်း လွတ်၏။

၃၈။ ဘုရားရှင်၏ ဝါဆိုစဉ် / ဝါဆိုရာဌာန ၁၉ နေရာ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

ဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ပဋ္ဌမဗောဓိ ဝါတော်၂၀အတွင်း ဝါဆိုဝါကပ်ရာ အမြဲမရှိပေ။

၁ ပဋ္ဌမဝါ - မိဂဒါဝုန်တော၊ ၂ ဒုတိယ တတိယ စတုတ္ထဝါ- ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၊ ၃ ပဉ္စမဝါ - ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချွန် အထွတ်တပ်သောကျောင်း၊ ၄ ဆဋ္ဌမဝါ- မကုဋ တောင် ချယားတောကျောင်း၊ ၅ သတ္တမဝါ- တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထား အပ်သော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၊ ၆ အဋ္ဌမဝါ- ဘဂ္ဂတိုင်း သုသုမာရဂိရပြည် ပဲစင်းငုံတော ဘေသကဠာ နတ်ဘီလူးမ စိုးအုပ်သော တောအုပ်၊ ၇ နဝမဝါ - ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၊ ၈ ဒသမဝါ - ပါလိလေယျကတောအုပ် (ပလလဲ တောအုပ်) ပလလဲဆင်မင်း၏ ပြုစုလုပ်ကျွေးခြင်းကို ခံယူတော်မူသည်၊ ၉ ဧကာဒသမဝါ- နာဠပုဏ္ဏားရွာ နာဠိကာရုံကျောင်း၊ ၁၀ ဒွါဒသမဝါ- ဝေရဉ္ဇာပြည် နဠေရု ဘီလူးစိုးအုပ်သော တမာပင်အနီး။

၁၁ တေရသမဝါ- စာလီယပြည် ဇလ္လုရွာ စာလီယတောင်ကျောင်း၊ ၁၂ စုဒ္ဒသမဝါ- သာဝတ္ထိပြည် ဇေတဝန်ကျောင်း၊ ၁၃ ပန္နရသမဝါ- ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၊ ၁၄ သောဠသမဝါ- အာဠဝီပြည် အဂ္ဂါဠဝ နတ်ကွန်းကျောင်း၊ ၁၅ သတ္တရသမဝါ- ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၊ ၁၆ အဋ္ဌာရသမဝါ ဧကူနဝီသတိမဝါ- စာလီယပြည် ဇလ္လုရွာ စာလီယတောင်ကျောင်း၊ ၁၇ ဝီသတိမဝါ (ဝါ ၂၀)- ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၊ ၁၈ ဧကဝီသတိမဝါ (၂၁ဝါ ) မှ စတုစတ္တာလီသမဝါ (၄၄ဝါ )- သာဝတ္ထိပြည် ဇေတဝန် ကျောင်းနှင့် ပုဗ္ဗာရုံကျောင်း၊ ၁၉ ပဉ္စစတ္တာလီသမဝါ) (၄၅ဝါ )- ဝေသာလီပြည် ဝေဠုဝရွာငယ်။

၃၉။ ဘုရားရှင်၏ ဝိပါက်တော် ၁၂ပါး (ပုဗ္ဗကမ္မပိလောတိက- ရှေးကံဟောင်း၊ ပုဗ္ဗကမ္မလောဟိတဗုဒ္ဓအပဒါန်၊ အဝဋ္ဋဖလဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋက ဆရာတော်ကြီး)

အကျဉ်းမှုသာ။ ရတနာအမျိုးမျိုးဖြင့် တောက်ပသော ရနံ့အမျိုးမျိုးဖြင့် သင်းကြိုင်သော တောအတွင်း အနဝတတ်အိုင်အနီးရှိ ကျောက်ဖျာအပြင်၌ ထိုင်တော်မူလျက် ရဟန်းတို့အား "ငါပြုခဲ့သော ရှေးကံဟောင်း ၏ အကျိုးဆက်သည် ဘုရားအဖြစ်၌လည်း အကျိုးပေးလျက်ရှိ၏။

၁ မုနာဠိသေသောက်ကြူး ဖြစ်၊ သုရဘိအရှင်ပစ္စေကဗုဒ္ဓါကို စွပ်စွဲခဲ့၊ ငရဲ၌ ကြာမြင့်စွာ ကျင်လည်ခဲ့ပြီး နောက် ကံအကြွင်းအနေဖြင့် ဤနောက်ဆုံးဘဝ၌ သုန္ဒရီပရိဗိုဇ်မဟူသောအကြောင်းဖြင့် စွပ်စွဲခံရ၏။

၂ သဗ္ဗာဘိဘူ မြတ်စွာဘုရား၏ တပည့်ရဟန်းနန္ဒကို စွပ်စွဲခဲ့၊ ငရဲ၌ ကြာမြင့်စွာ နေခဲ့ရပြီးနောက် လူ့ဘဝရသော် စွပ်စွဲမှုကို များစွာ ခံခဲ့ရ၊ ထိုကံအကြွင်းကြောင့် စိဉ္စမာဏဝိကာ ပရိဗိုဇ်မသည် လူအပေါင်းရှေ့၌ စွပ်စွဲ၏။

၃ ပြာဟ္မဏပါမောက္ခဆရာကြီး ဖြစ်၊ အဘိညာဉ်ရရသေ့ကို စွပ်စွဲခဲ့၊ တပည့် ၅၀၀တို့လည်း ဝမ်းမြောက်ကြပြီး လူတို့ကိုပြောကြ၊ ထိုကံ၏အကျိုးကြောင့် ရဟန်း ၅၀၀တို့သည်လည်း သုန္ဒရီပရိဗိုဇ်မ ဟူသော အကြောင်းဖြင့် စွပ်စွဲခံရ၏။

၄ ဥစ္စာဟူသော အကြောင်းကြောင့် မိအဝမ်းကွဲညီကို ကျောက်တုံးဖြင့် ဖိကြိတ်သတ်၍ တောင်ချောက်ကြား၌ ပစ်ချခဲ့၊ ထိုကံ၏အကျိုးကြောင့် ဒေဝဒတ်သည် ကျောက်ကိုပစ်ချ၍ ငါ၏ခြေ၌ ကျောက်စရစ်လွှာသည် ခြေမတော်ကို ကြိတ်ချေ၏။

၅ အရှင်ဒေဝဒတ်သည် ဘုရားရှင်ကို သတ်ရန် လေးသမားတို့ကို စေလွှတ်ခဲ့ခြင်း (ဘုရားလောင်း၏ သံသရာ၌ ကျင်လည်ပါရမီဖြည့်ခဲ့ရာ ထူးခြားသော မှတ်သားဖွယ်ဘဝ ၁၀ ဘဝ - အနက်မှ - ကစားလေလွင့် ကလေးသူငယ်ဆိုး) - တွင် ကြည့်ပါ။

၆ ဆင်ဦးစီး ဖြစ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဆင်ဖြင့် တိုက်ဇော့ခဲ့၊ ထိုကံ၏အကျိုးကြောင့် နာဠာဂိရိဆင်သည် ကြမ်းကြုတ်စွာ ငါ့ထံသို့ ချဉ်းကပ်လေ၏။

၇ ပတ္ထိဝမင်း ဖြစ်၊ လှံဖြင့် ယောကျ်ားကို သတ်ခဲ့၊ ငရဲ၌ ပြင်းထန်စွာ ကျက်ခဲ့ရ၊ ထိုကံ၏ အကြွင်းကြောင့် ကျောက်လွှာသည် ငါ၏ခြေ၌ အရေအားလုံးကို ဖြတ်တောက်လေ၏။

၈ တံငါရွာ၌ တံငါသည်၏သား ဖြစ်၊ ငါးများ သတ်နေသည်ကို မြင်၍ ဝမ်းမြောက်ခဲ့၊ တိုကံ၏အကျိုးကြောင့် ငါ့အား ခေါင်းခဲသောဝေဒနာဖြစ်၊ သာကီဝင်မင်းအားလုံးထို့သည်လည်း ဝိဋ္ဋူဘမင်း အသတ်ခံရ၏။

၉ ဖုဿမြတ်စွာဘုရား၏ တပည့်သာဝကတို့ကို မုယောကို ခဲကြ စားကြလော့၊ သလေးတို့ကို မစားကြကုန်လင့်ဟု ဆဲရေးခဲ့၊ ထိုကံ၏အကျိုးကြောင့် ဝေရဉ္ဇာပုဏ္ဏား ပင့်ဖိတ်အပ်သည်ဖြစ်၍ ဝေရဉ္ဇာပြည်၌နေစဉ် ဝါတွင်း ၃လပတ်လုံး မုယောဆန်ကို စားခဲ့ရ၏။

၁၀ လက်ပန်းလုံးခြင်း ဖြစ်လတ်သော် လက်ပန်းသည်သားကို ညှဉ်းဆဲခဲ့၏၊ ထိုကံ၏အကျိုးကြောင့် ငါ့အား ကျော၌ ဆင်းရဲဝေဒနာသည် ဖြစ်၏။

၁၁ ဆေးသမားဖြစ်၊ သူဌေးသားကို ဝမ်းလျှောစေခဲ့၏၊ တိုကံ၏အကျိုးကြောင့် ငါ့အား သွေးဝမ်းသွန်ခြင်း ဖြစ်၏။

၁၂ "ငါသည် ဇောတိပါလလုလင်ဖြစ်သောအခါ ကဿပမြတ်စွာဘုရားရှင်ကို **"ဤဦးပြည်းရဟန်းအား သမ္ဗောဓိဉာဏ်ကို အဘယ်မှာရအံ့နည်း၊ သမ္ဗောဓိဉာဏ်သည် လွန်စွာရခဲ၏။"** ဟုပြောဆိုမိ၏၊ ထိုကံ၏အကျိုးကြောင့် ဥရုဝေလတော၌ ၆နှစ်တို့ပတ်လုံး ဒုက္ကရစရိယာကို ခဲယဉ်းစွာ ကျင့်ပြီးနောက်မှသာလျှင် သမ္ဗောဓိဉာဏ်သို့ ရောက်ခဲ့ရ၏၊ ငါသည် ပြုနိုင်ခဲသော အကျင့်လမ်းစဉ်ဖြင့် မြတ်သောသမ္ဗောဓိဉာဏ်တော်သို့ မရောက်ခဲ့ပေ၊ ရှေးအကုသိုလ်ကံသည် တားမြစ်အပ်သည်ဖြစ်၍ မှားယွင်းသောအကျင့်ဖြင့် သမ္ဗောဓိဉာဏ်ကို ရှာဖွေခဲ့ရ၏" ဟု ဟောတော်မူ၏။

<u>၄၀။ ဘုရားရှင်၏ ဝိလာသ- တင့်တယ်စံပယ် တောက်ပသော၊ ဝိလာသတရား ၄ပါး</u> (ဇိနာလင်္ကာရဋီကာ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

ဘုရားရှင်၏ ဝိလာသအစိန္တေယျ၊ မကြုံစည်နိုင်လောက်အောင် လျောက်ပတ်တင့်တယ်ခြင်းရှိသည်ကို ဆိုသည်။

၁ ရူပဝိလာသ- ရူပကာယတော်၏ (မကြံ့စည်နိုင်လောက်အောင် လျောက်ပတ်တင့်တယ်ခြင်း)၊

၂ ဉာဏဝိလာသ- ဉာဏ်တော်၏ (---)

၃ ဝါစာဝိလာသ- စကားတော်၏ (---)

၄ ကွက္ခိဝိလာသ- တန်ခိုးတော်၏ မကြံ့စည်နိုင်လောက်အောင် လျောက်ပတ်တင့်တယ်ခြင်း။

၄၁။ ဘုရားရှင်၏ သာသနာတော်၌ အစဦးဆုံး မြေလျှင်တုန်လှုပ်စေလျက် အလှူခံအပ်သော ကျောင်းအရာမ် (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန်အရံကျောင်းကို အလှူခံသော် မြတ်စွာဘုရား၏ သာသနာတော်အမြစ်ကား တွယ်လေပြီဟု ပြောဆိုသကဲ့သို့ မဟာပထဝီမြေကြီးသည် တယိမ်းယိမ်းတနွဲ့နွဲ့ တုန်လှုပ်၏၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ဝေဠုဝန်ကျောင်းတိုက်အရံကို ထား၍ အခြားတပါးသော မြေကြီးကို တုန်လှုပ်စေ၍ အလှူခံအပ်သော ကျောင်းတိုက်အရံ မရှိ။

၄၂။ ဘုရားရှင်၏ အပရာဇိတပလ္လင် (တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရား၏ အဆုံးအဖြတ်၊ ပဌမအုပ်၊ ဂုဠတ္ထဝိနိစ္ဆယကျမ်း။ ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

မြတ်စွာဘုရားရှင်များ၏ ပလ္လင်တော်သည် အစောက်အမြင့်လော၊ အကျယ်အပြန့်လော အချေအတင်ဝါဒများ အကျယ်ကို အညွှန်းပါ မဟာဗုဒ္ဓဝင်ကျမ်းတွင် ကြည့်ရှုပါ။

မြတ်စွာဘုရား ပလ္လင်တော်သည် အစောက်အမြင့် မဟုတ်၊ အကျယ်အပြန့်မျှသာ ဖြစ်၏။ ဘဝများစွာ သံသရာက ဖြည့်ဆည်းပူးတော်မူအပ်သော ပါရမီကောင်းမှု ကုသိုလ်တို့ကြောင့် ခပ်သိမ်းသော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့သည် ရတနာ ၇ပါးဖြင့် ဆန်းကြယ်သော အပရာဇိတရွှေပလ္လင် အမြင့်အမောက် ပေါက်သကဲ့သို့ဖြစ်၍ တိုပလ္လင်တော်တက်၌ စံနေတော်မူသကဲ့သို့ ထင်မှတ်ကြရသည်ဟု ယုတ္တိလက္ခဏာဟာရနည်းအားဖြင့် ဆုံးဖြတ်သင့်ကြောင်းကို ကေနိယုံမှားမဲ့ မှတ်ယူအပ်၏။

၄၃။ ဘုရားရှင်၏ အလုပ်အကျွေးရဟန်းများ ၂၈

၁။ ဘုရားရှင်၏ အဆိုအမိန့်ကို မနာယူသောအလုပ်အကျွေးရဟန်းနှင့် ပရိက္ခရာများပါ မြေ၌ချသော အလုပ်အကျွေး ရဟန်း ၂ပါး (ဇုဏှဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁။ ဘုရားရှင်၏ အဆိုအမိန့်ကို မနာယူသောအလုပ်အကျွေးရဟန်း။ ဘုရားရှင်နှင့်အတူ အရှင်မေဃိယထေရ်သည် သားတို့နေရာ အရှေ့ဝါးတော ဇန္တုရွာယ်သို့ ဆွမ်းခံကြွ၊ မြစ်နား၌ သရက်ဥယျာဉ်တော၌ ရဟန်းတရား အားထုတ်လိုဟု လျှောက်၊ ဘုရားရှင်က အခြားအလုပ်အကျွေး ရဟန်းတပါး လာသည်အထိစောင့်ရန် ၃ကြိမ် တားမြစ်သော်လည်း သွား၊ အကုသလဝိတက် နှိပ်စက်ခံရကြောင်း ဘုရားရှင်အား ပြန်လာပြီး လျှောက်။

၂။ ဘုရားရှင်၏ အဆိုအမိန့်ကိုမနာယူပဲ ပရိက္ခရာများကို မြေ၌ချသော အလုပ်အကျွေး ရဟန်း။ အရှင်နာဂသမာလထေရ်သည် ဘုရားရှင်က ဤခရီးဖြင့်သွားအံ့ဟု ဆိုသော်လည်း ဘုရားရှင်၏ သပိတ်သင်္ကန်းတို့ကို မြေ၌ချထား၍ ခရီးတကြောင်းဖြင့် သွား၊ ခိုးသူတို့ သပိတ်သင်္ကန်း လုယူ၊ ဦးခေါင်း ကွဲအောင် ပုတ်ခတ်၊ သွေးယိုစီးလျက် ဘုရားရှင်ထံ ပြန်လာ။

၂။ ဘုရားရှင်၏ အလုပ်အကျွေးရဟန်း ၉ပါး (ဇုဏှဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

၁ နာဂသမာလထေရ်၊ ၂ နာဂိတထေရ်၊ ၃ ဥပဝါဏထေရ်၊ ၄ သုနက္ခတ်ရဟန်း၊ ၅ စုန္ဒရဟန်း၊ ၆ နန္ဒရဟန်း၊ ၇ သာဂတထေရ်၊ ၈ မေဃိယထေရ်၊ ၉ အရှင်အာနန္ဒာ။

၄၄။ ဘုရားရှင်၏ အံ့သြဖွယ် ၂၉

၁။ ၁၈ ပါး (အစိန္တေယျဝတ္ထု။ မာလာလင်္ကာရဝတ္ထုတော်ကြီး၊ ဒုတိယမဲထီးဆရာတော်ကြီး။ သမန္တစက္ခုဒီပနီ။ သုခမှတ်စုမှ - အမှတ်၁၄မှ ၁၈အထိ။ အရှင်ဝိမလ၊ ထေရဝါဒဗုဒ္ဓဘာသာမြတ်နိုးသူများ ဆုံဆည်းရာ ဖေ့ဘုတ်စာမျက်နှာမှ - အမှတ်၁၄မှ ၁၈အထိ)

၁ ဝတ်ရုံတော်မူသော သင်္ကန်းတော်သည် ဖွပ်ခြင်း ဆိုးခြင်း နွမ်းနယ်ခြင်း မရှိခြင်း၊ ၂ ဆံတော်သည် တောထွက်တော်မူသောအခါက ဖြတ်ထားသော လက်၂သစ်မျှသည် သက်တော်ရှည်သမျှ တည်ခြင်း၊ ၃ ဆောင်တော်မူသော သပိတ်သင်္ကန်းစသော ပရိက္ခရာ ၈ပါးသည် ကိုယ်တော်နှင့်မထိမူ၍ လက် ၄သစ်ခန့် ခြားတော်မူခြင်း၊ ၄ သပိတ်တော်ကိုဆေးလျှင် လက်တော်စင်နှင့်၍ လက်တော်ဆေးလျှင် သပိတ်တော်စင်နှင့်ခြင်း၊ ၅ မုန်ညင်းသီးခွံအတွင်းသို့ ဝင်တော်မူနိုင်ခြင်း၊ ၆ ၆ပါးသော ရောင်ခြည်တော်တို့ကို လွှတ်သည် ရှိသော် အရပ် ၁၀မျက်နှာတို့သို့ ပြန့်နှံ့ခြင်း၊ ၇ တန်ခိုးတော်ဖြင့် ကိုယ်တော်ကို ရာထောင် သိန်းသန်းမက ဖန်ဆင်းပြီး ဝေနေယျသတ္တဝါတို့ အလိုသို့ လိုက်၍ ချေချွတ်တော်မူနိုင်ခြင်း။

၈ ဇာတိ၊ အာဏာ၊ ဝိသယခေတ်တို့တွင် အလင်းအတိကို အမိုက်အတိဖြစ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း၊ ၉ ကိုယ်တော်ကို လဝန်းကဲ့သို့ အထက်ကောင်းကင်၌ တားတော်မူနိုင်ခြင်း၊ ၁၀ အင်္ဂါ ၈ပါး ရှိသောအသံတော်ဖြင့် တရားတော်ကို ဟောတော်မူသောအခါ နာယူသူ လူနတ်ပရိသတ် အားလုံးအစုံအလင် ကြားနိုင်ခြင်း၊ ၁၁ အာသယာနုသယဉာဏ်တော်ဖြင့် သတ္တဝါတို့၏စိတ်အလိုကို သိတော်မူခြင်း၊ ၁၂ မဟာကရုဏာသမာပတ္တိ ဉာဏ်တော်ဖြင့် ကျွတ်ထိုက်မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူခြင်း၊ ၁၃ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်ဖြင့် သတ္တဝါတို့၏ ဣန္ဒြေရင့်မရင့်ကို သိတော်မူခြင်း။

၁၄ ဉေယျမံတရား ၅ပါး (ဘုရားရှင်တို့ / ဘုရားရှင်တိုင်း / ဘုရားရှင်များ - အနက်မှ - ဘုရားရှင်တို့ သိအပ်သော ဉေယျမံတရား ၅ပါး - ကိုကြည့်ပါ။) ကို သိတော်မူခြင်း၊ ၁၅ အလိုရှိ၍ လက်တော်ကိုဆန့်လျှင်

သပိတ်တော် အလိုအလျောက် ရောက်လာတော်မူခြင်း၊ ၁၆ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူနိုင်ခြင်း၊ ၁၇ တာဝတိံသာနတ်ပြည်သို့ အဘိဓမ္မာတရားတော်ကို ဟောတော်မူရန် ပကတိ ၃ဖဝါး ၂လှမ်းတည်းဖြင့် ကြွတော်မူခြင်း၊ **၁၈** ဒေသစာရီ ကြွချီတော်မူလျှင် ခြေရာမထင်ပဲ မြေအညီအညွတ်ဖြစ်တော်မူခြင်း။

၂။ အပါး ၂၀ (အဋ္ဌရိယအဗ္ဘုတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ သတိဆင်ခြင်ဉာဏ်နှင့် ဘုရားလောင်းသည် တုသိတာနတ်ပြည်၌ ဖြစ်ခြင်း၊ ၂ သတိဆင်ခြင်ဉာဏ်နှင့် တုသိတာနတ်ပြည်၌ တည်နေခြင်း၊ ၃ အသက်ထက်ဆုံး စံနေခြင်း၊ ၄ သတိ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံ၍ တုသိတာနတ်ပြည်မှ စုတေကာ အမိဝမ်းတိုက်သို့ သက်ဝင်ခြင်း၊ ၅ ထိုသို့ သက်ဝင်သောအခါ အလွန်အကဲတောက်ပသောအရောင်သည် နတ်တို့၏အရောင်တို့ကို လွှမ်းမိုး၍ လောက၌ အမိုက်မှောင်ဖြစ်သော လောကန္တရိက်ငရဲ၌ပင်သော်လည်း ပျံ့နှံ့ကာ လောကဓါတ်တိုက် တသောင်းလုံး ပြင်းစွာလှုပ်ခြင်း၊ ၆ အမိဝမ်းတိုက်သို့ဝင်သောအခါ နတ်မင်းကြီး ၄ပါးတို့ စောင့်ရှောက်လာခြင်း၊ ၇ မယ်တော်သည် ၅ပါးသီလ၌တည်ခြင်း၊ ၈ မယ်တော်သည် ယောကျ်ားထို့၌ တပ်မက်သောစိတ် မဖြစ်သကဲ့သို့ တစုံတယောက်သောယောကျ်ားမျှလည်း တပ်မက်သောစိတ်ဖြင့် မလွန်ကျူးနိုင်ခြင်း၊ ၉ မယ်တော်သည် ကာမဂုဏ်၅ပါးကိုရ၍ ပြည့်စုံလုံလောက်သည်ဖြစ်၍ စံပယ်ခြင်း၊ ၁၀ မယ်တော်သည် တစုံတခုသောအနာမျှ မဖြစ်ပဲ မပင်ပန်းသောကိုယ်ရှိ၍ ချမ်းသာပြီး ဝမ်းတိုက်အတွင်းရှိ ဘုရားလောင်းကို အလုံးစုံ အင်္ဂါကြီးငယ်နှင့် ပြည့်စုံကာ မယုတ်လျော့သော ဣန္ဒြေရှိသည်ကို မြင်ရခြင်း။

၁၁ ဘုရားလောင်း ဖွားမြင်၍ ၇ ရက်မြောက်သော် မယ်တော်နတ်ရွာစံ၍ တုသိတာနတ်ပြည်၌ ဖြစ်ခြင်း၊ ၁၂ မယ်တော်သည် ဘုရားလောင်းကို ၁၀လတိုင်တိုင် ဝမ်းဖြင့်လွယ်၍ တပါးသောမိန်းမတို့ ၉လသော်၎င်း ၁၀လသော်၎င်း လွယ်၍ဖွားသကဲ့သို့ မဟုတ်ပဲ ဖွားမြင်ခြင်း၊ ၁၃ တပါးသောမိန်းမတို့သည် ထိုင်၍လျောင်း၍ ဖွားသကဲ့သို့ မဟုတ်ပဲ မယ်တော်သည် ရပ်လျက်သာလျှင် ဘုရားလောင်းကို ဖွားမြင်ခြင်း၊ ၁၄ မယ်တော်ဝမ်းမှ ဖွားသောအခါ ဘုရားလောင်းကို သုဒ္ဓါဝါသအရိယာ ဗြဟ္မာတို့ ရှေးဦးစွာခံယူပြီးမှ လူတို့ခံယူရခြင်း၊ ၁၅ ဘုရားလောင်း ဖွားသောအခါ မြေသို့မကျပဲ စတုမဟာရာဇ်နတ် ၄ပါးတို့က ခံယူပြီး "ရှင်မိဖုယား ဝမ်းမြောက်တော်မူလော့။ သင်မိဖုယားအား တန်ခိုးကြီးသောသား ဖွားမြင်၏။" ဟု ပြော၍ မယ်တော်ရှေ့၌ ထားခြင်း။

၁၆ ဘုရားလောင်း မယ်တော်ဝမ်းမှဖွားသောအခါ ရေ သလိပ် သွေး တစုံတခုသော မစင်ကြယ်သော ဝတ္ထုဖြင့် မလိမ်းကျံပဲ ဥပမာအားဖြင့် ၂ပါးကုန်သော ပတ္တမြားရတနာနှင့် ကာသိတိုင်းဖြစ် အဝတ်တို့သည် ပင်ကိုယ်၌ပင် သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်ကြောင့် အချင်းချင်း မငြိကပ်သကဲ့သို့ အထူးသန့်ရှင်းစင်ကြယ်စွာ ဖွားမြင်ခြင်း၊ ၁၇ ဘုရားလောင်း ဖွားသောအခါ အေးသောရေအယဉ် ပူသောရေအယဉ် ၂ခုသော ရေအယဉ်သည် ကောင်းကင်၌ ထင်ရှားဖြစ်၍ ဘုရားလောင်းနှင့် ဘုရားလောင်းမယ်တော်တို့ ရေချိုးခြင်းကိစ္စ ပြုကြခြင်း၊ ၁၈ ဖွားခါစဖြစ်သော ဘုရားလောင်းသည် ညီညွတ်သောခြေဖြင့် မြေ၌ရပ်၍

မြောက်အရပ်သို့ရှေးရှု ၇ ဖဝါး လှမ်းကြွမြန်းစဉ် ထီးဖြူတော်ဆောင်းလျက် အလုံးစုံအရပ်ကို ကြည့်ရှုပြီး "ငါသည် လောကမှာထိပ်ဆုံးဖြစ်၏။ ငါသည် လောကမှာ အကြီးဆုံးဖြစ်၏။ ငါသည် လောကမှာ အမြတ်ဆုံး ဖြစ်၏။ ဤအဖြစ်- ဇာတိသည် နောက်ဆုံးအဖြစ်တည်း။ နောင်တဖန်ဖြစ်ရမှု မရှိတော့ပြီ။" ဟု ကြုံးဝါး သောစကားကို မြွက်ဆိုခြင်း၊ ၁၉ ထိုသို့ ဘုရားလောင်း ဖွားမြင်သောအခါ အတိုင်းမရှိ ပျံ့နှံ့သော အလွန် အကဲ တောက်ပသော အရောင်သည် နတ်တို့၏အရောင်တို့ကို လွှမ်းမိုး၍ လောက၌ အမိုက်မှောင်ဖြစ်သော လောကန္တရိက်ငရဲ၌ပင်သော်လည်း ပျံ့နှံ့ကာ လောကဓါတ် တိုက်တသောင်းလုံး ပြင်းစွာလှုပ်ခြင်း၊ ဤအထိ မှတ်သားမိကြောင်းကို အရှင်အာနန္ဒာက ဘုရားရှင်အားလျှောက်ထားရာ ဘုရားရှင်က ကျန်အံ့ဖွယ်တပါး အမှတ်၂၀ကို မိန့်ဆိုဟောကြားတော်မူ၏၊ ၂၀ ဘုရားရှင်၌ ဝေဒနာ၊ သညာ၊ ဝိတက်တို့သည် ထင်ရှားစွာ ဖြစ်ခြင်း၊ ထင်ရှားစွာတည်ခြင်း၊ ထင်ရှားစွာချုပ်ခြင်းသို့ ရောက်ခြင်းသည်လည်း အံ့ဖွယ်တပါးဟူ၍ရင်း၊ မဖြစ်စဖူး ထူးသော သဘောတပါးဟူ၍ရင်း၊ ဖြစ်ခြင်း။

<u>၄၅။ ဘုရားရှင်၏ "အဂ္ဂ" - မြတ်သော တပည့်သာဝက၊ ဥပါသကာအစုံ ၄စုံ / ၈ဦး</u> (ဂေါတမဗုဒ္ဓဝင်၊ ဗုဒ္ဓဝံသပါဠိ တော်၊ ခု၊ သုတ္တန္တပိဋက)

(အမှတ် ၈ မှတပါး ဧတဒဂ်ရကြသော ကျန်မြတ်သောပုဂ္ဂိုလ်သူမြတ်များအကြောင်းကို ဧတဒဂ်ရ ပုဂ္ဂိုလ် သူမြတ်များ၏ ဆိုင်ရာဆိုင်ရာ အခန်းကဏ္ဍတို့၌) - ကြည့်ပါ။

| | | |
|---|---|---|
| ၁ | ၁ အရှင်သာရိပုတ္တရာ | - အဂ္ဂသာဝက / မြတ်သောတပည့် (ပညာကြီးသော ဧတဒဂ်) |
| | ၂ အရှင်မဟာမောဂ္ဂလ္လာန် | - အဂ္ဂသာဝက / မြတ်သောတပည့် (တန်ခိုးကြီးသော ဧတဒဂ်) |
| ၂ | ၁/၃ အရှင်မခေမာ | - အဂ္ဂသာဝိကာ / မြတ်သောတပည့်မ (ပညာကြီးသော ဧတဒဂ်) |
| | ၂/၄ အရှင်မဥပ္ပလဝဏ်ဏာ | - အဂ္ဂသာဝိကာ / မြတ်သောတပည့်မ (တန်ခိုးကြီးသော ဧတဒဂ်) |
| ၃ | ၁/၅ စိတ္တသူကြွယ် | - အဂ္ဂဥပဋ္ဌက / မြတ်သောအလုပ်အကျွေး ဥပါသကာ (တရားဟောတတ်သော ဧတဒဂ်) |
| | ၂/၆ ဟတ္ထာဠဝက | - အဂ္ဂဥပဋ္ဌက / မြတ်သောအလုပ်အကျွေး ဥပါသကာ (သင်္ဂဟဝတ္ထု ၄ပါးဖြင့် ပရိသတ်ကို ချီးမြှောက်သော ဧတဒဂ်) |
| ၄ | ၁/၇ ခုဇ္ဇုတ္တရာ | - အဂ္ဂဥပဋ္ဌိကာ / မြတ်သောအလုပ်အကျွေး ဥပါသိကာ (အကြားအမြင်များသော ဧတဒဂ်) |
| | ၂/၈ နန္ဒမာတာ | - အဂ္ဂဥပဋ္ဌိကာ / မြတ်သောအလုပ်အကျွေး ဥပါသိကာ |

(ဝေဠုကဏ္ဍကီမြို့သူ ဖြစ်သည်)၊ (နန္ဒမာတာဥပါသိကာမ
ဝေဠုကဏ္ဍကီမြို့သူ ၏ အံ့ဖွယ် ၇ပါး) - ကိုလည်း ကြည့်ပါ။

၁၀ **ဘုရားရှင် နှင့် တရားတော်** <u>၉ ၃</u>

<u>၁။ ဘုရားရှင်တရားတော်ကို ပူဇော်ပုံ ၆မျိုး</u> (ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ တရားတော်ကို ကောင်းစွာ နှလုံးသွင်းမှီဝဲခြင်း။ ၂ ကောင်းစွာ စိတ်ထဲ၌ ပွားများခြင်း၊ ၃ အကြိမ်ကြိမ် နှလုံးသွင်းခြင်း၊ ၄ ကောင်းစွာ ဆင်ခြင်ခြင်း၊ ၅ ဝေနေယျတို့အား တရိုတသေ ဟောတော်မူခြင်း၊ **၆** တရားတော်ကို ချီးမွမ်းခြင်း။။

<u>၂။ ဘုရားရှင် တရားတော်ကို ပူဇော်၍နေခြင်း</u> နှင့် <u>သံဃာတော်၌ ရိုသေခြင်း</u> (ဂါရဝသုတ်၊ ပဋ္ဌမဝဂ်၊ ဗြဟ္မသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ပဋ္ဌမဥရုဝေလသုတ်၊ ဥရုဝေလဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ၅ပတ်အကြာ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်း အဇပါလသတ္တာဟတွင် "ရိုသေရာ မှီခိုရာ မရှိပဲနေရခြင်းသည် ဆင်းရဲလှ၏၊ ငါသည် အဘယ်သို့သော သမဏဗြဟ္မာဏကို အရိုအသေ အလေးအမြတ် အမှီသဟဲပြု၍ နေရပါအံ့နည်း?" ဟု အကြံတော်ဖြစ်၊ မိမိထက် ၁ သီလ၊ ၂ သမာဓိ၊ ၃ ပညာ၊ ၄ ဝိမုတ္တိ- ကိလေသာမှ လွတ်မြောက်ကြောင်း၊ **၅** ဝိမုတ္တိဉာဏဒဿနစသည့် ဂုဏ်များသာလွန်သူကိုရှာကြည့်ရာ မတွေ့သဖြင့် မိမိထိုးထွင်း၍သိအပ်သော တရားတော်ကိုသာ ပူဇော်နေရန် အကြံဆက်၍ ဖြစ်ခဲ့၊ သဟမ္ပတိဗြဟ္မာသည် ဗြဟ္မာ့ပြည်မှ ဆင်းလာကာ ပွင့်တော်မူပြီး ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တို့သည်လည်း တရားတော်ကို အလေးအမြတ်ပြု ပူဇော်ကြကြောင်း လျှောက်တား၊ ဘုရားရှင်သည် ဗြဟ္မာ၏ တိုက်တွန်းခြင်းကြောင့်ရင်း၊ မိမိအား လျှောက်ပတ်သည်ကိုရင်း သိ၍ မိမိထိုးထွင်းသိထားသော တရားတော်ကိုသာ အလေးအမြတ် အမှီသဟဲ ပြု၍နေသည်။

"ရဟန်းတို့ အကြင်အခါ၌ သံဃာသည် များမြတ်သော **မဟတ္တဂုဏ် ၄ပါး** -

၁ ရတ္တညုမဟတ္တ= ထေရ်ကြီးဝါကြီးတို့ များပြားလာမှု၊

၂ ဝေပုလ္လမဟတ္တ= သံဃာအရေအတွက် များပြားလာမှု၊

၃ ဗြဟ္မစရိယမဟတ္တ= သာသနာတော် ကျယ်ပြန့်လာမှု၊

၄ လာဘဂ္ဂမဟတ္တ= လာဘ်လာဘ များပြားလာမှု - နှင့် ပြည့်စုံ၏။ ထိုအခါ ငါသည် သံဃာ၌လည်း ရိုသေ၏။" ဟူ၍ ဤသုတ်တော်ကို နိဂုံးချုပ် ဟောတော်မူ၏။

<u>၃။ ဘုရားရှင် တရားတော်ကို လေးစားရိုသေတော်မူသောကြောင့် တရားကို လေးလေးစားစားသာလျှင် ဟော</u>တော်မူ၏။ (သီဟသုတ်၊ ကကုဓဝဂ်၊ ပဥ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ခြင်္သေ့မင်းသည် အစာဖြစ်သော ဆင် ကျွဲ နွား သစ် ယုန် ကြောင် ကြီးသောသတ္တဝါဖြစ်စေ၊ ငယ်သော သတ္တဝါဖြစ်စေ "ငါ ၏ အားထုတ်မှုလမ်းစဉ်သည် မပျက်စီးပါစေလင့်။" ဟု နှလုံးသွင်း၍ တသမတ်တည်း အားထုတ်သကဲ့သို့ ဘုရားရှင်သည် ရဟန်းတို့ဖြစ်စေ၊ ရဟန်းမိန်းမတို့ဖြစ်စေ၊ ဥပါသကာတို့ဖြစ်စေ၊ ဥပါသိကာမတို့ဖြစ်စေ၊ ထမင်းစားကျွန်ခံ မုဆိုးစသော ပုထုဇဉ်တို့အားဖြစ်စေ၊ လေးလေးစားစားသာလျှင် တရားဟောကြားတော်မူ၏။ အကြောင်းကား တရားတော်ကို လေးစားရိုသေတော်မူသောကြောင့်တည်း။

<u>၄။ ဘုရားရှင် တရားဟောခြင်း ၄မျိုး</u> (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အတ္တဇ္ဈာသယ သုတ္တနိက္ခေပ- ဘုရားရှင်အလိုတော်အတိုင်း တရားဟောခြင်း၊ ၂ ပရဇ္ဈာသယ သုတ္တနိက္ခေပ- တရားနာမည့်သူပုဂ္ဂိုလ်၏ အလိုအတိုင်း တရားဟောခြင်း၊ ၃ အဋ္ဌုပ္ပတ္တိက သုတ္တနိက္ခေပ- ဖြစ်ပေါ်လာသော ဝတ္ထုကြောင်းတခုခုကိုစွဲ၍ တရားဟောခြင်း၊ ၄ ပုစ္ဆာဝသိက သုတ္တနိက္ခေပ- သူတပါး၏ အမေးပုစ္ဆာ ပြဿနာနှင့်စပ်၍ တရားဟောခြင်း။

<u>၅။ ဘုရားရှင် တရားဟောတော်မူသော အကြောင်း ၃ပါး</u> (ကိန္တိသုတ်၊ ဒေဝဒဟဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

သင်္ကန်း၊ ဆွမ်း၊ ကျောင်းအိပ်ရာနေရာတို့ကို လိုချင်ခြင်းကြောင့် တရားဟောသည်မဟုတ်၊ ဤသို့ ပြုသဖြင့် တိုထိုဘဝတို့၌ ချမ်းသာကို ခံစားရလိမ့်မည်ဟူသော အကြောင်းကြောင့်လည်း တရားမဟော။

၁ သတ္တဝါတို့ကို အစဉ်စောင့်ရှောက်တော်မူသည်ဖြစ်၍၊ ၂ သတ္တဝါတို့၏ အစီးအပွားကို ရှာမှီး တော်မူလျက်၊ ၃ အစဉ်သနားခြင်းကို အကြောင်းပြု၍ တရားဟောတော်မူ၏။ တို့ကြောင့် ဗောဓိပက္ခိယ တရား ၃၇ပါး မြတ်စွာဘုရား ဟောကြားတော်မူသောတရားကို ရဟန်းများတို့ ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိပဲ အညီအညွတ် ကျင့်ရမည်။

<u>၆။ ဘုရားရှင် ပရိသတ် ၈ပါး / အမျိုးမျိုး၌ ရုပ်သွင်အမျိုးမျိုး ဖန်ဆင်း၍ တရားဟောတော်မူခြင်း</u> (ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင်သည် "အရာမကသော ပရိသတ် ၈ပါး (ပရိသတ် - အနက်မှ - ၈ပါး တွင် ကြည့်ပါ။) တို့၏ အစည်းအဝေးပွဲများသို့ တက်ရောက်ဆွေးနွေး ဟောပြော၍ ကွယ်ခဲ့၏၊ တိုပရိသတ်တို့တွင် ထိုတရားဟောသူ သည် မြတ်စွာဘုရား ဖြစ်သည်ဟု မည်သူမျှ မသိကြကုန်။" ဟု အရှင်အာနန္ဒာကို မိန့်တော်မူ၏။

ထိုအစည်းအဝေးပွဲထို့သည် **ဤစကြဝဠာ / ကမ္ဘာမှာသာမက အခြားစကြဝဠာ / ကမ္ဘာတို့၌လည်း** ရစကောင်း၏။ ဘုရားရှင်သည် ကိုယ်တော်၏ မူလကိုယ်ခန္ဓာအဆင်းတော်၊ မူလ အင်္ဂါ ၈ဖေါ် အသံတော် တို့ဖြင့်သာ ဆွေးနွေးဟောပြောသော်လည်း ဆိုင်ရာပရိသတ်သည် မိမိတို့မင်း၏ အဆင်းကိုသာ မြင်ကြ၍

မိမိတို့မင်း၏ အသံနှင့်တူသောအသံကိုသာ ကြားကြရ၏။ ထိုပရိသတ်သည် ဟောသူကိုလည်းမသိ၊ ဟောသောတရားတော်ကိုလည်း နက်နက်နဲနဲ မသိကြသော်လည်း တရားတော်၏ သွာက္ခာတတာ အစရှိသော မြတ်သောကျေးဇူးဂုဏ်တို့ကြောင့် တရားနာသူတို့သည် နောင်အနာဂတ်ကာလ၌ မဂ်ဖိုလ်ရကြောင်း ကောင်းမြတ်သော ဥပနိဿယည်း အထောက်အပံ့ပစ္စည်း ဖြစ်နိုင်လေသည်။ တရားအထုံ ဝါသနာဖြစ်ပါစေခြင်းငှါ တရားဟောတော်မူ၏။

၇။ ဘုရားရှင် မဟောသော တရားတော်များသည် များလှစွာ၏။ (သီသပါဝနသုတ်၊ သီသပါဝနသံယုတ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် ကောသမ္ဗီပြည် ယင်းတိုက်တော၌ သီတင်းသုံးတော်မူစဉ် ဤတရားတော်ကို ဟောတော်မူ၏။ လက်တော်ဖြင့် အနည်းငယ်သော ယင်းတိုက်ရွက်တို့ကို ကိုင်၍ လက်တော်မှ ယင်းတိုက်ရွက်များနှင့် ယင်းတိုက်တောအတွင်းရှိ ယင်းတိုက်ရွက်တို့တွင် မည်သည်က များသနည်းဟု ရဟန်းတော်များကိုမေးရာ လက်တော် ယင်းတိုက်ရွက်များက နည်း၍ ယင်းတိုက်တောအတွင်းရှိ အရွက်များက များပြားလှကြောင်း လျှောက်ကြ၏။

"ဤအတူပင် ငါသည် ထူးသောဉာဏ်ဖြင့် သိ၍ မဟောသောတရားသည် များပြား၏။ ထိုတရားတို့သည် ၁ အကျိုးစီးပွားနှင့် မစပ်၊ ၂ မဂ်တည်းဟူသော အကျင့်မြတ်၏ အစမဟုတ်၊ ၃ ငြီးငွေ့ရန်၊ တပ်မက်မှုကင်းရန်၊ ချုပ်ရန်၊ ငြိမ်းရန်၊ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်သိရန်၊ တဏှာမှ ထွက်မြောက်ရန် မဖြစ်။

**ဤတရား ၃ပါး အပြန်**နှင့်ပြည့်စုံသော သစ္စာ ၄ပါးတရားတော်များကိုသာ ဟောတော်မူ၏။ သစ္စာ ၄ပါး တရားကိုသိရန် အားထုတ်ကြရမည်။"

၈။ ဘုရားရှင်ဟောတော်မူသော တရားတော်ကို ကြားနာရ၍ နစ်သက်ပီတိ အားရမ်းဖြစ်ကြသူများက ပြန်လည်လျှောက်တားကြရာတွင် ဖေါ်ပြကြသော ဥပမာ ၄ခု (များလှစွာသော သုတ်တော်များနှင့် ပေါတလိယသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ မှောက်ထားသော ဝတ္ထုကို လှန်ဘိသကဲ့သို့၊ ၂ ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့၊ ၃ မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့၊ ၄ မျက်စိရှိသောသူသည် အဆင်းတို့ကို မြင်ကြလိမ့်မည်ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ပြဘိသကဲ့သို့။

၉။ ဘုရားရှင်၏ ယေဘုယျ တရားဟောရိုးဟောစဉ် ၆ ဆင့် (သောဏကောဠိဝိသဝတ္ထု၊ စမ္မက္ခန္ဓက၊ မဟာဝဂ်၊ ခု၊ ဝိ။ များစွာသောသုတ်တော်များ။ များစွာသောဇာတ်တော်များ)

ဘုရားရှင်သည် ဆိုင်ရာ ဆိုင်ရာ အမေးပြဿနာများ၊ တရားများ၊ ဇာတ်တော်များကို ဖြေရှင်းဟောကြားပြီးနောက် တရားရထိုက်သူများ ရှိလျှင် ၁ ဒါနနှင့် စပ်သောစကား၊ ၂ သီလနှင့် စပ်သောစကား၊

၃ နတ်ပြည်နှင့် စပ်သောစကား၊ ၄ ကာမဂုဏ်တို့၏ အပြစ်၊ ယုတ်ညံ့ခြင်း၊ ၅ ကာမဂုဏ် ညစ်ညူးခြင်းတို့မှ ထွက်မြောက်ခြင်း အကျိုးတို့ကို အစဉ်အတိုင်း ဟောပြတော်မူ၏။

ဘုရားရှင်သည် ထိုအခါ တရားနာသူ ဝေနေယျတို့၌ ၁ခံ့သောစိတ်၊ ၂နူးညံ့သောစိတ်၊ ၃အပိတ်အပင် နီဝရဏတို့မှ ကင်းသောစိတ်၊ ၄တက်ကြွသောစိတ်၊ ၅ယုံကြည်သောစိတ်တို့ ရှိကြသည်ကို သိသောအခါ မြတ်စွာဘုရားကိုယ်တိုင် ထုတ်ဖော်သိမြင်ပြီးသော ၆ သာမုက္ကံသိက တရားဒေသနာတော်ဖြစ်သော ဒုက္ခသစ္စာ- ဆင်းရဲခြင်းကိုင်း၊ သမုဒယသစ္စာ- ဆင်းရဲဖြစ်ကြောင်းကိုင်း၊ နိရောဓသစ္စာ- ဆင်းရဲချုပ်ရာကိုင်း၊ မဂ္ဂသစ္စာ- ဆင်းရဲချုပ်ရာသို့ရောက်ကြောင်း လမ်းစဉ်ကိုင်း ဟောပြတော်မူရာ မည်းညစ်ခြင်းကင်း၍ ဖြူစင်သောအဝတ်သည် ဆိုးရည်ကို ကောင်းစွာခံယူရာသကဲ့သို့ ကျွတ်ထိုက်သသူ တရားနာသူအပေါင်းသည် တိုနေရာ၌ပင်လျှင် 'ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏။' ဟု ကိလေသာ မြူအညစ်အကြေးမှ ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်ကြ၏။

## ၁၁ ဘုရားရှင် နှင့် သံဃာတော်များ ၄ ခု

၁။ ဘုရားရှင်နှင့် သံဃာတော်များကို မှန့်မလှူပဲ အရှင်မဟာကဿပကို လှူကြသော လူငယ် ၅၀၀ (ပဥ္စသတဒါရကဝတ္ထု၊ ပိယဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်း။ ရာဇဂြိုဟ်ပြည်သား လူငယ် ၅၀၀တို့ ပွဲသဘင်နေ့၌ မုန့်တောင်းများထမ်း၍ မြို့မှ ထွက်လာစဉ် ဘုရားရှင် မဟာသာဝကများ ရဟန်းများခြံရံလျက် မြို့သို့ဆွမ်းခံဝင်သည်နှင့်တွေ့၊ ဝတ်ဖြည့်ရုံသာဝတ်ဖြည့်ကြ၊ မုန့်များမလှူပဲ ဆက်သွားကြ၊ ဘုရားရှင်က ရဟန်းများကို မုန့်ဘုဉ်းပေးကြမည်လော? ဟုမေး၊ ရဟန်းများက တခုမျှ လှူမသွားပါဟု လျှောက်ကြ၊ နောက်မှာ မုန့်ရှင်လာနေပြီ၊ မုန့်ဘုဉ်းပေးပြီးမှ သွားကြမည်ဟု ဘုရားရှင်မိန့်၍ သစ်ပင်ရိပ်မှာ နားနေ၊ လူငယ်တို့ နောက်မှကြွလာသော အရှင်မဟာကဿပကိုမြင်ကြသော် တောင်းများချ၍ မုန့်များအားလုံးလှူ၊ မထေရ်က ငါ့ဆရာဘုရားရှင်နှင့် သံဃာတော်များကိုလည်း လှူကြဟုမိန့်ရာ လှူကြ။

ရဟန်းများက မျက်နှာလိုက်၍ လှူသလော? ဟု စကားဆိုခြင်းနှင့်ဆက်စပ်ကာ ဘုရားရှင်က ထိုစကားကို ပယ်ကာ ငါ့သားတော်ကြီး မဟာကဿပကို လူနတ်တို့ လေးစားမြတ်နိုးသည်ဟု မိန့်ကာ-

"သီလ ဉာဏ်အမြင်နှင့် ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်ကိစ္စကို ပြုတတ်သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။" ဒေသနာကို ဟောတော်မူရာ လူငယ် ၅၀၀တို့ သောတာပန် တည်ကြ။

၂။ ဘုရားရှင်နှင့် သံဃာတော်များ သောက်ရေမသောက်ရရန် ရေတွင်းများကို မြက်ဖွဲတို့ဖြင့် ပိတ်ဆို့ကြခြင်းနှင့်စပ်၍ ကျူးရင့်သောဂါထာ (ဥဒပါနသုတ်၊ စူဠဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်နှင့် သံဃာတော်အပေါင်းသည် မလ္လတိုင်း၌ ဒေသစာရီလှည့်လည်ကြရာ ထူဏ ပုဏ္ဏားရွာသို့ရောက်၊ ရွာသားပုဏ္ဏားများနှင့် အမျိုးသားတို့သည် 'ဦးပြည်းရဟန်းယုတ်တို့သည် သောက်ရေကို မသောက်ကြရစေကုန်လင့်။' ဟု နလုံးပိုက်ကာ ရေတွင်းများကို မြက်၊ ဖွဲတို့ဖြင့် ရေတွင်းနှုတ်ခမ်းဝ တိုင်အောင် ဖို့ကြ၏။ ဘုရားရှင်က အရှင်အာနန္ဒာကို ရေတွင်းမှ သောက်ရေကို ဆောင်ခိုင်း၊ အရှင်အာနန္ဒာက ရေတွင်းများ ပိတ်ဆို့ထားကြောင်း လျှောက်၊ ဘုရားရှင်ကလည်း ၃ကြိမ်တိုင် ဆောင်ခိုင်း၊ အရှင်အာနန္ဒာ ရေတွင်းသို့ ချဉ်းကပ်မိသည်နှင့် ရေတွင်းသည် အလုံးစုံသော မြက်၊ ဖွဲကို ရေတွင်းနှုတ်ခမ်းမှ အန်ထုတ်၍ ကြည်လင်သော၊ မနောက်ကျူသော၊ အထူးကြည်လင်သောရေဖြင့် တွင်းနှုတ်ခမ်းဝတိုင်အောင် ပြည့်လျှက် စီးတွက်သကဲ့သို့ တည်၏။ အရှင်အာနန္ဒာက သောက်ရေကို ဆောင်ပြီးနောက် ဘုရားရှင်အား သောက်တော်ရေကို ဆက်ကပ်၍ ရေကိုသောက်ထော်မူပါဟု လျှောက်ရာတွင် ဘုရားရှင်ဤသို့ ဥဒါန်းကျူးရင့်တော်မူ၏။

"ရေတို့သည် အခါခပ်သိမ်း အရပ်အားလုံးတို့၌ အကယ်၍ ဖြစ်ပေါ်နေကြမူ ရေတွင်းဖြင့် အသို့ပြုရအံ့နည်း? အလိုရှိသည်ကို မရခြင်းကြောင့်ဖြစ်သော၊ ဆင်းရဲ၏အကြောင်းဖြစ်သော တဏှာ၏အမြစ်ကို ဖြတ်၍ တည်သော ငါကဲ့သို့သော ဘုရားရှင်သည် အဘယ်ကြောင့် ရှာမှီးရန် လှည့်လည်ရအံ့နည်း?"

၃။ ဘုရားရှင်သည် ရဟန်းထော်များအား တရားဟောပြီးတိုင်း ဓမ္မဒါနကုသိုလ် အဖို့ဘာဂကို နတ်သိကြားတို့နှင့်တကွ သတ္တဝါအပေါင်းတို့အား သိကြားမင်းလျှောက်တားချက်အရ အမျှပေးဝေစေ၏။ (သက္ကပဥှဝတ္ထု၊ တဏှာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

(အမြတ်ဆုံး - အနက်မှ - ၄ပါး၊ သက္ကပဥှဝတ္ထု - ကိုလည်း ကြည့်ပါ။) အညွှန်းပါ ဓမ္မပဒလာ "သဗ္ဗဒါနံ ဓမ္မ ဒါနံ ဇိနာတိ- အလှူတို့တွင် တရားအလှူသည် အမြတ်ဆုံး / အောင်နိုင်၏။" အစရှိသော အမြတ်ဆုံး ၄ပါး တရားဂါထာကို နာကြားပြီးနောက် သိကြားမင်းသည် ဘုရားရှင်အား အထက်ပါအတိုင်း လျှောက်ထား၏။

ဘုရားရှင်သည် ရဟန်းတော်တို့ကို စည်းဝေးစေကာ ဤတရားဂါထာကို ပြန်လည်ဟောပြောပြီးနောက် "ယနေ့မှစ၍ ၁ ကြီးစွာသော တရားပွဲကြီး၊ ၂ ရိုးရိုးတရားပွဲ၊ ၃ မိမိထံမှောက်သို့ ရောက်လာသူတို့ကို တရားစကား ပြောကြားမှုဖြစ်စေ၊ ၄ အယုတ်သဖြင့် အနုမောဒနာတရားကိုဖြစ်စေ ဟောကြားပြီးလျှင် ခပ်သိမ်းသော သတ္တဝါတို့အား အမျှပေးဝေကြလော့။" ဟု အဆုံးသတ် တိုက်တွန်းဟောကြား၏။

၄။ ဘုရားရှင် သံဃာတော်တို့အား ချီးကျူး မွက်ကြားခြင်း (အာနာပါနဿတိသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဝိသာခါကျောင်းအမကြီး၏ ကျောင်းတော်ရှိ လွင်ပြင်တွင် လပြည့်ဥပုသ်နေ့ ဥပုသ်

ပဝါရဏာပြုရန် ဖြစ်သော၊ တိတ်ဆိတ်ငြိမ်သက်သော သံဃာတော်များကို ကြည့်၍ ဘုရားရှင်သည် လွန်စွာ အားရတော်မူကာ "အနှစ်အသားပြည့်သော အရိယာနှင့် ဘာဝနာတရား အားထုတ်လျက်ရှိသူ ပရိသတ်ချည်း ဖြစ်သည်။ နည်းနည်းလှူ များများရ၊ များများလှူ အလွန်များစွာရသော အကျိုးရှိစေသော ပရိသတ်ဖြစ်သည်။ လောကသားတို့အဖို့ ဖူးတွေ့ရခဲသော ပရိသတ်ဖြစ်သည်။ အဝေးမှပင် ရိက္ခာထုပ်ထမ်းကာ ဖူးမြော်ထိုက်သော ပရိသတ်ဖြစ်သည်။" ဟု ချီးကျူး မိန့်မြွက်တော်မူသည်။

၁၂ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း <u>၁၀ ခု</u>

<u>၁။ ဘုရားရှင်၏ ပရိနိဗ္ဗာန် ၃မျိုး</u> (ဉပရိပဏ္ဏာသပါဠိတော် ၄။ သုတေသန သရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ကိလေသပရိနိဗ္ဗာန်- ဗောဓိမဏ္ဍိုင်၌ ကိလေသာ ငြိမ်းချမ်းခြင်း၊

၂ ခန္ဓပရိနိဗ္ဗာန်- ကုသိနာရုံ၌ ခန္ဓာဓါတ်သိမ်း ငြိမ်းချမ်းခြင်း၊

၃ ဓါတုပရိနိဗ္ဗာန်- သာသနာတော်ကွယ်သောအခါ ဓါတ်တော်၊ မွေတော်တို့စုရုံး၍ ဗောဓိမဏ္ဍိုင် နေရာ၌ တေဇောဓါတ်လောင်ကျွမ်း၍ ကွယ်ငြိမ်းခြင်း။

<u>၂။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူမည့်အကြောင်း ဝေသာလီပြည် စာပါလစေတီ၌သာ မဟုတ်သေး၊</u> အခြားတပါးသောအခါများ၌လဲ <u>၁၅ကြိမ်</u>တိုင် ထင်ရှားသောနိမိတ် အရိပ်အရောင်ပြခဲ့သည်။ (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>၃။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူမည့်နေ့ ပါဝါပြည် စုန္ဒရွှေပန်းတိမ်သည်၏ ဆွမ်းကိုဘုဉ်းပေးအပြီး</u> ထိုပြည်မှ ၃ဂါဝုတ်သာဝေးသော ကုသိနာရုံပြည်သို့ <u>၂၅ထောက်</u> နားနေတော်မူကာ ကြိုးစား၍ ကြွလာတော်မူရာ နေဝင်ဆည်းဆာအချိန်ကျမှ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူလေသည်။ (ပဋ္ဌမတွဲ၊ မဟာ ဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>၄။ ဘုရားရှင် ကုသိနာရုံပြည်သို့ ကြိုးစားကြွပြီး ပရိနိဗ္ဗာန်စံဝင်ရသည့်အကြောင်း အကြောင်း ၃ပါး</u> (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

အကြောင်း၃ပါးမှာ- ၁ မဟာသုဒဿနသုတ်တော်ကို ဟောကြားသည်ကို ကြားနာကြရ၍ များစွာသော လူအပေါင်းတို့သည် ကုသိုလ်ကောင်းမှုကို ပြုကောင်းသည်ဟု အောက်မေ့ကြပေမည်၊

၂ ပစ္ဆိမသာဝက နောက်ဆုံးတပည့် သုဘဒ္ဒပရိဗိုဇ်ကို အရဟတ္တဖိုလ်ပေါက် ချွေချွတ်နိုင်သည်၊

၃ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံလျှင် ဒေါဏပုဏ္ဏားသည် ဓါတ်တော်များ ဝေဖန်ရာ၌ သွေးချောင်းစီးခိုက်ရန်ဖြစ်ပွားမှုကို ငြိမ်းအေးစေ၍ ဝေဖန်ပေးနိုင်ပေမည်။

၅။ ဘုရားရှင် နောက်ဆုံးဘုဉ်းပေးသော **သူကရမဒ္ဒဝဆွမ်း** နှင့်စပ်သော အယူ ၃မျိုး (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ မကြီး၊ မငယ်၊ အလယ်အလတ် တောဝက်၏ နူးညံ့သိမ်မွေ့သော အသားများကို ကောင်းစွာ ချက်ပြုတ်စီရင်ခြင်း၊

၂ နွားနို့အရသာ ၅မျိုးကို ချက်ပြုတ်နည်း အစီအရင်ဖြင့် ကောင်းစွာ စီရင်အပ်သော နူးညံ့သော ထမင်း၊

**၃** ရသာယန အစီအရင်ဖြင့် ကောင်းစွာစီရင်ထားသော စားဖွယ်။

၆။ ဘုရားရှင်၏ နောက်ဆုံးဩဝါဒ စကားတော် ၅ပါး (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

သုဘဒ္ဒပရိဗိုဇ် ရဟန္တာဖြစ်ပြီးသောအခါ အရှင်အာနန္ဒာအား တရားခံထား၍ ဟောကြားတော်မူသည်။

၁ ငါတို့၏ဘုရား မရှိတော့ပြီဟု မထင်မှတ်ထိုက်၊ ၄၅ ဝါ ငါဘုရား ဟောကြားပညတ်အပ်သော တရားတော် ဝိနည်းတော်တို့သည် ငါဘုရား ကွယ်လွန်သောအခါ၌ သင်ချစ်သားတို့၏ ဆရာဘုရားပင် ဖြစ်၏။

၂ ယခုအခါ ရဟန်းတို့သည် အချင်းချင်း တပါးကတပါးကို အာဝုသော- ငါ့ရှင်ဟု ကြီး၊ ငယ်မရွေး ခေါ်ဝေါ်ပြောဆိုကြသကဲ့သို့ ငါဘုရား ကွယ်လွန်သောအခါ မပြောဆိုကြလင့်။ မထေရ်ကြီးက သီတင်းငယ် ရဟန်းကို အမည်၊ အနွယ်၊ အာဝုသောဟု ခေါ်ဝေါ်၍ သီတင်းငယ်ရဟန်းက မထေရ်ကြီးကို ဘန္တေ- အရှင်ဘုရား၊ အာယသ္မာ- သက်တော်ရှည်အရှင်ဟု ခေါ်ဝေါ်ကြရမည်။

၃ သံဃာတော်သည် ငါဘုရား ကွယ်လွန်သောအခါ၌ အသေးအနုပ် သိက္ခာပုဒ်များကို ပယ်နှုတ် လိုခဲ့သော် ပယ်နှုတ်လေလော့။

၄ ငါဘုရား ကွယ်လွန်သောအခါ ဆန္နရဟန်းအား ဗြဟ္မဒဏ်- ဆန္နရဟန်းသည် သူပြောဆို လိုရာ စကားကို ပြောဆိုနိုင်၏၊ သို့ရာတွင် ရဟန်းတို့ကမူ ထိုဆန္နရဟန်းကို မပြောဆိုအပ်၊ မဆုံးမအပ်၊ မကံမြစ် အပ်ခြင်း- ကို ပေးအပ်၏၊ ပေးရမည်။

**၅** "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တာယာမိ ဝေါ" အစချီသော ဂါထာ။ (အောက်ပါ အမှတ်၈ ကို ကြည့်ပါ။)

၇။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပုံ ၂၁ ဆင့် (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပုံမှာ အရပ်တပါးသို့ သွားအံ့သောသူသည် ဆွေမျိုးအပေါင်းကို အားရအောင် ဖက်ရမ်းနမ်းရှုံ့ပြီးမှ သွားသကဲ့သို့ အလုံးစုံသော သမာပတ်ချမ်းသာကို ဝလင်စွာ ခံစားသုံး ဆောင်ပြီးမှ ရွှေပြည်နိဗ္ဗာန်သို့ ဝင်စံတော်မူသည်။

၁ ရူပါဝစရကြိယာ ပဌမစျာန်ကို ဦးစွာ ဝင်စား၊ ၂ ထိုမှထပြီး ဒုတိယစျာန်၊ ၃ ထိုမှထပြီး တတိယ စျာန်၊ ၄ ထိုမှထပြီး စတုတ္ထစျာန်၊ ၅ ထိုမှထပြီး အရူပါဝစရကြိယာ အာကာသာနဉ္စာယတန သမာပတ်၊ ၆

ထိုမှထပြီး ဝိညာဏဉ္စာယတန သမာပတ်၊ ၇ ထိုမှ အာကိဉ္စာယတန သမာပတ်၊ ၈ ထိုမှ နေဝသညာနာသညာယတန သမာပတ်၊ ၉ ထိုမှ သညာ၊ ဝေဒနာထို့ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုအခါ ဘုရားရှင်၏ ထွက်လေဝင်လေတို့ ချုပ်ငြိမ်းနေ၏။

၁၀ ထိုမှ နေဝသညာနာသညာယတနသမာပတ်၊ ၁၁ ထိုမှ အာကိဉ္စညာယတနသမာပတ်၊ ၁၂ ထိုမှ ဝိညာဏဉ္စာယတနသမာပတ်၊ ၁၃ ထိုမှ အာကာသာနဉ္စာယတနသမာပတ်၊ ၁၄ ထိုမှ ရူပါဝစရကြိယာ စတုတ္ထဈာန်၊ ၁၅ ထိုမှ တတိယဈာန်၊ ၁၆ ထိုမှ ဒုတိယဈာန်၊ ၁၇ ထိုမှ ပဌမဈာန်၊

၁၈ ထိုမှ တဖန် ဒုတိယဈာန်၊ ၁၉ ထိုမှ တတိယဈာန်၊ ၂၀ ထိုမှ စတုတ္ထဈာန်အထိ ဝင်စားတော်မူ၏၊ **၂၁** ထိုစတုတ္ထဈာန်မှ ထတော်မူပြီးနောက် ထိုဈာန်၌ပါရှိသော ဥပေက္ခာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ ၂ပါးတို့ကို တပါးစီရင်း၊ ၂ပါး ပေါင်း၍ရင်း၊ ဆင်ခြင်တော်မူပြီးမှ ထိုပစ္စဝေက္ခဏာ မဟာကြိယာဇောတို့၏ အဆုံးဝယ် အဗျာကတဒုက္ခသစ္စာဖြစ်သော (သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဌမ မဟာဝိပါက်) ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းတော်မူသည်။

၈။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်ခါ နီးဆဲဆဲ ဘုရားရှင် ရွတ်ဆိုသောဂါထာနှင့် စံတော်မူပြီးနောက် ပုဂ္ဂိုလ်သူမြတ် ၄ဦး ရွတ်ဆိုသောဂါထာ ၄ဂါထာ (ပရိနိဗ္ဗာနသုတ်၊ ဒုတိယဝဂ်၊ ဗြဟ္မသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ပရိနိဗ္ဗာန်စံဝင်တော်လုနီးအခါ၌ ဘုရားရှင် ရွတ်ဆိုသောဂါထာ

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။"

ရဟန်းတို့ သင်တို့အား ယခု ငါမိန့်မှာထော်မူခဲ့အံ့။ ပြုပြင်အပ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏။ မမေ့မလျော့သော သတိတရားဖြင့် ကိစ္စပြီးစီးအောင် အားထုတ်ကြကုန်လော့။

ဤကား မြတ်စွာဘုရားရှင်၏ နောက်ဆုံးမိန့်ခွန်းတော်ပေတည်း။

၁ သဟမ္ပတိဗြဟ္မာ- အလုံးစုံသောတရားတို့ကို ကိုယ်ထိုင်မှန်စွာ သိတော်မူသော၊ အား ၁၀ပါးနှင့် ပြည့်စုံတော်မူသော၊ ဤသို့သော ဆရာသခင် အတုမဲ့ဘုရားရှင်သော်လည်း အကြင်လောက၌ ပရိနိဗ္ဗာန် ပြုတော်မူရချေသေး၏။ ထိုလောကတဲ၌ အားလုံးရှိသမျှ သတ္တဝါတို့သည် ရုပ်နာမ်အစု အတ္တဘောကို စွန့်ပစ်ကြရကုန်မည်ချည်းသာတည်း။

၂ သိကြားမင်း-

"အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။ ဥပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။"

၃ အရှင်အာနန္ဒာ- မွန်မြတ်သော ဂုဏ်တော်အားလုံးတို့နှင့် ပြည့်စုံတော်မူသော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုလတ်သော် ထိုအခိုက်ဝယ်

ကြောက်မက်ဖွယ် မြေလှုပ်ခြင်းသည် ဖြစ်လေပြီတကား။ ကြက်သီးမွေးညင်း တစေတတ်သော မြေလှုပ်ခြင်း သည် ဖြစ်လေပြီတကား။

၄ အရှင်အနုရုဒ္ဓါ- တဏှာကင်းတော်မူသော၊ စက္ခု ၅ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ငြိမ်းအေးသော နိဗ္ဗာန်သို့ကြွရန်ရည်စူး၍ ပရိနိဗ္ဗာန် ပြုတော်မူလေပြီ။ ထို့ကြောင့် စိတ်ဓါတ်ကြံ့ခိုင်၍ ကောင်းဆိုး ၂ပါးကို အတူထားလျက် ရှုတော်မူနိုင်သော မြတ်စွာဘုရား၏ ထွက်လေဝင်လေ မရှိတော့ပြီ တကား။

မြတ်စွာဘုရားသည် ညှိုးငယ်ခြင်းမရှိသောစိတ်ဖြင့် ဝေဒနာကို သည်းခံတော်မူလေပြီ။ ထိုမြတ်စွာ ဘုရား၏စိတ်တော်သည် ဆီမီးလျှံငြိမ်းသကဲ့သို့ပင် ချုပ်ငြိမ်း လွတ်မြောက်တော်မူလေပြီတကား။

<u>၉။ ဘုရားရှင်၏ ဥတုဇရုပ်ကလပ်တော်ကို ပူဇော်ပုံ ဇုဆင့်</u> (ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

အရှင်အာနန္ဒာမေး၍ ဘုရားရှင်ဖြေ "စကြဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကို ဆောင်ရွက်ကြသကဲ့သို့ ပြုကြရမည်။"

၁ ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် ရစ်ပတ်၊ ၂ ဝါဂွမ်းနုဖြင့် တဖန် ရစ်ပတ်၊ ၃ ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် တဖန်ရစ်ပတ်၊ ၄ ဤနည်းအတိုင်း ကာသိတိုင်းဖြစ် ပုဆိုးအစုံ ၅၀၀တို့ဖြင့် ရစ်ပတ်၊ ၅ ဆီတည့်ထားသော ရွှေတလား= ရွှေခေါင်း၌ထည့်၊ ၆ အခြား ရွှေတလားဖုံး= ရွှေခေါင်းဖုံးဖြင့် ဖုံး၊ ၇ အလုံးစုံသော နံ့သာထင်း ထင်းပုံပြု၊ ၈ စကြဝတေးမင်း၏ ဥတုဇရုပ်ကလပ်ကို မီးသဂြိုဟ်ရသကဲ့သို့ပင် မီးသဂြိုဟ်၊ ၉ လမ်း ၄ခွဆုံ ၌ စကြဝတေးမင်း၏ စေတီကို တည်ထားကြရ၏။

ထိုမြတ်စွာဘုရား၏ စေတီတော်၌ အကြင်သူသည် ပန်း၊ နံ့သာ၊ နံ့သာမှုန့်စသည်ကိုဖြစ်စေ တင်လှူကြမည်၊ ရှိခိုးကြမည်၊ စိတ်ဖြင့်မူလည်း ကြည်ညိုကြမည်။ ထိုသို့ပြုခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး ထိုသူတို့အဖို့ရာ စီးပွားချမ်းသာအလို့ငှါ ဖြစ်လိမ့်မည်။

<u>၁၀။ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပွဲ၌ ရဟန်းသံဃာအပေါင်း ၇သိန်း</u> စည်းဝေးမိသည်။ (အရှင်အာနန္ဒာ မထေရ်အကြောင်း၊ ပဋ္ဌမပိုင်း၊ ဆဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁၃ ဘုရားရှင် ရတနသုတ်ဟောတော်မူရာတွင် ရာဇဂြိုဟ်ပြည်၊ ဂင်္ဂါမြစ်၊ ဝေသာလီပြည် အသွားအပြန်တို့၌ ကြီးမြတ်သော အပူဇော်ခံရခြင်းသည် အတိတ်မှ <u>အနည်းငယ်မျှသော သာမန်ကောင်းမှု ၅ခုကြောင့်</u> ဖြစ်ခြင်း (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>အတိတ်အကျဉ်း</u>။ ဘုရားရှင် ရတနသုတ်တော်ကို ဟောတော်မူပြီး၍ ရာဇဂြိုဟ်ပြည်သို့ ပြန်ရောက်သောအခါ ရဟန်းတော်များက ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်များကို ပြောဆိုခြင်းနှင့်ဆက်၍ အတိတ် ကောင်းမှုကို ဟောတော်မူသည်။ သင်္ခပုဏ္ဏား- ဘုရားအလောင်းသည် သားဖြစ်သူသုသိမကို ဗာရာဏသီပြည်

ဒိသာပါမောက္ခဆရာကြီးအား အသပြာတထောင်ဖြင့် ပူဇော်စေ၍ ပညာသင်စေ၊ ၁၂နှစ်ကြာသင်ရမည့် ပညာရပ်များကို ၂လ ၃လဖြင့် တတ်မြောက်ရာ သုသီမသည် ပညာရပ်များ၏အဆုံးကို မမြင်၊ ဆရာကြီးကို မေးရာ ဣသိပတန မိဂဒါဝုန်တောရှိ ပဉ္စဝဂ္ဂီများထံ အဆုံးကိုမေးရန် ခွင့်ပြုချက်ကိုပေး၊ ရဟန်းပြုကာ ပဉ္စဝဂ္ဂီများ သင်ကြားပေးသော ဝတ်ကြီးဝတ်ငယ် အာဘိသမ္မာစာရိကသီလကို ဖြည့်ကျင့်လျက် ပဉ္စက ဝဂ္ဂီဖြစ်ကာ ထင်ရှားကျော်ကြားလာ၊ အသက်တမ်းတိုစွာဖြင့် ပရိနိဗ္ဗာန်စံဝင်၊ ဓါတ်တော်အရိုးကို စေတီ တည်ထား၊ သတင်းစကား မကြားရသည်မှာ ကြာပြီဖြစ်သဖြင့် ပုဏ္ဏားကြီးလိုက်လာရာ အကြောင်းစုံ သိရ။

၁ သုသီမပဉ္စဝဂ္ဂီ၏ စေတီရင်ပြင်မှမြက်များ ပယ်ရှားနုတ်ထွင်ခဲ့ခြင်း၏ အကျိုးဆက်သည် ရာဇဂြိုဟ်မှ ဂင်္ဂါ ၅ယူဇနာ၊ ဂင်္ဂါမှ ဝေသာလီ ၃ယူဇနာ၊ ပေါင်း ၈ယူဇနာလမ်းခရီးကို သစ်ငုတ်၊ ဆူး၊ ခြောင့်ကင်းအောင် ညီ ညွတ်သန့်စင်အောင် ပြုပြင်ကြခြင်း။

၂ စေတီရင်ပြင်တွင် သဲဖြူအပြည့်ခင်းခဲ့ခြင်း၏ အကျိုးဆက်သည် ထို ၈ယူဇနာခရီးကို လူများ သဲဖြူခင်းကြခြင်း။

၃ စေတီ၌ ရကတတ်ဆန်း တောပန်းများဖြင့် ပူဇော်ခဲ့ခြင်း၏ အကျိုးဆက်သည် ဂင်္ဂါမြစ်အပါအဝင် ၉ ယူဇနာခရီးတွင် ကြည်းကုန်းခရီး၌ငှင်း၊ ရေလမ်းခရီး၌ငှင်း၊ လူနတ်အပေါင်းတို့သည် ပန်းအမျိုးမျိုးတို့ဖြင့် ပန်းမွေ့ရာ ကြခင်းကြခြင်း။

၄ စေတီရင်ပြင်၌ မြူမှုန်မထစေရန် ကရားမှရေဖြင့် မြေအပြင်ကို သွန်းလောင်းပက်ဖျန်းခဲ့ခြင်း၏ အကျိုးဆက်သည် ဝေသာလီပြည်သို့ ဘုရားရှင် ခြေဖဝါးတော် ချလျှင်ချခြင်းဖြင့် ပေါက္ခရဝဿမိုးရွာခြင်း။

၅ စေတီ၌ မိမိနှင့်ပါလာသော စုလျားတဘက်ဖြင့် တံခွန်ပြားလွှင့်ထူ၍ မိမိဆောင်းလာသောထီးကို ဖွဲ့ချည်ခဲ့ခြင်း၏အကျိုးဆက်သည် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် လူနတ်တို့ တံခွန်တို့ကို စိုက်ထူပူဇော်ကြ ၍ ဗြဟ္မာ့တီးဖြူတို့ကိုလည်း အဆင့်ဆင့် စိုက်ထူဆောင်မိုးကြခြင်း။

၁၄ ဘုရားရှင် ရေမီးအစုံအစုံ တန်ခိုးပြတော်မူခြင်း <u>၂ ခု</u>

<u>၁။ ဘုရားရှင် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ၄ကြိမ်ပြတော်မူခြင်း</u> (ဒုတိယတွဲ နှင့် ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ မဟာဗောဓိမဏ္ဍိုင်၌ ပုထုဇဉ်နတ်ဗြဟ္မာတို့၏ ယုံမှားမှုဖြစ်သော မြတ်စွာဘုရား ယခုထက်တိုင် ပလ္လင်တော်မှ ထတော်မမူသေးသည်မှာ ဘုရားဖြစ်ကြောင်း ပြုစရာ အခြားဂုဏ်ကျေးဇူးတို့ ရှိများရှိကုန်သေး သလောကို ပယ်ဖျောက်ရန်ငှင်း။

၂ ကပိလဝတ်နေပြည်တော်သို့ရောက်သော် ဆွေတော်မျိုးတော် သာကီဝင်တို့၏မာန်မာနကို ချိုးနှိမ်ရန် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ငှင်း။

၃ ဝေသာလီပြည်၌ ပါထိကပုတ္တ တက္ကတွန်းကို အကြောင်းပြု၍ဖြစ်သော အစည်းအဝေး၌ငှင်း။

၄ ၆ဝါပြီးမြောက်၍ ၇ဝါအရောက်တွင် တိတ္ထိတက္ကတွန်းတို့၏ မာန်မာနကို နှိမ်နင်းတော်မူ သောအခါ သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက်ပင်အနီး၌ ပြခြင်းငှင်း၊ ၄ကြိမ် ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသည်။

၂။ ဘုရားရှင် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူရာတွင် မီးအလျှံရေအယဉ် တဝင့်ဝင့် တသွင်သွင် အစဉ်မပြတ် ဖူးတိုင်းအဆင်ကွဲလျက် အံ့ဩချီးပ ရှုမြင်ဖူးမျှော်၍ မဝအောင် ထွက်ပစီးမြောရာ ၁၂ဋ္ဌာန (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်တိပိဋကဆရာတော်ကြီး)

၁ ကိုယ်တော်၏ အထက်နှင့်အောက်၊ ၂ အရှေ့အနောက် ရုပကာယကိုယ်တော်၊ ၃ ဝဲယာနစ်ဖက် မျက်စိတော်၊ ၄ ဝဲယာနစ်ဖက် နားတော်၊ ၅ ဝဲယာနစ်ဖက် နှာခေါင်းတော်၊ ၆ ဝဲယာနစ်ဖက် ပခုံးတော်၊ ၇ ဝဲယာနစ်ဖက် လက်တော်၊ ၈ ဝဲယာနစ်ဖက် နံပါးတော်၊ ၉ ဝဲယာနစ်ဖက် ခြေတော်၊ ၁၀ ဝဲယာနစ်ဖက် လက်ချောင်းတော် ခြေချောင်းတော်များနှင့် အကြားအကြား၊ ၁၁ တဆူတဆူသော မွေးညှင်းတော်၊ ၁၂ တခုတခုသော မွေးညှင်းတွင်းတော်။

၁၅ ဘုရားရှင် ရှေ့မှောက်တွင် လူပရိသတ်များနေပုံ ၅မျိုး (သာလေယျကသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ရိုသေစွာရှိခိုးလျက်၊ ၂ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေလျက်၊ ၃ မိစ္ဆာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ လေ့နံ ၂ဘက်နင်းသူများဖြစ်ကြ၍ မိစ္ဆာဒိဋ္ဌိတို့က ပြောလာလျှင် လက်အုပ်ချီခြင်းသည် ရှိခိုးသည်မမည်ဟု၊ သမ္မာဒိဋ္ဌိတို့က ပြောလာလျှင်လည်း လက်အုပ်ချီခြင်းသည် ရှိခိုးခြင်းဖြစ်သည်ဟု ပြောဆိုနိုင်ရန် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီလျက်၊ ၄ နွမ်းပါးသူများဖြစ်ကြ၍ ပရိသတ်အလယ်၌ အမည်၊ အမျိုးပြောကြားလျှင် ထင်ရှားကြလိမ့်မည်ဟုကြံကာ အမည်၊ အမျိုးအနွယ်ကို ပြောကြားလျက် အပြစ် ၆ပါး ကင်းရာ၌ ထိုင်ကြ၏၊ ၅ အချို့ကား စိတ်တွင်းက အကောက်ကြံသူများ ဖြစ်ကြ၍ စကားပြောမိလျှင် အကျွမ်းဝင်ကာ ဆွမ်းကျွေးရမည်စိုး၍ မိုက်မဲသူများဖြစ်ကြသောကြောင့် ဆိတ်ဆိတ်ဖြစ်ကုန်လျက် ထိုင်မိထိုင်ရာ၌ ထိုင်ကြကုန်၏။

**၁၆ ဘုရားရှင်လက်ထက်** ၁၄ စု

၁။ ဘုရားရှင်လက်ထက် ဆွမ်းကပ်လှူခြင်း အစဉ် ၃ဆင့် (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်)

၁ ရှေးဦးစွာ ယာဂုဆက်ကပ် တိုက်ကျွေးခြင်း၊

၂ ခဲဖွယ် (မုန့်) များကို ဆက်၍ ဆက်ကပ်ခြင်း၊

၃ ဆွမ်းချိန် ကျသောအခါ သပိတ်အပြည့် ဆွမ်း၊ ဆွမ်းဟင်းများထည့်၍ ကပ်လှူခြင်း။

၂။ ဘုရားရှင်လက်ထက် ဇေတဝန်ကျောင်းတိုက်ကြီးအတွင်း၌ ဘုရားရှင် သီတင်းသုံးတော်မူရာ တကျောင်းလျှင် တသိန်းထိုက်သော ကျောင်းတော်ကြီး ၄ကျောင်း (ဒီ ဋ္ဌ။ ပဌမတွဲ၊ မဟာပဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ကရေရိကုဋီ- ကျောင်းတိုက်အဝဝယ် ရေခံတက်ပင်များ မဏ္ဍပ်သဖွယ် အကိုင်းအခက်ယှက်လျက် တည်၏၊ ၂ ကောသမ္ဗကုဋီ- အဝဝယ် ကြို့ပင်ကြီးရှိသည်၊ ၃ ဂန္ဓကုဋီ- နံ့သာသားဖြင့် ဆောက်လုပ်ထားသည်။ ဤ ကျောင်း ၃ကျောင်းသည် အနာထပိဏ်သူဌေးကြီး၏ ကောင်းမှုဖြစ်သည်၊ ၄ သလဠာဂါရ-နတ်ထင်းသားတို့ဖြင့် ဆောက်ထားသည်။ ကောသလမင်းကြီး လှူဒါန်းသည်။

၃။ ဘုရားရှင်လက်ထက် တိုင်းကြီး ၁၆တိုင်း (ဥပေါသထသုတ်၊ မဟာဝဂ်၊ တိကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ပွင့်တော်မူရာခေတ်အခါတွင် ဇမ္ဗူဒိပ်ကျွန်း၌ရှိသော တိုင်းကြီးများ ဖြစ်သည်။
၁ အင်္ဂတိုင်း၊ ၂ မဂဓတိုင်း၊ ၃ ကာသိတိုင်း၊ ၄ ကောသလတိုင်း၊ ၅ ဝဇ္ဇီတိုင်း၊ ၆ မလ္လာတိုင်း၊
၇ စေတိယတိုင်း၊ ၈ ဝင်္ဂတိုင်း၊ ၉ ကုရုတိုင်း၊ ၁၀ ပဉ္စာလတိုင်း၊ ၁၁ မစ္ဆတိုင်း၊ ၁၂ သူရသေနတိုင်း၊
၁၃ အဿကတိုင်း၊ ၁၄ အဝန္တိတိုင်း၊ ၁၅ ဂန္ဓာရတိုင်း၊ ၁၆ ကမ္ဘောဇတိုင်း။

၄။ ဘုရားရှင်လက်ထက် နိစ္စဘတ် (နေ့စဉ်ဆွမ်းဝတ်) တည်ကြသော သာဝတ္ထိပြည်မှ သူဌေးသူကြွယ်အိမ် ၄အိမ် (ပဌမတွဲ၊ မဟာပဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အနာထပိဏ်သူဌေးကြီးအိမ်၌ အမြဲနိစ္စဘတ်ဆွမ်း၊ စာရေးတံဆွမ်း၊ သူနာဆွမ်းစသည်ဖြင့် ရဟန်းပေါင်း ၂၀၀၀၊

၂ စူဠအနာထပိဏ်သူဌေးအိမ်၌ ရဟန်းတော် ၅၀၀၊

၃ ဝိသာခါကျောင်းအမကြီးအိမ်၌ ရဟန်းတော် ၅၀၀၊

၄ သုပ္ပဝါသာသူဌေးကတော်အိမ်၌ ရဟန်းတော် ၅၀၀။

၅။ ဘုရားရှင်လက်ထက် မဟာဘိညာ- ကြီးကျယ်သော အဘိဉာဏ်ပညာသို့ ရောက်သောသာဝက ၄ပါး (ဘဒ္ဒကစ္စနာထေရီအကြောင်း၊ ဒုတိယပိုင်း၊ ဆဌမတွဲ၊ မဟာပဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

တဆူသော ဘုရားရှင်လက်ထက်တွင် မဟာဘိညာသို့ ရောက်သောသာဝက ၄ပါးသာ ပေါ်ထွန်းမြဲဖြစ်သည်။

၁ - ၂ အဂ္ဂသာဝက ၂ပါး၊ ၃ အရှင်ဗာကုလမထေရ်၊ ၄ အရှင်မဘဒ္ဒကစ္စနာထေရီ (ယသောဓရာထေရီမကြီး)။

၆။ ဘုရားရှင်လက်ထက် မျက်မှောက်ဘဝ ပြုအပ်သောဒါနကြောင့် ချမ်းသာသုခကို ခံစားရသူ ၇ဦး (ပထဝီစလနပဉ္ဟာ၊ ဣဒ္ဓိဗလဝဂ်၊ မေဏ္ဍကပဉ္ဟာ၊ မိလိန္ဒပဉ္ဟာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ သုမနပန်းသည်၊ ၂ ကောသာဠကပုဏ္ဏား၊ ၃ ပုဏ္ဏသူရင်းငှား၊ ၄ မလ္လိကာမိဖုယား၊ ၅ ဂေါပါလမာတာ မိဖုယား၊ ၆ သုပ္ပိယာဥပါသိကာမ၊ ၇ ပုဏ္ဏားကျွန်မ။

<u>၇။ ဘုရားရှင်လက်ထက် မျက်မှောက်ဘဝ မြေမျိုခံရသူ ၅ဦး</u> (ကတာဓိကာရသဖလပဉ္ဟာ၊ ဣန္ဒီဗလဝဂ်၊ မေဏ္ဍကပဉ္ဟာ၊ မိလိန္ဒပဉ္ဟာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ စိဉ္စမာဏဝိကာ၊ ၂ သုပ္ပဗုဒ္ဓမင်း၊ ၃ အရှင်ဒေဝဒတ်၊ ၄ နန္ဒကဘီလူး၊ ၅ နန္ဒသူဌေးသားလုလင်။

<u>၈။ ဘုရားရှင်လက်ထက် ရဟန်း၊ ရဟန်းမများ ဘုရားရှင်အား မိမိတို့၏ အရဟတ္တဖိုလ် ပြောကြားပုံ ၄ချက်</u> (ဗျာကရဏသုတ်၊ ထေရဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ခီဏာ ဇာတိ- ပဋိသန္ဓေနေမှုကုန်ပြီ၊

၂ ဝုသိတံ ဗြဟ္မာစရိယံ- မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊

၃ ကတံ ကရဏီယံ- ပြုဖွယ် (ကိစ္စ) ကို ပြုပြီးပြီ၊

၄ နာပယံ ဣတ္ထတ္တာယာတိ ပဇာနာတိ- ဤမဂ်ကိစ္စ အလို့ငှါ အခြား (ပြုဖွယ်ကိစ္စ) မရှိတော့ပြီ။

<u>၉။ ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်၌ ကျောင်းတိုက်ကြီးပေါင်း ၁၈တိုက် ရှိသည်။</u> (အရှင်ဒဗ္ဗမထေရ်အကြောင်း၊ ပဌမပိုင်း၊ ဆဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>၁၀။ ဘုရားရှင်လက်ထက် လူအဖြစ်နှင့် ရဟန္တာဖြစ်သူ ၈ဦး</u> (ဥဂ္ဂသေနသေဋ္ဌိပုတ္တဝတ္ထု၊ ဗြာဟ္မဏဝဂ်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ မဟာပနာဒဇာတ်၊ ပဒုမဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သုဒ္ဓေါဒနမင်းကြီး၊ ၂ သန္တတိအမတ်ကြီး၊ ၃ ဒါရုစိရိယပရိဗိုဇ်၊ ၄ ဝီတသောကလုလင်၊ ၅ ဥဂ္ဂသေနသူဌေးသား၊ ၆ ဘဒ္ဒဇိသူဌေးသား၊ ၇ - ၈ ဘုရားရှင်၏ အမိအဖဟောင်းများဖြစ်ကြသော သာကေတမြို့မှ ပုဏ္ဏားကြီးဇနီးမောင်နှံ။

<u>၁၁။ ဘုရားရှင်လက်ထက် သောတာပန်ဖြစ်ကာ ၇ဘဝ ချမ်းသာသုခ အဖို့ရသော ဝဋ္ဋာဘိရတ ဘုံစဉ့်စံ သက်တမ်းတူပုဂ္ဂိုလ် ၃ဦး</u> (သတ္တပဉ္ဟသုတ်ဟောတော်မူသောအခဏ်း၊ ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သိကြားမင်း၊ ၂ အနာထပိဏ်သူဌေးကြီး၊ ၃ ဝိသာခါဒါယိကာမကြီး။

၎င်းတို့သည် ၎င်းတို့စံစားကြရမည့် ၇ဘဝတွင် နောက်ဆုံး အရိယာဗြဟ္မာ ၅ဘဝ၌ အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ အကနိဋ္ဌဘုံ ဗြဟ္မာ ၅ဘုံ အဆင့်ဆင့်တို့ဝယ် ဗြဟ္မာသက်တမ်း စုစုပေါင်း မဟာကပ် (ကမ္ဘာ)ပေါင်း <u>၃သောင်းတထောင်</u> စံစားပြီး ရဟန္တာဖြစ်ကြကာ ပရိနိဗ္ဗာန်စံဝင်ကြမည် ဖြစ်သည်။ ချမ်းသာသုခဘဝများ ခံစားကြရာတွင် ဂေါတမ မြတ်စွာဘုရားရှင် လက်ထက်တော်၌ ၎င်းတို့နှင့်တူသူ မရှိ။

၁၂။ ဘုရားရှင်လက်ထက် သံဃာအစု ၃ စု (ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု၊ ဒဏ္ဍာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁။ ပဉ္စဝဂ္ဂီ- ၅ပါးစု ရဟန်းများ၊ ဓမ္မစကြာဒေသနာတော်မြတ်ကြီးကို နာကြရသော အရှင်ကောဏ္ဍည အမှူးပြုသော အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်နှင့် အရှင်အဿဇိမထေရ်မြတ်ကြီး ၅ပါး။

၂။ ဆဗ္ဗဂ္ဂီ- ၆ပါးစုရဟန်းများ၊ အဿဇိ နှင့် ပုနဗ္ဗသုက (ကီဋာဂိရိအရပ်၌ သီတင်းသုံး) မေတ္တိယ နှင့် ဘုမ္မဇက (ရာဇဂြိုဟ်ပြည်၌ သီတင်းသုံး) ပဏ္ဍုက နှင့် လောဟိတက (သာဝတ္ထိပြည်၌ သီတင်းသုံး) (သတပတ္တဇာတ်၊ ဥဒပါနဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)။

၎င်းတို့နှင့် ပတ်သက်၍ ဘုရားရှင် သိက္ခာပုဒ်များစွာ ပညတ်ခဲ့သည်။

၃။ သတ္တရသဝဂ္ဂီ- ၁၇ပါးစု ရဟန်းများ၊ ၎င်းတို့သည် ငယ်ရွယ်သူ ကလေးများဖြစ်ကြ၍ ဆာသည်ကို မခံနိုင်၊ နံနက်စောစောထ၍ စားစရာပေးပါဟု တစာစာငို၊ အိပ်ရာထဲ၌ အပေါ့ အလေးသွားကြ၊ ဘုရားရှင်က အသက် ၂၀ မပြည့်မီ ရဟန်းအဖြစ်ပြုမပေးရ သိက္ခာပုဒ်ပညတ်၊ ဆဗ္ဗဂ္ဂီတို့ရောက်လာကြသော် ငါတို့သည် ထေရ်ဝါကြီးသည်ဆိုကာ နေရာဝင်ယူခြင်းကြောင့် သတ္တရသဝဂ္ဂီရဟန်းတို့နှင့် အချင်းများကြရာမှ မရိုက်ရ သိက္ခာပုဒ်၊ လက်ဝါးနှင့် မမိုးရသိက္ခာပုဒ်တို့ကို ဘုရားရှင်ပညတ်။

၁၃။ ဘုရားရှင်လက်ထက် **အသဒိသဒါန အလှူရှင်**သည် သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီး ဖြစ်သည်။ ဘုရားထဆူ တဆူ၏ လက်ထက်တွင် အသဒိသဒါနအလှူရှင် တဦး တဦးသာလျှင် ပေါ်ပေါက်သည်။ (ဓမ္မပဒ ၄၊ လောကဝဂ်၊ အသဒိသဒါနဝတ္ထု။ အသဒိသဒါနဝတ္ထု၊ လောကဝဂ်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁၄။ ဘုရားရှင်လက်ထက် အသက် ၂၀နှစ်မပြည့်မီ ရဟန်းအဖြစ်ရကြသော ရဟန္တာသာမဏေများ ၂ စု

၁။ သာမဏေ ၂ပါး (သုမနသာမဏေရဝတ္ထု၊ ဘိက္ခုဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ သုမနသာမဏေသည် ဒါယဇ္ဇ- အမွေခံ၊ ဥပသမ္ပဒါ၊ ဒါယဇ္ဇဥပသမ္ပဒါဖြင့် ရဟန်း ဖြစ်တော်မူသည်။ (ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သား ရဟန္တာများ - အနက်မှ - ၂၁/၂၅ သုမနသာမဏေ) ကိုလည်း ကြည့်ပါ။

၂ သောပါကသာမဏေသည် ပဉှာဗျာကရဏ- အမေးကို ဖြေကြားခြင်း၊ ဥပသမ္ပဒါ၊ ပဉှာဗျာကရဏ ဥပသမ္ပဒါဖြင့် ရဟန်းဖြစ်တော်မူသည်။ (ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သား ရဟန္တာများ - အနက်မှ - ၂၃/၂၇ သောပါကသာမဏေ [ဒုတိယ]) ကိုလည်း ကြည့်ပါ။

၂။ သာမဏေ ၅ပါးကို ဘုရားရှင်သည် အသက် ၇နှစ်အရွယ် ယံစဉ်အခါ၌ပင် ရဟန္တာဖြစ်ကြ၍ အသက် ၂၀ ပင် မပြည့်ကြသေးစေကာမူ အရဟတ္တဖိုလ်ဂုဏ်ကျေးဇူးကို ထောက်၍ ရဟန်းပဥ္စင်း ပြုစေတော်မူသည်။ (အရှင်ဒဗ္ဗမထေရ်အကြောင်း၊ ပဌမပိုင်း၊ ဆဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အရှင်ဒဗ္ဗ- ဆံချစဉ် သင်ဓုန်းကိစ္စပြီးသည်နှင့် ပဋိသမ္ဘိဒါပတ္တ ဆဠဘိည တေဝိဇ္ဇရဟန္တာ ဖြစ်သည်၊ ၂ ပဏ္ဍိတသာမဏေ၊ ၃ သံကိစ္စသာမဏေ၊ ၄ သောပါကသာမဏေ၊ ၅ အရှင်သာရိပုတ္တ၏ညီထွေး ခဒိရဝနိယ ရေဝတသာမဏေ။

ထိုရဟန္တာသာမဏေများအကြောင်း အကျယ်ကို - (ကလေးသူငယ် ရဟန္တာများ- တွင် ကြည့်ပါ။)

၁၇ ဘုရားရှင် သတ္တလောက၏အကျိုးငှါ ကျင့်တော်မူခြင်း **၆ စု**

၁။ ဘုရားရှင်က ထမင်းကျွေးစေသော ဒါယကာ (ဧကဥပါသကာဝတ္ထု၊ သုခဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဓမ္မပဒ ၄)

ယူဇနာ ၃၀ဝေးသော အာဠဝီမြို့သို့ ဆင်းရဲသားတဦးအလို့ငှါ ဘုရားရှင် ၁၇ဝါအရတွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှ ကြွလာ၊ မြို့သားတို့ ဆွမ်းဆက်ကပ်၊ တရားနာရန် ပြင်ဆင်၊ ထိုဆင်းရဲသားဒါယကာကား ရောက်မလာသေး၍ ဘုရားရှင် တရားမဟော၊ နွားပျောက်နေ၍ ရှာနေ၊ တွေ့သော် နွားအုပ်တွင်း မောင်းသွင်းပြီး နွားခြံထဲထည့်ပြီးမှ တရားနာရန်လာ၊ တမင်း မစားရသေး၊ ဆာလောင်လွန်းနေသူသည် တရားကို စိတ်ဝင်စားစွာ မနာနိုင်၊ ဘုရားရှင်က ဆွမ်းအလှူရှင်များအား ထိုနွားပျောက်ဒါယကာကို ထမင်းကျွေးစေ၊ ဒါယကာ ထမင်းစားပြီးမှ ဘုရားရှင် အနုမောဒနာတရားဟော၊ ဒါယကာ သောတာပန်ဖြစ်၊ ရဟန်းများက ဆာနေသူကို အစာကျွေးပြီးမှ ဘုရားရှင် တရားဟောသည့်အကြောင်း ပြောနေကြခြင်းနှင့် ပတ်သက်၍ ဤဂါထာကိုဟောသည်။ (အလွန်ကဲဆုံး ၃ပါး - ကို ကြည့်ပါရန်။)

ဤသာသနာတော်၌ ဤတနေရာသာ / ဤတဦးသာ ရှိသည်။ (ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

၂။ ဘုရားရှင် ကိုယ်တိုင်ကြွ၍ သူနာပြုခြင်း ခံရသောရဟန်း (ပူတိဂတ္တ- ပုပ်သောကိုယ်အင်္ဂါရှိသော၊ ပူတိဂတ္တတိဿတ္ထေရဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

တိဿမည်သော သာဝတ္ထိပြည်သား ရဟန်းပြု တနေ့ ကိုယ်ပေါ်၌ ပဲစေ့ခန့် အဖုငယ်များပေါက်၊ နောက် ကလာစေ့၊ နောက် သျှိသျှားသီးအရွယ်ထိ ကြီးလာ၊ ပေါက်၍ သွေးပြည်များဖြင့် ပုပ်၊ အရိုးကျိုး၊ မလှုပ်နိုင်၊ အိပ်ရာပေါ်လဲ၊ ဘုရားရှင်ကြွလာ၊ ရေနွေးဖြင့်ချိုး၊ သွေးပြည်များ သုတ်သင်၊ သူနာပြု

ကိုယ်တိုင်လုပ်၊ ရဟန်းများလဲ လုပ်စေ၊ မထေရ်၏စိတ် ကြည်လင်လာ၊ ပီတိ ပဿဒ္ဓိ သုခအစဉ်ဖြစ်လာ၊ စိတ်တည်ငြိမ်၊ သမာဓိရ၊ ဝိပဿနာပွား၊ ဘုရားရှင် ဤဓမ္မပဒဂါထာကိုဟော။

"အစိရံ ဝတယံ ကာယော၊ ပထဝိံ အဓိသေဿတိ၊ သုဒ္ဓေါ အပေတ ဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ။"

ဤခန္ဓာကိုယ်သည် ဝိညာဏ်ကင်းခဲ့သော် အသုံးမကျသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်သည်ဖြစ်၍ မကြာမီသာလျှင် မြေပေါ်၌ အိပ်ရလိမ့်တကား။

ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံ၊ ဘုရားရှင်က ဓါတ်တော်များကို စေတီတည်စေ၊ <u>အတိတ်</u>- ငှက်မုဆိုးဖြစ်၍ ငှက်များကို သတ်၍ရောင်းချ၊ ငှက်အရှင်များကို ခြေထောက် အတောင်ချိုးဖွဲ့ဖြတ်ခဲ့၊ ထို့ကြောင့် ဤရောဂါရ၊ ရဟန္တာတပါးကို ဆွမ်းလောင်း၍ နိဗ္ဗာန်ဆုတောင်းခဲ့၍ ရဟန္တာဖြစ်။

<u>၃။ ဘုရားရှင် ကြွရောက်၍ ဦးစွာနှုတ်ဆက်ခြင်း ဖြင့်ကြိမ် ခံရသောပုဏ္ဏား</u> (ပိဋက၊ ဓမ္မပဒ ၄။ ကာမဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ပုဏ္ဏားတဦး ၁ လယ်ကိုသုတ်သင် ရှင်းလင်းစဉ်၊ ၂ လယ်ထွန်စဉ်၊ ၃ ပျိုးကြဲစဉ်၊ ၄ စိုက်ပျိုးစဉ်၊ ၅ ပေါင်းသင်စဉ်၊ ၆ လယ်စောင့်စဉ် (<u>ကာမဇာတ်</u>၌ မူကား - ၁ လယ်ယာခုတ်ထွင်စဉ်၊ ၂ လယ်သုတ်သင်စဉ်၊ ၃ လယ်ထွန်စဉ်၊ ၄ ကန်သင်းဖွဲ့စဉ်၊ ၅ ကောက်စိုက်စဉ်၊ ၆ ကောက်ကြည့်စဉ်) ဘုရားရှင်ကြွ၍ "အဘယ်ကိုပြုသနည်း?" ဟု ရှေးဦးစွာ နှုတ်ခွန်း ဆက်ခေါ်ငင်သည်၊ နောက်ဆုံး၌ ပုဏ္ဏားက သူငယ်ချင်းဖြစ်ပြီဟု မိတ်ဖြစ်စကား ပြန်ပြောကြား။

ကောက်ရိတ်ရန်စီမံသော ညဥ့်အခါ၌ မိုးကြီးသည်းထန်စွာရွာ၍ လယ်ကွက်တခုလုံး မိုးရေတိုက်စား ၍ ပြောင်တလင်းခါသွားရာ စိုးရိမ်ခြင်းပြင်းစွာဖြစ်၊ ဘုရားရှင်ကြွပြီး ဘာကြောင့် စိုးရိမ်သောကဖြစ်သည်ကို သိသလားဟုမေးရာ မသိကြောင်း ပုဏ္ဏားကပြန်ဖြေ။

ဘုရားရှင်က-

"တဏှာယ ဇာယတိ သောကော၊ တဏှာယ ဇာယတီ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။"

တဏှာယ- တပ်မက်မှု လောဘတရားကြောင့်၊ သောကော- စိုးရိမ်ပူဆွေးရခြင်းသည်၊ ဇာယတိ- ဖြစ်၏။ တဏှာယ- တဏှာကြောင့်၊ ဘယံ- ကြောက်ရွံ့ထိတ်လန့်မှု၊ စိတ္တုတြာသ ဘေးအစုသည်၊ ဇာယတိ- ဖြစ်၏။

တဏှာယ- လောဘတရားအစုမှ၊ ဝိပ္ပမုတ္တဿ- အရဟတ္တဖိုလ်ပေါက် လွတ်မြောက်ပြီးသူ၏ သန္တာန်၌၊ သောကော- စိုးရိမ်ပူဆွေးရခြင်းသည်၊ နတ္ထိ- မဖြစ်။ ဘယံ- ကြောက်ရွံ့ထိတ်လန့်မှု ဘေးအစုသည်၊ ကုတောအတ္ထိ- အနာဂါမိမဂ်ဓဏ၌ ဖြတ်ချပယ်ခွာပြီးသောကြောင့် အဘယ်မှာလျှင် ဖြစ်ရှိတော့အံ့နည်း?။ ပုဏ္ဏား သောတာပတ္တိဖိုလ်၌ တည်၏။

၄။ ဘုရားရှင်သည် ဥရုဝေလကဿပနှင့် တပည့်ရသေ့ ၅၀၀တို့အား တန်ခိုးပြာဋိဟာပေါင်း ၃၅၁၆ပါး အသုံးပြု ဖန်ဆင်းပြသ ချေချွတ်တော်မူသည်။ ပါဠိတော်၌ တိုက်ရိုက်ဖော်ပြသည်ကား ၁၆ပါး၊ မဖော်ပြသည်ကား အပါး ၃၅၀၀၊ စုပေါင်း ၃၅၁၆ပါး ဖြစ်သည်။ (ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၅။ ဘုရားရှင် သတ္တလောက၏အကျိုးငါ ကျင့်တော်မူခြင်း ၁၂ပါး (မဟာကဏှဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ကိုယ်တော်တိုင် သပိတ် သင်္ကန်းယူ၍ ၁၈ယူဇနာခရီးကြွကာ ပဉ္စဝဂ္ဂီမထေရ်တို့အား ဓမ္မစကြာတရားတော်ကိုဟောပြီး ပက္ခ၏၅ရက်မြောက်နေ့တွင် အနတ္တလက္ခဏသုတ်ကို ဟောကြားခြင်း၊ ၂ ဥရုဝေလတောသို့ကြွကာ ရသေ့ညီနောင်နှင့် တပည့်ရသေ့တို့အား ၃၅၀၀သောတန်ခိုးပြာဋိဟာတို့ကိုပြပြီး ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်ဖြင့် ရသေ့ညီနောင်ရှင်တထောင်ကို အရဟတ္တဖိုလ်ပေးခြင်း၊ ၃ အရှင်မဟာကဿပအား ၃ဂါဝုတ်တိုင်အောင် ခရီးဦးကြိုဆို၍ ၃ပါးသောဩဝါဒတို့ဖြင့် ပဉ္စင်းအဖြစ်ပေးခြင်း၊ ၄ တညဉ့်တည်း ၄၅ယူဇနာခရီးသို့ ကြွကာ ပက္ကုသာတိအမျိုးသားကို အနာဂါမိဖိုလ်၌တည်စေခြင်း၊ ၅ မဟာကပ္ပိနမင်းအား ယူဇနာ၁၂၀တိုင် ခရီးဦး ကြို၍ အရဟတ္တဖိုလ်ကိုပေးခြင်း၊ ၆ တညဉ့်တည်း ယူဇနာ၃၀ ခရီးသို့ကြွ၍ အလွန်ခက်ထန်ကြမ်းကြုတ်သော အင်္ဂုလိမာလကို အရဟတ္တဖိုလ်၌တည်စေခြင်း။

၇ ယူဇနာ၃၀ခရီးကြွ၍ အာဠဝကဘီလူးအား သောတာပတ္တိဖိုလ်၌ တည်စေပြီး ဟတ္ထာဠဝကမင်းသားကို ချမ်းသာခြင်းပြုခြင်း၊ ၈ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ခနိယန္တားသူဌေးဇနီးမောင်နှံအား ယူဇနာ၇၀၀ ဝေးကွာသောခရီးကို တမုဟုတ်ချင်း ကြွရောက်ချေချွတ်တော်မူခြင်း၊ ၉ ဝေးကွာသော တာဝတိံသာ၌ ဝါတွင်း၃လအတွင်း နတ်ပြဟ္မာ ကုဋေ၈၀တို့ကို အကျွတ်တရားရစေခြင်း၊ ၁၀ ဗြဟ္မာ့ပြည်သို့ကြွ၍ ဗကဗြဟ္မာ၏ မိစ္ဆာအယူကို ဖျက်ဆီးကာ ဗြဟ္မာတသောင်းအား အရဟတ္တဖိုလ်၌တည်စေခြင်း၊ ၁၁ နစ်တိုင်း နစ်တိုင်း အဝန်း၃ပါးတို့၌ ဒေသစာရီကြွချီ၍ ဥပနိဿယနှင့် ပြည့်ကုန်သောလူတို့အား သရဏဂုံ၊ သီလ၊ မဂ်ဖိုလ်တို့ကို ရစေခြင်း၊ ၁၂ နဂါး ဂဠုန်စသည်တို့၏ အထူးထူးသော အကျိုးတို့ကို ကျင့်ခြင်း။

၆။ ဘုရားရှင် ဥပါယ်တံမျဉ်၌လိမ္မာခြင်း ၃ပါး (ဒူတဇာတ်၊ တေရသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အရှင်နန္ဒကို အရဟတ္တဖိုလ်ရကြောင်း တန်ခိုးတော်ဖြင့် ဟိမဝန္တာမှသည် တာဝတိံသာနတ်ပြည်သို့ ခေါ် ဆောင်၍ နတ်သမီးများရကြောင်း ကတိစကားပေးခြင်း။

၂ အရှင်စူဠပန်အား အဝတ်ဖြူတပိုင်းပေး၍ "ရဇော ဟရဏံ" ဟုပွားများစေခြင်းဖြင့် အရဟတ္တမဂ်ဉာဏ် ရစေတော်မူခြင်း။

၃ အရှင်သာရိပုတ္တရာ၏တပည့် ပန်းတိမ်သည်သားရဟန်းအား ပဒုမ္မာကြာဖန်ဆင်းပေး၍ ဝိပဿနာရှု မှတ်ပွားစေခြင်းဖြင့် အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်စေခြင်း။

၁၈ ဘုရားရှင်ဟောသော တရားတော်များ <u>၆ စု</u>

<u>၁။ တရားစုံ ၇၁ ပုဒ်</u>

<u>၁။</u> **ကုန်သွယ်မှု၌ အကျိုးပေးမှု ၄မျိုး** (ဝဏိဇ္ဇသုတ်၊ အပဏ္ဏကဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အားထုတ်တိုင်းသော ကုန်သွယ်မှု ပျက်စီး၏- ပစ္စည်းကို ဖိတ်ကြားပြီး မလှူ၊

၂ ရည်မှန်းသည့်အတိုင်း မဖြစ်- ဖိတ်ကြားပြီး ရည်မှန်းသည့်အတိုင်း မလှူ၊

၃ ရည်မှန်းသည့်အတိုင်း ဖြစ်၏- ဖိတ်ကြားပြီး ရည်မှန်းသည့်အတိုင်း လှူ၏၊

၄ ရည်မှန်းသည်ထက်ပို၍ အကျိုးရှိ၏- ရည်မှန်းသည်ထက်ပို၍ လှူ၏။

<u>၂။ ကိုယ်သာနာ၍ စိတ်မနာစေနှင့်</u> တရားတော် (နကုလပိတုသုတ်၊ နကုလပိတုဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

မြတ်စွာဘုရား ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ သားတို့ဘေးမဲ့ပေးရာ ဘေသကဠတော နကုလပိတာသူကြွယ် လျှောက်၊ အိုမင်း၊ အသက်အရွယ်ကြီး၊ နောက်ဆုံးအရွယ်သို့ရောက်၊ နာကျင်သောကိုယ်ရှိ၊ မပြတ် နာကျင်နေပါ၏၊ ဘုရားရှင် နှင့် ရဟန်းတော်တို့ကို အမြဲမဖူးမြင်နိုင်တော့ပါ၊ ဆုံးမတော်မူပါ။

သူကြွယ် ဤစကားသည်မှန်၏၊ ဟုတ်၏၊ ဤကိုယ်သည် နာကျင်သည်သာတည်း၊ ဥကဲ့သို့ဖြစ်၏၊ အရေပါးတို့ဖြင့် မွေးယုက်ထား၏၊ ဤကိုယ်ကို ရွက်ဆောင်နေရလျက် တခဏမျှသော်လည်း အနာကင်းခြင်းကိုဝန်ခံလျှင် ထိုသူအား မိုက်သည်မှတပါး အခြားမရှိ၊ <u>နာကျင်သောကိုယ်ရှိသူဖြစ်လျက် စိတ်သည် နာကျင်မှုကင်းသည် ဖြစ်အံ့</u>ဟု ကျင့်အပ်၏။

ဘုရားရှင်က ဤမျှသာဟော၍ ဂန္ဓကုဋီအတွင်းသို့ဝင်၊ သူကြွယ်က အရှင်သာရိပုတ္တတံလာ၊ အရှင်ကမေး၊ မျက်နာကြည်လင်၏၊ ယနေ့မြတ်စွာဘုရား၏ မျက်မှောက်တော်မှ တရားစကား နာခဲ့ရပါ သလော၊ သူကြွယ်က အနက်သိရန် အရှင်ဘုရားတံသို့ အဝေးကြီးမှသော်လည်း လာရပါ၏၊ ဤစကား အနက်ကို ဟောတော်မူပါ ။

ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် - ခန္ဓာ ၅ပါး) ကို အတ္တဟုရှု၏၊ ရုပ် (ခန္ဓာ ၅ပါး) ရှိသောအတ္တ၊ အတ္တ ၌ရုပ် (ခန္ဓာ ၅ပါး) ၊ ရုပ် (ခန္ဓာ ၅ပါး) ၌အတ္တဟုရှု၏၊ ငါသည်ရုပ် (ခန္ဓာ ၅ပါး) ၊ ရုပ် (ခန္ဓာ ၅ပါး) သည် ငါ၏ဥစ္စာ ဖြစ်၏ဟု ထကြွလွှမ်းမိုးသော အခြင်းအရာဖြင့် ထည်၏၊ ရုပ် (ခန္ဓာ ၅ပါး) သည် ဖောက်ပြန်ခြင်း၊ တမျိုးတဖုံ ဖြစ်ခြင်းကြောင့် စိုးရိမ်မှု၊ ငိုကြွေးမြည်တမ်းမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပူပန်မှု တို့ဖြစ်၏၊ ဤသို့ နာကျင်သော ကိုယ်ရှိသူ ဖြစ်၍ နာကျင်သောစိတ်ရှိသူလည်း ဖြစ်၏။

ခန္ဓာ၅ပါးကို ဤသို့ မရှုမတည်က နာကျင်သောကိုယ်ရှိသူ ဖြစ်၍ နာကျင်သောစိတ်ရှိသူ မဖြစ်။

၃။ ကြိုမသိနိုင်သော / သိရန်ခဲယဉ်းသော အရာ ၅ပါး (ဝိသုဒ္ဓိမဂ်။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ သံ ၄။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

၁ အသက်မည်မျှတွင် သေရမည် / မိမိ နေရမည့် အသက်၊

၂ မည်သည့်အနာရောဂါ / အကြောင်းဖြင့် သေရမည်၊

၃ မည်သည့်အချိန်ကာလတွင် သေရမည်၊

၄ မည်သည့်နေရာတွင် သင်္ဂြိုဟ်မည် / အလောင်းကောင် ပစ်ရာနေရာ၊

၅ လားရောက်ရမည့်ဘဝ။

၄။ **ခါးပိုက်နှိုက် / သူခိုး ၂ယောက်** သည် သာဝတ္ထိပြည်သားများဖြစ်ကာ ဇေတဝန်ကျောင်းတော်၌ တရားနာကြရာ တဦးက သောတာပန်ဖြစ်ပြီး တဦးက အသပြာ ၅ပဲကို တရားနာသူတဦးထံမှ ခိုးယူရရှိကာ သူငယ်ချင်းကို "မင်းက ပညာရှိဖြစ်လို့ ထမင်းဟင်းချက်ရန် ဘာမျှမရခဲ့၊ ငါကပညာမဲ့ဖြစ်လို့ စားစရာ သောက်စရာရခဲ့။" ဟု ပြက်ရယ်ပြုသည်ကို သောတာပန်ဒကာက ဘုရားရှင်အားလျှောက်ရာ၌ ဟောသော ဂါထာ (ဂဏ္ဌိဘေဒကစောရဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဂါထာ မြန်မာပြန်- မိုက်သောသူသည် မိမိမိုက်သည့်အဖြစ်ကို သိ၏၊ ထိုသိမှုကြောင့် ပညာရှိ ဖြစ်နိုင်သေး၏။ မိုက်သောသူသည် ငါပညာရှိဟု မိမိကိုယ်ကို ထင်မှတ်နေပါက ထိုသူကို စင်စစ် လူမိုက်ဟု ဆို၏။

၅။ ခဲခဲယဉ်းယဉ်းဖြင့် တမြတ်တနိုး ရအပ်သောတရား ၄မျိုး၊ ရကြောင်းတရား ၄မျိုးနှင့် ရသော စည်းစိမ်ကို သုံးဆောင်ခြင်း ၄မျိုး (ပတ္တကမ္မ- သင့်မြတ်သောအရာသို့ ရောက်သောအမှု၊ ပတ္တကမ္မသုတ်၊ ပတ္တကမ္မဝဂ်၊ စတုက္က နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ခဲခဲယဉ်းယဉ်းဖြင့် တမြတ်တနိုး ရအပ်သောတရား ၄မျိုး။

၁ တရားနှင့်အညီဖြစ်သော စည်းစိမ်၊ ၂ အဆွေ အမျိုး ခင်ပွန်း အခြံအရံ၊ ၃ အသက်ရှည်ခြင်း၊ ၄ သေပြီးသည်နောက် နတ်ပြည်သို့လားခြင်း။

ခဲယဉ်းစွာ ရအပ်သောတရားများ ရကြောင်း ၄မျိုး။

(ချမ်းသာစီးပွားကြောင်း [ပစ္စုပ္ပန်နှင့် တမလွန်လောက ၂ပါးစုံသောဘဝတို့၌] - အနက်မှ - အိမ်ထောင်သည် အမျိုးကောင်းသားများအတွက် ၄ပါးစီ ပေါင်း ၈ပါး - အနက်မှ - တမလွန်လောကအတွက်) နှင့်တူ၏။ ၎င်းကို ကြည့်ပါ။

တရားသဖြင့်ရသော စည်းစိမ်(ကိုသုံးဆောင်ခြင်း) တို့ဖြင့်ပြုသော လျှောက်ပတ်သော အမှု ၄မျိုး။

၁ မိမိ၊ မိဘ၊ သားမယား၊ ကျွန်အမှုလုပ်၊ အဆွေခင်ပွန်း စသော၅ ဦးတို့အား ချမ်းသာစေခြင်း၊

၂ ရန်သူမျိုး ၅ပါးဘေးရန်မှ ပိတ်ဆို့ခြင်းဖြင့် ချမ်းသာခြင်း၊ ၃ [၁]အဆွေအမျိုး၊ [၂]ဧည့်သည်၊ [၃]သေပြီးသော အဆွေအမျိုး၊ [၄]မင်း၊ [၅]နတ်တို့ကို ပူဇော်ခြင်းတည်းဟူသော **ပူဇော်ခြင်း၅မျိုး**ကို ပြုခြင်း၊ ၄ နတ်ရွာ ရောက်ကြောင်းဖြစ်သော သမဏ ဗြာဟ္မဏတို့အား မြတ်သောအလှူ ပေးလှူခြင်း။

တနည်း။

စည်းစိမ်သုံးဆောင်ခြင်း အမှု ၅မျိုး (အာဒိယသုတ်၊ မူလပဏ္ဏာသ ဒုတိယပဏ္ဏာသ၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အထက်ပါအတိုင်း ကျွန်အမှုလုပ်အပါအဝင် ၄ဦး၊ ၂ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူ၊ ၃ ၄ ၅ အထက်ပါ ၂ ၃ ၄ အတိုင်း။

၆။ ခက်ကြီး ၃ခက် (အပဏ္ဏကဇာတ်၊ ဇာတကပါဠိတော် ၌။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယ ဆရာတော်)

**စေတနာ ၃တန်** (သုတ်သီလက္ခန်ပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ ၌။ သုတေသနာသရုပ်ပြ အဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ပုဗ္ဗစေတနာအရ မလှူမီရှေးအဖို့၌ သဒ္ဓါပြဋ္ဌာန်းသော မဟာကုသိုလ် ပီတိသောမနဿဖြစ်ဖို့ ခဲယဉ်းသည်၊ ၂ မုဥ္စစေတနာအရ ပေးလှူပါမည်ဟု နှုတ်ကထွက်ဖို့ ၃၃လက်သစ်ရှိသော သန်လျက်ခါးကို မျိုဖို့ထက် ခဲယဉ်းသည်၊ **၃** အပရစေတနာအရ လှူပြီးနောက်အခါမှာလည်း စိတ်ထဲမှာ စနိုးစနောင့်မဖြစ်ဖို့၊ နောင်တမရဖို့ ခက်ခဲသည်။

၇။ ချမ်းချမ်းသာသာ ရဟန္တာဖြစ်သူများ (ဓမ္မသင်္ဂဏီဋ္ဌ- အဋ္ဌသာလိနီ။ ပိဋကတ်တော်လာ သိမှတ်စရာ၊ သာမဏေကျော်)

သံသရာဝဋ်မှာ လည်ပတ်စေသောကံကို ကမ္မဿကတာဉာဏ်နှင့် များစွာလုပ်ခြင်းဖြင့် ချမ်းသာဖြင့် ချမ်းသာကိုခံစားလျက် ရဟန္တာဖြစ်သွားကြသူများ မရေမတွက်နိုင်အောင်ရှိ။ ဥပမာ- ပစ္စည်းရှိသူ ခရီးသွား၊ ရွာနိဂုံးသို့ရောက်၊ ပွဲလမ်းများတွေ့၊ ငါသည် ဧည့်သည်ဖြစ်၊ မည်သူ့ကို အမှီပြုပြီး သည်ပွဲလမ်းတွေကို ပျော်မွေ့ရမည်လဲဟု မတွေးပဲ အလိုရှိသလို မိမိရှိပစ္စည်းများဖြင့် ပွဲလမ်းများကို ကစားကာ ချမ်းချမ်းသာသာ ခရီးခဲကို ကျော်လွန်သကဲ့သို့ဖြစ်သည်။

၈။ ချမ်းသာသူ ဖြစ်ရခြင်းအကြောင်း ၃ပါး (ကုလသုတ်၊ ဂါမဏိသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

နာဠန္ဒမြို့၌ ဘုရားရှင် နိဂဏ္ဌဆရာကြီး၏ တပည့်ဂါမဏိအား ဟောကြား၊ ၁ ဒါ န၊ ၂ သစ္စာ၊ **၃** သီလ။

<u>၉။ ချမ်းသာသောအဖြစ် မရှိသူ အင်္ဂါ၄ပါး</u> (ကုဋိဒူသကဇာတ်၊ ကုဋိဒူသကဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မတည်ကြည်သောစိတ်၊

၂ ပေါ့သောစိတ်၊

၃ အဆွေခင်ပွန်းအား ပြစ်မှားတတ်သောစိတ်ရှိသူ၊

၄ အမြဲ မမြဲသောသီလရှိသူအား ချမ်းသာသောအဖြစ်သည် မရှိ။

<u>၁၀။ ဂဝေသီဥပါသကာ (ဂဝေသီဆရာကြီး)</u> နှင့် ဥပါသကာ (တပည့်) ၅၀၀တို့ ကဿပဘုရားရှင် ထံမှောက်၌ ရဟန္တာဖြစ်ကြပုံ ၅ဆင့် (ဂဝေသီသုတ်၊ ဥပါသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သီလဖြည့်ကျင့်လေ့မရှိသူ ၅၀၀ ကို ဥပါသကာဆရာကြီးက တပည့်များကို သူလိုပင် ဥပါသကာဖြစ်လာကြစေရန် ဟောပြောဆုံးမ၊

၂ ဥပါသကာများ ဖြစ်လာကြသော် သီလရှိသူ ဆရာကြီးက သူတို့ကို သီလဆောက်တည်ကြစေ၊

၃ သီလရှိလာကြသော် မေထုန်မှရှောင်ကြဉ်သူ ဆရာကြီးက သူတို့ကို မေထုန်မှ ရှောင်ကြဉ်ကြစေ၊

၄ မေထုန်မှ ရှောင်ကြဉ်ကြသော် တထပ်တည်းသာ စားကြသူ၊ နေလွဲသောအခါ စားခြင်းမှ ရှောင်ကြဉ်ကြသူများ ဖြစ်ကြစေ၊

၅ ဂဝေသီဆရာကြီးသည် တပည့်များတက် ပို၍ ကျင့်ရင်းဖြင့် သူကျင့်သလို တပည့်များကိုလည်း လိုက်၍ကျင့်စေရာမှ နောက်ဆုံးတွင် တပည့်များ မပြုသေးသည့် ရဟန်းပြုခြင်းကိုပြု၍ ရဟန္တာဖြစ်၊ ထပည့်များကလည်း ထိုအခါ ရဟန်းပြုကြရာ အားလုံးပင် ရဟန္တာအရှင်မြတ်များ ဖြစ်ကြသည်။

<u>၁၁။ ငါ့ဟာငါ့ဟာဟု</u> တစာစာ အော်မြည်နေစဉ်ပင် ညောင်ကြပ်သီးများကို အခြားငှက်များက စားသုံးကြပြီး၍ ပျံသွားကြသည်တိုင် မယုကငှက်သည် ငါ့ဟာဟု အော်မြည်ဆဲ။ (မယုကဇာတ်၊ ခရပတ္တဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

**ငါ့ဟာငါ့ဟာ (မယုက မယုက)** ဟု မြည်တမ်းနေစဉ်မှာပင် ပစ္စည်းဥစ္စာတို့ ပျက်ဆီးကုန်ဆုံးကြရ၏၊ သတ္တဝါတို့ သေဆုံးကြရကုန်၏။

<u>၁၂။ ငယ်ရွယ်စဉ် မသေရာသောတရား ၉ပါး</u> (မဟာဓမ္မပါလဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ဒါနသီလစသော ကုသလကမ္မပထတရား၁၀ပါးကို ကျင့်၏၊ ၂ မဟုတ်မမှန်သောစကား မဆို၊ ၃ မကောင်းမှုတို့ကို ရှောင်ကြဉ်၏၊ ၄ အလုံးစုံသော သူတော်မဟုတ် သူယုတ်တို့၏အကျင့်ကို ကြဉ်ရှောင်၏၊ ၅ သူတော်မဟုတ် သူယုတ်တရားငင်း သူတော်ကောင်းတရားငင်း နာ၏၊ သူယုတ်တရားနာသော်လည်း မနှစ်သက်၊ စွန့်၍ သူတော်ကောင်းတရားကို မစွန့်၊ ၆ မလှူမီရှေးအဖို့၌ ဝမ်းမြောက်၏၊ လှူစဉ်ဆဲဆဲ၌လည်း

ဝမ်းမြောက်၏၊ လျှပြီး နောက်ကာလ၌ နောင်တမရှိ၊ စေတနာ၃တန်ပြတ်၍ လှူလေ့ရှိ၏၊ ၇ ကိလေသာငြိမ်းပြီး ပစ္စေကဗုဒ္ဓါ၊ မကောင်းမှုကိုအပပြုပြီးသော အရိယာ၊ ခရီးသွား၊ သီချင်းသီ၍တောင်းသူ၊ သာမညတောင်းသူ၊ သူဆင်းရဲတို့ကို ထမင်းအဖျော်ဖြင့် လုပ်ကျွေး၏၊ ၈ ငါတို့သည် မိမိမယားမှလွန်၍ တပါးသောမိန်းမသို့ သွားလာခြင်းမရှိ၊ မယားတို့သည်လည်း ငါတို့ကိုလွန်၍ တပါးသောယောကျ်ားသို့ သွားလာခြင်းမရှိကုန်၊ သူ့လင်သူ့မယားတို့မှ ကြဉ်ကုန်၍ မြတ်သောအကျင့်ကို ကျင့်ကုန်၏၊ ၉ သူ့အသက်သတ်ခြင်းမှ ကြဉ်၏၊ အရှင်မပေးသောဥစ္စာကို ကြဉ်၏၊ သေရည် သေရက်ကို မသောက်ကုန်၊ မုသားကို မဆို၊ ၅ပါးသီလ မြဲ၏။

<u>၁၃။ ငယ်၏ဟု ပြက်ရယ် / မထီမဲ့မြင် မပြုအပ်သောအရာ ၄ပါး</u> (ဒဟရ- ငယ်ရွယ်ခြင်း၊ ဒဟရသုတ်၊ ပဌမဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)
မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး၊ ပသေနဒီကောသလမင်း ဘုရားရှင်က သဗ္ဗညုတဉာဏ်ကို ဝန်ခံ၍ တိတ္ထိဖြဦးက ဝန်မခံကြောင်း လျှောက်ခြင်းနှင့်စပ်၍ ဘုရားရှင်ဟော၊

၁ မင်း၊ ၂ မီး၊ ၃ မြွေ၊ ၄ ရဟန်း။ <u>ငယ်သောရဟန်းကို ပြက်ရယ်ပြုက သီလတည်းဟူသော တန်ခိုးဖြင့် လောင်တတ်၊ **သားသမီး ကျွဲနွား အမွေခံသားတို့ မဖြစ်**</u>။

<u>၁၄။ **စတုရာရက္ခဘာဝနာ**</u> (သာရတ္ထဒီပနီ ဝိနည်းဋီကာ၊ ခုဒ္ဒသိက္ခာ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ဗုဒ္ဓါနုဿတိဘာဝနာ၊

၂ အသုဘဘာဝနာ၊

၃ မေတ္တာဘာဝနာ၊

၄ မရဏာနုဿတိဘာဝနာ- အစောင့်အရှောက်ဘာဝနာ ၄ပါး။

<u>၁၅။ ဆင်းရဲသူ ဖြစ်ရခြင်း / ဆင်းရဲသွားရခြင်း အကြောင်း ၈ပါး</u> (ကုလသုတ်၊ ဂါမဏိသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)
နာဠန္ဒမြို့၌ ဘုရားရှင် နိဂဏ္ဌာဆရာကြီး၏ တပည့်ဂါမဏိအား ဟောကြား၊

၁ - ၅ ရန်သူမျိုး ၅ပါးနှင့် တွေ့ကြုံရသူ၊

၆ ကံမကောင်းသဖြင့် မြှုပ်ထားသောပစ္စည်းများ နေရာရွှေ့သွားခြင်း၊

၇ <u>မိမိမကျွမ်းကျင်သော အလုပ်အကိုင်</u>ကို လုပ်သူ၊

၈ အနိစ္စသဘောနှင့် ကြုံရသူ။

<u>၁၆။</u> **ဆွေမျိုးများ နေရာကို တပ်စွန်းသဖြင့် ထိုနေရာ၌ပင် ပြန်ဖြစ်ပုံ** (မဟာပနာဒဇာတ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘဒ္ဒိယမြို့ ကုဋေ့ဇဂကြွယ်ဝသော ဘဒ္ဒဇိသူဌေးသား၊ ပြာသာဒ်၃ဆောင်ဖြင့်နေ၊ တဆောင်မှ တဆောင်သို့ ပြောင်းသောအခါ ၎င်း၏စည်းစိမ်ကို ကြည့်အံ့ဟု မြို့အလုံးချောက်ချား၊ ဘုရားရှင်ကြွသော် သူဌေးသား အဆောင်ပြောင်းစဉ် ကြည့်မည့်သူမရှိ၊ ဘုရားရှင်တရားသာ နာကြ၊ သူဌေးသားလည်း ဘုရားရှင်တရားတော်ကို လာနာရာ တန်ဆာဆင်လျက် အခြံအရံများဖြင့် အရဟတ္တဖိုလ်သို့ရောက်။

ကောဋိဂ္ဂါမ ဂင်္ဂါကမ်းနားတွင် အရှင်ဘဒ္ဒဇိမထေရ် ဈာန်ဝင်စားနေ၊ ဘုရားရှင်ကြွလာမှ ထ၊ လှေဖေါင်ဖွဲ့၍ မြစ်ကိုကူးရာ ဘုရားရှင်က မထေရ်ကိုခေါ်၍ လှေတစီးတည်းကြွကြ၊ မြစ်လယ်ရောက်သော် ဘုရားရှင်က "သင် မဟာပနာဒမင်းဖြစ်စဉ်က နေသောပြာသာဒ်သည် အဘယ်မှာနည်း?" ဟုမေးရာ မြစ်အောက်မှ ၂၅ယူဇနာရှိသော ပြာသာဒ်၏ ထုပိကာကို ခြေချောင်းဖြင့်ညှပ်ယူ၍ ကောင်းကင်သို့ပျံ၊ ရှေးဘဝမှ ဆွေမျိုးတို့သည် ပြာသာဒ်၌ တပ်စွန်းသဖြင့် ငါး လိပ် နဂါး ဖားတို့၏အဖြစ်ဖြင့် တိုပြာသာဒ်၌ ဖြစ်ကြ၏၊ ပြာသာဒ်ကို မထေရ်ချီသော် ခုန်၍ခုန်၍ ရေ၌လျှောင် ကျကုန်၏၊ ဘုရားရှင်က "ဘဒ္ဒဇိ သင်၏ဆွေမျိုးတို့သည် ပင်ပန်းကုန်၏။" ဟုမိန့်ရာ မထေရ်သည် ချီယူထားသော ပြာသာဒ်ကိုလွှတ်၏။

ဝိဒေဟတိုင်း မိထိလာပြည်ကို ခမည်းတော်သုရုစိမင်း၊ နောက် မဟာပနာဒမင်း- အရှင်ဘဒ္ဒဇိ မထေရ်အလောင်း ဆက်ခံ၍အုပ်စိုး၏၊ ရှေးအတိတ်ကောင်းမှုကား ကျူထရံသားအဖဖြစ်စဉ် ရေသဖန်းသား သစ်တို့ဖြင့် ပစ္စေကဗုဒ္ဓါကို ကျောင်းဆောက်လုပ်၍လှူခဲ့၏၊ မဟာပနာဒမင်းကို ကချေသည်တို့ ပျော်ရွှင် စေခြင်းငှာ မတတ်နိုင်ကြ၊ ဘုရားအလောင်း သိကြားမင်းက နတ်ကချေသည်တို့ စေလွှတ်မှ ပျော်ရွှင်၏။

ဤဇာတ်တော်၌ ထူးခြားသော အချက် ၃ချက်။

၁ လူအဝတ်နှင့်ပင် ရဟန္တာဖြစ်၊ ၂ ကျောင်းလှူကျိုး၊ ၃ နေရာကို တပ်စွန်းသဖြင့် ဆွေမျိုးတို့သည် ထိုနေရာ၌ပင် တိရစ္ဆာန်များဖြစ်ကြ။

၁၇။ ဆွေးမြေ့တတ်သောအရာ အပါအဝင် အမေး ၈ခု (နဇီရတိသုတ်၊ ဆေတွာဝဂ်၊ ဒေဝတာ သံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

နတ်သားတပါး မေး၍ ဘုရားရှင် ဖြေကြားဟောတော်မူသည်။

| အမေး | အဖြေ |
|---|---|
| ၁ ဆွေးမြေ့သော အရာ၊ | ၁ သတ္တဝါတို့၏ ရုပ်၊ |
| ၂ မဆွေးမြေ့သော အရာ၊ | ၂ အမည်အနွယ်၊ |
| ၃ လမ်းမှား၊ | ၃ စွဲမက်မှု- ရာဂ၊ |
| ၄ တရားတို့၏ ဘေးရန်၊ | ၄ လိုချင်မှု- လောဘ၊ |
| ၅ ညဉ့်နေ့တို့၌ ကုန်သောအရာ၊ | ၅ အရွယ်၊ |

| | |
|---|---|
| ၆ မြတ်သောအကျင့်၏ အညစ်အကြေး၊ | ၆ မိန်းမ၊ ဤမိန်းမ၌ သတ္တဝါအပေါင်းတို့ ကပ်ငြိ၏၊ |
| ၇ ရေမဟုတ်သော ဆေးကြောဖွယ်၊ | ၇ ကိလေသာကို ပူပန်နှိပ်စက်တတ်သော အကျင့် နှင့် မေထုန်မှ ရှောင်ကြဉ်သော မြတ်သောအကျင့်၊ |
| ၈ လောက၌ စီးပွားမတည်ကြောင်း အပေါက်များ၊ | ၈ အပေါက် ၆ပေါက် (စည်းစိမ်ဥစ္စာ - အနက်မှ - စည်းစိမ်ဥစ္စာ မတည်ကြောင်း အပေါက် ၆ပါး) ကို ကြည့်ပါ။ |

၁၈။ တယောက်တည်း၊ ၂ယောက်၊ ၃ယောက်၊ အများ နေခြင်းတို့၏ အကျိုး အပြစ်များ ၄ချက် (ယသောဇတ္ထေရဂါထာ၊ တိကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

တံငါသည်သား ယသောဇသည် တံငါသည်တို့နှင့်အတူ အစိရဝတီမြစ်၌ ကွန်ပစ်ရာမှ ရွှေအဆင်းရှိသော ငါးကြီးကိုမိ၍ ဘုရားရှင်ထံရောက်သော် ထိုငါးကြီးသည် ကဿပဘုရားရှင်လက်ထက်တွင် ရဟန်းတပါးဖြစ်ခဲ့ကြောင်း (ရွှေရောင်ရှိ၍ ခံတွင်းအပုပ်နံ့လှိုင်သော ကပိလငါးကြီး - ကို ကြည့်ပါ) သိရ၊ သံဝေဂရကာ ရဟန်းပြုပြီးနောက် ရဟန္တာဖြစ်သောအခါ ရွတ်ဆိုသော ဂါထာများအနက်မှ တပုဒ် ဖြစ်သည်။

၁ တယောက်တည်းနေသောရဟန်းသည် ဗြဟ္မာကဲ့သို့ ဝိဝေကသုခ ပွားလျက်နေနိုင်၏။

၂ ၂ယောက်နေမူ နတ် ၂ယောက်ကဲ့သို့ အချင်းချင်း ထိပါးသဖြင့် အမျက်ဒေါသ ဖြစ်ရာ၏။

၃ ၃ယောက်နေမူ ရွာနေသူတို့ကဲ့သို့ ဆိတ်ငြိမ်မှု- ဝိဝေက မဖြစ်နိုင်။

၄ များစွာနေမူ အုတ်အုတ်ကျက်ကျက် ဖြစ်ကြရ၏။

၁၉။ **တရားမမြင် ဘုရားမမြင်** (သင်္ဃာဋိကဏ္ဏသုတ်၊ ပဉ္စမဝဂ်၊ တိကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်ဟောတော်မူသော ဤတရားကို အရှင်မခုဇ္ဇုတ္တရာသည် သာမာဝတီအမှူးပြုသော မိဖုယား ၅၀၀ ကို ပြန်ဟောခဲ့သည်။

ငါ၏သင်္ကန်းစွန်းကိုစွဲ၍ ထက်ကြပ်မကွာ လိုက်ပါနေသော်လည်း မျောက်ကဲ့သို့ စိတ်ယောက်ယက်ခတ်သူ ဖြစ်ပြီး တရားမြင်အောင်မကျင့်က ငါဘုရားနှင့်ဝေးသူ မည်၏။

အရှင်ဝက္ကလိကိုလည်း ဘုရားရှင် ဤသို့မိန့်တော်မူသည်။ (ဓမ္မပဒ ၄။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၂၀။ **တရားရတနာကို ပူဇော်လိုလျှင်** တရားတော်ကို ဆောင်ထားသူအား ပူဇော်စေခြင်း (ဒီ ၄။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး။ ဘိက္ခာပရမ္ပရဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဇာတကပါဠိတော်၊

ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဒီ ဌ။ ပုဏ္ဏားတဦးက ဘုရားရှင်အား တရားရတနာကို ပူဇော်လိုကြောင်း လျှောက်ထားရာ အရှင်အာနန္ဒာကို ပူဇော်လှူဒါန်းစေ၏၊ တထောင်တန် တိစီဝရိက်သင်္ကန်းဖြင့် ပူဇော်၏။

ဘိက္ခာပရမ္ပရဇာတ်။ သာဝတ္ထိပြည် သူကြွယ်တဦးက ဘုရားရှင်အား တရားရတနာကိုပူဇော်လို၍ အသို့ပြု ရအံ့နည်း? ဟု လျှောက်ထားရာ တရားဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာအား ပူဇော်ခြင်းကိုပြုလော့ ဟုမိန့်၏။ ဘုရားရှင်သည် ဆက်၍ ဤဇာတ်ကို ဟောတော်မူ၏။

၂၁။ တဦးနှင့်တဦး မေတ္တာထားချစ်ခင်ရခြင်း အကြောင်း ၂ပါး (ကုက္ကုဋမိတ္တနေသာဒဝတ္ထု၊ ဓမ္မပဒ ဌ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ သာကေတဇာတ် ဌ)

(ချစ်ခြင်း - အနက်မှ - ချစ်ခြင်းမေတ္တာတရား ဖြစ်ခြင်းအကြောင်း ၂ပါး) နှင့် တူ၏။ ၎င်းကို ကြည့်ပါ။

၂၂။ တာဝန်ခံနိုင်သူ မရှိသောတရား ၄ပါး (ပါဋိဘောဂသုတ်၊ ဗြာဟ္မဏဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက)

မည်သည့် သမဏဗြဟ္မဏ နတ်မာရ်ဗြဟ္မာတဦးမျှ ၁ အိုခြင်း၊ ၂ နာခြင်း၊ ၃ သေခြင်း၊ ၄ ကံ၏ အကျိုးတို့ကို မဖြစ်စေအံ့ဟု တာဝန်မခံနိုင်။

၂၃။ တောင့်တ၍မရကောင်းသောအရာ ၅မျိုး (ဌာနသုတ်၊ မုဏ္ဍရာဇဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက)

၁ မအိုပါစေလင့်၊ ၂ မနာပါစေလင့်၊ ၃ မသေပါစေလင့်၊ ၄ မကုန်ဆုံးပါစေလင့်၊ ၅ မပျက်စီးပါစေလင့်။

၂၄။ **ထာဝရအလှူ ၆မျိုး** (ဝနရောပ- ဥယျာဉ်စိုက်၊ ဝနရောပသုတ်၊ အာဒိတ္တဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အာရာမရောပဒါန- ပန်းအာရာမ် သစ်သီးအာရာမ်စိုက်ပျိုး၍ လှူဒါန်းခြင်း၊

၂ ဝနရောပဒါန- အရိပ်ကောင်းသော သစ်ပင်စသည်တို့ကို စိုက်ပျိုး၍ လှူဒါန်းခြင်း၊

၃ သေတုကာရကဒါန- တံတားခင်း၍ လှူဒါန်းခြင်း၊

၄ ပပါ ဒါ န- ရေအိုးစင်တည်၍ လှူဒါန်းခြင်း၊

၅ ဥဒပါ နဒါ န- ရေတွင်း ရေကန် ရေမြောင်းတူး၍ လှူဒါန်းခြင်း၊

၆ ဥပဿယဒါန- ဇရပ် တန်ဆောင်း ဂူ ကျောင်း ပြာသာဒ် လှူခြင်း။

ထိုသူတို့အား နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်ပွား၏၊ တရား၌တည်၏၊ ကောင်းသော အလေ့အထ စာရိတ္တသီလနှင့် ပြည့်စုံ၏၊ နတ်ပြည်သို့ လားရောက်ရ၏။

၂၅။ ဒီဃာဝုမင်းသား- ဘုရားအလောင်းအား ခမည်းတော်- သုဓ္ဒေါဒနမင်းကြီးအလောင်း၏ အဆုံးအမတရား ၄ခု (ဒီဃာဝုဝတ္ထု၊ ကောသမ္ဗကက္ခန္ဓက၊ မဟာဝါပါဠိတော်၊ ခု၊ ဝိ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အရှည်ကိုမကြည့်လင့်= ရှည်မြင့်စွာ ရန်ကိုမပြုလင့် / ရန်စကို မရှည်စေလင့်၊

၂ အတိုကိုလည်း မကြည့်လင့်= အဆွေခင်ပွန်းတို့ နှင့် လျင်မြန်စွာမိတ်မပျက်စေလင့် / မိတ်စကို မတိုစေလင့်၊

၃ ရန်တုံ့မူသဖြင့် ရန်တို့သည်မငြိမ်းကုန် / ရန်လိုလျှင် ရန်ပိုတတ်သည်၊

၄ ရန်တုံ့မမူမှသာလျှင် ရန်တို့သည် ငြိမ်းကုန်၏ / ရန်မမူလိုမှ ရန်ပြိုသည်။

၂၆။ ဒေါသဖြတ်ခြင်း အကျိုး ၃ပါး (မနေဥ္ဇာနီသုတ်၊ အရဟန္တဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာ ဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ဆေတွာသုတ်၊ တတိယဝဂ်၊ သက္ကသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ဘာရဒွါဇပုဏ္ဏား အနွယ် ပုဏ္ဏား၏ ပုဏ္ဏေးမ မနေဥ္ဇာနီသည် မြတ်စွာဘုရား၊ တရားတော်၊ သံဃာတော်တို့၌ လွန်စွာကြည်ညိုသူ ဖြစ်၊ ပုဏ္ဏားအလို့ငှါ ထမင်းဆောင်စဉ် ချွတ်ချော်သော် "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ၃ကြိမ် ဥဒါန်းကျူး၊ ပုဏ္ဏားကြီး စိတ်ဆိုး၍ ပုဏ္ဏေးမ၏ဆရာ ဘုရားရှင်ကို ဝါဒတင်မည် ဆိုကာ ဘုရားရှင်ထံသို့ သွားရောက်ပြီး မေးလျှောက်သည်တွင် ဘုရားရှင် ဟောကြား။

၁ အမျက်ဒေါသကိုဖြတ်သော် ချမ်းသာစွာနေရ၊

၂ အမျက်ဒေါသကို ဖြတ်တောက်သော် မစိုးရိမ်ရ၊

၃ အဆိပ် အရင်းအမြစ်ရှိသော၊ ချိုမြိန်ခြင်း အဖျားရှိသော အမျက်ဒေါသကို ဖြတ်တောက်ခြင်းကို အရိယာတို့ ချီးမွမ်းကုန်၏။

ပုဏ္ဏားကြီး ရဟန်းဝတ်၍ ရဟန္တာဖြစ်တော်မူ၏။

ဆေတွာသုတ်၌ကား ဇေတဝန်ကျောင်းတော်၌ သိကြားမင်းမေးမြန်းလျှောက်ထား၍ ဘုရားရှင်သည် အထက်ပါအတိုင်းပင် ဖြေဆိုဟောကြားတော်မူ၏။

၂၇။ **ဒုက္ခ ၃ပါး** တရားတော် (ဒုက္ခတာသုတ်၊ ဇမ္ဗုခါဒကသံယုတ်၊ သံ၊ ... )

၂၇။ **ဒုက္ခ ၃ပါး** တရားတော် (ဒုက္ခတာသုတ်၊ ဇေနာဝဂ်၊ မဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ နေတ္တိပါဠိတော်နိဿယ၊ မိုးထိအရှင်ဇာဂရိယမူ။ မိုးကုတ်ဆရာတော်ဘုရား၏ တဘာဝ သာသနာ၊ ဦးဃောသိတ။ တိပိဋကမြန်မာအဘိဓါန်။ ပိဋကသုံးပုံ သရုပ်စုံ အဘိဓါန်၊ မဇ္ဈိမာန်)

ဒုက္ခ- ဆင်းရဲခြင်း ၃ပါး၊

၁ ဒုက္ခဒုက္ခ- ဆင်းရဲစစ်အဖြစ်ဖြင့် ဆင်းရဲခြင်း= ကိုယ်စိတ်၌ဖြစ်သော ဆင်းရဲခြင်းဒုက္ခဝေဒနာကို သဘောအားဖြင့်၎င်း၊ အမည်အားဖြင့်၎င်း ဆင်းရဲသောကြောင့် ခေါ်၏၊

၂ သင်္ခါရဒုက္ခ- ပြုပြင်အပ်သည့်အဖြစ်ဖြင့် ဆင်းရဲခြင်း= ဥပေက္ခာဝေဒနာနှင့် တေဘူမကသင်္ခါရ တရားတို့ကို ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်အပ်သောကြောင့် ခေါ်၏၊

၃ ဝိပရိဏာမဒုက္ခ- ဖောက်ပြန်အပ်သည်၏အဖြစ်ဖြင့် ဆင်းရဲခြင်း= သုခဝေဒနာ ဖောက်ပြန်သဖြင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်း ဖြစ်သောကြောင့် ခေါ်၏၊

ဤဆင်းရဲခြင်း ဒုက္ခ၃ပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း၄ါ ပိုင်းခြားသိခြင်း၄ါ ကုန်စေခြင်း၄ါ ပယ်ခြင်း၄ါ၊ ဆိတ်ငြိမ်ခြင်းကို မှီသော၊ စွဲမက်မှုရာဂကင်းခြင်းကို မှီသော၊ ချုပ်ခြင်းကို မှီသော၊ နိဗ္ဗာန်သို့ ညွတ်သော မဂ္ဂင် ၈ပါး ကို ပွားများရာ၏။

၂၈။ **ဒုလ္လဘတရား ၅ပါး** (သဂါထာဝဂ္ဂသံယုတ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၅၊ တည်တောဆရာတော်ကြီး)

၁ ဗုဒ္ဓုပ္ပါဒဒုလ္လဘ၊

၂ မနုဿတ္တဘာဝဒုလ္လဘ၊

၃ သဒ္ဓါသမ္ပတ္တိဒုလ္လဘ- ရတနာ၃ပါး၏ ဂုဏ်ကျေးဇူးသတ္တိနှင့် ကံ ကံ၏အကျိုးကို ယုံကြည်ခြင်း သဒ္ဓါကို ရခဲခြင်း၊

၄ ပဗ္ဗဇိတဘာဝဒုလ္လဘ- ဘုရားသာသနာအတွင်း၌ ရှင်သာမဏေ ရဟန်းပဥ္စင်းအဖြစ် ရခဲခြင်း၊

၅ သဒ္ဓမ္မသဝနအတိ ဒုလ္လဘ- သူတော်ကောင်းတို့၏ တရားအစစ်အမှန်ကို အလွန်တရာ ကြားနာ ရခဲခြင်း။

၂၉။ နေ့ညဥ့် မပျင်းမရိ တရားအားထုတ်သူ / ရဟန်းသည် ကောင်းသော ညဥ့်တညဥ့်ရှိသောသူ / ရဟန်း ဖြစ်သည်။ (ဘဒ္ဒေ- ဝိပဿနာအားထုတ်မှုရှိသောကြောင့် ကောင်းသော၊ ဧကရတ္တ- ညဥ့်တညဥ့်၊ ဘဒ္ဒေကရတ္တ- ဝိပဿနာအားထုတ်မှုရှိသော ကောင်းသော ညဥ့်တညဥ့်ရှိသောပုဂ္ဂိုလ်၊ **ဘဒ္ဒေကရတ္တသုတ်**၊ ဝိဘင်္ဂဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

အကျဉ်း။ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ရဟန်းများ ကို ဟောတော်မူ၏။

"အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ နှစ်သက်ဖွယ်ကောင်းသော အဆင်းရှိသူ ဖြစ်ဘူးပြီဟု ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်- ခန္ဓာ ၅ပါး) ၌ နှစ်သက်ခြင်းကို အဖန်ဖန် မဖြစ်စေရ။

အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ နှစ်သက်ဖွယ်ကောင်းသော အဆင်းရှိသူ ဖြစ်လို၏ဟု ရုပ် (ခန္ဓာ ၅ပါး) ၌ နှစ်သက်ခြင်းကို အဖန်ဖန်မဖြစ်စေရ။ အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊ အနာဂတ်ခန္ဓာသည်

မရောက်သေး။

ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသောပုဂ္ဂိုလ်သည် ၁ ရုပ် (ခန္ဓာ ၅ပါး) ကို အတ္တ၊ ကိုယ်ဟု- ၂ ကြွင်းသောခန္ဓာကို ရုပ်ရှိသော အတ္တဟု- ၃ အတ္တ၌ ရုပ်ဟု- ၄ ရုပ်၌ အတ္တဟု မရှုခြင်းဟူသော တွန့်တိုခြင်း ပျက်စီးခြင်းမရှိသော ဝိပဿနာရှုမှုကို အဖန်ဖန် ပွားများရာ၏။

<u>အဘယ်သူသည် နက်ဖန်သေရမည့်ကို သိနိုင်အံ့နည်း? ၊ ယနေ့ပင်လျှင် အားထုတ်သင့်သော ကုသိုလ်ကောင်းမှုကို ပြုလုပ်သင့်၏၊ များသောစစ်သည်ရှိသော ထိုသေမင်းနှင့် ချိန်းချက်ထားမှုသည် မရှိသည်သာတည်း။</u>

ဤသို့နေလေ့ရှိသော၊ လွန်စွာအားထုတ်ခြင်းရှိသော၊ နေ့ညဥ့်ပတ်လုံး မပျင်းမရိအားထုတ်သော ထိုရဟန်းကို စင်စစ် ကောင်းသောညဥ့်တညဥ့်ရှိသော ရဟန်းဟု ခေါ်အပ်၏။" ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

<u>၃၀။ နောင်စိုးရိမ်ရကြောင်း ၁၀ပါး</u> (ဇနသန္ဓဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်း ဇနသန္ဓမင်း ၁၅ရက်တကြိမ် ဥပုသ်နေ့တိုင်း ပြည်သူများအား ဟောသောတရား ဖြစ်သည်။

၁ ငယ်စဉ် ဥစ္စာကိုမရှာသူသည် နောင်အိုသောအခါ၌ စိုးရိမ်ရ၏၊ ၂ ငယ်စဉ်အခါ ဆင်စီးမြင်းစီး အတတ်မသင်သူသည် ငြိုငြင်သောအသက်မွေးခြင်းဖြင့် နောင်အိုသောအခါ စိုးရိမ်ရ၏၊ ၃ ငယ်စဉ်က စဉ်းလဲစဉ်းစား သူတပါးကျောက်ကုန်းသားကိုစားသော ချောပစ်စကားဆိုသူသည် ကြမ်းတမ်းကြမ်းကြုတ်သည်ဖြစ်၏ဟု သေရာညောင်စောင်း၌ လျောင်းသောကာလ၌ နောင်တရှိတတ်၏၊ ၄ ရှေးက သူ့အသက်သတ်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ သူတော်မဟုတ်သူယုတ်ဖြစ်ခြင်း၊ သတ္တဝါတို့ကိုမသနားခြင်း၊ ၅ သူတပါးတို့ မသိမ်းဆည်းသော မိန်းမများစွာ ရှိပါလျက် သူ့မယားကိုမှီဝဲခြင်း၊

၆ ထမင်းအဖျော်များစွာရှိပါလျက် မလှူသောသူ၊ ၇ အိုမင်းသော အမိအဖတို့ကို ဥစ္စာအား ကိုယ်အား စွမ်းပါလျက် မကျွေးမွေးသောသူ၊ ၈ [1]လက်ဦးဆရာဖြစ်သော၊ [2]အဖန်တလဲလဲ ဆုံးမတတ်သော၊ [3]အလုံးစုံသော ဝတ္ထုကာမကိုဆောင်၍ ကျွေးမွေးသော အဖကို မထေမဲ့မြင်ပြုသူ၊ ၉ သီလရှိသောရဟန်း၊ မကောင်းမှုကို အပပြု ပြီးသောသူတို့ကို မဆည်းကပ်မိသူ၊ ၁၀ ရှေးက ခြိုးခြံသောအကျင့်ကို မကျင့်မိသူ။

ဤ ၁၀ပါးသော အကြောင်းတို့ကို <u>အသင့်အားဖြင့်</u> ကျင့်သူသည် သူတော်တကာတို့၏ ကိစ္စတို့ကို ပြုသည် ဖြစ်၍ နောက်၌ နောင်တမရှိပြီ။

<u>၃၁။ နတ်တို့ နစ်သက်မြတ်နိုးသောတရား- **ဒေဝဓံတရား** ၂ပါး</u> (ဓမ္မပဒ ၄။ ဒေဝဓမ္မဇာတ်၊ ဧကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သုသေတနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

**ကမ္ဘာစောင့်တရား**ဟုလည်း ခေါ်၏၊

၁ ဟိရိ- မကောင်းမှုအားလုံးမှ ရှက်ခြင်း၊

၂ ဩတ္တပ္ပ- မကောင်းမှုအားလုံးမှ ကြောက်ခြင်း၊ မပြုဝံ့ခြင်း။

၃၂။ နတ်တို့ လူပြည်လူတို့ ကောင်းမှုပြုမပြု လှည့်လည်စုံစမ်းသော ရက် ၃ရက် နှင့် အချက် ၈ချက် (စတုမဟာရာဇသုတ်၊ ဒေဝဒူတဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ လဆန်းပက္ခ လဆုတ်ပက္ခ၏ ၈ရက်မြောက်နေ့၌ နတ်မင်းကြီး ၄ပါး၏ အလုပ်အကျွေးနတ်တို့၊

၂ လဆုတ် ပက္ခ၏ ၁၄ရက်မြောက် လကွယ်နေ့၌ နတ်မင်းကြီး ၄ပါး၏သားတို့၊

၃ လဆန်း ၁၅ရက်မြောက် ဥပုသ်နေ့၌ နတ်မင်းကြီး ၄ပါးတို့ ကိုယ်တိုင်-

၁ အမိ၌ (ပြုသင့်သောကျင့်ဝတ်တို့ကို ပြုမပြု)၊ ၂ အဖ၌ (...)၊ ၃ သမဏ၌ (...)၊ ၄ ဗြာဟ္မဏ၌ ပြုသင့်သောကျင့်ဝတ်တို့ကို ပြုမပြု၊ ၅ အမျိုးထဲ၌ ကြီးသောသူ (အဖိုးအဖွား ဦးကြီးဒေါ်ကြီးစသည်) တို့၌ ရိုသေစွာ ကျင့်မကျင့်၊ ၆ ဥပုသ်သီတင်း ကျင့်သုံးမသုံး၊ ၇ အကြိုအပို့ရက်များနှင့်တကွ ဥပုသ်ကျင့်သုံးမသုံး၊ ၈ ကောင်းမှု ပြုမပြုစသော ၈ပါးသော ကောင်းမှု ပြုမပြုတို့ကို စုံစမ်းမှတ်တမ်းတင်ကြ၏။

၃၃။ ပညာမတတ်သော သူဌေးလင်မယားသည် နေ့စဉ် သောက်စားမူးယစ် ကခုန်တီးမှုတ်၍ ၂ဖက်အမွေ ကုန်တော့ရာ ရဟန်းတော်များထံမှ စားကြွင်း လာတောင်းသည်။ (မဟာဓနသေဋ္ဌိဝတ္ထု၊ ဇရာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဤသည်ကို ဘုရားရှင်မြင်၍ပြုံးသည်ကို အရှင်အာနန္ဒာမေးသဖြင့် "ပဌမအရွယ်တွင် ဉစ္စာရှာခဲ့လျှင် ပဌမတန်းစားသူဌေးကြီး၊ ရဟန်းပြုခဲ့လျှင် ရဟန္တာ၊ မယားက အနာဂါမ်ဖြစ်နိုင်သည်၊ မဇ္ဈိမအရွယ်မှ ဉစ္စာရှာလျှင် ဒုတိယတန်းစားသူဌေး၊ ရဟန်းပြုလျှင် အနာဂါမ်၊ မယားက သကဒါဂါမ်ဖြစ်နိုင်သည်၊ ပစ္ဆိမအရွယ်ရောက်၍ တရားရှာလျှင် သကဒါဂါမ်၊ မယားက သောတာပန်ဖြစ်နိုင်သည်၊ အရွယ်ရှိခိုက် လုံ့လမစိုက်ခဲ့သဖြင့် လူ့စည်းစိမ်၊ ရဟန်းအဖြစ်တည်းဟူသော မဂ်ဖိုလ် ၂ခုလုံးမှ ဆုံးရှုံးရကား ရေမရှိသော အိုင်၌ ကြိုးကြာငှက်ကဲ့သို့ မှိုင်နေရပေ၏။" ဟုမိန့်ပြီး-

"သူမိုက်တို့သည် အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ ဉစ္စာကိုလည်း မရလိုက်မိသော ကြောင့် ငါးကုန်ခန်းသောညွန်အိုင်၌ အတောင်ကျွတ်သောကြိုးကြာကဲ့သို့ အရွယ်လွန်သောအခါ ကြံမှိုင်၍ သာ နေကြရ၏၊ လေးမှလွတ်ပြီးနောက် အရှိန်ကုန်သောမြားကဲ့သို့ ရှေးဖြစ်ဟောင်းသုခတို့ကို ညည်းတွား အောက်မေ့ ၍သာ နေကြရ၏။" ဟူသော ဒေသနာတော်ကို ဟော၏။

၃၄။ ပဋာစာရီထေရီမကြီး ရှုးနေရာမှ သောတာပန်တည်စေသော ဘုရားရှင်၏ တရားတော် (ပဋာစာရာဝတ္ထု၊ မဂ္ဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

"သေမင်းနိပ်စက်ခံရသူအား သေမင်းမှ စောင့်ရှောက်ရန်အတွက် သားသမီးတို့ မရှိကုန်၊ အမိအဖ

တို့လည်း မရှိကုန်၊ အဆွေခင်ပွန်းတို့လည်း မရှိကုန်၊ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူလည်း မရှိ။

ဤအကြောင်းထူးကိုသိ၍ ပညာရှိသည် သီလကို စောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်း အဋ္ဌင်္ဂိက မဂ်ကို လျင်စွာသာလျှင် သုတ်သင်ရာ၏။"

<u>၃၅။ ပရဟိတ (သူတပါးအကျိုး) ကို များစွာ လုပ်လိုသည့်အတွက် မိမိအကျိုးကို မဆုတ်ယုတ် မဆုံးရှုံးစေရာ။</u> (အတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

"အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။ အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထပသုတော သိယာ။"

သူတပါးအကျိုးကို များစွာသယ်ပိုးလိုသည့်အတွက်နှင့် မိမိ၏အကျိုးကို မဆုတ်ယုတ် မဆုံးရှုံးစေရာ။ မိမိ၏ အကျိုးစီးပွားကို ကောင်းစွာပိုင်းခြား သိမြင်ပြီးလျှင် မိမိ၏ အကျိုးစီးပွားဖြစ်မှု၌ လေ့လာကြိုးကုတ် အား ထုတ်ရမည်။

(အများအကျိုး သယ်ပိုးနိုင်မည့်သူမှန်က အများအကျိုး သယ်ပိုးပါ။ မဟုတ်ခဲ့လျှင် ကိုယ်ကျိုး ကိုသာ မလစ်ဟင်းအောင် သယ်ပိုးနေပါ။) ဟု ဆိုလိုသည်။

<u>၃၆။ **ပစ္စည်း ၄ပါး**- ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး</u> **လှူရကျိုး ၃ပါး** (ဂိဟိသာမိစိသုတ်၊ ပုညာဘိသန္ဒဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အခြံအရံ အကျော်အစောကိုရ၊

၂ နတ်ပြည်၌ ဖြစ်စေတတ်သည်၊

**၃** နေညည့်အခါခပ်သိမ်း ကောင်းမှုတိုးပွား၏။ လူတို့အားလျော်သော လူ့ကျင့်ဝတ် ကျင့်သည်မည်၏။

<u>၃၇။ ပျက်စီးချိန်ရောက်က သတိကင်းလွတ် ချွတ်ယွင်းရ၏။</u> (ဂိဇ္ဈဇာတ် ၄၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

<u>၃၈။ ပျက်စီးဆုတ်ယုတ်ကြောင်း ၂၄ ပါး</u> **(ပရာဘဝသုတ်)**

(ပျက်စီးကြောင်း - အနက်မှ - ပျက်စီးဆုတ်ယုတ်ကြောင်း ၂၄ပါး ပရာဘဝသုတ်) - ကို ကြည့်ပါ။

<u>၃၉။ ပြိန်းမြက်ကိုကိုင်ထားခိုက် လေ့ထွက်စဉ် မလွှတ်မိသဖြင့် ပြတ်သွားသည်</u>ကို ဒေသနာ မကြားရသဖြင့် ပျံလွန်ခါနီး သီလမစင်ကြယ်ဟု နလုံးမသာဖြစ်ကာ ဂင်္ဂါမြစ်တွင်း၌ လောင်းလှေပမာဏရှိ <u>ဧရကပတ္တနဂါးမင်း</u> ဖြစ်သော၊ ကဿပဘုရားရှင်လက်ထက် အနှစ် ၂သောင်း ရဟန်းထရား အားထုတ် ခဲ့သော ရဟန်း၏အမေးကို သူ၏သမီး လူယောင်ဖန်ဆင်းထားသော နဂါးမလေး သီဆိုသော အမေး ၇ချက်နှင့် ဥတ္တရလုလင် သီဆိုသော ဘုရားရှင်အဖြေ ၇ပါးနှင့် ထိုနဂါးမင်းအား ဘုရားရှင်ဟောသော တရား ၄ပါး (ဧရက- ပြိန်းမြက်၊ ပတ္တ- အရွက်၊ ဧရကပတ္တနာဂရာဇဝတ္ထု၊ ဗုဒ္ဓဝဂ်၊ ဓမ္မပဒပါဠိတော်၊

ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒ ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဧရကပတ္တနဂါးမင်း၏သမီး နဂါးမလေးသီဆိုသော အမေး ၇ချက်နှင့် ဥတ္တရလုလင်ကို သီဆိုစေသော ဘုရားရှင် အဖြေ ၇ပါး

| မေး | ဖြေ |
| --- | --- |
| ၁ အဘယ်ကို အစိုးရသူသည် မင်းမည်သနည်း၊ | ၁ ဒွါရ ၆ပါးကို အစိုးရသူ၊ တခုသော ဒွါရ၌လည်း ရူပါရုံစသည်တို့ မနှိပ်စက်အပ်သူသည် မင်းဖြစ်။ |
| ၂ အဘယ်သို့လျှင် မြူကသာ အစိုးရခြင်းရှိသူ မည်သနည်း၊ | ၂ အာရုံ၌ တပ်နှစ်သက်သူ။ |
| ၃ အဘယ်အကြောင်းကြောင့် မြူကင်းသူဖြစ်သနည်း၊ | ၃ တပ်ခြင်းမရှိသူ။ |
| ၄ အဘယ်သူကို ဗာလဟု ဆိုအပ်သနည်း၊ | ၄ တပ်ခြင်းရှိသူ။ |
| ၅ လူမိုက်ကို အဘယ်တရားကမျှောသနည်း၊ | ၅ ဩဃ ၄ပါးသည် မျှောအပ်၏။ |
| ၆ ပညာရှိသူသည် အဘယ်နည်းဖြင့် မျှောတတ်သော တရားကို ပယ်နှုတ်သနည်း၊ | ၆ သမ္မပ္ပဓါန်ဟူသော လုံ့လဖြင့် ပယ်နှုတ်၏။ |
| ၇ ယောဂ ၄ပါးကုန်ခြင်းရှိသူမည်သည် အဘယ်သို့ဖြစ်သနည်း၊ | ၇ ယောဂ ၄ပါးနှင့် မယှဉ်သောပုဂ္ဂိုလ်။ |

ဧရကပတ္တနဂါးမင်းအား ဘုရားရှင်ဟောသော တရား ၄ပါး / **ခဲယဉ်းသော တရား ၄ပါး**

(ဓမ္မပဒဂါထာမြန်မာပြန်)

၁ လူအဖြစ်ကိုရခြင်းသည် ခဲယဉ်း၏၊
၂ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏၊
၃ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏၊
၄ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ခဲယဉ်း၏။

၄၀။ 'ဘုရားရှင်သည် အလုံးစုံကို သိခြင်း' အပါအဝင် အလုံးစုံ ၉ချက်ပါသော တရားတော် (ဗြဟ္မနိမန္တနိကသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သံဃာတော်များအား ဥက္ကဋ္ဌမြို့ သုဘဂတောအုပ် အင်ကြင်းပင်ရင်း၌ သီတင်းသုံးတော်မူနေစဉ် ဗကဗြဟ္မာ၏ "ဗြဟ္မလောကသည် မြဲ၏။" ဟု မှားယွင်းသော အယူကို ဗြဟ္မာပြည်သို့ ကြွရောက်ချေချွတ်တော်မူခဲ့ကြောင်း ဟောရာ၌-

"ပြဟ္မာ၊ ငါသည် ၁ အလုံးစုံ (ဘုံ ၃၁ပါးတရား) ကို၊ ၂ အလုံးစုံအားဖြင့် သိ၍၊ ၃ အလုံးစုံ ဟူသမျှ၏၊ ၄ အလုံးစုံ သဘောအားဖြင့် မရောက်ရာသည့် နိဗ္ဗာန်ကိုသိ၍၊ ၅ အလုံးစုံကို မစွဲယူ၊ ၆ အလုံးစုံ၌ မစွဲယူ၊ ၇ အလုံးစုံ အားဖြင့် မစွဲယူ၊ ၈ အလုံးစုံကို ငါပိုင်ဥစ္စာဟု မစွဲယူ၊ ၉ အလုံးစုံကို မစွဲဆို။" ဟူသောတရား ပုဒ်တော်ကို ထည့်သွင်းဟောတော်မူ၏။

၄၁။ မကောင်းမှု၌ စိတ်မညွတ်လျှင် ထိုမကောင်းမှုသည် မလိမ်းကျံ။ (တိတ္တိရ- ခါ ၊ တိတ္တိရဇာတ်၊ ပုစိမန္ဒဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ပုဏ္ဏားမျိုး၌ဖြစ်သော ဘုရားလောင်းသည် တက္ကသိုလ်၌ အတတ်သင်ပြီးနောက် ရသေ့ပြု၊ အဘိညာဉ် သမာပတ်များဖြစ်စေ၊ ခါတိန်ညင်- အရှင်ရာဟုလာအလောင်းကို ငှက်မုဆိုးတဦးက ဖမ်းယူ၍ သင်ပေးပြီး ချိုင့်၌ မွေးထား၊ ခါတွန်သောအသံဖြင့် လာသောခါများကိုဖမ်း၍ အသက်မွေး၊ ခါ က ရသေ့ကို "အရှင်ဘုရား ငါတို့၏ အဆွေအမျိုးတို့သည် နေ၏ဟု များစွာသောခါတို့သည် လာ၏၊ အကျွန်ုပ်ကိုစွဲ၍ ပါဏာတိပါတကံကို မုဆိုးသည် ရ၏၊ ထိုမုဆိုး၏ မကောင်းမှု၌ အကျွန်ုပ်၏စိတ်သည် ငါ၏မကောင်းမှု ပင်လောဟု ယုံမှားမိ၏" ဟုမေး၊ ရသေ့က "သင်၏စိတ်သည် အကယ်၍ မပြစ်မှားအံ့၊ သင့်ကိုစွဲ၍ မုဆိုးပြုသောကံသည် သင့်ကို မလိမ်းကျံ၊ လုံ့လမပြုသော စင်ကြယ်သည်ဖြစ်သော သင့်အား မကောင်းမှု သည် မလိမ်းကျံ၊ မကပ်ငြိ။" ဟု ဟော၏။

၄၂။ မကောင်းသော / မပြုအပ်သော ကုန်သွယ်ရောင်းဝယ်မှု ၅မျိုး (ဝဏိဇ္ဇာသုတ်၊ ဥပါသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သတ္တဝါဏိဇ္ဇာ - လက်နက် (ကုန်သွယ်ရောင်းဝယ်မှု)၊

၂ သတ္တဝါဝါဏိဇ္ဇာ - လူ (...)၊

၃ မံသဝါဏိဇ္ဇာ - အသား၊ ငါး (...)၊

၄ မဇ္ဇဝါဏိဇ္ဇာ - သေအရက် (...)၊

၅ ဝိသဝါဏိဇ္ဇာ - အဆိပ် ကုန်သွယ်ရောင်းဝယ်မှု။

၄၃။ မကောင်းသောစကား ဖြစ်သွားရသော ပုဂ္ဂိုလ် ၅မျိုး (ဒုက္ကထာသုတ်၊ သဒ္ဓမ္မဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါတရားမရှိသူအား သဒ္ဓါနှင့်စပ်သောစကား၊

၂ သီလမရှိသူအား သီလနှင့်စပ်သောစကား၊

၃ အကြားအမြင်များမှုမရှိသူအား အကြားအမြင်များမှုနှင့် စပ်သောစကား၊

၄ ဝန်တိုသူအား စွန့်ကြဲမှုနှင့်စပ်သောစကား၊

၅ ပညာမရှိသူအား ပညာနှင့်စပ်သောစကားသည် မကောင်းသောစကား ဖြစ်၏။

၄၄။ မချစ်အပ်သော တစုံတယောက်သောသူနှင့်လည်း ရန်ကိုမပြုရာ။ (လဋ္ဍုကိက- နံ့စုတ်ငှက်၊ လဋ္ဍုကိကဇာတ်၊ မဏိကုဏ္ဍလဝဂ်၊ ပဉ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

နံ့စုတ်ငှက်မ၏ မပျံနိုင်သေးသော ငှက်သားပေါက်များ ဆင်သွားရာလမ်း၌ရှိရာ ဘုရားလောင်း ဆင်မင်းကို တောင်းပန်၍ ဆင်အပေါင်း ရှောင်သွားသော်လည်း ဒေဝဒတ်အလောင်း ဆင်ကြမ်းကမူ နင်းခြေ သွားသည်ကို မိတ်ဆွေများဖြစ်သော ၁ ကျီးက ဆင်ကြီး၏မျက်စိကို ဖေါက်၊ ၂ ယင်မမဲရိုင်းက လောက်ချ၊ မျက်စိကန်းသောဆင်ကြီးသည် ရေဆာရာ ၃ ဖားအော်သံအတိုင်းသွားသော် ချောက်ကမ်းပါးမှ ကျ၍ သေသောဇာတ်။

၄၅။ **မစင်လိမ်းကျံနေသော သက်န်းကိုပင်လျှင် လက်အုပ်ချီမိုး ရှိခိုးတိုက်၏။** (ဥပါလိတ္ထေရအပဒါန်၊ ဗုဒ္ဓဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အပဒါန် ၄)

လမ်းခရီး၌ မစင်များလိမ်းကျံနေသော သက်န်းကိုစွန့်ထားသည်ကို မြင်တွေ့လျှင်ပင် အရဟတ္တဓဇ-ရဟန္တာအဖြစ်၏ တံခွန်ဖြစ်သောကြောင့် လက်အုပ်ချီမိုး ရှိခိုးတိုက်၏။

၄၆။ မမည်သော / မခေါ်ဝေါ်အပ်သောသူ ၆ဦး (မဟာသုတသောမဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မအောင်အပ်သောမိဘကို အောင်၏၊ ထိုမင်းသည် မင်း မမည်၊

၂ အဆွေခင်ပွန်းသည် အဆွေခင်ပွန်းကို အောင်၏၊ ထိုသူသည် အဆွေခင်ပွန်း မမည်၊

၃ အကြင်မယားသည် မိမိလင်ကို မကြောက်၊ ထိုသူသည် မယား မမည်၊

၄ သားသမီးတို့သည် အိုမင်းပြီးသောမိဘကို မမွေးမြူ၊ ၎င်းတို့သည် သားသမီး မမည်၊

၅ အကြင်သဘင်၌ ပညာရှိသူတော်ကောင်းတို့ မရှိ၊ ထိုသဘင်သည် သဘင် မမည်၊

၆ သူတော်ကောင်းသည် ဟုတ်မှန်သောတရားကို မဆို၊ ထိုသူသည် သူတော်ကောင်း မမည်။

၄၇။ မယားများ ကျင့်သုံးရမည့်တရား ၅မျိုး (ဥဂ္ဂဟသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဘဒ္ဒိယမြို့ မြတ်လေးတော၌ သီတင်းသုံးနေတော်မူစဉ် မေဏ္ဍကသူဌေး၏မြေး ဥဂ္ဂဟသည် ဘုရားရှင်အပါ ရဟန်း ၄ပါးကို ပင့်ဖိတ်၍ ဆွမ်းကပ်လှူပြီးနောက် အကျွန်ုပ်၏ သတို့သမီး တို့သည် လင်ယောကျ်ားအိမ်သို့ လိုက်ပါကြရပါမည်၊ ဆုံးမတော်မူပါဟုလျှောက်၍ ဤတရားကို ဟောတော်မူသည်။

၁ <u>လင်ယောက်ျားအပေါ် ကျင့်ဝတ် ၅ပါး</u> (သမ္ဗုလာဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက- ၌ **မယားကောင်း အင်္ဂါ ၅ပါး** ဟု ခေါ်သည်။)

(နတ် / နတ်ပြည် / နတ်သမီး - အနက်မှ - နတ်သမီးဖြစ်ကြောင်း ၈ပါး - အနက်မှ - အမှတ် ၁) - ကို ကြည့်ပါ။

၂ မိမိခင်ပွန်းသည်က ရှိသေလေးစားသော အမိ အဖ သမဏ ဗြဟ္မဏတို့ကို အရှိအသေပြု၊ နေရာထိုင်ခင်းပေးခြင်း၊ ရေတည်ခြင်းစသည်ဖြင့် ပူဇော်။

၃ လင်ယောက်ျား၏ သိုးမွေး၊ ဝါဂွမ်းစသည့် အိမ်တွင်းမှုတို့၌ မပျင်းရိပဲ ကျွမ်းကျင်စွာ ကိုယ်တိုင်ပြုလုပ် **စီမံစွမ်းနိုင်သူ** ဖြစ်ရမည်။

၄ လင်ယောက်ျား၏ အိမ်တွင်းအလုပ်သမားတို့၏ ပြုပြီးမပြုရသေးသည်ကိုငင်း၊ မမာမကျန်းသူတို့၏ အားရှိသည် မရှိသည်ကိုငင်း သိ၍ ခဲဖွယ်ဘောဇဉ်စသော ငင်းတို့ရထိုက်သော အဖို့အစုဖြင့် ဝေဖန်အပ်၏။

၅ လင်ယောက်ျား၏ ဥစ္စာစပါးရွှေငွေကို စောင့်ရှောက်ပြည့်စုံစေ၍ ထိုပစ္စည်းတို့အပေါ်၌ အပျော်မကြူး မခိုးမဝှက် မပျက်စီးစေရာ။ ဤကျင့်ဝတ်နှင့် ပြည့်စုံသောသူသည် သေလွန်သောအခါ မနာပမည်သော နိမ္မာနရတိ နတ်ဘုံသို့ ကပ်ရောက်ရ၏။

<u>၄၈။</u> **မိဖုယားကြီးဘဝမှ နွားချေးပိုးထိုး** ဖြစ်သွားသောဇာတ် (အဿက- မင်းအမည်၊ အဿကဇာတ်၊ နတံဒဠှ ဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

အဿကမင်း- မယားဟောင်းဖြားယောင်း၍ သာသနာတော်၌ ငြီးငွေ့သောရဟန်းအလောင်း၊ ဥပရီ မိဖုယားကြီး- မယားဟောင်းအလောင်း၊ ဘုရားရှင် အဘိညာဉ်ရ ရသေ့၊ ငြီးငွေ့သောရဟန်း တရားအဆုံး၌ သောတာပန်ဖြစ်။

ဘုရားလောင်းရသေ့ မေး၍ နွာချေးပိုးထိုးမဖြေ၊ "ယခုအခါမှာ အသစ်ဖြစ်သောချမ်းသာခြင်း ဆင်းရဲခြင်းက အဟောင်းဖြစ်သော ချမ်းသာခြင်းဆင်းရဲခြင်းကို ဖုံးလွှမ်းသွားပြီဖြစ်၍ အဿကမင်းထက် နွာချေးပိုးဖိုကို တပည့်တော်မ ပိုချစ်ပါသည်။

<u>၄၉။ မိသားစု ၂၈ အကြောင်း</u>

<u>ရဟန္တာဖြစ်သော မိသားစု</u>

(ဓမ္မိကတ္ထေရဝတ္ထု၊ ပဏ္ဍိတဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခ၊ သုတ္တန္တပိဋက)

တရားနှင့်အညီ ရှာဖွေ၍ သားမယားတို့ကို လုပ်ကျွေးနေထိုင်သဖြင့် ဓမ္မိကဟု ခေါ်သော

<u>လူပြန်ထွက်ကြသော မိသားစု</u>

(တယော- ၃၊ ဇန- လူ၊ ပဗ္ဗဇိတ- ရဟန်း ပြုခြင်း၊ လူ ၃ဦး ရဟန်းပြုခြင်း၊ တယော ဇနပဗ္ဗဇိတဝတ္ထု၊ ပိယ ဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ် ၊ ဦးအောင်ညွန့်ဝင်း၊ ခ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည်မှ မိသားစုတစုသည် ရဟန်းများ

သာဝတ္ထိမြို့သားတဦးသည် ရဟန်းဝတ်ရန် မယား ထံခွင့်ပန်၊ ကိုယ်ဝန်သည်မယားက ကလေးဖွားပြီး သည်အထိ စောင့်ရန်၊ ဖွားပြီးသော် လူလားမြောက် သည်အထိ စောင့်ရန်ပြော၊ အတန်ကြာသော် ခွင့် မပန်တော့ပဲ ရဟန်းပြုကာ မကြာမီ ရဟန္တာဖြစ်၊ နောင်သော် သားကို တရားဟောရာ ရဟန္တာဖြစ်၊ မယားသည်လည်း ဘိက္ခုနီမ ပြု ရဟန္တာထေရီမ ဖြစ်၊ ရဟန်းများ ပြောကြသော ဤအကြောင်း နှင့်စပ်၍ ဘုရားရှင် ဤဂါထာကို ဟော။

"ပညာရှိမည်သည် မိမိ အကြောင်းကြောင့် ဖြစ်စေ၊ သူတပါး အကြောင်းကြောင့် ဖြစ်စေ မကောင်းမှု ကို မပြု။ မကောင်းမှုဖြင့် သား သမီး ဥစ္စာ တိုင်း ပြည်ကို အလိုမရှိရာ။

မတရားမှုဖြင့် မိမိ၏ပြည့်စုံမှုကို အလိုမရှိရာ။ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်မျိုးသည် သီလရှိသူ၊ ပညာရှိသူ၊ တရားရှိသူ ဖြစ်၏။"

ပင့်ကာ ဆွမ်းကျွေး၍ တရားနာကြ၊ သားက ရဟန်းပြုလို၊ မိဖက ခွင့်မပြု၊ တနေ့ အဖ အပြင်သွားစဉ် အမိက ချည်ငင်ရင်းတံခါးတဖက်ကိုမှီကာတဖက်ကိုခြေကန်၍ ပိတ်ပြီး သားကိုစောင့်၊ အပေါ့အပါး သွားလိုသည်ဆိုကာ ကျောင်းသွား၍ ရဟန်းပြု၊ အဖက သားကို လိုက်ရှာရာ ကျောင်း၌တွေ့၊ သူပါ ရဟန်းပြု၊ အမိလည်း လိုက်ပါရဟန်းမ ပြု၊ ထို ၃ဦးသည် နေ့စဉ်တွေ့ တရားနှင့် မပတ်သက်သော စကားများ ပြောကြ၊ အခြား ရဟန်း ရဟန်းမတို့အတွက် အနှောင့်အယှက်ဖြစ်နေသည်ဟု ဘုရားရှင်အား လျှောက်ကြရာ ဤဂါ ထာကို ဟောရာ ၃ဦး လုံး လူထွက်၍ ပြန်ကြ။

"မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ပဲ အကျိုးစီးပွားကို စွန့်လွှတ်၍ ချစ်ဖွယ်အာရုံ ကာမဂုဏ်ကို စွဲလမ်းသူသည် ကိုယ်တိုင်အားထုတ်သူတို့၏ အကျိုးစီးပွားကို လိုလား တောင့်တ၏။

ချစ်သောသူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသော သူတို့နှင့်လည်း တရံတဆစ်မျှ မပေါင်းဖော်လင့်၊ ချစ် သောသူတို့ကို မမြင်ရခြင်းသည် ဆင်းရဲ၏၊ မုန်းသော သူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

ထို့ကြောင့် လူ ပစ္စည်းဥစ္စာတို့ကို ချစ်ခင် စွဲလမ်းခြင်း မပြုရာ၊ ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်းရခြင်း သည် မကောင်းသည်သာတည်း၊ ချစ်ခြင်း မုန်းခြင်း မရှိသော သူတို့အား အနှောင်အဖွဲ့- ဂန္ထတို့ မရှိကြကုန်။"

၅၀။ မီးလောင်နေသော လောကကြီးအတွင်းမှ ကောင်းစွာထုတ်အပ်သောဥစ္စာသည် အလှူဝတ္ထု ဖြစ်၏။ (အာဒိတ္တသုတ်၊ အာဒိတ္တဝဂ္ဂ၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) အစရှိသော ပစ္စေကဗုဒ္ဓါ ၇ပါး တို့၏ တရားတော် ၇ပါး (အာဒိတ္တဇာတ်၊ ကစ္စာနီဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်း ရောရုဝမင်းနှင့် မိဖုယားသမုဒ္ဒဝိဇယာ- အရှင်မယသောရောထေရီအလောင်းတို့ ဥပုသ် ဆောက်တည်၍ တမြို့လုံးကိုပါဆောက်တည်စေ၊ ကြီးစွာသော အလှူဝတ္ထုတို့ကိုစီရင်၍ ပန်း၇ဆုပ်ကို ကောင်းကင်သို့ မြှောက်ပစ်ပင့်ဖိတ်သည်ကို ကြွလာတော်မူကြသော ပစ္စေကဗုဒ္ဓါ၇ပါးတို့ ဟောကြားသော တရားတော် ၇ပါး။

၁ သံဃာ့ထေရ် ပစ္စေကဗုဒ္ဓါ- မီးလောင်၍ ပြောင်ပြောင်တောက်သောအိမ်မှ အကြင် အသုံး အဆောင်ကို ထုတ်ဆောင်၏၊ ထိုအသုံးအဆောင်တို့သည် အိမ်ရှင်၏အကျိုးငှါ ဖြစ်သကဲ့သို့ လောကသည် အိုခြင်းမီး သေခြင်းမီးစသည်တို့ဖြင့် ပြောင်ပြောင်တောက်လောင်၏၊ ဒါနစေတနာဖြင့် အသုံးအဆောင်ကို ထုတ်ဆောင်ရာ၏၊ အကြင်အလှူဝတ္ထုသည် ကောင်းစွာထုတ်ဆောင်အပ်သော ဥစ္စာမည်သည်ဖြစ်၏။ မမေ့မလျော့ဖြစ်လော့။

(အာဒိတ္တသုတ်၊ အာဒိတ္တဝဂ္ဂ၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋကဌ်လည်း ဘုရားရှင် ဤသို့ဟောတော်မူ၏၊ ချမ်းသာကြွယ်ဝ လိုတိုင်းရစေရန် ဥစ္စာဘဏ္ဍာများကို မီးလောင်နေသော အိမ်ထဲမှ ဆွဲထုတ်ယူငင်သကဲ့သို့ အိုမှု သေမှုစသော မီး၁၁ပါး အလောင်ခံနေရသော လောကကြီးထဲမှ စွန့်ကြဲပေးကမ်း အလှူဒါနဖြင့် သံသရာရိက္ခာ ကုသိုလ်ထုပ်ကို ဆွဲထုတ်ယူငင်နိုင်လေပြီဟု နှလုံးသွင်းရာ၏)

အရှင်ပစ္စေကဗုဒ္ဓါသည် ပြာသာဒ်အထွတ်ကို ၂ဖြာခွဲ၍ ပရိက္ခရာတို့သည်လည်း မထေရ်နှင့်တကွ ပျံ၍ နန္ဒမူလိုဏ်ဌ် သက်၏၊ မင်း မိဖုယားတို့ ကိုယ်အလုံးသည် ပီတိဖြင့်ပြည့်၏။

၂ ဒုတိယ ပစ္စေကဗုဒ္ဓါ- မင်းကြီး ရဟန္တာအစပြု၍ ဝိပဿနာစီးဖြန်းသော ယောဂါဝစရ ပုဂ္ဂိုလ်တိုင်အောင် ရအပ်ပြီးသောတရားရှိသောပုဂ္ဂိုလ်အား လှံ့လပြုသဖြင့် ရအပ်သောဝတ္ထု၏အဦးကိုလှူ၏၊ ထိုသူသည် ယမမင်း၏ ဇရဲကြီးဧထပ် ဥဿဒငရဲ၁၆ထပ်ကိုလွန်၍ နတ်တို့နေရာအရပ်သို့ ရောက်၏။

၃ တတိယ ပစ္စေကဗုဒ္ဓါ- အလှူပေးခြင်းနှင့် စစ်ထိုးခြင်းတူ၏ဟု ပညာရှိတို့ဆို၏၊ အနည်းငယ်သော စစ်သည်တို့သည် များသောစစ်သည်တို့ကို အောင်၏သို့ အနည်းငယ်ဖြစ်သော မုဉ္စစေတနာတို့ဖြစ်လျက် များစွာသော ဝန်တိုခြင်းစသော ကိလေသာတို့ကိုအောင်၏၊ အနည်းငယ်သောဝတ္ထုကိုလည်း ကံကံ၏အကျိုးကို ယုံကြည်လျက် လှူသူသည် တမလွန်ဘဝဌ် ချမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်၏။

၄ စတုတ္ထ ပစ္စေကဗုဒ္ဓါ- အလှူခံတို့ကို စိစစ်ရွေးချယ်၍ လှူအပ်သောအလှူကို ဘုရားရှင်တို့ ချီးမွမ်းကုန်၏၊ ဘုရားရှင်စသော အလှူခံပုဂ္ဂိုလ်ထို့ဌ် လှူအပ်သောအလှူတို့သည် ကောင်းသောလယ်ယာဌ် ပျိုးအပ်သော မျိုးစေ့ကဲ့သို့ အကျိုးကြီး၏။

၅ ပဉ္စမ ပစ္စေကဗုဒ္ဓါ- သတ္တဝါတို့ကို မညှဉ်းဆဲပဲ ကျင့်သောသူသည် စွပ်စွဲခံရသည်မှ ကြောက် သောကြောင့် မကောင်းမှုကိုမပြု၊ သူစွပ်စွဲခြင်းမှ ကြောက်သောသူကို သူတော်ကောင်းတို့သည် ချီးမွမ်းကုန်၏၊ သူတပါးထို့၏ စွပ်စွဲခြင်းဌ် ရဲရင့်သောသူကို မချီးမွမ်းကုန်၊ သူတပါးထို့၏စွပ်စွဲခြင်းမှ ကြောက်သောကြောင့် သာလျှင် သူတော်ကောင်းတို့သည် မကောင်းမှုကို မပြုကုန်။

၆ ဆဋ္ဌမ ပစ္စေကဗုဒ္ဓါ- တိတ္ထိတို့၏ကျောင်း၌ မေထုန်မှုကြဉ်ခြင်း၊ သီလသာသနာတော်၌ ကာမ ချမ်းသာကို တောင့်တ၍ကျင့်သော သီလရှိပုဂ္ဂိုလ်၏သီလဟူသော ယုတ်သောပြဟ္မစရိယဖြင့် မင်းမျိုး၌ ဖြစ်၏၊ တိတ္ထိတို့၏ကျောင်း၌ ဈာန်၏ဥပစာရ၊ သာသနာတော်၌ စင်ကြယ်သောသီလရှိသောပုဂ္ဂိုလ်၏ ဈာန်သမာပတ်ကို ဖြစ်စေခြင်းဟုဆိုအပ်သော အလတ်ဖြစ်သောပြဟ္မစရိယဖြင့် နတ်ပြဟ္မာတို့၏အဖြစ်သို့ ရောက်၏၊ တိတ္ထိတို့၏ ကျောင်း၌ စပါးသောသမာပတ်၊ သာသနာတော်၌ ဝိပဿနာကိုပွားစေ၍ အရဟတ္တ ဖိုလ်ကိုဖြစ်စေခြင်းဟူသော မြတ်သောပြဟ္မစရိယဖြင့် ကာမမှစင်ကြယ်ခြင်း၊ ဝဋ်ဆင်းရဲမှစင်ကြယ်ခြင်း ဖြစ်၏။

၇ သတ္တမ ပစ္စေကဗုဒ္ဓါ- ဒါနကိုစင်စစ် များသောအပြားဖြင့် ချီးမွမ်းအပ်၏၊ ဒါနထက်လျှင် သမထ ဝိပဿနာတရားအစုသည် မြတ်၏၊ ထိုစကားသည်မှန်၏၊ ဤဘဒ္ဒကမ္ဘာ၏ ရှေးဦးကပင်လျှင် ကဿပဘုရား စ သော သူတော်ကောင်းပညာရှိတို့သည်၎င်း၊ ရှေးထက်ရှေးက ဝေဿဘူဘုရားစသော သူတော်ကောင်း ပညာရှိတို့ သည်၎င်း၊ သမထဝိပဿနာကိုပွား၍ နိဗ္ဗာန်သို့သာလျှင် ရောက်ကုန်ပြီ၊ မမေ့မလျော့ကြနှင့်။

<u>၅၁။ မုဆိုးမယား သောတာပန်သူဌေးသမီးကြောင့် လင်မုဆိုး သား၇ယောက် ချွေးမ၇ယောက်တို့ အားလုံး သောတာပန်ဖြစ်ခြင်း</u> (ကုက္ကုဋမိတ္တနေသာဒဝတ္ထု၊ ပါပဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

"လက်၌အနာမရှိလျှင် လက်ဖြင့်အဆိပ်ကို ကိုင်ဆောင်နိုင်၏၊ အဆိပ်သည် အနာမရှိသောလက်သို့ အစဉ်မလိုက်၊ စေတနာမရှိပဲပြုသူအား မကောင်းမှုကံ မည်သည်မရှိ။"

ဤဓမ္မပဒဂါထာတော်ကို ဘုရားရှင်သည် မုဆိုးမယား သောတာပန်သူဌေးသမီးတဦးနှင့်စပ်၍ ဟော။ <u>အကျဉ်း</u>။ မုဆိုးတဦး ဖမ်းမိသောသားကောင် ၅၀၀အပြည့် လှည်းဖြင့်တင်၍ မြို့သို့ရောင်းချရန်လာစဉ် ငယ်စဉ်ကပင် သောတာပန်ဖြစ်သော သူဌေးသမီးတဦးတွေ့၊ မြင်သည်နှင့် ချစ်ခင်၊ မုဆိုးအပြန် လိုက်သွား၊ သား ၇ယောက်ရ၊ ချွေးမ ၇ယောက်တို့နှင့် အတူနေ၊ တနေ့ မုဆိုးကြီး တောဝင်၍ ကျော့ကွင်းများစစ်၊ သားကောင်တကောင်မျှ မတွေ့၊ တဦးဦးက လွှတ်ပြစ်သည်ထင်၊ ဘုရားရှင်ချထားခဲ့သော ခြေတော်ရာကို လည်း တွေ့၊ သားကောင်တွေ လွှတ်ပြစ်သူကို တွေ့ပြီဟုယူဆ၊ လိုက်ရှာရာ ချုံအောက်၌ သီတင်းသုံးနေသော ဘုရားရှင်ကိုတွေ့၍ လေးတင်ရာ တင်မရချမရပဲ ပါးစပ်မှ အမြှုပ်တစီစီဖြင့်နေ၊ ပြန်ချိန်တန် ပြန်မရောက်၍ သား ၇ဦးကိုလွှတ်၊ ဖခင်ကိုတွေ့သော် ဖခင်၏ရန်သူထင်၍ လေးတင်ကြ၊ ဖခင်လိုပင် ဖြစ်ကြ၊ သားများလည်း ပြန်မလာသဖြင့် မိခင်နှင့်ချွေးမ ၇ယောက် လိုက်လာကြ။

တွေ့သည်နှင့် "ငါ့ဖခင်ကို မပြစ်ပါနှင့်။" ဟူသော မိခင်၏အော်သံကိုကြားရာ မုဆိုးကြီးက ငါ့ယောက္ခမပါတကား၊ သားများကလည်း ငါတို့အဘိုးကို လေးများနှင့် ချိန်ထားမိပြီတကားဟု အသိများဝင်၊ စိတ်နလုံးများ နူးညံ့လာကြ၊ ဘုရားရှင်က လေးများချထားရန်မိန့်၊ တရားနာသော် အားလုံး သောတာပန် ဖြစ်ကြ၊ <u>အတိတ်</u>- ကဿပ ဘုရားရှင်လက်ထက် ဘုရားရှင်၏ ဓါတုစေတီတော်ဌာပနာပွဲ၌ ဥက္ကဋ္ဌဖြစ်ခဲ့၊

ထိုစေတီတော်၏ကျွန်ကို ရွေးရာ ဥက္ကဋ္ဌ အရွေးခံရ၊ ၎င်းသည် တောသူဌေးတဦးဖြစ်ပြီး ငွေ ၈ကုဋေနှင့် သား ၇ယောက်၊ ချွေးမ ၇ယောက်၊ မယားနှင့် မိမိအပါအဝင် စေတီတော်၏ကျွန်အဖြစ် ကုသိုလ်လုပ်ခဲ့ကြ၊ ထိုင်းသူပြည်သားများက ကျွန်အဖြစ်မှလွှတ်သော်လည်း သက်ဆုံးတိုင်နေ၍ စေတီတော်၏ဝေယျာဝစ္စကို ပြုလုပ်ခဲ့ကြပြီး အသက်အဆုံး၌ နတ်ပြည်သို့ရောက်ကြ။

ဤအကြောင်းနှင့်စပ်၍ ရဟန်းများက သောတာပန်မယားသည် သားသတ်လုပ်ငန်းကို ကူညီရာ၌ သူ့အသက်သတ်ခြင်းပင် မဟုတ်လောဟု ပြောကြခြင်းကို အကြောင်းပြု၍ မိမိဝတ္ထုရားကို ဆင်ခြင်၍ မုဆိုးတောင်းသည့် လေးမြှားယူပေးသည်ဖြစ်သည်၊ တောသို့သွား၍ ပါဏာတိပါတ ဒုစရိုက်မှုပြုပါစေဟု စိတ်အကြံတစိုးတစိမျှ သူဌေးသမီးသောတာပန်၌ မဖြစ်ဟု ဤဂါတာကိုဟော။

<u>၅၂။ မုသာဝါဒ ဒုစရိုက်မှုကို ပြုဝံ့သူသည် မည်သည့်ဒုစရိုက်မှုမျိုးကိုမဆို ပြုဝံ့တော့သည်သာ။</u>

(မုသာဝါဒသုတ်၊ တတိယဝဂ်၊ ဧကကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်အား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ စိဉ္စမာဏဝိကာ ပရိဗိုဇ်မမိန်းမယုတ် စွပ်စွဲခြင်းနှင့် စပ်၍ မဟာပဒုမဇာတ်ကို ဟောတော်မူအပြီး မိန့်တော်မူသော တရားဂါထာလည်း ဖြစ်သည်။ (တတိယတွဲ၊ မဟာဝဂ္ဂဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>၅၃။ မင်္ဂလာကြီး ၈ပါး</u> (မဟာမင်္ဂလဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

မင်္ဂလာတရား၃၈ဖြာကို ဟောကြားသည်နှင့်စပ်၍ ဘုရားလောင်းရသေ့ဖြစ်စဉ်က နတ်တို့၏ယုံမှားခြင်းကို ဖြတ်၍ မင်္ဂလာပြဿနာကို အကျဉ်းဖြေသော ဂုဏ်ကျေးဇူးသည်သာလျှင် အလွန်အံ့ဖွယ်ရှိ၏ဟု ဘုရားရှင် ဟော။

၁ နတ် ပြဟ္မာ ကျောက်ရှည်သတ္တဝါ ကြွင်းသောသတ္တဝါစသော ခပ်သိမ်းသောသတ္တဝါတို့၌ <u>မေတ္တာကိုပွားစေခြင်းသည်</u> စင်ကြယ်သော အပြစ်မရှိသောမင်္ဂလာဟူ၍ ဟော၏။ ၂ ခပ်သိမ်းသောလူအပေါင်းအား နိမ့်ချခြင်း၊ သူငယ် မိန်းမ ယောကျ်ားတို့၏ မကောင်းသဖြင့်ဆိုအပ်သော ဖရုသဝါစာတို့ကို <u>သည်းခံ</u>လေ့ရှိခြင်း၊ ၃ အဆွေခင်ပွန်းတို့၌ <u>မထေမဲ့မြင်မပြုခြင်း</u>၊ ၄ အဆွေခင်ပွန်းကောင်းရှိခြင်း၊ အဆွေခင်ပွန်းတို့အား <u>ဥစ္စာကို ဆက်ဆံဝေဖန် ဖြန့်ချိခြင်း</u>၊ ၅ [၁]တူသောအရွယ်ရှိသော၊ [၂]အညီအညွတ် ဝမ်းမြောက်ဝမ်းသာနေလေ့ရှိသော၊ [၃]လင့်အလိုကိုလိုက်သော၊ [၄]သုစရိုက်၁၀ပါး ကုသိုလ်တရားကို နှစ်သက်သော၊ [၅]မိန်းမမြူ မဟုတ်သော၊ [၆]မြတ်သောအမျိုးရှိသော၊ [၇]သီလရှိသော၊ [၈]လင်ကိုရိုသေသောဂုဏ်စသော <u>လက္ခဏာ ၈ပါး</u>နှင့် ပြည့်စုံသောမယားရရှိခြင်း၊ ၆ မင်းတို့ကို မှီဝဲဆည်းကပ်သောသူ (<u>မင်းခစား</u>) ၏ စင်ကြယ်ခြင်း၊ လုံ့လရှိခြင်း၊ ကောင်းသောစိတ်ရှိခြင်းစသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်း၊ ၇ ကံ၊ ကံ၏အကျိုးကို ယုံကြည်၍

ထမင်း အဖျော် ပန်း နံ့သာ နံ့သာပျောင်းကို ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်သည်ဖြစ်၍ လှူခြင်း၊ **၈** အရိယာတို့၏ အရဟတ္တဖိုလ်တရား။

၅၄။ မီးရာ ၃မျိုး (ဝတ္ထု- တည်ရာမှီရာ၊ ဝတ္ထုသုတ်၊ ဇရာဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ လူတို့၏မှီရာတည်ရာသည် သား သမီး၊

၂ ဤလောက၌ လွန်မြောက်သော အဆွေခင်ပွန်းသည် မယား၊

**၃** မြေ၌ မှီကုန်သောသတ္တဝါတို့သည် ရွာချသောမိုးကို မှီ၍ အသက်မွေးကုန်၏။

၅၅။ ဝေရဉ္စပုဏ္ဏား၏ ဘုရားအပေါ် အဆိုဝါဒထင်ချက် ၈ချက် / ဆဲရေးခြင်း ၈မျိုး ကို ဘုရားရှင် ဖြေဆိုဟောကြားချက် ၈ပါး (ဝေရဉ္စပုဏ္ဏားအကြောင်းပြဆိုရာအခဏ်း၊ ပါရာဇိကဏ်ပါဠိတော်၊ ခု၊ ဝိ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင်သည် ရဟန်း ၅၀၀ဖြင့် ဝေရဉ္စာပြည် နဠေရုဘီလူး သိမ်းဆည်းသော တမာပင်ကြီးအနီး၌ နေစဉ် ဝေရဉ္စာပုဏ္ဏားလာ၍ ပုဏ္ဏားအိုတို့ကို ဘုရားရှင်သည် ရှိမခိုး၊ ခရီးဦးမကြို၊ နေရာဖြင့် မဖိတ်ခြင်းသည် မသင့်လျော်ဟုပြောရာ ဘုရားရှင်က တဦးမျှမမြင်ကြောင်း မိန့်သည်။ ဆက်၍ ပုဏ္ဏားပြောဆိုချက်တို့ကို ဘုရားရှင် ဖြေဆိုဟောကြားတော်မူ၏။

အရှင်ဂေါတမသည် -

၁ အရသာကင်းသောသဘော ရှိ၏ = အာရုံ ၅ပါးကို ပယ်ပြီးဖြစ်၍ (ဆိုမည်ဆိုက ဆိုထိုက်၏)၊

၂ သုံးဆောင်ခြင်းမရှိ = အာရုံ ၅ပါး သုံးဆောင်ခြင်းကို ပယ်ပြီးဖြစ်၍ (...)၊

၃ မပြုထိုက်ဟူသော အယူ- အကိရိယဝါဒရှိ၏ = စရိုက် ၃ပါးကို မပြုထိုက်ဟု ဟောသည်ဖြစ်၍ (...)၊

၄ ဖြတ်အပ်၏ဟူသောအယူ ဥစ္ဆေဒဝါဒရှိ၏ = ရာဂ၊ ဒေါသ၊ မောဟနှင့် များပြားသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ဖြတ်အပ်၏ဟု ဟော၍ (...)၊

၅ စက်ဆုပ်ခြင်းသဘော ရှိ၏ = ဒုစရိုက် ၃ပါးနှင့် အကုသိုလ်တရားတို့ကို စက်ဆုပ်တော်မူ၍ (...)၊

၆ ဖျက်ဆီးတတ်၏ = ရာဂ၊ ဒေါသ၊ မောဟနှင့် အကုသိုလ်တရားတို့ကို ဖျက်ဆီး၍ (...)၊

၇ ပူပန်စေတတ်သော သဘောရှိ၏ = ဒုစရိုက် ၃ပါးနှင့် အကုသိုလ်တို့ကို ပယ်ပြီးဖြစ်၏။ ထိုတရားတို့သည် ပူပန်စေတတ်သော တရားများဖြစ်ရာ ပယ်ပြီးသူသည် နောင်ဖြစ်ခြင်းသဘော မရှိသဖြင့် ပူပန်စေတတ်သော အကျင့်ရှိသူဖြစ်၏။

**၈** နတ်ပြည်ရောက်ခြင်းငှါ မထိုက် = ပဋိသန္ဓေနေခြင်းကို ပယ်ပြီး၍ နတ်ပြည်ရောက်ခြင်း၊ ဖြစ်ခြင်း မထိုက်၊ မရှိတော့ပေ။

၅၆။ **သိရိမာ ပြည့်တန်ဆာမ**သည် သမားတော်ကြီး ဇီဝက၏နှမဖြစ်ပြီး နန္ဒမာတာဥတ္တရာ သူဋ္ဌေးကတော်သည် ဘုရားရှင်အမှူးပြုသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးလိုရကား သိရိမာကို သူမ၏အဖေက သူမပြောပြသဖြင့် သူမကိုပေးသော အခငွေကြေးဖြင့် သူဋ္ဌေးအား သူမကိုယ်စား လုပ်ကျွေးစေခိုက် ဘုရားရှင်နှင့် သံဃာတော်များအား ဆက်ကပ်လှူဒါန်းရန် ဆွမ်းဘောဇဉ်များ အလုပ်သမား၊ ကျေးကျွန်များနှင့် သူမဦးစီး၍ ပြင်ဆင်ချက်ပြုတ်နေစဉ် ကျိုက်ကျိုက်ဆူနေသော ထောပတ်ဆီဖြင့် သိရိမာက သူမကို လောင်းသည့်အမှုကို ဘုရားရှင်အား သည်းခံစေရန် ကန်တော့ပါကြောင်း ကန်တော့စေရာ ဘုရားရှင်ဟောကြားသော **အောင်နိုင်ကြောင်း ၄ပါး** တရားတော် (ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

> "အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
> ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေန အလိကဝါဒိနံ။"

၁ ကောဓံ- အမျက်ထွက်သူကို၊ အက္ကောဓေန- မေတ္တာဖြင့်၊ ဇိနေ- အနိုင်ယူရာ၏။

၂ အသာဓုံ- သူတော်မဟုတ်သူကို၊ သာဓုနာ- သူတော်နလုံးဖြင့်၊ ဇိနေ- အနိုင်ယူရာ၏။

၃ ကဒရိယံ- မလှူလိုသော မစ္ဆရိယသမားကို၊ ဒါနေန- လှူဒါန်းသဖြင့်၊ ဇိနေ- အနိုင်ယူရာ၏။

၄ အလိကဝါဒိနံ- မမှန်စကားပြောသူကို၊ သစ္စေန- အမှန်စကား ပြောကြားသဖြင့်၊ ဇိနေ- အောင်နိုင်ရာ၏။

သိရိမာသည် သောတာပတ္တိဖိုလ်၌ တည်၏။

၅၇။ သီဟစစ်သူကြီး သောတာပန်တည်သော တရားတော် - အမေး ၈ချက် (သီဟသုတ်၊ မဟာဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သီဟစစ်သူကြီးဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ခု၊ ဝိ)

ဘုရားရှင် ဝေသာလီပြည် ပြာသာဒ်ဆောင်ပေါက်သောကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် သီဟစစ်သူကြီး မေးမြန်း၍ ဤသုတ်တော်ကို ဖြေကြားဟောတော်မူ၏။

ရဟန်းဂေါတမသည် ၁ မပြုထိုက်ဟူသော အကိရိယဝါဒရှိ၏ - ဒုစရိုက် ၃ပါးကို မပြုထိုက်ဟု ဟောသဖြင့် ငါသည် အကိရိယာဝါဒရှိ၏ဟု (ပြောဆိုလိုမူ ပြောဆိုနိုင်ရာ၏)၊

၂ ပြုထိုက်ဟူသော ကိရိယဝါဒ - သုစရိုက် ၃ပါးကို ပြုတိုက်၏ဟုဟောသဖြင့် (...)၊

၃ ဖြတ်အပ်၏ဟူသော ဥစ္ဆေဒဝါဒ - ရာဂ၊ ဒေါသ၊ မောဟကို ဖြတ်အပ်၏ဟုဟောသဖြင့် (...)၊

၄ စက်ဆုပ်ခြင်း သဘော - ဒုစရိုက် ၃ပါးကို စက်ဆုပ်ထိုက်၏ဟုဟောသဖြင့် (...)၊

၅ ဖျက်ဆီးတတ်၏ - ရာဂ၊ ဒေါသ၊ မောဟကို ဖျက်ဆီးရန်ဟောသဖြင့် (...)၊

၆ ပူပန်စေတတ်သောသဘော - ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ပြီးသူသည် ဒုစရိုက် ၃ပါးကို ပူပန်စေတတ်သူဟု ဟောသဖြင့် (...)၊

၇ ပဋိသန္ဓေနေခြင်းမှ ကင်း၏ - ဘဝသစ်ဖြစ်ခြင်း၊ အဝိဇ္ဇာ တဏှာတို့ကို အကြွင်းမဲ့ဖြတ်ပြီးပြီ၊ တပည့်သားတို့ကိုလည်း ဆုံးမ၏၊

၈ သက်သာရာကို ရှာ၏ - မင်ဖိုလ်ဟူသော သက်သာခြင်းဖြင့် သက်သာ ရာရှာ၏။

သီဟစစ်သူကြီးက ဉပါသကာမှတ်ယူပါရန် လျှောက်ထားရာ ဘုရားရှင်က စူးစမ်းဆင်ခြင်၍ ပြုရန်နှင့် နိဂဏ္ဌာတိတ္ထိတို့၏ တပည့်ဖြစ်သဖြင့် နိဂဏ္ဌာတို့အား ဆွမ်းလှူရမည်ကို အောက်မေ့လော့ဟု မိန့်၏။ တရားဆက်၍ ဟောသောအခါ စစ်သူကြီး သောတာပန်အရိယာ ဖြစ်၏။

<u>၅၈။ သူဌေးသားဘဝမှ</u> အတောင် ၆၀ရှိ ဝါးလုံးထိပ်၌ကသော ကချေသည်မလေးကို နှစ်ခြိုက်၍ ယူရာမှ <u>ကချေသည်ဖြစ်လာသော</u> **ဥဂ္ဂသေနသူဌေးသား**အား အတောင် ၆၀ရှိဝါးလုံးထိပ်၌ ကပြနေရာမှ ရဟန္တာဖြစ်စေသော ဘုရားရှင်၏ဓမ္မဒေသနာ (ဥဂ္ဂသေနဝတ္ထု၊ တဏှာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

"မုဉ္စ ပုရေ မုဉ္စပစ္ဆတော၊ မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ၊ သဗ္ဗတ္ထ ဝိမုတ္တ မာနသော၊ န ပုနံ ဇာတိဇရံ ဥပေဟိတိ။"

လွန်လေပြီးသောခန္ဓာ၌ တဏှာကိုစွန့်လော့၊ နောင်ဖြစ်ပေါ်မည့်ခန္ဓာ၌ အလယ်၌ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌ တဏှာကို စွန့်လော့၊ အလုံးစုံ အတိတ်ပစ္စုပ္ပန် အနာဂတ်ခန္ဓာ၌ တဏှာမှ လွတ်သော စိတ်ရှိလျက် ဘဝ ၃ပါး၏အဆုံးသို့ ရောက်သည်ဖြစ်၍ တဖန် အိုခြင်း နာခြင်းသို့ မကပ်လင့်။

<u>၅၉။</u> **သူတပါးအပြစ်ကို မကြည့်ရာ။** (ပါဝေယျအာဇီဝကဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

<u>အကျဉ်းဝတ္ထု</u>။ သာဝတ္ထိပြည် တက္ကတွန်းကိုးကွယ်သူ သူကြွယ်မတဦး ဘုရားရှင်နှင့် တရားတော်များ အကြောင်းကြား၍ ဇေတဝန်ကျောင်းသွားလိုသည်ကို ပါဝေယျကတက္ကတွန်းက တား၊ သားကို ဘုရားရှင်အား ဆွမ်းစား ပင့်စေ၊ သားက တက္ကတွန်းဆီ အရင်သွားပြော၊ မသွားရန်နှင့် ချက်ထားသည်ကို တို့ယောက်စားမည်ဟု ပြော၊ အမိခိုင်းသဖြင့် မသွားမဖြစ် ဆို၊ လိပ်စာမပြောနှင့်ဟု ပြော၊ သို့သော် ဘုရားရှင် သူကြွယ်မအိမ်သို့ ကြွလာ၊ ပါဝေယျကက စောစောရောက်လာ၊ တိုက်ခန်းတွင်း နေ၊ ဘုရားရှင် ဆွမ်းဘုဉ်း ပေးပြီး တရားဟော၊ သူကြွယ်မ သာခု ၃ကြိမ်ခေါ် ပါဝေယျက စိတ်ဆိုး၊ ဆဲ၊ ဆွမ်းမစားပဲပြန်၊ ဘုရားရှင် အားလျှောက်ရာ အောက်ပါဂါထာကို ဟော၊ သောတာပန်ဖြစ်။

"န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ၊ အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။"

<u>ဂါထာ မြန်မာပြန်</u>။ သူတပါးတို့၏ မလျော်သော အပြစ် အနာအဆာတို့ကို မကြည့်ရှုရာ၊ ကောင်းမှု မကောင်းမှု ပြု မပြုကို မကြည့်ရှုရာ၊ မိမိ၏ ကောင်းမှု မကောင်းမှု ပြု မပြုကိုသာလျှင် ကြည့်ရှုရာ၏။

၆၀။ **အစိန္တေယျ** - မကြံစည်အပ်သော အရာ **၄ပါး** (အစိန္တေယျသုတ်၊ အပဏ္ဏကဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သုတ်သီလက္ခန် ဋ္ဌ။ ခဒိရရေဝတတ္ထေရဝတ္ထု၊ အရဟန္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မိဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

၁ ဗုဒ္ဓဝိသယဟူသော ဘုရားအရာ၊

၂ ဈာနဝိသယဟူသော တန်ခိုးအရာ / ဈာနဝိသယဟူသော ဈာန်တန်ခိုး အရာ၊

၃ လောကဝိသယဟူသော လောကအရာ၊

၄ ကမ္မဝိသယဟူသော သတ္တဝါတို့၏ ကံအရာတို့သည် မကြံမစည်အပ်၊ ထိုအကြံမစည်အပ်သည် တို့ကို ကြံစည်သောသူတို့သည် ရူးသွပ်ခြင်း၏အဖို့ရှိသည်သာ ဖြစ်၏။

၆၁။ အတွင်းရှုပ် အပြင်ရှုပ်၊ ကိုယ်တွင်းရှုပ် ကိုယ်ပရှုပ်သည့် တဏှာကို ဖြေရှင်းနည်း။

(ဝိသုဒ္ဓိ- စင်ကြယ်မြင့်မြတ်မှု - အနက်မှ - **“ဝိသုဒ္ဓိမဂ်” အဋ္ဌကထာကျမ်းစာအုပ်** ဟူ၍ သာသနာတော်၌ ထင်ရှားလှပြီး ......) - တွင် ကြည့်ပါ။

၆၂။ အနည်းငယ်သော မကောင်းမှုကံသည် အချို့ပြုသူကို ငရဲသို့ဆောင်၍ အချို့ကို အနည်းငယ်မျှသော အကျိုးပင် မထင်၊ **ဆားကို ရေခွက်ထဲ/ဂင်္ဂါမြစ်ထဲ ထည့်ခြင်းတရား** (လောဏကပလ္လသုတ်၊ လောဏကပလ္လဝဂ်၊ တိက နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

“ဤသတ္တဝါသည် ကံကိုပြုသော အခြင်းအရာအားဖြင့် ထိုကံ၏အကျိုးကို ခံစားရ၏။” ဟု ဆိုသည့် အတိုင်းဖြစ်သော် မြတ်သောအကျင့်ကို ကျင့်သုံးရန် မဖြစ်တော့၊ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုရန် အခွင့် မရှိတော့။

“ဤသတ္တဝါသည် ခံစားအပ်သောကံကိုပြုသော အခြင်းအရာအားဖြင့် ထိုကံ၏အကျိုးကို ခံစားရ၏။” ဟု ဆိုသည့်အတိုင်း ဖြစ်လတ်သော် မြတ်သောအကျင့်ကို ကျင့်သုံးမှု ဖြစ်နိုင်၏၊ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုရန် အခွင့် ရှိနိုင်၏။

အနည်းငယ်သော မကောင်းမှုကံသည် အချို့ပြုသူကို ငရဲသို့ဆောင်၍ အချို့ပြုသူကို မျက်မှောက် ဘဝ၌ ခံစားအပ်သော ထိုမကောင်းမှုကံသည် ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးပင် မထင်။

ကာယဘာဝနာကို မပွားသူ၊ သီလကို မပွားများသူ၊ စိတ် (သမာဓိ) ကိုလည်း မပွားသူ၊ ပညာကိုလည်း မပွားသူသည် ဂုဏ်ငယ်၏။ အနည်းငယ်မျှသော မကောင်းမှုကံသည် ထိုသူကို ငရဲသို့ ဆောင်၏။

ကာယဘာဝနာကို ပွားသူ၊ သီလကို ပွားများသူ၊ စိတ် (သမာဓိ) ကိုလည်း ပွားသူ၊ ပညာကိုလည်း ပွားသူသည် ဂုဏ်ကြီး၏။ ထိုသူကို မျက်မှောက်ဘဝ၌ ခံစားအပ်သော အနည်းငယ်သော မကောင်းမှုကံသည် လည်း ဒုတိယဘဝ၌ အနည်းငယ်မျှသော အကျိုးပင် မထင်။

ဥပမာ ၃ ခု - ပထမဥပမာ။ **ဆားကို ရေအနည်းငယ်ရှိသောခွက်**ထဲသို့ ထည့်က မသောက်နိုင်သော ဆားငံရေ ဖြစ်၏။ ဂင်္ဂါမြစ်၌ထည့်သော် မဖြစ်ကဲ့သို့ပင်တည်း။

ဒုတိယဥပမာ။ **ဆင်းရဲသူ ဥစ္စာနည်းပါးသူ**သည် အသပြာဝက်ဖြင့်သော်ငင်း၊ တသပြာဖြင့်သော်ငင်း၊ အသပြာတရာဖြင့်သော်ငင်း အချုပ်အနှောင်ခံရ၊ ကြွယ်ဝချမ်းသာသူမူကား မခံရသကဲ့သို့ပင်တည်း။

တတိယဥပမာ။ **ဆိတ်ပိုင်ရှင်**သည် ဆင်းရဲသော ဆိတ်ခိုးသူကို သတ်ရန်၊ ချုပ်ရန်၊ ဥစ္စာဆုံးရှုံးရန် စွမ်းနိုင်၏၊ ကြွယ်ဝချမ်းသာသောသူကိုမူကား ထိုသို့ပြုရန် မစွမ်းနိုင်သကဲ့သို့ပင်တည်း။

၆၃။ **အဖန်တလဲလဲ** တရားတော် - ၅ချက် (ဥဒယသုတ်၊ ဥပါသကဝဂ်၊ ဗြဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဥဒယပုဏ္ဏားအိမ်သို့ ဆွမ်းခံ ၃ကြိမ်ကြွ၊ ထိုအခါ ပုဏ္ဏားက ဘုရားရှင်ကို "အရသာ၌ ထပ်မက်မောသည်ဖြစ်၍ အဖန်တလဲလဲလာ၏။" ဟုပြော၊ ဘုရားရှင်ဟော-

၁ မျိုးစေ့ကို အဖန်တလဲလဲ စိုက်ပျိုး၏၊ မိုးမင်း အဖန်တလဲလဲ ရွာ၏၊ လယ်ထွန်ယောက်ျားတို့ အဖန်တလဲလဲ လယ်ထွန်၏၊ တိုင်းနိုင်ငံသူတို့ အဖန်တလဲလဲ စပါးအလို့ငှါ ကပ်ရောက်၏။

၂ ဖုန်းတောင်း ယာစကာတို့ အဖန်တလဲလဲ တောင်း၏၊ အလှူရှင်တို့ အဖန်တလဲလဲ ပေးလှူ၏၊ အလှူရှင်တို့ အဖန်တလဲလဲလှူ၍ အဖန်တလဲလဲ နတ်ပြည်သို့ရောက်၏။

၃ နို့ညှစ်သမားတို့ အဖန်တလဲလဲ နို့ညှစ်၏၊ နွားငယ်သည် အဖန်တလဲလဲ အမိနွားမသို့ ကပ်၏၊ အဖန်တလဲလဲ ပင်ပန်း၏၊ တုန်လည်း တုန်လှုပ်၏။

၄ ပညာနုံ့သူသည် အဖန်တလဲလဲ အမိဝမ်းသို့ ရောက်ရ၏၊ အဖန်တလဲလဲ ပဋိသန္ဓေနေရ၏၊ အဖန်တလဲလဲ သေရ၏၊ အဖန်တလဲလဲ သင်္ချိုင်းသို့ ဆောင်ကုန်၏။

၅ ပညာကြီးသူသည် အဖန်တလဲလဲ မဖြစ်ခြင်း၏အကြောင်း နိဗ္ဗာန်ကိုရ၍ အဖန်တလဲလဲ ပဋိသန္ဓေ မနေရ၊ ပုဏ္ဏားက အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟု မှတ်တော်မူပါဟု လျှောက်၏။

၆၄။ အမိနှင့်သား အချင်းချင်း မကာကွယ်နိုင်သော 'အမာတာပုတ္တိ' ဘေး ၃မျိုး (ဘယသုတ်၊ မဟာဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အကြားအမြင်မရှိသော ပုထုဇဉ်တို့က [၁]မီးလောင်သောဘေး၊ [၂]ရေကြီးသောဘေး၊ [၃]တောပုန်းသောင်းကျန်းသူဘေးတို့ကို အမိနှင့်သားတို့ အချင်းချင်း မကာကွယ်နိုင်သောဘေး ၃ပါးဟု ဆို၏။ အမှန်စင်စစ်မူကား အမိနှင့်သားတို့ ကွဲကွာသွားရာမှ ပြန်လည်တွေ့၍ အချင်းချင်း ကာကွယ်နိုင်ရာသေး၏။

မကာကွယ်နိုင်သောဘေးတို့ကား ၁ အိုဘေး၊ ၂ နာဘေး၊ ၃ သေဘေးတို့တည်း။ အမိကလည်း သားကို သားကလည်း အမိကို မအို၊ မနာ၊ မသေပါစေလင့်ဟု အိုသော၊ နာသော၊ သေသော အမိကို၊ သားကို

မကာကွယ်နိုင်ကြ။

အမိနှင့်သားတို့ အချင်းချင်း မကာကွယ်နိုင်သော ဘေး ၃မျိုးတိုင်၊ ကာကွယ်နိုင်သော ဘေး ၃မျိုးကိုင်း ပယ်ရန် လွတ်မြောက်ရန် လမ်းစဉ်အကျင့်သည် မဂ္ဂင် ၈ပါး အရိယာအကျင့်ပင်တည်း။

၆၅။ **အမိအဖတို့ကိုသတ်၍ ဆင်းရဲမရှိသူ**

(အမိအဖ - အနက်မှ - အမိအဖတို့ကိုသတ်၍ ဆင်းရဲမရှိသူ) ကို ကြည့်ပါ။

၆၆။ အမြဲမပြတ် ဆင်ခြင်အပ်သော အကြောင်း ၅မျိုး (ဌာနသုတ်၊ နီဝရဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

**အဘိဏှသုတ်တော်**နှင့် တူ၏။

[၁]မိန်းမဖြစ်စေ၊ [၂]ယောကျ်ားဖြစ်စေ၊ [၃]လူဖြစ်စေ၊ [၄]ရဟန်းဖြစ်စေ၊ အမြဲဆင်ခြင်အပ်သော အကြောင်းများ ဖြစ်၏။

၁ ငါသည် အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ၊

၂ ငါသည် နာခြင်းသဘောရှိ၏၊ နာခြင်းသဘောကို မလွန်ဆန်နိုင်ချေ၊

၃ ငါသည် သေခြင်းသဘောရှိ၏၊ သေခြင်းသဘောကို မလွန်နိုင်ဆန်နိုင်ချေ၊

၄ ငါသည် ငါ၏ချစ်မြတ်နိုးအပ်သော အရာအားလုံးတို့နှင့် ရှင်ကွဲကွဲရခြင်း၊ သေကွဲကွဲရခြင်းသည် ဖြစ်ချေမည်၊

**၅** ငါသည် [၁]ကံသာလျှင် မိမိဥစ္စာရှိ၏၊ [၂]ကံ၏ အမွေခံဖြစ်၏၊ [၃]ကံသာလျှင် အကြောင်းရှိ၏၊ [၄]ကံသာလျှင် အဆွေအမျိုး ရှိ၏၊ [၅]ကံသာလျှင် ကိုးကွယ်မှီခိုရာရှိ၏၊ [၆]ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ငါပြုမိသောကံ၏ အမွေခံသာ ဖြစ်ရပေမည်။

၆၇။ အယူဝါဒများပယ်ကြောင်း ၁၀ချက် (**ကေသမုတ္တိသုတ်**၊ မဟာဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) **"ကာလာမသုတ်"** ဟုလည်း အသိများသည်။

ဘုရားရှင်နှင့် သံဃာတော်များ၊ ကောသလတိုင်း ကာလာမမင်းတို့၏နေရာ ကေသမုတ္တိနိဂုံးသို့ ရောက်၊ တရားဟောသူတို့၏ အယူဝါဒအမျိုးမျိုးကို ယုံကြည်လိုက်နာခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားကြရာ မြတ်စွာဘုရားက ရှင်းလင်းဟောကြား။

အယူဝါဒများ ပယ်ကြောင်း၁၀ပါး။ ၁ ပြောသံကြားကာမျှဖြင့် ဟုတ်ပြီမှန်ပြီဟု အတည်မယူလင့်၊ ၂ အစဉ်အဆက်စကားဖြင့်- ၃ ဤသို့ဖြစ်ဖူးသတတ် ဟူသောစကားဖြင့်- ၄ ပိဋကတ်စာပေနှင့် ညီညွတ်ပေသည်ဟု ယူခြင်းဖြင့်- ၅ ကြံဆတွေးတော၍ယူခြင်းဖြင့် ဟုတ်ပြီမှန်ပြီဟု အတည်မယူလင့်၊ ၆ နည်းမှီး ယူခြင်းဖြင့်- ၇ အခြင်းအရာကို ကြံစည်သောအားဖြင့်- ၈ ငါတို့ကြံစည်နှစ်သက်၍ ယူထားသောအယူနှင့် တူညီသည်ဟုယူခြင်း ဖြင့်- ၉ မှတ်ယူထိုက်သော သဘောမျှဖြင့်- ၁၀ ငါတို့လေးစားထိုက်သော ရဟန်း၏

စကားမျှဖြင့် ဟုတ်ပြီမှန်ပြီ ဟု အတည်မယူလင့်။

ဤကားအကုသိုလ်၊ အပြစ်ရှိသောတရား၊ ပညာရှိတို့ကဲ့ရဲ့အပ် အစီးအပွားမရှိ ဆင်းရဲခြင်းငှါဖြစ်၏ဟု မိမိတို့ကိုယ်တိုင် သိသောအခါ၌ ပယ်စွန့်ရာ၏။

၆၈။ အလုံးစုံ ပြောင်ပြောင် တောက်လောင်၏။ (**အာဒိတ္တသုတ်**၊ သဠာယတနဝဂ်၊ သဠာယတနသံယုတ်၊ သဠာ ယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် ဥရုဝေလကဿပအမှူးပြုသော ရဟန်းတထောင်နှင့် ဂယာရွာအနီးရှိ ဂယာသီသ အရပ်၌ သီတင်းသုံးတော်မူနေစဉ် ဤတရားတော်ကို ဟောတော်မူ၏။

ရဟန်းတို့ အလုံးစုံ ပြောင်ပြောင် တောက်လောင်၏။ ၁ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် - အတွင်း အာယာတန ၆ပါး) သည် ပြောင်ပြောင် တောက်လောင်၏။

၂ အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရား - အပြင် အာယာတန ၆ပါး) တို့သည် ပြောင်ပြောင် တောက်လောင်၏။

၃ စက္ခုဝိညာဏ် (သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် - ဝိညာဏ် ၆ပါး) သည် ပြောင်ပြောင် တောက်လောင်၏။

၄ စက္ခုသမ္ဖဿ (သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ - ဖဿ ၆ပါး) သည် ပြောင်ပြောင် တောက်လောင်၏။

၅ ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာ - ဝေဒနာ ၃ပါး သည်လည်း ပြောင်ပြောင် တောက်လောင်၏။

အဘယ်ဖြင့် ပြောင်ပြောင်တောက်လောင်သနည်း?။ အထက်ပါ မျက်စိအစရှိသော ၅စုသော တရားတို့မှ တရားတခု တခုစီသည် ၁ စွဲမက်မှု- ရာဂ၊ ၂ အမျက်ထွက်မှု- ဒေါသ၊ ၃ တွေဝေမှု- မောဟ၊ ၄ ဇာတိ၊ ၅ ဇရာ၊ ၆ မရဏ၊ ၇ စိုးရိမ်မှု- သောက၊ ၈ ပရိဒေဝ- ငိုကြွေးမှု၊ ၉ ဒုက္ခ- ကိုယ်ဆင်းရဲမှု၊ ၁၀ ဒေါမနဿ- စိတ်ဆင်းရဲမှု၊ **၁၁** ဥပါယာသ- ပြင်းစွာပင်ပန်းမှုတို့ဖြင့် ပြောင်ပြောင် တောက်လောင်၏ဟု ငါဆို၏။

ဤသို့ရှုသော အရိယာတပည့်သည် အထက်ပါ မျက်စိအစရှိသော ၅စုသောတရားတို့မှ တရားတခု တခုစီ၌ ငြီးငွေ့၏။ တိုငြီးငွေ့မှု (နိဗ္ဗိဒါညာဏ်) မှသည် မဂ်ဉာဏ်ရသည်တိုင်အောင် တရားတော် (လမ်းပြ ပေးသူ တရား ၉ ချက် - တွင် ကြည့်ပါ။) ကို ဘုရားရှင် ဟောကြားတော်မူ၏။ ထိုဒေသနာတော်ကို ဟောကြား တော်မူနေဆဲမှာပင် တိုရဟန်းတထောင်တို့၏ စိတ်တို့သည် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်ကြလေကုန်ပြီ။

၆၉။ အာဠာဝကဘီလူး မေး၍ ဘုရားရှင် ဖြေကြားချေချွတ်တော်မူသော တရားတော် ၁၃ ချက် (အာဠာဝကသုတ်၊ ယက္ခသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ အာဠာဝကသုတ်၊ ဥရဂဝဂ်၊ သုတ္တနိပါတပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) - အကျဉ်းသာ။

ဘုရားရှင်အား အာဠာဝကဘီလူးသည် အာဠဝီပြည်ရှိ သူ၏ဗိမာန်မှ ၃ကြိမ်တိုင် ဝင်ချည်ထွက်ချည် ပြုခိုင်းပြီးနောက် ၄ကြိမ်မြောက် ထွက်လော့ဟု ဆိုသောအခါ ဘုရားရှင်က မထွက်တော့ပဲ ပြုဖွယ်ကိစ္စရှိက သင်ပြုချေလော့ဟု မိန့်၏။ အာဠာဝက ဘီလူးက ပြဿနာမေးမည်၊ မဖြေနိုင်က စိတ်ကိုလည်း ပျံ့လွင့်စေအံ့၊ နှလုံးကိုသော်လည်း ခွဲအံ့၊ သင့်ခြေတို့ကို ကိုင်၍ ဂင်္ဂါမြစ် တဖက်ကမ်းသို့လည်း ပစ်အံ့ဟုဆို၏။ ဘုရားရှင်က ဗြဟ္မာနှင့်တကွ နတ်လောကနှင့် လူလောကတို့တွင် သင်ဆိုသည့်အတိုင်း ငါ့ကိုပြုနိုင်သူကို စင်စစ် ငါမမြင်၊ သင်အလိုရှိက မေးလော့ဟု မိန့်၏။

| အမေး | အဖြေ |
|---|---|
| ၁ ဤလောက၌ မြတ်သောဥစ္စာ၊ | ၁ သဒ္ဓါ- ယုံကြည်မှုတရား၊ |
| ၂ ချမ်းသာကိုဆောင်သော လေ့ကျက်အပ်သောတရား၊ | ၂ ၁၀ပါးသော ကုသိုလ်ကမ္မပထတရား၊ |
| ၃ အမြတ်ဆုံး အရသာ၊ | ၃ နိဗ္ဗာန်ဟူသော ပရမတ္ထသစ္စာနှင့် ဝစီသစ္စာ၊ |
| ၄ မြတ်သော အသက်မွေးခြင်း၊ | ၄ ပညာဖြင့် အသက်မွေးခြင်း၊ |
| ၅ သံသရာအလျင် ဩဃကို ကူးမြောက်သောတရား၊ | ၅ သဒ္ဓါယုံကြည်မှုတရားဖြင့်၊ |
| ၆ သံသရာသမုဒ္ဒရာကို ကူးမြောက်သောတရား၊ | ၆ အပ္ပမာဒ- မမေ့မလျော့သောတရားဖြင့်၊ |
| ၇ ကာမဂုဏ်ဆင်းရဲကို လွန်မြောက်သောတရား၊ | ၇ ဝီရိယ- အားထုတ်မှုဖြင့်၊ |
| ၈ စင်ကြယ်စေသောတရား၊ | ၈ ပညာဖြင့်၊ |
| ၉ မည်သူ ပညာရ၊ | ၉ မမေ့မလျော့သော ပညာရှိသောသူသည် နိဗ္ဗာန်သို့ရောက်ခြင်းငှါ ရဟန္တာ၏တရားကို ယုံကြည်စွာ နာသူ၊ |
| ၁၀ မည်သူ ဥစ္စာရ၊ | ၁၀ လျောက်ပတ်သောအမှုကိုပြုသော ဝီရိယဟူသောဝန်ရှိသော ထကြွလုံ့လရှိသူ၊ |
| ၁၁ အဘယ်တရားဖြင့် ကျော်စောခြင်းသို့ရောက်၊ | ၁၁ မှန်သောစကားဖြင့်၊ |
| ၁၂ အဘယ်သူ အဆွေခင်ပွန်းရ၊ | ၁၂ ပေးကမ်းသောသူ၊ |
| **၁၃** ဤလောကမှ တမလွန်လောကသို့ ရောက်၍ | **၁၃** သဒ္ဓါတရားရှိသော အိမ်ရာထောင်သူ |

မစိုးရိမ်ရသူ၊ သည် ၁ သဗ္ဗာ- မှန်ကန်မှု၊ ၂ ဒမ္မ- ဆင်ခြင်တုံ ပညာတရား၊ ၃ ဓိတိ- အားထုတ်မှု၄ စာဂ- စွန့်ကြဲမှုရှိသူ။

အထက်ပါ (၅ ၆ ၇ ၈) ၏ ဂါထာ။

"သဒ္ဓါယ တရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။ ဝီရိယေန ဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။"

သဒ္ဓါသည် သောတာပတ္တိယင်္ဂ- သောတာပန်ဖြစ်ကြောင်းတရား ၄ပါး ၏ အခြေခံမူလတရား ဖြစ်၏။

သဒ္ဓါတရား ဖြင့် ဒိဋ္ဌောဃကို ကူးမြောက်၍ သောတာပန်ဖြစ်၏။

အပ္ပမာဒ / သတိတရားဖြင့် ဘဝေါဃကို ကူးမြောက်၍ သကဒါဂါမ်ဖြစ်၏။

ဝီရိယဖြင့် ကာမောဃကို ကူးမြောက်၍ အနာဂါမ်ဖြစ်၏။

ပညာဖြင့် အဝိဇ္ဇောဃကို ကူးမြောက်၍ ရဟန္တာဖြစ်၏။

<u>၇၀။ အင်ကြင်းတောကို တင့်တယ်စေသော ရဟန်း ၇မျိုး</u> (မဟာဂေါသိင်္ဂသုတ်၊ မဟာယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဂေါသိင်္ဂအင်ကြင်းတောဌ် သာဝကကြီး ၆ပါး အမွှးပြုသော ရဟန်းတော်များနှင့် သီတင်းသုံးနေတော်မူစဉ် အင်ကြင်းပင်တို့သည် ပင်လုံးကျွတ် ပွင့်နေကြရကား နတ်ဌ်ဖြစ်သောရနံ့လည်း တတောလုံးလှိုင်နေ၏။ ထိုအခါ အရှင်သာရပုတ္တရာက အရှင်အာနန္ဒာကို စတင်၍ အဘယ်ကဲ့သို့သော ရဟန်းဖြင့် ဤအင်ကြင်းတောသည် တင့်တယ်ရာနိုင်သနည်းဟု မေးတော်မူ၏။

၁ အရှင်အာနန္ဒာ - များသောအကြားအမြင်ရှိသော ရဟန်းသည် နာထားသောတရားများကို နှုတ်တက် ဆောင်ထား၏။ ဉာဏ်အမြင်ဖြင့် ထိုးထွင်း၍လည်း သိထား၏။ ပရိသတ် ၄ပါးတို့အား အနုသယ-ကိန်းဝပ်မှုကို ပယ်ခွာခြင်းငှါ ဟောကြားသော ရဟန်းဖြင့် တင့်တယ်ရာနိုင်၏။

၂ အရှင်ရေဝတ - တပါးတည်းကိန်းအောင်းကာ ဈာန်ကိုပွား၍ ဝိပဿနာဉာဏ်နှင့် ပြည့်စုံသော ရဟန်းဖြင့် တင့်တယ်ရာနိုင်၏။

၃ အရှင်အနုရုဒ္ဓါ - လောကဓါတ်အထောင်ကို နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုအမြင်ရှိသော ရဟန်းဖြင့် တင့်တယ်ရာနိုင်၏။

၄ အရှင်မဟာကဿပ - အာရညကင် တောနေဓုတင်၊ ပိဏ္ဍပါတ် ဆွမ်းခံဓုတင်၊ ပံသုကူဓုတင်၊ သင်္ကန်း ၃ထည်ဆောင် တိစီဝရိတ်ဓုတင်၊ အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ မရောနှောခြင်း၊ သီလ၊ သမာဓိ၊ ပညာ၊ အရိယဖိုလ်၊ အရိယဖိုလ်ကိုဆင်ခြင်နိုင်သောဉာဏ်တို့ကို မိမိဌ်လည်း ပြည့်စုံစေပြီး ထိုပြည့်စုံခြင်း၏ ဂုဏ်တို့ကိုလည်း ပြောဆိုလေ့ရှိသော ရဟန်းဖြင့် တင့်တယ်ရာနိုင်၏။

၅ အရှင်မဟာမောဂ္ဂလ္လာန် - အဘိဓမ္မာစကားကို ပြောဆိုကြသောရဟန်း ၂ပါးတို့သည် အချင်းချင်း အမေးအဖြေ ပြဿနာများကို မေးဆိုဖြေကြားကြခြင်းဖြင့် တင့်တယ်ရာနိုင်၏။

၆ အရှင်သာရိပုတ္တရာ - မိမိစိတ်ကို စိတ်အလိုအတိုင်းမဖြစ်စေပဲ မိမိအလိုအတိုင်း ဖြစ်စေနိုင်သော၊ နံနက် မွန်းတည့် ညနေတို့တွင် မိမိအလိုရှိရာ သမာပတ်ကို ဝင်စားနိုင်သောရဟန်းဖြင့် တင့်တယ်ရာနိုင်၏။

၇ မြတ်စွာဘုရား - ဆွမ်းစားပြီး ထက်ဝက်ဖွဲ့ခွေ၍ ကိုယ်ကိုဖြောင့်စွာထားကာ ကမ္မဋ္ဌာန်းသို့ရှေးရှုသော သတိကို ဖြစ်စေလျက် "ငါ၏စိတ်သည် မစွဲလန်းမူ၍ အာသဝေါတရားတို့မှ မလွတ်မြောက်သေးသမျှ ဤထက်ဝက်ဖွဲ့ခွေနေခြင်းကို မဖျက်တော့အံ့။" ဟု အဓိဋ္ဌာန်၍ ထိုင်နေသောရဟန်းဖြင့် တင့်ထယ်ရာနိုင်၏ ဟု ဘုရားရှင်သည် သာဝကကြီးတို့အမေးကို ဖြည့်စွက်ဟောတော်မူ၏။

<u>၇၁။ အန္တရာယ်ကင်းကြောင်း နေ့စဉ်ပွားများရန် ကမ္မဋ္ဌာန်း ၆ပါး</u> (ဒါရုသကဋ္ဌပုတ္တဝတ္ထု၊ ပကိဏ္ဏကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ ဘုရားဂုဏ်တော်၊ ၂ တရားဂုဏ်တော်၊ ၃ သံဃာ့ဂုဏ်တော်၊ ၄ ကာယဂတာသတိ၊ ၅ ကရုဏာဘာဝနာ၊ **၆** မေတ္တာဘာဝနာတို့ကို ပွားများခြင်း။

<u>ဝတ္ထုအကျဉ်း</u>။ ရာဇဂြိုဟ်ပြည်၌ ဂုံညင်းကစားဖက်သူငယ်ချင်း ၂ဦးအနက် သမ္မာဒိဋ္ဌိအယူရှိသူ၏သားက "နမော ဗုဒ္ဓဿ" ကို အမြဲရွတ်၍ နိုင်၊ မိစ္ဆာအယူရှိသူ၏သားကလည်း အရကျက်ထား၊ တနေ့ ဖခင်နှင့်တောသို့ ထင်းခုတ် သွား၊ မြို့တံခါးအနီး နားစဉ် နွားများ အခြားနွားများနှင့်အတူ မြို့ထဲလိုက်သွား၊ ဖခင် မြို့ထဲလိုက်ရှာ၊ မိုးချုပ်ကာ မြို့တံခါးပိတ်၊ သားသည် တယောက်တည်း လှည်းအောက်၌အိပ်၊ ဘီလူး ၂ကောင်ရောက်လာရာ မိစ္ဆာဒိဋ္ဌိဘီလူးက သားကိုစားရန် ခြေကိုဆွဲရာ "နမော ဗုဒ္ဓဿ" ဟုရွတ်၊ အပြစ်ရှိကြောင်းသိ၍ တညလုံးစောင့်ရှောက်၊ မင်းနန်းတော်မှ စားတော်အုပ်ယူ၍ မိဘအသွင်ဖြင့်ကျွေး၊ စားတော်အုပ်အတွင်း၌ တန်ခိုးဖြင့် အကြောင်းစုံရေး၊ ဘုရင့်စားတော်အုပ်ပျောက်၍ရှာရာ သားအိပ်သောလှည်းပေါ်မှတွေ့၊ ဘုရင့်ထံပို့၊ မိဘများကို ခေါ်စစ်၊ မင်းကြီး စားတော်အုပ်အတွင်းမှစာတွေ့၊ သားအဖ ၃ဦးကို ဘုရားထံခေါ်၊ "နမော ဗုဒ္ဓဿ" ဟူသော ဗုဒ္ဓါနုဿတိသည် ဤသို့အန္တရာယ်ကို ကာကွယ်ပေးနိုင်ပါသလားဟု မင်းကြီးကမေး၊ ဘုရားရှင် အထက်ပါဒေသနာတော်ကိုဟောရာ သားအဖ၂ဦးလုံး သောတာပန်ဖြစ်ကြ၍ နောင်ရဟန်း ပြုကြကာ ရဟန္တာများဖြစ်ကြ။

<u>၂။ လူငယ်များကို ဟောသောတရား ၃ ပုဒ်</u>

<u>၁။ ငါးဖမ်းနေကြခြင်း</u> (ကုမာရကသုတ်၊ သောဏဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သံဃာတော်များနှင့် သာဝတ္ထိမြို့တွင်းဆွမ်းခံကြွရာ သာဝတ္ထိပြည်နှင့် ဇေတဝန်ကျောင်းတော် အကြား၌ များစွာသောလူငယ်တို့ ငါးဖမ်းနေကြ၊ ဘုရားရှင်မြင်သော် "သူငယ်တို့၊ သင်တို့သည် ဆင်းရဲကို မနှစ်သက်ကြမူ၍ ဆင်းရဲမှ ကြောက်ကြကုန်၏လော?" ကြောက်ကြပါကုန်၏ မြတ်စွာဘုရား။

"သင်တို့သည် ဆင်းရဲမှ ကြောက်ကြကုန်မူ၊ ဆင်းရဲကို မနှစ်သက်ကြကုန်မူ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ မကောင်းမှုကို မပြုကြကုန်လင့်။ သင်တို့သည် ယုတ်မာသော မကောင်းမှုကံကို ယခုလည်းပြု၊ နောင်လည်းပြုမည်ဖြစ်ကြမူ ဖဲရှောင်ထွက်ပြေးကုန်သော်လည်း သင်တို့အား ဆင်းရဲမှ လွတ်မြောက်မှု မရှိနိုင်။" ဟူသော ဥဒါန်းတော်ကို ကျူးရင့်တော်မူ၏။

၂။ မြွေရိုက်ကြခြင်း (သမ္မဟုလကုမာရဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဒဏ္ဍသုတ်၊ မုစလိန္ဒဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သံဃာတော်များနှင့် သာဝတ္ထိမြို့တွင်းဆွမ်းခံကြွ၊ တနေရာ၌ လူငယ်တစု မြွေတကောင်ကို တုတ်လုံးတို့ဖြင့် ရိုက်နေကြ၊ ဘုရားရှင်ကမေးရာ ကိုက်မှာကြောက်၍ ရိုက်ကြပါသည်ဟုဖြေကြ၊ ဘုရားရှင်က မိမိချမ်းသာခြင်းကို အလိုရှိ၍ ဤမြွေကိုပုတ်ခတ်သဖြင့် တိုသူသည် နောင်ဖြစ်ရာဘုံဘဝ၌ ချမ်းသာခြင်းကို မရနိုင်၊ မိမိ၏ ချမ်းသာခြင်းအတွက် သူတပါးကို မညှဉ်းဆဲပဲ မသတ်ပုတ်ရာဟု ဆုံးမ၍-

"အကြင်သူသည် မိမိ၏ချမ်းသာကို ရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ် လုံကန်ဖြင့် ညှဉ်းဆဲ၏၊ တိုသူသည် တမလွန်ဘဝ၌ ချမ်းသာကို မရနိုင်။

အကြင်သူသည် မိမိ၏ ချမ်းသာကိုရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ် လုံကန်ဖြင့် မညှဉ်းဆဲ၊ ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာကို ရနိုင်၏။" ဓမ္မပဒဒေသနာတော်ကို ဟောရာ လူငယ်တစု သောတာပန်တည်ကြ။

၃။ သူငယ်အား မေးသောပြဿနာ ၁၀ပါး (**ကုမာရပဉ္ဟာ**၊ ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ၇နှစ်အရွယ် အရှင်ရာဟုလာအား သင်ပေးသော ၊ ၇နှစ်အရွယ် အရှင်သောပါကအား မေးမြန်းသော ပြဿနာ ၁၀ပါးဖြစ်သည်။

၁ တခုသောတရားမည်သည် အဘယ်နည်း? - သတ္တဝါဟူသမျှသည် အကြောင်းအာဟာရလျှင် တည်ရာရှိ၊ ၂ ၂ ခုသောတရား - နာမ်နှင့် ရုပ်၊

၃ ၃ ခုသောတရား - ဝေဒနာ ၃ပါး၊

၄ ၄ခုသောတရား - အရိယာတို့၏ အမှန်တရား သစ္စာ ၄ပါး၊

၅ ၅ခုသောတရား - စွဲလမ်းမှု ဥပါဒါနက္ခန္ဓာ ၅ပါး၊

၆ ၆ခုသောတရား - အတွင်း အဇ္ဈတ္တိက အာယာတန ၆ပါး၊

၇ ၇ပါးသောတရား - ဗောဇ္ဈင် ၇ပါး၊

၈ ၈ပါးသောတရား - အင်္ဂါ ၈ပါးရှိသော အရိယာမဂ်၊

၉ ၉ပါးသော တရား - သတ္တဝါတို့၏ တည်နေရာ သတ္တာဝါသ ၉ပါး၊

၁၀ ၁၀ပါးသောတရား - အင်္ဂါ ၁၀ပါးနှင့်ပြည့်စုံသူကို ရဟန္တာ (ရဟန္တာ - အနက်မှ - ရဟန္တာ၏ ဥစ္စာ ၁၀ပါး - ကို ကြည့်ပါ။) ဟုခေါ်သည်။

၃။ သူနာ / လူနာများအား ဟောသောတရား ၃ ပုဒ်

၁။ ဖဂ္ဂုနသုတ် - ဖြချက် (မဟာဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အရှင်ဖဂ္ဂုန မကျန်းမာသဖြင့် အရှင်အာနန္ဒာက လျှောက်ထားရာ ဘုရားရှင်ကြွရောက်၍ တရားဟောကြားပြီးနောက် ပြန်ကြွပြီးမကြာမီ သေလွန်၊ ဣန္ဒြေများကြည်လင်ကြောင်း အရှင်အာနန္ဒာက ဘုရားရှင်အားလျှောက်ရာ ဤတရားတော်ကိုဟော။

"သင့်လျော်လျောက်ပတ်သောအခါ၌ တရားကိုနာခြင်းနှင့် သင့်လျော်လျောက်ပတ်သောအခါ၌ အကြောင်းအကျိုးကို ဆင်ခြင်ခြင်းတို့၌ အကျိုး ၆ပါးရှိ၏။

အောက်ပိုင်းသံယောဇဉ် ၅ပါးမှ မလွတ်သေးသော- အနာဂါမ်မဖြစ်သေးသော သူ / ရဟန်းအား ၁ ဘုရားရှင်ဟောကြားသော တရားတော်နှင့် အလုံးစုံပြည့်စုံသော အကျင့်မြတ်ကို ကြားနာရခြင်း၊ ၂ ဘုရားရှင့်သာဝက ဟောကြားသောတရားနှင့် အကျင့်မြတ်ကို နာကြားရခြင်း၊ ၃ ဘုရားရှင်နှင့် ဘုရားရှင်၏ သာဝကတို့ကိုလည်း ဖူးမြော်ခွင့်မရ၍ မိမိနာဖူးသော ကြားဖူးသောတရားကို အဖန်ဖန် ကြံစည် သုံးသပ် ရှုဆင်ခြင်ခြင်းဖြင့် တိုသူ / ရဟန်း၏စိတ်သည် အောက်ပိုင်းသံယောဇဉ် ၅ပါးမှ လွတ်မြောက်တော့၏၊ အနာဂါမ် ဖြစ်၏။

အောက်ပိုင်းသံယောဇဉ် ၅ပါးမှ လွတ်ပြီးသော- အနာဂါမ်ဖြစ်ပြီးသော သူ / ရဟန်းအား ၄ ဘုရားရှင်ဟောကြားသော တရားတော်နှင့် အလုံးစုံပြည့်စုံသော အကျင့်မြတ်ကို ကြားနာရခြင်း၊ ၅ ဘုရားရှင့်သာဝက ဟောကြားသော တရားနှင့် အကျင့်မြတ်ကို နာကြားရခြင်း၊ ၆ ဘုရားရှင်နှင့် ဘုရားရှင်၏ သာဝကတို့ကိုလည်း ဖူးမြော်ခွင့်မရ၍ မိမိနာဖူးသော ကြားဖူးသောတရားကို အဖန်ဖန် ကြံစည် သုံးသပ် ရှုဆင်ခြင်ခြင်းဖြင့် ထိုသူ / ရဟန်း၏ စိတ်သည် အတုမရှိသော ဥပဓိကုန်ရာ နိဗ္ဗာန်၌ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်၏၊ ရဟန္တာ ဖြစ်၏။"

၂။ သူနာကျောင်း (လူနာကျောင်းဆောင်) ရဟန်းများ (လူနာများ) အား ဘုရားရှင်ဟောသော တရား (ပဌမဂေလညာ- နာဖျားခြင်း၊ ပဌမဂေလညသုတ်၊ သဠာယတနဝဂ်၊ ဝေဒနာသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) - ၄ ပိုင်း၊ အကျဉ်းသာ။

ဘုရားရှင် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း၌ သီတင်းသုံးတော်မူစဉ် ဤတရားတော်ကို သူနာကျောင်းတွင် ရဟန်းများအား ဟောတော်မူ၏။

"ရဟန်းသည် သတိ- အောက်မေ့မှု၊ သမ္ပဇဉ်- ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ အချိန်အခါကို စောင့်မျှော်နေရာ၏။ ဤကား ငါ၏အဆုံးအမတည်း။

<u>၁။ သတိရှိသူ။</u> ရဟန်းသည် (အောက်ပါ အသိများသောတရားတော်များ - အနက်မှ - **မဟာသတိပဋ္ဌာနသုတ်တော်** ဥဒ္ဒေသ၊ အကျဉ်း - ကိုကြည့်ပါ။) (၎င်းတွင် ဖေါ်ပြထားသည့်အတိုင်း) ရုပ် (ဝေဒနာ၊ စိတ်၊ သဘောတရား) တို့၌ ရုပ် (ဝေဒနာ၊ စိတ်၊ သဘောတရား) အပေါင်းကို အကြိမ်ကြိမ်ရှုလျက် ပြင်းစွာအားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍၊ သတိ၊ သမ္ပဇဉ် ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ- မက်မောခြင်း၊ ဒေါမနဿ- နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေထိုင်၏။

<u>၂။ ဆင်ခြင်ဉာဏ်ရှိသူ။</u> ရဟန်းသည် (အောက်ပါ အသိများသောတရားတော်များ - အနက်မှ - **မဟာသတိပဋ္ဌာနသုတ်တော်** ကာယာနုပဿနာသတိပဋ္ဌာန်၊ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း - ကိုကြည့်ပါ။) (၎င်းတွင် ဖေါ်ပြထားသည့်အတိုင်း) ပြုလေ့ရှိ၏။

<u>၃။ ဝေဒနာ ရှုမှတ်ပုံ။</u> ရဟန်းသည် သတိ၊ သမ္ပဇဉ်ရှိသည်ဖြစ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍ နေသူအား သုခ (ဒုက္ခ၊ ဥပေက္ခာ) ဝေဒနာတို့ ဖြစ်ပေါ်လာခဲ့မူ ဤဝေဒနာသည် ကိုယ်ခန္ဓာကို အစွဲပြု၍ ဖြစ်လာ၏။ ကိုယ်ခန္ဓာသည်လည်း မမြဲသော၊ ပြုပြင်အပ်သောသဘောကို စွဲ၍ ဖြစ်၏။ မမြဲသော ကိုယ်ခန္ဓာကိုစွဲ၍ ဖြစ်လာသော ဤဝေဒနာသည်လည်း မမြဲဟု မမြဲခြင်းသဘော၊ ပျက်စီးခြင်းသဘော၊ ချုပ်ငြိမ်းခြင်းသဘောကို ၁ ဝေဒနာ၌၎င်း၊ ၂ ကိုယ်ခန္ဓာ၌၎င်း မပြတ်ရှုက ရာဂနုသယ (ပဋိဃာနုသယ၊ အဝိဇ္ဇာနုသယ) သည် ပျောက်ကင်း၏။

ထိုသို့ရှုနေသူသည် ဝေဒနာသည် မမြဲ၊ မနှစ်သက်အပ်သောတရားဟု သိ၏။ သုခ (ဒုက္ခ၊ ဥပေက္ခာ) ဝေဒနာကို ခံစားက ကိလေသာ (ရာဂ၊ ပဋိဃာတ၊ အဝိဇ္ဇာ) နှင့် မယှဉ်ပဲ ခံစား၏။

<u>၄။ အကျိုး ၃ပါး။</u> ထိုသူသည် ၁ ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် ခန္ဓာကိုယ် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊

၂ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် အသက် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊

၃ ခန္ဓာကိုယ် ပျက်စီး၍ အသက်ကုန်ဆုံးသည်မှ အထက်ကာလ၌ ဤဘဝ၌ပင်လျှင် ဝေဒနာ- ခံစားမှုဟူသမျှတို့သည် မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့ဟု သိ၏။ ဥပမာအားဖြင့် ဆီကိုစွဲ၍၎င်း၊ မီးစာကိုစွဲ၍၎င်း၊ ဆီမီးသည် တောက်ပြီးလျှင် ဆီကုန်၍၎င်း၊ မီးစာကုန်၍၎င်း လောင်စာမရှိသည်ဖြစ်၍ ငြိမ်းသကဲ့သို့ပင် ဖြစ်၏။

<u>၁။ သူနာဖြစ်၍ အားနည်းနေသောသူ / ရဟန်း ရှုမှတ်အပ်သော တရား ၅ပါး</u> (ဂိလာနသုတ်၊ ဂိလာနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အသုဘသညာ- ခန္ဓာကိုယ်၌ မတင့်တယ်မှု၊

၂ အာဟာရေပဋိကူလသညာ- အာဟာရ၌ စက်ဆုပ်ဖွယ်၊

၃ အလုံးစုံသောလောက၌ မမွေ့လျော်ဖွယ်၊

၄ အနိစ္စသညာ- အလုံးစုံသော သင်္ခါရတရား အမြဲမရှိခြင်း၊

၅ မရဏာနုဿတိ- သေခြင်းကို အာရုံပြု၍ဖြစ်သော အမှတ်သညာ။

ထိုတရားတို့ကို ရှုမှတ်က အာသဝေါကုန်၍ အရဟတ္တဖိုလ်ပညာကို မျက်မှောက်ပြုရလိမ့်မည်ဟူသော အကျိုးကို မချွတ်ရလိမ့်မည်ဟု မှော်လင့်အပ်၏။

၄။ အနုမောဒနာတရား ၅ ပုဒ် (ကျောင်း ၂ + ဆွမ်း ၃ = ၅)

ကျောင်းအနုမောဒနာတရား ၂ ပုဒ်

၁။ (ကျောင်းကို ခွင့်ပြုတော်မူခြင်း၊ သေနာသနက္ခန္ဓက၊ စူဠဝဂ်ပါဠိတော်၊ ခု၊ ၀ိ) - ၄ချက်။

ရာဇဂြိုဟ်သူဌေး ကျောင်းပေါင်း ၆၀ လှူဒါန်းရာ၌ ဘုရားရှင်ဟောကြားတော်မူ၏။

၁ ကျောင်းသည် [၁]အအေး၊ [၂]အပူ၊ [၃]သားရဲ၊ [၄]မြွေ၊ [၅]ကင်း၊ [၆]သန်း၊ [၇]ခြင်၊ [၈]လေအေး၊ [၉]မိုးပေါက်တို့ကို ပယ်ဖျောက်နိုင်၏၊ ၂ ဖြစ်လာသော ပြင်းသောလေ၊ ပြင်းသောအပူကို ပယ်ဖျောက်နိုင်၏။ ကိန်းအောင်းခြင်း၊ ချမ်းသာခြင်း၊ ဈာန်ဝင်စားခြင်း၊ ဝိပဿနာရှုခြင်းငှါ သံဃာအား ကျောင်းလှူဒါန်းခြင်းကို မြတ်၏ဟု မြတ်စွာဘုရား ချီးမွမ်းတော်မူ၏၊ ၃ မိမိအကျိုးကိုမြင်သော ပညာရှိသူသည် မွေ့လျော်ဖွယ်ကျောင်းတို့ကို ဆောက်လုပ်စေရာ၏။ အကြားအမြင်များသော ရဟန်းတို့ကို နေစေရာ၏။ ထိုဖြောင့်မတ်သော ရဟန်းတို့အားလျော်သော စားဖွယ်၊ သောက်ဖွယ်၊ သင်္ကန်း၊ အိပ်ရာနေရာတို့ကို ကြည်ညိုသောစိတ်ဖြင့် လှူရာ၏၊ ၄ ထိုရဟန်းတို့သည် ကျောင်းဒါယကာအား ဆင်းရဲအလုံးစုံကို ပယ်ဖျောက်တတ်သောတရားကို ဟောကုန်၏။ ဤသာသနာတော်၌ ထိုကျောင်းဒါယကာသည် တိုတရားကိုသိ၍ အာသဝေါတရားမရှိပဲ ငြိမ်းအေးရလေ၏။

၂။ (ဗုဒ္ဓဝံသ ၄။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) - အကျိုး ၉ပါး။

ဗိမ္ဗိသာရမင်းကြီး၏ ဝေဠုဝန်ကျောင်းလှူတ် ရေစက်ချပွဲ၌ ဘုရားရှင် ဟောကြားသည်။

၁ အသက်ရှည်၊ ၂ အဆင်းလှ၊ ၃ ချမ်းသာကြီး၊ ၄ ခွန်အားကြီး၊ ၅ ဉာဏ်ပညာပဋိဘာန်ကြီး၊ ၆ ကာယစိတ္တသုခ ၂ပါးနှင့် ပြည့်စုံ၊ ၇ [၁]ဗလ၊ [၂]ဝဏ္ဏ၊ [၃]သုခ၊ [၄]စက္ခု၊ အလုံးစုံကို ပေးလှူသည်မည်၏၊ ၈ နတ်ရွာလားခြင်း၊ ၉ နိဗ္ဗာန်ချမ်းသာကိုရ၏။ ကျောင်းဆောက်ပြီး၍ ဗဟုသုတစုံလင်သော ရဟန်းတော်အရှင်မြတ်တို့ကို ကျောင်းထိုင်ပြုရန် တောင်းပန်လျှောက်ထား နေတိုင်စေရာ၏၊ သဒ္ဓါကြည်ညိုစိတ်ဖြင့် အမြဲရှိသေသမှု အလေးပြု၍ စားဖွယ်၊ သောက်ဖွယ်၊ အဝတ်သင်္ကန်းတို့ကို လှူဒါန်းထောက်ပံ့ရာ၏။

ဆွမ်းအနုမောဒနာတရား ၃ ပုဒ်

၁ / ၃ ကစားစရာ ယမင်းမြေညက်ရုပ်ကလေး ကျကွဲသွားသဖြင့် ဘုရားရှင်နှင့် သံဃာ၅၀၀အား

ဆွမ်းကပ်လှူ၍ ဘုရားရှင် အနုမောဒနာတရား ဟောကြားခြင်း - ၄ချက် (ပိဋ္ဌဓီတလိကပေတဝတ္ထု၊ ဥရဂဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ၄)

အနာထပိဏ်သူဌေးကြီး၏ မြေးမကလေး၏ ကစားစရာ မြေညက်ရုပ်ကလေး ကျကွဲသွားရာ 'သမီးငယ်ကလေး သေပါပြီ'ဟု ချော့မော့၍မရအောင် ဟစ်အော်ငိုကြွေးနေ၊ သူဌေးကြီးက သင်၏သေဆုံးသောသမီးအတွက် အလှူပေးအံ့ဟုဆိုကာ ဘုရားရှင်နှင့် သံဃာတော် ၅၀၀ အား ဆွမ်းကပ်လှူဒါန်း၊ မြွက်စွာဘုရားက ဂါထာ ၄ပုဒ်ဖြင့် အနုမောဒနာတရား ဟောကြားသည်။

"၁ နှမြောဝန်တိုမှုမရှိသူသည် [1]မင်္ဂလာစသည်တို့တွင် တစုံတခုကို အကြောင်းပြု၍ဖြစ်စေ၊ [2]သေပြီးသူတို့ကို၊ [3]အိမ်စောင့်နတ်စသည်တို့ကို၊ [4]ကုဝေရနတ်မင်းကြီး၊ ဓတရဋ္ဌနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ဝိရုဠှကနတ်မင်းကြီးဟူသော နတ်မင်းကြီး၄ယောက်တို့ကို အကြောင်းပြု၍ဖြစ်စေ အလှူဒါနကို ပေးလှူရာ၏။

၂ ဤသို့ပေးလှူသည်ရှိသော် နတ်မင်းကြီး၄ယောက်ကိုရင်း၊ အိမ်စောင့်နတ် စသည်တို့ကိုရင်း၊ သေလွန်ပြီးသူတို့ကိုရင်း၊ ပူဇော်သည် မည်၏၊ ပေးလှူသူဒါယကာတို့လည်း အကျိုးကြီးကုန်၏။

၃ ငိုကြွေးခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ အကြင်ပြောဆိုမြည်တမ်းခြင်းတို့သည် ပြိတ္တာတို့၏အကျိုးငှါ မဟုတ်၊ သို့သော် ဆွေမျိုးတို့သည် ငိုကြွေးနေကြကုန်၏။

၄ တမလွန်ဘဝသို့ ပြောင်းသွားသူကို ရည်စူးလျက် ပေးလှူအပ်သောအလှူသည် သံဃာ၌ကောင်းစွာတည်သည်ဖြစ်၍ ရှည်မြင့်စွာ စီးပွားချမ်းသာ ဖြစ်ခြင်းအကျိုးငှါ ထိုပြိတ္တာထံသို့ တခဏခြင်း ကပ်ရောက်၏။"

<u>၂ / ၄ ဆွမ်း</u>အနုမောဒနာတရား - <u>၇ချက်</u>၊ **အကြီးအမှူး ပဓါန ၇ပါး** (သေလသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ သေလသုတ်၊ မဟာဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ကေဏိယရသေ့ဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိတော်၊ ခု၊ ဝိ)

ဘုရားရှင် ရဟန်းများနှင့် ဒေသစာရီကြွ၊ အင်္ဂုတ္တရာပတိုင်း အာပဏရွာသို့ရောက်၊ ကေဏိယရသေ့ ဆွမ်းဖိတ်၊ ပြင်ဆင်နေစဉ် သေလပုဏ္ဏား အခြံအရံများနှင့်ရောက်လာ၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းကပ်ရန်ဖြစ်ကြောင်း သိ၊ ဘုရားရှင်အား သွားရောက်ဖူးမြော်၊ အခြံအရံများနှင့်တကွ ရဟန်းပြု၊ ကေဏိယရသေ့ ဆွမ်းဆက်ကပ်အပြီးတွင် ဘုရားရှင် အောက်ပါတရားတော်ကို ဟော၊ ၇ရက်အကြာတွင် ရဟန္တာများ ဖြစ်ကြ။

၁ ယဇ်ပူဇော်ခြင်းတို့တွင် မီးကို လုပ်ကျွေးပူဇော်ခြင်းသည် အဦးအစဖြစ်၏၊ ၂ သာဝိတ္တီဂါထာသည် ဆန်းကျမ်း၏ အဦးအစဖြစ်၏၊ ၃ မင်းတို့သည် လူတို့၏ အကြီးအမှူးဖြစ်၏၊ ၄ သမုဒ္ဒရာသည် မြစ်တို့၏ အကြီးအမှူးဖြစ်၏၊ ၅ လသည် နက္ခတ်တို့၏ အကြီးအမှူးဖြစ်၏၊ ၆ နေသည် ထွန်းလင်းတောက်ပသော ဆီမီးပတ္တမြားစသည်တို့၏ အကြီးအမှူးဖြစ်၏၊ ၇ ကောင်းမှုကို အလိုရှိကြကုန်သောပုဂ္ဂိုလ်တို့ ပေးလှူပူဇော် အပ်သောပုဂ္ဂိုလ်တို့တွင် သံဃာသည် ပဓါန ဖြစ်၏။

၃ / ၅ ဆွမ်းအနုမောဒနာတရား (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ပါဋလိပုတ်မြို့တည်ခဏ်း၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ခု၊ ဝိ။ ပါဋလိဂါမိယသုတ်၊ ပါဋလိဂါမိယဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ပါဋလိပုတ်မြို့ကို ဝဇ္ဇီမင်းတို့အားပိတ်ဆို့ရန် မဂဓတိုင်း အမတ်ကြီးများဖြစ်ကြသော သုနိဓနှင့် ဝဿကာရပုဏ္ဏားတို့ ဦးစီးတည်နေကြစဉ် ဘုရားရှင် ဒေသစာရီကြွချီ ရောက်တော်မူလာသောအခါ ဆွမ်းဆက်ကပ်ရာတွင် ဟောကြားတော်မူ၏။

"အကြင်အရပ်၌ အိမ်ရာဆောက်လုပ်နေထိုင်သော ပညာရှိသည် ထိုအရပ်ရှိ သီလရှိသော၊ ကိုယ်နှုတ်နှလုံး စောင့်သုံးသော၊ မြတ်သောအကျင့်ကို ကျင့်သုံးသော ပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေးပြီးလျှင် ထိုအရပ်ရှိ နတ်တို့အား အလှူ၏အဖို့ကို အမျှပေးဝေရာ၏။

ဤသို့ နတ်တို့သည် အပူဇော်ခံကြရသဖြင့် ထိုအမျှပေးဝေသူတို့ကို တုံ့ပြန်၍ ပူဇော်ကုန်၏။ မြတ်နိုးခံကြရသဖြင့်လည်း အတုံ့ပြန်၍ မြတ်နိုးကုန်၏။ မိခင်သည် ရင်ဝယ်သားကို စောင့်ရှောက်သကဲ့သို့ နတ်တို့၏ စောင့်ရှောက်မှုကို ခံကြရသော ထိုသူထို့သည် အခါခပ်သိမ်း ကောင်းခြင်းမင်္ဂလာထို့ကိုသာ တွေ့မြင်ရလေ၏။"

၅။ အသိများသော တရားတော်များ ၂၀ ပုဒ်

၁။ **ဆဆက္ကသုတ်** (သဠာယတနဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ ခု၊ သုတ္တန္တပိဋက) ။ အကျဉ်းချုပ်မှုသာ။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ဟော။

သုတ်တော်၏ ဂုဏ်ပုဒ် ၈ပါး။ ၁ အစ၏ကောင်းခြင်း၊ ၂ အလယ်၏ကောင်းခြင်း၊ ၃ အဆုံး၏ကောင်းခြင်း၊ ၄ အနက်နှင့်ပြည့်စုံသော၊ ၅ သဒ္ဒါနှင့်ပြည့်စုံသော၊ ၆ အလုံးစုံပြည့်စုံသော၊ ၇ ထက်ဝန်းကျင် စင်ကြယ်သော၊ ၈ မြတ်သော **ဖမျိုး ဖလီ**သော အကျင့်တရား။

တရားတော်

၁ အဇ္ဈတ္တိကယတန ၆ပါး- စက္ခာယတန(စက္ခုဒွါရ) ၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှာယတန၊ ကာ ယာယတန၊ မနာယတန။

၂ ဗာဟိရာယတန ၆ပါး- ရူပါယတန(ရူပါရုံ) ၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန။

၃ ဝိညာဏ် ၆ပါး-စက္ခုဒွါရနှင့် ရူပါရုံကိုစွဲ၍ စက္ခုဝိညာဏ်ဖြစ်၏၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်။

၄ ဖဿ ၆ပါး- အထက်၃ပါး ပေါင်းဆုံခြင်းကြောင့် ဖဿဖြစ်၏၊ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှာသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ။

၅ ဝေဒနာ ဖြစ်ပါး- ဖဿဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်၏၊ စက္ခုဝေဒနာစသော ဝေဒနာ ၆ပါးဖြစ်၊

၆ တဏှာ ၆ပါး- ဝေဒနာဟူသောအကြောင်းကြောင့် တဏှာဖြစ်၏၊ ရူပတဏှာစသော တဏှာ ၆ပါးဖြစ်၊

ဤ၆ပါး ၆လီသော တရားအစုဋ္ဌ ဝိပဿနာတရားရှုမှတ်ရာ၏၊ ၆ကျိပ် (၆၀) သော ရဟန်းတို့၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် တစုံတခုသောအာရုံကိုမျှ မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ လွတ်ကြ၏။

၂။ **ဓမ္မစကြာသုတ်** (ဓမ္မစက္ကပဝတ္တနသုတ်၊ ဓမ္မစက္ကပဝတ္တနဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ပဥ္စဝဂ္ဂီတို့အား တရားဟောတော်မူခြင်း၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိတော်၊ ခု၊ ဝိ) - <u>အကျဉ်းသာ</u>။

အစွန်း ၂ပါးကို မမှီဝဲအပ်၊ ၁ <u>ကာမသုခါလိကနုယောဂ</u>- ၁ ယုတ်ညံ့သော၊ ၂ ရွာသူတို့၏ အကျင့်ဖြစ်သော၊ ၃ ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်သော၊ ၄ အရိယာတို့၏ အလေ့အကျင့် မဟုတ်သော၊ ၅ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော အကျင့်ဖြစ်။ ၂ <u>အတ္တကိလမထာနုယောဂ</u>- ၁ ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သော၊ ၂ အရိယာတို့၏အကျင့် မဟုတ်သော၊ ၃ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော အကျင့်ဖြစ်။

အလယ်အလတ်ဖြစ်သော အကျင့်သည် <u>အင်္ဂါ ၈ပါး</u>ရှိသော အရိယာမဂ်- အရိယာအကျင့်ဖြစ်၏။

<u>သစ္စာ ၄ပါး</u>။

၁ <u>ဒုက္ခအရိယသစ္စာ</u>- **ဆင်းရဲ**ဖြစ်သော အရိယာတို့၏ အမှန်တရား၊ ၁ ပဋိသန္ဓေနေရခြင်း၊ ၂ အိုရခြင်း၊ ၃ နာရခြင်း၊ ၄ သေရခြင်း၊ ၅ မချစ်သောသူတို့နှင့် အတူနေရခြင်း၊ ၆ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း၊ ၇ လိုချင်ရာကို မရခြင်း၊ အကျဉ်းအားဖြင့် စွဲလန်းရာအာရုံဖြစ်သော ခန္ဓာ၅ပါးတို့သည် ဆင်းရဲ၏။

၂ <u>သမုဒယ အရိယသစ္စာ</u>- **ဆင်းရဲ၏အကြောင်း**ဖြစ်သော အရိယာတို့၏ အမှန်တရား- တဏှာ ၃ပါး၊ ၁ ကာမတဏှာ- ကာမဘုံတို့၌ တပ်မက်မှု၊ ၂ ဘဝတဏှာ- တည်မြဲ၏ဟုယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တပ်မက်မှု၊ ၃ ဝိဘဝတဏှာ- ပြတ်စဲ၏ဟုယူသော ဉစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်မှု။

၃ <u>နိရောဓအရိယသစ္စာ</u>- **ဆင်းရဲ၏ ချုပ်ရာ**ဖြစ်သော အရိယာတို့၏ အမှန်တရား- ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ ကင်းပျောက်ချုပ်ငြိမ်းရာ၊ စွန့်လွှတ်ရာ၊ တဖန်စွန့်ပယ်ရာ၊ လွတ်မြောက်ရာ၊ မကပ်ငြိရာပင် ဖြစ်၏။

၄ <u>မဂ္ဂအရိယသစ္စာ</u>- **ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်**ဖြစ်သော အရိယာတို့၏ အမှန်တရား- အင်္ဂါ ၈ပါးရှိသော အရိယာမဂ်။

ထိုအရိယာတို့၏ အမှန်တရား ၄ပါးတို့၌ ၃ပါးသောအပြန်- ၁ သစ္စဉာဏ်၊ ၂ ကိစ္စဉာဏ်၊ ၃ ကတဉာဏ်၊ ၁၂ပါးသော အခြင်းအရာရှိသော မှန်ကန်သောဉာဏ်အမြင်သည် ဘုရားရှင်၏အထံတော်၌ ဖြစ်ပေါ်ခဲ့ပြီ။

အရှင်ကောဏ္ဍညသည် ဒိဋ္ဌဓမ္မော- တရားကို မြင်ပြီးသည်ဖြစ်၍၊ ပတ္တဓမ္မော- တရားသို့ ရောက်ပြီးသည်ဖြစ်၍၊ ဝိဒိတဓမ္မော- သိပြီးသည်ဖြစ်၍၊ ပရိယောဂါဠ္ဟဓမ္မော- သက်ဝင်ပြီးသည်ဖြစ်၍ ၁ တိဏ္ဏဝိစိကိစ္ဆော- ယုံမှားခြင်းကို ကူးမြောက်ပြီးသည်ဖြစ်၍၊ ၂ ဝိဂတကထံကထော- သို့လောသို့လော တွေးတောခြင်း ကင်းပြီးသည်ဖြစ်၍၊ ၃ ဝေသာရဇ္ဇပ္ပတ္တော- မြတ်စွာဘုရားသာသနာတော်၌ ရဲရင့်ခြင်းသို့ ရောက်ပြီးသည် ဖြစ်၍၊ ၄ အပရပ္ပစ္စယော- ဘုရားရှင်မှတပါး ကိုးစားထိုက်သူ မရှိသည်ဖြစ်၏။

၃။ "**နာညတြ ဗောဇ္ဈင် တပသာ**" ဂါထာ (သုပြဟ္မသုတ်၊ အနာထပိဏ္ဍိကဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သုပြဟ္မနတ်သားသည် ဘုရားရှင်အား 'မဖြစ်ကုန်သေးသော ဆင်းရဲဒုက္ခတို့၌၎င်း၊ ဖြစ်ပြီးကုန်သော ဆင်းရဲဒုက္ခတို့၌၎င်း အကျွန်ုပ်၏စိတ်သည် အမြဲထိတ်၏၊ အမြဲလန့်၏၊ မထိတ်လန့်ကြောင်းတရား အကယ်၍ ရှိသည်ဖြစ်အံ့၊ ဟောကြားတော်မူပါလော့။' ဟုလျှောက်ရာတွင် ဘုရားရှင် ဟောကြားတော်မူ၏။

> "နာညတြ ဗောဇ္ဈင် (ဗောဇ္ဈာ) တပသာ၊ နာညတြိန္ဒြိယသံဝရာ။
> နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနန္တိ။"

၁ ဗောဇ္ဈင်တရားပွားများခြင်းကို၎င်း၊ ခြိုးခြံသော အကျင့်ဂုဏ်ကို၎င်း ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရားမမြင်။

၂ ဣန္ဒြေတို့၏ စောင့်စည်းခြင်းကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရားမမြင်။

၃ အလုံးစုံ ငြိတွယ်ခြင်းကင်းသော နိဗ္ဗာန်ကို ဖယ်ထား၍ သတ္တဝါတို့၏ ချမ်းသာခွင့်ကို ငါဘုရား မမြင်။

၄။ နိမိကဏ္ဍ- မြှုပ်ထားသောရွှေအိုး၊ **နိဓိကဏ္ဍသုတ်**၊ ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ခုဒ္ဒကပါဌ ဌ။

အဓိကအချက် ၃ချက် ပါရှိသည်။

၁။ ရွှေအိုး / ဥစ္စာ ၄လုံး / မျိုး။

၁ ထာဝရနိဓိ / ဥစ္စာ- မြှုပ်ထားသော ရွှေအိုး၊ လယ်၊ မြေ၊ အိမ်၊ ခြံစသည့် သက်မဲ့ပစ္စည်းများ၊

၂ ဇင်္ဂမနိဓိ / ဥစ္စာ- နွား၊ ကျွဲ၊ ကျွန်ယောကျာ်း၊ ကျွန်မိန်းမစသည့် သက်ရှိပစ္စည်းများ၊

၃ အင်္ဂသမနိဓိ / ဥစ္စာ- လက်ခြေနှင့်တူသော အသက်မွေးမှု အသိပညာ၊ အတတ်ပညာများ၊

၄ အနုဂါမိကနိဓိ / ဥစ္စာ- မိမိနောက်က လိုက်နေသကဲ့သို့ အလိုရှိရာ အကျိုးပေးနိုင်သော၊ ရွှေအိုးနှင့်တူ သော ဒါနသီလစသည့် ကောင်းမှုကုသိုလ်များ။

၂။ မြှုပ်ထားသော ရွှေငွေဥစ္စာအိုးများ ပျောက်ပုံ၊ ကုန်ဆုံးပုံ ၆မျိုး။

၁ တည်ရာအရပ်မှ ရွေ့တတ်၊

၂ မြှုပ်သူ၏ အမှတ်အသားများ မေ့တတ်၊

၃ နဂါးတို့က နေရာပြောင်းထားတတ်၊

၄ ဘီလူးများက ယူဆောင်သွားတတ်၊

၅ အမွေခံဆိုးများက တိတ်တဆိတ် တူးယူတတ်၊

၆ ကုသိုလ်ကံကုန်လျှင် အားလုံးပျောက်သွားတတ်သည်။

၃။ သံသရာအတွက်မြှုပ်သော **ရွှေအိုးအစစ် ၆မျိုး** ဖြစ်သော အနုဂါမိကနိဓိသည် စေတနာ ၆မျိုး ဖြစ်သည်။

၁ ဒါနစေတနာ၊

၂ သီလစေတနာ၊

၃ ကိုယ် နှုတ် နှလုံး စောင့်သုံးသော သံယမစေတနာ၊

၄ စက္ခုစသောဣန္ဒြေတို့ကို ဆုံးမသော ဒမစေတနာ၊

၅ ရတနာ ၃ပါးပူဇော်သော ပူဇယန္တစေတနာ၊

၆ အမိ အဖ အကို အမတို့ကို ရိုသေလေးမြတ်သော ဂါရဝစေတနာ။ ဤရွှေအိုးများနှင့်သာ အဆင်းလှခြင်း အစရှိသော လူ၊ နတ်၊ ချမ်းသာ အရာရာနှင့် ဗောဓိဉာဏ် အမျိုးမျိုးတို့ကို ဝယ်ယူနိုင်သည်။

**ပဋိစ္စသမုပ္ပါဒ်တရားတော် ၂ စု**

၅/၁။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ခွဲခြမ်းဝေဖန် ဟောကြားခြင်း (ဝိဘင်္ဂသုတ်၊ ဗုဒ္ဓဝဂ်၊ နိဒါန သံယုတ်၊ နိဒါနဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက) - ၁၁ ချက် / အကျဉ်းသာ။

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤတရားတော်ကို ဟောကြားတော်မူ၏။

၁။ ဘဝ ၃ပါး။ ၁ ကာမဘဝ၊ ၂ ရူပဘဝ၊ ၃ အရူပဘဝ။

၂။ ဥပါဒါန်- ပြင်းစွာစွဲလမ်းမှု ၄ပါး။ ၁ ကာမုပါဒါန်- ကာမတို့ကို ပြင်းစွာစွဲလမ်းမှု၊ ၂ ဒိဋ္ဌုပါဒါန်- အယူကို ပြင်းစွာ စွဲလမ်းမှု၊ ၃ သီလဗ္ဗတုပါဒါန်- အလေ့အကျင့်ကို ပြင်းစွာစွဲလမ်းမှု၊ ၄ အတ္တဝါဒုပါဒါန်- အတ္တကို ပြင်းစွာစွဲလမ်းမှု။

<u>၃။ တဏှာ ၆ပါး။</u> ၁ ရူပတဏှာ၊ ၂ သဒ္ဒတဏှာ၊ ၃ ဂန္ဓတဏှာ၊ ၄ ရသတဏှာ၊ ၅ ဖောဋ္ဌဗ္ဗတဏှာ၊ ၆ ဓမ္မတဏှာ- သဘောကို တပ်မက်မှု။

<u>၄။ ဝေဒနာ ၆ပါး။</u> ၁ စက္ခုသမ္ဖဿဇာဝေဒနာ- မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု၊ ၂ သောတသမ္ဖဿဇာဝေဒနာ၊ ၃ ဃာနသမ္ဖဿဇာဝေဒနာ၊ ၄ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ၅ ကာယသမ္ဖဿ ဇာဝေဒနာ၊ ၆ မနောသမ္ဖဿဇာ ဝေဒနာ - စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု။

<u>၅။ ဖဿ ၆ပါး။</u> ၁ စက္ခုသမ္ဖဿ- မျက်စိဖြင့် တွေ့ထိမှု၊ ၂ သောတသမ္ဖဿ၊ ၃ ဃာနသမ္ဖဿ၊ ၄ ဇိဝှါသမ္ဖဿ၊ ၅ ကာယသမ္ဖဿ၊ ၆ မနောသမ္ဖဿ- စိတ်ဖြင့် တွေ့ထိမှု။

<u>၆။ အာယာတန / သဠာယတန ၆ပါး။</u> ၁ စက္ခာယတန- မျက်စိဟူသော တည်ရာ၊ ၂ သောတာယတန၊ ၃ ဃာနာယတန၊ ၄ ဇိဝှါယတန၊ ၅ ကာယာယတန၊ ၆ မနာယတန- စိတ်ဟူသောတည်ရာ။

<u>၇။ နာမ်။</u> ၁ ဝေဒနာ- ခံစားမှု၊ ၂ သညာ- မှတ်သားမှု၊ ၃ စေတနာ- စေ့ဆော်မှု၊ ၄ ဖဿ- တွေ့ထိမှု၊ ၅ မနသိကာရ- နှလုံးသွင်းမှု၊ ဤတရားကို ၅ပါးကို နာမ်ဟု ခေါ်၏။

<u>၈။ ရုပ်။</u> ၁ မဟာဘုတ် ၄ပါး၊ ၂ ၎င်းတို့ကို မှီ၍ဖြစ်သောရုပ်၊ ဤတရား ၂ပါးကို ရုပ်ဟုခေါ်၏။

<u>၉။ ဝိညာဏ် ၆ပါး။</u> ၁ စက္ခုဝိညာဏ်- မျက်စိကိုမှီ၍ သိမှု၊ ၂ သောတဝိညာဏ်- နားကိုမှီ၍ သိမှု၊ ၃ ဃာနဝိညာဏ်- နှာခေါင်းကိုမှီ၍ သိမှု၊ ၄ ဇိဝှါဝိညာဏ်- လျှာကိုမှီ၍ သိမှု၊ ၅ ကာယဝိညာဏ်- ကိုယ်ကိုမှီ၍ သိမှု၊ ၆ နာမဝိညာဏ်- စိတ်ကိုမှီ၍ သိမှု။

<u>၁၀။ သင်္ခါရ ၃ပါး။</u> ၁ ကာယသင်္ခါရ- ကိုယ်ဖြင့် ပြုစီရင်မှု၊ ၂ ဝစီသင်္ခါရ- နှုတ်ဖြင့် ပြုစီရင်မှု၊ ၃ စိတ္တ သင်္ခါရ- စိတ်ဖြင့် ပြုစီရင်မှု။

<u>၁၁။ အဝိဇ္ဇာ ၄မျိုး။</u> ၁ ဆင်းရဲ၌ မသိမှု၊ ၂ ဆင်းရဲဖြစ်ပေါ်ကြောင်း၌ မသိမှု၊ ၃ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ၌ မသိမှု၊ ၄ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်၌ မသိမှု။

ဘုရားရှင်သည် ဆက်၍ ပဋိစ္စသမုပ်ပါဒ် အနုလုံ၊ ပဋိလုံကို ဟောတော်မူ၏။

<u>၆/၂။ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားသည် မြတ်စွာဘုရားတို့ ပွင့်သော်၎င်း၊ မပွင့်သော်၎င်း တည်ရှိနေ သည်သာ။</u> (ပစ္စယသုတ်၊ အာဟာရဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားတို့၏ တည်သည်၏အဖြစ်၊ ၂ အကြောင်းတရားတို့၏ မြဲသည်၏ အဖြစ်၊ ၃ အကျိုးတို့၏ အကြောင်းတရားအဖြစ်ဟူသော ဤသဘောသည် မြတ်စွာဘုရားတို့ ပွင့်သော်၎င်း၊ မပွင့်သော်၎င်း တည်ရှိနေသည်သာ။

ထိုအကြောင်းတရားကို မြတ်စွာဘုရားသည် ထိုးထွင်း၍ သိတော်မူ၏။ ဉာဏ်ဖြင့် သက်ဝင်တော်မူ၏၊ သိတော်မူပြီး၍ ဉာဏ်ဖြင့်သက်ဝင်၍ ဟောကြားတော်မူ၏၊ သိစေတော်မူ၏၊ ဖြစ်စေတော်မူ၏၊ ဖွင့်ပြတော်မူ၏၊ ဝေဖန်တော်မူ၏၊ ပေါ်လွင်အောင်ပြုတော်မူ၏။

၇။ **ပဋ္ဌာန်း ၂၄ပစ္စည်း** (ပဌမတွဲ၊ ပဋ္ဌာန်းပါဠိတော်နိဿယ၊ ခု၊ အဘိ၊ အရှင်နန္ဒမေဓာ)

မြတ်စွာဘုရားသခင်သည် ပဋ္ဌာန်းကျမ်းတော်ကြီးကို -

၁ ဓမ္မအနုလုံ၊

၂ ဓမ္မပစ္စနိက်၊ ပစ္စနိက်= အပြန်၊

၃ ဓမ္မအနုလောမပစ္စနိက်၊

၄ ဓမ္မပစ္စနီယာနုလောမဟူ၍ <u>နည်း ၄ပါး</u> အပြားအားဖြင့် ဟောကြားတော်မူ၏။

ပဋ္ဌာန်းကျမ်းကြီးကို -

၁ တိကပဋ္ဌာန်း၊

၂ ဒုကပဋ္ဌာန်း၊

၃ ဒုကတိကပဋ္ဌာန်း၊

၄ တိကဒုကပဋ္ဌာန်း၊

၅ တိကတိကပဋ္ဌာန်း၊

၆ ဒုကဒုကပဋ္ဌာန်းဟူ၍ <u>ကျမ်း ၆ကျမ်း</u> ဟောတော်မူ၏။

ဤကျမ်း ၆ကျမ်းကို နည်း ၄ပါးဖြင့် ပွားသော် <u>ပဋ္ဌာန်း ၂၄ကျမ်းဖြစ်</u>၏။ ထို ၂၄ကျမ်းထို့တွင် "ဟေတုပစ္စယော" အစရှိသည့် ၂၄ပစ္စည်းကား <u>ဓမ္မအနုလုံဖြစ်သော တိကပဋ္ဌာန်း၏ ဥဒ္ဒေသ- အကျဉ်း</u> ဖြစ်၏။

<u>အကျဉ်း</u>။ ၁ ဟေတုပစ္စယော- ပညောင်ပင်စသည်ကို၏အမြစ်သည် ထိုသစ်ပင်ကို မြဲမြံစွာ တည်စေသကဲ့သို့ <u>အမြစ်၏အဖြစ်ဖြင့်</u> ကျေးဇူးပြုတတ်သောတရား၊ ၂ အာရမ္မဏပစ္စယော- ကြိုးဆွဲ၊ တောင်ဝှေး စသည်တို့သည် မစွမ်းနိုင်သူတို့ကို ထခြင်း၊ ရပ်ခြင်းတို့ကို ပြီးစေသကဲ့သို့ စိတ်စေတသိက်တို့အား <u>အာရုံအဖြစ်ဖြင့်</u> ကျေးဇူးပြုတတ်သောတရား၊ ၃ အဓိပတိပစ္စယော- စကြဝတေးမင်းသည် တိုင်းနိုင်ငံသားတို့ကို အစိုးရသကဲ့သို့ <u>ကြီးသောအဖြစ်ဖြင့်</u> ကျေးဇူးပြုတတ်သောတရား၊ ၄ အနန္တရပစ္စယော- စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား အဘိသိက်ခံစေသကဲ့သို့ <u>အခြားမဲ့သောအဖြစ်ဖြင့်</u> ကျေးဇူးပြုတတ်သောတရား၊ ၅ သမနန္တရပစ္စယော- စကြဝတေးမင်း၏ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေသကဲ့သို့ ကောင်းစွာ <u>အခြားမရှိသောအဖြစ်ဖြင့်</u> ကျေးဇူးပြုတတ်သောတရား၊ ၆ သဟဇာတပစ္စယော- ဆီမီးသည် တကွအလင်းကို ဖြစ်စေသကဲ့သို့ <u>တကွဖြစ်သောအဖြစ်ဖြင့်</u> ကျေးဇူးပြုတတ်သောတရား၊ ၇ အညမညပစ္စယော- သစ်သား ၃ခုသည် အချင်းချင်း ထောက်ပံ့၍ ခိုင်းစေသကဲ့သို့

အချင်းချင်း ကျေးဇူးပြုတတ်သောတရား၊ ၈ နိဿယပစ္စယော- မြေကြီးသည် သစ်ပင် အစရှိသည်တို့အား တည်ရာဖြစ်စေသကဲ့သို့၊ ပုဆိုးစသည်တို့သည် ပန်းချီဆေး စသည်တို့အား မှီရာဖြစ်စေသကဲ့သို့ တည်ရာ မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

၉ ဥပနိဿယပစ္စယော- မိုး ၄လတွင် ရွာသောမိုးသည် မိုးကိုမှီသော သစ်ပင်သတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့ အားရှိစွာသောအကြောင်းဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၁၀ ပုရေဇာတပစ္စယော- ကမ္ဘာဦး၌ ဖြစ်သောနေတို့သည် မိမိတို့ ထင်ရှားရှိသော အခိုက်အတန့်၌ အလင်းကိုမှီသော သတ္တဝါတို့အား ကျေးဇူးပြုသကဲ့သို့ ရှေး၌ဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၁၁ ပစ္ဆာဇာတပစ္စယော- လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်းစေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြု သကဲ့သို့ နောက်၌ဖြစ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၁၂ အာသေဝနပစ္စယော- ရှေးရှေး ထုံအပ်သောနံ့သာ / သင်သောကျမ်းဂန်သည် နောက်နောက်ထုံအပ်သော နံ့သာ / သင်သောကျမ်းဂန်အား အဆင်းအနံ့ လွန်စွာဖြစ်စေ / လေ့ကျက်ခြင်းငှါ အားရှိစေသကဲ့သို့၊ အဖန်တလဲလဲ မှီဝဲထုံအပ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၁၃ ကမ္မပစ္စယော- ကောင်းစွာလုန်း၍ ကောင်းစွာ စီရင်အပ်သော မျိုးစေ့သည် အညွန့်ဖြစ်ခြင်းငှါ အမူအရာလှုံ့လ ဖြစ်စေသကဲ့သို့ မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား၊ ၁၄ ဝိပါကပစ္စယော- ချမ်းသောလေသည် ချမ်းသောအရိပ်၌နေသူအား ချမ်းငြိမ်းစေသကဲ့သို့ ကံတို့၏အကျိုးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၁၅ အာဟာရပစ္စယော- နောက်မှထောက်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်ခံ့စေသကဲ့သို့ ဆောင်တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ် သောတရား၊ ၁၆ ဣန္ဒြိယပစ္စယော- တပြည်တည်း၌ အထူးထူးသောဝန်ကို အစိုးရသောမင်းတို့သည် မိမိ တို့၏အရာ၌ အစိုးရသကဲ့သို့ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊

၁၇ ဈာနပစ္စယော- တောင်ဖျား သစ်ပင်ဖျားသို့ တက်ကြည့်သူသည် အဝေးအနီးအရပ်တို့ကို မြင်လို သူတို့အား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၁၈ မဂ္ဂပစ္စယော- ဤမှာဘက်မှ / ထိုမှာဘက်မှ၊ ထိုမှာဘက်သို့ / ဤမှာဘက်သို့ ကူးသူသည် ဤမှာဘက်မှ / ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ ထွက်မြောက်ကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၁၉ သမ္ပ ယုတ္တပစ္စယော- နို့ရည် ထောပတ် ပျားသကာဟူသော စတုမဓုအရသာသည် အချင်းချင်း နှီးနှောသကဲ့သို့ တကွယှဉ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၂၀ ဝိပ္ပယုတ္တပစ္စယော- အချိုအချဉ် အစပ်အငံ အဖန်အခါး ၆ပါးသော အရသာသည် မနှီးနှောသကဲ့သို့ မနှီးနှောမယှဉ်သောအားဖြင့် ကျေးဇူးပြုတတ် သောတရား၊ ၂၁ အတ္ထိပစ္စယော- ဟိမဝန္တာတောင်မင်းသည် သစ်ပင်မြက်တို့အား မိမိ၏ ထင်ရှားရှိခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ တင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား၊ ၂၂ နတ္ထိပစ္စယော- ညဉ့်၏ ကင်း ခြင်းသည် နေ့ဖြစ်စေ၊ နေ့၏ကင်းခြင်းသည် အမိုက်ဖြစ်စေသကဲ့သို့ မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ် သောတရား၊ ၂၃ ဝိဂတပစ္စယော- နေရောင်၏ဝင်ခြင်းသည် လရောင် ဖြစ်စေသကဲ့သို့ ကင်းသောအဖြစ်ဖြင့်

ကျေးဇူးပြုတတ်သောတရား၊ ၂၄ အဝိဂတပစ္စယော- မဟာသမုဒ္ဒရာသည် ငါးမကန်းစသည်တို့၏ ပီတိသောမနဿ ပွားစေသကဲ့သို့ မိမိသဘောမှ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

၈။ **ဗောဓိပက္ခိယတရား ၃၇ပါး** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

သာသနာအရှည် တည်တံ့ရေးတရားများ ဖြစ်သည်။ အစု ၇စု ရှိသည်။

၁။ သတိပဋ္ဌာန် ၄ပါး။ ၁ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ၂ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ ၃ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ၄ ဓမ္မာနုပဿနာ သတိပဋ္ဌာန်။

၂။ သမ္မပ္ပဓါန် ၄ပါး။ ၁/၅ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပြန်မအောက်မေ့ပဲ ပယ်စွန့်ထားရန် အားထုတ်မှု၊ ၂/၆ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင် အားထုတ်မှု၊ ၃/၇ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို အဖန်ဖန် သတိရအောက်မေ့ရန် အားထုတ်မှု၊ ၄/၈ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင် အားထုတ်မှု။

၃။ ဣဒ္ဓိပါဒ် ၄ပါး။ ၁/၉ ဆန္ဒိဒ္ဓိပါဒ်- အလိုဆန္ဒ၊ ၂/၁၀ ဝီရိယိဒ္ဓိပါဒ်- အားထုတ်ကြိုးစားမှု၊ ၃/၁၁ စိတ္တိဒ္ဓိပါဒ်- ကြံစည်စိတ်ကူးမှု၊ ၄/၁၂ ဝီမံသိဒ္ဓိပါဒ်- စုံစမ်းဆင်ခြင်မှုပညာ။

၄။ ဣန္ဒြေ ၅ပါး။ ၁/၁၃ သဒ္ဓိန္ဒြေ၊ ၂/၁၄ ဝီရိယိန္ဒြေ၊ ၃/၁၅ ပညိန္ဒြေ၊ ၄/၁၆ သတိန္ဒြေ၊ ၅/၁၇ သမာဓိန္ဒြေ။

၅။ ဗိုလ် ၅ပါး။ ၁/၁၈ သဒ္ဓါဗိုလ်၊ ၂/၁၉ ဝီရိယဗိုလ်၊ ၃/၂၀ ပညာဗိုလ်၊ ၄/၂၁ သတိဗိုလ်၊ ၅/၂၂ သမာဓိဗိုလ်။

၆။ ဗောဇ္ဈင် ၇ပါး။ ၁/၂၃ သတိသမ္ဗောဇ္ဈင်၊ ၂/၂၄ ဝီရိယသမ္ဗောဇ္ဈင်၊ ၃/၂၅ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ၄/၂၆ ပီတိသမ္ဗောဇ္ဈင်၊ ၅/၂၇ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ၆/၂၈ သမာဓိသမ္ဗောဇ္ဈင်၊ ၇/၂၉ ဥပေက္ခာသမ္ဗောဇ္ဈင်။

၇။ မဂ္ဂင် ၈ပါး။ ၁/၃၀ သမ္မာဒိဋ္ဌိ၊ ၂/၃၁ သမ္မာသင်္ကပ္ပ၊ ၃/၃၂ သမ္မာဝါစာ၊ ၄/၃၃ သမ္မာကမ္မန္တ၊ ၅/၃၄ သမ္မာအာဇီဝ၊ ၆/၃၅ သမ္မာဝါယာမ၊ ၇/၃၆ သမ္မာသတိ၊ **၈/၃၇** သမ္မာသမာဓိ။

၉။ **မဟာဒုက်** (ပဏ္ဍိတသာမဏေဝတ္ထု၊ ပဏ္ဍိတဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ကဿပဘုရားရှင်လက်ထက် မဟာဒုက်သူဆင်းရဲဘဝမှ ဘုရားရှင်အား ဆွမ်းလှူဒါန်းခွင့်ရ၍ နေ့ချင်းပင် သူဌေးကြီးဖြစ်လာသူ ဖြစ်သည်။ (ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သားရဟန္တာများ - အနက်မှ - ပဏ္ဍိတသာမဏေ- ကိုကြည့်ပါ။)။

၁၀။ **မဟာသမယသုတ်တော်**အပါအဝင် ဆက်စပ်သုတ် / ဇာတ်တော်များ ၁၄သုတ် (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ငြင်းခုံမှု ငြိမ်းရန် ၃ဇာတ်။ ၁ ဖန္ဒနဇာတ် (တေရသကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - ကြို့ပင်စောင့်နတ်နှင့် ဝက်ဝံတကောင်တို့၏ ရန်ငြိုးဖွဲ့ကာ အချင်းချင်းသတ်ဖြတ်သည်ကို အလောင်းတော် တောစောင့်နတ်မင်း မြင်တွေ့ရသောဇာတ်၊ ၂ ဒုဒ္ဒုဘဇာတ် (စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - ထန်းလက်ပေါ် ဥသျှစ်သီးကြွေကျသည်ကို မြေပြိုပြီဟု ပြောဆိုအော်မြည်၍ အလန့်ထကြားပြေးသော ယုန်တကောင်နောက်သို့ မစဉ်းမစား ယုံကြည်ကြပြီး လိုက်ပြေးကြ၍ ဆင်းရဲကြရသည်ကို အလောင်းတော်ခြင်္သေ့မင်း ကယ်တင်ခဲ့သောဇာတ်၊ ၃ လဋုကိကဇာတ် (ပဉ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - ဗီလုံးငှက်မသည် အလောင်းတော်ဆင်မင်းကို တောင်းပန်၍ရသော်လည်း တောင်းပန်၍မရသော သူမ၏သားသမီးများကို နင်းချေသတ်သွားသော ဆင်ဆိုးကြီးကို မိတ်ဖွဲ့ထားသော ကျီး ယင်မ မဲရိုင်းနှင့် ဖားတို့၏ အကူအညီဖြင့် တောင်ပေါ်မှကျ၍ သေဆုံးစေခဲ့သော တစုံတယောက်နှင့်မျှ ရန်မပြုသင့်သောဥပဒေသကို ဖော်ပြသောဇာတ်။

ညီညွတ်ကြရန် ၂ဇာတ်။ ၁/၄ ရုက္ခဓမ္မဇာတ် (ဝရဏဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - ဝေဿဝဏ်နတ်မင်းကြီးက ရုက္ခစိုးနတ်တို့ကို နှစ်သက်ရာဌာန၌ ဘုံဗိမာန်ယူကြစေရာ ဟိမဝန္တာဝယ် လေပြင်းတိုက်သောအခါ ဘုရားလောင်း အင်ကြင်းပင်စောင့်နတ်၏စကားကို နာယူ၍ အင်ကြင်းတော၌ နေရာယူကြသော နတ်တို့၏ဗိမာန်ဖြစ်သော အင်ကြင်းပင်များကို လေပြင်းက မတိမ်းလဲစေနိုင်၊ ဘုရားလောင်းစကား မနာယူပဲ လူတို့နေရာအနီး လွင်တီးပြင်၌ တည်ရှိကြသော သစ်ပင်တို့၌ နေရာယူကြသော ဗိမာန်တို့မှာ လေပြင်းမုန်တိုင်းကြောင့် ပြိုလဲပျက်စီးကြသည့်ဇာတ်၊ ၂/၅ သမ္မောဒမာနဇာတ် (ကုလာဝကဝဂ်၊ ဧကကနိပါတ်၊ ဇာတက ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - ငုံးတို့ ညီညွတ်စဉ်က ငှက်မုဆိုးထောင်သော ပိုက်ကွန်ကို တညီထညာချီမ၍ လွတ်ခဲ့ကြသော်လည်း မညီညွတ်သော် ဘုရားလောင်း စကားကို နာယူကြသောငုံးတို့ ဖဲသွားကြ၊ ကျန်သော မညီညွတ်သည့် ငုံးများမှာမူ ညီညွတ်စဉ်ကကဲ့သို့ ပိုက်ကွန်ကို မချီမကြတော့သဖြင့် မုဆိုး၏ဖမ်းဆီး ယူဆောင်ခံရသော ဇာတ်။

ထို့နောက် ဘုရားရှင်သည် ၆ အတ္တဒဏ္ဍသုတ် (အဋ္ဌကဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - အချင်းချင်း ခိုက်ရန်ဖြစ်၍ ကိလေသာတို့ကြောင့် ရေနည်းငါးကဲ့သို့ တုန်လှုပ်ကြ၏၊ ထိုရာဂစသော တပ်မက်မှု ကိလေသာတို့ကို ပယ်နုတ်ရာ၏၊ မကောင်းမှုမှ အပပြုပြီးသော တိုရဟန်းသည် အဋ္ဌင်္ဂိကမဂ်ဖြင့် အာယာတနအားလုံးကို စွန့်ပြီး၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်၏၊ စင်စစ် ငြိမ်းအေးပြီးသူဖြစ်၊ တုန်လှုပ်ခြင်း မရှိသူဖြစ်ကြောင်းသုတ်တော်ကို ဟောတော်မူ၏။ (ဤသုတ်တော် အနည်းငယ် အကျယ်တို့ - ဘုရားရှင် [ဂေါတမမြတ်စွာဘုရား] နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင် ကိုယ်တိုင် ထိတ်လန့်သံဝေဂရခဲ့သော တရား စပါး - တွင် ကြည့်ပါ)

ဆွေတော်မျိုးတော်များ ညီညွတ်ကြပြီးနောက် မင်းသား ၅၀၀တို့ ရဟန်းဝတ်ကြ၊ သာသနာတော်၌ မပျော်ပိုက်ကြ၍ ဟိမဝန္တာသို့ ထန်ခိုးတော်ဖြင့် ခေါ်ယူသွားကာ ပြသပြီးနောက် ကုဏာလရေအိုင်အနီး၌ ၇

မဟာကုဏ္ဍာလဇာတ် (အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) - ကုဏ္ဍာလရေအိုင်မှ ဥဩငှက်စသည်တို့၏ ရှေးဖြစ်ဟောင်းများနှင့် မိန်းမတို့၏အကြောင်း ကုန်စင်ကို ဟောတော်မူ၏။

ရဟန်း ၅၀၀တို့ ရဟန္တာဖြစ်တော်မူကြပြီးနောက် စကြဝဠာတိုက်တသောင်းမှ စည်းဝေးရောက်လာကြကုန်သော နတ်ပြဟ္မာအပေါင်းတို့အား ဉာဏ်တော်ဖြင့် ကျွတ်ထိုက်သူ မကျွတ်ထိုက်သူ ၂စုခွဲ၍ ကျွတ်ထိုက်သူများကို စရိုက် ၆ပါးအထိုက် ခွဲပြီးနောက် နတ်ပြဟ္မာအပေါင်းတို့ စိတ်နှလုံးခံ့ကျန်း နူးညံ့ကြစေရန်အလို့ငှါ ၈ မဟာသမယသုတ်တော်ကြီး (မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက) - ကို ဟောတော်မူပြီးနောက် စရိုက် ၆ပါးတွင်-

၉ ရာဂစရိုက်ရှိသော နတ်ပြဟ္မာများကို ရည်၍ သမ္မာပရိဗ္ဗာဇနီယသုတ် (စူဠဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) ကိုဟော၍ ဆက်ကာ (အဋ္ဌကဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) ၌ လာရှိကြသည်ဖြစ်သော၊ အောက်ပါ ၅သုတ်- ၁၀ ဒေါသစရိုက်ရှိသော နတ်ပြဟ္မာများအတွက် ကလဟဝိဝါဒသုတ်၊ ၁၁ မောဟစရိုက် - မဟာဗျူဟသုတ်၊ ၁၂ ဝိတက်စရိုက် - စူဠဗျူဟသုတ်၊ ၁၃ သဒ္ဓါစရိုက် - တုဝဋ္ဋကပဋိပဒါသုတ်၊ ၁၄ ဗုဒ္ဓိ / ပညာစရိုက် - ပုရာဘေဒသုတ်တော်များကို ဟောတော်မူသည်။

၁၁။ **မဟာသတိပဋ္ဌာနသုတ်** (သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ မူလပရိယာယဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ မဟာသတိပဋ္ဌာနသုတ်အနှစ်ချုပ်၊ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒမာလာဘိဝံသ)

အကျဉ်းသာ။

မြတ်စွာဘုရား ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံး၌ ဟော။

အကျိုး ၇ပါး။

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။"

၁ စိတ်စင်ကြယ်ရန်၊ ၂ စိုးရိမ်ပူပန်ခြင်း လွန်မြောက်ရန်၊ ၃ ငိုကြွေးခြင်း လွန်မြောက်ရန်၊ ၄ ကိုယ်ဆင်းရဲခြင်း ချုပ်ငြိမ်းခြင်း၊ ၅ စိတ်ဆင်းရဲခြင်း ချုပ်ငြိမ်းခြင်း၊ ၆ အရိယာမဂ် ရရန်၊ ၇ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တကြောင်းတည်းသောလမ်းသည်ကား သတိပဋ္ဌာန် ၄ပါးပင်ဖြစ်သည်။

ဥဒ္ဒေသ- အကျဉ်း။

"ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။"

လုံ့လနှင့် သမ္မဇဉ်ဉာဏ် (ပညာ)တို့ဖြင့် အောက်မေ့ခြင်း (သတိ) ရှိသည်ဖြစ်၍ (တရားအား ထုတ်သူတိုင်း ဤ ၃ပါးပါရမည်- ဟု မဟာသတိပဋ္ဌာနသုတ်အနှစ်ချုပ်၊ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒမာလာ ဘိဝံသ - ၌ ဖေါ်ပြထားပါသည်။) ဥပါဒါနက္ခန္ဓာ လောက၌ အဘိဇ္ဈာ (လိုချင်တပ်မက်ခြင်း) ဒေါမနဿ (နှလုံးမသာခြင်း) တို့ကိုဖျောက်လျက်-

၁ ရုပ် ကို၊ ၂ ဝေဒနာ ကို၊ ၃ စိတ် ကို၊ ၄ သဘောတရားကို ရှုခြင်းဖြစ်သည်။

**၁** ရုပ်အပေါင်းကို ဆင်ခြင်ခြင်း - ၆မျိုး (ကာယာနုပဿနာ သတိပဋ္ဌာန်)

၁ ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်း / အာနာပါနဿတိ။

တော၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်ရာ၌ တင်ပလ္လင်ခွေ၊ ကိုယ်ကို ဖြောင့်စွာထား၊ သတိကို ကမ္မဋ္ဌာန်းသို့ ရှေ့ရှုဖြစ်စေ လျက် ထိုင်၏။ ၁ သတိရှိလျက် ထွက်လေရှိုက်၊ ဝင်လေရှူ၏၊

၂ တိုတိုရှိုက် တိုတိုရှူသည်ဟု၊ ရှည်ရှည်ရှိုက် ရှည်ရှည်ရှူသည်ဟု သိ၏၊

၃ ထွက်လေဝင်လေ၏ စလယ်ဆုံး အလုံးစုံသောရုပ်အပေါင်းကို သိ၍ ရှိုက်၏ရှူ၏၊

၄ ရှနို့ရင်းသော ထွက်လေဝင်လေကို ငြိမ်းစေလျက် ရှိုက်၏ရှူ၏။

ဆောင်ပုဒ် (အာနာပါနဒီပနီ၊ လယ်တီဆရာတော်ကြီး)

"သတိမြဲရာ ပထမာ၊ ဒုမှာ ရှည်တိုသိ။ လုံးစုံလင်းရာ တဥ္စသာ၊ စမှာ ငြိမ်းလေဘိ။"

*မိမိ၊ သူတပါး၊ မိမိသူတပါး ရုပ်အပေါင်း၌ ရုပ်အပေါင်းဟုရှု။

*ရုပ်၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘော၊ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘော၊ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ကြောင်း ပျက်ကြောင်းသဘောတို့ကိုရှု။

*ရုပ်အပေါင်းသာရှိသည်ဟု သတိသည် ရှေးရှုထင်၏၊ အဆင့်ဆင့် အသိဉာဏ်တိုး၊ သတိတိုးကာ တဏှာ ဒိဋ္ဌိတို့ဖြင့် မမှီမတွယ်၍နေ၊ လောက၌ တစုံတရာကိုမျှ ငါ ၊ ငါ၏ဥစ္စာဟု မစွဲလမ်းပဲ ရုပ်ကို အကြိမ်ကြိမ်ရှု။

၂ ဣရိယာပုတ်ကို ဆင်ခြင်ခြင်း- သွား၊ ရပ်၊ ထိုင်၊ လျောင်းလျှင် (ရုပ်အပေါင်း၏ တည်နေပုံ အမူအရာကို) သိ၏။ (*** = အထက်ပါအတိုင်း) ။

၃ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း- ရှေတိုးရာ နောက်ဆုတ်ရာ၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၊ ကွေးရာဆန့်ရာ၊ သပိတ်သင်္ကန်းဆောင်ရာ၊ စားသောက်ခဲလျက်ရာ၊ ကျင်ကြီးကျင်ငယ်စွန့်ရာ၊ သွားရပ် တိုင်အိပ် နိုးပြော ဆိတ်ဆိတ်နေရာတို့၌ သိ၏။ (***) ။

၄ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်း- ခြေဖဝါးမှအထက်၊ ဆံဖျားမှအောက်၊ ထက်ဝန်းကျင်အရေပါး အဆုံး ရှိ ၃၂ကောဋ္ဌာသကို စူးစိုက်ဆင်ခြင်၏။ (***) ။

၅ ခါတ်အားဖြင့် နှလုံးသွင်းခြင်း။ ဤရုပ်အပေါင်း၌ မြေ၊ ရေ၊ လေ၊ မီးဓါတ်ရှိ၏ဟု တည်မြဲတိုင်း ထားမြဲတိုင်း စူးစိုက်ဆင်ခြင်၏။ (***)။

၆ သူသေကောင် ၉မျိုးကို ဆင်ခြင်ခြင်း။ ၁ သင်္ချိုင်း၌ စွန့်ပစ်ထားသော သေ၍ တရက်ရှိသော သူသေကောင်၊ ၂ရက် ၃ရက် ဖူးရောင်နေသော သူသေကောင်၊ ရုပ်ဆင်းပျက်ညိုမဲနေသော သူသေကောင်၊ ပြည်ကဲ့သို့ စက်ဆုပ်ဖွယ်အပုပ်ရည်များ ယိုစီးနေသော သူသေကောင်ကို မြင်ရာသကဲ့သို့ ငါ၏ရုပ်အပေါင်း သည်လည်း *ဤသို့သဘောရှိ၏ - အယံ ပိ ကာယော ဧဝံဘာဝီ။၊ *ဤသို့သဘော ဖြစ်လိမ့်မည်သာတည်း- ဧဝံဓမ္မော။၊ *ဤသို့ သဘောကို မလွန်ဆန်နိုင်- ဧဝံ အနတိတ္တမော။ ဟု နှိုင်းစာ၍ရှု။ (***)။

၂ ကျီး၊ စွန်ရဲ၊ လင်းတ၊ သစ်၊ ကျား၊ ခွေး၊ မြေခွေး၊ ပိုးလောက်အမျိုးမျိုးတို့ ခဲစားအပ်သော သူသေကောင်ကို *** (***)။ ၃ အသားအသွေး အကြောတို့ဖြင့်ဖွဲ့၍ အရိုးဆက်လျက်ရှိသော သူသေကောင် ကို *** (***)။ ၄ အသားကင်း၍ သွေးပေကာ အကြောတို့ဖြင့်ဖွဲ့၍ အရိုးဆက်လျက်ရှိသော သူသေကောင် ကို *** (***)။ ၅ အသား အသွေးကင်းကာ အကြောတို့ဖြင့်ဖွဲ့ထားသော အရိုးစုဖြစ်သော သူသေကောင်ကို *** (***)။

၆ သင်္ချိုင်း၌ အရိုးများ ထိုထိုအရပ်၌ ကြဲပြန့်နေသော အရိုးစု သူသေကောင်ကို *** (***)။ ၇ သင်္ချိုင်း၌ ခရုသင်းကဲ့သို့ ဖြူဖွေးနေသော အရိုးစု သူသေကောင်ကို *** (***)။ ၈ သင်္ချိုင်း၌ နှစ်လွန်လျက် စုပုံနေသော အရိုးစု သူသေကောင်ကို *** (***)။ ၉ သင်္ချိုင်း၌ ဆွေးမြည့်လျက် အမှုန့်ဖြစ်နေသော အရိုးစုသူသေကောင်ကို *** (***)။

၂ ဝေဒနာ- ခံစားခြင်းကို ဆင်ခြင်ခြင်း - ၉မျိုး (ဝေဒနာနုပဿနာ သတိပဋ္ဌာန်)

၁ သုခဝေဒနာကို (ခံစားလျှင် ခံစားသည်ဟု သိ၏)။ ၂ ဒုက္ခဝေဒနာကို (...)။ ၃ အဒုက္ခမသုခ ဝေဒနာကို (...)။ ၄ ကာမဂုဏ်နှင့် စပ်သော ချမ်းသာသောဝေဒနာကို (...)။ ၅ ကာမဂုဏ်နှင့် မစပ်သော ချမ်းသာသော ဝေဒနာကို (...)။ ၆ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသောဝေဒနာကို (...)။ ၇ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသောဝေဒနာကို (...)။ ၈ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ် ဝေဒနာကို (...)။ ၉ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ်ချမ်းသာမဟုတ် ဝေဒနာကို ခံစားလျှင် ခံစားသည်ဟုသိ၏။ (***) (ဝေဒနာ)။

၃ စိတ်ကို ဆင်ခြင်ခြင်း - ၁၆မျိုး (စိတ္တာနုပဿနာ သတိပဋ္ဌာန်)

၁ ရာဂ- တပ်မက်ခြင်းနှင့်တကွသောစိတ်ကို ရာဂနှင့်တကွသောစိတ်ဟုသိ၏။ ၂ ရာဂကင်းသော စိတ်ကို ၎င်းစိတ်ဟု သိ၏။ ၃ ဒေါသ- အမျက်ထွက်ခြင်းနှင့်တကွသောစိတ်ကို ၎င်းစိတ်ဟု သိ၏။ ၄ ဒေါသ ကင်းသောစိတ်ကို ၎င်းစိတ်ဟု သိ၏။ ၅ မောဟ-တွေဝေခြင်းနှင့်တကွသောစိတ်ကို ၎င်းစိတ်ဟု သိ၏။ ၆ မောဟကင်းသောစိတ်ကို ၎င်းစိတ်ဟု သိ၏။ ၇ သံခိတ္တ- ကျုံ့သောစိတ်ကို ၎င်းစိတ်ဟု သိ၏။ ၈ ဝိက္ခိတ္တ-

ပျံ့သောစိတ်ကို ငုင်းစိတ်ဟု သိ၏၊ ၉ မဟဂ္ဂုတ် - ရူပအရူပစိတ်ကို ငုင်းစိတ်ဟု သိ၏၊ ၁၀ အမဟဂ္ဂုတ်- ကာမာဝစရစိတ်ကို အမဟဂ္ဂုတ်နှင့်တကွသောစိတ်ဟု သိ၏။

၁၁ သဥတ္တရ- ကာမာဝစရစိတ်ကို ငုင်းစိတ်ဟု သိ၏၊ ၁၂ အနုတ္တရ- ရူပအရူပစိတ်ကို ငုင်းစိတ်ဟု သိ၏၊ ၁၃ သမာဟိတ- အပ္ပနာသမာဓိ ဉပစာရသမာဓိရှိသော တည်ကြည်သောစိတ်ကို ငုင်းစိတ်ဟု သိ၏၊ ၁၄ အသမာဟိတ- သမာဓိ ၂ပါးကင်းသော မတည်ကြည်သောစိတ်ကို ငုင်းစိတ်ဟု သိ၏၊ ၁၅ ဝိမုတ္တစိတ်- လွတ်မြောက်သောစိတ်ကို ငုင်းစိတ်ဟု သိ၏၊ **၁၆** အဝိမုတ္တစိတ်- မလွတ်မြောက်သောစိတ်ကို အဝိမုတ္တနှင့် တကွသော စိတ်ဟု သိ၏။ (***) (စိတ်)။

## ၄ သဘောတရားကို ဆင်ခြင်ခြင်း - ၅မျိုး (ဓမ္မာနုပဿနာ သတိပဋ္ဌာန်)

၁ နီဝရဏတရား ၅ပါးကို ဆင်ခြင်ခြင်း။ ၁ ကာမစ္ဆန္ဒ- မိမိသန္တာန်၌ ကာမစ္ဆန္ဒရှိလျှင် ရှိသည်၊ မရှိ၊ ဖြစ်ကြောင်း၊ ပယ်ကြောင်း၊ နောင်မဖြစ်ကြောင်း (၅ချက်) ကိုလည်း သိ၏၊ ၂ ဗျာပါဒရှိလျှင် (၅ချက်) ကိုလည်း သိ၏ ၃ ထိနမိဒ္ဓရှိလျှင် (၅ချက်) ကိုလည်းသိ၏ ၄ ဉဒ္ဓစ္စကုက္ကုစ္စရှိလျှင် (၅ချက်) ကိုလည်း သိ၏ ၅ ဝိစိကိစ္ဆာ- မိမိသန္တာန်၌ ဝိစိကိစ္ဆာ ရှိလျှင် ရှိသည်၊ မရှိ၊ ဖြစ်ကြောင်း၊ ပယ်ကြောင်း၊ နောင် မဖြစ်ကြောင်းကိုလည်းသိ၏။ (***) (သဘောတရား)။

၂ ခန္ဓာ ၅ပါးကို ဆင်ခြင်ခြင်း။ ၁ ဤကား ရုပ်၊ ဤကား ရုပ်ဖြစ်ကြောင်း၊ ဤကား ရုပ်ချုပ်ရာတည်း (၃ချက်) ဟု သိ၏၊ ၂ ဝေဒနာ၊ ဖြစ်၊ ချုပ် ဟု သိ၏၊ ၃ သညာ၊ ဖြစ်၊ ချုပ် ဟု သိ၏၊ ၄ သင်္ခါရ၊ ဖြစ်၊ ချုပ် ဟု သိ၏၊ ၅ ဝိညာဏ်၊ ဖြစ်၊ ချုပ် ဟု သိ၏။ (***) (သဘောတရား)။

၃ အာယတန ၁၂ပါးကို ဆင်ခြင်ခြင်း။

အာယတန= ဖြစ်ရာအကြောင်း။ အတွင်းအပ အာယတန ၂ပါးရှိ။

၁-၂ မျက်စိ (အတွင်းအာယတန) ကိုလည်း သိ၏၊ အဆင်း (အပအာယတန) ကိုလည်း သိ၏၊ ထို ၂ပါးကိုစွဲ၍ သံယောဇဉ်ဖြစ်သည်ကိုလည်း သိ၏၊ မဖြစ်သေးသည်၏ ဖြစ်ကြောင်းကို သိ၏၊ ပယ်ကြောင်း ကိုလည်း သိ၏၊ ပယ်ပြီးနောက် နောင်အခါ မဖြစ်ကြောင်းကိုလည်းသိ၏ (၆ ချက်)

၃-၄ နား၊ အသံစသည် ၆ချက်ကို သိ၏၊ ၅-၆ နှာ ခေါင်း၊ အနံ့စသည် ၆ချက်ကို သိ၏၊ ၇-၈ လျှာ၊ အရသာ စသည် ၆ချက်ကို သိ၏၊ ၉-၁၀ ကိုယ်၊ အတွေ့အထိစသည် ၆ချက်ကို သိ၏၊ ၁၁-၁၂ စိတ်၊ သဘောတရားစသည် ၆ချက်ကို သိ၏။ (***) (သဘောတရား)။

၄ ဗောဇ္ဈင် ၇ပါးကို ဆင်ခြင်ခြင်း။

ဗောဇ္ဈင်= သစ္စာတို့ကို သိကြောင်း။

၁ မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိလျှင် ရှိသည်ဟုသိ၏၊ မရှိလျှင် မရှိဟုသိ၏၊ မဖြစ်သေးသည်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဖြစ်ပြီးသည်ကို ပွားစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏ (၄ချက်) ၂ မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ၄ချက်ကို သိ၏၊ ၃ မိမိ သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် ၄ချက်ကို သိ၏၊ ၄ မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် ၄ချက်ကို သိ၏၊ ၅ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် ၄ချက်ကို သိ၏၊ ၆ မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် ၄ချက်ကို သိ၏၊ ၇ မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် ၄ချက်ကို သိ၏။(***) (သဘောတရား)

**၅** သစ္စာ ၄ပါးကို ဆင်ခြင်ခြင်း။

ဒုက္ခအရိယသစ္စာ / ဒုက္ခသစ္စာ (၁၁ချက်)- ၁ ဇာတိ၊ ၂ ဇရာ၊ ၃ မရဏ၊ ၄ သောက၊ ၅ ပရိဒေဝ၊ ၆ ဒုက္ခ၊ ၇ ဒေါမနဿ၊ ၈ ဥပါယာသ၊ ၉ မချစ်မနှစ်သက်ဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း၊ ၁၀ ချစ်လို နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်း၊ **၁၁** အလိုရှိသည်ကို မရခြင်း။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာ ၅ပါး ဖြစ်၏။ (***) (သဘောတရား)။

ဒုက္ခသမုဒယအရိယသစ္စာ / သမုဒယသစ္စာ- တဖန်ဘဝသစ်ကို ဖြစ်စေသော၊ နှစ်သက်တပ်မက်ခြင်းနှင့်တကွ ဖြစ်သော၊ ထိုတိုဘဝအာရုံ၌ အလွန်နှစ်သက်ခြင်းရှိသော တဏှာ (တဏှာ ၃ပါးကို ကြည့်ပါ။) တည်း။

**တဏှာဖြစ်ရာ တည်ရာ ၁၀ ဌာန-** ၁ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် စသော တည်ရာ **၆ပါး**၊ ၂ ရူပါရုံ၊ သဒ္ဒါရုံ စသော ၆ပါး၊ ၃ စက္ခုဝိညာဏ်၊ သောတဝိညာဏ် စသော ၆ပါး၊ ၄ စက္ခုသမ္ဖဿ (မျက်စိအတွေ့)၊ သောတ သမ္ဖဿ စသော ၆ပါး၊

၅ စက္ခုသမ္ဖဿဇာဝေဒနာ (မျက်စိ အတွေ့ကြောင့်ဖြစ်သော ခံစားခြင်း)၊ သောတသမ္ဖဿဇာဝေဒနာ စသော ၆ပါး၊ ၆ ရူပသညာ (ရူပါရုံ၌ မှတ်သားခြင်း)၊ သဒ္ဒသညာ စသော ၆ပါး၊ ၇ ရူပသဉ္စေတနာ (ရူပါရုံ၌ စေ့ဆော်ခြင်း)၊ သဒ္ဒသဉ္စေတနာ စသော ၆ပါး၊ ၈ ရူပတဏှာ၊ သဒ္ဒတဏှာ စသော ၆ပါး၊ ၉ ရူပဝိတက် (ရူပါရုံ၌ ကြံစည်ခြင်း)၊ သဒ္ဒဝိတက် စသော ၆ပါး၊ **၁၀** ရူပဝိစာရ (ရူပါရုံ၌ သုံးသပ်ဆင်ခြင်ခြင်း)၊ သဒ္ဒဝိစာရ စသော ၆ပါး။(***) (သဘောတရား)။

ဒုက္ခနိရောဓအရိယသစ္စာ / နိရောဓသစ္စာ- တဏှာအကြွင်းမရှိ ကင်းချုပ်ရာ၊ စွန့်ရာ၊ ဝေးစွာစွန့်ရာ၊ လွတ်မြောက်ရာ၊ မကပ်ငြိရာ နိဗ္ဗာန်တည်း။

**တဏှာပယ်အပ်ရာ ချုပ်အပ်ရာ ၁၀ ဌာန-** အထက် သမုဒယသစ္စာပါ ၁ - **၁၀** အတိုင်း။ (***) (သဘောတရား)

ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယာသစ္စာ / မဂ္ဂသစ္စာ- မြတ်သောအင်္ဂါ ၈ပါးရှိသော မင်္ဂအကျင့်လမ်းတည်း။ ဘုရားရှင်သည် သမ္မာသတိကို နိဒါန်းတွင်ပါသည့်အတိုင်း ပြင်းစွာသော လုံ့လနှင့် သမ္ပဇဉ်ဉာဏ် (ပညာ)တို့ဖြင့် အောက်မေ့ခြင်း (သတိ) ရှိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာ လောက၌ အဘိဇ္ဈာ (လိုချင်

တပ်မက်ခြင်း) ဒေါမနဿ (နှလုံး မသာခြင်း) တို့ကိုဖျောက်လျက် ၁ ရုပ်ကို၊ ၂ ဝေဒနာကို၊ ၃ စိတ်ကို၊ ၄ သဘောတရားကို ရှုသည်] တဖန် ဟောတော်မူသည်။ (***) (သဘောတရား)။

မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန် ၄ပါးကို ၇နှစ်တို့ပတ်လုံး ပွားက မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ အနာဂါမိဖိုလ်ဖြစ်စေ အမှန်ရပေမည်။ ၆နှစ်၊ ၅နှစ်၊ ၄နှစ်၊ ၃နှစ်၊ ၂နှစ်၊ တနှစ်၊ ၇လ၊ ၆လ၊ ၅လ၊ ၄လ၊ ၃လ၊ ၂လ၊ တလ၊ လခွဲပတ်လုံး၊ ၇ရက်ပတ်လုံး ပွားက မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ အနာဂါမိဖိုလ်ဖြစ်စေ အမှန်ရပေမည်။

## မြင်မြင်ကာမတ္တ ၂၈

၁၂/၁။ **ဗာဟိယဒါရုစီရိယ** (ဗာဟိယဒါရုစီရိယဝတ္ထု၊ သဟဿဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက။ ဗာဟိယသုတ်၊ ဗောဓိဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်း။ ဗာဟိရတိုင်း၌မွေးဖွား၍ ပင်လယ်၌ ကူးသန်းရောင်းဝယ်သွားရာ သင်္ဘောပျက်၊ ကမ်းခြေတခု သို့ရောက်၊ ရရာပျဉ်ချပ်တို့ကို ကြိုးဖြင့်သီ၍ဝတ်ကာ နတ်ကွန်းတခုမှရသော ခွက်ငယ်ကိုင်စွဲပြီး သုပ္ပါရကဆိပ်ကမ်း၌ တောင်းစား၊ လူများက ရဟန္တာဟုထင်ကြ၊ အဝတ်များ လှူကြသော်လည်း လာဘ်နည်းသွားမည်စိုး၊ လက်မခံပဲ ပျဉ်ချပ်များသာဝတ်၊ ကဿပဘုရားရှင်လက်ထက် အတူရဟန်းပြု၍ တရားအား ထုတ်ဖက်ဖြစ်သော ဗြဟ္မာကြီးက သတိပေး၊ မြောက်အရပ် သာဝတ္ထိပြည်၌ အလုံးစုံသိတော်မူသော ဘုရားရှင် သီတင်းသုံးနေကြောင်းပြော၊ ညတွင်းချင်း ခရီးပြင်းနှင်၊ နံနက် ဇေတဝန်ကျောင်းတော်ရောက်၊ ဘုရားရှင် မြို့တွင်းဆွမ်းခံဝင်နေ၊ လိုက်၍ တရားဟောရန် တောင်းပန်၊ ၂ကြိမ်တိုင်ပယ်၊ ခရီးပန်းပြေစေရန်နှင့် တရားနာချင်လွန်းသော ဆန္ဒစောမှုကို သက်သာစေရန်ဖြစ်၊ တတိယအကြိမ် လျှောက်သော်-

"တသ္မာတိဟ တေ ဗာဟိယ၊ ဧဝံ သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ"

ဗာဟိယ- ချစ်သားဗာဟိယ၊ တသ္မာ- အကြင်ကြောင့်၊ ဒိဋ္ဌေ- မြင်အပ်သော ရူပါရုံ၌၊ ဒိဋ္ဌ မတ္တံ- မြင်အပ်သော ရူပါရုံမျှသာလျှင်၊ ဘဝိဿတိ- ဖြစ်လတ္တံ့။ တသ္မာ- ထို့ကြောင့်၊ ဣမံ- ဤလောက၌၊ တေ-တယာ သင်သည်၊ ဧဝံ- ဤသို့၊ သိက္ခိတဗ္ဗံ- ကျင့်အပ်၏။

ဤတရားပိုဒ်ကို နာရင်းပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်၊ ရဟန်းအဖြစ်တောင်းရာ ပရိက္ခရာမစုံလင်၍ သက်န်းရှာရာ၌ အမိုက်ပုံတွင် နွားယောင်ဆောင် ဘီလူးမကဝှေ၍ ပရိနိဗ္ဗာန်စံ၊ ဘုရားရှင်က ရဟန်းများအား ရုပ်အလောင်းကို သင်္ဂြိုဟ်၍ စေတီတည်စေ။

၁၃/၂။ **မာလုကျပုတ္တ** (မာလုကျပုတ္တသုတ်၊ သဠဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အရှင်မာလုကျပုတ္တသည် ဘုရားရှင်ထံ ချဉ်းကပ်၍ တရားအကျဉ်း တောင်းတော်မူ၏။ ဘုရားရှင်က

သင်သည် အိုမင်းသည်၊ ကြီးသည်၊ ရင့်ရော်သည်၊ အရွယ်လွန်သည်၊ နောက်ဆုံးအရွယ်သို့ ရောက်နေသည် ဖြစ်လျက် အဆုံးအမအကျဉ်းကို တောင်းဘိ၏၊ ဤသို့ အဆုံးအမကိုတောင်းရာ ယခုအရာ၌ အရွယ်ငယ်သူများကို အဘယ်သို့ ဆိုရအံ့နည်းဟု မိန့်၏။ အရှင်မာလုကျပုတ္တက အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ ဘုရားရှင်၏ စကားတော်၏ အနက်အဓိပ္ပါယ်ကို သိနိုင်ရာပါ၏၊ စကားတော်၏ အမွေခံ ဖြစ်တန်ရာပါ၏ဟု လျှောက်၏။

"မမြင်ဖူးသော၊ စက္ခုဝိညာဏ် (ဝိညာဏ် ၆ပါး) ဖြင့် သိအပ်သော အဆင်း (အပြင်အာယာတန / အာရုံ ၆ပါး) ကို လိုချင်စွဲမက်မှုရှိသလော?" မရှိပါဘုရား။

"ထို [၁]မြင်အပ်၊ [၂]ကြားအပ်၊ [၃၊၄၊၅]တွေ့ထိအပ် (နမ်းရှုအပ်၊ လျက်စားအပ်၊ တွေ့ထိအပ်)၊ [၆]သိအပ်သော အာရုံ ၆မျိုး တို့၌ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ၊ တွေ့ထိလျှင် တွေ့ထိကာမျှ၊ သိလျှင် သိကာမျှ ဖြစ်လတ္တံ့။ ထိုအခါ သင်သည် စွဲမက်ခြင်း၊ အမျက်ထွက်ခြင်း၊ တွေဝေခြင်း မဖြစ်လတ္တံ့။ ထိုအခါ သင်သည် ထို အာရုံ ၆ပါးတို့၌ မတည် လတ္တံ့။ ထိုအခါ သင်သည် ပစ္စုပ္ပန်ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း၊ ၂ဘဝလုံး၌ရင်း မဖြစ်လတ္တံ့။ ဤပစ္စုပ္ပန် တမလွန် ၂တန်သော ဘဝ၌ မဖြစ်မှုသည်ပင် ဆင်းရဲ၏အဆုံး နိဗ္ဗာန်မည်၏။"

ဤသို့ လျှောက်ထားသည့်အတိုင်း အကျဉ်းဟောသည်ကို အကျယ်အားဖြင့် ဤသို့ တပည့်တော် နားလည်ပါ၏ဟု အရှင်မာလုကျပုတ္တက သူနားလည်သည့်အတိုင်း အကျယ်လျှောက်ထားသည်တွင် ဘုရားရှင်က အောက်ပါအတိုင်း ထပ်ဆင့် အတည်ပြု ဟောတော်မူ၏။

အကျဉ်းမှုသာ။ "အဆင်း (အာရုံ ၆ပါး) ကို မြင်သော် နှစ်သက်ဖွယ်အာရုံဟု နှလုံးသွင်းသောသူအား သတိမေ့ပျောက်သည်ဖြစ်၍ ပြင်းစွာစွဲလမ်းသောစိတ်ရှိလျက် ခံစား၏။ များစွာသောဝေဒနာတို့ တိုးပွား၏။ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်မှု- အဘိဇ္ဈာ၊ စိတ်ပင်ပန်းမှု- ဝိဟေသာတို့ဖြင့် သူ၏စိတ်ကို ကပ်၍ ညှဉ်းဆဲ၏။ ဤသို့ ဆင်းရဲကို ဆည်းပူးနေသူအား နိဗ္ဗာန်မှ ဝေးလှ၏။

အဆင်း (အာရုံ ၆ပါး)ကို မြင်သော် ထင်သောသတိ ရှိသည်ဖြစ်၍ အဆင်း (အာရုံ ၆ပါး) တို့၌ မစွဲမက်။ စွဲမက်မှုကင်းသောစိတ် ရှိသည်ဖြစ်၍ ခံစား၏။ တိုသို့ အဆင်း (အာရုံ ၆ပါး)ကို သိသော်ငြင်း၊ ဝေဒနာတို မမှီဝဲသော် ငြင်း ထိုသူအား ဆင်းရဲတို့ ကုန်ခန်း၏။ မထိုးပွား။ ဤသို့ သတိရှိသည်ဖြစ်၍ ကျင့်သူ၊ ဆင်းရဲကို ဖျက်ဆီးသူအား နိဗ္ဗာန်နှင့်နီး၏ဟု ဆိုအပ်၏။"

မကြာမြင့်မှီမှာပင် အရှင်မာလုကျပုတ္တသည် အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။

၁၄။ **ရာမလက္ခဏာ သီတာဒေဝီဇာတ်** (ဒသရထဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

(ဘုရားလောင်း၏ သေသူများ၊ သေသောသတ္တဝါများအတွက် မပူဆွေးသင့်ကြောင်း မျက်ရည်သိမ်း တရား ဟောရာဘဝ - အနက်မှ - အမှတ် ၇) တွင် ကြည့်ပါ။

၁၅။ **ရေသည်ဇာတ်** (ဂင်္ဂမာလာဇာတ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

- အသိများသော စလေဦးပုညရေး 'ရေသည်ဇာတ်' သည် ဤဇာတ်တော်မှ အစိတ်အပိုင်းတခုကို ရေးခြင်းဖြစ် (စာရေးသူ)၊

- ဘုရားရှင်က ဥပုသ်သည်များအား ဥပုသ်စောင့်ရသောအကျိုးနှင့် စပ်၍ ဟော၊

- ဘုရားလောင်း သူရင်းငှါးသည် သူကြွယ်အိမ်တအိမ်၌ နေ့စားလုပ်ရင်း နေ့ဝက်ဥပုသ်စောင့်သည့် အကျိုးအားဖြင့် ဗာရာဏသီမင်း ဖြစ်၊

- ရေသည် (ရေခပ်ရောင်းသူ) သည် အရှင်အာနန္ဒာအလောင်းဖြစ်၊ ရေသည်မက ယူခိုင်းသဖြင့် သူ၏ အသပြာ ပဲဝက်ကိုယူရန် နေမွန်းတည့်ချိန် မြေပူသဲပူပေါ်ဝယ် သီချင်းတကြော်ကြော်ဖြင့် သွားသည်ကို မင်း မြင်သဖြင့် မင်းက ပဲဝက်ပေးမည်၊ နေပူထဲ မသွားရန်ပြော၊ မရ၊ နောက်ဆုံး ပြည်ထက်ဝက်ပေး၊ အနုမာသ ကမင်း- ပဲဝက်မင်းဟုခေါ်၊ နောက် ကိလေသာကာမ၌ မရောင့်ရဲ မင်းကို သတ်ရန်ကြံ၊ သံဝေဂရ၊ တောထွက်၊ ရသေ့ရဟန်း ပြု၊ ဈာန်အဘိညာဉ်ရ၊ သေသော် ဗြဟ္မာ့ပြည်လား၊

- ဤအကြောင်းများကို မင်းက ဂါထာဥဒါန်း ကျူးကျူးနေ၊ မည်သူမျှ အဓိပ္ပါယ် မသိကြ၊

- မိဖုယားကြီးက ဂင်္ဂမာလာဆတ္တာသည်ကို မင်းထံမှ ဥဒါန်းဂါထာအဓိပ္ပါယ်မေးခိုင်း၊ မင်းက ပြည်သူ အများရှေ့၌ အဓိပ္ပါယ်ပြောပြ၊ ဆတ္တာသည် သံဝေဂရ၍ ဟိမဝန္တာဝင်၍ ရဟန်းပြုကာ ပစ္စေကဗုဒ္ဓါဖြစ်၊ ၅နှစ် ၆နှစ် ကြာသော် မင်းဥယျာဉ်ကြွ၍ မင်းအား တရားဟော၍ သတိသံဝေဂ ရစေ၊ ဂန္ဓမာဒနတောင်သို့ ပြန်ကြွ။

၁၆။ **သာမဏေကျော် ၄ပါး** / ရဟန္တာသာမဏေ ၄ပါး (သာမဏေရာနံဝတ္ထု / ရဟန္တာသာမဏေ ၄ပါးဝတ္ထု၊ ဗြဟ္မဏဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ သာမဏေ ၄ပါးတို့ဝတ္ထု၊ ဗြဟ္မဏဝဂ်၊ ဓမ္မပဒပါဠိတော်၊ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မသာမိဘိဝံသ၊ ခု၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

သာဝတ္ထိပြည်မှ ပုဏ္ဏေးမကြီးသည် ရဟန်း ၄ပါးအတွက် ဆွမ်းစီရင်၊ ပုဏ္ဏားကြီးကို အရှင်မြတ်ကြီး ၄ပါးကို ပင့်စေ၊ ၇နှစ်ရွယ် ရဟန္တာသာမဏေ ၄ပါးဖြစ်သော သံကိစ္စသာမဏေ၊ ပဏ္ဍိတသာမဏေ၊ သောပါက သာမဏေ နှင့် ရေဝတသာမဏေတို့ (ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သား ရဟန္တာများ - အနက်မှ - ၎င်း သာမဏေ ၄ပါး အကြောင်းကို ကြည့်ပါရန်။) ဆွမ်းလှည့်ကျကြ၊ မြေးအရွယ်လေးများ ပင့်လာသဖြင့် ပုဏ္ဏေးမကြီး စိတ်ဆိုး၊ ထပ်ပင့် ခိုင်း၊ သာမဏေများကို ခင်းထားသော မြတ်သောနေရာများကို မပေး၊ ဆွမ်းလည်းမကပ်ပဲ အင်းပျဉ်တို့ကို ခင်းပေး၊ အရှင်သာရိပုတ္တရာကို ပင့်လာ၊ သာမဏေလေးများ ဆွမ်းမရသေးကြောင်းသိသော် ဆွမ်းအလှူမခံပဲ ပြန်ကြွ၊ နောက်တကြိမ်တွင် ပုဏ္ဏားကြီးသည် အရှင်မဟာ မောဂ္ဂလ္လာန်ကို ပင့်လာ၊ ထို့အတူပင် ဆွမ်းအလှူမခံပဲ ပြန်ကြွ၊ သာမဏေလေးများမှာ ဆာလောင်ခြင်းဖြင့် နှိပ်စက်ခံနေကြရ၊

ပုဏ္ဏေးကြီးသည် ပုဏ္ဏားတို့ရွတ်ဖတ်ရာဌာန၌ သာမဏေလေးများ အကြောင်းသိသဖြင့် ပုဏ္ဏား အိုကြီး အသွင်ဆောင်ထားသော သိကြားမင်းကို ပင့်လာ၊ သိကြားပုဏ္ဏားအိုက သာမဏေလေးများကို ရှိခိုး၍ ခြေရင်း၌ထိုင်၊ ပုဏ္ဏေးမကြီးက မြည်တွန်ကဲ့ရဲ၍ ပုဏ္ဏားကြီးလင်မယားသည် ပုဏ္ဏားအိုကို ရိုက်ပုတ်ထု ထောင်း၊ လက်ကိုဆွဲ၍ အိမ်ပြင်ထုတ်၊ သိကြားပုဏ္ဏားအိုသည် နေရာမှမရွေ့ပဲ လက်သာ ရှည်လာသည်ကို တွေ့၍ ကြောက်လန့်တကြား အော်ဟစ်၊ သိကြားသည် အဖြစ်မှန်ကို သိစေ၊ ထိုအခါမှ သာမဏေလေးများကို ဆွမ်းလောင်းလှူ၊ သာမဏေတပါးသည် အိမ်အမိုး အလယ်မှရင်း၊ ကျန် ၃ပါးသည် အိမ်အမိုး အရှေ့မှရင်း၊ အနောက်မှရင်း၊ ကြမ်းမြေကို ငုပ်လျှိုး၍ရင်း၊ သိကြားသည်လည်း တခုသောအရပ်မှ ထိုးဖေါက်၍ ထွက်ကြ၊ ထို့ကြောင့် ထိုအိမ်ကို အပေါက် ၅ခုရှိသောအိမ်ဟု တွင်၊ ကျောင်းတွင် ရဟန်းများက မေး၍ သာမဏေ လေးများက အကြောင်းစုံနှင့် အမျက်မထွက်ကြောင်း ပြောပြကြရာ အရဟတ္တဖိုလ်ကို မဟုတ်မမှန်ပြောကြ ကြောင်း ဘုရားရှင်အားလျှောက်ကြ၊

ဘုရားရှင်က "ဆန့်ကျင်ဘက်ပြုသူတို့၌ မဆန့်ကျင်၊ လက်နက်စွဲကိုင်သူတို့၌ မစွဲကိုင် ရန်မပြုလို၊ တပ်မက်အပ်သောအရာတို့၌ မစွဲလမ်း၊ ထိုသူကို ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူ၏။" ဟူသော ဂါထာကို ဟောရာ အဆုံး၌ များစွာသောသူတို့ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

<u>၁၇။</u> **သက္ကပဉှသုတ်** (သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ သက္ကပဉှသုတ်၊ လောကကာမဂုဏဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ သက္ကပဉှသုတ်ဟောတော်မူသော အခဏ်း၊ ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) <u>အကျဉ်းသာ။</u>

ဘုရားရှင်သည် မဂဓတိုင်း ရာဇဂြိုဟ်ပြည် ဝေဒိယကတောင် ဣန္ဒသာလဂူ- တံခါးဝ၌ နံ့ပဲပင်ရှိ သောဂူတွင် သီတင်း သုံးတော်မူနေစဉ်၊

<u>သိကြားမင်းအမေး။</u> လူနတ်နှင့်တကွသော သတ္တဝါတို့သည် ၁ ရန်ငြိုး၊ ၂ ဒဏ်၊ ၃ ရန်သူ၊ ၄ စိတ် ဆင်းရဲခြင်း၊ ၅ အမျက်ထွက်ခြင်း ကင်းကုန်လျက် နေလိုကြ၊ တောင့်တကြပါသော်လည်း သတ္တဝါအပေါင်း တို့သည် ၎င်းတို့နှင့်သာ နေနေကြရခြင်းအကြောင်းကို မေး။

<u>ဘုရားရှင်အဖြေ။</u> ၁ ဣဿာ မစ္ဆရိယသံယောဇဉ်ကြောင့်ဖြစ်၏၊

၂ ထိုဣဿာ မစ္ဆရိယသည် ချစ်ခြင်း၊ မုန်းခြင်းကြောင့်ဖြစ်၏၊

၃ ထိုချစ်ခြင်း၊ မုန်းခြင်းသည် လိုချင်ခြင်း- ဆန္ဒကြောင့်ဖြစ်၏၊

၄ ထိုဆန္ဒသည် ကြံစည်ခြင်း- ဝိတက်ကြောင့်ဖြစ်၏၊

၅ ထိုဝိတက်သည်လည်း သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စသညာ ၃ပါးဖြစ်သော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကြောင့်ဖြစ်၏။

ထိုပပဉ္စသညာများချုပ်၍ နိဗ္ဗာန်ရောက်ကြောင်းတရားကို သိကြားမင်းကမေးရာ ဘုရားရှင်သည် ဝေဒနာကမ္မဋ္ဌာန်း ပေးတော်မူ၏။

<u>သိင်္ကားမင်း ဤသတ္တပဏ္ဏာတရားတော်ကို ကြားနာပြီးအဆုံး ရရှိသောအကျိုး ၆ပါး</u>

၁ ဤအရပ်၌ပင်တည်လျက် တရားနာနေစဉ်ပင် စုတိစိတ်ကျ၍ သိကြားပင်ဖြစ်ကာ အသက်တဖန် ပြန်ရ၏၊ ၂ တာဝတိံသာနတ်ဘုံမှ မတွေမဝေ စုတေ၍ အကျွန်ုပ်၏ စိတ်မွေ့လျော်ရာဘုံ လူ့ပြည် မင်းမျိုး၌ ပဋိသန္ဓေနေရပါအံ့၊ ၃ ယုံမှားတွေဝေခြင်းကင်း၍ သတိသမ္ပဇဉ်နှင့်ယှဉ်လျက် အရိယာအဖြစ်နှင့်လျော်စွာ နေရပါလတ္တံ့၊ ၄ သကဒါဂါမိမဂ်ဉာဏ်ဖြစ်၍ ထိုလူ့ပြည်၌ အဆုံးဘဝဖြစ်ပါလတ္တံ့၊ ၅ ထိုလူ့ဘုံမှ စုတေသော် သကဒါဂါမ် သိကြားမင်းအဖြစ် တဖန်ပြန်ဖြစ်ပါအံ့၊ ၆ သိကြားမင်းဘဝတွင် အနာဂါမိမဂ်ရပြီး စုတေသော် အဝိဟာဘုံ၊ အတပ္ပါဘုံ၊ သုဒဿာဘုံ၊ သုဒဿီဘုံ ပြဟ္မာ့ဘုံတို့တွင် အဆင့်ဆင့် နေ၍ အကနိဋ္ဌပြဟ္မာဘုံသည် နောက်ဆုံး အဆုံးဘဝ ရဟန္တာ ဖြစ်ပါလတ္တံ့။

<u>သိကြားမင်း "နမောတဿ" ဘုရားရှိခိုးဖြင့် ၃ကြိမ် ဥဒါန်းကျူးခြင်း</u>။ သိကြားမင်းသည် လက်ဖြင့် မြေကို ပုတ်၍ ဥဒါန်းကျူးရင့်သည်။ သိကြားနတ်မင်းနှင့်အတူ နတ်အပေါင်း ၈သောင်းတို့သည်လည်း သောတာ ပတ္တိမဂ်ဉာဏ် ဖြစ်ပေါ်ကြ၏။

<u>၁၈။</u> **သိင်္ဂါလသုတ်** - ကျင့်ဝတ် ၁၄ပါး (သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက) - <u>အကျဉ်းသာ</u>။
ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တနေ့နံနက် ဆွမ်းခံကြွရာ စိုသော အဝတ်၊ စိုသောဆံပင်တို့ရှိလျက် အရပ်မျက်နှာများကို ရှိခိုးနေသော သိင်္ဂါလသူကြွယ်သားကိုတွေ့၊ မေးသော် ဖခင်သေခါနီး၌ မှာသွားသဖြင့် ဖခင်စကားကို အရှိအသေ မြတ်နိုးတနာပြုလျက် ရှိခိုးခြင်းဖြစ်ကြောင်း လျှောက်ရာ ဤသုတ်တော်ကို ဟောတော်မူ၏။

၁ <u>ညစ်ညူးသောကံ ၄ပါး</u>။ ၁ အသက်သတ်ခြင်း၊ ၂ မပေးသည်ကို ယူခြင်း၊ ၃ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ **၄** မဟုတ်မမှန်ပြောခြင်း- တို့ကို ပယ်အပ်၏။

၂ <u>မကောင်းမှုမပြုကြောင်း ၄ပါး</u> **(အဂတိတရား ၄ပါး)** ။ ၁ ဆန္ဒာဂတိ- ချစ်သဖြင့် (မကောင်းမှု မပြုရာ)၊ ၂ ဒေါသာဂတိ- မုန်းသဖြင့် (...)၊ ၃ မောဟာဂတိ- မသိသဖြင့် (...)၊ **၄** ဘယာဂတိ- ကြောက်သဖြင့် မကောင်းမှု မပြုရာ။

၃ <u>စည်းစိမ်ပျက်ကြောင်း ၆ပါး</u>။ ၁ သေရည်သေရက် သောက်စားခြင်း၊ ၂ အခါမဲ့ ခရီးသွားလာခြင်း၊ ၃ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ ၄ လောင်းကစားခြင်း၊ ၅ မကောင်းသောအဆွေခင်ပွန်းနှင့် ပေါင်းခြင်း၊ **၆** ပျင်းရိခြင်း။

၃/၁ <u>သေရည်သောက်ခြင်း အပြစ် ၆ပါး</u>။ ၁ ဥစ္စာဆုတ်ယုတ်ခြင်း၊ ၂ ခိုက်ရန်ဖြစ်ပွားတတ်ခြင်း၊ ၃ အနာရောဂါ၏အကြောင်း ဖြစ်ခြင်း၊ ၄ အရှက်အဝါမဲ့တတ်ခြင်း၊ ၅ လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်ခြင်း၊ **၆** ပညာ၏ အားနည်းသည်ကို ပြုခြင်း / ပညာမဲ့ခြင်း။

၃/၂ အခါမဲ့သွားလာခြင်း အပြစ် ၆ပါး။ ၁ အစောင့်အရှောက်ကင်းခြင်း၊ ၂ သားမယားသည်လည်း အစောင့်အရှောက် ကင်းခြင်း၊ ၃ ဥစ္စာသည်လည်း အစောင့်အရှောက်ကင်းခြင်း၊ ၄ သူတပါးပြုသော မကောင်းမှုတို့၌ ဤသူပြုမည်ဟု ယုံမှားခံရခြင်း၊ ၅ စွပ်စွဲခံရခြင်း၊ ၆ များစွာသောဆင်းရဲတို့၏ ရှေ့သွားဖြစ်ခြင်း။

၃/၃ ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ် ၆ပါး။ အဘယ်မှာ- ၁ ကပွဲ၊ ၂ သီဆိုပွဲ၊ ၃ တီးမှုတ်ပွဲ၊ ၄ စာ ဟောပွဲ၊ ၅ လက်ခုပ်တီးပွဲ၊ ၆ စည်တီးပွဲရှိသနည်းဟု မေးရခြင်း၊ သွားရခြင်း။

၃/၄ လောင်းကစားခြင်း အပြစ် ၆ပါး။ ၁ နိုင်သော် ရန်ပွားခြင်း၊ ၂ ရှုံးသော် ဥစ္စာအတွက် ပူပန်ရခြင်း၊ ၃ ဥစ္စာဆုတ်ယုတ်ခြင်း၊ ၄ တရားရုံး၌ ထိုသူ၏စကား မတည်ခြင်း၊ ၅ အဆွေခင်ပွန်းတို့ မထီမဲ့မြင်ပြုကြခြင်း၊ ၆ သမီးပေးသားယူ ပြုလိုသူတို့ "ဤသူသည် ကစားသမားတည်း၊ မယားကိုကျွေးရန် မစွမ်း။" ဟု အလိုမရှိအပ်ခြင်း။

၃/၅ မကောင်းသောအဆွေခင်ပွန်း / ခင်ပွန်းယုတ် အပြစ် ၆ပါး။ ၁ လောင်းကစားကြူးခြင်း၊ ၂ ကာမဂုဏ်ကြူးခြင်း၊ ၃ သေသောက်ကြူးခြင်း၊ ၄ အတုပြု၍ လှည့်ပတ်ခြင်း၊ ၅ မာယာဖြင့် လှည့်ပတ် ခြင်း၊ ၆ အနိုင်အထက်ပြုတတ်သူတို့သာ ထိုသူ၏အဆွေခင်ပွန်း၊ အပေါင်းအဖော်ဖြစ်၍ ပစ္စုပ္ပန်၌၎င်း၊ တမလွန်၌၎င်း၊ ပျက်စီးခြင်းသို့ ရောက်ခြင်း။

၃/၆ ပျင်းရိခြင်း အပြစ် ၆ပါး။ ၁ အေးလွန်းခြင်း၊ ၂ ပူလွန်းခြင်း၊ ၃ မိုးချုပ်ခြင်း၊ ၄ စောလွန်းခြင်း၊ ၅ ဆာခြင်း၊ ၆ ဝလွန်းခြင်း / ဗိုက်ပြည့်ခြင်း။

၄ ဖျက်ဆီးတတ်သော အကြောင်း ၆ပါး - ၂၈

၄/၁ လူကို ဖျက်ဆီးတတ်သောအကြောင်း ၆ပါး။ ၁ နေမြင့်အောင် အိပ်ခြင်း၊ ၂ သူတပါးမယားကို မှီဝဲခြင်း၊ ၃ ရန်သူများခြင်း၊ ၄ အကျိုးမဲ့ ပြုခြင်း၊ ၅ မကောင်းသောအဆွေခင်ပွန်း ရှိခြင်း၊ ၆ အလွန် စေးနဲခြင်း။

၄/၂ တနည်း ၆ပါး။ ၁ လောင်းကစားခြင်း၊ မိန်းမလိုက်စားခြင်း၊ သေရည်သေရက်သောက်ခြင်း၊ ၂ ကခြင်း၊ သီခြင်းကို ကြည့်ရှုနားထောင်လေ့ရှိခြင်း၊ ၃ နေ့၌ အိပ်လေ့ရှိခြင်း၊ ၄ အခါမဲ့ ခရီးသွားလာခြင်း၊ ၅ မကောင်းသူတို့ကို အဆွေခင်ပွန်းဖွဲ့ခြင်း၊ ၆ အလွန် စေးနဲခြင်း။

၅ မိတ်ဆွေတု ၄ယောက်။ ၁ ယူသာယူတတ်သူ၊ ၂ နှုတ်ဖြင့်သာ ပေးတတ်သူ၊ ၃ အကြိုက် ကိုလိုက်၍ ပြောတတ်သူ၊ ၄ ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သူ။

၅/၁ ယူသာယူတတ်သူ မိတ်ဆွေအင်္ဂါ ၄ပါး။ ၁ ယူသာယူတတ်၊ ၂ နည်းသောဥစ္စာဖြင့် များသော ဥစ္စာကို လို၊ ၃ မိမိ၌ ဘေးဖြစ်သော် တိုသူ၏ကိစ္စကို ပြုတတ်၊ ၄ အကျိုးရလို၍ ဆည်းကပ်။

၅/၂ နှုတ်ဖြင့်သာ ပေးတတ်သူ မိတ်ဆွေအင်္ဂါ ၄ပါး။ ၁ လွန်ပြီးသောအရာဖြင့် ချီးမြှောက်၊ ၂ မဖြစ်သေးသောအရာဖြင့် ချီးမြှောက်၊ ၃ အချည်းနှီးသောလောကွတ်ဖြင့် ချီးမြှောက်၊ ၄ ဖြစ်ဆဲကိစ္စတို့၌ ပျက်ဆီးခြင်းကို ပြ။

၅/၃ အကြိုက်လိုက်၍ ပြောတတ်သူမိတ်ဆွေ အင်္ဂါ ၄ပါး။ ၁ ထိုသူအား မကောင်းမှုကို ခွင့်ပြု၊ ၂ တိုသူအား ကောင်းမှုကိုလည်း ခွင့်ပြု၊ ၃ ထိုသူ၏မျက်မှောက်၌ ချီးမွမ်းစကား ဆို၊ ၄ ထိုသူ၏မျက်ကွယ်၌ ကဲ့ရဲ့စကား ဆို။

၅/၄ ပျက်ဆီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေအင်္ဂါ ၄ပါး။ ၁ သေသောက်ခြင်း၌- ၂ အခမဲ့သွားလာခြင်း၌- ၃ ပွဲလမ်းသဘင် ကြည့်ရှုနားထောင်ခြင်း၌- ၄ လောင်းကစားခြင်း၌ အပေါင်းအဖော် ဖြစ်။

၆ မိတ်ဆွေစစ် / စိတ်ကောင်းနှလုံးကောင်း ရှိသောမိတ်ဆွေ ၄ယောက်။ ၁ ကျေးဇူးပြုတတ်သူ၊ ၂ ချမ်းသာအတူ ဆင်းရဲအတူရှိသူ၊ ၃ အကျိုးစီးပွားကို ပြောတတ်သူ၊ ၄ အစဉ်သနားတတ်သူ။

၆/၁ ကျေးဇူးပြုတတ်သူ မိတ်ဆွေစစ်အင်္ဂါ ၄ပါး။ ၁ မူးယစ်သောမိတ်ဆွေကို စောင့်ရှောက်၊ ၂ မူးယစ်သောမိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်၊ ၃ ကြောက်ရွံ့သောမိတ်ဆွေ၏ အားကိုးရာဖြစ်၊ ၄ ပြုဖွယ်ကိစ္စ ပေါ်လတ်သော် ပြောသည်ထက် ၂ဆစည်းစိမ်ကိုပေး။

၆/၂ ချမ်းသာအတူ ဆင်းရဲအတူဖြစ်သော မိတ်ဆွေစစ်အင်္ဂါ ၄ပါး။ ၁ မိတ်ဆွေအား လျှို့ဝှက်သောအမှုကို ပြော၊ ၂ မိတ်ဆွေ၏ လျှို့ဝှက်သောအမှုကို လျှို့ဝှက်၊ ၃ ဘေးရန်ဖြစ်သော် မစွန့်ပစ်၊ ၄ မိတ်ဆွေ၏အကျိုးငှါ အသက်ကိုသော်လည်း စွန့်။

၆/၃ အကျိုးစီးပွားကို ပြောတတ်သော မိတ်ဆွေစစ်အင်္ဂါ ၄ပါး။ ၁ မကောင်းမှုမှ တားမြစ်၊ ၂ ကောင်းမှု၌ သက်ဝင်စေ၊ ၃ မကြားဖူးသော တရားစကားကို ပြောကြားတတ်၊ ၄ နတ်ပြည်ခရီးကို ပြောကြားတတ်။

၆/၄ အစဉ်သနားတတ်သော မိတ်ဆွေစစ်အင်္ဂါ ၄ပါး။ ၁ မိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်၊ ၂ မိတ်ဆွေ၏ ဖြစ်ထွန်းတိုးတက်ခြင်းကို နှစ်သက်၊ ၃ မိတ်ဆွေအား ကဲ့ရဲ့စကားပြောသူကို ကန့်ကွက်တားမြစ်၊ ၄ မိတ်ဆွေအား ချီးမွမ်းစကားပြောသူကို တောက်ခံချီးမွမ်း။

**၇ ရသောစည်းစိမ်ကို ခွဲဝေသုံးစွဲပုံ။ ၂၈**

၁။ ရသော စည်းစိမ်ကို ၄ဖို့ ခွဲဝေသုံးစွဲပုံ

၁ ပထမတဖို့ကို စည်းစိမ်ခံစား၊ ထိုတပုံထဲမှ လှူပါ၊ ၂ - ၃ ဤ ၂ဖို့ကို ကုန်သွယ်မှုစသည် အရင်းအနှီး ပြုလုပ်၊ ၄ ကျန်တဖို့ကို ဘေးရန်ဖြစ်သော် အသုံးစရိတ်။

၂။ ရာ၍ရသောဥစ္စာကို ၅ပုံ ခွဲဝေအသုံးပြုပုံ (နိမိဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး ပေါစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

**၅ပုံ**ပုံ၍ တပုံကိုလှူ၊ တပုံကိုစား၊ ၂ပုံကို အလုပ်ထဲရင်း၊ တပုံကိုစု။

၈ အရပ် ၆ပါး။ ၁ အမိ၊ အဖသည် အရှေ့အရပ်၊ ၂ ဆရာသမားသည် တောင်အရပ်၊ ၃ သား၊ မယားသည် အနောက်အရပ်၊ ၄ ချစ်သောအဆွေခင်ပွန်းသည် မြောက်အရပ်၊ ၅ အစေအပါး၊ အလုပ်သမားသည် အောက်အရပ် **၆** သမဏ၊ ဗြာဟ္မဏသည် အထက်အရပ်။

၉ သားသမီးဝတ် ၅ပါး နှင့် မိဖဝတ် ၅ပါး

၁၀ တပည့်ဝတ် ၅ပါး နှင့် ဆရာဝတ် ၅ပါး

၁၁ လင်ကျင့်ဝတ် ၅ပါး နှင့် မယားကျင့်ဝတ် ၅ပါး

၁၂ အဆွေခင်ပွန်းအပေါ် ကျင့်ဝတ် ၅ပါး နှင့် အဆွေခင်ပွန်းများမှ အပြန် ကျင့်ဝတ် ၅ပါး

အဆွေခင်ပွန်းအပေါ် ကျင့်ဝတ် ၅ပါး။ ၁ ပေးကမ်းစွန့်ကြဲ၊ ၂ ချစ်ဖွယ်သောစကားကို ဆို၊ ၃ အကျိုးစီးပွားကို ကျင့်ဆောင်၊ ၄ မိမိနှင့်ထပ်တူညီမျှ ဆက်ဆံ၊ **၅** မချွတ်မယွင်း ပြောဆိုပေးကမ်း။

အဆွေခင်ပွန်းများမှ အပြန် ကျင့်ဝတ် ၅ပါး။ ၁ မူးယစ်သောမိတ်ဆွေကို စောင့်ရှောက်၊ ၂ မူးယစ်သော မိတ်ဆွေ၏ပစ္စည်းဥစ္စာကို စောင့်ရှောက်၊ ၃ ကြောက်ရွံ့သောမိတ်ဆွေ၏ အားကိုးရာဖြစ်၊ ၄ ဘေးရန်ဖြစ်သော် မစွန့်၊ **၅** မိတ်ဆွေ၏ သားမြေးအဆက်ဆက်တို့ကိုလည်း တုံ့ပြန်ချီးမြှောက်။

၁၃ အရှင်သခင် ကျင့်ဝတ် ၅ပါး နှင့် အစေအပါး အလုပ်သမားကျင့်ဝတ် ၅ပါး

အရှင်သခင် ကျင့်ဝတ် ၅ပါး။ ၁ ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေ၊ ၂ ထမင်းရိက္ခာ ပေး၊ ၃ မကျန်းမာသောအခါ ပြုစု၊ ၄ ထူးဆန်းသောအရသာများကို ခွဲဝေပေး၊ **၅** အခါအားလျော်စွာ အားလပ်ခွင့်ပေး၊ အဝတ်တန်ဆာပေး။

အစေအပါး အလုပ်သမားကျင့်ဝတ် ၅ပါး။ ၁ ရှေးဦးစွာ အိပ်ရာမှထ၊ ၂ နောက်မှ အိပ်၊ ၃ ပေးသည်ကိုသာ ယူ၊ ၄ အမှုကိစ္စကို ကောင်းစွာပြု၊ **၅** အရှင်၏ဂုဏ်သတင်းကို ဆောင်။

**၁၄** ဒါယကာကျင့်ဝတ် ၅ပါး နှင့် သမဏဗြာဟ္မဏ / ရဟန်းကျင့်ဝတ် ၆ပါး

ဒါယကာကျင့်ဝတ် ၅ပါး။ ၁ မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့်- ၂ မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့်- ၃ မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့် ချဉ်းကပ်အမှုပြုခြင်း၊ ၄ အမြဲမပြတ် လှူဒါန်းလိုသော အလောဘတံခါးကို ဖွင့်ထား၊ **၅** ဆွမ်းစသော အာမိသတို့ကို ပေးလှူ။

<u>သမဏာပြဟ္မဏာ / ရဟန်းကျင့်ဝတ် ၆ပါး</u>။ ၁ မကောင်းမှုမှ တားမြစ်၊ ၂ ကောင်းမှု၌ သက်ဝင်စေ၊ ၃ ကောင်းသောစိတ်ဖြင့် စောင့်ရှောက်၊ ၄ မကြားဖူးသောတရားစကားကို ဟော၊ ၅ ကြားဖူးသော တရားစကားကို ဖြူစင်စေ၊ ၆ နတ်ပြည်ခရီးကို ပြောကြား။

<u>၁၉။ **သစ္စာ ၄ပါးနှင့် အနက်သဘော ၁၆ချက်**</u> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ သမ္မောဟဝိနောဒနီ ဋ)

အရိယသစ္စာ ၄ပါးဟုလည်း ခေါ်သည်။ ၁ ဒုက္ခအရိယသစ္စာ- ဆင်းရဲအမှန်တရား၊ ဒုက္ခသစ္စာ၊ ၂ ဒုက္ခ သမုဒယအရိယသစ္စာ- ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊ သမုဒယသစ္စာ၊ ၃ ဒုက္ခနိရောဓအရိယသစ္စာ- ဆင်းရဲ ချုပ်ငြိမ်းရာ အမှန်တရား၊ နိရောဓသစ္စာ၊ ၄ ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ- ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်ဝတ်အမှန်တရား၊ မဂ္ဂသစ္စာ။

<u>ဒုက္ခ၏ အနက်သဘော ၄ပါး</u>။ ၁ ပီဠနဋ္ဌော- နှိပ်စက်ခြင်း၊ ၂ သင်္ခတဋ္ဌော- ပြုပြင်ခြင်း၊ ၃ သန္တာပဋ္ဌော- ပူပန်ခြင်း၊ ၄ ဝိပရိဏာမဋ္ဌော- ဖောက်ပြန်ခြင်း။

<u>သမုဒယ၏ အနက်သဘော ၄ပါး</u>။ ၁/၅ အာယူဟနဋ္ဌော- အားထုတ်ခြင်း၊ ၂/၆ နိဒါနဋ္ဌော- ဒုက္ခ၏ အကြောင်းရင်း၊ ၃/၇ သံယောဂဋ္ဌော- ပေါင်းစပ်ခြင်း၊ ၄/၈ ပလိဗောဓဋ္ဌော- ကြောင့်ကြခြင်း။

<u>နိရောဓ၏ အနက်သဘော ၄ပါး</u>။ ၁/၉ နိဿရဏဋ္ဌော- လွတ်မြောက်ခြင်း၊ ၂/၁၀ ဝိဝေကဋ္ဌော- ကင်းဆိတ်ခြင်း၊ ၃/၁၁ အသင်္ခတဋ္ဌော- မပြုပြင်ရခြင်း၊ ၄/၁၂ အမတဋ္ဌော- မသေခြင်း။

<u>မဂ္ဂ၏ အနက်သဘော ၄ပါး</u>။ ၁/၁၃ နိယျာနဋ္ဌော- ထွက်မြောက်ခြင်း၊ ၂/၁၄ ဟေတုဋ္ဌော- နိရောဓ၏ အကြောင်း၊ ၃/၁၅ ဒဿနဋ္ဌော- နိဗ္ဗာန်ကို မြင်ခြင်း၊ ၄/၁၆ အဓိပတေယျဋ္ဌော- အကြီးအမှူး။

<u>၂၀။</u> **အနတ္တလက္ခဏာသုတ်** (မဟာခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ခု၊ ဝိ။ ဥပယဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် - ခန္ဓာ ၅ပါး) သည် အတ္တမဟုတ်၊ အတ္တဖြစ်ခဲ့လျှင် နာကျင်ခြင်း မဖြစ်ရာ။ "ငါ ၏ ရုပ် (ခန္ဓာ ၅ပါး) သည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေလင့်။" ဟု ရုပ် (ခန္ဓာ ၅ပါး) ၌ စီရင်၍ ရရာ၏။

ရုပ် (ခန္ဓာ ၅ပါး) သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏။ "ငါ ၏ ရုပ် (ခန္ဓာ ၅ပါး) သည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်စေလင့်။" ဟု ရုပ် (ခန္ဓာ ၅ပါး) ၌ စီရင်၍ မရ။

"ရုပ် (ခန္ဓာ ၅ပါး) သည် မြဲသလော၊ မမြဲသလော?" "မမြဲပါ အရှင်ဘုရား။"

"မမြဲသောရုပ် (ခန္ဓာ ၅ပါး) သည် ဆင်းရဲသလော၊ ချမ်းသာသလော?" "ဆင်းရဲ ဖြစ်ပါသည် အရှင်ဘုရား။"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်း သဘောရှိသောရုပ် (ခန္ဓာ ၅ပါး) ကို 'ဤဟာ ငါ့ဥစ္စာ ဖြစ်၏။ ဤဟာ ငါ ဖြစ်၏။ ဤဟာ ငါ့အတ္တတည်း။' ဟု ရှုခြင်းငှါ သင်လျော်ပါမည်လော?" "မသင့်လျော်ပါ အရှင်ဘုရား။"

ထို့ကြောင့် ၁ အတိတ် ၂ အနာဂတ် ၃ ပစ္စုပ္ပန် ၄ အတွင်း ၅ အပြင် ၆ အကြမ်း ၇ အနု ၈ အယုတ် ၉ အမြတ် ၁၀ အဝေး ၁၁ အနီးဖြစ်သော ရုပ် (ခန္ဓာ ၅ပါး) ကို 'ဤဟာ ငါ့ဥစ္စာ မဟုတ်။ ဤဟာ ငါ မဟုတ်။ ဤဟာ ငါ့အတ္တ မဟုတ်။' ဟု ဟုတ်မှန်သည့်အတိုင်း အမှန်အကန် ကောင်းသောပညာဖြင့် ရှုအပ်၏။

ထိုသို့ ရှုက ရုပ် (ခန္ဓာ ၅ပါး) ၌ ငြီးငွေ့၏။ ရုပ် (ခန္ဓာ ၅ပါး) ၌ မတပ်မက်တော့။ ကိလေသာမှ လွတ်၏။ ကိလေသာမှ လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ (ဘုရားရှင်လက်ထက် - အနက်မှ - ဘုရားရှင်လက်ထက် ရဟန်း ရဟန်းမများ ဘုရားရှင်အား မိမိတို့၏ အရဟတ္တဖိုလ် ပြောကြားပုံ ၄ ချက် - ကို ကြည့်ပါ။) ဟုသိ၏။

ပဉ္စဝဂ္ဂီရဟန်းတို့၏ စိတ်သည် တစုံတခုမျှ မစွဲလန်းမူ၍ အာသဝေါတရားတို့မှ လွတ်ကြ၏။

<u>၆။ ဥပမာများနှင့် တရားတော်များ ၂၆ ပုဒ်</u>

၁။ <u>ကြီးမှရဟန်းပြုသူ (အိမ်ရာထောင်သောဘဝမှ အိမ်ရာမထောင်သောဘဝသို့ ဝင်ရောက်၍ ရဟန်းပြုသူ) များ မချွတ်တွေ့ရမည့် ဘေး၄ပါး</u> (ဦမိဘယသုတ်၊ ဘယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

<u>ရဟန်းပြုသော အချို့ပုဂ္ဂိုလ်တို့ မချွတ်တွေ့ရမည့် ဘေး၄ပါး</u> (စာတုမသုတ်၊ ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ မ၊ သုတ္တန္တပိဋက) - ဤသုတ်တော် ဟောရသောအကြောင်းကို (ဘုရားရှင် [ဂေါတမမြတ်စွာဘုရား] နှင့် ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင်၏ လောကီလူတို့ အလေ့အလိုက် ပြုကြသော လူ ရဟန်းတို့ ပြုမူမှုအချို့ (၃မှု) အပေါ်မိန့်ဆိုချက် - အနက်မှ - အော်ဟစ်ပြောဆို ငြင်းခုံပြောင်လှောင် ကစားကြသော အသံ / ပြင်းပြကျယ်လောင်သော အသံနှင့်စပ်၍ ဇာတ် / သုတ် များ) တွင် ကြည့်ပါ။

ဤသုတ်တော် ၂ပုဒ်သည် တူသည်။

<u>ရေသို့ဆင်းသူ</u>အား မချွတ်တွေ့ရမည့် ဘေး၄မျိုး ဥပမာများ ဖြစ်သည်။

၁ လှိုင်းတံပိုးဘေး- သဒ္ဓါဖြင့် ရဟန်းပြုသော်လည်း သားမြေးအရွယ်လောက်က ဆုံးမသည်ဟု အမျက်ထွက်၍ စိတ်မချမ်းမြေ့သည်ဖြစ်လျက် လူထွက်၏။ (အမျက်တွက်ခြင်း- ကောနေင့် ပြင်းစွာ ပင်ပန်းခြင်း- ဥပါယာသတို့ကြောင့်)။

၂ မိကျောင်းဘေး- နံနက်အခါ မွန်းလွဲအခါ အပ်သည်မအပ်သည် စသည်တို့ကို သွန်သင်ခံရ၊ ငါတို့သည် လူဖြစ်စဉ်က အလိုရှိသည်ကို အချိန်မရွေး သုံးဆောင်ခဲ့၏၊ ယခုမူ ဒါယကာတို့က နေ့နံနက် လှူကြသော်လည်း ငါတို့ ခံတွင်းကို ပိတ်ဆို့ကြယောင်တကားဟု အမျက်တွက်၍ စိတ်မချမ်းမြေ့သည် ဖြစ်လျက် လူထွက်၏။ (ဝမ်းစာရာမှီးခြင်းကို အကြောင်းပြု၍)။

၃ ဝဲဘေး- ရှာနိဂုံး၌ ကာမဂုဏ်၅ပါးဖြင့် မွေ့လျော်သော သူကြွယ် သူကြွယ်သားတို့ကိုမြင်၍ ငါ၏အိမ်၌ စည်းစိမ်တို့ရှိ၏၊ စည်းစိမ်ခံစား၍ ကောင်းမှုပြုမည်ဟု အမျက်ထွက်၍ စိတ်မချမ်းမြေ့သည့်ဖြစ် လျက် လူထွက်၏။ (ကာမဂုဏ်၅ပါးတို့ကြောင့်)။

၄ လပိုင်ဘေး- မလုံမခြုံဝတ်ဆင်သော မာတုဂါမကို မြင်၍ ရာဂဖြစ်ကာ စိတ်မချမ်းမြေ့ သည့်ဖြစ်လျက် လူထွက်၏။ (မာတုဂါမကြောင့်)။

၂။ ခန္ဓာ ၅ပါး၏ ဥပမာ ၅ခု (ဖေဏပိဏ္ဍူ- အမြှုပ်စိုင်၊ ဖေဏပိဏ္ဍူပမသုတ်၊ ပုပ္ဖဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် အယုဇ္ဈမြို့ ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးတော်မူစဉ် ဤဥပမာ ၅ခုပါဝင်သော သုတ်တော်ကို ဟောတော်မူ၏။

၁ ရုပ်သည် ရေမြှုပ်စိုင်၊ ၂ ဝေဒနာသည် ရေပွက်၊ ၃ သညာသည် တံလျှပ်၊ ၄ သင်္ခါရသည် ငှက်ပျောတုံး၊ ၅ ဝိညာဏ်သည် မျက်လှည့်ဟူသော အသီးသီး ဥပမာများ ရှိကြ၏။

ထို ရေမြှုပ်စိုင် (ဥပမာ ၅ခု) အားလုံးကို မျက်စိအမြင်ရှိသော ယောကျ်ားသည် ကြည့်၏၊ တစိမ့်စိမ့်ရှု၏၊ အသင့်အားဖြင့် ဆင်ခြင်၏။ ထိုစဉ် ထိုရေမြှုပ်စိုင် (ဥပမာ ၅ခု) သည် အသုံးမဝင်၊ အချည်းနှီး၊ အနှစ်မဲ့ဟု ထင်ရာ၏။ ထို့အတူ ရဟန်းသည် ရုပ် (ခန္ဓာ ၅ပါး) ကို ကြည့်ရှုဆင်ခြင်က အသုံးမဝင်၊ အချည်းနှီး၊ အနှစ်မဲ့ဟု ထင်ရာ၏။

ဤသို့ အကြားအမြင်ရှိသော အရိယာတပည့် ရဟန်းသည် ရုပ် (ခန္ဓာ ၅ပါး) ၌ ငြီးငွေ့ခြင်း (နိဗ္ဗိဒါဉာဏ်) မှစ ၍ မဂ်ဉာဏ်ရသည်အထိကို - (ဤတရားအုပ်စုပါ အောက်တွင်ဖော်ပြထားသော အမှတ် ၂၀။ လမ်းပြပေးသူတရား ၉ ချက်) - တွင် ကြည့်ပါ။

၃။ ဂတိ ၅ပါး၊ နိဗ္ဗာန်နှင့် ဥပမာများ (မဟာသီဟနာဒသုတ်၊ သီဟနာဒဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် ၁ ငရဲဘုံ၊ ထိုဘုံသို့ရောက်ကြောင်းလမ်း၊ ရောက်ကြောင်းအကျင့် ခွဲခြား၍သိ၏၊ ၂ တိရစ္ဆာန်ဘုံ၊ ရောက်ကြောင်းလမ်း၊ အကျင့်ကိုသိ၏၊ ၃ ပြိတ္တာဘုံ၊ ရောက်ကြောင်းလမ်း၊ အကျင့်ကိုသိ၏၊ ၄ လူ့ဘုံ၊ ရောက်ကြောင်းလမ်း၊ အကျင့်ကိုသိ၏၊ ၅ နတ်ဘုံ၊ ရောက်ကြောင်းလမ်း၊ အကျင့်ကိုသိ၏။ နိဗ္ဗာန်၊ ရောက်ကြောင်းလမ်း၊ အကျင့်ကိုသိ၏။ ဥပမာအားဖြင့် -

၁ တသူ- ငါးတောင်တက်ကျော်လွန်သည့် မီးကျီးတွင်း ငရဲဘုံသို့ နေပူခံ၍ အစာရေစာ ဆာလောင် မွတ်သိပ်ကာ ပင်ပန်းနေသော ယောကျ်ားတယောက်သည် တကြောင်းတည်းသောခရီးဖြင့် သွားနေသည်သို့၊

၂ မစင်တွင်း- တိရစ္ဆာန်ဘုံ၊

၃ မညီညွတ်သောမြေအဖို့၌ ပေါက်ရောက်နေသော အခက်အရွက်နည်းပါးသဖြင့် အရိပ်ကျဲသော သစ်ပင်- ပြိတ္တာဘုံ၊

၄ ညီညွတ်သော မြေအဖို့၌ပေါက်သည့် အရွက်စိပ်သဖြင့် အရိပ်ကောင်းသောသစ်ပင်- လူ့ဘုံ၊

၅ ပြာသာဒ်တခု၏ လေမိုးလုံခြုံသော ခန်းမဆောင်၌ အဆောင်အယောင် အပြည့်အစုံဖြင့်ရှိသော ပလ္လင်- နတ်ဘုံ၊

ကြည်လင်သောရေများဖြင့် ကောင်းသော ရေဆိပ်ရှိသော မွေ့လျော်ဖွယ်ရာရေကန်နှင့် အနီးရှိ ကြီးမားသောတောအုပ်- နိဗ္ဗာန်။

၄။ **ငရဲဆင်းရဲ** (လှံအချက် မနက်၊ မွန်းတည့်၊ ညချမ်းအခါ ၁၀၀စီ၊ တနေ့ အချက် ၃၀၀ အထိုးခံစေသော ဥပမာ) ၊ **တိရိစ္ဆာန်ဆင်းရဲ** ကုန်အောင်ဟောရန်မလွယ် နှင့် **လူအဖြစ်ရခဲကြောင်း** လိပ်ကန်းနှင့် ထမ်းပိုးဥပမာ (ဗာလပဏ္ဍိတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ပဌမဆိဂ္ဂဠယုဂသုတ်၊ ပပါတဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဟောတော်မူ၏။

ကာယ၊ ဝစီ / ကိုယ်၊ နှုတ် ဒုစရိုက်အပြုအမူတို့သည် သေခါနီး၌ ပြုသူလူမိုက်တို့တွင် ထင်ပေါ်လွှမ်းမိုး လာ၏။ ဥပမာအားဖြင့် ညနေချမ်းအခါ တောင်ထွတ်အရိပ်သည် မြေအပြင်ပေါ်၌ လွှမ်းမိုးလာသကဲ့သို့တည်း။

**ငရဲဆင်းရဲ**။ ငရဲသည် ဧကန်မလိုချင်စရာ၊ ဧကန်မနှစ်သက်စရာ၊ ဧကန်နှလုံးမသာစရာဖြစ်၏။ ဥပမာ အားဖြင့် ခိုးသူကို မင်းက လှံအချက် ၁၀၀စီ မနက်တခါ မွန်းတည့်တခါ ညချမ်းအခါ တခါ ထိုးစေ၏။ ဘုရားရှင်၏ လက်တဆုပ်စာကျောက်ခဲတို့သည် ဟိမဝန္တာတောင်မင်းနှင့် မရေတွက်လောက်သကဲ့သို့ လှံချက် ထိုးခံရသောဆင်းရဲသည် ငရဲဆင်းရဲနှင့်ယှဉ်သော် မရေတွက်လောက်၊ နှိုင်းခိုင်းနိုင်လောက်ရုံမျှလည်း မရောက်။

ငရဲအဆင့်ဆင့်မှ လောဟကုမ္ဘီငရဲတိုင်၊ အဝီစိငရဲတိုင် အကုသိုလ်ကံ မကုန်သေးသမျှ ငရဲသို့ ရောက်သူသည် မသေ။ ဆင်းရဲသော၊ ပြင်းထန်သော၊ ကြမ်းတမ်းသော၊ နာကျင်သော ဝေဒနာတို့ကို ခံစားရသည်။ ငရဲဆင်းရဲ ဆုံးအောင်ဟောရန် မလွယ်။

(ဤတရားတော်အစု - အနက်မှ - အမှတ် ၂၃ / ဥပမာတူသောတရားတော်) - ကိုလည်း ကြည့်ပါရန်။

**တိရစ္ဆာန်ဆင်းရဲ**။ ဆင်၊ မြည်း၊ နွား၊ မြင်း၊ ဆိတ်၊ သမင်စသည်တို့သည် မြက်ကိုစားကြရသော သတ္တဝါများ ဖြစ်ကြသည်။ စိုသောမြက် ခြောက်သောမြက်တို့ကို သွားဖြင့်ကိုက်ဖြတ်၍ စားကြသည်။

ကြက်၊ ဝက်၊ အိမ်ခွေး၊ မြေခွေးစသည်တို့သည် မစင်ကို စားကြရသော သတ္တဝါများဖြစ်ကြသည်။ မစင်နံ့ ရလျှင် ဤအရပ်၌ စားကုန်အံ့၊ ဤအရပ်၌ စားကုန်အံ့ဟု ပြေးလာကြကုန်၏။

ပိုးရွ၊ နံ၊ တီစသည်တို့သည် အမိုက်တိုက်၌ ပေါက်ပွားကြီးပြင်း၍ သေဆုံးကြရသော သတ္တဝါများ ဖြစ် ကြသည်။

ငါး၊ လိပ်၊ မိကျောင်းစသည်တို့သည် ရေ၌ပေါက်ပွား ကြီးပြင်း၍ သေလွန်ကြရသော သတ္တဝါများ ဖြစ်ကြသည်။

မစင်ကြယ်သော ဝတ္ထုများ ဖြစ်ကြသော ငါးပုပ်၊ ပုပ်သောမုယောမုံ့၊ ရွံ့ညွန်ပုပ် (တံစီးတွင်း)၊ မှော်ပုပ် စသည်တို့၌ ပေါက်ပွားကြီးပြင်း သေလွန်ကြရသော သတ္တဝါများလည်း ရှိကြသည်။

အရသာ၌ တပ်မက်မောရ၍ မကောင်းမှုကံများ ပြုကြသောကြောင့် ရရှိကြသော တိရစ္ဆာန်ဆင်းရဲကို ကုန်အောင်ဟောရန် မလွယ်။

လူအဖြစ် ရခဲကြောင်း လိပ်ကန်းနှင့်ထမ်းပိုးဥပမာ (ဆိဂ္ဂဠ- အပေါက်၊ ယုဂ- ထမ်းပိုး၊ ပဌမဆိဂ္ဂဠယုဂ သုတ်၊ ပပါ တ- ကမ်းပါးပြတ်၊ ချောက်ကမ်းစောက်၊ ပပါတဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

တပေါက်သာရှိသော ထမ်းပိုးကို မဟာသမုဒ္ဒရာ၌ ပစ်ချထားရာ တောင်လေလာလျှင် မြောက်သို့ လွင့်မျောသကဲ့သို့ မျောချင်ရာမျောနေ၏။ လိပ်ကန်းတကောင်သည် အနှစ်၁၀၀၊ အနှစ်၁၀၀လွန်မှ တကြိမ် ပေါ်ရာ၏။ ထိုလိပ်ကန်းသည် တပေါက်သာရှိသောထမ်းပိုး၌ လည်ကို စွပ်မိသော် စွပ်မိတန်ရာ၏။ အပါယ်သို့ ကျပြီးသော လူမိုက်သည် လူ့အဖြစ်ကိုရရန် အလွန်ရခဲ၏။ အကြောင်းမှာ အပါယ်ဘုံ၌ -

၁ တရားကျင့်ခြင်း မရှိ၊

၂ အညီအမျှကျင့်ခြင်း မရှိ၊

၃ ကုသိုလ်ပြုခြင်း မရှိ၊

၄ ကောင်းမှုပြုခြင်း မရှိ။ အချင်းချင်း ခဲစားခြင်းနှင့် အားသေးသော သတ္တဝါကို ခဲစားခြင်းသည်သာ ဖြစ်၏။

၅။ စိတ္တသူကြွယ်၏ ပညာစွမ်းရည်ကို ဖော်ပြရာ လည်လာနေသောရထား တရား - အချက် ၈ချက် (ပဌမကာမဘူသုတ်၊ စိတ္တသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ သာသနာ့ချိန်ခွင်ကြီး ၄လက်တရားတော်၊ အမ်ပီသရီးအသံဖိုင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

မစ္ဆိကာသဏ္ဍအရပ်ရှိ အနာဂါမ်အရိယာ စိတ္တသူကြွယ်၏ ဝေးပင်တောကျောင်းတိုက်ကြီး၌ သီတင်း သုံးတော်မူနေသော အရှင်ကာမဘူသည် သူကြွယ်အား ပြဿနာတရပ် / ဂါထာတပုဒ် (အရှင်လကုဏ္ဍက ဘဒ္ဒိယမထေရ်၏ ဂုဏ်ကျေးဇူးကို ဖော်ပြသော အချက် ၅ချက်ပါ ဥဒါန်းဂါတာကို ဘုရားရှင် ကျူးရင့်တော်မူ သည် - ကို ကြည့်ပါ) ကို မြတ်စွာဘုရားဟောတော်မူ၏ဟု မိန့်ကာ အနက်ကို မေးတော်မူ၏။

သူကြွယ်သည် ဤဂါထာတော်ကို တခါတရံမျှ မကြားဘူး။ သို့သော်လည်း အရှင်မြတ်ကို ဤဂါထာ သည် မြတ်စွာဘုရားဟောသည် ဖြစ်ပါလျှင် ခဏဆိုင်းငံ့ပါရန် လျှောက်ထားပြီး ပဋိသမ္ဘိဒါပတ္တအနာဂါမ် အရိယာ ဖြစ်ရကား ခဏအတွင်းမှာပင် အောက်ပါအနက်ကို ဖြေကြား၏။

၁ အပြစ်ကင်းသော အစိတ်အပိုင်း / ရထားဘီး = သီလ၊ ၂ ဖြူသောအမိုး / ခင်းနီး = လွတ်မြောက်ခြင်း အရဟတ္တဖိုလ်၊ ၃ အကန့်တခု = သတိ၊ ၄ ရထား = အမိအဖနှင့် မဟာဘုတ် ၄ပါးကို မှီသော ဤခန္ဓာကိုယ်၊ ၅ လည်လာနေ၏ = ရှေ့တက်ခြင်း၊ နောက်ဆုတ်ခြင်း၊ ၆ ဆင်းရဲကင်းသော = ဆင်းရဲဖြစ်သော ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ပြီးသော အာသဝေါကုန်ပြီးသော ရဟန္တာ၊ ၇ အယဉ်ဖြတ်ပြီးသော = အယဉ်ဖြစ်သောတဏှာကို ပယ်ပြီးသော ရဟန္တာ၊ ၈ အနှောင်အဖွဲ့မရှိသူ = အနှောင်အဖွဲ့ဖြစ်သော ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်ပြီးသော ရဟန္တာ။

၆။ **တောင်ပို့တရားတော်** - ၁၅ ချက် (ဝမ္မိကသုတ်၊ ဩပမ္မဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံး၊ အရှင်ကုမာရကဿပ အန္ဓဝန်တော၌နေ၊ မထေရ်အား ကဿပဘုရားရှင် သာသနာနှောင်းကာလ၌ တောင်ပေါ်တက်၍ တရားအားထုတ်ဖက်ဖြစ်သော သုဒ္ဓါဝါသမဟာဗြဟ္မာကြီး ပုစ္ဆာမေး၊ ဘုရားရှင်ကိုလျှောက်၍ ဟော၊ ၁၅ချက်။

၁ တောင်ပို့= အမိ အဖတို့သုက်သွေးကြောင့် ဖြစ်သော၊ ထမင်း မုယောမုန့်တို့ကြောင့် ကြီးပွားသော၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲခြင်း ပျက်စီးခြင်းသဘောရှိသော မဟာဘုတ်၄ပါးတို့ကြောင့်ဖြစ်သော ကိုယ်ခန္ဓာသည် မျက်ချေးစသည်တို့ကို အန်ထုတ်နေသကဲ့သို့ မြွေ၊ ကြွက်၊ ခြကောင်တို့ကို တောင်ပို့သည် အန်ထုတ်သဖြင့် ဤကိုယ်သည် တောင်ပို့နှင့်တူ၏။

၂ ညဥ့်၌အခိုးလွှတ်ခြင်း= နေ့ကပြုထားသောအမှုကို အာရုံပြု၍ ညဥ့်၌ကြံစည်စဉ်းစား၏။

၃ နေ့၌တောက်ပခြင်း= ညဥ့်ကကြံစည်စဉ်းစား၍ နေ့၌အမှုတို့ကို ကိုယ်နှုတ်စိတ်ဖြင့် အားထုတ်၏။

၄ ပုဏ္ဏား= မြတ်စွာဘုရား၊

၅ ပညာရှိ= ကျင့်ဆဲသေက္ခပုဂ္ဂိုလ် / ရဟန်း၊

၆ ဓါးလက်နက်= လောကီလောကုတ္တရာပညာ၊

၇ အဆင့်ဆင့်တူးခြင်း= လုံ့လအားထုတ်ခြင်း၊

၈ တံခါးကျည်မင်းထုပ်= အဝိဇ္ဇာ၊

၉ ဥဒ္ဓုမာယိက- ဖားပွ= အားကြီးသောအမျက်ထွက်ခြင်း၊

၁၀ လမ်း၂ခွ= တွေးတောယုံမှားခြင်း၊

၁၁ ဆပ်ပြာရေစစ်သည် ရေတအိုး၂အိုးလောင်းသော်လည်း ရေမတည်သကဲ့သို့ နီဝရဏ၅ပါး၌ ကုသိုလ်ရေ မတည်၊

၁၂ လိပ်= ခန္ဓာ၅ပါး၊

၁၃ သန်လျက်နှင့်စဉ်းတီတုံး= ကာမဂုဏ် ၅ပါး၊

၁၄ သားတစ်= နန္ဒီရာဂ- နှစ်သက်တပ်စွန်းခြင်း၊

**၁၅** နငါး= ရဟန္တာ။

ပုဏ္ဏားက ပညာရှိကို တောင်ပို့အားတူးခိုင်း၊ တွေ့သည်များကို ဖယ်ရှား၍ နဂါးတွေ့သော် "နဂါးသည် တည်ရှိပေစေ၊ နဂါးကို မထိခိုက်လင့်၊ နဂါးအား ရှိခိုးခြင်းကိုပြုလော့။" ဟု ဆို၏။

၇။ **ဒါရုက္ခန္ဓောပမ-** သစ်တုံးဥပမာ သုတ်တော်နှင့် ဥပမာ ၈မျိုး (ပဌမဒါရုက္ခန္ဓောပမသုတ်၊ အာသီဝိသဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ကောသမ္ဗီပြည် ဂင်္ဂါမြစ်ကမ်းနား၌ ရဟန်းတော်များနှင့် သီတင်းသုံးစဉ် မြစ်ထဲ၌ ကြီးစွာသော သစ်တုံးမျောလာ၊ ဘုရားရှင် တရားဟောတော်မူရာ တရားတော်တွင်ပါဝင်သောဥပမာများကို ရဟန်းတပါး မေး၍ ရှင်းလင်းဟောပြတော်မူသည်။

၁ ဤမှာဖက်ကမ်း၌ ကပ်= အတွင်းဖြစ်သောတည်ရာ အဇ္ဈတ္တိကာယတန၆ပါး၌ ငြိတွယ်၊

၂ ထိုမှာ ဖက်ကမ်း၌ ကပ်= အပဖြစ်သော ဗာဟိရာယတန ၆ပါး၊

၃ မြစ်လယ်၌ မြုပ်ခြင်း= နှစ်သက်စွဲမက်မှု နန္ဒီရာဂ၊

၄ ကြည်းကုန်း၌ တင်မှု= ငါဟူသောမာန်၊

၅ လူတို့ဆယ်ယူမှု ခံရခြင်း= ရဟန်းသည် [၁]လူတို့နှင့်ရောနှော၍နေ၊ [၂]အတူတကွ နှစ်သက်မှုရှိ၊ [၃]အတူတကွ စိုးရိမ်မှုရှိ၊ [၄]လူတို့ချမ်းသာသော် ချမ်းသာ၊ [၅]လူတို့ဆင်းရဲသော် ဆင်းရဲ၊ [၆]ပြုဖွယ်ကိစ္စ ပေါ်လာသော် မိမိသည်ပင် ထိုကိစ္စတို့၌ အားထုတ်၊

၆ နတ်တို့ဆယ်ယူမှု ခံရခြင်း= ရဟန်းသည် သီလအားဖြင့်၎င်း၊ ကျင့်ဝတ် ခြိုးခြံမှုအကျင့် အကျင့်မြတ်အားဖြင့်၎င်း၊ ထင်ရှားသောနတ် မတင်ရှားသောနတ်ဖြစ်ရန် တောင့်တ၍ အကျင့်မြတ်ကို ကျင့်သုံး၊

၇ အတွင်း၌ပုပ်ဆွေးမှု= ရဟန်းသည် သီလမရှိ၊ ယုတ်ညံ့သောသဘောရှိ၊ မစင်ကြယ်ပဲ ယုံမှား အပ်သောအကျင့်ရှိ၊ ဖုံးလွှမ်းအပ်သောအမှုရှိ၊ ရဟန်းမဟုတ်ပဲလျက် ရဟန်းဟု ဝန်ခံ၊ အကျင့်မြတ်ကို ကျင့်သုံးသူမဟုတ်ပဲ ကျင့်သုံးသူဟု ဝန်ခံ၊ အတွင်းပုပ်၊ ကိလေသာဖြင့်စိုစွတ်၊ အမှိုက်သရိုက်ကဲ့သို့ ဖြစ် (<u>ဒုတိယဒါရုက္ခန္ဓောပမသုတ်</u>၌ ဘုရားရှင်ကို ကိမိလမြို့ ဂင်္ဂါမြစ်ကမ်းတွင် အရှင်ကိမိလကမေးရာ ၇ အတွင်း၌ ပုပ်ဆွေးမှု= ရဟန်းသည် တခုခုသောအာပတ်သို့ရောက်ပြီး ထိုအာပတ်မှ ထမြောက်ခြင်းသည် မထင်။)၊

**၈** ဝဲစုပ်မှု= ကာမဂုဏ် ၅ ပါး၌ ကပ်ငြိခြင်း။

ဤသစ်တုံးသည် (ဤဥပမာ ၈မျိုး) ကဲ့သို့ ဖြစ်ခြင်း၊ ကပ်ငြိခြင်း မရှိလျှင် သမုဒ္ဒရာသို့ ညွတ်သည်၊ ကိုင်းသည်၊ ရှိုင်းသည် ဖြစ်လတ္တံ့။ အကြောင်းမှာ ဂင်္ဂါမြစ်ရေသည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသောကြောင့်တည်း။ ဤကဲ့သို့ပင် ရဟန်းတို့သည် ဤ၈မျိုးသော ဖြစ်ခြင်း၊ ကပ်ငြိခြင်းမရှိခဲ့လျှင် နိဗ္ဗာန်သို့ ညွတ်ကုန်သည်၊ ကိုင်းကုန်သည်၊ ရှိုင်းကုန်သည် ဖြစ်လတ္တံ့။ အကြောင်းကား သမ္မာဒိဋ္ဌိ- ကောင်းစွာမြင်ခြင်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသည် ဖြစ်သောကြောင့်တည်း။

အနားရှိ တရားနာနေသော နွားကျောင်းသားနန္ဒသည် နွားများကို နွားရှင်အားအပ်ပြီး ရှင်ပဉ္စင်းအဖြစ် တောင်းခံ၍ တရားကျင့်သုံးရာ ရဟန္တာဖြစ်၏။

၈။ **နဒီသုတ်**၊ ပုပ္ဖဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။

သာဝတ္ထိပြည်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ်ဟော၊ တောင်မှအစဖြစ်၍ စီးဆင်းသော ရေစီးသန်သော မြစ်ကမ်းပါး ၂ဖက်၌ ဖေါင်းခါးမြက်၊ သမန်းမြက်၊ ဖြူဆံမြက်၊ ပြိတ်မြက်၊ သစ်ပင်တို့ ပေါက်ကြစေကာမူ မြစ်ရေအယဉ်သို့ ရေစုန်အလိုက် အဖျားညွတ်လျက် တွဲရရွဲကျကာ တည်နေကြ၏၊ ထိုမြစ်ရေယဉ်ဖြင့် မျောလာသောယောကျ်ားသည် ၎င်းသစ်ပင်စသည်တို့ကို ဖမ်းကိုင်စေကာမူ ၎င်းတို့သည် အမြစ်မြေစိုင်နှင့်တကွ ပြုတ်ကျကုန်၏၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်၏။

ဤအတူပင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်စသော ခန္ဓာ ၅ပါးတို့ကို အတ္တ ၄မျိုး- ရုပ်ကို အတ္တ၊ ရုပ်ရှိသော အတ္တ၊ ရုပ်၌ အတ္တ၊ အတ္တ၌ ရုပ်- ဖြင့် ရှု၏၊ ထိုရုပ်စသော ခန္ဓာ ၅ပါး ပျက်စီး၏၊ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်၏။

ရုပ်စသော ခန္ဓာ ၅ပါးသည်မမြဲ၊ ဆင်းရဲ၏၊ အတ္တမဟုတ်။ ထိုမမြဲ၊ ဆင်းရဲ၊ အတ္တမဟုတ်သော ရုပ်စသော ခန္ဓာ ၅ပါးကို ငါ ငါ့ဟာ ငါ့အတ္တမဟုတ်ဟု အဖန်ဖန်ရှု၏၊ ဤသို့ရှုသော ဝိပဿနာပုဂ္ဂိုလ်သည် ရုပ်စသော ခန္ဓာ ၅ပါး၌ ငြီးငွေ့၏၊ ငြီးငွေ့က တပ်မက်မှုကင်း၏၊ တပ်မက်မှုကင်းက ကိလေသာမှ လွတ်၏၊ လွတ်က ကိလေသာမှ လွတ်ပြီဟူသော အသိဉာဏ်ဖြစ်၏၊ ထိုယောဂီသည် (ဘုရားရှင်လက်ထက် - အနက်မှ - ဘုရားရှင်လက်ထက် ရဟန်း ရဟန်းမများ ဘုရားရှင်အား မိမိတို့၏ အရဟတ္တဖိုလ် ပြောကြားပုံ ၄ ချက် - ကို ကြည့်ပါ။) ဟု သိတော့၏။

၉။ **နွားသူဌေး ဓနိယ** အား ဟောသောတရားတော် ၆ ချက် (ဓနိယသုတ်၊ ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကိုယ်ပိုင်နွားတို့ကို ထိန်းကျောင်းသော နွားသူဌေး ဓနိယအား ဘုရားရှင်သည် သူဌေးအိမ်၏အပေါ် ကောင်းကင်ယံ၌နေလျက် ဟောကြားတော်မူ၏။

| ဓနိယသူဌေး ဂါထာဖြင့် အဆို | ဘုရားရှင် ဂါထာဖြင့် ပြန်လည်ဟောကြားမှု |
|---|---|
| ၁ ထမင်းချက်ပြီးသူ၊နွားနို့ညှစ်ပြီးသူ ဖြစ်၊ မဟီမြစ်၏ ကမ်းနား၌ အခြံအရံနှင့်နေ၊ အိမ်မိုးပြီး၊ မီးလည်း ထွန်းညှိပြီး၊ (မိုးရွာလိုက ရွာလော့)။ | ၁ အမျက်မထွက်သူ၊ မဟီမြစ်၏ကမ်းနား၌ တညဥ့်သာနေသူဖြစ်၊ ငါ၏ခန္ဓာအိမ်ကို ကိလေသာအမိုးဖွင့်ထားပြီး၊ မီး ငြိမ်းအေးလေပြီ၊ (ကိလေသာမိုးရွာလိုက ရွာလော့)။ |
| ၂ ဤအရပ်၌မှက်ခြင်မရှိ၊ မြက်တို့ပေါက်ရာမြစ်ဝှမ်း၌ | ၂ ငါဘုရားသည် အရိယမဂ်တည်းဟူသော |

နွားတို့ကျက်စားကြ၊ တိုနွားတို့သည် ရှာချလာသော မိုးကြီးကိုခံနိုင်၊ (...)။

၃ ငါ၏အိမ်ရှင်မ 'ဂေါပီ' သည် လင့်အလိုသို့လိုက်တတ်၏၊ လော်လည်မှုမရှိ၊ ကာလရှည်စွာက ပေါင်းသင်းခဲ့သောမယားဖြစ်၏၊ ငါ့ကိုမြတ်နိုး၏၊ တိုမယား၏ အပြစ်တစုံတရာကိုမျှ ငါမကြားစဖူး၊ (...)။

၄ ငါသည်ကိုယ်ပိုင်အလုပ်ဖြင့်သာ အသက်မွေးမြူ၏၊ ငါ၏သားသမီးတို့သည်လည်း ငါနှင့်အတူတကွ နေထိုင်ကြ၏၊ အနာရောဂါမရှိကြ၊ သူတို့၏အပြစ် တစုံတရာကိုမျှ ငါမကြားစဖူး၊ (...)။

၅ ဤအရပ်၌ ငါ့အား မသင်းမကွပ်ရသေးသောနွားပေါက်၊ နို့စို့နွားငယ်၊ ကိုယ်ဝန်ဆောင်နွားမ၊ အရွယ်ရောက်နွားမ၊ နွားတို့၏အကြီးအကဲနွားလားဥသဘတို့ရှိကြ၏၊ (...)။

၆ နွားချည်တိုင်တို့ကို မတုန်လှုပ်စေကုန်မူ၍ မြဲစွာစိုက်ထားအပ်ပြီ၊ ဖြူဆံမြက်ဖြင့် ပြုအပ်သောကြိုး အသစ်တို့ကို ကောင်းစွာကျစ်ထားကုန်ပြီ၊ ထိုကြိုးတို့ကို နွားငယ်တို့ ဖြတ်ခြင်းငှါမတတ်နိုင်၊ (...)။

ဖေါင်ကို ဉာဏ်ဖြင့်ဖွဲ့ထားပြီး၊ ကောင်းစွာ စီရင်ထားပြီး၊ ဩဃ၄ပါး ရေအယဉ်ကို ကူးမြောက်ပြီး၊ နိဗ္ဗာန်တဖက်ကမ်းသို့ ရောက်ပြီးရကား ဖေါင်ဖြင့် အကျိုးမရှိတော့၊ (...)။

၃ ငါ၏စိတ်သည် ငါ့အလိုသို့လိုက်၏၊ ကိလေသာအနှောင်အဖွဲ့မှ လွတ်၏၊ ကာလကြာရှည်စွာ ထက်ဝန်းကျင် ပွားစေအပ်သည်ဖြစ်၍ ကောင်းစွာယဉ်ကျေးပြီးဖြစ်ရကား ငါ့အားမကောင်းမှု မရှိတော့ချေ၊ (...)။

၄ ငါသည် တစုံတယောက်သောသူ၏ အခစားမဟုတ်၊ လောကအားလုံး၌ သဗ္ဗညုတဉာဏ်၊ လောကုတ္တရာသမာဓိချမ်းသာဖြင့် လှည့်လည်နိုင်သူဖြစ်၍ အဖိုးအခဖြင့် ငါ့အား အကျိုးမရှိတော့ပေ၊ (...)။

၅ ဤသာသနာတော်၌ ငါဘုရားအား မသင်းမကွပ်ရသေးသောနွားပေါက် (ပရိယုဋ္ဌာနကိလေသာ)၊ နို့စို့နွားငယ် (အနုသယကိလေသာ)၊ ကိုယ်ဝန်ဆောင်နွားမ (ပုညာဘိသင်္ခါရ)၊ အရွယ်ရောက်နွားမ (တဏှာ) နွားတို့၏အကြီးအကဲနွားလားဥသဘ (အဘိသင်္ခါရဝိညာဉ်) တို့မရှိကြ၊ (...)။

၆ နွားလားဥသဘသည် ကြိုးအနှောင်အဖွဲ့ကိုဖြတ်၍ တည်သကဲ့သို့ အထက်ပိုင်းသံယောဇဉ်အနှောင်အဖွဲ့တို့ကို ဖြတ်သောကြောင့်ဖြင့်၊ဆင်ပြောင်ကြီးသည် ဆင်ထုံး

မနွယ်ကြိုးကို ချိုးဖြတ်၍ တည်သကဲ့သို့
ငါသည် အောက်ပိုင်းသံယောဇဉ်အနှောင်
အဖွဲ့ကိုဖြတ်သောကြောင့်၎င်း၊ အမိဝမ်းတိုက်
၌ ကိန်းနေခြင်းသို့ တဖန် ကပ်ရောက်တော့
မည်မဟုတ်၊ (...)။

ထိုခဏ၌ပင် မိုးကြီးသည် ချိုင့်ဝှမ်းရာအရပ်၊ ကုန်းအရပ်တို့ကို ပြည့်စေလျက် ရွာသွန်း၏။ ဓနိယ သူဌေးသည် မိုးရွာသံကိုကြား၍ မြတ်စွာဘုရားကို ဖူးမျှော်ကြရသော ငါတို့အား များစွာသော ကျေးဇူးတို့ကို ရကြပေကုန်စွဟုဆိုကာ သူ၏၎င်း၊ သူ၏ အိမ်ရှင်မ၏၎င်း ဘုရားရှင်အတံတော်၌ အကျင့်မြတ်ကို ကျင့်လိုကြပါကြောင်း၊ ပဋိသန္ဓေနေခြင်း၊ သေခြင်း၏ တဖက်ကမ်းနိဗ္ဗာန်သို့ ရောက်ကြသူ၊ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုကြသူတို့ ဖြစ်လိုပါကုန်၏ဟု လျှောက်ထား၏။

<u>၁၀။ဘုရားရှင်သည် သူငယ်တို့မည်သည် မသားစကား ပြောကြားရခြင်းကို နှစ်သက်တတ်၏၊ မပြောရန် အရှင်ရာဟုလာကို ဟောကြားသော [၁]ခြေဆေးအင်တုံ၊ [၂]စစ်ဆင်နှင့် [၃]ကြေးမုံ ဥပမာ ၃ခုပြ တရားတော်</u> (အရှင်ရာဟုလာ - အနက်မှ - အရှင်ရာဟုလာ ရှင်သာမဏေပြုသည်မှ ရဟန္တာဖြစ်သည်အထိ ဘုရားရှင် ဟောကြားတော်မူသော အဆုံးအမတရားတော် ဖြပုဒ် - အနက်မှ - <u>အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန်</u>) - တွင် ကြည့်ပါ။

<u>၁၁။ မကောင်းမှုဒုစရိုက် ၃ပါးကို ပယ်၍ ကျင့်ရမည်</u> / **ဖလဖြင့်ပြီးသော ရထားဘီးနှင့် ဖရက်ဖြင့်ပြီးသော ရထားဘီး** (သစေတနာသုတ်၊ ရထကာရဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

သစေတနာမင်းသည် စစ်ဖြစ်အံ့သည်ဖြစ်၍ ရထားအလုပ်သမားကို ရထားအသစ်လုပ်ခိုင်း၊ ရထားဘီးတဖက်သည် ဖရက်လျှော့ ဖလဖြင့်ပြီးပြီး အခြားတဖက်မှာ ဖရက်ဖြင့်ပင်ပြီး၊ မင်းက ကွာခြားမှုကို မေးရာ ရထားလုပ်သူက ဘီးများကို တွန်းလိုမ့်ပြ၏၊ ဖရက်ဖြင့်ပြီးသောဘီးမှာ အရှိန်ကုန်သည်နှင့် ပတ်ပတ်လည်၍ ကျ၊ ဖလ ကြာသော ဘီးမှာမူ အရှိန်ကုန်သွားသော်လည်း ဝင်ရိုး၌ စွပ်ထားသကဲ့သို့ တည့်တည့် မတ်မတ်တည်နေ၊ အကြောင်းမှာ ဖရက်ဖြင့်ပြီးသောဘီးသည် ကောက်ခြင်း၊ အပြစ်အနာရှိခြင်း၊ အကာ အဆွေးများရှိခြင်းတို့ကြောင့်ဖြစ်ပြီး ဖရက်လျှော့ ဖလဖြင့်ပြီးသောဘီးသည် ထိုအပြစ်များ မရှိခြင်းကြောင့်ဟု လျှောက်။

ဤအတူပင် ကာယဒုစရိုက်၊ ဝစီဒုစရိုက်နှင့် မနောဒုစရိုက်တို့ကို ပယ်ခွါ၍ ကျင့်ရာ၏ဟု ဘုရားရှင် ဟောတော်မူ၏။

၁၂။ **မနောကံသည်သာ အပြစ်အကြီးဆုံး ဖြစ်ကြောင်း**ကို ဘုရားရှင် ဟောပြောရာ၌ ဥပါလိသူကြွယ်၊ နိဂဏ္ဌဆရာကြီး တပည့်၏ ကာယကံသည် အပြစ်အကြီးဆုံးဟူသော အယူနှင့်စပ်၍ ချေဖျက်ရာတွင် ဆောင်ယူဟောပြသော ဥပမာ ၄မျိုး (ဥပါလိသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

မြတ်စွာဘုရား နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် ဒီဃတပဿီ နိဂဏ္ဌဆရာကြီးသည် ကာယကံသည် အပြစ်အကြီးဆုံးဟု အယူရှိ၏။ ဘုရားရှင်က မနောကံသာလျှင် အပြစ်အကြီးဆုံးဖြစ်ကြောင်း ဟော၏။ နိဂဏ္ဌ၏တပည့်ဖြစ်သူ ဥပါလိသူကြွယ်သည် ဘုရားရှင်ထံ လာရောက်၍ အပြစ်တင်ဝါဒပြိုင်ပြော၏။ ဘုရားရှင်သည်အောက်ပါဥပမာ ၄မျိုးဟော၍ ချေဖျက်တော်မူ၏။

၁ "နိဂဏ္ဌတယောက်သည် အနာနှိပ်စက်၏။ ဆင်းရဲရောက်၏။ ပြင်းစွာနာ၏။ ရေအေးကိုပယ်၍ ရေနွေးကိုသာ သုံးဆောင်လေ့ရှိ၏။ ရေအေးမရ၍ သေ၏။ အဘယ်အရပ်၌ ဖြစ်၏ဟု ပညတ်သနည်း?" အရှင်ဘုရား စိတ်စွဲလမ်း၍ ဖြစ်သောနတ် မည်သည်ရှိ၏။ ထိုနတ်မျိုးတို့၌ ထိုနိဂဏ္ဌဖြစ်၏။

၂ "နာဋ္ဌ၏သား နိဂဏ္ဌသည် စောင့်စည်းခြင်း ၄မျိုးဖြင့် စောင့်စည်း၏။ ¹အလုံးစုံသော ရေအေးကို ပယ်၏၊ ²အလုံးစုံသော မကောင်းမှုတားမြစ်ခြင်းကို အားထုတ်၏၊ ³အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ချွတ်ထား၏၊ ⁴အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ပြန့်နှံ့နေ၏။ ရှေ့သွား နောက်ဆုတ်ရာ၌ များစွာသောသတ္တဝါငယ်တို့ သေကျေပျက်စီး၏။ ထိုသေကျေပျက်စီးစေသူ၏အကျိုးကို အဘယ်အကျိုးဟု ပညတ်သနည်း?" စေတနာမရှိ၍ ကြီးသောအပြစ်ရှိ၏ဟု မပညတ်ပါ။ အကယ်၍ စေတနာရှိငြားအံ့၊ ကြီးသောအပြစ်ရှိ၏။ "စေတနာကို အဘယ်ဒဏ်ဟု ပညတ်သနည်း?" မနောဒဏ်ဟု ပညတ်ပါ၏။

၃ "ဤနာဠန္ဒမြို့ရှိ ရှိသမျှသော သတ္တဝါတို့ကို တခဏခြင်းဖြင့် တခုတည်းသော အသားစုအသားပုံဖြစ်အောင် ပြုအံ့ဟု ယောကျ်ားတယောက်သည် သန်လျက်မိုး၍ လာ၏။ စွမ်းနိုင်ပါမည်လော?" မစွမ်းနိုင်ကုန်။ "တန်ခိုးရှိသော၊ စိတ်တန်ခိုးရှိသော သမဏဗြာဟ္မဏသည် တကြိမ် စိတ်ဆိုးကာမျှဖြင့် ပြာဖြစ်အောင်ပြုအံ့ဟု ဆို၏။ စွမ်းနိုင်မည်လော?" စွမ်းနိုင်ပါ၏။

၄ "¹ဒဏ္ဍကီတိုင်း၊ ²ကာလိင်္ဂတိုင်း၊ ³မဇ္ဈတိုင်း၊ ⁴မာတင်္ဂတိုင်း ဤ ၄တိုင်းတို့သည် တောအတိဖြစ်နေ၏။ အဘယ်ကြောင့်ဖြစ်သည်ဟု ကြားဘူးသနည်း?" ရသေ့တို့၏ စိတ်ဆိုးခြင်းကြောင့်ဟု ကြားဘူးပါ ၏။

<u>မမေ့မလျော့မှု- **အပ္ပမာဒတရား ၂ ပုဒ်**</u>

<u>၁၃/၁။ ဥပမာ ၆ မျိုး</u> (အပ္ပမာဒသုတ်၊ ဓမ္မိကဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ပုဏ္ဏားတဦးအမေးကို ဘုရားရှင် ဖြေဆိုဟောကြားတော်မူ၏။ (မျက်မှောက် တမလွန်အကျိုး ၂မျိုးလုံးကို ယူ၍တည်သော၊ ပွားများအပ်သော၊ ကြိမ်ဖန်များစွာ ပြုအပ်သော၊ တခုသောတရား) သည် အပ္ပမာဒတရား မမေ့မလျော့မှု ဖြစ်၏။

ဥပမာများ - ၁ ဆင်ခြေရာ- သတ္တဝါတို့၏ခြေရာတို့သည် ဆင်ခြေရာ၌သာ ပေါင်းဆုံခြင်းရှိ၍ ဆင်ခြေရာသည် မြတ်သကဲ့သို့ (မျက်မှောက် ... တခုသောတရားဖြစ်သော အပ္ပမာဒတရားသည် ကြိမ်ဖန်များစွာ ပွားများအပ်၏။)

၂ အိမ်၏အထွတ်- အခြင်တို့သည် အထွတ်သို့သာရောက်၍ အထွတ်သည် မြတ်သကဲ့သို့ (မျက်မှောက် ... တခုသောတရားဖြစ်သော အပ္ပမာဒတရားသည် ကြိမ်ဖန်များစွာ ပွားများအပ်၏။)

၃ ဖြူဆံမြက်ရိတ်ယောက်ျား- ထိုယောက်ျားသည် မြက်ကိုရိတ်၍ အဖျား၌ကိုင်ပြီး အောက်ဖက်၊ ဘေး ၂ဖက်သို့ အကြိမ်ကြိမ်ခါသကဲ့သို့၊ တစုံတခုဖြင့် ရိုက်နက်သကဲ့သို့ (မျက်မှောက် ... တခုသောတရား ဖြစ်သော အပ္ပမာဒတရားသည် ကြိမ်ဖန်များစွာ ပွားများအပ်၏။)

၄ သရက်သီးခိုင်- သရက်သီးတို့သည် အညှာ၌ ဖွဲ့၍ အစဉ်လိုက်သကဲ့သို့ (မျက်မှောက် ... တခုသောတရား ဖြစ်သော အပ္ပမာဒတရားသည် ကြိမ်ဖန်များစွာ ပွားများအပ်၏။)

၅ စကြဝတေးမင်း- မင်းငယ်အားလုံးတို့သည် ၎င်း၏နောက်လိုက်ဖြစ်သဖြင့် စကြဝတေးမင်းက မြတ်သကဲ့သို့ (မျက်မှောက်...တခုသောတရားဖြစ်သော အပ္ပမာဒတရားသည် ကြိမ်ဖန်များစွာ ပွားများအပ်၏။)

၆ လရောင်- နက္ခတ်တာရာတို့အရောင်သည် လရောင်၏ ၂၅၆စိတ် တစိတ်ကိုမမှီပဲ လရောင်သည် မြတ်သကဲ့သို့ (မျက်မှောက် ... တခုသောတရားဖြစ်သော အပ္ပမာဒတရားသည် ကြိမ်ဖန်များစွာ ပွားများ အပ်၏။)

<u>၁၄/၂။ ဥပမာ ၁၀ မျိုး</u> (အပ္ပမာဒသုတ်၊ နာထဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ကုသိုလ်တရားအားလုံးတို့သည် အပ္ပမာဒ- မမေ့မလျော့မှုတရားလျှင် အခြေခံရှိ၏၊ အပ္ပမာဒသို့ ပေါင်းဆုံ၏၊ ကုသိုလ်တရားတို့ထွင် အမြတ်ဆုံးဟုဆို၏။

ဥပမာ ၁၀မျိုးကို (အမြတ်ဆုံး - အနက်မှ - အမြတ်ဆုံး ၁၀မျိုး) ထွင် ကြည့်ပါ။

<u>၁၅။ မယား ၇မျိုး</u> (သုဇာတဇာတ်၊ ပဒုမဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဘရိယာသုတ်၊ အဗျာကတဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အနာထပိဏ်သူဌေး၏ မာနကြီး၍ အမျက်ထွက်ထတ်သော ကြမ်းကြုတ်သော ချွေးမ၊ ဓနဥ္စယသူဌေး၏ သမီး၊ ဝိသာခါကျောင်းအမ၏ ညီမ သုဇာတာကို ဘုရားရှင်ဟော၊

၁ တပါးသောယောက်ျား၌ တပ်စွန်း၍ မိမိလင်သားအား ပြစ်မှား၏၊ အကျိုးစီးပွားမဲ့ကို အလိုရှိ၏၊ ကျွန်ကဲ့သို့ မထီမဲ့မြင်ပြု၏၊ သတ်ရန် လုံ့လပြု၏၊ ဤကား <u>သူသတ်နှင့်တူသောမယား</u>၊ ၂ လယ်လုပ်ကုန်သွယ်၍ရသောဥစ္စာကို အနည်းငယ်မျှသော်လည်း ခိုးယူလို၏၊ ဤကား <u>ခိုးသူနှင့်တူသောမယား</u>၊ ၃ ပျင်း၏၊ အစားကြူး၏၊ ကြမ်းကြုတ်၏၊ အမျက်ထွက်တတ်၏၊ မကောင်းသဖြင့်ဆိုတတ်၏၊ အမှုလုပ်သူတို့ကို

နိပ်စက်၏၊ ဤကား အရှင်နှင့်တူသောမယား၊ ၄ လင်၏စီးပွားကို အလိုရှိ၏၊ အမိသည် သားကို စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်၏၊ လင်ဆည်းပူးသောဥစ္စာကို စောင့်ရှောက်၏၊ ဤကား အမိနှင့်တူသောမယား၊ ၅ နှမတို့မောင်၌ ရိုသေသကဲ့သို့ လင်၌ ရိုသေခြင်းရှိ၊ လင်အလိုသို့လိုက်၊ ဤကား နှမနှင့်တူသောမယား၊ ၆ လင်ကိုမြင်လျှင် ကြာမြင့်စွာမှလာသော အဆွေခင်ပွန်းကိုမြင်၍ ဝမ်းမြောက်သကဲ့သို့ ဝမ်းမြောက်၏၊ သီလနှင့်ပြည့်စုံ၏၊ လင်ကိုလုပ်ကျွေး၏၊ ဤကား အဆွေခင်ပွန်းနှင့်တူသောမယား၊ ၇ လင်က သတ်ခြင်းဒဏ်ဖြင့် ခြိမ်းခြောက်သော်လည်း လင်အား အမျက်မထွက်၊ သည်းခံ၏၊ လင်အလိုသို့လိုက်၏၊ ဤကား ကျွန်မနှင့်တူသောမယား၊

၁၊ ၂နှင့် ၃တို့သည် ငရဲ၌ ဖြစ်၏၊ ၄၊ ၅၊ ၆ နှင့် ၇ တို့သည် ကြာမြင့်စွာ ယဉ်ကျေးလိမ္မာ၍ စောင့်အပ်သော သီလရှိသည်ဖြစ်၍ နိမ္မာနရတိနတ်ပြည်၌ ဖြစ်၏၊ သုဇာတာ သောတာပတ္တိဖိုလ်၌ တည်၏၊ ဘုရားရှင်က အဘယ် မယားနည်း? ဟုမေးရာ သုဇာတာက 'ကျွန်မနှင့်တူသောမယား' ဟု လျှောက်၏။

၁၆။ မြစ်ရေယဉ်၌ မျောသူ - ၉မျိုးသော ဥပမာ (နဒီသောတသုတ်၊ စတုက္ကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ယောက်ျားတယောက်သည် ရွှေငွေပတ္တမြားစသော ချစ်အပ်သော၊ သာယာအပ်သော၊ ဝတ္ထုသဘော ဟူသော အကြောင်းကြောင့် မြစ်ရေအယဉ်ဖြင့် ရေစုံမျောကာလိုက်ရာ ကမ်း၌တည်သော မျက်စိအမြင်ရှိသော အခြားယောက်ျားသည် ထိုသူကိုမြင်၍ "ရေစုန်မျောလိုက်စေကာမူ ဤမြစ်၏ အောက်အရပ်၌ လှိုင်းတံပိုးရှိသော၊ ဝဲရှိသော၊ ဖမ်းယူတတ်သော ငါး၊ မကာန်းရှိသော၊ ဘီလူး၊ ရက္ခိုက် ရှိသော ရေအိုင်သည် ရှိ၏။ ယင်းရေအိုင်သို့ ရောက်က သေခြင်း၊ သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရလတ္တံ့။" ဟု ဆို၏။ ထိုအသံကို ကြားရသောကြောင့် လက်ခြေတို့ဖြင့် ရေညာဘက်သို့ ရောက်ရန် အားထုတ်ရာ၏။

၁ မြစ်ရေအယဉ်= တဏှာ၊

၂ ချစ်အပ်သော သာယာအပ်သော ဝတ္ထုသဘော= အဇ္ဈတ္တိကာယတန ၆ပါး၊

၃ အောက်အရပ်၌ ရေအိုင်= အောက်ပိုင်း သံယောဇဉ် ၅ပါး၊

၄ လှိုင်းတံပိုး= ဒေါသ အမျက်ထွက်မှု၊ ဥပါယာသ- ပင်ပန်းမှု၊

၅ ဝဲ= ကာမဂုဏ် ၅ပါး၊

၆ ဖမ်းယူတတ်သောငါး၊ မကာန်း၊ ဘီလူး၊ ရက္ခိုက်= မာတုဂါမ၊

၇ ရေညာဘက်= နေက္ခမ္မ- ကာမမှ လွတ်မြောက်မှု၊

၈ လက်တို့ဖြင့်၎င်း၊ ခြေတို့ဖြင့်၎င်း အားထုတ်၏= လုံ့လ- အားထုတ်မှု၊

၉ ကမ်း၌တည်သော မျက်စိအမြင်ရှိသော ယောက်ျား= ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား။

၁၇။ **မြုပ်ခြင်း၊ မျောခြင်း** (ဩဃတရဏသုတ်၊ နဠဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ယနေ့ပုဒ္ဓဝါဒအမေးအဖြေ ၄၊ တည်တောဆရာတော်ကြီး)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် နတ်သားတပါးမေး၍ ဟောဖော် ဖြေကြား၊ "သံသရာအယဉ်ဩဃတွင် ရပ်တည်နေက နစ်မြုပ်ပြီး အားထုတ်က မျော၏၊ ထို့ကြောင့် ဩဃကို မရပ်တည်ပဲရင်း၊ အားမထုတ်ပဲရင်း ကူးမြောက်ခဲ့၏။"

မြုပ်ခြင်းသည် ကာမဂုဏ်များကိုသာ ခံစားသော ကာမသုခလ္လိကာနုယောဂအကျင့်ဖြင့် နေခြင်းဖြစ်၏။ မျောခြင်းသည် မိစ္ဆာဒိဋ္ဌိအယူဖြင့် ကိလေသာများကုန်ခန်းရန် ကိုယ်ကိုညှဉ်းပန်ခြင်းစသော အတ္တကိလမထာနုယောဂအကျင့်ဖြင့် နေခြင်းဖြစ်၏။

('မြုပ်ခြင်း၊ မျောခြင်း' အဓိပ္ပါယ်အကျယ်ကို အဋ္ဌကထာ၌ ဒုက ၇ပါးဖြင့် ၇မျိုး ဖော်ပြထား၏။ အကျယ်ကို ထိုအဋ္ဌကထာ၌၎င်း၊ အညွှန်းပါ တည်တောဆရာတော်ကြီး၏ အမေးအဖြေစာအုပ်တွင်၎င်း ကြည့်ပါရန်။)

၁၈။ **မြွေကြီး ၄ကောင် တရားတော်** / <u>အာသီဝိသောပမသုတ်</u> ၁၁ ချက် (အာသီဝိသဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် ဤဥပမာ ၁၁မျိုးဖြင့်ပြွမ်းသော တရားတော်ကို ဟောတော်မူ၏။ အကြင်ယောကျ်ားသည် အဆိပ်ပြင်းသော မြွေ ၄ကောင်၊ ရန်သူ လူသတ်သမား ၅ဦး၊ အတွင်းသူလျှို သန်လျက်မိုးထားသော လူသတ်သမားတို့ လိုက်နေကြသဖြင့် ခြေဦးတည့်ရာသို့ပြေးရာ လူသူဆိတ်သုဉ်းသောရွာသို့ ဝင်ရာ၏။ အကြင်အကြင်အိမ်သို့ဝင်ရာ အချည်းနှီးသောအိမ်သို့သာ ဝင်မိရာ၏။ အိုးခွက်တို့ကို ကိုင်သောအခါ၌လည်း အချည်းနှီးသော အိုးခွက်တို့သာ ကိုင်မိရာ၏။ ရွာကို နှိပ်စက်ဖျက်ဆီးသော ခိုးသူတို့ လိုက်ကြသဖြင့် ပြေးပြန်ရာ ဤမှာဘက်ကမ်းသည် ဘေးရှိသည်ဖြစ်၍ ထိုမှာဘက်ကမ်းသည် ဘေးကင်းသည်ဖြစ်သော နက်ကျယ်သော ရေပင်လယ်ကြီးကို မြင်ရာ၏။

သို့သော် ထိုဘက်ကမ်းသို့ကူးရန် လှေလည်း မရှိ၊ တံတားလည်း မရှိ။ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်တို့ဖြင့် ဖေါင်ဖွဲ့၍ ထိုဖေါင်ကိုအမှီပြုကာ လက်ခြေတို့ဖြင့် လှံ့လပြုလျက် တဖက်ကမ်းသို့ ချမ်းသာစွာ သွားရာ၏။ ကူးမြောက်ပြီးသည်ဖြစ်၍ တဖက်ကမ်းသို့ ရောက်သောသူမြတ်သည် ကြည်းကုန်းထက်၌ တည်၏။

၁ လျင်သောအဆိပ် ရှိသော၊ ထက်သောအစိုး ရှိသော၊ ပြင်းထန်သောအဆိပ် ရှိသော မြွေ ၄ကောင် = မဟာဘုတ် ၄ပါးဖြစ်သော ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊

၂ ရန်သူ လူသတ်သမား ၅ဦး = ဥပါ ဒါ နက္ခန္ဓာ ၅ပါးဖြစ်သော ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ၊

၃ ၆ ယောက်မြောက် အတွင်းသူလျှို သန်လျက်မိုးထားသော လူသတ်သမား = နှစ်သက်စွဲလမ်းမှု-နန္ဒီရာဂ၊

၄ လူသူဆိတ်သုဉ်းသောရွာ = အတွင်းဖြစ်သောတည်ရာ အဇ္ဈတ္တိကာယတန ၆ပါး။ လိမ်မာသော ထက်မြက်သော ပညာရှိသူသည် ခန္ဓာကိုယ်ကြီးကို မျက်စိ (နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော အတွင်း အဇ္ဈတ္တိကာယတန ၆ပါး) အားဖြင့် ဆင်ခြင်ခဲ့မူ တစုံတခုမျှ မရှိသည် ဖြစ်၍သာ၊ အချည်းနှီး ဖြစ်၍သာ၊ ဆိတ်သုဉ်းသည် ဖြစ်၍သာ ထင်၏၊

၅ ရွာကို နှိပ်စက်ဖျက်ဆီးသော ခိုးသူ = အပဖြစ်သောတည်ရာ ဗာဟိရာယတန ၆ပါး။ နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အဆင်း (အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရားဟူသော အပြင် ဗာဟိရာယတန ၆ပါး) တို့သည် မျက်စိ (အတွင်းအာယာတန ၆ပါး) ကို နှိပ်စက်အပ်၏၊

၆ ရေပင်လယ်ကြီး = ဩဃ ၄ပါးဖြစ်သော ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ၊

၇ စိုးရိမ်ဖွယ်နှင့်တကွ ဘေးဘျမ်းနှင့်တကွဖြစ်သော ဤဘက်ကမ်း = ထင်ရှားရှိသော ခန္ဓာကောင်-သက္ကာယ၊

၈ စိုးရိမ်ဖွယ်ကင်းရာ ဘေးမရှိရာ ထိုဘက်ကမ်း = နိဗ္ဗာန်၊

၉ ဖေါင် = သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ အစရှိသော အင်္ဂါ ၈ပါးရှိသော အရိယာမဂ်၊

၁၀ လက်ခြေတို့ဖြင့် တိုသူ၏ ကြိုးစားမှု = လုံ့လကြိုးကုတ် အားထုတ်မှု၊

**၁၁** ကူးမြောက်ပြီးသည်ဖြစ်၍ တဖက်ကမ်းသို့ ရောက်သော၊ ကြည်းကုန်းထက်၌ ထည်သော သူမြတ် = ရဟန္တာ။

<u>၁၉။ ရေ ဉပမာရှိသောပုဂ္ဂိုလ် ၇မျိုး</u> (ဥဒကူပမာသုတ်၊ အနုသယဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တကြိမ်နစ်မြုပ်သော် နစ်မြုပ်တော့သည်သာ - မည်းညစ်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံသောသူ၊

၂ ပေါ်ပြီး၍ နစ်မြုပ်ပြန်၏ - ကုသိုလ်တရားတို့၌ [၁]သဒ္ဓါ၊ [၂]သတိ၊ [၃]သုတ၊ [၄]ဝီရိယ၊ [၅]ပညာ၊ [၆]ဟိရီ၊ [၇]ဩတ္တပ္ပစသော သူတော်ကောင်းတရား ၇ပါးသည် ကောင်းမြတ်၏ဟု ပေါ်လာ၏၊ ၎င်းတရား ၇ပါးသည် မတည်၊ မတိုးပွား၊ ဆုတ်ယုတ်သောသူ၊

၃ ပေါ်ပြီးလျှင် ထည်၏ - သူတော်ကောင်းတရား ၇ပါးသည် တည်မြဲတိုင်း တည်တန့်၏၊ မတိုးပွား၊ မဆုတ်ယုတ်သည်၊

၄ ပေါ်ပြီး၍ ကြည့်ရှု၏၊ ထိုမှဤမှ ကြည့်ရှု၏ - သူတော်ကောင်းတရား ၇ပါးသည် ကောင်းမြတ်၏ဟု ပေါ်လာ၏၊ ထိုပုဂ္ဂိုလ်သည် ၃ပါးသောသံယောဇဉ်တို့ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်းမရှိသော ကိန်းသေမြဲသော အထက်မဂ် ၃ပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏၊

၅ ပေါ်ပြီး၍ ကူး၏ - ထိုပုဂ္ဂိုလ်သည် ၃ ပါးသော သံယောဇဉ်တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ရာဂ၊ ဒေါသ၊ မောဟတို့ ခေါင်းပါးသည်၏အဖြစ်ကြောင့် တကြိမ်သာလျှင် ကာမဘုံသို့လာ၍ ဝဋ်ဒုက္ခ၏အဆုံးကို ပြု သော သကဒါဂါမ်ဖြစ်၏၊

၆ ပေါ်ပြီးလျှင် ထောက်တည်ရာသို့ ရောက်၏ - ထိုပုဂ္ဂိုလ်သည် အောက်ပိုင်းသံယောဇဉ် အနှောင် အဖွဲ့ ၅ပါးတို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေတည်၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြု၍ ထိုဘုံမှ ပြန်လာခြင်းသဘော မရှိသော အနာဂါမ်ဖြစ်၏၊

၇ ပေါ်ပြီး၍ ကူးမြောက်သူ၊ ကမ်းတဖက်သို့ ရောက်သူ၊ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်၍ မကောင်းမှုကို အပပြုပြီးသူဖြစ် - ထိုပုဂ္ဂိုလ်သည် အာသဝေါတရားတို့ကုန်၍ အရဟတ္တဖိုလ်ပညာကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုနေသူဖြစ်၏။

<u>၂၀။ ရွေ့ရှားခြင်းနှင့် ကောက်ခြင်း</u> (သံသပ္ပနီယသုတ်၊ ကရဇကာယဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ရဟန်းတော်တို့အား ဟောတော်မူ၏။ သတ္တဝါတို့သည် ၁ ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ၂ ကံ၏အမွေခံသာ ဖြစ်ကုန်၏၊ ၃ ကံသာလျှင် အကြောင်းရှိကုန်၏၊ ၄ ကံသာလျှင် ဆွေမျိုးရှိကုန်၏၊ ၅ ကံသာလျှင် လဲလျောင်းရာ ရှိကုန်၏၊ ၆ ကောင်းသည်လည်းဖြစ်စေ မကောင်းသည်လည်းဖြစ်စေ အကြင်ကံကို ပြု၏၊ ထိုကံ၏ အမွေခံတို့သာ ဖြစ်ကြကုန်၏။

အကုသိုလ်ကမ္မပထတရား ၁၀ပါး (ကုသိုလ် / ကောင်းမှု / ကုသိုလ်တရား - အနက်မှ - ကုသိုလ်တရား - အနက်မှ - ကုသိုလ်ကမ္မပတတရား ၁၀ပါးနှင့် အကုသိုလ်ကမ္မပတတရား ၁၀ပါး- ကို ကြည့်ပါ။) ကို ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့်ပြုသူသည် ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ စိတ်ဖြင့် ရွေ့ရှား၏၊ ထိုသူ၏ ကာယကံ၊ ဝစီကံ၊ မနောကံထို့သည် ကောက်၏၊ လားရာဂတိ ဖြစ်မှုဘဝသည် ကောက်၏။ ဆင်းရဲသောငရဲနှင့် တိရစ္ဆာန်ဘုံသို့ သွား၏။

ကုသိုလ်ကမ္မပထတရား ၁၀ပါး (ကုသိုလ် / ကောင်းမှု / ကုသိုလ်တရား - အနက်မှ - ကုသိုလ်တရား - အနက်မှ - ကုသိုလ်ကမ္မပထတရား ၁၀ပါးနှင့် အကုသိုလ်ကမ္မပထတရား ၁၀ပါး- ကို ကြည့်ပါ။) ကို ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့်ပြုသူသည် ကိုယ်ဖြင့်၊ နှုတ်ဖြင့်၊ စိတ်ဖြင့်မရွေ့ရှား၊ ထိုသူ၏ ကာယကံ၊ ဝစီကံ၊ မနောကံ တို့သည် ဖြောင့်၏၊ လားရာဂတိ ဖြစ်မှုဘဝသည် ဖြောင့်၏။ ချမ်းသာသောနတ်ပြည်နှင့် ကြွယ်ဝသော၊ ဥစ္စာ များသော၊ စည်းစိမ်များသော၊ ရွှေငွေများသော၊ နှစ်သက်ဖွယ် အဆောက်အဦများသော၊ ဥစ္စာစပါးများသော၊

မြင့်မြတ်သောအမျိုးဖြစ်သော ခတ္တိယမဟာသာလမျိုး၊ ဗြာဟ္မဏမဟာသာလမျိုး၊ ဂဟပတိမဟာသာလမျိုးသို့ ရောက်ရာ၏။

၂၁။ **လမ်းပြပေးသူ** တရား ၉ ချက် (တိဿသုတ်၊ ထေရဂါ၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ ဘထွေးတော်သား ဖြစ်သော အရှင်တိဿသည် ထိနမိဒ္ဓ- ထိုင်းမှိုင်းမှု၊ ဝိစိကိစ္ဆာ- တရားထို့၌ ယုံမှားမှုတို့ဖြစ်၍ မပျော်မွေ့ပဲ အကျင့်မြတ်ကိုကျင့်ရကြောင်း သိရတော်မူ၍ ဤတရားတော်ကို ဟော၏။

<u>အကျဉ်းသာ</u>။ ရုပ် (ခန္ဓာ ၅ပါး- [၁]ရုပ်၊ [၂]ဝေဒနာ၊ [၃]သညာ၊ [၄]သင်္ခါရ၊ [၅]ဝိညာဏ်) ကို စွဲမက်မှု- တဏှာ မကင်းသူအား ထိုရုပ် (ခန္ဓာ ၅ပါး) ၏ ဖေါက်ပြန်ခြင်းကြောင့် [၁]သောက- စိုးရိမ်မှု၊ [၂]ပရိဒေဝ- ငိုကြွေးမှု၊ [၃]ဒုက္ခ- ကိုယ်ဆင်းရဲမှု၊ [၄]ဒေါမနဿ- စိတ်ဆင်းရဲမှု၊ [၅]ဥပါယာသ- ပြင်းစွာပင်ပန်းမှုတို့ ဖြစ်သည် မဟုတ်လော။ မှန်ပါ၏ အရှင်ဘုရား။ စွဲမက်မှုကင်းသူ၌ ၎င်းတို့ ဖြစ်ကုန်သလော။ မဖြစ်ပါ အရှင်ဘုရား။

ရုပ် (ခန္ဓာ ၅ပါး) သည် မြဲသလော၊ မမြဲသလော (အနိစ္စ)၊ ဆင်းရဲသလော၊ မဆင်းရဲသလော (ဒုက္ခ)၊ ငါ ၏ အတ္တ ဟုတ်သလော၊ မဟုတ်သလော (အနတ္တ) ။ [၁]မမြဲသော၊ [၂]ဆင်းရဲသော၊ [၃]ငါ၏အတ္တ မဟုတ်သော ရုပ် (ခန္ဓာ ၅ပါး) ကို [၁]ငါ၏ဥစ္စာ မဟုတ် (နေ တံ မမ)၊ [၂]ငါ မဟုတ် (နေ သော ဟမသ္မိ)၊ [၃]ငါ၏အတ္တ မဟုတ် (န မေ သော အတ္တာ) ဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်သောပညာ (ယထာဘူတဉာဏ်) ဖြင့် ရှုရမည်။

ဤသို့ရှုသူ၏စိတ်သည် ရုပ် (ခန္ဓာ ၅ပါး) ၌ ငြီးငွေ့၏ (နိဗ္ဗိဒါဉာဏ်)၊ ငြီးငွေ့က တပ်ခြင်းကင်းတော့၏၊ တပ်ခြင်းကင်းက ကိလေသာတို့မှ လွတ်တော့၏။ လွတ်ပြီဟူသော ဉာဏ် (မဂ်ဉာဏ်) ဖြစ်၏။

ဆက်လက်၍ (ဘုရားရှင်လက်ထက် - အနက်မှ - ဘုရားရှင်လက်ထက် ရဟန်း ရဟန်းမများ ဘုရားရှင်အား မိမိတို့၏ အရဟတ္တဖိုလ် ပြောကြားပုံ ၄ ချက် - ကို ကြည့်ပါ။) ဟု သိ၏ ။

ဥပမာအားဖြင့်ကား လမ်းမကျွမ်းကျင်သူ ယောကျ်ားတဦးက လမ်းကျွမ်းကျင်သူ ယောကျ်ားတဦးကို လမ်းမေး၏။ လမ်းကျွမ်းကျင်သူက "အိုယောကျ်ား လာခဲ့လော့၊ ဤကား လမ်းတည်း၊ ထိုလမ်းဖြင့် အနည်းငယ် သွားလော့၊ ထခဏမျှ သွားမိလျှင် လမ်း ၂ခွကို တွေ့လိမ့်မည်၊ လက်ဝဲလမ်းကို လွှတ်၍ လက်ယာလမ်းကို ယူလော့၊ ထို လက်ယာလမ်းဖြင့် တခဏမျှ သွားလော့၊ ထူထပ်သောတောအုပ်ကို တွေ့လိမ့်မည်၊ ထိုတောအုပ်ဖြင့် တခဏမျှ သွားလော့၊ နိမ့်ဝှမ်းသော ညွန်ပြင်ကြီးကို တွေ့လိမ့်မည်၊ ထိုညွန်ပြင်ကြီးဖြင့် တခဏမျှ သွားလော့၊ အိုင်နှင့် ကမ်းပါးစောက်ကို တွေ့လိမ့်မည်၊ အိုင်နှင့် ကမ်းပါး စောက်ထိုဖြင့် တခဏမျှ သွားလော့၊ မွေ့လျော်ဖွယ်ဖြစ်သော မြေညီကို တွေ့ရလိမ့်မည်။"

၁ လမ်းမကျွမ်းကျင်သူသည် ပုထုဇဉ်ပုဂ္ဂိုလ်၊

၂ လမ်းကျွမ်းကျင်သူသည် မြတ်စွာဘုရား၊

၃ လမ်း ၂ခွသည် ယုံမှားမှု- ဝိစိကိစ္ဆာ၊

၄ လက်ဝဲလမ်းသည် မှားသောမြင်ခြင်း မှစ၍ မှားသောတည်ကြည်ခြင်းဟူသော အင်္ဂါ ၈မျိုးရှိသော လမ်းမှား၊

၅ လက်ယာလမ်းသည် မှန်သောမြင်ခြင်း မှစ၍ မှန်သောတည်ကြည်ခြင်းဟူသော အင်္ဂါ ၈မျိုးရှိသော အရိယာမဂ္ဂင်၊

၆ ထူထပ်သော တောအုပ်သည် အဝိဇ္ဇာ- ဖုံးလွှမ်းမှု၊

၇ နိမ့်ဝှမ်းသော ညွန်ပြင်ကြီးသည် ကာမဂုဏ်များ၊

၈ အိုင်နှင့် ကမ်းပါးစောက်သည် အမျက်ထွက်ခြင်းနှင့် ပြင်းစွာပင်ပန်းခြင်း၊

၉ မွေ့လျော်ဖွယ်ရှိသော မြေညီသည် နိဗ္ဗာန်ဖြစ်၏။

၂၂။ **လယ်ထွန်ခြင်းတရား** ၁၁ချက် (ကသိဘာရဒွါဇသုတ်၊ ဥပါသကဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ကသိဘာရဒွါဇသုတ်၊ ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် မဂဓတိုင်း ဒက္ခိဏာဂီရိဇနပုဒ် ဧကနာဋပုဏ္ဏားရွာ ဒက္ခိဏာဂီရိကျောင်းတိုက်၌ ၁၁ဝါမြောက် ဝါဆိုသီတင်းသုံးနေတော်မူစဉ် ကသိဘာရဒွါဇပုဏ္ဏား ပျိုးကြဲရာ ထွန်၅ဝဝတို့၌ နွားတို့ကအပ်ရာ လယ်ထွန် မင်္ဂလာအခမ်းအနားသို့ ကြွလာရာ ပုဏ္ဏားကြီးက ဘုရားရှင်အား ထွန်၍စိုက်ပျိုး၍ စားလော့ဟုဆို။ ဘုရားရှင်က သူလည်းလယ်ထွန်သူ ဖြစ်ကြောင်းပြောရာ သင်၏လယ်ထွန်မှုကို မမြင်ရဟု ပုဏ္ဏားကြီးက ပြန်ပြောသော် ဘုရားရှင် ဤတရားတော်ကို ဟောတော်မူ၏။

၁ ယုံကြည်မှု သဒ္ဓါသည် မျိုးစေ့ဖြစ်၏၊

၂ ဣန္ဒြိယသံဝရ၊ ဣန္ဒြေ ၆ပါး စောင့်စည်းမှုသည် မိုးရေ မိုးရွာခြင်း၊

၃ ဝိပဿနာဉာဏ်ပညာနှင့် မဂ်ဉာဏ်ပညာသည် ထမ်းပိုးနှင့်ထွန်တုံး၊

၄ မကောင်းမှုမှ ရှက်မှု၊ ကြောက်မှု- ဟိရီ၊ ဩတပ္ပတရားသည် ထွန်သန်အစုံ၊

၅ စိတ်ကို အဦးထား သမာဓိတရားသည် ချည်ကြိုး၊ ဖွဲ့ကြိုး၊ ထွန်ညှင်းကြိုး၊

၆ ဝိပဿနာနှင့် မဂ်ဉာဏ်ပညာတို့နှင့်ယှဉ်သော အောက်မေ့မှု သတိသည် ထွန်သွားနှင်တံ၊

၇ ကာယ သုစရိုက် ၃ပါး၊ ဝစီသုစရိုက် ၃ပါးတို့ဖြင့် လုံခြုံစေ၏၊

၈ အာဟာရရှာမှီးရာ၌ရှင်း၊ ဝမ်းရေးသုံးဆောင်ရာ၌ရှင်း စောင့်ရှောက်၏၊

၉ ဝစီသစ္စာဖြင့် ပေါင်းမြက်များကို ရိတ်ဖြတ်သုတ်သင်ခြင်း ပြု၏။ ကောင်းသောနိဗ္ဗာန်၌ မွေ့လျော်ခြင်းဟုဆိုအပ်သော အရဟတ္တဖိုလ်သည် လွတ်မြောက်ခြင်းဖြစ်သည်၊ ထွန်တုံးကိုချွတ် လယ်ကိုလွှတ်၍ နားနေ အပြီးတိုင် အပန်းဖြေခြင်းတည်း၊

၁၀ ဝီရိယသည် နိဗ္ဗာန်သို့ ရှေးရှုရှုန်းသော ဝန်ရှုန်းနွားဖြစ်၏။ နိဗ္ဗာန်သို့ရောက်သော် မစိုးရိမ်ရ။ ထိုနိဗ္ဗာန်အရပ်သို့ မဆုတ်မနစ် ရှုန်းသွား၏။ ဤသို့ လယ်ထွန်ခြင်းဖြစ်၏။

**၁၁** ထိုသန္တာန်ကိုယ်တွင်း ဓမ္မလယ်ထွန်ခြင်းကို ၄အသချေ် ကမ္ဘာတသိန်းကြာ အခါမလပ် ထွန်ယက်အပ်ခဲ့လေပြီ၊ အမြိုက်နိဗ္ဗာန်သည် ငါဘုရား တရားလယ်ထွန်မှုမှ အသီးဖြစ်၏။ ဤသို့ လယ်ထွန်ခြင်းပြီးသော် အလုံးစုံသောဆင်းရဲမှ လွတ်မြောက်၏။ ငါ ဘုရားတဦးတည်းသာ သီးစေနိုင်သည်မဟုတ်၊ အကြင်နတ်၊ လူ၊ ဗြဟ္မာသူတို့သည် ဓမ္မလယ်ထွန်ခြင်းကို လုံ့လ ဝီရိယ နွားက၍ ထွန်ယက်သော် ခပ်သိမ်းသော ဆင်းရဲဒုက္ခမှ အပြီးသတ် ကျွတ်လွတ်နိုင်၏။

ဤတရားတော်ကိုနာပြီးနောက် ပုဏ္ဏားကြီးက ဆွမ်းလှူရာ ဘုရားရှင်က ဂါထာဖြင့် သီဆို၍ရသော ဆွမ်းကို မြတ်စွာဘုရား ပယ်၏ဟု မိန့်၏။ ထိုအခါ ပုဏ္ဏားကြီးက ဥပါသကာဟု မှတ်ပါလော့ဟု လျှောက်၏။ ရဟန်းပြု၍ မကြာမီ ရဟန္တာဖြစ်၏။

၂၃။ လုံချက် နံနက် အချက် ၁၀၀၊ မွန်းတည့် ၁၀၀၊ ညချမ်း ၁၀၀၊ တနေ့ ၃၀၀ အနှစ်၁၀၀ အထိုးခံပြီးမှ သစ္စာ ၄ပါးတရားကို ထိုးထွင်း၍ သိရမည်ဟု ဆိုက ထိုအညှဉ်းပန်းခံရန် အပ်၏။ (သတ္တိ- လုံ၊ သတ- ၁၀၀၊ လုံချက် ၁၀၀၊ သတ္တိသတသုတ်၊ သီသပါဝနဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် ဤသို့ အထက်ပါအတိုင်း မိန့်ဆိုတော်မူကာ ဆက်လက်၍ -

၁ လုံထိုးခံရသူ၊

၂ သန်လျက်ဖြတ်ခံရသူ၊

၃ မြားပစ်ခံရသူ၊

**၄** ပုဆိန်ပေါက်ခံရသူတို့၏ သံသရာအစသည် မထင်။ ဤသို့ လုံထိုးခံ၍၊ သန်လျက်ဖြတ်ခံ၍၊ မြားပစ်ခံ၍၊ ပုဆိန်ပေါက်ခံ၍ သစ္စာ၄ပါး တရားသိမှုကို ဆင်းရဲခြင်း နှလုံးမသာခြင်းနှင့်တကွ ဖြစ်၏ဟု ငါမဆို၊ ချမ်းသာခြင်း ဝမ်းမြောက်ခြင်းနှင့်တကွ ဖြစ်သည်ဟု ငါဆို၏။ သစ္စာ ၄ပါးတရားကိုသိရန် အားထုတ်ကြရမည်ဟု မိန့်တော်မူ၏။

(ဤတရားတော်အစ - အနက်မှ - အမှတ် ၄ / ဥပမာတူသောတရားတော်) - ကိုလည်း ကြည့်ပါရန်။

၂၄။ အစွန်အဖျားမြို့၏ အခြံအရံ ၇ပါး ဥပမာတရားတော် (နဂရောပမသုတ်၊ မဟာဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

တိုင်းစွန်ပြည်ဖျားရှိမြို့သည် ဆန့်ကျင်ဘက် ရန်သူတို့က ပျက်စီးအောင်မပြုနိုင်ရန် မြို့ကို အခြံအရံ ၇ခုဖြင့် ခြံရံအပ်သကဲ့သို့ မာရ်မင်း အလိုရှိတိုင်း မပြုနိုင်သောရဟန်းဖြစ်ရန် သူတော်ကောင်းတရား ၇ပါးနှင့် ပြည့်စုံရာ၏။

| အစွန်အဖျားမြို့၏ အခြံအရံ | ရဟန်း၏ သူတော်ကောင်းတရား |
|---|---|
| ၁ နက်သောတုရိုဏ်တိုင်၊ | ၁ ဘုရားရှင်၏ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်ခြင်း- သဒ္ဓါတရားရှိ၍ ကုသိုလ်များပြု၍ အကုသိုလ်အမှုမှ ရှောင်ခြင်း၊ |
| ၂ နက်ကျယ်သောကျုံး၊ | ၂ ကာယဝစီမနောဒုစရိုက် အကုသိုလ်တို့မှ ရှက်ခြင်း- ဟိရီ၊ |
| ၃ မြို့တံတိုင်းအတွင်း လှည့်လည်နိုင်သောလမ်းသည် မြင့်၍ ကျယ်၏၊ | ၃ ကာယဝစီမနောဒုစရိုက် အကုသိုလ်တို့မှ ထိတ်လန့်ကြောက်ခြင်း-ဩတ္တပ္ပ၊ |
| ၄ များခါးစသောလက်နက်များကို သိုမှီးခြင်း၊ | ၄ အကြားအမြင်များ၏- သုတ၊ |
| ၅ များပြားသော ရဲရင့်သောစစ်သည်ဗိုလ်ပါများ၊ | ၅ ထက်သန်သောလုံ့လ- ဝီရိယ၊ |
| ၆ ပညာရှိ၍ လိမ္မာထက်မြက်သောထံခါးမှူး၊ | ၆ မြတ်သော ရင့်ကျက်သောသတိ၊ |
| ၇ မြင့်ကျယ်၍ အလုံးစုံပိတ်ဆို့သောအင်္ဂတေလိမ်းကျံထားသော မြို့တံတိုင်း။ | ၇ ဖြစ်ပျက်ကိုမြင်၍ ကိလေသာကိုဖေါက်ခွဲကာ ဒုက္ခတို့ကုန်ရာ နိဗ္ဗာန်ကိုရောက်စေနိုင်သောပညာ။ |

| မြို့တွင်း၌သိုမှီးသိမ်းဆည်းအပ်သော အာဟာရ ၄ပါး | ချမ်းသာစွာနေရန် နိဗ္ဗာန်သို့သက်ဝင်ရန် ဈာန် ၄ပါး |
|---|---|
| ၁ မြက်၊ ထင်း၊ ရေ၊ | ၁ ပဌမဈာန်၊ |
| ၂ သလေးစပါး၊ မုယောစပါး၊ | ၂ ဒုတိယဈာန်၊ |
| ၃ နှမ်း၊ ပဲနောက်၊ ပဲကြီး၊ ပဲမျိုးစုံ၊ | ၃ တတိယဈာန်၊ |
| ၄ ထောပတ်၊ဆီဦး၊ဆီ၊ပျား၊တင်လဲ၊ဆားစသောဆေး။ | ၄ စတုတ္ထဈာန်။ |

၂၅။ **အတွင်းနေ တပည့် မရှိပဲ၊ ဆရာ မရှိပဲ** အကျင့်မြတ်ကို ကျင့်သုံးနေအပ်၏။ (အန္တေဝါသိကသုတ်၊ နဝပုရာဏဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဤတရားတော်ကို ဟောတော်မူ၏။ "ရဟန်းတို့ အတွင်းနေ တပည့် မရှိပဲ၊ ဆရာ မရှိပဲ အကျင့်မြတ်ကို ကျင့်သုံးနေအပ်၏။ အတွင်းနေ တပည့်ရှိသော၊ ဆရာရှိသော ရဟန်းသည် ဆင်းဆင်းရဲရဲ နေရပြီး မရှိသူတို့သည် ချမ်းချမ်းသာသာ နေရ၏။

မျက်စိ (အတွင်းအာယာတန ၆ပါး) ဖြင့် အဆင်း (အာရုံ / အပြင်အာယာတန ၆ပါး) ကိုမြင်သော် ပြေးသွား ကြံစည်နှောင်ဖွဲ့တတ်ကုန်သော၊ ယုတ်ညံ့သော အကုသိုလ်တရားတို့ ဖြစ်ကုန်၏။ ထိုအကုသိုလ်တရားတို့သည် ထို ရဟန်း၏အတွင်း၌ နေကုန်၏။ အတွင်းနေ တပည့်ရှိသူဟု ဆိုအပ်၏။

အကုသိုလ်တရားတို့သည် ထိုရဟန်းကို လွှမ်းမိုးကုန်၏။ ဆရာရှိသူဟု ဆိုအပ်၏။

အပြန်အားဖြင့် မျက်စိ (အတွင်းအာယာတန ၆ပါး) ဖြင့် အဆင်း (အာရုံ / အပြင်အာယာတန ၆ပါး) ကိုမြင်သော် နောင်ဖွဲ့တတ်ကုန်သော၊ ယုတ်ညံ့သော အကုသိုလ်တရားတို့ မဖြစ်က ထိုအကုသိုလ်တရားတို့သည် ထို ရဟန်း၏အတွင်း၌ မနေကုန်။ အတွင်းနေ တပည့်မရှိသူဟု ဆိုအပ်၏။

အကုသိုလ်တရားတို့သည် ထို ရဟန်းကို မလွှမ်းမိုးကုန်။ ဆရာမရှိသူဟု ဆိုအပ်၏။"

<u>၂၆။ အယူဝါဒ အမျိုးမျိုးရှိကြသော တိတ္ထိများနှင့်စပ်၍ဟောသော ဥပမာ ၉ခုပါ</u> **ဆင်ကို စမ်းကြည့်စေသော တရားတော်** နှင့် ဥဒါန်းဂါထာတော် (ပဌမနာနာတိတ္ထိယသုတ်၊ ဇစ္စန္ဓဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ရဟန်းများ မြို့တွဲ ဆွမ်းခံကြွကြသောအခါ လောကသည် မြဲ၏စသော အယူဝါဒ ၁၀မျိုးကို အသီးသီးယူကြသော တိတ္ထိ သမဏ ဗြာဟ္မဏ ပရိဗိုဇ် အသီးသီးတို့သည် မြို့တွင်း၌ အချင်းချင်း နှုတ်လှံထိုး၊ ငြင်းခုံ၊ ခိုက်ရန်ဖြစ်ကြကာ ဆန့်ကျင်ဖက်စကား ပြောဆိုကြ၏။ ရဟန်းများက ဤအကြောင်းကို ဘုရားရှင်အားလျှောက်ထားရာ ဘုရားရှင်က-

"ရှေးက ဤသာဝတ္ထိပြည်၌ပင် တဦးသောမင်းသည် မင်းချင်းယောက်ျားတယောက်ကို မြို့တွင်းရှိ သူကန်းအားလုံးကို ခေါ်၍ ဆင်ကို စမ်းသပ်ခိုင်း၏။ သည့်နောက် မင်းကြီးက ဆင်ကိုစမ်းပြီးသည့် သူကန်းများကို ဆင်မည်သည် မည်သို့ သဘောရှိသနည်းဟု မေး၏။

၁ ဆင်၏ ဦးခေါင်းကို စမ်းသပ်မိသူတို့က (ဆင်ဆိုသည်မှာ ရေအိုးနှင့်တူ၏ဟု လျှောက်၏) ။ ၂ နားရွက် စမ်းမိသူတို့က (... ဇန်းဆန်ကောနှင့် ...) ။ ၃ အစွယ် စမ်းမိသူတို့က (... ထွန်သွားနှင့် ...) ။ ၄ နှာမောင်း စမ်းမိသူတို့ က (... ထွန်သံနှင့် ...)၊ ၅ ကိုယ် စမ်းမိသူတို့က (... ကျီကြန်ရုံနှင့် ...)၊ ၆ ခြေထောက် စမ်းမိသူတို့က (... တိုင်နှင့် ...) ၊ ၇ ပေါင် စမ်းမိသူတို့က (... လက်ဆုံနှင့် ...) ၊ ၈ မြီးဆံ စမ်းမိသူတို့က (... ကျီပွေ့နှင့် ...) ၊ ၉ မြီးတံ စမ်းမိသူ တို့က တံမြက်စည်းနှင့်တူ၏ ဟု လျှောက်ထား၏။ အချင်းချင်း ဆင်မည်သည် ဤသို့သဘောရှိ၏၊ ဤသဘောရှိသည် မဟုတ်ဟု လက်သီးဆုပ်ထိုးဖြင့် ထိုးကြိတ်ကြကုန်၏။ မင်းသည် ဝမ်းမြောက်ဝမ်းသာ ရယ်၏။

ဤအတူပင် သာသနာတော်မှ ပြင်ပအယူရှိကုန်သော ပရိဗိုဇ်တို့သည် ကန်းသောမျက်စိ ရှိကုန်သည်ဖြစ်၍ အကျိုး၊ အကျိုးမဲ့၊ တရား၊ တရားမဟုတ်သည်ထို့ကိုမသိပဲ အချင်းချင်း ခိုက်ရန် ငြင်းခုံကြကုန်၏။" ဟု ဟောတော်မူ၍ "အချို့ကုန်သော သမဏ၊ ဗြာဟ္မဏတို့သည် အနှစ်မရှိသည့် ဤမိစ္ဆာအယူထို့၌ နှစ်သက်စွဲလမ်း ကပ်ငြိကုန်၏။ ဆင်ကို တစိတ်တဒေသ စမ်းသပ်မိကြသည့် သူကန်းတို့ကဲ့သို့ အချင်းချင်း ဆန့်ကျင်ပြကာ ငြင်းခုံကြ၏။" ဟူ၍ ဥဒါန်းကျူးရင့်တော်မူ၏။

၁၉ ဘုရားရှင်၏ကြည်ညိုဖွယ်ရာ ၂၈

၁။ ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ရွာနိဂုံးသို့ ဆွမ်းခံဝင်ပုံ (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋက ဆရာတော်ကြီး) - အချက် ၁၄ပါး ရှိ။

ဘုရားရှင်သည် တရံတခါ ပကတိသော ကြွဝင်ခြင်းဖြင့် ကြွဝင်၍ တရံတခါ များစွာသော တန်ခိုး ပြာဋိဟာတို့ဖြင့် ကြွဝင်တော်မူ၏။ ကြွဝင်တော်မူပုံမှာ -

၁ ရှေ့တော် ရှေ့တော်တို့မှ လေပြေလေညှင်းတို့ တိုက်ခတ်ကြကာ မြေအပြင်ကို စင်ကြယ်စေ၊ ၂ တိမ်တိုက်တို့သည် ရေပေါက်တို့ကို တဖွားဖွားလွှတ်ကုန်လျက် လမ်းခရီးတလျှောက်ရှိ မြူမှုန်များကို သိပ်စေ၊ ၃ တို တိမ်တိုက်တို့သည် ကိုယ်တော်မြတ်၏ အထက်၌ ဗိတာန်မျက်နှာကြက်ပမာ လိုက်ပါကြ၊ ၄ အခြားသောလေတို့ကလည်း ထိုထိုအရပ်၌ပွင့်သော ပန်းများကို ယူဆောင်တိုက်ခတ်ခဲ့ကြပြီး ကြွတော်မူရာ လမ်းတလျှောက်၌ ပန်းမွှေ့ရာ ကြဲဖြန့်ခင်းကြ၊ ၅ ပင်ကိုယ်က မြင့်မောက်သော မြေအရပ်တို့သည် အလိုလို နိမ့်ကျကာ တညီတညွတ်တည်း ဖြစ်ကြ၊ ၆ ပင်ကိုယ်က နိမ့်ဝှမ်းသော မြေအရပ်တို့သည် အလိုလို မြင့်တက်ကာ တညီတညွတ်တည်း ဖြစ်ကြ၊ ၇ ကျောက်တုံး ကျောက်ခဲ ကျောက်စရစ်များ၊ အိုးခြမ်းကွဲများ၊ သစ်ငုတ်၊ ဆူးငြောင့်များသည် သူတို့ အလိုလို ဖယ်နှင့်၊ ရှားနှင့်ကြ။

၈ ခြေတော်ကို မြေပေါ်သို့ ချနင်းသောအခါ မြေအပြင်သည် ညီညွတ်ပြီး ဖြစ်နေ၊ ၉ သို့မဟုတ် အတွေ့ကောင်းသော ရထားလှည်းဘီးပမာဏရှိ ပဒုမာကြာပန်းကြီးများကသော်လည်း ခြေတော်အောက်က အသင့်ခံ လင့်ကြ၊

၁၀ ဆွမ်းခံမည့် ထိုထိုမြို့ရွာအဝင်ဝ တံခါးခုံအတွင်း လက်ျာခြေတော်ချထားမိလျှင်ပင် ကိုယ်တော်မှ ရောင်ခြည်တော် ၆သွယ်တို့ ကွန့်မြူးထွက်ကြကုန်ကြ၊ ၁၁ လေးတောင့်ပြာသာဒ် အထွတ်တပ်သော တိုက် အိမ်စသော အဆောက်အဦများကို ရွှေရည်ဖြင့် သွန်းလောင်းအပ်သကဲ့သို့၎င်း၊ ဆန်းကြယ်သော အဝတ် တို့ဖြင့် ရစ်ပတ်သကဲ့သို့၎င်း အရောင်တို့သည် ပြိုးပြိုးပြက်ပြက် တလက်လက်ထွက်၍ တိုမှဤမှ ပြေးသွားကြ၊ ၁၂ ဆင်၊ မြင်း၊ ကျေးငှက်စသော တိရစ္ဆာန် သတ္တဝါတို့သည် မိမိတို့မိမိတို့ နေရာ၌တည်လျက် ချိုမြိန် သာယာသောအသံကို တွန်ကြ၊ မြည်ကြ၊ ဟီကြ၊ ၁၃ စည်စောင်းစသော တူရိယာတို့သည်လည်း လူတို့က မတီးအပ်ပဲ အလိုလို သာယာသော အသံကို မြည်ကြ၊ ၁၄ လူတို့ကိုယ်ဝယ် ဝတ်ဆင်ထားအပ်သော ပတီး၊ နားဋောင်း၊ လက်ကောက်၊ လက်ကြပ် စသော အဆင်တန်ဆာတို့ကလည်း အလိုလို သာယာသောအသံ မြည်ကြ။

ထိုအမှတ်သင်္ကေတတို့ဖြင့် လူတို့သည် "ယနေ့ မြတ်စွာဘုရားရှင်သည် ငါတို့မြို့ရွာသို့ ဆွမ်းခံ ကြွဝင်တော်မူလာပြီ။" ဟု သိရှိကြသည်။

၂။ ဘုရားရှင်၏ ကြည်ညိုဖွယ်ရာ ရွာတွင်း နေထိုင်၊ သွားလာ၊ ဆွမ်းဘုဉ်းပေးပုံ (ဗြဟ္မာယုသုတ်၊ ဗြဟ္မာဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) - ၅၂ ပါး ရှိသည်။

ဘုရားရှင် ရဟန်း၅၀၀နှင့် ဝိဒေဟတိုင်း၌ ဒေသစာရီကြွတော်မူစဉ် အသက်၁၂၀ရှိ ဗြဟ္မာယု ပုဏ္ဏားကြီးသည် တပည့် ဥတ္တရလုလင်ကို ဘုရားရှင်၏ ကျော်စောသောဂုဏ်သတင်းအတိုင်း ဟုတ်မှန်သည်၊ ဝေဒကျမ်းများ၌လာသည်နှင့် ညီမညီကို စုံစမ်းစေ၊ ဥတ္တရလုလင်သည် လက္ခဏာတော်ကြီး ၃၂ပါးကို စုံစမ်းတွေ့မြင်သိရှိပြီးနောက် ဘုရားရှင်၏ ဣရိယာပုတ်တို့ကို သိရှိရန် ၇လတိုင်တိုင် အစဉ်လိုက်သော အရိပ်ကဲ့သို့ စုံစမ်းရာ၌ တွေ့ရှိရသည်တို့ကို ပုဏ္ဏားကြီးအား အောက်ပါအတိုင်း ပြန်ပြောပြသည်။

သွားလာပုံ ၆ပါး။ ၁ လက်ျာခြေတော်ဖြင့် ရှေးဦးစွာ ဖဲကြွ၊ ၂ မဝေးလွန်းနေရာ၌ ခြေတော်ကိုနုတ်၍ မနီးလွန်းနေရာ၌ ချ၊ ၃ မမြန်လွန်း မနှေးလွန်း ကြွ၊ ၄ ပုဆစ်ဒူး အချင်းချင်း၊ ဖမျက် အချင်းချင်း မထိခိုက်ပဲ ကြွ၊ ၅ ပေါင်တော်ကို မြှောက်၊ ညွတ်၊ တောင့်၊ ခါတော်မမူပဲ ကြွ၊ ၆ ကြွတော်မူသော် အောက်ပိုင်း ကိုယ်တော်သည်သာ လှုပ်တော်မူ၏။

ကြည့်ပုံ ၄ပါး (ပေါင်း ၁၀ပါး)။ ၇ ပြန်ကြည့်လျှင် အလုံးစုံသော ကိုယ်ဖြင့်သာ ပြန်ကြည့်၊ ၈ အထက်သို့မော့၊ အောက်သို့ ငုံ့ကြည့်တော် မမူ၊ ၉ တိုတိုဤဤ ကြည့်၍မသွား၊ ၁၀ ထမ်းပိုးတပြန်သာ ကြည့်တော်မူ၏။

ရွာတွင်းဝင်တော်မူပုံ ၂ပါး (ပေါင်း ၁၂ပါး)။ ၁၁ ရွာတွင်းဝင်သော် ကိုယ်ကို မြှောက်၊ ညွတ်၊ တောင့်၊ ခါတော်မမူ၊ **၁၂** ဆွမ်းဖိတ်ရာ နေရာ၏ မနီးလွန်း မဝေးလွန်းနေရာ၌ ကိုယ်ကို လှည့်တော်မူ၏။

ထိုင်တော်မူပုံ ၂ပါး (ပေါင်း ၁၄ပါး)။ ၁၃ လက်ဖြင့် တောက်၍ ထိုင်တော်မမူ၊ **၁၄** နေရာ၌လည်း ကိုယ်ကို ပစ်ချတော်မမူ။

ရွာတွင်းနေတော်မူပုံ ၅ပါး (ပေါင်း ၁၉ပါး)။ ၁၅ လက်ခြေ ဆော့တော်မမူ၊ ၁၆ ဒူးအချင်းချင်း၊ ဖမျက် အချင်းချင်းတင်၍ ထိုင်တော်မမူ၊ ၁၇ မေးကို လက်ထောက်၍ ထိုင်တော်မမူ၊ ၁၈ မကြောက်ရွံ့၊ မတွန့်ဆုတ်၊ မတုန်လှုပ်၊ မချောက်ချား၊ ကြက်သီးမွေးညင်းထမှု ကင်းသည်ဖြစ်၍ နိဗ္ဗာန်သို့ ညွတ်သောစိတ်ရှိသည်ဖြစ်၍ နေတော်မူ၊ **၁၉** ဆိတ်ဆိတ် ထိုင်နေတော်မူ၏။

သပိတ်ဆေးတော်မူပုံ ၈ပါး (ပေါင်း ၂၇ပါး)။ ၂၀ သပိတ်ဆေးရေကိုယူသော် သပိတ်ကို မြှောက်၊ ညွတ်၊ တောင့်၊ ခါတော် မမူ၊ ၂၁ မနည်းလွန်း မများလွန်း သပိတ်ဆေးရေကိုသာ ခံယူ၊ ၂၂ ခလောက်ခလောက်အသံပြု၍ သပိတ်တော်ကို မဆေး၊ ၂၃ သပိတ်ကို မှောက်လှန်၍ ဆေးတော်မမူ၊ ၂၄ သပိတ်ကို မြေ၌ချ၍ လက်ဆေးတော်မမူ၊ ၂၅ လက်ဆေးလျှင် သပိတ်ဆေးပြီး၊ သပိတ်ဆေးလျှင် လက်ဆေးပြီးဖြစ်၏၊ ၂၆ သပိတ်ဆေးရေကို မနီးလွန်း မဝေးလွန်းနေရာ၌ စွန့်၊ **၂၇** ဖရိုဖရဲ ပြန့်ကြဲ၍ စွန့်တော်မမူ။

ဆွမ်းခံယူဘုဉ်းပေးပုံ ၉ပါး (ပေါင်း ၃၆ပါး)။ ၂၈ ဆွမ်းကိုခံယူသော် သပိတ်ကို မြှောက်၊ ညွတ်၊ တောင့်၊ ခါ ၍ မခံယူ၊ ၂၉ မနည်းလွန်း မများလွန်း ဆွမ်းကိုသာ ခံယူ၊ ၃၀ ဟင်းကို ဟင်းပမာဏဖြင့် သုံးဆောင်၊ ၃၁ ဟင်းဖြင့် ဆွမ်းလုတ်ကို လွန်စေတော်မမူ၊ ၃၂ ဆွမ်းလုတ်ကို ခံတွင်း၌ ၂ကြိမ်၃ကြိမ်လွေး၍ မျို့ချ၊ ၃၃ တစုံတခုသော ဆွမ်းဝါးဖတ်သည် မကျေညက်ပဲ ကိုယ်တော်တွင်းသို့ မဝင်၊ ၃၄ တစုံတခုသော

ဆွမ်းဝါးဖတ်သည် ခံတွင်းတော်အတွင်း၌ မကြွင်းကျန်၊ ၃၅ ဆွမ်းလုတ်သို့ညွတ်လျက် အရသာကို သိသည် ဖြစ်၍ သုံးဆောင်တော်မူ၏၊ အရသာကို တပ်မက်သောအားဖြင့် သိသည်ဖြစ်၍ သုံးဆောင်တော်မမူ၊ ၃၆ ဆွမ်းအပေါ်၌ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်တော်မူ၏။

<u>ဆွမ်းဘုဉ်းပေးပြီးနောက် နေတော်မူပုံ ၅ပါး (ပေါင်း ၄၁ပါး) ။</u> အထက်ပါအတိုင်း သပိတ် ဆေးတော်မူ၏ ၃၇ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် သပိတ်ကို မြေ၌ချတော်မမူ၊ ၃၈ မနီးလွန်း မဝေးလွန်း နေရာ၌ထား၊ ၃၉ သပိတ်ကို အလိုရှိသည်လည်း မဟုတ်၊ အခါလေးမြင့် စောင့်ရှောက်သည်လည်း မဟုတ်၊ ၄၀ တခဏမျှ ဆိတ်ဆိတ်နေတော်မူ၊ ၄၁ အနုမောဒနာပြုရမည့်အခါကို မလွန်စေပဲ ဆွမ်းအနုမောဒနာ ပြုတော်မူ၏။ ဆွမ်းကို ကဲ့ရဲ့တော်မမူ၊ အခြားဆွမ်းကို မတောင့်တ၊ ပရိသတ်ကို တရားစကားဖြင့် အကျိုး စီးပွားကို သိမြင်စေတော်မူ၏၊ တရားကို ဆောက်တည်စေတော်မူ၏၊ တရားကျင့်သုံးရန် တက်သန်ရွှင်လန်း စေတော်မူ၏။

<u>ပြန်ကြွပုံ ၈ပါး (ပေါင်း ၄၉ပါး) ။</u> ၄၂ အလွန်လျင်မြန်စွာရင်း၊ အလွန်နှေးကွေးစွာရင်း၊ လွန်မြောက် လိုသကဲ့သို့ရင်း ကြွတော်မမူ၊ ၄၃ ကိုယ်တော်၌ သင်္ကန်းသည် အလွန်လည်း မမြင့်တက်၊ အလွန်လည်း မလျော့ကျ၊ ၄၄ သင်္ကန်းသည် ကိုယ်တော်၌ ကပ်ငြိသည်လည်း မဟုတ်၊ ကွာနေသည်လည်း မဟုတ်၊ ၄၅ သင်္ကန်းသည် လေ၌လည်း မလွင့်၊ ၄၆ ကိုယ်တော်၌ အညစ်အကြေးသည် မလိမ်းကျံ မကပ်ငြိ၊ ၄၇ ကျောင်းတော်တွင် ခင်းထားသောနေရာ၌ ထိုင်၍ ခြေဆေး၊ ၄၈ ခြေကို တန်ဆာဆင်ခြင်းနှင့်ယှဉ်သော လုံ့လကို အဖန်ဖန်အားထုတ်၍ နေတော်မမူ၊ ၄၉ ခြေဆေးပြီးနောက် ထက်ဝက်ဖွဲ့ခွေ၍ ကိုယ်ကို ဖြောင့် စွာထားလျက် ကမ္မဋ္ဌာန်းရှေးရှု သတိကို ဖြစ်စေကာ ထိုင်နေတော်မူ၏။

<u>အရံ၌ တရားဟောတော်မူပုံ ၃ပါး (ပေါင်း ၅၂ပါး) ။</u> ၅၀ အရံတွင်း၌ ဆိတ်ဆိတ် တိုင်နေတော်မူ၏၊ ၅၁ အင်္ဂါ ၈ပါးနှင့် ပြည့်စုံသော အသံတော်ဖြင့် တရားဟောတော်မူ၏၊ ၅၂ ပရိသတ်ရှိသလောက် အသံ တော်ဖြင့် သိစေတော်မူနိုင်၏၊ ပရိသတ်အပသို့ အသံတော်သည် မထွက်။

၂၀ ဘုရားရှင်၏ ဂုဏ်တော်များ၊ ဉာဏ်တော်များ၊ ပညာတော် နှင့် ဝိသေသထူးခြားချက်များ <u>၁၁ စု</u>

<u>၁။ ဘုရားရှင်ကို "တထာဂတ" ခေါ်ကြောင်း ၂ စု</u>

<u>၁။ ၄ပါး (လောကသုတ်၊ စတုက္ကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)</u>

၁ နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ၊ ဗြာဟ္မဏ၊ မင်းများ၊ လူများနှင့်တကွ လူ့လောကတို့၌ [၁]မြင်အပ်၊ [၂]ကြားအပ်၊ [၃]တွေ့ထိအပ်၊ [၄]သိအပ်၊ [၅]ရောက်အပ်၊ [၆]ရှာမှီးအပ်၊ [၇]စိတ်ဖြင့် စိစစ်အပ်သော အရာဝတ္ထုတိုင်းကို ဘုရားရှင်သည် ထိုးထွင်း၍ သိခြင်း။

၂ ဘုရားရှင်သည် အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိရာ ညဥ့်နှင့် ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓါတ်ဖြင့် ပရိနိဗ္ဗာန်ပြုရာညဥ့် ဟူသော ဤ ၂ပါးသော ကာလအကြား

ဝယ် ပြောဆိုညွှန်ပြခဲ့သော စကားတော်အားလုံးသည် ဟုတ်မှန်သည်ချည်းသာတည်း။ ပြောဆိုညွှန်ပြသည်မှ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ခြင်း။

၃ ဘုရားရှင်သည် ဟောပြောသည့်အတိုင်း ပြုလုပ်၍ ပြုလုပ်သည့်အတိုင်းလည်း ဟောပြောတော်မူခြင်း။

၄ နတ်လောကနှင့် လူ့လောကတို့၌ ဘုရားရှင်သည် လွှမ်းမိုးနိုင်သူ ဖြစ်တော်မူ၏။ မည်သူကမျှ မလွှမ်းမိုးနိုင်သူ ဖြစ်တော်မူ၏။ စင်စစ် အလုံးစုံကို မြင်တော်မူ၏။ အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်တော်မူခြင်း။

၂။ ၅ပါး (ပါသာဒိကသုတ်၊ ပါထိကဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

၁ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တရားတို့၌ မြတ်စွာဘုရားသည် အခါအားလျော်စွာ ဟုတ်မှန်၍ အကျိုးနှင့် စပ်သည်ကိုဆို၏။ ၂ - ၅ အထက်ပါ ၁ - ၄ အတိုင်း။

၂။ ဘုရားရှင် အောင်မြင်တော်မူသော မာရ် ၅ပါး (အပါဒါန် ဋ္ဌ။ ဝိသုဒ္ဓိမဂ်။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

နှောင့်ယှက်တားဆီးမှု ၅ပါး ဖြစ်သည်။

၁ ဒေဝပုတ္တမာရ်- ဘုရားဖြစ်ရန် ဗောဓိပင်ရင်း၌ "ဘုရားမဖြစ်သမျှ မထတော့" ဟူသော မြတ်သော အဓိဋ္ဌာန်ဖြင့် ထိုင်နေတော်မူစဉ် ရွှေပလ္လင်တော်မြတ်ကို အပေါင်းပါတပ်များနှင့် တိုက်ခိုက်လုယူရန်လာသော မာရ်နတ်သား၊

၂ ကိလေသမာရ်- ကိလေသာ ၁၀ပါး သို့မဟုတ် ၁၅၀၀ ကိလေသာ၊

၃ အဘိသင်္ခါရမာရ်- ဘဝသစ်အဖို့ ပစ်ချစီမံ ပြုပြင်တတ်သောကံ၊

၄ ခန္ဓမာရ်- အရဟတ္တဖိုလ်မရောက်မီအတွင်း ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ စီမံပစ်ချရာ ဘဝသစ်၌ ဖြစ်ရလတ္တံ့သော ခန္ဓာ ၅ပါး

၅ မစ္စုမာရ်- သေရခြင်း သဘော။

၃။ ဘုရားရှင်၏ ဂုဏ်တော်များ ၃ ခု

၁။ ဘုရားရှင်၏ တာဒိဂုဏ်နှင့် တာဒိလက္ခဏာ အခြင်းအရာ ၅ပါး ၂ ခု

၁။ (ကာဠကာရာမသုတ်၊ ဥရုဝေလဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သာရိပုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် နတ်လောက လူ့လောကတို့၌ မြင် ကြား တွေ့သိရမည့်အာရုံတို့ကို မြင် ကြား တွေ့သိ၍ မြင် ကြား တွေ့သိပြီးသည်ကိုဎင်း၊ မမြင် မကြား မတွေ့မသိရသေးသည်ကိုဎင်း၊ မြင်နေ ကြားနေ တွေ့နေသိနေသည်ကိုဎင်း၊ မြင် ကြား တွေ့သိတတ်သူကိုဎင်း၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မအောက်မေ့၊ မြင်

ကြားတွေ့သိအပ်သော အာရုံတရားတို့၌ ကောင်းဆိုး၂၈ ထပ်တူရှုတော်မူတတ်သည်ဖြစ်၍သာလျှင် တာဒီ မည်၏၊ မြတ်စွာဘုရားတည်းဟူသော တာဒီပုဂ္ဂိုလ်မှတပါး အခြား ထိုထက်သာလွန်မြင့်မြတ်သော တာဒီ ပုဂ္ဂိုလ်မရှိ။

၁ ဣဋ္ဌ အနိဋ္ဌလောကဓံတို့၌ ချစ်မှု မုန်းမှုလုံးဝမပြုပဲ ညီမျှသောစိတ်ထားနိုင်ခြင်း၊ ၂ ကိလေသာ တို့ကို စွန့်ပြီးဖြစ်ခြင်း၊ ၃ သံသရာရေအယဉ်ကို ကူးမြောက်ပြီးဖြစ်ခြင်း၊ ၄ ရာဂတို့မှ လွတ်မြောက်ပြီး ဖြစ်ခြင်း၊ ၅ သီလ၊ သဒ္ဓါ၊ သမာဓိ၊ ပညာ စသော ဂုဏ်ကျေးဇူးတို့ဖြင့် သီလရှိသောသူ၊ သဒ္ဓါရှိသောသူ စသည်ဖြင့် ညွှန်ပြညွှန်ပြ၍ ပြောဆိုအပ်သူ ဖြစ်ခြင်း။

<u>၂။ တနည်း (သီလက္ခန်ဋီကာသစ်။</u> စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာ တော်ကြီး) ၁ အနိဋ္ဌဖြစ်သောသတ္တဝါသင်္ခါရတို့၌ အလိုတော်ရှိလျှင် ဣဋ္ဌသညာရှိ၍နေနိုင်ခြင်း၊ ၂ ဣဋ္ဌ ဖြစ်သော သတ္တဝါသင်္ခါရတို့၌ အလိုတော်ရှိလျှင် အနိဋ္ဌသညာရှိ၍ နေနိုင်ခြင်း၊ ၃ အလိုတော်ရှိလျှင် ဣဋ္ဌ အနိဋ္ဌ သတ္တဝါ သင်္ခါရ ၂မျိုးလုံးတို့၌ပင် အနိဋ္ဌသညာရှိ၍နေနိုင်ခြင်း၊ ၄ အလိုတော်ရှိလျှင် ထို၂မျိုးလုံး၌ ဣဋ္ဌသညာရှိ၍နေနိုင်ခြင်း၊ ၅ အလိုတော်ရှိလျှင် ထို၂မျိုးလုံး၌ပင် အလယ်အလတ် မဇ္ဈတ္တသဘော လျစ်လျူရှုကာ နေနိုင်ခြင်း၊ ဤအရိယိဒ္ဓိ ၅မျိုးကြောင့် ပြီးသည့်အခြင်းအရာ၅မျိုးကို တာဒိလက္ခဏာ အခြင်းအရာ၅ပါး ဟုခေါ်၏။

<u>၂။ အနာဝရဏဉာဏ်- တစုံတယောက်သောသူကမျှ မထားမြစ်မပိတ်ပင်နိုင်သော ဂုဏ်ကျေးဇူးတရား ၄ပါး</u> (ဝိနည်း ပါရာဇိကဏ် ဋ္ဌ။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဗုဒ္ဓလာဘန္တရာယပဉ္စာ၊ အဘေဓဝင်၊ မေဏ္ဍကပဉ္စာ၊ မိလိန္ဒပဉ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ယနေ့ဗုဒ္ဓဝါဒ အမေးအဖြေ ၂၊ တည်တောဆရာတော်ကြီး)

၁ ဘုရားရှင်အား ရည်ညွှန်းပြုအပ် စီရင်ထားသောလာဘ်၊

၂ ဘုရားရှင်၏ကိုယ်တော်သို့ အစဉ်လိုက်သော တလံမျှလောက်သော ရောင်ခြည်တော်၊

၃ သဗ္ဗညုတဉာဏ်တော်မြတ်၊

၄ ဘုရားရှင်၏ အသက်တော် ဇီဝိတိန္ဒြေ။

<u>၃။ မဖေါက်မပြန် ဟုတ်မှန်သော ဂုဏ်တော် ၈ပါး</u> (မဟာဂေါဝိန္ဒသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူနေစဉ် ပဉ္စသိခနတ်သား လျှောက်။

၁ မြတ်စွာဘုရားသည် လောကကို စောင့်ရှောက်ရန် နတ်လူတို့၏ အကျိုးစီးပွား ချမ်းသာအလို့ငှာ ကျင့်ထော်မူ၏၊ ၂ မိမိကိုယ်ထည်း၊ စိတ်ထည်း၌ ဆောင်ယူထားတိုက်သော ဂုဏ် ၆ပါးနှင့် ပြည့်စုံသော တရားတော်ကို ဟောတော်မူ၏၊ ၃ ဤကား ကုသိုလ် အကုသိုလ်၊ အပြစ်ရှိ၏ အပြစ်မရှိ၊ မှီဝဲအပ်၏ မမှီဝဲအပ်၊

ယုတ်၏ မြတ်၏၊ မည်းသောအဖို့ရှိ၏ ဖြူသောအဖို့ရှိ၏စသော တရားတို့ကို ဖော်ပြတော်မူ၏၊ ၄ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဟောကြားတော်မူ၏၊ ၅ လာဘ်သပ်ပကာနှင့်ပြည့်စုံသော ဘုရားရှင်သည် မာန်ယစ်ခြင်းကင်းလျက် အစာအာဟာရကို ဘုဉ်းပေးတော်မူ၏၊ ၆ ကျင့်ဆဲသေက္ခနှင့် ကျင့်ပြီးရဟန္တာပုဂ္ဂိုလ်အဖော်များကို စွန့်ခွာ၍ တပါးတည်းမွေ့လျော်၏၊ ၇ ဟောသည့်အတိုင်း ပြုကျင့်၊ ပြုကျင့်သည့်အတိုင်း ဟော၍ လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်၏၊ ၈ မြတ်သော၊ မှီရာဖြစ်သော အာဒိ ဗြဟ္မစရိယဖြင့် အလုံးစုံသောတရားတို့၌ ယုံမှားခြင်း- ဝိစိကိစ္ဆာခရီးခဲကို ကူးမြောက်၊ ကင်းပြီး၍ အလုံးစုံပြီးမြောက်သော နှလုံးအလို ရှိ၏။

<u>၄။ ဂုဏ်တော် ၉ပါး</u> - **မှတ်မိလွယ်သော အနှစ်ချုပ်အနက်** (ဝေရဉ္ဇပုဏ္ဏားအကြောင်း ပြဆိုရာအခဏ်း၊ ပါရာဇိကဏ် ပါဠိတော်၊ ခု၊ ၀)

၁ ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် **အရဟံ** မည်တော်မူ၏။

<u>အရဟံဂုဏ်တော်၏ အနက်အဓိပ္ပါယ် ၅ပါး</u> (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

၁ အရဟ- ကိလေသာရန်သူတို့ကို လောကုတ္တရာမဂ်ဖြင့် ဝါသနာအငွေ့ခါတ်နှင့်တကွ အကြွင်းမဲ့ ပယ်သတ်တော်မူပြီးသော မြတ်စွာဘုရား၊

၂ အရဟ- ကိလေသာရန်သူတို့မှ ဝေးကွာတော်မူသော မြတ်စွာဘုရား၊

၃ အ + ရဟ- ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား၊

၄ အရ+ဟ-သံသရာစက်အကန့်တို့ကို မှုန့်မှုန့်ညက်ညက် ရစရာမရှိအောင် ချိုးဖျက်ပြီးသော မြတ်စွာဘုရား၊

၅ အရဟ- လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇာဝိသေသအထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

၂ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်ကန်စွာ သိတော်မူသောကြောင့် **သမ္မာသမ္ဗုဒ္ဓ** မည်တော်မူ၏၊

၃ အသိဉာဏ်ဝိဇ္ဇာ၊ အကျင့်စရဏနှင့် ပြည့်စုံတော်မူသောကြောင့် **ဝိဇ္ဇာစရဏသမ္ပန္န** မည်တော်မူ၏၊

၄ ကောင်းသော စကားကို ဆိုတော်မူတတ်သောကြောင့် **သုဂတ** မည်တော်မူ၏၊

၅ လောကကို သိတော်မူသောကြောင့် **လောကဝိဒူ** မည်တော်မူ၏၊

၆ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ လွန်မြတ်သောပုဂ္ဂိုလ် ဖြစ်တော်မူသောကြောင့် **အနုတ္တရော ပုရိသဒမ္မသာရထိ** မည်တော်မူ၏၊

၇ နတ်လူတို့၏ဆရာ ဖြစ်တော်မူသောကြောင့် **သတ္ထာဒေဝမနုဿာနံ** မည်တော်မူ၏၊

၈ သစ္စာ ၄ပါးတရားတို့ကို ကိုယ်တိုင်သိ၍ သူတပါးတို့ကို သိစေတော်မူတတ်သောကြောင့် **ဗုဒ္ဓ** မည်တော် မူ၏၊

၉ ဘုန်းတန်ခိုး ကြီးမားတော်မူသောကြောင့် **ဘဂဝါ** မည်တော်မူ၏။

၅။ ဘုရားရှင်တည်းဟူသော ဂန္ဓဆင်မင်းကြီး၏ ဂုဏ်တော် ၁၀ပါး (ဥဒါယိတ္ထေရဂါထာ၊ သောဠသက နိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တနိပ္ဖကာ)

အရှင်ဥဒါယီ ၃ပါးတွင် ပုဏ္ဏားမျိုး မဟာဥဒါယီသည် ဆွေတော်မျိုးတော် အစည်းအဝေးတွင် ဘုရားရှင်ကို ကြည်ညို၍ ရဟန်းပြုကာ ဝိပဿနာပွားပြီး ရဟန္တာ ဖြစ်၊ တနေ့ ဘုရားရှင် နာဂေါပမသုတ္တန်-ဆင်ဥပမာတရားတော်ကို ဟောကြားပြီးအဆုံးတွင် ဘုရားရှင်၏ဂုဏ်တော်များကို နှလုံးသွင်းကာ 'ငါသည် ဘုရားတည်းဟူသော ဂန္ဓဆင်မင်းကြီး၏ဂုဏ်များကို ထင်ရှားအောင် ပြအံ့။' ဟု ချီးကျူးရွတ်ဆိုသော ဂါထာများ ဖြစ်သည်။

၁ မြတ်စွာဘုရားသည် မကောင်းမှုကို အချင်းခပ်သိမ်း ပြုတော်မမူသောကြောင့် နာဂ မည်တော်မူ၏၊ ၂ သောရစ္စဟူသော သီလ၊ မညှဉ်းဆဲခြင်းဟူသော ကရုဏာသည် ဆင်ပြောင်ကြီး၏ ရှေ့ခြေ ၂ဖက်၊ ၃ သတိနှင့် ပညာသည် ဆင်ပြောင်ကြီး၏ နောက်ခြေ ၂ဖက်၊ ၄ သဒ္ဓါသည် နှာမောင်း၊ ၅ ဥပေက္ခာသည် ဖြူစင်သော အစွယ်၊ ၆ သတိသည် လည်ပင်းတော်၊ ၇ တရားတို့ကို ကြံစည်စူးစမ်းတတ်သော ပညာသည် ဦးခေါင်းတော်၊ ၈ သမထ ဝိပဿနာတရားသည် ဝမ်းဗိုက်တော်၊ ၉ ဥပဓိမှ ကင်းဆိတ်ခြင်းသည် အမြီး၊ ၁၀ အလုံးစုံသော အာရုံဒွါရတို့၌ စောင့်စည်းတော်မူ၏။

၆။ အာဝေဏိက- တသီးတခြားဖြစ်သော ဂုဏ်တော် ၁၈ပါး (အဘိဓမ္မာ ဌ။ အဘိဓမ္မာ ဝိဘင်္ဂ မူလဋီကာ။ နိဒါန်း၊ ဝိဘင်းပါဠိတော်မြန်မာပြန်၊ ခု၊ အဘိ)

၁ လွန်လေပြီးသောအဖို့၌ (အကြွင်းမဲ့သိမြင်သည့် အပိတ်အပင် အတားအဆီးမရှိသော ဉာဏ်တော်ရှိခြင်း)၊ ၂ နောင်အနာဂတ်အဖို့၌ (...)၊ ၃ ယခုပစ္စုပ္ပန်အဖို့၌ (...)။

၄ အလုံးစုံသော ကာယကံသည် (ဉာဏ်တော်လျှင်ရှေ့သွားရှိ၍ ဉာဏ်တော်သို့ အစဉ်လိုက်ခြင်း) ၊ ၅ အလုံးစုံသော ဝစီကံသည် (...)၊ ၆ အလုံးစုံသော မနောကံသည် (...)။

၇ သတ္တဝါတို့၏ အကျိုးစီးပွားကိုလိုလားသော ဆန္ဒတော်၏ (ဆုတ်ယုတ်မှုမရှိခြင်း)၊ ၈ တရားဟော တော်မူခြင်း၏ (...)၊ ၉ သူတပါးအကျိုး သည်ပိုးအားထုတ်ရာ၌ လုံ့လဝီရိယတော်၏ (...)၊ ၁၀ တည်ကြည်မှု သမာဓိတော်၏ (...)၊ ၁၁ ဝိပဿနာပညာတော်၏ (...)၊ ၁၂ လွတ်မြောက်မှု အရဟတ္တဖိုလ်၏ (...)။

၁၃ ရယ်ရွှင်မြူးထူးလိုသဖြင့် ပြုမူမိန့်မြွက်မှု မရှိခြင်း၊ ၁၄ သတိလွတ်၍ ချွတ်ယွင်းတိမ်းစောင်း သဖြင့် ပြုမူမိန့်မြွက်မှု မရှိခြင်း၊ ၁၅ ဉာဏ်တော်ဖြင့် မတွေ့မထိအပ်သောအရာ မည်သည်မရှိ၊ ၁၆ ဉာဏ်

တော်ဖြင့် မဆင်မခြင် အဆောတလျင် ပြုမူမိန့်မြွက်မှု မရှိခြင်း၊ ၁၇ အကျိုးမရှိသော စိတ်တော်ဖြစ်မှု မရှိခြင်း၊ **၁၈** ဉာဏ်တော်ဖြင့် မဆင်ခြင်ပဲ လျစ်လျူပြုထားမှု မရှိခြင်း။

<u>၇။ ဘုရားရှင်၏ ဂုဏ်တော်များပွားကျိုး /</u> **ဗုဒ္ဓါနုဿတိဘာဝနာအကျိုး ၂၈**

<u>၁။ ၁၀ပါး</u> (ဝိသုဒ္ဓိမဂ်။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေဦးစီး)

၁ သဒ္ဓါ၊ သတိ၊ ပညာကုသိုလ်တရား ပွားများလာခြင်း၊ ၂ ပီတိ အစဉ်တိုးပွားခြင်း၊ ၃ ဘေးတို့ကို သည်းခံပယ်ဖျောက်နိုင်ခြင်း၊ ၄ ဆင်းရဲဒုက္ခများ ပပျောက်စေနိုင်ခြင်း၊ ၅ ဘုရားရှင်နှင့်အတူ နေတိုင်ရသည်ဟု မှတ်ထင်ခြင်း၊ ၆ စေတီသဖွယ် အပူဇော်ခံထိုက်သူ ဖြစ်ခြင်း၊ ၇ ဘုရားဖြစ်လိုစိတ်များ ဖြစ်ပွားကာ ဘုရားဖြစ်ကြောင်း ပါရမီကုသိုလ် ကောင်းမှုတို့ကို အားထုတ်ခြင်း၊ ၈ မကောင်းမှု ပြုလုပ်ရန် ရှက်ရွံ့ခြင်း၊ ၉ မဂ်ဖိုလ်တရားကို အလွယ်နှင့် ရနိုင်ခြင်း၊ **၁၀** ကောင်းရာဂတိသို့ ရောက်ခြင်း။

<u>၂။ ၁၇ပါး</u> (ထေရီထေရာအပါဒါန်ပါဠိတော် ၄။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၂၊ တည်တောဆရာတော်ကြီး။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေဦးစီး)

၁ စေတီအိမ်နှင့်တူ၍ သူတပါးတို့ရှိခိုးမှုကို ခံထိုက်ခြင်း၊ ၂ စိတ်တည်ကြည် ရဲရင့်ခြင်း၊ ၃ မတွေမဝေသေ၍ သုဂတိဘဝသို့ ရောက်ခြင်း၊ ၄ ဘုရားနှင့်တွေ့သောအခါ ဘုရားရှင်ဟောသောတရား သစ္စာ ၄ပါးကို သိလွယ်ခြင်း၊ ၅ အမျိုးမြတ်ခြင်း၊ ၆ သူတပါးတို့ အရိုအသေခံရခြင်း၊ ၇ ချီးမွမ်းထိုက်သော ကိုယ်အင်္ဂါနှင့်ပြည့်စုံခြင်း၊ ၈ အဆင်းကောင်းခြင်း၊ ၉ ကိုယ်အနံ့သင်းကြိုင်ခြင်း၊ ၁၀ ခံတွင်းအနံ့ မွှေးကြိုင်ခြင်း။

၁၁ ကြီးသောဉာဏ် ရှိခြင်း၊ ၁၂ နက်နဲသောဉာဏ် ရှိခြင်း၊ ၁၃ ထင်မြက်သောဉာဏ်ရှိခြင်း၊ ၁၄ လျင်မြန်သောဉာဏ် ရှိခြင်း၊ ၁၅ ရွှင်သောဉာဏ် ရှိခြင်း၊ ၁၆ ဆန်းကြယ်သောဉာဏ် ရှိခြင်း၊ **၁၇** စကားကောင်း ဆိုနိုင်ခြင်း။

<u>၄။ ဘုရားရှင်၏ စရဏတရား ၁၅ပါး</u> (စူဠနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပါရာဇိကဏ် ၄)

၁ သီလသံဝရ၊ ၂ ဣန္ဒြိယေသုဂုတ္တဒွါရတာ- ဣန္ဒြေ၆ပါးတို့၌ အကုသိုလ်ခိုးသားတို့ မဖျက်ဆီးနိုင်အောင် သတိဖြင့် လုံခြုံအောင် တံခါးပိတ်တားခြင်း၊ ၃ ဘောဇနေမတ္တညုတာ၊ ၄ ဇာဂရိယာ နုယောဂ၊ ၅ သဒ္ဓါ၊ ၆ သတိ၊ ၇ သုတ၊ ၈ ဝီရိယ၊ ၉ ပညာ၊ ၁၀ ဟိရီ၊ ၁၁ ဩတ္တပ္ပ၊ ၁၂ ပဌမဈာန်၊ ၁၃ ဒုတိယဈာန်၊ ၁၄ တတိယဈာန်၊ **၁၅** စတုတ္ထဈာန်။

<u>၅။ ဘုရားရှင်၏ စရိယတရား ၃ ပါး</u> - (ဘုရားလောင်းများနှင့် ဆက်စပ်၍ မှတ်သားဖွယ်များ - အနက်မှ - ဘုရားလောင်းများ၏ စရိယတရား ၃ ပါး) ကို ကြည့်ပါ။

<u>၆။ ဘုရားရှင်၏ စက္ခု ၅ပါး</u> (သံ ၄။ မဇ္ဈိမဏ္ဏာသ ၄။ မဟာပရိနိဗ္ဗာနသုတ်၊ မဟာဝဂ္ဂ၊ ဒီ၊ ခု၊ သုတ္တန္တပိဋက)

ပညာမျက်စိ ၅ပါးနှင့်ပြည့်စုံသော မြတ်စွာဘုရား။

၁ ဗုဒ္ဓစက္ခု- **ဘုရားမျက်စိ**၊ အာသယာနုသယကို သိသောဉာဏ်- အာသယာနုသယဉာဏ်နှင့် ဣန္ဒြေ အနု အရင့်ကိုသိသောဉာဏ်- ဣန္ဒြိယပရောပရိယတ္တိဉာဏ် ၂ပါး၊

၂ ဓမ္မစက္ခု- မဂ်ဉာဏ်တော် / အောက်မဂ်ဉာဏ်၃ပါးဟူသော တရားမျက်စိ၊

၃ သမန္တစက္ခု- ထက်ဝန်းကျင် သိမြင်နိုင်သော **သဗ္ဗညုတဉာဏ်တော်**၊ ၁၄ပါးသော ဗုဒ္ဓဉာဏ်တော် (ဘုရားရှင်၏ဉာဏ်တော်များ - အနက်မှ - ဉာဏ်တော် ၁၄ပါး - ကို ကြည့်ပါ)၊

၄ ဒိဗ္ဗစက္ခု- နတ်မျက်စိနှင့် တူသောဉာဏ်၊

၅ ပညာစက္ခု / ဉာဏစက္ခု- သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ဟူသော ဉာဏ် ၃ပါး၊ သစ္စာ၄ပါးကို ပိုင်းခြားသိသော ဉာဏ် / အာသဝက္ခယဉာဏ်တော်။

၇။ ဘုရားရှင်၏ ဉာဏ်တော်များ ၈ ၈

၁ ဝိဇ္ဇာဉာဏ်တော် ၃ပါး။ ဘုရားရှင်၏ ဝိဇ္ဇာ ၃ပါး - တွင် ကြည့်ပါ။

၂ ပဋိသမ္ဘိဒါဉာဏ်တော် ၄ပါး။ ပဋိသမ္ဘိဒါ ၄ပါး - တွင် ကြည့်ပါ။

၃ ဝေသာရဇ္ဇဉာဏ်တော် ၄ပါး (ဝေသာရဇ္ဇသုတ်၊ ဘဏ္ဍာဂါမဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မဟာသီဟနာဒသုတ်၊ သီဟနာဒဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဝိသာရဒဉာဏ်တော် ၄ပါးဟုလည်းခေါ်သည်၊ ဟုတ်မှန်ကြောင်းကို ရဲရင့်စွာ အသိပေးပြောဆိုဝန်ခံခြင်း။

၁ ဗုဒ္ဓတ္တဉာဏ်- ဘုရားအဖြစ်ကို ဟုတ်မှန်စွာသိသောဉာဏ်၊

၂ အာသဝက္ခယဉာဏ်- အာသဝကုန်ခြင်းကို သိသောဉာဏ်၊

၃ အန္တရာယိကဉာဏ်- ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ရှိသည်ကို သိသောဉာဏ်၊

၄ နိယျာနိကဉာဏ်- လောကသံသရာမှ ထွက်လမ်း ဝဋ်ဆင်းရဲကုန်ရာကို သိသောဉာဏ်။

၄ ဆအသာဓာရဏ အများနှင့်မသက်ဆိုင်သောဉာဏ်တော် ၆ပါး (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တ ပိဋက။ ဠ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ အာသယာနုသယဉာဏ်- သတ္တဝါတို့၏ အလိုအာသာဟူသမျှကို သိသောဉာဏ်၊ ၂ ဣန္ဒြိယပရော ပရိယတ္တိဉာဏ်- သတ္တဝါ၏ဣန္ဒြေ ရင့်မရင့်ကို သိသောဉာဏ်၊ ၃ သဗ္ဗညုတဉာဏ်- တရားအလုံးစုံကို အကြွင်းမရှိ သိသောဉာဏ်၊ ၄ အနာဝရဏဉာဏ်- ဉေယျ၅အင်ကိုသိမြင်တော်မူရာ၌ ဆီးတားပိတ်ပင်ခြင်း မရှိသောဉာဏ်၊ ၅ ယမကပါဋိဟာရိယဉာဏ်- ကိုယ်တော်မှရေမီးအစုံတို့ကိုထွက်အောင် ဖန်ဆင်းတော်မူ နိုင်သော ဉာဏ်၊ ၆ မဟာကရုဏာသမာပတ္တိဉာဏ်- သတ္တဝါတို့ကို လွန်စွာသနားတော်မူသောဉာဏ်။

၅ ဝိဇ္ဇာဉာဏ်တော် ၈ပါး။ (ဘုရားရှင်၏ ဝိဇ္ဇာ ၈ပါး) တွင် ကြည့်ပါ။

၆ <u>အဓိဒေဝဉာဏဒဿနတရား / ဉာဏ်တော် ၈ပါး</u> (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ)

နတ်ပြဟ္မာတို့၏တန်ခိုးကို လွှမ်းမိုး၍သိစွမ်းနိုင်သော ဘုရားရှင်၏ဉာဏ်တော် ၈ပါးဖြစ်သည်။

၁ နတ်တို့၏ အရောင်အဝါကို သိစွမ်းနိုင်ခြင်း၊ ၂ နတ်တို့၏အဆင်းကို မြင်စွမ်းနိုင်ခြင်း၊ ၃ နတ်တို့နှင့်အတူ နီးနှောပြောဆိုနိုင်ခြင်း၊ ၄ လာသောနတ်တို့၏ အမျိုးအမည် ဘုံဌာနကို သိစွမ်းနိုင်ခြင်း၊ ၅ ဖြစ်လာကြသောနတ်တို့၏ ဘဝရှေးကံ အကြောင်းရင်းကို သိစွမ်းနိုင်ခြင်း၊ ၆ နတ်တို့၏အစာအာဟာရ ခံစားစံစားမှု ကိစ္စအဝဝတို့ကို သိစွမ်းနိုင်ခြင်း၊ ၇ နတ်တို့၏ဘုံဌာနအလိုက် မည်၍မည်မျှတည်နေနိုင်ကြောင်း သက်တမ်းအစားစားကို ပိုင်းခြားသိစွမ်းနိုင်ခြင်း၊ ၈ မိမိသည် ဤနတ်တို့နှင့် ရှေးဘဝက အတူတကွ နေထိုင်ခဲ့ဘူးသည် မနေခဲ့ဘူးသည်တို့ကို သိစွမ်းနိုင်ခြင်း။

၇ <u>ဉာဏ်တော် ၁၀ပါး</u> (နေတ္တိပါဠိတော် ၄။ သီဟနာဒသုတ်၊ မဟာဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မဟာသီဟနာဒသုတ်၊ သီဟနာဒဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဉာဏဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ဌာနာဌာနကောသလ္လဉာဏ်- အကြောင်းဟုတ် မဟုတ် သိသောဉာဏ်၊ ၂ ဝိပါကဉာဏ်- ကောင်းကျိုး မကောင်းကျိုး သိသောဉာဏ်၊ ၃ သဗ္ဗတ္တဂါမိနီပဋိပဒါဉာဏ်- သတ္တဝါတို့လားရာကို သိသောဉာဏ်၊ ၄ အနေကဓါတုနာနာဓါတုဉာဏ်- အထူးထူးသောဓါတ်တို့ကို သိသောဉာဏ်၊ ၅ နာနာဓိမုတ္တိကဉာဏ်- စိတ်နှလုံးထား အလိုဆန္ဒအားလုံးကို သိသောဉာဏ်၊ ၆ ဣန္ဒြိယပရောပရိယတ္တိဉာဏ်- ဣန္ဒြေနုရင့်ကို သိသောဉာဏ်၊ ၇ ဈာနာဒိသံကိလေသဉာဏ်- ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်စသည်တို့၏ ညစ်ညူးကြောင်းကို သိသောဉာဏ်၊ ၈ ပုဗ္ဗေနိဝါသဉာဏ်- ရှေးဖြစ် ဘဝခန္ဓာစဉ်ကို သိသောဉာဏ်၊ ၉ ဒိဗ္ဗစက္ခုဉာဏ်- နတ်မျက်စိကဲ့သို့ အဘိညာဉ် မျက်စိဉာဏ်၊ **၁၀** အာသဝက္ခယဉာဏ်- အရဟတ္တမဂ်ဉာဏ်။

**၈** ဉာဏ်တော် ၁၄ပါး- **သမန္တစက္ခု** (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဆင်းရဲ (ဒုက္ခ) ၌ ဖြစ်သောဉာဏ်၊ ၂ ဆင်းရဲဖြစ်ကြောင်း (သမုဒယ) ၌ ဖြစ်သောဉာဏ်၊ ၃ ဆင်းရဲချုပ်ငြိမ်းရာ (နိရောဓ) ၌ ဖြစ်သောဉာဏ်၊ ၄ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော ကျင့်ဝတ်လမ်းစဉ် (မဂ္ဂ) ၌ ဖြစ်သောဉာဏ် ဟူသော သစ္စဉာဏ်တော် ၄ပါး၊

၅ - ၈ (အထက်ပါ ပဋိသမ္ဘိဒါဉာဏ်တော် ၄ပါး) - ကို ကြည့်ပါ။

၉ - **၁၄** (အထက်ပါ ဆအသာဓာရဏ အများနှင့် မသက်ဆိုင်သောဉာဏ်တော် ၆ပါး) - ကို ကြည့်ပါ။

၁ မှ ၈တို့သည် ဘုရားရှင်တို့နှင့်သာမက သာဝကတို့နှင့်လည်း ဆက်ဆံ၏။ ၉ မှ ၁၄ သည် ဘုရားရှင်တို့နှင့်သာ ဆက်ဆံကုန်၏။

<u>၈။ ဘုရားရှင်၏ ပညာတော် အင်္ဂါ ၈ပါး</u> (ပုဏ္ဏနဒီဇာတ်၊ ဇီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

၁ ကြီးမားသောပညာ၊ ၂ ကျယ်ပြောသော ပညာ၊ ၃ ရွှင်သောပညာ၊ ၄ လျင်မြန်သောပညာ၊ ၅ တက်မြက်သောပညာ၊ ၆ နက်နဲသောပညာ၊ ၇ ထိုးထွင်းသောပညာ၊ ၈ နည်းပရိယာယ်ကြွယ်ဝသောပညာ။

<u>၉။ ဘုရားရှင်၏ ဘုန်းတော် ၆ပါး /</u> **ဘဂဝါ ဂုဏ်တော်** (မဟာနိဒ္ဒေသပါဠိတော်။ ၌။ ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘဂဝါ = ဘဂ= ဘုန်းတော် ၆ပါး+ ဝန္တု= ရှိတော်မူသော မြတ်စွာဘုရား။

၁ ဣဿရိယ- စိုးမိုးပိုင်သခြင်း၊ ဣဿရိယဘုန်းတော် ၂ပါး - ၁ လောကုတ္တရာစိတ္တိဿရိယ ဘုန်းတော်၊ ၂ လောကီစိတ္တိဿရိယ ဘုန်းတော်။ ၎င်းလောကီစိတ္တိဿရိယ ဘုန်းတော်တွင် ၈ပါးရှိ။

၁ အဏိမာ- ငယ်စေလိုက အနုမြူသဖွယ်မျှ ငယ်စွာ ဖန်ဆင်းတော်မူနိုင်ခြင်း၊

၂ မဟိမာ- ကြီးစေလိုက လောကဓါတ်ကြီးတခုလုံးကို ဖုံးအုပ်နိုင်အောင် မြင့်ခေါင်ကြီးမားသော ကိုယ်တော်ကို ဖန်ဆင်းတော်မူနိုင်ခြင်း၊

၃ လဃိမာ- ရူပကာယ ခန္ဓာကိုယ်တော်ကို ပေါ့ပါးအောင် ဖန်ဆင်းတော်မူနိုင်ခြင်း၊

၄ ပတ္တိ- အလိုတော်ရှိရာ အရပ်မျက်နှာသို့ လျင်စွာခေါက်ခေါက် ရူပကာယ ကိုယ်တော်ပါ ကြွတော်မူနိုင်ခြင်း၊

၅ ပါကမ္ဗ- စိတ်ရည်သန်တိုင်း မည်သည့်အရာမဆို အလိုရှိတိုင်း ပြီးစီးစေနိုင်ခြင်း၊

၆ ဤသိတာ- သတ္တဝါတို့ကို အစိုးရတော်မူခြင်း၊ ကိုယ်တော်၏ အလိုသို့ လိုက်ပါစေနိုင်ခြင်း၊

၇ ဝသိတာ- တန်ခိုးအဘိညာဉ်၊ ဈာန်သမာပတ်အရပ်ရပ်တို့၌ လေ့လာနိုင်နင်းတော်မူခြင်း၊

၈ ယတ္ထကာမာဝသာယိတာ- ဈာန်ဝင်စားခြင်း၊ ထန်ခိုးပြခြင်းစသော ကိစ္စဟူသမျှကို ပြုတော်မူစဉ် ပြီးဆုံးစေလိုတော်မူရာ ကာလဌာနတို့၌ ပြီးဆုံးစေလိုသည်နှင့် တပြိုင်နက် ထိုကိစ္စတို့ကို ပြီးဆုံးစေနိုင်ခြင်း။

၂ ဓမ္မဘုန်းတော်- ဝါသနာအငွေ့အသက်နှင့်တကွ ၁၅ဝဝကိလေသာတို့ကို ပယ်ဖျောက်သတ်ဖြတ်နိုင်သော မဂ်၄ပါး၊ ဖိုလ်၄ပါး၊ နိဗ္ဗာန် ၉ပါးသော လောကုတ္တရာတရားတော်၊

၃ ယသဘုန်းတော်- လောက ၃ရပ် နှံ့စပ်လွှမ်းခြုံသော ဂုဏ်ကျေးဇူး သတင်းတော်၊

၄ သိရီဘုန်းတော်- ရူပကာယကိုယ်တော်မြတ်၏ နတ်လူတို့ ဖူးမြော်၍မဝနိုင်အောင် လှပတင့်တယ်မှု အသရေတော်၊

၅ ကာမဘုန်းတော်- အလိုတော်ရှိသမျှ လုံးဝဥဿုံ အကုန်ပြီးစီးခြင်းနှင့် ယင်းသို့ ပြီးစီးခြင်း၏ အဓိဂမ ဆန္ဒတော်၊

၆ ပယတ္တဘုန်းတော်- သူမတူတန် ထက်သန်ကြီးမြတ်လှသည့် လုံ့လဝီရိယတော်။

၁၀။ ဘုရားရှင်၏ ဝိဇ္ဇာ ၂ စု

၁။ ဝိဇ္ဇာ ၃ပါး (ဘယဘေရဝသုတ်၊ မူလပရိယာယဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဣတိဝုတ် ဋ္ဌ။ သံ ဋ္ဌ)

၁ ပုဗ္ဗေနိဝါသဉာဏ်တော်၊ ၂ ဒိဗ္ဗစက္ခုဉာဏ်တော်၊ ၃ အာသဝက္ခယဉာဏ်တော်။

၂။ ဝိဇ္ဇာ ၈ပါး (အမ္ဗဋ္ဌသုတ်၊ သီလက္ခန်ပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက။ ဣတိဝုတ် ဋ္ဌ)

၁ - ၃ အထက်ပါအတိုင်း၊ ၄ ဝိပဿနာဉာဏ်တော် (ရုပ် နာမ်ထရားအားလုံးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိမြင်နိုင်သောဉာဏ်) ၊ ၅ စေတောပရိယဉာဏ်တော် (သူတပါးစိတ်ကို သိသောဉာဏ်) ၊ ၆ မနောမယိဒ္ဓိဉာဏ်တော် (အလားတူခန္ဓာကိုယ်တမျိုးကို စိတ်ဖြင့် ဖန်ဆင်းနိုင်သောဉာဏ်)၊ ၇ ဒိဗ္ဗသောတ ဉာဏ်တော်၊ ၈ ဣဒ္ဓိဝိဓ ဉာဏ်တော် (မြေလျှိုးမိုးပျံ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောဉာဏ်)။

၁၁။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော် အစွမ်း ၃ပါး (ဓမ္မသင်္ဂဏီ မူလဋီကာ။ ပိဋကတ်တော်လာ သိမှတ်စရာ၊ သာမဏေကျော်)

၁ သိစရာအားလုံး၏ သဘာဝကို သိခြင်း၊

၂ သိစရာအားလုံး၏ ဟောထိုက်သောအပြားကို သိခြင်း၊

၃ ကျွတ်ထိုက်သောပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနအရင့် အကြိုက်စရိုက်ကို သိခြင်း။

၁၂ ဘုရားရှင်၏ စကားတော်၊ မိန့်ဆိုချက်များ၊ အမှာတော်များနှင့်စပ်၍ မှတ်ဖွယ် ၈ စု

၁။ ဘုရားစကား အပြားအစုံ ၇ပါး (ပါရာဇိကဏ် ဋ္ဌ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

| | |
|---|---|
| ၁ ဝိမုတ္တိရသ (အရဟတ္တဖိုလ် အရသာ) | = ၁ပါး၊ |
| ၂ ဝိနယ (ဝိနယပိဋက) နှင့် ဓမ္မ (ကျန်စကား) | = ၂ပါး၊ |
| ၃ အစ၊ အလယ်၊ အဆုံး | = ၃ပါး၊ |
| ၄ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ | = ၃ပါး၊ |
| ၅ နိကာယ် (ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရ၊ ခုဒ္ဒက) | = ၅ပါး၊ |
| ၆ အင်္ဂါ | = ၉ပါး(တရားအမျိုးအစား ၉ပါး- ကို ကြည့်ပါ) |
| ၇ ဓမ္မက္ခန္ဓာ | = ၈၄၀၀၀။ |

၂။ ဘုရားရှင် စကားတော် အလွန်လျှင်မြန်ခြင်းနှင့် လျှင်မြန်ရကြောင်း (ကျမ်းဦးမှတ်ဖွယ်၊ ဓမ္မသင်္ဂဏီ ပါဠိတော်မြန်မာပြန်ကျမ်း၊ ခု၊ အဘိ)

ပကတိလူတခွန်း = အရှင်အာနန္ဒာ ၈ခွန်း = ဘုရားရှင် ၁၂၈ခွန်း။

အရှင်အာနန္ဒာတခွန်း = ဘုရားရှင် ၁၆ ခွန်း။

အကြောင်း ၆ချက်။ ၁ ဘဝင်၏ လျှင်မြန်တော်မူခြင်း၊ ၂ နှုတ်ခမ်းတော် တခုနှင့်တခု ကောင်းစွာ ထိခြင်း၊ ၃ နှုတ်ခမ်းတော် လှစ်မှု ပြေပြစ်ခြင်း၊ ၄ လျှာတော် နူးညံ့သိမ်မွေ့ခြင်း၊ ၅ အသံတော် ချိုသာခြင်း၊ ၆ စကားတော်၏ လျှင်မြန်သောအပြန် ရှိခြင်း။

၃။ ဘုရားရှင်အား အပြစ်ဝန်ချတောင်းပန်လျှင် ပြန်လည်မိန့်ကြားပုံ / **သာသနာတော်၌ အပြစ်ကုစားပုံ** (သာမညဖလသုတ်၊ သုတ်သီလက္ခန်၊ ဒီ၊ သုတ္တန္တပိဋက)

"မြတ်စွာဘုရား၊ မိုက်မဲသည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် အပြစ်သည် တပည့်တော်ကို လွှမ်းမိုးခဲ့ပါပြီ၊ (အပြစ်)၊ မြတ်စွာဘုရားသည် တပည့်တော်၏အပြစ်ကို နောက်အခါ စောင့်စည်းဖို့ရန် အပြစ်အနေအားဖြင့် သည်းခံတော်မူပါဘုရား။"

"(ဒါယကာ)၊ စင်စစ် အကယ်ပင် မိုက်မဲသည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့် အလျောက် အပြစ်သည် (ဒါယကာ) ကို လွှမ်းမိုးခဲ့လေပြီ၊ (အပြစ်)၊ သင်သည် အပြစ်ကို အပြစ်ဟုရှု၍ အပြစ် အားလျော်စွာ ကုသသောကြောင့် သင်၏ထိုအပြစ်ကို ငါတို့သည် သည်းခံကုန်၏။ အကြင်သူသည် အပြစ်ကို အပြစ်ဟုရှု၍ အကြောင်းအားလျော်စွာ ကုစား၏။ နောင်အခါ စောင့်စည်း၏။ ဤကုစားခြင်း၊ စောင့်စည်းခြင်း သည် ငါဘုရား၏ အဆုံးအမသာသနာတော်၌ ကြီးပွားခြင်းပေတည်း။"

၄။ ဘုရားရှင်၏ စကားတော် ၂ စု

၁။ ဝစနမျိုး ၃ပါး (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ပဌမ ဗုဒ္ဓဝစန- ဘုရားဖြစ်တော်မူပြီးနောက် ပဌမဦးစွာ ဥဒါန်းကျူးရင့်တော်မူသော "အနေက ဇာတိ သံသာရံ" စကားတော်၊

၂ ပစ္ဆိမ ဗုဒ္ဓဝစန (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက) – (ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း - အနက်မှ - ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်ခါနီးဆဲဆဲ ဘုရားရှင် ရွတ်ဆိုသော ဂါထာနှင့် စံတော်မူပြီးနောက် ပုဂ္ဂိုလ် ၄ဦး ရွတ်ဆိုသောဂါထာ ၄ဂါထာ) ကို ကြည့်ပါ။

၃ မဇ္ဈိမ ဗုဒ္ဓဝစန- ၎င်းစကားတော် ၂ပါးမှ တပါးသော ၄၅ ဝါ ကာလပတ်လုံး ဟောကြားတော်မူ သော ဒေသနာတော်အစုစု။

၂။ စကားတော် ၃ခွန်း (ဘဒ္ဒသာလဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကောသလမင်းကြီးမေး၍ ဘုရားရှင်ဖြေ၊ ၁ အကျွမ်းဝင်သောဘောဇဉ်သည် အလွန်အရသာရှိ၏- အနည်းငယ်သော ပအုံးရည့်မျှသည်လည်း အကျွမ်းဝင်သောသူတို့သည် လူအပ်သည်ရှိသော် အလွန်ချိုမြိန် ကောင်းမြတ်သည်။

၂ အဖမျိုးသာလျှင် ပမာဏတည်း- ကောသလမင်းကြီးက ဘုရားရှင်နှင့် အမျိုးတော်လို၍ သာကီဝင် မင်းသမီးတဦးတောင်းရာတွင် သာကီဝင်မင်းတို့က မဟာနာမ်သာကီဝင်မင်းနှင့် နာဂပုဏ္ဏာကျွန်မတို့မှ ဖွားသော သမီး ဝါသဘခတ္တိယာကိုဆက်၊ ဝိဋ္ဋူဘမင်းသားကိုဖွား၊ နောင် မင်းကြီးသိ၍ သားအမိ၂ဦးအား အဆောင်အယောင်တို့ ရုပ်သိမ်းခြင်းနှင့်စပ်၍ ဘုရားရှင်ဟော၊ ထိုသို့အဖမျိုးသာလျှင် ပမာဏဖြစ်သော ကြောင့် ရှေးပညာရှိတို့သည် ဆင်းရဲသူထင်းခွေမိန်းမအား မိဖုယားကြီးအရာ ပေးဖူးပြီ၊ ထိုထင်းခွေ မိန်းမ ဝမ်း၌ဖြစ်သော သတို့သား- ဘုရားအလောင်းသည် ၁၂ယူဇနာရှိ ဗာရာဏသီပြည်ကြီး၌ မင်းအဖြစ်ကို ပေးခြင်းခံရ၍ ကဋ္ဌဝါဟနမင်း ဖြစ်ဖူးပြီ ဟု မိန့်၍ ကဋ္ဌဝါဟနဇာတ်ကို ဆက်ဟော။

၃ ဆွေမျိုးတို့၏အရိပ်မည်သည် အလွန်ချမ်းအေး၏ဟု ဝိဋ္ဋူဘအမေးကို ဘုရားရှင်ဖြေကြား၏။

၅။ ဘုရားရှင်၏မိန့်ဆိုချက် "မြတ်စွာဘုရားတို့သည် လွန်မြောက်ပြီးသောဆု ရှိတော်မူကြကုန်၏။" ဆိုသည်မှာ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

"ဆုပေးခြင်း၊ ဆုချခြင်းအလုပ်သည် အလှူခံစားသော ရဟန်းများ၏အလုပ်မဟုတ်ချေ။ မိမိ ကိုယ်၌က အလှူခံစား ရဟန်းတပါးဖြစ်ပါလျက် အခြားတဦးတယောက်က ဆုတခုခုတောင်းခံပါသည်ဟု ဆိုလာခဲ့သော် အလွယ်တကူနှင့် တောင်းခံလော့ဟု ပြောဆိုခြင်းသည် မသင့်လျော်ချေ" ဟု ဘုရားရှင် ရှင်းလင်း၍ မိန့်တော်မူ၏။

၆။ ဘုရားရှင်၏ အမှာစကားတော် ၂၈

၁။ (သဋ္ဌာယတနဝဂ္ဂသံယုတ်။ စက်ဖြတ်ဝိပဿနာကျမ်း၊ ခန္တီးဆရာတော်ကြီး။ ဓမ္မာနုပဿနာ ရှုမခက်ပါ၊ မိုးကုတ်ဦးဉာဏုတ္တရ၊ ရွှေမြင်တင်ရိပ်သာ)

ဘုရားရှင် **၁၇၉၂ကြိမ်** မှာခဲ့သည်။

| |
|---|
| "ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟု ဝတ္ထ၊ အယံဝေါ အမှာကံ အနုသာသနီ။" |

ကိလေသာအမှိုက်တို့ကို သမထ၊ ဝိပဿနာမီးဖြင့် တိုက်ကြလော့။ မမေ့မလျော့ကြနှင့်။ သေခါနီး နောက်ကာလ၌ နှလုံးမသာမယာ မဖြစ်ကြလင့်။ ဤသည်ကား သင်တို့အား ငါဘုရား၏ ဆုံးမအပ်သော ခု၊ နောင်သံသရာ ကောင်းအောင် အဆုံးအမ အမှာစကားပေတည်း။

၂။ ရဟန်းသည် အစဉ်သနား စောင့်ရှောက်ထိုက်ကုန်သော၊ မိမိစကားကို နာယူလိမ့်မည်ဟု မှတ်ထင်ရကုန်သော ၁မိတ်ဆွေခင်ပွန်း၊ ၂ချစ်ကျွမ်းဝင်သူ၊ ၃ဆွေမျိုးသားချင်းတို့အား ပွားများရန် ဆောက်တည်စေအပ်သော၊ သွင်းထားအပ်သော၊ တည်စေအပ်သော တရားတော် ၅ ထုံး

ဘုရားရှင် ရဟန်းတော်ထိုအား မှာကြားသော တရားတော် ၅ပါး ဖြစ်သည်။

၁။ ဘုရား၊ တရား၊ သံဃာတို့၌ ဆောက်တည်စေအပ်၏။ ဘုရား၊ တရား၊ သံဃာ၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော အရိယာသာဝကသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့၌ ဖြစ်ရန် အကြောင်းမရှိ။ (နိဝေသကသုတ်၊ အာနန္ဒ ဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၂။ သတိပဋ္ဌာန်တရား ၄ပါး (မိတ္တသုတ်၊ အမတဝဂ်၊ သတိပဋ္ဌာနသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) – (ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - အသိများသောတရားတော်များ - အနက်မှ - မဟာသတိပဋ္ဌာနသုတ်) ကို ကြည့်ပါ။

၃။ သောတာပန်အင်္ဂါ ၄ပါးဖြစ်သော ၁ မြတ်စွာဘုရား၏ ဂုဏ်တော်၊ ၂ တရားတော်၏ ဂုဏ်တော်၊ ၃ သံဃာတော်၏ ဂုဏ်တော်တို့၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုစေခြင်း၌ (ဆောက်တည်စေအပ်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏) ၊ ၄ မကျိုး၊ မပေါက်၊ မပြောက်၊ မကြားသော သီလကို (...) ။ (ပဌမမိတ္တာမစ္စသုတ်၊ ရာဇကောမရာမဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၄။ သောတာပန်အင်္ဂါ ၄ပါးဖြစ်သော ၁ မြတ်စွာဘုရားဂုဏ်တော်များ၊ ၂ တရားတော်ဂုဏ်တော်များ၊ ၃ သံဃာတော်ဂုဏ်တော်များတို့၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းကို (ဆောက်တည်စေအပ်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။) ၊ ၄ မကျိုး၊ မပေါက်၊ မပြောက်၊ မကြားသော သီလတို့ကို (...) ။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓါတ်တို့သည် ဖေါက်ပြန်ရာတန်သေး၏၊ ဤတရား၄ပါးတို့ကို ဆောက်တည်၍၊ တည်စေ၍ ပြည့်စုံက ထိုအရိယာတပည့် (မြတ်စွာဘုရား၏တပည့်)သည် စင်စစ် ငရဲ၌ငင်း၊ တိရိစ္ဆာန်ဘဝ၌ ငင်း၊ ပြိတ္တာဘဝ၌ငင်း ဖြစ်တန်ရာသော အကြောင်းမရှိချေ။ (ဒုတိယမိတ္တာမစ္စသုတ်၊ ရာဇကောမရာမဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၅။ သစ္စာ ၄ပါး တရားတော် (မိတ္တသုတ်၊ ကောဋိဂါမဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) ကို သိရန် အားထုတ်ရမည်ဟု ဘုရားရှင် မိန့်တော်မူ၏။

(ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - အသိများသော တရားတော်များ - အနက်မှ - သစ္စာ ၄ပါးနှင့် အနက်သဘော ၁၆ချက်) ကို ကြည့်ပါ။

၇။ ဘုရားရှင် 'ဧဟိဘိက္ခု' အစရှိ ခေါ်တော်မူသော စကားတော် ၃ခွန်း (ပဥ္စဝဂ္ဂီတို့အားတရားဟောတော်မူခြင်း၊ မဟာခန္ဓက၊ မဟာဝဂ်၊ ခု၊ ဝိ။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဧဟိဘိက္ခု - ရဟန်းလာလော့၊

၂ သွာက္ခာတော ဓမ္မော - တရားတော်ကို ကောင်းစွာ ဟောအပ်ပြီ၊

၃ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ - ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကို ကောင်းစွာ ကျင့်လော့။

၈။ ဘုရားရှင် ဧတဒဂ်ပေးသောအခါ မိန့်ဆိုချက် (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ (ကုလပ္ပသာဒကာနံ) ယဒိဒံ (ကာဠုဒါယီ)။”

ရဟန်းတို့၊ (ဆွေတော်မျိုးတော်တို့အား ငါဘုရား၌ သက်ဝင်ကြည်ညိုခြင်းကို ဖြစ်စေကြသော) ငါဘုရား၏ တပည့်သာဝက ရဟန်းတို့အနက် (ကာဠုဒါယီရဟန်း) သည် အသာဆုံး အမြတ်ဆုံးပေတည်း။

၂၂ ဘုရားရှင်၏ ကိုယ်ကာယတော်၊ လက္ခဏာတော်များ၊ ရောင်ခြည်တော်များနှင့်စပ်၍ မှတ်ဖွယ်များ ၈ ခု

၁။ ဘုရားရှင်၏ ကိုယ်တော်မှ ပြိုးပြိုးပြက် တောက်ပသောအခါ ၂ပါး (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရသော ညဥ့်အခါ၊

၂ ခန္ဓာကြွင်းမရှိ ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာန်ဓါတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူသော အခါ ။

၂။ ဘုရားရှင်၏ ခြေတော်ရာ ၃ ခု

၁။ ဘုရားရှင် ချထားအပ်သော ခြေတော်ရာ ပရိဘောဂ ပဒ စေတီတော် ၈ဆူ (ဗုဒ္ဓခြေတော်ရာဘုရားရှိခိုးများ၊ ဘဒ္ဒန္တနာရဒါဘိဝံသ၊ လုရတနာဆရာတော်)

၁ ဒေါဏပုဏ္ဏားကြီး မြင်တွေ့စေရန် ဥက္ကဋ္ဌမြို့နှင့် သေတဗ္ဗမြို့အကြား လမ်းခရီး အရပ်ဌာန၌ရှင်း၊

၂ မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံတို့ မြင်တွေ့စေရန် ကမ္မာသဒမ္မနိဂုံးရွာကြီးနှင့် တောအုပ်အကြား လမ်းခရီး အရပ်ဌာန၌ရှင်း၊

၃ ကုက္ကုဋမိတ္တမုဆိုးသားအဖတို့ မြင်တွေ့စေရန် ရာဇဂြိုဟ်မြို့အနီး တောအုပ်အတွင်း၌ ထောင် ထားအပ်သော ကျော့ကွင်းအနီး အရပ်ဌာန၌ရှင်း၊

၄ အဇိတစသော ရသေ့တို့ မြင်တွေ့စေရန် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်အတွင်း ဂန္ဓကုဋီ တိုက်အနီး အရပ်ဌာန၌ရှင်း၊

၅ အရှင်သာရိပုတ္တရာမထေရ် မြင်တွေ့စေရန် ဟိမဝန္တာရှိ တခုသော တောင်ဝှမ်းအတွင်း အရပ်ဌာန ၌ရှင်း၊

၆ သုမနနတ်မင်း၏ တောင်းပန်ချက်အရ သီဟိုဠ်ကျွန်း သမန္တကူဋ သုနမတောင်ပေါ် အရပ်ဌာန ၌၎င်း၊

၇ နမ္မဒါနဂါးမင်း၏ တောင်းပန်ချက်အရ သုနာပရန္တတိုင်း နမ္မဒါမြစ်ကမ်းနား အရပ်ဌာန၌၎င်း၊

၈ သစ္စဗန္ဓရဟန္တာမထေရ်၏ တောင်းပန်ချက်အရ သစ္စဗန္ဓတောင်ပေါ် အရပ်ဌာန ကျောက်ဖျာ ပေါ်၌၎င်း၊ အဓိဋ္ဌာန်ဖြင့် ပြအပ်၊ ချထားအပ်သည်။

<u>၂။ ဘုရားရှင် ခြေတော်ရာ ထူးခြားချက် ၃ပါး</u> (ဓမ္မပဒ ဋ္ဌ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

၁ အဓိဋ္ဌာန်၍ နင်းတော်မူရာအရပ်၌သာလျှင် ထင်၏၊

၂ မြင်စေလိုသူတို့သာ မြင်ကြရ၏၊

၃ မမြင်မရသေးမချင်း ဆင်းများနင်းစေ၊ မိုးကြီးရွာစေ၊ ဝေရမ္ဘလေများ တိုက်စေကာမူ ချေဖျက်ရန် မစွမ်းနိုင်။

<u>၃။ ဘုရားရှင်၏ ခြေတော်ရာ စက်လက္ခဏာတော် ၁၀၈ပါး</u> (မဇ္ဈိမပဏ္ဏာသ ဋ္ဌ။ သုတေသနသရုပ်ပြ အဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ လုံမ၊ ၂ အိမ်မွန်- ကြက်သရေတိုက်၊ ၃ ဇလပ်ပန်း၊ ၄ လည်ရေး၃ဆင့်၊ ၅ ဦးဆောက်ပန်း- ဦးစိုက်ပန်း၊ ၆ ထမင်းပွဲ၊ ၇ အင်းပျဉ်ဝန်း- ရွှေသလွန်ထော်၊ ၈ ချွန်းတောင်း၊ ၉ ပြာသာဒ်၊ ၁၀ တုရိုဏ် တိုင်- တံခါးတိုင်။

၁၁ ထီးဖြူ၊ ၁၂ သန်လျက်၊ ၁၃ ထန်းရွက်ယပ်ဝန်း၊ ၁၄ ဥဒေါင်းမြီးစည်းယပ်၊ ၁၅ သင်းကျစ် တော်၊ ၁၆ ပတ္တမြားကျောက်မျက်၊ ၁၇ အရောင်တဖိတ်ဖိတ်လက်သော စားတော်ခွက်၊ ၁၈ မုလေးပန်း။

၁၉-၂၃ ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ကြာပဒုမာ၊ ကြာပုဏ္ဍရိက်ဟူသော ကြာမျိုး ၅ပါး၊ ၂၄ မုန်ညင်း ဖြူစေ့ စသည်ဖြင့် ပြည့်သောအိုး၊ ၂၅ တို့အတူဖလား၊ ၂၆ သမုဒ္ဒရာ၊ ၂၇ စကြဝဠာတောင်၊ ၂၈ ဟိမဝန္တာ တောင်၊ ၂၉ မြင်းမိုရ်တောင်၊ ၃၀ နေဝန်း။

၃၁ လဝန်း၊ ၃၂ နက္ခတ်များ၊ ၃၃-၃၆ ကျွန်းငယ်အရံ၂၀၀၀နှင့်တကွ ကျွန်းကြီး၄ကျွန်း၊ ၃၇ အခြွေအရံ ပရိသတ် ရတနာ၇ပါးနှင့်ပြည့်စုံသော စကြာမင်း၊ ၃၈ လက်ျာရစ်ခရုသင်းဖြူ၊ ၃၉ ရွှေငါးကြင်း အစုံ၊ ၄၀ လက်နက်စက်။

၄၁-၄၇ ဂင်္ဂါမြစ်ကြီး ၇မြစ်၊ ၄၈-၅၄ တောင်စဉ်တောင်ရံ ၇လုံး၊ ၅၅-၆၁ သီဒါ ၇တန်၊ ၆၂ ဂဠုန်ငှက်မင်း၊ ၆၃ မိကျောင်း၊ ၆၄ တံခွန်လျား၊ ၆၅ တံခွန်ကုက္ကား၊ ၆၆ ရွှေသံလျင်း၊ ၆၇ ရွှေရောင်တောက်သည့် သားမြီးယပ်၊ ၆၈ ကေလာသငွေတောင်၊ ၆၉ ခြင်္သေ့မင်း၊ ၇၀ ကျားမင်း။

၇၁ ဝလာဟာကမြင်းမင်း၊ ၇၂ ဥပေါသထဆင်မင်း (သို့) ဆဒ္ဒန်ဆင်မင်း၊ ၇၃ ဇာသုကီနဂါးမင်း၊ ၇၄ ရွှေဟင်္သာမင်း၊ ၇၅ ဥသဘနွားမင်း၊ ၇၆ ဧရာဝဏ်ဆင်မင်း၊ ၇၇ ရွှေမကရ်၊ ၇၈ ရွှေလှေ၊ ၇၉ ဗြဟ္မာမင်း၊ ၈၀ သားနှင့်တကွ နို့စားနွားမ။

၈၁ ကိန္နရာဖို၊ ၈၂ ကရဝိက်ငှက်မင်း၊ ၈၃ ဥဒေါင်းမင်း၊ ၈၄ ကြိုးကြာငှက်မင်း၊ ၈၅ စက္ကဝါက်ငှက်မင်း၊ ၈၆ ဇီဝဇိုဝ်းငှက်မင်း၊ ၈၇-၉၂ ကာမာဝစရနတ်ပြည် ၆ထပ်၊ ၉၃-၁၀၈ ရူပါဝစရဗြဟ္မာ့ပြည် ၁၆ထပ်။

၃။ ဘုရားရှင်၏ ရောင်ခြည်တော် ၃ စု

၁။ ၃ပါး (ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဗျာမပ္ပဘာရောင်ခြည်တော်- ပကတိ ကိုယ်တော်မြတ်မှ တလံမျှ အမြဲမပြတ် ထွက်ကြွနေသော အလွန်ထူထဲ တခဲနက်သော ရောင်ခြည်တော်၊

၂ အသီတိနိစ္စလောဘာသရောင်ခြည်တော်- ပကတိကိုယ်တော်မှ ဗျာမပ္ပဘာရောင်ခြည်တော်ဖြင့် ဆက်ကာ အတောင်၈၀ အရပ်တိုင်အောင် ဖြာထွက်သော ရောင်ခြည်တော်၊

၃ ဒိသာဖရဏရောင်ခြည်တော်- ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တော်မူသောအခါ၌၎င်း၊ တန်ခိုးပြာဋိဟာ ပြတော်မူသောအခါ၌၎င်း အသွေးတော် အသားတော်တို့ ကြည်လင်၍ စကြဝဠာအနန္တ ပျံ့နှံ့ ထွက်ကြွကွန့်မြူးသော ရောင်ခြည်တော်။

၂။ ၂ပါး (ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ကမ္မပစ္စယရောင်ခြည်တော် / ကမ္မပစ္စယဥတုဇရောင်ခြည်တော်- အထက်ပါ ရောင်ခြည်တော် အမှတ် ၁နှင့် ၂တို့ကို ခေါ်သည်။ ရှေးကံလျှင် အကြောင်းရင်းရှိ၏။

၂ စိတ္တဇရောင်ခြည်တော် / စိတ္တပစ္စယဥတုဇရောင်ခြည်တော်- အထက်ပါ ရောင်ခြည်တော်အမှတ် ၃ ဖြစ်သည်။ စိတ်တော်ကြည်လင်ခြင်းလျှင် အကြောင်းရင်းရှိ၏။

၃။ ရောင်ခြည်တော် / ကိုယ်တော်ရောင် ၇ပါး- အထက်ပါ ရောင်ခြည်တော် ၃ပါးအပါအဝင် (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

ပဌမ ၃ပါးသည် နိစ္စလ- အမြဲမပြတ်ကွန်မြူးနေသော ရောင်ခြည်တော်များဖြစ်သည်၊ ၁ အင်္ဂီရသပဘာ- တန်ခိုးယမိုက် ပြာဋိဟာမပြပဲ ပကတိသောကိုယ်တော်အလုံးမှ အမြဲအစဉ် ပြိုးပြိုးပြက် ထွက်နေသော ရောင်ခြည်တော် ဖြသွယ်၊ ၂ ဗျာမပ္ပဘာ- ပကတိ ကိုယ်တော်မြတ်မှ အမြဲမပြတ် ၄တောင်ပတ်လည်အတွင်း ဝန်းဝိုင်းတည်ထွန်းနေသော အတွင်းရောင်ခြည်တော်၊ ၃ အသီတိပ္ပဘာ- အတွင်းရောင်ခြည်တော်၏ အပြင်ဘက်မှ အတောင် ၈၀ အရပ်တိုင်အောင် ထက်ဝန်းကျင် ဝန်းဝိုင်းထွန်းပနေသော ရောင်ခြည်တော်၊

၄ ကေတုမာလာပဘာ- ရောင်လျှံတော်ခေါ် ဦးခေါင်းတော်ထက်မှ ထွက်ပထွန်းတောက်သော ရောင်ခြည်တော်၊ ၅ ဥဏ္ဏာပဘာ- ဥဏ္ဏာလုံမွေးရှင်တော်မှ ထွက်မြူးကွန့်ကြွသော ရောင်ခြည်တော်၊ ၆ ဒါဌာပဘာ- နှုတ်တော်ဖွင့်ခိုက် စွယ်တော်မြတ် ၄ဆူမှ ထွက်မြူးကြွမြန်းသော ရောင်ခြည်တော်၊ ၇ <u>အနန္တပဘာ</u>- ရတနာဃရတိုက်ခန်း၌ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ၊ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူသောအခါ စသည်တို့၌ အရပ် ၁၀မျက်နှာလုံး ပိတ်ဖုံး၍ ထွက်ကြွသည့် အဆုံးမရှိသော ရောင်ခြည်တော် ဖြသွယ်။

<u>၄။ ဘုရားရှင်၏ လက္ခဏာတော်ကြီး ၃၂ပါး</u>၊ ရကြောင်းနှင့် အကျိုး ၃၂ပါး (လက္ခဏသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ မဟာပဒါနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ဗြဟ္မာယုသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဇိနာလင်္ကာရဋီကာကျမ်း။ ဒုတိယထွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်ဟောတော်မူသည်။

| <u>လက္ခဏာ</u> | <u>ရကြောင်း</u> | <u>အကျိုးဆက်</u> |
|---|---|---|
| ၁ ရွှေခြေနင်းပမာ ညီညာသောဖဝါးတော်ရှိခြင်း၊ | ရှေးဘဝများစွာကမည်သူမျှတားမြစ်၍ မရအောင် ဘုရားဖြစ်ကြောင်းကုသိုလ်ထူးများကို မြဲမြဲကြံ့ခိုင် ဆည်းပူးတော်မူခဲ့၏၊ | တစုံတယောက်သောရန်သူကမျှ ဘုရားရှင်နှင့်တကွ ဘုရားရှင်၏ အကျိုးတရားတို့ကို မဟန့်တား မဖျက်ဆီးနိုင်ခြင်း။ |
| ၂ ဖဝါးတော်ဝယ် အကွပ်နှင့်တကွ၁၀၈ ကွက် စက်လက္ခဏာပါရှိခြင်း၊ | သတ္တဝါများ၏ ချမ်းသာကို ကောင်းစွာ စောင့်ရှောက်ကယ်တင်မှုဒါနကို အခြံအရံနှင့်တကွ ပြုခဲ့၏၊ | ရဟန်းယောက်ျားရဟန်းမိန်းမ ဥပါသကာဥပါသိကာ နတ်လူ ဗြဟ္မာ များသောအခြံအရံ ပရိသတ်ရှိ၏။ |
| ၃-၅ ရှည်သောဖနောင့်တော်၊ ရှည်သွယ်သောလက်ချောင်းခြေချောင်းတော်၊ ဖြောင့်မတ်သော ကိုယ်တော်၊ | သူတပါးအသက်ကို မသတ်ခဲ့ခြင်း၊ ညှဉ်းပန်းရန် တုတ်ဓါး လက်နက်တို့ကို မတိုင်ဆောင်ခဲ့ခြင်း၊ | အသက်တမ်းပြည့်ရှည် တည်နေခြင်း။ |
| ၆ လက်ဖမိုးတော်၂ဖက်၊ ခြေဖမိုးတော်၂ ဖက်၊ ပခုံးတော်၂ဖက်၊ လည်ကုပ်တော်၊ ၇ဋ္ဌာနတို့၌ အသားတော်ပြည့်ဖြိုးခြင်း၊ | မွန်မြတ်သော အရသာ၊ခဲဖွယ်၊ စားဖွယ်၊ ဘောဇဉ်၊ အဖျော်စ သည်တို့ကို ပေးလှူခဲ့ခြင်း၊ | မွန်မြတ်သောခဲဖွယ်ဘောဇဉ် အဖျော်အရသာတို့ကို ရခြင်း။ |
| ၇-၈ နူးညံ့တင့်တယ်၍ ရွှေဇာကွန်ရက် ပမာ အရေးအကြောင်းညီညာသော လက်တော်ခြေတော်၊ | လူများအပေါင်းကို သင်္ဂဟတရား ၄ပါးဖြင့် ချီးမြှောက်ခဲ့ခြင်း၊ | စည်းလုံးညီညွတ်သော ပရိသတ် ရှိခြင်း။ |
| ၉-၁၀ ဖမျက်တော်မြင့်ခြင်း၊ အထက်သို့ ကော့ပျံတက်သော မွေးညင်း၊ | အကျိုးနှင့်စပ်သောကုသိုလ် တရားစကား ပြောဟောခဲ့ခြင်း၊ | သတ္တဝါခပ်သိမ်းတို့တွင်လွန်သော သူမရှိ၊ ကြီးကဲမြင့်မြတ် လွှမ်းမိုး၍ နေရ၏။ |

| | | |
|---|---|---|
| ၁၁ ဇေါ်မည်သောသား (တနည်း- စပါးဖုံး) ကဲ့သို့ ပြေပြစ်လုံးဝန်း တင့်တယ်သော သလုံးမြင်းခေါင်းတော်၊ | သိပ္ပံဝိဇ္ဇာပညာ၊ အကျင့်သီလ၊ ကမ္မဋ္ဌာနတာပညာတို့အား တပည့်တို့ကို ကြာရှည်မပင်ပန်းစေပဲ ဆရာစားမချန် တရိုတသေ လျင်မြန်စွာ သင်ပေးခဲ့၍၊ | ရဟန်းပရိက္ခရာ အသုံးအဆောင်ပစ္စည်းတို့အလိုရှိသောအခါ လျင်မြန်စွာ ရရှိ၍။ |
| ၁၂ မြူအညစ်အကြေးမတင် သိမ်မွေ့သော အရေတော်ရှိခြင်း၊ | ရဟန်းပုဏ္ဏားပညာရှိများကို ချဉ်းကပ်၍ အဖန်ဖန် မေးမြန်းခဲ့၍၊ | ကြီးမား၊ များပြား၊ ရွှင်၊ လျင်၊ ထက်သော ပညာ၊ သတ္တဝါခပ်သိမ်းတို့ထက် ထူးကဲလွန်မြတ်သောပညာ ရှိခြင်း။ |
| ၁၃ ရွှေရောင်မယှဉ်း ဝါဝင်းသော အဆင်း၊ | အမျက်မထွက်ခဲ့၊အမျက်ထွက်ဖွယ် များစွာအဆိုခံရလည်း ဒေါသအစွမ်းဖြင့် အငြိုးအစွန်း အကြိတ်အခဲတည်ခြင်း မရှိခြင်းနှင့် နူးညံ့သိမ်မွေ့ကောင်းမွန်သော အဝတ်အရုံအထည်တို့ကို ပေးလှူခဲ့၊ | နူးညံ့သိမ်မွေ့သောအဝတ်အရုံ အခြုံအခင်းတို့ ရခြင်း။ |
| ၁၄ အအိမ်ဖြင့်ဖုံးလွှမ်းအပ်သော ယောက်ျားနိမိတ်ရှိခြင်း၊ | ကြာမြင့်စွာ ကွဲကွာကွေကွင်းနေသော မိဖညီအကို မောင်နှမ အမျိုးအဆွေများနှင့် အဆွေခင်ပွန်းတို့ကို ပြန်လည်ပေါင်းဆုံ ညီညွတ်စေခဲ့၍၊ | ထောင်ပေါင်းများစွာသော အရိယာသာဝက သားတော်တို့ကို ရရှိခြင်း။ |
| ၁၅-၁၆ အရပ်တော်နှင့် အလံတော်ညီမျှသဖြင့် ပညောင်ပင်ဝန်းကဲ့သို့ ဝန်းသော လုံးချောသပ္ပါယ်သော ကိုယ်တော်၊ ရပ်တော်မူလျက် မညွတ်ပဲ ဒူးဝန်းတော်ကို သုံးသပ်တော်မူနိုင်ခြင်း၊ | လူအများအား ပုဂ္ဂိုလ်၏ အရည်အချင်းနှင့် လိုက်လျောညီညွတ်အောင် ပေးကမ်းချီးမြှောက်ခဲ့ခြင်း၊ | သူတော်ကောင်းဥစ္စာ ၇ပါး ပြည့်စုံပေါများ၍။ |
| ၁၇-၁၉ ပြည့်ဖြိုးသောကိုယ်တော်၊ ရေစီးကြောင်းမထင် ပြည့်ဖြိုးသော ကျောပြင်၊ ညီညွတ်လုံးဝန်းသော လည်တိုင်၊ | လူအများ၏ ဥစ္စာ၊ စီးပွား၊ လယ်ယာ၊ အမှုလုပ်ကျေးကျွန်၊ သားမယား၊ ဒါ နှ၊ အကျင့်သီလ၊ ပညာစသော အကျိုးစီးပွားချမ်းသာတို့ကို အလိုရှိခဲ့၍။ ကြံစည်စဉ်းစားပွားများတော်မူခဲ့၍၊ | သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာစသော လောကီလောကုတ္တရာ ဂုဏ်ကျေးဇူးတို့မှ မယုတ်လျော့ခြင်း။ |
| ၂၀ အရသာကို ထကိုယ်လုံးပြန့်နှံ့အောင်ဆောင်နိုင်သော အလွန်ကောင်းမြတ်သော အရသာကြော ၇၀၀၀တို့ လည်တိုင်၌ စွပ်လျက်ရှိ ခြင်း၊ | သတ္တဝါတို့ကို လက်၊ ခဲ၊ တုတ်လုံကန်၊ ဓါးစသည်တို့ဖြင့် မညှဉ်းဆဲခဲ့ချေ၊ | အနာရောဂါကင်း၍ အစာကို ကြေညက်စေနိုင်သော ဝမ်းမီးကောင်းနှင့် ပြည့်စုံခြင်း။ |

| | | |
|---|---|---|
| ၂၁-၂၂ အလွန်ညိုသောမျက်လုံးတော်၊ အလွန်နုသော မျက်တောင်မွေးတော်၊ | အမျက်ထွက်သဖြင့် မျက်လုံးပြူး၍ငင်း၊ မျက်စောင်းထိုး၍ငင်း၊ လျှို့ဝှက်၍ငင်း မကြည့်ခဲ့၊ ရိုးဖြောင့်ချစ်ကြည်သောစိတ်ဖြင့်သာ ဖြောင့်ဖြောင့်မတ်မတ် ချစ်မြတ်နိုးစွာသာ ကြည့်ခဲ့၏၊ | လူနတ်ဗြဟ္မာသတ္တဝါတို့ ချစ်ခင်ကြည်ညိုစွာကြည့်ရှုဖူးမြော် ကြ၏။ |
| ၂၃ သင်းကျစ်တော်အသားလျှာ ပါရှိခြင်း၊ | သုစရိုက် ၃ပါး၊ ဒါန၊ ဥပုသ်သီလတို့ကို ကျင့်သုံးဆောက်တည်ခြင်း၊ အမိအဖတို့ကို လုပ်ကျွေးခြင်းစသည်တို့၌ အကြီးအမှူးခေါင်းဆောင်ဖြစ်ခြင်း၊ | သတ္တဝါတိုင်း များလူပိုလ်ထို့ဘုရားရှင်နောက်မှစိုက်စိုက်မကွာလိုက်ပါကြခြင်း။ |
| ၂၄-၂၅ တပင်ချင်းပေါက်သောမွေးညင်း၊ မျက်မှောင်နစ်ဖက်အလယ်၌ နူးညံ့သော လဲဝါဂွမ်းနှင့်တူသော ဖြူစင်သောဥဏ္ဏာလုံမွေးရှင်တော် ပါရှိခြင်း၊ | ဟုတ်မှန်သောစကားသာ ပြောကြားခဲ့၊ မြဲမြံခိုင်ခံ့သော စကားရှိခဲ့၊ လူများ သက်ဝင်ယုံကြည်သော စကားသာ ပြောခဲ့၊ | သတ္တဝါအများသည်ဘုရားရှင်အလိုတော်သို့သာ လိုက်ပါကြ၏။ |
| ၂၆-၂၇ ၄၀သောသွားတော်ရှိခြင်း၊ သွား တော်များ မကျဲ သိပ်သည်းစေ့စပ်၏၊ | ကွဲပြားခြင်းကို ဖြစ်စေသော ဂုံးချောစကား မပြောကြားခဲ့၊ ကွဲပြားခြင်းကို စေ့စပ်သောစကားကိုသာ ပြောကြားခဲ့၊ ညီညွတ်စေခဲ့၊ ညီညွတ်သူတို့ကိုလည်း ညီညွတ်မှု မပျက်ပြားအောင် အားပေးစကား ပြောခဲ့၊ | သူတပါးတို့ဖျက်ဆီး၍ မပျက်စီးနိုင်သောစိတ်ဝမ်းမကွဲသည့်ပရိသတ်အခြံအရံရှိခြင်း။ |
| ၂၈-၂၉ ရှည်ပြန့်နူးညံ့သောလျှာ၊ အင်္ဂါ ၈ပါးရှိ ဗြဟ္မာ့အသံနှင့်တူသော အသံ၊ | ရုန့်ရင်းကြမ်းတမ်းသော ဆဲရေးစကား မပြောကြားခဲ့၊ ချိုသာနူးညံ့ချစ်နှစ်သက်ဖွယ် စကားသာပြောကြားခဲ့၊ | ဘုရားရှင်၏ စကားတော်ကိုလူနတ်ဗြဟ္မာသတ္တဝါတို့လိုက်နာကြခြင်း၊ ဩဇာအာဏာထူးပိုင်ဆိုင်တော်မူခြင်း။ |
| ၃၀ ခြင်္သေ့မင်း၏မေးနှင့်တူသောမေး၊ | ပြိန်ဖျင်းသောစကားပြောခြင်းမှရှောင်ကြဉ်ခဲ့ခြင်း၊ ဟုတ်မှန်၍အစီးအပွားနှင့်စပ်သော စကားသာဆိုခဲ့၏၊ | အတွင်းအပရန်သူ တယောက်လူမျှ ကလူနိုင်ထက် မချိုးဖျက်နိုင်ခြင်း။ |
| ၃၁-၃၂ ညီညွတ်သောသွား၊ အလွန်ဖြူ | မကောင်းယုတ်မာသော အသက်အသက်မွေးမှုများသာ ပြုခဲ့၏၊ | စင်ကြယ်သောအခြံအရံ |

၅။ ဘုရားရှင်၏ လက္ခဏာတော်ငယ် အပါး ၈၀ (ဇိနာလင်္ကာရဋီကာ။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

မြတ်စွာဘုရား၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတော် ၃၅ပါး၌ လက္ခဏာတော်ငယ် အပါး၈၀ ရှိသည်။

၁ လက်ချောင်းခြေချောင်းတော်၌ လက္ခဏာ ၃ပါး- ၁ စေ့စပ်သော၊ ၂ သွယ်ဖြူး၍ဖြောင့်သော၊ ၃ လုံးလျောင်းချောမွေ့သော၊

၂ လက်သည်းခြေသည်းတော်၌ လက္ခဏာ ၃ပါး- ၁/၄ နီမြန်းသော၊ ၂/၅ ရှည်သွယ်မြင့်မားသော၊ ၃/၆ ပြေပြစ်ချောမွေ့သော၊

၃ ဖမျက်တော်၌ လက္ခဏာ ၁ပါး- ၁/၇ မရှိက်မမိုသော၊

၄ ခြေချောင်းတော်၌ လက္ခဏာ ၁ပါး- ၁/၈ တို ရှည် နိမ့် မြင့်မရှိ ညီညွတ်သော၊

၅ သွားတော်မူခြင်း၌ လက္ခဏာ ၅ပါး- ၁/၉ ဆဒ္ဒန်ဆင်မင်းကဲ့သို့ ယဉ်ကျေးသော၊ ၂/၁၀ ခြင်္သေ့မင်းအလား ခန့်ငြားသော၊ ၃/၁၁ ရွှေဟင်္သာကွန့်မြူးသကဲ့သို့ အထူးတင့်တယ်သော၊ ၄/၁၂ ဥသဘနွားမင်းကဲ့သို့ တင့်တယ်သော၊ ၅/၁၃ လက်ယာခြေတော်ကိုချီ၍ လက်ယာရစ်လည်သော၊

၆ ပုဆစ်ဒူးဝန်းတော်၌ လက္ခဏာ ၁ပါး- ၁/၁၄ အဖုအဆစ်မထင် လုံးဝန်းသော၊

၇ နိမိတ်တော်၌ လက္ခဏာ ၁ပါး- ၁/၁၅ အောင်မြောက်သော ယောကျ်ားမြတ်နိမိတ်၊

၈ ချက်တော်၌ လက္ခဏာ ၃ပါး- ၁/၁၆ အရေးအကြောင်း မပြတ်သော၊ ၂/၁၇ နက်သော၊ ၃/၁၈ လက်ယာရစ်လည်သော၊

၉ ပေါင်တော်နှင့် လက်ရုံးတော်၌ လက္ခဏာ ၁ပါး- ၁/၁၉ ဆင်နှာမောင်းကဲ့သို့ သွယ်ပျောင်းသော၊

၁၀ ကာယအားတော်၌ လက္ခဏာ ၁ပါး- ၁/၂၀ ဗိုလ်ခြေ ကုဋေတထောင်အားကို ဆောင်နိုင်သော၊

၁၁ နာခေါင်းတော်၌ လက္ခဏာ ၁ပါး- ၁/၂၁ ရွှေချွန်းကဲ့သို့ တင့်တယ်မြင့်ချွန်းသော၊

၁၂ သွားဖုံးတော်၌ လက္ခဏာ ၁ပါး- ၁/၂၂ ပတ္တမြားသွေး နီထွေးသော၊

၁၃ သွားတော်၌ လက္ခဏာ ၂ပါး- ၁/၂၃ ဖွေးဖြူစင်ကြယ်သော၊ ၂/၂၄ ညီညာပြေပြစ်သော၊

၁၄ မျက်စိစသော ဣန္ဒြေတော်တို့၌ လက္ခဏာ ၁ပါး- ၁/၂၅ စင်ကြယ်သန့်ရှင်းသော၊

၁၅ စွယ်တော်၌ လက္ခဏာ ၁ပါး- ၁/၂၆ ကောင်းစွာလုံးဝန်းသော၊

၁၆ နှုတ်ခမ်းတော်၌ လက္ခဏာ ၁ပါး- ၁/၂၇ နီမြန်းသော၊

၁၇ ခံတွင်းတော်၌ လက္ခဏာ ၁ပါး- ၁/၂၈ ရှည်သော၊

၁၈ လက်ဝါးတော်မှ လက္ခဏာတော်၌ လက္ခဏာ ၄ပါး- ၁/၂၉ နက်နဲသော၊ ၂/၃၀ ဖြောင့်မတ်သော၊ ၃/၃၁ ရှည်လျားသော၊ ၄/၃၂ နှစ်သက်တင့်တယ် ရှုချင်ဖွယ်သဏ္ဌာန် အရေးအသား၊

၁၉ ကိုယ်တော်ရောင်၌ လက္ခဏာ ၁ပါး- ၁/၃၃ ကိုယ်တော်ကို ဝိုင်းဝန်း၍ တလံမျှလောက်သော ဗျာမပ္ပဘာ ကိုယ်တော်ရောင်ရှိ၊

၂၀ ပါးတော်၌ လက္ခဏာ ၁ပါး- ၁/၃၄ ပြည့်ဖြိုးသော၊

၂၁ မျက်လုံးတော်၌ လက္ခဏာ ၂ပါး- ၁/၃၅ ရှည်လျားကျယ်ပြန့်သော၊ ၂/၃၆ အညို၊ အရွှေ၊ အဖြူ၊ အနီ၊ အနက် အဆင်း ၅ပါးထွက်သော၊

၂၂ မျက်တောင်မွေးတော်၌ လက္ခဏာ ၁ပါး- ၁/၃၇ ကော့သော၊

၂၃ လျှာတော်၌ လက္ခဏာ ၁ပါး- ၁/၃၈ နူးညံ့ပါးလွှာ၍ နီမြန်းသော၊

၂၄ နားတော်၌ လက္ခဏာ ၁ပါး- ၁/၃၉ ရှည်လျားတင့်တယ်သော၊

၂၅ အကြောတော်၌ လက္ခဏာ ၂ပါး- ၁/၄၀ ထွတ်သမြတ်ခေါ် အဖုအထစ် အထုံးအဖွဲ့ကင်းသော၊ ၂/၄၁ မရှိုက်မမို မထင်ရှားသော၊

၂၆ ဦးခေါင်းတော်၌ လက္ခဏာ ၁ပါး- ၁/၄၂ လုံးဝန်းသော ထီးဝန်းသဖွယ် တင့်တယ်သော၊

၂၇ နဖူးပြင်တော်၌ လက္ခဏာ ၁ပါး- ၁/၄၃ ရှည်လျားကျယ်ပြန့် တင့်တယ်သော၊

၂၈ မျက်ခုံးတော်၌ လက္ခဏာ ၅ပါး- ၁/၄၄ ထင့်တယ်သော သဏ္ဍာန်ရှိသော၊ ၂/၄၅ အဖျားသွယ်ဖြိုး၍ အထူးတင့်တယ်သော၊ ၃/၄၆ ရှည်လျားကျယ်ပြန့်သော၊ ၄/၄၇ နူးညံ့သောအမွေးရောက်သော၊ ၅/၄၈ ရှည်သွယ်သော၊

၂၉ ကိုယ်တော်၌ လက္ခဏာ ၁၅ပါး- ၁/၄၉ တသားတည်း ညီညွတ်သော၊ ၂/၅၀ အစဉ်အတိုင်း ချောပြေညီညွတ်သော၊ ၃/၅၁ ပြေပြစ်လှပသော၊ ၄/၅၂ ရှိုင်းသင့်ရာရှိုင်း၊ ဖြိုးသင့်ရာဖြိုး၊ အမျိုးမျိုး တင့်တယ်သော၊ ၅/၅၃ အရေရှုံ့တွန့်ခြင်းကင်းသော၊ ၆/၅၄ [၁]ဝက်ခြံ၊ [၂]မှဲ့၊ [၃]တင်းတိတ်၊ [၄]ပွေးစသည်တို့မှ ကင်းဝေးသန့်ရှင်းသော၊ ၇/၅၅ အစဉ်အတိုင်း နှစ်သက်မြတ်နိုးဖွယ်သော၊ ၈/၅၆ စင်ကြယ်သော၊ ၉/၅၇ နူးညံ့သိမ်မွေ့သော၊ ၁၀/၅၈ အလွန်ချမ်းအေးသော၊ ၁၁/၅၉ အလွန်ထွန်းပသော၊ ၁၂/၆၀ ဆီချေး ကင်း၍ အညစ်အကြေးကင်းသော၊ ၁၃/၆၁ အရေအသား အခါခပ်သိမ်း သွက်လက်နေသော၊ မစေးသော၊ ၁၄/၆၂ ပြေပြစ်ချောမွေ့သော၊ ၁၅/၆၃ မွှေးကြိုင်သော၊

၃၀ မွေးညှင်းတော်၌ လက္ခဏာ ၆ပါး- ၁/၆၄ မွေးထွင်းစီ၍ အညီအညွတ်ပေါက်သော၊ ၂/၆၅ စိမ်းစို သိမ်မွေ့မစေးသော၊ ၃/၆၆ လက်ယာရစ်လည်သော၊ ၄/၆၇ စိမ်းလွင်ညိုမှောင်သော၊ ၅/၆၈ ကောက်ကွေ့ခြင်း ကင်း၍ သန့်ရှင်းပြေပြစ်သော၊ ၆/၆၉ သိမ်မွေ့သော၊

၃၁ ထွက်လေဝင်လေတော်၌ လက္ခဏာ ၁ပါး- ၁/၇၀ သိမ်မွေ့သော၊

၃၂ ခံတွင်းတော်၏ဂုဏ်တော်၌ လက္ခဏာ ၁ပါး- ၁/၇၁ မွှေးကြိုင်သော၊

၃၃ ဦးထိပ်တော်၌ လက္ခဏာ ၁ပါး- ၁/၇၂ ကောင်းသောရနံ့တို့ဖြင့် ထုံသော၊

၃၄ ဆံတော်၌ လက္ခဏာ ၇ပါး- ၁/၇၃ ပိတုန်းရောင်ကဲ့သို့ ညိုမှောင်သော၊ ၂/၇၄ လက်ယာရစ် လှည့်ဝိုက်၍ ဦးထိပ်၌စုသော၊ ၃/၇၅ ကောင်းသောသဏ္ဍာန်ရှိသော ဆံချောင်း၊ ၄/၇၆ နူးညံ့သိမ်မွေ့သော၊ ၅/၇၇ မရှုပ်ထွေးသော၊ ၆/၇၈ အတိုအရှည်တူမျှသော၊ ၇/၇၉ မစေးမတိုင်းသော၊

**၃၅** ရောင်လျှံတော်၌ လက္ခဏာ ၁ပါး- ၁/၈၀ ဦးခေါင်းတော်အထက်၌ ပြိုးပြက်ရောင်စုံ မကိုင်ရှုံ့ သကဲ့သို့ ယှက်စုံပေါင်းစုသော ကေတုမာလာ ရောင်လျှံတော်။

သတပုညကောင်းမှုတော်= ကောင်းမှုတခုကို အကြိမ်များစွာပြု၍ သတပုညလက္ခဏာတော် ကြီးငယ်များ ရသည်။

၆။ ဘုရားရှင်၏အရပ်တော်ကို ဝါးဖြင့်တိုင်းခြင်း (သောဏဒန္တသုတ်အဖွင့်၊ ဒီ ဋ္ဌ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ရာဇဂြိုဟ်ပြည်မှ မထင်မရှားပုဏ္ဏားတဦးသည် ဘုရားရှင် ဆွမ်းခံကြွသောအခါ မြို့တံခါးအနီးတွင် အတောင် ၆ဝရှိဝါးကို စွဲကိုင်၍ ရပ်တည်လာ၏။ ပုဆစ်ဒူးတော်မျှလောက်သာ ရှိ၏။ နောက်တနေ့တွင် ဝါး ၂ဆက် စွဲကိုင်၍ ရပ်တည်လာပြန်၏။ ခါးတော်မျှလောက်သာ တင်ရမြင်ရ၏။ ဘုရားရှင်က အဘယ်ကို ပြုသနည်းဟု မေးသော် အတိုင်းအရှည်ပမာဏကို ယူပါသည်ဟု ပြန်လျှောက်ရာ ဘုရားရှင်က-

"သင်သည် စကြဝဠာတိုက်အပြည့်ရှိသောဝါးတို့ကို ဆက်စပ်၍ လာစေကာမူ ငါ၏အတိုင်းအရှည်ကို ယူခြင်းငှါ စွမ်းနိုင်မည်မဟုတ်။ ငါသည် ၄အသင်္ချေနှင့် ကမ္ဘာထသိန်းလုံး သူတပါးက ငါ ၏ပမာဏကို ယူနိုင်လောက်အောင် ပါရမီတော်များကို ဖြည့်ကျင့်ခဲ့သည်မဟုတ်။ (မယူနိုင်လောက်အောင်ပင် ဖြည့်ဆည်းခဲ့သည်ဟု ဆိုလိုသည်။) မြတ်စွာဘုရားသည် အတုမရှိ အနှိုင်းယှဉ်အပ်သောပုဂ္ဂိုလ် ဖြစ်ပေ၏။" ၈သောင်း ၄ထောင်သော သတ္တဝါတို့သည် အမြိုက်တရား ရကြလေသည်။

၇။ ဘုရားရှင်၏ အသံတော် (ဇနဝသဘသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ဗြဟ္မာယုသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဒုတိယပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သန့်ရှင်းခြင်း၊ ၂ ပြတ်သား / သိသာလွယ်ခြင်း၊ ၃ သာယာခြင်း၊ ၄ နားဝင်ချို / နာချင်ဖွယ်ရှိခြင်း၊ ၅ လုံးစည်းသော အသံ / အသံလုံခြင်း၊ ၆ မကွဲအက် / ဖရိုဖရဲမရှိခြင်း - တရားနာပရိသတ်၏ အပြင်သို့ မထွက်ခြင်း၊ ၇ အသံအောင် / နက်နဲခြင်း၊ ၈ မြည်ဟိန်း / ပဲ့တင်ထပ်ခြင်း။

ဗြဟ္မာမင်း၏ အင်္ဂါ ၈ပါးရှိသောအသံနှင့် တူသည်။

၈။ ဘုရားရှင်၏ အားတော် ၂၈

၁။ အားတော် ၆ပါး (သီဟနာဒသုတ်၊ မဟာဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အကြောင်းဟုတ်သည်၊ မဟုတ်သည်ကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိခြင်း၊ ၂ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့၌ ဆောက်တည်အပ်သော ကံ ကံ၏အကျိုးကို အထောက်အပံ့အားဖြင့်၊ အကြောင်းအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိခြင်း၊ ၃ ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့၏ ညစ်ညူးကြောင်း၊

ဖြူစင်ကြောင်း၊ ထမြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ ခွဲခြား၍သိခြင်း၊ ၄ များပြားသော ရှေး၌ဖြစ်ဘူးသည်ကို အောက်မေ့နိုင်ခြင်း၊ ၅ ဒိဗ္ဗစက္ခုမျက်စိဖြင့် ကံအားလျော်စွာဖြစ်သော သတ္တဝါတို့ကို သိနိုင်ခြင်း၊ ၆ အာသဝေါတရား ကုန်ခြင်းကြောင့် အရဟတ္တဖိုလ်စိတ်နှင့်ပညာကို မျက်မှောက်ပြုရောက်၍နေခြင်း။

ထို အား ၆ပါးနှင့်ပြည့်စုံ၍ မြင့်မြတ်သောဘုရားအဖြစ်ကို ဝန်ခံ၏။ ပရိသတ်တို့၌ ရဲရင့်သောအသံကို မြွက်ဆို၏။ မြတ်သောတရားစကြာကို လည်စေ၏။ မေးသူတို့အား ဖြေကြားတော်မူ၏။

၂။ ကိုယ်တော်အား ၁၀ပါး (အဘိဓါန်ဋီကာ။ အံ ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

ဘုရားရှင် / ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ပကတိသော အားတော်မြတ်သည် ဆဒ္ဒန်ဆင်မင်း ၁၀စီးအားကို ဆောင်၏။ ၎င်းကိုပင် အားတော် ၁၀ပါးဟု ခေါ်၏။ ဆဒ္ဒန်ဆင် ၁၀စီးအား = ဆင်မည်းခေါ် ကာဠာဝက ကုဋေတထောင်အား = မဇ္ဈိမပုရိသ ဗိုလ်ခြေယောကျ်ား ကုဋေတသောင်းအားနှင့် ညီ၏။

| | |
|---|---|
| ၁ ကာဠာဝကဆင်တစီးအား | = မဇ္ဈိမပုရိသယောကျ်ား ၁၀ယောက်အား၊ |
| ၂ ဂင်္ဂေယျဆင်တစီး | = ကာဠာဝကဆင် ၁၀စီး၊ |
| ၃ ပဏ္ဍရဆင်တစီး | = ဂင်္ဂေယျဆင် ၁၀စီး၊ |
| ၄ တမ္ဗဆင်တစီး | = ပဏ္ဍရဆင် ၁၀စီး၊ |
| ၅ ပိင်္ဂလဆင်တစီး | = တမ္ဗဆင် ၁၀စီး၊ |
| ၆ ဂန္ဓဆင်တစီး | = ပိင်္ဂလဆင် ၁၀စီး၊ |
| ၇ မင်္ဂလဆင်တစီး | = ဂန္ဓဆင် ၁၀စီး၊ |
| ၈ ဟေမဆင်တစီး | = မင်္ဂလဆင် ၁၀စီး၊ |
| ၉ ဥပေါသထဆင်တစီး | = ဟေမဆင် ၁၀စီး၊ |
| ၁၀ ဆဒ္ဒန်ဆင်တစီး | = ဥပေါသထဆင် ၁၀စီး၊ |
| **၁၁** ဘုရားရှင်/ဘုရားလောင်း | = ဆဒ္ဒန်ဆင် ၁၀စီး -ဗိုလ်ခြေယောကျ်ား |

ကုဋေတသောင်း အားဆောင်၏။

၂၃ ဘုရားလောင်း (ဂေါတမမြတ်စွာဘုရားအလောင်း) နှင့် ဆက်စပ်၍ မှတ်သားဖွယ်များ ၂၇ ခု

၁။ ဘုရားလောင်းနဂါးမင်း ၃ဘ၀၏ ကိုယ်ခန္ဓာပမာဏများ (စမ္ပေယျဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ စမ္ပေယျနဂါးမင်း- ထွန်တုံးပမာဏ၊ ၂ ဘူရိဒတ်နဂါးမင်း- ပေါင်လုံးပမာဏ၊ ၃ သင်္ခပါလနဂါးမင်း- လှေပိန်းကောပမာဏ။

၂။ ဘုရားလောင်းနှင့် မာနတရား (ပဋ္ဌုပေါသထဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည် ဗြဟ္မဏမဟာသာလပုဏ္ဏားမျိုး၌ဖြစ်ပြီး ရသေ့ပြု၍ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကာသိတိုင်း၃တိုင်း အကြားရှိ မွေ့လျော်ဖွယ်တောအုပ်၌နေ၊ ဘုရားလောင်းသည် အမျိုးကိုမှီ၍ မာနနိုင်ငံ လိုက်ကာ ဈာန်ဖြစ်ခြင်းငှါ မတတ်နိုင်၊ အရှင်ပစ္စေကဗုဒ္ဓါတဆူသည် "ဤရသေ့ကား ယုတ်သော သတ္တဝါ မဟုတ်၊ ဘုရားအညွန့်တည်း၊ ဤဘဒ္ဒကပ်ကမ္ဘာ၌ပင်လျှင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်လတ္တံ့၊ သူ၏မာနကို နှိပ်အံ့။" ဟု ထိုရသေ့၏ ကျောင်း ကျောက်ဖျာအပြင်၌နေ။

မာနကြောင့် နလုံးမသာသောရသေ့သည် လက်ဖျစ်တီး၍ "သူယုတ် ပျက်လေလော့၊ ယုတ်မာသော ဦးပြည်းရဟန်း အဘယ်ကြောင့် ငါ့နေရာပျဉ်၌ နေသနည်း?" အရှင်ပစ္စေကဗုဒ္ဓါက "သူတော်ကောင်း အဘယ်ကြောင့် မာနကိုမှီသည် ဖြစ်သနည်း?" ဟုဆိုပြီး အဘယ်အခါ၌ ဘုရားဖြစ်မည်စသည်ဆက်၍ မိန့်ကြားကာ "အဘယ်ကြောင့် သင်သည် မာနကိုမှီသည်ဖြစ်၍ ကြမ်းကြုတ်သည် ဖြစ်ဘိသနည်း? ၊ ဤမာန ကို မှီခြင်းသည် သင့်အား မလျောက်ပတ်။" ဟု အဆုံးအမကို ပေးတော်မူ၏။

ရသေ့သည် အရှင်ပစ္စေကဗုဒ္ဓါကို ရှိမှုလည်းမခိုး၊ အဘယ်အခါ၌ ဘုရားဖြစ်အံ့နည်း စသည်လည်း မမေး၊ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါသည် "သင်သည် ဇာတိမာန်ကြောင့် ငါ၏ဂုဏ်ကျေးဇူးကြီးသောအဖြစ်ကို မသိ၊ တတ်နိုင်အံ့၊ ငါကဲ့သို့ ကောင်းကင်၌သွားလော့။" ဟု ကိုယ်တော်၏ခြေမှုန့်တို့ကို ရသေ့၏ဆံကျစ်ဝန်း ၌ကြဲလျက်ကြွ၊ ရသေ့လည်းထိတ်လန့်ခြင်းသို့ရောက်၊ "ဤလောက၌ သီလအကျင့်သာ မြတ်၏၊ ငါ၏မာန ပွားသော် ငရဲသို့ဆောင်လတ္တံ့။" ၊ မာနကိုနှိပ်ခြင်းငှာ ဥပုသ်ဆောက်တည်၊ ကသိုဏ်း ပရိကံပွား၊ အဘိညာဉ်၅ပါး သမာပတ်၈ပါး ဖြစ်စေ၏။

၃။ ဘုရားလောင်း ပရိသတ်နှင့် တောထွက်သောဘဝ ၅ ဘဝ (ဟတ္ထိပါလဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက - ၌ ဖော်ပြထားသည်)

၁ ကုဒ္ဒါလ- ပေါက်တူး၊ ကုဒ္ဒါလဇာတ်၊ ဣတ္ထိဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ပေါက်တူးကိုစွဲလမ်း၍ ၆ကြိမ်ရသေ့ဘဝမှ လူထွက်ပြီး ၇ကြိမ်တွင်မှ အောင်မြင်သည့် ဘုရားလောင်း အကြောင်းကို ကြားသိကြသော မင်း- အရှင်အာနန္ဒာအလောင်းနှင့် ပုဏ္ဏား၊ သူကြွယ်၊ နောက်လိုက် ဗိုလ်ပါများ၊ ဗာရာဏသီပြည်သားများ၊ ၇ပြည်ထောင် မင်းပရိသတ်တို့ပါ ရသေ့ပြုကြ၍ ဟိမဝန္တာသို့ ဝင်ကြ၊ ၁၂ ယူဇနာ ပရိသတ်နှင့် ဟိမဝန္တာသို့ဝင်၊ သိကြားမင်းက ဝိသကြုံနတ်သားကို ကျောင်းသင်္ခမ်း ဖန်ဆင်းစေရာ အလျားယူဇနာ ၃၀၊ အနံ ၁၅ ယူဇနာရှိသော ရသေ့တို့နေရာ ပြု။

၂ ရူဠသုတသောမဇာတ်၊ စတ္တာလီသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း- သုဒ္ဓေါဒနမင်းကြီးအလောင်း၏သားတော် ဘုရားလောင်းသုတသောမင်းသည် မင်းပြု၍ သားသမီးများ ပွားများသော် လူ့ဘောင်၌မမွေ့လျော်ပဲ တောဝင်၍ ရသေ့ရဟန်းပြုလို၊ ဆတ္တာသည်အား ဆံဖြူတွေ့လျှင် လျှောက်ရန်မိန့်၊ တွေ့သော် "ဆံဖြူ၏၊ အိုခြင်းနိပ်စက်၏၊ ရဟန်းပြုလိုကြောင်း" မိန့်၍ မူးမတ် ပရိသတ် မယ်တော်- မယ်တော်မဟာမာယာဒေဝီအလောင်း၊ ခမည်းတော်၊ ၇၀၀ သော မိဖုယားများ၊ ပြည့်သော ကိုယ်ဝန်ရှိသောမိဖုယားကြီး- အရှင်မယသောဓရာထေရီအလောင်း၊ သားတော်ကြီး- အရှင်သာရိပုတ္တရာအလောင်း၊ သားတော်ငယ်- အရှင်ရာဟုလာအလောင်း၊ စစ်သူကြီး- အရှင်မဟာမောဂ္ဂလာန်အလောင်း၊ သူဌေးကြီးတို့ တားမြစ်သော်လည်း နတ်ပြည်တောင့်တ၍ ရဟန်းပြုလို၊ ခမည်းတော်၊ မယ်တော်၊ သား၊ သမီးတို့နှင့် အတူတကွ ရှည်မြင့်စွာနေရငြားလည်း အကျွန်ုပ်အား ပျက်စီးခြင်းသဘောရှိသည်သာစသည့် တရားများဟော၊ ညီတော် သောမဒတ္တ- အရှင်အာနန္ဒာအလောင်းအား နန်းအပ်၊ ညီတော်လည်း ရဟန်းပြုလို၊ လူများ တားမြစ်ကြ၊ "ခဝါသည် ပေါင်းအိုး၌ထည့်အပ်သော အနည်းငယ်သောရေသည် လျင်စွာကုန်ခမ်းသကဲ့သို့ သတ္တဝါတို့၏အသက်သည် ကုန်လွယ်၏၊ အလွန်တိုသောအသက်ရှိသော သတ္တဝါတို့အား မေ့လျော့အပ်သောအခါ မဟုတ်ပါတကား၊ မိုက်သူတို့သည် မေ့လျော့ကြ၏၊ သူမိုက်တို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ကာလကဉ္စိကအသုရာမျိုးတို့ကို ပွားများစေ၏။"

မယ်တော်၊ ခမည်းတော်၊ သားတော်၊ သမီးတော်၊ ကိုယ်လုပ်မောင်းမ၊ မြို့သူ၊ ဇနပုဒ်သူစသော ၁၂ယူဇနာ ပရိသတ်ဖြင့် ဟိမဝန္တာသို့ဝင်၊ သိကြားမင်းစေ၍ ဝိသကြုံနတ်သားသည် ဂင်္ဂါမြစ်နား၌ အလျား၃၆ ယူဇနာ၊ အနံ၁၅ ယူဇနာရှိ ကျောင်းသခ်မ်းကိုဖန်ဆင်းကာ ရသေ့တို့နေရာပြု။

၃ မူဂပက္ခဇာတ် / တေမိယဇာတ်၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး၊ ဟောစဉ်ဇာတ်ကြီး၁၀ဘွဲ့တရားတော်များ၊ ခု၊ သုတ္တန္တပိဋက။

အကျဉ်း။ ကာသိတိုင်း ဗာရာဏသီပြည် ကာသိမင်း- သုဒ္ဓေါဒနမင်းကြီးအလောင်းနှင့် စန္ဒာဒေဝီမိဖုယားကြီး- မယ်တော်မဟာမာယာဒေဝီအလောင်းတို့၌ သားသမီးမရှိသည်တွင် သားဆုပန်၊ အလောင်းတော် တေမိယကိုဖွား၊ ခမည်းတော်ရင်ခွင်၌နေ၍ ခမည်းတော် ခိုးသူ၄ယောက်ကို တရားစီရင်သည်ကို ကြောက်လန့်သံဝေဂရ၊ အဘယ်ကြောင့် ဤခိုးသတ်အိမ်နှင့်တူသော နန်းတော်သို့ရောက်လာသနည်းဟု ဆင်ခြင်ရာမှ ဇာတိဿရဉာဏ်ရ၊ တာဝတိံသာနတ်ပြည်မှလာကြောင်း၊ ထိုနတ်ပြည်သို့ ဤဗာရာဏသီပြည်၌ပင် အနှစ်၂၀ နန်းစံ၍ ဥဿဒငရဲ၌ အနှစ် ၈သောင်း ငရဲကြီးစွာခံပြီးမှ ရောက်ကြောင်းသိ၊ မင်းပြုရမည်ကို ကြောက်၊ လွန်ခဲ့သောဘဝတခုက မယ်တော် တော်ခဲ့ဘူးသော ထီးချက်စောင့်နတ်သမီး- အရှင်မဥပ္ပလ္လဝဏ်အလောင်း အကြံပေးချက်အရ ဆွံ့ အ နားပင်းသောသူကဲ့သို့ ၁၆နှစ်ပတ်လုံး မည်သို့ပင်စမ်းသပ်သော်လည်း ဆွံ့ အ

နားပင်းသူပမာ မလှုပ်မရှား၊ မကြား၊ မပြောနိုင်သူပမာနေ။ (ဘုရားလောင်း ပါရမီတော် ၁၀ပါး ဖြည့်ဆည်းရာတွင် ပရမတ္ထပါရမီမြောက် ဖြည့်ကျင့်ခဲ့ရာ ၁၀၁၁၀ - အမှတ် ၈။ အဓိဋ္ဌာန်ပါရမီ) - ကိုလည်း ကြည့်ပါ။

မြေမြှုပ်သတ်ရန်တောသို့ဆောင်သော ဆွံ့အပင်းသူမဟုတ်ကြောင်း သုနန္ဒရထားထိန်း- အရှင်သာရိပုတ္တရာအလောင်းကိုသိစေ၍ မယ်တော်ခမည်းတော်တို့ မှူးမတ်အခြွေအရံများနှင့် တောသို့ရောက်လာ၊ သားတော်ကို နန်းအပ်သော်လည်း လက်မခံ၊ ရေနည်းငါးပမာ အိုခြင်းသေခြင်းက အမြဲနှိပ်စက်နေကြောင်း၊ အသက်တို့ နေ့ညဥ့်မပြတ် ဆုတ်ယုတ်နေကြောင်း၊ ဖေါက်ချည်ပမာ၊ အညာသို့မဆန်သောရေပမာ၊ ရေလျှဥ်ကြမ်းနှင့် ကမ်းနားသစ်ပင်ပမာများပြ၍ တရားဟော၊ မယ်တော် ခမည်းတော် မှူးမတ်ဗိုလ်ပါ အခြံအရံ၊ တိုင်းသူပြည်သား ဇနပုဒ်သူတို့ပါ ရသေ့ရဟန်းပြုကြ၊ ဝိသကြုံနတ်သားဖန်ဆင်းသော ကျောင်းသင်္ခမ်းများ၌နေကြ၊ ၇ပြည်ထောင်မင်းတို့လည်း သတင်းကြား၊ ဗာရာဏသီကိုသိမ်းရန်လာသော် ဟင်းလင်းပွင့်နေသော နန်းတော် အိမ်တော်များ မြို့တွင်း ဇနပုဒ် အိမ် ခြံများ ဥစ္စာပစ္စည်းများကိုတွေ့၊ ကျန်နေသေးသော သေသောက်ကြူးများကို မေး၍သိသော် တောသို့ လိုက်ကာ ရသေ့ရဟန်းပြု၍ ဗြဟ္မာ့ပြည်လားကြ။

၄ ဟတ္ထိပါလဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

<u>အကျဉ်း</u>။ ဗာရာဏသီပြည်၌ ဧသုကာရီမင်း- ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအလောင်းနှင့် ပုရောဟိတ်ပုဏ္ဏား- အရှင်မဟာကဿပအလောင်းတို့၌ သားသမီးမရှိကြ၊ မြို့ပြင်ပညောင်ပင်၌ သားဆုလည်းတောင်းခြိမ်းလည်းခြိမ်းခြောက်၊ သိကြားမင်းအကူအညီဖြင့် ပညောင်ပင်စောင့်နတ်က ပုရောဟိတ်ပုဏ္ဏားအား သား ၄ယောက်ဆုပေး၊ ငယ်စဥ်ပင်ရဟန်းပြုလတ္တံ့ဆိုသဖြင့် အကြီးဆုံးဟတ္ထိပါလသတို့သား- ဘုရားအလောင်းကို ရဟန်းမပြုစိမ့်သောငှါ ဆင်ထိန်း၊ ဒုတိယသားအဿပါလ- အရှင်သာရိပုတ္တရာအလောင်းကို မြင်းထိန်း၊ တတိယသားဂေါပါလ- အရှင်မဟာမောဂ္ဂလာန်အလောင်းကို နွားကျောင်းသား၊ စတုတ္ထသားအဇပါလ- အရှင်အနုရုဒ္ဓါအလောင်းကို ဆိတ်ကျောင်းသားတို့အထံ၌ ကြီးပြင်းစေ၊ မင်းကြီးသည် ရသေ့ ရဟန်းတို့ကို တိုင်းပြည်မှနှင်ထုတ်၊ ထိုသား၄ယောက်တို့ အလွန်ကြမ်းကြုတ်ကြ၊ အရပ်မျက်နှာသို့သွားသော် လက်ဆောင်ပစ္စည်းများကို လုယက်ကြ။

သတို့သားတို့အရွယ်ရောက်ကြသော် ဖခင်ပုရောဟိတ်ပုဏ္ဏားကြီးနှင့်မင်းကြီးတို့က "အဘိသိက်သွန်း၍ မင်းပြုသော် ရဟန်းများလာကြလျှင် ရဟန်းပြုကြလိမ့်မည်၊ စုံစမ်းအံ့၊ နောက်မှအဘိသိက်သွန်းအံ့။" ဟု ရသေ့အသွင်ဖြင့် စုံစမ်းသော် "ပြင်းသောအကျင့် ထက်သောဣန္ဒြေရှိသော ရှင်ရသေ့တို့ကို ၁၆နှစ်တိုင်ကြာမြင့်မှ မြင်ရကုန်ဘိ၏တကား။" ဟု ပရိသတ်များနှင့်တကွ ရသေ့ရဟန်းပြုကြ၊ ဈာန်အဘိညာဉ်ရသော ဟတ္ထိပါလရသေ့သည် ဂင်္ဂါမြစ်နား ကောင်းကင်မှနေ၍ တရားဟော၊ ဖခင်ပုရောဟိတ်သည်၎င်း အမိပုဏ္ဏေးမ- အရှင်မဘဒ္ဒကာပိလာနီထေရီမအလောင်းသည်၎င်း မင်းကြီးနှင့်မိဖုယားကြီး- မယ်တော်မဟာမာယာအလောင်းတို့သည် ထီးနန်းစည်းစိမ်တို့ကိုစွန့်၍၎င်း ဗာရာဏသီပြည်သူတို့သည်၎င်း ကာသိ

တိုင်း အလုံးသည်ငင်း ပြည်နီးချင်းမင်း၇ယောက်တို့သည်ငင်း ပရိသတ်များဖြင့် တောထွက်ကြ၊ ပရိသတ်ယူဇနာ၃ပရှိပြီး ဝိသကြုံနတ်သားဖန်ဆင်းအပ်သော အလျား၃၆ယူဇနာ၊ အနံ၁၅ယူဇနာရှိကျောင်းသည် အခြားမရှိပြည့်၊ အကြင်သူသည် ကာမဝိတက်တပါးပါးစသည် ဖြစ်က ဘုရားလောင်း တရားဟော၍ ပြဟ္မဝိဟာရဘာဝနာ ကသိဏ်းဘာဝနာတို့ကို ပြောကြား၊ ဈာန်အဘိညာဉ်များရ၍ ပြဟ္မာ့ပြည်လားကြ၊ နတ်ပြည်နှင့် သူဌေးသူကြွယ်မျိုး၌ဖြစ်ကြ။

၅ အယောဃရပဏ္ဍိတဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဗာရာဏသီပြည်မှ မိဖုယားကြီး- မယ်တော်မာယာအလောင်း၏ ဖွားသောသားတို့ကို ရှေးဘဝမှ လင်တူမြုံသောမိန်းမသည် သားဟူသောအကြောင်းကြောင့် သင်၏ ဖွားတိုင်းဖွားတိုင်းသောသားတို့ကို စားရလို၏ဟု ဆုတောင်း၍ ဘီလူးမဖြစ်ကာ ၂ကြိမ်တိုင် မိဖုယားကြီးမျက်မှောက်တွင်ပင် သားတို့ကို စား၊ တတိယအကြိမ်၌ ဘုရားလောင်း သန္ဓေယူသောအခါ သံအိမ်ဆောက်ပြီး ထိုအိမ်ထဲ၌ဖွားစေ၊ အတတ်များသင်ပေးပြီး ၁၆နှစ်ရောက်သော် အပြင်ထုတ်၍ တန်ဆာဆင်ထားသောမြို့ကို ရှုစေ၊ အကြောင်းကို မှူးမတ်ထို့အားမေးရာ သိရသောအခါ "ငါသည် ၁၀လ ပတ်လုံး လောဟကုမ္ဘီငရဲ ဘင်ပုပ်ငရဲတို့နှင့်တူသော အမိဝမ်း၌နေခဲ့ရပြီး ၁၆နှစ်တို့ပတ်လုံးလည်း သံနှောင်အိမ်ဝယ် ဥဿဒငရဲ၌ပစ်ချဘိသို့ နေခဲ့ရ၊ ဘီလူးမလက်မှ လွတ်သော်လည်း မအို၊ မနာ၊ မသေသည် မဖြစ်ရာ၊ မင်းအဖြစ် အဘယ်အကျိုးရှိအံ့နည်း၊ မင်းအဖြစ်၌ တည်သောအခါမှစ၍ ထွက်နိုင်ခဲ၏၊ ယနေ့ပင် ခမည်းတော်- သုဒ္ဓေါဒနမင်းကြီးအလောင်းကို ခွင့်ပြုစေပြီး ဟိမဝန္တာဝင်ပြီး ရဟန်းပြုအံ့။" ဟုကြုံကာ အခွင့်ပြုစေပြီး ပရိသတ်၁၂ယူဇနာဖြင့် တောဝင်၊ သိကြားမင်းစေ၍ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော အလျား၁၂ယူဇနာ၊ အနံ၇ယူဇနာရှိသော ကျောင်း၌နေကာ ပရိသတ်ကို အဆုံးအမပေး၊ ဘုရားလောင်း ပြဟ္မာ့ပြည်လား၊ ပရိသတ်တို့ အပါယ်မလားကြ။

၄။ ဘုရားလောင်း ပါရမီတော် ၁၀ပါး ဖြည့်ဆည်းရာတွင် **ပရမတ္ထပါရမီမြောက်** ဖြည့်ကျင့်ခဲ့ရာ ၁၀ဘဝ (ဒုတိယပိုင်း၊ ပဌမတွဲနှင့် တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဇာတက ၄။ စရိယာပိဋက ၄။ အဋ္ဌသာလိနီ ၄)

၁ ဒါနပါရမီ (ကျမ်းဦးမှတ်ဖွယ်၊ စရိယာပိဋက၊ ခု၊ သုတ္တန္တပိဋက) - ယုန်မင်းဇာတ် (ဤတရားစု၏ တရားအမှတ် ၂၁။ ဘုရားလောင်း၏ ကြည်ညိုအားကျဖွယ်ရာ ပါရမီဖြည့်ကျင့်စဉ်ဘဝ - အနက်မှ - အမှတ် ၅) ကို ကြည့်ပါ။

၂ သီလပါရမီ (ကျမ်းဦးမှတ်ဖွယ်၊ စရိယာပိဋက၊ ခု၊ သုတ္တန္တပိဋက) - သင်္ခပါလဇာတ် (စတ္တာလီသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ သင်္ခပါလစရိယ၊ စရိယာပိဋက၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်း။ ဘုရားလောင်းသည် ရာဇဂြိုဟ်ပြည် မဂဓမင်း၏သားတော် ဒုယောဇနမင်းသားဖြစ်၊ တက္ကသိုလ်ပြည်၌ အတတ်သင်ပြီးသော် နန်းအပ်ခံရ၊ ခမည်းတော် ရသေ့ရဟန်းပြုပြီး မဟိသကတိုင်း သခ်ပါလရေအိုင်နှင့် ကဏ္ဍဝေဏ္ဍမြစ်ကွေ့အနီး စန္ဒကတောင်တွင် ဈာန်အဘိညာဉ်ရပြီး သစ်ရွက်မိုးကျောင်း၌နေ၊ သခ်ပါလနဂါးမင်း ကဏ္ဍဝေဏ္ဍမြစ်မှထွက်၍ ကြိုးကြားကြိုးကြား ဆည်းကပ်၊ သားတော်မင်း ရောက်လာရာ နဂါးမင်းရသေ့ကြီး- အရှင်မဟာကဿပအလောင်းကို ရှိခိုး၍ထပြန်၊ နဂါးမင်းစည်းစိမ်ကိုမြင်၍ နဂါးပြည်ကို တပ်စွန်း၊ ဒါနသီလ ပြုလုပ်ဆောက်တည်၍ နဂါးပြည်ဆုယူ၊ နတ်ရွာစံသော် သခ်ပါလနဂါးမင်းဖြစ်၊ နဂါးအဖြစ်ကို နှလုံးမရွှင်၍ လူအဖြစ် ဆုတောင်းကာ ဥပုသ်ကျင့်သုံး။

နဂါးပြည်၌ သီလပျက်သဖြင့် ကဏ္ဍဝေဏ္ဍမြစ်အနီး ခရီးလမ်းမကြီးနှင့် တဖဝါးလှမ်းရုံလမ်းကလေးအကြား တောင်ပို့တခု၌ "ငါ ၏အရေအသား အလိုရှိသူတို့ အရေအသားဆောင်စေကုန်သတည်း။" ဟု မိမိကိုယ်ကိုစွန့်၍ တောင်ပို့ထိပ်၌ လျောင်းလျက် လ၏၁၄ရက် ၁၅ရက်တို့၌နေ၍ အထွက် ၁ရက်နေ့၌ နဂါးပြည်သို့ပြန်၏။

ပစ္စန္တရစ်နေ မုဆိုး ၁၆ယောက်တို့သည် တော၌ အသားမရ၍ လေ့ပိန်းကောမျှရှိသော နဂါးမင်းကို မြင်သော် ကြီးလှသဖြင့် ဖမ်းသော်ပြေးရာ၏ဟု အခွေတို့၌ တံကျင်ဖြင့်တိုးကြ၊ နဂါးမင်းသည် ခြေသံများကြားသဖြင့် မုဆိုးများကိုမြင်ရာ ငါ၏ကိုယ်ကို လှံဖြင့်ထိုးက ဤသူတို့ကို အမျက်၏အစွမ်းဖြင့် မျက်စိကို ဖွင့်မကြည့်အံ့ဟု သီလပျက်မည်စိုး၍ မြဲမြံစွာအဓိဋ္ဌာန်လျက် အခွေကြား၌ ဦးခေါင်းသွင်း၍လျောင်း၏။ မုဆိုးတို့ မြီးထူးမှကိုင်ငင်၍ မြေ၌ရိုက်ပုတ်၊ တံကျင်ဖြင့် ၈ဋ္ဌာနတို့၌ထိုးကာ အဆူးရှိကြိမ်လုံးတို့ဖြင့် ထိုးသီ၍ ထမ်းပိုးဖြင့် ထမ်းယူ၊ ဦးခေါင်း တွဲလျားကျပြီး မြေ၌ခတ်နေသဖြင့် တံကျင်သေးဖြင့် နှာခေါင်းဖုန်၌ဖေါက်၊ ကြိုးငယ်သွင်းကာ ဦးခေါင်းကိုမြှောက်၍ ထမ်းပိုး၌ဆွဲယူလာကြ။

"ငါသည် အလိုရှိခဲ့သော် သမုဒ္ဒရာ တောတောင်နှင့်တကွ မြေကြီးကို နှာခေါင်းလေဖြင့် လောင်ကျွမ်းစေနိုင်၏။ သို့သော်လည်း ငါသည် တံကျင်တို့ဖြင့်ထိုးဖေါက်၊ လှံတံတို့ဖြင့် ထိုးဆွသော မုဆိုးသားတို့ကို အမျက်မထွက်။ ဤသို့အမျက်မထွက်ခြင်းသည် ငါ ၏ ပရမတ္ထပါရမီတည်း။"

ဝိဒေဟတိုင်း မိထိလာပြည်မှ အာဠာရသူကြွယ်က မုဆိုးတို့အား လှည်းတိုက်နွား၊ ရွှေပဲတလက်ဆွမ်း၊ မုဆိုးတို့အဖို့ အဝတ်အရုံ၊ မယားတို့အဖို့ အဝတ်တန်ဆာများ အသီးသီးပေး၍ နဂါးမင်းကိုလွှတ်စေ၏။ နဂါးမင်းက သူကြွယ်ကို နဂါးပြည်ခေါ်၍ နဂါးကညာ ၃၀၀နှင့် နဂါးစည်းစိမ်တို့ဖြင့် ရောင့်ရဲစေ၏။ တနှစ်နေပြီးသော် သူကြွယ်သည် လူ့ပြည်ပြန်၍ ဟိမဝန္တာ၌ ရဟန်းပြု၊ ဗာရာဏသီပြည်သို့ရောက်သော် အာဠာရရသေ့- အရှင်သာရိပုတ္တရာအလောင်းကို မင်း- အရှင်အာနန္ဒာအလောင်းက ကြည်ညို၍ ဘောဇဉ်များကပ်ပြီး ရဟန်းပြုရသည့်အကြောင်းကို မေး၊ သခ်ပါလနဂါးမင်း၏ စည်းစိမ်၊ ကောင်းမှုအကျိုးကိုမြင်၍ ကာ ကာ၏ အကျိုး၊ တမလွန်ဘဝကို ယုံကြည်သောကြောင့်ဖြစ်ကြောင်း၊ နဂါးမင်း လူ့ပြည်၌ ဥပုသ်ကျင့်သုံးပုံ၊ မုဆိုးတို့၏ အနှိပ်စက်ခံ၍ ဥပုသ်ကိုမပျက်စေရန် သည်းခံပုံ၊ လူအဖြစ်ကို တောင့်တ၍ နဂါးမင်းလုံ့လအားထုတ်

ဥပုသ်ဆောက်တည်ပုံ၊ "နဂါးပြည်တက် လူ့ပြည်သည် အဘယ်အကြောင်းအရာဖြင့် သာလွန်၍ မြတ်သနည်း?" ဟု မေးသည်ကို "လူ့ပြည်ကိုထား၍ မဂ်ဖိုလ်နိဗ္ဗာန် ဟု ဆိုအပ်သော စင်ကြယ်ခြင်းသည်၎င်း၊ သီလကို ဆောက်တည်ရခြင်းသည်၎င်း မရှိ၊ ငါသည် လူ့ဘ၀ကိုရ၍ ပဋိသန္ဓေနေခြင်း၏အဆုံးကို ပြုအံ့။" ဟု နဂါးမင်းဖြေပုံတို့ကို ပြောပြသည်။

"မင်းကြီး ကာမဂုဏ်တို့၏ မမြဲဖေါက်ပြန်သောသဘော အပြစ်ကိုမြင်၍၊ နိဗ္ဗာန်၊ ကံ ကံ၏အကျိုးကို ယုံကြည်၍၊ ပျို့ရွယ်သူ ကြီးရင့်သူတို့လည်း ပျက်စီးရသည်မြင်၍၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ရဟန်းအဖြစ်သည် မြတ်၏ဟု ရဟန်းပြုသည်ဖြစ်၏။" ဟု ရသေ့က ပြောပြဖြေဆို၏။

အဋ္ဌာရရသေ့သည် မိုး၄လ ဗာရာဏသီ၌နေ၍ ဟိမ၀န္တာသို့ပြန်ကာ ဗြဟ္မဝိဟာရတရား ၄ပါးပွား၍ ဗြဟ္မာ့ပြည်သို့ လား၏။ သခ်ပါလနဂါးမင်းသည် အသက်ထက်ဆုံး ဥပုသ်ကျင့်သုံး၍ ဗာရာဏသီမင်းလည်း ဒါနစသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လားကြ၏။

၃ နိက္ခမ္မပါရမီ (အင်္ဂုတ္တရအဋ္ဌကထာ) - စူဠသုတသောမမင်း (ဤတရားစု၏ အတက် ဖေါ်ပြပြီးသော တရားအမှတ် ၃။ ဘုရားလောင်း ပရိသတ်နှင့်တကွ တောထွက်သောဘ၀ - အနက်မှ - အမှတ် ၂) တွင် ကြည့်ပါ။

၄ ပညာပါရမီ (သတ္တုဘသ္တဇာတ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ သုတ္တန္တပိဋက) - ဘုရားလောင်းသည် သေနကသုခမိန် ပညာရှိ ဖြစ်တော်မူသောအခါ ရိက္ခာသားရေအိတ်အတွင်း၌ပါရှိသော မြွေဟောက်မြွေဆိုးကို မျက်စိဖြင့်ကြည့်၍ ဟောသည့်ပမာ အတတ် ဟော၍ ထိုရိက္ခာအိတ်ရှင်ပုဏ္ဏား- အရှင်အာနန္ဒာအလောင်းအား အသက်ဘေးမှ ကင်းဝေးအောင် စောင့် ရှောက်တော်မူခဲ့သော အလောင်းတော်သူမြတ်၏ ပညာတော်သည် ပရမတ္ထပညာပါရမီမည်၏။

၅ ဝီရိယပါရမီ (မဟာဇနကဇာတ်၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ၌)
မဟာဇနကဇာတ်၌ ဘုရားလောင်းသည် မဟာသမုဒ္ဒရာကြီးကို လက်ပစ်ကူးခြင်းသည် ဝီရိယပါရမီ လွန်လွန်ကဲကဲ ဖြည့်ဆည်းပူးသည့်ဘ၀ဖြစ်သည်။

၆ ခန္တီပါရမီ (ခန္တီဝါဒီဇာတ်၊ ပုစိမဏ္ဍဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)
(ဤတရားစု၏ တရားအမှတ် ၂၁။ ဘုရားလောင်း၏ ကြည်ညိုအားကျဖွယ်ရာ ပါရမီဖြည့်ကျင့်စဉ်ဘ၀ - အနက်မှ - အမှတ် ၂။ ခန္တီဝါဒီရသေ့ဇာတ်) - ကို ကြည့်ပါ။

၇ သစ္စာပါရမီ (သုတသောမစရိယ၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဟာသုတ သောမဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အင်္ဂုတ္တရလိနီ ၌။ ဗုဒ္ဓဝင် ၌)

၁၀၁ပါးသော မင်းတို့ကို လူသားစားပေါရိသာဒ- အရှင်အင်္ဂုလိမာလအလောင်းက ဖမ်းထား၏။ ဘုရားအလောင်း မဟာသုတသောမမင်းသည် မယ်တော်၊ ခမည်းတော်တို့ကို မင်းအဖြစ်အပ်၊ နန္ဒပုဏ္ဏားအား ဥစ္စာကို သူရွတ်ဆိုသော ဂါထာ၏တန်ဖိုး အဖြစ်ပေး၊ ရှေး၌ဖြစ်သော မြတ်စွာဘုရားတို့၏ မှီဝဲအပ်သော သူတော်ကောင်းတရားကို အောက်မေ့၍ ပေါရိသာဒထံ ပြန်ခဲ့၏။

သတ်လတ္တံ့ မသတ်လတ္တံ့ဟု ငါ့အား ယုံမှားသံသယမရှိ၊ ငါသည် သစ္စာစကားကို စောင့်စည်းလျက် အသက်ကိုစွန့်ရန် ပြန်ခဲ့၏။ ပေါရိသာဒထံ ပြန်လာခဲ့ပါမည်ဟု ဝန်ခံခဲ့သည့်အတိုင်း အသက်ကိုစွန့်၍ မိမိစကားမှန်အောင် စောင့်ရှောက်သော မဟာသုတသောမမင်း၏ ပရမတ္ထသစ္စာပါရမီ ဖြစ်သည်။

၈ အဓိဋ္ဌာန်ပါရမီ (တေမိယစရိယ၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ တေမိယ / မူဂပက္ခဇာတ်၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကာသိမင်း၏သား ငါ့ကို မူဂပက္ခဟူ၍ငင်း တေမိယဟူ၍ငင်း ခေါ်ကြ၏။ ထီးဖြူကိုမြင်၍ ထီးဖြူဆောင်းရခြင်းကြောင့် ငရဲသို့ လားခဲ့ရဘူး၏။ မြင်သည်နှင့်တပြိုင်နက် ထိတ်လန့်ကြောက်ရွံ့၏။ ရှေးဘဝက အမိတော်ဘူးသော နတ်သမီးသည် ဆင်းရဲသို့ရောက်နေသောငါ့ကို မြင်သော် အ၊ ဆွံ့၊ နားပင်းသော ၃ဌာနတို့၌ တိုက်တွန်း၏။

"သင်သည် လူတို့ကို ပညာရှိသည်ကို မပြလင့်။ သူမိုက်ဟု သိစေလော့။ အလုံးစုံသောလူတို့က သင့်ကို မထီမဲ့မြင် အောက်မေ့စေလော့။ ဤသို့ပြုသော် အကျိုးဖြစ်လတ္တံ့။" ငါသည် အင်္ဂါ ၃ပါးကို ဆောက်တည်ခဲ့၏။ အသူ၊ နားပင်းသူ၊ သွားလာခြင်းမှကင်းသည့် ဆွံ့သူအဖြစ်ဖြင့် ၁၆နှစ်နေခဲ့၏။

ငါ့အင်္ဂါမချို့သည်ကို မြင်၍ လူယုတ်ဟု ကဲ့ရဲ့ကြ၏။ အလုံးစုံ နန်းတွင်းသား အမှုထမ်းများနှင့် တိုင်းသူပြည်သားတို့က ငါ့ကို စွန့်ပစ်စေ၏။ ရထားထိန်းသည် ငါ့ကို မြေ၌မြှုပ်ရန် တွင်းတူး၏။ ညှဉ်းပန်းမှု အမျိုးမျိုးဖြင့် ခြိမ်းခြောက်သော်လည်း သဗ္ဗညုတဉာဏ်ဟူသော အကြောင်းကြောင့် အဓိဋ္ဌာန်မဖျက်ခဲ့ပေ။ အဓိဋ္ဌာန်အားဖြင့် ငါနှင့်တူသူ မရှိ။ ဤကား ငါ၏အဓိဋ္ဌာန်ပါရမီတည်း။

(ဘုရားလောင်း ပရိသတ်နှင့် တောထွက်သောဘဝ ၅ ဘဝ - အနက်မှ - အမှတ် ၃။ မူဂပက္ခဇာတ် / တေမိယဇာတ်) - ကိုလည်း ကြည့်ပါ။

၉ မေတ္တာပါရမီ (သုဝဏ္ဏသာမဇာတ်၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သုဝဏ္ဏသျှံရသေ့သူမြတ် ဖြစ်တော်မူသောအခါ မိမိအသက်ကိုပင် ငဲ့ကွက်တော်မမူပဲ ရန်သူမင်း အပါအဝင် အထူးသဖြင့် အလုံးစုံသော ခြင်္သေ့ သစ် ကျား စသောတောသတ္တဝါများအပေါ်၌ မေတ္တာတရား ပွားများတော်မူသော အလောင်းတော်သူမြတ်၏ မေတ္တာမှုသည် ပရမတ္ထပါရမီမည်၏။

**၁၀** ဥပေက္ခာပါရမီ (မဟာလောမဟံသစရိယ၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ လောမဟံသဇာတ်၊ လိတ္တဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ငါသည် သုသာန်၌ သူသေကောင်အရိုးကို ခေါင်းအုံး၍ အိပ်၏။ ရွာသားသူငယ်တို့သည် ငါ့ကို အမျိုးမျိုးသော၊ များစွာသော ရုပ်ပုံကို လုပ်၍ပြကြ၏။ တပါးသောသူငယ်တို့သည် ရွှင်လန်းသောစိတ်ဖြင့် နံ့သာပန်းအမျိုးမျိုး၊ များပြားသော ဘောဇဉ်လက်ဆောင်တို့ကို ပို့ကြ၏။

အကြင်သူငယ်တို့သည် ငါ့အား ဆင်းရဲဒုက္ခကို ဖြစ်စေ၏။ အကြင်သူငယ်တို့သည် ငါ့အား ချမ်းသာသုခကို ပေး၏။ ငါသည် သူငယ်အားလုံးတို့အား တူမျှသောစိတ် ရှိသည်ဖြစ်၏။ ငါ့အား ချစ်ခြင်း မုန်းခြင်း မရှိချေ။ ငါသည် ချမ်းသာဆင်းရဲ အခြံအရံရှိ မရှိတို့၌ ချိန်သဖွယ်ဖြစ်၍ လောကဓံတရား အားလုံးတို့၌ တူမျှသောစိတ် ရှိသည်ဖြစ်၏။

<u>၅။ ဘုရားလောင်း ပါရမီဖြည့် / ဗျာဒိတ်ခံခဲ့ရာ ဘဝများ ၄ စု</u>

<u>၁။ ဘုရားလောင်း ပါရမီဖြည့်ခဲ့ရာ ၅၅၀ဇာတ်များတွင် တိရစ္ဆာန်အမျိုး၌ အငယ်ဆုံးတိရစ္ဆာန် နံ့စုတ်ငှက်အဖြစ် ပါရမီဖြည့် ဆည်းပူးခဲ့သည်။</u> (ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း ၁၊ ဂူကုန်းဆရာတော်ကြီးအသျှင်တိဿ)

<u>၂။ ဘုရားလောင်း ပါရမီဖြည့်ခဲ့ရာ ၅၄၇ (၅၅၀) ဇာတ်တော်များတွင် ဖြစ်တော်မူခဲ့သော ဘဝများ</u> (၅၅၀ ကောက်နုတ်ချက်များ၊ ဇာတကပါဠိတော်၊ အမျိုးသားပညာဝန်ဦးဖိုးကျား)

| | | | |
|---|---|---|---|
| လူ့ဘဝ | - ၃၅၇ ဇာတ်၊ | | |
| နတ်ဘဝ | - ၆၅ ဇာတ်၊ | | |
| တိရစ္ဆာန်ဘဝ | - ၁၂၅ ဇာတ် | = စုစုပေါင်း **၅၄၇ဇာတ်**။ | |
| တိရစ္ဆာန်ဘဝများတွင်- | ကုန်းသတ္တဝါဘဝ | - ၆၀ ဇာတ်၊ | |
| | ကောင်းကင်သတ္တဝါဘဝ | - ၅၇ ဇာတ်၊ | |
| | ရေသတ္တဝါဘဝ | - ၈ ဇာတ် | = စုစုပေါင်း **၁၂၅ ဇာတ်**။ |
| ထိုတိရစ္ဆာန်ဘဝဇာတ်များတွင် | ကုန်းသတ္တဝါအမျိုး | - ၁၆ မျိုး၊ | |
| | ကောင်းကင်သတ္တဝါအမျိုး | - ၁၈ မျိုး၊ | |
| | ရေသတ္တဝါအမျိုး | - ၃ မျိုး | = စုစုပေါင်း **၃၇ မျိုး**။ |

<u>ကုန်းသတ္တဝါ ၁၆ မျိုး</u>

၁ ခြင်္သေ့၊ ၂ ဆင်ဖြူ၊ ၃ ဆင်သာမန်၊ ၄ မြင်း၊ ၅ နွား၊ ၆ ကျွဲ၊ ၇ ဆတ်၊ ၈ သမင်၊ ၉ သာရဘသားမျိုး၊ ၁၀ ယုန်၊ ၁၁ ခွေး၊ ၁၂ မြေခွေး၊ ၁၃ ဝက်၊ ၁၄ ဖွတ်၊ ၁၅ ကြွက်၊ **၁၆** မျောက်။

ကောင်းကင်သတ္တဝါ ၁၈ မျိုး

၁ ကိန္နရာ၊ ၂ ဟသ်ာ၊ ၃ ဥဒေါင်း၊ ၄ ဥသြ၊ ၅ ကျေး၊ ၆ ကြက်၊ ၇ ခါ ၊ ၈ ခို၊ ၉ ငုံး၊ ၁၀ စက္ကဝက်၊ ၁၁ လင်းတ၊ ၁၂ တင်ကြီး၊ ၁၃ ကျီး၊ ၁၄ စာဝတီး၊ ၁၅ သစ်တောက်ငှက်၊ ၁၆ ဗီလုံးငှက်၊ ၁၇ သာမန်ငှက်၊ **၁၈** ဂဠုန်။

ရေသတ္တဝါ ၃ မျိုး

၁ နဂါး၊ ၂ ငါး၊ **၃** ဖါး။

၃။ ဘုရားလောင်း ပါရမီဖြည့်ခဲ့ရာ ၅၄၇ (၅၅၀) ဇာတ်တော်များအနက် **၅ဘဝ / ဇာတ်သာ** အခြားကမ္ဘာများ၌ ဖြစ်ခဲ့သည်။ (ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ၅၅၀ ကောက်နုတ်ချက်များ၊ ဇာတကပါဠိတော်၊ အမျိုးသားပညာဝန်ဦးဖိုးကျား)

၁ သေရိဝဝါဏိဇ္ဇဇာတ်၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက- ၅ကမ္ဘာထက်က ဘုရားလောင်း ရွှေအိုးရသော ရွဲကုန်သည်ဇာတ်၊

၂ လောမဟံသဇာတ်၊ လိတ္တဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက- ၉၁ကမ္ဘာထက်က ဘုရားလောင်း အဝတ်မဝတ်သောအာဇီဝက မိစ္ဆာအယူ ယူသောဇာတ်၊

၃ အရကဇာတ်၊ သန္ထတဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက- ၇ကမ္ဘာထက်က ဘုရားလောင်း အဘိညာဉ်ရသော အရကရသေ့ဖြစ်စဉ် မေတ္တာဘာဝနာနှင့် အကျိုးများကို တပည့်ရသေ့များအား ဟော၍ ဈာန်မလျောပဲ ကမ္ဘာ ၇ကြိမ်ပျက်ပြီး ဖြစ်သည်အထိ ဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ ပြန်မလာသောဇာတ်၊

၄ ကေသဝဇာတ်၊ စူဠကုဏာလဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက- ဗကဗြဟ္မာ အလောင်း ကေသဝရသေ့ဖြစ်စဉ် နာမကျန်းရာ မင်းဆရာဆေးထက် အကျွမ်းဝင်သူ သူ၏ထပည့် ဘုရားလောင်း ကပ္ပရသေ့၏ ယာဂုက သာလွန်ကောင်းမြတ်၍ ရောဂါကင်းကြောင်းဇာတ်၊

**၅** ဗကဇာတ်၊ ကုက္ကုဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်- ဗြဟ္မာ့ပြည်တက်၍ ဗကဗြဟ္မာကို ချေချွတ်ရာ၌ ၎င်းရှေးတခုသောကမ္ဘာထက်က ပြုခဲ့သောကောင်းမှုကံများနှင့် ၎င်းကေသဝရသေ့ဖြစ်စဉ် ဘုရားလောင်းသည် သူ၏တပည့်ကပ္ပရသေ့ ဖြစ်ခဲ့ကြောင်း ဟောပြောသောဇာတ်။

ကျန်ဇာတ်များသည် လွန်လေပြီးသောအခါဟူ၍သာ ဟော၏၊ ၎င်းတို့သည် ဤကမ္ဘာအတွင်း၌သာ ဖြစ်သည်ချည်းဟု မှတ်ယူရမည်ဟု အချို့ဆရာတို့ ဆိုကုန်၏။

၄။ ဘုရားလောင်း ပါရမီဖြည့်ခဲ့ရာတွင် ဖူးတွေ့ရသော ဘုရားရှင် ၂၄ဆူအထံတော်၌ ဗျာဒိတ်ခံယူရာ ဘဝကျင့်စဉ် ၂၄ခု (ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ရသေ့အဖြစ်ဖြင့် ၅ဘဝ၊ ရဟန်းအဖြစ် ၉ဘဝ၊ လူအဖြစ် ၅ဘဝ၊ နဂါးအဖြစ် ၂ဘဝ၊ ဘဝတမျိုးစီဖြင့် ၃ဘဝ- သိကြားမင်းဘဝ၊ ဘီလူးစစ်ဘုရင်ဘဝနှင့် ခြင်္သေ့မင်းဘဝ စုစုပေါင်း ၂၄ဘဝဖြစ်သည်။

<u>၆။ ဘုရားလောင်း ဘုရားဖြစ်ခါနီး ဗောဓိပင်ရင်း၌ ထိုင်နေတော်မူစဉ် မာရ်နတ်ပစ်လွှင့်သော လက်နက် ၉မျိုး</u> (ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ လေပွေမုန်တိုင်း၊ ၂ ကြီးစွာသော ရေအယဉ်၊ ၃ ကျောက်ခဲမိုး၊ ၄ လက်နက်မိုး၊ ၅ မီးကျီးမိုး၊ ၆ ပြာပူမိုး၊ ၇ သဲပူမိုး၊ ၈ ညွန်ပူမိုး၊ ၉ [၁]လကွယ်၊ [၂]မိုးမှောင်၊ [၃]သန်းခေါင်၊ [၄]တောလယ် - ၄သွယ်သော အင်္ဂါရှိသော အမိုက်မှောင်ကြီး။

ဆက်၍ ၁၀ ဥက္ကာများ ကျစေခြင်း၊ ၁၁ မိုးကြိုးများ ကျစေခြင်းနှင့် ၁၂ နောက်ဆုံးအနေဖြင့် [၁]မြေ၌ပစ်လျှင် ၁၂နှစ် မြက်မပေါက်သော၊ [၂]ကောင်းကင်သို့ပစ်လျှင် ၁၂နှစ် မိုးမရွာသော၊ [၄] မြင်းမိုရ်တောင်ထိပ်သို့ပစ်လျှင် မြင်းမိုရ်တောင် ၂ခြမ်း ကွဲ၍ အောက်သို့လျှောကျသော စက်လက်နက်ဖြင့် ပစ်၏။

<u>၇။ ဘုရားလောင်း မြင်မက်သော အိပ်မက်ကြီး ၅မျိုးနှင့် မြင်မက်ရသည့် အကြောင်း ၅မျိုး</u> (မဟာသုပိနသုတ်၊ ပြာဟ္မဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မဟာပထဝီမြေကြီးသည် အိပ်ရာ၊ ဟိမဝန္တာတောင်မင်းသည် ခေါင်းအုံး၊ အရှေ့သမုဒ္ဒရာ၌ လက်ဝဲလက်၊ အနောက်သမုဒ္ဒရာ၌ လက်ျာလက်၊ တောင်သမုဒ္ဒရာ၌ ခြေတော်အစုံတား၏။ အတုမရှိသော အရဟတ္တမဂ်ဉာဏ်ကို ထိုးထွင်းသိတော်မူရန် ဖြစ်သည်၊

၂ တိရိယမြက်မျိုးသည် ချက်မှ အထက်သို့ထက်၍ ကောင်းကင်သို့ ထိ၍တည်၏။ လူ့ပြည်၊ နတ်ပြည်တိုင်အောင် ကောင်းစွာပြအပ်သော မြတ်သော အင်္ဂါ ၈ပါးရှိသောမဂ်ကို ထိုးထွင်း၍ သိရန် ဖြစ်၏၊

၃ မည်းနက်သော ဦးခေါင်းရှိသော ပိုးကောင်အဖြူတို့သည် ခြေမှတက်၍ ပုဆစ်ဒူးဝန်းတိုင်အောင် ဖုံးလွှမ်းကုန်၏။ အဝတ်ဖြူဝတ်သော များစွာသော လူအပေါင်း၏ မြတ်စွာဘုရားအား အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်ခြင်း ဖြစ်မည်ဖြစ်၏၊

၄ အဆင်းအမျိုးမျိုးရှိသည့် ငှက် ၄မျိုးတို့သည် အရပ် ၄မျက်နှာမှလာ၍ ခြေရင်း၌ကျပြီး အားလုံး အဖြူချည်း ဖြစ်ကုန်၏။ အမျိုး ၄ပါးသည် လူ့ဘောင်မှ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းဘောင်သို့ ဝင်ရောက်၍ အတုမရှိသော အရဟတ္တဖိုလ်အား မျက်မှောက်ပြုကြသည် ဖြစ်သည်၊

၅ ကြီးစွာသော မစင်တောင်၏ အဆင့်ဆင့်၌ မစင်ဖြင့် မလိမ်းကျံပဲ စင်္ကြံကြွသွားရ၏။ ပစ္စည်း ၄ပါးတို့ကိုရသော မြတ်စွာဘုရား၏ ထိုပစ္စည်းတို့ကို မမက်မောပဲ တဏှာဖြင့် မလွှမ်းမိုးပဲ အပြစ်ကိုရှု၍ လွတ်မြောက်ကြောင်းကိုသိလျက် သုံးဆောင်ခြင်းဖြစ်သည်။

<u>၈။ ဘုရားလောင်းမွေးမွေးချင်း စကားပြောသော ၃ဘဝ</u> (မဟောသဓာ / မဟာဥမင်ဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့ ခ၊ သုတ္တန္တပိဋက။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ မဟောသဓာဘဝ- သိကြားလာ၍ထားသော စန္ဒကူးနံ့သာနှစ်ဆေးတုံးကို ဆုပ်ကိုင်လျက် ဖွားလာ

သောအလောင်းတော်သည် "ဩသမံ အမ္မ။" မွေးသမိခင်ကျေးဇူးရှင် ဆေးကြီးကိုရခဲ့ပါပြီ။ "အမ္မ ဣဒံ ဩသမံ ယေန ကေနစိ အာဗာဓေန အာဗာဓိကာနံ" မွေးမိခင် ဤယခု ကျွန်ုပ်ယူဆောင်လာသောဆေးကြီးကို တစုံတခုသောအနာရောဂါဖြင့် နှိပ်စက်အပ်သောသူတို့အား "ဒေထ။" စိတ်ချလက်ချ ပေးကြပါကုန်။

၂ ပစ္ဆိမသိဒ္ဓတ္ထဘဝ- (အဋ္ဌရိယအဗ္ဘုတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) ဖွားခါစဖြစ်သော ဘုရားလောင်းသည် ညီညွတ်သောခြေဖြင့် မြေ၌ရပ်၍ မြောက်အရပ်သို့ရှေးရှု ၇ ဖဝါး လှမ်းကြွမြန်းစဉ် ထီးဖြူတော်ဆောင်းလျက် အလုံးစုံအရပ်ကို ကြည့်ရှုပြီး-

"၁ အဂ္ဂေါဟမသ္မိ လောကဿ၊ ၂ ဇေဋ္ဌောဟမသ္မိ လောကဿ၊ ၃ သေဋ္ဌောဟမသ္မိ လောကဿ။ ၄ အယမန္တိမာ ဇာတိ၊ ၅ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ"

"[၁]ငါသည် လောကမှာ အမြတ်ဆုံး ဖြစ်၏။

[၂]ငါသည် လောကမှာ အကြီးအကဲဆုံး ဖြစ်၏။

[၃]ငါသည် လောကမှာ အချီးမွမ်းအပ်ဆုံးဖြစ်၏။

[၄]ဤယခု ပဋိသန္ဓေနေရခြင်း- ဇာတိသည် နောက်ဆုံးအဖြစ်တည်း။

[၅]နောင်တဖန် ဘဝသစ်၌ ဖြစ်ရမှု မရှိတော့ပြီ" ဟု ကြုံးဝါးသောစကားကို မြွက်ဆိုခြင်း။

၃ ဝေဿန္တရာဘဝ- အလောင်းတော်သည် လက်ျာလက်ကို ဆန့်တန်းဖြန့်ခင်းလျက် "မွေးမယ်တော် လှူစရာများ တစုံတခုသော ဥစ္စာဝတ္ထု / ငွေများရှိရဲ့လား။ အလှူဒါနကို လှူပါအံ့" မယ်တော်သည် "ချစ်သား သင်သည် ဥစ္စာရှိသော နန်းတော်၌ ဖြစ်လာ၏" ဟုဆိုကာ သားတော်၏လက်ကို မိမိလက်ဖဝါးပေါ်တွင် တင်၍ ဥစ္စာတထောင်ထုပ်ကို သားတော်၏လက်၌ ထားပေ၏။

<u>၉။ ဘုရားလောင်းရသေ့ ၂ ပါး ၏ဆုတောင်းများ</u>

<u>၁။ ကဏှရသေ့၏ ဆုတောင်း ၆ပါး</u> (ကဏှဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

ဘုရားလောင်းကဏှရသေ့၏ ကြီးမားသောသီလတန်ခိုးကြောင့် သိကြား- အရှင်အနုရုဒ္ဓါအလောင်း ၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာပူ၍ စုံစမ်းရာမှ ကြည်ညိုသဖြင့် သိကြားက ဆုပေးမည်ဆို၍ တောင်း။

၁ ကောဓ- အမျက်ထွက်မှု မရှိခြင်း၊ ၂ ဒေါသ- ပြစ်မှားမှု မရှိခြင်း၊ ၃ လောဘမရှိခြင်း၊ ၄ ချစ်ခြင်း မရှိခြင်း၊ ၅ တော၌ ဣရိယာပုတ်၄ပါးဆောင်လျက် အမြဲတယောက်တည်းသာ နေလေ့ရှိသောငါ့အား ပြင်းစွာသော မြတ်သောအကျင့်၏အန္တရာယ်ကို ပြုတတ်သောအနာတို့သည် မဖြစ်စေသတည်း၊ ၆ ငါ့ကြောင့် တပါးသော သတ္တဝါတို့အား ဒုစရိုက်၁၀ပါး မပွားအံ့သောဆုကို ယူ၏။

၂။ အကိတ္တိရသေ့၏ ဆုတောင်း ၇ပါး (အကိတ္တိဇာတ်၊ တေရသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းအကိတ္တိရသေ့၏ သီလတန်ခိုးနှင့် ကံပြင်းပင်ကြီးအနီး၌ ကျောင်းဆောက်နေ၊ တပါးအရပ်မသွားပဲ သီးသောအခါ အသီးကိုစား၊ မသီးသော် အရွက်ပြုတ်စား၍ အလွန်အလိုနည်းသည့်အဖြစ်ကြောင့်၊ သိကြား- အရှင်အနုရုဒ္ဓါအလောင်းက သိကြားနေရာတောင့်တသည်ကို စုံစမ်းအံ့ဟု ကံပြင်းရွက်ပြုတ်ကို ၃ရက်ဆက် အလှူခံ၊ တဖန်ထပ်မပြုတ်ပဲ ပီတိဖြင့်နေသည်ကို အကြောင်းမေးရာ နိဗ္ဗာန်ကိုသာ တောင့်တကြောင်းသိရာ ဆုပေးသဖြင့်တောင်း။

၁ လောဘမဖြစ်စေရသည်၊ ၂ ဒေါသမဖြစ်ရသည်၊ ၃ သူမိုက်ကို မမြင်၊ မကြား၊ မပေါင်းဖေါ်၊ စကားမပြောရလို၊ မနှစ်သက်ရလိုသည်၊ ၄ ပညာရှိကို မြင်၊ ကြား၊ အတူတကွ ပေါင်းဖေါ် စကားပြောရလို၊ နှစ်သက်ရလိုသည်၊ ၅ ညဥ့်အဆုံးနေထွက်သောအခါ နတ်၌ဖြစ်သောအစာ၊ သီလရှိသောအလှူခံပုဂ္ဂိုလ်တို့သည် ထင်ရှားဖြစ်စေကုန်သတည်း၊ ၆ ပေးလှူသောငါ့အား မကုန်နိုင်စေသတည်း၊ လှူပြီး၍ နောင်တမရှိရလို၊ ပေးလှူဆဲ၌ စိတ်ကို ကြည်စေနိုင်ရလို၏၊ ၇ ငါ့သို့ သင်တဖန်မကပ်လာလင့်။ (ဤဆုကို အဘယ်ကြောင့် တောင်းရကြောင်းမေးရာ ဘုရားလောင်းက ခပ်သိမ်းသောကာမဂုဏ်တို့နှင့် ပြည့်စုံသော နတ်သိကြားအဆင်းကို မြင်၍ ခြိုးခြံသောအကျင့်ကို မေ့လျော့ခြင်းဘေး ဖြစ်၏ဟု ဖြေ၏။)

၁၀။ ဘုရားလောင်း ရဟန်းအဖြစ်ရသောအခါ နေထိုင်ကျင့်ကြံတော်မူပုံ / ပါရမီဖြည့်တော်မူပုံ (မဇ္ဈိမပဏ္ဏာသဋ္ဌ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

သာမန်ပုဂ္ဂိုလ်များကဲ့သို့ ပေါ့ပေါ့ဆဆ မနေ။ ၁ စတုပါရိသုဒ္ဓိသီလမှာ ကောင်းစွာတည်၊ ၂ ပိဋကတ် ၃ပုံကို သင်ယူ၊ ၃ ဓုတင် ၁၃ပါးကို ကျင့်သုံး၊ ၄ တောဝင်၊ ၅ ဆွမ်းခံအသွားအပြန်မှာ ကျင့်ရသောကျင့်ဝတ်ကို ကျင့်ဆောင်၊ ၆ ရဟန်းတရား အားထုတ်၍ ဝိပဿနာပွားများကာ အနုလောမဉာဏ်အထိ ရောက်သည်။ မဂ်ဖိုလ်အတွက် ကြိုးစားမှု မပြု။

၁၁။ ဘုရားလောင်း လူအဖြစ်နှင့် နတ်ပြည်ရောက်သောဘဝ ၄ ဘဝ (နိမိဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

၁ ဂုတ္တိလစောင်းသမား (ဂုတ္တိလဝိမာန၊ ပါရိစ္ဆတ္တကဝဂ်၊ ဂုတ္တိလဝိမာန၊ ဝိမာနဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)၊

၂ နိမိမင်းကြီး (နိမိဇာတ်တော်ကြီး၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)၊

၃ သာဓိနမင်း (သာဓိနဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)။

၄ ဤဘဒ္ဒကမ္ဘာ ကမ္ဘာဦးကာလမှ မန္တာတုမင်းကြီး (မန္ဓာတုဇာတ်၊ သက်ပွဂ်၊ တိကနိပါတ်၊ ဇာတက ပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)။

၁၂။ ဘုရားလောင်း သုမေဓါရသေ့ ဒီပင်္ကရာမြတ်စွာဘုရားထံ ဆုပန်ပုံ အခြင်းအရာ (သုမေဓပတ္ထနာကထာ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သုမေဓါရသေ့သည် ပေးရာနေရာ၌ လမ်းပြင်ဆင် သုတ်သင်နေစဉ် ဒီပင်္ကရာဘုရားရှင်သည် ရဟန္တာ ၄သိန်းနှင့် ကြွလာရာ ဆံဖြေ၍ လျော်တေသင်္ကန်းနှင့် သားရေပိုင်းစမ္မခဏ်တို့ကို ညွှန်ပျောင်း၌ ဖြန့်ခင်း၍ အလျားမှောက်ကာ လျှောင်းအိပ်ပြီး သမ္မာသမ္ဗောဓိ ဘုရားဆုကို တောင်းဆုပန်ဆင် တောင့်တ ပန်ထွာတော်မူ၏။

၁၃။ ဘုရားလောင်း သုမေဓါရသေ့ဘဝက အာဂမဆန္ဒတော် ၃ပါး (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

| | |
|---|---|
| ၁ ဗုဒ္ဓေါ ဗောဓေယျံ | - ငါကိုယ်တိုင် သစ္စာ ၄ပါးတရား ဥသုံကို သိမြင်ပြီးလျှင် ဝေနေယျ တို့ကိုလည်း သိစေနိုင်ရလို၏။ |
| ၂ မုတ္တော မောစေယျံ | - ငါကိုယ်တိုင် သံသရာဝဋ်မှ ကျွတ်လွတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း ချွေချွတ်နိုင်ရလို၏။ |
| ၃ တိဏ္ဏော တာရေယျံ | - ငါကိုယ်တိုင် ဘဝ ၃ခဏ်း ရေပြင်ကြမ်းကို ကူးသန်းထုတ်ချောက် နိဗ္ဗာန်ထည်းဟူသော တဖက်ကမ်းသို့ ရောက်ပြီးလျှင် ဝေနေယျတို့ကို လည်း ဆယ်တင်နိုင်ရလို၏။ |

၁၄။ ဘုရားလောင်း သုမေဓါရသေ့ နိယတဗျာဒိတ် ရတော်မူပြီးနောက် ဘုရားအဖြစ်ပြုတတ်သောတရား- ပါရမီ ၁၀ပါး အစဉ်နှင့် ဆောက်တည်ပုံ ဥပမာများ ၁၀ပါး- ကို ဆင်ခြင်တော်မူပုံ (သုမေဓပတ္ထနာကထာ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဒါနပါရမီ- ရေပြည့်အိုးကိုမှောက်သော် ရေကို အကြွင်းမဲ့အန်ထုတ်သကဲ့သို့ အယုတ် အလတ် အမြတ်မရွေး တောင်းခံသူပုဂ္ဂိုလ်တို့အား အကြွင်းမဲ့ ပေးလှူလော့၊ ၂ သီလပါရမီ- စာမရီသားကောင်သည် သစ်ပင် ချုံနွယ်တခု၌ မြီးဆံငြိလတ်သော် ထိုနေရာ၌ သေခြင်းသို့ရောက်စေကာမူ မြီးဆံကို မပျက်စီး စေသကဲ့သို့ ၄ပါးသော ကုသိုလ်တရားတို့၏ တည်ရာ- [၁]ပါတိမောက္ခသံဝရ၊ [၂]ဣန္ဒြိယသံဝရ၊ [၃]အာဇီဝပါရိသုဒ္ဓိ၊ [၄]ပစ္စယသန္နိဿိတတို့၌ သီလကို ဖြည့်ကျင့်စောင့်ရှောက်လော့၊ ၃ နေက္ခမ္မပါရမီ- နှောင်အိမ်၌ ကြာမြင့်စွာ နေရသောယောကျ်ားသည် ထိုနှောင်အိမ်ကို မတပ်မက်ပဲ လွတ်မြောက်ခြင်းကို ရှာသကဲ့သို့ အလုံးစုံသော ဘဝတို့ကို နှောင်အိမ်သို့ရှု၍ လွတ်မြောက်ခြင်းငှါ တောထွက်ခြင်းသို့ ရှေးရှုလော့၊

၄ ပညာပါရမီ- ဆွမ်းခံရဟန်းသည် အယုတ်၊ အလတ်၊ အမြတ် အမျိုးအိမ်တို့ကို မကြဉ်ရှောင်ပဲ မျှတရုံ အာဟာရကို ရသကဲ့သို့ အခါခပ်သိမ်း ပညာရှိသူကို မေးမြန်းလျက် ပညာပါရမီကို ဖြည့်လော့၊ ၅ ဝီရိယပါရမီ- သားတို့သနင်း ခြင်္သေ့မင်းသည် တိုင် ရပ် စကြံသွားခြင်း၌ အခါခပ်သိမ်း စိတ်ကို ပင့်မြှောက်ထားသကဲ့သို့ အလုံးစုံသောဘဝတို့၌ ဝီရိယပါရမီကို ဖြည့်လော့၊ ၆ ခန္တီပါရမီ- မြေကြီးသည် စင်ကြယ်သည် မစင်ကြယ်သည်ဖြစ်သော၊ အလုံးစုံပစ်ချအပ်သော အရာဝတ္ထုတို့ကို သည်းခံ၍၊ မုန်းခြင်း၊ ချစ်ခြင်း မပြုသကဲ့သို့ အလုံးစုံသောသူတို့အား မြတ်နိုးခြင်း၊ မထီမဲ့မြင်ပြုခြင်းတို့၌ သည်းခံဖြည့်ကျင့်လော့၊

၇ သစ္စာပါရမီ- သောက်ရူးကြယ်သည် နတ်နှင့်တကွ လောက၌ ချိန်သဖွယ်ဖြစ်ပြီး နွေ၊ မိုး၊ ဆောင်း ဥတု ၃ပါးလုံး၌ သွားမြဲလမ်းမှ မဖဲမရွေ့သကဲ့သို့ သစ္စာစကားတို့၌ ပြောဆိုမြဲလမ်းမှ မရွေ့မူ၍ ဖြည့်ကျင့်လော့၊ ၈ အဓိဋ္ဌာန်ပါရမီ- ကျောက်တောင်သည် မလှုပ်ရှားပဲ ကောင်းစွာတည်တံ့ပြီး လေပြင်းတို့ကြောင့် မလှုပ်ရှားပဲ မိမိနေရာ၌သာ တည်နေသကဲ့သို့ အခါခပ်သိမ်း တုန်လှုပ်ခြင်းမရှိသူ ဖြစ်ပါလော့၊ ၉ မေတ္တာပါရမီ- ရေသည် ကောင်းသူ မကောင်းသူတို့ကို အအေးဖြင့် အညီအမျှ ပျံ့နှံ့ထိတွေ့၍ အညစ်အကြေးကို မျှောသကဲ့သို့ သင်သည် မိမိ အကျိုးဆောင်သူ မဆောင်သူတို့ကို အညီအမျှ မေတ္တာပွားလော့၊ ၁၀ ဥပေက္ခာပါရမီ- မြေကြီးသည် စင်ကြယ်သည် မစင်ကြယ်သည်ဖြစ်သော၊ အလုံးစုံပစ်ချအပ်သော အရာဝတ္ထုတို့ကို သည်းခံ၍၊ မုန်းခြင်း ချစ်ခြင်း မပြုသကဲ့သို့ သင်သည် ချမ်းသာဆင်းရဲ၌ အခါခပ်သိမ်း ချိန်သဖွယ် မြဲမြံစွာ ဖြစ်လော့။

ဤသို့သုံးသပ်ဆင်ခြင်သော် ငါ ၏ ဆင်ခြင်ဉာဏ်တန်ခိုးကြောင့် လောကဓါတ်တိုက် တသောင်းလုံး မြေကြီးသည် ကြံညှစ်စက်၊ ဆီကြိတ်စက်ယန္တရားကဲ့သို့ တုန်လှုပ်၏။

၁၅။ ဘုရားလောင်း သုမေဓါသူဌေး ကြံဆင်ခြင်ချက် ၁၀ချက် (သုမေဓပတ္ထနာကထာ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဆင်းရဲရှိလျှင် ချမ်းသာရှိသကဲ့သို့ ဘဝရှိလျှင် ဘဝကင်းခြင်းကို အလိုရှိသင့်၊ ၂ အပူရှိလျှင် အအေးရှိသကဲ့သို့ လောဘ ဒေါသ မောဟ မီး၃ပါးရှိလျှင် မီးငြိမ်းရာနိဗ္ဗာန်ကို အလိုရှိသင့်၊ ၃ မကောင်းမှု ရှိလျှင် ကောင်းမှုရှိသကဲ့သို့ ဇာတိရှိသော် ဇာတိမရှိရာ နိဗ္ဗာန်ကို အလိုရှိသင့် (အလိုရှိသင့်ကြောင်း ၃ပါး)၊

၄ မစင်လူးသောယောကျ်ားသည် တဖက်ဆည်ကန်တွေ့လျက် လမ်းမရှာလျှင် ထိုအပြစ်သည် တဖက်ဆည်ကန်၏ အပြစ်မဟုတ်သကဲ့သို့၊ ၅ ရန်သူဝန်းရံထားသောယောကျ်ားသည် ပြေးရန်လမ်းရှိလျက် မပြေးလျှင် လမ်း၏အပြစ်မဟုတ်သကဲ့သို့၊ ၆ အနာရောဂါနှိပ်စက်နေသော ယောကျ်ားသည် ဆေးဆရာ ရှိလျက် မကုလျှင် ဆေးဆရာ၏အပြစ်မဟုတ်သကဲ့သို့ (အပြစ်မဟုတ်ကြောင်း ၃ပါး)၊

၇ လည်ပင်း၌ ဖွဲ့ထားသော အကောင်ပုပ်ကို စက်ဆုပ်၍ ဖြေချွတ်သွားသော ယောကျ်ားကဲ့သို့ ကျင်ကြီး၊ ကျင်ငယ်၊ အပုပ်အသိုးတို့ ပေါင်းစုရာ ဤကိုယ်ကောင်ပုပ်ကို စွန့်ပစ်၍ သွားအံ့၊ ၈ ယောကျ်ား မိန်းမတို့သည် ကျင်ကြီးစွန့်ရာအရပ်၌ စွန့်ပြီး ငဲ့ကွက်ခြင်းမရှိပဲ သွားသကဲ့သို့ အပုပ်အသိုးတို့ဖြင့် ပြည့်နေ သော ဤကိုယ်ကို စွန့်၍သွားအံ့၊ ၉ လှေပိုင်ရှင်သည် ဆွေးမြေ့ပျက်စီး ရေယိုသောလှေကို မငဲ့မလိုပဲ

စွန့်သွားသကဲ့သို့ အပေါက် ဇပေါက်မှ အမြဲယိုစီးနေသော ဤခန္ဓာကိုယ်ကို စွန့်၍သွားအံ့၊ **၁၀** ယောကျ်ား သည် ဘဏ္ဍာယူ၍ ခိုးသူတို့နှင့်အတူသွားသော် လုယက်မည့်ဘေးကို မြင်၍ ခိုးသူတို့ကို စွန့်၍သွားသကဲ့သို့ ကုသိုလ်ကို လုယက်ဖျက်ဆီးမည့် ဤခိုးသူခန္ဓာကိုယ်ကြီးကို စွန့်၍သွားတော့အံ့ (စွန့်၍သွားကြောင်း ၄ပါး)။

ဤသို့ကြံစည်စဉ်းစားပြီးနောက် ဥစ္စာပစ္စည်းများကို စွန့်လှူပြီးနောက် ဟိမဝန္တာသို့ ဝင်ရောက်၍ ရသေ့ရဟန်းပြု၏။

၁၆။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဆရာ ၅ဦး (အာစရိယာနာစရိယပဉ္ဇာ၊ သန္တဝဂ်၊ မေဏ္ဍကပဉ္ဇာ၊ မိလိန္ဒပဉ္ဇာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဘုရားလောင်း ဖွားကာမျှ၌ လက္ခဏာဖတ်ကုန်သော [၁]ရာမ၊ [၂]ဓဇ၊ [၃]လက္ခဏ၊ [၄]မန္တီ၊ [၅]ယည၊ [၆]သုယာမ၊ [၇]သုဘောဇ၊ [၈]သုဒတ္တပုဏ္ဏားစသော ဤ ၈ယောက်သောပုဏ္ဏားတို့သည် ဘုရားလောင်း၏ ချမ်းသာ ခြင်းကို ကြားလျှောက်၍ စောင့်ရှောက်မှုကိုပြုကုန်သော ဆရာများ၊ ၂ ခမည်းတော်အပ်နှင်းသော၊ အတတ် သင်ပေးသော သဗ္ဗမိတ္တပုဏ္ဏား၊ ၃ ဘုရားလောင်းကို ထိတ်လန့်တုန်လှုပ်စေ၍ ထိုခဏ၌ပင် တော ထွက်၍ ရဟန်းပြုစေသောနတ်သား၊ ၄ ကာလာမ၏သား အာဠာရရသေ့သည် အာကိဉ္စညာယတန ဈာန်၏ ပရိကံကို ပြောကြား၏၊ ၅ ရာမ၏သား ဥဒကရသေ့သည် နေဝသညာနာသညာယတနဈာန်၏ ပရိကံကို ပြောကြား၏။

၁၇။ ဘုရားလောင်း အတွင်းအလှူကို လှူလိုသော ကြည်ညိုဖွယ်ရာ အံ့မခန်းအကြံ ကြံသောဘဝ ၂ဘဝ

၁။ အကြံ ၅ပါး (သိဝိဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

သိဝိမင်းကြီးသည် နေ့တိုင်းနေ့တိုင်း ၆သိန်းလှူနေသော အလှူဇရပ်၆ဆောင်ကို ၈ရက်၊ ၁၄ရက်၊ ၁၅ရက်တို့၌ လှည့်၍ကြည့်၊ တနေ့ "ငါသည် အပဝတ္ထုကို မလှူမိသည်မည်သည်မရှိ၊ ငါ့ကို အပအလှူသည် မနစ်သက်စေ၊ အဇ္ဈတ္တိက အတွင်းအလှူကို လှူလို၏၊ ယနေ့ အလှူဇရပ်သို့သွားသောအခါ-

၁ တစုံတယောက်က နှလုံးသားကိုတောင်းငြားအံ့၊ ကပ်ကျေးဖြင့် ရင်ကိုခွဲ၍ ကြည်စွာသောရေမှ ကြာရိုးနှင့်တကွ ပဒုမ္မာကြာငုံကို ဆယ်တင်သကဲ့သို့ သွေးပေါက်တဖျင်းဖျင်းယိုစီးသော နှလုံးသည်းပွတ်ကို ထုတ်နှုတ်၍ ပေးလှူအံ့၊ ၂ အသားကို အလှူခံအံ့၊ သားလှီးဓါးငယ်ဖြင့် ဆီကျည်သားချိုကို လှီးဖြတ်သကဲ့သို့ ကိုယ်အသားကို လှီးဖြတ်၍လှူအံ့၊ ၃ သွေးကို အလှူခံငြားအံ့၊ ယန္တရားအဝသို့သွား၍ ဆောင်သကဲ့သို့ အိုးခွက် ကို ပြည့်စေလျက် သွေးကို ငါလှူအံ့၊ ၄ ကျွန်ဖြစ်ပါလော့ဆိုက မင်းအသွင်ပယ်၍ ကျွန်အမှုကို ငါပြုအံ့၊ ၅ မျက်စိကို အလှူခံငြားအံ့၊ ထန်းသီးဆံကို ထုတ်သကဲ့သို့ မျက်စိတို့ကိုထုတ်၍လှူအံ့။"

၂။ အကြံ ၆ပါး (ဝေဿန္တရာဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီးဟောစဉ် ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

ဝေဿန္တရာမင်းသား သက်တော်ဂနစ်အရွယ် အိပ်ရာထက်မှနေ၍ အတွင်းကိုယ်သား ၆ပါးလှူရန် ကြံစည်တော်မူ၏။

၁ ဦးခေါင်း၊ ၂ မျက်လုံး၊ ၃ နလုံး၊ ၄ အသား၊ ၅ အသွေး၊ ၆ ကျွန်အဖြစ်တကိုယ်လုံး။

၁၈။ ဘုရားလောင်းအား ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ကောဏ္ဍညပုဏ္ဏားလုလင် ဟောခြင်း၏အကြောင်း (ပဌမပိုင်း၊ ဆဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကောဏ္ဍညပုဏ္ဏားလုလင်သည် ဘုရားလောင်း မင်းသားကလေး၏ မဟာပုရိသလက္ခဏာတော်ကြီးတို့နှင့် ပြည့်စုံသည်ကို သေချာစေ့စပ်စွာ ကြည့်ရှု၍ ဖဝါးတော်၌ စကြာဝတေးမင်း လက္ခဏာတံဆိပ်ပါရှိလာရကား စကြာမင်းဖြစ်မည့်သူ၏ဖဝါး၌ ယင်းလက္ခဏာ မပါတန်ရာဟု ဆင်ခြင်ပြီးလျှင် "ဤအလောင်းမင်းသားမှာ အိမ်၏အလယ်၌ တည်နေရန်အကြောင်း လုံးဝမရှိ၊ ဧကန်ပင် ဘုရားစင်စစ် ဖြစ်လိမ့်မည်" ဟု ရဲရဲတောက်ဟောဆိုကာ လက်တချောင်းကိုသာ မြှောက်ချီလေ၏။

၁၉။ ဘုရားလောင်းအား အရှင်ဒေဝဒတ်အလောင်း ဦးစွာရန်ညှိုးဖွဲ့သော ဘဝ / ဇာတ် (သေရိဝဝါဏိဇ-သေရိဝရွှဲကုန်သည်ဇာတ်၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

လွန်ခဲ့သော ၅ကမ္ဘာထက်က ပညာရှိရွှဲကုန်သည်သည် ဘုရားလောင်း၊ သေရိဝရွှဲကုန်သည်မိုက်သည် အရှင်ဒေဝဒတ်လောင်းဖြစ်၊ ပဲဝက်မျှမတန်ဟု ရွှေခွက်ကို ကောက်ကျစ်စွာ အဖိုးပြောခဲ့၊ ရွှေခွက်မရပဲ ရွှေခွက်ယူ၍ လှေဖြင့် မြစ်တဖက်ကမ်းသို့ ကူးသွားသော ဘုရားလောင်းကုန်သည်ကို ကြည့်ရင်း မြစ်ကမ်းနား၌ပင် အသက်ကုန်၏၊ ဘုရားလောင်း၌ အရှင်ဒေဝဒတ်၏ ရှေးဦးစွာဖွဲ့သော ရန်ညှိုးတည်း။

၂၀။ ဘုရားလောင်းအား အရှင်ဒေဝဒတ်အလောင်း သတ်ခဲ့သော **ကြည့်ညိုကြက်သီးထဖွယ်ရာဘဝ ၅ ဘဝ** (စူဠဓမ္မပါလဇာတ်၊ မဏိကုဏ္ဍလဝဂ်၊ ပဉ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက - ထိုဇာတ်၏နိဒါန်းပိုင်းတွင် ဆရာတော်ကြီးဖေါ်ပြထားသည်။)

၁ စူဠဓမ္မပါလဇာတ်၊ မဏိကုဏ္ဍလဝဂ်၊ ပဉ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ခမည်းတော်မင်း- အရှင်ဒေဝဒတ်အလောင်းသည် မိဖုယားကြီး- မဟာမာယာဒေဝီအလောင်း၏ အဆောင်တော်သို့ ကြွလာစဉ် မိဖုယားကြီးက သားတော်ဖြစ်သော ၇လအရွယ် ဘုရားလောင်းလေးကို ရေချိုးပေးပြီး အဝတ်တန်ဆာဆင်၍ မြူချော့နေ၊ မင်းကြီးက မိဖုယားကြီးသည် သားတော်ယယ်စဉ်ကပင် သူ့ကို အလေးမပြုတော့ဟု အမျက်ထွက်၍ ပြန်ကြွ၊ မိဖုယားကြီးက တောင်းပန်လည်း မင်းရင်ပြင်ထွင် သားတော်

လေးကို အာဏာပါးကွက်သမားအား လက်ခြေများကိုဖြတ်စေ၊ ကိုယ်ကို ကောင်းကင်သို့မြှောက်ကာ သန်လျက်သွားဖြင့်ခံ၍ သန်လျက်ပန်း မည်သည်ကိုပြုရာ ဘုရားလောင်း၏အသားတို့ မြတ်သော ပြာသာဒ်အပြင်၌ ဖရိုဖရဲကြ၏၊ မယ်တော် ရင်ကွဲ၍သေ၊ မင်းလည်း မြေသို့ကျ၍ မြေမျို၏။

၂ တိတ္တိရဇာတ်၊ နဝကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဒိသာပါမောက္ခဆရာကြီး- အရှင်မဟာကဿပအလောင်းကွယ်လွန်၍ ခါပညာရှိ- ဘုရားအလောင်းက ပေဒင်၃ပုံကို လုလင်၅၀၀အား ဆက်သင်၊ လုလင်တို့ တောင်ထိပ်ပွဲသဘင်ဆင်နွှဲရန် မြို့သို့ သွားကြ၊ ရသေ့စဉ်းလဲ- အရှင်ဒေဝဒတ်အလောင်း ရောက်လာသော် ခါ ၊ ကျောင်းနားရှိ ဖွတ်သားငယ်များ၊ နွားငယ်တို့ကို သတ်စား၊ ညနေ နွားမပြန်လာသော် သတ်စား၊ ဖွတ်မ- အရှင်မဥပလ္လဝဏ်အလောင်းက ထွက်ပြေး၊ ကျောင်းနားနေကျား- အရှင်မောဂ္ဂလာန်အလောင်းက ရသေ့ကိုမေးသော် ခါမှလွဲ၍ အကုန်သတ်စားကြောင်း ပြော၊ ဆံကျစ်ကြား၌ ခါမွေးများတွေ့သဖြင့် ကျောင်းနားနေ မိတ်ဖက်ခြင်္သေ့ဆီခေါ်၍မေးသော် ဝန်ခံ၊ ကျားက ကိုက်သတ်၊ လုလင်များ ပြန်လာသော် ဆရာခါကို မတွေ့ကြသဖြင့် ငိုယိုကာပြန်ကြ၏။

၃ ခန္တီဝါဒီဇာတ်၊ ပုစိမန္ဒဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

(ဤတရားစု၏ တရားအမှတ် ၂၁။ ဘုရားလောင်း၏ ကြည်ညိုအားကျဖွယ်ရာ ပါရမီဖြည့်ကျင့်စဉ်ဘဝ - အနက်မှ - အမှတ် ၂။ ခန္တီဝါဒီရသေ့ဇာတ်) - ကို ကြည့်ပါ။

၄ စူဠနန္ဒိယဇာတ်၊ ကာသာဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ပုဏ္ဏားမုဆိုး- အရှင်ဒေဝဒတ်အလောင်းသည် တော၌ အမိမျက်မမြင်မျောက်မအို- အရှင်မဂေါတမီထေရီမကြီးအလောင်းကို လုပ်ကျွေးနေကြသော နောင်တော်မျောက်- ဘုရားအလောင်းက သူ့ကိုသတ်၍ အမိကို ချမ်းသာပေးရန်ပြောသော်လည်း မြားနှင့်ပစ်၊ ကျ၊ ညီတော်မျောက်- အရှင်အာနန္ဒာအလောင်းက နောင်တော်ကဲ့သို့ တောင်းပန်ပြန်လည်း တဖန်လေးဖြင့်ပစ်၍ သတ်၊ နောက် မျက်မမြင်မျောက်မကြီးကိုလည်း သတ်၍ မျောက်သေ ၃ကောင်ယူကာ ရွာပြန်၊ အိမ်ကိုမိုးကြိုးကျ၍ မယားနှင့်သား၂ယောက်တို့ အိမ်နှင့်တကွ လောင်၍ သေ၏၊ လက်မောင်းမြှောက်၍ ငိုယိုကာ ကိုယ်ချည်းစည်း အိမ်တဲဝင်ရာ ခေါင်တိုင်လဲ၍ ဦးခေါင်းကိုခွဲ၊ မြေမျိုသွား၏။

၅ မဟာကပိဇာတ်၊ ဂန္ဓရဝင်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဘုရားလောင်းမျောက်မင်းသည် မျောက်ဧသောင်း၏အကြီးအမှူး ဖြစ်၊ ဂင်္ဂါမြစ်နားရှိ အဗ္ဗန္တရ သရက်ပင်မှအသီးများကို မျောက်တို့စားကြ၊ ဗာရာဏသီမင်း- အရှင်အာနန္ဒာအလောင်း မြစ်၌မျောလာသော ထိုသရက်သီးကို စားလို၍ မြစ်ညာသို့ ဗိုလ်ပါများဖြင့်ရောက်လာ၊ ညတွင် မျောက်များလာ၍စားစဉ် မင်းနိုးလာ၊ အပင်ကို ဝန်းရံထား၊ ဘုရားလောင်း မြစ်တဖက်ကမ်းသို့ အပင်ပေါ်မှခုန်ကူးပြီး နွယ်ကိုဖြတ်သော် မြစ်နှင့်သရက်ပင်အရပ်ကိုသာ မှတ်သား၍ ဖြတ်၊ မိမိခါးအရပ်ကို မမှတ်သားမိ၊ တို့ကြောင့် ပြန်အခုန်တွင် အပင်ပေါ်သို့ မရောက်နိုင်ပဲ လက်၂ဖက်ဖြင့် သရက်ခက်ကိုကိုင်၍ မျောက်အပေါင်းကိုကူးစေ၊ ဘုရားလောင်းကို ရှိခိုး၍ကူးကြ၊ ဒေဝဒတ်အလောင်း မျောက်ကမူ အမြင့်ကိုင်းမှနေ၍ အဟုန်ဖြင့်ခုန်ချ၊ ဘုရားလောင်း နလုံးကွဲ၍ ပြင်းစွာသောဝေဒနာဖြစ်၊ မင်းက ဖြည်းညင်းသာယာစွာ ချစေ၍ ပြုစု၊ ဘုရားလောင်းက မင်းကို ဆုံးမစဉ် သေ၊ မြို့၌ အရိုးခါတ်ကို စေတီတည်၍ ၇ရက်လုံး ပူဇော်၊ အဆုံးအမလိုက်နာ၊ သေသော် နတ်ရွာလား။

၂၁။ ဘုရားလောင်း၏ **ကြည်ညိုအားကျဖွယ်ရာ** ပါရမီဖြည့်သော ကျင့်စဉ်ဘဝ ၉ ဘဝ

၁ ၁၂နှစ်တိုင် လိုသောသစ်ရွက်ထီးနှင့် တလွှာဖိနပ်အစုံကို မတောင်းခံခြင်း (ပြဟ္မ- မြတ်သောဒတ္တ- ပေးအပ်ခြင်းဇာတ်၊ ပြဟ္မဒတ္တဇာတ်၊ ကုဋိဒူသကဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်း ပုဏ္ဏားမျိုး၌ဖြစ်ကာ အတတ်သင်ပြီးနောက် ရသေ့ပြု၊ ကြာသော်ချဉ်ဆားစားရန် မြို့သို့လာ၊ မင်းကြည်ညို၍ ဉယျာဉ်၌နေစေကာ ပစ္စည်းဖြင့်ဖိတ်၊ မိုးကာလလွန်သော် ဟိမဝန္တာသို့သွားလို၊ ခရီးအတွက် တလွှာဖိနပ်နှင့် သစ်ရွက်ထီးရခြင်းငှာသင့်၏၊ မင်းထံ တောင်းအံ့ဟုကြံ၍ တဖန်ဆက်ကာ "တောင်းသူသည် ငိုသည်မည်၏၊ မရှိဟုဆိုသော ဥစ္စာရှင်သည်လည်း အတူငိုသောသူမည်၏၊ ငိုသောငါ့ကို အတူငိုသောမင်းကို လူများမမြင်စေလင့်၊ ဆိတ်ကွယ်ရာ၌ ငါတို့၂ဦးငို၍ ဆိတ်ဆိတ်ဖြစ်အံ့။" ဟုကြံ၊ တဖန် ငါတောင်းသော် မပေးအံ့၊ ငါ့အားချစ်ခြင်း ပျက်လတ္တံ့၊ ထို့ကြောင့် ငါမတောင်းဟု ကြံပြန်၏၊ နောက်နေ့၌လည်း ထိုအထိုင်း ကြံမိပြန်၏၊ ၁၂နှစ်တိုင်၏၊ မင်းက ထပ်၍ဖိတ်ပြန်သော်မှ လိုအပ်သည်ကိုတောင်း၊ ထို့နောက် မင်းက ဆက်၍ သီတင်းသုံးရန် တောင်းပန်စဉ် ဟိမဝန္တာသို့သွား၊ အဘိညာဉ်များဖြစ်စေပြီးသေသော် ပြဟ္မာ့ပြည်သို့လား၏။

၂ ခန္တီဝါဒီရသေ့ (ခန္တီဝါဒီဇာတ်၊ ပုစိမန္ဒဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာ တော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် အမျက်ထွက်တတ်သော ရဟန်းတပါးနှင့်စပ်၍ဟော၊ ဗာရာဏသီပြည်၌ ကလာဘုမင်း- အရှင်ဒေဝဒတ်အလောင်း နန်းစံစဉ် ဘုရားလောင်းသည် ကုဋေ၈၀ကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၊ အရွယ်ရောက်သော် အတတ်များသင်ပြီး မိဖများလွန်သော် ဥစ္စာပစ္စည်းများကိုကြည့်၍ ယူသွားခြင်းငှါ

သင့်၏၊ အဆွေအမျိုးတို့သည် မယူပဲသွားကြကုန်၏ဟုဆိုကာ အားလုံးကိုပေးလှူပြီး ဟိမဝန္တာ၌ ရသေ့ရဟန်း ပြု၊ ကာလကြာသော် ချဉ်ဆားမှီဝဲရန် ဗာရာဏသီကိုလာရာ စစ်သူကြီး- အရှင်သာရိပုတ္တရာအလောင်းက ကိုးကွယ်ပြီး မင်းဥယျာဉ်၌နေစေ။

တနေ့ မင်းဥယျာဉ်ထွက်စဉ် သောက်စားမူးယစ်၍ အိပ်ပျော်သွား၊ မောင်းမများ ရသေ့၏တရားနာ၊ မင်းနိုးလာသော် အကြောင်းသိ၍ အမျက်ထွက်၊ အဘယ်ဝါဒရှိသနည်းဟုမေး၊ ခန္တီဝါဒရှိသည်ဟုဖြေ၊ ခန္တီသည် အဘယ်နည်းဟုမေး၊ ဆဲရေးသူ၌ငင်း ပုတ်ခတ်သူတို့၌ငင်း အမျက်မထွက်သောအဖြစ်သည် ခန္တီမည်၏ ဟုဖြေသော် ၁ မြေ၌လဲစေ၍ အဆူးတပ်ကြိမ်ဖြင့် ရှေ့နောက်နံပါး၂ဖက် ၄မျက်နှာတို့၌ စုပေါင်း အချက် နှစ်ထောင်ရိုက်စေ၊ အပေါ်ရေအထွင်းရေစုတ်၊ အသားပြတ်၊ သွေးများယိုစီးကျ၊ မင်းကမေးပြန်သော် သင်မင်းကြီးသည် ငါ၏ခန္တီကား အရေကြား၌ရှိ၏ ဟုထင်၏၊ မြင်ခြင်းငှါ မတတ်ကောင်း၊ စိတ်အထွင်း၌ တည်၏ဟု ဖြေ၊

၂ လက်၂ဖက် ခြေ၂ဖက်ဖြတ်စေ၊ ချိပ်ရည်သို့ သွေးများယိုစီး၊ တခါမေးပြန်သော် သင်မင်းကြီးသည် ငါ၏ခန္တီသည် ခြေစွန်း၊ လက်စွန်းတို့၌ ရှိ၏ဟု ထင်၏၊ နက်နဲသောအရပ်၌ ထည်၏ဟု ဖြေ၊

၃ နားနှာခေါင်း ဖြတ်စေပြန်၏၊ ကိုယ်အလုံးမှ သွေးယိုစီး၏၊ မေးပြန်သော် ခန္တီကား နားနှာခေါင်း အစွန်း၌ တည်၏ဟု မမှတ်လင့်၊ နက်နဲသော စိတ်အတွင်း၌ တည်၏ဟု ပြောသော်-

၄ သင့်ခန္တီကို သင်သည်သာလျှင် ရွက်ဆောင်၍နေလော့ဟု ဆို၍ ရင်ကိုခြေဖြင့် ကန်ကျောက်။ စစ်သူကြီးပြုစုပေး၊ အမျက်ထွက်လိုသော် ပြုသူမင်းအားသာ အမျက်ထွက်ရန်၊ တိုင်းသူပြည်သားများကို မထွက်ရန် တောင်းပန်၊ ရသေ့က မင်းသည် ကြာမြင့်စွာ အသက်ရှည်ပါစေ၊ ငါနှင့်တူသောပညာရှိတို့သည် အမျက်မထွက်သည်သာဟုပြော၍ သေဆုံး၊ မင်းလည်း မြေမျိုခံရ။

၃ ဆင်မင်းအဖြစ်ဖြင့် အမိကိုလုပ်ကျွေးခြင်း (မာတုပေါသက- အမိကိုလုပ်ကျွေးသူဇာတ်၊ ဧကာ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည် ဆင်ပေါင်း၈သောင်းအခြံအရံရှိသော ကိုယ်လုံးဖြူ၍ ကြည်ညိုဖွယ်ရှိ၊ မျက်စိအလင်း မရသောအမိ- မယ်တော်မာယာအလောင်းကို သစ်သီးစားဖွယ်ပေးနိုင်းရာ ဆင်များစားပစ်၊ အမိကိုငါ မွေးအံ့ ဟု စဏ္ဍောရဏတောင်ခြေရင်းရှိ ပဒုမာကြာထောအနီး တောင်ဂုမ်း၌ အမိနှင့်နေ၊ ဗာရာဏသီ မုဆိုးတဦး- အရှင်ဒေဝဒတ်အလောင်း ခရီးမှား၍ငိုသည်ကို ကျောက်ကုန်းပေါ်တင်၍ တောမှထုတ်၊ မင်း- အရှင်အာနန္ဒာ အလောင်း၏ မင်္ဂလာဆင်ထော်သေရာ ဆင်မင်းရှိရာကို မုဆိုးလျှောက်ကြား၊ ဆင်မင်းဆီလာကြရာ ဖျက်ဆီး နိုင်သော ကြီးသောအားရှိလည်း အမျက်ထွက်က သီလပျက်လတ္တံ့၊ ငါ့ဦးခေါင်းကို လှံမဖြင့် တိုးလည်း ငါအမျက်မထွက်အံ့ဟု ကြံကာနေနေရာ ငွေပန်းဆိုင်းတူနှာမောင်းကို ကိုင်၍ယူသွား။

တန်ဆာဆင်သော မင်း၏ဆင်တင်းကုပ်၌ အရသာရှိသောဘောဇဉ်ပေးလည်း အမိနှင့်ကင်း၍ အစာ

မယူရာဟုကြံ၍ အစာမစား၊ မင်းပြော "အစာယူလော့၊ များလှသောမင်းအမှုတို့ကို ဆင်မင်းပြုရလတ္တံ့၊ မကြုံ လှီစေလင့်။" "အထီးကျန် မျက်မမြင်ဆင်မအိုသည် စဏ္ဍောရဏတောင်သို့ ရှေးရှုသည်ဖြစ်၍ သစ်ငုတ်ဖြင့် ခြေနှင့်ခတ်မိလေအံ့၊" "ထိုဆင်မအိုသည် အဘယ်သို့တော်သနည်း?" "အမိတည်း။" "အမတ်တို့ အကြင် ဆင်မြွတ်သည် အမိကို မွေးကျွေး၏၊ လွှတ်ကြလော့၊ အမိနှင့်ငင်း ခပ်သိမ်းသောဆွေမျိုးတို့နှင့်ငင်း ညီညွတ် ခြင်းသို့ ရောက်စေလော့။"

"မိခင် ထပါလော့၊ အဘယ်ကြောင့် ဤမျှလောက်အိပ်သနည်း? ၊ အကျွန်ုပ်လာခဲ့ပြီ၊ ဉာဏ်ပညာရှိ သော ကာသိကရာဇ်မင်း လွှတ်လိုက်သည်ဖြစ်၏၊ ဤမင်းကြီးသည် အခါခပ်သိမ်း အမိကို အရိုအသေပြု သောသားကို လွှတ်ပေ၏၊ ထိုမင်းသည် အခါခပ်သိမ်းရှည်မြင့်စွာ သက်တော်ရှည်ပါစေသတည်း။" မင်းသည် ဘုရားလောင်း၏ ဂုဏ်ကျေးဇူး၌ ကြည်ညို၍ ပဒုမာကြာတောအနီး မနီးမဝေး၌ ရွာတည်၍ ဘုရားလောင်း နှင့်အမိအား နိဗဒ္ဓဝတ်ဖြစ်စေ၏၊ မယ်တော်သေသော် ဘုရားလောင်းသည် သင်္ဂြိုဟ်၍ ကာရဏ္ဍကသခ်မ်း ကျောင်းရှိ ရသေ့၅၀၀အား ဝတ်ကိုလှူ၊ မင်းသည် ဘုရားလောင်းနှင့်တူမျှသော သဏ္ဌာန်ရှိသော ကျောက်ဆင် အတုပြု၍ ကြီးစွာသော ပူဇော်သက္ကာယပြု၊ ဇမ္ဗူဒိပ်ကျွန်းသူထို့ နှစ်တိုင်း ပူဇော်ခြင်းပြု၏။

၄ မျောက်တကောင် ကျောက်ကုန်းပေါ်တက်၊ ကျင်ကြီး ကျင်ငယ်စွန့်၊ ချိုကို့ကိုကိုင်၍ တွဲလျားဆွဲ၊ အမြီးကိုင်၍ ပုခက်လွှဲခြင်းတို့ကို အဖန်ဖန်ပြုခြင်းကို သည်းခံသောကျွဲမင်း (မဟိံသရာဇ- ကျွဲမင်း ဇာတ်၊ ဥဒပါနဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဟိမဝန္တာ၌နေ၍ အားနှင့်ပြည့်စုံပြီး ကြီးသောကိုယ်ရှိသောကျွဲမင်း- ဘုရားလောင်းသည် ချိုင့်ဝှမ်းတောအုပ်၌ ကျက်စားပြီးနောက် ချမ်းသာသောသစ်ပင်ရင်း၌ နားနေစဉ် လျှပ်ပေါ်သောမျောက်တကောင်၏ ပြုမူနေမှုကို မြင်သော ထိုသစ်ပင်စောင့်နတ်သည် ကျွဲမင်းကို အလုံးစုံသောအလိုကို ပေးတတ်သောအရှင်၏ ဆင်းရဲကို သည်းခံသကဲ့သို့ အဘယ့်ကြောင့် သည်းခံနေရသနည်းဟု မေး။

ကျွဲမင်းက ငါသည် ဤမျောက်ထက် အမျိုးအနွယ် စသည်တို့ဖြင့် လွန်မြွတ်သည်ဖြစ်လျက် ဤ မျောက်၏အပြစ်ကို သည်းမခံအံ့၊ အဘယ်မှာ ငါ၏နလုံးအလိုသည် ပြီးခြင်းသို့ရောက်အံ့နည်း၊ ဤမျောက် သည် တပါးသောကျွဲကို ငါကဲ့သို့အောက်မေ့၍ ဤသို့ပြုမူအံ့၊ ထိုကျွဲသည် ဤမျောက်ကို သတ်လတ္တံ့၊ ထိုသတ်ခြင်းသည် ငါ့အား ဆင်းရဲခြင်း၊ ပါဏာတိပါတ်ဖြစ်ခြင်းမှ လွတ်ခြင်းသည် ဖြစ်လတ္တံ့ဟု ဆို၏၊ ၂ရက် ၃ရက်ကြာသော် ဘုရားလောင်း အရပ်တပါးသို့သွားစဉ် ကြမ်းသောကျွဲတကောင်လာရာ မရှိမသေကျင့်သော ထိုမျောက်ကို ခါချလျက် သတ်၏။

၅ ယုန်ပညာရှိ (သသပဏ္ဍိတဇာတ်၊ ပုစိမန္တဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းယုန်မင်း၊ မျောက်- အရှင်သာရိပုတ္တရာအလောင်း မြေခွေး- အရှင်မောဂ္ဂလန်အလောင်း ဖျံ- အရှင်အာနန္ဒာအလောင်းတို့ အဆွေခင်ပွန်းဖြစ်ကာ တောတတောင်၌နေကြ၊ နေ့အစာရှာကြပြီး ညစည်းဝေးကြစဉ် ဘုရားလောင်းက အလှူပေးရန်၊ သီလဆောက်တည်ရန်နှင့် ဥပုသ်စောင့်သုံးရန် ဆုံးမ၊ ဥပုသ်နေ့တနေ့တွင် ယုန်မင်းသည် မိမိသီလကိုဆင်ခြင်၍ ငါ့အထံသို့လာသော အလှူခံပုဂ္ဂိုလ်အား မြက်ကိုလှူခြင်းငှါမတတ်ကောင်း၊ နှမ်းဆန် စသည်တို့လည်း ငါ့အားမရှိ၊ ငါ့အထံသို့ အကယ်၍ အလှူခံပုဂ္ဂိုလ်လာအံ့၊ ကိုယ်အသားကိုလှူအံ့ဟု အကြံဖြစ်၊ ယုန်မင်း၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာပူ။

ပုဏ္ဏားယောင်ဆောင်၍ ဦးစွာ ဖျံဆီသွား၊ ငါးကြင်း၇ကောင်ယူစေ၊ ရှိစေဦးဟုဆိုကာ မြေခွေးထံသွား၊ အမဲတံစို့၂ခု ဖွတ်ကင် နို့ဓမ်းအိုးတို့ကို သုံးဆောင်စေ၊ ဆက်ပြီး မျောက်ဆီသွား၊ သရက်သီးမှည့် ဂင်္ဂါရေအေးအရိပ်အေးရှိ၊ လှူ၊ ဆက်၍ ယုန်ထံသွား၊ ယနေ့ ငါသည် မလှူဖူးသောအလှူကိုလှူအံ့၊ သင်သည် သီလရှိ၏၊ ပါဏာတိပါတ မပြုလတ္တံ့၊ ထင်းတို့ကိုစု၍ မီးကျီးပြု၍ ငါ့အားပြောလော့၊ ငါသည် ကိုယ်ကိုစွန့်၍ မီးကျီးစု၌ဆင်းအံ့၊ ငါ၏ကိုယ် ကျက်လတ်သော် သင်သည်အသားကိုစား၍ ရဟန်းတရားကိုကျင့်လော့၊ ယုန်မင်းသည် မီးကျီးစုသို့ သွား၊ အမွေးကြားတို့၌ ပိုးငယ်တို့ရှိငြားအံ့၊ ထိုပိုးငယ်တို့ မသေစေသတည်းဟု ကိုယ်ကို ၃ကြိမ်ခါ၊ အလုံးစုံသောကိုယ်ကို အလှူ၌ ဦးတည်တား၍ခုန်လျက် ကြာကန်၌ ဟင်္သာမင်းကျသကဲ့သို့ ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မီးကျီးစု၌ကျ၊ အမွေးတွင်းကိုမျှလည်း ပူစေခြင်းငှာ မတတ်နိုင်၊ ပုဏ္ဏားကို မီးသည် အေး ကြောင်းပြောရာ သိကြားဖြစ်ကြောင်း သိရ၍ ယုန်မင်းက "သင့်ကို ထားဘိဦး၊ အလုံးစုံသော လောကသည် လည်း ငါ့ကို အလှူဖြင့်စုံစမ်းအံ့၊ ငါ ၏ မလှူလိုသောအဖြစ်ကို မမြင်ရာသည်သာတည်း။" ဟု ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောစကားကိုဆို၏။

၆ လူကြိမ်တွက်ပြီးနောက် ၇ကြိမ်ကျမှ ရသေ့ရဟန်းဘဝ အောင်မြင်ခြင်း (ကုဒ္ဒါလ- ပေါက်တူး၊ ကုဒ္ဒါလဇာတ်၊ ဣတ္ထိဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဇေတဝန်ကျောင်း၊ ဆင်တိန်းသားသည် သာဝတ္ထိမြို့သားလယ်သမားတဦး၊ လယ်ထွန်ရာမှအပြန် ကျောင်းဝင်၊ အစာကောင်းစားရ၍ ရဟန်းဝတ်၊ အဘိဓမ္မာသင်၊ ကိလေသာဝင်၊ တလ တလခွဲကြာ လူဝတ်လဲ၊ ၇ကြိမ်မြောက်၌ အဘိဓမ္မာ၇ကျမ်းလုံး အာဂုံရ၊ ပို့ချ၊ ဝိပဿနာပွား၍ ရဟန္တာဖြစ်။

ဤအဖြစ်နှင့်စပ်၍ ဘုရားရှင်က ပုထုဇဉ်စိတ်သည် လျင်မြန်၏၊ နှိမ်နင်းဆုံးမနိုင်ခဲ၏၊ ထိုကိလေသာစိတ်ကို မနှိမ်နင်းနိုင်သောကြောင့် ပညာရှိတဦးသည် ပေါက်တူးပေါ်စွဲလမ်း၍ ၆ကြိမ်တိုင် လူဝတ်ပြောင်းပြီး ၇ကြိမ်မှ လောဘကိုနှိမ်နင်းနိုင်ဟု မိန့်၍ အတိတ်ဇာတ်ကို ဟော။

ဘုရားလောင်း ပေါက်တူးဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးရောင်းချ၍ အသက်မွေး၊ တနေ့တွင် ပေါက်တူးကိုသိမ်း၍ ရသေ့ရဟန်းပြု၊ ပေါက်တူးကိုစွဲလမ်း၍ လူဝတ်လဲကာ စိုက်ပျိုးရေးပြန်လုပ်၊ ၆ကြိမ်တိုင် ဤသို့ပြုပြီးသည့်နောက် ၇ကြိမ်မြောက်၌ကား "ရှိနေ၍ စွဲမက်နေ၊ မရှိလျှင် စွဲမက်တော့မည်မဟုတ်" ဟု ကြံကာ နေရာမမှတ်မိစေရန် ပေါက်တူးကို ဦးခေါင်းထက် ၃ကြိမ်ဝှေ့လှည့်ပြီး မျက်စိမှိတ်၍ မြစ်အတွင်းသို့ အပြီးလွှင့်ပစ်၊ အောင်ပြီဟု ကြွေးကြော်ရာ အရှင်အာနန္ဒာလောင်း ပြည့်ရှင်မင်းကမေးရာ ကိုယ်တွင်းရန် လောဘကို အောင်၍အောင်ပြီဟုဆို၊ မင်းလည်း နောက်ပါများနှင့် ရသေ့ရဟန်းပြုကာ ဘုရားလောင်း ဦးဆောင်ကာ ဟိမဝန္တာသို့ဝင်ကြ၊ သေသော် ဗြဟ္မာ့ပြည်လားကြ။

၇ လူဖြစ်စဉ်က ခြေရင်းအလုပ်အကျွေးဖြစ်သော ရသေ့မကို မင်းက အနိုင်အထက်ဆောင်ယူစဉ် အမျက်ထိန်းသိမ်းပုံ (စူဠဗောဓိဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည် ပစ္စည်းကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၊ တက္ကသိုလ်ပြည်၌ အတတ်သင်ပြီးသော် အလို မတူပဲ အမျိုးတူသတို့သမီး- အရှင်မယသောဓရာထေရီအလောင်းကို မိဘတို့ဆောင်၊ ၂ဦးလုံး ဗြဟ္မာ့ပြည်မှ လာသူများဖြစ်၊ ကိလေသာ တကြိမ်မျှမဖြစ်၊ မိဘများလွန်သော် ၂ဦးရသေ့ပြု၍ ဟိမဝန္တာ၌နေ၊ ၁၀နှစ်ကြာ သော် ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်လာ၍ မင်းဥယျာဉ်၌နေ၊ မင်း- အရှင်အာနန္ဒာအလောင်း ဥယျာဉ် ကစားလာသော် အဆင်းလှသောရသေ့မကို တပ်မက်၊ မည်သို့တော်စပ်သည်မေး၍ "ရှင်ရသေ့ သင်၏လူ လက်တက်၌ မယားဖြစ်ဖူးသော ရသေ့မကို နိုင်ထက်ကလူယူသူအား သင်အသို့ပြုအံ့နည်း?" "မင်းကြီး ငါ့အား အမျက်ဒေါသ ကိုယ်မှမထွက်ရာ၊ အသက်ရှည်သမျှ မထွက်ရာ၊ မိုးကြီးသည် မြူကိုမြစ်သကဲ့သို့ ထိုအမျက် ကိုလျင်စွာ မြစ်အံ့။"

မင်းသည် အမတ်တယောက်ကို ရသေ့မအား ငိုမြည်စဉ် နန်းတော်သို့ဆောင်စေ၊ ဘုရားလောင်း တကြိမ်မျှ မကြည့်၊ မင်းသည် ရသေ့မအား နန်းတော်၌ ကြီးစွာသောမင်းစည်းစိမ်ဖြင့်ဖိတ်၊ ရသေ့မက မင်းစည်းစိမ်သည် ကျေးဇူးမရှိသည်နှင့် ရဟန်းအဖြစ်၏ ကျေးဇူးရှိသည်ကိုဆို၊ မင်းသည် ဖိတ်သည်ကို မရသဖြင့် ရသေ့မကို တိုက်ခန်းတခု၌ထား၊ ရသေ့ရဟန်းတို့သည် မာယာများ၏၊ မန္တရားဆေးဝါးမှီ၍ ငါ၏အကျိုးမဲ့ပြုရာ၏၊ သိအောင်ပြုအံ့ဟု အခြံအရံအနည်းငယ်ဖြင့် ဘုရားလောင်းထံသွား၊ ဘုရားလောင်း မင်းကိုမကြည့်ပဲ သင်္ကန်းချုပ်နေ။

"ရသေ့ ရေးကကြုံးဝါးလည်း ယခုအမျက်ဒေါသအစွမ်းကို မှီသကဲ့သို့ စကားတစုံတခုမပြောပဲ ဒုကုဋ် သင်္ကန်းကို ချုပ်နေ၏။" "မင်းကြီး ငါ့အား ဖြစ်ကားဖြစ်၏၊ ဖြစ်ငြားလည်း သန္တာန်မှအပ မထွက်စေရ။" "ဖြစ်ကား ဖြစ်၏ဟူသည် အဘယ်ဖြစ်သနည်း?၊ အဘယ်ကို မလွှတ်စေသနည်း?၊ မိုးသည်မြူကို မြစ်သကဲ့သို့ အဘယ်ကို မြစ်သနည်း?"

"အမျက်ဖြစ်သော် မိမိအကျိုး သူတပါးအကျိုးကို မမြင်၊ မဖြစ်သည်ရှိသော် မြင်၏၊ ပညာမရှိသူတို့ ကျက်စားရာဖြစ်သော ထိုအမျက်သည် ငါ့အားဖြစ်၏၊ ကိုယ်မှ အပြင်မထွက်၊ ဖြစ်သော အမျက်ဒေါသဖြင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို အလိုရှိသောရန်သူတို့သည် နှစ်သက်ကုန်၏၊ အမျက်ဖြစ်သော် မိမိအကျိုး စီးပွားကို မသိ၊ ဒေါသနှိပ်စက်သူသည် ကုသိုလ်ကိုစွန့်၏၊ ပြန့်ပြောသော အကျိုးစီးပွားကိုလည်း အပပြု လိုက်၏။

မီးပွတ်ခုံကို မီးပွတ်သော် မီးဖြစ်၏၊ ထိုမီးသည် ဖြစ်ရာမီးပွတ်ခုံကို လောင်၏၊ ဤအတူ ပညာ မရှိသော၊ မိုက်သော၊ အကျိုးစီးပွားကိုမသိသော သတ္တဝါအား နင်လောငါလောစသည်ဖြင့် လွန်စွာပြုတတ် သော လက္ခဏာရှိသော အမျက်သည် ဖြစ်၏၊ ထိုအမျက်ထွက်သူသည် ပူလောင်၏၊ မြက်ခြောက် သစ်ရွက် ခြောက်ရှိရာအရပ်၌ လောင်သောမီးသည် ပွားလေသကဲ့သို့ ပညာနည်းသူအား အမျက်သည်ပွား၏၊ အမျက် ပွားသူအား လကွယ်ပက္ခ၌ လကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ယုတ်၏၊ မီးစာမရှိသော မီးလျှံသည် ငြိမ်းသကဲ့သို့ အကြင်ပညာရှိအား အမျက်သည် ငြိမ်း၏၊ ထိုအမျက်ငြိမ်းသူအား လဆန်းပက္ခ၌ လကဲ့သို့ စည်းစိမ်ချမ်းသာသည် တရွေ့ရွေ့ပြည့်၏။"

မင်းသည်နှစ်သက်၍ နန်းတော်မှ ရသေ့မကို ဆောင်စေ၍ ဥယျာဉ်၌ ရဟန်းချမ်းသာဖြင့် နေကြ စေရန် စောင့်ရှောက်စေ၊ ကြာသော် ရသေ့မ သေ၊ ဘုရားလောင်း ဟိမဝန္တာဝင်၍ အဘိညာဉ်သမာပတ် များဖြစ်စေ၍ သေသော် ဗြဟ္မာ့ပြည်လား၏။

၈ သူရင်းငှါးဘဝတွင် ရတတ်သမျှဖြင့် ပစ္စေကဗုဒ္ဓါ၄ဆူအား လှူ၍မင်းဖြစ်ခြင်း (ကုမ္မာသပိဏ္ဍိ- မယောမုန့်စိုင်ခဲ၊ ကုမ္မာသပိဏ္ဍိဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ဖြစ်၊ သူဌေးတဦးကိုမှီကာ အခဖြင့်အမှုပြု၍ အသက်မွေး၊ အိမ်ဈေးမှ မယော မုန့်၄ဆုပ်ယူ၍ အမှုလုပ်ရာသို့သွား၊ ၄ဆူသောပစ္စေကဗုဒ္ဓါတို့ ဆွမ်းခံဝင်လာသည်ကိုမြင်၊ **စိတ်ကို ကြည်စေ၍** သဲမှုံးစု၍ နေရာ၄ခုခင်း၊ သဲစုအထက်၌ သစ်ရွက်ခင်း၊ သစ်ရွက်ဖြင့်ရေယူ၍ ရေစက်ကျစေ၍ ထိုမယောမုန့်၄ခုကို **ကြည်ညိုသောစိတ်ဖြင့်** မိမိလက်တို့နှင့်လှူပြီး "ထိုမယောမုန့်ထို့၏ အကျိုးဆက်ဖြင့် အကျွန်ုပ်အား သူဆင်းရဲအိမ်၌ ဖြစ်ခြင်းသည် မဖြစ်စေသတည်း၊ သဗ္ဗညုတဉာဏ်ကို သိခြင်း၏အကြောင်း ဖြစ်စေသတည်း။" ဟု ဆုတောင်း၊ ပီတိယူ၍ အသက်ထက်ဆုံးအောက်မေ့ကာ ဗာရာဏသီမင်း၏သား ဗြဟ္မဒတ္တ သတို့သား ဖြစ်။

ဇာတိဿရဉာဏ်ရ၍ သိသောကောင်းမှုကို ဟောအပြီး ဘုရားလောင်းမင်းက မိဖုယား- ယသောဓရာ အလောင်းကို သူမ၏အကြောင်းကို မေး၊ မိဖုယားလည်း မိမိ၏ဇာတိဿရဉာဏ်ဖြင့် "ရှေးက သူကျွယ်မျိုး၏ ကျွန်မဖြစ်၏၊ သူတပါးတို့၏ အစေအပါးဖြစ်လျက် ကိုယ် နှုတ် နလုံးစောင့်စည်းခြင်း၊ တရားနှင့်ယှဉ်သော အသက်မွေးခြင်း၊ သီလနှင့်ပြည့်စုံခြင်း၊ မြတ်သောရှုချင်ဖွယ်ထို့ ရှိ၏၊ ဆွမ်းခံသွားသော ပစ္စေကဗုဒ္ဓါအား ဝေ၍

အဖို့ရသောထမင်းကို လှူ၏၊ ကိုယ်တိုင်နှစ်သက်၏၊ ဝမ်းမြောက်၏၊ အကျွန်ုပ်၏ ဤသို့သဘောရှိသော အကျိုးသည် ထိုကောင်းမှုကံ၏ အကျိုးတည်း။"

၉ အနှစ် ၅၀ကျော် မပျော်ပဲ ရသေ့အကျင့်ကျင့်ခဲ့၏။ (ကဏှဒီပါယနစရိယ၊ ယုဓဥ္စယဝဂ်၊ စရိယာပိဋက၊ ခု၊ သုတ္တန္တပိဋက။ ကဏှဒီပါယနဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ငါသည် ကဏှဒီပါယနရသေ့ ဖြစ်ခဲ့၏၊ အနှစ်၅၀ကျော် မပျော်ပဲ ရသေ့အကျင့်ကျင့်ခဲ့၏၊ တရားကျင့်ဖော် မဏ္ဍဗျရသေ့သည် ရှေးကံကြောင့် တံကျင်လျှိုခံရ၏၊ ပုဏ္ဏားတဦး ဇနီးနှင့်သားယညဒတ်တို့ လာကြ၊ သား မြွေကိုက်ခံရ၊ ငါသည် စိတ်ဆင်းရဲခြင်း ဖြစ်ရ၏၊ ထိုသူ၃ဦးတို့၏ဆင်းရဲကို ငါ့ကိုယ်၌ဖြစ်သကဲ့သို့ ရွက်ဆောင်၏၊ ထိုသူတို့၏ သောကကို သက်သာစေလို၍ အလွန်မြင့်မြတ်သော သစ္စာပြုခြင်း- "ငါသည် ရဟန်းပြုသည်မှ ၇ရက်သာ ကြည်ညိုသောစိတ်ဖြင့် ကောင်းမှုအလိုရှိသည်ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်၏၊ နောက်၌ အနှစ်၅၀ကျော် ကာလပတ်လုံး အလိုမရှိပဲ ကျင့်၏၊ ဤမှန်သောသစ္စာစကားကြောင့် ယညဒတ်သည် ချမ်းသာသည် ဖြစ်စေသတည်း၊ အဆိပ်သည် ပျောက်စေသတည်း၊ အသက်ရှင်စေသတည်း။" ကို ဦးစွာ ပြုခဲ့၏။

## ၂၂။ ဘုရားလောင်း၏ နှစ်ပေါင်းများစွာတည့်ခဲ့သော အဆုံးအမပေးခဲ့ရာ ဘဝ ၅ ဘဝ

၁ အနှစ်၇၀၀တည်သော ဘုရားလောင်းကျီးမင်း အဆုံးအမ (သုပတ္တ- ကျီးမင်းအမည်၊ သုပတ္တဇာတ်၊ ကုမ္ဘဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကျီးစစ်သူကြီး- အရှင်သာရိပုတ္တရာအလောင်းသည် ကျီးမိဖုယား- အရှင်မယသောရောအလောင်း မင်း- အရှင်အာနန္ဒာအလောင်း၏ ဘောဇဉ်အထူးကို စားလိုသောချဉ်ခြင်းဖြစ်၍ ကျီးသူရဲတို့နှင့် အသက်စွန့်၍ ယူပေးကာ စားစေပြီး စစ်သူကြီး အဖမ်းခံရ၊ မင်းကမေးရာ အကြောင်းကိုပြောပြ။

မင်းက လူဖြစ်သောငါတို့သည် များစွာသောစည်းစိမ်ပေးလျက်လည်း ငါတို့အား ချစ်သော အသက်ပေးစေသောငါ မရ၊ ဤသူကား ကျီးပင်ဖြစ်လျက် မင်းအား မိမိအသက်ကိုစွန့်၏၊ သူတော်ကောင်းဖြစ်၊ သာယာစွာသောအသံဖြင့်လည်း တရားဟော၊ ထီးဖြူဖြင့် ပူဇော်၊ ကျီးစစ်သူကြီးက ကျီးမင်းကို တဖန်ပြန်၍ ပူဇော်ကာ ဘုရားလောင်းကျေးဇူးကိုဆို၊ မင်းက ကျီးမင်းကိုခေါ်စေ၊ ပဥ္စသီလစောင့်ခြင်း ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ပေးခြင်းစသော တရားကိုဟော၊ မင်းက ကျီးမင်းနှင့်စစ်သူကြီးတို့ကို မိမိစားသော ထမင်းအစာကို မပြတ်ပေး၊ ကြွင်းသောကျီးတို့ကို နေတိုင်း ထအမ္ဗဏချက်ထမင်းပေး၊ ဘုရားလောင်း အဆုံးအမ၌ တည်၍ ကျင့်သုံး၊ အနှစ် ၇၀၀ တည်၏။

၂ အနှစ်တထောင်တည်သော ဘုရားလောင်း သမင်မင်း၏ အဆုံးအမ (ရောဟဏမိဂဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ရွှေအဆင်းရှိသော ဘုရားလောင်းရောဟဏသမင်မင်းသည် ညီတော်စိတ္တ- အရှင်အာနန္ဒာအလောင်း နှမတော်သုတနာ- အရှင်မဥပလ္လဝဏ်ထေရီအလောင်းတို့နှင့်အတူ မျက်မမြင်မိအိုဖအိုတို့ကို လုပ်ကျွေး၍ ဟိမဝန္တာ၌နေ၊ သမင်ရှစ်သောင်း အခြံအရံရှိ၊ ဗာရာဏသီပြည့်ရှင်မင်း- အရှင်သာရိပုတ္တရာအလောင်း၏ မိဖုယားကြီးခေမာ- အရှင်မခေမာထေရီအလောင်းသည် ရွှေသမင်မင်းသည် သာယာသောအသံဖြင့် တရားဟောစဉ် မပြီးမီထသွားဟု အိပ်မက်မက်၊ မင်းကြီးကို ချဉ်ခြင်းဖြစ်ကြောင်းကြား၍ မင်းကြီးမုဆိုး- အရှင်ဆန္နထေရ် အလောင်း ကိုစေ၊ ဘုရားလောင်းကိုမိသော် ညီတော်နှင့်နမတော်တို့ နောင်တော်ကို မစွန့်ကြသည်ကိုတွေ့၊ မိဖအိုတို့ကို လုပ်ကျွေးနေကြကြောင်းသိ၊ လွှတ်၊ ဘုရားလောင်းက အကြောင်းမေးရာ မိဖုယားကြီးသည် ငါ့တရားနာလို သည်ဟုသိ၍ သူ့ကိုဆောင်စေ၊ မုဆိုးက မင်းမည်သည် ကြမ်းကြုတ်၍ အဘယ်သို့ဖြစ်မည်ကိုမသိ၊ ချမ်းသာရာသို့ ကြွရန်ပြော၊ ဘုရားလောင်းက သူ့ကျောက်ကုန်းကို သပ်စေပြီး ရွှေအဆင်းရှိသောအမွေးတို့ကို ကိုယ်စားထားပြီး မိဖုယားကြီးချဉ်ခြင်းငြိမ်းရန် တရားဂါထာများကိုဟော၊ ပဉ္စသီပေး၍ အပ္ပမာဒတရားဖြင့် ဆုံးမ၊ တိုင်းပြည်သို့ပြန်ရောက်သော် မင်းအား ဘုရားလောင်း၏ ရွှေရောင် အမွေးများကိုပြသ၍ လျှောက်ထား၊ မုဆိုးသည် တရားဟောပလ္လင်ထက်နေ၍ မိဖုယားကြီးကို တရားဟော။

"မြတ်သောမင်းကြီး အမိအဖ၊ သားမယား၊ အဆွေခင်ပွန်း၊ ဆင်မြင်းဗိုလ်ပါ၊ ရွာနိဂုံး၊ ပြည်တိုင်းကား ဇနပုဒ်တို့၌ ကျင့်ရာသော၀တ်များ၊ ရဟန်းပုဏ္ဏားတို့၌ ပစ္စည်း၄ပါးလှူခြင်းအကျင့်၊ သားငှက်တို့၌ ဘေးမဲ့ ပေးခြင်း အကျင့်တရားတို့နှင့် တရားကိုကျင့်လော့၊ မင်းကျင့်တရား ၁၀ပါးကို မမေ့မလျော့ပါလင့်။" မိဖုယား ကြီးချဉ်ခြင်း ငြိမ်း၊ မင်းက ဆုများစွာပေး၊ မင်းကိုတောင်းပန်ကာ ဥစ္စာတို့တို သားမယားတို့အားပေး၊ ဟိမဝန္တာဝင်၊ ရသေ့ရဟန်းပြု၊ သမာပတ်ဖြစ်စေ၍ ဗြဟ္မာပြည်လျှင်လည်းလျောင်းရာရှိ၊ ဘုရားလောင်း သမင်မင်း၏ အဆုံးအမသြ၀ါဒသည် အနှစ်တထောင်တည်၏။

၃ အနှစ်၄သောင်းတည်သော ဘုရားလောင်း ဇမ္ဗုကကျေးသားသုခမိန်၏ အဆုံးအမ (တေ- ၃ သကုဏ-ငှက်၊ တေသကုဏဇာတ်၊ စတ္တာလီသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော် ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း- အရှင်အာနန္ဒာအလောင်း၌ သားတော်သမီးတော်မရှိ၊ တနေ့ ဥယျာဉ် ထွက်စဉ် အင်ကြင်းပင်တက်၌ ငှက်သိုက်တခုတွေ့ရာ ချစ်ခြင်းဖြစ်၊ တက်ကြည့်စေ၊ ဥ၃ဥတွေ့၍ မုဆိုး ခေါ်မေး၊ ခင်ပုပ်ဥ ဆက်ရက်ဥနှင့် ကျေးဥတို့ဟုလျှောက်၊ အမတ်၃ယောက်ကို တဥစီ စောင့်ရှောက်စေ၊ ခင်ပုပ်အဖိုဝေဿန္တရာ- အရှင်သာရိပုတ္တရာအလောင်း၊ ဆက်ရက်မကုဏ္ဍလိနီ- အရှင်မဥပ္ပလ္လဝဏ်အလောင်း နှင့် ကျေးဖိုဇမ္ဗုက- ဘုရားလောင်းတို့ပေါက်၊ မင်းက သားတော် သမီးတော်ဟုခေါ်ရာ မှူးမတ်များက ပျက်ရယ် ပြုကြ၊ မင်းရင်ပြင်တွင် မဏ္ဍပ်ဆောက်၍ ခင်ပုပ်ဝေဿန္တရာကို မင်းကျင့်တရားမေး၊ အဖြေကို နှစ်သက်

တော်မူလှသဖြင့် စစ်ဗိုလ်ချုပ် အရာပေး၊ နောက် ဆက်ရက်ကုဏ္ဍလိနီကို မေးပြန်ရာ ဖြေသည်ကို ကျေနပ်တော်မူ၊ ဘဏ္ဍာစိုးရာထူးကိုပေး။

ဇမ္ဗုကြ ကျေးသားသုခမိန်ကို မင်းကျင့်တရားနှင့် ဝေဿန္တရာနှင့် ကုဏ္ဍလိနီတို့ကိုမေးသည်နှင့် မတူသော အားတို့တွင် မြတ်သောအားတို့ကို မေးသောအခါ "အား၅ပါးသည် ၁ ကိုယ်အား၊ ၂ စည်းစိမ်အား၊ ၃ အမတ်အား၊ ၄ အမျိုးအား၊ ၅ ပညာအားတို့ဖြစ်၊ ကိုယ်အားသည် အယုတ်ဆုံးဖြစ်ပြီး ပညာအားသည် အမြတ်ဆုံးဟုဆိုအပ်၊ ပညာရှိသူသည်သာ စီးပွားချမ်းသာခြင်းသို့ ရောက်၏။

၁ မယ်တော် ခမည်းတော် (တို့၌ တရားကိုကျင့်လော့) ၊ ၂ သားတော် သမီးတော် မိဖုယား မောင်မမိသံ (...) ၊ ၃ ချစ်သောအဆွေခင်ပွန်း မှူးတော်မတ်တော် (...) ၊ ၄ ဆင် မြင်း ရဲမက်ဗိုလ်ပါ (...) ၊ ၅ ရွာနိဂုံးသူ (...) ၊ ၆ တိုင်းနိုင်ငံသူ ဇနပုဒ်သူ (...) ၊ ၇ ရဟန်း ပုဏ္ဏား (...) ၊ ၈ သားငှက်တို့၌တရားကျင့်လော့၊ တရားကျင့်ခြင်းဖြင့် နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏။" မင်းက စစ်သူကြီးအရာပေး။

ပြည့်ရှင်မင်းအား ငှက်ပညာရှိ၃ပါးသည် အကြောင်းအကျိုးဆုံးမ၊ မင်းသည် ကျေးသားသုခမိန်၏ အဆုံးအမ၌တည်၍ နတ်ပြည်လား၊ ကျေးသားသုခမိန်ကို ထိုအခါ မင်းအဖြစ်ပေးသော်လည်း လက်မခံပဲ ရွှေပြား၌ အဆုံးအဖြတ်တရားများ ရေးစေ၍တောသို့ဝင်၊ ဇမ္ဗုကသုခမိန်၏အဆုံးအမသည် အနှစ်၄သောင်း တည်၏။

၄ <u>အနှစ်၆သောင်း</u>တည်သော ဘုရားလောင်းအိုးထိန်းသည်၏ အဆုံးအမ (ကစ္ဆပ- လိပ်၊ ကစ္ဆပဇာတ်၊ ကလျာဏဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

နွေအခါ မြစ်သို့မရွှေ့ပဲ ရေခန်းနေသော အိုင်၏ညွန်ထဲ ကျင်းတူး၍ ဝပ်နေသော လိပ်- အရှင်အာနန္ဒာ အလောင်းကို ဘုရားလောင်း အိုးထိန်းသည်သည် မြေတူးရာ၌ ကျောကုန်းကိုပေါက်မိသဖြင့် သေ၊ ရွာသို့ လိပ်သေကိုယူလာ၊ ရွာသူရွာသားများကို စုဝေးစေကာ ဖြစ်စဉ်နှင့် လိပ်ပြောသွားသည်ကိုပြော၍ ဆုံးမစကား ပြော။

"၁ ငါ့ရုပ်အဆင်း၊ ၂ ငါ့အသံ၊ ၃ ငါ့အနံ့၊ ၄ ငါ့အရသာ၊ ၅ ငါ့အတွေ့အထိ၊ ၆ ငါ့သား၊ ၇ ငါ့သမီး၊ ၈ ငါ့ဇနီး၊ ၉ ငါ့လင်၊ ၁၀ ငါ့ကျွန်၊ ၁၁ ငါ့ရွှေ ၁၂ ငါ့ငွေရယ်လို့ တဏှာဖြင့် မတွယ်တာကြပါနှင့်၊ သတ္တဝါဆိုသည်မှာ ၃၁ဘုံ ဘဝ၃ပါးတို့၌ <u>တယောက်တည်း</u> စုန်ချည်ဆန်ချည် လှည့်လည်ရသည်။" ဟု ဘုရားဟောသကဲ့သို့ ဟောပြောဆုံးမသည်၊ ထိုအဆုံးအမသည် ဇမ္ဗုဒီပါ လက်ျာတောင်ကျွန်းတခုလုံးသို့ ပြန့်နှံ့ပြီး နှစ်ပေါင်း၆သောင်းတည်၍ ဒါ န၊ သီလပြုကြသဖြင့် လူအများ နတ်ပြည်၌ ဖြစ်ကြသည်။

၅ <u>အနုစ်ဖြဲသောင်း</u>တည်သော ဘုရားလောင်းဝက်မင်း အဆုံးအမ (တုဏ္ဍိလ- ဝက်အမည်၊ တုဏ္ဍိလဇာတ်၊ ခရပုတ္တဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးစဉ် သေဘေးကြောက်သော ရဟန်းတပါးအကြောင်းပြု၍ ဟော၊ ဗာရာဏသီမြို့နေ မိန်းမအိုတဦး ဝါခင်းမှအပြန် ဝက်အမိစွန့်ပစ်သွားသော ဝက်သားပေါက်၂ကောင်ကို သားများသဖွယ် မွေးထား၊ မြို့၌ပွဲသဘင်ရှိသော် ၃ဂသောသေသောက်ကြူးတို့ အသားအတွက်ဝယ်၊ မရောင်း၊ သေရည်သောက်စေ၍ ယစ်သော် ဝက်စားကျင်းကိုပြည့်စေ၍ ညီတော်စူဠတုဏ္ဍိလ- သေဘေးကြောက်သော ရဟန်းအလောင်းကို မိန်းမအိုကခေါ်၊ တုန်လှုပ်၍လည်း၏၊ ထိုအခါ နောင်တော်ဘုရားလောင်း မဟာတုဏ္ဍိလသည် ပါရမီ၁ဂပါး ဆင်ခြင်၍-

"ညီထွေး သင်သည်လန့်၏၊ လည်း၏၊ ပုန်အောင်းရာ အလိုရှိ၏၊ ကိုးကွယ်ရာမရှိ ဖြစ်၏၊ ဘယ်သို့ သွားမည်နည်း၊ ကြောင့်ကြမဲ့ စားလော့၊ အသားအကျိုးသာလျှင် မွေး၏၊ ညွန်မရှိသော ရေကန်သို့သက်လော့၊ ချွေးအညစ်အကြေးကို ဆေးလော့၊ နံ့သာပျောင်းအနံ့သည် တရံတဆစ်မျှမပြတ်၊ အသစ်နံ့သာပျောင်းကို ယူလော့။" ဟု ရွတ်ဆိုသောအသံသည် ၁၂ယူဇနာရှိ ဗာရာဏသီပြည်ကို လွှမ်း၊ အိမ်ရှေ့မင်းအစထား၍ လူအပေါင်းတို့ စုရုံး၊ သူအိုမနှင့် သေသောက်ကြူးတို့ သုရာယစ်ပြေ၊ ကျော့ကွင်းစွန့်၊ ညီတော်က နောင်တော်ကို ညွန်မရှိသော ရေကန် ချွေးအညစ်အကြေး အသစ်နံ့သာပျောင်းတို့သည် အဘယ်နည်း ဟုမေး။

"ကိလေသာညွန်မရှိသောရေကန်သည် နိဗ္ဗာန်ဖြစ်၏၊ မကောင်းမှုတို့သည် ချွေးအညစ်အကြေး ဖြစ်၏၊ သီလသည် အသစ်ဖြစ်သောနံ့သာပျောင်းဟု ဆိုအပ်၏၊ ထိုသီလအနံ့သည် တရံတဆစ်၌ မပြတ်၊ သတ္တဝါကို သတ်သောသူတို့သည် နှစ်သက်၏၊ ကိုယ်ကိုဆောင်သောသူတို့သည် မနှစ်သက်၊ ပြည့်သော လပြည့်နေ့၌ မွေ့လျော်လျက် သီလအကျင့်နှင့် ပြည့်စုံသောသူတို့သည် အသက်ကိုစွန့်၏။" မင်း- အရှင် အာနန္ဒာအလောင်းသည် ဘုရားလောင်းအား မင်းအဖြစ်ပူဇော်၊ သူအိုမကို စည်းစိမ်ပေး၊ ဝက်၂ခုကို နံ့သာရေဖြင့်ချိုး၊ နံ့သာလိမ်း၊ လည်၌ ပတ္တမြားဆင်၊ မြို့သို့ဆောင်၊ သားအရာထား၊ ဘုရားလောင်း ပဉ္စသီလပေး၊ တပြည်လုံး ပဉ္စသီစောင့်၊ ဘုရားလောင်းထံမှ ပက္ခနေ့တို့၌ တရားတောင်း၊ တရားခွင်၌လည်း တရားဆုံးဖြတ်၊ ကောက်ကျစ်စဉ်းလဲတရားပြုသူ မဖြစ်၊ မင်းလွန်သော် အဆုံးအဖြတ်ကို ပေ၌ရေးစေ၍ ဤစာကိုကြည့်ကာ တရားဆုံးဖြတ်ရန်၊ မမေ့မလျော့ကြရန်ဆုံးမ၍ လူတို့ ငိုစဉ် ညီတော်နှင့်အတူ တောသို့ဝင်၊ ဘုရားလောင်းအဆုံးအမသည် အနုစ်ဖြဲသောင်း တည်၏။

<u>၂၃။ ဘုရားလောင်း၏ ပါရမီဖြည့်ရာဇာတ်တော်များလာ အမိဝမ်း၌ ပဋိသန္ဓေနေရခြင်းနှင့် မွေးဖွားခြင်း တို့အပေါ်အမြင်။</u>

<u>ပဋိသန္ဓေနေရခြင်းအပေါ်အမြင်</u> (အယောဃရဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

အသက်၁၆နှစ်အရွယ်ရောက်၍ သံအိမ်မှထုတ်ကာ တန်ဆာဆင်ထားသောမြို့ကို လှည့်လည်ကြည့်ရစဉ် မူးမတ်များကိုမေး၍ မိမိအဖြစ်ကိုသိရသော ဘုရားလောင်းအယောဃရမင်းသားသည် "ငါသည် ၁၀လပတ်လုံး လောဟကုမ္ဘီငရဲ၊ ဘင်ပုပ်ငရဲနှင့်တူသော အမိဝမ်း၌နေခဲ့ရပြီးနောက် ၁၆နှစ်ပတ်လုံး ဉဿဒငရဲ၌ပစ်ချသကဲ့သို့ သံနှောင်အိမ်၌နေခဲ့ရ၏၊ ဘီလူးမလက်မှလွတ်သော်လည်း မအို၊ မနာ၊ မသေသည် မဖြစ်ရာ။"

အမိဝမ်းမှမွေးဖွားခြင်းအပေါ် အမြင် (ဒရီမုခဇာတ်၊ အဝါရိယဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဒရီမုခပစ္စေကဗုဒ္ဓါက ဘုရားလောင်းဗြဟ္မဒတ္တမင်းကိုဟော- ဤသတ္တဝါတို့သည် ကျင်ကြီး၊ သွေး၊ သလိပ်တို့ဖြင့် လိမ်းကျံအပ်သည်ဖြစ်၍ ဖွားရ၏။

၂၄။ ဘုရားလောင်း၏ မဟောသဓာဇာတ်အပြင် ပညာရှိသည့်၏အဖြစ်ကို ပြသောဇာတ် (ဂါမဏိစန္ဒဇာတ်၊ သက်ပွဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဗာရာဏသီပြည်မင်း၏သားတော် အာဒါသမုခမင်းသား- ဘုရားအလောင်းသည် ၇နှစ်အတွင်း ဗေဒင်၃ပုံနှင့် အတတ်မျိုးစုံသင်၍ တတ်၊ သက်တော်၇နှစ်တွင်ပင် ခမည်းတော်လွန်၊ မင်းဖြစ်သောအခါ ခမည်းတော်တံ၌ အမြဲခစားသော ဂါမဏိစန္ဒအမတ်- အရှင်အာနန္ဒာအလောင်းသည် အရွယ်တူမင်းတို့အား ခစားရခြင်းသည် တင့်တယ်၏၊ ငါသည် အသက်ကြီးပြီ၊ ဇနပုဒ်၌ လယ်ထွန်၍ အသက်မွေးအံ့ဟုဆိုကာ မြို့မှ ၃ယူဇနာဝေးသော ရွာငယ်၌နေ၏။

အာဒါသမုခမင်းပျိုမင်းငယ်၏ ပညာရှိခြင်းကိုပြသော ၁၄ဝတ္ထု / ပြဿနာ။ ၁ ဂါမဏိစန္ဒ၌ နွားမရှိ၍ ငှါးပြီး လယ်ထွန်၊ ပြန်အပ်သော် နွားရှင်လင်မယားတို့ ထမင်းစားနေကြ၊ ထမင်းစားဖိတ်ရာ၏ဟုကြံ၍ နွားတို့ကို မအပ်ပဲ နွားများခြံထဲထား၍ပြန်၊ ညတွင် နွားခိုးသူတို့ နွားခိုးသွားကြ၊ နံနက်တွင် နွားအပ်သလော ဟုမေးရာ မအပ်ဟု ဆိုသဖြင့် မင်းမိန့်ဖြင့်ထွက်၏၊ မင်းရှိရာမြို့သို့ သွားကြ။

၂ လမ်းတွင် ထမင်းဆာ၍ ဂါမဏိစန္ဒ၏ အဆွေခင်ပွန်းအိမ်တအိမ်သို့ ဝင်၊ ယောကျာ်းအိမ်၌ မရှိ၊ ကိုယ်ဝန်သည်မယားက ထမင်းမရှိ၊ ယခုပင်ချက်ပေးမည်ဆိုကာ လျင်စွာကျီသို့ လှေကားဖြင့်တက်ရာ မြေသို့ကျ၊ ၇လ ကိုယ်ဝန်သည် ကျ၊ လင်ကလာသော် ကိုယ်ဝန်ကျစေမှုဖြင့် ဂါမဏိစန္ဒကို မြို့သို့ခေါ်။

၃ တခုသောရွာတံခါး၌ မြင်းထိန်းသည် မြင်းကိုလည်စေခြင်းငှါ မတတ်နိုင်၊ မြင်းက ဂါမဏိစန္ဒ တံသွား၊ မြင်းတိန်းက တစုံတခုဖြင့်ပစ်ခတ်၍ မြင်းကိုလည်ပါစေဆိုရာ ကျောက်ခဲဖြင့်ပစ်၊ မြင်းခြေကျိုး။

၄ ဂါမဏိစန္ဒသည် ဤအမှု၃မှု အဖိုးကို မပေးနိုင်၊ သေလျှင်ကောင်း၏ဟုကြံ၍ လမ်းခရီး ထောအုပ်နား၌ တဘက်ပြတ်ကမ်းပါးရှိ တောင်ပေါ်မှခုန်ချရာ တောင်ရိပ်၌ ဖျာရက်နေသော သားအဖပေါ်ကျ၊ ဖျာရက်သမား အဖသေ။ တရား ၄ ချက်။

၅ ရွာတရွာမှ ရွာစားတယောက်က မင်းအားသတင်းစကားပေးလို၊ ယခင်က သူသည် ချမ်းသာ၍ အခြံအရံနှင့်ပြည့်စုံ၊ ယခုမူ ဆင်းရဲ၍ ဖျော့တော့သောရောဂါ စွဲနေရသည့်အကြောင်းမေးရန်။

၆ ရွာတရွာမှ ပြည့်တန်ဆာမက ရှေးက အခများစွာရ၊ ယခုအခါ၌ကား ကွမ်းဖိုးမျှလည်း မရ၊ လာသူတဦးမျှလည်း မရှိရခြင်းအကြောင်းမေးရန်။

၇ ရွာတရွာမှ မိန်းမပျိုတဦးက လင်အိမ်၌လည်း မနေနိုင်၊ မိဘအိမ်၌လည်း မနေနိုင်သည့် အကြောင်းမေးရန်။

၈ လမ်းအနီးတောင်ပို့တခုမှ မြွေတကောင်က အစာရှာသွားလျှင် ဆာသောကိုယ်၊ ညှိုးသော ကိုယ်ရှိလျက် တွင်းကိုပြည့်စေ၍ ကိုယ်ကိုငင်လျက် ငြိငြင်သဖြင့် တွက်ရ၏၊ အစာစား၍လာသော် ဝလင်ပြည့်ဖြိုးသော ကိုယ်ရှိလျက် တွင်းနံပါးကို မထိစေပဲ အဆောတလျင်ဝင်နိုင်သည့်အကြောင်း မေးရန်။

၉ သမင်တကောင်က တပါးသောအရပ်မှမြက်ကို စားခြင်းငှါ မတတ်နိုင်ပဲ တခုသောသစ်ပင်ရင်း၌သာ မြက်ကိုစားနိုင်သည့်အကြောင်း မေးရန်။

၁၀ ခါတကောင်က တောင်ပို့တခု၏ ခြေရင်း၌တွန်က နှစ်သက်ဖွယ်တွန်နိုင်ပြီး ကြွင်းသောအရပ်၌ မတွန်နိုင်ရသည့်အကြောင်း မေးရန်။

၁၁ ရုက္ခစိုးတပါးက ရှေးက ပူဇော်သက္ကာရရသော်လည်း ယခု၌ကား ပန်းတဆုပ်မျှလည်း မရသည့် အကြောင်း မေးရန်။

၁၂ နဂါးတကောင်က ရှေးကရေကန်၏ရေသည် ကြည်၏၊ မြအဆင်းနှင့် တူ၏၊ ယခုမူ နောက်ကာ မှော်ကြီးမှော်သေးများ မြေးယှက်နေသည့်အကြောင်း မေးရန်။

၁၃ မြို့အနီးနေရသေ့တို့သည် ရှေးက ဤအရပ်ဝယ် သစ်သီးကြီးငယ်တို့သည် ချို၏၊ ယခုသော်ကား သြဇာမရှိသည်၏အဖြစ်ကို မေးရန်။

**၁၄** မြို့တံခါးအနီးရှိ ဇရပ်တခုမှ ပုဏ္ဏားငယ်တို့က ရှေး၌ သင်အပ်သောဗေဒင်သည် ထင်၏၊ ယခုမူကား ကွဲသောအိုး၌ ရေမတည်သကဲ့သို့ မထင်ပဲ အမိုက်ကဲ့သို့ဖြစ်သည့်အကြောင်းကို မေးရန်။ <u>အမေး၁၀ထွေ</u>။

<u>မင်း၏တရားစီရင်ချက်</u>။ ဂါမဏိစန္ဒကိုမှတ်မိ၍ ပဋိသန္ဒာရစကားပြော။ ၁ သင့်အိမ်ဝင်သောနွား မြင်သလောဟု နွားရှင်ကို မေး၊ မမြင်ပဟုဖြေ၊ မှန်စွာဖြေဟု မင်းကမိန့်ရာ မြင်၏ဟုဖြေ၊ နွားတို့ကို မအပ်၍ လျော်ထိုက်၊ မြင်လျက် မမြင်ဟု မုသာဝါဒဆို၊ ဂါမဏိစန္ဒက မင်းအမှုဆောင်လုပ်၍ ဤလင်မယား၏ မျက်စိကိုထုတ်၊ သင်က သူတို့ကို နွားဖိုး၂၄သပြာ ပေး၊ နွားရှင်ထို့က ဂါမဏိစန္ဒကိုရှိခိုး၍ ၂၄သပြာနှင့် တပါးသောအသပြာပေး၍ပြေး။

၂ သင်သည် ဤသူ၏မယားကိုသတ်၍ ကိုယ်ဝန်ကိုကျစေသလော၊ မကျစေပါဟု ဂါမဏိစန္ဒဖြေ၊ သင်သည် ဂါမဏိစန္ဒ သင်မယားကိုသတ်၍ ကိုယ်ဝန်ကျစေသည်ကို ပြနိုင်သလော၊ မတတ်နိုင်ပါဟု

လင်ကဖြေ၊ မင်းက ယခုအသို့ပြုလတ္တံ့နည်း၊ သားကိုရခြင်းငှာ သင့်၏ဟု လင်ကဖြေ၊ ဂါမဏိစန္ဒ ဤသူ၏ မယားကို သင့်အိမ်၌ထား၍ အကြင်အခါ၌ သားဖွား၏၊ ဆောင်၍ ဤသူအားပေးလော့၊ လင်က ဂါမဏိစန္ဒကို ရှိခိုးကာ အိမ်ကို မဖျက်ပါလင့်ဆို၍ အသပြာပေး။

၃ မြင်းထိန်း သင်သည် မြင်းကိုပစ်၍ ပြန်လည်ပါစေဟု ဆိုသလော၊ မဆို၊ ထပ်မေးသော် ဆို၏ဟုဖြေ၊ မှသားဆို၏၊ ဂါမဏိစန္ဒ သင်သည် မြင်းထိန်း၏လျှာကိုဖြတ်၊ မြင်းဖိုးကို ငါ၏ဥစ္စာ အသပြာ၁၀၀၀ကို ယူ၍ပေး လော့၊ မြင်းထိန်းက လျှာမဖြတ်ပါလင့်ဟုဆို၍ ဂါမဏိစန္ဒအား တပါးသောအသပြာပေး၍ပြေး။

၄ ဖျာရက်သမား (ဒေါင်းရွှေသမား)၏သားကို မင်းက ယခုအသို့ပြုလတ္တံ့နည်းဟုမေး၊ အဖကို ရခြင်းငှာ သင့်၏၊ သေပြီးသောသူကို ဆောင်၍ တဖန်ပေးအံ့သောငှာ မတတ်ကောင်း၊ ဂါမဏိစန္ဒသည် သူ၏အမိကို သင့်အိမ်၌ထား၍ ဤသူ၏အဖဖြစ်လော့၊ သားက သေလေသော ကျွန်ုပ်အဖ၏အိမ်ကို မဖျက်ပါ လင့်ဟုဆိုကာ အသပြာပေး၍ပြေး။ ဆုံးဖြတ်ချက် ၄ခု။

ဂါမဏိစန္ဒသည် တရားများနိုင်၍ နှစ်သက်သောစိတ်ရှိ၍ သထင်းစကားများကို မေး။

၅ ပုဏ္ဏားလုလင်တို့၏နေရာ၌ အခါကိုသိ၍ တွန်သောကြက်၏အသံဖြင့် အိပ်ရာမှထ၍ ဗေဒင်တို့ကို သရဇ္ဈာယ်သောကြောင့် သင်တိုင်းသင်တိုင်းသော ဗေဒင်မပျောက်၊ ယခု အချိန်မဲ့တွန်သော ကြက်ရှိ၏၊ အလွန်စောစောတွန်က အိပ်ချင်၍ ပြန်အိပ်ပြီး အလွန်လင်းမှတွန်က သရဇ္ဈာယ်ခွင့်မရသဖြင့် သင်အပ်သော ဗေဒင်သည် မထင်။

၆ ရသေ့တို့သည် ရှေးက ရဟန်းတရားကို ကျင့်ကုန်လျက် ကသိုဏ်းပရိကံ၌ လုံ့လပြုသည်ဖြစ်၊ ယခုမူ တရားကိုလွှတ်၍ မပြုအပ်သောအမှုတို့၌ လုံ့လပြု၊ အရံ၌ဖြစ်သော သစ်သီးကြီးငယ်တို့ကို ဒါယကာ တို့အား ပေး၍ငှင်း ဆွမ်းပေး၍ငှင်း အတုံ့ယူခြင်းဟူသော မိစ္ဆာဇီဝဖြင့် အသက်မွေးကြ၊ ရဟန်းတရားကို ကျင့်ကြလော့။

၇ နဂါးမင်းတို့သည် အချင်းချင်းခိုက်ရန် ပြုကြ၍ရေနောက်၊ ရှေးကကဲ့သို့ သင့်တင့်လျှင် ရေသည် ကြည်လတ္တံ့။

၈ ရက္ခစိုးနတ်သည် ရှေးက တောအုပ်ခရီးသွားသောလူတို့ကို စောင့်ရှောက်၊ ထို့ကြောင့် အထူးထူးသော ပူဇော်သက္ကာယကိုရ၊ မစောင့်ရှောက်၍ ပူဇော်မှုမရ၊ တောသို့ရောက်သောလူတို့ကို စောင့်ရှောက်လေလော့။

၉ ခါ နှစ်သက်ဖွယ်တွန်သော တောင်ပို့ခြေရင်း၌ ကြီးစွာသောဥစ္စာတို့ရှိ၊ သင်ထုတ်ဖော်၍ယူလော့။

၁၀ သမင် မြက်တို့ကိုစားနိုင်သော သစ်ပင်၏အထက်၌ ကြီးစွာသောပျားအုံရှိ၊ ပျားလူးမြက်၌ တပ်မက်သည်ဖြစ်၍ အခြားမြက်တို့ကို မစားနိုင်၊ သင်သည် ပျားတို့ကိုယူ၍ ပျားဦးကို ငါ့အားပို့လော့၊ ကြွင်းသောပျားကို သင်စားလော့။

၁၁ မြွေနေသောတောင်ပို့၏ အောက်၌ ကြီးစွာသောရွှေအိုးရှိ၊ ထိုရွှေအိုးကို စောင့်လျက်နေရကား

ထွက်သောကာလ၌ ဥစ္စာ၌မက်မောသော လောဘအားဖြင့် ကိုယ်ကိုလျှော့စွာပြု၍ ကပ်ငြိလျက်ထွက်၊ အစာစားပြီးသော် ဥစ္စာ၌ချစ်သဖြင့် မကပ်မငြိ လျင်စွာဝင်၏၊ သင် ရွှေအိုးတို့ကို ထုတ်ဖေါ်ယူလော့။

၁၂ မိန်းမပျို၏လင်နှင့် မိဘအိမ်တို့ရွာအကြား တခုသောရွာငယ်၌ သယောက်လင် (လင်ငယ်) ရှိ၊ ၂အိမ်လုံး၌ မနေနိုင်ပဲ ထိုအိမ်များသို့သွားသောအခါ လင်ငယ်၏အိမ်၌ ၂ရက်၃ရက်နေ၍သွား၊ လင်အိမ်၌ သာနေစေ၊ သင့်ကို မင်းဖမ်းငြားအံ့၊ သင်၏အသက်သည် မရှိသည်ဖြစ်အံ့၊ မမေ့မလျော့ ကြည့်အံ့သောငှာ သင့်၏။

၁၃ ပြည့်တန်ဆာမသည် ရှေးက တယောက်သောသူ၏လက်မှ အခယူ၍ ထိုအခမကျေစေပဲ တပါးသော ယောကျာ်း၏လက်မှ အခကိုမယူသဖြင့် အခသည်များ၏၊ ယခုမူကား မိမိ၏သဘောကိုစွန့်၍ တယောက်သော သူ၏လက်မှ အခကိုယူပြီး သူ၏အခွင့်ကိုမယူပဲ နောက်ယောကျာ်း၏အခကို ယူ၏၊ မိမိသဘော၌တည်က ရှေးရှေးတူသည်သာ ဖြစ်လတ္တံ့။

၁၄ ရွာစားသည် ရှေးက တရားသဖြင့်ဆုံးဖြတ်၍ လူတို့ချစ်မြတ်နိုးသဖြင့် လက်ဆောင်ပဏ္ဏာပေးကုန်၏၊ အဆင်းလှ ဥစ္စာများ၍ အခြံအရံနှင့် ပြည့်စုံ၏၊ ယခုမူ တံစိုးစား၍ မဟုတ်မမှန် တရားဆုံးဖြတ်၊ ဟုတ်မှန်သဖြင့် တရားဆုံးဖြတ်လော့။ <u>အဖြေ၁၀လွှာ</u>။ မင်းသည် ဂါမဏိစန္ဒာအား များစွာသောဥစ္စာနှင့် နေရာရွာကိုပေး၏။

<u>၂၅။ ဘုရားလောင်း၏ လောက၌ သာယာဖွယ်၊ အပြစ်၊ ထွက်မြောက်ရာတို့နှင့်စပ်သော အကြံ ၃ပါး</u>

(ပုဗ္ဗေဝသမ္ဗောဓသုတ်၊ သမ္ဗောဓဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

သစ္စာ ၄ပါးမသိခင် ဘုရားလောင်းဘဝက ဤအကြံတို့ဖြစ်ခဲ့၏ဟု ဘုရားရှင်ဟောတော်မူ၏။

၁ လောက၌ သာယာဖွယ်သည် ချမ်းသာခြင်း သုခနှင့် ဝမ်းမြောက်ခြင်း သောမနဿ၊

၂ လောက၏အပြစ်သည် မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖေါက်ပြန်ခြင်း၊

၃ လောကမှ ထွက်မြောက်ရာသည် လိုလားတပ်မက်မှု ဆန္ဒရာဂကို ဖျောက်ခြင်း၊ ပယ်ခြင်းတို့ ဖြစ်ကြသည်။

<u>၂၆။ ဘုရားလောင်း၏ သေသူများ သေသောသတ္တဝါများအတွက် မပူဆွေးသင့်ကြောင်း မျက်ရည်သိမ်းတရားဟောရာဘဝ ၈ ဘဝ</u>

၁ လူဖြစ်စဉ်က ခြေရင်းအလုပ်အကျွေး(မယား) ယခုသီတင်းသုံးဖေါ်ရသေ့မ သေဆုံးသည်ကိုမငို၍ လူအများကမေးကြသည်ကို ဖြေကြားဟောပြသောတရား (အနနု-မရှိ၊ သောစိယ- စိုးရိမ်ဖွယ်သော၊ အနနုသောစိယဇာတ်၊ ကုဋိဒူသကဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

မိဖများစီစဉ်သဖြင့် အိမ်ရာထောင်ကြရသော တဖက်မှ ကုဋေ၈၀စီကြွယ်ဝသော ပုဏ္ဏားမျိုးရသေ့- ဘုရား

လောင်းနှင့် ရသေ့မ- အရှင်မယသောရောထေရီအလောင်းတို့သည် ဟိမဝန္တာ၌ အနေကြာသော် ချဉ်ဆားမှီဝဲရန် ဗာရာဏသီသို့ လာ၊ ရသေ့မသည် ဩဇာမရှိသော ရောနှောဆွမ်းစားရသဖြင့်၎င်း၊ နူးညံ့သဖြင့်၎င်း၊ ဝမ်းသွေးသွန် ရောဂါရ၊ သင့်သောဆေးမရ၍ အားနည်းနေသဖြင့် မြို့တံခါးဇရပ်ပျဉ်၌ အိပ်စေကာ ဘုရားလောင်းမြို့တွင်း ဆွမ်းခံဝင်၊ မြို့မှ မထွက်မီပင် ရသေ့မသေ၊ အလွန်အဆင်းလှသဖြင့် လူများဝိုင်းငိုကြ၊ ဘုရားလောင်းပြန်လာသော် "ပျက်စီးတတ်သောသဘောသည် ပျက်စီး၏၊ ခပ်သိမ်းသောသင်္ခါရတို့သည် အမြဲမရှိသည်သာ။" ဟုဆိုကာ ပျဉ်၌ထိုင်၊ ဆွမ်းဘုဉ်း၊ ခံတွင်းဆေး၊ လူများက မည်သို့ တော်စပ်ကြောင်းနှင့် အဘယ်ကြောင့် မငိုကြောင်းမေး။

"ငါ၏လူဖြစ်စဉ်က ခြေရင်းအလုပ်အကျွေးဖြစ်၏၊ ဤမိန်းမကား အသက်ရှင်စဉ်ကပင် ငါနှင့်တစုံတခု မတော်၊ ယခုတမလွန်သွားသော် အဘယ်သို့တော်အံ့နည်း? ၊ သေတိုင်းသေတိုင်းသောသူကို စိုးရိမ်ငြားအံ့၊ <u>အခါခပ်သိမ်း သေမင်းနိုင်ငံသို့လိုက်ရသောကိုယ်ကို စိုးရိမ်ရာ၏၊ ရပ်၊ ထိုင်၊ လျောင်း၊ သွားသော သတ္တဝါသို့သာလျှင် အာယုသင်္ခါရသည် လိုက်သည်မဟုတ်သေး၊ မျက်စိဖွင့် မိတ်စဉ့်အချိန်မျှ၌လည်း သုံးပါးသောအရွယ်သည် ဆုတ်ယုတ်၏၊</u> အရွယ်ဆုတ်ယုတ်သော် စင်စစ် အတ္တဘောချုပ်ခြင်း၊ ကွေကွင်းခြင်းတို့၌ ယုံမှားမရှိရာ၊ ကြွင်းကျန်သော သတ္တဝါကို သနားချစ်ခင်အပ်၏၊ သေပြီးသောသတ္တဝါကို အဖန်တလဲလဲ မစိုးရိမ်အပ်။"

၂ သားသဖွယ်မွေးထားသော သမင်သေ၍ငိုသောရသေ့ကို ဟောသောတရား (မိဂပေါတက-သမင်ငယ်၊ မိဂပေါတကဇာတ်၊ အဋ္ဌဝဂ်၊ ပဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၃ သားသဖွယ်မွေးထားသော ဆင်သေ၍ငိုသောရသေ့ကို ဟောသောတရား (သောမဒတ္တဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

သမင်ငယ်သေ၍ငိုသော ရသေ့- လုပ်ကျွေးသောသာမဏေ သေ၍ငိုသော ရဟန်းအလောင်းကို ကောင်းကင်၌ရပ်လျက် သိကြား- ဘုရားလောင်းက "သင်သည် သေသောသူအတွက် စိုးရိမ်ခြင်းကိုပြု၏၊ အိမ်မှ ကင်း၍ အိမ်ရာတောင်သောလူတို့၏ ကိစ္စမရှိသောရဟန်းဖြစ်သော သင့်အား မကောင်း၊ ပေါင်းဖော်ခြင်းကြောင့် လူ၏၎င်း၊ သား (တိရစ္ဆာန်) ၏၎င်း၊ နှလုံး၌ချစ်ခြင်းဖြစ်၏၊ ထိုချစ်သောသူကို မစိုးရိမ်သောငါ မတတ်ကောင်း၊ ရသေ့ အကြင်သူသည် သေပြီးသောသူကို၎င်း၊ သေအံ့သောသူကို၎င်း၊ မျက်ရည်ယို၏၊ ဆိုမြည်တမ်း၏၊ မျက်ရည်ပြတ်သောနေ့ မည်သည်မရှိ၊ ထို့ကြောင့် သင်မငိုလင့်၊ ငိုခြင်းကို အကျိုးမရှိဟူ၍ သူတော်ကောင်းတို့ဆို၏၊ မငိုလင့်၊ ငို၍ သေသူ ထငြားအံ့၊ ခပ်သိမ်းသောငါတို့သည် စည်းဝေး၍ အချင်းချင်း၏ဆွေမျိုးတို့ကို ငိုကုန်အံ့။"

ဆင်ငယ်သေ၍ငိုသော ရသေ့- လုပ်ကျွေးသောသာမဏေ သေ၍ငိုသော ရဟန်းအလောင်းကို ကောင်းကင်၌ ရပ်လျက် သိကြား- ဘုရားလောင်းက အထက်ပါထရားကို ဟော၏။

၄ သားတော်တပါးသေသဖြင့် ညောင်စောင်းပေါင်ကိုဖက်၍ ငိုသော ဝါသုဒေဝမင်း- အရှင်သာရိပုတ္တရာအလောင်းအား ညီတော်ဃဋပဏ္ဍိတ- ဘုရားလောင်း ဟောကြားသောတရား (ဃဋပဏ္ဍိတဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ကဏှပေတဝတ္ထု၊ ဥပ္ပရိဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဃဋပဏ္ဍိတမင်းသားသည် သူရူးအသွင်ဆောင်၍ ငါ့အား ယုန်ကိုပေးလော့ဟု ကောင်းကင်ကိုကြည့်၍ မြို့အလုံးကိုလှည့်ရာ မင်းသားရူးသည်ဟု တမြို့လုံးချောက်ခြားသည်ကို ရောဟဏေယျအမတ်- အရှင်အာနန္ဒာအလောင်းက ငိုနေသောမင်းကြီးကိုလျှောက်ရာ စိုးရိမ်၍ အဆောတလျင်ထ၊ "ညီထွေး၊ အဘယ်ကြောင့် ယုန်ပေးပါဟူ၍ ဤဒွါရဝတီမြို့အလုံးကို အနှံ့လှည့်ပတ်၍ မြည်တမ်းဘိသနည်း၊ အဘယ်သူသည် သင်၏ယုန်ကို ခိုးယူလေသနည်း? ၊ ရွှေ ပတ္တမြား ကြေး ငွေ ခရုသင်း ကျောက်သလင်း သန္တာယုန်တို့ကိုပြုစေအံ့၊ တောနေယုန်ကိုလည်း ဆောင်အံ့၊ အဘယ်သို့သောယုန်ကို အလိုရှိသနည်း?" "မြေမှယုန်တို့ကို အလိုမရှိ၊ လမှယုန်ကို ဆောင်ပေးပါ။" "သင်သည် လမှယုန်ကို တောင့်တ၏၊ အသက်ကို စွန့်ရသော်လည်း လမှယုန်ကို မရလတ္တံ့။"

"သင်မင်းကြီးသည် ဤသို့သိ၍ တပါးသူကိုဆုံးမအံ့၊ ရှေး၄လ အထက်၌ သေလေပြီးသော သားတော်ကို အဘယ်ကြောင့် ယခုတိုင်အောင် စိုးရိမ်ဘိသနည်း? ၊ ငါ့အား မသေပါစေလင့်ဟု မသေသော သဘောကို လူနတ် ဗြဟ္မာ၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ သူဆင်းရဲမျိုး၊ ဒွန်းစဏ္ဍားမျိုး၊ ပန်းမှိုက်သွန်မျိုး၊ တပါးအမျိုးဇာတ်၊ ဗေဒင်သရဏ္ဍာယ်ပို့ချသူ၊ တပါးသောအတတ်ပညာနှင့် ပြည့်စုံသူ၊ ရသေ့၊ ရဟန်း၊ အာသဝေါကင်းကွာ ရဟန္တာတို့သော်မှလည်း မရနိုင်ကုန်၊ အိုရ သေရသေး၏၊ သင်မင်းမြတ်သည် တမလွန်ဘဝသို့သွားသူကို စိုးရိမ်ဘိ၏၊ ထိုသွားလေပြီးသောသူကို မန္တရား၊ ဗေဒင်၊ အမြစ်ပေါင်းဆေး၊ အထူးထူးသောဆေး၊ ဥစ္စာပေး၍ တဖန် ဆောင်ခြင်းငှါ မတတ်ကောင်း။"

၅ သားသေသဖြင့် သုသာန်ပြာပုံ၌ အလုံးစုံသောအမှုကိုစွန့်၍ ငိုသောအဖပုဏ္ဏားကို သားဖြစ်ခဲ့သူနတ်သား- ဘုရားလောင်းဟောသောတရား (မဋ္ဌကုဏ္ဍလီဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည်၌ သားသေ၍ မစား၊ မသောက်၊ အမှုများလည်း မလုပ်ပဲ အဖန်တလဲလဲငိုကာနေသော သူကြွယ်တဦးကို အကြောင်းပြု၍ တရားဟောရာတွင် ဤအတိတ်ဇာတ်ကိုပါ ဆောင်ဟောတော်မူ၏။

သားဖြစ်ခဲ့သူ ဘုရားလောင်းနတ်သားသည် သားအသွင်ဖန်ဆင်း၍ လက်၂ဖက်ဦးခေါင်း၌ထား၍ သည်းစွာငိုနေသည်ကို ပုဏ္ဏားမြင်ရာ သား၌ဖြစ်သောချစ်ခြင်းပြု၍ အဘယ်ကြောင့်ငိုကြွေးသည်ကိုမေး။

"ငါ့အား ရွှေဖြင့်ပြီးသော ပြိုးပြိုးပြက်အရောင်ရှိသော ရထားချိုင့်၏ လှည်းဘီးအစုံမရသော ဆင်းရဲဖြင့် ငါသည် အသက်ကို စွန့်ရတော့အံ့။" "ရွှေ ပတ္တမြား ကြေး ငွေဖြင့်ပြီးသော လှည်းဘီးအစုံကို ရအောင်ပြုအံ့၊ သင့်အား ရထားကိုပြုအံ့။" "ကောင်းကင်၌ညီနောင်ဖြစ်သော လ နေအစုံဖြင့် ရွှေရထားသည် တင့်တယ်၏။" "သူငယ်၊ မတောင့်တအပ်သည်ကို တောင့်တ၏၊ သင်သည်မိုက်၏၊ သေသော်လည်း လ နေတို့ကို မရလတ္တံ့။" "ထွက်ရာ ဝင်ရာသည် ထင်၏၊ လ နေသည် ထင်၏၊ လသွားသောခရီး၊ နေသွားသောခရီးသည် ထင်၏၊ ထမလွန်ဘဝသို့ သွားသောသူကား မထင်၊ ငိုကြွေးသော ငါတို့နှစ်ယောက်တို့တွင် အဘယ်သူသည် အလွန်မိုက်သည် မည်သနည်း?" "သင်သည် မှန်သောစကားကို ဆို၏၊ သင်သည် ငိုကြွေးလျက် လ နေ တောင့်တသကဲ့သို့ ငါသည် သေသောသားကို တောင့်တ၏၊ ထိုငါတို့နှစ်ယောက်တွင် ငါသည်သာ အလွန်မိုက်၏။" ပုဏ္ဏား သောကပြေသောအခါ "သင့်သားကား ငါပင်တည်း၊ နတ်ပြည်၌ဖြစ်၏၊ မစိုးရိမ်လင့်၊ အလှူပေးလော့၊ သီလဆောက်တည်လော့၊ ဥပုသ်ကျင့်သုံးလော့။"

၆ အကိုသေသည်ကို မငို၊ မျက်နှာတွန့်ခြင်းမျှလည်း မရှိဟု ဆွေမျိုးတို့ကကဲ့ရဲ့သည်ကို ညီ - ဘုရားအလောင်း ပြန်လည်ဟောကြားသောတရား (မတ-သေခြင်း၊ ရောဒန- ငိုကြ၊ မတရောဒနဇာတ်၊ ပုစိမန္ဒဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

"အလွန်မိုက်လို့ ဧပါးသော လောကဓံတရားကို မသိ၍ ငါ့အကို သေသဖြင့်ငိုကြ၊ ငါလည်း သေရအံ့၊ ထို့ကြောင့် ငါမငို၊ သင်တို့လည်း သေရအံ့၊ ထို့ကြောင့် ငါတို့လည်း သေရအံ့ဟု နှလုံးသွင်း၍ မငိုကြလင့်၊ ခပ်သိမ်းသောသင်္ခါရတို့သည် မမြဲကုန်၊ ဖြစ်၍ချုပ်တတ်၏၊ ပကတိသဘောဖြင့် တည်ခြင်းငှါစွမ်းသော တပါးသော သင်္ခါရသည်လည်း မရှိ။"

"အလုံးစုံလည်းဖြစ်သော ကိုယ်ကိုဆောင်သောသူတို့သည် အစဉ်သဖြင့် အသက်ကိုစွန့်ရကုန်၏၊ နတ် လူ သား ငှက် မြွေ နဂါးတို့သည် <u>မိမိကိုယ်၌ အစိုးမရကုန်သည်ဖြစ်၍ ဖြစ်ရာအရပ်၌ မွေ့လျော်ကုန်၍ သာလျှင် အသက်ကို စွန့်ကြရ၏၊</u> လူတို့၌ တည်ငြိမ်သောသဘောမရှိသော ချမ်းသာ ဆင်းရဲကိုကြည့်၍ ငိုခြင်း၊ မျက်ရည်ယိုခြင်းသည် အကျိုးမရှိ၊ မိန်းမကြူး ကြွေအန်ကြူး သောက်ကြူး စားကြူးဖြစ်ကြသော၊ သုစရိုက်တို့၌ အားတုတ်ခြင်းကင်းသော၊ လောကဓံဧပါး၌မလိမ္မာသော သူမိုက်တို့သည် ဆွေမျိုးတို့၏ သေခြင်း၌ မငိုသော ငါကဲ့သို့သော ပညာရှိကို သူမိုက်ဟူ၍ အောက်မေ့ကုန်၏။"

၇ အဖ (ခမည်းတော်) နတ်ရွာလားသည်ကိုကြား၍ မငိုကြွေး မစိုးရိမ်သဖြင့် အကြောင်းကို ညီတော်ဘရတမေး၍ ဟောကြားသောတရား (ဒသရထဇာတ်၊ ဧကာဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) - **ရာမ လက္ခဏ သီတာ ဒေဝီဇာတ်**။

ဒသရထမင်းကြီး- သုဒ္ဓေါဒနမင်းကြီးအလောင်း၏ မိဖုယားကြီး- မယ်တော်မာယာဒေဝီအလောင်းမှ သားတော်ကြီး ရာမ- ဘုရားလောင်း၊ သားတော်ငယ် လက္ခဏ- အရှင်သာရိပုတ္တရာအလောင်း၊ သမီး သီတာဒေဝီ- အရှင်မ ယသောဓရာထေရီအလောင်းတို့ကိုဖွား၊ ကာလကြာသော် မိဖုယားကြီးသေ၍ နောက်မိဖုယားမှ သားတော်ဘရတ- အရှင်အာနန္ဒာအလောင်းရ၊ မင်းကြီးကဆုပေးရာ မိဖုယားက သားတော်ဘရတကို မင်းအဖြစ်ပေးရန် အဖန်ဖန်တောင်း၊ မင်းကြီးက သားတော်၂ပါးနှင့် သမီးတော်တို့ အသက်အန္တရာယ်ရှိနိုင်၍ ရွာတပါးတောသို့သွားကာ သူမရှိမှလာ၍ အဖအမွေထီးနန်းကိုယူရန်မိန့်၊ ပုဏ္ဏားတို့အား အသက်အပိုင်းအခြားစစ်စေရာ ၁၂နှစ်ရှည်လတ္တံ့ဆို၍ ထိုကာလမှလာ၍ ထီးမွေယူရန်မှာ၊ ၉နှစ်ဖြင့်လွန်သော် ဘရတမင်းသားက နောင်တော်ရာမမင်းသားကို ထီးဖြူဆောင်းစေမည်ဟုဆိုကာ တောသို့လာ၍ ခမည်းတော်လွန်ကြောင်းပြောရာ ရာမမင်းသားက မငိုကြွေး မပူဆွေးသဖြင့် အကြောင်းမေး။

"ငိုကြွေးမြည်တမ်းခြင်းဖြင့် ဇီဝိတိန္ဒြေကိုစောင့်ခြင်းငှါ မတတ်နိုင်သည်ဖြစ်လျက် ပညာရှိသူသည် အဘယ်ကြောင့် မိမိကိုယ်ကို ပူပန်စေအံ့နည်း? ၊ သူငယ်၊ ကြီးသူ၊ သူမိုက်၊ ပညာရှိ၊ ကြွယ်ဝသူ၊ သူဆင်းရဲ၊ အလုံးစုံသောသူတို့သည် သေမင်းခံတွင်း၌ လဲလျောင်းရာရှိ၏၊ သစ်သီးမှည့်တို့သည် ကြွေကျသကဲ့သို့ သတ္တဝါတို့သည် သေခြင်းဘေးသည် အမြဲဖြစ်၏။

နံနက်၌မြင်သောသူအချို့တို့ကို ညဥ့်၌မမြင်ကုန်၊ ညဥ့်၌မြင်သူအချို့တို့ကို နံနက်အခါ၌ မမြင်ကုန်၊ ငိုသောသူသည် မိမိကိုယ်ကိုညှဉ်းဆဲတွေဝေသည်ဖြစ်၍ အကျိုးစီးပွားကို ဆောင်ငြားအံ့၊ ငိုကြွေးခြင်းကို ပညာရှိသည် ပြုရာ၏၊ ငိုသဖြင့် မိမိကိုယ်ကို ညှဉ်းဆဲကြုံလှီ အဆင်းမလှသည်ဖြစ်သော်လည်း တမလွန်ဘဝသွားသူတို့သည် မစောင့်၊ ငိုကြွေးခြင်းသည် အကျိုးမရှိ။

ညီထွေး၊ နေအိမ်မီးလောင်သော် ရေအိုးအရာအတောင်ဖြင့် ငြိမ်းစေသကဲ့သို့ ပညာရှိသူသည် ဖြစ်သော စိုးရိမ်ခြင်းကို လျင်စွာ ငြိမ်းစေရာ၏၊ လေသည် လဲကို လွင့်သကဲ့သို့ စိုးရိမ်ခြင်းကို လွင့်ပျောက်ရာ၏၊ သတ္တဝါသည် တယောက်ထည်းသာလျှင် လွန်၏၊ တယောက်ထည်းသာလျှင် အမျိုး၄ပါး၌ဖြစ်၏၊ အဆွေအမျိုးဟု သုံးဆောင်ခြင်းသာရှိ၏၊ ပစ္စုပ္ပန် တမလွန်လောကကို ရှုမြင်သောပညာရှိအား လောကဓံတရား ၈ပါးကိုသိ၍ ဟဒယဝတ္ထုကိုငှင်၊ စိတ်ကိုငှင်၊ စိုးရိမ်ခြင်းတို့ မပူပန်စေကုန်။"

၈ အဖသေ၍ အရိုးမြေစေတီ၌ ငိုသောဖခင်သူကြွယ်အား သားကဟောကြားသောတရား (သုဇာတဇာတ်၊ မဏိကုဏ္ဍလဝဂ်၊ ပဥ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဝေါဏ္ဏပေတဝတ္ထု၊ ဥရဂဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဥယျာဉ်အတွင်း၌ တည်ထားသော အဖ၏အရိုးမြေစေတီ၌ ရောက်တိုင်းရောက်တိုင်းငိုကာ မည်သည့်အမှုမျှ မဆောင်ရွက်သောဖခင်အား သားဖြစ်သူဘုရားလောင်း သုဇာတက နွားသေတကောင်ကိုယူ၍ ရေမြက်များ ပေးကာ စားလော့ သောက်လော့ဟုသာဆိုနေ၊ ဖခင်သူကြွယ်က "အစာရေပေးစေကာမူ နွားသေသည် မထသည်သာထည်း၊ ပညာမရှိသောသူသည် ထိုစကားကိုဆိုသကဲ့သို့ သင်သည် အချည်းနှီးသော စကားကို

ဆို၏။" ဟု ဆို၊ သားက "နွားသည် ရှေးကအတိုင်းတည်၏၊ ထရာ၏ဟုအောက်မေ့၏၊ အဘိုး၏ ဦးခေါင်း ခြေလက်တို့ မထင်ကုန်၊ မြေစေတီ၌ငိုသော သင်သည်လည်း ပညာမရှိသည် မဟုတ်လော?" ဟု ဟောရာ အဖသောက ပြေပျောက်၏။

## ၂၇။ ဘုရားလောင်း၏ သံသရာ၌ ကျင်လည်ပါရမီဖြည့်ခဲ့ရာ **ထူးခြားသော** မှတ်သားဖွယ်ဘဝ ၁၀ ဘဝ

၁ ကစားလေလွင့် ကလေးသူငယ်ဆိုး (ပုပ္ဖကမ္မပိလောတိက- ရှေးကံဟောင်း၊ ပုပ္ဖကမ္မလောတိကဗုဒ္ဓ အပဒါန်၊ အဝဋ္ဋဖလဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဟာဗုဒ္ဓဝင်ပဥ္စမတွဲ၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

ငါသည် ကစားလေလွင့် ကလေးသူငယ်ဆိုးဖြစ်၍ လမ်းခရီးမ၌ကစားစဉ် လမ်း၌ ပစ္စေကဗုဒ္ဓါကို မြင်၍ ကျောက်ခဲဖြင့် ပစ်ခတ်ခဲ့၏၊ ထိုကံ၏အကျိုးကြောင့် ဤနောက်ဆုံးဘဝ၌ ဒေဝဒတ်သည် ငါ့ကိုသတ်ရန် လေးသမားတို့ကို စေလွှတ်ခဲ့၏။

၂ ကြွေအန်ကြူး သူကြွယ် (လိတ္တ- အဆိပ်သုတ်အံစာတုံး၊ လိတ္တဇာတ်၊ လိတ္တဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၃ ခိုးသူ၅၀၀၏ အကြီးအမှူး (သတပတ္တ- ခေါက်ရှာငှက်၊ သတပတ္တဇာတ်၊ ဥဒပါနဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) - ဘုရားလောင်းဖြစ်သော ယောက်ျားမြတ်တို့အားလည်း မညီညွတ်သော ပဋိသန္ဓေယူခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် ဤသို့ သူတပါးတို့၏ဥစ္စာကို ခိုးယူခြင်းသည်ဖြစ်၏၊ နက္ခတ်အပြစ်ကြောင့် ဖြစ်သည်ဟူ၍လည်း ဆို၏။ (ဥပဒေသ ပေးရာ ဂါထာများ / သုတ်တော်များ / ဇာတ်ဝတ္ထုများ - အနက်မှ - သား၌ လွန်စွာချစ်သောစိတ်ဖြင့် အမိသည် ကြွေးတောင်းသွားသော သားလာရာလမ်း၌ ဥပပတ်မြေခွေးမ- ကိုယ်ထင်ရှား ဘွားကနဲ ပေါ်လာသော မြေခွေးမ ဖြစ်၏။) ၌ အကျယ်ကြည့်ပါ။

ခိုးသူဖြစ်ရသော အခြားဇာတ် (ကဏဝေရ- ကုလားဖလပ်ပန်း၊ ကဏဝေရဇာတ်၊ ပုစိမန္ဒ- တမာပင်၊ ပုစိမန္ဒဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) လည်း ရှိ၏။

၄ ခုန်ပျံကျော်လွှားကစား၍ အသက်မွေးကြောင်းပြုသော ကချေသည်- ဘားကျွမ်းသမား (ဒုပ္ပစဇာတ်၊ ဟံစိဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၅ စည့်တီး၍ အသက်မွေးသောအမျိုး (ဘေရိဝါဒက- စည်တီးသမား၊ ဘေရိဝါဒကဇာတ်၊ အာသီသဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၆ <u>ဆို ကျ်တောင်းသည့် နငှအမျိုး</u>- ထမင်းတောင်းစား၍ အသက်မွေးရသော ဆင်းရဲသည့် ကချေသည် (ဥဋ္ဌိဋ္ဌ- စားကြွင်းစားကျန်၊ ဘတ္တ- ထမင်း၊ ဥဋ္ဌိဋ္ဌဘတ္တဇာတ်၊ ဗီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခုဒ္ဒကနိကာယ်)

၇ <u>ဒွန်းစဏ္ဍားမျိုး</u>- သူတောင်းစား သုသာန်စောင့် ယုတ်နိမ့်သောအမျိုး (မာတင်္ဂဇာတ်၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခုဒ္ဒကနိကာယ်) - ဘုရားလောင်း ဒွန်းစဏ္ဍားမျိုး၌ ဖြစ်သော အခြားဇာတ်များလည်း ရှိသည်။

၈ <u>သိကြားမင်း ၃၆ယောက်လွန်သည့်တိုင် မသေပဲ တာဝတိံသာ၌ မင်းပြုခြင်း</u> (မန္ဓာတုဇာတ်၊ သင်္ကပ္ပဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခုဒ္ဒကနိကာယ်)

ကမ္ဘာဦးကာလ၌ မန္ဓာတုစကြာမင်းကြီးသည် <u>အနှစ်၈သောင်း၄ထောင်စီဖြင့်</u> သူငယ်ဘဝ၊ အိမ်ရှေ့မင်းဘဝနှင့် စကြဝတေးမင်းဘဝ ၃ဘဝ အစဉ်ပြု၊ ကာမတဏှာပြည့်ခြင်းငှာ မတတ်နိုင်၊ ငြီးငွေ့၊ အမတ်များက နတ်ပြည်သည် မွေ့လျော်ဘွယ်ရှိသည်ဆို၍ <u>စတုမဟာရာဇ်နတ်ပြည်၌ မင်းပြု</u>၊ ငြီးငွေ့ပြန်ရာ နတ်မင်းကြီး ၄ပါးက တာဝတိံသာနတ်ပြည်သည် ပို၍မွေ့လျော်ဖွယ်ရှိ၏ဟုဆို၊ သိကြားက တာဝတိံသာကို ထက်ဝက်ပေး၍ နတ်မင်းအဖြစ်ပြု၊ <u>သိကြားသက် လူအနှစ်၃ကုဋေ၆သန်း</u>ကုန်၍ <u>သိကြားဆက်များ ၃၆ဆက်</u>လွန်သည့်တိုင် တာဝတိံသာ၌နေ၊ ကာမဂုဏ်ခံစားရသည်ကို မရောင့်ရဲသေးပဲ သိကြားကိုသတ်၍ မင်းပြုအံ့ဟု အကြံဖြစ်သည်နှင့် အာယုသင်္ခါရသည်ဆုတ်၍ အိုခြင်းတရားသည် ကိုယ်ကိုသတ်၊ နတ်ပြည်မှလျှောကျ၍ ဥယျာဉ်သို့ သက်ဆင်းပြီး "တဏှာကို မပြည့်စေသည်ဖြစ်၍ စုတေသေလွန်၏။" ဟုဆိုကာ စုတေ၏။

၉ <u>အရက်ရောင်း၍ အသက်မွေးရခြင်း</u> (တက္ကပဏ္ဍိတ- အရက်ရောင်းသူပညာရှိ၊ တက္ကပဏ္ဍိတဇာတ်၊ ကူဋဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခုဒ္ဒကနိကာယ်)

**၁၀** အာဇီဝက- <u>အဝတ်မဝတ်သော ပရိဗိုဇ်တက္ကတွန်းရဟန်း</u> (လောမဟံသဇာတ်၊ လိတ္တဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခုဒ္ဒကနိကာယ်)- <u>၉၁ကမ္ဘာ</u>အထက်က ဘုရားလောင်းသည် <u>အင်္ဂါ ၄တန်နှင့်ညီသော အာဇီဝကအကျင့်</u>ကို ကျင့်သုံးခဲ့၊

၁ အဝတ်မဝတ်ပဲ အညစ်အကြေး အလိမ်းလိမ်းကပ်၊

၂ လူတွေ့မခံပဲ တယောက်တည်း ကြောက်ဖွယ်တောအုပ်၌ နေ၊

၃ နွားချေးစသော ရွံရှာဖွယ် အာဟာရကို စား၊

၄ ရာသီမရွေး အချိန်တိုင်း အပူအအေး၏ဆင်းရဲကို ခံစား၊ သေခါနီး ငရဲနိမိတ်ထင်သဖြင့် မိစ္ဆာအယူအကျင့်ကို ဖျောက်၍ သမ္မာအယူယူသဖြင့် နတ်ပြည်ကို လားရသည်။

၂၄ ဘုရားအလောင်းတော်များနှင့် ဆက်စပ်၍ မှတ်သားဖွယ်များ ၇ ခု

၁။ ဘုရားလောင်း ၃မျိုးနှင့် ပါရမီဖြည့်ကျင့်ရာ ကာလများ (သုတ္တနိပါတ် ဋ္ဌ၊ ခဂ္ဂဝိသာဏ ပဌမသုတ်အဖွင့်။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပညာဓိကဘုရားလောင်း - သဒ္ဓါနန်း၍ ပညာဉာဏ် ကြီးရင့်၊ ၄အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်၊

၂ သဒ္ဓါဓိကဘုရားလောင်း - သဒ္ဓါတရား လွန်ကဲ၍ ပညာအားနည်းသည်၊ ၈အသင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီဖြည့်ရသည်၊

၃ ဝီရိယဓိကဘုရားလောင်း - ဝီရိယအားကြီး၍ သဒ္ဓါ ပညာအားနည်းသည်၊ ၁၆အသင်္ချေနှင့် ကမ္ဘာ တသိန်း ပါရမီဖြည့်ရသည်။

၂။ ဘုရားလောင်း နှင့် နိယတဗျာဒိတ် ၄ ခု

၁။ ဘုရားလောင်းများ နိယတဗျာဒိတ်ရကြောင်း အင်္ဂါ ၈ပါး (သုမေဓပတ္တနာကထာ၊ ဗုဒ္ဓဝံသ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အပဒါ န ဋ္ဌ။ သုတ္တနိပါတ ဋ္ဌ။ ဥပရိပဏ္ဏာသ ဋ္ဌ။ ပါရာဇိကဏ် ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ပါဠိတော်မြန်မာပြန်ကျမ်းများ)

၁ လူသားစင်စစ်ဖြစ်ရခြင်း၊ ၂ ယောကျ်ားစင်စစ်ဖြစ်ရခြင်း၊ ၃ အရဟတ္တဖိုလ်၊ နိဗ္ဗာန်မဂ်ဖိုလ် ရနိုင် လောက်အောင် စွမ်းအားအကြောင်း ရှိခြင်း၊ ၄ မြတ်စွာဘုရားသခင်ကို ကိုယ်တိုင်မျက်မှောက် ဖူးမြင်ရခြင်း၊ ၅ ကမ္မဝါဒီ၊ ကိရိယဝါဒီ၊ ရသေ့ရဟန်း ဖြစ်ခြင်း၊ ၆ ဈာန် အဘိညာဉ်ရခြင်း၊ ၇ ကိုယ်နှင့်အသက်ကို မငဲ့ကွက်ပဲ စွန့် ပစ် ပယ်ခွါ၍ ဘုရားဆုကိုသာ လိုလားပန်ဆင်ခြင်း၊ ၈ ဘုရားဖြစ်လိုသော၊ လွန်စွာ ကြီးမားသော မဟာဆန္ဒရှိခြင်း။

၂။ ဘုရားလောင်းများ နိယတဗျာဒိတ်ရစဉ် ထင်သောနိမိတ် ၃၂ပါး (သုမေဓပတ္တနာကထာ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သုမေဓာဘုရားလောင်း ဒီပင်္ကရာမြတ်စွာဘုရား အထံတော်မှ ဗျာဒိတ်ရပြီးနောက် ထက်ဝက်ပလ္လင် ဖွဲ့ခွေထိုင်နေစဉ် ဗြဟ္မာကြီးတို့ လာရောက်ပြောကြားကြ၏။

၁ အအေးကင်းခြင်း၊ ၂ အပူငြိမ်းခြင်း၊ ၃ တသောင်းသော လောကဓါတ်တို့ အသံတိတ်ဆိတ် အနှောက်အယှက်ကင်းခြင်း၊ ၄ လေပြင်း မတိုက်ခတ်ခြင်း၊ ၅ မြစ်တို့ မစီးကြခြင်း၊ ၆ ကြည်းပန်းရေပန်း အားလုံးပွင့်ကြခြင်း၊ ၇ နွယ်ပင်သစ်ပင်တို့ အသီးသီးကြခြင်း၊ ၈ ကောင်းကင်နှင့် မြေ၌တည်သော ရတနာ တို့ တောက်ပကြခြင်း၊ ၉ လူနတ်တူရိယာတို့ အလိုလို မြည်ကြခြင်း၊ ၁၀ ပန်းမိုးရွာခြင်း။

၁၁ မဟာသမုဒ္ဒရာဝဲလည်ခြင်း၊ ၁၂ တသောင်းသော လောကဓါတ်တို့ တုန်လှုပ်ခြင်း၊ ၁၃ တသောင်းသော လောကဓါတ်၌ ငရဲမီးငြိမ်းခြင်း၊ ၁၄ နေမင်းသည် အညစ်အကြေးကင်းခြင်း၊ ၁၅ အလုံးစုံသော ကြယ်ထာရာတို့ထင်ရှားခြင်း၊ ၁၆ မြေမှ ရေတို့ပန်းထွက်ခြင်း၊ ၁၇ ကြယ်ထာရာနက္ခတ်တို့

ကောင်းကင်အဝန်း၌ တင့်တယ်ကြခြင်း၊ ၁၈ ဝိသာခါနက္ခတ်သည် စန်း (လ) နှင့်ယှဉ်ခြင်း၊ ၁၉ တွင်းနေ၊ ချောက်နေ သတ္တဝါတို့ ထွက်ကြခြင်း၊ ၂၀ သတ္တဝါတို့ မပျော်မွေ့ခြင်း မဖြစ်ကြခြင်း။

၂၁ သတ္တဝါတို့ တင်းတိမ်ရောင့်ရဲကြခြင်း၊ ၂၂ အနာရောဂါတို့ ငြိမ်းကြခြင်း၊ ၂၃ မွတ်သိပ်ခြင်း ကင်းခြင်း၊ ၂၄ ရာဂဒေါသမောဟ ကင်းခြင်း၊ ၂၅ ကြောက်မက်ဖွယ်ဘေး မဖြစ်ခြင်း၊ ၂၆ မြူမှုန် မတက်ခြင်း၊ ၂၇ မကောင်းသောအနံ့ ကင်းခြင်း၊ ၂၈ နတ်၌ဖြစ်သောရနံ့ လှိုင်ခြင်း၊ ၂၉ အလုံးစုံသော နတ်ပြဟ္မာတို့ကို တွေ့ရခြင်း၊ ၃၀ ငရဲ အားလုံးတို့ကို တွေ့ရခြင်း၊ ၃၁ နံရံတံတိုင်း တံခါးရွက်ကျောက်တောင် အပိတ်အပင် အတားအဆီးတို့ မဖြစ်ခြင်း၊ **၃၂** စုတေခြင်း ပဋိသန္ဓေနေခြင်းတို့ မရှိခြင်း။

<u>၃။ ဘုရားလောင်းများ နိယတဗျာဒိတ်ရပြီးနောက် မဖြစ်ရာအရပ်ဌာန ၁၈ပါး</u> (ဗုဒ္ဓဝံသ ဋ္ဌ။ သုတ္တနိပါတ် ဋ္ဌ၊ ခဂ္ဂဝိသာဏသုတ်အဖွင့်။ အဋ္ဌသာလိနီ။ ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

၁ ပဋိသန္ဓေမှ မကန်းခြင်း၊ ၂ ပဋိသန္ဓေမှ နားမပင်းခြင်း၊ ၃ မရူးသွပ်ခြင်း၊ ၄ အသူ မဖြစ်ခြင်း၊ ၅ ခြေ လက်ဆွဲသူ (လမ်းမသွားနိုင်သူ) မဖြစ်ခြင်း၊ ၆ လူရိုင်း မဖြစ်ခြင်း၊ ၇ ကျွန်မဝမ်း၌ မဖြစ်ခြင်း၊ ၈ နိယတမိစ္ဆာဒိဋ္ဌိ အယူမရှိခြင်း၊ ၉ လိင် အသွင်မပြန်ခြင်း၊ ၁၀ ပဉ္စာနန္တရိယကံများ မပြုခြင်း။

၁၁ နူနာ မဖြစ်ခြင်း၊ ၁၂ တိရစ္ဆာန်မျိုး၌ ငုံးအောက်အငယ် ဆင်ထက်အကြီး ဖြစ်တော်မမူခြင်း၊ ၁၃ ပြိတ္တာ ၃မျိုး - [၁]ခုပ္ပိပါသိကပြိတ္တာ- အခါခပ်သိမ်း ဆာလောင်မွတ်သိပ်နေသော ပြိတ္တာ၊ [၂]နိဇ္ဈာမတဏှိက ပြိတ္တာ- အမြဲမီးလောင်ကျွမ်းနေသဖြင့် ပူပင်နေရသော ပြိတ္တာ၊ [၃]ကာလကဉ္စိက အသုရာမျိုး- ပြိတ္တာ အသုရာ၏ ခန္ဓာကိုယ်သည် ၃ဂါဝုတ်မျှရှိ၊ အသွေးအသားနည်း၍ သစ်ရွက်ဟော်အဆင်းနှင့်တူ၊ မျက်စိသည် ပုဇွန်မျက်စိကဲ့သို့ အပြင်သို့ထွက်ပြီး ထိပ်၌တည်၊ အပ်နဖါးပေါက်ခံတွင်းသည် ထိပ်၌တည်၍ အစာတွေ့လျှင် ကုန်း၍ယူရသော ပြိတ္တာတို့၌ မဖြစ်ခြင်း၊ ၁၄ အဝီစိငရဲ လောကန္တရိက်ငရဲတို့၌ မဖြစ်ခြင်း၊ ၁၅ ကာမာဝစရ နတ်တို့တွင် မာရ်နတ်မဖြစ်ခြင်း၊ ၁၆ ရူပဘုံတွင် အသညသတ်ပြဟ္မာဘုံ၊ သုဒ္ဓါဝါသ ပြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊ ၁၇ အရူပပြဟ္မာဘုံတို့၌ မဖြစ်ခြင်း၊ **၁၈** ဤ စကြဝဠာမှ တခြားသော စကြဝဠာတို့၌ ပြောင်း၍ ဖြစ်တော် မမူခြင်း။

<u>၄။ ဘုရားလောင်းများ နိယတဗျာဒိတ်ကြားရာ ရှေးဦးစွာကပင် မြဲသောအရာ ၅ပါး</u> (ဗောဓိသတ္တ ဓမ္မတာပဥ္စာ၊ သဗ္ဗညုတဉာဏဝဂ်၊ မေဏ္ဍကပဥ္စာ၊ မိလိန္ဒပဥ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဘုရားလောင်းတို့၏ အမိ အဖတို့သည် မြဲ၏၊ ၂ သဗ္ဗညုတဉာဏ်တော်၊ ၃ အဂ္ဂသာဝက ၂ပါး၊ ၄ သားတော်၊ ၅ အလုပ်အကျွေး။

၃။ ဘုရားလောင်းများ နိယတဗျာဒိတ်ရပြီးနောက် ဆောက်တည်ရသော တရားများ ၈ စု

၁။ ဘုရားလောင်းများ ဘုရားဖြစ်ကြောင်း၊ သဗ္ဗညုတဉာဏ်ဖြစ်ပေါ်ကြောင်း **ဗုဒ္ဓဘူမိ ၄ပါး** (အံ ဋ္ဌ။ သုတ္တနိပါတ် ဋ္ဌ။ ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ကျမ်းဦးမှတ်ဖွယ်၊ ပါဠိတော်မြန်မာပြန်ကျမ်းများ)

၁ ဥဿာဟ- ပါရမီ စာဂ စရိယတို့ကို မဆုတ်မနစ် အားသစ်ကြိုးစားခြင်း ဝီရိယ၊ လုံ့လထုတ်ခြင်း၊

၂ ဥမ္မင်္ဂ- ပြုအပ်သမျှသော ဒါနမှု သီလမှုစသည်တို့ ပြုတိုင်းပြုတိုင်း သဗ္ဗညုတဉာဏ်ရဖို့ရန်သာ ရည်သန်တောင့်တမှု အသိဉာဏ်ပညာ၊ ပညာပွားများစေခြင်း၊

၃ အဝတ္ထာန- ဘုရားဖြစ်ကြောင်းတရားတို့၌ ကြံ့ကြံ့တည်ခြင်း စိတ်ပြဋ္ဌာန်းမှု၊ အဓိဋ္ဌာန်ဆောက်တည်ခြင်း၊

၄ ဟိတစရိယာ- မေတ္တာဘာဝနာနှင့် ကရုဏာဘာဝနာ ၂ပါးတို့ ပွားများခြင်း။

၂။ ဘုရားလောင်းများ၏ **ပါရမီ ၁၀ပါး - အပြား၃၀၊ ပရိစ္စာဂ ၅ပါး နှင့် စရိယ ၃ပါး**

**ပါရမီ ၁၀ပါး - အပြား ၃၀** (မာလာလင်္ကာရဝတ္ထုတော်ကြီး၊ ဒုတိယမဲထီးဆရာတော်) ၂ စု

၁။ ၁၀ပါး (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဒီပင်္ကရာမြတ်စွာဘုရားရှင်ထံမှ ဗျာဒိတ်တော်ကိုရရှိပြီးနောက် ရှေးဗျာဒိတ်ရ ဘုရားလောင်းများ အတိုင်း သုမေဓါရသေ့ဉာဏ်၌ အစဉ်အတိုင်း ထင်လာသောပါရမီများ ဖြစ်သည်။

၁ ဒါနပါရမီ၊ ၂ သီလပါရမီ၊ ၃ နေက္ခမ္မပါရမီ၊ ၄ ပညာပါရမီ၊ ၅ ဝီရိယပါရမီ၊ ၆ ခန္တီပါရမီ၊ ၇ သစ္စာပါရမီ၊ ၈ အဓိဋ္ဌာနပါရမီ၊ ၉ မေတ္တာပါရမီ၊ ၁၀ ဥပေက္ခာပါရမီ။

၂။ ၃ပါး (စရိယာပိဋက ဋ္ဌ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပါရမီ- သား၊ မယား၊ ရွှေ ငွေစသော အသုံးအဆောင်ဝတ္ထု သက်ရှိ၊ သက်မဲ့ (ကို စွန့်ခြင်း / နှင့် ပတ်သက်၍ မလွန်ကျူးခြင်း / စောင့်ထိန်းခြင်း)၊

၂ ဥပပါရမီ- လက်ခြေ စသော အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊

**၃** ပရမတ္ထပါရမီ- အသက်ကို စွန့်ခြင်း။

အထက်အမှတ် ၁ပါ ပါရမီ ၁၀ပါးသည် ပါရမီ - အယုတ်အားဖြင့် ၁၀ပါး၊ ဥပပါရမီ - အလတ်အားဖြင့် ၁၀ပါးနှင့် ပရမတ္ထပါရမီ - အမြတ်အားဖြင့် ၁၀ပါး ပေါင်းသော် **ပါရမီအပြား ၃၀ပါး** ဖြစ်၏။

**ပရိစ္စာဂ- စွန့်ခြင်းကြီး ၅ပါး** (ဝေဿန္တရာဇာတ် ဋ္ဌ။ ဇိနာလင်္ကာရ ဋီကာ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပစ္စည်းဥစ္စာတို့ကို စွန့်ခြင်း၊ ၂ အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊ ၃ သားသမီးတို့ကို စွန့်ခြင်း၊ ၄ မယားကိုစွန့်ခြင်း၊ **၅** အသက်ကို စွန့်ခြင်း။

**စရိယ ၃ပါး** (မာလာလင်္ကာရဝတ္ထုတော်ကြီး၊ ဒုတိယမဲထီးဆရာတော်။ မဇ္ဈိမပဏ္ဏာသပါဠိတော်။ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

ဘုရားအလောင်းတော်တို့ သဗ္ဗညုဘုရား အဖြစ်ဖြင့် ပွင့်ထွန်း ပေါ်ပေါက်သည့် တိုင်အောင်၎င်း၊ မြတ်စွာဘုရား အဖြစ်တော်တွင်၎င်း၊ အတ္တ ပရနှစ်ဝကျိုးတွက် ဆောင်ရွက်အားထုတ်ခြင်း၊

၁ လောကတ္ထစရိယာ- လောကကမ္ဘာသားများအကျိုး သည်ပိုးဆောင်ရွက်ခြင်း၊

၂ ဉာတတ္ထစရိယာ- မိမိအမျိုးသား /ဆွေတော်၊ မျိုးတော်တို့အကျိုး သည်ပိုးဆောင်ရွက်ခြင်း၊

၃ ဗုဒ္ဓတ္ထစရိယာ- မိမိ ဘုရားရှင်အဖြစ်သို့တိုင်သည်အထိ ဉာဏ်ပညာကြီးပွားအောင် အားထုတ်ရှာမှီးခြင်း။

<u>၃။ ဘုရားလောင်းများ ပါရမီတော်များ ဖြည့်ကျင့်ပုံ အခြင်းအရာ /</u> **ဘာဝနာ ၄ပါး** (စရိယာပိဋ္ဋက ဋ္ဌ၊ နိဒါနကထာအဖွင့်။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋ္ဋကဆရာတော်ကြီး)

၁ သဗ္ဗသမ္ဘာရဘာဝနာ- ပါရမီတော်တို့ကို <u>တခုမကျန်</u> အလုံးစုံ ဖြည့်ကျင့်ခြင်း၊

၂ နိရန္တရဘာဝနာ- တဘဝ မှ <u>အကြားအလပ် မရှိစေပဲ</u> ဖြည့်ကျင့်ပွားများခြင်း၊

၃ စိရကာလဘာဝနာ- တကမ္ဘာမှ <u>မယုတ်မလျော့စေပဲ</u> ကာလရှည်လျားစွာ ပါရမီတော်တို့ကို ဖြည့်ကျင့်ပွားများခြင်း၊

၄ သက္ကစ္စဘာဝနာ- ပါရမီတော်တို့ကို ဖြည့်ကျင့်ရာ၌ <u>ရိုသေစွာ</u> ဖြည့်ကျင့်ခြင်း။

<u>၄။ ဘုရားလောင်းများ ပါရမီတော်များ ဖြည့်ကျင့်နိုင်ရန်</u> **အရင်းခံ တရားကြီး ၂ပါး** (ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋ္ဋကဆရာတော်ကြီး)

၁ မဟာကရုဏာ - မိတ်ဆွေ ရန်သူမခွဲပဲ သတ္တဝါအားလုံးတို့သည် ကိလေသာမီး ၁၁မီးတို့ တညီးညီး တောက်လောင်ခံနေရသော သံသရာ့ဒုက္ခိတများအဖြစ် သနားခြင်းပြင်းစွာဖြစ်၍ ကိုယ့်အသက်ကို မငဲ့ကွက်ပဲ ကယ်တင်လိုသော ကရုဏာတရား၊

၂ ဥပါယကောသလ္လဉာဏ် - ပြုအပ်သမျှသော အလုံးစုံသော ကောင်းမှုမှန်သမျှတို့သည် သဗ္ဗညုတဉာဏ်ရဖို့ရန်သာ ရည်သန်တောင့်တ ဆုတောင်းမှု၌ လိမ္မာသိမြင်သော ဉာဏ်။

<u>၅။ ဘုရားလောင်းများ ပါရမီဖြည့်ရာဘဝများတွင် ဝိပဿနာအားထုတ်ပုံ ၂ စု</u>

<u>၁။ ပဌမပိုင်း၊ ပဌမတွဲ၊</u> မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋ္ဋကဆရာတော်ကြီး။

<u>ဝိပဿနာဉာဏ် ၁၀ဆင့်ရှိသည့်အနက်</u> ၉ဆင့်မြောက် <u>သင်္ခါရုပေက္ခာဉာဏ်</u> ရှေ့ပိုင်းတွင်ရွေ့သာ အဆုံးထား၍ ပညာပါရမီကို ဆည်းပူးတော်မူကြသည်။ အတွတ်အထိပ်ရောက် သင်္ခါရုပေက္ခာဉာဏ်မှာ မဂ်ဉာဏ်သို့အရောက် ပို့ဆောင်ကျေးဇူးပြုသည်ဖြစ်၍ ၎င်းသို့အရောက် ဆည်းပူးတော်မမူကြ။

<u>၂။ ဒုတိယပိုင်း၊ ပဌမတွဲ၊</u> မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋ္ဋကဆရာတော်ကြီး။

ဝိသုဒ္ဓိ ၇ပါးတွင် ၇ဆင့်မြောက်ဖြစ်သော ဉာဏဒဿနဝိသုဒ္ဓိခေါ် မဂ်ဉာဏ်သို့ မရောက်မီ ၆ဆင့်မြောက်ဖြစ်သည့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတွင်ရှေ့သော ရပ်တန့်ထားသည်။

၆။ ဘုရားလောင်းများ၏ ဂုဏ်ကျေးဇူး ၁၀ပါး (ဝေဿန္တရပဥှာ၊ ဝေဿန္တရဝဂ်၊ အနုမာနပဥှာ၊ မိလိန္ဒပဥှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ တပ်မက်မှု မရှိခြင်း၊ ၂ မကပ်ငြိခြင်း၊ ၃ ပေးကမ်းနိုင်ခြင်း၊ ၄ စွန့်လွှတ်နိုင်ခြင်း၊ ၅ နောက်မဆုတ်ခြင်း၊ ၆ သိမ်မွေ့နူးညံ့ခြင်း၊ ၇ ကြီးကျယ်မြင့်မြတ်ခြင်း၊ ၈ ဘုရားလောင်းဟု သိနိုင်ခဲခြင်း၊ ၉ ဘုရားလောင်းအဖြစ် ရရန် ခဲယဉ်းခြင်း၊ **၁၀** ဘုရားဖြစ်ကြောင်းတရား၏ အတုမရှိခြင်း။

၇။ ဘုရားလောင်းများ၏ **အဇ္ဈာသယကြီး- အလိုတော်မြတ်ကြီး ၆ပါး** (စရိယာပိဋက ဋ္ဌ။ သုတေသန သရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

ဤ ၆ပါးနှင့် ပြည့်စုံမှ ဘုရားအဖြစ်ကို ရယူနိုင်သည်။

၁ နေက္ခမဇ္ဈာသယ- တောထွက်လိုခြင်း၊

၂ ပဝိဝေကဇ္ဈာသယ- အဖေါ်မမှီး တယောက်တည်းသာ ဆိတ်ငြိမ်ရာ၌ နေလိုခြင်း၊

၃ အလောဘဇ္ဈာသယ- လောဘမရှိခြင်းကို လိုခြင်း၊

၄ အဒေါသဇ္ဈာသယ- ဒေါသမရှိခြင်းကို လိုခြင်း၊

၅ အမောဟဇ္ဈာသယ- မောဟမရှိခြင်းကို လိုခြင်း၊

**၆** နိဿရဏဇ္ဈာသယ- ဘုံသုံးပါးမှ လွတ်ကင်းလိုခြင်း။

၈။ **ဘုရားလောင်းများ၌ မုသားဆိုခြင်းမည်သည် မဖြစ်**။ (ဟာရိတစာတ်၊ နဝကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းအား အချို့သော ပါဏာတိပါတ၊ အဒိန္နာဒါန်တို့ ဖြစ်၏။ ကာမေသုမိစ္ဆာစာရလည်း ဖြစ်၏။ သုရာမေရယမဇ္ဇပါနလည်း ဖြစ်သည်သာ။ အကျိုးစီးပွားကို ပျက်စီးစေတတ်သော၊ ချွတ်ယွင်းခြင်းကို ဖြစ်စေတတ်သော စေတနာကို အကြီးပြု၍ မုသားဆိုခြင်းမည်သည်ကား မဖြစ်။

၉။ ဘုရားလောင်းများ လူ့ပြည်၌ဘုရားဖြစ်တော်မူမည့်နောက်ဆုံးဘဝ ပဋိသန္ဓေယူရန် လျော်မလျော်ကို ကြည့်လေ့ရှိသော ကြည့်ခြင်းကြီး ၅ပါး (ဓမ္မပဒ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ ကာလ- တက်ကပ်ဆုတ်ကပ်ကာလ ၂ပါးတွင် သက်တမ်းဆုတ်ကပ်ကာလကို ကြည့်ခြင်း၊ ၂ ဒီပ- ကျွန်း ၄ကျွန်းအနက် တောင်ကျွန်းကိုကြည့်တော်မူခြင်း၊ ၃ ဒေသ- တောင်ကျွန်း၏ အလယ်ဗဟို အချက်အချာ ဇောမိပင်ပေါက်ရာ မဇ္ဈိမဒေသကိုကြည့်ခြင်း၊ ၄ ကုလ- အမျိုး၄ပါးတို့တွင် မင်းမျိုးနှင့် ပြဟ္မဏမျိုးကိုသာ ကြည့်ခြင်း၊ **၅** မာတု အာယု ပရိစ္ဆေဒ- ပဋိသန္ဓေယူ၍ မွေးဖွားပြီးနောက် ၇ရက်ရောက်လျှင် မယ်တော်

သေဆုံးရမည့် အသက်အပိုင်းအခြားကို ကြည့်တော်မူခြင်း။

<u>၅။ ဘုရားလောင်းများ ပဋိသန္ဓေနေသောအခါ ဖြစ်ပေါ်လာသော ပုဗ္ဗနိမိတ် ၃၂ပါး</u> (ဇာတက ဋ္ဌ။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ တသောင်းသော စကြဝဠာ၌ အလင်းရောင်ကြီးပြန့်နှံ့၊ ၂ မျက်စိ ၂ကွင်း အလင်းမရသူတို့ ထိုခဏ၌ မြင်ကြ၊ ၃ နားပင်းသူတို့ အသံကြားကြရ၊ ၄ စကားမပြောနိုင်သူ၊ အသူတို့ အအပျောက်ကာ စကားပြောလာနိုင်၊ ၅ ကုန်းကွကောက်ခွင်သူတို့ ဖြောင့်မတ်သောကိုယ် ရှိလာ၊ ၆ ခြေဆွံ့- မသွားနိုင်သော သူတို့ ခြေဖြင့် ကောင်းစွာ သွားလာနိုင်ကြ၊ ၇ ထူး၊ ထိတ်၊ သံခြေကျင်း၊ နှောင်အိမ်အဖွဲ့ခံနေကြရသူတို့ အနှောင်အဖွဲ့တို့မှ လွတ်၊ ၈ ငရဲမီးငြိမ်း၊ ၉ ပြိတ္တာဘုံ၌ ဆာလောင်ခြင်း၊ ရေသိပ်ခြင်း ငြိမ်း၊ ၁၀ တိရစ္ဆာန်တို့ ဘေးရန် တစုံတရာမျှမရှိ။

၁၁ ရောဂါရှိသူတို့ ရောဂါကင်းပျောက်၊ ၁၂ သတ္တဝါတို့ တဦးကိုတဦး ကြည်နူးချစ်ခင်ဖွယ် စကား သာ ပြော၊ ၁၃ မြင်းတို့ရွှင်လန်းမြူးထူးစွာ ဟီကြ၊ ၁၄ ဆင်တို့ ချိုမြိန်သာယာစွာ မြည်ကြ၊ ၁၅ စည်း၊ စောင်း၊ ညှင်း စသော တူရိယာတို့ မတီးမမှုတ်ပဲ အလိုလို မြည်ကြ၊ ၁၆ လူတို့ လက်ကောက်ခြေကျင်းတို့ တခုနှင့်တခု မထိခိုက်ပဲ အလိုအလျောက် မြည်ကြ၊ ၁၇ အလုံးစုံသော အရပ်မျက်နှာမြင်ကွင်းတို့ သန့်ရှင်းကြည်လင်၊ ၁၈ နူးညံ့သော လေပြေလေညှင်းတို့ ဖြည်းညှင်းသာယာစွာ တိုက်ခတ်လာ၊ ၁၉ အခါမဲ့ မိုးကြီးရွာ၊ ၂၀ မြေကြီးမှလည်း ရေများ အလိုလို စိမ့်ထွက်။

၂၁ ငှက်များ ကောင်းကင်၌ မပျံ၊ ၂၂ မြစ်ရေတို့ မစီးပဲ ရပ်၊ ၂၃ မဟာသမုဒ္ဒရာရေတို့ ထိုခဏ၌ ချိုလာ၊ ၂၄ ရေကန်ရေအိုင်တိုင်း၌ အဆင်း၃ဖြာရှိ ကြာမျိုး၅ပါးဖြင့် ဖုံး၊ ၂၅ အလုံးစုံသော ကြည်းပန်း ရေပန်းတို့ တပြိုင်နက်ပွင့်၊ ၂၆ သစ်ပင်တို့၏ ပင်လုံးပင်စည်တို့၌ ခန္ဓပဒုမခေါ် ပင်စည်ပန်းတို့ အဆန်း တကြယ် ပွင့်ကြ၊ ၂၇ အခက်တို့၌ သာခါပဒုမခေါ် အခက်ပန်း၊ ၂၈ အနွယ်တို့၌ လတာပဒုမခေါ် အနွယ်ပန်း၊ ၂၉ ဩလမ္ဗပဒုမခေါ် အရိုးတံပန်းတို့သည် ကုန်းမြေတခွင် ကျောက်ဖျာအပြင်တို့ကို ဖေါက်ထွင်းကာ ၇ဆင့်၇ဆင့်ဖြစ်၍ ပွင့်ထွန်းပေါ်ထွက်လာ၊ ၃၀ ကောင်းကင်၌ ပဒုမာကြာပန်းတို့သည် အောက်သို့တူရူ မျက်နှာမူလျက် တွဲရရွဲဆွဲကျ။

၃၁ ပန်းမိုးရွာ၊ **၃၂** ကောင်းကင်၌ နတ်ဖြစ် တူရိယာတို့ မတီးမမှုတ်ရပဲ အလိုအလျောက် မြည်ကြ။

<u>၆။ ဘုရားလောင်းများ ဖွားမြင်တော်မူသောအခါ ထင်သောပုဗ္ဗနိမိတ် အပါး၃၀နှင့် အကျိုးများ</u> (မဟာပဒါန သုတ် ဋ္ဌ။ ဗုဒ္ဓဝင် ဋ္ဌ။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ လောကဓါတ်တိုက် တသောင်း လှုပ်- သဗ္ဗညုတဉာဏ်ရရန်၊ ၂ စကြဝဠာတိုက်တသောင်းရှိ နတ်တို့ စုဝေး- ဓမ္မစကြာတရားဟောရန်၊ ၃ ပြဟ္မာတို့ အလောင်းတော်ကို ဦးစွာခံယူ- ရူပါဝစရဈာန် ၄ပါးရရန်၊ ၄ လူတို့ ထို့နောက် ခံယူ- အရူပဈာန် ၄ပါးရရန်၊ ၅ စောင်းညှင်း မတီးပဲမြည်- ရူပသမာပတ် ၄ပါး၊

အရူပသမာပတ် ၄ပါး၊ နိရောဓသမာပတ်အားဖြင့် ၉ပါးသော အနုပုဗ္ဗဝိဟာရသမာပတ်ရရန်၊ ၆ စည်ကြီး စည်ငယ်တို့ မတီးပဲမြည်- တရားစည်ကြီး လူနတ်တို့ ကြားစေရန်၊ ၇ လူတို့အားချည်သော နှောင်အိမ် နှောင်ကြိုးတို့ ပြတ်- ငါဟူသောမာန်ကို ပယ်သတ်နိုင်၊ ၈ ရောဂါသည်တို့ ရောဂါပျောက်- လူများ ဝဋ်ဒုက္ခကင်းရာ သစ္စာ ၄ပါးတရားသိရန်၊ ၉ မျက်စိ ဝမ်းတွင်းကွယ်သူတို့ မြင်ကြ- လူများ ဒိဗ္ဗစက္ခု ညာဏ်ရရန်၊ ၁၀ ဝမ်းတွင်းနားပင်းသူတို့ ကြားကြ- လူများ ဒိဗ္ဗသောတဉာဏ် ရရန်။

၁၁ ဆွံ့အသဖြင့် မသွားနိုင်သူတို့ သွားနိုင်- ဣဒ္ဓိပါဒ် ၄ပါးရရန်၊ ၁၂ ဝမ်းတွင်းအသူများ စကား ပြောနိုင်- သတိပဋ္ဌာန်တရား ၄ပါး ရရန်၊ ၁၃ ကြောက်ဖွယ်အရပ်သို့ ရောက်နေကြသော လှေသင်္ဘောများ ချမ်းသာစွာ မိမိတို့ဆိပ်ကမ်းသို့ ပြန်ရောက်- ပဋိသမ္ဘိဒါဉာဏ် ၄ပါး ရရန်၊ ၁၄ ကောင်းကင်နှင့် မြေ၌ တည်သောရတနာတို့ ထွန်းတောက်- တရားအလင်းရောင် ရရန်နှင့် တရားအလင်းပေး၍ ဘုရားရှင်၏ ဘုန်းတန်ခိုးရောင် တောက်ခြင်း၊ ၁၅ ရန်သူသတ္တဝါတို့ မေတ္တာစိတ် ရကြ- ဗြဟ္မဝိဟာရတရား ၄ပါး ရရန်၊ ၁၆ ငရဲမီး ငြိမ်း- လောဘစသောမီး ၁၁မီး ငြိမ်းရန်၊ ၁၇ မှောင်သော လောကန္တရိက်ငရဲ၌ လင်း- အဝိဇ္ဇာခွင်း၍ ဝိဇ္ဇာပြပေးရန်၊ ၁၈ စီးသောမြစ်ရေအယဉ် တန့်ရပ်- ဝေသာရဇ္ဇဉာဏ် ၄ပါး ရရန်၊ ၁၉ သမုဒ္ဒရာရေ ချိုလာ- ကိလေသာ ငြိမ်းရန်၊ ၂၀ လေညှင်း တိုက်ခတ်- ၆၂မျိုးသော မိစ္ဆာဒိဋ္ဌိတို့ ပပျောက်ရန်။

၂၁ နတ်တို့ မြေပြင်သက်ဆင်းလာ- လူများ သရဏဂုံခံယူရန်၊ ၂၂ လမင်း သာလွန်တင့်တယ်- လူများ နှစ်သက်ကြမည့် နိမိတ်၊ ၂၃ နေမင်းသည် အညစ်အကြေးကင်း၍ ကောင်းသောဥတုနှင့် ပြည့်စုံ- ကိုယ်စိတ်ချမ်းသာမှု ရဖို့ရန်၊ ၂၄ နတ်တို့ လက်ပန်းပေါက်ခတ်ခြင်း လေချွန်ခြင်းစသည်ဖြင့် ပျော်မြူး- ဘုရားဖြစ်တော်မူ၍ ဥဒါန်းကျူးရင့်ကြောင်း၊ ၂၅ လေးကျွန်းအနှံ့ မိုးကြီးရွာ- တရားအမြိုက်မိုး ရွာ၊ ၂၆ လူများ ဆာလောင်ခြင်းကင်း- ကာယဂတာသတိ အမြိုက်တရားရရန်၊ ၂၇ လူများ ရေသိပ်ခြင်းကင်း- အရဟတ္တဖိုလ်ချမ်းသာ လူများရဖို့ရန်၊ ၂၈ ပိတ်သော တံခါးရွက်တို့ အလိုအလျောက်ပွင့်- မဂ္ဂင်၈ပါးတည်း ဟူသော နိဗ္ဗာန်တံခါးကြီး ပွင့်ရန်၊ ၂၉ အပွင့်ပင်၊ အသီးပင်တို့ ပွင့်သီးကြ- ဝိမုတ္တိတရားပန်းပွင့် ပွင့်ရန်၊ အရိယဖိုလ်၄ပါး အသီးသီးရန်၊ ၃၀ လောကဓါတ်တိုက် တသောင်းလုံး တံခွန်၊ အောင်လံ ပိတ်ဖုံး- အရိယမဂ် အောင်လံတံခွန် အပြည့်ဖုံးလွှမ်းဖို့ရန်။

၇။ ဘုရားလောင်းတော်တိုင်း နှင့် ဗောဓိပင်ရင်း ၂ စု

၁။ ဘုရားလောင်းတော်တိုင်း ဗောဓိပင်ရင်းဝယ် ဝိပဿနာအလုပ် အားထုတ်တော်မူစဉ် ၎င်းဝိပဿနာ၏ အခြေပါဒသည့် အာနာပါန သမာဓိဖြစ်သည်။ (ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

၂။ ဘုရားလောင်းတော်တိုင်း ဗောဓိပင်ရင်းဝယ် သဗ္ဗညုတဉာဏ်တော်ကြီးရ၍ ဘုရားဖြစ်ခါနီး၌ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံပဋိလုံအားဖြင့် သုံးသပ်ဆင်ခြင်တော်မူမြဲ ဓမ္မတာဖြစ်သည်။ (ဒုတိယတွဲ၊

မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကဆုန်လပြည့်နေ့ ညဉ့်၏နောက်ပိုင်း မိုးသောက်ယံ၌ မဟာဝဇိရ ဝိပဿနာတရား ပွားများ အားထုတ်တော်မူသည်။ အာဏာခေတ် စကြဝဠာတိုက်ပေါင်း ကုဋေတသိန်းလုံး၌ စကြဝဠာတိုက် တတိုက် တတိုက်အတွင်းရှိ လူနတ်ဗြဟ္မာသတ္တဝါတို့၏ ကာလ ၃ပါး၌ တကယ်စင်စစ် ဖြစ်ပွားနေသောတရားအနှစ်ကို ဆင်ခြင်တော်မူသောအခါ စကြဝဠာတတိုက်၌ လူတွေနတ်တွေဗြဟ္မာတွေ မည်မျှများစေကာမူ ပရမတ္ထ သဘာဝ ဓမ္မအစစ်အနေဖြင့် ၁ အဝိဇ္ဇာ၊ ၂ သင်္ခါရ (အတိတ်ကာလ အကြောင်းအရာ)၊ ၃ ဝိညာဏ်၊ ၄ နာမ်ရုပ်၊ ၅ သဠာယတန၊ ၆ ဖဿ၊ ၇ ဝေဒနာ (ပစ္စုပ္ပန် အကျိုးတရား)၊ ၈ တဏှာ၊ ၉ ဥပါဒါန်၊ ၁၀ ကမ္မဘဝ (ပစ္စုပ္ပန် အကြောင်းတရား)၊ ၁၁ ဇာတိ၊ ၁၂ ဇရာ၊ မရဏ (အနာဂတ် အကျိုးတရား)၊ ဤပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ပါး တရားကိုယ်ကို ကောင်းစွာ သိမြင်တော်မူသည်။ စကြဝဠာတိုက်တတိုက်၌ ဤပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ပါး တရားသား (ဝိပဿနာတင်ရမည့် တရားအစု) ကို ကောင်းစွာ သိမြင်တော်မူသကဲ့သို့ စကြဝဠာတိုက်ပေါင်း ကုဋေတသိန်းအတွင်းရှိ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ခန္ဓာအစဉ်ဝယ် ကာလ ၃ပါး၌ အကယ်စင်စစ် ဖြစ်နေသော ပရမတ္ထသဘာဝ ဓမ္မတရားသားကို ဆင်ခြင်တော်မူရာ ဝိပဿနာတင်ရမည့် တရားအစုတို့ကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ပါးစီဖြင့် ကုဋေတသိန်းစီဖြစ်ရကား ကုဋေတသန်း ၁၂သိန်း တရားသား ဖြစ်လေကုန်သည်။

မဟာဝဇိရဝိပဿနာဉာဏ်ပညာ ဓါးအသွား ထက်မြက်စေရန် အာနာပါန စတုတ္ထစျာန် သမာပတ်တည်းဟူသော ဓါးသွေးကျောက်၌ သွေးပြီးလျှင် (အာနာပါန စတုတ္ထစျာန်သမာပတ်ကို ဝင်စားပြီးလျှင်) အထက်ပါ ကုဋေ တသန်း၁၂သိန်းသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တရားအစုတို့ကို တခုစီတခုစီ အနိစ္စလက္ခဏာ ယာဉ်တင်၍ရင်း၊ ဒုက္ခလက္ခဏာယာဉ်တင်၍ရင်း၊ အနတ္တလက္ခဏာယာဉ်တင်၍ရင်း ဆင်ခြင်သုံးသပ်တော်မူသည်။ **မဟာဝဇိရဝိပဿနာ ဉာဏ်တော်ပေါင်း ကုဋေ၃သန်း၆သိန်း** ဖြစ်လေသည် (အနုပဒသုတ်အဖွင့်၊ ဥပရိပဏ္ဏာသဋီကာ။ သာရိပုတ္တ မောဂ္ဂလ္လာနပဗ္ဗဇ္ဇာကထာအဖွင့်၊ မဟာခန္ဓက၊ ဝိနည်း သာရတ္ထဒီပနီဋီကာ)။

ဤသို့ ဘုရားလောင်း ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံ သုံးသပ်ဆင်ခြင်သော် ဇာတိခေတ် စကြဝဠာ တိုက်တသောင်းလုံး ရေဆုံးအောင် တုန်လှုပ်သည်။

မဟာဝဇိရဝိပဿနာ သမ္မသနဉာဏ်ကို ဖြစ်စေတော်မူပြီးသောအခါ အာနာပါနစတုတ္ထစျာန်ကို တဖန် ဝင်စားတော်မူပြန်သည်။ ဥဒယဗ္ဗယဉာဏ်စသော အထက်ဝိပဿနာဉာဏ်ပညာဓါး အသွားထက် စိမ့်သောငှါ ဓါးသွေးကျောက်၌ တဖန်သွေးတော်မူခြင်း ဖြစ်သည်။ ထိုစျာန်မှထ၍ ခန္ဓာ ၅ပါးတရားအစုထို့၌ အတက်ဝိပဿနာ ဉာဏ်ပညာများကို အလွယ်တကူ ဖြစ်ပွားစေသည် (ဇိနာလင်္ကာရဋီကာ။ သုတ်မဟာဝါဋီကာ)။

ဥဒယဗ္ဗယဉာဏ်မှစသော ဉာဏ်စဉ် ၈ပါးဖြင့် သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာ ဉာဏ်သို့ ရောက်ပြီးသောအခါ ဥဒယဗ္ဗယဉာဏ်မှပင် ပြန်လည်စတင်၍ ပွားများသော် အတက်မဂ်များသို့

ရောက်ရှိ၍ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရောက်လျှင်ပင် အလွန်စင်ကြယ်သောစိတ်အစဉ် ရှိတော်မူ လျက် ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတော်များနှင့်တကွ သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကြီးကိုပါ ရတော်မူကာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

၂၅ ဘေး ၄ ခု

၁။ ၄ပါး (ပဌမဘယသုတ်၊ ကေသိဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ပဋိသန္ဓေနေခြင်းဘေး၊ ၂ အိုခြင်းဘေး၊ ၃ နာခြင်းဘေး၊ ၄ သေခြင်းဘေး။

၂။ ၄ပါး (အတ္တာနုဝါဒသုတ်၊ ဘယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ အတ္တာနုဝါဒဘေး- "ငါ့ကိုယ်ငါ သီလအားဖြင့် မစွပ်စွဲပဲ ရှိအံ့နည်း?" ဟု မိမိကိုယ်ကို မိမိစွပ်စွဲမည့်ဘေးမှ ကြောက်၍ ဒုစရိုက် ၃ပါးရှောင်ကာ သုစရိုက် ၃ပါးပွားများ၏။

၂ ပရာနုဝါဒဘေး- "ငါ့ကို သူတပါးတို့သည် သီလအားဖြင့် မစွပ်စွဲပဲ ရှိအံ့နည်း?" ဟု မိမိကို သူတပါးတို့ စွပ်စွဲမည့်ဘေးမှ ကြောက်၍ ဒုစရိုက်မလုပ်ပဲ သုစရိုက်များ ပွားများ၏။

၃ ဒဏ္ဍဘေး- ဒဏ်ခံရမည့်ဘေးကို ကြောက်သဖြင့် ဒုစရိုက်မလုပ်ပဲ သုစရိုက်များ ပြု၏။

၄ ဒုဂ္ဂတိဘေး- အပါယ်လားရမည့်ဘေးမှ ကြောက်သဖြင့် ဒုစရိုက်မလုပ်ပဲ သုစရိုက်များ ပွားများ၏။

၃။ ၅ပါး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အသက်မွေးမှုဘေး၊ ၂ အကျော်စောမဲ့ဘေး၊ ၃ ပရိသတ်ကို ကြောက်ရွံ့ခြင်းဘေး၊ ၄ သေဘေး၊ ၅ မကောင်းသော လားရာဘေး။

**၄။ ဘေး- ပစ္စုပ္ပန်၊ သံသရာ ၂ဖြာသော ဘေးတို့သည် မိမိ၏ ဒုစရိုက်ပြစ်ဒဏ်ကြောင့်သာ ဖြစ်ပေါ်လာ၏။** (အတ္တဒဏ္ဍသုတ်၊ အဋ္ဌကဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

(ဘုရားရှင် [ဂေါတမမြတ်စွာဘုရား] နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင် ကိုယ်တိုင် ထိတ်လန့်သံဝေဂရခဲ့သော တရား ၈ပါး) - ကိုလည်း ကြည့်ပါရန်။

၂၆ ဘောဇဉ် ၂ ခု

၁။ ဘောဇဉ်- စားဖွယ် ၅ပါး (ဒိဋ္ဌာဝိကမ္မဝဂ်၊ ဥပါလိပဉ္စက၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

၁ ထမင်း၊ ၂ မုယောမုံ့၊ ၃ မုံ့ဆုပ်မုံ့လုံး၊ ၄ ငါး၊ ၅ အမဲ။

၂။ မွန်မြတ်သော ဘောဇဉ် ၉မျိုး (ပဏီတဘောဇနသိက္ခာပုဒ်၊ ဘောဇနဝဂ်၊ နိဿဂ္ဂိယအခဏ်း၊ ဘိက္ခု ဝိဘင်း၊ ခု၊ ဝိ)

၁ ထောပတ်၊ ၂ ဆီဦ (ထောပေး)၊ ၃ ဆီ၊ ၄ ပျားရည်၊ ၅ တင်လဲ၊ ၆ ငါး၊ ၇ စမဲဟင်းလျာ၊ ၈ နို့ရည်၊ ၉ နို့ခမ်း။

၂၇ ဘိက္ခုနီ သာသနာအစနှင့် အဆုံး (ထေရီဂါထာ ဋ္ဌ။ ဝိ ဋ္ဌ။ ဒီ ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ပါဠိတော် မြန်မာပြန်ကျမ်းများ)

<u>အစ</u>။ ဘုရားရှင် ၅ဝါမြောက် ဝေသာလီပြည်၌ ဝါဆိုစဉ် မိထွေးတော်ဂေါတမီ ဘိက္ခုနီမ ပြုသောအချိန်မှ စသည်။ ပဌမ၊ ဒုတိယ၊ တတိယသံဂါယနာတိုင်သည်အထိ ပွင့်လန်းစည်ပင်ခဲ့သည်။ ထိုတထိယ သံဂါယနာတင်ပြီးနောက် ၉တိုင်း၊ ၉ဌာနသာသနာပြု စေလွှတ်ရာတွင် ၁ သီဟိုဋ်၊ ၂ အပရန္တတိုင်း- အိန္ဒိယအနောက်ဖက် ကမ်းရိုးတန်းတလျှောက်၊ ယခုခေတ် ဘုံဘေမြို့မှ မြောက်ဖက်ကမ်းရိုးတန်း၊ ၃ သုဝဏ္ဏဘုံမိတိုင်း- သထုံပြည် (ဝိ ဋ္ဌ) စသော တိုင်း ၃တိုင်း၌သာ ဘိက္ခုနီသာသနာ ပွင့်လင်းခဲ့သည်။

<u>အဆုံး</u>။ သိရန် မလွယ်ကူ။ သာသနာနှစ် ၄၀၀ကျော်တွင် သီဟိုဋ်ကျွန်း၌ ဗြဟ္မဏတိဿ သူပုန်ဘေးကြီး ဆိုက်ရောက်နေစဉ် ဘိက္ခုနီမများရှိသေးကြောင်း နာဂထေရီနှင့် အခြားဘိက္ခုနီမများအကြောင်း တွေ့ရ။ အားနည်းနေကြောင်း အရိပ်အမြွက်တွေ့ရ။ သာသနာနှစ် ၄၅၀ (ဘီစီ ၉၄) ဝဋ္ဋဂါမဏိမင်းလက်ထက် ပေါတ္ထကာရုဠ္ဌ (စထုတ္ထသံဂါယနာ)ပြီး၍ နှစ်ပေါင်းမကြာမီ သာသနာ ၅၀၀ကျော်လောက်တွင် ဘိက္ခုနီ သာသနာ ကုန်ဆုံးပြတ်တောက်ခဲ့မည်ဟု ခန့်မှန်းရသည် (ဒီ ဋ္ဌ)။

မ

၁ မကောင်းသူ ၄ဦး (ရထယဋ္ဌိ- ရတားနှင်တံ၊ ရထယဋ္ဌိဇာတ်၊ ကောကိလ- ဥဩငှက်၊ ကောကိလဝဂ်၊ စတုက္ကနိပါတ်၊ ဇာထကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ပျင်းသော ကာမစည်းစိမ်ခံစားသူ၊ ၂ မစောင့်စည်းသော ရဟန်း၊ ၃ မဆင်မခြင်မူ၍ ပြုလေ့ရှိသောမင်း၊ ၄ ပညာရှိ အမျက်ထွက်ခြင်းသည် မကောင်း။

၂ <u>မစင်ကျုံး (ပန်းမိုက်သွန် ဘင်ကျုံး)မျိုး၌ ဖြစ်၍နောက် အာသဝေါတရားတို့ကုန်သော် နတ်သိကြား ဗြဟ္မာတို့ ခြံရံရှိခိုးခြင်း ခံရသော ရဟန္တာ</u> (သုနီတတ္ထေရဂါထာ၊ ဒွါဒသကနိပါတ်၊ ထေရဂါထာ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ရှေးဘဝ ဝစီကံကြောင့် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ယုတ်နိမ့်သောအမျိုး၊ အစားအစာရှားပါးသူ၊ ဆင်းရဲသူ၊ ပန်းမိုက်သွန်ဘင်ကျုံးမျိုး၌ဖြစ်သော သုနီတသည် အရဟတ္တဖိုလ် ဥပနိဿယရှိသူဖြစ်၍ ပန်းမိုက်

ကျိုးနေဆဲ ဘုရားရှင်ဆွမ်းခံကြွလာရာ ထမ်းပိုးချ၍ ရဟန်းပြုခွင့်တောင်း၊ ဧဟိဘိက္ခုရဟန်းအဖြစ် ခံယူလျက် ကမ္မဋ္ဌာန်းတရား အားထုတ်ရာ သမာပတ် ၈ပါး၊ အဘိညာဉ် ၆ပါးတို့နှင့်တကွ ရဟန္တာ ဖြစ်၊ သိကြားနတ်ပြဟ္မာတို့ ချဉ်းကပ် ဝန်းရံ၍ ရှိခိုးကြ၊ ရဟန်းများက အရှင်မြတ်၏ပဋိပတ်ကို မေးရာ-

'တောဝ၌ တယောက်ထည်းတည်း နေ၏။ ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုအဘိညာဉ်၊ ပစ္ဆိမယာမ်၌ အာသဝက္ခယဉာဏ် ရ၏။ မြတ်စွာဘုရားသည် နတ်အပေါင်းခြံရံအပ်သော ငါ့ကိုမြင်တော်မူ၍ ပြုံးတော်မူလျက် "ဣန္ဒြေကို စောင့်စည်းခြင်းအကျင့်၊ ကိုယ်နှုတ်စောင့်စည်းခြင်း သီလ၊ ကိလေသာပယ်ကြောင်း ပညာ၊ မြတ်သောအကျင့်ဖြင့် မကောင်းမှုကို အပပြုပြီးသော ဗြဟ္မဏမည်သူသည် အလုံးစုံသော ဗြဟ္မဏတို့ထက် မြတ်သောဗြဟ္မဏဟူ၍ ဆို၏။" ဟု မိန့်တော်မူပြီ။'

၃ မနေအပ်သောအရပ်၏ အခြင်းအရာ၄ပါး (နေရုဇာတ်၊ အဝါရိယဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အကြင်အရပ်၌ သူတော်ကောင်းတို့အား ရိုသေခြင်း၊ ပူဇော်မြတ်နိုးခြင်းမရှိ၊ ၂ မထီမဲ့မြင်ပြု၊ ၃ ယုတ်မာသူတို့အား ရိုသေပူဇော်၊ ၄ ပျင်းသော အထက်ပညာမရှိသူ၊ လိမ္မာသောသူ၊ ရဲရင့်သောသူ၊ ကြောက်တတ်သူ စသည်တို့ကို တူမျှသောပူဇော်ခြင်းပြု၊ လူတို့ကို အထူးမပြုကုန်၊ ထိုအရပ်၌ သူတော်ကောင်းတို့မနေကုန်။

၄ မဖြစ်ကောင်းသော ထရား ၇ပါး (ဒုတိယဝဂ်၊ အဋ္ဌာနပါဠိ၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တခုသော လောကဓါတ်အတွင်း၌ စကြဝတေးမင်း ၂ပါး ပြိုင်တူ မဖြစ်ကောင်း၊ ၂ - ၆ (မိန်းမတို့မဖြစ်ရာသော ဘဝ ၅ပါး) - ကို ကြည့်ပါ၊ ၇ ဒုစရိုက် ၃ပါးသည် ကောင်းကျိုးပေးနိုင်ရာသောအကြောင်း မရှိ / မဖြစ်ကောင်း။

၅ မမေးပဲ မိမိ၏သီလနှင့် အကျင့်- ၁၂ချက်တို့ကို ပြောဆိုခြင်းသည် သူယုတ်မာတို့သဘောဟု ပညာရှိတို့ဆို၏။ (ဒုဋ္ဌကသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

မမေးပဲနှင့် မိမိ၏ ၁ သီလနှင့် ၂ အကျင့်တို့အပြင် ၃ အနွယ်၊ ၄ ဇာတ်၊ ၅ ဥစ္စာ၊ ၆ ကိုယ်ဟန်လှပခြင်းမှစ၍ ၇ အတတ်ပညာ၊ ၈ ဗဟုသုတဂုဏ်၊ ၉ သုတ္တန်ဆောင်ခြင်း၊ ၁၀ ဝိနည်းဆောင်ခြင်း၊ ၁၁ အဘိဓမ္မာ ဆောင်ခြင်း၊ ၁၂ ဓမ္မကထိက ဖြစ်ခြင်း၊ ၁၃ ဓုတင်ဆောင်ခြင်း၊ ၁၀ ဈာန်၊ ၁၁ မဂ်ဖိုလ်၊ ၁၂ နိဗ္ဗာန်ရသည်အဆုံး စသည်တို့ကို ပြောဆိုခြင်းသည် သူယုတ်မာတို့သဘောဟု ပညာရှိတို့ဆို၏။

၆ **မရဏာနုဿတိ-** သေခြင်းတရားကို အောက်မေ့မှု ၃ ပုဒ်

၁။ ပွားများသော ရဟန်း ၆ပါး (ပဌမမရဏာဿတိသုတ်၊ သာရဏီယဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် နာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံးစဉ် ရဟန်းများကို မရဏာဿတိသည် အကျိုးကြီး၏၊ အာနိသင်ကြီး၏၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏၊ ပွားများကြ၏လော? ဟုမေး။

၁ တနေ့တည်ဥ္ဆမှု (အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် ရဟန်းကိစ္စကို များစွာပြုအပ်သည်ဖြစ်ရာ၏ဟု နှလုံးသွင်း၏) ၊ ၂ တနေ့မှု (...)၊ ၃ ဆွမ်းတထပ် စားချိန်အတွင်း (...)၊ ၄ ၄လုတ်၅လုတ်သောဆွမ်းကို ဝါးမျိုနေချိန်အတွင်း (...)၊ ၅ ဆွမ်းတလုတ်ကို ဝါး မျိုနေချိန်အတွင်း (...)၊ ၆ ဝင်သက်ရှူ၍ ထွက်သက်ထုတ်ချိန်၊ ထွက်သက်ထုတ်၍ ဝင်သက်ရှူချိန်အတွင်း (...)။

ဘုရားရှင်က ၁ - ၄ ရဟန်းတော်များသည် မေ့လျော့စွာနေကြ၏ဟူ၍၎င်း၊ အာသဝေါကုန်ခန်းရန် နှန့်နှေးစွာ မရဏာဿတိကို ပွားများ၏ဟူ၍၎င်း ဆိုအပ်၏။ ဆွမ်းတလုတ် ဝါးမျိုချိန်အတွင်းနှင့် ဝင်သက် ထွက်သက် ရှူထုတ်ချိန်အတွင်း မရဏာဿတိပွားများသော ရဟန်းတို့သည်သာ မမေ့မလျော့နေကြ၏ဟု၎င်း၊ အာသဝေါကုန်ရန် ထက်သန်စွာ ပွားများ၏ဟု၎င်း ဆိုအပ်၏။ ဤသို့ကျင့်ရမည်ဟု မိန့်တော်မူ၏။

၂။ ပွားများသော ရဟန်း ၈ပါး (ပဌမမရဏာဿတိသုတ်၊ ယမကဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တနေ့တည်ဥ္ဆမှု (အသက်ရှင်ပါမူ ကောင်းလေစွ၊ မြတ်စွာဘုရား၏ အဆုံးအမတော်ကို နှလုံးသွင်းရလေရာ၏၊ ငါ့အား စင်စစ် ရဟန်းကိစ္စကို များစွာပြုအပ်သည်ဖြစ်ရာ၏ဟု နှလုံးသွင်း၏)၊ ၂ တနေ့မှု (...)၊ ၃ နေ့ဝက် မှု (...)၊ ၄ ဆွမ်းတထပ် စားချိန်အတွင်း (...)၊ ၅ ဆွမ်းတထပ် စားချိန်၏ ထက်ဝက်မှု အချိန်အတွင်း (...)၊ ၆ ၄ လုတ်၊ ၅လုတ်သောဆွမ်းကို ဝါးမျိုနေချိန်အတွင်း (...)၊ ၇ ဆွမ်းတလုတ်ကို ဝါးမျိုနေချိန်အတွင်း (...) ၈ ဝင်သက်ရှူ၍ ထွက်သက်ထုတ်ချိန်၊ ထွက်သက်ထုတ်၍ ဝင်သက်ရှူချိန်အတွင်း (...)။

ဘုရားရှင်က ၁ - ၆ ရဟန်းတော်များသည် မေ့လျော့စွာနေကြ၏ဟူ၍၎င်း၊ အာသဝေါကုန်ခန်းရန် နှန့်နှေးစွာ မရဏာဿတိကို ပွားများ၏ဟူ၍၎င်း ဆိုအပ်၏။ ဆွမ်းတလုတ် ဝါးမျိုချိန်အတွင်းနှင့် ဝင်သက် ထွက်သက် ရှူထုတ်ချိန်အတွင်း မရဏာဿတိပွားများသော ရဟန်းတို့သည်သာ မမေ့မလျော့နေကြ၏ဟု၎င်း၊ အာသဝေါကုန်ရန် ထက်သန်စွာ ပွားများ၏ဟု၎င်း ဆိုအပ်၏။ ဤသို့ကျင့်ရမည်ဟု မိန့်တော်မူ၏။

၃။ မရဏာနုဿတိကို ဘုရားရှင်ဟောတော်မူသည့်အတိုင်း အမြဲနှလုံးသွင်း၍ အဌဝီပြည်သို့ ဘုရားရှင် ဒုတိယအကြိမ် ပြန်ကြွလာသောအခါ ဘယ်ကလာသလဲ၊ ဘယ်ကိုသွားမလို့လဲ၊ မသိဘူးလား၊ သိသလား ဟူသောမေးခွန်း ၄ခုကို ဘုရားရှင်အလိုတော်ကျ 'မသိပါဘုရား၊ မသိပါဘုရား၊ သိပါသည် အရှင်ဘုရား၊ မသိပါ အရှင်ဘုရား။' ဟု ဖြေဆိုပြီး တရားအဆုံး၌ သောတာပန်တည်သော **ရက်ကန်းသည်သမီး**

ပွားများသော၊ ဘုရားရှင်ဟောသော မရဏာနုဿတိ တရားတော် (ပေသကာရ- ရက်ကန်းသည်၊ ဓီတာ- သမီး၊ ပေသကာရဓီတာဝတ္ထု၊ လောကဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ အဓုဝံ မေ ဇီဝိတံ- ငါ ၏ အသက်ရှင်ခြင်းသည် အမြဲမရှိ။

၂ ဓုဝံ မေ မရဏံ- ငါ ၏ သေခြင်းသည် မြဲ၏။

၃ အဝဿံ မယာ မရိတဗ္ဗမေဝ- ငါသည် မုချ သေရမည်။

၄ မရဏ ပရိယောသာနံ မေ ဇီဝိတံ- ငါ အသက်ရှင်နေခြင်းသည် သေရခြင်း၌ အဆုံးရှိ၏။

၅ ဇီဝိတမေဝ အနိယတံ- ငါ ၏ အသက်ရှင်နေရခြင်းသည် အမြဲမရှိချေ။

၆ မရဏံ နိယတံ- သေရခြင်းသည်ကား အမြဲပါတကား။

၇ မရ ရသကချိုင် (မဟာသုတသောမဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

"မရ ရသကချိုင်" စကားသည် ဤဇာတ်တော်မှ လာသည်။ လူသားစား ပေါရိသာဒမင်းသည် လူသားစားခြင်းကို မစွန့်လွှတ်နိုင်သဖြင့် နန်းစွန့်သော် နန်းတော်၌စံနေစဉ်က မည်သူမျှမသိရန် လူသား ချက်၍ဆက်ကပ်သော စားတော်ချက်ရသကကိုပါ ခေါ်သွား၏။ နောင်သော် သူတို့နေသောတောသို့ မည်သူမျှ မလာသောအခါ ပေါရိသာဒ က ရသကကိုသတ်၍ စားခြင်းနှင့်စပ်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

၈ မရိုသေခြင်း ၆ပါး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ဘုရားရှင်၌ (မရိုသေမတုပ်ဝပ်ခြင်း)၊ ၂ တရားတော်၌ (...)၊ ၃ သံဃာတော်၌ (...)၊ ၄ ကျင့်ဝတ် သိက္ခာ၌ (...)၊ ၅ အပ္ပမာဒ- မမေ့လျော့မှုတရား၌ (...)၊ ၆ ဆက်ဆံစေ့စပ်မှု လောကဝတ်၌ မရိုသေမတုပ်ဝပ် ခြင်း။

**၉ မရောင့်ရဲခြင်း ၃ စု**

၁။ မရောင့်ရဲသော တရား ၃မျိုး (အတိတ္တိသုတ်၊ သမ္ဗောဓဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အိပ်ခြင်းကို မှီဝဲခြင်း၊ ၂ သေအရက်ကို မှီဝဲခြင်း၊ ၃ မေထုန်အကျင့်ကို မှီဝဲခြင်း။

၂။ မရောင့်ရဲသော ပုဂ္ဂိုလ် ၂ စု

၂/၁။ ၂ ဦး (ပုဂ္ဂလပညတ်ပါဠိတော်၊ ခု၊ အဘိ။ အာသာဒုပ္ပဇဟဝဂ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) ရောင့်ရဲနိုင်ခဲသော ပုဂ္ဂိုလ်ဖြစ်သည်။

၁ ရတိုင်း သိုမှီးသိမ်းဆည်းထားသူ၊

၂ ရတိုင်း စွန့်လွှတ်သောသူ။

၂၇၂။ ၁၆ဦး (သတ္တုဘာသ္တ- မှန့်အိတ်၊ သတ္တုဘာသ္တဇာတ်၊ ကုက္ကုဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သမုဒ္ဒရာသည် ခပ်သိမ်းသောမြစ်ရေတို့ဖြင့် (မရောင့်ရဲ)၊ ၂ မီးသည် မီးစာဖြင့် (...)၊ ၃ မင်းသည် တိုင်းပြည်ဖြင့် (...)၊ ၄ သူမိုက်သည် ယုတ်မာသောအကျင့်ဖြင့် (...)၊ ၅ မိန်းမသည် မေထုန်၊ တန်ဆာဆင်ခြင်း၊ သားဖွားခြင်းဖြင့် (...)၊ ၆ ပုဏ္ဏားသည် ပေဒင်ဖြင့် (...)၊ ၇ ဈာန်ရပုဂ္ဂိုလ်သည် သမာပတ်ဖြင့် (...)၊ ၈ သေက္ခပုဂ္ဂိုလ်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲ။

၉ အလိုနည်း ပုဂ္ဂိုလ်သည် ခုတင်ကျေးဇူးဖြင့် (...)၊ ၁၀ အားထုတ်ခြင်း လုံ့လရှိသူသည် လုံ့လဖြင့် (...)၊ ၁၁ တရားဟောပုဂ္ဂိုလ်သည် ဆွေးနွေးခြင်းဖြင့် (...)၊ ၁၂ ရဲရင့်သောပုဂ္ဂိုလ်သည် ပရိသတ်ဖြင့် (...)၊ ၁၃ သဒ္ဓါတရားရှိသူသည် သံဃာကို လုပ်ကျွေးခြင်းဖြင့် (...)၊ ၁၄ အလှူပေးပုဂ္ဂိုလ်သည် စွန့်ကြဲခြင်းဖြင့် (...)၊ ၁၅ ပညာရှိ ပုဂ္ဂိုလ်သည် တရားနာခြင်းဖြင့် (...)၊ **၁၆** ၄ပါးကုန်သော ပရိသတ်သည် ဘုရားရှင်အားဖူးမြော်ခြင်းဖြင့် မရောင့်ရဲ။

၃။ မရောင့်ရဲသင့်ကြောင်း အကြောင်း ၅ပါး (သမ္မဟုလသီလာဒိသမ္မန္နဘိက္ခုဝတ္ထု၊ ဓမ္မဋ္ဌဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင် ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

၁ သီလ ခုတင်အကျင့် ပြည့်စုံကာမျှဖြင့် (ဝဋ်ဆင်းရဲ၌ ကျွမ်းဝင်ရောင့်ရဲကာ မနေပါနှင့်)၊ ၂ အကြားအမြင်များကာမျှဖြင့် (...)၊ ၃ တည်ကြည်မှုသမာဓိ ရကာမျှဖြင့် (...)၊ ၄ ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့် (...)၊ ၅ အနာဂါမိဖိုလ် ရကာမျှဖြင့် ရဟန်းသည် အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ဝဋ်ဆင်းရဲ၌ ကျွမ်းဝင်ရောင့်ရဲကာ မနေပါနှင့်။

၁၀ မသူတော်တရား ၈ပါး (ဒေဝဒတ္တဝိပတ္တိသုတ်၊ မေတ္တာဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ လာဘ်ရမှု၊ ၂ လာဘ်မရမှု၊ ၃ အခြံအရံ ရမှု၊ ၄ အခြံအရံ မရမှု၊ ၅ အရှိအသေ ပြုမှု၊ ၆ အရှိအသေ မပြုမှု၊ ၇ ယုတ်ညံ့သောအလို ရှိမှု၊ ၈ ယုတ်မာသော အဆွေခင်ပွန်း ရှိမှု။

၁၁ မဟာပါပ- ကြီးမားသော မကောင်းမှု ၄ပါး (နဒုတ္ထိယသုတ်၊ သဂ္ဂသံယုတ်၊ ပဉ္စဝတ္တာလီသ ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ မူလမင်းကွန်းဆရာတော်မေး မန်လည်ဆရာတော်ဖြေ၊ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

၁။ စေတီယမင်း၏ မုသားစကားတပါး။ အကျဉ်း (စေတီယဇာတ်၊ ကဋ္ဌာနိဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) ။ အရှင်ဒေဝဒတ် မုသားဆိုခြင်းနှင့် စပ်လျဉ်း၍ ဘုရားရှင် ဟော။

အတိတ်ဇာတ်- ကမ္ဘာဦး အသက်အသင်္ချေယျရှည်သောကာလ စေတိယတိုင်း သောတ္ထိယမြို့၌ ဥပဝရမင်း- အရှင်ဒေဝဒတ်အလောင်း မင်းပြု၊ ခမည်းတော်လက်ထက်က ပုရောဟိတ်ဖြစ်သော ကပိလ ပုရောဟိတ်- ဘုရားအလောင်းသည် အသက်ကြီးပြီဖြစ်၍ သားအား ပုရောဟိတ်ပြုစေ၍ မင်းဥယျာဉ်၌ ရသေ့ပြုကာ ဈာန်အဘိညာဉ်ရ၍ သားပုရောဟိတ်ကို အမှီပြုနေ၏။

စေတိယမင်းနှင့် ကပိလပုရောဟိတ်၏ညီဖြစ်သော ကောရကလမ္ဗပုဏ္ဏားတို့သည် စာသင်ဖက် အဆွေခင်ပွန်းဖြစ်ကာ စေတိယမင်းသားက သူမင်းဖြစ်သောအခါ ပုရောဟိတ်အရာပေးမည်ဟု ဝန်ခံထား ခဲ့၏။ အကိုတော်ပုရောဟိတ်သည် အနွယ်စဉ်ဆက်အရ ပုရောဟိတ်အရာကို သားအားပေးခဲ့သည်ကို သိသော် မင်းက သူ မုသားဆို၍ ပုရောဟိတ်ရသေ့သည် အငယ်၊ ကောရကလမ္ဗပုဏ္ဏားက အကြီးဟု ပြော မည် ပြော။

တိုင်းသူပြည်သားများက မုသာဝါဒကိုမသိကြ မဆိုကြသဖြင့် မုသာဝါဒဆိုသည်မှာ အဘယ်သို့ ရှိမည် နည်းဟု မင်းရင်ပြင်၌ လာ၍ကြည့်ကြ၊ ရသေ့ကြီးက ကောင်းကင်မှလာ၍ တားသော်လည်း မင်းက ရသေ့ကြီး ကို အငယ် ကောရကလမ္ဗပုဏ္ဏားသည် အကြီးဟုဆိုရာ သူ့မှာ မူရင်းရှိနှင့်နေသော တန်ခိုး ၄ခုဖြစ်သော ၁ ကောင်းကင်၌ သွားခြင်း၊ ၂ နတ်သား ၄ဦးတို့ အရပ် ၄မျက်နှာတို့၌ သန်လျက်ဖြင့် စောင့်ရှောက်ကြခြင်း၊ ၃ ကိုယ်မှ စန္ဒကူး ရနံ့လှိုင်ခြင်း၊ ၄ ခံတွင်းမှ ကြာညိုနံ့သင်းပျံ့ခြင်းတို့ ကွယ်၏။

ရသေ့ကြီးက အမှန်ပြောဆိုလျှင် မူလအတိုင်း ပြန်ဖြစ်နိုင်ကြောင်း သတိပေးပြောသော်လည်း ဒုတိယအကြိမ်ဆိုရာ ခြေဖမျက်အတိ မြေသို့ဝင်၏။ တတိယအကြိမ်၌ ပုဆစ်၊ စတုတ္ထအကြိမ်၌ ခါး၊ ပဉ္စမ အကြိမ်၌ ချက်၊ ဆဋ္ဌမအကြိမ်၌ သားမြတ်၊ သတ္တမအကြိမ်၌ မြေသည် ဟင်းလင်းပွင့်၍ အဝီစိငရဲမီး အလျှံ တက်၍ မင်းအား ဆောင်ယူသွား၏။

၂။ ကောကာလိက၏ အရိယူပဝါဒ- အရိယာကိုစွပ်စွဲခြင်း တပါး။ အကျဉ်း (တုရူပြဟ္မသုတ်၊ ကောကာ လိကသုတ်၊ ပဋ္ဌမဝဂ်၊ ပြဟ္မသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တနိပါတ) ။ ကောကာလိကမြို့မှ သူဌေးသားဖြစ်ပြီး အနာဂါမ်တုရူမထေရ်အရှင်မြတ်၏ တရားတော်ကိုကြည်ညိုပြီး ရဟန်းဝတ်လာသူဖြစ်၊ အဂ္ဂသာဝက ၂ပါးကို ပြစ်မှား၊ ဘုရားရှင်ကိုလျှောက်ရာ ဘုရားရှင်က ဤသို့ မဆိုလင့်၊ အဂ္ဂသာဝက ၂ဦးအပေါ် စိတ်ကိုကြည်လင်စေရန် မိန့်သော်လည်း မနာခံ၊ ဘုရားရှင်ထံမှ ဖဲသွားသည်နှင့် မကြာမီ တကိုယ်လုံး မုန်ညင်းစေ့ခန့် အဖုများ ပေါ်ထွက်လာ၊ တို့နောက် ပဲနောက်စေ့ခန့်၊ ထို့နောက် ကုလားပဲစေ့၊ ဆီးစေ့၊ ဆီးသီး၊ သျှိသျှားသီး၊ ဥသျှစ်သီးအနု၊ ဥသျှစ်သီးကြီးမျှလောက် ကြီးလာကာ ပေါက်ပြဲ၍ သွေးပြည်များယိုစီးကျ၊ ပြဟ္မာဖြစ်နေသော တုရူပြဟ္မာ လာရောက်ဆုံးမသည်ကိုလည်း ကြိမ်းမောင်း၊ ထိုအနာဖြင့်ပင် ကွယ်လွန်ပြီး နောက် ပဒုမငရဲ- အဝီစိငရဲကြီး၏ အစိတ်အပိုင်းတခုသို့ ကျရောက်၏။

၃။ အသက်သခင်ကျေးဇူးရှင် မျောက်မင်းကို ပြစ်မှားသော နွားပျောက်ရှာပုဏ္ဏား၏ ခင်ပွန်းပျက်

မိတ္တဒုဗ္ဘိ- မိတ်ဆွေကိုဖျက်ဆီးခြင်းတပါး။ <u>အကျဉ်း</u> (မဟာကပ္ပိဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) ။ ထိုစွာပျောက်ရှာသောပုဏ္ဏားအား- အရှင်ဒေဝဒတ် အလောင်းသည် မျက်စိလည်၍ ဟိမဝန္တာတော၌ ၇ရက်ပတ်လုံး အစာမစားရပဲနေစဉ် တည်ပင်တပင်ကိုတွေ့ တက်၍ အသီးများစား၊ လျော၍ အတောင်ဖ၀ နက်သောချောက်ထဲသို့ကျ၊ ၁၀ရက်ကြာသော် ခွန်အားကြီး သော မျောက်မင်း- ဘုရားအလောင်းတွေ့၍ ကျောက်ခဲတို့ဖြင့် ပုဏ္ဏား၏ဝန်အလေးကို အဆင့်ဆင့်ယှဉ်ပြီးမှ ပုဏ္ဏားကို ကျောပေါ်တင်၍ ချောက်ထဲမှ ကယ်တင်၊ မောပန်းသဖြင့် မျောက်မင်းက ပုဏ္ဏားကို ခြသေ့ သစ်ကျားတို့မှ သူ့ကိုစောင့်ရှောက်စေပြီး ခေတ္တအိပ်၊ ဆာလောင်သဖြင့် မျောက်မင်းကိုသတ်၍ စားရန် အကြံဖြင့် ကျောက်ခဲဖြင့် ဦးခေါင်းကိုခွဲ၏၊ မျောက်မင်းနိုးကာ သစ်ပင်ပေါ် ခုန်တက်၍ ဦးခေါင်းမှ သွေးများ ယိုစီးလျက် မပြုသင့်ကြောင်း၊ သင်သည် မြေဖြင့်သွားလော့၊ ငါသည် သစ်ခက်ဖျားဖြင့် သင့်အား လမ်းခရီးကို ညွှန်အံ့ဟုပြော၊ လူတို့အနီး လမ်းခရီးဝအရောက် ပို့ဆောင်ပြီးနောက် မျောက်မင်းသည် တောသို့ဝင်၏၊ ပုဏ္ဏားသည်လည်း နူနာစွဲကာ သေသော် အဝီစိငရဲသို့ရောက်၏။

၄ ကျေးဇူးရှင် ဘုရားသခင်ကို ပြစ်မှားသော ဒေဝဒတ်၏ အကတညုတာတပါး။

၁၂ မဟာလတာတန်ဆာ <u>၂၉</u>

<u>၁။ မဟာလတာတန်ဆာ (ဝိသာခါဝတ္ထု</u>၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ မူလပဏ္ဏာသ ၄)

ပန်းတိမ်သည် ၅၀၀တို့ ၄လကြာပြုရသည်၊ ထိပ်တည့်တည့် အလယ်၌ ဥဒေါင်းရုပ်ပါပြီး ဦးခေါင်းမှ ခြေဖမိုး ဖုံးသည်။ ဆင် ၅စီးအားကိုဆောင်သူသာ ဝတ်ဆင်နိုင်သည်။

၁ ရွှေစင်နိက္ခ ၁၀၀၀၊ ၂ စိန် ၄ကွမ်းစား / စလယ်၊ ၃ ပုလဲ ၁၁ကွမ်းစား / စလယ်၊ ၄ သန္တာ ၂၂ကွမ်းစား / စလယ်၊ ၅ ပတ္တမြား ၃၃ ကွမ်းစား / စလယ်၊ ၆ အခြားရတနာ ၇ပါး တို့ဖြင့်ပြုသည်။

<u>၂။ မဟာလတာတန်ဆာ ဝတ်ဆင်ရသူ ၃ဦး</u> (ဝိသာခါဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်လက်ထက်တွင် ဝတ်ဆင်ရသူ ၃ဦးသာ ရှိခဲ့သည်၊ ၁ ဝိသာခါကျောင်းအမ၊ ၂ ဗန္ဓုလ စစ်သူကြီးကတော်မလ္လိကာ၊ ၃ ဗာရာဏသီသူဌေးသမီး။

၁၃ မဟာဝုန်တော ၂တော (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>၁။ ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တော</u>သည် မဟာသမယသုတ်ကို ဟောရာဌာနဖြစ်သည်။ ဟိမဝန္တာနှင့် တစပ်တည်း ဆက်စပ်လျက် အပိုင်းအခြားမရှိပဲ မဟာသမုဒ္ဒရာသို့ ခိုက်လျက်တည်၏။

<u>၂။ ဝေသာလီပြည်အနီး မဟာဝုန်တော</u>သည် အပိုင်းအခြားရှိသည့် ကြီးစွာသောတောအုပ်ကြီး ဖြစ်၏။

၁၄ မဟောသဓပညာရှိ ဖြေရှင်းခဲ့သော ဖြတ်ထုံး၇ထုံးနှင့် ပြဿနာ၁၂ချက် ပေါင်းစုံစမ်းချက် ၁၉၃ (မဟောသဓာ / မဟာဥမင်္ဂဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

၇နှစ်အရွယ်ဖြင့် ၁ ဇရပ်၊ ၂ ဥယျာဉ်၊ ၃ ရေကန်များတည်ဆောက်တော်မူသည်။

ဖြတ်ထုံး ၇ထုံး။ ၁ သားတစ်တရားဖြတ်ထုံး၊ ၂ နွား- ၃ လည်ရွဲ- ၄ ချည်လုံး- ၅ သားလုတရားဖြတ်ထုံး၊ ၆ မယားလု- ၇ ရထားလုံးတရားဖြတ်ထုံး၊

ပြဿနာ ၁၂ချက်။ ၈/၁ ရှားနှစ်တုတ် ထုတ်လှင်တန်ပြဿနာ၊ ၉/၂ ဦးခေါင်းခွံ- ၁၀/၃ မြွေ- ၁၁/၄ ကြက် ပြဿနာ၊ ၁၂/၅ စဋ္ဌာန အကောက်အကွေးရှိသော ပတ္တမြား- ၁၃/၆ နွားလားကို သားဖွားစေခြင်း၊ ၁၄/၇ အင်္ဂါ ၈ပါး ရှိသောထမင်းကို ချက်စေခြင်း / ထမင်းချဉ် ပြဿနာ၊ ၁၅/၈ ဖယောင်းပုခက် သဲကြိုးကျစ်စေခြင်း၊ ၁၆/၉ တောမှတဖက်ဆည်ကန်ကြီးကို ရွှေနန်းတော်သို့အရောက် ပို့စေခြင်း၊ ၁၇/၁၀ တောထဲမှ ဥယျာဉ်ကြီး ကို ရွှေမြို့တော်အရောက် ပို့စေခြင်း၊ ၁၈/၁၁ မြည်းပြဿနာ၊ **၁၉/၁၂** ရေကန်နား ထန်းပင်ပေါ်မှ ကျီးသိုက်ထဲရှိ ပတ္တမြား ပြဿနာ။

**၁၅ မိဘ / အမိအဖ ၁၉၄**

၁။ မိဘစကား နားထောင်ခြင်းအကျိုး (သရဘင်္ဂဇာတ် ၌၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာ အဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

သီလရှိသော ရသေ့ရဟန်းကို ပြစ်မှားသဖြင့် ဒဏ္ဍကီမင်းနှင့် ကုမ္ဘဝတီတပြည်လုံးအနှံ့ သဲမိုး ညွန်မိုး ရွာပြီး ဖုံးသွားသောအခါ အဘကို လုပ်ကျွေး၍ အဘစကားနားထောင်သူ ရာမပုဏ္ဏားသည် အသက်မသေပဲ ကျန်ခဲ့၏။

၂။ မိဘတို့အား ကျေးဇူးပြန်ဆပ်ခြင်း ၄ မျိုး (သမစိတ္တဝဂ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မဃဒေဝ လင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အနှစ် ၁၀၀ပတ်လုံး အမိကို ပခုံးတဖက်၊ အဖကို အခြားပခုံးတဖက်ဖြင့် ဆောင်၍ လုပ်ကျွေး ပြုစုခြင်း၊ အမွေးအကြိုင် လိမ်းပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ ရေပူရေအေး ချိုးပေးခြင်း၊ ခြေဆုပ်လက်နယ် ပြုခြင်း၊ ပခုံးပေါ်၌ပင် ကျင်ကြီး ကျင်ငယ်စွန့်စေသော်လည်း ကျေးဇူးတုံ့သည်၊ ကျေးဇူးဆပ်သည်မမည်။ များစွာသော ရတနာရှိသော မြေကြီး၌ အမိအဖတို့ကို တည်နေစေသော်လည်း ကျေးဇူးတုံ့သည်မမည်။

၁ သဒ္ဓါတရားမရှိသောမိဖတို့ကို သဒ္ဓါတရားနှင့် ဆောက်တည်သက်ဝင်စေခြင်း၊ ၂ သီလမရှိသော မိဖတို့ကို သီလဆောက်တည်စေခြင်း၊ ၃ ဝန်တိုခြင်းမစ္ဆရိယရှိသော မိဖတို့ကို စွန့်ကြဲပေးကမ်းခြင်း၌ ဆောက် တည်စေခြင်း၊ ၄ ပညာမဲ့သောမိဖတို့ကို ပညာ၌ ဆောက်တည်သက်ဝင်စေခြင်းဖြင့် ကျေးဇူး တုံ့ပြန်ရာ၏။

<u>၃။ မိဘတို့၏ သားသမီးအပေါ်၌ ဆန္ဒ ၅မျိုး</u> (ပုတ္တသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဣတောဒိန္နကထာ၊ သတ္တမဝဂ်၊ ကထာဝတ္ထုပါဠိတော်၊ ခု၊ အဘိ)

**သား၊ သမီးဝတ် ၅ပါး**နှင့် တူ၏။

၁ ငါတို့အား လုပ်ကျွေးမွေးမြူပေလိမ့်မည်၊

၂ ငါတို့၏ အမှုကိစ္စတို့ကို ပြုလုပ်ပေလိမ့်မည်၊

၃ အမျိုးအဆက်သည် ရှည်မြင့်စွာ တည်ပေလိမ့်မည်၊

၄ ငါတို့၏အမွေခံ ဖြစ်ပေလိမ့်မည်၊

၅ ဘဝတပါးသို့ ပြောင်းသွားသော ငါတို့အား အလှူ၏အဖို့ကို ပေးဝေကြလိမ့်မည်။

<u>၄။ မိဘတို့၏ အမည် ၄ခု နှင့် အကြောင်းကျေးဇူး ၅ ပါး</u> (ဗြဟ္မသုတ်၊ ပတ္တကမ္မဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သဗြဟ္မကသုတ်၊ စတုက္ကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဗြဟ္မာ၊ ၂ လက်ဦးဆရာ၊ ၃ အိမ်ဦးနတ်၊ ၄ အဝေးမှ ဆောင်၍လှူအပ်သော အလှူခံ။

<u>အကြောင်းကျေးဇူး ၅ ပါး</u> ။ အမိအဖတို့သည် သားသမီးများအပေါ်၌ [၁]များသောကျေးဇူးရှိ၊ [၂]အသက်ကို စောင့်ရှောက်တတ်၊ [၃]ကျွေးမွေးတတ်၊ [၄] လောကကိုညွှန်ပြ[၅] အစဉ်သနားတတ်သူများဖြစ်ကြသည်။

အစဉ်သနားတတ်သည်ဖြစ်၍ သားသမီးတို့သည် [၁]မိဖတို့ကို ရိုသေမြတ်နိုး ရှိခိုးကာ၊ [၂]ထမင်း ဟင်း အဖျော် အဝတ် အိပ်ရာနေရာတို့ကို ပေးပြီး၊ [၃]အမွှေးနံ့သာ လိမ်းကျံပေးခြင်း၊ [၄]ရေချိုးပေးခြင်း၊ [၅]ခြေဆေး ပေးခြင်း စသည်တို့ဖြင့် အရိုအသေပြု၍ ပူဇော်ရာ၏။

ထိုသားသမီးထို့ကို ယခုဘဝတွင် ပညာရှိတို့ ချီးမွမ်းကြသည်ဖြစ်၍ ထမလွန်ဘဝ၌လည်း နတ်ပြည်၌ မွေ့လျော်ရ၏။

<u>၅။ အမိအဖတို့ကို လုပ်ကျွေးခြင်းနှင့် အကျိုး</u> (မာတုပေါသကသုတ်၊ ဥပါသကဝဂ်၊ ဗြာဟ္မဏသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အမိအဖကို လုပ်ကျွေး နေသော ပုဏ္ဏားတဦးမေး၍ ဘုရားရှင် ဖြေကြားဟောပြတော်မူ၏။

တရားသဖြင့် ထမင်းရှာ၍ အမိအဖတို့ကို လုပ်ကျွေးသူသည် ပြုဖွယ်ကိစ္စကို ပြုသူဖြစ်ပေ၏၊ ထိုသူ သည် များသောကောင်းမှုထို့ကို ပွားစေ၏၊ အမိကိုငင်း၊ အဖကိုငင်း တရားသဖြင့် လုပ်ကျွေးသူကို ပညာရှိ တို့သည် ဤဘဝ၌ပင်လျှင် ချီးမွမ်းကုန်၏၊ တမလွန်ဘဝဝယ် နတ်ပြည်၌ မွေ့လျော်ရ၏။

<u>၆။</u> **အမိအဖတို့တိုသတ်၍ ဆင်းရဲမရှိသူ** ဖချက် (လကုဏ္ဍကဘဒ္ဒိယဝတ္ထု၊ ပကိဏ္ဏကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ဖြ၊ တည်တော ဆရာတော်ကြီး)

ဘုရားရှင် အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်ကို ရည်ညွှန်း၍ ရဟန်းတော်များအား ဟောကြားသောထရားတော်၊ တရားအဆုံး၌ ရဟန်းများ သောတာပန်တည်ကြ။

"ရဟန္တာပုဂ္ဂိုလ်သည် တဏှာတည်းဟူသော ၁ အမိကိုရင်း၊ မာနတည်းဟူသော ၂ အဖကိုရင်း သတ်ပြီးလျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော ရေမြွေအရှင် ၃ မင်း၂ပါးတို့ကိုရင်း၊ နန္ဒီရာဂ တည်းဟူသော ၄ အခွန်သိမ်းအမတ် နှင့်တကွ အာယာတန ၁၂ပါးတည်းဟူသော ၅ တိုင်းပြည်ကိုရင်း သတ်ခြင်းကြောင့် ဆင်းရဲကင်းလျက် သွားရ၏။

ရဟန္တာပုဂ္ဂိုလ်သည် တဏှာအမိ၊ မာနအဖကို သတ်ပြီးလျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ မင်းပုဏ္ဏား ၂ပါးတို့ကို သတ်သောကြောင့် ၆ ကျားရဲရှိသောခရီးနှင့်တူသော ဝိစိကိစ္ဆာလျှင် ၅ခုမြောက် နီဝရဏ အတားအဆီးကို ပယ်ဖျက်ကာ ဆင်းရဲကင်းလျက် သွားရ၏။"

မိခင်တဏှာမသေသမျှ အရဟတ္တဖိုလ်နို့ကို မစို့နိုင်။ တဏှာသေမှ သမုဒယသစ္စာပြတ်၍ ဒုက္ခသစ္စာ ဖြစ်သော ရုပ် နာမ်အသစ်မဖြစ်၊ ချုပ်ငြိမ်း၍ နိရောဓသစ္စာ နိဗ္ဗာန်နို့ကို စို့ရ။ **မိခင်သေမှ နို့စို့ရ။**

၇။ အမိ၏အမည် ၅မျိုး (သောဏနန္ဒဇာတ်၊ သတ္တတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ချင်ခြင်းရှိသော်လည်း ပူဖန်စပ်ခါးရှောင်၍ စောင့်ရှောက်သောကြောင့် သုဟဒယ- ချစ်ကျွမ်း ဝင်သူ၊

၂ တနစ်သော်ငင်း၊ ဂုလသောငင်း၊ လွယ်၍ဖွားသောကြောင့် ဇနယန္တိ၊

၃ အကြင်အမိသည် နို့ရည်တိုက်၊ သီချင်းသီ၊ သားမြတ်ကြား၌အိပ်စေ၍ ကိုယ်အတွေ့ကိုနှံ့စေလျက် ကြီးပွားစေ၊ ငိုသောသားကို နှစ်သက်စေသောကြောင့် တောသေန္တိ၊

၄ လေပူနေပူဖြစ်သော် မြတ်နိုးတနာပြု၍ကြည့်၊ မသိကြားမလိမ္မာသေးသောသားငယ်ကို မွေးပေ တတ်သောကြောင့် ပေါသေန္တိ၊

၅ အမိသည် အမိအဖ၂ပါးသောသား၏ဥစ္စာကို သားအကျိုးငှါ စောင့်ရှောက်တတ်သောကြောင့် ဂေါပေန္တိ။

**၁၆ မိမိကိုယ် ၆ ခု**

၁။ မိမိကိုယ်ကို / ကိုယ့်ကိုယ်ကို ချစ်သူ (ပိယသုတ်၊ ပဌမဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ကောသလမင်းကြီးလျှောက်ထားမှုကို ဘုရားရှင် ဖြည့်စွက်ဟောတော်မူ၏။

ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တို့ကို ပြုကျင့်သူသည် မိမိကိုယ်ကို / ကိုယ့်ကိုယ်ကိုချစ်သူ မည်၏။ ကိုယ့်ကိုယ်ကို ချစ်အပ်၏ဟု သိသူသည် မိမိကိုယ်ကို မကောင်းမှုနှင့် မယှဉ်စေရာ။ သေမင်းနိပ်စက်

၍ လူအဖြစ်ကို စွန့်ရသောအခါ ပြုခဲ့သော အကြင်ကောင်းမှု၊ မကောင်းမှုတို့သည်သာလျှင် ထိုသူ၏ ဥစ္စာဖြစ်၏။ ထိုဥစ္စာကိုသာ ယူသွား၏။ အရိပ်သည် အစဉ်လိုက်သကဲ့သို့ ထိုကောင်းမှု၊ မကောင်းမှု ၂ပါးသည် သာလျှင် အစဉ်လိုက်၏။ တမလွန်၌ အကျိုးရှိသော ဆည်းပူးအပ်သော ကောင်းမှုကို ပြုရာ၏။ ကောင်းမှုတို့ သည် တမလွန်လောက၌ သတ္တဝါတို့၏တည်ရာ ဖြစ်ကုန်၏။

၂။ မိမိကိုယ်ကို ချစ်အပ်သူဟုသိလျှင် မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ရာ၏။ (ဒါ န၊ သီလစသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်အားထုတ်ရာ၏) ၊ အရွယ် ၃ပါး တပါးပါးတွင် ဒုစရိုက် ၁၀ပါး မဖြစ်ပွား ရအောင် မိမိကိုယ်ကို သုတ်သင် စင်ကြယ်စေရာ၏ဟု ကောသမ္ဗီပြည် ဥဒေနမင်း၏သားတော် ဗောဓိမင်းသား ကို ဟောတော်မူရာ မင်းသားသည် သောတာပန်တည်၏။ ပရိသတ်များအားလည်း အကျိုးရသော ဒေသနာ ဖြစ်၏။ (ဓမ္မပဒ ၄။ ဗောဓိမင်းသားအကြောင်း၊ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၃။ **မိမိကိုယ်ကိုသာ မှီခိုအားကိုးသင့်ကြောင်း**။ (ပဌမပိုင်း၊ ဆဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာသည် မွေးဖွားရာ မဂဓတိုင်း နာလကရွာ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဘုရားရှင်က မတည်နိုင်ပဲဖြစ်သော အရှင်အာနန္ဒာကို "ဖြစ်ခြင်း၊ ကြီးပွားခြင်း၊ ပြုပြင်ရခြင်း၊ ပျက်စီးခြင်းသဘောရှိသော တရားကို မပျက်စီး ပါလင့်ဟု တောင့်တ၍ မရနိုင်။ ထို့ကြောင့်ပင် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကိုသာ မှီခိုအားကိုးကာ နေကြရာ၏။ အခြားတရားကို အားမကိုးမူ၍ လောကုတ္တရာတရားတော်ကို မှီခိုအားကိုးကာ နေကြရာ၏" ဟု မိန့်တော်မူ၏။

၄။ **မိမိကိုယ်(တရား)ကိုသာ မှီခိုအားကိုးသင့်ကြောင်း**။ (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

မိမိကိုယ် (တရား) ကိုသာ မှီခိုရာပြု၍ မိမိ (တရား) မှတပါး ကိုးကွယ်ရာမရှိပဲ မိမိ(တရား) သာလျှင် ကိုးကွယ်ရာ ရှိသည်ဖြစ်၍ နေကြကုန်လော့ဟု ဘုရားရှင် ဟောတော်မူ၏။

ဘုရားရှင် ဝေဠုဝရွာငယ်၌ နောက်ဆုံးဖြစ်သော ၄၅ဝါဆိုစဉ် ပြင်းထန်သော အသက်ဇီဝိန် ချွေအံ့ သော ရောဂါဖြစ်သောအခါ ဇီဝိတသင်္ခါရဖလသမာပတ် ဝင်စား၍ ရောဂါသက်သာလာရာ၌ ဤတရားကို ဟောတော်မူ၏။

၅။ မိမိကိုယ်ကိုသာ အချစ်ဆုံး (ပိယတရသုတ်၊ သောဏဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးက မလ္လိကာမိဖုယားကို လောက၌ မည်သူ့ကို အချစ်ဆုံးနည်းဟု မေးရာ မိဖုယား

က မိမိကိုယ်ထက် ချစ်မြတ်နိုးသူ တစုံတယောက်မျှမရှိဟု ဖြေ၏။ မင်းကြီးက မြတ်စွာဘုရားအား လျှောက်ရာ-

"အလုံးစုံအရပ်တို့သို့ စိတ်ဖြင့် အစဉ်လျှောက်၍ ရှာဖွေသော်လည်း မိမိထက် ချစ်မြတ်နိုးသူ တစုံ တယောက်ကိုမျှ မရနိုင်၊ ဤသို့ သူတပါးထက် မိမိကိုယ်ကို အသီးအခြား ချစ်၏။ ထို့ကြောင့် မိမိ အကျိုးစီးပွားကို လိုလားသူသည် သူတပါးကို မညှင်းဆဲရာ။" ဟူသော ဥဒါန်းကို ကျူးရင့်တော်မူ၏။

၆။ မိမိကိုယ်ကို သတ်ခြင်းကဲ့သို့သော အရာ ၄မျိုး (အစိရပက္ကန္တသုတ်၊ စတုတ္ထဝဂ်၊ လာဘသက္ကာယသံယုတ်၊ နိဒါန ဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

**(ဘုရားရှင် [ဂေါတမမြတ်စွာဘုရား]နှင့်ဆက်စပ်၍ မှတ်သားဖွယ်** - အနက်မှ - ဘုရားရှင်နှင့် ဒေဝဒတ် - အနက် မှ - အရှင်ဒေဝဒတ်၏ မိမိကိုယ်ကို ပျက်စီးစေကြောင်း ဥပမာ၄မျိုး) နှင့် တူ၏၊ ၎င်းကို ကြည့်ပါ။

၁၇ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနမထေရ် ၂ ခု

၁။ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနာမထေရ်တို့ကိုလည်း အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကဲ့သို့ ဘုရားရှင် ဗျာဒိတ်ထားတော်မူခဲ့သည်။ (ဗာဟိရကထာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၂။ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနမထေရ်တို့၏ ထင်ရှားသော အမေးအဖြေ ၃ချက် (ဝီမံသနပဉှာ၊ မိလိန္ဒပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အရှင်ဘုရားနာဂသေန၊ မေးပါအံ့။ မင်းမြတ်၊ မေးလော့။

၂ အကျွန်ုပ်မေးအပ်ပါပြီ။ ဖြေအပ်ပြီ မင်းကြီး။

၃ အရှင်ဘုရားသည် အဘယ်ကို ဖြေအပ်ပါသနည်း။ သင်မင်းကြီးသည် အဘယ်ကို မေးအပ် သနည်း။

၁၈ မီး ၃ ခု။

၁။ မီး ၃မီး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ရာဂမီး၊ ၂ ဒေါသမီး၊ ၃ မောဟမီး။

၂။ တနည်း။ မီး ၃မီး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ဒီ ဌ)

၁ အာဟုနေယျဂ္ဂိ- အမိအဖမီး၊ ၂ ဂဟပတဂ္ဂိ- အိမ်ရှင် လင်ယောကျ်ားမီး၊ ၃ ဒက္ခိဏေယျဂ္ဂိ- အလှူခံရဟန်းပုဏ္ဏားမီး။

၃။ မီး ၇မီး (ဒုတိယအဂ္ဂိသုတ်၊ မဟာယညဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ရာဂမီး၊ ၂ ဒေါသမီး၊ ၃ မောဟမီးတို့ဖြင့် ဒုစရိုက် ၃ပါးပြု၊ ၎င်းတို့ကို ပယ်အပ်၊ ရှောင်ကြဉ်အပ်၊ မမှီဝဲ အပ်။

၄ အပူဇော်ခံမီး= အမိ အဖ၊ ၅ အိမ်ရှင်မီး = သား မယား အမှုလုပ်တို့၏ အိမ်ရှင်ယောက်ျား၊ ၆ အလှူခံ မီး= သမဏ ပြဟ္မဏ၊ ၎င်းမီး ၃မီးသည် အရိုအသေ အလေးအမြတ်ပြု၍ မြတ်နိုးပူဇော်သင့်သောမီးတို့ ဖြစ်သည်။

၇ ထင်းမီးကိုမူ ရံဖန်ရံခါ တောက်စေ၊ ရံဖန်ရံခါ လျစ်လျူရှု၊ ရံဖန်ရံခါ ငြိမ်းစေ၊ ရံဖန်ရံခါ မငြိမ်းစေပဲ ထားအပ်၏။

၁၉ မုနိ- ပညာနှင့် ပြည့်စုံသည်၏အဖြစ် ၂၈

၁။ ၅ပါး (ဂင်္ဂမာလဇာတ်၊ ကစ္စာနီဝဂ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခုု၊ သုတ္တန္တပိဋက)

၁ အဂါရိက- အိမ်နေသူမုနိ / ရအပ်ပြီးသောဖိုလ် သိအပ်ပြီးသော သာသနာရှိသောလူ၊ ၂ အနဂါရိက- ရဟန်းမုနိ / ရအပ်ပြီးသောဖိုလ် ရှိသောရဟန်း၊ ၃ သေက္ခ- ကျင့်ဆဲမုနိ / သေက္ခပုဂ္ဂိုလ် ၇ယောက်၊ ၄ အသေက္ခ- ကျင့်ပြီး ရဟန္တာမုနိ၊ ၅ ပစ္စေကမုနိ- ပစ္စေကဗုဒ္ဓါ။

၂။ ၆ပါး (စူဠနိဒ္ဒေသပါဠိတော်၊ ခုု၊ သုတ္တန္တပိဋက။ ဝဏ္ဏုပထဇာတ်၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခုု၊ သုတ္တန္တပိဋက)

၁ - ၅ အထက်ပါအတိုင်း ၆ မုနိမုနိ- သဗ္ဗညုမြတ်စွာဘုရား။

၂၀ **မောနေယျအကျင့်မြတ်ကို ကျင့်သောအရှင်နာလက** (နာလကသုတ်။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) - အကျဉ်းသာ။

ဘုရားထဆူတဆူတွင် မောနေယျအကျင့် - (မောနေယျ= မဂ်ဉာဏ် ၄ပါး၊ မောနေယျပဋိပဒါ= မဂ်ဉာဏ် ၄ပါး/အရဟတ္တမဂ်ဉာဏ်သို့ရောက်ကြောင်း အကျင့်/ကျင့်စဉ်) ကို ကျင့်သောရဟန်းတပါးသာ ပေါ်တွန်းမြဲဖြစ်၏။

ဘုရားရှင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ နေ့စဉ်ကြွ၍ ဆွမ်းစားသော ကာလဒေဝိလ သေ့ကြီးသည် သူ၏တူဖြစ်သူ နာလကအား မင်းကြီး၏ ဖွားကာစသားတော်သည် ၃၅နှစ်အထက်တွင် ဘုရားဖြစ်တော်မူမည် ဖြစ်ကြောင်းနှင့် ရသေ့ရဟန်းပြုနှင့်ရန် တိုက်တွန်း၊ ဘုရားရှင် ပွင့်ထွန်းတော်မူလာသောအခါ နာလကရသေ့သည် ဘုရားရှင်ထံ မောနေယျကျင့်စဉ်ကို ဟောကြားတော် မူရန် တောင်းပန်လျှောက်ထား။

အရှင်နာလကသည် ဘုရားရှင် အကျယ်တဝင့် ဟောကြားတော်မူသော ကျင့်ရန်ခဲယဉ်းလှစွာသော မောနေယျအကျင့်မြတ်ကို နာကြားပြီးနောက် ၃ဌာန - ၁ ဘုရားရှင်ကို ဖူးမြင်ရန်၊ ၂ တရားတော်ကို နာရန်၊ ၃ မောနေယျအကျင့်ကို မေးမြန်းရန် - တို့၌ အလိုနည်းသူ ဖြစ်၏။

အရှင်နာလကသည် ဘုရားရှင်ကို ထပ်မံဖူးမြော်၍ တရားတော်ကို မောနေယျအကျင့်ကို ထပ်မံမေး လျှောက်ရန် အလိုမရှိပဲ တောတတောသို့ တရက်သာနေ၊ သစ်ပင်ရင်းတခုသို့ တရက်သာနေ၊ ရွာတရွာသို့ တရက်သာ ဆွမ်းခံရင်း တတောမှ တတော၊ တရွာမှတရွာ လှည့်လည်၍ မောနေယျအကျင့်ကို ဥက္ကဋ္ဌ- အမြတ်ဆုံး ကျင့်လျက် ၇လအကြာတွင် ရဟန္တာဖြစ်တော်မူ၍ ဟိင်္ဂုလကတောင်နံရံကိုမှီကာ ရပ်လျက် ပရိနိဗ္ဗာန်စံ၊ ဘုရားရှင်ကြွရောက်၍ သင်္ဂြိုဟ်ကာ ဓါတ်တော်များကို စေတီတည်စေပြီး ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွသည်။

မောနေယျအကျင့်ကို မဇ္ဈိ- အလယ်အလတ်ကျင့်က ၇နှစ် သက်တော်ရှည်ပြီး မုဒုံ- လျှော့လျှော့ ကျင့်က ၁၆နှစ်သာ သက်တော်ရှည်၏။

၂၁ **မောဟ** (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

စေတသိက်တရား ၅၂ပါးတွင် မောဟခေါ်သော အကုသိုလ်စေတသိက် မသိခြင်းသဘော ဖြစ်သည်။

<u>မောဟအမည် ၅မျိုး</u>။ ၁ မသိခြင်း၊ ၂ မလိမ္မာခြင်း၊ ၃ အညာဏ၊ ၄ အဝိဇ္ဇာ၊ ၅ မောဟမှောင်။

<u>မသိခြင်း မောဟအဝိဇ္ဇာ ၄ပါး</u>။ ၁ဒုက္ခသစ္စာ- ဒုက္ခဧကန်အမှန်ဖြစ်သော တေဘူမက ဝဋ်တရား <u>လောကီခန္ဓာ ၅ပါး</u> တို့ကို ဒုက္ခဟူ၍ မသိခြင်း၊ ၂ သမုဒယသစ္စာ- ဒုက္ခဖြစ်ကြောင်းအမှန်ဖြစ်သော <u>တဏှာလောဘ</u>ကို ‘ဤတဏှာ လောဘကား ဒုက္ခဖြစ်ကြောင်း မကောင်းသောတရားတည်း’ ဟု မသိခြင်း၊ ၃ ဒုက္ခနိရောဓသစ္စာ- ဒုက္ခချုပ်ငြိမ်းရာ ဧကန် အမှန်ဖြစ်သော <u>နိဗ္ဗာန်တရား</u>ကို ဒုက္ခချုပ်ငြိမ်းရာဟူ၍ မသိခြင်း၊ ၄ မဂ္ဂသစ္စာ- ထိုနိဗ္ဗာန်ရောက်ကြောင်း ဧကန် အမှန်ဖြစ်သော <u>အရိယမဂ်တရား ၈ပါး</u>တို့ကို နိဗ္ဗာန်ရောက်ကြောင်းဟူ၍ မသိခြင်း။

၂၂ မိုး <u>၃ ခု</u>

<u>၁။ မိုးကြိုးပစ်သော်လည်း မထိတ်လန့်သူ ၄ဦး</u> (ပုဂ္ဂလဝဂ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အာသဝေါကုန်ခန်းပြီးသော ရဟန္တာ၊ ၂ ဆင်အာဇာနည်၊ ၃ မြင်းအာဇာနည်၊ ၄ သားများ သနင်းခြင်္သေ့မင်း။

<u>၂။ မိုးမှန်ခြင်း ဆိုသည်မှာ</u> (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

မြတ်စွာဘုရားရှင် သာတတ္တိပြည် သရက်ဖြူပင်အနီး၌ ရေမီးအစုံတန်ခိုးပြာဋိဟာ ပြတော်မူပြီး နောက် တာဝတိံသာနတ်ပြည်သို့ ကြွရောက်ကာ အဘိဓမ္မာတရားတော်ကို ဟောတော်မမူသေးခင် ဣန္ဒက နတ်သား လျှောက်ထားချက်ဖြစ်သည်။ မိုးသည် ၁ မြေကောင်းဖြစ်က ၁၅ရက်တကြိမ်၊ ၂ မြေလတ် ဖြစ်က ၁၀ရက်တ ကြိမ်၊ ၃ မြေညံ့ဖြစ်က ၅ရက်တကြိမ် ရွာခြင်းသည် မိုးမှန်သည်ဟု ခေါ်သည်။

၃။ မိုးအန္တရာယ် ၅မျိုး (ဝဿသုတ်၊ ပြာဟ္မဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တေဇောဓါတ် ဖေါက်ပြန်ပျက်စီးခြင်း၊ ၂ ဝါယောဓါတ် ဖေါက်ပြန်ပျက်စီးခြင်း၊ ၃ ရာဟု အသူရိန်သည် လက်ဖြင့် မိုးရေကိုခံယူပြီးလျှင် သမုဒ္ဒရာ၌ စွန့်ပစ်ခြင်း၊ ၄ မိုးတိမ်နတ်- ဝဿဝလာဟကနတ်တို့ မေ့လျော့ခြင်း၊ ၅ လူတို့ တရားမစောင့်ခြင်း။

၂၃ မှက်ခြင်တို့ ကိုက်ခဲကြခြင်းကို သည်းခံလွန်မြောက်၍ တရားထူးရကြသူ ၂ ပါး

၁။ ပစ္စေကဗုဒ္ဓါ ဖြစ်သူ

(ပစ္စေကဗုဒ္ဓါ ၅၄ဆူနှင့် ပစ္စေကဗုဒ္ဓါဉာဏ် ဖြစ်ပေါ်ကြောင်း သံဝေဂတရားများ - အနက်မှ - အမှတ်စဉ် ၁၈/၃၁) တွင် ကြည့်ပါ။

၂။ ရဟန္တာ ဖြစ်သူ (ဂဟ္ဝရတီရိယတ္ထေရဂါထာ၊ စတုတ္ထဝဂ်၊ ဧကကနိပါတ်၊ ထေရာဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ယမိုက်ပြာဋိဟာ ပြသည်ကို မြင်၍ ကြည်ညိုသဒ္ဓါဖြစ်ကာ ရဟန်းပြုလာသော အရှင်မြတ်သည် ဝိပဿနာ ပွားများရင်း ရဟန္တာအဖြစ်သို့ ရောက်ပြီးနောက် တောအရပ်၌နေခြင်းကိုသာ ငါနှစ်သက်၏ဟု ပြောကြားရွတ်ဆိုသော ဂါထာများအနက်မှ တပုဒ် ဖြစ်သည်။

'တောအုပ်ကြီးထဲ၌ မှက်၊ ခြင်တို့ တွေ့ထိကိုက်ခဲခံရသည် ရှိသော် စစ်မြေဦး၌ ကျက်စားသော ဆင်ပြောင်ကြီးကဲ့သို့ ထိုတောအုပ်ကြီးထဲတွင် သတိရှိသည်ဖြစ်၍ သည်းခံနေ၏။'

**၂၄ မဂ်ဖိုလ် / မဂ်ဉာဏ်ဖိုလ်ဉာဏ် ၆ စု**

၁။ မဂ် ၄ပါး အဆင့်ဆင့် ကိလေသာများ ပယ်ပုံ (မူလပဏ္ဏာသ ဋ္ဌ။ သုတ်မဟာဝါ ဋ္ဌ။ သမ္မောဟဝိနောဒနီ။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၂။ တည်တောဆရာတော်ကြီး)

၁ သောတာပတ္တိမဂ်သည် ကိလေသာ ၆ပါး- ၁ မက္ခ၊ ၂ ပဠာသ၊ ၃ ဣဿာ၊ ၄ မစ္ဆရိယ၊ ၅ မာယာ၊ ၆ သာဌေယျတို့ကို ပယ်၏။

၂ အနာဂါမိမဂ်သည် ကိလေသာ ၄ပါး- ၁ ဗျာပါဒ၊ ၂ ကောဓ၊ ၃ ဥပနာဟ၊ ၄ ပမာဒတို့ကို ပယ်၏။

၃ အရဟတ္တမဂ်သည် ကိလေသာ ၆ပါး- ၁ အဘိဇ္ဈာ၊ ၂ ထမ္ဘ၊ ၃ သာရမ္ဘ၊ ၄ မာန၊ ၅ အတိမာန၊ ၆ မဒတို့ကို ပယ်၏။ (ကိလေသာ - အနက်မှ - ကိလေသာ ၁၇ပါး- ကိုလည်း ကြည့်ပါ။)

၂။ မဂ်ဉာဏ် ဖိုလ်ဉာဏ်များဖြင့် ပယ်သော ဇုစသော အကုသိုလ်တရားများ (ဒုတိယတွဲ၊ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ အာသဝေါတရား- အစဉ်အမြဲ မပြတ်မလပ် ယိုစီးနေသောတရားများ ၄ပါး၊

၂ ဩဃ- ဝဲ ၄ပါး၊

၃ ယောဂ- ခွာမရ ခွဲမရအောင် ယှဉ်တွဲပူးကပ်တတ်သော သဘော ၄ပါး၊

၄ ဂန္ထ- ချည်နှောင်ထုံးဖွဲ့ခြင်း ၄ပါး၊

၅ ဥပါဒါန်- စွဲမြဲစွာ ပြင်းပြင်းထန်ထန် ယူခြင်း ၄ပါး၊

၆ နီဝရဏ- ဒါ န၊ သီလ၊ ကုသိုလ်စိတ်နှင့် ဈာန်သမာဓိကုသိုလ်စိတ်တို့ ဖြစ်ခွင့်မရအောင် တားဆီးပိတ်ဆို့တတ်သော တရားများ ၆ပါး၊

၇ အနုသယ- အကြိမ်ကြိမ် အထပ်ထပ် ဖြစ်ထတ်သော တရားများ ၇ပါး၊

၈ သံယောဇဉ်- ခိုင်မြဲသောနှောင်ကြိုး ၁၀ပါး၊ (သုတ္တန်နည်း ၁၀ပါး၊ အဘိဓမ္မာနည်း ၁၀ပါး)၊

၉ ကိလေသာ (စိတ်ကို ညစ်နွမ်းစေတတ်သောတရား) ၁၀ပါး။

၎င်းတရား ၉ပါး အကျယ်ကို ဆိုင်ရာဆိုင်ရာတရားတို့၌ ကြည့်ပါရန်။

၃။ မဂ်ဖိုလ်ကို ပြီးစေနိုင်သော တရား ၅မျိုးနှင့် အဖန်ဖန် အောက်မေ့ပွားများအပ်သော တရား ၆မျိုးနှင့် နေရာ ၆မျိုး (ပဌမမဟာနာမသုတ် နှင့် ဒုတိယမဟာနာမသုတ်၊ အနုဿတိဝဂ်၊ ဧကာဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ သီတင်းသုံးစဉ် ရဟန်းများ သင်္ကန်း ချုပ်ဆိုးအပြီး ၃လအကြာတွင် ဘုရားရှင် ခရီးဒေသစာရီကြွချီမည်ကို သာကီဝင် မဟာနာမ်မင်းကြီး ကြားရာ ဘုရားရှင်ကို "အထူးထူးသောနေခြင်းဖြင့် နေကြရသော အကျွန်ုပ်တို့သည် အဘယ်နေခြင်းဖြင့် နေကြရ ပါမည်နည်း? " ဟု လျှောက်ရာ ဤတရားတော်ကို ဟော-

မဂ်ဖိုလ်ကို ပြီးစေနိုင်သော တရား ၅မျိုး။ ၁ သဒ္ဓါ၊ ၂ ဝီရိယ၊ ၃ သတိ၊ ၄ သမာဓိ၊ ၅ ပညာတည်းဟူသော တရား ၅မျိုး၌ တည်၍-

အဖန်ဖန် အောက်မေ့ပွားများအပ်သော တရား ၆မျိုး။ ၁ ဗုဒ္ဓါနုဿတိ- ဘုရားဂုဏ်တော်ကို အောက်မေ့ရာ၏၊ ၂ တရားဂုဏ်တော်ကို အောက်မေ့ရာ၏၊ ၃ သံဃာဂုဏ်တော်ကို အောက်မေ့ရာ၏၊ ၄ သီလာနုဿတိ- သီလစင်ကြယ်မှုကို အောက်မေ့ရာ၏၊ ၅ စွန့်ကြဲမှု စာဂကို အောက်မေ့ရာ၏၊ ၆ ဒေဝတာနုဿတိ- နတ် တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာစသော ဂုဏ် ၅ပါးတို့ကို အဖန်ဖန် အောက်မေ့ရာ၏။ အဖန်ဖန် အောက်မေ့ပွားများအပ်သော နေရာ ၆မျိုး။ ဤအဖန်ဖန် အောက်မေ့မှုကို ၁ သွားနေစဉ်လည်း ပွားများရာ၏၊ ၂ ရပ်နေစဉ်၊ ၃ ထိုင်နေစဉ်၊ ၄ အိပ်နေစဉ်၊ ၅ အလုပ်ကိစ္စကို ပြုလုပ်စီမံနေစဉ်၊ ၆ သားသမီးတို့ဖြင့် ကျဉ်းမြောင်းသောအိမ်၌ နေစဉ်လည်း ပွားများလော့ဟု မိန့်တော်မူ၏။

၄။ မဂ်ဖိုလ်မှ ဖီလာစကား ၂၈ မျိုး (ပဌမကထာဝတ္ထုသုတ်၊ ယမကဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဗြဟ္မဇာလသုတ်၊ သုတ်သီလက္ခန္ဓဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ဝိကာလဂါမပ္ပဝိသနသိက္ခာပုဒ်နိဒါန်း၊ ရတနဝဂ်၊ ဘိက္ခုပါစိတ်၊ ပါစိတ်ပါဠိတော်၊ ခု၊ ဝိ)

၁ မင်းနှင့်စပ်သော စကား၊ ၂ ခိုးသူ (နှင့်စပ်သော စကား)၊ ၃ အမတ်ကြီး (...)၊ ၄ စစ်သည် (...)၊

၅ ကြောက်ဖွယ် (...)၊ ၆ စစ်ထိုးခြင်းနှင့်စပ်သောစကား၊ ၇ စားဖွယ် (...)၊ ၈ သောက်ဖွယ် (...)၊ ၉ အဝတ် (...)၊ ၁၀ အိပ်ရာနှင့်စပ်သော စကား။

၁၁ ပန်းနှင့်စပ်သော စကား၊ ၁၂ နံ့သာ (...)၊ ၁၃ ဆွေမျိုး (...)၊ ၁၄ ယာဉ် (...)၊ ၁၅ ရွာနှင့်စပ်သော စကား၊ ၁၆ နိဂုံး (...)၊ ၁၇ မြို့ (...)၊ ၁၈ နယ် (...)၊ ၁၉ မိန်းမ (...)၊ ၂၀ ယောက်ျားနှင့်စပ်သော စကား။

၂၁ သူရဲကောင်းနှင့်စပ်သော စကား၊ ၂၂ လမ်း (...)၊ ၂၃ ရေခပ်ဆိပ် (...)၊ ၂၄ သေလွန်သူနှင့်စပ်သော စကား၊ ၂၅ အထွေထွေစကား၊ ၂၆ လောကအကြောင်း၊ ၂၇ သမုဒ္ဒရာအကြောင်း၊ ၂၈ ကြီးပွားမှုဆုတ်ယုတ်မှုနှင့် စပ်သော စကား။

၅။ မဂ်ဖိုလ်အန္တရာယ် ၂ ခု

၁။ ဘုရားရှင်လက်ထက် မြတ်စွာဘုရားမျက်မှောက်တော်၌ မဂ်ဖိုလ်အန္တရာယ် ၂ပါး (ထတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပြုလုပ်ဆောင်ရွက်မှု ယုတ်လျော့ခြင်း။ ၂မျိုးရှိသည်။ [၁]တရားဟောပုဂ္ဂိုလ်၏ ထိုမဂ်ဖိုလ်အား လျော်သော တရားဟောမှုလုံ့လ၏ မရှိခြင်း [၂]ရှေးကောင်းမှုကုသိုလ်နှင့် ပြည့်စုံသောသူ၏ မဂ်ဖိုလ် အား လျော်သော ကျင့်ကြံအားထုတ်မှု၏ မရှိခြင်း။ ကန္ဒရကပရိဗိုဇ်နှင့် ဆင်ဆရာသား ပေဿတို့အား ဘုရားရှင်သည် အတ္တန္တပပုဂ္ဂိုလ်- မိမိကိုယ်ကို ပူပန်စေတတ်သောပုဂ္ဂိုလ် ၄မျိုးအကြောင်း အကျဉ်း ဥဒ္ဒေသမာတိကာ ဟောပြီး အကျယ် နိဒ္ဒေသ ပဒဘာဇနီ မဟောရသေးမီ **ပေဿ**သည် ကျေနပ်၍ဖဲသွားသည်။ ဘုရားရှင်က "ဆက်၍နာလျှင် သောတာပန် ဖြစ်ရာ၏။ ယခုမူ [၁]သံဃာ၌ ကြည်ညိုခြင်း၊ [၂]သတိပဋ္ဌာန် သိမ်းဆည်းပုံ နည်းအသစ်ရခြင်း အကျိုး ၂ပါးသာ ရလေသည်။"

၂ မိတ်ဆွေမကောင်းနှင့် ပေါင်းမိခြင်း။ အဇာတသတ်မင်းသား အရှင်ဒေဝဒတ်နှင့် ပေါင်းမိခြင်းမျိုး ဖြစ်သည်။

၂။ မဂ်ဖိုလ် မရစေနိုင်သော အန္တရာယ် ၅ပါး (မူလပဏ္ဏာသ ဋ္ဌ။ ဒုတိယတွဲ၊ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ကမ္မန္တရာယ် ၆ပါး။ [၁]မာတုဃာတက- အမိကိုသတ်ခြင်း၊ [၂]ပိတုဃာတက- အဖကိုသတ်ခြင်း၊ [၃]အရဟန္တဃာတက- ရဟန္တာကိုသတ်ခြင်း၊ [၄]လောဟိတုပ္ပါဒက- ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုခြင်း၊ [၅]သံဃဘေဒက- သံဃာကို သင်းခွဲခြင်း၊ [၆]ဘိက္ခုနီဒုသက- သီလရှိသော ရဟာန်းမိန်းမကို ဖျက်ဆီးခြင်း။

၂ ကိလေသန္တရာယ် ၃ပါး- (ဒိဋ္ဌိ - အနက်မှ - ဒိဋ္ဌိ / နိယတမိစ္ဆာဒိဋ္ဌိ ၃မျိုး - ကို ကြည့်ပါ။)၊

၃ ဝိပါကန္တရာယ်- အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေနေရခြင်း (ပဏ္ဍုက်၊ တိရစ္ဆာန်၊ မိန်းမယောက်ျားအင်္ဂါ ၂မျိုး ပါသူ)၊

၄ အရိယူပဝါဒန္တရာယ်- အရိယာကို ကဲ့ရဲ့စွပ်စွဲခြင်း (မတောင်းပန်သေးသမျှ အန္တရာယ်မလွတ်၊

တောင်းပန်ပြီးမှလွတ်၊)၊

၅ အာဏာဝိတိက္ကမန္တရာယ်- ရဟန်းတော်များ အာပတ် ၇ပုံကို စေတနာနှင့် ကျူးလွန်ခြင်း (ရဟန်းအဖြစ် ဝန်ခံနေသေးသမျှ ဝိနည်းကံနှင့် မကုစားရသေးသမျှ မလွတ်၊ ကုပြီးမှလွတ်၊)။

၆။ မဂ်အန္တရာယ် / မဂ်တု / ဥပက္ကိလေသာ ၁၀ပါး - (ဝိပဿနာ - အနက်မှ - ဝိပဿနာ ညစ်ညူးကြောင်းတရား / ဥပက္ကိလေသာတရား / မဂ်အန္တရာယ် / မဂ်တုဖိုလ်တု ၁၀ပါး) တွင် ကြည့်ပါ။

၂၅ မင်း ၂ စု

၁။ မင်းကျင့်တရား ၁၀ပါး (နန္ဒိယမိဂရာဇဇာတ်၊ အဝါရိယဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဟာဟံသဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ဒါနံ- အလှူပေးခြင်း၊ ၂ သီလံ- သီလစောင့်သုံးခြင်း၊ ၃ ပရိစ္စာဂံ- ပေးကမ်းစွန့်ကြဲခြင်း၊ ၄ အဇ္ဇဝံ- ဖြောင့်မတ်ခြင်း၊ ၅ မဒ္ဒဝံ- နူးညံ့ခြင်း၊ ၆ တပံ- ခြိုးခြံခြင်း၊ ၇ အက္ကောဓံ- အမျက်မထွက်ခြင်း၊ ၈ အဝိဟိံသဉ္စ- သူတပါးကို မညှင်းဆဲခြင်း၊ ၉ ခန္တိ- သည်းခံခြင်း၊ ၁၀ အဝိရောဓနဉ္စ- ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း။

၂။ မင်းမြောက်တန်ဆာ ၅ပါး (သံကိစ္စဇာတ်၊ သဋ္ဌိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သားမြီးယပ်၊ ၂ ရွှေသင်းကျစ်၊ ၃ သန်လျက်၊ ၄ ထီးဖြူ ၅ ရွှေခြေနင်း။

၂၆ **မိစ္ဆာဒိဋ္ဌိ ၃ စု**

၁။ မိစ္ဆာဒိဋ္ဌိ ၁၀မျိုး။ [ဒိဋ္ဌိ - အနက်မှ - ဒိဋ္ဌိ (မိစ္ဆာဒိဋ္ဌိ၊ ဒသဝတ္ထုက) ၁၀မျိုး ] - တွင် ကြည့်ပါ။

၂။ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ၂မျိုး (အာသာဒုပ္ပဇ္ဇဟဝဂ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တပါးသူထံမှ မသူတော်တရားသံကို ကြားနာရခြင်း၊

၂ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း။

**၃။ နိယတမိစ္ဆာဒိဋ္ဌိသည်** ပဉ္စနန္တရိယကံကြီး ၅ပါး ထက် **အပြစ်ပိုကြီးသည်။** (ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ၊ မေဏ္ဍကဝဂ်၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

မိလိန္ဒမင်းကြီး၏ ဘုရားရှင်ဒေဝဒတ်ကို ရဟန်းပြုပေးခြင်းနှင့်စပ်သော အမေးကို အရှင်နာဂသိန်မထေရ်က "ဘုရားရှင်သည် အရှင်ဒေဝဒတ် သံဃာသင်းခွဲလိမ့်မည်ကို သိတော်မူသည်။ ရဟန်းပြုခွင့် မရခဲ့လျှင်လည်း ဒေဝဒတ်သည် သံဃာသင်းခွဲခြင်းကံထက် ဆိုးဝါးကြမ်းကြုတ်သည့် နိယတမိစ္ဆာဒိဋ္ဌိ- ငရဲလားကြောင်းမြဲသော မှားသောအယူ စသော မကောင်းမှုကံများကို ပြုလုပ်မည် ဧကန်ဖြစ်၏။ သံဃဘေဒကကံ

သည် အပါယ်သို့ ကျစေမည်ဖြစ်သော်လည်း အပိုင်းအခြား ရှိသေး၏။ နိယတမိစ္ဆာဒိဋ္ဌိစသော မကောင်းမှု များပြု၍ အပိုင်းအခြားမရှိ ငရဲ၌ ဒုက္ခခံရမည်ကို မြင်တော်မူ၍ သနားတော်မူသောကြောင့် ကြီးလေးသော ဒုက္ခကို ပေါ့အောင်ပြုသောအနေဖြင့် ဘုရားရှင် ဒေဝဒတ်ကို ရဟန်းပြုပေးတော်မူသည်။" ဟု ဖြေတော်မူသည်။

(ဗုဒ္ဓဘာသာစင်စစ် သမ္မာဒိဋ္ဌိက တဦးဖြစ်ကြောင်း ၁၀ပါး) - ကိုလည်း ကြည့်ပါ။

## ၂၇ မဇ္ဈိမဒေသ ၂ စု

၁။ မဇ္ဈိမဒေသ နယ်နိမိတ် (ဓမ္မက္ခန္ဓက၊ မဟာဝဂ္ဂပါဠိတော်၊ ခု၊ ဝိ။ သာမညဖလသုတ်အဖွင့်၊ သီလက္ခန္ဓ ဋ္ဌ။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၆၊ တည်တော ဆရာတော်ကြီး)

နယ်နိမိတ် ၅ရပ်။ ၁ အရှေ့အလား- ဂဇင်္ဂလနိဂုံး၏ အရှေ့ဘက် အင်ကြင်းပင်ကြီး။ (ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်း) ဗိဟာရ်နယ် စမ္ပာနဂိုရ်အရှေ့ဘက် ၆၆မိုင်ရှိ ဂဇင်္ဂလရွာ။ (အိန္ဒိယကြေးမုံကျမ်း) ဗိဟာရ်နယ် ဆံထာလ်ပရဂနာစီရင်စု ကံကဂျိုလ်အရပ်။

၂ အရှေ့တောင်- သလလဝတီခေါ် သလ္လဝတီမြစ်။ (ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်း) ကလကတ္တားမြို့ အနောက်မြောက်အရပ်။ (အိန္ဒိယကြေးမုံကျမ်း) ဟာဂျာရိဗါဒ်စီရင်စုနှင့် မေဒနီပုရ်စီရင်စုရှိ ဆီလဣမြစ်။

၃ တောင်- သေတကဏ္ဏိကနိဂုံး။ (အိန္ဒိယကြေးမုံကျမ်း) ဗာဂျာရီပါက်စီရင်စုအတွင်း၌ ရှိသည်။

၄ အနောက်- ထူဏပုဏ္ဏားရွာ။ (အိန္ဒိယကြေးမုံကျမ်း) ကာရ်နာလ်စီရင်စု ထာရေဆရ်ရွာ။

၅ မြောက်- ဥသိရဒ္ဓဇတောင်။ (ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်း) အိန္ဒိယပြည် အနောက်မြောက်စွန်းမှာရှိ။ နေပါလ်နယ် (နိုင်ငံ) ကပိလဝတ်ပြည် မြောက်ဘက် တရိဒ္ဓါရအမည်ရှိသော အရပ်အနီးရှိ။ (အိန္ဒိယကြေးမုံကျမ်း) ဟိန္ဒဝဋ္ဌာတောင်တွင် ဥသ္သီရဓဂျတောင်။ ဤနယ်နိမိတ် ၅ရပ်ဖြင့် ပိုင်းခြားထားသော အလျားယူဇနာ ၃၀၀၊ အနံယူဇနာ ၂၅၀၊ အဝန်းယူဇနာ ၉၀၀ အပိုင်း အခြားရှိသော အရပ်ဒေသကို ခေါ်၏။

ပြင်ပအရပ်ဒေသများသည် ပစ္စန္တရစ်အရပ်များ ဖြစ်ကြသည်။ မဇ္ဈိမဒေသအရပ် အတွင်း၌သာ ထူးခြား၍ မြင့်မြတ်သော ပုဂ္ဂိုလ်ကြီးများ ဖြစ်ထွန်းကြသည်။ (အောက်ပါ အမှတ် ၂ - ကို ကြည့်ပါ။)

၂။ မဇ္ဈိမဒေသအရပ် အတွင်း၌သာ ဖြစ်ပေါ်မြဲဖြစ်သော ထူးခြားမြင့်မြတ်သော ပုဂ္ဂိုလ်ကြီးများ ၈ပါး (ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သဗ္ဗညုမြတ်စွာဘုရား၊ ၂ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်များ၊ ၃ အဂ္ဂသာဝကများ၊ ၄ အသီတိ-ဓုတသော၊ မဟာသာဝကများ၊ အသီတိမဟာသာဝကများ၊ ၅ စကြာဝတေးမင်းများ၊ ဘုန်းတန်ခိုးကြီးမား၍ ဥစ္စာပစ္စည်း လွန်စွာ ပေါများသော ၆ ခတ္တိယမဟာသာလ- မင်းများ၊ ၇ ဗြာဟ္မဏမဟာသာလ - ပုဏ္ဏားများ၊ ၈ ဂဟပတိ မဟာသာလ- သူဌေးသူကြွယ်များ ဖြစ်ထွန်းပေါ်ပေါက်ကြစမြဲ ဖြစ်သည်။

၂၈ **မိတ်ဆွေ / ခင်ပွန်းကြီး / အဆွေခင်ပွန်း** ၁၄ စု

၁။ ခင်ပွန်းကြီး ၂ စု

၁။ ခင်ပွန်းကြီး ၁၀ပါး (တေမိယဇာတ်၊ ဇာတကပါဠိတော်၊ ဇာတ်တော်ကြီး၁၀ဘွဲ့ပေါင်းချုပ် ဦးခင်မောင်ကြီး၊ ခု၊ သုတ္တန္တပိဋက)

၁ မြတ်စွာဘုရား၊ ၂ ပစ္စေကဗုဒ္ဓါ၊ ၃ ရဟန္တာ၊ ၄ လက်ယာရံအဂ္ဂသာဝက၊ ၅ လက်ဝဲရံအဂ္ဂသာဝက၊ ၆ အမိ အဖ၊ ၇ အရွယ် အမျိုး ပညာ သီလ သမာဓိစသောဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သူ၊ ၈ ဆုံးမ သွန်သင်သူ၊ ၉ တစုံတခုပေးဖူးသူ၊ ၁၀ တရားဟောသူ။

၂။ ခင်ပွန်းကြီး ၁၀ပါးကို ပြစ်မှားကရသော ဒဏ် ၁၀ပါး - (ပိဋကတ်တော်လာ ဘေးအန္တရာယ်များ - အနက်မှ - ဒဏ် ၁၀ပါး) - ကို ကြည့်ပါ။

၂။ မိတ်ဆွေ (အဆွေခင်ပွန်း) ၄ဦး (မိတ္တသုတ်၊ ဇရာဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ခရီးသွားသူ၏ အဆွေခင်ပွန်းသည် အတူသွားဖော်၊

၂ မိမိအိမ်၌ အဆွေခင်ပွန်းသည် အမိ၊

၃ ပြုဖွယ်ကိစ္စရှိသူ၏ အဆွေခင်ပွန်းသည် သူငယ်ချင်း၊

၄ တမလွန်၌ဖြစ်သော အဆွေခင်ပွန်းသည် အဖန်ဖန် ကိုယ်တိုင်ပြုသော ကောင်းမှုတို့ ဖြစ်ကြ၏။

၃။ မိတ်ဆွေကောင်း ၃ဦး (မိတ္တသုတ်၊ ယောဓါဇီဝဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ပေးနိုင်ခဲသည်ကို ပေးသူ၊

၂ ပြုနိုင်ခဲသည်ကို ပြုသူ၊

၃ သည်းခံနိုင်ခဲသည်ကို သည်းခံသူ။

၄။ မိတ်ဆွေကောင်း အင်္ဂါ ၇ပါး (ပဌမမိတ္တသုတ်၊ ဒေဝတာဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ပေးနိုင်ခဲသောဝတ္ထုကို ပေး၏၊ ၂ ပြုနိုင်ခဲသောအမှုကို ပြု၏၊ ၃ သည်းခံနိုင်ခဲသောအရာကို သည်းခံ၏၊ ၄ မိမိ၏ လျှို့ဝှက်အပ်သောအရာကို ထိုအဆွေခင်ပွန်းအား ထင်စွာပြု၏၊ ၅ တိုအဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သောအရာကို လျှို့ဝှက်၏၊ ၆ ဘေးရန်ကြောင့် မစွန့်ပစ်၊ ၇ ပစ္စည်းဥစ္စာ ကုန်ခန်းခြင်းကြောင့် မထီမဲ့မြင်မပြု။

၅။ မိတ်ဆွေကောင်း အင်္ဂါ ၄ပါးစီရှိ မိတ်ဆွေကောင်း ၄ဦး နှင့် မိတ်ဆွေတု အင်္ဂါ ၄ပါးစီရှိ မိတ်ဆွေတု ၄ဦး

(သိင်္ဂါလသုတ် - ကို ကြည့်ပါ။)

<u>၆။ မိတ်ဆွေကောင်းရှိခြင်း၊ မိတ်ဆွေကောင်း၌ ကိုင်းရှိုင်းခြင်းသည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစီး စေနိုင်၏။</u> (ဥပမ- ထက်ဝက်၊ ဥပမ (အသံထွက်- ဒုပတ်ခ) သုတ်၊ အဝိဇ္ဇာဝဂ်၊ မဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ကလျာဏမိတ္တသုတ်၊ ဒုတိယဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သက္ကတိုင်း နဂရကနိဂုံး၌ သီတင်းသုံးနေတော်မူစဉ် အရှင်အာနန္ဒာက မိတ်ဆွေကောင်း ရှိသည်၏ အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည်၏ အဖြစ်၊ မိတ်ဆွေကောင်း၌ ကိုင်းရှိုင်းသည်၏ အဖြစ်သည် အကျင့်မြတ်ကို ထက်ဝက် ပြီးစီးစေနိုင်ပါ၏ဟု လျှောက်ထား၏။

ဘုရားရှင်က ဤသို့မဆိုရန်၊ မိတ်ဆွေကောင်း ရှိသည်၏ အဖြစ်၊ အပေါင်းအသင်းကောင်း ရှိသည်၏ အဖြစ်၊ မိတ်ဆွေကောင်း၌ ကိုင်းရှိုင်းသည်၏ အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစီးနိုင်၏။ မိတ်ဆွေ ကောင်း ရှိသော၊ အပေါင်းအသင်းကောင်း ရှိသော၊ မိတ်ဆွေကောင်း၌ ကိုင်းရှိုင်းသော ရဟန်းသည် အင်္ဂါ ၈ပါး ရှိသော အရိယာမဂ်ကို ကြိမ်ဖန်များစွာ ပွားများပြုလုပ်၏။ မိတ်ဆွေကောင်းဖြစ်သော ငါဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေနေမှု သဘောရှိသော၊ အိုမှု သဘောရှိသော၊ သေမှု သဘောရှိသော၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှု သဘောရှိသော သတ္တဝါအပေါင်းတို့သည် ထိုတို သဘောတို့မှ လွတ်မြောက်ကြလေ၏။

<u>၇။ မိတ်ဆွေအဖြစ် ပေါင်းဖော်မှီဝဲသင့်သူ ၃ဦး</u> (အရည္ဇာတ်၊ စူဠကုဏာလဝဂ်၊ စတုက္ကနိပါတ်၊ ဇာထကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အကြင်ယောက်ျားသည် [၁]သင့်ကိုအကျွမ်းဝင်၏၊ [၂]သင်၏အကျွမ်းဝင်ခြင်းကိုလည်း နှစ်သက်၏၊ [၃]အကျွမ်းဝင်စကားကို နားထောင်လို၏၊ [၄]အပြစ်ကိုသည်းခံ၏၊ ထိုသူကို မှီဝဲလော့။

၂ အကြင်ယောက်ျားသည် [၁]ကိုယ်ဖြင့်ငှင်း၊ [၂]စကားဖြင့်ငှင်း၊ [၃]စိတ်ဖြင့်ငှင်း မကောင်းမှု ပြုခြင်းမရှိ၊ ထိုသူကို ရင်၌တည်သောသားကဲ့သို့ ဆည်းကပ်လော့။

၃ [၁]နနွင်းဆိုးရည်ကဲ့သို့ မမြဲသောစိတ်ရှိသော၊ [၂]မျောက်စိတ်ကဲ့သို့ လျင်မြန်သောစိတ် ရှိသော၊ [၃] ခဏချင်း ချစ်ခြင်းမုန်းခြင်းဖြစ်တတ်သော ယောက်ျားကို ဇမ္ဗူဒိပ်အပြင်၌ လူမရှိသည်လည်း ဖြစ်အံ့၊ မမှီဝဲလင့်။ (အပြန် - မှီဝဲသင့်သူ။)

<u>၈။ မိတ်ဆွေအင်္ဂါ ၅ပါး</u> (ဝဏ္ဏာရောဟဇာတ်၊ ဝဏ္ဏာရောဟဝဂ်၊ ပဉ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အကြင်သူသည် အခါခပ်သိမ်း မမေ့မလျော့၍ မိတ်၏ပျက်စီးခြင်းကို မပေး၊ ၂ ပျက်စီးခြင်းကို ရှုံ့ရှား၏၊ ၃ အခွင့်အပေါက်ကို အစဉ်ရှု၏၊ ၄ သားသည် အမိရင်ခွင်၌ ရှုံ့ရှားခြင်းကင်းလျက် အိပ်သကဲ့သို့ ရှုံ့ရှားခြင်း ကင်းလျက် အိပ်၏၊ ၅ သူတပါးတို့ကြောင့် မကွဲမပြား၊ တိုသူသည် မိတ်ဆွေမည်၏။

၉။ မိတ်ဆွေတု ၃ဦး (ဟိရိသုတ်၊ စူဠဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဟိရိ- မကောင်းမှုမှ ရှက်မှုကို စက်ဆုပ်လျက် ငါကား သင့်မိတ်ဆွေ ဖြစ်ပါ၏ဟု နှုတ်ဖြင့် ပြောသော်လည်း မိမိပြုရန် စွမ်းနိုင်သော အမှုကိစ္စကို မယူတတ်သူ၊ ၂ အဆွေခင်ပွန်းတို့၌ ပြုလုပ်မည်ဟု ချစ်ဖွယ်စကားကို ပြောဆိုဝန်ခံ၍ ပြောတိုင်း မပြုသူ၊ ၃ ကွဲပြားရမည်ကို တွေးတောယုံမှားလျက် အခါခပ်သိမ်း မမေ့မလျော့ပဲ မိမိကို အပြစ်တင်သောအခါ ပြန်အပြစ်တင်ရန် အကြောင်းအခွင့်ကိုသာလျှင် ရှုနေသူ။

၁၀။ မိတ်ဆွေများကို ပူဇော်၍ရသောအကျိုး ၁၀မျိုး (တေမိယဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

၁ အစားအစာပေါများ၊ ၂ အပူဇော်ခံရ၊ ၃ ခိုးသူမနိုပ်စက်၊ ၄ ပွဲလမ်းသဘင်၌ ဂုဏ်သတင်း ပျံ့နှံ့နေ၍ နစ်လိုဝမ်းမြောက်ရ၊ ၅ ရိုသေလေးမြတ်ခံရ၊ ၆ ပူဇော်တုံ့ရရှိ၊ အခြံအရံများ၊ ကျော်စော၊ ၇ ဂုဏ်သတင်း ထင်လင်း၊ ၈ ကျွဲနွားကောက်ပဲသီးနှံ တိုးပွား၊ ၉ သစ်ပင်တောင် ချောက်ကမ်းပါးမှကျလျှင် တောက်တည်ရာရ၊ ၁၀ ရန်သူ မညှဉ်းဆဲနိုင်။

၁၁။ မိတ်ပျက်ကြောင်း ၃ပါး (မဟာဗောဓိပရိဗ္ဗာဇကဇာတ်၊ ပဏ္ဏာသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မပြတ် ပေါင်းဖော်လွန်းခြင်း၊

၂ မပြတ် မပေါင်းဖော်ခြင်း၊

၃ မလျောက်ပတ်သောကာလ၌ ချစ်မြတ်နိုးသောဥစ္စာကို တောင်းခြင်း။

၁၂။ အကျွမ်းမဝင်သင့်သူ / မိတ်ဆွေအဖြစ် မပေါင်းသင့်သူ ၂ စု

၁။ ၄ဦး (မဟာကုဏ္ဏာလဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သစ်ရွက်၊ သစ်ခက်အခင်း အဟောင်း၊ ၂ အဆွေခင်ပွန်းဟောင်းဖြစ်သော ခိုးသူလူဆိုး၊ ၃ မင်း၊ ၄ သားတကျိပ်အမိ ဖြစ်သော်လည်း မိန်းမကို အကျွမ်းမဝင်ရာ။

၂။ ၁၅ဦး (ကုဏ္ဍျမွ- ကြက်ဇာတ်၊ ကုက္ကုဋ္ဌဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊သုတ္တန္တတပိဋက)

ဤတရားကို ဘုရားလောင်းကြက်မင်း ဟောရာ တောအုပ်ကိုပဲ့တင်ထပ်စေ၍ နတ်တို့ ကောင်းချီး ပေးကြ၏။

၁ မကောင်းမှုပြုသောသူ၊ ၂ မုသားဆိုသူ၊ ၃ မိမိအကျိုးသာ အလိုရှိ၍ ဆည်းကပ်ခစားလာသူ၊ ၄

မိမိကိုယ်ကို ဂုဏ်မရှိပဲလျက် ဂုဏ်ရှိသကဲ့သို့ပြသူ၊ ၅ နှုတ်ဖြင့်သာ အဆွေခင်ပွန်းဖွဲ့သူ၊ ၆ အချည်းနှီးသော လက်အုပ်ချီ၍ နှုတ်ဖြင့်သာ ဤမည်သောဥစ္စာပေးအံ့၊ ဤမည်သောအမှုပြုအံ့ဟု ဖုံးလွှမ်း၍ ဆိုသူ၊ ၇ ဟိရီ၊ ဩတ္တပ္ပ အနှစ်သာရမှ ကင်းသော အဟိရိက၊ အနောတ္တပ္ပဟူသော အကာသာရှိသူ၊ ၈ ပြုသော သူ့ကျေးဇူးကို မသိသောသူ၊ ၉ မုန်းလွယ်၊ ချစ်လွယ်စိတ်ရှိသော မိန်းမ ယောကျ်ား၊ ၁၀ အထူးထူးသော အကြောင်းဖြင့် ရောနှော၍ အန္တရာယ် ပြုသူ၊

၁၁ သူတော်မဟုတ် သူယုတ်တို့၏အမှုသို့ သက်ဝင်သူ၊ ၁၂ မြဲမြံခိုင်ခံ့သောစကား မရှိသူ၊ ၁၃ အဝတ်ပုဆိုးဖြင့် ဖုံးလွှမ်းသော၊ ထက်စွာသောသန်လျက်နှင့်တူသော ခပ်သိမ်းသောသတ္တဝါတို့ကို ညှဉ်းဆဲတတ်သူ၊ ၁၄ စကားသာ ပြေပြစ်၍ စိတ်မပါသော အဆွေခင်ပွန်းယောင်ပြု၍ အခွင့်ကိုရှာသူ၊ **၁၅** အိမ်၌ ထမင်းခဲဖွယ် ဥစ္စာတို့ကိုမြင်သော ပညာမဲ့သူသည် ပြစ်မှားဖျက်ဆီး၍သွားတတ်ကာ မြင်မြင်သမျှကို လိုချင်တတ်သူ။

<u>၁၃။ အဆွေခင်ပွန်း ပြစ်မှားသူတို့ရသောရောဂါ ၃မျိုး</u> (မဟာကပိဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ နူနာ၊ ၂ ခရုသင်း၊ **၃** သမင်ရက်။

<u>**၁၄**။ အတူနေဘူးသူ အဆွေခင်ပွန်း ၄မျိုး</u> (ကာဠကဏ္ဏိဇာတ်၊ အပါယိမ္ဟဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ၇ဖဝါးအထူလှမ်းသွားဘူးက အဆွေခင်ပွန်း ဖြစ်၊ ၂ ၁၂ရက် အထူနေဘူးက အပေါင်းအဖေါ်ဖြစ်၊ ၃ တလ တလခွဲအတူ ပေါင်းဖက်နေဘူးက ဆွေမျိုးနှင့်တူ၊ **၄** ထို့ထက်အလွန်နေဘူးက ကိုယ်နှင့် တူသည်ဖြစ်၏။

## ၂၉ **မေတ္တာ** <u>၃ ခု</u>

<u>၁။ ၅၂၈ မေတ္တာ</u> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်။ ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ) နှင့် <u>၁၅၀၀ မေတ္တာ</u>

အနောဓိသမေတ္တာ ၅ပါး၊ ဩဓိသမေတ္တာ ၇ပါး၊ ပေါင်း ၁၂ပါးကို အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၄ပါးနှင့်မြှောက်က ၄၈ပါးရ၏၊ ၎င်းကို အရပ်၁၀မျက်နှာ နှင့်မြှောက်က ၄၈၀ပါးရ၏၊ ၎င်းကို မူလ၄၈ပါးနှင့်ပေါင်းက <u>၅၂၈ပါး</u>ရသည်။

<u>၁၅၀၀ မေတ္တာ (ကိလေသာ)</u> – (ကိလေသာ - အနက်မှ - ၁၅၀၀ မေတ္တာ / ကိလေသာ) - ကို ကြည့်ပါရန်။

၂။ မေတ္တာသုတ်တော်လာ ကျင့်ဝတ် ၁၅ပါး (မေတ္တာသုတ်၊ ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပရိတ်ပါဠိ၊ ပရိတ်ကြီးနိဿယနှင့် ပရိတ်တရားတော်များ၊ အရှင်ဇနကာဘိဝံသ။ ဒုတိယတွဲ၊ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ သာသနာရေးဦးစီး)

| ဦးရေ | ပါဠိတော် | အနက် |
|---|---|---|
| ၁ | သက္ကော စ | အသက်မငဲ့ပဲ ကြိုးစားကျင့်စွမ်းနိုင်ခြင်း၊ |
| ၂ | ဥဇူ စ | ဖြောင့်မတ်ခြင်း၊ |
| ၃ | သုဥဇူ စ | လွန်စွာ ဖြောင့်မတ်ခြင်း၊ |
| ၄ | သုဝစော စ | ဆိုဆုံးမလွယ်ခြင်း၊ |
| ၅ | မုဒု စ | နူးညံ့ခြင်း၊ |
| ၆ | အနတိမာနီ | လွန်ကဲသောမာန မရှိခြင်း၊ |
| ၇ | သန္တုဿကော စ | တင်းတိမ်ရောင့်ရဲလွယ်ခြင်း၊ |
| ၈ | သုဘရော စ | လွယ်ကူစွာ မွေးမြူအပ်ခြင်း၊ |
| ၉ | အပ္ပ ကိစ္စော စ | နည်းပါးသော ကိစ္စရှိခြင်း၊ |
| ၁၀ | သလ္လဟုကဝုတ္တိ စ | ပေါ့ပါးလွယ်ကူစွာလှည့်လည်နိုင်ခြင်း၊ |
| ၁၁ | သန္တိန္ဒြိယော စ | ငြိမ်သက်သော ဣန္ဒြေရှိခြင်း၊ |
| ၁၂ | နိပကော စ | ရင့်ကျက်သော ဆင်ခြင်ဉာဏ်ပညာ ရှိခြင်း၊ |
| ၁၃ | အပ္ပဂဗ္ဘော စ | ကိုယ် နှုတ် စိတ် မကြမ်းတမ်းခြင်း၊ |
| ၁၄ | ကုလေသွ နနုဂိဒ္ဓေါ | လူဒါယကာတို့အပေါ် တွယ်တာမှု ကင်းခြင်း၊ |
| ၁၅ | န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။ | အနည်းငယ်သော ကိုယ် နှုတ် စိတ် မကောင်းမှု ကိုပင် မပြုကျင့်ရာ။ |

နိဗ္ဗာန်သို့ရောက်ရန် ဇကေန် ပြုအပ်သောကျင့်ဝတ်များ ဖြစ်သည်။

၃။ မေတ္တာပွားနည်း ၂နည်း

၁ ဒိသာဖရဏာ- အရပ် ၁၀မျက်နှာ ဖြန့်ဝေသော ပွားနည်း (ပဋိသမ္ဘိဒါမဂ်။ မေတ္တာဘာဝနာတရားတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)။ ၁ အရှေ့ (အရပ်၌ ရှိသော)၊ ၂ အနောက် (...)၊ ၃ မြောက် (...)၊ ၄ တောင် (...)၊ ၅ အရှေ့တောင် (...)၊ ၆ အနောက်မြောက် (...)၊ ၇ အရှေ့မြောက် (...)၊ ၈ အနောက်တောင်အရပ်၌ ရှိသော၊ ၉ အောက်အရပ်၌ရှိသော ထက်ဝန်းကျင်၊ ၁၀ အထက်အရပ်၌ရှိသော ထက်ဝန်းကျင်၊

အနန္တစကြာဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲ ခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂ မေတ္တာသုတ်တော်လာ မေတ္တာပွားနည်း ၁၁နည်း (မေတ္တာဘာဝနာတရားတော်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)။ ၁ သဗ္ဗသင်္ဂါဟက- အားလုံးသတ္တဝါ၊ မေတ္တာ ပွားနည်း ၁နည်း၊ ၂ - ၅ ဒုက- သတ္တဝါ ၂ပုံ မေတ္တာပွားနည်း ၄နည်း၊ ၆ - ၈ သတ္တဝါ ၃ပုံ မေတ္တာပွားနည်း ၃နည်း၊ ၉ - **၁၁** အဟိတာပနယန- စီးပွားမဲ့ကို ပယ်ဖျောက်နည်း ၃နည်း။

၁ လုံးစုံများစွာ သတ္တဝါ (ချမ်းသာကိုယ်စိတ် မြဲပါစေ၊ ဥပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ)။

၂ ကြောက်တတ်၊ မကြောက်တတ် ၂ရပ်များစွာသတ္တဝါ (...)၊

၃ မြင်အပ်၊ မမြင်အပ် ၂ရပ်များစွာသတ္တဝါ (...)၊

၄ ဝေးနေ၊ နီးနေ ၂ထွေများစွာ သတ္တဝါ (...)၊

၅ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ သတ္တဝါ (...)၊

၆ ရှည်၊ တို၊ အလတ် ၃ရပ်ခန္ဓာ သတ္တဝါ (...)၊

၇ ကြီး၊ ငယ်၊ အလတ် ၃ရပ်ခန္ဓာ သတ္တဝါ (...)၊

၈ ဆူ၊ ကြုံ၊ အလတ် ၃ရပ်ခန္ဓာ သတ္တဝါ (...)၊

၉ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊

၁၀ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ၊

**၁၁** ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

၄။ မေတ္တာပွားများခြင်းအကျိုး ကြီးမားပုံ (ဩက္ခာ- နွားလား၊ ဩက္ခာသုတ်၊ ဩပမ္မသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ဟော။ ထမင်းအိုးကြီး ၁၀၀ဖြင့် နံနက် နေ့လည် ညနေ တနေ့ ၃ကြိမ် ကျွေးမွေးလှူဒါန်းခြင်းထက် မေတ္တာစိတ်ကို တနေ့ ၃ကြိမ် နွားနို့တညှစ်ခန့်ကာလမျှ ပွားခြင်းက အထူးသဖြင့် အကျိုးကြီး၏၊ မေတ္တာစိတ်ကို ၁ ပွားများရာ၊ ၂ လေ့လာရာ၊ ၃ ယာဉ်ကဲ့သို့ပြုရာ၊ ၄ တည်ရာကဲ့သို့ ပြုရာ၊ ၅ ဆောက်တည်ရာ၊ ၆ ထက်ဝန်းကျင်မှ ဆည်းပူးရာ၊ ၇ ကောင်းစွာအားထုတ်ရာ၏။

၅။ မေတ္တာအကျိုး ၁၁မျိုး (အရကဇာတ်၊ သန္တဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မေတ္တာသုတ်၊ အနုဿတိဝဂ်၊ ဧကာဒသက နိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဧကာဒသက၊ ဧကုတ္တရိကနယ၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

၁ ချမ်းသာစွာအိပ်ရ၊ ၂ ချမ်းသာစွာနိုးရ၊ ၃ ယုတ်မာသောအိပ်မက် မမြင်မက်၊ ၄ လူတို့ချစ်မြတ်နိုး၊ ၅ နတ်တို့ချစ်မြတ်နိုး၊ ၆ နတ်တို့စောင့်ရှောက်၊ ၇ မီး အဆိပ် လက်နက်တို့ မလောင်၊ မသင့်၊ မစူးရှ၊ ၈ ပျံ့လွင့်သောစိတ် လျင်မြန်စွာတည်ကြည်၊ ၉ မျက်နှာအဆင်းကြည်လင်၊ ၁၀ မတွေဝေပဲသေ၊ **၁၁** ဗြဟ္မာ့ပြည်သို့လားရ၏။

၆။ မေတ္တာ မပို့အပ်သူ ၆ဦး (ပြဟ္မဝိဟာရနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ် ၁။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၆၊ တည်တော ဆရာတော်ကြီး)

၁ မုန်းသူကို ဦးစွာ မေတ္တာမပို့အပ်၊ ၂ အလွန်ချစ်သူကို ဦးစွာ မေတ္တာမပို့အပ်၊ ၃ အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ်ကို ဦးစွာ မေတ္တာမပို့အပ်၊ ၄ ရန်သူ ဝေရီပုဂ္ဂိုလ်ကို ဦးစွာ မေတ္တာမပို့အပ်၊ ၅ လိင်အသွင် မတူသူကို သီးခြားဝေဖန်သောအားဖြင့် မေတ္တာမပို့အပ်၊ ၆ သေလွန်ပြီးသူကို အချင်းခပ်သိမ်း မေတ္တာ မပို့အပ်။

၇။ မေတ္တာနှင့်ယှဉ်သောစိတ်နှင့် လက်ဖျစ်တတွက်ခန့်မျှလည်း နေသောရဟန်းအား ခေါ်ထိုက်သော အမည် ၄ပါး (အစ္ဆရာသင်္ဃာတဝဂ်၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဈာန်မှဆိတ်သုဉ်းခြင်း မရှိမူ၍နေသူ၊ ၂ မြတ်စွာဘုရား၏ သွန်သင်မှုကို လိုက်နာ၍နေသူ၊ ၃ မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာ၍နေသူ၊ ၄ တိုင်းသူပြည်သားတို့ ပေးလှူသောဆွမ်းကို အချည်းနှီး မဖြစ်စေမူ၍ သုံးဆောင်သူ။

၃၀ **မာန် / မာန** ၂ စု

၁။ မာန် မာနများ ၄ စု

၁။မာန် ၃ ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ငါသည် ဤသည်ထက် မြတ်၏၊ ၂ ငါသည် ဤသည်နှင့် အတူတူပင်ဖြစ်၏၊ ၃ ငါသည် ဤသည်ထက် ယုတ်၏။

၂။ ၇ မျိုး (ဒုဋ္ဌကသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အတိမာန- အလွန်ထောင်လွှားမှု၊ ၂ မာနာတိမာန- အလွန့်အလွန် ထောင်လွှားမှု၊ ၃ ဩမာန- မိမိကိုယ်ကို မိမိအထင်သေးမှု၊ ၄ သဒိသမာန- မိမိကိုယ်ကို မိမိအတန်းအစားတူသူဟု ထောင်လွှားမှု၊ ၅ အဓိမာန- မိမိကိုယ်ကို မိမိအထင်ကြီးမှု၊ ၆ အသ္မိမာန- ငါဟု ထောင်လွှားမှု၊ ၇ မိစ္ဆာမာန- အမှားကို အမှီပြု၍ဖြစ်သောမာန။

၃။ တနည်း။ ၇ မျိုး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ မာန- မာန်ထောင်ခြင်း / ထောင်လွှားခြင်း၊ ၂ - ၇ အထက်အမှတ် ၂ပါ ၇မျိုးအတိုင်း၊ အမှတ် ၄- သဒိသမာန မပါ ။

၄။ ၉ မျိုး (ဒုဋ္ဌကသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ ပါထိကဝဂ် ၁)

မြတ်သောသူအား ၁ ငါသည် မြတ်သည်ဖြစ်၏၊ ၂ ငါသည် တူသည်ဖြစ်၏၊ ၃ ငါသည် ယုတ်သည်ဖြစ်၏။

တူသောသူအား ၄ ငါသည် မြတ်သည်ဖြစ်၏၊ ၅ ငါသည် တူသည်ဖြစ်၏၊ ၆ ငါသည် ယုတ်သည်ဖြစ်၏။

ယုတ်သောသူအား ၇ ငါသည် မြတ်သည်ဖြစ်၏၊ ၈ ငါသည် တူသည်ဖြစ်၏၊ ၉ ငါသည် ယုတ်သည်ဖြစ်၏။

မြတ်သူအား ငါမြတ်သည်၊ တူသူအား ငါတူသည်၊ ယုတ် / ညံ့သူအား ငါယုတ် / ညံ့သည် ဟူသောမာန်သည် မှန်ကန်သောမာန် (ယာထာဝမာန်) ဖြစ်ပြီး အရဟတ္တမဂ်နှင့်မှ ပယ်သတ်နိုင်သည်။ ကျန်မာန်၆ပါးသည် မမှန်ကန်သောမာန် (အယာထာဝမာန်) ဖြစ်ကာ သောတာပတ္တိမဂ်နှင့် ပယ်သတ်သည်။

<u>၂။ မာန်တက် / မာန်ယစ် / မာန်ဖြစ်ကြောင်း ၃ စု</u>

<u>၁။ ၃ မျိုး</u> (သုခမာလသုတ်၊ ဒေဝဒူတဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အရွယ်နုပျိုခြင်းကိုစွဲ၍၊ ၂ ရောဂါကင်းခြင်းကိုစွဲ၍၊ ၃ အသက်ရှည်ခြင်းကိုစွဲ၍။

<u>၂။ ၁၀ပါး</u> (မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဗျာကိဏ္ဏမှတ်စု၊ ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဘုရားဖြူ)

၁ ဆွေမျိုးကြီး ဖြစ်ခြင်း၊ ၂ အနွယ်အဆက် ကောင်းခြင်း၊ ၃ သူကောင်းသား ဖြစ်ခြင်း၊ ၄ ချမ်းသာခြင်း၊ ၅ ဗေဒင်စာပေ သရဇ္ဈာယ်နိုင်ခြင်း၊ ၆ အဆင်းလှခြင်း၊ ၇ စက်မှုလက်မှုအတတ်တတ်ခြင်း၊ ၈ ပညာရှိခြင်း၊ ၉ ဗဟုသုတရှိခြင်း၊ ၁၀ မောက်မာသောစိတ် ရှိခြင်း။ ၎င်းတို့ကိုစွဲ၍ မာန်တက်သည်။

<u>၃။ ၂၇ပါး</u> (သာရတ္ထ ဋီကာ။ တိပိဋကသရုပ်စုံအဘိဓါန်၊ ဓမ္မဗိမာန်)

၁ အမျိုးဇာတ်၊ ၂ အနွယ်၊ ၃ ကျန်းမာခြင်း၊ ၄ အရွယ်နုပျိုခြင်း၊ ၅ အသက်ရှည်ခြင်း၊ ၆ ပစ္စည်းဥစ္စာရှိခြင်း၊ ၇ ကောင်းစွာ ပြုစုခံရခြင်း၊ ၈ အလေးဂရု ပြုခံရခြင်း၊ ၉ ရှေ့သွားပြုခြင်း၊ ၁၀ အခြံအရံ၊

၁၁ စည်းစိမ်ဥစ္စာ၊ ၁၂ အဆင်း၊ ၁၃ အကြားအမြင်- သုတ၊ ၁၄ ဉာဏ်ပညာ၊ ၁၅ ညဉ့်အပိုင်းအခြားကို သိခြင်း၊ ဝါကြီးခြင်း၊ ၁၆ ပိဏ္ဍပါတ်ဓုတင် ဆောင်ခြင်း၊ ၁၇ မထီမဲ့မြင် မအောက်မေ့စေလိုခြင်း၊ ၁၈ ရပ်ခြင်း၊ ထိုင်ခြင်းစသော ဣရိယာပုတ်၊ ၁၉ တန်ခိုး၊ ၂၀ အကျော်အစော၊

၂၁ သီလ၊ ၂၂ စျာန်၊ ၂၃ အတတ်ပညာ၊ ၂၄ အရပ်အမောင်း၊ ၂၅ ကိုယ်လုံးကိုယ်ပေါက်၊ ၂၆ ကိုယ်ပုံသဏ္ဌာန်၊ ၂၇ ကိုယ်အင်္ဂါကြီးငယ် စုံလင်ခြင်း။

၃၁ မိန်းမ ၁၁ စု

၁။ မိန်းမကိုနှစ်သက်စေသော ယောကျာ်း အင်္ဂါ ၅ပါး (ပုရိသသုတ်၊ ပဌမပေယျာလဝဂ်၊ မာတုဂါမသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အဆင်း ရှိသူ၊ ၂ စည်းစိမ်ဥစ္စာ ရှိသူ၊ ၃ ကိုယ်ကျင့် သီလရှိသူ၊ ၄ လိမ်မာ၍ မပျင်းသူ၊ ၅ သားသမီး ရသူ။

အပြန် - မနှစ်သက်စေနိုင်သော အင်္ဂါ ၅ပါး။

၂။ မိန်းမသည် ကောင်းမှုမပြုခဲ့က ရခဲသောအရာ ၅မျိုး (ဌာနသုတ်၊ ဗလဝဂ်၊ မာတုဂါမသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ သင့်လျော်သော အမျိုး၌ ဖြစ်လိုခြင်း၊ ၂ သင့်လျော်သောအမျိုး၌ ဖြစ်ပြီး သင့်လျော်သော အမျိုးသို့ ရောက်လိုခြင်း၊ ၃ ၁ နှင့် ၂သို့ ရောက်ပြီး ရန်သူ (လင်တူမယား) မရှိပဲ အိမ်၌ နေလိုခြင်း၊ ၄ ၁၊ ၂ နှင့် ၃ တို့ရ၍ သားသမီး ရှိသူ ဖြစ်လိုခြင်း၊ ၅ ၁၊ ၂၊ ၃ နှင့် ၄ တို့ဖြင့် ပြည့်စုံ၍ လင်ကို လွှမ်းမိုး၍ ဖြစ်လိုခြင်း။

အပြန် - ကောင်းမှုပြုခဲ့သောမိန်းမသည် ဤ ၅ပါးကို ရလွယ်၏။

၃။ မိန်းမတို့ ကောင်းမှုဘုန်းကံကြောင့် ရသောအကျိုး ၅ပါး (မာတုဂါမသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ မြင့်မြတ်သောအမျိုး၌ ဖြစ်ခြင်း၊ ၂ လှပတင့်တယ်ခြင်း၊ ၃ အရွယ်တူ၊ စည်းစိမ်၊ ဥစ္စာ၊ ဂုဏ်၊ ကျက်သရေနှင့် ပြည့်စုံသော လင်ယောကျာ်းရခြင်း၊ ၄ ဘေးကင်းချမ်းသာစွာနေရခြင်း၊ ၅ သားဦး ယောကျာ်းဖွား၍ ဆွေမျိုးများအလယ် တင့်တယ်စွာနေရခြင်း။

၄။ မိန်းမတို့ ပြဟ္မာ့ပြည်၌ ဖြစ်ရာဘုံ (ဒုတိယအုပ်၊ ယမကပါဠိတော်နိဿယ၊ အရှင်နန္ဒမေဓါ၊ ခု၊ အဘိ)

အရိယာဖြစ်စေ၊ အရိယာမဟုတ်သည်ဖြစ်စေ၊ သမာပတ် ၈ပါးနှင့်ပြည့်စုံသော်လည်း ပြဟ္မပါရိသဇ္ဇ ဘုံ၌သာ ဖြစ်၏။ အထက်ပြဟ္မာ့ဘုံ၌ မဖြစ်နိုင်။

၅။ မိန်းမတို့ မဖြစ်ရာသော ဘဝ ၅ပါး (ဗဟုဓါတုကသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဒုတိယဝဂ်၊ အဋ္ဌာနပါဠိ၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဗ္ဗညုဘုရားရှင်၊ ၂ စကြဝတေးမင်း၊ ၃ သိကြားမင်း၊ ၄ မာရ်နတ်မင်း၊ ၅ ပြဟ္မာမင်း။

၆။ မိန်းမတို့၏ ကောင်းခြင်း၅ဖြာနှင့် အပြစ်ကင်းခြင်း ၆ပါး (တေလ- ဆီ၊ ပတ္တ-ခွက်ဇာတ်၊ တေလပတ္တဇာတ်၊ လိတ္တဝဂ်၊ ဧကကနိပါတ်၊ ဇာထကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

မိန်းမတို့၏ ကောင်းခြင်း၅ဖြာ။ ၁ အရေ၏ကောင်းခြင်း- ရွှေအဆင်း၊ ၂ အသား၏ကောင်းခြင်း- လက်ဖဝါး၊ ခြေဖဝါး၊ နှုတ်ခမ်းတို့ နီသောသန္တာကမ္ဗလာကဲ့သို့ ရှိ၊ ၃ အကြော၏ကောင်းခြင်း- ၂၀သောခြေသည်း၊ လက်သည်းတို့သည် အသားမှမလွတ်သောနေရာတို့၌ ချိပ်ရည်သွေး၊ လွတ်သောနေရာတို့၌ နို့ရည်အဆင်း ရှိ၊

၄ အရိုး၏ကောင်းခြင်း- ၃၂ချောင်းသောသွားတို့သည် ကောင်းစွာစေ့၍ ကောင်းစွာသွေးအပ်သော ဝရဇိန်စိန်အလား ရှိ၊ ၅ အရွယ်၏ကောင်းခြင်း- အသက် ၁၂၀ရှိလည်း အရေမတွန့် ၁၆နှစ်ရွယ်သို့ဖြစ်၏။

မိန်းမတို့၏ အပြစ်ကင်းခြင်း ၆ပါး။ ၁ မမြင့်လွန်းခြင်း၊ ၂ မနိမ့်လွန်းခြင်း၊ ၃ မဆူလွန်းခြင်း၊ ၄ မကြုံ လွန်းခြင်း၊ ၅ မဖြူလွန်းခြင်း၊ ၆ မမည်းလွန်းခြင်း။

၇။ မိန်းမတို့၏ သီးခြားဖြစ်သော ဆင်းရဲ ၅မျိုး (အာဝေဏိကဒုက္ခသုတ်၊ ပဌမပေယျာလဝဂ်၊ မာတုဂါမ သံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ငယ်ရွယ်စဉ်ကပင်လျှင် ဆွေမျိုးတို့နှင့်ခွဲလျက် လင့်အိမ်သို့ လိုက်ရ၏၊ ၂ ဥတုလာရ၏၊ ၃ ကိုယ်ဝန်ဆောင်ရ၏၊ ၄ သားဖွားရ၏၊ ၅ ယောက်ျား၏ အလုပ်အကျွေးအဖြစ်သို့ ရောက်၏။

၈။ မိန်းမတို့၏ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့တို့ထက် ယောက်ျားတို့၏စိတ်ကို သိမ်းကျုံး ယူငင်၍တည်သော အခြားအရာ မမြင်။ ထို့အတူ ယောက်ျားတို့၏ အဆင်းစသည့် ၅ပါးတို့ထက် မိန်းမတို့၏ စိတ်ကို သိမ်းကျုံးယူငင်၍ တည်သော အခြားအရာကို မမြင်။ (သုတ်ပေါင်း ၁၀သုတ်၊ ရူပါဒိဝဂ်၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၉။ မိန်းမတို့၏ အား ၅မျိုး (ဝိသာရဒသုတ်၊ ဗလဝဂ်၊ မာတုဂါမသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တ ပိဋက)

၁ အဆင်းအား၊ ၂ စည်းစိမ်ဥစ္စာအား၊ ၃ ဆွေမျိုးအား၊ ၄ သားသမီးအား၊ ၅ သီလအား။

၁၀။ မြတ်နိုးအပ်သော မိန်းမအင်္ဂါ ၅ပါး (သဠာယတနသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အဆင်းနှင့် ပြည့်စုံသောသူ၊ ၂ စည်းစိမ်နှင့် ပြည့်စုံသောသူ၊ ၃ သီလနှင့် ပြည့်စုံသောသူ၊ ၄ သိကြား လိမ္မာသောသူ၊ ၅ မပျင်းမရိသောသူ / သားယောက်ျားဖွားသောသူ။

၁၁။ ရဲရင့်သော တိုင်းပြည်အုပ်ချုပ်သူကို မွေးဖွားစေနိုင်သော မိန်းမ၏ အင်္ဂါ ၄ပါး (မလ္လိကာသုတ်၊ ဒုတိယဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူခိုက် ကောသလမင်းကြီး ဘုရားရှင်ကို ဖူးမြော်စဉ် မလ္လိကာမိဖုယားမှ သမီးတော်ဖွားမြင်ကြောင်း တယောက်သောယောက်ျားက လာရောက်လျှောက်ထားရာ မင်းကြီး နှလုံးမသာမယာဖြစ်၏။

ဘုရားရှင်က "သမီးတော်ကို ကျွေးမွေးသုတ်သင်လော့၊

၁ ပညာရှိသော၊

၂ အကျင့်သီလရှိသော၊

၃ ယောက္ခမကို နတ်ကဲ့သို့ ရှိသေသော၊

၄ လင်ကို လုပ်ကျွေးသော အချို့သောမိန်းမတို့သည် မြတ်၏၊ ထိုမိန်းမကောင်းမှဖွားသော အကြင်သားယောကျ်ားသည် ရဲရင့်၏၊ တိုင်းပြည်ကို အုပ်ချုပ်ဆုံးမနိုင်၏" ဟူသောဂါထာကို ရွတ်ဆိုတော်မူ၏။

၃၂ မာရ်နတ် ၄ စု

၁။ မာရ် (မာရ်နတ်) စစ်သည် ၁၀ပါး (သုဒ္ဓဋ္ဌကသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပဓာနသုတ်၊ မဟာဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဣတိဝုတ်။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ကာမတရား- ဝတ္ထုကာမ၊ ကိလေသာကာမ၊

၂ မမွေ့လျော်ခြင်း- အရတိ၊ ဥက္ကဏ္ဌိတ၊

၃ ဆာလောင် မွတ်သိပ်ခြင်း- ခုပ္ပိပါသတရား၊

၄ ပျင်းစိတ်- တန္ဒီ၊

၅ စိတ်၏မခံ့ခြင်း၊ ထိုင်းမှိုင်းခြင်း- ထိန၊ စေတသိက်၏ မခံ့ ခြင်း၊ ငိုက်မြည်းခြင်း- မိဒ္ဓ၊

၆ ကြောက်လန့်ခြင်း- ဘီရု၊

၇ ယုံမှားမှု- ဝိစိကိစ္ဆာ၊

၈ ကျေးဇူးချေဖျက်ခြင်း- မက္ခ၊ ခက်ထန်ခြင်း- ထမ္ဘ၊

၉ လာဘ်- လာဘ၊ အကျော်အစော- သိလောက၊ ပူဇော်ခြင်း- သက္ကာရ၊ အခြွေအရံစသည်တို့၌ သာယာတက်ကြွခြင်း တဏှာမာန၊

၁၀ မိမိကိုယ်ကို ချီးမြှောက်- အတ္တုက္ကံသန၊ သူတပါးတို့ကို မထီမဲ့မြင်ပြု ခြင်း- ပရဝမ္ဘန တရား။

၂။ မာရ်နတ်မင်း၏ နယ်ပယ် ၅ခု (ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဘဝ ၃ပါး၊ ၂ ယောနိ ၄ပါး၊ ၃ ဂတိ ၅ပါး၊ ၄ ဝိညာဏဋ္ဌိတိ ၇ပါး၊ ၅ သတ္တာဝါသ ၉ပါး။

၃။ မာရ်နတ်မင်း၏ မြှား ၅စင်း (မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

မိန်းမတို့၏ အာရုံ ၅ပါးဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို တင်စားခေါ်သည်။

၄။ မာရ်နတ်မင်း၏ အာဏာတည်ရာ၊ နေရာ၊ ပျိုးခင်း၊ ကျက်စားရာ အစုံ ၂ပါး (အာနဥ္စသပ္ပါယသုတ်၊ ဒေဝဒဟဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ မျက်မှောက်နှင့် မျက်ကွယ် ကာမဂုဏ်၊ ၂ မျက်မှောက်နှင့် မျက်ကွယ် ကာမဂုဏ်အမှတ်အသား။

၃၃ များသောသတ္တဝါနှင့် နည်းသောသတ္တဝါ ၄၅ မျိုး (စတုတ္ထဝဂ်၊ ကေမ္မပါဠိ၊ ကေကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)နှင့် ၃၇ မျိုး (၁၀ သုတ်၊ ပဌမအာမကဓညပေယျာလဝဂ်၊ ၁၀ သုတ်၊ ဒုတိယအာမကဓည ပေယျာလဝဂ်၊ ၁၀ သုတ်၊ တတိယအာမကဓညပေယျာလဝဂ်၊ ၁၁ သုတ်၊ စတုတ္ထအာမကဓညပေယျာလဝဂ်၊ ၃၀ သုတ်၊ ပဉ္စဂတိပေယျာလဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက = ပေါင်း ၇၁သုတ် မှ အံ၊ စတုတ္ထဝဂ်နှင့် တူသော ၃၄ မျိုး (-----) ကို ဖယ်၍ ၃၇မျိုး ကျန်၏၊) = ပေါင်း **၈၂ မျိုး**

များသောသတ္တဝါနှင့် နည်းသောသတ္တဝါ ၄၅ မျိုး (စတုတ္ထဝဂ်၊ ကေမ္မပါဠိ၊ ကေကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

| များသော သတ္တဝါ | အနည်းငယ်သော သတ္တဝါ |
|---|---|
| ၁ ရေသတ္တဝါ၊ | ၁ ကြည်းသတ္တဝါ၊ |
| ၂ အပါယ်ဘုံသား၊ | ၂ လူ့ပြည်သား၊ |
| ၃ တိုင်းစွန်ပြည်နား လူရိုင်းမိလက္ခု၌ ဖြစ်၊ | ၃ မဇ္ဈိမတိုင်း၌ ဖြစ်၊ |
| ၄ ဆွံ့အပညာမဲ့သူ၊ | ၄ မဆွံ့မအစကားနားလည်သူ ပညာရှိ၊ |
| ၅ တွေဝေသူ၊ | ၅ ပညာမျက်စိနှင့် ပြည့်စုံသူ၊ |
| ၆ ဘုရားရှင်ကို မဖူးမြော်ရသူ၊ | ၆ ဘုရားရှင်ကို ဖူးမြော်ရသူ၊ |
| ၇ ဓမ္မဝိနယကို မကြားနာရသူ၊ | ၇ ဓမ္မဝိနယကို ကြားနာရသူ၊ |
| ၈ တရားမဆောင်သူ၊ | ၈ တရားဆောင်သူ၊ |
| ၉ တရားအနက် မစိစစ်သူ၊ | ၉ တရားအနက် စိစစ်သူ၊ |
| ၁၀ တရားနှင့်လျော်သော အကျင့်မကျင့်သူ၊ | ၁၀ ကျင့်သူ၊ |
| ၁၁ ဇာတိဇရာစသည်ကို မထိတ်လန့်သူ၊ | ၁၁ ထိတ်လန့်သူ၊ |
| ၁၂ ထိတ်လန့်၍ တရားအားမထုတ်သူ၊ | ၁၂ ထိတ်လန့်၍ တရားအားထုတ်သူ၊ |
| ၁၃ မဂ်ဖိုလ်သမာဓိ မရသူ ၊ | ၁၃ ရသူ၊ |
| ၁၄ မွန်မြတ်သော ထမင်းအရသာ မရသူ၊ | ၁၄ ရသူ၊ |
| ၁၅ မဂ်ဖိုလ်နိဗ္ဗာန် မရသူ၊ | ၁၅ ရသူ၊ |
| ၁၆-၁၈ လူ့ပြည်မှ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာဖြစ်သူ၊ | ၁၆-၁၈ လူ့ပြည်မှာ လူပြန်ဖြစ်သူ၊ |
| ၁၉-၂၁ ။ ။ ။ ၊ | ၁၉-၂၁ လူ့ပြည်မှ နတ်ပြည်၌ဖြစ်သူ၊ |
| ၂၂-၂၄ နတ်ပြည်မှ ။ ။ ၊ | ၂၂-၂၄ နတ်ပြည်မှ နတ်ပြည်ပြန်ဖြစ်သူ၊ |
| ၂၅-၂၇ ။ ။ ။ ၊ | ၂၅-၂၇ ။ လူ့ပြည်၌ဖြစ်သူ၊ |
| ၂၈-၃၀ ငရဲမှ ။ ။ ။ ၊ | ၂၈-၃၀ ငရဲပြည်မှ လူ့ပြည်၌ဖြစ်သူ၊ |
| ၃၁-၃၃ ။ ။ ။ ၊ | ၃၁-၃၃ ။ နတ်ပြည်၌ဖြစ်သူ၊ |
| ၃၄-၃၆ တိရစ္ဆာန်ဘုံမှ ။ ။ ၊ | ၃၄-၃၆ တိရစ္ဆာန်ဘုံမှ လူ့ပြည်၌ဖြစ်သူ၊ |
| ၃၇-၃၉ ။ ။ ။ ၊ | ၃၇-၃၉ ။ နတ်ပြည်၌ဖြစ်သူ၊ |

| | |
|---|---|
| ၄၀-၄၂ ပြိတ္တာဘုံမှ ။ ။ ။ | ၄၀-၄၂ ပြိတ္တာဘုံမှ လူ့ပြည်၌ဖြစ်သူ၊ |
| ၄၃-၄၅ ။ ။ ။ ။ | ၄၃-၄၅ ။ နတ်ပြည်၌ဖြစ်သူ။ |

များသောသတ္တဝါနှင့် နည်းသောသတ္တဝါ ၃၇ မျိုး (၁၀ သုတ်၊ ပဌမအာမကဓညပေယျာလဝဂ်၊ ၁၀ သုတ်၊ ဒုတိယအာမကဓညပေယျာလဝဂ်၊ ၁၀ သုတ်၊ တတိယအာမကဓညပေယျာလဝဂ်၊ ၁၁ သုတ်၊ စတုတ္ထအာမကဓညပေယျာလဝဂ်၊ ၃၀ သုတ်၊ ပဉ္စဂတိပေယျာလဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

စုစုပေါင်း ၇၁သုတ် / မျိုး ရှိရာ အထက်ပါသုတ်နှင့်တူသော လိုင်းတားထားသည့် ၃၄မျိုးကို အထက်ပါသုတ်၌ ကြည့်ပါ။ ဤ၌ ၃၇ မျိုးသာ ပြထားပါသည်။

| များသော သတ္တဝါ | အနည်းငယ်သော သတ္တဝါ |
|---|---|
| ၁/၄၆ သေရည်သေရက်မှ မရှောင်ကြဉ်သူ၊ | ၁/၄၆ ရှောင်သူ၊ |
| ၂/၄၇ အမိ၌ဝတ္တရားကို ကောင်းစွာမပြုသူ၊ | ၂/၄၇ ပြုသူ၊ |
| ၃/၄၈ အဖ၌ဝတ္တရားကို ကောင်းစွာမပြုသူ၊ | ၃/၄၈ ပြုသူ၊ |
| ၄/၄၉ ရဟန်း၌ ။ ။ ။ ၊ | ၄/၄၉ ။ |
| ၅/၅၀ ဗြာဟ္မဏသူတော်သူမြတ်၌ ။ ၊ | ၅/၅၀ ။ |
| ၆/၅၁ ကြီးသောပုဂ္ဂိုလ်တို့၌ မရိုသေသူ၊ | ၆/၅၁ ရိုသေသူ၊ |
| ၇/၅၂ အသက်သတ်ခြင်းမှ မရှောင်ကြဉ်သောသတ္တဝါ၊ | ၇/၅၂ ရှောင်ကြဉ်သော သတ္တဝါ၊ |
| ၈/၅၃ မပေးသည်ကို ယူသူ၊ | ၈/၅၃ မယူသူ၊ |
| ၉/၅၄ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ မရှောင်သူ၊ | ၉/၅၄ ရှောင်သူ၊ |
| ၁၀/၅၅ မမှန်ပြောခြင်းမှ မရှောင်သူ၊ | ၁၀/၅၅ ။ |
| ၁၁/၅၆ ကုန်းစကားပြောခြင်းမှ မရှောင်သူ၊ | ၁၁/၅၆ ။ |
| ၁၂/၅၇ ကြမ်းတမ်းသောစကားပြောခြင်းမှ မရှောင်သူ၊ | ၁၂/၅၇ ။ |
| ၁၃/၅၈ ပြိန်ဖျင်းသောစကားပြောခြင်းမှ မရှောင်သူ၊ | ၁၃/၅၈ ။ |
| ၁၄/၅၉ မျိုးစေ့အပင်တို့ကို ဖျက်ဆီးသူ၊ | ၁၄/၅၉ မဖျက်ဆီးသူ၊ |
| ၁၅/၆၀ ညစာစားခြင်းမှ မရှောင်သူ၊ | ၁၅/၆၀ ရှောင်သူ၊ |
| ၁၆/၆၁ ပန်းပန်သူ၊ နံ့သာခြယ်သူ၊ နံ့သာပျောင်းလိမ်းသူ | ၁၆/၆၁ မပန်သူ၊ မခြယ်သူ၊ မလိမ်းသူ၊ |
| ၁၇/၆၂ က၊ သီ၊ တီးမှုတ်၊ ပွဲကြည့်ခြင်းမှ မရှောင်သူ၊ | ၁၇/၆၂ ရှောင်သူ၊ |
| ၁၈/၆၃ မြင့်သောမြတ်သောနေရာ၌နေခြင်းမှမရှောင်သူ၊ | ၁၈/၆၃ ။ |
| ၁၉/၆၄ ရွှေငွေကိုခံယူခြင်းမှ မရှောင်သူ၊ | ၁၉/၆၄ ။ |
| ၂၀/၆၅ ကောက်စိမ်းကိုခံယူခြင်းမှ မရှောင်သူ၊ | ၂၀/၆၅ ။ |

| | | |
|---|---|---|
| ၂၁/၆၆ အသားစိမ်းကိုခံယူခြင်းမှ မရှောင်သူ၊ | | ၂၁/၆၆ ။ |
| ၂၂/၆၇ မိန်းမအို၊ ပျိုတို့ကိုခံယူခြင်းမှ မရှောင်သူ၊ | | ၂၂/၆၇ ။ |
| ၂၃/၆၈ ကျွန်မိန်းမ၊ယောက်ျားတို့ကို | ။ ၊ | ၂၃/၆၈ ။ |
| ၂၄/၆၉ ဆိတ်နှင့်သိုးတို့ကို | ။ ၊ | ၂၄/၆၉ ။ |
| ၂၅/၇၀ ကြက်ဝက်တို့ကို | ။ ၊ | ၂၅/၇၀ ။ |
| ၂၆/၇၁ ဆင်နွားမြင်းမြည်း | ။ ၊ | ၂၆/၇၁ ။ |
| ၂၇/၇၂ လယ်နှင့်ယာကို | ။ ၊ | ၂၇/၇၂ ။ |
| ၂၈/၇၃ ဝယ်မှုရောင်းမှုမှ မရှောင်သူ၊ | | ၂၈/၇၃ ။ |
| ၂၉/၇၄ တမန်အစေအပါးမှုဆောင်ရွက်မှုကိုမရှောင်သူ၊ | | ၂၉/၇၄ ။ |
| ၃၀/၇၅ ချိန်၊အသပြာ၊ခြင်တွယ်စဉ်းလဲမှ မရှောင်သူ၊ | | ၃၀/၇၅ ။ |
| ၃၁/၇၆ တံစိုးယူ၊လှည့်ဖျား၊လိမ်လည်ကောက်ကျစ်သူ၊ | | ၃၁/၇၆ ။ |
| ၃၂/၇၇ လက်ခြေဖြတ်ခြင်းမှ မရှောင်သူ၊ | | ၃၂/၇၇ ။ |
| ၃၃/၇၈ သတ်ဖြတ်ခြင်းမှ | ။ ၊ | ၃၃/၇၈ ။ |
| ၃၄/၇၉ နှောင်ဖွဲ့ခြင်းမှ | ။ ၊ | ၃၄/၇၉ ။ |
| ၃၅/၈၀ ခရီးသွားကို့ကိုလုယက်ခြင်းမှ မရှောင်သူ၊ | | ၃၅/၈၀ ။ |
| ၃၆/၈၁ ရွာနိဂုံးတို့ကိုဖျက်ဆီးခြင်းမှ။ ၊ | | ၃၆/၈၁ ။ |
| **၃၇/၈၂** ဒမြတိုက်ခြင်းမှ | ။ ၊ | **၃၇/၈၂** ။ |

၃၄ မျက်စိကို ဥပဇ္ဈာယ်ဆရာ့ယပ်ဖြင့် ခတ်မိ၍ပျက်သွားသော်လည်း ဆရာ့ဝတ်ကိုပြုမြဲတိုင်းပြုစဉ် မျက်နာသစ်သောဆရာကို တံပူကပ်ရာတွင် လက်တဖက်တည်းဖြင့်ကပ်၍ ဆရာကဆူလေမှ ဖြစ်ကြောင်းကို ရှင်းပြသော အသက် ၇နှစ် အရွယ် ရဟန္တာသာမဏေ။

(ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သား ရဟန္တာများ အမှတ် ၁၃/၁၇) - တွင် ကြည့်ပါ။

၃၅ မျက်စိကွယ်သော ရဟန္တာမထေရ်ကြီး စင်္ကြံလျှောက်ရာ ပိုးဖလံများသေကြခြင်းနှင့်စပ်၍ ရဟန္တာတို့ မည်သည် မည်သည့်သတ္တဝါကိုမှ သေစေလိုသောစိတ်ဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းမပြုဟု ဘုရားရှင်မိန့်။ (စက္ခုပါလတ္ထေရဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

**၃၆ မျက်စိတမှိတ်အတွင်း ဖြစ်ပျက်သော ရုပ်နှင့် စိတ်ပေါင်း** (သမ္မောအဋ္ဌကထာ။ စက်ဖြတ်ဝိပဿနာကျမ်း၊ ခန္တီးဆရာတော်ကြီး)

စိတ်ပေါင်း - ကုဋေ့တသိန်း

ရုပ်ပေါင်း - ၅၈၈၂ကုဋေ ၃သန်း ၅သိန်း ၂သောင်း ၉၄၄၁။

၃၇ မြေပေါ်၌ မီးဖို၍ ရွှဲမြဲစွာ မဲနက်စေခဲ့ခြင်း၏ မကောင်းကျိုး ၃ပါး (မောဃရာဇထေရအပဒါန်၊ ကစ္စာယနဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟံသာဝတီမြို့၌ ငါ - အရှင်မောဃရာဇထေရ်အလောင်းသည် သူတပါးအလုပ်ကို လုပ်ကိုင်ရသူတဦးဖြစ်ခဲ့၊ ငါ့အား တစုံတရာ ဥစ္စာမရှိ၊ တည်းခိုရာဇရပ်၌နေသော ငါသည် အပြေအပြစ်ပြုအပ်သော မြေပေါ်၌ မီးဖိုခဲ့၏။ ထိုမီးဖိုရာ၌ မြေကြီးသည် ရွှဲမြဲစွာ မည်းနက်ခြင်းဖြစ်၏။ ဘုရားရှင်သည် ခေါင်းပါးသော သက်န်းကိုဆောင်သော တပည့်သာဝကကို ပရိသတ်၌ချီးကျူးရာ ငါသည် ထိုရဟန်းတော်၏ဂုဏ်ကျေးဇူးကို နှစ်သက်၍ ထိုဆုကို ဘုရားရှင့် ထံပါး၌ ဆုတောင်းခဲ့၏။

မြေ၌ မီးတိုက်ခဲ့သည့်ကံကြောင့် - ၁ ငရဲ၌ အနှစ်တထောင်တိတိ ပူလောင်ဆင်းရဲကို ခံခဲ့ရ၏၊

၂ ထိုကံကြွင်းကြောင့် ဘဝ ၅၀၀ လူဖြစ်၍ ပဋိသန္ဓေကပင် အမည်းမှတ် စွဲထင်ခဲ့၏၊

၃ ထိုကံကြောင့် ဘဝ ၅၀၀ နူနာနှိပ်စက်၍ ကြီးစွာသောဆင်းရဲ ခံခဲ့ရ၏။

နောက်ဆုံးဘဝ၌ မင်းဖြစ်သော်လည်း နူနာဖြင့် မင်းစည်းစိမ် အချည်းနှီးဖြစ်ရ၍ မောဃရာဇဟု တွင်၏။ ဗာဝရီပုဏ္ဏား၏တပည့် ရဟန်းဖြစ်၊ ဘုရားရှင်အား "လောကကို အဘယ်သို့ကြည့်ရှုသောသူကို သေမင်းမမြင်နိုင်ပါသနည်း?" ဟု မေးလျှောက်၊ ဘုရားရှင်၏ "အခါခပ်သိမ်း သတိရှိလျက် သက္ကာယဒိဋ္ဌိကို ပယ်၍ အတ္တ၊ သုခ၊ နိစ္စမှ ဆိတ်သုဉ်းသောအားဖြင့် လောကကိုရှုလော့" ဂါထာအဆုံး၌ ဖော်ဘိက္ခုရဟန်း ရဟန္တာ ဖြစ်ခဲ့၏။ ငါ့အား လေနာရောဂါ အလွန်နှိပ်စက်သည်ဖြစ်၍ ကျောင်းမပျက်စီးစေရန် သံဃိက ကျောင်း၌ မနေခဲ့ပေ။

(ဇတေဒဂ်ရပုဂ္ဂိုလ်သူမြတ်များ- အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၄၁ အရှင်မောဃရာဇ) - ကိုလည်း ကြည့်ပါ။

၃၈ မြောက်ကျွန်းသူ၊ တာဝတိံသာနတ်နှင့် တောင်ကျွန်းသူတို့ အချင်းချင်း လွှမ်းမိုးသာလွန်ချက်ပေါင်း ၉ချက် (တိဌာနသုတ်၊ သတ္တာဝါသဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ တိကနိပါတ်၊ အံ။ ဝိမာနဝတ္ထု ပေတဝတ္ထု ကျမ်းဦးမှတ်ဖွယ်)

| မြောက် (ဥတ္တရကုရု) ကျွန်းသူ | တာဝတိံသာနတ် | တောင် (ဇမ္ဗူဒိပ်) ကျွန်းသူ |
|---|---|---|
| ၁ တပ်မက်မှု တဏှာမရှိ၊ | ၄ နတ်အသက်၊ | ၇ ရဲရင့်ခြင်း၊ |
| ၂ ငါ့ပစ္စည်းဟု သိမ်းဆည်းမှု မရှိ၊ | ၅ နတ်အဆင်း၊ | ၈ ခိုင်မြဲသောသတိ ရှိခြင်း၊ |
| ၃ အနှစ်တထောင် မြဲသော အသက် ရှိ။ | ၆ နတ်ချမ်းသာတို့ဖြင့် သာလွန် လွှမ်းမိုး၏။ | ၉ မြတ်သောအကျင့် အဋ္ဌင်္ဂိကမဂ် ကို ကျင့်သုံးရ၏။ |

၃၉ မြင်းမိုရ်တောင်၌ အသုရာတို့မလာစိမ့်သောငှာ သိကြားထားသော အစောင့်အရှောက် ၅ပါး (ကုလာဝက-ဂဠုန်ငယ်များဇာတ်၊ ကုလာဝကဝဂ်၊ ကေကနီပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ပဌမအာလိန်- အနိမ့်ဆုံးဖြစ်၊ အသုရာတို့ တာဝတိံသာသို့တက်သော် အဦးဆုံးတွေ့သော အာလိန်ဖြစ်၊ နဂါးများ အစောင့်အရှောက်ဖြစ်၊ ၂ ဒုတိယအာလိန်- ဂဠုန်၊ ၃ တတိယအာလိန်- ကုမ္ဘဏ်၊ ၄ စတုတ္ထအာလိန်- ဘီလူး၊ ၅ ပဉ္စမအာလိန်- စတုမဟာရာဇ်နတ်မင်းကြီး ၄ပါး။

၄၀ မြတ်သောအမျိုး၌ ဖြစ်စေသော ကောင်းမှုကုသိုလ် ၅ပါး (အရှင်ဘဒ္ဒိယမထေရ်အကြောင်း၊ ပဌမပိုင်း၊ ဆဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ တရားဟောရာ ဓမ္မာသနပလ္လင်ကို လှူဒါန်းခြင်း၊ ၂ ထိုပလ္လင်ပေါ်၌ အခင်း၊ ၃ ဓမ္မကထိကများ တရားဟောသောအခါ အသုံးပြုရန်ယပ်ကို လှူဒါန်းခြင်း၊ ၄ ဓမ္မကထိကအရှင်မြတ်တို့အား ပူဇော်သက္ကာယမှု၊ ၅ ဥပုသ် အိမ်သိမ်အပြင်၌ ဆီမီးတန်ဆောင်များကို လှူဒါန်းပူဇော်ခြင်း။

၄၁ မြန်မာပြည် ဗုဒ္ဓသာသနာ (ကျမ်းဦးမှတ်ဖွယ်၊ ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်၊ ခု၊ အဘိ)

<u>သာသနာတော်နှစ် ၂၃၅</u> <u>တတိယသံဂါယနာတင်အပြီး</u>တွင် <u>မဇ္ဈိမဒေသ ပါဋလိပုတ်ပြည်မှ</u> **အရှင်သောဏ** နှင့် **အရှင်ဥတ္တရ**တို့ <u>သုဝဏ္ဏဘူမိသို့</u> သာသနာပြု ကြွတော်မူခဲ့ကြသည်။ သာသနာအဆက် မည်မျှကြာအောင် တည်တံ့ခဲ့ကြောင်း မှတ်တမ်း အခိုင်အမာ မရှိချေ။

ပုဂံပြည့်ရှင် ဘုရင်အနော်ရထာသည် မြန်မာသက္ကရာဇ် ၄၁၉၊ သာသနာတော်နှစ် ၁၆၀၁ တွင် သထုံပြည်မှ ပုဂံပြည်သို့ ပိဋကတ်တော်များကို ပင့်ဆောင်စေခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၃၃၊ သာသနာတော်နှစ် ၂၄၁၅ တွင် မင်းတုန်းမင်းကြီးသည် မန္တလေး မြို့တော်တွင် ပဉ္စမသံဂါယနာ ကျောက်ထက်အက္ခရာ တင်တော်မူခဲ့သည် (သံဂါယနာ - ကိုလည်း ကြည့်ပါ)။

မြန်မာသက္ကရာဇ် ၁၃၁၆၊ သာသနာတော်နှစ် ၂၄၉၈ တွင် မြန်မာနိုင်ငံတော်အစိုးရသည် ရန်ကုန်မြို့တော်တွင် ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့သည်။

၄၂ မွေးဖွားကာစတွင် စကားပြောသောသူ ၄ဦး (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ ဘုရားလောင်း မဟောသဓာသတို့သား ဖွားကာစ၊

၂ ဘုရားလောင်း ဝေဿန္တရာမင်းသား ဖွားကာစ၊

၃ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားကာစ၊

၄ ဥက္ကာကမင်းကြီး၏ ကျွန်မမှဖွားသော ကဏှာယနပုဏ္ဏားအနွယ်၏ အဦးအစဖြစ်သော ကဏှ သားယောက်ျား (အမ္ဗဋ္ဌသုတ်၊ သီလက္ခန်ပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)။

၄၃ မြွေဖို မြွေမ ကွာခြားပုံ ၄ချက် (မဟောသဓာ / မဟာဥမင်္ဂဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

| မြွေဖို | မြွေမ |
|---|---|
| ၁ အမြီးတုတ်၊ | ၁ အမြီးသေး၊ |
| ၂ ခေါင်းကြီး၊ | ၂ ခေါင်းသေး၊ |
| ၃ မျက်လုံးကျယ်၊ | ၃ မျက်လုံးသေး၊ |
| ၄ လည်ရေးစပ်၊ | ၄ လည်ရေးမစပ်။ |

၄၄ မြား- သလ္လ ၅စင်း (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ရာဂသလ္လ၊ ၂ ပြစ်မှားမှု- ဒေါသသလ္လ၊ ၃ မောဟသလ္လ၊ ၄ မာနသလ္လ၊ ၅ ဒိဋ္ဌိသလ္လ။

ယ

**၁ ယခုဘဝ ၃ ခု**

<u>၁။ ယခုဘဝ၌ ချမ်းသာစွာနေရခြင်း အကြောင်း ၄ပါး</u> (ဂိဟိသုတ်၊ ဥပါသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မြတ်စွာဘုရား၌ ယုံကြည်၏၊ ၂ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်၌ ယုံကြည်၏၊ ၃ သံဃာတော်၌ ယုံကြည်၏၊ ၄ မကျိုး၊ မပေါက်၊ မပျောက်၊ မကျားသောသီလနှင့် ပြည့်စုံရာ၏။

<u>၂။ ယခုဘဝ၌လည်း ချမ်းသာ၍ နောင် နတ်ပြည်ရောက်ကြောင်း ၁၁ပါး</u> (ဇနသန္ဓဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတက ပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အလှူပေးလှူခြင်း၊ ၂ သီလကျင့်သုံးခြင်း၊ ၃ ဘာဝနာပွားများခြင်း၊ ၄ တရားနှင့်အညီ အမှုပြုခြင်း၊ ရောင်းဝယ်ခြင်း၊ ၅ ငယ်ရွယ်စဉ် ပညာသင်ခြင်း၊ ၆ ဥစ္စာဖြစ်စေခြင်း၊ ၇ စဉ်းလဲသော သက်သေအမှု မပြုခြင်း၊ ၈ ကုန်းတိုက်ဂုံးချောစကား မပြောခြင်း၊ ၉ မကြမ်းတမ်းမကြမ်းကြုတ်ခြင်း၊ ၁၀ မိဘတို့ကိုလုပ်ကျွေးခြင်း၊ ၁၁ အမျိုး၌ ကြီးသူကိုရိုသေကြရန်။

<u>၃။ ယခုဘဝ၌လည်း အချင်းချင်းရှုမြင်ကြ၍ တမလွန်ဘဝ၌လည်း ရှုမြင်ကြရရန် အကြောင်းတရား ၄ပါး</u> (ပဌမ သမဇီဝိသုတ်၊ ပုညာဘိသန္ဒဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဇနီးမောင်နှံ ယခုဘဝ၌လည်း အချင်းချင်းရှုမြင်ကြ၍ တမလွန်ဘဝ၌လည်း ရှုမြင်ကြရရန် အကြောင်း တရား ၄ပါး - ကို ကြည့်ပါ။

၂ ယသောဓရာထေရီမကြီး ၂၈

<u>၁။ ယသောဓရာထေရီအလောင်း ဘုရားရှင်နှင့် ပေါင်းဆုံရကြောင်း ကြီးစွာသောအလှူနှင့် ဆုတောင်းတို့ကိုပြုခဲ့သော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာပေါင်း</u> (ယသောဓရာထေရီအပဒါန်၊ ကုဏ္ဍလကေသီဝဂ်၊ ထေရီပါဒါန် ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ယသောဓရာထေရီမကြီး / အရှင်မဘဒ္ဒကစ္စနာထေရီမကြီး သက်တော်၇၈နှစ်အရတွင် ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်ကြောင်း မြတ်စွာဘုရားအား လျှောက်ထားသော် ဘုရားရှင်၏ မိန့်ကြားချက်အရ တန်ခိုးပြာဋိဟာများ ပြသပြီးနောက် မိမိ၏အပဒါန်- ရှေးပါရမီ ဖြည့်ကျင့်မှုဖြစ်စဉ် အစဉ်များစွာကို မြတ်စွာဘုရားအား လျှောက်ထားရာတွင် အောက်ပါတို့ကို ထည့်သွင်း လျှောက်ထားသွားသည်။

"ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၊ လောက၏ကိုးကွယ်ရာဖြစ်သော ရှေးမြတ်စွာဘုရားတို့အထံ၌ ပေါင်းဆုံမိခြင်းကို အရှင်ဘုရားသည် ပြုအပ်ပါပြီ၊ အရှင်ဘုရား၏အကျိုးငှါ ဆုတောင်းခြင်းသည် အကျွန်ုပ်အား များပြားလှပါ၏၊ ကောင်းမှုများစွာကို အကျွန်ုပ်သည် ဆည်းပူးအပ်ပါပြီ။

မြတ်စွာဘုရားအဆူပေါင်း **ကုဋေ ၂၆၄၁၃၄ဆူ**၊ ပစ္စေကဗုဒ္ဓါအဆူပေါင်း **၆၄ကုဋေ**နှင့် <u>မရေမတွက်နိုင်သော</u> မြတ်စွာဘုရားများ၏တပည့်သာဝက <u>ရဟန္တာများ</u>အထံတော်တို့တွင် ကြီးစွာသောအလှူတို့ကို ဖြစ်စေခဲ့ပါ ၏၊ ဆုတောင်းခြင်း များခဲ့ပါ ၏။"

<u>၂။ ယသောဓရာထေရီမအလောင်း ဦးစွာရသေ့ပြုသော် ဘုရားလောင်း ပါရမီဖြည့်ကျင့်ပုံ</u> (ကုမ္ဘကာရ-အိုးထိန်းသည်၊ ကုမ္ဘကာရဇာတ်၊ ဂန္ဓာရဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဗာရာဏသီမြို့ တံခါးရွာ၌ ဘုရားလောင်းအိုးထိန်းသည်မျိုးဝယ်ဖြစ်၊ ဥစ္စာဖြစ်စေ၍ သားမယား-အရှင်မ ယသောဓရာထေရီအလောင်းမွေးကာ သားတယောက်- အရှင်ရာဟုလာအလောင်းနှင့် သမီးတယောက်- အရှင်မဥပ္ပလဝဏ်အလောင်းရ၊ အရှင်ပစ္စေကဗုဒ္ဓါ၄ပါးကို ရဟန်းပြုရသည့်အကြောင်း (ပစ္စေကဗုဒ္ဓါ - အနက်မှ - ပစ္စေကဗုဒ္ဓါ ၅၄ဆူနှင့် ပစ္စေကဗုဒ္ဓါဉာဏ် ဖြစ်ပေါ်ကြောင်း သံဝေဂတရားများ - အနက်မှ - ဇာတ်တော်များမှ ပစ္စေကဗုဒ္ဓါ ၁၃ ဆူတို့၏ သံဝေဂတရားများ - အနက်မှ - ကုမ္ဘကာရဇာတ်မှ ၄ဆူ - ၌ အကျယ်ကို ကြည့်ပါ။) မေး၊ "အိုးထိန်းသည်မ မင်း၄ပါးတို့သည် တိုင်းတို့ကိုစွန့်၍ ပလိဗောဓမရှိသည်ဖြစ်၍ ရဟန်းပြု၏၊ ဤပစ္စေကဗုဒ္ဓါတို့သည် ဝိသုဒ္ဓိနတ်ဖြစ်သော ရှေးပစ္စေကဗုဒ္ဓါတို့နှင့်တူ၏၊ မီးတောက်ပသကဲ့သို့ ဤပစ္စေကဗုဒ္ဓါတို့သည် တောက်ပ၏၊ ငါသည်လည်း ဝတ္ထုကာမတို့ကိုစွန့်၍ ရဟန်းပြုပြီး တယောက်တည်းကျင့်အံ့။" "အိုးထိန်းသည် ငါ့အား နောက်ကာလ၌ ဆုံးမအပ်သည်မဖြစ်ရာ၊ ဤအခါသည် သာလျှင် ရဟန်းပြုအံ့သောအခါတည်း၊ တပါးသော ကာလသည်မရှိ၊ ငှက်ခတ်ယောက်ျား၏ လက်မှလွတ်သောငှက်မကဲ့သို့ ငါ သည်လည်း တယောက်ထည်းကျင့်အံ့။"

ဘုရားလောင်းသည် ဆိတ်ဆိတ်နေ၏၊ မယားသည် လှည့်စား၍ ရှေးဦးစွာရဟန်းပြုလိုရကား ရေခပ်သွားအံ့ သူငယ်တို့ကိုကြည့်ရစ်လော့ဟုဆို၊ အိုးယူ၍ ရေခပ်သွားသကဲ့သို့ပြုလျက် ပြေးကာ မြို့အနီးရှိ ရသေ့မကျောင်းတွင်ရဟန်းပြု၏။

ဘုရားလောင်း သူငယ်တို့ကိုမွေး၊ အတန်ငယ်ကြီးသော် မိမိတို့၏ချမ်းသာဆင်းရဲကို သိခြင်းငှါစွမ်းနိုင်သော အရွယ်သို့ရောက်၊ စုံစမ်းရန် အနည်းငယ်မနပ် အတန်ငယ်ပျော့ ကောင်းစွာကျက် အလွန်ပျော့ဆားပေါ့ ဆားငံ ဤဖြတန်ကို ထမင်းဟင်းချက်ရာ၌ ပြုရာ သူငယ်တို့ ထိုအတိုင်းဆိုကြ၊ "သူငယ်တို့ မိမိတို့ဓမ္မတာအားဖြင့် အသက်ရှည်အံ့သောငှါ တတ်နိုင်လတ္တံ့၊ ရဟန်းပြုခြင်းငှါသင့်ပြီ။" ဟုကြံကာ သူငယ်တို့ကို ဆွေမျိုးတို့အားပေး၍ ရသေ့ပြု၊ မြို့အနီးနေ၊ တနေ့ ဆွမ်းခံသွားစဉ် ပရိဗိုဇ်မနှင့်တွေ့၊ "သူငယ်တို့ကို အရှင်ဘုရား ဖျက်ဆီးအပ်ယောင်တကား။" "နမ၊ အစိမ်း အကျက် အငံ အပေါ့တို့ကို သူငယ်တို့သိကြ၏၊ ထိုသည်ကိုမြင်၍ ရဟန်းပြု၏၊ သင်သည် ဆွမ်းခံအကျင့်သာလျှင် ကျင့်လော့၊ ငါလည်း ကျင့်အံ့။" ထိုနေ့ကိုထား၍ တိုရဟန်းယောက်ျား၊ ရဟန်းမတို့ အချင်းချင်း မမြင်ကုန်၊ ဘုရားလောင်း စျာန်အဘိညာဉ်ရ၍ ဗြဟ္မာ့ပြည်လား။

၃ ယာဂုလှူရကျိုး <u>၃ ၃</u>

<u>၁။ ၅ပါး (ယာဂုဒါယကတ္ထေရအပဒါန်၊ ဘဒ္ဒါလိဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)</u>

၁ အနာရောဂါကင်း၊ ၂ အဆင်းလှ၊ ၃ လျင်မြန်စွာတရားကို ဆင်ခြင်နိုင်၊ ၄ ထမင်းအဖျော်ရလွယ်၊ ၅ အသက်ရှည်။

<u>၂။ ၅ပါး (ယာဂုသုတ်၊ ကိမိလဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဉ္စင်္ဂုတ္တရ ဋ္ဌ)</u>

၁ ဆာလောင်ခြင်းကို ပယ်ဖျောက်တတ်၏၊ ၂ မွတ်သိပ်ခြင်းကို ပယ်ဖျောက်တတ်၏၊ ၃ လေကို စုန်စေတတ်၏၊ ၄ ဆီးအိမ်ကို သုတ်သင်တတ်၏၊ ၅ အစာသစ်အကြွင်းအကျန်ကို ကျေညက်စေတတ်၏။

<u>၃။ ၁၀ပါး (ယာဂုမုံ့ချိုတို့ကို ခွင့်ပြုတော်မူခြင်း၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ခု၊ ဝိ။ သာရဋ္ဌသင်္ဂဟ ဋ္ဌ)</u>

၁ အသက်ကို လှူသည်မည်၏၊ ၂ အဆင်းကို- ၃ ချမ်းသာကို- ၄ ခွန်အားကို- ၅ ပညာကို လှူသည်မည်၏၊ ၆ - ၁၀ အတက်အမှတ် ၂ ယာဂုသုတ်ပါအတိုင်း။

အခါခပ်သိမ်း ၁ လူ၌ဖြစ်သော ချမ်းသာကို အလိုရှိသောသူသည်၎င်း၊ ၂ နတ်၌ဖြစ်သော ချမ်းသာကို တောင့်တသူသည်၎င်း၊ ၃ လူတို့၏ဂုဏ်သရေကို အလိုရှိသောသူသည် **ယာဂုတည်းဟူသော ဆေးကို** လှူအပ်၏။

ဘုရားရှင်သည် ဒေသစာရီကြွချီစဉ်အတွင်း အန္ဓကဝိန္ဒရွာသို့ ရောက်ခိုက် ယာဂုနှင့်ပျားသကာ ထည့်သော မုန့်ချိုတို့ကို ဘုရားအမှူးပြုသော သံဃာတော်တို့အား ကပ်လှူသောပုဏ္ဏားအား ဤတရားတော်ကို ဟောတော်မူ၏။

၄ ယောဂ- ဝဋ်ဆင်းရဲ၌ယှဉ်စေခြင်း ၄ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ကာမယောဂ၊ ၂ ဘဝယောဂ၊ ၃ ဒိဋ္ဌိယောဂ၊ ၄ အဝိဇ္ဇာယောဂ။

၅ ယောက်ျားကိုနှစ်သက်စေသော မိန်းမ အင်္ဂါ ၅ပါး (မာတုဂါမသုတ်၊ ပဌမပေယျာလဝဂ်၊ မာတုဂါမသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အဆင်းရှိသူ၊ ၂ စည်းစိမ်ဥစ္စာ ရှိသူ၊ ၃ ကိုယ်ကျင့် သီလရှိသူ၊ ၄ လိမ်မာ၍ မပျင်းသူ၊ ၅ သားသမီး ရသူ။

အပြန် - မနှစ်သက်စေနိုင်သော အင်္ဂါ ၅ပါး။

၆ ယောက်ျားတို့၏ အညစ်အကြေး ၉ပါး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ကောဓ- အမျက်ထွက်ခြင်း၊ ၂ မက္ခ- ကျေးဇူးမသိတတ်ခြင်း၊ ၃ ဣဿာ- ငြူစူ မနာလိုခြင်း၊ ၄ မစ္ဆရိယ- ဝန်တိုခြင်း၊ ၅ မာယာ- လှည့်ပတ်ဖျားယောင်းခြင်း၊ ၆ သာဌေယျ- စဉ်းလဲကောက်ကျစ်ခြင်း၊ ၇ မုသာဝါဒ၊ ၈ ပါပိစ္ဆတာ- မတရားလိုချင်ခြင်း၊ ၉ မိစ္ဆာဒိဋ္ဌိ- မှားသောအယူရှိခြင်း။

၇ ယောက်ျား၏ ပုရိသိန္ဒြေတရား ၇မျိုး နှင့် မိန်းမ၏ ဣတ္ထိန္ဒြေတရား ၇မျိုး (သံယောဂသုတ်၊ မဟာယညဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ယောက်ျားဣန္ဒြေ၊ ၂ ယောက်ျားအမူအရာ၊ ၃ ယောက်ျားအသွင်အပြင်၊ ၄ ယောက်ျားမာန်၊ ၅ ယောက်ျားအလိုဆန္ဒ၊ ၆ ယောက်ျားအသံ၊ ၇ ယောက်ျားအဝတ်တန်ဆာ။

<u>မိန်းမဣတ္ထိန္ဒြေတရား ၇မျိုး</u>။ အထက်ပါအတိုင်း ၁ မိန်းမဣန္ဒြေ စသည်- ၇။

၈ ယုတ်ညံ့သောအရာ ၃ခု (အန္တ- အူမဇာတ်၊ ကုမ္ဘဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သားတို့တွင် မြေခွေးသည် ယုတ်မာ၏၊ ၂ ငှက်တို့တွင် ကျီးသည် ယုတ်မာ၏၊ ၃ သစ်ပင်တို့တွင် ကြက်ဆူပင်သည် ယုတ်ညံ့၏။

၉ ယုတ်နိမ့်သော အမျိုးဇာတ် ၅မျိုး - ဘုရားရှင် ပွင့်တော်မူရာခေတ်ကာလ (ပုဂ္ဂလပညတ်ပါဠိတော်၊ ခု၊ အဘိ။ ဩမသဝါဒသိက္ခာပုဒ်အဖွင့်၊ မုသာဝါဒဝဂ်၊ ဘိက္ခုပါစိတ်၊ ပါစိတ်ပါဠိတော်၊ ခု၊ ဝိ။ တမောတမသုတ်၊ မစလဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ အဿလာယနသုတ်၊ ဗြာဟ္မဏဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ စဏ္ဍာလဒွန်းစဏ္ဍားမျိုး၊ ၂ တံငါ မုဆိုးမျိုး၊ ၃ ဒေါင်းရွေသမား / နီးသမားမျိုး၊ ၄ သားရေနယ် / ရထားလုပ်သမားမျိုး၊ ၅ ပန်းမှိုက်သွန် / ဘင်ကျုံးမျိုး။

၁၀ ယပ်ခတ်ပေးနေရင်းမှ စိတ်ကူးယဉ်၍ စိတ်ကူးထဲမှဇနီးကို ခလေး လှည်းပေါ်မှကျသဖြင့် နှင်တံနှင့် ရိုက်ရာ ဦးရီးတော် ရဟန္တာ၏ဦးခေါင်းကို ရိုက်မိသော သာမဏေ (သံဃရက္ခိတတ္ထေရဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ရဟန္တာမထေရ်က အရိုက်ခံရပြီးနောက် သူ့တူသာမဏေစိတ်ကူးကို ပြောရာကြောက်၍ ပြေး သည်ကို အခြားရဟန်းသာမဏေများက ဘုရားထံခေါ်၊ ဓမ္မပဒဂါထာကိုဟောရာ သောတာပန်ဖြစ်။

"၁ ဝေးသောအရပ်သို့လည်း သွားတတ်သော၊ ၂ တခုတည်းသာ ကျက်စားတတ်သော၊ ၃ တခုဖြစ် ပြီးမှ တခုဖြစ်သော၊ ၄ အကောင်အထည်၊ ဒြဗ်ဝတ္ထု၊ ပုံသဏ္ဌာန်မရှိသောစိတ်သည် ဟဒယဝတ္ထု တည်း ဟူသော လိုဏ်ဂူကို မှီ၍နေ၏၊ ထိုသို့သဘောရှိသောစိတ်ကို နိုင်အောင် ထိန်းသိမ်းနိုင်သူတို့သာ မာရ်နတ် မင်း၏ အနှောင်အဖွဲ့တည်း ဟူသော ဝဋ်ဆင်းရဲမှ လွတ်မြောက်ရကုန်သည်။"

ရ

၁ ရခဲခြင်း ၃ ၈

၁။ **ရခဲသော တရား ၃ ၈**

၁/၁။ ၅မျိုး (ဣင္ဂသုတ်၊ မုဏ္ဍရာဇဝဂ်၊ ပဥ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အသက်ရှည်ခြင်း၊ ၂ အဆင်းလှခြင်း၊ ၃ ချမ်းသာခြင်း၊ ၄ အခြံအရံများခြင်း၊ ၅ နတ်ပြည်သို့ ရောက်ခြင်း။

၁/၂။ ၆မျိုး (ပါတုဘာဝသုတ်၊ အာနိသံသဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မြတ်စွာဘုရား ထင်ရှားဖြစ်ပေါ်မှု၊ ၂ မြတ်စွာဘုရားဟောတော်မူသော ဓမ္မဝိနယကို ဟောကြား တတ်သောပုဂ္ဂိုလ် ထင်ရှားဖြစ်ပေါ်မှု၊ ၃ သူတော်ကောင်းတို့တည်ရာ မဇ္ဈိမဒေသအရပ်၌ ဖြစ်ရခြင်း၊ ၄ မျက်စိစသော ဣန္ဒြေတို့၏ မချို့တဲ့သူ၏ အဖြစ်၊ ၅ မမိုက်မဲ မဆွံ့အသူအဖြစ်၊ ၆ ကုသိုလ်တရား၌ ပြုလိုမှု ဆန္ဒ ဖြစ်ပေါ်မှု။

၁/၃။ ရခဲသော အလိုရှိနှစ်သက်အပ်သော တရား ၁၀မျိုး၊ ၎င်းတရားတို့၏ အနှောင့်အယှက် တရား ၁၀မျိုး နှင့် ၎င်းတရားတို့ရကြောင်း တရား ၁၀မျိုး (ဣဋ္ဌဓမ္မသုတ်၊ အာကင်္ခဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တ ပိဋက)

ရခဲသော အလိုရှိနှစ်သက်အပ်သော တရား ၁၀မျိုး

၁ စည်းစိမ်၊ ၂ အဆင်းလှခြင်း၊ ၃ အနာကင်းခြင်း၊ ၄ သီလ၊ ၅ မြတ်သောအကျင့်၊ ၆ မိတ်ဆွေ၊ ၇ အကြားအမြင်များခြင်း၊ ၈ ပညာ၊ ၉ တရား၊ ၁၀ နတ်ပြည်။

၎င်းတရားတို့၏ အနှောင့်အယှက်တရား ၁၀မျိုး

၁ ပျင်းရိမှု ထကြွလုံ့လမရှိမှုသည် ရခဲသော နှစ်သက်အပ်သော စည်းစိမ်ရကြောင်း၏ (အနှောင့်အယှက်) ၊ ၂ တန်ဆာမဆင်မှု အတင့်အတယ်မပြုမှုသည် အဆင်းလှခြင်း၏ (...) ၊ ၃ ကျန်းမာရေးနှင့် မသင့်လျော်သော အပြုအမူ ပြုခြင်းသည် အနာကင်းခြင်း၏ (...)၊ ၄ မိတ်ဆွေယုတ်ရှိခြင်းသည် သီလ၏ (...)၊ ၅ ဣန္ဒြေမစောင့်စည်းမှုသည် မြတ်သောအကျင့်၏ အနှောင့်အယှက်၊ ၆ ချွတ်ယွင်းစေမှု၊ လိမ်လည်ပြောဆိုမှုသည် မိတ်ဆွေ၏ (...) ၊ ၇ မသရဇ္ဈာယ်မှုသည် အကြားအမြင်များခြင်း၏ (...) ၊ ၈ မမေးမြန်းမှု၊ မကြားနာလိုမှုသည် ပညာ၏ (...)၊ ၉ မဆင်ခြင်မှု၊ မစိစစ်မှုသည် တရားတို့၏ (...)၊ ၁၀ အမှား ကျင့်မှုသည် ရခဲသော နှစ်သက်အပ်သော နတ်ပြည်ရကြောင်း ၏ အနှောင့်အယှက်။

၎င်းတရားတို့ရကြောင်း တရား ၁၀မျိုး

၁ - ၁၀ မပျင်းရိခြင်း ထကြွလုံ့လရှိခြင်းသည် ရခဲသော နှစ်သက်အပ်သော စည်းစိမ်တို့ရကြောင်း- စသည် ဖြင့် အထက်ပါ အနှောင့်အယှက်တရား ၁၀ပါး၏ အပြန်တရား ၁၀မျိုး ဖြစ်သည်။

**၂။ ရခဲသော ပုဂ္ဂိုလ် ၂ စု**

၂/၁။ ၂ယောက် (ပုဂ္ဂလပညတ်ပါဠိတော်၊ ခု၊ အဘိ)

လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်များ ဖြစ်သည်။

၁ ရှေးဦးစွာ ကျေးဇူးပြုတတ်သူ၊

၂ ပြုဘူးသော သူ့ကျေးဇူးကို သိ၍ ထင်စွာပြလေ့ရှိသောသူ။

၂/၂။ ၃ဦး (ဒုလ္လဘသုတ်၊ အာပါယိကဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မြတ်စွာဘုရား၊

၂ လောက၌ မြတ်စွာဘုရားဟောကြားသော ဓမ္မဝိနယကို ဟောကြားတတ်သော ပုဂ္ဂိုလ်၊

၃ ကျေးဇူးသိ၍ သိသည့်အလျောက် သူ့ကျေးဇူးကို ထင်စွာပြလေ့ရှိသူ 'ကတညုထ ကထဝေဒီ' ပုဂ္ဂိုလ်။

၃။ ရခဲသော ရတနာ ၅မျိုး (သာရန္ဒဒသုတ်၊ တိကဏ္ဍကီဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

လစ္ဆဝီမင်းများက ၁ ဆင်၊ ၂ မြင်း၊ ၃ ကျောက်မျက်ရတနာ၊ ၄ မိန်းမ၊ ၅ သူဌေးဟု ပြောဆိုဆွေးနွေးနေကြစဉ် ဘုရားရှင်ကြွလာသဖြင့် မေးမြန်းကြရာ ဘုရားရှင် ဤရခဲသော ရတနာ ၅ပါးကို ဟောသည်။

၁ မြတ်စွာဘုရား၊ ၂ မြတ်စွာဘုရားဟောကြားတော်မူသော ဓမ္မဝိနယကို ဟောပြောတတ်သော ပုဂ္ဂိုလ်၊ ၃ ထိုဓမ္မဝိနယကို ကြားနာရသည့်အတိုင်း သိတတ်သောပုဂ္ဂိုလ်၊ ၄ သိသည့်အတိုင်း တရားနှင့်အညီ ကျင့်သောသူ၊ ၅ သူပြုဘူးသောကျေးဇူးကိုသိ၍ ထင်ရှားအောင်ပြုလေ့ရှိသောပုဂ္ဂိုလ်။

၂ ရတနာ <u>၃ ခု</u>

<u>၁။ ရတနာဟု ခေါ်ကြောင်း ဖြေချက်</u> (သံ ဋ္ဌ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်။ ယနေ့ ဗုဒ္ဓဝါဒ အမေးအဖြေ၊ တည်တောဆရာတော်ကြီး)

၁ ရှိသေခံရခြင်း၊ ၂ တန်ဖိုးကြီးခြင်း၊ ၃ အတူမရှိခြင်း၊ ၄ မြင်ရခဲခြင်း၊ ၅ မြင့်မြတ်သူတို့၏ အသုံးအဆောင်ဖြစ်ခြင်း၊ ၆ စိတ်၏မွေ့လျော်မှုကို ဖြစ်စေတတ်ခြင်း။

<u>၂။ ရတနာ ၇ပါး</u> (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ မဟောသဓာဇာတ်၊ ဇာတ်တော်ကြီး ၁၀ဘွဲ့ပေါင်းချုပ်၊ ဦးခင်မောင်ကြီး)

၁ စိန်၊ ၂ ရွှေ၊ ၃ ငွေ၊ ၄ ကြောင်မျက်ရွဲ၊ ၅ ပုလဲ၊ ၆ မြ / (ဇာတ်တော်ကြီး ၁၀ဘွဲ့ပေါင်းချုပ်) ပတ္တမြား၊ ၇ သန္တာ။

<u>၃။ ရတနာ ၁၀ပါး</u> (ရတနသိက္ခာပုဒ်၊ ရတနဝဂ်၊ ပါစိတ်ပါဠိတော်၊ ခု၊ ဝိ)

၁ ပုလဲ၊ ၂ မြ၊ ၃ ကြောင်မျက်ရွဲ၊ ၄ ခရုသင်း၊ ၅ ကျောက်သလင်း၊ ၆ သန္တာ၊ ၇ ငွေ၊ ၈ ရွှေ၊ ၉ ပတ္တမြားနီ၊ ၁၀ ပတ္တမြားပြောက်။

၃ ရတနာနှင့် သတို့သမီး ၅၀၀ အဆောင်အယောင်ရသော အမျိုးသမီး ၃ဦး (ပဥ္စကနိပါတ်၊ အံဋ္ဌ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဗိမ္ဗိသာရမင်းကြီး၏ သမီးတော် စုန္ဒီမင်းသမီး၊ ၂ ဓနဥ္စယသူဌေးသမီး နောင်ဝေဠုဝန်ကျောင်း အမကြီး ဝိသာခါ၊ ၃ ပသေနဒီကောသလမင်းကြီး၏ သမီးတော် သုမနာမင်းသမီး။

၄ ရဟန္တာ <u>၁၂ ခု</u>

<u>၁။ ရဟန္တာ ၄မျိုး</u> (ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ဆဠဘိညရဟန္တာ - အဘိညာဉ် ၆ပါးဖြစ်သော [၁]ဣဒ္ဓိဝိဓ၊ [၂]ဒိဗ္ဗသောတ၊ [၃]ဒိဗ္ဗစက္ခု၊ [၄]ပုဗ္ဗေနိဝါသာနဿတိ၊ [၅]စေတောပရိယ၊ [၆]အာသဝက္ခယတို့နှင့် ပြည့်စုံသောရဟန္တာပုဂ္ဂိုလ်၊

၂ တေဝိဇ္ဇရဟန္တာ - (ပုဒ်အာ) [၁]ပုဗ္ဗေနိဝါသာနဿတိဉာဏ်၊ [၂]ဒိဗ္ဗစက္ခုဉာဏ်၊ [၃]အာသဝက္ခယဉာဏ်တို့နှင့် ပြည့်စုံသောရဟန္တာပုဂ္ဂိုလ်၊

၃ ပဋိသမ္ဘိဒါပတ္တရဟန္တာ - [၁]အတ္ထပဋိသမ္ဘိဒါ၊ [၂]ဓမ္မပဋိသမ္ဘိဒါ၊ [၃]နိရုတ္တိပဋိသမ္ဘိဒါ၊ [၄]ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ၄ပါးတို့နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၊

၄ သုက္ခဝိပဿကရဟန္တာ၊ သုက္ခ = ခြောက်သွေ့သော + ဝိပဿက = ဝိပဿနာဉာဏ်ရှိသူ၊ ဈာန် အဘိညာဉ်မရသော ရဟန္တာပုဂ္ဂိုလ်။

၂။ ရဟန္တာတို့ ချထားအပ်သော ဝန်ထုပ် ၃မျိုး (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

သစ္စကပရိဗိုဇ်ကို ချေချွတ်ရာ၌ ဘုရားရှင်ဟောတော်မူသည်။ ၁ ခန္ဓာဝန်ထုပ်၊ ၂ ကိလေသာဝန်ထုပ်၊ ၃ အဘိသင်္ခါရဝန်ထုပ် - ပြုလုပ်အားထုတ်ခြင်းဝန်ထုပ် (တိပိဋကမြန်မာအဘိဓါန်)။

၃။ ရဟန္တာတို့ မဆိတ်သုဉ်း။ (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

ပရိနိဗ္ဗာန်စံဝင်လုနီး ဘုရားရှင် သုဘဒ်ပရိဗိုဇ်ကိုဟောသည်။ "သုဘဒ္ဒ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ယောက်၊ ဖလဋ္ဌာန် ပုဂ္ဂိုလ် ၄ယောက်၊ မဂ် ၄ပါးကိုရရန် အားထုတ်ဆဲ ဝိပဿကပုဂ္ဂိုလ် ၄ယောက်၊ ဤရဟန်းမြတ်တကျိပ်နှစ်ယောက်တို့သည် မှန်စွာ အဆင့်ဆင့် ဟောပြောလျက် နေကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည် ဖြစ်လေရာ၏။"

၄။ ရဟန္တာတို့၏ အလို / အခြင်းအရာ ၂ပါး (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သတ္တဝါတို့၏အကျိုးကို လိုလားသောစိတ်အစဉ် - ငါရရှိသော အရဟတ္တဖိုလ်ကျေးဇူး တရားထူးကို နတ်ပြဟ္မာလူတို့ လျင်မြန်စွာ တိုးထွင်းသိကြမှု ကောင်းလေစွဟု ဖြစ်၏။

၂ မိမိအရဟတ္တဖိုလ်ရကြောင်းကို ရွှေအိုးရသော ယောက်ျားကဲ့သို့ သူတပါးအား ပကာသနပြုရာ ကျမည်ဖြစ်၍ မပြောကြားလို။

၅။ ရဟန္တာထေရီမကြီးများ၏ ထူးခြားသော သိဖွယ်၊ သံဝေဂယူဖွယ်ဖြစ်သော ပါရမီဖြည့်ကျင့်စဉ်များ ၃ ခု

၁ ဘုရား၆ဆူတို့ထံတွင် ရဟန်းပြု၍တရားဟောခဲ့သော်လည်း သီလရှိသောရဟန်းမတို့ကို မထီမဲ့မြင်ပြုခဲ့သဖြင့် ရေခပ်ကျွန်မဖြစ်ခဲ့ရသော ရဟန္တာထေရီ (ပုဏ္ဏိကာထေရီအပဒါန်၊ ခတ္တိယာဝဂ်၊ ထေရီပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

[၁]ဝိပဿီမြတ်စွာဘုရား၊ [၂]သိခီမြတ်စွာဘုရား၊ [၃]ဝေဿဘူမြတ်စွာဘုရား၊ [၄]ကကုသန်မြတ်စွာဘုရား၊ [၅]ကောဏာဂုံမြတ်စွာဘုရားနှင့် [၆]ကဿပမြတ်စွာဘုရားရှင်စသော ဘုရားရှင် ၆ဆူတို့လက်ထက်တော်တို့တွင် ရဟန်းပြု၊ တရားကျင့်၊ တရားသင်၊ တရားဟောသူဖြစ်ခဲ့၊ ထိုသို့အကြားအမြင်များခြင်းကြောင့် သီလရှိသောရဟန်းမိန်းမတို့ကို မထီမဲ့မြင် ပြုခဲ့၏၊ ထို့ကြောင့် ယခုနောက်ဆုံးဘဝ၌ သာဝတ္ထိမြို့ အနာတပိဏ်သူဌေးအိမ်ဝယ် ရေခပ်ကျွန်မ၏ သမီးဖြစ်၊ ကျွန်တရာပြည့်စေပြီး တရာမြောက်ဖွားလာသူဖြစ်၍ ပုဏ္ဏာဟု အမည်ဖြစ်။

ရေခပ်သွားသော် ရေအလယ်၌ အအေးဖြင့်နှိပ်စက်ခံနေသော ပေဒင်သရဏ္ဍာယ်သောပုဏ္ဏားကို တွေ့၊ 'ငါ သည် ချမ်းအေးသောဤကာလ၌ သခင်တို့၏ဒဏ်ဘေးမှကြောက်၍ ရေခပ်ရ၊ သင်သည်

အဘယ်သူကို ကြောက်၍ ရေသို့ဆင်းသနည်း?' ဟုမေး၊ ကုသိုလ်ကောင်းမှုပြုနေခြင်း ဖြစ်၊ ရေသွန်းလောင်းက အကုသိုလ်ကံမှ လွတ်သည်ဟု ပုဏ္ဏားကဖြေ၊ ငါသည် တရားနှင့်စပ်သောစကား ပြောခဲ့။

ပုဏ္ဏားရဟန်းပြု၍ ရဟန္တာဖြစ်၏၊ သခင်တို့သည် ငါ့ကို ကျွန် မဟုတ်သည်ကို ပြု၊ ရဟန်းပြုကာ ရဟန္တာအဖြစ်သို့ ရောက်၏။

၂ ဘုရား၇ဆူတို့ထံတွင် ရဟန်းပြု၍တရားဟောရသော ရဟန္တာထေရီ (သုက္ကာထေရီအပဒါန်၊ ခတ္တိယာဝဂ်၊ ထေရီပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၉၁ကမ္ဘာထက်က [1]ဝိပဿီမြတ်စွာဘုရား ၃၁ကမ္ဘာထက်က [2]သိခီမြတ်စွာဘုရားနှင့် [3]ဝေဿဘူမြတ်စွာဘုရား ဘဒ္ဒကျကမ္ဘာတွင် [4]ကကုသန်မြတ်စွာဘုရား၊ [5]ကောဏာဂုံမြတ်စွာဘုရားနှင့် [6]ကဿပမြတ်စွာဘုရား လက်ထက်တော်တို့တွင် ရဟန်းပြုကာ တရားဟော တရားစကားတွန်းကားစေခြင်းဖြင့် သာသနာတော်တို့ကို ထွန်းလင်းစေခဲ့၊ ယခုဘဝတွင်လည်း ရာဇဂြိုဟ်ပြည်၌ သူဌေးမျိုးဝယ်ဖြစ်၊ အရှင်မဓမ္မဒိန္နာထေရီထံတွင် ရဟန်းပြု၊ ဆံရိတ်ဖြတ်စဉ် ကိလေသာအားလုံးကိုရှို့မြိုက်၊ [7]ဂေါတမမြတ်စွာဘုရား၏ အဆုံးအမတော်များ အားလုံးကို သင်ယူခဲ့။

လူအများကို တရားဟောရာ အထောင်မကသောသတ္တဝါတို့၏ သစ္စာ၄ပါးတိုးထွင်းသိခြင်း ဖြစ်၊ ငါ့ကို ကြည်ညိုသောနတ်တို့ ရာဇဂြိုဟ်မြို့ကို လှည့်လည်ပြီး ငါ့ထံဆည်းကပ်၍ ဟောပြောသည်ကိုနာကြရန် ကြွေးကြော်ကြ၏။

**၃** ရဟန္တာမထေဦးကို ပြည့်တန်ဆာမဟု ဆဲဆိုမိသဖြင့် ပြည့်တန်ဆာမ ဖြစ်ခဲ့ရသော ရဟန္တာထေရီ (အဍ္ဍကာသိထေရီအပဒါန်၊ ခတ္တိယာဝဂ်၊ ထေရီပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဤကမ္ဘာတွင် ကဿပမြတ်စွာဘုရားရှင်ထံတွင် ရဟန်းမ ပြု၊ အဆုံးအမတော်တို့ကို ကောင်းစွာကျင့်သုံး၊ ရဟန္တာမထေဦးကို ပြစ်မှားသောစိတ်ဖြင့် ပြည့်တန်ဆာမဟု ဆဲဆိုမိခဲ့၊ ငရဲကျခဲ့ပြီး ပြည့်တန်ဆာမျိုး၌သာဖြစ်။

ယခုဘဝတွင်လည်း ကာသိတိုင်း သူဌေးမျိုး၌ဖြစ်သော်လည်း ရာဇဂြိုဟ်မြို့တော်တွင် ပြည့်တန်ဆာအဖြစ် ထားခြင်းခံရ၊ ရဟန်းပြုပြီး ပဉ္စင်းခံရန် မြတ်စွာဘုရားထံသွားရာ လမ်းခရီး၌ အပျော်ကြူးသူလူဆိုးတို့ ရှိသည်ကြားသိရ၍ တမန်ဖြင့်ပဉ္စင်းခံခြင်းဖြင့် ပဉ္စင်းအဖြစ်ကိုရခဲ့၏။

၆။ ရဟန္တာနှင့်ပတ်သက်၍ ကျေးဇူးများပုံ ၆ပါး (သီလသုတ်၊ ပဗ္ဗတဝဂ်၊ ဗောဇ္ဈင်သံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ သီလသမ္ပန္နသုတ်၊ စတုက္ကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ရဟန္တာတို့အား ၁ ဖူးမြော်ရခြင်း / ရရုံမျှ၊ ၂ အကြောင်း ဂုဏ်ကျေးဇူးစကားကို ကြားနာရခြင်း / ရရုံမျှ၊ ၃ ချဉ်းကပ်ရခြင်း / ရုံမျှ၊ ၄ မှီဝဲဆည်းကပ်ရခြင်း / ရုံမျှ၊ ၅ ဂုဏ်ကျေးဇူးကို အဖန်ဖန် အောက်မေ့ရခြင်း / ရုံမျှ၊ ၆ အတုလိုက်၍ ရဟန်းပြုရခြင်း / ရုံမျှကို ကျေးဇူးများ၏ဟု ဘုရားရှင် ဟောတော်မူ၏။

၇။ ရဟန္တာနှင့် အာပတ် (ပဌမသိက္ခာသုတ်၊ သမဏဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

"ငယ်ကုန်သော၊ အလွန်ငယ်ကုန်သော သိက္ခာပုဒ်အာပတ်တို့သို့လည်း သင့်ရောက်၏။ ထိုအာပတ်တို့မှလည်း ထ၏။ ဤသို့ အာပတ်သင့်ခြင်း၊ အာပတ်မှ ထခြင်း၌ အရိယာရဟန္တာပုဂ္ဂိုလ်အား မထိုက်သည်၏အဖြစ်ကို ငါ မဟောအပ်။" ဟု ဘုရားရှင်မိန့်ဆိုသဖြင့် အာပတ်သင့်ထိုက်ကြောင်းကို ဟောသည်ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ရဟန္တာများသည် လောကပြစ်အာပတ်မျိုးသာ မသင့်။ ဓမ္မပြစ်အာပတ်ကြီး၊ ငယ်များ သင့်ကြသေးသည်ကို အဋ္ဌကထာအစောင်စောင်တို့၌ ဖွင့်သည်။ ဝိနည်း၌ကား သာ၍ထင်ရှားစုံလင်သည်။

၈။ ရဟန္တာ (ပကတိသာဝက) ဖြစ်ရန် ယုတ်မာသောမိတ်ဆွေနှင့် ပေါင်းမိ၍ ငအသခေါ်နှင့်ကမ္ဘာတသိန်းကြာမြင့်ခဲ့ရသော သာမဏေ ဓမ္မရုစိယ။

(ကလေးသူငယ်ရဟန္တာများ - အနက်မှ - ၇နှစ်ရွယ်သာမဏေများ - အနက်မှ - အမှတ် ၇/၁၁ ဓမ္မရုစိယထွေရအပဒါန်) တွင် ကြည့်ပါ။

၉။ ရဟန္တာဖြစ်ကြောင်း သိကြောင်း ၄ပါး (သတ္တဇဋိလသုတ်၊ ဒုတိယဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ သတ္တဇဋိလသုတ်၊ ဇစ္စန္ဓဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူနေစဉ် တညချမ်းအခါ ကျောင်းတံခါးမုခ်အပြင်တွင် ထိုင်နေတော်မူသည်။ ကောသလမင်းကြီးလည်း အဖူးမြော်လာ၊ ရှည်သော လက်သည်းခြေသည်း၊ ရှည်သောလက်ကတီးမွေးနှင့် အမွေးများရှိသော ၇ယောက်အစု တိတ္ထိ ၅စု ဖြတ်သွားရာ မင်းကြီးက သူတို့ကိုရှိခိုး၍ ဘုရားရှင်အား သူတို့သည် ရဟန္တာများဖြစ်ကြသည်ဟု လျှောက်ခြင်းနှင့် ဆက်စပ်လျက် ဤသုတ်တော်ကိုဟော။

၁ ရဟန္တာတို့၏သီလကို အတူနေသဖြင့် သိနိုင်၏။ (သို့ငြားလည်း ၁ကာလကြာရှည်နေမှသာ သိနိုင်၏။ တခဏနေခြင်းဖြင့် မသိနိုင်၊ ၂နှလုံးသွင်း / စဉ်းစားဆင်ခြင်မှသာ သိနိုင်၏။ နှလုံးမသွင်းသူ / မစဉ်းစားသူ မသိနိုင်၊ ၃ပညာရှိမှသာလျှင် သိနိုင်၏။ ပညာမဲ့သူ မသိနိုင်။)၊

၂ စင်ကြယ်သောအဖြစ်ကို အတူနီးနော စကားပြောဆိုခြင်းဖြင့် သိနိုင်၏။ (...)၊

၃ ဉာဏ်စွမ်းကို ဘေးရန်ရှိသောအခါ / တွေ့ကြုံသောအခါ၌သာ သိနိုင်၏။ (...)၊

၄ ပညာကို တရားစကားဆွေးနွေးသဖြင့် သိနိုင်၏။ သို့ငြားလည်း ၁ကာလကြာရှည်နေမှသာ သိနိုင်၏။ တခဏနေခြင်းဖြင့် မသိနိုင်၊ ၂နှလုံးသွင်း / စဉ်းစားဆင်ခြင်မှသာ သိနိုင်၏။ နှလုံးမသွင်းသူ / မစဉ်းစားသူ မသိနိုင်၊ ၃ပညာရှိမှသာလျှင် သိနိုင်၏။ ပညာမဲ့သူ မသိနိုင်။

အဆင်းဖြင့် မသိလွယ်၊ အခိုက်အတန့် မြင်ကာမျှဖြင့် အကျွမ်းမဝင်ရာ။ ကိုယ်နှုတ်နှလုံး မစောင့်စည်းသူတို့သည် စောင့်စည်းသူ အသုံးအဆောင်ဖြင့် လှည့်လည်၏။ မြေနားတောင်း၊ ကြေးပဲဝက်မျှ ထိုက်

သော ရွှေရည်ပွတ် နားတောင်းကဲ့သို့ အပဋ္ဌတင့်တယ်၍ အခြံအရံဖြင့်ဖုံးလွှမ်း၍ လှည့်လည်ကြ၏။

<u>၁၀။ ရဟန္တာ၏ဂုဏ်ကျေးဇူး ၂၉ပါး</u> (အရဟန္တသုတ်၊ ခန္ဓနီယဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင်ဟောသည်။ ၁ ရဟန္တာတို့သည် သတ္တဝါတို့၏နေရာရှိသမျှ ဘဝဂ်တိုင်အောင် လောက၌ အမြတ်ဆုံး၊ ၂ အချီးမွမ်းထိုက်ဆုံး၊ ၃ ချမ်းသာ၏၊ ၄ တဏှာမရှိ၊ ၅ မာနကို ဖြတ်အပ်ပြီး၊ ၆ မောဟကွန်ယက်ကို ဖျက်ဆီးပြီး၊ ၇ စိတ်သည် နောက်ကျုခြင်း မရှိ၊ ၈ ကိလေသာဖြင့် မလိမ်းကျံ၊ ၉ အာသဝတို့ ကုန်ခန်းပြီး၊ ၁၀ ခန္ဓာ ၅ပါးကို ပိုင်းခြား၍သိသည်။

၁၁ သူတော်ကောင်းတရား ၇ပါးရှိ၊ ၁၂ သူတော်ကောင်းဖြစ်၊ ၁၃ မြတ်စွာဘုရား၏ရင်၌ဖြစ်သော သားတော် ဖြစ်၊ ၁၄ ကြီးသောလုံ့လ ရှိ၊ ၁၅ ဗောဇ္ဈင်ဟူသော ရတနာ ၇ပါးရှိ၊ ၁၆ ကျင့်ဖွယ်သိက္ခာ ၃ပါးကို ကျင့်ပြီး၊ ၁၇ ဘေးငယ်ဘေးကြီးတို့ကို ပယ်ပြီး၊ ၁၈ အင်္ဂါ / ဥစ္စာ ၁၀ပါးနှင့် ပြည့်စုံ၏ - (အောက်တွင် ဖော်ပြထားသော ရဟန္တာ၏ ဥစ္စာ ၁၀ပါး) - ကို ကြည့်ပါရန်၊ ၁၉ ဆင်ပြောင်ကြီးသဖွယ် ကြီးကျယ်မြင့်မြတ်၏၊ ၂၀ တည်ကြည်၏။

၂၁ အသေက္ခပုဂ္ဂိုလ်တို့၏ဉာဏ် ဖြစ်ပေါ်၏၊ ၂၂ ဤခန္ဓာကိုယ်သည် နောက်ဆုံးဖြစ်၏၊ ၂၃ အကျင့်မြတ်၏ အနှစ်ဖြစ်သော အရဟတ္တဖိုလ်၌ သူတပါးကို အားထားဖွယ် မရှိ၊ ၂၄ ၃ပါးသောမာနအဖို့တို့ကြောင့် မတုန်လှုပ်၊ ၂၅ တဖန်ဘဝသစ်၌ ဖြစ်ခြင်းမှလွတ်၊ ၂၆ ယဉ်ကျေးသောသူတို့ ရောက်ရာဘုံဖြစ်သော အရဟတ္တဖိုလ်သို့ရောက်၊ ၂၇ လောက၌ ရန်အပေါင်းကို အောင်ပြီး၊ ၂၈ အတိတ်အနာဂတ်ပစ္စုပ္ပန်ဘဝတို့၌ နှစ်သက်မှုတဏှာ မရှိ၊ **၂၉** လောက၌ မြတ်စွာဘုရားတို့သည် အတုမရှိကုန်ဟု ရဲရဲရင့်ရင့်စကားကို ကြုံးဝါး၏။

<u>၁၁။ ရဟန္တာ၏ အမည် ၁၁ မျိုး</u> (သီလသမ္ပန္နသုတ်၊ စတုက္ကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ဆုံးမတတ်သူဆရာ၊ ၂ လှည်းမှူးသဖွယ် ခေါင်းဆောင်ပုဂ္ဂိုလ်၊ ၃ ကိလေသာမြူ အညစ်အကြေးကို ပယ်စွန့်ပေးသူ၊ ၄ အမိုက်မှောင်ကို ပယ်ဖျက်တတ်သူ၊ ၅ အလင်းကို ပြုတတ်သူ၊ ၆ အရောင်ကို ပြုတတ်သူ၊ ၇ ထွန်းပြောင်ခြင်းကို ပြုတတ်သူ၊ ၈ မီးရှူးတိုင်ကို ဆောင်သူ၊ ၉ တောက်ပခြင်းကို ပြုတတ်သူ၊ ၁၀ အရိယာ၊ **၁၁** ပညာမျက်စိ အမြင်ရှိသူ။

<u>**၁၂**။ ရဟန္တာ၏ ဥစ္စာ ၁၀ပါး</u> (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ - ၈ မဂ္ဂင် ၈ပါး၊ ၉ သမ္မာဉာဏ- မှန်သောသိခြင်း၊ **၁၀** သမ္မာဝိမုတ္တိ- မှန်သော လွတ်မြောက်ခြင်း / ကိလေသာမှလွတ်သော ဖလသမာပတ်။

**၅ ရဟန်း <u>၁၄ ခု</u>**

<u>၁။ ရဟန်းချမ်းသာ ၈ပါး</u> (သာမညဖလသုတ်အဖွင့်၊ သီလက္ခန်၊ သောဏကဇာတ်၊ သဋ္ဌိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အိမ်၊ ဥစ္စာစပါး သိမ်းဆည်းမှုမရှိ၊ ၂ ဆွမ်းခံ၍ အပြစ်မရှိသောဆွမ်းကို ရှာမှီးခြင်း၊ ၃ အေးပြီးသောဆွမ်းကို ဘုဉ်းပေးသုံးဆောင်ခြင်း၊ ၄ မင်းစိုးရာဇာအခွန်ကြောင့် ပင်ပန်းနွမ်းနယ်မှု မရှိခြင်း၊ ၅ အဆောက်အဦ အသုံးအဆောင်တို့၌ တပ်မက်မှု ကင်းခြင်း၊ ၆ လူဆိုးခိုးသူတို့ကို ကြောက်ရွံ့မှု မရှိခြင်း၊ ၇ မင်းတို့နှင့် မရောနှောခြင်း၊ ၈ အကြင်အကြင် အရပ်မျက်နှာတို့သို့ ငဲ့ကွက်ခြင်းမရှိသည်ဖြစ်၍ သွားရ၏။

၂။ **ရဟန်းတပါးက ဆွေမျိုးမိတ်ဆွေများကို ကျေးဇူးပြုပုံ** (ဝသိကတ္ထေရဂါထာ၊ တိကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်၏ယမိုက်ပြာဋိဟာကိုမြင်၍ သဒ္ဓါဖြစ်ကာ ရဟန်းပြုလာသော ဝသိမထေရ်သည် ရောဂါဖြစ်ရာမှ ဆေးဆရာကုစားသဖြင့် ရောဂါမှအထတွင် သံဝေဂဖြစ်၊ ဝိပဿနာပွား၍ အဘိညာဉ်ရရဟန္တာဖြစ်သောအခါ ဆွေမျိုးတို့အား မိမိကျေးဇူးပြုပုံကို ဥဒါန်းကျူးရွတ်ဆို- "ဆွေမျိုးခင်ပွန်းတို့ကို တရားဟောရာ ၁ ဆွေမျိုးဟူသော ချစ်ခြင်း၊ ၂ အဆွေခင်ပွန်းဟူသော ချစ်ခြင်း၊ ၃ ရဟန်းဟူသော ကြည်ညိုခြင်းဖြင့်၊ ၄ အရှိအသေပြုကြသောကြောင့် သေသော် ချမ်းသာတည်ရာ တာဝတိံသာနတ်ပြည်သို့ရောက်၍ အလိုရှိတိုင်းသော ဝတ္ထုကာမတို့နှင့် ပြည့်စုံကုန်၏။"

<u>၃။ ရဟန်းတို့ ချဉ်းကပ်သင့်သော ဒါယကာ့အိမ်၏ အင်္ဂါ ၉ပါး</u> (ကုလသုတ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ကောသလမင်းကြီးကို နန်းတော်၌ သံဃာတော်များအားရည်စူး၍ တည်ထားသော နိစ္စဗဒ်ဆွမ်းတထောင်ကို မကြာမီ အရှင်အာနန္ဒာတပါးမှလွဲ၍ ခံယူမည့်သူမရှိခြင်းနှင့် စပ်လျဉ်း၍ ဘုရားရှင်ဟောတော်မူသည်။

၁ မြတ်နိုးသဖြင့် ခရီးဦးကြိုဆိုကြခြင်း၊ ၂ ရှိခိုးကြခြင်း၊ ၃ နေရာထိုင်ခင်း ပေးကြခြင်း၊ ၄ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို ရဟန်းတို့အား မလျှို့ဝှက်ခြင်း၊ ၅ လှူဖွယ်ဝတ္ထု များစွာရှိသော် များစွာပင် ပေးလှူခြင်း၊ ၆ မွန်မြတ်သော လှူဖွယ်ဝတ္ထုရှိသော် ထိုဝတ္ထုကိုပင် ပေးလှူခြင်း၊ ၇ ရိုသေစွာ ပေးလှူခြင်း၊ ၈ တရားနာရန် ရဟန်းထံသို့ ချဉ်းကပ်ထိုင်နေခြင်း၊ ၉ ရဟန်းဟောသောတရားကို ရိုသေစွာ နာယူကြခြင်း။

အပြန် - ရဟန်းတို့ မချဉ်းကပ်သင့်သော ဒါယကာ၏အိမ် အင်္ဂါ **၉ပါး**။

<u>၄။ ရဟန်းတို့သည် စားသောဆွမ်းကို ငုံ၍၊ မော့၍၊ လှည့်၍၊ ထောင့်အရပ် ၄မျိုးတို့၌ မစား။</u> (သုစိမုခီသုတ်၊ သာရိပုတ္တသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အရှင်သာရိပုတ္တရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး၊ မြို့တွင်းဆွမ်းခံလှည့် နံရံတခုမှီ၍ ဆွမ်းဘုန်းပေး၊ သုစိမုခီပရိဗိုဇ်မ မေး၊

၁ အောက်သို့ငုံ၍စားသူ- မြေကြန်အတတ်ဟူသော (မင်္ဂဖိုလ်မှ ဇီလာဖြစ်သောအတတ်နှင့် မှားသောအသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြာဟ္မဏ)၊

၂ အထက်သို့ မော့၍စားသူ- နက္ခတ်အတတ်ဟူသော (...)၊

၃ အရပ်၄မျက်နှာသို့ လှည့်၍စားသူ- တမန်အမှု၊ အစေအပါးအမှုတို့ဖြင့်သွားခြင်းကို အားထုတ်ခြင်းဟူသော (...)၊

၄ အထောင့်အရပ် ၄မျက်နှာသို့ လှည့်၍စားသူ- အင်္ဂဝိဇ္ဇာအတတ်ဟူသော မင်္ဂဖိုလ်မှ ဗီလာဖြစ်သော အတတ်နှင့် မှားသောအသက်မွေးခြင်းဖြင့် အသက်မွေးကြသော သမဏဗြဟ္မဏာ။

ဤအရပ်တို့၌ ရဟန်းတို့ ဆွမ်းမစား၊ တရားသဖြင့် ဆွမ်းကိုရှာ၍၊ တရားသဖြင့် ဆွမ်းရှာ၍စား၏ဟု အရှင်သာရိပုတ္တရာက မိန့်ဆို၏၊ ထိုအခါ ပရိဗိုဇ်မသည် ရာဇဂြိုဟ်ပြည်ဝယ် လမ်းမတခုမှ လမ်းမတခုသို့ လမ်းဆုံတခုမှ လမ်းဆုံတခုသို့ ချဉ်းကပ်၍ သာကီဝင်မင်းသား ဘုရားသားတော်တို့သည် တရားနှင့်လျော်စွာ အပြစ်မရှိသောအားဖြင့် အစာကို စားကုန်၏၊ ဆွမ်းလှူကြလော့ဟု လှည့်လည်ကြွေးကြော်၏။

<u>၅။ ရဟန်းတို့ ပြုံးရုံမျှ ပြုံးရန်နှင့် အရိယာအဆုံးအမ၌ အခြင်းအရာ ၃ခု၏ ဥပမာများ</u> (ရုဏ္ဏသုတ်၊ သမ္မောဝဂ်၊ တိကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက)

၁ သီချင်းဆိုခြင်းသည် အရိယာအဆုံးအမ၌ ငိုခြင်းဖြစ်၊ ၂ ကခြင်းသည် ရူးသွပ်ခြင်း၊ ၃ သွားပေါ်အောင် ပြင်းစွာရယ်ခြင်းသည် အရိယာအဆုံးအမ၌ ကလေးသူငယ်ကို့ အလုပ်ဖြစ်၏။

တရားနှင့်စပ်သော အကြောင်းဖြင့် ဝမ်းမြောက်သော သူတော်ကောင်းဖြစ်သော ရဟန်းသည် ပြုံးရုံသာ ပြုံး၏။

**၆။ ရဟန်းတို့ အိမ်သို့ကြွလာသောအခါ ထိုအိမ်ရှိလူတို့အား ပွားများစေသော ကောင်းမှုနှင့် အကျိုး ၅မျိုး** (ကုလသုတ်၊ ဗြဟ္မဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ စိတ်ကြည်လင်စေခြင်းကြောင့်- နတ်ပြည်၌ဖြစ်၊

၂ ခရီးဦးကြိုခြင်း၊ ရှိခိုးခြင်း၊ နေရာထိုင်ခင်းပေးခြင်းတို့ကြောင့် - မြင့်မြတ်သောအမျိုး၌ ဖြစ်ရခြင်း၊

၃ ဝန်တိုမှုကို ပယ်ဖျောက်ခြင်းကြောင့်- တန်ခိုးကြီးခြင်း၊

၄ စွမ်းအားရှိသမျှလှူဒါန်းခြင်းကြောင့် - ဥစ္စာပေါများခြင်း၊

၅ ပုစ္ဆာပြဿနာမေးမြန်းခြင်း၊ တရားနာခြင်းတို့ကြောင့် - ပညာကြီးခြင်း အကျိုးများ ရ၏။

**၇။ ရဟန်းတို့၏ တံခွန်** (ဝိသာခသုတ်၊ ဘိက္ခုသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဝေသာလီပြည်၌ သီတင်းသုံးတော်မူနေစဉ် အရှင်ဝိသာခသည် စည်းဝေးရာဇရပ်၌ ကောင်းစွာ တရားဟောကြားသည်ကို သိတော်မူ၍ ဤသုတ်တော်ကို ဟောတော်မူ၏။

"လူမိုက်တို့နှင့် ရောထွေးနေသော ပညာရှိကို မဟောပြောသည်ရှိသော် ပညာရှိဟု မသိနိုင်။ ဘုရားရှင် ဟောတော်မူသော အမြိုက်နိဗ္ဗာန်တရားကို ဟောပြောမှသာလျှင် ပညာရှိဟု သိနိုင်ကုန်၏။ ရသေ့ရဟန်းတို့၏ တံခွန်တရားကို ဟောပြောရာ၏၊ ထွန်းပြရာ၏၊ ချီးမြှောက်ရာ၏။ <u>ရသေ့ရဟန်းသည် ကောင်းစွာ ဟောကြားခြင်းဟူသော တံခွန်ရှိ၏</u>။ တရားတော်သည် ရသေ့ရဟန်းတို့၏ တံခွန်အောင်လံ ဖြစ်၏။"

၈။ ရဟန်းဘဝမှ လူထွက်လာသူတို့သည် မြတ်စွာဘုရားသာသနာတော်၏ ၅ပါးသော အတုမရှိသော ဂုဏ်ကျေးဇူးတော်တို့ကို ပြ၏။ (ဟီနာယာဝတ္တုနပဉှာ၊ ဗုဒ္ဓဝဂ်၊ အနုမာနပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ သာသနာတော်၏တည်ရာသည် မြင့်မြတ်သည်၏အဖြစ်၊ ၂ စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်းသည်၏အဖြစ်၊ ၃ မကောင်းမှုတို့နှင့် မရောနှောသည်၏အဖြစ်၊ ၄ တိုးထွင်း၍ သိမြင်နိုင်ခဲသည်၏အဖြစ်၊ ၅ များစွာ ထိန်းသိမ်းစောင့်ရှောက်ရသည်၏အဖြစ်။

၉။ ရဟန်းဝတ်လိုက် လူထွက်လိုက် ၆ကြိမ်ပြုပြီး ၇ကြိမ်မြောက်၌ အောင်မြင်သူ / ရဟန္တာ ဖြစ်ကြသူ ၃ ဦး

၁။ ကုဒါလပဏ္ဍိတဇာတ် (ဘုရားလောင်း၏ ကြည်ညိုအားကျဖွယ်ရာ ပါရမီဖြည့်သော ကျင့်စဉ်ဘဝ - အနက်မှ - အမှတ် ၆) - ကို ကြည့်ပါ။

ဘုရားရှင် အလောင်းတော်ဖြစ်စဉ်က ဤကဲ့သို့ပင် ဖြစ်ခဲ့သော ဇာတ်ဝတ္ထု ဖြစ်သည်။

၂။ စိတ္တဟတ္ထ- စိတ်အလိုလိုက်ပြုသူ၊ စိတ္တဟတ္ထတ္ထေရဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။

ရဟန်းဝတ်လိုက် လူထွက်၍ လယ်ယာလုပ်လိုက် ၆ကြိမ်ပြုပြီး ၇ကြိမ်မြောက်၌ ရဟန်းပြုရန် ယာတဲ၌ သိမ်းထားသော သင်္ကန်းလာအယူတွင် အိပ်ပုံဆိုးဆိုးဖြင့် အိပ်နေသော ကိုယ်ဝန်သည်ဇနီးကိုမြင်ပြီး ခန္ဓာကိုယ် မတင့်တယ်ပုံ လက္ခဏာရေး ၃ပါးတင်လျက် ဘာဝနာပွားရာ ကျောင်းမရောက်မီ သောတာပန်ဖြစ်ကာ ၂ရက် ၃ရက်နှင့် ရဟန္တာဖြစ်သော စိတ္တဟတ္ထမထေရ်။

ဘုရားရှင်က ဓမ္မပဒလာဂါထာတော်ကိုဟောပြီး ကုဒါလပဏ္ဍိတဇာတ်တော် (ဘုရားလောင်း၏ ကြည်ညိုအားကျဖွယ်ရာ ပါရမီဖြည့်သော ကျင့်စဉ်ဘဝ - အနက်မှ - အမှတ် ၆) တွင် ကြည့်ပါ။) ကို ဆက်၍ ဟောတော်မူ၏။

၃။ ကပ္ပဋကုရတ္ထေရဂါထာ၊ စတုတ္ထဝဂ်၊ ဧကကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

မြက်ရောင်းသမားဘဝမှ ရဟန္တာတပါးကို တွေ့မြင်၍ တရားနာယူ၍ သံဝေဂဖြစ်ပွားကာ ရဟန်းပြုပြီးမှ ၇ကြိမ် လူထွက်၊ ရဟန်းပြန်ဝတ်နှင့် နောက်ဆုံးတွင် တရားသဘင်၌ အိပ်ငိုက်နေရာ ဘုရားရှင် ဖိနှိပ်ဆုံးမမှ ဝိပဿနာပွားသဖြင့် ရဟန္တာဖြစ်လာသော အရှင်မြတ်သည် ဘုရားရှင်ဆုံးမတော်မူသည့်အတိုင်း ရွတ်ဆိုသောဂါထာများ ဖြစ်၏။

"ကြည်လင်ပြည့်လျှံနေသော အမြိုက်တရားဟူသော ရေအိုးသည် ထိုထိုအရပ်ဝယ် ထင်ရှားရှိနေပါလျက် ကပ္ပဋကုရမည်သော ရဟန်းသည် ဤကား ငါ ၏ အဝတ်စုတ်ပုဆိုးပိုင်းတည်း။ ဤသည်ကိုပင် ဝတ်၍ ဖြစ်သလိုပင် အသက်မွေးအံ့ဟု ဖြစ်ပေါ်လာသော မိစ္ဆာဝိတက်ရှိသည် ဖြစ်၍ လောကီ လောကုတ္တရာစျာန်တို့ကို ပွားများရန် ဘာဝနာလမ်းစဉ်ကို ဆန့်ကျင်သောစိတ်ရှိသူ ဖြစ်ခဲ့၏။

ကပ္ပဋကုရရဟန်း ငါ့တရားကို နာမည်ဟု ထိုင်လျက် အိပ်ငိုက်ခြင်းသို့ မရောက်လင့်။ အိပ်ငိုက်ခြင်းသို့ ရောက်သောသင့်ကို နားအနီး၌ ဤအခါမှစ၍ ကိလေသာတို့ကို ပယ်ခြင်းငှါ ငါဆုံးမတော့မည်မဟုတ်။ ကပ္ပဋ သင်သည် သံဃာ့အလယ်၌ တဆတ်ဆတ် ငိုက်မျည်းလျက် ရခဲသော ဒုလ္လဘခဏဟူသော အတိုင်းအရှည်ကို မမြင်စွတကား။"

<u>၁၀။</u> **ရဟန်းသံဃာတော်တို့ ကျင့်သုံးအပ်သော သိက္ခာပုဒ်တော်ပေါင်း** (ဥဘတောဝိဘင်း၊ ခု၊ ဝိ)

အကျဉ်းအားဖြင့် ၂၂၇သွယ်၊ အကျယ်အားဖြင့် **ကုဋေ ၉၁၈၀ ၅သန်း ၃သောင်း ၆ထောင်**ရှိသည်။

<u>၁၁။ ရဟန်းသံဃာတော်တို့၏ အသုံးအဆောင်ဟူသမျှတို့သည် လက်အုပ်ချီမိုး ရှိခိုးထိုက်၏။</u> (ဝိ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

ရဟန်းသံဃာတော်တို့၏ အသုံးအဆောင် ပရိက္ခရာဟူသမျှ လူတို့အတွက် အမြတ်တနိုးကိုးကွယ်ပူဇော်ရှိခိုးရာ၌ တည်၍ စေတီထိုက်လျက်ရှိသောကြောင့် လက်အုပ်ချီမိုး ရှိခိုးထိုက်၏။

<u>အကျိုးပြဝတ္ထု -</u> **သင်္ကန်းအစုတ်**<u>ကို ပူဇော်သည့်အကျိုး</u> (ထေရဂါထာ ဋ္ဌ။ ယနေ့ဗုဒ္ဓဝါဒ အမေးအဖြေ ၂၊ တည်တောဆရာတော်ကြီး)

၉၁ ကမ္ဘာထက်က ဥဒင်္ဂဏတောင်တွင် အရှင်ပစ္စေကဗုဒ္ဓါထပါးသည် ဝတ်ရုံတားသော ပံ့သုကူသင်္ကန်းမှာ ဝတ်မရအောင် စုတ်ပြတ်နေသဖြင့် လူမိုက်များမနင်းမိစေရန် သစ်ကိုင်းပေါ် တင်ထားခဲ့၊ အမျိုးကောင်းသားတဦးမြင်သော် 'ဤသင်္ကန်းသည် ရဟန်းတော်များဝတ်ဆင်ပြီး ကိလေသာအညစ်အကြေးများကို ဆေးလျှော်တော်မူသည်၊ အရဟတ္တဖိုလ်၏ အောင်လံဖြစ်သည်၊ လူနတ်ပြဟ္မာတို့ ဦးခိုက်ပူဇော်ထိုက်သည်ဖြစ်၏' ဟု ကြံတွေး၍ နီရဲသော ပန်းဆွဲလွဲ ၃ခိုင်ကို သင်္ကန်းပေါ်တင်ထား ပူဇော်ကာ ရှိသေစွာ ရှိခိုးခဲ့၊

နောက်ဆုံးဘဝ၌ မဂဓတိုင်းဝယ် ချမ်းသာကြွယ်ဝသောအမျိုးမှာ ဖြစ်လာ၊ ဂေါသာလဟုခေါ်သောဏကောဋိကဏ္ဏ (တကုဋေတန် နားဝတ်တန်ဆာရသော အရှင်သောဏ) ၏သူငယ်ချင်း၊ အားကျပြီး ရဟန်းဝတ်၊ ရွာနီးကျောင်း၌နေ၊ မယ်တော်လှူသော နို့ဃနာဆွမ်းကို ဘုဉ်းပေးပြီး အားအင်ပြည့်ဖြိုးလာ၊ မယ်တော်ကျေးဇူးဆပ်ရန် တရားအားထုတ်၊ ရဟန္တာ ဖြစ်တော်မူ၏။

<u>၁၂။ ရဟန်းသံဃာတော်များ ပိဋကတ်တော်များကို ခဲယဉ်းပင်ပန်းစွာ နှုတ်တက်ဆောင်ခဲ့ပုံ</u> (အံ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

သီဟိုဠ်ကျွန်း စဏ္ဍာလတိဿ သူပုန်ဘေးကြီးဖြစ်သောအခါ ရဟန်းတော်အများပင် ဇမ္ဗူဒီပမဇ္ဈိမဒေသသို့ ပြောင်းရွှေ့ကြသည်။ ရဟန်းတော် ၆၀ ကမ်းနားရောက်ပြီးမှ ဖေါင်နှင့်မလိုက်ပဲ နေရစ်ခဲ့ကြသည်။ လူများကပ်သော သစ်ဥသစ်ရွက်သစ်မြစ်တို့ဖြင့် မျှတသီတင်းသုံးကြရသည်။ နှုတ်တက်ရထားသော ပိဋကတ်တော်များ မမေ့ပျောက်စေရန် နေ့စဉ် ရွတ်အံကြသည်။ အချို့နေရာများတွင် သစ်ဥသစ်ဖုပင်မရကြ၍

လမ်းလျှောက်ပြီး စာမပြန်နိုင်ကြသော် ထိုင်၍စာပြန်ကြသည်။ ဝမ်းတွင်း၌ အစာမရှိသဖြင့် ပူလောင်လာလျှင် **ဝမ်းဗိုက်အေးစေရန် သဲများစု၍ သဲပုံပေါ်၌ ဝမ်းလျားမှောက်**ပြီး ကျမ်းစာများကို စိတ်ဖြင့် ရွတ်အံတော်မူကြသည်။

၁၃။ ရဟန်းသံဃာတော်များ ရွာနိဂုံးကို မှီတင်းနေထိုင်ကြရာ၌ ထိုနိဂုံး (မြို့) ထိုရွာတို့ဝယ် လူတို့သည် ကိုယ်အနေ၊ နှုတ်အပြော၊ စိတ်အကြံအားဖြင့် ကောင်းမှုကုသိုလ်များစွာ တိုးပွားကြ၏။ (သီလဝန္တသုတ်၊ စုဋ္ဌဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေဦးစီး)

**၁၄**။ ရဟန်းသံဃာတော်၏ ရှိခိုးခြင်းစသော လေးမြတ်ပူဇော်ခြင်းငှါထိုက်သော အသွင်အပြင် ၂မျိုးနှင့် အကျင့်တရား အပါး ၂၀ (သေဋ္ဌမမ္မပဥ္စာ၊ ပဏ္ဏာမိတဝဂ်၊ မေဏ္ဍကပဥ္စာ၊ မိလိန္ဒပဥ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အသွင်အပြင် ၂မျိုး။ ၁ ဖန်ရည်ဆိုးသင်္ကန်းကို ဝတ်ရုံခြင်း၊ ၂ ဦးပြည်းဖြစ်ခြင်း / ခေါင်းတုံးရိတ်ခြင်း။

အကျင့်တရား အပါး ၂၀။ ၁ မြတ်သောတရား၌ မွေ့လျော်ခြင်း၊ ၂ မြတ်သောဥပုသ်ပြုမှု နိယမရှိခြင်း၊ ၃ မြတ်သောဆွမ်းခံမှုစသော အကျင့်ရှိခြင်း၊ ၄ ကောင်းမွန်စွာ ဝတ်ရုံနေထိုင်ခြင်း၊ ၅ စက္ခုစသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ၆ ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်း၊ ၇ အချမ်းအပူစသည်တို့ကို သည်းခံခြင်း၊ ၈ ကောင်းသောအကျင့်၌ မွေ့လျော်ခြင်း၊ ၉ တယောက်တည်း တရားကျင့်ခြင်း၊ ၁၀ တယောက်တည်း မွေ့လျော်ခြင်း။

၁၁ တယောက်တည်း ကိန်းအောင်းခြင်း၊ ၁၂ မကောင်းမှုမှ ရှက်ခြင်း၊ ကြောက်ခြင်း၊ ၁၃ ကောင်းမှု၌ အားထုတ်ပြုကျင့်ခြင်း၊ ၁၄ ကုသိုလ်ကျင့်ဝတ်၌ မမေ့မလျော့ မပေါ့မတန်ခြင်း၊ ၁၅ သိက္ခာကို ကောင်းစွာသင်ယူခြင်း၊ ၁၆ ဘုရားဟောပါဠိတော်ကို သင်ယူခြင်း၊ ၁၇ အဋ္ဌကထာကို သင်ယူခြင်း၊ ၁၈ သီလစသောသိက္ခာ ၃ ပါး၌ မွေ့လျော်ခြင်း၊ ၁၉ တပ်မက်မောမှု ကင်းလွတ်ခြင်း၊ ၂၀ သိက္ခာပုဒ်တို့၌ ဖြည့်ကျင့်ခြင်း။

၆ ရသေ့သူမြတ်တို့ကို ပြစ်မှားသဖြင့် မင်းနှင့်တိုင်းပြည်ပါ ပျက်ပြားကြောင်းဇာတ် ၃ ဇာတ်

၁။ ဘဂုဇာတ်၊ ဗီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းအနီး၌ တိတ္ထိတို့ ကောသလမင်းကြီးအား ငွေတသိန်းပေး၍ ကျောင်းဆောက်ခြင်းနှင့်စပ်၍ ဘုရားရှင်ဟော။

ဘုရားလောင်းအဘိညာဉ်ရရသေ့ ရသေ့၅၀၀တို့၏ခေါင်းဆောင် ဟိမဝန္တာတွင်နေ၊ ဘဂုတိုင်း ဘဂုမင်းစံရာ ဘဂုမြို့သို့ ချဉ်ဆားမှီဝဲရန်လာ၊ မြောက်ဘက်တံခါးအနီး ပညောင်ပင်ကြီးတွင်နေ၊ ၁၅ရက် လွန်သော် အခြား ရသေ့၅၀၀ ရောက်လာ၊ တောင်ဘက်တံခါးအနီး ပညောင်ပင်အနီးတွင်နေ၊ ရသေ့များပြန်၊

တောင်တံခါးပဉ္စောင်ပင် ခြောက်သွေ့၍သေ။

နောက်တကြိမ် ရသေ့များပြန်လာကြသော် တောင်တံခါးရသေ့များ အရင်ရောက်ပြီး မြောက်ပဉ္စောင်ပင်၌နေ၊ ဘုရားလောင်းရသေ့အဖွဲ့ရောက်သော် အငြင်းပွားကြ၊ မင်းထံရောက်၊ တောင်တံခါးအဖွဲ့နိုင်၊ ဘုရားလောင်းအဖွဲ့မကျေနပ်၊ ဒိဗ္ဗစက္ခုဖြင့်ကြည့်၍ မင်းအား စကြာမင်းများသာထိုက်သော ရထားလှည်းအိမ်တွေ့၍ မင်းကိုပေး၊ မင်းက ၂ဖွဲ့လုံးအတူနေစေ၊ တောင်တံခါးအဖွဲ့ မကျေနပ်၊ မင်းကို ရထားလှည်းဘီးပေး၊ တောင်တံခါးအဖွဲ့ကို အနိုင်ပေး၊ ရသေ့များစဉ်းစားကြ၊ ကိလေသာအာရုံနှင့်တကွ အလုံးစုံသော ဝတ္ထုပစ္စည်းများကိုစွန့်၍ ရသေ့လုပ်နေကြပါလျက် သစ်ပင်ရင်းသစ်ပင်ရိပ်လေးကြောင့် ငြင်းခုံနေထာမတော်၊ မင်းလဲ လာဘ်ယူထာ မတော်ဟု ကြံကာ စိတ်မချမ်းမြေ့ကြပဲ ဟိမဝန္တာသို့အမြန်ပြန်ကြ။

ဘဂုတိုင်းတတိုင်းလုံးရှိနတ်များ စုရုံး၍ မင်းသည် သီလဝန္တပုဂ္ဂိုလ်များ ငြင်းခုံအောင်လုပ်တာ မတော်ဟု ဆိုကာ တတိုင်းလုံးကို ရေလွှမ်းမိုးစေ၍ ပင်လယ်သမုဒ္ဒရာကြီးဖြစ်အောင် လုပ်သည်။

<u>၂။ မာတင်္ဂဇာတ်</u>၊ ဝီသတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

<u>အကျဉ်း</u>။ ဘုရားလောင်းဒွန်းစဏ္ဍာမျိုး၌ဖြစ်၊ ဒိဋ္ဌမင်္ဂလိကသူဌေးသမီးက ဉယျာဉ်ကစားထွက်စဉ် ဘုရားလောင်းကိုမြင်ရာ မမြင်သင့်သောသူယုတ်မာကို မြင်ရလေ၏ဟုဆိုကာပြန်၊ အခြွေအရံများက မစားမသောက်ရပြီဟု အမျက်ထွက်၍ ရိုက်ပုတ်ကြ၊ အပြစ်မရှိပဲ ရိုက်ခံရဟုဆိုကာ သူဌေးသမီးကို ရအောင်ယူ၊ အမျိုးဖျက်သော လွန်ကျူးခြင်းမပြု၊ ရဟန်းပြုခြင်းမှတပါး ဒိဋ္ဌမင်္ဂလိကကို များမြတ်သောအခြံအရံ မရချေဟုကြံကာ တောသို့ဝင် ရသေ့ပြုကာ အဘိညာဉ်သမာပတ်တို့ကိုဖြစ်စေ၊ ဒိဋ္ဌမင်္ဂလိက ဉတုလာစဉ် ချက်ကိုလက်မဖြင့်သုံးသပ်၍ မဏ္ဍဗျ လုလင်ကိုဖွား။

အရွယ်ရောက်သောမဏ္ဍဗျလုလင်က ပုဏ္ဏားဆရာတသောင်းဖြတောင်ကို ဆွမ်းကျွေးဝတ်ပြု၏၊ ဘုရားလောင်းက အဘိညာဉ်ဖြင့်ကြွ၍ လယ်ယာမြေကောင်းနှင့်တူသော အလှူခံပုဂ္ဂိုလ်တို့ကိုလှူသင့်ကြောင်း ဆုံးမ၊ လုလင်ကဆဲရေး၊ နတ်တို့က ရသေ့ကိုညှဉ်းဆဲ၏ဟု မကျေမနပ်ဖြစ်၊ လုလင်နှင့်ပုဏ္ဏားဆရာတို့ကို နတ်တို့ပင်ပန်းစေ၊ ဒိဋ္ဌမင်္ဂလိကက မာတင်္ဂရသေ့အားတောင်းပန်၍ ရသေ့၏စားကြွင်းဆွမ်းဖြင့် လုလင်နှင့် ပုဏ္ဏားဆရာတို့ကိုသက်သာစေ၊ အခြားပုဏ္ဏားများက ထိုပုဏ္ဏားဆရာများကို ဤသူတို့သည် ဒွန်းစဏ္ဍား စားကြွင်းကို စားကုန်၏ဟုဆိုကာ ပုဏ္ဏားမဟုတ်သည်ကိုပြု၊ ပုဏ္ဏားယောင်တို့သည် ရှက်ကြ၍ ဗာရာဏသီ ပြည်မှထွက်၊ မဇ္ဈတိုင်းသို့သွား၍နေ။

ဘုရားလောင်းသည် အမျိုးကိုမှီ၍မာန်ကြီးသော ရသေ့တဦးအားဆုံးမပြီး ပုဏ္ဏားဆရာ ၁၆ဂဂဂကို စုံစမ်း၊ မဇ္ဈတိုင်းသို့ တန်ခိုးဖြင့်သွား၊ ပုဏ္ဏားများက မင်းအား ချောပစ်ကုန်းတိုက်စကားပြော၊ ဘုရားလောင်းသည် နံရံတခုကိုမှီ၍ အင်းပျဉ်ငယ်၌နေကာ အမျိုးမျိုးရောသောဆွမ်းကို ဘုဉ်းပေး၊ တပဝါးကိုကြံ၍ အောက်မေ့ကာဆွမ်းစားသော ဘုရားလောင်းကို မင်းစေသောမင်းချင်းတို့ သန်လျက်ဖြင့်သတ်၏၊ နတ်တို့ အမျက်ထွက်၍ အလုံးစုံသော မဇ္ဈတိုင်းကို ပြာပူမိုးရွာစေ၍ တိုင်းပြည်ကိုဖျက်ဆီး၏။

<u>၃။ သရဘင်္ဂဇာတ်၊</u> စတ္တာလီသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။

ဘုရားလောင်းသရဘင်္ဂရသေ့ဆရာကြီး၌ တပည့်ရသေ့ကြီး၇ဦးရှိသည့်အနက် တဦးဖြစ်သော ကိသဝစ္ဆရသေ့- အရင်မဟာမောဂ္ဂလာန်အလောင်းသည် ဒဏ္ဍကီမင်း၏မြို့တော် ကုမ္ဘဝတီမြို့၌ စစ်သူကြီးကို အမှီပြု၍ မင်းဥယျာဉ်၌နေ၊ ပြည့်တန်ဆာမတဦးသည် အရာမှချခံရ၊ ဥယျာဉ်ရောက်လာက ကိသဝစ္ဆ ရသေ့ကိုမြင်သော် "သူယုတ် ဖြစ်၏၊ သူယုတ်၏ကိုယ်၌ အညစ်အကြေးကိုသွန်းလောင်းပြီး ရေချိုး၍သွားအံ့။" ဟုကြံကာ ချွဲခန်းဟပ်၍ထွေး၊ တံပူဝါးပြီးထွေး၊ မင်းလည်း ပြည့်တန်ဆာမကို အောက်မေ့၍ ပကတိ အရာ၌ပြန်ထား၊ မကြာမီ ပုရောဟိတ်သည် အရာချခံရ၊ ပြည့်တန်ဆာမကို အရာပြန်ရကြောင်းမေးပြီး ကိသဝစ္ဆရသေ့အပေါ် ချွဲ တံပူ အညစ်အကြေးများထွေး၊ အရာပြန်ရ၊ နောက်၌ ပစ္စန္တရစ်မှ ပုန်ကန်ရာ ပုရောဟိတ်က အောင်ခြင်းအလိုရှိက ဥယျာဉ်တော်ရှိ သူယုတ်တဦးကိုယ်၌ အညစ်အကြေးစွန်းလောင်း၍ စစ်ချီလော့ဟုလျှောက်၊ မင်းနှင့်တကွ ဗိုလ်ပါ အပေါင်းပြုကြ၊ စစ်သူကြီးလာလတ်၍ တံပူများဖယ်ရှားပြီး ရေချိုးစေ၏၊ အမျက်မထွက်ရန်တောင်းပန်၏၊ ရသေ့က "ငါ့အား နှလုံးဖြင့် ပြစ်မှားခြင်းမရှိ၊ နတ်တို့ကား အမျက်ထွက်၏၊ ၇ရက်မြောက်သောနေ့၌ တိုင်းပြည်အလုံး ပျက်စီးလတ္တံ့၊ သား မယားယူ၍ တပါးသော ပြည်သို့ပြေးလော့။" ဟုဆို၏။

မင်းကို စစ်သူကြီးလျှောက်ကြားသော်လည်း မနာယူ၊ သရဘင်္ဂဆရာကြီးသည် ရသေ့ပျို၂ပါးကို ကိသဝစ္ဆရသေ့ကို ကောင်းကင်ခရီးမှ ညောင်စောင်းထမ်းစင်ဖြင့်ဆောင်စေ၏၊ ဒဏ္ဍကီမင်းလည်း စစ်နိုင်၍ မြို့ဝင်သော် ဦးဆုံး [၁]မိုးရွာ၊ အပုပ်အစပ်များ ရေ၌မျောသည်ရှိသော် [၂]သဲဖြူမိုး၊ [၃]နတ်ပန်းမိုး၊ [၄]ပဲမိုး၊ [၅]အသပြာမိုး၊ [၆]နတ်ဝတ်တန်ဆာ မိုးရွာသော် လူတို့သည် ရွှေတို့ဖြင့်ပြီးသောအဝတ်တန်ဆာတို့ကို ယူရန် ထွက်ကြသော် [၇]ပြောင်ပြောင်တောက်သော အထူးထူးသောလက်နက်မိုးရွာရာ အပိုင်းပိုင်းပြတ်ကုန်၏၊ တို့နောက် [၈]မီးကျီးမိုး၊ [၉]တောင်ထွတ်မိုး နှင့် နောက်ဆုံး [၁၀]အတောင်၆၀မြင့်သောသဲမိုးစသော မိုး၁၀မျိုးတို့ကို အစဉ်အတိုင်းရွာစေ၏၊ ယူဇနာ၆၀ရှိသော အရပ်တခုလုံး ပျက်စီး၏၊ မင်းနှင့်တကွ တတိုင်းလုံး ပျက်စီးသော အဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ထင်ရှား၏။

၇ ရာဇကြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက်နံ့ရာ၌ရှိသော အမိတဘောဂ <u>သူဌေးကြီး ၅ဦး</u> (ဝိသာခါ ကျောင်းအမကြီးအကြောင်း၊ ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဇောတိကသူဌေး၊ ၂ ဇဋိလသူဌေး၊ ၃ ပုဏ္ဏသူဌေး၊ ၄ ကာကဝလိယသူဌေး၊ ၅ မေဏ္ဍကသူဌေး၊ ၎င်း တို့သည် အမိတဘောဂ- သုံးမကုန် စွဲမကုန် စည်းစိမ်ကုံလုံ ကြွယ်ဝသော၊ အမိတဘောဂသူဌေးကြီးများ ဖြစ်ကြသည်။

သူဌေးကြီး ၅ဦး အကြောင်း - အကျဉ်းမှုသာ (ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဆရာတော်ကြီးသည် ယင်းစာအုပ် ဆိုင်ရာဆိုင်ရာနေရာတို့၌ ပါဠိတော်၊ အဋ္ဌကထာ အညွှန်းများကို ဖော်ပြထားပါ သည်။ အကျယ်များကို အဆိုပါ အညွှန်းကျမ်းများ၊ စာအုပ်များတွင် ကြည့်ပါ။

၁။ ဇောတိကသူဌေးကြီး - ၉ချက်။

၁- ဆုပန်ရာဘဝ

၉၁ကမ္ဘာထက် ဖုဿဘုရားရှင်နှင့် ဝိပဿီဘုရားရှင်အကြားကာလ၊ ဗာရာဏသီပြည်၊ သူကြွယ်ညီနောင်၊ ဇောတိကသူဌေးအလောင်းညီသည် မိမိတို့ပိုင် ကြံခင်းမှ ကြံ ၂ချောင်း ဖြတ်ယူ၊ လမ်းတွင် ပစ္စေကဗုဒ္ဓါတပါးအား ကြံရည်ကပ် (ကြံချောင်းကို မြှောက်လိုက်လျှင် ကြံရည်များ အလိုလို ယိုစီးကျ) ၊ ဘုဉ်းပေး၊ အကိုအတွက် ယူလာသော ကြံချောင်းမှ ကြံရည်ကို ထပ်ကပ်၊ ဤကောင်းမှုကြောင့် နတ်ပြည် လူ့ပြည်တို့၌ စည်းစိမ်ခံစားပြီး နောက်ကာလ၌ အရှင်ဘုရားတို့ ရအပ်သောတရားသို့ ရောက်ရပါလို၏ဟု ဆုတောင်း၊ ဂန္ဓမာဒနတောင်မှ အဖော် ပစ္စေကဗုဒ္ဓါ ၅၀၀အား ထိုအရှင်မြတ်က ဆက်ကပ်သည်ကို အရှင်မြတ်၏အဓိဋ္ဌာန်ကြောင့် မြင်ရ၊ အကိုကမေး၍ အကြောင်းစုံပြန်ပြော၊ အကိုက အရှင်မြတ်တို့ သိမြင်သော တရားထူးကို ရခြင်းသည်သာ ဖြစ်ရပါလို၏ဟု ဆုတောင်း။

၂-ကြားကာလ ဘဝ

ဝိပဿီဘုရားရှင် ပွင့်ထွန်းတော်မူသောကာလ၊ ဗန္ဓုမတီပြည်၊ သူကြွယ်ညီနောင်ပင် ဖြစ်၊ အကိုသည် ဘုရားရှင့် တရားနာ၊ ရဟန်းပြု၊ ရဟန္တာ ဖြစ်၊ ဇောတိကသူဌေးအလောင်းညီက ရဟန်း မပြုနိုင်သေးပါ၊ ကြီးမြတ်သော ကောင်းမှုပြုလိုပါသည်ဟု လျှောက်၍ အကိုရဟန္တာက ဘုရားရှင်၏ ဂန္ဓကုဋီကျောင်း ဆောက်စေ။

ရွှေ ငွေ ပတ္တမြား ရတနာ၇ပါးစီခြယ်သော တိုင် အမိုးအုတ်တို့ဖြင့် ဆောက်၊ နံ့သာ ၄မျိုးရေတို့ဖြင့် ပြည့်သော ကြာမျိုး ၅ပါး ပေါက်သော ကန် ၃ကန်၊ ထုပိကာအထွတ်ကား ရွှေနှင့် သန္တာတို့ဖြင့်ပြီး၊ မြကျောက်အမိုး၊ ကျောင်းဝန်းတခုလုံးကို ပုဆစ်ဒူးနစ်မျှ ရတနာ ၇ပါးတို့ဖြင့် ကြဲဖြန့်၍ ပြည့်စေ။

မေဏ္ဍကသူဌေးအလောင်း တူတော်သူကို ကျောင်းဆောက်ရာ၌ ပါဝင်ခွင့်ကို ဦးလေးသူကြွယ်က မပေး၊ ဂန္ဓကုဋီကျောင်းရှေ့၌ ရတနာ၇ပါးဖြင့်ပြီးသော ဆင်ဝင်ဧည့်ခံဆောင် ဆောက်လုပ်လှူ။

ကျောင်းတော်ကြီးကို ဘုရားရှင်အားလှူသော် ဘုရားရှင် ဝင်တော်မမူသည်တွင် အကိုရဟန္တာက အစောင့်ထားစေ၊ သူကြွယ်က ယူလိုသူတို့ လက်ဆုပ်ဖြင့် ယူစေ၊ ခြင်းတောင်းအိတ်တို့ဖြင့် မယူစေ၊ ကုန်သော် ၃ကြိမ်တိုင် ပြန်ဖြည့်စေ။

ဘုရားရှင်၏ ရောင်ခြည်တော်နှင့် ပန်းရကာ ဖူး၍မရောင့်ရဲစေရန် ခြေတော်ရင်း၌ သစ္စာငဆစ်သီး

ပမာဏရှိ အဖိုးအတိုင်းမသိသော အမျက်ကျောက်ရတနာကြီးကို ပူဇော်ထား၊ တိုကျောက်ကို ခိုးယူ၊ ဘုရားရှင်ကို လျှောက်ထား၍ တပည့်တော်၏ဥစ္စာကို ချည်မျှင်တပင်ကိုမျှသော်လည်း ရာပေါင်းများစွာသော မင်းတို့ ခိုးသူတို့ အနိုင်အထက် မသိမ်းပိုက် မလုယက်နိုင်ပါစေသတည်း၊ ရေမီးတို့ မဖျက်ဆီးနိုင်ပါစေသတည်းဟု ဆုတောင်းခဲ့။

ကျောင်းရေစက်ချပွဲကို ဇလတိုင် ကျင်းပ၊ ဘုရားရှင်နှင့် သံဃာတော် ဖြသန်းဇသိန်းကို တိစီဝရိက် သင်္ကန်း ၃ထည်စီဖြင့် လှူ၊ အငယ်ဆုံးသံဃာရသော သင်္ကန်းသည်ပင် အဖိုးတသိန်း ထိုက်။

၃-ယခု နောက်ဆုံးဘဝ

ဂေါတမဘုရားရှင် ပွင့်ရာကာလ၊ ရာဇဂြိုဟ်ပြည်၊ သူဌေးမျိုး၊ ဖွားသော် တပြည်လုံး လက်နက်များနှင့် အဆင်တန်ဆာများ အလျှံတပြောင်ပြောင်တောက်၊ ထို့ကြောင့် ဇောတိကဟု အမည်ပေး၊ ဗိမ္ဗိသာရမင်းကြီး က ဖခင်သူဌေးကြီးကို အကြောင်းမေး၊ သိသော် တနေ့ နို့ဖိုး တထောင် ပေးစေ။

၄-သိကြား ဖန်ဆင်းသောအိမ် - ၇ချက်

အရွယ်ရောက်သော ဇောတိကသူဌေးသားအတွက် အိမ်ဆောက်ရန် မြေသုတ်သင်ရှင်းလင်းစဉ် သိကြားနေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ပူနွေး၊ ထိုနေရာသို့ သိကြားလာ၍ [၁]၁၆မင်းပယ် ကျယ်သော မြေနေရာကို စူးစူးစိုက်စိုက် ကြည့်လိုက်ရာ ကသိုဏ်းဝန်းပမာ ညီညွတ်သော မြေအပြင် ဖြစ်၊ [၂]ရတနာ ၇ပါးဖြင့်ပြီးသော ဘုံ ၇ဆင့်ရှိ / ၇ထပ် ပြာသာဒ် မြေကိုခွဲ၍ ပေါ်၊ [၃]ရတနာ ၇ပါးဖြင့်ပြီးသော တံတိုင်း ၇ထပ်၊ [၄]ထိုတံတိုင်း ၇ထပ် အကြား ပဒေသာပင်များ ပေါက်၊ [၅]ပြာသာဒ်၏ ထောင့် ၄ထောင့်၌ တထောင့်လျှင် ရတနာ ၇ပါးအပြည့်ရှိသော ရွှေအိုးကြီး တလုံးစီဖြင့် ၄လုံး၊ [၆]ထိုထောင့် ၄ထောင့်၌ပင် တထောင့်လျှင် ထန်းပင်ပျို ပင်စည်လုံးခန့်ရှိ မြရွက်များဖြင့် ရွှေကြံပင်ကြီး တပင်စီဖြင့် ၄ပင်၊ [၇]တံတိုင်း ၇ထပ်ရှိ တံခါးမုခ် ၇မုခ်၌ တမုခ်လျှင် အခြံအရံနတ်ဘီလူးများနှင့် နတ်ဘီလူး စစ်မှူးတဦးစီ စောင့်ရှောက်နေကြ။

၅-သူဌေးကတော်

ဥတ္တရကုရု မြောက်ကျွန်းသူ သတုလကာရီကို နတ်တို့ ဆောင်ယူလာကြ၊ မြောက်ကျွန်းဆန် တစလယ်နှင့် မီးကျောက် ၃လုံးသာ ပါလာ၊ ထိုဆန်ဖြင့်သာ သူဌေးကြီးတို့ အသက်ထက်ဆုံး စားသုံးကြ၊ ထိုဆန်တစလယ်ခွက်ထဲသို့ ဆန်လုည်းအစီးတရာ ဖြည့်လောင်းထည့်လျှင်လည်း ဆန်မှာ တစလယ်သာ ရှိ၊ ထမင်းချက်လိုသော် ဆန်ကို ထမင်းအိုးထဲထည့်၍ မီးကျောက် ၃လုံးပေါ်တင်၊ မီးအလျှံ တပြောင်ပြောင် တောက်လာ၍ ထမင်းကျက်သည်နှင့် အလျှံတို့ ငြိမ်း၊ ဟင်းလျာချက်လျှင်လည်း ဤအတိုင်းပင်၊ သူဌေးကြီး ထို့သည် မြကျောက်အရောင်ဖြင့်သာ နေ၊ မီးရောင် ဆီမီးရောင်တို့ဖြင့် မနေ။

၆-လူများလာကြည့်ကြခြင်း

သူဌေးကြီးဇောတိက၏ စည်းစိမ်ချမ်းသာအကြောင်း ဇမ္ဗူဒိပ်တကျွန်းလုံး ပြန့်၊ လူများ လာကြည့်ကြ၊ လာသမျှသောသူတို့အား မြောက်ကျွန်းဆန်ကို မြကျောက်ပေါ်တင်ချက်၍ ကျွေး၊ ဆန်မှာ မလျော့၊ အလိုရှိသမျှ ရွှေ ငွေရတနာများကိုလည်း ရွှေအိုးကြီးတို့ကို ဖွင့်စေ၍ ယူစေ၊ မလျော့၊ ဝိပဿီဘုရားရှင်၏ ဂန္ဓကုဋီကျောင်းဝန်းအတွင်း ဒူးဆစ်မြုပ်ရုံ ပုဆစ်ဒူးနစ်မျှ ရတနာများ ဖြန့်ကြဲသွန်းလောင်းလှူခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးဆက်။

၇-ဗိမ္ဗိသာရမင်းကြီး ဇောတိကသူဌေးကြီး၏ပြာသာဒ်ကို လာကြည့်ခြင်း

တံခါးမုခ်များမှ တံမျက်လှည်း အမှိုက်သွန်ကျွန်မတို့သည်ပင် သူဌေးကတော်ဟု ထင်မှတ်မှား ရလောက်အောင်ပင် တင့်တယ်ခမ်းနားလှရကား ၎င်းတို့ မင်းကြီးအားလက်ကမ်းသည်ကို မင်းကြီးသည် ရှက်နိုးရကား လက်မတင်ချေ၊ ပြာသာဒ်မှာ မြကျောက်ခင်းဖြစ်သဖြင့် အသူတရာနက်သော ချောက်ကမ်းပါးကြီးကဲ့သို့ ဖြစ်နေ၍ မင်းကြီး မဝင်ဝံ့သည်ကို သူဌေးကြီးက ရှေ့မှ နင်းဝင်ပြရ။

ပါလာသော အဇာတသတ်မင်းသားလေးက ဇာတ်နိမ့်သော သူကြွယ်က ရတနာ ၇ပါးအိမ်မှာ နေပြီး ငါ့အဖသည် မင်းဖြစ်ပါလျက်လည်း သစ်သားအိမ်ဖြင့်သာ နေ၊ ငါ  မင်းဖြစ်လျှင် ဤသူကြွယ်ကို ဤအိမ်၌ နေခွင့်မပေးဟူသောအကြံ ဖြစ်။

နံနက်ပွဲတော်စာကို မြောက်ကျွန်းဆန်ဖြင့်ပင် တည်ခင်းရာ အလွန်ချိုမြိန် ကောင်းမွန်လှသဖြင့် မင်းကြီးများစွာစားသည်တွင် သူဌေးကြီးက အကြောင်းအကျိုးပြောပြပြီး အစာက ဩဇာများသဖြင့် ကိုယ်လက်မလေးလံစေရန်အလို့ငှါ လျှော့စားရန် လျှောက်၊ ဗိုလ်ပါ အခြံအရံ အားလုံးကိုလည်း ဤထမင်းဖြင့်ပင် ကျွေးကြောင်း ပြော။

သူဌေးကတော်ကြီးကို သူဌေးကြီးက မင်းကြီးအား ထန်းရွက်ယပ်ဝန်းဖြင့် ယပ်ခပ်စေ၊ မင်းကြီး၏ ဦးရစ်ခေါင်းပေါင်းမှ အနံ့ကြောင့် သူဌေးကတော်ကြီး မျက်ရည်ယိုကျ၊ မင်းကြီးက ငါ့အရှင်၏စည်းစိမ်ကို မင်းဘဏ္ဍာအဖြစ် သိမ်းယူရာ၏ဟု အောက်မေ့ကြောက်ရွံ့၍ ထင်၏ ဟု မိန့်၊ သူဌေးကြီးက ရတနာ ကျောက်မျက်အရောင်ဖြင့်သာ နေလေ့ရှိ၍ ဖြစ်ကြောင်းရှင်းပြပြီး မင်းကြီးလည်း ဤနေ့မှစ၍ ကျောက်ရောင်ဖြင့်သာ နေပါဟုဆိုကာ သန္ဓာငဆစ်သီး ပမာဏခန့်ရှိ အဖိုးအတိုင်းမသိသော ကျောက်မျက်ကို ဆက်သ။

၈-အဇာတသတ်မင်း သူဌေးကြီးတံ စစ်ချီခြင်း

မင်းကြီး၏ အခြံအရံစစ်တပ်ကြီးသည် မိမိတို့၏အရိပ်ကို ကျောက်မျက်ရတနာတံတိုင်း၌ မြင်ရသည်တွင် မချဉ်းကပ်ဝံ့ရှိသည်တွင် ပဌမတံခါးမုခ်မှ နတ်ဘီလူးက အခြံအရံများဖြင့် ထွက်လိုက်ရာ တပ်ပျက်၍ ပြေး၊ အဇာတသတ်မင်းလည်း ခြေဦးတည့်ရာ ပြေးရာ ဇေတဝန်ကျောင်းတော်သို့ ရောက်။

ဥပုသ်စောင့်နေသော သူဌေးကြီးကို တွေ့ ရန်တွေ့စကားပြောသော် သူဌေးကြီးက အသင်မင်းကြီး သည် အကျွန်ုပ်၏အိမ်ကို သိမ်းရန် သွားရောက်ခဲ့သလော? ဟုမေး၊ မှန်ကြောင်း မင်းကြီးက ပြော၊ သူဌေးကြီးက အသင်မင်းကြီးတဦးတည်း မဆိုထားဘိ၊ မင်း အထောင်သော်မှလည်း သိမ်းယူခြင်းငှါ မစွမ်းနိုင်ဟု ဆို၊ မင်းကြီးအမျက်ထွက်ရာ သူဌေးကြီးက သူ၏ လက် ၁၀ ချောင်းတွင် ဝတ်ဆင်ထားသော လက်စွပ်အကွင်း ၂၀ကို ချွတ်ယူနိုင်က ယူစေ၊ အဇာတသတ်မင်းသည် ဆောင့်ကြောင့်ထိုင်၍ ခုန်လျှင် အမြင့် ၁၈တောင်၊ ရပ်၍ခုန်လျှင် အတောင် ၈၀ တိုင်ရောက်အောင် အင်အားကြီးမားသော်လည်း ချွေးဒီးဒီးကျကာ မချွတ်ယူနိုင်၊ တိုအခါ သူဌေးကြီးက အလိုရှိလျှင် ဝတ်လဲတော်ကို ဖြန့်ခံလောဟုဆိုကာ လက်ချောင်းများကို ဖြောင့်ဖြောင့် အောက်သို့စိုက်ချလိုက်ရာ လက်စွပ်များ အလွယ်နှင့် ကျလာကြ။

၉-သူဌေးကြီး ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

သူဌေးကြီးသည် အဇာတသတ်မင်း၏ အပြုအမူကို သံဝေဂယူကာ ရဟန်းပြုခွင့် မင်းကြီးတံ တောင်း၊ အဇာတသတ်က သူဌေးကြီး၏အိမ်ကို အလွယ်ပင်ရထော့မည်ဟူသော အကြံဖြင့် ခွင့်ပြု၊ မကြာမီပင် ဇောတိကမထေရ်သည် ရဟန္တာဖြစ်၊ တပြိုင်နက်ပင် ပြာသာဒ်ကြီးနှင့် ဥစ္စာပစ္စည်းများ ပျောက်ကွယ်၊ မြောက် ကျွန်းသူကိုလည်း နတ်တို့ ဥတ္တရကုရုကျွန်းသို့ ပြန်ပို့။

၂။ ဇဋိလသူဌေးကြီး - ၄ချက်

၁-ရှေးကောင်းမှု

ဤကမ္ဘာ၌ ကဿပဘုရားရှင်လက်ထက်တွင် ဇဋိလသူဌေးကြီးအလောင်းသည် ရွှေပန်းထိမ်သည် ဖြစ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်၍ ဓါတုစေတီတော်ကြီး တည်ရာ၌ မြောက်ဘက်မုခ်၌ ရွှေ မလောက်၊ ရဟန္တာမထေရ်တပါးက မြို့ထဲမှ လူအပေါင်းအား တိုအကြောင်းကို သိစေ ဆောက်တည်စေ၊ ရွှေပန်းထိမ် သည်အိမ်သို့ ရောက်သော် ဇနီးနှင့် ရန်ဖြစ်ပြီးကာစ ရွှေပန်းထိမ်သည်သည် သင်၏ဘုရားကို ရေထဲပစ်ချ၍ သာ သွားပေတော့ဟု ပြော၊ ဇနီးက သတိပေးသဖြင့် ရဟန္တာကို တောင်းပန်ရှိခိုးပြီး ရဟန္တာ၏ဩဝါဒမိန့် ဆိုချက်အရ ရွှေပန်းခိုင်စိုက်ထားသော ရွှေပန်းအိုး ၃လုံးကို စေတီတော်ကြီး၌ ဌာပနာ၍ စိုသောဆံ စိုသောအဝတ်တို့ဖြင့် ဘုရားရှင်အား မိမိအပြစ်အတွက် တောင်းပန် ရှိခိုးကန်တော့၊ သူ၏သား ၃ယောက်ကို ရွှေပန်းအိုးများပြုရာတွင် ကူညီရန် ပြောရာ သားငယ်ကသာ ဝိုင်းကူခဲ့။

၂-ကြား ဘဝများ

ကဿပဘုရားရှင်ခေတ်ကာလတွင် ပြုခဲ့သော ဝစီကံဒုစရိုက်ကြောင့် ၇ဘဝတိုင် ရေမျှောခံရ။

၃-ယခုဘဝ

ဗာရာဏသီသူဌေးသမီးသည် ရုပ်အဆင်း အလွန်လှပ၍ မိဖများက ဘုံ ၇ဆင့်ရှိပြာသာဒ်၏

အထက်ဆုံးတွင် ကျွန်မထယောက်နှင့်ထား၊ ကောင်းကင်သွား ဝိဇ္ဇာမိုရ်ရှိတဦးကိုစွဲ၍ ကိုယ်ဝန်ရှိ၊ ဇဋိလ သူဌေးကြီးဖြစ်မည့်သား ဖွားသော် အိုးတွင်ထည့်၍ ဂင်္ဂါမြစ်၌ မျှောစေ။

မိန်းမ ၂ယောက်သည် မြစ်ကမ်း၌ ရေချိုးနေစဉ် တဦးက ထိုအိုးသည် ငါ့အိုးဟု ဆို၊ တဦးကမူ အတွင်းက ပစ္စည်းသည် ငါ့ပစ္စည်းဟု ဆို၊ အိုးထဲ၌ ကလေးကို တွေ့သော် တရားဖြစ်၊ မင်းကြီးထံရောက်သော် ကလေးအား အတွင်းကပစ္စည်း ငါ့ပစ္စည်းဟုဆိုသော မိန်းမကို ရစေ၊ မွေးဖွားစဉ်က ကိုယ်ဝန်အညစ်အကြေး များကို မသန့်စင်ရ ရကား ဆံပင်တို့မှာ ဆံကျစ်ပမာ ရှုပ်ထွေးနေသဖြင့် ဇဋိလဟု ခေါ်၊ ထိုမိန်းမသည် အရှင် မဟာကစ္စည်းမထေရ်၏ အလုပ်အကျွေး ဒါယိကာဖြစ်၊ ထိုကလေးကို သာမဏေပြုရန် မထေရ်အား ပေး။

မထေရ်သည် ဆင်ခြင်သော် ဤကလေးသည် ဘုန်းကြီးသောသတ္တဝါ ဖြစ်၊ ကြီးစွာသောစည်းစိမ်ကို ခံစားလိမ့်ဦးမည်၊ ယခုမူကား ငယ်သေး၍ ဉာဏ်လည်းမရင့်သေးဟု သိ၍ တက္ကသိုလ်ပြည်ရှိ ကုန်သည် ဒါယကာတဦးထံ အပ်၊ တနေ့ တိုကုန်သည် ရွာတပါးသို့ ခရီးသွားစဉ် ၁၂နှစ်ကြာ ရောင်းမကုန်သော ကုန်များကို တနေ့တည်းဖြင့်ပင် ရောင်း၍ကုန်၊ ကုန်သည်က သမီးနှင့် ထိမ်းမြားပေး၍ အိမ်ဆောက်စေ၊ အိမ်တက်သည့်နေ့ဝယ် ဇဋိလ အိမ်တံခါးခုံကို နင်းမိလျှင်ပင် အိမ်နောက်ဖက်၌ မြေကိုခွဲ၍ အတောင်၈၀ရှိ ရွှေတောင်ကြီးပေါက်၊ မင်းကြီးက သူဌေးကြီးရာထူး၌ထား၍ သူဌေးကြီး အဆောင်အယောင် အခမ်းအနား များဖြင့် ချီးမြှောက်၊

သား ၃ယောက်အရွယ်ရောက်သော် ရဟန်းပြုရန် စိတ်ညွတ်၊ ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် စည်းစိမ်တူ သူဌေးရှိခဲ့လျှင် ရဟန်းပြုမည်ဟု ကြံ၍ ရှာစေ၊ ဘဒ္ဒိယမြို့ရှိ မေဏ္ဍကသူဌေးကြီး၏ ရွှေဆိတ်ရုပ်များနှင့် စည်းစိမ်ကို တွေ့ ရှာသူတို့က ဇဋိလသူဌေးကြီးကို ပြောပြ။

သူဌေးကြီးက အဖိုးတသိန်းတန် ကမ္ဗလာတထည်ကိုပေး၍ နောက်ထမျိုး စည်းစိမ်တူ သူဌေးကို ရှာစေပြန်၊ ရာဇဂြိုဟ်ပြည် ဇောတိကသူဌေးကြီးထံရောက်၍ ထိုကမ္ဗလာကို သူဌေးကြီးက အမှိုက်စွန့်သော ကျွန်မကို ပေးစေရာ ထိုကျွန်မက ငိုး၍ အပြစ်ရှိက ရိုက်နှက်ပါ၊ ဤကြမ်းထမ်းသော ကမ္ဗလာကို မဝတ် မခြုံနိုင်ပါဟု ပြော၊ သူဌေးကြီးက ခြေသုတ်ရန် ပေးခြင်းဖြစ်သည်ဟု ပြောမှ လက်ခံ။

ဤသည်တို့ကိုသိရသော ဇဋိလသူဌေးကြီးသည် သား ၃ယောက်ကိုခေါ်၍ စိန်ချွန်းဖြင့် ရွှေတောင်ကို ပေါက်စေ၊ သားကြီးနှင့် သားလတ်တို့ ပေါက်သောအခါ ကျောက်ဖျာကဲ့သို့ ဖြစ်၍ သားငယ်ပေါက်သော အခါမှ အလွှားလိုက် အစုလိုက် လွယ်လင့်တကူ ကျလာ၊ ကဿပဘုရားရှင် လက်ထက်အခါက ဖခင်ကို ကူခဲ့သော ကောင်းမှုကြောင့် ဖြစ်၊ သူဌေးကြီးက ဤရွှေတောင်ကြီးသည် ငါနှင့် သင်တို့၏ညီငယ်တို့ကြောင့် ပေါ်လာခြင်းဖြစ်၊ ညီငယ်နှင့် တပေါင်းတည်း ဖြစ်၍ စားသုံးကြလော့ဟု ဆို။

၄-ရဟန္တာ ဖြစ်ခြင်း

ထို့နောက် သူဌေးကြီးသည် ရဟန်းပြုပြီး ၂ရက် ၃ရက်အတွင်းမှာပင် အရဟတ္တဖိုလ်သို့ ရောက်။

၃။ ပုဏ္ဏသူဌေးကြီး

သူဌေးကြီး၏ အကြောင်း အဋ္ဌုပ္ပတ်အကျယ်ကို (ဧတဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ဥပါသိကာ များ ၁၀ဦး - အနက်မှ - နန္ဒမာတာဥတ္တရာ) တွင် ကြည့်ပါ။

၄။ ကာဠဝဠိယ / ကာကဝလိယသူဌေးကြီး

ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ကာဠဝဠိယသူဆင်းရဲတဦး ရှိ၊ တနေ့ သူ၏ဇနီးသည် ဟင်းရွက်နှင့်ရောသောယာဂုချဉ်ကို နိရောဓသမာပတ်မှ ထတော်မူလာသော အရှင်မဟာကဿပမထေရ်မြတ်ကြီးအား မိမိတို့ဖို့မချန်ပဲ လောင်းလှူ၊ မထေရ်မြတ်သည် ဘုရားရှင်နှင့် ရဟန်း ၅၀၀တို့အား ထိုယာဂုချဉ်ဆွမ်းကိုပင် ကပ်လှူရာ လောက်ငစွာ ဘုဉ်းကြရ၊ အရှင်မြတ်သည် ယာဂုဒါယကာ ကာဠဝဠိယတို့ရရှိကြမည့်အကျိုးကို ဘုရားရှင်အား မေးလျှောက်ရာ ၇ရက်မြောက်နေ့၌ သူဌေးဖြစ်လိမ့်မည်ဟု မိန့်၊ ဆွမ်းကျန်လာတောင်းစားသော ကာဠဝဠိယကြားပြီး ဇနီးအား ပြန်ပြောပြ။

ဗိမ္ဗိသာရမင်းကြီးသည် မြို့ကို လှည့်လတ်သော် အရှင်လတ်လတ် တံကျင်လျှို၍ ကားစင်တင်ခံထားရသော ရာဇဝတ်သားတဦးက အရှင်မင်းကြီး ပွဲတော်စာကို ပို့စေလိုပါသည်ဟု ဟစ်အော်ပြော၊ ပို့ပေးမည်ဟု ပြန်မိန့်၊ ညပွဲတော်စာ အချိန်ကျမှ သတိရ၊ ပို့မည့်သူကို ရှာစေ၊ ရာဇဂြိုဟ်ပြည်ဝန်းကျင်သည် ကြမ်းကြုတ်သောဘီလူးများ လှည့်လည်ကျက်စားရာဖြစ်သဖြင့် မည်သူမျှ မသွားဝံ့သဖြင့် အသပြာ တထောင်ပေးစေ၍ လှည့်ရှာ၊ တတိယ အကြိမ်မြောက် ရှာရာ၌ ကာဠဝဠိယ၏ဇနီးက ထိုအသပြာထောင်ထုပ်ကို ယူလိုက်။

ထိုသူမသည် ယောက်ျားတဦးကဲ့သို့ ဝတ်ကာ ကိုယ်၌ လက်နက် ၅ပါး ဖွဲ့ချီလျက် ပွဲတော်အုပ်ယူ၍ ထွက်၊ မြို့ပြင်ရောက်သော် ထန်းပင်နေ ဒီဃတာလနတ်ဘီလူးသည် သင်သည် ငါ့အစာဖြစ်ပြီဟု ပြော၊ ကာဠဝဠိယဇနီးက သင့်အစာ မဟုတ်၊ ငါသည် မင်းကြီး၏တမန် ဖြစ်သည်ဟု ပြန်ပြော၊ ဘီလူးက သင်သည် သုမနနတ်မင်းကြီး၏သမီး ဒီဃတာလဘီလူး၏ဇနီး ကာဠီနတ်သမီးသည် သားကို ဖွားလေပြီဟု လမ်းတလျှောက် ဟစ်အော်သတင်းဆောင် ကြွေးကြော်ပါလော့ဟု ဆိုကာ ဤထန်းပင်အခြေရှိ ရွှေအိုး ၇လုံးကို ကြွေးကြော်ခအနေဖြင့် သင်ယူလော့ဟု ပေး၊ သုမနနတ်မင်းကြီးလည်း နှစ်လိုအားရရကား ဤသစ်ပင် အရိပ်အဝန်း ပြန့်နှံ့ရာအရပ်၌ ရှိသမျှသော ရွှေအိုးများကို သင့်အားပေး၏ဟု ဆို၊ ကားစင် ရှိရာရောက်သော် ရာဇဝတ်သားကို ထမင်းခွံ့ကျွေးပြီး ခံတွင်းကို သုတ်ပေး၊ မိန်းမ၏အတွေ့ဟု သိသော ရာဇဝတ်သားသည် သူမ၏ ဆံထုံးကို တအားကိုက်ထား၊ ဆံထုံးကို သန်လျက်ဖြင့် ဖြတ်၍ ပြန်။

မင်းကြီးထံရောက်သော် ရာဇဝတ်သားကို ထမင်းကျွေးပြီးကြောင်း အဘယ်အခြင်းအရာဖြင့် ငါ သိရမည်နည်းဟု မိန့်၊ ဆံထုံးအမှတ်အသားဖြင့် သိနိုင်ပါသည်ဟုဆိုကာ ဖြစ်ရပ်အကြောင်းစုံကို တင်လျှောက်၊ ရွှေအိုးများကို ယူစေကာ ထိုမျှများပြားသော ဥစ္စာတို့၏အရှင်ဖြစ်သော ကာဠဝဠိယကို သူဌေးကြီး အဆောင်အယောင်များ ပေးစေ၍ ရာဇဂြိုဟ်ပြည် သူဌေးကြီးရာထူးဖြင့် ချီးမြှောက်။

၅။ မေဏ္ဍကသူဌေးကြီး - ၄ချက်

၁-ရှေးကောင်းမှု

ဗုဒ္ဓကမ္ဘာထက် ဝိပဿီဘုရားရှင်၏ ဂန္ဓကုဋီကျောင်းတော်ကြီးကို ဦးလေးတော်သူ ဇောတိကသူဌေး အလောင်းက ဆောက်လုပ်နေရာတွင် ပါဝင်ခွင့် မရသဖြင့် တူဖြစ်သူ မေဏ္ဍကသူဌေးကြီးအလောင်းသည် ကျောင်း ရှေ့ဥပစာ၌ ဧည့်ခံဆင်ဝင်ခန်းမဆောင်ကို ရတနာ ၇ပါးတို့ဖြင့် စီခြယ်ဆောက်လုပ်၊ ၎င်းကို ရွှေဆိတ်ရုပ် ဖြရုပ်ဖြင့် ဝန်းရံထား၊ ခန်းမအလယ်၌ ရွှေဆိတ်ရုပ် ၄ရုပ်ခံသော ရွှေမဏ္ဍပပလ္လင်ပေါ်ဝယ် စန္ဒကူးနံ့သာမှီရာတံကဲပျဉ်နှင့် ရွှေ နေရာထိုင် / ထိုင်စရာအခင်း တည်ထား၊ ရွှေဆိတ်ရုပ် ၂ရုပ်ခံသော ခြေတင်ခုံပါ လှူဒါန်း၊ ရေစက်ချပွဲကို ၄လတိုင် ကျင်းပ၊ ဘုရားရှင်နှင့် သံဃာတော် ၆သန်း ၈သိန်းတို့ကို နေ့စဉ်လှူဒါန်း၍ နောက်ဆုံးနေ့၌ သံဃာတော်တို့အား တိစီဝရိက်သင်္ကန်း ၃ထည်ဆက်ကပ်၊ အငယ်ဆုံး သံဃာရသော သင်္ကန်းသည်ပင် အဖိုး တသိန်း ထိုက်။

၂-ကြားကာလ ဘဝ

ဤဘဒ္ဒကမ္ဘာ၌ ဗာရာဏသီပြည်ဝယ် သူဌေးကြီး ဖြစ်၊ တနေ့ နန်းတော်သို့ မင်းကြီးအားခစားရန် အသွား ပုရောဟိတ်ကို နက္ခတ်အကြောင်း မေး၊ ၃နှစ်ကြာလျှင် ဆာလောင်မွတ်သိပ်ခြင်းဘေး ဖြစ်မည်ဟု သိ၊ စပါးများကို ကျီအလုံးပေါင်း ၁၂၅ဝ၌၎င်း၊ အိုးစရည်းကြီးများနှင့်၎င်း၊ မြေတွင် မြှုပ်၍၎င်း၊ မြေညက်နှင့် လိမ်းကျံ၍ အိမ်နံရံတို့ ကို လိမ်းကျံစေ၍၎င်း သိုလှောင်ထား၊ ဘေး ရောက်လာ၍ ကျီနှင့် အိုးစရည်းကြီးများမှ စပါးများကုန်သော် အခြံအရံများကို ၎င်းတို့အရပ်သို့ ပြန်လွှတ်၊ ပုဏ္ဏတဦးသာ ကျန်၊ မြေထဲနှင့် နံရံတို့မှ စပါးများ ကုန်လတ်သော် နံရံခြေရှိ မြေညက်တို့မှ ဆန်တစလယ် ရ၊ မြေမြှုပ် သိမ်း၊ ထိုဆန်တို့ဖြင့် ထမင်းချက်ပြီး စားအံ့ဆဲဆဲ၌ သမာပတ်မှ ထလာသော ပစ္စေကဗုဒ္ဓါတဆူသည် ဆွမ်းခံကြွလာ၊ သူဌေးသည် မိမိအဖို့ဆွမ်းအားလုံးကို သပိတ်အတွင်းသို့ လောင်းလှူပြီး - ‘၁ ဖြစ်ရာဘဝတို့၌ ဤဆာလောင်ခြင်းဘေး ကို မတွေ့ရသည် ဖြစ်ရပါလို၏။

၂ ဤနေ့မှစ၍ ဇမ္ဗူဒိပ် ကျွန်းအလုံးမှ လူအပေါင်းအား မျိုးရိက္ခာတမင်း ပေးလှူနိုင်ရပါလို၏။

၃ လက်ဖြင့် အလုပ်လုပ်၍ အသက်မမွေးလိုပါ၊

၄ စပါးကျီ အလုံးပေါင်း ၁၂၅ဝကို သုတ်သင်ရှင်းလင်းပြီး ဦးခေါင်းဆေးလျှော်ကာ ကျီတံခါးဝ၌ ထိုင်၍ အထက်ကောင်းကင်သို့ မော်ကြည့်ကာမျှနှင့်ပင် သလေးနီစပါးမိုး ရွာ၍ ကျီများကို ပြည့်ပါစေ ကုန်သတည်း၊

၅ ဖြစ်ရာဘဝတို့၌လည်း ဤဇနီး၊ ဤသား၊ ဤချွေးမနှင့် ဤကျွန်တို့သည်သာ တပည့်တော်၏ ဇနီး၊ သား၊ ချွေးမနှင့် ကျွန်တို့ ဖြစ်ပါစေသတည်း’ ဟု ဆုတောင်း၊ သူဌေးကတော်ကြီး၊ သား၊ ချွေးမနှင့် ကျွန်ကိုသည်လည်း မိမိတို့၏ဝေစုများကို အသီးသီး လှူကြပြီးနောက် မိမိတို့ နှစ်လိုရာဆုများ တောင်းကြ (သူကြွယ်မိသားစု ၅ဦး၏ အာနုဘော် ၅ပါး - ကို ကြည့်ပါ) ၊ အရှင်မြတ်သည် အဓိဋ္ဌာန်၍ ကောင်းကင်ခရီးဖြင့်

ဂန္ဓမာဒနတောင်သို့ကြွ၍ သီတင်းသုံးဖေါ် ပစ္စေကဗုဒ္ဓါ အဆူ ၅၀၀တို့ လောက်လောက်ငင ခွဲဝေသုံးဆောင်ကြနေသည်ကို သူဌေးကြီးတို့ မိသားစု မြင်ကြရ။

ဆာ၍ လျှောင်းကြပြီးနောက် နိုးသော် သူဌေးကြီးက ဆာ၍ ထမင်းအိုးထဲ၌ ထမင်းချိုးအကပ်အသပ်များ ကျန်သေးသလောဟု သူဌေးကတော်ကြီးကို ကြည့်ခိုင်း၊ ထမင်းအိုးသည် ထမင်းများဖြင့် ပြည့်နေသည်ကို တွေ့၊ မိသားစု စားကြ၊ ပဌမခူးသောအရာသာ ထင်၍ ပြည့်မြဲပြည့်နေ၊ လူအပေါင်းတို့ကိုလည်း ထိုထမင်းအိုးမှပင် ယူစေ။

၃-ယခု ဘဝ

ဂေါတမဘုရားရှင် ပွင့်ရာကာလ၌ ဘဒ္ဒိယမြို့ သူဌေးမျိုး၌ဖြစ်၊ သူဌေးကတော်ကြီးလည်း သူဌေးမျိုး၌ပင်ဖြစ်၍ အရွယ်ရောက်သော် ဆုတောင်းအတိုင်း တိုသူဌေး၏ သူဌေးကတော်ပင် ဖြစ်၊ စန္ဒပဒုမာဟု တွင်၊ ထိုသူဌေးအိမ်၏ အနောက်ဖက် ၈မင်းပယ် မြေအပြင်၌ ဝိပဿီဘုရားရှင်လက်ထက်၌ ပြုခဲ့သော ကောင်းမှုကြောင့် ဆင် မြင်း ဥသဘအရွယ်မျှရှိသော ရွှေဆိတ်ရုပ်တို့ ကျောက်ကုန်းချင်းထိကာ မြေကိုခွဲ၍ ပေါ်လာ၊ တောပတ် ဆီ ပျား တင်လဲ အဝတ်အထည် ရွှေ ငွေတို့ကို အလိုရှိလတ်သော် ထိုဆိတ်ရုပ်တို့၏ ခံတွင်းမှ ထွက်လာ၊ ဇမ္ဗူဒိပ်ကျွန်းအနှံ့ လူအပေါင်းတို့သည် မိမိတို့ အလိုရှိသည်တို့ကို ရွှေဆိတ်ရုပ်တကောင်တည်းမှပင် လောက်စွာ ယူ၍ရကြ၊ တို့ကြောင့် မေဏ္ဍကသူဌေး= ရွှေဆိတ်ရုပ်သူဌေးဟု တွင်၊ ဆုတောင်းများအတိုင်း ရှေးဘဝက သား ချွေးမ ကျွန်တို့လည်း သား ဓနဥ္စယသူဌေး၊ ချွေးမ သုမနဒေဝီ၊ ကျွန် ပုဏ္ဏတို့ ဖြစ်လာကြ၊ သားနှင့် ချွေးမတို့သည် ဝိသာခါ ကျောင်းအမကြီး၏ မိဖများ ဖြစ်ကြ။

၄-သောတာပန် ဖြစ်ခြင်း

သူဌေးကြီးသည် သောတာပန် (ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ဥပါသိကာများ ၁ဝဦး - အနက်မှ - ဝိသာခါ [မိဂါရမာတာ] ကို ကြည့်ပါ။) ဖြစ်ပြီးသောအခါ ဘုရားရှင်အား မိမိဘုရားရှင်ထံသို့ လာရောက်စဉ်က တိတ္ထိတို့သည် ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြော၍ တားမြစ်ကြကြောင်း လျှောက်၊ ဘုရားရှင်က "သတ္တဝါတို့မည်သည် မိမိ၏ ကြီးစွာသောအပြစ်ကို ကောက်ကျစ်သော ငှက်မုဆိုးသည် မိမိကိုယ်ကို သစ်ခက်ထို့ဖြင့် ဖုံးသကဲ့သို့ ဖုံးလွှမ်း၍ သူတပါး၏အပြစ်ကို မရှိသည်ကိုပင် အရှိပြု၍ ထိုထိုအရပ်၌ ဖွဲ့အဖျင်းကဲ့သို့ လှေ့လွှင့် ပြောကြားတတ် ၏။" ဟု ဓမ္မပဒဂါထာကို ဟောတော်မူရာ များစွာသောသူတို့ သောတာပတ္တိဖိုလ်သို့ ရောက်ကြ။

၈ ရာဇဂြိုဟ်ပြည်ရှိ တောင် ၅လုံး (ကလသိဂိလိသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ ဝေဘာရတောင်၊ ၂ ပဏ္ဍဝတောင်၊ ၃ ဝေပုလ္လတောင်၊ ၄ ဂိဇ္ဈကုဋ်တောင်၊ ၅ ကလသိဂိလိတောင်။

၉ ရေလှူကျိုး ၂ ခု

၁။ ၈ပါး (အပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ နတ်မင်းအပေါင်းထက်မြတ်သောနတ် အကြိမ်များစွာ ဖြစ်၊ ၂ စကြဝတေးမင်း အကြိမ်များစွာ ဖြစ်၊ ၃ အပါယ် ၄ပါးသို့ မရောက်ရ၊ ၄ ရောက်ရာအရပ်၌ ရေမရှား၊ ၅ ရောဂါကင်း၊ ၆ အဆင်းလှ၊ ၇ ဆောင်း၊ နွေရာသီ များ၌ လိုအပ်၍တောင့်တလျှင် ကြီးသောမိုးကို ရွာသွန်းစေနိုင်၊ ၈ ကိလေသာမြူကင်း။

၂။ ၁၀ပါး (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာ ရေးဦးစီး)

၁ သန့်ရှင်းကြည်လင်ခြင်း၊ ၂ ကျော်စောထင်ရှားခြင်း၊ ၃ အခြံအရံပေါများခြင်း၊ ၄ လျင်မြန် ဖျတ်လတ် သွက်လက်ပေါ့ပါးခြင်း၊ ၅ ရေတော်မွတ်သိပ်မှု ကင်းဝေးခြင်း၊ ၆ အသက်ရှည်၊ ၇ အဆင်းလှ၊ ၈ ချမ်းသာကြီး၊ ၉ ပညာကြီး၊ ၁၀ ခွန်အားကြီး။

၁၀ ရေသုတ်ပဆိုး လှူရကျိုး ၆ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ရွှေအဆင်းနှင့်တူသော အဆင်း၊ ၂ မြူ မလိမ်းကျံ မကပ်ငြိ၊ ၃ အညစ်အကြေးကင်း မလိမ်းကျံ၊ ၄ ပြိုးပြိုးပြက် အရောင်ထွက်၊ ၅ တန်ခိုးကြီးမား၊ ၆ ပြေပြစ်သောကိုယ်။

၁၁ ရေ၌ ကျင်ကြီးကျင်ငယ်မစွန့်သူ ၃ဦး (အလီနစိတ္တဇာတ်၊ ဒုဋ္ဌဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ဆင်အာဇာနည် ၂ မြင်းအာဇာနည် ၃ ယောက်ျားအာဇာနည်။

**၁၂ ရောဂါ ဝေဒနာ / အနာမျိုး ၄ ခု**

၁။ ရောဂါ ပျောက်ငြိမ်းခြင်းငှါ ပွားအပ်သောသညာ ၁၀ပါး (ဂိရိမာနန္ဒသုတ်၊ သစိတ္တဝဂ်၊ ဒုတိယပဏ္ဏာသက၊ ဒသက နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အနိစ္စသညာ- သင်္ခါရတရားတို့၏ မမြဲစွဲမှု၌ (ပွားရှုမှတ်ခြင်း)၊ ၂ အနတ္တသညာ- အစိုင်အခဲ မြဲစွာ မ တည်နေခြင်း၌ (...)၊ ၃ အသုဘသညာ- မတင့်တယ်ခြင်း၌ (...)၊ ၄ အာဒီနဝသညာ- ကိုးစားရာမရှိ ဆင်းရဲအတိ ဖြစ်ခြင်း၌ (...)၊ ၅ ပဟာနသညာ- ပယ်ရှားစွန့်ပစ်ခြင်း၌ (...)၊ ၆ ဝိရာဂသညာ- တပ်မက် ကင်းခြင်း၌ (...)၊ ၇ နိရောဓသညာ- ချုပ်ငြိမ်းပြတ်စဲခြင်း၌ (...)၊ ၈ အနဘိရတိသညာ- လောကကြီး၌ မွေ့လျော်ဖွယ်မရှိခြင်း၌ (...)၊ ၉ အနိစ္စာသညာ- ပြုပြင်ရသောလောကတွင် အလိုမဲ့ခြင်း၌ (...)၊ ၁၀ အာနာ ပါနဿတိ- ထွက်သက် ဝင်သက်ကို အောက်မေ့ခြင်း၌ ပွားရှုမှတ်ခြင်း။

၂။ ရောဂါ / ဝေဒနာ ဖြစ်ရခြင်းအကြောင်း ၈ပါး (သမဏာသုခမာလသုတ်၊ ဖာသုဝိဟာရဝဂ်၊ ပဥ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ သီဝကသုတ်၊ အဋ္ဌသတပရိယာယဝဂ်၊ ဝေဒနာသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တ ပိဋက။ အကုသလစ္ဆေဒနပဥှာ၊ ဣဒ္ဓိဗလဝဂ်၊ မိလိန္ဒပဥှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ လေကြောင့်၊ ၂ သည်းခြေကြောင့်၊ ၃ သလိပ်ကြောင့်၊ ၄ အထက်ပါအကြောင်းတို့ ပေါင်းဆုံမိခြင်း - သန္နိပါတ်ကြောင့်၊ ၅ ဥတုဖောက်ပြန်သောကြောင့်၊ ၆ အစာအာဟာရ မညီညွတ်မှုကြောင့်၊ ၇ သူတပါးတို့ လုံ့လ ပယောဂကြောင့်၊ ၈ ကံအကျိုးပေးကြောင့်။

၃။ အနာမျိုး ၉၆ ပါး (ဒသင်္ဂုတ္တရ ဋ္ဌ။ မဟာနိဒ္ဒေသ ဋ္ဌ။ သုတေသနာသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ) အကျဉ်းသာ။ အကျယ်ကို အဌန်းပါကျမ်းများ၊ မြန်မာပြန်ကျမ်းများ၌ ကြည့်ပါ။

၁ - ၃၂ သည်းခြေနာများ၊ သည်းခြေကြောင့် ဖြစ်သော အနာများ။ ၃၃ - ၆၄ သလိပ်နာများ၊ သလိပ်ကြောင့်ဖြစ်သောအနာများ။ ၆၅ - ၉၆ လေနာများ၊ လေကြောင့်ဖြစ်သော အနာများ။

၄။ အနာမျိုး ၉၈ ပါး (တေမိဇာတ် ဋ္ဌ။ သုတေသနာသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ - ၉၆ အထက်ပါအတိုင်း၊ ၉၇ ခြေသည်း၊ လက်သည်းခြစ်မိသောအနာ၊ ၉၈ ဝက်ရူး၊ ကြက်ရူးနာ။

၁၃ ရောက်လေရာရာ၌ အပူဇော်ခံရခြင်း အကြောင်း ၄ပါး (စိတ္တဂဟပတိဝတ္ထု၊ ပကိဏ္ဏကဝဂ်၊ ဓမ္မပဒ၊ ခု၊ သုတ္တန္တပိဋက)

၁ သဒ္ဓါတရား ရှိခြင်း၊ ၂ သီလနှင့် ပြည့်စုံခြင်း၊ ၃ အခြံအရံနှင့် ပြည့်စုံခြင်း၊ ၄ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း။

## ၁၄ ရင်ဝလုံစူး ဦးခေါင်းမီးလောင် ၂ စု

၁။ ရင်ဝလုံစူး ဦးခေါင်းမီးလောင်၊ သက္ကာယဒိဋ္ဌိ အမြန်ရှောင် (သတ္တိသုတ်၊ သတ္တိဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူနေစဉ် နတ်သားတပါး လျှောက်ထားသည်ကို ပြန်လည်မိန့်ဆို ဟောကြားတော်မူသည်။ "လှံဖြင့် အထိုးခံရသောသူကဲ့သို့၎င်း၊ ဦးခေါင်း၌ မီးလောင်ခံရသူကဲ့သို့၎င်း ရဟန်းသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ ၅ပါး၌ အမြင်မှားမှု-သက္ကာယဒိဋ္ဌိကိုပယ်ရန် သတိနှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏။"

၂။ အဝတ်ပုဆိုးသောင်၎င်း၊ ဦးခေါင်းသော်၎င်း မီးလောင်သော် လစ်လျူရှု၍၊ နလုံးမသွင်းမူ၍၊ သစ္စာ ၄ပါးတရားကို ထိုးထွင်း၍ သိရန် လုံ့လအားထုတ် မဆုတ်မနစ် ပြုရမည်။ (စေလ- အဝတ်ပုဆိုး၊ စေလသုတ်၊ သီသပါဝနဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁၅ ရောင်ခြည် / ရောင်လျှံ / အလင်းရောင် / အလင်း / အရောင် ၃ ခု

၁။ ရောင်ခြည် ၄မျိုး (ပဘာသုတ်၊ အာဘာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ လရောင်ခြည်၊ ၂ နေရောင်ခြည်၊ ၃ မီးရောင်ခြည်၊ ၄ ပညာရောင်ခြည်တို့တွင် ပညာရောင်ခြည်သည် အမြတ်ဆုံးဖြစ်သည်။

၂။ ရောင်လျှံ ၄မျိုး (ပဇ္ဇောတသုတ်၊ အာဘာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ လရောင်လျှံ၊ ၂ နေရောင်လျှံ၊ ၃ မီးရောင်လျှံ၊ ၄ ပညာရောင်လျှံတို့တွင် ပညာရောင်လျှံသည် အမြတ်ဆုံးဖြစ်သည်။

၃။ အလင်းရောင် ၄မျိုး (ဩဘာသသုတ်၊ အာဘာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အလင်း ၄မျိုး (အာလောကသုတ်၊ အာဘာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အရောင် ၄မျိုး (အာဘာသုတ်၊ အာဘာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ လ အလင်းရောင် / အလင်း / အရောင်၊ ၂ နေ အလင်းရောင် / အလင်း / အရောင်၊ ၃ မီး အလင်းရောင် / အလင်း / အရောင်၊ ၄ ပညာ အလင်းရောင် / အလင်း / အရောင်။

ပညာအလင်းရောင် / ပညာအလင်း / ပညာအရောင်သည်သာ အမြတ်ဆုံးဖြစ်သည်။

တနည်း။ အရောင် ၄မျိုး (ပဇ္ဇောတသုတ်၊ သဂ္ဂါဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ မာဃသုတ်၊ ပဌမဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ လ သည် ညအခါ ၌ ထွန်းလင်း၏၊ ၂ နေ သည် နေ့အခါ၌ ထွန်းလင်း၏၊ ၃ မီး သည် နေ့ရော ညပါ ထိုထိုအရပ်၌ထွန်းလင်း၏၊ ၄ မြတ်စွာဘုရား အရောင်တော်သည် အရောင်တကာတို့ထက် မြတ်၏။ ထိုမြတ်စွာဘုရားအရောင်တော်သည် အတုမရှိဖြစ်သည်။

၁၆ ရန်ငြိုး ၂ ခု

၁။ ရန်ငြိုးဖွဲ့ကြောင်း ၂ ခု

၁။ ရန်ငြိုးဖွဲ့ကြောင်း ၉ပါး ( သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ အာဃာတဝတ္ထုသုတ်၊ သတ္တာဝါသဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁-၃ ငါ့အကျိုးမဲ့ပြုဘူး၊ ပြုနေဆဲ၊ ပြုလတ္တံ့၊ ၄-၆ ငါချစ်နှစ်သက်သူ၏ အကျိုးမဲ့ပြုဘူး၊ ပြုနေဆဲ၊ ပြုလတ္တံ့၊ ၇-၉ ငါမချစ်နှစ်သက်သူ၏ အကျိုးကိုပြုဘူး၊ ပြုနေဆဲ၊ ပြုလတ္တံ့။

၂။ ရန်ငြိုးဖွဲ့ကြောင်း ၁၀ပါး (အာဃာတဝတ္ထုသုတ်၊ အာကင်္ခဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ ပုရာဘေဒသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ - ၉ အတက်အမှတ် ၁ပါ အတိုင်း၊ ၁၀ အရာမဟုတ်သည့်၌လည်း အမျက်ထွက်၏။

၂။ ရန်ငြိုးဖြေကြောင်း / ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျက်ကြောင်း တရား ၃ စု

၁။ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျက်ကြောင်း တရား ၅ပါး (အာဃာတပဋိဝိနယသုတ်၊ အာဃာတဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်ရာပုဂ္ဂိုလ်အပေါ်၌ မေတ္တာပွားခြင်း၊

၂ ကရုဏာ ပွားခြင်း၊

၃ ဥပေက္ခာ- လျစ်လျူရှုမှု ပွားခြင်း၊

၄ ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်ရာပုဂ္ဂိုလ်၌ သတိမထားခြင်း၊ နှလုံးမသွင်းခြင်း၊

**၅** ရန်ငြိုးဖွဲ့ခြင်း ဖြစ်ပေါ်ရာပုဂ္ဂိုလ်၌ ကံသာလျှင် မိမိဥစ္စာ၊ အမွေခံ၊ အကြောင်း၊ အဆွေအမျိုး၊ လည်းလျောင်းရာ ရှိ၏၊ ကောင်းသည်လည်းဖြစ်သော မကောင်းသည်လည်းဖြစ်သော ကံသာလျှင် အမွေခံစံရပေမည်ဟု နှလုံးသွင်းရာ၏။

၂။ ရန်ငြိုးဖြေကြောင်း ၉ပါး (အာဃာတပဋိဝိနယသုတ်၊ သတ္တာဝါသဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁-၃ ငါ့အကျိုးမဲ့ပြုဘူး၊ ပြုနေဆဲ၊ ပြုလတ္တံ့၊ ၎င်းတို့ကို တားမြစ်ရန် အဘယ်မှာ ရနိုင်အံ့နည်း?။ ၄-၆ ငါ ချစ်နှစ်သက်သူ၏ အကျိုးမဲ့ပြုဘူး၊ ပြုနေဆဲ၊ ပြုလတ္တံ့၊ ၎င်းတို့ကို တားမြစ်ရန် အဘယ်မှာ ရနိုင်အံ့နည်း?။ ၇-**၉** ငါမချစ်နှစ်သက်သူ၏ အကျိုးကိုပြုဘူး၊ ပြုနေဆဲ၊ ပြုလတ္တံ့။ ၎င်းတို့ကို တားမြစ်ရန် အဘယ်မှာ ရနိုင်အံ့နည်း?။

**၃**။ ရန်ငြိုးဖြေကြောင်း ၁၀ပါး (အာဃာတပဋိဝိနယသုတ်၊ အာကင်္ခဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ - ၉ အထက်အမှတ် ၂ပါ အတိုင်းကို တားမြစ်ရန် အဘယ်မှာ ရနိုင်အံ့နည်း? ၊ **၁၀** အရာမဟုတ်သည်၌ အမျက်မထွက်။

၁၇ ရန် / ရန်သူ **၅ စု**

၁။ ရန် ၅ပါး (ခုဒ္ဒကဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၅ပါး သီလကို ဖေါက်ဖျက်ကျူးလွန်က ထို **၅ပါးသောသီလတော်**ကို့သည် **ရန်** ဖြစ်သည်။

၂ ။ ရန်သူတို့နှစ်သက်၍ ၎င်းတို့အကျိုးကို ပြုတတ်သော တရား ၇မျိုး (ကောဓနသုတ်၊ အဗျာကတဝဂ်၊ သတ္တက နိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဤသူသည် အဆင်းမလှပါမူကား (ကောင်းလေရာ၏) ၊ ၂ ဆင်းရဲစွာ အိပ်ရပါမူကား (...) ၊ ၃ အကျိုးစီးပွားများပြားစွာ မဖြစ်ထွန်းပါမူကား (...) ၊ ၄ စည်းစိမ်ဥစ္စာ မရှိသူဖြစ်ပါမူကား (...) ၊ ၅ အခြံအရံ မရှိသူ ဖြစ်ပါမူကား (...)၊ ၆ အဆွေခင်ပွန်း မရှိသူဖြစ်ပါမူကား (...)၊ ၇ ဤသူသည် သေပြီးနောက် ငရဲသို့

ကျပါမူကား ကောင်းလေရာ၏။

<u>၃။ ရန်သူမျိုး ၅ပါး</u> (အာဒိယသုတ်၊ မဟာဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မီး၊ ၂ ရေ၊ ၃ မင်း၊ ၄ ခိုးသူ၊ ၅ မချစ်မနှစ်သက်အပ်သော အမွေခံဆိုး။

<u>၄။ ရန်သူလူသတ်သမား ၃ဦး</u> (ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဇာတိ- တောအုပ်၏ကျေးဇူးကိုပြော၍ ရန်သူသည် ထိုတောသို့ ယောက်ျားတဦးကို ခေါ်သွားသကဲ့သို့ ပဋိသန္ဓေ ချစ်လှစွာသော ဆွေမျိုးအဝန်းမှ ဆွဲငင်ထုတ်ယူ၍ ဂတိ ၅ပါးတွင် တပါးပါး၌ ဖြစ်စေခြင်း၊

၂ ဇရာ- အားနွဲ့အောင် ပြုလုပ်ရိုက်နက်ပုတ်ခတ်ခြင်း ခံရသကဲ့သို့ အားအင်ဗလ လျော့ကျ ဆုတ်ယုတ်ကာ အိုမင်းရင့်ရော်လာခြင်း၊

၃ မရဏ- သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်သကဲ့သို့ တဘဝ အတွက်တာ အသက်ဇီဝိတသန္တာန် အစဉ် ကုန်ဆုံးပြတ်ဆဲအောင် ပြုခြင်း။

၅။ ရန်သူလက္ခဏာ <u>၂၈</u>

<u>၁။ ရန်သူလက္ခဏာ ၄ခု</u> (မိတ္တာမိတ္တဇာတ်၊ ရုဟကဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ရန်ဘက်ဖြစ်သူကိုမြင်လျှင် မပြုံးမရွှင်နိုင်၊ ၂ အသံကိုကြားရလျှင် / ရန်သူလာသော် မနှစ်သက်နိုင်၊ ၃ ထိုသူနှင့် မျက်နှာချင်းမဆိုင် / မျက်နှာလွှဲ၊ ၄ ထိုသူ၏ဆန့်ကျင်ဘက်ကိုလည်း ပြု၏။

<u>၂။ ရန်သူလက္ခဏာ ၁၆ခု</u>- အပြန်သည် <u>အဆွေခင်ပွန်းကောင်းအခြင်းအရာ ၁၆ပါး</u> (မိတ္တာမိတ္တဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန် ၊ ခု၊သုတ္တန္တပိဋက)

၁-၄ အထက်ပါအတိုင်း၊ ၅ ရန်ဘက်ဖြစ်သူ၏ ရန်သူတို့ကို မှီဝဲဆည်းကပ်၊ ၆ ရန်ဘက်ဖြစ်သူ၏ မိတ်ဆွေတို့ကို မမှီဝဲမဆည်းကပ်၊ ၇ ချီးမွမ်းလိုသူကိုတားမြစ်၊ ၈ ဆဲရေးလိုသူကို မြှောက်ပင့်ချီးမွမ်း၊ ၉ ရန်ဘက်ဖြစ်သူအား လျှို့ဝှက်အပ်သော မိမိစကားကိုမပြော၊ ၁၀ ရန်ဘက်ဖြစ်သူ၏ လျှို့ဝှက်စကားကို မလျှို့ဝှက်၊ ၁၁ ရန်ဘက်ဖြစ်သူ၏အမှုကို မချီးမွမ်း၊ ၁၂ ရန်ဘက်ဖြစ်သူ၏ပညာကို မချီးမွမ်း၊ ၁၃ ရန်သူ၏ စီးပွားချမ်းသာ မပွားခြင်း၌ နှစ်သက်၊ ၁၄ ပွားများခြင်းကို မနှစ်သက်၊ ၁၅ ကောင်းမြတ်သော ဘောဇဉ် ရသော် ရန်သူအားပေးအံ့ဟု အောက်မေ့ခြင်းမဖြစ်၊ ၁၆ ရန်သူကို မရွှင်ပျကြောင်း၊ ဆင်းရဲကြောင်းမှ မစောင့်ရှောက်။

၁၈ ရန်အောင်ကြောင်း ၃ စု

၁။ ရန်အောင်ကြောင်း ၄ပါး (ဝါနရိန္ဒဇာတ်၊ အာသီသဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်ကို အရှင်ဒေဝဒတ်သတ်ရန် ကြံစည်မှုနှင့်စပ်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ဟော၊ ဘုရားလောင်းမျောက်မင်း၊ မြစ်ကမ်းနား၌နေ၊ မြစ်လယ်ကျွန်း၌ သရက်၊ ပိန္နဲ၊ မာလကာ သီးပင်များပေါ၊ ထိုကမ်းနားနှင့်ကျွန်းအကြားအလယ်တွင် ကျောက်ဖျာရှိ၊ မျောက်မင်းသည် ကျွန်းပေါ်တွင် တနေ့လုံး အစာစားပြီး ညနေချမ်းမှပြန်လာ၊ မြစ်ထဲမှ မိကျောင်းမ-စိဥ္စမာနအလောင်းက မျောက်ကြီး၏နှလုံးကို စားလိုကြောင်း အရှင်ဒေဝဒတ်အလောင်း မိကျောင်းဖိုကိုပြော၊ ညနေတွင် မျောက်မင်းက ကျွန်းမှ ပြန်မည်လုပ်ရာ ကျောက်ဖျာပေါ်တွင် မိကျောင်းဖိုတက်နေသဖြင့် ကျောက်ဖျာမှာမြင့်နေ၊ မျောက်မင်းက ကျောက်ဖျာကို မေးရာ စကားမပြန်၊ ဘာကြောင့်မပြန်သလဲဟုမေးပြန်ရာ မိကျောင်းဖိုက အကြောင်းစုံ ပြန်ဖြေ၊ မျောက်မင်းက သင့်ကို ငါခန္ဓာကိုယ်လှူမည်၊ ပါးစပ်ဖွင့်ထားရန် ပြော၊ မိကျောင်းယုံ၍ ပါးစပ်ဖွင့်ရာ မျက်စိမှိတ်သွား၊ မျောက်မင်းခုန်၍ လွတ်မြောက်၊ မိကျောင်းဖို ဤဂါထာရွတ်။

၁ စကားတည်ခြင်း၊ ၂ လိမ္မာမြော်မြင် ဆင်ခြင်ဉာဏ်ရှိခြင်း၊ ၃ ကြိုးစားအားထုတ်ခြင်း၊ ၄ စွန့်စားခြင်းရှိသူသည် ရန်သူကို အောင်နိုင်၏။

၂။ ရန်အောင်ကြောင်း ၄ပါး (စုဋ္ဌကာလိင်္ဂဇာတ်၊ ကာလိင်္ဂဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မိမိဘက်သားတို့အား (ကိုယ်ကို) ဆုံးမခြင်း၊ ၂ စိတ်၏မပြိုကွဲသော သမာဓိ၊ ၃ အမှုပြုသော ကာလ၌ ပျံ့လွင့်ခြင်းမရှိခြင်း၊ ၄ ယောကျ်ားတို့၏အားထုတ်ခြင်းဟု ဆိုအပ်သော မြဲမြံတည်ကြည်စွာသော ဝီရိယရှိခြင်း။

၃။ ရန်အောင်ကြောင်း ၃ပါး (တယောဓမ္မ- ရန်အောင်တရား၃ပါး၊ တယောဓမ္မဇာတ်၊ အာသီသဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

အရှင်ဒေဝဒတ် ဘုရားရှင်ကိုသတ်ရန် ကြိုးပမ်းမှုနှင့်ဆက်စပ်၍ ဝေဠုဝန်ကျောင်းတော်၌ဟော၊ အရှင်ဒေဝဒတ်လောင်း အဖမျောက်မင်းက ဘုရားလောင်း သားမျောက်ငယ်ကို ဖက်ယောင်ပြုပြီး လည်ပင်းညှစ်၍သတ်ရာ ပြန်ညှစ်သဖြင့်လွတ်၊ ဘီလူးစောင့်ရေကန်ရှိ ကြာပန်းများကို သားကိုမင်းမြှောက်ရန် ခူးခိုင်း၊ ဘုရားလောင်းမျောက်ငယ်က အဆင်းခြေရာသာတွေ့သဖြင့် ကန်ထဲမဆင်းပဲ တဖက်ကမ်းမှ တဖက်ကမ်းသို့ ခုန်ကူးရင်း လိုသောကြာများကို ခူး၊ ရေစောင့်ဘီလူးက အံ့ဩပြီး ဘုရားလောင်းထံချဉ်းကပ်၍ ဤဂါထာရွတ်။

၁ ပညာနှင့်ယှဉ်သော ကြိုးစားခြင်း၊ ၂ ရဲရင့်ခြင်း၊ ၃ အကြောင်းဥပါယ်၌ လိမ္မာခြင်း ရန်အောင်ကြောင်း တရားတို့ သင်၏ကိုယ်တွင်း၌ ရှိယောင်တကား။

၁၉ **ရုပ်ပြစ် / အက္ခဏ ၈ပါး** (ဒသုတ္တရသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ အက္ခဏသုတ်၊ ဂဟပတိဝဂ်၊ အင်္ဂုတ္တရနိကာယ်၊ အံ၊ သုတ္တန္တပိဋက)

ရုပ်ပြစ် ၈ပါးဟု သိကြသည်၊ ထိုးထွင်း၍သိနိုင်ခဲသော မြတ်သောအကျင့်ကို ကျင့်ခြင်းငှာ အခွင့်မဟုတ်သောအခါ - အက္ခဏ ၈ပါးဖြစ်သည်၊ ဘုရားပွင့်အခါ ၇ပါးနှင့် ဘုရားမပွင့်သောအခါ၌ တပါး။

ဘုရားပွင့်အခါ- ၁ ငရဲရောက်နေ၊ ၂ တိရစ္ဆာန်ဖြစ်၊ ၃ ပြိတ္တာဘုံ၌ ဖြစ်၊ ၄ အသက်ရှည်သော အရူပ အသညသတ်ဘုံ၌ ဖြစ်၊ ၅ ပစ္စန္တရာဇ် ဇနပုဒ်အရပ်၌ဖွား၊ ၆ မဇ္ဈိမဒေသ၌ဖွားသော်လည်း မှားသောအယူရှိ၊ ၇ ပညာမရှိ ဆွံ့အဖေါက်ပြန်သူဖြစ်၊ ၈ ဘုရားမပွင့်သောအခါ၌ မဇ္ဈိမဒေသ၌ဖွား။

## ၂၀ ရုပ် ၃ ၃

<u>၁။ ရုပ်တရား ၈မျိုး / **အဋ္ဌကလာပ် ရုပ်**</u> (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ပထဝီ၊ ၂ အာပေါ၊ ၃ တေဇော၊ ၄ ဝါယော၊ ၅ ဝဏ္ဏ၊ ၆ ဂန္ဓ၊ ၇ ရသ၊ ၈ သြဇ ဟူသော ရုပ်တရား သဘာဝသတ္တိ ၈မျိုး ပေါင်းစုနေကြသည်။

<u>၂။ ၁၁ပါး</u> (အနတ္တလက္ခဏာသုတ်၊ ပဉ္စဝဂ္ဂီ ၅ဦးတို့အား တရားဟောတော်မူခြင်း၊ မဟာခန္ဓက၊ မဟာဝဂ်၊ ခု၊ ဝိ။ စူဠသစ္စကသုတ်၊ မဟာယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ခန္ဓဝိဘင်း၊ ဝိဘင်္ဂပါဠိတော်၊ ခု၊ အဘိ)

၁ အတိတ် (ပြီးဖြစ်သောရုပ်)၊ ၂ အနာဂတ် (...)၊ ၃ ပစ္စုပ္ပန် (...)၊ ၄ အတွင်း (...)၊ ၅ အပ (...)၊ ၆ အကြမ်း / ရုန့်ရင်းရုပ်၊ ၇ အနု / သိမ်မွေ့ရုပ်၊ ၈ အယုတ်ရုပ်၊ ၉ အမြတ်ရုပ်၊ ၁၀ အဝေး (...)၊ **၁၁** အနီး၌ ဖြစ်သောရုပ်။

<u>၃။ ၂၈ပါး</u> (အဘိဓမ္မာသင်္ဂြိုဟ်။ လူတိုင်းအတွက်လက်တွေ့အသုံးချအဘိဓမ္မာကောက်နုတ်ချက်၊ ဘဒ္ဒန္တ သုစိတ္တာဘိဝံသ။ အထွေထွေဗဟုသုတမာတိကာကျမ်း၊ စိန္တာမဏိဦးချစ်မောင်)

ပူခြင်း၊ အေးခြင်းစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် ပြောင်းလဲဖေါက်ပြန်တတ်သော သဘောကို ရုပ်ဟု ခေါ်သည်။

ရုပ် ၂၈ပါး = အသဘာဝရုပ် ၁၀ပါး + သဘာဝရုပ် ၁၈ပါး

<u>အသဘာဝ / အနိပ္ဖန္နရုပ် ၁၀ပါး။</u>

၁ ပရိစ္ဆေဒရုပ် (အာကာသဓါတ်) တပါး၊

၂-၃ ဝိညတ်ရုပ် ၂ပါး = ကာယဝိညတ် (ကိုယ်အမူအရာ) တပါး + ဝစီဝိညတ် (နှုတ်အမူအရာ) တပါး၊

၄-၆ ဝိကာရရုပ် ၃ပါး = လဟုတာ (ရုပ်၏ ပေါ့ပါး ခြင်း အမူအရာ) တပါး + မုဒုတာ (နူးညံ့ခြင်း) တပါး + ကမ္မညတာ (လှုပ်ရှားခြင်း) တပါး၊ <u>ဝိကာရရုပ် ၅ပါး</u>တွင် ဝိညတ်ရုပ် ၂ပါပါသည်။ အထက်တွင် ဖေါ်ပြထားသည့်အတိုင်း သီးခြားပါပြီး ဖြစ်၍ အနိပ္ဖန္နရုပ်ကို ရေတွက်ရာတွင် ၎င်းတို့ကို မယူရပါ။

၇-၁၀ လက္ခဏာရုပ် ၄ပါး = ဥပစယ (ရုပ်တို့၏ ဖြစ်ပေါ်ခြင်း) တပါး + သန္တတိ (ဖြစ်စဉ်) တပါး + ဇရတာ (ရင့်ရော်ခြင်း) တပါး + အနိစ္စတာ (ချုပ်ပျက်ခြင်း) တပါး။

<u>သဘာဝ / နိပ္ဖန္နရုပ် ၁၈ပါး။</u>

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်ရသောရုပ်များဖြစ်၍ နိပ္ဖန္နရုပ်ဟု ခေါ်သည်။

၁-၄ မဟာဘုတ် ၄ပါး၊

၅-၉ ဝတ္ထုရုပ် / ပသာဒရုပ် ၅ပါး = မျက်စိ + နား + နှာ + လျှာ + ကိုယ်၊

၁၀ ဟဒယရုပ် တပါး၊

၁၁-၁၄ ဂေါစရရုပ် ၄ပါး = အဆင်း + အသံ + အနံ့ + အရသာ၊ <u>ဂေါစရရုပ် ၇ပါး</u>တွင် ဖောဋ္ဌဗ္ဗာရုံအနေဖြင့် ပထဝီ၊ တေဇော၊ ဝါယော ၃ပါး ပါဝင်သည်။ နိပ္ဖန္နရုပ်ကို ရေတွက်ရာတွင် ၎င်းတို့သည် မဟာဘုတ် ၄ပါး တွင် ပါပြီးဖြစ်၍ မယူရပါ။

၁၅-၁၆ ဘာဝရုပ် ၂ပါး = ဣတ္ထိဘာဝ + ပုလ်ဘာဝ၊

၁၇ ဇီဝိတ (အသက်) ရုပ်တပါး၊

**၁၈** အာဟာရ (အစာ) ရုပ်တပါး။ ပေါင်း = ရုပ် **၂၈ပါး။**

ထို ရုပ် ၂၈ပါးတွင် မဟာဘုတ် ၄ပါးမှတပါး ကျန် ၂၄ပါးမှာ ၎င်း ၄ပါးကိုမှီ၍ ဖြစ်သောကြောင့် <u>အမှီရုပ်-ဥပါဒါရုပ်</u>ဟု ခေါ်သည်။

၂၁ **ရုပ်ရည်အဆင်း လှပကြောင်း** / တင့်တယ်၍ ရွှေအဆင်း ဝါဝင်းသောကိုယ်ရေရှိကြောင်း ၄ပါး (ခုဒ္ဒကပါဠိတော် ၄။ ဒီ ၄။ ဗျာကိဏ္ဏမှတ်စု၊ ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဘုရားဖြူကျောင်းတိုက်။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အာမိသဒါန- အစာအာဟာရ လှူဒါန်းခြင်း၊

၂ ဝတ္ထဒါန- အဝတ်အရုံအထည်ကို လှူဒါန်းခြင်း၊

၃ သမ္မဇ္ဇန- တံမြက်လှည်းကျင်း သုတ်သင်ခြင်း၊

၄ အက္ကောဓနေ- အမျက်မထွက်ခြင်း။

၂၂ ရှာမှီးခြင်း **၂ စု**

<u>၁။ ၂ မျိုး (ပရိယေသနသုတ်၊</u> အဘိဉာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပါသရာသိ- ကျော့ကွင်းအစု၊ ပါသရာသိသုတ်၊ ဩပမ္မဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ <u>မမြတ်သောရှာမှီးခြင်း။</u> အရိယာမဟုတ်သူသည် အိုသောသဘော၊ နာသောသဘော၊ သေသောသဘော၊ ပူပန်စေတတ် နှိပ်စက်တတ်သောသဘောရှိသူ ဖြစ်လျက် ၎င်းတို့ကို ရှာမှီး၏။ ကိုယ်တိုင် [၁]ဇာတိ၊ [၂]ဇရာ၊ [၃]ဗျာဓိ၊ [၄]မရဏာ၊ [၅]သောက၊ [၆]သံကိလေသ- ညစ်ညူးခြင်းတရား <u>၆ပါး</u>တို့ရှိလျက် ၎င်းထရား

၆ပါးရှိသော သားမယား၊ ကျွန်မိန်းမ ကျွန်ယောက်ျား၊ ဆိတ်သိုးကြက်ဝက်၊ ဆင်နွားမြင်းမြည်းတို့ကို ရှာမှီး၏။ ဇာတိ၊ ဇရာနှင့် သံကိလေသ တရားသဘောရှိသော ရွှေငွေ အထည်ဝတ္ထုဒြဗ်တို့ကို ရှာမှီး၏။

၂ မြတ်သောရှာမှီးခြင်း။ အရိယာပုဂ္ဂိုလ်သည် အိုတတ်၊ နာတတ်၊ သေတတ်၊ ပူပန်နိပ်စက်တတ်သော သဘောရှိလျက် အတုမဲ့သော ယောဂ၏ကုန်ရာ နိဗ္ဗာန်ကို ရှာမှီး၏။ ဇာတိစသော ၆ပါးသောအရာတို့၏ အပြစ်ကို သိပြီးလျှင် ၎င်းတို့မရှိသော ဘေးကင်းရာနိဗ္ဗာန်ကို ရှာမှီး၏။

ကာမဂုဏ် ၅ပါးကို တပ်မက်ပြီး အပြစ်တို့ကို မရှုပဲ ဆင်ခြင်ဉာဏ်ကင်း၍ သုံးဆောင်က သားသမင်သည် ဖွဲ့ချည်မိသဖြင့် ကျော့ကွင်းစုကို ဖိအိပ်သကဲ့သို့ မာရ်ယုတ်အလိုရှိတိုင်း အပြုခံရသည်။ ထိုကာမဂုဏ် ၅ပါးကို မတပ်မက်ပဲ အပြစ်ထို့ကိုရှုလျက် ဆင်ခြင်၍ သုံးဆောင်က သားသမင်သည် ကျော့ကွင်းစုဖြင့် ဖွဲ့မချည်မိပဲ မုဆိုးမမြင်ရာသို့ရောက်ကာ မကြောက်မရွံ့ တောကြီး၌ လှည့်လည်သွားလာရသကဲ့သို့ ရဟန်းသည် ပဌမစျာန်မှစပြီး စတုတ္ထစျာန်၊ ဆက်၍ အာကာသာနဉ္စာယတနစျာန်မှ နိရောဓ သမာပတ် အရဟတ္တဖိုလ်ပေါက် ရောက်၍နေရ၏။

၂။ ရှာမှီးမှု- ဧသနာ ၃ မျိုး (ခုဒ္ဒကဝတ္ထုဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ ဧသနာသုတ်၊ ဧသနာဝဂ်၊ မဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ကာမေသနာ- ကာမဂုဏ်ကို ရှာမှီးမှု၊ ၂ ဘဝေသနာ- ဘဝကို ရှာမှီးမှု၊ ၃ ဗြဟ္မစရိယေသနာ- မှားသောအယူအကျင့်ဖြင့် ဗြဟ္မစရိယကို ရှာမှီးမှု။

၂၃ ရှေ့အရေးကို ရှေးမဆွကပင် ကြည့်ရှုအပ်သူ ၈ယောက် (ဗောဓိသတ္တဓမ္မတာပဉှာ၊ သဗ္ဗညုတဝဂ်၊ မေဏ္ဍက ပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ကုန်သည်သည် ရောင်းရန်ဥစ္စာကို (ရှေးမဆွကပင် ကြည့်ရှုအပ်၏) ၊ ၂ ဆင်ပြောင်ကြီးသည် နာမောင်းဖြင့်ခရီးကို မရောက်မီ (...)၊ ၃ လှည်းကုန်သည်သည် အနာဂတ် (လှည်းစခန်း) ဆိပ်ကို (...)၊ ၄ လှေသူကြီးသည် မရောက်သေးသောကမ်းကို ရှေးမဆွကပင်ကြည့်၍ လှေကို လွှင့်အပ်၏၊ ၅ ဆေးသမားသည် သူနာတံသို့ ရှေးမဆွကပင် အသက်ကိုကြည့်၍ ချဉ်းကပ်အပ်၏၊ ၆ တံတားကူးသူသည် ခိုင်သည် မခိုင်သည်အဖြစ်ကို သိပြီးမှ ကူးအပ်၏၊ ၇ ရဟန်းသည် ရှေးမဆွကပင် မရောက်သေးသောအခါကို ဆင်ခြင်၍ သုံးဆောင်ဖွယ်ကို သုံးဆောင်အပ်၏၊ ၈ ဘုရားလောင်းတို့သည် ရှေးမဆွကပင် မင်းမျိုးကိုင်၎င်း ပုဏ္ဏားမျိုးကို၎င်း ကြည့်အပ်၏။

၂၄ ရှည်လျားခြင်း ၃မျိုး (အညတရပုရိသဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၂၊ တည်တောဆရာတော်ကြီး)

၁ အိပ်မပျော် နိုးနေသောသူအား ညဉ့်တာရှည်လျား၏၊

၂ ခရီးပန်းသူအား ယူဇနာခရီးသည် ရှည်လျား၏၊

၃ သူတော်ကောင်းတရား မသိသူလူမိုက်တို့အား သံသရာသည် ရှည်လျား၏။

၂၅ ရွှေအဆင်းရှိသူ ၇ဦး (မဟာဟံသဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ လူ၊ ၂ ငါး၊ ၃ ပုဇွန်၊ ၄ လိပ်၊ ၅ သမင်၊ ၆ ဥဒေါင်း၊ ၇ ဟင်္သာ။

လ

၁ လားရာ ၄ခု (ဂါထာသင်္ဂဟိက၊ ပရိဝါပါဠိတော်၊ ခု၊ ဝိ)

၁ တောအုပ်သည် သားသမင်တို့၏ လားရာ / မှီခိုရာ ဖြစ်၏၊

၂ ကောင်းကင်သည် အတောင်ရှိသောငှက် တို့၏ လားရာဖြစ်၏၊

၃ ပျက်စီးခြင်းသည် သင်္ခတတရားတို့၏ လားရာဖြစ်၏၊

၄ နိဗ္ဗာန်သည် ရဟန္တာပုဂ္ဂိုလ်၏ လားရာဖြစ်၏။

၂ လူ ၁၂ ခု

၁။ လူ ၄မျိုး (ဝိမာနဝတ္ထု ဋ္ဌ။ ကျမ်းဦးမှတ်ဖွယ်၊ ဝိမာနဝတ္ထုနှင့် ပေတဝတ္ထုပါဠိတော် မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မနုဿနေရယိက- လူငရဲသား၊ ပြစ်မှုကျူးလွန်၍ အပြစ်ပေးခံနေရသူ၊

၂ မနုဿပေတ- လူပြိတ္တာ၊ ရှေးကောင်းမှုမပြုခဲ့၍ ဆင်းရဲစွာ ရှာဖွေစားသောက်နေရသူ၊

၃ မနုဿတိရစ္ဆာန- လူတိရစ္ဆာန်၊ သူတပါးနှင့်စပ်၍ အသက်မွေးရကာ မနေမနားသွားလာနေရသူ၊ လူ့ လောကစည်းမျဉ်းဥပဒေ ဖေါက်ဖျက်၍ ပြေးလွှားနေရသူ၊

၄ ပရမတ္ထမနုဿ- လူစင်စစ်၊ ကံနှင့် ကံ၏အကျိုးကိုယုံကြည်၍ ကုသိုလ်ကမ္မပထတရားများကျင့်သုံးပြီး ပုညကိရိယဝတ္ထုနှင့် ပြည့်စုံသူ။

၂။ လူတို့ ပျက်စီးကြောင်း / **အဓမ္မတရား** တရား ၃ပါး (စက္ကဝတ္တိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ တိကင်္ဂုတ္တရ ဋ္ဌ။ သုတ်ပါထေယျ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ အဓမ္မရာဂ- မတရားသော တပ်မက်ခြင်း၊ မိခင်၊ မိထွေး၊ အမ၊ ညီမစသည့် မလျော်သောသူတို့၌ ဖြစ်သောရာဂ၊

၂ ဝိသမလောဘ- သူတပါးပိုင်ဆိုင်သောဥစ္စာကို တပ်မက်ရယူလိုသော မမျှတသော အလိုရမ္မက် / သုံးဆောင်မှီဝဲသင့်သူတို့၌ အလွန်အကြူး လိုက်စားမှု၊

၃ မိစ္ဆာဓမ္မ- မှားသောအကျင့်တရား၊ ယောက်ျားချင်း မိန်းမချင်း တပ်မက်မှု / လိင်တူချင်းချင်း မေထုန်ကျင့်သော တဏှာရာဂ။

၃။ လူတို့အား ကျေးဇူးများကြောင်း တရား ၄ပါး (ဗဟုကာရသုတ်၊ အဘိညာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

(သောတာပန် - အနက်မှ - သောတာပန်အဖြစ်သို့ ရောက်ကြောင်း အင်္ဂါ ၄ပါး) - ကို ကြည့်ပါ။

၄။ လူတို့အား သနားစောင့်ရှောက်သော ကျောင်းထိုင်ရဟန်း၏ တရား ၅ပါး (အနုကမ္ပသုတ်၊ အာဝါသိကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ၅ပါးသီလကို ဆောက်တည်စေ၊

၂ သစ္စာ ၄ပါးတရားကို ရှုမှတ်စေ၊

၃ မကျန်းမာသူတို့ထံ ချဉ်းကပ်၍ ရတနာ ၃ပါး၌ဖြစ်သောသတိကို ထင်မြင်စေ၊

၄ ရဟန်းအများကြွလာကြလျှင် ကောင်းမှုပြုစေ၊

၅ သဒ္ဓါသဖြင့် ပေးလှူသော အယုတ် အမြတ်ဆွမ်းကို ကိုယ်တိုင် ဘုဉ်းပေး၏၊ မဖျက်ဆီး။

၅။ လူတို့၏ ကိုယ်အနံ့သည် ယူဇနာ၁၀၀ ဝေးသော အရပ်၌ရှိသော အာကာသဇိုဝ်းနတ်တို့အား ဆင်းရဲဒုက္ခ ဖြစ်စေ၏။ (ဒီ၊ သုတ္တန္တပိဋက။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၆။ လူနာ ၃မျိုးနှင့်တူသော ရဟန်း ၃မျိုး (ဂိလာနသုတ်၊ ပုဂ္ဂလဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

| လူနာ | ရဟန်း |
|---|---|
| ၁ (သင့်လျော်သောအစာ၊ ဆေး၊ သူနာပြုမှု) ရရ၊ မရရ ဝေဒနာမှ မထမြောက်၊ | ၁ (ဘုရားဖူးရရ၊ မရရ၊ တရားနာရရ၊ မရရ) အရိယာမဂ်သို့ မသက်ဝင်နိုင်၊ |
| ၂ (...) ရရ၊ မရရ ဝေဒနာမှ ထမြောက်၊ | ၂ (...) အရိယာမဂ်သို့ သက်ဝင်နိုင်၊ |
| ၃ (...) ရမှ ဝေဒနာမှ ထမြောက်။ | ၃ ဘုရားဖူး၊တရားနာရမှ အရိယာမဂ်သို့ သက်ဝင်နိုင်၊ |
| ဤအမှတ် ၃သူနာကို အကြောင်းပြု၍ ဆွမ်း၊ ဆေး၊ သူနာပြုမှုတို့ကို ဘုရားရှင် ခွင့်ပြုသည်။ အခြားသူနာများကိုလည်း လုပ်ကျွေးပြုစုအပ်၏။ | ဤအမှတ် ၃ရဟန်းကို အကြောင်းပြု၍ တရားဟောခြင်းကိုဘုရားရှင်ခွင့်ပြုသည်။ အခြားသူတို့အားလည်း တရားဟောကြားအပ်၏။ |

၇။ လူ နတ်တို့ ဘုရား ရဟန္တာ သံဃာတော်တို့အား ကြည်ညိုကြပုံ ၄မျိုး (ရူပသုတ်၊ ပတ္တကမ္မဝဂ်၊ စတုက္က နိပါတ်၊ အံ၊ သုတ္တန္တပိဋက။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ရူပပ္ပမာဏိက- ရုပ်ရည်အဆင်းသဏ္ဌာန် တင့်တယ်ခြင်း၌ ဂရုပြုကြည်ညိုခြင်းဖြင့် **၂/၃**သော ပရိသတ်တို့သည် ကြည်ညိုကြ၏၊

၂ ဃောသပ္ပမာဏိက- ဂုဏ်ကျေးဇူးသတင်းနှင့် အသံကောင်းခြင်း၌ အလေးဂရု ပမာဏပြု ကြည်ညိုခြင်းဖြင့် **၄/၅**သောပရိသတ်တို့သည် ကြည်ညိုကြ၏၊ (ဤ ၁နှင့် ၂သည် အလို- ဆန္ဒ၊ တပ်မက်ခြင်း- ရာဂ အလိုသို့ပါ၍ ဂုဏ်ကျေးဇူးကို မသိနိုင်ကြ။)၊

၃ လူခပ္ပမာဏိက- ပစ္စည်း ၄ဖြာ၊ ကိလေ သာခေါင်းပါးမှု၌ ပမာဏပြု ကြည်ညိုခြင်းဖြင့် **၉/၁၀**သော ပရိသတ်တို့သည် ကြည်ညိုကြ၏၊

၄ ဓမ္မပ္ပမာဏိက- သီလသမာဓိဂုဏ်ပညာ / တရား၌ အလေးဂရုပြုကြည်ညိုခြင်းဖြင့် **အပုံတသိန်းပုံ၌ တပုံတယောက်**သော ပရိသတ်သည်သာ ကြည်ညို၏။

၈။ လူလူချင်း အသက်စသည့် ၇ချက် မတူခြင်းအကြောင်း (စူဠကမ္မဝိဘင်္ဂသုတ်၊ ဝိဘင်္ဂဝဂ်၊ ဥပရိပဏ္ဏာသ ပါဠိ တော်၊ မ၊ သုတ္တန္တပိဋက)
ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တောဒေယျပုဏ္ဏား၏သား သုဘလုလင် မေးလျှောက်သည်ကို ဘုရားရှင် ဖြေဆိုဟောကြားတော်မူသည်။

| မကောင်းသည့်အကြောင်း | ကောင်းသည့်အကြောင်း |
| --- | --- |
| ၁ အသက်တိုခြင်းမှာ သူ့အသက်သတ်ခြင်းကြောင့်၊ | ရှည်ခြင်းမှာ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့်၊ |
| ၂ အနာရောဂါများခြင်းမှာ သတ္တဝါတို့ကို ညှဉ်းဆဲ၍၊ | ကင်းခြင်းမှာ သတ္တဝါတို့ကို မညှဉ်းဆဲ၍၊ |
| ၃ အဆင်းအရုပ်ဆိုးခြင်းမှာ အမျက်ထွက်တတ်၍၊ | လှခြင်းမှာ အမျက်မထွက်တတ်သဖြင့်၊ |
| ၄ အခြံအရံမရှိခြင်းမှာ ငြူစူတတ်သောစိတ် ရှိ၍၊ | များခြင်းမှာ ငြူစူစိတ် မရှိ၍၊ |
| ၅ စည်းစိမ်ဥစ္စာ နည်းပါးခြင်းမှာ အလှူဒါနမပြု၍၊ | ပေါ်များခြင်းမှာ ပေးလှူခဲ့၍၊ |
| ၆ အမျိုးယုတ်နိမ့်ရခြင်းမှာ ခက်ထန်ထောင်လွှား ခဲ့၍၊ | မြင့်မြတ်ရခြင်းမှာ မခက်ထန် မထောင်လွှား ခဲ့သဖြင့်၊ |
| ၇ ပညာမဲ့ခြင်းမှာ သမဏဗြာဟ္မဏတို့သို့ ချဉ်းကပ် ပြီး ကုသိုလ်ထရားစသည်တို့ကို အဖန်ဖန် မမေးမြန်းခဲ့၍။ | ကြီးခြင်းမှာ သမဏဗြာဟ္မဏတို့ထံ ကုသိုလ် တရားစသည်တို့ကို အဖန်ဖန် ချဉ်းကပ်၍ မေးမြန်းခဲ့သဖြင့်။ |

၉။ လူအဖြစ်နှင့် နတ်ပြည်ရောက်သူ ၄ဦး (ပထဝီစလနာပဥ္စာ၊ ဣန္ဒိဗလဝဂ်၊ မေဏ္ဍကပဥ္စာ၊ မိလိန္ဒပဥ္စာ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဇ္ဈိမပဏ္ဏာသ ဋ္ဌ)

၁ ဂုတ္တိလစောင်းသမား၊ ၂ သာဓိနမင်း၊ ၃ နိမိမင်း၊ ၄ မန္ဓာတုစကြာမင်း။

၁၀။ လူအဖြစ်ရခဲကြောင်း **လိပ်ကန်းနှင့် ထမ်းပိုးဥပမာ** [ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - ဥပမာများနှင့် တရားတော်များ - အနက်မှ - ငရဲဆင်းရဲ နှင့် တိရိစ္ဆာန်ဆင်းရဲ ကုန်အောင်ဟောရန်မလွယ် နှင့် လူအဖြစ်ရခဲကြောင်း လိပ်ကန်းနှင့် ထမ်းပိုးဥပမာ] - တွင် ကြည့်ပါ။

၁၁။ လူအများနှင့် ဆက်ဆံရာအရာ ၆မျိုး (အနဘိရတိ- မပျော်မွေ့ခြင်းဇာတ်၊ ဣတ္ထိဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မြစ်၊ ၂ လမ်းခရီး၊ ၃ အရက်ဆိုင်၊ ၄ သာလာယံဇရပ်၊ ၅ ရေအိုးစင်၊ ၆ မိန်းမ။

**၁၂။ လူ့အသက် လျင်မြန်စွာ တိုလုကြောင်း ၃ ခု**

၁။ လူ့အသက်သည်တိုတောင်းလှ၏၊ အသက်၁၀၀နေရမည့်သူသည် **ညဉ့် (ရက်) ပေါင်း ၃သောင်း၆ထောင်**သာ အသက်ရှည်၏၊ လူ့အသက်တိုကြောင်း ဥပမာ ၇ မျိုး (အရကသုတ်၊ မဟာဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တ ပိဋက)

လူတို့၏အသက်သည် နည်းပါးလှ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ များစွာဆင်းရဲခြင်းရှိ၏၊ များစွာ ပင်ပန်းခြင်းရှိ၏၊ ပညာဖြင့်သိအပ်၏၊ ကုသိုလ်ကိုပြုအပ်၏၊ မြတ်သောအကျင့်ကိုကျင့်အပ်၏၊ ပဋိသန္ဓေ နေရသောပုဂ္ဂိုလ်အား မသေရမှုမည်သည်မရှိ။ မမေ့မလျော့ကြရန်၊ နောင်မှ နှလုံးမသာ မဖြစ်ကြရန် ဘုရားရှင် မှာကြားတော်မူ၏။

အနှစ် ၆သောင်းတမ်း၌ အရကဆရာဟောကြားသောတရားသည် ယခုအခါ၌သာလျှင် ကောင်းစွာ ပြောဆိုသည် မည်ရာ၏ဟုလည်း ဘုရားရှင် ဟောတော်မူ၏။

အသက်နည်းပါးကြောင်း / တိုကြောင်း ဥပမာ ၇မျိုး။

၁ မြက်ပင်ဖျားရှိ ဆီးနှင်းပေါက်သည် နေထွက်သောအခါ ပျောက်သကဲ့သို့၊

၂ မိုးရွာသော် ရေပြင်ပေါ်မှ ရေပွက်ပျောက်သကဲ့သို့၊

၃ ရေပြင်၌ လှင်ကန်ဖြင့် ရိုက်ခတ်၍ဖြစ်ပေါ်လာသော အရေးအကြောင်းတို့ ပျောက်သကဲ့သို့၊

၄ တောင်ကျရေ စီးဆင်းသွားသကဲ့သို့၊

၅ လူ့ဖျား၌ တံတွေးပေါက်ကိုစုရုံးပြီး ထွေးသကဲ့သို့၊

၆ လောလောပူသောသံအိုးကင်း၌ ထည့်အပ်သော အသားတုံးကဲ့သို့၊

၇ နွားသတ်ရုံသို့ ဆွဲငင်အပ်သောနွားမ၏ ခြေလှမ်းတိုင်းသည် သေခြင်းအနီး၌ ဖြစ်သကဲ့သို့။

အသက်တရာနေမည့်သူသည် ဆောင်း၊ နွေ၊ မိုးဥတုအားဖြင့် ဥတု ၃ရာသာအသက်ရှည်၏၊ ဆောင်းလ ၄ရာ၊ မိုးလ၄ရာ၊ နွေလ၄ရာအားဖြင့် လ၁၂၀၀သာ အသက်ရှည်၏၊ ဆောင်းလခွဲပေါင်း၈၀၀၊ နွေလခွဲပေါင်း၈၀၀၊ မိုးလခွဲပေါင်း၈၀၀အားဖြင့် လခွဲပေါင်း ၂၄၀၀သာ အသက်ရှည်၏၊ ဆောင်းညဉ့်၊ နွေညဉ့်၊ မိုးညဉ့်ပေါင်း တသောင်း ၂ထောင်စီဖြင့် **ညဉ့် (ရက်) ပေါင်း ၃သောင်း၆ထောင်**သာ အသက်ရှည်၏၊ ဆောင်းလထမင်းစားမှု၊ နွေလထမင်းစားမှု၊ မိုးလတမင်းစားမှု ၂သောင်း၄ထောင်စီဖြင့် အကြိမ် ၇သောင်း၂ထောင်သာ ထမင်းစား၏။

ဤသို့လျှင် လူတို့၏အသက်၊ အသက်အတိုင်းအရှည်၊ ဥတု၊ လ၊ လခွဲ၊ ညဉ့် (ရက်) ၊ ထမင်းစားမှုတို့ကို ရေတွက်အပ်ကုန်၏။

၂။ **လူ့အသက် အဆင်းတို့သည် အမြဲဆုတ်ယုတ်နေ။** (ဥဒယဘဒ္ဒဇာတ်၊ ကောဒသကနိပါတ်၊ ဇာထကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်း သိကြားမင်းသည် ကတိကဝတ်အရ ယခင်ဘဝမှ မိဖုယားဖြစ်သူ အရှင်မယသောရော အလောင်း ဥဒယဘဒ္ဒါမိဖုယားကြီးအား ဟောကြားသောတရား ဖြစ်သည်။

"လူ့ပြည်၌ လူတို့အားအသက်အဆင်းသည် တနေ့တပါး တလတခြားဆုတ်ယုတ်၏၊ ထို့ကြောင့် သင့်အား ငါပေးမည့်ဥစ္စာကိုလည်း ဆုတ်ယုတ်စေ၏၊ ယနေ့ အလွန်အိုသည်ဖြစ်ပြီ။

ငါမြင်၍ပင်လျှင် သင်၏အဆင်းသည် ယုတ်သည်သာတည်း၊ နေ့ညဉ့်တို့လွန်သည်ရှိသော် ပညတ် စရာ အကောင်အထည် မရှိသည်အဖြစ်သာလျှင် ရောက်လတ္တံ့။

အရွယ်၃ပါးသည် လျင်မြန်စွာလွန်၏၊ မပြိုမကွဲ အမြဲထည်သောအရပ်သည် မရှိ၊ သတ္တဝါတို့သည် မချွတ်မလွဲ အမြဲစေကန် အမှန်မုချရွေ့ကုန်၏၊ မမေ့မလျော့ပဲ ကုသိုလ်ကမ္မပထတရား၁၀ပါး ကျင့်လော့၊ တဖျာနိုင်ငံသို့ လိုက်သောသူသည် အလုံးစုံသောစေကရာဇ်မင်းအဖြစ်ကိုလည်း စွန့်ရ၏၊ အမိ အဖ ညီ အကို သား မယားတို့သည် ဥစ္စာဖြင့် မရောင့်ရဲ၊ ထိုသူတို့သည် အချင်းချင်းစွန့်ရကုန်၏၊ မမေ့မလျော့လင့်၊ တရားကိုကျင့်လော့၊ ဤကိုယ်သည် ကျီးရဲ စွန်ရဲ၊ သားရဲ သစ်ရဲ၊ ဘီလူးရက္ခိုဉ်တို့၏အစာထည်းဟုသိ၍ သံသရာ၌ သုဂတိဘုံဘဝ၊ ဒုဂ္ဂတိဘုံဘဝ ၂ပါးတို့တွင် တပါးပါးသောနေရာတည်းဟုသိ၍ မမေ့မလျော့လင့်။"

မိဖုယားကြီးသည် "သတ္တဝါတို့၏ အသက်သည် နည်း၏၊ ဆင်းရဲ၏၊ တို၏၊ ထိုဆင်းရဲငြိငြင်သော အသက်သည်လည်း ဝဋ်ဆင်းရဲနှင့်ယှဉ်၏၊ ဤသို့ ဤနတ်သည်ဆို၏၊ ကောင်းပေစွ။" ဟုဆိုကာ နန်းကိုစွန့်၍ ရသေ့ပြုကာ အသက်အဆုံး၌ တာဝတိံသာနတ်ပြည်ဝယ် ဘုရားလောင်းသိကြားမင်း၏ အလုပ်အကျွေး မယားဖြစ်၏။

၃။ လျင်မြန်သောအရာ ၄ခု အနက်မှ လူ့အသက် အလျင်အမြန်ဆုံးနှင့် ကုန်၏။ (ဇဝနဟံသာဇာတ်၊ တေရသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဓနုဂ္ဂဟသုတ်၊ ဩပမ္မ- နှိုင်းယှဉ်ခြင်း၊ ဩပမ္မသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ လေးသမား၄ယောက်တို့ ၄မျက်နှာသို့ပစ်သောမြားတို့ကို မြေမကျမီယူလာသော လျင်စွာ ပြေးနိုင်သောယောကျ်ား၊

၂ ထိုယောကျ်ားထက် လနေတို့၏လျင်ခြင်းသည် အလွန်လျင်မြန်၏၊

၃ ထိုလနေထို့ထက် လနေတို့၏ ရှေ့မှပြေးသောနတ်တို့သည် အလွန်လျင်မြန်၏၊

၄ ထိုနတ်တို့ထက် လူတို့၏အာယုသင်္ခါရသည် အလွန်တရာ လျင်မြန်ကုန်သည်ဖြစ်၍ ကုန်တတ်၏။

ဘုရားရှင်သည် ဤသုတ်တော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဟောတော်မူ၍ မမေ့မလျော့ နေရာ၏ဟု နိဂုံးသတ်တော်မူ၏။

၃ လူမိုက် ၄ စု

၁။ လူမိုက်ဟုသိကြောင်း / ကြောင့် ဖြစ်သောအကြောင်း တရား ၃မျိုး (ဘယသုတ်၊ ဗာလဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဗဟုဓါတုကသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ အလုံးစုံသော ကြောက်လန့်ခြင်း ဘေး၊ ၂ အလုံးစုံသော မငြိမ်သက်ခြင်း ဥပဒ္ဒဝေါ၊ ၃ အလုံးစုံသော စိတ်ဆင်းရဲခြင်း ဥပသဂ္ဂတို့သည် လူမိုက် / သူမိုက်ကြောင့်သာ ဖြစ်ပေါ်ကုန်၏။

၂။ လူမိုက်ဟုခေါ်ကြောင်း တရား ၃မျိုး (အစ္စယသုတ်၊ ဗာလဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မိမိအပြစ်ကို အပြစ်ဟု မရှုခြင်း၊ ၂ မိမိအပြစ်ကို အပြစ်ဟုရှုသော်လည်း တရားအလျောက် မကုစားခြင်း၊ ၃ သူထပါးသည် အပြစ်ကိုဝန်ခံ၍ ပြောလာပါလျက် တရားအလျောက် မခံယူခြင်း။

၃။ လူမိုက် ၂မျိုးနှင့် ပညာရှိ ၂မျိုး (အစ္စယသုတ်၊ တတိယဝဂ်၊ သက္ကသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

လူမိုက်။ ၁ အပြစ်အလျောက် အပြစ်ကို မမြင်သူ၊

၂ အပြစ်ကို ပြောကြားသည်ရှိသော် တရားအလျောက် လက်မခံသူ။

ပညာရှိ ၂မျိုး။ - အပြန်။

၄။ လူမိုက် ၄မျိုးနှင့် လူလိမ္မာ ၄မျိုး (ဒုတိယခတသုတ်၊ ဘဏ္ဍာဂါမဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

လူမိုက် ၄မျိုး။ ၁ အမိ၌ (ပြစ်မှား၏)၊ ၂ အဖ၌ (...)၊ ၃ မြတ်စွာဘုရား၌ (...)၊ ၄ ဘုရားရှင်၏ တပည့်သာဝကများ၌ ပြစ်မှား၏။

အပြန် - လူလိမ္မာ ၄မျိုး။

၄ လေအောက်လေညာသို့ သွားနိုင်သော နံ့သာမျိုးဂုဏ်သတင်း ၃ပါး (ဂန္ဓဇာတသုတ်၊ အာနန္ဒဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

လေအောက်သို့သာ ရနံ့သွားနိုင်သော နံ့သာမျိုး ၃မျိုး။ ၁ အမြစ်နံ့သာမျိုး၊ ၂ အနှစ်နံ့သာမျိုး၊

၃ အပွင့် နံ့သာမျိုး။

၁ သရဏဂုံဆောက်တည်ခြင်း၊

၂ ၅ပါးသီလ စောင့်ထိန်းခြင်း၊

၃ ဝန်တိုခြင်းကင်း၍ လွတ်လွတ်စွန့်ကြဲခြင်း တို့သည် လေအောက်လေညာသို့ သွားနိုင်သော နံ့သာမျိုး ဂုဏ်သတင်း ဖြစ်သည်။ သမဏ၊ ဗြဟ္မဏနှင့် နတ်တို့သည် ထိုသူ၏ ဂုဏ်သတင်းကို ပြောကြသည်။

**၅ လောက <u>၁၀ စု</u>**

<u>၁။ လောကဆိုသည်မှာ</u> - ၅ချက် (လောကပဉ္ဉာသုတ်၊ ဂိလာနဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတန ဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ရဟန်းတပါးအမေးကို ဘုရားရှင် ဖြေကြားဟောပြတော်မူ၏။ "<u>ပျက်စီးတတ်သောကြောင့်</u> လောက ဟု ခေါ်၏။

၁ စက္ခု- မျက်စိ (အတွင်းအာယာတန ၆ပါး) သည် ပျက်စီးတတ်၏၊

၂ ရူပါရုံ (အပြင်အာယာတန ၆ပါး) သည် ပျက်စီးတတ်၏၊

၃ စက္ခုဝိညာဏ် (ဝိညာဏ် ၆ပါး) သည် ပျက်စီးတတ်၏၊

၄ ဤ၃ပါးတို့ ပေါင်းဆုံ၍ဖြစ်သော စက္ခုသမ္ဖဿ (ဖဿ ၆ပါး) သည် ပျက်စီးတတ်၏၊

၅ ဤဖဿကြောင့် ဖြစ်သော ဝေဒနာ ၃ပါး (သုခ၊ ဒုက္ခ၊ ဥပေက္ခာ) တို့သည် ပျက်စီးတတ်၏။"

<u>၂။ လောက ၃ပါး (ခန္ဓဝဂ္ဂသံယုတ် ဋ္ဌ။</u> ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သြကာသလောက၊ ၂ သတ္တလောက၊ ၃ သင်္ခါရလောက။

<u>၃။ ၃ပါး တနည်း (နေတ္တိပါဠိတော်နိဿယ၊</u> မိုးထိအရှင်ဇာဂရ)

၁ ကိလေသလောက- အပါယ်သတ္တဝါ၊ ၂ ဘဝလောက- အပါယ်မှတပါးသော သတ္တဝါ၊ ၃ ဣန္ဒြိယ လောက- ဝိမုတ္တိကို ရင့်စေတတ်၊ ပြီးစေတတ်သော သဒ္ဓါစသောဣန္ဒြေတို့နှင့် ပြည့်စုံသော သတ္တဝါ။

<u>၄။ ၆ပါး</u> (ကာမသုတ္တနိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ လူ့လောက၊ ၂ နတ်လောက၊ ၃ အပါယ်ဘုံလောက၊ ၄ ခန္ဓာ၊ ၅ ဓါတ်၊ ၆ အာယတန။

<u>၅။ ၇ပါး</u> (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ခန္ဓလောက၊ ၂ ဓါတုလောက၊ ၃ အာယာတနလောက၊ ၄ ဝိပတ္တိဘဝလောက- အပါယ်ဘုံ၊ ၅ ဝိပတ္တိ သမ္ဘဝလောက- အပါယ်သို့လားကြောင်းကံ၊ ၆ သမ္ပတ္တိဘဝလောက- သုဂတိဘုံ၊ ၇ သမ္ပတ္တိ သမ္ဘဝ လောက- သုဂတိဘုံသို့ ရောက်ကြောင်းကံ။

၆။ လောက ၁၂ပါး - **သင်္ခါရလောက**၏ သဘော (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ "ဧကော လောကော သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ။" - ခပ်သိမ်းသောသတ္တဝါတို့သည်ပင် ဆိုင်ရာအကြောင်းတရားလျှင် အခြေခံတည်ရာ ရှိကြကုန်မှုသည် တခုသောလောကမည်၏၊ ၂ နာမ်ရုပ် ၂ပါးသော သင်္ခါရလောက၊ ၃ ဝေဒနာ ၃ပါး၊ ၄ အာဟာရ ၄ပါး (အာဟာရ ၄ပါး- ကိုကြည့်ပါ။)၊ ၅ ဥပါဒါနက္ခန္ဓာ ၅ပါး၊ ၆ အဇ္ဈတ္တိကာယတန ၆ပါး၊ ၇ ဝိညာဏဋ္ဌိတိ ၇ပါး၊ ၈ လောကဓံ ၈ပါး၊ ၉ သတ္တာဝါသ ဘုံကိုး၀၊ ၁၀ ရုပ်အာယတန ၁၀ပါး၊ ၁၁ အာယာတန ၁၂ပါး၊ ၁၂ ဓါတ် ၁၈ပါး။

၇။ **လောက၏အဆုံးကို ခြေဖြင့်သွားခြင်းဖြင့် မရောက်**။ (ရောဟိတဿသုတ်၊ ရောဟိတဿဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ရောဟိတဿသုတ်၊ နာနာတိတ္ထိယဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ရောဟိတဿနတ်သားက သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်အား လျှောက်ထားသည်။ ရောဟိတဿရသေ့ဖြစ်စဉ်က လောက၏အဆုံးကို သိရှိရန် ထန်းပင်ရိပ်ကို မြှားဖြတ်သွားကာမျှသောကာလဖြင့် အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာကို လွန်စေသော၊ လွန်စွာလျင်မြန်သော ခြေလှမ်းဖြင့် အနှစ် ၁၀၀ပတ်လုံး သွားခဲ့သော်လည်း လောကအဆုံးကို မရောက်ခဲ့။ လမ်းခရီးအကြား၌သာ သေခဲ့၏။

ဘုရားရှင်က ဤလျှောက်ထားချက်နှင့် ဆက်စပ်၍ ဟောတော်မူသည်။ လောက၏အဆုံး / ပဋိသန္ဓေ မနေရ၊ မအိုရ၊ မသေရ၊ မရွေ့လျောရ၊ တဖန်မဖြစ်ရသောနိဗ္ဗာန်သို့ ခြေဖြင့်သွားခြင်းဖြင့် မရောက်။ လောကအဆုံး နိဗ္ဗာန်သို့မရောက်ပဲ ဝဋ်ဆင်းရဲအဆုံးသို့ မရောက်။ သညာလည်းရှိ၊ စိတ်လည်းရှိသော တလံမျှလောက်သော ဤခန္ဓာကိုယ်၌သာလျှင် ၁ လောက ဒုက္ခသစ္စာကိုရင်း၊

၂ လောကဖြစ်ပေါ်ကြောင်း သမုဒယသစ္စာကိုရင်း၊

၃ လောက၏ချုပ်ရာ နိဗ္ဗာန် နိရောဓသစ္စာကိုရင်း၊

၄ လောက၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် မဂ္ဂသစ္စာ ရှိ၏။

၈။ လောက၌ 1ကံကြောင့်၊ 2အကြောင်းကြောင့်၊ 3ဥတုကြောင့် မဖြစ်သောအရာ ၂ပါး (အကမ္မဇာဒိပဉှာ၊ နိပ္ပပဉ္စဝဂ်၊ အနုမာနပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ကောင်းကင်၊ ၂ နိဗ္ဗာန်။

၉။ လောက၌ မရှိသောအရာ ၃မျိုး (လောကေနတ္ထိဘာဝပဉှာ၊ နိပ္ပပဉ္စဝဂ်၊ အနုမာနပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ စိတ်စေတနာ ရှိသည်လည်းဖြစ်စေ၊ မရှိသည်လည်းဖြစ်စေ မအို မသေရသော အရာ၊

၂ သင်္ခါရတရားတို့၏ မြဲသောအဖြစ်၊

၃ မဖေါက်မပြန် အမှန်သဘော ပရမတ္ထအားဖြင့် သတ္တဝါဟု ရနိုင်ခြင်း။

၁၀။ လောကပါလ၊ ပါ လ- စောင့်ရှောက်ခြင်း၊ **လောကပါလတရား ၂ပါး** (သုက္ကဓမ္မသုတ်၊ ဒုတိယဝဂ်၊ ဒုကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မူလပဏ္ဏာသ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

ယဉ်ကျေးမှုစည်းကမ်းများ မပျက်စီးရအောင် ကမ္ဘာလောကကြီးအား စောင့်ရှောက်ပေးသော တရားများ ဖြစ်ကြသည်။

၁ ဟိရီ- မကောင်းမှုဟူသမျှ ပြုလုပ်၊ ပြောဆို၊ ကြံစည်ရမှာ ရှက်ခြင်း၊ မပြုဝံ့ခြင်း၊

၂ ဩတ္တပ္ပ- မကောင်းမှုဟူသမျှ ပြုလုပ်၊ ပြောဆို၊ ကြံစည်ရမှာ ကြောက်လန့်ခြင်း၊ မပြုဝံ့ခြင်း။

(ဟိရီ၊ ဩတ္တပ္ပ တရား ၂ပါး၏ အမည် ၄ခု) - ကိုလည်း ကြည့်ပါ။

၆ လောကဓံတရား ၈ပါး (အံ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ လာဘ- လာဘ်ပေါ်များခြင်း၊ ၂ အလာဘ- လာဘ်နည်းပါးခြင်း၊ ၃ ယသ- အခြံအရံများခြင်း၊ ၄ အယသ - အခြံအရံနည်းခြင်း၊ ၅ ပသံသာ- ချီးမွမ်းခံရခြင်း၊ ၆ နိန္ဒ- အကဲ့ရဲ့ခံရခြင်း၊ ၇ သုခ- ချမ်းသာခြင်း၊ ၈ ဒုက္ခ- ဆင်းရဲခြင်း။

**၇ လောကီ ၄ ခု**

၁။ လောကီချမ်းသာ ၄မျိုး (ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

(ချမ်းသာခြင်း - အနက်မှ - ၄မျိုး၊ အာနဏျသုတ်) ကို ကြည့်ပါ။

၂။ လောကီလူသားများ (ပြည်သူပြည်သားများ) အား ဘုရားလောင်း ဇနသန္ဓမင်း အဆုံးအမ ၁၀ချက် (ဇနသန္ဓဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ပြည်သူများအား စည်းဝေးစေ၍ ဇနသန္ဓမင်း တရားဟောဆုံးမ၏။ ၁ လှူဒါန်းခြင်း၊ ၂ သီလ ဆောက်တည်ခြင်း၊ ၃ ဘာဝနာပွားများခြင်း၊ ၄ တရားနှင့်အညီ အမှုလုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ၅ ငယ်စဉ် အခါ ပညာသင်ကြား ခြင်း၊ ၆ ငယ်စဉ်အခါ ဥစ္စာရှာခြင်း၊ ၇ စဉ်းလဲသောသက်သေအမှုတို့၌ မလိုက်ပါခြင်း၊ ၈ မကြမ်းတမ်း၊ မကြမ်းကြုတ်ခြင်း၊ ၉ မိဘတို့ကို လုပ်ကျွေးခြင်း၊ ၁၀ အမျိုး၌ ကြီးသူတို့ကို ရိုသေခြင်း တို့ကို ပြုကြရန်နှင့် သုစရိုက် တရား ၁၀ပါးတို့ကို ကျင့်သုံးကြရန် ဟောပြောဆုံးမ၏။

၃။ လောကီလူ့ဘောင်အိမ်များ၏ ယိုပေါက်၃ပေါက် (ဝဋ္ဋကနခ [ရသေ့အမည်] ဇာတ်၊ ဥပါဟနဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ လုံ့လကြိုးကုတ် အားထုတ်မှုမရှိသူ၏အိမ်သည်၊ ၂ မုသားစကား မပြောကြားသူ၏အိမ်သည်၊ ၃ သူတပါးအား အပြစ်မပေး မနိပ်စက်သူ၏အိမ်များသည် မတည်မြဲနိုင်ပေ။ ဤသို့ ယိုပေါက်များနှင့်အိမ်ကို

မည်သူက စိုးအုပ်၍ နေလိုပါမည်နည်း?။

၄။ လောကီအယူ ၄မျိုး (မင်္ဂလဇာတ်၊ အပါယိမဝင်၊ ကေကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ကောတုဟလမင်္ဂလာ ၃မျိုး- ၁ဒိဋ္ဌမင်္ဂလာ- အမြင်မင်္ဂလာ၊ ၂သုတမင်္ဂလာ- အကြားမင်္ဂလာ၊ ၃မုတမင်္ဂလာ- အတွေ့မင်္ဂလာ၊

၂ ဥပါတ်ကြီး ၅ပါး- ၁လကြတ် ၂နေကြတ် ၃နက္ခတ်ကြတ် ၄ဥက္ကာကျ ၅အရပ်မျက်နှာ တောက်လောင်ခြင်း၊

၃ အိပ်မက်အမျိုးမျိုး၊

၄ လက္ခဏာအမျိုးမျိုး။

၈ လောကုတ္တရာတရား ၂ စု

၁။ လောကုတ္တရာတရား ၉ပါး (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ - ၄ မဂ် ၄ပါး၊ ၅ - ၈ ဖိုလ် ၄ပါး၊ ၉ နိဗ္ဗာန်။

၂။ လောကုတ္တရာ တရား ၄၆ပါး (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လောကကို လွန်သောကြောင့် လောကုတ္တရာမည်၏။

၁ - ၃၇ ဗောဓိပက္ခိယတရား (ဗောဓိပက္ခိယတရား ၃၇ပါးကို ကြည့်ပါ။)၊

၃၈ - ၄၆ လအထက်အမှတ် ၁ ပါ အတိုင်း ၉ပါး။

၉ လောဘနှင့် ဆက်စပ်အသုံးပြုသော ပါဠိဝေါဟာရ စကားလုံးများ

၁ လောဘ= လိုချင်တပ်မက်ခြင်း သဘော၊ (တိပိဋကမြန်မာအဘိဓါန်) ၎င်းအဘိဓါန်၌ လောဘ၏ အမည် အနက်သဘောကို ၁၀၁မျိုး ဖွင့်ပြထား၏။ အကျယ်လိုမူ လိုအဘိဓါန်၌ ကြည့်ပါရန်။

(သတ္တသုတ်၊ ပဌမဝဂ်၊ ရာဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၂ ဆန္ဒ= လိုချင်မှု၊

၃ ရာဂ= စွဲမက်မှု၊

၄ နန္ဒီ= နှစ်သက်မှု၊

၅ တဏှာ= တပ်မက်မှု၊

အချို့သုတ်တော်များ၌ ဆန္ဒရာဂ၊ နန္ဒီရာဂ စသည်ဖြင့်လည်း တွေ့ရပါသည်။

၁၀ **လက္ခဏာရေး ၃ပါး** ၂၃

၁။ လက္ခဏာရေး ၃ပါး (နိဒါနဝဂ္ဂသံယုတ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သို့ သွားရောက်ရာယာဉ်နှင့်တူသော လက္ခဏာ ၃ပါးဖြစ်သည်။

၁ အနိစ္စလက္ခဏာ- မမြဲသော သင်္ခါရတရားအစု၊

၂ ဒုက္ခလက္ခဏာ- ဆင်းရဲသော သင်္ခါရတရားအစု၊

၃ အနတ္တလက္ခဏာ- အတ္တမဟုတ်၊ အထည်ကိုယ်မဟုတ်သော သင်္ခါရ အသာရကထရားစု။

၂။ လက္ခဏာရေး ၃ပါးကို ဖုံးထားသည့်များ (သမ္မောဟဝိနောဒနီ ဋ္ဌ၊ အာယာတနဝိဘင်္ဂ။ ဝိဇယသုတ္တန်၊ သုတ္တနိပါတ် ဋ္ဌ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အနိစ္စကို သန္တတိ ဖုံး။ (ရုပ်နာမ်ဖြစ်မှု၊ ပျက်မှုအစဉ်ကို နှလုံးမသွင်းမိ၍ ရုပ်အစဉ်၊ နာမ်အစဉ် စဉ်ဆက်ဖြစ်နေသည်ဟု ထင်ခြင်း)၊

၂ ဒုက္ခကို ဣရိယာပထ ဖုံး။ (ရုပ်နာမ်တို့၏ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတို့ကို နှလုံးမသွင်းမိ၍ နာသည်၊ ကျင်သည်ကို မမြင်၊ မမြင်၍ ဣရိယာပုတ်ပြောင်းခြင်းဖြင့် ချမ်းသာသလိုလို ထင်ခြင်း)၊

၃ အနတ္တကို ဃန ဖုံးကွယ်။ (အထူးထူးသောဓါတ်တို့ကို အသီးသီး ခွဲခြမ်းမသိ၍ အချင်းချင်း ကြောင်းကျိုးဆက်သွယ်နေသည်ကို မမြင်၍ အပေါင်းအစု၊ အစိုင်အခဲပညတ်၊ တလုံးတည်းတခဲတည်းဟု ထင်မှတ်ရအောင် စုတွဲခဲလျက် ဖြစ်ခြင်း)၊

အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်အောင် ရှုမှတ်ပွားများကြရာ၏။

၁၁ လက်နက်ကြီး ၄မျိုး (သဂါထာ ဋ္ဌ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သိကြားမင်း၏ ဝဇီရစိန်လက်နက်သည် ယူဇနာပေါင်း တသိန်းဖြသောင်းဇထောင် အစောက် ရှိသော မြင်းမိုရ်တောင်မင်းကို တိုးလျှိုးပေါက်ဖေါက်၍ အောက်မှထွက်နိုင်သည်၊

၂ ဝေဿဝဏ်နတ်မင်း၏ သံတင်းပုတ်လက်နက်သည် ပစ်လွှတ်က ယက္ခနတ်ထောင်ပေါင်း များစွာ၏ ဦးခေါင်းကို ထောင်းထောင်းပြတ်စေလျက် မူလနေရာ၌ ပြန်တည်၏၊

၃ ယမမင်း၏ မျက်စောင်းလက်နက်သည် ကုမ္ဘဏ်နတ် ထောင်ပေါင်းများစွာတို့အား လောလော ပူသော သံအိုးကင်း၌ထည့်အပ်သော နှမ်းစေ့တို့ကဲ့သို့ ထဖျစ်ဖျစ်မြည်လျက် ပျက်စီး၏၊

၄ အာဠာဝကဘီလူး၏ ဘွဲ့ဖြူနတ်ပုဆိုးလက်နက်သည် ကောင်းကင်သို့ပစ်လွှတ်လျှင် ၁၂နှစ် မိုးခေါင်သည်၊ မြေပေါ်၌ချလျှင် ၁၂အတွင်း မြက်သစ်ပင်တို့ မပေါက်၊ သမုဒ္ဒရာ၌ ပစ်လွှတ်လျှင် သမုဒ္ဒရာရေ ခြောက်ခမ်း သွား၊ မြင်းမိုရ်တောင်၌ ပစ်လွှတ်လျှင် အပိုင်းပိုင်း ဖရိုဖရဲ ပြိုကွဲပျက်စီးရာ၏။

၁၂ **လက်သည်းဖျားပေါ် မြေမှုန့်တင်**သော - နခသိခသုတ်တော်များ **၂၈**

၁။ နခသိခသုတ် ၄ သုတ်၊

၂။ ဥပမာတင် သုတ်တော်များ **၇၁** သုတ် **=** စုစုပေါင်း **၇၅ သုတ်**။

၁။ နခသိခ / နခသိခါသုတ် ၄ ပုဒ်

၁။ လူတို့၌ လူပြန်ဖြစ်သော သတ္တဝါတို့သည် နည်းလှ၏။ (နခသိခသုတ်၊ ဩပမ္မသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လက်သည်းဖျားပေါ် မြေမှုန့်အနည်းငယ်တင်၍ ရဟန်းများကို ဤမြေမှုန့်နှင့် မဟာပထဝီမြေကြီးတို့တွင် အဘယ်ကများသနည်း ဟုမေးရာ ရဟန်းများက မဟာပထဝီမြေကြီးကသာ များပါသည်၊ လက်သည်းဖျားပေါ်မှ မြေမှုန့်မှာ ပမာဏ မလောက်ပါဟု လျှောက်၏။

ဘုရားရှင် ဤအတူပင်လျှင် လူတို့၌ လူပြန်ဖြစ်သော သတ္တဝါတို့သည် နည်းလှစွာ၏၊ လူအဖြစ်မှ တပါး အပါယ်ဘုံတို့၌ဖြစ်သော သတ္တဝါတို့သည်သာ များလှ၏၊ မမေ့မလျော့ကုန်သည်ဖြစ်၍ နေကုန်အံ့ဟု ကျင့်ရမည်ဟု ဟောတော်မူ၏။

၂။ (သောတာပတ္တိမဂ်ရသူ၏ ကုန်ဆုံးပြီးသော လွန်စွာများလှသော ဆင်းရဲဒုက္ခများ၏ ဥပမာ ၁၀ မျိုး - အနက်မှ - လက်သည်းဖျားမှ မြေမှုန့်အနည်းငယ်နှင့် ဤမြေကြီး) - ကို ကြည့်ပါ။

၃။ (နခသိခသုတ်၊ အဘိသမယဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) - တွင်လည်း အထက်အမှတ် ၂ ပါ သုတ်အတိုင်းပင် ဟောတော်မူ၍ သစ္စာ ၄ပါးတရား အားထုတ်ကြရန် မိန့်တော်မူ၏။

၄။ အမြဲတည်သော ရုပ် (ခန္ဓာ ၅ပါး) ဟူ၍ ဤမြေမှုန့်မျှပင် မရှိ။ (နခသိခါသုတ်၊ ထေရဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းထပါးက နေ၊ လကဲ့သို့ အမြဲတည်သော ရုပ် (ခန္ဓာ ၅ပါး) ရှိပါသလားဟူသော အမေးကို ဘုရားရှင်သည် လက်သည်းဖျားပေါ် မြေမှုန့် အနည်းငယ်တင်၍ အမြဲတည်သော ရုပ် (ခန္ဓာ ၅ပါး) ဟူ၍ ဤမြေမှုန့်မျှပင် မရှိ၊ ဤမျှလောက်ပင် မရှိသော ကြောင့်လည်း အကြွင်းမဲ့ ဆင်းရဲကုန်ခြင်းငှါ အကျင့်မြတ်ကို ကျင့်သုံးမှုဟူ၍ ထင်ရှား၏ဟု ဟောတော်မူ၏။

ဆက်၍ ဘုရားရှင်သည် ရုပ် (ခန္ဓာ ၅ပါး) သည်မြဲသလော၊ စသော အမေးမှသည် မဂ်ကိစ္စပြီး သည့်တိုင် (ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - ဥပမာများနှင့်တရားတော်များ - အနက်မှ - လမ်းပြပေးသူတရား - တွင် ကြည့်ပါ) ဟောကြားတော်မူ၏။

၂။ ဘုရားရှင်၏ လက်သည်းဖျားပေါ် မြေမှုန့်တင်ကာ ဥပမာပြုပြီး အခြားအမည်များဖြင့် ဟောကြားသော သုတ်တော်များ ၇၁ သုတ် (၁၀ သုတ်၊ ပဌမအာမကဓညပေယျာလဝဂ်၊ ၁၀ သုတ်၊ ဒုတိယ အာမက ဓညပေယျာလဝဂ်၊ ၁၀ သုတ်၊ တတိယအာမကဓညပေယျာလဝဂ်၊ ၁၁ သုတ်၊ စတုတ္ထ အာမကဓည ပေယျာလဝဂ်၊ ၃၀ သုတ်၊ ပဉ္စဂတိပေယျာလဝဂ် = ပေါင်း ၇၁သုတ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

(များသောသတ္တဝါနှင့် နည်းသောသတ္တဝါ) - တွင် ကြည့်ပါ။

| |
|---|
| ထိုနေရာတွင် ခေါင်းစဉ်မှာ [များသောသတ္တဝါနှင့် နည်းသောသတ္တဝါ ၄၅ မျိုး (စတုတ္ထဝဂ်၊ ဧကဓမ္မပါဠိ၊ ဧကက နိပါတ်၊ အံ၊ သုတ္တန္တပိဋက) နှင့် ၃၇ မျိုး (၁၀ သုတ်၊ ပဌမအာမကဓညပေယျာလဝဂ်၊ ၁၀ သုတ်၊ ဒုတိယအာမကဓညပေယျာလဝဂ်၊ ၁၀ သုတ်၊ တတိယအာမကဓညပေယျာလဝဂ်၊ ၁၁ သုတ်၊ စတုတ္ထအာမကဓညပေယျာလဝဂ်၊ ၃၀ သုတ်၊ ပဉ္စဂတိပေယျာလဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက = ပေါင်း ၇၁သုတ် မှ စတုတ္ထဝဂ်၊ အံ၊ နှင့်တူသော ၃၄ မျိုး (-----) ကို ဖယ်လိုက်လျှင် ၃၇မျိုး ကျန်၏) = ပေါင်း **၈၂ မျိုး**] ဟု ရေးသားထားပါသည်။ |

၎င်းသုတ် ၇၁သုတ်သည် စတုတ္ထဝဂ်၊ ဧကဓမ္မပါဠိ၊ ဧကကနိပါတ်၊ အံ၊ မှ တူသောအချက်များကို ၎င်းသို့ (-----) လိုင်းတားတားသော ၃၄မျိုးနှင့် ၎င်း ၃၄မျိုးကို ဖယ်ထားသော သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက မှ ၃၇မျိုး၊ ပေါင်း ၇၁မျိုး ဖြစ်ပါသည်။

၁၃ လက်သည်းလှီးခါး လူ့ကျိုး ၅ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ကျွန်မိန်းမ၊ ကျွန်ယောက်ျားအလုပ်သမား၊ ၂ နွား၊ မြင်း၊ ၃ ကချေသည်များ၊ ၄ ဆေးတွာသည် စသော မှီခိုစားသူများ၊ ၅ ထမင်းချက်သမား၊ စဖိုသည်တို့ကို ဘဝတိုင်း ရရှိ၏။

၁၄ လာဘ်ဖြစ်စေသောရဟန်း၏ အင်္ဂါ၄ပါး (လာဘ- ရခြင်း၊ လာဘ်၊ ဂရဟ- ကဲ့ရဲ့၊ လာဘဂရဟဇာတ်၊ အဋ္ဌကရဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ဟိရီဩတ္တပ္ပဖျက်၍ ရဟန်းအဖြစ်ကိုစွန့်လျက် မရူးသော်လည်း ရူးသကဲ့သို့ကျင့်ခြင်း၊ ၂ ပိသုဏာ ဝါစာဆိုခြင်း၊ ၃ ကချေသည်တို့၏အမူအရာနှင့် တူခြင်း၊ ၄ ဖရိုဖရဲသောစကား ရှိခြင်း။။

**၁၅ လုံ့အချက် မနက်၊ မွန်းတည့်၊ ညချမ်းအခါ ၁၀၀ စီ၊ တနေ့ အချက် ၃၀၀ အထိုးခံစေသော** ဥပမာတရားတော် - ၂ ပုဒ်

၁။ (ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - ဥပမာများနှင့် တရားတော်များ - အနက်မှ - အမှတ် ၄) ကို ကြည့်ပါ။

၂။ (ဘုရားရှင်ဟောသောတရားတော်များ - အနက်မှ - ဥပမာများနှင့် တရားတော်များ - အနက်မှ - အမှတ် ၂၂) ကို ကြည့်ပါ။

၁၆ လျှာပြတ်သောနွားသတ်သမားသည် အမဲသားမပါလျှင် ထမင်းမစားသူဖြစ်၍ အိမ်နောက်တွင် ချည်ထားသော နွား၏လျှာကိုဖြတ်ကာ မီးကင်စားသည်နှင့် လျှာပြတ်ပြီး အဝီစိငရဲရောက်၊ နွားသတ်သမားမယားက သားကို နွားသတ်၍ အသက်မမွေးစေရန် တက္ကသိုလ်ပြည်၌ ရွှေပန်းတိမ်အတတ်သင်စေ၊ ရွှေပန်းတိမ်သမီးနှင့် လက်ထပ်ကာ တက္ကသိုလ်ပြည်၌နေ၊ သားများ သာဝတ္ထိ၌နေ၊ သဒ္ဓါတရားများနှင့် ကုသိုလ်များပြုကြ၊ ဖခင် ကုသိုလ်မပြု၊ အရွယ်ကြီးသော် သားများက သာဝတ္ထိခေါ်၊ ဘုရားရှင်နှင့် သံဃာတော်များကို ၂ရက်ဆက် ဆွမ်းဆက်ကပ်၊ ဒေသနာ ၂ပိုဒ်ဟောရာ ဖခင် သောတာပန်ဖြစ်၊ သားသမီးကို့သည် နောက်ရက်လည်း ကုသိုလ်ပြုပြီး ဘုရားရှင်အား ဖခင်ကြီးအတွက်ပြုကြောင်း လျှောက်ကြရာ နောက်ဒေသနာ ၂ပိုဒ်ကိုဆက်ဟောရာ ဖခင်ကြီး အနာဂါမ်ဖြစ်သည်။ (ဂါထာတကပုတ္တဝတ္ထု၊ မလဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဂါထာမြန်မာပြန်။ ဥပါသကာ သင်သည် ယခုအခါ ဖျော့တော့သော ဖက်ရွက်လျော်ကဲ့သို့ဖြစ်ခဲ့ပြီး သေမင်းတမန်တို့သည်လည်း သင်၏အနီး၌ တည်ကုန်ပြီ၊ ဆုတ်ယုတ်ပျက်စီးခြင်း၏အစ (ဘဝဆုံး) ၌လည်း တည်ခဲ့ပြီ၊ သင့်အား ဘဝတပါးသို့သွားရန် ကောင်းမှုရိက္ခာလည်း မရှိ။

ထိုသင်သည် မိမိ၏ မှီရာကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့၊ လျင်စွာအားထုတ်၍ ပညာရှိသူ ဖြစ်လေလော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာမရှိခဲ့မူ အရိယာတို့နေရာ သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်ရလတ္တံ့။

ဥပါသကာ သင်သည် ယခုအခါ အရွယ်လွန်ချေပြီ၊ သေမင်းအထံသို့ သွားချိန်ရောက်ခဲ့ပြီ၊ သင့်အား ခရီးအကြား၌ ရပ်နားနေရန် အခွင့်မရှိ၊ သင့်အား ဘဝတပါးသို့သွားရန် ကောင်းမှုရိက္ခာလည်း မရှိ။

ထိုသင်သည် မိမိ၏ မှီရာကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့၊ လျင်စွာအားထုတ်၍ ပညာရှိသူ ဖြစ်လေလော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာမရှိခဲ့မူ တဖန်ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မရောက်ရတော့လတ္တံ့။

၁၇ လျှို့ဝှက်အပ်သောစကားကို မပြောအပ်သူ ၁၄ဦး (ပဏ္ဍရနာဂရာဇဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အမိ၊ ၂ အဖ၊ ၃ နှမ၊ ၄ ညီ၊ ၅ အကို၊ ၆ အဆွေခင်ပွန်း၊ ၇ ဘထွေး၊ ၈ ဘကြီး၊ ၉ ဦးရီး၊ ၁၀ မယား၊ ၁၁ မိန်းမ၊ ၁၂ ရန်သူ၊ ၁၃ မိမိကြိုက်နှစ်သက်သော တစုံတခုသောဝတ္ထုဖြင့် ဖြားယောင်းသူ၊ **၁၄** နှုတ်တမျိုး၊ စိတ်တမျိုးဖြင့် အဆွေခင်ပွန်းတုဖြစ်၍ စိတ်နှလုံးခိုးတတ်သူ။

ဝ

၁ ဝစီဒုစရိုက် ၄ပါး၏ ဆိုးကျိုးများ (သုတေသနသရုပ်ပြဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ သာသနာရေးဦးစီး)

အပါယ် ၄ဘုံ၌ ဖြစ်စေသော မကောင်းမှုများ ဖြစ်၏။

၁ မုသာဝါဒ - (ငါးပါးသီလ - အနက်မှ - မုသာဝါဒ အပြစ်များ ၁၆ပါး နှင့် မုသားဆိုခြင်း၏ အကျိုးဆက် ၂ပါး) တွင် ကြည့်ပါ။

၂ ပိသုဏာဝါစာ - ညီညွတ်သူ ၂ဦး / များကို ကွဲပြားအောင်ပြုခြင်း၊ ကုန်းချောစကား ပြောခြင်း၊ <u>အပြစ် / ဆိုးကျိုး ၇ပါး</u>။ ၁ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သူတို့နှင့် စိတ်ဝမ်းကွဲပြားခြင်း၊ ၂ သူတပါး လုံ့လကြောင့် ခန္ဓာကိုယ် ပျက်စီးရခြင်း၊ ၃ အခြံအရံ မဲ့ခြင်း၊ ၄ သူတော်ကောင်းတရား၌ သဒ္ဓါတရား မရှိ၊ ၅ မိတ်ဆွေ၊ အပေါင်းအသင်း မတည်မြဲ၊ ၆ လူမုန်းခံရခြင်း၊ ၇ စိတ်ညစ်ညူးရခြင်း။

၃ ဖရုသာဝါစာ- ဆဲရေးခြင်း၊ <u>အပြစ် ၇ပါး</u>။ ၁ မနှစ်သက်သောအသံ ကြားရ၊ ၂ အများ အမုန်းခံရ၊ ၃ ကဲ့ရဲ့ပြစ်တင် ခံရ၊ ၄ ဆင်းဆင်းရဲရဲ နေထိုင်ရ၊ ၅ သာယာနာပျော်ဖွယ်အသံ မရှိ၊ ၆ ဆွံ့အခြင်း၊ ၇ မိမိ စိတ်ကို မကြည်လင်စေခြင်း။

၄ သမ္ဖပ္ပလာပဝါစာ- ပြိန်ဖျင်းသောစကားကို ဆိုခြင်း၊ <u>အပြစ် ၇ပါး</u>။ ၁ မိမိပြောသောစကားကို သူတပါး မယုံကြည်ခြင်း၊ ၂ လူများ မုန်းခြင်း၊ ၃ လူများ မိမိကို အလေးမထားခြင်း၊ ၄ အများ ယုံကြည် ဖွယ်ဖြစ်အောင် မပြောတတ်ခြင်း၊ ၅ လာဘ်လာဘ နည်းပါးခြင်း၊ ၆ ဘုန်းတန်ခိုးရှိန်စော် အာနုဘော် နည်းခြင်း၊ ၇ ပညာသေးသိမ် မှေးမှိန်ခြင်း။

၂ ဝလာဟကနတ်မျိုး ၅မျိုး (သုဒ္ဓိကသုတ်၊ ဝလာဟကသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အအေးကို ပြုတတ်သော ဝလာဟကနတ်၊ ၂ အပူကို ပြုတတ်သော ဝလာဟကနတ်၊ ၃ ဆီးနှင်း ကျစေတတ်သော ဝလာဟကနတ်၊ ၄ လေတိုက်ခတ်စေတတ်သော ဝလာဟကနတ်၊ ၅ မိုးရွာစေတတ် သော ဝလာဟကနတ်။

၃ ဝသီဘော်- အလေ့အလာ ၅ပါး (ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဈာန်ဝင်စားခြင်း အလေ့အလာများ ဖြစ်သည်။

၁ အာဝဇ္ဇနဝသီ- ဆင်ခြင်ခြင်း အလေ့အလာ၊ ၂ သမာပဇ္ဇနဝသီ- ဝင်စားခြင်း အလေ့အလာ၊ ၃ အဓိဋ္ဌာနဝသီ- ဆောက်တည်ခြင်း အလေ့အလာ၊ ၄ ဝုဋ္ဌာနဝသီ- ထခြင်း အလေ့အလာ၊ ၅ ပစ္စဝေက္ခဏာ ဝသီ- တဖန်ရှုခြင်း အလေ့အလာ။

၄ ဝါဆိုလပြည့်နေ့ ထူးခြားချက် ၄ချက် (သုတ်မဟာဝါ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ)

၁ ဂေါတမမြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေတည်နေတော်မူခြင်း၊

၂ ဘုရားအလောင်းတော် တောထွက်တော်မူခြင်း၊

၃ ဂေါတမဘုရားရှင် ဓမ္မစကြာတရားဦး ဟောတော်မူခြင်း၊

၄ ဘုရားရှင် တိတ္ထိတို့ကို နှိမ်နင်းသော တန်ခိုးပြာဋိဟာ ပြတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွတော်မူခြင်း။

၅ ဝါယောဓါတ် (အဇ္ဈတ္တ) ၁၀ပါး (ဓါတုဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ဥဒ္ဓင်္ဂမဝါ တ- အထက်ဆန်သောလေ၊ ၂ အဓောဂမဝါတ- အောက်သို့စုန်သောလေ၊ ၃ ကုစ္ဆိသယဝါ တ- ဝမ်း၌တည်သောလေ၊ ၄ ကောဋ္ဌာသယဝါတ- အူ၌တည်သောလေ၊ ၅ အင်္ဂမင်္ဂါနုသာရီဝါတ- ကိုယ်အင်္ဂါကြီးငယ်သို့ လျှောက်သောလေ၊ ၆ သတ္ထကဝါတ- ဓါးငယ်ကဲ့သို့ ဖြတ်တတ်သောလေ၊ ပါးရွဲ့ခြင်း ခြေတဘက်သေသွားခြင်းတည်းဟူသော ကိုယ်လက်အင်္ဂါစသည်တို့ ရွဲ့စောင်းသွားအောင် မလှုပ်နိုင်အောင် ဖြတ်သောလေ၊ ၇ ခုရကဝါတ- သင်ခုန်းဒါးကဲ့သို့ နှလုံးသားကို ခွဲသောလေ၊ လေသင်ခုန်း၊ ၈ ဥပ္ပလကဝါ တ- နှလုံးသားကို ဆွဲထုတ်သော လေ၊ ၉ အဿာသ- ဝင်သက်လေ၊ ၁၀ ပဿာသ- ထွက်သက်လေ။

၆ ဝိစိကိစ္ဆာ- ယုံမှားခြင်း ၂ စု

<u>၁။ ၈ပါး</u> (အဘိဓမ္မာ။ ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဗုဒ္ဓ၊ ၂ ဓမ္မ၊ ၃ သံဃ၊ ၄ သိက္ခာ၊ ၅ ပုဗ္ဗာ (ရှေးအဘို့)၊ ၆ ပရန် (နောက်အဘို့)၊ ၇ ပုဗ္ဗန္တာပရန္တ၊ ၈ ပဋိစ္စသမုပ္ပါဒ်။

<u>၂။ ၁၆ပါး</u> (ပစ္စယသုတ်၊ အာဟာရဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ရှေးအဘို့ (<u>အတိတ်</u>) သို့ ပြေးဝင်လတ္တံ့ကြောင်း ၅ပါး။ ၁ ငါသည် လွန်ခဲ့သောကာလက ဖြစ်ဘူးပြီလော?၊ ၂ မဖြစ်ဘူးသလော?၊ ၃ အဘယ်သို့ / အဘယ်သူ ဖြစ်ခဲ့သနည်း?၊ ၄ အဘယ်ပုံ ဖြစ်ခဲ့သနည်း?၊ ၅ အဘယ်သို့ ဖြစ်ပြီး၍ အဘယ်သို့ ဖြစ်ခဲ့သနည်း?။

နောက်အဘို့ (<u>အနာဂတ်</u>) သို့ ပြေးဝင်လတ္တံ့ကြောင်း ၅ပါး။ ၁/၆ ငါသည် နောင်ကာလ၌ ဖြစ် (လတ္တံ့လော?)၊ ၂/၇ မဖြစ် (...)၊ ၃/၈ အဘယ်သို့ / အဘယ်သူဖြစ် (...)၊ ၄/၉ အဘယ်ပုံဖြစ် (...)၊ ၅/၁၀ အဘယ်သို့ ဖြစ်ပြီး၍ အဘယ်သို့ ဖြစ်လတ္တံ့ နည်း?။

<u>ယခုမျက်မှောက်ကာလ</u>တွင် မိမိခန္ဓာကိုယ်၌ သို့လောသို့လော ဖြစ်လတ္တံ့ကြောင်း ၆ပါး။ ၁/၁၁ ငါသည် ဖြစ်နေသလော?၊ ၂/၁၂ ငါသည် မဖြစ်နေသလော?၊ ၃/၁၃ ငါသည် အဘယ်သို့ / အဘယ်သူ

ဖြစ်နေသလော?၊ ၄/၁၄ ငါသည် အဘယ်ပုံ ဖြစ်နေသလော?၊ ၅/၁၅ ဤသတ္တဝါသည် အဘယ်အရပ်မှ လာခဲ့သနည်း?၊ **၆/၁၆** ထိုသတ္တဝါသည် အဘယ်အရပ်ကို သွားလတ္တံ့နည်း?။

၇ **ဝိညာဏဋ္ဌိတိ** - ပဋိသန္ဓေဝိညာဉ်၏ တည်ရာ **၇ပါး** (မဟာနိဒါနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ သတ္တဝိညာဏဋ္ဌိတိသုတ်၊ မဟာယညဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ စူဠနိဒ္ဒေသ ဋ္ဌ)

၁ ကိုယ်ပုံသဏ္ဌာန်ကွဲပြား ပဋိသန္ဓေသညာကွဲပြား - အချို့နတ်၊ လူ၊ အချို့ဝိနိပါတိကပြိတ္တာ၊

၂ ။ ။တူ - အပါယ်၄ဘုံနှင့် ပဌမစျာန်ဘုံဖြဟ္မာများ၊

၃ ။တူ ။ကွဲပြား - ဒုတိယစျာန်ဘုံဖြဟ္မာများ- အာဘဿရာဘုံဖြဟ္မာ၊

၄ ။တူ ။တူ - တတိယစျာန်ဘုံဖြဟ္မာများ- သုဘကိဏှာဘုံဖြဟ္မာ၊

၅ အာကာသာနဉ္စာယတနဘုံ အရူပဖြဟ္မာ၊

၆ ဝိညာဏဉ္စာယတနဘုံ အရူပဖြဟ္မာ၊

၇ အာကိဉ္စညာယတနဘုံ အရူပဖြဟ္မာ။

၈ ဝိတက် ၃မျိုး ၂ ခု (မူလပဏ္ဏာသ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>၁။ မိစ္ဆာဝိတက်- မကောင်းသော ကြံစည်ခြင်း ၃မျိုး</u>

၁ ကာမဝိတက်- ဝတ္ထုကာမတို့ကို တွယ်တာတပ်မက်ဖွယ်အနေဖြင့် ကြံစည်စိတ်ကူးခြင်း၊

၂ ဗျာပါဒဝိတက်- သူတပါးကို ဖျက်ဆီးသတ်ဖြတ်ရန် ကြံစည်စိတ်ကူးခြင်း၊

၃ ဝိဟိံသဝိတက်- သူတပါးကို ညှဉ်းဆဲနှိပ်စက်ရန် ကြံစည်စိတ်ကူးခြင်း။

<u>၂။ သမ္မာဝိတက် / သမ္မာသင်္ကပ္ပ- ကောင်းသော ကြံစည်ခြင်း ၃မျိုး</u>

၁ နေက္ခမ္မဝိတက်- ဝတ္ထုကာမတို့မှ ထွက်မြောက်ရန် ကြံစည်စိတ်ကူးခြင်း၊

၂ အဗျာပါဒဝိတက်- မေတ္တာတရားနှင့်ယှဉ်သော ကြံစည်စိတ်ကူးခြင်း၊

၃ အဝိဟိံသာဝိတက်- ကရုဏာနှင့်ယှဉ်သော ကြံစည်စိတ်ကူးခြင်း။

၉ **ဝိနိပါတိက** (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ဖုတ်၊ ၂ တစ္ဆေ၊ ၃ သရဲ စသော <u>နာနာဘာဝသတ္တဝါများ</u> ဖြစ်ကြသည်။

၁၀ **ဝိနည်းတည်မှ သာသနာတည်မည်။** (ဝိ ဋ္ဌ။ ဂုကုန်းဝိဝါဒဝိနိစ္ဆယဒီပနီ ၁၊ ဂုကုန်းဆရာတော်ကြီး အရှင်တိဿ)

| |
|---|
| "ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ။" |

ရှင်စောဘုရား၏ သာသနာတော် ရှည်ကြာမြင့်ညောင်း တည်ခြင်းအကြောင်းမှာ ဝိနည်းသာ။ ဝိနည်းတည်မှ သာသနာတည်မည်။

၁၁ **ဝိပလ္လာသ-** ဖောက်ပြန်ခြင်း ၁၂ပါး (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဝိပလ္လာသသုတ်၊ ရောဟိတဿဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဝိသုဒ္ဓိမဂ်)

၁ အနိစ္စ- မမြဲသောအရာ၊

၂ ဒုက္ခ- ဆင်းရဲသောအရာ၊

၃ အနတ္တ- အတ္တမဟုတ်သောအရာ၊

၄ အသုဘတရား- မတင့်တယ်သောအရာ တခုစီ တခုစီ၌ [၁]မြဲ၏၊ [၂]ချမ်းသာ၏၊ [၃]အတ္တဟုတ်၏၊ [၄]တင့်တယ်၏ဟု ၁ သညာဝိပလ္လာသ- အမှတ်ဖောက်ပြန်ခြင်း၊

၂ စိတ္တ ဝိပလ္လာသ- အသိဖောက်ပြန်ခြင်း၊

၃ ဒိဋ္ဌိဝိပလ္လာသ- အယူဖောက်ပြန်ခြင်းဟူ၍ ဖောက်ပြန်ခြင်း ၃ခုစီဖြစ်ရာ ဝိပလ္လာသ ဖောက်ပြန်ခြင်း **၁၂ပါး**ဖြစ်၏။

၁၂ **ဝိပဿနာ** __၂၄ ခု__

__၁။ **စူဠသောတာပန်**__ (ဝိသုဒ္ဓိမဂ် ဋီ။ စက်ဖြတ်ဝိပဿနာကျမ်း၊ ခန္တီးဆရာတော်ကြီး)

> "ဣမိနာ ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမဟောတိ။"

ပန- ကင်္ခါဝိတရဏဝိသုဒ္ဓိ၏ အကျိုးကား၊ ဣမိနာဉာဏေန- ဤကင်္ခါဝိတရဏဝိသုဒ္ဓိမည်သောဉာဏ်နှင့်၊ သမန္နာဂတော- ပြည့်စုံသော၊ ဝိပဿကော- ဝိပဿနာတရား ပွားများသောပုဂ္ဂိုလ်သည်၊ ဗုဒ္ဓသာသနေ- ဘုရားရှင်၏ သာသနာတော်၌၊ လဒ္ဓဿာသော- ရအပ်ပြီးသော သက်သာခြင်းရှိသည်ဖြစ်၍၊ လဒ္ဓပတိဋ္ဌော- ရအပ်ပြီးသော တောက်ရာမှီခိုရာရှိသည်ဖြစ်၍၊ နိယတဂတိကော- မြဲသောသုဂတိရှိသော၊ စူဠသောတာပန္နောနာမ- စူဠ သောတာပန်မည်သည်၊ ဟောတိ- ဖြစ်၏။

__၂။ တရားထူးမဂ်ရနိုင်သော အချိန်အတိုင်းအတာကာလ__ (ဗောဓိရာဇကုမာရသုတ်၊ ရာဇဝဂ်၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဗောဓိရာဇကုမာရမင်းသားအား ဟောတော်မူ၏။ မဂ်ရကြောင်းအင်္ဂါ၅ပါး (ဤအစု၏ အောက်ပါ အမှတ် ၆ကို ကြည့်ပါ။)နှင့် ပြည့်စုံသော ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်သော ရဟန်းသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ညချမ်းအခါဆုံးမမူ နံနက်အခါ၌ တရားထူးကို ရပေလိမ့်မည်၊ နံနက်အခါဆုံးမမူ ညချမ်းအခါ၌ တရားထူးကို ရပေလိမ့်မည်။

၃။ တရားအားထုတ်သူတို့၌ တရားအားထုတ်စဉ် အကြီးအမှူးပြု၍ အားထုတ်ရာသော တရား ၃ပါး (အာဓိပတေယျသုတ်၊ ဒေဝဒူတဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အတ္တာဓိပတေယျ- မိမိကိုယ်ကို အကြီးအမှူးပြု၍ ဖြစ်သောတရား= ငါသည် သင်္ကန်း ဆွမ်း ကျောင်းဟူသော အကြောင်းကြောင့် ရဟန်းဘောင်သို့ တက်ခဲ့သည်မဟုတ်၊ ကာမဂုဏ်တို့ကို ရှာမှီးနေခြင်းသည် မလျော်၊ ငါသည် တွန့်ဆုတ်ခြင်း မရှိသောဝီရိယဖြင့် တည်ကြည်သောစိတ် ဖြစ်လတ္တံ့ဟူ၍ အကုသိုလ်ကို ပယ်၍ ကုသိုလ်တရားကိုပွားကာ မိမိစိတ်ကို စောင့်ရှောက်ခြင်း။

၂ လောကာဓိပတေယျ- သတ္တလောကကို အကြီးအမှူးပြု၍ ဖြစ်သောတရား= ငါ သည် သင်္ကန်း ဆွမ်း ကျောင်းဟူသောအကြောင်းကြောင့် ရဟန်းဘောင်သို့ တက်ခဲ့သည်မဟုတ်၊ ကြံစည်ခြင်း- ဝိတက်တို့ကို ကြံ စည်ငြားအံ့၊ တန်ခိုးကြီးသော နတ်တို့သည်၎င်း၊ သူတပါးစိတ်ကိုသိသော သမဏ ဗြဟ္မဏတို့သည်၎င်း၊ ငါ သည် အကုသိုလ်တရားတို့နှင့် ရောပြွမ်းနေသည်ကို သိရာ၏၊ ငါသည် တွန့်ဆုတ်ခြင်းမရှိသော ဝီရိယဖြင့် တည်ကြည်သောစိတ် ဖြစ်လတ္တံ့ဟူ အကုသိုလ်ကိုပယ်၍ ကုသိုလ်တရားကိုပွားကာ မိမိစိတ်ကို စောင့် ရှောက်ခြင်း။

၃ ဓမ္မာဓိပတေယျ- လောကုတ္တရာတရားကို အကြီးအမှူးပြု၍ ဖြစ်သောတရား= ငါသည် သင်္ကန်း၊ ဆွမ်း၊ ကျောင်းဟူသော အကြောင်းကြောင့် ရဟန်းဘောင်သို့ တက်ခဲ့သည်မဟုတ်၊ မြတ်စွာဘုရား ကောင်းစွာ ဟောကြားတော်မူအပ်သော တရားတော်၏ ဂုဏ်တော် ၆ပါးကို ဆင်ခြင်၍ ငါသည် ပျင်းရိမေ့လျော့နေ၍ မလျော်၊ ငါသည် တွန့်ဆုတ်ခြင်း မရှိသောဝီရိယဖြင့် တည်ကြည်သောစိတ် ဖြစ်လတ္တံ့ဟူ၍ အကုသိုလ်ကို ပယ်၍ ကုသိုလ်တရားကို ပွားကာ မိမိစိတ်ကို စောင့်ရှောက်ခြင်း။

၄။ **တော ၄၀** (ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၃။ ဝိသုဒ္ဓိမဂ်။ ဂူကုန်းဝိဝါဒဝိနိစ္ဆယကျမ်း ၂၊ ဂူကုန်းဆရာတော်ကြီးအသျှင်တိဿ။ စက်ဖြတ်ဝိပဿနာကျမ်း၊ ခန္တီးဆရာတော်ကြီး)

**ဘာဝနာ ၄၀ဟုလည်း ခေါ်၏။** သမ္မသနဝိပဿနာဉာဏ် ၄၀ ဖြစ်သည်။

၁ အနိစ္စတော- အမြဲမရှိ (တတ်သောကြောင့်၎င်း)၊ ၂ ဒုက္ခတော- ဆင်းရဲ (...)၊ ၃ ရောဂတော- အနာ များ (...)၊ ၄ ဂဏ္ဍတော- အိုင်းအမာကဲ့သို့ ကိလေသာအညစ်အကြေးများ ယိုစီး (...)၊ ၅ သလ္လတော- ကိလေသာ ထိုးကျင့်တတ်သောကြောင့်၎င်း၊ ၆ အဃတော- အစီးအပွားမရှိသည်ကို ဆောင် (...)၊ ၇ အာဗာဓတော- အနာနှိပ်စက် (...)၊ ၈ ပရတော- အလိုသို့မလိုက် (...)၊ ၉ ပလောကတော- ဇာတိ ဇရာ မရဏတို့ဖြင့်ပျက် (...)၊ ၁၀ ဤတိတော- များစွာပျက်စီးခြင်းသို့ဆောင် (...)။

၁၁ ဥပဒ္ဒဝတော- အလုံးစုံသော ဘေးရန်၏တည်ရာ ဖြစ် (...)၊ ၁၂ ဘယတော- အလုံးစုံသော ဘေးရန်တို့၏ အခြင်းအရာဖြစ် (...)၊ ၁၃ ဥပသဂ္ဂတော- ကပ်၍ စီးရင် (...)၊ ၁၄ စလတော- တုန်လှုပ် (...)၊ ၁၅ ပဘင်္ဂုတော- လုံ့လကိစ္စအားဖြင့် ပျက်စီးခြင်းသို့ရောက်ခြင်း အလေ့ရှိတတ်သောကြောင့်၎င်း၊ ၁၆ အဒ္ဓုဝတော- မမြဲ (...)၊ ၁၇ အတာဏတော- ကိုးကွယ်ရာမရှိ (...)၊ ၁၈ အလေဏတော- ပုန်းအောင်းရာမရှိ (...)၊

၁၉ အသရဏတော- ဆည်းကပ်ရာမရှိ (...)၊ ၂၀ ရိတ္တတော- အမြဲ ချမ်းသာသော အတ္တဘောမှ ကင်း (...)။

၂၁ တုစ္ဆတော- အချည်းစည်းဖြစ် (...)၊ ၂၂ သုညတော- ဆိတ် (...)၊ ၂၃ အနတ္တတော- ကိုယ်မဟုတ် (...)၊ ၂၄ အာဒီနဝတော- အပြစ်ဖြစ် (...)၊ ၂၅ ဝိပရိဏာမ ဓမ္မတော- ဇရာ မရဏတို့ဖြင့် ဖေါက်ပြန်တတ်သောကြောင့်ငင်း၊ ၂၆ အသာရကတော- အနှစ်မရှိ (...)၊ ၂၇ အဃမူလတော- ပျက်ခြင်း အရင်းရှိ (...)၊ ၂၈ ဝဓကတော- သတ်၍ပြတတ် (...)၊ ၂၉ ဝိဘဝတော- ဘဝအထူးသို့ အဖန်တလဲလဲပြောင်း (...)၊ ၃၀ သာသဝတော- အာသဝေါတရားတို့၏ နီးစွာသော အကြောင်းဖြစ် (...)။

၃၁ သခ်တတော- ဟေတုပစ္စည်းကို ပြုပြင်စီရင် (...)၊ ၃၂ မာရာမိသတော- အစာကိုမှီ (...)၊ ၃၃ ဇာတိဓမ္မတော- ပဋိသန္ဓေနေ (...)၊ ၃၄ ဇရာဓမ္မတော- အို (...)၊ ၃၅ ဗျာဓိဓမ္မတော- နာတတ်သောကြောင့်ငင်း၊ ၃၆ မရဏဓမ္မတော- သေ (...)၊ ၃၇ သောကဓမ္မတော- စိုးရိမ် (...)၊ ၃၈ ပရိဒေဝဓမ္မတော- ငိုကြွေး (...)၊ ၃၉ ဥပါယာသဓမ္မတော- သက်ကြီးရှိုက်တငင် ပင်ပန်း (...)၊ ၄၀ သံကိလေသဓမ္မတော- ညစ်ညူးတတ်သောကြောင့် ငင်း၊

ဣတိ- ဤသို့၊ စတ္တာလီသာယ- <u>လေးဆယ်သော **ဝိပဿနာ**</u>ဖြင့်၊ ပဉ္စက္ခန္ဓေ- ၅ပါးသောခန္ဓာတို့ကို၊ အနိစ္စတော- မမြဲသောအားဖြင့်၊ ပဿန္တော- ရှုသောယောဂီပုဂ္ဂိုလ်သည်၊ အနုလောမိကံ ခန္တိံ- အနုလောမခန္တိကို၊ ပဋိလဘတိ- ရ၏။

အမှတ် ၁ အနိစ္စတော- အမြဲမရှိတတ်သောကြောင့်ငင်း အစရှိသော <u>အနိစ္စလက္ခဏာ</u> ၁၀ပါး၊

အမှတ် ၂ ဒုက္ခတော- ဆင်းရဲတတ်သောကြောင့်ငင်း အစရှိသော <u>ဒုက္ခလက္ခဏာ</u> ၂၅ပါး နှင့်

အမှတ် ၂၃ အနတ္တတော- ကိုယ်မဟုတ်သောကြောင့်ငင်း အစရှိသော <u>အနတ္တလက္ခဏာ</u> ၅ပါး = ပေါင်း အပါး ၄၀ရှိသည်။ အကျယ်ကို အညွှန်းပါ စက်ဖြတ် ဝိပဿနာကျမ်းတွင် ကြည့်ပါ။

<u>၅။ ဒိဋ္ဌိ- မှားသောအယူ + ဂတ- သွားခြင်း၊ ဒိဋ္ဌိဂတသုတ်၊ ဒုတိယဝဂ်၊ ဒုကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။</u>

၂ပါးသော ဒိဋ္ဌိအယူတို့ဖြင့် နှိပ်စက်ခံရသော နတ် လူတို့တွင် အချို့သည် တွန့်တိုဆုတ်နစ်၏။ အချို့သည် လွန်၍ ပြေးသွား၏။ စက္ခုအမြင်ရှိသူတို့သည်ကား မဇ္ဈိမပဋိပဒါဖြင့် မျက်မှောက်ပြုနိုင်၏။

<u>တွန့်တိုဆုတ်နစ်သူသည်</u> ၁ ဘဝလျှင် မွေ့လျော်ရာရှိ၏၊

၂ ဘဝ၌ မွေ့လျော်တတ်၏၊

၃ ဘဝ၌ နှစ်သက်တတ်၏၊

၄ ထိုသူတို့အား ဘဝချုပ်ရန်အတွက် တရားဟောပြောသည်ရှိသော် စိတ်သည် မသက်ဝင်၊ မကြည်လင်၊ ကောင်းစွာမတည်၊ ကောင်းစွာ နလုံးမသွင်းသူ ဖြစ်၏။

<u>လွန်၍ ပြေးသွားသူသည်</u> ၁ ဘဝဖြင့် ငြီးငွေ့ကုန်၏၊

၂ ဘဝမှ ရှက်နိုး၏၊

၃ ဘဝမှ စက်ဆုပ်၏၊

၄ ဘဝ ကင်းပြတ်ခြင်းကို နှစ်သက်၏၊

၅ အကြင့်ကြောင့် ဤအတ္တသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ပြတ်၏၊ ပျက်စီး၏၊ သေသည် မှနောက်၌ မဖြစ်တော့ဟု သဘောရှိသူ ဖြစ်၏။

စက္ခုအမြင်ရှိသူတို့သည်ကား၊ မဇ္ဈိမပဋိပဒါဖြင့် မျက်မှောက်ပြုနိုင်သူတို့သည်ကား ဤသာသနာ တော်၌ ဟုတ်မှန်သော ခန္ဓာ ၅ပါးကို ဟုတ်မှန်သောအားဖြင့် မြင်ခြင်းကြောင့် ဟုတ်မှန်သော ခန္ဓာ ၅ပါးကို ငြီးငွေ့ရန်၊ တပ်ခြင်းကင်းရန်၊ ချုပ်ရန်ကျင့်သောသူ ဖြစ်၏။

ဤသို့ကျင့်သောသူသည် ဟုတ်မှန်သော ခန္ဓာ ၅ပါးကို လွန်မြောက်လျက် ဘဝတဏှာကုန်ခြင်း ကြောင့် ဟုတ်မှန်သောနိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာမှ လွတ်မြောက်ကုန်၏။ ခန္ဓာ ၅ပါးကို ပိုင်းခြား၍ သိသော၊ ဘဝကြီးငယ်၌ တဏှာကင်းသော ထိုရဟန်းသည် ခန္ဓာ ၅ပါး၏ မဖြစ်ခြင်းကြောင့် တဖန် ဘဝသစ်သို့ မရောက်တော့။

၆။ ဝိပဿနာ ကမ္မဋ္ဌာန်းစီးဖြန်းသောပုဂ္ဂိုလ်၌ ရှိသင့်ရာ အကြောင်းအင်္ဂါ၅ပါး / **ပဓါနိယင်္ဂတရား ၅ပါး** (ဗောဓိရာဇကုမာရသုတ်၊ ရာဇဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ပဓါနိယင်္ဂသုတ်၊ နီဝရဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက။ သုတ်ပါထေရ၊ ဒီ၊ သုတ္တန္တပိဋက)

**မဂ်ရကြောင်းအင်္ဂါ ၅ပါး** ဟုလည်း ခေါ်၏။

၁ သဒ္ဓါ- မြတ်စွာဘုရား၏ ဗောဓိ (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်) ကို / ရတနာ ၃ပါးဂုဏ်တော်ကို ယုံကြည်မှု သဒ္ဓါရှိ၏၊

၂ အပ္ပ ဗာဓော- ကျန်းမာ၍ အနာကင်း၊ ဆင်းရဲကင်း၏၊ အညီအညွတ် ကျက်စေတတ်သော၊ မအေးလွန်း မပူလွန်းသော၊ အလယ်အလတ်ဖြစ်သော၊ ကမ္မဋ္ဌာန်းစီးဖြန်းရန်ခံနိုင်သော၊ ပါစကတေဇော ဓါတ်နှင့် ပြည့်စုံ၏၊

၃ အသဌတာ- ဟန်ဆောင်လှည့်ပတ်ခြင်း မရှိ / စိတ်သဘောထား ဖြောင့်စင်းတော်တည့်ခြင်း၊

၄ အာရဒ္ဓ ဝီရိယတာ- ထက်သန်သော ဝီရိယ၊ လုံ့လရှိ၍ မြဲမြံစွာအားထုတ်မှု ရှိ၏၊

၅ ဥဒယတ္ထဂါမိနိပညာ- ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိစွမ်းနိုင်သော၊ စင်ကြယ်သော၊ ကိလေသာကို ဖေါက်ခွဲဖျက်ဆီးနိုင်သော၊ ကောင်းစွာ ဒုက္ခ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်စေနိုင်သော မြတ်သော ပညာနှင့် ပြည့်စုံ၏။

၇။ ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်ရန် မဟုတ်သော အခါ ၅ပါး (သမယသုတ်၊ နီဝရဏဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

**အနာဂတ်ဘေး ၅ပါး** ဟုလည်းခေါ်၏။ ၁ ဇရာထောင်း၍ အိုမင်းသောအခါ၊ ၂ မကျန်းမမာ ရောဂါ

ရသောအခါ၊ ၃ ဝတ်မွတ်ခေါင်းပါး အစာရေစာ ရှားပါးသောအခါ၊ ၄ ဘေးပုန်ခါးပြတို့ ထကြွ သောင်းကြမ်းသောအခါ၊ ၅ သံဃာချင်းကွဲပြားပြီး အချင်းချင်း အငြင်းပွားနေသောအခါ။

<u>အပြန်</u>။ တရားအားထုတ်ရန်အခါ။

<u>၈။ ဝိပဿနာ ညစ်ညူးကြောင်းတရား / ဥပက္ကိလေသာတရား / မဂ်အန္တရာယ် /</u> **မဂ်တုဖိုလ်တု ၁၀ပါး** (ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဥပက္ကိလေသသုတ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ။ ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ သြဘာသ- အရောင်အလင်း၊ ၂ ပီတိ၊ ၃ ပဿဒ္ဓိ- ကိုယ်စိတ်ငြိမ်းခြင်း၊ ၄ အဓိမောက္ခ- ဆုံးဖြတ်ချက်ချခြင်း၊ ၅ ပဂ္ဂဟ- ဝီရိယ ပုံမှန်ဖြစ်နေခြင်း၊ ၆ သုခ၊ ၇ ဉာဏ- ဉာဏ် ထက်သန်နေခြင်း၊ ၈ ဥပဋ္ဌာန- သတိအလွန်ကောင်းခြင်း၊ ၉ ဥပေက္ခာ- ဝိပဿနာရှုမှု ဟန်ချက်ညီနေ၍ အားမစိုက်ရပဲ အလိုလိုဖြစ်နေခြင်း၊ **၁၀** နိကန္တိ- ဝိပဿနာ၌ သာယာညိကပ်ခြင်း။။

<u>၉။ ဝိပဿနာဉာဏ် ၁၀ပါး</u> (ပဋိသမ္ဘိဒါမဂ္ဂ ဋ္ဌ။ ဝိသုဒ္ဓိမဂ်။ စူဠနိဒ္ဒေသ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ သမ္မသနဉာဏ်- ရုပ်နာမ်တရားအစုကို လက္ခဏာရေး၃ပါးတင်၍ ဆင်ခြင်သုံးသပ်သောဉာဏ်၊

၂ ဥဒယဗ္ဗယဉာဏ်- ရုပ်နာမ်တို့၏ဖြစ်ပုံပျက်ပုံကို ရှုသောဉာဏ်၊

၃ ဘင်္ဂဉာဏ်- ရုပ်နာမ်တို့၏အပျက်ကို ရှုသောဉာဏ်၊

၄ ဘယဉာဏ်- ရုပ်နာမ်တို့၏ကြောက်ဖွယ်ဘေးကို ရှုသောဉာဏ်၊

၅ အာဒီနဝဉာဏ်- ရုပ်နာမ်တို့၏အပြစ်ကို ရှုသောဉာဏ်၊

၆ နိဗ္ဗိဒါဉာဏ်- ရုပ်နာမ်တို့၌ ငြီးငွေ့သောဉာဏ်၊

၇ မုဉ္စိတုကမျတာဉာဏ်- သင်္ခါရတို့မှ လွတ်လိုသောဉာဏ်၊

၈ ပဋိသင်္ခါဉာဏ်- ထိုသင်္ခါရတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟုတပ်မံ၍ ရှုသောဉာဏ်၊

၉ သင်္ခါရုပေက္ခာဉာဏ်- သင်္ခါရတို့၌ လျစ်လျူရှုနိုင်သောဉာဏ်၊

**၁၀** အနုလောမဉာဏ်- မဂ္ဂဝီထိတွင်ပါဝင်သည့် ပရိကံ၊ ဥပစာ၊ အနုလုံဇော၌ ယှဉ်သောဉာဏ် / ပြဆိုခဲ့ပြီးသော ဉာဏ်စဉ်များမှ မဂ်ဖိုလ်တရားတို့ကို ပေါင်းကူးပမာ လျော်စွာရှုသောဉာဏ်။

<u>၁၀။ (ဝိပဿနာ) ဉာဏ်စဉ် ၁၆ပါး</u> (ဝိပဿနာရှုနည်း အကျဉ်းချုပ်၊ မဟာစည်ဆရာတော်ဘုရားကြီး။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ နာမရူပပရိစ္ဆေဒဉာဏ်၊ ၂ ပစ္စယပရိဂ္ဂဟဉာဏ်၊ ၃ သမ္မသနဉာဏ်၊ ၄ ဥဒယဝယဉာဏ်၊ ၅ ဘင်္ဂဉာဏ်၊ ၆ ဘယဉာဏ်၊ ၇ အာဒီနဝဉာဏ်၊ ၈ နိဗ္ဗိဒါဉာဏ်၊ ၉ မုစ္စိတုကမျတာဉာဏ်၊

၁၀ ပဋိသင်္ခါဉာဏ်၊ ၁၁ သင်္ခါရုပေက္ခာဉာဏ်၊ ၁၂ အနုလောမဉာဏ်၊ ၁၃ ဂေါတြဘူဉာဏ်၊ ၁၄ မဂ်ဉာဏ်၊ ၁၅ ဖိုလ်ဉာဏ်၊ **၁၆** ပစ္စဝေက္ခဏာဉာဏ်။

<u>၁၁။ ဝိပဿနာဘူမိ ၆ပါး</u> (ဝိသုဒ္ဓိမဂ်။ ဟောစဉ်တရားတော်များ၊ အမ်ပီသရီး အသံဖိုင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ခန္ဓာ၊ ၂ အာယတန၊ ၃ ဓါတ်၊ ၄ သစ္စာ၊ ၅ ပဋိစ္စသမုပ္ပါဒ်၊ **၆** ဣန္ဒြေ။

<u>၁၂။ ဝိပဿနာရှု / တရားထိုင်စဉ် အဖန်ဖန် ပြင်ထိုင်ခြင်း၏ မကောင်းကျိုး</u> (ဝိသုဒ္ဓိမဂ် ၌။ စွန်းလွန်း ဝိပဿနာ အမေးအဖြေကျမ်းနှင့် ယောဂီအခြေခံကျင့်စဉ်ကျမ်း၊ ဦးသြဘာသာဘိဝံသ)

| |
|---|
| "ဒုက္ခလက္ခဏံ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။" |

ဒုက္ခလက္ခဏံ- ဆင်းရဲတာ အသေအချာ ဒုက္ခလက္ခဏာကို၊ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္တာ- ဘယ်ပြောင်း ညာပြန် အဖန်ဖန် ပြင်၍ပြင်၍ ထိုင်နေသော ဣရိယာပုတ်တို့က ဖုံးအုပ်ဖုံးအုပ်၍ ထားသောကြောင့်၊ န ဥပဋ္ဌာတိ- ဒုက္ခ ဟုတ်၊ ဒုက္ခစစ်၊ ဒုက္ခမှန်ကို ဝိပဿနာဉာဏ်ဖြင့် မမြင်နိုင်တော့ချေ။

<u>၁၃။ ဝိပဿနာရှုရာတွင် ရုပ်နှင့်နာမ် ခွဲခြားသိရန် ဥပမာ ၅ခု</u> (ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ခန္ဓာကိုယ် အတ္တဘောသည် သစ်သားယန္တရားရုပ် / <u>ရုပ်သေးရုပ်</u>၊ နာမ်တရားသည် <u>ကြိုးဆွဲသူ</u>၊

၂ <u>ကျူစည်း ၂စည်း</u>ကဲ့သို့ ရုပ်နှင့်နာမ်သည် အချင်းချင်း တခုကိုတခု အထောက်အပံ့ပေးလျက်ရှိ၊ ကျူစည်းတခုလဲလျှင် အခြားစည်းလည်း လဲမည်၊

၃ လက်ခတ်ဖြင့် <u>စည်ကို တီး</u>သောအခါ စည်သံဖြစ်လာရာ စည်ကတခြား၊ အသံကတခြား ဖြစ်သည်၊ ဝတ္ထု၊ ဒွါရအာရုံဟု ဆိုအပ်သော ရုပ်ကိုမှီ၍ နာမ်ဖြစ်ပေါ်လာရာတွင် ရုပ်ကတခြား၊ နာမ်ကတခြား ဖြစ်သည်၊ မရော၊ စည်ကိုစွဲ၍ အသံဖြစ်သကဲ့သို့ ရုပ်ကိုစွဲ၍ နာမ်ဖြစ်သည်၊

၄ <u>ကန်းနှင့် ဆွံ့ / ကျိုး</u>တို့ တဦးကိုတဦး အမှီပြု၍နေကြသည်၊ ရုပ်သည် ကန်းဖြစ်၍ နာမ်သည် ကျိုးဖြစ်သည်၊

**၅** ရုပ်သည် <u>လှေဖြစ်၍</u> နာမ်သည် <u>လှော်ခတ်သူ</u> ဖြစ်သည်။

<u>၁၄။ ဝိပဿနာရှုရာတွင် ရုပ်နှင့်နာမ် ခွဲ၍သိကြောင်း ယောဂီများ သိမှတ်ရန် သံပေါက်ဂါထာ ၉ခု ကို ဝိဇယသုတ္တန်အား မင်းကွန်းဆရာတော်ကြီး ရှင်းလင်းရေးသားရာတွင် ထည့်သွင်းရေးထားသည်။</u> (ဝိဇယသုတ္တန်၊ သုတ္တနိပါတ် ၌။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

| |
|---|
| "စိတ္တနာနတ္တမာ ကမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။<br>ဝါယုနာ နတ္တဟော နာနာ၊ ဟောတိ ကာယဿ ဣဥ္ဇနာ။" |

စိတ်ထူးခြားမှုကို အစွဲပြု၍ ဝါယောဓါတ်၏ ထူးခြားမှုသည် ဖြစ်၏။ ဝါယောဓါတ် ထူးခြားမှုကြောင့် ဤကိုယ်ခန္ဓာ၏ လှုပ်ရှားမှု အထူးထူးအထွေထွေ ဖြစ်ပေါ်လာသည်။

၁ သွားလိုရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။

၂ စိတ်ကြောင့်ဖြစ်သော၊ ဓါတ်ဝါယော၊ နံ့နှော ကိုယ်ဝယ်ပြည့်။

၃ ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော် သွားပေ၏။

၄ ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ။

၅ ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ် ဉာဏ်ဖြင့်သိ။

၆ ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင် ဉာဏ်ဖြင့်သိ။

၇ ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ဉာဏ်ဖြင့်သိ။

၈ ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေး ဉာဏ်ဖြင့်သိ။

၉ ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့် ဉာဏ်ဖြင့်သိ။

<u>၁၅။ ဝိပဿနာရှုရာတွင် အကြောင်း- ကံ နှင့် အကျိုး- ဝိပါက် / ကမ်္မဝိတရဏဝိသုဒ္ဓိ ကိုသိရန် ဉပမာ ၄ခု</u>
(ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ <u>ဆရာသည် တပည့်အား မန္တန်သင်ကြားရာ၌</u> ဆရာ၏အသံသည် တပည့်ခံတွင်းသို့ ရောက်လာသည် မဟုတ်၊ အကြောင်းအကျိုးဆက်စပ်မှုသာ၊

၂ <u>ပယောဂဆရာ ဆေးကုရာတွင်</u> လူနာထံမလိုက်ပဲ လာပင့်သူကို ရေမန်းတိုက်ခြင်းဖြင့် လူနာရောဂါ ပျောက်သကဲ့သို့၊

၃ <u>သတို့သမီးပျိုသည် မှန်တင်ခုံရှေ့၌ မျက်နှာကို ခြယ်လှယ်</u>နေရာ ကြေးမုံပြင်အတွင်းရှိ ပုံရိပ်မှာလည်း ခြယ်လှယ်ပြီး ဖြစ်နေသည်၊ သတို့သမီးသည် မှန်ရိပ်ကို ခြယ်လှယ်ခြင်း မဟုတ်၊ မိမိမျက်နှာကိုသာ ခြယ်သနေခြင်း ဖြစ်သည်၊

၄ <u>ဖယောင်းတိုင်တခုမှ မီးတောက်</u>ကို အခြားဖယောင်းတိုင်ဖြင့် မီးကူးရာ၌ ပဌမဖယောင်းတိုင်မှ မီးလျှံသည် ဒုတိယဖယောင်းတိုင်သို့ ရွှေ့ပြောင်းလိုက်ပါခြင်း မရှိ၊ ပဌမဖယောင်းထိုင်၏ မီးတောက်မီးလျှံကို အကြောင်းရင်းခံ၍ ဒုတိယဖယောင်းတိုင်၌ မီးတောက်မီးလျှံ ဖြစ်ပေါ်လာခဲ့သည်။

<u>၁၆။ ဝိပဿနာရှုရာတွင် ဉပမာ ၃ခု - ကြက်မ ဉပေါ်မဝပ်ခြင်း၊ လက်သမားပဲခွပ်နှင့် လှေကိုဖွဲ့တားသောကြိမ် တရားတော်</u> (ဘာဝနာသုတ်၊ မဟာဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဝါသိဇဋ- ပဲခွပ်ရိုး၊ ဝါသိဇဋသုတ်၊ ခန္ဓ သံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

<u>တရား ၇ပါး</u> - ၁ သတိတည်းဟူသောတည်ရာ သတိပဋ္ဌာန် ၄ပါး၊ ၂ ကောင်းစွာအားထုတ်မှု သမ္မပ္ပဓါန် ၄ပါး၊ ၃ ပြည့်စုံမှုအကြောင်း ဣဒ္ဓိပါဒ် ၄ပါး၊ ၄ အစိုးရမှု ဣန္ဒြေ ၅ပါး၊ ၅ မတုန်လှုပ်မှု ဗိုလ် ၅ပါး၊

၆ သိခြင်းအကြောင်း ဗောဇ္ဈင် ၇ပါး၊ ၇ မြတ်သောအင်္ဂါ ၈ပါးရှိသောမဂ် (စုပေါင်းသော ဗောဓိပက္ခိယတရား ၃၇ပါး) - ပွားများမှုဘာဝနာကို အားမထုတ်ပဲ တောင့်တ၍ဖြင့် အာသဝေါတရားတို့မှ မလွတ်နိုင်ချေ။

ဥပမာ ၁။ ကြက်မသည် ၁ ဥပြီးဥ ၈လုံး ၁၀လုံး ၁၂လုံးတို့ကို ကောင်းစွာမဝပ်ကုန်၊ ၂ ထက်ဝန်းကျင်မှ ကောင်းစွာ အငွေ့မပေး၊ ၃ ထက်ဝန်းကျင်မှ ကောင်းစွာ ကြက်နံ့ကို မထုံစေပဲ ငါ၏ကြက်ငယ်တို့သည် ခြေသည်းဖျား နှုတ်သီးဖျားတို့ဖြင့် ဥခွံကိုဖေါက်၍ ချမ်းသာစွာပေါက်ဖွားမူ ကောင်းလေစွဟု တောင့်တနေရုံဖြင့် ကြက်ငယ်တို့ မပေါက်ကုန်။

ဥပမာ ၂။ လက်သမားပဲခွပ်ရိုး၌ လက်ချောင်းရာ လက်မရာ ထင်၏။ ယနေ့ ပဲခွပ်ရိုးသည် ဤမျှ လောက်ကုန်၏၊ ယမန်နေ့က အခြားနေ့က ဤမျှလောက်ကုန်၏ဟု သိသောဉာဏ်မဖြစ်၊ ကုန်ပြီဟူ၍သာ အသိဉာဏ်ဖြစ်၏။ ဘာဝနာအားထုတ်သောရဟန်းသည် အာသဝေါ ဤမျှကုန်ခဲ့၏ဟုမသိ၊ ကုန်ပြီ ဟူသော အသိဉာဏ်သာ ဖြစ်၏။

ဥပမာ ၃။ ကြိမ်ဖြင့်ဖွဲ့နှောင်၍ ၆လပတ်လုံး ရေ၌လှည့်လည်သွားပြီး ဆောင်းအခါ ကုန်း၌ တင်လားသော သမုဒ္ဒရာသွားလှေ၌ လေ၊ နေပူတို့နှိပ်စက်အပ်သော ကြိမ်ဖွဲ့တို့သည် ပြင်းထန်သောမိုး အလွန်ရွာသွန်းသဖြင့် မခက်ခဲပဲ ဆုတ်ယုတ်ဆွေးမြေ့၏။ ဘာဝနာအားထုတ်၍နေသော ရဟန်းအား မခက်ခဲပဲ သံယောဇဉ်တို့သည် ငြိမ်းအေး၏။ ဆွေးမြေ့ခြင်းသို့ ရောက်၏။

<u>၁၇။ ဝိပဿနာရှု / သတိပဋ္ဌာန် ၄ပါး ပွားရာတွင် ၁ ကိုယ်၌ ကိလေသာ ပူပန်ခြင်း၊ ၂ စိတ်၏ တွန့်တိုဆုတ်နစ်ခြင်း၊ ၃ ပြင်ပ၌ စိတ်ပျံ့လွင့်ခြင်းတို့ ဖြစ်သော် ပယ်ဖျောက်နည်း ၂ နည်း</u> (ဘိက္ခုနုပဿယသုတ်၊ အမ္ဗပါလိဝဂ်၊ သတိပဋ္ဌာနသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ မြို့တွင်းဆွမ်းခံဝင်စဉ် ဘိက္ခုနီမတို့ ကျောင်းဝယ် ဘိက္ခုနီမတို့က သူ့အား လျှောက်ထားသည်တို့ကို ဘုရားရှင်အား ပြန်လည်ပြောကြားလျှောက်ထားရာတွင် ဘုရားရှင် ဤတရားတော်ကို ဟောတော်မူ၏။

<u>၁ စိတ်ကိုထား၍ ပွားများခြင်း</u>။ ရဟန်းသည် ကြည်ညိုဖွယ်ဖြစ်သော တစုံတခုသောအာရုံ၌ စိတ်ကို ထားအပ်၏။ ထိုအခါ ရဟန်းအား ဝမ်းမြောက်ခြင်း ဖြစ်၏။ ဝမ်းမြောက်သောရဟန်းအား နှစ်သိမ့်မှုပီတိ ဖြစ်၏။ ထိုအခါ ကိုယ်သည် ငြိမ်းချမ်း၏။ ထိုအခါ ရဟန်းသည် ချမ်းသာကို ခံစား၏။ စိတ်သည် တည်ကြည်လာ၏။ တည်ကြည်သောရဟန်းသည် 'အကြင်အကျိုးငှါ ငါသည် စိတ်ကို ထား၏။ ထိုအကျိုးသည် ပြီးပြည့်စုံပြီ။ ယခု ကြည်ညိုဖွယ်အာရုံမှ စိတ်ကို ရုပ်သိမ်းအံ့' ဟု စိတ်ကို ရုပ်သိမ်း၏။ ကြံလည်း မကြံ၊ သုံးလည်း မသုံးသပ်၊ အဇ္ဈတ္တ (အတွင်း) သန္တာန်၌ သတိရှိသည်ဖြစ်၍ ချမ်းသာ၏ဟု သိ၏။

<u>၂ စိတ်ကို မထားမူ၍ ပွားများခြင်း</u>။ ရဟန်းသည် ပြင်ပအာရုံ၌ စိတ်ကိုမထားမူ၍ မတားသည်ကို သိ၏။ ငါ၏စိတ်သည် နောက်၌ငှင်း၊ ရှေးက၌ငှင်း မကျုံ့ လွတ်၏ မတောင့်တဟု သိ၏။ တို့ပြင် ငါသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍၊ ဆင်ခြင်ဉာဏ်- သမ္ပဇဉ်နှင့် အောက်မေ့မှု- သတိရှိသည် ဖြစ်၍၊

ရုပ် (ဝေဒနာ၊ စိတ်၊ သဘောတရား) အပေါင်းတို့၌ ရုပ် (ဝေဒနာ၊ စိတ်၊ သဘောတရား) တို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ချမ်းသာ၏ဟု သိ၏။

ဘုရားရှင်သည် ဆိတ်ငြိမ်ရာသို့ကပ်၍ မမေ့မလျော့ ရှုကြလော့။ ဤကား သင်တို့အား ငါ ၏ အဆုံးအမပေတည်းဟု မိန့်တော်မူ၏။

<u>၁၈။ ဝိပဿနာရှုသူတို့ မချွတ်ရမည့် အကျိုးဆက် ၄ပါး</u> (သောတာနုဂတသုတ်၊ မဟာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

နှုတ်ဖြင့် လေ့လာအပ်၊ စိတ်ဖြင့် ရှုအပ်၊ ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိအပ်သော ပရိယတ်တရားထို့၏ မချွတ်ရလိမ့်မည့် အကျိုးဆက်များဖြစ်သည်။

၁ သတိလွတ်၍သေသော် နတ်ဘုံတမျိုးမျိုး၌ ဖြစ်၏၊ သတိဖြစ်ခြင်းသည် နှေးသေး၏၊ လျင်စွာ သာလျှင် တရားထူးကို ရ၏။

၂ တန်ခိုးကြီးသောရဟန်းသည် နတ်ပရိသတ်၌ တရားဟောသော် လျင်စွာတရားရ၏၊ စည်ကြီးသံ ကျွမ်းကျင်သောယောကျ်ားသည် ခရီးရှည်သွားစဉ် စည်ကြီးသံကြားရာတွင် မယုံမှားပဲ သိသကဲ့သို့ဖြစ်၏။

၃ နတ်သားတပါး တရားဟောသော် လျင်စွာတရားရ၏၊ ခရုသင်းသံ ကျွမ်းကျင်သူသည် ခရုသင်း သံကို ကြားက မယုံမှားပဲ သိသကဲ့သို့ဖြစ်၏။

၄ ရှေးဦးစွာဖြစ်နင့်သော နတ်သားက "ရှေးဘဝက ငါတို့ကျင့်ခဲ့သော မြတ်သောအကျင့်ကို အောက်မေ့လော့။" ဟု အောက်မေ့စေရာ၌ လျင်စွာတရားရ၏၊ မြေမှုန့်ကစားဖက်က အောက်မေ့စေသကဲ့ သို့ပင် ဖြစ်၏။

<u>၁၉။ ဝိပဿနာရှုသောယောဂီနှင့် လျော်ရာကမ္မဋ္ဌာန်း</u> (မဟာသတိပဋ္ဌာနသုတ် ဌ။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်၊ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒမာလာဘိဝံသ)

<u>ဝိပဿနာယောဂီ ၂မျိုး။</u>

၁ ယာနိက / ကျင့်စဉ်ဆိုင်ရာ ယောဂီ ၂မျိုးရှိ။

၁ သမထယာနိက / သမထကျင့်စဉ်နှင့် အားထုတ်ခြင်း- ယောဂီ ၂စားရှိ။

၁ ညံ့သောပုဂ္ဂိုလ်သည် ကာယာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းအားထုတ်ရန်။

၂ ထက်သောပုဂ္ဂိုလ်သည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အားတုတ် ရန်။

၂ ဝိပဿနာယာနိက / ဝိပဿနာကျင့်စဉ်နှင့် အားထုတ်ခြင်း- ယောဂီ ၂စားရှိ။

၁ ညံ့သောပုဂ္ဂိုလ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းအားထုတ်ရန်။

၂ ထက်သောပုဂ္ဂိုလ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းအားထုတ်ရန်။

၂ စရိတ / စရိုက်ဆိုင်ရာ ယောဂီပုဂ္ဂိုလ် ၂မျိုးရှိ။

၁ တဏှာဝိစရိတ- တဏှာအဖြစ်များသော၊ အတွယ်အတာ အားကြီးသောပုဂ္ဂိုလ် ၂စားရှိ။

၁ မထက်သောပုဂ္ဂိုလ်သည် ကာယာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အားထုတ်ရန်။

၂ ပြင်းထန်သောပုဂ္ဂိုလ်သည် ဝေဒနာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အားထုတ်ရန်။

၂ ဒိဋ္ဌိဝိစရိတ- အယူအဆ အတွေးအမြင် မှားယွင်းသောပုဂ္ဂိုလ် ၂စားရှိ။

၁ မထက်သောပုဂ္ဂိုလ်သည် စိတ္တာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အားထုတ်ရန်။

၂ ထက်မြက်သောပုဂ္ဂိုလ်သည် ဓမ္မာနုပဿနာ သတိပဋ္ဌာန် ကမ္မဋ္ဌာန်း အားထုတ်ရန်။

၂၀။ ဝိပဿနာရှုသော ယောဂီ၊ လောကီမဂ် (**ပဉ္စင်္ဂိကမဂ်**) (**ကာရကမဂ္ဂင် ၅မျိုး**) နှင့် မဂ္ဂင် ၈ပါးစုံလာသော **လောကုတ္တရာမဂ်** (မဟာသတိပဋ္ဌာနသုတ်အနှစ်ချုပ်၊ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒမာလာဘိဝံသ။ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

**အရိယာမဂ်-** လောကုတ္တရာမဂ် မဖြစ်မီ ရှေ့အဖို့၌ လောကီကုသိုလ်စိတ်များ ဖြစ်သောအခါ၌ ဤသမ္မာဒိဋ္ဌိ စသော မဂ္ဂင်တရားများ အတူတကွ ဖြစ်ပေါ်ပါဝင်ခဲ့ကြသည်။ ယင်းကို လောကီမဂ်-ပုဗ္ဗဘာဂမဂ်ဟု ခေါ်သည်။

ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်အား ကာမာဝစရကုသိုလ်စိတ်များ ဖြစ်ကြသည်။ ယင်းသို့ရှုခိုက်၌ [၁]သမ္မာဝါစာ၊ [၂]သမ္မာကမ္မန္တ၊ [၃]သမ္မာအာဇီဝ သီလမဂ္ဂင် ၃ပါး မဖြစ်နိုင်။ ၎င်းတို့သည် လောကီစိတ်နှင့် ယှဉ်တွဲခိုက် မလွန်ကျူးအပ်သောဝတ္ထုကို အာရုံပြုသည်။ ရုပ်နာမ်ဓမ္မသင်္ခါရကို့ကို အာရုံမပြုနိုင်သောကြောင့် လောကီကုသိုလ်စိတ်ဖြင့် ဝိပဿနာရှုခိုက်၌ သီလမဂ္ဂင်များ ပါဝင်ခြင်းမရှိ။ ကျန်မဂ္ဂင် ၅ပါးသာ ဖြစ်ပေါ်ကြသည်။ ထိုသို့မဂ္ဂင် ၅ပါးသာ ရှိသဖြင့် လောကီမဂ် / ပုဗ္ဗဘာဂမဂ်ကို ပဉ္စင်္ဂိကမဂ်ဟုခေါ်သည်။

ကာရကမဂ္ဂင် ၅မျိုး (မဟာသတိပဋ္ဌာနသုတ်အနှစ်ချုပ်၊ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒမာလာဘိဝံသ) - ပြင်းစွာသော လုံ့လနှင့် သမ္မဒဉ်ဉာဏ် (ပညာ)တို့ဖြင့် အောက်မေ့ခြင်း (သတိ) ရှိခြင်းတို့သည် တရားအားထုတ်သူတိုင်း၌ ပါရှိရမည်။ အကျယ်ပြောလျှင် သတိပဋ္ဌာန်အထုပ်ဆိုတာ သတိလေးတခုတည်း လုပ်ရမှာ မဟုတ်။ ဝီရိယ ပါရမည်။ သမ္ပဇာနပညာဉာဏ် အဆင်ခြင် ပါရမည်။ ၁ သမ္မာဝါယာမ ၂ သမ္မာသတိ ၃ သမ္မာသမာဓိ ၄ သမ္မာဒိဋ္ဌိ ၅ သမ္မာသင်္ကပ္ပတို့ စုပြီး အလုပ်လုပ်တယ်။ ဤ ၅ပါးကို ကာရကမဂ္ဂင်- အလုပ်လုပ်သောမဂ္ဂင်တွေလို့ ခေါ်သည်။ တရားအားထုတ်လျှင် သူတို့က အလုပ်လုပ်နေသည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့သည် တရားအားထုတ်သောနေရာမှာ စကားပြောနေသည်လည်း မဟုတ်၊ အလုပ်လုပ်နေသည်လည်း မဟုတ်၊ အသက်မွေးနေသည်လည်း မဟုတ်။ ထို့ကြောင့် တရားအားထုတ်သော အလုပ်ထဲမှာ မပါ ၊ အထောက်အကူပြုသော အနေနှင့်သာဖြစ်ခဲ့သည်။ ကြိုတင်ပြီး သီလစင်ကြယ်ရန် လုပ်ထားရ၏။ သီလစင်ကြယ်သည်ကြောင့် သမာဓိစွမ်းအားများ ရနိုင်သည်ဆိုသော အဓိပ္ပါယ်ဖြစ်သည်။ ရှေ့ပိုင်းလုပ်ငန်း

လုပ်နေသောအခါ မဂ္ဂင် ၅ခုသည်သာ လုပ်သည်။ မဂ်စိတ်ပေါ်လျှင်ကား မဂ္ဂင် ၈ပါးလုံးအလုပ်လုပ်သည်။ အကြောင်းမှာ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝတို့ကို မဂ်နှင့် ပယ်သတ်လိုက်သည့်ကြောင့် နောက်ထပ်များယွင်းသော အပြော၊ အလုပ်၊ အသက်မွေးမှုတွေကို မလုပ်တော့။ မဂ်နှင့် ပယ်သည့်အထဲ ပါသွားသည်ဟု အဓိပ္ပါယ်ရှိသည်။ တကယ်အလုပ်လုပ်နေသည်က မဂ္ဂင် ၅ပါးသာ လုပ်နေသည်။ မြတ်စွာဘုရားကလည်း ဤသည့်ကိုပဲ ရည်ညွှန်းသည်။

ထို့ကြောင့်မဂ္ဂသစ္စာကို ပွားများအားထုတ်ရာတွင် အရိယာမဂ်ကို မရမီရှေ့အဖို့၌ မဂ္ဂင် ၅ပါးကိုသာ ပွားများအားထုတ်နိုင်ကြသည်။ လောကုတ္တရာမဂ် အခိုက်အတန့်သို့ ရောက်သောအခါတွင်မူ အကုသိုလ်တရားတို့ကို သမုစ္ဆေဒဝိရတီဖြင့် အကြွင်းမဲ့ ပယ်သတ်ခြင်းဖြစ်၍ ဝိရတီ ၃ပါးဟု ခေါ်ဆိုအပ်သော သီလမဂ္ဂင် ၃ပါးသည် အတူတကွ ပါဝင်လာ၍ မဂ္ဂင် ၈ပါး အပြည့်အစုံ ဖြစ်လေတော့သည်။

(သစ္စာပါရမီအခဏ်း၊ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ဤမဂ္ဂင် ၈ပါး တရားစုသည် လောကီဖက်၌ကား ၈ပါးလုံး တပြိုင်နက် တချိန်တည်း မဖြစ်နိုင်ကြ။ အသီးအသီး တွဲဖက်ဖြစ်ပေါ်နိုင်သမျှသာ တွဲဖက်ဖြစ်ပေါ်ကြ၏။ လောကုတ္တရာမဂ်ခဏသို့ ရောက်သောအခါမှသာ တပြိုင်နက် တချိန်တည်း ၈ပါးလုံး တွဲဖက် ဖြစ်ပေါ်ကြသည်။

၂၁။ ရှုမှတ်ရာ ကမ္မဋ္ဌာန်းများ (အသုဘာနုပဿီသုတ်၊ တိကနိပါတ်၊ စတုတ္ထဝဂ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - ၄ ခု။

ဘုရားရှင် ကောသမ္ဗီပြည်၌ ဟောတော်မူသော ဤတရားတော်ကို ကောသမ္ဗီ နန်းတော်တွင်း၌ မိဖုယားခေါင်ကြီး သာမာဝတီ အမှူးပြုသော မောင်းမ ၅၀၀တို့အား ခုဇ္ဇုတ္တရာအရှင်မက ပြန်လည်ဟောပြ၏။

၁ ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက် နေကြကုန်လော့။ တင့်တယ်သည့်အဖြစ်ဟူသော သုဘဓါတ်ကြောင့် ရာဂကိန်းဝပ်မှု ရာဂါနုသယသည် ကင်းပျောက်၏။

၂ အာနာပါနဿတိသည်လည်း သင်တို့၏ ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှုထည်စေကြကုန်လော့။ အပဖြစ်ကုန်သော ဆင်းရဲခြင်းအဘို့ရှိကုန်သော အလိုဆန္ဒအာသယသို့ အစဉ်လိုက်တတ်သည့် မိစ္ဆာဝိတက်တို့သည် မဖြစ်ပေါ်ကုန်။

၃ အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟုရှုလျက် နေကြကုန်လော့။ အဝိဇ္ဇာမောဟ ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်၏။

အနိစ္စာသညာပွားက ငါဟူသောမာန် ပယ်ခွာခြင်းသို့ ရောက်၏။ (မေဃိယသုတ်၊ မေဃိယဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၄ ဗျာပါဒကို ပယ်နိုင်ရန် မေတ္တာကမ္မဋ္ဌာန်းကို ပွားရာ၏။ (မေဃိယသုတ်၊ မေဃိယဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၂၂။ အကျိုးဆက် ၅ပါး (နာဂိတသုတ်၊ ပဥ္စင်္ဂိကဝဂ်၊ ပဥ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ စား၊ သောက်၊ ခဲ၊ လျက်အပ်သော အစာအာဟာရ၏ အကျိုးဆက် = ကျင်ကြီး၊ ကျင်ငယ်။

၂ ချစ်အပ်သောသတ္တဝါ သင်္ခါရတို့နှင့် တွေ့ကြုံရခြင်း၏ အကျိုးဆက် = ပျက်စီးခြင်း၊ ကွေကွင်းခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ပင်ပန်းခြင်း၊ စိတ်ပင်ပန်းခြင်း၊ ပြင်းစွာ ပူပန်ခြင်း။

၃ မတင့်တယ်သော အာရုံနိမိတ်၌ ကြိုးပမ်းမှုကို အဖန်ဖန် အားထုတ်ခြင်း (တင့်တယ်သော အာရုံ၌ မတင့်တယ်ဟု နှလုံးသွင်းခြင်း) ၏ အကျိုးဆက်= တင့်တယ်သော အာရုံနိမိတ်၌ စက်ဆုပ် ရွံရှာခြင်း။

၄ ဖဿဖြစ်ပေါ်ကြောင်း အာယာတန ၆ပါးတို့၌ အနိစ္စဟု အဖန်ဖန် ရှုခြင်း၏ အကျိုးဆက် = ဖဿ၌ စက်ဆုပ် ရွံရှာခြင်း။

၅ ပြင်းစွာစွဲလမ်းမှု ဥပါဒါန်တရားအာရုံ ဖြစ်သော ခန္ဓာ ၅ပါး၌ ဖြစ်ခြင်း၊ ပျက်ခြင်းကို အဖန်ဖန် ရှုလျက်နေခြင်း၏ အကျိုးဆက် = ဥပါဒါန်တို့၌ စက်ဆုပ် ရွံရှာခြင်းသည် ကောင်းစွာ တည်၏။

၂၃။ အာသဝေါတရားတို့ ကုန်ခြင်းအဆင့် ၂၂ ဆင့် (ဥပနိသသုတ်၊ ဒသဗလဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ သင်္ခါရတို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိ၏ (အဝိဇ္ဇာကြောင့် ဖြစ်၏)၊

၂ ဝိညာဏ်သည် သင်္ခါရလျှင် အကြောင်းရှိ၏၊

၃ နာမ်ရုပ်သည် ဝိညာဏ်လျှင် အကြောင်းရှိ၏၊

၄ သဠာယတနသည် နာမ်ရုပ်လျှင် အကြောင်းရှိ၏၊

၅ ဖဿသည် သဠာယတနလျှင် အကြောင်းရှိ၏၊

၆ ဝေဒနာသည် ဖဿလျှင် အကြောင်းရှိ၏၊

၇ တဏှာသည် ဝေဒနာလျှင် အကြောင်းရှိ၏၊

၈ ဥပါဒါန်သည် တဏှာလျှင် အကြောင်းရှိ၏၊

၉ ဘဝသည် ဥပါဒါန်လျှင် အကြောင်းရှိ၏၊

၁၀ ဇာတိသည် ဘဝလျှင် အကြောင်းရှိ၏၊

၁၁ ဒုက္ခသည် ဇာတိလျှင် အကြောင်းရှိ၏၊

၁၂ သဒ္ဓါသည် ဒုက္ခလျှင် အကြောင်းရှိ၏၊

၁၃ ပါမောဇ္ဇသည် သဒ္ဓါလျှင် အကြောင်းရှိ၏၊

၁၄ ပီတိသည် ပါမောဇ္ဇလျှင် အကြောင်းရှိ၏၊

၁၅ ပဿဒ္ဓိသည် ပီတိလျှင် အကြောင်းရှိ၏၊

၁၆ သုခသည် ပဿဒ္ဓိလျှင် အကြောင်းရှိ၏၊

၁၇ သမာဓိသည် သုခလျှင် အကြောင်းရှိ၏၊

၁၈ ယထာဘူတဉာဏ်အမြင်သည် သမာဓိလျှင် အကြောင်းရှိ၏၊

၁၉ နိဗ္ဗိဒါဉာဏ်သည် ယထာဘူတဉာဏ်အမြင်လျှင် အကြောင်းရှိ၏၊

၂၀ တပ်ခြင်ကင်းမှု အရဟတ္တမဂ်သည် နိဗ္ဗိဒါဉာဏ်လျှင် အကြောင်းရှိ၏၊

၂၁ ဝိမုတ္တိဟူသော အရဟတ္တဖိုလ်သည် တပ်ခြင်ကင်းမှု အရဟတ္တမဂ်လျှင် အကြောင်းရှိ၏၊

၂၂ အာသဝေါတရားတို့၏ ကုန်ခြင်း (ဤကား ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်- ခန္ဓာ ၅ပါး၊ ဤသို့ ရုပ်စသော ခန္ဓာ ၅ပါး ဖြစ်ပေါ်၏၊ ဤသို့ ရုပ်စသော ခန္ဓာ ၅ပါး ချုပ်၏ဟု သိသူ၊ မြင်သူအား အာသဝတရားတို့ ကုန်ခြင်းဖြစ်၏) ၌သိသော ပစ္စဝေက္ခဏာဉာဏ်သည် ဝိမုတ္တိဟူသော အရဟတ္တဖိုလ်လျှင် အကြောင်းရှိ၏။

၂၄။ အရဟတ္တဖိုလ်၌ တည်စေသော သိက္ခာစဉ်၊ လုပ်ငန်းစဉ်၊ ကျင့်စဉ် ၁၂ ပါး (ကီဋာဂိရိသုတ်၊ ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါတရားဖြစ်သူသည် (မြတ်စွာဘုရား၊ သံဃာတော်၊ တရားဟောမည့်သူ) အနီးသို့ ချဉ်းကပ်၏၊

၂ အနီးသို့ ချဉ်းကပ်သူသည် အရိအသေ ဆည်းကပ်၏၊

၃ အရိအသေ ဆည်းကပ်သူသည် နားထောင်၏၊

၄ နားတောင်သူသည် တရားနာ၏၊

၅ တရားနာသူသည် တရားနာ၍ တရားကိုဆောင်၏၊

၆ ဆောင်ပြီးတရားတို့၏ အနက်ကို ဆင်ခြင်၏၊

၇ အနက်ကို ဆင်ခြင်သူသည် တရားရှုနိုင်၏၊

၈ တရားရှုနိုင်သော် အလိုဆန္ဒ ဖြစ်၏၊

၉ အလိုဆန္ဒဖြစ်သူသည် အားထုတ်၏၊

၁၀ အားထုတ်၍ နှိုင်းချိန်၏၊

၁၁ နှိုင်းချိန်၍ လွန်စွာ အားထုတ်၏၊

၁၂ လွန်စွာအားထုတ်သူသည် နိဗ္ဗာန်သို့စေလွှတ်အပ်သောစိတ် ရှိသည်ဖြစ်၍ နာမကာယဖြင့် မြတ်သောသစ္စာကို မျက်မှောက်ပြု၏၊ မဂ်ပညာဖြင့် ထိုမြတ်သောသစ္စာကို တိုးထွင်း၍ သိ၏။

ယုံကြည်ခြင်း သဒ္ဓါရှိသော၊ ဆရာ့အဆုံးအမ၌ သက်ဝင်၍ ကျင့်သောတပည့်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ငင်း၊ ဥပါဒါန်ကြွင်းရှိသော အနာဂါမ်ပုဂ္ဂိုလ်အဖြစ်ငင်း၊ ၂ပါးသောအကျိုးတွင် တပါးပါးသော အကျိုးသည် ဧကန်ဖြစ်ရမည်ဟု မြတ်စွာဘုရားဟောတော်မူ၏။

၁၃ ဝိပဿနာဘာဝနာ (အနိစ္စသညာ) ကို လက်ဖျစ်တတွတ်ခန့်မျှ ပွားများရကျိုးသည် သမထဘာဝနာ၊ သီလ၊ ဒါ နစသည် ပြုရသောအကျိုးများတို့တွင် အကြီးမားဆုံး ဖြစ်သည် / **ဝေလာမသုတ်** - အလှူ ၁၂ဆင့် (ဝေလာမသုတ်၊ သီဟနာဒဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီး လာရောက်ဖူးမြော်ရာ ဘုရားရှင်က "သူဌေးကြီး သင်၏အိမ်၌ အလှူကို ပေးလှူ၏လော?" "ပေးလှူပါ၏။ ပအုံးရည်လျှင် ၂ခွက်မြောက်သော ယုတ်ညံ့သော ဆန်ကွဲထမင်းမျှသာ ဖြစ်ပါသည်။" ဟု ပြန်လျှောက်၏။ ဘုရားရှင်က "မွန်မြတ်သည်ဖြစ်စေ ယုတ်ညံ့သည်ဖြစ်စေ [၁]ရိုရိုသေသေ [၂]မိမိကိုယ်တိုင် လက်ဖြင့် [၃]ကံ ကံ၏အကျိုးရှိ၏ဟု အယူဖြင့် လှူပါက

၁ မွန်မြတ်သော ဥစ္စာပစ္စည်းကို သုံးဆောင်ရန် စိတ်ညွတ်၏၊

၂ သားမယားအမှုလုပ်တို့က ပြောစကား နာခံကြ၏။"

ဘုရားရှင်သည် ဆက်လက်၍ ဝေလာမပုဏ္ဏားကြီး၏ ကြီးကျယ်လှသော ၈သောင်း၄ထောင်သော အလှူကြီးကို ဟောတော်မူ၏။ ဝေလာမပုဏ္ဏားကြီး- ဘုရားလောင်းသည် ၈သောင်း၄ထောင်သော ၁ ငွေပြည့်သော ရွှေခွက်၊ ၂ ရွှေပြည့်သော ငွေခွက်၊ ၃ ရတနာ၇ပါးပြည့်သော ကြေးခွက်၊ ၄ တန်ဆာ ဆင်ယင်ထားသော ဆင်၊ ၅ အဆင်တန်ဆာတို့ဖြင့် ရထား၊ ၆ ငွေနို့ရည်ခံခွက် အပါ နွားမ၊ ၇ ပတ္တမြား နားဋောင်းဝတ် အမျိုးသမီး၊ ၈ တန်ဆာ အပြည့်ဆင်ထားသော ပလ္လင်တို့နှင့် ၉ အဖိုးတန် အဝတ်ပေါင်း ကုဋေ၈သောင်း၄ထောင်တို့ကို ပေးလှူခဲ့၏၊ ၁၀ ထမင်း၊ ခဲဖွယ်၊ စားဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တို့ကား ဆိုဖွယ်မရှိ၊ မြစ်ရေစီးသကဲ့သို့ ပေးလှူခဲ့၏။ သို့ရာတွင် ထိုမြတ်သော ၁ဝမျိုးသောအလှူကို ခံထိုက်သူ တဦးမျှ မရှိခဲ့။

၁ ဝေလာမပုဏ္ဏားကြီး၏ ကြီးကျယ်သောအလှူထက် သောတာပန်တဦး (ကို ကျွေးမွေးရခြင်းသည် အကျိုးကြီး၏)၊

၂ သောတာပန် ၁ဝဝဦးကို ကျွေးမွေးရခြင်းထက် သကဒါဂါမ်တဦး (...)၊

၃ သကဒါဂါမ် ၁ဝဝဦးထက် အနာဂါမ်တဦး (...)၊

၄ အနာဂါမ် ၁ဝဝဦးထက် ရဟန္တာတပါး (...)၊

၅ ရဟန္တာ အပါး၁ဝဝတက် ပစ္စေကဗုဒ္ဓါတပါး (...)၊

၆ ပစ္စေကဗုဒ္ဓါ အပါး၁ဝဝထက် မြတ်စွာဘုရားတဆူ (...)၊

၇ မြတ်စွာဘုရားတဆူထက် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာများ (...)၊

၈ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာများအား ကျွေးမွေးရသည်ထက် အရပ် ၄မျက်နာရှိ သံဃာကို ရည်ညွှန်း၍ ကျောင်းဆောက်၍လှူသည်က အကျိုးကြီး၏၊

၉ ကျောင်းအလှူထက် ကြည်ညိုစိတ်ဖြင့် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခြင်း၊

၁၀ သရဏဂုံ ဆောက်တည်ခြင်းတက် ၅ပါးသော သီလတော်ကို ကျင့်သုံးဆောက်တည်သည်က အကျိုးကြီး၏၊

၁၁ ၅ပါးသီလဆောက်တည်ခြင်းထက် အယုတ်သဖြင့် နွားသာတရှူခန့်မျှ အချိန်လောက် မေတ္တာစိတ်ပွားခြင်းက အကျိုးကြီး၏၊

၁၂ မေတ္တာပွားခြင်းထက် လက်ဖျစ်တတွက်ခန့်မျှ အချိန်လောက် အနိစ္စသညာ (ဝိပဿနာ) ကို ပွားများခြင်းက အကျိုးကြီးလှပေ၏။

၁၄ ဝိရတီ- ရှောင်ကြဉ်မှု ၃မျိုး (မူလပဏ္ဏာသ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ သမာဒါနဝိရတီ- ရှောင်ကြဉ်ရန် ဆောက်တည်ခြင်း၊ ၂ သမ္ပတ္တဝိရတီ- ရင်ဆိုင်တွေ့သည့်အခါ ရှောင်ကြဉ်ခြင်း၊ ၃ သမုစ္ဆေဒဝိရတီ- အကြွင်းမဲ့ ဖြတ်တောက်ပယ်ချာ၍ ရှောင်ကြဉ်ခြင်း။

၁၅ ဝိဝေက- ကင်းဆိတ်ခြင်း ၂ စု

၁။ ၃ပါး (ပဝိဝေကသုတ်၊ လောကနကပလ္လဝင်၊ တိကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက)

၁ သီလမရှိခြင်းမှ ကင်းဆိတ်ခြင်း၊ ၂ မှားသောအမြင်မှ ကင်းဆိတ်ခြင်း၊ ၃ အာသဝေါတရားတို့မှ ကင်းဆိတ်ခြင်း။

၂။ တနည်း။ ၃ပါး (မူလပဏ္ဏာသပါဠိတော် ဋ္ဌ။ ပါထိက ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ကာယဝိဝေက- ကိုယ်၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော အပေါင်းအသင်း တပည့်သားမြေး ကာမဂုဏ်တရားတို့မှ ကင်းကွာစွာနေခြင်း၊

၂ စိတ္တဝိဝေက- စိတ်၏ ဆိတ်ငြိမ်ခြင်းဟု ဆိုအပ်သော သမာပတ် ၈ပါး ဝင်စားခြင်း၊ ကမ္မဋ္ဌာန်းထရား အားထုတ်ခြင်း၊

၃ ဥပဓိဝိဝေက- သင်္ခါရ အေးမြဆိတ်ငြိမ်ရာ နိဗ္ဗာန်တရားမြတ်ကို ဖိုလ်စိတ်ဖြင့် ဝင်စားအာရုံပြုနေခြင်း။

၁၆ ဝိသုဒ္ဓိ- စင်ကြယ်မြင့်မြတ်မှု ၂ စု

၁။ **ဝိသုဒ္ဓိ ၇ပါး** (ပဋိသမ္ဘိဒါမဂ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ သီလဝိသုဒ္ဓိ- သီလ၏ စင်ကြယ်မှု၊

၂ စိတ္တဝိသုဒ္ဓိ- စိတ်၏ စင်ကြယ်တည်ကြည်မှု၊

၃ ဒိဋ္ဌိဝိသုဒ္ဓိ- အယူအမြင်၏ စင်ကြယ်မှု၊

၄ ကင်္ခါဝိတရဏဝိသုဒ္ဓိ- ယုံမှားခြင်းမှ စင်ကြယ်မှု၊

၅ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ- မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် စင်ကြယ်မှု၊

၆ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ- မဂ်သို့ရောက်ကြောင်း အကျင့်ကောင်း၌ ဉာဏ်အမြင် စင်ကြယ်မှု၊

၇ ဉာဏဒဿနဝိသုဒ္ဓိ- သစ္စာ ၄ချက် ၁၆နက်ကို ထက်မြက်စင်ကြယ်စွာ သိသောဉာဏ်။

၂။ **"ဝိသုဒ္ဓိမဂ်" အဋ္ဌကထာကျမ်းစာအုပ်** ဟူ၍ သာသနာတော်၌ ထင်ရှားလှပြီး သီဟိုဠ်သာသနာခေတ်၌ ၎င်းအဖွင့် အဋ္ဌကထာရေးသားခဲ့သော မူရင်းပါဠိဂါထာ "ဇဋာသုတ်" / **အတွင်းရှုပ် အပြင်ရှုပ်သည့် တဏှာကို** ဖြေရှင်းနည်း (ဇဋာသုတ်၊ သဂ္ဂါဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

"တဏှာသည် ကိုယ်တွင်းသန္တာန်၌ ဖွဲ့ယှက်တတ်၏၊ ကိုယ်ပသန္တာန်၌ ဖွဲ့ယှက်တတ်၏၊ ထိုကိုယ်တွင်း ကိုယ်ပ ဖွဲ့ယှက်တတ်သော တဏှာသည် သတ္တဝါအပေါင်းကို ဖွဲ့ယှက်အပ်ပါ၏၊ ဤဖွဲ့ယှက်တတ်သော တဏှာကို အဘယ်ပုဂ္ဂိုလ်သည် ဖြေရှင်းနိုင်ပါသနည်း?" ဟူသော နတ်တပါး၏အမေးကို ဘုရားရှင် ဖြေရှင်း ဟောကြားတော်မူ၏။

"ပဋိသန္ဓေပညာရှိ၍ ပြင်းစွာ အားထုတ်မှုရှိသော၊ ရင့်ကျက်သည့် ပညာရှိသော၊ သံသရာဘေးကို ရှုလေ့ရှိသောပုဂ္ဂိုလ်သည် သီလ၌တည်၍ သမာဓိ / စိတ်ကိုဒင်း၊ ဝိပဿနာ / ပညာကိုဒင်း ပွားစေလျက် ဤဖွဲ့ယှက်တတ်သောတဏှာကို ဖြေရှင်းနိုင်ရာ၏။

ရာဂ၊ ဒေါသ၊ အဝိဇ္ဇာတို့ ကင်းပြတ်ကုန်လျက် အာသဝကုန်ပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်သည် ဖွဲ့ယှက်တတ်သော တဏှာကို ဖြေရှင်းအပ်ပြီ။

နိဗ္ဗာန်၌ နာမ်သည်၎င်း၊ ရုပ်သည်၎င်း၊ ထိပါးမှု- ပဋိဃသညာသည်၎င်း၊ ရူပသညာ- ရုပ်၌ဖြစ်သော အမှတ်သညာသည်၎င်း အကြွင်းမဲ့ ချုပ်၏၊ ဤနိဗ္ဗာန်၌ ဤဖွဲ့ယှက်တတ်သော တဏှာသည် ကင်းပြတ်၏။"

၁၇ ဝီရိယ ၂၉

၁။ ဝီရိယဓါတ် ၃မျိုး (ကာယသုတ်၊ ပဗ္ဗတဝဂ်၊ ဗောဇ္ဈင်္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ မူလပဏ္ဏာသ ၄)

၁ အာရမ္ဘဓါတု- အစပျိုးပြီး / ရှေးဦးစွာ ကြိုးပမ်းအားထုတ်မှု၊

၂ နိက္ကမဓါတု- စတင်လုပ်သည်မှ မပျင်းမရိ ဆက်လက်တိုး၍ အားထုတ်မှု၊

၃ ပရက္ကမဓါတု- ပန်းတိုင်ရောက်သည်အထိ အဆင့်ဆင့်တိုး၍ ရင့်သန်စွဲမြဲ စိတ်ဓွဲကောင်းစွာ အားထုတ်မှု။

၂။ ဝီရိယ အင်္ဂါ ၄ပါး (ကီဋာဂိရိသုတ်၊ ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ အရေ၊ ၂ အကြော၊ ၃ အရိုးကြွင်းစေ၊ ၄ အသား အသွေး ခန်းခြောက်စေဟု အားထုတ်ခြင်း။

၁၈ ဝေဒနာအမျိုးအပြား အစ ၈မျိုး (ဗဟုဝေဒနီယသုတ်၊ ဂဟပတိဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ပဉ္စကင်္ဂသုတ်၊ ရဟောဂတဝဂ်၊ ဝေဒနာသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပဉ္စကင်္ဂလက်သမားကြီး ထပတိသည် အရှင်ဥဒါယီထံချဉ်းကပ်လာရာ ဘုရားရှင်သည် သုခ၊ ဒုက္ခ၊ ဥပေက္ခာဟူ၍ ဝေဒနာ ၃ပါးဟောတော်မူ၏ဟုဆိုရာ လက်သမားကြီးက သုခနှင့် ဒုက္ခဝေဒနာ ၂ပါးသာ ဘုရားရှင် ဟောတော်မူ၏ဟု လျှောက်၏။ ဤသို့ ၃ကြိမ်တိုင် အပြန်အလှန် ပြောဆိုနေကြသည်ကို ကြားသော အရှင်အာနန္ဒာသည် **ဘုရား**ရှင်အား ဤအကြောင်းကို လျှောက်ရာ ဘုရားရှင်က ငါသည် ပရိယာယ်ဖြင့် ဝေဒနာကို-

၁ ၂ပါး၊ ၂ ၃ပါး၊ ၃ ၅ပါး၊ ၄ ၆ပါး၊ ၅ ၁၈ပါး၊ ၆ ၃၆ပါး၊ ၇ ၁၀၈ပါး၊ ၈ ၁၀ပါးဟူ၍ ဟောသည်ကို ထင်ရှားသောအကြောင်းရှိသည်ဖြစ်လျက် ဝမ်းမမြောက်နိုင်၊ ခွင့်မပြုနိုင်၊ သဘောမတူနိုင်ငြားအံ့၊ ခိုက်ရန်ငြင်းခုံကြသည်ဖြစ်၍ အချင်းချင်း နှုတ်လှံတိုးကာ နေကြရလတ္တံ့။ သဘောတူ ဝမ်းမြောက်နိုင်ငြားအံ့၊ မငြင်းခုံကြပဲ ညီညွတ်သည်ဖြစ်၍ အချင်းချင်း ချစ်ခင်နှစ်သက်သောမျက်စိဖြင့် ကြည့်ရှုလျက် နေကြရလတ္တံ့။

၁၉ ဝေယျာဝစ္စကုသိုလ်ပြုသူတို့သည်လည်း ကုသိုလ်အဖို့ရကြ၏။ (ကာလဒါနသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အကြင်သူတို့သည် အလှူ၌ ဝမ်းမြောက်လည်း ဝမ်းမြောက်ကြ၏။ အမှုကြီးငယ် ဝေယျာဝစ္စကို ပြုလည်း ပြုလုပ်ကုန်၏။ ထိုသို့ ဝမ်းမြောက်ခြင်း၊ အမှုကြီးငယ်ကိုပြုခြင်းကြောင့် အလှူသည် မယုတ်လျော့နိုင်၊ ထိုဝမ်းမြောက်သူ ဝေယျာဝစ္စပြုသူတို့သည်လည်း ကုသိုလ်၏အဖို့အစုကို ရကြကုန်၏။

၂၀ ဝေးသောအရာ ၄မျိုး (စတုက္ကနိပါတ်၊ အံပါဠိတော်။ ဠ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မိုးနှင့် မြေကြီး၊

၂ သမုဒ္ဒရာ၏ဟိုမှာဘက်ကမ်းနှင့် ဤမှာဘက်ကမ်း၊

၃ နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်၊

၄ သူတော်ကောင်းတရားနှင့် သူယုတ်မာတရား။

၂၁ ဝဋ် ၃ပါး (ဝိသုဒ္ဓိမဂ်။ သမ္မောဟဝိနောဒနီ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

ဒုက္ခထည်း၌ ချာချာလည်ခြင်း ၃ပါးဖြစ်သည်။

၁ ကိလေသဝဋ်- အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ၎င်း ၃ပါးကို ခေါ်သည်၊

၂ ကမ္မဝဋ်- သင်္ခါရနှင့် ကမ္မဘဝဟု ဆိုအပ်သော ဘဝကိုဖြစ်စေတတ်သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံ ကို ခေါ်သည်၊

၃ ဝိပါကဝဋ်- ဥပပတ္တိဘဝနှင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ကိုခေါ်သည်။

၂၂ ဝန်တိုခြင်း ၃ စ

၁။ ဝန်တိုခြင်း ၅မျိုး (မစ္ဆရီသုတ်၊ ဒီဃစာရိကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပဉ္စမစ္ဆရိယသုတ်၊ ဥပသမ္ပဒါ ဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မစ္ဆရိယသုတ်၊ သတိပဋ္ဌာနဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တ ပိဋက။ ဂုဟဋ္ဌက နိဒ္ဒေသ၊ အဋ္ဌကဝဂ်၊ မဟာနိဒ္ဒေသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝတ္ထု ဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ အာဝါသမစ္ဆရိယ- ကျောင်းအာဝါသ၌ ဝန်တို၏၊

၂ ကုလမစ္ဆရိယ- ဒါယကာ၌ ဝန်တို၏၊

၃ လာဘမစ္ဆရိယ- လာဘ်လာဘ၌ ဝန်တို၏၊

၄ ဝဏ္ဏမစ္ဆရိယ- ဂုဏ်အဆင်း၌ ဝန်တို၏၊

၅ ဓမ္မမစ္ဆရိယ- တရား၌ ဝန်တို၏။

(မစ္ဆရီသုတ်) - ကြာမြင့်စွာနေခြင်း၌ အပြစ်၅မျိုးရှိ၏။ အထက်ပါအတိုင်း ဖြစ်သည်။
အချိန်အပိုင်းအခြားဖြင့် နေခြင်း၌ အကျိုး၅မျိုး (အပြန်) ရှိ၏။

၂။ ဝန်တိုခြင်း အပြစ် ၃ စ

၁။ ဝန်တိုခြင်း ၅မျိုး၏အပြစ် ၂ စ (အဘိ ဋ။ ပဉ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အာဝါသမစ္ဆရိယ- ဘီလူး သို့မဟုတ် ပြိတ္တာဖြစ်ကာ အာဝါသ၌စွဲလမ်းမှုကြောင့် မိမိစွဲလမ်း ကပ်ငြိသော အာဝါသ၏ အမှိုက်သရိုက်များကို ဦးခေါင်းဖြင့်ရွက်၍ လှည့်လည်နေရ၏၊

၂ ကုလမစ္ဆရိယ- သွေးအန်ခြင်း၊ ဝမ်းလားခြင်း၊ အူများ အပိုင်းပိုင်းပြတ်၍ တွက်တတ်၏၊

၃ လာဘမစ္ဆရိယ- ဘီလူး၊ ပြိတ္တာ၊ စပါးကြီးမြွေ ဖြစ်၏၊

၄ ဝဏ္ဏမစ္ဆရိယ- အဆင်းမလှသူ ဖြစ်၏၊

၅ ဓမ္မမစ္ဆရိယ- ဉာဏ်ပညာ ထုံထိုင်းမှိုင်းအသူ ဖြစ်၏။

၂။ တနည်း ၅ မျိုး။ ၁ အာဝါသမစ္ဆရိယ- သံပူငရဲ၌ ကျ၏၊

၂ ကုလမစ္ဆရိယ- လာဘ်လာဘ လုံးဝကင်းမဲ့သူ ဖြစ်၏၊

၃ လာဘမစ္ဆရိယ- ဘင်ပုပ်မစင်ငရဲ၌ ဖြစ်၏၊

၄ ဝဏ္ဏမစ္ဆရိယ- အရုပ်ဆိုးသူ၊ ဂုဏ်ကျေးဇူးမဲ့သူ ဖြစ်၏၊

၅ ဓမ္မမစ္ဆရိယ- ပြာပူငရဲ၌ ဖြစ်၏။

ဣဿာသည် သူတပါးစည်းစိမ်ကို အာရုံပြု၍ ဖြစ်ကာ မစ္ဆရိယသည် မိမိစည်းစိမ်ကို အာရုံပြု၍ဖြစ်၏။

၃။ အပြစ် ၇ မျိုး (မဏ္ဍရိသုတ်၊ အာဒိတ္တဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အကြင်လူတို့သည် ဝန်တိုကုန်၏၊ စဉ်းလဲကုန်၏၊ ခြိမ်းခြောက်တတ်၏၊ ပေးလှူသောသူတို့အား အန္တရာယ်ကို ပြုတတ်၏၊ ထိုလူတို့သည် ၁ ငရဲ၊ ၂ တိရိစ္ဆာန်မျိုးသို့ ရောက်ရကုန်၏၊ ၃ လူဖြစ်က ဆင်းရဲသောအမျိုး၌ ဖြစ်ရ၊ ၄ ယင်းအမျိုး၌ အဝတ်ကိုရင်း၊ ၅ ထမင်းကိုရင်း၊ ၆ မွေ့လျော်ခြင်းကိုရင်း၊ ၇ ရွှင်မြူးခြင်းကိုရင်း ငြိုငြင်သဖြင့် ရအပ်၏။

၃။ ဝန်တိုခြင်း၏ ကြောက်ဖွယ်အပြစ် (လောသကဇာတ်၊ အတ္ထကာမဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်း။ ကောသလတိုင်း အမျိုး ၁၀၀၀ရှိ တံငါရွာ၌ လောသကတိဿမထေရ်ဖြစ်မည့်သူ သန္ဓေယူ၊ ငါးရှာမရ၊ မီး ၇ကြိမ်လောင်၊ မင်းဒဏ် ၇ကြိမ်သင့်၊ ရွာသားတို့ ၂ခြမ်းခွဲနေ၊ မထေရ်လောင်းပါသောဖက်က ဆင်းရဲ၊ ထပ်ထပ်ခွဲရာ နောက်ဆုံး မထေရ်လောင်းသန္ဓေနေသောအိမ်တအိမ်သာကျန်၊ နှင်ထုတ်ခံရ၊ လမ်းလျှောက်တတ်သည့်အရွယ်သို့ ရောက်သော် ခွက်လေးတခုပေး၍ မိဖများစွန့်သွားကြ၊ တောင်းစားနေ။

အရှင်သာရိပုတ္တရာနှင့်တွေ့၊ ရဟန်းပြုပေး၊ ဝိပဿနာပွားကာ ရဟန္တာဖြစ်၊ ဆွမ်းဝအောင်မဘုဉ်းပေးရ၊ ပရိနိဗ္ဗာန်စံခါနီးရောက်မှ အရှင်သာရိပုတ္တရာ ပိုက်ထားသော သပိတ်ထဲရှိ စတုမဓုကိုသာ အဝဘုဉ်းပေး၍ ပရိနိဗ္ဗာန် ပြု၊ ဘုရားရှင် အတိတ်ကိုဟော။

အတိတ်။ ကဿပဘုရားရှင်လက်ထက် ရဟန်းတပါး- အရှင်လောသကတိဿမထေရ် အလောင်းသည် ဒါယကာတဦးအထောက်အပံ့ဖြင့် ရွာဦးကျောင်း၌ သီတင်းသုံး၊ သီလရှိ၊ ဝိပဿနာ အားထုတ်၊ ရဟန္တာတပါး ကြွလာ၊ ဒါယကာ ရဟန္တာထံ တရားနာ၊ ဆွမ်းစားပင့်၊ "ငါ့ဒါယကာပျက်ပြီ၊ ဒီကိုယ်တော်ကျောင်းမှာဆက်နေရင် ငါ့ကို လူရာသွင်းမှာမဟုတ်တော့၊ မနေနိုင်အောင်လုပ်မှ။" ဟုအကြံဖြစ်၊ နောက်နေ့နံနက်တွင် ရဟန္တာမထေရ်သိရန် ကျောက်စည်နှင့် တံခါးကို လက်သည်းဖြင့်ခတ်၍ အချက်ပေး၊ ဒါယကာကမေးရာ "မသိ၊ စည်လည်းတီး တံခါးလည်းခေါက်သည်၊ မနေ့က အစားကောင်းစားပြီး အလွန်အိပ်ကောင်းနေတယ် ထင်ပါရဲ့။" ဟုပြော၊ ရဟန္တာမထေရ်သည် ကောင်းကင်ခရီးဖြင့် အရပ်တပါးသို့ကြွ၊ "ဒီဃနာနို့ဆွမ်းကိုသောက်ရရင် ကျောင်းကမောင်းထုတ်တောင် ထွက်တော့မှာမဟုတ်တော့ဘူး။" ဟုဆိုကာ ဒါယကာက အာဂန္တုမထေရ်အတွက် ထည့်ပေးလိုက်သော ဃနာဆွမ်းကို ယာတောထဲကမီးထဲ လောင်းထည့်ခဲ့၊ ကျောင်းရောက်သော် မထေရ်ကိုမတွေ့တော့မှ စိုးရိမ်ခြင်း ပြင်းစွာဖြစ်။

ထိုကုလမဏ္ဍရိယ- ဒါယကာ၌ ဝန်တိုခြင်းကြောင့် ငရဲမှလွတ်သော် ဘီလူးဘဝ ၅၀၀ ခွေးဘဝ ၅၀၀ဖြစ်၊ ထို ခွေးဘဝမှလွတ်သော် ကာသိကိုင်း ရွာငယ်ထခု၌ သူဆင်းရဲမျိုးမှာ ဖြစ်၊ ဘုရားလောင်း ဒိသာပါမောက္ခဆရာကြီးတံ၌ ပညာသင်၊ စကားနားမထောင်၊ အခြားသူများနှင့်ရန်ဖြစ်၊ ထွက်သွား။

သူဆင်းရဲမတဦးနှင့် ပစ္စန္တရစ် ရွာ၌နေ၊ သား၂ယောက်ဖွား၊ ရွာသားတို့က သတင်းကောင်း မကောင်းကြားရန် ရွာတံခါး၌ထား၊ ၇ကြိမ် ရာဇဒဏ်သင့်၊ ၇ကြိမ် မီးလောင်၊ ၇ကြိမ် တဖက်ဆည်ကန်ပေါက်၊

နင်ထုတ်ခံရ၊ သားများနှင့်မယားကို ဘီလူးစား၊ သင်္ဘော၌ အမှုလုပ်ပြ၍လိုက်၊ ၇ရက်မြောက်၌ သင်္ဘော သမုဒ္ဒရာအလယ်တွင်ရပ်၊ သူယုတ်စာရေးတံ ၇ကြိမ်ကျ၊ ဝါးစည်းဖြင့် သမုဒ္ဒရာ၌ချ။

ကဿပဘုရားရှင်လက်ထက်တွင် ဆောက်တည်ခဲ့သော သီလအကျိုးကြောင့် သမုဒ္ဒရာအပြင်၌ ဖန်ဗိမာန်၌ ၄ယောက်သောပြိတ္တာနတ်သမီးတို့နှင့် ၇ရက်နေ၊ ပြိတ္တာနတ်သမီးတို့ ၇ရက်ချမ်းသာစံ၍ ၇ရက်ဆင်းရဲခံရသည်ကိုတွေ့၊ ဝါးစည်းနှင့်ဆက်သွား၊ ငွေဗိမာန်၌ နတ်သမီး ၈ယောက်၊ ပတ္တမြားဗိမာန်၌ ၁၆ယောက်၊ ရွှေဗိမာန်၌ ၃၂ယောက်သောပြိတ္တာနတ်သမီးတို့ကိုရ၏၊ ကျွန်းတခုရောက်၊ ဘီလူးဖန်ဆင်းသော မြို့တွေ့၊ ဘီလူးမတဦး ဆိတ်မအသွင်ဖြင့် သွားနေသည်ကို ဆိတ်သားစားအံ့ဟု ခြေကိုကိုင်ရာ ထိုဘီလူးမ ကချီပြီးပစ်လိုက်ရာ ဗာရာဏသီမြို့ ကျုံးအပြင် ဆူးချုံထက်ကျ၊ ဆိတ်ထကောင်တွေ့၍ ထိုဆိတ်ကသူ့ကို ပြန်၍ပစ်လိုက်လျှင် ဗိမာန်ရှင်နတ်သမီးတို့ထံ ရောက်အံ့ကြံ၍ ခြေကိုကိုင်သော် ဆိတ်မြည်ရာ ဆိတ်များကို ခိုးသူထို့သတ်ကြသဖြင့် ခိုးသူတို့ကိုဖမ်းရန် စောင့်နေကြသော ဆိတ်ကျောင်းသားတို့က ဖမ်း။

ရေချိုးအံ့သောငှါ တပည့် ၅ဝဝဖြင့် ထွက်လာသော ဘုရားလောင်းတွေ့သဖြင့် ကျွန်အဖြစ်တောင်း၊ ရ၍ အကြောင်းမေးရာ ပြန်ပြောပြ။

လောကတိဿမထေရ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တဝိပဿနာရှုဘူး၍ ရဟန္တာဖြစ်ရ၊ ရဟန္တာကို ပြစ်မှားမိ၍ ဤကာလအတွင်း <u>၃ဘဝ၌သာ</u> ဝမ်းပြည့်အောင် အာဟာရကို ရဘူးသည်၊ ၁ ဘီလူးဘဝတခု၌ ကိုယ်ဝန်အညစ်အကြေး၊ ၂ ခွေးဘဝတခု၌ အန်ထားသောထမင်း၊ ၃ ပရိနိဗ္ဗာန်ပြုသောနေ့၌ အရှင် သာရိပုတ္တရာလက်တော်ဖြင့် ကိုင်ထားသောသပိတ်မှ စတုမဓု။

၂၃ ဝိပ္ပတ္တိ- ပျက်စီးခြင်းသို့ ရောက်ခြင်း၊ ဝိပ္ပတ္တိတရား ၄ပါး (သမ္မောဟဝိနောဒနီ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ဂတိဝိပတ္တိ- အပါယ်ဘုံ၌ ဖြစ်ခြင်း၊

၂ ဥပဓိဝိပတ္တိ- ရုပ်ဆင်းအင်္ဂါ ချို့တဲ့ခြင်း၊

၃ ကာလဝိပတ္တိ- မကောင်းသောမင်းတို့၏လက်ထက် ကာလဖေါက်ပြန်ခြင်း၊

၄ ပယောဂဝိပတ္တိ- မကောင်းမှုတို့နှင့် အသက်မွေးခြင်း၊ လုပ်မှားကိုင်မှားဖြစ်ခြင်း၊ အပြစ်ကျူး လွန်ခြင်း။

၂၄ ဝေဿန္တရာမင်း <u>၂၈</u>

<u>၁။ ဝေဿန္တရာမင်းဘဝ၌ မြေ ၇ကြိမ်လှုပ်ခြင်း</u> (ဝေဿန္တရစရိယ၊ အကိတ္တိဝဂ်၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဝေဿန္တရာဇာတ်တော်ကြီး၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ ဆရာတော်ဦးဩဘာသ မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ၈နှစ်အရွယ်၌ ပြာသာဒ်ထက်ထိုင်လျက် "တောင်းလာသူရှိလျှင် ငါ၏နှလုံး၊ မျက်စိ၊ အသား၊

အသွေးတို့ကို ထုတ်၍လှူလို၏၊ ငါ၏ကိုယ်ကိုလည်း ကျွန်အဖြစ်ဖြင့်ပြောကြား၍ လှူလို၏။" ဟု အကြံဖြစ်၏၊ မြင့်မိုရ်တောင်နှင့်တကွ မြေကြီးလှုပ်၊

၂ မိုးမရွာ၍ ငတ်မွတ်ခြင်း ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေသော ကလိင်္ဂတိုင်းမှပုဏ္ဏားတို့ ပစ္စယဆင်ဖြူကို တောင်းလာ၍ အဖိုးမဖြတ်နိုင်သော ပတ္တမြားကြီး၆လုံးနှင့် ၂သန်း၄သိန်းအဖိုးတန်သော အဆင်တန်ဆာပစ္စည်းများနှင့် ဆင်တော်ကို ဆင်ဆရာများနှင့် အခြားအပြုအစု အိမ်ထောင်၅၀၀နှင့်တကွ လှူသောအခါ၊

၃ စည်တီး၍ ၇၀၀ ၇လီသောအလှူကြီး- [၁]တန်ဆာဆင်ထားသော ဆင်၊ [၂]တန်ဆာဆင်ထားသော မြင်း၊ [၃]တန်ဆာဆင်ထားသော ရထား၊ [၄]ကျွန်မိန်းမ၊ [၅]ကျွန်ယောကျ်ား၊ [၆]နို့ညှစ်နွားမ၊ [၇]တန်ဆာဆင်ထားသော သတို့သမီး ကညာ ၇၀၀စီတို့နှင့် အဝတ်၊ အစာထမင်း၊ သေရည်တို့ကို ပေးလှူသောအခါ၊

၄ ဝင်္ကပါတောင်သို့ မင်း၄ပါးထွက်ကြွသော် မြို့ပြင်အရောက် စေတုတ္တရာမြို့တော်ကို ကြည့်တော်မူလိုစိတ်ဖြစ်စဉ် မြေကြီးက အိုးထိန်းစက်လည်ဘိသကဲ့သို့ လှည့်ပေး၍ ကြည့်တော်မူသောအခါ၊

၅ ငါသည် သားတော် သမီးတော် ၂ယောက်ကို ကိုင်ငင်၍ တောင်းခံလာသော ဇူဇကာပုဏ္ဏားအား ပေးလှူသောအခါ၊

၆ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် မဒ္ဒီမိဖုယားကိုတောင်းရာ ငါသည် မိဖုယား လက်ကိုကိုင်၍ ရေဖြင့် ပုဏ္ဏား၏လက်ခုပ်ကို ပြည့်စေပြီး ပေးလှူသောအခါ၊

၇ မင်း ၆ပါး- [၁]ခမည်းတော်သိဉ္စည်းမင်းကြီး၊ [၂]မယ်တော်ဖုဿတီမိဖုယားကြီး၊ [၃]ဝေဿန္တရာမင်း၊ [၄]မဒ္ဒီ မိဖုယား၊ [၅]သားတော်ဇာလီ၊ [၆]သမီးတော်ကဏှာဇိန်တို့ ဝေဿန္တရာမင်း၏ ကျောင်းသခ်မ်းရှိရာ ဝင်္ကပါ ထောင်၌ ပြန်လည်တွေ့ဆုံ၍ မေ့မြောသွားသောအခါ။

၂။ ဝေဿန္တရာမင်းသည် ၁၀ပါးသောအရာ၌ စိတ်ကို အမြဲမပြတ်ထား၏။ (ပထဝီစလနပဉှာ၊ ဣန္ဒြိယလဝင်္ဂ၊ မေဏ္ဍကပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ကျိုးနွံစွာ ဆုံးမခြင်း၊ ၂ ညီညွတ်မျှတခြင်း၊ ၃ သည်းခံခြင်း၊ ၄ ဣန္ဒြေကို စောင့်စည်းခြင်း၊ ၅ အမြဲ စောင့်သော သီလ၊ ၆ အခါခါစောင့်သော သီလ၊ ၇ အမျက်မထွက်ခြင်း၊ ၈ မညှဉ်းဆဲခြင်း၊ ၉ ဖြောင့်မှန်သော ဝစီသစ္စာ၊ ၁၀ ဖြူစင်ခြင်း။။

သ

၁ **သတိ** - မမေ့လျော့ခြင်း ၃ စု

၁။ ၄ ပါး (အပ္ပမာဒသုတ်၊ ကေသိဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ကာယဒုစရိုက်ကို စွန့်၍ ကာယသုစရိုက်ပွားရန်၊ ၂ ဝစီဒုစရိုက်ကို စွန့်၍ ဝစီသုစရိုက်ပွားရန်၊ ၃ မနောဒုစရိုက်ကို စွန့်၍ မနောသုစရိုက်ပွားရန်၊ ၄ မိစ္ဆာဒိဋ္ဌိကို စွန့်၍ သမ္မာဒိဋ္ဌိပွားရန်။

၂။ တနည်း ၄ပါး (အာရက္ခသုတ်၊ ကေသိဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ တပ်မက်ကြောင်းတရား၌ မတပ်မက်စေရန်၊ ၂ အမျက်ထွက်ကြောင်းတရား၌ အမျက်မထွက်စေရန်၊ ၃ တွေဝေကြောင်းတရား၌ မတွေဝေစေရန်၊ ၄ မာန်ယစ်ကြောင်းတရား၌ မာန်မယစ်စေရန်။

၃။ သတိ၊ မမေ့လျော့ခြင်းတရား၏ အကျိုး ၆ ပါး (အပ္ပမာဒသုတ်၊ ဒုတိယဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည်၌ ကောသလမင်းကြီးကမေး၍ ဘုရားရှင်ဟောတော်မူ၏။ မျက်မှောက်ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း အကျိုးပေးတတ်သောတရားသည် အပ္ပမာဒတရားဖြစ်၏။ သတိတရားသည် ဆင်ခြေရာ၌ ကုန်းသတ္တဝါတို့၏ ခြေရာအားလုံး ပေါင်းဆုံသကဲ့သို့၊ လွန်ကဲသကဲ့သို့ ဖြစ်၏။

ပညာရှိတို့သည် ပုညကိရိယာဝတ္ထုတို့၌ မမေ့ခြင်းကို ချီးမွမ်း၏။ မမေ့မလျော့ပြုခြင်းဖြင့် အဆင့်ဆင့် အမြတ်ကို တောင့်တသူတို့ ရအပ်သော ၁ အသက်ရှည်ခြင်း၊ ၂ ရောဂါမရှိခြင်း၊ ၃ အဆင်းလှခြင်း၊ ၄ နတ်ပြည်သို့ ကပ်ရောက်ရခြင်း၊ ၅ အမျိုးမြတ်ခြင်း၊ ၆ မွေ့လျော်ခြင်းတို့ကို ရရှိနိုင်ကြသည်။

၂ သပိတ်ခြေ လှူရကျိုး ၅ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ တစုံတခုကြောင့် မတုန်လှုပ်၊ ၂ နာကြားအပ်သောတရားတို့သည် သတိကို ပွင့်လင်းစေ၊ ၃ နာကြားအပ်သောတရားတို့သည် ဉာဏ်ကို ပွင့်လင်းစေ၊ ၄ နှုတ်၌ဆောင်ပြီးသည့်အတိုင်း မပျောက်ပျက်၊ ၅ တရားတို့သည် ကောင်းစွာ ဆုံးဖြတ်ပြီးဖြစ်။

၃ **သမထ** ၂ စု

၁။ **သမထကမ္မဋ္ဌာန်း ၄၀ / ကမ္မဋ္ဌာန်း ၄၀** (ယနေ့ဗုဒ္ဓဝါဒအမေးအဖြေ ၅၊ တည်တောဆရာတော်ကြီး။ ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

သမထ- စိတ်တည်ငြိမ်မှု၊ ကမ္မဋ္ဌာန်း- စိတ်အာရုံ စူးစိုက်ရာ ဌာနများ၊

သမထကမ္မဋ္ဌာန်း ၄၀= ကသိုဏ်း ၁၀ပါး+ အသုဘကမ္မဋ္ဌာန်း ၁၀ပါး+ အနုဿတိ ၁၀ပါး+ ဗြဟ္မဝိဟာရ တရား ၄ပါး+ သညာ ၁ပါး+ စတုဓါတုဝဝတ္ထာန် ၁ပါး+ အာရုပ္ပကမ္မဋ္ဌာန်း ၄ပါး= ၄၀။

<u>ကသိုဏ်း ၁၀ပါး-</u> ၁ ပထဝီ၊ ၂ အာပေါ၊ ၃ တေဇော၊ ၄ ဝါယော၊ ၅ နီလ- အညို၊ ၆ ပီတ- အဝါ ၊ ၇ လောဟိတ- အနီ၊ ၈ ဩဒါ တ- အဖြူ၊ ၉ အာကာသ- ကောင်းကင်၊ ၁၀ အာလောက- အလင်းရောင်။

<u>အသုဘကမ္မဋ္ဌာန်း ၁၀ပါး-</u> ၁/၁၁ ဖူးရောင်နေသော သူသေကောင်၊ ၂/၁၂ အညို အနီစသည်ဖြင့် အရောင်အဆင်းပျက်နေသော၊ ၃/၁၃ သွေးပြည်ပုပ်တို့ ယိုစီးနေသော၊ ၄/၁၄ အရေပြား ကွဲအက်နေသော၊ ၅/၁၅ ခွေး ကျီး လင်းတတို့ ထိုးဆွကိုက်ခဲ၍ မွမွကြေနေသော၊ ၆/၁၆ ခြေ လက် ခေါင်း ကိုယ်တခြားစီ ဖြစ်နေသော၊ ၇/၁၇ ဓါးတို့ဖြင့်မွှန်း၍ ခြေ လက် ကိုယ် ခေါင်း တခြားစီ ပစ်လွှင့်ထားသော၊ ၈/၁၈ သွေးများယိုထွက်၍ လိမ်းကျံနေသော၊ ၉/၁၉ ပိုးလောက်များဖြင့် ပြည့်နေသော၊ ၁၀/၂၀ အရိုးစုသာ ကြွင်းသော သူသေကောင်။

<u>အနုဿတိ ၁၀ပါး-</u> ၁/၂၁ ဗုဒ္ဓါနုဿတိ၊ ၂/၂၂ ဓမ္မာနုဿတိ၊ ၃/၂၃ သံဃာနုဿတိ၊ ၄/၂၄ သီလနုဿတိ၊ ၅/၂၅ စာဂါတုဿတိ၊ ၆/၂၆ ဒေဝတာနုဿတိ ၇/၂၇ ဥပသမာနုဿတိ- နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အဖန် တလဲလဲ အောက်မေ့ခြင်း၊ ၈/၂၈ မရဏာနုဿတိ၊ ၉/၂၉ ကာယဂတာသတိ- ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်း၊ ၁၀/၃၀ အာနာပါနာသတိ။

<u>ဗြဟ္မဝိဟာရတရား ၄ပါး-</u> အပ္ပမညာတရား၊ ဗြဟ္မာစရိယာတရား၊ ဗြဟ္မစိုရ်တရားဟုလည်း ခေါ်၏။ ၁/၃၁ မေတ္တာ၊ ၂/၃၂ ကရုဏာ၊ ၃/၃၃ မုဒိတာ၊ ၄/၃၄ ဥပေက္ခာ။

<u>သညာ ၁ပါး-</u> ၃၅ အာဟာရေပဋိကုလသညာ- စားသောက်သော အာဟာရတို့အပေါ်၌ စက်ဆုတ်ဖွယ် မြင်လာအောင် ရှုးစိုက်ရှုပွားခြင်း။

<u>စတုဓါတုဝဝတ္ထာန် ၁ပါး-</u> ၃၆ ခန္ဓာကိုယ်ကို ရေ မြေ လေ မီး မဟာဘုတ် ၄ပါးအနေ ထင်မြင်အောင် ရှုးစိုက်ရှုပွားခြင်း။

<u>အာရုပ္ပ ကမ္မဋ္ဌာန်း ၄ပါး-</u> ၁/၃၇ အာကာသာနဉ္စာယတန- ကောင်းကင်ပညတ် ကမ္မဋ္ဌာန်း။ ၂/၃၈ ဝိညာနဉ္စာယတန- ဝိဉာဏပညတ် ကမ္မဋ္ဌာန်း၊ ၃/၃၉ အာကိဉ္စာညာယတန- ဘာမျှမရှိခြင်း သဘော၊ နိတ္ထိ သဘောပညတ် ကမ္မဋ္ဌာန်း၊ ၄/၄၀ နေဝသညာနာသညာယတန- သညာရှိသည်လည်း မဟုတ်၊ မရှိသည် လည်း မဟုတ်သောပညတ် ကမ္မဋ္ဌာန်း။

<u>၂။ သမထဘာဝနာ၏ အကျိုး ၅ပါး (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)</u>

၁ ဒိဋ္ဌဓမ္မသုခဝိဟာရ - မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်း၊ ၂ ဝိပဿနာအခြေခံ ကောင်းခြင်း၊ ၃ အဘိညာဉ်ရခြင်း၊ ၄ ဘဝအထူးကို ရခြင်း၊ ၅ နိရောဓသမာပတ် ဝင်စားနိုင်ခြင်း။

၄ **သရဏဂုံ** (သုတ်သီလက္ခန် ဋ။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ သာသနာရေးဦးစီး။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်) <u>၁၁ ခု</u>

၁။ သရဏဂုံ ၃ပါး (ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၂။ သရဏဂုံ = ကိုးကွယ်ရာဟု သိသော စိတ်စေတသိက်၊

"သရဏန္တိ ဂစ္ဆတိ အနေနာတိ သရဏဂမနံ။"

အနေန - ဤစိတ်စေတသိက်ဖြင့်၊ သရဏန္တိ - ဘေးဒုက္ခ အမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမြန် ၃ပါးဟူ၍၊ ဂစ္ဆတိ - သိတတ်၊ ဆည်းကပ်တတ်၏၊ ဣတိတသ္မာ - ထိုသို့ သိကြောင်း၊ ဆည်းကပ်ကြောင်း ဖြစ်သောကြောင့်၊ တံ - ထိုစိတ်စေတသိက် တရားအစုသည်၊ သရဏဂမနံ - သရဏဂမန မည်၏။

သရဏဂုံ = ဘေးဒုက္ခအမျိုးမျိုးကို ပယ်ဖျောက်တတ်သော ဝတ္ထုမြန် ၃ပါးဟူ၍ သိကြောင်း၊ ဆည်းကပ်ကြောင်းဖြစ်သော စိတ်စေတသိက် တရားအစု။

၃။ သရဏဂုံ ၂ပါး ဦးစွာတည်သူ ကုန်သည်ညီနောင် (လင်းလွန်းပင်ရင်း၌ စံနေတော်မူခြင်း၊ မဟာခန္ဓက၊ မဟာဝါပါဠိတော်၊ ခု၊ ဝိ)

တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့သည် ဥက္ကလာဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကုန်ကူးသွားကြရာ ဆွေမျိုးတော်ဖူးသော ဘုမ္မစိုးနတ်က လောက၌ ဘုရားပွင့်တော်မူ၍ လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေကြောင်း၊ ဘုရားရှင်ကို မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ဖြင့် လုပ်ကျွေးရန်နှင့် ထိုသို့လုပ်ကျွေးခြင်းသည် သင်တို့အား ရှည်မြင့်စွာသော နေ့ညဥ့်ပတ်လုံး စီးပွားချမ်းသာခြင်းဖြစ်လတ္တံ့ဟုဆိုလေရာ နတ်ပြောသည့်အတိုင်း ဘုရားရှင်အား ဆည်းကပ်လှူဒါန်း၍ လောက၌ ရှေးဦးစွာ ဒွေဝါစိကသရဏဂုံ- ၂ကြိမ်ရွတ်ဆို၍ ဆောက်တည်အပ်သော သရဏဂုံတည်သော ဥပါသကာတို့ ဖြစ်ကြ၏။ သံဃာရတနာမပေါ်သေး၍ မြတ်စွာဘုရားနှင့်တရားတော် ၂ပါးကိုသာ ကိုးကွယ်ဆည်းကပ်သူ ဥပါသကာတို့ဖြစ်ကြ၏။

၄။ သရဏဂုံ ၃ပါး ဦးစွာတည်သူ ဥပါသကာ တဦးနှင့် ဥပါသိကာမ ၂ဦး (ယသသူဌေးသားရဟန်းပြုခြင်း၊ မဟာခန္ဓက၊ မဟာဝါပါဠိတော်၊ ခု၊ ဝိ)

ယသသူဌေးသားပျောက်သည်ကို လိုက်ရှာရာတွင် ဖခင်သူဌေးကြီးသည် ဘုရားရှင်နှင့်တွေ့၍ တရားတော်ကိုနာရသဖြင့် သောတာပန်ဖြစ်ပြီး သောတာပန်တည်ပြီးသူ ယသသူဌေးသားမှာ ရဟန္တာဖြစ်တော်မူ၏။ ဘုရားရှင်က တန်ခိုးတော်ကို ရုပ်သိမ်းတော်မူရာ ဖခင်နှင့်သားတို့ ပြန်တွေ့ကြသည်။ သားကို အိမ်သို့ ပြန်ခေါ်ရာ ရဟန္တာဖြစ်ပြီး ဟု သိရသဖြင့် ဘုရားရှင်နှင့်သားကို အိမ်သို့ ဆွမ်းစားဖိတ်သည်။

ဆွမ်းဆက်ကပ်ကြပြီးနောက် ဘုရားရှင်တရားဟောရာ ယသသူဌေးသား၏မိခင် သူဌေးကတော်ကြီးနှင့် မယားဟောင်းတို့ သောတာပန်တည်ကြသည်။ ဖခင်သူဌေးကြီးသည် လောက၌ ရှေးဦးစွာ တေဝါစိကသရဏဂုံ- ၃ကြိမ် ရွတ်ဆို၍ ဆောက်တည်အပ်သော သရဏဂုံတည်သူ ဥပသကာဖြစ်သည်။ သူဌေးသား၏မိခင်နှင့် မယားဟောင်းတို့ ၂ဦးမှာ လောက၌ ဦးစွာ တေဝါစိကသရဏဂုံတည်သူ ဥပါသိကာမများ ဖြစ်လာကြသည်။

<u>၅။ သရဏဂုံ ညစ်နွမ်းကြောင်း ၄ပါး</u>

၁ ဂုဏ်တော်များကို မသိခြင်း- မောဟ၊ ၂ ဝိစိကိစ္ဆာ၊ ၃ ဒိဋ္ဌိ- ရတနာ ၃ပါးကို အမှားမြင်ခြင်း၊ ၎င်းကို ကိုးကွယ်ဆည်းကပ်မှုသည် အလကားဟု အယူမှားခြင်း၊ ၄ သဒ္ဓါ၏ ဆန့်ကျင်ဘက် အကုသိုလ်တရား၊ မကြည်ညိုခြင်း၊ မလေးစားခြင်း၊ မယုံကြည်ခြင်း / သဒ္ဓါ မရှိခြင်း။

<u>၆။ သရဏဂုံ တည်ခြင်းအကျိုး ၉ပါး</u>

၁ အပူဇော် ခံရ၊ ၂ ဉာဏ်ပညာ ထက်မြက်၊ ၃ မိမိအလိုသို့ လိုက်ပါစေနိုင်၊ ၄ ရွှေအဆင်း ရှိ၊ ၅ နှစ်သက် ကြည်ညို ခံရ၊ ၆ မိတ်ဆွေများ ချစ်ခင်ကြ၊ ၇ ကျော်စောထင်ရှား၊ ၈ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၊ **၉** နတ်ပြည်ရောက်က အခြားနတ်များကို <u>၁၀ပါးသော ဌာန</u>- [၁]အသက်ရှည်၊ [၂]အဆင်းလှ၊ [၃]ချမ်းသာ ကြီး၊ [၄]အခြွေအရံ များ၊ [၅]အစိုးရခြင်း၊ [၆]အဆင်း၊ [၇]အသံ၊ [၈]အနံ့၊ [၉]အရသာ၊ [၁၀]အတွေ့အထိ- တို့၌ လွှမ်းမိုး၏။

<u>၇။ သရဏဂုံ ပျက်ကြောင်း ၂ပါး</u>

၁ ရတနာ ၃ပါးကို မကိုးကွယ်လိုသောအခါ၊ ၂ သေသောအခါ။

<u>၈။ သရဏဂုံ မပျက်သော ရှိခိုးခြင်း ၃မျိုး</u>

၁ တခြားအယူမှာ ရှင်ရဟန်းပြုနေသူ ဆွေမျိုးကို 'သူဟာ ငါ့ဆွေမျိုးပဲ။' ဟု ရှိခိုးလျှင်၊ ၂ မင်းကို ကြောက်၍ ရှိခိုးလျှင်၊ ၃ အတတ်သင်ပေးသော တိတ္ထိဆရာကို 'သူဟာ ငါ့ဆရာပဲ။' ဟု ရှိခိုးလျှင် သရဏဂုံ မပျက်ပေ။

<u>၉။ သရဏဂုံ ရွတ်ပွားခြင်းအကျိုး ၇ပါး</u>

၁ အစာ အဆိပ်မသင့်၊ ၂ ကိုယ်ဝန် ချမ်းသာစွာဖွား၊ ၃ မွေးဖွားလာသောကလေး ဘေးကင်း၏၊ ၄ သရဲ၊ တစ္ဆေ မခြောက်၊ ၅ ဘေး မရောက်၊ ၆ ရွတ်ဆို၍ စိုက်လျှင် သစ်ပင်များ ပိုးမကျ၊ ၇ ကောင်းစွာရှင်သန် ဖွံ့ထွားသော အသီးအနှံ အရွက်များရ၊

<u>၁၀။ သရဏဂုံ အကျိုးပြု ဝတ္ထု ၃ ပုဒ်</u>

၁။ (ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သား ရဟန္တာများ - အနက်မှ - အမှတ် ၅/၉ တိသရဏဂမနိယတ္ထေရအပဒါန်) - တွင် ကြည့်ပါ။

၂။ <u>အကျင့်တရားမရှိပဲ သေသောက်လေ့ရှိသူ သရဏာနိသာကီဝင်သည့် ကွယ်လွန်သော်</u> ဘုရားရှင်က ဤသူသည် <u>သောတာပန်ဖြစ်သည်</u>ဟု မိန့်ဆိုခြင်း (ပဌမသရဏာနိသက္ကသုတ်၊ သရဏာနိဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

ဘုရားရှင် ကပိလဝတ်နေပြည်တော်၌ သီတင်းသုံးတော်မူနေစဉ် ဤသို့မိန့်ရာ မဟာနာမ်သာကီဝင်မင်းသည် ဤမိန့်ဆိုချက်ကို လူအများကဲ့ရဲ့နေကြကြောင်း လျှောက်ထား၊ ဘုရားရှင်က သရဏာနိသာကီဝင်သည် ကာလရှည်လျားကြာမြင့်စွာ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်၏။ သေခါနီး၌ အကျင့်သိက္ခာကို ဆောက်တည်ပြီးသူ ဖြစ်၏။ ဘုရားရှင်သည် ရတနာ ၃ပါး ကိုးကွယ်ဆည်းကပ်သူ အဆင့်ဆင့်တို့- ၁ ရဟန္တာ၊ ၂ အနာဂါမ်၊ ၃ သကဒါဂါမ်၊ ၄ သောတာပန်၊ ၅ ဣန္ဒြေ ၅ပါးနှင့် ပြည့်စုံသူ၊ ၆ ဘုရားရှင်အပေါ်၌ ယုံကြည်ခြင်း၊ ချစ်ခြင်းမျှသာ ရှိသူတို့ ဒုဂ္ဂတိဘဝသို့ မရောက်ကြောင်း အကျယ်တဝင့် ဟောတော်မူ၏။

၃။ ဒမိဠတံငါသည်သည် အနစ် ၅၀ တံငါသည်အဖြစ် အသက်မွေးပြီးနောက် မမာနေစဉ် သရဏဂုံဆောက်တည်ကာ သေသော် စတုမဟာရာဇ်နတ်ပြည်သို့ ရောက်၏။ (အံ ဋ္ဌ။ ပဋ္ဌမတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)။

**၁၁။ သေသူအလောင်းကို သရဏဂုံ တင်လျှင် သရဏဂုံရသူ ၃ဦး**

၁ သေဆုံးသူများအဖို့ ရနိုင်သော အခြေအနေ- ၁ ပြိတ္တာ၊ ၂ သရဲ၊ ၃ တစ္ဆေ၊ ၄ မြေဘုတ်ဘီလူးဘဝသို့ ရောက်၍ သတိရနေလျှင် ရ၏။

၂ ရယူနိုင်သော ဘဝတွင် မရှိက အသက်ရှင်သူများ / သရဏဂုံတင်ပွဲ၌ စုဝေးမိသူများ ရ၏။

၃ ရှေးကသေလွန်သူများ ပြိတ္တာ၊ သရဲ၊ တစ္ဆေ၊ မြေဘုတ်ဘီလူးများအနေဖြင့် အနီး၌ ရှိနေက သရဏဂုံ ရယူလိုလျှင် ရနိုင်ကြသည်။

**၅ သာမဏေများ / ကိုရင်များ ကျင့်သုံးဆောက်တည်ရသော သိက္ခာများ** (သုတရတနာမှတ်စုပဒေသာ၊ ဘဒ္ဒန္တဝိစက္ခဏ)

ရှင်သာမဏေများ ကျင့်သုံးဆောက်တည်ရသော သိက္ခာပုဒ်များမှာ လိင် ၁၀ပါး၊ ဒဏ် ၁၀ပါး၊ သေခိယ သိက္ခာပုဒ် ၇၅ပါး၊ စုဒ္ဒသခန္ဓကဝတ် ၁၄ပါး= ပေါင်း **၁၀၉ ပါး** ဖြစ်သည်။

**၆ သာမန်ဖြစ်ရပ်စဉ်ကို ကြည့်၍ သံဝေဂဉာဏ် ပွားကြသူများ**

သာမန်ဖြစ်စဉ် ၂၀ ခု ကို သံဝေဂယူ၍ တောထွက်ရသေ့ပြုသူ ဘုရားလောင်း ၁ ဘဝ၊ ရဟန္တာဖြစ်ကြသူ ၅၂၁ ဦး ပေါင်း **၅၂၂ ဦး** (ဘုရားလောင်း ၁ ဘဝ + မထေရ် ၅၁၄ ပါး + ထေရီမ ၇ ပါး)

ဘုရားလောင်း ၁ ဘဝ

၁ ဆီးနှင်းပေါက်များ နေတက်သော် ပျောက်သွားသည်ကိုမြင်၍ တောတွက်ရသေ့ရဟန်းပြုခြင်း (ယုဓဉ္စယစရိယ၊ ယုဓဉ္စယဝဂ်၊ စရိယာပိဋကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ယုဓဉ္စယဇာတ်၊ ဧကာဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ရမ္မ (ဗာရာဏသီ) ပြည်ဝယ် သဗ္ဗဒတ္တမင်းကြီး- သုဒ္ဓေါဒနမင်းကြီးအလောင်း၌ မင်းသားတထောင်ရှိ၊

ဘုရားလောင်းအိမ်ရှေ့မင်း ယုဓဉ္စယမင်းသားသည် သားအကြီးဆုံးဖြစ်၊ နေ့တိုင်း ကြီးစွာလျှ၊ နံနက်စောစော ရထားစီး၍ ဥယျာဉ်ကစားသွား၊ သစ်ပင်ဖျား မြက်ဖျား သစ်ခက်ဖျား ပင့်ကူမြွေးပင့်ကူချည် ကွန်ယက် စသည်တို့၌ ပုလဲကွန်ယက်အသွင် ကပ်ငြိသော ဆီနှင်းပေါက်တို့ကိုမြင်၊ ပြန်သောအခါ မမြင်၍မေး၊ ရထား ထိန်းက နေတက်သော် ဆီးနှင်းပေါက်တို့ ပျက်စီး၍မြေ၌ကျကြောင်းပြော၊ ထိတ်လန့်ခြင်း သံဝေဂ အကြိမ် ကြိမ်ပွား၊ "ဇီဝိတသင်္ခါရတို့သည် မြက်ဖျား၌ ဆီးနှင်းပေါက်နှင့်တူသည်၊ ငါသည် အို နာ သေ မနှိပ်စက်မီ မယ်တော် ခမည်းတော်တို့ကို ပန်၍ ရဟန်းပြုအံ့။"

တရားစီရင်ရာ လွှတ်ဦးသဘင်၌နေသော ခမည်းတော်တံခွင့်တောင်း၊ တားမြစ်ရာ "အကြင်တည်ရာ ကျွန်းကို အိုခြင်းသည်မဖျက်ဆီးနိုင်၊ တိုကျွန်းကိုပြုခြင်းငှါ အလိုရှိပါ၏။" ခမည်းတော်က နိဂုံးသူတို့ကလည်း တောင်းပန်၏ဟုပြောရာ "ခမည်းတော်မင်းကြီး အကျွန်ုပ်ရဟန်းပြုခြင်းကို မမြစ်ပါလင့်၊ ကာမဂုဏ်တို့ဖြင့် ယစ်မူးသည်ဖြစ်၍ အိုခြင်းနိုင်ငံသို့ အစဉ်လိုက်ရသည် မဖြစ်ပါစေလင့်။" မယ်တော်- မယ်တော်မာယာ အလောင်းက တားမြစ်ပြန်ရာ "နေထွက်သော် မြက်ဖျား၌ဆီးနှင်းပေါက်တို့ မြေ၌ကျသကဲ့သို့ လူတို့၏ အသက်သည် နည်း၏၊ ကျွန်ုပ်ကို မမြစ်ပါလင့်။"

အလုံးစုံသော မြေ၊ မင်းအဖြစ်၊ ဆွေမျိုး၊ အခြံအရံတို့ကို စွန့်လွှတ်၍ သမ္မာသမ္ဗောဓိဉာဏ် အကြောင်း ကြောင့်သာလျှင် တစုံတခုကိုမျှ မကြံစည် မစိုးရိမ်ခဲ့၊ ဘုရားလောင်းနှင့်အတူ ညီတော်ယုဓိဋ္ဌိလ- အရှင် အာနန္ဒာအလောင်းလည်း ခွင့်တောင်း၍ ဘုရားလောင်းနှင့်အတူ ဟိမဝန္တာသို့ဝင်၍ ရဟန်းပြု၊ အဘိညာဉ် ဖြစ်စေကာ ပြဟ္မာ့ ပြည်သို့လားကြ။ (၁)

မထေရ် <u>၅၁၄ ပါး</u>

၂ <u>ကချေသည့် ကနေသည်ကိုမြင်၍</u> တရားဆင်ခြင်ကာ ရဟန္တာဖြစ်ခြင်း (နာဂသမာလတ္ထေရဂါထာ၊ စတုက္ကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋကေ)

သာကီဝင်မင်းသား နာဂသမာလသည် ဘုရားရှင်ထံရဟန်းပြုပြီး တခါတရံ ဘုရားရှင်၏ အလုပ် အကျွေးဖြစ်ကာ တနေ့ဆွမ်းခံသွားစဉ် လမ်းမ၌ကပွဲမြင်၊ စိတ္တဇလေကြောင့် လှုပ်ရှားနေကြသည်ဟု အမှန်ကို မြင်ပြီး ထရားဆင်ခြင်ရာ အရဟတ္တဖိုလ်သို့ရောက်၍ မိမိ၏ပဋိပတ်ကို ပြောကြားရွတ်ဆိုသည်။

"ကချေသည်မိန်းမကို သေမင်းထောင်တားသောကျော့ကွင်းဖြစ်သည်၊ ငါ့အား စက်ဆုပ်ရွံ့ရှာဖွယ်ဟု အသင့်အားဖြင့်နှလုံးသွင်း၍ အပြစ်ထင်သောအာဒီနဝညာဏ် ငြီးငွေ့မှုနိဗ္ဗိဒါညာဏ်တို့ဖြစ်ကာ ကိလေသာမှ လွတ်၏။" (၁/၂)

၃ <u>ဆွမ်းကောင်းကို မိမိအဖို့ စီရင်စေ၍ အိမ်ရှင်များအတွက်မှ သင့်ရုံသာဖြစ်သည်ကို ကြားသိ၍</u> တရားအားထုတ်ကာ ရဟန္တာဖြစ်ခြင်း (ဒီ ဋ္ဌ။ မ ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

သီဟိုဠ်သာသနာထွန်းကားစဉ် ကဿကလိုဏ်၌ သီတင်းသုံးတော်မူသော မဟာမိတ္တခေါ် အယျမိတ္တ

မထေရ်သည် ဆွမ်းခံကြွရာ ဆွမ်းဒကာမအိမ်တအိမ်မှ အမိက သမီးကို ဆွမ်းခံမထေရ်အတွက် နှစ်ချို့ဆန်၊ ထောပတ်၊ တင်လဲ စသည်တို့နှင့် စီမံစေကာ မိမိတို့အတွက်မူ ဆန်ကွဲ၊ ပုန်းရည်၊ ဟင်းရွက်ယာဂုဖြစ်ကြောင်း ပြောဆိုမှာကြားနေသံကို ကြားသိရသော် ဆွမ်းခံမဝင်တော့ပဲ ကျောင်းပြန်၍ တရားအားထုတ်ရာ ရဟန္တာဖြစ်တော်မူ၏။

ဆွမ်းခံချိန်ရှိသေး၍ ဆွမ်းခံဝင်၏၊ သမီးက အမေဒါယိကာမကြီးကို ဆွမ်းခံကိုယ်တော်၏မျက်နှာမှာ လွန်စွာကြည်လင်ကြောင်း ပြန်ပြောပြရာ မထေရ်သည် ရဟန်းကိစ္စပြီးလေပြီဟု ဝမ်းမြောက်ကြသည်။ (၂/၃)

၄ တောမီးလောင်သည်ကို ကြည့်၍ ရဟန္တာဖြစ်သူ (အညတရဘိက္ခုဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော ဘုရားရှင်ထံမှ အညတရ ရဟန်းတပါးသည် တရားတောင်း၍ တောအရပ်တခုဝယ် တရားအားထုတ်သော်လည်း တရားမရ၊ ဘုရားရှင်ထံပြန်လာ၊ လမ်းခရီး၌ တောမီးလောင်လာသဖြင့် တောင်ကုန်းထက်တက်ပြီးကြည့်၊ တောမီးသည် ကြီးကြီးငယ်ငယ် လောင်စာဟူသမျှ လောင်ကျွမ်းသည်ကိုတွေ့၊ ဘုရားရှင်သည် ရောင်ခြည်တော်ဖြင့် ကိုယ်တော်တိုင်ကြွသကဲ့သို့ "တောမီးသည် လောင်စာကြီးငယ်ဟူသမျှ လောင်ကျွမ်းသည်၊ အလားတူပင် အရိယာမဂ်သည် သံယောဇဉ်ဟူသမျှကို လောင်ကျွမ်းသည်။" ဒေသနာတော်ကို ဟောကြားရာ ရဟန်းသည် ပဋိသမ္ဘိဒါပတ္တ ၄ပါးနှင့် ရဟန္တာဖြစ်၏။ (၃/၄)

၅ တံလျှပ်၊ ရေမြှုပ်အစိုင်အခဲတို့ကို တွေ့၍ ရဟန္တာဖြစ်ခြင်း (မရီစိက- တံလျှပ်ပမာတကားဟု၊ မရီစိက ကမ္မဋ္ဌာနိကဘိက္ခုဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည်သား ရဟန်းတပါး ဘုရားရှင်ထံ တရားတောင်း၊ တောရကျောင်းတကျောင်း၌ တရားအားထုတ်၊ မရ၊ တရားထပ်တောင်းရန် ပြန်အလာလမ်းတွင် တံလျှပ်တွေ့၊ ဆက်လာ၊ အစိရဝတီမြစ်ထဲ၌ ရေမြှုပ် အစိုင်အခဲတို့ ပေါ်လိုက်ပျောက်လိုက်တွေ့၊ အာရုံတင်၍ ခန္ဓာကိုယ်အဖြစ်အပျက်ကို ဝိပဿနာရှု၊ ဘုရားရှင်က ရောင်တော်ဖြင့် ခန္ဓာကိုယ်သည်လည်း တံလျှပ်ရေမြှုပ်ကဲ့သို့ ဖြစ်ပြီးလျှင် ပျက်ထတ်သည်ဟု မိန့်၍ ဂါထာကိုဆက်ဟောရာ ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၏။ (၄/၅)

၆ ပုဆိုးနွမ်းနှင့် မိမိအသက်မွေးခဲ့သည့်ပစ္စည်းကို ကြည့်၍ ၎င်းတို့ကို ဆရာတင်ကာ မိမိကိုယ်ကို ဆုံးမလျက် ရဟန္တာဖြစ်သူ - ၂ ပါး

၁။ (ပိလောတိက- ပုဆိုးကြမ်းနွမ်း၊ ပိလောတိကတိဿတ္ထေရဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက) (၅/၆)

လွှန်စွာဆင်းရဲနွမ်းပါး၍ ဟောင်းနွမ်းဆွေးရိသော ပုဆိုးပိုင်းကိုဝတ်၍ ခွက်စွဲကာ တောင်းရမ်းစားသောက်နေသည်ကို တွေ့၍ အရှင်အာနန္ဒာက သနားလှသဖြင့် ရဟန်းပြုပေးပြီး ကမ္မဋ္ဌာန်းသင်ပေး၊ တသွေးတမွေး ဖြစ်လာသော်လည်း မပျော်၊ သစ်ပင်၌ ချိတ်ဆွဲထားသော လူ့ဘဝကဝတ်ဆင်ခဲ့သော ပုဆိုးနွမ်းနှင့် ခွက်ရှိရာသို့လာ၍ 'စုတ်ပြတ်မွဲတေခဲ့သော ဘဝဟောင်းကို ပြန်သွားချင်လို့လား?' ဟု မိမိကိုယ်ကိုဆုံးမပြီး ပြန်လှည့်၊ ၂ကြိမ် ၃ကြိမ် ရှိသော် ရဟန်းများကမေး၊ 'ဆရာ့ထံ သွားပါသည်။' ဟု ပုဆိုးနွမ်းကို ဆရာအဖြစ်တင်စား၍ ဖြေ၊ မထေရ်သည် ပုဆိုးနွမ်းနှင့် ဘဝဟောင်းကို စွဲလမ်းနေမှုမှ မိမိကိုယ်ကို ဆုံးမလျက် တရားအားထုတ်ရာ ၂ရက် ၃ရက်အတွင်း ရဟန္တာဖြစ်၊ ရဟန်းများက ဆရာ့ထံ မသွားတော့သည့် အကြောင်းကိုမေးရာ 'ဆရာနှင့် အဆက်အဆံ မရှိတော့သဖြင့် သွားဖို့ မလိုတော့။' ဟုဖြေ။

<u>၂။ ပုဆိုးနွမ်းနှင့် ထွန်တုံးကိုကြည့်၍ မိမိကိုယ်ကိုဆုံးမ</u>လျက် ရဟန္တာဖြစ်သူ (နင်္ဂလ- ထွန်းတုံး၊ နင်္ဂလကုလတ္ထေရဝတ္ထု၊ ဘိက္ခုဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ရဟန်းတပါးက သနား၍ ရဟန်းဝတ်ပေး၊ ၃ကြိမ် သွားကြည့်၍ မိမိကိုယ်ကို ဆုံးမ၊ ကျန်ဝတ္ထုအသွားမှာ အထက်ပါအတိုင်း ဖြစ်သည်။ (၆/၇)

၇ <u>မိုးရွာ၍ဖြစ်လာသော ရေပွက်၊ ရေမြုပ်တို့ကို မြင်</u>ကာ ကိုယ်ခန္ဓာ၌ အာရုံယူနေစဉ် ဘုရားရှင်ဟောသော ဒေသနာတော်ဖြင့် ရဟန်း ၅၀၀ ရဟန္တာဖြစ်ကြခြင်း (ပဥ္စသတဝိပဿကဘိက္ခုဝတ္ထု၊ လောကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ကမ္မဋ္ဌာန်းတောင်း၍ တော၌ တရားအားထုတ်ကြသော ရဟန်း ၅၀၀သည် တရားမရကြသဖြင့် ပြန်လာ၊ လမ်းတွင် မိုးကြီးရွာ၊ ဇေတဝန်ကျောင်းတော်မုခ်ဦး၌ ရပ်နေကြစဉ် ပြောင်းလဲပျက်စီးနေသော ရေပွက်၊ ရေမြုပ်တို့ကို မြင်၍ ဤကိုယ်ခန္ဓာသည်လည်း ဤအကိုင်းပင် ဖြစ်ပြီးနောက် ပျက်စီးကြသည်ဟု အာရုံယူနေကြ၊ ဘုရားရှင် ရောင်ခြည်တော်လွှတ်၍-

"ရေပွက်ကို ဖြစ်ပြီးလျှင် ပျက်တတ်သည်ဟု ရှုရာသကဲ့သို့၊ တံလျှပ်ကို ထင်တိုင်းမဟုတ်ဟု ရှုရာသကဲ့သို့ ခန္ဓာစသောလောကကို ရှုရာ၏။ ဤသို့ ခန္ဓာစသောလောကကို ရှုသောသူကို သေမင်းသည် မမြင်ရာ။" ဟူသော ဒေသနာတော်ကို ဟောရာ ရဟန်းတော် ၅၀၀လုံး ရဟန္တာဖြစ်တော်မူကြ၏။ (၅၀၆/၅၀၇)

၈ <u>မှန်ကိုကြည့်စဉ် ဇရာဖြင့်နှိပ်စက်သောကိုယ်ကိုမြင်</u>၍ သောတာပန်ဖြစ်ပြီး မကြာမီ ရဟန္တာဖြစ်ခြင်း (ဝီထသောကတ္ထေရဂါထာ၊ ထတိယဝဂ်၊ ဒုကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မိုးထိထေရဂါထာ ၄)

၉၄ကမ္ဘာထက်က အရှင်မြတ်သည် ပုဏ္ဏားဖြစ်ကာ ရသေ့ပြု များသော တပည့်များရှိ၊ ဘုရားပွင့်သည် ကြား၍ ဘုရားဖူးရန် တပည့်များနှင့်လာစဉ် လမ်းတွင် ပြင်းသောအနာရ၍ ဘုရားဟူသောအမှတ်သညာဖြင့် သေလွန်၊ နတ်ပြည်၌ဖြစ်။

ယခုဘဝ၌ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် နှစ်ပေါင်း၂၁၈နှစ်လွန်သော ကာလ ဓမ္မာသောကမင်း၏ ညီတော်ဝီတသောကမင်းသားဖြစ်၊ ဝိဇ္ဇာသိပ္ပအတတ်တို့တတ်၊ အရှင်ဂိရိဒတ္တ မထေရ်ကိုမှီ၍ သုတ် အဘိဓမ္မာတို့ကို နိုင်နင်းသူဖြစ်၊ ဆတ္တာသည်သည် ဆံမုတ်ဆိတ်တို့ကို ပြုပြင်ရန် ယူလာသောမှန်ပေါ်မှ အရေတွန့် ဆံဖြူစသော အိုခြင်းဖြင့်နှိပ်စက်သော ငါ၏ကိုယ်ကိုမြင်၍ တရားသံဝေဂ ယူကာ တရားနှလုံးသွင်းရာ ချက်ချင်း သောတာပန်ဖြစ်၊ မထေရ်ထံတွင် ရဟန်းပြုပြီး မကြာခင် ရဟန္တာဖြစ်။ (၅၀၇/၅၀၈)

၉ မြွေနှင့်မြွေပါတို့ အချင်းချင်းကိုက်သတ်ကြသည်ကိုမြင်၍ သံဝေဂရစဉ် ဘုရားရှင့်တရားကို ကြားနာကာ ရဟန္တာဖြစ်ခြင်း (ဝါရဏတ္ထေရဂါထာ၊ တိကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

တောကျောင်းမထေရ်တပါးထံ၌ တရားနာ၍ သဒ္ဓါဖြစ်ကာ ရဟန်းပြုလာသော ဝါရဏမထေရ်သည် ဘုရားရှင်ထံသို့လာရာ လမ်းတွင် မြွေနှင့်မြွေပါတို့ အချင်းချင်း ကိုက်သတ်ကြသည်ကိုမြင်ကာ သံဝေဂဖြစ် နေစဉ် ဘုရားရှင်၏ဩဝါဒကို ကြားနာပြီး ဝိပဿနာပွား၍ ရဟန္တာဖြစ်၏။ (၅၀၈/၅၀၉)

၁၀ ရေမြောင်းသွယ်ခြင်း မြှားထန်ဖြောင့်နေခြင်းနှင့် သစ်ရွေနေခြင်းတို့ကိုမြင်၍ သံဝေဂယူကာ ရဟန္တာ ဖြစ်ခြင်း - ၃ ပါး

၁။ (ကုလတ္ထေရဂါထာ၊ ဒုတိယဝဂ်၊ ဧကကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားသာသနာတော်၌ ရဟန်းအဖြစ်ကိုရပါသော်လည်း တရားထူးကိုမရနိုင်ပဲရှိနေသော ကုလ မထေရ်သည် တနေ့ဆွမ်းခံသွားစဉ် ရေမြောင်းသွယ်သူတို့ ရေကိုလိုရာအရပ်သို့ယူပုံ၊ လေးသမားတို့ မြှားကိုမီးကင်၍ ဖြောင့်အောင်ပြုပုံနှင့် တစည်းသစ်ရွေသမားတို့ သစ်ကိုလိုသလိုရွေပုံကိုမြင်၊ အသက်မဲ့ရေ မြှားနှင့်သစ်တို့ကိုပင် ပြုပြင်၍ရသေး၏၊ အဘယ်ကြောင့် စိတ်ကိုမပြုပြင်နိုင်အံ့နည်း? ဟု ဥပမာတင်တရား အားထုတ်သည်တွင် မကြာခင် အရဟတ္တဖိုလ်သို့ရောက်၍ ဝမ်းမြောက်စွာ ဂါထာရွတ်ဆိုပြောကြားသည်။ (၅၀၉/၅၁၀)

၂။ (ပဏ္ဍိတသာမဏေ - ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သား ရဟန္တာများ - အနက်မှ - ပဏ္ဍိတ သာမဏေ) ကိုကြည့်ပါ။ (၅၁၀/၅၁၁)

၃။ (သုခသာမဏေ - ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်သား ရဟန္တာများ - အနက်မှ - သုခသာမဏေ) ကိုကြည့်ပါ။ (၅၁၁/၅၁၂)

၁၁ သား ရဟန်းပြုသည်ကို အားကျ သံဝေဂဉာဏ်ထင်ကာ အသက်၁၂၀ရှိသော်လည်း ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း (ဓမ္မသဝပိတုတ္ထေရဂါထာ၊ ဧကကနိပါတ်၊ ကောဒသမဝဂ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဓမ္မသဝပိတုမထေရ်သည် ရဟန်းပြုပြီး ဝိပဿနာပွား၍ မကြာခင် ရဟန္တာဖြစ်သော် 'ထိုငါသည် မွေးဖွားသည်မှ အသက် ၁၂၀ ရှိသည်ဖြစ်၍ ရဟန်းဘဝသို့ ကပ်ရောက်ခဲ့၏။ သို့ဖြစ်ပါလျက် ငါသည် ၃ပါးသော အသိဉာဏ်၊ ဝိဇ္ဇာတို့သို့ အစဉ်ရောက်အပ်ကုန်ပြီ။ မြတ်စွာဘုရား ဟောတော်မူသောအတိုင်း လိုက်နာပြုကျင့်အပ်ပြီ။' ဟူသော ဂါထာကို ရွတ်ဆိုတော်မူ၏။ (၅၁၂/၅၁၃)

၁၂ အမိက တုတ်နင်ထံပြု၍ဆုံးမသည်ကို သံဝေဂရ၍ဝိပဿနာပွားကာ ရဟန္တာဖြစ်ခြင်း (ဝမုတ္ထေရဂါထာ၊ စတုက္ကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သူကြွယ်သားဝမုသည် အမိဖြစ်သူက ရှေးဦးစွာ ဘိက္ခုနီမပြု၍ ရဟန္တာဖြစ်၊ သားဖြစ်သူကို ရဟန်းပြုစေ၊ ဗဟုသုတ ဓမ္မကထိကဖြစ်၊ မယ်တော်ကိုတွေ့ရန် သင်းပိုင်မှုဖြင့်သွားရာ မယ်တော်က တုတ်နင်တံဖြင့်စောဒနာ၊ သံဝေဂရပြီး ဝိပဿနာပွားကာ ရဟန္တာဖြစ်သည်တွင် မယ်တော်၏ဩဝါဒ ပြည့်စုံခြင်းကို အရင်းပြု၍ရွတ်ဆို။

"ငါ၏အမိသည် အဆုံးအမဟုဆိုအပ်သော တုတ်နင်တံကို ပြုပေသည်ဖြစ်ရကား ကောင်းမြတ်လှပေစွ၊ ငါသည် မွေးသမိခင်က ဆုံးမအပ်သည်ဖြစ်၍ အမိ၏စကားကို ကြားနာရသောကြောင့် မြတ်သော အရဟတ္တဖိုလ်သို့ ရောက်၏၊ နမ- မြတ်စွာဘုရား၏သမီးတော် သားတော်အဖြစ်ကိုပြုလို၍ အမိကိုပင်နမဟုခေါ် ထိုအကြောင်းကို ရဲရဲရင့်ရင့် ဆုံးမပါပေ၏၊ သင်၏သားဖြစ်သော ငါ၌သော်လည်း အဆွေခင်ပွန်း မဖွဲ့လိုယောင်တကား၊ သင်၏သဏ္ဌာန်၌ အဝိဇ္ဇာ စသောတောအုပ်သည် မရှိတော့ယောင်တကား။" (၅၁၃/၅၁၄)

၁၃ အဝတ်ဖြူကို ဆုပ်နယ်ရင်း ညစ်နွမ်းသွားသည်ကို ဝိပဿနာရှု၍ ရဟန္တာဖြစ်ခြင်း (စူဠသေဋ္ဌိဇာတ်၊ ဧကကနိပါတ်၊ အပဏ္ဏကဝဂ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

(တေဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အရှင်စူဠပန္ထက) ကို ကြည့်ပါ။ (၅၁၄/၅၁၅)

ထေရီမ ၇ ပါး

၁၄ ခြေကို ရေဆေးခိုက် ရဟန္တာဖြစ်ခြင်း (ကုဏ္ဍလကေသာထေရီအပဒါန်၊ ကုဏ္ဍလကေသီဝဂ်၊ ထေရီ ဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

(တေဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာထေရီမကြီးများ - အနက်မှ - ဘဒ္ဒါကုဏ္ဍလ

ကေသာ) - တွင် အကျယ်ကြည့်ပါ။ ဤနေရာတွင် ထိုတေဒဂ်ဝတ္ထုနှင့် မတူညီသော အချက် ၄ချက်ကို ဖော်ပြပါသည်။

၁။ ကဿပတသိန်းထက်က သူဌေးသမီးဖြစ်သောအခါ ပွင့်တော်မူနေသော ပဒုမုတ္တရဘုရားရှင် ထံဝယ် ကောင်းမှုကြီးစွာပြု၍ လျင်မြန်သောအဘိညာဉ်ရှိသူ ဧတဒဂ်ဆုကိုတောင်းယူခဲ့။

၂။ ပရိဗိုဇ်မဖြစ်သော် ခွေးတကောင်သည် လူ့လက်ပြတ်ကို ချီယူလာပြီး ငါ့အနီး၌ချ၍ ဖဲသွား၏၊ ပိုး လောက်ပြည့်သောထိုလက်ပြတ်ကိုမြင်၍ ပုဋ္ဌဝက- ပိုးလောက် အမှတ်နိမိတ်ကိုရ၏၊ ပရိဗိုဇ်မများကို မေးရာ သာကီဝင်မင်းသားရဟန်းတို့ ထိုအကြောင်းကို အထူးသိကုန်၏ဆို၍ မြတ်စွာဘုရား၏တပည့်သာဝကများထံ ချဉ်းကပ်သော် ဘုရားရှင်ထံခေါ်၊ မြတ်စွာဘုရားက "ခန္ဓာ၊ အာယာတန၊ ဓါတ်တို့ကို အသုဘ အနိစ္စ ဒုက္ခ အနတ္တ။" ဟူ၍တရားဟောရာ တရားမျက်စိမဂ်ဉာဏ် ဖြစ်။

၃။ ရဟန်းအဖြစ်တောင်းပန်၊ ပဉ္စင်းဖြစ်ပြီးနောက် အနည်းငယ်သောရေကိုတွေ့ပြီး ခြေကိုရေဆေး သဖြင့် အဖြစ်အပျက်နှင့်တကွသိ၍ အလုံးစုံသော သင်္ခါရတို့ကိုလည်း ဤသို့သဘောရှိ၏ဟုကြံစည်၍ ငါ၏စိတ်ထို့သည် စွဲလမ်းခြင်းမရှိပဲ ကိလေသာမှ လွတ်၏။

၄။ ငါသည် အဘိညာဉ်တို့၌ လေ့လာပြီးသူဖြစ်၊ ဘုရားရှင်သည် ငါတောင့်တခဲ့သော ဧတဒဂ်ဆု ကိုပေး၏။ (၁/၅၁၆)

၁၅ ခြေဆေးရေ စီးသွားသည်ကို နိမိတ်ယူခြင်း (ပဋာစာရီထေရီဂါထာ၊ ပဉ္စကနိပါတ်၊ ထေရီဂါထာ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာထေရီမကြီးများ - အနက်မှ - ပဋာစာရာထေရီ) - တွင် အကျယ် ကြည့်ပါ။

"လူတို့ ထွန်တုံးဖြင့်လယ်ထွန်၍ မျိုးစေ့စိုက်ပျိုး သားမယားမွေးပြီး ဥစ္စာရကြသေး၏၊ ငါသည် သီလရှိ၏၊ မပျင်းမရိ မပျံ့လွင့်သူဖြစ်ကာ မြတ်စွာဘုရားအဆုံးအမကို လိုက်နာလျက် အဘယ်ကြောင့် နိဗ္ဗာန်ကိုမရပဲရှိအံ့နည်း?၊ ဤသို့ကြံစည်၍ ခြေတို့ကိုဆေး၊ မြင့်ရာအရပ်မှ နိမ့်ရာသို့စီးဆင်းသော ခြေဆေး ရေတို့ကိုမြင်၍ ဝိပဿနာနိမိတ်- ပဌမအကြိမ် ခြေများပေါ်သို့ ရေလောင်းချရာ ရေသည် မြေပြင်ပေါ်တွင် အနည်းငယ်စီးသွား၍ စိမ့်ဝင်ခန်းခြောက်သွား၏၊ ဒုတိယအကြိမ်၌ အနည်းငယ်ဝေးစွာစီး၍ ခန်းခြောက်၏၊ တတိယအကြိမ်၌ ပို၍ ဝေးစွာစီးပြီး ခြောက်သွား၏၊ သတ္တဝါတို့သည် ပဌမအရွယ်၌ သေဆုံးကုန်၏၊ ဒုတိယအရွယ် တတိယအရွယ်၌ လည်း သေ၏၊ သတ္တဝါအားလုံး သေရခြင်းသဘောရှိ၏- ကိုပြု၏။"

"လိမ်မာသောရထားထိန်းသည် အာဇာနည်မြင်းကောင်းကို ဆုံးမသကဲ့သို့ စိတ်ကို ဝိပဿနာ သမာဓိဖြင့် ကောင်းစွာတည်စေပြီးနောက် ဆီမီးယူ၍ကျောင်းတွင်းသို့ဝင်ကာ အိပ်ရာနေရာကို ဆီမီးရောင် ဖြင့် ကြည့်၍ ညောင်စောင်းငယ်၌ ထိုင်နေအံ့သောငှာ အနီးသို့ကပ်၏၊ အပ်သံချွန်ကိုယူ၍ ဆီမီးစာကိုဆွဲချရာ ဆီမီးငြိမ်းသကဲ့သို့ စိတ်၏ ကိလေသာတို့မှ လွတ်မြောက်ခြင်းသည်၊ ရဟန္တာထေရီမသည် ဖြစ်ခဲ့၏။" (၂/၅၁၇)

၁၆ ဆီမီးလျှံကို ကြည့်၍ လောကီစျာန်ရကာ ဝိပဿနာဆက်ရှုပြီး ရဟန္တာမဖြစ်ခြင်း (ဥပ္ပလဝဏ္ဏာထေရီဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနက်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာတေရီမကြီးများ - အနက်မှ - ဥပ္ပလဝဏ္ဏာထေရီ) - တွင် အကျယ် ကြည့်ပါ။

ဆုတောင်းကြောင့် ကြာညိုပန်း၏အတွင်း ဝတ်ဆံကဲ့သို့ အဆင်းသဏ္ဌာန် ကြွန်အင်လက္ခဏာရှိသဖြင့် ဥပ္ပလဝဏ္ဏာဟုခေါ်၊ ရေးကောင်းမှုများကြောင့် ဇမ္ဗူဒိပ်ကျွန်းအနှံ့ လူသိများကျော်ကြား၊ ကမ်းလှမ်းသူများရှိလည်း ရဟန်းမပြု၊ ဥပုသ်အိမ်၌ ဆီမီးထွန်းအလှည့်ကျရာ ဆီမီးလျှံကို စူးစူးစိုက်စိုက် ရှုမှတ်လျက်တေဇောကသိဏ်းကို ပွားများရာ လောကီစျာန်ရ၊ ၎င်းကိုအခြေခံ၍ ဆီမီး၏ကုန်ခမ်း ပျက်စီးခြင်းသဘောကို ဝိပဿနာရှုရာ ပဋိသမ္ဘိဒါ ၄ပါး အဘိညာဉ် ၆ပါးတို့ဖြင့် ရဟန္တာမ ဖြစ်။ (၃/၅၁၈)

၁၇ ဆီမီးလျှံ ဖြစ်ခြင်းပျက်ခြင်းကိုမြင်၍ အရဟတ္တဖိုလ်သို့ရောက်ခြင်း (ခေမာထေရီအပဒါန်၊ ဧကူပေါသထိကဝဂ်၊ ထေရီပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာထေရီမကြီးများ - အနက်မှ - ခေမာထေရီ) - တွင် အကျယ် ကြည့်ပါ။

ယခု နောက်ဆုံးဘဝတွင် ဘုရားရှင်ထံ အဖူးမျှော်ရောက်၍ တရားတော်နာပြီးသည်၏အဆုံး၌ သောတာပန်ဖြစ်၊ မင်းထံ ခွင့်တောင်း၍ ရဟန်းပြု၊ လခွဲနီးလတ်သော် ဆီမီးတိုင်မှ ဆီမီးလျှံ၏ဖြစ်ခြင်းပျက်ခြင်းတို့ကိုမြင်၍ ထိတ်လန့်သောစိတ်ဖြင့် အလုံးစုံသောသင်္ခါရတို့၌ ငြီးငွေ့လျက် ပဋိစ္စသမုပ္ပါဒ်၌ ကျွမ်းကျင်လျက် ဩဃ၄ပါးကို လွန်မြောက်ကာ အရဟတ္တဖိုလ်သို့ရောက်၏။ (၄/၅၁၉)

၁၈ ဆီမီးလျှံ၏ ဖြစ်ပျက်အာရုံယူ၍ ဘာဝနာပွားခြင်းဖြင့် ရဟန္တာမဖြစ်။ (ကိသာဂေါတမီဝတ္ထု၊ သဟဿဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနက်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာထေရီမကြီးများ - အနက်မှ - ကိသာဂေါတမီ) - တွင် အကျယ် ကြည့်ပါ။

စီးပွားပျက်သူဌေးသမီးဖြစ်၊ ကုသိုလ်ကံကုန်သွားသဖြင့် ဥစ္စာများမီးသွေးဖြစ်သွားသော သူကြွယ်တဦးသည် မိတ်ဆွေတဦး၏ အကြံပေးချက်အရ မီးသွေးများကိုဈေးခင်းရောင်း၊ ထိုမီးသွေးများကို ကိသာဂေါတမီက ရွှေငွေများဟုမြင်၍မေးရာမှ တိုသူကြွယ်အိမ်တွင် ချွေးမဖြစ်လာ၊ သားတဦးဖွားပြီး မကြာမီသေဆုံးရာ သောကဖြစ်ကာ ပြန်ရှင်အောင်ကုနိုင်မည့် ဆေးဆရာရှာရာမှ ဘုရားရှင်ထံရောက်၍ ဘုရားရှင်က လူမသေဖူးသောအိမ်မှ မုန်ညင်းစေ့တဆုပ်ရှာစေရာမှ မရှိသည်ကိုတွေ့၍ ဘုရားရှင်တရားဟောရာ သောတာပန်ဖြစ်။

ဘိက္ခုနီမပြု၊ တနေ့ ဥပုသ်အိမ်တာဝန်ကျ၊ ထွန်းထားသော ဆီမီးမှ ဆီမီးလျှံ၏ ဖြစ်ပျက်အာရုံယူ၍

ဘာဝနာပွား၊ ဘုရားရှင်ရောင်တော်လွှတ်၍ ဓမ္မပဒလာဒေသနာတော် "သေခြင်းကင်းရာ နိဗ္ဗာန်ကို မသိမြင်ပဲ အနှစ်တရာ အသက်ရှင်နေရခြင်းတက် သေခြင်းကင်းရာနိဗ္ဗာန်ကို မျက်မှောက်ပြု မြင်သိသူ၏ တနေ့တရက် မျှ အသက်ရှင်ရခြင်းသည် မွန်မြတ်ပေ၏။" ကိုဟောရာ ရဟန္တာထေရီ ဖြစ်၏။ (၅/၅၂၀)

၁၉ <u>ဆွမ်းခံသွားရာမှအပြန် ချော်လဲသည်</u>ကို တရားရှုခြင်း (ဓမ္မာထေရီဂါထာ၊ ဧကကနိပါတ်၊ ထေရီဂါထာ ပါဠိတော်၊ မိုးထိနိဿယ၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိမြို့သူဓမ္မာသည် အိမ်ထောင်ပြုပြီးမှ သဒ္ဓါဖြစ်ကာ ရဟန်းပြုလိုသော်လည်း အခွင့်မရ၊ လင်သေမှ ရဟန်းပြု၊ ဓမ္မာထေရီမကြီးသည် သက်ကြီးရွယ်အို တပါးဖြစ်သည်၊ "ငါသည် အားနည်း သည်ဖြစ်၍ တောင်ဝှေးကိုစွဲ၍ တုန်တုန်လှုပ်လှုပ်ဖြစ်သော ကိုယ်အင်္ဂါကြီးငယ်တို့ဖြင့် ဆွမ်းအလို့ငှါ သွားပြီး၍ အပြန်လမ်းခရီးဝယ် မြေ၌ လဲ၏၊ ငါ ၏ ခန္ဓာကိုယ်၌ အသုဘ၊ အနိစ္စစသော အပြစ်တို့ကို ပညာမျက်စိဖြင့် မြင်၍ ငါ၏စိတ်သည် ကိလေသာမှ လွတ်ပြီ။" (၆/၅၂၁)

၂၀ <u>ဟင်းချက်ရာမှ ခြောက်သွေ့သွားသော ဟင်းရွက်တို့ကိုမြင်၍</u> တရားရခြင်း (အညတရာထေရီ ဂါထာ၊ ဧကကနိပါတ်၊ ထေရီဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဝေသာလီမင်းသမီး ထေရိကာသည် အိမ်ထောင်ပြုပြီးမှ ဝေသာလီပြည်သို့ ဘုရားရှင်ကြွလာ၍ ဥပါသိကာမအဖြစ်သို့ရောက်၊ မိထွေးတော်ဂေါတမီထံ ရဟန်းပြုလိုသော်လည်း လင့်ထံမှ အခွင့်မရ၊ တနေ့တွင် မီးဖိုချောင်၌ ဟင်းချက်စဉ် ခြစ်ခြစ်ပူနေသောအိုးခွက်ထဲ၌ ခြောက်သွေ့သွားသောဟင်းရွက်ကဲ့သို့ ဝိပဿနာတင်၍ မိမိသန္တာန်၌ တပ်စွန်းမှု-ရာဂ ကင်းကြောင်းရှုရာ အနာဂါမ်အဖြစ်သို့ရောက်၊ လင့်ထံမှ အခွင့်လည်းရ၍ ရဟန်းပြု၊ ဘုရားရှင်ထံရောက်ပြီး တရားနာရသည့်အဆုံး၌ ပဋိသမ္ဘိဒါ၄ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ (၇/၅၂၂)

**၇ သာမန်အမှု ကောင်းမှုဖြင့် ရဟန္တာ ဖြစ်ကြသူများ** - <u>**၁၅ ပါး**</u>

<u>၁။ ကောင်းကင်မှကြွသော ဘုရားရှင်အား လက်ခုပ်ဖြင့် ရေကို ပစ်မြှောက် ပူဇော်ခဲ့ခြင်း</u>

(ဥဒကပူဇကတ္ထေရအပ ဒါန်၊ ဘိက္ခဒါယိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

<u>ကမ္ဘာတသိန်း အထက်က</u> ပဒုမုတ္တရဘုရားရှင် ကောင်းကင်၌ကြွစဉ် ဖူးမြင်ရ၍ ငါသည် လက်ခုပ်ဖြင့် ရေကိုယူ၍ ကောင်းကင်၌ ပစ်မြှောက်ပူဇော်ခဲ့၏။ ဘုရားရှင် လက်ခံတော်မူ၏။ ရေလှူခြင်း၊ နှစ်သက်ပီတိ ဖြစ်ခြင်းတို့ကြောင့် ကမ္ဘာတသိန်းပတ်လုံး အပါယ် ၄ပါးသို့ မလားရောက်ရဟု အရှင်မြတ် ဟောတော်မူ၏။

<u>၂။ ခရသင်း မှုတ်သူ</u> (ဗုဒ္ဓုပဋ္ဌာကတ္ထေရအပဒါန်၊ သုဓာဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

<u>လွန်ခဲ့သော ၉၁ကမ္ဘာတက်က</u> ဝိပဿီမြတ်စွာဘုရား၏ ခရသင်းမှုတ်သူ ဖြစ်ခဲ့၏။ ဘုရားရှင်အား အမြဲ ဆည်းကပ် ခစားခဲ့၏ဟု အရှင်မြတ် ဟောတော်မူ၏။

၃။ စေတီယင်ပြင်မှ စွန့်ပစ်အပ်သောဗောဓိရွက်ကို ယူ၍စွန့်ပစ်ရကျိုး (ဗောဓိသမ္မဇ္ဇကတ္ထေရအပဒါန်၊ တိဏာဒါယကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

စေတီယင်ပြင်၌ စွန့်ပစ်အပ်သောဗောဓိရွက်ကို ရွှင်လန်းသောစိတ်ရှိလျက် ယူ၍စွန့်ပစ်ခဲ့၏၊ ဤကောင်းမှုကြောင့် ၂၀ သောအကျိုးကျေးဇူး (ဗောဓိရွက် စွန့်ရကျိုး၌ ကြည့်ပါ။) နှင့် အခါခပ်သိမ်း ပြည့်စုံ၏၊ လူ့ဘဝ၊ နတ်ဘဝတို့၌သာ ကျင်လည်ရ၏ဟု အရှင်မြတ် ဟောတော်မူ၏။

၄။ **စွန့်ပစ်ထားသော သခွတ်ပန်း**လှူရကျိုး (နာဂသမာလတ္ထေရအပဒါန်၊ နာဂသမာလဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၃၁ကမ္ဘာထက်က မြို့လယ်လမ်းမကြီး၌ စွန့်ပစ်ထားအပ်သော သခွတ်ပန်းကိုယူ၍ သိခီမြတ်စွာဘုရား၏ စေတီတော်၌ ရှိသေစွာတင်လှူပူဇော်ခဲ့၏၊ ထိုအခါမှစ၍ အပါယ်လားရသည်ကို မသိစဖူးဟု အရှင်မြတ် ဟောတော်မူ၏။

၅။ ဆားထုပ်ကို လှူခဲ့ခြင်း (သုပုဋကပူဇကတ္ထေရအပဒါန်၊ သဒ္ဒသညကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၉၁ကမ္ဘာထက်က ဝိပဿီဘုရားရှင် ဆွမ်းခံလှည့်သော် ငါ့အထံသို့ရောက်၍ နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသည် ဖြစ်၍ ဆားထုပ်ကို ပေးလှူခဲ့၏ဟု အရှင်မြတ်ဟောတော်မူ၏။

၆။ **ဆီမီးတတိုင်**ဖြင့် ပူဇော်ခဲ့ခြင်း (ဧကဒီပိယတ္ထေရအပဒါန်၊ ကုမုဒဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာဘုရား၏ ထင်းရှူးဗောဓိပင်၌ ကြည်ညိုဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ဆီမီးတတိုင်ကို ပေးလှူပူဇော်ခဲ့၏ဟု အရှင်မြတ် ဟောတော်မူ၏။

၇။ တံတား ပြုလုပ်ခဲ့ခြင်း (တရဏီယတ္ထေရအပဒါန်၊ သုဝဏ္ဏဗိမ္ဗောဟနဝဂ်၊ တေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လွန်ခဲ့သော ၉၁ကမ္ဘာထက် ဝိပဿီဘုရားရှင်လက်ထက်တော်ဝယ် မညီညွတ်သော ခရီးလမ်းမ၌ လူအပေါင်း၏ ကူးသွားရန် အကျိုးငှါ ကြည်ညိုသည်ဖြစ်၍ ငါသည် မိမိလက်တို့ဖြင့် တံတားကို ပြုခဲ့၏ဟု အရှင်မြတ် ဟောတော်မူ၏။

၈။ ပုဆိုးနွမ်းကို ဘုရားရှင် နင်းတော်မူခြင်းငှါ လှူရကျိုး (အက္ကန္တသညကတ္ထေရအပဒါန်၊ ဟတ္ထိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၉၄ကမ္ဘာထက်က တိဿဘုရားရှင်အား ပုဆိုးနွမ်းကို နင်းတော်မူခြင်းငှါ ဖြန့်ခင်းပေးလှူ၍ ခြေတော်အစုံကို ကြည့်လင်သောစိတ်ဖြင့် ရှိခိုးခဲ့၏၊ ထိုအခါမှစ၍ အပါယ်လားရသည်ကို မသိစဖူးဟု အရှင်မြတ် ဟောတော်

မူ၏။

၉။ ဖောဓိပင်၌ မြတ်သောနေရာကို ယပ်ခတ်ခဲ့ခြင်း (သီဟာသနဗီဇိယတ္ထေရအပဒါန်၊ ဇဂတိဒါယကဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၉၂ ကမ္ဘာထက်က ပွင့်တော်မူသော တိဿဘုရားရှင်၏ ပိတောက်ဗောဓိပင်၌ မြတ်သောနေရာကို ယပ်ခတ်ခဲ့၏ဟု အရှင်မြတ် ဟောတော်မူ၏။

၁၀။ ဗောဓိပင်၏ ဝရံတာ (ပွတ်တိုင်) ၌ ဆီကို လိမ်းကျံခဲ့ခြင်း (တေလမက္ခိယတ္ထေရအပဒါန်၊ ပဒုမုက္ခိပဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လွန်ခဲ့သော ၉၄ကမ္ဘာထက်က သိဒ္ဓတ္ထဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် ငါသည် မဟာလေ့ကား ဗောဓိပင်၌ ဗောဓိပင်၏ ဝရံတာ (ပွတ်တိုင်) ၌ ဆီကို လိမ်းကျံခဲ့၏ဟု အရှင်မြတ် ဟောတော်မူ၏။

၁၁။ ဘုရားရှင်ကို ကြည်ညိုစွာ ခရီးဦးကြိုဆိုခဲ့ခြင်း (ပစ္စုဂ္ဂမနိယတ္ထေရအပဒါန်၊ ကုမုဒဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၉၄ကမ္ဘာထက်က သိဒ္ဓတ္ထမြတ်စွာဘုရားအား အထူးကြည်ညိုသောစိတ်ဖြင့် ခရီးဦးကြိုဆိုခဲ့၏ဟု အရှင်မြတ် ဟောတော်မူ၏။

၁၂။ ဘုရားရှင်၏ စေတီတော် ကွဲအက်အကြား၌ အင်္ဂတေ လူးခဲ့ခြင်း (သုဓာပိဏ္ဍိယတ္ထေရအပဒါန်၊ သုဓာဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လွန်ခဲ့သော ၉၄ကမ္ဘာထက်က သိဒ္ဓတ္ထမြတ်စွာဘုရား၏ စေတီတော်၌ ကွဲအက်သောအကြားတွင် ငါသည် အထူး ကြည်လင်သောစိတ်ဖြင့် အင်္ဂတေစိုင်ကို လူးဒါန်းခဲ့၏ဟု အရှင်မြတ် ဟောတော်မူ၏။

၁၃။ မြတ်လေး**ပန်းတပွင့်** အကျိုး (ခဏ္ဍသုမနတ္ထေရဂါထာ၊ ဒသမဝဂ်၊ ဧကကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဂေါတမဘုရားရှင် ပါဝါပြည် သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် သဒ္ဓါအလျောက် ရဟန်းပြုလာသော ခဏ္ဍသုမနမထေရ်သည် ဝိပဿနာပွားများ၍ အဘိညာဉ်ရ ရဟန္တာဖြစ်လာသောအခါ မြတ်လေးပန်းထပွင့် အကျိုးကို ဖော်ပြ ရွတ်ဆိုသောဂါထာ ဖြစ်သည်။

"ငါသည် မြတ်လေးပန်းတပွင့်ကို မြတ်စွာဘုရားစေတီတော်အား စွန့်လွှတ်ပူဇော်ခြင်းကြောင့် လူတို့အရေအတွက်အားဖြင့် အနစ်ကုဋေ့ဇကတို့ပတ်လုံး နတ်ပြည်တို့၌ ချမ်းသာကိုခံစား ပြီးနောက် တိုက်၏ အကျိုးကြွင်းဖြင့် ကိလေသာငြိမ်းပြီးသူ ဖြစ်ရ၏။"

၁၄။ ဝေယျာဝစ္စ ဆောင်ရွက်ခဲ့ခြင်း (ဝေယျာဝစ္စကတ္ထေရအပဒါန်၊ သုဓာဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တ ပိဋက)

လွန်ခဲ့သော ၉၁ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား၏ သာသနာတော်၌ များစွာသော ကုသိုလ်ရေး အသင်းအဖွဲ့ ရှိ၏။ ငါသည် ထိုအခါ၌ အလုံးစုံသောကိစ္စတို့၌ ကြောင့်ကြစိုက်လျက် အမှုကြီးငယ် ဆောင်ရွက်သူ ဖြစ်ခဲ့၏။ **ငါ့အား လှူဖွယ် မရှိ**ဟု အရှင်မြတ် ဟောတော်မူ၏။

၁၅။ အိပ်မက်တွင် ဖူးတွေ့ရသော ဘုရားရှင်ကို ကြည်ညိုခြင်း (ဗုဒ္ဓသညကတ္ထေရအပဒါန်၊ ပဒုမကေသရဝဂ်၊ ထေ ရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၉၄ကမ္ဘာထက်က ပွင့်တော်မူသော သိဒ္ဓတ္ထဘုရားရှင်ကို ငါသည် အိပ်မက်ဖြင့် ဖူးမြင်ရ၏။ ငါသည် ထိုမြတ်စွာဘုရား၌ စိတ်ကို ကြည်ညိုစေ၍ ဘုရားဟူသော အမှတ်သညာကို ရ၍ သုဂတိဘုံသို့ ရောက်၏ဟု အရှင်မြတ် ဟောတော်မူ၏။

၈ **သာသနာ ၁၃ စု**

၁။ သာသနာတော်ကို ဘုန်ကံကြီးမား ဂုဏ်ထူးခြားသော ပုဂ္ဂိုလ်များသာ ထောက်ပံ့နိုင်၏။ (မဟာဝိသုဒ္ဓါရုံ တိုက်သစ် ဓမ္မာစရိယ ဓမ္မကထိကချုပ် ဆရာတော်အရှင်စာရိတ္တ ရေးသည်၊ သပြေကန်တရားပေါင်းချုပ်၊ သာသနာ့ရောင်ခြည်၊ အတွဲ ၁၄၊ အမှတ် ၁၀၊ ၁၅-၇-၁၃၅၆ / ၁၉-၁၀-၁၉၉၄၊ သာသနာရေးဦးစီး)

| |
|---|
| သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။<br>နပ္ပပုညာ ကရဟာစိ၊ ပဂ္ဂဏှိတု မဝိသယာ။ |

ပုညဝန္တဿ- ဏ္ဍဿရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ် တော်မြတ်ကြီး၏၊ သာသနံ- အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီးကို၊ ပုညဝန္တာဝ- ရှေးရှေးဘဝ သံသာရက ဘုန်းစကံထူး ရှိခဲ့ဘူးသော သူတို့သည်သာလျှင်၊ ပဂ္ဂဏှိတုံ- ပစ္စယ ဓမ္မ နစ်ဝလုံလောက် ချီးမြှောက် ထောက်ပံ့ခြင်းငှါ၊ လဗ္ဘရေ-လဗ္ဘန္တိ - ကောင်းစွာပိုင်ပိုင် ရရှိနိုင်ကြပါပေကုန်၏။

ပုညဝန္တဿ- ဏ္ဍဿရိယ စသည်ခြောက်ဖြာ ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊ သာသနံ- အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီးကို၊ အပ္ပပုညာ- ဘုန်းကံရှားပါး ဂုဏ်နွမ်းပါးသောသူတို့သည်၊ ပဂ္ဂဏှိတုံ- ပစ္စယ ဓမ္မ နစ်ဝလုံလောက် ချီးမြှောက်ထောက်ပံ့ခြင်းငှါ၊ အဝိသယာ- မအပ်မရာသည် အဖြစ်ကြောင့်၊ ကရဟာစိ- တဘဝ တကမ္ဘာ တရံတခါမျှ၊ န လဗ္ဘရေ န လဗ္ဘန္တိ- ကောင်းစွာပိုင်ပိုင် မရနိုင်ကြပါပေကုန်သတည်း။

၂။ သာသနာ ကွယ်ကြောင်း ၅ပါး **၁ စု** (ပဥ္စကနိပါတ်၊ အံ ၄။ ဆက္ကနိပါတ်၊ အံ။ သတ္တကနိပါတ်၊ အံ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁။ ပဌမ ၅ပါး။ ၁ တရားမနာ၊ ၂ စာပေမသင်၊ ၃ နှုတ်တွင်မဆောင်၊ ၄ သိအောင်မမှတ်၊ ၅ ပဋိပတ် ကွာ။

၂။ ဒုတိယ ၅ပါး။ ၁ စာသင်ပယ်လျှော၊ ၂ ကျယ်မဟောကြ၊ ၃ ကျယ်မချနင့်၊ ၄ ကျယ်စွာ့မအံ၊ ၅ မကြံမစည်။

၃။ တတိယ၅ပါး။ ၁ အက္ခရာပုဒ်ပျက် လေ့ကျက်သင်ကြ၊ ၂ ဆုံးမ မယူ၊ ၃ စာချသူ ရှား၊ ၄ လာဘ်များအောင် ကြံ၊ ၅ ခိုက်ရန်ကွဲပြား။

အောက်၌ လာရှိသော (အမှတ် ၅။ သာသနာတော် ကြာမြင့်စွာမတည်ကြောင်း အကြောင်း ၇ပါး) ကိုလည်း ကြည့်ပါ။

၃။ သာသနာ ကွယ်ပုံ ၅ မျိုး (သဒ္ဓမ္မန္တရဓာနပဉှာ၊ ကင်္ခါဝိတရဏီ၊ မေဏ္ဍကပဉှာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ အံ ဋ္ဌ။ ယနေ့ပုဒ္ဓဝါဒအမေးအဖြေ ဖြ၊ တည်တောဆရာတော်ကြီး)

၁ မဂ် ဖိုလ်ရမှု- အဓိဂမ ကွယ်ခြင်း၊ ကောင်းစွာ ကျင့်သောသူအားလည်း မဂ် ဖိုလ်ကိုသိမှု မဖြစ်၊ ပဋိသမ္ဘိဒါပတ္တပုဂ္ဂိုလ်မှစကာ သောတာပန်အဆုံး မဖြစ်၊

၂ အကျင့်- ပဋိပတ်ကွယ်ခြင်း၊ သိက္ခာပုဒ် ပညတ်တော် ကွယ်ပျောက်၍၊ ရဟန်းအသွင် အပြင်သည်သာ တည်၍၊ အာပတ်ငယ်များမှစကာ ပါရာဇိကအဆုံး ကွယ်၍၊

၃ ဘုရားဟော တရားတော် စာပေသင်ယူပို့ချမှု- ပရိယတ္တိ ကွယ်ခြင်း၊ ပဋ္ဌာန်းမှစကာ သုတ်၊ ဝိနည်း၊ ၄ပါ ဒ ဂါထာအဆုံး မသင်ချတော့၊

၄ ရဟန်းအသွင်- လိင်္ဂ ကွယ်ခြင်း၊ သာသနာတော် အစဉ်အဆက် ပြတ်၍၊ သင်္ကန်းမှစကာ သင်္ကန်းစကို တောမှာပစ်ခြင်း အဆုံး၊

၅ ဓါတ်တော်- ဓာတု ကွယ်ခြင်း။

၄။ သာသနာကွယ်ခြင်းကိုပြသော ကြမ်းတမ်းသော ဥပါတ်နိမိတ် ၈ပါး (ဒုဋ္ဌမလ္လပုတ္တတ္ထေရအပဒါန်၊ ကစ္စာယနဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ နတ်တို့ထိတ်လန့်၍ ဆံပင်ဖြေ ငိုသောမျက်နှာဖြင့် "တရားကိုဟောကြားတော်မူသော မြတ်စွာဘုရားသည် ချုပ်ငြိမ်းတော်မူလတ္တံ့၊ ကောင်းသောအကျင့်ရှိသော သံဃာတို့ကို မဖူးမြင်ရကုန်လတ္တံ့၊ သူတော်ကောင်းတရားကို မနာကြားရကုန်တော့အံ့၊ ငါတို့၏ ဘုန်းကံနည်းပါးသည်၏အဖြစ်သည် အံ့ဖွယ်ရှိပေစွ။" ဟု မြည်တမ်းကြ၊

၂ မြေကြီး ပြင်းစွာတုန်လှုပ်၊

၃ သမုဒ္ဒရာသည် စိုးရိမ်ခြင်းရှိသူကဲ့သို့ သနားစဖွယ် အသံမြည်ဟီး၊

၄ အရပ်၄မျက်နှာ မှ လူသံမဟုတ်သော တော်လည်းသံတို့မြည်ဟီး၊

၅ မိုးကြိုးတို့သည် ထက်ဝန်းကျင်မှ ကြောက်မက်ဖွယ် ထစ်ကြိုး၊

၆ ကောင်းကင်မှ ဥပါတ် (ဥက္ကာ) တို့ ကျ၊

၇ ကြိတ် (အခိုးအလျှံအလုံး) သည်ငင်း၊ အခိုးနှင့်တကွ တိမ်တံခွန်သည်ငင်း တင်ရှား၊
၈ သားကောင်တို့ သနားစဖွယ် အော်မြည်ကြ။

၅။ သာသနာတော် ကြာမြင့်စွာ တည်ကြောင်းတရား ၃၇ပါး (ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

အာယုသင်္ခါရ လွှတ်တော်မူပြီးနောက် ဘုရားရှင် ရဟန်းတော်များအား ဟော။ ဗောဓိပက္ခိယတရား **၃၇ပါး** ဖြစ်သော သတိပဋ္ဌာန် ၄ပါး၊ သမ္မပ္ပဓါန် ၄ပါး၊ ဣဒ္ဓိပါဒ် ၄ပါး၊ ဣန္ဒြေ ၅ပါး၊ ဗိုလ် ၅ပါး၊ ဗောဇ္ဈင် ၇ပါး၊ မဂ္ဂင်၈ပါးတို့ကို ကောင်းစွာသင်ယူ၍ မှီဝဲ၊ ပွားများ၊ အဖန်ဖန် လေ့ကျင့်သော် ဤမြတ်သောအကျင့် တည်းဟူသော သာသနာတော် သည် အရှည်ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာ၏။

ထိုသို့တည်တံ့ခြင်းသည် ၁ လူအများ၏ စီးပွားချမ်းသာ အလို့ငှါ၊ ၂ လောကကို စောင့်ရှောက်ရန် အလို့ ငှါ၊ **၃** နတ် လူတို့၏ အကျိုးစီးပွား ချမ်းသာအလို့ငှါ ဖြစ်လေရာ၏။

၆။ သာသနာတော် ကြာမြင့်စွာမတည်ကြောင်း အကြောင်း ၇ပါး (ကိမိလသုတ်၊ အဗျာကတဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)
ဘုရားရှင် ကိမိလမြို့ ဝါးတောဥ္စသီတင်းသုံးတော်မူစဉ် အရှင်ကိမိလမထေရ် မေးလျှောက်၍ ဖြေကြား ဟောတော်မူ၏။

ရဟန်း၊ ရဟန်းမိန်းမ၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ၁ မြတ်စွာဘုရား၌ (မရိုသေ မတုပ်ဝပ် လျက်နေခြင်း)၊ ၂ တရားတော်၌ (...)၊ ၃ သံဃာတော်၌ (...)၊ ၄ အကျင့်သိက္ခာ၌ (...)၊ ၅ မမေ့လျော့ခြင်း အပ္ပမာဒတရား၌ (...)၊ ၆ အစေ့အစပ်ပြုမှု ပဋိသန္ထာရ၌ (...)၊ **၇** သမာဓိ၌ မရိုမသေ မတုပ်ဝပ်လျက်နေခြင်း။

အပြန်- သာသနာတော် ကြာမြင့်စွာတည်ကြောင်း အကြောင်း ၇ပါး ဖြစ်သည်။

၇။ သာသနာတော်နှင့် သမုဒ္ဒရာတို့၏ အံ့ဖွယ် ၈ဖြာ (ပဟာရာဒသုတ်၊ မဟာဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပါတိမောက္ခဋ္ဌပနက္ခန္ဓက၊ စူဠဝါပါဠိတော်၊ ခု၊ ဝိ။ ဥပေါသထသုတ်၊ သောဏဝဂ်၊ ဥဒါန်း ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)
ဘုရားရှင် ဝေရဥ္စာပြည် နဠေရုတမာပင်ရင်း၌ သီတင်းသုံးတော်မူစဉ် ပဟာရာဒအသုရိန် အဖူးမြော်လာရာ ၎င်းတို့သည် မဟာသမုဒ္ဒရာ၌ မွေ့လျော်ကြကြောင်း လျှောက်ထားရာ ဘုရားရှင်က ရဟန်းတို့သည် ဓမ္မဝိနယ သာသနာတော်၌ မွေ့လျော်ကြကြောင်း မိန့်၊ ဘုရားရှင်မေး၍ အသုရာက မဟာသမုဒ္ဒရာ၏ အံ့ဖွယ် ၈မျိုးကို လျှောက်ရာ ဘုရားရှင်က ဤအံ့ဖွယ် ၈ဖြာတရားတော်ကို ဟောတော်မူ၏။

၁ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်သည်၊ ကိုင်းသည်၊ ရှိုင်းသည်၊ အစမှလျှင် နက်သည်မဟုတ် - သာသနာတော်၌ အစဉ်အတိုင်းကျင့်ရသော သိက္ခာစဉ်၊ လုပ်ငန်းစဉ်၊ ကျင့်စဉ်ပဋိပဒါတို့ ရှိကြ၏၊ အစ၌သာလျှင် အရဟတ္တဖိုလ်ကို ထိုးထွင်း၍သိသည်မဟုတ်၊

၂ ကမ်းကိုမလွန်သော၊ တည်တံ့သောသဘောရှိ - ပညတ်ထားသော သိက္ခာပုဒ်တော်တို့ကို တပည့်တို့သည် အသက်ဟူသော အကြောင်းကြောင့် မကျူးကျော်၊

၃ အသေကောင်ပုပ်နှင့် မဆက်ဆံ၊ ရှိလျှင် လျင်စွာကမ်းသို့ကပ်စေ - ယုတ်ညံ့၍ မစင်ကြယ်သော၊ အတွင်းပုပ်၍ ကိလေသာမိုး စိုစွတ်ကာ သီလမရှိသောသူ ဒုဿီလပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စည်းဝေး၍ ၎င်းကို သံဃာ့အလယ်မှ လျင်စွာ နှင်ထုတ်၏၊

၄ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီမြစ်ကြီး အားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ရောက်သောအခါ ရှေးအမည်အနွယ်တို့ကို စွန့်၍ မဟာသမုဒ္ဒရာအမည်သာရှိ - မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲအမျိုး ၄ပါးတို့သည် မြတ်စွာဘုရား ဟောတော်မူသော ဓမ္မဝိနယသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ရောက်သောအခါ ရှေးအမည်အနွယ်တို့ကို စွန့်၍ "သာကီဝင်မင်းသား ဘုရား သားတော်ရဟန်းတို့" ဟုသာခေါ်ကုန်၏၊

၅ မြစ်ငယ်၊ ချောင်းငယ်တို့နှင့် ကောင်းကင်မှမိုးရေတို့ ဝင်သော်လည်း မဟာသမုဒ္ဒရာ၏ လျော့ခြင်း၊ ပြည့်ခြင်းသည် မထင်ရှား - ရဟန်းများစွာတို့ ခန္ဓာမကြွင်းကျန်သော ငြိမ်းခြင်းဖြင့် ငြိမ်းကြသော်လည်း အငြိမ်းဓါတ် (နိဗ္ဗာန်) ၏ လျော့မှု၊ ပြည့်မှု မထင်ရှား၊

၆ ငန်သောအရသာ တမျိုးသာရှိ - လွတ်မြောက်မှု အရသာ တမျိုးသာရှိ၊

၇ ပုလဲ၊ မြ၊ ပတ္တမြား စသော မရေမတွက်နိုင်သော ရတနာ ၁၀ပါး ကျောက်မျက်ရတနာများရှိ - ဗောဓိ ပက္ခိယတရားမြတ် ၃၇ပါးရှိ၊

၈ အတ္တဘော ကြီးမားသော ငါး၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်တို့ရှိ - ၈ယောက်သောအရိယာ ကြီးမြတ်သူတို့ ၏ နေရာဖြစ်။

၈။ သာသနာတော်သည် ဆေးမျိုး ၄မျိုးဖြစ်ပုံ (ဥပါလိတ္ထေရအပါဒါန်၊ ဗုဒ္ဓဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သာသနာတော်သည် - ၁ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်များအတွက် ကိလေသာများအန်ဆေး၊

၂ ဖလဋ္ဌာန်ပုဂ္ဂိုလ်များအတွက် ဝမ်းလျောဆေး၊

၃ အကျိုးလိုသော ကောင်းမှုရှာလိုသောသူများအတွက် နတ်ဆေး / နိဗ္ဗာန်ဆေး၊

၄ ဆန့်ကျင်သူများအတွက် လတ်တလောသေစေတတ်သော အဆိပ်ဆေး ဖြစ်သည်။

၉။ သာသနာတော်၏ ကောင်းခြင်း ၃ပါး (အံ ဋ၊ ဗျာကိဏ္ဏမှတ်စု၊ ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဘုရားဖြူ ကျောင်းတိုက်)

၁ သီလ၊ သမာဓိ၊ ဝိပဿနာပညာသည် အစ၏ ကောင်းခြင်း၊

၂ အရိယာမဂ်သည် အလယ်၏ ကောင်းခြင်း၊

၃ ဖိုလ်၊ နိဗ္ဗာန်သည် အဆုံး၏ ကောင်းခြင်း။

၁၀။ သာသနာတော်၌ အကျွမ်းဝင်သူများ ဖြစ်ကြောင်း ကောင်းမှု ၃ပါး (အရှင်အာနန္ဒာမထေရ်အကြောင်း၊ ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အလှူဒါန ပြုခြင်း၊ ၂ သီလ သီတင်းဆောက်တည်ခြင်း၊ ၃ ဥပုသ်နလုံး ကျင့်သုံးခြင်း။

၁၁။ သာသနာတွင်းအလှူကျိုးသည် သာသနာပအလှူကျိုးထက် ၁၀ပါးသောအကြောင်းတို့၌ သာလွန်၏။ (အင်္ကုရပေတဝတ္ထု၊ ဥပ္ပရိဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အဆင်း၊ ၂ အသံ၊ ၃ အနံ့၊ ၄ အရသာ၊ ၅ အတွေ့အထိ၊ ၆ အခြံအရံ၊ ၇ အသွင်သဏ္ဌာန်၊ ၈ ချမ်းသာခြင်း၊ ၉ အစိုးရခြင်း၊ ၁၀ အသက်။

၁၂။ သာသနာတွင်းအလှူသည် သာသနာပအလှူထက် အကျိုးကြီးမား များမြတ်၏။ (ဓမ္မပဒ ၄၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

သိကြားမင်းသည် သူဇာမိဖုယားနှင့်အတူ လှူပြည်သို့ဆင်း၍ ဆင်းရဲသော သက်ကြီးရွယ်အိုလင်မယားအသွင် ဖန်ဆင်း၍ နိရောဓသမာပတ်မှ ထလာသော အရှင်မဟာကဿပအား ဆွမ်းလှူဒါန်း၏။ အရှင်မြတ်က အဘယ်ကြောင့် ဤသို့ပြုရကြောင်းကိုမေးရာ သိကြားမင်းက "သာသနာပက ဖြစ်ရသော သိကြားမို့ စည်းစိမ်မကြီးပါ။ သာသနာတွင်းမှ ရောက်လာသော နတ်မင်းများလောက် အရှိန်အဝါ မတောက်ပသဖြင့် သိကြားဆင်းရဲ ဖြစ်ပါသည်ဘုရား။" ဟုလျှောက်ထား၏။

၁၃။ သာသနာပ ရသေ့ရဟန်း ၃ စု

၁။ သာသနာပ ပရိဗိုဇ်ရဟန်း၏ ပရိက္ခရာ ၇ပါး (မဟာဗောဓိပရိဗ္ဗာဇကဇာတ်၊ ပဏ္ဏာသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ တောင်ဝှေး၊ ၂ သစ်နက်ရေ၊ ၃ ထီး၊ ၄ ဖိနပ်၊ ၅ သပိတ်အိတ်ဆွဲသောချွန်းကောက်၊ ၆ သပိတ်၊ ၇ ဒကုဍ်။

၂။ သာသနာပ ရသေ့၏ ပရိက္ခရာ ၁၀ခု (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဆံကျစ်ဝန်း / သျှောင်အစွပ်၊ ၂ လျှော်တေသက်န်း၊ ၃ သစ်သားသုံးခွ၊ ၄ ရေကရား၊ ၅ လက်ဝဲပခုံးပေါ်တင်သော ခွာနှင့်တကွသော သစ်နက်ရေ၊ ၆ ဆိုင်း၊ ၇ ၃ပါးသောဌာန၌ကောက်သော ထမ်းပိုး၊ ၈ ချွန်းတောင်း / တံချူ၊ ၉ ခြင်းတောင်း၊ ၁၀ တောင်ဝှေး။

<u>၃။ သာသနာပ ရသေ့၏ပုံအသွင် ၆ချက်</u> (ဘိက္ခာပရမ္ပရဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ကြုံသောကိုယ်၊ ၂ အကြောပြိုင်းရရိုင်းထ၊ ၃ ချုံသို့စည်ပင်သော လက်ကတီးမွေး၊ ၄ ရှည်သော ခြေသည်း လက်သည်း ဆံအမွေး၊ ၅ သွားချေးအလိမ်းလိမ်းကပ်၊ ၆ မြူပွမ်းသောဦးခေါင်း။

၉ သာသနာတော်၌ ဘွဲ့အမည်တူများ - မထေရ် <u>၉ စုံ</u>၊ ထေရ်ရီ <u>၄ စုံ</u>၊ ပေါင်း <u>၁၃ စုံ</u> (ကျမ်းဦးမှတ်ဖွယ်၊ ထေရဂါထာနှင့် ထေရီဂါထာပါဠိတော်မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဤနေရာတွင်ဖေါ်ပြထားသော ဘွဲ့တူ ထေရာ၊ ထေရီများသည် အမှတ် ၁ မထေရ် ၂ပါးမှလွဲ၍ ထေရာဂါထာနှင့် ထေရီဂါထာပါဠိတော်လာ ထေရာထေရီများသာ ဖြစ်သည်။ ကြွင်းသော၊ ပိဋကတ်ကျမ်းများလာ အခြားဘွဲ့တူ များစွာလည်း ရှိပါသည်။

<u>မထေရ် ၉စုံ</u>

၁ <u>ကောကာလိကမထေရ် ၂ပါး</u>။ ကောကာလိက - [၁]အရှင်ဒေဝဒတ်၏ တပည့် ကောကာလိကနှင့် [၂] အဂ္ဂသာဝက ၂ပါးကို ပြစ်မှားသဖြင့် ဘုရားရှင်ကို လျှောက်ပြီးဖဲထွက်၍ မကြာမြင့်မီ အဖုများ ထွက်ကာ ကြီးလာပြီး သွေးပြည်များ ပေါက်ပြဲယိုစီးကျလျက် သေလွန်ပြီးနောက် အဝီစိငရဲကြီး၏ အစိတ်အပိုင်း ဖြစ်သော ပဒုမငရဲသို့ ကျသော ကောကာလိက၊ (မဟာပါပ ၄ပါး- ကို လည်းကြည့်ပါ။)

၂ <u>ဂေါတမမထေရ် **၃ပါး**</u>။ [၁]ဒုကနိပါတ်လာ ပဌမဂေါတမမထေရ်သည် ရာဇဂြိုဟ်မြို့သားဖြစ်သည်။ [၂]တိကနိပါတ်လာ ဒုတိယမထေရ်မှာ မြတ်စွာဘုရားနှင့် အနွယ်တူ သာကီဝင်မင်းသားဖြစ်၍ အနွယ်၏ အမည်အားဖြင့် ဂေါတမမထေရ်ဟု တွင်၏။ [၃]တတိယမထေရ်ဖြစ်သော ဒသကနိပါတ်လာ မထေရ်ကား သာဝတ္ထိမြို့သား ဥဒိစ္စပုဏ္ဏားမျိုးဖြစ်သည်။ အပရဂေါတမမထေရ်ဟုလည်း ခေါ်၏။ ထိုမထေရ် ရွတ်ဆိုသော ၁၀ ဂါထာမှာ ရဟန်းတို့ ကျင့်ကြံအားထုတ်ရမည့် တရားချည်းဖြစ်သည်။

၃ <u>ဇေန္တမထေရ် ၂ပါး</u>။ [၁]ဧကကနိပါတ်လာ ဇေန္တမထေရ်မှာ မဂဓတိုင်း ဇေန္တရွာ ရွာစား (မြို့စား) မင်း၏ သားဖြစ်သည်။ [၂]ဆက္ကနိပါတ်လာ ဇေန္တမထေရ်မှာ သာဝတ္ထိပြည်ရှင် ကောသလမင်းကြီး၏ ပုရောဟိတ်သား ဖြစ်ရာ ပုရောဟိတပုတ္တဇေန္တမထေရ်ဟု ခေါ်၏။

၄ <u>နန္ဒကမထေရ် ၂ပါး</u>။ [၁]ဒုကနိပါတ်လာ နန္ဒကမထေရ်မှာ စမ္ပာမြို့သား သူဌေးမျိုးမှ ရဟန်းပြုသူဖြစ်သည်။ [၂]စတုက္ကနိပါတ်လာ နန္ဒကမထေရ်မှာ သာဝတ္ထိမြို့သား အသီတိမဟာသာဝကဝင် ဘိက္ခုနောဝါဒက ဧတဒဂ်ရ မထေရ်ကြီး ဖြစ်သည်။

၅ <u>ပါရာပရိယမထေရ် ၂ပါး</u>။ [၁]ဧကက ပါရာပရိယမထေရ်မှာ ရာဇဂြိုဟ်မြို့သား ပုဏ္ဏားမျိုး ဖြစ်သည်။ [၂]ဝီသတိ ပါရာပရိယမထေရ်မှာ သာဝတ္ထိမြို့သား မဟာသာလပုဏ္ဏားမျိုး ဖြစ်သည်။ ထိုအရှင်သည် ထေရဂါထာပါဠိတော်၌ ၂နေရာပါသည်။ ပဌမနေရာ၌ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် မိမိ၏

ပုထုဇဉ်ဘဝ၌ ဣန္ဒြေ ၆ပါးတို့အား နှိမ်နင်းရန် ကြံစည်ပုံကို ပြခြင်းငှါ ရွတ်ဆိုခြင်းဖြစ်သည်။ ဒုတိယနေရာ၌ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် မိမိကိုယ်တိုင်လည်း ပရိနိဗ္ဗာန်ပြုခါနီးတွင် အနာဂတ်သာသနာ၌ ရဟန်းတို့ မကောင်းသော တရားတို့ကို ကျင့်သုံးကြမည့်အကြောင်း ပြခြင်းငှါ ရွတ်ဆိုခဲ့၏။

၆ <u>သောဏမထေရ် ၃ပါး</u>။ [၁]ဒုကနိပါတ်လာ မထေရ်မှာ ကပိလဝတ်မြို့ ပေါဋ္ဋိရိယရှာစားမင်း၏သား ဖြစ်၍ သောဏပေါဋ္ဋိရိယပုတ္တမထေရ်ဟုတွင်၏။ [၂]ပဉ္စကနိပါတ်လာ မထေရ်မှာ အဝန္တိတိုင်း ကုရရဃရမြို့မှ အလွန် ချမ်းသာသော သူဌေးသားဖြစ်၍ တကုဋေတန် နားတန်ဆာ (နားဋောင်း) ဆင်မြန်းရသူဖြစ်ရာ သောဏကုဋိကဏ္ဏဟု ထင်ရှားခဲ့၏။ ရဟန်းပြုသောအခါ အဟောအပြောကောင်းရာ၌ ကလျာဏဝါက္ကရဏ ဧတဒဂ်ရ မထေရ်ဖြစ်၏။ [၃]ထေရသနိပါတ်လာ မထေရ်မှာ စမ္ပာမြို့မှ အလွန်ကြွယ်ဝချမ်းသာသော သူဌေးသားဖြစ်၍ ခြေဖဝါး၌ အမွေးနုကလေးများ ပေါက်သည်အထိ နူးညံ့သိမ်မွေ့သူဖြစ်၏။ ရဟန်းဖြစ်သော အခါ  အာရဒ္ဓဝီရိယဧတဒဂ်ရ အသီတိ မဟာသာဝကဝင် မထေရ်မြတ်ဖြစ်၏။ မထေရ်  ၃ပါးမှာ သောဏ ပေါဋ္ဋိရိယ၊ သောဏကုဋိကဏ္ဏ၊ သောဏ ကောဠိဝိသဟု အသီးသီး အမည်ရကြ၏။

၇ <u>သောပါကမထေရ် ၂ပါး</u>။ ၂ပါးလုံးပင် ၇နှစ်အရွယ်၌ပင် ရဟန္တာဖြစ်တော်မူကြ၏။ (ကလေးသူငယ် ရဟန္တာများ - အနက်မှ - ၇နှစ်ရွယ် ရဟန္တာများ - အနက်မှ - သောပါကမထေရ် နှင့် သောပါကမထေရ် [ဒုတိယ] - ကို လည်းကြည့်ပါ။) ၂ပါးစလုံးသည် ဘွဲ့အမည်တူကြ၏၊ မြတ်စွာဘုရား သုသာန်သို့ကြွ၍ တရားဟောတော်မူပြီး ၇နှစ်အရွယ်နှင့်ပင် ရဟန္တာသာမဏေများချည်း ဖြစ်တော်မူကြ၏။

၈ <u>သမ္ဘူတမထေရ် ၂ပါး</u>။ [၁]ဧကကနိပါတ်လာ မထေရ်မှာ ရာဇဂြိုဟ်မြို့မှ ပုဏ္ဏားသူဌေးကြီး၏သား ဖြစ်ကာ ရဟန်းပြုပြီးနောက် အေးချမ်းသော တောအရပ်၌သာ သီတင်းသုံးလေ့ရှိသဖြင့် သီတဝနိယ (အေးချမ်းသော တောနေရဟန်း) အမည်ဖြင့်သာ ထင်ရှား၏။ [၂]စတုက္ကနိပါတ်လာ မထေရ်မှာ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီး နောက်မှ အရှင်အာနန္ဒာထံ ရဟန်းပြု၍ ရဟန္တာဖြစ်၏။ အလွန်သက်တော်ရှည်ရာ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၁၀၀ကြာသောအခါ၌ ဖြစ်ပေါ်လာသော ဝေသာလီ ဒုတိယသံဂါယနာ ပွဲအထိ သက်တော်ထင်ရှားရှိနေပြီး ထိုပွဲ၌ ကိုယ်တိုင် ပါဝင်တော်မူခဲ့၏။

၉ <u>အဓိမုတ္တမထေရ် ၂ပါး</u>။ [၁]ဧကကနိပါတ်မှ အဓိမုတ္တမထေရ်မှာ သာဝတ္ထိမြို့မှ ပုဏ္ဏားမျိုးဖြစ်သည်။ [၂] ဝီသတိ အဓိမုတ္တမထေရ်မှာ သာဝတ္ထိမြို့မှပင်ဖြစ်၍ သံကိစ္စမထေရ်မြတ်ကြီး၏ တူတော်ရင်းဖြစ်သည်။

<u>ထေရီ ၄စုံ</u>

၁/၁၀ <u>ဘဒ္ဒါ ၂ပါး</u>။ ဘဒ္ဒါကုဏ္ဍလကေသ နှင့် ဘဒ္ဒါကာပိလာနီ။

၂/၁၁ <u>မုတ္တာ ၂ပါး</u>။ [၁]ပဌမမုတ္တာမှာ သာဝတ္ထိပြည်သူ ဗြာဟ္မဏမဟာသာလမျိုးဖြစ်ပြီး အပျိုအရွယ် ကပင် ထေရီမဖြစ်ခဲ့၏။ [၂]ဒုတိယမုတ္တာမှာ ကောသလဇနပုဒ်သူဖြစ်ကာ ဆင်းရဲသော ပုဏ္ဏားသမီးဖြစ်၍ ခါးကုန်းသော ပုဏ္ဏားအိုကြီး၏ ဇနီးဖြစ်ခဲ့ရကာ မောင်းဆုံ၌ ကုန်း၍ချည်း ဆန်ထောင်းနေရသဖြင့် ဘိက္ခုနီမ

ဖြစ်သောအခါ လင်ကုန်းနှင့် မောင်းဆုံ၌ ကုန်း၍ဆန်ထောင်းရသော အကုန်းဘေးတို့မှ လွတ်မြောက်ပြီဟု ဥဒါန်းကျူးခဲ့သူ ဖြစ်၏။

၃/၁၂ သုဘာ ၂ပါး။ [၁]သုဘာကမ္မာရဓိတုထေရီ (ပန်းထိမ်သည်သမီး) ဟု မထင်ရှား၊ သုဘာဟုသာ ထင်ရှား၏။ ဝီသတိနိပါတ်လာ သုဘာထေရီသည် ရာဇဂြိုဟ်ပြည် ပန်းထိမ်ဆရာထဦး၏သမီးဖြစ်၍ အလွန်အဆင်း လှပသူ ဖြစ်၏။ ငယ်ရွယ်စဉ်ကပင် မိထွေးတော်ဂေါတမီအထံ၌ ရဟန်းပြုခဲ့ပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့၏။ ၎င်း၏ဂုဏ်ကို ဘုရားရှင်ကိုယ်တိုင် ချီးကျူးသဖြင့် သိကြားမင်းက နတ်အပေါင်းဖြင့် လာရောက်၍ ရှိခိုးပူဇော်ခြင်းကို ခံရ၏။

[၂]တိံသနိပါတ်လာ သုဘာထေရီမှာ ရာဇဂြိုဟ်မြို့ ဗြာဟ္မဏမဟာသာလ ပုဏ္ဏားသူဌေးတဦး၏သမီး ဖြစ်၏။ အလွန်လှပ၍ ငယ်စဉ်ကပင် မိထွေးတော်အထံ၌ ရဟန်းပြုခဲ့ပြီး အနာဂါမ်ဖြစ်၏။ ဇီဝကသရက်ဥယျာဉ်၌ တရားအားထုတ်စဉ် ပန်းထိမ်သည်သား သေသောက်ကြူးက သွေးဆောင်ဖြားယောင်းရာ ကာမဂုဏ်၏ အပြစ်ထရားကို အကျယ်ဟော၏။ သေသောက်ကြူးက လက်လျှော့မသွားပဲ လှသောမျက်လုံးကြောင့် ပို၍စွဲလမ်းသည်ဟု ဆိုသဖြင့် မျက်လုံးကို ဖေါက်၍ပေးခဲ့သည်။ ထို့ကြောင့် ဤသုဘာထေရီသည် ပိုထင်ရှား၏။

**၄/၁၃** သုမနာ။ [၁]ပဌမထေရီသည် ကပိလဝတ်မြို့မှ သာကီဝင်မင်းသမီးတဦး ဖြစ်၏။ အရွယ်ရောက်သောအခါ၌ မိထွေးတော်အထံ၌ ဘိက္ခုနီမပြုပြီး အရဟတ္တဖိုလ်သို့ ရောက်၏။ [၂]ဒုတိယထေရီမှာ သာဝတ္ထိပြည်ရှင် ကောသလမင်းကြီး၏ နှစ်မတော်ဖြစ်၍ ငယ်စဉ်ကပင် ရဟန်းပြုလိုသော်လည်း ဘွားတော်ကြီးကိုငဲ့၍ ဘွားတော်ကြီးလွန်မှ ရဟန်းပြုရ၏။ ထိုသို့ အရွယ်အနည်းငယ်လွန်မှ ရဟန်းဖြစ်သောကြောင့် ဝုဍ္ဎပဗ္ဗဇိတသုမနာထေရီဟု အမည်တွင်သည်။

၁၀ သား - **၃ ၈**

၁။ ၃မျိုး (ဣတိဝုတ် ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ အတိဇာတပုတ္တ- မိဘထက် သာသောသား၊ ၂ အနုဇာတပုတ္တ- မိဘနှင့် တူမျှသောသား၊ **၃** အဝဇာတပုတ္တ- မိဘအောက် နိမ့်ကျသောသား။

၂။ ၃မျိုး (ပဏ္ဍုရနာဂရာဇဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အတတ်သင်သောသား၊ ၂ သားပြုလော့ဟု သူတပါးပေးသောသား၊ **၃** မိမိမှဖြစ်သောသားရင်း။

၃။ ၄ပါး (ကဏှဝါဟနဇာတ်၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အတြဇသား- မိမိကိုယ်ကိုစွဲ၍ ဖြစ်သောသား၊ ၂ ခေတြဇသား- အိပ်ရာအပြင်၊ ပလ္လင်စသည်ကို၌

ဖြစ်သောသား၊ ၃ အန္တေဝါသိကသား- မိမိအထံ၌ အတတ်သင်သောသား၊ ၄ ဒိန္နကသား- မွေးစားသား။

၁၁ သား၊ ခင်ပွန်းနှင့် ဆွေမျိုးများသေသဖြင့် အ၀တ်မပါ ရူးနေရာမှ ဘုရားရှင်နှင့်တွေ့ဆုံကာ တရားတော်နာပြီးနောက် ရဟန္တာထေရီများ ဖြစ်ကြသူ ၂ ဦး

၁။ ပဋာစာရီထေရီမကြီး - (ဇေတဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာထေရီမကြီးများ ၁၃ပါး - အနက်မှ - ပဋာစာရီထေရီ) ကို ကြည့်ပါ။

၂။ ဝါသေဋ္ဌီထေရီ (ဝါသေဋ္ဌီထေရီဂါထာ၊ ဆက္ကနိပါတ်၊ ထေရီဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဝါသေဋ္ဌီအမျိုးသမီးသည် မတ်တတ်ပြေး သားကလေး ကွယ်လွန်ရာ သောကအားကြီး၍ အ၀တ်မပါ ဗလာကိုယ်ထည်း ဖရိုဖရဲ ဖြန့်ကြဲသောဆံပင်ရှိလျက် ထိုထိုရွာနိဂုံးသို့ လှည့်လည်ခဲ့၏။ ဆာလောင်ခြင်းဖြင့် ၃နှစ်တိုင် ကြာခဲ့၏။ ဆေးကုသနေဆဲ ထွက်ပြေး၍ မိထိလာပြည်ရောက်ကာ ဘုရားရှင်နှင့်တွေ့၊ အရူးပျောက်ကာ တရားတော်နာပြီးနောက် ရဟန်းပြု၊ ဝိပဿနာပွားများ၍ ပဋိသမ္ဘိဒါ ၄ပါးနှင့်တကွ ရဟန္တာဖြစ်သည်နောက် ရွတ်ဆိုသော ဂါထာ။

'စိုးရိမ်မှု သောကတို့၏တည်ရာ အကြောင်းတရား ဥပါဒါနက္ခန္ဓာ ၅ပါးတို့ကို ပရိညာ ၃ပါးထိုဖြင့် ပိုင်းခြား၍ သိအပ်ကုန်ပြီးဖြစ်ရကား စိုးရိမ်မှုသောကအားလုံးတို့သည် အရဟတ္တဖိုလ်လျှင် အဆုံးအပိုင်းအခြား ရှိကုန်၏။'

၁၂ သိကြားမင်း ၁၀ ခု

၁။ သိကြားဖြစ်ကြောင်း ကျင့်ဝတ်၇ပါး (ကုလာဝက- ငှက်မင်းငယ်၊ ကုလာဝကဇာတ်၊ ကုလာဝကဝဂ်၊ ဧကကနိပါတ်၊ ဇာထကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဝတပဒ-ကျင့်ဝတ်တရား၊ ဝတပဒ သုတ်၊ ဒုတိယဝဂ်၊ သက္ကသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အသက်ထက်ဆုံး မိဘ၂ပါးကို ကောင်းစွာမွေးမြူ ၂ အမျိုးထဲ၌ ကြီးသူကို ပူဇော်၊ ၃ သိမ်မွေ့ပြေပြစ်သောစကားကို ဆို၊ ၄ ဂုံးတိုက်စကား မပြော၊ ၅ ပေးကမ်းလှူဒါန်းခြင်း၌ မွေ့လျော်သူဖြစ်၍ ဝန်တိုခြင်းကင်းသော စိတ်ဖြင့် အိမ်ကို အုပ်စိုးနေသူ၊ ၆ မှန်သောစကားသာ ဆို၊ ၇ ဒေါသကိုပယ်၍ အမျက်လွှက်ခြင်း မရှိသူ။

၂။ သိကြားမင်းစည်းစိမ် ၁၉ မျိုး (သုဓါဘောဇနဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ စူဠတဏှာသင်္ခယသုတ်၊ မဟာယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက [ဝေဇယန္တာပြာသာဒ်]။ သက္ကပဉှာသုတ် ဟောတော်မူသော အခဏ်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ အမ်ပီ၃ရီး အသံဖိုင်၊ ဇာတ်ကြီး ၁၀ဘွဲ့၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး။ သုထေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ယူဇနာ တသောင်းကျယ်သော တာဝတိံသာနတ်ပြည်၊ ၂ ယူဇနာတထောင်ရှိ သုဒဿနမြို့၊ ၃ ယူဇနာ ၆ဝရှိ ရွှေနတ်လမ်း၊ ၄ ယူဇနာတထောင်မြင့်သော ဝေဇယန္တာပြာသာဒ်၊ ဘုံဆောင် ၁ဝ၁ဆောင်ရှိ၊ တဆောင်၌ အထွဋ်ရှိသော အခန်း ၇ဝဝစီရှိ၏၊ တခန်း၌ နတ်သမီး ၇ယောက်စီရှိ၏၊ တယောက်တယောက်၌ အလုပ်အကျွေး ၇ ယောက်စီရှိ၏၊ ၅ ယူဇနာ၅ဝဝရှိ သုဓမ္မာနတ်သဘင် ဓမ္မာရုံကြီးနှင့် အတွင်းရှိ တယူဇနာရှိ ရွှေပလ္လင်၊ ၆ ရတနာ မျိုးစုံဖြင့် စီချယ်ထားအပ်သော ဝေဇယန္တာရထား၊ ၇ ယူဇနာ ၁ဝဝမြင့်သော ပင်လယ် နတ်ကသစ်ပင်၊ ၈ အလျား ယူဇနာ၆ဝ အနံယူဇနာ၅ဝ အထုယူဇနာ၁၅ရှိ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၊ ၉ အဝန်း ၅ယူဇနာရှိ ရွှေပန်း၊ ၁ဝ ၃ ယူဇနာရှိ နတ်ထီးဖြူ။

၁၁ ၂ကုဋေ၅သန်းသော ကချေသည်နတ်သမီးများ၊ ၁၂ စတုမဟာရာဇ် တာဝတိံသာနတ်ပြည် ၂ထပ်၌ရှိသော အခြွေအရံ နတ်ပရိသတ်ကြီး၊ ၁၃ နတ်ဥယျာဉ်ကြီး ၅ခုဖြစ်သော [၁]နန္ဒဝန်ဥယျာဉ်၊ ၁၄ [၂]စိတ္တလတာဥယျာဉ်၊ ၁၅ [၃]မိဿကဥယျာဉ်၊ ၁၆ [၄]ဖာရုသကဥယျာဉ်၊ ၁၇ [၅]မဟာဝန်ဥယျာဉ်၊ ၁၈ ယူဇနာ ၅ဝကျယ်ပြန့်သော သုနန္ဒာ ရေကန်၊ **၁၉** တန်ဆာဆင်သော မိမိကိုယ်။

<u>၃။ သိကြားမင်း တောင်းပန်၍ နတ်သားဘဝမှ လူတို့အမျိုးဇာတ်၌ ဖြစ်သူ ၃ ယောက်</u> (ဂန္ဓာဝက္ကန္တိပဉ္စာ၊ ဣန္ဒြိယဗလဝဂ်၊ မေဏ္ဍကပဉ္စာ၊ မိလိန္ဒပဉ္စာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ သုဝဏ္ဏသာမသတို့သား (ဂေါတမဘုရားအလောင်း)၊ ၂ မဟာပနာဒမင်း (ဂေါတမဘုရားရှင်သာသနာမှ အရှင်ဘဒ္ဒဇိအလောင်း)၊ **၃** ကုသမင်း (ဂေါတမဘုရားအလောင်း)။

<u>၄။ သိကြားမင်း ရှိခိုးသော ဂုဏ်တော် ၆ပါးအရှင် သံဃာတော်</u> (သံဃဝန္ဒနာသုတ်၊ ဒုတိယဝဂ်၊ သက္ကသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းသည် ဥယျာဉ်မြေကြည့်ရန် အာဇာနည်မြင်း တထောင်ကသောရထားဖြင့် ထွက်ရန် ဝေဇယန္တာပြာသာဒ်မှဆင်းသော် လက်အုပ်ချီ၍ ရှိခိုးနေသည်ကို မာတလိနတ်သားမြင်၍ မေး။ "လူတို့သည် ပုပ်သောအမိဝမ်း၌ကိန်း၏။ အမိဝမ်းဟူသောအပုပ်၌ နစ်မြုပ်၏။ မွတ်သိပ်ဆာလောင်ခြင်းနှင့် ပြည့်စုံ၏။ ထိုလူတို့ကသာ အရှင်သိကြားမင်းကို ရှိခိုး၏။" ယခု အဘယ်ကြောင့် ရှိခိုးရကြောင်းမေးရာ သံဃာတော်တို့ကို ရှိခိုးသည်ဖြစ်ကြောင်းနှင့် ရှိခိုးရသော ဂုဏ်တော် ၆ပါးကို ပြောပြ ဟောကြား၏။

"၁ ရဟန်းသံဃာတို့သည် ရွာမှ ဖဲသွား၏။ ငဲ့ကွက်ခြင်းမရှိသည် ဖြစ်၍ တိုရွာမှသွား၏။ အိမ်ရာ မထောင်ကုန်သော ရဟန်းတို့၏ ဤအကျင့်ကို ချစ်၏၊

၂ ကျီ၌ ဥစ္စာစပါးကို ထည့်သွင်းမထား၊ အိုးခြင်းတောင်းတို့၌ မသိမ်း၊

၃ သူတပါးတို့ ချက်ပြုတ်၍ပြီးသောဆွမ်းသာ ရှာမှီး၏၊ ရှာမှီးသောဆွမ်းဖြင့် မျှတ၏၊

၄ ကောင်းသောအတိုင်အပင်ဖြင့် တိုင်ပင်ခြင်းရှိ၏၊

၅ ဆိတ်ဆိတ်နေ၍ အညီအညွတ်သွားကြ၏၊

၆ နတ်တို့သည် အသုရာတို့နှင့် ဆန့်ကျင်ကြ၏၊ များစွာသောသတ္တဝါတို့သည်လည်း အချင်းချင်း ဆန့်ကျင်ကြ၏၊ ဆန့်ကျင်သူတို့အလယ်၌ ဆန့်ကျင်ခြင်း မရှိ၊ လက်နက်ရှိသူတို့အလယ်၌ လက်နက်ကို စွန့်လွှတ်ပြီး ဖြစ်၏၊ ဘဝယောနိယူခြင်းရှိသူတို့အလယ်၌ ဘဝယောနိ တခုခုကို ယူခြင်းမရှိ။"

<u>၅။ သိကြားမင်း ရှိခိုးသော သေက္ခ- ကျင့်ဆဲ၊ သေက္ခပုဂ္ဂိုလ် ၇ယောက်</u> (သတ္တာရဝန္တနာသုတ်၊ ဒုတိယဝဂ်၊ သက္က သံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းသည် ဥယျာဉ်မြေကြည့်ရန် အာဇာနည်မြင်း တထောင်ကသောရထားဖြင့် ထွက်ရန် ဝေဇယန္တာပြာသာဒ်မှဆင်းသော် လက်အုပ်ချီ၍ ရှိခိုးနေသည်ကို မာတလိ နတ်သားမြင်၍ မေး။

ဤလောက၌ ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို ငါရှိခိုး၏။ အာသဝကုန်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့ကို ငါရှိခိုး၏။ ၁ရာဂကို ပယ်ဖျောက်သော၊ ၂ဒေါသကို ပယ်ဖျောက်သော၊ ၃အဝိဇ္ဇာကို လွန်မြောက်သော၊ ၄ဝဋ်ဆင်းရဲကို ဖျက်ဆီးခြင်း၌ မွေ့လျော်သော၊ ၅မမေ့မလျော့ လျော်စွာကျင့်ဆဲ ဖြစ်သော သေက္ခပုဂ္ဂိုလ် ၇ယောက် - ၁ သောတာပတ္တိမဂ်ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၂ သောတာပတ္တိဖိုလ်ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၃ သကဒါဂါမိမဂ်ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၄ သကဒါမိဖိုလ်ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၅ အနာဂါမိမဂ်ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၆ အနာဂါမိဖိုလ်ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၇ အရဟတ္တမဂ်ရရန် ကျင့်ဆဲပုဂ္ဂိုလ် - တို့ကို ငါရှိခိုး၏။

<u>၆။ သိကြားမင်းရှိခိုးသော အိမ်ရာထောင်သူ၏ ၄ပါး</u> (ဂဟဋ္ဌ- အိမ်ရာထောင်သူ၊ ဂဟဋ္ဌဝန္တနာသုတ်၊ ဒုတိယဝဂ်၊ သက္ကသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူစဉ် သိကြားမင်းသည် ဥယျာဉ်မြေကြည့်ရန် အာဇာနည်မြင်း တထောင်ကသောရထားဖြင့် ထွက်ရန် ဝေဇယန္တာပြာသာဒ်မှဆင်းသော် လက်အုပ်ချီ၍ ရှိခိုးနေသည်ကို မာတလိ နတ်သားမြင်၍ မေး။

၁ အကြင်သူသည် အိမ်၌တည်၍ ကောင်းမှုပြု၏၊ ၂ သီလရှိ၏၊ ၃ ရတနာ ၃ပါးကို ဆည်းကပ်၏၊ ၄ တရားနှင့်အညီ သားမယားကို မွေးမြူ၏။

<u>၇။ သိကြားမင်း လူ့ပြည်ကြည့်ကြောင်း ၆ပါး</u> (အမ္ဗဇာတ်၊ စူဠကုဏာလဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ အဘယ်သူသည် အမိအဖတို့ကို လုပ်ကျွေးသနည်း?၊ ၂ အဘယ်သူသည် အမျိုး၌ ကြီးသော သူတို့အား အရိုအသေအမှုကို ပြုသနည်း?၊ ၃ အဘယ်သူသည် အလှူပေးသနည်း?၊ ၄ အဘယ်သူသည်

သီလစောင့်သနည်း?။ ၅ အဘယ်သူသည် ဥပုသ်စောင့်သနည်း?။ ၆ အဘယ်ရဟန်းတို့သည် မကျင့်အပ်သောအကျင့်ကို ကျင့်သနည်း?။

<u>၈။ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်နေရာ ပူခြင်းအကြောင်း၄ပါး</u> (ကဏှဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သိကြားမင်း သက်တမ်းကုန်ခြင်း၊ ၂ သိကြား၏ကောင်းမှု ကုန်ခြင်း၊ ၃ သီလ၊ သမာဓိ၊ အာနုဘော်ကြီးသူ သိကြားအရာ တောင့်တခြင်း၊ ၄ ရဟန်းပုဏ္ဏားတို့၏ သီလ၊ ဒါ န တန်ခိုးကြောင့်၄င်း ပဏ္ဍုကမ္ဗလာ ကျောက်နေရာပူ၏။

<u>၉။ သိကြားမင်း၏ 'နတ်မင်း ၂ပါး၏ ဘုံဗိမာန်နယ်စပ်၌ ဖြစ်ပေါ်လာသော နတ်သမီးနှင့်စပ်၍</u> ငါပိုင်သူပိုင်' အငြင်းအခုံ တရားအပေါ် ဆုံးဖြတ်တရား ၃ချက် (သက္ကပဉှတရားဟောတော်မူရာအခဏ်း၊ ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အနီးကပ်ဆုံး ဗိမာန်ရှင်နတ်မင်း၏ ဥစ္စာ ဖြစ်စေ၊ ၂ အနီးအဝေးချင်း တူမျှနေလျှင် အကြင် နတ်မင်း၏ ဗိမာန်ကိုကြည့်လျက် တည်၏၊ ထိုနတ်မင်း၏ ဥစ္စာဖြစ်စေ၊ ၃ အကွာအဝေးတူမျှ၍ မည်သည့် ဗိမာန်မျှ မကြည့် က မိမိပိုင် ဖြစ်စေ။

<u>၁၀။ သိကြားဟု သိနိုင်သောလက္ခဏာ ၂ပါး</u> (မဟောသဓာ / မဟာဥမင်ဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်း တိပိဋကဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀တွဲ၊ ခု၊ သုတ္တန္တပိဋက)

၁ မကြောက်မလန့်ခြင်း၊ ၂ မျက်စိမမှိတ်ခြင်း။

## ၁၃ **သီလ** <u>၉ ၉</u>

<u>၁။ သီလ ၂ပါး - စာရိတ္တနှင့် ဝါရိတ္တတို့၏ ခြားနားချက် ၃ခု</u> (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

| စာရိတ္တသီလ | ဝါရိတ္တသီလ |
|---|---|
| ၁ အာစရိယဝတ် (ရဟန်း)၊ လူကြီးသူမ ရိုသေခြင်း၊ သားသမီးဝတ်စသည်။ | ၁ သိက္ခာပုဒ် (ရဟန်း)၊ ၅ပါးသီလ (လူ)၊ |
| ၂ မကျင့်လျှင် အပြစ်မရှိ၊ ကျင့်လျှင် အကျိုးများ၊ | ၂ တားမြစ်သည်ကို အသက်စွန့်၍ ရှောင်ကြဉ်။ |
| ၃ သဒ္ဓါ၊ ဝီရိယ ၂ပါးရှိမှ အားထုတ်နိုင်။ | ၃ ရှောင်လျှင်ပင်ဖြစ်၏၊ ဝီရိယအထူး စိုက် ဖွယ်မရှိ။ |

၂။ သီလစင်ကြယ်ကြောင်း တရား ၇ပါး (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ မကျိုးသောသီလ - ၈ပါးသော သိက္ခာပုဒ်တို့တွင် အစ သိက္ခာပုဒ်သောရင်း၊ အဆုံး သိက္ခာပုဒ်သော်ရင်း ပျက်စီးခြင်း မရှိသောသီလ၊

၂ မပေါက် - အဝတ်အလယ်က ပေါက်သကဲ့သို့ ၈ပါးတွင် အလယ်က တပါးပါး ပျက်ခြင်း မရှိသောသီလ၊

၃ မပြောက် - နွား၌ ဝါစေ့ ပြောက်သကဲ့သို့ ၂ခု ၃ခု ပြောက်ကျားပြောက်ကျား ပျက်ခြင်း မရှိသောသီလ၊

၄ မကျားသောသီလ - နွားကြောင်၊ နွားကျား အစင်းအကျားထင်သကဲ့သို့ ၂ပါး ၃ပါး ဆက်၍ ပျက်ခြင်း မရှိ သောသီလ၊

၅ တဏှာကို တော်လှန်နိုင်ခြင်း၊

၆ ပညာရှိတို့ ချီးမွမ်းအပ်ခြင်း၊

၇ တဏှာ၊ ဒိဋ္ဌိတို့ဖြင့် အသုံးသပ် မခံရခြင်း။

၃။ သီလ ညစ်နွမ်းကြောင်း တရား ၈ပါး (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ကောဓ- အမျက်ထွက်ခြင်း၊ ၂ ဥပနာဟ- ရန်ငြိုးဖွဲ့ခြင်း၊ ၃ မက္ခ- သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ ၄ ပဠာသ- အပြိုင်ပြုခြင်း၊ ၅ ဣဿာ- သူ့စည်းစိမ်ကို မနာလိုခြင်း၊ ၆ မစ္ဆရိယ- မိမိစည်းစိမ်ကို နမြောဝန်တို လျှို့ဝှက်ခြင်း၊ ၇ မာယာ- အပြစ်ကို ဖုံးလွှမ်းခြင်း၊ ၈ သာဌေယျ- မရှိသောဂုဏ်ကို ထင်အောင်ပြုခြင်း (စဉ်းလဲခြင်း)။

၄။ **သီလ တပေါင်းတည်း ဆောက်တည်ပုံ ၂နည်း** (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)
တပေါင်းတည်း ဆောက်တည်ပါက တပါးပျက်လျှင် ကြွင်းသောသိက္ခာပုဒ်များပါ ပျက်၏။

၁ လယ်တီဆရာတော်ကြီး နည်း

၅ပါး သီလ - ပဉ္စ သိက္ခာပဒါနိ သမာဒိယာမိ။

၈ပါး သီလ - အဋ္ဌ ဥပေါသထင်္ဂါနိ သမာဒိယာမိ။

၂ ဆရာတော်ဦးဗုဓ်နည်း

၅ပါး သီလ - ပဉ္စင် သမန္နာဂတံ သီလံ သမာဒိယာမိ။

၅။ **သီလ တပါး၊ ၂ပါး၊ ၃ပါး၊ ၄ပါးစသည်ဖြင့် ဆောက်တည်ကျင့်သုံးနိုင်သမျှ ဆောက်တည်စောင့်ထိန်းနိုင်သည်၊** တဝက် တပျက် မစောင့်ကောင်းဟူ၍ မမှတ်သားသင့်။ (သမ္မောဟဝိနောဒနီ ဋ္ဌ။ ပဋိသမ္ဘိဒါမဂ် ဋ္ဌ။ အနုဒီပနီ၊ ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၆။ သီလပျက်စီးကြောင်း ၅ပါး (ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဥစ္စာကို ပေးမည်ဆို၍၊ ၂ အခြံအရံကို ပေးမည်ဆို၍၊ ၃ ဆွေမျိုးတို့ကို ခြိမ်းခြောက်၍၊ ၄ မိမိ ခြေလက်၊ အင်္ဂါတို့ကို ဖြတ်မည်စသည် ခြိမ်းခြောက်၍၊ ၅ အသက်အန္တရာယ်ကို ခြိမ်းခြောက်၍။

၇။ သီလများ - ၇မျိုး (အနုဒီပနီ၊ ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁။ ငါးပါးသီလ (များစွာသော သုတ်တော်များ)

ငါးပါးသီလကို [၁]**မဟာဒါနဟုရင်း၊** [၂]**ရန် ၅ပါးဟုရင်း၊** [၃]**ဘေး ၅ပါးဟုရင်း ခေါ်ကြောင်း။**

၁ (အဘိသန္ဒ- အကျိုးသုတ်၊ အဘိသန္ဒသုတ်၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) တွင် ၅ပါးသီလကို နတ်ပြည်ရောက်ကြောင်း ကောင်းမှုအထု ကုသိုလ်အယဉ် ၈ပါး၌ အဝင်အပါ မဟာဒါန ၅ပါးဟုရင်း၊ (နတ်ပြည် ရောက်ကြောင်း - အနက်မှ - နတ်ပြည်ရောက်ကြောင်း ကောင်းမှုအထု ကုသိုလ် အယဉ် ၈ပါး - တွင် ကြည့်ပါ။) ၊ (ပဋ္ဌမပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) တွင်လည်း ဒါနအခန်း၌ မဟာဒါန ၅ပါးဟုရင်း ဖော်ပြထားသည်။ (ဒါ န - အနက်မှ - ဒါနများ - အနက်မှ - မဟာဒါန ၅ပါး - တွင် ကြည့်ပါ။)၊

၂ ငါးပါးသီလကို ဖေါက်ဖျက်ကျူးလွန်က ရန် ၅ပါးဟု ဖေါ်ပြထားပါသည်။ (ရန် ၅ပါး- တွင် ကြည့်ပါ။)

၃ ဘေး ၅ပါးဟုလည်း ခေါ်သည်။ (သောတာပန် - အနက်မှ - သောတာပန်ပုဂ္ဂိုလ် ကင်းဝေးသော ဘေး ၅မျိုးနှင့် သောတာပတ္တိအင်္ဂါ ၄ပါး - တွင် ကြည့်ပါ။)

၂။ ဗြဟ္မစရိယပဉ္စမသီလ- ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အစား "အဗြဟ္မာစရိယာ ဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ" ကို ဆောက်တည်ရသောသီလ။ (ပဋ္ဌမဥဂ္ဂသုတ်နှင့် ဒုတိယဥဂ္ဂသုတ်၊ ဂဟပတိဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဂဝေသီသုတ်၊ ဥပါသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၃။ ဗြဟ္မစရိယပဉ္စမဧကဘတ္တိကသီလ- ထမင်းတနပ်သာ စား၍ဆောက်တည်သောသီလ။ (ဂဝေသီသုတ်၊ ဥပါသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဓမ္မိကသုတ်အဖွင့်၊ သုတ္တနိပါတ ဋ္ဌ)

၄။ ရှစ်ပါးသီလ၊ အဋ္ဌင်္ဂုပေါသထသီလ- အင်္ဂါ ၈ပါးရှိသောဥပုသ်။ (ဝိသာခုပေါသထသုတ်၊ မဟာဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၅။ အာဇီဝဋ္ဌမကသီလ (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) = အာဇီဝ- အသက်မွေးမှု + အဋ္ဌမ- ၈ခုမြောက် + က- ရှိသော= အသက်မွေးမှုလျှင် ၈ခုမြောက်ရှိသော သီလ။

မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ တရားသဖြင့် ပစ္စည်းဥစ္စာရအောင် ရှာဖွေ အသက်မွေးမှုကို သမ္မာအာဇီဝဟု ခေါ်သည်။ ၅ပါးသီလမှ မုသာဝါဒ သိက္ခာပုဒ်အထိ ၄ပါး + ပိသုဏာဝါစာ + ဖရုသဝါစာ + သမ္ဖပလာပဝါစာ + မိစ္ဆာဇီဝ = ၈ပါး ရှိသည်။

<u>သီလတောင်းပုံ</u> - "--- တိသရဏေန သဟ အာဇီဝဋ္ဌမကသီလံ ဓမ္မံယာစာမိ ---"။
<u>သီလခံပုံ</u> - (၈ခုမြောက်) "မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"။

၆။ ကိုးပါးသီလ (နဝင်္ဂုပေါသထသုတ်၊ သီဟနာဒဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၇။ ဆယ်ပါးသီလ- သိက္ခာပုဒ် ၁၀ပါး (ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

<u>၈။ သီလအကျိုး ၃ စု</u>

<u>၁။ သီလပြည့်စုံသူ၏ အကျိုး ၅ပါး</u> (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ သီလသုတ်၊ အက္ကောသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ပါဋလိဂါ မ ဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ဝိ။ သီလဝီမံသဇာတ်၊ ပဉ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ပါဋလိဂါမိယသုတ်၊ ပါဋလိဂါမိယဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ အပ္ပမာဒတရား အခြေခံ၍ များစွာသော စည်းစိမ်ချမ်းသာများရ၊

၂ ကောင်းသော ကျော်စောသတင်း ပြန့်နှံ့၊

၃ ပရိသတ် ၄ပါး- [၁]မင်း [၂]ပုဏ္ဏား [၃]သူကြွယ် [၄]ရဟန်း အလယ်သို့ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ မျက်နှာမညှိုး ငယ်ပဲ ချဉ်းကပ်နိုင်၊

၄ မတွေမဝေပဲ သေ၊

၅ သုဂတိ လူ့ပြည်၊ နတ်ပြည်သို့ရောက်။

အပြန် - <u>သီလပျက်ခြင်း</u>၏ အပြစ် ၅ပါး။

<u>၂။ သီလသည် မြတ်ကြောင်း / အကျိုး ၁၀ပါး</u> (သီလဝတ္ထေရဂါထာ၊ ဒွါဒသကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဗိမ္ဗိသာရမင်းကြီး၏ သားတော်တပါးဖြစ်သော သီလဝမင်းသားသည် နောင်တော် အဇာတသတ်မင်းက သတ်လိုသဖြင့် အမုန်ယစ်သောဆင်ပေါ်သို့ တင်၍ သတ်စေသော်လည်း မသေ၊ ထိုအခြင်းအရာကို ဘုရားရှင် မြင်တော်မူ၍ အရှင်မဟာမောဂ္ဂလ္လာန်ကို ခေါ်ယူစေ၊ ဆင်နှင့်တကွ မင်းသား ရောက်လာ၊ ဘုရားရှင်ကို ရှိခိုး၍ တရားတော်နာပြီး ရဟန်းပြု၊ ဝိပဿနာပွား၍ မကြာမီ ရဟန္တာ ဖြစ်၊ ကောသလတိုင်း၌ နေတော်မူစဉ် အဇာတသတ်မင်းက အာဏာသားတို့ကို လွှတ်၍သတ်စေပြန်ရာ အရှင်မြတ်၏ တရားတော်ကိုနာယူကြပြီးနောက် အထံတွင် ရဟန်းပြုကြသည်တွင် ထိုရဟန်းတို့အား ဟောကြားသောဂါထာများ ဖြစ်သည်။

ဤလောက၌ အကျိုးစီးပွားကို အလိုရှိသော အမျိုးသားသည်- ၁ စာရိတ္တသီလ၊ ဝါရိတ္တသီလတို့ကို ကောင်းစွာ စင်ကြယ်သည်ပြု၍ ကျင့်လျှင် စည်းစိမ်ချမ်းသားအားလုံးကို ဆောင်တတ်၊ ၂ သီလစောင့်က ဤ

ပစ္စုပ္ပန်လောက၌ [၁]ပညာရှိလူနတ်တို့ ချီးမွမ်း၊ [၂]ဝမ်းမြောက်နှစ်သက်ရခြင်း၊ [၃]သေပြီးနောက် နတ်ပြည်၌ မွေ့လျော်ရခြင်းအကျိုးကို ရ၊ ၃ ကိုယ်၊ နှုတ်စောင့်စည်းခြင်းဖြင့် များစွာသော အဆွေခင်ပွန်းတို့ ရ။

၄ သီလရှိသူသည် [၁]ဂုဏ်ကျေးဇူး၊ [၂]ကျော်စောခြင်း၊ [၃]မျက်မှောက် ချီးမွမ်းခြင်းကို အခါခပ်သိမ်းရ၊ ၅ သီလသည် [၁]ကုသိုလ်တရားတို့၏ အစမူလ၊ [၂]စျာန်၊ မဂ်၊ ဖိုလ်တရားတို့၏ တည်ရာ၊ [၃]သမထ၊ ဝိပဿနာစသော ကောင်းသောတရားတို့၏ အမိ၊ [၄]အလုံးစုံသော တရားတို့၏ အကြီးအမှူး ဖြစ်၊ ၆ သီလသည် [၁]ဒုသီလျမှုကို ဖျက်ဆီး၊ [၂]ကာယဒုစရိုက်တို့ဖြစ်ရာ ဒွါရကိုပိတ်ဆို့၊ [၃]စိတ်ကို နှစ်သက်ရွှင်ပျစေ၊ [၄]ခပ်သိမ်းသောဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့၏ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ သက်ဆင်းရာ ဆိပ်ကမ်းဖြစ်။

၇ သီလသည် မာရ်ကို နှိမ်နင်းဖျက်ဆီးခြင်း၌ [၁]အတုမရှိ ခွန်အား၊ [၂]မြတ်သောလက်နက်၊ [၃]မြတ်သောအဆင်တန်ဆာ၊ [၄]အံ့သြဖွယ်ရာ ချပ်ဝတ်တန်ဆာလည်း မည်၏။ ၈ သီလသည် [၁]တောင့်တင်းခိုင်မြဲသောတံတား၊ [၂]အတုမရှိသောနံ့သာ၊ [၃]မြတ်သော နံ့သာပျောင်းနှင့်တူရာ၊ [၄]သီလရနံ့ဖြင့် အရပ် ၁၀မျက်နှာတိုင်အောင် တကြိုင်ကြိုင် ပျံ့လှိုင်၊ ၉ သီလသည် [၁]မြတ်သော စမြိန်စာ ထမင်းထုပ်၊ [၂]ခရီးရိက္ခာထုပ်၊ [၃]မြတ်သော ရေ့ဆောင်လမ်းပြနှင့်တူရာ၊ [၄]ယင်းရေ့ဆောင်လမ်းပြဖြင့် အရပ်မျက်နှာများဖြစ်သော ထိုထိုဂတိကြီးငယ်သို့ ချမ်းသာစွာ သွားရောက်ရ၊ ၁၀ [၁]စိတ်ဆိုးစိတ်ယုတ်ရှိသူ၊ [၂]သီလမဆောက်တည်သူ၊ [၃]မစောင့်စည်းသူ လူမိုက်သည် [၁]ပစ္စုပ္ပန်လောက၌ ပညာရှိတို့ ကဲ့ရဲ့ခံရ၊ [၂]တမလွန်ဘဝ၌လည်း အပါယ်ဘုံ၌ ယမမင်းတမန်တို့၏ ပြစ်တင်ရှုတ်ချကဲ့ရဲ့ခြင်းခံရ၊ [၃]အလုံးစုံသော ပစ္စုပ္ပန်၊ တမလွန်လောကတို့၌ ပူဆွေးဝမ်းနည်းရ၏။

၃။ သီလအကျိုး ၁၁ပါး (ကိမတ္ထိယသုတ်၊ နိဿယဝဂ်၊ ဧကာဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အပြစ်မရှိသောသီလသည် နှလုံးသာရွှင်မှု- အဝိပ္ပဋိသာရ ဖြစ်စေ၏၊ ၂ ၎င်းသည် ဝမ်းမြောက်မှု- ပါမောဇ္ဇ ဖြစ်စေ၊ ၃ ၎င်းသည် နှစ်သက်မှု- ပီတိ ဖြစ်စေ၊ ၄ ၎င်းသည် ငြိမ်းချမ်းမှု- ပဿဒ္ဓိ ဖြစ်စေ၊ ၅ ၎င်းသည် သုခ ဖြစ်စေ၊ ၆ ၎င်းသည် သမာဓိ ဖြစ်စေ၊ ၇ ၎င်းသည် ဟုတ်တိုင်းမှန်စွာသိမှု- ယထာဘူတဉာဏဒဿန ဖြစ်စေ၊ ၈ ၎င်းသည် ငြီးငွေ့မှု- နိဗ္ဗိဒါ ဖြစ်စေ၊ ၉ ၎င်းသည် တပ်စွန်းခြင်းကင်းမှု- ဝိရာဂ ဖြစ်စေ၊ ၁၀ ၎င်းသည် လွတ်မြောက်မှု- ဝိမုတ္တိနှင့် ၁၁ လွတ်မြောက်မှုကိုသိသော ဉာဏ်အမြင်- ဝိမုတ္တိဉာဏဒဿန အကျိုးအာနိသင် ရှိ၏။

အပြစ်မရှိသောသီလတို့သည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်စေကုန်၏။

သီလရှိသူ၊ သီလနှင့်ပြည့်စုံသူအား 'ငါ့အား နှလုံးသာရွှင်မှု ဖြစ်ပါစေ။' ဟု စေ့ဆော်၍ပြုဖွယ်မရှိ၊ ဖြစ်ခြင်းသည် ထုံးတမ်းစဉ်လာ သဘောပင်တည်း။ (စေတနာကရဏီယသုတ်၊ အာနိသံသဝဂ်၊ အံ၊ သုတ္တန္တပိဋက)

<u>၉။ သီလ ဆောက်တည်ခြင်း ၂၁ဝ</u> (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး။ အဋ္ဌသာလိနီ ၄)

<u>၁။ လက်ဖြင့် သီလကို ညွှန်ပြဆောက်တည်ခြင်း</u>

နှုတ်မြွက်၍ခံယူခြင်းငှါ မစွမ်းနိုင်သောသူသည် သိက္ခာပုဒ်တို့ကို လက်ဖြင့်ညွှန်ပြ၍ ခံယူစေသော အခါ ၌ ကုသိုလ်ကာယကံသည် ကာယဒွါရ၌ ဖြစ်သည်ဟု ဖော်ပြထား၏။

<u>၂။ အခြားဘာသာ စကားဖြင့် ဆောက်တည်ခြင်း</u>

ပါဠိဘာသာဖြင့် ဆောက်တည်ခြင်းငှါ မစွမ်းနိုင်လျှင် အခြားဘာသာစကား တခုခုဖြင့် ဆောက်တည်နိုင်သည်။

၁၄ **"သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ။"** <u>ဟူသော မေတ္တာတရားတော်</u>ကို အစဉ် ပွားများသော၊ အစဉ် ဟောကြားသော ရဟန္တာ ၂ပါး။

<u>၁။ အရှင်သုဘူတိ</u> (အရှင်သုဘူတိ - အနက်မှ - အရှင်သုဘူတိ ပွားသော မေတ္တာဘာဝနာ) - ကို ကြည့်ပါ။

<u>၂။ ဝနဝါသီတိဿသာမဏေ</u> (တရားတပုဒ်သာ အမြဲဟောသော ရဟန္တာများ - အနက်မှ - တရားတပုဒ်သာ အမြဲ ဟောသော သာမဏေ) - ကို ကြည့်ပါ။

၁၅ **သုမနပန်းသည်**သည် ဗိမ္ဗိသာရမင်းကြီး၏ ပန်းတော်ဆက်ဖြစ်ကာ ပန်းများဝယ်လာစဉ် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွလာသော ဘုရားရှင်အား လှူဒါန်းပူဇော်ရာ ပန်းများသည် ဘုရားရှင်ဝန်းကျင်၌ အဆိုင်းဆိုင်းဖြစ်လျက် ပန်းကွန်ရက်ပမာ ဆန်းကြယ်စွာတည်ကာ ဆွမ်းခံရာတလျှောက် ပါလျက်ရှိရာ ပန်းကွန်ရက်နှင့် ရောင်ခြည်တော်များကြောင့် လွန်စွာသပ္ပါယ်ရကား ရာဇဂြိုဟ်ပြည်သားတို့ လှူဖွယ်များကိုင်ယူရင်း လိုက်ပါ ကြ၍ မင်းကြီးက ဘုရားရှင်အားဆွမ်းကပ်ပြီး သုမနကို ပြုသင့်သည်ကိုပြုပေ၏ဟုမိန့်ကာ ဆုတော်များပေးခြင်းနှင့်စပ်၍ အရှင်အာနန္ဒာမေးသည်ကို ဘုရားရှင်သည် ဓမ္မပဒဂါထာဟောပြီးသည့်နောက် လှူဒါန်းခဲ့သော ကုသိုလ်ကံစေတနာကြောင့် ဘဝများစွာ သုဂတိဘုံတို့၌ ကျင်လည်အပြီး သုမနပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့ ဟု မိန့်၏။ (သုမနမာလာကာရဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထု တော်ကြီးအနှစ်ချုပ်၊ ဦးအောင် ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁၆ သုဝဏ္ဏသာမဇာတ်တော်တွင် အမိပါရိကရသေ့မ၊ အဖဒုကူလရသေ့၊ ဂန္ဓမာဒနတောင်မှ လွန်ခဲ့သော ၇ဘဝက အမိတော်ဖူးသော ဗဟုသုန္ဒရီနတ်သမီးတို့ သစ္စာပြုအပြီး တပြိုင်နက် ဖြစ်သောအချက် ၄ပါး (သုဝဏ္ဏသာမဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီးဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

၁ ဘုရားလောင်းသုဝဏ္ဏသာမ မြားမှန်ရောဂါကင်းခြင်း၊ ၂ မိခင်၊ ဖခင်၂ဦးသားတို့၏ မျက်စိ၂ကွင်း အလင်း ရခြင်း၊ ၃ နေအရုဏ်တက်ခြင်း၊ ၄ ဗဟုသုန္ဒရီနတ်သမီး၏အာနုဘော်ကြောင့် မင်း၄ပါး- ပီဠိယက္ခ

မင်းနှင့် ရသော့ ၃ပါးတို့ သခ်မ်းကျောင်း၌ ထင်ရှားရောက်ရှိခြင်း။

၁၇ သူကြွယ်မိသားစု ၅ဦး၏ အာနုဘော် ၅ပါး (မေဏ္ဍကသူကြွယ်ဝတ္ထု၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ခု၊ ဝိ။ ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ မဂဓတိုင်း ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေး- ဦးခေါင်းလျှော်ပြီး စပါးကျီကို တံမြက်စည်းလှည်းစေ၍ တံခါးအပ၌ထိုင်နေလျှင် ကောင်းကင်မှ သလေးနီစပါးမိုးရွာ၍ စပါးကျီ ၁၂၅၀၀ကို ပြည့်စေ၏။

၂ သူဌေးကတော် စန္ဒပဒုမသီရိ- တပြည် / တစလယ်ချက် ထမင်းအိုးနှင့် အခြံအရံဖြစ်သော ဟင်းအိုးတလုံးတို့၏ အနီး၌တိုင်၍ ကျွန်အမှုလုပ် လူအပေါင်းကို ထမင်းကျွေးအံ့၊ မထသမျှ ကာလပတ်လုံး ထိုထမင်း မကုန်၊

၃ သူဌေးသား ဓနဉ္စယ သူဌေး- ငွေတထောင်ဝင်အိတ်တလုံးကို ကိုင်၍ ကျွန်အမှုလုပ် လူအပေါင်းအား ဖလစာ ရိက္ခာပေးအံ့၊ လက်ကိုင်၍ တည်သမျှကာလပတ်လုံး ထိုရိက္ခာမကုန်၊

၄ သူဌေးချွေးမ သုမနာဒေဝီ- ၄စိတ်ဝင် တောင်း / စပါးပြည့် ပြည်တောင်းထလုံးအနီး၌ ထိုင်၍ ကျွန်အမှုလုပ် လူအပေါင်းအား ဖလစားလောက်သော ထမင်းရိက္ခာကို ပေးအံ့၊ မထသမျှကာလပတ်လုံး ထိုထမင်း ရိက္ခာ မကုန်၊

၅ သူဌေးကျွန် လယ်သမားပုဏ္ဏ- ထွန်သွားတချောင်းတည်းဖြင့် ထွန်သော် ထိုထွန်ထယ်သွား၏ ဟိုဘက် ဒီဘက် ၇ကြောင်းသောထွန်ရေးစီဖြင့် ၁၅ကြောင်းတို့သည် တပြိုင်နက် ထင်ကုန်၏။

(ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက်နှံ့ရာ၌ရှိသော အမိတဘောဂ သူဌေးကြီး ၅ဦး - အနက်မှ - မေဏ္ဍကသူကြွယ် - ၌ သူကြွယ်အကြောင်း အကျယ်ကို ကြည့်ပါ။)

၁၈ **သူတော်ကောင်း** <u>၆ စု</u>

<u>၁။ သူတော်ကောင်းတယောက် အမျိုး၌ဖြစ်ထွန်းက အကျိုးစီးပွားဖြစ်သော သူ ၈ဦး</u> (သပ္ပုရိသသုတ်၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အမိ၊ အဖ၊ ၂ သား၊ မယား၊ ၃ အမှုလုပ်သမား၊ ၄ အဆွေခင်ပွန်း၊ ၅ သေလွန်ပြီးသော အဆွေအမျိုး၊ ၆ မင်း၊ ၇ နတ်၊ ၈ သမဏဗြာဟ္မဏ။

<u>၂။ သူတော်ကောင်းတရား ၇ပါး</u> (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ သဒ္ဓမ္မသုတ်၊ သမဏဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါ၊ ၂ သတိ၊ ၃ သုတ၊ ၄ ဝီရိယ၊ ၅ ပညာ၊ ၆ ဟိရီ၊ ၇ ဩတ္တပ္ပ။

<u>၃။ သူတော်ကောင်းနှင့် ပေါင်းဖေါ်ရကျိုး ၇ပါး</u> (သဗ္ဘိ- သူတော်ကောင်းတို့နှင့်၊ သဗ္ဘိသုတ်၊ သတုလ္လပကာယိကဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် နတ်သားအများ

လာရောက်၍ တပါးချင်း သူတော်ကောင်းနှင့် ပေါင်းဖော်၍ရသော အကျိုးတချက်စီကို လျှောက်ရာ ၇ခုမြောက်အချက်ကို ဘုရားရှင် ဖြည့်စွက် ဟောကြားတော်မူ၏။ ၁ မြတ်၏ မယုတ်မာ၊ ၂ ပညာရ၊ အခြား သူမိုက်တို့ထံမှ ပညာကို မရနိုင်၊ ၃ ပူဆွေးသူတို့၏အလယ်၌ မပူဆွေးရ၊ ၄ ဆွေမျိုးတို့၏အလယ်၌ တင့်တယ်၊ ၅ ကောင်းသောလားရာ သုဂတိသို့ ရောက်ရ၊ ၆ အမြဲမပြတ် ချမ်းသာစွာနေရ၊ ၇ အလုံးစုံသော ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်၏။

၄။ သူတော်ကောင်းသည် ကောင်းမှုကိုပြုရန် လွယ်ကူ၏။

သူယုတ်မာသည် ကောင်းမှုကိုပြုရန် ခဲယဉ်း၏။

သူယုတ်မာသည် မကောင်းမှုကိုပြုရန် လွယ်ကူ၏။

သူတော်ကောင်းသည် မကောင်းမှုကိုပြုရန် ခဲယဉ်း၏။

"သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။
ပါပံ ပါပေန သုကရံ၊ ပါ ပ မရိယေဟိ ဒုက္ကရံ။"

ရှင်ဒေဝဒတ် သံဃာသင်းခွဲကြောင်း အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားရာတွင် ဘုရားရှင်သည် ဤဥဒါန်းကို ကျူးရင့်တော်မူ၏။ (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၅။ သူတော်ကောင်း ဥစ္စာ ၇ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ သံခိတ္တဓနသုတ်၊ ဓနဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါ၊ ၂ သီလ၊ ၃ သုတ၊ ၄ စာဂ၊ ၅ ပညာ၊ ၆ ဟိရီ၊ ၇ ဩတ္တပ္ပ။

၆။ သူတော်ကောင်း၌ တည်သောတရား / **သာဓုနရတရား ၄ပါး** (ဝိဓုရဇာတ်တော်ကြီး၊ ပန်းရွှေပြည် ဇာတ်တော်ကြီးဆယ်ဘွဲ့ပေါင်းချုပ်၊ ဦးခင်မောင်ကြီး၊ ရန်ကုန်တက္ကသိုလ်။

ဘုရားအလောင်း ဝိဓုရအမတ်ကြီး ကာဠကဂီရိတောင်ထိပ်၌ ကစ္စည်းလုလင်အယောင်ဆောင် ပုဏ္ဏကဘီလူး စစ်သူကြီးအား ဟောသောတရားဖြစ်သည်။

၁ သွားသောသူနောက်သို့ အစဉ်လိုက်ခြင်း - အကြင်သူသည် အတူတကွ မနေ မတွေ့ မမြင် မသိကျွမ်းဘူးပါလျက် မိမိကို နေရာပေးခြင်း၊ ခဲဘွယ်ဘောဇဉ် ပေးခြင်းစသော ဧည့်ဝတ်ပြုသူအား ထိုသူကဲ့သို့ အစဉ်လိုက်၍ ကျေးဇူးတုံ့ရာ၏။

၂ စိုစွတ်သောလက်ကို မသွေ့ခြောက်စေလင့် - အကြင်သူ၏အိမ်၌ တညဉ့်မျှလည်း တည်းနေဖူးအံ့၊ ထမင်း အဖျော်စသည်တို့ကိုလည်း နည်းနည်းများများ ရအံ့၊ ထိုသူအား စိတ်ဖြင့်မျှလည်း မပြစ်မှားအပ်၊ ပြစ်မှားက စွတ်သောလက်ကို ခြောက်သွေ့စေသည်၊ ပူလောင်စေသည် မည်၏။

၃ ခင်ပွန်းကောင်းကို တရံတဆစ်မျှ မပြစ်မှားရာ - အကြင်သူသည် အကြင်သစ်ပင်၏ အရိပ်၌ နေဖူး အိပ်ဖူးအံ့၊ ထိုသစ်ပင်၏ အကိုင်းအခက်တို့ကို မဖျက်ဆီး မချိုးဖဲ့ရာ၊ မိမိကိုယ် စိတ်တို့ကို ချမ်းသာစေသဖြင့်

'ခင်ပွန်း' မည်သော သစ်ပင်သော်မှ မဖျက်ဆီးရပေရာ အသက်ရှိသောလူတို့ကိုမူကား မပြစ်မှားအပ်သည်သာ၊

၄ သူတော်မဟုတ် ယုတ်သောမိန်းမအလိုသို့ မလိုက်ရာ - မိမိအား ကြင်သည်ဟု အကောင်းထင်၍ အကောက်ကြံတတ်သော မိန်းမယုတ်တို့၏ အလိုကိုလိုက်၍ မကောင်းမှုကို မပြုအပ်၊ မဆင်မခြင် ပြုမှားမိက စီးပွားမထင် ပင်ပန်းတတ်ချေ၏။

ဤသာဓကရတရား ၄ပါးနှင့် ပြည့်စုံက သူတော်ကောင်းမည်၏၊ မပြည့်စုံက သူယုတ်မာမည်၏။

၁၉ သူယုတ် / သူယုတ်မာ <u>၃ စု</u>

<u>၁။ သူယုတ် ၅မျိုး</u> (သုဓါဘောဇနဇာတ်၊ အသီတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မိန်းမတို့ကိုညှဉ်းဆဲသူ၊ ၂ သူတပါးမယားကိုပြစ်မှားသူ၊ ၃ အဆွေခင်ပွန်းကိုပြစ်မှားသူ၊ ၄ ရသေ့ ရဟန်းတို့ကို ကျိန်ဆဲရေရွတ်သူ၊ ၅ ဝန်တိုတတ်သူ။

<u>၂။ သူယုတ်မာ တရား ၇ပါး</u> (ခုဒ္ဒကဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

သူတော်ကောင်းတရား ၇ပါး အပြန် ဖြစ်၏။ ၁ သဒ္ဓါတရား မရှိ၊ ၂ (အကုသိုလ်တရားလုပ်ရန်) အရှက် မရှိ၊ ၃ (အကုသိုလ်တရား လုပ်ရန်) အကြောက်အလန့် မရှိ၊ ၄ အကြားအမြင် နည်း၊ ၅ ပျင်းရိ၏၊ ၆ သတိလွတ်ကင်း၊ ၇ ပညာမဲ့၏။

<u>၃။ သူယုတ်မာ ပြုကြောင်း / မည့်ကြောင်း တရား ၃၄ပါး</u> (ဝသလ- သူယုတ်၊ **ဝသလသုတ်**၊ ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အဂ္ဂိကဘာရဒွါဇ ပုဏ္ဏားအိမ်သို့ ဆွမ်းခံကြွရာ မီးပူဇော်ရန် နို့ဃနာထောပတ် စသည်တို့ကို ပြင်ဆင်ထား၊ ဘုရားရှင်ကို မြင်လျှင် ပုဏ္ဏားက သူယုတ်ရပ်လော့ ဟု ဆိုရာ ဘုရားရှင်က သူယုတ်၏အဖြစ်၊ သူယုတ်အဖြစ်ကို ပြုတတ်သောတရားတို့ကို သိသလော? ဟု မေး၊ မသိကြောင်းနှင့် ဟောပါရန် လျှောက်သဖြင့် ဤတရားတော်ကို ဟောတော်မူ၏။

၁ အမျက်ထွက်တတ်၊ ၂ ရန်ငြိုးဖွဲ့တတ်၊ ၃ ယုတ်မာသည်ဖြစ်၍ သူ့ကျေးဇူးကို ချေဖျက်တတ်၊ ၄ လှည့်ပတ်တတ်၊ ၅ တကြိမ်ဖွား လူ၊ ၂ကြိမ်ဖွား ငှက်တို့ကို ညှဉ်းဆဲသတ်ဖြတ်၊ ၆ သတ္တဝါတို့၌ သနားကြင်နာမှု မရှိ၊ ၇ ရွာ၊ နိဂုံးတို့ကို ဖျက်ဆီးသူ၊ ၈ ရွာ၊ တော၌ ပိုင်ရှင်မပေးသော ဝတ္ထုကို ခိုးယူလိုသော စိတ်ဖြင့်ဆောင်သူ / ခိုးသူ၊ ၉ ကြွေးမြီယူပြီး မြီရှင်တို့ကတောင်းသော် သင့်ကြွေးမြီ ငါ့ထံ၌ မရှိဆိုကာ ထွက်ပြေးသူ၊ ၁၀ အနည်းငယ်သော ဥစ္စာဟူသော အကြောင်းကြောင့် ခရီးသွားနေသူကို သတ်၍ယူသူ။

၁၁ မိမိကို သက်သေထားသော် မိမိ၏ဖြစ်စေ၊ သူတပါး၏ဖြစ်စေ ဥစ္စာကြောင့် မုသားဆိုသူ၊ ၁၂ ဆွေမျိုးမိတ်ဆွေတို့၏ မယားတို့၌ အနိုင့်အထက်ဖြစ်စေ၊ ၂ဦး သဘောတူ ချစ်၍ဖြစ်စေ လွန်ကျူးပြစ်မှားသူ၊ ၁၃ မိအို၊ ဖအိုတို့ကို ကျွေးမွေးပြုစုနိုင်သူ ဖြစ်လျက် မကျွေးမွေး မပြုစုသူ၊ ၁၄ အမိ၊ အဖ၊ အကို၊ ညီ၊ အမ၊ နှမ၊ ယောက္ခမ မိန်းမသူ၊ ယောက္ခမယောက်ျားသူကို ရိုက်နှက်သူ၊ ၁၅ ၎င်းတို့ကို ကြမ်းတမ်းသောစကားဖြင့် ညှဉ်းဆဲသူ၊ ၁၆ အကျိုးစီးပွားကို မေးပါလျက် စီးပွားမဲ့ကို ပြောသူ၊ ၁၇ မေးသူ မသိနိုင်အောင် လျှို့ဝှက်သောစကားဖြင့် ပြောသူ၊ ၁၈ ယုတ်မာသောအမှုကို ပြုပြီး ငါ့ကို သူတပါး မသိပါစေလင့်ဟု အလိုရှိသူ၊ ၁၉ မိမိပြုသော ယုတ်မာသောအမှု၊ မကောင်းမှုကို ဖုံးလွှမ်းသူ၊ ၂၀ သူတပါးအိမ်၌ မွန်မြတ်သော ဘောဇဉ်ကို စားပြီး မိမိအိမ်သို့လာသူကို အတုံ့အပြန် မကျွေးမွေး။

၂၁ ဗြာဟ္မဏ၊ သမဏ၊ ဖုန်းတောင်းယာစကာတို့ကို ပစ္စည်း ၄ပါးဖြင့် ဖိတ်ပြီး မုသားဆို၍ လှည့်ပတ်သူ၊ ၂၂ ထမင်းစားချိန်ရောက်သော် ဗြာဟ္မဏ၊ သမဏတို့ကို စကားဖြင့် ခြုတ်ခြယ်ပြီး မပေးသူ၊ ၂၃ တစုံတခုသော ဝတ္ထုကို ရှာသော် မောဟဖြင့်မြှေးယှက်၍ မသူတော်စကားကို ပြောဆိုသူ၊ ၂၄ မိမိကိုယ်ကို ချီးမြှောက်၍ သူတပါး ကို ရှုတ်ချတတ်သည့် မာနရှိသူ၊ ၂၅ ခြုတ်ခြယ်တတ်သူ၊ ၂၆ သူတပါးပေးလှူသည်ကို ဝန်တိုတတ်သူ၊ ၂၇ ယုတ်မာသော အလိုရှိသူ၊ ၂၈ ဝန်တိုစေးနဲသူ၊ ၂၉ စဉ်းလဲကောက်ကျစ်သူ၊ ၃၀ အရှက်မရှိသူ၊ ၃၁ အကြောက်မရှိသူ၊ ၃၂ မြတ်စွာဘုရားကို သဗ္ဗညုမဟုတ်ဟု စွပ်စွဲသူ၊ ၃၃ ဘုရားတပည့်ဖြစ်သောရဟန်း၊ ပရိဗိုဇ်နှင့် လူတို့ကို ရေရွှတ် စွပ်စွဲသူ၊ **၃၄** ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ဝန်ခံသူ။ ဤရဟန္တာဟု မဟုတ်ပဲ ဝန်ခံသူသည် လောက၌ အယုတ်မာဆုံး ခိုးသူကြီးပေတည်း။

အမျိုးဇာတ်ကြောင့် သူယုတ်မာ၊ ဗြာဟ္မဏ မဖြစ်နိုင်၊ မိမိပြုသောအမှုကြောင့်သာ အသီးသီး ဖြစ်ကြရ၏။ ပုဏ္ဏားကြီးက တရားတော်ကိုနှစ်သက်ပြီး ဘုရားရှင်ကို သူ့အား ဥပါသကာမှတ်တော်မူပါဟု လျှောက်၏။

၂၀ **သူသေမြှုပ်ရာနေရာ** ၄ ခု

<u>၁။ မသေဖူးသောနေရာ မရှိ။</u> (ဓမ္မပဒ ၄။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

သတ္တဝါများ မသေဖူးသောနေရာ မရှိ။

<u>၂။ သူသေကောင် မမြှုပ်ဖူးသောနေရာမရှိ။</u> (ဥပသာဠကဇာတ်၊ သန္တဝဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် မိစ္ဆာအယူရှိ ဥပသာဠကပုဏ္ဏားသူကြွယ် သားနှင့်အတူ သူသေမမြှုပ်ဖူးသော သန့်ရှင်းသောနေရာကို လိုက်ရှာရာ ဂိဇ္ဈကုဋ်တောင်ထိပ် တောင်ကုန်း ၃ကုန်းအကြား နေရာကို တွေ့ရှိသတ်မှတ်ပြီး ပြန်အဆင်းတွင် ဘုရားရှင်က အကြောင်းကိုမေးပြီး သိရှိသော် ရှေးကလည်း ဒီနေရာမှာ သင်္ဂြိုဟ်ဖို့ ပြောခဲ့ဘူးပြီဟုမိန့်၊၊

<u>အတိတ်</u>ကိုဟော၊ ဘုရားလောင်း အဘိညာဉ်ရ ရှင်ရသေ့ဖြစ်၊ ယခု ပုဏ္ဏားသားအဖသည်လည်း

ထိုစဉ်က ပုဏ္ဏားသားအဖပင်ဖြစ်၊ ဝတ္ထုကြောင်းအတူတူပင်၊ ရသေ့က အဘိညာဉ်ဖြင့်ကြည့်၍ ဤနေရာတွင် ပင် သင်္ဂြိုဟ်သောသူ၏ အတိုင်းအရှည်သည်မရှိ၊ ဥပသာဋက ပုဏ္ဏားအမည်နှင့်ပင် ဘဝပေါင်း **တသောင်း ၄ထောင်**တိုင် မြှုပ်ခဲ့ဘူး၊ ဤကမ္ဘာမြေပေါ်တွင် သူသေမမြှုပ်ဖူးသော နေရာ၊ သုသာန်သင်္ချိုင်း မလုပ်ဖူးသော နေရာ၊ သူ မသေဖူးသော နေရာဟူ၍မရှိဟု မိန့်၏။

၃။ သူသေမြှုပ်ရာ ဤတနေရာတည်း၌ပင် နာမည်တူသမီး ၈သောင်း၄ထောင် မြှုပ်ဘူးပြီ။ (ဥဗ္ဗိရိထေရီဂါထာ၊ တိကနိပါတ်၊ ထေရီဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကောသလမင်း၏ မိဖုယားဥဗ္ဗိရိ- နောင်အခါ ဥဗ္ဗိရိထေရီအရှင်မ ဖြစ်လာသူသည် သမီးကလေးဇီဝါ ကွယ်လွန်သဖြင့် သုသာန်သို့နေ့စဉ်သွား၍ငို၊ ဂန္ဓကုဋီမှ ဘုရားရှင်မြင်သော် ကိုယ်ထင်ပြ၍တရားဟော "ဥဗ္ဗိရိ သင်သည် မိမိကိုယ်ကို သိအောင်ပြုပါဦးလော့၊ **၈သောင်း၄ထောင်**သော ဇီဝါအမည်ရှိ သင်၏သမီးအားလုံး တို့ကို ဤသင်္ချိုင်း တခုတည်း၌ပင် ဖုတ်ကြည်း သင်္ဂြိုဟ်ဘူးပြီ၊ ၎င်းတို့တွင် အဘယ်မည်သော သမီးကို သင် စိုးရိမ်ပူဆွေးဘိသနည်း?"

၄။ သူသေမြှုပ်ရာ ဤတနေရာတည်း၌ပင် နာမည်တူဗြဟ္မဒတ်မင်း ၈သောင်း၆ထောင် မြှုပ်ဘူးပြီ။ (ဥဗ္ဗရီပေတဝတ္ထု၊ ဥဗ္ဗရိဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဥဗ္ဗရိမိဖုယားသည် ပဉ္စာလတိုင်းအရှင် ဗြဟ္မဒတ်မင်း နတ်ရွာစံလေသော် သုသာန်သို့သွား၍ ငိုကြွေး။ အကျင့်ပညာနှင့် ပြည့်စုံသော ရသေ့တဦးသည် ထိုသုသာန်ရှိလူများအား ဤသင်္ချိုင်းသည် အဘယ်သူ၏ သင်္ချိုင်းနည်း?၊ ငိုနေသူသည် အဘယ်သူ၏ မယားနည်း? ဟုမေး။ လူများက ဗြဟ္မဒတ်မင်း၏သင်္ချိုင်းဖြစ်ပြီး ငိုနေသူသည် ဗြဟ္မဒတ်မင်း၏ မယားဖြစ်ကြောင်း လျှောက်ကြ။ ဤသင်္ချိုင်း၌ ဗြဟ္မဒတ်ဟူသော အမည်ရ သူတို့သည် ၈သောင်း ၆ထောင် ရှိ၏၊ ၎င်းတို့တွင် အဘယ်ဗြဟ္မဒတ်ကို စွဲမှီ၍ ပူဆွေးသနည်းဟု ရသေ့ကမေး။

ထိုအခါ မိဖုယားက စူဠနီမင်း၏ သား ပဉ္စာလတိုင်းသူတို့၏ ဗြဟ္မဒတ်မင်း ထိုလင်ကို စွဲမှီ၍ ပူဆွေးပါ၏ဟု ဖြေ။ ရသေ့က အလုံးစုံသော **၈သောင်း ၆ထောင်သော** မင်းတို့သည် ဗြဟ္မဒတ်အမည်ရှိ၍ ပဉ္စာလတိုင်းသူတို့၏ မင်းဖြစ်သော စူဠနီမင်း၏ သားတော်တို့ချည်း၊ သင်သည် ထိုအလုံးစုံသော ဗြဟ္မဒတ်မင်းတို့၏ အစဉ်အဆက် မိဖုယားကြီး ဖြစ်ခဲ့၏၊ သို့ဖြစ်ပါလျက် အဘယ်ကြောင့် ရှေးလင်ဟောင်း ဖြစ်သော ဗြဟ္မဒတ်မင်းကို စွန့်လျက် နောက်ဗြဟ္မဒတ်မင်းကို စွဲ၍ ပူဆွေးဘိသနည်း? ။ 'ရှည်စွာသော ကာလပတ်လုံး မိန်းမသားချည်းသာ ဖြစ်ပါသလော?' 'တရံတခါ ယောကျ်ား၊ တရံတခါ တိရိစ္ဆာန် ဖြစ်ခဲ့၏၊ ဤသို့ သင်၏ လွန်ပြီးသောဘဝ အပိုင်းအခြားသည် ပညာစက္ခုဖြင့် ကြည့်သော်လည်း မထင်နိုင်ပေ။'

ဥဗ္ဗရိမိဖုယားသည် ရသေ့၏ ကောင်းစွာဟောကြားရသော တရားကို နာကြားရပြီးနောက် ရသေ့ ရဟန်းဘောင်သို့ ဝင်ရောက်။ မေတ္တာစိတ် ပွား။ ဥရုဝေလရွာ၌ သေပြီးနောက် မိန်းမအဖြစ်၌ တပ်စွဲသာယာ စိတ်ကို ကင်းလျက် ဗြဟ္မာ့ပြည်သို့ ရောက်၏။

၂၁ <u>သေခါနီး၌ နတ်ပြည် ၆ထပ်လုံးမှ နတ်ရထားများဖြင့်လာခေါ်ရာ</u> ခေတ္တနေကြပါဦးဟု ဓမ္မိက ဥပါသကာကြီးကပြောရာ ၎င်း၏ဆန္ဒအရ ရဟန်းတော်များက မဟာသတိပဋ္ဌာန်ဒေသနာတော်ကို သရဇ္ဈာယ်နေရာမှ သူတို့အား တားသည်မှတ်၍ ပြန်သွားစဉ် ဥပါသကာကြီး သတိရလာသော် သားသမီးများ က အကြောင်းမေးသဖြင့် ပြန်ပြောပြသောအခါ ဘုရားအလောင်းတော်တို့စံရာ တုသိတာနတ်ပြည်သို့ သွားသင့်ကြောင်း ပြောကြ၍ ပန်းကုံးကို အဓိဋ္ဌာန်ဖြင့် တုသိတာနတ်ရထား၌ ချိတ်စွပ်စေပြီး စုတေသော် တုသိတာနတ်ပြည်၌ ဖြစ်သော **ဓမ္မိကဥပါသကာ** (ဓမ္မိကဥပါသကဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)။

## ၂၂ သေခြင်း / သေမင်း / သေသူ <u>၁၄ စု</u>

<u>၁။ သေခြင်း / **သေမင်း**</u> (၁။ မာရသုတ်၊ ပဌမဝဂ် နှင့် ၂။ မာရသုတ်၊ ဒုတိယဝဂ်၊ ရာဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူနေစဉ် အရှင်ရာဓမထေရ် မေး၍ ဘုရားရှင် ဟောပြဖြေကြားတော်မူသည်။

ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် - **ခန္ဓာ ၅ပါး)** ရှိလျှင် ၁ သေခြင်း၊ ၂ သေစေသူ / သေမင်း၊ **၃** သေသူ ရှိ၏။ ထို့ကြောင့် ရုပ် (ခန္ဓာ ၅ပါး) ကို ၁ သေခြင်းတရား၊ ၂ သေစေသူ၊ ၃ သေသူ၊ ၄ ရောဂါ၊ ၅ အနာ၊ ၆ ငြောင့်၊ ၇ ဆင်းရဲ၊ **၈** ဆင်းရဲကြောင်း ဖြစ်၏ဟု ရှုလော့။

တိုသို့ ကောင်းစွာရှုသူသည် ရုပ် (ခန္ဓာ ၅ပါး) ၌ ငြီးငွေ့ခြင်း အကျိုးရှိ၏။ ၎င်းအကျိုးသည် စွဲမက်မှု ကင်းခြင်း အကျိုးရှိ၏။ ၎င်းအကျိုးသည် လွတ်မြောက်ခြင်း အကျိုးရှိ၏။ ၎င်းအကျိုးသည် နိဗ္ဗာန်သို့ ရောက်ခြင်း အကျိုးရှိ၏။ ဤခန္ဓာ ၅ပါးကို ကောင်းစွာရှုမှုတည်းဟူသော မြတ်သောအကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏။ နိဗ္ဗာန်လျှင် လည်းလျောင်းရာ ရှိ၏။ နိဗ္ဗာန်လျှင် အဆုံး ရှိ၏။

<u>ဒုတိယသုတ်၌</u> အရှင်ရာဓမထေရ်၏အမေးကို ဘုရားရှင်သည် ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် - **ခန္ဓာ ၅ပါး**) သည် သေခြင်းတရားဟု ဟောတော်မူ၏။

<u>၂။ သေခြင်းနီးသောကာလ သေခါနီး ထင်လာသော အာရုံ/နိမိတ် ၃မျိုး</u> (ဝိဘင်းပါဠိတော်။ ၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာ တော်ကြီး။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ကံနိမိတ်အာရုံ- ပြုခဲ့သော ကုသိုလ် အကုသိုလ် ကံအမှုများ ယခုပင် ပြုနေရဘိသို့ ထင်လာ မြင်လာခြင်း၊

၂ ကမ္မနိမိတ်အာရုံ- ရှေးယခင်က ကုသိုလ် အကုသိုလ်အမှုများပြုရာတွင် ပါခဲ့သော အဆောက် အအုံ၊ ပစ္စည်းများ၊ ကိရိယာများ ထင်မြင်လာခြင်း၊

၃ ဂတိနိမိတ်အာရုံ- ထိုကံကြောင့် လူ့ဂတိ၊ နတ်ဂတိ၊ ငရဲဂတိ၊ တိရစ္ဆာန်ဂတိ၊ ပြိတ္တာဂတိ စသော **ဂတိ ၅ခု** အနက်မှ မိမိလားရမည့်၊ ရောက်တော့မည့်ဘဝဂတိ၌ တွေ့ရှိ၊ ခံစံရမည့် အရာဝတ္ထု၊ ပစ္စည်းများ တည်းဟူသောအာရုံများ တင်လာခြင်း။

သေခါနီး သတ္တဝါတို့မှာ ဘုရား၊ ရဟန္တာမှတပါး **မည်သူမဆို** ဤအာရုံတို့ ထင်ကြသည်။ သတ္တဝါတို့ သေခါနီး၌ မိမိလားရာဂတိကို အချက်ပြပေးသော အာရုံနိမိတ်များဖြစ်သည်။ ထိုထင်သောအာရုံသည် အခြားမဲ့နောက်ဘဝ၌ လိုက်ပါ ထင်မြင်နိုင်လောက်အောင် အားရှိစွာ ယူပြီးမှ ဤဘဝက စုတေကြမြဲ ဖြစ်သည်။

၃။ သေခြင်း- မရဏ ၃မျိုး (ဝိသုဒ္ဓိမဂ်။ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ သမ္မုတိမရဏ- ဘုရား၊ ရဟန္တာမှကြွင်းသော သတ္တဝါတို့၏ တဘဝ၌ အကျုံးဝင်သော ဇီဝိတိန္ဒြေ သန္တာန်အစဉ် ပြတ်ဆဲ သေဆုံးခြင်း / မောင်ဝသေပြီ၊ မဝါသေပြီ စသည်မျိုး (အောက်ပါ အမှတ်၄ သမ္မုတိမရဏ ၄မျိုးကိုလည်း ကြည့်ပါရန်)၊

၂ ခဏိကမရဏ- ရုပ်၊ နာမ်ဓမ္မတို့၏ မိမိတို့ ဘင်ခဏသို့ ရောက်ရှိကြသဖြင့် သေဆုံးပျက်စီးခြင်း / မပြတ် ပျက်စီးနေမှု၊

၃ သမုစ္ဆေဒမရဏ- ရုပ်၊ နာမ်ဓမ္မတို့၏ နောက်ဆုံးပျက်စီးခြင်း ပရိနိဗ္ဗာန / ရဟန္တာပုဂ္ဂိုလ်တို့၏ ဝဋ်ဆင်းရဲကို အကြွင်းမဲ့ အမြစ်ပြတ် ဖြတ်တောက်သွားသော သေခြင်း / ရဟန္တာပုဂ္ဂိုလ်တို့ ၏ သေဆုံးခြင်း။

၄။ သမ္မုတိမရဏ သေခြင်း ၄ မျိုး (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ အာယုက္ခယမရဏ- သက်တမ်းကုန်သဖြင့် ကံအစွမ်းရှိသေးသော်လည်း သေခြင်း၊

၂ ကမ္မက္ခယမရဏ- အသက်တမ်း ကျန်သေးသော်လည်း ကံစွမ်းကုန်၍ သေခြင်း၊

၃ ဉဘယက္ခယမရဏ- အသက်တမ်း၊ ကံစွမ်း ၂ပါးစုံ ကုန်၍ သေခြင်း၊

၄ ဉပစ္ဆေဒကမရဏ- အသက်တမ်း၊ ကံစွမ်း ၂ပါး ကျန်ရှိသေးသော်လည်း ဉပစ္ဆေဒက အကုသိုလ် ကံဆိုးက ဝင်ရောက် ဖြတ်တောက်သဖြင့် သေခြင်း။

၅။ သေခြင်းလက္ခဏာ ၃ပါး (မဟာဝေဒလ္လသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ဖေဏပိဏ္ဍူပမသုတ်၊ ပုပ္ဖဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ဝိဇယသုတ်၊ သုတ္တနိပါတ် ၄)

ဤကိုယ်သည် ဤတရား ၃ပါးတို့ စွန့်သွားသောအခါ စိတ်မရှိသောထင်းကဲ့သို့ စွန့်လွှတ်ပစ်ချထား၍ လည်းလျောင်းရသည်။ စိတ်စေတနာ စေ့ဆော်မှု မရှိပဲ ပိုးလောက်တို့၏ အစာဖြစ်၏။

၁ အသက် ဇီဝိတိန္ဒြေ၊ ၂ ကိုယ်ငွေ့ ကမ္မဇတေဇောဓါတ်၊ **၃** စိတ် ဝိညာဏ်တရား။

၆။ သေခြင်း အကြောင်းများ ၃ ခု

၁။ ၈ပါး (အကာလမရဏပဥှာ၊ ဝေဿန္တရဝဂ်၊ အနုမာနပဥှာ၊ မိလိန္ဒပဥှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ လေ ဖေါက်ပြန်ခြင်းကြောင့်၊ ၂ သည်းခြေ ဖေါက်ပြန်ခြင်းကြောင့်၊ ၃ သလိပ် ဖေါက်ပြန်ခြင်းကြောင့်၊ ၄ လေ၊ သည်းခြေ၊ သလိပ် ပေါင်းဆုံစုဝေးခြင်း- သန္နိပါတ်ကြောင့်၊ ၅ ဖေါက်ပြန်သော ဥတုကြောင့်၊ ၆ မညီညွတ်သော အစားအစာကြောင့်၊ ၇ သူတပါး လုံ့လပယောဂကြောင့်၊ ၈ ကံ၏ အကျိုးကြောင့်။ ကံ၏ အကျိုးသည်သာ အခါကာလနှင့်ယှဉ်သော သေခြင်း ဖြစ်၏။

၂။ ၈ ပါး (ဒုတိယမရဏဿတိသုတ်၊ ယမကဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများကိုက်ခံရခြင်း၊ ၂ ချော်လဲခြင်း၊ ၃ အစာမကျေပဲ ဖေါက်ပြန်ခြင်း၊ ၄ သည်းခြေပျက်ခြင်း၊ ၅ သလိပ်ပျက်ခြင်း၊ ၆ လေသင်ဓုန်းဖြတ်ခြင်း၊ ၇ လူတို့က လုံ့လပြုသဖြင့် သေရခြင်း၊ ၈ လူမဟုတ်သူ ဘီလူးတို့ကလည်း လုံ့လပြုသဖြင့် သေရခြင်း။

၃။ ၁၁ ပါး (သတ္တုဘသ္တ- မုန့်အိတ်ဇာတ်၊ ကုက္ကုဝဂ်၊ သတ္တကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သမုဒ္ဒရာ၌ငုပ်သူ၊ ၂ သမုဒ္ဒရာ၌ ငါးရဲတို့ဖမ်းခံရသူ၊ ၃ ဂင်္ဂါ၌ကူးသူ၊ ၄ ဂင်္ဂါ၌ မိကျောင်းဖမ်းခံရသူ၊ ၅ သစ်ပင်မှ ကျခြင်း၊ ၆ ဆူးစူးခြင်း၊ ၇ အထူးထူးသောလက်နက်တို့ဖြင့်ငင်း၊ ၈အဆိပ်စား၍ငင်း၊ ၉ သေဆွဲ၍ငင်း၊ ၁၀ ကမ်းပါးပြတ်မှကျခြင်း၊ ၁၁ အချမ်းစသော အထူးထူးအပြားပြားသော ရောဂါများကြောင့်။

၇။ သေခြင်း၌ ဆင်ခြင်အပ်သော ဘေး ၃မျိုး - ၂ ခု

၁။ (ဥပနီယ- အနီးသို့ဆောင်၊ ဥပနီယသုတ်၊ နဠဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ဥတ္တရသုတ်၊ အနာထပိဏ္ဍိကဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အိုခြင်းတရားသည် အသက်ကို သေခြင်းအနီးသို့ ဆောင်၏၊

၂ သတ္တဝါတို့၏ အသက်သည် အနည်းငယ် တို၏၊

၃ အိုခြင်းတရားသည် သေခြင်းအနီးသို့ ဆောင်အပ်သူအား ကိုးကွယ်ရာမရှိ၊ နိဗ္ဗာန်ကို အလိုရှိသူသည် ထိုကြောက်ဖွယ်ဘေး ၃မျိုးကိုရှု၍ လောကပိသ- တေဘူမကဝဋ်ကို စွန့်ရာ၏။

၂။ (အစ္စေန္တိ- လွန်သော၊ အစ္စေန္တိသုတ်၊ နဠဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ နန္ဒသုတ်၊ နာနာတိတ္ထိယဝဂ်၊ ဒေဝပုတ္တသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အချိန်အခါတို့သည် ပုဂ္ဂိုလ်ကို လွန်ကုန်၏၊

၂ ညဉ့်တို့သည် ပုဂ္ဂိုလ်ကို လွန်ကုန်၏၊

၃ ပဌမ၊ မဇ္ဈိမ၊ ပစ္ဆိမအရွယ်အစုတို့သည် ပုဂ္ဂိုလ်ကို အစဉ်အတိုင်း စွန့်ကုန်၏၊ ငြိမ်းချမ်းရာနိဗ္ဗာန်ကို

အလို ရှိသူသည် ထိုကြောက်ဖွယ်ဘေး ၃မျိုးကိုရှု၍ လောကပါလ- တေဘူမကဝင်္ဂကို စွန့်ရာ၏။

## ၈။ သေခြင်းကို ကြောက်သူ / မကြောက်သူ ၃ စု

၁။ သေခြင်း / တမလွန်လောကကို မကြောက်သူ၏ တရား ၄ပါး (ဘီတာသုတ်၊ ဆေတ္ထာဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ယက္ခသုတ်၊ အာဠဝကသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁နှုတ်နှင့်၊ ၂စိတ်ကို ကောင်းစွာဆောက်တည်၍၊ ၃ကိုယ်ဖြင့် မကောင်းမှုတို့ကို မပြုသူသည် ၁ သဒ္ဓါတရားရှိခြင်း၊ ၂ နူးညံ့ခြင်း၊ ၃ ခွဲခြားဝေဖန်လေ့ရှိခြင်း၊ ၄ ပြောဆိုမှု၌လိမ္မာခြင်းတရား / သူတော်ကောင်းတို့ ဆုံးမစကားကို နားလည်မှု၊ နာခံမှုရှိခြင်းဟူသော ဤတရား ၄ပါး၌တည်က တမလွန် လောကကို မကြောက်။

၂။ သေခြင်း / တမလွန်လောကကို မကြောက်သူ၏ အကျင့်တရား ၉ပါး (ဥဒယဘဒ္ဒဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ကိုယ် နှုတ် နှလုံး ကောင်းစွာဆောက်တည်၍ မကောင်းမှုမပြု၊ ၂ ထမင်း အဖျော်လှူ၊ ၃ သဒ္ဓါတရားနှင့် ပြည့်စုံ၊ ၄ နူးညံ့သောစိတ်ရှိ၊ ၅ အလှူအဖို့ကိုခွဲဝေ၊ ၆ ဆုံးမခြင်းကိုသိ၊ ၇ သင်္ဂဟဝတ္ထု၄ပါးထိုဖြင့်သင်္ဂြိုဟ်၊ ၈ ချစ်ဖွယ်သောစကားကို ဆို၊ ၉ ပြေပြစ်သောစကား ရှိ။

၃။ သေရမှာကြောက်သူ ၄ဦးနှင့် မကြောက်သူ ၄ဦး (အဘယသုတ်၊ ဗြာဟ္မဏဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ဇာဏုသောဏိပုဏ္ဏားကို ဟောတော်မူသည်။

| သေရမှာကြောက်သူ | သေရမှာ မကြောက်သူ |
|---|---|
| ၁ ကာမဂုဏ်တို့ကို ချစ်မြတ်နိုးသူ၊ | ၁ မချစ်သူ၊ |
| ၂ မိမိကိုယ်ကို ချစ်မြတ်နိုးသူ၊ | ၂ မချစ်သူ၊ |
| ၃ ကောင်းမှု မပြုရသေးသူ၊ | ၃ ပြုပြီးသူ၊ |
| ၄ သူတော်ကောင်းတရား၌ ယုံမှား၍ မဝေခွဲနိုင်သူ၊ | ၄ မယုံမှားပဲ ဝေခွဲပိုင်းခြား၍ သိသူ။ |

၉။ သေခြင်းတရားမှ မလွတ်နိုင်။ (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကပိလဝတ်ပြည် ဘုရားရှင် ၁၅ခုမြောက်ဝါဆိုစဉ် ဦးရီးတော်ဖြစ်သူ ယသောဓရာထေရီမကြီး၏ ခမည်းတော် သုပ္ပဗုဒ္ဓမင်း မြေမျိုခြင်းနှင့်စပ်၍ -

၁ ကောင်းကင်၌ တည်သောသူ၊ ၂ သမုဒ္ဒရာအလယ်၌ တည်သောသူ၊ ၃ တောင်တို့၏ အပေါက်အခေါင်းအတွင်းဝင်၍ တည်သူတို့ သေခြင်းတရားမှ မလွတ်နိုင်။ သေခြင်းတရား မနှိပ်စက်နိုင်သော မြေအရပ်သည် ဆံဖျား တထောက်မျှ မရှိချေဟု ဘုရားရှင် ဟောတော်မူ၏။

၁၀။ သေမင်းတမန် ၂၈

၁။ သေမင်းတမန် ၃မျိုး (ဒေဝဒူတသုတ်၊ ဒေဝဒူတဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အိုသူ၊ ၂ နာသူ၊ ၃ သေသူ။

၂။ **ဒေဝဒူတသုတ်တော်**လာ သေမင်းတမန် ၅တန် (ဒေဝဒူတသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသ ပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ငရဲထိန်းတို့က ငရဲကျမည့်သူ၏ လက်မောင်းတဖက်စီကိုင်၍ ယမမင်းအားပြော "ဤသူသည် [၁]အမိ၊ [၂]အဖ၊ [၃]သမဏ၊ [၄]ဗြာဟ္မဏတို့၌ ကောင်းစွာမကျင့်၊ [၅]အမျိုးရှိ ကြီးသူတို့အား မရိုသေ၊ ဒဏ်တပ်ပါလော့။"

၁ ပဋိသန္ဓေနေခြင်းသဘော- ကလေးသူငယ်လူမမယ် ပက်လက်အရွယ်တွင် မိမိကျင်ကြီး၊ ကျင်ငယ်၌ လူးလည်းအိပ်စက်နေသည်ကို တွေ့ဘူးသလော?၊

၂ အိုခြင်းသဘော- [၁]အိုမင်းရင့်ရော်သော၊ [၂]ကုန်းကိုင်းသော၊ [၃]တောင်ဝှေးသာ မှီခိုရာရှိသော၊ [၄]တုန်တုန်ရီရီ သွားနေသော၊ [၅]ကျင်နာသော၊ [၆]အရွယ်လွန်သော၊ [၇]သွားကျိုးသော၊ [၈]ဆံပင်ဖြူသော၊ [၉]ဆံပင်ကျွတ်ပြတ်၍ ဦးခေါင်း ပြောင်နေသော၊ [၁၀]အရေတွန့်သော၊ [၁၁]ကိုယ်၌မှည့်မည်းစွဲနေသော သူအိုကို တွေ့ဘူးသလော?၊

၃ ဖျားနာခြင်းသဘော- [၁]အနာရောဂါနှိပ်စက်သော၊ [၂]ဆင်းရဲဒုက္ခရောက်နေသော၊ [၃]ပြင်းစွာ နာကျင်သော၊ [၄]မိမိကျင်ကြီး၊ ကျင်ငယ်၌ လူးလည်းအိပ်စက်နေသော၊ [၅]အခြားသူတို့ကထူမ၍၊ သိပ်၍ ပေးရသောသူနာကို တွေ့ဘူးသလော?၊

၄ မကောင်းမှုကိုပြုကျင့်သောခိုးသူကို မင်းတို့ ဖမ်းယူညှဉ်းပန်းခံရသည်ကို တွေ့၍ မျက်မှောက် ဘဝ၌ ခံရ၏၊ မျက်ကွယ်တမလွန်ဘဝ၌ကား အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်းဟု တွေးမိသလော?၊

၅ သေခြင်းသဘော- [၁]သေ၍တရက်ရှိသော သူသေကောင်၊ [၂]၂ရက်၊ [၃]၃ရက်၊ [၄]ဖူးဖူးရောင်ပုပ်ပွလျက် ကွက်နေသော သူသေကောင်၊ [၅]ရုပ်ဆင်းပျက်ပြားလျက် အညိုအမဲများသော သူသေကောင်၊ [၆]သွေးပြည် ယိုစီးသော သူသေကောင်ကို တွေ့ဘူးသလော?၊

ဤသေမင်းတမန် ၅တန်ကို မေးမြန်းစိစစ်ပြီး၍ ဤတမန် ၅တန်ကိုတွေ့လျက် အမိ၊ အဖ၊ သမဏ၊ ဗြာဟ္မဏ နှင့် အမျိုးထဲမှ ကြီးသူတို့အပေါ်၌ ကောင်းစွာမပြုကျင့်သူ၊ ကောင်းမှုမပြုသူတို့ကို ယမမင်းသည် ဆိတ်ဆိတ်နေတော့၏၊ ထိုသူကို ငရဲတိန်းတို့က ဆွဲယူခေါ်ဆောင် သွားတော့၏။

၁၁။ သေသူကိုတ၍ မငိုကြသူ၅ဦး (ဥရဂ- မြွေဇာတ်၊ မဏိကုဏ္ဍလဝဂ်၊ ပဉ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဥရဂပေတဝတ္ထု၊ ဥရဂဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ပုဏ္ဏားလယ်သမား ဖခင် အလှူပေး၊ သီလစောင့်၊ ဥပုသ်ကျင့်သုံး၊ သေခြင်း၌ အောက်မေ့၍

**မရဏာနုဿတိ** (၁သေခြင်းသည်မြဲ၏၊ ၂အသက်ရှင်ခြင်းသည် မမြဲ၊ ၃ခပ်သိမ်းသောသတ္တဝါတို့သည် အနိစ္စဖြစ်၊ ကုန်ခြင်းပျက်ခြင်းရှိ၏) ဟု ညဥ့်နေ့ပွားကြ၊ သား- အရှင်ရာဟုလာအလောင်း မြွေကိုက်၍သေ၊ မငိုကြ၍ သိကြားမေး။

၁ အဖပုဏ္ဏားလယ်သမား- ဘုရားလောင်းက "မြွေအရေဟောင်းစွန့်၍ သွားသကဲ့သို့ သံသရာ၌ ကျင်လည်ရသော သတ္တဝါသည် သေသည်ရှိသော် မိမိ၏ ဆွေးမြေ့သောကိုယ်ကို စွန့်၍ သွားရ၏၊ မီးလောင် ကျွမ်းနေသောကိုယ်သည် ဆွေမျိုးတို့ငိုသော် မသိ၊ အကြင်ဂတိသို့သွားသော သားအကြောင်းပြု၍ မငို၊ မစိုးရိမ်။"

၂ အမိပုဏ္ဏေးမ- အရှင်မခေမာထေရီအလောင်းက "သားသည် မခေါ်ပဲ ငါတို့အိမ်သို့လာ၏၊ ခွင့်မလွှတ်ပဲ ဘဝတပါးသို့ သွား၏၊ အလိုအလျောက် လာ၍ အလိုအလျောက် သွား၏။"

၃ နှမ- အရှင်မဥပ္ပလဝဏ်အလောင်းက "ငိုလျှင် ကြုံလှီသည်ဖြစ်ခြင်းမှ အဘယ် အကျိုးဖြစ်ရာ သနည်း၊ အကျွန်ုပ်တို့ အဆွေအမျိုး၊ အဆွေခင်ပွန်းတို့သာ လွန်စွာမမွေ့လျော်ခြင်း ဖြစ်ရာ၏။"

၄ မယားက "သေသူကိုစိုးရိမ်သူသည် သူငယ်သည် သွားသောလပြည့်ဝန်းကို မြင်၍ လကိုပေးလော့၊ ပေးလော့ဟု ငိုကဲ့သို့လျှင်တည်း။"

၅ ကျွန်မ- ခုဇ္ဇုတ္တရာအလောင်းက "သေသူကိုစိုးရိမ်၍ ငိုသူသည် ကွဲသောရေအိုးကို တဖန် မစပ်ပြန်သကဲ့သို့တည်း။"

၁၂။ သေသူကို ရည်စူး၍ ပေးလှူအပ်သော အလှူ ၃ စု

၁။ သေသူကိုရည်စူး၍ ပေးလှူအပ်သောအလှူသည် ဆွေမျိုးပြိတ္တာတို့ထံသို့ မိုးရေစီးဆင်းသည့်ပမာ ကောင်းကျိုး ဖြစ်စေနိုင်ကြောင်း အပါအဝင် အမှု ၄ခု ပြသည်မည်၏။ (တိရောကုဍ္ဍ- နံရံခြား နံရံတဖက်၊ တိရောကုဍ္ဍပေတဝတ္ထု၊ ဥရဂဝဂ်၊ ပေတဝတ္ထု ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ တိရောကုဍ္ဍသုတ်၊ ခုဒ္ဒကပါဌ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ပဌမဦးစွာ ရာဇဂြိုဟ်ပြည်သို့ကြွလာရာ ဗိမ္ဗိသာရမင်းကြီး ဆွမ်းဆက်ကပ်၊ ဝေဠုဝန် ဥယျာဥ်လှူကာ အမျှမဝေမိသဖြင့် တိုညတွင် တိုအမျှကို စောင့်မျှော်နေကြသော၊ ဖုဿဘုရားရှင်နှင့် သံဃာ တော်များအလို့ငှါ စီရင်တားသောဆွမ်းဘောဇဉ်တို့ကို အဦးစားသောက်ကြသဖြင့် လွန်ခဲ့သော ၉၂ကမ္ဘာ ထက်ကထဲက ငရဲဘုံများ၌ စုံချည်ဆန်ချည်သွားကာ ဤဘဒ္ဒကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက် တော်ကတည်းက ပြိတ္တာဖြစ်နေကြသော သူ၏ဆွေဟောင်းမျိုးဟောင်းများက အော်ဟစ်ညီးညူသံများ ပြုကြ၊ နောက်နေ့တွင် ဘုရားရှင်ကို လျှောက်ရာ ဘုရားရှင်က အတိတ်ကို ဆောင်၊ အလှူကောင်းမှု ပြုစေ၊ အမျှ ပေးဝေစေ၊ ဤသုတ်ကို ဟောတော်မူ၏။

“ပြိတ္တာတို့သည် မိမိအိမ်သို့လာကြ၍ [၁]နံရံပြင်ဖက်၌၎င်း၊ [၂]လမ်းဆုံလမ်းခွ၊ [၃]အိမ်ခြံစပ်၊ [၄]တံခါးဝ၊ [၅] တံခါး ပေါင်၌၎င်း ရပ်တည်နေကြပေ၏။

သနားတတ်သောအကြင်သူသည် ဆွေမျိုးပြိတ္တာတို့ ကပ်ရောက်လာသောအခါ လှူဖွယ်ဘောဇဉ်ကို “ဤ အလှူဝတ္ထုသည် သင်ဆွေမျိုးဖြစ်သော ပြိတ္တာတို့အား ဖြစ်စေသတည်း၊ ဆွေမျိုးဖြစ်သော ပြိတ္တာတို့သည် ချမ်းသာကြစေကုန်သတည်း။” ဟု မိတ်ဆွေအမျိုး ပြိတ္တာတို့အတွက် ရည်ညွှန်း၍ ပေးလှူကုန်၏၊ ၎င်းတို့သည် ဝမ်းမြောက် ဝမ်းသာ အနုမောဒနာပြုကြကုန်၏။

“အကြင်ဆွေမျိုးတို့၏ ပေးလှူခြင်းကြောင့် စည်းစိမ်ချမ်းသာကို ငါတို့ရကြ၏၊ ငါတို့၏ အကျိုးငှါ လည်း ပူဇော်မှုကို ပြုကြကုန်၏၊ ပေးလှူသူ ဆွေမျိုးတို့သည်လည်း အကျိုးကြီးကုန်၏၊ ငါတို့၏ ဆွေမျိုး တို့သည် အသက် ရှည်ကြပါစေကုန်သတည်း။”

ပြိတ္တာဘုံ၌ လယ်ထွန်ခြင်း၊ နွားကျောင်းခြင်း၊ စည်းစိမ်ဥစ္စာရကြောင်း ကုန်သွယ်မှု၊ ရွှေငွေဖြင့် ရောင်းဝယ်မှုတို့ မရှိ၊ တမလွန်ဘဝသို့ ပြောင်းသွားကုန်သော ပြိတ္တာတို့သည် ဤလူ့ဘုံမှ ဆွေမျိုးမိတ်ဆွေတို့ ပေးကမ်းအပ်သော ကုသိုလ်အဖို့ဖြင့် တိုပြိတ္တာဘုံ၌ မျှတကုန်၏၊ ကုန်းမြင့်ရာအရပ်၌ ရွာသောမိုးရေသည် ချိုင့်ဝှမ်းရာအရပ်သို့ စီးသွားသကဲ့သို့၊ ရေပြည့်မြစ်တို့သည် သမုဒ္ဒရာကို ပြည့်စေသကဲ့သို့ ဤလူ့ဘုံမှ ပေးဝေအပ်သော ကုသိုလ်အဖို့သည် ပြိတ္တာတို့ထံသို့ ကပ်ရောက်၏။

“ဤသူကား ငါ့အား ဥစ္စာကို ပေးဖူးပြီ၊ ငါ၏ကိစ္စကို ပြုဖူးပြီ။” ဟု ရေးကပြုဖူးသည်ကို၎င်း၊ “ငါ၏ဆွေမျိုးတည်း၊ ငါ၏မိတ်ဆွေတည်း၊ ငါ၏ခင်ပွန်းတည်း။” ဟူ၍၎င်း ရှည်ကြာမြင့်စွာသော ကာလပတ် လုံး အောက်မေ့သူသည် ပြိတ္တာတို့အကျိုးငှါ မြတ်သောအလှူကို ပေးလှူရာ၏။

တမလွန်လောကသို့ ပြောင်းသွားသူကို ရည်စူး၍ ပေးလှူခြင်းသည် ၁ ဆွေမျိုးတို့၌ ပြုရသော ဝတ္တရား၊ ၂ ပြိတ္တာတို့အား မြတ်သောပူဇော်ခြင်း၊ ၃ ရဟန်းတို့အား ခွန်အားကို ပေးအပ်သည်၊ ၄ ကြီးကျယ် သောကုသိုလ်ကို ပွားများဆည်းပူးအပ်သည်လည်း မည်၏” ဟု မြတ်စွာဘုရား ဟောတော်မူ၏။

<u>၂။ သေသူကိုရည်စူး၍ ပေးလှူအပ်သောအလှူ</u>၏ အကျိုး ၄ပါး / <u>သေသူတို့ကိုရည်စူး၍ ပေးလှူသော အလှူသည် ၎င်းတို့ထံ ရောက်၊ မရောက်</u>? (ဇာဏုသောဏိသုတ်၊ ဇာဏုသောဏိဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဇာဏုသောဏိပုဏ္ဏားမေး၍ ဘုရားရှင် ဟောဖေါ်ဖြေကြားသည်။ ၁ သေသူသည် ကုသိုလ်ကမ္မပထ တရား ၁၀ပါးပြုခြင်းကို တည်၍ [၁]ငရဲ၊ [၂]တိရိစ္ဆာန်၊ [၃]လူ၊ [၄] နတ်ဘုံ တခုခုသို့ ရောက်ပါက ထိုသူတို့သို့ တိုဒါနသည် မရောက်၊ ထိုသူတို့သည် ပြိတ္တာဘုံသို့ရောက်က ရည်စူးပြုသောဒါနသည် ရောက်၏။ အကုသိုလ် ကမ္မပထတရား ၁၀ပါးလည်းပြု၍ ဒါနပြုသူသည် ဆင်၊ မြင်း၊ ခွေးဖြစ်ကာ ပစ္စည်းပေါများ၏။ ကုသိုလ် ကမ္မပထတရား ၁၀ပါးပြုသူ သည် လူဖြစ်ကာ ကာမဂုဏ် ၅ပါးနှင့်ပြည့်စုံ၏။ နတ်ဘုံ၌လည်း ဖြစ်၏။

၂ ၎င်းတို့မရခဲ့ပါက ပြိတ္တာဘုံရောက် ကွယ်လွန်သူ အခြားဆွေမျိုးသားချင်းတို့ ထိုဒါနကို သုံးဆောင်ရ၊

၃ ပုဏ္ဏားက အကယ်၍ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့ ပြိတ္တာဘုံမရောက်လျှင် အဘယ်သူသည် ထိုဒါနကို သုံးဆောင်သနည်း? ဟုမေးရာ ဘုရားရှင်က ရှည်လျားလှသော အချိန်အခါဝယ် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာဌာန မရှိဟု ဖြေကြားတော်မူ၏၊

၄ အလှူရှင်သည် အကျိုးမဲ့ မဖြစ်နိုင်ပေ၊ နတ်ပြည်၌ဖြစ်သော ကာမဂုဏ် ၅ပါးတို့ရခြင်းရှိ၏။

<u>၃။ သေသူတို့ကို ရည်စူး၍ ပေးလှူသောအလှူသည် ၎င်းတို့ထံရောက်က ချက်ချင်းရရှိသော အကျိုး ၅ ချက်</u> (သာဏဝါသီထေရပေတဝတ္ထု၊ စူဠဝဂ်၊ ပေတဝတ္ထုပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

မကောင်းမှုမှ ငြိမ်းအေးစေပြီးသော၊ ပွားများပြီးသော ဣန္ဒြေရှိသော ကုဏ္ဍိမြို့သား ပေါဋ္ဌပါဒ မထေရ်သည် သာဏတောင်၌ သီတင်းသုံးနေတော်မူ၏။ မထေရ်၏ အမိ၊ အဖ၊ အကိုတို့သည် ပြိတ္တာဘုံသို့ လားကြ။ အကိုတော်ခဲ့သူသည် အဝတ်မပါပဲ ခြေတဖဝါး သွားရာရှိလမ်းကျဉ်း၌ အဆောတလျင် တယောက် တည်း ၄ဘက်ထောက်သွားလျက် ကိုယ်ထင်ပြ။ နှလုံးမသွင်းသောကြောင့် စကားမဆိုပဲ လွန်သွား။ အကိုပြိတ္တာသည် ထို့နောက် မထေရ်အား သိစေ 'ပြိတ္တာလောကသို့ ရောက်နေကြ၊ ကုသိုလ် ရည်ညွှန်း ပေးဝေပါလော့၊ အမိအဖတို့သည် မျှတကြပါ လတ္တံ့'

၁ အခြားရဟန်း ၁၂ပါးတို့သည် မထေရ်၏လျှောက်ထားမှုကြောင့် မထေရ်နှင့်အတူ ဆွမ်းခံလှည့် လည်၍ သံဃာအား ပေးလှူကြပြီးနောက် မထေရ်က 'ဤငါ၏အလှူသည် ဆွေမျိုးတို့အား ဖြစ်ပါစေ၊ ဆွေမျိုး တို့ချမ်းသာကြပါစေ'၊ ရည်ညွှန်းပြီးသည်နှင့်တပြိုင်နက် ကောင်းမြတ်များပြားသောဘောဇဉ်တို့ ဖြစ်ပေါ်၏။

၂ အကိုပြိတ္တာသည် အဆင်းခွန်အားနှင့် ပြည့်စုံစွာဖြင့် ကိုယ်ထင်ပြလျက် အဝတ်မဆီး အချည်းနီး ဖြစ်နေပါသေးကြောင်း၊ အဝတ်ရရန် လုံ့လပြုပါရန် လျှောက်။ အမှိုက်ပုံမှ အနားပြတ် ပုဆိုးအပိုင်းအစတို့ကို ကောက်ယူ၍ ပုဆိုးကြမ်းသင်္ကန်းပြုလျက် စာတုဒ္ဒိသာသံဃာအား ပေးလှူပြီး ရည်ညွှန်းပေးဝေသည်၏ အခြား မဲ့၌ များစွာသောအထည် ကမ္ဗလာအထည် ပိုးထည်တို့ ဖြစ်ကုန်၏၊ ကောင်းကင်မှ တွဲရရွဲကျ၏။

၃ အကိုပြိတ္တာသည် အဝတ်နှင့်ပြည့်စုံကြပါပြီ၊ အိမ်နှင့် ပြည့်စုံရန် လုံ့လပြုရန်လျှောက်၊ သစ်ရွက်မိုး ကျောင်းကို ဆောက်လုပ်၍ စာတုဒ္ဒိသာသံဃာအားလှူ၊ ရည်ညွှန်းမျှဝေ၊ စုလစ်မွန်းချွန် အထွတ်တပ်သော အိမ်တို့ ဖြစ်ပေါ်လာ၏။

၄ အရောင်အဝါတို့ဖြင့် အိမ်တို့သည် ထက်ဝန်းကျင်မှ တွန်းလင်းတောက်ပ၏၊ ရေရနိုင်ရန် လုံ့ပြုပါရန် လျှောက်။ ဓမကရိဏ်ရေစစ်ဖြင့် စာတုဒ္ဒိသာသံဃာအား ပေးလှူပြီး အမျှဝေသည်နှင့် ကောင်း သောဆိပ်ကမ်းရှိသော ကြာတို့ဖြင့် ကြည်လင်အေးမြသော လေးထောင့်ရေကန် ဖြစ်ပေါ်လာ၏။

၅ ရေချိုးကြပြီးနောက် ပြိတ္တာတို့သည် မထေရ်အား ကိုယ်ထင်ပြကြပြီးနောက် ခြေဖဝါးတို့ နာကျင် ပြတ်ကွဲကြသည်ကို ပြောပြကြပြီး ယာဉ်ရနိုင်ရန် လုံ့လပြုပါရန် လျှောက်ကြ၊ မထေရ်သည် တလွှာတထပ်သာ

ရှိသော ဖိနပ်ကိုရ၍ စာတုဒ္ဒိသာသံဃာအား လှူပြီးနောက် ရည်ညွှန်းမှုဝေသည်နှင့် မထေရ်၏ဆွေမျိုးတို့သည် ရထားနှင့် မထေရ်ထံလာကြ၍ 'အရှင်ဘုရားသည် ထမင်း၊ အဝတ်ပုဆိုး၊ အိမ်၊ သောက်ရေ၊ ဖိနပ် / ယာဉ် စသည့် ပစ္စည်း ၄ပါးတို့ကို လှူဒါန်းခြင်းဖြင့် အကျွန်ုပ်တို့အား ချီးမြှောက်အပ်ပါ၏၊ လောက၌ သနားခြင်း ကရုဏာရှိသော ရဟန်းကို ရှိခိုးခြင်းငှါ လာကြပါကုန်၏။'

၁၃။ သေသူနှင့် နိရောဓသမာပတ်ဝင်စားသူတို့ ခြားနားချက် ၄ချက် (ဒုတိယကာမဘူသုတ်၊ စိတ္တသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ စူဠဝေဒလ္လသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

| သေသူ/ဘဝတပါးသို့ပြောင်းသွားသူ | နိရောဓသမာပတ်ဝင်စားသူ/သညာဝေဒနာချုပ်သောရဟန်း |
|---|---|
| ၁ ကာယ ဝစီ စိတ္တသင်္ခါရချုပ်၏၊ | ၁ ကာယ ဝစီ စိတ္တသင်္ခါရချုပ်၏။ |
| ၂ ဇီဝိတိန္ဒြေ/အသက်ကုန်၊ | ၂ အသက်မကုန်။ |
| ၃ ကမ္မဇတေဇောဓါတ်/ကိုယ်ငွေ့ငြိမ်း၍အေးစက်၊ | ၃ ကိုယ်ငွေ့မငြိမ်းသေး၍ အပူဓါတ်ရှိသေး၏။ |
| ၄ ဣန္ဒြေတို့ပျက်စီး၏၊ | ၄ ဣန္ဒြေတို့အလွန်ကြည်လင်၏။ |

၁၄။ သေသူ၏ဦးခေါင်းခွံကို တီးခေါက်ခြင်းဖြင့် လားရာဂတိကိုသိသော မန္တာန်ကို ရသော်လည်း ဘုရားရှင်ထံရောက်သော် ပရိနိဗ္ဗာန်ပြုသူ၏ ဦးခေါင်းရိုးကို ခေါက်ရာ၌ လားရာဂတိကို မသိသဖြင့် ရဟန်းပြု၍ ရဟန္တာဖြစ်ကြ သူ ၂ ဦး

၁။ အရှင်ဝင်္ဂီသမထေရ် (ဧတဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ ၄၁ပါး - အနက်မှ - အရှင်ဝင်္ဂီသ) ကို ကြည့်ပါ။

၂။ မိဂသိရတ္ထေရဂါထာ၊ စတုတ္ထဝဂ်၊ ဧကကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

မိဂသိရသည် တိုမန္တာန်အတတ်ပညာဖြင့် မြို့ရွာများကို လှည့်လည်ရာမှ သာဝတ္ထိပြည်သို့ ရောက်သောအခါ ဘုရားရှင်ထံမှောက်၌ အထက်ပါ အမှတ် ၁ ဝတ္ထုအတိုင်းပင် ရဟန်းပြုကာ ဝိပဿနာပွားများပြီး ရဟန္တာ ဖြစ်တော်မူ၏။

၂၃ သေရည်သေရက်သောက်၍ ကျန်သီလ / အကုသိုလ် ၄ပါးကို ကျူးလွန်ကြ၏။ (ရာဇာသုတ်၊ ဥပါသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၂၄ **သောတာပန်** ၈ ခု

၁။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံနေသော ပုဂ္ဂိုလ်များအနက် အောက်ထစ်ဆုံး ပုဂ္ဂိုလ်သည် **သရဏဂုံတည်သူ**ပင် ဖြစ်သည်။ (ဒက္ခိဏဝိဘင်္ဂသုတ်အဖွင့်၊ ဥပရိပဏ္ဏာသ ဋ္ဌ နိဿယ၊ မိုးတိအရှင်ဇာဂရ)

၂။ သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသူ၏ အင်္ဂါ ၇ပါး (ကောသမ္ဗိယသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ ကာမရာဂ၌၎င်း၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မျက်မှောက်လောက၌ ကြံစည်ခြင်း၌၎င်း၊ တမလွန်လောက၌ ကြံစည်ခြင်း၊ ငြင်းခုံခိုက်ရန်ဖြစ်၍ အချင်းချင်း နှုတ်လှံထိုးခြင်း၌၎င်း၊ ထကြွသောစိတ် ဖြစ်ပေါ်က ဖြစ်မှန်းသိ၏၊ အတွင်းသန္တာန်၌ မပယ်ရသေးသော ထကြွမှုမျိုး မရှိ၊ သစ္စာတို့ကို သိရန် ငါသည် စိတ်ကို ကောင်းစွာထားပြီးပြီဟု သိ၏၊ လောကမှလွန်မြောက်၍ ပုထုဇဉ်တို့နှင့် မဆက်ဆံသော မြတ်သောပဌမ (ပစ္စဝေက္ခဏာ) ဉာဏ်ရ၏၊

၂ ဤအယူကို မှီဝဲ၍ ပွားများစေ၍ စိတ်ငြိမ်သက်ခြင်း ငြိမ်းခြင်းကို ရ၏၊ ဒုတိယဉာဏ်၊

၃ ဤသာသနာတော်မှအပ၌ ငါ၏ပြည့်စုံသောအယူမျိုးနှင့် ပြည့်စုံသော တပါးသောသာမဏ ဗြာဟ္မဏ မရှိဟု ဆင်ခြင်၍ သိ၏၊ တတိယဉာဏ်၊

၄ ဤအယူနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် အာပတ်မှထနိုင်ကောင်းသော အာပတ်မျိုးသို့ ရောက်စေကာမူ ထိုအာပတ်ကို လျင်မြန်စွာပင် မြတ်စွာဘုရား၌သော်၎င်း၊ သီတင်းသုံးဖေါ်တို့၌၎င်း ဒေသနာကြား၏၊ ပေါ်လွင်စောင့်စည်းခြင်းသို့ ရောက်၏၊ ဥပမာ- ပက်လက်အိပ် ကလေးသူငယ်သည် လက်ခြေဖြင့် မီးကျီခဲကိုထိလျှင် လျင်မြန်စွာပင် ရုပ်သကဲ့သို့တည်း၊ စတုတ္ထဉာဏ်၊

၅ သီတင်းသုံးဖေါ်တို့၏ ထိုထိုဤဤ အမှုကြီးငယ်တို့၌ ကြောင့်ကြစိုက်စေကာမူ မြင့်မြတ်သော ကိုယ်ကျင့်သီလ- အဓိသီလသိက္ခာ၊ အဓိစိတ္တ သိက္ခာ၊ အဓိပညာသိက္ခာတို့၌ အလွန်ငဲ့ကွက်ခြင်း ရှိ၏၊ ဥပမာ- သားငယ်ရှိသော နွားမသည် မြက်ကိုလည်း ဆွဲစား၍ နွားငယ်ကိုလည်း စောင်းငဲ့ကြည့်ရှုသကဲ့သို့တည်း၊ ပဉ္စမဉာဏ်၊

၆ မြတ်စွာဘုရား ဟောကြားထားသော ဓမ္မဝိနယတော်တို့ကို ဟောကြားလတ်သော် အလိုရှိ၍၊ နလုံးသွင်း၍၊ အလုံးစုံသောစိတ်ဖြင့် မှတ်သား၍၊ နားစိုက်လျက် တရားကိုနာယူ၏၊ ဆဋ္ဌမဉာဏ်၊

၇ မြတ်စွာဘုရား ဟောကြားထားသော ဓမ္မဝိနယတော်တို့ကို ဟောကြားလတ်သော် အနက်အဓိပ္ပါယ် နားလည်မှုကို ရ၏၊ စကားနားလည်မှုကို ရ၏၊ ဝမ်းမြောက်မှုကို ရ၏၊ သတ္တမဉာဏ်။

၃။ သောတာပတ္တိမဂ်ရသူ၏ ကုန်ဆုံးပြီးသော လွန်စွာများလှသော ဆင်းရဲဒုက္ခများ၏ ဥပမာ ၁၀ မျိုး (သုတ်ပေါင်း ၁၀သုတ်၊ အဘိသမယသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ သုတ်ပေါင်း ၁၀သုတ်၊ အဘိသမယဝဂ်၊ သစ္စသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။)

(ဤနိဒါနဝဂ္ဂသံယုတ်လာ ၁၀သုတ်နှင့် ဤမဟာဝဂ္ဂသံယုတ်လာ ၁၀သုတ်တို့သည် အတူတူပင် ဖြစ်ကြ၏။)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဤတရားတော် ၁၀ထုံးကို ဟောတော်မူ၏။

၁ **လက်သည်းဖျားမှ မြေမှုန့်**အနည်းငယ်နှင့် ဤမြေကြီး (နခ- လက်သည်း၊ သိခ- အစွန်း၊ နခသိခါသုတ်၊ အဘိသမယသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် လက်သည်းဖျား၌ မြေမှုန့်အနည်းငယ်ကို တင်ပြီးနောက် ရဟန်းများကို ထိုတင်ထားသော မြေမှုန့်နှင့် ဤမြေကြီးတို့တွင် အဘယ်ကများသနည်းဟု မေးတော်မူရာ ဤမြေကြီးက အလွန်များလှပါကြောင်း ရဟန်းများက လျှောက်တားသည်။

ဘုရားရှင်က ဤအတူသာလျှင် အရိယာတပည့်ဖြစ်သော သစ္စာ ၄ပါးကို ထိုးထွင်း၍သိမြင်သော ဉာဏ်အမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ကုန်ပြီးဆုံးပြီးသော ဆင်းရဲဒုက္ခသည်သာလျှင် အလွန်များလှစွာ၏။ ကြွင်းကျန်သော ဆင်းရဲဒုက္ခသည် အနည်းငယ်သာတည်း။ ၇ ဘဝအတိုင်းအရှည်ရှိသော ဆင်းရဲအစုသည် ကုန်ပြီးသော ဆင်းရဲအစုကို ထောက်ထားလျှင် အစိတ် ၁၀၀ စိတ်၌၊ အစိတ် ၁၀၀၀ စိတ်၌၊ အစိတ်တသိန်းစိတ်၌ တစိတ်ကိုမျှ မမှီနိုင်။ သစ္စာ ၄ပါးတရားကို ထိုးထွင်း၍သိခြင်းသည် ဤသို့ အကျိုးကြီးလှ၏။ တရားမျက်စိ သောတာပတ္တိမဂ်ဉာဏ် ဓမ္မစက္ခုရခြင်းသည် ဤသို့အကျိုးကြီးလှ၏ဟု ဟောတော်မူ၏။

အောက်ပါ သုတ် ၉သုတ်တို့တွင်လည်း ဘုရားရှင်သည် ဤဥပမာအတိုင်းပင် ဟောတော်မူ၏။

၂ အလျား၊ အနံ၊ အစောက် ယူဇနာ ၅၀ စီ၊ ရေအပြည့်ရှိသော ရေကန်မှ <u>သမန်းမြက်ဖျားဖြင့်</u> ထုတ်ယူအပ်သောရေနှင့် ရေကန်တွင်းရှိရေ (ပေါက္ခရဏီ- ၄ထောင့်ကန်၊ ပေါက္ခရဏီသုတ်၊ ......)

၃ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီမြစ်ကြီး ၅သွယ်တို့ ပေါင်းဆုံစီးဆင်းရာအရပ်မှ ထုတ်ယူအပ်သော <u>ရေ ၂စက် ၃စက်</u>နှင့် မြစ်ကြီး ၅စင်း မကွဲမပျက် ရောနှောနေသောရေ (သံဘေဇ္ဇ- ပေါင်းစပ်နေသော၊ သံဘေဇ္ဇ ဥဒကသုတ်၊ ......)

၄ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီမြစ်ကြီး ၅သွယ်တို့ ပေါင်းဆုံစီးဆင်းရာအရပ်ရှိ မြစ်ရေမှ <u>ကြွင်းသောရေ ၂စက် ၃စက်</u>နှင့် မြစ်ကြီး ၅စင်း ပေါင်းစုံရာအရပ်မှ ကုန်ခန်းသွားသောရေ (ဒုတိယသံဘေဇ္ဇ ဥဒကသုတ်၊ ......)

၅ <u>ဆီးစေ့မျှလောက်သော မြေစိုင်ခဲ ၇ခု</u>နှင့် ဤမဟာပထဝီမြေကြီး (ပထဝီသုတ်၊ ......)

၆ <u>ကြွင်းကျန်သော ဆီးစေ့မျှလောက်သော မြေစိုင်ခဲ ၇ခု</u>နှင့် ကုန်ခန်းသော ဤမဟာပထဝီမြေကြီး (ဒုတိယ ပထဝီ သုတ်၊ ......)

၇ မဟာသမုဒ္ဒရာမှ ထုတ်ယူအပ်သော <u>ရေ ၂စက် ၃စက်</u>နှင့် မဟာသမုဒ္ဒရာရှိ ရေ (သမုဒ္ဒသုတ်၊ ......)

၈ <u>ကြွင်းကျန်သော ရေ ၂စက် ၃စက်</u>နှင့် ကုန်ခန်းသော မဟာသမုဒ္ဒရာရှိ ရေ (ဒုတိယ သမုဒ္ဒသုတ်၊...)

၉ <u>မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ၇ခု</u>နှင့် ဟိမဝန္တာတောင်မင်း (ပဗ္ဗတသုတ်၊ ......)

၁၀ ကြွင်းကျန်သော မုန်ညင်းစေ့မျှလောက်သော ကျောက်စရစ်ခဲ ၇ခုနှင့် ဟိမဝန္တာတောင်မင်း၏ ကုန်ခန်းသော မြေ (ဒုတိယပဗ္ဗတသုတ်၊ ......)

၄။ သောတာပန်ပုဂ္ဂိုလ် ကင်းဝေးသောဘေး ၅မျိုးနှင့် သောတာပတ္တိအင်္ဂါ ၄ပါး (ဝေရ- ရန်၊ ပဌမဝေရသုတ်၊ သတ္တဝါသဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဘေး **၅မျိုး** - ၅ပါးသီလ။ အကုသိုလ်မှ မရှောင်သူသည် မျက်မှောက် တမလွန် ဘေးရန်ပွား၏။

သောတာပတ္တိအင်္ဂါ **၄ပါး** - (အောက်တွင် ဖော်ပြထားသော အမှတ် ၆။ သောထာပန်ဖြစ်ကြောင်း မိမိကိုယ်တိုင် သိနိုင်သောတရား / ကြေးမုံတရား ၄ပါး) - တွင် ကြည့်ပါ။

၅။ သောတာပန်ဖြစ်ကြောင်း မိမိကိုယ်တိုင် ပြောကြားနိုင်သော အင်္ဂါ ၁၀ ပါး (ပဌမဘယဝေရူပသန္တသုတ်၊ သရဏာနိဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ပဉ္စဝေရာဘယသုတ်၊ ဂဟပတိဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ - ၅ ငြိမ်းကုန်သော ဘေးရန် ၅ပါး၊ ၆ - ၉ ပြည့်စုံသော သောတာပတ္တိအင်္ဂါ ၄ပါး၊ (အထက်ပါ အမှတ် ၄။ သောတာပန်ပုဂ္ဂိုလ် ကင်းဝေးသောဘေး ၅မျိုးနှင့် သောတာပတ္တိအင်္ဂါ ၄ပါး) - နှင့် တူသည်။ **၁၀** မြတ်သော အသိဉာဏ်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပညာဖြင့် ကောင်းစွာမြင်၏။ ကောင်းစွာ ထိုးထွင်း၍ သိ၏။

၆။ သောတာပန်ဖြစ်ကြောင်း မိမိကိုယ်တိုင် သိနိုင်သောတရား / **ကြေးမုံတရား** ၄ပါး (ပဌမဂိဉ္ဇကာဝသထ-အုတ်တိုက်ကျောင်း၊ ပဌမဂိဉ္ဇကာဝသထသုတ်၊ ဝေဠုဒ္ဒါရဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ မဟာပရိနိဗ္ဗာနသုတ်၊ မဟာဝဂ္ဂပါဠိတော်၊ ဒီ၊ သုတ္တန္တပိဋက)

မြတ်စွာဘုရား ဉာတိကရွာ အုတ်ကျောင်း၊ အရှင်အာနန္ဒာ ထိုရွာမှ ကွယ်လွန်သူများ၏လားရာကို မေးလျှောက်၊ ဤသို့သာ မေးမြန်းနေလျှင် ငါဘုရား ပင်ပန်းရုံသာရှိဟုမိန့်၍ ဤတရားတော်ကိုဟော။

"ကြေးမုံတရား ၄ပါးနှင့် ပြည့်စုံသော အရိယာသာဝကသည် ငါ့အား ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ မကောင်းသောသူတို့၏လားရာ ပျက်စီးကျရောက်ရာ ချမ်းသာကင်းရာ အပါယ်ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်းသဘောမရှိ၊ ကိန်းသေမြဲသော အထက်မဂ်၃ပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု မိမိကိုယ်တိုင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏။

၁ မြတ်စွာဘုရားဂုဏ်တော် ၉ပါး၊ ၂ တရားဂုဏ်တော် ၆ပါး၊ ၃ သံဃာတော်ဂုဏ်တော် ၉ပါး၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ၄ မကျိုး၊ မပေါက်၊ မပြောက်၊ မကျားသော၊ တဏှာကျွန်အဖြစ်မှ လွန်မြောက်စေသော၊ ပညာရှိတို့ ချီးမွမ်းအပ်သော၊ မှားသောအားဖြင့် မသုံးသပ်သော၊ တည်ကြည်မှုသမာဓိကို ဖြစ်စေတတ်သော၊ အရိယာတို့ နှစ်သက်အပ်သောသီလနှင့် ပြည့်စုံ၏။"

၇။ သောတာပန် အဖြစ်မှ သကဒါမိဖိုလ်သို့၊ ထိုမှ အနာဂါမိဖိုလ်သို့၊ ထိုမှ အရဟတ္တဖိုလ်သို့ ရောက်ကြောင်း အင်္ဂါ ၄ပါး ([၁]သကဒါဂါမိဖလသုတ်၊ [၂]အနာဂါမိဖလသုတ်၊ [၃]အရဟတ္တဖလသုတ်၊ [သုတ်တော်ပေါင်း ၃သုတ်] သပ္ပညဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

(အောက်ဖော်ပြပါ အမှတ် ၈။ သောတာပန်အဖြစ်သို့ ရောက်ကြောင်း အင်္ဂါ ၄ပါး) နှင့်တူ၏။ ၎င်းကို ကြည့်ပါ။

၈။ သောတာပန်အဖြစ်သို့ ရောက်ကြောင်း အင်္ဂါ ၄ပါး (အင်္ဂသုတ်၊ သဂါထကပုညာဘိသန္ဒဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ သောတာပတ္တိဖလသုတ်၊ သပ္ပညဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ဒုတိယသာရိပုတ္တသုတ်၊ ဝေဠုဒွါရဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ သူတော်ကောင်းကို မှီဝဲပေါင်းသင်းခြင်း၊ ၂ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄ လောကုတ္တရာတရားအားလျော်သောအကျင့်ကို ကျင့်ခြင်း။

သောတ= အင်္ဂါ ၈ပါးရှိသော အရိယာမဂ်။ **သောတာပန်**= အင်္ဂါ ၈ပါးရှိသော အရိယာမဂ်နှင့် ပြည့်စုံသူ။ ထိုအရှင်သည် ဤသို့သော အမည်၊ ဤသို့သော အနွယ်ရှိ၏။

၂၅ သံကောက် (သော့)လူ့ကျိုးတပါးနှင့် သံကောက်အိမ် (သော့ခလောက်) လူ့ကျိုး ၂ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သံကောက် (သော့) လူ့ကျိုး တပါး။ ၁ နိဗ္ဗာန်တံခါးကို ပွင့်စေနိုင်သော ဉာဏ်သံကောက်သော့ကို ရရှိ။

သံကောက်အိမ် (သော့ခလောက်) လူ့ကျိုး ၂ပါး။ ၁ အမျက်နည်းပါးသူ ဖြစ်ရ၊ ၂ ပင်ပန်းခြင်း မရှိသူဖြစ်။

၂၆ သံဂါယနာ ၃ ခု

၁။ သံဂါယနာ ၆တန် (နိဒါနကထာ၊ ပါရာဇိကဏ် ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ပိဋကတ်တော်လာသိစရာ၊ သာမဏောကျော်)

၁ ပဌမသံဂါယနာ- ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး ၃လ ၄ရက်ကြာသောအခါ မဟာသက္ကရာဇ် ၁၄၈၊ ဘီစီ ၅၅၄၊

- ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်၊ သတ္တပဏ္ဏိလိုဏ်ဂူ၊
- အဇာတသတ်မင်းကိုမှီ၍ အရှင်မဟာကဿပမထေရ် ဦးစီး၍ ရဟန္တာ ၅၀၀၊
- မုခါရုဠ- နှုတ်ဖြင့် ရွတ်ဆိုခြင်း။

၂ ဒုတိယ- သာသနာနှစ် ၁၀၀၊ ဘီစီ ၄၄၄၊

- ဝေသာလီပြည်၊ ဝါဠုကာရုံကျောင်း၊

- ကာဠာသောကမင်းကိုမှီ၍ အရှင်မဟာယသမထေရ် အကျိုးဆောင်လျက် ရဟန္တာ ၇၀၀၊
- မုခါရုဠ- နှုတ်ဖြင့် ရွတ်ဆိုခြင်း။

၃ တတိယ- သာသနာနှစ် ၂၃၅၊ ဘီစီ ၃၀၈၊
- ပါဋလိပုတ်ပြည် (ယခုပတ္တနား)၊
-သီရိဓမ္မာသောကမင်းကိုမှီ၍ အရှင်မဟာမောဂ္ဂလိပုတ္တမထေရ် ဦးစီး၍ ရဟန္တာတထောင်၊
- မုခါရုဠ- နှုတ်ဖြင့် ရွတ်ဆိုခြင်း၊
- သာသနာ ပြန့်နှံ့။ (အောက်၌ လာရှိသော အမှတ် ၂ကို ကြည့်ပါရန်။)

၄ စတုတ္ထ- တောင်ပိုင်း စတုတ္ထသံဂါယနာ၊ မြောက်ပိုင်း သံဂါယနာ
- သာသနာနှစ် ၄၅၀၊ ဘီစီ ၉၄၊
- သီဟိုဠ်ကျွန်း မာတုလ (မလယ) ဇနပုဒ်၊ အာလောကလိုဏ်ဂူ၊
- ဝဋ္ဋဂါမဏိမင်းကိုမှီ၍ အရှင်ဓမ္မရက္ခိတမထေရ် ဦးစီး၍ သံဃာတော် ၅၀၀၊
- တာလပတ္တအက္ခရာ- ပေထက်အက္ခရာ တင်ခြင်း၊

၅ ပဉ္စမ- သာသနာနှစ် ၂၄၁၅၊ အေဒီ ၁၈၆၈၊
- မြန်မာပြည်၊ မန္တလေးမြို့
- မင်းတုန်းမင်းကိုမှီ၍ အရှင်ဇာဂရာဘိဓဇမထေရ် ဦးစီး၍ သံဃာတော် ၂၄၀၀ကျော်၊
- သေလက္ခရာရုဠ- ကျောက်တက်အက္ခရာ တင်ခြင်း။

၆ ဆဋ္ဌ - သာသနာနှစ် ၂၄၉၈၊ အေဒီ ၁၉၅၆၊
- မြန်မာပြည်၊ ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ၊
- နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကိုမှီ၍ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ ညောင်ရမ်းဆရာတော်ဘုရားကြီးအား အမှူးထားကာ ထေရဝါဒနိုင်ငံ ၅နိုင်ငံဖြစ်သော မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လော၊ သီရိလင်္ကာနှင့် ကမ္ဘာ့နိုင်ငံ အရပ်ရပ်မှ သံဃာတော် ၂၆၁၇ပါး၊
- ပေါတ္ထကရုဠ၊ မုခါရုဠ- ပုံနှိပ်ခြင်း၊ ရွတ်ဆိုခြင်း ၂ပါး၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သုတ်သင်ခြင်း။

<u>၂။ တတိယသံဂါယနာ အပြီး သာသနာပြုစေလွှတ်ရာ ဒေသကြီး ၉ခု</u> (ကျမ်းဦးမှတ်ဖွယ်၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊ အဘိ)

၁ ကသ္မီရတိုင်း၊ ၂ ဂန္ဓာရတိုင်း၊ ၃ မဟိံသကတိုင်း၊ ၄ မဏ္ဍလတိုင်း၊ ၅ ဝနဝါသီတိုင်း၊ ၆ အပရန္တကတိုင်း၊ ၇ မဟာရဋ္ဌတိုင်း၊ ၈ ယောနကလောကတိုင်း၊ ၉ သုဝဏ္ဏဘူမိတိုင်း နှင့် ဟိမဝန္တာ ဟူသော အခြားဌာနများ။

<u>၃။ သံဂါယနာတင်ခြင်း အကြောင်း</u> ၄ပါး (ပါသာဒိကသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

သာသနာတော် အရှည်ခန့်၍ ကြာမြင့်စွာတည်ခြင်းငှါ အနက်ဖြင့်အနက်ကို၊ သဒ္ဒါဖြင့်သဒ္ဒါကို ညီညွတ်စေ၍ ရွတ်ဆိုခြင်းကို သံဂါယနာတင်သည်ဟုခေါ်သည်။

၁ လူအများ၏ အစီးအပွားအလို့ငှါ၊ ၂ လူအများ၏ ချမ်းသာအလို့ငှါ၊ ၃ လောကကို စောင့်ရှောက်ခြင်း အလို့ငှါ၊ ၄ နတ်လူတို့၏ အကျိုးစီးပွါး ချမ်းသာသုခအလို့ငှါဖြစ်၏။

၂၇ သံဃာတော်တို့<u>လိုအပ်ရာကို လိုအပ်သည့်နေရာ လိုအပ်သည့်ကာလ - ၄ဌာန တွင် လှူဒါန်း</u>သည့်ပုဏ္ဏား (အညတရဗြဟ္မဏဝတ္ထု၊ မလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အိမ်မှ စောစောထွက်လာသော ပုဏ္ဏားတဦးသည် ရဟန်းများသက်န်းရုံရာသို့ရောက် ၁ ရဟန်း တပါး၏သင်္ကန်းသည် မြက်ပင်နှင့်ထိ၍ ရေများစို၊ မြက်များရှင်းသော ကုသိုလ်ပြု၊ ၂ နောက်နေ့တွင် ရဟန်းများ သင်္ကန်းရုံရာဝယ် သင်္ကန်းဖုံပေ၊ ထိုနေရာကို သဲများခင်း၍ ကုသိုလ်ပြု၊ ၃ နောက်နေ့တွင် နေပူထဲ သင်္ကန်းရုံရ၍ ရဟန်းများ ချွေးများ ရွှဲနေသည်ကိုတွေ့၊ မဏ္ဍပ်ဆောက်လှူ၊ ၄ နောက်နေ့ နံနက်ထွင်ကား မိုးရွာသဖြင့် ရေစိုရွှဲနေသော ရဟန်းများအတွက် ဇရပ်ဆောက်လှူ၊ ဇရပ်ရေစက်ချပွဲတွင် ဘုရားရှင်နှင့် သံဃာတော်များပင့်၊ ပြုခဲ့သမျှသော ကုသိုလ်များကို လျှောက်ထားရာ အနုမောဒနာ တရားနာ ပြီး သောတာပန်အရိယာဖြစ်။

<u>ဂါထာမြန်မာပြန်</u>။ ပန်းတိမ်သည်သည် ရွှေအညစ်အကြေးကို တဖြည်းဖြည်းထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် မိမိအညစ်အကြေးကို အနည်းငယ် အနည်းငယ်၊ အခွင့်ရတိုင်း အခွင့်ရတိုင်း ရာဂစသော အညစ်အကြေးကို ထုတ်ပယ်ရာ၏။

၂၈ **သံယောဇဉ်**- ခိုင်မြဲသော နှောင်ကြိုး ၁၀ပါး <u>၂၉</u>

<u>၁။ သံယောဇဉ် ၁၀ပါး (နိက္ခေပကဏ္ဍ</u>၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊ အဘိ။ ခုဒ္ဒကဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

သံယောဇန- ဝဋ်ဆင်းရဲ၌ ဖွဲ့နှောင်တတ်သောတရား။

၁ ကာမရာဂ- လိုချင်တပ်မက်မှု သံယောဇဉ်၊ ၂ ပဋိဃ- အမျက်ထွက်မှု သံယောဇဉ်၊ ၃ မာန သံယောဇဉ်၊ ၄ ဒိဋ္ဌိသံယောဇဉ်၊ ၅ ဝိစိကိစ္ဆာသံယောဇဉ်၊ ၆ သီလဗ္ဗတ- နွားခွေးတို့၏အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရောက်သည်၊ ပရာမာသ- မှားသောအားဖြင့်သုံးသပ်ခြင်း၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊ ၇ ဘဝ ရာဂ သံယောဇဉ်၊ ၈ ဣဿာ- ငြူစူမှု၊ မနာလိုမှု သံယောဇဉ်၊ ၉ မစ္ဆရိယသံယောဇဉ်၊ ၁၀ အဝိဇ္ဇာ သံယောဇဉ်။

၂။ တနည်း။ ၁၀ပါး (သံယောဇနသုတ်၊ နာထဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဩရမ္ဘာဂိယသုတ် နှင့် ဥဒ္ဓံဘာဂိယသုတ်၊ ဩဃဝဂ်၊ မဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်း ပါဠိတော်၊ ခု၊ အဘိ)

အောက်ပိုင်းသံယောဇဉ်- ဩရမ္ဘာဂိယ ၅မျိုး။ (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက) ၁ သက္ကာယဒိဋ္ဌိ သံယောဇဉ်၊ ၂ ဝိစိကိစ္ဆာသံယောဇဉ်၊ ၃ သီလဗ္ဗတပရာမာသ သံယောဇဉ်- နွားခွေး စသည် တို့၏ အလေ့အကျင့်၌ စွဲလမ်းခြင်း၊ ၄ ကာမစ္ဆန္ဒသံယောဇဉ်၊ ၅ ဗျာပါဒ- ပြစ်မှားဖျက်ဆီးမှု၊ ဗျာပါဒ သံယောဇဉ်။ ၎င်းတို့သည် အောက်(ကာမ)ဘုံ၌ ပဋိသန္ဓေနေခြင်းအဘို့ရှိသော သံယောဇဉ် ၅ပါး၊ အနာဂါမ် အရိယာတို့ပယ်သော သံယောဇဉ် ၅ပါးဖြစ်သည်။

အထက်ပိုင်းသံယောဇဉ်- ဥဒ္ဓံဘာဂိယ ၅မျိုး။ (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက) ၁/၆ ရူပရာဂ သံယောဇဉ်၊ ၂/၇ အရူပရာဂ သံယောဇဉ်၊ ၃/၈ မာန သံယောဇဉ်၊ ၄/၉ ဥဒ္ဓစ္စ သံယောဇဉ်၊ **၅/၁၀** အဝိဇ္ဇာ သံယောဇဉ်။

၎င်းတို့သည် အထက်(ပြဟ္မာ)ဘုံ၌ ပဋိသန္ဓေနေခြင်းအဘို့ရှိသော သံယောဇဉ် ၅ပါး၊ ရဟန္တာ အရိယာတို့ ပယ်သော သံယောဇဉ် ၅ပါးဖြစ်သည်။

၂၉ သံဝရ- စောင့်စည်းထိန်းသိမ်းမှု တရား ၅ပါး (ဥရဂဝဂ်၊ သုတ္တနိပါတ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ သီလသံဝရ၊ ၂ သတိသံဝရ၊ ၃ ဉာဏသံဝရ၊ ၄ ခန္တီသံဝရ၊ ၅ ဝီရိယသံဝရ။

၃၀ **သံဝေဂဖြစ်ကြောင်း ၈ပါး** (ဣတိဝုတ္တက ဋ္ဌ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

သံဝေဂ= ထိတ်လန့်ကြောက်ရွံ့မှုနှင့်တကွ ဖြစ်သောဉာဏ်။

၁ ဇာတိ၊ ၂ ဇရာ၊ ၃ ဗျာဓိ၊ ၄ မရဏ၊ ၅ အပါယ်ဆင်းရဲ၊ ၆ ရှေးအခါက ဝဋ်ဆင်းရဲ၊ ၇ နောင်အခါဖြစ်မည့် ဝဋ်ဆင်းရဲ၊ ၈ ပစ္စုပ္ပန်မှာ အစာရှာရသော ဆင်းရဲ။

၃၁ သံဝေဂရဖွယ် ကြောက်စရာ **သံသရာ၏ ဆင်းရဲဒုက္ခပုံ** ဝတ္ထု၊ ၁၂ ခု

၁။ ၃ဘဝတိုင် အပြန်အလှန် ရန်ငြိုးကြသူ ၂ဦး ၂ ခု

၁/၁။ (ကာဠယက္ခိနီဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် သူကြွယ်သား မယားကြီး သားသမီးမထွန်းကား၊ ဒုတိယမယားကို မယားကြီးက ၂ကြိမ်တိုင် ကိုယ်ဝန်ကျဆေးတိုက်၊ ၃ကြိမ်တွင် သေခါနီး၌ လက်စားချေရလိုကြောင်း ဆုတောင်း၊ ဒုတိယမယား ကြောင်မ ဖြစ်၊ မယားကြီးသည် အန္ဓယ်တုံးအောင်ပြုသည်ဆိုကာ အရိုက်ခံရ၊ သေ၊ ကြက်မဖြစ်၊ ကြောင်မ ကြက်ဥများစား၊ ကြက်မ သစ်ကျုတ်မဖြစ်၊ ကြောင်မ သမင်မဖြစ်၊ သစ်ကျုတ်မ သာဝတ္ထိသူဖြစ်၊

သမင်မ ကာဠဘီလူးမဖြစ်၊ သာဝတ္ထိသူ သားဖွားရာ ၂ကြိမ်စားပစ်၊ ၃ကြိမ်မြောက် ဘီလူးမလာရာ ဘုရားရှင် ခြေဖမိုးတော်ပေါ်၌ သားတင်၊ ဘုရားရှင် တရားဟော၊ ဘီလူးမ သောတာပန်ဖြစ်။

၁/၂။ (ကုက္ကုဋ္ဌဏ္ဍ- ကြက်ဥ၊ ခါဒိကာ- စားသော၊ ကုက္ကုဋ္ဌဏ္ဍခါဒိကာဝတ္ထု။ ပကိဏ္ဏကဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ပဏ္ဍုရရွာသား တံငါသည်တယောက်သည် သာဝတ္ထိပြည်သို့အလာ အစိရဝတီမြစ်ကမ်းမှ လိပ်ဥ ယူလာ၊ သာဝတ္ထိအိမ်တွင် ချက်ပြုတ်စား၊ အိမ်ရှိ အမျိုးသမီးငယ်အား လိပ်ဥတလုံး ပေး၊ အခြား အစားအစာများ မစားတော့၊ မိခင်က ကြက်ဥ အစားထိုး၍ ကျွေး၊ ကြက်ဥကို ပိုကြိုက်၊ အိမ်ရှိ ကြက်ဥကျင်းမှ ဥတို့ကို နေ့စဉ် ယူစား၊ ကြက်မ အာဃာတထား၊ ကြက်မသေသော် ကြောင်ဖြစ်၊ ဤမှနောက် အထက်ပါ ဝတ္ထုအတိုင်းဖြစ်၊ ဘုရားရှင်တရားဟောသော် ဘီလူးမသည် သရဏဂုံတည်၍ သာဝတ္ထိပြည်သူသည် သောတာပန် ဖြစ်။

၃။ ၅၅နှစ်ပတ်လုံး မစင်စားနေရသူ (ဇမ္ဗုကတ္ထေရဂါထာ၊ စတုက္ကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက၊ ဇမ္ဗုကတ္ထေရဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်းသာ။ ရာဇဂြိုဟ်ပြည်မှ သူဌေးသားဖြစ်သူ ဇမ္ဗုကသည် အဝတ်လည်း မဝတ်၊ မြေကြီးပေါ်သာ အိပ်၊ မိမိမစင်သာ စားနေသဖြင့် မိဖများက အဝတ်မဝတ်သော အာဇီဝကတိတ္ထိများထံအပ်၊ တိတ္ထိတို့က ဆံပင်ကို ထန်းစေ့မှုတ်ခြမ်းဖြင့် နှုတ်၊ နောင်တွင် မစင်စားကြောင်းသိသဖြင့် ကျောင်းမှနှင်ထုတ်၊ ဘဝဝဋ် ဟောင်းဖြစ်သော ကဿပဘုရားရှင် လက်ထက်က မိမိကျောင်းသို့ ကြွလာသောရဟန္တာတပါးကို မနာလို စိတ်ဖြင့် ‘ဒါယကာတို့လှူသော အိပ်ရာ၌အိပ်ခြင်းထက် မြေကြီးပေါ် အိပ်သင့်၊ လှူသောဆွမ်းကို စားခြင်းထက် မစင်စားသင့်၊ ဆတ္တာသည်ဖြင့် ဆံရိတ်ခြင်းထက် ထန်းစေ့မှုတ်ခြမ်းဖြင့် နှုတ်သင့်၊ လှူသောသင်္ကန်း ဝတ်ခြင်းထက် ကိုယ်လုံးတီးနေသင့်’ ဟု ပြစ်မှားမိသော ဝစီကံကြောင့် မစင်ကိုစား၍ ကျင်ငယ်ရေကို သောက်နေရသော၊ မြေပေါ်အိပ်၍ အဝတ်မဝတ်သော ဇမ္ဗုကသည် အရဟတ္တဖိုလ်ရနိုင်သော အခြေခံ ရှိသည့်အကြောင်းကြောင့် ဘုရားရှင်သည် သူနေရာဌာနဖြစ်သော လူများမစင်စွန့်ရာအရပ်သို့ ကြွလာ၍ တရားဟောသည်တွင် သောတာပန်တည်၊ ရဟန်းပြု၍ ရဟန္တာဖြစ်ပြီးနောက် **ဇမ္ဗုကမထေရ်**သည် မိမိအဖြစ်ကို ပြောကြား ရွတ်ဆိုသောဂါထာများ ဖြစ်သည်။

‘၅၅နှစ်ပတ်လုံး ရေချိုးခြင်းကိုပယ်၍ ကိုယ်၌ကပ်သော မြူအညစ်အကြေးများ ရှိလျက် လူထို့ လှူအပ်သောဆွမ်းကို တလတကြိမ် လျှာဖျား၌ တင်၍ စားခဲ့သည်။ ဆံမုတ်ဆိတ်ကို လက်ဖြင့်နှုတ်ခဲ့သည်။ ခြေတဖက်တည်းဖြင့်ရပ်ကာ ထိုင်ခြင်းကို အခါခပ်သိမ်း ရှောင်ခဲ့သည်။ မစင်ခြောက်ကိုသာ ခဲစားပြီး ဒါယကာ တို့ ပင့်ဆွမ်းကို မသာယာခဲ့။’

၄။ ဇရာဘဝတိုင် သတ်သူနှင့် အသတ်ခံရသူ (အညတရဘိက္ခုဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တဝိဇ္ဇက)

အကျဉ်းသာ။ ရဟန်း ၆၀တို့သည် ဘုရားရှင်ထံ တရားတောင်းကာ မာတိကာရွာသို့ ရောက်ရှိ၍ တရားအားထုတ်ကြ၊ **မာတိကာမာတာ**မည်သော ဒကာမကြီးအမှူးပြုသော ရွာသူရွာသားများသည် ကျောင်းများ ဆောက်လုပ်လှူဒါန်း၍ ဆွမ်းလုပ်ကျွေးကြ၊ ဒကာမကြီးသည် ထိုရဟန်းများထံမှ တရားတောင်း၍ အားထုတ်သော် မကြာမီ အဘိညာဉ်ရ ပဋိသမ္ဘိဒါပတ္တ အနာဂါမ်အရိယာ ဖြစ်၊ မိမိဆရာ ရဟန်းတော်များ၏ တရားအခြေအနေကို ကြည့်ရာ အာဟာရသပ္ပါယမဖြစ်၍ တရားမရကြသေးကြောင်းသိသဖြင့် တပါးချင်း၏ စိတ်အလိုအတိုင်း ဆွမ်းကိုစီစဉ်လျက် လောင်းလှူရာ မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြ၊ ဝါကျွတ်သော် ရဟန္တာများသည် ဘုရားရှင်ရှိရာ သာဝတ္ထိသို့ ပြန်ကြ။

ထို့နောက် အညတရ ရဟန်းတပါး ရောက်လာ၊ ဒကာမကြီး၏ အကြောင်းကိုသိထားသော ထိုရဟန်းသည် သူစိတ်ဖြင့် တောင့်တသည့်အတိုင်း ကျောင်းရှင်းလင်းသူ၊ ဆွမ်း၊ ခဲဘွယ်စသည်တို့ တောင့်တတိုင်း ရောက်လာ၊ နောက် တွေ့လိုစိတ်ဖြစ်ရာ ဒကာမကြီး လာ၍ တွေ့၊ မနေလိုသောစိတ် ဖြစ်၍ သာဝတ္ထိသို့ ပြန်၊ ဘုရားရှင်က ထိုရွာသို့ပင် ပြန်ခိုင်းပြီး စိတ်ကို စောင့်ရှောက်လော့ဟု မိန့်မှာ၊ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်။

အရှင်မြတ်သည် အတိတ်ကိုဆင်ခြင်ရာ မာတိကာမာတာသည် ဇရာဘဝတိုင် သူ၏မယားဖြစ်ခဲ့ပြီး အခြားယောကျ်ားဟူသော အကြောင်းကြောင့် ဇရာဘဝတိုင် သူ့ကို သတ်ခဲ့ဘူးသည်ကို တွေ့၊ ဒကာမကြီးကလည်း ဆင်ခြင်ရာ ထိုရဟန္တာသည် အံ့ဖွယ်ပင်၊ ဝန်လေးသည့်အမှုကို သူမပြုခဲ့ပါတကားဟု သိနေသည်ကို သိပြီး ဒကာမကြီးသည် ဇရာဘဝကို လွန်၍ကြည့်ရာ ဘဝ ၁၀၀မြောက်၌ သူမသည် အရှင်မြတ်အလောင်းကို အသက်ပေး၍ ကယ်ဆယ်ခဲ့သည်ကို မြင်၍ အရှင်မြတ်ကို ဇရာဘဝမှ လွန်၍ ကြည့်ရန်လျှောက်၊ အရှင်မြတ်သည် ဆင်ခြင်ကြည့်ရာ အကြောင်းများသိရှိလျက် ဝမ်းမြောက်ကာ ပရိနိဗ္ဗာန်စံဝင်သည်အထိ ထိုကျောင်းထိုအရပ်တွင် နေ၊ ဘုရားရှင်သည် ဤသည်ကို အကြောင်းပြု၍ ဤဂါထာကိုဟော။

"နှိမ်နင်းရန် ခဲယဉ်း၍ လျင်မြန်သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်၏။"

၅။ ကုဋေ ၄၀သောဥစ္စာကို မလှူမတန်းပဲ ကွယ်လွန်သော် ဝလင်အောင် တောင်းစား၍ပင်မရသော အရပ်ဆိုး အကျည်းတန် ဒွန်းစဏ္ဍားသား ဖြစ်ရသော အာနန္ဒာသူဌေးကြီး (အာနန္ဒသေဋ္ဌိဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည်သား သူဌေးကြီးသည် သူ၏သား မူလသီရိကိုလည်း မိမိမှာရှိသော ဥစ္စာကို သူတပါးအား မပေးရန်နှင့် ဥစ္စာပစ္စည်းရဖို့ ကြိုးစားရန်သာ ဆုံးမ၏။ သေသော် သာဝတ္ထိပြည် မြို့တံခါးအနီးရှိ ဒွန်းစဏ္ဍားရွာ၌ ဖြစ်၊ ပဋိသန္ဓေနေသည်မှစ၍ တရွာလုံး တောင်းမရ၊ ထမင်းကျန် ဟင်းကျန်မျှပင် မရ၊ ရွာကို

ထက်ဝက်ခွဲသော် သူဌေးကြီးကိုယ်ဝန်သည် ရှိရာဘက်က အငတ်ငတ်အပြတ်ပြတ် ဖြစ်ရ၊ ဤသို့ ခွဲရင်းဖြင့် နောက်ဆုံး ကိုယ်ဝန်သည် ဒွန်းစဏ္ဍားမတဦးသာ ကျန်၊ ဖွားသော် လွန်စွာ အရုပ်ဆိုး အကျည်းတန်လှသော် လည်း အမိဒွန်းစဏ္ဍာမက ချစ်မြတ်နိုး၊ အတူတောင်းကြလျှင် ဝဝမစားကြရ၊ နောင်သော် သား ဒွန်းစဏ္ဍား လေးကို ခွက်တခု သီးခြားပေးပြီး တောင်းစေမှ သူမသည် ဝလင်စွာ စားရ၏။

တနေ့ ထိုဒွန်းစဏ္ဍားလေးသည် တောင်းရင်းဖြင့် မိမိနေထိုင်ခဲ့ရာ တိုက်အိမ်ရှေ့ ရောက်သော် ဝင်သွား၊ သူဌေးမူလသီရိ၏သားက ကြောက်၍ အော်ငို၊ အလုပ်သမားများက ထိုဒွန်စဏ္ဍားလေးကို ရိုက်နက်၍ နှင်ထုတ်၊ ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံကြွလာသော် ဘုရားရှင်က သူဌေးမူလသီရိကို ထို သူတောင်းစားလေးသည် သူဌေးကြီးအာနန္ဒာ ဖြစ်၊ မြှုပ်ထားသော ရွှေအိုးများရှိရာကို မေးကြည့်ဟု မိန့်ရာ မေးကြသော် ရွှေအိုးများ ရ၊ သူဌေးမူလသီရိသည် သာသနာကို ကြည်ညိုထောက်ပံ့သော ဥပါသကာ ဖြစ်လာ။

၆။ ပတ္တမြားသူခိုးဟု စွပ်စွဲခံရကာ ကျောက်သွေးသမား၏ အရိုက်ခံရသော်လည်း အိမ်မွေးကြိုးကြာငှက်က ထို ပတ္တမြားကို မျိုသည်ကို မပြောပဲ ဦးခေါင်းမှ ယိုစီးသောသွေးကို လာသောက်သော ကြိုးကြာကို ကျောက်သွေး သမား ကန်၍ သေသောအခါမှ ဖွင့်ပြောသောရဟန်းသည် ‘အိမ်တွင်းဝင်မိ၍ စွပ်စွဲခြင်းခံရပြီး အရိုက်ခံရ၊ နောင် မည်သည့်အိမ်မျှ မဝင်တော့ပါ၊ ခြေထောက်များက ခန္ဓာကိုယ်ကို သယ်ဆောင်နိုင်သေးသမျှ အိမ်တံခါး ၌သာ ဆွမ်းခံတော့မည်၊ ယခု ဖြစ်ခဲ့သမျှသည် သင့်ကြောင့်မဟုတ်၊ သံသရာမှ ဝဋ်ကြွေးကြောင့် ဖြစ်သည်’ ဟု မိန့်ကာ ထိုဝေဒနာဖြင့် ပရိနိဗ္ဗာန်ဝင်စံသော ရဟန္တာ (မဏိကာရ- ကျောက်သွေးသမား၊ ကုလူပက- အိမ်သို့ ကြွလေ့ရှိသော၊ မဏိကာရကုလူပကတိဿတ္ထေရဝတ္ထု၊ ပါပဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ဤဂါထာကို ဟောတော်မူ၏။ မြန်မာပြန်ဂါထာ- အချို့သောသူ (ကြိုးကြာငှက်) သည် ဤ လူ့ပြည်၌ အမိ (ကျောက်သွေးသမား မယား) ဝမ်းဝယ် ပဋိသန္ဓေနေရကုန်၏၊ မကောင်းမှုပြုသူ (ကျောက်သွေး သမား) သည် ငရဲ၌ ဖြစ်ရကုန်၏၊ ကောင်းသော ပညာရှိ (ကျောက်သွေးသမား မယား) သည် နတ်ပြည်သို့ ရောက်ရကုန်၏၊ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ် (ဆွမ်းခံရဟန်း)သည် ပရိနိဗ္ဗာန်စံရကုန်၏။

၇။ ပြဟ္မာဘဝမှ ဝက်ဖြစ်သော (**ပြဟ္မာ့ပြည် တဝင်းဝင်း၊ ဝက်စာကျင်း တရှုတ်ရှုတ်**) ဘဝ အပါအဝင် ၁၃ဘဝ ဖြစ်စဉ်ကို ပြန်လည်ဟောပြသော အရှင်မသုမနာ ရဟန္တာထေရီမကြီး (သူကရပေါတိကာဝတ္ထု၊ တဏှာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံ ဓမ္မပဒ ဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဝတ္ထုအကျဉ်း။ ဘုရားရှင် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွစဉ် လမ်း၌ ဝက်မငယ်တကောင်မြင်၍ ပြုံးတော်မူ၊ အရှင်အာနန္ဒာက အကြောင်းမေး၍ ပြောပြမိန့်တော်မူ၏။ “ကကုသန်မြတ်စွာဘုရားလက်ထက် တခုသော ဆွမ်းစားဆောင်အနီး၌ ကြက်မဖြစ်၊ ရဟန်းတဦး၏ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသရဇ္ဈာယ်

သံကိုကြား၊ ၂သေသော် မင်းမျိုး၌ ဥပရိမင်းသမီးဖြစ်၊ ကိုယ်လက်သုတ်သင်ရာ၌ ပိုးလောက်တို့ကိုမြင်၍ ပိုးလောက်အစုသညာဖြင့် ပဌမ ဈာန်ရ၊ ၃ဗြဟ္မာ့ပြည်၌ ဖြစ်၊ ၄ယခုဝက်ဘဝ၌ ဖြစ်။"

ထိုဝက်မဘဝမှ သံသရာကျင်လည်ပြီး နောက်ဆုံးဘဝ သီဟိုဠ်သာသနာခေတ်၌ သုမနာရဟန္တာထေရီမကြီးဖြစ်၍ ပရိနိဗ္ဗာန်စံခါနီး ရဟန်း၊ ရဟန်းမတို့မေးအပ်သည်ကို ဤသို့ ဟောပြဖြေကြားတော်မူ၏။

၁ ရှေးအခါက လူ့အမျိုး၌ဖြစ်၊ ၂ ကြက်မဖြစ်၍ စွန်အထံ၌ ဦးခေါင်းပြတ်ရ၊ ၃ ရာဇဂြိုဟ်ပြည်၌ဖြစ်၊ ၄ ပရိဗိုဇ်မထို့အထံ၌ ရဟန်းပြု၊ ၅ ဗြဟ္မာ့ပြည် ပဌမဈာန်ဘုံ၌ဖြစ်၊ ၆ သူဌေးမျိုး၌ဖြစ်၊ ၇ ဝက်အမျိုးသို့ရောက်၊ ၈ သုဝဏ္ဏဘူမိအရပ် မင်းမျိုး၌ဖြစ်၊ ၉ ဗာရာဏသီပြည်၌ ဖြစ်၊ ၁၀ သုပ္ပါဒကသဘော်ဆိပ် မြင်းကုန်သည်အိမ်၌ ဖြစ်၊ ၁၁ ကာဝိရသဘော်ဆိပ် သဘော်သူကြီးအိမ်၌ ဖြစ်၊ ၁၂ အနုရာဓပြည်၌ ချမ်းသာကြွယ်ဝ၍ အစိုးရသော အမျိုးအိမ်၌ ဖြစ်၊ **၁၃** အနုရာဓပြည်၏ တောင်မျက်နှာအရပ်ရှိ ဘောက္ကန္တရွာ၌ သုမနသူကြွယ်၏သမီး သုမနာဖြစ်။

ဖခင်သူကြွယ်သည် ထိုရွာမှ ဒီဃဝါပီတိုင်း မဟာမုနိရွာသို့ ပြောင်းရွှေ့၍ လိုက်ပါ၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ အမတ်လကုဏ္ဍကအတိမ္ဗရက ကြီးကျယ်သောမင်္ဂလာပြု၍ မဟာပုဏ္ဏရွာသို့ ဆောင်ယူ၊ ဆွမ်းအလို့ငှါ ရဟန်းတို့နှင့် လှည့်လည်တော်မူသော မဟာအနုရုဒ္ဓါမထေရ်မြတ်သည် အမတ်ကြီးကတော် သုမနာကိုမြင်သော် "ငါ့ရှင်တို့ ဝက်မကလေး မည်သည်ဖြစ်လျက် လကုဏ္ဍကအတိမ္ဗရက အမတ်ကြီးကတော်အဖြစ်သို့ ရောက်ရဘိလေ၏၊ အလွန် အံ့ဩဖွယ်ရှိစွတကား။" ဟုမိန့်သော် သုမနာသည် ဇာတိဿရဉာဏ်ရ၍ ထိတ်လန့်ကာ လင်ယောကျ်ားထံမှ ခွင့်တောင်းကာ ရဟန်းပြုသည့်နောက် မဟာ သတိပဋ္ဌာနသုတ်ကိုနာပြီး သောတာပတ္တိဖိုလ်သို့ရောက်၊ နောက်၌ အာသီဝိသောပမသုတ္တန် ဒေသနာတော်ကို ကြားနာလျက် အရဟတ္တဖိုလ်သို့ ရောက်၏။

<u>၈။ ဘဝ ၅၀၀ ရိုက်နှက်၍ အသတ်ခံရပြီး နောက်ဆုံးဘဝ၌လည်း ရိုက်နှက်ခံရကာ ပရိနိဗ္ဗာန်စံဝင်သော အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီး</u> (မဟာမောဂ္ဂလ္လာနဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အတိတ် တခုသောဘဝ၌ ဗာရာဏသီပြည်သား အရှင်မဟာမောဂ္ဂလ္လာန်အလောင်း အမျိုးကောင်းသားသည် မျက်မမြင်မိဘများကို လုပ်ကျွေးနေ၊ အိမ်ထောင်ကျ၍ကြာသော် မယားသည် မိဘများကို ငြိုစူလာ၊ မကောင်းကြောင်း အကြိမ်ကြိမ်ပြောရာ ကြာသော် ယုံလာ၊ ဆွေမျိုးများထံ သွားမည်ဆိုကာ မိဘ ၂ပါးကို လှည်းပေါ်တင်၍ ခေါ်လာ၊ တောတွင်းသို့ ရောက်သော် အရှင်မြတ်အလောင်းသည် ခိုးသားယောင်ဆောင်ကာ အသံကို ပြောင်း၍ ခြိမ်းခြောက်ကာ <u>ရိုက်နှက်ပြီး သတ်ကာ</u> တောတွင်း၌ ပစ်ထားခဲ့၊ နှစ်သန်းပေါင်းများစွာ ငရဲ၌ ကျခဲ့ပြီး ဘဝ ၅၀၀တိုင် ရိုက်နှက်ပြီး သတ်ခြင်းခံခဲ့ရသည်။

၉။ ၁။ မီးလောင်နေသောကရွတ်ခွေ စွပ်မိသော ပုံနေသောကျီး- လယ်သမားဖြစ်စဉ်က ဝန်ကိုမဆွဲပဲ လှဲအိပ်သောနွားကို စိတ်ဆိုးကာ လည်ပင်း၌ ကောက်ရိုးခွေစွပ်ပြီး မီးရှို့သတ်ခဲ့ခြင်း၊ ၂။ သမုဒ္ဒရာ၌ သဲအိုးလည်ပင်းစွပ်၍ ပစ်ချခံရသော လှေဦးစီးဇနီး- သူကြွယ်မယားဖြစ်စဉ် ယခင်ဘဝမှ ခင်ပွန်းဖြစ်ဘူးသောခွေးက အမြဲလိုက်နေ၍ အလှောင်ခံရသဖြင့် ရှက်ကာ လည်ပင်းတွင် သဲအိုးဆွဲပြီး မြစ်ထဲပစ်ချခဲ့ခြင်းနှင့် ၃။ ဘုရားရှင်အား ဖူးမြော်ရန်လာစဉ် ညကျိန်းနေသောဂူဝကို ကျောက်တုံးကြီးတတုံး အလိုလိုလာပိတ်ပြီး ၇ရက်ကြာမှ အလိုလိုပွင့်သွားသော ရဟန်း ၇ပါး- နွားကျောင်းသား ၇ယောက်ဖြစ်စဉ် ဖွတ်တကောင်ကို လိုက်ရာ ဖွတ်က တောင်ပို့ထဲဝင်သွားသဖြင့် အပေါက်များပိတ်ထားခဲ့ပြီး ၇ရက်ကြာမှ သတိရပြီး ဖွင့်ပေးသော် အစာပြတ်ချည့်နဲ့နေ၍ မသတ်ပဲ လွှတ်ပေးခဲ့ခြင်း။ လမ်းခရီးတွင် မြင်တွေ့ဖြစ်ပျက်ခဲ့ကြသမျှကို ခြေလျင်လာရဟန်းများ၊ လှေနှင့်လာကြသော ရဟန်းများက ဘုရားရှင်အား လျှောက်ရာတွင် အတိတ်ဖြစ်ရပ်များနှင့် ဤဂါထာတော်ကို ဟောတော်မူ၏ (တယောဇနေဝတ္ထု၊ ပါပဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

မြန်မာပြန်ဂါထာ- မကောင်းမှုပြုသူသည် ကောင်းကင်၊ သမုဒ္ဒရာ၊ တောင်ခေါင်းသို့ဝင်၍ တည်နေသော်လည်း မကောင်းမှုမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသော် မကောင်းမှုမှ လွတ်ရာ၏၊ ထိုအရပ်မျိုး မရှိသည်သာတည်း။

၁၀။ ရွှေရောင်ရှိ၍ ခံတွင်း အပုပ်နံ့လှိုင်သော ကပိလငါးကြီး (ကပိလမစ္ဆဝတ္ထု၊ တဏှာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဝတ္ထုအကျဉ်း။ သာဝတ္ထိမြို့တံခါး တံငါရွာမှ တံငါသည်တို့ အစိရဝတီမြစ်မှ ရွှေရောင်အဆင်းဖြင့် လုပသော ငါးကြီးတကောင်မိ၊ ဘုရင့်ထံ ဆက်သ၊ ထူးဆန်း၍ ဘုရားရှင်ထံ ဆောင်ယူစေ၊ ကျောင်းတော်ရောက်၍ ပါးစပ်ဟလိုက်သည်နှင့် အပုပ်နံ့ ပျံ့နှံ့။

ဘုရားရှင် အတိတ်အကြောင်းဟော၊ ကဿပဘုရားရှင်လက်တက်က ပိဋက ၃ပုံဆောင် ရဟန်းဖြစ်ခဲ့၊ မည်သူ့စကားမျှ နားမထောင်၊ အပြစ်မရှိသည်ကို ရှိ၊ ရှိသည်ကို မရှိ၊ မအပ်စပ်သည်ကို အပ်စပ်၊ အပ်စပ်သည်ကို မအပ်စပ်ဟုပြော၊ သူ့စကား မနာယူသူရဟန်းတို့ကို ဆဲရေးခဲ့၊ ဤအကြောင်းများကြောင့် ပါးစပ်မှ အပုပ်နံ့ထွက်၊ ဘုရားဒေသနာတော်များ ပို့ချ၊ ဂုဏ်တော်များ ချီးကျူးပူဇော်ခဲ့ခြင်းကြောင့် အဆင်းလှ။

ဘုရားရှင်က သင်သည် ကဿပဘုရားရှင်လက်ထက်က ကပိလရဟန်းဖြစ်ခဲ့သည်မှာ မှန်သလော? ဟု မေး၊ "မှန်ပါ။" "ဘယ်အရပ်မှလာသနည်း?" "အဝီစိကပါဘုရား။" "ထိုဘဝတုန်းက သင့်နောင်တော် သာဂတမထေရ် ဘယ်ရောက်နေသနည်း?" "ပရိနိဗ္ဗာန်စံပါဘုရား။" "သင့်မိခင် ဘိက္ခုနီသာဓိနီနှင့် နှမ ဘိက္ခုနီတာပနာတို့ ဘယ်ရောက်နေသနည်း?" "တပည့်တော်ဘက်ကရပ်ကာ မကောင်းမှုများပြုခဲ့၍ အဝီစိငရဲ၌ ခံနေကြရပါသည်ဘုရား။" "ယခု သင် ဘယ်ကိုသွားမည်နည်း?" "အဝီစိငရဲပါဘုရား။" ဟုဖြေ၊

စိတ်ထိခိုက်၍ လေ့ကို ဦးခေါင်းဖြင့် တိုက်ကာ သေ၏ ဘုရားရှင်က ကပိလသုတ္တန်နှင့် အောက်ပါဒေသနာတော်ကို ဟောရာ တံငါသည်များ ရဟန်းပြုကြ၏။

"မေ့မေ့လျော့လျော့ ကျင့်သောသတ္တဝါအား မာလော (ပေါက်) နွယ်ကဲ့သို့ တဏှာတိုးပွား၏၊ သစ်သီးကို အလိုရှိသောမျောက်သည် တောတွင်း၌ တပင်မှတပင် ခုန်လွှားကူးသန်းသကဲ့သို့ ထိုတဏှာတိုးပွားသူသည် တဘဝမှတဘဝသို့ ပြေးသွားရာ၏။

ပြိတ်မြက်သည် မိုးရွာသောအခါ ကြီးပွားသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ ယုတ်မာသော ဤတဏှာ ညှဉ်းဆဲခံရသူအား စိုးရိမ်ကြောင့်ကြမှုတို့သည် ကြီးပွားကုန်၏။

ရေပေါက်သည် ကြာရွက်မှ လျှောကျသကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော၊ ယုတ်မာသော ထိုတဏှာကို ညှဉ်းဆဲနိုင်ခဲ့မူ ထိုပုဂ္ဂိုလ်သဏ္ဍာန်မှ စိုးရိမ်ကြောင့်ကြမှုတို့သည် လျှောကျကုန်၏။

ထို့ကြောင့် ဤအရပ်၌ အညီအညွတ် စည်းဝေးလာကြကုန်သော သင်တို့အား ငါသည် ကောင်းသော စကားကို ဟောအံ့၊ ပန်းရင်းခေါ်သော ပြိတ်မြက်၏အမြစ်ကို အလိုရှိသူသည် ပြိတ်မြက်ပင်ကို တူးရသကဲ့သို့ နိဗ္ဗာန်ကို အလိုရှိသူသည် တဏှာ၏ အမြစ်အရင်းကို တူးပစ်ကြကုန်လော့၊ ရေအလျဉ်သည် ကျူပင်ကို ဖြက်ဆီးသကဲ့သို့ ကိလေသာမာန်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်။"

၁၁။ သား ၂ဦးဖခင်ဖြစ်သော **သူဌေးသား သောရေယျ** သည် "ဤအရှင်သည် ငါ့မယားဖြစ်မူ ကောင်းလေစွ။" ဟု ရုပ်ရည်ရူပကာယ အလွန်သပ္ပါယ်တော်မူသော အရှင်မဟာကစ္စည်းမထေရ်ကို စိတ်ဖြင့် ပြစ်မှားသည်နှင့် တပြိုင်နက် ယောကျာ်းဘဝမှ မိန်းမဘဝသို့ပြောင်းကာ မိန်းမအဖြစ် သား၂ဦးဖွားပြီးနောက်မှ မိတ်ဆွေ တဦး၏ အကြံပေးချက်ဖြင့် မထေရ်မြတ်အား ပြစ်မှားမိခဲ့ခြင်းအပေါ် တောင်းပန်၍ ယောကျာ်းပြန်ဖြစ်ပြီး သံဝေဂရကာ ရဟန်းပြုပြီးနောက် ရဟန္တာဖြစ်လာသော အရှင်သောရေယျမထေရ် (သောရေယျဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁၂။ သူ့အသက်ကို (ခေါင်းဖြတ်၍) သတ်ခဲ့သဖြင့် ဘဝ ၅၀၀ ခေါင်းပြတ်၍ သေခဲ့ရသည်။ (မတကဘတ္တဇာတ်၊ သီလဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် မတကဘတ်- သေပြီးသောဆွေမျိုးများကို ရည်၍ ဆိတ်ကုလား ဆိတ်မြန်မာတို့ကို သတ်၍ လှူခြင်းအမှု၊ မတကဘတ်အလှူကို ပြုအံ့ဟု ပြုလုပ်သော ပါဏာတိပါတအမှုသည် တစုံတခုသော အကျိုးစီးပွားမရှိဟု မိန့်တော်မူကာ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော၏။

မတကဘတ်အလှူပြုရန် ယူလာသောဆိတ်တကောင်က ပြင်းစွာ ရယ်၍ သည်းစွာ ငို၊ အလှူပြုမည့် ပုဏ္ဏားက အကြောင်းမေး၊ ဆိတ်က အတိတ်က သူလည်း ဤသို့ ပြုခဲ့၊ ၄၉၉ ဘဝ ခေါင်းပြတ်၍ သေခဲ့၊ ယခု ဘဝသည် နောက်ဆုံး ခေါင်းပြတ်သေရမည်ဖြစ်ပြီး ဤဆင်းရဲမှ လွတ်တော့မည်ဖြစ်၍ ရယ်၊ ယခု ငါ့ကို

သတ်မည့်သူသည် ငါကဲ့သို့ ဘဝ ၅၀၀ ခေါင်းပြတ်သေသော ဆင်းရဲကိုခံရတော့မည်ဖြစ်၍ သနားသောကြောင့် ငိုသည်ဟု ပြော၊ ပုဏ္ဏားက ဆိတ်ကို လွှတ်လိုက်သော်လည်း ကျောက်ဖျာ၌ ပေါက်သောချုံတခုမှ အရွက်ကိုစားရန် ခေါင်းမော့သောခဏ၌ ကျောက်ဖျာကို မိုးကြိုးကျ၍ ကျောက်လွှာတချပ်သည် ဆိတ်၏ လည်၌ကျ၍ ဆိတ်လည်ပြတ်၊ ဘုရားလောင်း ရုက္ခစိုးနတ်က စုဝေးလာသော လူအပေါင်းကို သူ့အသက် မသတ်ရန် တရားဟောသည်။

၃၂ သံသရာ၏ အင်္ဂါ ၆ပါး (ကေမူလ- အရင်းအမြစ်၊ ကေမူလသုတ်၊ အာဒိတ္တဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ တဏှာဟု ဆိုအပ်သော အရင်းအမြစ် တခုရှိသော၊ ၂ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော လည်ခြင်း ၂ခုရှိသော၊ ၃ ရာဂ၊ ဒေါသ၊ မောဟဟူသော အညစ်အကြေး ၃ခုရှိသော၊ ၄ ကာမဂုဏ် ၅ပါးဟူသော အပြန့် ၅ခုရှိသော၊ ၅ အာယတနဟူသော ဝဲဇလုပ် ၁၂ခုရှိသော၊ ၆ မထောက်မီနိုင်သော သမုဒ္ဒရာ သံသရာကို ရဟန္တာသည် ကူးမြောက်၏။

၃၃ **သံသရာ၏ အစကို မသိနိုင် ၆ ခု**

၁။ သံသရာ၏ အစကို မသိနိုင် / ကမ္ဘာသည် ရှည်လျားလှကြောင်း ဥပမာ ၂ မျိုး (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ပဗ္ဗတ- တောင်၊ ပဗ္ဗတသုတ်၊ (ပဌမဝဂ်၊ အနမတဂ္ဂ သံယုတ်၊ ...)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် ကမ္ဘာသည် အဘယ်မျှလောက် ရှည်ပါသနည်းဟု မေးလျှောက်ရာ ဤသုတ်တော်ကို ဟောတော်မူ၏။

(ဤသံသရာ၏ အစကို မသိနိုင်၊ အဝိဇ္ဇာ- မသိမှုဖြင့် ပိတ်ဖုံးအပ်သည်၊ တဏှာနှောင်ကြိုးဖြင့် ဖွဲ့ချည်အပ်သည်ဖြစ်၍ ဤဘဝမှထိုဘဝသို့ ပြေးသွားကျင်လည်ကြကုန်သော သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်။)

အခေါင်းမရှိ တခဲနက်ဖြစ်သော ကျောက်တောင်ကြီးသည် အလျား၊ အနံ၊ အစောက် တယူဇနာ ရှိ၏၊ ထိုကျောက်တောင်ကြီးကို ယောကျ်ားတယောက်သည် အနှစ် ၁၀၀၊ အနှစ် ၁၀၀ လွန်သောအခါ ကာသိတိုင်းဖြစ် အဝတ်ဖြင့် တကြိမ်၊ တကြိမ်သာ ပွတ်တိုက်ရာ၏၊ ထိုကျောက်တောင်ကြီးသည် ဤလုံ့လဖြင့် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏။ ကမ္ဘာသည် ကုန်ဆုံးခြင်းသို့ မရောက်ရာ။

(ရှေ့အစွန်းမထင်သော ဤသို့ရှည်လျားကြာမြင့်သော နေ့ညဉ့်တို့ပတ်လုံး ဆင်းရဲကို ခံစားရဖူးလှလေပြီ၊ ပြင်းထန်သော ဆင်းရဲကို ခံစားရဖူးလှလေပြီ၊ ပျက်စီးခြင်းကို ခံစားရဖူးလှလေပြီ၊ သင်္ချိုင်းမြေပုံသည် တိုးပွားလှလေပြီ။ ဤအလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်း သင့်လှသည်သာ၊ တပ်ခြင်း ကင်းခြင်းငှါ သင့်လှသည်သာ၊ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာ။)

၂ သာသပ- မုန်ညင်းစေ့၊ သာသပသုတ် (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ်၊ ...)

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ အလျား၊ အနံ၊ အစောက် တယူဇနာ ရှိသော မုန်ညင်းစေ့တို့ဖြင့် အစိုင်အခဲဖွဲ့လျက် သံဖြင့်ပြီးသော သံမြို့ရှိရာ၏၊ ထိုသံမြို့အတွင်းရှိ မုန်ညင်းစေ့တို့မှ ယောကျ်ားတယောက်သည် အနှစ် ၁၀၀ အနှစ် ၁၀၀ လွန်သောအခါ မုန်ညင်းစေ့ တစေ့တစေ့စီ ထုတ်ယူရာ၏၊ ထိုမုန်ညင်းစေ့အစုသည် ကုန်ဆုံးခြင်းသို့ ရောက်ရာ၏။ ကမ္ဘာသည် ကုန်ဆုံးခြင်းသို့ မရောက်ရာ။ (ရှေ့အစွန်း မထင်သော ...) ။

၂။ သံသရာ၏ အစကို မသိနိုင် / ဆင်းရဲသူ၊ ချမ်းသာသူတွေ တွေ့က ဖြစ်ဖူးလှပြီ ၂ သုတ် (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ဒုဂ္ဂတသုတ် (ဒုတိယဝဂ်၊ အနမတဂ္ဂ သံယုတ်၊ ...)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤသုတ်တော်ကို ဟောတော်မူ၏။

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ရဟန်းတို့ ဆင်းရဲသော၊ မကောင်းသော အသွင်ရှိသော အကြင်သတ္တဝါတို့ကို တွေ့မြင်ရာ၌ "ငါတို့သည်လည်း ဤရှည်စွာသော အခွန့်ကာလ၌ ဤသို့သဘောရှိသော ဆင်းရဲကို ခံစားလှဖူးလေပြီ။" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏၊ (ရှေ့အစွန်းမထင်သော ...) ။

၂ သုခိတသုတ် (ဒုတိယဝဂ်၊ အနမတဂ္ဂ သံယုတ်၊ ...)

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ရဟန်းတို့ ချမ်းသာသော၊ တန်ဆာဆင်ခြင်းနှင့် ပြည့်စုံသော အကြင် သတ္တဝါတို့ကို တွေ့မြင်ရာ၌ "ငါတို့သည်လည်း ဤရှည်စွာသော အခွန့်ကာလ၌ ဤသို့သဘောရှိသော ချမ်းသာကို ခံစားလှဖူးလေပြီ။" ဟု ဆုံးဖြတ်ခြင်းသို့ ရောက်အပ်၏။ (ရှေ့အစွန်းမထင်သော ...) ။

၃။ သံသရာ၏ အစကို မသိနိုင် / လွန်ပြီးသော ကမ္ဘာတို့သည် များလှကြောင်း ဥပမာ ၂ မျိုး (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ သာဝကသုတ်၊ (ပဌမဝဂ်၊ အနမတဂ္ဂ သံယုတ် ...)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် များစွာသော ရဟန်းတို့သည် လွန်ပြီးသောကမ္ဘာတို့သည် အဘယ်မျှလောက် များပါသနည်းဟု မေးလျှောက်ရာ ဤသုတ်တော်ကို ဟောတော်မူ၏။

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ဤသာသနာတော်၌ အနှစ်၁၀၀ သက်တမ်းရှိသည်ဖြစ်၍ အနှစ်၁၀၀ အသက်ရှည်သော တပည့်သာဝက ၄ယောက်တို့သည် နေ့တိုင်းနေ့တိုင်း ကမ္ဘာကပ်ပေါင်း တသိန်း၊ ကမ္ဘာကပ်ပေါင်း တသိန်း အောက်မေ့ကုန်ရာ၏၊ ဤတပည့် သာဝက ၄ယောက်တို့သည် အနှစ်၁၀၀ လွန်သောအခါ သေခြင်းပြုရာ၏၊ ၎င်းတို့သည် ကမ္ဘာထို့ကို ကုန်အောင် မအောက်မေ့နိုင်သည်သာတည်း။ (ရှေ့အစွန်းမထင်သော ...) ။

၂ ဂင်္ဂါသုတ်၊ (ပဌမဝဂ်၊ အနမတဂ္ဂ သံယုတ် ...)

(ဤသံသရာ၏အစကို မသိနိုင် ...)။ ပုဏ္ဏားတယောက်အမေးကို ဤသုတ်တော်ဖြင့် ဖြေကြားဟောတော်မူ၏။ ဤဂင်္ဂါမြစ်စ၍စီးရာမှ မဟာသမုဒ္ဒရာသို့ စီးဝင်ရာအရပ်တိုင်အောင် အကြား၌ ဤမျှသောသဲတို့၊ ဤမျှသော သဲ အရာတို့၊ ဤမျှသောသဲ အထောင်တို့၊ ဤမျှသောသဲ အသိန်းတို့ဟူ၍ ရေတွက်ခြင်းငှါ မလွယ်၊ ကျော်လွန်ပြီးကုန်သော ကမ္ဘာတို့သည် ထိုသဲထို့ထက် များလှ၏၊ ဤမျှသော ကမ္ဘာတို့၊ ဤမျှသော ကမ္ဘာ အရာတို့၊ ဤမျှသော ကမ္ဘာအထောင်တို့၊ ဤမျှသော ကမ္ဘာအသိန်းတို့ဟူ၍ ရေတွက်ခြင်းငှါ မလွယ်ပေ။ (ရေ့အစွန်းမထင်သော ...)။ ပုဏ္ဏားသည် တရားတော်ကို အလွန်နှစ်သက်သည်ဖြစ်၍ ဥပါသကာဟု မှတ်ပါ ဟု လျှောက်ထား၏။

၄။ သံသရာ၏အစကို မသိနိုင် / သင်္ခါရတရားတို့သည် မမြဲကုန်။ (ဝေပုလ္လပဗ္ဗတသုတ်၊ ဒုတိယဝဂ်၊ အနမတဂ္ဂ သံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဤသုတ်တော်ကို ဟောတော်မူ၏။

(ဤသံသရာ၏ အစကို မသိနိုင် ...)။

ဝေပုလ္လတောင်၏ဖြစ်စဉ်ကို အောက်ပါအတိုင်း ဆက်၍ ဟောတော်မူ၏။

| တောင် | လူအမည် | သက်တမ်း | တက်၊ဆင်း | ဘုရားရှင် သာဝကအစုံ |
|---|---|---|---|---|
| ၁ ပါစီနဝံသ | တိဝရ | ၄သောင်း | ၄ရက်စီ | ကကုသန် ဝိဓုရ၊ သဉ္ဇီဝ |

ပါစီနဝံသတောင်၏အမည်သည် ကွယ်ပျောက်ပြီ၊ တိဝရလူတို့သည်လည်း သေကုန်ပြီ၊ ကကုသန်မြတ်စွာ ဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

(သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန်၊ ဤသို့လျှင် မခိုင်ခံ့ကြကုန်၊ ဤသို့လျှင် သာယာဖွယ် မရှိသဖြင့် သက်သာရာမရကုန်။ ဤအလုံးစုံသော သင်္ခါရတို့၌ ငြီးငွေ့ခြင်း သင့်လှသည်သာ၊ တပ်ခြင်း ကင်းခြင်းငှါ သင့်လှသည်သာ၊ လွတ်မြောက်ခြင်းငှါ သင့်လှသည်သာ။)

| တောင် | လူအမည် | သက်တမ်း | တက်၊ဆင်း | ဘုရားရှင် သာဝကအစုံ |
|---|---|---|---|---|
| ၂ ဝင်္ကက | ရောဟိတဿ | ၃သောင်း | ၃ရက်စီ | ကောဏာဂုံဘိယျောသဥတ္တရ |

ဝင်္ကကတောင်၏အမည်သည် ကွယ်ပျောက်ပြီ၊ ရောဟိတဿလူထို့သည်လည်း သေကုန်ပြီ၊ ကောဏာဂုံ မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

(သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန် ...)။

| တောင် | လူအမည် | သက်တမ်း | တက်၊ဆင်း | ဘုရားရှင် သာဝကအစုံ |
|---|---|---|---|---|
| ၃ သုပဿ | သုပ္ပိယ | ၂သောင်း | ၂ရက်စီ | ကဿပ တိဿ၊ ဘာရဒွါဇ |

သုပဿတောင်၏အမည်သည် ကွယ်ပျောက်ပြီ၊ သုပ္ပိယလူတို့သည်လည်း သေကုန်ပြီ၊ ကဿပမြတ်စွာဘုရား သည်လည်း ပရိနိဗ္ဗာန်ပြုတော်မူလေပြီ။

(သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန် ...)။

| တောင် | လူအမည် | သက်တမ်း | တက်၊ဆင်း | ဘုရားရှင် | သာဝကအစုံ |
|---|---|---|---|---|---|
| ၄ ဝေပုလ္လ | မာဂဓကေ | တရာ | တမုဟုတ်ချင်း<br>တက်၊ဆင်း | ဂေါတမ | သာရိပုတ္တရာ၊<br>မောဂ္ဂလ္လာန် |

ဝေပုလ္လတောင်၏ အမည်သည် ကွယ်ပျောက်လတ္တံ့၊ မာဂဓကေလူတို့သည်လည်း သေကုန်လတ္တံ့၊ ငါဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုလတ္တံ့။

(သင်္ခါရတရားတို့သည် ဤသို့လျှင် မမြဲကြကုန် ...)။

"အနိစ္စ ဝတ သင်္ခါရာ" အစရှိသော ဂါထာ (ဘုရားရှင်တို့ / ဘုရားရှင်တိုင်း / ဘုရားရှင်များ - အနက်မှ - ဘုရားရှင်များ ဟောကြားသော တရားတော်များ - အနက်မှ - အနိစ္စ ဝတ သင်္ခါရ ဂါထာ - ကို ကြည့်ပါ။) ဖြင့် ဤ သုတ်တော်ကို နိဂုံးချုပ်တော်မူ၏။

၅။ <u>သံသရာ၏ အစကို မသိနိုင်</u> / သတ္တဝါတို့၏ ရှေ့အစွန်းသည် မထင်နိုင်ကြောင်း ဥပမာ <u>၆ မျိုး</u> (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) ဥပမာ <u>၁ မျိုး</u> (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက) = ဥပမာ ပေါင်း <u>၇ မျိုး</u>

၁ တိဏ- မြက်၊ တိဏကဋ္ဌသုတ် (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ် ...)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤသုတ်တော်ကို ဟောတော်မူ၏။

(ဤသံသရာ၏ အစကို မသိနိုင် ...)။ ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှ <u>မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်</u>တို့ကို ဖြတ်၍ စုပုံထားပြီး လက် ၄သစ် အစိတ်များပြုကာ ဤကား ငါ ၏ အမိတည်း၊ ဤကား ငါ့အမိ၏အမိတည်း စသည်ဖြင့် တခုစီ ချထားခဲ့သော် အမိအဆက်ဆက်သည် မကုန်ရာ၊ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်တို့ သည်သာ ကုန်ဆုံးခြင်းသို့ ရောက်၏။ (ရှေ့အစွန်းမထင်သော ...)။

၂ ပထဝီသုတ် (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ် ---)

(ဤသံသရာ၏ အစကို မသိနိုင် ...)။ ဤမြေကြီးကို <u>ဆီးစေ့မျှလောက် မြေစိုင်ခဲလုံး</u>များပြု၍ ဤကား ငါ၏အဖတည်း၊ ဤကား ငါ့အဖ၏ အဖတည်း စသည်ဖြင့် တခုစီ ချထားခဲ့သော် အဖအဆက်ဆက်သည် မကုန်ရာ၊ ဤမဟာပထဝီမြေကြီးသည်သာ ကုန်ဆုံးခြင်းသို့ ရောက်၏။ (ရှေ့အစွန်းမထင်သော ...)။

၃ အဿု- မျက်ရည်၊ အဿုသုတ် (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ် ...)

(ဤသံသရာ၏ အစကို မသိနိုင် ...)။ ၁ အမိ သေ၍၊ ၂ အဖ သေ၍၊ ၃ အကို သေ၍၊ ၄ နှမ သေ၍၊ ၅ သား သေ၍၊ ၆ သမီး သေ၍၊ ၇ ဆွေမျိုး ပျက်စီး၍၊ ၈ စည်းစိမ်ဥစ္စာ ပျက်စီး၍၊ ၉ ရည်ရွယ်သော နေ့ ညဉ့်တို့ပတ်လုံး ရောဂါနှိပ်စက်၍၊ ၁၀ မချစ်မနှစ်သက်အပ်သောသူတို့နှင့် ပေါင်းဖော်ရ၍ငင်း၊ **၁၁** ချစ်နှစ်

အပ်သောသူတို့နှင့် ကွေကွင်းရခြင်းကြောင့်ငင်း ယိုစီးသော မျက်ရည်ကြည်သည်သာ များလှပါ၏။ မဟာသမုဒ္ဒရာ ၄စင်းရေသည် မများလှပါ။ (ရှေ့အစွန်းမထင်သော ...)။

၄ ခီရ- နို့ရည်၊ ခီရသုတ် (ပဌမဝဂ်၊ အနမတဂ္ဂသံယုတ် ...)

(ဤသံသရာ၏အစကို မသိနိုင် ...) ။ သောက်စို့အပ်သော အမိနို့ရည်သည်သာ များလှပါ၏။ မဟာသမုဒ္ဒရာ ၄စင်းရေသည် မများလှပါပေ။ (ရှေ့အစွန်းမထင်သော ...)။

၅ ဒဏ္ဍ- တောင်ဝှေး၊ ဒဏ္ဍသုတ် (ပဌမဝဂ်၊ အနမထဂ္ဂသံယုတ် ...)

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ အထက်ကောင်းကင်သို့ ပစ်လွှတ်အပ်သော တောင်ဝှေးသည် တကြိမ်လည်း အရင်းဖြင့်ကျ၏၊ တကြိမ်လည်း အလယ်ဖြင့် ကျ၏၊ တကြိမ်လည်း အဖျားဖြင့် ကျ၏။ ဤရှည်လျားလှစွာသော အခွန့်ကာလ၌ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤဘဝသို့ ပြေးသွားကျင်လည်ကြရကုန်သော သတ္တဝါတို့သည် တကြိမ်လည်း ဤလောကမှ တပါးသောလောကသို့ ရောက်ကုန်၏၊ တကြိမ်လည်း တပါးသော လောကမှ ဤလောကသို့ ရောက်ကုန်၏။ (ရှေ့အစွန်းမထင်သော ...)။

၆ ပုဂ္ဂလသုတ်၊ ပဌမဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ အဋ္ဌိ- အရိုး၊ ပုဉ္ဇ- အစုအပုံ၊ အဋ္ဌိပုဉ္ဇသုတ်၊ တတိယဝဂ်၊ ကေကနိပါတ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူစဉ် ဤသုတ်ကို ဟောတော်မူ၏။ (ဤသံသရာ၏ အစကို မသိနိုင် ...) ။ တကမ္ဘာပတ်လုံး ကျင်လည်သောပုဂ္ဂိုလ်တယောက်၏ အရိုးဆက်အရိုးပုံအရိုးစုတို့သည် စုပေါင်းသိမ်းဆည်းအပ်သည်ဖြစ်၍ မပျောက်ပျက်ခဲ့မူ ဤဝေပုလ္လတောင်နှင့်အမျှဖြစ်ရာ၏။ (ရှေ့အစွန်းမထင်သော ...)။

၇ တိံ- ၃၀၊ သပတ္တ- တူမျှသည်၊ တိံသပတ္တသုတ်၊ ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ - ၁၁ ချက်။

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ၃၀ကျိပ်သော ပါဝေယျကတိုင်းသားရဟန်းများသည် အရညကင်ခုတင်ဆောင်၊ ပိဏ္ဍပါတ်ခုတင်ဆောင်၊ ပံသုကူခုတင်ဆောင်၊ တိစီဝရိက်ခုတင်ဆောင်တို့ ဖြစ်ကြကုန်လျက်လည်း အလုံးစုံသောရဟန်းတို့သည် သံယောဇဉ်ရှိကုန်ကြသေးသည်။ ဘုရားရှင်သည် ဤအကြောင်းကို သိတော်မူ၍ ဤနေရာ၌ပင် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလန်းမူ၍ အာသဝတရားတို့မှ စိတ်ထို့ လွန်မြောက်ကုန်ရာသော အခြင်းအရာဖြင့် တရားဟောရမူ ကောင်းလေစွဟု အကြံတော်ဖြစ်တော်မူကာ ဤသုတ်တော်ကို ဟောတော်မူသည်။

(ဤသံသရာ၏အစကို မသိနိုင် ...)

၁ (ရှည်စွာသော အခွန့်ကာလပတ်လုံး) သင်တို့၏ ဦးခေါင်းကိုဖြတ်၍ (ယိုစီးကျကုန်သော သွေးရည် ကြည်သည်သာ များလှ၏။ မဟာသမုဒ္ဒရာ ၄စင်းရေသည် မများလှပါ)။

၂ (...) နွားဖြစ်စဉ် ဦးခေါင်းဖြတ်ခံရ၍ (...)။

၃ (...) ကျွဲဖြစ်စဉ် ဦးခေါင်းဖြတ်ခံရ၍ (...)။

၄ (...) သိုးဖြစ်စဉ် ဦးခေါင်းဖြတ်ခံရ၍ (...)။

၅ (...) ဆိတ်ဖြစ်စဉ် ဦးခေါင်းဖြတ်ခံရ၍ (...)။

၆ (...) သမင်ဖြစ်စဉ် ဦးခေါင်းဖြတ်ခံရ၍ (...)။

၇ (...) ကြက်ဖြစ်စဉ် ဦးခေါင်းဖြတ်ခံရ၍ (...)။

၈ (...) ဝက်ဖြစ်စဉ် ဦးခေါင်းဖြတ်ခံရ၍ (...)။

၉ (...) ရွာကို ဖျက်ဆီးတတ်သော ခိုးသူဖြစ်စဉ် ဖမ်းပြီး ဦးခေါင်းဖြတ်ခံရ၍ (...)။

၁၀ (...) လမ်းခရီး၌ လုယက်တတ်ကုန်သော ခိုးသူဖြစ်စဉ် ဖမ်းပြီး ဦးခေါင်းဖြတ်ခံရ၍ (...)။

**၁၁** (...) သူတပါး၏မယားကို ခိုးတတ်သော ခိုးသူဖြစ်စဉ် ဖမ်းပြီး ဦးခေါင်းဖြတ်ခံရ၍ (...)။

(ရှေ့အစွန်းမထင်သော ...)။

သုံးကျိပ်သောရဟန်းတို့သည် ဒေသနာတော်၏အဆုံး၌ အာသဝေါ တရားတို့မှ လွတ်မြောက်၍ ရဟန္တာများ ဖြစ်တော်မူကြ၏။

**၆။** သံသရာ၏အစကို မသိနိုင် / [၁]အမိ၊ [၂]အဖ၊ [၃]အကို၊ [၄]နမ၊ [၅]သား၊ [၆]သမီး မဖြစ်ဖူးသောသူ ရလွယ်သည် မဟုတ်ကြောင်း သုတ် ၆ သုတ် (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ မာတုသုတ်၊ (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ် ...)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤသုတ်တော်ကို ဟောတော်မူ၏။

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ရဟန်းတို့ ဤရှည်စွာသော အခွန့်ကာလ၌ သင်တို့၏အမိ မဖြစ်ဖူးသောသတ္တဝါကို ရလွယ်သည် မဟုတ်။ (ရှေ့အစွန်းမထင်သော ...)။

၂ ပိတုသုတ်၊ (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ် ...)

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ရဟန်းတို့ ဤရှည်စွာသော အခွန့်ကာလ၌ သင်တို့၏အဖ မဖြစ်ဖူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ (ရှေ့အစွန်းမထင်သော ...)။

၃ ဘာတုသုတ်၊ (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ် ...)

(ဤသံသရာ၏ အစကို မသိနိုင် ...)။ ရဟန်းတို့ ဤရှည်စွာသော အခွန့်ကာလ၌ သင်တို့၏ညီ၊ အကို မဖြစ်ဖူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ (ရှေ့အစွန်းမထင်သော ...)။

၄ ဘဂိနီသုတ်၊ (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ် ...)

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ရဟန်းတို့ ဤရှည်စွာသော အခွန့်ကာလ၌ သင်တို့၏ညီမ၊ နှမ၊ အမ မဖြစ်ဖူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ (ရှေ့အစွန်းမထင်သော ...) ။

၅ ပုတ္တသုတ်၊ (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ် ...)

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ရဟန်းတို့ ဤရှည်စွာသော အခွန့်ကာလ၌ သင်တို့၏သား မဖြစ်ဖူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ (ရှေ့အစွန်းမထင်သော ...) ။

၆ ဓီတုသုတ်၊ (ဒုတိယဝဂ်၊ အနမတဂ္ဂသံယုတ် ...)

(ဤသံသရာ၏ အစကို မသိနိုင် ...) ။ ရဟန်းတို့ ဤရှည်စွာသော အခွန့်ကာလ၌ သင်တို့၏သမီး မဖြစ်ဖူးသော သတ္တဝါကို ရလွယ်သည် မဟုတ်။ (ရှေ့အစွန်းမထင်သော ...) ။

၃၄ သင်္ကန်းလှူရကျိုး ၃ ခု

၁။ သင်္ကန်းလှူ၍ရသော အထွတ်အထိပ်အကျိုး (ဝိသာခါဝတ္ထု၊ ဓမ္မပဒ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ အမျိုးသမီးမိန်းမရသော အထွတ်အထိပ်အကျိုး- မဟာလတာ ပသာဓနတန်ဆာကို ရ၏။

၂ အမျိုးသားယောက်ျားရသော အထွတ်အထိပ်အကျိုး- ဘုရားရှင်က "ဧဟိဘိက္ခု" ခေါ်ခြင်းဖြင့် တန်ခိုးနှင့်ပြီးသော သပိတ်သင်္ကန်းရခြင်းသို့ ရောက်၏။

၂။ သင်္ကန်း (အဝတ်ပုဆိုး) လှူရကျိုး ၈ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ရွှေအဆင်းကဲ့သို့ လှပခြင်း၊ ၂ အညစ်အကြေး ကင်းစင်ခြင်း၊ ၃ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း၊ ၄ တန်ခိုးအာနုဘော် ကြီးခြင်း၊ ၅ ကိုယ် လက် အင်္ဂါ ပြေပြစ်ချောမောခြင်း၊ ၆ အဆင်း အရောင် အလှဆုံး အဝတ်အထည်တို့ကိုသာ ဆင်မြန်းရခြင်း၊ ၇ ပိုး ဖဲ ကတ္တီပါ အကောင်းဆုံးသာ ဝတ်ဆင်ရခြင်း၊ ၈ တိုင်းကြီး ပြည်ကြီးတို့မှ မွန်မြတ်နူးညံ့သည့် အထည်အဝတ်တို့ကိုသာ ဆင်ယင်ရခြင်း။

၃။ အကျိုး ၁၀ပါး (သံ ၄။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ အဆင်းကို လှူသည်မည်၏၊ ၂ အထက်ပါ အမှတ် ၁ပါအတိုင်း အထွတ်အထိပ်အကျိုး၊ ၃ - ၁၀ အထက်ပါ အမှတ် ၂တွင် ဖော်ပြထားသည့်အတိုင်း ၈ပါး။

၃၅ သင်္ကန်းအဟောင်းအသုံးပြုပုံ ၂ ခု

၁။ သင်္ကန်းအဟောင်းအသုံးပြုပုံ ၆ ဆင့် (ဂုဏဇာတ်၊ ဒဠှဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကောသလမင်းကြီး၏နန်းတော်၌ မင်းကြီး၏ လျှောက်တားချက်ကြောင့် ဘုရားရှင်၏ မိန့်မှာချက်ဖြင့် အရှင်အာနန္ဒာသည် နန်းတွင်းသူများကို တရားသင်ပေး၊ မင်းကြီး ပုဆိုးတထောင်ရ၍ မိဖုယား၅၀၀အား တထည်စီပေး၊ မိဖုယားများက ပုဆိုး၅၀၀လုံးကို အရှင်အာနန္ဒာအားလှူ၊ မင်းကြီးကမေးရာ အရှင်အာနန္ဒာက ဘုရားရှင်က သင်္ကန်း၃ထည်သာ ခွင့်ပြုသော်လည်း အလှူခံခြင်းကို မတားမြစ်၊ သင်္ကန်းနွမ်းပါးသော ရဟန်းများအားပေးရန် အလှူခံကြောင်းပြန်ပြော၊ သင်္ကန်းဟောင်းများကို ဘာလုပ်သနည်း? ဟုမေး။

၁ ဒုကုဋ်ဟောင်းကို ကိုယ်ဝတ်လုပ်၊ ၂ ကိုယ်ဝတ်အဟောင်းကို ခါးဝတ်သင်းပိုင်လုပ်၊ ၃ သင်းပိုင်အဟောင်းကို အိပ်ရာခင်းလုပ်၊ ၄ အိပ်ရာခင်းအဟောင်းကို မြေအခင်းလုပ်၊ ၅ မြေခင်းအဟောင်းကို ခြေသုတ် လုပ်၊ ၆ သဒ္ဓါနှင့်လှူသောပစ္စည်းကို အချည်းနှီးမပျက်စီးသင့်၊ ခြေသုတ်အဟောင်းကို ပဲခွပ်နင့်စင်း၊ မြေကြီးနှင့် နယ်၊ ကျောင်းတွေကိုလိမ်းကျံသည်၊ အသုံးအဆောင်တွေပဲ အမြဲတမ်းဖြစ်နေစေသည်ဟု ပြန်မိန့်ရာ မင်းကြီးက ကျန်ပုဆိုး၅၀၀ပါ လှူသွားသည်။

၂။ သင်္ကန်းအဟောင်းအသုံးပြုပုံ ၇ ဆင့် (ဗြဟ္မဒဏ်၊ ပဉ္စသတိကက္ခန္ဓက၊ စူဠဝါပါဠိတော်၊ ခု၊ ဝိ)

အရှင်အာနန္ဒာ ကောသမ္ဗီပြည်သို့ ကြွ၍ မင်းဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် ဥတေနမင်း၏ မောင်းမ ၅၀၀တို့လာရောက်၍ ဖူးမြော်တရားနာကြရာ ကြည်ညိုကြ၍ အပေါ်ရုံသင်္ကန်း ၅၀၀ကို လှူကြ၊ မင်းကြီးကြားသော် အရှင်အာနန္ဒာကို ကဲ့ရဲ့ရှုံ့ချပြီး အရှင်မြတ်ထံ လာရောက်၍ သင်္ကန်းများကို အသို့ပြုအံ့နည်း ဟုမေးမြန်းရာ-

၁ အားနည်းသောသင်္ကန်းရှိသော ရဟန်းတို့နှင့်အတူ ခွဲဝေ၊ ၂ သင်္ကန်းအဟောင်းကို အပေါ်အခင်းပြု၊ ၃ အပေါ်အခင်းအဟောင်းကို ဘုံလျှို (မွေ့ယာ) စွပ်ပြု၊ ၄ ဘုံလျှိုစွပ်အဟောင်းကို မြေအခင်းလုပ်၊ ၅ မြေအခင်း အဟောင်းကို ခြေသုတ်ကြိုးဝန်းလုပ်၊ ၆ ခြေသုတ်ကြိုးဝန်း အဟောင်းကို ဖုံသုတ်ပဝါလုပ်၊ ၇ ဖုံသုတ်ပဝါအဟောင်းကို နုပ်နုပ်စင်းထောင်း၍ ညွှန်ဖြင့်နယ်ပြီး အကျည်ကို လိမ်းကျံကုန်အံ့။ မင်းကြီးသည် ထပ်မံ၍ သင်္ကန်း ၅၀၀ကို လှူဒါန်းကုန်၏။

၃၆ သင်္ဂြိုဟ် ၂ ခု

၁။ သင်္ဂြိုဟ် ၃ပါး (ယမိုက်ကျမ်း၊ ခု၊ အဘိ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

သင်္ဂြိုဟ်- လောကနယ်ပယ်အတွက် ပြုပြင်စီရင်ပေးသော တရား။

၁ ပုညာဘိသင်္ခါရ- မဟာကုသိုလ်၊ ရူပကုသိုလ် စေတနာစု၊ လူ့ဘုံ နတ်ဘုံ ရူပဗြဟ္မာ့ဘုံအလို့ငှါ ပြုပြင်စီရင်သောတရား၊

၂ အပုညာဘိသင်္ခါရ- အကုသိုလ်စိတ် ၁၂ခု၌ ယှဉ်သော စေတနာစု၊ အပါယ် ၄ဘုံ၌ ဖြစ်ရန် ပြုပြင်သော တရား၊

၃ အာနေဉ္ဇာဘိသင်္ခါရ- အရူပ ကုသိုလ် ၄ခု၌ ယှဉ်သော စေတနာစု၊ အရူပပြဟ္မာ့ဘုံ ၄ဘုံ၌ ဖြစ်စေရန် ပြုပြင်ပေးသောတရား။

၂။ ၆ ပါး (ပဋိစ္စသမုပ္ပါဒဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ပုညာဘိသင်္ခါရ- ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ ၂ အပုညာဘိသင်္ခါရ- အကုသိုလ်များ ပြုလုပ်ခြင်း၊ ၃ အာနေဉ္ဇာဘိသင်္ခါရ- ဈာန်တရားများ အားထုတ်မှု၊ ၄ ကာယသင်္ခါရ- ကိုယ်ဖြင့် ကြံစည်မှု၊ ၅ ဝစီသင်္ခါရ - နှုတ်ဖြင့် ကြံစည်မှု၊ ၆ စိတ္တသင်္ခါရ- စိတ်ဖြင့် ကြံစည်မှု။

၃၇ သင်္ဂဟ- သင်္ဂြိုဟ်ချီးမြှောက်စေခြင်း ဝတ္ထု- အကြောင်း၊ သင်္ဂဟဝတ္ထု ၄ပါး (ဒုတိယဟတ္ထကသုတ်၊ ဂဟပတိဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ပေးကမ်းခြင်း၊ ၂ ချစ်ဖွယ်စကားပြောခြင်း၊ ၃ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း၊ ၄ မိမိနှင့် အတူအမျှ ပြုခြင်း။

၃၈ သောင်း ၄ရပ် (ဝိသုဒ္ဓိမဂ်။ သာရတ္ထသင်္ဂဟ ဋ္ဌ။ ဇိနာလင်္ကာရ ဋီကာ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ။ နိမိဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး ဟောစဉ် ဇာတ်တော်ကြီး ၁ဝတွဲ၊ ခု၊ သုတ္တန္တပိဋက)

ယူဇနာ တသောင်းရှိရာ အရပ်ဌာနများ။ ၁ တာဝတိံသာနတ်ဘုံ၊ ၂ အသူရာနတ်ဘုံ၊ ၃ အဝီစိငရဲ၊ ၄ ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယနိုင်ငံ)။

၃၉ <u>သစ္စကပရိဗိုဇ်</u>သည် ဘုရားရှင်ထံမှ အလွန်များလှစွာသောတရားများ ပါဝင်သော သုတ်တော် ၂သုတ် ဖြစ်သော စူဠသစ္စကသုတ်နှင့် မဟာသစ္စကသုတ်တို့ကို နာကြားရသော်လည်း မဂ်ဖိုလ်သို့မရောက်၊ ရဟန်းလည်း မပြု၊ သရဏဂုံမျှလည်း မတည်၊ နောင်အနာဂတ်ကာလ၌ တရားအထုံဝါသနာ ပါစိမ့်သောငှာ ဘုရားရှင် ဤတရားတော်များကို ဟောတော်မူသည်။ နှစ်ပေါင်း ၂၀၀လွန်သော် သီဟိုဠ်ကျွန်းဝယ် အမတ်မျိုး၌ဖြစ်၍ ရဟန်းပြုပြီး ပိဋက ၃ပုံတို့ကို သင်ကြားတတ်မြောက်ကာ ပဋိသမ္ဘိဒါဉာဏ် ၄ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်လျက် <u>ကာဠဗုဒ္ဓရက္ခိတ</u> အမည်ရှိ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်လာသည်။ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၄၀ သစ်ပင်ကြီးဖြတ်ပုံအဆင့် ၅ဆင့် (ဘဒ္ဒသာလဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ သစ်ပင်ကြီး၌ နံ့သာလက်၅ချောင်းရာပေး၊ ၂ ချည်ဖြင့်ရံ၊ ၃ ပန်းကုံးဖွဲ့၊ ၄ ဆီမီးညှိထွန်း၊ ၅

ဤနေ့မှ ၇ရက်မြောက်နေ့၌ လာ၍သစ်ပင်ဖြတ်အံ့၊ မင်းသည်ဖြတ်စေတော်မူ၏၊ ဤ (အင်ကြင်းပင်) ၌နတ်သည် တပါးအရပ် သွားပါကုန်၊ ငါတို့အားအပြစ်မရှိဟု ကြားရာ၏။

## ၄၁ သည်းခံခြင်း ၂ စု

၁။ သည်းခံခြင်း ဂုဏ် ၄ပါး (ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

သည်းခံခြင်းသည်- ၁ မင်္ဂလာတပါး ဖြစ်သည် - မင်္ဂလသုတ်၊

၂ အမြတ်ဆုံးအကျင့် ဖြစ်သည် - ဩဝါဒပါတိမောက် ဒေသနာတော်၊

၃ ဘေးရန်ကို ကာကွယ်နိုင်သည့် စစ်တပ်နှင့်တူသည် - ဓမ္မပဒ၊

၄ မိမိ၏အကျိုးစီးပွားထဲတွင် အမြတ်ဆုံးအကျိုးစီးပွားဖြစ်သည် - သံယုတ်ပါဠိတော်။

၂။ သည်းမခံခြင်းအပြစ် ၂ စု

၁။ ၅ပါး (ပဌမအက္ခန္တိသုတ်၊ အက္ကောသဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ လူအများ မချစ်မနှစ်သက်ခြင်း၊ ၂ အပြစ်များ၏၊ ၃ ရန်များ၏၊ ၄ တွေဝေ၍ သေရခြင်း၊ ၅ သေပြီးနောက် အပါယ်လားခြင်း။

အပြန် - အကျိုး ၅ပါး။

၂။ တနည်း ၅ပါး (ဒုတိယအက္ခန္တိသုတ်၊ အက္ကောသဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ လူအများ မချစ်မနှစ်သက်ခြင်း၊ ၂ ကြမ်းကြုတ်၏၊ ၃ နလုံးမသာယာ ဖြစ်ရ၏၊ ၄ တွေတွေဝေဝေ သေရ၏၊ ၅ သေပြီးနောက် အပါယ်လားရ၏။

အပြန် - အကျိုး ၅ပါး။

## ၄၂ သတ္တဝါ ၄ စု

၁။ သတ္တဝါ ၄မျိုး (မဟာသီဟနာဒသုတ်၊ သီဟနာဒဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

၁ ဥ၌ဖြစ်သော သတ္တဝါ- ဥခွံကို ခွဲထွက်၍ ဖြစ်ပေါ်လာသော သတ္တဝါ၊

၂ သားအိမ်၌ဖြစ်သော သတ္တဝါ- သားအိမ်မှ ထွက်၍ ဖြစ်ပေါ်လာသောသတ္တဝါ၊

၃ အညှိ၌ဖြစ်သော သတ္တဝါ- ငါးပုပ်၊ အသေကောင်ပုပ်၊ မုယောမုန့်ပုပ်၊ အညစ်အကြေးစွန့်ပစ်ရာအရပ်၊ အညစ်အကြေး စီးဆင်းရာအရပ်တို့၌ဖြစ်သော သတ္တဝါ၊

၄ ကိုယ်ထင်ရှားဖြစ်သော သတ္တဝါ- နတ်၊ ငရဲသား၊ အချို့သောလူ၊ အချို့သော ဝိနိပါတိက အသူရာ။

၂။ သတ္တဝါတို့သည် ဓါတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်၏။ (စင်္ကမသုတ်၊ ဒုတိယဝဂ်၊ ဓာတုသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူစဉ် အဂ္ဂသာဝကကြီး ၂ပါး မဟာသာဝကကြီးများနှင့် အရှင်ဒေဝဒတ်တို့သည် အသီးအသီး ရဟန်းများစွာနှင့်အတူ တသီးတခြားစီ ဘုရားရှင်၏ မနီးမဝေး၌ စင်္ကြံသွားနေကြ၏။ ဘုရားရှင်က ရဟန်းများကို မိန့်ဆိုတော်မူ၏။

၁ အရှင်သာရိပုတ္တရာနှင့် (အတူ စင်္ကြံကြွနေကြသော အလုံးစုံသော ရဟန်းတို့သည်) ပညာကြီးသော ရဟန်းများ ဖြစ်ကြ၏။ ၂ အရှင်မဟာမောဂ္ဂလ္လာန်နှင့် (...) တန်ခိုးကြီးမားသော ရဟန်းများ ဖြစ်ကြ၏၊ ၃ အရှင်မဟာကဿပနှင့် (...) ဓုတင်ဆောင်ရဟန်းများ ဖြစ်ကြ၏၊ ၄ အရှင်အနုရုဒ္ဓါနှင့် (...) နတ်မျက်စိနှင့် တူသော၊ ဒိဗ္ဗစက္ခုရကြသော ရဟန်းများ ဖြစ်ကြ၏၊ ၅ မန္တာနီပုဏ္ဏေးမ၏သားဖြစ်သော အရှင်ပုဏ္ဏနှင့် (...) တရားဟော ဓမ္မကထိကဖြစ်သော ရဟန်းများ ဖြစ်ကြ၏၊ ၆ အရှင်ဥပါလိနှင့် (...) ဝိနည်းဆောင် ရဟန်းများ ဖြစ်ကြ၏၊ ၇ အရှင်အာနန္ဒာနှင့် (...) များသောအကြားအမြင်ရှိသော ရဟန်းများ ဖြစ်ကြ၏၊ ၈ အရှင်ဒေဝဒတ်နှင့် (...) အလိုဆိုးရှိသော ရဟန်းများတို့ ဖြစ်ကြ၏။

သတ္တဝါတို့သည် ဓါတ်အားဖြင့်သာလျှင် တပေါင်းတည်း တသားတည်း ဖြစ်၏။ ယုတ်ညံ့သော နလုံးသွင်းရှိသူတို့သည် ယုတ်ညံ့သော နလုံးသွင်းရှိသူတို့နှင့်သာ တပေါင်းတည်း တသားတည်း ဖြစ်ကြကုန်၏။ ကောင်းသောနလုံးသွင်း ရှိကုန်သူတို့သည် ကောင်းသောနလုံးသွင်းရှိသူတို့နှင့်သာ တပေါင်းတည်း တသားတည်း ဖြစ်ကြ၏။ လွန်ပြီး အတိတ်အခါ၌၎င်း၊ နောင် အနာဂတ်အခါ၌၎င်း၊ ယခု ပစ္စုပ္ပန်အခါ၌၎င်း ဤသို့ ဓါတ်အားဖြင့် တပေါင်းတည်း တသားတည်းသာ ဖြစ်ကြကုန်၏။

၃။ **သတ္တဝါတို့၏ အမြဲနေရာအိမ်သည် အပါယ် ၄ဘုံ ဖြစ်၏**။ (ဓမ္မပဒ ၃။ နိဗ္ဗာန်ရောက်ကြောင်းအနှစ်ချုပ်၊ ဦးကံညွန့်)

'ပမတ္တဿ နာမ စတ္တာရောအပါယာသက ဂေဟာသဒိသာ။'

မေ့လျော့ပေါ့တန်သူအဖို့ရာ အပါယ် ၄ဘုံသာ ကိုယ့်အိမ်ကိုယ့်ယာနှင့် တူသည်။

၄။ သတ္တဝါသ ဘုံကိုး၀- သတ္တဝါတို့နေရာဘုံ ၉ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ သတ္တာဝါသသုတ်၊ သတ္တာဝါသဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ကိုယ်သဏ္ဌာန်ကွဲ ပဋိသန္ဓေသညာကွဲ- အချို့နတ်၊ လူ၊ အချို့ဝိနိပါတိကပြိတ္တာ၊

| | | | |
|---|---|---|---|
| ၂ | ။ | ။ တူ | - အပါယ်၄ဘုံနှင့် ပဌမစျာန်ဘုံပြဟ္မာများ၊ |
| ၃ | ။ တူ | ။ ကွဲ | - ဒုတိယစျာန်ဘုံပြဟ္မာများ- အာဘဿရာဘုံပြဟ္မာ၊ |
| ၄ | ။ တူ | ။ တူ | - တတိယစျာန်ဘုံပြဟ္မာများ- သုဘကိဏှာဘုံပြဟ္မာ၊ |

၅ သညာမရှိဘုံ- အသညသတ်ဘုံပြဲဟ္မာ၊ ၆ အာကာသာနဉ္စာယတနဘုံ အရူပပြဲဟ္မာ၊ ၇ ဝိညာဏဉ္စာယတနဘုံ အရူပပြဲဟ္မာ၊ ၈ အာကိဉ္စညာယတနဘုံ အရူပပြဲဟ္မာ၊ ၉ နေဝသညာနာသညာယတနဘုံ အရူပပြဲဟ္မာ။

၄၃ **သဒ္ဓါတရား ၅ ခု**

<u>၁။ သဒ္ဓါ ၄မျိုး (သုတ်မဟာဝါ ဠ။ မဇ္ဈိမပဏ္ဏာသ ဠ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)</u>

၁ အာဂမနီယသဒ္ဓါ / အာဂမသဒ္ဓါ- ဘုရားလောင်းများမှာဖြစ်၊ ၂ အဓိဂမသဒ္ဓါ- အရိယာပုဂ္ဂိုလ်တွေမှာ ဖြစ်၊ ၃ ဩကပ္ပနာသဒ္ဓါ- ဉာဏ်နှင့်သက်ဝင်ပြီး မတုန်မလှုပ် ကြည်ညိုမှု၊ ၄ ပသာဒသဒ္ဓါ- ဘုရား၊ တရား၊ သံဃာဟု ကြားသောအခါ ဖြစ်သော ကြည်ညိုမှု။

**၂။ သဒ္ဓါတရား နှင့် ဥပမာ ၄ခု** (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

သဒ္ဓါ = ယုံကြည်ခြင်း၊ ကောင်းစွာ ဆောင်တတ်၊ ထားတတ်သောတရား။

သဒ္ဓါတရားသည် ၁ လက်၊ ၂ ဥစ္စာ၊ ၃ မျိုးစေ့နှင့် တူ၏။ လက်မရှိလျှင် ရတနာစသည် မကောက်ယူနိုင်။ ဥစ္စာမရှိလျှင် အသုံးအဆောင်ပစ္စည်းတို့ မပြည့်စုံနိုင်။ မျိုးစေ့မရှိလျှင် ကောက်ပဲ မပြည့်စုံနိုင်သည် ဖြစ်ရာ၏။ ၄ (မိလိန္ဒပဉှာ။ အင္ဂုတ္တရ ဋ္ဌ) စကြာမင်း၏ ပတ္တမြားရတနာနှင့် တူ၏။ ကိလေသာ အညစ်အကြေး သောက စသော ညစ်ညူးမှုများ မဝင်နိုင်ပဲ ကြည်လင်သွားစေနိုင်၏။

<u>၃။ သဒ္ဓါတရားနှင့်ပြည့်စုံသူ ဟုသိကြောင်း / အင်္ဂါ ၃ပါး</u> (တိဌာနသုတ်၊ စူဠဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သီလနှင့် ပြည့်စုံသူ၊ ၂ သူတော်ကောင်းတရား ကြားနာလိုသူ၊ ၃ ဝန်တိုခြင်းကင်း၍ လွတ်လွတ်စွန့်ကြဲခြင်းရှိသူ။

<u>၄။ သဒ္ဓါတရားရှိသူတို့ ရရှိသော အကျိုး ၇ပါး</u> (သီဟသေနာပတိသုတ်၊ အဗျာကတဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

(ဒါ နအလှူအကျိုး - အနက်မှ - ၇ ပါး) ကို ကြည့်ပါ။

<u>**၅။ သဒ္ဓါတရားနှင့်ပြည့်စုံသူ အမျိုးသားကိုမှီ၍ အိမ်သားတို့ ကြီးပွားခြင်း ၅ပါး**</u> (မဟာသာလပုတ္တသုတ်၊ သုမနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အိမ်တွင်းနေ လူအပေါင်းဖြစ်သော သား၊ မယား၊ ဆွေမျိုး၊ မိတ်ဆွေခင်ပွန်း၊ ၎င်းကိုမှီ၍ အသက်မွေးသူတို့သည် ၁ ယုံကြည်ခြင်း သဒ္ဓါတရားဖြင့် (ကြီးပွားကြ၏)၊ ၂ အကျင့် သီလဖြင့် (...)၊ ၃ အကြားအမြင်သုတဖြင့် (...)၊ ၄ စွန့်ကြဲခြင်း စာဂဖြင့် (...)၊ ၅ အသိပညာဖြင့် ကြီးပွားကြ၏။

၄၄ သုဒ္ဓါဝါသဘုံ ၅ဘုံ (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

အနာဂါမ်အရိယာပုဂ္ဂိုလ်များသာ နေရာဘုံများဖြစ်သည်၊ ၁ အဝိဟာဘုံ၊ ၂ အတပ္ပါဘုံ၊ ၃ သုဒဿာဘုံ၊ ၄ သုဒဿီဘုံ၊ ၅ အကနိဋ္ဌဘုံ။ လောကုတ္တရာဘုံဟုလည်း ခေါ်၏။

၄၅ သုဒ္ဓေါဒနမင်းကြီးကို သောတာပန်နှင့် သကဒါဂါမ်ဖြစ်စေသော တရား (သုဒ္ဓေါဒနဝတ္ထု၊ လောကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ကပိလဝတ်ပြည်သို့ရောက်ပြီးနောက် ဆွမ်းစားပင့်သူမရှိသဖြင့် မြို့တွင်းဆွမ်းခံကြွသည်ကို သိရသော သုဒ္ဓေါဒနမင်းကြီးသည် အဆောတလျင် ဘုရားရှင်နောက်သို့လိုက်၍ အဘယ်ကြောင့် ဆွမ်းခံကြွရသနည်းဟု မေးရာ ဗုဒ္ဓဝံသကျင့်စဉ် ဘုရားရှင်တို့အစဉ်အလာဖြစ်သည်ဟုမိန့်ပြီး လမ်းခရီး၌ပင်-

"ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ၊ ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။"

ဆွမ်းခံဝတ်၌ မမေ့လျော့ရာ၊ ကောင်းစွာကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏၊ တရားကိုကျင့်သော သူသည် ဤလောက၌ရင်း တမလွန်လောက၌ရင်း ချမ်းသာစွာနေရ၏။

"ဓမ္မံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ၊ ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။"

သုစရိုက်တရားများကို ကျင့်ရာ၏၊ ဒုစရိုက်တရားကို မကျင့်ရာ၊ တရားကိုကျင့်သောသူသည် ဤလောက၌ရင်း တမလွန်လောက၌ရင်း ချမ်းသာစွာနေရ၏။

ပဌမဒေသနာတော်ကို ဟောသော် သုဒ္ဓေါဒနမင်းကြီး ရပ်နာလျက်ပင် သောတာပန်ဖြစ်၊ နန်းတော်ကြွ၍ ဒုတိယဒေသနာတော်ကို ဟောသော် မင်းကြီး သကဒါဂါမ်ဖြစ်၊ မိထွေးတော်ဂေါတမီ သောတာပန်ဖြစ်။

၄၆ သန္တတိအမတ်ကြီးဖြစ်စဉ်ကဲ့သို့ ဖြစ်စဉ် ၂ ခု

<u>၁။ သန္တတိအမတ်ကြီး</u> (သန္တတိမဟာမတ္တဝတ္ထု၊ ဒဏ္ဍဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ပစ္စန္တရစ်ရွာ၌ သောင်းကျန်းမှုကို နှိမ်နင်းနိုင်၍ သာဝတ္ထိပြည်ရှင် ကောသလမင်းကြီးက ၇ရက် မင်းစည်းစိမ်ခံစားစေရာ ၇ရက်မြောက်နေ့၌ အမတ်ကြီးသည် သေရည်မူးနေရင်း သူ့ကို ကချေသည် မလေးက ဖြေဖျော်ကပြနေစဉ် လဲကျသေဆုံးသဖြင့် ဘုရားရှင်ထံရောက်၍ တရားနာရကာ ဝတ်စားဆင်ယင် လျက်ပင် ရဟန္တာဖြစ်ပြီး ကောင်းကင်၌ ပရိနိဗ္ဗာန်စံဝင်သော၊ လွန်ခဲ့သော၉၁ကမ္ဘာထက်က ဝိပဿီမြတ်စွာ ဘုရားလက်ထက် ပြည်သူများ ဒါ န သီလ ဘာဝနာ ပြုရန် နိဗ္ဗာန်ဆော်အလုပ်ကို အနှစ် ၈သောင်း ကုသိုလ် ပြုခဲ့သောမထေရ်ကြီး ဖြစ်သည်။

<u>၂။ သန္တတိအမတ်ကြီးဝတ္ထုကဲ့သို့သော ဝတ္ထု - အဘယရာဇကုမာရမင်းသား</u> (အဘယရာဇကုမာရဝတ္ထု၊ လောကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အဘယရာဇကုမာရမင်းသားသည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ သားတော်ဖြစ်၊ အထက်ပါ ဖြစ်စဉ်ဝတ္ထုအတိုင်းပင် ဖြစ်ကာ ၇ရက် မင်းစည်းစိမ်ခံစားပြီး ၇ရက်မြောက်သောနေ့၌ ကချေသည်မလေး ရုတ်တရက်ကွယ်လွန်ရာ မင်းသားသည် ပူဆွေးသောကရောက်၊ ဘုရားရှင်ထံရောက်လာရာ "သံသရာဘဝ များစွာ၌ ငိုကြွေးခဲ့ရပြီ၊ မင်းစီးရထားတို့သည် ကာလကြာသော် ဟောင်းနွမ်းဆွေးမြေ့ရသကဲ့သို့ လူ့ကိုယ်ခန္ဓာ သည်လည်း ပျက်စီးခြင်းသဘောရှိသည်။" ဟု မိန့်တော်မူပြီးနောက် -

"လာကြကုန်လော့၊ ရတနာ ၇ပါးတို့ဖြင့် အဆန်းတကြယ် တန်ဆာဆင်ထားသော မင်းစီးရထား ကဲ့သို့ ဝတ်စားပြင်ဆင်ထား၍ လှပတင့်တယ်သော ခန္ဓာကိုယ်တည်းဟူသော ဤလောက (အတ္တဘော)ကို ကြည့်ပါ။ တရားမသိသူ လူမိုက်တို့သည် ဤခန္ဓာကိုယ်၌ တွယ်တာစွဲလမ်းနစ်မြုပ်၍ နေကြကုန်၏။ ရုပ်နာမ်ဟု သဘောမှန်သိသူ ပညာရှိတို့သည်ကား တွယ်တာစွဲလမ်းနစ်မြုပ်မှု မရှိကြကုန်။" ဟူသော ဓမ္မပဒလာဂါထာတော်ကို ဟောထော်မူရာ မင်းသား သောတာပန် အဖြစ်သို့ ရောက်၏။

၄၇ သန့်ရှင်းမှုနှင့် ဉာဏ် (သံ ၄။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

သန့်ရှင်းစင်ကြယ်သော မီးစာနှင့်ဆီတို့မှ တောက်လောင်သောမီးသည် ထင်လင်းစွာ ထွန်းတောက် သကဲ့သို့ ကိုယ်တွင်းကိုယ်ပ သန့်စင်ကြည်လင်နေမှသာ ဉာဏ်အလင်းသည်လည်း ထက်မြက်၏။

၄၈ **သန်းဖြစ်သွားသောမထေရ်** (တိဿတ္ထေရဝတ္ထု၊ မလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည်သား ရဟန်းတပါးသည် အမရက်ပေးသော သင်္ကန်းအပေါ် စွဲလန်း၍သေသဖြင့် ထိုသင်္ကန်း၌ သန်းဖြစ်၊ သူ၏ ကျန်ပစ္စည်းများကို သံဃိကအဖြစ် ခွဲဝေယူရန်ပြုသော် ငါ့ဥစ္စာကို လုယူကြပြီဟု အော်သံကို ဘုရားရှင်သည် ဒိဗ္ဗသောတဖြင့်ကြားရာ ချက်ချင်းမခွဲဝေကြရန် အရှင်အာနန္ဒာကို စေလွှတ်၍ ပြောခိုင်း၊ ချက်ချင်းခွဲဝေက သံဃာများကို ပြစ်မှားက အပါယ်ငရဲကျမည်ဖြစ်၊ ၇ရက်ကြာသော် သန်းသေ၍ တုသိတာဘုံသို့ရောက်၊ ထိုအခါမှ ခွဲဝေစေ၍ ဤဒေသနာတော်ကိုဟော။

"သံချေးသည် သံမှပင်ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင် ပြန်၍စားသကဲ့သို့ ဤအတူ မကောင်းမှု၌ လွန်ကျူး၍ ကျင့်သောသူကို မိမိကျင့်ကြံမှုတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။"

၄၉ သပ္ပါယ <u>၂၈</u>

<u>၁။ ၄ပါး</u> (သက္ကပဥှသုတ်ဟောတော်မူသောအခဏ်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဥတုသပ္ပါယ၊ ၂ ပုဂ္ဂလသပ္ပါယ၊ ၃ ဘောဇနသပ္ပါယ၊ ၄ သပ္ပါယဖြစ်သော တရားနာရခြင်း။

<u>၂။ ၇ပါး</u> (ဥပရိပဏ္ဏာသ ၄။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

၁ နေရာထိုင်ခင်း (သပ္ပါယဖြစ်ခြင်း)၊ ၁ ဆွမ်းခံရွာ (...)၊ ၃ စကား (...)၊ ၄ ပုဂ္ဂိုလ် (...)၊ ၅ အာဟာရ

(...)၊ ၆ ဥတု (...)၊ ၇ ဣရိယာပုတ် သပ္ပါယဖြစ်ခြင်း။

၅ဝ။ **သုပ္ပဗုဒ္ဓ လူနူသူတောင်းစား**သည် သာဝတ္ထိပြည်သားဖြစ်၍ တနေ့ လူစုလူဝေး၌ တောင်းစားရန်လာရာ တရားနာနေသူများ ဖြစ်နေရကား ဘုရားရှင်ဟောသောတရားကို သူလည်းဝင်နာပြီး သောတာပတ္တိဖိုလ်ရပြီးနောက် အပြန်တွင် သိကြားက သင်သည် နူ၍တောင်းစားနေရ၊ ဘုရား၊ တရား၊ သံဃာကို မဟုတ်ဟု ပြောလျှင် တသက်စားလောက်အောင် ပစ္စည်းဥစ္စာ ပေးမည်ဟုပြောသော် "ငါသည် သင်ပြောသကဲ့သို့ ဆင်းရဲသူမဟုတ်၊ ငါ့မှာ သူတော်ကောင်းဥစ္စာ ၇ပါးရှိသည်၊ ငါတရားရထားသည်ကို သင်မသိသလော?" ဟုပြန်ပြောကာ အပြန်လမ်း၌ သားသည်နွားမ‌ဝှေ့သဖြင့် သေဆုံး၏။ (သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု၊ ဗာလဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ခု၊ သုတ္တန္တပိဋက)

လူနူဖြစ်ရခြင်း၏ <u>အတိတ်အကြောင်း</u>ကား (သုပ္ပဗုဒ္ဓကုဋ္ဌိသုတ်၊ သောဏဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - အကျဉ်းသာ။ ဤသို့ သေဆုံးသွားပြီးနောက် ရဟန်းများက ဘုရားရှင်အား လျှောက်ရာတွင် ဟောတော်မူသည်။ ဤရာဇဂြိုဟ်ပြည်၌ပင် သူဌေးသားဖြစ်၊ ဥယျာဉ်ကစားထွက်စဉ် ဆွမ်းခံဝင်သော တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါကို မြင်၊ 'ဤသူသည် အဘယ်သူနည်း? လူနူသည် လူနူအဝတ်ဖြင့် လှည့်လည်၏။' ဟု ကြုံးစည်ပြီး တံတွေးထွေးကာ အရိုအသေမပြုပဲ ဖဲသွား၏။ အနှစ်အရာ၊ အထောင်၊ အသောင်း ငရဲ၌ ကျရောက်ပြီးနောက် ကံအကြွင်းကြောင့် ဤသို့ ဖြစ်ရသည်။

၅၁ သမ္ဗဇဉ် ၄ပါး (သုတ်သီလက္ခန် ဋ္ဌ။ မူလပဏ္ဏာသ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာ ဘိဝံသ)

သမ္ဗဇဉ်- ကောင်းစွာ အပြားအားဖြင့် သိသောဉာဏ်အမြင်တရား။ ၁ သတ္ထကသမ္ဗဇဉ်- အမှုကိစ္စ တစုံတခုကို ပြုလုပ်မည့်အခါမျိုး၌ အကျိုးရှိ အကျိုးမဲ့ ဆင်ခြင်ဉာဏ်ကြီးကဲမှု၊ ၂ သပ္ပါယသမ္ဗဇဉ်- မည်သည့်အရာမျိုးမဆို အကျိုးပင်ရှိသော်လည်း မိမိနှင့် သင့်လျော်လျောက်ပတ်ဖွယ်ဖြစ်ရန် ဆင်ခြင်ဉာဏ်ကြီးကဲမှု၊ ၃ အသမ္မောဟသမ္ဗဇဉ်- မည်သည့်အရာမျိုးမဆို မှောက်မှားတွေဝေ တိမ်းပါးချွတ်ချော်ခြင်း မဖြစ်စေရန် ဆင်ခြင်ဉာဏ်ကြီးကဲမှု၊ ၄ ဂေါစရသမ္ဗဇဉ်- သွားလာကျက်စားရာ၌ တိမ်းပါးချွတ်ချော်ခြင်း မဖြစ်စေရန် ဆင်ခြင်ဉာဏ်ကြီးကဲမှု။

၅၂ သမ္ပတ္တိ ၄ပါး (ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ သမ္မောဟဝိနောဒနီ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

သမ္ပတ္တိ- ကောင်းမှုရေးရာ၊ စည်းစိမ်ချမ်းသာ အကြောင်းစုံညီခြင်း။ ၁ ဂတိသမ္ပတ္တိ- လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့သို့ လားရောက်ရခြင်း၊ ၂ ဥပဓိသမ္ပတ္တိ- ကိုယ်အင်္ဂါ၏ ပြည့်စုံတင့်တယ်လှပခြင်း၊ ၃ ကာလသမ္ပတ္တိ- ကပ် ၃ပါးမှ လွတ်ကင်းသော ကာလ၊ ၄ ပယောဂသမ္ပတ္တိ- အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်လုပ်ကိုင်နိုင်ခြင်း၊ အား၊ လုံ့လ၊ လိမ္မာခြင်းနှင့်ပြည့်စုံခြင်း။

၅၃ သမ္ဖဖလာပဝါစာ- ပြိန်ဖျင်းသောစကား <u>၂၈</u>

<u>၁။ သမ္ဖဖလာပဝါစာ- ပြိန်ဖျင်းသောစကား အင်္ဂါ ၆ပါး</u> (သာလေယျကသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသ ပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင် ကောသလတိုင်း သာလပုဏ္ဏားရွာ၌ ဟော။ ၁ မသင့်သောအခါ၌ (ဆိုလေ့ရှိခြင်း)၊ ၂ မဟုတ်သည်ကို (...)၊ ၃ အကျိုးနှင့် မစပ်သည်ကို (...)၊ ၄ တရားနှင့် မစပ်သည်ကို (...)၊ ၅ အဆုံးအမနှင့် မစပ်သည်ကို ဆိုလေ့ရှိခြင်း၊ ၆ မသင့်သောအခါ အကြောင်းမရှိသော၊ အပိုင်းအခြားမရှိသော၊ အစီးအပွား နှင့် မစပ်သော၊ နှလုံး၌ မသိမ်းသင့်သည့် စကားကို ပြောဆိုခြင်း။

<u>၂။ သမ္ဖဖလာပဝါစာ- ပြိန်ဖျင်းသောစကား ၂၈ မျိုး</u>

(မဂ်ဖိုလ် / မဂ်ဉာဏ်ဖိုလ်ဉာဏ် - အနက်မှ - မဂ်ဖိုလ်မှ ဖီလာစကား ၂၈ မျိုး) - ကို ကြည့်ပါ။

၅၄ သမ္ဗုလမင်းသမီး (**တော် လေး၀** / မိန်းမကောင်းမိန်းမမြတ်- အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလ အဝင်အပါ)- မလ္လိကာမိဖုယားအလောင်း၊ သောတ္ထိသေနမင်း- ကောသလမင်းကြီးအလောင်း၊ ဘုရားလောင်းသည် သောတ္ထိသေနမင်း၏ ခမည်းတော်ရသေ့။ (သမ္ဗုလာဇာတ်၊ တိံသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၅၅ သမ္မပ္ပဓါန်- ကောင်းစွာအားထုတ်ခြင်း၊ သမ္မပ္ပဓါန်တရား ၄ပါး (ပဓါနသုတ်၊ စရဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မဖြစ်သေးသော အကုသိုလ်တရားတို့ မဖြစ်စေရန်၊ ၂ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရန်၊ ၃ မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်စေရန်၊ ၄ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွားများ ပြည့်စုံစေရန် ပြုလိုမှုဆန္ဒကိုဖြစ်စေ၏၊ ကြိုးစား၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှင့်တင်ထား၏၊ ဆောက်တည် ထား၏။

၅၆ **သုံးဆယ့်တဘုံ** (စကြဝဠာကို ကြည့်ပါ။)

၅၇ သွားတိုက်ခြင်း / တံပူစားခြင်း အကျိုး ၅ပါး (ဒန္တကဋ္ဌသုတ်၊ ကိမိလဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ ခု၊ သုတ္တန္တပိဋက။ စူဠဝါပါဠိတော်၊ ခု၊ ဝိ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မျက်စိကြည်လင်၏၊ ၂ ခံတွင်းနံ့ကောင်း၏၊ ၃ အရသာကိုဆောင်သောအကြောတို့ စင်ကြယ် ကုန်၏၊ ၄ သည်းခြေ သလိပ်တို့ အစာကိုမမြှေးယှက်၊ ၅ ထမင်းမြိန်၏။

**ဟ**

၁ ဟဒယနှလုံးသွေးရည် အရောင် ၆မျိုး (အဘိဓမ္မာနည်း၊ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ဝိဇယသုတ်၊ သုတ္တနိပါတ် ဠ)

၁ ရာဂလွန်ကဲသောအခါ၌ ချိပ်ရည်ကဲ့သို့ အနီရောင်၊ ၂ ဒေါသ - ထောက်ရှာသီးမှည့်ကဲ့သို့ မည်းသောအရောင်၊ ၃ မောဟ - သားဆေးရည်အရောင်ကဲ့သို့ ဖြော့တော့သောအဆင်း၊ ၄ ဝိတက် - ပဲပြုတ်ရည်အရောင် ပဲစဥ်းငုံအဆင်း၊ ၅ သဒ္ဓါ - ဝါသောအရောင် မဟာလှေကားပန်းအဆင်း၊ ၆ ပညာ - ပြိုးပြိုးပြက်ပြက် ဖြူစင်လှစွာ၏။ ပွတ်သစ်စပတ္တမြားကဲ့သို့ သန့်ရှင်းစင်ကြယ်၏။

၂ ဟိရီ၊ ဩတ္တပ္ပ တရား ၂ပါး၏ အမည် ၄ခု (ကဏှသုတ်၊ သုက္ကသုတ်၊ စရိယသုတ်၊ ဒုကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

ဟိရီ = မကောင်းမှုမှ ရှက်ခြင်း။ ဩတ္တပ္ပ = မကောင်းမှုမှ ကြောက်ခြင်း။

၎င်းတရား ၂ပါးတို့သည် ၁ - <u>သုက္ကသုတ်၌</u> **သုက္ကဓမ္မ**- ဖြူစင်သောတရား ၂ပါးဖြစ်သည်ဟု ဖေါ်ပြသည်။

၂ - <u>စရိယသုတ်၌</u> **လောကပါလဓမ္မ**- လောကကို စောင့်ရှောက်ကုန်သော တရား ၂ပါးဟု ဖေါ်ပြ၏။

၃ - **ဒေဝဓမ္မ**- နတ်အဖြစ်သို့ရောက်ကြောင်း တရား ၂ပါးဟုလည်း ခေါ်၏။ (<u>ဒေဝဓမ္မဇာတ်</u>၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ နိပါတ်တော်လာဇာတ်တော် ငါးရာ့ငါးဆယ်အနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၄ - <u>ကဏှသုတ်၌</u> ဆန့်ကျင်ဘက် တရား ၂ပါးဖြစ်သော အဟိရိက- မကောင်းမှု မှ မရှက်ခြင်း၊ အနောတ္တပ္ပ- မကောင်းမှုမှ မကြောက်ခြင်းတို့သည် မည်းညစ်သော တရား ၂ပါးဟု ဖေါ်ပြထား၏။

၃ ဟတ္ထကအာဠဝက အနာဂါမ်ဥပါသကာ၏ အံ့ဖွယ် ၈ပါး (ပဌမဟတ္ထကသုတ်၊ ဂဟပတိဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါ၊ ၂ သီလ၊ ၃ သုတ၊ ၄ စာဂ၊ ၅ ပညာ၊ ၆ ဟိရီ၊ ၇ ဩတ္တပ္ပ၊ ၈ အလိုနည်းခြင်း။

(ဧတဒဂ်ရပုဂ္ဂိုလ်များ - အနက်မှ - ဥပါသကာများ - အနက်မှ - ဟတ္ထကမာဠာဝက / ဟတ္ထာဠာဝက) - ကိုလည်း ကြည့်ပါ။

**အ**

၁ အကုသိုလ် ၈မျိုး၏ **<u>အပေါ့ဆုံး မကောင်းကျိုး</u>** (ဒုစ္စရိတဝိပါကသုတ်၊ ဒါနဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

ဤအကုသိုလ်များကို ကြိမ်ဖန်များစွာပြုက ၁ ငရဲ ၂ တိရစ္ဆာန်၊ ၃ ပြိတ္တာဘုံတို့၌ ဖြစ်၏။

၁ သူ့အသက်သတ်ခြင်း - လူဖြစ်သောသူအား အသက်တိုခြင်း၊

၂ သူ့ဥစ္စာခိုးယူခြင်း - စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၊

၃ ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်း - ရန်သူတို့နှင့်တကွ ရန်ဖြစ်စေတတ်၏၊

၄ မဟုတ်မမှန်စကားပြောခြင်း - မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲခံရခြင်း၊

၅ ကုန်းတိုက်စကားပြောခြင်း - အဆွေခင်ပွန်းတို့နှင့် ကွဲပြားခြင်း၊

၆ ကြမ်းတမ်းစကားပြောခြင်း - မနှစ်သက်ဖွယ်သောအသံဖြစ်စေခြင်း၊

၇ သိမ်ဖျင်းသောစကား ပြောဆိုခြင်း - လူဖြစ်သောသူအား သူတပါးတို့ မနာယူအပ်သောစကား ရှိခြင်း၊

၈ သေအရက်သောက်ခြင်း - ရူးသွပ်ခြင်းကို ဖြစ်စေ၏။

၂ အကျိုးပေးမြဲသော ပုဂ္ဂိုလ် ၃ပါး (ပုဂ္ဂလပညတ်ပါဠိတော် မြန်မာပြန်၊ ခု၊ အဘိ)

၁ ပဉ္စာနန္တရိယကံထိုက်သော ပုဂ္ဂိုလ် ၅ယောက်၊

၂ နိယတမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်၊

၃ ၈ယောက်သော အရိယာ ပုဂ္ဂိုလ်။

၃ အကျိုးမဲ့စေသော အကြောင်း ၆ပါး (အနတ္တပုစ္ဆကပြာဟ္မဏဝတ္ထု၊ သဟဿဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ နေမြင့်အောင်အိပ်ခြင်း၊ ၂ ပျင်းရိခြင်း၊ ၃ ခက်ထန်ခြင်း၊ ၄ နေ့စဉ် အရက်သောက်စားခြင်း၊ ၅ တယောက်တည်း ခရီးရှည်သွားခြင်း၊ ၆ သူ့သားမယားကို ပြစ်မှားခြင်း။

၄ အခါအားလျော်စွာ (သင့်လျော်သောအခါ) ပြုအပ်သော အလုပ် ၄မျိုး (ပဌမကာလသုတ်၊ အာဘာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အခါအားလျော်စွာ ထရားနာခြင်း၊ ၂ အခါအားလျော်စွာ တရားဆွေးနွေးခြင်း၊ ၃ အခါအား လျော်စွာ တရားသုံးသပ်ခြင်း၊ ၄ အခါအားလျော်စွာ ဝိပဿနာရှုခြင်း။

၅ အခမ်းအနားသုံး ပန်းမျိုး ၅ပါး (ဒုတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ နေဇာမြက်၊ ၂ ဆန်၊ ၃ မုန်ညင်းစေ့၊ ၄ မုလေးငုံ / မြတ်လေးပန်းငုံ၊ ၅ ဆန်ပန်းပေါက်ပေါက်။

၆ အခြေအရံ အကျော်အစောတိုးပွားကြောင်း ၆ပါး (ကုမ္ဘဃောသကဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခုဒ္ဒကနိကာယ်ပိဋက)

<u>ဝတ္ထုအကျဉ်း</u>။ ရာဇဂြိုဟ်သူဌေး ကုဋေ၄၀ ကြွယ်ဝ၊ မြို့မှာ အလွန်ကူးစက်မြန်သော "ယင်" အနာရောဂါဖြစ်၊ ဥစ္စာ မြှုပ်နေရာ သားကိုပြ၊ ထွက်ပြေးစေ၊ ၁၂နှစ်ကြာ၊ သား ပြန်လာ၊ ဥစ္စာများရှိသေး၊ မည်သူမျှ သူ့ကိုမမှတ်မိ၊ ထုတ်သုံးက သူခိုးဟု စွပ်စွဲမည်စိုး၊ နိဗ္ဗာန်ဆော်အလုပ်- လယ်သမားများ လုပ်ငန်းခွင်ဝင်ရန်၊ အမျိုးသမီးများ ယာဂုဆွမ်းချက်၍ ကုသိုလ်ပြုရန်- လုပ်၊ ဗိမ္ဗိသာရမင်းကြီး ထိုဆော်သြသံကြားသော် ပစ္စည်းကြွယ်ဝသူ အသံဟု မိန့်၊ နန်းတွင်းသူအဘွားကြီးက သမီးနှင့်အတူသွား၍ စုံစမ်း၊ သိ၊ မင်းက သူဌေးရာထူးပေး၍ သမီးတော်နှင့် ထိမ်းမြားပေး၊ ဘုရားရှင်ထံလျှောက်ရာ ဤအခြေအရံ အကျော်အစောတိုးပွားကြောင်း တရားတော်ကိုဟော။

၁ ထကြွလုံ့လရှိသူ၊ ၂ သတိရှိသူ၊ ၃ စင်ကြယ်သောကံ ၃ပါးရှိသူ၊ ၄ စူးစမ်း၍ ပြုလေ့ရှိသူ၊ ၅ ဣန္ဒြေကို စောင့်စည်းသူ၊ ၆ ထရားသဖြင့် မမေ့မလျော့ အသက်မွေးသူ။

၇ အဂတိတရား ၄ပါး (ဝိနည်းမဟာဝါ ၄၊ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

တရားစီရင်ရာ၊ ဘဏ္ဍာဝေဖန်ရာ စသည်တို့၌ မလားအပ်သည်သို့ လားခြင်းကို ခေါ်သည်။ ဆန္ဒာဂတိ- ချစ်သဖြင့် (မလားအပ်သည်ကို လားခြင်း)၊ ၂ ဘယာဂတိ- ကြောက်သဖြင့် (...)၊ ၃ ဒေါသာဂတိ- မုန်းသဖြင့် (...)၊ ၄ မောဟာဂတိ- တွေဝေမိန်းမောသဖြင့် အမှန်ကိုမသိပဲ မလားအပ်သည်သို့ လားခြင်း။

**၈ အစာအာဟာရ မျှတစွာ စားနည်း** <u>၂ ခု</u>

<u>၁။ (ဘုရားရှင် [ဂေါတမမြတ်စွာဘုရား]</u> နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင် ကောသလမင်းကြီးကိုဟောသော အစာလျှော့စားနည်းနှင့် အကျိုး ၃ပါး) - ကို ကြည့်ပါ။

<u>၂</u>။အောက်တွင်ဖော်ပြထားသော <u>(အရှင်သာရိပုတ္တရာ</u>၏ ပကတိ သန့်စင်ကြည်လင်သော အကြောင်းအရာများ - အနက်မှ - အရှင်သာရိပုတ္တရာ၏ အာဟာရအပေါ်၌ တိုက်တွန်းချက်) ကို ကြည့်ပါ။

၉ အဇာတသတ်မင်း <u>၂ ခု</u>

<u>၁။ အဇာတသတ်မင်းအစပြုသော အဘသတ် မင်းဆက် ၅ဆက်</u> (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋက ဆရာတော်ကြီး)

၁ အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်၍ မင်းပြုသည်၊ ၂ ဥဒယမင်းသားသည် ခမည်းတော် အဇာတသတ်မင်းကို- ၃ မဟာမုဏ္ဍိကမင်းသားသည် ခမည်းတော် ဥဒယမင်းကို- ၄ အနုရုဒ္ဓမင်းသားသည် ခမည်းတော် မဟာမုဏ္ဍိကမင်းကို- ၅ နာဂဒါသမင်းသားသည် ခမည်းတော် အနုရုဒ္ဓမင်းကို သတ်၍ မင်းပြုသည်။

တိုင်းသူပြည်သား လူအများတို့သည် 'ဤမင်းတို့သည် ရာဇဝင်အနွယ်အဆက်ကို ဖြတ်တောက်သောမင်းတို့ ဖြစ်ကုန်သည်။ ဤမင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း?' ဟု တိုင်ပင်ညီညွတ်ကြကာ နာဂဒါသမင်းကို ဖျောက်ဖျက်သတ်ဖြတ်ကြသည်။

၂။ အဇာတသတ်မင်း၏ အဆုံးကျွတ်တမ်းဝင်မည့် ဘဝ (ဓမ္မပဒ။ သီလက္ခန် ၄။ ဂုကုန်းဝိဝါဒဝိနိစ္ဆယကျမ်း ၁၊ ဂုကုန်းဆရာတော်ကြီးအရှင်တိဿ)

လောဟကုမ္ဘီငရဲ၌ အနှစ် ၃သောင်းနစ်၍ အနှစ် ၃သောင်းပြန်တက်လာပြီးနောက် လွတ်သော်နောင်အခါ၌ ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့။

၁၀ အညစ်အကြေး- မလတရား ၂ စု

၁။ ၈မျိုး (မလသုတ်၊ မဟာဝဂ်၊ အင်္ဂုတ္တရနိကာယ်၊ အံ၊ သုတ္တန္တပိဋက)

၁ အတတ်ပညာ၏ အညစ်အကြေးသည် မသရဇ္ဈာယ်ခြင်း၊ ၂ အိမ် - ထကြွလုံ့လမရှိခြင်း၊ ၃ ကိုယ်အဆင်း - ပျင်းရိခြင်း၊ ၄ ဥစ္စာကို စောင့်ရှောက်သူ၏ အညစ်အကြေးသည် မေ့လျော့ခြင်း၊ ၅ မိန်းမ - မကောင်းသောအကျင့်၊ ၆ ပေးလှူသူ - ဝန်တိုမှု၊ ၇ ဤလောကနှင့် တမလွန်လောက၏ အညစ်အကြေးသည် အကုသိုလ်တရား၊ ၈ ဆိုခဲ့သောအညစ်အကြေးတို့ထက်ထူးသော လွန်ကဲသောအညစ်အကြေးသည် အဝိဇ္ဇာ။

၂။ ၉ပါး (ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

(ယောက်ျားတို့၏ အညစ်အကြေး - ကို ကြည့်ပါ။)

၁၁ အတူမရှိ ၂ စု

၁။ ၄ပါး (အညတရကုလဒါရိကာဝတ္ထု၊ သုခဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ ရာဂနှင့်တူသော မီးမရှိ၊ ၂ ဒေါသနှင့်တူသော အပြစ်မရှိ၊ ၃ ခန္ဓာနှင့်တူသော ဆင်းရဲမရှိ၊ ၄ နိဗ္ဗာန်နှင့်တူသော ချမ်းသာမရှိ။

၂။ တနည်း - ၄ပါး / **တရားနာသူ ၅မျိုး** (ပဉ္စဥပါသကာဝတ္ထု၊ မလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ ရာဂနှင့်တူသော မီးမရှိ၊ ၂ ဒေါသနှင့်တူသော ဖမ်းယူတတ်သောသတ္တဝါသည် မရှိ၊ ၃ မောဟနှင့်တူသော ပိုက်ကွန်သည် မရှိ၊ ၄ တဏှာနှင့်တူသော မြစ်သည် မရှိ။

ဝတ္ထုအကျဉ်း။ ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင်ထံ တရားနာရန် ဒါယကာ ၅ယောက်ရောက်လာ၊ ဘုရားရှင် ရှေ့တော်၌ တဦးက ထိုင်လျက် အိပ်ပျော်၊ တဦးက မြေကြီးကို လက်ဖြင့်ရေးခြစ်၊ တဦးက သစ်ပင်

ကိုင်လှုပ်၊ တဦးက ကောင်းကင်ငေးကြည့်၊ တဦးက ကောင်းစွာ တရားနာနေ၊ အရှင်အာနန္ဒာက ထိုအကြောင်းကို လျှောက်ထားရာ-

ဘုရားရှင်က ၁ အိပ်ပျော်သူသည် ဘဝ ၅၀၀ မိမိအခွေပေါ် ခေါင်းတင်အိပ်သောမြွေဖြစ်ခဲ့၊ ၂ မြေကြီးရေးခြစ်သူသည် ဘဝ ၅၀၀ တီကောင်ဖြစ်ခဲ့၊ ၃ သစ်ပင်ကိုင်လှုပ်သူသည် ဘဝ ၅၀၀ မျောက်ဖြစ်ခဲ့၊ ၄ ကောင်းကင်မော့ကြည့်သူသည် ဘဝ ၅၀၀ နက္ခတ်ဆရာဖြစ်ခဲ့၊ ၅ ကောင်းမွန်စွာ တရားနာသူသည် ဗေဒင်တဖက်ကမ်းတတ်သူ ပုဏ္ဏား ဘဝ ၅၀၀ ဖြစ်ခဲ့၊ တရားတော်ကို ကောင်းစွာ မနာကြားနိုင်ကြခြင်းမှာ သူတို့၌ရှိသော ရာဂ၊ ဒေါသ၊ မောဟနှင့် တဏှာကြောင့် ဖြစ်သည်ဟုမိန့်၍ အထက်ပါဒေသနာတော်ကို ဟောရာ ကောင်းစွာနာသူသည် သောတာပတ္တိဖိုလ်သို့ ရောက်၏။

၁၂ အနာထပိဏ်သူဌေးကြီး **၅ ခု**

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ဥပါသကာများ - အနက်မှ - အနာတပိဏ် [သုဒတ္တ]- ကိုလည်း ကြည့်ပါ။)

<u>၁။ အနာထပိဏ်သူဌေးကြီး စုတေမည့်ရောဂါ</u> ကပ်ရောက်လာသောအခါ အရှင်သာရိပုတ္တရာ ဟောကြားသော တရား ၉ခု (**အနာထပိဏ္ဍိကောဝါဒသုတ်**၊ သဠာယတနဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) - <u>အကျဉ်းသာ</u>။

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သောတာပန်အရိယာ သူဌေးကြီး ပြင်းစွာနာမကျန်းရာ အရှင်သာရိပုတ္တရာကို ပင့်လျှောက်ရာ အရှင်သာရိပုတ္တရာသည် အရှင် အာနန္ဒာနှင့်အတူ ကြွ၍ ဤတရားတော်ကို ဟောတော်မူ၏။

၁ စက္ခုပသာဒ / ဒွါရ (သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော - ပသာဒ / ဒွါရ ၆ပါး) (ကို မစွဲလမ်း၊ ၎င်းကိုမှီ၍ ဖြစ်သော ဝိညာဏ်သည် မဖြစ်အံ့ဟု ကျင့်)။

၂ စက္ခုရူပါရုံ (အာရုံ ၆ပါး) (...)၊

၃ စက္ခုဝိညာဏ် (ဝိညာဏ် ၆ပါး) (...)၊

၄ စက္ခုသမ္ဖဿ (ဖဿ ၆ပါး) (...)၊

၅ စက္ခုသမ္ဖဿ (ဖဿ ၆ပါး) ကြောင့် ဖြစ်သောဝေဒနာ - စက္ခုသမ္ဖဿဇာဝေဒနာ ၆ပါး (...)၊

၆ ပထဝီဓါတ်၊ အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်၊ အာကာသဓါတ်၊ ဝိညာဏဓါတ် (ဓါတ် ၆ပါး) (...)၊

၇ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် (ခန္ဓာ ၅ပါး) (...)၊

၈ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာနာသညာယတနစျာန် (အရူပစျာန် ၄ပါး) (...)၊

၉ [၁]မျက်မှောက်လောက၊ [၂]တမလွန်လောက၌ဖြစ်သော [၁]မြင်ရ၊ [၂]ကြားရ၊ [၃]တွေ့ရ၊ [၄]သိရ၊ [၅]ရောက်ရ၊ [၆]ရှာမှီးရ၊ [၇]အဖန်ဖန် ရှာမှီးရ၊ [၈]စိတ်ဖြင့် လေ့လာရသော အကြင်အာရုံတို့ကို မစွဲလမ်း၊ ၎င်းတို့ကို မှီ၍ ဖြစ်သော ဝိညာဏ်သည် မဖြစ်အံ့ဟု ကျင့်။

ဤတရားကို သူဌေးကြီးကြားနာရသော် ငိုကြွေး၏။ အကြောင်းကို အရှင်အာနန္ဒာကမေး၍ ဤသို့ သဘောရှိသော တရားကို ယခင်က မကြားဘူး၍ဖြစ်ကြောင်းနှင့် ဤကဲ့သို့သောတရားမျိုးကို ဟောကြားတော်မူကြပါရန်၊ ဉာဏ်မျက်စိ၌ ကိလေသာမြူနည်းသောသဘောရှိသော အမျိုးကောင်းသားတို့ ရှိကြရာ၏ဟု အရှင်သာရိပုတ္တရာကို လျှောက်ထား၏။ အရှင်သာရိပုတ္တရာတို့ပြန်၍ မကြာမြင့်မီ စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်၏။

<u>၂။ အနာထပိဏ်သူဌေးကြီးအိမ်၌ နေ့စဉ်လှူသော ဆွမ်းဝတ် ၉မျိုး</u> (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာ ရေးဦးစီး)

၁ စာရေးတံဆွမ်း ၅၀၀၊ ၂ ပက္ခိက- လဆန်း ၁၅ရက်၊ လဆုတ် ၁၄ / ၁၅ရက်နေ့ ပက္ခိကဆွမ်း ၅၀၀၊ ၃ စာရေးတံယာဂုဆွမ်း ၅၀၀၊ ၄ ပက္ခိကယာဂုဆွမ်း ၅၀၀၊ ၅ နိစ္စဘတ်- အမြဲ နိစ္စဘတ်ဆွမ်း ၅၀၀၊ ၆ အာဂန္တုက ဆွမ်း ၅၀၀၊ ၇ ဂမိက- ခရီးသွားသူ ဂမိကဆွမ်း ၅၀၀၊ ၈ ဂိလာနဆွမ်း ၅၀၀၊ ၉ ဂိလာန ပဋ္ဌာက- သူနာပြုသူ ဂိလာနပဋ္ဌာကဆွမ်း ၅၀၀။

ရဟန်းသံဃာ ထိုင်နေရန် နေရာ ၅၀၀ အမြဲ ခင်းထား၏။

<u>၃။ အနာထပိဏ်သူဌေးကြီး၏ သမီး ၃ ယောက်</u> (သုမနဒေဝီဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ မဟာသုဘဒ္ဒါ၊ ၂ သောတာပန်အရိယာ စူဠသုဘဒ္ဒါ၊ ၃ သကဒါဂါမ်အရိယာ သုမနဒေဝီ။ သာဝတ္ထိမြို့နေအလှူရှင်များသည် သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီးတို့ကို မိမိတို့၏ ဒါနအစီအမံများ အား ဦးစီးစေရာ ၎င်းတို့သည် မအားလပ်ကြ။ သူဌေးကြီးသည် မိမိအိမ်မှ များစွာသော အလှူဝတ်များကို ဦးစွာ မဟာသုဘဒ္ဒါကို ဦးစီးစေ၊ ၎င်းအိမ်ထောင်ကျသွားသော် စူဠသုဘဒ္ဒါဦးစီး၍ လုပ်၊ ၎င်း အိမ်ထောင် ကျပြန်သော် သုမနဒေဝီ တာဝန်ယူ၏။

<u>၄။ အနာထပိဏ်သူဌေးကြီး၏ သားတဦးဖြစ်သော၊</u> ရတနာ ၃ပါးမဆည်းကပ်ပဲ သုံးဖြုန်းနေသော၊ ဖခင်က ကျောင်းသွား၍ တရားနာလျှင် အသပြာ ၁၀၀ပေးမည်ဆို၍ ကျောင်းသွား၊ ဥပုသ်စောင့်၊ အိပ်ပြီးပြန်လာ၊ သည့်နောက် တရားဂါထာတပုဒ်ရလျှင် တထောင်ပေးမည်ဆိုသောအခါ ဘုရားရှင်ဟောသည်ကို မှတ်မိ အောင်ပြုရာမှ နာသည့်ထရားတော်ကို ပွားများပြီး သောတာပန်ဖြစ်သော <u>ကာလသတို့သား။</u> (အနာထပိဏ္ဍိက ပုတ္တကာလဝတ္ထု၊ လောကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၅။ အနာထပိဏ်သူဌေးကြီး၏ သူဌေးကတော်ကြီးအမည်သည် ပုညလက္ခဏာဒေဝီဖြစ်၏ (သီရိဇာတ်၊ အဋ္ဌကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ စူဠသုဘဒ္ဒါဝတ္ထု၊ ဓမ္မပဒ ဋ္ဌ)

၁၃ အနုသယ- အစဉ်ကိန်းခြင်း၊ အနုသယ ၇ပါး (အနုသယသုတ်၊ ဩဃဝဂ်၊ မဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ ပဌမအနုသယသုတ်၊ အနုသယဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ခုဒ္ဒကဝိဘင်း၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ကာမရာဂါနုသယ၊ ၂ ပဋိဃာနုသယ၊ ၃ ဒိဋ္ဌာနုသယ၊ ၄ ဝိစိကိစ္ဆာနုသယ၊ ၅ မာနာနုသယ၊ ၆ ဘဝ ရာဂါနုသယ၊ ၇ အဝိဇ္ဇာနုသယ။

၁၄ အနံ့ခိုးသူ ၂ စု

၁။ (သိင်္ဃပုပ္ဖ- ပန်းအနံ့ခံ၊ သိင်္ဃပုပ္ဖဇာတ်၊ ခရပုတ္တဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းရသေ့ တောင်၌နေ၊ ပဒုမာအိုင်သို့သက်၊ ပွင့်သောပဒုမာကိုမြင်၍ လေကြောအရပ်၌ ရပ်၍ အနံ့ခံ၊ တောစောင့်နတ်သမီး- အရှင်မဥပွလဝဏ်ထေရီမမလောင်းသည် သစ်ပင်ပင်စည်ကြား၌ရပ်၍ "သင်သည် ရေ၌ဖြစ်သော ဤကြာပန်းကို အရှင်မပေးပဲ အကြင်နမ်းခြင်းကိုပြု၏၊ ခိုးခြင်းတခုတည်း၊ သင်သည် နံ့သာခိုးဖြစ်၏။" "သင်၏ကြာပန်းကို မဆောင် မချိုး အဝေးမှနမ်း၏၊ အဘယ်ကြောင့် နံ့သာခိုးဟုဆိုအပ် သနည်း၊ အကြင်ယောကျ်ားသည် ကြာစွယ်တို့ကိုတူး၏၊ ပုဏ္ဍရိက်တို့ကို ချိုး၏၊ ထိုသူကို အဘယ်ကြောင့် သင်မဆိုသနည်း?" "ထိုယောကျ်ားသည် တံတွေး ကျင်ငယ် ကျင်ကြီးတို့ဖြင့် လိမ်းကျံသော၊ နို့ထိန်းကျွန်မ ဝတ်သော အဝတ်ကဲ့သို့ မကောင်းမှုဖြင့် လိမ်းကျံ၏၊ ထိုသူ၌ ငါ၏ဆိုဖွယ်မရှိ၊ သင့်ကိုကား ဆိုခြင်းငှါ တိုက်၏၊ အပြစ်မရှိသော၊ အမြဲစင်ကြယ်ခြင်းကို ရှာလေ့ရှိသော ယောကျ်ားအား မကောင်းမှု၏ သားမြီးဖျားမျှသည် လည်း တိမ်တိုက်ပမာဏရှိသကဲ့သို့ ထင်၏။" ဘုရားလောင်းသည် ထိတ်လန့်ခြင်းသို့ရောက်၏၊ စျာန်ဖြစ်စေ၍ ဗြဟ္မာ့ပြည်သို့လား၏။

၂။ (ဂန္ဓတ္ထေနသုတ်၊ ဝနသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အကြောင်းအရာ ဝတ္ထု အတူတူပင်။ ဤသုတ်တွင်ကား - ဘုရားရှင်လက်ထက် ကောသလတိုင်း တောအုပ်၌နေသော ရဟန်းတပါးသည် ဆွမ်းခံရွာမှ ဖဲခဲ့ပြီးနောက် ဖြစ်စဉ်ဖြစ်၏။ တောအုပ်ကို စိုးအုပ်သော နတ်က ရဟန်းကို ထိတ်လန့်စေ၏။

## ၁၅ အနိစ္စလက္ခဏာ / သညာ ၂၉

**၁။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ** (၁အနိစ္စလက္ခဏဝတ္ထု၊ ၂ဒုက္ခလက္ခဏဝတ္ထု၊ ၃အနတ္တလက္ခဏဝတ္ထု၊ မဂ္ဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံ ဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ရဟန်း ၅၀၀ ၃စုသည် ဘုရားရှင်ထံ တရားတောင်း၍ တောဝင်ကာ တရားအားထုတ်ကြသော်လည်း မရ၊ ပြန်လာ၊ အတိတ်-ပဌမအစုသည် ကဿပဘုရားရှင် လက်ထက်တွင် အနှစ် ၂သောင်း အနိစ္စလက္ခဏာ၊ ဒုတိယအစုသည် ဒုက္ခလက္ခဏာ၊ တတိယအစုသည် အနတ္တလက္ခဏာ ပွားများဖူးကြသဖြင့် ဆိုင်ရာဆိုင်ရာ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတရားများကို ဟောကြားရာ ရဟန်းများ အစုလိုက် အစုလိုက် ရဟန္တာ စုစုပေါင်း ရဟန္တာအပါး ၁၅၀၀ဖြစ်။

"သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။"

အကြင်အခါ၌ ရုပ်နာမ်ဓမ္မ သင်္ခါရအားလုံးတို့သည် အမြဲမရှိကုန်ဟု ဝိပဿနာပညာဖြင့် ရှုမြင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့သွားရာ လမ်းခရီး ဖြစ်၏။

"သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။"

အကြင်အခါ၌ ရုပ်နာမ်ဓမ္မ သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏ဟု ဝိပဿနာပညာဖြင့် ရှုမြင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့သွားရာ လမ်းခရီး ဖြစ်၏။

"သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။"

အကြင်အခါ၌ သဘာဝတရား အားလုံးတို့သည် အတ္တမဟုတ်ကုန်ဟု ဝိပဿနာပညာဖြင့် ရှုမြင်၏၊ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏၊ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့သွားရာ လမ်းခရီး ဖြစ်၏။

၂။ အနိစ္စသညာကို ပွားများရကျိုး ၅ပါး၊ အကျိုး ဥပမာ ၁၀ မျိုး နှင့် အနိစ္စသညာ ပွားများနည်း (အနိစ္စသညာသုတ်၊ ပုပ္ဖဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဤတရားတော်ကို ဟောတော်မူ၏။

<u>အနိစ္စသညာကို ပွားများရကျိုး ၅ပါး</u>

"အနိစ္စသညာ- မမြဲဟူသော အမှတ်သညာကို ပွားများလေ့လာအပ်သော်- ၁ ရာဂ- ကာမဂုဏ်တို့၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏၊ ၂ ရူပရာဂ- ရုပ်၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏၊ ၃ ဘဝရာဂ- ဘဝ၌ စွဲမက်မှုအားလုံးကို ကုန်စေနိုင်၏၊ ၄ အဝိဇ္ဇာအားလုံးကို ကုန်စေနိုင်၏၊ ၅ ငါဟူသော မာနအားလုံးကို ပယ်နုတ်နိုင်၏။

<u>အကျိုး ဥပမာ ၁၀မျိုး</u>

၁ တန်ဆောင်မုန်းလအခါ လယ်သမားသည် ကြီးစွာသောထွန်ဖြင့် ထွန်သော် ဖွဲ့ယှက်တည်သော အမြစ်အားလုံးကို ခွဲလျက် ထွန်သကဲ့သို့၊ ၂ ဖြူဆံမြက်ရိတ်သမားသည် ဖြူဆံမြက်ကို ရိတ်ပြီးနောက် အဖျားမှ ခါယမ်း ချပစ်သကဲ့သို့၊ ၃ သရက်သီးခိုင်သည် အညှာပြတ်ကျသော် အညှာ၌တွဲနေသော သရက်သီး အားလုံးသည် အညှာနောက်သို့ ပါသကဲ့သို့၊ ၄ အထွတ်တပ်သော အခြင်ရနယ်အားလုံးတို့သည် အထွတ်သို့ သက်ဝင်ဆုံကြသကဲ့သို့၊ ၅ အမြစ်နံ့သာအားလုံးတို့တွင် အကျော်နံ့သာကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊

၆ အနှစ်နံ့သာအားလုံးတို့တွင် စန္ဒကူးနီကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊ ၇ အပွင့်နံ့သာအားလုံး တို့တွင် မြတ်လေးပန်းကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊ ၈ နောက်လိုက်များဖြစ်ကြသော အရံမင်းငယ်များ တို့ထက် စကြဝတေးမင်းသည် အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊ ၉ ကြယ်တာရာအားလုံးတို့၏ အရောင်တို့ထက် လရောင်ကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့၊ ၁၀ ကောင်းကင်၌ တိမ်သားကင်းသော တန်ဆောင်မုန်းလအခါ တက်သောနေသည် ကောင်းကင်ရှိ အမှောင်အားလုံးကို ပယ်ခွင်း၍ တောက်ပ တင့်တယ်သကဲ့သို့။

<u>အနိစ္စသညာ ပွားများနည်း</u>

ဤကား ရုပ်၊ ဤကား ရုပ်ဖြစ်ပေါ်ခြင်း၊ ဤကား ရုပ်ချုပ်ခြင်း၊ (ဤကား ခန္ဓာ ၅ပါး၊ ဤကား ခန္ဓာ ၅ပါးဖြစ်ပေါ်ခြင်း၊ ဤကား ခန္ဓာ ၅ပါးချုပ်ခြင်း) ဟု အနိစ္စသညာ- မမြဲဟူသော အမှတ်ကို ပွားများလေ့လာ အပ်သော် အထက်ဖော်ပြပါ အကျိုး ၅ပါး ရ၏။"ဟု ဟောတော်မူ၏။

၁၆ အနုဿတိ ၁၀ပါးနှင့် အကျိုး ၇ပါး (ဧကဓမ္မပါဠိတော်၊ ပဌမဝဂ်၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဗုဒ္ဓါနုဿတိ၊ ၂ ဓမ္မာနုဿတိ၊ ၃ သံဃာနုဿတိ၊ ၄ သီလာနုဿတိ၊ ၅ စာဂါနုဿတိ၊ ၆ ဒေဝတာနုဿတိ- နတ်တို့၏သဒ္ဓါအစရှိသော ဂုဏ်နှင့်တူသော မိမိ၏သဒ္ဓါ အစရှိသောဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၇ အာနာပါနဿတိ၊ ၈ မရဏဿတိ၊ ၉ ကာယဂတာသတိ- ၃၂ကောဋ္ဌာသကို အဖန်ဖန် အောက်မေ့ခြင်း၊ ၁၀ ဥပသမာနုဿတိ- နိဗ္ဗာန်၏ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။

<u>အကျိုး ၇ပါး</u>။ ၁ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှါ၊ ၂ တပ်မက်မှု ကင်းခြင်းငှါ၊ ၃ ရာဂစသည်တို့ ချုပ်ခြင်းငှါ၊ ၄ ကိလေသာတို့ ငြိမ်းအေးခြင်းငှါ၊ ၅ လက္ခဏာယာဉ်သို့တင်၍ အထူးသိခြင်းငှါ၊ ၆ သစ္စာ ၄ပါးကို ထိုးထွင်း၍ သိခြင်းငှါ၊ ၇ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ။

၁၇ အနှစ် ၂၈

၁။ အနှစ်၃ပါး (ကဏှဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ရန်သူမျိုး၅ပါးနှင့် ဆက်ဆံနေသဖြင့် ဥစ္စာ၏အနှစ်ကား အလှူပေးခြင်း၊ ၂ အနာရောဂါတို့နှင့် ဆက်ဆံနေသဖြင့် ဤကိုယ်၏အနှစ်ကား သီလဆောက်တည်ခြင်း၊ ၃ အနိစ္စတာနိပ်စက်၍ အသက်၏အနှစ်ကား ဝိပဿနာ စီးဖြန်းခြင်း။

၂။ အနှစ် ၄ပါး (သာရသုတ်၊ အာဘာဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သီလအနှစ်၊ ၂ သမာဓိအနှစ်၊ ၃ ပညာအနှစ်၊ ၄ ဝိမုတ္တိအရဟတ္တဖိုလ်အနှစ်။

၁၈ အပူဇော်ခံရကြောင်း ၃ပါး (စိတ္တဂဟပတိဝတ္ထု၊ ပကိဏ္ဏကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ သဒ္ဓါတရား ရှိခြင်း၊ ၂ သီလနှင့် ပြည့်စုံခြင်း၊ ၃ အခြံအရံ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသူသည် ရောက်လေရာရာအရပ်တို့၌ အပူဇော်ခံရ၏။

၁၉ အပါယ်၄ဘုံသို့သာ အဖန်ဖန်ရောက်ရခြင်း (ဂေါတမတ္ထေရဂါထာ၊ တိကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

သာကီဝင်မင်းသားဂေါတမသည် ဆွေတော် မျိုးတော်အစည်းအဝေးတွင် ရဟန်းပြုကာ ဝိပဿနာပွား၍ အဘိညာဥ်ရ ရဟန္တာဖြစ်သောအခါ ဤဥဒါန်းကျူးရင့်သည်။

“အစမထင်သံသရာ၌ကျင်လည်ခဲ့ရ၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်ဘုံ သို့ **အဖန်ဖန်**ရောက်၊ လူပြည်နှင့် ကာမာဝစရ နတ်ပြည်တို့သို့ ရံခါရံခါရောက်၊ ရူပဘဝ၊ အရူပဘဝ၊ နေဝသညာ နာသညာယတနဘုံ၊ အသညသတ်ဘုံတို့လည်း နေခဲ့ဘူး၏။”

၂၀ အပျင်းလွန်စွာကြီးသောသူ (ရာဇဝေဇ္ဇဇာတ်၊ စူဠကုဏာလဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင်သီတင်းသုံးစဉ် ရဟန်းတို့၏အလုပ်ဝတ္တရား၂ပါးနှင့် ဝတ်ကြီးဝတ်ငယ်တို့လည်းမပြုပဲ ထိုင်စဉ်၊ ရပ်စဉ်ပင်ပျင်း၍ နိဝရဏနိပ်စက်သော ရဟန်းတပါးကို အကြောင်းပြု၍ ဘုရားရှင် ဟော၊ ဘုရားလောင်းမင်းအမတ်ကမေး၊ “အစဉ်ပျင်းသောသူ သင်သည် နဲ့သောလုံ့လရှိ၏၊ မည်းသောသွားရာ ခရီးရှိသော တောမီးလောင်လျှင် သင်အသို့ပြုအံ့နည်း?”၊ တနေ့လုံးမှ လက်တသစ်၊ ၂သစ်မျှသာသွားသော ရာဇဝေဇ္ဇအမည်ရှိသူ- ပျင်းသော ရဟန်းအလောင်းကဖြေ “များစွာသော သစ်ခေါင်းပေါက်၊ ထူးတွင်းပေါက်တို့ရှိ၏၊ အကယ်၍ ငါ မရောက်နိုင်အံ့၊ သေသည်ဖြစ်အံ့။”

၂၁ အပြစ် ၆ပါး ကင်းသောနေရာ (ဝိသာခါဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

လူကြီးမိဘများနှင့် နေထိုင်ရာတွင်- ၁ မနီးလွန်း၊ ၂ မဝေးလွန်း၊ ၃ ၎င်းတို့၏ အရှေ့၊ ၄ ၎င်းတို့၏ အနောက်၊ ၅ ၎င်းတို့၏ လေညာ၊ ၆ ၎င်းတို့၏ လေအောက်စသည်တို့မှ ကင်းလွတ်သောနေရာတွင် နေရာ၏။

၂၂ အဖော်မမှီး တကိုယ်တည်း နေသင့်ကြောင်း (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ကောသမ္ဗီပြည် သံဃာဝိဝါဒအဓိကရုဏ်း၌ ဟောကြားသော ဂါထာဒသက - ဂါထာ ၁၀ပုဒ်၊ ဂါထာဒသကသြဝါဒဒေသနာတော်မှ သြဝါဒတပုဒ် ဖြစ်သည်။

“သတိရှိသောသူသည် အတူတကွ ဓမ္မမိတ်ဆွေ၊ တရားကျင့်ဖော် အဆွေတော်နှင့် ဝမ်းမြောက်သောစိတ်နှလုံး ရှိသည်ဖြစ်၍ အပြင်ရန်၊ အတွင်းရန်တို့ကို လွှမ်းမိုးနှိပ်စက်၍ လှည့်လည်ကျက်စားရာ၏။ အကယ်၍ မရငြားအံ့၊ အဖော်မမှီး တကိုယ်တည်းဖြစ်၍ လူသူမနီး တောမြိုင်ကြီး၌ လှည့်လည်ကျက်စားရာ၏။”

၂၃ အဘိညာဉ် ၅ပါး (မူလပဏ္ဏာသ ဋ္ဌ။ အပါဒါန် ဋ္ဌ။ ဝိဘင်္ဂ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

အလွန်အကျူး အထူးသိတတ်သော ရုပပဥ္စမဈာန်နှင့် ယှဉ်သော ဉာဏ်ဖြစ်၊ ၁ ဣဒ္ဓိဝိဓ- တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း၊ ၂ ဒိဗ္ဗသောတ၊ ၃ ပရစိတ္တဝိဇာနန- သူတပါးစိတ်ကိုသိနိုင်ခြင်း၊ ၄ ပုဗ္ဗေနိဝါသာနုဿတိ၊ ၅ ဒိဗ္ဗစက္ခု။

၂၄ အဘိဓမ္မာ ၇ကျမ်းမှ တကျမ်းစီ၏ ဟောကြားသောနေ့ရက်များ (ဒေဝေါရောဟနဝတ္ထု၊ ဗုဒ္ဓဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အဘိဓမ္မာဒေသနာတော်များကို တာဝတိံသာနတ်ပြည်တွင် ဘုရားရှင် ဝါတွင်း ၃လအတွင်း ဟောကြားရာ ကျမ်း ၇ကျမ်း ရှိသည့်အနက်- ၁ ဓမ္မသင်္ဂဏီကျမ်းကို ၁၂ရက်၊ ၂ ဝိဘင်းကျမ်းကို ၁၂ရက်၊ ၃ ဓာတုကထာကျမ်းကို ၆ရက်၊ ၄ ပုဂ္ဂလပညတ်ကျမ်းကို ၇ရက်၊ ၅ ကထာဝတ္ထုကျမ်းကို ၈ရက်၊ ၆ ယမိုက်ကျမ်းကို ရက်၂၀၊ ၇ ပဋ္ဌာန်းကျမ်းကို ၂၅ရက်၊ စုစုပေါင်း ရက်ပေါင်း၉၀ ဟောတော်မူ၏။

၂၅ အမိုက်မှောင် ၄ခု (စူဠသုဘဒ္ဒါဝတ္ထု၊ ဓမ္မပဒ ဋ္ဌ နိဿယ။ မူလပဏ္ဏာသ ဋ္ဌ။ သီလက္ခန် ဋ္ဌ။ သုတေသန သရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ သန်းခေါင်၊ ၂ လကွယ်၊ ၃ တောအုပ်လယ်၊ ၄ ရှစ်နယ် တိမ်တိုက်၊ လွှမ်းမိုးခိုက် (မိုးမှောင်ကျ)။

၂၆ အမျိုး ၂ စု

၁။ အမျိုး ၄ပါး (နိဒါနဝဂ္ဂသံယုတ် ဋ္ဌ။ သရုပ်ပြသုတေသနအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ မင်းမျိုး၊ ၂ ပုဏ္ဏားမျိုး၊ ၃ ကုန်သည်မျိုး၊ ၄ သူဆင်းရဲမျိုး။

၂။ အမျိုး ၄ပါး ဖြစ်ခြင်းဆိုင်ရာ ပုဏ္ဏားများ၏ အယူအဆ (အမ္ဗဋ္ဌသုတ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ပုဏ္ဏားတို့သည် ဗြဟ္မာခံတွင်းမှ ဖွားသည်၊ ၂ မင်းတို့သည် ဗြဟ္မာ၏ ရင်မှ- ၃ ကုန်သည်အသည်တို့ သည် ဗြဟ္မာ၏ ချက်မှ- ၄ ဆင်းရဲသားတို့သည် ဗြဟ္မာ၏ ဒူးမှ ဖွားသည်။

၅ ရဟန်းတို့သည် ဗြဟ္မာ၏ ခြေဖမိုးမှ ဖွားသည်။

၂၇ အမျက်ထွက်ခြင်း- ကောဓ အပြစ် ၇ပါး (သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ရုပ်ရည်ဆင်းပျက်၊ ၂ အိပ်မပျော်၊ ၃ အကျိုးမရ၊ ၄ စီးပွားပျက်၊ ၅ အခြွေအရံပျက်၊ ၆ မိတ်ဆွေ ပျက်၊ ၇ အပါယ်လား။

၂၈ **အမြတ်ဆုံး ၆ စု**

၁။ ၄ပါး (ခတ္တိယသုတ်၊ နန္ဒဝဂ်၊ ဒေဝတာသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ အခြေ ၂ချောင်းရှိသူတို့တွင် မြတ်စွာဘုရား (သည် လွန်မြတ်၏) ၊ ၂ အခြေ ၄ချောင်းရှိ သတ္တဝါတို့တွင် ဆင်အာဇာနည် (...) ၊ ၃ မယားတို့တွင် လင်ကိုနှစ်သိမ့်စေသောမယား (...) ၊ ၄ သားသမီး တို့တွင် မိမိတို့၏စကားကို နားထောင်သောသားသမီးသည် လွန်မြတ်၏။

၂။ ၄ပါး (သက္ကပဉှဝတ္ထု၊ တဏှာဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် ကပိလဝတ်ပြည်၌ ၁၅ဝါဆိုစဉ် တာဝတိံသာနတ်များ ၁၂နှစ်ကြာမဖြေရှင်းနိုင်သောပြဿနာကို စတု မဟာရာဇ်နတ်မင်းကြီး၄ပါးမှ သိကြားဆီရောက်လာသည်တွင် သိကြားကမေး၍ ဘုရားရှင်ဖြေ။

၁ **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။** - အလှူတို့တွင် တရားအလှူသည် အမြတ်ဆုံး / အောင်နိုင်၏။

၂ **သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။** - အရသာတို့တွင် တရားအရသာသည် အမြတ်ဆုံး / အောင်၏။

၃ သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။ - မွေ့လျော်ခြင်းတို့တွင် တရားဖြင့်မွေ့လျော်ခြင်းသည် အမြတ်ဆုံး / အောင် ၏။ (သား၊ မယား၊ ဥစ္စာတို့ဖြင့် မွေ့လျော်ခြင်းထက်)

၄ တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။ - တဏှာကုန်ခြင်း၏အဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သည် ခပ်သိမ်းသော ဝဋ်ဒုက္ခကို လွှမ်းမိုးပိုင်ပိုင် အောင်နိုင်၏။

စကြဝဠာတိုက်အပြည့် ဗြဟ္မာ့ပြည်တိုင်အောင် အကြားမရှိ ထိုင်နေသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့အား နူးညံ့သောသင်္ကန်းတို့ လှူဒါန်းရခြင်းသည် ထိုအစည်းအဝေး၌ ၄ပိုဒ်ရှိသော တရားဂါထာဖြင့် တရားအနမော

ဒနာဟောခြင်း၏ ၂၅ဖြစ်စိတ် တစိတ်မျှ အဖိုးမတန်။ တရားဟောခြင်း၊ ပရိယတ္တိစာပို့ချခြင်း၊ တရားကြားနာခြင်း၊ တရားနာကြ ရန် စီမံသူတို့၏အကျိုးသည် မြတ်၏၊ ကြီး၏။

(ဘုရားရှင်နှင့် သံဃာတော်များ - အနက်မှ - ဘုရားရှင်သည် ရဟန်းတော်များအား တရားဟောပြီးတိုင်း ဓမ္မဒါနကုသိုလ်အဖို့ဘာဂကို နတ် သိကြားတို့နှင့်တကွ သတ္တဝါအပေါင်းတို့အား သိကြားမင်းလျှောက်ထားချက်အရ အမျှပေးဝေစေ၏။) ကိုလည်း ကြည့်ပါ။

<u>၃။ တနည်း ၄ပါး (ပဥ္စသတဘိက္ခုဝတ္ထု၊</u> မဂ္ဂဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ လမ်းခရီးအားလုံးတွင် အင်္ဂါ ၈ပါးရှိသော မဂ်လမ်းခရီးသည် အမြတ်ဆုံးဖြစ်၏၊ ၂ သစ္စာအားလုံးတို့တွင် အရိယာသစ္စာ ၄ပါးသည် အမြတ်ဆုံး၊ ၃ သဘောတရားအားလုံးတို့တွင် ရာဂကင်းရာနိဗ္ဗာန်သည် အမြတ်ဆုံး၊ ၄ အခြေ ၂ချောင်းရှိ သတ္တဝါအားလုံးတို့တွင် မျက်စိ ၅ပါးရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်၏။

<u>၄။ မြတ်သောတရား ၆ပါး (နာနာတိတ္ထိယသာဝကသုတ်၊</u> နာနာတိတ္ထိယဝဂ်၊ ဒေဝတာပုတ္တသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ရာဇဂြိုဟ်တောင်များတွင် ဝေပုလ္လတောင်သည် မြတ်သည်၊ ၂ ဟိမဝန္တာတောင်များတွင် ကေလာသတောင်သည် မြတ်သည်၊ ၃ ကောင်းကင်သွားသော အရာတို့တွင် နေမင်းသည် မြတ်သည်၊ ၄ ရေတည်ရာတို့တွင် သမုဒ္ဒရာသည် မြတ်သည်၊ ၅ နက္ခတ်တို့တွင် လသည် မြတ်သည်၊ ၆ လောကတွင် မြတ်စွာဘုရားသည် မြတ်သည်။

<u>၅။ အမြတ်ဆုံးတရား- အနုတ္တရိယတရား ၆ပါး</u> (ပဋိသမ္ဘိဒါမဂ် ဌ။ သုတေသနာသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မြင်ရခြင်းတကာတို့တွင် (ရတနာ ၃ပါးကို မြင်ရခြင်းသည် အမြတ်ဆုံး)၊ ၂ ကြားရခြင်းတကာတို့တွင် (… ကြား …)၊ ၃ ရခြင်းတကာတို့တွင် (… ရ …)၊ ၄ လုပ်ကျွေးခြင်းတကာတို့တွင် (… လုပ်ကျွေး …)၊ ၅ အောက်မေ့ခြင်းတကာတို့တွင် (… အောက်မေ့ …)၊ ၆ အကျင့်တကာတို့တွင် ရတနာ ၃ပါးကို ကျင့်ရခြင်းသည် အမြတ်ဆုံးဖြစ်၏။

<u>၆။ အမြတ်ဆုံး ၁၀ပါး</u> (အပ္ပမာဒသုတ်၊ နာထဝဂ်၊ ဒသကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

(ကုသိုလ်တရားအားလုံးတို့သည် အပ္ပမာဒ- မမေ့မလျော့မှုတရားလျှင် အခြေခံရှိ၏၊ အပ္ပမာဒသို့ ပေါင်းဆုံ၏၊ ကုသိုလ်တရားတို့တွင် အမြတ်ဆုံးဟုဆို၏။)

ဥပမာ ၁၀မျိုး။ ၁ အခြေမရှိသော သတ္တဝါ၊ အခြေ၂ချောင်း၊ အခြေ၄ချောင်း၊ အခြေများစွာ၊

ရုပ်ရှိသောသတ္တဝါ၊ ရုပ်မရှိ၊ သညာရှိ၊ သညာမရှိ၊ သညာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်သော သတ္တဝါအားလုံးတို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၂ ကုန်းမြေ၌ ကျက်စားသွားလာသော သတ္တဝါတို့၏ခြေရာတွင် ဆင်ခြေရာသည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၃ အိမ်အခြင် ရနယ်အားလုံးတို့တွင် အတွတ်သည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၄ အမြစ်နံ့သာတို့တွင် အကျော်သည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၅ အနှစ်နံ့သာတို့တွင် စန္ဒကူးနီသည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၆ အပွင့်နံ့သာတို့တွင် မြတ်လေးပန်းသည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၇ မင်းတို့တွင် စကြဝတေးမင်းသည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၈ ကြယ်တာရာအရောင်တို့တွင် လရောင်သည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ ၉ မိုးသားကင်းစင် အမိုက်တိုက်ဖြိုရာတွင် နေသည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)၊ **၁၀** ဂင်္ဂါ၊ ယမုနာ၊ အစိရ ဝတီ၊ သရဘူ၊ မဟီမြစ်အားလုံးတို့တွင် သမုဒ္ဒရာသည် အမြတ်ဆုံးဖြစ်သကဲ့သို့ (ကုသိုလ် ... ဟုဆို၏။)။

၂၉ အမှုလုပ်ဆောင်ရာ၌ အလိုရှိအပ်သူ ၄မျိုး (မဟာသာရဇာတ်၊ လိတ္တဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ တိုက်ခိုက်ရာ၌ ရဲရင့်သူ၊ ၂ အမှုကိစ္စတိုင်ပင်ရာ၌ နှုတ်လုံသူ၊ ၃ စားကောင်းသောက်ဖွယ် စားရလျှင် ချစ်သောသူ၊ ၄ အခက်အခဲနှင့်တွေ့လျှင် ပညာရှိ။

၃၀ **အယုတ်ညံ့ဆုံး အသက်မွေးမှု** (ပိဏ္ဍောလျသုတ်၊ ခန္ဓနိယဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဘုရားရှင် သံဃာတော်များကို ဆုံးမဟောကြားတော်မူ၏။

"<u>အသက်မွေးမှုတို့တွင် ဤထမင်းတောင်း၍ အသက်မွေးခြင်း (သပိတ်ဖြင့် ဆွမ်းခံခြင်းကို ဆိုလိုသည်။) သည် အယုတ်ညံ့ဆုံးဖြစ်၏</u>။ လောက၌ သူတောင်းစား ခွက်လက်စွဲသည် လှည့်လည်၏ဟု ဆဲရေးခြင်းရှိသည်။ ဤသို့ပင်ဖြစ်သော်လည်း အကျိုးထူးကိုလိုလားသော အမျိုးသားတို့သည် အကျိုးထူးကို အစွဲပြု၍ ထိုထမင်းတောင်းမှုသို့ ချဉ်းကပ်ကုန်၏။ ၁ မင်း၊ ၂ ခိုးသူ၊ ၃ ကြွေးမြီ၊ ၄ ဘေး၊ ၅ အသက်မွေးမှုတို့ နှိပ်စက်၍ မဟုတ်။

၁ ဇာတိ၊ ၂ ဇရာ၊ ၃ မရဏ၊ ၄ သောက၊ ၅ ပရိဒေဝ - ပူဆွေးခြင်း၊ ၆ ဒုက္ခ - ကိုယ်ဆင်းရဲခြင်း၊ ၇ ဒေါမနဿ - စိတ်ဆင်းရဲခြင်း၊ ၈ ဉပါယာသ - ပြင်းစွာ ပူပန်ခြင်းစသော <u>၈မျိုးသော ဆင်းရဲခြင်း</u>သို့ သက်ဝင်၏။ နှိပ်စက်၏။ ဤအလုံးစုံသော ဆင်းရဲအစု၏ အဆုံးပြုမှုသည် ထင်ကောင်းတန်ရာ၏ဟု နှလုံးပြု၍ ချဉ်းကပ်ခြင်း ဖြစ်၏။

၃၁ **အရိယာ ၄ ခု**

၁။ အရိယာ ၄မျိုး (ဇာတက ဋ္ဌ။ ဗျာကိဏ္ဏမှတ်စု၊ ဘဒ္ဒန္တဉာဏာဘိဝံသ၊ ဘုရားဖြူ။ သုတေသနသရုပ်ပြ အဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ အာစာရအရိယာ (မဟာဟံသဇာတက ဋ္ဌ) - မြတ်သောအကျင့်ကို ကျင့်သော ရဟန်း၊ ရှင်၊ လူ၊ တိရိစ္ဆာန်၊

၂ ဒဿနအရိယာ (သဓ်ပါလဇာတက ဋ္ဌ) - ဣရိယာပုတ် ၄ပါး၌ ကြည်ညိုဖွယ်ရှိသော ရဟန်း၊ ရှင်၊ လူ၊ တိရိစ္ဆာန်၊

၃ လိင်္ဂအရိယာ (သုတ္တနိပါတ် ဋ္ဌ) - ရဟန်းတော်များနှင့် ဝတ်ရုံပုံ အသွင်အပြင်ချင်း တူသောပုဂ္ဂိုလ်၊

၄ ပဋိဝေဓ အရိယာ - မဂ်ဖိုလ်ကို ထိုးထွင်း၍သိသော ဘုရားစသော အရိယာပုဂ္ဂိုလ် ၈ယောက်။

၂။ အရိယာပုဂ္ဂိုလ် **၅ ခု**

[၁] အရိယာပုဂ္ဂိုလ် ၈ယောက် (အလင်းပြပရိတ်ကြီး၊ နှစ်ဖက်လှဦးကျော်လွင်)

၁ - ၈ မဂ်ပုဂ္ဂိုလ် ၄ယောက်၊ ဖိုလ်ပုဂ္ဂိုလ် ၄ယောက်။

[၂] အရိယာပုဂ္ဂိုလ် ၉၆ယောက် (ပုဂ္ဂလပညတ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

၁ - ၂၄ သောတာပန် ၂၄ယောက်၊ ၂၅ - ၃၆ သကဒါဂါမ် ၁၂ယောက်၊ ၃၇ - ၈၄ အနာဂါမ် ၄၈ယောက်၊ ၈၅ - **၉၆** ရဟန္တာ ၁၂ပါး။

[၃] အရိယာပုဂ္ဂိုလ် ၁၀၈ယောက် (အလင်းပြပရိတ်ကြီး၊ နှစ်ဖက်လှဦးကျော်လွင်။ သုတ္တနိပါတ် ဋ္ဌ။ ခုဒ္ဒကပါဌ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ) အကျဉ်းသာ။

သဒ္ဓါလမ်းမှ ၁ - ၁၂ သောတာပန် ၁၂ယောက်၊ ၁၃ - ၂၄ သကဒါဂါမ် ၁၂ယောက်၊ ၂၅ - ၄၈ အနာဂါမ် ၂၄ယောက်၊ ၄၉ - ၅၀ ရဟန္တာ ၂ပါး၊ ၅၁ - ၅၄ မဂ်ပုဂ္ဂိုလ် ၄ယောက်။

ပညာလမ်းမှလည်း ၅၅ - **၁၀၈** အထက်ပါအတိုင်း ၅၄ယောက်။

[၄] အရိယာပုဂ္ဂိုလ် **၁၄၆** ပါး (နေတ္တိ ဋ္ဌ။ ပုဂ္ဂလပညတ် ဋ္ဌ။ ဝိသုဒ္ဓိမဂ်။ ဝိသုဒ္ဓိမဂ်မဟာဋီကာ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ) - အညွှန်းပါကျမ်းများ၌ ကြည့်ပါရန်။

[၅] အရိယာပုဂ္ဂိုလ် **၁၉၄** ပါး (နေတ္တိ ဋ္ဌ။ ပုဂ္ဂလပညတ် ဋ္ဌ။ ဝိသုဒ္ဓိမဂ်။ ဝိသုဒ္ဓိမဂ်မဟာဋီကာ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ) - အညွှန်းပါကျမ်းများ၌ ကြည့်ပါရန်။

၃။ အရိယာ ၄ပါးတို့ ပယ်သောတရားများ (ပဌမသရဏာနိသက္ကသုတ်၊ သရဏာနိဝဂ်၊ သောတာပတ္တိသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သောတာပတ္တိမဂ်ဖြင့် ပယ်သောတရား ၆ပါး (ပဟီနသုတ်၊ သီတိဝဂ်၊ ဆက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သက္ကာယဒိဋ္ဌိ၊ ၂ ဝိစိကိစ္ဆာ၊ ၃ သီလဗ္ဗတပရာမာသ - ဟူသော ဤသံယောဇဉ် ၃ပါး၊ ၄ အပါယ်သို့ ရောက်ကြောင်း ရာဂ၊ ၅ အပါယ်သို့ရောက်ကြောင်း ဒေါသ၊ ၆ အပါယ်သို့ရောက်ကြောင်း မောဟ။

သကဒါဂါမိမဂ်ဖြင့် ပယ်သောတရား ၃ပါး။ ၁ - ၃ အထက်ပါ သံယောဇဉ် ၃ပါး၊ နှင့် ခေါင်းပါးသွားသော တရား ၃ပါး။ ၁/၄ ရာဂ- စွဲမက်မှု၊ ၂/၅ ဒေါသ- အမျက်ထွက်မှု၊ ၃/၆ မောဟ- တွေဝေမှု။

အနာဂါမိမဂ်ဖြင့် ပယ်သော တရား ၅ပါး။ အောက်ပိုင်းသံယောဇဉ် ၅ပါး၊ (သံယောဇဉ် ၁၀ပါး - အနက်မှ - တနည်း။ ၁၀ပါး [သံယောဇနသုတ်] - အနက်မှ - အောက်ပိုင်း သံယောဇဉ် ၅ပါး) ကို ကြည့်ပါ။

အရဟတ္တမဂ်ဖြင့် ပယ်သော တရား ၅ပါး။ အထက်ပိုင်းသံယောဇဉ် ၅ပါး (သံယောဇဉ် ၁၀ပါး - အနက်မှ - တနည်း။ ၁၀ပါး [သံယောဇနသုတ်] - အနက်မှ - အတက်ပိုင်း သံယောဇဉ် ၅ပါး) ကို ကြည့်ပါ။

၄။ အရိယာအမည်ရှိသော တံငါသည် (ဗာဠိသိက- တံငါသည်၊ ဗာဠိသိကဝတ္ထု၊ ဓမ္မဋ္ဌဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်သည် သာဝတ္ထိပြည် မြောက်ဘက်တံခါးအနီးရှိ ရွာသို့ ဆွမ်းခံကြွ၊ အပြန်လမ်းတွင်ဆုံ၊ အမည် မေး၊ အရိယာဖြစ်ကြောင်း လျှောက်ထား၊ ဘုရားရှင်က တရားဒေသနာတော်ကိုဟောရာ တံငါသည် အရိယာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

"အကြင်ကြောင့် သတ္တဝါတို့ကို ညှဉ်းဆဲ၏၊ ထိုညှဉ်းဆဲခြင်းကြောင့် အရိယာမဖြစ်၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းကြောင့် အရိယာဟူ၍ ဆိုအပ်၏။"

၃၂ အရိုး ဆက်ပုံ ၃မျိုး (မူလပဏ္ဏာသ ဋ္ဌ။ သုတ်မဟာဝါ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင် သြဘာသာဘိဝံသ။ ဘုရားရှင် ဝေသာလီပြည်ကို ဆင်ပြောင်ကြီးကဲ့သို့ တကိုယ်လုံးလှည့်၍ ပြန်ကြည့် တော်မူခဏ်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ပကတိလူများ- တော့ဆက်၊ အစွန်းချင်း ထိ၍ တည်သည်၊ ၂ ပစ္စေကဗုဒ္ဓါ- ချိတ်ဆက်၊ အရိုးတို့သည် ချွန်းချွန်းချင်း ချိတ်၍ တည်သည်၊ ၃ မြတ်စွာဘုရား- ကွင်းဆက်၊ သံကြိုး၊ သံခြေကျဉ်းများ ကဲ့သို့ အချင်းချင်း တစပ်တည်း ဖွဲ့စပ်တည်၏။ လက်မောင်း၊ လက်ရုံးရိုးဆက်စသည် အရိုးဆက်ကြီး ၁၂ပါးနှင့် လက်ချောင်း၊ ခြေချောင်း၊ အရိုးဆက်ငယ်များမှအပ ကျန်အရိုးဆက်တို့မှာ ကွင်းဆက်သာ ဖြစ်ကြသည်။

၃၃ အရက်သောက်ပြီး ကျန်သိက္ခာ ၄ပုဒ်ကို လွန်ကျူးသဖြင့် မင်းတို့ဖမ်းဆီး ချုပ်နှောင်၍ အလိုရှိတိုင်း ပြု၏ဟု ရဟန်းတို့ ကြားဘူး၏။ မြင်ဘူး၏။ နောင်လည်း ကြားရပါလိမ့်မည်။ မြင်ရပါလိမ့်မည်။ (ရာဇသုတ်၊ ဥပါသကဝဂ်၊ ပဥ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၃၄ အရွယ် ၂ စု

၁။ အရွယ် ၁၀ပါး (ဝိသုဒ္ဓိမဂ်။ ဇာတကပါဠိတော် ၄။ သီလက္ခန်၄။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မန္ဒဒသက- နုံညံ့သေးငယ်သော ကလေးသူငယ် ၁၀နှစ်ပိုင်းအရွယ်၊ ၂ ခိဍ္ဍာဒသက- ပျော်ပျော်ပါးပါး စိတ်ပုံ့လွယ်သော ၂၀နှစ်ပိုင်း၊ ၃ ဝဏ္ဏဒသက- ရုပ်အဆင်းလှသော ၃၀ပိုင်းအရွယ်၊ ၄ ဗလဒသက- ကာယခွန်အားကောင်းသော ၄၀ပိုင်းအရွယ်၊ ၅ ပညာဒသက- ပညာဉာဏ်ကောင်းသော ၅၀ပိုင်းအရွယ်၊ ၆ ဟာနိဒသက- ကိုယ်အဆင်းခွန်အား ဆုတ်ယုတ်သော ၆၀ပိုင်းအရွယ်၊ ၇ ပဗ္ဘာရဒသက- ရှေ့သို့ကိုင်းညွတ် ခါးကုန်းသော ၇၀ပိုင်း အရွယ်၊ ၈ ဝင်္ကဒသက- ထယ်တုံးစွန်းကဲ့သို့ ကောက်ကွေးသော ၈၀ပိုင်းအရွယ်၊ ၉ မောမူဟဒသက- တွေဝေ မေ့မော သူငယ်ပြန်သော ၉၀ပိုင်းအရွယ်၊ ၁၀ သယနဒသက- အိပ်ရာထက်၌အိပ်လျက် မထနိုင်တော့သော ၁၀၀ ပိုင်းအရွယ်။

၂။ အရွယ် ၃ပါး တပါးပါးတွင် ကုသိုလ်တရားတို့၌ မမေ့လျော့ပဲ မိမိကိုယ်ကို စောင့်ရှောက်ရာ၏။ (မဇ္ဈိမပဏ္ဏာသ ၄။ ဓမ္မပဒ ၄)

ဗောဓိမင်းသားသည် ကောသမ္ဗီပြည်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်အမှူးပြုသော သံဃာတော်များအား ဆွမ်းကပ်ရာ၌ ဆောက်လုပ်ပြီးစ သူ၏ကောကာနဒပြာသာဒ်တွင် ပိတ်ဖြူခင်းထားရာ ဘုရားရှင်နင်း၍ မဝင်ခြင်းကို မေးလျှောက်ရာ မင်းသား၏ ကြုံရွယ်ချက်ဖြစ်သော သားသမီးရမှု မပြည့်စုံနိုင်ခြင်း၏အတိတ်အကြောင်း - ဘဝတခုတွင် မင်းသားဇနီးမောင်နှံ အလောင်းတို့သည် ပင်လယ်တွင်း လှေသင်္ဘောပျက်၍ ကျွန်း တကျွန်းသို့ ရောက်ရာ ထိုကျွန်းရှိ ငှက်ဥများကို နေ့စဉ် ကြာရှည်စွာ စားခဲ့ကြခြင်း - ကို ဟောပြောပြီး- ဤတရားတော်ကို ဟောတော်မူ၏။ (မိမိကိုယ် - အနက်မှ - "မိမိကိုယ်ကိုချစ်တတ်သူဟု သိလျှင် မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ရာ၏) ကို ကြည့်ပါ။

၃၅ အရှင်စူဠပန် ၃ စု

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁၁။ အရှင်စူဠပန်) - ကိုလည်း ကြည့်ပါ။

၁။ အရှင်စူဠပန်ရွတ်ဆိုသော ဘုရားရှင်ပေးသည့်ဂါထာ (စူဠသေဋ္ဌိဇာတ်၊ ဧကကနိပါတ်၊ အပဏ္ဏကဝဂ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

ဘုရားရှင်က အဝတ်ဖြူတပိုင်း ဖန်ဆင်းပေး၍ "ရဇောဟရဏံ၊ ရဇောဟရဏံ။" (မြူကို ဆောင်ယူတတ်သော အဝတ်ပုဆိုးကြမ်း= ခြေသုတ်ပုဆိုး) ကိုရွတ်ဆိုပွားများ၍ ဆုပ်နယ်စေ၏။

၂။ အရှင်စူဠပန်အား နောင်တော်အရှင်မဟာပန် ၄လတိုင်သင်ကြား၍ မရသောဂါထာ (စူဠသေဋ္ဌိဇာတ်၊ ဧကကနိပါတ်၊ အပဏ္ဏကဝဂ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

"ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။ အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။"

အဝီတဂန္ဓံ- မကင်းသောအနံ့ရှိတသော၊ သုဂန္ဓံ- ကောင်းသောအနံ့ရှိထသော၊ ကောကနဒံ ပဒုမံ- ကောကနဒကြာသည်၊ ပါတော- နံနက်အခါ၌၊ ဖုလ္လံ- ပွင့်၍၊ ဝိရောစမာနံ- ထွန်းပသည်၊ သိယာ ယထာစ- ဖြစ်ရာဘိသကဲ့သို့ငှင်း၊ အန္တလိက္ခေ- ကောင်းကင်၌၊ အာဒိစ္စံ- နေမင်းသည်၊ တပန္တံ ဣဝ စ- ထွန်းပ သကဲ့သို့ငှင်း၊ တထာ- ထို့အတူ၊ အင်္ဂီရသံ- ကိုယ်တော်မှ ပြိုးပြိုးပြက်ထွက်သော ရောင်ခြည်တော်ရှိသော၊ ဝိရောစမာနံ- ထွန်းပသော မြတ်စွာဘုရားကို၊ ပဿ- ရှုပါလော့။

၃။ အရှင်စူဠပန်၏ အတိတ်ဇာတ် ၂ ဇာတ်

၁။ ကြွက်သေတခုအရင်းပြုဇာတ် (စူဠသေဋ္ဌိဇာတ်၊ အပဏ္ဏကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည်သူဌေးကြီး၊ ကြွက်သေတကောင်ကို အရင်းပြု၍ ချမ်းသာလာသူသည် အရှင်စူဠပန် အလောင်း။။

အရှင်စူဠပန်မထေရ်သည် ဘုရားရှင်ကို အမှီပြု၍ ရဟန္တာအဖြစ်သို့ရောက်ခြင်းနှင့်စပ်၍ အထက်ပါ စူဠသေဋ္ဌိဇာတ်အပြင် အလားတူ ဒုတိယဇာတ်ကိုလည်း ဘုရားရှင် ဟောတော်မူ၏။

၂။ ဒုတိယဇာတ် - (စူဠပန္ထကဝတ္ထု၊ အပ္ပမာဒဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဓမ္မပဒ ၄ နိဿယ၊ ပြာသာဒ်ကျောင်းမှု)

ဗာရာဏသီပြည်မှ မထင်ရှားသော လုလင်တဦး- အရှင်စူဠပန္ထကမထေရ်အလောင်းသည် တက္ကသိုလ် ပြည် ဒိသာပါမောက္ခဆရာကြီး- ဘုရားအလောင်းထံတွင် ပညာသင်။

တစုံတရာမျှ သင်မရ၍ "ဃဋ္ဋေသိ ဃဋ္ဋေသိ၊ ကိံ ကာရဏာ ဃဋ္ဋေသိ၊ အဟမ္ပိ တံ ဇာနာမိ။" - ချုပ်ချယ်၏၊ ချုပ်ချယ်၏၊ အဘယ်ကြောင့် ချုပ်ချယ်ဘိသနည်း၊ ငါသည်လည်း အဘယ်ကြောင့် ချုပ်ချယ် သည်ကို သိ၏" ကို သင်ပေး၊ အမြဲရွတ်စေ၊ ရာတူးစည်းစိမ်ရလိမ့်မည်ဟု မှာကြား၍ ပြန်စေ။

လုလင်လည်း ထိုဂါထာကို အမြဲရွတ်၊ ဗာရာဏသီမင်း ရုပ်ဖျက်၍ ပြည်တွင်းစနည်းနာ၊ သူခိုးများ လိုဏ်ဖေါက်၊ လုလင်ဂါထာရွတ်သံကြား၍ ပြေးသည်ကိုမြင်၊ နံနက်တွင် လုလင်ကိုခေါ်စေ၍ ဂါထာသင်၊

အသပြာ တထောင်ချီးမြှင့်၊ စစ်သူကြီးက ဆတ္တာသည်ကို မင်းအားသတ်စေ၊ ဆတ္တာသည်သည် ဆံကို သုတ်သင်စဉ် မင်း ဂါထာရွတ်၊ ဆတ္တာသည် ဝန်ခံ၊ မင်း စစ်သူကြီးကိုနှင်ထုတ်၊ လုလင်ကို စစ်သူကြီးအရာပေး။

၃၆ အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ မှတ်သားဖွယ်ရာ အချက် ၅ပါး (ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၂၆၊ အရှင်ပိလိန္ဒဝစ္ဆ) - ကိုလည်း ကြည့်ပါ။

၁ နတ်တို့ ချစ်မြတ်နိုးအပ်သောအရာ၌ ဧတဒဂ်ရ၊ ၂ ဘုရားရှင် မပွင့်ပေါ်မီ စကြဝတေးမင်းဖြစ်၍ လူများ အပေါင်းကို ၅ပါးသီလ၌ တည်စေကာ နတ်ရွာသုဂတိသို့ ရောက်စေ၍ ကာမာဝစရနတ်ပြည် ၆ထပ်၌ ဖြစ်ကြသော နတ်များသည် မထေရ်ကိုမှီ၍ ငါတို့သည် ဤနတ်ပြည်စည်းစိမ်ကို ရအပ်လေပြီဟု ကျေးဇူး တင်ဝမ်းမြောက်ကာ ညဥ့်နံနက်ပင် အစဉ်မပြတ် မထေရ်ကို လာရောက်၍ ရှိခိုးကြခြင်းကြောင့် ဧတဒဂ် ရတော်မူသည်၊ ၃ နောက်ဆုံး ဘဝ၌ သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ဖြစ်၍ အမည်ရင်းပိလိန္ဒ၊ အနွယ်အားဖြင့် ဝစ္ဆ၊ ပိလိန္ဒဝစ္ဆလုလင်ဖြစ်၍ ဘုရားရှင် မပွင့်ပေါ်မီကပင် ပရိဗိုဇ်ရဟန်းပြုပြီး စူဠဂန္ဓာရ မန္တန်အတတ်ကို သင်ကြား တတ်မြောက်ပြီး တိုပညာဖြင့် ကောင်းကင်ပျံနိုင်သော၊ သူထပါးစိတ်အကြံကို သိသော <u>ဝိဇ္ဇာဓိုရ်</u>တဦးဖြစ်။

၄ (ပိလိန္ဒဝစ္ဆသုတ်၊ နန္ဒဝဂ်၊ ဥဒါန်းပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) အရှင်မြတ်သည် လူရဟန်းတို့နှင့် စကားပြောဆိုလျှင် ဧဟိ ဝသလ- လာလော့သူယုတ်၊ ဂစ္ဆ ဝသလ- သွားလော့သူယုတ်ဟု ဆိုလေ့ရှိ၊ ဘဝ ၅၀၀ ဆက်လျက် သူတဖက်သားကို ဝသလ- သူယုတ်မာဟု ပြောလေ့ရှိသော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့ဘူး၍ ဤသို့ ခေါ်ဆိုခြင်းဖြစ်၊ ၅ ဆုပန်စဉ်ဘဝက အလှူဝတ္ထု ၄၇မျိုး လှူဒါန်းခဲ့သည်။

၃၇ အရှင်ပုဏ္ဏမန္တာနီပုတ္တ၏ ကျေးဇူးဂုဏ် ၁၀ပါး (ရထဝိနီတသုတ်၊ ဩပမ္မဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၉၊ အရှင်ပုဏ္ဏမန္တာနီပုတ္တ) - ကိုလည်း ကြည့်ပါ။

<u>မန္တာနီပုဏ္ဏေးမ၏သား အရှင်ပုဏ္ဏသည်</u> ၁ အလိုနည်း၏၊ ၂ ရောင့်ရဲ၏၊ ၃ ကင်းဆိတ်၏၊ ၄ မရောနော၊ ၅ လုံ့လအားထုတ်၏၊ ၆ အကျင့်သီလနှင့် ပြည့်စုံ၏၊ ၇ တည်တံ့ခြင်း သမာဓိနှင့် ပြည့်စုံ၏၊ ၈ ပညာနှင့် ပြည့်စုံ၏၊ ၉ လွတ်မြောက်ခြင်း ဝိမုတ္တိနှင့် ပြည့်စုံ၏၊ ၁၀ လွတ်မြောက်ခြင်းဝိမုတ္တိကို သိမြင်ခြင်း- ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံ၏။ ၎င်း ၁၀ပါးသောတရား၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။ ကောင်းစွာ ဆောက်တည်စေတတ်၏။ ဘုရားရှင် အလွန် ဝမ်းမြောက်တော်မူ၏။

၃၈ အရှင်ပုဏ္ဏ (ဘုရားရှင် ခြေတော်ရာ၂ဆူ ချထားရာ သုနာပရန္တတိုင်းသား) ၏ သည်းခံခြင်း အဆင့်ဆင့်ဂုဏ် ၆ချက် (ပုဏ္ဏောဝါဒသုတ်၊ သဠာယတနဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ပုဏ္ဏသုတ်၊ ဆန္နဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင် ခြေတော်ရာ ၂ဆူချထားရာတိုင်းဖြစ်သော <u>သုနာပရန္တတိုင်းသား အရှင်ပုဏ္ဏ</u>သည် ဘုရားရှင်ထံ တရားတောင်းလျှောက်ပြီးနောက် မိမိနေရာ သုနာပရန္တတိုင်းသို့ သွားရောက်မည့်အကြောင်း လျှောက်ထား၏။ ဘုရားရှင်က ထိုတိုင်းသားများသည် ခက်ထန်၏၊ ကြမ်းတမ်း၏၊ ဆဲရေးက သင်၏စိတ်သည် အဘယ်သို့ ဖြစ်မည်နည်းဟု မေး၏။

၁ ဆဲရေးခြိမ်းခြောက်က လက်ဖြင့် မပုတ်ခတ်သေး၊ တော်ကြပေစွ၊ ၂ လက်ဖြင့် ပုတ်ခတ်က ခဲဖြင့် မပေါက်ကြသေး၊ ၃ ခဲဖြင့်ပေါက်က တုတ်ဖြင့် မရိုက်ကြသေး၊ ၄ တုတ်ဖြင့် ရိုက်က ဓါးဖြင့် မခုတ်ကြသေး၊ ၅ ဓါးဖြင့်ခုတ်က ဓါးဖြင့် အသက်မှ မချကြသေး (မသတ်ကြသေး) ၊ ၆ ဓါးဖြင့်သတ်က 'ကိုယ်၌ငြင်း၊ အသက်၌ငြင်း ငြီးငွေ့၍ရှာ စက်ဆုပ်သည်ဖြစ်၍ သေစေနိုင်မည့် လက်နက်ကို ရှာဖွေနေကြသော မြတ်စွာဘုရား၏ တပည့်သာဝကများ ရှိသေး၏၊ ထိုအသက်ကို ဆောင်တတ်သော ဓါးလက်နက်ကို ငါသည် မရှာဖွေပဲ ရပေပြီ။' ဟု ဖြစ်ပါလတ္တံ့။

အရှင်ပုဏ္ဏသည် သုနာပရန္တတိုင်းသို့ရောက်သော် ထိုဝါတွင်း၌ ဥပါသကာ ၅၀၀၊ ဥပါသိကာ ၅၀၀ထို့ကို သရဏဂုံ၌ တည်စေ၏။ တိုဝါတွင်း၌ပင် ဝိဇ္ဇာ ၃ပါးတို မျက်မှောက်ပြု၏။ ထိုဝါတွင်း၌ပင် ပရိနိဗ္ဗာန်ပြု၏။ ရဟန်းတို့က အရှင်ပုဏ္ဏ၏လားရာကို မေးလျှောက်ရာ ပရိနိဗ္ဗာန်စံကြောင်း မိန့်ကြားတော်မူ၏။

၃၉ အရှင်ဗာကုလ၏ အံ့ဖွယ် ၃၇ပါး (ဗာကုလသုတ်၊ သုညတဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) (ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၃၃။ အရှင်ဗာကုလ) - ကိုလည်း ကြည့်ပါ။

အရှင်ဗာကုလသည် အနာရောဂါကင်းရာ၌ ဧတဒဂ်ရသော မထေရ်ကြီးတပါးဖြစ်၏။ ၁ အနှစ် ၈၀ ပတ်လုံး ရဟန်းပြုသော အရှင်ဗာကုလအား ကာမဂုဏ် (နှင့်စပ်သော သညာဖြစ်ဘူး၏ဟု မသိစဘူး။) ၊ ၂ သူတပါးအား ဖျက်ဆီးလိုမှု (...) ၊ ၃ သူတပါးအား ညှင်းဆဲလိုခြင်း (...) ၊ ၄ ကာမဝိတက် (...) ၊ ၅ ဗျာပါဒ ဝိတက် (...)၊ ၆ ဝိဟိံသဝိတက် (...)၊

၇ ဒါယကာတို့လှူသော သင်္ကန်းကို သာယာ (ဘူး၏ဟု မသိစဘူး။)၊ ၈ သင်္ကန်းကို ဓါးဖြင့် ဖြတ် (...)၊ ၉ သင်္ကန်းကို အပ်ဖြင့် ချုပ် (...)၊ ၁၀ သင်္ကန်းကို ဆိုးရည်ဖြင့် ဆိုး (...)၊ ၁၁ ကထိန်သင်္ကန်းကို ချုပ် (...)၊ ၁၂ သီတင်းသုံးဖော်တို့၏ သင်္ကန်းချုပ်ရာ၌ စီရင် (...) ၊ ၁၃ ပင့်ဖိတ်သောဆွမ်းကို သာယာ (...) ၊ ၁၄ 'တစုံတယောက်သော ဒါယကာသည် ငါ့ကို ပင့်ဖိတ်မူကောင်းလေစွ' ဟု စိတ်ဖြစ် (...) ၊ ၁၅ ရွာတွင်း၌ ထိုင် (...) ၊ ၁၆ ရွာတွင်း၌ စား (...)၊ ၁၇ မာတုဂါမကို မိန်းမဟူသော အမှတ်ဖြင့် ကြည့် (...)၊ ၁၈ မာတုဂါမအား အယုတ်

ဆုံးအားဖြင့် ၄ပါးရှိသော ဂါထာမျှဖြင့် တရားဟော (...)၊ ၁၉ ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ် (...)၊ ၂၀ ဘိက္ခုနီမ အား တရားဟော (...)၊

၂၁ သိက္ခမာန်မအား တရားဟော (...)၊ ၂၂ သာမဏေမအား တရားဟော (...)၊ ၂၃ ဥပဇ္ဈာယ် ပြုလျက် ရှင်ပြု (...)၊ ၂၄ ဥပဇ္ဈာယ်ပြုလျက် ရဟန်းခံပေး (...)၊ ၂၅ နိဿရည်း ပေး (...)၊ ၂၆ သာမဏေကို လုပ်ကျွေးစေ (...)၊ ၂၇ ရေချိုးဆိပ်၌ ရေချိုး (...)၊ ၂၈ ရေချိုးကသယ်မှုန့်ဖြင့် ရေချိုး (...)၊ ၂၉ သီတင်းသုံး ဖော်တို့၏ ကိုယ်ကို ဆုပ်နယ်မှု၌ စီရင် (...)၊ ၃၀ အယုတ်သဖြင့် နွားနို့တည့်စစ်ခနဲ့မျှလည်း အနာဖြစ် (...)၊

၃၁ အယုတ်သဖြင့် သျှိသျှားသီးပိုင်းမျှလည်းဖြစ်သော ဆေးကို သုံးဆောင် (...)၊ ၃၂ တံကဲပျဉ်ကို မှီ၍ အိပ် (...)၊ ၃၃ အိပ်ရာ၌ အိပ် (...)၊ ၃၄ ရွာနီးကျောင်း၌ ဝါကပ် (...)၊ ၃၅ ရဟန်းဖြစ်၍ ၇ရက်သာလျှင် ကိလေသာရှိသော ပုထုဇဉ်ဖြစ်၍ တိုင်းပြည်၏ဆွမ်းစားပြီး ၈ရက်မြောက်၌ အရဟတ္တဖိုလ် ထင်ရှားဖြစ်ခြင်း၊ ၃၆ အခါတပါး၌ အရှင်ဗာကုလသည် သံကောက်ကိုယူ၍ တကျောင်းမှ တကျောင်းသို့ ချဉ်းကပ်ပြီးလျှင် 'အရှင်ဘုရားတို့ ရှေ့သို့တက်ကုန်လော့၊ ယနေ့ အကျွန်ုပ်၏ ပရိနိဗ္ဗာန်ဝင်စံခြင်းသည် ဖြစ်လတ္တံ့။' ဟု ပြောဆိုခြင်း၊ **၃၇** ရဟန်းအပေါင်း၏ အလယ်၌ ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန်ဝင်စံခြင်းသည် အရှင်ဗာကုလ ၏ အံ့သြဖွယ်ဟုရင်း၊ မဖြစ်စဘူး ထူးသောသဘောဟုရင်း၊ မှတ်ရာ၏။

၄၀ အရှင်မဟာကဿပ <u>၃ ၈</u>

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၄။ အရှင်မဟာကဿပ) - ကိုလည်း ကြည့်ပါ။

<u>၁။ အရှင်မဟာကဿပ တရားဟောရာ၌ ထားသောစိတ်ထား ၃ပါး</u> (စန္ဒူပမသုတ်၊ ကဿပသံယုတ်၊ နိဒါနဝဂ္ဂ သံယုတ်၊ သံ၊ သုတ္တန္တပိဋက)

တရားတော်၏ ကောင်းသောအဖြစ်ကိုစွဲ၍၊ သနားကြင်နာခြင်းကို စွဲ၍ အစဉ်စောင့်ရှောက်ခြင်းကို အကြောင်းပြု၍ အရှင်မဟာကဿပမထေရ် တရားဟောတော်မူ၏။ ၁ ငါဟောသောတရားကို ကြားနာ ကြပါမူ ကောင်းလေစွ၊ ၂ နာကြားပြီး၍လည်း တရားကို သိကြပါကုန်မူ ကောင်းလေစွ၊ ၃ သိပြီး၍လည်း အရဟတ္တဖိုလ် အကျိုးငှါ ကျင့်ကြပါကုန်မူ ကောင်းလေစွဟု စိတ်ရှိသည်ဖြစ်၍ ဟောတော်မူ၏။

<u>၂။ အရှင်မဟာကဿပ၏ **ကြက်သီးထဖွယ်** ကြည်ညိုစရာ အကျင့်စရဏ</u> (မဟာကဿပတ္ထေရဂါထာ၊ စတ္တာလီသနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ဆွမ်းခံရန် မြို့သို့ဝင်စဉ် ဆွမ်းစားသောငါ့ကို အရိုး၌တည်သော နူနာရှိသောလက်ဖြင့် ဆွမ်းလုတ်ကို ငါ့သို့ကပ်၏၊ လက်ချောင်းသည်လည်း အာဟာရနှင့်တကွ ပြတ်၍ကျ၏၊ ငါသည် ထိုက်နံရံကိုမှီ၍ ဆွမ်းလုတ်ကို စား၏၊ စက်ဆုပ်ခြင်း မရှိ။

၃။ အရှင်မဟာကဿပ၏ ဂုဏ် ၉ပါး (စီဝရသုတ်၊ ကဿပသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

အရှင်မဟာကဿပ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အရှင်အာနန္ဒာ ဒက္ခိဏာဂီရိ၌ များစွာသော ရဟန်းငယ်ရဟန်းသစ်တို့နှင့် ဒေသစာရီလှည့်သည်နှင့်စပ်၍ အရှင်မဟာကဿပက ဆုံးမသည်ကို ထုလ္လနန္ဒာဘိက္ခုနီမ မနှစ်လိုသောစိတ်ရှိကာ သာသနာပြင်ပတိတ္ထိဖြစ်ဘူးသူဖြစ်လျက်ဟု မနှစ်လိုသောစကားဆိုခြင်းနှင့် ဆက်စပ်၍ အရှင်မဟာကဿပ ဤသုတ်ကိုဟော။

၁ ရဟန်းဘောင်ဝင်ရောက်သည်မှစ၍ အလုံးစုံသောတရားကို ထိုးထွင်းသိတော်မူသော မြတ်စွာဘုရားမှတပါး တပါးသူကို ဆရာဟူ၍ မညွှန်ကြားစဖူး၊ ၂ လူဖြစ်စဉ်က အိမ်ရာထောင်သော လူ့ဘောင်သည် ကျဉ်းမြောင်း၍ ကိလေသာမြူထရာလမ်းနှင့် တူ၏။ ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏။ လောက၌ ရဟန္တာဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ကိုရည်စူး၍ ဆံမုတ်ဆိတ်ပယ်ကာ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်လျက် ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုခဲ့၏၊ ၃ ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့အကြား ဗဟုပုတ္တစေတီ၌ ထိုင်နေတော်မူသော မြတ်စွာဘုရားအား “ဆုံးမတတ်သူ၊ ကောင်းသောလာခြင်းရှိသူ၊ အလုံးစုံသောတရားကို ကိုယ်တိုင်သိသူဆရာပါတည်း၊ အကျွန်ုပ်ကား တပည့်သာဝကပါတည်း။” ဟု လျှောက်ခဲ့၏၊ ၄ ဘုရားရှင်က “အလုံးစုံသောစိတ်နှင့် ပြည့်စုံသောတပည့်ကို မသိမမြင်ပဲလျက် သိမြင်၏ ဟုဆိုမိက ဦးခေါင်းသည် ပြတ်ကြွေရာ၏။ ငါဘုရားသည် သိမြင်သောကြောင့် သိမြင်၏။” ဟု မိန့်မြွက်၏၊

၅ သီတင်းကြီး၊ သီတင်းငယ်၊ သီတင်းလတ်တို့၌ ငါ့အား ထက်စွာသော ဟိရီ၊ ဩတပ္ပကို ရှေးရှုထင်သည် ဖြစ်လတ္တံ့။ ကုသိုလ်နှင့်စပ်သော တရားအားလုံးကို အရိုအသေပြု နှလုံးသွင်း၍ အလုံးစုံသောစိတ်ဖြင့် ကောင်းစွာဆောင်၍ နားစိုက်လျက် တရားနာအံ့။ သုခနှင့်တကွဖြစ်သော ကာယဂတာသတိကို မစွန့်အံ့၊ ၆ ၇ရက်သာ ကိလေသာနှင့်တကွဖြစ်၍ ပြည်သူ့ဆွမ်းကို စား၏၊ ၇ ပုဆိုးဟောင်းဒုကုဋ်သင်္ကန်းနှင့် မြတ်စွာဘုရား၏ ပိုက်ဆံလျှော်မျှင်ဖြင့် ရက်အပ်သော ပံသုကူသင်္ကန်းကို လဲဆောင်ခဲ့ရ၏၊ ၈ မြတ်စွာဘုရား၏ ရင်၌ဖြစ်၍ ခံတွင်းတော်မှ ဖွားမြင်သော တရားကြောင့်ဖြစ်၍ တရားဖန်ဆင်းအပ်သော ထရားအမွေခံသားတော်ဖြစ်၏၊ ၉ သမာပတ် ၉ပါးဖြစ်သော [၁-၄]ပဌမစျာန်မှ စတုတ္ထစျာန်၊ [၅]အာကာသာနဉ္စာယတနစျာန်၊ [၆]ဝိညာဏဉ္စာယတနစျာန်၊ [၇]အာကိဉ္စာညာယတနစျာန်၊ [၈]နေဝသညာနာသညာယတနစျာန်၊ [၉]နိရောဓသမာပတ်၊ [၁၀-၁၄]အဘိညာဉ် ၅ပါး၊ [၁၅]အာသဝေက္ခယဉာဏ်တည်းဟူသော ၁၅ပါးသော ဉာဏ်သမာပတ်ကို ရ၏။ အကြင်သူသည် ငါ၏အဘိညာဉ် ၆ပါးကို ဖုံးလွှမ်းအပ်၏ဟု မှတ်ထင်၏၊ ထိုသူသည် ၇တောင်၇ထွာရှိသောဆင်ကို ထန်းရွက်ဖြင့် ဖုံး၏။

ထုလ္လနန္ဒာဘိက္ခုနီမသည် မြတ်သောအကျင့်မှ လျှောလေ၏။

၄၁ အရှင်မဟာမောဂ္ဂလ္လာန် ၂၈
(ဧထဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၃။ အရှင်မဟာမောဂ္ဂလ္လာန်) - ကိုလည်း ကြည့်ပါ။

၁။ အရှင်မဟာမောဂ္ဂလ္လာန်အား တိတ္ထိတို့က သတ်ဖို့ရန် သမဏဂုတ္တက ခါးပြပိုလ်အား ငွေအသပြာ တထောင်ပေး၍ သတ်စေသည်။ ရာဇဂြိုဟ်ပြည် ဤသိဂိလိတောင်ယံ ကာဠသိလာ ကျောက်ဖျာ၌ အရှင်မြတ် သီတင်းသုံးနေတော်မူစဉ် သမဏဂုတ္တက အမှူးပြုသော ခါးပြတို့သည် ပလာလပိဋ္ဌိကဟု ခေါ်သော အရိုး အားလုံး မှုန့်မှုန့်ညက်ညက် ကြေမွစေလျက် ကောက်ရိုးကရွတ်ခွေကဲ့သို့ ဖြစ်အောင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ကြသည်။ (ပဌမပိုင်း၊ ဆဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၂။ အရှင်မဟာမောဂ္ဂလ္လာန်၏ ထင်ရှားသော တန်ခိုးပြာဋိဟာ ၆ပါးနှင့် ငရဲခံခဲ့ရပုံ (မာရတဇ္ဇနီယသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

အရှင်မဟာမောဂ္ဂလ္လာန်သည် ဘဂ္ဂတိုင်း၊ သုသုမာရဂိရိမြို့၊ ဘေသကဠာမည်သော သမင်တော လွင်တီးခေါင်၌ စင်္ကြံကြွတော်မူနေစဉ် လေးသောဝမ်းရှိလာသဖြင့် ကျောင်းအတွင်းဝင်၍ ဆင်ခြင်သော် အူအတွင်း မာရ်နတ် ဝင်နေသည်ကိုသိ၊ မြတ်စွာဘုရားနှင့် မြတ်စွာဘုရား၏ တပည့်သာဝကကို မညှဉ်းဆဲရန်ပြော၍ ထွက်ခိုင်း၊ မာရ်နတ်သည် အူအတွင်းမှ ကျောင်းတံခါးရွက် အပြင်ဘက်၌ရပ်သည်။

အရှင်မဟာမောဂ္ဂလ္လာန်က မညှဉ်းဆဲသင့်ကြောင်း အကျယ်ပြောပြသည်။ ကကုသန္ဓမြတ်စွာဘုရား လက်ထက်က မထေရ်သည် ဒူသီမာရ်နတ်ဖြစ်ခဲ့၊ သူ၏နမ ကာဠီသည် သင်မာရ်နတ်၏အမိဖြစ်ကြောင်း၊ သူသည် ပုဏ္ဏားအိမ်ရှင်တို့ကို လှည့်ပတ်၍ ဘုရားရှင်နှင့် ရဟန်းတော်များအား ဆဲရေးချုတ်ချယ်ခြင်း၊ တဖန် လာဘ်ပေါ်များစေခြင်းတို့ကို ပြုစေခြင်း၊ ဘုရားရှင်နှင့် သံဃာတော်များဆွမ်းခံဝင်စဉ် ကလေးသူငယ် တဦး ကိုပူးဝင်၍ အဂ္ဂသာဝကတဦးဖြစ်သော အရှင်ဝိဓုရမထေရ်၏ ဦးခေါင်းကို ကျောက်ခဲဖြင့်ပစ်ခတ်ရာ မထေရ် သည် ဦးခေါင်းကွဲကာ ယိုစီးကျသောသွေးရှိလျက် ဘုရားရှင်နောက်မှ အစဉ်လိုက်၏။ ကကုသန္ဓဘုရားရှင် သည် ဤဒူသီမာရ်နတ်သည် အတိုင်းအရှည်ကို မသိပါတကားဟု နလုံးသွင်း၍ လှည့်ကြည့် တော်မူသည်နှင့် တပြိုင်နက် မာရ်နတ်သည် နတ်လောကမှလျှော၍ ငရဲကြီးသို့ ကျရောက်၏။

ဤဟောစဉ်တွင် မထေရ်သည် တန်ခိုးပြာဋိဟာ ၆ပါးနှင့် ငရဲခံခဲ့ရပုံကို ထည့်သွင်းဟောပြော တော်မူ၏။

ထင်ရှားသော ထန်ခိုးပြာဋိဟာ ၆ပါး။ ၁ ကမ္ဘာပတ်လုံးတည်သော ကြောင်မျက်ရွဲအဆင်းရှိသော အလျှံပြိုးပြက်သောအရောင်ရှိသော ဗိမာန်တို့သည် သမုဒ္ဒရာအလယ်၌ တည်ရှိကြ၏။ များပြားသော အသီးသီး ကိုယ်အဆင်းရှိကြကုန်သော နတ်သမီးတို့ကကြသည်တို့ကို သိ၏၊ ၂ မြတ်စွာဘုရား တိုက်တွန်း အပ်သည် ဖြစ်၍ သံဃာအပေါင်းကို ငဲ့သောအားဖြင့် မိဂါရသူဌေးအမိဖြစ်သော ဝိသာခါပြာသာဒ်ကို ခြေမဖြင့် တုန်လှုပ် စေခဲ့၏၊ ၃ ဝေဇယန္တာပြာသာဒ်ကို ခြေမဖြင့်တုန်လှုပ်စေ၍ နတ်တို့ကို ထိတ်လန့်စေခဲ့၏၊ ၄ ဝေဇယန္တာ ပြာသာဒ်၌ သိကြားမင်းကို ဘုရားထံမှ ၎င်းနာယူခဲ့သော တပ်မက်မှုကုန်ရာ လွတ်မြောက်ခြင်းတရားကို မေးရာ သိကြားမင်း အမှန်အတိုင်း ဖြေကြားခဲ့၏၊ ၅ သုဓမ္မာသဘင်အနီး၌ ဗြဟ္မာကို ရှေးအယူရှိသေး သလော၊ ဗြဟ္မလောကကို ကျော်လွန်သော အရောင်တော်ကို ရှုမြင်သလောဟုမေးရာ ဗြဟ္မာက ရှေးအယူ

မဖြစ်တော့ပြီ၊ ပြဟ္မလောကကို ကျော်လွန်သော ပြိုးပြက်သော အရောင်တော်ကို ရှုမြင်ပါ၏၊ ငါသည် မြဲသူတည်တံ့သူမဟုတ်ဟု ခွဲခြား၍သိ၏ဟု ဖြေခဲ့၏၊ ၆ မြင်းမိုရ်တောင်ကြီး၏ အထွတ်ကိုင်၊ တောင်ကျွန်း အရှေ့ကျွန်းကိုင်း၊ အကြင်လူတို့ မြေ၌အိပ်တတ်သော အနောက်ကျွန်းနှင့် မြောက်ကျွန်းသူတို့ကိုင်း ဝိမောက္ခဈာန်ဖြင့် တွေ့ထိ၏။

ငရဲခံခဲ့ရပုံ။ ဒုသီမာရ်နတ်ဘဝမှ ကကုသန္ဓဘုရားရှင်နှင့် သံဃာတော်များကို ကြီးစွာပြစ်မှားခဲ့သဖြင့် ကျခဲ့သော ငရဲကြီး၏ အမည်မှာ ၃မျိုးရှိ၏။ ၁ ဆဖဿာယတနိကငရဲ ၂ သင်္ကုသမာဟတငရဲ ၃ ပစ္စတ္တဝေဒနီယငရဲဟု ခေါ်၏။ သံတံကျင်တို့ဖြင့် လျှိုသတ်နှိပ်စက်ခြင်းခံရ၏။ ငရဲစောင့်တို့က 'သင့်နှလုံး၌ သံတံကျင်တခုနှင့်တခု ပေါင်းဆုံမိသောအခါ အနှစ်တထောင်ပတ်လုံး ငါသည် တိုင်ငရဲ၌ ကျက်၏ဟုသိလော့။' ဟုဆို၏။ များစွာသောနှစ် အထောင်တို့ပတ်လုံး ထိုငရဲကြီး၌ကျက်ပြီး အနှစ်တသောင်း ထိုငရဲကြီး၏ ဥဿဒငရဲ၌ နောက်ဆုံး ကျက်ရ၏။ ငါ့ အား လူ၏ကိုယ်နှင့် ငါးဦးခေါင်း ဖြစ်၏။

၄၂ အရှင်မဟာမောဂ္ဂလ္လာန် နှင့် အရှင်သာရိပုတ္တရာတို့ အာသဝေါကုန်သော အကျင့်အစဉ် (မဟာမောဂ္ဂလ္လာနသုတ်နှင့် သာရိပုတ္တသုတ်၊ ပဋိပဒါဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

| | |
|---|---|
| အရှင်မဟာမောဂ္ဂလ္လာန် | = ဆင်းရဲသော အကျင့်၊ လျင်မြန်သော ဉာဏ်၊ |
| အရှင်သာရိပုတ္တရာ | = ချမ်းသာသော အကျင့်၊ လျင်မြန်သော ဉာဏ်။ |

၄၃ အရှင်ရာဟုလာ ၆ စု

(ဇာတဝင်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၂၀။ အရှင်ရာဟုလာ) - ကိုလည်း ကြည့်ပါ။

၁။ စိတ်နေသဘောထား (ရုပ်ပုံရှင်ကျင့်ဝတ်၊ အရှင်ဇနကာဘိဝံသ)

နူးညံ့ပျော့ပျောင်း၍ အလွန်စိတ်သဘော ကောင်းလှပေသည်။ ရဟန်းများက အရှင်ရာဟုလာ လာမည့်လမ်းတွင် တံမြက်စည်းနှင့် အမှိုက်ကျုံးထောင်းတို့ကို ပစ်ထား၍ အရှင်ရာဟုလာ လာသောအခါ ရဟန်းတပါးက အဘယ်သူ ၎င်းတို့ကို ထားထားသနည်းဟု မေးပြောပြောရာ တပါးက ရှင်ရာဟုလာ သည်လမ်းကလာသည်ဟု ပြန်ပြောသည်။ ထိုပြောသံတို့ကို အရှင်ရာဟုလာ ကြားသောအခါ မသိပါ မထားပါဟု ငြင်းမနေပဲ ထိုပစ္စည်းတို့ကို သိမ်းဆည်း၍ သည်းခံကြပါဘုရားဟု ရဟန်းများကို တောင်းပန်သည်။

၂။ ဘုရားရှင်၏ အဆုံးအမတော်ကို ကြည်ညိုအားကျ၍ အတုယူဖွယ်ရာ ခံယူပုံ (စတုတ္ထထွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

သာမဏေဝါ ၁၁ဝါ ၊အသက် ၁၈နှစ်သို့ရောက်သော အရှင်ရာဟုလာသည် တနေ့တွင် ဇေတဝန်

ကျောင်းတော်မှ သာဝတ္ထိပြည်တွင်းသို့ ဘုရားရှင်နှင့်အတူ ဆွမ်းခံကြွဝင်၊ ဘုရားရှင်၏ ပါရမီတော်တို့ကြောင့် တင့်တယ်ကျက်သရေ အံ့မခန်းရှိလှသော ရူပကာယကိုယ်တော်ကို နောက်တော်မှလိုက်ရင်း ကြည့်ကာ "ငါသည်လည်း တင့်တယ်၏၊ ငါ၏ရုပ်အဆင်းကား သန့်ရှင်းကြည်လင်လှပေ၏။" ဟု မိမိကိုယ်ခန္ဓာကို အမှီပြု၍ တဏှာလောဘ ဖြစ်၊

ဘုရားရှင် သိသည်နှင့် ဤလောဘကိလေသာသည် ရာဟုလာ၏သန္တာန်၌ သီလစသော သူတော် ဥစ္စာ ရတနာတို့ကို မဖျက်ဆီးမီ တိုကိလေသာကို နှိပ်နင်းပေအံ့ဟု ကြံစည်ကာ ကိုယ်တော်အလုံးကို လှည့်ကာ အရှင်ရာဟုလာကို ၁၁မျိုးသော ရုပ်အားလုံးအား ငါ့ဥစ္စာ၊ ငါ ၊ ငါ ၏ အတ္တမဟုတ်ပါတကားဟု ဟုတ်မှန် သောအတိုင်း ကောင်းသော ဝိပဿနာဉာဏ်ပညာဖြင့် ရှုရမည်ဟု မိန့်၊ အရှင်ရာဟုလာက ရုပ်ကိုသာလျှင် ရှုရမည်လော? ဟု မေး၊ ဘုရားရှင်က ကျန်ခန္ဓာ ၄ပါးဖြစ်သော ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏ်ကိုလည်း ဤသို့ ရှုရမည်ဟု မိန့်၏။

အရှင်ရာဟုလာသည် ဘုရားရှင်သည် ငါ၏အကြံကို သိတော်မူ၍ ဤသို့မကြံစည်လင့်ဟု သွယ်ဝိုက် ၍လည်း မိန့်တော်မမူ၊ တပါးသောရဟန်းကို ဤသို့မကြံလင့်ဟု ပြောချေဟုလည်း စေတော်မမူ၊ ခိုးထုပ်ခိုးထည်နှင့် ခိုးသူကို မိသကဲ့သို့ မျက်မှောက် အဆုံးအမသြဝါဒကို ပေးတော်မူ၏၊ ဤသို့သောသြဝါဒကို ရသော် ပညာရှိသူမှန်က အဘယ်သူသည် ယနေ့အဖို့ရာ ဆွမ်းခံဝင်ချိမ့်မည်နည်းဟု ကြံ၍ သြဝါဒရရာအရပ်မှ ပြန်၍ သစ်တပင်ရင်း၌ ထိုင်ကာ သြဝါဒအတိုင်း တရားရှုမှတ်နေ၏။

ဘုရားရှင်က မပြန်နှင့်ဦးဟု မိန့်တော်မမူပဲ အရှင်ရာဟုလာသည် ယနေ့အဖို့ရာ ကာယဂတာသတိ ကမ္မဋ္ဌာန်းတည်းဟူသော အမြိုက်ဘောဇဉ်ကို စားစေဦးဟု အကြံတော်ဖြစ်၊ ဆွမ်းခံထွက်ကြွလာသော အရှင် သာရိပုတ္တရာသည် အရှင်ရာဟုလာ တရားရှုမှတ်ထိုင်နေသည်ကိုတွေ့သော် အာနာပါနဿတိဘာဝနာကို ပွားလော့ဟု တိုက်တွန်းစကား မိန့်၏။

ဘုရားရှင်သည် ဤသို့ အရှင်ရာဟုလာကျောင်းတော်၌ ကျန်ခဲ့သည်ကို သိသော်လည်း ကိုယ်တော် တိုင် ခဲဘွယ်ဘောဇဉ်တို့ကို ဆောင်တော်မမူ၊ အရှင်အာနန္ဒာကိုလည်း ပို့စေတော်မမူ၊ ကောသလမင်းကြီး၊ အနာထပိဏ် သူဌေးကြီးစသူတို့ကိုလည်း အသိပေးတော်မမူ၊ အရှင်သာရိပုတ္တရာလည်း တစုံတခုမျှ ပြုတော် မမူ၊ ထိုနေ့အဖို့ရာ အရှင်ရာဟုလာသည် ဆွမ်းအာဟာရမရပဲ ဆွမ်းပြတ်တော်မူ၏။ စိတ်သန္တာန်၌လည်း မည်သို့သော အကြံမျှမဖြစ်ပဲ ဆွမ်းမပို့ခြင်းတည်းဟူသော အကြောင်းကြောင့် ယုတ်သောမာန်- အထင်သေး မှု၊ မြတ်သောမာန်- အထင်ကြီးမှုတို့ကိုလည်း မဖြစ်စေသည်သာ။

<u>၃။ သိက္ခာ ၃ပါး အဆုံးအမသြဝါဒစကားကို လိုလားတော်မူခြင်း</u> (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်း တိပိဋကဆရာတော်ကြီး)

အရှင်ရာဟုလာသည် သိက္ခာ ၃ပါးကို လိုလားမြတ်နိုးတော်မူပေ၏။ နံနက်စောစောကပင်လျှင် ဘုရားရှင် သီတင်းသုံးတော်မူရာ ဂန္ဓကုဋီကျောင်းတော် ပရဝုဏ်အတွင်း၌ "ယနေ့ငါသည် မြတ်စွာဘုရား၏

အထံတော်မှရင်း ငါ ၏ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာမထေရ်၏အထံမှရင်း ဤသဲမှုန့်နှင့် အတူအမျှ မြည်တွန်သည့်စကားကို ရပါလို၏။" ဟု နှုတ်မြွက်ပြောဆိုကာ တကွမ်းစား= တပြည်သားခန့်သော သဲမှုန့်ကို နေ့စဉ်နေ့စဉ် ကြဖြန့်တော်မူလေ့ရှိသည်။

၄။ အရှင်ရာဟုလာအား ရှင်ပြုပေးသောဆရာ မထေရ်မြတ်ကြီး ၃ပါး (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဥပဇ္ဈာယ်ဆရာသည် အရှင်သာရိပုတ္တရာမထေရ်၊

၂ ပဗ္ဗဇ္ဇာစရိယ- ဆံရိတ်မှု၊ သင်္ကန်းပေးမှု၊ သရဏဂုံပေးမှု ဆရာသည် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၊

၃ ဩဝါဒစရိယဆရာသည် အရှင်မဟာကဿပမထေရ်။

၅။ အရှင်ရာဟုလာ ပရိနိဗ္ဗာန် စံဝင်ခြင်း (အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော်မူခြင်း အကြောင်း၊ ပဥ္စမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ၄၅ဝါမှ ထပြီးနောက်တွင် အရှင်သာရိပုတ္တရာသည် အဂ္ဂသာဝကများက မြတ်စွာဘုရားရှင်များထက် စောစွာ ပရိနိဗ္ဗာန်ဝင်စံကြစမြဲ ဖြစ်ကြောင်း ကြံဆင်ခြင်မိသဖြင့် အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံရအံ့နည်းဟုဆက်၍ ဆင်ခြင်ရာ "ရာဟုလာထေရ်သည်လည်း တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်စံဝင်ခဲ့လေပြီ။" ဟု ဦးစွာ ဆင်ခြင်သိရှိသည်။

၆။ အရှင်ရာဟုလာ ရှင်သာမဏေပြုသည်မှ ရဟန္တာဖြစ်သည့်အထိ ဘုရားရှင် ဟောကြားတော်မူသော အဆုံးအမတရားတော် ဖြပ္ပဒ (တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ကုမာရပဉှာ၊ ခုဒ္ဒကပါဌပါဠိတော်၊ ခု၊ သုတ္တန္တပိဋက (ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - လူငယ်များကို ဟောသောတရား - အနက်မှ - သူငယ်အား မေးသောပြဿနာ ၁၀ပါး - တွင် ကြည့်ပါ။) - ဘုရားရှင်သည် ၇နှစ်အရွယ် အရှင်ရာဟုလာကို အသက်အရွယ်နနယ်သော သူငယ်တို့သည် ယုတ္တိရှိရှိ မရှိရှိ၊ သင့်မသင့်စကားများ ပြောကြားတတ်ရကား "ရှင်သာမဏေမည်သည် မင်ဖိုလ်မှ ဖီလာကန့်လန့်ဖြစ်သော ကျေးဖူးမပြု သော စကားမျိုးကို မပြောဆိုသင့်၊ စကားပြောဆိုလိုလျှင် ဤသို့ တရားနှင့်စပ်သောစကားကို ပြောဆိုလော့။" ဟုမိန့်ကာ ဘုရားရှင်အဆူဆူတို့ မစွန့်အပ်သော တရားတပါးမှသည် ၁၀ပါးတိုင် အစဉ်သဖြင့် မေးရာဖြစ်ရာဖြစ်သော သာမဏေရပဉှာ / ကုမာရပဉှာကို ဟောကြားတော်မူသည်။

၂ အမ္ဗလဋ္ဌိကရာဟုလောဝါဒသုတ္တန် - ၃ချက် (ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) - ဘုရားရှင်သည် ၇နှစ်အရွယ် အရှင်ရာဟုလာကို သူငယ်တို့မည်သည် မုသားစကား ပြောကြားရခြင်းကို နှစ်သက် တတ်၏၊ မပြောရန် မျက်စိဖြင့်ကြည့်၍ သိနိုင်လောက်သော -

၁။ ရေခွက်ဥပမာ ၄ပါး ။အရှင်ရာဟုလာ တည်ထားသော ၁ ခြေဆေး ရေအင်တုံခွက်၌ အနည်းငယ်သော ရေ အကြွင်းအကျန်ချန်ထားခြင်း- မုသားဆိုသောရဟန်း၌ ရဟန်းတရား အနည်းငယ်သာ ကျန်ရှိ၊ ၂ ထိုရေကြွင်း အနည်းငယ်ကို စွန့်လိုက်ခြင်း- မုသားဆိုသောရဟန်းသည် ရဟန်းတရားကို စွန့်ပြီး ဖြစ်၊ ၃ ခြေဆေးရေအင်တုံကို မှောက်ခြင်း- မုသားဆိုသောရဟန်းသည် ရဟန်းတရားကို ဤသို့ မှောက်ထားပြီးဖြစ်၊ ၄ ပြန်လှန်ခြင်း- ထိုရဟန်း၌ ရဟန်းတရားသည် အချည်းနှီး ဘာမျှမရှိ။

၂။ စစ်ဆင်ကြီး ဥပမာ ၂ပါး ။ ၁ စစ်မြေပြင်၌ စစ်ဆင်သည် ခြေ၊ လက်၊ ကိုယ်၊ ဦးခေါင်း၊ နားရွက်၊ အစွယ်တို့နှင့် အမှုလုပ်၊ နှာမောင်းဖြင့် မလုပ်သေးက အသက်မစွန့်သေး၊ ၂ နှာမောင်းဖြင့်ပါ အမှုလုပ်ပါက အသက်စွန့်ပြီ ဖြစ်၊ မုသားဆိုသူရဟန်းအား မပြုဝံ့သော အကုသိုလ်မကောင်းမှု မည်သည်မရှိ ။

၃။ ကြေးမုံမှန်အပြင် ဥပမာ တပါး ။ကြေးမုံမှန်သည် ကြည့်ရှုရသည့် အကျိုးရှိသကဲ့သို့ ကိုယ်၊ နှုတ်၊ စိတ် တို့ ဖြင့် အမှု မပြုမီ၊ ပြုဆဲ၊ ပြုပြီးကာလ ၃ခု၌ မိမိ၊ သူတပါး၊ မိမိသူတပါး၂ပါးစုံ ဆင်းရဲဖြစ်စေသလော၊ အကုသိုလ် ဖြစ်စေသလောဟု ကြည့်၍၊ ရှု၍၊ ဆင်ခြင်၍ ပြုခြင်း၊ မပြုခြင်း ပြုကာ အကုသိုလ်ဖြစ်က နောင်မပြုရန် စောင့်ရှောက်ခြင်း၊ ကုသိုလ်ဖြစ်က ဝမ်းမြောက်ခြင်းတို့ဖြင့် နေ့ညဥ့်ကျင့်ရန် ဟူသော ဤသုတ်ကို ဟောသည်။

၃ အဘိဏှရာဟုလောဝါဒသုတ် / ရာဟုလသုတ် (စူဠဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - ဘုရားရှင်သည် အရှင်ရာဟုလာကို မကြာမကြာ "၁ ပဉ္စည်း ၄ပါးထို့၌ တဏှာကို နစ်စေပုံကိုဒင်း၊ ၂ ကာမဂုဏ် ၅ပါး တို့၌ ဆန္ဒရာဂ ပယ်ခြင်းကိုဒင်း၊ ၃ ကလျာဏမိတ္တကောင်း ပေါင်းသင်းမိခြင်း၏ ဥပကာရကျေးဇူး အထူးကြီးပုံကိုဒင်း" ဟောကြားတော်မူ၏။

၄ ရာဟုလသံယုတ် ဒေသနာအစု (နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) - ဘုရားရှင်သည် အရှင်ရာဟုလာ ၇နှစ်အရွယ်မှ ရဟန်းဖြစ်ပြီးစ ဝါမရမီအတွင်း ဝဂ်အားဖြင့် ၂ဝဂ်၊ သုတ်အားဖြင့် ၂၂သုတ်ပါရှိသော ဤသံယုတ် ဒေသနာအစုကို "ရောက်လေရာရာဌာန၌ ဘဝ ၃ပါးဝယ် တွယ်တာတပ်မက်မှု ဆန္ဒရာဂကို မဖြစ်စေရ။" ဟု ပြဆိုတော်မူရန် ဟောတော်မူ၏။

၅ မဟာရာဟုလောဝါဒသုတ္တန် (ဘိက္ခုဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက) - ဘုရားရှင်သည် ၁၈နှစ်အရွယ် သာမဏေ အရှင်ရာဟုလာကို "ငါသည် တင့်တယ်လှ၏၊ ငါ ၏ အဆင်းကား သန့်ရှင်းကြည်လင်လှပေ၏ စသည်ဖြင့် ခန္ဓာကိုယ်အတ္တဘောကို အမှီပြုကာ ဂေဟသိတ ဆန္ဒရာဂ အာရုံ ၅ပါး၌မှီသော တဏှာလောဘကို မပြုရ။" ဟု ပြဆိုရန် ဟောကြားဆုံးမတော်မူ၏။

၆ စူဠရာဟုလောဝါဒသုတ္တန် (သဠာယတနဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ ရာဟုလောဝါဒသုတ်၊ လောကကာမဂုဏဝဂ်၊ သဠာယတနသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊

သုတ္တန္တပိဋက) - ဘုရားရှင်သည် ရဟန်းဖြစ်ပြီးစ ဝါမရမီ အရှင်ရာဟုလာကို အရဟတ္တဖိုလ်ပေါက် ချေချွတ်ဆုံးမတော်မူသောသုတ် ဖြစ်၏။

၄၄ အရှင်ရဋ္ဌပါလ ရဟန်းဘောင်သို့ ဝင်ရောက်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူသော တရားအကျဉ်း ၄ပါး (ရဋ္ဌပါလသုတ်၊ ရာဇဝဂ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)
(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၂၁။ အရှင်ရဋ္ဌပါလ) - ကိုလည်း ကြည့်ပါ။

မြတ်စွာဘုရား ကုရုတိုင်း၌ ရဟန်းသံဃာများနှင့် ဒေသစာရီလှည့်ရာ ထုလ္လကောဋ္ဌိကနိဂုံးသို့ရောက်၊ ရဋ္ဌပါလအမျိုးသားသည် ထိုအခါ၌ ရဟန်းဘောင်သို့ဝင်ရောက်။

၁ အိုခြင်း၊ သေခြင်းသည် လူအပေါင်းကို ဆောင်သောကြောင့် လူတို့သည် အမြဲမတည်၊ ၂ လူအပေါင်းသည် ခိုကိုးရာမရှိ၊ အားထားရာမရှိ၊ ၃ လူအပေါင်းသည် ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံသော ဥစ္စာကို စွန့်လွှတ်၍ သွားရ၏၊ ၄ လူအပေါင်းသည် အလိုမပြည့်၊ ယုတ်လျော့လျက်သာ ရှိ၏၊ ရောင့်ရဲမှုမရှိ၊ တဏှာ၏ကျွန်တည်း။

၄၅ အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်၏ ဂုဏ်ကျေးဇူးကို ဖော်ပြသော အချက် ၅ချက်ပါ ဥဒါန်းဂါထာကို ဘုရားရှင်ကျူးရင့်တော်မူသည်။ (အပရလကုဏ္ဍကဘဒ္ဒိယသုတ်၊ ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)
(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၇။ အရှင်လကုဏ္ဍက ဘဒ္ဒိယ) - ကိုလည်း ကြည့်ပါ။

"၁ အပြစ်အနာကင်းသော အရဟတ္တဖိုလ်သီလ ရထားဘီးရှိသော၊ ၂ ဖြူစင်သော အရဟတ္တဖိုလ် ဝိမုတ္တိ ရထားခင်းနီးရှိသော၊ ၃ အတုမရှိ အရဟတ္တဖိုလ်သတိ ရထားအကန့်ရှိသော၊ ၄ အရှင်ဘဒ္ဒိယ ကိုယ်ခန္ဓာရထားသည်- ၅ ဆီမထည့်ရပဲ လှလှကြီး လှည့်လည်သွားလာ၏။

များစွာသော ရဟန်းများနောက်မှ လိုက်ပါလာသော၊ ကိလေသာ အလျဉ်းမရှိသော၊ တဏှာ ကင်းပြီးသော၊ သံယောဇဉ် ၁၀မျိုး တချောင်းမျှမရှိသော၊ ငါဘုရား၏သားတော် အရှင်လကုဏ္ဍကဘဒ္ဒိယ ရထားကို ကြည့်ရှုပါလော့။"

၄၆ အရှင်သာရိပုတ္တရာ၏ ပကတိ သန့်စင်ကြည်လင်သော အကြောင်းအရာများ ၆ ခု
(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၂။ အရှင်သာရိပုတ္တရာ) - ကိုလည်း ကြည့်ပါ ။

၁။ အရှင်သာရိပုတ္တရာအလောင်းကို သောတာပန်ဖြစ်စေခဲ့သော အရှင်အဿဇိ၏တရားတော် (သာရိပုတြာနှင့် မောဂ္ဂလ္လာန်ရဟန်းပြုခဏ်း၊ မဟာခန္ဓက၊ မဟာဝဂ္ဂ၊ ခု၊ ဝိ။ သာရိပုတ္တတ္ထေရဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒဝတ္ထုတော် ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

| |
|---|
| "ယေဓမ္မာ ဟေ တုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။ တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။" |

ဤလောက၌ ဖြစ်ဖြစ်သမျှ / ဒုက္ခတရားတို့သည် အကြောင်း / သမုဒယကြောင့် ဖြစ်ကြကုန်၏၊ ထို အကြောင်းကို ငါတို့ဆရာ ဘုရားရှင်သည် ဟောကြား၏၊ ဖြစ်ဖြစ်သမျှ / အကျိုးဒုက္ခ၏ အကြောင်း သမုဒယတရား တို့ ချုပ်ငြိမ်းရာ / နိရောဓ နှင့် ထိုချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့် / မဂ္ဂတရားကိုလည်း ငါတို့ဆရာ ဘုရားရှင်သည် ဟောတော်မူ၏။ ရဟန်းမြတ်သည် ဤသို့အယူရှိပါ၏။

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿ ပရိဗိုဇ်သည် ဂါထာရှေ့ထက်ဝက်၌ပင် သောတာပန် တည်၏။

၂။ အရှင်သာရိပုတ္တရာအလောင်း၏ ကြည်ညိုအားကျဖွယ်ရာ အရည်အချင်း ၄ပါး (ဓမ္မဓဇဇာတ်၊ ဘီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁။ သူတပါးအပေါ် လုံးဝငြူစူမှုမရှိခြင်း (ဗန္ဓနမောက္ခဇာတ်၊ ဟံစိဝဂ်၊ ဧကကနိပါတ်၊ ဇာတက ပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) ။ တချိန်က အရှင်မြတ်အလောင်းသည် ဗာရာဏသီမင်းဖြစ်၊ မိဖုယားကြီး- စိဉ္စမာနအလောင်းသည် အလုပ်အကျွေး မင်းခစားယောကျ်ားဖြင့် ယောက်နှင့် လွန်ကျူးဖေါက်ပြားပြီးနောက် ပုရောဟိတ်ပုဏ္ဏား- ဘုရားအလောင်းနှင့် ဖေါက်ပြားလိုရာ ပုရောဟိတ်က လက်မခံ၊ အရှက်ရ၍ မိဖုယားကြီးက မင်းကြီးကို လိမ်လည်လျှောက်၊ ဖမ်းသည့်အခါ ပုရောဟိတ်ကရှင်းပြသဖြင့် အဖြစ်မှန်ကိုသိ၊ ဖြင့်ယောက်သောအမတ်တို့ကိုလည်း လွတ်စေ၏၊ ၎င်းတို့နှင့် မိဖုယား၏အပြစ်ကို သည်းခံလော့ဟု ပုရောဟိတ်က ဆုံးမ၊ တသောင်းဖြထောင်သော မောင်းမတို့ကိုစွန့်၍ မိဖုယားကြီးတဦးတည်းကိုသာ ကိလေသာ၏အစွမ်းဖြင့် ထောက်ပံ့ပါသော်လည်း ရောင့်ရဲခြင်းငှာမစွမ်း၊ မိန်းမတို့အား အမျက်ထွက်ခြင်းသည် အဝတ်ညစ်သွားခြင်းကဲ့သို့၎င်း၊ ထမင်း မစင်အဖြစ်သို့ရောက်ခြင်း ကဲ့သို့၎င်းဖြစ်၏၊ အရဟတ္တဖိုလ်မရောက်သေးသမျှ ကာလပတ်လုံး ကိလေသာကိုမှီ၍ ငြူစူခြင်းမဖြစ်စေရဟု အဓိဋ္ဌာန်ခဲ့၊ ထိုအခါမှစ၍ မည်သူ့အပေါ်မှ မငြူစူတော့။

၂။ အရက်လုံးဝမသောက်ခြင်း။ ဗာရာဏသီပြည်၌ အရက်သောက်ကြူးမင်းဖြစ်၊ အရက်မသောက် အသားမစားပဲ မနေနိုင်၊ ၁၃ရက်နေ့တွင် စားတော်ချက်က အမဲယူထား၊ ခွေးစားသွား၊ ၁၄ရက် ဥပုသ်နေ့၌ အမဲမရ၊ မိဖုယားကို လျှောက်၍ မိဖုယားအကြံအတိုင်း သားတော်လေးကို ပေါင်ပေါ်ထား၍ မင်းကြီး အရက်

သောက်နေစဉ် စားတော်ချက်က ပွဲတော်အုပ်ဆက်၊ အသားမမြင်သဖြင့် မေး၊ ဥပုသ်နေ့ဖြစ်၍ အမဲမရ ကြောင်းလျှောက်၊ မင်းကြီးသည် ပေါင်ပေါ်ရှိ အလွန်ချစ်သောသားတော်လေးကို လည်လိမ်သတ်ပြီး ဟင်း ချက်စေ၊ နောက်နေ့ အမူးပြေ၍ သားတော်ကို ရှေ့တော်သွင်းခိုင်းရာ အဖြစ်ကိုတင်လျှောက်ကြသဖြင့် အရက်ကို အမုန်းကြီးမုန်း၍ နိဗ္ဗာန်မရမချင်း တသံသရာလုံး အရက်ကိုမသောက်တော့ဟု မြေမှုန့်ကိုယူကာ မျက်နှာကိုပွတ်ပြီး အဓိဋ္ဌာန်ခဲ့၏။

<u>၃။ ချစ်ခြင်းမရှိခြင်း။</u> ဗာရာဏသီပြည်၌ ကိတဝါသမင်းဖြစ်၊ သားတော်တပါးထွန်းကားရာ ရေငတ်၍ သေမည်ဟု ပုဏ္ဏားများကဟောကြသဖြင့် တမြို့လုံး ရေတွင်း ရေကန်တူး၊ ရေအိုးစင်များ တည်ထား၊ သားတော် အိမ်ရှေ့မင်းသားဖြစ်သောအခါ တနေ့ဥယျာဉ်အထွက်တွင် ပစ္စေကဗုဒ္ဓါတပါးနှင့်တွေ့၊ လူအများက သူ့ကို ဂရုမပြုပဲ ပစ္စေကဗုဒ္ဓါကိုသာ ဂရုပြုရှိခိုးကြ၊ ပစ္စေကဗုဒ္ဓါကိုစိတ်ဆိုးပြီး သပိတ်ကိုပေါက်ခွဲ၍ ဖနောင့်ဖြင့်ချေ၊ ထိုအကုသိုလ်ကံကြောင့် မင်းသားကိုယ် ချက်ချင်းပူလာ၊ ရေငတ်လာ၊ ရေတွင်း၊ ရေကန်၊ ရေအိုးများ ခန်းခြောက်ကုန်သဖြင့် ရေငတ်သေချိန်မှစပြီး သောကများစွာရောက်ခဲ့ရ၊ စိုးရိမ်ခြင်း သည် ချစ်သောသူကြောင့်ဖြစ်၊ ချစ်ခြင်းမဖြစ်က စိုးရိမ်ခြင်း မဖြစ်လတ္တံ့၊ ဤကာလမှစ၍ သဝိညာဏကဥ္၊ အဝိညာဏကဥ္၊ တစုံတခုသောဝတ္ထု၌ ချစ်ခြင်း ငါ့အား မဖြစ်စေသတည်းဟု အဓိဋ္ဌာန်ခဲ့၏။

<u>၄။ မုန်းခြင်း အမျက်မထွက်ခြင်းမရှိခြင်း။</u> အရကရသေ့ဖြစ်သောအခါ ၇နှစ်တိုင် မေတ္တာကမ္မဋ္ဌာန်း စီး ဖြန်းပွားများခဲ့သဖြင့် ၇သံဝဋ္ဋဝိဝဋ္ဋကပ်ပတ်လုံး ဗြဟ္မာ့ပြည်၌ နေခဲ့၊ မေတ္တာစိတ်အလေ့ရပြီး မည်သူ့ကိုမျှ မမုန်းတော့။

<u>၃။ အရှင်သာရိပုတ္တရာ၏ ကြည်ညိုဖွယ်မိသားစု</u> (သာရိပုတ္တတ္ထေရဝတ္ထု၊ ယမကဝဂ်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

မဂဓတိုင်း ရာဇဂြိုဟ်ပြည်အနီး နလကရွာနေ ခမည်းတော်ဝင်္ဂန္တနှင့် မယ်တော်ရူပသာရီ (သောတာ ပန်ပုဂ္ဂိုလ်) ပုဏ္ဏားဇနီးမောင်နှံတို့မှ မွေးဖွားသော သားတော် ရဟန္တာ ၄ပါး- [၁]ဥပတိဿ (အရှင်သာရိပုတ္တရာ- ပညာ ဧတဒဂ်ရ လက်ယာရံအဂ္ဂသာဝက)၊ [၂]စုန္ဒ (အရှင်စုန္ဒ)၊ [၃]ဥပသေန (အရှင်ဥပသေနဝင်္ဂန္တပုတ္တ- ဧတဒဂ်ရ မဟာသာဝက) နှင့် [၄]ရေဝတ (အရှင်ခဒိရဝနိယရေဝတ- သက်တော်၇နှစ်ဖြင့် ရဟန္တာဖြစ်တော်မူသော မထေရ်) နှင့် သမီးတော် ရဟန္တာထေရီ ၃ပါး- [၁]အရှင်မစာလာ၊ [၂]အရှင်မဥပစာလာနှင့် [၃]အရှင်မသီသူ ပစာလာ။

<u>၄။ အရှင်သာရိပုတ္တရာ၏ ကြည်ညိုဖွယ်ရာ ၂၅ခုသော ဂုဏ်များ</u> (သုသိမသုတ်၊ နာနာတိတ္ထိယဝဂ်၊ ဒေဝပုတ္တ သံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် အရှင်အာနန္ဒာကို

ဘုရားရှင်က အရှင်သာရိပုတ္တရာကို နှစ်သက်သလောဟုမေး၍ နှစ်သက်ကြောင်း ကြည်ညိုဖွယ်ဂုဏ်များကို ဖြေကြားလျှောက်ထားသည်တွင် မှန်ကန်ကြောင်းမိန့်ကြားသော် သုသိမနတ်သားသည် များစွာသော နတ်အခြံအရံတို့ဖြင့် ဘုရားရှင်ထံချဉ်းကပ်ကာ ထိုဂုဏ်များကိုပင် ထပ်မံလျှောက်ထားပြီးနောက် သူချဉ်းကပ်ရာရာ နတ်ပရိသတ်များ၌လည်း ထိုချီးမွမ်းသံများကိုသာ ကြားရကြောင်း ဆက်၍လျှောက်သည်။

အရှင်မြတ်သည်- ၁ မမိုက်၊ ၂ မပြစ်မှားတတ်၊ ၃ မတွေဝေ၊ ၄ ဖေါက်ပြန်သည့်စိတ် မရှိ၊ ၅ ကြီးသောပညာ ရှိ၊ ၆ ကျယ်ပြန့်သောပညာ ရှိ၊ ၇ ရွှင်သောပညာ ရှိ၊ ၈ လျင်မြန်သောပညာ ရှိ၊ ၉ ထက်သောပညာ ရှိ၊ ၁၀ ကိလေသာကို ဖေါက်ထွင်းနိုင်သောပညာ ရှိ၊ ၁၁ အလိုနည်း၊ ၁၂ ရောင့်ရဲလွယ်၊ ၁၃ နီဝရဏထို့မှ ကင်းဆိတ်၊ ၁၄ လူတို့နှင့် ရောနှောခြင်းမှ ကင်း၊ ၁၅ တက်သန်သောလုံ့လ ရှိ၊ ၁၆ ဆိုဆုံးမတတ်၊ ၁၇ စကားကို သည်းခံတတ်၊ ၁၈ ပြစ်တင်ဆုံးမတတ်၊ ၁၉ ယုတ်မာသောသူတို့၌ ရှုတ်ချလေ့ရှိ၏။

ထိုသို့ သုသိမနတ်သား လျှောက်ထားသည်ကို ပါလာသော နတ်ပရိသတ် ကြားရသောအခါ နှစ်လိုဝမ်းမြောက်သည်ဖြစ်၍ အထူးထူးသော အဆင်းအရောင်တို့ကို ဖြစ်စေရာ ကောင်းစွာပြုပြင်ထားသော ကျောက်မျက်ရတနာကဲ့သို့၎င်း၊ အပြေအပြစ်ပြုပြီးသော ဇမ္ဗူရစ်ရွှေ ထွန်းပကဲ့သို့၎င်း၊ တန်ဆောင်မုန်းလ မိုးသောက်ယံအခါ ထွန်းတောက်သော သောက်ရှူးကြယ်ကဲ့သို့၎င်း၊ တိမ်ကင်းစင်သော တန်ဆောင်မုန်းလ နေမင်း တင့်တယ်သကဲ့သို့ ၎င်း ဖြစ်၏။

၂၀ ပညာရှိဟူ၍ သမုတ်အပ်၊ ၂၁ အမျက်မရှိ၊ ၂၂ ရဲရင့်သော၊ ၂၃ ယဉ်ကျေးပြီးသော၊ ၂၄ ရဟန္တာဖြစ်သော၊ ၂၅ မြတ်စွာဘုရားထံမှ ရအပ်သော ချီးမွမ်းခြင်းရှိ၏ဟု သုသိမနတ်သားက ဆက်လျှောက်ထားရာ ဘုရားရှင်ကလည်း နတ်သားလျှောက်ထားသည့်ဂုဏ်တို့ကို ထပ်မံမိန့်ကြားပြီး "ကောင်းစွာယဉ်ကျေးသည်ဖြစ်၍ ပရိနိဗ္ဗာန်ပြုချိန်ကို တောင့်တ၏။" ဟု ဖြည့်စွက်မိန့်ကြား၏။

<u>၅။ အရှင်သာရိပုတ္တရာ၏ ကြည်ညိုအားကျဖွယ်ရာ အကျင့်စရဏ ၇ ပါး</u>

<u>၁။ ကျောကို တအားထုခံရခြင်း</u> (သာရိပုတ္တတ္ထေရဝတ္ထု၊ ဗြာမဏဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အရှင်သာရိပုတ္တရာသည် အလွန်သည်းခံနိုင်သည်၊ ဆဲခြင်း ရိုက်နှက်ထိုးပုတ်ခြင်းတို့ကို သည်းခံနိုင်သည်ဟု ကြားသော မိစ္ဆာအယူရှိပုဏ္ဏားတဦးသည် အမျက်ထွက်အောင် လုပ်မည့်သူမရှိ၍ ဖြစ်မည်ဆိုကာ ဆွမ်းခံကြွလာသော မထေရ်၏ကျောကို တအားထု၊ မထေရ်ကား ကြွမြဲတိုင်းဆက်ကြွ၊ ချက်ချင်းပင် ပုဏ္ဏား၏ ကိုယ်သည် ပူလာ၊ ထုခြင်းအကြောင်းနှင့် ခွင့်လွှတ်ရန်တောင်းပန်၍ အိမ်ပင့်ကာ ဆွမ်းဆက်ကပ်၊ ကြားသူတို့က ပုဏ္ဏားကိုသတ်ရန် တုတ်ခဲများယူ၍လာကြ၊ မထေရ်က လူအုပ်ကို "သင်တို့ကို ရိုက်ခြင်းမဟုတ်၊ ငါ့ကို ရိုက်ခြင်းဖြစ်။" ဟုမိန့်၍ ကျောင်းသို့ ပြန်သည်။

၂။ ဆရာရှိရာအရပ်ကို အမြဲ ဦးခေါင်းပြုကာ ကျိန်းစက်ခြင်း (သာရိပုတ္တတ္ထေရဝတ္ထု (ဒုတိယ) ၊ ဗြာမဏဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ပဥ္စဝဂ္ဂီ ၅ပါးတွင်ပါဝင်သော အရှင်အဿဇိထံမှ "ယေ ဓမ္မာ ဟေတုပ္ပ ဘဝ◌ါ" စသော တရားတော်ကို ကြားနာ၍ သာသနာတွင်းသို့ ဝင်လာခဲ့ရရာ အရှင်သာရိပုတ္တရာသည် ကျေးဇူးဆပ်သောအားဖြင့် ဆရာမထေရ်ရှိရာ အရပ်ကို ရည်မှန်းလျက် အမြဲ ဦးခေါင်းပြုကျိန်းစက်သည်။

၃။ ဆင်းရဲသောမိန်းမအို လှူအပ်သောအာဟာရကို မရွံမရှာ ဘုဉ်းပေးတော်မူ၏။ (ကုဏ္ဍာက- ဆန်ကွဲ၊ ကုဏ္ဍကသိန္ဓဝဇာတ်၊ သက်ပ္ပဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင်နှင့်သံဃာတော်များ ဒေသစာရီမှ ပြန်ကြွလာသောအခါ သာဝတ္ထိမြို့သားများက အာဂန္တုကတို့အား ပူဇော်ခြင်းကိုပြုအံ့ဟု ဘုရားရှင်အမှူးရှိသော သံဃာတော်တို့အား အလှူကြီးကိုပေးရန် ကျောင်း၌ ဓမ္မဃောသကရဟန်းတပါး ထား၊ ထိုရဟန်းက အလှူရှင်လိုအပ်သောရဟန်းတို့ကို စီစဉ်ပေး၊ ဆင်းရဲစွာသော မိန်းမအိုတဦးသည် တပါးစာဆွမ်းစီရင်၍ နေမြင့်မှ ရဟန်းတောင်းလာ၊ ဓမ္မဃောသက ရဟန်းက ရဟန်းများအား စီရင်၍ ပေးအပ်ကုန်ပြီ၊ အရှင်သာရိပုတ္တရာမထေရ်ကား ကျောင်းတွင်ရှိ၏၊ ဆွမ်းလှူလော့ဟုပြော၊ ဤအကြောင်းကို သိကြသော ကောသလမင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါ ကျောင်းအမနှင့် အခြားသူများကလည်း အသပြာများ၊ အဝတ်များ ပို့ကြ၊ တနေ့တည်း အသပြာတသိန်းရ၊ အရှင်သာရိပုတ္တရာက ဆင်းရဲသူမိန်းမအို စီရင်ထားသောယာဂု ခဲဘွယ်ဘောဇဉ်တို့ကို မရွံမရှာ ဘုဉ်းပေး၍ အနုမောဒနာပြုကာ သောတာပတ္တိဖိုလ်၌ တည်စေ။

ဤအကြောင်းနှင့်စပ်၍ ဘုရားရှင်က <u>အတိတ်</u>ဇာတ်ကိုဟော၊ ဆင်းရဲသောမိန်းမအို- ယခုဘဝတွင်လည်း မိန်းမအိုသည် ဆန်ကွဲကျွေး၍ မွေးမြူထားသော သိန္ဓောမြင်းငယ်- အရှင်သာရိပုတ္တရာအလောင်းကို မြင်းကုန်သည်- ဘုရားအလောင်းက တန်ဖိုးများစွာဖြင့် ဝယ်ယူ၍ မင်းကြီး- အရှင်အာနန္ဒာအလောင်းထံတွင် အစွမ်းပြစေ၊ မင်္ဂလာမြင်းပြု၍ များစွာသောပူဇော်သက္ကာရပြု။

၄။ ဆွမ်းခံယူပုံ - ဝတ္ထုကိုသုတ်သင်ခြင်း (အရှင်သုဘူတိမထေရ်အကြောင်း၊ ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

အရှင်သာရိပုတ္တရာသည် ဆွမ်းခံထွက်ကြသော အိမ်ရှေ့တံခါးဝ၌ ဆွမ်းရပ်သည်နှင့် ဆွမ်းကို ယူဆောင်လာသည့်တိုင်အောင် အချိန်ကိုပိုင်း၍ နိရောဓသမာပတ်ကို ဝင်စားကာ ဆွမ်းလောင်းလှူမည့်သူ အနီးသို့ရောက်သောအခါမှ နိရောဓသမာပတ်မှထ၍ ဆွမ်းကို / လှူဖွယ်ဝတ္ထုကို အလှူခံယူတော်မူ၏။ နိရောဓသမာပတ် ဝင်စားခြင်းဖြင့် အလှူရှင် အကျိုးကြီးမြတ်အောင် ပြုခြင်းဖြစ်သော ဒက္ခိဏေယျဝတ္ထု ဖြစ်သည့် မိမိကိုယ်ကို သုတ်သင်ပြီးမှ အလှူကို ခံယူခြင်းသည် ဝတ္ထုကို သုတ်သင်သည် မည်၏။

၅။ နိမ့်ချသည်းခံခြင်းနှင့် ဥပမာ ၉မျိုး (သီဟနာဒသုတ်၊ သီဟနာဒဝဂ်၊ နဝကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ အရှင်သာရိပုတ္တမထေရ်ဝတ္ထု၊ အရဟန္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီး အနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ အရှင်သာရိပုတ္တမထေရ်ဝတ္ထု၊ အရဟန္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မိဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဝါကျွတ်သော် အရှင်သာရိပုတ္တရာသည် ဘုရားရှင်အားခွင့်ပန်၍ နောက်ပါတပည့်များနှင့် ဒေသစာရီကြွလေရာ လိုက်ပါပို့ဆောင်ကြသော ရဟန်းသာမဏေတို့ကို အမျိုးအမည်နာမခေါ်၍ နှုတ်ဆက်ပြဝါဒပေး၊ ရဟန်းတပါးကို မနှုတ်ဆက်မိစဉ် မထေရ်၏ ဒုကုဋ်သင်္ကန်းစွန်းဖြင့် ထိမိရာ ရန်ငြိုးဖွဲ့ကာ ဘုရားရှင်အား အရှင်သာရိပုတ္တရာသည် သူ့ကို ပုတ်ခတ်ပြီး မတောင်းပန်ပဲ ခရီးထွက်သွားသည်ဟု လျှောက်ထား။

ဘုရားရှင်ခေါ်မေးသော် "မြတ်စွာဘုရား အကြင်ရဟန်းအား မိမိကိုယ်၌ ကာယဂတာသတိသည် အဖန်တလဲလဲ ရှေးရှုထင်ငြားအံ့၊ တိုရဟန်းသည် ဤသာသနာတော်၌ အမှတ်မရှိ သီတင်း သုံးဖေါ်တဦးကို ထိခိုက်ပြစ်မှားမိလျှင် ထိုအပြစ်ကိုမစွန့်မူ၍ အပြစ်တန်းလန်းဖြင့် အဘယ်သို့ ခရီးဒေသစာရီ ဖဲသွားနိုင် အံ့နည်း?" ဟု လျှောက်ကာ မိမိနိမ့်ချသည်းခံပုံကို ဥပမာ ၉မျိုး-

၁ ဤမဟာပထဝီမြေကြီးပေါ်၌ စင်ကြယ်သော (ဝတ္ထုကိုလည်း စွန့်ပစ်ကြ၏၊ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ ပြည်၊ သွေးစသော မစင်ကြယ်သောဝတ္ထုတို့) ကိုလည်း စွန့်ပစ်ကြ၏၊ မြေကြီးသည် မတုန်လှုပ် (သကဲ့သို့ အကျွန်ုပ်သည် ပြန့်ပြောသော၊ မြင့်မြတ်သော၊ အတိုင်းအရှည်မရှိသော၊ ရန်မရှိသော၊ ငြိုငြင်မှုမရှိသော) မြေနှင့် တူသော စိတ်ဖြင့်ၾငင်း၊

၂ ရေ၌ စင်ကြယ်သော (... ဆေးကြောကြ၏ ...) ကို လည်း ဆေးကြောကုန်၏၊ ရေသည် မတုန်လှုပ် (...) ရေနှင့်တူသော စိတ်ဖြင့်ၾငင်း၊

၃ မီး၌ စင်ကြယ်သော (... လောင်၏ ...) ကိုလည်း လောင်၏၊ မီးသည် မတုန်လှုပ် (...) မီးနှင့်တူသော စိတ်ဖြင့်ၾငင်း၊

၄ လေ၌ စင်ကြယ်သော (... တိုက်ခတ်၏ ...) ကိုလည်း တိုက်ခတ်ပါ၏၊ လေသည် မတုန်လှုပ် (...) လေနှင့်တူသော စိတ်ဖြင့်ၾငင်း၊

၅ ခြေသုတ်ပုဆိုး / ဖုံသုတ်အဝတ်သည် စင်ကြယ်သော (... သုတ်၏ ...) ကိုလည်း သုတ်ရ၏၊ ခြေသုတ်ပုဆိုး / ဖုံသုတ်အဝတ်သည် မတုန်လှုပ် (...) ခြေသုတ်ပုဆိုး / ဖုံသုတ်အဝတ်နှင့်တူသော စိတ်ဖြင့်ၾငင်း၊

၆ ဒွန်းစဏ္ဍားသား၊ ဒွန်းစဏ္ဍားလုံမပျိုသည် ခွက်လက်စွဲလျက် စုတ်ပြတ်သော အဝတ်ကိုဝတ်ကာ ရွာနိဂုံးသို့ နိမ့်ချသောစိတ်ဖြင့် ဝင်သကဲ့သို့ၾငင်း၊

၇ ဦးချိုကျိုးသောနွားကဲ့သို့ သူတပါးတို့ နှိပ်စက်ညှဉ်းပန်းသော်လည်း စိတ်ဆိုးခြင်းမရှိသကဲ့သို့ၾငင်း၊

၈ ငယ်ရွယ်နုပျိုသော၊ ရေချိုးပြီးသော မိန်းမပျို ယောက်ျားပျိုတို့၏ လည်၌ မြွေကောင်ပုပ်သော်ငှင်း၊ ခွေးကောင်ပုပ်သော်ငှင်း၊ ဆွဲလိုက်ပါမူ ငြီးငွေ့ရှက်နိုး စက်ဆုပ်သကဲ့သို့ မိမိခန္ဓာကိုယ်ကို ငြီးငွေ့စက်ဆုပ်သည့် အကြောင်း၊

၉ စဏ္ဍာလဝါးတိုင်ထက်သို့ တက်သော မေဒကထာလိကာလုလင်ကဲ့သို့ (သီဟနာဒသုတ်၌ - အပေါက် ကြီးငယ်ရှိသော၊ အထက်မှလျှံကျသော၊ အောက်မှလည်းယိုကျသော အမဲဆီအိုးကို ရွက်ဆောင်ရ သကဲ့သို့) မိမိ ကိုယ်ကို သတိမကင်းစေပဲလျက် ရွက်ဆောင်ယူခြင်း ရှိကြောင်း- ဖြင့် လျှောက်ထားရာ ပုထုဇဉ် ရဟန်းတို့ မျက်ရည်မဆည်နိုင်ကြ၊ အရိယာရဟန်းတို့ ဓမ္မသံဝေဂရကြ၊ ထိုရဟန်း မြတ်စွာဘုရားထံ ဝန်ချတောင်းပန်၊ အရှင် သာရိပုတ္တရာလည်း ဘုရားရှင်ထံဝန်ချ တောင်းပန်ခြင်းနှင့် စပ်၍ ဘုရားရှင်သည် ဓမ္မပဒလာ ဂါထာထော် -

"ရဟန္တာပုဂ္ဂိုလ်မြတ်သည် မြေကြီးနှင့်တူစွာ သည်းခံခြင်းသဘောရှိ၏။ မယိမ်းမယိုင် တံခါးတိုင်ကဲ့ သို့ ထည်ကြည်ခိုင်ခံ့၏။ လောကဓံတရားတို့ကြောင့် ဖေါက်ပြန်ပြောင်းလဲခြင်း မရှိ။ ရွံ့ညွှန်ကင်းသဖြင့် ကြည်လင်သော ရေကန်ကဲ့သို့ ရာဂစသည့် အကုသိုလ်ညွှန်ကင်းသဖြင့် အလွန်ကြည်လင်သောစိတ်ရှိ၏။ ထိုသို့သဘောရှိသောရဟန္တာသည် သံသရာ၌ ကျင်လည်၍မနေပေ။" ကို ဟောကြားထော်မူ၏။

<u>၆။ မိခင်၏ အပြစ်တင်ခံရသော်လည်း တစုံတရာ မပြောဆိုခြင်း</u> (သာရိပုတ္တတ္ထေရဝတ္ထု [တတိယ]၊ ဗြာမဏဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အရှင်သာရိပုတ္တရာသည် နောက်ပါသံဃာများနှင့်အတူ နာဠကရွာရှိ မိခင်အိမ်သို့ ဆွမ်းခံသွား၊ ဆွမ်းကပ်၊ မိခင်ပုဏ္ဏေးမကြီးက "စားကြွင်းစားသာရိပုတ္တရာ၊ ပုန်းရည်ဟင်းစားသူ သာရိပုတ္တရာ၊ ကုဋေ ၈၀ စည်းစိမ်စွန့်သူ သာရိပုတ္တရာ စားဟဲ့။" ဟု ပြစ်တင်ပြော၍ ကပ်လှူ၊ တစုံတရာ ပြန်မပြောဆိုပဲ ဆွမ်းခံယူ၍ ကျောင်းပြန်ကြွ။

သာဝတ္ထိပြည် ဝေဠုဝန်ကျောင်းသို့ ပြန်ရောက်သော် အရှင်ရာဟုလာက ဘုရားရှင်အားလျှောက်၊ ရဟန်းများကလည်း အရှင်သာရိပုတ္တရာ၏ သည်းခံနိုင်မှုကို ချီးမွမ်း၊ ဘုရားရှင်က ဤဒေသနာတော်ကို ဟောသည်။

"အမျက်လည်းမထွက်သော၊ ဓုတင်အကျင့်လည်းရှိသော၊ သီလနှင့်လည်းပြည့်စုံသော၊ တဏှာပြန့် ပြောခြင်းလည်းမရှိသော၊ ယဉ်ကျေးသော၊ အဆုံးစွန်သောကိုယ်ရှိသော တိုပုဂ္ဂိုလ်ကို ဗြဟ္မာဏဟု ငါဘုရား ဟော၏။"

<u>၇။ မုန့်မုန်သမျှ မစား(မဘုဉ်းပေး)တော့ခြင်း</u> (ဝိသဝန္တ- အဆိပ်အန်ခြင်း၊ ဝိသဝန္တဇာတ်၊ ဠက္ကတ္တိဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဇေတဝန်ကျောင်းတော်၌ အရှင်သာရိပုတ္တရာသီတင်းသုံးစဉ် သာဝတ္ထိပြည်သူများက အမှုန့်မုန့် (နူးညံ့ မွန်မြတ်သည့်အာဟာရ) ကို ပေါများစွာလှူကြရာ မြို့ထွင်းရောက်နေသည့် သံဃာများအတွက်ပါလှူ၊

အရှင်ကလည်း မိမိတပည့်တပါးအတွက်ယူထား၊ မွန်းလွဲနီးတိုင် ပြန်မလာ၊ အလဟဿဖြစ်မည်စိုး၍ အရှင်ဘုဉ်းပေးလိုက်၊ ထိုရဟန်းပြန်လာသော် အရှင်ကပြောပြရာ "ကောင်းမွန်သည့်အစာကို မကြိုက်သူ ရှိပါ့မလား။" ဟုပြော၊ အရှင်သည် သံဝေဂလည်းရ၊ မိမိအမှားကိုလည်းသိသဖြင့် နောင်ကို မုန့်မုန်သမျှ မစားတော့ဟု ဆုံးဖြတ်၊ ဆုံးဖြတ်သည့် အတိုင်းပြု။

<u>အတိတ်ဇာတ်</u>- ဘုရားလောင်း အဆိပ်ဖြေဆေးသမားဖြစ်၊ ဇနပုဒ်သားတယောက် မြွေကိုက်ခံရ၊ ဘုရားလောင်းဆေးသမားက မြွေ- အရှင်သာရိပုတ္တရာလောင်းကိုခေါ်ယူနိုင်၊ အဆိပ်ပြန်စုပ်ယူရန်ပြောရာ စွန့်အပ်သည့်ဝတ္ထုကို ပြန်ယူရိုးထုံးစံမရှိ၊ မယူလျှင် မီးပုံထဲဆင်းရမည်ဟု ဆေးသမားကပြောရာ အန်ပြီးသော အဆိပ်သည် ရွံဖွယ်ဖြစ်၏၊ အသက်ဟူသောအကြောင်းကြောင့် အန်ပြီးသောအဆိပ်ကို ပြန်မျိုရအံ့၊ အသက်ရှင်ရခြင်းထက် သေရခြင်းက မြတ်သေး၏ဟုဆိုကာ မီးပုံထဲဝင်ရန်ပြုရာ ဆေးသမားက တားမြစ်၊ သူတပါးကို မညှဉ်းဆဲရန်ပြော ၍လွှတ်၊ လူနာကို ဆရာကဆေးကုပေး၍ ချမ်းသာစေ။

<u>၆၊ အရှင်သာရိပုတ္တရာ၏ အာဟာရအပေါ်၌ တိုက်တွန်းချက်</u> (သာရိပုတ္တရတ္ထေရဂါထာ၊ တိံသနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ထောပတ် ဆီဦစသည်တို့ဖြင့် သိမ်မွေ့သောအစာ၌၎င်း၊ ခြောက်သောအစာ၌၎င်း အလွန်လျှင် တပ်မက်မောခြင်း တဏှာသည် မဖြစ်ရာ၊ အလွန်ဝမ်းဝအောင် မစားရာ၊ အကြင်ကြောင့် မှုရုံသာစား၍ ပေါ့သောဝမ်းရှိသည်၊ နှိုင်းယှဉ်ဆင်ခြင်အပ်သော စားခြင်းရှိသည်၊ သတိနှင့်ပြည့်စုံသည် ဖြစ်၏၊ <u>စားမြဲတိုင်းမှ ၄လုတ်၊ ၅လုတ် ယုတ်၍ သုံးဆောင်ပြီး ရေကိုသောက်ခြင်းသည်</u> အာဟာရ၌ပေါ့သောဖြစ်ခြင်း ရှိ၏၊ ဤသို့စားခြင်းသည် ကိုယ့်အသက်ကို မငဲ့မူ၍ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိသော ရဟန်းအား ချမ်းသာစွာ နေခြင်းငှါ စွမ်းနိုင်၏။

၄၇ အရှင်သာရိပုတ္တရာ၏ အတူနေတပည့် အသုဘကမ္မဋ္ဌာန်း ၄လအားထုတ်သော်လည်း နိမိတ်မျှပင် မထင်သည် ကို ဘုရားရှင် ပဒုမ္မာကြာပွင့်ဖန်ဆင်း၍ ချေချွတ်တော်မူခြင်းနှင့်စပ်သော အတိတ်ဇာတ် (တိတ္ထ-ရေချိုးဆိပ်၊ တိတ္ထဇာတ်၊ ကုရင်္ဂဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည် မင်းဆရာပညာရှိအမတ်၊ အရှင်အာနန္ဒာအလောင်း ဗြဟ္မဒတ်မင်း၏ မင်္ဂလာမြင်း- အရှင်သာရိပုတ္တရာ၏ အတူနေတပည့်အလောင်း ရေချိုးဆိပ်သို့မဆင်းသည်ကို ပညာရှိအမတ်သည် ချိုးနေကျ ရေချိုးဆိပ်၌ အခြားမြင်းယုတ်ရေချိုးသွားသဖြင့် ရေချိုးဆိပ်ပြောင်းချိုးရန် အကြံပေးခြင်းဖြင့် ဖြေရှင်းပေး၏။

၄၈ အရှင်သီဝလိမထေရ်သည် မိမိ၏ဘုန်းကံကို ကိုယ်တော်မြတ် ကိုယ်တိုင် စုံစမ်းကြည့်ရာ ဇဋ္ဌာန (ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

(ဇာတဒင်္ဂရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁၈။ အရှင်သီဝလိ) - ကို လည်း ကြည့်ပါ။

ဘုရားရှင်ထံ လျှောက်ထားခွင့်ပြုချက် ရယူ၍ ရဟန်းတော် ၅၀၀ အဖော်ဖြင့် ဟိမဝန္တာသို့ ရှေးရှုသွားသော် ၁ ခရီးစခန်း၌ ညောင်ပင်ကြီး၊ ၂ ပဏ္ဍဝတောင်၊ ၃ အစိရဝတီမြစ်၊ ၄ ဝရသာဂရသမုဒ္ဒရာ၊ ၅ ဟိမဝန္တာတောင်၊ ၆ ဆဒ္ဒန်အိုင်၊ ၇ ဂန္ဓမာဒနတောင်၊ ၈ အရှင်ရေဝတ သီတင်းသုံးရာ။

ထိုနေရာဌာန အားလုံးတို့၌ပင် ၇ရက်စီ၊ ၇ရက်စီ နတ်တို့က အရှင်သီဝလိမထေရ်အား အလှူဒါန ကြီးစွာလှူဒါန်းကြသည်။ မြတ်စွာဘုရားရှင် သာဝကကြီးများနှင့် ရဟန်းများခြံရံ၍ ရှားတောကျောင်းနေ ခဒိယဝနိယရေဝတ မထေရ်ထံ ကြွချီရာ လမ်းခရီး၌ နတ်များက အရှင်သီဝလိမထေရ်အားသာ ဦးတည်၍ နေ့ရက်မပြတ် အလှူဒါန ဆက်ကပ် လှူဒါန်းကြသည်။

၄၉ အရှင်သုဘူတိ ၂၃

(ဇာတဒင်္ဂရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁၃။ အရှင်သုဘူတိ) - ကို လည်း ကြည့်ပါ။

<u>၁။ အရှင်သုဘူတိ ကျင့်သုံးသော ကိလေသာကင်းကွာ ချမ်းသာစွာနေနိုင်ကြောင်း တရား ၆ပါး</u> (အရဏဝိဘင်္ဂသုတ်၊ ဝိဘင်္ဂဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ အရှင်သုဘူတိမထေရ် အကြောင်း၊ ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဂေါတမမြတ်စွာဘုရား သာသနာတော်၌ ဇာတဒင်္ဂ ၂ဘွဲ့ဖြင့် ချီးမြှင့်ခံရသော အရှင်သုဘူတိမထေရ် ကျင့်သုံးသော တရားများ ဖြစ်ပါသည်။

၁ အယုတ်တရား ၂ပါးဖြစ်သော ကာမသုခလ္လိကာနုယောဂ နှင့် အတ္တကိလမထာနုယောဂ မလိုက်ပဲ မဇ္ဈိမပဋိပဒါအလယ်လမ်းသို့ လိုက်ခြင်း၊ ၂ ပုဂ္ဂလာဓိဋ္ဌာနနည်းဖြင့် မြှောက်စားခြင်း နှိမ်ချခြင်း မပြုပဲ ဓမ္မာဓိဋ္ဌာနနည်းဖြင့် တရားသဘောကိုသာ ဟောပြောခြင်း၊ ၃ သမထ၊ ဝိပဿနာတရား အားထုတ်၍ ရရှိသော အတွင်းအဇ္ဈတ္တသုခနှင့် အပြင်အာရုံဗဟိဒ္ဓသုခ ၂ပါးတွင် အတွင်းသုခကိုသာ ပွားများခြင်း၊ ၄ ပုဂ္ဂိုလ်တဦး ၏အကြောင်းကို မျက်မှောက်၊ မျက်ကွယ် ၂နေရာလုံး၌ပင် မှန်ကန်၍ အကျိုးရှိမှ ပြောဆိုခြင်း၊ ၅ စကား ပြော၊ တရားဟောသောအခါ အလျင်မဆောချောပြေစွာ ပြောဟောခြင်း၊ ၆ ရောက်ရှိနေသော အရပ်မှ ဝေါဟာရစကားများသည် မိမိအရပ်မှ ဝေါဟာရနှင့် ကွဲပြားစေကာမူ ငြင်းခုံမှု မပြု။

<u>၂။ အရှင်သုဘူတိ ပွားသော မေတ္တာဘာဝနာ</u> (အံ ဋ္ဌ။ သုဘူတိဝတ္ထု၊ ထေရပါဒါန် ဋ္ဌ။ အရဏဝိဘင်္ဂသုတ်၊ မ ဋ္ဌ။ ဥဒါနပါဠိတော် ဋ္ဌ။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

**"သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ။"**

သုခိတာ ဟောထ= ကိုယ်စိတ် ၂ဖြာ ချမ်းသာကြပါစေ။ ဒုက္ခာ မုစ္စထ= ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။

အရှင်သုဘူတိသည် အနာထပိဏ်သူဌေးကြီး၏ ညီဖြစ်သည်။ မေတ္တာစျာန်ကို အခြေခံ၍ ရဟန္တာဖြစ်သူ ဖြစ်သည်။ မေတ္တာစျာန်နှင့် မေတ္တာပွား၍ အမြဲနေလေ့ရှိသည်။ ဆွမ်းခံအိမ်ရှေ့ ဆွမ်းရပ်သည်နှင့် မေတ္တာပွား၏။ မေတ္တာစျာန်ဝင်စား၍ စျာန်မှထပြီးမှ ဆွမ်းကို အလှူခံတော်မူသည်။

၅၀ အရှင်သုဘဒ္ဒ - နောက်ဆုံးသာဝက ၂ ၃

<u>၁။ သုဘဒ္ဒပရိဗိဇ်- နောက်ဆုံးသာဝကကို ဘုရားရှင်ဟောကြားသောတရား ၁၀ ချက်</u> (သုတ်မဟာဝါပါဠိတော် ဋ္ဌ။ ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ သုဘဒ္ဒပရိဗ္ဗာဇကဝတ္ထု၊ မလဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

<u>သုတ်မဟာဝါပါဠိတော် ဋ္ဌ။</u> ၁ ငါဘုရား၏ တရားသဖြင့်ဆုံးမရာ ဤဓမ္မဝိနယသာသနာတော်၌ အင်္ဂါ ၈ပါးရှိသော အရိယာမဂ်တရားသည် ထင်ရှားရှိ၏။ ၂ သောတာပန်ရဟန်း- ၃ ဒုတိယဆင့် သကဒါဂါမ်ရဟန်း- ၄ တတိယဆင့် အနာဂါမ်ရဟန်း- ၅ စတုတ္ထဆင့် ရဟန္တာရဟန်း ရှိပေ၏။ ၆ ငါဘုရား၏ ဓမ္မဝိနယသာသနာတော်မှ တပါးသော အယူဝါဒသာသနာတို့သည် တရားကိုသိမြင်ကြသည့် မဂ္ဂဋ္ဌအရိယာ ၄ယောက်၊ ဖလဋ္ဌအရိယာ ၄ယောက်၊ မဂ်၄ပါးကိုရဖို့ရန် အားထုတ်ဆဲဖြစ်သည့် ဝိပဿက ၄ယောက် တည်းဟူသော ရဟန်းမြတ် ၁၂ယောက်တို့မှ ဆိတ်သုဉ်း၏။ ၇ ဤရဟန်းမြတ် တကျိပ်၂ယောက်တို့သည် မှန်စွာအဆင့်ဆင့်ဟောပြောလျက် နေကြသည်ရှိသော် လောကသည် ရဟန္တာတို့မှ မဆိတ် မသုဉ်းသည်သာဖြစ်လေရာ၏။ သုဘဒ်ရဟန်းသည် ပစ္ဆိမဉက္ကဋ္ဌ သာဝက ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူသည်။

<u>ဓမ္မပဒ</u>။ ရဟန်းဂေါတမသည် ငယ်ရွယ်သူဖြစ်သည်ဟု မှတ်ထင်၍ မမေးခဲ့။ ၁/၈ ကောင်းကင်၌ ခြေရာ ဖြစ်ရှိနိုင်သလား?။ "မရှိ။"၊ ၂/၉ ဘုရားမြတ်စွာ၏ သာသနာတော်မှအပြင်အပ တိတ္ထိတို့၏အယူဝါဒ၌ ကိလေသာကို ငြိမ်းစေတတ်သော ရဟန်းသူမြတ်များ ဖြစ်ရှိနိုင်သလော? ။ "ရဟန်းသူမြတ် တကျိပ်၂ပါး မရှိ။"၊ **၃/၁၀** မ ဖေါက်မပြန် မပျက်စီးပဲ အမြဲတည်သော သင်္ခါရတို့မည်သည် ဖြစ်ရှိနိုင်သလော?။ "မရှိ။" ။

ဘုရားရှင်တို့၏ သန္တာန်၌ တဏှာတည်းဟူသော တုန်လှုပ်ခြင်း၊ မာနတည်းဟူသော တုန်လှုပ်ခြင်း၊ တပါးပါးသော တုန်လှုပ်ခြင်းသည် မရှိဧကန် စင်စစ်မှန်၏။

<u>၂။ ရှေးကောင်းမှု</u> ၂ ၃

<u>၁။ (သုဘဒ္ဒတ္ထေရအပဒါန်</u>၊ ဥပါလိဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံခါနီး၌ ဘုရားရှင်အား စန္ဒကူးတို့ဖြင့်ဖုံး၊ တောင်ဇလပ်ပန်း ကြက်ရုံးပန်းတို့ဖြင့်ဖုံး ဖုံးလွှမ်းပြည့်စေ၍ ရွှင်လန်းရွှင်ပျသောစိတ်ဖြင့် တင်လှူဆက်ကပ် ပူဇော်ခဲ့၊ ဘုရားရှင် ဗျာဒိတ်စကား ကြားတော်မူ၏။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဘုရားရှင်၏အဂ္ဂသာဝက တိဿထေရ်သည် ငါ၏သား ဖြစ်၊ ထိုသားအား ယုတ်မာသောစိတ်ဖြင့် မကောင်းသောစကား ဆိုမိ၏။ ထိုဝစီကံ၏ အကျိုးကြောင့်

ငါ့အား နောက်ဆုံးမှ ကောင်းခြင်းမင်္ဂလာသာသနာတော်၌ ကျွတ်တမ်းဝင်ရခြင်းသည် ဖြစ်၏။

၂။ (ဒီ ဋ္ဌ။ ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ရှေးကောင်းမှု ပြုလုပ်ဆည်းပူးစဉ်က ညီအကို ၂ဦးသည် တပေါင်းတစည်းတည်း ကောက်စပါးပြုကြ၊ အကိုကြီး- အရှင်ကောဏ္ဍညအလောင်းက ကောက်စပါး တကြိမ်တကြိမ် စိုက်ပျိုးရာ၌ ၉ကြိမ်၉ကြိမ် အဦးဒါန (အောက်ပါ အရှင်အညာသိကောဏ္ဍညမထေရ်အလောင်း ပြုခဲ့သော အဦးဒါန ၉ပါး - ကို ကြည့်ပါ။) ပြုလုပ်လှူဒါန်းခဲ့၊ ညီ- အရှင်သုဘဒ္ဒအလောင်းဖြစ်သူကမူ ကောက်စပါးများ အားလုံးရိတ်သိမ်းပြီး ကျီကြအတွင်း သွင်းပြီးမှ ထိုကျီမှ ထုတ်ယူ၍ လှူဒါန်းမှု ပြုခဲ့၊ ထိုသို့ နောက်ချန်၍ နောက်ကာလမှ အလှူဒါနပြုခဲ့သဖြင့် ဂေါတမဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးမှ ဖူးမြော်ရန် အလိုရှိကာ ဘုရားရှင်၏ တရားတော်နာပြီး ရဟန္တာ ဖြစ်တော်မူရလေသည်။

၅၁ အရှင်အညာသိကောဏ္ဍညမထေရ်အလောင်း ပြုခဲ့သော အဦးဒါန ၉ပါး (ဒီ ဋ္ဌ။ ပဥ္စမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၁။ အရှင်ကောဏ္ဍည) - ကို ကြည့်ပါ။

၅၂ အရှင်အနုရုဒ္ဓါ ရဟန္တာဖြစ်ရန် ပယ်ဖွန့်ရသောတရား ၃ပါး (ဒုတိယအနုရုဒ္ဓါသုတ်၊ ကုသိနာရဝဂ်၊ တိကနိပါတ်၊ အံ၊သုတ္တန္တပိဋက)

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမတေရ်ကြီးများ - အနက်မှ - အမှတ် ၅။ အရှင်အနုရုဒ္ဓါ) - ကိုလည်း ကြည့်ပါ။

အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ် ရပြီးဖြစ်သော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်သေးသဖြင့် အရှင်သာရိပုတ္တရာထံ ချဉ်းကပ်၍ မေးမြန်းသည်တွင် အရှင်သာရိပုတ္တရာ ဖြေတော်မူ၏။

| **အရှင်အနုရုဒ္ဓါ** | **အရှင်သာရိပုတ္တရာ** |
| --- | --- |
| ၁ အကျွန်ုပ်သည် အထူးသဖြင့် စင်ကြယ်၍ လူတို့၏ မျက်စိအမြင်ကိုလွန်သော၊ နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဖြင့် တထောင်သော လောကဓါတ်ကို မြင်နိုင်၏။ | ဤသို့အကြံဖြစ်ခြင်းသည် သင့်အား **မာန**ဖြစ်နေ၏။ |
| ၂ မတွန့်မဆုတ် လုံ့လကိုအားထုတ်၏။ မေ့လျော့ခြင်း မရှိပဲ သတိသည် ထင်၏။ ကိုယ်သည် ပူပန်ခြင်းမရှိပဲ ငြိမ်း၏။ စိတ်သည် တခုတည်းသော အာရုံရှိ၍ တည်ကြည်၏။ | ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်အား စိတ်ပျံ့လွင့်ခြင်း **ဥဒ္ဓစ္စ**ဖြစ်နေ၏။ |

၃ ထိုသို့ဖြစ်ပါလျက် စိတ်သည် တဏှာ၊ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ ၍ အာသဝေါတရားတို့မှ မလွတ်သေးပါ။

ဤသို့ အကြံဖြစ်ခြင်းသည်ပင် သင့်အား တွေးတောမှု သံသယ**ကုက္ကုစ္စ** ဖြစ်နေ၏။

အရှင်သာရိပုတ္တရာကဆက်၍ "တိုက်တွန်းပါ၏။ ဤ ¹မာန၊ ²ဥဒ္ဓစ္စ၊ ³ကုက္ကုစ္စတရား ၃မျိုးတို့ကို ပယ်စွန့်၍၊ နလုံး မသွင်းမူ၍ အမြိုက်နိဗ္ဗာန်ဓါတ်သို့ စိတ်ကို ပို့ဆောင်ပါလော့။" ဟု မိန့်၏။ အရှင်အနုရုဒ္ဓါသည် တိုတိုက်တွန်းမိန့်မှာချက်အတိုင်း ပြုသော် မကြာမီပင် အာသဝေါကုန်၍ ရဟန္တာဖြစ်တော်မူ၏။

၅၃ အရှင်အာနန္ဒာ <u>၆ ခု</u>

(ဧတဒဂ်ရပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာမထေရ်ကြီးများ - အနက်မှ - အမှတ် ၃၀။ အရှင်အာနန္ဒာ) - ကိုလည်း ကြည့်ပါ။

<u>၁။ အရှင်အာနန္ဒာဆောင်သောဓမ္မက္ခန္ဓာ</u> (အာနန္ဒတ္ထေရဂါထာ၊ တိံသနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

မြတ်စွာဘုရားအထံတော်မှ ဓမ္မခန္ဓာပေါင်း ၈သောင်း၂ထောင်၊ အရှင်သာရိပုတ္တရာစသော ရဟန်းတော်တို့အထံမှ ၂ထောင်သော ဓမ္မခန္ဓာတို့ကိုသင်ယူ၍ စုစုပေါင်း၈သောင်း၄ထောင်သော ဓမ္မခန္ဓာတို့ကို ဆောင်၏။ ငါ၏နှုတ်၌ လေ့လာအပ်ကုန်၏။

<u>၂။ အရှင်အာနန္ဒာ ဘုရားရှင်အား လုပ်ကျွေးပုံ ၇ပါး အမြွက်</u> (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ဘုရားရှင် ဝါတော် ၂၀အရတွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ အရှင်အာနန္ဒာသည် အမြဲနိဗဒ္ဓ ဥပဋ္ဌာက အလုပ်အကျွေးဖြစ်လာသည်။

၁ ဘုရားရှင်ကို နံနက်ချိန်အခါတွင် ရေပူ၊ ရေချမ်း ၂ပါး ဆက်ကပ်၏။ ၂ အတို၊ အရှည်၊ အလတ် ၃ရပ်သော ဒန်ပူကို ဆက်ကပ်၏။ ၃ ခြေ၊ လက်ဆုပ်နယ်ပေးခြင်း၊ ၄ ရေသုံးသပ်တော်မူသောအခါ ကျောတော်ကို ပွတ်သပ်ပေးခြင်း၊ ၅ ဂန္ဓကုဋီကျောင်းတော်ကို တံမြက်လှည်းခြင်း၊ ၆ ဤအချိန်၌ ဘုရားရှင်အား ဤအရာရမှ သင့်မည်၊ ဤအမှုပြုမှ သင့်မည်ဟု တနေ့လုံး ဘုရားရှင်အနီး၌သာ နေ၏၊ ၇ ညဥ့်၌ ဆီမီးတိုင်ကြီးစွဲကိုင်၍ ဘုရားရှင် ခေါ်တော်မူလျှင် စကားတုံ့ အလွယ်တကူ ပြန်နိုင်ရန်၊ ထိန မိဒ္ဓ ပယ်ဖျောက်ရန် ဂန္ဓကုဋီတိုက်ကို ၉ ပတ် ၉ ကြိမ် လှည့်ပတ်လျက် နေ၏။

<u>၃။ အရှင်အာနန္ဒာ ဘုရားရှင်အား လုပ်ကျွေးရန် ဘုရားရှင်ထံတောင်းခံသော ပယ်ဆု ၄ပါး၊ တောင်းဆု ၄ပါး နှင့် ဂုဏ် ၇ပါး</u> (ဇုဏှဇာတ်၊ ကောဒသကနိပါတ်၊ ဇာတကပါဠိတော်မြန်မာပြန်၊ ညောင်ကန်ဆရာတော်ကြီး၊ ခု၊ သုတ္တန္တပိဋက)

<u>ပယ်ဆု ၄ပါး</u>

၁ ဘုရားရှင်ရတော်မူသော သင်္ကန်းကို မပေးခြင်း၊ ၂ ဘုဉ်းပေးတော်မူသောဆွမ်းကို မပေးခြင်း၊ ၃ တခုသော ကုဋီတိုက်ခန်း၌ အတူတကွနေခြင်းကို မပေးခြင်း၊ ၄ ပင့်ဖိတ်ရာသို့ အကျွန်ုပ်ကို မခေါ်ခြင်း။

<u>တောင်းဆု ၄ပါး</u>

၁ အကျွန်ုပ် ပင့်အပ်သော ပင့်ဖိတ်ရာသို့ အရှင်ဘုရား ကြွတော်မူခြင်း၊ ၂ အကျွန်ုပ်သည် တိုင်းတပါးမှ၊ ဇနပုဒ်တပါးမှ အရှင်ဘုရားကို ဖူးမြင်ခြင်းငှါလာသော ပရိသတ်ကို လာသောခဏ၌ ပြခြင်းငှါ ရခြင်း၊ ၃ အကြင်အခါ၌ အကျွန်ုပ်အား ယုံမှားသင်္ကာဖြစ်လျှင် ထိုခဏ၌ပင် အရှင်ဘုရားကို ဆည်းကပ်ခြင်းငှါ ရခြင်း၊ ၄ အကျွန်ုပ်၏ မျက်ကွယ်၌ အရှင်ဘုရား ဟောသောတရားကို ပြန်ကြွလာသောအခါ အကျွန်ုပ်အား ဟောတော်မူခြင်း။

<u>ဂုဏ် ၇ပါး</u>

၁ ဓမ္မခန္ဓာပေါင်း ၈သောင်း၄ထောင်ကို ဆောင်ခြင်း၊ ၂ သောတာပတ္တိဖိုလ်ကို ရခြင်း၊ ၃ ရှေးကောင်းမှု အကြောင်းနှင့် ပြည့်စုံခြင်း၊ ၄ မိမိစီးပွားကို မေးသည်နှင့် ပြည့်စုံခြင်း၊ ၅ ဘုရားရှင် မျက်မှောက်တော်၌ နေရသည်နှင့် ပြည့်စုံခြင်း၊ ၆ အသင့်အတင့် နှလုံးသွင်းခြင်းနှင့် ပြည့်စုံခြင်း၊ ၇ ဘုရားရှင်ကို အမှီရသည်နှင့် ပြည့်စုံခြင်း။

<u>၄။ အရှင်အာနန္ဒာ သောတာပန်တည်သော</u> **မှန်ကြေးမုံတရားတော်** <u>တရားတော်</u> (အာနန္ဒသုတ်၊ ထေရဝဂ်၊ ခန္ဓသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ အရှင်အနန္ဒာ ရဟန်းတော်များကိုဟောသည်။

"မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏမည်သောအရှင်သည် သီတင်းငယ်ရဟန်းတို့အား ကျေးဇူးများလှ၏။ အစွဲပြု၍သာလျှင် ငါဖြစ်၏ဟူသော ပပဥ္စတရား ၃ပါး- တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ဖြစ်၏။ မပြုမူ၍ မဖြစ်။ ခန္ဓာ ၅ပါးကို စွဲ၍သာလျှင် ပပဥ္စဖြစ်၏။ ဥပမာအားဖြင့် တန်ဆာဆင်ခြင်း သဘောရှိသော ငယ်ရွယ်နုပျိုသော မိန်းမယောကျ်ားတို့သည် စင်ကြယ်တောက်ပသော မှန်၌ဖြစ်စေ၊ ကြည်လင်သော ရေခွက်၌ဖြစ်စေ၊ မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် အစွဲပြု၍သာ မြင်ရာ၏။ အစွဲမပြု၍ မမြင်ရာ။

ခန္ဓာ ၅ပါး (ရုပ်) သည် မြဲသလော မမြဲသလော။ ဆင်းရဲသလော ချမ်းသာသလော။ အတ္တလော အနတ္တလော။ မမြဲသော၊ ဆင်းရဲသော၊ အတ္တမဟုတ်သော ခန္ဓာ ၅ပါး (ရုပ်) ကို ငါ့ဟာ၊ ငါ ၊ ငါ၏ရုပ်မဟုတ်ဟု ရှုသော် ငြီးငွေ့၏၊ ငြီးငွေ့သော် တပ်ခြင်းကင်း၏၊ တပ်ခြင်းကင်းသော် ကိလေသာတို့မှ လွတ်မြောက်၏၊ လွတ်သော် လွတ်မြောက်ပြီဟု သိ၏။ (ဘုရားရှင်လက်ထက် - အနက်မှ - ဘုရားရှင်လက်ထက် ရဟန်း ရဟန်းမများ ဘုရားရှင်အား မိမိတို့၏ အရဟတ္တဖိုလ် ပြောကြားပုံ ၄ ချက် - ကို ကြည့်ပါ။) ဟုသိ၏။

ဤတရားဒေသနာတော်ကို ကြားနာရ၍ ငါသည် တရားကိုသိရ၏။"

၅။အရှင်အာနန္ဒာ အဝတ်အထည် သင်္ကန်းလျာ ၅၀၀ အကြိမ် ၅၀၀တိုင် အလှူခံရရှိခြင်း၏ ရှေးကုသိုလ် (ခုဒ္ဒကနိကာယ်ထေရ နှင့် သာမာဝတီတို့အကြောင်း၊ ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

နစဉ်အခါ တခုသောဘဝဝယ် အပ်လှျိုသမား= အဝတ်ချုပ်သမား ဖြစ်သောအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးအား ၁ အပ်တချောင်း၊ ၂ လက်တဝါးခန့် အဝတ်ကြမ်းတပိုင်းကို လှူဒါန်းခဲ့သည်။ အကျိုးအားဖြင့် အပ်လှူခဲ့၍ ပညာကြီးသူဖြစ်ရသည်။ အဝတ်ကြမ်းစလှူခဲ့၍ သင်္ကန်းလျာ အဝတ် ၅၀၀ အကြိမ် ၅၀၀ ရရှိတော်မူသည်။

၆။ အရှင်အာနန္ဒာ၏ အံ့ဖွယ်တရား ၄ပါး နှင့် စကြဝတေးမင်းတို့၏ အံ့ဖွယ်ဂုဏ် ၄ပါး (အာနန္ဒအစ္ဆရိယသုတ်၊ ဘယဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ ရဟန်းပရိသတ်၊ ၂ ရဟန်းမပရိသတ်၊ ၃ ဥပါသကာပရိသတ်၊ ၄ ဥပါသိကာမ ပရိသတ်တို့သည် အရှင်အာနန္ဒာကို ဖူးမြော်ရခြင်းဖြင့်၎င်း၊ တရားနာရ၍ နှစ်ခြိုက်ခြင်းဖြင့်၎င်း တရားရပ်သိမ်းသည့်တိုင်အောင် မရောင့်ရဲနိုင်ကြချေ။

စကြဝတေးမင်းကို ၁ မင်းပရိသတ်၊ ၂ ပုဏ္ဏားပရိသတ်၊ ၃ သူဌေး သူကြွယ်ပရိသတ်၊ ၄ သူတော်သူမြတ်ပရိသတ်တို့သည် ဖူးမြော်ရခြင်းဖြင့်၎င်း၊ တရားနာရ၍ နှစ်ခြိုက်ခြင်းဖြင့်၎င်း တရားရပ်သိမ်းသည့်တိုင်အောင် မရောင့်ရဲနိုင်ကြချေ။

၅၄ အလိုကို သိနိုင်ခဲ့သူ ၅ဦး (မဟာကုဏာလဇာတ်၊ အသီတိနိပါတ်၊ ဇာထကပါဠိတော်၊ ညောင်ကန်ဆရာတော် ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မီး၊ ၂ မင်း၊ ၃ မြွေ၊ ၄ မိန်းမ၊ ၅ ဆင်။

၅၅ **အလောင်းအလျာကြီးများ- ဗောဓိသတ္တ ၃မျိုးနှင့် ပါရမီဖြည့်ကျင့်ရာ ကာလများ** (ပဌမပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ဆရာမကူ မိမိကိုယ်တိုင် သစ္စာ ၄ပါးကိုသိသော၊ ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်စွမ်းနိုင်သော သတ္တိထူးရှိသော မဂ်ဉာဏ် ၄ပါး၊ ခပ်သိမ်းသော ဉေယျတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို လိုလားတောင့်တ ကုသိုလ်ဆန္ဒ ကြီးမားသူတို့ကို သမ္မာသမ္ဗောဓိသတ္တ / **သဗ္ဗညုဘုရား အလောင်း** (ဘုရားအလောင်းတော်များနှင့် ဆက်စပ်၍ မှတ်သားဖွယ်များ - အနက်မှ - ဘုရားအလောင်း ၃မျိုးနှင့် ပါရမီဖြည့်ကျင့်ရာကာလများ) - ကိုလည်း ကြည့်ပါ၊

၂ ဆရာမကူ မိမိကိုယ်တိုင် သစ္စာ ၄ပါးကိုသိသော မဂ်ဉာဏ် ၄ပါးကို လိုလားတောင့်တ ဆန္ဒကြီးမားသူကို ပစ္စေကဗောဓိသတ္တ / **ပစ္စေကဗုဒ္ဓါအလောင်း**။ ၂အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်၊

၃ ဆရာရှိမှ သစ္စာ ၄ပါးကိုသိသော မဂ်ဉာဏ် ၄ပါးကို လိုလားတောင့်တ ဆန္ဒကြီးမားသူကို သာဝကဗောဓိသတ္တ / တပည့်သာဝကအလောင်း ၃မျိုး ရှိသည်။

[၁]**အဂ္ဂသာဝကအလောင်းတော်များ၊** အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်တို့ကဲ့သို့သော သာဝကအစုံ၊ တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ရသည်၊

[၂]**မဟာသာဝကအလောင်းတော်များ၊** ဘုရားရှင်လက်ထက် အသီတိရှစ်ကျိပ်ဝင် မဟာသာဝကများကို ခေါ်သည်၊ ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ရသည်၊

[၃]**ပကတိသာဝက အလောင်းတော်များ၊** ကြွင်းသော သာဝကများဖြစ်သည်၊ ကမ္ဘာတသိန်းအောက်၊ ကမ္ဘာ တရာ၊ ကမ္ဘာတထောင်စသည်ဖြင့် မမြဲသောကာလ ပါရမီများ ဖြည့်ကြရသည်။

၅၆ အလျင်အမြန်သွားလျှင် / ပြေးလျှင် မတင့်တယ်သူ ၄ဦး (ဓမ္မပဒ ဌ။ ဝိသာခါဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒ ပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ အဘိသိက်သွန်းလောင်းထားသော မင်းမြောက်တန်ဆာ ဆင်ထားသောမင်း၊ ၂ ကကြိုးတန်ဆာ ဆင်ယင်ထားသော မင်္ဂလာဆင်ထော်၊ ၃ ရှင်ရဟန်း၊ ၄ အမျိုးသမီး။

၅၇ အလွန်ကဲဆုံး <u>၃ စု</u>

<u>၁။ ၃ပါး (ဧကဉ္စပါသကာဝတ္ထု</u>၊ သုခဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဓမ္မပဒ ဌ)

၁ ဇိဃစ္ဆာ ပရမာ ရောဂါ။- ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါမည်၏၊

၂ သင်္ခါရ ပရမာ ဒုခါ။- ခန္ဓာ ၅ပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်၏၊

၃ ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။- ဘယ်သောအခါမှ ပျက်စီးခြင်းသဘော မရှိသောနိဗ္ဗာန် သန္တိချမ်းသာသည် အခါခပ်သိမ်း ငြိမ်းချမ်းသဖြင့် အချမ်းသာဆုံးတည်း။ ပညာရှိသည် ဤအကြောင်းကို ဟုတ်မှန်တိုင်းသိ၍ နိဗ္ဗာန်ကို ကိုယ်တိုင် မျက်မှောက်ပြု၏။

(ဘုရားရှင် သတ္တလောက၏အကျိုးငှါ ကျင့်တော်မူခြင်း - အနက်မှ - ဘုရားရှင်က ထမင်း ကျွေးစေသောဒါယကာ - ကိုလည်း ကြည့်ပါ။)

<u>၂။ ၄ပါး (ပညတ္တိသုတ်</u>၊ စရဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ အတ္တဘောနှင့် ပြည့်စုံသူ ကိုယ်ခန္ဓာကြီးသူတို့တွင် ရာဟုအသုရိန်နတ်သည် အလွန်ကဲဆုံး၊ ၂ ကာမဂုဏ်ခံစားသူတို့တွင် မန္ဓာတုစကြာမင်းကြီးသည် အလွန်ကဲဆုံး၊ ၃ စိုးပိုင်မှု အကြီးအမှူး လုပ်ချင်သူတို့တွင် မာရ်နတ်သည် အလွန်ကဲဆုံး၊ ၄ နတ်၊ မာရ်နတ်၊ ဗြဟ္မာနှင့်တကွ နတ်လောကနှင့် မင်း၊ ပုဏ္ဏား၊ သူကြွယ်နှင့်တကွ လူ့လောက၌ ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသော တရားကို ကိုယ်တော်တိုင် မှန်စွာသိသူတို့တွင် မြတ်စွာဘုရားသည် အလွန်ကဲဆုံး။

၃။ ၄ပါး (ပသေနဒီကောသလဝတ္ထု၊ သုခဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

(ပါဠိတော် - အနက်မှ - ပါဠိတော် အညွှန်းပိုဒ် - အနက်မှ - အမှတ် ၁၈။ "အာရောဂျ ပရမာ လာဘာ ... "စသောဂါထာ) - ကို ကြည့်ပါ။

၅၈ အလွန်ဝေးသော အရာ ၄မျိုး (သုဝိဒူရသုတ်၊ ရောဟိတဿဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။
ပရိဘောဂမယပုညကထာ၊ သတ္တမဝဂ်၊ ကထာဝတ္ထုပါဠိတော်၊ ခု၊ အဘိ)

၁ ကောင်းကင်နှင့် မြေကြီး၊ ၂ သမုဒ္ဒရာ၏ ဤမှာဖက်ကမ်းနှင့် ထိုမှာဖက်ကမ်း၊ ၃ နေထွက်ရာ အရပ်နှင့် နေဝင်ရာအရပ်၊ ၄ သူတော်ကောင်းတရားနှင့် သူယုတ်မာတရား။

၅၉ အသီတိ- ၈ဝ၊ မဟာသာဝက- တပည့်ကြီးများ၊ အသီတိမဟာသာဝကများ (သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်သြဘာသာဘိဝံသ)

လက်ျာတော်ရံ မဟာသာဝက - အဂ္ဂသာဝကအရှင်သာရိပုတ္တရာ အမှူးပြုသော သာဝကကြီး အပါး ၄ဝ။

လက်ဝဲတော်ရံ မဟာသာဝက - အဂ္ဂသာဝကအရှင်မဟာမောဂ္ဂလ္လာန် အမှူးပြုသော သာဝကကြီး အပါး ၄ဝ။ စုစုပေါင်း အပါး ၈ဝ။

အကျယ်ကို အညွှန်းကျမ်းတွင် ကြည့်ပါရန်။

၆ဝ **အသုဘကမ္မဋ္ဌာန်း ၂၃**

၁။ (အပွားရလွယ်ကူသော အသုဘကမ္မဋ္ဌာန်းတမျိုး ၈ချက် - အရှင်ကုလ္လမထေရ်ပွားများသည်။ (ကုလ္လတ္ထေရဂါထာ၊ ဆက္ကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ရာဂစရိုက်အားကြီးသော ကုလ္လမထေရ်သည် သုသာန်၌အမြဲလှည့်လည်ရန် ဘုရားရှင် ညွှန်ကြားတော်မူသည့်အတိုင်း လိုက်နာကျင့်ကြံသော်လည်း ရာဂမငြိမ်းသဖြင့် ဘုရားရှင်က အသုဘရုပ်အသွင် ဖန်ဆင်း၍ ပြတော်မူရာမှ ရာဂကင်းကွာ၍ ရဟန္တာဖြစ်တော်မူ၏။ ထိုအခါ မိမိ၏ပဋိပတ်ကို ဆင်ခြင်ရွတ်ဆိုရာ-

"၁ ငါ၏ကိုယ်သည် မတင့်တယ် စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ အသေကောင်သည်လည်း မတင့်တယ်၊

၂ အသေကောင်သည် စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ ငါ၏ကိုယ်သည်လည်း စက်ဆုပ်ဖွယ်၊

၃ ဤခန္ဓာကိုယ်အောက်ပိုင်း သည် စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ အထက်ပိုင်း၌လည်း စက်ဆုပ်ဖွယ် ဖြစ်၊

၄ ခန္ဓာကိုယ်အထက်ပိုင်း၌ စက်ဆုပ်ဖွယ် ဖြစ်သကဲ့သို့ အောက်ပိုင်း၌လည်း စက်ဆုပ်ဖွယ် ဖြစ်၊

၅ ဤခန္ဓာကိုယ်သည် နေ့အခါ၌ စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ ညဥ့်အခါ၌လည်း စက်ဆုပ်ဖွယ် ဖြစ်၊

၆ ဤခန္ဓာကိုယ်သည် ညဥ့်အခါ၌ စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ နေ့အခါ၌လည်း စက်ဆုပ်ဖွယ် ဖြစ်၊

၇ ဤခန္ဓာကိုယ်သည် ငယ်ရွယ်စဉ်အခါ၌ စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ အိုမင်းသောအခါ၌လည်း စက်ဆုပ်ဖွယ် ဖြစ်၊

၈ ဤခန္ဓာကိုယ်သည် အိုမင်းသောအခါ၌ စက်ဆုပ်ဖွယ်ဖြစ်သကဲ့သို့ ငယ်ရွယ်စဉ်ကလည်း စက်ဆုပ်ဖွယ် ဖြစ်သည်၊ တည်ကြည်သောစိတ်ဖြင့် ခန္ဓာ၏သဘောတရားကိုရှုသော ယောဂါဝစရပုဂ္ဂိုလ်အား တရား၌ မွေ့လျော်မှု ဖြစ်သကဲ့သို့ အင်္ဂါ၅ပါးနှင့်ပြည့်စုံသောတူရိယာဖြင့် ကာမဂုဏ်၅ပါးခံစားသူအား ထိုသို့သဘောရှိသော မွေ့လျော် မှုမျိုး မဖြစ်နိုင်။

၂။ အသုဘ သညာ / ကမ္မဋ္ဌာန်း ၁၀ပါး (နိက္ခေပကဏ္ဍ၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊ အဘိ)

၁ ဥဒ္ဓုမာတကသညာ- ဖူးဖူးရောင်သော အလောင်းကောင်၊ ၂ ဝိနီလကသညာ- ညိုမဲသော အလောင်းကောင်၊ ၃ ဝိပုဗ္ဗကသညာ- ယိုစီးသောပြည်ရှိသော အလောင်းကောင်၊ ၄ အလယ်၌ ၂ပိုင်းပြတ်သော အလောင်းကောင်၊ ၅ အိမ်ခွေး၊ တောခွေးစသည်တို့ ကိုက်ခဲထားသော အလောင်းကောင်၊ ၆ လက်တခြား၊ ခြေတခြား ပစ်လွှင့်ထားသော အလောင်းကောင်၊ ၇ ဓါးဖြင့်လှီး၍ အထူးထူးအပြားပြား လက်တခြား၊ ခြေတခြား ပစ်လွှင့်ထားသော အလောင်းကောင်၊ ၈ လောဟိတကသညာ- သွေးများထွက်ယို လိမ်းကျံနေသော အလောင်းကောင်၊ ၉ ပုဠုဝကသညာ- ပိုးလောက်တို့ တဖွားဖွားထွက်နေသော အလောင်းကောင်၊ ၁၀ အဋ္ဌိကသညာ- အရိုးစု၌ဖြစ်သော အမှတ်သညာ အလောင်းကောင်။

၆၁ အသံကြီး၄ပါး (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ မဟာကဏှဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ သဂါထာဝဂ္ဂ သံယုတ် ဋ္ဌ။ သုတ္တနိပါတ် ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ကြွေအံကစားရာ၌ ပြည့်ရှင်မင်းကိုနိုင်သဖြင့် ကြွေးကြော်သော ပုဏ္ဏကဘီလူးအသံ (ဝိဓူရဇာတ်၊ မဟာနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)၊

၂ ပဘာဝတီမင်းသမီးကို ခုနစ်ပြည်ထောင်မင်းတို့ယူရန် လာသည်ကို စစ်ထိုးရန်ထွက်စဉ် ကြွေးကြော်သော ကုသမင်းကြီးအသံ (ကုသဇာတ်၊ သတ္တတိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက) ၊

၃ ဘူရိဒတ်နဂါးမင်းကို မြွေအလမ္ပါယ်ပြနေသော အလမ္ပါယ်သမားနှင့် ယှဉ်ပြိုင်ရာတွင် မိမိလက်ဝါးပေါ်မှ ဖားမငယ်၏အဆိပ်ပေါက်များကို ကြည့်၍ ကြွေးကြော်သော သုဒဿနနဂါးမင်း၏အသံ (ဘူရိဒတ်ဇာတ်၊ မဟာ နိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)၊

(မဟာဗုဒ္ဓဝင်၌ - အာဠာဝကဘီလူးသည် သူ၏ဗိမာန်ထဲ၌ ဘုရားရှင် ဝင်ရောက်နေသည်ကို သိရသောအခါ ဟိမဝန္တာ၌ ကျင်းပနေသော နတ်ဘီလူးအစည်းအဝေးမှ ထွက်ကာ ဒေါသပြင်းစွာထွက်လျက်

လက်ျာဖက်ခြေဖြင့် ယူဇနာ ဖဂရှိသော ကေလာသတောင်ထွတ်ကို ဆောင့်နင်း၍ 'အာဋ္ဌဝက ဆိုတာ ငါပဲကွ။' ဟု ကြုံးဝါးသောအသံ)၊

၄ ကဿပဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်သောကာလ၌ လူများကိုခြိမ်းခြောက်၍ သတိတရားရစေပြီး သာသနာတော်ကြီးကို ချီးမြှောက်ကာ အနစ်တထောင်တည်အံ့စိမ့်သောငါ မုဆိုး အသွင်သိကြားမင်းနှင့် ခွေးနက်ကြီးယောင် ဖန်ဆင်းထားသော မာတလိနတ်သား၏ မာန်ဖီဟောင်သံ (မဟာကဏှဇာတ်၊ ဒွါဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)။

## ၆၂ **အသက်တိုကြောင်း တရား ၂ စု**

၁။ တရား ၅မျိုး (ပဌမအနာယုဿသုတ်၊ ဂိလာနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ မလျောက်ပတ်သည်ကို ပြုလေ့ရှိ၏၊ ၂ လျောက်ပတ်သည့်၌ အတိုင်းအရှည်ကို မသိတတ်၊ ၃ မကြေကျက်လွယ်သော အစာကိုစားလေ့ရှိ၏၊ ၄ အချိန်အခါမဟုတ်သည့်၌ သွားလာတတ်၏၊ ၅ မမြတ်သော မေထုန် အကျင့်ကို ကျင့်လေ့ရှိ၏။

အပြန် - အသက်ရှည်ကြောင်းတရား ၅ပါး။

၂။ တနည်း တရား ၅မျိုး (ဒုတိယအနာယုဿသုတ်၊ ဂိလာနဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ - ၃ အထက်ပါအတိုင်း၊ ၄ သီလ မရှိခြင်း၊ ၅ ယုတ်မာသော အဆွေခင်ပွန်းရှိခြင်း။

အပြန် - အသက်ရှည်ကြောင်းတရား ၅ပါး။

## ၆၃ **အသက်တို၊ အဆင်းမလှ ၂ စု**

၁။ အသက်တို၊ အဆင်းမလှ၊ အားနည်းပါး၊ အနာများရသောအကြောင်း ၁၃ပါး (အဓမ္မိကသုတ်၊ ပတ္တကမ္မဝဂ်၊ စတုက္ကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဘုရင်၊ မင်း တရားမစောင့်က မှူး၊ မတ်တို့ မစောင့်ကြ၊

၂ မှူး၊ မတ်တို့ တရားမစောင့်က ပုဏ္ဏား၊ သူကြွယ်တို့ မစောင့်ကြ၊

၃ ပုဏ္ဏား၊ သူကြွယ်တို့ တရားမစောင့်က နိဂုံး၊ ဇနပုဒ်နေသူတို့ မစောင့်ကြ၊

၄ နိဂုံး၊ ဇနပုဒ်သူတို့ တရားမစောင့်က လ၊ နေ မညီမညွတ် လှည့်၏၊

၅ လ၊ နေတို့ မညီမညွတ်လှည့်က နက္ခတ်တာရာတို့ မညီမညွတ် လှည့်၏၊

၆ နက္ခတ်တာရာတို့ မညီမညွတ်လှည့်က ညဉ့်၊ နေ့ မညီမညွတ်ဖြစ်၏၊

၇ ညဉ့်၊ နေ့ မညီမညွတ်ဖြစ်က လ၊ လခွဲ မညီမညွတ်ဖြစ်၏၊

၈ လ၊ လခွဲ မညီမညွတ်က ဥတု၊ နှစ်တို့ မညီမညွတ်ဖြစ်၏၊

၉ ဥတု၊ နှစ်တို့ မညီမညွတ်ဖြစ်က လေ မညီမညွတ်တိုက်၏၊ လမ်းမှန်မတိုက်၊

၁၀ လေ မညီမညွတ်တိုက်က နတ်တို့ အမျက်ထွက်၏၊

၁၁ နတ်တို့ အမျက်ထွက်က မိုး ကောင်းစွာမရွာ၊

၁၂ မိုး ကောင်းစွာမရွာက ကောက်မှည့် မညီညွတ်၊

**၁၃** ကောက်မှည့် မညီညွတ်သည်ကိုစားသူသည် အသက်တို၏၊ အဆင်းမလှ၊ အားနည်းပါး၏၊ အနာများ၏။ ဥပမာသော်ကား ရှေ့ဆောင်နွားလား ကောက်တကျစ်သွားက နွားမအားလုံး ကောက်တကျစ်သွား၏။ ဖြောင့်ဖြောင့်သွားက ဖြောင့်ဖြောင့်သွား၏သကဲ့သို့တည်း။

၂။ အသက်တို၊ ရှည်ခြင်း၊ အဆင်းမလှ၊ လှခြင်းစသည့် အစုံ ၇စုံ ဖြစ်ရသည့်အကြောင်း (စူဠကမ္မဝိဘင်္ဂသုတ် / သုဘသုတ်၊ ဝိဘင်္ဂဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

(လူ - အနက်မှ - လူလူချင်း အသက်စသည် ၇ချက် မတူခြင်းအကြောင်း) - ကို ကြည့်ပါ။

၆၄ အသက်တမ်းအလိုက် ရှိသော ရောဂါများ **၂ စု**

၁။ အနှစ် ၆သောင်းတမ်း၌ ရောဂါ ၆မျိုးသာရှိ၏ (အရကသုတ်၊ မဟာဝဂ်၊ သတ္တကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ချမ်းအေးမှု၊ ၂ ပူအိုက်မှု၊ ၃ ဆာလောင်မှု၊ ၄ မွတ်သိပ်မှု၊ ၅ ကျင်ကြီးစွန့်လိုမှု၊ **၆** ကျင်ငယ်စွန့်လိုမှု။

၂။ အသက် ၈သောင်းတမ်းရှိ အနာရောဂါ ၃မျိုး (စက္ကဝတ္တိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက)

၁ တပ်မက်ခြင်း၊ ၂ ဆာလောင်ခြင်း၊ **၃** အိုခြင်း။

၆၅ အသက်မရှည်သူ **၂ စု** ၁၇ယောက် (ပဋိသမ္ဘိဒါမဂ် ဋ္ဌ။ ဝိသုဒ္ဓိမဂ်။ ပါရာဇိကဏ် ဋ္ဌ)၊ ၂၈ယောက် (ယမကပါဠိတော် နိဿယ၊ အရှင်နန္ဒမေဓာ)

၁ အမိဝမ်းတွင်း၌နေသူ၊ ၂ ရေနစ်သူ၊ ၃ နိရောဓသမာပတ် ဝင်စားနေသူ၊ ၄ ပဉ္စမဈာန်ပုဂ္ဂိုလ်၊ ၅ တွေဝေမေ့မျောနေသူ၊ ၆ သေသောသူ၊ **၇** ပြိတ္တာ (အသညသတ်ပြိတ္တာ- ရုပ်သာရှိသောပြိတ္တာ၊ / **၈** အရူပပြိတ္တာ- နာမ်သာ ရှိသောပြိတ္တာ ၄ဘုံမှ ပြိတ္တာများ)။

၆၆ **အသက်ရှည်ကြောင်း ၄ စု**

၁။ အသက်ရှည်ခြင်း လက်ငင်းဒိဋ္ဌအကျိုးပေးနိုင်သော အကြောင်းအင်္ဂါ ၃ပါး (မဟာမင်္ဂလဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ မလှူမီ၊ ၂ လှူဆဲ၊ **၃** လှူပြီးနောက် နှစ်သက်ဝမ်းမြောက်သောစိတ် ရှိကြပါ၏၊ တွန့်တိုပူပန်ခြင်း မရှိပါ။

၂။ အသက်ရှည်ကြောင်း ၃ပါး (မဟာမင်္ဂလဇာတ်၊ ဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

၁ ၅ပါး သီလ စောင့်ထိန်းခြင်း၊ ၂ မိမိလင် / မယားမှ မကျူးလွန်ခြင်း၊ ၃ အပြဖြူစရိယာ ကျင့်သုံးခြင်း။

၃။ အသက်ရှည်စေတတ်သော အကြောင်း ၅ပါး (ဂိလာနဝဂ်၊ ပဉ္စင်္ဂုတ္တရပါဠိတော်။ သုတေသနသရုပ်ပြ အဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ မိမိနှင့် သင့်လျော်သည်ကိုသာ ပြုလေ့ရှိခြင်း၊ ၂ ထိုသင့်လျော်ရာကို ပြုခြင်း၌ အတိုင်းအရှည်ကို သိခြင်း၊ ၃ ကြေကျက်လွယ်သော အစာကိုသာ စားလေ့ရှိခြင်း၊ ၄ ၅ပါး သီလနှင့် ပြည့်စုံခြင်း၊ ၅ မိတ်ဆွေ ခင်ပွန်းကောင်းရှိခြင်း။ (အသက်တိုကြောင်းတရား - အနက်မှ - တနည်း တရား ၅မျိုး ဒုတိယ အနာယုဿာသုတ်) ၏ အပြန်ဖြစ်သည်။

၄။ ၅ပါး (မဟာဝံသ ၄။ မဃဒေဝလင်္ကာ၊ မန်လည်ဆရာတော်ဘုရားကြီး။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ရေစစ်၊ ၂ ဆေး၊ ၃ ကျောင်း၊ ၄ အဟောင်းပြုပြင်၊ ၅ ပဥ္စင်အဋ္ဌ (၅ပါးသီလ၊ ၈ပါးသီလ ကျင့်သုံး ဆောက်တည်ခြင်း)၊ ဤငါးဝကား၊ လောကလူပေါင်း၊ အသက်ရှည်ကြောင်းတည်း။

၆၇ အသက်အရွယ်ကြီးသူတို့ တမလွန်ဘဝ ချမ်းသာကြောင်း ၄ပါး (ဒုတိယဒွေပြဟ္မဏသုတ်၊ ပြဟ္မဏဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

အသက် ၁၂၀ရှိကြသော ပုဏ္ဏားအို ၂ဦးတို့ မေးမြန်းလျှောက်ထား၍ ဘုရားရှင် ဟောတော်မူ၏။ ၁ ကိုယ်ဖြင့် စောင့်စည်းခြင်း၊ ၂ နှုတ်ဖြင့် စောင့်စည်းခြင်း၊ ၃ စိတ်ဖြင့် စောင့်စည်းခြင်း။ ကိုယ်၊ နှုတ်၊ စိတ်တို့ကို စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ ပြောင်းသွားသူ၏ ပုန်းအောင်းမှီခို ကိုးကွယ်လည်း လျောင်းရာ ဖြစ်၏။ ဥပမာအားဖြင့် အိမ်မီးလောင်က ထုတ်ယူအပ်သော ပစ္စည်းတို့သည် အိမ်ရှင်၏အကျိုး ဖြစ်သကဲ့သို့ အိုခြင်းမီး၊ နာခြင်းမီး၊ သေခြင်းမီးတို့ဖြင့် လောင်မြိုက်နေသော ဤသတ္တလောကမှ တမလွန်လောကတွင် ချမ်းသာကို ဆောင်နိုင်သော ၄ ကုသိုလ်ကောင်းမှုပြုခြင်း၊ ဒါ န- အလှူပြုခြင်းဖြင့် ထုတ်ယူအပ်သည်သာတည်း။

၆၈ **အသင်္ချေ ၄မျိုး** (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး) - အကျဉ်းသာ။

၁ ဂဏနအသင်္ချေ - ဂဏန်းသင်္ချာ၌ အသုံးပြုသည်။ တသင်္ချေ = ၁ x သုည ၁၄၀ = ၁ x ၁၀$^{၁၄၀}$ (သကနာမေဟိသုတ်၊ သဒ္ဒါကြီး။ သကနာမေဟိသုတ်၊ ကစ္စည်းဘာသာဋီကာ၊ အရှင်ဇနကာဘိဝံသ)

၂ အနုမာနအသင်္ချေ - တိကျသောအရေအတွက် မရှိပဲ မှန်းဆရေတွက်ခြင်း၊ ဥပမာ= ကမ္ဘာပေါ်၌ ၃ရက်တိုင် အဆက်မပြတ် ရွာသွန်းသော မိုးရေပေါက်များ၏ အရေအတွက်မှာ အသင်္ချေဖြစ်သည်ဟု ခန့်မှန်း ပြောဆို ရေတွက်ခြင်း။

၃ ကပ္ပအသင်္ချေ - ကမ္ဘာနှင့် ဆက်စပ်ရေတွက်ခြင်း။ [ကပ် - အနက်မှ - ကပ် (အသင်္ချေ) ၄မျိုး နှင့် ကပ်ကြီး ၄ပါး - ကို ကြည့်ပါ။]

၄ ဗုဒ္ဓအသင်္ချေ - ဂဏန်းအရေအတွက်အားဖြင့် ကမ္ဘာပေါင်း မည်မျှဟု မရေတွက်နိုင်ပဲ ပွင့်တော်မူသော ဘုရားရှင်တို့၏ အမည်နာမတော်ဖြင့် ပိုင်းခြားကန့်သတ်၍ ရေတွက်ခြင်း၊ ဥပမာ= ဂေါတမမြတ်စွာဘုရားပါရမီဖြည့်ရာကာလတွင် ဗုဒ္ဓအသင်္ချေ ၄အသင်္ချေ ရှိ၏။

၆၉ **အသင်္ချေယျ-** ရေတွက်ခြင်းငှါ မစွမ်းနိုင်၊ အသင်္ချေယျ ၄ပါး (ရတနစင်္ကမနကဏ္ဍ၊ ဗုဒ္ဓဝံသပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

**အနန္တ-** အဆုံးမရှိသော အရာ ၄ခု (အဋ္ဌသာလိနီ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

၁ သတ္တဝါအပေါင်း၊ ၂ ကောင်းကင်၊ ၃ စကြဝဠာ၊ ၄ မနှိုင်းယှဉ်နိုင်သော မြတ်စွာဘုရားဉာဏ်တော် (သဗ္ဗညုတဉာဏ်တော်)။

၇၀ <u>အဦး ၅ပါးလှူသူ ပုဏ္ဏားနှ</u>င့် မယားကို အနာဂါမ်ဖြစ်စေသော ဘုရားရှင်ဟောသော တရားတော် (ပဉ္စဂ္ဂဒါယကာ ပြဟ္မဏဝတ္ထု၊ ဘိက္ခုဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ သုတ္တနိပါတ် ဋ္ဌ။ တတိယတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

<u>ဝတ္ထုအကျဉ်း</u>။ သာဝတ္ထိပြည်သား ပုဏ္ဏားတဦးသည် ၁ လယ်လုပ်ငန်း စဝင်သော် <u>လယ်ဦး၊</u> ၂ ကောက်နယ်ချိန်၌ <u>နယ်ဦး/စပါးဦး၊</u> ၃ ကျီသွင်းသော် <u>ကျီဦး၊</u> ၄ အိုး၌ချက်သော် <u>အိုးဦး၊</u> ၅ ချက်ပြီးခွက်၌ထည့်သော် <u>ခွက်ဦး / စားဦး</u>ဟူ၍ အဦး ၅မျိုးလှူ၍ ပဉ္စ= ငါးပါး၊ အဂ္ဂ= အဦး၊ ပဉ္စဂ္ဂဒါယကာဟုခေါ်၏။

သူ့အိမ်၌ ဘုရားရှင်ဆွမ်းရပ်၊ ပုဏ္ဏားကြီးက အိမ်အဝင်ဝကို ကျောပေး၍ ထမင်းစားနေ၊ ပုဏ္ဏေးမကြီးက မြင်သော်လည်း ပုဏ္ဏားကြီးသိ၍ ဆွမ်းလောင်းလိုက်လျှင် ထမင်းထပ် ချက်ရမည်စိုး၍ ပုဏ္ဏားကြီး ဘုရားရှင်ကို မမြင်အောင် ကွယ်ထား၊ ဘုရားရှင်က ရပ်မြဲရပ်၊ ပုဏ္ဏေးမကြီးက အသံတိုးတိုးဖြင့် ကန်တော့ပါသေးရဲ့ဘုရားဟု ပြော၊ ဘုရားရှင်က ငါမကြွသေးဟူသော သဘောဖြင့် ခေါင်းခါပြ၊ ပုဏ္ဏေးမကြီးရယ် (<u>သုတ္တနိပါတ် ဋ္ဌ အဖွင့်</u>- ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီး ဘုရားရှင်ကို မမြင်ရန် ယပ်ဖြင့် ကွယ်ထားသည်တွင် ဘုရားရှင် ရောင်ခြည်တော်လွှတ်) ၊ ဘုရားရှင် ရောင်ခြည်လွှတ်၊ ပုဏ္ဏားကြီးမြင်ကာ ဘုရားရှင်ကို "စားထား၍ တဝက်ကျန်ပါသည်၊ သီးသန့် ထားထားပါသည်၊ အလှူခံပါမည်လား" "ရဟန်းတို့သည် သူတပါးလှူသည်ကို မှီနေရသည်၊ လှူလျှင် အလှူခံမည်။" ဟု ဘုရားရှင်မိန့်၊ ထမင်းကျန်များ လှူလိုက်၊ ပုဏ္ဏားကြီးက "အဘယ်သို့သောကျင့်ဝတ်နှင့် ပြည့်စုံသူကို ရဟန်းဟု ခေါ်ပါသလဲ?" ဟုမေး၊ ဘုရားရှင်၏ ဒေသနာတော်အဆုံး၌ ပုဏ္ဏားကြီးလင်မယား ၂ဦးလုံး အနာဂါမ်တည်ကြ၏။

"အကြင်ပုဂ္ဂိုလ်အား နာမ်တရား၊ ရုပ်တရားအားလုံး၌ ငါ ၊ ငါ၏ဥစ္စာဟု မြတ်နိုးစွဲလန်းမှု မရှိ၊ ထိုနာမ်၊ ရုပ်ပျက်စီးသော်လည်း မစိုးရိမ်၊ ထိုပုဂ္ဂိုလ်ကို ဘိက္ခုအစစ်ဟူ၍ ဆိုအပ်၏။" (<u>သုတ္တနိပါတ် ဋ္ဌ အဖွင့်</u>- ဤဂါထာကို ဘုရားရှင် ရောင်ခြည်တော်လွှတ်ပြီးသည်နှင့် ပုဏ္ဏေးမကြီးက ဘုရားရှင်ထံ သွားရောက်ရှိခိုးစဉ် ဟောတော်မူ၏။ အဆုံး၌ ပုဏ္ဏေးမကြီး သောတာပတ္တိဖိုလ်၌ တည်၏)။

"ဆွမ်းဦး၊ ဆွမ်းလယ်၊ အနည်းငယ် အကြွင်းအကျန် အိုးအတွင်းမှဆွမ်းရလည်း ချစ်မှု၊ မုန်းမှု ၂ခုတရား ပယ်ရှားပြီးပုဂ္ဂိုလ်ကို အာသဝေါကုန်ခန်း ရဟန်းဟု ပိုင်းခြားထင်ထင် သိမြင်တော်မူကြ၏။" (သုတ္တနိပါတ် ၄ အဖွင့်- ဤဂါထာကို ပုဏ္ဏားကြီး ဘုရားရှင်အား အိမ်တွင်းသို့ ပင့်၍ ဆွမ်းလုပ်ကျွေးပြီးနောက် ဘုရားရှင် ဟောတော်မူရာ အဆုံး၌ ပုဏ္ဏားကြီး သောတာပတ္တိဖိုလ်၌ တည်၏)

၇၁ **အာနာပါန ၂ ခု**

၁။ အာနာပါနပွားများခြင်း အကျိုး ၅ပါး ( မဟာရာဟုလောဝါဒသုတ်အဖွင့်၊ မဇ္ဈိမပဏ္ဏာသ ၄။ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ တထိုင်တည်းဖြင့်ပင် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်နိုင်၊ ၂ မဖြစ်ခဲ့သော် သေခါနီးကာလ၌ သမသီသီ ရဟန္တာဖြစ်နိုင်၊ ၃ မဖြစ်ခဲ့သော် နတ်ပြည်သို့ရောက်၍ နတ်ပြည်၌ ဓမ္မကထိကနတ်သား ဟောကြားသောတရားကို နာ၍ အရဟတ္တဖိုလ်သို့ ရောက်နိုင်၊ ၄ မဖြစ်ခဲ့သော် သာသနာပကာလ၌ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်၊ ၅ မဖြစ်ခဲ့သော် ကြုံတွေ့ရာ ဘုရားရှင်မျက်မှောက်၌ အရှင်ဗာဟိရဒါရုစိယ မထေရ်ကဲ့သို့ ၈လုံး တပါဒရှိ ၄ပါ ဒ (၄ပုဒ်) ပါသော တဂါထာ အဆုံး၌ ရဟန္တာဖြစ်နိုင်။

**၂။ အာနာပါနဿတိသုတ်**၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပဋ္ဌိတော်၊ မ၊ သုတ္တန္တပိဋက။ ပဌမအာနန္ဒသုတ်၊ ဒုတိယဝဂ်၊ အာနာပါနသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။

မြတ်စွာဘုရားသည် အာနာပါန / ထွက်သက်ဝင်သက် ရှုဆင်ခြင်ခြင်းကို အကျယ်တဝင့် ဟောတော်မူ၏။ အညွှန်းပါ ပိဋကမြန်မာပြန်ကျမ်းများ၌ ကြည့်ပါ။

အကျဉ်းကို [ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - အသိများသော တရားတော်များ - အနက်မှ - မဟာသတိပဋ္ဌာနသုတ်၊ ရုပ်အပေါင်းကို ဆင်ခြင်ခြင်း - ၆မျိုး (ကာယာနုပဿနာ သတိပဋ္ဌာန်) - အနက်မှ - ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်း / အာနာပါနဿတိ] ၌ ကြည့်ပါ။

၇၂ အာယတန ၁၂ပါး (အာယာတနဝိဘင်း၊ ဝိဘင်္ဂပါဠိတော်၊ ခု၊ အဘိ)

၁ စက္ခာယတန- မျက်စိအကြည်၊ ၂ ရူပါရုံ- အဆင်း၊ ၃ သောတာယတန- နားအကြည်၊ ၄ သဒ္ဒါရုံ- အသံ၊ ၅ ဃာနာယတန- နှာခေါင်းအကြည်၊ ၆ ဂန္ဓာရုံ- အနံ့၊ ၇ ဇိဝှါယတန- လျှာအကြည်၊ ၈ ရသာရုံ- အရသာ၊ ၉ ကာယာယတန- ကိုယ်အကြည်၊ ၁၀ ဖောဋ္ဌဗ္ဗာရုံ- အတွေ့၊ ၁၁ မနာယတန- မနောအကြည်၊ **၁၂** ဓမ္မာရုံ- စိတ် အာရုံ။

၇၃ အာသဝ- ယိုစီးခြင်း၊ အာသဝတရား / အာသဝေါတရား ၄ပါး (ခုဒ္ဒကဝတ္ထုဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ)

၁ ကာမာသဝ၊ ၂ ဘဝါ သဝ၊ ၃ အဝိဇ္ဇာသဝ၊ **၄** ဒိဋ္ဌာသဝ။

၇၄ အာသောကမင်းသည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် နှစ်ပေါင်း ၂၁၈နှစ် ရောက်သောအခါ ဓါတ်တော်တိုက်ကို တွေ့ရှိပြီး မိမိဆောက်လုပ်သော ကျောင်းတိုက်ပေါင်း ၈သောင်း ၄ထောင် အတွင်း၌ ဓါတ်တော် များကို စေတီတည်ထားသည်။ (ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၇၅ အာဟာရ ၄ ပါး

၁။ အာဟာရ ၄ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ဓမ္မဟဒယဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ အာဟာရသုတ်၊ အာဟာရဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ မဟာတဏှာ သင်္ခယသုတ်၊ မဟာယမကဝဂ်၊ မူလပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဖြစ်ပြီးသောသတ္တဝါနှင့် ဖြစ်ဆဲသတ္တဝါတို့ တည်ခြင်းငှါရင်း၊ ချီးမြှောက်ခြင်းငှါရင်း အာဟာရ- ဆောင် တတ်သော သဘော ၄ပါးရှိသည်။

၁ ကဗဠီကာရာဟာရ- ကြမ်းတမ်းသည်ဖြစ်စေ၊ နူးညံ့သည်ဖြစ်စေ၊ အလုတ်အလွေး အလုံးအခဲပြု၍ မျိုအပ်သော အာဟာရ၊

၂ ဖဿာဟာရ၊

၃ မနောသဉ္စေတနာဟာရ- စိတ်ကို လှုံ့ဆော်မှု / စေ့ဆော်မှု၊

၄ ဝိညာဏာဟာရ- အထူးသိမှု။

ဤအာဟာရ ၄ပါးတို့သည် တဏှာလျှင် အမွန်အစ ဖြစ်ကြောင်း ရှိကုန်၏။

၂။ အာဟာရကို ပရိညာ ၃ပါးဖြင့် သုံးဆောင်ခြင်း (ဗေလဋ္ဌသီသတ္ထေရဝတ္ထု၊ အရဟန္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒ ဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

(ပရိညာ ၃ပါး ဥပမာ) - ကို ကြည့်ပါ။

၃။ အာဟာရမှ ဖြစ်လာသော ရုပ် ၈ပါး (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

(ရုပ် - အနက်မှ - ရုပ်တရား ၈မျိုး / အဋ္ဌကလပ်ရုပ်) - ကို ကြည့်ပါ။

၄။ အာဟာရအား အစာသစ်အိမ်၌ ကမ္မဇတေဇောဓါတ် ၅ပုံ ချေဖျက်ခွဲဝေပုံ (ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ ပိုးမျိုး ၈ဝ ပိုးစာအတွက် တပုံ၊ ၂ ပါစကဝမ်းမီး မီးစာအတွက် တပုံ၊ ၃ တပုံသည် ကျင်ကြီးဖြစ်၊ ၄ တပုံသည် ကျင်ငယ်ဖြစ်၊ ၅ တပုံသည် ရသဓါတ်ရည် သွေးသားဖြစ်သည်။

၇၆ အား ၈မျိုး (ပဌမဗလသုတ်၊ ဂဟပတိဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သူငယ်တို့အား ငိုကြွေးခြင်းသည် အားဖြစ်၏၊ ၂ မာတုဂါမ - အမျက်ထွက်ခြင်းသည် အားဖြစ်၏၊ ၃ ခိုးသူ - လက်နက်သည် အားဖြစ်၏၊ ၄ မင်း - အစိုးရခြင်းသည် အားဖြစ်၏၊ ၅ သူမိုက်တို့အား ကဲ့ရဲ့ခြင်း

သည် အားဖြစ်၏၊ ၆ ပညာရှိ - အကျိုးရှိ၊ မရှိ သေချာစွာ ရှုခြင်းသည် အားဖြစ်၏၊ ၇ အကြားအမြင်များသူ - အဖန်ဖန် စဉ်းစားဆင်ခြင်ခြင်းသည် အားဖြစ်၏၊ ၈ သမဏပြဟ္မဏတို့အား သည်းခံခြင်းသည် အားဖြစ်၏။

၇၇ **အိုခြင်းလက္ခဏာ ၁၉ပါး** (အမ္ဗပါလီထေရီဂါထာ၊ ဝီသတိနိပါတ်၊ ထေရီဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ ပိုက်ဆံလျှော်မျှင်ဆံပင်၊ ၂ ညှီစို့စို့ဆံပင်နံ့၊ ၃ ကျဲတောက်တောက်သာကျန်သောဆံပင်၊ ၄ ဆံပင်ကျွတ်ကာ ခေါင်းပြောင်၊ ၅ မျက်ခုံးအရေးတို့သည် နဖူးစွန်း၌ဖြစ်သောအရေတွန့်တို့ဖြင့် တွန့်ရှုန့် တွဲရရွဲကျ၊ ၆ မတင့်ထယ်သောမျက်လုံး၊ ၇ သားရေကြိုးထုံးပမာ နှာခေါင်းနှာတန်၊ ၈ အရေတွန့်တို့ဖြင့် တွန့်ရှုန့် တွဲရရွဲနားရွက်၊ ၉ ကျိုးပျက်မည်းနက်သောသွား၊ ၁၀ ချွတ်ယွင်းသောအသံ။

၁၁ အကြောပြိုင်းပြိုင်းထ၍ ပျက်စီးဖေါက်ပြန်သော လည်ထန်၊ ၁၂ ဆွေးမြေ့ဖြူဖွေးသော သခွတ်ကိုင်းနှင့်တူသောလက်မောင်း၊ ၁၃ မုံလာဥအမြစ်သို့ လက်ချောင်း၊ ၁၄ ရေမရှိသောရေစစ်အိတ်ကဲ့သို့ တွဲရရွဲကျသော သားမြတ်၊ ၁၅ သေးငယ်သောအတွန့်တို့ဖြင့် အရေတွန့်သောကိုယ်၊ ၁၆ ဝါးနပိန်အဆစ်နှင့်တူသောပေါင်၊ ၁၇ ရိတ်၍ကြွင်းသော နှမ်းရိုးခြောက်ငုတ်ကဲ့သို့သော ခြေသလုံး၊ ၁၈ ကွဲ၍ တွန့်သောအရေရှိသော ခြေဖမိုး၊ **၁၉** လဲပြိုခြင်းသို့ရှေးရှုသောကိုယ်။

ဟုတ်မှန်သည်သာဆိုသော မြတ်စွာဘုရား၏စကားတော်တို့သည် တမျိုးတခြား မဖြစ်၊ ဟောတော်မူသည့်အတိုင်း မှန်သည်သာတည်းဟု ရဟန္တာတေရီမကြီးအမ္ဗပါလီသည် ရွတ်ဆိုတော်မူ၏။

၇၈ အောင်မြင်ကြောင်း <u>၂ စု</u>

<u>၁။ ၄ပါး (ဥတ္တရာဥပါသိကာဝတ္ထု၊</u> ကောဓဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွှန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

၁ အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်ရာ၏၊ ၂ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ ၃ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ ၄ မဟုတ်မမှန် ပြောသောသူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏။

<u>၂။ ၅ပါး (ဓမ္မပဒ ဋ္ဌ</u>။ မိလိန္ဒပဥှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ - ၄ အထက်ပါအတိုင်း၊ ၅ ခပ်သိမ်းသော အကုသလဓမ္မ ပါပအမှုကို ကုသိုလ်တရားဖြင့် အောင်နိုင်ခြင်း။

၇၉ အပ်လူ့ကျိုး ၅ပါးနှင့် အပ်ကျည်လူ့ကျိုး ၃ပါး (ပိလိန္ဒဝစ္ဆတ္ထေရအပဒါန်၊ ပိလိန္ဒဝစ္ဆဝဂ်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

<u>အပ်လူ့ကျိုး ၅ပါး</u>။ ၁ တွေးတောမှုမရှိ၊ ယုံမှားခြင်းကိုဖြတ်၊ ၂ အလွန်အဆင်းလှ၊ ၃ စည်းစိမ်ရှိ၊

၄ ထက်မြက်သောပညာ၊ ၅ နက်နဲသိမ်မွေ့သော အကြောင်းအရာကို မြင်နိုင်သောဉာဏ်၊ ဝရဇိန် အဖျားနှင့်တူသော မောဟအမိုက်ကို ပယ်နိုင်သောဉာဏ် (အရဟတ္တမဂ်ဉာဏ်) ရရှိ။

အပ်ကျည်လွှကျိုး ၃ပါး။ ၁ စိတ်ချမ်းသာခြင်း၊ ၂ ကိုယ်ချမ်းသာခြင်း၊ ၃ ဣရိယာပုတ်ကြောင့်ဖြစ်သော ချမ်းသာ။

၈၀ အိပ်ခြင်း ၄မျိုး (သုတ်မဟာဝါ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ဒုတိယပိုင်း၊ ပဋ္ဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

၁ ကာမဂုဏ် ခံစားသူတို့သည် လက်ဝဲဘက်စောင်း အိပ်ကြ၏၊ ၂ မြတ်စွာဘုရားတို့သည် လက်ယာ နံပါးဖြင့် စတုတ္ထစျာန်ဝင်စားကာ အိပ်တော်မူကြ၏၊ ၃ အရိယာပုဂ္ဂိုလ်များ၊ ကေသရာခြင်္သေ့တို့သည်လည်း လက်ယာဘက်စောင်း အိပ်၏၊ ၄ ပြိတ္တာတို့သည် ပက်လက်အိပ်ကြ၏။

၈၁ အိပ်မက်မက်ကြောင်း ၄ပါး (ဝေဿန္တရာဇာတ်၊ ဇာတကပါဠိတော်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး ဟောစဉ်ဇာတ်တော်ကြီး ၁၀ဘွဲ့၊ ခု၊ သုတ္တန္တပိဋက)

၁ စိတ်ဓါတ်ချောက်ချားခြင်း၊ ၂ ရှေးကမြင်ဖူး၊ ကြားဖူး၊ တွေ့ကြုံဖူးခြင်း၊ ၃ ဒေဝါနတ်များက လှည့်စားခြင်း၊ ၄ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် မက်ခြင်း။

၈၂ အိမ်ရာထောင်တော့မည့် သမီးအားပေးသော ဖခင်သူဌေးကြီး၏ ဩဝါဒ <u>၂ ဝတ္ထု</u>

<u>၁။ အိမ်ရာထောင်တော့မည့် သမီးစူဠသုဘဒ္ဒါအားပေးသော အနာထပိဏ်သူဌေးကြီး၏ ဩဝါဒ ၁၀ချက်</u> (စူဠသုဘဒ္ဒါ ဝတ္ထု၊ ပကိဏ္ဏကဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

<u>၂။ ဓနဉ္စယသူဌေးကြီးက သမီးဝိသာခါအား ဆုံးမသော ဩဝါဒ ၁၀ ချက်</u> (ဝိသာခါဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

ဓနဉ္စယသူဌေးကြီးက သမီးဝိသာခါအား ဩဝါဒပေးသကဲ့သို့ အနာထပိဏ်သူဌေးကြီးက သမီးစူဠသုဘဒ္ဒါ အားပေးသော ဩဝါဒ ဖြစ်သည်။

၁ အိမ်တွင်းမီး အပြင်မထုတ်ရ- ယောက္ခမလင်သား အပြစ်စကားများကို အပြင်၌ မပြောရ၊ ၂ အပြင်မီး အိမ်တွင်းမသွင်းရ- အပြင်ကပြောကြသော ၎င်းတို့၏ အပြစ်စကားများကို ၎င်းတို့အား မပြောရ၊ ၃ ပြန်ပေးသောသူတို့အား ပေးရမည်- ငှားရမ်းပစ္စည်း ပြန်ပေးသူများကိုသာ နောက်ငှားရမည်၊ ၄ ပြန်မပေးသော သူတို့အား မပေးရ- ငှားသောပစ္စည်း ပြန်မပေးသူတို့အား နောက်မငှားရ၊ ၅ ပေးသော်၎င်း၊ မပေးသော်၎င်း ပေးရမည်- ဆင်းရဲသော ဆွေမျိုး၊ မိတ်သင်္ဂဟတို့အား ၎င်းတို့ပြန်ပေးနိုင်သည် ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ ပေးရမည်။

၆ ချမ်းသာစွာ ထိုင်နေရမည်- ယောက္ခမလင်သားမြင်လျှင် ထိုင်မနေပဲ ကိုယ်ကအလျင် ထရမည်၊ ၇ ချမ်းသာစွာ စားရမည်- ယောက္ခမလင်သားများကို အလျင်စားစေ၍ မိမိကနောက်မှ စားရမည်၊ ၈ ချမ်းသာစွာ အိပ်ရမည်- ယောက္ခမလင်သားတို့အတွက် ပြုသင့်သောဝတ်များကို ပြုပြီးမှ အိပ်ရမည်၊ ၉ မီးကို ရိုသေစွာ ပြုစုလုပ်ကျွေးရမည်- ယောက္ခမလင်သားတို့ကို ရိုသေစွာ လုပ်ကျွေးရမည် ၁၀ အိမ်တွင်း နတ်တို့ကို ရှိခိုးရမည်- ယောက္ခမ၊ လင်သားတို့ကို အိမ်ဦးနတ်အဖြစ်ထား၍ ရိုသေကိုးစားရမည်။

၈၃ အိမ်ရာသစ်များနှင့် နတ် (မဟာပရိနိဗ္ဗာနသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ပါဋလိပုတ်မြို့ တည်ခဏ်း၊ ဘေသဇ္ဇက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ခု၊ ဝိ။ ပါဋလိဂါမိယသုတ်၊ ပါဋလိဂါမိယဝဂ်၊ ဥဒါန်း ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ပါဋလိပုတ်မြို့တည်စဉ် ဘုရားရှင် ဒေသစာရီကြွချီ၍ ရောက်တော်မူသောအခါ ဒိဗ္ဗစက္ခု အဘိညာဉ် ဖြင့် မြင်တော်မူသည်ကို အရှင်အာနန္ဒာအား ဘုရားရှင် ဟောတော်မူ၏။ "တန်ခိုးကြီးသောနတ်တို့ သိမ်းပိုက် ကုန်သော နေရာတို့၌ တန်ခိုးကြီးသော မင်းနှင့်အမတ်တို့ အိမ်ရာတည်ဆောက်ရန် စိတ်ညွတ်ကုန်၏။ တန်ခိုးအလတ်ရှိသော နတ်တို့ သိမ်းပိုက်ရာနေရာ၌ တန်ခိုးအလတ်ရှိသော မင်းနှင့်အမတ်တို့၊ တန်ခိုးနည်း သောနတ်တို့ သိမ်းပိုက်ရာနေရာဝယ် တန်ခိုးနည်းသော မင်းနှင့်အမတ်တို့ အိမ်ရာတည် ဆောက်ရန် စိတ်ညွတ်ကုန်၏။"

## ဣ

၁ ဣသိဂိလိတောင်ဟု ခေါ်ဆိုသော အကြောင်း (ဣသိဂိလိသုတ်၊ အနုပဒဝဂ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ မ၊ သုတ္တန္တပိဋက)

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်၌ သီတင်းသုံးတော်မူစဉ် ဟောတော်မူ၏။ "ရှေး၌ဖြစ်ဘူး သည်ကား ပစ္စေကဗုဒ္ဓါ ၅၀၀တို့သည် ဤတောင်၌ ကြာမြင့်စွာ သီတင်းသုံး နေခဲ့ဘူး၏။ ဤတောင်သို့ ဝင်ဆဲ ပစ္စေကဗုဒ္ဓါတို့ကို မြင်၏။ ဝင်ပြီးနေကုန်သော ပစ္စေကဗုဒ္ဓါတို့ကို မမြင်ရကုန်။ လူတို့သည် 'ဤတောင်သည် ဤပစ္စေကဗုဒ္ဓါတို့ကို မျို၏။' ဟု ပြောဆိုကုန်၏။ ထို့ကြောင့် ရသေ့တောင်၊ ရသေ့မျိုတောင် ဣသိဂိလိ၊ ဣသိဂိလိဟု အမည်ထင်ရှား ဖြစ်၏။"

၂ ဣစ္ဆ- အလိုဆန္ဒတရား ၄ပါး (သမ္မော အဋ္ဌကထာ ခဒ္ဒကဝိဘင်း။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ အတိစ္ဆ- အလွန် အလိုကြီးခြင်း၊ ၂ မဟိစ္ဆ- အလိုကြီးခြင်း၊ ၃ ပါပိစ္ဆ- ယုတ်မာသော အလိုဆိုး၊ ၄

အပ္ပိစ္ဆ- အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ ရသမျှနှင့် တင်းတိမ်ကာ သုံးဆောင်ခြင်း၊ ရဟန်းကောင်းတို့ ကျင့်ရန်ဖြစ်၏။

၃ ဣန္ဒြိတန်ခိုး ၁၀မျိုး (ဒုတိယတွဲ၊ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီး)

၁ အဓိဋ္ဌာနိဒ္ဓိ - အဓိဋ္ဌာန်တန်ခိုး၊ ၂ ဝိကုဗ္ဗနိဒ္ဓိ - ရုပ်ပြောင်းရုပ်လွှဲ၊ ၃ မနောမယိဒ္ဓိ - စိတ်ဖြင့်ကိုယ်တွင်း၌ ကိုယ်ပွားဖန်ဆင်းခြင်း၊ ၄ ဉာဏဝိပ္ဖါရိဒ္ဓိ- ဉာဏ်ပျံ့နှံ့ခြင်း၊ ၅ သမာဓိဝိပ္ဖါရိဒ္ဓိ- သမာဓိပျံ့နှံ့ခြင်း၊ ၆ အရိယိဒ္ဓိ- အရိယာတို့၏ တန်ခိုး၊ ၇ ကမ္မဝိပါကဇိဒ္ဓိ- ကံအကျိုးကြောင့်ရသော တန်ခိုး၊ ၈ ပုညဝတော ဣဒ္ဓိ- ကုသိုလ်တန်ခိုး၊ ဘုန်းတန်ခိုး၊ ၉ ဝိဇ္ဇာမယိဒ္ဓိ- ဝိဇ္ဇာမန္တန်တန်ခိုး၊ ၁၀ သမ္မာပယောဂပစ္စယိဒ္ဓိ- နည်းမှန်လမ်းမှန် အားထုတ်မှုတန်ခိုး။

၁၊ ၂နှင့် ၃သည် ဣဒ္ဓိဝိဓ အဘိညာဉ်များဖြစ်သည်။

၄ ဣဒ္ဓိပါဒ်၊ ဣဒ္ဓိ- ပြီးစီးအောင်မြင်ခြင်း၊ ပါ ဒ- အခြေခံ၊ ဣဒ္ဓိပါဒ်- အောင်မြင်ခြင်း / ကြီးပွားတိုးတက်မှု၏ အခြေခံတရား ၄ပါး (ဣဒ္ဓိပါဒဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ ဇနဝသဘသုတ်၊ သုတ်မဟာဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ မဟာဝဂ္ဂသံယုတ် ၌။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ။ ယနေ့ဗုဒ္ဓဝါဒ အမေးအဖြေ ၅၊ တည်တောဆရာတော်ကြီး)

၁ ဆန္ဒိဒ္ဓိပါဒ်- အလိုဆန္ဒ တရား၊ ၂ ဝီရိယိဒ္ဓိပါဒ်- အားထုတ်ကြိုးစားမှု၊ ၃ စိတ္တိဒ္ဓိပါဒ်- ကြံစည်စိတ်ကူးမှု / ကြံ့ခိုင်သောစိတ်ဓါတ်၊ ၄ ဝီမံသိဒ္ဓိပါဒ်- ပညာ / စုံစမ်းဆင်ခြင်မှု။

၅ ဣန္ဒြေ ၂၂ပါး (ဘုံကျော် ဓါတုကထာပါဠိတော်နိဿယ၊ ခု၊ အဘိ) <u>၅ စု</u>

<u>၁ ဣန္ဒြေ ၅ ပါး (သဒ္ဓိကသုတ်၊ သဒ္ဓိကဝဂ်၊</u> ဣန္ဒြိယသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓိန္ဒြေ၊ ၂ ဝီရိယိန္ဒြေ၊ ၃ သတိန္ဒြေ၊ ၄ သမာဓိန္ဒြေ၊ ၅ ပညိန္ဒြေ။

<u>၂ ဣန္ဒြေ ၃ ပါး (ဇီဝိတိန္ဒြိယသုတ်၊</u> ဆဠိန္ဒြိယဝဂ်၊ ဣန္ဒြိယသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁/၆ ဣတ္ထိန္ဒြေ၊ ၂/၇ ပုရိသိန္ဒြေ၊ ၃/၈ ဇီဝိတိန္ဒြေ။

<u>၃ ဣန္ဒြေ ၃ ပါး (အညိန္ဒြိယသုတ်၊</u> ဆဠိန္ဒြိယဝဂ်၊ ဣန္ဒြိယသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁/၉ အနညာတညဿာမီတိန္ဒြေ- သောတာပတ္တိမဂ်၌ရှိသော ပညာစေတသိက်၊ ၂/၁၀ အညိန္ဒြေ- အထက်မဂ် ၃ခု၊ အောက်ဖိုလ် ၃ခု၌ရှိသော ပညာစေတသိက်၊ ၃/၁၁ အညာတာဝိန္ဒြေ- အရဟတ္တဖိုလ်၌ ရှိသော ပညာစေတသိက်။

<u>၄ ဣန္ဒြေ ၆ ပါး</u> (သုဒ္ဓကသုတ်၊ ဆဠိန္ဒြိယဝဂ်၊ ဣန္ဒြိယသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁/၁၂ စက္ခုန္ဒြေ၊ ၂/၁၃ သောတိန္ဒြေ၊ ၃/၁၄ ဃာနိန္ဒြေ၊ ၄/၁၅ ဇိဝှိန္ဒြေ၊ ၅/၁၆ ကာယိန္ဒြေ၊ ၆/၁၇

မနိန္ဒြေ။

၅ ဣန္ဒြေ ၅ ပါး (သုဒ္ဓိကသုတ်၊ သုခိန္ဒြိယဝဂ်၊ ဣန္ဒြိယသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁/၁၈ သုခိန္ဒြေ၊ ၂/၁၉ ဒုက္ခိန္ဒြေ၊ ၃/၂၀ သောမနဿိန္ဒြေ၊ ၄/၂၁ ဒေါမနဿိန္ဒြေ၊ ၅/၂၂ ဥပေက္ခိန္ဒြေ။

၆ ဣန္ဒြေတို့ကို ညီမျှအောင် ညှိကြောင်း / ထိန်းသင့်ပြုသင့်ကြောင်း ၂၈

၁။ (သောဏကောဠိဝိသဝတ္ထု၊ စမ္မက္ခန္ဓက၊ မဟာဝဂ်၊ ခု၊ ဝိ။ မဃဒေဝလင်္ကာအဖြေကျမ်း၊ မဲ့ဒွပိယ ဆရာတော်)

၁ သဒ္ဓါလွန်လျှင် ဆွံ့သည်၊ ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုဆိုင်ရာ မှားတတ်သည်၊ ၂ ပညာလွန်လျှင် ကွန့် သည်၊ စဉ်းလဲကောက်ကျစ်တတ်သည် ၃ ဝီရိယလွန်လျှင် လွန့်သည်၊ စိတ်ပျံ့လွင့် မတည်ငြိမ်၊ ၄ သမာဓိ လွန်လျှင် တွန့်သည်၊ ပျင်းရိလေးလံ ထိုင်းမှိုင်းသည်။

၂။ (မဟာသမယသုတ်အဖွင့်၊ ဆရာတော်ဦးဗုမ်။ ဒုတိယပိုင်း၊ ပဌမတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်။

သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယတို့ကို စောင်းကြိုးညှိသကဲ့သို့ ညှိပါ။ သတိမူကား လွန်သည်မရှိ။ ကပ်၍ အသုံးချရာ၏။

၇ ဣန္ဒြေတို့၏ မှီရာမှအစပြုသော အဆင့် ၄ ဆင့် (ဥဏ္ဏာဘာဗြာဟ္မဏသုတ်၊ ဇရာဝဂ်၊ ဣန္ဒြိယသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဥဏ္ဏာဘာဗြာဟ္မဏ မေးလျှောက် ၍ ဟောတော်မူ၏။

အာရုံအမျိုးမျိုး၊ ကျက်စားရာအမျိုးမျိုး ရှိ၍ အချင်းချင်း၏ ကျက်စားရာ အာရုံကို မခံစားသော ဣန္ဒြေ ၅ပါး ရှိကုန်၏။ ၎င်းတို့ကား [၁]စက္ခုန္ဒြေ၊ [၂]သောတိန္ဒြေ၊ [၃]ဃာနိန္ဒြေ၊ [၄]ဇိဝှိန္ဒြေ၊ [၅]ကာယိန္ဒြေတို့တည်း။ ၁ ဤဣန္ဒြေ ၅ပါးတို့ ၏ မှီရာကား စိတ်တည်း၊ တိုဣန္ဒြေတို့၏ ကျက်စားရာ အာရုံကို စိတ်ကပင် ခံစား၏၊ ၂ စိတ်၏ မှီရာသည် သတိ- အောက်မေ့မှု၊ ၃ သတိ၏ မှီခိုရာသည် ဝိမုတ္တိ- ကိလေသာမှ လွတ်မြောက်မှု၊ ၄ ဝိမုတ္တိ၏ မှီခိုရာသည် နိဗ္ဗာန်တည်း။

၈ ဣန္ဒြေလွန်ကဲသော မထေရ်များ ၅ပါး (ကျမ်းဦးမှတ်ဖွယ်၊ ပါဠိတော်မြန်မာပြန်ကျမ်းများ)

၁ ဝက္ကလိမထေရ်သည် သဒ္ဓိန္ဒြေ လွန်ကဲ၏၊

၂ ကောဋ္ဌိဝိသမဟာသောဏမထေရ်သည် ဝီရိယိန္ဒြေ လွန်ကဲ၏၊
၃ သောဘိတမထေရ်သည် သတိန္ဒြေ လွန်ကဲ၏၊
၄ စူဠပန္ထကမထေရ်သည် သမာဓိန္ဒြေ လွန်ကဲ၏၊
၅ အာနန္ဒာမထေရ်သည် ပညိန္ဒြေ လွန်ကဲ၏။

ဤ

၁ **ဤကိုယ်သည် သင်တို့၏ဥစ္စာမဟုတ်** အစရှိသော ဤကိုယ်၏ အကြောင်း ၆ပါး (န- မဟုတ်၊ တုမှ- သင်တို့၏၊ နတုမှသုတ်၊ ကဠာရခတ္တိယဝဂ်၊ နိဒါနသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ဤထရားကို ဟောတော်မူ၏။ "ဤကိုယ်သည် ၁ သင်တို့၏ ဥစ္စာမဟုတ်၊ ၂ သူတပါးတို့၏ ဥစ္စာလည်းမဟုတ်၊ ၃ ကံဟောင်းကြောင့် ဖြစ်၏၊ ၄ အကြောင်းတရားတို့ ပြုစီရင်အပ်သော ထရားတည်း၊ ၅ စေတနာကံလျှင် အရင်းခံရှိ၏၊ ၆ ဝေဒနာ- ခံစားမှု၏တည်ရာ ဖြစ်၏။

ထိုအရာ၌ အကြားအမြင်နှင့် ပြည့်စုံသော အရိယာတပည့်သည် ပဋိစ္စသမုပါဒ်ကိုသာလျှင် ကောင်းစွာ သင့်လျော်သောအားဖြင့် နှလုံးသွင်း၏။ ဤသို့ အကြောင်းတရားရှိခဲ့သော် ဤအကျိုးတရား ဖြစ်၏။ ဤ အကြောင်းတရား၏ ဖြစ်ခြင်းကြောင့် ဤအကျိုးတရား ဖြစ်၏၊ ဤအကြောင်းတရား မရှိခဲ့သော် ဤအကျိုးတရားမဖြစ်။ ဤအကြောင်းတရား၏ ချုပ်ခြင်းကြောင့် ဤအကျိုးထရား ချုပ်၏။" ဘုရားရှင်က ဆက်၍ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံကို ဟောတော်မူ၏။

ဥ

၁ ဥပဒေသပေးရာ ဂါထာများ / သုတ်တော်များ / ဇာတ်ဝတ္ထုများ - ၃၀ ခု

ဥပဒေသ - နည်းလမ်းညွှန်ကြားခြင်း၊ တိုက်တွန်းခြင်း (တိပိဋကမြန်မာအဘိဓါန်)။
သင်ခန်းစာယူရာ သုတ်တော်များ၊ ဇာတ်တော်များ ဖြစ်သည်။

၁။ ကာလကို လွန်စေ၍ အပိုင်းအခြားမရှိ များစွာသောစကားကို မဆိုရာ၊ မည်သူမဆို စကားပိုလျှင် ပျက်ဆီး၏။ (ကစ္ဆပ- လိပ်၊ ကစ္ဆပဇာတ်၊ ဗီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်းသာ။ ဘုရားရှင်သည် အဂ္ဂသာဝက ၂ပါးကို စကားဖြင့် ပြစ်မှားသော ကောကာလိကရဟန်းသည် ယခုမှသာမဟုတ် ရှေးကလည်း မိမိစကားသည် သတ်သည်သာတည်းဟု မိန့်တော်မူကာ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဘုရားအလောင်းအမတ်သည် အရှင်အာနန္ဒာအလောင်းမင်းသည် စကားအလွန်များကာ အခြားသူများ ပြောခွင့်မရ၊ ဆုံးမရန် အခွင့်စောင့်နေ၊ အစာရှာရင်း အကျွမ်းဝင်သော ကောကာလိကရဟန်းအလောင်း လိပ်ကို အဂ္ဂသာဝက ၂ပါး အလောင်းများဖြစ်သော ရွှေဟသာ ၂ကောင်က သူတို့နေသော စိတ္တကုဋ်တောင်ရှိ သာယာ၍ နေချင့်စဖွယ်ဖြစ်သော ရွှေလိုဏ်ဂူသို့ နှုတ်စောင့်စည်းစေကာ တုတ်တချောင်းကို အလယ်၌ ကိုက်စေ၍ ၎င်းတို့က အဖျားတဘက်ဆီမှ ကိုက်ချီသယ်ဆောင်၊ လမ်းတွင် ကလေးများက အဆန်းတကြယ် ဤအမူကို ပြောကြရာ လိပ်က ငါ့အပေါင်းအသင်းတွေက သယ်ယူကြတာ မင်းတို့နှင့် ဘာဆိုင်သလဲဟု ပြောရန် ပါးစပ်ဟ၊ မြေသို့ ကျ၍ ရင် ၂ခြမ်းကွဲ၍ သေ၊ အမတ်က ဤအဖြစ်ကို ဥပမာပြု၍ မင်းအား ဆုံးမ၊ မင်း စကားနည်းနည်းသာ ပြောတော့၏။

၂။ ကသိုလ်ကံ၊ ဘုန်းကံနည်းသူတို့ လုံ့လပြု၍ အချမ်း၊ အပူ မရှောင်ပဲ ရှာဖွေရသမျှ ကသိုလ်ကံ၊ ဘုန်းကံကြီးသူတို့တံသို့ ရောက်၏၊ ခံစားဘို့ရာ ဖြစ်၏။ (သိရိဇာတ်၊ အဠ္ဌန္တရဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဋ္ဌ။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယ ဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် အနာထပိဏ်သူဌေးကြီး ကျက်သရေကို ခိုးရန်လာသော ပုဏ္ဏားတဦးကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

အဘိညာဉ်ရသော ဘုရားလောင်းရသေ့ကို အရှင်အာနန္ဒာအလောင်း ဆင်ဆရာက ကိုးကွယ်၍ မင်းဥယျာဉ်၌ ထား၊ ထင်းခွေယောကျ်ားတယောက်သည် ထင်းခွေသွားရင်း ကြက် ၂ကောင် ရန်ဖြစ်၍ ပြောကြသည့်စကားများကို ကြား၊ အသားကောင်းများကို စားသူသည် မင်းဖြစ်မည်၊ အပအသားကို စားသူသည် မိန်းမဖြစ်က မိဖုယားဖြစ်မည်၊ အရိုးအသားကို စားသူသည် ရဟန်းဖြစ်က မင်းဆရာဖြစ်မည်ဆိုသော ကြက်ကိုဖမ်း၍ မိန်းမကို ချက်စေ၊ စားအံ့သောငှါ ထမင်းတောင်းကိုယူ၍ ဂင်္ဂါမြစ်ကမ်းသို့ ရေချိုးသွား၊ တောင်း ရေမျောသွား၊ ဆင်ကို ရေချိုးပေးနေသော ဆင်ဆရာတွေ့၊ ရသေ့သည် ထိုအကြောင်းကို သိ၊ ကြက်သားဟင်းကို သူဝေဖန်၍ သူကိုယ်တိုင်လည်း စား၊ ဆင်ဆရာလင်မယားအားလည်း ဆိုင်ရာအသားတို့ကို စားစေ၊ ဆင်ဆရာကို ၃ရက်ကြာလျှင် မင်းဖြစ်မည်ဟု ပြော၊ အိမ်နီးချင်းမင်းက ရန်ပြုလာ၊ မင်းက ဆင်ဆရာကို မင်းအသွင်ယူ၍ ဆင်ဖြင့် တိုက်စေ၊ မင်းက စစ်သည်များနှင့် အတူလိုက်ရာ မြားထိ၍

သေဆုံး၊ ဆင်ဆရာ မင်းဖြစ်ကာ သူ့မိန်းမသည် မိဖုယား ဖြစ်လာပြီး ရသေ့သည်လည်း မင်းဆရာဖြစ်လာ။

၃။ ကံ၊ ဉာဏ်၊ ဝီရိယပြည့်စုံသူသည် လူလွန်၊ လူတံခွန်၊ လူမွန် ဖြစ်၏။ (ပိယသုတ်၊ ပဌမဝဂ်၊ ကောသလသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယ ဆရာတော်)

ကုသိုလ်ကိစ္စကို မပျင်းမရိ ကြိုးစားအားထုတ်သူသည် ကိုယ့်ကိုယ်ကိုချစ်သူ မည်၏။ ကံ၊ ဉာဏ်၊ ဝီရိယပြည့်စုံသူသည် အနိုင်းမဲ့ ဘုန်းကံရှိသော လူလွန်၊ လူတံခွန်၊ လူမွန် ဖြစ်၏။

၄။ ကိုယ်က သူ့ကို ကြည့်ရှုစောင့်ရှောက်မှ သူကတဖန် ကိုယ့်ကို ပြန်စောင့်ရှောက်၏။ (သံဝရဇာတ်၊ ဧကာဒသကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဋ္ဌ။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် ဝီရိယလျှော့သော ရဟန်းတပါးကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဗာရာဏသီမင်း၊ သား ၁၀၀ရှိ၊ အငယ်ဆုံးသား သံဝရ - လုံလဝီရိယလျှော့သော ရဟန်းအလောင်း၊ ထိုသားကို ကြည့်ရှုစောင့်ရှောက်၍ အကြံပေးသူ - ဘုရားလောင်း၊ သံဝရသည် အမှုကိစ္စရှိတိုင်း အမတ်ဆီမှ အကြံယူ၍ ဆောင်ရွက်၊ နောင်တော်များသည် ခမည်းတော်မင်းကြီးပေး၍ ကျေးစားနယ်စားများ ဖြစ်ကြ၊ ခမည်းတော်လွန်သော် သံဝရမင်းဖြစ်၊ နောင်တော်များကို ခမည်းထော်ဥစ္စာစု ခွဲဝေပေး၊ နောင်တော်များ ကာကွယ်စောင့်ရှောက်မှုကြောင့် တိုင်းပြည်ဘေးရန်ကွာ၍ စည်ကားဖွံ့ဖြိုး။

၅။ ကိုယ့်အကျိုးကို ဆောင်ရွက်ပေးလျှင် ဆွေမျိုးမဟုတ်စေကာမူ ကြည်ညိုချစ်ခင်စွာ ပေါင်းသင်းအပ်၏။ (ဂုဏဇာတ်၊ ဒဠ္ဌဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ဋ္ဌ။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် အရှင်အာနန္ဒာ တရားတော်သင်ပေးသော မိဖုယား ၅၀၀နှင့် ကောသလမင်းကြီးနန်းတော်မှ အဝတ်ပုဆိုး တထောင်ရခြင်းကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ညွှန်အိုင်ထဲကျနေသော ခြင်္သေ့ - ဘုရားလောင်း၊ ရှန်းမရ၊ မြေခွေး - အရှင်အာနန္ဒာအလောင်းက ကယ်၊ သားမြေး ၇ဆက်တိုင် ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံခဲ့။

၆။ ကျေးဇူးကို ကြည်နူးဝမ်းမြောက်စွာ သိတတ်သူ ဖြစ်ရန် / သိနိုင်ရန် / ထင်စွာပြုရန် ခဲယဉ်းလှ၏။ (အံ ဋ္ဌ။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

မေတ္တာနှင့် သူတပါးက မိမိအပေါ် ပြုဖူးသောကျေးဇူးကို သိထတ်သူသည် ကထညုတာ- သူ့ကျေးဇူး

ကို သိတတ်သူ ဖြစ်၏၊ သိရုံမျှမက သူ့ကျေးဇူးကို ထုတ်ဖော်ပြောဆိုပါက ထိုသူသည် ကတညုဝေဒီဟူသော သူမြတ်ပင် ဖြစ်၏၊ သို့သော် ကျေးဇူးကို ကြည်နူးဝမ်းမြောက်စွာ သိတတ်သူ ဖြစ်ရန် / သိနိုင်ရန် / ထင်စွာ ပြုရန် ခဲယဉ်းလှ၏။

၇။ ကြီးပွားတိုးတက်ရန် အတိုမပြုပဲ အရှည်ကို ကြည့်ပြီး အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်ရာ၏။ (ဒီဃီတိကောသလဇာတ်၊ အမှုဝဂ်၊ ပဥ္စကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ ၄။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် ကောသမ္ဗီပြည်မှ ကုရုဇိုဌ် ခွက်အတွင်း သန့်သက်ရေ အနည်းငယ် ကျန်ခြင်းနှင့်စပ်၍ ခိုက်ရန်ဖြစ်ကြသော ရဟန်းများအား အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

(ဘုရားရှင် ဟောသောတရားတော်များ - အနက်မှ - တရားစုံ - အနက်မှ - ဒီဃာဝုမင်းသား-ဘုရား အလောင်းအား ခမည်းတော်-သုဓ္ဓေါဒနမင်းကြီးအလောင်း၏ အဆုံးအမတရား ၄ခု) - ကို ကြည့်ပါ။

၈။ [၁]ကြွေးသစ်ချခြင်း၊ [၂]ကြွေးဟောင်းဆပ်ခြင်း၊ [၃]ရွှေအိုးမြှုပ်ခြင်းဟူသော အမှု ၃ခု ပြုလုပ်ဆည်းပူးက ဘုန်းတန်ခိုး တိုးမည်။ (ကေဒါရ- လယ်မြေ၊ သာလိကေဒါရဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် မိဘကို လုပ်ကျွေးသော ရဟန်းတပါးကို အကြောင်းပြု၍ ဇေတဝန် ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ကြွေးသစ်ချ၊ ကြွေးဟောင်းဆပ်၊ ရွှေအိုးမြှုပ်သော ဘုရားလောင်းကျေးသားဇာတ် ဖြစ်သည်။

၉။ စကားချိုသာစွာပြော၍ ခိုင်းမှ ဝန်ကိုဆောင်ကာ လှည်းများကိုရုန်းပြီး နွားရှင်ကို လောင်းကြေးနိုင်စေ သောဇာတ် (နန္ဒိဝိသာလဇာတ်၊ ကုရင်္ဂဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော် ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်းသာ။ ဘုရားရှင်သည် ဆဗ္ဗဂ္ဂီရဟန်းတို့ သီလကို မြတ်နိုးကြသောရဟန်းတို့ကို ခိုက်ရန်ပြု ဆဲရေး၊ နှုတ်လုံ့ထိုးကြခြင်းကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဘုရားလောင်းသည် ဝန်ဆောင်နွား နန္ဒိဝိသာလ၊ အရှင်အာနန္ဒာအလောင်းသည် နွားရှင်။

၁၀။ ဆင်သေနှင့်ကြီးမိုက် ဥပမာပြု ကာမဂုဏ်အပြစ် (သောဏကဇာတ်၊ သဋ္ဌိနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် မြတ်သော တောထွက်ခြင်း နေက္ခမ္မပါရမီတော်ကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဥစ္စာ၊ စည်းစိမ်၊ ခြွေရံ၊ သား၊ မယားတို့နှင့်သာ ခံစားစံစား အချိန်ကုန်နေသော ဘုရားအလောင်း အရိန္ဒမမင်းကို အတူတကွကြီးဖက်ဖြစ်သော ပုရောဟိတ်သား သောဏကပစ္စေကဗုဒ္ဓါအရှင်သူမြတ်က ဂင်္ဂါမြစ်၌ မျောလာသောဆင်သေကို စီး၍ အစာရေစာတွက်လုံလောက်ပြီဟု မွေ့လျော်ကာ မိမိနေရာ တောသို့မပြန်သောကျီးသည် ပင်လယ်သမုဒ္ဒရာအထိ လိုက်ပါပြီး အသက်သေဆုံးရသည်ဟု ကာမဂုဏ်၏ အပြစ်ကို ဥပမာပေး ဟောပြောသော်လည်း မရရကား ကောင်းကင်ပျံတက်ပြီး ဂန္ဓမာဒနတောင်သို့ ပြန်သွားသည်ကိုမြင်မှ သံဝေဂရကာ တောထွက်တော်မူသော ဇာတ်။

၁၁။ ဉာဏ်ပညာကင်းမဲ့ခြင်းသည် [၁]မြေ၊ [၂]ရေ၊ [၃]လေ၊ [၄]မီး၊ [၅]မီးနေရာ၊ [၆]အစားအစာ၊ [၇]ကိုးကွယ်ရာစသော အားလုံးတို့သည် အန္တရာယ်ကြီးလှ၏။ (ပဒကုသလမာဏဝဇာတ်၊ နဝကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် ခြေရာကောက်အတတ် ကျွမ်းကျင်သော ၇နှစ်သား သူငယ်သား တဦးကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

အရှင်မဟာကဿပအလောင်းအဖနှင့် ဘီလူးမမိခင်မှ ဘုရားအလောင်း ပဒကုသလကို ဖွား၊ အဖနှင့်သားတို့ အမိနေရာမှ ထွက်ပြေးကြသော် အမိဘီလူးမက သားကို ၁၂နှစ်အထက်၌ ခိုးယူထားသော ဥစ္စာကို ခြေရာခံ၍ သိစေသော စိန္တာမဏိဂါထာကို သင်ပေး။

ဗာရာဏသီပြည်မင်းထံ ခစား၊ တနေ့ ပုရောဟိတ်သည် မင်းနှင့်တိုင်ပင်၍ မင်းဘဏ္ဍာများ ခိုးယူ၍ လုလင်ကို ပြည်သူပြည်သား ပရိသတ်များရှေ့၌ ခြေရာခံ၍ ဖမ်းစေ၊ လုလင်က ဥစ္စာများကို ခြေရာခံလျက် ပြန်ရစေလည်း ခိုးသူတို့ကို မဖေါ်၊ ထင်ရှားသော ခိုးသူကြီးတို့တည်းဟုသာ ဆို၊ မင်းက ခိုးသူတို့ကို ဆောင်စေသော် ပရိယာယ်ဖြင့် ပုံပြင် ၈ ပုဒ်ကို ဟော၍ မင်းကို သတိရှိစေသော်လည်း မင်းက ခိုးသူတို့ကိုသာ ဖေါ်စေ၊ နောက်ဆုံး လုလင်က ထုတ်ဖေါ်ပြောပြသော် ပြည်သူများက မင်းနှင့် ပုရောဟိတ်တို့ကို တောင်ဝှေး၊ ဆောက်ပုတ်စသည်တို့ဖြင့် ပုတ်ခတ်၍ သေစေ၊ လုလင်ကို မင်းမြှောက်ကြ။

၁၂။ ဒေါသရှေ့ထားပြီး ယုတ်မာသောစကားနှင့် သူတပါးကို မစွပ်စွဲရာ။ (တုရူဗြဟ္မသုတ်၊ ပဌမဝဂ်၊ ဗြဟ္မသံယုတ်၊ သဂါထာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

ကြမ်းကြုတ်စွာ ဆဲဆိုသောစကားသည် ဓါးမကဲ့သို့ထက်ပြီး သူများကို မထိခိုက်ပဲ မိမိကိုယ်ကို ပြန်ပြီး ထိခိုက်တတ်၏။ (မဟာပါပ- ကြီးမားသော မကောင်းမှု ၄ပါး - အနက်မှ - ကောကာလိက၏ အရိယူပဝါဒ- အရိယာကိုစွပ်စွဲခြင်းတပါး) ကိုလည်း ကြည့်ပါ။

၁၃။ ပုထုဇဉ်သဒ္ဓါသည် မမြဲ။ (အံ ဋ္ဌ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေကျော်)

အကျဉ်းသာ။ အရှင်သီဝလိ သန္တေသားကို ၇နှစ်ကိုယ်ဝန်ဆောင်၍ ၇ရက်ဝမ်းနာနေရာမှ အရှင်မြတ်ဖြစ်လာမည့် ကလေးငယ်ကို ဖွားပြီးနောက် မယ်တော်သုပ္ပါဝါသသာကီဝင်မင်းသမီးက ဆွမ်း

၇ရက်ဆက်ကပ်မည်ဖြစ်၍ ဘုရားရှင်၏ မိန့်မှာချက်အရ အရှင်မဟာမောဂ္ဂလ္လာန်သည် သူ့အားကိုးကွယ်သူ ဒါယကာကို သူ၏အလှူရက်ကို အနည်းငယ်နောက်သို့ ရွှေ့စေရာ ဒါယကာက အရှင်မြတ်သည် သူ၏အသက်၊ စည်းစိမ်နှင့် သဒ္ဓါကို ထိုအချိန်သို့ တိုင်အောင် တည်မြဲမည်ဟု တာဝန်ခံက ရွှေ့ပေးပါမည်ဟု လျှောက်ရာ အရှင်မြတ်က 'ဒကာ၊ သင်၏ စည်းစိမ်နှင့် အသက်ကို တာဝန်ခံတယ်၊ သဒ္ဓါတရားကိုတော့ တာဝန် မခံနိုင်ဘူး။' ဟု မိန့်တော်မူ၏။

<u>၁၄။ မနာလို ငြူစူစိတ်ဖြင့် ညွှန်လူးထားသော ဝက်တို့သည် ပတ္တမြားဂူကို မိမိတို့ကိုယ်များဖြင့် ပွတ် သော်လည်း ဂူသည် ပို၍ အရောင်တောက်ပြောင်လာ၏။</u> (မဏိသူကရဇာတ်၊ အဋ္ဌကနိပါတ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

<u>အကျဉ်းသာ</u>။ တိတ္ထိတို့ သုန္ဒရီပရိဗိုဇ်မကို သတ်စေ၍ ဘုရားရှင်ကို မကောင်းကြံခြင်းကို အကြောင်း ပြု၍ ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သည် ဤဇာတ်တော်ကို ဟော။

အနီး၌ ကျက်စားနေသော ခြင်္သေ့၏အရိပ် မထင်စိမ့်သောငှါ မိမိတို့ ၇နှစ်နေနေသော ပတ္တမြားဂူ၏ အရောင်မှိန်စေရန်၊ ညစ်စေရန် မနာလို ငြူစူစိတ်ဖြင့် ညွှန်လူးထားသော ဝက်ထို့သည် မိမိတို့ကိုယ်များဖြင့် ပွတ်သော်လည်း ဂူသည် ပို၍ အရောင် တောက်ပြောင်လာ၏။ ဘုရားအလောင်းရသေ့က အကြောင်းအကျိုး ပြောပြ၍ ဖဲစေမှ ဝက်တို့သည် ပတ္တမြားဂူမှ ထွက်ခွာသွားကြ၏။

<u>၁၅။ **မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ** / မိမိအိမ်မှ ဥစ္စာပစ္စည်းများ မသိအောင် ယူခိုင်းသောဇာတ်</u> (သီလ ဝီမံသန- စုံစမ်းခြင်း၊ သီလဝီမံသနဇာတ်၊ ကာလိင်္ဂဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

<u>အကျဉ်းသာ</u>။ ဘုရားရှင်သည် ၅ယောက်သော ရဟန်းတို့ ညဉ့်၃ယာမ်အတွင်း၌ ကာမဝိတက်များ ကြံကြသဖြင့် ကိလေသာကိုနှိပ်ခြင်းနှင့် စပ်၍ ရဟန်းများအား ဇေတဝန်ကျောင်းတော်၌ အထက်ပါ ဇာတ်တော်ကို ဟော။ မိမိတို့အိမ်မှ ဆွေမျိုးတို့မမြင်စဉ် / မသိအောင် ယူလာသော အဝတ်တန်ဆာ၊ ဥစ္စာ ပစ္စည်းတို့ကို တပည့် ၅၀၀ တို့အား မိမိတို့အိမ်တို့သို့ ပြန်ဆောင်စေပြီး ဘာမျှမယူလာခဲ့သော <u>'မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိ။'</u> ဟု ဆိုသော ဘုရားလောင်း ပညာရှိလုလင်အား သူ၏ အရွယ်ရောက် သောသမီးကို ပေးသော အရှင်သာရိပုတ္တရာအလောင်း- ဒိသာပါမောက္ခဆရာကြီးဇာတ် ဖြစ်သည်။

၁၆။ မီးသည် မိုက်သောသူကို လောင်ခြင်းငှါ လုံ့လမပြု၊ သူမိုက်က အလျှံပြောင်ပြောင် တောက်သောမီးကို ထိ ခိုက်သောကြောင့်သာ ထိုလူမိုက်ကို လောင်စေ၏။ (မဟာမောဂ္ဂလ္လာနတ္ထေရဂါထာ၊ သဋ္ဌိနိပါတ်၊ ထေရဂါထာ ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

အရှင်မြတ်သည် ဘေသကဠတောအုပ်၌ သီတင်းသုံးတော်မူစဉ် မိမိဝမ်းဗိုက်အတွင်းသို့ ဝင်သော မာရ်နတ် ကို ဆုံးမရာ၌ ဟောသောဂါထာ ဖြစ်သည်။

"မာရ်နတ်၊ ဤအတူသာလျှင် ငါတို့သည် မထိခိုက် မညှဉ်းဆဲလိုကုန်၊ သင်သည်သာ မီးကိုထိပါးသော လူမိုက်ကဲ့သို့ အရိယာတပည့်ရဟန်းကို ထိခိုက်၍ မိမိကိုယ်တိုင် လောင်စေလတ္တံ့။"

<u>၁၇။ မိန်းမလိုက်စားခြင်းသည် ပျက်စီးကြောင်း ဖြစ်၏။</u> (ပရာဘဝသုတ်၊ ဥရဂဝဂ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

(ပျက်စီးကြောင်း - အနက်မှ - ပျက်စီးဆုတ်ယုတ်ကြောင်း ၂၄ ပါး / ပရာဘဝသုတ် - ကို ကြည့်ပါ။)

<u>၁၈။ ရက်ကောင်းရက်သာ ရွေးခြင်းသည် အကျိုးဆုတ်ယုတ်ရာ၏။</u> (နက္ခတ္တဇာတ်၊ အတ္ထကာမဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝ လင်္ကာ အဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

<u>အကျဉ်းသာ</u>။ ဘုရားရှင်သည် သာဝတ္ထိပြည်၌ သမီးတောင်းသူတို့သည် ၎င်းတို့၏ဆရာဖြစ်သော အာဇီဝက၏ ပြောချက်အကိုင်း သတ်မှတ်ရက်အတိုင်း မသွားပဲ နောက်ရက်မှ သွားသော် သတို့သမီးကို လက်လွှတ်ရရာ ရေးကလည်း ဤအာဇီဝကသည် ဤသို့ပင် မင်္ဂလာပွဲကို ပျက်စေဘူးသည်ဟု မိန့်၍ ဤဇာတ်တော်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဟော။

နက္ခတ်မကောင်းသဖြင့် သတို့သမီးကို မဆောင်ယူရကား သမီးတောင်းသူတို့သည် ထိုသတို့သမီးကို လက်လွှတ်ဆုံးရှုံးရ၏။ ဘုရားလောင်း ပညာရှိယောက်ျားက 'လိုအပ်သောအကျိုးသည် အလိုရှိသူ၏ နက္ခတ်တည်း၊ ကောင်းကင်ကြယ်တို့သည် အဘယ်အကျိုးကို ပြုစေနိုင်ကုန်လတ္တံ့နည်း?' ဟု ဆို၏။

<u>၁၉။ လူမှုကိစ္စများ များပြားရှုတ်ထွေးကာ မကြားဝံ့မနာသာ အမှုများကို အဟိတ်တိရစ္ဆာန် မျောက်များသော်မှ မကြားမနာဝံ့သဖြင့် နားပိတ်ကြသည်။</u> (ဂရဟိတဇာတ်၊ ဗီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယ ဆရာတော်)

<u>အကျဉ်းသာ</u>။ ဘုရားရှင်သည် ကိလေသာ၏အစွမ်းကြောင့် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဘုရားလောင်းမျောက်မင်းကို မုဆိုးကဖမ်း၍ မင်းအား ဆက်သ၊ နန်းတော်၌ ထိုမျောက်မင်းသည် လူ့အမူအရာကို သိပြီး ဝတ်နှင့်ပြည့်စုံသောကြောင့် မင်းက ဖမ်းမိရာတောသို့ ပြန်လွှတ်စေ၊ မျောက်များက ဘုရားလောင်းကို ဝိုင်းမေးကြရာ မြင်တွေ့ခဲ့ရသည်ကို ပြန်ပြောပြရာတွင် ဤသို့ နားပိတ်ကြ၏။

၂၀။ လောဘတဏှာကြောင့် လာဘ်လာဘဥစ္စာမှ ဆုတ်ယုတ် (သုဝဏ္ဏဟံသဇာတ်၊ အသမ္ဗဒါနဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာ အဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ သာဝတ္ထိပြည်မှ သီတင်းသည်တဦး၏ ခွင့်ပြုချက်ဖြင့် ထုလ္လနန္ဒာ ရဟန်းမသည် ယာခင်းမှ ကြက်သွန်တို့ကို အတိုင်းအရှည်မသိ နှုတ်ယူခြင်းကို အကြောင်းပြု၍ ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဘုရားလောင်း ရွှေဟင်္သာမင်းသည် ဇနီးဟောင်း- ထုလ္လနန္ဒာရဟန်းမအလောင်းနှင့် သမီး ၃ဦးတို့ အား ချမ်းသာစွာ အသက်မွေးနိုင်ရန် တနေ့လျှင် မိမိကိုယ်မှ ရွှေအတောင် တတောင်တတောင်စီ ပေး၊ ဇနီးဟောင်းသည် အလိုကြီးသည်ဖြစ်၍ အတောင်များကို အကုန်နှုတ်ယူရာ ရွှေဟင်္သာမင်း၏ အလိုမတူပဲ ယူသဖြင့် ဖျိုင်းတောင်များ ဖြစ်နေ၊ နောက်ထပ်ပေါက်သောအတောင်များမှာလည်း အဖြူများသာ ဖြစ်နေ၊ ပြန်လွတ်သော် ရွှေဟင်္သာမင်းသည် မည်သည့်အခါမှ ပြန်မလာတော့ချေ။

၂၁။ လောဘတဏှာသည် တင်းတိမ်ရောင့်ရဲနိုင်ခြင်း မရှိ။ (မန္ဓာတုဇာတ်၊ သက်ပ္ပဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာ တော်)

အကျဉ်းသာ။ ဘုရားရှင်သည် ဆွမ်းခံရင်း ကာမတဏှာကြောင့် သာသနာတော်၌ မပျော်သော ရဟန်း တပါးကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဘုရားအလောင်း မန္ဓာတုစကြာမင်းကြီးသည် တာဝတိံသာနတ်ပြည်ကို သိကြားမင်းနှင့် တဝက်စီခွဲ၍ စိုးစံအုပ်ချုပ်ကာ နတ်စည်းစိမ်ခံစားနေရာ သိကြားမင်း ၃၆ပါး စုတေသွားပြီးသည့်နောက်လည်း မတင်းတိမ် ရကား သိကြားကိုသတ်ပြီး တာဝတိံသာနတ်ပြည်အလုံးကိုယူအံ့ဟု အကြံဖြစ်ရာ လူ့ပြည်သို့ လျှောကျကာ မင်းဥယျာဉ်၌ သေလွန်၏။

၂၂။ သား၌ လွန်စွာချစ်သောစိတ်ဖြင့် သေသော် အမိသည် ကြွေးတောင်းသွားသော သားလာရာလမ်း၌ **ဥပပတ် မြေခွေးမ**- ကိုယ်ထင်ရှား ဘွားကနဲ ပေါ်လာသော မြေခွေးမ ဖြစ်၏။ (သတပတ္တ- ခေါက်ရှာငှက်၊ သတပတ္တဇာတ်၊ ဥဒပါနဝဂ်၊ တိကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်းသည် တောအုပ်တခု၌ ခိုးသူ၅၀၀တို့၏ အကြီးအမှူးဖြစ်၊ ဗာရာဏသီပြည်မှ သူကြွယ် တဦးသည် ဇနပုဒ်သားတဦးအား အသပြာတထောင်ပေး၊ ပြန်မယူမီ သေ၊ သူကြွယ်မယား နာမကျန်းဖြစ်၊ သားကို အကြောင်းစုံပြော၍ တောင်းခိုင်း။

သားသွားစဉ် သေ၊ သားကိုချစ်သဖြင့် သားလာရာလမ်း၌ ဥပပတ်မြေခွေးမ ဖြစ်၊ ထိုလမ်းဝယ် ဘုရားလောင်း ခိုးသူအဖွဲ့တို့ ရှိ၊ သား အသပြာများရ၍အပြန် တောအုပ်ဝသို့ရောက်သော် မြေခွေးမက 'တောအုပ်သို့ မသွားလင့်၊ ခိုးသူတို့နေကြ၏၊ သင့်ကိုသတ်၍ အသပြာထို့တို ယူလတ္တံ့။' ဟု ဆိုသည့်အလား အဖန် တလဲလဲ ခရီးကို ဖြတ်၍တား၊ သားကမသိပဲ 'ယုတ်သောမြေခွေးမ ငါ့လမ်းကို ဖြတ်တား၏။' ဟု ခဲလုံးတံကိုင်၍ ပစ်ကာပြေးစေ၊

ခေါက်ရှာငှက်တကောင်က 'ဤယောက်ျားလက်၌ အသပြာတထောင်ရှိ၏၊ သတ်၍ယူလော့။' ဟု မြည်လျက် ခိုးသူတို့သို့ ရေးရှုပျံ၊ လုလင်သည် မသိပဲ ဤငှက်ကား မင်္ဂလာငှက်တည်း၊ ယခု ငါ့အား မင်္ဂလာ ဖြစ်လတ္တံ့ဟု ကြံ၍ 'အရှင်မြည်လော့၊ အရှင်မြည်လော့။' ဟု လက်အုပ်ချီ၊ ဘုရားလောင်းသည် သတ္တဝါတို့၏ မြည်သံကို သိ၊ လုလင်ကိုခေါ်၍မေးကာ 'သင်သည် မိုက်မဲ၍ အကျိုးလိုသောအမိကို အကျိုးမဲ့အလိုရှိ၏ဟု ထင်၊ အကျိုးမဲ့လိုသော ခေါက်ရှာငှက်ကို အကျိုးလို၏ဟု ထင်၊ သင်ပြုသောကျေးဇူး မရှိ၊ အမိပြုသော ကျေးဇူးကား များ၊ အမိကျေးဇူးကို ရည်၍ အသပြာယူ၍ သွားလော့။' ဟု လွှတ်၏။

<u>၂၃။ သိကြားမင်းက စစ်ရှုံးမည်ဟု မိန့်မြွက်ထားသော်လည်း ဉာဏ်လုံ့လတို့ဖြင့် လူထက်တန်ခိုးကြီးသော ကိုယ်စောင့်နတ်ကိုပင် ဖမ်းယူသတ်နိုင်၏။</u> (စူဠကာလိင်္ဂဇာတ်၊ ကာလိင်္ဂဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ခမ္မပိယဆရာတော်)

<u>အကျဉ်းသာ</u>။ ဘုရားရှင်သည် အရှင်သာရိပုတ္တရာ ချွေချွတ်၍ ပရိဗိုဇ်မ ၄ယောက်တို့ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြခြင်းကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

မင်း ၂ပါးစစ်ထိုးရာတွင် ဘုရားလောင်းရသေ့မှတဆင့် သိကြားမင်းကို အနိုင်အရှုံးမေးရာ ရှုံးမည်ဟု သိသောမင်းဖက်မှ အရှင်သာရိပုတ္တရာအလောင်း ပညာရှိအမတ်သည် မိမိ၏ ဉာဏ်ပညာ၊ လုံ့လ၊ အစီအမံများဖြင့် တဖက်မင်းကို အောင်နိုင်ရာ နိုင်သောမင်းသည် ရှုံးသူမင်း၏ သမီးတော် ၄ယောက်ကို မိဖုယားအဖြစ် ပြု၏။

<u>၂၄။ သူတပါးတို့၏ စကားကို အစဉ်မမှီး မယုံကြည်ပဲ ချင့်ချိန်ကြရာ၏။</u> (ဒုဒ္ဒုဘ- ဒုဒ်ဒုဒ်မြည်၊ ဒုဒ္ဒုဘဇာတ်၊ ကုဋိဒူသကဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခ၊ သုတ္တန္တပိဋက)

<u>အကျဉ်းသာ</u>။ ဘုရားရှင်သည် တိတ္ထိတို့၏ ဆူးအခင်းပေါ်အိပ်ခြင်းစသော အကျင့်များ၏ အကျိုး မရှိခြင်းကို အကြောင်းပြု၍ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ငိုက်မြည်းနေစဉ် ထန်းလက်ခြောက်ပေါ် ဥသျှစ်သီး ကြွေကျသံကို မြေပြိုသည်ဟု ပြောသော ယုန်သူငယ်၏စကားကိုယုံ၍ ပြေးကြသော တောသတ္တဝါအပေါင်းကို ဘုရားအလောင်း ခြင်္သေ့မင်း ကယ်တင်သောဇာတ် ဖြစ်သည်။

၂၅။ သံကိုကြွက်စား သားကိုစွန်ချီ ဇာတ် (ကူဋဝါဏိဇ- ကောက်ကျစ်သော ကုန်သည်၊ ကူဋဝါဏိဇဇာတ်၊ ဗီရဏထမ္ဘဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဘုရားလောင်း တရားဆုံးဖြတ်အမတ်သည် မှန်ကန်စွာ တရားဆုံးဖြတ်ပေးသဖြင့် ဖြောင့်မတ်သူ၊ ကောက်ကျစ်သူ ကုန်သည် ၂ဦးစလုံး မိမိတို့ ပစ္စည်းများ ပြန်ရကြ။

၂၆။ သတ်ဖြတ်ခံရခြင်း၊ ညှဉ်းဆဲခံရခြင်းတို့ကို အခြားသူပြုသည် မဟုတ်၊ မိမိ ပြုလုပ်ခဲ့သော မိမိသန္တာန်၌ ကိန်းနေသော အကုသိုလ်ကံကသာ ပြုသည်။ (ဂေါပါလက- နွားကျောင်းသား၊ နန္ဒဂေါပါလကဝတ္ထု၊ စိတ္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်းသာ။ နန္ဒသည် အနာထပိဏ်သူဌေးကြီး၏နွားများ ကျောင်းသောသူ ဖြစ်၊ ပြည့်စုံချမ်းသာသည်၊ ဘုရားရှင်ထံသို့ မကြာခဏသွား၍ တရားနာ၊ မိမိနေတိုင်ရာ ကောသလဇနပုဒ်ရှိ အိမ်သို့ပင့်၊ တနေ့ ဘုရားရှင်နှင့် ရဟန်းများကြွလာကြ၊ ၇ရက်တိုင် ပဉ္စဂေါရသ- နွားနို့အရသာ ၅မျိုးပါသော ဆွမ်းဆက်ကပ်၊ ဘုရားရှင် တရားဟောရာ သောတာပန်ဖြစ်၊ ပြန်ကြွသော် ဘုရားရှင်၏သပိတ်ကိုယူ၍ လိုက်ပို့။

အပြန်လမ်းတွင် မုဆိုးတယောက် ပြစ်လိုက်သော မြားမှန်၍ နန္ဒ ကွယ်လွန်၊ ရဟန်းများက ဘုရားရှင် ကြွလာသဖြင့် လိုက်ပို့သောကြောင့် သေရ၊ မကြွလျှင် သေမည်မဟုတ်ဟု ရဟန်းများ စကားဖြစ်သော် ဘုရားရှင်က “ငါဘုရား ကြွသည်ဖြစ်စေ၊ မကြွသည်ဖြစ်စေ၊ နန္ဒ အရပ်တပါးသို့ သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ၊ သူသည် သေခြင်းမှမလွတ်။” ဟု မိန့်တော်မူကာ အထက်ပါစကားတော်ကို ဆက်မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

“ခိုးသူတယောက်သည် အခြားတယောက်ကို မြင်သော် ပျက်စီးအောင် ပြုရာ၏။ ရန်သူတယောက်သည် အခြားတယောက်ကို ပျက်စီးအောင် ပြုရာ၏။ မကောင်းသဖြင့် ထားအပ်သောစိတ်သည် ထိုစိတ်ရှိသူကို ထိုထက်ပင် ယုတ်ညံ့အောင် ပြုနိုင်၏။”

၂၇။ အကျွမ်းဝင်ခြင်းနှင့်တူသော တပါးသော အရသာမည်သည် မရှိ။ (ကေသဝဇာတ်၊ စူဠကုဏာလဝဂ်၊ စတုက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

အကျဉ်းသာ။ သာဝတ္ထိပြည်၌ရှင် ကောသလမင်းကြီးသည် အနာထပိဏ်သူဌေးကြီးအိမ်၌ ရဟန်းများ ဝင်ထွက်သွားလာမှုကြောင့် သက်န်းရောင်တို့ဖြင့် တပြောင်ပြောင်ဖြစ်နေသည်ကိုမြင်၍ ဘုရားရှင်အား လျှောက်ထားပြီး နန်းတော်သို့လည်း ရဟန်းများကို ကြွစေသော်လည်း ကိုယ်တိုင်လှူဒါန်းခြင်း မပြုပဲ မင်းချင်းတို့အားသာ လှူစေ၊ ဘုရားရှင်ကို လျှောက်သော် ဘုရားရှင်က အကျွမ်းဝင်သူထို့ ပေးအပ်သော ဘောဇဉ်သည် မြတ်၏။ သင့်နန်းတော်၌ အကျွမ်းဝင်၍ ချစ်သောအားဖြင့် ပေးသူမရှိ၍ ဖြစ်၏။ အကျွမ်းမဝင်သူ ပေးသော စတုမဓုရသည် အကျွမ်းဝင်သူပေးသော မြက်သီးဆန်ဆွမ်းလောက်မျှ မထိုက်ဟုမိန့်ကာ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဗကာပြဟ္မာအလောင်း ကေသဝရသေ့သည် အသက်အရွယ် ကြီးရင့်သည်ကို အကြောင်းပြု၍ အရှင်အာနန္ဒာအလောင်းမင်း တောင်းပန်သဖြင့် မင်းဥယျာဉ်၌ နေခဲ့ပြီး အလွန်အကျွမ်းဝင်သော ဘုရားလောင်း ကပ္ပရသေ့နှင့် ကျန်ရသေ့ ၅၀ဝတို့ကို ဟိမဝန္တာသို့ ပြန်စေ၊ ကြာသော် ကေသဝရသေ့သည် ကပ္ပရသေ့နှင့် ကင်းကွာရသဖြင့် ငြီးငွေ့ကာ အစာမကြေပဲ ဝမ်းသွေးသွန်သောရောဂါရ၊ မင်းသမားတော်များက ကုသကြသော်လည်း မပျောက်၊ ဟိမဝန္တာသို့ ပို့စေ၊

ကပ္ပရသေ့ကို မြင်၍ ကပ္ပရသေ့ပေးသော ဆားမခတ်သောရေဖြင့် ပြုတ်ဖျောသော သစ်ရွက်နှင့်တကွ မြက်သီးဆန်၊ ကြိတ်ဆန်ယာဂုတို့ဖြင့် ရောဂါသည် ငြိမ်း၏။ မင်းက စေသဖြင့် အရှင်သာရိပုတ္တရာအလောင်း နာရဒအမတ် ဟိမဝန္တာသို့ ရောက်လာပြီး ကေသဝရသေ့ကို အကြောင်းမေးရာ အထက်ပါစကားကို ပြန်ပြော၏။

၂၈။ အသိပညာကင်းသော သူယုတ်မာ လူမိုက်ကို အဆိုးအကောင်း အကျိုးအကြောင်းနှင့်စပ်သော တရားကို ဘယ်အခါမှ မဟောကြားရာ၊ ဟောမိပါက အပြစ်ရတတ်၏၊ အဆုံးအမ ပေးသင့်သောသူအားသာလျှင် အဆုံးအမ ပေးရာ၏။ (အဝါရိယဇာတ်၊ အဝါရိယဝဂ်၊ ဆက္ကနိပါတ်၊ ဇာတကပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

အကျဉ်းသာ။ ဘုရားရှင်သည် သာဝတ္ထိပြည်သို့ ဘုရားဖူးရန်လာသော ရဟန်းတပါးကို အစိရဝတီမြစ်ဆိပ်၌ ကူးတို့သည် ညှဉ်းပန်းသည်ကို ကြားသိတော်မူသောအခါ ရှေးကလည်း ဤကူးတို့သည် သည်ပညာရှိတို့ကို ပင်ပန်းစေဘူး၏ဟု မိန့်ကာ ဇေတဝန်ကျောင်းတော်၌ ဤဇာတ်တော်ကို ဟော။

ဘုရားလောင်းရသေ့သည် ကူးတို့ပို့ပြီးမှ အခတောင်းလေ့ရှိသော ကူးတို့သမားကို အခဦးစွာတောင်းပြီးမှ ကူးတို့ပို့ရန်နှင့် အမျက်မထွက်သင့်ကြောင်းတရားကို ကူတို့ခအစားဟောရာ မျက်နှာကို ပုတ်ခတ်ခံရ၏။ ထမင်းလာပို့သော လေးသောကိုယ်ဝန်ရှိသောမယားက ရသေ့သည် မင်းကိုးကွယ်သော မင်းဆရာဖြစ်၍ မပုတ်ခတ်ရန်ပြောရာ မယားကိုလည်း ပုတ်ခတ်ပြန်ရာ ကိုယ်ဝန်သည် ကျ၏။ ကူးတို့သမားလည်း မင်းဒဏ် ရ၏။

၂၉။ အသက်ဂုဏ်ကြီးသူကို ရိုသေသင့်ကြောင်း **ခါမျောက်ဆင်**တို့ဇာတ် (တိတ္တိရ- ခါဇာတ်၊ ကုလာဝကဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

သာသနာတော်၌ နေရာဦး၊ ဆွမ်းဦး၊ ရေဦးရထိုက်သူများနှင့်စပ်၍ သိက္ခာဝါကြီးသူကို ရိုသေသင့်ကြောင်း ဘုရားရှင်ဟောရာ၌ အတိတ်ဇာတ်ဖြစ်၊ ခါ - ဘုရားလောင်း၊ မျောက်- အရှင်သာရိပုတ္တရာအလောင်း၊ ဆင် - အရှင်မဟာမောဂ္ဂလာန်အလောင်း။

**၃၀။ အိုးခွက်ဆေးရေကို ရေမြောင်းထဲသွန်က** "ထိုရေမြောင်း (တန်စီးအိုင်၊ တန်စီးမြောင်း) ရှိ သတ္တဝါထို့သည် ထို ဆေးရေတို့ဖြင့် မျှတကြပါစေ။" ဟု စွန့်က ကောင်းမှုဖြစ်သည်ဟူ၍ ဘုရားရှင် ဟောတော်မူ၏။ (ဝစ္ဆဂေါတ္တသုတ်၊ ဗြာဟ္မဏဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၂ ဥပမိ- သံသရာသို့ ဆောင်ပို့ယှဉ်မှီစေတတ်သော တရား ၄ပါး (ဘိဒုရသုတ်၊ တိကနိပါတ်၊ တတိယဝဂ်၊ ဣတိဝုတ်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။ မူလပဏ္ဏာသ ဋ္ဌ။ သုတေသနသရုပ်ပြအဘိဓါန်၊ အရှင်ဩဘာသာဘိဝံသ)

၁ ကာမုပမိ / ကာမဂုဏုပမိ- ကာမဂုဏ် ၅ပါး တရားအစု၊ ၂ ခန္ဓုပမိ- ခန္ဓာ ၅ပါး တရားအစု၊ ၃ ကိလေသုပမိ- ကိလေသာတရားအစု၊ ၄ အဘိသင်္ခါရုပမိ- အသစ်အသစ် ထပ်မံပြုပြင်စီရင်မှု၊ ကုသိုလ် အကုသိုလ်ကံ သင်္ခါရတရားအစု။

၃ ဥပါဒါန် ၄ပါး (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ အဋ္ဌကထာကဏ္ဍ၊ ဓမ္မသင်္ဂဏီပါဠိတော်၊ ခု၊အဘိ။ ခုဒ္ဒကဝတ္ထုဝိဘင်္ဂ၊ ဝိဘင်းပါဠိတော်၊ ခု၊ အဘိ။ နေတ္တိပါဠိတော်နိဿယ၊ မိုးထိအရှင်ဇာဂရ)

၁ ကာမုပါဒါန်- ကာမဂုဏ်၌ စွဲလမ်းခြင်း၊ ၂ ဒိဋ္ဌုပါဒါန်- အယူ၌ စွဲလမ်းခြင်း၊ ၃ သီလဗ္ဗတုပါဒါန်- နွား၊ ခွေးစသည်တို့၏ အလေ့အကျင့်၌ စွဲလမ်းခြင်း၊ ၄ အတ္တဝါဒုပါဒါန်- ခန္ဓာ၅ပါး၌ အတ္တ / ငါကောင် အတ္တရှိသည်ဟူ၍ စွဲလမ်းခြင်း။

၁ နှင့် ၃သည် <u>တဏှာ</u>- တပ်ခြင်း၊ ၂ နှင့် ၄သည် <u>အဝိဇ္ဇာ</u>- ဖုံးလွှမ်းခြင်း။

၄ ဥပါသကာ <u>၁၃ စု</u>

<u>၁။ ဥပသကာဆိုး၏ တရား ၅မျိုး</u> (စဏ္ဍာလသုတ်၊ ဥပါသကဝဂ်၊ ပဉ္စကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ သဒ္ဓါတရား မရှိ၊ ၂ သီလ မရှိ၊ ၃ ကောတုဟလမင်္ဂလာကို ယုံကြည်၏၊ ၄ မင်္ဂလာကိုယုံကြည်၍ ကံကို မယုံကြည်၊ ၅ သာသနာအပြင်ဘက်၌ အလှူခံပုဂ္ဂိုလ်ရှာ၍ ကောင်းမှုပြု။ ထိုတရားထို့နှင့် ပြည့်စုံသော ဥပါသကာဆိုးထို့ကို ဥပါသကာဒွန်းစဏ္ဍား၊ ဥပါသကာညစ်၊ ဥပါသကာညံ့ဟု ခေါ်၏။

အပြန် - တရား **၅ပါး** ရှိသူသည် <u>ဥပါသကာကောင်း</u> ဖြစ်၏။ ၎င်းတို့ကို ဥပါသကာရတနာ၊ ဥပါသကာ ပဒုမာ၊ ဥပါသကာပုဏ္ဍရိကဟု ခေါ်၏။

<u>၂။ ဥပါသကာတို့သည် မိမိလည်းကျင့်သုံး၍ သူတပါးတို့ကိုလည်း ကျင့်သုံးစေသော အကျင့် ၈ပါး</u> (မဟာနာမသုတ် / ဇီဝကသုတ်၊ ဂဟပတိဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

"ဥပါသတီတိ ဥပါသကော။" = ဥပါသတိ- ရတနာ ၃ပါးကို ဆည်းကပ်တတ်၏၊ ဣတိတသ္မာ- ထို့ကြောင့်၊ ဥပါသကော- ဥပါသကမည်၏၊ ရတနာ ၃ပါးကို ဆည်းကပ်တတ်သူ ဒါယကာ ဖြစ်၏။ (စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ရတနာ ၃ပါးဆည်းကပ်သူသည် ဥပါသကာ ဖြစ်ပြီး ၅ပါးသီလသည် ဥပါသကာသီလ ဖြစ်၏။

ဥပါသကာတို့သည် ၁ သဒ္ဓါတရားနှင့် (ပြည့်စုံကြ၍ သူတပါးတို့ကိုလည်း ဆောက်တည်ကြစေ၏)၊ ၂ သီလနှင့် (...)၊ ၃ စာဂနှင့် (...)၊ ၄ ရဟန်းတို့ကို ဖူးမြင်လိုကြ၍ သူတပါးတို့ကိုလည်း ဖူးမြင်ကြစေ၊ ၅ သူတော်ကောင်းတရား နာလိုကြ၍ သူတပါးတို့ကိုလည်း နာကြစေ၊ ၆ ကြားနာပြီး တရားကို ဆောင်ထားကြ၍ သူတပါးတို့ကိုလည်း ဆောင်ကြစေ၊ ၇ ကြားနာပြီးတရားအကြောင်း ဆင်ခြင်ကြ၍ သူတပါးတို့ကိုလည်း ဆင်ခြင်ကြစေ၊ ၈ နာပြီးတရား၏အနက်၊ ပါဠိတို့ကိုသိ၍ လောကုတ္တရာ အားလျော်သောအကျင့် ကျင့်ကြ၍ သူတပါးတို့ကိုလည်း ကျင့်ကြစေ။

၃။ ဥပါသကာ၏ ဂုဏ်အင်္ဂါ ၁၀ပါး (မေဏ္ဍကပဉ္စာရမ္ဘကထာ၊ မိလိန္ဒပဉှာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

၁ သံဃာနှင့်တူမျှသော ဆင်းရဲချမ်းသာရှိသူ၊ ၂ တရားတော်လျှင် အကြီးအမှူးထားသူ၊ ၃ ဉစ္စာပစ္စည်းများကို အင်အားအလျောက် ဝေဖန်ခြင်း၌ မွေ့လျော်သူ၊ ၄ ဘုရားသာသနာတော် ပျက်ပြားဆုတ်ယုတ်သည်ကို ကြား သိ တွေ့မြင်ရသော် တိုးတက်စည်ပင်ခြင်းငှါ လုံ့လစိုက်ထုတ်၏၊ ၅ ကောင်းသော အယူဝါ ဒ ရှိ၊ ၆ ဒိဋ္ဌ၊ သုတ၊ မုတ မင်္ဂလာအယူမှ ကင်းလွတ်၍ အသက်ဟူသောအကြောင်းကြောင့်လည်း သာသနာတော်မှ တပါးသောသူကို ဆရာဟု မသွန်၊ ၇ စောင့်စည်းသော ကိုယ်နှုတ်အမူအရာ ရှိ၊ ၈ သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော်ပျော်ပိုက်သူ၊ ၉ မငြူစူတတ်သူ၊ ၁၀ ကောက်ကျစ်စဉ်းလဲသည်၏ အစွမ်းဖြင့် သာသနာတော်၌ ကျင်လည်ကျက်စားသူ မဟုတ်၊ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။

၅ ဥပါတ်ကြီး ၅ပါး (မင်္ဂလဇာတ်၊ အပါယိမှာဝဂ်၊ ဧကကနိပါတ်၊ ဇာတကပါဠိတော်မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

(လောကီ - အနက်မှ - လောကီအယူ ၄မျိုး - အနက်မှ - ဥပါတ်ကြီး ၅ပါး) - ကို ကြည့်ပါ။

၆ ဥပါဒ်၊ ဌီ၊ ဘင် (သင်္ခတ- အကြောင်းတရားတို့ စုပေါင်းပြုအပ်သောသဘော၊ လက္ခဏာ- အမှတ်အသား၊ သင်္ခတလက္ခဏာသုတ်၊ စုဋ္ဌဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဖြစ်ခြင်း- ဥပါဒ် လက္ခဏာ၊

၂ ဥပါဒ်အခိုက်အတန့်၏ ပြောင်းလဲခြင်း (ဝါ ) တည်နေခြင်း- ဌီ လက္ခဏာ၊

၃ ပျက်ခြင်း- ဘင် လက္ခဏာ။

**၇ ဥပုသ် ၄ စု**

၁။ ဥပုသ် ၃မျိုး (ဥပေါသထသုတ်၊ မဟာဝဂ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

ဘုရားရှင် သာဝတ္ထိပြည်တွင် သီတင်းသုံးနေစဉ် ဥပုသ်နေ့၌ ဝိသာခါကျောင်းအမကြီးအား ဟောကြားတော်မူသည်။

၁ နွားကျောင်းသား - ဂေါပါလဥပုသ်။ နွားကျောင်းသားသည် မနက်ဖန်အတွက် နွားများအဖို့ ရေရရာနှင့် စားကျက်တို့ကို စဉ်းစားနေသကဲ့သို့ ဥပုသ်သည်သည် မည်သည့်စားဖွယ်ခဲဖွယ်ကို ရလတ္တံ့ဟု မက်မောခြင်း အဘိဇ္ဈာဖြင့် နေ့ကို ကုန်စေ၏။

၂ တက္ကတွန်း နိဂဏ္ဌဥပုသ်။ တက္ကတွန်းတို့သည် အရပ်ပိုင်းခြားသတ်မှတ်၍ သတ္တဝါတို့ကို သနားစောင့်ရှောက်၏ / မသတ်ဟုရင်း၊ တစုံတခုသောအရပ်၌ တစုံတခုသောအခါဝယ် တစုံတယောက်သော သူအတွက် ကြောင့်ကြမှုမဖြစ်ဟုရင်း ဆောက်တည်ကြ၏။ သို့သော်လည်း သူသည် အမိအဖ သားမယားကျွန်အမှုလုပ်တို့က သူ့ကိုသိသကဲ့သို့ သူကလည်း သူတို့ကိုသိရာ ဤဥပုသ်သည် မမှန်သောစကားဆိုခြင်းဖြစ်၏။ ညဉ့်လွန်သော် စည်း စိမ်တို့ကို မပေးပဲသုံးဆောင်ရာ ဤသုံးဆောင်ခြင်းသည် မပေးသည်ကိုယူခြင်းဖြစ်၏။ ဤဥပုသ်သည် ကြီးမြတ်သော အကျိုးအာနိသင်မရှိ။

၃ အရိယာဥပုသ်။ အင်္ဂါ ၈ပါးနှင့်ပြည့်စုံသော ဥပုသ်ကို ကျင့်သုံးဆောက်တည်ပြီး ညစ်ညူးသောစိတ်ကို လုံ့လပြု၍ ဖြူစင်စေခြင်းဖြစ်သည်။ စိတ်ဖြူစင်စေသောနည်း ၆ နည်း ရှိသည်။ [၁]ဘုရားဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ခြင်း၊ [၂]တရားတော်၏ ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ခြင်း၊ [၃]သံဃာ့ဂုဏ်တော်များကို အ ဖန်ဖန် အောက်မေ့ခြင်း၊ [၄]မိမိ၏ မကျိုး မပေါက် မပျောက် မကျားသောသီလကို အဖန်ဖန် အောက်မေ့ခြင်း၊ [၅]နတ်ပြည် ၆ထပ်ရှိနတ်တို့သည် သဒ္ဓါ သီလ သုတ စာဂ ပညာတို့နှင့် ပြည့်စုံခဲ့ကြသဖြင့် လူ့ပြည်မှနေ၍ နတ်ပြည်၌ ဖြစ်ကြသည်၊ ငါ့အားလည်း ထိုတရား ၅မျိုးရှိ၏ဟု မိမိနှင့် နတ်တို့၏ တရား ၅ပါးတို့ကို အဖန်ဖန် အောက်မေ့ ခြင်း၊ [၆]ရဟန္တာတို့သည် အသက်ရှည်သမျှ ကာလပတ်လုံး အင်္ဂါ ၈ပါးရှိသော သိက္ခာပုဒ်တော်တို့ကို ရှောင်ကြဉ်သကဲ့သို့ ငါသည်လည်း ဤနေ့ ဤညဉ့်ပတ်လုံး ရဟန္တာပုဂ္ဂိုလ်ကို့ကို အတုလိုက်၍ ပြုအံ့၊ ငါ့အား ဥပုသ်ကျင့်သုံးပြီးလည်း ဖြစ်မည်ဟု ဆင်ခြင်ခြင်းဖြင့် ဆောက်တည်ရာ၏။ တိုင်းကြီး ၁၆တိုင်းတို့၌ မင်းလုပ်အုပ်ချုပ်ရခြင်းသည်ရင်း၊ လ နေတို့ထွန်းပရာ ဤလောကဓါတ်အတွင်းရှိ ပုလဲ ပတ္တမြား ကျောက်မျက်ရွဲ ရွှေစသည်တို့သည်ရင်း ဤသို့သော အရိယာ ဥပုသ်ကို ဆောက်တည်ရခြင်း၏ ၁၆စိတ်တစိတ်ကိုမျှ မမှီနိုင်ကုန်။

<u>၂။ ဥပုသ်နေ့ ရေတွက်ပုံ ၃မျိုး</u> (ရာဇသုတ်၊ တိကနိပါတ်၊ အံ၊ သုတ္တန္တပိဋက။ ဗုဒ္ဓဘာသာလက်စွဲကျမ်း၊ သာသနာရေးဦးစီးဌာန)

၁ ပကတိဥပုသ် - **ရိုးရိုးဥပုသ်နေ့များ** ဖြစ်၊ ၃မျိုးရှိ။

[၁]ပကတိဥပုသ် <u>၄ရက်</u> - တလလျှင် ၄သီတင်း ၄ဥပုသ် ရှိသည်။ လဆန်း ၈ရက်၊ လဆန်း ၁၅ရက် လပြည့်၊ လဆုတ် ၈ရက်၊ လဆုတ် ၁၄ရက် သို့မဟုတ် ၁၅ရက် လကွယ်နေ့၊

[၂]ပကတိဥပုသ် <u>၆ရက်</u> - လဆန်းလဆုတ် တပက္ခလျှင် ၈ရက် (အဋ္ဌမီဥပုသ်) ၊ ၁၄ရက် (စာတုဒ္ဒသီ ဥပုသ်) ၊ ၁၅ရက် (ပန္နရသီဥပုသ်) ဟူ၍ ၃ဥပုသ်၊ တလလျှင် ၆ဥပုသ်ဖြစ်သည်၊

[၁]ပကတိဥပုသ် ၈ရက် - (အံ ဋ္ဌ အလိုအရ) အမှတ် ၂ ပကတိဥပုသ် ဖြစ်ရက်တွင် လဆန်းလဆုတ် ၅ရက် (ပဉ္စမီဥပုသ်) ကိုထည့်လျှင် တလတွင် ၈ဥပုသ် ရှိသည်။

၂ ပဋိဇာဂရဥပုသ် - **အကြိုအပို့ဥပုသ်နေ့**များ ဖြစ် (ပဋိ- အဖန်ဖန်၊ ဇာဂရ- နိုးကြားခြင်း၊ ပဋိဇာဂရ- ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ အဖန်ဖန် နိုးကြားသောသီလ)၊ လဆန်း ၅ရက်ဥပုသ်ကို လဆန်း ၄နှင့် ဖြစ်ရက်ပါ စောင့်သုံးခြင်းဖြစ်သည်။ တလ ၈ဥပုသ်ကို ထိုသို့အကြိုအပို့နေ့များတွင်ပါ စောင့်သုံးခြင်းဖြစ်သည်။ ရက် ၃၀ ရက်စုံလတွင် ဥပုသ်ရက် ၂၀၊ ရက် ၂၉ ရက်မစုံလတွင် ဥပုသ်ရက် ၁၉ရက်ရှိသည်။

၃ ပါဋိဟာရိယဥပုသ် / နိဗဒ္ဓ - အမြဲ၊ နိဗဒ္ဓဥပုသ် - ပဋိဇာဂရဥပုသ်ထက် ကဲလွန် တန်ခိုးထက်မြက်သော ဥပုသ်ဖြစ်သည်။ **အမြဲမပြတ် တဆက်တည်း စောင့်သုံးသောဥပုသ်**လည်း ဖြစ်သည်။ ၃မျိုး ရှိ။

[၁]အံ ဋ္ဌ၊ သုတ္တန္တပိဋက အလိုအရ- ဝါတွင်း ၃လ သို့မဟုတ် သီတင်းကျွတ်လပြည့်မှ တန်ဆောင်မုန်းလပြည့်ထိ တလ သို့မဟုတ် သီတင်းကျွတ် လပြည့်နေ့မှ လကွယ်နေ့ထိ ၁၅ရက်စောင့်သုံးခြင်းဖြစ်သည်။

[၂]သုတ္တနိပါတ် ဋ္ဌ၊ သုတ္တန္တပိဋက အလိုအရ- ဝါဆို ဝါခေါင် တော်သလင်း သီတင်းကျွတ် တန်ဆောင်မုန်း ၅လ ထဆက်တည်း စောင့်သုံးခြင်းကို ခေါ်သည်။

[၃]သာနသုတ်၊ သဂါထာဝဂ္ဂသံယုတ် ဋ္ဌ အလိုအရ - ၈ရက်ဥပုသ်နှင့် အကြိုအပို့နေ့ တရက်စီ၊ ၁၄ရက်ဥပုသ်နှင့် အကြိုအပို့နေ့ တရက်စီ၊ ၁၅ရက်ဥပုသ်နှင့် အကြိုအပို့နေ့ တရက်စီ သို့မဟုတ် သီထင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ လကွယ်နေ့အထိ ၁၅ရက်၊ ထိုရက်များကို ပါဋိဟာရိယဥပုသ်ဟုငင်း၊ ပက္ခဥပုသ်ဟုငင်း ခေါ်သည်။

၃။ **နေ့ရက်ဟူသမျှ ဥပုသ်စောင့်ကောင်း၏။** (သုတ်မဟာဝါ၊ မဟာသုဒဿနသုတ် ဋီကာ။ ပိဋကတ်သုံးပုံ အဋ္ဌကထာ ဋီကာပါဠိတော်နှင့် နိဿယများ၊ ဗုဒ္ဓစေတမန် ဆော့ဝဲ၊ စိန်ရတနာကျောင်းတိုက်၊ ရန်ကုန်မြို့)

"ဥပေါသထံ ဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗံ။"

နေ့ရက်ဟူသမျှ အဋ္ဌင်္ဂဥပုသ် စောင့်ကောင်း၏။ စောင့်နိုင်သမျှ အကျိုးရ၏။

၄။ ဥပုသ်နေ့၌ အင်္ဂါ ၈မျိုးနှင့် ပြည့်စုံသော အဋ္ဌင်္ဂဥပုသ်ကို စောင့်သုံးကြရာ၏။ (သက္ကသုတ်၊ အင်္ဂုတ္တရ၊ ဒသက နိပါတ်၊ အံ၊ သုတ္တန္တပိဋက) - အကျဉ်းသာ။

ဘုရားရှင် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓါရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ဥပုသ်နေ့၌ ဥပါသကာတို့ အဋ္ဌင်္ဂဥပုသ်ကို တခါတရံစောင့်သုံး၍ တခါတရံ မစောင့်သုံးကြခြင်းနှင့် စပ်လျဉ်း၍ ဤတရားတော်ကို ဟောတော်မူ၏။

"ယောကျ်ားတယောက်သည် တရားသဖြင့် တရက်ကို အသပြာဝက်ကို ထားဘိဦး၊ အသပြာ ထထောင်ရှိ စည်းစိမ်ကို အနစ် ၁၀၀ ရှာဖွေ စုဆောင်းတားသော စည်းစိမ်ကို တနေ့သော်ငင်း၊ တညဉ့် သော်ငင်း၊ နေ့ဝက်သော်ငင်း၊ ညဉ့်ဝက်သော်ငင်း ချမ်းသာအစစ်ကို ခံစားနိုင်မည်လား?" ဥပါသကာတို့က "မဖြစ်နိုင်ပါဘုရား။ ကာမဂုဏ်တို့သည် မမြဲကြပါ။ အချည်းနှီးထို့သာတည်း။ ချွတ်ယွင်းတတ်၏။ ပျောက်

ပျက်ခြင်းသဘောရှိ၏။” “ဤသာသနာတော်၌ ငါ ၏တပည့်သည် ၁၀နှစ်ကို ထားဘိဦး၊ တရက်မျှ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် စိတ်ကို နိဗ္ဗာန်သို့ စေလွှတ်၍ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် အနှစ်တရာသော်ငင်း၊ တသောင်းသော်ငင်း၊ တသိန်းသော်ငင်း ချမ်းသာစစ်ကို ခံစားလျက်နေရာ၏။ ထိုသူသည် သကဒါဂါမ် သော်ငင်း၊ အနာဂါမ်သော်ငင်း၊ မချွတ်ဧကန် သောတာပန်သော်ငင်း ဖြစ်ရာ၏”

ဥပါသကာတို့သည် ထိုအခါ ဘုရားရှင်အား “တပည့်တော်တို့သည် ဥပုသ်နေ့တို့၌ အဋ္ဌင်္ဂဥပုသ်ကို စောင့်သုံးကြပါတော့မည်ဘုရား။” ဟု လျှောက်ကြ၏။

၈ ဥဂ္ဂသူကြွယ် ဝေသာလီပြည်သား ၂၈

<u>၁။ ဥဂ္ဂသူကြွယ် ဝေသာလီပြည်သား၏ အံ့ဖွယ် ၈မျိုး</u> (ပဌမဥဂ္ဂသုတ်၊ ဂဟပတိဝဂ်၊ အဋ္ဌကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ဘုရားရှင်ကို အဝေးမှ ဦးဆုံးဖူးမြင်ရသည်နှင့် ကြည်ညို၏၊ ၂ သောတာပတ္တိမဂ်ဉာဏ် ရ၏၊ ၃ မယား ၄ယောက်အနက်မှ ပဌမ မယားကြီးကို ယောက်ျားတဦးတံသို့ သူမဆိုသည့်အတိုင်း စွန့်သော် စိတ်ဖေါက်ပြန်ခြင်း မရှိ၊ အပြဟ္မစရိယာသိက္ခာပုဒ်လျှင် ၅ခုမြောက်ရှိသော သီလကို ဆောက်တည်၏၊ ၄ အိမ်ရှိစည်းစိမ်ဥစ္စာတို့ကို သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြား၊ ၅ ရဟန်းသံဃာများသို့ ရှိသေစွာသာလျှင် ဆည်းကပ်၏၊ ၆ တရားကို ရိုသေစွာ နာ၏၊ ထိုရဟန်းသည် တရားမဟောက သူကြွယ်က တရားဟော၏၊ ၇ နတ်တို့ချဉ်းကပ်၍ စကားပြောရခြင်းကြောင့် စိတ်တက်ကြွမှု မရှိ၊ ၈ အောက်သံယောဇဉ် ၅ပါးကို ပယ်ပြီး ဖြစ်၏။

<u>၂။ ဥဂ္ဂပြဟ္မာကို ဘုရားရှင် ဟောကြားသော ၂ ဂါထာ</u> (ဥဂ္ဂသူဌေးအကြောင်း၊ ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) - <u>အကျဉ်းသာ</u>။

ကမ္ဘာတသိန်းထက်က ပဒုမုတ္တရဘုရားရှင်ထံ မနာပဒါ န- နှစ်သက်ဖွယ်သော အလှူဝတ်ကို ပေးလှူသောအရာ၌ ဧတဒဂ်ရကြောင်း ဆုပန်ခဲ့၊ နောက်ဆုံးဘဝ၌ ဝေသာလီပြည်၌ သူဌေးဖြစ်၊ သောတာပန် ဦးစွာဖြစ်၍ နောက်တွင် အနာဂါမ်အရိယာ ဖြစ်၊ ကွယ်လွန်သော် သုဒ္ဓါဝါသပြဟ္မာ့ဘုံ၌ ဖြစ်၊ ဘုရားရှင်တံ အဖူးမြော်လာရာ ဤဂါထာတို့ကို ဟော။

> “မနာပဒါယီ လဘတေ မနာပံ၊ အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။
> ဝရဿ ဒါတာ ဝရလာဘီ ဟောတိ၊ သေဋ္ဌန္ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။”

- နှစ်ခြိုက်ဖွယ်ကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်ကို ရ၏။
- မွန်မြတ်သည်ကို ပေးလှူသူသည် တဖန် မွန်မြတ်သည်ကို ရ၏။
- တောင့်တအပ်သည်ကို ပေးလှူသူသည် တောင့်တအပ်သည်ကို ရ၏။
- ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သည့်ဌာနသို့ ရောက်၏။

“ယော အဂ္ဂဒါယီ ဝရဒါယီ၊ သေဋ္ဌဒါယီ စယော နရော။
ဒီဃာယု ယသဝါ ဟောတိ၊ ယတ္ထ ယတ္ထူပပဇ္ဇတိ။”

အကြင်သူသည် - အထွတ်အမြတ် ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏။
- တောင့်တအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏။
- ချီးမွမ်းအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏။
- ထိုသူသည် ဖြစ်လေရာရာ ဘုံဘဝ၌ ၁ အသက်ရှည်သူ၊ ၂ အခြံအရံများသူ ဖြစ်ရ၏။

၉ ဥဂ္ဂသူကြွယ် ဝဇ္ဇီတိုင်း၊ ဟတ္ထိရွာသား (ဟတ္ထိဂါမသူဌေး၊ ဥဂ္ဂတသူဌေး) ၏ အံ့ဖွယ် ၈မျိုး (ဒုတိယဥဂ္ဂသုတ်၊ ဂဟပတိဝဂ်၊ အင်္ဂုတ္တိုရ်ပါဠိ၊ အံ၊ သုတ္တန္တပိဋက)

၁ ကံ့ကော်တော၌ လှည့်လည်ပျော်ပါး မူးယစ်နေစဉ် ဘုရားရှင်ကို အဝေးမှ ဦးစွာဖူးတွေ့ရစဉ် အမူးပြေ၍ ကြည်ညို၏၊ ၂ သောတာပတ္တိမဂ်ဉာဏ် ရ၏၊ အဗြဟ္မစရိယာ ၅ပါးသီလကို ဆောက်တည်၏၊ ၃ မယား ၄ယောက် အနက်မှ နုနယ်ပျိုမြစ်သော မယားကြီးကို ဆိုသည့်အတိုင်း စွန့်သော် စိတ်ဖေါက်ပြန်မှု မရှိ၊ ၄ အိမ်ရှိစည်းစိမ်ဥစ္စာတို့ကို သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲခြား၊ ၅ ရဟန်းသံဃာများသို့ ရှိသေစွာ ဆည်းကပ်၍ တရားနာ၏။ ရဟန်းက တရားမဟောခဲ့သော် သူကြွယ်က တရားဟော၏၊ ၆ နတ်များက ‘ဖိတ်အပ်သော ရဟန်းများအနက်မှ ဤသူကား သီလရှိသူ၊ ဤသူကား သီလမရှိသူ။’ ဟု သူကြွယ်အား ပြောကြားကြ သော်လည်း ဤသူကို အနည်းငယ်၊ ဤသူကို များစွာလှူမည် ဟု စိတ်မဖြစ်ပဲ မျှတသောစိတ်ဖြင့်သာ လှူ၊ ၇ နတ်တို့ချဉ်းကပ်၍ စကားပြောရသည်ဖြစ်၍လည်း စိတ်တက်ကြွမှု မရှိ၊ ၈ လူ့လောကသို့ ရောက်လာ ရာသော သံယောဇဉ်တို့ မရှိ။

၁၀ ဥစ္စာ ၄မျိုး
(ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - အသိများသော တရားတော်များ - အနက်မှ - နိဓိကဏ္ဍသုတ်) - တွင် ကြည့်ပါ။

၁၂ ဥမ္မာဒန္တီဇာတ် (ဥမ္မာဒန္တီဇာတ်၊ ပဏ္ဏာသနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ဧ

**၁ ဧတဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ** (ဧတဒဂ္ဂဝဂ်၊ ဧကကနိပါတ်၊ အံ၊ သုတ္တန္တပိဋက)

၁ ရဟန္တာမထေရ်ကြီးများ ၄၁ပါး၊ ၂ ရဟန္တာထေရီမကြီးများ ၁၃ပါး၊ ၃ ဥပါသကာများ ဧတဒဂ် ၁၀ ခု / ပုဂ္ဂိုလ် ၁၁ဦး၊ ၄ ဥပါသိကာများ ၁၀ဦး = စုစုပေါင်း ဧတဒဂ် ၇၄ ခု၊ ဧတဒဂ် ရသော သူမြတ် ၇၅ ပါး။

၁။ ရဟန္တာမထေရ်ကြီးများ ၄၁ပါး

| | |
|---|---|
| ၁ အရှင်ကောဏ္ဍည | - ညဉ့်တို့ကိုသိကုန်သော ရဟန်းဝါရင့်သော ရဟန်းတို့တွင် အမြတ်ဆုံး၊ |
| ၂ အရှင်သာရိပုတ္တရာ | - ကြီးမြတ်သောပညာနှင့် ပြည့်စုံသော (လက်ျာရံအဂ္ဂသာဝက)၊ |
| ၃ အရှင်မဟာမောဂ္ဂလ္လာန် | - တန်ခိုးနှင့် ပြည့်စုံသော (လက်ဝဲရံအဂ္ဂသာဝက)၊ |
| ၄ အရှင်မဟာကဿပ | - ဓုတဂုဏ်/ဓုတင်အကျင့်၊ ဓုတဝါဒဂုဏ်/ဓုတင်အကျင့်ကိုဟောခြင်း၊ |
| ၅ အရှင်အနုရုဒ္ဓါ | - ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော၊ |
| ၆ အရှင်ဘဒ္ဒိယ | - မြတ်သောအမျိုး၌ ဖြစ်သော (ကာဠိဂေါဓါသာကီဝင်မင်းသမီး၏သား)၊ |
| ၇ အရှင်လကုဏ္ဍကဘဒ္ဒိယ | - သာယာသောအသံရှိသော၊ |
| ၈ အရှင်ပိဏ္ဍောလဘာရဒွါဇ | - ခြင်္သေ့ကဲ့သို့ ရဲရင့်စွာ ကြုံးဝါးမြွက်ဆိုသော၊ |
| ၉ အရှင်ပုဏ္ဏ/မန္တာဏီပုတ္တ | - တရားဟောတတ်သော/ဓမ္မကထိက၊ |
| ၁၀ အရှင်မဟာကစ္စာန/ကစ္စည်း | -အကျဉ်းဟောသောတရားတော်၏အနက်ကို အကျယ်ဝေဖန်ဟောသော၊ |
| ၁၁ အရှင်စူဠပန္ထက (ဧတဒဂ် ၂ခုရ) | - စိတ်ဖြင့်ကိုယ်ကိုဖန်ဆင်းတတ်သော၊ ရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်သော ရဟန်းတို့တွင် အမြတ်ဆုံး၊ |
| ၁၂ အရှင်မဟာပန္ထက | - အရူပါဝစရဈာန်အရာ၌ ကျွမ်းကျင်သော၊ |
| ၁၃ အရှင်သုဘူတိ (ဧတဒဂ် ၂ခုရ) | - ကိလေသာကင်းသောနေခြင်းရှိသော၊ မြတ်သောအလှူကိုခံတိုက်သော၊ |
| ၁၄ အရှင်ခဒိရဝနိယရေဝတ | - တောကျောင်း၌နေသော၊ |
| ၁၅ အရှင်ကင်္ခါရေဝတ | - ဈာန်၌မွေ့လျော်သော၊ |
| ၁၆ အရှင်သောဏကောဠိဝိသ | - ထက်သန်သောလုံ့လရှိသော၊ (ကောဋိဝိသအနွယ်၌ ဖြစ်သော) |
| ၁၇ အရှင်သောဏကုဋိကဏ္ဏ | - ချိုသာသောစကားပြောဆိုတတ်သော၊ (တကုဋေတန် နားတန်ဆာကို ဝတ်ဆင်သော) |
| ၁၈ အရှင်သီဝလိ | - လာဘ်များခြင်းရှိသော၊ |
| ၁၉ အရှင်ဝက္ကလိ | - သဒ္ဓါတရားအားကြီးသော၊ |
| ၂၀ အရှင်ရာဟုလာ | - အကျင့်သိက္ခာလိုလားသော၊ |

၂၁ အရှင်ရဋ္ဌပါလ - သဒ္ဓါတရားဖြင့်ရဟန်းပြုသော ရဟန်းတို့တွင် အမြတ်ဆုံး၊

၂၂ အရှင်ကုဏ္ဍဓာန - စာရေးတံမဲကို ပဌမယူတတ်သော၊

၂၃ အရှင်ဝင်္ဂီသ - ဆန်းကြယ်သောဉာဏ်ပဋိဘာန်ရှိသော/ဂါထာဖွဲ့သီတတ်သော၊

၂၄ အရှင်ဥပသေန/ဝင်္ဂန္တပုတ္တ - ထက်ဝန်းကျင်ကြည်ညိုဖွယ်ရှိသော၊

၂၅ အရှင်ဒဗ္ဗ (မလ္လမင်း၏သား) -ကျောင်းအိပ်ရာနေရာခင်းကျင်းစီမံတတ်သော/
သံဃာတော်များနေရာချ၊

၂၆ အရှင်ပိလိန္ဒဝစ္ဆ - နတ်တို့ချစ်ခင်မြတ်နိုးအပ်သော၊

၂၇ အရှင်ဒါရုစီရိယ - လျင်မြန်စွာရသော မဂ်ဖိုလ်အသိဉာဏ်ရှိသော (ဗာဟိရတိုင်းသား)၊

၂၈ အရှင်ကုမာရကဿပ - ဆန်းကြယ်စွာတရားဟောတတ်သော၊

၂၉ အရှင်မဟာကောဋ္ဌိက - ပဋိသမ္ဘိဒါ ၄ပါးရကုန်သော၊

၃၀ အရှင်အာနန္ဒာ (<u>ဧတဒဂ် ၅ခုရ</u>) - ၁ အကြားအမြင်များသော၊
၂ (ငါ၏စကားတော်တို့ကို ကြာမြင့်စွာ ဆောင်နိုင်
သော) သတိရှိသော၊ ၃ (ငါဟောသည့်အတိုင်း အလုံးစုံသော ပုဒ်တို့ကို)
သိစွမ်းနိုင်သည့် ပညာရှိသော၊ ၄ (ငါ၏စကားတော်တို့ကို သင်ခြင်း၊
ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်းနှင့် ငါ့တို ဆည်းကပ်လုပ်ကျွေးခြင်းတို့၌)
လုံ့လရှိသော၊ ၅ လုပ်ကျွေးသော၊

၃၁ အရှင်ဥရုဝေလကဿပ - များသောပရိသတ်ရှိသော ရဟန်းတို့တွင် အမြတ်ဆုံး၊

၃၂ အရှင်ကာဠုဒါယီ - ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေတတ်သော၊

၃၃ အရှင်ဗာကုလ - အနာရောဂါကင်းသော၊

၃၄ အရှင်သောဘိတ - ရှေး၌နေခဲ့ဘူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်သော၊

၃၅ အရှင်ဥပါလိ - ဝိနည်းဆောင်သော၊

၃၆ အရှင်နန္ဒက - ဘိက္ခုနီမတို့ကို ဆုံးမသော၊

၃၇ အရှင်နန္ဒ - ဣန္ဒြေကိုစောင့်စည်းသော၊

၃၈ အရှင်မဟာကပ္ပိန - ရဟန်းယောကျ်ားတို့ကို ဆုံးမသော၊

၃၉ အရှင်သာဂတ - တေဇောဓါတ်ဝင်စားရာ၌ ကျွမ်းကျင်သော၊

၄၀ အရှင်ရာဓ - ပဋိဝေဓပဋိဘာန်)တရားကိုထင်မြင်လွယ်သော
ပဋိဘာန်ဉာဏ်နှင့်ပြည့်စုံသော

၄၁ အရှင်မောဃရာဇ -ခေါင်းပါးသောသင်္ကန်း (ချည်၊ အထည်၊ ဆိုးရည် ၃မျိုးလုံးညံ့)
ကိုဆောင်သော ရဟန်းတို့တွင် အမြတ်ဆုံး၊

၂။ ရဟန္တာထေရီမကြီးများ ၁၃ပါး

| | |
|---|---|
| ၁ မဟာပဇာပတိဂေါတမီထေရီ | -ညဥ့်တို့ကိုသိကုန်သော၊ ရဟန်းဝါရင့်သော၊ ရဟန်းမတို့တွင်အမြတ်ဆုံး၊ |
| ၂ ခေမာထေရီ | - ကြီးမြတ်သောပညာနှင့် ပြည့်စုံသော၊ |
| ၃ ဥပ္ပလဝဏ်ထေရီ | - တန်ခိုးနှင့် ပြည့်စုံသော၊ |
| ၄ ပဋာစာရီထေရီ | - ဝိနည်းဆောင်ကုန်သော၊ |
| ၅ ဓမ္မဒိန္နာထေရီ | - တရားဟောတတ်သော / ဓမ္မကထိက၊ |
| ၆ နန္ဒာထေရီ | - ဈာန်ဝင်စားခြင်း၌ မွေ့လျော်သော၊ (မိထွေးတော်ဂေါတမီ၏သမီးတော် ဇနပဒကလျာဏီ) |
| ၇ သောဏာထေရီ | - ထက်သန်သောလုံ့လရှိသော၊ |
| ၈ သကုလာထေရီ (ဗကုလာ) | - ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော၊ |
| ၉ ဘဒ္ဒါကုဏ္ဍလကေသာ | - လျင်စွာရအပ်သော မဂ်ဖိုလ်အသိဉာဏ်ရှိသော၊ |
| ၁၀ ဘဒ္ဒါကာပိလာနီ | - ရှေး၌နေဖူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်သော၊ |
| ၁၁ ဘဒ္ဒါကစ္စာနာ | - မြတ်သောအဘိညာဉ်သို့ရောက်သော (ရာဟုလာ၏မယ်တော် ယသောဓရာ)၊ |
| ၁၂ ကိသာဂေါတမီ | - ခေါင်းပါးသောသင်္ကန်းကိုဆောင်သော၊ |
| **၁၃/၅၄** သိင်္ဂါလကမာတာ | - သဒ္ဓါတရားအားကြီးသော ရဟန်းမတို့တွင် အမြတ်ဆုံး၊ |

၃။ ဥပါသကာများ ဧတဒဂ် ၁၀ ခု / ပုဂ္ဂိုလ် ၁၁ဦး

| | |
|---|---|
| ၁ တပုဿ နှင့် ဘလ္လိက | - ရှေးဦးစွာကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ' သို့ရောက်သော ဥပါသကာတို့တွင် အမြတ်ဆုံး၊ |
| ၂ အနာထပိဏ် (သုဒတ္တ) | - လှူဒါန်းခြင်း၌မွေ့လျော်သော၊ |
| ၃ စိတ္တသူကြွယ် | - တရားဟောတတ်သော/ဓမ္မကထိက (မစ္ဆိကာသဏ္ဍမြို့သား)၊ |
| ၄ ဟတ္ထကအာဠဝက | - သင်္ဂဟဝတ္ထု ၄ပါးတို့ဖြင့်ပရိသတ်ကိုချီးမြှောက်သော၊ |
| ၅ မဟာနာမ် (သာကီဝင်မင်းမျိုး) | - မွန်မြတ်သောဝတ္ထုကို ပေးလှူသော၊ |
| ၆ ဥဂ္ဂသူကြွယ် (ဝေသာလီပြည်သား) | - နှစ်သက်ဖွယ်ဝတ္ထုကို ပေးလှူသော၊ |
| ၇ ဥဂ္ဂတသူကြွယ် (ဟတ္ထိရွာသား) | - သံဃာကိုလုပ်ကျွေးတတ်သော၊ |
| ၈ သုရဗန္ဓ (သုရမ္ဗဋ္ဌ) | - သာသနာတော်၌ သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုသော၊ |
| ၉ ဇီဝက | - ပုဂ္ဂိုလ်ကိုကြည်ညိုသော (အဘယမင်းသားမွေးစားသော)၊ |

**၁၀/၆၄(၆၅)** နကုလပိတာသူကြွယ်- ငါ / ဘုရားရှင်နှင့်အကျွမ်းဝင်သောစကားကိုဆိုသော ဥပါသကာတို့တွင် အမြတ်ဆုံး၊

**၄။ ဥပါသိကာများ ၁၀ဦး**

၁ သုဇာတာ - ရှေးဦးစွာကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ' သို့ရောက်သော ဥပါသိကာတို့တွင် အမြတ်ဆုံး၊

၂ ဝိသာခါ (မိဂါရမာတာ) - လှူဒါန်းခြင်း၌မွေ့လျော်သော၊

၃ ခုဇ္ဇုတ္တရာ - အကြားအမြင်များသော၊

၄ သာမာဝတီ - မေတ္တာစိတ်ဖြင့်နေလေ့ရှိသော၊

၅ နန္ဒမာတာဥတ္တရာ - ဈာန်၌မွေ့လျော်သော၊

၆ သုပ္ပဝါသာ (ကောလိယမင်း၏သမီး)- မွန်မြတ်သောဝတ္ထုကို ပေးလှူသော၊

၇ သုပ္ပိယာ - သူနာကိုလုပ်ကျွေးပြုစုတတ်သော၊

၈ ကာတိယာနီ - သာသနာတော်၌ သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုသော၊

၉ နကုလမာတာသူကြွယ်မ - ငါ / ဘုရားရှင်နှင့်အကျွမ်းဝင်သောစကားကိုဆိုသော၊

**၁၀/၇၄(၇၅)** ကာဠီ (ကုလဃရမြို့သူ)- တဆင့်စကားဖြင့်ကြည်ညိုခြင်းရှိသော ဥပါသိကာတို့တွင် အမြတ်ဆုံး၊

ထိုသူမြတ် ၇၅ဦးအနက် ဧတဒဂ်အများရသော ရဟန္တာမထေရ်ကြီး ၃ပါးမှာ- ၁ အရှင်စူဠပန္ထက၊ ၂ အရှင်သုဘူတိ၊ **၃** အရှင်အာနန္ဒာတို့ ဖြစ်ကြသည်။

ပုဂ္ဂိုလ်သူမြတ်များ၏အကြောင်း အတ္ထုပ္ပတ်များကို မင်းကွန်းတိပိဋကဆရာတော်ကြီး ရေးသားတော်မူသော မဟာဗုဒ္ဓဝင်ကျမ်း၊ ဆဋ္ဌတွဲ၊ ပဉ္စမပိုင်းနှင့် ဒုတိယပိုင်းတို့၏ ဆိုင်ရာဆိုင်ရာမှ ယူ၍ အကျဉ်းသာ ဖော်ပြထားပသည်။ ဆရာတော်ကြီးသည် အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆိုင်ရာ ဆိုင်ရာ အခဏ်းတို့၌ အလျဉ်းသင့်သလို ဖော်ပြထားပါသဖြင့် အကျယ်အလိုရှိပါမူ လိုထိုကျမ်းတို့၌ ကြည့်ပါရန်။

**၁။ ရဟန္တာမထေရ်ကြီးများ ၄၁ပါး**

၁ အရှင်ကောဏ္ဍည - ညဥ့်တို့ကိုသိကုန်သော ရဟန်းဝါရင့်သော ရဟန်းတို့တွင် အမြတ်ဆုံး၊

(ပဉ္စမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းအထက်က ပဒုမုတ္တရ ဘုရားရှင် ပွင့်တော်မူသော် ဥစ္စာပေါများသော သူကြွယ်မျိုး၌ ဖြစ်၊ ဘုရားရှင်သည် ရဟန်းတပါးအား ရဟန်းဝါ အရင့်ဆုံး အမြတ်ဆုံးဧတဒဂ် ချီးမြှင့်သည်ကိုတွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးပြုသော သံဃာတော်တို့အား ၇ရက် ပတ်လုံး အလှူဒါနပေး၍ တိုဆုပန်ကာ ဗျာဒိတ်ရခဲ့။

၉၁ကမ္ဘာထက်တွင် ဝိပဿီဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ သူကြွယ်ညီနောင်တွင် အကိုကြီး မဟာကာလဖြစ်လာ၊ အကိုက ဘုရားအမှူးရှိသော သံဃာတော်တို့အား ကောက်သားဦး အစရှိသော

အဦးအလျှ ပေးလှူ လို၊ ညီစူဠကာလ သူကြွယ်က သဘောမတူ၊ လယ်ကိုခွဲယူကာ မဟာသာလက ၁ ကောက် သားဦး၊ ၂ မုန့်ဆန်းဦး၊ ၃ ကောက်ဦး၊ ၄ ရိတ်ဦး၊ ၅ ကောက်လှိုင်းဦး၊ ၆ ကောက်ပုံဦး၊ ၇ နယ်ဦး၊ ၈ စပါး ပုံဦး၊ ၉ ကျီဦး စသော အဦး အလှူ ၉မျိုးကို ပေးလှူ၊ ကောက်စပါးတို့သည် လျော့ခြင်းမရှိ။

နောက်ဆုံးဘဝ၌ ကပိလဝတ်ပြည်အနီး ဒေါနဝတ္ထုပုဏ္ဏားရွာ၌ ပစ္စည်းပေါ်များသော ပုဏ္ဏား အမျိုး၌ဖြစ်၊ ဗေဒင် ၃ပုံ တဖက်ကမ်းခတ်တတ်၊ ဂေါတမမြတ်စွာဘုရားအလောင်းတော်လေးကို လောက ၃ပါး၌ ဘုရားဖြစ်မည်ဟု လက်တချောင်းသာထောင်၊ ဘုရားလောင်းရဟန်းပြုသော် သူနှင့်အတူ ဘုရား လောင်းကလေးအား နိမိတ်ဖတ်ဖက် ပုဏ္ဏား ၇ယောက်၏ သား၇ ယောက်အနက်မှ သား ၄ယောက်နှင့်အတူ ရဟန်းပြု၊ ဘုရားလောင်း ဒုက္ကရစရိယာကျင့်နေသော ၆နှစ်ပတ်လုံး ပြုစုကြ၊ ဘုရားလောင်း အာဟာရများ ပြန်စား၍ ရသေ့ ၅ဦးလုံး မိဂဒါဝုန်တောသို့ ဖဲသွား၊ ဘုရားလောင်း သဗ္ဗညုဘုရားအဖြစ်သို့ရောက်သော် တရားဦးဓမ္မစကြာ တရားတော်ကိုကြားနာရပြီး မဟာပြဟ္မာ ၁၈ကုဋေ နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၊ ထိုသို့ သစ္စာ ၄ပါးတရားတော်ကို ရှေးဆုတောင်းအတိုင်း ဦးဆုံးသိသူအဖြစ်ဖြင့် ဧဉ္စတဒဂ်ကို ရ။

နောင်သော် ဟိမဝန္တာရှိ ဆဒ္ဒန်အိုင်အနီး မဏ္ဍာကိနီဆိပ်ကမ်း၌ ဆင်းပေါင်း ၈ထောင်၏ အလုပ် အကျွေးကို ၁၂နှစ်ခံယူပြီး ပရိနိဗ္ဗာန်စံဝင်၊ အရှင်အနုရုဒ္ဓါ မတေရ်အမှူးပြုသော ရဟန်း ၅ဝဝကြွ၊ ဓါတ်တော်များကို ယူခဲ့ပြီး ဝေဠုဝန်ကျောင်းရှိ ဘုရားရှင်အား ပေး၊ ကျောင်းတံခါးဝ၌ ဘုရားရှင် ကိုယ် တော်တိုင် မြေမှ အလိုလို ပေါက်လာသော စေတီတော်၌ ဌာပနာတော်မူ၏။

၂ အရှင်သာရိပုတ္တရာ - ကြီးမြတ်သောပညာနှင့် ပြည့်စုံသော (လက်ျာရံအဂ္ဂသာဝက)၊

၃ အရှင်မဟာမောဂ္ဂလ္လာန် - တန်ခိုးနှင့် ပြည့်စုံသော (လက်ဝဲရံအဂ္ဂသာဝက)၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ထိုမထေရ် ၂ပါးတို့သည် ပါရမီဖြည့်စဉ်ကလည်း များသောအားဖြင့် အတူ၊ နောက်ဆုံးဘဝ၌လည်း အတူရဟန်းပြုကြသဖြင့် အဋ္ဌကထာ၊ ဋီကာတို့၌ ထိုမထေရ် ၂ပါးတို့အကြောင်းကို ထပေါင်းတည်း ဖွင့်ပြကြ၏။

လွန်ခဲ့သော တသင်္ချေနှင့် ကမ္ဘာတသိန်းထက်က အနောမဒဿီဘုရားရှင် မပွင့်ပေါ်မီ အရှင်သာရိ ပုတ္တရာအလောင်းသည် ပုဏ္ဏားသူဌေးမျိုး၌ဖြစ်ကာ သာရဒဟု တွင်၊ အရှင်မဟာမောဂ္ဂလ္လာန်အလောင်းသည် သူကြွယ်မျိုး၌ဖြစ်ကာ သီရိဝဍ္ဎနဟု တွင်၊ မြေမှုန့်ကစားဖော်များ ဖြစ်ကြ၊ သာရဒလုလင် ဟိမဝန္တာဝင်၍ ရဟန်းပြု၊ အဘိညာဉ်ရ၊ အဘိညာဉ်ရ တပည့် ၇သောင်း ၄ထောင်ရှိ၊ သီရိဝဍ္ဎနသူကြွယ်ကား ရဟန်းမပြုနိုင်၊ ဘုရားရှင် တပါးတည်း ရသေ့များရှိရာကြွ၊ ဘုရားရှင်ကို တောမှ သစ်သီးများဆက်ကပ်၊ ဘုရားရှင် အဂ္ဂသာဝက ၂ပါးနှင့် ရဟန္တာတသိန်း ကြွလာစေရန် အဓိဋ္ဌာန်၊ တောအလုံးမှ ပန်းများကို ဆောင်ယူ၍ ကြီးစွာသော ပန်းမွေ့ရာများဖြင့် ဘုရားရှင်နှင့် ရဟန်းတော်များကို အသီးသီး ပူဇော်ကာ ထိုင်နေစေ၊ ဘုရားရှင်အား နိရောဓသမာပတ် ဝင်စား၊ သံဃာတော်များ သမာပတ်ဝင်စား၊ ၇ရက်လုံး သာရဒရသေ့သည် ဘုရားရှင် ပန်းထီးမိုး၍ ပီတိအစာရှိ၍သာ ပူဇော်ကာနေ၊ အဂ္ဂသာဝက ၂ပါးကို ဘုရားရှင်က တရားဟောစေ၊

နောက် ဘုရားရှင် တရားဟောတော်မူရာ ရသေ့တပည့်အပေါင်း ရဟန္တာများဖြစ်ကြ၊ သာရဒရသေ့သည် လက်ျာရံ အဂ္ဂသာဝက နိသဘမထေရ်ကဲသို့ ဖြစ်လို၍ မင်္ဂဖိုလ် မရ၊ ထိုအဂ္ဂသာဝကဆုကို ပန်ဆင်ကာ ဗျာဒိတ်ရခဲ့၊၊

သာရဒရသေ့သည် သူငယ်ချင်းဖြစ်သူ သီရိဝဍ္ဎနသူကြွယ်ကို လက်ဝဲရံအဂ္ဂသာဝကဆုကို ပန်ဆင်စေ၊ သူကြွယ်သည်လည်း ၇ရက်တိုင် ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသောအလှူကြီးပေး၍ လက်ဝဲရံ အဂ္ဂသာဝကဆုပန်ကာ ဗျာဒိတ်ရခဲ့၊၊

အသက်တမ်းစေ့သော် သာရဒရသေ့သည် ဗြဟ္မာ့ပြည်သို့ လား၍ သူကြွယ်ကား နတ်ပြည်၌ဖြစ်၊၊

နောက်ဆုံးဘဝ၌ သာရဒရသေ့သည် ရာဇဂြိုဟ်ပြည်အနီး ဥပတိဿရွာ ⁄နာလကရွာ ရူပသာရီပုဏ္ဏား သူဌေးကတော်ဝမ်းတွင် ဖြစ်၊ မွေးသော် ဥပတိဿဟု တွင်၊ သူကြွယ်ကား ရာဇဂြိုဟ်ပြည်အနီး ကောလိတရွာ မောဂ္ဂလီပုဏ္ဏား သူဌေးကတော်ဝမ်း၌ ဖြစ်၊ မွေးသော် ကောလိတဟု ခေါ်၊ ထိုအိမ်ထောင်စု ၂စုသည် ဆွေ ၇ဆက် မျိုး ၇ဆက် ချစ်ခင်ရင်းနှီးလာကြ၊ ဥပတိဿလုလင်တွင် ရွှေထမ်းစင်နှင့် လုလင် ၅၀၀၊ ကောလိတလုလင်တွင် အာဇာနည်မြင်းကသော ရထားနှင့် လုလင် ၅၀၀ အခြံအရံများရှိကြ၊ ရာဇဂြိုဟ်ပြည်တောင်ထိပ်သဘင်ပွဲခံသောအခါ အခြံအရံများနှင့်တကွ အတူပွဲကြည့်ကာ ရီမောပျော်ရွှင် ဆုလာဘ် ပေးကြ၊၊

တနေ့ ပွဲကြည့်ကြသောအခါ သူငယ်ချင်း ၂ဦးလုံး၌ပင် ‘အနှစ် ၁၀၀မရောက်မီပင် ဤသူအားလုံးတို့သည် ကွယ်ပျောက်ကုန်ကြလိမ့်မည်၊ သို့ဖြစ်ရကား ငါတို့သည် သံသရာလွတ်မြောက်ရေး တရားတခုခုကို ရအောင်ရှာမှ တော်တော့မည်၊၊’ ဟု အကြံများ ဖြစ်ကြ၊ သိဉ္စည်းပရိဗိုဇ်ထံတွင် ရဟန်း အတူပြုကြ၊ ၂ရက် ၃ရက်ဖြင့်ပင် အယူဝါဒအားလုံးတတ်၊ ‘ဤအယူဝါဒတို့သည် အချည်းနှီးသာတည်း၊ ဇမ္ဗူဒိပ်ကျွန်းကြီးသည်ကား ကျယ်ဝန်းလှဘိ၏၊ သံသရာလွတ်မြောက်ရေး ဟောမည့်ဆရာ ရရှိနိုင်ရာ၏၊၊’ ဟု ကြံကာ ပညာရှိရဟန်းပုဏ္ဏားများထံ သွားရောက်မေးမြန်းကြ၊ မဖြေနိုင်ကြ၊ တိုအခါ အမြိုက်တရားကို ဦးစွာတွေ့သူက ကျန်သူကို ပြန်ကြားပြောဆိုတမ်း ကတိကဝတ်ထား၊၊

ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံဝင်စဉ် ဥပတိဿပရိဗိုဇ်သည် ပဉ္စဝဂ္ဂီအဝင်အပါ အရှင်အဿဇိကို တွေ့၊ “ယေ ဓမ္မာ ဟေတုပ္ပဘဝါ” အစရှိသောတရားနာ၍ သောတာပန်ဖြစ်၊ ကောလိတပရိဗိုဇ်ကို ဥပတိဿပရိဗိုဇ်သည် ထိုတရားကို ပြန်ဟော၊ ကောလိတပရိဗိုဇ်လည်း သောတာပန်ဖြစ်၊ ဘုရားရှင်ရှိရာ ဝေဠုဝန်ကျောင်းတော်သို့ သွားကြ၊ အခြံအရံများက ရဟန္တာများဖြစ်ကြ၊ ရဟန်းဖြစ်ပြီးနောက် ၇ရက်အကြာတွင် ကောလိတပရိဗိုဇ်ရဟန္တာဖြစ်၊ ၁၅ရက်အကြာတွင် ဥပတိဿပရိဗိုဇ် ရဟန္တာဖြစ်၊ အဂ္ဂသာဝကပါရမီဉာဏ် အထွတ်အထိပ်များသို့ ရောက်ကြ၊ ဆုတောင်းများအတိုင်း ဧတဒဂ်များ ရကြ၊၊

ဘုရားရှင် နောက်ဆုံး ၄၅ဝါ ၊ အရှင်သာရိပုတ္တရာ ၄၄ဝါမှ ထလတ်သော် ဘုရားရှင် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာသည် အဂ္ဂသာဝကများက ဘုရားရှင်ထက် ဦးစွာပရိနိဗ္ဗာန် စံကြရစမြဲဟု ကြံတွေးမိ၊ မည်သည့်နေရာတွင် ပရိနိဗ္ဗာန်စံရအံ့နည်းဟု ကြံရာ မွေးမယ်တော် ရူပသာရီပုဏ္ဏား

သူဌေးကတော်ကြီးကို မိစ္ဆာအယူမှချေချွတ်ပြီး နလကရွာ မွေးရာတိုက်ခန်းတွင် ပရိနိဗ္ဗာန်စံမည်ဟု ဆုံးဖြတ်၊ ဘုရားရှင်ထံ ခွင့်ပန်၊ ဘုရားရှင်၏ မိန့်မှာချက်အရ တန်ခိုးပြာဋိဟာများပြ၍ ပရိသတ်ကို တရားဟော၊ ဘုရားရှင်ကို ကန်တော့၊ မြေကြီးတုန်လှုပ်၊ မိုး ထစ်ကြိုး၊ ပေါက္ခရဝဿမိုး ရွာ၊ အခြံအရံ ရဟန်း ၅၀၀နှင့် ကြွ။

ဖွားရာခန်း၌ လဲလျောင်းစဉ်ပင် ပြင်းထန်သော သွေးသွန်သော ဝေဒနာဖြစ်၊ ညီတော် အရှင်စုန္ဒ မထေရ် အမှူးပြုကာ မရပ်မနား သူနာပြုကြ၊ စတုမဟာရာဇ်နတ်မင်းကြီး ၄ပါး၊ သိကြားမင်းနှင့် နောက်ဆုံး မဟာဗြဟ္မာမင်းတို့ လာကြ၊ မယ်တော်ကြီးက ထိုကိုယ်ရောင်ကိုယ်ဝါတို့ဖြင့် လာကြသူများအကြောင်းကို မထေရ်မြတ်ကြီး အားမေး၊ မယ်တော်ကြီးတို့ ကိုးကွယ်သော မဟာဗြဟ္မာကြီးများ အပါအဝင် လာခဲ့ကြသူများ အကြောင်းနှင့်တကွ မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အကျယ်ဟောပြသည်၏အဆုံး၌ မယ်တော်သည် သောတာပတ္တိဖိုလ်၌ တည်၊ အရှင်စုန္ဒမထေရ်ကို ထုခိုင်း၍ သီတင်းသုံးဖော်များကို သည်းခံတောင်းပန်စကား မိန့်၊ ရဟန်းများကလည်း ပြန်လည် တောင်းပန်ကန်တော့၊ တန်ဆောင်မုန်းလပြည့်နေ့ မိုးသောက်လင်း အားကြီးတွင် ပရိနိဗ္ဗာန်ဝင်စံ။

မယ်တော်ကြီးက ရွှေပြာသာဒ် ၅၀၀၊ ရွှေမဏ္ဍပ် ၅၀၀နှင့် သိကြားမင်းစေခိုင်းသဖြင့် ဝိသကြုံ နတ်သား ဖန်ဆင်းသော ရွှေပြာသာဒ် ၅၀၀၊ ရွှေမဏ္ဍပ် ၅၀၀တို့ဖြင့် လူနတ်အပေါင်း ၇ရက်ပတ်လုံး သာခုကီဠနသဘင် ဆင်ယင်၊ အရှင်စုန္ဒမထေရ်သည် ဓါတ်တော်များကို ရေစစ်၌ထည့်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင်အား ထိုဓါတ်တော်များနှင့် မထေရ်မြတ်၏ သပိတ်သင်္ကန်းတို့ကို ဆက်ကပ်၊ ဘုရားရှင် ဂါထာများစွာဖြင့် အရှင်သာရိပုတ္တရာ၏ ဂုဏ်တော်များကို ချီးကျူးတော်မူ၊ အရိုးဓါတ်တို့ကို သာဝတ္ထိပြည်၌ စေတီတည်စေ၏။

ဘုရားရှင်သည် သည့်နောက် ရာဇဂြိုဟ်ပြည်သို့ကြွ၊ အရှင်မဟာမောဂ္ဂလ္လာန်သည် ထိုအချိန်၌ ရာဇဂြိုဟ်ပြည် ဣသိဂိလိတောင်ယံ ကာဠသိလာကျောက်ဖျာ၌ သီတင်းသုံးနေ၊ အရှင်မြတ်သည် နတ်ပြည်၊ ငရဲပြည်တို့၌ နေ့သန့်တော်မူ၍ မြင်တွေ့ခဲ့ရသောသူတို့အကြောင်းကို လူတို့အား ပြန်လည်ဟောပြော၊ လူတို့ သာသနာတော်ကို ကြည်ညိုကြ၍ သာသနာတော်ကြီးမှာ စည်ပင်သလောက် တိတ္ထိတို့မှာ ပူဇော်သက္ကာယ လျော့၊ တိတ္ထိထို့သည် သမဏဂုတ္တကမည်သော ခါးပြဗိုလ်အား ငွေပေး၍ အရှင်မြတ်ကို သတ်စေ၊ ဖြရက်တိုင် တန်ခိုးတော်ဖြင့် ကောင်းကင်ပျံ၍ တိမ်းရှောင်။

၇ရက် မြောက်သောနေ့ဖြစ်သော တန်ဆောင်မုန်းလကွယ်နေ့၌ကား အပရာပရိယ- ရှေးကပြုခဲ့ သော အကုသိုလ်ကံ အကျိုးပေးရန် အခွင့်ရပြီဖြစ်ကြောင်း မထေရ်မြတ်သိ၊ မရှောင်တိမ်းနိုင်တော့ပဲ လူဆိုး ခါးပြတို့သည် ဖမ်းယူ၍ အရိုးတို့ကို မှုန့်မှုန့်ညက်ညက် ကြေစေသော - ပလာလပီဋ္ဌိက ကမ္မကရဏ မည်သော ညှဉ်းပန်းနှိပ်စက်မှုပြု ရိုက်နှက်ကြပြီး သေပြီထင်ကာ ချုံထခုပေါ်၌ ပစ်တင်ခဲ့၊ မထေရ်မြတ် သတိရ၍ အဘိညာဉ်ဖြင့် ကိုယ်တော်ကို ခိုင်မတ်စေပြီး ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံ ကြွရောက်၍ ပရိနိဗ္ဗာန်ပြုရန် ခွင့်တောင်း၊ အရှင်သာရိပုတ္တရာကဲ့သို့ပင် တန်ခိုးပြ၍ တရားဟောကာ ကျောက်ဖျာရှိရာသို့ ပြန်ကြွ၍

ပရိနိဗ္ဗာန်ပြု ဘုရားရှင်ကြွရောက်၍ ဖုတ်ကြည်းသင်္ဂြိုဟ်မှု စီမံပြု စန္ဒကူးပုံထက် သင်္ဂြိုဟ်စဉ် ထယူဇနာ ဝန်းကျင်၌ ပန်းမိုးရွာ၊ နတ်လူတို့ သာခုကီဠနသဘင်ကို ၇ရက်တိုင် ဆင်ယင်ကျင်းပ၍ ဝေဠုဝန်ကျောင်း တံခါးမုခ်၌ ဓါတုစေတီတည်၏။

၄ အရှင်မဟာကဿပ - ခုတဂုဏ်/ခုတင်အကျင့်၊ ခုတဝါဒဂုဏ်/ခုတင်အကျင့်ကိုဟောခြင်း၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) (ရှေး၌ နေဖူးသောခန္ဓာ အစဉ်ကို အောက်မေ့နိုင်သောအရာတွင် ဧတဒဂ်ရသော ဘဒ္ဒါကာပိလာနီထေရ်ရီမသည် အရှင်မြတ်ကြီးနှင့် အတူ ပါရမီဖြည့်ဖက်ဖြစ်သဖြင့် ထိုထေရ်ရီမ၏ အတိတ်ပါရမီဖြည့်ကျင့်စဉ်အချို့ပါ ဤ၌ ပါဝင်သည်။)

လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရာဘုရားရှင် ပွင့်တော်မူလာသော် အရှင်မြတ်အလောင်း သည် ဟံသာဝတီပြည်တွင် ကုဋေ ၈ဝ ကြွယ်ဝသော ဝေဒေဟသူကြွယ် ဖြစ်၊ တနေ့တွင် ဘုရားရှင်သည် ရဟန်းတပါးအား ခုတင်ဆောင်ဧတဒဂ်ဖြင့် ချီးမြှင့်သည်ကို တွေ့၊ ဤသည်ကို အားကျကာ ဘုရားအမှူးပြု သော သံဃာတော်တို့ အား ၇ရက်ကြာ ကြီးစွာသော အလှူကြီးပေး၍ ထိုဆုကိုပန်ဆင်ကာ ဗျာဒိတ်ရခဲ့။

၉၁ကမ္ဘာထက် ဝိပဿီဘုရားရှင်လက်ထက်တွင် မထင်မရှား ပစ္စည်းနွမ်းပါးသော ပုဏ္ဏားမျိုး၌ဖြစ်၊ ထို ပုဏ္ဏားနှင့် ပုဏ္ဏေးမတို့၌ အပေါ်ရုံအဝတ် တထည်တည်းသာရှိ၍ ဧကသာဋကပုဏ္ဏား - အဝတ်တထည် သာရှိသောပုဏ္ဏားဟုတွင်၊ ဘုရားရှင် ဗန္ဓုမတီပြည်တွင် တရားဟောသော် နေ့တွင် ပုဏ္ဏေးမကြီးက ထိုအပေါ်ရုံဖြင့် တရားနာ၊ ညကျမှ ပုဏ္ဏားကြီးတရားနာ၊ ဘုရားရှင့် တရားတော်ကို နှစ်သက်လှသဖြင့် ထိုအပေါ်ရုံကိုလှူလို၊ မစ္ဆရိယစိတ်ကြောင့် မိုးသောက်ယံရောက်မှ လှူနိုင်၊ ငါအောင်ပြီဟု ကြွေးကြော်၊ ဗန္ဓုမ မင်းကြီးက မေး၍ အကြောင်းပြောပြ၊ မင်းကြီးက ဝတ်စုံတစုံ ပေး၊ ဘုရားရှင်အား လှူ၊ ၂ဆ ၂ဆ ပေးစေ၊ ဘုရားရှင်အားသာ လှူ၊ ၃၂စုံ ပေးသောအခါ မိမိနှင့် ပုဏ္ဏေးမကြီးအတွက် ၂စုံယူထားကာ ကျန်အစုံ ၃ဝကို ဘုရားရှင်အားလှူ၊ ထနေ့ ထိုဝတ်စုံဖြင့် တရားနာနေစဉ် မင်းကြီးက မိမိခြုံသည့် အဖိုးထသိန်းထိုက်သော ကမ္ဗလာနီကို ပေး၊ ဘုရားရှင်အား ဗိတာန် မျက်နှာကြက် ဖြန့်ကြက်၍လှူ၊ မင်းကြီးက သဒ္ဓါကြည်ညိုပြီး ပုဏ္ဏားကြီးအား လူ့အသုံးအဆောင်ဟူသမျှ အလုံးစုံကို ၆၄ခုစီ ၆၄ခုစီ ဟုခေါ်သော သဗ္ဗဋ္ဌကအလှူပေး၊ ပုရောဟိတ်ရာတူးလည်း ပေး၊ ပုဏ္ဏားကြီးသည် အသက်ထက်ဆုံး စာရေးတံဆွမ်း ၆၄ အုပ် ပေးလှူ။

ဤကမ္ဘာ၌ ကောဏာဂုံဘုရားရှင်နှင့် ကဿပဘုရားရှင် ၂ဆူတို့၏ အကြားကာလဝယ် ဗာရာဏသီ ပြည်၌ သူကြွယ်မျိုး၌ ဖြစ်ကာ အရှင်ပစ္စေကဗုဒ္ဓါတပါး သင်္ကန်းချုပ်ရာတွင် အနားပတ်မလောက်သည်ကို တွေ့၊ မိမိအဝတ်ကို လှူ၍ ဖြစ်ရာဘဝတို့၌ တစုံတခုသော အသုံးအဆောင်မှုဖြင့် မယုတ်လျော့ရကြောင်း ဆုတောင်းခဲ့၊ အိမ်၌ သူ၏ မယားနှင့် နမတို့ ငြင်းခုံမှုဖြစ်၊ ဆွမ်းခံကြွလာသော အရှင်ပစ္စေကဗုဒ္ဓါတပါးအား နမက ဆွမ်းလောင်းလှူပြီး ဤသို့ သဘောရှိသော အမိုက်မကို ယူဇနာ ၁ဝဝကပင် ရှောင်ကြဉ်ရပါလို၏ဟု ဆုတောင်းသံကို မယားကကြား၊ အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ကို မယားကယူကာ ဆွမ်းများသွန်ပစ်၍ ရွှံ့ညွန်များ အပြည့်ထည့်ပေးလိုက်၊ နမက ငါ့ကိုဆဲလိုက ဆဲပါတော့၊ ၂သချေ်နှင့် ကမ္ဘာတသိန်း ပါရမီ

ဖြည့်ဆည်းပြီးသော အရှင်ပစ္စေကဗုဒ္ဓါ၏ဆွမ်းကို ဤသို့ ပြုခြင်းသည် မသင့်လျော်ချေဟု ဆိုးမ၊ မယားက သပိတ်ကိုပြန်ယူကာ ဆေးကြော၍ နံ့သာမှုန့်ဖြင့် ပွတ်သပ်၊ စတုမဓုအပြည့်ထည့်၍ ထလက်လက် အရောင်ထွက်သောထောပတ်ကို အပေါ်မှ လောင်းကာ ဤဆွမ်းအရောင် ပြိုးပြက်ထွက်သကဲ့သို့ သူမ၏ ကိုယ်ခန္ဓာသည်လည်း အရောင်တလက်လက် ထွက်ပါကြောင်းဆုတောင်း။

ကဿပဘုရားရှင် ပွင့်တော်မူသောအခါ သူကြွယ်သည် ဗာရာဏသီပြည်၌ ကုဋေ ၈၀ ကြွယ်ဝသော သူဌေးသားဖြစ်လာ၊ သူကြွယ်မယားသည်လည်း အခြားသူဌေးတဦး၏ သမီးဖြစ်လာ၊ အရွယ်ရောက်သော် သူဌေးသားအိမ်သို့ ဆောင်၊ သူဌေးသားအိမ်သို့ ဝင်မိလျှင်ပင် ရှေးကပြုခဲ့သော အကျိုးမပေးရသေးသည့် အကုသိုလ်ကံကြောင့် သူဌေးသမီး၏ကိုယ်မှ မကောင်းသောအပုပ်နံ့ တထောင်းထောင်းထွက်၊ သူမအိမ်သို့ ပြန်ပို့၊ ဤသို့ မကောင်းသောကိုယ်နံ့ကြောင့် မိဖအိမ်သို့ ပြန်ပို့ခံရမှု ၇ဌာနတိုင်ဖြစ်၊ ထိုစဉ် ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်၊ လူတို့သည် တယူဇနာမြင့်သော ရွှေစေတီတော်ကြီးကို အဖိုးတသိန်းတန် ရွှေဖလီနံအုတ် တို့ဖြင့် တည်ထားနေကြ၊ ထိုရွှေစေတီကြီး၌ သူဌေးသမီးသည် မိမိ၏အဖြစ်ကို ကြံထွေးမိပြီး မိမိ၏ ကိုယ်အဆင်းတန်ဆာကို ထုခွဲပြီး အလျားတတောင် အနံတထွာ ထုလက်လေးသစ် ရွှေအုတ်တချပ်ကို သွန်းလုပ်လှူဒါန်းပြီး မိမိကိုယ်မှ စန္ဒကူးနံ့ ခံတွင်းမှ ကြာနံ့ သင်းပျံ့ကြိုင်လှိုင်ပါစေကြောင်း ဆုတောင်းခဲ့၊ ထိုခဏ၌ပင် သူဌေးသမီး ပဌမဦးဆုံး အပို့ခံရသော သူဌေးသားသည် သူမကို သတိရအောက်မေ့၍ ခေါ်စေ၊ သူဌေးသားအိမ်သို့ ရောက်လျှင်ပင် သူဌေးသမီး၏ ကိုယ်မှ မွှေးရနံ့တို့ တအိမ်လုံး ကြိုင်လှိုင်၊ သူဌေးသားက အကြောင်းမေး၊ အကြောင်းစုံသိရသောအခါ သူဌေးသားသည် ဘုရားသာသနာသည် သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်တတ်ပေစွဟု သဒ္ဓါဖြစ်၊ တယူဇနာရှိ ရွှေစေတီတဆူလုံးကို ၁၂တောင်ခန့် တွဲလျားကျနေသော ရွှေကြာရိုး၊ ရွှေကြာလက်တို့နှင့် လှည်းဘီးပမာဏရှိသော ရွှေပဒုမ္မာကြာတို့ဖြင့် ထိုထိုနေရာတို့၌ ခြယ်စီထား အပ်သော ကမ္ဗလာသင်တိုင်းဖြင့် ပတ်ခြုံပူဇော်ခဲ့။

ထိုဘဝထို့မှ နတ်ပြည်သို့ ရောက်ကြပြီး ထိုမှတဖန် သူဌေးသားသည် ဗာရာဏသီပြည်မှ တယူဇနာဝေးသောအရပ်၌ အမတ်မျိုး၌ ဖြစ်၊ သူဌေးသမီးကမူ ဗာရာဏသီပြည်နန်းတော်၌ မင်းသမီး အကြီးဆုံးဖြစ်လာ၊ အမတ်သား နန္ဒနေရာ၌ ပွဲသဘင်ဖြစ်၊ မိခင်တံ အဝတ်တောင်း၊ ကြမ်းတမ်း၏ နူးညံ့သောအဝတ်ကို ရှာမည်ဟုဆိုကာ ဗာရာဏသီပြည်သို့ ထွက်လာ၊ မင်းဥယျာဉ်ထွင်း မင်္ဂလာကျောက်ဖျာ ထက်၌ ဦးခေါင်းပါခြုံလျက် လျောင်းစက်နေ၊ ထိုနေ့သည် မင်းကြီးနတ်ရွာစံ၍ ၇ရက်ရှိကာ မင်းကြီး၌ သမီးတော်သာရှိပြီး သားတော်မရှိ၍ မင်းလောင်းရှာ ရထားဖြစ်သော ဖုဿရထားလွှတ်၊ နန္ဒလုလင် လျောင်း နေရာ၌ ဖုဿရထားရပ်၊ မင်းသမီးကိုဆောင်ပြီး မင်းအဖြစ် တင်မြှောက်၊ ဝတ်လဲတော်များဆက်ရာ နူးညံ့ သောဝတ်လဲတော်များ မဟုတ်ကြ၊ ရွှေကရားမှ ရေတို့ကို အရပ် ၄မျက်နှာတို့၌ မြှောက်ကြဖြန့်သွန်းသော် တမျက်နှာ၌ ပဒေသာပင် ၈ပင်စီ ပေါင်း ၃၂ပင် ပေါက်လာ၊ နန္ဒမင်းသည် နတ်၌ဖြစ်သော ဝတ်လဲတော်ကို ဝတ်ရုံသုံးဆောင်၊ တိုင်းပြည်၌လည်း ဗိုင်းငင်ချည်ငင်မှု မပြုရန် စည်လည်စေ။

ကာလကြာသော် မိဖုယားကြီးက အသင်မင်းကြီး၏ကောင်းမှုသည် ကြီးကျယ်လှ၏၊ အနာဂတ်ကာလအတွက် ကောင်းမှုမပြုရသေးဟု သတိပေး၊ သီလရှိသော အလှူခံပုဂ္ဂိုလ် ပင့်ဆောင်ပေးပါမည်ဟု လျှောက်၊ မြို့ အရှေ့တံခါးဝယ် လှူဖွယ်ဝတ္ထုများ စီရင်၍ မိဖုယားကြီးသည် ဥပုသ်ကျင့်သုံးကာ ရင်ဖြင့်ဝပ်တွားလျက် အရှေ့ အရပ်၌ ရဟန္တာအရှင်သခင်တို့ ရှိပါလျှင် ဆွမ်းအလှူခံပါရန် ပင့်၊ မရှိသဖြင့် မကြွကြ၊ ဖုန်းတောင်းယာစကာတို့ကိုသာ ပေးလှူ၊ အနောက်နှင့် တောင်အရပ်တို့မှလည်း မကြွကြ၊ မြောက်အရပ်မှ ဟိမဝန္တာ၌နေကြသော၊ ဥပ္ပလဝဏ်ထေရီမကြီး၏အလောင်းဖြစ်သော ပဒုမဝတီမိဖုယားကြီး၏ သားတော်များဖြစ်သော ပစ္စေကဗုဒ္ဓါ ၅၀၀တို့ ကြွလာကြ၊ ဆွမ်း ဆက်ကပ်ကြ၊ မင်းဥယျာဉ်၌ သီတင်းသုံးရန် လျှောက်၊ ပစ္စေကဗုဒ္ဓါတို့ မင်းဥယျာဉ်၌ သီတင်းသုံးကြ၊ မင်းကြီးက ပစ္စည်း ၄ပါးဖြင့် ထောက်ပံ့ပြုစု၊ ကာလကြာသော် တိုင်းစွန်ပြည်နား၌ လူပ်ရှားသောင်းကျန်း၊ မင်းကြီးထွက်၍ နှိမ်နင်း၊ မိဖုယားကြီးက ပစ္စေကဗုဒ္ဓါများကို ဆည်းကပ်ပြုစု၊ ရက်အတန်ကြာသော် ပစ္စေကဗုဒ္ဓါ ၅၀၀လုံး အာယုသင်္ခါရ- ဇီဝိတသင်္ခါရ်န် အစဉ်ကုန်ကြ၍ ပရိနိဗ္ဗာန်စံဝင်ကြ၊ မိဖုယားကြီးဦးဆောင်၍ မြို့သူမြို့သားတို့ သရီရဓာတ်ပူဇော်ကြပြီး ဓါတ်တော်များကို စေတီတည်ကြ၊ မင်းကြီးပြန်လာသော် အကြောင်းစုံသိ၊ သံဝေဂ ရ၊ မင်းကြီးရော မိဖုယားကြီးပါ ဥယျာဉ်တွင်း၌ ရသေ့ရဟန်းပြု စျာန်သမာပတ် ဖြစ်စေကြ၊ ၂ဦးလုံး စုတေသော် ဗြဟ္မာ့ပြည်သို့ လားကြ။

နောက်ဆုံးဘဝ၌ အရှင်မဟာကဿပအလောင်းသည် မဂဓတိုင်း မဟာတိတ္ထပုဏ္ဏားရွာဝယ် ကပိလပုဏ္ဏားသူဌေးကတော်ကြီးဝမ်း၌ ဖြစ်၊ ပိပ္ပလိလုလင်ဟု တွင်၊ အရှင်မဘဒ္ဒါကာပိလာနီအလောင်းသည် မဒ္ဒတိုင်း သာဂလမြို့ ကောသိယပုဏ္ဏားသူဌေးကတော်ကြီး၏ ဝမ်း၌ဖြစ်၊ အရွယ်ရောက်သော် ပိပ္ပလိလုလင်သည် မိဖတို့ တိုက်တွန်းဖန်များသဖြင့် အိမ်ယာမထောင်လိုသော်လည်း ရွှေစင်ရုပ်တုထု၍ အရှာခိုင်းစေ၊ ဘဒ္ဒါကာပိလာနီကို တွေ့၊ ၂ဦးလုံးသည် အိမ်ယာမထောင်လိုကြသဖြင့် ဇာတ်အနွယ်တူ ဥစ္စာတူကို ရှာပါရန်၊ တောတွက်၍ ရဟန်းပြုမည့်သူ ဖြစ်၊ နောင်နလုံးမသာယာ မဖြစ်ပါစေလင့်ဟု သဝဏ်လွှာပါးကြ၊ သဝဏ်လွှာဆောင်သူတို့ လမ်းတွင်ဆုံ၊ ၂ဖွဲ့ သဘောတူ ဖွင့်ဖေါက်၍ ဖတ်၊ သဝဏ်လွှာများ ပြောင်းရေးကြသဖြင့် အလိုမရှိကြပါပဲ ထိမ်းမြားမင်္ဂလာပြု၊ ပန်းကုံးညှိုးသောဖက်မှ ရာဂစိတ်ဖြစ်သည်ဟု အသိအမှတ်ပြုစတမ်းဟု မောင်နှမသဖွယ်နေကြရာ ပန်းကုံးများ မညှိုးကြ၊ စည်းစိမ်ဥစ္စာ လယ်ယာပစ္စည်း လွန်စွာ ကြီးမားများပြား။

မိဖများ လွန်သော် ပိပ္ပလိသူဌေးကြီးသည် လယ်ထွန်ရာသို့ ရောက်သော် ထွန်ယက်ရာမှ တီကောင်ပိုး ကောင်တို့ကို ကျီးငှက်တို့ ထိုးဆိတ်စားသောက်သည်ကို မြင်၊ သူဌေးကြီးကမေးသဖြင့် ဤအကုသိုလ်သည် သူ၏ အကုသိုလ်ဖြစ်ကြောင်းပြောကြ၍ သံဝေဂကြီးစွာ ရ၊ ရဟန်းပြုအံ့ဟု အကြံ ဖြစ်၊ သူဌေးကတော်သည်လည်း အိမ်၌ နှမ်းများ ဖြန့်၍နေလှမ်းစဉ် နှမ်းပိုးတို့ကို ကျီးငှက်တို့ ဆိတ်ဆွစားသောက်ကြသည်ကို မြင်၊ သူဌေးကြီးအတိုင်း ရဟန်းပြုလိုစိတ် ဖြစ်၊ 'လောက၌ ပူဇော်အထူးကို ခံထိုက်သော ရဟန္တာသခင် အရှင်မြတ်ကို ရည်စူး၍ အကျွန်ုပ်တို့ ရဟန်းပြုခြင်း ဖြစ်ပါသည်။' ဟု နှုတ်မြွက်၍ ရဟန်းပြုကြ။

ကျေးကျွန်တို့ ငိုကြွေးမြည်တမ်းစဉ် ထွက်ခွာလာကြ၊ လမ်းခုလတ်ခုသို့ရောက်သော် မာတုဂါမသည် ရဟန်းအဖို့ရာ အညစ်အကြေးဖြစ်သည်၊ မလျော်ကပ်ပတ်ဟု ဆိုကာ လမ်းခွဲကြ၊ မြေကြီး တုန်လှုပ်၊ ပဲ့တင်သံ မြည်ဟည်း၊ မိုးကြိုး ထစ်ကြုံး၊ ဘုရားရှင် သိတော်မူ၊ ၃ဂါဝုတ်တိုင် ခရီးကြို၍ ရာဇဂြိုဟ်ပြည်နှင့် နာလန္ဒမြို့အကြား ပညောင်ပင်ရင်း၌ ရောင်ခြည်တော် ၆ပါးကိုလွှတ်၍ ဘုရားအသရေတော်ဖြင့် နေနှင့် တော်မူ၊ တပည့်အဖြစ် ခံယူ၊ ဘုရားရှင်သည် ဩဝါဒပဋိဂ္ဂဟဏ ဥပသမ္ပဒါ - ဩဝါ ဒ ၃ပါးပေးခြင်းဖြင့် ရဟန်းခံခြင်းဖြင့် အရှင်မဟာကဿပသည် ရဟန်းဖြစ်တော်မူ၊ အပြန်ခရီးတွင် လမ်း၌ ဒုကုဋ် - နှစ်ထပ် သင်္ကန်းချင်းလဲ၊ မြေကြီး ပြင်းစွာတုန်လှုပ်၊ ခုတင်အကျင့်ကို ခံယူဆောက်တည်ပြီး ရဟန်းတရား အားထုတ်ရာ ၇ရက်မျှဖြင့် ပဋိသမ္ဘိဒါပတ္တ ၄ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၊ ခုတင်ပဋိပတ် ဧတဒဂ်ဖြင့် ချီးမြှောက်ခံရသည်။

၅ အရှင်အနုရုဒ္ဓါ - ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူစဉ် မထင်ရှားသော သူကြွယ်တဦး ဖြစ်၊ ဘုရားရှင်သည် ရဟန်းတပါးအား ဒိဗ္ဗစက္ခုအဘိညာဉ်အရာ ဧတဒဂ်ပေးသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက်အလှူကြီးပေး၍ တိုဆုပန်ကာ ဗျာဒိတ်ရခဲ့၊ ဘုရားရှင်ပရိနိဗ္ဗာန်စံသော် ၇ယူဇနာရှိ ရွှေစေတီကြီးအား ရဟန်းသံဃာများ၏ ဩဝါ ဒအရ ဒိဗ္ဗစက္ခုအဘိညာဉ်၏ အကြောင်းကောင်းမှုဖြစ်သော ဆီမီးအလှူကို ကြီးစွာပြု၊ ဆီမီးတိုင် တထောင်ပါ ဆီမီးတိုင် သစ်ပင်ကြီး ပေါင်းတထောင်၊ ဆီမီးတိုင်သစ်ပင်ပေါင်း အလတ်၊ အငယ်ပေါင်း များစွာ၊ အခြားဆီမီးများစွာကိုလည်း ရွှေစေတီကြီးအား လှူခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည်၌ သူကြွယ်ဖြစ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံ၍ တယူဇနာစေတီတော်ကြီး တည်ပြီးလတ်သော် ရွှေခွက်များထဲ၌ ထောပတ် ကြည်၊ တင်လဲခဲဖြင့် ဆီမီးထွန်းညှိ၍ ရွှေခွက်အနားရေးချင်းထိလျက် စေတီပတ်ဝန်းကျင်၌ ပူဇော်၊ မိမိ၏ ခေါင်းပေါ်တွင်လည်း ကြီးမားသော ဆီမီးခွက်တွင် ထောပတ်ဆီထည့်၍ ပုဆိုးကြမ်းမီးဇာဖြင့် မီးထွန်းညှိ၍ ရွက်ကာ ညဉ့် ၃ယံ ပတ်လုံး စေတီတော်ကြီးကို လှည့်လည်ပူဇော်ခဲ့။

အကျွန်ုပ်တို့၏ ဂေါတမဘုရားရှင် မပွင့်ပေါ်မီ ဗာရာဏသီပြည်၌ပင် သူဆင်းရဲမျိုး၌ ဖြစ်၍ နေ့တိုင်း အိမ်တံခါးဝ၌ အလှူကြီးပေးသော သုမနသူဌေးကြီးကိုမှီကာ နေရ၊ အန္နဘာရဟု ခေါ်၊ ဂန္ဓမာဒနတောင်၌ သီတင်းသုံးတော်မူသော ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်သူမြတ်သည် နိရောဓသမာပတ်မှ ထပြီး အန္နဘာရ သူဆင်းရဲကို ချီးမြှောက်ရန် သူ၏အိမ်သို့ ဆွမ်းခံကြွ၊ လင်မယား ၂ဦးစလုံး မိမိအဖို့ဆွမ်းများကို အရှင်ပစ္စေကဗုဒ္ဓါအား လှူ၍ အန္နဘာရသည် ဤသို့ ဆင်းရဲစွာ အသက်မွေးရခြင်းမှ လျင်မြန်စွာ လွတ် မြောက်ရပါလို၏ဟု ဆုတောင်း၊ အန္နဘာရသည် မိမိအပေါ်ရုံကို ခင်း၍ ပစ္စေကဗုဒ္ဓါသည် တိုအခင်း၌တိုင်၍ ဆွမ်းဘုဉ်းပေးပြီး ဆုပေးကာ ပြန်ကြွ၊ ထိုအလှူကို သူဌေးကြီး၏ ထီးချက်စောင့်နတ်သမီးက ကောင်းကြီးပေး၊

ထိုအသံကို သူဌေးကြီးကကြား၍ မေး၊ အကြောင်းသိသော် သူဌေးကြီးက အသပြာတကျပ်မှစ၍ တထောင်ထိ တက်ပေးကာ ကောင်းမှုအဖို့ကို ပေးဝေစေ၊ အန္နဘာရသည် ဤအကြောင်းကို ပစ္စေကဗုဒ္ဓါအား လိုက်၍ မေးကာ ကောင်းမှုအဖို့ပေးကောင်းကြောင်း သိ၊ အမျှပေး၊ သူဌေးကြီးက အိမ်ဆောက်၍ နေစေ၊ သူဌေးကြီး က အန္နဘာရခေါ်၍ မင်းကြီးထံခစားရာ အကြောင်းစုံသိရသဖြင့် မင်းကြီးကလည်း တထောင်ထပ်ပေး၊ မင်းချင်းများကို အန္နဘာရအတွက် အိမ်ရှာစေ၊ နေရာကောင်း တွေ့၍ သုတ်သင်ကြသော် ရတနာရွှေအိုးတို့ လည်ပင်းချင်းထိလျက် ပေါ်လာ၊ မင်းကြီးသိသော် တူးဖေါ်စေသော် ရတနာရွှေအိုးတို့သည် သက်၍သက်၍ သွား၊ မင်းကြီးကိုလျှောက်သော် အန္နဘာရ၏သာလျှင် ဖြစ်သည်ဟု တူးစေ၊ တူးတိုင်း ရတနာရွှေအိုးတို့သည် အပြိုင်းအပြိုင်း ပေါ်လာ၊ သူဌေးရာထူးပေးကာ မဟာဓနသေဋ္ဌိ မင်းအသုံးတော်ခံ သူဌေးကြီး ဖြစ်လာ။

နောက်ဆုံးဘဝ၌ ဘုရားရှင်၏ ဘထွေးတော် သက္ကောဒနသာကီဝင်မင်း၏ နန်းအိမ်ဝယ် ဖြစ်၊ အနုရုဒ္ဓါဟုတွင်၊ မဟာနာမသာကီဝင်မင်း၏ ညီဖြစ်ကာ အလွန်ဘုန်းကြီးသူဖြစ်၊ ဘုရားရှင် ကပိလဝတ် ပြည်သို့ ပဌမဦးဆုံးကြွစဉ် အရှင်ဘဒ္ဒိယ၊ အရှင်အာနန္ဒာ၊ အရှင်ဒေဝဒတ်စသော သာကီဝင်မင်းသား ၅ဦး၊ ဥပါလိဆတ္တာသည်တို့နှင့်တကွ ရဟန်းပြု၊ ပဌမဝါ၌ပင် စကြဝဠာ တိုက်ပေါင်း တထောင်ကိုမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ရ၊ နောင်နှစ် ဝါတွင်း၌ ရဟန္တာဖြစ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို အလေ့အကျက် အားသန် သောကြောင့် ဤဧတဒဂ် ရ။

ပရိနိဗ္ဗာန်စံခြင်း (အနုရုဒ္ဓတ္ထေရဂါထာ၊ ဝီသတိနိပါတ်၊ ထေရာဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - အရှင်မြတ် ရွတ်ဆိုသော ဂါထာများအနက်မှ တပုဒ် ဖြစ်သည်။

'ဝဇ္ဇီတိုင်းသားတို့၏ ဝါးတောရွာ ဝါးချုံအောက်၌ ပရိနိဗ္ဗာန် ပြုလတ္တံ့။'

၆ အရှင်ဘဒ္ဒိယ - မြတ်သောအမျိုး၌ ဖြစ်သော (ကာဠိဂေါဓါသာကီဝင်မင်းသမီး၏သား)၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းတက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူစဉ် ပစ္စည်းပေါများသော မဟာဘောဂ သူဌေးသားတဦး ဖြစ်၊ တနေ့တွင် ဘုရားရှင်သည် ရဟန်း တပါးအား မြတ်သောအမျိုးအရာ၌ ဧတဒဂ်ဘွဲ့ဖြင့် ချီးမြှင့်သည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက်အလှူကြီးပေး၍ ထိုဆုပန်ကာ ဗျာဒိတ်ရခဲ့၊ ဗျာဒိတ်ရပြီးနောက် <u>မြတ်သောအမျိုး၌ ဖြစ်ကြောင်း ၅ပါးသော ကောင်းမှုကုသိုလ်များ (၄င်း - ကို ကြည့်ပါ ။) ပြုခဲ့။</u>

ဤကမ္ဘာဝယ် ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်အကြားကာလ ဗာရာဏသီပြည်၌ သူကြွယ် တဦးဖြစ်၊ ဂင်္ဂါမြစ်ကမ်း၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ဆွမ်းဘုဉ်းပေးရာ၌ ကျောက်ဖျာကြီး စချပ်ခင်းလှူ၍ အသက်ထက်ဆုံး ပစ္စေကဗုဒ္ဓါများအား အသက်တက်ဆုံး ပြုစုလုပ်ကျွေး။

နောက်ဆုံးဘဝတွင် သာကီဝင်မျိုး၌ဖြစ်ကာ သာကီဝင်မင်းသား ၅ပါး၊ ဥပါလိဆတ္တာသည်တို့နှင့် အတူ ရဟန်းပြုကာ ထိုနှစ် ဝါတွင်း၌ပင် ရဟန္တာဖြစ်၊ ဆုတောင်း၍ ပါရမီဖြည့်ခဲ့သည့်အတိုင်း ဤဧတဒဂ်ရ၊ တနည်းအားဖြင့်လည်း ဘဝ ၅၀၀ဆက်၍ မင်းဖြစ်ခဲ့၍လည်း ရခြင်းဖြစ်။

၇ အရှင်လကုဏ္ဍကဘဒ္ဒိယ - သာယာသောအသံရှိသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူစဉ် ဟံသာဝတီမင်းနေပြည်၌ မဟာဘောဂ သူဌေးသားတဦး ဖြစ်၊ ဘုရားရှင်သည် ရဟန်းတပါးအား အသံသာသောအရာတွင် အမြတ်ဆုံးဧတဒဂ်ဖြင့် ပေးအပ်တော်မူသည်ကိုတွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက်အလှူကြီး ပေး၍ တိုဆုပန်ကာ ဗျာဒိတ်ရခဲ့။

ဝိပဿီဘုရားရှင် ပွင့်တော်မူသောအခါ စိတ္တပတ္တခေါ်သော ဥသြငှက်ဖြစ်၍ ဘုရားရှင် ခေမမိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် မိမိကိုက်ချီယူလာသော သရက်သီးကို ဘုရားရှင်၏ သပိတ်တော်အတွင်းသို့ ချထားလောင်းလှူ၊ ၇ရက် အစာမရှာပဲ ထိုပီတိဖြင့်နေ၊ ဤကောင်းမှုကြောင့် အရှင်မြတ်၏ အသံတော်သည် လွန်စွာချိုမြိန်သာယာ။

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံသောအခါ တဆူတည်းသော ဓါတ်တော်ကို တဆူတည်းသော စေတီတော်ကြီးတည်ရန် စီမံတိုင်ပင်ကြ၊ ၇ယူဇနာ ပမာဏမှစ၍ တယူဇနာတိုင် တိုင်ပင်ကြ၊ အရှင်မြတ်၏ အလောင်းသည် လက်သမားဆရာကြီးဖြစ်ကာ ဆုံးဖြတ်စကားအနေဖြင့် နောင်ပြုပြင်လွယ်သောစေတီ တည်ဆောက်မှ သင့်တော်မည်ဆို၍ တမျက်နှာလျှင် တဂါဝုတ်ဖြင့် အဝန်းအဝိုင်း ၄ဂါဝုတ်= တယူဇနာရှိပြီး တယူဇနာအမြင့်ရှိသောစေတီကို တည်စေခြင်းဖြင့် မနှိုင်းယှဉ်နိုင်သော ဂုဏ်တော်ရှင်မြတ်စွာဘုရား၏ စေတီတော်တည်ရန်အတွက် အတိုင်းအရှည်ပမာဏကို ပြုလုပ်ပြောဆိုခဲ့၊ ဤမကောင်းမှုကြောင့် ဖြစ်ရာဘဝတို့၌ အခြားသူများအောက် ပုကွယုတ်လျော့သော ကိုယ်ခန္ဓာပမာဏရှိသူ ဖြစ်ရ၊

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည် မဟာဘောဂသူဌေးမျိုးဝယ် ဖြစ်၊ ဘဒ္ဒိယဟု ခေါ်၊ အရွယ်ရောက်သော် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင့်တရားတော်ကိုနာယူပြီးနောက် ရဟန်းပြု၊ သောတာပတ္တိဖိုလ် ရပြီးနောက် အရှင်သာရိပုတ္တရာ၏ တရားတော်ကိုနာယူပြီး ရဟန္တာဖြစ်၊ ဘုရားရှင်သည် အရှင်မြတ်၏ ဂုဏ်များကို ရဟန်းပရိသတ်ဝယ် ဥဒါန်းကျူးရင့်တော်မူသည်။ (အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်၏ ဂုဏ်ကျေးဇူးကို ဖေါ်ပြသော အချက် ၅ချက်ပါ ဥဒါန်းဂါထာကို ဘုရားရှင် ကျူးရင့်တော်မူသည်။) - တွင် ကြည့်ပါ၊ အသံတော် သာယာလှသဖြင့် ဆုတောင်းခဲ့သည့်အတိုင်း ဤဧတဒဂ်ဖြင့် ချီးမြှင့်ခံရ၊

၈ အရှင်ပိဏ္ဍောလဘာရဒွါဇ - ခြင်္သေ့ကဲ့သို့ ရဲရင့်စွာ ကြုံးဝါးမြွက်ဆိုသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူစဉ် အရှင်မြတ်အလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်၊ ဘုရားရှင်သည် ခြင်္သေ့နေရာ ဂူသို့ကြွ၍ ဂူတွင်းကောင်းကင်၌ ထက်ဝက်ဖွဲ့ခွေထိုင်၍ နိရောဓသမာပတ် ဝင်စားနေတော်မူကာ ကိုယ်တော်ရောင်များ ကွန့်မြူးတွက်ကြွနေ၊ ခြင်္သေ့သည် တောမှပန်းများကို ယူ၍ ဘုရားရှင် တိုင်နေတော်မူသောနေရာ အမြင့်တိုင်အောင် ခင်းလှူပူဇော်၊ ပန်းဟောင်းများ ပယ်၍ ပန်းသစ်များဖြင့် နေ့စဉ် ၇ရက်တိုင် ပန်းမွေ့ရာ ပန်းနေရာတော်ဖြင့် ပူဇော်ခဲ့၊ စုတေသော် ဟံသာဝတီပြည်၌ မဟာသာလသူဌေးမျိုး၌ ဖြစ်၊

ဘုရားရှင်သည် တနေ့တွင် ရဟန်းတပါးအား ရဲရင့်စွာ ကြုံးဝါးမြွက်ဆိုတတ်သောအရာတွင် ဧတဒဂ် ထားသည်ကိုတွေ့၊ အားကျကာ ၇ရက်တိုင် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီး ပေးလှူပြီး ထိုဆုပန်ကာ ဗျာဒိတ်ရခဲ့။

ယခုဘဝ၌ ရာဇဂြိုဟ်ပြည် ပုဏ္ဏားသူဌေးဖြစ်ကာ ဘာရဒွါဇဟုတွင်၊ ဗေဒင် ၃ရပ်ကို ကျွမ်းကျင်တတ် မြောက်ပြီး ပုဏ္ဏားလုလင် ၅၀၀၏ ဆရာဖြစ်၊ အစာထမင်းကို တောင့်တရာဖွေတတ်၍ ပိဏ္ဍောလဘာရဒွါဇဟု အမည်တွင်၊ နောင်သော် ပစ္စည်းဥစ္စာပျက်စီး၍ နွမ်းပါးလာ၊ ဘုရားရှင် ရာဇဂြိုဟ်ပြည်ရောက်သော် တရားနာ ယူ၍ ရဟန်းပြု၊ အိုးကင်းပမာဏရှိ သပိတ်ကြီးကိုဆောင်၊ ထိုသပိတ်အပြည့် ယာဂုကိုငင်း၊ ဆွမ်းကိုငင်း၊ ခဲဖွယ်မုန့်တို့ကိုငင်း ဘုဉ်းနိုင်၊ သို့ဖြစ်၍ အရှင်ပိဏ္ဍောလဘာရဒွါဇဟုပင် တွင်၊ ဘုရားရှင်သည် အရှင်မြတ်ကို သပိတ်အိတ် ခွင့်မပြု၊ ညောင်စောင်းအောင်၌ မှောက်၍ထားရကား ထိုသပိတ်ကြီးသည် သပိတ်အနား ပွန်းပဲ့ကုန်ခန်း၍ တခွက်ချက်ဆန့်သော သပိတ်အရွယ်သို့ရောက်၊ ထိုအခါမှ ဘုရားရှင် သပိတ်အိတ်ကို ခွင့်ပြု၊ နောင် ရဟန္တာဖြစ်သော် ကျောင်းတိုက် တတိုက်မှတထိုက်သို့ သံကောက်- သော့ကို ကိုင်ဆောင်၍ မဂ်ဖိုလ်တရား၌ သံသယရှိသောရဟန်းသည် အကျွန်ုပ်ကို မေးစေချင်ပါ၏ဟု ရဲရဲတောက်စကားဖြင့် လှည့်လည်၏၊ ဤသို့ မိမိ၏ အရဟတ္တဖိုလ်ကိုလည်း ရဲရဲတောက်ပြောကြားသဖြင့် ဤဧတဒဂ်ဖြင့် ချီးမြှောက်ခံရ။

၉ အရှင်ပုဏ္ဏ/မန္တာဏီပုတ္တ - တရားဟောတတ်သော/ဓမ္မကထိက၊

(ပဥ္စမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဝဂ္ဂဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) အရှင်မြတ်သည် အရှင် ကောဏ္ဍညမထေရ်မြတ်ကြီး၏ နမ မန္တာဏီပုဏ္ဏေးမ၏သားတော်ဖြစ်၍ မန္တာဏီပုတ္တပုဏ္ဏမထေရ်ဟု တွင်။

လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရာဘုရားရှင် မပွင့်ပေါ်မီကပင် အရှင်ပုဏ္ဏအလောင်းသည် ဟံသာဝတီပြည်၌ ပုဏ္ဏားသူဌေးမျိုးဝယ် ဖြစ်၊ ဂေါတမဟု ခေါ်၊ အရွယ်ရောက်သော် ဗေဒင် ၃ပုံ၌ ကျွမ်းကျင်ကာ တပည့် ၅၀၀ရှိ၊ ဗေဒင်၌ အနှစ်မရှိကြောင်း ဆင်ခြင်မိ၍ တောင်ခြေတခု၌ ရသေ့ရဟန်းပြု၊ တပည့်ရသေ့ပေါင်း တသောင်း ၈ထောင်ရှိ၊ ဆရာနှင့်တပည့် အားလုံးပင် လောကီအဘိညာဉ် ၅ပါး၊ လောကီ ဈာန်သမာပတ် ၈ပါးနှင့် ပြည့်စုံကြ၊ ပဒုမုတ္တရာဘုရားရှင် ပွင့်တော်မူလာသောအခါ ဂေါတမရသေ့နှင့် တပည့်ရသေ့များ၏ ဥပနိဿယကို မြင်တော်မူ၍ ဘုရားရှင် ရသေ့များနေရာသို့ တပါးတည်းကြွ၊ ရသေ့များ ဆက်ကပ်သော သစ်သီးဆွမ်းများ ဘုဉ်းပေး၊ ထို့နောက် အဂ္ဂသာဝက ၂ပါး အမှူးပြုသော ရဟန်းတသိန်းနှင့် ကြွလာစေ၊ ရသေ့များသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတသိန်းကို တောပန်း နေရာများ နေ့စဉ် ခင်း၍ငင်း၊ ဂေါတမရသေ့က ကြီးစွာသောပန်းထီးကို ဘုရားရှင်အားမိုး၍ငင်း ၇ရက်တိုင် ပူဇော်၊ အဆုံး၌ တရားဟောဓမ္မကထိကအရာ၌ ဧတဒဂ်ရသောရဟန်းသည် ဘုရားရှင် တိုက်တွန်းချက်အရ အနုမောဒနာ တရားဟောပြီး ဆက်၍ ဘုရားရှင် တရားဟောရာ ဆရာရသေ့ကို ထား၍ ရသေ့ တသောင်း ၈ထောင်လုံး

အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၊ ဂေါတမရသေ့သည် ထိုတရားဟောတတ်သော ဧတဒဂ်အရာကို ဆုပန်၍ ဗျာဒိတ် ရခဲ့။

ယခုနောက်ဆုံးဘဝ၌ ဂေါတမဘုရားရှင် ပွင့်တော်မူသောကာလ ကပိလဝတ်ပြည်အနီး ဒေါဏဝတ္ထု ပုဏ္ဏားရွာဝယ် ပုဏ္ဏားသူဌေးမျိုး၌ ဖြစ်၊ ပုဏ္ဏဟု ခေါ်တွင်၊ ဘုရားရှင်သည် ဓမ္မစကြာတရား ဟောအပြီး ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူနေစဉ် အရှင်ကောဏ္ဍညမထေရ်သည် ရွာသို့ ပြန်လာပြီးလျှင် တူဖြစ်သူပုဏ္ဏကို ရှင်ရဟန်းပြုပေး၊ တရားအားထုတ်နည်းကို ဟောပြီး ဘုရားရှင်ထံ ပြန်၍ ခွင့်ပန်ကာ အမြဲနေရန် ဆဒ္ဒန်အိုင်သို့ကြွ၊ အရှင်မန္တာဏီပုတ္တပုဏ္ဏမထေရ်သည် ရဟန်းကိစ္စပြီးမှ ဘုရားရှင်ကို ဖူးမည်ဟုကြံကာ နေရစ်ခဲ့။

မကြာမီပင် ရဟန္တာဖြစ်၊ တပည့်ရဟန်း ၅၀၀ရှိ၊ အရှင်မြတ်သည် ကထာဝတ္ထု ၁၀ပါး (ကထာဝတ္ထု ၁၀ပါး - ကို ကြည့်ပါ။) ကို ကိုယ်တိုင် လည်းကျင့်သုံး၍ တပည့်ရဟန်းတို့အားလည်း ဆုံးမ၍ ကျင့်သုံးစေ၊ တပည့်အားလုံးပင် ထိုအဆုံးအမ၌တည်ကာ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြ၊ ဘုရားရှင်အား ဖူးမြော်ရန် တပည့်များကို အရင်စေလွှတ်၊ တပည့်များက ဘုရားရှင် မေးမြန်းသဖြင့် ကထာဝတ္ထု ၁၀ပါးရလွယ်သော ရဟန်းသည် အရှင်မန္တာဏီပုတ္တပုဏ္ဏမထေရ် ဖြစ်ကြောင်းလျှောက်၊ ဘုရားရှင် သာဓုခေါ်တော်မူသည်ကို အရှင်သာရိပုတ္တရာကြား၍ အရှင်မန္တာဏီပုတ္တပုဏ္ဏကို လွန်စွာပင် တွေ့လို၊ နောင် အရှင်မြတ် ကပိလဝတ်ပြည်မှ ဘုရားရှင်ရှိရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ရောက်သော် အရှင်မြတ်ကြီး ၂ပါးသည် အန္ဓဝန်တောအုပ်တွင်း၌ ဆုံကြပြီး ဝိသုဒ္ဓိ ၇ပါး တရားအစဉ်ကို ရထား ၇စင်းဥပမာဖြင့် အရှင်သာရိပုတ္တရာ မေးတိုင်းမေးတိုင်းသောပြဿနာများကို ဖြေဆို၊ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ကြ၊ နောင်တွင် ဘုရားရှင်သည် တရားဟောတတ်သော အရာဝယ် ဧတဒဂ်ထားတော်မူသည်။

၁၀ အရှင်မဟာကစ္စာန/ကစ္စည်း - အကျဉ်းဟောသောတရားတော်၏အနက်ကို အကျယ်ဝေဖန်ဟောသော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူစဉ် သူကြွယ်တဦးဖြစ်၊ ဘုရားရှင်သည် ရဟန်းတော်များအား ဧတဒဂ်ဘွဲ့များဖြင့် ချီးမြှင့်သောပွဲတွင် ရဟန်းတပါးကို အကျဉ်းဟောထားသောတရားတော်ကို အကျယ်ဖွင့်ဟောတတ်သော ဧတဒဂ်ပေးအပ်သည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီးပေး၍ တိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင် ပွင့်ရာကာလ ရောက်လတ်သော် ဗာရာဏသီပြည်တွင် အမျိုးကောင်းအိမ်၌ဖြစ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံသော် အဖိုးတသိန်းတိုက်သော ရွှေအုတ်ဖြင့် ပူဇော်၍ ဖြစ်လေရာဘဝ၌ ရွှေအဆင်းရှိသောကိုယ် ဖြစ်ရပါလို၏ဟု ဆုပန်ခဲ့။

ဂေါတမဘုရားရှင် ပွင့်တော်မူရာကာလဝယ် ဥဇ္ဇေနီပြည်၌ ပုရောဟိတ်သား ဖြစ်လာ၊ ရွှေအဆင်းရှိ၍ ကဉ္စနသတို့သားဟု ခေါ်၊ အနွယ်၏ အစွမ်းအားဖြင့် ကစ္စာန / ကစ္စည်း ဟုလည်း တွင်၊ ဥဇ္ဇေနီပြည့်ရှင် စဏ္ဍပဇ္ဇောတမင်းသည် ဘုရားရှင်ကို ကစ္စာနပုရောဟိတ်အား ရဟန်းပြုခွင့်ပေး၍ ပင့်စေ၊ အဖော် ၇ယောက်ဖြင့် သွားပင့်ရာ ဘုရားရှင်၏ တရားဒေသနာအဆုံး၌ ၈ဦးလုံး ပဋိသမ္ဘိဒါပတ္တရဟန္တာများ ဖြစ်ကြ၊ ဘုရားရှင်ကို ဥဇ္ဇေနီပြည်သို့ပင့်ရာ ဘုရားရှင်က အရှင်မြတ်ကို သွားနင့်စေ၊ လမ်းတွင် ဆံပင်အလွန်ကောင်းသော စီးပွားပျက်သူဌေးသမီးတဦးက မိမိဆံကို နိမ်၍ပေးသော ရရာအဖိုးဖြင့် ရောင်း၍ ဆွမ်းဆက်ကပ်၊ ဆွမ်းကပ်အပြီး အရှင်မြတ်တို့ကမေး၍ ထိုသူဌေးသမီးသည် အိမ်ခန်းမှထွက်၍ သံဃာတော်များကိုဦးချသည်နှင့် တပြိုင်နက် ဆံတို့သည် မူလအတိုင်းပြန်ဖြစ်၊ ဥဇ္ဇေနီမင်းကြီးသည် ဤအကြောင်းကိုသိရသော် ထိုသူဌေးသမီးကို မိဖုယားကြီးအဖြစ်တင်မြှောက်၊ မင်းကြီးသည် အရှင်မြတ်တို့အား ကြီးစွာသော ပူဇော်သက္ကာယပြု၊ အရှင်မြတ်၏ တရားစကား၌ ကြည်ညိုကြ၊ အမျိုးကောင်းသားများ ရဟန်းပြုကြ၊ တပြည်လုံး သင်္ကန်းရောင်ဖြင့် ဖုံး၊ မိဖုယားကြီးက ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်း။

ဘုရားရှင်သည် နောင်သော် ၁ မဓုပိဏ္ဍိကသုတ်၊ ၂ ကစ္စာယနပေယျာလ၊ ၃ ပါရာယနသုတ်၊ ဤသုတ္တန် ၃ခု အကြောင်းအဋ္ဌုပ္ပတ်ကို အကြောင်းပြု၍ အကျဉ်းဟောသောတရားတော်၏အနက်ကို အကျယ်ဝေဖန်ဟောသော ဧတဒဂ်အရာ၌ ထားတော်မူ၏။

၁၁ အရှင်စူဠပန္ထက (ဧတဒဂ် ၂၁၇) -စိတ်ဖြင့် ကိုယ်ကိုဖန်ဆင်းတတ်သော၊ ရူပါဝစရစျာန်အရာ၌ ကျွမ်းကျင်သောရဟန်းတို့တွင် အမြတ်ဆုံး၊

၁၂ အရှင်မဟာပန္ထက - အရူပါဝစရစျာန်အရာ၌ ကျွမ်းကျင်သော၊

(ပဌမပိုင်း၊ ဆဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ထိုအရှင်မြတ်ညီတော်နောင်တော် ၂ပါး အလောင်းတို့သည် ကမ္ဘာတသိန်းတက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဟံသာဝတီပြည်သား သူကြွယ်ညီနောင် ဖြစ်၊ ညီသူကြွယ်သည် ဘုရားရှင်သည် ရဟန်းတပါးအား စိတ်ဖြင့် ကိုယ်ကိုဖန်ဆင်းတတ်သောအရာနှင့် ရူပါဝစရစျာန်ဝင်စားရာ၌ ကျွမ်းကျင်သောအရာ ၂ဌာန၌ ဧတဒဂ်ဘွဲ့ ၂ရပ်ဖြင့် ချီးမြှင့်တော်မူသည်ကို တွေ့၊ ထိုအခါ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီးပေး၍ မိမိအလိုရှိသော ဆုပန်၍ ဗျာဒိတ်ရခဲ့၊

နောင်တွင် နောင်တော်သူကြွယ်သည် ညီသူကြွယ်ကဲ့သို့ပင် ဘုရားရှင် ရဟန်းတပါးအား အရူပါဝစရစျာန်အရာ၌ ကျွမ်းကျင်သော အမြတ်ဆုံးဧတဒဂ်ဖြင့် ပေးအပ်သည်ကိုတွေ့ပြီး ဘုရားရှင်နှင့် သံဃာတော်တို့အား ကြီးစွာသော အဓိကာရ ကောင်းမှုပြု၍ မိမိနှစ်လိုရာ ထိုဆုကို ပန်ဆင်ကာ ဗျာဒိတ်ရခဲ့၊ ထိုညီနောင်သူကြွယ် ၂ဦးသည် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် များစွာသောကောင်းမှု၊ ပရိနိဗ္ဗာန် စံဝင်သော် သာရီရိက စေတီတော်ကြီး၌ ရွှေတို့ဖြင့် ပူဇော်လှူဒါန်းမှုတို့ကို ပြု၍ နတ်ပြည်လားကြ။

ကဿပဘုရားသာသနာတော်၌ အရှင်စူဠပန္ထကအလောင်းသည် ရဟန်းပြု၍ အနှစ် ၂သောင်းကြာ ဩဒါတကသိုဏ်းကမ္မဋ္ဌာန်းကို ပွားများခဲ့၊ အရှင်မြတ်သည် ကဿပဘုရားရှင် လက်ထက်တော်၌ပင် ပညာတတ်သောရဟန်းဖြစ်၍ ဉာဏ်နုန့်နေးသော ရဟန်းတပါး ပါဠိသင်ယူရာ၌ လှောင်ပြောင်ရာ ထိုရဟန်းသည် ရှက်ကာ ပါဠိ သင်ယူမှု၊ စာအံမှုတို့ကို မပြုဝံ့တော့။

တခုသောဘဝ၌ အရှင်မြတ်သည် မင်းဖြစ်၊ မြို့ကို လက်ျာရစ် လှည့်လည်ကြည့်စဉ် နဖူးမှချွေးကို စင်ကြယ်သော ပုဆိုးစဖြင့်သုတ်ရာ ညစ်နွမ်းသွားသည်ကိုတွေ့၍ 'ဤညစ်နွမ်းသောကိုယ်ကိုမှီကာ စင်ကြယ်သော ပုဆိုးစသည် ညစ်နွမ်းသွားရ၏၊ သင်္ခါရတရားတို့သည် မမြဲကုန်စွတကား။' ဟု အနိစ္စသညာ ရယူခဲ့။

ယခုနောက်ဆုံးဘဝများတွင် မထေရ်များ၏အမိသည် ရာဇဂြိုဟ်ပြည် ဓနသေဋ္ဌိသူဌေးကြီး၏ သမီးဖြစ်၊ ကျွန်နှင့်ရည်ငံ၍ အဝေးအရပ်တနေရာသို့ ပြေးသွားပြီးနေ၊ ကိုယ်ဝန်ရှိသော် မိဖရပ်ထံ ရာဇဂြိုဟ်သို့အပြန် လမ်းတွင်ပင် သားဖွား၊ ညီနောင် ၂ဦးလုံး ဤသို့ဖွား၍ ပန္ထက= လမ်း၊ မဟာပန္ထက= မောင်လမ်းကြီးနှင့် စူဠပန္ထက= မောင်လမ်းငယ်ဟု အမည်မှည့်ခေါ်၊ ကြီးလာကြသော် သားများက အဖိုး အဖွားများကို အမိအား မေးကြ၊ သားများကို သူဌေးကြီးအိမ်သို့ ခေါ်လာ၊ သူဌေးကြီးက သမီးလင်မယားအား ဥစ္စာများပေး၍ ချမ်းသာရာအရပ်၌ သွားရောက်နေစေပြီး မြေး ၂ဦးကို ခေါ်ထား၊ အဖိုးထံ၌ ချမ်းသာစွာ ကြီးပွားကြ၊ အဖိုးသူဌေးကြီးသည် ဘုရားရှင်ထံ မပြတ်သွား၊ မဟာပန္ထက ဦးစွာ ရဟန်းပြုကာ အရဟတ္တဖိုလ်သို့ရောက်ပြီး အရူပါဝစရစျာန်ကို ကျွမ်းကျင်စွာ ဝင်စားနိုင်၊ ဆုပန်ဆင်ကာ ပါရမီဖြည့်ခဲ့သည့်အတိုင်း ထိုဧတဒဂ်ဘွဲ့ ရရှိ။

အရှင်မဟာပန္ထကမထေရ်သည် အဖိုးထံမှ ခွင့်ပန်ပြီး ညီတော်ကို ရှင်ရဟန်းပြုပေး၊ ဂါထာတပုဒ်သင် (အရှင်စူဠပန် - အနက်မှ - အရှင်စူဠပန်အား နောင်တော်အရှင်မဟာပန် ၄လတိုင်သင်ကြား၍ မရသော ဂါထာ - ကို ကြည့်ပါ။) ၊ ကဿပဘုရားရှင်လက်ထက် ရဟန်းတပါးကို လှောင်ပြောင်ခဲ့သော အကုသိုလ်ကံကြောင့် ၄လကြာသော်လည်း သင်၍မရ၊ နောင်တော်ရဟန်းက နှင်ထုတ်၊ ကျောင်းအစွန်၌ ငိုနေ၊ ဘုရားရှင်က အကြောင်းမေးပြီး စင်ကြယ်သော အဝတ်စတစပေးကာ "ရဇော ဟရဏံ" (အရှင်စူဠပန် - အနက်မှ - အရှင်စူဠပန်ရွတ်ဆိုသော ဘုရားရှင်ပေးသည့်ဂါထာ - ကို ကြည့်ပါ။) ကို ရွတ်ဆိုစေခြင်းဖြင့် ကြာသော် ထိုအဝတ်စ ညစ်သွားသည်ကိုမြင်ကာ မင်းဘဝက နဖူးမှချွေးကိုသုတ်သော ပုဆိုးစညစ်စဉ်က ရယူခဲ့သော အနိစ္စသညာဖြင့် ဘာဝနာတရား ပွားများအားထုတ်စေ၊ ပဋိသမ္ဘိဒါပတ္တဉာဏ် ၄ပါး၊ အဘိညာဉ် ၆ပါးနှင့်တကွ ပိဋကတ် ၃ပုံရ ရဟန္တာဖြစ်။

ထိုအချိန်၌ ဆရာဇီဝကသည် ဘုရားရှင်နှင့် သံဃာတော် ၅၀၀အား ဆွမ်းဆက်ကပ်လှူဒါန်း၊ ဘုရားရှင်က ယာဂုဆွမ်းကို မခံယူသေးပဲ ကျောင်း၌ ရဟန်းတပါး ကျန်သေးကြောင်းမိန့်၊ ဆရာဇီဝကက ယောက်ျားတယောက်ကို ထိုရဟန်းအား ပင့်စေ၊ အရှင်မြတ်သည် ပဥ္စမတွင် အမူတခုစီပြုနေသော ရုပ်သီးခြားစီဖြင့် ရဟန်းတထောင် ဖန်ဆင်းထား၊ အရှင်စူဠပန္ထကဟု ဆိုသူကို ပင့်စေသော ဒုတိယအကြိမ် တွင် အားလုံးကပင် အရှင်စူဠပန္ထကဟု မိန့်၊ ဦးစွာပြောသူ၏ သင်္ကန်းစကိုဆွဲ၍ ပင့်စေသော တတိယ အကြိမ်တွင်ကား ထိုသို့

ဦးစွာပြောသူ၏ သက်န်းစကို ဆွဲလိုက်သည်နှင့် ရဟန်းအားလုံးပျောက်ကာ တပါးတည်းသာ ကျန်၍ပင့်လာ၊ ကျောင်းတော်တရားသဘင်၌ ရဟန်းများက ဤအကြောင်းအရာများကို ပြောဆိုနေကြသည်တွင် ဘုရားရှင်သည်အတိတ် (အရှင်စူဠပန် - အနက်မှ - အရှင်စူဠပန်၏ အတိတ်ဇာတ် ၂ ဇာတ်၊ ကြွက်သေတခု အရင်းပြု ဇာတ်နှင့် ဒုတိယဇာတ် / စူဠပန္ထကဝတ္ထု - ကို ကြည့်ပါ။) ကို ဆောင်တော်မူ၏၊ ဤသို့ဖြင့် ဘုရားရှင်သည် အရှင်မြတ်ကို ဧတဒဂ် ၂ဆင့်ဖြင့် ချီးမြှင့်။

၁၃ အရှင်သုဘူတိ (ဧတဒဂ် ၂ခုရ) - ကိလေသာကင်းသောနေခြင်းရှိသော၊ မြတ်သောအလှူကိုခံထိုက်သော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် မပွင့်ပေါ်မီကပင် အရှင်သုဘူတိအလောင်းသည် ပုဏ္ဏားသူကြွယ်မျိုး၌ ဖြစ်၊ နန္ဒလုလင်ဟု ခေါ်၊ အရွယ်ရောက်သော် ဗေဒင် ၃ပုံကို တတ်မြောက်ကျွမ်းကျင်ကာ တပည့် ၄သောင်း ၄ထောင်ရှိ၊ ဗေဒင်၌ အနှစ်သာရ မတွေ့၍ နိသဘတောင်ခြေ၌ ရသေ့ရဟန်းပြု၊ ဆရာ တပည့် အားလုံးပင် လောကီအဘိညာဉ် ၅ပါး၊ လောကီ စျာန်သမာပတ် ၈ပါးနှင့် ပြည့်စုံကြ၊ ပဒုမုတ္တရဘုရားရှင် ပွင့်တော်မူလာသောအခါ နန္ဒရသေ့နှင့် တပည့်ရသေ့များ၏ ဥပနိဿယကို မြင်တော်မူ၍ ဘုရားရှင် ရသေ့များနေရာသို့ တပါးတည်းကြွ၊ ရသေ့များ ဆက်ကပ်သော သစ်သီးဆွမ်းများ ဘုဉ်းပေး၊ ထို့နောက် အဂ္ဂသာဝက ၂ပါး အမှူးပြုသော ရဟန်းတသိန်းနှင့် ကြွလာစေ၊ ရသေ့များသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတသိန်းကို တောပန်းနေရာများ နေ့စဉ်ခင်း၍ရင်း၊ နန္ဒရသေ့က ကြီးစွာသောပန်းထီးကို ဘုရားရှင်အားမိုး၍ရင်း ၇ရက်တိုင်ပူဇော်၊ အဆုံး၌ ကိလေသာကင်း၍နေသောအရာနှင့် မြတ်သောအလှူခံထိုက်သောအရာ ၂ဌာနသောအရာတို့၌ ဧတဒဂ်ရသော ရဟန်းသည် ဘုရားရှင်တိုက်တွန်းချက်အရ အနမောဒနာတရားဟောပြီး ဆက်၍ ဘုရားရှင် တရားဟောရာ နန္ဒရသေ့ကိုထား၍ ရသေ့ ၄သောင်း ၄ထောင်လုံး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၊ နန္ဒရသေ့သည် ထိုဧတဒဂ် ၂ဆင့်အရာကို ဆုပန်၍ ဗျာဒိတ်ရခဲ့။

ဤဂေါတမမြတ်စွာဘုရား သာသနာခေတ်သို့ရောက်သော် သာဝတ္ထိပြည် သုမနသူဌေးကြီး၏သား အနာထပိဏ်သူဌေးကြီး၏ညီ သုဘူတိအမည်ဖြင့် ဖြစ်လာ၊ အနာထပိဏ်သူဌေးကြီး၏ ဇေတဝန်ကျောင်းတော်ကြီး ရေစက်ချကျောင်းလှူတ်ပူဇော်ပွဲတွင် ဘုရားရှင်၏တရားတော်ကိုနာယူလတ်သော် သဒ္ဓါတရားကြီးစွာဖြစ်၍ ရဟန်းပြု၊ ကမ္မဋ္ဌာန်းတရားနာယူပြီး တောကျောင်း၌နေကာ မေတ္တာစျာန်ကို အခြေပါဒပြု၍ အရဟတ္တဖိုလ်သို့ဆိုက်ရောက်၊ အရှင်မြတ်သည် တရားဟောလျှင် ပုဂ္ဂိုလ်ကိုရည်ညွှန်းမဟောပဲ ဓမ္မဓိဋ္ဌာန်နည်းဖြင့် ဘုရားရှင် ဟောတော်မူသည့်အတိုင်း တရားသက်သက်တိုသာ ဟော၊ ဆွမ်းခံကြွလျှင်လည်း ဆွမ်းဒါယကာတို့ အကျိုးကြီးစေရန် မေတ္တာစျာန်ဝင်စားပြီး ဆွမ်းလောင်းသောအခါမှ မေတ္တာစျာန်မှ ထကာဆွမ်းကို အလှူခံ၊ ဤအကြောင်းများကြောင့် ဆုပန်ဆင်လာသည့်အထိုင်း ဧတဒဂ် ၂တန်ဖြင့် ဘုရားရှင်၏ အပ်နှင်းချီးမြှင့်ခြင်း ခံရ။

၁၄ အရှင်ခဒိရဝနိယရေဝတ - တောကျောင်း၌နေသော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ခဒိရရေဝတတ္ထေရ ဝတ္ထု၊ အရဟန္တဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ပုံတော်စုံဓမ္မပဒဝတ္ထုတော်ကြီး၊ အရှင်ဓမ္မိဿမီဘိဝံသ၊ ခု၊ သုတ္တန္တပိဋက။)

အရှင်မြတ်သည် အမည်ရင်း ရေဝတ ဖြစ်၊ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ညီအငယ်ဆုံး ဖြစ်၊ မြေ မညီမညွတ် ကျောက်စရစ်ပေါသော ရှားတော၌ တောကျောင်းနေသဖြင့် ခဒိရဝနိယရေဝတမထေရ်- ရှားတောနေ အရှင်ရေဝတမထေရ်ဟု တွင်၏။

လွန်ခဲ့သော ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရား ပွင့်ထွန်းတော်မူလာသာအခါ အရှင်မြတ် အလောင်းသည် ဟံသာဝတီပြည် ဂင်္ဂါမြစ် ပယာဂဆိပ်ကမ်း၌ လှေကူးတို့ပို့သူ ဖြစ်၊ ဘုရားရှင်သည် အခြံအရံ သံဃာတော်တသိန်းနှင့် ဆိပ်ကမ်းသို့ ရောက်လာ၊ အရှင်မြတ်အလောင်းသည် လှေပေါင်းချုပ်- လှေတွဲကြီး ပြု၊ လှေတွဲအထက်မှ ဖိတာန်မျက်နှာကြက်အဖြူကို ဖြန့်ကြက်ကာ နံ့သာပန်းဆိုင်းများ ထွဲလျားချ၊ ဆန်းကြယ်သော အခင်းများခင်း၍ ဘုရားရှင်အမှူးပြုသော သံဃာတသိန်းကို တဖက်ကမ်းသို့ ပို့ဆောင်၊ ဘုရားရှင်သည် ရဟန်းတပါးကို တောကျောင်းနေသောအရာ၌ ဧတဒဂ်ထားသည်ကိုတွေ့၊ ဤသို့ ဖြစ်လို၍ ဘုရားရှင်နှင့် သံဃာတော်များကို ၇ရက်ကြာကြီးစွာသော မဟာဒါနပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့၊၊

နောက်ဆုံးဘဝ၌ မဂဓထိုင်း နာလကပုဏ္ဏားရွာ ရူပသာရီပုဏ္ဏေးမ၏ ၇ယောက်မြောက်သား အထွေးဆုံး ဖြစ် (အရှင်သာရိပုတ္တရာ၏ ပကတိသန့်စင်ကြည်လင်သော အကြောင်းအရာများ - အနက်မှ - အရှင်သာရိပုတ္တရာ၏ ကြည်ညိုဖွယ်မိသားစု - ကို ကြည့်ပါ။) ၊ မိခင်ကြီးက အကိုအမ ၆ဦးကဲ့သို့ ရဟန်း မပြုစေရန်နှင့် မိဘစည်းစိမ်ဥစ္စာကို ထိန်းသိမ်းကာ မျိုးဆက်ပြန့်ပွားစေရန် ရည်ရွယ်လျက် အသက်၇နှစ်သာ ရှိသေးသော ရေဝတကို မျိုးနွယ်တူ ချမ်းသာသူမိန်းခလေးနှင့် ထိမ်းမြားအိမ်၌ မင်္ဂလာအခမ်းအနားပြု။

ဆွေမျိုးများက သင်တို့ဇနီးမောင်နှံသည် အဘွားကဲ့သို့ အသက်ရာကျော်ရှည်ပြီး အိုအောင်မင်း အောင် ပေါင်းကြရပါစေဟု ဆုတောင်းပေးကြ၊ အဘွားသည် အသက် ၁၂၀ရှိပြီး အရိုးပြိုင်းပြိုင်း အရေတွဲတွဲ သွားကျိုး ဆံဖြူ တုန်တုန်ချီချီ စမ်းတဝါးဝါး သွားနေရသည်ကို ရေဝတတွေ့သော် ငါတို့၂ဦးသည်လည်း ဤအဘွားအိုကဲ့သို့ ဇရာဒုက္ခ အိုမင်းယိုယွင်းမှုကို ခံကြရဦးမည်ဟု သံဝေဂဖြစ်၊ မင်္ဂလာပွဲပြီး၍ သတို့သမီးငယ် နှင့်အတူ ယာဉ်စီးလာစဉ် လမ်း၌ ကိုယ်လက်သုတ်သင်ရန် ပြော၍ ချုံကြားဝင်၊ အကြိမ်များလာသောအခါ နောက်ကလိုက်ခဲ့မည်၊ သွားနှင့်တော့ဟုပြော၍ ကျန်ရစ်၊ တောကျောင်းတကျောင်းသို့ ထွက်ပြေးကာ ရှင်ပြုပေးရန်ပန်ကြားရာ ဝတ်စားတန်ဆာများနှင့် ဖြစ်သဖြင့် ရဟန်းများကမေးရာ အရှင်သာရိပုတ္တရာ၏ ညီမှန်း သိရ၊ မထေရ်က သူ့ညီရောက်လာလျှင် ရှင်ပြုပေးရန်ပြောထား၍ ရှင်ပြုပေး။

ရဟန်းများထံမှ ကမ္မဋ္ဌာန်းတောင်းကာ ဆွေမျိုးများ လိုက်မရှာနိုင်ရန် ယူဇနာ ၃၀ဝေးသော ရှားတောသို့ကြွ၍ တရားအားထုတ်သော် ဝါတွင်း၃လအတွင်းမှာပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်။ မဟာဗုဒ္ဓဝင်

တွင် အရှင်ရေဝတသည် ရဟန်းဖြစ်၍ တဝါရပြီး အနည်းငယ်ကြာမှ ရဟန္တာ ဖြစ်သည်ဟု ဖော်ပြထားပါသည်။

ဘုရားရှင်သည် ဝါကျွတ်သော် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ၊ အရှင်သီဝလိတို့ အပါအဝင် ရဟန်း ၅၀၀နှင့် ကြွလာ၊ အရှင်သီဝလိ၏ ဘုန်းကံဖြင့် တောလမ်းခရီး၌ပင်သော်လည်း နတ်တို့ဖန်ဆင်း အပ်သော ကျောင်း ဘောဇဉ်တို့ဖြင့် ချမ်းသာကြရ၊ အရှင်ရေဝတကလည်း ကျောင်းစကြံစသည်ဖြင့် ပြည့်စုံစွာ ဖန်ဆင်းထား၊ ရဟန်းကြီး ၂ပါးသည် ဤမျှလောက်သော အမှုသစ်တို့ကို ပြုလုပ်အားထုတ်သူအား အဘယ်မှာ ရဟန်းတရား အားထုတ်နိုင်မည်နည်း?၊ အရှင်သာရိပုတ္တရာ၏ ညီငယ်ဖြစ်ပေသည်ဟု မျက်နှာကို ကြည့် လျက် အမှုသစ်ပြုသူထံ ကြွလာခဲ့ပေသည်ဟု ကြံမိကြ၊ ဘုရားရှင် သိ၊ တလမျှ သီတင်းသုံးပြီးသော် ဘုရားနှင့် သံဃာတော်များ ပြန်ကြွကြ၊ ဘုရားရှင်က ရဟန်းကြီး ၂ပါး၏ ဆီကျည်တောက် ရေဘူးဖိနပ်တို့ကို မေ့ကျန် စေရန် အဓိဋ္ဌာန်တော်မူ၊ လမ်းရောက်မှ သတိရကြ၊ ပြန်ယူကြရာ အရှင်ရေဝတကလည်း ဖန်ဆင်း ထားသည်များကို ပြန်ရုပ်သိမ်းထားပြီးဖြစ်ရာ ဆူးပေါလှသော ရှားတောအတွင်း၌ ရှာကြရ၊ ရှားပင်တပင်၌ တွဲလွဲဆွဲနေသော မိမိဥစ္စာတို့ကိုတွေ့ကြ။

သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းရောက်သော် ကျောင်းအမကြီးဝိသာခါအိမ်၌ ယာဂုဆွမ်း ခဲဘွယ်တို့ကို ဘုဉ်းပေးသုံးဆောင်စဉ် ဝိသာခါက အရှင်ရေဝတ၏နေရာအကြောင်းကို မေးရာ ရဟန်းကြီး ၂ပါးက ဆူးရှိသော ရှားပင်တောအုပ်ဖြင့် ရှုပ်လျက်ရှိ၏ဟု ဖြေ၊ အခြားရဟန်းငယ် ၂ပါးကိုမေးသော် သုဓမ္မာ နတ် သဘင်နှင့်တူ၏ဟု မိန့်၊ ဘုရားရှင်ကိုလျှောက်သော် ဤဂါထာကိုဟော- "ရွာ၊ တော၊ နိမ့်ရာ၊ ကုန်းမြင့်ရာ ၌ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့သည် နေကုန်၏၊ ထိုပုဂ္ဂိုလ်တို့နေရာ မြေအရပ်သည် မွေ့လျော်ဖွယ်ရှိ၏။"

အရှင်မြတ်သည် ဤဧတဒဂ်အရာ၌ အထားခံရခြင်းသည် အရှင်မြတ် ထော၌နေခြင်းမှာ အခြား ရဟန်းများကဲ့သို့ သပ္ပါယဖြစ်သော ထော၊ ရေရှိရာ၊ ဆွမ်းခံရာတို့၌နေခြင်း မဟုတ်ပဲ ကျတ်တီးမြေ၊ ကျောက် စရစ်၊ ကျောက်တုံးပေါများသော၊ မညီညွတ်သော မြေအပြင်ရှိ ဆူးပေါသော ရှားတော၌ နေထိုင်သီတင်း သုံးခြင်းကြောင့် ဖြစ်။

ပရိနိဗ္ဗာန်စံခြင်း (ခဒိရဝနိယရေဝတတ္ထေရဂါထာ၊ စုဒ္ဒသကနိပါတ်၊ ထေရာဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) - အရှင်မြတ်သည် ရဟန္တာဖြစ်ပြီးနောက် မကြာမကြာ ဘုရားရှင်နှင့်သာဝကကြီးတို့ထံ လာရောက် ဆည်းကပ်လေ့ရှိ၊ အရွယ်ကြီးရင့်လာသောအခါ၌လည်း လာလေ့ရှိသည့်အတိုင်း တနေ့သ၌ သာဝတ္ထိပြည်သို့အလာ မြို့နှင့်မနီးမဝေး တောအုပ်၌နေဆဲတွင် မြို့တွင်းမှ ခိုးယူလာသောသူခိုးကို လိုက်လံ ဖမ်းဆီးကြသူတို့သည် မထေရ်အနီး၌ ပစ်ချထားခဲ့သော ဥစ္စာထုပ်ကိုတွေ့၊ မထေရ်ကို ဖမ်းဆီးကာ မင်းထံသို့ ပို့ကြ၊ မင်းက လွှတ်စေပြီး စစ်ဆေးသောအခါ ပြန်လည်ဖြေကြား ရွတ်ဆိုသောဂါထာများအနက်မှ တပုဒ်ဖြစ်သည်။ 'မမေ့မလျော့မှု အပ္ပမာဒတရားနှင့် ပြည့်စုံကြစေလော့၊ ဤသည်လျှင် ငါ ၏ အဆုံးအမ တည်း။ ယခုအခါ ငါသည် ဘဝအားလုံးတို့မှ လွတ်မြောက်သူဖြစ်၍ ပရိနိဗ္ဗာန် ပြုတော့အံ့။'

၁၅ အရှင်ကစ္ဆါရေဝတ - ရှာန်၌မွေ့လျော်သော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ မြို့နေလူများနှင့်အတူ ကျောင်းတော်သွား၍ တရားနာ၊ ဘုရားရှင်သည် ရဟန်းတပါးကို ဈာန်ဝင်စားသောအရာ၌ ဧတဒဂ် ပေးအပ်သည်ကို တွေ့ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီးပေး၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည်တွင် မဟာဘောဂသူဌေးမျိုးဝယ် ဖြစ်၊ ဘုရားရှင် တရားတော်နာပြီး နောက် သဒ္ဓါကြီးစွာဖြစ်၍ ရဟန်းပြု၊ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်း၊ သမာဓိ ပရိကံပြု၍ အားထုတ်ရာ လောကီဈာန်ရ၊ ထိုဈာန်ကို အခြေခံ၍ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသော် အရဟတ္တဖိုလ်သို့ ရောက်၊ အရှင်မြတ်သည် မြတ်စွာဘုရား ဝင်စားတော်မူသော သမာပတ်တို့တွင် အနည်းငယ်သော သမာပတ်တို့ကို ထား၍ကြွင်းသော များစွာသော သမာပတ်တို့ကို နေ့နေ့ညည့်ညဉ့် ဝင်စားကာ ဈာန်သမာပတ်တို့၌ လေ့လာ နိုင်နင်းတော်မူသဖြင့် ဆုပန်ဆင်ခဲ့သော ဧတဒဂ် ဖြင့် အရာထားခံရ။

အရှင်ကစ္ဆါရေဝတဟု ဘွဲ့မည်တွင်ရခြင်းမှာ မြတ်စွာဘုရား၊ ရဟန်းသံဃာများနှင့်အတူ ဒေသ စာရီကြွစဉ် လမ်းတွင် ထန်းလျက်ထဲ၌ ထန်းလျက်ပြုသူတို့ ထန်းလျက်ခဲလုပ်ရာတွင် မာကျောစေရန် မုန့်ညက်နှင့်ဖွဲတို့ထည့်၍ ပြုသည်ကိုတွေ့ မုန့်ညက်နှင့်ဖွဲ အာမိသပါသဖြင့် မအပ်ဟု ယုံမှားကာ ၎င်းတို့ကို မဘုဉ်း၊ အရှင်မြတ်၏နောက်ပါ သံဃာများလည်း မဘုဉ်းကြ၊ ဒုတိယဖြစ်ရပ်မှာ လမ်းခရီး၌ ကျင်ကြီးပုံမှ အပင်ပေါက်နေသော ပဲနောက်ကိုတွေ့၍ ကျက်ပြီးသော ပဲနောက်တို့သည်လည်း အပင်ပေါက်ကုန်ရကား မအပ်ဟု ယုံမှားကာ မဘုဉ်း၊ ဘုရားရှင်သည် ဤအကြောင်းများကိုသိသော် ဝိနည်းအနုညာတ သိက္ခာပုဒ်များပညတ်၍ သုံးဆောင်ကောင်းကြောင်း ခွင့်ပြုတော်မူခဲ့၊ ဤသို့ တွေးတောယုံမှားမှု ဝိနယ ကုက္ကုစ္စများ၍ ဤဘွဲ့မည်ခေါ်တွင်။

၁၆ အရှင်သောဏကောဠိဝိသ (ကောဠိဝိသအနွယ်၌ ဖြစ်သော) - ထက်သန်သောလုံ့လရှိသော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသော် သူဌေးမျိုး၌ ဖြစ်၊ သီရိဝမုသူဌေးသားဟု တွင်၊ ဘုရားရှင်သည် ရဟန်းတပါးကို အပြင်းအထန် ကြိုးကုတ်အားထုတ်သောအရာတွင် ဧတဒဂ်ထားသည်ကို တွေ့ ဤသို့ဖြစ်လို၍ ဘုရားအမှူး ရှိသော သံဃာတော်တို့အား ၇ရက်အလှူကြီးပေး၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်နှင့် အကျွန်ုပ်တို့၏ ဂေါတမဘုရားရှင် အကြားကာလတွင် ဗာရာ ဏသီပြည်၌ အမျိုးကောင်းသားတဦးဖြစ်၊ တနေ့ သူငယ်ချင်းများနှင့် ဂင်္ဂါမြစ်၌ ရေကစားနေစဉ် ရေမျော ပါလာသော သစ်နွယ်ကြိမ်ချောင်းတို့ကို ဆယ်ယူနေသော ပစ္စေကဗုဒ္ဓါတဆူကိုတွေ့ အကြောင်းမေးရာ ကျောင်းဆောက်လုပ်ရန်အတွက် ဖြစ်ကြောင်းသိ၊ မနက်ဖြန်တွင် ဆောက်လုပ်လှူဒါန်းပါမည်ဟု လျှောက်၊ နံနက်တွင် အရှင်ပစ္စေကဗုဒ္ဓါသည် ထိုအမျိုးသားကောင်းအိမ်သို့ ဆွမ်းခံကြွ၊ ဆွမ်းဆက်ကပ်ပြီး ဝါတွင်း

ကာလပတ်လုံး ဤအိမ်၌သာ ဆွမ်းခံယူပါရန်လျှောက်၊ ကျောင်း၊ စင်္ကြံ၊ နေ့သန့်ရာ၊ ညဥ့်သန့်ရာများ ဆောက်လုပ်လှူ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ် ကျောင်းတွင်းသို့ ဝင်ကြွလာသော် မိမိခြုံထားသော အဖိုးတသိန်းတန် ကမ္ဗလာနီကြီးကို အရှင်မြတ်ခြေတော်တို့ကို ရွှံ့ညွန်များ မကပ်ငြိပါစေလင့်ဟု နလုံးသွင်း၍ မြေအခင်းပြု လှူရာ အရှင်မြတ်၏ကိုယ်တော်ရောင်နှင့် ကမ္ဗလာနီ၏အဆင်းတို့ တူမျှတင့်တယ်လှသည်ကို တွေ့၊ ဖြစ်ရာ ဘဝ၌ လက်ခြေတို့သည် လယ်ခေါင်ရန်းပန်းသဖွယ် နီတွေးသောအရောင်ဖြစ်၍ ကိုယ်အတွေ့သည် အကြိမ် တရာဖတ်သော ဝါဂွမ်းလွှာအတွေ့ကဲ့သို့ နူးညံ့ပါကြောင်း ဆုတောင်းခဲ့။

ယခုနောက်ဆုံးဘဝဝယ် ကာဠစမ္ပာမြို့ ဥသဘသူဌေးအိမ်၌ ဖြစ်၊ ပဋိသန္ဓေနေသည့်နေ့မှစ၍ သူဌေးအိမ်သို့ လက်ဆောင်ပဏ္ဏာများ ရောက်ကြ၊ ဖွားသော် ရွှေနီအရောင်ရှိသော ကိုယ်ရောင်ရှိ၍ သောဏ ဟု ခေါ်၊ အနွယ်၏အမည်ဖြင့် သောဏကောဠိဝိသဟု တွင်၊ ပြာသာဒ် ၃ဆောင်ဖြင့် ချမ်းသာစွာ ကြီးပြင်း၊ သူဌေးသားအတွက် သလေးစပါးကို နွားနို့ရည်၊ နံ့သာရည်နှင့် ရေတို့ဖြင့် စိုက်ပျိုး၊ ကျီကြများကိုလည်း နံ့သာမျိုးတို့ဖြင့် လိမ်းကျံ၍ နံ့သာတထပ် စပါးနံတထပ် ထား၍ ၃နှစ် သိုလှောင်ထား၊ တိုကျီတို့ကိုဖွင့်သော် တပြည်လုံး နံ့သာနံ့ ဖုံး၊ နေတိုင်း သွားတိုင်းသောအရပ်တို့၌ ကောင်းမြတ်ဆန်းကြယ်သော အခင်းတို့ကို ခင်းကြ၊ ခြေဖဝါးအပြင်တွင် လက်၂ရစ် လည်း၍ ကြာချည်အဆင်းရှိ မွေးညင်းများ ပေါက်၊ စိတ်ဆိုးလျှင် မြေနင်းမည်ဟု ကြိမ်းမောင်း။

ဘုရားရှင် ဓမ္မစကြာတရားတော်ကို ဟောတော်မူအပြီး ရာဇဂြိုဟ်ပြည်သို့ကြွသော် သောဏသူဌေး သားသည် မိဖတို့ကို ခွင့်ပြုစေ၍ ရဟန်းပြု၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟတို့ ပူဇော်သက္ကာယမှုများ၍ ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်းကာ ၎င်းတို့မလာရောက်ကြနိုင်ရန် သီတဝနတောအုပ်သုသာန်သို့ သွား၊ ငါ၏ကိုယ်သည် နနယ်လှ၏၊ မင် ဖိုလ်တို့သို့ အလွယ်တကူရောက်ရန် မတတ်နိုင်ချေ၊ ကိုယ်ကို နွမ်းနယ်စေ၍ အားထုတ်မှ သင့်မည်ဟု ကြံကာရပ်ခြင်းနှင့် စင်္ကြံသွားခြင်း ဣရိယာပုတ် ၂ပါးဖြင့်သာ အားထုတ်၊ အလွန်နူးညံ့သော ခြေဖဝါးများ ပေါက်ပြဲဖူးရောင်ကာ စင်္ကြံတခုလုံး သွေးချင်းချင်းနီနေ၊ ခြေထောက်ဖြင့် မသွားနိုင်သော် တတောင် ဒူးတို့ဖြင့် လေးဖက်တွားသွား၍ အားထုတ်၊ ပေါက်ပြဲကာ စင်္ကြံမှာ သွေးများဖြင့် စွန်းထင်းနေ၊ ထိုသို့ အပြင်းအထန်အားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းနိမိတ်အာရုံမျှ မထင်၊ လူထွက်၍ ကုသိုလ်ကောင်းမှုများ သာပြုရန် အကြံ ဖြစ်၊ ဘုရားရှင်ကြွ၍ “မလျော့မတင်း စောင်းကြိုးငြင်း အဆုံအမတရား” ဖြစ်သော ဝီရိယနှင့် သမာဓိကို ညီမျှအောင် ကျင့်ကြံပုံ ကမ္မဋ္ဌာန်းတရား ဟော၊ မကြာမီပင် ရဟန္တာ ဖြစ်၊ ဤအကြောင်းများကြောင့် ပန်ဆင်လာခဲ့သော ဧတဒဂ်ဖြင့် ဘုရားရှင်၏ ချီးမြှင့်ခြင်း ခံရ။

၁၇ အရှင်သောဏကုဋိကဏ္ဏ - ချိုသာသောစကားပြောဆိုတတ်သော၊

(တကုဋေ့တန် နားတန်ဆာကို ဝတ်ဆင်သော)

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် မြို့နေလူများနှင့်အတူ ကျောင်း

တော်သွား၍ တရားနာ၊ ဘုရားရှင်သည် ရဟန်းတပါးကို ချီးသာသော တရားစကား ဟောကြားပြောဆိုသော အရာ၌ တေဒဂ်ထားသည်ကို တွေ့ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီး ပေး၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ ဘုရားရှင် မပွင့်ပေါ်သေးမီ အဝန္တိတိုင်း ကုရရဃရမြို့နေ တဆင့်စကားဖြင့် ကြည်ညိုခြင်းရှိသော ဥပါသိကာတို့တွင် အမြတ်ဆုံးတေဒဂ်ရသော ကာဠီသူဌေးကတော် [အောက်တွင် လာရှိသော ဥပါသိကာ - အနက်မှ - ကာဠီ (ကုလဃရမြို့သူ) - ကို ကြည့်ပါ။] ဝမ်း၌ ပဋိသန္ဓေနေ၊ အရှင်မြတ်အလောင်းကို ဖွားပြီးနောက် မိမိမြို့သို့ပြန်၊ တကုဋေတန် နားတန်ဆာကို ပန်ဆင်ရသူဖြစ်၍ သောဏကုဋိကဏ္ဏဟု တွင်၊ အကျဉ်းဟောသော တရားတော်ကို အကျယ်ဝေဖန် ဟောတတ်သောအရာ၌ တေဒဂ်ရသော အရှင်မဟာကစ္စည်းမထေရ်သည် ထိုမြို့ကို အမှီပြု၍ ပပတ၊ တနည်း ပဝတ္တ၊ တနည်း ဥပဝတ္တတောင်၌ သီတင်းသုံးနေ၊ သောဏသူဌေးသားသည်လည်း မပြတ်ဆည်းကပ်၍ တရားနာကာ သံဝေဂ တရား ဖြစ်။

တနေ့တွင် သူဌေးသားသည် ကုန်ရောင်းဝယ်ရန် ဥဇ္ဇေနီပြည်သို့ သွား၊ လမ်းညအိပ်ရပ်နားစဉ် အများနှင့် ခွဲအိပ်သဖြင့် ကျန်နေခဲ့၊ လှည်းလမ်းအတိုင်း အမြန်လိုက်သော် လမ်းတွင် ပညောင်ပင်တပင်၌ အကြည်ရတန်သော၊ ခန္ဓာကိုယ်ကြီးသော၊ စက်ဆုပ်ဖွယ်ကောင်းသော၊ မိမိအရိုးမှ ကြွေ၍ပြုတ်၍ကျသော အသားများကို ကောက်စားနေသော ပြိတ္တာယောက်ျားတယောက် တွေ့ ရှေးက ဘာရုကစ္ဆမြို့သား ကောက် ကျစ်သော၊ သူတပါး ဥစ္စာကို လိမ်လည်စားသောက်ခဲ့သော ကုန်သည်တဦးဖြစ်ခဲ့ပြီး ဆွမ်းခံကြွလာသော ရဟန်းသံဃာများကို ကိုယ့် အသားကိုယ်စားကြပါလားဟု ဆဲရေးခဲ့၍ ဤဘဝသို့ ရောက်နေရကြောင်း မေးသဖြင့် ပြောပြ၊ သူဌေးသား သံဝေဂ ရ။

ဆက်၍ လှည်းလမ်းအတိုင်း လိုက်ပြန်ရာ ခံတွင်းမှ သွေးနက်များ တတွေတွေယိုစီးကျနေသော ပြိတ္တာ သူငယ် ၂ဦးကို တွေ့ ရှေးက ဘာရုကစ္ဆမြို့သားများ ဖြစ်ကြ၍ ငယ်စဉ်က နံ့သာရောင်းဝယ်မှုဖြင့် အသက်မွေးကြ၊ မိခင်က ရဟန်းများကို ဆွမ်းကပ်သော် အဘယ်ကြောင့် အကျွန်ုပ်တို့၏ဥစ္စာကို ရဟန်း တို့အား ပေးလှူသနည်း?၊ မိခင်လှူသော ဘောဇဉ်ကို စားသုံးကြသောရဟန်းများ၏ ခံတွင်းတို့မှ သွေးနက်များ တပွက်ပွက်ယိုထွက်ပါစေဟု ကျိန်ဆဲခဲ့၍ ငရဲ၌ကျက်ခဲ့ပြီး ကံကြွင်းအနေဖြင့် ဤဘဝသို့ ရောက်နေကြ ရကြောင်း မေး၍ ပြောပြ၊ သူဌေးသား သံဝေဂ ရ။

မိမိမြို့သို့ပြန်ရောက်သော် အရှင်မဟာကစ္စည်းထံ ရဟန်းပြုလိုကြောင်း လျှောက်၊ ဉာဏ်မရင့်ကျက် သေးသဖြင့် တတိယအကြိမ်ကျမှ ရှင်သာမဏေပြုပေး၊ ရဟန်း ၁၀ပါးပြည့်ရန် ခဲယဉ်းစွာ ရှာဖွေစောင့်ရ သဖြင့် ၃နှစ်ကြာမှ ရဟန်းခံရ၊ ထိုဝါတွင်းမှာပင် ရဟန္တာဖြစ်၊ ဘုရားဖူးရန် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မဟာကစ္စည်းထံ ခွင့်ပန်၊ ဘုရားရှင်အား လျှောက်ထားရန်များမှာကြား၊ မိခင်အားပြောရာ မိခင်က ဘုရားရှင်၏ဂန္ဓကုဋီ၌ ခင်းရန် ကမ္ဗလာအဝတ်ထည် တခု ပေး။

သာဝတ္ထိပြည် ဘုရားရှင်ထံ ရောက်သော် ဘုရားရှင်၏ ဂန္ဓကုဋီ၌ ဘုရားရှင်က အရှင်မြတ်အတွက် နေရာခင်းစေ၊ တညဥ့်ပတ်လုံး ဘုရားရှင်ရော အရှင်မြတ်ပါ သမာပတ်ဝင်စားနေကြ၊ ပစ္ဆိမယံမှ ဘုရားရှင်သည် မုဟုတ်မှု လျှောင်းတော်မူ၊ အရှင်မြတ်သည် ဘုရားရှင်၏ခွင့်ပြုချက်ဖြင့် သက်န်းကန့်လန့်ကာပြု၍ ဘုရားရှင့် ခြေတော်ရင်း၌ ထိုင်နေ၊ ဘုရားရှင်က မိုးသောက်ယံ၌ တရားရွတ်စေရာ သုတ္တနိပါတ်၊ အဋ္ဌကဝဂ်လာ ကာမသုတ္တန် စသော သုတ္တန်ပေါင်း ၁၆ သုတ်ကို ရွတ်ဆို၊ ဘုရားရှင်သည် အရှင်မြတ်ကို "အဋ္ဌကဝဂ်အား ကောင်းစွာ ဆောင်ထား၏၊ ကောင်းသော၊ အပြစ်ကင်းသော စကားသံနှင့် ပြည့်စုံ၏" ဟု ကောင်းကြီးပေး။

ထို့နောက် အရှင်မြတ်သည် ဥပဇ္ဈာယ်ဆရာ ဘုရားရှင်အား လျှောက်ထားထိုက်သည်တို့ကို လျှောက်ရာ ဘုရားရှင်သည် "အလုံးစုံသော ပစ္စန္တရစ် ဇနပုဒ်တို့၌ ၁ ဝိနည်းဓိုရ်ရဟန်းလျှင် ၅ယောက်ဖြင့် ပဉ္စင်းခံရန်၊ ၂ အထပ် အလွှာများသော ဘိနပ်ကို စီးရန်၊ ၃ ရက်ဆက်၍ ရေချိုးခြင်း၊ ၄ သိုးရေ၊ ဆိတ်ရေ၊ သမင်ရေတို့ ခင်းခြင်း၊ ၅ သိမ်အပသို့ ရောက်နေသောရဟန်းအား လှူသောသက်န်းသည် လက်သို့ မရောက်သေးသမျှ အဓိဋ္ဌာန်တင်ရန် မရောက်၊ တိုသက်န်းကို တိုရဟန်း ခံယူရန်" တို့ကို ခွင့်ပြုတော်မူ၏။

အရှင်မြတ် မြို့သို့ပြန်ရောက်သော် ဆွမ်းရပ်စဉ် အိမ်တွင်းသို့ပင့်၍ ဆွမ်းဘဉ်းပေးပြီးနောက် မိခင်က မေး၍ ကမ္မလာကို ဘုရားရှင်အား လှူခဲ့ကြောင်း မိန့်၊ မိခင်က အရှင်မြတ်သည် ဘုရားရှင်အား တရားစကား ရွတ်ဆိုဟောခဲ့၍ ဘုရားရှင်က ကောင်းကြီးပေးကြောင်း ပြော၊ အရှင်မြတ်ကမေး၍ သူမကို အိမ်စောင့်နတ်က ထိုအကြောင်းကို ပြောပြကြောင်း၊ စကြဝဠာတိုက်တသောင်းက နတ်ဗြဟ္မာများကလည်း ကောင်းကြီးပေးကြောင်း၊ သူမလည်း ထိုတရားကို နာလိုပါကြောင်း လျှောက်၊ အိမ်ဝ၌ ကြီးစွာသော မဏ္ဍပ်ထိုး၍ တရားပွဲကြီး ဖြစ်စေ၊ ဤသို့ဖြင့် အရှင်မြတ်သည် ပန်ဆင်တောင့်တသော ဧတဒဂ်ဖြင့် အရာထားခံရ။

၁၈ အရှင်သီဝလိ - လာဘ်များခြင်းရှိသော၊

(ပဌမပိုင်း၊ ဆဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ကျောင်းတော်၌ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို လာဘ်ပေါများသော ဧတဒဂ်ပေးသည်ကို တွေ့၊ ဤသို့ဖြစ်ထို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီးပေး၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

၉၁ ကမ္ဘာထက် ဝိပဿီဘုရားရှင် ပွင့်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဗန္ဓုမတီပြည်မှ မနီးမဝေးရွာ၌ အမျိုးကောင်းသား ဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ဗန္ဓုမမင်းကြီးနှင့် ပြည်သူပြည်သားတို့အပြိုင် အလှူဒါနကြီးများ ပေးလှူကြရာ၌ ပြည်သူပြည်သားတို့ လိုအပ်နေသောပျားရည်နှင့် နွားနို့ခဲကို ဝယ်ကြရာ မရောင်းပဲ ကိုယ်တိုင် နွားနို့ခဲမှ နို့ဓမ်းကြည်- ဒိန်ရည်ထုတ်ယူပြီး ပျားရည်၊ အစပ် ၅ပါး- အမွှေးအကြိုင်တို့နှင့် ရောစပ်ကာ ပဒုမာကြာရွက်၌ ကောင်းစွာပြုပြင်စီမံ၍ ဘုရားရှင်အား ကပ်လှူပြီး

'ဖြစ်လေရာဘဝ၌ လာဘ်လာဘ အထွတ်အမြတ် ရောက်သူ၊ အခြံအရံ အကျော်အစော အထွတ်အမြတ် ရောက်သူ ဖြစ်ရပါလို၏'ဟု ဆုတောင်းခဲ့၏။

တဘဝတွင် အရှင်မြတ်နှင့် အမိသည် ဗာရာဏသီပြည်ဝယ် မင်း၏ သားတော်နှင့် မိဖုယားကြီး ဖြစ်ခဲ့၊ ကောသလမင်းသည် စစ်တပ်အလုံးအရင်းဖြင့် ဗာရာဏသီမင်းကို လုပ်ကြံ၍ တိုင်းပြည်နှင့်မိဖုယားကြီးကို သိမ်းပိုက်၊ မင်းသားသည် ရေထုတ်ပြွန်မှ ထွက်ပြေး၍ ပိုလ်ပါအလုံးအရင်းကို စုရုံး၍ စစ်တိုက်ရန် ရာဇသံပေး၊ မယ်တော်က စစ်တိုက်က ပြည်သူများ ဆင်းရဲကြမည်၊ မြို့ကို ဝန်းရံပိတ်ဆို့ထားရန် အကြံပေး၊ ၇နှစ်ကြာ၊ နောက် မယ်တော်က မြို့၏ တံခါးပေါက်ငယ်များပါ ပိတ်ဆို့ရန် အကြံထပ်ပေး၊ ၇ရက်ကြာသော် မြို့သူမြို့သားတို့ အနေကြပ်သဖြင့် မင်း၏ခေါင်းကို ဖြတ်ပြီး မင်းသားကို ဆက်၊ မင်းသားသည် မြို့ကို သိမ်းပိုက်၍ မင်းအဖြစ် ခံယူခဲ့၏။

နောက်ဆုံးဘဝ၌ ကုဏ္ဍိကာမြို့ဝယ် ကောလိယသာကီဝင်မျိုး မင်းသမီးသုပ္ပဝါသာဝမ်း၌ ကိန်းနေ၊ ပဋိသန္ဓေနေသည့်မှစ၍ မင်းသမီးတံသို့ လက်ဆောင်ပဏ္ဏာတို့ ဆက်ကာဆက်ကာ ရောက်၊ ထိုမင်းသမီး လက်နှင့်ထိသော တောင်းထဲမှ မျိုးစေ့တို့သည် တစေ့ထစေ့မှ အပင်အညှောက်ပေါင်း ရာထောင်ထွက်၍ မင်းပယ်တပယ် လယ်ကွက်မှ စပါးလှည်းအစီး ၅ဝ၊ ၆ဝတိုက် ထွက်၊ ကောက်စပါးတို့ကို ထိသော် ကျီးမှ ယူရာမထင်ကြ၊ ပြည့်သော ထမင်းအိုးကို ထိက ပေးလှူ၍ မကုန်။

ပြုခဲ့သည့် အထက်ပါ မကောင်းမှုကံကြောင့် မယ်တော်သည် ၇နှစ်ကြာ အရှင်မြတ်အလောင်း၏ သန္ဓေသားကို ဆောင်ရပြီးနောက် ၇ရက်ကြာ ကိုယ်ဝန်ကြောင့် ဆင်းရဲမိန်းမောရခြင်းကို ရတနာ ၃ပါး ဂုဏ်တော်ပွား၍ သည်းခံ၊ အရှင်မြတ်အလောင်းသည်လည်း မယ်တော်နှင့်အတူ ထိုဆင်းရဲကို ခံရ၊ ၇ရက်ကြာပြီးနောက် မယ်တော်သည် မိမိ၏ အရှင်သခင်ဖြစ်သော ကောလိယမင်းသားကို ဘုရားရှင်အား သူမ၏ ဖြစ်ရပ်ကို လျှောက်ထားစေပြီး ပင့်စေ၊ ဘုရားရှင်သည် "ကောလိယမင်းသမီး သုပ္ပဝါသသည် ရောဂါမရှိ၊ ပကတိ ချမ်းသာပါစေ၊ ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်းသောသားကို ဖွားစေသတည်း။'ဟု မိန့်သည်နှင့် မယ်တော်သည် အရှင်မြတ် အလောင်းသူငယ်ကို ချမ်းသာစွာ ဖွား၏။

၇ရက်ပတ်လုံး ဆွမ်းဆက်ကပ်၊ သူငယ်ကို ခပ်သိမ်းသောဆွေမျိုးတို့၏ ပူပန်သောစိတ်ကို ငြိမ်းစေလျက် ဖွားမြင်သည်ကို စွဲ၍ သီဝလိဟု ခေါ်၊ ၇နှစ်သား ထိုသူငယ်သည် ၇ရက်လုံး ရေစစ်ဖြင့် ရေစစ်၍ သံဃာတော်များအား ရေဆက်ကပ်၊ အရှင်သာရိပုတ္တရာမထေရ်က မေး၍ ရဟန်းပြုလိုကြောင်း လျှောက်၊ ဆံရိတ်သောအခါ ပဌမဆံဝန်းကို ရိတ်အချတွင် သောတာပတ္တိဖိုလ်၊ ဒုတိယဆံဝန်း ၌ သကဒါဂါမိဖိုလ်၊ တတိယဆံဝန်း၌ အနာဂါမိဖိုလ်၊ အားလုံးရိတ်ပြီးသော် အရဟတ္တဖိုလ်၌ တည်၏။

နောက်ပိုင်းဖြစ်စဉ်ကို (အရှင်သီဝလိမထေရ်သည် မိမိ၏ဘုန်းကံကို ကိုယ်တော်မြတ် ကိုယ်တိုင် စုံစမ်း ကြည့်ရာ ဧဋ္ဌာန) - တွင် ကြည့်ပါ။ ဤအကြောင်းအရာများကြောင့် အရှင်မြတ်သည် ဤဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့် ခံရ၏။

၁၉ အရှင်ဝက္ကလိ - သဒ္ဓါတရားအားကြီးသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို သဒ္ဓါတရားအားကြီးသောအရာ၌ ဧတဒဂ်ပေးသည်ကို တွေ့ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီးပေး၍ တိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

ယခုနောက်ဆုံးဘဝတွင် သာဝတ္ထိပြည် ပုဏ္ဏားမျိုး၌ ဖြစ်၊ ဘုရားရှင် သာဝတ္ထိပြည်သို့ ရောက်သော် သဒ္ဓါ ကြည်ညိုလွန်းလှသဖြင့် ဘုရားရှင်ကို အမြဲဖူးမြော်နေရန် ရဟန်းဝတ်၊ စာပေမသင် ကမ္မဋ္ဌာန်း အားမထုတ်ပဲ ဘုရားရှင်အားသာ မြင်လောက်ရာအရပ်မှ ဖူးမြော်နေ၊ ဘုရားရှင်သည် အရှင်မြတ်၏ ဉာဏ်ရင့်ကျက်ချိန်ကိုစောင့်၊ အချိန်တန်သော် 'တရားကိုမြင်သူသည် ငါဘုရားကို မြင်သည်မည်၏၊ တရားကိုရှုသူသည် ငါဘုရားကိုရှုသည်မည်၏။' ဟု ဆုံးမသော်လည်း မရ၊ ဝါဆိုခါနီးလတ်သော် ဘုရားရှင်သည် အရှင်မြတ်ကို နှင်ထုတ်။

အရှင်မြတ်သည် စိတ်ပျက်အားငယ်ကာ ဂိဇ္ဈကုဋ်တောင် ချောက်ကမ်းပါးပေါ်ရာသို့ တက်၊ ဘုရားရှင် ရောင်ခြည်တော်လွှတ်၍ တရားဟော၊ ရောင်ခြည်တော်တို့ဖြင့် ဘုရားရှင်ကိုဖူးမြင်ရသည်နှင့် ကြီးစွာသော သောကသည် ပယ်ဖျောက်ပြီးဖြစ်၊ တရားတော်၏အဆုံး၌ လာလော့ဟုခေါ်သော ဘုရားရှင်အထံသို့ မည်သည့်လမ်းဖြင့် သွားရမည်ကိုပင် မမြင်နိုင်တော့ပဲ မျက်နှာမူရာ ကောင်းကင်သို့ ပျံလှမ်းတက်စဉ် ဟောကြားသည့် တရားတော်ကို နှလုံးသွင်းရင်း ကောင်းကင်၌ပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ ဘုရားရှင်အထံတော်၌ တည်၊ ဤသို့ သဒ္ဓါတရားကြီးလှသဖြင့် ပန်ဆင် တောင့်တတော်မူခဲ့သည့်အတိုင်း ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်ခံရ။

၂၀ အရှင်ရာဟုလာ - အကျင့်သိက္ခာလိုလားသော၊

၂၁ အရှင်ရဋ္ဌပါလ - သဒ္ဓါတရားဖြင့်ရဟန်းပြုသော ရဟန်းတို့တွင် အမြတ်ဆုံး၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) (အရှင်မြတ် ၂ပါးသည် အဂ္ဂသာဝက ၂ပါးကဲ့သို့ပင် ဆုတောင်းဖက် ဖြစ်သည်။)

ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် သာသနာခေတ်ဦးပိုင်း၌ ဟံသာဝတီပြည်၌ သူကြွယ် ၂ဦးရှိ၊ ၎င်း တို့သည် နေရာ ၄ ဌာန၌ အသီးသီး တဦးက အလှူခံပုဂ္ဂိုလ်များကိုမေး၍ ၎င်းတို့၏ လိုအပ်ရာရာကို လှူ၍ 'အာဂတပါက- လာတိုင်းလူကို မေးပြီးမှ လှူသူ'ဟု ခေါ်၊ တဦးကမူ မမေးမူပဲ အလှူခံပုဂ္ဂိုလ်တို့ ပါလာသော ခွက်အပြည့်လှူသဖြင့် 'အနဂ္ဂပါက- အတိုင်းအရှည်မရှိ ပေးလှူသူ'ဟုခေါ်၊ ၎င်းတို့သည် ဟိမဝန္တာမှ တန်ခိုးရှင် ရသေ့တပါးစီ ပြုစုကိုးကွယ်ကြ၊ အရှင်ရာဟုလာအလောင်း ပင့်ထားသောရသေ့က မိမိနေ့သန့်ရာ မဟာသမုဒ္ဒရာရေအောက်ရှိ ပထဝိန္ဓရနဂါးမင်းနှင့် ၎င်း၏ဗိမာန်တို့ကို ဟောပြောသဖြင့် အရှင်ရာဟုလာအလောင်း သူကြွယ်သည် ထိုစည်းစိမ်ကို စိတ်ညွှတ်၊ အရှင်ရဋ္ဌပါလအလောင်း ပင့်ထားသောရသေ့က မိမိနေ့သန့်ရာ

တာဝတိံသာရှိ သိကြားမင်းစည်းစိမ်ကို အနုမောဒနာ အမြဲပြုဖြင့် အရှင်မြတ်အလောင်းသူကြွယ်သည် သိကြားစည်းစိမ်ကို စိတ်ညွတ်၊ စုတေကြသော် ထိုဘုံတို့၌ ဖြစ်ကြ။

လခွဲတကြိမ် စတုမဟာရာဇ်နတ်မင်းကြီး ၄ပါးတို့သည် သိကြားမင်းအား ဆည်းကပ်ခစားကြ၊ အရှင်ရာဟုလာအလောင်း ပထဝိန္ဓရနဂါးမင်းသည် ဝိရူပက္ခနတ်မင်းကြီးနှင့်အတူ လိုက်ပါ၊ အရှင်ရဋ္ဌပါလအလောင်း သိကြားမင်းနှင့် တွေ့၊ မိမိအဖြစ်ကို ပြောပြ၊ သိကြားက လောက၌ ပဒုမုတ္တရဘုရားရှင်ပွင့်ပေါ်နေပြီ၊ ဘုရားရှင်ထံ၌ ကုသိုလ်ပြု၍ သိကြားအရာကို တောင့်တကာ ငါတို့ ၂ဦး ချမ်းသာစွာနေကြအံ့ဟု အကြံပေး။

နဂါးမင်းသည် ဘုရားရှင်နှင့်သံဃာတော်များကိုပင့်၍ ဆွမ်းကပ်ကာ အလှူကြီးပေးသော် ဘုရားရှင်၏ သားတော် အရှင်ဥပရေဝတသာမဏေငယ်ကို တွေ့၍ လွန်စွာကြည်ညို အားကျ၊ ၇ရက်အလှူကြီးပေးကာ ဘုရားရှင်တဆူဆူ၏ သားတော် ဖြစ်ရပါလို၏ဟု ဆုတောင်း၍ ဗျာဒိတ်ရခဲ့။

နောက်လခွဲကြုံသော် သိကြားမင်းကို ဤအကြောင်းပြောပြ၍ တခုခုဆုတောင်းပါ၊ အရှင်သိကြားမင်းနှင့် အကျွန်ုပ်တို့သည် ဖြစ်လေရာရာ သံသရာဘဝဘုံဌာနတို့၌ မကွဲမကွာ ဖြစ်ကြပါကုန်စို့ဟု တိုက်တွန်း၊ သိကြားသည် ၇ရက်အလှူကြီးပေး၍ သဒ္ဓါတရားဖြင့် ရဟန်းပြုသော ရဟန်းတို့တွင် အမြတ်ဆုံးအရာကို ဆုပန်၍ ဗျာဒိတ်ရခဲ့။

၉၂ကမ္ဘာထက် ဖုဿဘုရားရှင်လက်ထက် ဘုရားရှင်၏ခမည်းတော် မဟိန္ဒမင်းကြီးက တဦးတည်းဆွမ်းဆက်ကပ်နေရာမှ ဘုရားရှင်၏ ဖတူမိကွဲ ညီတော်၃ပါး- ဥရုဝေလကဿပညီနောင် ၃ပါး အလောင်းများသည် သူပုန်ရန် နှိမ်နင်းနိုင်သဖြင့် ဘုရားရှင်အား ၃လ ဆွမ်း လုပ်ကျွေးခွင့်ရ၊ ၎င်းတို့သည် ၁၀ပါး သီလကိုဆောက်တည်၊ အလှူကိစ္စအဝဝကို ဦးစီးဆောင်ရွက်ရန် ယောက်ျားတဦး- ဗိမ္ဗိသာရမင်းကြီး အလောင်းကို ဥစ္စာစပါးဖြစ်ရန် (သေခြင်း / သေမင်း / သေသူ - အနက်မှ - သေသူကို ရည်စူး၍ ပေးလှူအပ်သော အလှူ - အနက်မှ - သေသူကိုရည်စူး၍ ပေးလှူအပ်သောအလှူသည် ဆွေမျိုး ပြိတ္တာတို့ မိုးရေစီးဆင်းသည့်ပမာ ကောင်းကျိုးဖြစ်စေနိုင်ကြောင်း အကျိုး ၄ချက် - ကို ကြည့်ပါ။) ၊ အခြား ယောက်ျားတဦး- ဝိသာခသူဌေးအလောင်းကို အလှူစရိတ်အတွက် ဥစ္စာစပါးတို့ကို ခြင်တွယ်ထုတ်ပေးရန် / ဘဏ္ဍာရေးမှူးအဖြစ်၊ အခြားတဦး- အရှင်ရဋ္ဌပါလအလောင်းကို အလှူဝေယျာဝစ္စမှူးအဖြစ် ယောက်ျား ၃ဦးကို တာဝန်ပေး။

အရှင်ရာဟုလာ မထေရ်အလောင်းသည် ဤကမ္ဘာတွင် ကဿပဘုရားရှင်လက်တက်၌ ကိကီမင်းကြီး၏ သမီးတော် ၇ပါးတို့ [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရားရှင် လက်ထက် ကိကီမင်းကြီး၏ သမီးတော် ၇ပါး - ကို ကြည့်ပါ။] ထက် အကြီး သားတော်ကြီး အိမ်ရှေ့မင်းသား 'ပတဝိန္ဓရ မင်းသား' ဖြစ်၊ မင်းသမီးတို့က ဘုရားရှင်အတွက် ကျောင်းပရဝုဏ် ၇ခုကို ဆောက်လုပ်လှူဒါန်းပြီး ဖြစ်၊

မင်းသားက တခုတောင်းရာ မင်းသမီးတို့က အသစ်တခု ဆောက်လုပ်ရန် တိုက်တွန်း၊ မင်းသားက ပရဝုဏ် ၅၀၀ ဆောက်လုပ်လှူဒါန်းခဲ့။

ဂေါတမဘုရားရှင်လက်ထက် ရောက်သော် အရှင်ရာဟုလာမထေရ်အလောင်းသည် ဂေါတမဘုရား အလောင်း သိဒ္ဓတ္ထမင်း၏ အဂ္ဂမဟေသီ မိဖုယားခေါင်ကြီး ယသောဓရာ၏ဝမ်း၌ ဖြစ်၍ ရာဟုလာဟု တွင်၊ အသက် ၇နှစ်ရောက်သော် ဘုရားရှင် ပဌမဦးဆုံး ကပိလဝတ်ပြည်သို့ ကြွစဉ် မယ်တော်၏ တိုက်တွန်း ချက်အရ ခမည်းတော် ဘုရားရှင်ထံ အမွေတောင်းရာ ဘုရားရှင်က ရှင်သာမဏေပြုပေး၊ နောက်ပိုင်းဖြစ်စဉ် များကို (အရှင်ရာဟုလာ - အနက်မှ - သိက္ခာ ၃ပါး အဆုံးအမသြဝါဒစကားကို လိုလားတော်မူခြင်း။) - တွင် ကြည့်ပါ၊ ဤသို့ အဆုံးအမတော်များကို လိုလားတော်မူခြင်းကြောင့် ပန်ဆင်ခဲ့သော ဧတဒဂ်ဖြင့် ချီးမြှင့်ခံရ၊

အရှင်ရဋ္ဌပါလအလောင်းကား ကုရုတိုင်း ထုလ္လကောဋ္ဌိကနိဂုံး၌ သူဌေးသားဖြစ်၊ ဘုရားရှင် ထိုနိဂုံး သို့ ဒေသစာရီကြွလာစဉ် သဒ္ဓါတရားကြီးစွာဖြင့် ၇ရက်၊ ထမင်း ၁၄နပ် အစာဖြတ်၍ ခဲယဉ်းစွာ ရဟန်းပြု၊ သာဝတ္ထိပြည်သို့ရောက်သော် ရဟန္တာဖြစ်၊ ဤအကြောင်းအရာများကြောင့် အရှင်မြတ်သည် ဤသဒ္ဓါတရား ဖြင့် ရဟန်းပြုသော ရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်အရာကို ရရှိ။

၂၂ အရှင်ကုဏ္ဍဓာန - စာရေးတံမဲကို ပဌမယူတတ်သော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ကျောင်းတော်သို့သွား၍ တရားနာ စဉ် ဘုရားရှင်သည် ရဟန်းတပါးကို စာရေးတံမဲကို ပဌမယူသောသောအရာ၌ ဧတဒဂ်ပေးသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရား အမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီးပေး၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

ကဿပဘုရားရှင်လက်ထက်၌ အရှင်မြတ်အလောင်းသည် ဘုမ္မစိုးနတ် ဖြစ်၊ အလွန်ရင်းနှီးသော မထေရ် ၂ပါးသည် ဥပုသ်ပြုရန် ဘုရားရှင်ရှိရာသို့ လာ၊ လမ်းတွင် တိုဘုမ္မစိုးနတ်သည် ထိုရဟန်း ၂ပါး၏ မေတ္တာတရားသည် ကွဲပြားအောင်ပြုလျှင် ကွဲပြားမည်လောဟုကြံကာ တပါးက ကိုယ်လက်သုတ်သင် လိုသဖြင့် ကျန်တပါးကို သပိတ် သင်္ကန်းပေး၍ ချုံတခုအတွင်းဝင်၊ ထွက်လာသော် ထိုဘုမ္မစိုးနတ်သည် မထေရ်နှင့်အတူ ဆံပင်ကိုခါ၍ ပြန်ထုံးဖွဲ့သော၊ တဘီကို ပြင်၍ဝတ်သော အဆင်းလှသည့် မိန်းမတဦး အသွင် ဖန်ဆင်းပြ၊ သပိတ်သင်္ကန်းကိုင်ထားသည့်ရဟန်းသည် ချုံမှထွက်လာသော ရဟန်းကို သပိတ် သင်္ကန်းပြန်ပေးပြီး အထင်လွဲစကားဆို၊ အပြစ်ကင်းကြောင်းပြောလည်း မကြည်လင်တော့၊ ဥပုသ်ပြုသော် အတူမပြုတော့၊ ဘုမ္မစိုးနတ်က သူအိုယောင်ဆောင်၍ ရှင်းပြ၊ ဥပုသ် အတူပြုသော်လည်း အဆွေခင်ပွန်းကား မပြုတော့ချေ၊ အစွပ်စွဲခံရသည့် မထေရ်သည် နောင်သောအခါ ရဟန္တာ ဖြစ်၊ အရှင်မြတ်အလောင်း ဘုမ္မစိုးနတ်သည် ဘုရား၂ဆူအကြား ငရဲမှ မလွတ်တော့ချေ၊ ရံဖန်ရံခါ လူဖြစ်လာသော်လည်း အခြား သူများပြုသမျှ အပြစ်တို့သည် အရှင်မြတ်အလောင်းအပေါ်၌သာ ကျ။

ဘုရားရှင်လက်ထက်၌ အရှင်မြတ်အလောင်းသည် သာဝတ္ထိပြည်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၊ ဓာနဟု ခေါ်၊ ရဟန်းပြုသည့်နေ့မှစ၍ တန်ဆာဆင်ထားသော ဝိပါက ဝင့်ကြွေးရုပ် မိန်းမတဦးသည် မတေရ်နောက်မှ အစဉ်တစိုက်လိုက်၊ မထေရ်ကမူ မမြင်ရ၊ မြို့ရွာ၌ ဆွမ်းလောင်းကြသော် ဤယာဂုတယောက်ချိုသည် အရှင်ဘုရားအတွက်၊ ဤတယောက်ချိုသည်ကား တပည့်တော်တို့၏ သူငယ်ချင်းမ၊ အရှင်ဘုရားနောက်က ပါသော မိန်းမအတွက်ပါဟု ပြော၍ လောင်းကြ၊ သာမဏေများ ရဟန်းငယ်များကလည်း 'ဓာနော ကောဏ္ဍော ဇာတော။- အရှင် ဓာနသည် မိန်းမကြူးသူ ဖြစ်၏။'ဟု လှောင်ကြ၍ ကုဏ္ဍဓာနမထေရ်ဟု တွင်၊ အရှင်မြတ်သည် ကြမ်းတမ်းသောစကားများဖြင့် ပြန်ပြော၊ ဘုရားရှင်က ဓမ္မပဒလာ ဂါထာတော်ဖြင့် အရှင်မြတ်ကို ဆုံးမ၊ များစွာသောသူတို့ သောတာပတ္တိဖိုလ်၌ တည်ကြ။

ဤအကြောင်းကို ကောသလမင်းကြီး စုံစမ်း၊ အရှင်မြတ်သက်န်းချုပ်နေစဉ် ထိုမိန်းမရုပ်သည် အရှင်မြတ် အနီး၌ ရပ်နေ၊ မင်းကြီး လာသော် ထိုမိန်းမရုပ် ကျောင်းသခ်မ်းတွင်း ဝင်၊ မင်းကြီးက ဝင်ရှာသော် မတွေ့၊ မင်းကြီးက အရှင်မြတ်ကို ဆွမ်းကိစ္စဖြင့် မငြိုငြင်ရှိပါ၏လော? ဟုမေး၊ သင့်ပါ၏ဟု အရှင်မြတ်က ပြန်မိန့်၊ မင်းကြီးက အရှင်မြတ်၏စကားကို တပည့်တော် သိပါ၏၊ ဤသို့ သဘောရှိသည့် အညစ်အကြေးနှင့် လှည့်လည်နေသော အရှင့်ကို အဘယ်သူသည် ကြည်ညိုကြလိမ့်မည်နည်း? တပည့်တော် ပစ္စည်း ၄ပါးဖြင့် ပြုစုလုပ်ကျွေးပါမည်ဟု လျှောက်၊ အရှင်မြတ်သည် ဘောဇနေသပ္ပါယဖြစ်၍ မကြာမီ ရဟန္တာ ဖြစ်၊ ထို ဝိပါက် ရုပ်လည်း ပျောက်သွား။

အရှင်မြတ်သည် ၁ အနာထပိဏ်သူဌေး၏သမီး သာကေတမြို့နေ မဟာသုဘဒ္ဒါ၏ ဆွမ်းအလှူ စာရေးတံမဲကို ဦးစွာယူခြင်း၊ ၂ အနာထပိဏ်သူဌေး၏သမီး ဥဂ္ဂမြို့နေ စူဠသုဘဒ္ဒါ၏ဆွမ်းကို ဝိသကြုံ နတ်သားဖန်ဆင်းအပ်သော ပြာသာဒ် ၅၀၀ဖြင့် ကြွရန် အရိယာသံဃာ ၅၀၀ကို ဘုရားရှင်က အရှင်အာနန္ဒာ အား စာရေးတံမဲ ပေးစေရာ၌ အရှင်မြတ်သည် ကောင်းကင်မှနေ၍ စာရေးတံမဲကို ဦးစွာယူခြင်း၊ ၃ ဘုရား ရှင် သုနာပရန္တဇနပုဒ်သို့ ကောင်းကင်ခရီးဖြင့် ကြွရာ၌ စာရေးတံမဲ ဦးစွာယူခြင်းတို့ကြောင့် ဤဧတဒဂ်ဖြင့် နောင်တွင် အချီးမြှင့်ခံရ။

၂၃ အရှင်ဝင်္ဂီသ - ဆန်းကြယ်သောဉာဏ်ပဋိဘာန်ရှိသော/ဂါထာဖွဲ့သီတတ်သော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ မဟာ ဘောဂမျိုးဝယ်ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ဆန်းကြယ်သော ဉာဏ်ပဋိဘာန်ရှိသောအရာ၌ ဧတဒဂ်ပေးသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် အလှူကြီးပေး၍ တိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည်တွင် ပုဏ္ဏားမျိုးဝယ် ဖြစ်၊ ဝင်္ဂီသလုလင်ဟု ခေါ်၊ အရွယ်ရောက်သော် ဗေဒင် ၃ပုံနှင့် ဆဝသီသမန္တန်- ဦးခေါင်းခွံကို မန်းမှုတ်၍ ထိုသူ၏ လားရာဂတိကို သိနိုင်သော မန္တန် တတ်၊

ပုဏ္ဏားတို့သည် တိုလုလင်ကို လုံခြုံသောရထား၌ တင်၍ မြို့ရွာများသို့ လှည့်လည်ကာ အသပြာ ရကြ၊ သာဝတ္ထိပြည်သို့ ရောက်ကြသော် လုလင်သည် ဘုရားရှင်ကို တဦးတည်း ဝင်ရောက်ဖူးမြော်၊ ဘုရားရှင်က ငရဲပြည်၊ လူ့ပြည်၊ နတ်ပြည်၌ ဖြစ်သောသူတို့၏ ဦးခေါင်းခွံ ၃ခုနှင့် ပရိနိဗ္ဗာန်စံပြီးသော ရဟန္တာ၏ ဦးခေါင်းခွံတို့ကို တန်ခိုးဖြင့်ယူ၍ ဝင်္ဂီသကို ၎င်းတို့၏လားရာကိုပြောစေ၊ တခြားဦးခေါင်းခွံများ၏ လားရာ တို့ကို ပြောနိုင်သော်လည်း ရဟန္တာ၏ ဦးခေါင်းခွံ၌ ပင်ပန်း၊ ဘုရားရှင်က ထိုခေါင်းခွံ၏ လားရာကိုငင်း၊ ထို့ထက်အလွန်ကိုငင်း သိသည်ဟု မိန့်၊ ထိုမန္တန်ကို သင်ယူရန် ရဟန်းဝတ်၊ ဘုရားရှင်သည် ထိုအရှင်မြတ်ကို ဒွတ္တိံသာကာရ ကာယဂတာသတိကမ္မဋ္ဌာန်း- ၃၂ကောဋ္ဌာ သကမ္မဋ္ဌာန်းကို ပေး၊ မကြာမီ ရဟန္တာ ဖြစ်။

အရှင်မြတ်သည် ဘုရားရှင်ကို ချဉ်းကပ်သော် လစန်းနှင့်၊ နေမင်းနှင့်၊ ကောင်းကင်နှင့်၊ မဟာ သမုဒ္ဒရာနှင့်၊ ဆင်ပြောင်ကြီးနှင့်၊ ကေသရခြင်္သေ့မင်းနှင့် ဥပမာနှိုင်း၍ ဂါထာပေါင်း အရာ အထောင်တို့ဖြင့် ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်တို့ကို ချီးကျူးဖွဲ့သီလျက် ဆည်းကပ်၊ အရှင်မြတ်သည် သာသနာ တော်ဝယ် အလွန်ထင်ရှားသော ပဋိဘာန်ဂါထာ စာဆိုတော် ရဟန္တာမထေရ်တပါး ဖြစ်၊ ဆုတောင်းခဲ့သည့်အတိုင်း ဤဧတဒဂ်ဖြင့် ချီးမြှင့်ခံရ။

၂၄ အရှင်ဥပသေန/ဝင်္ဂန္တပုတ္တ - ထက်ဝန်းကျင်ကြည်ညိုဖွယ်ရှိသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) အရှင်မြတ်သည် အရှင်သာရိ ပုတ္တရာမထေရ်မြတ်ကြီး၏ညီတော် ဖြစ်၊ ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ထက်ဝန်းကျင် ပရိသတ်နှင့်တကွ ကြည်ညိုဖွယ်ရှိသောအရာ၌ ဧတဒဂ်ပေးသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီး ကိုပြု၍ ထိုဆုကို ပန်ကာဗျာဒိတ် ရခဲ့။

ယခုဘဝဝယ် မဂဓတိုင်း နာလကပုဏ္ဏားရွာ၌ မယ်တော်ရူပသာရီပုဏ္ဏေးမကြီး၏သား ဖြစ်၊ ဥပသေန ဟုတွင်၊ ဘုရားရှင်၏ တရားတော်ကိုနာရ၍ ရဟန်းပြု၊ ရဟန်း ၂ဝါအရတွင် အတူနေ သဒ္ဓိဝိဟာရိက တပည့်ဖြင့် ဘုရားရှင်ထံ အဖူးမြော်ဝင်ရာ အပြစ်တင်ခံရ၊ ထိုနေ့တွင်ပင် ပရိသတ်ကြောင့်ပင် ဘုရားရှင်၏ ကောင်းကြီးပေးရစိမ့်မည် ဟုကြံကာ ရဟန်းတရားအားထုတ်ရာ ရဟန္တာ ဖြစ်၊ အမျိုးကြီးမှ ရဟန်းပြုလာသူ ဖြစ်ခြင်း၊ တရားဟောကောင်းခြင်းတို့ကြောင့် သာမဏေပြုသူ များ၊ ဓုတင် ၁၃ပါးကို ဟော၍ စွမ်းနိုင်သမျှ ဆောက်တည်စေ၊ အရှင်မြတ် ၁ဂဝါ ရသော် ထိုသာမဏေများကို ရဟန်းပြုပေး၊ ၅ဂဂမျှပင် ရှိ။

ဘုရားရှင်သည် ၃လပတ်လုံး တပါးတည်း ကိန်းအောင်းနေစဉ် အရှင်မြတ်နှင့် တပည့်ရဟန်း ၅ဂဂတို့ အဖူးမြော် လာ၊ ဘုရားရှင်က ရဟန်းတပါးအား ပံ့သုကူသင်္ကန်းကို နှစ်သက်သလော? ဟု မေး၊ ထိုရဟန်းက မနှစ်သက်ပါ၊ ဥပဇ္ဈာယ်ဆရာကို ရိုသေခြင်းကြောင့် ဆောင်ကြောင်း လျှောက်၊ ဘုရားရှင်သည်

အရှင်မြတ်ကို အကြောင်းများစွာနှင့် ချီးမွမ်း၊ နောင်တချိန်ဝယ် ဘုရားရှင်သည် အရှင်မြတ်ကို ဤဧတဒဂ် အရာ၌ ထားတော်မူ။

အခါတပါး၌ ရာဇဂြိုဟ်ပြည် ယင်းတိုက်တော သပ္ပသောဏ္ဍိက- မြွေပါးပျဉ်းနှင့် တူသောလိုဏ်၌ အရှင်သာရိပုတ္တရာနှင့် အရှင်မြတ်တို့ သီတင်းသုံးနေ၊ အရှင်မြတ် သင်္ကန်းချုပ်နေစဉ် လိုဏ်အမိုး၌ မြွေဆိုး ငယ် ၂ကောင်သည် ပျော်ပါးကစားနေစဉ် တကောင်သည် အရှင်မြတ်၏ ပခုံးစွန်း၌ကျ၊ အရှင်မြတ်သည် ဤမြွေသည် ဖုဠဝိသ ခေါ် ထိရုံနှင့် အဆိပ်တက်သောမြွေမှန်းသိ၊ ကျလျှင်ကျချင်း မီးဟုန်းဟုန်း တောက်ကာ ဖရိုဖရဲပျက်ဆီးနိုင်သော်လည်း တန်ခိုးဖြင့် ဟန့်တားကာ ရဟန်းများကို ခေါ်၍ ငါ၏ကိုယ်သည် ဖွဲဆုပ်ကဲ့သို့ ဖရိုဖရဲ မကျဲမီ ညောင်စောင်းပေါ် တင်၍ အပြင်သို့ ထုတ်ကုန်ဟု မိန့်၊ အရှင်သာရိပုတ္တရာက အရှင်မြတ်သည် ကိုယ်အမူအရာ ဖေါက်ပြန်ခြင်း၊ ဣန္ဒြေ ဖေါက်ပြန်ခြင်းမရှိပဲ ဤသို့ မိန့်ဘိ၏ဟု မိန့်၊ အရှင်မြတ်က ခန္ဓာ ၅ပါးကို ငါ ၊ ငါ့ဥစ္စာဟု အလွဲမထင်၍ဖြစ်ပါသည်ဟု လျှောက်၊ အရှင်သာရိပုတ္တရာက အရှင်ဥပသေနသည် ကြာမြင့်စွာကပင် ခန္ဓာ ၅ပါးကို ငါ ငါ့ဥစ္စာဟု မစွဲသဖြင့် ဤသို့ မဖေါက်ပြန်ဟု မိန့်၊ အရှင်မြတ်ကို ညောင် စောင်းနှင့်တကွ အပြင်သို့ ထုတ်ပြီးသည်နှင့် ဖရိုဖရဲကျဲကာ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘဝဇာတ်သိမ်း တော်မူ၏။

၂၅ အရှင်ဒဗ္ဗ (မလ္လမင်း၏သား) - ကျောင်းအိပ်ရာနေရာ ခင်းကျင်းစီမံတတ်သော/သံဃာတော်များအား နေရာချ။

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဒဗ္ဗ- သစ်သား / နေဇာ မြက်၊ ဒဗ္ဗမလ္လပုတ္တတ္ထေရအပဒါန်၊ ကစ္စာယနဝဂ်၊ ထေရာပဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက။)

ကမ္ဘာတသိန်းထက် ပဒုမုတ္တရာဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ရဟန်းသံဃာအတွက် နေရာခင်းပေးသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရကောင်းမှုကြီး ကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

၉၁ကမ္ဘာထက် ဝိပဿီဘုရားရှင် ပွင့်တော်မူသောကာလ၌ တပည့်သာဝကတပါးကို စင်ကြယ်မှန်းသိ လျက် မဟုတ်မတရား စွပ်စွဲခဲ့။ သံဃာတော်တို့အား စာရေးတံကိုယူ၍ နို့ဆွမ်းကိုကပ်လှူခဲ့၏။

ဤကမ္ဘာ၌ ကဿပဘုရားရှင် လက်ထက်ဖြစ်စဉ်ကို (ကဿပဘုရားရှင် သာသနာကွယ်လုချိန်တွင် တောင်ပေါ်တက်၍ တရားအားထုတ်ကြသော ရဟန်းတော်၇ပါးမှ ကျန်၅ပါး) - တွင် ကြည့်ပါ။

နောက်ဆုံးဘဝ၌ မလ္လတိုင်း အနုပိယမြို့ / ကုသိနာရုံမြို့ဝယ် မလ္လမင်းတဦး၏နန်း၌ ဖြစ်၊ အမိသည် ဖွားကာနီး၌ စုတေ၊ သုသာန်တွင် မီးသင်္ဂြိုဟ်သော် အမိဝမ်းကွဲ၍ အရှင်မြတ်အလောင်း ကလေးငယ်သည် ကောင်းကင်သို့ လွင့်စင်ကာ ထင်းတုံးစ / နေဇာမြက်ပုံပေါ်၌ကျ၍ ဒဗ္ဗဟု တွင်၊ အဖွားက မွေးတား၊ ၇နှစ်ရှိ လျက် ကိလေသာမှ လွတ်မြောက်၊ နို့ဆွမ်းလှူခဲ့ခြင်းအစွမ်းကြောင့် အင်္ဂါ၅ပါးနှင့်ပြည့်စုံ၏။

ရာဇဂြိုဟ်ပြည်ရောက်သော် အရှင်ဒဗ္ဗသည် သံဃာ့ဝေယျာဝစ္စ ဆောင်ရွက်ရန်ကြံကြောင်း ဘုရားရှင်အား လျှောက်ထားသဖြင့် ဘုရားရှင်သည် အရှင်မြတ်အား သံဃာအတွက် နေရာခင်းသောရဟန်း၊ ဆွမ်းညွှန်းသော ရဟန်းအဖြစ် နှင်းအပ်၊ အရှင်မြတ်သည် မိမိ၏ဣဒ္ဓိပါဒ်ဖြင့် နိမိတ္တရုပ်ပွားများပြု၍ ဆီမီးတိုင်ပမာ ထွန်းလင်းသော လက်ညှိုးဖြင့် အာဂန္တုမထေရ်များကို လမ်းပြနေရာချထား၊ မထေရ်များကလည်း အရှင်မြတ်၏ တန်ခိုးဣဒ္ဓိကိုကြည့်လျက် လိုက်ပါကြ၊ ဤအကြောင်းများကြောင့် ဆုပန်ခဲ့သော ဧတဒဂ်အရာ၌ ထားခံရ၊ တောင့်တအပ်သော ဧတဒဂ် ရ၏။

၉၁ကမ္ဘာထက်က ပြုခဲ့သော မကောင်းမှုကံကြောင့် မေတ္တိယနှင့် ဘူမဇကရဟန်းဆိုးတစုက အရှင်မြတ်ကို မေတ္တိယာဘိက္ခုနီမနှင့် စွပ်စွဲခြင်း ခံရ။

တနေ့တွင် အရှင်မြတ်သည် မိမိ၏အသက် အာယုသင်္ခါရကုန်ကြောင်း ဆင်ခြင်၍ သိသောခဏ၌ ဘုရားရှင်အား ခွင့်ပန်၊ ဘုရားရှင်၏ တိုက်တွန်းချက်အရ တပါးတည်းမှ အများဖြစ်၊ အများမှ တပါးတည်း ဖြစ်၊ ထင်စွာပေါ်ခြင်း၊ ပျောက်ခြင်းစသော သာဝကဆိုင်ရာ တန်ခိုးပြာဋိဟာတို့ကို ပြ၊ ကောင်းကင်၌ တေဇောကသိုဏ်းဝင်စားကာ မီးသွေးမှုပင်မကျန်အောင် လောင်မြိုက်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူ၏။

၂၆ အရှင်ပိလိန္ဒဝစ္ဆ - နတ်တို့ချစ်ခင်မြတ်နိုးအပ်သော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ ဥစ္စာပေါများသော အမျိုးဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို နတ်တို့ချစ်မြတ်နိုးသောအရာ၌ ဧတဒဂ်ထားသည်ကိုတွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

သုမေဓာဘုရားရှင်လက်ထက်တွင် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံသော် အရှင်မြတ်အလောင်းသည် ဘုရားရှင်၏စေတီတော်ကို ကြီးစွာသော ပူဇော်မှုပြု၍ သံဃာတော်တို့အားလည်း အလှူဒါနကြီး ပေးလှူခဲ့။

ဂေါတမဘုရားရှင် မပွင့်ပေါ်သေးသောကာလ၌ အရှင်မြတ်အလောင်းသည် စကြဝတေးမင်း ဖြစ်၊ လူအပေါင်းကို ၅ပါး သီလ၌ တည်စေကာ နတ်ရွာသုဂတိသို့ ရောက်စေခဲ့။

နောက်ဆုံးဘဝ၌ ဂေါတမဘုရားမပွင့်သေးမီ သာဝတ္ထိပြည် ပုဏ္ဏားမျိုးဝယ်ဖြစ်၊ ပိလိန္ဒ အမည်ရင်းတွင် ဝစ္ဆအနွယ်ဖြင့် ပိလိန္ဒဝစ္ဆဟု တွင်၊ သံသရာ၌ ငြီးငွေ့ပြီး ရသေ့ပြုကာ စူဠဂန္ဓာရအတတ်ကို တတ်၊ ကောင်းကင်၌သွားနိုင်ကာ သူထပါးစိတ်အကြံကိုသိသူ စသည်ဖြင့် ဝိဇ္ဇာဓိုရ်တဦးအဖြစ်ဖြင့် ရာဇဂြိုဟ်ပြည်၌ အခြံအရံ လာဘ်ပေါသူတဦး ဖြစ်၊ ဘုရားရှင် ပွင့်တော်မူလာကာ ဒေသစာရီလှည့်၍ ရာဇဂြိုဟ်ပြည်သို့ ရောက်သော် ဝိဇ္ဇာဓိုရ်၏ စူဠဂန္ဓာရီအတတ်သည် မပြည့်စုံတော့၊ မဟာဂန္ဓာရီဝိဇ္ဇာ ထင်ရှားရှိသောအရပ်ဝယ် စူဠဂန္ဓာရီဝိဇ္ဇာသည် မပြည့်စုံနိုင်ဟု ဆရာ့ဆရာများ မိန့်ကြ၊ ဘုရားရှင်အထံတော်မှ ဝိဇ္ဇာအထတ်ကိုသင်ရန် ရဟန်းပြုမကြာမီပင် ရဟန္တာ ဖြစ်။

အရှင်မြတ်သည် လူရဟန်းတို့နှင့် စကားပြောလျှင် ဝသလ- သူယုတ်ဟု ခေါ်လေ့ရှိ၊ ရဟန်းများက ဘုရားရှင်အား လျှောက်၊ ဘဝ ၅၀၀ဆက်၍ သူတဖက်သားကို ဝသလသူယုတ်ဟုခေါ်သော ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့သဖြင့် ဖြစ်ကြောင်း မိန့်၊ တနေ့ ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်၊ ယောကျ်ားတယောက်သည် ပိတ်ချင်းသီးများ ခွက်အပြည့် ထည့်၍ မြို့တွင်းဝင်လာ၊ အရှင်မြတ်က သူယုတ် သင့်ခွက်ထဲမှာ ဘာတွေနည်း? ဟု မေး၊ စောစောစီးစီး ဤရဟန်းသည် ကြမ်းတမ်းစွာ ပြော၏ဟုကြံကာ စိတ်ထဲမှာ ပြစ်မှားပြီး ကြွက်ချေးတွေဟု ပြန်ပြော၊ ပိတ်ချင်းသီးများ အားလုံး ကြွက်ချေးများ ဖြစ်၊ တောင်းပန်ကန်တော့သောအခါမှ ပိတ်ချင်းသီးများ ပြန်ဖြစ်။

နတ်ပြည် ဖိထပ်မှ နတ်တို့သည် မိမိတို့၏ နတ်ဖြစ်ကြောင်းကောင်းမှုကို ဆင်ခြင်သော် အရှင်မြတ်အလောင်း စကြဝတေးမင်းကြီးကြောင့်ဟု သိကြ၍ နေ့ညဥ့်မပြတ် အရှင်မြတ်ကို ရှိခိုးဆည်းကပ်ကြ၊ ဤအကြောင်းကြောင့် အရှင်မြတ်သည် တောင့်တခဲ့သော ဧတဒဂ်ဆုအရာ အပ်နှင်းခံရ။

(အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ မှတ်သားဖွယ်ရာ အချက် ၅ပါး) - ကိုလည်း ကြည့်ပါ။

၂၇ အရှင်ဒါရုစီရိယ - လျင်မြန်စွာရသော မဂ်ဖိုလ်အသိဉာဏ်ရှိသော (ဗာဟိရတိုင်းသား)၊

(ပဌမပိုင်း၊ ဆဌတွဲ၊ မဟာဝဂ္ဂဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို မဂ်ဖိုလ်အသိဉာဏ်ကို လျင်မြန်စွာရသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီး ကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

အရှင်မြတ်အလောင်းသည် ဘုရားမပွင့်သော တခုသောသုညကမ္ဘာဝယ် ပစ္စေကဗုဒ္ဓါထဆူ၏ သပိတ်သက်န်းတို့ကို တပ်မက်သောလောဘဖြင့် တိုပစ္စေကဗုဒ္ဓါအား မြားဖြင့်သတ်၍ လုယူခဲ့။

ဤကမ္ဘာ၌ ကဿပဘုရားရှင် လက်ထက်ဝယ် အရှင်မလ္လပုတ္တဒဗ္ဗအလောင်းနှင့်အတူ ဖြစ်စဉ်ကို (ကဿပဘုရားရှင် သာသနာကွယ်လုချိန်တွင် တောင်ပေါ်တက်၍ တရားအားထုတ်ကြသော ရဟန်းတော် ၇ပါးမှ ကျန်၅ပါး) - တွင် ကြည့်ပါ။

ယခုနောက်ဆုံးဘဝ၌ ဗာဟိယတိုင်း အမျိုးကောင်းအိမ်၌ ဖြစ်၊ ဗာဟိရဟု ခေါ်၊ အရွယ်ရောက်သော် သုဝဏ္ဏဘူမိသို့ စက်လှေဖြင့် ကုန်သွယ်သွား၊ ပင်လယ်အတွင်း လှေသင်္ဘောပျက်၊ ဗာဟိယသည် သစ်သားပိုင်း အမှီရ၍ ၇ရက်ကြာသော် သုပ္ပါရကဆိပ်ကမ်းသို့ ရောက်ရှိလာ၊ အနီးရှိ မှော်သိုက်ဖြင့် ကိုယ်ကိုရစ်ပတ်ပြီး ခွက်ဆွေးတခုကို ကောက်ယူ၍ ဆွမ်းရှာ၊ လူတို့က သူ့ကို ဆည်းကပ်လုပ်ကျွေးကြ၊ မှော်သိုက်ကို ဖယ်ကာ သစ်သားပျဉ်ချပ်များကို ပါးပါးလွှာလျက် လျှော်မျှင်ဖြင့်သီ၍ ဝတ်ကာ ရဟန္တာ သဖွယ်ပြုကာနေ၊ ထိုသို့ဖြင့် အမည်ရင်း ဗာဟိယတွင် ဒါရုစီရိယ- သစ်သားမျှင်အဝတ်ကို ဝတ်သူဖြစ်၍ ဗာဟိယဒါရုစီရိယဟု တွင်၊ ပစ္စေကဗုဒ္ဓါ၏ သပိတ်သက်န်းကို လုယူခဲ့သော မကောင်းမှုကြောင့် ဤသို့ ပျဉ်ချပ်များ ဝတ်ဆင်နေရ။

ထိုအခါ တည့်တွင် ကဿပဘုရားရှင် သာသနာနောက်ပိုင်း၌ အတူတရားကျင့်ဖက် ဖြစ်သော အနာဂါမ်ဗြဟ္မာကြီးက ကိုယ်ထင်ပြ၍ သင်သည် ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်သို့လည်း မရောက်သေး၊ ရောက်ရန်လည်း အကျင့်ဟူ၍ မြူမျှပင်မရှိဟု သတိပေးဆုံးမပြီး သာဝတ္ထိပြည် ဘုရားရှင်ထံသို့ သွားရန် တိုက်တွန်း၊ ထိတ်လန့်သံဝေဂရ၍ ယူဇနာ ၁၂၀ရှိသော သာဝတ္ထိသို့ ညတွင်းချင်း အရောက်သွား။

ဘုရားရှင် ဆွမ်းခံကြွရာ မြို့တွင်းသို့ လိုက်၍ တရားဟောရန် တောင်းပန်၊ ဤဖြစ်ရပ်အစဉ်ကို (မြင်မြင်ကာမတ္တ - အနက်မှ - ဗာဟိယဒါရုစီရိယ) - တွင် ကြည့်ပါ။ (နွားငှေ့၍စုတေသော အရိယာ ၄ပါးနှင့် အတိတ်အကုသိုလ်အကြောင်း) ကိုလည်း ကြည့်ပါ။ ဘုရားရှင်သည် ဆွမ်းကိစ္စပြီး၍ ရာဇဂြိုဟ်မြို့တွင်းမှ ထွက်လာသော် အမှိုက်ပုံ၌ အရှင်မြတ်၏ ဥတုဇရုပ်ကိုယ်ကျနေသည်ကို တွေ့ ရဟန်းများအား ဖုတ်ကြည်း သင်္ဂြိုဟ်စေကာ အရိုးဓါတ်ကို စေတီတည်စေ၊ ဤအကြောင်းထုပ္ပတ်ကြောင့် ဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ပြီးဖြစ်သော အရှင်မြတ်ကို အရှင်မြတ် ပန်ဆင်ခဲ့သော ဧတဒဂ်ဆုထူးဖြင့် ချီးမြှင့်။

၂၈ အရှင်ကုမာရကဿပ - ဆန်းကြယ်စွာတရားဟောတတ်သော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ဆန်းကြယ်သော တရားစကားကို ဟောကြားတတ်သော အရာ၌ ဧတဒဂ်ထားသည်ကို တွေ့ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

ဤကမ္ဘာ၌ ကဿပဘုရားရှင် လက်တက်ဝယ် အရှင်မလ္လပုတ္တဒဗ္ဗအလောင်း၊ အရှင်ဗာဟိရဒါရုစီရိယအလောင်းတို့နှင့်အတူ ဖြစ်စဉ်ကို (ကဿပဘုရားရှင် သာသနာကွယ်လုချိန်တွင် တောင်ပေါ်တက်၍ တရားအားထုတ်ကြသော ရဟန်းတော်၇ပါးမှ ကျန်၅ပါး) - တွင် ကြည့်ပါ။

နောက်ဆုံးဘဝ၌ ရာဇဂြိုဟ်ပြည် သူဌေးသမီးတဦး၏ဝမ်းဝယ် ဖြစ်၊ အမိသည် ငယ်စဉ်ကပင် ဘိက္ခုနီမ ပြုလို၊ မိဖများက ခွင့်မပြု၊ အိမ်ထောင်ပြုပြီးမှ မိမိကိုယ်ဝန်ရှိသည်ကို မသိပဲ လင်ယောကျ်ား၏ ခွင့်ပြုချက်ဖြင့် အရှင်ဒေဝဒတ်၏ ဘိက္ခုနီမကျောင်းတွင် ဘိက္ခုနီမပြု၊ ကိုယ်ဝန်ထင်ရှားလာသော် နင်ထုတ်ခံရ၊ ဘုရားရှင်၏ ဘိက္ခုနီမကျောင်းသို့ ရောက်သော် အရှင်ဥပါလိအမှူးပြုသော ဝိသာခါကျောင်းအမကြီးစသော ဥပါသိကာများက စိစစ်၍ နေခွင့်ပြု၊ ဖွားသော် ကောသလမင်းကြီးက မွေးစား၊ အမည်ရင်း ကဿပတွင် ကုမာရ- မင်းသားငယ်ဖြင့် ကုမာရကဿပဟု တွင်၊ ၇နှစ်အရွယ်တွင် သာမဏေပြု။

အရွယ်ကြီးလာ၍ သာဝတ္ထိပြည် အန္ဓဝန်တော၌ တရားအားထုတ်နေစဉ် တည့်၌ ကဿပဘုရားရှင် သာသနာနောက်ပိုင်းတွင် အတူတရားကျင့်ဖက်ဖြစ်သော အနာဂါမ် ဗြဟ္မာကြီးက ကိုယ်ထင်ပြ၍ ပြဿနာ (ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - ဥပမာများနှင့် တရားတော်များ - အနက်မှ - တောင်ပို့ တရားတော် - ကို ကြည့်ပါ။) မေး၊ ဘုရားရှင်၏ အဖြေတရားတော်ကို သင်ကြားနာယူ၍ တရားအားတုတ်ရာ

ရဟန္တာ ဖြစ်။

အရှင်မြတ်သည် ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာ ပရိသတ် ၄ပါးကို တရားဟောတော်မူလျှင် ဥပမာပေါင်းများစွာဖြင့် ဆန်းကြယ်စွာ တရားဟော၊ ပါယာသိမင်းအားဟောသော ပါယာသိရာဇညသုတ် (မဟာဝဂ္ဂပါဠိတော်၊ ဒီဃနိကာယ်၊ သုတ္တန္တပိဋက) ကို အကြောင်းပြု၍ ဤဧတဒဂ်ဖြင့် ချီးမြှင့်ခံရ။

၂၉ အရှင်မဟာကောဋ္ဌိက - ပဋိသမ္ဘိဒါ ၄ပါးရကုန်သော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ ဥစ္စာပေါ များသော မဟာဘောဂအမျိုးဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ပဋိသမ္ဘိဒါဉာဏ် ၄ပါးသို့ ရောက်သောရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်ထားသည်ကို တွေ့ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

ယခုနောက်ဆုံးဘဝ၌ သာဝတ္ထိပြည် ပုဏ္ဏားမျိုးတွင် ဖြစ်၊ ကောဋ္ဌိတဟု ခေါ်၊ အရွယ်ရောက်သော် ဗေဒင် ၃ပုံကို ကျွမ်းကျင်၊ ဘုရားရှင့် တရားတော်ကို ကြားနာရပြီး ရဟန်းဝတ်ကာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်၊ ပဋိသမ္ဘိဒါဉာဏ် ၄ပါး၌ လေ့လာကျွမ်းကျင်တော်မူ၊ မဟာဝေဒလ္လသုတ် (မူလပဏ္ဏာသပါဠိတော်၊ မဇ္ဈိမ နိကာယ်၊ သုတ္တန္တပိဋက) ကို အကြောင်းပြု၍ အရှင်မြတ်ကို ဘုရားရှင်သည် အရှင်မြတ် ပန်ဆင်လာခဲ့သော ဆုဧတဒဂ်ဖြင့် နှင်းအပ် ချီးမြှင့်။

၃၀ အရှင်အာနန္ဒာ (ဧတဒဂ် ၅ခုရ)- ၁ အကြားအမြင်များသော၊

၂ (ငါ၏စကားတော်တို့ကို ကြာမြင့်စွာ ဆောင်နိုင်သော) သတိရှိသော၊

၃ (ငါဟောသည့်အတိုင်း အလုံးစုံသော ပုဒ်တို့ကို) သိစွမ်းနိုင်သည့် ပညာရှိသော၊

၄ (ငါ၏စကားတော်တို့ကို သင်ခြင်း၊ ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်းနှင့် ငါ့ကို ဆည်းကပ်လုပ်ကျွေးခြင်းတို့၌) လုံ့လရှိသော၊

၅ လုပ်ကျွေးသော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းတက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဘုရားရှင်နှင့် ဖတူမိကွဲ ညီတော် ယူဇနာ ၁၂၀ ဝေးကွာသောမြို့၌ မြို့စားသုမနမင်းသား ဖြစ်၊ ထိုင်းစွန်ပြည်နား၌ တကြွသောသူပုန်တို့ကို နှိမ်နင်းနိုင်၍ ခမည်းတော် အာနန္ဒမင်းကြီးက ဆုပေးရာ နောင်တော်ဘုရားရှင်ကို ဝါတွင်း၃လ ဆွမ်းလုပ် ကျွေးခွင့်တောင်း၊ ဘုရားရှင်အလိုတော်ကို သိအောင်ပြုရန် ကျောင်းတော်သို့သွားရာ ဘုရားရှင်၏ အလုပ် အကျွေး အရှင်သုမနမထေရ်၏ သာသနာ၌ အကျွမ်းဝင်မှု၊ မြေလျှိုး၍ ဘုရားရှင်အား သုမနမင်းသား ရောက်ကြောင်း လျှောက်တားမှုတို့ကို မြင်ရ၊ အားကျ၊ ဘုရားရှင်၏ အခွင့်ရသော် တယူဇနာလျှင် စံကျောင်း

တကျောင်းစီ ဆောက်စေ၊ ဘုရားရှင်သီတင်းသုံးရန် မြေကို အသပြာတသိန်းဖြင့် ဝယ်၊ အသပြာတသိန်းဖြင့် ပင် ကျောင်းဆောက်၊ ဘုရားရှင်သည် သံဃာတော်တသိန်း အခြံအရံဖြင့် ကြွ၊ ၁၀ပါးသီလ စောင့်ထိန်း၍ အရှင်သုမနကျောင်းနှင့် မနီးမဝေး၌ နေ၊ အရှင်မြတ် ဘုရားရှင်အား ဝတ်ကြီးဝတ်ငယ်ပြုပုံကို တွေ့၊ ဤသို့ဖြစ်လို၍ ဝါကျွတ်ခါနီးလတ်သော် ၇ရက်တိုင်အလှူကြီးပေး၍ ဘုရားရှင်တဆူဆူ၏ အလုပ်အကျွေး အရာကို ဆုပန်ကာ ဗျာဒိတ် ရခဲ့။

ကဿပဘုရားရှင်လက်ထက်တွင် ဆွမ်းခံကြွလာသော ရဟန်းတပါးအား သပိတ်အောက်မှ ခံရန် မိမိ၏ အပေါ်ရုံစုလျားတဘက်ကို ပေးလှူခဲ့။

လိုဘဝမှစုတေပြီးနောက် တချိန်တွင် ဗာရာဏသီပြည်၌ မင်းဖြစ်စဉ် ပစ္စေကဗုဒ္ဓါ ၈ဆူတို့ကို မင်းဥယျာဉ်အတွင်း၌ ကျောင်းဆောက်လုပ် လှူ၊ နန်းတော်သို့ ဆွမ်းခံကြွလာသော် အရှင်မြတ်တို့ထိုင်ရန် ရတနာ ၁၀ပါးဖြင့်ပြီးသော အင်းပျဉ်ကြီး ၈လုံး၊ ပတ္တမြားသပိတ်ခြေ ၈ခုထို့ထားလျက် အနှစ်တသောင်း ပြုစုလုပ်ကျွေးခဲ့။

နောက်ဆုံးဘဝ၌ ကပိလဝတ်ပြည်ဝယ် အမိတောဒနသာကီဝင်မင်း၏ သားတော်ဖြစ်၊ ဆွေမျိုး အားလုံးတို့အား နှစ်သက်ဝမ်းမြောက်မှု ဖြစ်ပွားစေသောကြောင့် အာနန္ဒမင်းသားဟု တွင်၊ ဘုရားရှင် ပဌမ အကြိမ် ကပိလဝတ် နေပြည်တော်သို့ ကြွလာတော်မူစဉ် ဘုရားရှင်၏ အခြံအရံအဖြစ် သာကီဝင် မင်းသား များ ရဟန်းပြုကြရာ၌ ဘဒ္ဒိယမင်းသား စသည်တို့နှင့်အတူ ရဟန်းပြု၊ မကြာမီ အရှင်မန္တာဏီပုတ္တပုဏ္ဏမ ထေရ်၏တရားတော် (အရှင်အာနန္ဒာ - အနက်မှ - အရှင်အာနန္ဒာ သောတာပန်ထည်သော မှန်ကြေးမုံ တရားတော် - ကို ကြည့်ပါ။) ကို ကြားနာ၍ သောတာပန် ဖြစ်။

ဘုရားရှင်၏ ပဌမဗောဓိ [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင်၏ ဗောဓိ ၃ပါး - အနက်မှ - (မူလပဏ္ဏာသ ၄)] - ကို ကြည့်ပါ၊ ပဌမ ဝါတော် ၂၀၌ အမြဲတမ်း အလုပ်အကျွေး မရှိသေးချေ။ [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင်၏ အလုပ်အကျွေးရဟန်းများ - အနက်မှ - ဘုရားရှင်၏ အလုပ်အကျွေး ရဟန်း၉ပါး] - ကို ကြည့်ပါ၊ [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင်၏ အလုပ်အကျွေးရဟန်းများ - အနက်မှ - ဘုရားရှင်၏ အဆိုအမိန့်ကို မနာယူသောအလုပ်အကျွေးရဟန်းနှင့် ပရိက္ခရာများပါ မြေ၌ချသော အလုပ်အကျွေးရဟန်း ၂ပါး]- ကိုလည်း ကြည့်ပါ။

လိုအကြောင်းများကြောင့် တချိန်တွင် ဘုရားရှင်သည် သံဃာတော်များအား အမြဲလုပ်ကျွေးမည့် ရဟန်းတပါးကို စဉ်းစားကြလော့ဟု မိန့်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်စသော မဟာသာဝက ကြီးများက လုပ်ကျွေးရန်လျှောက်ထားသည်ကို ပယ်တော်မူ၊ ထို့နောက် အရှင်အာနန္ဒာသည် ဆုများ တောင်းခြင်း ပယ်ခြင်းများ (အရှင်အာနန္ဒာ - အနက်မှ - အရှင်အာနန္ဒာ ဘုရားရှင်အား လုပ်ကျွေးရန် ဘုရားရှင်ထံ တောင်းခံသော ပယ်ဆု ၄ပါး၊ တောင်းဆု ၄ပါး နှင့် ဂုဏ် ၇ပါး - ကို ကြည့်ပါ။) ပြု၍ သူမတူတန်

ထူးကဲစွာ ပြုစုလုပ်ကျွေး (အရှင်အာနန္ဒာ - အနက်မှ - အရှင်အာနန္ဒာ ဘုရားရှင်အား လုပ်ကျွေးပုံ ၇ပါး အမြွက် - ကို ကြည့်ပါ။)၊ ဤအကြောင်းများကြောင့် အရှင်မြတ်သည် ဘုရားရှင်မှ နှုတ်တော်မြွက်၍ ဧတဒဂ် ၅တန်ဖြင့် နှင်းအပ်ချီးပခြင်း ခံရ၏။

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံသော် အရှင်မဟာကဿပသည် ဘုရားရှင်၏ သဒ္ဓမ္မ ၃ဖြာ သာသနာ တော်မြတ်ကြီး အဓွန့်ရှည်စွာတည်ကြောင်း ပဌမသံဂါယနာတင်ရန် ရာဇဂြိုဟ်ပြည့်၌ အဇာတသတ်မင်း၏ အထောက်အပံ့ဖြင့် ရဟန္တာအရှင်မြတ် အပါး၅၀၀ အနက် ၄၉၉ပါးရွေးထား၊ သံဃာတော်များ၏ ဆန္ဒဖြင့် သောတာပန်သာဖြစ်သေးသော အရှင်အာနန္ဒာကိုလည်း ရွေးရာ အပါး ၅၀၀ ရရှိထား။

အရှင်အာနန္ဒာသည် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခြင်းကြောင့် သောကပရိဒေဝ ဖြစ်ခြင်း၊ ရောက်ရာ တို့၌ သောကပရိဒေဝမီး တောက်လောင်နေသော လူတို့အား တရားဟောခြင်းတို့ဖြင့် အချိန်ကုန်၊ တနေ့ ကောသလတိုင်း တောအုပ်တခု၌ နေတော်မူစဉ် တောစောင့်နတ်က သတိမမေ့လျော့ပဲ အထက်မဂ်များ အတွက် တရားအားထုတ်ရန် သတိပေး။

သံဂါယနာတင်ပွဲကြီးအတွက် ပြင်ဆင်နေကြစဉ် ဝါခေါင်လဆုတ် ၄ရက်နေ့၌ အချို့ရဟန်းတို့သည် ဤ ရဟန်းအပေါင်း၌ ရဟန်းတပါးသည် ကိလေသာအားစိမ်းနံ့ပုံ့လျက် လှည့်လည်ကျက်စားနေ၏ဟု ကဲ့ရဲ့စကား ပြောကြားကြ၊ အချို့ရဟန်းများကမူ အားပေးတိုက်တွန်းစကား ပြောကြ၊

အရှင်မြတ်သည် နက်ဖြန်ခါ သံဂါယနာအစည်းအဝေးကြီး ဖြစ်တော့မည်၊ ငါ့အဖို့ရာ သောတာ ပန်အရိယာဖြစ်လျက် သွားရန်မသင့်ဟု ဆင်ခြင်၍ တညဉ့်လုံး ကာယဂတာသတိကမ္မဋ္ဌာန်းဖြင့် စင်္ကြံသွား နေရာမှ မိုးသောက်ထအခါ လျောင်းစက်ဦးအံ့ဟု ကျောင်းတွင်းသို့ ဝင်၍ ကိုယ်မှ သတိမကွာပဲ ဖြည်းညင်းစွာ လဲလျောင်းလိုက်ရာ မြေမှ ခြေ ၂ဖက်လွတ်ကာ ခေါင်းအုံးသို့ ဦးခေါင်း မကျမီအချိန်အတွင်း၌ အာသဝေါ ကုန်ခန်း ရဟန္တာဖြစ်၊ ဤသာသနာတော်၌ ဣရိယာပုတ် ၄ပါးမှလွတ်လျက် ရဟန္တာဖြစ်တော်မူသော တပါးတည်းသော ရဟန္တာမြတ် ဖြစ်တော်မူ၏။

အရှင်မြတ်ကြီး သက်တော် ၁၂၀ရှိသော် ရောဟိဏီမြစ်ကမ်းပါးနေ ဆွေတော်မျိုးတော် လူတို့သည် မထေရ်မြတ်အပေါ်၌ ကျေးဇူးများသူများဖြစ်ကြရာ တဖက်ကမ်း၌သာ ပရိနိဗ္ဗာန်စံခဲ့လျှင် ငါ၏ဓါတ်တော်များ အတွက် တဖက်နှင့်တဖက် ခိုက်ရန်ဖြစ်ကြလိမ့်မည်ဟု အကြံဖြစ်၊ ပရိနိဗ္ဗာန်စံမည့်နေ့ရောက်သော် အရှင် မြတ်ကြီးသည် မြစ်၏အလယ် ထန်း၇ပင်ခန့်မြင့်သော ကောင်းကင်၌ ထက်ဝက်ဖွဲ့ခွေ ထိုင်နေတော်မူပြီး လူများအား တရားဟောတော်မူ၊ ထို့နောက် တေဇောဓါတ်လောင်ကျွမ်း၍ အရှင်မြတ်၏ ကိုယ်ခန္ဓာသည် တက်ခြမ်းကွဲကာ ကမ်းတဖက်စီသို့ တခြမ်းစီကျလျက် ပရိနိဗ္ဗာန်စံဝင်တော်မူ၏။

၃၁ အရှင်ဉရုဝေလကဿပ - များသောပရိသတ်ရှိသော ရဟန်းတို့တွင် အမြတ်ဆုံး၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းတက် ပဒုမုတ္တရာဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုး

ကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ပရိသတ် အခြံအရံများသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

၉၂ကမ္ဘာထက် ဖုဿဘုရားရှင်လက်ထက်တွင် ဘုရားရှင်၏ ဖတူမိကွဲ ညီနောင်၃ဦးအနက် ညီ အကြီးဆုံးဖြစ်၊ ထိုညီနောင် ၃ဦးသည် ဘုရားရှင်အား ဝါတွင်း ၃လပတ်လုံး ဝေယျာဝစ္စမှူးများခန့်ကာ ဆွမ်း လုပ်ကျွေးခဲ့။

နောက်ဆုံးဘဝ၌ ဘုရားရှင် မပွင့်ပေါ်သေးမီ ညီနောင် ၃ဦးလုံး ပုဏ္ဏားမျိုးဝယ် ဖြစ်၊ ၃ဦးလုံးကိုပင် ကဿပဟု ခေါ်၊ ဗေဒင် ၃ပုံ တတ်ကျွမ်းကြ၊ အကိုကြီး၌ အခြံအရံ ၅၀၀၊ အလတ်၌ ၃၀၀နှင့် အငယ်မှာ ၂၀၀ ရှိကြ၊ ဥရုဝေလတော၌ ရသေ့ပြုသဖြင့် အကိုအကြီးကို ဥရုဝေလကဿပဟု ခေါ်၊ အလတ်မှာ ဂင်္ဂါမြစ် အကွေ့၌ အခြံအရံနှင့်တကွ နေ၍ နဒီကဿပဟု ခေါ်၊ အငယ်မှာ ဂယာသီသအရပ်၌ နေ၍ ဂယာကဿပဟု တွင်၊ ဘုရားရှင်ပွင့်တော်မူသော် တန်ခိုးပြာဋိဟာများ ပြလျက် ချေချွတ် (ဘုရားရှင် သတ္တလောက၏အကျိုးငှါ ကျင့်တော်မူခြင်း - အနက်မှ - ဘုရားရှင်သည် ဥရုဝေလကဿပနှင့် တပည့်ရသေ့ ၅၀၀တို့အား တန်ခိုး ပြာဋိဟာပေါင်း ၃၅၁၆ပါး အသုံးပြု ဖန်ဆင်းပြသ ချေချွတ်တော်မူသည် - ကို ကြည့်ပါ။) ၍ အားလုံး ညီတော် ၂ပါးနှင့် ၎င်းတို့၏ တပည့်ရသေ့များပါ ဧဟိဘိက္ခု ရဟန်းများချည်း ဖြစ်ကြ၊ ဂယာသီသ၌ ဂယာသီသ ကျောက်ဖျာဝယ် မီးပူဇော်သောရသေ့များ ဖြစ်ခဲ့ကြ၍ ဘဝ ၃ပါးလုံး မီးဟုန်းဟုန်းတောက်နေသော ဥပမာဖြင့် အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူရာ ရဟန္တာများ ဖြစ်ကြ၊ ဤရဟန္တာတို့သည် အရှင်မြတ်ကို သာ အမြဲ ခြံရံ၍နေကြ၊ ၎င်းရဟန္တာတို့ ရှင်ရဟန်းပြုပေးသော ရဟန်း သာမဏေများကလည်း အရှင်မြတ်ကို ဝန်းရံနေကြသဖြင့် များပြားသော အခြံအရံ မပြတ်ရှိသည်ကို အကြောင်းပြု၍ ဘုရားရှင်သည် အရှင်မြတ်ကို ဤဧတဒဂ်ဖြင့် အရာထား။

၃၂ အရှင်ကာဠုဒါယီ - ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေတတ်သော၊

(တတိယတွဲနှင့်ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်း ထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ်ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ဘုရားရှင် အား မဖူးမြော်ရသေးမီကပင် ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေနင့်သော အရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကို ပန်ကာ ဗျာဒိတ် ရခဲ့။

နောက်ဆုံးဘဝဝယ် ကပိလဝတ်ပြည် အမတ်တဦးအိမ်၌ ဖြစ်၊ ဘုရားလောင်းနှင့် တနေ့တည်းဖွား၊ တမြို့လုံး ဘုရားလောင်းဖွားမြင်သဖြင့် ဝမ်းမြောက်နေသောနေ့ဝယ် ဖွားမြင်လာသဖြင့် ဥဒါယီဟု ခေါ်၊ ကိုယ် ရောင်အသွေး အနည်းငယ်မည်းသဖြင့် ကာဠုဒါယီဟု တွင်၊ ဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ခမည်း

တော်မင်းကြီးသည် အမတ်တဦးလျှင် အခြံအရံတထောင်ဖြင့် ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွရန် အခေါ် လွှတ်၊ ဘုရားရှင်၏ တရားတော်ကို နာကြားကြရပြီးနောက် အားလုံး ရဟန္တာများဖြစ်ကြပြီး ဖလသမာပတ် ချမ်းသာဖြင့်သာနေကြ၊ ဤနည်းဖြင့် အမတ် ၉ယောက်နှင့် အခြံအရံ ၉ထောင်တို့သည် ရဟန္တာများဖြစ်ကြ။

သည့်နောက် ကာဠုဒါယီအမတ်ကို ရဟန်းပြုခွင့်ပေးပြီး လွှတ်၊ ရှေးနည်းအတိုင်း ထိုသူတို့သည် လည်း ရဟန္တာ ဖြစ်တော်မူကြ၊ အရှင်မြတ်သည် တပေါင်းလပြည့်နေ့တွင် ဘုရားရှင် ကပိလဝတ်ပြည်သို့ ကြွတော်မူပါမည့်အကြောင်း ဂါထာ ၆၀ဖြင့် လျှောက်ထား၊ ဘုရားရှင်သည် ရဟန္တာပေါင်း ၂သောင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တနေ့ တယူဇနာကျဖြင့် ကြွရာတွင် အရှင်မြတ်သည် ကပိလဝတ်သို့ နေ့စဉ် စျာန်ဖြင့်ကြွ၍ ခမည်းတော်မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့အား ဘုရားရှင်နှင့် သံဃာတော် များ ဤမည်သောနေရာသို့ ရောက်ပြီဖြစ်ကြောင်း ပြောကြားကာ ခမည်းတော်မင်းကြီး ဆက်ကပ်သော နန်းတော်မှဆွမ်းကို ယူ၍ ဘုရားရှင် အားဆက်ကပ်ခြင်းဖြင့် ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေသည် ဖြစ်၍ ဤဧတဒဂ် ဖြင့် ချီးမြှင့်ခံရသည်။

၃၃ အရှင်ဗာကုလ - အနာရောဂါကင်းသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) လွန်ခဲ့သော တသင်္ချေနှင့် ကမ္ဘာ တသိန်းတက်က အနောမဒဿီဘုရားရှင် မပွင့်ပေါ်သေးမီ ပုဏ္ဏားမျိုး၌ ဖြစ်၊ ဗေဒင် ၃ပုံကို သင်ကြား တတ်မြောက်ပြီးနောက် ရသေ့ပြု၊ အဘိညာဉ် ရ၊ ဘုရားရှင် ပွင့်လာသော် တရားသွားသွားနာ၊ တနေ့ ဘုရားရှင် ၏ လေနာရောဂါကို တောင်ခြေမှ အထူးထူးသောဆေးများဖြင့် ဖော်စပ်၍ ဆက်ကပ်ရာ ဘုရားရှင် ဝေဒနာမှ ကင်းပျောက်၊ ဤကောင်းမှုကြောင့် သံသရာဘဝများ၌ နွားနို့တညစ်မျှလည်း ရောဂါမဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့။

ကမ္ဘာတသိန်းထက် ပဒုမုတ္တရာဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို အနာကင်းသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

၉၁ ကမ္ဘာထက်က ဝိပဿီဘုရားရှင် မပွင့်ပေါ်သေးမီ ဗန္ဓုမတီမြို့ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၊ ဗေဒင် ၃ပုံကို သင်ကြားတတ်မြောက်ပြီးနောက် ရသေ့ပြု၊ အဘိညာဉ် ရ၊ ဘုရားရှင် ပွင့်လာသော် တရားသွားသွားနာ၊ တနေ့ ဘုရားရှင်နှင့် အဂ္ဂသာဝက ၂ပါးကိုထား၍ ဘုရားရှင်၏အခြံအရံ ကျန်ရဟန်းသံဃာပေါင်း ၆သန်း ၈သိန်းတို့သည် ဟိမဝန္တာရှိ အဆိပ်ပင် အဆိပ်ပွင့်တို့ကို တိုက်ခတ်လာသောလေ၏ အတွေ့ကြောင့် ပြင်းစွာသော ဦးခေါင်းနာရောဂါ ဖြစ်ကြ၊ မိမိ၏အာနုဘော်ဖြင့် ဆေးများကို စုဆောင်းဖော်စပ်ပြီး ဆက်ကပ်ရာ ရဟန်းတော်များ၏ဝေဒနာသည် နမ်းရှူရုံမျှဖြင့် ကင်းပျောက်ကြ။

ဤကမ္ဘာ၀ယ် ကဿပဘုရားသာသနာခေတ်သို့ ရောက်သော် ဗာရာဏသီပြည်၌ အမျိုးကောင်းသား ဖြစ်၊ မိမိအိမ်အသစ်ဆောက်ရန် သစ်အတွက် လက်သမားများနှင့်အတူ ပစ္စန္တရစ်သို့သွားစဉ် လမ်း၌ ကျောင်းတိုက်အိုကြီးတခုကို တွေ့၊ ၎င်းကျောင်းတိုက်အိုကြီးကို အခြံအရံ အဆောက်အဦးများဖြစ်သော ဆွမ်းစားကျောင်း၊ ကျန်းမာရေး ဆေးကျောင်းများစသော ကျောင်းအသစ်ပေါင်းများစွာဖြင့် ဆောက်လုပ် လှူဒါန်းခဲ့။

နောက်ဆုံးဘ၀၌ ဂေါတမမြတ်စွာဘုရား မပွင့်ပေါ်မီ ကောသမ္ဗီပြည် သူဌေးကြီးအိမ်၌ ဖြစ်၊ ပဋိသန္ဓေနေသည့်မှစ၍ သူဌေးကြီးအိမ်၌ လာဘ်လာဘပေါများ၊ ဖွားပြီးနောက် ယမုနာမြစ်၌ အထိန်း တော်ကြီးက ရေချိုးပေးစဉ် ငါးကြီးချဉ်းကပ်ကာ သူငယ်ကို မျို၊ သူငယ်သည် မသေပဲ ငါးကြီးသည်ကား သူငယ်၏ဘုန်းတန်ခိုးအရှိန်ကြောင့် ပြင်းစွာပူလောင်၍ ယူဇနာ ၃၀တိုင် တရှိန်တိုးပြေးကာ ဗာရာဏသီမြို့ နေ တံငါသည်များ၏ ပိုက်ကွန်သို့ တိုး၀င်မိ၊ ဗာရာဏသီသူဌေးကတော်ကြီးသည် တိုငါးကို အသပြာ တထောင်ဖြင့်၀ယ်၍ ငါး၀မ်းကိုခွဲသော် သူငယ်ကိုတွေ့၊ အမိရင်းဖြစ်သူ ကောသမ္ဗီသူဌေးကတော်ကြီး လိုက်လာ၊ တရား ဖြစ်၊ ဗာရာဏသီမင်းက သူဌေးအိမ် ၂အိမ်လုံး၏ အမွေခံ ဖြစ်စေဟု ဆုံးဖြတ်ချက် ချမှတ်၊ လိုသို့ သူဌေးအိမ် ၂အိမ်လုံး၌ ချမ်းသာစွာ ကြီးပွားရသဖြင့် ဗာကုလသူဌေးသားဟု ခေါ်။

တမြို့တမြို့တွင် စံအိမ်ပြာသာဒ် ၃ဆောင်စီ၌ ကချေသည်မောင်းမမိဿံတို့ဖြင့် တမြို့လျှင် ၄လ သာနေ၊ ကျန် ၄လ မှာ ပေါင်းကူးလှေမဏ္ဍပ်ကြီးဖြင့် တမြို့မှ တမြို့သို့ ကူး၊ တမြို့မှ မောင်းမမိဿံ တို့သည် ၂လမျှသာ ထို ပေါင်းကူးလှေကြီးဖြင့် လိုက်ပါလာကြပြီး အခြားတမြို့မှ မောင်းမမိဿံတို့က ၂လကြိုတင်၍ ထိုပေါင်းကူးလှေကြီးပေါ်၌ပင် သူဌေးသားတို လာရောက်ကြိုဆိုခေါ်ယူကြ၊ အသက် ၈၀တိုင် စည်းစိမ် ချမ်းသာကို ဤသို့ ခံစားနေ။

ဘုရားရှင် ကောသမ္ဗီပြည်သို့ ဒေသစာရီကြွလာသော် ဘုရားရှင့်တရားတော်ကို နာယူပြီး ရဟန်းပြု ပြုပြီး ၈ရက်မြောက်သောနေ့၌ ပဋိသမ္ဘိဒါဉာဏ် ၄ပါးဖြင့် ရဟန္တာ ဖြစ်၊ အရှင်မြတ်သည် လခွဲပတ်လုံး ကောသမ္ဗီဆွေမျိုးများမှ လှူဒါန်းသော သင်္ကန်းများကို ၀တ်ရုံပြီး ကျန်လခွဲတွင် ဗာရာဏသီဆွေမျိုးတို့ ဆက်ကပ်သောသင်္ကန်းများကို အလဲအလှယ်ပြု၀တ်ရုံ၊ အရှင်မြတ်သည် လူဖြစ်စဉ်ကလည်း နံ့သာတရှူ အချိန်မျှ အနာတစုံတရာ မဖြစ်ခဲ့၊ ရဟန်းဖြစ်တော်မူသောအခါ၌လည်း အနည်းငယ်မျှ အနာရောဂါ မဖြစ်သည့်ပြင် ပစ္စည်း ၄ပါးဖြင့်လည်း ချို့တဲ့ခြင်း မရှိ၊ သို့ဖြစ်ရကား ဘုရားရှင်၏ ဤဧတဒဂ်အရာကို ပေးအပ်ချီးပခြင်း ရခဲ့၊ အရှင်မြတ်၏ အံ့ချီးဖွယ်ရာများကို (အရှင် ဗာကုလ၏ အံ့ဖွယ် ၃၇ပါး) - တွင် ကြည့်ပါ။

၃၄ အရှင်သောဘိတ - ရှေး၌နေခဲ့ဘူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်သော၊

(ပဌမပိုင်း၊ ဆဌတွဲ၊ မဟာဝုဒ္ဓ၀င်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာ၀တီမင်းနေပြည်၌ အမျိုး ကောင်းအိမ်၀ယ်ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ပုဗ္ဗေနိ၀ါသ

ဉာဏ်အရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

အရှင်မြတ်အလောင်းသည် လွန်ခဲ့သောကပ်ကမ္ဘာ ၅၀၀ထက်က တိတ္ထိတို့သာသနာဝယ် ရဟန်းပြု ကာ သညာဝိရာဂ ရှုပါဝစရစတုတ္ထဈာန်ကို ရ၊ ဈာန်မလျှောပဲ စုတေသော် နာမ်မရှိသော အသညသတ်ဘုံ၌ ကမ္ဘာ ၅၀၀ တည်နေခဲ့။

ယခုဘဝ၌ သာဝတ္ထိပြည် ပုဏ္ဏားမျိုးဝယ် ဖြစ်၊ သောဘိတလုလင်ဟု တွင်၊ နောက် ဘုရားရှင် သာသနာတွင် ရဟန်းပြုကာ ရဟန္တာဖြစ်၊ ပုဗ္ဗေနိဝါသဉာဏ်ကို အထူးလေ့လာ နိုင်နင်းတော်မူ၊ နာမ်ခန္ဓာ မရှိသည့် အသညသတ်ဘဝကို မြတ်စွာဘုရားများမှသာ ပိုင်နိုင်စွာ သိနိုင်သည့်အရာကို အရှင်မြတ်သည် ထိုဘဝကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် မအောက်မေ့နိုင်သော်လည်း မိမိနည်းဖြင့် မှတ်ယူနိုင်သည့် အခြင်းအရာ ကြောင့် ဤဧတဒဂ်ဖြင့် ချီးမြှင့်ခံရ။

၃၅ အရှင်ဥပါလိ - ဝိနည်းဆောင်သော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဥပါလိတ္ထေရအပဒါန်၊ ဗုဒ္ဓဝင်၊ ထေရာပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ဝိနည်းဆောင်သောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

ဤဘဒ္ဒကမ္ဘာမှ အထက် ၂ခုမြောက်ကမ္ဘာ၌ အရှင်မြတ်သည် အဉ္စသမင်း၏ သားတော် စန္ဒနမင်းသား ဖြစ်၊ ဇာတိမာန်၊ အခြံအရံ ဥစ္စာမာန်တို့ဖြင့် ခက်ထန်၊ ဆင်ပြောင် တသိန်း အခြံအရံ အမြဲရှိ၊ တနေ့တွင် သိရိကဆင်စီး၍ ဗိုလ်ပါအခြံအရံတို့ဖြင့် မြို့မှထွက်၍ ဥယျာဉ်သို့သွားစဉ် ဒေဝလပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွလာသည်နှင့် ကြုံ၊ ဆင်တော်ကို အရှင်မြတ်အား ထိုက်ဝှေ့စေ၊ အတင်းအကြပ် စေခိုင်းသဖြင့် ဆင်တော် သည် ခြေတို့ကိုပင် မမြှောက်တော့၊ ဤသည်ကို မြင်၍ ငါသည် အရှင်မြတ်ကို ညှဉ်းဆဲခဲ့၊ တကိုယ်လုံး ပူလောင်လာ၍ အရှင်ပစ္စေကဗုဒ္ဓါကို ရှိခိုး တောင်းပန်ခဲ့။

နောက်ဆုံးဘဝ ဂေါတမဘုရားရှင် သာသနာခေတ်ရောက်သော် အတိတ်က ပစ္စေကဗုဒ္ဓါအား ပြစ်မှားခဲ့သော အကုသိုလ်ကံကြောင့် ဆတ္တာသည်အမျိုးတွင် ဖြစ်၊ သာကီဝင်မင်းသား ၆ဦးဖြစ်သော ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ ကိမိလ၊ ဘဂု၊ အာနန္ဒ၊ ဒေဝဒတ်တို့နှင့်အတူ ရဟန်းပြု၊ ဘုရားရှင်အား တောကျောင်း၌ နေခွင့်ပြုပါရန် လျှောက်သော် ဘုရားရှင်က တောကျောင်း၌နေလျှင် ဝိပဿနာဓုရ- ကမ္မဋ္ဌာန်းအလုပ် တခုသာ တိုးတက်နိုင်မည်၊ ငါဘုရားတို့အနီး၌ နေပါမူကား ဝိပဿနာဓုရ၊ ဂန္ထဓုရ - ပရိယတ္တိအလုပ်

၂မျိုးလုံးပင် ပြည့်ဝပေလိမ့်မည်ဟု မိန့်၊ သို့ဖြင့် ကမ္မဋ္ဌာန်းအလုပ် ကြိုးကုတ်အားထုတ်တော်မူရာ မကြာမီ ရဟန္တာ ဖြစ်၊ ထို့နောက် ဘုရားရှင်သည် အရှင်မြတ်အား ကိုယ်တော်ထိုင်ပင် ဝိနည်းပိဋကတ်ကို သင်ပေး။

အရှင်မြတ်သည် အကြောင်းဝတ္ထု ၃ရပ်ကို ဘုရားရှင်အလိုတော်ကျ ဖြေကြားဆုံးဖြတ်။

၁ ဘာရုကစ္ဆကဝတ္ထု - ဘာရုကစ္ဆကတိုင်းသား ရဟန်းတပါးသည် မယားဟောင်းကို မေထုန်ကျင့်ရ သည်ဟု အိပ်မက်မြင်၊ ငါသည် ရဟန်းမဟုတ်တော့ပြီ၊ လူထွက်တော့အံ့ဟု နေရပ်ပြန်ခြင်းဝတ္ထုကို အာပတ် မသင့်ဟု ရဲရဲ တောက် ဆုံးဖြတ်ခြင်း၊

၂ အဇ္ဇုကဝတ္ထု - ဝေသာလီပြည်၌ အရှင်အဇ္ဇုက၏ ဒါယကာတဦးသည် သူ၏သားနှင့် တူ ၂ဦးတွင် သဒ္ဓါတရားရှိ၍ ရတနာ ၃ပါးကြည်ညိုသူအား သူ၏ဥစ္စာစုနေရာကို ပြောပါဟု အရှင်မြတ်ကို မှာ၍ ကွယ်လွန်၊ အရှင်အဇ္ဇုကသည် ထိုအရည်အချင်းတို့နှင့် ပြည့်စုံသူဖြစ်သော တူဖြစ်သူကို ဥစ္စာနေရာပြော၊ ထိုအခါ သားက အရှင်အာနန္ဒာကို သားနှင့် တူတို့တွင် အဘယ်သူသည် အဖ၏အမွေခံဖြစ်ပါသနည်း? ဟု မေး၊ အရှင် အာနန္ဒာက သားသည် အဖ၏အမွေခံ ဖြစ်သည်ဟု မိန့်၊ သားကဆက်၍ အထက်ပါအကြောင်းကို လျှောက်ရာ အရှင်အာနန္ဒာက အရှင်အဇ္ဇုကသည် ရဟန်း မဟုတ်တော့ပြီဟု မိန့်၊ အရှင်ဥပါလိသည် အရှင်အာနန္ဒာအား ဥစ္စာရှင်က ထိုဥစ္စာတည်ရာကို ဤမည်သောသူအား ပြောပါဟု မှာထားသဖြင့် ပြောသောရဟန်းအား အဘယ်အာပတ်သင့်သနည်း?ဟု မေး၊ အရှင်အာနန္ဒာက အဘယ်အာပတ်မျှ မသင့်ပါဟု မိန့်၊ အရှင်ဥပါလိက အရှင်အာနန္ဒာကို အကြောင်းစုံ ပြန်ပြောပြ၍ အရှင်အဇ္ဇုကအား အာပတ်မသင့်ဟု ဆုံးဖြတ်ခြင်းအမှု၊

၃ ကုမာရကဿပဝတ္ထု - (ဤစာစုများတွင် အမှတ်စဉ် ၂၈ အရှင်ကုမာရကဿပ ကို ကြည့်ပါ) ။ ဤအကြောင်းဝတ္ထုများကြောင့် အရှင်မြတ်သည် တောင့်တခဲ့သည့်အတိုင်း ဤဧတဒဂ်ဖြင့် ချီးမြှင့်အပ်နှင်းခြင်း ခံရ။

၃၆ အရှင်နန္ဒက - ဘိက္ခုနီမတို့ကို ဆုံးမသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုး ကောင်းသားဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ဘိက္ခုနီမတို့ကို ဆုံးမသောအရာဝယ် အမြတ်ဆုံး ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာ တော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

အရှင်မြတ်အလောင်းသည် တခုသောဘဝဝယ် မင်းတပါး ဖြစ်၊ ရောဟိဏီမြစ်ရေကို အကြောင်းပြု၍ ဘုရားရှင်၏ ၂ဖက်သော သာကီဝင်မင်းတို့ စစ်ဖြစ်မည်တွင် ဘုရားရှင် တရားဟောတော်မူ၍ စစ်ငြိမ်း စေသည်ကို အကြောင်းပြု၍ တဖက်လျှင် ၂၅၀စီသော သာကီဝင်မင်းသားတို့ ရဟန်းပြုကြ၊ ထိုမင်းသားတို့၏ မယားဟောင်း သာကီဝင်မင်းသမီး ၅၀၀ ဖြစ်သော ဘိက္ခုနီမ ၅၀၀လုံးသည် ထိုမင်း၏ မိဖုယား ၅၀၀ ဖြစ်ခဲ့ကြ။

ဂေါတမဘုရားရှင် ပွင့်ပေါ်သောခေတ်ရောက်သော် အရှင်မြတ်အလောင်းသည် သာဝတ္ထိပြည်၌ အမျိုးကောင်းသားတဦး ဖြစ်၊ နောင် ရဟန်းပြု၍ ရဟန္တာဖြစ်၊ တရားဟောရာ၌ ပရိသတ် ၄ပါး၏စိတ်ကို ဆွဲယူကာ ဟောနိုင်စွမ်းသော တရားဟောမဠကထိကကောင်းတဦး ဖြစ်။

ဘုရားရှင်က ရဟန်းယောက်ျားတို့အား ရဟန်းမိန်းမတို့ကို ဆုံးမစေသောအခါ အရှင်မြတ်သည် ငါသည် ဤဘိက္ခုနီမ ၅၀၀အလယ်၌ တရားဟောနေသည်ကို အခြား အဘိညာဉ်ရ ရဟန်း တပါးပါးက မြင်လျှင် အရှင်နန္ဒကသည် ယနေ့တိုင် မောင်းမမိဿံတို့ကို မစွန့်သေးဘိတကားဟု ကဲ့ရဲ့စကား ပြောကြားလေရာ၏ဟုကြံ၍ မိမိအလှည့်ရောက်က အခြားရဟန်းတပါးကိုသာ စေလွှတ်၊ ဘိက္ခုနီမတို့က အရှင်နန္ဒက၏ ဩဝါဒတရားကိုသာလျှင် တောင့်တနေ၊ ဘုရားရှင်က အရှင်မြတ်အား အခြားရဟန်းတပါးကို မစေလွှတ်ပဲ ကိုယ်တိုင် ဩဝါဒပေးစေ။

တို့ကြောင့် ၁၄ရက်ဥပုသ်နေ့ တနေ့၌ အရှင်မြတ်သည် အာယတန ၆ပါး နန္ဒကောဝါဒ တရားဒေသနာ (နန္ဒကောဝါဒသုတ်၊ မဇ္ဈိမနိကာယ်၊ သုတ္တန္တပိဋက) ကို ဟောသော် ရဟန်းမအားလုံးသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အရိယာ စသည်များ ဖြစ်ကြ၊ ၎င်းတို့သည် ဘုရားရှင်အား မိမိတို့ရအပ်သော လောကုတ္တရာ ဂုဏ်ကျေးဇူးကို လျှောက်ကြ၊ ဘုရားရှင်က ၎င်းတို့သည် မည်သူ၏ တရားဖြင့် အထက်မဂ်ဖိုလ်သို့ ရောက်မည်နည်း? ဟု ဆင်ခြင်ရာ အရှင်မြတ်၏တရားဖြင့်ပင် ရောက်ကြမည်ကို သိတော်မူ၊ အရှင်မြတ်ကိုပင် နောက်နေ့ ၁၅ရက် ဥပုသ်နေ့၌ တရားဆက်ဟောခိုင်း၊ ဘိက္ခုနီမ ၅၀၀လုံးပင် ယမန်နေ့က ဒေသနာဖြစ်သော အာယတန ၆ပါး တရားတော်နှင့်ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြ၊ ၎င်းတို့ရသော တရားကို ဘုရားရှင်အား လျှောက်သော် ဘုရားရှင်က အရှင်မြတ်၏ ယမန်နေ့က တရားဒေသနာသည် ၁၄ရက်နေ့တွင် ပေါ်ထွန်းသောလပြည့်ဝန်းနှင့် တူ၍ ယနေ့ ဒေသနာသည်ကား ၁၅ရက် လပြည့်ဝန်းနှင့် တူ၏ဟု မိန့်၍ အရှင်မြတ်ကို သာဓုကောင်းကြီး ပေး၊ ဤအကြောင်းကြောင့် အရှင်မြတ်သည် ဆုပန်ဆင်၍ ဖြည့်ဆည်းခဲ့သော ပါရမီအတိုင်း ဤဧတဒဂ်အရာ ရရှိ။

၃၇ အရှင်နန္ဒ - ဣန္ဒြေကိုစောင့်စည်းသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းအိမ်ဝယ် ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ဣန္ဒြေ ၆ပါး တံခါးကို လုံခြုံစေသောရဟန်းတို့တွင် အမြတ်ဆုံး ဧတဒဂ်တားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

နောက်ဆုံးပစ္ဆိမဘဝ၌ ကပိလဝတ်ပြည် ဘုရားရှင်၏မိထွေးတော် မဟာပဇာပတိဂေါတမီဝမ်းဝယ် ဖြစ်၊ မယ်တော်မဟာမာယာဒေဝီမှ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားပြီး ၂ရက် ၃ရက်မြောက်တွင်ဖွား၊ နန္ဒမင်းသားဟု တွင်၊ ဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ကပိလဝတ်မင်းနေပြည်သို့ ပဋ္ဌမဦးဆုံးကြွတော်

မူသောအခါ နန္ဒမင်းသားကို ရဟန်းဝတ်ပေး၊ နမတော် ဇနပဒကလျာဏီမင်းသမီး မှာလိုက်သော 'လျှင်မြန်စွာ ပြန်လာတော်မူခဲ့ပါ။' ဟူသော စကားကို အမှတ်တရရရှိနေ၊ သာသနာတော်၌ မပျော်။

ဘုရားရှင်သည် အရှင်မြတ်ကို နတ်ပြည်သို့ ဒေသစာရီ လှည့်မည်ဟု တန်ခိုးဖြင့် ခေါ်သွား၊ လမ်းတွင် လယ်ကွက်အတွင်း မီးလောင်သစ်ငုတ်ထက်၌ နား၊ နှာခေါင်းနှင့် အမြီးတို့ကို မီးသင့်ထား၍ စုတ်ပြတ်ကာ လွန်စွာအိုမင်း ရွတ်တွနေသော မျောက်အိုမတကောင်ကို မြင်ရ၊ တာဝတိံသာနတ်ပြည်တွင် သိကြားအား ဖျော်ဖြေရန် ခိုခြေအသွေး နီတွေးသောခြေရှိသော နတ်သမီး ၅၀၀တို့ ဘုရားရှင်အား ရှိခိုး၍ ရပ်တည်လာကြ၊ ဘုရားရှင်က အရှင်မြတ်ကို ဇနပဒကလျာဏီ သာကီဝင်မင်းသမီးနှင့် နတ်သမီး၅၀၀ တို့အနက် အဘယ်သူသည် ပို၍ အဆင်းလှသနည်း? ဟု မေး၊ အရှင်မြတ်က လမ်းမှာတွေ့ခဲ့သော မျောက်အိုမကဲ့သို့ပင် မနှိုင်းယှဉ်လောက်ပါ၊ နတ်သမီး ၅၀၀တို့က ပို၍ အဆင်းလှကာ နှစ်လိုဖွယ်ရှိပါသည်ဟု ဖြေ၊ ဘုရားရှင်က သာသနာတော်၌ ပျော်မွေ့လော့၊ နတ်သမီး ၅၀၀ ရဖို့ တာဝန်ယူသည်ဟု မိန့်။

သာဝတ္ထိပြည်သို့ရောက်သော် ဘုရားရှင်သည် သံဃာတော်များအား ရဟန်းတပါးသည် ဘုရားရှင်ကို အာမခံထား၍ နတ်သမီးတို့ကို ရယူလိုသောကြောင့် ရဟန်းတရားကို မနေမနား အားထုတ်နေသည်ဟု အရှင်မြတ်အနားတွင် ပြောဆိုလှည့်လည်စေ၊ အရှင်မြတ်သည် ငါသည် ဣန္ဒြေမစောင့်စည်းမှုကြောင့် ဤသို့ ပြောင်လှောင်ခံရ၊ ဣန္ဒြေတို့ကို ငါကောင်းစွာ စောင့်စည်းပေအံ့ဟု သံဝေဂရပြီး အမိဋ္ဌာန်ဆောက်တည်၊ မကြာမီ ရဟန္တာဖြစ်၊ ဘုရားရှင်ကို တာဝန်မှ လွတ်စေတော့အံ့ဟု ကြံကာ ဘုရားရှင်အား လျှောက်၊ ဘုရားရှင်က သင် အာသဝေါတရားတို့မှ ကျွတ်လွတ်သည့်အခါကတည်းကပင် ငါဘုရားသည် အာမခံချက်မှ လွတ်ပြီးဖြစ်သည်ဟု မိန့်၊ အခြားသော သာဝကများနှင့်မတူ အရှင်မြတ်သည် အရပ် ၁၀မျက်နှာတို့ကို ကြည့်ရှုလျှင် ကြီးစွာသောလုံ့လဖြင့်၊ သမ္ပဇဉ် ၄ပါး (သမ္ပဇဉ် ၄ပါး - ကို ကြည့်ပါ။) ဖြင့် ပိုင်းခြား ဆင်ခြင်ပြီးမှသာ ကြည့်ရှုတော်မူခြင်းကြောင့် နောင်တွင် ဘုရားရှင်က ဤဧတဒဂ်အရာကို နှင်းအပ်တော်မူ၏။

၃၈ အရှင်မဟာကပ္ပိန - ရဟန်းယောကျ်ားတို့ကို ဆုံးမသော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားတဦး ဖြစ်၊ ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ရဟန်းတို့ကို ဆုံးမဟောကြားသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကိုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

အရှင်မြတ်အလောင်းသည် တခုသောဘဝဝယ် ယက်ကန်းသည်ရွာကြီး၌ ယက်ကန်းသည် တထောင်၏ အကြီးအမှူး ဖြစ်၊ မိုးတွင်းအခါ ဝါဆိုရန် ကြွလာတော်မူကြသော ပစ္စေကဗုဒ္ဓါ တထောင်အား တွေ့မြင်သော ယက်ကန်းသည်အကြီးအမှူးဇနီး၏ ဆော်ဩမှုဖြင့် ပစ္စေကဗုဒ္ဓါတဆူလျှင် ယက်ကန်းသည်

တဦးစီ တာဝန်ယူ၍ ကျောင်းတဆောင်စီ ဆောက်လုပ်လှူဒါန်းကာ ဝါတွင်း ၃လလုံး မိမိတို့၏ ပစ္စေကဗုဒ္ဓါကို ဆွမ်းကွမ်းဝေယျာဝေစ္စဖြင့် ပြုစုလုပ်ကျွေးကြ၊ ဝါကျွတ်သော် တဆူလျှင် တထောင်တန် သင်္ကန်းလျာများ လှူဒါန်းခဲ့ကြ၍။

စုတေကြသော် တာဝတိံသာနတ်ပြည်၌ အဖွဲ့လိုက်ပင် နတ်သားနတ်သမီးများ ဖြစ်ကြ၍။

ကဿပဘုရားရှင် ပွင့်ပေါ်လာသော် ဗာရာဏသီပြည်၌ သူကြွယ်အိမ်များ၌ ဖြစ်ကြ၊ အရှင်မြတ် အလောင်းသည် သူကြွယ်ကြီး၏သားဖြစ်၊ တရားနာသွားကြစဉ် မိုးကြီး သည်းထန်စွာရွာရာ သူကြွယ် တထောင်နှင့် သူကြွယ်ကတော်တထောင်တို့ မိုးခိုစရာမရှိ ဖြစ်ကြ၊ ထိုတထောင်သော သူကြွယ် အိမ်ထောင်စုသည် အသပြာစုပေါင်းထည့်ဝင်ကာ ဘုရားရှင်သီတင်းသုံးရန် ကြီးစွာသောကျောင်းတိုက် ပရိဝုဏ်ဆောက်လုပ်ကာ ၇ရက်တိုင် အလှူကြီးပေး၍ ဘုရားရှင်နှင့် သံဃာ ၂သောင်းတို့အားလည်း သင်္ကန်းများ စီမံလှူဒါန်းခဲ့၊ သူကြွယ်ကြီး၏ကတော်သည် ဝါရွှေသော သင်္ကန်းစကို စီရင်၍ လိပ်ဆူးရွှေပန်း / အနောဇပန်းတို့ဖြင့် ဘုရားရှင်အား ပူဇော်လှူဒါန်းပြီး သံသရာဘဝ၌ တပည့်တော်မ၏ကိုယ်သည် ဤပန်း ကဲ့သို့ ဝါဝင်းသော အသွေးအရောင်ရှိရပြီး အမည်သည်လည်း အနောဇဟုသာ တွင်ရပါကြောင်း ဆုတောင်းခဲ့၍။

နောက်ဆုံးဘဝ၌ အရှင်မြတ်အလောင်းသည် ကုက္ကုဋဝတီပြည်၌ မဟာကပ္ပိနမင်းသား ဖြစ်၊ ကျန်သူများနှင့် သူတို့၏ဇနီးများသည် အမတ်များအိမ်၌ အသီးသီး ဖြစ်ကြ၊ သူကြွယ်ကြီးကတော်သည် မဒ္ဒတိုင်း သာဂလမြို့၌ မင်းသမီးဖြစ်ကာ ဆုတောင်းခဲ့သည့်အတိုင်း ဝါဝင်းသောအသားအရေရှိပြီး အနောဇ ဟု အမည်တွင်၊ အရွယ်ရောက်သော် မဟာကပ္ပိနမင်း၏ မိဖုယားခေါင်ကြီး အနောဇာဒေဝီ ဖြစ်လာ၊ ဘဝဟောင်းကဇနီးများဖြစ်ကြသော အမတ်သမီးများသည်လည်း ဆိုင်ရာဆိုင်ရာ အမတ်များ၏အိမ်သို့ ရောက်ကြကာ အမတ်ကတော်များ ဖြစ်ကြ၊ အမတ်များသည် မဟာကပ္ပိနမင်းကြီးကို ဝန်းရံ ခစားကြ၍ ရှေးကအတူပြုခဲ့သော ကောင်းမှုများကို အတူခံစားကြ၊ မင်းကြီးသည် ဆင်တော်ဖြင့်၊ မြင်းတော်ဖြင့်၊ ရထား စသည်ဖြင့် လှည့်လည်လျှင် အမတ်တို့သည်လည်း ဆင်၊ မြင်း၊ ရထား အသီးသီး စသည်ဖြင့် ထွက်ကြ၍။

တနေ့တွင် ယူဇနာ ၁၂၀ကွာဝေးသော သာဝတ္ထိပြည်မှ ကုန်သည်များထံမှ မင်းကြီးနှင့် အမတ် တထောင်တို့သည် သာဝတ္ထိပြည်တွင် ဘုရား၊ တရား၊ သံဃာ ရတနာ ၃ပါး ပွင့်ပေါ်တော်မူနေပြီဟု ကြား သိရရာ ပီတိ ၅မျိုး ကိုယ်လုံးဖြိုးဝေလျက် ရတနာတပါး သတင်းတခုတခုအတွက် အသပြာတသိန်းစီ ဆုပေးသနား၊ အနောဇာမိဖုယားကြီးထံသို့လည်း ရွှေပေလွှာဖြင့် ကုန်သည်တို့ကို အသပြာ ၃သိန်းဆုပေးရန် ရေးကာ ဘုရားရှင်ထံရဟန်းပြုရန် မြင်းတို့ဖြင့် ထွက်သွားကြောင်း လျှောက်စေ၊ ၎င်းတို့သည် အပရစ္ဆာမြစ်ကို ဘုရားဂုဏ်တော်၊ နီလဝါဟိနီမြစ်ကို ဓမ္မဂုဏ်တော်၊ စန္ဒဘာဂါမြစ်ကို သံဃဂုဏ်တော် အသီးအသီး အောက်မေ့သစ္စာပြုလျက် မြစ်ရေပေါ်မှပင် မြင်းတို့ဖြင့် ကူးမြောက်ကြ၊ ပညောင်ပင်ရင်း၌ ထိုင်တော်မူ နေသော ရောင်ခြည်တော် ၆သွယ်ဖြင့် ဘုရားရှင် (ဘုရားရှင် သတ္တ လောက၏ အကျိုးငှါ ကျင့်တော်မူခြင်း

၁၂ပါး - ကို ကြည့်ပါ။) ကို ဖူးတွေ့ကြရ၊ တရားတော်ကို ကြားနာရပြီးသည်၏ အဆုံး၌ မင်းကြီးနှင့်တကွ အမတ်တထောင်သည် သောတာပတ္တိဖိုလ်၌တည်ကြကာ ဧဟိဘိက္ခုရဟန်းများ ဖြစ် ကြ။

မိဖုယားကြီးသည် အကြောင်းစုံသိသော် ကုန်သည်တို့အား ရတနာတပါး သတင်းတခုလျှင် အသပြာ ၃ သိန်းကျစီဖြင့် ၉သိန်း၊ မင်းကြီးပေးသော ဆုအသပြာ ၃သိန်း၊ စုပေါင်း အသပြာ တသန်း ၂သိန်းဆု ပေးသနား၊ ထို့နောက် မိဖုယားကြီးသည် အမတ်များ၏ ဇနီးတထောင်နှင့်အတူ ရထားတထောင်ဖြင့် ဘုရားရှင်အထံ၌ ရဟန်းပြုရန် ထွက်ကြ၊ မင်းကြီးနှင့် အမတ်များကဲ့သို့ပင် ရတနာ ၃ပါး ဂုဏ်တော်တို့ကို အောက်မေ့သစ္စာပြု၍ မြစ် ၃စင်းကို ကူးမြောက်၊ ဘုရားရှင်သည် အမျိုးသမီးတို့ လင်ယောက်ျားတို့ကို တွေ့လျှင် မဂ်ဖိုလ်အန္တရာယ်ဖြစ်ရာ၏ဟု ကြံ ဆင်ခြင်၍ အချင်းချင်း မမြင်ရရန် တန်ခိုးဖန်ဆင်းထား၊ ဘုရားရှင့်တရားတော်ကို နာကြားကြပြီးနောက် အားလုံးသောတာပန်ဖြစ်ကြ၊ ဘုရားရှင်သည် အရှင်မဥပ္ပလ ဝဏ္ဏာထေရီမကို လာရောက်စေ၊ အရှင်မသည် အမျိုးသမီးများအား ရဟန်းပြု၍ ခေါ်ဆောင်သွား၊ ဘုရားရှင် သည်လည်း ရဟန်းတထောင်ကို ကောင်းကင်ခရီးဖြင့် ဇေတဝန် ကျောင်းတော်သို့ ခေါ်ဆောင်။

မကြာမီပင် အရှင်မြတ်သည် ရဟန္တာဖြစ်၊ ဘုရားရှင်သည် အရှင်မြတ်ကို သူ၏အနီးနေ တပည့်ဖြစ် သော အမတ်သားရဟန်းတထောင်တို့ကို တရားဟောစေရာ အားလုံးပင် အရဟတ္တဖိုလ်သို့ ရောက်ကြ၊ ဤအကြောင်းကြောင့် အရှင်မြတ်သည် ဆုပန်၍ ပါရမီဖြည့်ခဲ့သည်အတိုင်း ဤဧတဒဂ်ဆုမြတ်ဖြင့် ချီးမြှင့် ခံရ၊

၃၉ အရှင်သာဂတ - တေဇောဓါတ်ဝင်စားရာ၌ ကျွမ်းကျင်သော၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုး ကောင်းအိမ်၌ ဖြစ်၊ ကျောင်းထော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို တေဇောကသိဏ စျာန်ဝင်စားရာ၌ အသာဆုံး ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရကောင်းမှုကြီးကို ပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည်ဝယ် သာဂတပုဏ္ဏားလုလင် ဖြစ်လာ၊ နောင်သော် သာသနာဝင်၍ ရဟန်းပြုကာ လောကီအဘိညာဉ်များကို နိုင်နင်း။

ဘုရားရှင်သည် သံဃာထော်များနှင့် ဒေသစာရီကြွချီရာ စေတိယတိုင်း ဘဒ္ဒဝတိကရွာသို့ သွားရန် သရက်ပင်ဆိပ်သို့ရောက်၊ နွားကျောင်းသားစသည်တို့က သရက်ပင်ဆိပ် ရသေ့သခ်မ်းကျောင်း၌ ကြမ်းတမ်း သော နဂါးတကောင်ရှိ၍ မကြွရန်လျှောက်သော်လည်း ဘုရားရှင်နှင့် သံဃာတော်တို့သည် တိုသရက်ပင် ဆိပ်မှပင် တက်၍ ဘဒ္ဒဝတိကရွာသို့ ရောက်။

ထိုနဂါးသည် ရှေးဘဝက တိုဆိပ်၌ပင် လှေကူးထိုသမားဖြစ်၊ တချိန်တွင် ခရီးသွားတို့နှင့် အချင်း များကာ ဝိုင်းရိုက်နက်သတ်ကြရာ ဆန့်ကျင်သောစိတ်ဖြင့် ဆုတောင်းခဲ့၍ ထိုဆိပ်၌ပင် ကြမ်းတမ်းကာ

အဆိပ်ပြင်းသော နဂါးဖြစ်နေ၊ ရာသီမမှန်အောင်ပြု၊ ကောက်ပဲ မပြည့်စုံသဖြင့် ရွာသားများက နှစ်စဉ် ပူဇော်ကြရ။

အရှင်သာဂတသည် ရသေ့သစ်မ်းကျောင်းသို့ဝင်ကာ ထိုနဂါးကိုဆုံးမ၊ ဘုရားရှင်ကို ကိုးကွယ် ဆည်းကပ်စေ၊ မိုးမှန်ကာ ကောက်ပဲတို့ဖြင့် ပြည့်စုံစေ။

ဘုရားရှင်နှင့် အရှင်မြတ်အဝင်အပါ သံဃာတော်တို့ ထိုရွာမှ ကောသမ္ဗီပြည်သို့ရောက်သော် အရှင် သာဂတ၏ သတင်းစကားကို လူအပေါင်းသိနှင့်နေကြ၊ အရှင်မြတ်ကို မည်သည့် ရခဲသောဝတ္ထုဖြင့် စီရင်ရ ပါမည်နည်း? ဟု မေးရာ ဆဗ္ဗဂ္ဂီရဟန်းတို့ (ဘုရားရှင်လက်ထက် - အနက်မှ - ဘုရားရှင်လက်ထက် သံဃာအစု ၃ စု - ကို ကြည့်ပါ။) က ကြားဝင်၍ နီသော ကြည်လင်သော သေအရက်သည် ရဟန်းတို့အဖို့ ရခဲ၏၊ နှစ်ခြိုက်ဖွယ်ဖြစ်၏၊ တိုအရက်ကို စီရင်ကြလော့ဟု ဆိုကြ၊ အရှင်မြတ်သည် မြို့တွင်းသို့ ဆွမ်းခံ ဝင်သော် အိမ်တိုင်းက ထို 'ကာပေါတိက' မည်သောသေကို သောက်သုံးရန် လျှောက်ကြ၊ အရှင်မြတ်သည် ၎င်းတို့ကို အနည်းငယ်စီ အနည်းငယ်စီ သောက်၍ မြို့တံခါးအထွက်၌ လဲနေ၊ ဘုရားရှင်နှင့် သံဃာတော်များ မြို့မှထွက်သော် အရှင်မြတ် လဲနေသည်ကိုမြင်၊ ဘုရားရှင်က သံဃာတော်များကို အရှင်မြတ်အား ကျောင်းသို့ ယူဆောင်လာစေ၊ အရှင်မြတ်သည် အမူးလွန်ကာ ဘုရားရှင်ကို ဦးခေါင်း ပြုလုပ်ထားပေးရာနေရာမှ သတိမရပဲ လှည့်ကာ ဘုရားရှင်ကို ခြေပြု၍လှဲ၊ ဘုရားရှင်သည် ရဟန်းများကို သေအရက်သောက်ခြင်းကြောင့် ပါစိတ် အာပတ်သင့်စေသော သိက္ခာပုဒ်ကို ပညတ်၊ နောက်နေ့ အမူးပြေ၍ အကြောင်းစုံသိရသော် အရှင်မြတ်သည် ဘုရားရှင်ကို တောင်းပန်ကန်တော့ပြီး သံဝေဂရ၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်၊ နောင်သော် ရဟန်းတော်များကို တေဒဂ်ဘွဲ့အရာများ၌ ထားသော် အရှင်မြတ်ကို ဤတေဒဂ်ဘွဲ့ဖြင့် ပေးအပ်ချီးမြှင့်။

၄၀ အရှင်ရာဓ -(ပဋိဘာနပဋိဘာန်)ထရားကိုထင်မြင်လွယ်သော ပဋိဘာန်ဉာဏ်နှင့်ပြည့်စုံသော၊

(ပဋ္ဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုး ကောင်းသားဖြစ်၊ အရွယ်ရောက်သော် ကျောင်းတော်သို့သွား၍ ထရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ဘုရားရှင်၏ တရားဟောဆိုကြောင်း ဓမ္မဒေသနာ ပဋိဘာန်ဉာဏ် အသစ်အသစ်ကို ဖြစ်စေသောအရာ၌ အသာဆုံး တေဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသော ကောင်းမှုပြု၍ ထိုဆုကို တောင့်တခဲ့။

ဝိပဿီဘုရားရှင် ပွင့်တော်မူသောအခါ၌လည်း အရှင်မြတ်အလောင်းသည် အမျိုးကောင်းသားပင် ဖြစ်၍ ဘုရားရှင်အား အလွန်ချိုမြိန်သော သရက်သီးတို့ကို လှူဒါန်းခဲ့။

နောက်ဆုံးဘဝ၌ ရာဇဂြိုဟ်ပြည်ဝယ် ရာဓမည်သော ပုဏ္ဏားလုလင် ဖြစ်၊ အိမ်ယာထောင်၍ သားသမီးများ ရ၊ အသက်ကြီးရင့်လာသော် သားမယားတို့က ယခင်ကကဲ့သို့ မပြုစုကြတော့၊ ရဟန်းဝတ်ရန် ရည်သန်၍ ကျောင်းတိုက်သို့သွား၍ ရဟန်းပြုပေးရန် လျှောက်ထားသော်လည်း အိုမင်းရင့်ရော်သော

ပုဏ္ဏားကြီးဖြစ်ကာ ဝတ်ကြီးဝတ်ငယ်ပြုရန် စွမ်းနိုင်မည်မဟုတ်ဟု အောက်မေ့ပြီး မည်သည့်သံဃာကမျှ ရဟန်းပြုမပေးကြ၊ ပိန်ကြုံ၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိလာ။

ဘုရားရှင်က ရဟန်းတို့ကို တိုပုဏ္ဏားကြီး၏အကြောင်းကို မေး၍ အဘယ်သူသည် ဤပုဏ္ဏား၏ ကျေးဇူးကို အမှတ်ရသနည်း? ဟု မေး၊ အရှင်သာရိပုတ္တရာက ဆွမ်းတယောက်ချို လောင်းလှူဘူးသည်ကို အမှတ်ရပါသည် ဟု လျှောက်၊ ဘုရားရှင်က အရှင်သာရိပုတ္တရာကို ထိုပုဏ္ဏားကြီးအား ဉတ္တိစတုတ္ထကံ- ဉတ်လျှင် ၄ကြိမ်မြောက်ရှိသော ကံ (ယခုခေတ် ရဟန်းခံသကဲ့သို့) ဖြင့် ရဟန်းပြုစေ။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်က ဤပုဏ္ဏားကြီးကို ငါ့အား ရှင်ရဟန်းပြုစေသည်၊ ဂရုပြု စောင့် ရှောက်မှသင့်မည်ဟု ကြံကာ တောကျောင်းတကျောင်းသို့ ခေါ်သွား၊ နေရာကောင်း ပေး၊ အာဟာရ ကောင်းများပေးကာ မိမိကိုယ်တိုင်ကမူ ဆွမ်းခံ၍ မျှတနေ၊ တိုသို့ ဥပဇ္ဈာယ်ဆရာ၏ ချီးမြှောက်မှုဖြင့် ကျောင်းနေရာနှင့်ဆွမ်းတို့ သပ္ပါယဖြစ်သဖြင့် မကြာမီ အရှင်မြတ်သည် ရဟန္တာဖြစ်၊ နောင်သော် ဘုရားရှင်က အရှင်သာရိပုတ္တရာကို အရှင်မြတ်အကြောင်းမေးရာ သာသနာတော်၌ ပျော်မွေ့သူမည်သည် ဤရာဓရဟန်း ကဲ့သို့ သဘောရှိသောသူသာ ဖြစ်သင့်ပါ၏ဟု လျှောက်၊ နောင်တဖန် ဘုရားရှင်က ရာဓရဟန်းသည် ဆုံးမလွယ်သူ ဖြစ်၏လော? ဟု မေးရာ အရှင်သာရိပုတ္တရာက အလွန် ဆုံးမလွယ်ပါ၏၊ တစုံတရာ အပြစ် ပြောဆိုဆုံးမ၍ အမျက်ထွက်ဘူးသည် မရှိပါ ၊ ဤသို့ ဆုံးမလွယ်သောတပည့် ရရှိခဲ့ပါမူ များစွာသော တပည့်တို့ကို ရယူလိုပါ၏ဟု လျှောက်။

အရှင်မြတ်၏ အသိအမြင်ဉာဏ် ဖြစ်ပုံ၊ တရားတော်၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားအားကြီးပုံ တို့ကို အကြောင်းပြု၍ ဘုရားရှင်၏ သန္တာန်တော်ဝယ် အသစ်အသစ်ဖြစ်သော တရားဒေသနာ ဟောဆို ကြောင်း အသိဉာဏ် ပညာတော်တို့ တိုး၍တိုး၍ ဖြစ်ပွားလာ၊ သုတ္တန္တပိဋက၊ သံယုတ္တနိကာယ်၊ ခန္ဓဝဂ္ဂသံယုတ် တွင် ၄၆သုတ်ဖြင့် တန်ဆာဆင်အပ်သော ရာဓသံယုတ်ကိုဂုင်း၊ အလီနစိတ္တဇာတ်၊ ဒဠှဝဂ်၊ ဒုကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန်ဆရာတော်ကြီးမြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက (ကျေးဇူးသိသော အရှင်သာရိ ပုတ္တရာအလောင်း- ဆင်၏သား ဝီရိယလျော့သော ရဟန်းအလောင်း- ဆင်ဖြူတော်၏အစွမ်းဖြင့် ဘုရား လောင်း အလီနစိတ္တမင်းသားငယ်ကို မင်းဖြစ်စေသောဇာတ်)ကို ပဌမအကြိမ်၌ ဝီရိယလျော့သော ရဟန်း တပါးကို အကြောင်းပြု၍ဂုင်း၊ ဒုတိယအကြိမ်၌ အရှင်မြတ်ကို အကြောင်းပြု၍ဂုင်း ဘုရားရှင် ဟောတော်မူ၏၊ ထို့ကြောင့် ဤဧတဒဂ်ဘွဲ့ထူးဖြင့် အပ်နှင်း။

**၄၁ အရှင်မောဃရာဇ** - ခေါင်းပါးသောသင်္ကန်း (ချည်၊ အထည်၊ ဆိုးရည် ၃မျိုးလုံးညံ့) ကို ဆောင်သော ရဟန်းတို့တွင် အမြတ်ဆုံး၊

(ပဌမပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းတက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မြတ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုး ကောင်းသား ဖြစ် (မြေပေါ်၌ မီးဖို၍ စွဲမြဲစွာ မဲနက်စေခဲ့ခြင်း၏ မကောင်းကျိုး ၃ပါး - ကို ကြည့်ပါ။) ၊ ကျောင်း

တော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ရဟန်းတပါးကို ခေါင်းပါးဖုဖြင်းညှံ့သော ပံသုကူသင်္ကန်းကို ဝတ်ဆင်ဆောင်ရာ၌ အသာဆုံး တေဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုကြီးကို ပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ် ရခဲ့။

ကဿပဘုရားရှင် မပွင့်ပေါ်မီကပင် အရှင်မြတ်အလောင်းသည် ကဌဝါဟနမြို့၌ အမတ်မျိုးဝယ် ဖြစ်၊ အရွယ်ရောက်သော် အမတ်အဖြစ် မင်းကို ခစား၊ ထိုကဌဝါဟနမင်းသည် ကနဦးက ဗာရာဏသီမြို့၌ လက်သမားဆရာကြီးဖြစ်၍ သူ့တွင် တပည့် တထောင်စီရှိသော တပည့်ကြီး ၁၆ယောက်ရှိ၊ ၎င်းတို့သည် လက်သမားအလုပ်သည် ဆင်းရဲ၍ ဂဠုန်စက်ရုပ်တည်ဆောက်ကာ ကောင်းကင်သို့ ထိုစက်ရုပ်များဖြင့် ပျံတက်ကာ ဟိမဝန္တာအနီးရှိ မြို့တမြို့ကို သိမ်းပြီး ဆရာကြီးကို မင်းမြှောက်၊ ကဌဝါဟနမင်းဟု တွင်၊ တပည့်ကြီးများက အမတ်များအဖြစ် ခစား။

ထိုမင်းသည် ဗာရာဏသီမင်းနှင့် မဟာမိတ်ပြု၊ ဗာရာဏသီမင်းကို အဖိုးမဖြတ်နိုင်အောင် ကောင်းမွန်နူးညံ့လှစွာသော ကမ္ဗလာ ၇ထည် လက်ဆောင်ပေး၊ ဗာရာဏသီမင်းက ရွှေပေလွှာတွင် ရတနာ ၃ပါး ပေါ်ထွန်းနေကြောင်း လက်ဆောင်ပဏ္ဏာ တုံ့ပြန်ပေး၊ တပည့်တထောင်စီနှင့် အမတ် ၁၆ဦးသည် ရဟန်းပြုလျှင် ပြန်မလာတော့မည် ဖြစ်ကြောင်း တင်လျှောက်၍ ဗာရာဏသီသို့ အစုံစမ်းသွား၊ မင်းကြီးက တူအရင်း အမတ်ကိုပြန်၍ အကြောင်းအကျိုး လျှောက်တင်ရန် မှာလိုက်၊ ဗာရာဏသီရောက်သော် ဘုရားရှင်မှာ ပရိနိဗ္ဗာန်စံဝင်ပြီးကြောင်း သိရ၊ အမတ်များနှင့် သူတို့၏တပည့်များ ရဟန်းပြုကြ၊ တူအမတ်ကမူ ဘုရားရှင်၏ရေစစ်နှင့် ပိဋကတ်၃ပုံဆောင် ရဟန်းတပါးကို ပင့်ဆောင်၍ ပြန်လာ၊ မင်းကြီးသည် ရေစစ်တော်ကို စေတီတည်၍ ဥပုသ်သီတင်း သီလဆောက်တည်၊ ဒါနများပြုကာ အသက်အဆုံး၌ နတ်ပြည်သို့ လား၊ အရှင်မြတ်အလောင်းအပါအဝင် အမတ်ရဟန်းများသည် ပုထုဇဉ်အဖြစ် အသက်တော်များ အဆုံးတွင် နတ်ပြည်၌ ကဌဝါဟနမင်းကြီးနတ်သား၏ အခြံအရံများ ဖြစ်ကြ။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခါနီးတွင် ကဌဝါဟနမင်းကြီးနတ်သားသည် ကောသလမင်းကြီး၏ ခမည်းတော် မဟာကောသလမင်းကြီး၏ ပုရောဟိတ် ဖြစ်၊ ဗာဝရီဆရာကြီးဟု ခေါ်၊ အသက်ကြီးသော် အရှင်မြတ် အလောင်းအပါအဝင် တပည့်တသောင်း ၆ထောင်တို့နှင့်အတူ ရသေ့ရဟန်းပြု၊ အဿက တိုင်းနှင့် အဠကတိုင်းတို့ အကြား ဂေါဓာဝရီမြစ်ကြီး ၂မြွာကွဲ၍ဖြစ်သော ၃ယူဇနာရှိ အလယ်ကျွန်း၌နေ၊ အနီးနေလူများက ရသေ့ကြီး၏ မြေပေါ်၌ ချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်ရသဖြင့် ကျေးဇူးတုံ့ဆပ်သည့်အနေဖြင့် နှစ်စဉ် နှစ်စဉ် အသပြာတသိန်း ဆောင်ယူလာသည်ကို ဖုန်းတောင်းယာစကာတို့အား ပြန်လှူ။

တနေ့တွင် လုလိမ်ပုဏ္ဏားတဦးသည် အလှူလာခံ၊ ဆရာကြီးက ယခု အသပြာမရှိ၊ နောင်ရလာသောအခါ ပေးလှူမည်ဟု ပြောသော်လည်း ကျိန်ဆဲ၊ အသက် ၁၂၀ရှိ ဆရာကြီး စိတ်ပူပန်နေ၊ ညဥ့်အခါတွင် ယခင်ဘဝက မိခင်တော်ဖူးသော သခ်မ်းကျောင်းစောင့်နတ်သမီးက သာဝတ္ထိပြည်တွင် ဘုရားရှင် ပွင့်ပေါ်

တော်မူနေကြောင်း ပြော၊ နံနက်ရောက်သော် အတိတ်ဘဝကအတိုင်း အဇိတ တပည့်ကြီး အမှူးပြုသော တပည့်ကြီး ၁၆ယောက်နှင့် သူတို့၏တပည့် တထောင်စီကို သာဝတ္ထိသို့ အစုံစမ်းလွှတ်၊ တူတော်သူ ပိင်္ဂိယ လုလင်ကို မိမိအားပြန်ပြောရန် မှာ၊ ရောက်ရာနေရာတိုင်းမှ လူများပါ လိုက်လာကြရာ ပရိသတ် ဖြယူဇနာ ရှိ။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ကြွ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းအနီး၌ ခြေတော်ရာ (ဘုရားရှင်ခြေတော်ရာ - အနက်မှ - ဘုရားရှင် ချထားအပ်သော ခြေတော်ရာ ပရိဘောဂ ပဒ စေတီတော် ဇဆူ - ကို ကြည့်ပါ။) ချထားခဲ့၊ ရသေ့များ မြင်ကြသော် သဗ္ဗညုဘုရားစင်စစ် ဖြစ်ကြောင်း ဆုံးဖြတ်ကြ၊ ရာဇဂြိုဟ်သို့ ဆက်လိုက်ကြ၊ ရာဇဂြိုဟ်ပြည် ပါသာဏကစေတီ၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ကို အဇိတ တပည့်ကြီးက ဗာဝရီဆရာကြီး မှာလိုက်သည့်အတိုင်း စိတ်ဖြင့် ပြဿနာ ၇ရပ်ကို မေးလျှောက်၊ ဘုရားရှင် ဖြေတော်မူ၊ ကျေနပ်အားရ ဝမ်းမြောက်ကြ၊ ထို့နောက် အဇိတတပည့်ကြီးမှစ၍ တပည့် ၁၆ ယောက်တို့ ဘုရားရှင်အား မိမိတို့ပြဿနာများကို မေးကြ၊ ဘုရားရှင် ဖြေပြီးတိုင်း ထိုတပည့်ကြီးနှင့် သူ၏တပည့် တထောင်တို့သည် ဧဟိဘိက္ခု ရဟန္တာများ ဖြစ်ကြ။

ဘုရားရှင်သည် အရှင်မြတ်အလောင်း မောဃရာဇရသေ့ အမေးကို ပညာမာန်မာန ခက်ထန်သူ ဖြစ်ခြင်း၊ ဉာဏ်မရင့်ကျက်သေးခြင်းတို့ကြောင့် ၂ကြိမ်ထိုင် ဆိုင်းငံ့စေ၊ နောက်ဆုံး ပိင်္ဂိယလုလင် မမေးမီကျမှ မေးခွင့်ရ၊ ဘုရားရှင်၏အဖြေ အဆုံး၌ သူ၏တပည့် တထောင်နှင့်တကွ ရဟန္တာ ဖြစ်။

ပိင်္ဂိယရသေ့ကိုထား၍ ရသေ့ပေါင်း တသောင်း ၆ထောင်နှင့် သူတို့၏ ဆရာရသေ့ ၁၅ဦး၊ လူနတ်ပေါင်း ၁၄ ကုဋေတို့ ဤသုတ်တော်များ (သုတ်ပေါင်း ၁၆သုတ်၊ ပါရာယနဝဂ်၊ သုတ္တနိပါတပါဠိတော်၊ ခု၊ သုတ္တန္တပိဋက - ဖြစ်ပါသည်။ ၎င်းသုတ် ၁၆သုတ်၏ မြန်မာပြန်အကျဉ်းကို အညွှန်းပါ မဟာဗုဒ္ဓဝင်တွင် ကြည့်ပါ။) အဆုံးဝယ် ကျွတ် တမ်းဝင်ကြ၊ အရှင်မြတ်သည် ဧဟိဘိက္ခုရဟန်း ဖြစ်တော်မူသည်မှစ၍ အထည် အရေအသွေး၊ ချည်အမျိုးအစား၊ ဆိုးရည် အဆင့်အနေတို့ ခေါင်းပါးကြမ်းတမ်း ညံ့ဖျင်းသည်တို့ကိုသာ သုံးဆောင်လေ့ရှိ၍ ဘုရားရှင်သည် ဤဧတဒဂ်ဖြင့် ချီးမြှင့်။

(မောဃရာဇတ္ထေရဂါထာ၊ ပဥ္စမဝဂ်၊ ဒုကနိပါတ်၊ ထေရဂါထာပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) အရှင်မြတ်သည် ရဟန္တာဖြစ်တော်မူပြီးနောက် အကုသိုလ်ကံကြောင့် ယားနာဖြစ်၍ ကျောင်း၌မနေပဲ လယ်ထဲ၌နေရာ ဘုရားရှင်ကမေးတော်မူ၍ ဖြေသောဂါထာ ဖြစ်သည်။

“ကိုယ်ရေကား မကောင်း၊ စိတ်နေစိတ်ထားကောင်းသော မောဃရာဇ၊ သင်သည် အမြဲမပြတ် အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်သောစိတ် ရှိ၏၊ သင်သည် ရဟန်းဖြစ်၏၊ သူတပါးတို့က သင့်ကို ကျောင်းဆောက်၍ မလှူ၊ သံဃိကကျောင်းသို့လည်း မဝင်သည်ရှိသော် ဆောင်းဥတု ချမ်းအေးသော ညဥ့်အချိန်တို့ကာလပတ်လုံး အဘယ်သို့ ပြုလုပ်နေတိုင်လတ္တံ့နည်း?”

'မဂဓတိုင်းသည် ကောက်စပါးနှင့် ပြည့်စုံသည်ဟု အကျွန်ုပ်ကြားဘူးပါ၏၊ အခြားတပါးသော ချမ်းသာစွာ အသက်မွေးခြင်းရှိသော ရဟန်းတို့သည် အိပ်ရကုန်သကဲ့သို့ အကျွန်ုပ်သည်လည်း ကောက်ရိုးကို သာ အခင်းအရုံပြု၍ အိပ်ခဲ့ပါပြီ။'

ပိလိန္ဒဝစ္ဆမထေရ်သည်လည်း သူ၏ပြဿနာကို ဘုရားရှင်ဖြေဆို၍ ဟောအပြီး အဆုံး၌ အနာဂါမ်တည်၊ ဟာဝရီဆရာကြီးထံရောက်၍ အကြောင်းစုံနှင့် ဘုရားရှင်အဖြေ ထရားတော်များ ပြန်ပြောင်းဟောပြနေစဉ် ဘုရားရှင် ရောင်ခြည်တော်လွှတ်၍ တရားဟောရာ အရှင်ပိင်္ဂိယသည် ရဟန္တာ ဖြစ်၊ ဟာဝရီဆရာကြီးသည် အနာဂါမ်အရိယာ ဖြစ်၊ ဆရာကြီး၏ တပည့် ၅၀၀တို့သည် သောတာပန် ဖြစ်ကြ။

<u>၂။ ရဟန္တာထေရီမကြီးများ ၁၃ပါး</u>

၁ မဟာပဇာပတိဂေါတမီထေရီ - ညဥ့်တို့ကိုသိကုန်သော ရဟန်းဝါရင့်သော ရဟန်းမတို့တွင် အမြတ်ဆုံး၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး ဖြစ်၊ အရွယ်ရောက်သော် ကျောင်းတော်သို့သွား၍ တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမထပါးကို ညဥ့်အပိုင်းအခြားကို သိသော၊ ဘိက္ခုနီဝါကြီးသော ရတ္တညူ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသော ကောင်းမှုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

အရှင်မအလောင်းသည် တခုသောဘဝဝယ် ဗာရာဏသီပြည်၌ ရေခပ်ကျွန်မ ၅၀၀တို့၏ အကြီး အကဲ ဖြစ်၊ ဝါဆိုကျောင်းလိုအပ်နေသော ပစ္စေကဗုဒ္ဓါ ၅ဆူတို့အား စုပေါင်း၍ ဝါဆိုကျောင်း ဆောက် လုပ်လှူဒါန်း၊ ဝါတွင်း ၃လပတ်လုံး အလှည့်ကျ ဆွမ်းလုပ်ကျွေး၊ မတတ်နိုင်သူ အလှည့်ရောက်က အကြီး အကဲမက မိမိအိမ်မှ ဆွမ်းပစ္စည်းများ ထုတ်ပေး၍ ကပ်စေ၊ ဝါကျွတ်သော် ရေခပ်သူမတို့ရက်သော အထည်ကြမ်း ၅၀၀ကိုလဲလှည်၍ သင်္ကန်း အချော ၅ထည်ကို ပစ္စေကဗုဒ္ဓါများအား လှူခဲ့၊ အရှင်မ အလောင်းသည် ထိုဘဝမှ နတ်ပြည်၊ နတ်ပြည်မှ တဖန် ဗာရာဏသီပြည်အနီး ယက်ကန်းသည်ရွာ၌ ယက်ကန်းသည် အကြီးအကဲအိမ်၌ ဖြစ်၊ ဆွမ်းအလို့ငှါ ကြွလာတော်မူသော ပစ္စေကဗုဒ္ဓါ ၅၀၀တို့အား ဆွမ်းကပ်လှူခဲ့။

နောက်ဆုံးဘဝ၌ ဒေဝဒဟပြည် မဟာသုပ္ပဗုဒ္ဓသာကီဝင်မင်းကြီး၏ သမီးတော်အငယ် ဂေါတမီ ဖြစ်၊ မဟာမာယာမင်းသမီး၏ ညီမ ဖြစ်၊ အရွယ်ရောက်ကြသော် သုဒ္ဓေါဒနမင်းသည် ညီအမ ၂ဦးလုံးကိုပင် ဆောင်ယူ၊ မဟာမာယာမင်းသမီးကို အဂ္ဂမဟေသီမိဖုယားခေါင်ကြီး အရာထား၊ သိဒ္ဓတ္ထမင်းသား ၇ရက်သား ရှိသောအခါ မဟာမာယာဒေဝီ နတ်ရွာစံ၊ မိထွေးတော်မဟာပဇာပတိဂေါတမီသည် မိမိသားအရင်း ၄ရက် ၅ရက်သားသာ ရှိသေးသော နန္ဒမင်းသားကို အထိန်းတော်များတံအပ်၍ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသားကို ကိုယ်တိုင်မွေးမြူ နို့ချိုတိုက်ကျွေးခဲ့။

နောင်သော် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ်ပြည်နန်းတော်တွင်း၌ပင် မင်္ဂလာထီးဖြူတော်အောက်ဝယ် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံ၊ ဘုရားရှင်သည် ပဌမအကြိမ် မိထွေးတော် ဘိက္ခုနီရဟန်းမ ပြုလိုကြောင်း လျှောက်ထားမှုကို ပယ်၊ နောက်မကြာမီ သာကီဝင်မင်းသမီး ၅၀၀နှင့်အတူ ဆံတို့ကို မိမိတို့ဖာသာ ရိတ်ပယ်၍ ဝေသာလီပြည်သို့ ခြေလျင်သွားကြ၊ အရှင်အာနန္ဒာ၏ တောင်းပန်လျှောက်ထားမှုဖြင့် ဘုရားရှင်ခွင့်ပြုကာ ဘိက္ခုနီမများ ဖြစ်ကြ၊ အရှင်မကြီးသည် အင်္ဂုတ္တရနိကာယ်လာ သံခိတ္တသုတ်ကို ကြားနာပြီး ရဟန္တာထေရီမဖြစ်၊ သာကီဝင် မင်းသမီး ၅၀၀ရဟန်းမတို့သည် မဇ္ဈိမနိကာယ်လာ နန္ဒကောဝါဒသုတ် (ဇာတဒဂ်ရ ပုဂ္ဂိုလ်သူမြတ်များ - အနက်မှ - ရဟန္တာအရှင်မြတ်များ - အနက်မှ - အမှတ်စဉ် ၃၆ အရှင်နန္ဒက - ကို ကြည့်ပါ။) ဖြင့် ကျွတ်တမ်းဝင်ကြ၊ နောင်တချိန်တွင် ဘုရားရှင်သည် ဘိက္ခုနီမများကို အရာထားသောအခါ အရှင်မကြီးကို ပန်ဆင်ခဲ့သောဆု ဤ ဇာတဒဂ်ဖြင့် အရာထား။

အရှင်မကြီး သက်တော် ၁၂၀ရှိသော် သာကီဝင်မင်းသမီး ရဟန်းမ ၅၀၀တို့နှင့်အတူ ဘုရားရှင်အား မိမိတို့ ပရိနိဗ္ဗာန် စံဝင်တော်မည့်အကြောင်း လျှောက်ထားကြ၊ အရှင်မကြီးက ဦးစွာ တန်ခိုးများပြလျက် ပရိသတ်အား တရားဟောပြ၊ နောက် ရဟန်းမ ၅၀၀တို့လည်း တန်ခိုးပြကြ၍ တရားဟောကြ၊ ပရိနိဗ္ဗာန်စံကြသော် မြေတုန်လှုပ်ခြင်း၊ ဥက္ကာများ ကျခြင်း၊ သမုဒ္ဒရာ အော်မြည်ခြင်းစသည့် အံ့ဖွယ်များ ဖြစ်။

ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာတို့ဦးစီး၍ သင်္ဂြိုဟ်မှုကို စီရင်၊ ရှေ့ဆုံးမှ လူ နတ် နဂါး အသုရာ ဗြဟ္မာများ၊ ထို့နောက်မှ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော ဘိက္ခုနီမ ၅၀၀တို့၏ ရွှေသား အလောင်းစင်ပြာသာဒ် ၅၀၀ ကို နတ်တို့ကထမ်းလျက်ငင်၊ ထို့နောက်မှ မိထွေးတော်၏ အလောင်းစင်ပြာသာဒ်ကို စတုလောကပါလနတ်မင်းကြီး ၄ပါးက ထမ်း၍ငင်၊ ထို့နောက်မှ ဘုရားရှင်နှင့် သံဃာတော်များ လိုက်ပါကြ၊ လ ကြယ် နက္ခတ်တို့ကို မြင်နေကြရ၊ နေသည် မွန်းတည့်ချိန်ဖြစ်သော်လည်း အေးမြနေ၊ မိထွေးတော်၏ အရိုးဓါတ်တို့ကို သပိတ်၌ထည့်ကာ အရှင်အာနန္ဒာသည် ဘုရားရှင်အား ဆက်ကပ်၏။

၂ ခေမာထေရီ - ကြီးမြတ်သောပညာနှင့် ပြည့်စုံသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ခေမာထေရီအပဒါန်၊ ဧကူပေါသထိကဝဂ်၊ ထေရီပါဒါန်ပါဠိတော်၊ ခု၊ သုတ္တန္တပိဋက)

ကမ္ဘာတသိန်းတက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ သူဋ္ဌေးသမီးဖြစ်၊ ဘုရားရှင်၏ တရားတော်ကို ကြားနာပြီး သဒ္ဓါတရားဖြစ်ကာ ဘုရားရှင်နှင့် သံဃာတော်တို့အား ၇ရက် ဆွမ်းဆက်ကပ်၊ ၇ရက်မြောက်သောနေ့၌ ဘုရားရှင်သည် ဘိက္ခုနီမတပါးကို ပညာကြီးသောအရာ၌ ဇာတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသော ကောင်းမှုပြု၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

အရှင်မသည် လူမိဖုယားကြီး၊ နတ်မိဖုယားကြီးအဖြစ်ဖြင့်သာ ဘဝများစွာ လှည့်လည်၊ ၉၁ကမ္ဘာ ထက် ဝိပဿီဘုရားရှင်ပွင့်သော် ဘိက္ခုနီမပြု၍ အနှစ်တသောင်းကြာ ဗဟုသုတ ပြည့်ဝသူ၊ ပဋိစ္စသမုပါဒ် တရား၌ ကျွမ်းကျင်သူ တရားဟောကောင်းသူ ဓမ္မကထိကဘိက္ခုနီမ ဖြစ်။

ဤကမ္ဘာ၌ ကောဏာဂုံဘုရားရှင် ပွင့်လာသော် အရှင်မသည် ဗာရာဏသီပြည်၌ ကြွယ်ဝသော အမျိုးသမီးတဦး ဖြစ်၊ ဓနဉ္စာနီအလောင်း အမျိုးသမီးနှင့် သုမေဓာအလောင်း အမျိုးသမီးတို့နှင့်အတူ သူငယ်ချင်း ၃ဦးသည် သံဃာ့အရာမ်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ၇ယောက်အနက် အကြီးဆုံးသမီးတော် [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရားရှင် လက်ထက် ကိကီမင်းကြီး၏သမီးတော်၇ပါး - ကို ကြည့်ပါ။] ဖြစ်၊ ခမည်းတော်ထံမှ ရဟန်းမ ပြုခွင့် မရကြသဖြင့် သမီးတော် ၇ဦးလုံး အနှစ် ၂သောင်းကြာ ကောမာရိဗြဟ္မစရိယာ- အပျိုစင်ဥပုသ် ကျင့်သုံး၍ ဒါနအမှုများ ပြုလုပ်လှူဒါန်းခဲ့ကြ၊ အရှင်မသည် ကဿပဘုရားရှင် ဟောကြားတော်မူသော မဟာနိဒါန သုတ်ကို ကြားနာရ၍ သဒ္ဓါတရားဖြစ်ကာ လေ့လာသင်ကြား နှုတ်တက်ဆောင်ခဲ့။

နောက်ဆုံးပစ္ဆိမဘဝ၌ သာဂလမြို့ဝယ် မဒ္ဒရာဇ်မင်း၏ သမီးတော်ဖြစ်၊ ပြည်သူများကို ချမ်းငြိမ်း ဘေးကင်းစေလျက် မွေးလာသူဖြစ်၍ ခေမာမင်းသမီးဟု တွင်၊ အရွယ်ရောက်သော် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏ မိဖုယားကြီးဖြစ်လာ၊ အဆင်း၌မာန်ယစ်သူဖြစ်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး တော်မူသော ဘုရားရှင်သည် ရုပ်အဆင်းကို အပြစ်ပြော၍ တရားဟောသည်ဟု ကြားသဖြင့် ဘုရားရှင်ထံ အဖူးမျှော် မသွား။

မင်းကြီးက ဝေဠုဝန်ကျောင်းတော်ဖွဲ့ ဂါထာသီချင်းများ ဖွဲ့သီရွတ်ဆိုစေ၊ ခေမာမိဖုယားသည် ထိုအခါ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ လှည့်ပတ်ကြည့်ရှု၊ ဘုရားရှင့် ဂန္ဓကုဋီကျောင်းတော်၌ ဘုရားရှင်ကို သူမထက်လှသော ဘုရားရှင် ဖန်ဆင်းထားသော မိန်းမငယ်ကို တွေ့၊ ကြည့်နေစဉ် အဆင်းဖေါက်ပြန်၍ အိုမင်းရွတ်တွ လဲ၍သေသည်ကို တွေ့၊ ခေမာမိဖုယား သံဝေဂ ရ၊ ဘုရားရှင် ကာယဂတာသတိနှင့် အနိစ္စသညာတရားဟော၊ စိတ်နူးညွှံလာရာ ကဿပဘုရားရှင်ထံပါး၌ ကြားနာခဲ့ရသော မဟာနိဒါနသုတ် တော်ကို ဆက်ဟောရာ သောတာပန် ဖြစ်၊ ဘုရားရှင်ကို တောင်းပန်ကန်တော့။

နန်းတော်သို့ရောက်သော် မင်းကြီးအား ခွင့်ပန်ပြီးနောက် မင်းကြီးက ခေမာမိဖုယားကို ကြီးစွာသော အခမ်းအနားဖြင့် ဘိက္ခုနီမကျောင်းသို့ ပို့၍ ဘိက္ခုနီမ ပြုစေ၊ ဘိက္ခုနီမပြုပြီး ၁၅ရက်မြောက်နေ့၌ (သာမန်ဖြစ်စဉ်ကို ကြည့်၍ သံဝေဂဉာဏ် ပွားကြသူများ - အနက်မှ - ထေရီမ ၇ပါး - အနက်မှ - ဆီမီးလျှံ ဖြစ်ခြင်းပျက်ခြင်းကို မြင်၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်း - ကို ကြည့်ပါ။) ရဟန္တာထေရီမ ဖြစ်၊ အရှင်မသည်

ဝိသုဒ္ဓိ ၇ပါး၊ ကထာဝတ္ထု ၁၀ပါး၊ အဘိဓမ္မာနည်းတို့၌ အထူးလိမ္မာသူ၊ ပရိယတ် ပဋိပတ် လွန်စွာကျွမ်းကျင်သူ၊ ပညာထူးချွန်သူ ဖြစ်၏။

သာဝတ္ထိပြည်နှင့် သာကေတမြို့အကြား တောရအရပ်၌ ကောသလမင်းကြီးကမေးသော သိမ်မွေ့သော ပြဿနာကို အရှင်မက ခေမာသုတ် (အဗျာကတသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက) ဖြင့် ဖြေရှင်းဟောကြား၊ နောင်တချိန်တွင် မင်းကြီးက ဘုရားရှင်အား ဤပြဿနာကိုပင် မေးလျှောက်ရာ ဘုရားရှင်သည် အရှင်မ ဟောခဲ့သည့်အတိုင်း ဟောပြောတော်မူခဲ့ရာ မြတ်စွာဘုရားဟောသည်နှင့် တပည့်မ ဟောသည်တို့ တထပ်တည်း ကျပါ၏၊ ညီညွတ်ပါ၏ဟု မင်းကြီးက အံ့သြ ဝမ်းမြောက်ဝမ်းသာ ဖြစ်၊ ဤအကြောင်းများကြောင့် အရှင်မသည် ဤဧတဒဂ်ဖြင့် ချီးမြှင့်ခံရ၊

၃ ဥပ္ပလဝဏ်ထေရီ - တန်ခိုးနှင့် ပြည့်စုံသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီး ဖြစ်၊ ကျောင်းတော်သို့ လူအများနှင့်သွား၍တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ၇ရက် မဟာဒါနကြီး ပေးကာ ဘုရားရှင်၏ ခြေတော်ရင်း၌ ကြာညိုပန်း ၇စည်း ချထားပူဇော်၍ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့၊

အရှင်မအလောင်းသည် တခုသောဘဝ၌ ပစ္စေကဗုဒ္ဓါတဆူအား ဆွမ်းနှင့် ကြာပန်းတို့ကို လှူခဲ့၊

၉၁ကမ္ဘာထက် ဝိပဿီဘုရားရှင် ပွင့်တွန်းလာသောအခါ ဘုရားရှင်နှင့် သံဃာတော်တို့အား အလှူကြီး ပေးလှူ၍ ဘုရားရှင်အား ကြာပန်းဖြင့် ပူဇော်၍ ရုပ်အဆင်းလှပပါကြောင်း စိတ်ဖြင့် ဆုတောင်းခဲ့၊

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ၇ ယောက်အနက် ဒုတိယသမီးတော် [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရားရှင် လက်ထက် ကိကီမင်းကြီး၏ သမီးတော်၇ပါး - ကို ကြည့်ပါ။] ဖြစ်၊ ခမည်းတော်ထံမှ ရဟန်းမ ပြုခွင့်မရကြသဖြင့် သမီးတော် ၇ဦးလုံး အနှစ် ၂သောင်းကြာ ကောမာရိဗြဟ္မစရိယာ- အပျိုစင်ဥပုသ် ကျင့်သုံး၍ ပရိဝုဏ် ကျောင်းတိုက်ကြီး ဆောက်လုပ် လှူဒါန်းခဲ့ကြ၊

ထိုဘဝမှ စုထေသော် အမျိုးကောင်းသမီးဖြစ်၊ ကဿပဘုရားရှင်၏ တပည့်သာဝက ရဟန္တာ မထေရ်မြတ် တပါးအား ရွှေရောင်ဝါဝင်းချောမွေ့သော အဝတ်သင်္ကန်းကို လှူခဲ့၊

ထိုဘဝမှ တဖန် သိဝိတိုင်း အရိဋ္ဌပုရပြည်ဝယ် တိရိဋိဝစ္ဆ ပုဏ္ဏားသူဌေးကြီး၏သမီး အလွန်လှပသော ဥမ္မာဒန္တီ သူဌေးသမီး ဖြစ်၊

တိုဘဝမှနေ၍ ရွာငယ်တခု၌ လယ်သမားသမီး ဖြစ်၊ တနေ့ လယ်တောသို့သွားစဉ် ရေအိုင်မှ ကြာပန်းများခူး၊ လယ်တဲ၌ သလေးဆန်များဖြင့် ပေါက်ပေါက်ဖေါက်၊ နိရောဓသမာပတ်မှ ထစ ပစ္စေကဗုဒ္ဓါ

တဆူအား ပေါက်ပေါက်ပွင့် ၅ဂဂတို့ကို လောင်းလှူ၍ ကြာပန်းဖြင့် သပိတ်ကို ဖုံး၍ကပ်လှူ၊ ရဟန်းတို့သည် ပန်းတို့ဖြင့် အလိုမရှိကုန်ဟုကြံကာ ကြာပန်းကို ပြန်ယူ၊ ပြီးမှ အရှင်မြတ်သည် အလိုမရှိလျှင် သပိတ်၌ တင်လှူခွင့် ပြုမည်မဟုတ်၊ အလိုရှိပေလိမ့်မည်ဟု ကြံကာ ပြန်လှူပြီး လှူအပ်သော ပေါက်ပေါက်ပွင့်နှင့်အမျှ သားရတနာများ ဖြစ်ထွန်းပါစေသတည်း၊ ဤကြာပန်းကိုလှူရသော အကျိုးကြောင့် ခြေလှမ်းတိုင်း လှမ်းတိုင်း ၌ ပဒုမာကြာပန်းတို့ မြေမှ တက်ပေါ်ခံလာပါစေသတည်းဟု ဆုတောင်းခဲ့၊ လယ်စောင့်အမျိုးသား ၅ဂဂတို့ သည်လည်း ပစ္စေကဗုဒ္ဓါအား ပျားရည်လှူ၍ ဤ သူငယ်မ၏ သား ၅ဂဂ ဖြစ်ရပါလို၏ဟု ဆုတောင်းကြ။

ထိုဘဝမှတဆင့် နတ်ပြည်၌ဖြစ်သော် ထိုနတ်သမီး၏ ခြေလှမ်းထိုင်း၌ ပဒုမ္မာကြာ ခံလာ။

ထိုနတ်ပြည်မှ လူပြည်ဝယ် ပဒုမာကြာအိုင်ကြီးရှိ ကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေနေ၊ ကြာအိုင် အနီး၌ ရသေ့တပါးနေ၊ ကြာငုံကြီးတခုမှရသော သတို့သမီးငယ်ကို ရသေ့ကြီးက လက်မမှ ယိုစီးကျ သောနို့ရည်ဖြင့် မွေးမြူ၊ မြေ၌ သွားတတ်သောအရွယ်မှစ၍ ခြေလှမ်းတိုင်း၌ ပဒုမာကြာ မြေမှတက်၍ခံလာ၊ ပဒုမဝတီဟု အမည်ပေး၊ အရွယ်ရောက်သော် ထိုသတို့သမီးကို မုဆိုးတဦးမြင်၊ ဗာရာဏသီမင်းကို ထိုအကြောင်းလျှောက်၍ မင်းကြီးက မိဖုယားကြီး တင်မြှောက်။

မင်းကြီးက မြတ်နိုးတော်မူလှသည်ကို ကျန်မိဖုယားမောင်းမမိဿံ ၅ဂဂက မနာလို၊ မင်းကြီး သူပုန်ရန် အနိမ်နင်းထွက်စဉ် ပဒုမဝတီမိဖုယားကြီးမှ မဟာပဒုမမင်းသားကိုဖွားပြီး ကျန်မင်းသား ၄၉၉ပါး သည် သွေးစက်တို့၌ သံသေဒဇ သန္ဓေစွဲမှီ ဖြစ်လာကြ၊ ထိုမင်းသားတို့ကို မင်းမိန်းမ ၅ဂဂတို့က မိဖုယားကြီး၏ အထိန်းတော်နှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း ကြုတ်များတဲထည့်ပြီး ယူသွား၊ မင်းသားငယ်တို့၏ ဘုန်းတန်ခိုးကြောင့် သူတို့၏ လက်မများမှ နို့ရည်များ ယိုစီးကျ၊ မိဖုယားကြီးကိုမူ အထိန်းတော်က သွေးများ သုတ်လိမ်းထားသော သစ်တုံးတတုံးကို ပြ၊ မိဖုယားကြီးက ယင်းကို ခွဲစိတ်ဖျောက်ဖျက်စေ၊ မင်းကြီးပြန် လာသော် မိဖုယားကြီးကို နှင်ထုတ်။

တိုအခါ ရုပ်ရည်အဆင်း ယိုယွင်းကာ ကြာပန်းများလည်း မြေမှ မတက်တော့၊ အမယ်အိုတဦးက စောင့်ရှောက်ထား၊ မင်းကြီး ဂင်္ဂါမြစ်၌ စစ်အောင်မြင်၍ ရေကစားစဉ် မင်းမိန်းမ ၅ဂဂတို့ကလည်း မြစ်စောင့်နတ်ကို ပူဇော်မည်ဆိုကာ ကြုတ်များကို မြစ်တဲမျှော၊ မင်းကြီးရေကစားရာနေရာမှ ပိုက်ကွန်များ တွင် ငြိနေသော ထိုကြုတ်များကို မင်းကြီးအား ဆက်၊ သိကြားထွင်းထားသော စာကို မင်းကြီးမြင်၊ မိဖုယားကြီးကို ရှာခေါ်စေ၊ မိဖုယားကြီးသည် အမယ်အိုအိမ်မှ နန်းတော်အထိ ဆန်းကြယ်သောအခင်းများ ခင်း၍ ရွှေကြယ်ထိုဖြင့် ဆန်းကြယ်သော အမိုး မျက်နှာကြက် ကြက်စေပြီး ခြေလျှင်ကြွ၊ ရုပ်ရည်အဆင်း ပြန်တင့်တယ်လာ၊ ကြာများလည်း မြေမှထွက်ခံလာ၊ မင်းကြီးက မင်းမိန်းမ ၅ဂဂကို ကျွန်အဖြစ်ပေး၊ မိဖုယားကြီးက လွတ်စေပြီး မင်းသားများကို ထိန်းစေ၊ သူမကမူ မဟာပဒုမမင်းသားကို ပြုစုမွေးမြူ။

မင်းသားများ အသက် ၁၆နှစ်ရောက်ကြသော် မင်္ဂလာရေကန်၌ ရေကစားနေရင်း ပဒုမာကြာများ ညှိုးနွမ်းကြွေကျသည်ကို တွေ့၊ ဝိပဿနာကမ္မဋ္ဌာန်း အာရုံယူ၍ ပစ္စေကဗုဒ္ဓါများဖြစ်ကြပြီး ပဒုမာကြာပန်း

များပေါ်၌ အဘိညာဉ်တန်ခိုးဖြင့် ထက်ဝက်ဖွဲ့ခွေ တညလုံးထိုင်၍ သမာပတ်ဝင်စားနေကြ၊ နံနက်လင်းသော် နန်းတော်ပြန်ကြွကြရန် မင်းချင်းများက လျှောက်ကြရာ ပစ္စေကဗုဒ္ဓါများဖြစ်ပြီဟု မိန့်ကြကာ ကောင်းကင် ခရီးဖြင့် နန္ဒမူလကလိုဏ်သို့ ကြွကြ၊ မိဖုယားကြီးသည် စိတ်နှလုံးပူပန်၍ စုတေ။

နောက်ဘဝ၌ ရာဇဂြိုဟ်ပြည် တံခါးဝဝယ် လက်လုပ်၍ စားရသောအမျိုး၌ ဖြစ်၊ ယခင်ဘဝက သား ပစ္စေကဗုဒ္ဓါ ၅ဝဝအနက်မှ ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါ ၈ဆူကို ဆွမ်းဆက်ကပ်၊ နောက်နေ့အတွက် ဆွမ်းဖိတ်၊ အရှင်မြတ်တို့က ဆွမ်းကို ၈ပါးစာသာ ဖြစ်ပါစေ၊ အခြားပစ္စေကဗုဒ္ဓါများကို ဖူးတွေ့ရလျှင် သင့်စိတ်သည် သဒ္ဓါကြည်ညို ပို၍ဖြစ်ရာ၏ဟု မိန့်၊ နောက်နေ့တွင် လက်ဖြင့်လုပ်စားရသော ထိုမိန်းမ၏ အိမ်ငယ်၌ရင်း၊ ၈ပါးစာ ဆွမ်းသည်ရင်း၊ အပါး ၅ဝဝလုံးပင် ထိုင်စရာ နေရာရကြ၊ ဆွမ်းလည်း လောက်ကြေ၊ ကြာညို ၈လက်တို့ကို လှူပြီး ကိုယ်အဆင်းသည် ကြာညိုပန်း၏ အတွင်းကြာတိုက်အဆင်းသို့ ဖြစ်ရပါစေသား ဟု ဆုတောင်းခဲ့။

နောက်ဆုံးဘဝ၌ အရှင်မအလောင်းသည် သာဝတ္ထိပြည် သူဌေးမျိုး၌ ဖြစ်၊ ကြာညိုတိုက်အဆင်းနှင့် တူသော ရုပ်ရည်အဆင်းရှိ၍ ဥပ္ပလဝဏ္ဏာဟု တွင်၊ အဆင်းလွန်စွာလှ၍ အရွယ်ရောက်သော် တောင်းခံ သောမင်း သူဌေးများ များလှ၊ ဖခင်ကြီးက ရဟန်းမ ပြုစေ၊ ဘိက္ခုနီမပြုပြီး မကြာမီ (သာမန်ဖြစ်စဉ်ကို ကြည့်၍ သံဝေဂဉာဏ်ပွားကြသူများ - အနက်မှ - ထေရီမ ၇ပါး - အနက်မှ - ဆီမီးလျှံကို ကြည့်၍ လောကီစျာန်ရကာ ဝိပဿနာဆက်ရှုပြီး ရဟန္တာမ ဖြစ်ခြင်း - ကို ကြည့်ပါ။) ရဟန္တာထေရီမ ဖြစ်၊ ဘုရားရှင် သရက်ဖြူပင်ရင်း၌ တိတ္ထိတို့ကိုနှိမ်နင်းရန် တန်ခိုးပြာဋိဟာပြတော်မူမည့်နေ့၌ အရှင်မသည် တပည့်တော်မ ပြပါရစေဟု ရဲရဲတောက်လျှောက်ထားခဲ့၊ ဤအကြောင်းများကြောင့် ဆုပန်ဆင်ကာ ပါရမီဖြည့်ဆည်းခဲ့သည့် အတိုင်း ဤဧတဒဂ်ဘွဲ့ထူးဖြင့် အရာထားခံရ။

၄ ပဋာစာရီထေရီ - ဝိနည်းဆောင်ကုန်သော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို ဝိနည်းပိဋကတ် ဆောင်သောအရာ၌ ဧတဒဂ် ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရကောင်းမှု ပြုကာ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ၇ယောက်အနက် တတိယသမီးတော် [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရားရှင် လက်ထက် ကိကီမင်းကြီး၏ သမီးတော်၇ပါး - ကို ကြည့်ပါ။] ဖြစ်၊ ခမည်းတော်ထံမှ ရဟန်းမ

ပြုခွင့်မရကြသဖြင့် သမီးတော် ၇ဦးလုံး အနှစ် ၂သောင်းကြာ ကောမာရိဗြဟ္မစရိယာ- အပျိုစင်ဥပုသ် ကျင့်သုံး၍ ပရိဝုဏ်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြ။

နောက်ဆုံးဘဝ၌ အရှင်မအလောင်းသည် သာဝတ္ထိပြည်ဝယ် သူဌေးသမီး ဖြစ်၊ အရွယ်ရောက်သော် အိမ်မှ အလုပ်သမားတဦးနှင့် ရည်ငံကာ သာဝတ္ထိမြို့မှ ၃ယူဇနာ ၄ယူဇနာဝေးသော ရွာငယ်တခု၌ နေ၊ ကိုယ်ဝန်ရှိလတ်သော် မိဖအိမ် ပြန်၊ လမ်းတွင် သားဖွား၊ လင်ယောကျ်ားလိုက်လာသော် လမ်းတွင်မှီ၊ သားလည်းဖွားပြီးဖြစ်၍ ရွာ ပြန်လာ။

ဒုတိယကိုယ်ဝန်ရှိသောအခါ၌လည်း သားဖွားရန် မိဖအိမ် ပြန်၊ လင်ယောကျ်ား လမ်းတွင်မှီ၊ သားဖွားပြီးသော် မိုးကြီး သည်းထန်စွာရွာ၊ လင်သားသည် ရသမျှထင်း၊ တုတ်တို့ဖြင့် ပြုလုပ်ထားသော တဲကုပ်လေးကို မိုးရန် မြက်ရှာထွက်ရာ ပြန်မလာတော့၊ မနက်မိုးလင်းသောအခါ ခြေရာခံလိုက်ရာ လင်သားသည် တောင်ပို့အခြေ၌ လဲကျသေဆုံးနေသည်ကို တွေ့၊ ငို၍ သာဝတ္ထိသို့ ဆက်ထွက်လာရာ လမ်းတွင် တိမ်သောမြစ်ချောင်းငယ်တခုသို့ ရောက်၊ သားငယ်ကို တဖက်ကမ်းသို့ အရင်ပို့၊ သားကြီးကို ခေါ်ရန် မြစ်ချောင်းအလယ်သို့ရောက်သော် သိန်းစွန်ရဲတကောင်သည် သားငယ်ကို အစာဟူသော အမှတ်ဖြင့် ချီ၊ သူဌေးသမီးသည် လက်ဆန့်တန်း၍ သိန်းငှက်ကို အသံပြု ချောက်လှန့်၊ သားကြီးက အမိသူ့ကိုခေါ်သည်ဟူသော အမှတ်ဖြင့် မြစ်ရေထဲဆင်း၊ မျောပါ၍ သေဆုံး၊ သာဝတ္ထိပြည်သို့ ရောက်သော် သောကကြီးလှသဖြင့် မိဖအိမ်ကို မမှတ်မိ၊ အနီးရှိတွေ့သောသူအား မေး၊ ယမန်နေ့ညက လေပြင်းတိုက်၍ တိုက်ပြိုကာ သူဌေးကြီးမိသားစုအားလုံး သေဆုံးခဲ့၍ ထင်းပုံတပုံတည်း၌ပင် မီးသင်္ဂြိုဟ်နေရာ မြင်နေရသော မီးခိုးအညွန့်သည် ထိုနေရာမှ မီးခိုးတည်းဟု ပြော၊ အဝတ်ပင် မဆည်းနိုင်တော့ပဲ ငိုကြွေးလှည့်လည် နေ၊ အဝတ်မဝတ်ပဲ လှည့်လည်နေသူဖြစ်၍ ပဋာစာရာဟု ခေါ်။

တနေ့ ဇေတဝန်ကျောင်းတိုက်၌ ဘုရားရှင် တရားဟောတော်မူနေစဉ် ပဋာစာရာရောက်လာရာ ဘုရားရှင်က သတိကို ရလော့ဟု မိန့်၊ သတိရပြီး ဒူးထောက် ခါးညွတ်၍ထိုင်၊ လူတယောက်က အပေါ်ရုံကို ပစ်ပေး၊ ထိုအဝတ်ကို ဝတ်ရုံပြီး ဘုရားရှင်၏ တရားတော်ကို နာကြားပြီးသည်၏ အဆုံး၌ သောတာပန် ဖြစ်၊ ဘိက္ခုနီမပြုပြီး မကြာမီ (သာမန်ဖြစ်စဉ်ကို ကြည့်၍ သံဝေဂဉာဏ် ပွားကြသူများ - အနက်မှ - ထေရီမ ၇ပါး - အနက်မှ - ခြေဆေးရေ စီးသွားသည်ကို နိမိတ်ယူခြင်း - ကို ကြည့်ပါ။) ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်၊ ဘုရားရှင်ထံမှ ဝိနည်းပိဋကတ်ကို သင်ယူကာ နိုင်နင်းကျွမ်းကျင်တော်မူ၊ ဝိနည်းဆိုင်ရာ အရေးအခင်း အကြောင်းအရာများကို ဟုတ်မှန်သည့်အတိုင်း ဟောပြော ဆုံးဖြတ်လေ့ ရှိ၊ ထို့ကြောင့် ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးမြှင့်ခံရ။

၅ ဓမ္မဒိန္နာထေရီ - တရားဟောတတ်သော / ဓမ္မကထိက၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ ဆင်းရဲသောအလုပ်သမ / ကျွန်မ ဖြစ်၊ ဘုရားရှင်၏ အဂ္ဂသာဝကတပါးဖြစ်သော သုဇာတမထေရ်ကို ရေခပ်သွားရင်း တွေ့၊ မိမိအတွက်ယူလာသော မုန့်ကို ဆက်ကပ်လှူဒါန်း၊ အရှင်မြတ်က ထိုနေရာ၌ပင် ဘုဉ်းပေး၊ မိမိဆံပင်ကိုလည်း ရသမျှဖြင့် ရောင်း၍ အရှင်မြတ်ကို မိမိအိမ်ကိုပင့်ကာ ဆွမ်းကပ်၊ ဤအကြောင်းကို သူမ၏အလုပ်ရှင်သူဌေး ကြားရသော် အားရဝမ်းမြောက်ကာ သားနှင့် ထိမ်းမြားပေး၊ တနေ့ ယောက္ခမမိန်းမသူနှင့် ကျောင်းတော်၌ တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို တရားဟောကောင်းသော ဓမ္မကထိကအရာ၌ ဧတဒဂ် ထားသည်ကိုတွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရကောင်းမှု ပြုကာ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

၉၂ကမ္ဘာထက် ဖုဿဘုရားရှင်လက်ထက်တွင် ဘုရားရှင်၏ ဖတူမိကွဲ ညီတော် ၃ဦး၏ဘဏ္ဍာစိုးကတော် ဖြစ်၊ သဒ္ဓါတရား ကြီးမား၍ တခုတောင်းလျှင် ၂ခုပေးလေ၏။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ၇ယောက် အနက် ၆ ယောက်မြောက်သမီးတော် [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရားရှင်လက်တက် ကိကီမင်းကြီး၏ သမီးတော်၇ပါး - ကို ကြည့်ပါ။] ဖြစ်၊ ခမည်းတော်ထံမှ ရဟန်းမ ပြုခွင့်မရကြသဖြင့် သမီးတော် ၇ဦးလုံး အနှစ် ၂သောင်းကြာ ကောမာရိဗြဟ္မစရိယာ-အပျိုစင်ဥပုသ် ကျင့်သုံး၍ ပရိဝုဏ်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြ။

ယခုနောက်ဆုံးဘဝ၌ ရာဇဂြိုဟ်ပြည်ဝယ် သူဌေးသမီး ဖြစ်၊ အရွယ်ရောက်သော် ဝိသာခသူဌေးအိမ်သို့ရောက်၍ ဓမ္မဒိန္နာသူဌေးကတော်ဟု ထင်ရှား၊ သူဌေးသည် ဘုရားရှင် ပဌမဦးဆုံး ရာဇဂြိုဟ်သို့ ကြွစဉ်ကပင် သောတာပန်ဖြစ်၊ နောက် သကဒါဂါမ် ဖြစ်၊ အနာဂါမ်ဖြစ်သောနေ့၌ သူဌေးသည် ငြိမ်သက်သောဣန္ဒြေဖြင့် ပြန်လာ၊ သူဌေးကတော်က ခါတိုင်းကဲ့သို့ လက်အစွဲကိုလည်း လက်မခံ၊ ထမင်းကို တဦးတည်းစားကာ အိပ်သောအခါ၌လည်း တဦးတည်း အိပ်၊ တရက် ၂ရက်ကြာသော် သူဌေးကတော်က အကြောင်းမေး၊ မဖြေကောင်းသော်လည်း မဖြေက သူဌေးကတော်သည် နလုံးကွဲရာ၏ဟု ကြံကာ တရားရလာကြောင်း၊ ဤအိမ်မှာ ဆက်၍နေလိုက အမကြီးအရာ၌တည်၍ နေ၊ ဥစ္စာများယူ၍ မိဖရပ်ထံ ပြန်လိုကပြန်၊ အပြင်၌ တောင့်တမှုမရှိက နမအရာဖြင့် စောင့်ရှောက်မည်ဟု ပြော၊ သူဌေးကတော်က ရဟန်းမ ပြုရန်ခွင့်တောင်း၊ သူဌေးက ဗိမ္ဗိသာရမင်းကြီးထံမှ ရွှေထမ်းစင်ဖြင့် ခမ်းနားကြီးကျယ်စွာ ဘိက္ခုနီမပြုစေ၊ လာဘ်ပူဇော်သက္ကာယများလှ၍ ဥပဇ္ဈာယ်ထေရီမကြီးတို့ထံမှ ခွင့်ပန်ကာ တောကျောင်းသွား၍ ရဟန်းတရား အားထုတ်၊ မကြာမီ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်၊ ရာဇဂြိုဟ်သို့ ပြန်လာ။

ဝိသာခသူဌေးသည် ထိုအကြောင်းတို့ကိုကြား၊ သာသနာမှာ မွေ့လျော်သလော၊ မမွေ့လျော်ဘူးလော? ဟု မေးရန် မလျော်၊ ပြဿနာမေးမည်ဟုကြံကာ ပြဿနာများ (စူဠဝေဒလ္လသုတ်၊ စူဠယမကဝဂ်၊ မူလပဏ္ဏာသ ပါဠိတော်၊ မ၊ သုတ္တန္တပိဋက) မေး၊ မေးသမျှကို သန်လျက်ဖြင့် ကြာရိုးကိုဖြတ်သကဲ့သို့ မဆိုင်းမတွ ဖြေ၊ နောင်တချိန် သူဌေးက ဘုရားရှင်ကို ထိုအကြောင်းကို လျှောက်ရာ ဘုရားရှင်က အရှင်မကို ကောင်းကြီးပေးပြီး ဤပြဿနာများကို မထေရ်မအားမမေးပဲ ငါဘုရားကိုမေးလျှင်လည်း ဤအတိုင်းပင် ဖြေမည်ဟု မိန့်၊ ဤအကြောင်းများကြောင့် တချိန်တွင် ဘုရားရှင်သည် အရှင်မကို ဤဧတဒဂ်ဘွဲ့ထူးအရာ ပေးအပ်။

၆ နန္ဒာထေရီ (မိထွေးတော်ဂေါတမီ၏သမီးတော် ဇနပဒကလျာဏီ)  -ဈာန်ဝင်စားခြင်း၌ မွေ့လျော်သော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီး ဖြစ်၊ နောက် တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို ဈာန်ဝင်စားမွေ့လျော်သောအရာ၌ ဧတဒဂ် ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရကောင်းမှု ပြုကာ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ သာကီဝင်မျိုးဝယ် ဖြစ်၊ နန္ဒမင်းသား၏ နှမတော် ကြင်ယာတော်လောင်းလည်း ဖြစ်သော အဘိရူပနန္ဒာမင်းသမီးဟု ခေါ်၊ ရုပ်အဆင်း အလွန်လှပသူဖြစ်၍ ဇနပဒကလျာဏီဟုလည်း တွင်၊ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ထီးဖြူအောက်တွင် ပရိနိဗ္ဗာန်စံပြီးသော် မယ်တော်ဖြစ်သော မဟာပဇာပတိဂေါတမီ ရဟန်းမပြု၊ နန္ဒမင်းသား၊ ရာဟုလာမင်းသားတို့လည်း ရဟန်းပြု၊ ယသောဓရာ မိဖုယားလည်း ရဟန်းမ ပြု၊ နန်းတော်တွင် မည်သူမျှ မရှိတော့၊ မယ်တော်ထံတွင် ရဟန်းမ ပြု။

ဘုရားရှင်သည် ရုပ်အဆင်းကို ကဲ့ရဲ့တော်မူ၏ဟု ကြား၍ ဘုရားရှင်ကို မဆည်းကပ်၊ ဩဝါဒကို ကိုယ်စား ခံယူစေ၊ ဘုရားရှင်က ကိုယ်စားမစေလွှတ်ရန် မိန့်မှာချက် ထုတ်၊ အရှင်မ ဘုရားရှင်ထံ အဆုံးအမခံ သွားသော် ဘုရားရှင်ကို ယပ်ခပ်ပေးနေသော မိန်းမလှရုပ်တခု ဘုရားရှင်က ဖန်ဆင်းထား၊ အရှင်မက စူးစိုက်၍ကြည့်စဉ် ဘုရားရှင်သည် (ဝိဇယသုတ်၊ သုတ္တနိပါတပါဠိတော်၊ ခု၊ သုတ္တန္တပိဋက) ကို ဟော၊ ၎င်းသုတ်တော်ကို အဖန်ဖန် နှလုံးသွင်း၍ ၂ရက် ၃ရက်အတွင်းမှာပင် အရှင်မသည် ရဟန္တာ ဖြစ်၊ ဈာန်၌ မွေ့လျော်ဝင်စား ပျော်မွေ့လေ့ရှိသဖြင့် ပန်ဆင်ဖြည့်ဆည်းခဲ့သော ဤဧတဒဂ်ဖြင့် ဘုရားရှင်၏ ပေးအပ်ခြင်း ခံရ။

၇ သောဏာတေရီ  - ထက်သန်သောလုံ့လရှိသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင်ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီး ဖြစ်၊

နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို လုံ့လပြင်းထန် ထက်သန်သောအရာ၌ တေဒဂ် ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်ကို့အား အဓိကာရကောင်းမှု ပြုကာ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည်ဝယ် သောဏာ သူဌေးသမီး ဖြစ်၊ သူဌေးသားတဦးနှင့် အိမ်ထောင်ကျ၊ သားသမီး ၁၀ ဦး ထွန်းကား၍ ဗဟုပုတ္တိကသောဏာ ဟု ထင်ရှား၊ သူဌေး ရဟန်းပြုသွားသော် အရွယ်ရောက်နေပြီဖြစ်သော သားသမီးအားလုံးကို နေရာချထားပြီး အမွေများ ခွဲပေး၊ သားသမီးတို့သည် အရွယ်ကြီးရင့်သူ အမိအို အား မရိုသေကြတော့၊ ရဟန်းမ ပြု။

ရဟန်းမတို့ဝတ်၌ ပေါ့လျော့သဖြင့် ဒဏ်ထမ်းရသည်ကို သားသမီးများက ပြက်ရယ်ပြု၊ သံဝေဂရ၊ ၃၂ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ကြီးစွာသောလုံ့လဖြင့် အားထုတ်၊ ညဥ့် ၃ယမ်ပတ်လုံး ပြာသာဒ်တိုင်ကို လက်ဖြင့်မလွှတ် ပဲ အားထုတ်၊ စင်္ကြံသွားလျှင်လည်း မှောင်ထဲ၌ မိမိ မခိုက်မိစေရန် သစ်ပင်ကို လက်မလွှတ်ပဲ အားထုတ်၊ ထို့ကြောင့် အာရဒ္ဓဝီရိယသောဏာထေရီ- ဝီရိယထက်သန်သော သောဏာထေရီဟု ထင်ရှားလာ။

တနေ့ ဘိက္ခုနီမများ ဇေတဝန်ကျောင်းသို့ အဆုံးအမခံယူရန် သွားသောအခါ အရှင်မကြီးကို ရေနွေးကြိုရန် မှာသွား၊ မီးတင်းကုပ်အနီး၌ စင်္ကြံလျှောက်ရင်း စီးဖြန်းနေကျ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်နေစဉ် ဘုရားရှင်သည် ရောင်ခြည်တော်လွှတ်၍ ဩဘာသ- အရောင်အလင်း၊ ဩဘာသဂါထာကို ဟောရာ အရဟတ္တဖိုလ်သို့ ရောက်၊ အရှင်မကြီးက ငါ့ကိုမထေမဲ့မြင်ပြုက အကုသိုလ်ပွားစီးရာ၏၊ သူတပါး တို့သိရန် ပြုမှသင့်မည်ဟု ကြံကာ ရေနွေးအိုးကို မီးမမွေးပဲ ခုံလောက်ပေါ် တင်ရုံတင်ထား၊ ဘိက္ခုနီမတို့ ပြန်လာကြသော် မီးပင်မမွေးရသေးသည်ကိုတွေ့၍ အပြစ်တင်စကားပြော၊ ထိုအခါ အရှင်မကြီးက မီးဖြင့် အဘယ်အမှုပြုအံ့နည်း၊ ရေနွေးဖြင့် ရေချိုးလိုသော သူတို့သည် ထိုရေအိုးထဲမှ ရေကို ခပ်၍ချိုးကြလော့ဟု ပြော၊ ရေမှာနွေးနေ၍ ခပ်၍ယူသော်လည်း ပြည့်မြဲပြည့်နေ၊ ဘိက္ခုနီမတို့က အရှင်မကြီးအား တောင်းပန် ရှိခိုးကြ၊ အရှင်မကြီးအား ထို့ကြောင့် ပန်ဆင်ခဲ့သော တေဒဂ်ဆုထူးဖြင့် ဘုရားရှင်က ချီးမြှင့်ပေးအပ်။

၈ သကုလာထေရီ (ဗကုလာ) - ဒိဗ္ဗစက္ခုအဘိညာဉ်ရှိသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းတက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဘုရားရှင်၏ခမည်းတော် ဟံသာဝတီမင်း နေပြည့်ရှင် အာနန္ဒမင်းကြီး၏သမီးတော် ဘုရားရှင်၏ ဖတူမိကွဲ နှမတော် နန္ဒာမင်းသမီး ဖြစ်၊ နောက် တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို ဒိဗ္ဗစက္ခုအဘိညာဉ်ကို လေ့လာနိုင်နင်းသော အရာ၌ တေဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရကောင်းမှု ပြုကာ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာဝယ် အရှင်မသည် ကဿပဘုရားရှင်ခေတ်ကာလ၌ ပုဏ္ဏားမျိုးတွင် ဖြစ်၊ နောက် ပရိဗိုဇ်မ ပြု၊ ဘုရားရှင်၏ ဓါတုစေတီတော်ကြီးကို ဆွမ်းခံ၍ရသောဆီဖြင့် တညဥ့်ပတ်လုံး ဆီမီး ပူဇော်ခဲ့။

ဂေါတမဘုရားရှင်ပွင့်သောကာလ၌ သာဝတ္ထိပြည်ဝယ် သကုလာ / ဗကုလာဟု တွင်သော ပုဏ္ဏေးမ ဖြစ်၊ ဇေတဝန်ကျောင်းလှူတ်ပူဇော်ပွဲ၌ သာသနာတော်ကို ကြည်ညိုသော ဥပါသိကာ ဖြစ်လာ၊ နောင်တွင် ရဟန္တာတပါး၏ တရားကိုနာ၍ သံဝေဂရကာ ရဟန်းမ ပြု၊ မကြာမီ ရဟန္တာဖြစ်၊ ဆုတောင်းအတိုင်း ဒိဗ္ဗစက္ခုအဘိညာဉ်ကို အထူး လေ့လာနိုင်နင်း၊ ဤဧတဒဂ်အရာဖြင့် ဘုရားရှင်က အရှင်မကို အရာထား။

၉ ဘဒ္ဒါကုဏ္ဍလကေသာ - လျင်စွာရအပ်သော မဂ်ဖိုလ်အသိဉာဏ်ရှိသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို လျင်မြန်သော မဂ်ဖိုလ်အသိဉာဏ်ရှိ သောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကိုပန်ကာ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ၇ယောက်အနက် ၄ ယောက်မြောက် သမီးတော် [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သား ဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရား ရှင်လက်တက် ကိကီမင်းကြီး၏ သမီးတော်၇ပါး - ကို ကြည့်ပါ။] ဖြစ်၊ ခမည်းတော်ထံမှ ရဟန်းမ ပြုခွင့် မရကြသဖြင့် သမီးတော် ၇ဦးလုံး အနှစ် ၂သောင်းကြာ ကောမာရိဗြဟ္မစရိယာ- အပျိုစင်ဥပုသ် ကျင့်သုံး၍ ပရိဝုဏ်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြ။

နောက်ဆုံးဘဝ၌ ရာဇဂြိုဟ်ပြည်ဝယ် ဘဒ္ဒါမည်သော သူဌေးသမီး ဖြစ်လာ၊ တရက်တည်းပင် တမြို့ လုံးလက်နက်များ အလျံတပြောင်ပြောင်တောက်လျက် ပုရောဟိတ်အိမ်၌ သားယောကျ်ားတဦးဖွား၊ သတ္တုက ဟု အမည်မှည့်၊ နောက်နေ့တွင် မင်းကြီးက အကြောင်းမေး၊ ပုရောဟိတ်က သူ့အိမ်၌ စောရနက္ခတ် နှင့်ယှဉ်သော သားဖွားကြောင်းနှင့် တမြို့လုံး၏ရန်သူ ဖြစ်မည်ဖြစ်ကြောင်း လျှောက်၊ မင်းကြီးက သူ့အတွက် အန္တရာယ်မရှိလျှင် မဖျောက်ဖျက်ပဲ မွေးမြူနိုင်း၊ ကြီးသော် အကြိမ်များစွာ ဆုံးမသော်လည်း မရ၊ အိမ်မှ နှင်ထုတ်။

အဇာတသတ်မင်း မြို့ကိုလှည့်သော် အိမ်များ၌ အပေါက်များတွေ့၊ သတ္တုကခိုးသူ အပေါက်ဖေါက်၍ ဥစ္စာများ ခိုးယူကြောင်း သိ၊ မြို့ဝန်မင်းကို ခိုးသူအား အမိဖမ်းစေ၊ မိသော် မြို့ပြင်ထုတ်စဉ် ဘဒ္ဒါသူဌေး သမီးသည် အုတ်အုတ်ကျက်ကျက်အသံကြောင့် လေသာပြူတင်းကို ဖွင့်ကြည့်၊ ခိုးသူကို မြင်သော် နှစ်သက် စိတ်ဖြစ်၊ ဖခင်သူဌေးသည် မြို့ဝန်ကို တံစိုးလက်ဆောင်ထိုး၍ သမီးထံ သူခိုးကို ဆောင်ယူ၍ပေး၊ ထိုလူဆိုး သည် သူဌေးသမီး၏ အဆင်တန်ဆာများကို ယူလို၊ မကြာမီ လူဆိုးက ‘အဖမ်းခံရစဉ်က အကျွန်ုပ် အသက်ရှင် ခဲ့ပါမူ တောင်စောင့်နတ်မင်းကို ပူဇော်မည်ဟု တောင်းပန်ခဲ့၊ ယခု ဗလိပူဇော်မှု ပြုလိုသည်။’ ဟုဆို၍ ဘဒ္ဒါကို ပူဇော်ပွဲများ စီရင်စေ၊ စောရပပါတတောင်ရောက်သော် ၂ဦးတည်းသာ ပူဇော်ရန် တောင်ပေါ်တက်၊ တောင်

ပေါ်ရောက်သော် ဘဒ္ဒါ၏ အဆင်တန်ဆာများကို ချွတ်၍ တဘက်ဖြင့်ထုပ်ခိုင်း၊ အကြောင်းကိုမေး၍ သိသော် ဘဒ္ဒါက လူဆိုးကို သူ့ကိုယ်ကို လှည့်လည်၍ ယုယခွင့်တောင်း၊ လူဆိုး၏ကိုယ်အနောက်ဖက်သို့ ရောက်သော် ချောက်ကမ်းပါးမှ တွန်းချ၊ သတ္တုက သေဆုံး၊ တောင်စောင့်နတ်က "အလုံးစုံသောအရာတို့၌ ယောက်ျား သည်သာ ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း လျင်မြန်စွာ အကျိုးကိုကြံစည်နိုင်သော ပညာရှိ၏" ဟု ကြွေးကြော်၏။

ဘဒ္ဒါသည် တက္ကတွန်းအရာမ်တခုသို့ ရောက်၊ အဝတ်ဖြူဝတ်ပရိဗိုဇ်မ ပြု၊ အမြတ်ဆုံးနည်းဖြင့် ရဟန်းပြုပေးပါ ဆိုသဖြင့် တက္ကတွန်းဆရာတို့က သူမ၏ဆံကို ခါးကတ်ကျေးတို့ဖြင့် မရိတ်ပဲ ထန်းစေ့ဖြင့် နှုတ်၊ ဆံပြန်ပေါက်သော် နားဆောင်းပမာ ဝိုင်း၍ပေါက်သဖြင့် ကုဏ္ဍလကေသာ- နားဆောင်းပမာ အစုလိုက် ဝိုင်းသောဆံပင်ရှိသူဟု ခေါ်၊ ဝါဒများသင်ယူ၊ တတ်သော် မြို့ရွာများသို့ လှည့်လည်၊ ရောက်လေရာတိုင်း၌ သဲပုံပြုလျက် သပြေခက်စိုက်ကာ ငါနှင့် ဝါဒယှဉ်ပြိုင်ပြောဆိုနိုင်သူသည် ဤသပြေခက်ကို ချေဖျက်စေ သတည်းဟု ပြောကာ အသိအမှတ် ပြုပြီး ဆွမ်းခံဝင်။

သာဝတ္ထိပြည်သို့ရောက်သော် ထိုသို့ပြုထားသည်ကို အနီးရှိကလေးများကို နင်းချေစေလျက် အရှင်သာရိပုတ္တရာသည် ဘဒ္ဒါတက္ကတွန်းမလေးနှင့် ဝါဒပြိုင်၊ ဘဒ္ဒါမေးသမျှကို အရှင်မြတ်ဖြေအပြီး အရှင်မြတ်၏ ပဌမအမေးကိုပင် ဘဒ္ဒါမဖြေနိုင်၊ ဘုရားရှင်ကို ဆည်းကပ်ခိုင်း၊ ညနေ ဘုရားရှင် တရား ဟောသော် တက္ကတွန်းမလေးသည် ၄ပါဒပါသော ဂါထာတပိုဒ်အဆုံး၌ ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်၊ ဘိက္ခုနီမ ပြု၊ ဤကြောင်းများကြောင့် ဤ ဧတဒဂ်ဖြင့် အရာထား အပ်နှင်းခံရ၏။

(သာမန်ဖြစ်စဉ်များကို ကြည့်၍ သံဝေဂဉာဏ် ပွားကြသူများ - အနက်မှ - ထေရီမ ၇ ပါး - အနက်မှ - ခေါ်ကို ရေဆေး၍ ရဟန္တာဖြစ်ခြင်း) - တွင် လည်း ကြည့်ပါ။ ၎င်းသာမန်ဖြစ်စဉ်ဝတ္ထုနှင့် ဤဧတဒဂ်ဝတ္ထုတို့ မတူ ညီသော အချက် ၄ ချက်အကျဉ်းမှာ -

၁ တောင်းခဲ့သော ဆု၊ ၂ ရဟန်းမ ဖြစ်ပုံ၊ ၃ ရဟန္တာထေရီ ဖြစ်ပုံ၊ ၄ ချီးမြှင့်ခံရသော ဆု။

၁၀၊ ဘဒ္ဒါကာပိလာနီ - ရှေး၌နေဖူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်သော၊

(ဓုတင်အကျင့်ကို ကျင့်ဆောင်ခြင်း၊ ဟောခြင်းတို့၌ ဧတဒဂ်ရသော အရှင်မဟာကဿပ၏ အကြောင်း ထေရပ္ပါဒါတ်နှင့် ဆက်စပ်နေသဖြင့် အထက်တွင်ဖော်ပြခဲ့သော ရဟန္တာအရှင်မြတ်ကြီးများ - အနက်မှ - အမှတ်၃ အရှင်မြတ်ကြီး၏ အကြောင်းကိုလည်း ကြည့်ပါ။)

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ ဝေဒေဟသူဌေးကြီး- အရှင်မဟာကဿပအလောင်း၏ အိမ်ရှင်မသူဌေးကတော် ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင် သည် ဘိက္ခုနီမတပါးကို ရှေး၌ဖြစ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်သောအရာ၌ ဧတဒဂ် ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရကောင်းမှု ပြုကာ ထိုဆုကိုပန်ခဲ့၏။

နောက်ဆုံးဘဝ၌ အရှင်မဟာကဿပမထေရ်မြတ်ကြီး၏ အကြောင်းအရာတွင် ဖော်ပြခဲ့သည့်အတိုင်း လောက၌ ပူဇော်အထူးကို ခံတိုက်သော ရဟန္တာအရှင်မြတ်ကို ရည်မှန်း၍ ရဟန်းပြုကြပြီးနောက် လမ်းခွဲကြပြီးသော် ပရိဗိုဇ်မများအရာမ်သို့ ရောက်၊ အမည်ရင်း ဘဒ္ဒါတွင် အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်၏ဖခင် ကပိလပုဏ္ဏားသူဌေးကြီး၏ ချွေးမဖြစ်သဖြင့် ကာပိလာနီကို ပေါင်း၍ ဘဒ္ဒါကာပိလာနီ ဟု တွင်၊ ထိုအချိန်၌ ဘုရားရှင်သည် မာတုဂါမများကို ရဟန်းပြုခွင့်မပြုသေး၊ ၅နှစ်ကြာသော် ဘိက္ခုနီ သာသနာပွင့်ပေါ်လာ၊ မဟာပဇာပတိဂေါတမီထေရီမကြီးထံ၌ ရဟန်းမ ပြု၊ မကြာမီပင် ရဟန္တာဖြစ်၊ ရှေးဆုတောင်းအတိုင်း ပုဗ္ဗေနိဝါသဉာဏ်ကို လေ့လာနိုင်နင်း ကျွမ်းကျင်ရကား ထိုဉာဏ်အရာ၌ ဧတဒဂ် ဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရ။

၁၁ ဘဒ္ဒါကစ္စာနာ - မြတ်သောအဘိညာဉ်သို့ရောက်သော (ရာဟုလာ၏မယ်တော် ယသောဓရာ)၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်း သမီးတဦးဖြစ်၊ နောက်ထချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို ကြီးမြတ်သော အဘိညာဉ်သို့ ရောက်သောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရကောင်းမှု ပြုကာ ထိုဆုကို ပန်ခဲ့။

နောက်ဆုံးဘဝ၌ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ ဦးရီးတော် သုပ္ပဗုဒ္ဓသာကီဝင်မင်း၏ သမီးတော် ဘဒ္ဒကစ္စာနာ ဖြစ်၊ အလွန်မြတ်သောရွှေကဲ့သို့ အရေအဆင်းရှိသောကြောင့် ဘဒ္ဒကဥ္စနာ ဟူ၍လည်းတွင်၊ နောင်တွင် သိဒ္ဓတ္ထမင်းသား၏ မိဖုယားခေါင်ကြီးယသောဓရာ ဖြစ်လာကာ သားတော်ရာဟုလာ ကို ဖွား၊ သုဒ္ဓေါဒနမင်းကြီးသည် နန်းတော်ထက် ထီးဖြူအောက်တွင် ပရိနိဗ္ဗာန်စံပြီးသော် မိထွေးတော် မဟာပဇာပတိဂေါတမီ ရဟန်းမပြု၊ နန္ဒမင်းသား၊ ရာဟုလာမင်းသားတို့လည်း ရဟန်းပြု၊ ယသောဓရာ မိဖုယားလည်း မဟာပဇာပတိ ဂေါတမီထေရီမကြီးထံ၌ ရဟန်းမ ပြု၊ မကြာမီမှပင် ရဟန္တာ ဖြစ်၊ အရှင်မသည် အဘိညာဉ်၌ အထူးနိုင်နင်း ကျွမ်းကျင်၊ တသချော်နှင့် ကမ္ဘာတသိန်းအတွင်း ဖြစ်ခဲ့သမျှကို တထိုင်တည်းနှင့် အောက်မေ့နိုင် (ဘုရားရှင်လက်ထက် - အနက်မှ - ဘုရားရှင်လက်ထက် မဟာဘိည- ကြီးကျယ်သော အဘိဉာဏ်ပညာသို့ ရောက်သောသာဝက ၄ပါး - ကို ကြည့်ပါ။)၊ အရှင်မသည် ဆုပန်ဆင်ကာ ပါရမီဖြည့် ဆည်းခဲ့သည့်အတိုင်း ဘုရားရှင်၏ ဤဧတဒဂ်ဖြင့် အပ်နှင်း ချီးမြှင့်ခံရ။

၁၂ ကိသာဂေါတမီ - (အမျိုးအစား၊ ချည်၊ ဆိုးရည် ၃ပါးလုံး) ခေါင်းပါးသောသင်္ကန်းကိုဆောင်သော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင်ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ မထင်ရှားသော အမျိုးသမီးတဦး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဘိက္ခုနီမတပါးကို ခေါင်ပါးသော

သက်န်းကိုဆောင်သော အရာ၌ တေဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား စွမ်းနိုင်သမျှ အဓိကရကောင်းမှု ပြုကာ ထိုဆုကို ပန်၍ ဘုရားရှင်၏ ဗျာဒိတ်တော်ကို ရခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ၇ယောက် အနက် ၅ ယောက်မြောက်သမီးတော် [ဘုရားရှင်(ဂေါတမမြတ်စွာဘုရား)နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများဖြစ်လာကြသော ကဿပဘုရားရှင်လက်ထက် ကိကီမင်းကြီး၏ သမီးတော်၇ပါး-ကို ကြည့်ပါ။] ဖြစ်၊ ခမည်းတော်ထံမှ ရဟန်းမ ပြုခွင့်မရကြသဖြင့် သမီးတော် ၇ဦးလုံး အနှစ် ၂သောင်းကြာ ကောမာရိဗြဟ္မစရိယာ- အပျိုစင်ဥပုသ် ကျင့်သုံးခဲ့ကြ။

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည်ဝယ် စီးပွားပျက်သူဌေးမှ ဆင်းရဲနေသောအမျိုး၌ ဖြစ်၊ အမည်ရင်း ဂေါတမီတွင် ကြုံလှီသေးငယ်သောကိုယ်ရှိသဖြင့် ကိသာဂေါတမီဟု တွင်။

သာဝတ္ထိပြည်တွင်လည်း ကုသိုလ်ကံကုန်၍ ကုဋေ ၄ဝသော ရွှေငွေဥစ္စာတို့ မီးသွေးခဲများဖြစ်သော သူဌေးတဦး ရှိ၊ သူငယ်ချင်းတဦး၏ အကြံပေးချက်အရ တိုမီးသွေးခဲများကို ဖြန့်၍ အိမ်ဈေးခင်းထား၊ တနေ့ ကိသာဂေါတမီသည် ထိုသူဌေးအိမ်ရှေ့သို့ ရောက်လာပြီး သူဌေးကို ရွှေငွေတွေ ရောင်းနေသကိုးဟု ဆို၊ ဘယ်မှာလဲ ရွှေ ငွေတွေ? ဟု သူဌေးက မေး၍ ကိသာဂေါတမီက လက်ခုပ်ဖြင့်ယူ၍ ပေးရာ မီးသွေးခဲကို့သည် ရွှေငွေများ ဖြစ်နေ၊ သားနှင့် ထိမ်းမြားပေး၊ သားကလေး မွေးလာ၊ တအိမ်သားလုံးက မြတ်နိုးတနာ ပြု၊ သားလေးသည် ပြေးလွှားကစားနိုင်သောအရွယ်တွင် သေဆုံး၊ သားသေကို ပိုက်၍ အသက်ရှင်ဆေး ပေးပါဟု အိမ်ပေါက်စေ့ လှည့်လည်နေ။ ပညာရှိတယောက်က ဇေတဝန်ကျောင်းတော်ရှိ ဘုရားရှင်ထံ စေလွှတ်၊ ဘုရားရှင်က လူမသေဖူးသောအိမ်မှ မုန်ညင်းဆီအနည်းငယ် ဆောင်ခဲ့လော့ဟု မိန့်၊ လူ မသေဖူးသော အိမ်ဟူ၍ မရှိသဖြင့် ဘုရားရှင်ထံပြန်လာ၊ ဘုရားရှင့် တရားအဆုံး၌ သောတာပန်ဖြစ်ကာ ရဟန်းမ ပြု၊ တနေ့ ဥပုသ်အိမ်အပြင်၌ ဆီမီးညှိထွန်းအလှည့် ကြိမ်သော် (သာမန်ဖြစ်စဉ်ကို ကြည့်၍ သံဝေဂဉာဏ် ပွားကြသူများ - အနက်မှ - ထေရီမ ၇ပါး - အနက်မှ - ဆီမီးလျှံ၏ ဖြစ်ပျက်အာရုံယူ၍ ဘာဝနာပွားခြင်းဖြင့် ရဟန္တာမ ဖြစ် - ကို ကြည့်ပါ။) ရဟန္တာဖြစ်၊ ထိုအခါမှစ၍ အရှင်မသည် ရှေးဆုတောင်းအတိုင်း အထည်၊ ချည်၊ ဆိုးရည် ၃ပါးစလုံး ညံ့ဖျင်းခေါင်းပါးသောသက်န်းကိုသာ သုံးဆောင်လှည့်လည်၍ ဤတေဒဂ်အရာ၌ ဘုရားရှင်၏ ချီးမြှောက်အရာ ထားခြင်းခံရ။

**၁၃/၅၄** သိင်္ဂါလကမာတာ - သဒ္ဓါတရားအားကြီးသော ရဟန်းမတို့တွင် အမြတ်ဆုံး၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အရှင်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမတ်သမီး ဖြစ်၊ ဖခင်အမတ်ကြီးနှင့်အတူ နောက်တချိန်ဝယ် တရားနာစဉ် သဒ္ဓါကြည်ညိုစိတ် ဖြစ်၊ ဘိက္ခုနီမ ပြု၊ ရတနာ ၃ပါးကို လွန်စွာ ရိုသေလေးစားလျက် တရားတော်ကိုနာခြင်း၌ အထူးကြိုးကုတ် အားထုတ်သူဖြစ်ပြီး

ဘုရားရှင်ကို ဖူးမြော်ခြင်း၌ အလွန်ဆန္ဒပြင်းပျသူ ဖြစ်၊ ဘုရားရှင်သည် တနေ့ ဘိက္ခုနီမတပါးကို သဒ္ဓါတရား ကြီးမားလွန်ကဲသော အရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အရှင်မသည် ထိုအရာကို ဆုပန်၍ သိက္ခာ ၃ပါးကို တိုးတက်ဖြည့်ဆည်းကာ ဘုရားရှင်၏ ဗျာဒိတ်တော်ကို ရခဲ့။

နောက်ဆုံးဘဝ၌ ရာဇဂြိုဟ်ပြည်ဝယ် သူဌေးသမီး ဖြစ်၊ သူဌေးသားတဦးနှင့် အကြောင်းပါ၊ သိင်္ဂါလက သတို့သားကို ဖွား၊ သားအမည်ကို စွဲ၍ သိင်္ဂါလကမာတာဟု တွင်၊ အရပ်မျက်နှာများကို ရှိခိုးနေသော ထိုသတို့သားကို ထိုနေရာလမ်းခရီး၌ပင် ဘုရားရှင် တရားဟောတော်မူရာ၌ ၂ကုဋေသော လူတို့နှင့်အတူ အရှင်မသည် သောတာပတ္တိဖိုလ်သို့ ရောက်၊ ရဟန်းမ ပြု၊ သဒ္ဓါတရား အားကြီး၍ ဘုရားရှင်ကို ဖူးမြော်ခြင်း၌ မရောင့်ရဲ၊ ဘုရားရှင်သည် သဒ္ဓါတရား ဖြစ်ပွားစေသောတရားများကိုသာ ဟော၊ မိမိ၌ ဖြစ်ပေါ်နေသော သဒ္ဓါတရားကို အခြေပြု၍ ဝိပဿနာတရား ပွားများသည်တွင် ရဟန္တာဖြစ်ကာ ဆုတောင်းခဲ့သည့်အတိုင်း ဘုရားရှင်သည် ဤဧတဒဂ်ဘွဲ့ဖြင့် ချီးမြှောက် အရာထား။

<u>၃။ ဥပါသကာများ ဧတဒဂ် ၁၀ ခု / ပုဂ္ဂိုလ် ၁၁ဦး</u>

၁ တပုဿ နှင့် ဘလ္လိက - ရှေးဦးစွာကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ' သို့ရောက်သော ဥပါသကာတို့တွင် အမြတ်ဆုံး၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဤဥပါသကာ ၂ဦး၏အလောင်းတို့သည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားများ ဖြစ်ကြ၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာ ၂ယောက်ကို ရှေးဦးစွာ သရဏဂုံတည်သော အရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှု ပြုကြကာ ထိုဆုကို ပန်ခဲ့ကြ။

ဥပါသကာ ၂ဦးအလောင်းတို့အနက် ဘလ္လိကဥပါသကာအလောင်းသည် ၃၁ကမ္ဘာထက်၌ သုမန မည်သော ပစ္စေကဗုဒ္ဓါအား သစ်သီးကြီးငယ်များကို လှူဒါန်းခဲ့။

၎င်းသည် သိခီဘုရားရှင် ပွင့်လာသောအခါ ဥဇိတနှင့် ဩဇိတ လှည်းကုန်သည်ညီနောင်တို့သည် ဘုရားရှင်အား ဆွမ်းဦးလှူဒါန်းခဲ့ကြောင်းကြား၊ သူငယ်ချင်း တပုဿဥပါသကာအလောင်းနှင့်အတူ ဘုရားရှင်ကို ကြီးစွာသောအလှူကို ပေးလှူ၍ ထိုသို့ဘုရားရှင်အား ဆွမ်းဦးလှူရပါကြောင်း ဆုတောင်းခဲ့ကြ။

ကဿပဘုရားရှင်လက်ထက်၌ ၎င်းတို့သည် နွားသူဌေး၏ သားညီနောင် ဖြစ်၊ ရဟန်းသံဃာတော်များအား နှစ်ပေါင်းများစွာ နွားနို့ဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြ။

ဂေါတမဘုရားရှင် ပွင့်လတ်သော် အသိတဥ္စနမြို့ (ပေါက္ခရဝတီမြို့) ဝယ် လှည်းကုန်သည်သူကြွယ်၏ သားညီနောင်ဖြစ်၊ နောင်တော်ကား တပုဿဖြစ်ပြီး ညီတော်ကား ဘလ္လိကဖြစ်၊ အိမ်ရာစိုးအုပ်ကြ၍ လှည်းအစီး ၅၀၀ဖြင့် ကုန်ရောင်းဝယ်မှု ပြုကြ၊ ဘုရားရှင် သတ္တသတ္တာဟနေပြီး၍ လင်းလွန်ပင်ရင်း၌နေခိုက် ကုန်သည်ညီနောင်တို့လည်း ထိုအရပ်သို့ရောက်သော် ဘဝဟောင်းက အမိတော်ဖူးသူ ဘုမ္မဇိုရ်းနတ်သည်

လှည်းများ သွား၍မရအောင် ပြုပြီး ဘုရားရှင်ပွင့်ပေါ်၍ ယခုလင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူနေကြောင်း၊ ဆွမ်းဦး လှူကြလော့ ဟု တိုက်တွန်း၊ မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို ရွှေလင်ပန်းဖြင့်ထည့်ကာ ဘုရားရှင်အား ဆက်ကပ်ရာ ဘုရားရှင်သည် စတုမဟာရာဇ်နတ်မင်းကြီး ၄ပါးဆက်ကပ်သော ကျောက်သပိတ် ၄လုံးကို အဓိဋ္ဌာန်၍ဖြစ်သော အနားရေး ၄ရစ်ရှိသော သပိတ်ဖြင့် ခံယူဘုဉ်းပေး။

ထို့နောက် တရားဟောရာ ၎င်းတို့သည် ဒွေဝါစိကသရဏဂုံ၌ တည်ကြ (သရဏဂုံ - အနက်မှ - သရဏဂုံ ၂ပါး ဦးစွာတည်သူ ကုန်သည်ညီနောင် - ကို ကြည့်ပါ။) ၊ ကိုးကွယ်ရန် သနားတောင်းခံရာ ဘုရားရှင်သည် ဦးခေါင်းအား လက်ျာလက်တော်ဖြင့် သုံးသပ်၍ ဆံတော် ၈ဆူကိုပေး၊ မိမိတို့မြို့ တံခါးဝ၌ စေတီတော်ကြီးတဆူတည်ထား ကိုးကွယ်၊ နောက်အဖို့၌ ဘုရားရှင်သည် ကုန်သည်ညီနောင်အား ဤဧတဒဂ်ဖြင့် ပေးအပ်ချီးမြှင့်။

ဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် ဟောကြားသော တရားတော်ကိုနာ၍ နောင်တော် တပုဿသည် သောတာပတ္တိဖိုလ်၌ တည်၊ ညီတော်ဘလ္လိကသည် ရဟန်းပြု၍ အဘိညာဉ် ၆ပါးရသော ဆဋ္ဌာဘိည ရဟန္တာ ဖြစ်။

၂ အနာထပိဏ် (သုဒတ္တ) - လှူဒါန်းခြင်း၌မွေ့လျော်သော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ အနာထပိဏ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာတယောက်ကို အလှူအတန်း၌ မွေ့လျော်သောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်ခဲ့။

နောက်ဆုံးဘဝ၌ သာဝတ္ထိပြည် သုမနသူဋ္ဌေးကြီး၏သား သုဒတ္တ ဖြစ်လာ၊ အိမ်ကို အုပ်စိုးလတ်သော် ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်းပေးကမ်းရာ၌ မွေ့လျော်သူဖြစ်၍ (အနာထ- ကိုးကွယ်ရာမဲ့သူတို့အား + ပိဏ္ဍိက- အစာထမင်းပေးကမ်းသော) = အနာထပိဏ္ဍိက- အနာထပိဏ်သူဋ္ဌေးဟု ထင်ရှား။

သူဋ္ဌေးကြီးသည် ရာဇဂြိုဟ်ပြည်သို့ လှည်းအစီး ၅၀၀ဖြင့် ကုန်ရောင်းသွားစဉ် သူငယ်ချင်း ရာဇဂြိုဟ်သူဋ္ဌေးထံမှ ဘုရားရှင်ပွင့်ထွန်းတော်မူနေကြောင်း ကြားသိ၊ မိုးသောက်အားကြီးတွင် နတ်တို့ဖွင့်အပ်သော မြို့တံခါးမှ ထွက်၊ ဘုရားရှင်ထံရောက်၍ တရားတော်နာကာ သောတာပန် ဖြစ်၊ နောက်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေး၊ ဘုရားရှင်ကို သာဝတ္ထိပြည်သို့ ပင့်။

ဝန်ခံချက်ရပြီးသော် ၄၅ယူဇနာခရီးတွင် တယူဇနာလျှင် တသိန်းတန် ကျောင်းတဆောင်စီကို မိတ်ဆွေများအား ဆောက်စေ၊ သာဝတ္ထိတွင် ဇေတမင်းသား၏ဥယျာဉ်ကို ရွှေဒင်္ဂါးအစွန်းချင်း ထိစေကာ ၁၈ကုဋေဖြင့် ဝယ်ယူ (ဘုရားရှင်တို့ / ဘုရားရှင်တိုင်း / ဘုရားရှင်များ - အနက်မှ - ဘုရားရှင်တိုင်း မစွန့်ရာ ဇေတဝန်ကျောင်းတော်ရာ - ကို ကြည့်ပါ။) ၍ ၁၈ကုဋေဖြင့် ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီး

၁၈ကုဋေကုန်သော ကျောင်းလှူတပ်ပူဇော်ပွဲကြီးကို ၃လကြာ ကျင်းပ၊ သံဃာတော်များကို နေ့စဉ် ဆွမ်းဝတ် ၉မျိုး (အနာထပိဏ်သူဌေးကြီး - အနက်မှ - အနာထပိဏ်သူဌေးကြီးအိမ်၌ နေ့စဉ်လှူသော ဆွမ်းဝတ် ၉မျိုး - ကို ကြည့်ပါ။) လည်း တည်ထား။

ထို့အပြင် သူဌေးကြီးသည် အလှူဒါန၌ အလွန်မွေ့လျော်သူ အလွန်ကိုင်းညွတ်သူ ဖြစ်ရကား လက်အချည်းနှီးဖြင့် ကျောင်းတော်သို့ တခါမျှ မသွားဖူးချေ၊ နံနက်အခါသွားလျှင် ယာဂုခဲဘွယ်များ၊ နေလွဲအခါတွင် ထောပတ် ပျား တင်လဲစသည်ကို ယူဆောင်လှူဒါန်း၊ မတတ်သာသည့်အဆုံး မိမိအစေအပါးများကို သဲနုနုများ ယူဆောင်စေ၍ ဂန္ဓကုဋီပရိဝုဏ်အတွင်း ဖြန့်ကြဲခင်းကျင်းစေ၊ ထိုအကြောင်းများကြောင့် ဘုရားရှင်သည် သူဌေးကြီးအား သူတောင့်တပန်ဆင်ခဲ့သော ဧတဒဂ်ဆုမြတ်ဖြင့် အရာထားချီးမြှင့်။

အနာထပိဏ်သူဌေးကြီးသည် စုတေမည့်ဝေဒနာ ကျရောက်သောအခါ အရှင်သာရိပုတ္တရာထံမှ နာရသော တရားတော်ဖြစ်သော အနာထပိဏ္ဍိကောဝါဒသုတ် (အနာထပိဏ်သူဌေးကြီး - အနက်မှ - အနာထပိဏ်သူဌေးကြီး စုတေမည့်ရောဂါ ကပ်ရောက်လာသောအခါ အရှင်သာရိပုတ္တရာဟောကြားသော ထရား ၉စု - ကို ကြည့်ပါ။) ကို အလွန်နှစ်သက်ရကား ဤကဲ့သို့သောထရားမျိုး အခုမှ နာရသဖြင့် နာအပြီးတွင် ငို၊ ဤတရားမျိုးကို လူအပေါင်းအားဟောပါရန် ပန်ကြား၊ သေသော် တုသိတာနတ်ပြည်၌ ဖြစ်ကာ ဘုရားရှင်ကို ညတွင်းချင်း လာရောက်၍ ဂါထာ ၄ဂါထာဖြင့် လျှောက်ထား ရှိခိုးလေသည်။

၃ စိတ္တသူကြွယ် - တရားဟောတတ်သော/ဓမ္မကထိက (မစ္ဆိကာသဏ္ဍာမြို့သား)၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ချိန်ခွင်ကြီး ၄လက်တရားတော် အမ်ပီသရီး အသံဖိုင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ စိတ္တသူကြွယ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသားဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာ တယောက်ကို ဓမ္မကထိက တရားဟောကောင်းသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရကောင်းမှု ပြုကာ ထိုဆုကို ပန်ခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် မုဆိုးသားဖြစ်၊ တနေ့တောသို့ဝင်သော် တောင်ခေါင်းတခုအတွင်း ကျောက်ဖျာပေါ်၌ ရဟန်းတရား ပွားများအားထုတ်နေသော ရဟန်းတော်ထပါးကို တွေ့၊ အိမ်ပြန်၍ ဆွမ်းနှင့် ယမန်နေ့က ဆောင်ယူခဲ့သောအသားဟင်းဆွမ်းချက်၊ အိမ်သို့ ဆွမ်းရပ်လာသော ရဟန်းတော် ၂ပါးကို အိမ်မှလူများအား လုပ်ကျွေးပြုစုစေ၊ ဆွမ်းနှင့်ဆွမ်းဟင်းတို့ကို ယူ၍ တောင်ခေါင်းရှိ ရဟန်းတော်ထံ ပြန်လာ၊ လမ်းခရီးမှ အထူးထူးသောပန်းများကို ဆွတ်ခူး၍ ဖက်ဖြင့် ထုပ်ယူခဲ့၊ ရဟန်းတော်ကို ဆွမ်းဆက်ကပ်ပြီး ပန်းများနှင့် ပူဇော်ပြီးသော် 'အရသာရှိသော ဆွမ်းနှင့်တကွ ပန်းများ ပူဇော်ရမှုသည် တပည့်တော်၏စိတ်ကို အထူးနှစ်သိမ့်စေသကဲ့သို့ ဖြစ်ရာဘုံဘဝတို့၌ တပည့်တော်အတွက်သော

အထောင်သော လက်ဆောင်ပဏ္ဏာများ ရောက်ရှိပါစေသတည်း၊ အဆင်း ၅မျိုးရှိသော ပန်းမိုးလည်း ရွာပါစေသတည်း။' ဟု ဆုတောင်းခဲ့။

ထိုဘဝမှနေ၍ နတ်ပြည်၌ ဖြစ်ရာ၊ ဖြစ်ရာဌာနတို့၌ နတ်ပန်းမိုး ပုဆစ်ဒူးနစ်လုမျှ ရွာ၊ အဆင်းလည်း အလွန် တင့်တယ်။

နောက်ဆုံးဘဝ၌ မဂဓတိုင်း မစ္ဆိကာသဏ္ဍမြို့၌ သူဌေးသား ဖြစ်၊ ဖွားသော် တမြို့လုံး ပုဆစ်ဒူးနစ်လုမျှ အဆင်း ၅မျိုးရှိသော ပန်းမိုး တဖြိုးဖြိုးရွာ၊ စိတ္တသတို့သားဟု အမည်မှည့်၊ ပဉ္စဝဂ္ဂီအဝင်အပါ အရှင်မဟာနာမ်မထေရ် ကြွလာ၊ စိတ္တသူကြွယ်သည် အရှင်မြတ်ကို သူပိုင် အမ္ဗာဋကအရာမ်- ဥယျာဉ်၌ ကျောင်းဆောက်၍ ကိုးကွယ်ဆည်းကပ်၊ အရှင်မြတ်ဟောကြားသော တရားတော်နာ၍ အနာဂါမ် အရိယာ ဖြစ်။

တချိန်တွင် အရှင်သုဓမ္မမထေရ် ကျောင်းထိုင်ဖြစ်စဉ် အဂ္ဂသာဝက ၂ပါးဦးစီးသော ရဟန်းတော် တထောင်တို့ အမ္ဗာဋကကျောင်းသို့ ကြွလာ၊ သူကြွယ်က ထိုသံဃာတော်များအား ကြီးစွာသော ပူဇော်မှုပြုသည်ကို ကျောင်းထိုင်ရဟန်းက သည်းမခံနိုင်၊ ဤပူဇော်ဖွယ်တွေထဲမှာ နှမ်းပျစ်ထခု လိုသေးသည်ဟု အမျိုးဇာတိဝါဒဖြင့် အရှင်သုဓမ္မက ဆဲရေး၊ သူကြွယ်၏ အဆက်အနွယ် အဦးပိုင်း၌ မုန့်သည်ပါသည်ကိုစွဲ၍ ပြောခြင်းဖြစ်၊ သူကြွယ်က ရဟန်းစကားလည်း မဟုတ်၊ လူစကားလည်း မဟုတ်ဟု ပြန်ပြော၊ အရှင်သုဓမ္မသည် ဘုရားရှင်အား လျှောက်၍ ဘုရားရှင်၏ အဆုံးအမဩဝါဒ၌ တည်၊ သူကြွယ်အား တောင်းပန်၊ ကျောင်းတိုက်၌ ပြန်နေ၍ ဝိပဿနာတရား ပွားများအားထုတ်ရာ ရဟန္တာ ဖြစ်။

စိတ္တသူကြွယ်သည် မိမိ၏ အခြံအရံ တထောင်၊ မြို့မှ ဘုရားဖူး ရဟန်း ၅၀၀၊ ရဟန်းမ ၅၀၀၊ ဥပါသကာ ၅၀၀ နှင့် ဥပါသိကာ ၅၀၀အားဖြင့် ၂ထောင်၊ စုစုပေါင်း ၃ထောင်သော ပရိသတ်ဖြင့် လှည်းအစီး ၅၀၀တွင် ဆန် ဆီ ရိက္ခာ အဝတ်အထည်တို့ အပြည့်ထင်၍ ဘုရားရှင်အားဖူးမြော်ရန် ထွက်၊ နတ်တို့က လမ်းတွင် ပြုစုကျွေးမွေးကြ၊ လူတို့က လက်ဆောင်များပေးကြ၊ သူကြွယ်၏ ရိက္ခာလှည်းတို့မှာ ပြည့်မြဲပြည့်လျက် နေ၊ တနေ့ တယူဇနာကျဖြင့် တလကြာသော် ဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိပြည်သို့ ရောက်။

အရှင်အာနန္ဒာမေးသဖြင့် စိတ္တသူကြွယ် ဘုရားရှင်ကို ဖူးမြော်သော် တစုံတခု ပြာဋိဟာဖြစ်မည်ဟု ဘုရားရှင်မိန့်သည်ကို ပြည်သူများသိကြသဖြင့် လက်ဆောင်များယူ၍ လမ်းဝဲယာမှ စောင့်နေကြ၊ ရဟန်းတော် ၅၀၀ ဦးစွာကြွပြီးနောက် စိတ္တသူကြွယ် ဘုရားရှင်ကိုဖူးသော် အဆင်း ၅မျိုး နတ်ပန်းမိုး ဖြိုးဖြိုးရွာချ၊ လူများ ကောင်းကြီးပေးကြ၊ တလပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်များကို နတ် လူတို့ပို့အပ်သော ဝတ္ထုပစ္စည်းများဖြင့် အလှူကြီး နေ့စဉ်ပေးလှူ၊ တလပြည့်သော်လည်း သူကြွယ်၏ ရိက္ခာလှည်းတို့မှာ မလျော့၊ ဘုရားရှင်အား လျှောက်ထား၍ ရိက္ခာပစ္စည်းများကို ကပ္ပိယဘူမိကျောင်း၌ ချထား၍လှူခဲ့၊ အပြန်တွင် အချည်းနှီးဖြစ်နေသော လှည်းများကို နတ်တို့က ရတနာ ၇ပါးနှင့်တကွ လက်ဆောင်ပစ္စည်းများ၊ လူများကလည်း လက်ဆောင်များဖြင့် တင်ဆောင်ပေးကြ၊ ဘုရားရှင်က သဒ္ဓါ သီလနှင့် ပြည့်စုံ၍ ရတနာ ၃ပါးကို

မမိုတ်မသုံ ယုံကြည်သော အရိယာသာဝကသည် ရောက်လေရာရာ အရပ်တို့၌ ဤကဲ့သို့ပင် နတ်လူတို့၏ ပူဇော်မှုကို ဖြစ်ပွားမြဲ ဖြစ်၏ဟု ဟော။

စိတ္တသူကြွယ်နှင့် စပ်လျဉ်း၍ သုတ္တန္တပိဋက၊ သံယုတ္တနိကာယ်၊ သဠာယတနဝဂ္ဂသံယုတ်တွင် စိတ္တသံယုတ် ဟူ၍ တသီးတသန့် ရှိ၊ သုတ် ၁၀သုတ်ပါသော ဤတကျမ်းလုံးသည် ရဟန်းတော်များက မေး၍ စိတ္တသူကြွယ်က ဖြေ၊ သူကြွယ်ကမေး၍ ရဟန်းတော်များက ဖြေသည်များသာ ဖြစ် (ချိန်ခွင်ကြီး ၄လက် တရားတော် အမ်ပီသရီး အသံဖိုင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) သည်၊ ဤအကြောင်းများကြောင့် စိတ္တသူကြွယ်သည် ပန်ဆင်တောင့်တခဲ့သည့်အတိုင်း ဤဧတဒဂ်ဖြင့် ဘုရားရှင်၏ အပ်နှင်းချီးမြှင့်ခြင်း ခံရ။

စိတ္တသူကြွယ်သည် စုတေခါနီးသော် ဆွေမျိုးများက တောင်းပန်၍ ဆုံးမတရား ဟောကြား (စိတ္တသူကြွယ် - တရားဟောကောင်းသူ / ဓမ္မကထိကဧတဒဂ်ရသူ ကွယ်လွန်ခါနီး ဆွေမျိုးများက ဆုံးမရန် တောင်းပန်၍ ဟောသောတရား ၄ချက် - ကို ကြည့်ပါ။) ခဲ့၊ ကွယ်လွန်သော် သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဖြစ်။

၄ ဟတ္ထကအာဠဝက - သင်္ဂဟဝတ္ထု ၄ပါးတို့ဖြင့်ပရိသတ်ကိုချီးမြှောက်သော၊

(စတုတ္ထတွဲ နှင့် ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာ တသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဟတ္ထကအာဠဝကအလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာ တယောက်ကို သင်္ဂဟဝတ္ထု ၄ပါးဖြင့် ပြည့်စုံသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရား အမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကိုပန်၍ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာ၌ ဂေါတမဘုရားရှင် ပွင့်ပေါ်တော်မူသောကာလတွင် ဟတ္ထကအာဠဝက၏ ခမည်းတော် ဖြစ်လာမည့် အာဠဝီပြည် အာဠာဝကမင်းကြီးသည် တနေ့တ၌ ရဲမက်ပိုလ်ပါများနှင့် သမင်လိုက်ထွက်၊ မိမိတာမှ သားကောင်တွက်ပြေးက တိုသူ၏တာဝန်သာဟု ကတိကဝတ်ရှိသည့်အတိုင်း သမင်သည် မင်းကြီး တာမှ ထွက်ပြေးသဖြင့် မင်းကြီး ၃ယူဇနာတိုင်လိုက်၊ မိ၍ ၂ပိုင်းဖြတ် ထမ်း၍ပြန်၊ အာဠဝီမြို့အနီး အရိပ် အာဝါသကောင်းလှသော ပညောင်ပင်သို့ နားနေရန်ဝင်၊ အာဠာဝကဘီလူးက စားမည်ပြော၊ နေ့စဉ် ချက်ပြီးထမင်းတအိုးနှင့် လူတယောက်ကို ပို့ပေးမည်ဟူသော ကတိဖြင့် လွှတ်၊ မြို့ဝန်ကို အကြောင်းပြောပြ။

မြို့ဝန်အစီအစဉ်ဖြင့် ထောင်အတွင်းမှ အချုပ်သားတဦးကို နေ့တိုင်းစေလွှတ်၊ အချုပ်သားများ ကုန်သော် ဥစ္စာထုပ်ကို လမ်းလေးခွတွင် ပစ်၍ ယူသူကို ခိုးသူအဖြစ်ဖမ်းစေ၊ ထိုအထုပ်ကို ယူမည့်သူပင် မရှိ၊ အမတ်များနှင့် တိုင်ပင်၍ ပုခက်တွင်းမှ ကလေးငယ်များကို ဘီလူးစားရန် ပို့စေ၊ ၁၂နှစ်ကြာ၊ နောက်ဆုံး တနေ့တွင် မင်းကြီး၏သားတော် ဟတ္ထကအာဠဝက သီတင်းသည်ဖြစ်လာမည့် အာဠဝကမင်းသားငယ်မှ တပါးမြို့တွင် ကလေးငယ် မရှိ၊ မင်းကြီးက သူ့သားကိုပင် ဘီလူးဆီ ပို့စေ။

ဘုရားရှင်သည် ထိုညတွင် ဘီလူးအား ယင်းဗိမာန်သို့ ကြွ၍ချေချွတ်၊ အာဠာဝကဘီလူး သောတာပန် တည်၍ ဘုရားရှင်အား "သူသည် နောင်တွင် နိဗ္ဗာန်ဆော်တဦးအနေဖြင့် တမြို့မှ တမြို့သို့၊ တရွာမှ တရွာသို့

လှည့်လည်မည့်အကြောင်း လျှောက်ထားခြင်း၊ [၂]ကောင်းကြီးသာစုသံကြီး ဖြစ်ပေါ်လာခြင်း၊ [၃]မိုးစင်စင် လင်းခြင်း၊ [၄]အာဠာဝကမင်းသားလေးကို ဘီလူး၏ပိမာန်သို့ ပို့ဆောင်ခြင်းဟူသော ဖြစ်စဉ် ၄ရပ် တပြိုင် တည်းဖြစ်၊ မင်းသားငယ်ကို မင်းချင်းတို့လက်မှ ဘီလူးလက်သို့၊ ဘီလူးလက်မှ ဘုရားရှင်လက်တော်သို့၊ ဘုရားရှင်လက်တော်မှ မင်းချင်းတို့လက်သို့ ပြန်လည်ရောက်ရှိသဖြင့် 'ဟတ္ထကအာဠာဝက' ဟုတွင်၊ ဘုရား ရှင်လက်တော်တဲ မင်းသားငယ်ရှိစဉ် အာဠာဝကဘီလူးက မင်းသားငယ်ကို သရဏဂုံ တည်စေ။

အာဠာဝကမင်းသား ကြီးပြင်းလာသောအခါ အကြောင်းစုံပြောပြ၍ ဘုရားရှင်နှင့် ရဟန်းသံဃာ များကို ဆည်းကပ်စေ၊ အနာဂါမ်တည်ကာ ပိဋကတ် ၃ပုံဆောင် ဥပါသကာတဦးဖြစ်လာ၊ အလွန်ယဉ်ကျေး သိမ်မွေ့သောသီတင်းသည် ဥပါသကာ ၅၀၀ အခြံအရံရှိ၊ ထိုအခြံအရံတို့ကို သင်္ဂဟဝတ္ထု ၄ပါး (သင်္ဂဟ- သင်္ဂြိုဟ်ချီးမြှောက်စေခြင်း၊ ဝတ္ထု- အကြောင်း၊ သင်္ဂဟဝတ္ထု ၄ပါး - ကို ကြည့်ပါ။) ဖြင့်ချီးမြှောက်ကာ သူ့အလိုအတိုင်းဖြစ်စေ၊ ထိုအကြောင်းကြောင့် ဧတဒဂ်ဘွဲ့ဖြင့် ချီးမြှင့်ခံရ၊ ကွယ်လွန်သောအခါ အနာဂါမ် ပြဟ္မာ့ဘုံသို့ ရောက်။

၅ မဟာနာမ် (သာကီဝင်မင်းမျိုး) - မွန်မြတ်သောဝတ္ထုကို ပေးလှူသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ မဟာနာမ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာတယောက်ကို အရသာကောင်းမြတ်သော ဆွမ်း၊ ဆေးလှူသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကိုပန်၍ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ ကပိလဝတ်ပြည်ဝယ် သာကီဝင်မျိုး၌ ဖြစ်၊ မဟာနာမဟု တွင်၊ အရှင်အနုရုဒ္ဓါ မတော်ရ်၏နောင်တော် ဖြစ်၊ ဘုရားရှင် ကပိလဝတ်ပြည်သို့ ပဌမဦးဆုံး ကြွလာစဉ်ကပင် သောတာပန် တည်ခဲ့။

ဘုရားရှင်သည် ဝေရဉ္စာပြည်၌ ဝါကပ်ပြီး ကပိလဝတ်ပြည်သို့ ဒေသစာရီ ကြွချီလာ၊ မဟာနာမ် မင်းကြီးသည် ဘုရားရှင်အား သံဃာအပေါင်းသည် ဝေရဉ္စာပြည်၌ ဆွမ်းခံရာ၌ အလွန်ပင်ပန်း ဆင်းရဲသည် [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင်၏ ဝိပါက်တော် ၁၂ပါး - အနက်မှ - အမှတ်စဉ် ၉ - ကို ကြည့်ပါ။] ဟု ကြားရသဖြင့် ၄လပတ်လုံး ပြုစုလုပ်ကျွေးခွင့်တောင်းပြီး မွန်မြတ်သော ဆွမ်းတို့ ဆေးတို့ဖြင့် ပြုစု၊ နောက်ထပ် ၄လစီဖြင့် ၂ကြိမ်၊ စုစုပေါင်း ၁၂လ ပြုစုလုပ်ကျွေးခဲ့၊ နောင်တွင်လည်း မင်းကြီးသည် ကြွလာသမျှသော သံဃာတော်တို့အား မွန်မြတ်သော ဘောဇဉ်ဆွမ်း (ဘောဇဉ် - အနက်မှ - မွန်မြတ်သော ဘောဇဉ် ၉မျိုး - ကို ကြည့်ပါ။) ဆေးတို့ဖြင့် အမြဲ လုပ်ကျွေးခြင်း နှင့်စပ်၍ ဘုရားရှင်သည် မင်းကြီးကို ဧတဒဂ်ဖြင့် ချီးမြှင့်။

၆ ဥဂ္ဂသူကြွယ်(ဝေသာလီပြည်သား) - နှစ်သက်ဖွယ်ဝတ္ထုကို ပေးလှူသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်အလောင်းသည် ဟံသာဝတီမင်း နေပြည်၌ အမျိုးကောင်းသား ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပသကာတယောက်ကို နှစ်သက်ဖွယ် အလှူကို ပေးလှူသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကိုပန်၍ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ ဝေသာလီပြည် သူဌေးမျိုးဝယ် ဖြစ်၊ ကိုယ်ခန္ဓာသည် အလုံးအပေါက် ပြည့်ဖြိုးမြင့် မောက်၍ တန်ဆာဆင်ထားသော တုရိဏ်တိုင်ကဲ့သို့၎င်း၊ မြှောက်ဆွဲထားအပ်သော ရွှေပုဆိုးကဲ့သို့၎င်း တင့်တယ်ခြင်း၊ ဂုဏ်ကျေးဇူးသတင်းလည်း မြင့်မောက်ကျော်စောခြင်း၊ ထိုအကြောင်း ၂ရပ်ကြောင့် ဥဂ္ဂသူဌေးဟု ခေါ်ကြ။

ဘုရားရှင်ကို ပဌမဦးဆုံး ဖူးမြင်ရကတည်းကပင် သောတာပန်အရိယာ ဖြစ်၊ နောင်တွင် အနာဂါမ် ဖြစ်၊ အရွယ်ကြီးရင့်သောအခါ သူဌေးသည် ဘုရားရှင်သည် "နှစ်သက်မြတ်နိုးအပ်သော ဝတ္ထုကို လှူသူသည် နှစ်သက်မြတ်နိုးအပ်သောအကျိုးကို ရ၏" ဟု ဟောသည်ကို ကြားဖူး၏၊ ဤအလှူမျိုးကို လှူလို၏ဟု အကြံ ဖြစ်။

ထိုအခိုက်၌ပင် ဘုရားရှင်သည် ရဟန်းတော် ၅၀၀နှင့် ကြွလာ၊ ယာဂုဆွမ်းကပ်ပြီးနောက် နှစ်ခြိုက် ဖွယ် ဆွမ်းဝတ္ထုတို့ကို ပေးလှူ၊ "၁ (နှစ်သက်ဖွယ်လှူသူသည် နှစ်သက်အပ်သောအရာကို ရ၏ဟု ဘုရားရှင် ဟောသည်ကို ကြားဖူးပါ၏)၊ အင်ကြင်းပွင့်အဆင်းရှိသော ခဲဖွယ် (သည် နှစ်ခြိုက်ဖွယ်ရှိပါ၏၊ တပည့်တော်ကို သနားသဖြင့် အလှူခံတော်မူပါ)၊ ၂ (...) ဆီးသီးဖြင့်စီမံထားသော ဝက်သားဟင်း (...)၊ ၃ (...) ကန်စွန်းရွက် ဆီပြန်ကြော် (...)၊ ၄ (...) အရည်သောက်ဟင်း နှင့် စားမဲဟင်း လျာပါသော သလေးဆွမ်း (...)၊ ၅ (...) ကာသိ တိုင်းဖြစ် အဝတ်များ (...)၊ ၆ နှစ်သက်ဖွယ်လှူသူသည် နှစ်သက်အပ်သောအရာကို ရ၏ဟု ဘုရားရှင်ဟော သည်ကို ကြားဖူးပါ၏၊ ဘုရားရှင်တို့အား မအပ်သော စန္ဒကူးအနှစ် ထိုင်ခုံပလ္လင်၊ မွေးရည်ကော်ဇော၊ ပန်းပြောက်ချယ် သားမွေးအခင်း၊ ဝံပိုင့်ရေအခင်း၊ နီသောမျက်နှာကြက်နှင့် အုံးနီ ၂ဖက်ရှိသော နေရာတို့ သည် နှစ်ခြိုက်ဖွယ်ရှိပါ၏၊ တပည့်တော်ကို သနားသဖြင့် အလှူခံတော်မူပါ" ဟု လျှောက်၍ ဆက်ကပ်လှူဒါန်း၊ ဘုရားရှင်သည် စန္ဒကူးအနှစ်ပလ္လင်ကို အပိုင်းပိုင်း ဖြတ်စေ၍ သံဃာတော်တို့အား မျက်စဉ်းကြိတ်ဖို့ရန် အလှူခံစေ၊ အလုံးစုံသော အိပ်ရာနေရာ ဝတ္ထုအားလုံးကို သူဌေးသည် စုပုံ၍ လှူပြီးနောက် ၎င်းတို့ကို အိမ်ဈေးသို့ပို့ပြီး ရရှိသော အပ်စပ်သည့် ကပ္ပိယ အသုံးအဆောင်ပစ္စည်းများကို ဆက်ကပ်လှူ၊ ထိုအချိန်မှစ၍ နှစ်ခြိုက်ဖွယ် ထိုထို အလှူဝတ္ထုများကို ဘုရားရှင်နှင့် ရဟန်းသံဃာများ အား မပြတ်လှူ၊ ထို့ကြောင့် ဤဧတဒဂ် ဖြင့် ချီးမြှင့်ခံရ၊ သူကြွယ်သည် အံ့ဖွယ် ၈ပါး (ဥဂ္ဂသူကြွယ် ဝေသာလီပြည် သား - အနက်မှ - ဥဂ္ဂသူကြွယ်၏ အံ့ဖွယ် ၈ပါး - ကို ကြည့်ပါ။) နှင့် ပြည့်စုံသူ ဖြစ်။

ကွယ်လွန်သော် သုဒ္ဓါဝါသပြဟ္မာ့ဘုံ၌ ဖြစ်၊ ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ သန်းခေါင်ယံ၌ ဆည်းကပ်၊ ဘုရားရှင်က အလို ပြည့်စုံပြီလော? ဟုမေး၊ ပြည့်စုံပါပြီဟု လျှောက်၊ ဥဂ္ဂဗြဟ္မာသည် လူဖြစ်စဉ်က အရဟတ္တဖိုလ်ရရန် အလိုဆန္ဒ ပြင်းပြ၊ ဤသည်ကိုရည်၍ ဘုရားရှင်က မေးခြင်းဖြစ် (ဥဂ္ဂသူကြွယ် ဝေသာလီပြည်သား - အနက်မှ - ဥဂ္ဂဗြဟ္မာကို ဘုရားရှင် ဟောကြားသော ၂ ဂါထာ - ကို ကြည့်ပါ။) ။

၇ ဥဂ္ဂတသူကြွယ် (ဟတ္ထိရွာသား) - သံဃာကိုလုပ်ကျွေးတတ်သော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဟတ္ထိရွာသား ဥဂ္ဂတသူကြွယ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာတယောက်ကို ရဟန်း သံဃာအား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရား အမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်၍ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာ၌ ဂေါတမဘုရားရှင် ပွင့်ပေါ်တော်မူသောကာလဝယ် ဝဇ္ဇီတိုင်း ဟတ္ထိဂါမ၌ ဖွား၊ ဥဂ္ဂတ သတို့သားဟု ခေါ်၊ ဘုရားရှင်သည် သံဃာတော်များနှင့် ဒေသစာရီကြွ၍ ဟတ္ထိဂါမ နာဂဝနဥယျာဉ်၌ သီတင်း သုံးတော်မူနေစဉ် သူကြွယ်သည် ကချေသည်တို့နှင့် ၇ရက်ပတ်လုံး သောက်စားမူးယစ် မြူးထူး ပျော်ပါးနေ ခိုက် ဘုရားရှင်ကို ဖူးတွေ့ရ၊ ကြီးစွာသော အရှက်အကြောက် ဖြစ်၊ ဘုရားရှင် တရားဟောသော် အဆုံး၌ အနာဂါမိဖိုလ်၌ တည်။

ထိုအခါမှစ၍ သူကြွယ်သည် အပျော်အပါးများကို စွန့်၍ အလှူဒါနများသာ ပြု၊ နတ်များသည် ရဟန်း သံဃာတော်များ၏ သီလစင်ကြယ်မှု၊ မစင်ကြယ်မှုတို့ကို ညဥ့်သန်းခေါင်ယံ၌ လာပြောကြသော်လည်း သီလဝန္တပုဂ္ဂိုလ်၊ ဒုဿီလပုဂ္ဂိုလ်ဟူ၍ မခွဲခြား၊ ဒုဿီလပုဂ္ဂိုလ်၏ အပြစ်ကို အာရုံမပြုပဲ သီလဝန္တ အရိယာ ရဟန်းသံဃာတို့၏ ဂုဏ်ကျေးဇူးတို့ကိုသာ အာရုံပြု၍ သဒ္ဓါကြည်ညို ပြုစုလှူဒါန်း (ဥဂ္ဂသူကြွယ် ဝဇ္ဇီထိုင်း၊ ဟတ္ထိရွာသား [ဟတ္ထိဂါမသူဌေး၊ ဥဂ္ဂတသူဌေး ၏ အံ့ဖွယ် ၈မျိုး - ကို ကြည့်ပါ။) ၊ ဤအကြောင်းများကြောင့် သူကြွယ်သည် ဤဧတဒဂ်ဖြင့် ပေးအပ်ချီးမြှင့်ခံရ။

၈ သုရဗန္ဓ (သုရမ္ဗဋ္ဌ) - သာသနာတော်၌ သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ သုရမ္ဗဋ္ဌ / သူရမ္ဗဋ္ဌ / သုရဗန္ဓသူဌေးအလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာ တယောက်ကို သာသနာတော်၌သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရကောင်းမှုပြုကာ ထိုဆုကို ပန်၍ ဗျာဒိတ်ရခဲ့။

ဂေါတမဘုရားရှင် ပွင့်တော်မူသောကာလ၌ သာဝတ္ထိပြည်ဝယ် သူဌေးမျိုး၌ ဖြစ်၊ သူရမ္ဗဋ္ဌသတို့သား ဟု တွင်၊ အရွယ်ရောက်သော် သူဌေးသည် သာသနာပြင်ပ တိတ္ထိတို့၏ အလုပ်အကျွေး ဒါယကာ ဖြစ်။

တနေ့သ၌ ဘုရားရှင်သည် နံနက်မိုးသောက်ထအခါ သတ္တလောကကို ကြည့်လတ်သော် သူဌေး၏ သောတာပတ္တိမဂ်ရကြောင်း ရေးကောင်းမှုကို မြင်၊ ဘုရားရှင်သည် ဆွမ်းခံချိန်၌ သူဌေးအိမ်တံခါးဝ၌ ဆွမ်းရပ်၊ သူဌေးသည် ရဟန်းဂေါတမသည် မင်းမျိုးမှ ရဟန်းပြုသူဖြစ်၍ သူ့ထံသို့ မသွားရောက်လျှင် မသင့် ဟုကြံ၍ ဘုရားရှင်ကို အိမ်တွင်းသို့ပင့်၊ သူမြတ်တို့နှင့် ထိုက်သောပလ္လင်နေရာကို ပေး၊ ဆွမ်း ဆက်ကပ်၊ ဘုရားရှင် တရားဟောပြီးသော် သောတာပတ္တိဖိုလ်၌ တည်။

ဘုရားရှင်ကျောင်းတော်သို့ ပြန်ကြွသော် မာရ်နတ်သည် 'သူဌေးသည် ဘုရားရှင် တရားတော် နာပြီး နောက် အရိယာမဂ်တရား ရပြီလော? ငါ ၏ ပိုင်နက်ဖြစ်သော အာရုံ ၅သွယ် ကာမနယ်ပယ်မှ လွန်မြောက် ပြီလော? စုံစမ်းအံ့' ဟု ကြံကာ ဘုရားရှင်အသွင် ဖန်ဆင်း၍ သူဌေးအိမ်ဝ၌ ရပ်တည်၊ သူဌေးသည် ဘုရား အမှတ်ဖြင့် ရိုသေစွာရှိခိုးကာ 'အရှင်ဘုရားတို့သည် ယခုပင်လျှင် ဤအိမ်၌ ဆွမ်းဘုဉ်းပေးကာ ကြွသွား တော်မူပြီးစ ဖြစ်ပါသည်၊ အဘယ်အကြောင်းကို စွဲ၍ တဖန် ပြန်ကြွရောက်လာပါသနည်း? ' ဟု မေးလျှောက်၊ ထိုအခါ ဘုရားအသွင် မာရ်နတ်က 'ဒါယကာ၊ ငါဘုရားသည် တရားဟောစဉ်က တခုသောစကားကို မဆင်ခြင်ပဲ ဟောမိလေပြီ၊ ငါဘုရားသည် ခန္ဓာ ၅ပါးလုံးကို အနိစ္စ ဒုက္ခ အနတ္တဟု ဟောအပ်မိခဲ့ပြီ၊ သို့သော်လည်း ခန္ဓာ၅ပါး အားလုံးသည် ဤသို့ အနိစ္စ ဒုက္ခ အနတ္တသဘော မရှိ၊ ထို ခန္ဓာ ၅ပါးတို့တွင် မြဲကြ ခိုင်ကြ အခါခပ်သိမ်း တည်ကြသည့် အချို့သော ခန္ဓာများလည်း ရှိကြသေး၏။' ဟု အကဲစမ်း စကားပြော၊ သူဌေးသည် ဤစကားသည် ဝန်လေးလှစွာ၏၊ ဘုရားရှင်တို့သည် မဆင်ခြင်ပဲ ဟောရိုး မရှိ၊ ဤပုဂ္ဂိုလ်သည် မာရ်နတ်ဖြစ်ပေလိမ့်မည်ဟု အမှန်အတိုင်းကြံကာ သင်မာရ်နတ် မဟုတ်လော? ဟု မေး၊ မာရ်နတ်အဖို့ရာ အရိယာသာဝကကြီးတဦး မေးသောစကားသည် ပုဆိန်နှင့် ပေါက်သကဲ့သို့ ဖြစ်၊ မိမိကိုယ်အတိုင်း မတည်နိုင်ပဲ ဟုတ်ပါ၏ဟု ဖြေ၊ ထိုအခါ သူဌေးက သင်ကဲ့သို့သော မာရ်နတ် အရာအထောင်ပင်သော်လည်း ငါ ၏ သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ချေ၊ ဘုရားရှင်သည် သဗ္ဗေ သင်္ခါရာ အနိစ္စာ- ခပ်သိမ်းသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် မမြဲကြကုန်ဟူ၍ သောတာပတ္တမဂ်ဉာဏ်တိုင် ဟောခဲ့ပြီ၊ သင် ငါ့အိမ်တံခါးမှာ မနေလင့်ဟု လက်ဖျောက်တီးကာ နှင်ထုတ်၊ မာရ်နတ်သည် ကွယ်လေ၏။

ညချမ်းအခါ၌ ဤအကြောင်းကို သူဌေးသည် ဘုရားရှင်အား လျှောက်၍ ဤသို့ မာရ်နတ်သည် တပည့်တော်၏ သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှါ အားတုတ်ခဲ့ပါပြီဟု လျှောက်ကြား၊ ဤသည်ကို ရည်၍ သူဌေးသည် ဤဧတဒဂ်ဖြင့် ချီးမြှင့်ခံရ။

၉ ဇီဝက (အဘယမင်းသားမွေးစားသော) - ပုဂ္ဂိုလ်ကိုကြည်ညိုသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဆရာဇီဝကအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်း

သားဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာတယောက်ကို မြတ်စွာဘုရားအပေါ်၌ ပုဂ္ဂိုလ်စွဲ ကြည်ညိုသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်၍ ဗျာဒိတ်ရခဲ့။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောကာလ၌ ဆရာဇီဝကအလောင်းသည် ရာဇဂြိုဟ်ပြည်၌ရှင်မင်း ဗိမ္ဗိသာရမင်းကြီး၏ သားတော် အဘယမင်းသားကို စွဲ၍ သာလဝတီ ပြည့်တန်ဆာမဝမ်း၌ ဖြစ်၊ ပြည့်တန်ဆာမတို့သည် သမီးမိန်းခလေးကိုသာ ကျွေးမွေးပြီး သားယောကျ်ား ဖွားလာလျှင် တော်ရာ၌ စွန့်ပစ်လေ့ရှိ၊ အဘယမင်းသားသည် ခမည်းတော်မင်းကြီးကို အခစားဝင်ရန်အသွား အမှိုက်ပုံ၌ စကောစုတ်အား ကျီးများ ဝိုင်းအုံနေသည်ကိုတွေ့၊ မင်းချင်းများအား ကြည့်ခိုင်း၊ အကြောင်းသိသော် ထိုသားယောကျ်ားလေးကို မိမိနန်းအိမ်၌ မွေးထား၊ မင်းချင်းများ သွားကြည့်စဉ် အသက်ရှင်သေး၏လောဟု မေးသည်ကို အသက်ရှင်ပါသေး၏ဟု ဖြေသဖြင့် ဇီဝကဟု မှည့်ခေါ် အဘယမင်းသား မွေးမြူအပ်သဖြင့် ကောမာရဘစ္စနှင့် ပေါင်း၍ ဇီဝကကောမာရဘစ္စ ဟုလည်း ခေါ်။

အရွယ်ရောက်သော် တက္ကသိုလ်ပြည်၌ ဆေးအတတ်ကို တဖက်ကမ်းခတ် သင်ကြားတတ်မြောက်၊ ဗိမ္ဗိသာရမင်းကြီး၏ သမားတော်ဖြစ်၊ စဏ္ဍပဇ္ဇောတမင်း၏ ရောဂါကိုလည်း ပျောက်ကင်းအောင် ကုစားပေးသဖြင့် ထိုမင်းသည် ဆန်လှည်းအစီး ၅၀၀၊ အသပြာ တသောင်း ၆ထောင်၊ အဝတ်အထည်ပေါင်း တထောင်နှင့် အဖိုးအနဂ္ဃထိုက်သော သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ဆရာဇီဝကထံ ဉာဏ်ပူဇော်ခအဖြစ် ပို့သ။

ဘုရားရှင် ဂိဇ္ဈကုဋ်ထောင်ပေါ်ကျောင်း၌ သီတင်းသုံးစဉ် ဒေါသမလခါတ် အားကြီးသော ကိုယ်တော်၌ သိမ်မွေ့သော ဝမ်းလားဆေးကို ဆရာဇီဝက ဆက်ကပ်၍ သက်သာစေ၊ ဘုရားရှင် သုံးဆောင်သော ပံ့စုည်း ၄ရပ်တို့သည် ငါ ၏ အလှူဒါနချည်း ဖြစ်စေသတည်းဟုကြံ၍ မိမိပိုင် သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးစေကာ ဘုရားရှင်အား သိဝိတိုင်းဖြစ် ပုဆိုးအစုံနှင့် သံဃာတော်တို့အား အရုံပုဆိုး တထောင်ကို လှူဒါန်း၊ တိုသို့ဖြင့် ဆရာဇီဝကသည် ပန်ဆင်တောင့်တကာ ဖြည့်ဆည်းခဲ့၍ ရအပ်သော ဧတဒဂ်ဘွဲ့ထူးဖြင့် ဘုရားရှင်၏ ချီးကျူးအပ်နှင်းခြင်း ခံရ။

**၁၀/ ၆၄ (၆၅)** နကုလပိတာသူကြွယ် - ငါ / ဘုရားရှင်နှင့်အကျွမ်းဝင်သောစကားကိုဆိုသော ဥပါသကာ တို့တွင် အမြတ်ဆုံး၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ နကုလပိတာသူကြွယ်အလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသကာတယောက်ကို ဘုရားရှင်နှင့် အကျွမ်းတဝင် ရင်းနှီးသောစကားကို ပြောကြားသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်၍ ဗျာဒိတ်ရခဲ့။

ဂေါတမဘုရားရှင် ပွင့်တော်မူရာကာလ၀ယ် သူကြွယ်အလောင်းသည် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့၌ သူဌေးမျိုးတွင် ဖြစ်၊ သူကြွယ်၏ သားနကုလ အမည်ကိုစွဲ၍ နကုလပိတုဟု တွင်။

ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီကြွချီလာရာ သုသုမာရဂိရမြို့ ဘေသကဠာ တောအုပ်၌ သီတင်းသုံးနေတော်မူ၊ လူအပေါင်းနှင့်အတူ သူကြွယ်ဇနီးမောင်နှံတို့ ဘုရားဖူးလာကြ၊ ဘုရားရှင်ကို တွေ့သော် ၂ဦးလုံးကပင် သားဟူသောအမှတ်ရှိကြ၍ ဘုရားရှင်၏ ခြေတော်တို့၌ တုပ်ဝပ်ပြီး 'ချစ်သား သင်သည် ဤမျှ ကာလကြာအောင် ငါတို့မိဖများကိုစွန့်၍ အဘယ်အရပ်သို့ လှည့်လည်ကျက်စားနေဘိ သနည်း? ဟု [ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဘုရားရှင်၏ မိဖသူကြီးသူမများအဖြစ် ဘ၀များစွာ တွေ့ကြုံခဲ့သူများ ၃ စုံသောသူ - ကို ကြည့်ပါ။] ပြောဆိုကြ၊ ဘုရားရှင်သည် သူကြွယ်ဇနီးမောင်နှံတို့ကို ဖယ်ကြလောဟု မမိန့်ပဲ ၎င်းတို့ စိတ်ကျေနပ်ကြသည့်တိုင် ငံ့လင့်နေ၊ နောက်တွင် တရားဟောသော် ၂ဦးလုံး သောတာပန် အရိယာများ ဖြစ်ကြ။

နောင်တချိန် ဘုရားရှင် သုသုမာရဂိရမြို့သို့ ရောက်ပြန်သော် သူကြွယ်ဇနီးမောင်နှံတို့ အသက် အရွယ်ကြီးရင့်ပြီဖြစ်၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ၎င်းတို့သည် ဆွမ်းပင့်ဖိတ်၊ နောက်နေ့တွင် ဆွမ်း ဘောဇဉ်များ ဆက်ကပ်ပြီးနောက် 'တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ နကုလမာတာကို ထိမ်းမြားယူခဲ့သည်မှစ၍ စိတ်မျှဖြင့်လည်း နကုလမာတာတို လွန်၍ ကျင့်မိသည်ဟု မသိစဖူးပါ၊ ကိုယ်ဖြင့် မူကား ဆိုဖွယ်ရာ မရှိပါ၊ တပည့်တော်တို့သည် ယခုဘ၀၌လည်း အချင်းချင်း ရှုမြင်လိုကုန်၏၊ နောင်ဘ၀၌ လည်း အချင်းချင်း ရှုမြင်လိုကြပါကုန်၏။'ဟု သူကြွယ်ဇနီးမောင်နှံသည် တဦးပြီးတဦး ဘုရားရှင်အား လျှောက်ကြ၊ ဘုရားရှင်က တရား (ဘုရားရှင်ဟောသော တရားတော်များ - အနက်မှ - တရားစုံ - အနက်မှ - ဇနီးမောင်နှံ ၂ဦးတို့ ယခုဘ၀ရော၊ နောင်တမလွန်ဘ၀၌ပါ ရှုမြင်ရကြောင်း ၄ပါး - ကို ကြည့်ပါ။) ဟော၊ ဤသို့ ဘုရားရှင်အား ခင်မင်ရင်းနှီး အားထားသောစိတ် ရှိကြလျက် လျှောက်ထားမေးမြန်းအပ်သော အကြောင်း ကြောင့် သူကြွယ်အား ဤဧတဒဂ်ဖြင့် ချီးမြှင့်။

<u>၄။ ဥပါသိကာများ ၁၀ဦး</u>

| | |
|---|---|
| ၁ သုဇာတာ | - ရှေးဦးစွာကိုးကွယ်ဆည်းကပ်ခြင်း 'သရဏဂုံ' သို့ရောက်သော ဥပါသိကာတို့တွင် အမြတ်ဆုံး၊ |

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ သုဇာတာအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာတယောက်ကို ရှေးဦးစွာ သရဏဂုံကို ခံယူ ဆောက်တည်သောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်၍ ဗျာဒိတ်ရခဲ့။

နောက်ဆုံးဘဝ၌ သုဇာတာအလောင်းသည် ဂေါတမဘုရားရှင် မပွင့်ပေါ်မီ ဥရုဝေလတောအနီး သေနာနိဂုံး သေနိယသူဌေးကြီး၏သမီး ဖြစ်လာ၊ သုဇာတာဟု ခေါ်၊ အရွယ်ရောက်သော် ပညောင်ပင်တပင်၌ ညောင်စောင့်နတ်ကို ရည်၍ အကျွန်ုပ်သည် ဇာတ်တူအမျိုးအိမ်သို့လိုက်ပါ၍ ပဌမကိုယ်ဝန်၌ သားယောက်ျား ရရှိခဲ့ပါလျှင် နှစ်စဉ်ဗလိပူဇော်ပါမည်ဟု ဆုတောင်းခဲ့၊ သုဇာတာသည် ဗာရာဏသီ သူဌေးသားနှင့်ရ၍ သားဦး ယသသတို့သားကို ဖွား၊ ဆုတောင်းပြည့်ခဲ့သဖြင့် ထိုပညောင်ပင်အား နှစ်စဉ် ဗလိပူဇော်ရာ အကြိမ် ၂၀ ကျော် ရှိလာ။

ဘုရားရှင် ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့်နေ့တွင် မိုးသောက်ချိန်ရောက်သော် သုဇာတာ သူဌေးကတော်သည် အစေခံများကို နို့ညှစ်စေ၊ နွားသားငယ်များသည် အမိနို့တိုင်နားသို့ မလာကြ၊ နို့ညှစ် ခွက်တို့ နို့တိုင်အနီးရောက်လျှင်ပင် နို့ရည်များ အလိုလို တသွင်သွင် ယိုစီးကျ၊ သုဇာတာသည် ကိုယ်တိုင် ခံယူ၊ အိုးသစ်၌ထည့်ပြီး ကိုယ်တိုင် မီးမွေး၍ နို့ဃနာ ဆွမ်းကို ကျိုချက်၊ ကြီးစွာသောအမြှုပ်များ ထွက်ပေါ်၍ လက်ျာရစ်လည်၊ အမြှုပ်တပေါက်မျှ အပြင်သို့ မထွက်ကျ၊ မဟာဗြဟ္မာကြီးသည် ဖြူဟ္မာ့ထီးဖြူ မိုးလျက်၊ လောကပါလနတ်မင်းကြီး ၄ပါး တို့သည် သန်လျက် ကိုယ်စီစွဲကိုင်လျက်၊ သိကြားမင်းသည် မီးစများကိုညှိကာ မီးမှုတ်လျက်၊ နတ်တို့သည် ၄ကျွန်းလုံးမှ ဩဇာများကို နို့ဃနာအိုးအတွင်းသို့ ထည့်ကြလျက် ဝေယျာဝစ္စများ ပြုကြ။

သုဇာတာသည် ကျွန်မတဦးကို အံ့ဖွယ်များကို ယနေ့ မြင်ရသည်၊ နတ်မင်းနေရာ ညောင်ပင်ကို သုတ်သင်ပါလော့ဟု စေ၊ ကျွန်မသည် ပညောင်ပင်ရင်း၌ ထိုင်နေသော ဘုရားလောင်းကို တွေ့၊ သုဇာတာကို ပြန်ပြော၊ နို့ဃနာကို အဖိုးတသိန်းတန် ရွှေခွက်၌ထည့်ကာ အခြားရွှေခွက်တခုဖြင့် ဖုံး၊ အဝတ်ဖြူ ပိတ်ချော ဖြင့် ရစ်ပတ်၊ နံ့သာ ပန်းဆိုင်းများ တွဲလျားချ၊ ကိုယ်တိုင်ရွက်၍ ကြီးစွာသောပီတိဖြင့် ဘုရားလောင်း အား ဆက်ကပ်၊ ရှိခိုး၍ အကျွန်ုပ်၏ စိတ်နှလုံး အလိုဆန္ဒ ပြည့်ဝသကဲ့သို့ အရှင်၏ အလိုဆန္ဒလည်း ပြည့်ဝပါစေဟု ဆုတောင်း၍ ဖဲသွား။

ဘုရားအလောင်းတော်သည် နို့ဃနာဆွမ်းကို ဘုဉ်းပေးပြီးသော် ရွှေခွက်ကို နေရဉ္ဇရာမြစ်၌ မျှောပြီး ဗောဓိပင်ရင်း၌ ဘုရားဖြစ်တော်မူ။

ဓမ္မစကြာတရားတော် ဟောတော်မူပြီးနောက် သုဇာတာ၏သား ယသသူဌေးသား၏ မင်္ဂဖိုလ်ရ ကြောင်းကို မြင်၍ ဘုရားရှင်သည် ကြွလာကာ သစ်ပင်တပင်ရင်း၌ ထိုင်နေ၊ ယသသူဌေးသားသည် ညဥ့်၏ အခြားမဲ့၌ မောင်းမတို့၏အဆောင်ကို မြင်၍ သံဝေဂရကာ 'ခန္ဓာကိုယ်ကြီးကို ကိလေသာတရားဆိုးထို့ နှိပ်စက်လှစွတကား။' ဟု ညည်းတွား၍ နေအိမ်မှထွက်၊ ဘုရားရှင်နှင့် တွေ့၊ တရားကြားနာရပြီးသော် သောတာပန် ဖြစ်၊ ဖခင်သူဌေးကြီး လိုက်လာ၍ ဘုရားရှင် တရားဟောသော် သူဌေးကြီးသည် သောတာ ပတ္တိဖိုလ်သို့ ရောက်ပြီး ယသသူဌေးသား သည် ရဟန္တာ ဖြစ်၊ အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်။

ဘုရားရှင့် တရားကြားနာပြီးနောက် သုဇာတာ သူဌေးကတော်သည်၎င်း၊ အရှင်ယသမထေရ်၏ လူ့ဘဝက မယားဟောင်းသည်၎င်း သောတာပတ္တိဖိုလ်၌ တည်ကြ၊ ထိုနေ့မှာပင် သုဇာတာသူဌေးကတော် သည် ချွေးမနှင့်အတူ တေဝါစိကသရဏဂုံ (သရဏဂုံ - အနက်မှ - သရဏဂုံ ၃ပါး ဦးစွာတည်သူ ဥပါသကာတဦးနှင့် ဥပါသိကာမ ၂ဦး - ကို ကြည့်ပါ။) ၌ တည်၊ ဤသို့ဖြင့် သုဇာတာသည် ဤ ဧတဒဂ်ဘွဲ့ဖြင့် အပ်နှင်းချီးမြှင့်ခံရ။

၂ ဝိသာခါ (မိဂါရမာတာ) - လှူဒါန်းခြင်း၌မွေ့လျော်သော၊

(ဒုတိယပိုင်း၊ ဆဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ ဝိသာခါဝတ္ထု၊ ပုပ္ဖဝဂ်၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒဝတ္ထုတော်ကြီးအနှစ်ချုပ်၊ ဦးအောင်ညွန့်ဝင်း၊ ခု၊ သုတ္တန္တပိဋက။ ဝိသာခါဝတ္ထု၊ စီဝရက္ခန္ဓက၊ မဟာဝဂ်ပါဠိတော်၊ ခု၊ ဝိ။ သုရုစိဇာတ်၊ ပကိဏ္ဏကနိပါတ်၊ ဇာတကပါဠိတော်၊ ညောင်ကန် ဆရာတော်ကြီး မြန်မာပြန်၊ ခု၊ သုတ္တန္တပိဋက)

ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ဝိသာခါအလောင်းသည် ဟံသာဝတီ မင်းနေပြည်၌ သူဌေးသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာ တယောက်ကို အလှူအတန်းပေးကမ်းခြင်း၌ မွေ့လျော်သောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ် လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်၍ ဗျာဒိတ်ရခဲ့။

ဤကမ္ဘာဝယ် ကဿပဘုရားရှင်လက်ထက်တွင် ဗာရာဏသီပြည့်ရှင် ကိကီမင်းကြီး၏ သမီးတော် ၇ယောက် အနက် အထွေးဆုံးသမီးတော် ဘုရားရှင် (ဂေါတမမြတ်စွာဘုရား) နှင့်ဆက်စပ်၍ မှတ်သားဖွယ် - အနက်မှ - ဂေါတမဘုရားရှင့် သာသနာတော်တွင် ထေရီမများ ဖြစ်လာကြသော ကဿပဘုရားရှင် လက်ထက် ကိကီမင်းကြီး၏ သမီးတော်၇ပါး - ကို ကြည့်ပါ။] ဖြစ်၊ ဝိသာခါအလောင်းသည် သံဃာတော်များ ဆွမ်းဘုဉ်းပြီးသော် ခဲဘွယ်ဘောဇဉ်တို့ကို ယင်းတို့သည် သလိပ်၊ သည်းခြေ၊ လေဒေါသတို့ကို အထူး နိုင်ပါသည် စသည်ဖြင့် မစားချင်စားချင်အောင် လိုသည်ထက် ပိုလှူဒါန်းခဲ့သော ကောင်းမှုလည်း ပြုခဲ့။

ဂေါတမဘုရားရှင် ပွင့်တော်မူရာကာလ၌ အင်္ဂတိုင်း ဘဒ္ဒိယမြို့နေ မေဏ္ဍကသူဌေးကြီး (သူကြွယ် မိသားစု ၅ဦး၏ အာနုဘော် ၅ပါး - ကို ကြည့်ပါ။) ၏ သား ဓနဥ္စယသူဌေး၏ သုမနဒေဝီ သူဌေးကတော်ဝမ်း၌ ဖြစ်၊ ဝိသာခါဟု အမည်မှည့်ခေါ်၊ ၇နှစ်အရွယ်တွင် ဘုရားရှင် ဘဒ္ဒိယမြို့သို့ ဒေသစာရီ ကြွချီရောက်ရှိလာရာ အဖိုးမေဏ္ဍက သူဌေးကြီး၏ စီစဉ်ချက်အရ ဘုရားရှင်အား အခြံအရံ ၅၀၀နှင့် ကြိုဆိုပြီးနောက် တရားနာ၍ အဆုံး၌ အခြံအရံများနှင့်တကွ သောတာပန်အဖြစ်သို့ ရောက်ရှိ၊ မေဏ္ဍကသူဌေးကြီးလည်း နောက်တွင် ဘုရားရှင့်တရားတော်နာ၍ သောတာပန်အရိယာ ဖြစ်။

ဗိမ္ဗိသာရမင်းကြီး၏ ရာဇဂြိုဟ်ပြည်နယ်အတွင်း၌ မေဏ္ဍကသူဌေးကြီး အပါအဝင် သူဌေးကြီး ၅ဦး (ဘုရားရှင်လက်တက် - အနက်မှ - ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီး၏ အာဏာ စက်နှံ့ရာ၌ရှိသော သူဌေးကြီး ၅ဦး - ကို ကြည့်ပါ။) ရှိ၊ သာဝတ္ထိပြည် ပသေနဒီကောသလမင်းကြီး နယ်ပယ်

အတွင်း၌မူ တဦးမျှမရှိ၊ ကောသလမင်းကြီးက တောင်းခံသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် အမိတဘောဂ- သုံးမကုန်စွဲမကုန် စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝကြသော သူဌေးကြီး ၅ဦးအစား ဓနဉ္စယသူဌေးကို တောင်း ပန်စေလွှတ်၊ သူဌေးသည် ကောသလမင်းကြီး၏ ခွင့်ပြုချက်ဖြင့် ရာဇဂြိုဟ်မှ ၇ယူဇနာ ဝေးသောနေရာ၌ သာကေတမြို့တည်၍ နေ။

သာဝတ္ထိပြည်မှ မိဂါရသူဌေးကြီး၏ အရွယ်ရောက်သောသား ပုဏ္ဏဝဍ္ဎနသတို့သားအလို့ငှါ ဇာတ်တူ အမျိုးအိမ်မှ သတို့သမီးရှာကြရာ သာကေတမြို့သို့ ထိုအဖွဲ့ရောက်၊ မြို့တွင်း၌ မတွေ့သဖြင့် မြို့ပြင်တံခါးဝ၌ ရပ်တည်နေကြစဉ် ဝိသာခါနှင့် အခြံအရံတို့ ထွက်လာ၊ မိုးကြီးရွာ၊ အခြွေအရံများက ပြေး၍ ဇရပ်တဆောင်သို့ ဝင်ခိုကြ၊ ဝိသာခါကမူ မပြေးပဲ ဣန္ဒြေရရ ဇရပ်သို့ ဝင်လာသည်ကို တွေ့၊ အကြောင်းမေးသော် ဝိသာခါက ထဘီမိုးစွတ်က ရလွယ်၊ မင်းမိန်းမတို့သည် ရောင်းကုန်နှင့်တူ၊ ပြေးသဖြင့် လက်ခြေထိခိုက်ခဲ့သော် မင်း ယောက်ျားထို့ စက်ဆုပ်တတ်စသည်ဖြင့် ဖြေ၊ တိုသတို့သမီးရှာသောအဖွဲ့သည် ဝိသာခါနှင့်အတူ အိမ်သို့ လိုက်၊ ဓနဉ္စယသူဌေးသည် ထိုအဖွဲ့၏ကြောင်းလမ်းမှုကို လက်ခံ။

မိဂါရသူဌေး၏ တောင်းပန်မှုဖြင့် ထိမ်းမြားမင်္ဂလာပွဲသို့ ကောသလမင်းကြီးပါ လိုက်ပါချီးမြှင့်၊ ဖခင် ဓနဉ္စယသူဌေးကြီးက ဝိသာခါအတွက် ဇကုဋ္ဌေတန် မဟာလတာတန်ဆာ (မဟာလတာတန်ဆာ - အနက်မှ - မဟာလတာတန်ဆာ၊ ဝိသာခါဝတ္ထု - ကို ကြည့်ပါ။) လုပ်စေရာ ၄လကြာမှပြီး (မဟာလတာတန်ဆာ -အနက်မှ - မဟာလတာတန်ဆာ ဝတ်ဆင်ရသူ ၃ဦး - ကို ကြည့်ပါ။)၊ အိမ်ရာထောင်တော့မည့် သမီးအား သူဌေးကြီးက <u>ဩဝါ ဒ ၁၀ပါး</u>ပေး (အိမ်ရာထောင်တော့မည့် သမီးအားပေးသော ဖခင်သူဌေးကြီး၏ ဩဝါ ဒ ၂ ဝတ္ထု - အနက်မှ - ဓနဉ္စယသူဌေးကြီးက သမီးဝိသာခါအား ဆုံးမသောဩဝါဒ ၁၀ ချက် - ကို ကြည့်ပါ။)၊ နံ့သာမှုန့်ဖိုး လှည်းအစီးပေါင်း ၁၅၄စီးတိုက် ဥစ္စာများပေးလိုက်၊ ဝိသာခါ၌ အပြစ်တစုံတရာဖြစ်လျှင် ဖြေရှင်းပေးရန် ပညာရှင်သူကြွယ် ၈ဦးကိုလည်း လိုက်ပါစေ၊ သူဌေးကြီးသည် ဝိသာခါ နွားနို့သောက်ရန်နှင့် ယာဉ်ကရန် နို့စားနွားမများပေးရာ ဥသဘနွားလားတို့လည်း ခြံကိုခုန်ကျော်၍ လိုက်ကြ၊ ရှစ်ဥသဘ အရပ်တိုင်ရှိသော နွားအုပ်ကြီး ဝိသာခါ အလို့ငှါ ထွက်လိုက်ကြ၊ ကဿပဘုရားရှင် လက်ထက်က ပြုခဲ့သော ကောင်းမှုအကျိုး ဖြစ်။

သာဝတ္ထိမြို့သို့ ရောက်သော် ဝိသာခါသည် ရသမျှသော လက်ဆောင်များကို အခြားသောအိမ်များသို့ လည်း အလုံးစုံနှံ့စပ်အောင် ပေးဝေစေ၊ ညဉ့်၌ အာဇာနည်မြင်းမ သားဖွားသည်ကို အစေခံများဖြင့် သွားရောက် ပြုစု ကူညီ။

ဝိသာခါကို အကြောင်းပြု၍ မိစ္ဆာအယူရှိသော ယောက္ခမသူဌေးကြီးအိမ်သို့ ဘုရားရှင်နှင့် သံဃာ တော်များကြွရောက်၍ ဆွမ်းဆက်ကပ်လှူဒါန်းမှုကို ခံယူပြီး တရားတော်များအဆုံး၌ ယောက္ခမမိဖများ ဖြစ်ကြသော မိဂါရသူဌေးကြီးသည် ပဌမနေ့၌၊ သူဌေးကတော်ကြီးသည် နောက်နေ့၌ သောတာပန်တည်ကြ၊ ဝိသာခါကို မိဂါရမာတာ ဟုလည်း ခေါ်ကြ၊ မိဂါရသူဌေးကြီးက အဖိုးတသိန်းထိုက်သော ဃနမဋ္ဌက- တခဲနက်

ပြေပြစ်သော အဆင်တန်ဆာကို ဝိသာခါအား ပေး၏။

ဝိသာခါသည် မြတ်စွာဘုရားထံမှ လျှောက်တောင်း၍ ဆု ၈ပါး - ၁ သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံသင်္ကန်းကို လှူလိုပါ၏၊ ၂ ဧည့်သည်အာဂန္တုရဟန်းတို့အား ဆွမ်းလှူလိုပါ၏၊ ၃ ခရီးသွားရဟန်းတို့အား ဆွမ်းလှူလိုပါ၏၊ ၄ သူနာရဟန်းတို့အား ဆွမ်းလှူလိုပါ၏၊ ၅ သူနာပြုရဟန်းတို့အား ဆွမ်းလှူလိုပါ၏၊ ၆ သူနာ ရဟန်းတို့အား ဆေးလှူလိုပါ၏၊ ၇ ရဟန်းတို့အား အမြဲ ယာဂုလှူလိုပါ၏၊ ၈ ဘိက္ခုနီသံဃာအား ရေသနပ်ကို လှူလိုပါ၏ - ကို ရရှိ၏။

ဝိသာခါသူဌေးမသည် ဤသို့ဖြင့် ကောင်းကင်အလယ်မှ လစန်းပမာ အထူးထင်ရှားကာ သားသမီးတို့ဖြင့် ပွားစီးလာ၊ သား တကျိပ် သမီး တကျိပ်၊ မြေး ၄၀၀ မြစ် ၈၀၀၀ အခြံအရံရှိ၊ အသက် ၁၂၀ရှည်၊ ဆံပင်မဖြူ၊ အမြဲ ၁၆နှစ်အရွယ် နုပျိုနေ၊ သားသမီး မြေးမြစ်များခြံရံ၍ သွားသည့်အခါ မေးယူရလောက်အောင် ပျိုမြစ်နုနယ်၊ သွား ရပ် တိုင် လျှောင်း တင့်တယ်၊ ဆင်ပြောင် ၅စီးအား ဆောင်သည်၊ ကောသလမင်းကြီးက စုံစမ်းလို၍ လွှတ်သော နာမောင်းချီလာသည့် ဆင်ပြောင်တစီးကို ငါအားရှိသလောက် ဖမ်းလျှင်ပျက်စီးရာ၏ဟု ကြံ၍ လက် ၂ချောင်းဖြင့် နာမောင်းကို ညှပ်၍ တွန်းလှဲခဲ့၏။

ဘုရားရှင်သီတင်းသုံးရန်အတွက် ဝိသာခါသူဌေးမသည် ပုဗ္ဗာရုံကျောင်းတော်ကြီးကို မြေနေရာဝယ်ယူရာ၌၎င်း၊ ဘုရားရှင်ကို လျှောက်ထား၍ရရှိသော အရှင်မဟာမောဂ္ဂလ္လာန်ဦးစီး၍ ကျောင်းဆောက်ရာ၌၎င်း၊ ၄လကြာ ကျောင်းရေစက်ချ ပူဇော်ပွဲ၌၎င်း ၉ကုဋေစီအကုန်ခံ၍ စုစုပေါင်း ၂၇ကုဋေဖြင့် သာသနာတော်ကြီးသို့ လှူဒါန်းခဲ့၊ ကျောင်းလှူပွဲအပြီး သားသမီးမြေးမြစ်များ ခြံရံ၍ ကျောင်းတော်ကြီးကို လှည့်ကာ ဥဒါန်း ၅ဖြာ -

၁ ငါသည် ကျောင်းတိုက်ကြီးကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်၊ ယခု ငါ ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား၊ ၂ ငါသည် ညောင်စောင်းအင်းပျဉ် ဘုံလျှိုခေါင်းအုံးနှင့် ပရိဘောဂများကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်၊ ယခု ငါ ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား၊ ၃ ငါသည် စင်ကြယ်သော သားပြွမ်းဆွမ်း စာရေးတံဆွမ်းကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်၊ ယခု ငါ ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား၊ ၄ ငါသည် ကာသိတိုင်း ခေါမတိုင်း ဖြစ်သင်္ကန်းကို ဘယ်အခါ လှူရပါမည်နည်း ဟု တောင့်တခဲ့သည်၊ ယခု ငါ ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား၊ ၅ ငါသည် ထောပတ်၊ ဆီဦး၊ ပျား၊ တင်လဲတည်းဟူသော ဆေးအလှူကို ဘယ်အခါ လှူရပါမည်နည်းဟု တောင့်တခဲ့သည်၊ ယခု ငါ ၏ တောင့်တချက်သည် ပြည့်ဝပေပြီတကား - ကို ကျူးရင့်၏။

ဝိသာခါသည် မိမိအိမ်၌ အနာထပိဏ်သူဌေးကြီးအိမ်မှာကဲ့သို့ နေ့စဉ် အာဂန္တုဆွမ်း၊ ခရီးသွားဆွမ်းစသော ဆွမ်းမျိုးစုံကို တည်ထားသဖြင့် သံဃာအဝင်အထွက်များလှ၍ သူမ၏အိမ်သည် သင်္ကန်းရောင်တို့ဖြင့် တပြောင် တဝင်းဝင်း ရှိ၊ မွန်းလွဲတွင်မူကား ဆေးပစ္စည်း ၅ပါး ဖြစ်သော ၁ ထောပတ်၊ ၂ ဆီဦး၊ ၃ ပျားရည်၊ ၄ ဆီ၊ ၅ တင်လဲ တို့ကို၎င်း၊ ဖျော်ရည် ၈မျိုး (ဒါ န - အနက်မှ - ဒါနဟူသည် တွင် ဖော်ပြထားသော

ဓမ္မဒါန / ဓမ္မာရုံအလှူ - ကို ကြည့်ပါ။) ကိုဣင်း ယူဆောင်၍ ကျောင်းတိုက်များသို့ သွားရောက်ကာ သံဃာတော်များ၏ အလိုအတိုင်း ဆက်ကပ်လှူဒါန်း၊ ပြီးမှ ဘုရားရှင့်တရားတော်နာကာ ပြန်၊ ဤကြောင်းများကြောင့် ဘုရားရှင်က စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၌ မွေ့လျော်ကြသူ ဥပါသိကာတို့တွင် အသာဆုံး ဧတဒဂ်ဘွဲ့ကို ပေးအပ်တော်မူ။

၃ ခုဇ္ဇုတ္တရာ - အကြားအမြင်များသော၊

၄ သာမာဝတီ - မေတ္တာစိတ်ဖြင့်နေလေ့ရှိသော၊

(တတိယတွဲနှင့် ဒုတိယပိုင်း၊ ဆဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး။ သာသနာ့ ချိန်ခွင်ကြီး ၄လက် တရားတော် အမ်ပီသရီး အသံဖိုင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ခုဇ္ဇုတ္တရာအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီးဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာ တယောက်ကို အကြားအမြင်များသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်၍ ဗျာဒိတ်ရခဲ့။

သာမာဝတီအလောင်းသည်လည်း ဟံသာဝတီမင်းနေပြည်၌ပင် သူဌေးသမီးဖြစ်၊ တနေ့ တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာတယောက်ကို မေတ္တာဖြင့် နေလေ့ရှိသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကိုပန်၍ ဗျာဒိတ်ရခဲ့။

ကဿပဘုရားရှင် သာသနာခေတ်အတွင်း၌ ခုဇ္ဇုတ္တရာအလောင်းသည် အမျိုးကောင်းသမီး ဖြစ်၊ အဆင်တန်ဆာ ဝတ်ဆင်နေစဉ် ရောက်လာသော ရဟန္တာသာမဏေရီမတပါးအား မိမိ၏ အဆင်တန်ဆာကို ယူခိုင်းခဲ့ခြင်း ဟူသော ဝေယျာဝစ္စအမှု ခိုင်းခဲ့ခြင်း အကုသိုလ်ကံကြောင့် ဘဝ ၅၀၀ သူတပါးတို့၏ကျွန်မ ဖြစ်ခဲ့။

ဂေါတမဘုရားရှင် မပွင့်ပေါ်သေးမီ ခုဇ္ဇုတ္တရာအလောင်းသည် ဗာရာဏသီမင်း နန်းတော်၌ မောင်းမမိဿံတဦး ဖြစ်၊ နန်းတော်သို့ ဆွမ်းခံကြွသော ခါးကုန်းသည့် ပစ္စေကဗုဒ္ဓါတပါးကို ဖူးမြင်ရ၍ ပြောင်လှောင်သည့်သဘောဖြင့် မောင်းမတို့အလယ်၌ ကုန်းကွသောအမူအရာဖြင့် လှည့်လည်ခဲ့သော မကောင်းမှုကိုပြုခဲ့၊ တဖန် ထိုနန်းတော်မောင်းမဖြစ်စဉ်ပင် နန်းတော်မှ ပူသောနို့ဃနာဆွမ်းကို သပိတ် အပြည့်ခံ၍ ကြွလာတော်မူကြသော ပစ္စေကဗုဒ္ဓါ ၈ဆူကိုတွေ့ရာ မိမိ၏ ရွှေလက်ကောက် ၈ကွင်းကို သပိတ်များကိုခံရန် သပိတ်ခြေများအဖြစ် လှူခဲ့သော ကောင်းမှုပြုခဲ့။

သာမာဝတီအလောင်းနှင့် သူမ၏မောင်းမများအလောင်းတို့သည် ဂေါတမဘုရားရှင်မပွင့်ပေါ်သေးမီ တခုသောဘဝဝယ် မင်းမိန်းမများ ဖြစ်ကြ၊ ဂင်္ဂါမြစ်၌ ရေကစားပြီး အချမ်းခါတ် ပြင်းလတ်သော် အနီးရှိ နိရောဓသမာပတ် ဝင်စားနေသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တဆူ၏ သစ်ရွက်မိုးကျောင်းကို မြင်၍ အတွင်း၌

အရှင်မြတ် ရှိမရှိ မစူးစမ်းပဲ မီးတိုက်၍ မီးလှုံကြ၊ ဤအချိန်အထိ ၎င်းတို့တွင် အရှင်မြတ်ကို သေစေလိုသော စေတနာမရှိသဖြင့် အပြစ်မဖြစ်သေး၊ မီးလှုံများစဲသော် သမာပတ်ဝင်စားနေသော အရှင်မြတ်ကို တွေ့၊ ထိုအခါ ထိုသူမတို့သည် အရှင်မြတ်သည် နန်းတော်၌ ဆွမ်းခံနေသော ပစ္စေကဗုဒ္ဓါ ဖြစ်၊ မင်းကြီးသိလျှင် ငါတို့အား ပြင်းစွာ အမျက်ထွက်လိမ့်မည်၊ ပြာကျသည့်အထိ အစဖျောက်မည်ဟု ဆိုကြကာ ထင်းများစုပြီး ထပ်မံ၍ မီးတိုက်ကြသော၊ သေစေလိုသော စေတနာပါသောမကောင်းမှုကို ပြုကြ၊ အရှင်မြတ်ကား သမာပတ်မှထသော် သင်္ကန်းကိုခါ၍ သူမတို့ မြင်စဉ်ပင် ကောင်းကင်သို့ ပျံတက်ကာ ကြွသွား။

ဂေါတမဘုရားရှင် ပွင့်ထွန်းသောအခါကာလဝယ် ကောသမ္ဗီပြည်၌ ဃောသကသူဌေးကြီး (ဃောသကသူဌေး ရှေးအတိတ်အကုသိုလ်ဖြစ်သော မိမိသားကို စွန့်ပြစ်ခဲ့ခြင်း၏ အကျိုးဆက်ကြောင့် ကောသမ္ဗီသူဌေးကြီး၏ သတ်ဖြတ်ရန်ကြိုးပမ်းမှု ခံရသောအကြိမ် ၆ကြိမ် - ကို ကြည့်ပါ။) သည် နေ့တိုင်း အသပြာတထောင်ကို စွန့်၍ နိဗဒ္ဓဒါနဝတ်ထားလျက် လှူဒါန်းနေ။

ခုဇ္ဇုတ္တရာအလောင်းသည် ကောသမ္ဗီသူဌေးကြီးအိမ်မှ အထိန်းတော်ကြီးဝမ်း၌ ဖြစ်၊ မွေးလာသော် ကိုယ်ခန္ဓာမှာ ကုန်းကုန်းလေး ဖြစ်နေ၍ ခုဇ္ဇ= ကုန်းသောကိုယ်ရှိသော + ဥတ္တရာ (အမည်ရင်း) = ခုဇ္ဇုတ္တရာဟု ခေါ်၊ ကဿပဘုရားရှင်လက်ထက်က ပြုခဲ့သော မကောင်းမှုကံနှင့် ပစ္စေကဗုဒ္ဓါအား ပြောင်ခဲ့သော အကုသိုလ် ကံများကြောင့် ဖြစ်။

သာမာဝတီအလောင်းသည် ဘဒ္ဒဝထိယတိုင်း ဘဒ္ဒိယမြို့ဝယ် ဘဒ္ဒဝတိယသူဌေးကြီး၏သမီး သာမာ ဖြစ်၊ ထိုမြို့၌ ဒုဗ္ဘိက္ခ- ဆာလောင်မွတ်သိပ်ခြင်းဘေး ဖြစ်၊ သူငယ်ချင်းဖြစ်သော ဃောသကသူဌေးကြီးထံ သွားရန် ဘဒ္ဒဝတိယသူဌေးကြီး၊ သူဌေးကတော်ကြီးနှင့် သာမာတို့ ဆင်းရဲကြီးစွာဖြင့် ထွက်ပြေးလာကြ၊ ဆင်းရဲသောအသွင်ဖြင့် သူငယ်ချင်းဃောသကကို မတွေ့လိုသေး၊ နဂိုရ်ပကတိအနေဖြစ်မှ တွေ့တော့မည် ဆိုကာ ဇရပ်တခု၌ တည်းခိုကာ ဃောသကသူဌေး၏ အလှူမဏ္ဍပ်၌ ထမင်းတောင်းစားကြ၊ အလွန်အကျွံစား မိသဖြင့် ပဌမနေ့၌ သူဌေးကြီးကွယ်လွန်၊ ဒုတိယနေ့၌ မိခင်ကြီးသည် သူဌေးကြီး ကွယ်လွန်သဖြင့်၎င်း၊ အစာဆင်းရဲသဖြင့်၎င်း သေဆုံး။

အလှူမဏ္ဍပ်မှ အလုပ်သမားမှူးသည် အကြောင်းစုံသိသော် သာမာကို သမီးအဖြစ်မွေး၊ အော်ဟစ် တောင်းခံသံတို့ဖြင့် ဆူညံနေသော မဏ္ဍပ်ကို သာမာဝတီက ဝင်ပေါက်၊ ထွက်ပေါက်တို့ဖြင့် စံနစ်ထကျပြု စေရာ အသံတို့ ဆိတ်၊ အကြောင်းကို ဃောသကသူဌေးသိသော် သူငယ်ချင်း၏သမီးဖြစ်သော သာမာဝတီကို ရံရွေဖေါ် ၅၀ဝခြံရံစေလျက် သမီးအဖြစ်မွေး၊ ထနေ့ သာမာဝတီကို ဥဒေနမင်းကြီးတွေ့သော် နှစ်သက်သဖြင့် မိဖုယားကြီး တင်မြှောက်။

ထိုအချိန်၌ ကောသမ္ဗီပြည်ဝယ် ဃောသကသူဌေး၊ ကုက္ကုဋသူဌေးနှင့် ပါဝါရကသူဌေးဟူ၍ သူငယ်ချင်း သူဌေး၃ဦးသည် မိမိတို့ ကိုးကွယ်နေသော ရသေ့များမှတဆင့် သာဝတ္ထိပြည်ထွင် ဘုရားပွင့် ပေါ်နေပြီကို သိ၊ ဘုရားရှင်ထံ အဖူးမြော်ရောက်သော် ၃ဦးလုံး သောတာပန် ဖြစ်၊ မိမိတို့မြို့ဝယ် ကျောင်း

တိုက်ကြီးတတိုက်စီ ဆောက်လုပ်၍ ဘုရားရှင်ကို ပင့်။

လမ်းတွင် ဘုရားရှင်သည် ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးသို့ ဝင်တော်မူ၍ မိမိတို့၏ အဆင်းလှသော သမီးကို အဆင်း အလွန်တင့်တယ်လှသော ဘုရားရှင်အား ပေးလိုသော မာဂဏ္ဍီယပုဏ္ဏားကြီးဇနီးမောင်နှံကို ချွေချွတ်၊ ဘုရားရှင်က မာရ်နတ်မင်း၏ မြတ်သောအဆင်းနှင့် ပြည့်စုံသော သမီး ၃ယောက်ကိုသော်မှလည်း အလိုမရှိခဲ့၊ ကျင်ကြီးကျင်ငယ်တို့ ပြည့်လျှံယိုစီးနေသော သင့်သမီးကို ခြေဖြင့်မျှလည်း ထိရန် အလိုမရှိဟု စသည်ဖြင့် (မာဂဏ္ဍိယသုတ်၊ သုတ္တနိပါတ်ပါဠိတော်၊ ခုဒ္ဒကနိကာယ်၊ သုတ္တန္တပိဋက) - ကို ဟောတော်မူ၊ ဒေသနာတော် အဆုံး၌ ၂ဦးလုံး အနာဂါမိဖိုလ်၌ တည်ကြ၊ သမီးမာဂဏ္ဍီသည် မလိုချင်လျှင် မလိုချင်ဟု မပြောပဲ ဤသို့ဆိုဘိ၏ဟု ဘုရားရှင်အား ရန်ငြိုးထား၊ ပုဏ္ဏားကြီးတို့သည် သမီးကို ညီဖြစ်သူ မာဂဏ္ဍီ ပုဏ္ဏားအားအပ်ကာ ရဟန်းပြုကြ၍ ရဟန္တာများ ဖြစ်တော်မူကြ၊ နောင်တွင် ညီမာဂဏ္ဍီပုဏ္ဏားသည် မာဂဏ္ဍီကို ဥဒေနမင်းကြီးအား ဆက်၊ မိဖုယားကြီး အရာထားခံရ။

ဘုရားရှင် ကောသမ္ဗီပြည် ကျောင်းတိုက်ကြီး ၃တိုက်၌ အလှည့်ကျ သီတင်းသုံးတော်မူနေစဉ် မာဂဏ္ဍီမိဖုယားသည် သေသောက်ကြူးတို့ကို တံစိုးလက်ဆောင်ပေး၍ ဘုရားရှင်အား ဆဲစေ၊ ၇ရက်ကြာ သော် တိတ်သွားကြ။

ရံရွေဖေါ် ၅၀၀ အဝင်အပါ ခုဇ္ဇုတ္တရာသည် သာမာဝတီမိဖုယားအတွက် ပန်းများ နေ့စဉ် အသပြာ ၈ကျပ်ဖိုး ဝယ်ရ၊ တနေ့တွင် ပန်းသည်အိမ်၌ ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းကပ်၊ ခုဇ္ဇုတ္တရာလည်း ဝေယျာဝစ္စကူလုပ်၊ ဆွမ်းအနုမောဒနာအဆုံး၌ ပဋိသမ္ဘိဒါဉာဏ်ရသော သောတာပန်အရိယာ ဖြစ်၊ ဘုရား တရားတော်ကိုလည်း နှုတ်ငုံရ၊ ပစ္စေကဗုဒ္ဓါ ၈ဆူအား ပူနေသောသပိတ်များကို ခံရန် သပိတ်ခြေအဖြစ် မိမိ၏ရွှေလက်ကောက် ၈ကွင်းကို လှူခဲ့သောကောင်းမှုကြောင့် ဖြစ်၊ ခါတိုင်း ပန်းကို ၄ကျပ်ဖိုးသာ ဝယ်၍ ၄ကျပ်ကို ဝှက်ထား၊ သောတာပန်တည်သော် ပန်း ၈ကျပ်ဖိုး အပြည့်ဝယ်၊ သာမာဝတီမိဖုယား အကြောင်းစုံ သိသော် သူမ နာယူလာခဲ့သော တရားတော်ကိုပင် ဟောစေရာ သာမာဝတီမိဖုယားနှင့်တကွ မင်းမိန်းမ ၅၀၀တို့ သောတာပန် ဖြစ်ကြ၊ ထိုနေ့မှစ၍ ခုဇ္ဇုတ္တရာသည် အခြားအလုပ် မလုပ်ရတော့ပဲ ဘုရားရှင်ထံ တရားနာ၍ သာမာဝတီနှင့် မင်းမိန်းမတို့အား တရားပြန်ဟောရသည်ကိုသာ လုပ်စေ။

ခုဇ္ဇုတ္တရာ၏ အကြံပြုချက်အရ ဘုရားရှင်ကို ဖူမြော်လိုကြသော သာမာဝတီနှင့် မောင်းမ ၅၀၀ တို့သည် မိမိတို့ တိုက်ခန်းနံရံများ၌ အပေါက်များဖေါက်၍ ဖူးမြော်ကြည်ညိုကြ၊ မာဂဏ္ဍီတွေ့သော် မင်းကြီးကို ထိုအကြောင်းပြော၍ မလိုစကားပြော၊ မင်းကြီးကမူ သာမာဝတီတို့ တိုက်ခန်းများ၌ လေသာပြူတင်းများ ပြုစေ။

တနေ့ မင်းကြီး သေရည်သောက်ပွဲ ကျင်းပသော် မာဂဏ္ဍီ၏ ကြိုတင်စီစဉ်ချက်ဖြင့် ကြက်အရှင် ၈ကောင်ကို မင်းကြီးအားဆက်စေပြီး သာမာဝတီတို့အား ချက်ပြုတ်စေ၊ ငြင်းသော် မင်းကြီးကိုပင် ရဟန်း ဂေါတမအတွက် ချက်ပို့စေဟု မိန့်စေပြီး ကြက်များကို ပြန်ပို့စေ၊ လမ်းတွင် ကြက်အသေ ၈ကောင်ဖြင့် လဲ၊

အသေများဖြစ်သဖြင့် သာမာဝတီတို့က ချက်၊ ထိုချက်ပြီးသားကို မင်းကြီးအား ကပ်စေ၊ မင်းကြီးကား စိတ်မဆိုး။

ဥဒေနမင်း၌ သာမာဝတီနှင့် မာဂဏ္ဍီမိဖုယားကြီးတို့အပြင် ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာမိဖုယားကြီးလည်း ရှိ၊ တဦးစီ၌ မောင်းမ ၅၀၀စီ ရှိကြ၊ မင်းကြီးသည် ထိုမိဖုယားတို့ ပြာသာဒ်တို့၌ ၇ရက်စီ လှည့်၍ စံမြဲ၊ မာဂဏ္ဍီသည် မင်းကြီး သူ့အဆောင်၌ ရှိစဉ် မြွေဟောက်ငယ်တကောင်ကို မင်းကြီး အမြဲဆောင်လေ့ရှိသော စောင်းအပေါက်ထဲမှထည့်၍ ထိုအပေါက်ကို ပိတ်ထား၊ မင်းကြီးသည် သူ့အဆောင်မှ သာမာဝတီအဆောင်သို့ကူးပြီး သူ့အဆောင်သို့ပြန်ရောက်သော် ထိုစောင်းကိုယူပြီး အပေါက်ကို ဖွင့်၊ မြွေထွက်လာသော် မင်းကြီး လွန်စွာစိတ်ဆိုးကာ သာမာဝတီနှင့် မောင်းမ ၅၀၀တို့ကို တန်းစီစေပြီး မြားဖြင့်ပစ်၊ သာမာဝတီ၏ ထိုက်တွန်းချက်ဖြင့် မောင်းမအားလုံး မင်းကြီးကိုစူးစိုက်၍ သြဒိဿကမေတ္တာ ပို့နေ၊ မင်းကြီးသည် မြားကို တင်ပြီးနောက် ပစ်၍ မရ၊ ချ၍လည်း မရ၊ ချွေးဒီးဒီး ကျ၊ သာမာဝတီက မြားကို မြေသို့ ဦးတည့်စေပြီး မင်းကြီး လက်မှ မြားလွတ်စေသတည်း ဟု အဓိဋ္ဌာန်၊ မြားလည်း လွတ်၊ မင်းကြီး သာမာဝတီကို တောင်းပန်၊ ဘုရားရှင်ကိုလည်း ကိုးကွယ်ဆည်းကပ်ခွင့် ရ။

ဘုရားရှင်ထံမှ သာမာဝတီတို့ကို တရားဟောပြမည့် ရဟန်းတပါး တောင်းခံစေရာ အရှင်အာနန္ဒာကို ရ၊ အရှင်မြတ်၏ တရားတော်ကို ကြည်ညိုကြ၍ သာမာဝတီတို့ အရှင်မြတ်ကို မိမိတို့၏ အပေါ်ရုံ ၅၀၀ လှူကြ။

နောက်ဆုံး၌ မင်းကြီး ဥယျာဉ်ကစားထွက်စဉ် မာဂဏ္ဍီ၏ အကြံပေးချက်အတိုင်း ဦးလေး မာဂဏ္ဍီ ပုဏ္ဏားသည် သာမာဝတီတို့အဆောင်တခုလုံးကို မီးတိုက်၊ သာမာဝတီနှင့်တကွ မောင်းမ ၅၀၀လုံးတို့သည် ရှေးက ပစ္စေကဗုဒ္ဓါအား မီးတိုက်ခဲ့ကြသော မကောင်းမှုကံကြောင့် မီးလောင်ကျွမ်းခံကြရ၊ မိဖုယားကြီးနှင့် တကွ မင်းမိန်းမအားလုံးတို့သည် ပြုသူတို့အပေါ်၌ မေတ္တာပွားရင်း သေဆုံးကြ၊ ခုဇ္ဇုတ္တရာမှာမူကား အဝေး တနေရာသို့ ရောက်နေ၍ ဤမီးလောင်ကျွမ်းမှု၌ မပါ ။ ရက်အတန်ကြာသော် မင်းကြီးသည် ဤသည်ကို မာဂဏ္ဍီမိဖုယား ပြုစေအပ်သည်ကို သိ၍ သူမနှင့်အတူ ဆွေမျိုးတို့ကိုပါ သတ်စေ။

သို့ဖြစ်ရကား ခုဇ္ဇုတ္တရာသည် ပိဋကတ် ၃ပုံဆောင် တိပိဋကဓရ အမျိုးသမီးဖြစ်၊ ဘုရားရှင် ကောသမ္ဗီပြည်၌ သီတင်းသုံးနေတော်မူစဉ် ဟောကြားသော တရားတော်များကို နာပြီးနောက် သာမာဝတီနှင့် မောင်းမအပေါင်းအား ပြန်ဟောပြသော သုတ်ပေါင်း ၁၁၂သုတ်ကို ဣတိဝုတ္တကပါဠိတော်ဟူ၍ ကျမ်း တကျမ်းအနေဖြင့် သံဂါယနာတင်ထား၊ ဤ အကြောင်းများကြောင့် ဘုရားရှင်သည် ခုဇ္ဇုတ္တရာအား သူမ ပန်ဆင်ဖြည့်ဆည်းခဲ့သည့်အတိုင်း အကြားအမြင် ဗဟုသုတများသောအရာ၌ ဧတဒဂ် တားတော်မူ၊ သာမာဝတီအားလည်း မေတ္တာစျာန်ဖြင့် နေလေ့ရှိသောအရာ၌ အသာဆုံး ဧတဒဂ်ဘွဲ့ဖြင့် အပ်နှင်းချီးမြှင့်။

၅ နန္ဒမာတာဥတ္တရာ - ဈာန်၌မွေ့လျော်သော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ နန္ဒမာတာဥတ္တရာအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီးဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာတယောက်ကို ဈာန်တရားဖြင့် နေလေ့ရှိသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရကောင်းမှုပြုကာ ထိုဆုကိုပန်၍ ဗျာဒိတ်ရခဲ့။

ဂေါတမဘုရားရှင် ခေတ်ကာလ၌ ရာဇဂြိုဟ်ပြည် သုမနသူဌေးကြီး၏ အလုပ်သမားဖြစ်သော ပုဏ္ဏသီဟ၏ သမီး ဥတ္တရာဖြစ်လာ၊ ရာဇဂြိုဟ်ပြည် နက္ခတ်ပွဲသဘင်နေ့၌ ပုဏ္ဏသည် လယ်ထွန်သွား၊ နိရောဓသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ပုဏ္ဏလယ်ထွန်ရာ၌ ရေချမ်းသာရာ ရေရှိရာအရပ်ကိုမေး၊ ပုဏ္ဏက အရှင်မြတ်ကြီးအား တံပူကိုကပ်၊ ရေစစ်ဖြင့် ရေစစ်၍ သပိတ်အပြည့်ရှိသောရေကို ဆောင်ယူဆက်ကပ်၊ လမ်းတွင် ပုဏ္ဏ၏ အိမ့်ရှင်မသည် အရှင်မြတ်ကြီးနှင့်ပင် တွေ့၍ ပုဏ္ဏအတွက် ချက်လာသော ထမင်းဘောဇဉ်တို့ကို လောင်းလှူ၊ ဤသို့ ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းမှ လွတ်မြောက်ရပါလို၏ဟု ဆုတောင်း၊ အိမ်ပြန်၍ ထမင်းချက်ပြီးမှ ပုဏ္ဏလယ်တွန်ရာသို့ ပြန်လာ၊ အချင်းချင်း ပြုခဲ့သောကုသိုလ်များအကြောင်းပြောကာ ဝမ်းမြောက် ကုသိုလ်စိတ်များ တဖွားဖွား ဖြစ်ကြ၊ ပုဏ္ဏသည် တခဏလဲလျောင်းပြီးနောက် နိုးသော် လယ်ထဲရှိ ထွန်စိုင်ခဲတို့ ရွှေတုံးရွှေခဲများ ဖြစ်နေကြသည်ကို တွေ့ကြရ။

ဗိမ္ဗိသာရမင်းကြီးက မဟာဓနသေဋ္ဌိ သူဌေးကြီးအရာပေး၊ ဘုရားရှင်နှင့် သံဃာတော်တို့အား ၇ရက်အလှူကြီးပေး၊ ဘုရားရှင်၏ အနုမောဒနာတရားအဆုံး၌ သားအမိ သားအဖ ၃ဦးလုံး သောတာပန် ဖြစ်ကြ။

ပုဏ္ဏသူဌေးကြီး၏ အလုပ်ရှင်ဖြစ်ခဲ့ဘူးသော၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သုမနသူဌေးကြီးသည် သူ၏သားအတွက် ပုဏ္ဏသူဌေးကြီး၏သမီး ဥတ္တရာကို ဆောင်ယူ၊ ပုဏ္ဏသူဌေးကြီးသည် မူလက မပေးလိုသော်လည်း နောက်၌ ခင်မင်ရင်းနှီးမှုကို မပျက်စေလိုသဖြင့် ပေး၊ နောင်သော် နန္ဒမည်သော သူငယ်၏အမိဖြစ်၍ နန္ဒမာတာဥတ္တရာ ဟုလည်း တွင်။

ဥတ္တရာက မိဖ အိမ်မှာရှိစဉ်ကအတိုင်း ဥပုသ်သီတင်းစောင့်ခွင့်တောင်းရာ သူဌေးသားက ခွင့်မပြု၊ ဝါတွင်း ၃လအနက် လခွဲ ၁၅ရက်သာ ကျန်သောအခါ မိဖထံမှ အသပြာ တသောင်း ၅ထောင်တောင်း၍ ဆရာဇီဝက၏နမ သိရိမာ ပြည့်တန်ဆာမကို တရက်လျှင် တထောင်သော အခကြေးငွေဖြင့် သူဌေးသားကို ပြုစုစေ။

သို့ဖြင့် ဥတ္တရာသည် နေ့ထိုင်း ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းဆက်ကပ်၊ ဥပုသ်စောင့်သုံး၍ နေ၊ နောက်ဆုံး ၁၅ရက်မြောက်သောနေ့၌ အလှူအရပ်ရပ်ကို အခြွေအရံတို့နှင့်တကွ ကိုယ်တိုင်ချက်ပြုတ်စီမံနေ၊ သူဌေးသားသည် အိမ်ဝိုင်းအတွင်းသို့ လေသာပြူတင်းမှကြည့်ခိုက် ဥတ္တရာသည်လည်း အပေါ်သို့

မော့ကြည့်၊ သူဌေးသားသည် ဥတ္တရာကိုမြင်၍ ငရဲသူမနှင့် တူစွတကား၊ ဤသူဌေးမစည်းစိမ်ကို စွန့်၍ ထမင်းအိုး၊ ဟင်းအိုးမှ မီးသွေးမင်တို့ စွန်းထင်းလျက် ကျွန်မတို့အကြား၌ လှည့်လည်ဘိ၏ဟု ပြုံးရွှင်မှုပြု၊ ဥတ္တရာသည်လည်း ဤသူမိုက်သူဌေးသားကား မိမိစည်းစိမ်တို့သည် အခါခပ်သိမ်း တည်နေလိမ့်မည်ဟု မှတ်ထင်သည်ဖြစ်လိမ့်မည်ဟု ဆင်ခြင်မိကာ ပြုံးရွှင်မှုပြု၊ ဤသည်တို့ကိုမြင်သော သိရိမာသည် ဤကျွန်မကား ငါရှိလျက်နှင့် ငါ့အရှင်နှင့် ပြုံးရွှင်မှု ပြုဘိ၏ဟု အမျက်ထွက်ကာ ပြေးဆင်းလာ။

ဥတ္တရာသည် ဤအမိုက်မသည် လခွဲမျှ နေရသည်ဖြစ်လျက် ဤအိမ်သည် ငါ့အိမ်ဟု အမှတ်ရှိသူ ဖြစ်မှားလေပြီဟုသိကာ မေတ္တာစျာန်ဝင်စား၍ ရပ်တည်နေ၊ သိရိမာသည် မုန့်ကြော်ရာ အိုးကင်းထဲမှ ကျိုက်ကျိုက်ဆူနေသောဆီကို ယောက်ချိုဖြင့် အပြည့်ခပ်ယူ၍ ဥတ္တရာ၏ဦးခေါင်းမှ လောင်းချရာ ဆီပူသည် ပဒုမာကြာရွက်ပေါ် လောင်းချအပ်သော ရေကဲ့သို့ လျောကျသွား၊ ဥတ္တရာ၏ကျွန်မတို့က ရေရွတ်မြည်တမ်း ပြောဆိုကြမှ သိရိမာ သတိရ၍ တောင်းပန်၊ ဥတ္တရာက ငါ၏အဖဖြစ်သော ဘုရားရှင်ကို သည်းခံစေမှ ကန်တော့မှ ငါသည်းခံမည်ဟု ဆို။

နောက်နေ့ ဘုရားရှင်နှင့် သံဃာတော်တို့ကြွလာကြသော် သိရိမာသည် ဘုရားရှင်အား ကန်တော့ပြီး အနုမောဒနာတရား နာကြားပြီးနောက် ဂါထာတပုဒ် (အောင်မြင်ကြောင်း - အနက်မှ - ၄ပါး - ကို ကြည့်ပါ။) အဆုံး၌ သိရိမာသည်လည်း သောတာပတ္တိဖိုလ်၌ တည်၊ ဤအကြောင်းအဋ္ဌုပ္ပတ်ကြောင့် နန္ဒမာတာဥတ္တရာကို ဘုရားရှင်သည် ဤဧတဒဂ်ဖြင့် ချီးမြှင့်။

၆ သုပ္ပဝါသာ (ကောလိယမင်း၏သမီး) - မွန်မြတ်သောဝတ္ထုကို ပေးလှူသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ သုပ္ပဝါသာအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာထယောက်ကို မွန်မြတ်သည်ကို လှူသော အရာ၌ အသာဆုံး ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှု ပြုကာ ထိုဆုကို ပန်ခဲ့။

ဂေါတမဘုရားရှင် ပွင့်ပေါ်တော်မူသော ခေတ်ကာလဝယ် ကောလိယပြည်၌ သာကီဝင်မင်းသမီး ဖြစ်လာ၊ အရွယ်ရောက်သော် သာကီဝင်မင်းတပါး၏ အိမ်သို့လိုက်ပါ၊ ဘုရားရှင်ကို ဦးဆုံးဖူးတွေ့ရစဉ်ကပင် သောတာပန် အရိယာဖြစ်၊ နောက်၌ အရှင်သီဝလိမထေရ်အလောင်း သီဝလိသူငယ် (အထက်တွင်ဖော်ပြခဲ့ သော အမှတ်စဉ် ၁၈ အရှင်သီဝလိ - ကို ကြည့်ပါ။) ကို ဖွား။

အခါတပါး၌ သုပ္ပဝါသသည် ဘုရားရှင်အမှူးရှိသော သံဃာတော်တို့အား အထူးထူးအပြားပြား များမြတ်ချိုမြိန်သော အရသာရှိသည့် ပဏီတ- မွန်မြတ်သော၊ ပဏီတဘောဇဉ်ကို ဆက်ကပ်လှူဒါန်း၊

ဘုရားရှင်သည် ဆွမ်းအနုမောဒနာတရား (ဆွမ်း - အနက်မှ - ဆွမ်းလှူအကျိုး ၂ စု - အနက်မှ - ၅ပါး ကို ကြည့်ပါ။)ကို ဟောကြားတော်မူ၍ ဤသို့သော အကြောင်းကြောင့် သုပ္ပဝါသာသည် ဘုရားရှင်၏ ဤတေဒဂ်ဖြင့် ပေးအပ်ချီးမြှင့်ခြင်း ခံရ၏။

၇ သုပ္ပိယာ - သူနာကိုလုပ်ကျွေးပြုစုတတ်သော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ သုပ္ပိယာအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာတယောက်ကို သူနာရဟန်းကို ထူးချွန်စွာ ပြုစုသော အရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်ခဲ့၏။

ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ ဗာရာဏသီပြည်ဝယ် သုပ္ပိယာသူဌေးသမီးဖြစ်၊ အရွယ် ရောက်သော် သုပ္ပိယသူဌေးသား၏ အိမ့်ရှင်မဖြစ်လာ၊ သုပ္ပိယာသူဌေးကတော်သည် ဘုရားရှင်အား ပဌမဆုံး ဖူးတွေ့ရစဉ်ကပင် သောတာပတ္တိဖိုလ်၌ တည်ခဲ့၏။

တနေ့ သုပ္ပိယာသည် မိဂဒါဝုန်ကျောင်းတိုက်၌ တရားနာပြီးနောက် ကျောင်းစဉ်လှည့်သော် ကျောင်း တကျောင်း၌ ဝမ်းလျှောဆေး စားထား၍ အားနည်းပြီး မမာမကျန်း ဖြစ်နေသော ရဟန်းတပါးကို တွေ့၊ ကျန်းမာရေးအတွက် အဘယ်အရာကိုရမှ သင့်ပါမည်နည်း? ဟု မေးလျှောက်၊ သားမျိုးဟင်းရည်- စွပ်ပြုတ်ရည်ကိုရလျှင် သင့်မည်ဟု မိန့်၊ ပို့လိုက်ပါမည်ဟု လျှောက်ခဲ့၊ နောက်နေ့တွင် အိမ်မှကျွန်မကို ပံသုကူအသားဈေး၌ ရှာဝယ်စေသော်လည်း မရ၊ သုပ္ပိယကို ပြန်ပြောသောအခါ ငါပို့ပါမည်ဟု ဂိလာန ရဟန်းကို လျှောက်ခဲ့၊ ငါ မပို့ပဲနေလျှင် အရှင်မြတ်သည် အခြားမှလည်း မရသည်ဖြစ်၍ ပင်ပန်းရှာလိမ့်မည်၊ တခုခုပြုမှ သင့်မည်ဟု ကြံကာ မိမိ ပေါင်သားကို ဖြတ်ပြီး ကျွန်မကို စွပ်ပြုတ်ပြုတ်စေကာ ဂိလာနရဟန်းအား ကပ်စေ၊ သူမကို မေးလျှင် နေမကောင်းဘူး ဟု ပြောစေ၏။

နောက်တနေ့၌ ဘုရားရှင်နှင့် သံဃာတော်တို့သည် ဆွမ်းခံချိန်၌ သုပ္ပိယအိမ်သို့ ကြွ၊ ဘုရားရှင်က သုပ္ပိယသူဌေးကတော်ကိုမေးရာ မမာမကျန်းဖြစ်နေပါသည်ဟု လျှောက်ကြ၊ သို့ဖြစ်လျက်လည်း ခေါ်စေ သော် ဘုရားရှင်ကို ဖူးမြင်ရသည်နှင့် တပြိုင်နက် ကြီးစွာသောအနာသည် အသားနုတက်ကာ ပကတိ အရေအမွေးတို့ ဖြစ်၊ သုပ္ပိယတို့ ဇနီးမောင်နှံသည် မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးမြတ်ခြင်းသည် အံ့ဖွယ်ရှိစွတကားဟု ရွှင်လန်းတက်ကြွသောစိတ်ဖြင့် ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းဘောဇဉ် ခဲဘွယ်တို့ကို ဆက်ကပ်ကြ၏။

ကျောင်းတော်သို့ ပြန်ရောက်သော် ဘုရားရှင်သည် ဂိလာနရဟန်းအား မေးမြန်းတော်မူပြီးနောက် သံဃာတော်တို့သည် လူသားကို မစားအပ်သော သိက္ခာပုဒ်၊ မစုံစမ်း မမေးပဲ အသားကို မစားအပ်သော

သိက္ခာပုဒ်တို့ကို ပညတ်တော်မူ၊ ဘုရားရှင်သည် ထို့ကြောင့် သုပ္ပိယဥပါသိကာအား ဤတေဒဂ်ဖြင့် ပေးအပ်ချီးကျူးခဲ့။

၈ ကာတိယာနီ - သာသနာတော်၌ သက်ဝင်၍ မတုန်မလှုပ်ကြည်ညိုသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ကာတိယာနီအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ သူဌေးသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာတယောက်ကို သာသနာတော်ဝယ် မတုန်မလှုပ် သက်ဝင်ကြည်ညိုသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကာရ ကောင်းမှုပြုကာ ထိုဆုကို ပန်ခဲ့။

ဂေါတမဘုရားရှင် ပွင့်ထွန်းသောကာလ၌ ကုရရဃရမြို့၌ ကာတိယာနီမည်သော သူဌေးသမီး ဖြစ်၊ အရှင်သောဏကုဋိကဏ္ဏမထေရ် (အထက်တွင်ဖော်ပြခဲ့သော ဧတဒဂ်ရ ရဟန္တာမထေရ်ကြီးများ အမှတ်စဉ် ၁၇ - ကို ကြည့်ပါ။) ၏ မယ်တော်ဖြစ်သော ကာဠီသူဌေးကတော် (အောက်တွင်ဖော်ပြထားသော အမှတ်စဉ် ၁၀/၇၄[၇၅] - ကို ကြည့်ပါ။) နှင့် အလွန်ရင်းနှီးသော သူငယ်ချင်းမ ဖြစ်၊ ဘုရားရှင်ထံမှ ပြန်လာသော သားတော်အရှင်မြတ်ကို ဘုရားရှင်အား ရွတ်ဆိုလျှောက်ထားခဲ့သည့်အတိုင်း ဟောပြပါဟု မယ်တော်၏ တောင်းပန်ချက်အရ အရှင်မြတ်သည် မြို့လယ်မဏ္ဍပ်၌ တရားဟောသော် ကာတိယာနီသည် သူငယ်ချင်းမ ကာဠီနှင့်အတူ ပရိသတ်အစွန်မှ ရှိသေစွာ တရားနာနေ၊

တိုအချိန်၌ ခိုးသား ၅၀၀သည် ဥမင်လိုဏ်တူး၍ ကာတိယာနီသူဌေးမ၏အိမ်သို့ ရောက်၊ ခိုးသားမှူး / ဓါးပြဗိုလ်ကမူ လူများ အဘယ်ကြောင့် စည်းဝေးနေပါလိမ့်ဟု စုံစမ်းရန် တရားပွဲတွင် ကာတိယာနီ၏ နောက်ပါး၌ ရပ်နေ၊ ကာတိယာနီက ကျွန်မကို ဆီမီးညှိထွန်း၍ တရားနာရန် အိမ်သို့ပြန်ကာ ဆီယူစေ၊ ကျွန်မကပြန်လာပြီး အိမ်၌ သူခိုးများရောက်နေကြောင်း ပြော၊ ဓါးပြဗိုလ်က ကာတိယာနီလိုက်သွားလျှင် ဤနေရာ၌ပင် သန်လျက်ဖြင့် ၂ပိုင်း ဖြတ်မည်၊ မလိုက်လျှင် ယူထားသော ဥစ္စာများကို ပြန်ပေးစေအံ့ဟု ကြံနေ၊ ကာတိယာနီက ကျွန်မကို သူခိုးတို့သည် တွေ့မြင်သည်တို့သာ ခိုးကြမည်၊ အသံမပြုပါလင့်၊ ငါသည် ကြားနာရန်ခဲယဉ်းသော တရားကို နာကြားနေသည်၊ တရား၏အန္တရာယ် မပြုပါလင့်ဟု ပြော၊ ဓါးပြဗိုလ်သည် ကြံထားသည့်အတိုင်း သူခိုးတို့ကို ယူထားသောဘဏ္ဍာများကို ပြန်ထားစေပြီး ပြန်၍ တရားနာနေ၊ တရားတော်အဆုံး၌ ကာတိယာနီသည် သောတာပတ္တိဖိုလ်၌ တည်။

ဓါးပြဗိုလ်သည် ကာတိယာနီအား ရှိခိုးတောင်းပန်ပြီး သူတို့အားလုံး အရှင်မြတ်ထံ၌ ရဟန်းပြုလိုကြောင်းပြော၍ ကာတိယာနီက ရဟန်းအမခံကာ ရဟန်းပြုစေရာ မကြာမြင့်မီပင် အားလုံး ရဟန္တာများ ဖြစ်တော်မူကြ၊ ဤသို့ဖြင့် ကာတိယာနီသည် ဘုရားရှင်၏ ဧတဒဂ်အရာ၌ ထားခြင်း ခံရ။

၉ နကုလမာတာသူကြွယ်မ - ငါ / ဘုရားရှင်နှင့်အကျွမ်းဝင်သောစကားကိုဆိုသော၊

(ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ နကုလပိတာသူကြွယ်မအလောင်းသည် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာတယောက်ကို ဘုရားရှင်နှင့် အကျွမ်းတဝင် ရင်းနှီးသောစကားကို ပြောကြားသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ အားကျကာ ဘုရားအမှူး ရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်ခဲ့။

အကြောင်းဖြစ်စဉ်တူသော (အထက်တွင် ဖော်ပြခဲ့သော အမှတ်စဉ် ၁၀ [၆၄/၆၅] - နကုလပိတု သူကြွယ်) ကို ကြည့်ပါ။

**၁၀/၇၄(၇၅)** ကာဠီ (ကုလဃရမြို့သူ)- တဆင့်စကားဖြင့်ကြည်ညိုခြင်းရှိသော ဥပါသိကာတို့တွင် အမြတ်ဆုံး၊

(ဒုတိယတွဲ နှင့် ဒုတိယပိုင်း၊ ဆဋ္ဌတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး) ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရားရှင် ပွင့်ပေါ်တော်မူသောအခါ ကာဠီအလောင်းသည် ဟံသာဝတီမင်း နေပြည်၌ သူဌေးသမီး ဖြစ်၊ နောက်တချိန်ဝယ် တရားနာစဉ် ဘုရားရှင်သည် ဥပါသိကာတယောက်ကို ကိုယ်တိုင် ဘုရားရှင်ကို မဖူးတွေ့ရပဲ လျက် တဆင့်ကြားသဖြင့် ဘုရားဂုဏ်ကို သက်ဝင်ကြည်ညိုသောအရာ၌ ဧတဒဂ်ထားသည်ကို တွေ့၊ ဤသို့ဖြစ်လို၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အဓိကရ ကောင်းမှုပြုကာ ထိုဆုကို ပန်ခဲ့။

ဂေါတမဘုရားရှင် ပွင့်ထွန်းသော် ကာဠီအမည်ရှိသော ရာဇဂြိုဟ်ပြည်သူ ဖြစ်၊ ဥက္ကဋ္ဌယပြည် တောင်ပိုင်း၊ အဝန္တိဒက္ခိဏာပထတိုင်း၊ ကုလဃရမြို့ / ကုရရဃရ မြို့မှ သူဌေးသားနှင့် အိမ်ထောင်ကျ၍ ချိုသာသော တရားစကား ဟောပြောတတ်သောအရာ၌ ဧတဒဂ်ရမည်ဖြစ်သော သောဏကုဋိကဏ္ဏမထေရ် ၏ အလောင်းသန္ဓေသားကို ကိုယ်ဝန်ရှိသောအခါ မိဖရပ်ဌာနသွား၍ သားဖွားအံ့ဟု ပြန်ပြီးနောက် ရာဇဂြိုဟ်ပြည် မိဖအိမ်ရောက်သော် ပြာသာဒ်တက်သို့ တက်ပြီးလျှင် ဖွားအံ့ဆဲဆဲကိုယ်ဝန်၏ ပင်ပန်းခြင်းကို ပယ်ဖျောက်ရန် ခြသေ့ံခံ လေသွန်တံခါး(ပြူတင်းပေါက်)ကိုဖွင့်၍ လေညှင်းခံကာ ရပ်နေ၊ ထိုပြာသာဒ်အထက် ကောင်းကင်ယံဝယ် ဟေမဝတနှင့် သာတာဂိရ နတ်ဘီလူးမင်း ၂ပါးတို့ ပြောဟောသော ဘုရားဂုဏ်တော်များ ကို တဆင့်စကား ကြားနာရသည်တွင် ထိုဂုဏ်တော်များကို အာရုံပြု၍ရရှိသော ပီတိကို အခြေပြု၍ ဝိပဿနာပွားကာ ရပ်လျက်ပင် သောတာပတ္တိဖိုလ်သို့ ရောက်၊ ဘုရားရှင်ကို ရှေးက မဖူးတွေ့ဘူးပါပဲလျက် ဤသို့ တဆင့်ကြားစကားဖြင့် သောတာပတ္တိဖိုလ်၌ တည်သဖြင့် ဤဧတဒဂ်ကို ရ၏။

၂ ဧတဒဂ် (အသာဆုံး) ရာထူးရကြောင်း အကြောင်း ၄ပါး (အံ ဋ္ဌ။ ပိဋကတ်တော်လာသိမှတ်စရာ၊ သာမဏေ ကျော်)

၁ အဋ္ဌုပ္ပတ္တိ- ဘဝဖြစ်စဉ်၊ ၂ အာဂမန- လာခဲ့ရာလမ်းကြောင်း၊ ၃ စိတ္တဝသီ- လေ့ကျင့်ပြီး စွမ်းအားရှိသူ၊ ၄ ဂုဏာတိရေကာ- လွန်ကဲသောဂုဏ်။

အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင်မဟာကဿပတို့သည် အကြောင်း ၄ပါးလုံးကြောင့် ရကြ၏။ အချို့ တပါး၊ အချို့ ၂ပါး၊ အချို့ ၃ပါးကြောင့် ရကြသည်။

၃ ဗောဓိကို အခေါ်ခံရသောရဟန်းများ၏ ဣန္ဒြိမယ သပိတ်သက်န်းများ (ဓါတုဝိဘင်္ဂသုတ်၊ ဥပရိပဏ္ဏာသ ပါဠိတော်၊ မ၊ သုတ္တန္တပိဋက။ စတုတ္ထတွဲ၊ မဟာဗုဒ္ဓဝင်၊ မင်းကွန်းတိပိဋကဆရာတော်ကြီး)

ပက္ကုသာတိမင်း ဗောဓိကို အခေါ်မခံရခြင်းသည် ပရိက္ခရာ ၈ပါး မလှူဘူးသောကြောင့်ဟု မဆိုသင့်။ စင်စစ်ကား ဣန္ဒြိမယသပိတ်သက်န်းသည် ပစ္ဆိမဘဝိကသားများအားသာ ဖြစ်၏။ ဤပက္ကုသာတိမင်းကား တဖန် ပဋိသန္ဓေ တည်နေရဦးမည့်သူ ဖြစ်ချေသည်။ ထို့ကြောင့် ဣန္ဒြိမယသပိတ်သက်န်းများ မဖြစ်ချေ။

## ဩ

၁ ဩဃ- ဝဋ်ဆင်းရဲ၌ နစ်မွန်းတတ်ခြင်း / ဝဲ ၄ဖြာ (သင်္ဂီတိသုတ်၊ သုတ်ပါထိကဝဂ်၊ ဒီ၊ သုတ္တန္တပိဋက။ ဩဃသုတ်၊ ဩဃဝဂ်၊ မဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ်၊ သံ၊ သုတ္တန္တပိဋက)

၁ ကာမောဃ၊ ၂ ဘဝေါဃ၊ ၃ ဒိဋ္ဌောဃ / သက္ကာယဒိဋ္ဌိ၊ ၄ အဝိဇ္ဇောဃ။

၂ ဩဝါဒနှင့် အနုသာသနီ ကွဲပြားမှု ၃ချက် (ဓမ္မပဒ။ အံ ဋ္ဌ။ မဃဒေဝလင်္ကာအဖြေကျမ်း၊ ဓမ္မပိယဆရာတော်)

| <u>ဩဝါ ဒ</u> | <u>အနုသာသနီ</u> |
| --- | --- |
| ၁ ဖြစ်ပေါ်လာသော အကြောင်းအားလျော်စွာ ဆုံးမခြင်း၊ | ၁ အကြောင်းမဖြစ်ပေါ်လာသေးမီ ကြိုတင်၍ ဆုံးမခြင်း၊ |
| ၂ မျက်မှောက်၌ ဆုံးမခြင်း၊ | ၂ မျက်ကွယ်၌ ဆုံးမခြင်း၊ |
| ၃ တကြိမ်သာ ဆုံးမခြင်း။ | ၃ အဖန်တလဲလဲ ဆုံးမခြင်း။ |

အဘိကပုဒ်ရေ (၅၀၃)၊ ဆင့်ပွားပုဒ်ရေ (၁၇၈၂) တရားတော်များ ပါဝင်သော
ဤစာအုပ်၏ မာတိကာ

အထူးအားဖြင့် "**ဤစာအုပ်တွင်**"ကို ဦးစွာဖတ်ရှုပါ။ စိတ်ဝင်စားစရာ, သိလိုဖွယ်ရာများကို
တွေ့ရပါလိမ့်မည်။ ပြီးမှ အလှူခံတော်မူကြပါ အရှင်မြတ်တို့ဘုရား / ဒကာ ဒကာမတို့။

**ရသေ့ရဟန်းသည် ကောင်းစွာဟောကြားခြင်းဟူသော တံခွန်ရှိ၏။**
**တရားတော်သည် ရသေ့ရဟန်းတို့၏ တံခွန်ဒေါင်လံ ဖြစ်၏။**

(ဗိသာခသုတ်၊ ဘိက္ခုသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ သံယုတ္တနိကာယ်၊ သုတ္တန္တပိဋက)

စာ-၄၄၉

**သတ္တဝါတို့၏ အမြဲနေရာအိမ်သည် အပါယ် ၄-ဘုံ ဖြစ်၏။**

(ဓမ္မပဒ အဋ္ဌကထာ)

စာ-၅၇၉

- ဂေါတမမြတ်စွာဘုရားအလောင်းတော်နှင့်စပ်၍ ၂၇ပုဒ်
  - **အရှင်ဒေဝဒတ်အလောင်းသတ်ခဲ့သော ကြည်ညိုကြွက်သီးထဖွယ်ရာ ၅ ပုဒ်**
  - **ကြည်ညိုအားကျဖွယ်ရာ ပါရမီဖြည့်ရာ ၉ ပုဒ်**
  - သံသရာကျင်လည် ပါရမီဖြည့်ရာ **ထူးခြားသောဘဝ ၁၀ ပုဒ်**
- **ဘုရားအလောင်းတော်များနှင့်စပ်၍** ၇ပုဒ်
- မရဏာနုဿတိ- သေခြင်းတရားအောက်မေ့မှု ၃ပုဒ်
- **မိဘ/အမိအဖ** ဆိုင်ရာတရား ၇ပုဒ်
- မိတ်ဆွေ/ခင်ပွန်းကြီး/အဆွေခင်ပွန်း ၁၄ပုဒ်
- **များသောသတ္တဝါ နည်းသောသတ္တဝါ ၈၂ စုံ/မျိုး**
- **မျက်စိတမှိတ်အတွင်း ဖြစ်ပျက်သောရုပ်နာမ်ပေါင်း**
- **ယသောဓရာထေရီမကြီး ဘုရားရှင်နှင့်ပေါင်းဆုံရကြောင်း ဆုတောင်းခဲ့သော ဘုရားအဆူပေါင်း**
- **ရဟန်းသံဃာတို့ကျင့်သုံးသော သိက္ခာပုဒ်ပေါင်း**
- ရန်အောင်ကြောင်း ၃ပုဒ်
- **လက်သည်းဖျားပေါ်မြေမှုန့်တင်တရား ၇၅သုတ်**
- ဝိပဿနာ ၂၄ပုဒ် / **တော ၄၀**
- သမထ/**ကမ္မဋ္ဌာန်း ၄၀**
- **သာမဏေများ/ကိုရင်များ ဆောက်တည်သောသိက္ခာပုဒ်**
- **သာမန်ဖြစ်ရပ် ၂၀ကိုကြည့်၍ သံဝေဂပွားသူ** ၅၂၂ဦး
- **သာမန်ကောင်းမှုဖြင့် ရဟန္တာဖြစ်သူ** ၁၅ပါး
- သီလ ဆိုင်ရာတရား ၉ပုဒ်
  - **တပါး ၂ပါး ၃ပါးစသည် ဆောက်တည်နိုင်သမျှ ဆောက်တည်နိုင်သည်။**
- **သူသေမြှုပ်ရာနေရာတရား** ၄ပုဒ်
- **သံသရာဆင်းရဲပြဝတ္ထု ၁၂ပုဒ်**
- **သံသရာအစမသိနိုင်တရား ၆ပုဒ်**
- **အကုသိုလ် ၈မျိုး၏ အပေါ်ဆုံးမကောင်းကျိုး**
- **အစာအာဟာရမျှတစွာစားနည်း ၂မျိုး**
- အရှင်မဟာကဿပ ဆိုင်ရာ ၃ပုဒ်
- အရှင်ရာဟုလာ ဆိုင်ရာ ၆ပုဒ်
- အရှင်သာရိပုတ္တရာ ဆိုင်ရာ ၆ပုဒ်
- အရှင်အာနန္ဒာ ဆိုင်ရာ ၆ပုဒ်
- **အပွားရလွယ်သော အသုဘကမ္မဋ္ဌာန်း**
- **ဥပဒေသပေးရာ** သုတ်/ဂါထာ/ဇာတ် **၃၀၃**
  - **အိုးခွက်ဆေးရည် ရေမြောင်းထဲသွန်က**
- **တေဒင်္ဂ ၇၄ ခု/** ပုဂ္ဂိုလ် **၇၅** ပါး